ဓမ္မဟောင်းကျမ်း

ကျွန်ုပ်တို့သခင်ယေရှုခရစ်

၁၅၉,၃၈

ရွှေတောင်မြို့

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

စီရင်ဖြေဆိုအပ်သော

စွယ်စုံကျော်ထင်ကျမ်း

ကြည့်ကန်ရှင်ကြီးအမေးပုစ္ဆာတထောင်ကျော်၏အဖြေများ

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄ ၁၉၈၂

နိဒါန်း

ပညာပါရမီကို ဖြည့်ကျင့် ဆည်းပူးသင့်ပုံ

ပညာပါရမီကို ပုဂ္ဂိုလ်မရွေး နေရာဌာန မခွဲခြားပဲ အချိန်ရှိတိုင်းပင်လျှင် ဖြည့်ကျင့်ဆည်းပူးသင့်လှပေသည်ဟု စွယ်စုံကျော်ထင်ကျမ်း၏ နိဒါန်း၌ တိုက်တွန်းစကား ရေးသားတင်ပြလိုပါသည်။

ဤ၌ ပညာပါရမီ-ဟူသော ပါဠိစကားလုံးကို အသိပညာ အတတ်ပညာ အမျိုးမျိုးကို တတ်သိနားလည်အောင် လေ့လာမှတ်သားသင်ယူသည့် အလုပ်ဟု အနက်အဓိပ္ပာယ်ပြန်ဆိုရမည် ဖြစ်သည်။ ဝိဂ္ဂဟ်ဝစနတ္ထပြုလျှင်မူကား အနက်အဓိပ္ပာယ်များစွာ ပြန်နိုင်ပေသေးသည်။ သို့သော် ဤမျှသာ သိရန် လိုပါသည်။

ယင်း ပညာပါရမီကို လေ့လာဖြည့်ကျင့်ဆည်းပူးသင့်သည်ဟု ဆိုရခြင်း အကြောင်းရင်းမှာ—

(က) မြင့်မြတ်သော ထိုးထွင်းသိမြင်မှု ဗောဓိဉာဏ်ကို ရစေနိုင်ခြင်း၊

(ခ) ချမ်းသာမှု အမျိုးမျိုးကို ရစေနိုင်ခြင်း—

ဟူသော အဓိကအကြောင်းနှစ်မျိုးကို အခြေခံ၍ ဆိုခဲ့ခြင်း ဖြစ်ပါသည်။

ဗောဓိဉာဏ်ကို ရစေနိုင်ပုံ။ ဗောဓိ-ဟူသော ပါဠိစကားကို မြင့်မြတ်သော ထိုးထွင်းသိမြင်မှုဟု ပြန်ဆိုခြင်းမှာ "ဗောဓိသဗ္ဗညုတ ဉာဏေ၊ ရိယာမဂ္ဂေ စ" ဟူသော အဘိဓာန်လာနှင့်အညီ ဗောဓိသဒ္ဒါသည်—

(က) သိသင့်သမျှ အားလုံးကို ထိုးထွင်းသိမြင်သော သဗ္ဗညုတဉာဏ်၊

(ခ) သစ္စာလေးပါး အမြတ်တရားကို ထိုးထွင်းသိမြင်သော မဂ်ဉာဏ်—

ဟူသော အနက်နှစ်မျိုးလုံးကို ဟောဆိုနိုင်ကြောင်း သိစေချင်၍ ဖြစ်ပါသည်။

မှန်ပါသည် ထိုးထွင်းသိမြင်မှု ဟူသမျှတွင် ဤထိုးထွင်းသိမြင်မှုနှစ်ပါးသည်သာလျှင် အမြင့်ဆုံး အမြတ်ဆုံး ဖြစ်ပါသည်။

ယင်းသို့ အနက် ၂-မျိုးလုံးကို ပြဆိုသည့် "မြင့်မြတ်သော ထိုးထွင်းသိမြင်မှု ဗောဓိ"ဟူသည်မှာ သာမန်အားဖြင့် ဟမျိုးထဲ ရှိသယောင် ထင်ရသော်လည်း သေသေချာချာ လေ့လာစိစစ် ကြည့်သောအခါ—

၁။ သမ္မာသမ္ဗောဓိ၊

၂။ ပစ္စေကဗောဓိ၊

၃။ အဂ္ဂသာဝကဗောဓိ၊

၄။ မဟာသာဝကဗောဓိ၊

၅။ ပကတိသာဝကဗောဓိ၊

ဟူ၍ ၅-မျိုးရှိကြောင်း သိရပါသည်။ သိလွယ်ရုံမျှ ထပ်ဆင့် ရှင်းပြပါအံ့—

သမ္မာသမ္ဗောဓိ။ သမ္မာသမ္ဗောဓိ-ဟူသည်မှာ သဗ္ဗညုတ ဉာဏ်တော်ရသည့် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကြီးဖြစ်အောင် သစ္စာလေးပါး အမြတ်တရားကို ထိုးထွင်းသိမြင်မှု ဖြစ်သည်။

ပစ္စေကဗောဓိ။ ပစ္စေကဗောဓိ-ဟူသည်မှာ သဗ္ဗညုတဉာဏ်တော်ကို မရပဲ မိမိတဦးတည်းသာ လျှင် အခြားဟောပြောနည်းပေးသူ မရှိမူ၍ ပစ္စေကဗုဒ္ဓါဖြစ်အောင် သစ္စာလေးပါး အမြတ်တရား ကို ထိုးထွင်းသိမြင်မှု ဖြစ်သည်။

အဂ္ဂသာဝကဗောဓိ။ အဂ္ဂသာဝကဗောဓိ-ဟူသည်မှာ သဗ္ဗညုဘုရားရှင်၏ ဟောပြောချက် အဆုံးအမတရားကိုနာယူရ၍ အခြား တပည့်သာဝက (မဟာသာဝက ပကတိသာဝက) တို့ထက် မြင့်မြတ်သော အဂ္ဂသာဝကဖြစ်အောင် သစ္စာလေးပါး အမြတ်တရားကို ထိုးထွင်းသိမြင်မှု ဖြစ်သည်။

မဟာသာဝကဗောဓိ။ မဟာသာဝကဗောဓိ-ဟူသည်မှာ သဗ္ဗညုဘုရားရှင်၏ ဟောပြောချက် အဆုံးအမတရားကို နာယူရ၍ အခြားတပည့် ပကတိ သာဝကတို့ထက် ကြီးမြတ်သော မဟာသာဝကဖြစ်အောင် သစ္စာလေးပါး အမြတ်တရားကို ထိုးထွင်းသိမြင်မှု ဖြစ်သည်။

ပကတိသာဝကဗောဓိ။ ပကတိသာဝကဗောဓိ-ဟူသည်မှာ သဗ္ဗညုဘုရားရှင်၏ ဟောပြောချက် အဆုံးအမတရားတော်ကို နာယူရ၍ အဂ္ဂသာဝက မဟာသာဝကတို့လောက် ကြီးမားမြင့်မြတ်ခြင်း မရှိပဲ သာမန်မျှသော ပကတိသာဝကဖြစ်အောင် သစ္စာလေးပါး အမြတ်တရားကို ထိုးထွင်း သိမြင်မှုဖြစ်သည်။

၎င်းဖော်ပြခဲ့သော "ဗောဓိ"ခေါ် အမြတ်တရားကို ထိုးထွင်းသိမြင်မှု ၅-မျိုးသည် အလွန်ပင် မြင့်မြတ်၍ သတ္တဝါတို့ သံသရာဆင်းရဲတွင်းမှ လွတ်ကင်းနိုင်သောတရားများ ဖြစ်သည်။ ဗောဓိ တရားကို မရခြင်း မည်သည့် ပုဂ္ဂိုလ်သတ္တဝါမျှ သံသရာဆင်းရဲစုအတွင်းမှ မလွတ်ကင်းနိုင်ချေ။

သံသရာဆင်းရဲ-ဟူသည်မှာ ပဋိသန္ဓေနေရခြင်း အိုရခြင်း နာရခြင်း သေရခြင်း အလိုရှိသည်ကို မရခြင်း၊ အလိုမရှိသည်ကို ရခြင်း စသော ဘေးဒုက္ခများကို အဖန်ဖန် အထပ်ထပ် အဆက်မပြတ် ခံစားနေရခြင်းဆင်းရဲပင် ဖြစ်ပေသည်။

ယင်းသို့ ဖြစ်သောကြောင့် ဘဝသံသရာဆင်းရဲခြင်းမှ လွတ်ကင်းစေနိုင်သည့် ဗောဓိတရားကို အလွန်အလိုရှိအပ် တောင့်တအပ်လှပေသည်။ အလိုရှိအပ် တောင့်တအပ်သည့် ဗောဓိတရားကို ပညာပါရမီကို ဖြည့်ကျင့် ဆည်းပူးခြင်းဖြင့် ရနိုင်ပေသည်။ ရနိုင်ကြောင်းကို ဗုဒ္ဓဝင်ပါဠိတော် ပဌမတွဲ စာမျက်နှာ ၃၁၆-၌—

> သင်သည် မြင့်မြတ်သော ထိုးထွင်းသိမြင်မှု ဗောဓိကို ရခြင်းကို အကယ်၍ အလိုရှိလျှင် ဤလေးဆင့်မြောက် ပညာပါရမီကို ဖြည့်ကျင့်ဆည်းပူးပါလော့—

ဟူ၍ ဟောကြားထားသည်ကို တွေ့ရှိရသည်။

ဤဗုဒ္ဓဝင် ပါဠိတော်လာဂြင့် ပညာပါရမီကို ဖြည့်ကျင့်ဆည်းပူး၍ လေ့လာလျှင် မြင့်မြတ်သော ထိုးထွင်းသိမြင်မှု ဗောဓိတရားကို ရရှိနိုင်ကြောင်း သိသာနိုင်ပေသည်။

ချမ်းသာမှုအမျိုးမျိုးကို ရစေနိုင်ပုံ။ ချမ်းသာမှု အမျိုးမျိုးဟူသည်မှာ....ဤပစ္စုပ္ပန် မျက်မှောက်ဘဝ ချမ်းသာမှု၊ နောင် ဘဝအဆက်ဆက် ချမ်းသာမှု၊ လောကလူသားတို့ လိုလားနှစ်သက်သော လောကီချမ်းသာမှု၊ လောကမှ လွတ်မြောက်သည့် အရိယာပုဂ္ဂိုလ်များသာ နှစ်သက်အပ်သော လောကုတ္တရာ ချမ်းသာမှုစသည်ဖြင့် ချမ်းသာမှု အမျိုးမျိုးကို ဆိုလိုပါသည်။

ယင်းချမ်းသာအမျိုးမျိုးကို ပညာပါရမီကြီးမားသူ ပညာရှင်များသာလျှင် ရရှိနိုင်ပေသည်။ မြန်မာပြည်တွင် ထင်ရှားကျော်ကြားသည့် ပင်းယခေတ် ပညာရှင်ကြီးတပါးဖြစ်သည့် စတုရင်္ဂဗလ အမတ်ကြီးပြုစုသော လောကနီတိကျမ်း ဂါထာနံပါတ် (၂၁)၌—

> ပညာဖြင့် အကောင်းအဆိုး အကြောင်းအကျိုး အနက်အဓိပ္ပါယ် သဘောတရားကို သိမြင်နိုင်သည်။ ယင်းသို့သိမြင်သော အနက်အဓိပ္ပာယ် သဘောတရားသည် ချမ်းသာကို ဆောင်မည်ဖြစ်သည်—

ဟု ရေးသား ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

လောကနီတိကျမ်းလာ စတုရင်္ဂဗလ အမတ်ကြီး၏ ရေးသားချက်သည် အလွန်တရာ ကောင်းမြတ်၍ မှတ်သား ကျင့်သုံးသင့်လှပေသည်။ ယင်းပြဆိုချက်သည် မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားတော်မူသော တရားတော်ဖြစ်သည့်—

> ပညာရှိသူသည် ယခုပစ္စက္ခ မျက်မှောက်ဘဝနှင့် နောင်တမလွန်လောက အနာဂတ် ဘဝတို့အတွက် အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်သည့် ယုတ်မာသော အကုသိုလ် အလုပ်များကို ရှောင်ကြဉ်နိုင်သည်။ အကျိုးစီးပွား ချမ်းသာများသော အလုပ်များကို ဆောင်ရွက်ပြုလုပ်နိုင်သည်။ ထို့ကြောင့် ပစ္စုပ္ပန်သံသရာ၌ ဆင်းရဲကင်းစွာချမ်းသာမှုကို ရရှိနိုင်ပေသည်။
>
> တနည်းအားဖြင့်လည်း ပညာရှိသူသည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၍ ကြီးပွားခြင်း တန်ခိုးဂုဏ်သိန် အာဏာရှိန်ရှိပါသော်လည်း ယင်း စည်းစိမ်ချမ်းသာ၌ ယစ်မူးတပ်မက်ခြင်း

မဖြစ်နိုင်ပဲ၊ စည်းစိမ်ချမ်းသာနည်းပါး၍ တန်ခိုးဂုဏ်ဝါ အာဏာကင်းမဲ့သောကြောင့်လည်း အားနည်းညှိုးငယ်ခြင်း ဖြစ်နေကာ တွေဝေခြင်း မရှိပဲ မှန်ကန်ကောင်းမြတ်သော ကုသိုလ်တရားကိုသာ ကြံစည်ပြောဆို ပြုလုပ်နိုင်ခြင်းကြောင့် ဆင်းရဲကင်းကွာ ချမ်းသာခြင်း ဖြစ်နိုင်ပေသည်။

နောက်တနည်းမှာ–ပညာရှိသူသည် မိမိအတွက်ဖြစ်စေ အခြားသူများအတွက်ဖြစ်စေ မှားမှားယွင်းယွင်း လွဲလွဲချော်ချော် ကြံစည်ပြောဆို လုပ်ကိုင်ခြင်း မရှိနိုင်၊ မှန်ကန်ကောင်းမြတ်စွာ ကြံစည်ပြောဆို လုပ်ကိုင်နိုင်သည်၊ ထို့ကြောင့် သဘင်ပွဲလယ်ပြင်ပတို့၌ ပညာရှိ သူတော်စင်တို့၏ ကဲ့ရဲ့ခြင်း မခံရ ချီးမွမ်းခြင်းသာ ခံရမည်၊ ထို့ကြောင့် ဆင်းရဲကင်းကွာ ချမ်းသာခြင်းကိုသာ ရရှိနိုင်သည်။ နောင်တမလွန်ဘဝတို့၌လည်း ငရဲ တိရစ္ဆာန် ပြိတ္တာ စသည့် ဒုဂ္ဂတိဘဝသို့ မလား မရောက်ရပဲ လူ နတ် ဗြဟ္မာ ကောင်းရာသုဂတိဘဝများကိုသာ ရရောက်လျက် တဆင့်တဆင့် မြင့်ထက်မြင့်ကာ ချမ်းသာ အစစ်အမှန် နိဗ္ဗာန်သို့ ရောက်နိုင်ပေသည်။(ဇာ ၁။ ၃၁၉)—

စသည့် တရားသဘော ပါဠိတော်အဋ္ဌကထာလာ အဓိပ္ပာယ်တို့နှင့် ညီညွတ်လှချေသည်။

ယင်းသို့ ဖြစ်သောကြောင့် ဤ နိဒါန်းအစ၌ ပညာရှိလျှင်–

(က) ဗောဓိဉာဏ်ကို ရစေနိုင်သည်၊

(ခ) ချမ်းသာအမျိုးမျိုးကို ရစေနိုင်သည်—

ဟု ပြဆိုခဲ့ခြင်း ဖြစ်ပေသည်။

ပညာပါရမီကို ဖြည့်ကျင့်ဆည်းပူးနည်း

ဤတွင် စာရှုသူတို့ဘက်မှ ပညာပါရမီအကျိုးကိုတော့ သိရပါပြီ၊ ပညာပါရမီကို ဘယ်လို ဖြည့်ဆည်းပူးရပါမည် နည်းဟု စောဒကတက် မေးဖွယ် ရှိလာပြန်သည်။

ဗုဒ္ဓဝင်ပြချက်။　။ဤသည်ကို ဗုဒ္ဓဝင်ပါဠိတော် စာမျက်နှာ ၃၁၆-၌—

ဥပမာအားဖြင့် ဆိုရလျှင်—ဆွမ်းခံသောရဟန်းသည် ဆင်းရဲသားဖြစ်သူအိမ်၊ အလတ်တန်းစားဖြစ်သူအိမ်၊ ချမ်းသာသူအိမ် ဟူ၍ ခွဲခြားခြင်း ကျော်လွှားခြင်း မပြုမူ၍ ဆွမ်းခံဝင်ကာ မျှတစားသုံးလောက်အောင် ဆွမ်းရသကဲ့သို့ ဤအတူပင် သင်သည်လည်း အချိန်ရှိသမျှ ပညာရှိပုဂ္ဂိုလ်များကို မှီဝဲဆည်းကပ်ပြီး ပညာပါရမီဖြည့်ဝခြင်းကြောင့် ကောင်းစွာ မြင့်မြတ်သော ထိုးထွင်းသိမြင်မှု သမ္ဗောဓိဉာဏ်ကို ရလိမ့်မည်—

ဟူ၍ ဟောကြားထားချက် တွေ့ရှိရပေသည်။

သုတ္တနိပါတ်ပြချက်။　။မြတ်ဗုဒ္ဓဘုရားရှင်သည် အာဠဝက ဘီလူးကြီးကို ဆုံးမတော်မူစဉ် အခါက ဘီလူးကြီးသည် မြတ်ဗုဒ္ဓဘုရားရှင်ကို လက်နက်အမျိုးမျိုးသုံး၍ အကြမ်းနည်းဖြင့် မနိုင်သောအခါ အမေးပုစ္ဆာထုတ်၍မဖြေနိုင်လျှင် သတ်မည်ဟု ကြံစည်ကာ အနုနည်းဖြင့် တိုက်ခိုက်ပြန်သည်။

ရဟန်းကြီး ပညာရအောင် ဘယ်လိုလုပ်ရသနည်း

ဟု မေးသည်။ မြတ်စွာဘုရားရှင်ကလည်း—

မမေ့မလျော့ အမြော်အမြင်ရှိသူသည် ကြားနာမှတ်သားခြင်းဖြင့် ပညာရနိုင်သည်—

ဟူ၍ မဆိုင်းပဲ ဖြေဆိုတော်မူသည်။ ဤကြားနာ မှတ်သားခြင်းဖြင့် ပညာရနိုင်သည်ဟူသော အဆိုသည် သုတ္တနိပါတ်ပါဠိတော် စာမျက်နှာ(ခု၊ ၁။ ၁၀၇။)၌ လာရှိသည်။

မြန်မာတို့၏ ရှေးရိုးစဉ်လာ အားဖြင့်လည်း "ပညာရှာ ပမာ သူဖုန်းစား" ဟု စကားပုံရှိသည်။ ပညာကို သူတောင်းစားများကဲ့သို့ တွေ့သမျှလူကို ပေးသမျှ တောင်းယူရမည်ဟု ဆိုလိုပေသည်။

ယင်းသို့ ပါဠိတော်ကျမ်း ၂ဆူ ရှေးမြန်မာ စကားပုံတို့နှင့်အညီပင်လျှင် စတုရင်္ဂဗလအမတ်ကြီးကလည်း လောကနီတိကျမ်း၌—

ကြားနာမှတ်သားခြင်းဖြင့် ဗဟုသုတ အကြားအမြင်များခြင်း ဖြစ်နိုင်သည်၊ ဗဟုသုတ အကြားအမြင်များခြင်းကြောင့် ပညာဉာဏ်ကြီးမားပွားများနိုင်သည်၊

ဟု ရေးသား မှတ်တမ်းတင်ထားချေသည်။

စာရှုသူများ ခင်ဗျား....ဤနိဒါန်းစသည်မှ ဤမျှတိုင်အောင်သော စကား စဉ်များဖြင့် ပညာပါရမီကို ဖြည့်ကျင့်ဆည်းပူးသင့်ကြောင်းကိုလည်းကောင်း၊ပညာ ပါရမီဖြည့်ကျင့် ဆည်းပူးနည်းကို လည်းကောင်း အထောက်အထား အကိုးအကားများဖြင့် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

စာရှုသူသည် အကယ်၍ နိဒါန်းရေးသားချက်များကို အငြင်းမပွား သဘောထားညီ ကြိုက်နှစ်သက်သည် ဆိုပါလျှင် ပညာပါရမီကို ဖြည့်ကျင့်ဆည်းပူးသောအားဖြင့် ယခု စာရှုသူ၏ လက်တွင်းသို့ ရောက်ရှိနေပြီဖြစ်သော ဤနိဒါန်းဖြင့် သွယ်တန်းလမ်းခင်း၍နေသည့် "စွယ်စုံကျော်ထင် ကျမ်းကြီးကို လက်ကိုင်တခု အားကိုးပြု၍ ကြည့်ရှုလေ့လာပါ" ဟု တိုက်တွန်းလိုပါသည်။

ယင်းသို့ ပညာပါရမီဖြည့်ကျင့်လေ့လာရန်အတွက် ကြည့်ရှုလေ့လာပါဟု တိုက်တွန်းလောက်အောင် ဤစွယ်စုံကျော်ထင်ကျမ်းက—

(က) ဘယ်လောက်ကောင်း သလဲ၊
(ခ) ဘယ်လိုကောင်းသလဲ၊
(ဂ) ဘာကြောင့် ကောင်းသလဲ-

ဆိုသည်ကို အခွင့်သင့်ခိုက် ရှင်းပြပါဦးအံ့။

ဘယ်လောက်ကောင်းသလဲ။ ဤကျမ်း ကောင်းမြတ်သည်ဆိုခဲ့ရာ၌ ဘယ်လောက်များကောင်း လိုလဲ-ဟု ကောင်းပုံ အတိုင်းအတာကို မေးမြန်းဖွယ်ရှိပေသည်။

ယင်း ကောင်းမြတ်ပုံ အတိုင်းအတာကို အကျဉ်းချုပ် ဖော်ပြရလျှင်....

(က) စာပေသမိုင်းတွင် မော်ကွန်းတင်လောက်အောင်ကောင်းပါသည်၊
(ခ) ဤကျမ်းကို ဖတ်ရှုရလျှင် ချီးမွမ်း မိလောက်အောင် ကောင်းပါသည်—

ဟူ၍ ဖြေဆိုရမည် ဖြစ်ပါသည်။

ဤတွင် အကျဉ်းမျှ ဖော်ပြခဲ့သည့် ယင်းကောင်းပုံ အတိုင်းအတာများကို ထပ်မံ၍ ရှင်းပြပါအံ့။

သမိုင်းတွင် မော်ကွန်းဝင်ကျမ်း။ မြန်မာ့စာပေသမိုင်း၌ ပညာရှိ ဟဦးက အမေးပုစ္ဆာ ထုတ်၍ အခြား ပညာရှိတဦးက ဖြေခဲ့သည့် ပဋ္ဌာဗျာကရဏခေါ် အမေးအဖြေစာပေ အလွန်ရှားပါး၏။ ပညာရှိတဦးထဲက မိမိသဘောအတိုင်း အမေးပုစ္ဆာထုတ်၍ မိမိဘာသာ ဖြေသော အမေးအဖြေ စာပေမျိုးကား ပေါ်များလှပေသည်။

ရှားပါးလှပါသည် ဆိုသော ပညာရှိ နှစ်ပါး မေးဖြေသည့် အမေးအဖြေ စာပေထဲတွင်လည်း စာငယ်ပေငယ်အဖြစ် မှတ်စု ကျမ်းကြီးများအတွင်းပါရှိသည့် သာမန်ပဋ္ဌာဗျာကရဏ စာပေမျိုးကား ပေါ်များသေးသည်ဟု ဆိုသင့်သော်လည်း ပညာစမ်းဉာဏ်စင်း အနေဖြင့် ခက်ခက်ခဲခဲ အမျိုးစုံစုံ မေးမြန်း ဖြေဆိုပြီး တကျမ်းတဖွဲ့ အဖြစ် တည်ရှိသည့် ပဋ္ဌာဗျာကရဏကျမ်းမျိုးက ပို၍ ရှားပါးပေသည်။

ယင်းသို့ ရှားရှားပါးပါး မြန်မာ ဘာသာရေး ပဋ္ဌာဗျာကရဏကျမ်းများထဲတွင်လည်း ဤစွယ်စုံကျော်ထင် ကျမ်းကြီးကား မှတ်သားဖွယ် ပညာမျိုးစုံအောင် အမေး တထောင့်တရာကျော် အဖြေ တထောင့်တရာကျော်တို့ဖြင့် ထယ်ဝါဝင့်ကြွား ကြီးကျယ်ခမ်းနားလှသော စာပေသမိုင်းတွင် မော်ကွန်းဝင်ကျမ်းကြီးတဆူ ဖြစ်သည်မှာ ထင်ရှားလှပေသည်။

စွယ်စုံကျမ်း။ စာပေသမိုင်းတွင် မော်ကွန်းဝင် ဖြစ်သည့် အခြားအင်္ဂါ ကောင်းသော အကြောင်းတခုမှာလည်း စာပေလောကတွင် "စွယ်စုံကျမ်း" ဟူသော မြန်မာ ဝေါဟာရသည် ဤ စွယ်စုံကျော်ထင်ကျမ်းကြီးကို ဒေမှီသဟဲအစွဲပြု၍ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။ ရှင်းပါဦးအံ့။

ကမ္ဘာပေါ်၌ အထက်တန်းကျသော တိုင်းကြီး ပြည်ကြီးများမှာ အကြောင်းအရာအမျိုးမျိုး ပညာရပ်အမျိုးမျိုးပါဝင်ရေးသားထားသော ကျမ်းကြီးများရှိကြသည်။ ယင်းကျမ်းကြီးမျိုးကို အင်္ဂလိပ်ဘာသာဖြင့် အင်စိုင်ကလိုပီးဒီးယားဟုခေါ်သည်။ ယင်းစကားလုံးသည် မူရင်းဂရိဘာသာမှဆင်းသက်၍ ဝိဇ္ဇာ သိပ္ပံ ပညာရပ်များကို သင်ကြားပေးခြင်းဟု အဓိပ္ပာယ်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြသည်။

ကမ္ဘာ့တိုင်းကြီးပြည်ကြီးများ၌ မိမိတို့ဘာသာစကားဖြင့် အင်စိုင်ကလိုပီးဒီယား ကျမ်းကြီးများ ရှိသည့်နည်းတူ မြန်မာပြည်၌လည်း မြန်မာအမျိုးသားများ လေ့လာဖတ်ရှုရန် ရန်ကုန်မြို့ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်းကြီးကလည်း အင်စိုင်ကလိုပီးဒီယား ကျမ်းကြီးတဆူ ထုတ်ဝေခဲ့သည်။ ယင်းကျမ်းကြီး၏ အမည်ကိုလည်း မြန်မာစစ်စစ်အမည်ဖြစ်စေရန် အတွက်—

> လောက ဓမ္မ သိပ္ပ ကုံလုံ ဉာဏ်စွယ်စုံ ဖြစ်စေခြင်းငှာ ရည်မှန်းပြုစုထားသော စွယ်စုံကျော်ထင်ကျမ်း၏ စွယ်စုံဟူသောစကားလုံးကိုယူ၍ မြန်မာ့စွယ်စုံကျမ်း

ဟု အမည်ပေးကြောင်း မြန်မာ့စွယ်စုံကျမ်းကြီး၌ ဖော်ပြထားပေသည်။

ဤသို့လျှင် မြန်မာ့ဝေါဟာရ၌လည်းကောင်း မြန်မာဂန္ထဝင်လောက၌လည်းကောင်း ဤစွယ်စုံ ကျော်ထင်ကျမ်းကြီးကို အမှီပြု၍ စွယ်စုံကျမ်းဟူသော စာပေဝေါဟာရတခု တိုးတက်လာရကား ဤမျှ အင်အားကောင်းသော အကြောင်းတရပ်သည်လည်း စွယ်စုံကျော်ထင်ကျမ်းကြီး၏ စာပေ သမိုင်းတွင် မော်ကွန်းဝင်ဖြစ်ကြောင်း ထင်ရှားလှသည့် အကြောင်းကြီးဖြစ်ပေသည်။ ထပ်ဆင့် ရှင်းပြပါဦးမည်။

စွယ်စုံဟူသောအမည်သည် မြန်မာဝေါဟာရ၌ ဆင်တမျိုး၏အမည်အဖြစ်ဖြင့်သာ ထင်ရှားသည်။ ကျမ်းစာ၏အမည်အဖြစ် မထင်ရှားချေ။ မြန်မာမှု၌ ဆင် ၃–မျိုး ခွဲခြားချက်ရှိသည်။

(က) အစွယ်မရှိသည့် ဟိုင်းဆင်မျိုး၊

(ခ) အစွယ်တချောင်းသာရှိသည့် တယ်လူးဆင်မျိုး၊

(ဂ) အစွယ်နှစ်ချောင်းရှိသည့် စွယ်စုံဆင်မျိုး—

ဟူ၍ဖြစ်သည်။ ယင်းဆင်သုံးမျိုးတွင် ၃ နံပါတ် စွယ်စုံဆင်သည် အစွယ်မရှိသည်လည်းမဟုတ်၊ အစွယ်လိုသည်လည်းမဟုတ်ချေ - အစွယ်အစုံအလင်ရှိသည်၊ အစွယ်ရှိသင့်သည့် ၂-ချောင်းလုံး အပြည့်အဝ အစုံအလင်ရှိသည်၊ ထို့ကြောင့် ယင်းဆင်မျိုးကို စွယ်စုံခေါ်သည်။ ယင်းအပြည့်အဝ အစုံအလင်ရှိသော ဆင်၏အမည်ကိုယူ၍ တင်စား၍သတ်ပုံလည်းရ သိပ္ပံကုံလုံ နှစ်ချက်စုံပြီး လောက ရေး ဓမ္မရေး ဗဟုသုတ အပြည့်အဝ အစုံအလင်ရှိသော ကျမ်းကိုလည်း ကျမ်းပြုပုဂ္ဂိုလ်က စွယ်စုံ ကျော်ထင်ကျမ်းဟု မှည့်ခေါ်သည်။ ထိုအခါမှစ၍ စွယ်စုံဟူသောအမည်သည် ဆင်အမည်သာ မဟုတ်တော့ပဲ ပြည့်ဝစုံလင်ခြင်း အနက်အဓိပ္ပါယ်ကိုလည်း ပြဆိုနိုင်သည့် ဝေါဟာရတခု ဖြစ်လာ သည်။

သို့ဖြစ်လာသောအခါ ဝိဇ္ဇာ သိပ္ပံပညာရပ်အမျိုးမျိုးကို ပြဆိုနိုင်သော "အင်စိုင်ကလိုပီးဒီးယား" ဟူသော ကျမ်းမျိုးကိုလည်း မြန်မာတို့နားတွင်း၌ ရှင်းလင်းသိသာစေရန် ဘာသာပြန် စာပေ အသင်း ပညာရှင်များက "မြန်မာ့စွယ်စုံကျမ်း" ဟု အမည်သတ်မှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် စွယ်စုံကျော်ထင်ကျမ်းသည် မြန်မာ့ဝေါဟာရ ရှေ့ဆောင် မြန်မာ့စာပေသမိုင်းတွင် မော်ကွန်းဝင် အောင် ကောင်းသည့် ကျမ်းကြီးတဆူ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ချီးမွမ်းလောက်အောင်ကောင်းခြင်း။ ။ဤနိဒါန်း ရေးသူသည် စွယ်စုံကျော်ထင် ကျမ်းကို ဖတ်ရသောအခါ အလွန်အံ့ဩ၍ ချီးမွမ် စကား လွတ်ကနဲ ပြောကြားမိပါသည်၊ စာရှုသူလည်း၊ စွယ်စုံကျော်ထင်ကျမ်းကို ဖတ်ရလျှင် ချီးမွမ်းစကား ပြောလိမ့် မည်ဟု ယုံကြည်ပါသည်။ စာရှုသူ မည်သို့ ချီးမွမ်းစကား ပြောမည်ဟု မသိရသော်လည်း နိဒါန်း ရေးသူ ချီးမွမ်းမိပုံကလေးကိုတော့ဖြင့် အနည်းငယ်မျှ တင်ပြလိုပါသည်။

သကျသီဟစာမေးပွဲ။ ။ယခုအခါ မြန်မာပြည်ရှိ ပရိယတ္တိ စာမေးပွဲကြီးများ၏ သမိုင်းကြောင် မန္တလေးမြို့ သကျသီဟစာမေးပွဲ ရန်ကုန်မြို့ စေတိယင်္ဂဏ စာမေးပွဲနှင့် အစိုးရ ထမပြန်စာမေးပွဲ တို့သည် သက်တန်းအရှည်ဆုံး သာသနာပြု စာမေးပွဲကြီးများ ဖြစ်ကြ ပါသည်။

ထိုတွင် အသက်အကြီးဆုံးဖြစ်သော မန္တလေးမြို့ သကျသီဟ စာမေးပွဲကြီး၌ မေးခွန်းပုစ္ဆာများမှာ အလွန်ခက်ခဲ နက်နဲလှပေသည်။ မည်မျှခက်ခဲ နက်နဲသနည်းဆိုသော်—

ဤမေးခွန်းများကို စာသင်သားကလေးများ စာအုပ်အလွတ် ၄-နာရီ ဖြေရသည်ကို ထား လိုက်ပါ၊ သူတို့ရဲ့စာချဆရာကိုယ်တိုင် စာအုပ်ကြည့်ပြီး တနေ့လုံးဖြေလို့တောင် ဖြေချင်မှ ဖြေမှာပါ။

ဟု ဂုဏ်ရည်ပြကောား ပြောစမှတ်ရှိခဲ့ပေသည်။ ယင်းသို့ ခက်ခဲနက်နဲသော ပုစ္ဆာများကို မေးမြန်း ကျင်းပခဲ့သော သကျသီဟစာမေးပွဲကြောင့်လည်း ထက်မြက်သည့် ပရိယတ္တိဝန်ဆောင် ရဟန်း တော်များ အမြောက်အမြား ပေါ်ထွက်ခဲ့ပေသည်။

ယင်းသို့ ခက်ခဲနက်နဲစွာ ပုစ္ဆာမေးခွန်းထုတ်သည့် သကျသီဟစာမေးပွဲကို အချို့ပုဂ္ဂိုလ်များက "သာသနာ့သူရဲကောင်းမွေးပွဲ"ဟု မျှတစွာပြော၍ အချို့ကမူ "လူသတ်စာမေးပွဲ"ဟု တဖက်သတ် ပြောတတ်ကြပေသည်။မန္တလေးမြို့ရှိ ထင်ရှားကျော်စောသည့် ဆရာတော်ကြီးတပါးကမူ=

"ဘုန်းကြီးကြားဖူးတယ် ရွေးက စိတ်ညစ်တဲ့လူတယောက်က သစ်ပင်ပေါ်တက်ပြီး ကြိုးဆွဲချသေနေသတဲ့၊ အဲဒီလိုသေနေတာကိုမြင်တဲ့ လူရိုး အတွေးခေါင်သူက "ကြည့်စမ်း ပါ၊ အံ့ဩစရာကြီးပဲ၊ သစ်ပင်ပေါ်တက် ကြိုးကွင်းနဲ့ ထောင်သူကထောင်ပေသဗျား၊ သစ် ပင်ပေါ်တက်ပြီး ကြိုးကွင်းထဲ တိုးတဲ့လူကလဲ တိုးပေသဗျားလို့" ပြောသတဲ့....ဒီပုံအတိုင်း ပါပဲလေ သကျသီဟစာမေးပွဲမေးခွန်းတွေကို ခက်ခဲနက်နဲအောင်မေးတဲ့သူကလဲ မေးပေ သကိုး၊ ဖြေတဲ့သူကလဲ ဖြေပေသကိုး"—

ဟူ၍ အံ့ဩ ချီးမွမ်းစကား မိန့်ကြားတော်မူ ဖူးပေသည်။

ဤနည်းကဲ့သို့ပင်လျှင် နိဒါန်းရေးသူသည် စွယ်စုံကျော်ထင်ကျမ်းကြီးကို ဖတ်ရှုရသောအခါ–

သည်လောက် ခက်ခဲနက်နဲတဲ့ မှတ်စရာတွေကို ကျမ်းအစောင်စောင်မှ ထုတ်နုတ်၍ မေးခွန်း တထောင့်တရာကျော်အောင် မေးတဲ့ ကြည့်ကန်ဂျင်ကြီးကလဲ မေးနိုင်ပါပေ သည်၊ ဖြေဆိုတဲ့ ကျီးသဲလေးထပ်ဆရာတော်ကြီးကလဲ မှတ်လောက်သားလောက်အောင် ကျမ်းအစောင်စောင်မှ ထုတ်ဖော်ပြီး ဖြေနိုင်ပါပေသည်၊

ဟူ၍ ချီးမွမ်းမိပါသည်။

ဤ၌ ဥပမာနှင့် ဥပမေယျများသည် အံ့ဩလွန်း၍ တားဆီးမရပဲ ချီးမွမ်းပုံချင်း တူကြ ပါသည်။

ဤသို့ စွယ်စုံကျော်ထင်ကျမ်းကြီး ချီးမွမ်းလောက်အောင် ကောင်းပါသည်။

ဘယ်လိုကောင်းသလဲ။ ဘယ်လိုကောင်းသလဲဟု မေးသည်မှာ စွယ်စုံကျော်ထင်ကျမ်း ကောင်းပုံ ကောင်းနည်းကို ဖော်ပြလိုသောကြောင့် မေးလိုက်သည့် ကထေတုကမျတာပုစ္ဆာ ခေါ် ဖြေချင်၍ မေးခြင်းမျိုး ဖြစ်ပါသည်။ ယင်းမေးခွန်းကို—

ဤစွယ်စုံကျော်ထင်ကျမ်းသည် သိမှတ်ဖွယ် ဗဟုသုတများကို သတ်ပုံပြ သံပေါက်ကဗျာဖြင့် ပါဠိတော် အဋ္ဌကထာ ဋီကာနှင့် ဂန္ထန္တရခေါ် အထွေထွေ ကျမ်းမျိုးစုံ တို့မှ ထုတ်နုတ်၍ မေးခွန်းပုစ္ဆာ ထုတ်ထားသည်ကို ပါဠိတော် အဋ္ဌကထာ ဋီကာနှင့် ဂန္ထန္တရခေါ် အထွေထွေကျမ်းမျိုးစုံတို့မှ ထုတ်နုတ်ဖြေဆိုထားသောကြောင့် ကောင်းပါသည်—

ဟု အကျဉ်းချုပ် ဖြေဆိုရမည် ဖြစ်ပါသည်။ ယင်းဖြေဆိုချက်မှာ ကျဉ်းလွန်းသေးရကား စာရှုသူတို့ သိသာထင်ရှားပြီး ကျေနပ်သွားစေရန် အနည်းငယ် ချဲ့ပြပါအံ့—

ပါဠိတော်။ ။မြတ်ဗုဒ္ဓရှင်တော်ဘုရား ကိုယ်တော်တိုင် ဟောကြားသည့် တရားတော်များနှင့် အရှင်သာရိပုတ္တရာ စသော တပည့်သာဝကကြီးများ ဟောကြားချက်ကို မြတ်ဗုဒ္ဓရှင်တော်ဘုရား လက်ခံခွင့်ပြုတော်မူသည့် တရားများကို ပါဠိတော် ဟူ၍ သံဂါယနာတင် မထေရ်ကြီးများ သတ်မှတ်တော်မူပါသည်။

ယင်းပါဠိတော်သည် ပိဋကသုံးသွယ် နိကာယ်ငါးဖြာရှိ၍ဆဋ္ဌသံဂါယနာတင် မူအားဖြင့် စာအုပ်ပေါင်း ၄၀-ရှိပါသည်။

ဤမျှ များပြားသော ပါဠိတော်ထဲမှ သိမှတ်ဖွယ်ကောင်းသည့် အချက်များကို ထုတ်၍ ကြည့်ကန်ရှင်က သံပေါက်ကဗျာဖြင့် မေးထားပါသည်။

ယင်းမေးခွန်းကို ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးကလည်း ဤမျှ များပြားသည့် ပါဠိတော်ထဲမှ ထုတ်နုတ်၍ စကားပြေဖြင့် အကိုးအကား ကျမ်းညွှန်းတင်ပြပြီး ဖြေဆိုပါသည်။

ပုံစံမှာ—

ရဟန်းတို့ဝယ်၊ မွေးကျင်စွယ်၊ မပယ် အာပတ် သင့်ချိမ့်နည်း၊

ကျဉ်းမြောင်းရာဝယ်၊ မွေးကိုပယ်၊ အဘယ်အာပတ်သင့်သနည်း၊

ဟူ၍ ကြည့်ကန်ရှင်က မေးထားပါသည်။

ပထမကဗျာဖြင့်....ရဟန်းများ မုတ်ဆိတ်မွေး မနုတ်မပယ်ပဲ ထားလျှင် ဘယ်အာပတ်သင့်သနည်းဟု မေးပါသည်။

ဒုတိယကဗျာဖြင့် ရဟန်းတော်များ ချိုင်းကြားစသော ကျဉ်းကျပ်သည့်နေရာမှ အမွေးကို နုတ်ပယ်လျှင် အဘယ်အာပတ်သင့်သနည်းဟု မေးပါသည်။

ဤသည်ကို ကျီးသဲလေးထပ် ဆရာတော်ကြီးက "ဒုက္ကဋ်အာပတ်သင့်ကြောင်း"ကို နိဿဂ္ဂိ ပါဠိတော်ကို ဖော်ပြကိုးကား၍ ဖြေဆိုတော်မူပါသည်။

ဤကျမ်း စာမျက်နှာနံပါတ် ၁၀၀-ရှိ သံပေါက်နံပါတ် ၁၅၄-၁၅၅ အမေးအဖြေကို ဖတ်ရှုလေ့လာနိုင်ပါသည်။ ဤသို့ စသည်ဖြင့် ပါဠိတော်လာ မှတ်သားဖွယ် ဗဟုသုတ အမေးနှင့် အဖြေများကို ဤ စွယ်စုံကျော်ထင်ကျမ်း၌ အံ့မခန်း ဖတ်ရှုကြရမည် ဖြစ်ပါသည်။

အဋ္ဌကထာ။ ။အဋ္ဌကထာဟူသည်မှာ ဖော်ပြခဲ့သည့် ပါဠိတော်များရှိ အသိခက်သော ပုဒ် ပါဌ် စကားလုံး ဝါကျတို့၏ အနက် အဓိပ္ပာယ် သဘောများကို ဖွင့်ပြသော ကျမ်းမျိုး ဖြစ်သည်။ အုပ်ရေ ၅၂-အုပ် ရှိသည်။ လက်သန်းအဋ္ဌကထာခေါ် အဋ္ဌကထာငယ် ၃၀-ရှိသည်။

ဤမျှ များပြားကြီးမားသည့် အဋ္ဌကထာကျမ်းကြီးများမှ သိမှတ်ဖွယ် ဗဟုသုတများကို အမေးဆရာ ကြည့်ကန်ရှင်ကြီးက သတ်ပုံပါဝင်အောင် သံပေါက်လက်ာဖွဲ့၍ မေးသည်။ ယင်း အမေးကို အဖြေရှင် ကျီးသဲလေးထပ် ဆရာတော်ကြီးက စကားပြေဖြင့် အကုံးသာဒကကျမ်းညွှန်း တင်ပြ ဖြေဆိုတော်မူသည်။

ပုံစံမှာ—

ထွက်သက်တိုင်းဝယ်၊ ထွတ်ဘုန်းကြွယ်၊ ဘယ်သမာပတ်ဝင်သနည်း—

ဟူ၍ မေးခွန်းထုတ်ထားသည်။

အဓိပ္ပာယ်မှာ "မြတ်စွာဘုရားရှင်သည် ထွက်သက်ခေါ် အသက်ရှူတိုင်း၌ အဘယ်သမာပတ် ဝင်စားသနည်း" ဟု မေးခြင်းဖြစ်သည်။

ဤသို့ မေးသည်ကို ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက"တရားဟောပြီးခိုက် ပရိသတ်က သာဓုခေါ် စဉ်အခါတွင် ထွက်သက်ကို အာရုံပြု၍ ဖလသမာပတ် ဝင်စားကြောင်း"ကို မဇ္ဈိမနိကာယ် သစ္စကသုတ် အဋ္ဌကထာကို ကိုးကား၍ ဖြေဆိုထားပေသည်။

ဤသည်ကို ဤကျမ်း စာမျက်နှာ ၁၁၀-ရှိ သံပေါက်နံပါတ် ၁၇၆-အမေးအဖြေ၌ ဖတ်ရှုလေ့လာနိုင်ပေသည်။ ယင်းသို့သော အဋ္ဌကထာကျမ်းများလာ မှတ်သားဖွယ် ဗဟုသုတများစွာကို ဤ စွယ်စုံကျော်ထင်ကျမ်း၌ အံ့သြလောက်အောင် လေ့လာရမည် ဖြစ်ပါသည်။

ဋီကာ။ ။ဋီကာ ဟူသည်မှာ ပါဠိတော်အဖွင့် အဋ္ဌကထာကျမ်းမှ ခက်ခဲသည့် ပုဒ် ဝါကျ အနက် အဓိပ္ပာယ်များကို လည်းကောင်း၊ အဋ္ဌကထာမှ မဖွင့်ပဲ ကြွင်းကျန်ခဲ့သော ပါဠိတော်၏ ပုဒ် ဝါကျ အနက် အဓိပ္ပာယ်များကို လည်းကောင်း ဖွင့်ဆိုသည့် ကျမ်းမျိုး ဖြစ်ပါသည်။ ယင်း ဋီကာသည် ဆဋ္ဌသံဂါယနာမူအားဖြင့် ၂၆-အုပ် ရှိသည်။ လက်သန်းဋီကာများလည်း ရှိသေးပေသည်။

ဤစွယ်စုံကျော်ထင်ကျမ်း၌ ဋီကာကျမ်းများမှ မှတ်သားဖွယ် ဗဟုသုတများကို ယူငင်၍ မေးခြင်း ဖြေခြင်းများကိုလည်း တွေ့ရသည်။

ပုံစံမှာ—

ဝါးမှဖြစ်ဖွယ်၊ ပုလဲငယ်၊ ဘယ်သို့အရောင်ထွက်သနည်း–

ဟူ၍မေးထားသည်။ အဓိပ္ပာယ်မှာ "ဝါးမှဖြစ်သော ပုလဲသည် ဘယ်လိုအရောင်ထွက်သနည်း"ဟု မေးခြင်းဖြစ်သည်။ ဤအမေးကို အဖြေဆရာတော်က သာရတ္ထ ဒီပနီဋီကာကိုသာဓကပြု၍ "သလဲသီးအဆင်း သို့မဟုတ် မိုးသီးအဆင်း အရောင်ရှိသည်" ဟုဖြေဆိုတော်မူသည်။ ဤသို့ ဋီကာမှ မှတ်သားဖွယ် ဗဟုသုတများကိုလည်း ဤကျမ်း၌ များစွာ လေ့လာဖတ်ရှုနိုင်ပါသည်။

ဂန္ထန္တရ။ ။ဂန္ထန္တရဟူသည်မှာ မြန်မာလို "အထွေထွေကျမ်း"ဟု ပြန်ဆိုရမည်ဖြစ်သည်။ ယင်း အထွေထွေကျမ်းများကား လောကဒီပနီကျမ်း၊ ဆဂတိဒီပနီကျမ်း၊ ရာဇဝင်ကျမ်း၊ မဟာဝင်ကျမ်း၊ သဒ္ဒါကျမ်း၊ ဆန်းကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း စသည်ဖြင့် များလှစွာ၏။ ယင်း အထွေထွေကျမ်းများမှလည်း မေးခြင်း ဖြေခြင်းများ ပြုလုပ်ထားချေသည်။

လောကဒီပနီကျမ်း။ ။ယင်းဖော်ပြချက်ကို ထင်ရှားစေရန် တင်ပြပါအံ့—

တနာ့ရံဝယ်၊ နေလကြွယ်၊ ဘယ်မျှခရီးသွားသနည်း

ဟူ၍ နေ လ ကြယ်တာရာတို့ ခရီးသွားသည့်နှုန်းကို လောကဒီပနီကျမ်းကို အမှီပြု၍ အမေးနှင့် အဖြေ ပြုလုပ်ထားသည်ကို ဤကျမ်း စာမျက်နှာ-၅၂။ သံပေါက်နံပါတ် ၆၉-၌ ဖတ်ရှုနိုင်သည်။ဤ၌ ဖော်ပြသည့် လောကဒီပနီကျမ်းကား ယခုအခါ ရှာဖွေရန်မလွယ်တော့ချေ။

ဆဂတိဒီပနီကျမ်း။ ။အခြားမိန်းမများကို ဖောက်ပြန်ကျူးလွန်မှသာ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်မဟုတ်၊ မိမိမယားကိုပင် သော်လည်း ကာမေသုမိစ္ဆာစာရကံ ထိုက်နိုင်သည့် အကြောင်း ၄-မျိုးကို အမေးဆရာက—

မိစ္ဆာဖြစ်ဖွယ်၊ အိမ့်ရှင်ဝယ်၊ လေးသွယ်ရှိ၏ အဘယ်နည်း

ဟူ၍ ဆဂတိဒီပနီမှ ထုတ်နုတ်မေးသည်ကို အဖြေဆရာတော်က ယင်း ဆဂတိဒီပနီကျမ်းကိုပင် ကိုးကားဖြေဆိုထားသည်။ ယင်း အမေးအဖြေကို ဤကျမ်း စာမျက်နှာ-၆၂။ သံပေါက်နံပါတ် ၇၆-မှ ဖတ်ရှုနိုင်ပေသည်။ ဆဂတိဒီပနီကျမ်းကား ယခုအခါ ပျောက်ဆုံးလေပြီဟု ယူဆရပေသည်။

ရာဇဝင်ကျမ်း။ ။ မင်းစဉ်မင်းဆက်နှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ပြဆိုသော ရာဇဝင်ကျမ်းများဆိုင်ရာကို—

သာကီဝင်နွယ်၊ စောဘုန်းကြွယ်၊ မင်းဘယ်မျှတွင် ပွင့်သနည်း–

ဟူ၍ မေးထားသည်ကို "ဥက္ကာကမင်းမှစ၍ ရေတွက်သော် ၈၂၀၁၃-ဆက်၌ ပွင့်သည်ဟု မဟာ- ရာဇဝင်ကျမ်းနှင့် ရွှေနန်းတော်သွင်း အရေးချင်းကိုကို သာဓကပြု ဖြေဆိုထားသည်။ ယင်းရာဇဝင် ဆိုင်ရာကို ဤကျမ်း စာမျက်နှာ-၃။ သံပေါက်နံပါတ် ၁-မှစ၍ များစွာတွေ့ရှိနိုင်ပေသည်။

မဟာဝင်ကျမ်း။ မဟာဝင်ကျမ်းဟူသည်မှာ သီဟိုဠ်ကျွန်း၌ သာသနာရေးရာနှင့် မင်းဆက်များကို ပြဆိုသော ကျမ်းဖြစ်သည်။ ယင်း မဟာဝင်ကျမ်းနှင့် ပတ်သက်၍—

သာသနာ့အံ့ဖွယ်၊ ဘယ်ချိန်ဝယ်၊ စွယ်တော်သီဟိုဠ်ရောက်သနည်း

ဟူ၍ အမေးအဖြေ ပြုလုပ်ထားသည်ကို ဤကျမ်းစာမျက်နှာ-၇၂။ သံပေါက်နံပါတ် ၉၁-၌ ဖတ်ရှုနိုင်ပေသည်။

သဒ္ဒါကျမ်း။ ။သဒ္ဒါကျမ်းဆိုရာ၌ ပါဠိဘာသာ သက္ကတဘာသာတို့ဖြင့် ပြုစုထားသော သဒ္ဒါကျမ်းများ ဖြစ်သည်။ သဒ္ဒါနှင့်စပ်ဆိုင်၍ ဤစွယ်စုံကျော်ထင်ကျမ်း၌—

ကဘ္ဘာနှစ်သွယ်၊ ဝုစ်လိုက်ဖွယ်၊ သဒ္ဒါငယ်ကျမ်း မြဲလိမ့်နည်း—

ဟူ၍ မေးထားပြီး ကစ္စာယနသာရကျမ်းလာကို သာဓကပြု၍ ဖြေဆိုထားသည်ကို စာမျက်နှာ-၄၉။ သံပေါက်နံပါတ် ၅၇-၌ လေ့လာဖတ်ရှုနိုင်ပေသည်။

ဆန်းကျမ်း။ ဆန်းကျမ်းဆိုသည်မှာ ပါဠိဘာသာ ကဗျာဖွဲ့နည်းကျမ်းဖြစ်သည်။ ယင်းဆန်းကျမ်းနှင့် စပ်ဆိုင်သော

ဂါယတ္တိဝယ်၊ ဂိုဏ်းနှစ်သွယ်၊ ဘယ်ဂိုဏ်းဖြစ်တို့လေသနည်း—

ဟူ၍ အမေးထုတ်ထားရာ ဆန်းကျမ်းကို ကိုးကားပြီး မှတ်သားဖွယ်ဖြေဆိုထားသည်ကို စာမျက်နှာ-ဂ၇။ သံပေါက်နံပါတ် ၁၂၁-၌ လေ့လာဖတ်ရှုနိုင်ပေသည်။

ဗေဒင်ကျမ်း။ ဗေဒင်ကျမ်းဟူသည်မှာ ၁၂-ရာသီ အရပ် ဂ-မျက်နှာတို့၌ နက္ခတ်တာရာ ဂြိုဟ်သွား ဂြိုဟ်လာ ဂြိုဟ်နေတို့ကို ထောက်၍ အကောင်းအဆိုး စသည်ကို ဟောပြောသော ကျမ်းမျိုးဖြစ်သည်။ ယင်းဗေဒင်ကျမ်းနှင့်ပတ်သက်၍—

ဆယ့်နှစ်ခွင်ဝယ်၊ ကသစ်ရှယ်၊ အဘယ်ကြောင်းရင်း ဖြစ်သနည်း—

ဟူ၍ မေးထားသည်ကို ဗြိုဟ်တ်ခေါ် ဗေဒင်ကျမ်းကို သာဓကထုတ်၍ အကျယ်တဝင့် ဖြေဆိုထားသည်။ဤသည့်အမေးအဖြေကို ဤကျမ်း စာမျက်နှာ-၃ဂ၊ သံပေါက်နံပါတ် ၃၉-တို့၌ လေ့လာနိုင်ပေသည်။

ဆေးကျမ်း။ ။ဆေးပညာနှင့်ပတ်သက်၍လည်း အလွတ်မပေး မေးခဲ့ဖြေခဲ့ပေသည်။

ပဥ္စကူငယ်၊ ဆေးငါးသွယ်၊ ဘယ်သည့်ဘယ်သည် ဆေးတို့နည်း—

ဟူ၍ မေးထားသည်ကို ဓာတုရသ ကျမ်းကိုးသာဓကပြင့် ဖြေဆိုထားပေသည်။ စာမျက်နှာ-၉၇။သံပေါက်နံပါတ် ၁၄၅-၌ ဖတ်ရှုရမည်ဖြစ်သည်။

အကင်းမျိုးပယ်၊ ငန်းမျိုးပြယ်၊ ပေးဖွယ်တမြစ် ဘယ်ဆေးနည်း—
ခါတ်မျိုးရှင်ဖွယ်၊ အကင်းပြယ်၊မွေးကြွယ် ဘယ်နှံ့သာတို့နည်း—

ဟူ၍ မေးထားသည်ကို နဝသုခိကျမ်း ကိုးကား၍ ဖြေဆိုထားပေသည်။ ဤသည်ကို ဤကျမ်း စာမျက်နှာ-၉၇။ သံပေါက်နံပါတ် ၁၄၆-နှင့် ၁၄၇-တို့၌ ကြည့်ရှုလေ့လာနိုင်ပေသည်။

အင်းကျမ်း။ မြန်မာလူမျိုးတို့ ယုံကြည်စွာအသုံးပြုနေကြသည့် အင်းပညာကိုလည်း ချန်မထားပဲ အမေးထုတ်အဖြေထုတ်ထားသည်ကို တွေ့နိုင်သည်။

အာယုခက်ဝယ်၊ အင်းလေးသွယ်၊ ဘယ့်နှယ်ဂဏန်းစသနည်း—

ဟု အာယုခက်အင်းအကြောင်းကို မေးထား၍ အဒ္ဓသာခါကျမ်း နမန္တာကျမ်းတို့ကို သက်သေတင်ပြကာ ဖြေဆိုထားသည်ကို ဤကျမ်းစာမျက်နှာ-၇၈။ သံပေါက်နံပါတ် ၁၀၀-တို့၌ လေ့လာဖတ်ရှုနိုင်သည်။ ထို့ပြင် အဋ္ဌမုခ်အင်းဆိုင်ရာကိုလည်း—

အဋ္ဌမုခ်ကျဉ်းကျယ်၊ အင်းကိုးသွယ်၊ ကြီးငယ်ဘယ်ကထွက်သနည်း—

ဟူ၍ မေးခွန်းထုတ်၍ထားသည်ကို နန်းစဉ်အင်းကျမ်းမှ ထုတ်နုတ်၍ အကျယ်ဖြေဆိုထားသည်။ဤကျမ်းစာမျက်နှာ-၈၂၊ သံပေါက်နံပါတ် ၁၀၉-၌ ကြည့်ရှုလေ့လာနိုင်ပေသည်။

ပေယျာလ။ ဤသို့ ဤသို့ စသည်ဖြင့် စွယ်စုံကျော်ထင်ကျမ်းရှိ ကျမ်းဂန်အမျိုးမျိုးမှ လာသော ပညာရပ်အမျိုးမျိုးတို့ကား ဖော်ပြ၍ မကုန်နိုင်အောင် များပြားစုံလင်လှပေသည်။ ဖော်ပြနေပါလျှင်လည်း နိဒါန်းကြီး ရှည်လျားကြီးမား၍ စာသားကို ဖတ်ခွင့်မရအောင် ဖြစ်သွားနိုင်ချေသည်။

ယင်းသို့ ရေးသားဖော်ပြ၍ မကုန်ဆုံးနိုင်သော နေရာမျိုး၌ ပေ-ဟူ၍လည်းကောင်း၊ ပ-ဟူ၍လည်းကောင်း၊ လ-ဟူ၍လည်းကောင်း အမှတ်အသားပြု၍ ထားသည့်ထုံးစံ စာပေလောက၌ရှိပေသည်။

ယင်း ပေ၊ပ၊လ တို့၏ အဓိပ္ပာယ်မှာ ပေယျာလ-ဟူသော မူရင်းပါဠိမှ အကျဉ်းချုပ် စကားလုံးဖြစ်သည်။ ပေယျာလ-ဟူသည် "သိလောက်ပြီ"ဟု မြန်မာအနက်ရှိသည်။

သို့ဖြစ်ရာ ဤနိဒါန်း၌လည်း စွယ်စုံကျော်ထင်ကျမ်းသည် လောကဓမ္မ သိပ္ပကုံလုံ ပြည့်စုံသောကြောင့် ကောင်းလှပါသည်။ ဘယ်လိုကောင်းသည်၊ ဘယ်နည်း ဘယ်ပုံ ကောင်းသည်ကို အနည်းအကျဉ်းမျှသာ တင်ပြနိုင်ပါသည်။ အပြည့်အစုံ အကုန်အစင် ဖော်ပြခြင်းငှာ မစွမ်းနိုင်သောကြောင့် အခြားကြွင်းကျန်နေသည့် ကောင်းသမျှကို ပေယျာလ ရေးမှတ်၍ ချန်လှပ်ထားရပေတော့မည်။

ဘာကြောင့်ကောင်းသနည်း။ ဘာကြောင့်ကောင်းသနည်း ဟူသည်မှာစွယ်စုံကျော်ထင်ကျမ်း ကောင်းရသည့်အကြောင်းကို မေးခြင်းဖြစ်သည်၊ အကျဉ်းချုပ်အားဖြင့် ဖြေရလျှင်—

(က) ပညာရှင်က စိတ်ထားကောင်းဖြင့် မေးခြင်း၊
(ခ) ပညာရှင်က စိတ်ထားကောင်းဖြင့် ဖြေဆိုခြင်း—

ဟူသော အကြောင်း ၂-ချက်ကြောင့် ကောင်းရပါသည်ဟု ဖြေဆိုရမည် ဖြစ်ပါသည်။ ရှင်းပြပါအံ့။

လောက၌ ပန်းချီဆရာကောင်းလျှင် ပန်းချီကားကောင်း ဖြစ်နိုင်သည်။ ပန်းပုဆရာကောင်းလျှင် ရုပ်တုကောင်းဖြစ်နိုင်သည်။ ကဗျာဆရာကောင်းလျှင် ကဗျာလင်္ကာကောင်း ဖြစ်နိုင်သည်။ ဤသို့ ထုံးစံစဉ်လာ ဓမ္မတာသဘောရှိသည်။ ဤအတူပင် ကျမ်းပြုပုဂ္ဂိုလ်ကြီးများဖြစ်သည့် အမေးဆရာ ကြည့်ကန်ရှင်ကြီးနှင့် အဖြေဆရာ ကျီးသဲလေးထပ်ဆရာတော်ကြီးတို့က အရည်အသွေးတောက်ပြောင်သောကြောင့် ယင်းပုဂ္ဂိုလ်ကြီးများပြုစုသော စွယ်စုံကျော်ထင်ကျမ်း ကောင်းခြင်းဖြစ်သည်။ ထင်ရှားစေအံ့။

ပညာရှင် သူတော်ကောင်း ပုစ္ဆက။ ။ဤ စွယ်စုံကျော်ထင်ကျမ်း အမေးသံပေါက်များရေးသည့် ပုစ္ဆကပုဂ္ဂိုလ်မှာ ကြည့်ကန်ရှင်ကြီး ဖြစ်သည်။ ယင်းကြည့်ကန်ရှင်ကြီးသည် ပခုက္ကူမြို့နယ် မြိုင်နှင့် ၁၂-မိုင်ကွာရှိ ကြည့်ကန်ရွာတွင် သက္ကရာဇ် ၁၁၁၉-ခုနှစ်၌ ဖွားမြင်သည်၊ လူမည် မောင်နု၊ ရှင်ဘွဲ့ ရှင်နန္ဒဓဇ ဖြစ်သည်။

(က) ရွှေမြို့တော်ရှိ ဆရာတော်ကြီးများနှင့် အနယ်နယ်အရပ်ရှိ ဆရာတော်ကြီးများထံ ပညာဆည်းပူးခဲ့သည်။ ဆရာပေါင်းမှာ ဆရာတော်ကြီးပေါင်း ၂၂-ပါးဖြစ်သည်။

(ခ) ကျမ်းဂန်ပေါင်း အကျဉ်းအားဖြင့် ၁၃-မျိုးကို ပြုစုတော်မူခဲ့သည်။

ဤ (က)(ခ) အချက် ၂-ခုဖြင့်ပင် ပညာရှင်ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း သိသာပေသည်။

သက္ကရာဇ် ၁၁၇၃-ခုနှစ် ပျံလွန်တော်မူသည်အထိ သာမဏေဝတ်ဖြင့် စာချစာပို့ စာရေးအလုပ်များ ပြုလုပ်ခဲ့သည်ကို ထောက်၍လည်း သူတော်ကောင်းဖြစ်ကြောင်း သိနိုင်သည်။

နောင်လာနောက်သားများ ဖတ်ရှုလေ့လာ၍ တတ်သိလိမ္မာစေရန် ရည်သန်၍ သိဖွယ်မှတ်ဖွယ် ကျင့်ကြံဖွယ်များကို အပင်ပန်း အဆင်းရဲခံ၍ ကျမ်းပေါင်းများစွာနှင့် ဤစွယ်စုံကျော်ထင်ကျမ်းလာ အမေးပုစ္ဆာ သံပေါက်သင်္ကာ ၁၁၁၇-ပုဒ်ကို ရေးခဲ့ခြင်းကလည်း သူတော်ကောင်းကြီးဖြစ်ကြောင်း ဖော်ပြနေပေသည်။

ပညာရှင် သူတော်ကောင်း ဝိသဇ္ဇက။ ။ဤစွယ်စုံကျော်ထင်ကျမ်းလာ အမေးပုစ္ဆာများကို ဖြေဆိုသည့် အဖြေဝိသဇ္ဇက ပုဂ္ဂိုလ်ဖြစ်သော ကျီးသဲလေးထပ် ဆရာတော်ကြီးသည် သက္ကရာဇ် ၁၁၇၉-ခုနှစ်၌ ရွှေတောင်မြို့နယ် ကျီးသဲရွာတွင် ဖွားမြင်သည်။ လူမည် မောင်ကင်းဖြစ်၍ ရဟန်းဘွဲ့ အရှင်မုနိန္ဒဓဇ ဖြစ်သည်။

(က) ဆရာတော်သည် ရွှေမြို့တော်မှ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ စသောထင်ပေါ်ကျော်ကြားသည့် ဆရာကောင်း သမားကောင်းများထံ၌ ပညာဆည်းပူးတော်မူခဲ့သည်။

(ခ) ကျမ်းဂန်ပေါင်း ၃၀-ကျော်ကို ပြုစုတော်မူခဲ့သည်။

ယင်း (က)(ခ)အချက်များက ပညာရှင်ဖြစ်ကြောင်း သက်သေပြနေပေသည်။

သက္ကရာဇ် ၁၂၅၆-ခုနှစ် ပျံလွန်တော်မူသည်အထိ သာသနာ့ဝန်ကို ဆောင်ရွက်တော်မူခဲ့ခြင်းဖြင့် ဝေနေယျသတ္တဝါများ တတ်သိနားလည်စေလိုသော စေတနာဖြင့် ဤစွယ်စုံကျော်ထင်ကျမ်း အပါအဝင် ကျမ်းဂန်ပေါင်း ၃၀-ကျော်ကို ပြုစုခဲ့ခြင်းတို့က သူတော်ကောင်းကြီးဖြစ်ကြောင်း သက်သေခံနေပေသည်။

ဤသို့ ပညာရှိ၍ သူတော်ကောင်းသဘော စိတ်ကောင်း စေတနာကောင်း အပြည့်အဝရှိကြသည့် ပုဂ္ဂိုလ်ကြီး ၂-ပါး အမေးအဖြေပြုလုပ်ထားသည် ဖြစ်သောကြောင့် ဤစွယ်စုံကျော်ထင်ကျမ်းကြီး ကောင်းမွန်ခြင်း ဖြစ်ပေသည်။

ပြန်လည်ရိုက်နှိပ်ခြင်း

အထက်က ဖော်ပြခဲ့သည့်အတိုင်း ကျမ်းဂန်ပေါင်းများစွာမှ လာရှိသော လောက ဓမ္မ သိပ္ပ ကိုလုံ ပညာမျိုးစုံ ပါဝင်ရေးသားထားသည့် စွယ်စုံကျော်ထင်ကျမ်းကြီးကို ပထမတွဲ ဒုတိယတွဲ ၂-ပိုင်းခွဲ၍ –

(က) ၁၃၁၇-ခုနှစ်တွင် ရန်ကုန်မြို့ ဣန္ဒသာသယပုံနှိပ်တိုက်မှ ပထမတွဲကို တကြိမ်၊

(ခ) ယင်းခုနှစ်မှာပင် ရန်ကုန်မြို့ ဂန္ဓမာပုံနှိပ်တိုက်မှ ဒုတိယတွဲကိုတကြိမ်၊

(ဂ) ၁၃၂၉-ခုနှစ်တွင် မန္တလေးမြို့ ရတနာဒီပ ပုံနှိပ်တိုက်မှ ပထမတွဲကို တကြိမ်၊

(ဃ) ယင်းခုနှစ်မှာပင် ရန်ကုန်မြို့ ကာယသုခပုံနှိပ်တိုက်မှ ဒုတိယတွဲကို တကြိမ် –

ရိုက်နှိပ်ခဲ့ဖူးပေသည်။ အုပ်ရေမည်မျှ ရိုက်သည်ဟု အမှတ်အသားမပါချေ။

ယင်းသို့ ရိုက်နှိပ်ခဲ့ရာ၌ အုပ်ရေနည်းသောကြောင့်လည်းကောင်း၊ စာရွက်များ ညံ့ဖျင်းသောကြောင့်လည်းကောင်း၊ နှစ်ကာလ ကြာညောင်းသောကြောင့်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ယခုအခါ စွယ်စုံကျော်ထင်ကျမ်းမှာ အလွန်ရှားပါးလှသည့် ပျောက်ကွယ်လုလု ကျမ်းစာအဖြစ်သို့ ရောက်နေပေသည်။

ဤသည့်အကြောင်းကို ကောင်းစွာသိမြင်ကြသော သာသနာရေးဦးစီးဌာန အကြီးအကဲ ပုဂ္ဂိုလ်ကြီးများသည် သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်လုပ်ငန်းစဉ်များကို—

(က) ပိဋကစာပေကျမ်းဂန်များသင်ကြားပို့ချလျက်ရှိကြသော ရဟန်းရှင်လူများအတွက် သင်ရိုးညွှန်းတန်းဝင်ကျမ်းစာများကို အဆက်မပြတ် ရိုက်နှိပ်ထုတ်ဝေရန်၊

(ခ) ရှားပါးသော ရှေးဟောင်းစာပေများနှင့် ပျောက်ကွယ်လုလု စာပေဟောင်းများကို ပြန်လည်ရိုက်နှိပ် ထုတ်ဝေရန်၊

(ဂ) ရဟန်းရှင်လူ ပြည်သူများအတွက် အကျိုးပြုသည့် စာပေ အသစ်များကို ပြုစု ရိုက်နှိပ်ရန်—

ဟူ၍ ချမှတ်ထားသောမူ ၃-ချက်အတိုင်း ရဟန်းရှင်လူ ပြည်သူများအတွက် အဘက်ဘက်မှ ကျေးဇူးပြုနိုင်သော ဤစွယ်စုံကျော်ထင်ကျမ်းကြီးကို အတွဲမခွဲမူ၍တတွဲတည်းဖြင့် အပြည့်အစုံ ပြန်လည် ရိုက်နှိပ်ခဲ့ခြင်း ဖြစ်ပေသည်။

ယင်းသို့ ရိုက်နှိပ်ရာ၌ သာသနာရေးဦးစီးဌာန စာပုံနှိပ်တိုက်၏ ကောင်းမြတ်သောအစဉ်အလာ လုပ်ထုံးလုပ်နည်းများအတိုင်း—

(က) မရှုပ်ထွေးစေရန် စာပိုဒ်များခွဲခြင်း၊

(ခ) ခေါင်းစီးကြီး ခေါင်းစီးသေးတပ်ခြင်း၊

(ဂ) ဗဟုသုတဖြစ်ဖွယ် နိဒါန်းရေးထည့်ခြင်း၊

(ဃ) မှတ်သားဖွယ် အက္ခရာဝလိ ရေးထည့်ခြင်း၊

(င) ပြည့်စုံသော မာတိကာစဉ် ထည့်ပေးခြင်း၊

(စ) စက္ကူကောင်း စက္ကူချောဖြင့်ရိုက်ခြင်း၊

(ဆ) စာလုံးကောင်း မင်ကောင်းဖြင့်ရိုက်ခြင်း၊

(ဇ) ခန့်ညားသော ဆဋ္ဌသံဂါယနာ စာအုပ်ကြီးအရွယ်ဖြင့် တအုပ်တည်း အပြီး ရိုက်နှိပ်ခြင်း—

စသည်ဖြင့် ထာဝစဉ် သိမ်းဆည်း၍ ဖတ်ရှုလေ့လာနိုင်သည့် စာအုပ်ကြီးအဖြစ်ရောက်အောင် သာသနာရေးဦးစီးဌာနရှိ ပါဠိပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များ ပူးပေါင်းကြိုးပမ်း ထုတ်ဝေ လိုက်ခြင်းဖြစ်ပေသည်။

အာသိသ

ဤသို့လျှင် ကောင်းမြတ်လှသော လောကဓမ္မ သိပ္ပကုံလုံ ပညာမျိုးစုံ ပါဝင်သည့် စွယ်စုံကျော်ထင်ကျမ်းကြီး ထွက်ပေါ်လာပြီ ဖြစ်ပေရာ စာရှုသူတို့သည် ရှိသေကျိုးနွံ ကောင်းမွန် လေးမြတ်စွာ ဖတ်ရှုလေ့လာနိုင်ကြပြီးလျှင်—

ပညာပါရမီကြီး ကို ဖြည့်ကျင့် ဆည်းပူးနိုင်ကြပါစေ၊

လိုရာညွှန်းပြု ဧဝမိဆုကြီးများ ကို ရနိုင်ကြပါစေ၊

ချမ်းသာ သုခ အဝဝကို ရရှိနိုင်ကြပါစေ။

စွယ်စုံကျော်ထင်ကျမ်း

မာတိကာ

ဤ စွယ်စုံကျော်ထင်ကျမ်း၌ မာတိကာ သီးသန့်ညွှန်ပြဖွယ်မရှိတော့ပြီ။ အမေးပုစ္ဆာသံပေါက်များသည်ပင် မာတိကာအရာ၌ တည်လေသဖြင့် ယင်း၏အဖြေတည်ရာများကို ဤ အမေးပုစ္ဆာသံပေါက်တို့၌ စာမျက်နှာ ညွှန်လိုက်ပါသတည်း။

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

(၁) "အယ်"ကာရန်ပုစ္ဆာ ၁၇၆-ပုဒ်

၁။ သာကီဝင်နွယ်၊ စောဘုန်းကြွယ်၊ မင်းဘယ်မျှတွင် ပွင့်သနည်း ၃
၂။ ဉာဏ်တော်ခြောက်သွယ်၊ အံ့ဖွယ်၊ ဘယ်နှုယ်ဝီထိကျသနည်း ၃
၃။ သဗ္ဗညာဏ်ကျယ်၊ မဂ်နောင်ဝယ်၊ ဘယ်ဝီထိတွင် ဖြစ်သနည်း ၇
၄။ ပလ္လင်ကိုရွယ်၊ တို့ဘုန်းကြွယ်၊ ဘယ်တွက်ပူဇော်ပြန်သနည်း ၇
၅။ သွားတော်လေးဆယ်၊ သိချင်ဖွယ်၊ စွယ်တော်လုံးလျား ဘယ်မျှနည်း ၈
၆။ ဓာတ်တော်ဝေဖွယ်၊ သုသာန်ဝယ်၊ ဘယ်ဖြင့် ပြီးသည့် အိုးပေနည်း ၉
၇။ နှစ်ဆယ့်လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း ကျယ်သနည်း ၁၀
၈။ ပဋ္ဌာန်းကျမ်းကျယ်၊ သင့်စဖွယ်၊ ရုပ်ဝယ်ပစ္စည်းဘယ်မျှနည်း ၁၁
၉။ ဘိဓမ္မာဝယ်၊ တို့ဘုန်းကြွယ်၊ ဘယ်ဉာဏ်တော်ဖြင့် ဟောသနည်း ၁၂
၁၀။ လယ်ကိုင်းချမ်းဖွယ်၊ ကျောင်းတော်ငယ်၊ အဘယ်သစ်ဖြင့် ဆောက်သနည်း ၁၃
၁၁။ လ-ရုံဖန်ငယ်၊ ရုံဖန်ကွယ်၊ ကြယ်ကား ဘယ့်ကြောင့်မကွယ်သနည်း ၁၃
၁၂။ ပဥ္စတားငယ်၊ ဂြိုဟ်ခြောက်သွယ်၊ ဘယ်ကဇယားထွက်သနည်း ၁၃
၁၃။ နိဗ္ဗာန်ရောက်ဖွယ်၊ ကြွေးကိုးဆယ်၊ ပါးဘယ်ခန့်မျှ ပွင့်သနည်း ၁၈
၁၄။ နေတ္တိကျမ်းဝယ်၊ ဆယ့်ခြောက်သွယ်၊ အဘယ်ဟာရ ကျယ်သနည်း ၂၀
၁၅။ နည်းကားငါးသွယ်၊ နေတ္တိဝယ်၊ ဘယ့်နှုယ်နယ ခဲသနည်း ၂၀
၁၆၊ နေတ္တိကျမ်းငယ်၊ မင်းကိုးနွယ်၊ ဘယ်သည့်ဘယ်သည့် မင်းတို့နည်း.... .... ၂၁
၁၇။ ငါတို့မင်းဝယ်၊ သက်ရှစ်ဆယ်၊ ဘယ်သိုက်ထွက်ဟု ဆိုမည်နည်း ၂၁
၁၈။ အတုလံသွယ်၊ သင်္ဂြိုဟ်ဝယ်၊ ဘယ့်နှုယ် ပဋိသေဓနည်း ၂၁
၁၉။ နောပေတိဝယ်၊ သိသာလွယ်၊ အဘယ်သန္ဓိဆိုမည်နည်း ၂၁
၂၀။ ဂေါသဒ္ဒါဝယ်၊ ကြံစဖွယ်၊ အဘယ်ရှင်ဋီပေတို့နည်း ၂၂
၂၁။ မြောက်ကိုသိဖွယ်၊ မြစ်ကြီးငယ်၊ ဘယ်မှာသည်ကရှိသနည်း ၂၂
၂၂။ ဗြဟ္မာရှေးဝယ်၊ လှျံရှစ်သွယ်၊ ကြီးငယ်နံလျား ဘယ်မျှနည်း ၂၃
၂၃။ စို့သက်တံနွယ်၊ ကောင်းကင်လယ်၊ ဘယ်အကြောင်းကြောင့် ဖြစ်သနည်း.... ၂၄
၂၄။ ရှေ့နောက်သွယ်သွယ်၊ တန်းချိန်နွယ်၊ နေစွယ်ထွက်ကြောင်း ဘယ်မျှနည်း ၂၅

စွယ်စုံကျော်ထင်ကျမ်း

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၅။	ချမ်းအေးစဖွယ်၊ လေညှင်းသွယ်၊ လေဝယ် ခေတ်ပေါင်းမည်မျှနည်း	၂၆
၂၆။	ကမျဉ်းနီငယ်၊ ဆင်ကြီးကျယ်၊ ဘယ်သူစိတ်ရ မျှားသနည်း	၂၆
၂၇။	လူနတ် ကိုးကွယ်၊ သီဟိုဠ်ဝယ်၊ ဘယ်သွာ့စက်ဦး ရှိသနည်း	၂၈
၂၈။	နေ–မိုး–လ–ကြယ်၊ ရောင်ခြည်သွယ်၊ ဘယ်သည့်ရုပ်ဟု ဆိုမည်နည်း	၂၈
၂၉။	ဆီမီးတောက်ငယ်၊ စေတီလယ်၊ ဘယ်မျှ ကလာပ် ရှိသနည်း	၂၈
၃၀။	လက္ခဏာယာဉ်ဝယ်၊ မပင်ဖွယ်၊ ဘယ်ဒေသနာ ကြွင်းသနည်း	၂၉
၃၁။	မိဂဒါလယ်၊ တောရပ်ဝယ်၊ ဘယ်သူဆောက်သည့်ကျောင်းပေနည်း	၂၉
၃၂။	ယောကျ်ားဝမ်းဝယ်၊ သန္ဓေလွယ်၊ ဘယ်ပြု မီးမနေသနည်း	၃၀
၃၃။	နှစ်ရာကျော်ကယ်၊ စွန်းလေးဆယ်၊ ဘယ့်နှယ် နို့ထိန်းတိုက်လိမ့်နည်း	၃၁
၃၄။	တခြားကျွန်းဝယ်၊ တို့ကျွန်းနှယ်၊ အိုင်ကျယ် နောတတ် ရှိလိမ့်နည်း	၃၃
၃၅။	ဘုရားဘုန်းကြွယ်၊ ကိုယ်ဘော်ဝယ်၊ ရှစ်ဆယ် ပိုးမျိုးရှိလိမ့်နည်း	၃၂
၃၆။	ကိရိယာခြောက်ဆယ်၊ အသွယ်သွယ်၊ အဘယ်ကျမ်းက ထွက်သနည်း	၃၂
၃၇။	သာသနာဝယ်၊ စိုးဆက်နွယ်၊ ဘယ်မျှမင်းပေါင်း ရှိပြီနည်း	၃၄
၃၈။	ကသစ်သဖွယ်၊ ဥစ်တို့ဝယ်၊ ဘယ့်ကြောင့် ခွင်စေ့ မထားသနည်း	၃၈
၃၉။	ဆယ့်နှစ်ခွင်ဝယ်၊ ကသစ်ရွယ်၊ ဘယ်အကြောင်းရင်းဖြစ်သနည်း	၃၈
၄၀။	ပရိသတ်ဝယ်၊ နားခြောက်သွယ်၊ ကြီးငယ် ဘယ်မျှစီတို့နည်း	၄၀
၄၁။	ပါရမီဝယ်၊ ပေါင်းသုံးဆယ်၊ ဘယ်ကိုဖြည့်နိုင်ခဲ့သနည်း	၄၁
၄၂။	စွန့်ခြင်းငါးသွယ်၊ ဘုရားဝယ်၊ သားငယ် ဘယ်မျှ စွန့်သနည်း	၄၁
၄၃။	ကျွန်းသီဟိုဠ်ဝယ်၊ ရာ့ရှစ်သွယ်၊ ဘယ်သူ တောင်းပန်လေသနည်း	၄၁
၄၄။	ဒဟရောဝယ်၊ လူသူငယ်၊ ဘယ်နာမ်ဆိုထိုက်ပါလိမ့်နည်း	၄၂
၄၅။	ကာရကဝယ်၊ ပေါင်းခြောက်သွယ်၊ အဘယ်တရားကိုယ်တို့နည်း	၄၂
၄၆။	အိုအမိငယ်၊ နတ်၏နွယ်၊ အဘယ်အာလုပ် ဆိုမည်နည်း	၄၂
၄၇။	မြွောက်ရှိသွယ်သွယ်၊ ယူဇဖွယ်၊ အဘယ်သချော်ပေတို့နည်း	၄၃
၄၈။	သချော်တို့ဝယ်၊ မှတ်စဖွယ်၊ ဘယ်မျှအပြားရှိသနည်း	၄၃
၄၉။	ဝိရတီသုံးသွယ်၊ မင်္ဂစိတ်ဝယ်၊ ဘယ်ကို အာရုံပြု၍ ဖြစ်သနည်း	၄၄
၅၀။	နှာခေါင်းအလယ်၊ လေနှစ်သွယ်၊ ဘယ်ခဏတွင် ဖြစ်သနည်း	၄၄
၅၁။	ထက်နတ်ပြည်လယ်၊ စုံဘေ့ကွယ်၊ ဘယ့်နှယ်သင်္ဂြိုဟ်ကြသနည်း	၄၄
၅၂။	စိတ္တကျမ်းဝယ်၊ မဟောဖွယ်၊ ဘယ်ပြု ငှိုကို ထားသနည်း	၄၅
၅၃။	မုတ်ဆိတ် ကျင်စွယ်၊ လူတို့နွယ်၊ ဘယ်ဝယ် ပေါက်ရောက်လေလိမ့်နည်း	၄၅
၅၄။	အဘယ်ဘုံဝယ်၊ လူတို့နှယ် စံနှယ် စည်းစိမ်ရှိလိမ့်နည်း....	၄၇
၅၅။	ကျွန်ကြီး ကျွန်းငယ်၊ အသွယ်သွယ်၊ ဘယ့်နှယ် အသက်နေလိမ့်နည်း	၄၈
၅၆။	တုသိတာသယ်၊ တနေ့ငယ်၊ လူ့ဝယ် နှစ်ပေါင်း ဘယ်မျှနည်း	၄၉
၅၇။	ကတ္တာနှစ်သွယ်၊ ဝစ်လိက်ဖွယ်၊ သဒ္ဒါငယ်ကျမ်း မြဲလိမ့်နည်း	၄၉
၅၈။	လေညာင်းသွယ်သွယ်၊ ဖြဟ္မာဝယ်၊ အကယ်လာတို့ လေလိမ့်နည်း	၄၉
၅၉။	ဘင်ခဏာဝယ်၊ မဖြစ်ဖွယ်၊ အဘယ်ရုပ်ဟု ဆိုမည်နည်း .... ——	၅၀
၆၀။	ခုဏာဟိုင်းဝယ်၊ ဖြစ်စဖွယ်၊ ဘယ်မျှ ရုပ်ပေါင်းရှိသနည်း	၅၀

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၆၁။	သား ငါးရာကြွယ်၊ တို့မိမယ်၊မျိုးနွယ် ဘယ်က ပေတို့နည်း	၅၁
၆၂။	အာသဝေါဝယ်၊ အာ-ကြံဖွယ်၊ အဘယ် အဝမ်တို့နည်း	၅၁
၆၃။	သဘော်ပင်လယ်၊ ကူးသည်ဝယ်၊ အဘယ်နည်းဟု ဆုံပိမ့်နည်း	၅၂
၆၄။	အဟိတ်စိတ်ဝယ်၊ ပိတ်ဆီးကွယ်၊ ဘယ်ကြောင့်မဂ္ဂင်မရသနည်း	၅၂
၆၅။	မဇ္ဈေတိုက်ဝယ်၊ အံ့ဩဖွယ်၊ ဘယ်မျှ ဗောဓိမြင့်သနည်း	၅၃
၆၆။	သုံးရှာ့ ခုနစ်ဆယ်၊ သာသနာဝယ် ကြီးကျယ်ဘယ်စေတီတို့နည်း။	၅၃
၆၇။	သက်တော် ရှစ်ဆယ်၊ နောက်ကိုသွယ်၊ အဘယ်အင်းက ထွက်သနည်း	၅၄
၆၈။	အမိဝမ်းထဲလွယ်၊ သားသူငယ်၊ ကျဖွယ် ဝိထိ ဘယ်မျှနည်း	၅၄
၆၉။	တနာရီငယ်၊ နေ-လ-ကြယ်၊ ဘယ်မျှခရီးရောက်သနည်း	၅၅
၇၀။	ဂြိုဟ်-နက္ခတ်-ကြယ်၊ တာရာဝယ်၊ ရောက်ဖွယ် တနေ့ဘယ်မျှနည်း	၅၅
၇၁။	နွေးဖွယ် လျင်ဖွယ်၊ ထိုထိုကြယ်၊ ဘယ်ကြယ်လျင်နွေးသွားသနည်း	၅၆
၇၂။	နေ-လနှင့် ကြယ်၊ ကောင်းကင်လယ်၊ ဘယ်သူ ထက်အောက်သွားသနည်း	၅၇
၇၃။	ကောင်းကင်အလယ်၊ လိပ်သူငယ်၊ ဘယ်ပုံ မြေသို့ ကျသနည်း	၅၇
၇၄။	သျှုတြဝယ်၊ အရပ်သွယ်၊ ဘယ်မျှ အကြိမ်ဆိုမည်နည်း	၅၈
၇၅။	ခြောက်ကျိပ်လေးသွယ်၊ မိန်းမဝယ်၊ ဘယ့်နှယ်မိန်းမ ညှံ့သနည်း	၅၈
၇၆။	မိစ္ဆာဖြစ်ဖွယ်၊ အိမ့်ရှင်ဝယ်၊ လေးသွယ်ရှိ၏ အဘယ်နည်း	၆၂
၇၇။	လေးဆယ့်နှစ်သွယ်၊ ခတ်ပြားဖွယ်၊ လူဝယ်မည်သို့ ပြားသနည်း	၆၃
၇၈။	ခြောက်ဆယ့်လေးသွယ်၊ ခြေရိုးဝယ်၊ ဘယ်သည့် ဘယ်သည့် အရိုးနည်း ...	၆၅
၇၉။	နှာခေါင်းရိုးဝယ်၊ တည်စဖွယ်၊ အဘယ်အရိုး ပေတို့နည်း	၆၆
၈၀။	နံရိုးတို့ဝယ်၊ တည်လေဖွယ်၊ ဘယ်သည့် ဘယ်သည့်အရိုးနည်း	၆၆
၈၁။	ပိုးမျိုးရှစ်ဆယ်၊ လူတို့ဝယ်၊ ဘယ့်နှယ် ဘယ်သို့ နေသနည်း	၆၆
၈၂။	နား နှာခေါင်းဝယ်၊ ပိုးသုံးသွယ်၊ အဘယ်မည်သော ပိုးတို့နည်း	၆၉
၈၃။	ခြင်ဆီဦးငယ်၊ နေစဖွယ်၊ သုံးဆယ်ပိုးကား အဘယ်နည်း	၆၉
၈၄။	မြင်းခေါင်းတင့်တယ်၊ ဇော်နွယ်၊ ဘုန်းကြွယ်ဘယ်ကောင်းမှုကြောင့်နည်း	၆၉
၈၅။	လေးချောင်းအစွယ်၊ ကိုယ်တော်ဝယ်၊ ဘယ်ကောင်းမှုကြောင့် ဖြစ်သနည်း	၆၉
၈၆။	အာချာတ်ခတ်ရွယ်၊ ဖွင့်သည်ဝယ်၊ ဘယ်သံဝဏ္ဏနာတို့နည်း	၇၀
၈၇။	ကိတ်ပစ္စည်းဝယ်၊ အဖွင့်ကျယ်၊ အဘယ်အဖွင့်ဆိုမည်နည်း	၇၀
၈၈။	ကာရကခြောက်သွယ်၊ ကိရိယာဝယ်၊ စပ်ဖွယ်မြဲကောင်းလေလိမ့်နည်း	၇၀
၈၉။	စ-နှစ်ပါးလယ်၊ ပုဒ်ကိုရွယ်၊ အဘယ်သမာသ် ဆိုမည်နည်း	၇၂
၉၀။	နာမ်ဝိဘတ်ဝယ်၊ ခုနစ်သွယ်၊ ဘယ်ပုဒ်ရှိက ကျေသနည်း	၇၂
၉၁။	သာသနာအံ့ဖွယ်၊ ဘယ်ချိန်ဝယ်၊ စွယ်တော်သီဟိုဠ် ရောက်သနည်း	၇၂
၉၂။	ဘုရားရှင့်စွယ်၊ သီဟိုဠ်ဝယ်၊ ဘယ်မင်းလက်ထက် ရောက်သနည်း	၇၂
၉၃။	ရွှေဝမ္ပိုလယ်၊ နန်းစံပယ်၊ ဘယ်မင်းဆက်က ဦးသနည်း	၇၂
၉၄။	ကုလားကျားငယ်၊ ပုဂံဝယ်၊ ဘယ့်နှယ် ကံထိုက်လေသနည်း	[illegible]
၉၅၊	ရသေ့ကြောင်ဝယ်၊ သားသူငယ်၊ ဆက်နွယ်ရှိတို့ လေလိမ့်နည်း	[illegible]
၉၆.	သာသနာရောင်သွယ်၊ ရွာတစ်ငယ်၊ ဘယ်ပြည်ယိးနန်း ဆောက်သနည်း	[illegible]

စွယ်စုံကျော်ထင်ကျမ်း

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၉၇။	ရသေ့မြို့ဝယ်၊ စိုးဆက်နွယ်၊ ဘယ်မျှမင်းပေါင်း ရှိသနည်း။	၇၄
၉၈။	ပြည်မြို့ဌာဝယ်၊ စိုးစံပယ်၊ မင်းဘယ်မျှလှော်ဆက်သနည်း	၇၄
၉၉။	တောင်ငူမြို့လယ်၊ သဝန်ငယ်၊ ဘယ်မျှ လီးနန်း စံသနည်း	၇၅
၁၀၀။	နဝရတ် ၉-သွယ်၊ ခင်စလွယ်၊ ဘယ်သူ ဘယ်သို့ ဆင်ရန်နည်း	၇၅
၁၀၁။	ပြည်ဝမ်း ပြည်စွယ်၊ သည်နှစ်သွယ်၊ ဘယ်ကိုခေါ်ကြပေသနည်း	၇၆
၁၀၂။	တမုတ်ဆိုးဖွယ်၊ ပညာကျယ်၊ နယ်နုဘယ်သို့ ဆိုးသနည်း	၇၆
၁၀၃။	ဂြိုဟ်ရှစ်လုံးကြွယ်၊ စားရာဝယ်၊ ဘယ်ကျောက်လက်စွပ် ဝတ်မည်နည်း	၇၆
၁၀၄။	လက်ညှိုး လက်လယ်၊ လက်သူကြွယ်၊ လက်ငယ်လက်မ ဘယ်ကျောက်နည်း	၇၇
၁၀၅။	စန်းလဂ်ယှဉ်တွယ်၊ ပူးရာဝယ်၊ ဘယ်ခွင် ဘယ်ကျောက် ဝတ်မည်နည်း	၇၇
၁၀၆။	နက္ခတ်ဘွယ်သွယ် ကျောက်မျိုးခြယ်၊ ဘယ်ကျောက် ဘယ်နက္ခတ်ဌနည်း	၇၇
၁၀၇။	သက်တံခုနစ်သွယ်၊ ကျောက်မျိုးဝယ်၊ ဘယ်မျှအဖိုး ထိုက်သနည်း	၇၈
၁၀၈။	အာယုခက်ဝယ်၊ အင်းလေးသွယ်၊ ဘယ့်နှယ်ဂဏန်း စသနည်း	၇၈
၁၀၉။	အင္ဂမုန်ကျဉ်းကျယ်၊ အင်း ၉-သွယ်၊ ကြီးငယ်ဘယ်က ထွက်သနည်း	၈၂
၁၁၀။	စာစပ်ရိုးဝယ်၊ မုလေးသွယ်၊ ဘယ့်နှယ်ချရိုး ရှိသနည်း	၈၃
၁၁၁။	ဖျောက်ဆိပ်လလယ်၊ စပ်ရိုးဝယ်၊ ဘယ့်နှယ်အသတ် မျှားသနည်း	၈၃
၁၁၂။	သုံးဆယ့်သုံးသွယ်၊ ဗျည်းကကျယ်၊ ဘယ်သူဘယ်ဗျည်း စပ်မည်နည်း	၈၃
၁၁၃။	သနားစဖွယ်၊ ကြာပွင့်နှယ်၊ သည်နှယ် ဘယ်အနက် ဟောသနည်း	၈၄
၁၁၄။	မမျှသူဝယ်၊ သည်သူနှယ်၊ သည်နှယ်မူကား မည်သို့နည်း	၈၄
၁၁၅။	ဟို့နှယ်သည့်နှယ်၊ ဆိုစဖွယ်၊ သည်နှယ်မူလည်း ဘယ်နက်နည်း	၈၄
၁၁၆။	သံတော်ခံငယ်၊ အင်ခြောက်သွယ်၊ အဘယ်သချာ ဆိုမည်နည်း	၈၅
၁၁၇။	စားတော်ကဲငယ်၊ ပြည့်စုံဖွယ်၊ ငါးသွယ်အင်္ဂါ ဘယ်သို့နည်း	၈၅
၁၁၈။	အင်ခုနစ်သွယ်၊ မှတ်စဖွယ်၊ ဘုရယ်တော်ဖို့ အဘယ်နည်း....	၈၅
၁၁၉။	ဆီးချုံကိုငယ်၊ မြို့တည်ဖွယ်၊ ဘယ်မြို့ တိတ်ဘဘောင်ပေနည်း	၈၆
၁၂၀။	ပုဒ္ဓါတင်ဖွယ်၊ ဂါထာဝယ်၊ အဘယ်ဂိုဏ်းဟု ဆိုမည်နည်း	၈၆
၁၂၁။	ဂါယတ္တိဝယ်၊ ဂိုဏ်းနှစ်သွယ်၊ ဘယ်ဂိုဏ်း ဖြစ်တို့လေသနည်း	၈၇
၁၂၂။	ဝိသမဝယ်၊ ဘဂိုဏ်းသွယ်၊ အဘယ်ဂါထာ ဆိုမည်နည်း	၈၇
၁၂၃။	ဝါရတဆယ်၊ တိကဝယ်၊ ဘယ့်နှယ်ဆန်းကျမ်းတွက်မည်နည်း	၈၇
၁၂၄။	သင်္ချာထုတ်နွယ်၊ ရှေးတသွယ်၊ ဘယ်ဝိကပ်ဘို့ မြှောက်သနည်း	၈၉
၁၂၅။	ဆယ့်ဘနက် ယ်၊ သက်စဖွယ်၊ အဘယ်ဝိဘတ် တို့ပေနည်း	၈၉
၁၂၆။	သတ္တမိငယ်၊ ဆယ့်ဘသွယ်၊ သက်ဖွယ်အနက်အဘယ်နည်း	၉၁
၁၂၇။	ရှစ်ဆယ့်ခုနစ်သွယ်၊ အနက်ဝယ်၊ သက်ဖွယ်ဝိဘတ် ဘယ်မျှနည်း	၉၀
၁၂၈။	ကလာပ်ကျမ်းနှယ်၊ သဒ္ဒါဝယ်၊ ဘယ့်ကြောင့်ဒွိဝုစ် မဟောသနည်း	၉၁
၁၂၉။	နာကောပုဒ်ဝယ်၊ ဆန်းကြတယ်၊ ဘယ်ကို ကကြီးဟောသနည်း	၉၂
၁၃၀။	ဥက္ကုဂုဝယ်၊ ယင်းဂငယ်၊ ဘယ်အနက်ကို ဟောသနည်း	၉၂
၁၃၁။	မင်းခေတမိမယ်၊ စလုံးဝယ်၊ ဘယ့်နှယ်အနက်ဟောသနည်း	၉၃
၁၃၂။	နဂရုံဝယ်၊ ယင်းနငယ်၊ အဘယ်အနက် ရှိသနည်း	၉၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၃၃။	နိပုဏောဝယ်၊ နိဟောဖွယ်၊ ဘယ်အနက်ဟု ဆိုမည်နည်း	၉၄
၁၃၄။	ဂရုဠ္ဌောဝယ်၊ ဟောစဖွယ်၊ ဘယ်ကိုဋ္ဌကြီးဟောသနည်း	၉၄
၁၃၅။	သတ္တဝါတိုင်းဝယ်၊ စီးဖြန်းဖွယ်၊ ဘယ်ဒွတ္တိ သရှိလိမ့်နည်း။	၉၄
၁၃၆။	ကေိုတသွယ်၊ တသတ်ဖွယ်၊ ဘယ်သို့ကျောက်စာ ဖတ်မည်နည်း	၉၄
၁၃၇။	ဟေတုဒုက်ဝယ်၊ တွန်းစဖွယ်၊ ဘယ်မျှပစ္စည်း တွန်းမည်နည်း	၉၅
၁၃၈။	ဆယ်ရက်နွားငယ်၊ စားသည်ဝယ်၊ ဘယ်သို့လျှော်ရိုး တပ်မည်နည်း	၉၅
၁၃၉။	သူ့ကြောင်ခွေးငယ်၊ သတ်ရာဝယ်၊ ဘယ့်နှယ်လျှော်ထုံးရှိသနည်း	၉၅
၁၄၀။	တပါးတည်းဝယ်၊ ခြသေ့်နယ်၊ ဘယ်လက္ခဏာပေတို့နည်း	၉၅
၁၄၁။	ကျီးတို့ဌဝယ်၊ ကျင့်ငါးသွယ်၊ အဘယ်အကျင့် ဆိုပိမ့်နည်း	၉၆
၁၄၂။	စာတစောင်ငယ်၊ အဓိပ္ပါယ်၊ တသွယ်စောင်သို့ လိုက်လိမ့်နည်း	၉၆
၁၄၃။	ပညတ်ဌဝယ်၊ တသတ်ဖွယ်၊ တသွယ်ပသတ် ဘယ့်ကြောင့်နည်း....	၉၆
၁၄၄။	အာပေါဓာတ်ဝယ်၊ မှတ်စဖွယ်၊ ဘယ့်နှယ်ရသာ ဆိုပိမ့်နည်း	၉၆
၁၄၅။	ပဥ္စကူဝယ်၊ ဆေးငါးသွယ်၊ ဘယ်သည့် ဘယ်သည့် ဆေးတို့နည်း....	၉၇
၁၄၆။	အကင်းမျိုးပယ်၊ ငန်းမျိုးပြယ်၊ ပေးဖွယ်တမြင့် ဘယ်ဆေးနည်း....	၉၇
၁၄၇။	ဓာတ်မျိုးရှင်ဖွယ်၊ အကင်းပြယ်၊ မွေးကြွယ် ဘယ်နှံ့သာတို့နည်း.... ،	၉၇
၁၄၈။	ရောဂါကပ်ဖွယ်၊ တပေါင်းဝယ်၊ ဘယ်အဓိက ပြုသနည်း	၉၇
၁၄၉။	တန်ခူးလဝယ်၊ ရောဂါတွယ်၊ ဆိုဖွယ် ဘယ်အဓိကနည်း	၉၈
၁၅၀။	ဖျားခြင်းခြောက်သွယ်၊ ဆေးကျမ်းဝယ်၊ ဘယ့်နှယ်ခွဲခြမ်းပေအံ့နည်း	၉၈
၁၅၁။	ရာသီဆေးဝယ်၊ ဆယ့်နှစ်သွယ်၊ ဘယ်သို့ရသာ ရှိကြသနည်း	၉၈
၁၅၂။	ထုပ်လျှားတဆယ်၊ အိမ်ဆင်ဖွယ်၊ ဘယ်မျှမြားတိုင် ထားသနည်း....	၁၀၀
၁၅၃။	ဥစ္စာများကြွယ်၊ အိမ်ဆောက်ဖွယ်၊ ရှည်သွယ်တိုင်ယပ် ဘယ်မျှနည်း	၁၀၀
၁၅၄။	ရဟန်းတို့ဝယ်၊ မွေးကျင်စွယ်၊ မပယ်အာပတ် သင့်ချိမ့်နည်း	၁၀၀
၁၅၅။	ကျဉ်းမြောင်းရာဝယ်၊ မွေးကိုပယ်၊ အဘယ်အာပတ် သင့်သနည်း	၁၀၀
၁၅၆။	ရှိမခိုးဖွယ်၊ ပေါင်းတဆယ်၊ ဘယ်သူဘယ့်ကြောင့် ခွဲမည်နည်း	၁၀၁
၁၅၇။	သစ်ခက်ချိုးဖွယ်၊ ရဟန်းဝယ်၊ ဘယ်သည့်ဘယ်သည့် အကြောင်းနည်း	၁၀၁
၁၅၈။	ကိုယ်သေစိမ့်ရှယ်၊ အစာငယ်၊ ဘယ့်ကြောင့်အာပတ် မသင့်သနည်း	၁၀၁
၁၅၉။	ဆံဖြူနုတ်ငယ်၊ ရဟန်းဝယ်၊ အဘယ်အာပတ်သင့်သနည်း	၁၀၃
၁၆၀။	တို့စေဘုန်းကြွယ်၊ အာပတ်ငယ်၊ နုတ်ပယ်ဘယ့်ကြောင့် မိန့်သနည်း	၁၀၃
၁၆၁။	ဝေတ္တရဏီလယ်၊ ကြိမ်ပိုက်ဝယ်၊ ဘယ်သို့ကျင့်သူ ခံလိမ့်နည်း	၁၀၅
၁၆၂။	မီးကျီးတွင်းဝယ်၊ ခံစဖွယ်၊ အဘယ်မကောင်းမှုပေနည်း	၁၀၅
၁၆၃။	ငါးနှစ်မြင်းစွယ်၊ ဖူး၍ကယ်၊ ရက်ဘယ်မျှလောက် မွေးလိမ့်နည်း....	၁၀၆
၁၆၄။	နှာ-တင်ရင်ကျယ်၊ မြင်းတို့ဝယ်၊ ငယ်ခြင်းသုံးပါး အဘယ်နည်း	၁၀၆
၁၆၅။	မြင့်ခြင်းသုံးသွယ်၊ မြင်းဌဝယ်၊ ကြီးဖွယ်သုံးပါး အဘယ်နည်း	၁၀၆
၁၆၆။	ကောင်းခြင်းမှတ်ဖွယ်၊ မြင်းတို့ဝယ်၊ သုံးသွယ်ရှိ၏ အဘယ်နည်း....	၁၀၆
၁၆၇။	ကျီးကြည့်သဖွယ်၊ နည်းကိုရှယ်၊ အဘယ်ဥပါဟရဏ်နည်း	၁၀၆
၁၆၈။	ဝိသေသနဝယ်၊ ဝိဂ္ဂိုဟ်သွယ်၊ ဘယ်ပဌာနထည့်ပိမ့်နည်း	၁၀၇

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၆၉။	မည်းနက်ခြယ်လှယ်၊ သပိတ်လွယ်၊ ငှက်ယယ်ဝိဂြိုဟ်မည်သို့နည်း	၁၀၇
၁၇၀။	ဝါး၌ဖြစ်ဖွယ်၊ ပုလဲဝယ်၊ ဘယ်သို့အရောင်ထွက်သနည်း	၁၀၇
၁၇၁။	တိမ်တိုက်အလယ်၊ ဖြစ်စဖွယ်၊ ဘယ့်နှယ်ပုလဲအဆင်းနည်း	၁၀၈
၁၇၂။	မုတ်ဆိတ်ကျင်စွယ်၊ လူတို့နှယ်၊ နတ်ဝယ်ပေါက်ရောက်လေလိမ့်နည်း	၁၀၉
၁၇၃။	လှည့်ဖြားရည်ရွယ်၊ မုသားသွယ်၊ ဘယ်ကိုအာရုံပြုသနည်း	၁၀၉
၁၇၄။	ခေါပနသွယ်၊ ဟေတုဝယ်၊ ဘယ်မျှဒုက်ပွားရသနည်း	၁၀၉
၁၇၅။	စိတ္တသူကြွယ်၊ ဒကာဝယ်၊ ဘယ်တေဒဂ်ရသနည်း	၁၁၀
၁၇၆။	ထွက်သက်တိုင်းဝယ်၊ ထွတ်ဘုန်းကြွယ်၊ ဘယ်သမာပတ်ဝင်သနည်း	၁၁၀

"အယ်"ကာရန်ပုစ္ဆာ ၁၇၆-ပုဒ် ပြီး၏။

---

(၂) "အဲ" ကာရန်ပုစ္ဆာ ၂၄ ပုဒ်

၁၇၇။	မြေမနင်းပဲ၊ ကြွမြဲ၊ စောကဲဘယ့်ကြောင့် ကြွနိုင်သနည်း	၁၁၁
၁၇၈။	ဆွမ်းဘုဉ်းပေးမြဲ၊ စောရန်ကဲ၊ ခန္ဓဲဘယ့်လောက်ကုန်သနည်း။	၁၁၄
၁၇၉။	ရသေ့ရိပ်လှဲ၊ ကျောက်ရဲရဲ၊ ဖြစ်မြဲမှန်တို့ လေလိမ့်နည်း။....	၁၁၆
၁၈၀။	မြို့သောက္ကတဲ၊ မြို့သင်းတွဲ၊ မိုးထဲဘယ်တာရာတို့နည်း	၁၁၆
၁၈၁။	တရုတ်ရန်ဝဲ၊ မိမဒ်ထဲ၊ ရှဲအောင် ဘယ်သို့ကြံသနည်း	၁၁၇
၁၈၂။	လူသက်မမြဲ၊ ကျမ်းကခွဲ၊ မြဲသည့်ကျွန်းရှိ ဘယ့်ကြောင့်နည်း	၁၁၇
၁၈၃။	ပြစ်မင်္ပဲ၊ ဆံဦးဆွဲ၊ လျော်မြဲဘယ့်လောက်ပေတို့နည်း	၁၁၇
၁၈၄။	မနှံပါပဲ၊ နှံ၏ရှဲ၊ ခွဲခြမ်းစီရင် မည်သို့နည်း	၁၁၇
၁၈၅။	မနာလိုပဲ၊ လင်ဆုတ်ဆွဲ၊ မိညဲလျော်ရိုး ဘယ်မျှနည်း	၁၁၈
၁၈၆။	လက်ယာ လက်ဝဲ၊ သည်နှစ်ကွဲ၊ ဝတ်မြဲကျောက်မျိုး ဘယ်မျှနည်း....	၁၁၈
၁၈၇။	ဆက်စာမြင့်ပြဲ၊ ရောက်လာခဲ၊ သည်ခဲ ဘယ်အနက်ပေနည်း	၁၁၈
၁၈၈။	ရောက်ခေါင့် ရောက်ခဲ၊ မြေတာလွဲ၊ သည်ခဲ မည်သို့ ဆိုပ်မှ်နည်း	၁၁၈
၁၈၉။	မခေါမကျဲ၊ စီသည့်ရွှဲ၊ စောကဲသွားတော် ဘယ့်ကြောင့်နည်း	၁၁၈
၁၉၀။	တတ္တအစွဲ၊ စိတ်မရဲ၊ မြော်မြဲရှေ့နောက် ဘယ်ကိုနည်း	၁၁၉
၁၉၁။	မ-ဣ တင်မြဲ၊ ရ-မ-ဆွဲ၊ ခက်ခဲကျောက်စာ မည်သို့နည်း....	၁၁၉
၁၉၂။	ကကြီးဝဆွဲ၊ ပင့်မြဲ၊ နောက်တွဲယသတ် မည်သို့နည်း....	၁၁၉
၁၉၃။	ခရွေးဝသွဲ၊ ဝသတ်မြဲ၊ မလွဲဖတ်ရိုး ဘယ့်နှယ်နည်း	၁၂၀
၁၉၄။	ဆင်, မြင်း, နွား, ကျွဲ၊ ဖွားစသဲ၊ လျော်မြဲ သတ်သော် ဘယ်မျှနည်း	၁၂၀
၁၉၅။	လျှာသံချိတ်တွဲ၊ ငင်ရှဲဆွဲ၊ ခက်ခဲခံရ ဘယ့်ကြောင့်နည်း....	၁၂၀
၁၉၆။	ပြာပူငရဲ၊ အောက်အထဲ၊ ခံမြဲဘယ်ပကောင်းကျိုးနည်း	၁၂၀
၁၉၇။	ပြောင်ပြောင်တောက်ဖွဲ၊ စားတော်မြဲ၊ ကွဲလွဲဘယ်အပြင်ကြောင့်နည်း —	၁၂၀
၁၉၈။	ဆင်ဦးကင်းထဲ၊ မြတ်ပုလဲ၊ ထွန်းမြဲအရောင် ဘယ်သို့နည်း	၁၂၂

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၉၉။ မြွေဦးခေါင်းစွဲ၊ ကျောက်ပုလဲ၊ ကွဲလွဲရောင်ခြည် ဘယ်သို့နည်း ၁၂၂
၂၀၀။ ယောက်သွားဖြစ်မြဲ၊ မျိုးပုလဲ၊ ထူးကဲရောင်လျှံ ဘယ်သို့နည်း ၁၂၂

"အဲ" ကာရန်ပုစ္ဆာ ၂၄-ပုဒ် ပြီး၏။

---

(၃) "အဲ့" ကာရန်ပုစ္ဆာ ၁၁-ပုဒ်

၂၀၁။ ခြေမတော်တဲ့၊ ကွဲပြန့်ခဲ့၊ ဘဲ့ဝိပါက်တော် ပါသနည်း.... .... ၁၂၃
၂၀၂။ ထွန်တုံးရှိတဲ့၊ ရွှေတွေ့ခဲ့၊ ဖဲ့၍ထမ်းသော် နိုင်လိမ့်နည်း.... .... ၁၂၉
၂၀၃။ ကျယ်လျှင်ကားချဲ့၊ ပဲ့လျှင်ဖဲ့၊ နွဲ့လျှင်ကားသတ် ဘယ့်ကြောင့်နည်း ၁၃၀
၂၀၄။ မြူဟွာမင်းတဲ့၊ စုတေခဲ့၊ တိမ်းငဲ့တိရစ္ဆာန် ဖြစ်လိမ့်နည်း.... .... ၁၃၀
၂၀၅။ ကြက်ဆူပင်တဲ့၊ ရိုးရှက်ဖဲ့၊ ဘဲ့ကြောင့် ခါးလုံ့ဖြစ်သနည်း ၁၃၁
၂၀၆။ ဝါယောခေတ်နွဲ့၊ ပျက်တုံခဲ့၊ ဘဲ့တဲ့ချိန်၌ သေလိမ့်နည်း ၁၃၂
၂၀၇။ ဆီးပညောင်တဲ့၊ ဆေးဘိန်းနွဲ့၊ ဘဲ့နှယ်ရာသီ ပေးမည်နည်း ၁၃၂
၂၀၈။ မစင်ပြဲ့ပြဲ့၊ စားရခဲ့၊ ငရဲ့ပြည်၌ ဘယ်ဖြစ်နည်း ၁၃၃
၂၀၉။ ဘီလူးစေးတဲ့၊ တွေ့တုံခဲ့၊ ဘဲ့ကြောင့်လောင်းတော် လွှတ်သနည်း ၁၃၄
၂၁၀။ သရဖူတဲ့၊ တက်တူငဲ့၊ တောက်တဲ့ဝိဂြိုဟ် မည်သို့နည်း ၁၃၆
၂၁၁။ သုတ်ခုန်၍တဲ့၊ လိုက်တုံခဲ့၊ ဘဲ့နှယ် ဂတိကပေနည်း ၁၃၇

"အဲ့" ကာရန်ပုစ္ဆာ ၁၁-ပုဒ် ပြီး၏။

---

(၄) "အံ"ကာရန်ပုစ္ဆာ ၂၉-ပုဒ်

၂၁၂။ အစိန္တေယျံ၊ ဂုဏ်ဂုဏ်၊ ဆက်ဆံနေခြင်းရလိမ့်နည်း ၁၃၇
၂၁၃။ ဗုဒ္ဓကိစ္စံ၊ နိဋ္ဌိတံ၊ ဝေဿန်ဘယ့်ကြောင့် ဖြစ်ပြန်သနည်း.... .... ၁၃၈
၂၁၄။ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ ဘယ်ကံ အားကြီးကြသနည်း ၁၃၉
၂၁၅။ ကောင်းကင်တိမ်ယံ၊ ဈာန်ဖြင့်ပျံ၊ ပါဒ်ခြေလှမ်း လေလိမ့်နည်း ၁၄၀
၂၁၆။ အဂျာဂါရံ၊ တာသာဟံ၊ ဘယ်လိင်္ဂသို့ သွင်းမည်နည်း ၁၄၁
၂၁၇။ ငွေရောင်ခြည်လျှံ၊ လစန္ဒံ၊ ကြံလေသော့ ဘယ်နံပေတို့နည်း ၁၄၁
၂၁၈။ နီဝရဏံ၊ ဝဋ္ဋကံ၊ အရှုပ်၌ ရှိလိမ့်နည်း ၁၄၁
၂၁၉။ မြင်းမိုရ်အောက်ယံ၊ တလျှံလျှံ၊ ခံသည့်ခုံလောက် ဘယ်မျှနည်း ၁၄၂
၂၂၀။ သမုသစ္စံ၊ နိရုဒ္ဓံ၊ ဒုက္ခသစ္စာ ဖြစ်လိမ့်နည်း ၁၄၂
၂၂၁။ စက္ကဝဠံ၊ အနန္တံ၊ ဈာန်ပျံရသေ့ ရှိလိမ့်နည်း ၁၄၃
၂၂၂။ ပလ္လင်တော်ရံ၊ သတ်ဌာန်၊ အလံဘယ်မျှ ခြားသနည်း.... .... ၁၄၃
၂၂၃။ သိကြားအောက်ခံ၊ ကမ္ဘလံ၊ လျားနံ့အထု ဘယ်မျှနည်း ၁၄၄
၂၂၄။ သစ်ပင်လက်ပံ၊ အကိုင်းလံ၊ အောက်ခံ ဘယ်နေသားဖို့နည်း ၁၄၄
၂၂၅။ စနေခုစံ၊ နေဘုံကြံ၊ စီမံ ဘယ်ကောင်းကျိုးတို့နည်း ၁၄၄

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၂၆။	ဟေ မိတ္တံ၊ ဂါထာရံ၊ အင်းဆံအဌမုခ် ဘယ်သို့နည်း	၁၄၅
၂၂၇။	ဗြဟ္မာမင်းသံ၊ စောဘုန်းလျှံ၊ ချောင် ဘယ်ကောင်းမှုကြောင့်နည်း....	၁၄၆
၂၂၈။	ထက်အောက်ကျော်ဥ၊ ပြည်ပေါက်ကံ၊ နိုင်ငံမင်းဆုံး ဘယ်နှစ်နည်း	၁၄၆
၂၂၉။	သီဟသူခံ၊ ပင်းယစံ၊ ပုဂံမင်းဆက် ကုန်ပြီနည်း	၁၄၆
၂၃၀။	တောင်ငူမြို့ရံ၊ ထီးနန်းစံ၊ ပုံချီနှစ်ပါး ဘယ်မျှနည်း	၁၄၆
၂၃၁။	နိဗ္ဗာန်၊ နိဒါန်း၊ နိဋ္ဌိတံ'နိ' တူလိမ့်နည်း	၁၄၇
၂၃၂။	နိယျာနိကံ၊ နိဂ္ဂတံ၊ နိဗ္ဗာန်'နိ' ဘယ်ဟောနည်း	၁၄၇
၂၃၃။	နိဿာမိတံ၊ နိပုဏ်၊ နိဿယံ၌ ဘယ်သို့နည်း....	၁၄၇
၂၃၄။	နဒိပါရံ၊ ပုဒ်ရင်းခံ၊ ကြံလော့ 'ပါ'ကား ဘယ်ဟောနည်း	၁၄၇
၂၃၅။	မ်စ္ဆာစာရံ၊ ပြစ်မှားကံ၊ ဆက်ဆံ ဘယ်ဝေဒနာနည်း	၁၄၈
၂၃၆။	ထန်းချွက်ရှည်လံ၊ သူ့ဘုန်းကံ၊ သန်လျက်ဖြစ်၏ မည်သူနည်း	၁၄၈
၂၃၇။	သူ့ရန်သူကြံ၊ မိုးသို့ပျံ၊ နာမံဘယ်မြို့ ဘယ့်ကြောင့်နည်း....	၁၄၉
၂၃၈။	ရာဇသင်္ကြံ၊ စိတ်စက်ခံ၊ မန္တဘယ်မင်းသားကုန်နည်း	၁၅၀
၂၃၉။	ဒသဗလံ၊ မြတ်ဉာဏ်၊ ဓမ္မံ ဘယ်တရားတို့နည်း	၁၅၀
၂၄၀။	ရွှေတောင်မစံ၊ ဟင်္သာပျံ၊ စိတ်ခံမည်သို့ ရှိသနည်း	၁၅၁

"အံ"ကာရန်ပုစ္ဆာ ၂၉-ပုဒ် ပြီး၏။

(၅) "အုံ့"ကာရန်ပုစ္ဆာ ၉-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၄၁။	ဘီလူးစားအုံ့၊ မကြောက်ရွံ့၊ ရဲဝံ့လောင်းလျာ ဘယ်မျှနည်း	၁၅၂
၂၄၂။	ဂင်္ဂါရုန့်၊ မွှေးပျံ့ပျံ့၊ နှံ့သည်ဘယ့်လောက် တိုင်အောင်နည်း	၁၅၈
၂၄၃၊	ရှည်ကြာမင့်၊ ကျောင်းဆောက်အုံ့၊ နံ့သာဘယ်က ဆောင်ခဲ့သနည်း	၁၅၉
၂၄၄။	ကျောင်းတိုင်ပျံ့ပျံ့၊ မွှေးမျိုးနှံ့၊ နံ့သာအဖြူ ဖြစ်လိမ့်နည်း	၁၅၉
၂၄၅။	သြဇာမဆုံ့၊ ရသာပျံ့၊ အနံ့ ဗြဟ္မာရှိလိမ့်နည်း	၁၅၉
၂၄၆။	နိုင်ငံလုံးနှံ့၊ ဘုန်းတော်ပျံ့၊ အုံ့ဖွယ် ဘယ်အာဓာရနည်း....	၁၆၀
၂၄၇။	သိမ်မွေ့နူးညံ့၊ ကြီးရှည်ပြန့်၊ အုံ့ဖွယ်လျာတော် ဘယ့်ကြောင့်နည်း	၁၆၀
၂၄၈။	ရွှေနန်းသိမ်းအုံ့၊ စားတော်ခွံ့၊ နူးညံ့ဆုပ်ပေါင်း ဘယ်မျှနည်း	၁၆၁
၂၄၉။	သုံးပါးအညွှံ့၊ မြင်း၌အုံ့၊ သိစုံဘယ်သုံးပါးတို့နည်း	၁၆၁

"အုံ့"ကာရန်ပုစ္ဆာ ၉-ပုဒ် ပြီး၏။

(၆) "အုံ"ကာရန်ပုစ္ဆာ ၃၃-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၅၀။	မွေးရှင်တော်စုံ၊ ဥဏ္ဏာလုံ၊ ဆန့်တုံ ဘယ့်လောက်ရှည်သနည်း	၁၆၁
၂၅၁။	ကျားစားခိုက်တုံ၊ မဂ်ဖိုလ်ကြုံ၊ လူ့ဘုံ ဘယ်ပုဂ္ဂိုလ်ပေနည်း	၁၆၂
၂၅၂။	ကမ္ဘလာခြုံ၊ ငှက်ချီတုံ၊ နှုတ်ငုံဝမ်းက ဘယ်သူနည်း	၁၆၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၂၅၃။	ခွေးတောက်မြစ်ဆုံ။ ရှက်ရှုံ့ရှုံ၊ အချိုမြု၏ ဘယ်တွင်နည်း	၁၆၃
၂၅၄။	ဇော-ဘဒါရုံ၊ ပြဟ္မာဘုံ၊ စုံလင်ဖြစ်ကောင်း လေလိမ့်နည်း	၁၆၄
၂၅၅။	ထက်ရှုပဘုံ၊ တဒါရုံ၊ မကြုံဘယ့်ကြောင့် ကင်းသနည်း....	၁၆၄
၂၅၆။	သညသတ်ဘုံ၊ စုတေတုံ၊ တွေ့ကြုံဘယ်စိတ်စသနည်း	၁၆၅
၂၅၇။	ပြဟ္မာတို့ဘုံ၊ ဂန္ဓာရုံ၊ သင်းထုံပျံ့ပျံ့ မွှေးလိမ့်နည်း	၁၆၅
၂၅၈။	နားမျက်စိတုံ၊ ဤနှစ်စုံ၊ အာရုံရောက်ကောင်း လေလိမ့်နည်း	၁၆၆
၂၅၉။	ဖောဋ္ဌဗ္ဗာရုံ၊ တွေ့ကြိုက်ကြုံ၊ အာရုံလာကောင်း လေလိမ့်နည်း	၁၆၆
၂၆၀။	ကုသိနာရုံ၊ အင်ကြင်းစုံ၊ ရဂုံဘယ်မျှ ကျယ်သနည်း။	၁၆၆
၂၆၁။	သုံးလူ့ပန်းငုံ၊ သဂြိုဟ်တုံ၊ ထင်းပုံနံ့လျှား ဘယ်မျှနည်း	၁၆၆
၂၆၂။	ပြဟ္မာလုံးခြုံ၊ ဆယ့်ခြောက်စုံ၊ ဘယ်ဘုံ စေတီ ရှိသနည်း	၁၆၇
၂၆၃။	ပရိက္ခရာစုံ၊ ကြာပေါက်တုံ၊ မြေခုံဘယ်ဌာနတွင်နည်း	၁၆၇
၂၆၄။	ရိုးရွက်ပွင့်ငုံ၊ ထိုကြာတုံ၊ လုံးစုံတိုင်းထွာ ဘယ်မျှနည်း	၁၆၈
၂၆၅။	လေးထောင့်ဝန်းတုံ၊ ရွှေစက်စုံ၊ ဘယ်ပုံကျမ်းနှင့် ညီသနည်း	၁၆၈
၂၆၆။	သဒ္ဒေးမိတ်စုံ၊ ကျွတ်ထောက်ကြုံ၊ မဂ်တုံဘယ့်ကြောင့် မရသနည်း	၁၆၉
၂၆၇။	တုံးလုံးမှောက်ခုံ၊ စားမကုံ၊ ပုံလုံဘယ့်နှယ်ကျွေးသနည်း	၁၆၉
၂၆၈။	ရှင်ဘုံရှင်လုံ၊ ရှင်နှင်းငုံ၊ ရှင်စုံဘယ်ပညတ်တို့နည်း	၁၆၉
၂၆၉။	ကျမ်းထွက်လျှာစုံ၊ ကာမဘုံ၊ ငါးတုံဘယ့်ကြောင့်ချို့သနည်း	၃၇၀
၂၇၀။	အရှုပဘုံ၊ ရုပ်မစုံ၊ နာမ်တုံဘယ်သို့ တည်သနည်း	၁၇၀
၂၇၁။	ကုသိုလ်ချင်းတုံ၊ တပ်ချင်းကြုံ၊ အာရုံပစ္စည်း ဘယ်သို့နည်း	၁၇၀
၂၇၂။	မြောက်ထူပါရုံ၊ တောင်စည်းခုံ၊ တည်တုံဘယ့်လောက် ကြာပြီနည်း	၁၇၁
၂၇၃။	တရားခုံတုံ၊ အင်ငါးစုံ၊ မှတ်ယုံ ဘယ်အင်္ဂါတို့နည်း။	၁၇၁
၂၇၄။	ဝါ-တနည်းတုံ၊ ခုံတွင်ကြုံ၊ သုံးစုံအင်္ဂါ ဘယ်သို့နည်း	၁၇၁
၂၇၅။	ကိဋ္ဌာပိုင်၊ ပါဠိတိုင်ရုံ၊ တင်တုံဘယ်သူ့ အပြစ်နည်း	၁၇၂
၂၇၆။	ရွှေအုန်းသီးတုံ၊ မင်းပိဿုံ၊ နန်းဘုံဘယ်မျှ စည်းစိမ်နည်း	၁၇၂
၂၇၇။	စင်ခြင်းသုံးစုံ၊ မြင်း၌ကြုံ၊ ဆိုတုံသုံးပါး အဘယ်နည်း	၁၇၂
၂၇၈။	ဝဋ္ဋ၂၁ကြိုက်ကြုံ၊ မိန်းမမြုံ၊ ဝ-တုံ ဘယ်အနက် ဟောသနည်း	၁၇၂
၂၇၉။	ပရိတ္တာရုံ၊ ပေါင်း၍ဆုံ၊ ကြိုက်ကြုံဝီထိ ဘယ်မျှနည်း	၁၇၃
၂၈၀။	ဇစ္စန္ဓတုံ၊ ပဋ္ဌာရုံ၊ စုံလင်ဝီထိ ကျချိမ့်နည်း	၁၇၃
၂၈၁။	သူ့သက်သတ်ကြုံ၊ ထိုကံတုံ၊ အာရုံဘယ်သို့ ပြုသနည်း	၁၇၄
၂၈၂။	ချမ်းသာရိပ်မြုံ၊ ပြဟ္မာ့ဘုံ၊ ရှုတုံဝါယော ရှိလိမ့်နည်း	၁၇၄

"အုံ"ကာရန်ပုစ္ဆာ ၃၃-ပုဒ် ပြီး၏။

---

(၇) "အုံ့"ကာရန် ပုစ္ဆာ ဂ-ပုဒ်။

၂၈၃။	လောင်းလျှာတမုံ့၊ လက်ရသုံ့၊ ကျဉ်းကြုံ့ဖြစ်ဖူးလေသနည်း	၁၇၄
၂၈၄။	တယောက်စာမုံ့၊ ငါးရာမြုံ့၊ ပုံ့ပုံ့ကျန်ကြွင်း ဘယ့်ကြောင့်နည်း	၁၇၆

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၈၅။ ဆောင့်ကြောင့်ကြုံ့ကြုံ့၊ နေတမှုံ၊ ထုံ့ပိုင်းဘယ်က မြတ်သနည်း ၁၇၉
၂၈၆။ မိုးညိုဆော်လှုံ့၊ တိမ်ပုံ့ပုံ့၊ မှိုင်းအုံ့နတ်ပြည် ရွာလိမ့်နည်း ၁၇၉
၂၈၇။ ရှေးကံတမှုံ့၊ မဆော်လှုံ့၊ လုံ့လကျိုးပေးပါလိမ့်နည်း ၁၈၀
၂၈၈။ ဖားရားဆံရုံ့၊ မျက်နှာငုံ့၊ ရှုံ့ရှုံ့ငိုသည် ဘယ်နတ်နည်း ၁၈၀
၂၈၉။ ပြန်ခွန်းမတုံ့၊ တပြုံ့ပြုံ့၊ လှုံ့ရှုံ့မပါ မည်သူနည်း ၁၈၀
၂၉၀။ ဆွမ်းဦးပုံ့ပုံ့၊ အလယ်စုံ့၊ မြုံ့ဖွိုနှိမ်သော် ဘယ်ပြစ်နည်း ၁၈၁

"အုံ့" ကာရန် ပုစ္ဆာ ၈-ပုဒ် ပြီး၏။

---

(၈) "အုံး" ကာရန်ပုစ္ဆာ ၁၆-ပုဒ်

၂၉၁။ ဒေသစာလုံး၊ အကြိမ်ရုံး၊ သုံးလူ့ထွတ်ထား ဘယ်မျှနည်း ၁၈၁
၂၉၂။ ရှစ်ကျိပ်စလုံး၊ နိဗ္ဗာန်ကျုံး၊ စဆုံး ဘယ်သာဝကနည်း ၁၈၂
၂၉၃။ မ-၏ရှေ့ဆုံး၊ ရလေလုံး၊ တွက်ကျုံးဘယ်မျှ ကြာပြီနည်း ၁၈၂
၂၉၄။ တယောက်တလုံး၊ တကျိပ်သုံး၊ စာလုံးအဘယ်ဗျည်းတို့နည်း ၁၈၃
၂၉၅။ တနေ့စလုံး၊ သွားမြဲထုံး၊ လက်တလုံးခန့် မည်သူနည်း ၁၈၄
၂၉၆။ သပိတ်လေးလုံး၊ လက်နှိပ်ဖုံး၊ တလုံးတည်းဖြစ် ဘယ်နေ့နည်း ၁၈၅
၂၉၇။ နတ်လေးယောက်လုံး၊ လှူစည်းရုံး၊ မြင့်ဆုံးဘယ်နတ် သပိတ်နည်း ၁၈၅
၂၉၈။ မြင်းမိုရ်တောင်လုံး၊ အံ့မဆုံး၊ ရွှေကုံးဘယ်က ဖြစ်သနည်း ၁၈၇
၂၉၉။ ဗြဟ္မာလှူဆုံး၊ ရွှေပန်းကုံး၊ ယူကျုံးမည်သူ သိမ်းသနည်း ၁၈၇
၃၀၀။ ဇော်တခိုင်လုံး၊ စာစပ်ထုံး၊ အဆုံးချရှိ ဘယ်သို့နည်း ၁၈၇
၃၀၁။ သုံးဆယ့်ငါးလုံး၊ သိချုံကုံး၊ ချထုံးသည့်ထက် လွန်လိမ့်နည်း ၁၈၈
၃၀၂။ တေဇောဓာတ်လုံး၊ ပျက်စီးရှုံး၊ ကုထုံးဘယ်ဓာတ်နှင့် ပေနည်း ၁၈၈
၃၀၃။ ဂရုနှစ်လုံး၊ ဘဂိုဏ်းသုံး၊ ခေါ်ထုံးဘယ်ဂါထာတို့နည်း ၁၈၈
၃၀၄။ ကျောက်စာရေးထုံး၊ စီစဥ်ကုံး၊ လုံးကြီးတင်သော် ဘယ်သို့နည်း ၁၈၈
၃၀၅။ ဟထိုးတလုံး၊ ဖွဲ့လက်သုံး၊ ယူကျုံးဘယ်သို့ ဖတ်မည်နည်း ၁၈၈
၃၀၆။ ရှက်စပ်ပိတ်ချုံး၊ လောင်းလျှောင့်ုံး၊ သုံးလူ့ဘယ့်ကြောင့် လွတ်သနည်း ၁၈၉

"အုံး"ကာရန်ပုစ္ဆာ ၁၆-ပုဒ် ပြီး၏။

---

(၉) "အမ်း"ကာရန်ပုစ္ဆာ ၇-ပုစ္ဆာ

၃၀၇။ ကိုယ်တော်ရှင်ဝမ်း၊ ကြွမြဲတမ်း၊ အလှမ်းဘယ်မျှကျယ်သနည်း ၁၉၀
၃၀၈။ ဒေဝဒတ်ကြမ်း၊ အာဏာလွှမ်း ရှုံးလမ်းလောင်းလျှာ ဘယ်မျှနည်း ၁၉၀
၃၀၉။ သဘော်ရောက်လမ်း၊ ဆိုက်မြဲတမ်း၊ ဆိပ်ကမ်းသုံးကျွန်း ဘယ်မျှနည်း ၁၉၀
၃၁၀။ မျှားမုန့်ဆုပ်ဆွမ်း၊ ပေးလှူကမ်း၊ ဝန်ထမ်းကုန်သည် ဖြစ်လိမ့်နည်း ၁၉၁

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၃၁၁။	ပံသုကူဆွမ်း၊ ပစ်စတမ်း၊ အားရမ်းဘဦးပေး အပ်လိမ့်နည်း	....	....	၁၉၁
၃၁၂။	လေခါတ်စုံစမ်း၊ ပျက်မြဲတမ်း၊ ဖြသလမ်းနေ့ပိုင်း ဘယ်မှုနည်း	....	....	၁၉၁
၃၁၃။	တေဇောခါတ်သွမ်း၊ ပျက်ရိုးရွမ်း၊ ဆိုစမ်း ဘယ်လက္ခဏာနည်း	....	....	၁၉၂

"အမ်း"ကာရန် ပုစ္ဆာ ၇-ပုဒ် ပြီး၏။

(၁၀) "အိမ်"ကာရန်ပုစ္ဆာ ၁၁-ပုဒ်

၃၁၄။	ဘုရားမွေ့သိမ်၊ ရှိခိုက်ကြိမ်၊ သိမ်တော်သမုတ်ကြလိမ့်နည်း	....	....	၁၉၂
၃၁၅။	ကိုယ်တော်မကြိမ်၊ နိဗ္ဗာန်ငြိမ်၊ ဘယ်သိမ်သမုတ် ဦးပေနည်း	....	....	၁၉၃
၃၁၆။	ကလျာဏီသိမ်၊ မမြုပ်တိမ်၊ ဖြစ်ကြိမ် ဘယ်မင်းလက်ထက်နည်း		....	၁၉၃
၃၁၇။	သုံးဆယ့်တအိမ်၊ နှယ်သည့်ကြိမ်၊ ရေစိမ်ဘယ့်ကြောင့်ဆတ်သနည်း		....	၁၉၅
၃၁၈။	နေအိမ် လအိမ်၊ မမြုပ်တိမ်၊ ကြိမ်ကြိမ်ဘယ့်ကြောင့် ဖြစ်သနည်း		....	၁၉၆
၃၁၉။	သီဟိုဠ်ကျွန်းငြိမ်၊ ငါးမာရ်နှိမ်၊ သုံးကြိမ်ဘယ့်ကြောင့် ကြွသနည်း		...	၁၉၇
၃၂၀။	ပြစ်မှားသူ့အိမ်၊ မငြိမ်ဆိမ်၊ ဖျင်းသိမ်ဘယ်အာရုံတို့နည်း	....	....	၁၉၉
၃၂၁။	ထက်နတ်ရွာတိမ်၊စိတ်မငြိမ်၊ သူ့အိမ်ပြစ်မှားကြလိမ့်နည်း	....	....	၂၀၀
၃၂၂။	ဆယ်လသို့ကြိမ်၊ မဖွားငြိမ်၊ စစ်သိမ်ဘယ်၌ အုံမည်နည်း	....	....	၂၀၁
၃၂၃။	ပြဟ္မာ့ဘုံအိမ်၊ ချမ်းရိပ်ငြိမ်၊ တိမ်တောင်တိမ်လိပ် တက်လိမ့်နည်း		....	၂၀၁
၃၂၄။	အလိမ်အလိမ်၊ အကြိမ်ကြိမ်၊ မိုးတိမ်ဘယ်က ဖြစ်သနည်း	....	....	၂၀၁

"အိမ်"ကာရန်ပုစ္ဆာ ၁၁ ပုဒ် ပြီး၏။

(၁၁) "အိမ့်"ကာရန်ပုစ္ဆာ ၈-ပုဒ်

၃၂၅။	ယပ်တော်သိစိမ့်၊ တိုင်းထွာပိမ့်၊ မြင့်လိမ့် အဘယ်တန်ခိုးနည်း	....	....	၂၀၅
၃၂၆။	မဟော်လက်နှိမ့်၊ ပတ္တမြားလှိမ့်၊ ယှင်းချိမ့်မှသားပါလိမ့်နည်း	....	....	၂၀၆
၃၂၇။	မိုးတစိမ့်စိမ့်၊ တိမ်နိမ့်နိမ့်၊ ခြိမ့်ခြိမ့်မြည်ကြောင်း ဘယ်သို့နည်း		....	၂၀၇
၃၂၈။	တရားမှန်စိမ့်၊ စီရင်ပိမ့်၊ မှားချိမ့်အပါယ် လွတ်လိမ့်နည်း	....	....	၂၀၇
၃၂၉။	သူနာလွတ်စိမ့်၊ ဆေးကုပိမ့်၊ သေလိမ့်ငရဲ ရောက်ချိမ့်နည်း	....	....	၂၀၇
၃၃၀။	ယှဉ်မှီလိုက်ချိမ့်၊ ဖူးရစိမ့်၊ သည်စိမ့် ဘယ်အနက်ဟောနည်း	....	....	၂၀၈
၃၃၁။	ကျင့်ရာနှစ်သိမ့်၊ ဝမ်းကွဲစိမ့်၊ သည်စိမ့်မူကား ဘယ်သို့နည်း	....	....	၂၀၈
၃၃၂။	တရားနာငြိမ့်၊ နားတော်စိမ့်၊ စိမ့်ချင်းခြား၏ မည်သို့နည်း	....	....	၂၀၈

"အိမ့်"ကာရန်ပုစ္ဆာ ၈-ပုဒ် ပြီး၏။

(၁၂) "အိမ်း"ကာရန်ပုစ္ဆာ ၆-ပုဒ်

၃၃၃။	မဟော်ရန်ငြိမ်း၊ ငါဟုကြိမ်း၊ မသိမ်းပြည်ထောင် ဘယ့်ကြောင့်နည်း		....	၂၀၈
၃၃၄။	တေမိမအိမ်း၊ မလှုပ်တိမ်း၊ စပ်ရှိန်းဝိပါက် ပါလိမ့်နည်း	....	....	၂၀၉

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၃၃၅။	သူ့အားချောက်ခြိမ်း၊ ခိုးမှုဒိမ်း၊ တိမ်းယိမ်းဇာတ်တော် ဘယ်မျှနည်း	....	၂၁၀
၃၃၆။	နတ်ရွာခပ်သိမ်း၊ ဘေးမှုဒိမ်း၊ ငြိမ်းအောင်မြို့ရိုး တည်လိမ့်နည်း....	....	၂၁၂
၃၃၇။	ခွေးနက် ကြီးကြိမ်း၊ ကိုက်မည်ခြိမ်း၊ ခပ်သိမ်းရပ်ကြား ဘယ်မျှနည်း	....	၂၁၃
၃၃၈။	အပြစ်ခပ်သိမ်း၊ လောင်းရှိန်းရှိန်း၊ စိမ်းစော်နံတရား ဘယ်မျှနည်း	....	၂၁၃

"အိမ်း" ကာရန်ပုစ္ဆာ ၆-ပုဒ် ပြီး၏။

---

(၁၃) "အတ်" ကာရန်ပုစ္ဆာ ၁၂၂-ပုဒ်

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၃၃၉။	တရားအမြတ်၊ ဟောတုံလတ်၊ နတ်ဘယ်နားဖြင့် နာသနည်း	....	၂၁၇
၃၄၀။	မေထုန်သုံးသပ်၊ ရဟန်းမြတ်၊ အာပတ်မသင့် ဘယ့်ကြောင့်နည်း	....	၂၁၈
၃၄၁။	ပစ္စည်းနှင့်ဓာတ်၊ ရှုပ်ရှက်ခပ်၊ သင်္ကတ်ဘယ်သူ ရသနည်း	....	၂၁၉
၃၄၂။	သဒ္ဒါကျမ်းမြတ်၊ စွဲစမှတ်၊ အနွတ္တမျိုး ဘယ်မျှနည်း	....	၂၂၀
၃၄၃။	အန္တတ်ဗာဟျတ်၊ ရှိတုံလတ်၊ ဓာတ်ကားဘယ်သို့ ရသနည်း	....	၂၂၀
၃၄၄။	မင်း၏သားမြတ်၊ အိမ်ရှေ့မှတ်၊ သမာသ်အမည် ဘယ်သို့နည်း	....	၂၂၀
၃၄၅။	နပုန်းဧကတ်၊ ငဲ့မြဲမှတ်၊ ဆတ်ဆတ်ဘယ်ဒိဂုတွင်နည်း	....	၂၂၁
၃၄၆။	ဓိပ္ပာယ်သိတတ်၊ ကျမ်းအာချာတ်၊ ဘယ်မာတ် ဘယ်ပစ္စည်းတို့နည်း	....	၂၂၁
၃၄၇။	ဝိဂ္ဂိုဟ်ထောက်လတ်၊ သညသတ်၊ နာမ်ဇာတ်အချို့ ရှိလိမ့်နည်း	....	၂၂၂
၃၄၈။	နာမ်နှင့် အာချာတ်၊ ယှက်တုံလတ်၊ သမာသ်ပြယုဂ် ဘယ်သို့နည်း	....	၂၂၂
၃၄၉။	နာမ်ပုဒ်ဆတ်ဆတ်၊ မှတ်တုံလတ်၊ ဓာတ်ဖြစ်သည်ကား ဘယ့်ကြောင့်နည်း	....	၂၂၃
၃၅၀။	ဘုရားပွင့်လတ်၊ ဗောဓိမြတ်၊ လုံးပတ်အတောင် ဘယ်မျှနည်း	....	၂၂၄
၃၅၁။	ဥုံဖွဟွတ်ဟွတ်၊ မန္တန်ရွတ်၊ သံလွှတ် ဘယ်ကလာပ်ပေနည်း	....	၂၂၄
၃၅၂။	သက်ရှိချင်းခတ်၊ မြည်တုံလတ်၊ ရမှတ်ရပ်သေး ဘယ်မျှနည်း	....	၂၂၄
၃၅၃။	လ, နေ, ဖမ်းတတ်၊ သူရိန်နတ်၊ သမသတ်ဘယ်သို့ ဖမ်းသနည်း	....	၂၂၅
၃၅၄။	ရဟန်းဆတ်ဆတ်၊ သုနက္ခတ်၊ နတ်နားဘယ့်ကြောင့် မရသနည်း	....	၂၂၇
၃၅၅။	အဖကိုသတ်၊ မှန်တုံလတ်၊ မိသတ်ကံထိုက် ဘယ့်ကြောင့်နည်း	....	၂၂၇
၃၅၆။	ဆင်ဖြူဆတ်ဆတ်၊ ပုံ့တုံလတ်၊ သကတ်ဘယ်သို့ ဆိုမည်နည်း	....	၂၂၇
၃၅၇။	စာစင်ရိုးမှတ်၊ နည်းတုလွှတ်၊ မြဝတ်ကေသာ မည်သို့နည်း	....	၂၂၇
၃၅၈။	ချနည်းဆတ်ဆတ်၊ အဆုံးသတ်၊ ခိုင်ညွတ်ခက်ဖြာ မည်သို့နည်း	....	၂၂၈
၃၅၉။	ကက္ကုဆူးမှတ်၊ နည်းသေသတ်၊ ခေါ်လတ်စပ်ရိုး မည်မျှနည်း	....	၂၂၈
၃၆၀။	တောထွက်ကျင့်မြတ်၊ လျှဉ်းသွယ်လတ်၊ သည်မြတ် ဘယ်တဒ္ဓိတ်ပေနည်း	....	၂၂၈
၃၆၁။	ဆယ်ဆကုန်မြတ်၊ ထိုအမှတ်၊ သည်မြတ်မှာလည်း မည်သို့နည်း	....	၂၂၈
၃၆၂။	ချမ်းသာမချွတ်၊ ကိုယ်ဟုမှတ်၊ မိုက်မြတ်မိုက်ခေါင် ဘယ်သို့နည်း....	....	၂၂၈
၃၆၃။	နားတော်မညွတ်၊ ဆင်းကြာနတ်၊ သည်နတ် ဘယ်အနက်ပေနည်း	....	၂၂၉
၃၆၄။	နရတမွတ်၊ ပြည်ကြီးနတ်၊ သည်နတ်မူကား ဘယ်သို့နည်း	....	၂၂၉
၃၆၅။	ခြောက်ဆူဘုံထွတ်၊ အနတ်နတ်၊ နတ်ချင်းကွဲ၏ မည်သို့နည်း	....	၂၂၉

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၃၆၆။	တိလောကနတ်၊ ဆရာထွတ်၊ နတ်ချင်းမတူ ဘယ်သို့နည်း	၂၂၉
၃၆၇။	သီဟိုဠ်နေမှတ်၊ ဗုဒ္ဓဒတ်၊ ကျမ်းမြတ်ပြုသည် ဘယ်ကျမ်းနည်း....	၂၂၉
၃၆၈။	မကိုင်းမညွတ်၊ ကိုယ်တော်မြတ်၊ ပြုလတ်ဘယ်ကုသိုလ်ကြောင့်နည်း	၂၂၉
၃၆၉။	ခရူသင်းမြတ်၊ လှုဖြင့်ဖြတ်၊ ညီညွတ်သွားတော် ဘယ့်ကြောင့်နည်း	၂၃၀
၃၇၀။	နေယျတ်နီဘတ်၊ သင့်ဆုံးဖြတ်၊ နေယျတ်ဘယ်သို့ဖွင့်သနည်း	၂၃၀
၃၇၁။	နည်းပကတျတ်၊ ပစ္စယတ်၊ ဖွင့်လတ်မည်သို့ခြားသနည်း	၂၃၁
၃၇၂။	သဒ္ဒတ်-ဘာဝတ်၊ နှစ်ချက်မှတ်၊ ဘာဝတ်ဘယ်ကိုခေါ်သနည်း	၂၃၁
၃၇၃။	အဘိဓေယျတ်၊ သဘာဝတ်၊ ဆတ်ဆတ်မည်သို့ယူသနည်း	၂၃၂
၃၇၄။	ဒြပ်-သကတ်၊ လိင်-သချ်တ်၊ ကာရကတ်ဖွင့် မည်သို့နည်း	၂၃၂
၃၇၅။	အဘိဓာနတ်၊ ဘိဓေယျတ်၊ အမှတ်မည်သို့ ဖွင့်သနည်း	၂၃၃
၃၇၆။	မဟာသမ္မတ်၊ မင်းစဉ်လတ်၊ သိဒ္ဓတ်တိုင်အောင် ဘယ်မျှနည်း	၂၃၃
၃၇၇။	အဇာတသတ်၊ လောကနတ်၊ ချလတ်ကျင်းတွင် ဘယ့်ကြောင့်နည်း	၂၃၃
၃၇၈။	သာကီဝင်မှတ်၊ မင်းဆက်မြတ်၊ ပြတ်သည်ဘယ်မင်းတွင်ပေနည်း....	၂၃၄
၃၇၉။	ဘဒ္ဒကပ်မြတ်၊ ခုဆတ်ဆတ်၊ အလတ်ထက်ဝက် ရောက်ပြီနည်း	၂၃၅
၃၈၀။	ဆန်းဂိုဏ်းအမှတ်၊ ဂါထာမြတ်၊ မတ္တာသမကမည်သို့နည်း	၂၃၆
၃၈၁။	ကုသိုလ်ချင်းမှတ်၊ တပ်သတတ်၊ နတ္ထိပစ္စည်းမည်သို့နည်း	၂၃၆
၃၈၂။	ကိုယ်-စိတ်·ဝိညတ်၊ ဖြစ်စေဇတ်၊ စိတ္တုပ္ပါဒ်ခွဲဘယ့်နှယ်နည်း	၂၃၇
၃၈၃။	ဆယ့်ခြောက်နက်မှတ်၊ သက်တုံလတ်၊ ဝိဘတ် အဘယ်ပေတို့နည်း	၂၃၇
၃၈၄။	ရကိုယသတ် ဥငင်လတ်၊ ဖတ်သော်ကျောက်စာမည်သို့နည်း	၂၃၈
၃၈၅။	မကိုယသတ်၊ ဠတင်လတ်၊ဖတ်ဟန်ယင်းလည်း မည်သို့နည်း။	၂၃၈
၃၈၆။	တတွင်ငသတ်၊ ကျောက်စာမှတ်၊ ရွတ်ဖတ်ဟန်ကား မည်သို့နည်း	၂၃၈
၃၈၇။	ငကိုယသတ်၊ ဠတင်လတ်၊ လူတတ်ဖတ်သော့ ဘယ့်နှယ်နည်း	၂၃၈
၃၈၈။	ဧကိုယသတ်၊ ရေးစမှတ်၊ ဖတ်ရိုးကျောက်စာ မည်သို့နည်း	၂၃၈
၃၈၉။	ဗဟုဗ္ဗီသမာသ်၊ နည်းကွဲလတ်၊ အဿတ္ထိနှင့် မည်သို့နည်း	၂၃၈
၃၉၀။	ကာရိုက်အာဏတ်၊ စေတုံလတ်၊ အမှတ်ဘယ်သို့ထူးသနည်း	၂၃၉
၃၉၁။	နေတ္တိကျမ်းမြတ်၊ ထုတ်စမှတ်၊ ပညတ္တိဟာရ မည်သို့နည်း	၂၃၉
၃၉၂။	ဗုဒ္ဓတ်မှတ်၊ ဗုဓာတ်၊ ပဒဋ္ဌာနဟာရဘယ့်နှယ်နည်း	၂၄၀
၃၉၃။	ဓာရေတ်မှတ်၊ ဓရဓာတ်၊ အာဝဋ္ဋဟာရ မည်သို့နည်း	၂၄၀
၃၉၄။	သေသေသတ်သတ်၊ နေတ္တိမှတ်၊ ဝိဘတ္တိဟာရ မည်သို့နည်း	၂၄၁
၃၉၅။	အာကာသဓာတ်၊ ပျက်ယွင်းလတ်၊ အမှတ်ဘယ်လက္ခဏာနည်း	၂၄၁
၃၉၆။	ခံကောင်းကာဲဓာတ်၊ ပျက်ယွင်းလတ်၊ သေတတ် ဘယ်အချိန်ဌနည်း	၂၄၁
၃၉၇။	လျှာလည်းကြမ်းလတ်၊ တွန့်သတတ်၊ ဘယ်ဓာတ်ပျက်သည်ဆိုပိမ့်နည်း	၂၄၂
၃၉၈။	ပထဝီဓာတ်၊ ပျက်ယွင်းလတ်၊ ဘယ်ဓာတ်ပေး၍ ကုမည်နည်း	၂၄၂
၃၉၉။	အာကာသဓာတ်၊ ရသမြတ်- ဆတ်ဆတ်ဘယ်သို့ရှိသနည်း	၂၄၂
၄၀၀။	ဝက်ခြင်ပျောက်တတ်၊ ဆေးအမြတ်၊ ပညတ်တမည် ဘယ်သို့နည်း	၂၄၂
၄၀၁။	ကုမ္ဘီပုဒ်ပါဠိ၊ ရှိတုံလတ်၊ ဟောမှတ် ကကြိး ဘယ်သို့နည်း	၂၄၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၀၂။	မာဟာလိနတ်၊ သ်ကြားမတ်၊ နတ်၏မာကား ဘယ်ဟောနည်း	၂၄၃
၄၀၃။	ဝါသဝေါပ်ငြ်၊ သ်ကြားမှတ်၊ သေသတ်ဝါဟော ဘယ်သို့နည်း	၂၄၃
၄၀၄။	ဍာကောဍိဓာတ်၊ ဟင်းရွက်ဖတ်၊ သက်လတ်ပစ္စည်း ဘယ်ရနည်း	၂၄၄
၄၀၅။	ခင်းနှီးလဲသွတ်၊ ထိုင်တုံလတ်၊ အာပတ်မသင့် ဘယ်၍နည်း	၂၄၄
၄၀၆။	သက်န်းကွဲပြတ်၊ ရဟန်းမြတ်၊ မိန်းမဝတ်ကို အပ်လိမ့်နည်း	၂၄၅
၄၀၇။	မြင်းသွားခပါက်လတ်၊ ဆယ်ရက်မှတ်၊ ညီညွတ်နှစ်ဆယ် ဘယ့်လောက်နည်း....	၂၄၅
၄၀၈။	တချက်ဆိုလတ်၊ နှစ်ချက်ပြတ်၊ မြဲမှတ်ဘယ်နည်း ဆိုမည်နည်း	၂၄၅
၄၀၉။	ခရုသင်းဇာတ်၊ ဖြစ်တုံလတ်၊ မြတ်ပုလဲရောင် မည်သို့နည်း	၂၄၆
၄၁၀။	အာဟာရပြတ်၊ ထက်မိုးနတ်၊ ရက်မှတ်ဘယ့်လောက် ခံလိမ့်နည်း	၂၄၆
၄၁၁။	ကိန္နရာဇာတ်၊ စကားတတ်၊ ဖွင့်လတ်ဘယ့်ကြောင့် မပြောသနည်း	၂၄၇
၄၁၂။	အထက်ဖြစ်လတ်၊ နတ်တို့ဇာတ်၊ အောက်နတ်ဘဲ့ကြောင့် မမြင်သနည်း	၂၄၈
၄၁၃။	အတိတ်နာဂတ်၊ ခုနစ်ဇာတ်၊ မြင်တတ်အာနန် ဘယ်ခါနည်း	၂၄၉
၄၁၄။	ခေါပနပါငြ်၊ ဒုက်တွင်မှတ်၊ ထွန်းလတ် ဘယ်ဇောတကနည်း	၂၅၀
၄၁၅။	ကမ္မဋ္ဌာန်းရွတ်၊ မေတ္တာဆွတ်၊ ကျိုးမြတ်ဘယ်ကကြီးသနည်း	၂၅၀
၄၁၆။	နောက်ဆုတ် ဆိုမှတ်၊ ရှေ့တက်လတ်၊ တတ်၏ ဘယ်မင်းဆင်ပေနည်း	၂၅၁
၄၁၇။	အာဒါသမြတ်၊ တရားဖြတ်၊ရွှေလွှတ်ထက်တွင် ဖြစ်လိမ့်နည်း	၂၅၁
၄၁၈။	တူကရကဠ်၊ လက်နေမှတ်၊ သတ်၏အင်္ဂါ ဘယ့်ကြောင့်နည်း	၂၅၂
၄၁၉။	ကုံလက်နေလတ်၊ ဂရုသတ်၊ ဟိတ်ခတ်ဗေဒင်မည်သို့နည်း	၂၅၂
၄၂၀။	လက်ယာရင်ဘတ်၊ လှုပ်တုံလတ်၊ ဟောမှတ်တိတ္ထုံ ဘယ့်နှယ်နည်း	၂၅၂
၄၂၁။	လက်ဝဲသားမြတ်၊ လှုပ်ဆတ်ဆတ်၊ ကျမ်းမြတ်မည်သို့ ဟောသနည်း	၂၅၂
၄၂၂။	တိတ္ထုံကျမ်းမြတ်၊ ရှေးအမှတ်၊ လိင်ဇာတ် လှုပ်သော် ဘယ်သို့နည်း	၂၅၂
၄၂၃။	လက်ယာဆတ်ဆတ်၊ ရှုံးလှုပ်လတ်၊ မြင့်မြတ်ကျိုးပြစ် မည်သို့နည်း....	၂၅၂
၄၂၄။	လေးဘက်ဖြူဟတ်၊ မြီးကူလတ်၊ ခွေးစတ်သခင် မည်သို့နည်း	၂၅၃
၄၂၅။	ကြောင်လျှင်ဆတ်ဆတ်၊ တုန်လှုပ်လတ်၊ ကြောင်မြတ်မွေးသူ ဘယ်သို့နည်း....	၂၅၄
၄၂၆။	နွားနို့ထောပတ်၊ စားမက်လတ်၊ ဖတ်လော့တိတ္ထုံ မည်သို့နည်း	၂၅၄
၄၂၇။	ဖြူဖြူဆွတ်ဆွတ်၊ မြင်းဖောင်းဝတ်၊ တင့်မြတ် ဘယ်နေ့သားတို့နည်း	၂၅၄
၄၂၈။	ငွေယားလည်းသတ်၊ ဘူမိရတ်၊ အတတ် ဘယ်ဗေဒင်ထွက်သနည်း....	၂၅၅
၄၂၉။	မိဋ္ဌာန်သေသတ်၊ လောင်းလျှာမြတ်၊ ဘယ်နတ် ဘယ်ဗြဟ္မာတွင်နည်း	၂၅၈
၄၃၀။	ဒုဿမည်မှတ်၊ စေတီမြတ်၊ တည်လတ် ဘယ်အပေါ်တွင်နည်း	၂၅၉
၄၃၁။	ပကတိဆတ်ဆတ်၊ အားတော်မြတ်၊ ပေါင်းလတ်သန်ချာ ဘယ်မျှနည်း	၂၅၉
၄၃၂။	ဥစ္စာပွားမြတ်၊ ခေါင်းဆေးလတ်၊ အမှတ်ဘယ်က ရက်နေ့နည်း	၂၆၀
၄၃၃။	ယာစာမိမာသ်၊ ရောက်ဆတ်ဆတ်၊ ငင်လတ်ကြောင်းကွဲ ဘယ့်ကြောင့်နည်း....	၂၆၁
၄၃၄။	ဧန်းကျော်စီးလတ်၊ ဗေဒင်တတ်၊ အမှတ်မူလ မည်သို့နည်း	၂၆၂
၄၃၅။	အဿာသဓာတ်၊ ပါနဓာတ်၊ ဖြစ်လတ်စဆုံး ဘယ်တွင်နည်း	၂၆၂
၄၃၆။	ပဋိစ္စမြတ်၊ သမုပ္ပါဒ်၊ မိန့်ရွတ်တရားကိုယ် ဘယ်မျှနည်း	၂၆၂
၄၃၇။	သညာကေတ်၊ ထူးနာနတ်၊ ပြားလတ်ဘယ်သို့ ခွဲမည်နည်း	၂၆၄

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၃၈။	နိရောဓမြုတ်၊ ဝင်ဆတ်ဆတ်၊ သတ်၍မသေ ဘယ့်ကြောင့်နည်း	၂၆၅
၄၃၉။	လောင်းမင်းသိဒ္ဓတ်၊ စိုးစံမှတ်၊ ပြည်မြတ်အကျယ်ဘယ်မျှနည်း	၂၆၅
၄၄၀။	နေ်ာရထာမြတ်၊ တည်တုံလတ်၊ စွယ်ဓာတ်ရှင်တော် ဘယ်မျှနည်း....	၂၆၅
၄၄၁။	သူ၏အဝတ်၊ ကိုင်ငင်ချွတ်၊ ဆုံးဖြတ်လျော်ငွေ ဘယ်မျှနည်း	၂၆၆
၄၄၂။	ကုရုမလွတ်၊ အမာရှတ်၊ ကတ်ဖုံမည်သို့ ကဲမည်နည်း	၂၆၇
၄၄၃။	ကပိလဝတ်၊ သာတုလွတ်၊ စိုးမှတ်မင်းဆက် ဘယ်မျှနည်း	၂၆၇
၄၄၄။	ခေမာမည်မှတ်၊ မိန်းမမြတ်၊ မိန့်ရွတ်ဘယ်တေဒဂ်နည်း	၂၆၈
၄၄၅။	ဝင်္ဂီသမြတ်၊ ရိုးခေါက်လတ်၊ ပြောမှတ်အရိုး ဘယ့်ကြောင့်နည်း....	၂၆၈
၄၄၆။	တိရစ္ဆာန်ဇာတ်၊ ဖြစ်တုံလတ်၊ နတ်ဘွဲ့ရ၏ မည်သူနည်း	၂၇၂
၄၄၇။	သေဒမောစနတ်၊ဂါထာမြတ်၊ ပိဋကတ်တွင် ဘယ်မျှနည်း	၂၇၂
၄၄၈။	ယံတံနိယတ်၊ အနိယတ်၊ ဇာတ်တူဂုဏ်ကွဲ ကောင်းလိမ့်နည်း	၂၇၂
၄၄၉။	ဟုတ္တာပါဠိ၊ ရှိတုံလတ်၊ နိဗ္ဗတ္တိနှင့် မည်သို့နည်း	၂၇၃
၄၅၀။	လူသတ် ဒန်သတ်၊ သစ်ပင်သတ်၊ ထောင်းသတ်ကြောင်းကွဲ မည်သို့နည်း	၂၇၃
၄၅၁။	ဖောင်းဝတ် ပွင့်ဝတ်၊ ရာဇဝတ်၊ လူဝတ် ရှင်ဝတ် ဘယ်သို့နည်း	၂၇၃
၄၅၂။	ချစ်ကျွမ်းဝင်မှတ်၊ ထန်းပလတ်၊ နတ်ရုပ်ထင်သည် ဘယ်စိတ်နည်း	၂၇၄
၄၅၃။	ဝေပူတောင်မြတ်၊ ဇောတိရသ်၊ နတ်ပေါင်းဘယ်မျှ စောင့်သနည်း	၂၇၄
၄၅၄။	သံသရဝဋ်၊ ဝိဂ္ဂိုဟ်မှတ်၊ ကောက်လတ်အရ မည်သို့နည်း	၂၇၄
၄၅၅။	မာတိကာပါဠိ၊ ခေါင်းစဉ်လတ်၊ ကျမ်းမြတ်မာကား ဘယ်ဟောနည်း	၂၇၅
၄၅၆။	မာသောစိပါဠိ၊ တေမိဇာတ်၊ ဆတ်ဆတ်မာဟော ဘယ်ကိုနည်း....	၂၇၅
၄၅၇။	မာတင်္ဂပါဠိ၊ ဆင်မျိုးမြတ်၊ ဟောလတ်သည်မာ ဘယ်ကိုနည်း	၂၇၅
၄၅၈။	မာဃောနက္ခတ်၊ သိကြားမတ်၊ မိန့်လတ်မာစုံ ဘယ်သို့နည်း	၂၇၅
၄၅၉။	မာရောမာရ်နတ်၊ ဟောသတတ်၊ယင်းပါဠိမာဟော မည်သို့နည်း....	၂၇၅
၄၆၀။	လူတို့ပညတ်၊ လေချွန်နတ်၊ သည်နတ်ဘယ်ဘုံ သွင်းမည်နည်း	၂၇၆

“အတ်”ကာရန်ပုစ္ဆာ ၁၂၂-ပုဒ် ပြီး၏။

---

(၁၄) “အိတ်”ကာရန်ပုစ္ဆာ ၁၉-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၆၁။	ဘုရားသပိတ်၊ ရောင်ဖိတ်ဖိတ်၊ ဖုံးပိတ်ဘယ်ဖြင့် ပြီးသနည်း	၂၇၈
၄၆၂။	တုဏှီဆိတ်ဆိတ်၊ နေတိတ်တိတ်၊ စိတ်ပုန်းသိကြောင်း မည်သို့နည်း	၂၇၈
၄၆၃၊	သတ္တာဝါစိတ်၊ ဘုရားစိတ်၊ ဘယ်စိတ်သာ၍ လျင်သနည်း	၂၇၉
၄၆၄။	ဖန်ဆင်းသည့်စိတ်၊ မရှုစိတ်၊ ငင်ချိတ် ပစ်လိုက် ဘယ့်ကြောင့်နည်း	၂၇၉
၄၆၅။	လေ့ကြောင့်ခေသာင်မြိတ်၊ရောက်တိတ်တိတ်၊ ဘယ်ဟိတ်ဆိုပါ လေလိမ့်နည်း....	၂၇၉
၄၆၆။	သဒ္ဒါကိတ်လိတ်၊ အာမေဍိတ်၊ ဝိစ္ဆာ မည်သို့ ပြားသနည်း	၂၈၀
၄၆၇။	ပရောပုရိသ်၊ ပေါင်း၍ကျိတ်၊ ခွဲစိတ်ရေတွက် ဘယ်မျှနည်း	၂၈၀
၄၆၈။	ဥဒ္ဒစ္စမြိတ်၊ စေတသိက်၊ ပဋိသန္ဓိကင်း ဘယ့်ကြောင့်နည်း	၂၈၁

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၆၉။	စုတေ့နီးစိတ်၊ သုံးနိမိတ်၊ ဆုံးပိတ်ရဟန္တာ ထင်လိမ့်နည်း	၂၈၂
၄၇၀။	အရှုပမြိတ်၊ စုတေ့ဖိတ်၊ ဒိဟိတ်ဘယ့်ကြောင့် မဖြစ်သနည်း	၂၈၄
၄၇၁။	ကုသိုလ်ချင်းပိတ်၊ တပ်၍ချိတ်၊ နိဿယပစ္စည်း မည်သို့နည်း	၂၈၄
၄၇၂။	အုံသာညိတ်ညိတ်၊ ပြည့်၍ဖိတ်၊ လိတ္တာ ဘယ့်ကြောင့် ခေါ်သနည်း	၂၈၅
၄၇၃။	ဆေးသုံးပါးကြိတ်၊ ပြောင်ဖိတ်ဖိတ်၊ ရွှေမြိတ်ဆိုးရန် ဘယ်ဆေးနည်း	၂၈၇
၄၇၄။	ရောင်တဖိတ်ဖိတ်၊ သိဂ်နိက်၊ လျှံထိတ် ဘယ်ကျောက် မျိုးကနည်း	၂၈၇
၄၇၅။	နေတ္တိကျမ်းမြိတ်၊ ခက်ကိလိဌ်၊ အဓိဋ္ဌာနဟာရ မည်သို့နည်း	၂၈၈
၄၇၆။	ကြုံတ်ကြိတ်လိတ်လိတ်၊ ယွင်းမဖိတ်၊ ပရိက္ခာဟာရ မည့်သို့နည်း	၂၈၈
၄၇၇။	ကိရိယာံဆိတ်၊ ကတ္တားဟိတ်၊ ကျမ်းမြိတ် ဘယ်တွင် ရှိသနည်း	၂၈၈
၄၇၈။	မြိးတံခါးပိတ်၊ သွယ်မြိတ်မြိတ်၊ အဟိတ် ဘယ်ဆင် ဆိုပိမ့်နည်း	၂၈၉
၄၇၉။	သန္ဓေအဟိတ်၊ စူဠလိပ်၊ သပိတ်မည်၏ ဘယ်ဇာတ်နည်း	၂၈၉

"အိတ်"ကာံရန်ပုစ္ဆာ ၁၉-ပုဒ် ပြီး၏။

---

(၁၅) "အုတ်"ကာရန်ပုစ္ဆာ ၁၇-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၈၀။	အာဒါသမုဒ်၊ မိန့်တော်ထုတ်၊ နှုတ်ထွက်တရား ဘယ်မျှနည်း	၂၈၉
၄၈၁။	ပုလ္လိင်မယုတ်၊ ရွှေနှုတ်ထုတ်၊ ပိဂ့ုတ် ဘယ့်ကြောင့် ပြေးသနည်း	၂၉၀
၄၈၂။	အလင်္ကာထုတ်၊ ယတိပြုတ်၊ စ·ပုဒ်ဘယ်တွင် ထားမည်နည်း	၂၉၁
၄၈၃။	နိပ္ဖန္နပုဒ်၊ ဓိပ္ပာယ်ထုတ်၊ မယုတ်ငါးမည် အဘယ်နည်း....	၂၉၂
၄၈၄။	နဝရတ်သမုတ်၊ ကျမ်းကထုတ်၊ ဂေါမုတ်ဘယ်ကျောက် မျိုးတို့နည်း	၂၉၂
၄၈၅။	ဗုဇ္ဈတိပုဒ်၊ ဗုဒ္ဓေါထုတ်၊ မိန့်နှုတ်ဘယ်အဖွင့်ပေနည်း	၂၉၂
၄၈၆။	ဇာနာတိပုဒ်၊ ဗုဒ္ဓေါထုတ်၊ ရွှေနှုတ် ဘယ်သံဝဏ္ဏနာနည်း	၂၉၃
၄၈၇။	နေတ္တိကျမ်းဟုတ်၊ သဘောထုတ်၊ တိပုက္ခလနည်း ဘယ်သို့နည်း	၂၉၃
၄၈၈။	သဘောမဟုတ်၊ နေတ္တိထုတ်၊ ယုတ္တိဟာရ မည်သို့နည်း	၂၉၃
၄၈၉။	သံလွန်မမြုပ်၊ လည်ကိုနှုတ်၊ အဟုတ် ဘယ်မကောင်းကျိုးနည်း....	၂၉၃
၄၉၀။	ဝိတက္ကပုဒ်၊ မဟောနုတ်၊ တိက်မုတ်တရား ဘယ်မျှနည်း	၂၉၃
၄၉၁။	ဥပမိဟုတ်၊ လေးပါးထုတ်၊ ဘယ်ပုဒ်ဆိုတို့ ပါအံ့နည်း....	၂၉၄
၄၉၂။	အဟေတုဒုက်၊ ဆဋ္ဌပုဒ်၊ သမ္ပယုတ်တရား ဘယ်မျှနည်း	၂၉၄
၄၉၃။	မဟန္တရဒုက်၊ ဆဋ္ဌပုဒ်၊ ဝိပ္ပယုတ်ပေါင်း သယ်မျှနည်း	၂၉၄
၄၉၄။	မပြုမပြုတ်၊ နံမိတ်နှုတ်၊ ဖော်ထုတ်ဘယ်နည်း ဆိုပိမ့်နည်း	၂၉၅
၄၉၅။	ဝိသေသျပုဒ်၊ ဝိဂ္ဂိုဟ်ထုတ်၊ မယုတ်ဘယ်ပဋ္ဌာနနည်း	၂၉၆
၄၉၆။	ဉုံဖွမန်းမှုတ်၊ မန္တန်စုတ်၊ မီးတုတ်ဂါထာ ဘယ်မျှနည်း	၂၉၆

"အုတ်"ကာရန်ပုစ္ဆာ ၁၇-ပုဒ် ပြီး၏။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	(၁၆) "အပ်"ကာရန်ပုစ္ဆာ ၂၁-ပုဒ်	
၄၉၇။	နတ်သားဖူးအပ်၊ လူမစပ်၊ ရောင်လျှပ်ဘုရား ဘယ်မျှနည်း	၂၉၇
၄၉၈။	တဆယ့်ခြောက်ထပ်၊ အိပ်မက်ရပ်၊ သည်ကပ် စဆုံး ဘယ်ခါနည်း	၂၉၈
၄၉၉။	အဝက်ကဲရပ်၊ ငွေနှစ်ကျပ်၊ သွင်းအပ်ကြေးနီ ဘယ်မျှနည်း	၃၀၅
၅၀၀။	ပလလည်းစပ်၊ တောမြိုင်ရပ်၊ ဝါကပ်ကျောင်းတော် ရှိလိမ့်နည်း....	၃၀၆
၅၀၁။	ကံငွေမစပ်၊ မမြင်အပ်၊ ကလာပ်ရှစ်ပါး အဘယ်နည်း	၃၀၇
၅၀၂။	ဖဝါးတော်ရပ်၊ မြူမကပ်၊ ဖြူလှပ်စေဘထီး ဘယ့်ကြောင့်နည်း	၃၀၇
၅၀၃။	ပုဆစ်ထက်ကြွပ်၊ လက်သုံးသပ်၊ ရပ်လျက်မှီကြောင်း ဘယ်ကံနည်း	၃၀၈
၅၀၄။	စည်သွယ်ချောသပ်၊ နုဖပ်ဖပ်၊ စေ့စပ်လက်ချောင်း ဘယ့်ကြောင့်နည်း	၃၀၈
၅၀၅။	ရှစ်ပါးအရပ်၊ လောင်းမကပ်၊ ဇာတ်ရပ်များ၏ မည်သို့နည်း	၃၀၈
၅၀၆။	ကောင်းခြင်းသုံးရပ်၊ မြင်းနှင့်စပ်၊ မွေးအပ် ဘယ်သုံးပါးတို့နည်း....	၃၁၀
၅၀၇။	လည်လပ်မြီးထပ်၊ မြင်းမွေးအပ်၊ ကြပ်ခြင်းသုံးပါး အဘယ်နည်း	၃၁၁
၅၀၈။	နှစ်ပါးတချပ်၊ မအိပ်အပ်၊ အပ်အောင် ဘယ်သို့အိပ်မည်နည်း	၃၁၂
၅၀၉။	ပစ္စန္တရပ်၊ ထပ်ဖိနပ်၊ အပ်၏ဘယ့်ကြောင့် ခွင့်ပြုသနည်း	၃၁၂
၅၁၀။	သေသေသပ်သပ်၊ ပြားပြားဝပ်၊ ယုန်ဝပ်တုပ်ဝပ် မည်သို့နည်း	၃၁၃
၅၁၁။	နေ့ရက်ငင်အပ်၊ မငင်အပ်၊ စေ့စပ်ဗေဒင် မည်သို့နည်း....	၃၁၃
၅၁၂။	ယာမာနတ်ရပ်၊ စက်တော်ကွပ်၊ ကပ်၍ဘယ်တွင် တည်သနည်း	၃၁၆
၅၁၃။	ခြေရာမကပ်၊ ကောင်းကင်ရပ်၊ ဟောအပ် ဘယ်သူကိုပေနည်း	၃၁၇
၅၁၄။	တပြိုင်နက်စပ်၊ မချုပ်အပ်၊ ကလာပ်ဆို၏ ဘယ်ရုပ်နည်း	၃၁၉
၅၁၅။	ဆွမ်းကပ် ကော်ကပ်၊ မင်းသို့ကပ်၊ ဝါကပ်ဘယ်သို့ ခြားသနည်း	၃၁၉
၅၁၆။	ကြွာတိုက်ပွင့်ချပ်၊ သန္ဓေကပ်၊ ကျမ်းရပ်လာသူ ဘယ်မျှနည်း	၃၂၀
၅၁၇။	နှုံလျှင်ကားသပ်၊ ခိုင်လျှင်ထပ်၊ ကြပ်လျှင်သပ်ပင်း ဘယ်သို့နည်း	၃၂၀
	"အပ်"ကာရန်ပုစ္ဆာ ၂၁-ပုဒ် ပြီး၏။	
	(၁၇) "အိပ်"ကာရန်ပုစ္ဆာ ၅-ပုဒ်။	
၅၁၈။	မှန်းတောင်ပေါ်ထိပ်၊ စက်တော်နှိပ်၊ တံဆိပ်ကွယ်ကြောင်း ဘယ်သို့နည်း	၃၂၀
၅၁၉။	ထွက်သည့်အရိပ်၊ ရောင်ချိပ်ချိပ်၊ စေ့စိပ်ဘယ်ရုပ် ဆိုမည်နည်း	၃၂၁
၅၂၀။	သုံးလူ့များထိပ်၊ ငါးမာရ်နှိပ်၊ စိပ်ရန်ပုတီး ရှိလိမ့်နည်း	၃၂၁
၅၂၁။	ညောင်ဗောဓိထိပ်၊ ရွက်စိပ်စိပ်၊ အရိပ်ဘယ်မျှ ထွက်သနည်း	၃၂၂
၅၂၂၊	မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်၊ အိပ်၍လင်သူ ဘယ်ပြစ်နည်း	၃၂၂
	"အိပ်"ကာရန်ပုစ္ဆာ ၅-ပုဒ် ပြီး၏။	

ဦးရေ အကြောင်းအရာ စာမျက်နှာ

(၁၈) "အုပ်" ကာရန်ပုစ္ဆာ ၉-ပုဒ်။

၅၂၃။ သုမေဓာအုပ်၊ စိုးပိုင်ချုပ်၊ ရေမြှုပ်ကုဋ္ဌေ ဘယ်မျှနည်း ၃၂၂
၅၂၄။ သမင်ညွန်တုပ်၊ စကားလုပ်၊ ကျားခုပ်လွတ်ပါ လေလိမ့်နည်း ၃၂၅
၅၂၅။ မြွေရှိပခြုပ်၊ ထည့်ကြွက်နုပ်၊ နာမ်ရုပ်မသေ ဘယ့်ကြောင့်နည်း ၃၂၅
၅၂၆။ ကျိုးနုင့်ခင်ပုပ်၊ စိတ်မချုပ်၊ ရုပ်ရက်ရန်ဖြစ် ဘယ့်ကြောင့်နည်း ၃၂၆
၅၂၇။ တထာဂတုပ်၊ ကျမ်းအချုပ်၊ စီလုပ်ဘယ်ကျွန်း ဖြစ်ပေနည်း ၃၂၈
၅၂၈။ ဗောင်းထုပ် ဦးထုပ်၊ အိမ်လျှောက်ထုပ်၊ ဖက်ထုပ်ပိုက်ထုပ် မည်သို့နည်း ၃၂၈
၅၂၉။ ခြေကုပ် လက်ကုပ် နွားချိုကုပ် ကုပ်ခြင်းမည်သို့ ခြားသနည်း ၃၂၈
၅၃၀။ ထီးကုပ် တင်းကုပ်၊ စာရင်းကုပ်၊ ပေါင်းကုပ် လှည်းကုပ် မည်သို့နည်း ၃၂၈
၅၃၁။ ကွကွကုပ်ကုပ်၊ အနေကုပ်၊ သံကုပ်အိုးကုပ် မည်သို့နည်း ၃၂၈

"အုပ်" ကာရန်ပုစ္ဆာ ၉-ပုဒ် ပြီး၏။

---

(၁၉) "အန်" ကာရန်ပုစ္ဆာ ၁၁၀-ပုဒ်

၅၃၂။ သဗ္ဗညုဉာဏ်၊ အမြင်သန်၊ ယှဉ်ဟန် ဘယ်စိတ်နှင့်ပေနည်း ၃၂၉
၅၃၃။ စွဲပဋိသန်၊ ဇောနိကန်၊ လေးတန်အပါယ်ချချိမ့်နည်း ၃၂၉
၅၃၄။ သီဟိုဠ်ချပ်ဌာန်၊ တို့ထိပ်ပန်၊ စျာန်ဝင်ရပ်ပေါင်း ဘယ်မျှနည်း ၃၃၀
၅၃၅။ ဓာတုနိဗ္ဗာန်၊ ဝေကန်၊ အမှန်ဘယ်လရက်နေ့နည်း ၃၃၀
၅၃၆။ သောတ္ထိအင်းလွှန်၊ နဖူးစွန်၊ ရှုပြန်သမုတ် မည်သို့နည်း ၃၃၀
၅၃၇။ စင်စစ်အမှန်၊ တိရစ္ဆာန်၊ နိဗ္ဗာန်ဘယ့်ကြောင့်ရသနည်း.... .... ၃၃၁
၅၃၈။ ခြောက်ခုအိုင်မွှန်၊ နောတတ်သွန်၊ ပြန်ကားဘယ်ကထွက်သနည်း.... .... ၃၃၁
၅၃၉။ သုံးဆယ့်တတန်၊ ဘုံရပ်ဌာန်၊ စီးကန်ဘယ်မျှပြားသနည်း ၃၃၁
၅၄၀။ ဗျာဒိတ်တွေ့ဟန်၊ ဗြဟ္မာပြန်၊ နှစ်တန်တွေ့နိုင်ပါလိမ့်နည်း ၃၃၂
၅၄၁။ မဂ်ဖိုလ်ကေန်၊ ရပြီးမှန်၊ တိရစ္ဆာန်ဘယ့်ကြောင့်ဖြစ်သနည်း ၃၃၃
၅၄၂။ သေကြောင်းကေန်၊ သတ်ကြဟန်၊ ဉာဏ်ဟုဘယ့်ကြောင့်ဟောသနည်း ၃၃၃
၅၄၃။ ယုဂန်ထက်လွန်၊ အဿကဏ်၊ ဟောပြန်နေမိဘယ့်ကြောင့်နည်း ၃၃၆
၅၄၄။ သက်တရာမှန်၊ စားလေဟန်၊ ဆန်ကားစေ့ပေါင်းဘယ်မျှနည်း ၃၃၇
၅၄၅။ စကားမပြန်၊ တိရစ္ဆာန်၊ ပြောဟန်ဘယ်ချိန်ရောက်မည်နည်း ၃၃၈
၅၄၆။ အဒိန္နာဒါန်၊ သိက္ခမာန်၊ သင့်ရန်အာပတ်ဘယ်မျှနည်း ၃၃၈
၅၄၇။ ကင်း၏သွားမွှန်၊ စိုးဆက်မှန်၊ ဇကန်ဘယ်တိုင်းဌာနနည်း ၃၃၈
၅၄၈။ စလေသူကျွန်၊ မင်းခွေးမွှန်၊ လူတန်အမျိုးဘယ်ကနည်း ၃၃၉
၅၄၉။ ပုစွန်လက်မှန်၊ စည်အလှန်၊ မြည်တွန်ဘယ်မျှကြာသနည်း ၃၄၀
၅၅၀။ သုံးဆယ့်ခြောက်တန်၊ ပုစ္ဆာမှန်၊ ကျမ်းဂန်ဘယ်ကထွက်သနည်း ၃၄၁
၅၅၁။ ငြိမ်းရိုးဇကန်၊ ပြည်နိဗ္ဗာန်၊ ပဒဌာန် မည်သို့ဆိုမည်နည်း ၃၄၁
၅၅၂။ ဌာကလာပ်မှန်၊ ဝေကန်၊ ပစ္စယုပ္ပန်သဘောဘယ်မျှနည်း ၃၄၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၅၅၃။	ပရိက္ခာရရှစ်တန်၊ ကြာကမှန်၊ ဆွတ်ရန်အညှာရှိလိမ့်နည်း	၃၄၂
၅၅၄။	ထွက်ဝင်သက်မှန်၊ သည်နှစ်တန်၊ ငြိမ်းဟန်မည်သည့်ပုဂ္ဂိုလ်တို့နည်း	၃၄၃
၅၅၅။	ငရဲကပြန်၊ မောဂ္ဂလာန်၊ လိုက်ဟန်ငရဲမီးမှန်လိမ့်နည်း	၃၄၃
၅၅၆။	စုတေ့ပြီးမှန်၊ ရက်ခြားပြန်၊ သန္ဓေမယူကြလိမ့်နည်း	၃၄၃
၅၅၇။	အမ္ဗဋ္ဌရမှန်၊ သရက်လွှန်၊ ကျေးမွန်ဘယ်ကျေးစားဖူးသနည်း	၃၄၄
၅၅၈။	ဈာနင်နှင့်ဈာန်၊ ဤနှစ်တန်၊ ထူးဟန်ခြားဟန် မည်သို့နည်း	၃၄၉
၅၅၉။	ပဋ္ဌဝိညာဏ်၊ တဆယ်မှန်၊ ဈာနင်ဘယ့်ကြောင့်မရသနည်း	၃၄၉
၅၆၀။	မြင်းမိုရ်ထွန်းဟန်၊ ရောင်လေးတန်၊ ဘယ်ဉာဏ်တော်ဖြင့် ဟောလိမ့်နည်း	၃၅၀
၅၆၁။	ဒေါသနိုက်ရန်၊ သတ်ပုတ်မှန်၊ မြောက်စွန်ကျွန်း၌ ရှိလိမ့်နည်း	၃၅၀
၅၆၂။	သာဝကမွန်၊ ရှစ်ကျိပ်မှန်၊ ပစ္စန္တသားပါလိမ့်နည်း၊ ဝါ၊ဘယ်မျှနည်း	၃၅၀
၅၆၃။	တုသိတာမှန်၊ နတ်ရပ်ဌာန်၊ ရေကန်ဘယ့်နှယ်တည်လိမ့်နည်း	၃၅၁
၅၆၄။	ပုဆိုးကေန်၊ ဖြူရှိုးမှန်၊ တင်ရန်ဘယ်ဥပစာနည်း	၃၅၁
၅၆၅။	သဒ္ဒါတတန်၊ ဗျာသုံးတန်၊ ကေန်ဘယ်သဒ္ဒါတွင်နည်း....	၃၅၁
၅၆၆။	ပုလ္လိင်သာမှန်၊ ဝေကန်၊ ရဟန်ဘယ်ဂိုဏ်းပေတို့နည်း	၃၅၂
၅၆၇။	အရှုပဋ္ဌာန်၊ သောတာပန်၊ ကင်းဟန်ဟိတ်ကား ဘယ်သို့နည်း	၃၅၂
၅၆၈။	သင်္ဂိုဟ်ကျမ်းဂန်၊ ပြည်နိဗ္ဗာန်၊ နောက်စွန်ဘယ့်ကြောင့်ထားသနည်း	၃၅၂
၅၆၉။	ဒိဋ္ဌိနှင့်မာန်၊ ပဒဋ္ဌာန်၊ တူပြန်မပေါင်းဘယ့်ကြောင့်နည်း	၃၅၃
၅၇၀။	ကံအတိတ်မှန်၊ ဝေကန်၊ ပစ္စုပ္ပန်ဘယ့်ကြောင့် ဆိုသနည်း	၃၅၃
၅၇၁။	ဝိပါက်အမှန်၊ ဇောအပြန်၊ ဆိုဟန်ကျမ်းဂန် မည်သို့နည်း	၃၅၄
၅၇၂။	လေးဆတက်ရန်၊ နတ်သက်မှန်၊ မြှောက်ရန်ဘယ်ဂဏန်းတို့နည်း	၃၅၆
၅၇၃။	ဂဏန်းကေန်၊ မြှောက်မည်မှန်၊ မြှောက်ရန်အကျိုးဘယ်မျှနည်း	၃၅၆
၅၇၄။	ပစ္စန္တလွန်၊ အရပ်စွန်၊ မင်းမွန်စကြာ ဖြစ်လိမ့်နည်း	၃၅၇
၅၇၅။	သူကြွယ်သုံးတန်၊ လာကျမ်းဂန်၊ ပစ္စန္တတွင်ဖြစ်လိမ့်နည်း	၃၅၇
၅၇၆။	နေလကြွတ်ဟန်၊ သည်နှစ်တန်၊ ချိန်မှန်ဘယ့်ကြောင့်ကြွတ်သနည်း	၃၅၇
၅၇၇။	မြေကြီးကေန်၊ လှုပ်မည်မှန်၊ ကိန်းမှန်တွက်ရိုး မည်သို့နည်း	၃၅၈
၅၇၈။	ဒိရေစုန်ဆန်၊ အောက်ရပ်ဌာန်၊ ချိန်မှန်ဘယ့်ကြောင့်ဖြစ်သနည်း....	၃၆၂
၅၇၉။	ကျမ်းရိုးအမှန်၊ အပါဒါန်၊ သမ္ဗန်လာမြဲ ဘယ့်ကြောင့်နည်း	၃၆၃
၅၈၀။	ကပိလလွန်၊ ပြည်တော်မွန်၊ ဘုန်းဝှန်နောက်ဆက်ဘယ်မျှနည်း	၃၆၃
၅၈၁။	ပြည်၏တန်ခွန်၊ ခေါ်မြဲမှန်၊ ကေန်ဘယ်ပုဂ္ဂိုလ်တို့နည်း	၃၆၃
၅၈၂။	အင်းဝရပ်ဌာန်၊ ရှမ်းစိုးဟန်၊ တဖန်ဘယ်မင်းဆက်သနည်း	၃၆၄
၅၈၃။	ဒွတ္တဘောင်မှန်၊ ဒွတ္တရန်၊ ဘုန်းစွန် ဘယ်မင်းမြေးမြစ်နည်း	၃၆
၅၈၄။	သီရိရာဇ်မှန်၊ စောရဟန်၊ ဗိမာန်စိုးကြောင်း မည်သို့နည်း	၃၆၄
၅၈၅။	မတွန်တွန်တွန်၊ တွန်တွန်တွန်၊ တွန်ခုနစ်ဆက် ဘယ်မင်းနည်း	၃၆၅
၅၈၆။	ကုသိုလ်ချင်းမှန်၊ တပ်ကြပြန်၊ အနန္တရပစ္စည်း မည်သို့နည်း	၃၆
၅၈၇။	၎င်းချင်းမှန်၊ တပ်လေဟန်၊ ဈာနင်ပစ္စည်း ဘယ်သို့နည်း	၃၆၅
၅၈၈။	ကျမ်းအဘိဓာန်၊ အနက်သန်၊ ဆန်သဒ္ဒါနက် ဘယ်မျှနည်း	၃၆၆

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၅၇၉။	ကျမ်းမောဂ္ဂလာန်၊ သဒ္ဒါသန်၊ နိဗ္ဗာန်သဒ္ဒါ ဘယ်မျှနည်း	၃၆၆
၅၈၀။	ဂဠုန်ပျံမှန်၊ ဝိဂ္ဂိုဟ်သန်၊ ဉာဏ်ဝိဂ္ဂိုဟ်ပေါင်း ဘယ်မျှနည်း	၃၆၆
၅၈၁။	သည်းခြေကေန်၊ စားရှိးမှန်၊ ဆယ်တန်ပိုးကား အဘယ်နည်း	၃၆၇
၅၈၂။	အဆုတ်စားဟန်၊ ပိုးခြောက်တန်၊ သိရန်ဘယ်ပိုးတို့ပေနည်း	၃၆၇
၅၈၃။	မျက်စိတော်လွန်၊ စိမ်းညိုဟန်၊ ဘုန်းသန်ဘယ်ကောင်းမှုကြောင့်နည်း	၃၆၇
၅၈၄။	ခြေတော်ညီပြန်၊ ခြေနင်းဟန်၊ ရင်းသန်ဘယ်ကုသိုလ်ပေနည်း	၃၆၈
၅၈၅။	ရာ့ရှစ်ကွက်မှန်၊ ရွှေစက်မွန်၊ ရဟန်ဘယ်ကောင်းမှုကြောင့်နည်း....	၃၆၈
၅၈၆။	ဖဝါးတော်လွန်၊ လက်ဝါးမှန်၊ ကွန်ယက်အလား ဘယ့်ကြောင့်နည်း	၃၆၉
၅၈၇။	ဟိတ်လည်းတဖန်၊ ရှေ့သို့ပြန်၊ ကျမ်းဂန်ဘယ်ပုဒ် သက်သနည်း....	၃၆၉
၅၈၈။	ရာဘိသမ္ဘန်၊ ဟိတ်ကိုပြန်၊ ကေန်ဘယ်ပကတိတို့နည်း	၃၇၀
၅၈၉။	သင်ကြားကျမ်းဂန်၊ အပါဒါန်၊ သမ္ဘန်တောင်းမြဲဘယ်တွင်နည်း	၃၇၁
၆၀၀။	ကာရကာဖြစ်ပြန်၊ ပေါင်းငါးတန်၊ တင်ဟန်ဘယ်ဥပစာနည်း	၃၇၁
၆၀၁။	အနက်ပေးဟန်၊ မြန်မာပြန်၊ သမ္ဘန်အမျိုး ဘယ်မျှနည်း	၃၇၁
၆၀၂။	ရေဓာတ်မကျန်၊ ပျက်သည်မှန်၊ လွတ်ရန်ဘယ်ဓာတ်ပေးမည်နည်း	၃၇၂
၆၀၃။	မြေဓာတ်ကေန်၊ ယွင်းဖောက်ပြန်၊ မှတ်ရန်ဘယ်လက္ခဏာနည်း	၃၇၃
၆၀၄။	အာပေါဓာတ်မှန်၊ ပျက်လေပြန်၊ သေဟန်ဘယ်ချိန် ဆိုပိမ့်နည်း....	၃၇၃
၆၀၅။	နေတ္တိကျမ်းဂန်၊ ဖွင့်စဟန်၊ နန္ဒိယာ ဝဋ္ဋမည်သို့နည်း	၃၇၃
၆၀၆။	ခွေး၌တည်ဟန်၊ ဂုဏ်ခြောက်တန်၊ မှတ်ရန်အဘယ်ဂုဏ်တို့နည်း	၃၇၄
၆၀၇။	တံခါးမှူးရန်၊ အင်ခြောက်တန်၊ ကျမ်းဂန်မည်သို့လာသနည်း	၃၇၄
၆၀၈။	ပုရောဟိတ်မှန်၊ ပြည့်စုံရန်၊ သုံးတန်အင်္ဂါ ဘယ်သို့နည်း	၃၇၅
၆၀၉။	မင်းတိုင်ပင်ရန်၊ အမတ်မွန်၊ ရှစ်တန်အင်္ဂါ ဘယ်သို့နည်း	၃၇၅
၆၁၀။	အင်္ဂါရှစ်တန်၊ အတွင်းဝန်၊ စုံရန်သင့်ချေမည်သို့နည်း	၃၇၅
၆၁၁။	ရုပ်စုံမကျန်၊ ဆေးရေးဟန်၊ ပုစ္ဆန်ဆီဖော်နည်း မည်သို့နည်း	၃၇၆
၆၁၂။	တကျုပ်ရွှေမွန်၊ တင်လောက်မှန်၊ ဖိုးတန်စိန်ကျောက် မည်သို့နည်း	၃၇၆
၆၁၃။	နယ်မှန်နယ်ပြန်၊ သည်နှစ်တန်၊ နယ်ပြန်ဖတ်နည်း မည်သို့နည်း	၃၇၈
၆၁၄။	စာစပ်ရှိးမှန်၊ ရွှေလောင်းပြန်၊ ချဟန်အလုံး ဘယ်မျှနည်း	၃၇၉
၆၁၅။	လဟုတဖန်၊ ဂိုဏ်းသုံးတန်၊ ပန္တိဆန်းဂိုဏ်း အဘယ်နည်း	၃၇၉
၆၁၆။	ဆန်းမစစ်ပြန်၊ ဖွဲ့သည်မှန်၊ တွင်ဟန်ဘယ်ဂါထာတို့နည်း	၃၇၉
၆၁၇။	အနက်ဆယ်တန်၊ သင်ရှိးမှန်၊ ကျမ်းဂန်ဘယ်ဝိဘတ်ပေနည်း	၃၇၉
၆၁၈။	ဆယ့်လေးနက်မှန်၊ သက်လေပြန်၊ ခေါ်ဟန်ဝိဘတ်အဘယ်နည်း	၃၈၀
၆၁၉။	က–ဏ္ဍတင်မှန်၊ ယသတ်ပြန်၊ ဖတ်ဟန်ကျောက်စာမည်သို့နည်း	၃၈၀
၆၂၀။	စ–ဏ္ဍတင်ပြန်၊ ယသတ်ဟန်၊ ဖတ်ရန်ဘယ်သို့ ဆိုမည်နည်း	၃၈၀
၆၂၁။	မရွယ်ပစ်ဟန်၊ ကျူး၍မှန်၊ လျော်ဒဏ်ဘယ်မျှ သင့်လိမ့်နည်း	၃၈၀
၆၂၂။	ပိယရုပ်မှန်၊ ဝေကန်၊ ခန္ဓာဖွဲ့၍ အဘယ်နည်း	၃၈၁
၆၂၃။	စမုန်နက်ကြက်သွန်၊ ပုံးရည်မွန်၊ ကိုယ်ဝန်သောက်ဖို့ ဘယ်အချိန်နည်း	၃၈၂
၆၂၄။	အဖြူကြက်သွန်၊ ဒန့်သလွန်၊ ဆီမွန်နှင့်လျက် ဘယ်ဆေးနည်း	၃၈၂

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၆၂၅။	လျှောက် ဆယ်တောင်မှန်၊ အိမ်ဆင်ရန်၊ ထားဟန်ထုပ် ဘယ်မျှပေနည်း	....	၃၀၂
၆၂၆။	နက်ခြင်းသုံးတန်၊ မြင်းဇွဲကြန်၊ မှတ်ရန်ဘယ်အနက်တို့နည်း	....	၃၀၃
၆၂၇။	မြင်းငါးရာတန်၊ ကွမ်းစားဆန်၊ ပြတ်ဟန်ဘယ်မင်း ရာပြတ်နည်း	....	၃၀၃
၆၂၈။	စကြာမင်းမွန်၊ ဖြစ်လေထွန်၊ ကျွန်ပင်ထင်၏ မည်သူနည်း	....	၃၀၅
၆၂၉။	ငှက်ရေသောက်ပြန်၊ ဝေကန်၊ ရေပြန်ဘယ့်ကြောင့် မရှိသနည်း	....	၃၀၅
၆၃၀။	ဂေါနွားဆိုဟန်၊ ဘာသာပြန်၊ ဧကန်အနက် အဘယ်နည်း	....	၃၀၅
၆၃၁။	ဝက်စွယ်ရပ်ဌာန်၊ ဖြစ်ရိုးမှန်၊ ထွက်ဟန်ပုလဲ မည်သို့နည်း	....	၃၀၆
၆၃၂။	အဒိန္နာဒါန်၊ ကျင့်ကျူးလွန်၊ ပြုဟန်ဘယ်အာရုံသို့နည်း	....	၃၀၆
၆၃၃။	မြေကြီးလှုပ်ရန်၊ ရှစ်ပါးလွန်၊ ချန်၍ဘယ့်ကြောင့် ဟောသနည်း။	....	၃၀၆
၆၃၄။	ပစ္စယုပ္ပန်၊ ဟေတုမှန်၊ ဟောရန်ဘယ်မျှ ရှိသနည်း။	....	၃၀၀
၆၃၅။	နှာခေါင်းပြတ်မှန်၊ ချိပ်ဆက်ပြန်၊ လူတန်ဘယ်မင်း အမတ်နည်း။....	....	၃၀၀
၆၃၆။	မမြင်ကျိုးကျွန်၊ လက်ညှိုးညွှန်၊ လူလွန်ဘယ်မင်း ပဏ္ဍားနည်း။	....	၃၀၉
၆၃၇။	နှစ်ဆယ့်ငါးတန်၊ ခိုးခြင်းမှန်၊ ခိုးဟန်မည်သို့ မည်သို့နည်း။	....	၃၀၉
၆၃၈။	ဗိန္ဒုထိုးရန်၊ သက်န်းစွန်၊ ထွာချန်ဆို၏ ကျမ်းလာနည်း။	....	၃၉၀
၆၃၉။	ဝန်တိုရိုးမှန်၊ ပြုစုပြန်၊ ပဒဌာန်ရင်း ဘယ်သို့နည်း။	....	၃၉၁
၆၄၀။	ဘေးဘျမ်းကင်းရန်၊ သစ်လဲဟန်၊ ကျမ်းဂန်မည်သို့ လာသနည်း။....	....	၃၉၁
၆၄၁။	ဘူမိနက်သန်၊ အိမ်ရာကြန်၊ ရွေးရန်ထုံးစံ မည်သို့နည်း။	....	၃၉၂

"အန်" ကာရန်ပုစ္ဆာ ၁၁၀-ပုဒ် ပြီး၏။

---

(၂၀) "အန့်"ဂ ာရန် ပုစ္ဆာ ၆-ပုဒ်

၆၄၂။	နေ့တိုင်းဉာဏ်ညွှန့်၊ ဘုရားကွန့်၊ အဓွန့်ဘယ်တိုင်ရောက်သနည်း	....	၃၉၄
၆၄၃။	ခေါင်းပြတ်၍လွန့်၊ တတွန့်တုန့်၊ စွန့်ရန်ဝိညာဉ်ကြွင်းလိမ့်နည်း	....	၃၉၅
၆၄၄။	ပြဟ္မာလက်ဖြန့်၊ သောင်းတိုက်ခန့်၊ ရောင်ကွန့်အဘယ်တန်ခိုးနည်း	....	၃၉၅
၆၄၅။	မန္တာတ်မင်းညွှန့်၊ နတ်ပြည်ကွန့်၊ အဓွန့်ဘယ့်လောက်ကြာသနည်း		၃၉၇
၆၄၆။	တိမ်ခရီးစွန့်၊ နေလကွန့်၊ လွန့်၍သီဟဇာပြုလိမ့်နည်း	....	၄၀၀
၆၄၇။	အထက်သို့တွန့်၊ မွှေးတော်ညွှန့်၊ လွန့်၍ ဘယ့်ကြောင့် တက်သနည်း	....	၄၀၁

"အန့်"ကာရန်ပုစ္ဆာ ၆-ပုဒ်ပြီး၏။

---

(၂၁)"အန်း"ကာရန်ပုစ္ဆာ ၃၂-ပုဒ်

၆၄၈။	သုံးလူ့ကြင့်န်း၊ တို့ထိပ်ပန်း၊ ဘုန်းတန်းတရားကိုယ်ဘယ်မျှနည်း	....	၄၀၂
၆၄၉။	အရိယာမှန်း၊ ဂါထာပန်း၊ ဆန်းဂိုဏ်းအမျိုးဘယ်မျှနည်း	....	၄၀၃
၆၅၀။	သစ်သီးရှွန်းရှန်း၊ တလုံးမှန်း၊ ပဌာန်းပစ္စည်းဘယ်မျှနည်း	....	၄၀၃

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၆၅၁။	တရာစီယွန်း၊ စောက်အဝန်း၊ မယွန်းတာပေါင်းဘယ်မျှနည်း	....	....	၄၀၄
၆၅၂။	စက္ကဝါဝန်း၊ ကျယ်သွန်းသွန်း၊ ညွန်းသော်လက်သစ်ဘယ်မျှနည်း		....	၄၀၄
၆၅၃။	စစ်ကိုင်းတည့်ထွန်း၊ ဘုံရိပ်မှုန်း၊ စောသွမ်းနန်းထက်ဖွားလိမ့်နည်း		....	၄၀၄
၆၅၄။	သာသနာထွန်း၊ သီဟိုဠ်ကျွန်း၊ ဦးစွန်းတည်စဘယ်မင်းနည်း	....	....	၄၀၅
၆၅၅။	သစ်ကြီးရှန်းရှန်း၊ လေးပင်ထွန်း၊ အဝန်းဘယ်မျှစီတို့နည်း	....	....	၄၀၅
၆၅၆။	ရွှေညောင်ကြွင့်နန်း၊ ညွှန့်လန်းလန်း၊ တွက်ခန်းရှက်ပေါင်းဘယ်မျှနည်း		....	၄၀၆
၆၅၇။	နှစ်-သုံးဆယ်မှန်း၊ ကမ္ဘဌာန်း၊ စီးဖြန်းမင်္ဂရာဘယ်သူနည်း	....	....	၄၀၆
၆၅၈။	သူ့အားပြသွန်း၊ စောဘိုက်တွန်း၊ တွင်မှန်းဘယ်ကတ္တားပေနည်း		....	၄၁၀
၆၅၉။	ကိုးရာအဝန်း၊ မဇ္ဈေထွန်း၊ ကျမ်းညွှန်းနိမိတ်ဘယ်မျှနည်း	....	....	၄၁၀
၆၆၀။	ရွှေလမင်းဆန်း၊ ဥတုထွန်း၊ ခေါ်မှန်းဘယ်မိန်းမပေနည်း	....	....	၄၁၁
၆၆၁။	ဥဇနာမှန်း၊ ပင်းယနန်း၊ သိမ်းမြန်းဘယ့်ခလောက်ကြာသနည်း		....	၄၁၁
၆၆၂။	သဝန်ကြိုးမြန်း၊ တောင်ငူနန်း၊ ကိန်းခန်းဘယ်သက္ကရာဇ်နည်း	....	....	၄၁၁
၆၆၃။	အရွှေ့မြောက်ယွန်း၊ သေန်စွန်း၊ ထွန်းလိမ့်ဘယ်မြို့သိုက်ပေနည်း		....	၄၁၂
၆၆၄။	ထုံးနှင့်ဆေးဒန်း၊ အမျှမှန်း၊ လန်းလန်းဘယ်အရောင်ပေနည်း		....	၄၁၃
၆၆၅။	သက်တံရောင်သန်း၊ နီမြန်းမြန်း။ ပန်းရောင်ဘယ်သို့ဖော်မည်နည်း		....	၄၁၃
၆၆၆။	ညွှန့်ဖူးညွှန့်လန်း၊ အဆန်းဆန်း၊ ခေါ်မှန်းအစပ်ဘယ်သို့နည်း		....	၄၁၃
၆၆၇၊	စာရေးတော်မှန်း၊ အင်ခြောက်ခန်း၊ ရှင်လန်းဘယ်အင်္ဂါတို့နည်း		....	၄၁၃
၆၆၈။	သူကြီးကျင့်ခန်း၊ အံ့ဘနန်း၊ ဂုဏ်ဆန်းခြောက်ပါးမည်သို့နည်း		....	၄၁၄
၆၆၉။	ခြသေ့်မယွန်း၊ တိဝန်းဝန်း၊ မချွန်းခမ်းတော်ဘယ့်ကြောင့်နည်း		....	၄၁၄
၆၇၀။	သာသနာရှန်းရှန်း၊ သီဟိုဠ်ကျွန်း၊ ပွင့်လန်းဘယ်ချိန်စသနည်း		....	၄၁၅
၆၇၁။	သီဟိုဠ်ကစွန်း၊ ဇမ္ဗူကျွန်း၊ တည်ထွန်းဘယ်ချိန်ရောက်သနည်း		....	၄၁၅
၆၇၂။	ရွှေဝရပ်ခန်း၊ သဝိုးမြန်း၊ နန်းပြိုင်ဘယ်မင်းရှိသနည်း	....	....	၄၁၅
၆၇၃။	တလုံးစီမှန်း၊ ဂရုတန်း၊ ဆန်းဂိုဏ်းဘယ်ဂါထာတို့နည်း	....	....	၄၁၆
၆၇၄။	နှစ်လုံးစီမှန်း၊ ဂရုတန်း၊ ဆန်း၏ အမည် ဘယ်သို့နည်း	....	....	၄၁၆
၆၇၅။	ပတိဋ္ဌာဆန်း၊ မဂိုဏ်းတန်း၊ ခေါ်မှန်းဂါထာအဘယ်နည်း	....	....	၄၁၆
၆၇၆။	ဗြဟ္မဟတီဆန်း၊ ဂိုဏ်းသုံးခန်း၊ တွင်မှန်းဘယ်ဂိုဏ်းပေတို့နည်း		....	၄၁၆
၆၇၇၊	ဝိတက်တိုက်စွန်း၊ ပစ္စည်းထွန်း၊ ညွှန်းသော်သချာဘယ်မျှနည်း		....	၄၁၇
၆၇၈။	မေးပါးစွန်းစွန်း၊ မြင်းဦးထွန်း၊ အစွန်းသုံးပါးအဘယ်နည်း	...	....	၄၁၇
၆၇၉။	သိဒ္ဓတ်စံခန်း၊ သုံးဆောင်မှန်း၊ ရွှေနန်းတိုင်းထွာဘယ်မျှနည်း		....	၄၁၇

"အန်း"ကာရန်ပုစ္ဆာ ၃၂-ပုဒ်ပြီး၏။

---

(၂၂)"အိန်"ကာရန်ပုစ္ဆာ ၉-ပုဒ်

၆၈၀။	ရှင်နာဂသိန်၊ ဘုန်းကြောင့်မှိန်၊ မာလိန်မင်းကြီးကျတ်လိမ့်နည်း		....	၄၁၈
၆၈၁။	ပဌမာလိန်၊ တာဝတိန်၊ နေရှိန်ထွန်းပါလေလိမ့်နည်း	....	....	၄၁၈

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၆၇၂။ မြင်းမိုရ်ရောင်ရှိန်၊ တောင်ဂိရိန်၊ ကျပ်ချိန်ဘယ်မျှရှိသနည်း ၄၁၉
၆၇၃။ နီလာကြောင်စိန်၊ ရောင်ထိန်ထိန်၊ ဝတ်ချိန်ဘယ်တိထိပေနည်း ၄၂၁
၆၇၄။ ရောင်တရှိန်ရှိန်၊ တောက်လောင်ထိန်၊ ဣန္ဒနီမျိုးဘယ်မျှနည်း ၄၂၂
၆၇၅။ မီးပန်းထိန်ထိန်၊ ဆောင်းဦးချိန်၊ တာဝတိန်စိန်ပန်းဘယ်သို့နည်း ၄၂၂
၆၇၆။ ရန်မှဥလိန်၊ ညီဘေရိန်၊ ဘုန်းရှိန်ဘယ်တိုင်စိုးသနည်း ၄၂၂
၆၇၇။ ဗေဒင်အချိန်၊ ပြက္ခဒိန်၊ တာရှိန်ဘယ်မျှရက်နေ့နည်း ၅၂၂
၆၇၈။ မိုးကြိုးပုဆိန်၊ ပြင်းဟုန်ရှိန်၊ ထိန်ထိန်လောင်မီး ဘယ့်ကြောင့်နည်း ၄၂၃

"အိန်" ကာရန်ပုစ္ဆာ ၉-ပုဒ်ပြီး၏။

---

(၂၃) "အိန့်"ကာရန်ပုစ္ဆာ ၃-ပုဒ်

၆၇၉။ တရားအချိန့်၊ များအသိန့်၊ မိန့်တော်ဘယ်တိုင်နှံ့သနည်း ၄၂၄
၆၈၀။ ရွှေခွန်းသာအိန့်၊ ဖွားလျှင်မိန့်၊ ထိန့်ထိန့်ကျော်စောဘယ်မျှနည်း ၄၂၄
၆၈၁။ မိုးတဟိန့်ဟိန့်၊ တသိန့်သိန့်၊ ထိန့်ထိန့်ဘယ်မျှကြားသနည်း ၄၂၆

"အိန့်"ကာရန်ပုစ္ဆာ ၃-ပုဒ် ပြီး၏။

---

(၂၄) "အိန်း"ကာရန်ပုစ္ဆာ ၄-ပုဒ်

၆၈၂။ ကိုယ်တော်ရှင်ဖိန်း၊ မျောက်မျဉ်းမှိန်း၊ စက်ကျိန်းညဥ့်ယံဘယ်မျှနည်း ၄၂၇
၆၈၃။ ကုဋေတသိန်း၊ ကျော်လို့ရှိန်း၊ ရေကိန်းဘယ်မျှကြာသနည်း ၄၂၈
၆၈၄။ စက်ကြီးထိန်းထိန်း၊ မိုးကြီးဟိန်း၊ ဟိန်းသံချင်းကွာ မည်သို့နည်း... .... ၄၂၉
၆၈၅။ ဆယ်ရာထောင်သိန်း၊ ဖိုးထိုက်ကိန်း၊ မိန်းမစဥ်သင့် ဘယ်မျှနည်း.... .... ၄၂၉

"အိန်း"ကာရန်ပုစ္ဆာ ၄-ပုဒ် ပြီး၏။

---

(၂၅) "အုန်"ကာရန်ပုစ္ဆာ ၆-ပုဒ်

၆၈၆။ ရေယဉ်သုန်သုန်၊ အောက်သို့စုန်၊ ဒဂုံဆံတော်ဘယ်မျှနည်း ၄၃၁
၆၈၇။ ဆောင်းလရောက်ကုန်၊ ချမ်း၍တုန်၊ မီးဟုန်မြောက်ကျွန်း လှုံလိမ့်နည်း ၄၃၁
၆၈၈။ ငှက်ချင်းမဖြုန်၊ ငှက်ဂဠုန်၊ တောင်ဟုန်လေရောက် ဘယ်မျှနည်း ၄၃၂
၆၈၉။ ပညာမဖုန်၊ ရာဇဂုဏ်၊ မှတ်ကုန်ရှစ်ပါး အဘယ်နည်း ၄၃၂
၇၀၀။ ဥဒါဟရုဏ်၊ ဆောင်ပါကုန်၊ ဂဠုန်ဘယ်နာမ်ပုဒ်တို့နည်း ၄၃၄
၇၀၁။ ရွှေခသူမှုန်၊ မင်းကြီးဂုဏ်၊ ပေါ်ကုန် ဘယ်မျိုးတံခါးဘင်နည်း ၄၃၄

"အုန်"ကာရန်ပုစ္ဆာ ၆-ပုဒ် ပြီး၏။

စွယ်စုံကျော်ထင်ကျမ်း

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	(၂၆) "အုန့်"ကာရန်ပုစ္ဆာ ၃-ပုဒ်	
၇၀၂။	သီလဉာဏ်မှုန့်၊ မျက်နှာစုန့်၊ ယုန့်ဇာတ်လောင်းတော် ဘယ်မျှနည်း	၄၃၅
၇၀၃။	ကာမကြောင့်နုန့်၊ စိတ်သုန့်သုန့်၊ ရှုန့်ရင်းလောင်းလျာ ဘယ်မျှနည်း	၄၃၅
၇၀၄။	နှုတ်သီးမစုန့်၊ ဇာတ်မချုန့်၊ မြူမှုန့်မြေလိမ်း ဘယ်ဇာတ်နည်း	၄၃၇
	"အုန့်"ကာရန်ပုစ္ဆာ ၃-ပုဒ် ပြီး၏။	
	(၂၇) "အုန်း"ကာရန်ပုစ္ဆာ ၄-ပုဒ်	
၇၀၅။	ဘုရားကျိန်းနှုန်း၊ မာန်ဖျက်ဖြုန်း၊ ပုန်း၍မည်သို့ကြံသနည်း	၄၄၂
၇၀၆။	မန္တာတ်မင်းဘုန်း၊ မိုးသို့ချုန်း၊ နှုန်းရန်လူမင်းရှိလိမ့်နည်း	၄၄၅
၇၀၇။	ပေါက်ပေါက်ကိုမှုန်း၊ လူကိုဖြုန်း၊ စုန်းမျိုးဘယ်မျှပြားသနည်း	၄၄၆
၇၀၈။	ဈာန်ပံ့ခြိမ့်အုန်း၊ လေသင်တုန်း၊ ဟုန်းဟုန်းခတ် ဘယ်သို့နည်း....	၄၄၆
	"အုန်း"ကာရန်ပုစ္ဆာ ၄-ပုဒ် ပြီး၏။	
	(၂၈) "အည်"ကာရန်ပုစ္ဆာ ၂၃၅-ပုဒ်	
၇၀၉။	ဘုရားဘုန်းစည်၊ သင်္ဂြိုဟ်သည်၊ စေတီတည်ပါလေလိမ့်နည်း	၄၄၆
၇၁၀။	လိင်ဇာတ်တော်သည်၊ အိမ်နှင့်တည်၊ သုံးမည်စလုံးငြားလိမ့်မည်....	၄၄၉
၇၁၁။	ဗြဟ္မာနတ်ပြည်၊ စေတီတည်၊ မည်သည့်အုတ်နှင့်တည်လိမ့်နည်း	၄၄၉
၇၁၂။	လူ့ပြည်နတ်ပြည်၊ ဆံတော်တည်၊ မည်သည်မြတ်၏ ကျမ်းလာနည်း	၄၅၀
၇၁၃။	ကလလရေကြည်၊ သန္ဓေတည်၊ မည်သည့်နာမ်ရုပ်ရှေးဦးနည်း	၄၅၀
၇၁၄။	ရုပ်နာမ်နှစ်တည်၊ စုတေ့သည်၊ မည်သူနောက်ကျန်ရစ်သနည်း	၄၅၂
၇၁၅။	ကုသိုလ်ပြုသည်၊ အိပ်မက်သည်၊ ကြည်လင်ကောင်းကျိုး ပေးလိမ့်နည်း	၄၅၃
၇၁၆။	မကောင်းပြုသည်၊ အိပ်မက်သည်၊ လေးမည်အပါယ် ရောက်ချိမ့်နည်း	၄၅၃
၇၁၇။	ပြစ်မှားမိသည်၊ ကန်တော့မည်၊ ပြစ်ခြည်ကုန်ခန်းပါလိမ့်နည်း	၄၅၅
၇၁၈။	လူနှင့်နတ်သည်၊ စောဘုန်းစည်၊ မည်မှာဝီထိကျသနည်း	၄၅၇
၇၁၉။	စကြာတွင်မည်၊ တရားသည်၊ မည်ချိန် မည်နေ့ဟောသနည်း	၄၅၇
၇၂၀။	နိဗ္ဗာန်ရွှေပြည်၊ ဤကသည် မည်မျှတာပေါင်း ကွာသနည်း	၄၅၈
၇၂၁။	လူအနှစ်သည်၊ ဒုက်နှစ်လည်၊ မည်သည်တိုင်အောင် နှံ့သနည်း	၄၆၃
၇၂၂။	ရုပ်နာမ်နှစ်တည်၊ ရှိကြမည်၊ မည်သူဂုဏေား ဖြစ်သနည်း	၄၆၃
၇၂၃။	ဗြဟ္မာလှျုသည်၊ လှျုရှစ်မည်၊ ဘယ်သည်ကာလ ကွယ်သနည်း	၄၆၃
၇၂၄။	တထောင်ရောင်ခြည်၊ နေဆောင်သည်၊ ခန့်ရှည်လရောင် ဘယ်မျှနည်း	၄၆၄
၇၂၅။	ဗာဟီလမ်းသည်၊ နေ့မရှည်၊ မည်သို့ ကျမ်းဦလာသနည်း	၄၆၄
၇၂၆။	ဂန္ဓမာတည်၊ ဂူသုံးမည်၊ နေသည့်ဘယ်က ဘယ်သို့နည်း	၄၆၅

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၇၂၇။	ကာလတွင်မည်၊ နဂါးသည်၊ မည်သည့်ချိန်မှ နိုးသနည်း	....	၄၆၆
၇၂၈။	ဤတိုင်းကသည်၊ ယိမ်းမဖည်၊ မည်မှာဗေဒ ရှိသနည်း	....	၄၆၇
၇၂၉။	ဓာတုရောင်ခြည်၊ ဆယ်ရပ်လည်၊ မည်ချိန်ရောက်မှ ကွယ်လိပ့်နည်း	....	၄၆၇
၇၃၀။	ကျွန်းကြီးလေးတည်၊ ဥတုသည်၊ တူမည် ခြားမည် ဘယ်သို့နည်း	....	၄၆၇
၇၃၁။	ကပိလပြည်၊ တော်ကသည်၊ မည်သို့ တောထွက်လေသနည်း	....	၄၆၉
၇၃၂။	အဝိစိပြည်၊ လူကသည်၊ ခန့်ရည်ဘယ့်လောက် ကွာသနည်း	....	၄၆၉
၇၃၃။	မိုးသီးကျသည်၊ တပျက်တျက်မြည်၊ ရေကြည်ဘယ့်ကြောင့်ခဲသနည်း	....	၄၇၀
၇၃၄။	ဖေါင်္ဂဗ္ဗတည်၊ ဗြဟ္မာ့ပြည်၊ ဘုံသည် ဖေါင်္ဂဗ် ကင်းလိမ့်နည်း	....	၄၇၁
၇၃၅။	ဘဝဂ်ကသည်၊ ဤလူ့ပြည်၊ မည်မျှလံပေါင်း ကွာသနည်း	....	၄၇၂
၇၃၆။	တီပေါင်းရှိတည်၊ ယုန်ဖြစ်သည်၊ ယုံကြည်ထိုက်ကောင်းပါလိမ့်နည်း	....	၄၇၂
၇၃၇။	အလမ္ဗာယ်သည်၊ နဂါးပြည်၊ မည်ခရီးက သွားသနည်း	....	၄၇၃
၇၃၈။	အထက်နတ်ပြည်၊ ဘုံတိုင်းသည်၊ လည်ရန်လုည်းဘီး ရှိလိမ့်နည်း	....	၄၇၃
၇၃၉။	ဘီလူးသွေးရည်၊ ပုဂံပြည်၊ စိုးတည်ဘယ်မင်း ပေတို့နည်း	....	၄၇၄
၇၄၀။	သုံးဆယ့်နှစ်မည်၊ မြို့ကြီးတည်၊ မည်မျှလူမျိုးနေသနည်း	....	၄၇၅
၇၄၁။	နဝကိုးမည်၊ မိုးကြိုးသည်၊ အထည်အသွား ပါလိမ့်နည်း	....	၄၇၆
၇၄၂။	ကာရိုက်ကံသည်၊ ဓာတ်ကံမည်၊ ထွေလည်ဝေဝုစ်ပြားလိမ့်နည်း	....	၄၇၆
၇၄၃။	ဒဏ္ဍကမည်၊ ဂါထာသည်၊ ဂိုဏ်းမည်ခန့်မျှ ပြားသနည်း	....	၄၇၆
၇၄၄။	ကြောက်သည်ရဲသည်၊ ထိုနှစ်တည်၊ မည်သည့် တရားကိုယ်တို့နည်း	....	၄၇၆
၇၄၅။	ခြင်္သေ့မူနည်၊ ဟောက်သံမည်၊ ကြားသည်သူတို့ သေချိမ့်နည်း	....	၄၇၇
၇၄၆။	အင်းဝရွှေပြည်၊ သတိုးတည်၊ မည်မှုနန်းဆက်စံလိမ့်နည်း	....	၄၇၉
၇၄၇။	ဇမ္ဗူဒိပ်သည်၊ ခြိမ့်ခြိမ့်စည်၊ မည်မျှမြို့ကြီး ရှိသနည်း	....	၄၇၉
၇၄၈။	ကျေးလက်မြို့သည်၊ အတည်တည်၊ ခန့်ရည်ဘယ်မျှ သချာနည်း	....	၄၈၀
၇၄၉။	ရတနာတည်၊ အရပ်သည်၊ မည်မျှရေတွက်ရှိသနည်း	....	၄၈၀
၇၅၀။	သဘောထွေလည်၊ ဆိုက်လေသည်၊ ရေကြည်ဆိပ်ကမ်း ဘယ်မျှနည်း	....	၄၈၀
၇၅၁။	မြင်းမိုရ်အောက်တည်၊ ခုံလောက်သည်၊ ချင့်ရည်လုံးလျား ဘယ်မျှနည်း	....	၄၈၀
၇၅၂။	ပျားဆွမ်းလှူသည်၊ မောင်ကုန်သည်၊ မည်သတ္တဘဟဥ်ပေနည်း	....	၄၈၁
၇၅၃။	ဗောဓိပင်စည်၊ ကမေးမည်၊ ကုန်သည်လာလမ်း ဘယ်ကနည်း	....	၄၈၂
၇၅၄။	ညီနောင်ကုန်သည်၊ ရှာဖွေနည်း၊ မည်သည့် မြို့ရပ်ကပေနည်း	....	၄၈၂
၇၅၅။	ဆံတော်ပေးသည်၊ တို့ဘုန်းစည်၊ မည်မျှဆံပေါင်း ကျမ်းလာနည်း	....	၄၈၂
၇၅၆။	ရွှေဆံတော်တည်၊ ညီနောင်သည်၊ အတည်ခြား၍ တည်လိမ့်နည်း	....	၄၈၃
၇၅၇။	ဗောဓိကသည်၊ လယ်ကိုင်းပြည်၊ မည်မျှခရီးကွာသနည်း	....	၄၈၃
၇၅၈။	မိဂဒါမည်၊ မြိုင်တောစည်၊ ဗာရာပြည်က ဘယ့်လောက်နည်း	....	၄၈၃
၇၅၉။	ပဥ္စဝဂ်မည်၊ ငါးယောက်သည်၊ မျိုးမည်ဘယ်ကတို့ပေနည်း	....	၄၈၃
၇၆၀။	သုဘဒ်ကိုသည်၊ စောဘုန်းစည်၊ မည်ခရီးတွင် တွေ့သနည်း	....	၄၈၄
၇၆၁။	ဇေတဝန်တည်၊ ကျောင်းတော်သည်၊ မည်မျှ ဘုံဆင့်ရှိသနည်း	....	၄၈၅
၇၆၂။	ဝိဇယမည်၊ မင်းကြီးသည်၊ မျိုးမည်ဘယ်က အနွယ်နည်း	....	၄၈၆

စွယ်စုံကျော်ထင်ကျမ်း

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၇၆၃။	ဘုရားဘုန်းစည်၊ လက်ထက်သည်၊ မည်စေတီကား အဦးနည်း	၄၈၆
၇၆၄။	သီဟသူမည်၊ ပင်းယတည်၊ မည်သက္ကရာဇ်ကပေနည်း	၄၈၆
၇၆၅။	ရွှေဆံတော်တည်၊ ပန်းခုံသည်၊ မည်မျှတာပေါင်း ရှိသနည်း	၄၈၆
၇၆၆။	ပြာဋိဟာသည်၊ ခြိမ့်ခြိမ့်စည်၊ မည်နေ့ပြတော်မူသနည်း	၄၈၇
၇၆၇။	စကြာမင်းသည်၊ စုတေ့မည်၊ နတ်ပြည်အမြဲ ရောက်လိမ့်နည်း	၄၈၈
၇၆၈။	ရသေ့ပေးသည်၊ စကြာရည်၊ လည်၍ ပျံတတ်လေလိမ့်နည်း	၄၈၈
၇၆၉။	မြစ်ရည်မူနည်၊ မထူးလည်၊ ယင်းသည် ဘယ်မိန်းမမျိုးနည်း	၄၉၂
၇၇၀။	ခရုသင်းရည်၊ ငါးဆေးရည်၊ ကြံရည် ဘယ်နာရီမျိုးနည်း	၄၉၂
၇၇၁။	ပျားဏ်အရည်၊ ကဲ့သို့ကြည်၊ မည်သည့် ဇူထွီမျိုးပေနည်း	၄၉၃
၇၇၂။	အာဟာရရုပ်သည်၊ ဖြစ်လေသည်၊ ထွေလည်ဘယ်သတ္တာဟနည်း	၄၉၃
၇၇၃။	ရသာထူးလည်၊ ဩဇာသည်၊ ဗြဟ္မာ့ပြည်၌ ရှိလိမ့်နည်း	၄၉၄
၇၇၄။	ဇူထွီလိုင်သည်၊ ဗြဟ္မာ့ပြည်၊ ထူးလည်ရှိကောင်း လေလိမ့်နည်း	၄၉၅
၇၇၅။	မိန်းမသေသည်၊ ဗြဟ္မာ့ပြည်၊ ဖြစ်သည်ဘယ်ဘုံတို့ပေနည်း	၄၉၅
၇၇၆။	သေရက် သေရည်၊ သောက်ကြသည်၊ မည်ကံထိုက်၏ ဆိုမည်နည်း	၄၉၇
၇၇၇။	မြင်းမိုရ်အောက်တည်၊ သုရာပြည်၊ မည်ဘုံသွင်းတို့ပါအံ့နည်း	၄၉၇
၇၇၈။	ဝိထိဆိုသည်၊ စကားတည်၊ မည်သို့ဝိဂ္ဂိုဟ်ကောက်ပိမ့်နည်း	၄၉၈
၇၇၉။	သဗ္ဗညုမည်၊ ဉာဏ်တော်သည်၊ မည်သို့ အာရုံပြုသနည်း	၄၉၈
၇၈၀။	နီဝရဏသည်၊ ပေါင်းရှစ်တည်၊ ခြောက်မည်ဘယ့်ကြောင့်ဟောသနည်း	၄၉၉
၇၈၁။	ဝိပါက် လည်းမည်၊ ကုသိုလ်မည်၊ ယင်းသည် ဘယ်တရားတို့နည်း	၄၉၉
၇၈၂။	ဝိရတီ သည်၊ ဗြဟ္မာ့ပြည်၊ မည်ကြောင့်မဖြစ်လေသနည်း	၄၉၉
၇၈၃။	သတိမူသည်၊ တရားတည်၊ လေးမည် ဘယ်ကိစ္စကြောင့်နည်း	၅၀၁
၇၈၄။	လုံ့လပြုသည်၊ တရားမည်၊ လေးတည်ဘယ့်ကြောင့်ပြားသနည်း	၅၀၀
၇၈၅။	ရဟန္တာသည်၊ စုတေ့တည်၊ မည်သို့အာရုံပြုလိမ့်နည်း	၅၀၀
၇၈၆။	နံဗ္ဗာန်ရွှေပြည်၊ ငါသွားမည်၊ သင်းသည် ဘယ်ဝိဘတ်ပေနည်း	၅၀၁
၇၈၇။	မောင်၏ဆိုကြည်၊ မယ်လိမ်းမည်၊ ဘယ်သည် သမ္ဘန်ဆိုပိမ့်နည်း	၅၀၁
၇၈၈။	လူတွင်မကြည်၊ မင်းရဲသည်၊ မည်သည့်နိဒ္ဒါရဏနည်း	၅၀၁
၇၈၉။	လှေဖြင့်ထူးလည်၊ ကူးလေသည်၊ ကြံစည်ဘယ်တဒ္ဓိတ်တို့နည်း	၅၀၁
၇၉၀။	နှစ်ကြိမ်ဆိုသည်။ စကားသည်၊ ခွဲရည်နှစ်ချက် မည်သို့နည်း	၅၀၁
၇၉၁။	ငါတို့ရှားပြည်၊ သွားကြမည်၊ ယင်းသည် ဘယ်ပုရိသ်ပေနည်း	၅၀၂
၇၉၂။	သိချင်းသိသည်၊ ဟောစိမ့်မည်၊ ဖွေနည်ဘယ်သာခနနည်း	၅၀၂
၇၉၃။	သိဧတတ်သည်၊ တို့ဘုန်းစည်၊ ထွေလည် ဘယ်သာခနနည်း	၅၀၂
၇၉၄။	မဟော်စေသည်၊ ကျေးကမည်၊ ပဉ္စာပြည်ငှက် ဖွားလိမ့်နည်း	၅၀၂
၇၉၅။	ကမ္ဘာဦးဟည်၊ လူတို့ပြည်၊ ဆင်းသည်ဗြဟ္မာဘယ်မျှနည်း	၅၀၃
၇၉၆။	ကြာသကန်းသည်၊ ဗြဟ္မာ့ပြည်၊ မည်နှင့်ထည့်၍ထားသနည်း	၅၀၄
၇၉၇။	မျောက်မျဉ်းစက်သည်၊ ဗြဟ္မာ့ပြည်၊ ထွေလည်လူသို့ရှိလိမ့်နည်း	၅၀၄
၇၉၈။	စိတ်ဖြင့်တောင်းသည်၊ လောင်းပွင့်ရည်၊ သချေ်မည်ကား ဘယ်သို့နည်း	၅၀၅

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၇၉၉။	ဒါနကြောင့်လည်၊ စည်းစိမ်တည်၊ ဖွေနည်ဘယ်ဟိတ်ဆိုပိမ့်နည်း	၅၀၅
၁၀၀။	အာချာတ်ကိုသည်၊ နာမ်ဆိုမည်၊ ဖွေနည်ဘယ်ကျမ်းထောက်အံ့နည်း	၅၀၅
၁၀၁။	ထမင်းစားမည်၊ ဆိုကြသည်၊ ဖွေနည်ဘယ်ဥပစာနည်း	၅၀၆
၁၀၂။	ဂုဏ်အကြောင်းရည်၊ ဇာတ်ဟောမည်၊ ယင်းသည် အဘယ်သဒ္ဒါနည်း	၅၀၆
၁၀၃။	ဒြပ်ဟောမည်၊ ဇာတ်ကြောင်းရည်၊ ကြံစည်လွတ်၏ အဘယ်နည်း	၅၀၆
၁၀၄။	ဘုရားဖူးမည်၊ လေ့စုံနိုသည်၊ မဖည်ဘယ်ကာရကနည်း	၅၀၇
၁၀၅။	သမ္ပဒါန်သည်၊ ကြံဖွေနည်၊ တွေလည် ဘယ်သတ္တိပေနည်း	၅၀၇
၁၀၆။	အပါဒါန်သည်၊ ယူကြံစည်၊ မည်သို့သတ္တိရှိသနည်း	၅၀၇
၁၀၇။	ခြသေ့်သီသည်၊ လူသီသည်၊ ယင်းသည် သကတ်အဘယ်နည်း	၅၀၇
၁၀၈။	ဗျဂ်ျကိုးမည်၊ ရှိကြသည်၊ မည်သဒ္ဒါ၌ ရသနည်း	၅၀၇
၁၀၉။	ဗျာပါတွင်မည်၊ ဗျဂ်ျသည်၊ မည်တရားကိုယ်ပေတို့နည်း	၅၀၈
၁၁၀။	ပါစကသည်၊ ချက်ကြမည်၊ ဖွေနည်ဘယ်နာမ်ဆိုပိမ့်နည်း	၅၀၈
၁၁၁။	ပဉ္စာခေါ်မည်၊ သဒ္ဒါသည်၊ မည်မျှ လိင်ပေါင်းဆံသနည်း	၅၀၈
၁၁၂။	ရွှေကိုလုပ်သည်၊ လက်ကောက်ခြည်၊ မည်ကံသဒ္ဒါဟောလိမ့်နည်း	၅၀၈
၁၁၃။	ဘုရားကိုရည်၊ ပူဇော်မည်၊ ယင်းသည်ဘယ်ကံ ဆိုပိမ့်နည်း	၅၀၈
၁၁၄။	မြစ်ရေ၌တည်၊ မဲဆိုးရည်၊ မည်အာဓာရဆိုပိမ့်နည်း	၅၀၈
၁၁၅။	မင်းကျင့်ဟူသည်၊ လေးပါးမည်၊ ဘယ်သည် ဘယ်သည့်တရားနည်း	၅၀၈
၁၁၆။	မင်းကစသည်၊ မျိုးလေးမည်၊ ကျင့်ရည်လေးပါး အဘယ်နည်း	၅၀၉
၁၁၇။	ရန်အောင်ရာသည်၊ ကြောင်းလေးမည်၊ ဘယ်သည်တရားပေတို့နည်း	၅၁၀
၁၁၈။	ရွှေတိုက်ဝန်သည်၊ အင်ခြောက်မည်၊ ဖွေနည်းဘယ်အင်္ဂါသို့နည်း	၅၁၀
၁၁၉။	သမားတော်သည်၊ ပြည့်စုံရည်၊ ငါးမည်အင်္ဂါဘယ်တို့နည်း	၅၁၁
၁၂၀။	အင်္ဂါငါးမည်၊ မြို့၌တည်၊ မည်သို့ကျမ်းဝယ်လာသနည်း	၅၁၁
၁၂၁။	ဋ္ဌကထာရည်၊ နေတ္တိသည်၊ မည်ပုဂ္ဂိုလ်မြွက် ပြုသနည်း	၅၁၁
၁၂၂။	ခေတုဝင်သည်၊ ကျမ်းအထည်၊ မည်သည့်ကျွန်းကဖြစ်သနည်း	၅၁၁
၁၂၃။	လျှာကိုမှီသည်၊ အတည့်တည်၊ ပိုးမည်ဘယ်မျှပြားသနည်း	၅၁၂
၁၂၄။	ဦးနှောက်စားသည်၊ ပိုးနှစ်တည်၊ မည်သည့် မည်သည့်ပိုးတို့နည်း ..	၅၁၂
၁၂၅။	တေဇောဓာတ်သည်၊ ကိုယ်၌တည်၊ နာမည်အပေါင်းဘယ်မျှနည်း	၅၁၂
၁၂၆။	လူတို့၌တည်၊ ရောဂါသည်၊ မည့်ရောဂါမျိုး ကြီးသနည်း	၅၁၂
၁၂၇။	အာပေါဓာတ်သည်၊ အတည်တည်၊ ခန့်ရည်ဘယ်မျှရှိသနည်း	၅၁၉
၁၂၈။	ပထဝီဓာတ်သည်၊ တွက်ခန့်ရည်၊ တွေလည်သခေ့်မည်သို့နည်း	၅၂၀
၁၂၉။	အင်္ဂါဇာတ်သည်၊ အိမ်၌တည်၊ ဘုန်းစည်ဘယ်ကောင်းမှုကြောင့်နည်း	၅၂၀
၁၃၀။	ဘုရားရှင်လည်၊ မုရိုးဇည်၊ ကိုယ်ထည်လုံး၏ ဘယ့်ကြောင့်နည်း	၅၂၀
၁၃၁။	မျက်မှောင်တော်ရည်၊ နုပျိုသည်၊ မည်ကုသိုလ်ကြောင့်ဖြစ်သနည်း	၅၂၁
၁၃၂။	မွေးတွင်းတတည်၊ မွေးတော်သည်၊ တမည်သာရောက် ဘယ့်ကြောင့်နည်း	၅၂၁
၁၃၃။	ဥဏ္ဏာလုံမည်၊ မွေးရှင်သည်၊ ထူးလည်ဘယ်ကောင်းမှုကြောင့်နည်း	၅၂၁
၁၃၄။	ဣတိပိပတည်၊ ဖွင့်လေသည်၊ မည်သည့်သံဝဏ္ဏနာတို့နည်း	၅၂၂

စွယ်စုံကျော်ထင်ကျမ်း

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၃၅။	ဋ္ဌတိပုဒ်တည်၊ ဖွင့်ပါမည်၊ ဘယ်သည်အဖွင့်ဆိုပိမ့်နည်း	၅၂၂
၁၃၆။	လုံ့တံကျသည်၊ တျက်တျက်မြည်၊ ဘယ်သည်ကိရိယာပေတို့နည်း...	၅၂၂
၁၃၇။	ဒြပ်ပင်သည်၊ ကာရကမည်၊ ထူးလည် ဘယ်ဥပစာနည်း	၅၂၂
၁၃၈။	နွားဟုပြောရည်၊ ကြားလေသည်၊ မည်ဝိထိဖြင့်သိသနည်း	၅၂၂
၁၃၉။	နွှတ်တက်ဆောင်သည်၊ ရင်နို့ရည်၊ မည်မျှနှစ်ပေါင်းကြာသနည်း	၅၂၂
၁၄၀။	သီဟိုဠ်ကျွန်းပြည်၊ အဦးတည်၊ ဘယ်ထေရ်သာသနာပြုသနည်း....	၅၂၂
၁၄၁။	ပေထက်တင်သည်၊ ကျမ်းအတည်၊ မည်သည်မင်းကြီး လက်ထက်နည်း	၅၂၃
၁၄၂။	စွယ်တော်ရောက်သည်၊ သီဟိုဠ်ပြည်၊ မည်အကြောင်းကြောင့် ရောက်သနည်း	၅၂၃
၁၄၃။	တကောင်းဟူသည်၊ အညာပြည်၊ မည်ကမင်းဆက်ပေတို့နည်း။	၅၂၄
၁၄၄။	သာသနာတည်၊ ပုဂံပြည်၊ မည်သည့်မင်းတွင်စသနည်း	၅၂၅
၁၄၅။	စကောလှင့်သည်၊ သရေပြည်၊ မည်သည့်သက္ကရာဇ်ကနည်း	၅၂၅
၁၄၆။	ဆင်းတုကိုရည်၊ ဖိုထိုးသည်၊ မည်မင်းလက်ထက်ကပေနည်း	၅၂၅
၁၄၇။	ငတင့်တယ်မည်၊ ပန်းပဲသည်၊ ပြစ်ခြည်ဘယ့်ကြောင့်သေသနည်း....	၅၂၆
၁၄၈။	ဖြူစောထီးသည်၊ ကျေးဇူးရည်၊ မည်သို့သိဖူးလေသနည်း	၅၂၈
၁၄၉။	တောင်ငူနှင့်တည်၊ ကေတုပြည်၊ ဆက်ရှည်မင်းပေါင်း ဘယ်မျှနည်း	၅၂၈
၁၅၀။	တကောင်းရွှေပြည်၊ စိုးလေသည်၊ မည်မျှမင်းဆက်ရှိသနည်း	၅၂၈
၁၅၁။	နေ်ရထာသည်၊ ပုဂံပြည်၊ ရရည်ကြောင်းရင်း မည်သို့နည်း .... ---	၅၂၉
၁၅၂။	မင်းကြီးညိုတည်၊ ကေတုပြည်၊ မည်သာသနာချိန်ကနည်း	၅၃၀
၁၅၃။	နားမျက်စိမည်၊ ခေါ်ကြသည်၊ ပြည်ဝယ်ဘယ်ပုဂ္ဂိုလ်တို့နည်း	၅၃၁
၁၅၄။	မျက်နှာတလည်၊ ခေါ်ရမည်၊ ယင်းသည်မှာလည်း မည်သူနည်း	၅၃၁
၁၅၅။	ထန်းရည်အုန်းရည်၊ ဓနုန်းရည်၊ ပုံးရည်ဘယ်သမာသ်တို့နည်း....	၅၃၁
၁၅၆။	အင်္ဂတေသည်၊ ဒဂုန်တည်၊ ကော်ရည်ဘယ်မျှထည့်သနည်း	၅၃၁
၁၅၇။	တင်လဲကော်ရည်၊ ဥသျှစ်ရည်၊ မည်သည်မျှားလျှင်ပပ်သနည်း	၅၃၁
၁၅၈။	ဂြိုဟ်အတည်တည်၊ လဂ်ပူးသည်၊ မည်ဂြိုဟ်မည်ကျောက်ဝတ်ပိမ့်နည်း	၅၃၂
၁၅၉။	နေသို့ရောင်ခြည်၊ ထွန်းလှသည်၊ မည်ကျောက်အမျိုးဆိုပိမ့်နည်း....	၅၃၂
၁၆၀။	အင္ဂမုန်သည်၊ အင်းထူးလည်၊ မည်ဂဏန်းက စသနည်း	၅၃၂
၁၆၁။	ရန်သူချင်းသည်၊ ချစ်စိမ့်မည်၊ ပတ်လည်ဘယ်ဂြိုဟ်ရပ်မိန့်နည်း	၅၃၃
၁၆၂။	မိန်းမဖြုံသည်၊ ဖွားစိမ့်ရည်၊ မည်အင္ဂမုခ် ချပိမ့်နည်း	၅၃၃
၁၆၃။	ချိန်ခွင်လျှာသည်၊ စာအုပ်ရည်၊ ဖွေနည်ဘယ်သို့ငြားလိမ့်နည်း	၅၃၃
၁၆၄။	ညွန့်ရှည်ခေါ်သည်၊ ထွေထူးလည်၊ သည်သည်းဘယ်သို့ရှိလိမ့်နည်း	၅၃၃
၁၆၅။	တောင်တိုင်အောင်ရည်၊ မိုးရေကြည်၊ ရွာသည်ဘယ်အဝမိနည်း	၅၃၄
၁၆၆။	မြို့တိုင်အောင်ဘည်၊ ကျော်စောသည်၊ ယင်းသည်မှုလည်းဘယ်သို့နည်း	၅၃၄
၁၆၇။	မင်းသားဘယ်မည်၊ မငိုသည်၊ သည်မည်ဘယ်အနက်ပေနည်း	၅၃၄
၁၆၈။	ငါလျှင်ဝံ့ရည်၊ စွန့်ကော့မည်၊ သည်မည်ဘယ်သို့ ထုံးသနည်း	၅၃၄
၁၆၉။	ကစားကကြည်၊ ပြောရမည်၊ မည်ချင်းကွဲ၏ဘယ့်နှယ်နည်း	၅၃၄
၁၇၀။	မင်းနေရွှေပြည်၊ သာတော့သည်၊ သည်သည်ဘယ်အနက်ဟောပေနည်း	၅၃၄

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၈၇၁။	မြင်းမိုရ်ဘုန်းစည်၊ သူဇာသည်၊ သည်သည်မှုကားဘယ်သို့နည်း....	....	၅၃၅
၈၇၂။	ရစ်တွင်မည်၊ ဂါထာသည်၊ မည်သို့ဆန်းဂိုဏ်းနေသနည်း	....	၅၃၅
၈၇၃။	တ-ဂိုဏ်းတလည်၊ ယ-ဂိုဏ်းတည်၊ မည်ဂါထာဟု ဆိုပိမ့်နည်း	....	၅၃၅
၈၇၄။	ဥဏှိဘန်းသည်၊ ဂိုဏ်းနှစ်တည်၊ မည်သည် မည်သည့် ဂိုဏ်းတို့နည်း	....	၅၃၆
၈၇၅။	ပဌမီသည်၊ ဆယ့်လေးမည်၊ သက်သည် ဘယ်အနက်တို့နည်း....	....	၅၃၆
၈၇၆။	ဆဌီသက်သည်၊ ဆယ့်တလည်၊ မည်သည့်မည်သည့် အနက်နည်း....	....	၅၃၆
၈၇၇။	ကျောက်စာတလည်၊ ရေးပါသည်၊ ဝသည်ဆွဲအံ့မည်သို့နည်း	....	၅၃၇
၈၇၈။	တထူးတလည်၊ နောက်ပစ်မည်၊ ယင်းသည်ဘယ်သို့ ဖတ်ပိမ့်နည်း	....	၅၃၇
၈၇၉။	ဧက်တင်ပါမည်၊ ကျောက်စာသည်၊ ထူးလည်ဖတ်နည်း ဘယ်သို့နည်း	....	၅၃၇
၈၈၀။	မိဘကျွန်ရည်၊ သားသွားမည်၊ ကျွန်သည်ဘယ်မှာလွတ်မည်နည်း	....	၅၃၇
၈၈၁။	လက္ခဏာသည်၊ ဗျိုင်း၌တည်၊ တမည်ဘယ်လက္ခဏာနည်း	....	၅၃၇
၈၈၂။	လေးပါးလုံးသည်၊ ကြက်၌တည်၊ ထူးလည်ဘယ်လက္ခဏာနည်း ...	....	၅၃၈
၈၈၃။	ဂုဏ်သုံးပါးသည်၊ မြည်း၌တည်၊ ဘယ်သည်ဂုဏ်ဟု ဆိုပိမ့်နည်း	....	၅၃၈
၈၈၄။	တပိုင်း၌တည်၊ သဒ္ဒါသည်၊ ထူးလည်တပိုင်းလိုက်ချိမ့်နည်း	....	၅၃၈
၈၈၅။	ဝါယောဓာတ်သည်၊ ပျက်လမည်၊ ရိပ်ခြည်ဘယ်လက္ခဏာနည်း	....	၅၃၉
၈၈၆။	လေဓာတ်ပျက်မည်၊ ဆေးကုရည်၊ ဖွေနည်းဘယ်ဓာတ်ပေးလိမ့်နည်း	....	၅၃၉
၈၈၇။	မြေဓာတ်ထူးလည်၊ ရသာသည်၊ ချိုမည်ခါးမည်ဘယ်သိုနည်း	....	၅၃၉
၈၈၈။	လေသင်တုန်းသည်၊ ကောင်းကင်တည်၊ မည်မျှမြင့်တိုလေလိမ့်နည်း	....	၅၃၉
၈၈၉။	မီးဓာတ်မှာသည်၊ ထူးထွေလည်၊ မည်သို့ရသာရှိသနည်း	....	၅၃၉
၈၉၀။	ဝါယောဓာတ်သည်၊ ပျက်လေသည်၊ မည်သို့ရှိတုံလေသနည်း	....	၅၄၀
၈၉၁။	ဒသမူလည်၊ ဆေးအတည်၊ မည်သည့် မည်သည့်ဆေးတို့နည်း	....	၅၄၀
၈၉၂။	ကညာ၌တည်၊ ကကြီးသည်၊ မည်အနက်ကိုဟောသနည်း	....	၅၄၀
၈၉၃။	မဏ္ဍပေါသည်၊ ပုဒ်ကိုတည်၊ မ သည် ဘယ်အနက်ဟောသနည်း	....	၅၄၁
၈၉၄။	မာလာပုဒ်သည်၊ ပန်းဟောမည်၊ မာသည်ဘယ်အနက်ဟောနည်း	....	၅၄၂
၈၉၅။	ဝါနရတည်၊ မျောက်ဟောသည်၊ ယင်းသည်ဝါလည်းဘယ်ဟောနည်း	....	၅၄၂
၈၉၆။	မြင်ရှုံနှင့်သည်၊ ကိုယ်ဝန်တည်၊ မည်သည့် မည်သည့် မိန်းမနည်း	....	၅၄၂
၈၉၇။	အာပတ်သင့်သည်၊ ပန်းပွင့်ရည်၊ ယင်းသည် ဘယ်ပန်းပွင့်ပေနည်း	....	၅၄၃
၈၉၈။	ရင်နို့ဘော်ရည်၊ သောက်ပါမည်၊ ဘယ်သည်ပုဒ်ဟု ဆိုလိမ့်နည်း	....	၅၄၃
၈၉၉။	ရွှေငွေယူမည်၊ ရဟန်းထေရ်၊ သွားသည်ပြစ်လွတ်ဘယ့်ကြောင့်နည်း	....	၅၄၄
၉၀၀။	မံသတွင်မည်၊ ဧကူသည်၊ ဘုန်းစည်ဘယ့်လောက်မြင်ချိမ့်နည်း....	....	၅၄၅
၉၀၁။	အိုင်အင်းများတည်၊ အရပ်သည်၊ ဖွေနည်ဘယ်ဒေသပေနည်း	....	၅၄၇
၉၀၂။	လွင်တီးခေါင်သည်၊ ချောက်ချားမည်၊ ထူးလည်ဘယ်ဒေသတို့နည်း	....	၅၄၇
၉၀၃။	တောင်ကြီးလေးတည်၊ ရေပြည်၊ ကြိတ်သည်ဘယ်အပြစ်ကြောင့်နည်း	....	၅၄၈
၉၀၄။	နှစ်သုံးခါလည်၊ ခေါင်ကျသည်၊ မည်မျှမြင်းသက်လေလိမ့်နည်း	....	၅၄၉

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၉၀၅။ အတိုသုံးမည်၊ နိသုံးမည်၊ ကောက်သည်သုံးပါးအဘယ်နည်း ၅၄၉
၉၀၆။ အမြီးနှုတ်လည်၊ သွားသုံးမည်၊ အရှည်သုံးပါးဘယ်သို့နည်း ၅၄၉
၉၀၇။ ဝဲကဲ့သို့သည်၊ စီရင်မည်၊ ကြံစည်ဘယ်နည်းဆိုပိမ့်နည်း ၅၅၂
၉၀၈။ လျှော်စွာယူမည်၊ ရသင့်သည်၊ ထူးလည်ဘယ်နည်းဆိုမည်နည်း ၅၅၂
၉၀၉။ မင်းနေရွှေပြည်၊ ဆိုပါမည်၊ ယင်းသည်ဘယ်နည်းဖြစ်ချိမ့်နည်း ၅၅၃
၉၁၀။ ရေခ္ဓကျင်လည်၊ တံငါသည်၊ ဖွေနည်ဘယ်မင်းဆိုအံ့နည်း ၅၅၃
၉၁၁။ အာစရိထေရ်၊ ဆရာမည်၊ အာသည်ဘယ်ဇောတကနည်း ၅၅၃
၉၁၂။ ဝန်တိုငါးမည်၊ အတည်တည်၊ ပြစ်ခြည်ဘယ်သို့ခွဲမည်နည်း ၅၅၃
၉၁၃၊ သောက်ကြသေရည်၊ အတည်တည်၊ မည်ကိုအာရုံပြုသနည်း ၅၅၆
၉၁၄။ ခံတွင်း၌တည်၊ အမည်းရှည်၊ ရောက်သည်ပြိတ္တာဘယ့်ကြောင့်နည်း ၅၅၆
၉၁၅။ ခိုးသူမလည်၊ ယင်းကံသည်၊ မည်ဝေဒနာယှဉ်သနည်း ၅၅၇
၉၁၆။ သေရက်သေရည်၊ သောက်ကြသည်၊ ယင်းသည် ဘယ်ဝေဒနာနည်း ၅၅၇
၉၁၇။ မေတ္တာပို့မည်၊ လှူပေးမည်၊ ဘယ်သည်ကုသိုလ်ကြီးသနည်း ၅၅၇
၉၁၈။ မြေလှုပ်ခြင်းသည်၊ ပေါင်းရှစ်တည်၊ မည်သည်မည်သို့ပေတို့နည်း.... .... ၅၆၂
၉၁၉။ ကျမ်းထွတ်မိန့်ရည်၊ ပေါက်ပင်သည်၊ မည်လောက်ကာလပြားသနည်း ၅၆၂
၉၂၀။ သောဘိတထေရ်၊ ပုဂ္ဂိုလ်သည်၊ မည်တေဒဂ် ရသနည်း ၅၆၂
၉၂၁။ ဖြောင့်ခြင်းသုံးမည်၊ မြင်း၌တည်၊ မည်သည်ဖြောင့်ခြင်းပေတို့နည်း ၅၆၃
၉၂၂။ တိရစ္ဆာန်ပြည်၊ ဝါဆိုသည်၊ ဘုန်းစည်ဝါပေါင်းဘယ်မျှနည်း ၅၆၃
၉၂၃။ သာဝတ္ထိပြည်၊ ခြိမ့်ခြိမ့်စည်၊ မည်မျှအိမ်ခြေရှိသနည်း ၅၆၃
၉၂၄။ ရာဇဂြိုဟ်ပြည်၊ သာထူးလည်၊ မည်မျှဂါဝုတ်ကျယ်သနည်း ၅၆၄
၉၂၅။ ဆံတော်မရှည်၊ လေးသစ်တည်၊ ဘုန်းစည်ခိဋ္ဌာန်လေလိမ့်နည်း ၅၆၄
၉၂၆။ လေးသောင်းရေကြည်၊ ငါးရှစ်မည်၊ နေသည်ဘယ်သို့ကျမ်းလာနည်း ၅၆၅
၉၂၇။ မီးသို့ဆင်းမည်၊ မာယာသည်၊ မည်သည့်ပုဏ္ဏားမယားနည်း ၅၆၅
၉၂၈။ ခိုးသူထောင်းသည်၊ လောင်းပွင့်ရည်၊ မည်သည့်ဇာတ်တွင် မည်ကြောင့်နည်း ၅၇၀
၉၂၉။ ပစ္စေကာမည်၊ သုံးဆူသည်၊ မည်ပါရမီ ဖြည့်သနည်း ၅၇၃
၉၃၀။ သခေ်ျရှစ်မည်၊ သက်တော်သည်၊ မည်အကြောင်းကြောင့် မရှည်သနည်း ၅၇၄
၉၃၁။ တရားဆယ်တည်၊ မင်းကျင့်ရည်၊ ဘုန်းစည်ဘယ်တွင်ဟောသနည်း ၅၇၄
၉၃၂။ ဥပ္ပလဝဏ်ထေရ်၊ မိန်းမသည်၊ မည်တေဒဂ်ရသနည်း ၅၇၄
၉၃၃။ ကုသိုလ်ဖြစ်ရည်၊ အကြောင်းသည်၊ မည်ပဒဋ္ဌာန်ဆိုပိမ့်နည်း ၅၇၅
၉၃၄။ ယာသာပုဒ်သည်၊ အာနှင့်တည်၊ မည်မျှလိင်မျိုးဆံသနည်း ၅၇၅
၉၃၅။ သုဒ္ဓဒိန်တည်၊ နှစ်ဦးလည်၊ မည်သို့ထုတ်သော်မှန်သနည်း ၅၇၅
၉၃၆။ ဇာတ်ကိုမတည်၊ ငဲ့လေသည်၊ မည်သည့်ပြယုဂ်ပေတို့နည်း ၅၇၆
၉၃၇။ ဒြပ်ကိုကည်၊ ငဲ့လေသည်၊ ယင်းသည်ပြယုဂ်ဘယ်သို့နည်း ၅၇၆
၉၃၈။ ထွက်ဝင်သက်မည်၊ ယင်းနှစ်တည်၊ ဘယ်သည်အဦးဖြစ်သနည်း ၅၇၆

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၃၉။	ရေနတ်တွင်မည်၊ နဂါးပြည်၊ ဘယ်သည်ရပ်၌တည်သနည်း	၅၇၇
၄၄၀။	ရိုးသုံးရာသည်၊ ကိုယ်၌တည်၊ မည်သည်မည်သည့်အရိုးနည်း	၅၈၀
၄၄၁။	ဝါယောဓာတ်သည်၊ လူ၌တည်၊ အမည်ဘယ်မျှပြားသနည်း	၅၈၀
၄၄၂။	မြို့ရွာပျက်မည်၊ ကြောင်းဆယ်တည်၊ မှတ်ရည်ထုံးစံမည်သို့နည်း	၅၈၀
၄၄၃။	မင်းပြောင်းလဲမည်၊ နိမိတ်တည်၊ အရှည်မှတ်ပုံဘယ်သို့နည်း	၅၈၀

“အည်” ကာရန်ပုစ္ဆာ ၂၃၅-ပုဒ် ပြီး၏။

---

(၂၉) “အည့်”ကာရန်ပုစ္ဆာ ၁၄-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၄၄။	ရေသနုပ်တည့်၊ ဝတ်တုံလှည့်၊ ကန်ပြည့်အဘယ်တန်ခိုးနည်း	၅၈၆
၄၄၅။	နတ်ရွာအပြည့်၊ နေကုန်လှည့်၊ စားသည့်သြဇာတူလိမ့်နည်း	၅၈၇
၄၄၆။	မြင်းခံပြည့်၊ သေတုံလှည့်၊ မျက်၏မင်းကြီးဘယ့်ကြောင့်နည်း	၅၈၈
၄၄၇။	မျက်စောင်းထိုးလှည့်၊ နဂါးကြည့်၊ မြည့်မြည့်ဘယ့်ကြောင့်ကြေသနည်း	၅၉၀
၄၄၈။	မျက်စိဖြင့်လှည့်၊ ရုပ်ကိုကြည့်၊ မည်သည့်ကရိုဏ်းပေတို့နည်း	၅၉၁
၄၄၉။	ရှုကာတည့်တည့်၊ ဆင်ကြည့်ကြည့်၊ မည်သည့်မိန်းမမျိုးပေနည်း	၅၉၁
၄၅၀။	ညစ်ပတ်လပြည့်၊ မှတ်တုံလှည့်၊ မည်မှည့်ဘယ်နာရီတို့နည်း	၅၉၁
၄၅၁။	ထောပတ်သောက်လှည့်၊ အားအင်ပြည့်၊ မည်သည့်ကိရိယာခပေတို့နည်း	၅၉၂
၄၅၂။	အဦအပြည့်၊ နေတုံလှည့်၊ စားသည့်ပိုးကားအဘယ်နည်း	၅၉၂
၄၅၃။	တောင်တရာပြည့်၊ တက်တုံလှည့်၊ မည့်ကြောင့်အာပတ်မသင့်သနည်း	၅၉၂
၄၅၄။	မင်္ဂလာတည့်၊ ပုဒ်ရှိလှည့်၊ မ ၏အနက် မည်သို့နည်း	၅၉၃
၄၅၅။	ပထဝီဓာတ်တည့်၊ ပျက်တုံလှည့်၊ မည်သည့်ချိန်၌သေအံ့နည်း	၅၉၃
၄၅၆။	ထင်းတုံးကုန်လှည့်၊ ပုဆိုးထည့်၊ ချက်၏ဘယ်သဌေးခပေနည်း	၅၉၄
၄၅၇။	တိရစ္ဆာန်တည့်၊ မြင်တုံ၏၊ မည့်ကြောင့် နတ်မမြင်သနည်း	၆၀၄

“အည့်”ကာရန်ပုစ္ဆာ ၁၄-ပုဒ် ပြီး၏။

---

(၃၀) “အည်း”ကာရန်ပုစ္ဆာ ၁၅-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၅၈။	ရဟန်းစောင့်စည်း၊ ကျင့်ဝိနည်း၊ ညည်းလျှင်အာပတ်ဘယ်တွင်နည်း	၆၀၆
၄၅၉။	ပဌာန်းပစ္စည်း၊ ဆွမ်းပစ္စည်း၊ နည်းကွဲဝိဂ္ဂိုဟ် ဘယ်သို့နည်း	၆၀၆
၄၆၀။	ဘွဲ့မည်ပစ္စည်း၊ ဓာတ်ပစ္စည်း၊ သည်လည်းခြား၏ ဘယ့်နှယ်နည်း	၆၀၇
၄၆၁။	မဓေရ်ကစ္စည်း၊ သမုစ္စည်း၊ နည်းမတူဘူး မည်သို့နည်း	၆၀၇
၄၆၂။	ကုသိုလ်ချင်းချည်း၊ ဟေတုနည်း၊ ပစ္စည်းဘယ်သို့ တပ်မည်နည်း	၆၀၈
၄၆၃။	တောင်သမန် တောင်ချည်း၊ အနည်းနည်း၊ နန်းတည်းဆောက်အံ့ ဘယ်သိုက်နည်း	၆၀၉
၄၆၄။	မဏိဦးပြည်း၊ စာစပ်နည်း၊ ပေါင်းစည်းအချ ဘယ့်လောက်နည်း	၆၀၉

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာ

၉၆၅။ ကလာပ်ကျမ်းနည်း၊ တွာပစ္စည်း၊ သိပ်သည်း ဘယ်အနက်ပေနည်း ၆၀၉
၉၆၆။ သဒ္ဒါမှာလည်း၊ တပစ္စည်း၊ ဟောနည်းဘယ်အနက်ပေနည်း ၆၀၉
၉၆၇။ ဗုဒ္ဓေါ်ဒ္ဓလည်း၊ ထိုပစ္စည်း၊ ဟောနည်းဘယ်အနက်ပေနည်း ၆၀၉
၉၆၈။ ငါ့ဆရာတည်း၊ ဤသူလည်း၊ စင်္ဂနည်းကိရိယာ ရှိလိမ့်နည်း ၆၀၉
၉၆၉။ အကုံသလည်း၊ နေတ္တိနည်း၊ ကြပ်တည်းဘယ်သို့ဖွင့်ပိမ့်နည်း ၆၁၀
၉၇၀။ ကောင်းကင်ခေတ်စည်း၊ ပြက်သတည်း၊ ကုနည်းဘယ်ခေတ်ရသနည်း ၆၁၀
၉၇၁။ ခြောက်နှစ်တွင်ခြည်း၊ မြင်းသွားမည်း၊ သွားတည်း ဘယ်သွားတို့ပေနည်း ၆၁၀
၉၇၂။ ငယ်ချိန်ကတည်း၊ လောင်းပွင့်စည်း၊ ခမည်းရှိခိုးဘယ်မျှနည်း ၆၁၀

"အည်း"ကာရန်ပုစ္ဆာ ၁၅-ပုဒ် ပြီး၏။

---

(၃၁) "အဉ်"ကာရန်ပုစ္ဆာ ၁၈-ပုဒ်

၉၇၃။ ဆင်းတုတင်ပျဉ်၊ ခွေသောလျဉ်၊ ဝိညာဉ်ဘုရားခွေလိမ့်နည်း ၆၁၁
၉၇၄။ ကုသကိုအဉ်၊ ပဘာကြဉ်၊ ကံလျှင်ပါကြောင်းဘယ်သို့နည်း ၆၁၂
၉၇၅။ နန္ဒမူလျှင်၊ စပ်ကာယှဉ်၊ မဉ္ဇူပင်ပေါင်းဘယ်မျှနည်း.... .... ၆၁၃
၉၇၆။ ဝမ်းတွင်းအောင်းစဉ်၊ ဝီထိယှဉ်၊ ပဋ္ဌဒွါရကျလိမ့်နည်း ၆၁၄
၉၇၇။ မဖွားမီစဉ်၊ ကုသိုလ်ယှဉ်၊ အယဉ်ဝမ်းတွင်းဖြစ်လိမ့်နည်း ၆၁၅
၉၇၈။ ဗောဓိပင်ပျဉ်၊ မြစ်နေရဉ်၊ အလျဉ်ဘယ်မျှကွာသနည်း ၆၁၅
၉၇၉။ ပစာယနယှဉ်၊ ကြီးသုံးစဉ်၊ တလျဉ်မဖြစ် ဘယ့်ကြောင့်နည်း ၆၁၆
၉၈၀။ ပဋ္ဌဝိညာဉ်၊ တဆယ်လျဉ်၊ ရုပ်စဉ်မပေးဘယ့်ကြောင့်နည်း ၆၁၆
၉၈၁။ နံ့သာကျောင်းယဉ်၊ ဆောက်စိုက်စဉ်၊ သဗ္ဗညုရောက်ဘယ်မျှနည်း ၆၁၆
၉၈၂။ မင်းစီးဆင်ယာဉ်၊ သင့်စီလျဉ်၊ ငါးစဉ်အင်္ဂါဘယ်သို့နည်း ၆၁၇
၉၈၃။ မင်းစီးမြင်းယာဉ်၊ အင်္ဂါယှဉ်၊ သုံးစဉ်ရှိ၏အဘယ်နည်း ၆၁၇
၉၈၄။ မြို့တန်ဆာစဉ်၊ ခုနစ်လျဉ်၊ ယှဉ်ရန်မည်သို့မည်ညာနည်း ၆၁၇
၉၈၅။ ရိမဒ်ပြည်ရှင်၊ သင့်စီလျဉ်၊ မင်းစဉ်ဉမျိုးဘယ်မျှနည်း ၆၁၇
၉၈၆။ တဂိုဏ်းနှင့်လျဉ်၊ ဇဂိုဏ်းယှဉ်၊ ခေါ်စဉ်ဘယ်ဂါထာတို့နည်း ၆၁၈
၉၈၇။ ဝိစယယှဉ်၊ ဟာရလျဉ်၊ ပဠာဝိစယဘယ်သို့နည်း ၆၁၈
၉၈၈။ လူပျိုနာစဉ်၊ ရိမယှဉ်၊ မချဉ်တမြစ်ဘယ်ဆေးနည်း ၆၁၈
၉၈၉။ ဘလက်ဆွဲစဉ်၊ ဆင်နှင့်ယှဉ်၊ တမျဉ်ဉပါယ်ဘယ်မင်းနည်း ၆၁၈
၉၉၀။ ကာလသုံးစဉ်၊ စပ်သုံးလျဉ်၊ ဝဲယဉ်စသည်ဘယ်သို့နည်း ၆၁၈

"အဉ်" ကာရန်ပုစ္ဆာ ၁၈-ပုဒ်ပြီး၏။

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	(၃၂) "အဠ်"ကာရန်ပုစ္ဆာ ၃-ပုဒ်	
၉၉၁။	စူဠနီတဠ်၊ နွဲခိုက်စဠ်၊ ရော့အဠ်ချော့သည် ဘယ်သူနည်း	၆၁၉
၉၉၂။	အစွန်းလျဠ်လျဠ်၊ နေ့နှင့်ညဠ်၊ ရှဠ်စာဘယ့်ကြောင့်ပေးသနည်း	၆၂၁
၉၉၃။	ဦးဆံလျဠ်လျဠ်၊ ထားမရဠ်၊ လျော်စဠ်ကုန်၏အဘယ်သူနည်း	၆၂၂
	"အဠ်" ကာရန်ပုစ္ဆာ ၃-ပုဒ်ပြီး၏။	
	(၃၃) "အဉ်း"ကာရန်ပုစ္ဆာ ၄-ပုဒ်	
၉၉၄။	တရားတော်မျဉ်း၊ ကုန်အောင်ချဉ်း၊ အကျဉ်းရေတွက်ဘယ်မျှနည်း	၆၂၂
၉၉၅။	ခေတ်ပစ္စည်းလျဉ်း၊ နှစ်ပါးချဉ်း၊ ပညတ်ဘယ်သူရသနည်း	၆၂၂
၉၉၆။	သူ့ကိုခိုင်းမျဉ်း၊ မကစဉ်း၊ ကံလျဉ်းတွန်းပစ်ဘယ်သူနည်း	၆၂၃
၉၉၇။	သားမြတ်ဖြန့်ညှဉ်း၊ ကောင်းကင်ကျဉ်း၊ အလျဉ်းဘယ်ဒေါသပေနည်း	၆၂၆
	"အဉ်း" ကာရန်ပုစ္ဆာ ၄-ပုဒ်ပြီး၏။	
	(၃၄) "အေ"ကာရန်ပုစ္ဆာ ၃၃-ပုဒ်	
၉၉၈။	ကိုယ်တော်အရေ၊ အဆင်းရွှေ၊ ထူးလေဘယ်ကောင်းမှုကြောင့်နည်း	၆၂၇
၉၉၉။	ဝိသေသ်ဝိသေ၊ ကိရိယာနေ၊ နှစ်ထွေကတ္တားကွဲချိမ့်နည်း	၆၂၃
၁၀၀၀။	သုဇာတာပေ၊ လှူဒါန်းလေ၊ ရွှေခွက်ဘယ်မျှဝင်သနည်း	၆၂၈
၁၀၀၁။	ပဋ္ဌဝေါကာရေ၊ ရုပ်ဘုံပေ၊ တစ္ဆေဘယ့်ကြောင့်မမြင်သနည်း	၆၂၉
၁၀၀၂။	နူးညံ့လက်ခြေ၊ သုံးလူ့ဆွေ၊ ပြုလေဘယ်ကုသိုလ်ကြောင့်နည်း....	၆၃၀
၁၀၀၃။	သင့်တင့်ရပ်နေ၊ ပေါင်းမိတ်ဆွေ၊ သည်နေဘယ်အနက်ဟောနည်း	၆၃၀
၁၀၀၄။	လေးအသခေျ၊ ဖြည့်၍နေ၊ သည်နေမှုကားမည်သို့နည်း	၆၃၀
၁၀၀၅။	ပြည်လက်ပြည်ခြေ၊ သည်နှစ်ထွေ၊ မြဲနေဘယ်သို့ဆိုပိမ့်နည်း	၆၃၁
၁၀၀၆။	ပြည်ဦးကင်းပေ၊ မှတ်ကြလေ၊ ခေါ်ထွေမည်ပုဂ္ဂိုလ်ပေနည်း	၆၃၁
၁၀၀၇။	ကေဝဋ္ဋောပေ၊ ပါဠ်ရှိလေ၊ သည်ကေဘယ်အနက်ဟောသနည်း	၆၃၁
၁၀၀၈။	ယောဂိနော ခေ၊သည်အနေ၊ယင်းခေဘယ်အနက်ဟောသနည်း....	၆၃၁
၁၀၀၉။	ဖွတ်သားစားစေ၊ ချမ်းသာပေ၊ စွဲလေဘယ်အနာတို့နည်း	၆၃၂
၁၀၁၀။	မိုးသံကြားလေ၊ ဗျိုင်းသန္ဓေ၊ နေ၏မိုးကိုတပ်လိမ့်နည်း	၆၃၂
၁၀၁၁။	မြစ်ချင်းပြီးစေ၊ စမြင်းကြေ၊ ပေးလေဘယ်ဆေးမြစ်တို့နည်း	၆၃၃
၁၀၁၂။	ပြောင်ပြောင်သံမြေ၊ နင်းရချေ၊ ပြုလေဘယ်မကော_င်းကျိုးနည်း	၆၃၃
၁၀၁၃။	တိုခြင်းသုံးထွေ၊ မြင်းကောင်းပေ၊ ထိခေစသုံးပါးအဘယ်နည်း	၆၃၃
၁၀၁၄။	ပုထုဇဉ်ပေ၊ ရဟန်းသေ၊ စေတီထိုက်ပါလေလိမ့်နည်း	၆၃၄
၁၀၁၅။	ဒုတိယနေ၊ ဠတ္တိန္ဓြေ၊ စွဲလေဘယ်တရားတို့နည်း	၆၃၄
၁၀၁၆။	စတုတ္ထပေ၊ နယနေ၊ သုခိန္ဒြေစွဲဘယ်သို့နည်း	၆၃၅
၁၀၁၇။	ငါးဦးခေါင်းနေ၊ ဖြစ်တုံလေ၊ ဆိုထွေပုလဲမည်သို့နည်း	၆၃၅

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၀၁၈။	သူ့သက်သတ်လေ၊ ကံအနေ၊ ဘယ်ဝေဒနာယှဉ်လိမ့်နည်း .... , ...	၆၃၅
၁၀၁၉။	ဆယ့်ခြောက်သခေ်၊ ပွင့်ဝှံလေ၊ တွက်ရေဘုရားဘယ်မျှနည်း	၆၃၅
၁၀၂၀။	ငရုတ်နံ့ပေ၊ ဆတ်ဆတ်ချေ၊ ရလေမိန်းမ မည်သူနည်း	၆၄၁
၁၀၂၁။	ကိုးသည့်သင်္ချေ၊ ရစ်လိစ်ခွေ၊ ရေးလေကျောက်စာမည်သို့နည်း....	၆၄၃
၁၀၂၂။	ခုနစ်တထွေ၊ ထိပ်တွင်နေ၊ ခေါ်ထွေမည်သို့ ဖတ်ပိမ့်နည်း	၆၄၃
၁၀၂၃။	ငါးခုသေခွေ၊ အောက်ဆွဲလေ၊ ထူးထွေမည်သို့ဆိုမည်နည်း	၆၄၃
၁၀၂၄။	ပိုးမရှိသေ၊ လှေပျက်လေ၊ လှေရှင်ဘယ်မျှလျော်စိမ့်နည်း	၆၄၃
၁၀၂၅။	သူ့ကျွန်နှင့်နေ၊ ကျွန်ခံလေ၊ ကျွန်သေခံသူလွတ်လိမ့်နည်း	၆၄၃
၁၀၂၆။	သူ့ကြွက်ဝက်သေ၊ သတ်မိချေ၊ ငွေစင်ဘယ်မျှလျော်ထိုးနည်း	၆၄၃
၁၀၂၇။	စည်းမရှိပေ၊ နွားစားလေ၊ လျော်ငွေဘယ်မျှတပ်မည်နည်း	၆၄၄
၁၁၂၈။	ဟာရအနေ၊ ဆယ့်ခြောက်ထွေ၊ ဒေသနာဟာရဘယ်သို့နည်း	၆၄၄
၁၀၂၉။	တေဇောဓာတ်ခြေ၊ ပျက်တုံလေ၊ သေချိန်မည်သို့ညွှန်မည်နည်း....	၆၄၄
၁၀၃၀။	ပူး၍ဆင်စနေ၊ လက်ဝဲခြေ၊ ယွင်းသေ့မြွေခဲမည်သို့နည်း	၆၄၄

"အေ"ကာရန်ပုစ္ဆာ ၃၃-ပုဒ်ပြီး၏။

---

(၃၅) "အော့"ကာရန်ပုစ္ဆာ ၁၆-ပုဒ်

၁၁၃၁။	ဘုရားဟော၍၊ တို့ဘုန်းဟော့၊ မေ့လျော့မယူဘယ်ဇာတ်နည်း	၆၄၇
၁၀၃၂။	မမြင်မတွေ့၊ လွန်သိမ်မွေ့၊ ကံငွေ့မဟုတ်အဘယ်နည်း	၆၅၁
၁၀၃၃။	ကြောင်မိန်ဝက်လေ့၊ သိသာ၍၊ စေ့ခေါ်ဆင်မှာ ဘယ့်ကြောင့်နည်း	၆၅၁
၁၀၃၄။	ဂူတလုံးတွေ့၊ ပေါင်းယှဉ်၍၊ ခြသေ့မင်းချင်းနေလိမ့်နည်း	၆၅၁
၁၀၃၅။	ဆယ့်ခုနစ်ရွှေ၊ သက်မစေ့၊ စုတေ့သည့်ရုပ်ဘယ်မျှနည်း	၆၅၂
၁၀၃၆။	မဂ်ဖိုလ်ရ၍၊ မသိမ်မွေ့၊ လကာ်တွေ့သတ်သူဘယ့်လောက်နည်း	၆၅၂
၁၀၃၇။	အနရတော်မြွေ၊ လွန်သိမ်မွေ့၊ ဘုန်းဟော့ဘယ်ကောင်းမှုကြောင့်နည်း	၆၅၃
၁၀၃၈။	သွားတော်သိမ်မွေ့၊ လေးဆယ်စေ့၊ ချမ်းမြွေ့ဘယ်ကုသိုလ်ပေနည်း	၆၅၃
၁၀၃၉။	ကိုယ်တော်ခြသေ့၊ ထက်ဝက်ရွှေ၊ ကယ်၍တူ၏ဘယ့်ကြောင့်နည်း	၆၅၄
၁၁၄၀။	တံခါးပိတ်၍၊ တောထွက်လေ့၊ စေ့မြွေ့ဘယ်ကိရိယာနည်း	၆၅၄
၁၀၄၁။	တသွာရွှေ၊ ဟိတ်နှင့်တွေ့၊ ထူးချွဲအနက်နေ့လိမ့်နည်း	၆၅၄
၁၀၄၂။	မြေဓာတ်ယွင်း၍၊ ပျက်ခလေ့၊ သေနေ့ဘယ်မျှခန့်ပေနည်း	၆၅၅
၁၀၄၃။	နားတော်ပြကတေ့၊ မြွတ်ဘုန်းဟော့၊ ဘယ်ရွှေ့ကြားတော်မူလိမ့်နည်း	၆၅၅
၁၀၄၄။	လူနှင့်ခြသေ့၊ အိမ်ထောင်၍၊ ချောမြွေ့ရင်သွေးဘယ်မျှနည်း	၆၅၅
၁၀၄၅။	ဘီလူးနှင့်တွေ့၊ အိမ်ထောင်စေ့၊ ဘုန်းဟော့ဘယ်မင်းပေတို့နည်း	၆၅၅
၁၀၄၆။	ကူးတို့စီး၍၊ ပါးပုတ်တွေ့၊ ရသေ့ဘယ်မင်းဆရာနည်း	၆၅၆

"အော့"ကာရန်ပုစ္ဆာ ၁၆-ပုဒ်ပြီး၏။

ဦးရေ အကြောင်းအရာ စာမျက်နှာ

(၃၆) "အေး"ကာရန်ပုဒ္ဓာ ၁၆-ပုဒ်

၁၀၄၇။ သစ္စာပွင့်မွှေး၊ ညောင်ရိပ်အေး၊ ခက်သေးခက်မဘယ့်လောက်နည်း ၆၅၆
၁၀၄၈။ ဇမ္ဗူမှာဒွေး၊ ရာမှာဒေး၊ နက်လေးဓိပ္ပာယ်မည်သို့နည်း ၆၅၇
၁၀၄၉။ သမင်မမြေး။ ဘုန်းပျံ့မွှေး၊ ပြည်ရေးသုတ်သင်ဘယ်မင်းနည်း ၆၅၈
၁၀၅၀။ ယုန်ချိုလိပ်မွှေး၊ ပုစွန်သွေး၊ ခေါ်နေးဘယ်ဥပမာနည်း ၆၅၈
၁၀၅၁။ ကုသကိုရွှေး၊ သိကြားပေး၊ နက်လေးပတ္တမြားဘယ်မှာနည်း ၆၅၈
၁၀၅၂။ ဧကီသားမွှေး၊ မျှင်သေးသေး၊ ဆိုရေးဘယ့်လောက်နုသနည်း ၆၅၉
၁၀၅၃။ သုဒ္ဓနွှရေး၊ ခေါက်မျှမေး၊ ရုပ်သေးဘယ်မျှရှိသနည်း ၆၅၉
၁၀၅၄။ ဝိဇယရှေး၊ သီဟိုဠ်ကျေး၊ စည်းဝေးလူနေရှိလိမ့်နည်း ၆၅၉
၁၀၅၅။ စစ်ခေါင်မြေဝေး၊ ချီလေသေး၊ သည်ဝေးဘယ်အနက်ဟောနည်း ၆၆၀
၁၀၅၆။ မနော့မှုမွှေး၊ ပြစ်ခြည်ဝေး၊ သည်ဝေးမှုကားဘယ်သို့နည်း ၆၆၀
၁၀၅၇။ သံသရာဝေး၊ ယခင်ရှေး၊ သည့်ပေးထူးဓါဘယ့်နှယ်နည်း ၆၆၀
၁၀၅၈။ စံပယ်ဖြူမွှေး၊ စကားသေး၊ သည်သေးဘယ်အနက်ဟောနည်း ၆၆၀
၁၀၅၉။ ရဲသူသက်ပေး၊ မစုံသေး၊ သေးချင်းဘယ်သို့ကွဲသနည်း ၆၆၀
၁၀၆၀။ နေ့ခြည်ရောင်ပြေး၊ စာစပ်ရေး၊ နက်လေးချိုးမည်သို့နည်း ၆၆၀
၁၀၆၁။ ကိုယ်လုံးရုပ်ထွေး၊ လုံအမွှေး၊ ခံနေးပြိဿာဘယ့်ကြောင့်နည်း ၆၆၁
၁၀၆၂။ မုသားဆိုရေး၊ အပြစ်လေး၊ ယှဉ်ထွေးဘယ်ဝေဒနာနည်း ၆၆၁

"အေး"ကာရန်ပုဒ္ဓာ ၁၆-ပုဒ်ပြီး၏။

---

(၃၇) "အက်"ကာရန်ပုဒ္ဓာ ၃ ပုဒ်

၁၀၆၃။ ငါးကွမ်းစားထွက်၊ ဓာတ်တော်ခွက်၊ လက်လက်ဘယ်ရွှေရောင်တို့နည်း ၆၆၁
၁၀၆၄။ မြို့ကြီးတည်လျက်၊ သုံးကျွန်းထက်၊ ရေတွက်မြို့ပေါင်းဘယ်မျှနည်း ၆၆၃
၁၀၆၅။ ကျွန်းသုံးကျွန်းထက်၊ ကည်ကြလျက်၊ ကျေးသက်ခရိုင်ဘယ်မျှနည်း ၆၆၃

"အက်"ကာရန်ပုဒ္ဓာ ၃-ပုဒ်ပြီး၏။

---

(၃၈) "အောက်"ကာရန်ပုဒ္ဓာ ၃-ပုဒ်

၁၀၆၆။ သုဘာကိစ်အောက်၊ ရေတောင်ပေါက်၊ ရေထောက်ကမ္ဘာဘယ်မျှနည်း ၆၆၃
၁၀၆၇။ ပုလဲရောင်ပေါက်၊ ဓာတ်တော်တောက်၊ အံ့လောက်ဘယ်ပုလဲသို့နည်း ၆၆၄
၁၀၆၈။ ပုလဲအတောက်၊ ရှစ်ပါးလောက်၊ မြားမြောက်မည်သည် မည်သည်နည်း ၆၆၄

"အောက်"ကာရန်ပုဒ္ဓာ ၃-ပုဒ်ပြီး၏။

စွယ်စုံကျော်ထင်ကျမ်း

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

(၃၉) "အိုက်"ကာရန်ပုစ္ဆာ ၃-ပုဒ်

၁၀၆၉။ စကြဝဠာတိုက်၊ တပါး၌၊ ရောင်မြိုက်စေတီ တည်လိမ့်နည်း ၆၆၄
၁၀၇၀။ မြင်းမိုရ်တောင်၌၊ တွက်ခန့်လိုက်၊ ရထိုက်မြှုငယ်ဘယ်မျှနည်း ၆၆၅
၁၀၇၁။ နဂါးသိမ်းပိုက်၊ စွယ်တော်၌၊ ရောင်မြိုက်စေတီ တည်လိမ့်နည်း.... .... ၆၆၅

"အိုက်"ကာရန်ပုစ္ဆာ ၃-ပုဒ်ပြီး၏။

---

(၄၀) "အင်"ကာရန်ပုစ္ဆာ ၅-ပုဒ်

၁၀၇၂။ ဘုရားသခင်၊ အပ်တော်လျှင်၊ ဘယ်တွင်ဘယ်သူလှူသနည်း ၆၆၅
၁၀၇၃။ အပ်ကျည်နှင့်ပင်၊ တို့ချစ်ရှင်၊၊အပ်လူ့င်ဆောင်တို့လေ လိမ့်နည်း.... .... ၆၆၅
၁၀၇၄။ ယခုတုံစင်၊ ထိုအပ်လျှင်၊ ဘယ်တွင်ဘယ်သူသိမ်းလိမ့်နည်း ၆၆၆
၁၀၇၅။ သီဟိုဠ်ကျွန်းခွင်၊ စွယ်တော်ရှင်၊ ဘယ်တွင်ဌာပနာလေလိမ့်နည်း ၆၆၆
၁၀၇၆။ ဇမ္ဗူဒိပ်တွင်၊ တို့ချစ်ရှင်၊ ဈာန်ဝင်ဌာနဘယ့်လောက်နည်း ၆၆၆

"အင်"ကာရန်ပုစ္ဆာ ၅-ပုဒ်ပြီး၏။

---

(၄၁) "အင့်"ကာရန်ပုစ္ဆာ ၃-ပုဒ်

၁၀၇၇။ သိကြားနေခွင့်၊ ဝေယန်မြင့်၊ ဘုံဆင့်ဘယ်မျှရှိသနည်း ၆၆၆
၁၀၇၈။ ဗောဓိပင်မြင့်၊ သီဟိုဠ်နှင့်၊ အချင့်တာကွာ ဘယ်မျှနည်း ၆၆၇
၁၀၇၉။ လူနတ်လှူခွင့်၊ တို့ဘုန်းမြင့်၊ ရလင့်သက်န်း ဘယ်မျှနည်း ၆၆၇

"အင့်"ကာရန်ပုစ္ဆာ ၃-ပုဒ်ပြီး၏။

---

(၄၂) "အင်း"ကာရန်ပုစ္ဆာ ၃-ပုဒ်

၁၀၈၀။ ပဉ္စာပြည်တွင်း၊ ကိုးကွယ်လျှင်း၊ ရှင်ရင်းသုံးဆောင် ဘယ်သည်နည်း ၆၆၈
၁၀၈၁။ ခါးပန်းတော်ရင်း၊ နီဝင်းဝင်း၊ အကွင်းရှိတို့လေလိမ့်နည်း ၆၆၈
၁၀၈၂။ သုံးလူ့သေဌ်နင်း၊ မြေအခင်း၊ သိမ်တွင်းဘယ်ပြည်ရှိလိမ့်နည်း.... — ၆၆၈

"အင်း"ကာရန်ပုစ္ဆာ ၃-ပုဒ်ပြီး၏။

---

(၄၃) "အောင်"ကာရန်ပုစ္ဆာ ၃-ပုဒ်

၁၀၈၃။ ဘုရားဘုန်းခေါင်၊ လက်သုံးဆောင်၊ တောင်ဝှေးလုံးလျား ဘယ်မျှနည်း ၆၆၉
၁၀၈၄။ ရှစ်သောင်းလေးထောင်၊ ကျမ်းကုန်အောင်၊ တွက်ဆောင်အက္ခရာ
ဘယ်မျှနည်း ၆၆၉
၁၀၈၅။ စွယ်တော်ပြောင်ပြောင်၊ လေးချောင်းဆောင်၊ ထူးရောင်မရှိ ညီပိမ့်နည်း.... ၆၇၀

"အောင်"ကာရန်ပုစ္ဆာ ၃-ပုဒ်ပြီး၏။

ဦးရေ အကြောင်းအရာ စာမျက်နှာ

(၄၄) "အောင့်" ကာရန်ပုဒ္ဓာ ၃-ပုဒ်

၁၀၈၆။ ကောင်းခြင်းမနှောင့်၊ ယှင်းမထောင့်၊ ဖြောင့်ဖြောင့်စွယ်တော် များလိမ့်နည်း ၆၇၀
၁၀၈၇။ စိုးရိမ်မဖြောင့်၊ စိတ်စက်နှောင့်၊ ကြောင့်ကြတရားကိုယ် ဘယ်သည်နည်း ၆၇၀
၁၀၈၈။ နေ့တိုင်းမှောင့်ရောင့်၊ ငါးစင်းခြောင့်၊ ဖနှောင့်ဘယ်တွင် ဟောသနည်း ၆၇၀

"အောင့်" ကာရန်ပုဒ္ဓာ ၃-ပုဒ် ပြီး၏။

(၄၅) "အောင်း" ကာရန်ပုဒ္ဓာ ၃-ပုဒ်

၁၀၈၉။ ချစ်ရှင်အလောင်း၊ သင်္ဂြိုဟ်ရှောင်း၊ အပေါင်းစည်းဝေး ဘယ်မျှနည်း ၆၇၁
၁၀၉၀။ လေးကျွန်းတည်ရှောင်း၊ ဤမြေကောင်း၊ မြူပေါင်းလိုက္ခာ မည်မျှနည်း ၆၇၁
၁၀၉၁။ ယင်းတွင်အကြောင်း၊ ရေတွက်ရှောင်း၊ ရွေးပေါင်းဤမြေ ဘယ်မျှနည်း ၆၇၁

"အောင်း" ကာရန်ပုဒ္ဓာ ၃-ပုဒ် ပြီး၏။

(၄၆) "အိုင်" ကာရန်ပုဒ္ဓာ ၄-ပုဒ်

၁၀၉၂။ မပိတ်ပင်နိုင်၊ ဂုဏ်လေးဆိုင်၊ ကျမ်းခိုင်လာ၏ မည်သို့နည်း ၆၇၁
၁၀၉၃။ ရဟန်းမြတ်ပိုင်၊ တရားလှိုင်၊ ဘုန်းခိုင်ဘယ်သို့ ဟောသနည်း ၆၇၂
၁၀၉၄။ စကြာမင်းပိုင်၊ စောဘုန်းခိုင်၊ ဖြစ်တိုင်ဇာတ်ပေါင်း ဘယ်မျှနည်း ၆၇၂
၁၀၉၅။ စို့သက်တံမြိုင်၊ ထက်အောက်ပြိုင်၊ ညဉ့်တိုင်ဘယ့်ကြောင့် မပေါ်သနည်း ၆၇၂

"အိုင်" ကာရန်ပုဒ္ဓာ ၄-ပုဒ် ပြီး၏။

(၄၇) "အိုင့်"ကာရန်ပုဒ္ဓာ ၁-ပုဒ်

၁၀၉၆။ ကိုယ်လုံးဖိုင့်ဖိုင့်၊ ခပ်အိုင့်အိုင့်၊ ချိုင့်ဝှမ်းဆုကြိုက် မည်သူနည်း ၆၇၂

"အိုင့်" ကာရန်ပုဒ္ဓာ ၁-ပုဒ် ပြီး၏။

(၄၈) "အိုင်း" ကာရန်ပုဒ္ဓာ ၃-ပုဒ်

၁၀၉၇။ မိုးညိုပြိုင်းပြိုင်း၊ အုံ့ကာမှိုင်း၊ အုံ့တိုင်းရွာတို့လေလိမ့်နည်း ၆၇၂
၁၀၉၈။ ငရဲသို့ပိုင်း၊ ပတ်ရစ်သိုင်း၊ မုန်တိုင်းလာတို့လေလိမ့်နည်း ၆၇၃
၁၀၉၉။ မြင်းမိုရ်ရှိတိုင်း၊ တည့်ဝိုက်သိုင်း၊ ရွှေဆိုင်းဘယ်မျှကုန်သနည်း ၆၇၃

"အိုင်း" ကာရန်ပုဒ္ဓာ ၃-ပုဒ် ပြီး၏။

(၄၉) "ဒ.စ်" ကာရန်ပုဒ္ဓာ ၄-ပုဒ်

၁၁၀၀။ သုံးလူ့မျက်နှစ်၊ ကိုရှင်ချစ်၊ ဟောလစ်ဂါထာ ဘယ်မျှနည်း ၆၇၃
၁၁၀၁။ လက်ယာရံဖြစ်၊ မယေရံစစ်၊ ဖွားလစ် ဘယ်နေ့သွားပေနည်း ၆၇၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၁၀၂။	ဖွားဘက်တော်စစ်၊ ပေါင်းခုနစ်၊ ဖွဲ့လစ်ဇာတာတူချိမ့်နည်း	၆၇၃
၁၁၀၃။	ဒွါဒသဖြစ်၊ ဧးချင်းစစ်၊ ဆယ့်နှစ်သိုက်စာ အဘယ်နည်း	၆၇၄

"အစ်" ကာရန်ပုစ္ဆာ ၄-ပုဒ် ပြီး၏။

(၅၀) "အို" ကာရန်ပုစ္ဆာ ၃-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၁၀၄။	လေဗွေဒိုးလို၊ မှိုင်းညိုညို၊ ညဉ့်ကိုဘယ့်ကြောင့်မလာသနည်း	၆၇၄
၁၁၀၅။	သောဏအဇေရ်ပျို၊ ပုဂ္ဂိုလ်ကို၊ မိန့်ဆိုဘယ်တေဒဂ်နည်း	၆၇၄
၁၁၀၆။	ဒေါဏခေါ်ဆို၊ ပုဏ္ဏားအို၊ မင်ဖိုလ်ရပါလေ‌လိမ့်နည်း	၆၇၅

"အို" ကာရန်ပုစ္ဆာ ၃ ပုဒ် ပြီး၏။

(၅၁) "အို့" ကာရန်ပုစ္ဆာ ၂-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၁၀၇။	ငွေရွှေက်နိုစို့၊ ပွင့်တချို၊ ညို့ညို့ ကြေးနီ ဘယ်မျှနည်း	၆၇၅
၁၁၀၈။	သဏ္ဍာန်ပိုပို၊ ပဲနောက်သို့၊ ဘုန်းပျိုခတ်တော် ဘယ်မျှနည်း	၆၇၅

"အို့" ကာရန်ပုစ္ဆာ ၂-ပုဒ် ပြီး၏။

(၅၂) "အိုး" ကာရန်ပုစ္ဆာ ၉-ပုဒ်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၁၀၉။	မုန်ညင်းဆန်ကျိုး၊ ခတ်တော်မျိုး၊ တွက်ရိုးဘယ်ပြည်ကွမ်းစားနည်း	၆၇၆
၁၁၁၀။	သဒ္ဒါတက်တိုး၊ ကြည်ညိုမျိုး၊ ဘုန်းပျိုး ဘယ်ပုဂ္ဂိုလ်ပေနည်း	၆၇၆
၁၁၁၁။	လာဘ်သပ်ပြည့်ဖြိုး၊ ဘုန်းကံတိုး၊ ဖွားရိုးမဖွား ဘယ်သူနည်း	၆၇၇
၁၁၁၂။	နာရီခွက်မျိုး၊ ရေဝင်လျှိုး၊ ဖောက်ထိုး ဘယ်ဆံခန့်ပေနည်း	၆၈၀
၁၁၁၃။	နာရီချိန်နှိုး၊ ခွက်အမျိုး၊ လုပ်မြိုးဆံ‌ေင် ဘယ်မျှနည်း	၆၈၀
၁၁၁၄။	ရာ့တပါးတိုး၊ လူအမျိုး၊ ဆိုရိုး ဘယ်ကျမ်းလာသနည်း	၆၈၀
၁၁၁၅။	ဗောဓိသိုတိုး၊ ခတ်တော်မျိုး၊ ကြရိုးဘယ်ခတ်အလျင်နည်း	၆၈၁
၁၁၁၆။	မကွဲမကျိုး၊ ခတ်တော်မျိုး၊ ခေါ်ရိုး ဘယ်ခတ်တော်တို့နည်း	၆၈၁
၁၁၁၇။	လူနတ် ကွယ်ကိုး၊ စေဘုန်းဖြိုး၊ တိုင်းရိုးလုံးပတ် ဘယ်မျှနည်း	၆၈၂

"အိုး" ကာရန်ပုစ္ဆာ ၉ ပုဒ် ပြီး၏။

စွယ်စုံကျော်ထင် အမည်ရှိသော ပုစ္ဆာကျမ်း၌ သဒ္ဒဝိသေသ အတ္ထဝိသေသ စေကောင်းသော သံကွဲ ကြောင်းကွဲ၊ ပုစ္ဆာသတ်ပုံတို့ကို အကျဉ်းအားဖြင့် ပြဆိုရဖြစ်သော အဖြေကျမ်း၏ ပုစ္ဆာ စဉ် မာတိကာကောက်နုတ်ချက်ကား ဤတွင်ရွေ ပြီးပြည့်စုံပြီ။

စွယ်စုံကျော်ထင် အဖြေကျမ်း

ပုစ္ဆာစဉ်ကား ဤတွင်ရွေ ပြီး၏။

ခွယ်ခံကျော်ထင်ပုစ္ဆာကျမ်း

အောက်ပါပုစ္ဆာတို့ကား အပင့်အရစ် အသတ်ပညတ် မှန်ကန်ရုံမျှသာ စီကုံးရေးသားထားသော ပုစ္ဆာစုသက်သက်ဖြစ်၍ အနက်အဓိပ္ပာယ် ဖြေဆိုဖွယ် မရှိသောကြောင့် ရွှေတောင်ဆရာတော်ဘုရား ဖြေဆိုတော်မမူလေ။ ယင်းသို့ မဖြေဆိုငြားသော်လည်း ရေးသားရင်းပုစ္ဆာ သတ်ပုံအလုံးစုံတို့ကို အကုန်မှတ်သားလိုသူတို့၏ အကျိုးငှာ စီစဉ်၍ ထားလိုက်ပါသတည်း။

(၅၃) သံတူကြောင်းကွဲ "အယ်"ကာရန်ပုစ္ဆာ ၂၅-ပုဒ်

၁။ တကယ် ဆယ်ကယ်၊ ခြောက်ရောင်ကယ်၊ ကယ်ခြင်းမည့်သို့ခြားသနည်း
၂။ မိုင်းကယ် မောကယ်၊ မြက်သက်ကယ်၊ ဝမ်းကယ်ဘယ်သို့ ကွဲသနည်း
၃။ နက်ကျယ် လူကျယ်၊ ပညာကျယ်၊ နကျယ်ဘယ်သို့ထူးသနည်း
၄။ ဆန်းကြယ် စင်ကြယ်၊ သောကြာကြယ်၊ ပုဗ္ဗကြယ် ဘယ်အနက်ဟောနည်း
၅။ ကိုးကွယ် ပုန်းကွယ်၊ လူငကွယ်၊ ဝှက်ကွယ် လကွယ် မည်သို့နည်း
၆။ သူကြွယ် ဘုန်းကြွယ်၊ လူငကြွယ်၊ ဝါကြွယ်လူးပေါက် ဘယ့်နှယ်နည်း
၇။ ဆေးစုံလည်းခြယ်၊ မျက်စုံခြယ်၊ ချုပ်ချယ်ကွဲကြောင်း ဘယ်သို့နည်း
၈။ လူငယ် သိမ်ငယ်၊ အရှိန်ငယ်၊ ဘယ့်နှယ်ငယ်ချင်းခြားသနည်း
၉။ မုရင်းတံစယ်၊ ရွာတံစယ်၊ စယ်ချင်းဘူး၏ မည်သို့နည်း....
၁၀။ ဆင်စွယ် ဉာဏ်စွယ်၊ ကံအစွယ်၊ မင်းစွယ်မင်းသွား ဘယ်သို့နည်း
၁၁။ တဆယ် နှစ်ဆယ်၊ တွင်းချေးဆယ်၊ ကယ်ဆယ်မည်သို့ ကွဲသနည်း
၁၂။ လူ တေင့်တယ်၊ မတင့်တယ်၊ တယ်ချင်း မည်သို့ထူးသနည်း
၁၃။ ငြိတွယ် ကျိန်တွယ်၊ မျှော့နှင့်တွယ်၊ တာတွယ် ကတွယ် ဘယ်သို့နည်း
၁၄။ နွမ်းနယ် နုနယ်၊ ဟင်းနုနွယ်၊ ရွာတနယ် ဆီဆုံနယ်မည်သို့နည်း
၁၅။ ဥပါယ် ပစ်ပယ်၊ လေးရပ်ပါယ်၊ တံ့ပယ် နယ်ပယ် ဘယ့်နှယ်နည်း
၁၆။ မဖွယ် ကြောက်ဖွယ်၊ အံ့ဩဖွယ်၊ ငွေဖွယ် ဖွယ်တယ် မည်သို့နည်း
၁၇။ ယိုးမယ် မွေးမယ်၊ ရှင်မိမယ်၊ မယ်ကြီး မယ်နမည်သို့နည်း
၁၈။ ပြုံးရယ် ဒရယ်၊ အန္တရယ်၊ ရယ်ခြင်းဘယ်သို့ ခြားသနည်း
၁၉။ ပျိုရွယ် ရည်ရွယ်၊ ပစ်မည်ရွယ်၊ ရွယ်တန်သမား မည်သို့နည်း
၂၀။ ပွဲလယ် ဖလှယ်၊ လူကလယ်၊ ပင်လယ် လယ်ယာ ဘယ်သို့နည်း
၂၁။ စလွယ် သိလွယ်၊ ထုပ်ပိုးလွယ်၊ လွယ်တကူ မလွယ်ပေါက် ဘယ့်နှယ်နည်း။
၂၂။ ရောင်းဝယ် သွယ်ဝယ်၊ လူဒဝယ်၊ တောင်ဒဝယ်ဆောင်မည်သို့နည်း
၂၃။ မြောင်းသွယ် ကြိုးသွယ်၊ မြီးတံသွယ်၊ ကုန်သွယ် သွယ်ဝယ်မည်သို့နည်း
၂၄။ ဖယ် လှယ်ဖယ်၊ တွန်းလိုက်ဖယ်၊ ဖယ်ချင်း ဘယ်သို့ကွဲသနည်း
၂၅။ သတ္တာဒါပေါ်ယယ်၊ ဖြင်ပေါ်ယယ်၊ ပရိယာယ် မည်သို့ထူးသနည်း

သံတူကြောင်းကွဲ "အယ်"ကာရန်ပုစ္ဆာ ၂၅-ပုဒ်ပြီး၏

(၅၄) သံတူ ကြောင်းကွဲ "အဲ"ကာရန်ပုစ္ဆာ ၃၂-ပုဒ်

၂၆။ လူကဲ ငွေကဲ၊ ဘုန်းတော်ကဲ၊ ဆင်ကဲ တံကဲ မည်သို့နည်း
၂၇။ နေပူကျဲကျဲ၊ သွားကျဲကျဲ၊ မျိုးကြဲစွန့်ကြဲ ဘယ့်နှယ်နည်း
၂၈။ အက်ကွဲ ဘော်ကွဲ၊ သက်နီးကွဲ၊ ဝမ်းကွဲ နည်းကွဲ ဘယ်သို့နည်း
၂၉။ ရွှေခဲ ကျောက်ခဲ၊ အံသွားခဲ၊ ခေါင်းခဲ ခဲမ မည်သို့နည်း
၃၀။ ခက်ခဲ ကျိတ်ခဲ၊ အဆီခဲ၊ တစ်ခဲ နှစ်ခဲ အသို့နည်း
၃၁။ သင်းခွဲ ထင်းခွဲ၊ တတင်းခွဲ၊ ပစ်ခွဲ ခွဲခြမ်း မည်သို့နည်း
၃၂။ ကရဲကစဲ၊ သွားကျဲစဲ၊ ဝင်မစဲ စဲခို မည်သို့နည်း
၃၃။ စိတ်စွဲ ပျပ်စွဲ၊ ကွမ်းသွေးစွဲ၊ တပ်စွဲ ပျားစွဲ ဘယ်သို့နည်း
၃၄။ သွားမည်ဆဲဆဲ၊ ခုကြံဆဲ၊ ဆဲရေး မည်သို့ခြားသနည်း
၃၅။ လွန်ဆွဲ နောက်ဆွဲ၊ တွဲလွဲဆွဲ၊ လင်းမြီးဆွဲငှက် မည်သို့နည်း
၃၆။ မြို့သောက္ကတဲ၊ ညှော်သည်တဲ၊ ထန်းကော်တဲ သွေးခြည်တဲ ဘယ်သို့နည်း
၃၇။ ယှဉ်တွဲ ဆိုင်းတွဲ၊ တပို့တွဲ၊ အင်တွဲ သင်းတွဲ မည်သို့နည်း
၃၈။ ပိုက်နွဲ ယိမ်းနွဲ၊ လည်ချင်းနွဲ၊ ခါးနွဲ မည်သို့ထူးသနည်း
၃၉။ သေးသေးဖွဲဖွဲ၊ စပါးဖွဲ၊ နှင်းဖွဲ ဘယ်အနက်ဟောနည်း
၄၀။ မိုက်မဲ မောင်းမဲ၊ ထင်းထင်းမဲ၊ အမဲ မဲဇလီ ဘယ်သို့နည်း
၄၁။ မမြဲ မြင့်မြဲ၊ ဆားပျားမြဲ၊ ဖြစ်မြဲ ပျက်မြဲ မည်သို့နည်း
၄၂။ လူရဲ ငရဲ၊ မရောင့်ရဲ၊ မီးရဲရဲ သရဲဘယ့် နှယ်နည်း
၄၃။ အံ့အားသရဲ၊ နီရဲရဲ၊ သူရဲခို ဘယ်သို့ထူးသနည်း
၄၄။ မိန်းမမိရွှဲ၊ ကျောက်မျက်ရွှဲ၊ လည်ရွှဲ ရွှဲလုံးမည်သို့နည်း
၄၅။ ပေါက်လဲ ပုလဲ၊ ပင်းတလဲ၊ သလဲ တင်လဲ ဘယ်သို့နည်း
၄၆။ လက်ဝဲ ပျံဝဲ၊ ရေယာဉ်ဝဲ၊ ခုန်ဝဲ ဝဲပျံ ဘယ့်နှယ်နည်း
၄၇။ ခါသာပိတ်ဖဲ၊ ရှိုက်သည့်ဖဲ့၊ ရှောင်ဖဲ ကြည်ဖဲ မည်သို့နည်း
၄၈။ မိုးပြဲ ပေါက်ပြဲ၊ လူငပြဲ ပြောင်ပြဲ ပြဲပြဲစင် ဘယ်သို့နည်း
၄၉။ မျိုးပဲ ဖြင်ပဲ ငွေတပဲ ဝမ်းပဲ ပဲကြီး မည်သို့နည်း
၅၀။ အံ့အဲ အိမ်းအဲ၊ လူတွေအဲ၊ ဖအဲ အဲချင်းဘယ်သို့နည်း
၅၁။ ဖယ်လွဲ ကန်လွဲ၊ ပုခက်လွဲ လွဲချင်း မျှောက်လွဲကျော် မည်သို့နည်း
၅၂။ ဘုန်းကြီးပြန်ပွဲ၊ ထမင်းပွဲ၊ ဆိပ်ပွဲ ပွဲစား ဘယ့်နှယ်နည်း။
၅၃။ မိန်းမမိရွှဲ၊ စိုလို့ရွှဲ၊ ရွှဲလို့ကျစ့် မည်သို့နည်း
၅၄။ ခုံညင်းလည်းကဲ၊ ကူတို့ကဲ၊ လှန်ကဲ ထူးကဲ ဘယ်သို့နည်း
၅၅။ တေမွဲ ညစ်မွဲ၊ ဖရုံမွဲ၊ ကျမ်းငမွဲ ဟင်းခါးလက်မွဲ မည်သို့နည်း
၅၆။ ဆုတ်ရှဲ ရှောင်ရှဲ၊ ဝေးဝေးဍဲ၊ အတွင်းဍဲ ပြင်ရှဲ ဘယ်သို့နည်း
၅၇။ ကလူကလဲ၊ လူစဉ်းလဲ၊ အော်လဲ လဲလူ မည့်သို့နည်း

သံတူကြောင်းကွဲ "အဲ" ကာရန်ပုစ္ဆာ ၃၂-ပုဒ် ပြီး၏။

(၅၅) သံတူကြောင်းကွဲ "အုံ"ကာရန် ပုစ္ဆာ ၁၆-ပုဒ်

၅၈။ သရဏဂုံ၊ ကောဏာဂုံ၊ ရဂုံ အာဂုံ ဘယ်သို့နည်း
၅၉။ အာရုံ အရုံ၊ ဗူးဖရုံ၊ ဝါးရုံ သက်နီးရုံ မည်သို့နည်း
၆၀။ မျောက်ခုံ မြစ်ခုံ၊ မငြင်းခုံ၊ တံခါးခုံ ခြစ်ခုံ ဘယ့်နှယ်နည်း
၆၁။ ရွာဆီမီးခုံ၊ တရားခုံ၊ မခုံမင် ဘယ်သို့ထူးသနည်း
၆၂။ သက်လုံ ရေလုံ၊ ပဋ္ဌိလုံ၊ ရှမ်းဇလုံ မိုင်းလုံ မည်သို့နည်း
၆၃။ ရိပ်မြုံ ပြူမြုံ၊ အနာမြုံ၊ မိန်းမမြုံ ကြွက်မြုံ ဘယ်သို့နည်း
၆၄။ ကင်းပုံ ထင်းပုံ၊ ထုံးနည်းပုံ၊ မျိုးပုံ ပုံထောင် ဘယ့်နှယ်နည်း
၆၅။ ညဥ့်ခြုံ ပိုက်ခြုံ၊ ကလိန်ချုံ၊ လုံခြုံ ဖုံးခြုံ မည်သို့နည်း
၆၆။ သင်းထုံ ကျင်ထုံ၊ နိယထုံ၊ တိတ္ထုံ ဉာဏ်ထုံ မည်သို့နည်း
၆၇။ ညက်ညက်ဖုံဖုံ၊ လမ်းဖုံဖုံ၊ လူဖုံ မြူဖုံ ဘယ်သို့နည်း
၆၈။ ရှက်ဆုံ လက်ဆုံ၊ နှမ်းပွတ်ဆုံ၊ ကဆုံ မြစ်ဆုံ မည်သို့နည်း
၆၉။ ဒုကုဋ္ဌ်တင်တုံ၊ ဘယ့်နှယ်တုံ၊ ကျိုင်းတုံ မော်တုံ ဘယ်သို့နည်း
၇၀။ ဘုန်းလုံ မီးလုံ၊ ရင်ငွေလုံ၊ နေဆာလုံ မည်သို့ခြားသနည်း
၇၁။ ဆူကြုံ ကြိုက်ကြုံ၊ ဝိသုကြုံ၊ ကြုံချင်း မည်သို့ခြားသနည်း
၇၂။ နှုတ်ငုံ ရေငုံ၊ ပန်းကြာငုံ၊ မှိုငုံ ရှင်ငုံ ဘယ်သို့နည်း
၇၃။ တူစုံ အင်စုံ၊ မိတ်လင်စုံ၊ စုံချင်း ဘယ်သို့ခြားသနည်း

သံတူကြောင်းကွဲ "အုံ" ကာရန်ပုစ္ဆာ ၁၆-ပုဒ် ပြီး၏။

---

(၅၆) သံတူကြောင်းကွဲ "အုံ့" ကာရန်ပုစ္ဆာ ၁-ပုဒ်

၇၄။ နှုတ်တုံ့ ဝပ်တုံ့၊ ကြိုးခေါက်တုံ့၊ မြွေပတုံ့ ပေးတုံ့ ဘယ်သို့နည်း

သံတူကြောင်းကွဲ "အုံ့" ကာရန်ပုစ္ဆာ ၁-ပုဒ် ပြီး၏။

---

(၅၇) သံတူကြောင်းကွဲ "အုံး" ကာရန်ပုစ္ဆာ ၁၂-ပုဒ်

၇၅။ ရတနာသုံး၊ သီတင်းသုံး၊ လက်သုံးမင်းသုံး မည်သို့နည်း
၇၆။ လက်ရုံး ကြွက်ရုံး၊ မီးဇရုံး၊ လွှတ်ရုံး ကျိုင်းရုံး ဘယ်သို့နည်း
၇၇။ အားလုံးဝါးလုံး၊ ခြေသလုံး၊ ဆေးတလုံးနှစ်လုံး ဘယ့်နှယ်နည်း
၇၈။ ရှေးထုံးကွမ်းတုံး၊ ဖြတ်တမ်းထုံး၊ အိုင်ထုံးဆံထုံးမည်သို့နည်း
၇၉။ ချည့်ချုံး ညှိုးချုံး၊ တမိုးချုံး၊ ပိတ်ချုံးဘယ်အနက်ဟောသနည်း
၈၀။ ရွှေတုံး ပေတုံး၊ မြည်တီးတုံး၊ ခက်လက်တုံး တုံးလုံးမည်သို့နည်း
၈၁။ မီးအုံး ခေါင်းအုံး၊ ဆေးပအုံး၊ သလွန်အုံး နေအုံးမည်သို့နည်း
၈၂။ စဆုံးသေဆုံး၊ သက်ထက်ဆုံး၊ ဆုံးဖြတ် ဆုံးမ မည်သို့နည်း
၈၃။ ရှင်ပြုံးတောင်ပြုံး၊ ရောင်ခြည်ပြုံး၊ ပြုံးချင်းဘယ်သို့ ကွဲသနည်း
၈၄။ ရွာကျောက်တလုံး၊ လူငလုံး၊ မျက်လုံး ပွတ်လုံး မည်သို့နည်း

၇၅။ စုရုံး ညွတ်ရုံး၊ ထိကရုံး၊ ရုံးကဇော်ပင် ရုံးပင် ဘယ်သို့နည်း။
၇၆။ ရင်ဖုံး အာဖုံး၊ ကမွတ်ဖုံး၊ ပိတ်ဖုံး မည်သို့ထူးသနည်း။

သံတူကြောင်းကွဲ "အုံး" ကာရန်ပုစ္ဆာ ၁၂-ပုဒ်ပြီး၏။

---

(၁၈) သံတူကြောင်းကွဲ "အံ" ကာရန်ပုစ္ဆာ ၁၇-ပုဒ်

၇၇။ ဆွမ်းခံ သည်းခံ၊ ဂုဏ်ခြောက်ခံ၊ စည်းစိမ်ခံ ဘွဲ့မည်ခံ ဘယ်သို့နည်း။
၇၈။ အားသံ မြည်သံ၊ မျိုးစေသံ၊ မယ်နသံ မိဿံ မည်သို့နည်း။
၇၉။ ဝေးလံ လိုက်လံ၊ အကိုင်းလံ၊ ပိုးဖလံ ဖလံပင် ဘယ့်နှယ်နည်း။
၈၀။ ငရဲခံ တောင်းခံ၊ သံတော်ခံ၊ စီရင်ခံ ဝန်ခံဘယ်သို့နည်း။
၈၁။ မှုဝံ လှူဝံ၊ တောင်မင်းငံ၊ သိဝံဘယ်အနက်ဟောနည်း။
၈၂။ နက်စံပျော်စံ၊ ရွှေမင်းစံ၊ လူငစံဘယ်သို့ခြားသနည်း။
၈၃။ ဓမောင်နှံမြေနှံ၊ ဥစ္စာနှံ၊ စပါးနှံ နှံကောင်မည်သို့နည်း။
၈၄။ သနံရေနံ၊ ညှိစော်နံ၊ ဇကနံ နေ့နံ ဘယ်သို့နည်း။
၈၅။ တရံကိုယ်ရံ၊ ကျူထရံ၊ မဟာရံနံရံ ဘယ့်နှယ်နည်း။
၈၆။ အောင်လံရှည်လံ၊ ရေသီလံ၊ နီဖလံ လက်လံ မည်သို့နည်း။
၈၇။ လူဆံ့စဆံ့၊ မစိမ်းဆံ့၊ ဆံ့ချင်းဘယ့်နှယ်ထူးသနည်း။
၈၈။ ချေငံရေငံ၊ ပညာငံ၊ ရည်းငံလောက်ငံ မည်သို့နည်း။
၈၉။ ပွဲယံတိမ်ယံ၊ လူငယံ ယားယံ ရှိုးယံ မည်သို့နည်း။
၁၀၀။ သတ္တဝါညံ၊ သပင်ညံ၊ ဆိတ်ညံညိုးညံမည်သို့နည်း။
၁၀၁။ ဦးခေါင်းမှာဆံ၊ မြက်ဖြူဆံ၊ ဆက်ဆံ ဝတ်ဆံမည်သို့နည်း။
၁၀၂။ ဆိတ်နံ မိုးနံ၊ လျှားအနံ၊ ရုပ်နံဘယ်အနက်ဟောနည်း။
၁၀၃။ သကဒါဂံ ၊ အနာဂံ၊ ပြည်ပုဂံ ဂေါစရဂံ မည်သို့နည်း။

သံတူကြောင်းကွဲ "အံ" ကာရန်ပုစ္ဆာ ၁၇-ပုဒ်ပြီး၏။

---

(၁၉) သံတူကြောင်းကွဲ "အံ့" ကာရန်ပုစ္ဆာ ၅ ပုဒ်

၁၀၄။ ဘုန်းပျံ့ မွှေးပျံ့၊ စိတ်လွင့်ပျံ့၊ ရိုင်းပျံ့ဘယ်အနက်ဟောနည်း။-
၁၀၅။ ဖြည်းဖြည်းညံ့ညံ့၊ နူးညံ့ညံ့၊ လူညံ့ ပျော့ညံ့ ဘယ်သို့နည်း။
၁၀၆။ ရွာမည်ကိုရံ့၊ ငါးငရံ့၊ ငရံ့ပတူမည်သို့နည်း။
၁၀၇။ သမင်စိုင်ကြံ့၊ ခိုင်ကြံ့ကြံ့၊ သစ်ထောက်ကြံ့ပင် မည်သို့နည်း။
၁၀၈။ ချိုးမွှမ်းမဆံ့၊ ထည့်မဆံ့၊ မချိမဆံ့ဘယ့်နှယ်နည်း။

သံတူကြောင်းကွဲ "အံ့" ကာရန်ပုစ္ဆာ ၅-ပုဒ်ပြီး၏။

(၆၀) သံတူကြောင်းကွဲ "အမ်း" ကာရန်ပုစ္ဆာ ၁၇-ပုဒ်

၁၀၉။ မြစ်ကမ်း လှဲကမ်း၊ ပေးလှူကမ်း၊ လှမ်းကမ်းဘယ်အနက်ဟောနည်း။
၁၁၀။ ကွဲလမ်း ပွဲလမ်း၊ သွားသည့်လမ်း၊ ကျောင်းလမ်း လော်လမ်း မည်သို့နည်း။
၁၁၁။ ပဲလွှမ်း တလွှမ်း၊ မြို့ကျိုင်းလွှမ်း၊ လွှမ်းပြေလှမ်းသူ မည်သို့နည်း။
၁၁၂။ ရေချမ်းငြိမ်းချမ်း၊ သစ်ဇောင်ချမ်း၊ ခွဲခြမ်းအေးချမ်း ဘယ့်နှယ်နည်း။
၁၁၃။ ဟင်းရမ်းခရမ်း၊ လေ့ရမ်းရမ်း၊ ဟော့ရမ်းရော်ရမ်း မည်သို့နည်း။
၁၁၄။ ပတာပရမ်း၊ ယပ်နှင့်ရမ်း၊ လူသရမ်း ရော်ရမ်းမည်သို့နည်း။
၁၁၅။ ခယမ်း တမ်းယမ်း၊ စက်မီးယမ်း၊ ဖည်ယမ်း ယမ်းရောင်မည်သို့နည်း။
၁၁၆။ နှုတ်ခမ်း မျက်ခမ်း၊ ကျောင်းသခမ်း၊ မင်းခမ်း မင်းနားမည်သို့နည်း။
၁၁၇။ ချိုးမွှမ်း နှစ်မွှမ်း၊ ဗျာပါမွှမ်း၊ ဆေးမွှမ်းမည်သို့ ခြားသနည်း။
၁၁၈။ ယက်ကမ်း စင်ဂျမ်း၊ လူမျိုးဂျမ်း၊ ဂျမ်းထိုးမှောက်ခုံ မည်သို့နည်း။
၁၁၉။ ပြိုးပြွမ်းသားပြွမ်း၊ ရောရှက်ပြွမ်း၊ စင်ပြွမ်းချည်ပင် မည်သို့နည်း။
၁၂၀။ ခွင့်လမ်း ကွာလမ်း၊ ခြေအလမ်း၊ လမ်းချင်းမည်သို့ထူးသနည်း။
၁၂၁။ ကြေ့ကြမ်း လူကြမ်း၊ တံသုတ်ကျမ်း၊ တင်းကျမ်း ရှက်ကြမ်းဘယ်သို့နည်း။
၁၂၂။ အနီ အနှမ်း၊ လှော်သည့်နှမ်း၊ လူခပ်နှမ်း နှမ်းဖတ်ဘယ့်နှယ်နည်း။
၁၂၃။ မောင်ရှင် ဆိုင်းထမ်း၊ မသားထမ်း၊ ဝန်ထမ်း မှုထမ်း ဘယ်သို့နည်း။
၁၂၄။ အိုးရှမ်း စိမ်းရှမ်း၊ မင်းစောရှမ်း၊ ဆော်ရှမ်းစည်မောင်း မည်သို့နည်း။
၁၂၅။ ပေါ့သွမ်း သော့သွမ်း၊ လူခပ်သွမ်း၊ သွမ်းချင်း ဘယ်သို့ ကွဲသနည်း။

သံတူကြောင်းကွဲ "အမ်း" ကာရန်ပုစ္ဆာ ၁၇-ပုဒ်ပြီး၏။

---

(၆၁) သံတူကြောင်းကွဲ "အိမ်" ကာရန်ပုစ္ဆာ ၇-ပုဒ်

၁၂၆။ သောင်တိမ် မိုးတိမ်၊ ကာတင်းတိမ်၊ မြုပ်တိမ် ဘယ်အနက် ဟောနည်း။
၁၂၇။ ဉာဏ်ပညာတိမ်၊ တင်းမတိမ်၊ ပန်းထိမ် ဘယ်သို့ကွဲသနည်း။
၁၂၈။ လူသိမ် မွေ့သိမ်။ သမုတ်သိမ်၊ နိပါးသိမ် ဖျင်းသိမ် မည်သို့နည်း။
၁၂၉။ နွယ်ကြိမ် ဝက်ကြိမ်၊ အကြိမ်ကြိမ်၊ ကြိုက်ကြိမ် ဘယ်သို့ကွဲသနည်း။
၁၃၀။ နွယ်လိမ် တည်လိမ်၊ ဆူးကလိမ်၊ ငါးသလိမ် အနားလိမ် ဘယ်သို့နည်း။
၁၃၁။ စစ်သိမ် မယားသိမ်၊ ပျဉ်းတော်သိမ်၊ သပွတ်သိမ် ခွေးတောက်သိမ် မည်သို့နည်း။
၁၃၂။ ရိပ်ငြိမ်၊ ဆိတ်ငြိမ်၊ ချမ်းသာငြိမ်၊ ရှင်ငြိမ် ငြိမ်ဆိမ် ဘယ်သို့နည်း။

သံတူကြောင်းကွဲ "အိမ်" ကာရန်ပုစ္ဆာ ၇-ပုဒ် ပြီး၏။

---

(၆၂) သံတူကြောင်းကွဲ "အိမ့်" ကာရန်ပုစ္ဆာ ၅-ပုဒ်

၁၃၃။ ဟုတ်စိမ့် မှန်စိမ့်၊ ကမ်းရေစိမ့်၊ ညိုညိုစိမ့်စိမ့် မည်သို့နည်း။
၁၃၄။ [illegible] စိဆိမ့်၊ ရှာသာစ်ဆိမ့်၊ ချိုဆိမ့် ဘယ့်နှယ်ထူးသနည်း။
၁၃၅။ လူရေမနိမ့်၊ တိမ်နိမ့်နိမ့်၊ အနိမ့်အမြင့် ဘယ်သို့နည်း။

၁၃၆။ ကင်ပိမ့် ချင်ပိမ့်၊ ပြောဆိုပိမ့်၊ ခရမ်းပိမ့် နှုတ်ခမ်းပိမ့် မည်သို့နည်း။
၁၃၇။ ဧယင်ငြိမ့်ငြိမ့်၊ ကြောခြင်ငြိမ့်၊ လှုံငြိမ့် ဘယ်သို့ခြားသနည်း။

သံဘူကြောင်းကွဲ "အိမ့်" ကာရန်ပုစ္ဆာ ၅-ပုဒ်ပြီး၏။

---

(၆၃) သံတူကြောင်းကွဲ "အိမ်း" ကာရန်ပုစ္ဆာ ၃-ပုဒ်

၁၃၈။ ငှက်သိမ်း ပိုက်သိမ်း၊ ထောင်သည်သိမ်း၊ ခပ်သိမ်း မည်သို့ခြားသနည်း။
၁၃၉။ သွားကြိမ်း ကြောက်ကြိမ်း၊ သံပကြိမ်၊ လန့်ကြိမ်း ဘယ်သို့ခြားသနည်း။
၁၄၀။ ပင်စိမ်း လူစိမ်း၊ သင်တွဲစိမ်း၊ ချည်စိမ်း အစိမ်း မည်သို့နည်း။

သံတူကြောင်းကွဲ "အိမ်း" ကာရန်ပုစ္ဆာ ၃-ပုဒ် ပြီး၏။

---

(၆၄) သံတူကြောင်းကွဲ "အန်" ကာရန်ပုစ္ဆာ ၅၄-ပုဒ်

၁၄၁။ ပါရာဇိကဏ်၊ ရာသီကန်၊ မရကန် ဘယ်အနက်ဟောနည်း။
၁၄၂။ မနိုင်မကန်၊ သူရကန်၊ လှင်ကန် ရကန် မည်သို့နည်း။
၁၄၃။ သဘောသကန်၊ သင်ကျမ်းဂန်၊ အနက်ဧကန် ဘယ်သို့နည်း။
၁၄၄။ ခြေကန် ရေကန်၊ ဖောင်တော်ကန်၊ ကန်ခြင်းခြား၏ မည်သို့နည်း။
၁၄၅။ အင်းကန် မင်းကန်၊ ကြွေပန်းကန်၊ ကျောင်းကန် ဖောင်ကန် မည်သို့နည်း။
၁၄၆။ ခက်ထန် ပြင်းထန်၊ ဆီးနှင်းထန်၊ ကရိုဏ်းဌာန် မည်သို့ကွဲသနည်း။
၁၄၇။ ညာဆန် ဖည်ဆန်၊ သစ်စေ့ဆန်၊ မှုန်ဆန် မောင်ဆန် မည်သို့နည်း။
၁၄၈။ ရွာစွန် ပုစွန်၊ မျက်စိစွန်၊ သိမ်းစွန် စွန်ပလွံ မည်သို့နည်း။
၁၄၉။ ရွာပြန် ပြောင်းပြန်၊ ဘယ်ညာပြန်၊ လက်ပြန် ဖောက်ပြန် ဘယ့်နှယ်နည်း။
၁၅၀။ ကျူးလွန် စူးလွန်၊ တမလွန်၊ ဒန့်သလွန် တည်လွန် မည်သို့နည်း။
၁၅၁။ တွန့်ချွန် ထူးချွန်၊ ထက်အောင်ချွန်၊ လူ့စချွန် ဘယ်သို့ကွဲမည်နည်း။
၁၅၂။ မြည်တွန် ကြွက်တွန်၊ လက်ဘက်တွန်၊ တွန်ခြင်း ဘယ်သို့ခြားပိမ့်နည်း။
၁၅၃။ ကြိတ်မှုန် မျက်မှုန်၊ မုချမှုန်၊ ပန်းမှုန် မှုန်ကူ ဘယ်သို့နည်း။
၁၅၄။ ဥပ္ပလဝဏ်၊ နန္ဒဝန်၊ အာဒိဝန် သရဝဏ် ဘယ်သို့နည်း။
၁၅၅။ ဒက္ခိဏာဝန်၊ ရောဝန်၊ ဝေဿဝဏ် နာဂဝန် မည်သို့နည်း။
၁၅၆။ မိဂဒါဝန်၊ ဇေတဝန်၊ စာသဝန် ဟောဝန် ဘယ့်နှယ်နည်း။
၁၅၇။ မြို့ဝန် ကိုယ်ဝန်၊ ဘဂဝန်၊ ဝင်သဝဏ် ဂုဏဝန် ဘယ်သို့နည်း။
၁၅၈။ သုတ်သီလက္ခန်၊ ဓမ္မက္ခန်၊ သရက္ခန် သိရဲခန် မည်သို့နည်း။
၁၅၉။ ကော့လန် နောက်လန်၊ မောဂ္ဂလာန်၊ အနာလန် သေ့လှန် ဘယ့်နှယ်နည်း။
၁၆၀။ သုသာန် မြည်သန်၊ မင်းဝေဿန်၊ ဘုန်းသန် ညွန့်သန် ဘယ်သို့နည်း။
၁၆၁။ ဗိမာန် စောင်မှန်၊ အနူမာန်၊ ယမန် ဘယ်သို့ကွဲသနည်း။
၁၆၂။ လေသွန် ရေသွန်၊ ချင်းကြက်သွန်၊ ဒိတ်သွန် တသွန် မည်သို့နည်း။
၁၆၃။ သေလွန် သလွန်၊ ကျိုက်သလွန်၊ လွန်ချင်းကွဲဟန် မည်သို့နည်း။
၁၆၄။ မင်းဒဏ် ရှင်ဒဏ်၊ ဥပါဒါန်၊ အဓိဋ္ဌာဒါန် သမ္မဒါန် ဘယ့်နှယ်နည်း။
၁၆၅။ နက်ဖြန် ငါဘန်၊ စိရင်ဘန်၊ ဘန်ခြင်းထူးကြောင်း မည်သို့နည်း။

၁၆၆။ မြဖလ် ကြိမ်ဖန်၊ ရသာဖန်၊ မျက်စိဖန် အိပ်ဖန် ဘယ်သို့နည်း။
၁၆၇။ အမိန့်တော်ပြန်၊ အိပ်မက်ပြန်၊ လွမ်းပြန် တမ်းပြန် ဘယ်သို့နည်း။
၁၆၈။ စွမ်းသန် နားသန်၊ ပိုးနသန်၊ မိုးဝသန် ပဋိသန် ဘယ့်နှယ်နည်း။
၁၆၉။ ဥတ္တရာသင်္ဂ၊ မုရင်းသန်၊ ကကုသန် စိတ်သန် မည်သို့နည်း။
၁၇၀။ အတုတ်အခွန်၊ ခုတ်သည့်ခွန်၊ ထီးတံခွန် ရေတံခွန် ဘယ်သို့နည်း။
၁၇၁။ သာမန် ဟေမန်၊ တောင်သမန်၊ ရန်မာန် ဘယ်သို့ထူးသနည်း။
၁၇၂။ ပြောင်းစပါးပြွန်၊ လိမ္မာပွန်၊ တတ်ပွန် ရေပြွန် ဘယ်သို့နည်း။
၁၇၃။ ခြိန်တန် မန္တန်၊ အတန်တန်၊ ကျင့်တန် ထိုက်တန် မည်သို့နည်း။
၁၇၄။ အော့အန် အဲအန်၊ ကြွေမှာအန်၊ လက်အန် ဘယ်သို့ကွဲသနည်း။
၁၇၅။ တို့ထိပ်ပန်းပန်၊ သောတာပန်၊ ရွှေနားပန် ခွင့်ပန် မည်သို့နည်း။
၁၇၆။ သုနာပရန်၊ ငြင်းလေရန်၊ တိုက်ရန် ခိုက်ရန် ဘယ့်နှယ်နည်း။
၁၇၇။ မာနတ်အဗ္ဘာန်၊ စောင့်ကုမ္ဘဏ်၊ ဝေဘန် ဆော်ဘန် မည်သို့နည်း။
၁၇၈။ မျက်စိမျက်ဆန်၊ တိရစ္ဆာန်၊ ငြင်းဆန် စပါးဆန် ဘယ်သို့နည်း။
၁၇၉။ ဘုန်းဝှန် ရေဝှန်၊ ကြက်သီးဝှန်၊ မျက်ဝှန် ဝှန်ဝါ ဘယ့်နှယ်နည်း။
၁၈၀။ ရှမ်းကောင်ဟန် ဟန်ပန်၊ စောရဟန်၊ မရဟန် တကော မည်သို့နည်း။
၁၈၁။ ဘူမိနက်သန်၊ အဝသာန်၊ ထွန်သန် သေန် မည်သို့နည်း။
၁၈၂။ မြို့ရွာမလွန်၊ သားရေလွန်၊ ကောက်လွန် လွန်ဆန် ဘယ်သို့နည်း။
၁၈၃။ မင်းတန် စိုးတန်၊ ဘိုးသိန်းတန်၊ အိုးတန် ဆန်တန် ဘယ်သို့နည်း။
၁၈၄။ ကနကဒန်၊ သက္ကဒန်၊ ပေါ့တန် လူတန် ဘယ်သို့နည်း။
၁၈၅။ လက်စွပ်ကုန္တန်၊ ဖိုးနဂ်တန်၊ မြသိန်းတန် ဗိတာန်ကြက် ဘယ်သို့နည်း။
၁၈၆။ နှောင်မွန် ကောင်းမွန်၊ ရပ်မိုင်းမွန်၊ တလိုင်းမွန် ငြိမ်းမွန် မည်သို့နည်း။
၁၈၇။ ပစ္စုပ္ပန် ပစ္စယုပ္ပန်၊ တောင်းဆုပန်၊ ပူပန် ဟန်ပန် ဘယ်သို့နည်း။
၁၈၈။ ဆင်ဆဒ္ဒန် အိုင်ဆဒ္ဒန်၊ အဂ္ဂိရတ်ဒန်၊ မဟာဒါန် အပါဒါန် ဘယ်သို့နည်း။
၁၈၉။ မင်းဒွတ္တရန်၊ အုတ်ပန်းရန်၊ အောင်စရန် ဘယ်သို့ထူးသနည်း။
၁၉၀။ ဘုရားစကြံန်၊ လက္ခဏာကြန်၊ ဝါကြန်ကြန် သကြံန် ဘယ်သို့နည်း။
၁၉၁။ ကွန်ရက်ပိုက်ကွန်၊ မြို့မိုင်းကွန်၊ လူကွေန် ကွန်ချာ ဘယ့်နှယ်နည်း။
၁၉၂။ သတိပဋ္ဌာန်၊ သန္နိဋ္ဌာန်၊ အဓိဋ္ဌာန် ပဋ္ဌိဋ္ဌာန် မည်သို့နည်း။
၁၉၃။ သမ္ဗုပ္ပဓာန်၊ သမုဋ္ဌာန်၊ ပဒဋ္ဌာန် နေရပ်ဌာန် အသို့နည်း။
၁၉၄။ နန္ဒောပနန်၊ ညီအာနန်၊ မင်းနန် ဥပနန် အသို့နည်း။

သံတူကြောင်းကွဲ "အန်"ကာရန် ၅၄-ပုဒ် ပြီး၏။

---

(၆၅) သံတူကြောင်းကွဲ "အန့်"ကာရန်ပုစ္ဆာ ၃-ပုဒ်

၁၉၅။ ထိတ်လန့် ကန့်လန့်၊ တတ္တာလန့်၊ လန့်ချင်း မည်သို့ကွဲသနည်း။
၁၉၆။ ပေးစွန့် ပစ်စွန့်၊ ပိုက်ကွန်စွန့်၊ သက်စွန့် လက်စွန့် မည်သို့နည်း။
၁၉၇။ ယမ်းကန့် ကန့်လန့်၊ အကန့်ကန့်၊ ကန့်ချုပ်ဆေးပင် အသို့နည်း။

သံတူကြောင်းကွဲ "အန့်"ကာရန်ပုစ္ဆာ ၃-ပုဒ် ပြီး၏။

(၆၆) သံတူကြောင်းကွဲ "အန်း"ကာရန်ပုစ္ဆာ ၂၉-ပုဒ်

၁၉၈။ သစ်နန်း ထီးနန်း၊ ကောက်ညှင်းနန်း၊ အုံဘနန်း ဂဏန်း မည်သို့နည်း။
၁၉၉။ လင်ပန်း နပန်း၊ သုံးလူ့ပန်း၊ သပြေပန်း လမ်းပန်း အသို့နည်း။
၂၀၀။ ဝမ်းပန်း ကွမ်းပန်း၊ ရွှသင်ပန်း၊ ကြောင်ပန်း ပြည်ပန်းရွှေ အသို့နည်း။
၂၀၁။ ဘုန်းကြီးခါးပန်း၊ ကျောင်းခါးပန်း၊ လူပန်း လုံးပန်း အသို့နည်း။
၂၀၂။ မြင်းမိုရ်ခါးပန်း၊ ရွှာအောင်ပန်း၊ အပန်းမကြီး ဘယ်သို့နည်း။
၂၀၃။ လဝန်း ရံဝန်း၊ ရွှာမြင်းဝန်း၊ မြို့ဝန်း ဝန်းကျင် ဘယ်သို့နည်း။
၂၀၄။ ဆင်ချွန်း ရွက်ချွန်း၊ နှုတ်သီးချွန်း၊ ချွန်းတောင် မြတောင် မည်သို့နည်း။
၂၀၅။ မကန်း ကျီးကန်း၊ ချောင်းရိုးကန်း၊ မျက်ကန်း ယက်ကန်း ဘယ်သို့နည်း။
၂၀၆။ သောင်ကျွန်း ကုန်းကျွန်း၊ သစ်ပင်ကျွန်း၊ တုကျွန်း မိုးကျွန်း ဘယ်သို့နည်း။
၂၀၇။ မင်းကွန်း မော်ကွန်း၊ စုန်သင်းကွန်း၊ သည်တိုင်ကွန်း နတ်ကွန်း ဘယ်သို့နည်း။
၂၀၈။ စမ္ဗခဏ်း ယမခဏ်း၊ အုံမခန်း၊ ဆုတောင်းခန်း ဘုံခန်း ဘယ်သို့နည်း။
၂၀၉။ တိုက်ခန်း တိုင်းခန်း၊ မြို့ပခန်း၊ ကိန်းခန်း ကုန်ခန်း ဘယ်နှယ်နည်း။
၂၁၀။ ပါရမီခန်း၊ တောထွက်ခန်း၊ တောစခန်း ပဉ္စခဏ်း နဝခဏ်း မည်သို့နည်း။
၂၁၁။ သိန်းသန်း လက်သန်း၊ ခေါင်းမှာသန်း၊ ကူးသန်း ဖိသန်း ဘယ်သို့နည်း။
၂၁၂။ ငါးမန်း ယက်မန်း၊ မန္တန်မန်း၊ မြက်သမန်း မုန်းမန်းဘယ်သို့နည်း။
၂၁၃။ ဆီစွန်း ကြမ်းစွန်း၊ ဉကန်စွန်း၊ ထက်စွန်း စွန်းလွန်း ဘယ်သို့နည်း။
၂၁၄။ ပြုလွန်း မူလွန်း၊ လက်ခတ်လွန်း၊ လင်းလွန်း ကြိုးလွန်းဘယ်သို့နည်း။
၂၁၅။ လုပ်ငန်း မြေငန်း၊ ဖျားနာငန်း၊ နွယ်ငန်း ဖိုငန်း ဘယ်နှယ်နည်း။
၂၁၆။ ကမ္မဋ္ဌာန်း ပြဋ္ဌာန်း၊ ကျမ်းပဋ္ဌာန်း၊ ဌာန်းချင်း မည်သို့ ခြားသနည်း။
၂၁၇။ ကင်ပလန်း ရှင်လန်း၊ ကမလန်း၊ ပွင့်လန်း တလန်းကြား မည်သို့နည်း။
၂၁၈။ လဆန်း လူဆန်း၊ ပျူငှါဆန်း၊ ဆန်းကျမ်း ဆန်းကြယ် ဘယ်သို့နည်း။
၂၁၉။ မောမြန်း မေးမြန်း၊ ပိုက်သိမ်းမြန်း၊ နိမြန်း ညိုးမြန်း ဘယ်သို့နည်း။
၂၂၀။ ကျန်းတန်း တိုင်တန်း၊ ပြောင့်တန်းတန်း၊ စောင်းတန်း ဘုန်းတန်း ဘယ်သို့နည်း။
၂၂၁။ ခေါင်ရန်း စောင်ရန်း၊ ကျောင်းလက်ရန်း၊ ရွှေကြိုးရန်း မရန်းပင် ဘယ်သို့နည်း။
၂၂၂။ တက္ကတွန်း ထိုးတွန်း၊ ပစ္စည်းတွန်း၊ လှစ်တွန်း တိုက်တွန်းဘယ်နှယ်နည်း။
၂၂၃။ နှုတ်ဖြန်း စီးဖြန်း၊ရေစင်ဖျန်း၊ ကွဲဖြန်းသွေဖြန်းမည်သို့နည်း။
၂၂၄။ စပါးငယွန်း၊ ဆံမယွန်း၊ လူငယွန်း ယွန်းအစ် ဘယ်သို့နည်း။
၂၂၅။ ဥဒါန်း နိဒါန်း၊ သစ်အိမ်ဒန်း၊ စီးသည့်ဒန်း ဒန်းချင်း မည်သို့နည်း။
၂၂၆။ ကင်ပွန်း ခင်ပွန်း၊ ထိလို့ပွန်း၊ ပွန်းပွန်းတီးတီး ဘယ်သို့နည်း။

သံတူကြောင်းကွဲ "အန်"ကာန်ပုစ္ဆာ ၂၉-ပုဒ်ပြီး၏။

---

(၆၇) သံတူကြောင်းကွဲ "အိန်" ကာရန်ပုစ္ဆာ ၉-ပုဒ်

၂၂၇။ သိရိန် ပုရိန်၊ နေသူရိန်၊ နတ်သူရိန် မင်းသူရိန် မည်သို့နည်း။
၂၂၈။ တာဝတိန် ဇီဝိတိန်၊ ရိမှိုင်းတိန်၊ ဆတ္တိ တြင်းဘယ်သို့နည်း။

၂၂၉။ ဒေဝိန် ဂါဝိန်၊ သက်ဇီဝိန်၊ ဂြိုဟ်ကောဝိန်၊ ဂေါဝိန် ဘယ်သို့နည်း။
၂၃၀။ သဘော်မာလိန်၊ မင်းမိလိန်၊ ပုလ္လိင်ဘယ်သို့ ကွဲသနည်း။
၂၃၁။ နတ်သောဏဒိန်၊ ပြက္ခဒိန်၊ မင်းဥဒိန် ရှင်သုဒိန် မည်သို့နည်း။
၂၃၂။ ဒေဝါနမိန်၊ သုခမိန်၊ ကုံမိန်ကြောင်မိန်ဘယ်သို့နည်း၊
၂၃၃။ ကရကဋ္ဌသိဟ်၊ နာဂသိန်၊ ဗုန်းမသိမ် ဖျဉ်းသိမ် ဘယ့်နှယ်နည်း။
၂၃၄။ စင်းချိန် နှိုင်းချိန်၊ ညချမ်းချိန်၊ ချိန်ချ ချိန်ခါ မည်သို့နည်း။
၂၃၅။ ကြောင်ထိန် ပြင်းထိန်၊ ခင်းကထိန်၊ ဝင်းထိန် တောက်ထိန် အသို့နည်း။

သံတူကြောင်းကွဲ "အိန်" ကာရန်ပုစ္ဆာ ၉-ပုဒ်ပြီး၏။

(၆၈) သံတူကြောင်းကွဲ"အိန်း" ကာရန်ပုစ္ဆာ ၅-ပုဒ်

၂၃၆။ သင်္ဂြိုဟ်ပကိဏ်း၊ ပျော်စက်ကိန်း၊ ခန်းကိန်း တွက်ကိန်းမည်သို့နည်း။
၂၃၇။ သိန်းနီ သန်းသိန်း၊ အမတ်သိန်း၊ မင်းသိဥ္စည်း-သိဥ္စုဝ်း မည်သို့နည်း။
၂၃၈။ မေးမိန်း မျဉ်းမိန်း၊ ဆင့်နှယ်မိန်း၊ ကာမိန်း မိန်းမ ဘယ်သို့နည်း။
၂၃၉။ ထူထူပိန်းပိန်း၊ သစ်ပင်ပိန်း၊ ပိန်းကော ပိန္နဲဘယ်သို့နည်း။
၂၄၀။ စိတ်မှိန်း ကိုယ်မှိန်း၊ ကျားထောင်မှိန်း၊ စက်မှိန်း ယင်မှိန်းဘယ်သို့နည်း။

သံတူကြောင်းကွဲ"အိန်း"ကာရန်ပုစ္ဆာ ၅-ပုဒ်ပြီး၏။

(၆၉) သံတူကြောင်းကွဲ"အုန်"ကာရန်ပုစ္ဆာ ၅ ပုဒ်

၂၄၁။ ဥဒါဟရုဏ်၊ နေအရုဏ်၊ နတ်ဝရုဏ် သုရုန္ဒနမည်သို့နည်း။
၂၄၂။ လနယုန်၊ လင်းယုန်၊ တောမှာယုန်၊ ကရွဲ့ကယုန် ဘယ်သို့နည်း။
၂၄၃။ ပျံ့ဝဲသုန်သုန်၊ ဖျင်းသုန်သုန်၊ လူချင်းသုန် ရေသုန်သုန် တသုန်တည်း ဘယ်သို့နည်း။
၂၄၄။ လူငပုန် သူပုန်၊ စူဠပုဏ်၊ မဟာပုဏ် ပုဏ္ဏား ဘယ်သို့နည်း။
၂၄၅။ မိဂဒါဝုန်၊ မဟာဝုန်၊ ပရိဝုဏ် ဘယ်အနက်ဟောနည်း။

သံတူကြောင်းကွဲ "အုန်"ကာရန်ပုစ္ဆာ ၅-ပုဒ်ပြီး၏။

(၇၀) သံတူကြောင်းကွဲ "အုန့်" ကာရန် ပုစ္ဆာ ၁-ပုဒ်

၂၄၆။ အုတ်မှုန်စုန့် မြေကြီးစုန့်၊ နှုတ်သီးစုန့်၊ စုန့်ချင်းကွဲကြောင်း မည်သို့နည်း။

သံတူကြောင်းကွဲ"အုန့်"ကာရန်ပုစ္ဆာ ၁-ပုဒ်ပြီး၏။

(၇၁) သံတူကြောင်းကွဲ"အုန်း"ကာရန်ပုစ္ဆာ ၇-ပုဒ်

၂၄၇။ ခြိမ့်အုန်း ထန်းအုန်း၊ တအုန်းအုန်း၊ အုန်းဆန်မည်သို့ ထူးသနည်း။
၂၄၈။ လျှိုးပုန်း ခြုံပုန်း၊ လူနပုန်း၊ ပုန်းညက် ပုန်းမဲ အသို့နည်း။
၂၄၉။ တိုးတိုးတုန်းတုန်း၊ ပျားပိတုန်း၊ လုပ်ဆောင်တုန်း ဓားသင်တုန်း ဘယ်သို့နည်း။

၂၅၀။ ဂမုန်း လူမုန်း၊ တန်ဆောင်မုန်း၊ မာန်မုန်း မုန်းထား ဘယ်သို့နည်း။
၂၅၁။ ကျောက်ကုန်း လူကုန်း၊ ဆားလင်းကုန်း၊ ကျင်းကုန်း ကုန်းရွာ ဘယ်သို့နည်း။
၂၅၂။ နတ်စုန်း ပိုးစုန်း၊ ရေတံစုန်း၊ စုန်းစုန်းနစ် သွေးစုန်း ဘယ့်နှယ်နည်း။
၂၅၃။ ဆန်ဖြုန်း ဖျက်ဖြုန်း၊ စည်ဖြုန်းဖြုန်း၊ ဖြုန်းဖြုန်းပျံ့ဝဲ မည်သို့နည်း။

သံတူကြောင်းကွဲ "အုန်း" ကာရန်ပုစ္ဆာ ၇-ပုဒ်ပြီး၏။

---

(၇၂) သံတူကြောင်းကွဲ "အတ်"ကာရန် ပုစ္ဆာ ၇၇-ပုဒ်

၂၅၄။ ပုဒ်ပါဋ္ဌ်ရစ်ပတ်၊ ပုံမောင်းပတ်၊ လှည့်ပတ် ပတ်ပတ်ဘယ်သို့နည်း။
၂၅၅။ ပတ်လည် သတ္တပတ်၊ ပဋ္ဌပတ်၊ ခါးပတ် ကမ္ဗတ် မည်သို့နည်း။
၂၅၆။ ပိဏ္ဍပါတ် ပဋ္ဌိပတ်၊ ထောလပတ်၊ ဆင်ပတ်ယတ်ထူးဘယ်သို့နည်း။
၂၅၇။ လျှောက်ပတ် အာပတ်၊ သမာပတ်၊ ဣဒ္ဓိပါဒ် သမ္ပပ္ပါဒ် မည်သို့နည်း။
၂၅၈။ ဇာတ်နိပါတ် လုံးပတ်၊ အပတ်ပတ်၊ ငါးပတ် အနားပတ် ဘယ်သို့နည်း။
၂၅၉။ ပါဏာတိပါတ်၊ ချားတပတ်၊ အပတ်တကုတ်မည်သို့နည်း။
၂၆၀။ စာကမ္ဗတ် ညစ်ပတ်၊ စိပတ်ပတ်၊ မုခပါဌ် ဥပပတ် မည်သို့နည်း။
၂၆၁။ ဗိဇနာပါဒ်၊ မလျှောက်ပတ်၊ ပျဉ်ကပတ် ရှပ်ပတ်မည်သို့နည်း။
၂၆၂။ တောက်တပတ် ထောပတ်၊ စိတ္တုပ္ပါဒ်၊ ဘေးဥပဒ် စိတ်ဥပဒ်မည်သို့နည်း။
၂၆၃။ ကျိပတ် ချွဲပတ်၊ ခရုပတ်၊ သမ္ဗတ် ခွေပတ် ဘယ်သို့နည်း။
၂၆၄။ ကျွဲခတ် တက်ခတ်၊ တံမြက်ခတ်၊ ဆီခတ် ဆံခတ် ဘယ်သို့နည်း။
၂၆၅။ ခတ္တာရင်ခတ်၊ ပိုင်းတန်းခတ်၊ အမြီးခတ် ငက်ခတ်မည်သို့နည်း။
၂၆၆။ ခတ်ဝါးကြခတ်၊ လွန်းလက်ခတ်၊ တံဆိတ်သော့ခတ်အသို့နည်း။
၂၆၇။ ငွေခတ် မျဉ်းခတ်၊ မျက်စဉ်းခတ်၊ မျက်တောင်ခတ် ဆေးခတ်မည်သို့နည်း။
၂၆၈။ လှေခတ် ခြေခတ်၊ ရှုတ်ရှက်ခတ်၊ နှုယ်တန်းခတ် အန်ခတ်ဘယ်သို့နည်း။
၂၆၉။ ရှင်သုနက္ခတ်၊ ကြယ်နက္ခတ်၊ စည်လက်ခတ် ပုံခတ်သို့ပေနည်း။
၂၇၀။ ပစ်ခတ် ပုတ်ခတ်၊ ဖိုလ်ဟိတ်ခတ်၊ ရွာပိုင်းခတ် လေခတ် ဘယ်သို့နည်း။
၂၇၁။ နှမ်းချွတ် ဝတ်ချွတ်၊ ဘုရားချွတ်၊ ကွင်းချွတ် ယွင်းချွတ် မည်သို့နည်း။
၂၇၂။ ထီးထွတ် ပျိုထွတ်၊ သုံးလူ့ထွတ်၊ လူ့ငထွတ် အနာထွတ် ဘယ့်နှယ်နည်း။
၂၇၂။ ပန်းဆွတ် ဖက်ဆွတ်၊ ဖြူဆွတ်ဆွတ်၊ လှမ်းဆွတ် ဖျန်းဆွတ် မည်သို့နည်း။
၂၇၃။ ဆွတ်ဆွတ်ကျင် လိမ်းဆွတ်၊ ဆီပျားဆွတ်၊ ဆွတ်ချင်း မည်သို့ခြားသနည်း။
၂၇၅။ အဓိမတ် ပတိမတ်၊ ကျွန်းမှူးမတ်၊ တသမတ် စာသမတ် ဘယ်သို့နည်း။
၂၇၆။ မရီးမတ် ဖြောင့်မတ်၊ နေမွန်းမတ်၊ ပရမတ် ရိမဒ် ဘယ်သို့နည်း။
၂၇၇။ မဟာသမ္မတ်၊ ရှေးထိန်းမှတ်၊ ငွေတမတ် မတ်ရပ် ဘယ်သို့နည်း။
၂၇၈။ ရိပ္ပတ် သည်းပွတ်၊ ဆေးအိုးပွတ်၊ ထူးပွတ် ပွတ်ခုံ ဘယ်သို့နည်း။
၂၇၉။ နှမ်းပွတ် ပန်းပွတ်၊ ရေဖျန်းပွတ်၊ ဈေးပွတ် ကြေးပွတ် ဘယ်သို့နည်း။
၂၈၀။ ပုပ္ပတ် သပ္ပတ်၊ စုတ်အောင်ပွတ်၊ ခြံပွတ် ပွတ်အိုး အသို့နည်း။
၂၈၁။ သည်းပွတ် မီးပွတ်၊ တွင်ခုံပွတ်၊ အသားပွတ် ပွတ်လုံးအသို့နည်း။
၂၈၂။ ခွေးကွတ် ပေါင်းကွတ်၊ မျောက်အောင်ကွတ်၊ ကွတ်ကရာ နှာနှုတ် အသို့နည်း။

၂၈၇။ အမှတ်မဲ့ မှဲ့အမှတ်၊ ရှင်ငြိမ်းမှတ်၊ မှတ်ကျောက်မှတ်ခံ အသို့နည်း။

၂၈၈။ မေ့သတ် ရာဇသတ်၊ နန်းပြာသာဒ်၊ အနားသတ် သမသတ် မည်သို့နည်း။

၂၈၉။ သတ်ပုတ် လိမ်းသတ်၊ အပြီးသတ်၊ ပရိသတ် စိတ်သတ် မည်သို့နည်း။

၂၉၀။ အဇာတသတ်၊ ကုန်မြတ်သတ်၊ လက်ဖွဲ့သတ် သေအောင်သတ် မည်သို့နည်း။

၂၉၁။ သေသေသတ်သတ်၊ သင်္ချာသတ်၊ ဗောဓိသတ် ပေါရိသာဒ် ဘယ့်နှယ်နည်း။

၂၉၂။ ကတ်ဖိုကေတ်၊ ငှက်ကရကတ်၊ ပန်းကတ္တရိ မည်သို့နည်း။

၂၉၃။ ရာသီကရကဋ်၊ စကားကတ်၊ သွားကတ် လာကတ် ဘယ်သို့နည်း။

၂၉၄။ လိင်သကတ် ဒုက္ကဋ်၊ အရေးကတ်၊ လူကတ်လတ် ကတ်ကျေး ဘယ်သို့နည်း။

၂၉၅။ တုန်တုန်ဆတ်ဆတ်၊ ရိုက်ဆတ်ဆတ်၊ အကဲဆတ် ခြည်းဆတ် ဖြုန်းဆတ်ဆတ် သို့လျှင်နည်း။

၂၉၆။ တောက်တောက် ဆတ်ဆတ်၊ ခေါက်ဆတ်ဆတ်၊ မှန်ဆတ်ဆတ် ဆတ်ဆတ် စိုင်ဆတ် ဘယ်သို့နည်း။

၂၉၇။ ဟတ်ချိုးချေဆတ်၊ လတ်ဆတ်ဆတ်၊ ကျိုဆတ်ဆတ် ကြွပ်ဆတ်ဆတ် ဘယ်သို့နည်း။

၂၉၈။ အကျွတ်ဟောကျွတ်၊ သတ္တဝါကျွတ်၊ ပုဆိုးကျွတ် အောင့်ကျွတ် ကျွတ်ကျွတ်ကိုက်ဝါး မည်သို့နည်း။

၂၉၉။ စိတ်ကျွတ် ထိတ်ကျွတ်၊ သီတင်းကျွတ်၊ ကျိုးကျွတ်နှိုက်ကျွတ် ဘယ်သို့နည်း။

၃၀၀။ ဖြဟ္မဒတ် နဝဘတ်၊ ဒေဝဒတ်၊ ဘူရိဒတ် သုဇီဒတ် ဘယ်သို့နည်း။

၃၀၁။ ဂိလာနဘတ်၊ နိစ္စဘတ်၊ ရင်ဘတ် ဝိဘတ် ဘယ်သို့နည်း။

၃၀၂။ စက္ကရတ်၊ နဝရတ်၊ အဋ္ဌရတ်၊ အဂ္ဂိရတ် ဘူမိရတ် ဘယ်သို့နည်း။

၃၀၃။ ဓုတင် တေးရသ်၊ ဒိနရတ်၊ ကျောက်ဟော်ရတ်၊ ဇောတိရသ် ဘယ့်နှယ်နည်း။

၃၀၄။ အဇ္ဇာန်မာနတ်၊ ဖြဟ္မာနတ်၊ ဝေနတ် နတ်တောင်လ မည်သို့နည်း။

၃၀၅။ သုံးလောကနတ်၊ မိုးမာရ်နတ်၊ မုံ့နတ် ပဲနတ်တော်ပင် ဘယ်သို့နည်း။

၃၀၆။ ကပိလဝတ်၊ စက္ကဝတ်၊ လောကဝတ် မေ့ဝတ် ဘယ်သို့နည်း။

၃၀၇။ လူတို့အဝတ်၊ သင်ဒိုင်းဝတ်၊ ပရိဝါသ်နေ ဘယ်သို့နည်း။

၃၀၈။ သံသရာဝဋ်၊ အလှူဝတ်၊ ချဝတ် ဝတ်မြေ ဘယ်သို့နည်း။

၃၀၉။ ရွာသတွတ် သစ်သတွတ်၊ လယ်ကတွတ်၊ တွတ်တီး ဖန်တီး အသို့နည်း။

၃၁၀။ တီတီတွတ်တွတ်၊ နီတွတ်တွတ်၊ ကြွေအန်တွတ်၊ ဆိုတွတ်တွတ် မြည်တွတ်တွတ် အသို့နည်း။

၃၁၁။ ဝါးဖတ် စားဖတ်၊ ကြံစုတ်ဖတ်၊ ဝါဖတ် စာဖတ် ဘယ်သို့နည်း။

၃၁၂။ ကွမ်းဖတ် ဟင်းဖတ်၊ ထမင်းဖတ်၊ မှူးဖတ်ဖတ် မောဖတ်ဖတ် မည်သို့နည်း။

၃၁၃။ ဟုတ်ဟာတ် လုံ့ဟာတ်၊ ကာလဟာတ်၊ ချားရဟာတ် မီးရဟာတ် ဘယ်သို့နည်း။

၃၁၄။ ထူးမြွတ် ထွတ်မြွတ်၊ ရင်သားမြွတ်၊ လူမြွတ် ဘုံမြွတ် ဘယ့်နှယ်နည်း။

၃၁၅။ ပိုင်းပြတ် ပွဲပြတ်၊ စေတနာပြတ်၊ ရှင်းရှင်းပြတ် ကင်းပြတ် ဘယ့်နှယ်နည်း။

၃၁၆။ ဆွေခင်ပွန်းပြတ်၊ ကြိုးလွန်ပြတ်၊ ပြတ်သားပြတ်စ မည်သို့နည်း။

၃၁၇။ မြေကြွတ် ညောင်ကြွတ်၊ နေ လကြွတ်၊ ဝါကြွတ်ကြွတ် ဘယ်သို့နည်း။
၃၁၈။ ကွမ်းတဖွတ်ဖွတ်၊ ပတတ်ဖွတ်၊ ဂဝါဖွပ် ဖွတ်အင်ရွာ မည်သို့နည်း။
၃၁၉။ ယုတ်လတ် ကတ်လတ်၊ အသားလတ်၊ လတ်တလော လတ်လျား မည်သို့နည်း။
၃၂၀။ တသွတ်သွတ် ချည်သွတ်၊ အပြည့်သွတ်၊ အိုးကြားသွတ် ချော်သွတ် အသို့နည်း။
၃၂၁။ ဆုတ်ဖြတ် ကိုက်ဖြတ်၊ မေးဖြင့်ဖြတ်၊ ဖြတ်ထုံးဖြတ်စာ ဘယ်သို့နည်း။
၃၂၂။ သေနှုတ် နှာနှုတ်၊ ယက်ကန်းနှုတ်၊ နှုတ်ချိုသင်းဝင် ဘယ့်နှယ်နည်း။
၃၂၃။ ကရိုဏ်းပယတ်၊ ပရိယတ်၊ အနိယတ် နိယတ် မည်သို့နည်း။
၃၂၄။ လူမည်ခွတ်၊ ရွာမိုင်းခွတ်၊ သစ်သခွတ်ပင် ဘယ်သို့နည်း။
၃၂၅။ ဖမ်းလွှတ်မှုလွှတ်၊ အတုလွှတ်၊ မြွတ်လွှတ် စိတ်လွှတ် ဘယ်သို့နည်း။
၃၂၆။ မိုးစွတ် နှင်းစွတ်၊ ဝက်မစွတ်၊ သွားစွတ်စွတ် နွားနှင့်စွပ် ဘယ့်နှယ်နည်း။
၃၂၇။ ပစ်လွှတ် စေလွှတ်၊ ရုံးရွှေလွှတ်၊ ပေါက်လွှတ်လက်လွှတ် မည်သို့နည်း။
၃၂၈။ ပျောင်းညွှတ် ကွေးညွှတ်၊ လေးအိညွှတ်၊ ညီညွှတ် ညွှတ်ကွင်း မည်သို့နည်း။
၃၂၉။ ကြည်ညွှတ် နူးညွှတ်၊ ဦးဖြင့်ညွှတ်၊ စိတ်ညွှတ် နွဲ့ညွှတ် ဘယ်သို့နည်း။
၃၃၀။ ဖွဟ်ပတာတ် လူတာတ်၊ လူရတာတ်၊ ပကတာတ် မတာတ်နိုင် ဘယ်သို့နည်း။

သံတူကြောင်းကွဲ "အတ်" ကာရန်ပုစ္ဆာ ၇၇-ပုဒ် ပြီး၏။

---

(၇၃) သံတူကြောင်းကွဲ "အိတ်" ကာရန်ပုစ္ဆာ ၂၅-ပုဒ်

၃၃၁။ နိမိတ် ဆွေမိတ်၊ သုံးလူ့မိတ်၊ ဝက်ခြင်မိတ် မိဿံ မည်သို့နည်း။
၃၃၂။ ကောက်ရိတ် စရိတ်၊ ဝိပရိတ်၊ ပုဏ္ဏာရိက် စာရိတ် ဘယ့်နှယ်နည်း။
၃၃၃။ ပါစိတ် လူစိတ်၊ မန္တစိတ်၊ ခွဲစိတ် စိတ်ပေါင်း မည်သို့နည်း။
၃၃၄။ သွားကြိတ် သစ်ကြိတ်၊ ဆေးပေါင်းကြိတ်၊ ကျိတ်ကျိတ်မြည် ကျိတ်ခဲ မည်သို့နည်း။
၃၃၅။ စံနည်းတိတ်တိတ်၊ ကြာတင်းတိတ်၊ အတိတ် စတိတ် ဘယ်သို့နည်း။
၃၃၆။ စီငရိုက် ဆံရိတ်၊ ကာဏာရိဋ္ဌ၊ ပရိတ်အရိဋ္ဌ မည်သို့နည်း။
၃၃၇။ သိင်္ဂနိက် ကနိဋ္ဌ၊ ပျပ်အနိုပ်၊ ကောသနိက် အသို့နည်း။
၃၃၈။ ပုစွန်ဆိတ် တဆိတ်၊ လက်သည်းဆိတ်၊ နွားဆိတ် ဆိတ်ဖူး အသို့နည်း။
၃၃၉။ တဖျောက်ဆိတ်ဆိတ်၊ တို့ကဆိတ်၊ ဆိတ်ဖလူးပွင့် မည်သို့နည်း။
၃၄၀။ ပုခက်ချိတ် ချွန်းချိတ်၊ တံချူချိတ်၊ စကားချိတ် ငင်ချိတ် ဘယ်သို့နည်း။
၃၄၁။ မုတ်ဆိတ် ညံဆိတ်၊ ဒေါင်းမုတ်ဆိတ်၊ ဆိတ်ချေးဆိတ်နံ ဘယ့်နှယ်နည်း။
၃၄၂။ မင်းနန္ဒမိတ်၊ မြှုမိုးမိတ်၊ ဂေါမိတ် မိဿလင် ဘယ်သို့နည်း။
၃၄၃။ ပိတ်တကျည်သပိတ်၊ တံခါးပိတ်၊ ပိတ်တည် ပိတ်နည် ဘယ်သို့နည်း။

၃၄၄။ ချင်ပိတ်ဖျက်ပိတ်၊ ဝမ်းကျပိတ်၊ ပိတ်သင်းခတ်ပိတ်ချင်း မည်သို့နည်း။
၃၄၅။ အစွန်းအမြိတ်၊ တဘက်မြိတ်၊ ကြက်သွန်မြိတ် စမြိတ် ဘယ့်နှယ်နည်း။
၃၄၆။ ပုရောဟိတ် ဖိုလ်ဟိတ်၊ အကြောင်းဟိတ်၊ တိဟိတ် ဒွိဟိတ် မည်သို့နည်း။
၃၄၇။ ပင့်ဖိတ် ယွင်းဖိတ်၊ ရောင်ဖိတ်ဖိတ်၊ အဖိတ်နေ့ဆော်ဖိတ် အသို့နည်း။
၃၄၈။ ကျူးရင့်ထိတ်ထိတ်၊ လန့်ထိတ်ထိတ်၊ ခတ်သည့်ထိတ်၊ ပြောင်ထိတ် ထိတ်မွမ်း ဘယ်သို့နည်း။
၃၄၉။ ထိုးထိုး ထိတ်ထိတ်၊ ငှက်ခင်ထိတ်၊ ရွှံ့ထိတ် ဘယ်သို့ခြားသနည်း။
၃၅၀။ သက္ကလတ်အိတ်၊ ဂုံနီအိတ်၊ လက်သွတ်အိတ်၊ လွယ်အိတ် ငအိတ် ဘယ်သို့နည်း။
၃၅၁။ သံဃာဒိသိသ်၊ ဒုဗ္ဘာသိတ်၊ အဘိသိက် ကေသိသ် ဘယ်သို့နည်း။
၃၅၂။ သဒ္ဒါကိတ် ဝိဂြိုဟ်ကိတ်၊ နက္ခတ်ကိတ်၊ ကိတ်ချင်းမည်သို့ခြားသနည်း။
၃၅၃။ ပွေးလှမလိတ်၊ ခက်ကိလိဋ္ဌ်၊ ကျိတ်ကျိတ် လိတ်လိတ် ဘယ်သို့နည်း။
၃၅၄။ အရောင်ထိတ်ထိတ်၊ လှည်းခင်ထိတ်၊ ထိတ်ထိတ်ကြဲစုံ မည်သို့နည်း။
၃၅၅။ မွမ်းမွမ်းညိတ်ညိတ်၊ ခက်ဖြာညိတ်၊ ညိုးညိုးညိတ်ညိတ် ဘယ်သို့နည်း။

သံတူကြောင်းကွဲ "အိတ်" ကာရန်ပုစ္ဆာ ၂၅-ပုဒ် ပြီး၏။

---

(၇၄) သံတူကြောင်းကွဲ "အုတ်" ကာရန်ပုစ္ဆာ ၄၆-ပုဒ်

၃၅၆။ ဝိမုတ်ထွာမုတ်၊ လိုဏ်နန်းမုတ်၊ အငွေမုမ် ဆေးလုံးမုတ် မည်သို့နည်း။
၃၅၇။ မန္တန်ခုနစ်အုတ်၊ သဲသဲအုတ်၊ ဘုရားအုဋ္ဌ် ဗေဒင်ဥစ် မည်သို့နည်း။
၃၅၈။ ပုဆိုးသုတ် သဒ္ဒါသုတ်၊ လိမ်းဆီသုတ်၊ လေပြည်သုတ် ပုံ့သုတ်သုတ် ဘယ်သို့နည်း။
၃၅၉။ စည်တုတ်တုတ်၊မြည်တုတ်တုတ်၊ရှဉ့်ကတုတ်၊ မိုတ်တုတ် ဝတုတ် ပလုပ်တုတ် ဘယ်သို့နည်း။
၃၆၀။ အရကုတ် မြှောက်ကုတ်၊ ကြိုးပမ်းကုတ်၊ လက်သည်းကုတ် ကော်သည့်ကုတ် အသို့နည်း။
၃၆၁။ ပရိဘုတ် သရဘုတ်၊ မဟာဘုတ်၊ သုဒ္ဓါဘုတ် ပဉ္စဘုတ် မည်သို့နည်း။
၃၆၂။ လိုက်စုတ်စုတ် ပန်းချီစုတ်၊ ခရုစုတ်၊ မွဲစုတ်စုတ် တွင်ယူစုတ် ဘယ်သို့နည်း။
၃၆၃။ ထိုးထွင်းစုတ် ကြွက်စုတ်၊ ကန်ရေစုတ်၊ ခေါ်သည့်စုတ် စုဒ်ထုတ် ဘယ်သို့နည်း။
၃၆၄။ မန္တန်စုတ် ငှက်နှုံစုတ်၊ သိဒ္ဓိစုတ်၊ ထိုးစုတ်စုတ် ပြတ်ပဲ့စုတ် ဘယ်သို့နည်း။
၃၆၅။ ဝမ်းမှာတုတ် ခတ်သည်တုတ်၊ ထွားတုတ်တုတ်၊ ဟင်းရည်တုတ် ယုန်တတုတ် မည်သို့နည်း။
၃၆၆။ တြိကဋုက် ခွန်အတုတ်၊ ဝါးရင်းတုတ်၊ လူငတုတ် ဘယ်သို့ထူးသနည်း။
၃၆၇။ စပ်ပြုတ်ရှပ်ပြုတ်၊ သီးငပြုတ်၊ ပဲကြီးပြုတ် စည်ပြုတ်ပြုတ် ဘယ်သို့နည်း။
၃၆၈။ လည်ဝုတ်ဝေဝုစ်၊ ဝက်ဝုတ်၊ ဂါဝုတ် လိင်ဝုစ် အသို့နည်း။
၃၆၉။ သတ်ပုတ်ပါဋ္ဌ်ပုဒ်၊ ထည့်သည့်ပုတ်၊ စည်ပုတ် ဥပုသ် မည်သို့နည်း။
၃၇၀။ ပုတ်သင်ဆောက်ပုတ်။ ပါဠိလိပုတ်၊ စည်ပုတ္တရာ အသို့နည်း။
၃၇၁။ ရေမှုတ် လေမှုတ်၊ ဖွမန်းမှုတ်၊ ကီးမှုတ် မီးမှုတ် အသို့နည်း။

၃၇၂။ တံပိုးမှုတ် ငြင်းမှုတ်၊ နဲ့ပြေမှုတ်၊ ငွေမှုတ် မုတ်ပုတီး အသို့နည်း။
၃၇၃။ ခြစ်ချုတ်ဝက်ချုတ်၊ ကျချုတ်ချုတ်၊ တိုက်ခြုတ် ခြုတ်ချယ်မည်သို့နည်း။
၃၇၄။ ပုဝါမျက်သုတ်၊ အမှိုက်သုတ်၊ သုတ္တန် သုသာန် အသို့နည်း။
၃၇၅။ တံစုန်းသစ်ငုတ်၊ နွားစငုတ်၊ ငုတ်ငုတ်ထိုင်နေ အသို့နည်း။
၃၇၆။ ပဋ္ဌာန်းတိုက်ဒုက်၊ မဟာဒုက်၊ ဒုဋ္ဌာ ဒုက္ခ ဘယ်သို့နည်း။
၃၇၇။ မျက်ရည် တုတ်တုတ်၊ ဟင်းရည်တုတ်၊ စေတုတ္တရာ မည်သို့နည်း။
၃၇၈။ ဆားတောင်မီးတုတ်၊ ကျိုး၍တုတ်၊ မီးတုတ်ညဥ့်ငှက် ဘယ်သို့နည်း။
၃၇၉။ ကေဝုစ် ဒွိဝုစ်၊ ရေဝဲဝုတ်၊ ဝုတ္တိ ဘယ်သို့ ခြားသနည်း။
၃၈၀။ မီးခိုးဖြုတ်ဖြုတ်၊ ချက်ဘဖြုတ်၊ ယတိဖြုတ်ဖြုတ် မည်သို့နည်း။
၃၈၁။ အားထုတ် နှင်ထုတ်၊ မိန့်တော်ထုတ်၊ သစ်လက်ထုတ် မှုံထုပ် ဘယ့်နှယ်နည်း။
၃၈၂။ ထုတ်ချင်း လျှိုထုတ်၊ သောက်ယစ်ထုတ်၊ ပြုတ်ထုတ် ဖော်ထုတ် လျှာထုတ် မည်သို့နည်း။
၃၈၃။ ဂိဇ္ဈကုဋ် ဒုကုဋ်၊ ဥပဂုတ် ငပ်ကုတ် လောကုတ် ဘယ်သို့နည်း။
၃၈၄။ သိန်းပက္ကုသ်, ဆိတ်ကုတ်၊ ပတ်တကုတ်၊ မိုးကုတ်ကျတ်ပြင် မည်သို့နည်း။
၃၈၅။ သိမ်သမုတ် ပါတိမုတ်၊ ဗလဝါမုခ်၊ မြစ်သမုဒ်၊ တမုတ်ကြိုး ဘယ်သို့နည်း။
၃၈၆။ ဒိသာပါမုက်၊ အိမ်စတ်မုတ်၊ ကြာကုမုဒ် မုတ္တစွဲ မည်သို့နည်း။
၃၈၇။ မျက်ကြုတ်ကြမ်းကြုတ်၊ ကြောင်သစ်ကြုတ်၊ အရေကြုတ် ခွက်ကြုတ် မည်သို့နည်း။
၃၈၈။ မြည်သံကြုတ်ကြုတ်၊ အာချောတ်ကြုတ်၊ ငှမှောင်ကြုတ် ကြုတ်ပင် အသို့နည်း။
၃၈၉။ သမ္ဗယုတ် ဝိပ္ပယုတ်၊ စာဂယုတ်၊ ယုတ္တိ ယုတ္တာ မည်သို့နည်း။
၃၉၀။ ပြယုဂ် သံယုဂ်၊ အင်မယုတ်၊ လွန်ယုတ် ယုတ်မာ ဘယ်သို့နည်း။
၃၉၁။ လျှင်တဖြုတ်၊ ခြင်ဖြုတ်၊ မြည်ဖြုတ်ဖြုတ်၊ သစ္စာဖြုတ် ညှို့ဖြုတ် အသို့နည်း။
၃၉၂။ ငရုတ် ပရုတ်၊ သဲသဲရုတ်၊ လျှင်ရုတ် ဝမ်းရုတ် ဘယ်သို့နည်း။
၃၉၃။ ဝါစာဖရုသ်၊ သစ်ဝက်ရုတ်၊ ငရုတ်ငရုက် သို့လျှင်နည်း။
၃၉၄။ လျှင်မြန်ရုတ်ရုတ်၊ ခုံရုတ်ရုတ်၊ ရုတ်တရက်ပြေး ဘယ်သို့နည်း။
၃၉၅။ စုန်းဖုတ် သစ်ဖုတ်၊ မီးနှင့်ဖုတ်၊ ဖုတ်ဖုတ်ကျ ဖုတ်လှိုက် မည်သို့နည်း။
၃၉၆။ မြည်သံဖုတ်ဖုတ်၊ မြေသဲဖုတ်၊ ရွာဖုတ် တောဖုတ် ဖုတ်ဖက်တက် ဘယ်သို့နည်း။
၃၉၇။ ငှက်စလုတ် ဝဲစလုတ်၊ ပုန်းစလုတ်၊ ထိုင်ငုတ်လုတ်ခြောင့် ခလုတ် အသို့နည်း။
၃၉၈။ အအူအဆုတ်၊ နောက်သို့ဆုတ်၊ ကပ်ဆုတ် ဖြတ်ဆုတ် အသို့နည်း။
၃၉၉။ စောင်မာန်ရှုတ် ကွာရှုတ်၊ မြည်ရှုတ်ရှုတ်၊ နှုတ်ချုတ်ရှုတ် သို့ပေနည်း။
၄၀၀။ သစ်ပင်နုတ် တန်းမှာနုတ်၊ ဂဏန်းနုတ်၊ ဆွဲငင်နုတ် နှုတ်ခမ်း အသို့နည်း။
၄၀၁။ သမ္မာသမ္ဗုဒ်၊ ဆွမ်းသင်ပုတ်၊ ငှက်ဘုတ် ဘုတ်လေးပါး ဘယ်သို့နည်း။

သံတူကြောင်းကွဲ "အုက်" ကာရန်ပုစ္ဆာ ၄၆-ပုဒ်ပြီး၏။

(၇၅)သံတူကြောင်းကွဲ"အပ်"ကာရန်ပုစ္ဆာ ၅၂-ပုဒ်

၄၀၂။ သင်္ချေယျကပ်၊ အန္တရကပ် ထရံကပ် ကျောင်းဆင်ကပ် ဘယ်သို့နည်း။
၄၀၃။ ပူးကပ် ကျေးကပ်၊ အစေးကပ်၊ သက်န်းကပ် ကော်ကပ် အသို့နည်း။
၄၀၄။ ခပ်သိမ်း ကူးခပ်၊ ရေမိုးခပ်၊ ခပ်ပြာ ဘယ်သို့ခြားသနည်း။
၄၀၅။ ဖိနပ် သနပ်၊ ထမင်းနပ်၊ ကျိုးနပ် နယ်နပ် သို့ပေနည်း။
၄၀၆။ ချဉ်သနပ် သူ့အနပ်၊ စိတ်စက်နပ်၊ ထွက်နပ်မည်သို့ကွဲသနည်း။
၄၀၇။ ရှားစောင်းလက်ပပ်၊ မြွေလက်ပပ်၊ ရိပပ် အင်္ကပပ် သို့ပေနည်း။
၄၀၈။ ခံစပ်စေ့စပ်၊ ငံစပ်စပ်၊ နူတ်စပ်စပ် ပျပ်စပ် သို့ပေနည်း။
၄၀၉။ အနီးစပ် ပူစပ်၊ စပ်ကုန်းစပ်၊ ချုပ်စပ် ပိတ်စပ် ဘယ်သို့နည်း။
၄၁၀။ နီစပ်စပ် အာစပ်၊ မြည်စပ်စပ်၊ တဲစပ် ကျိန်းစပ် မည်သို့နည်း။
၄၁၁။ မအားလပ် ကလပ်၊ ပန်းစလပ်၊ ထန်းပလပ် ဆုလာဘ် အသို့နည်း။
၄၁၂။ နာမ်ရုပ်ကလာပ်၊ ရသည်လာဘ်၊ လာဘ်ချင်း ဘယ်သို့ခြားသနည်း။
၄၁၃။ တောက်ရပ်ဒြပ်၊ ကျောင်းစရပ်၊အရပ်ရပ် တန့်ရပ် အသို့နည်း။
၄၁၄။ နှိပ်ကွပ် သင်းကွပ်၊ နိမ့်ကွပ်ကွပ်၊ အနားကွပ်ကြမ်းကွပ် အသို့နည်း။
၄၁၅။ ပါးချပ်ပွင့်ချပ်၊ အကြားချပ်၊ ဝတ်လုံချပ် နိုးချပ်ဘယ်သို့နည်း။
၄၁၆။ ပေါ့သွပ် သော့သွင်၊ မြို့သောင်သွပ်၊ ရှူးသွပ် နှမ်းသွပ် ဘယ့်နှယ်နည်း။
၄၁၇။ နှာခေါင်းကနှပ်၊ ထမင်းနှပ်၊ နှပ်ချို့ကြှံဟင်းမည်သို့နည်း။
၄၁၈။ ပျားဖွပ် ဆန်ဖွပ်၊ ခဝါဖွပ်၊ ဖွပ်ချင်း မည်သို့ ထူးသနည်း။
၄၁၉။ ရွက်ထပ်လက်ထပ်၊ ပဲ့တင်ထပ်၊ အထပ်ထပ် ထူထပ်ဘယ်သို့နည်း။
၄၂၀။ ထန်းရွက်ယပ် မီးယပ်၊ ယပ်နှင့်ယပ်၊ ကပ်ယပ် ကမ်းယပ် ဘယ်သို့နည်း။
၄၂၁။ ပဲခွပ်ကြက်ခွပ်၊ လှိုင်းကြက်ခွပ်၊ ခွပ်ခြင်းဘယ်သို့ ခြားသနည်း။
၄၂၂။ ခိုးယူယိုးစွပ်၊ ဖိနပ်စွပ်၊ လက်စွပ်မည်သို့ ထူးသနည်း။
၄၂၃။ သွေးဖပ်ဖပ် ဖြူဖပ်ဖပ်၊ ပျိုဖပ်ဖပ်၊ ဖပ်ချင်းဘယ်သို့ကွဲသနည်း။
၄၂၄။ သင်းကြွပ် ဟင်းကြွပ်၊ ခဲမကြွပ်၊ မုံ့ကြွပ် အုတ်ကြွပ်ဘယ်သို့နည်း။
၄၂၅။ ချိန်ကျပ် ကွမ်းကျပ်၊ ဖိုးသူဟော်ကျပ်၊ သင်းငွေကျပ် ဘိကျပ်ဘယ်သို့နည်း။
၄၂၆။ နဖူးသင်းကျပ်၊ ကြက်တောင်ကျပ်၊ နားကျပ် ကြပ်တင်အသို့နည်း။
၄၂၇။ အနာကျပ် ကျဉ်းကျပ်၊ သိပ်ကျပ်ကျပ်၊ မန်ကျည်းကျပ် ကျပ်ရှာမည်သို့နည်း။
၄၂၈။ တရုပ်အပ်မအပ်၊ အစစ်အပ်၊ ရင်ချင်းအပ် ပါးချင်းအပ်ဘယ်သို့နည်း။
၄၂၉။ တင့်အပ်နှင်းအပ်၊ ပုံပြင်အပ်၊ မကျင့်အပ် ကျင့်အပ် ဘယ်သို့နည်း။
၄၃၀။ ချောင်တလျှပ်လျှပ်၊ ပါးလျှပ်လျှပ်၊ မိုးမှာလျှပ် အလျှပ်ခွာဘယ်သို့နည်း။
၄၃၁။ ကိစ္စလျှပ်လျှပ်၊ ဝံခွန်လျှပ်၊ ပါးလျှပ်လျှပ်ပေါ် ဘယ်သို့နည်း။

၄၃၂။ ညှပ်ရိုးကွမ်းညှပ်၊ ပန်းပဲညှပ်၊ တညှပ် ထန်းညှပ် အသို့နည်း။
၄၃၃။ တကောင်တညှပ်၊ ပုစွန်ညှပ်၊ ကွမ်းသီးညှပ် မီးတံညှပ် မည်သို့နည်း။
၄၃၄။ ဆပ်ပြာလူးဆပ်၊ ကျေးဇူးဆပ်၊ ဒေါင့်ဆပ်ပြာ မြီဆပ် ဘယ်သို့နည်း။
၄၃၅။ ပိုးဟပ်ပန်းဟပ်၊ တည်ဒဟပ်၊ ကိုက်ဟပ် စပ်ဟပ် သို့ပေနည်း။
၄၃၆။ ကုသပ်သုံးသပ်၊ ပင်းသည့်သပ်၊ သွယ်သပ် ချောသပ် ဘယ်သို့နည်း။
၄၃၇။ ထက်ကြပ်လက်ကြပ်၊ မြို့တိုင်းကြပ်၊ အကြပ်မင်း ကြပ်ကြပ်နင်း ဘယ်သို့နည်း။
၄၃၈။ ရာဇတပ် ဗိုလ်တပ်၊ စုလည်းတပ်၊ လျှော်ပြစ်တပ် ခြောက်တပ်တပ်ဘယ့်နှယ်နည်း။
၄၃၉။ လှည်းဝင်ရိုးတပ်၊ စရွေးတပ်၊ တပ်တပ် ထိပ်တပ်မည်သို့နည်း။
၄၄၀။ သေသေဝပ်ဝပ်၊ ပြားဝပ်ဝပ်၊ ယုန်ဝပ်တံ့ဝပ်အသို့နည်း။
၄၄၁။ တီးရှုပ်ပြုတ်ရှုပ်၊ နှင်းဘရှုပ်၊ ရှုပ်ချင်းမည်သို့ထူးသနည်း။
၄၄၂။ နေပူတံလှုပ်၊ ပူလှုပ်လှုပ်၊ ဖွင့်လှုပ်ဘယ်သို့ခြားသနည်း။
၄၄၃။ လေတဖျပ်ဖျပ်၊ လန့်ဖျပ်ဖျပ်၊ ရိုက်ဖျပ်ဖျပ် ဖျပ်ဖျပ်လူးဘယ်သို့နည်း။
၄၄၄။ သဒ္ဒါဝိကပ်၊ တောက်တဲ့ကပ်၊ ကပ္ပနာ ကပ်ပယ်အသို့နည်း။
၄၄၅။ ညှပ်ပျပ် ဝပ်ပျပ်၊ ထိုင်ပျပ်ပျပ်၊ ပျပ်စပ်တုံးလုံးသို့လျှင်နည်း။
၄၄၆။ မြည်တညပ်ညပ်၊ ညှပ်ရှုံညပ်၊ ပညပ်ရွှေနှုတ်ဘယ်သို့နည်း။
၄၄၇။ ထိုင်နေပျပ်စပ်၊ စာပေစပ်၊ နှံစပ် စပ်ကြားဘယ်သို့နည်း။
၄၄၈။ စိစိရွပ်ရွပ်၊ ဝါးရွပ်ရွပ်၊ ကူရွပ်သဘော်မည်သို့နည်း။
၄၄၉။ ထန်းပင်ထန်းပပ်၊ ခွံအပပ်၊ ပပ်ကြားအက်ကွဲအသို့နည်း။
၄၅၀။ အင်္ကျီလက်ကျပ်၊ ရှောင်ကျပ်ကျပ်၊ သတ်ကျပ် တည်ကျပ် အသို့နည်း။
၄၅၁။ ပြည်တရွပ်ရွပ်၊ စူးရွပ်ရွပ်၊ ရွပ်ရွပ်ညွန်နစ်ဘယ်သို့နည်း။
၄၅၂။ ဟိရိသြတ္တပ်၊ ဆေးစွဲတပ်၊ အပ်ချည်တပ် ဘွဲ့မည်တပ်မည်သို့နည်း။
၄၅၃။ ချက်ကြစပ်စပ်၊ ရှားစပ်စပ်၊ စပ်စပ်စားစားဘယ့်နှယ်နည်း။

သံတူကြောင်းကွဲ "အပ်" ကာရန်ပုစ္ဆာ ၅၂-ပုဒ်ပြီး၏။

---

(၇၆) သံတူကြောင်းကွဲ "အိပ်" ကာရန်ပုစ္ဆာ ၂၃-ပုဒ်

၄၅၄။ မိုးရိပ်မင်းရိပ်၊ မိန့်တော်ရိပ်၊ စကားရိပ် သစ်ရိပ်မည်သို့နည်း။
၄၅၅။ ဗိုင်းလိပ် လက်လိပ်၊ အင်္ဂလိပ်၊ ခွေလိပ် လိပ်ပြာအသို့နည်း။
၄၅၆။ ကွမ်းလောင်းကွမ်းလိပ်၊ ခေါ့စာလိပ်၊ ဖျာလိပ် သလိပ်မည်သို့နည်း။
၄၅၇။ မိန်းမရှင်အိပ်၊ ခွေ၍အိပ်၊ ဂြိုဟ်အိပ် အိပ်မွေ့မည်သို့နည်း။
၄၅၈။ ရေဆိပ် မြေဆိပ်၊ ခပ်တံဆိပ်၊ ရွာဖျောက်ဆိပ် ကြယ်ဖျောက်ဆိပ်မည်သို့နည်း။

၄၅၉။ ရေးရေးရိပ်ရိပ်၊ မှိုင်းရိပ်ရိပ် ရိပ်မြွက်ရိပ်ကာ ဘယ့်နှယ်နည်း။
၄၆၀။ ဇမ္ဗူဒိပ်၊ တမ္ပဒိပ်၊ ပြသဒိပ်၊ မင်းရဲဒိပ္ပမည်သို့နည်း။
၄၆၁။ ပုတီးစိပ် မန္တန်စိပ်၊ ကြံစိပ်စိပ်၊ စိုးစိပ်စိပ် သင်္စိပ်တိုက်အသို့နည်း။
၄၆၂။ မကျဲမစိပ်၊ ရှက်စိပ်စိပ်၊ စေ့စိပ်ပိုက်စိပ်ချ အသို့နည်း၊
၄၆၃။ အပြအနိပ်၊ နံစံနိပ်၊ လေနိပ် မိုးနိပ်အသို့နည်း။
၄၆၄။ အပြည့်အသိပ်၊ ကျပ်ကျပ်သိပ်၊ ပျော်အောင်သိပ်၊ ဆာမွတ်သိပ် အစသိပ်ဘယ်သို့နည်း။
၄၆၅။ အိမ်ခြေသိပ်သိပ်၊ ပြည့်နှက်သိပ်၊ မွမ်းမွမ်းသိပ်သိပ် ဘယ်သို့နည်း။
၄၆၆။ စပါးငချိပ်၊ ရောင်ချိပ်ချိပ်၊ ညောင်ချိပ် ဆီးချိပ် မည်သို့နည်း။
၄၆၇။ ဦးထိပ် တောင်ထိပ်၊ မြစ်သောင်ထိပ်၊ မြို့ထိတ် ထိပ်ခေါင်တင်အသို့နည်း။
၄၆၈။ ခြေနှိပ် မာန်နှိပ်၊ ကွပ်ညှပ်နှိပ်၊ နှိပ်စက် နှိပ်နင်း ဘယ်သို့နည်း။
၄၆၉။ မလည်းမလိပ်၊ ကမ္ပည်းလိပ်၊ စူဠလိပ် လိပ်ဆူးရွှေဘယ်သို့နည်း။
၄၇၀။ ရိပ်ရိပ်ပြေး နေရိပ်၊ ဘုန်းတော်ရိပ်၊ ချိပ်ရိပ် ရိပ်ခြည်ဘယ်သို့နည်း။
၄၇၁။ သိပ်သိပ် ထားနယ်သိပ်၊ တောင်ပြသိပ်၊ အသားသိပ် ခပ်သိပ်သိပ်ဘယ်သို့နည်း။
၄၇၂။ ရန်ဆိပ် အဆိပ်၊ ကြာတံဆိပ် ဆိပ်ချင်းဘယ်သို့ခြားသနည်း။
၄၇၃။ သုံးလူ့ထိပ်၊ ကျွန်းဦးထိပ်၊ လမ်းမထိပ်၊ ထိပ်ချင်း မည်သို့ခြားသနည်း။
၄၇၄။ မျက်တောင်ပေလိပ်၊ မီးပေလိပ်၊ ဆေးလိပ် ခပ်လိပ်မည်သို့နည်း။
၄၇၅။ ကြည်နူးစိပ်စိပ်၊ တစိပ်စိပ်၊ ပြားစိပ် စိပ်ဖြာဘယ်သို့နည်း။
၄၇၆။ ညိုချိပ် နက်ချိပ်၊ မည်းချိပ်ချိပ်၊ ချိပ်ချင်းမည်သို့ခြားသနည်း။

သံတူကြောင်းကွဲ "အိပ်"ကာရန်ပုစ္ဆာ ၂၃-ပုဒ် ပြီး၏။

---

(၇၇) သံတူကြောင်းကွဲ "အုပ်"ကာရန် ပုစ္ဆာ ၂၉-ပုဒ်

၄၇၇။ အချာအချုပ်၊ ကွန်ချာချုပ်၊ စာရင်းချုပ် ဆေးကန့်ချုပ် အုပ်ချုပ်မည်သို့နည်း။
၄၇၈။ အမြက်ချုပ်ချုပ်၊ နွေးချုပ်ချုပ်၊ ချုပ်ရုပ် ချုပ်တည်းဘယ်သို့နည်း။
၄၇၉။ ရေယဉ်ဟုပ်ဟုပ်၊ ငှက်လင်းဟုပ်၊ လေဟုပ်ဟုပ် လျှင်ဟုပ်ဟုပ်အသို့နည်း။
၄၈၀။ တိမ်မြုပ် နစ်မြုပ်၊ မြေတွင်မြုပ်၊ စုပ်စုပ်မြုပ် စုန်းစုန်းမြုပ်ဘယ်သို့နည်း။
၄၈၁။ တဖါတအုပ်၊ ကြက်မအုပ်၊အုပ်ထုပ် အုပ်ဆောင်းမည်သို့နည်း။
၄၈၂။ နွားအုပ်ကျွဲအုပ်၊ ထန်းရွက်အုပ်၊ ရင်အုပ် ချုပ်အုပ် ဘယ့်နှယ်နည်း။
၄၈၃။ ပိတ်အုပ်ကွမ်းအုပ်၊ ကုလားအုပ်၊ လက်အုပ်ချီ ရှက်အုပ်မည်သို့နည်း။
၄၈၄။ မိုးချုပ် အပ်ချုပ်၊ စိုးပိုင်ချုပ်၊ ပခြုပ်ချုပ်ထားဘယ်သို့နည်း။
၄၈၅။ ပေါင်းချုပ် စိပ်ချုပ်၊ စုတိချုပ် ိတ်ချုပ် ဆီးချုပ်ဘယ်သို့နည်း။

၄၇၆။ စုန်းစုန်းစုပ်စုပ်၊ မြုပ်စုပ်စုပ်၊ ဝင်စုပ်စုပ် စည်းစုပ်ဘယ်သို့နည်း။
၄၇၇။ အခါတက်စုပ်၊ လျှိုးစုပ်စုပ်၊ စုပ်မြုပ် စုပ်သွားဘယ်သို့နည်း။
၄၇၈။ ကိုယ်လုပ်မှုလုပ်၊ ထမင်းလုပ်၊ အာလုပ် လုပ်ဆေးဘယ့်နှယ်နည်း။
၄၇၉။ ကြိုးနှင့်တုပ် ကင်းတုပ်၊ ပုဆွန်တုပ်၊ ပုဆစ်တုပ် ညွတ်တုပ် မည်သို့နည်း။
၄၈၀။ အနာပဆုပ်၊ ရှိစက်ဆုပ်၊ ပေါက်ပေါက်ဆုပ် ဆွဲဆုပ် ဘယ်သို့နည်း။
၄၈၁။ ရွှေမြုပ်ကျောက်မြုပ်၊ တိုင်စိုက်မြုပ်၊ ရွှေအိုးမြုပ်၊ ငွေအိုးမြုပ်သို့ပေနည်း။
၄၈၂။ လူမျိုးတရုပ်၊ သဒ္ဒါရုပ်၊ နာမ်ရုပ် သရုပ် ဘယ်သို့နည်း။
၄၈၃။ ဆင်ရုပ်မြင်းရုပ်၊ ဗောဓယုန်ရုပ်၊ သိမ်းရုပ် ရုပ်တီးဘယ်သို့နည်း။
၄၈၄။ ဈေးနှာရုပ် ချုပ်ရုပ်၊ ဆယ်ချောင်းရုပ်၊ တရုပ်စကားဘယ့်နှယ်နည်း။
၄၈၅။ အဆင်းအရုပ်၊ လှရုပ်ရုပ်၊ ရုပ်ရည်ရုပ်သေးမည်သို့နည်း။
၄၈၆။ နှာရှုပ် သောက်ရှုပ်၊ ရှုပ်ရှုပ်၊ ငိုရှုပ် နမ်းရှုပ် အသို့နည်း။
၄၈၇။ ထွေးရှုပ် တွန့်ရှုပ်၊ မြွေကြောရှုပ်၊ ရှုပ်ရှိုးရှုပ်ရှက် အသို့နည်း။
၄၈၈။ မပေါ်ငုတ် လျှိုးငုပ်၊ အစငုပ်၊ စကားငုပ် ရေငုပ် အသို့နည်း။
၄၈၉။ ရေလှုပ်လေလှုပ်၊ လျှော်လှုပ်၊ တုန်လှုပ်ကိုယ်လှုပ် ဘယ်သို့နည်း။
၅၀၀။ ဗျာကျုန်ပ်ငွေနုပ်၊ စဉ်းနုပ်နုပ်၊ လူနုပ် နုပ်စု ဘယ့်နှယ်နည်း။
၅၀၁။ စေပါလတ်သုပ်၊ ပေါင်းသုပ်သုပ်၊ လက်သုပ်ဟင်းလျာ မည်သို့နည်း။
၅၀၂။ လူတို့လက်ခုပ်၊ ငါးလက်ခုပ်၊ သစ်လက်ခုပ် ကြောင်လက်ခုပ် အသို့နည်း။
၅၀၃။ ဆူးပုပ် ခင်ပုပ်၊ သူကောင်ပုပ်၊ တိမ်ပုပ် နွယ်ပုပ် အသို့နည်း။
၅၀၄။ အဆုပ်အဆုပ်၊ စိစိဆုပ်၊ လက်ဆုပ်မည်သို့ထူးသနည်း။
၅၀၅။ သစ်ကြီးဆယ်ဆုပ်၊ ထမင်းဆုပ်၊ ပဆုပ်ပနီ ဘယ်သို့နည်း။

သံတူကြောင်းကွဲ "အုပ်"ကာရန် ပုစ္ဆာ ၂၉-ပုဒ် ပြီး၏။

---

(၇၈) သံတူကြောင်းကွဲ "အည်"ကာရန် ပုစ္ဆာ ၂၇-ပုဒ်

၅၀၆။ ဘုရားတည် ဆိပ်ပွဲတည်၊ ရေချမ်းအိုးတည်။ ဦးတည်ပွား အတည်မကျ မည်သို့နည်း။
၅၀၇။ ကျင့်ဆောက်တည် လွန်တည်၊ ဆင်ဟိုင်းတည်၊ ဆေးဝါတည် အတည်တည် အသို့နည်း။
၅၀၈။ အမိန့်တော်တည်၊ ဆွမ်းဝတ်တည်၊ နှဲပြေတည်တည် အသို့နည်း။
၅၀၉။ စိတ်ကြည် ယုံကြည်၊ ချမ်းအေးကြည်၊ သာကြည် ညွတ်ကြည် ဘယ်သို့နည်း။
၅၁၀။ မြင်ကြည် နေကြည်၊ ညဏ်နေကြည်၊ တည်တည်ကြည်ကြည် ဘယ်သို့နည်း။
၅၁၁။ ကြည်ဖြူ ချစ်ကြည်၊ ဆွတ်ဆွတ်ကြည်၊ ကြည်ညို ကြည်ညွတ် အသို့နည်း။
၅၁၂။ ခွန်ရှည်တိုရှည်၊ ကန်ထောက်ရှည်၊ တရှည် ပတ်သာ မည်သို့နည်း။

၅၁၃။ ကရော်ကမည်၊ နာမမည်၊ စကားစမည့် အသို့နည်း။
၅၁၄။ ရောင်းမည် ဝယ်မည်၊ သွားလာမည်၊ နိုးမည်ပြုကြောင်း အသို့နည်း။
၅၁၅။ အပ်ကျည်ဆုံကျည်၊ သံကျည်ကျည်၊ ဖွတ်ဦးကျည် ကျည်ထောက် အသို့နည်း။
၅၁၆။ ပျားတရထည်၊ ဂုဏ်လုပ်ထည်၊ အဝတ်ထည် မဟာထေရ်အသို့နည်း။
၅၁၇။ အောင်ပန်လည် ရွာမလည်၊ လူအိုလည်၊ သေဥ်လည်ကြောင်မင်းဘယ်သို့နည်း။
၅၁၈။ တဝဲလည်လည်၊ ပုံတောင်းလည်၊ နားမလည် လူတို့လည်မည်သို့နည်း။
၅၁၉။ အနားလည်လည်၊ ရေဝဲလည်၊ တလည်လည် ကျင်လည် အသို့နည်း။
၅၂၀။ ကျင့်မှုနည်ရေနည်၊ အာဇာနည်၊ ဖွေနှည် မဲနည်အသို့နည်း။
၅၂၁။ ချောင်းရေကန်ဆည်၊ ဖီတားဆည်၊ စိတ်ဆည်ပိတ်ဆည်အသို့နည်း။
၅၂၂။ ဝါချည် ပိုးချည်၊ ကြိုးနှင့်ချည်၊ ပရိတ်ချည် ရိပ်ချည်ဘယ်သို့နည်း။
၅၂၃။ ဆံချည်ရွှေချည်၊ မိန့်နှုတ်ချည်၊ သွေးချည် မြူချည် ဘယ်သို့နည်း။
၅၂၄။ ထူးလည် လှည့်လည်၊ စကြာလည်၊ လော်လည်ပတ်လည် မည်သို့နည်း။
၅၂၅။ ရွှေရည် ငွေရည်၊ မှတ်ထင်ရည်၊ မျက်ရည်နို့ ရည် အသို့နည်း။
၅၂၆။ ရုပ်ရည်လူရည်၊ လူ့ရွှေရည်၊ ပရိတ်ရည် စိတ်ရည် သို့ပေနည်း။
၅၂၇။ ယမ်းဖည် သွေးဖည်၊ ယိမ်းမဖည်၊ မသွေဖည် ဖည်ယမ်း အသို့နည်း။
၅၂၈။ မြည်စည်ကြံစည်၊ လူအောင်စည်၊ ပွဲစည် စည်ပင် မည်သို့နည်း။
၅၂၉။ ဘုန်းစည်ပင်စည်၊ ရွာပြင်စည်၊ တီးသည့်စည် သစ်မည်စည်အသို့နည်း။
၅၃၀။ ဝါဝါသည်သည်၊ ကချေသည်၊ အိုးကြွသည်ခေါ် မည်သို့နည်း။
၅၃၁။ ကုန်သည်အသည်၊ ကတ္တားသည်၊ ဧည့်သည်စစ်သည် ဘယ်သို့နည်း။
၅၃၂။ လေပြည်ရွာပြည်၊ လူပျိုပြည်၊ ဆန်တပြည် သွေးပြည်ဘယ်သို့နည်း။

သံတူကြောင်းကွဲ "အည်" ကာရန်ပုစ္ဆာ ၂၇-ပုဒ်ပြီး၏။

---

(၇၉) သံတူကြောင်းကွဲ "အည့်" ကာရန်ပုစ္ဆာ ၈-ပုဒ်

၅၃၃။ သာမောလှည့်မျက်လှည့်၊ ချာချာလှည့်၊ စကြာလှည့် လက်ယာလှည့် မည်သို့နည်း။
၅၃၄။ ပြုတတ်လှည့် မူတင်လှည့်၊ ပဟ်ပတ်လှည့်၊ မျက်စောင်းလှည့် လုလင်လှည့် အသို့နည်း။
၅၃၅၊ ရွာဝမ်းပြည့် လပြည့်၊ ရှင်အိမ်ပြည့်၊ ဖြည့်ရှုပြည့် ပြည့်စဉ်ပင်အသို့နည်း။
၅၃၆။ နှိုင်းရှည့်တိုင်းရှည့်၊ နတ်တရှည့်၊ မှုရှည့်ခံ့ ရှည့် အသို့နည်း။
၅၃၇။ သစ်သီးရွှမ်းမှည့်၊ ရွှေစဉ်မှည့်၊ အရောင်မှည့်မှည့် ဘယ်သို့နည်း။
၅၃၈။ ကရွဲ့ကထည့်၊ အပြည့်ထည့်၊ သွားထည့် ရွှေထည့် ဘယ်သို့နည်း။

၅၃၉။ ပြာသာဒ်သကြည့်၊ ခံအောက်ကြည့်၊ တပ်ကြည့် ရှုကြည့် မည်သို့နည်း။
၅၄၀။ ရှေ့ကတည့်တည့် မတ်မတ်တည့်၊ လက်မတည့် ရှယ်တည့်တည့်၊ စိတ်မတည့် အသို့နည်း။

သံတူကြောင်းကွဲ "အည့်" ကာရန်ပုစ္ဆာ ၈-ပုဒ်ပြီး၏။

---

(၁၀) သံတူကြောင်းကွဲ"အည်း"ကာရန်ပုစ္ဆာ ၃၂-ပုဒ်

၅၄၁။ ဘုရားမိတည်း၊ ပိတ်ရထည်း၊ ပြတည်းချုပ်တည်း မည့်သို့နည့်း။
၅၄၂။ ကြိုးနှင့်တည်းကြပ်တည်း၊ စာပေဘည့်း၊ တည့်းစပ်တည့်းအပ်အသို့နည့်း။
၅၄၃။ ခွေတည့်ည့်ည့်း၊ ခံည့်ည့်ည့်း၊ ည့်းတွားညည့်ညူ အသို့နည့်း။
၅၄၄။ ရာသကျည့်းမန်ကျည့်း၊ ဓားကတ်ကျည့်း၊ လေတကျည့်း ကျည်းပင်ဘယ်သို့နည်း။
၅၄၅။ ငှက်တင်ကျည်း၊မြည်ကျည်းကျည်း၊ မိညက်ကျည်း၊ ထူးနှင့်ကျည်းတံခါးကျည့်းဘယ်သို့နည်း
၅၄၆။ မပြစ်မကျည့်း၊ ရေတကျည်း၊ ကျည်းပုဏ္ဏား ကျည်းကျည့်းနာ ဘယ်သို့နည်း။
၅၄၇။ ဖနှောင့်ဖကျည်း၊ ကုလားကျည်း၊ ထိတ်ကျည်း ကျော့ကျည်း မည်သို့နည်း။
၅၄၈။ လိပ်လည်းတည်းလည်း၊ ဘယ့်နှယ်လည်း၊ သစ်ဆည်းလည်း ခြူဆည်းလည်းဘယ်သို့နည်း။
၅၄၉။ ပလလည်းလူလည်း၊ တော်သံလည်း၊ စိတ်လည်းစုလည်း ဘယ်သို့နည်း။
၅၅၀။ ကုတ်နှင့်ကော်ကြည်း၊ နှလုံးကြည်း၊ ရိုက်ကြည်းပဲ့ တင်ကြည်းမည်သို့နည်း။
၅၅၁။ ရွှေတောင်မည်း ခမည်း၊ မျက်နှာမည်း၊ ဥပမည်း နက်မည်းဘယ်သို့နည်း။
၅၅၂။ ဦးခေါင်းပြည်းစည်း၊ အချည်းစည်း၊ ကြိုးနှင့်စည်း ဓာတ်ပစ္စည်းမည်သို့နည်း။
၅၅၃။ စောင့်စည်းနှာစည်း၊ စောင်းရန်းစည်း၊ တစည်းပဲခွပ်မည်သို့နည်း။
၅၅၄။ ပေါင်းစည်းရုံးစည်း၊ မင်းသိဥ္စည်း၊ သမုစ္စည်း စည်းဝေးဘယ်သို့နည်း။
၅၅၅။ သစ်ပင်ကစ္စည်း၊ ထေရ်ကစ္စည်း၊ ဆွမ်းပစ္စည်း ဘွဲ့ပစ္စည်း မည်သို့နည်း။
၅၅၆။ ဖြုတ်ချည်းရုတ်ချည်း၊ တကိုယ်ချည်း၊ မှဲ့ချည်း မောင်းချည်း ဘယ်သို့နည်း။
၅၅၇။ လျှလျှခြည်းခြည်း၊ သံခြည်းခြည်း၊ သပ်သပ်ချည်း အချည်းနှီးဘယ့်နှယ်နည်း။
၅၅၈။ သိပ်သည်းကျော်သည်း၊ ရေယဉ်သည်း၊ ချိုးစွန်သည်း လူကသည်း ဘယ်သို့နည်း။
၅၅၉။ အအူအသည်း၊ နာရှိန်သည်း၊ ခြေသည်း လက်သည်း ဘယ်သို့နည်း။
၅၆၀။ စင် တလင်းလှည်း၊ တိုက်ဖျက်လှည်း၊ တံမြက်လှည်း ဝန်တင်လှည်း အသို့နည်း။
၅၆၁။ ပိတ်သည်း ပိတ်နည်း၊ ဝမ်းပန်းနည်း၊ အနည်နည်း ဝိနည်းဘယ်သို့နည်း။
၅၆၂။ ထုံးနည်း ပုံနည်း၊ ဥစ္စာနည်း၊ စံနည်းမောင်နည်းသို့လျှင်နည်း။
၅၆၃။ ဆင်တဟည်းဟည်း၊ သစ်ကုတ်ဟည်း၊ ဟည်းလည်းတံခါးပွင့် ဘယ်သို့နည်း။
၅၆၄။ ဖြစ်ပည်းပေါပည်း၊ စာကမ္ဗည်း၊ ပည်းချင်းခြားဟန် ဘယ်သို့နည်း။
၅၆၅။ ဆည်းကျံကျံ သိမ်းဆည်း၊ ရှာဖွေဆည်း၊ ဆည်းပူးမည်သို့ခြားသနည်း။

၅၆၆။ ဆုံ့ဆုံ့ဆည်းဆည်း၊ ချဉ်းကပ်ဆည်း၊ ခြုံဆည်းလည်း ဆည်းဆာအသို့နည်း။
၅၆၇။ ပြုံးပြုံးပြည်းပြည်း၊ ရှမ်းခေါင်းပြည်း၊ ပြာသာဒ်ဦးပြည်း ဘယ်သို့နည်း။
၅၆၈။ တပြုံပြည်းပြည်း၊ ကုံပြည်းပြည်း၊ ပြည်းပြည်းဝင်စံ့သို့လျှင်နည်း။
၅၆၉။ ကမ္မဓာရည်း၊ တင့်ရည်းရည်း၊ နိဿရည်း အိုးစရည်း စရည်းပင် ဘယ်သို့နည်း။
၅၇၀။ ရန်ရှာခိုက်နည်း၊ တင့်တရည်း၊ ငယ်ကရည်း ရေ့ရည်း ဘယ်သို့နည်း။
၅၇၁။ ကိုယ်ကိုသရည်း၊ ရှင်အရည်း၊ ပုံမောင်းနရည်း မည်သို့နည်း။

သံတူကြောင်းကွဲ "အည်း" ကာရန် ပုစ္ဆာ ၃၂-ပုဒ်ပြီး၏။

---

(၈၁) သံတူကြောင်းကွဲ "အဉ်" ကာရန်ပုစ္ဆာ ၁၂-ပုဒ်

၅၇၂။ အစုအစဉ်၊ သံဃာစဉ်၊ ကောက်ရိတ်တံစဉ် ဖိတ်စဉ်း မည်သို့နည်း။
၅၇၃။ နန်းစဉ် စီစဉ်၊ ဆေးဝါစဉ်၊ နေနားစဉ် သစ်ပင်စဉ် အသို့နည်း။
၅၇၄။ ဆေးပြားပျဉ် အင်ပျဉ်၊ ခွေတင်ပျဉ်၊ ကျောက်ပျဉ် ပျဉ်တလား ဘယ်သို့နည်း။
၅၇၅။ ညောင်စောင်းအင်းပျဉ်၊ ထူပျဉ်ပျဉ်၊ အပျဉ် ပျဉ်ပြား အသို့နည်း။
၅၇၆။ ခြေကျဉ်လက်ကျဉ်၊ ပရွက်ကျဉ်၊ ထုံကျဉ်ကျဉ် ခါကျဉ်ဘယ်သို့နည်း။
၅၇၇။ ပုထုဇဉ် သံယောဇဉ်၊ ဥယောဇဉ်၊ ဇဉ်ချင်းမည်သို့ခြားသနည်း။
၅၇၈။ အဘိညာဉ် ပဋိညာဉ်၊ ဘာဝနာညာဉ်၊ စိတ်ဝိညာဉ် ဉာဏ်ပညာဉ် ဘယ့်နှယ်နည်း။
၅၇၉။ တန္တစိမ်းချဉ်၊ စိတ်စက်ချဉ်၊ လူချဉ် ချိုချဉ် ဘယ်သို့နည်း။
၅၈၀။ ထီးမင်ယဉ် ရေယဉ်၊ လုပ်ချက်ယဉ်၊ စီးသည့်ယာဉ် ယဉ်ကျေး ဘယ်သို့နည်း။
၅၈၁။ သိန်းနီမိုင်းယဉ်၊ မြိုင်ဥယာဉ်၊ ပျောင်းယဉ် နုယဉ် ဘယ်သို့နည်း။
၅၈၂။ ဗျာပါဆံလျဉ်၊ စီလျဉ်လျဉ်၊ အလျဉ်မပျက် ဘယ်သို့နည်း။
၅၈၃။ ဥပါယ်တမျဉ်၊ ခိုင်တမျဉ်၊ တမျဉ်နိမိတ်ဘယ့်နှယ်နည်း။

သံတူကြောင်းကွဲ "အဉ်" ကာရန် ပုစ္ဆာ ၁၂-ပုဒ်ပြီး၏။

---

(၈၂) သံတူကြောင်းကွဲ "အဥ့်" ကာရန်ပုစ္ဆာ ၃-ပုဒ်

၅၈၄။ ပုဆိုးရဥ့်ရဥ့်၊ ထားဖြင့်ရဥ့်၊ ဂ.ရဥ့် ကာသိ မည်သို့နည်း။
၅၈၅။ စဥ့်ကူမြို့ စေဥ့်၊ သွန်းသည့်စဥ့်၊ ကစဥ့်ကလျား ဘယ်သို့နည်း။
၅၈၆။ ဝတ်ထည်လျှဥ့်လျှဥ့်၊ ဖြတ်လျှဥ့်လျှဥ့်၊ ဆံလျှဥ့်လျှဥ့် ပျံလျှဥ့်လျှဥ့်သို့ပေနည်း။

သံတူကြောင်းကွဲ "အဥ့်" ကာရန်ပုစ္ဆာ ၃-ပုဒ်ပြီး၏။

(၈၃) သံတူကြောင်းကွဲ "အဉ်း" ကာရန်ပုဒ္ဓာ ၁၅-ပုဒ်

၅၈၇။ ပဲယဉ်း ခဲယဉ်း၊ မြို့မိုင်းယဉ်း၊ ပေယဉ်းမည်သို့ခြားသနည်း။
၅၈၈။ အနာယဉ်း မျက်စိယဉ်း၊ ရွက်လင်းယဉ်း၊ ဦးယဉ်းခေါင်းခဲဘယ်သို့နည်း။
၅၈၉။ စိုးစဉ်း မျက်စဉ်း၊ သိအစဉ်း၊ နုပ်နုပ်စဉ်း ထုလ္လစ္စဉ်း ဘယ်သို့နည်း။
၅၉၀။ နှုတ်စဉ်း လက်စဉ်း၊ တောပစဉ်း၊ ဇာတာစဉ်း စဉ်းစဉ်းဝင်ဘယ်သို့နည်း။
၅၉၁။ နှုတ်လက် မကစဉ်း၊ တောက်တောက်စဉ်း၊ မြားစဉ်း သွားစဉ်းခွက်အသို့နည်း။
၅၉၂။ သွေးလေဖျဉ်း၊ ဝမ်းနာဖျဉ်း၊ ပိန်းနဲဖျဉ်း၊ ညှိုးဖျဉ်း စပါးဖျဉ်း ဘယ်သို့နည်း။
၅၉၃။ မြက်ပျဉ်းပါးပျဉ်း၊ အင်ကြင်းပျဉ်း၊ နေပျဉ်းပျော့ပျဉ်းမည်သို့နည်း။
၅၉၄။ အမဲရွက်ပျဉ်း၊ရွှမ်းမိုင်းပျဉ်း၊ လဝန်းပျဉ်း ပျဉ်းတော်သိမ် ဘယ်သို့နည်း။
၅၉၅။ စက်မျဉ်း မျောက်မျဉ်း၊ မခိုင်မျဉ်း၊ ကြိုးတံမျဉ်း ပျော့မျဉ်းမျဉ်းအသို့နည်း။
၅၉၆။ လျောင်းမျဉ်းငိုက်မည်း၊စစ်ဝတ်မျဉ်း၊ မိုင်းမျဉ်းရှမ်းရွာ ဘယ်သို့နည်း။
၅၉၇။ ရှမ်းရွာမိုင်းလျဉ်း၊နှုတ်နှင့်လျဉ်း၊ စပ်လျဉ်း အလျဉ်းသင့် ဘယ်သို့နည်း။
၅၉၈။ ကတဉ်း အင်တဉ်း၊ ကြေးပန်းတဉ်း၊ တဉ်းချင်းမည်သို့ကွဲပိမ့်နည်း။
၅၉၉။ ကျဉ်းကျယ် အကျဉ်း၊ ရပ်ဟိုးကျဉ်း၊ ကျဉ်းမြောင်းကျဉ်းလှ ဘယ့်နှယ်နည်း။
၆၀၀။ ရှိုးချဉ်း ကပ်ချဉ်း၊ အနီးချဉ်း၊ ချဉ်းဆရာချဉ်း မည်သို့နည်း။
၆၀၁။ အဟာဉ်း အဟဉ်း၊ ချောင်းညံဟင်း၊ နံဟဉ်းဟဉ်း အင့်ဟဉ်းဟဉ်း အသို့နည်း။

သံတူကြောင်းကွဲ "အဉ်း" ကာရန်ပုဒ္ဓာ ၁၅-ပုဒ် ပြီး၏။

---

(၈၄) သံတူကြောင်းကွဲ "အေ" ကာရန်ပုဒ္ဓာ ၁၅-ပုဒ်

၆၀၂။ ဆတ်ဆတ်ချေ ကျေးဇူးချေ၊ ကြေအောင်ချေ၊ သည်းခြေ ချေင် မည်သို့နည်း။
၆၀၃။ မြို့ညောင်ရွှေ မျက်ပါးရွှေ၊ သူငယ်ရွှေ လူရွှေ ရွှေစောင်း အသို့နည်း။
၆၀၄။ မျက်စိစွေ မိုးစွေ၊ ပန်းမိုးစွေ၊ လွှမ်းမိုးစွေ စွေလိပ်လိပ် အသို့နည်း။
၆၀၅။ ပွတ်ကြေ ညက်ကြေ၊ ထွားထွားကြေ၊ သိသိကြေ အောက်အကြေ အသို့နည်း။
၆၀၆။ ငါးငပြေမိပြေ၊ အလွှမ်းပြေ- စကားပြေ သပြေပင် ဘယ်သို့နည်း။
၆၀၇။ ခွဲဝေ သဲဝေ၊ ရေးသဝေ၊ လူငဝေ မှိုင်းဝေဝေ အသို့နည်း။
၆၀၈။ မိန်းမရှင်ဝေ၊ ထူးသည်ဝေ၊ စုန်းကဝေ အိုးဝေ မည်သို့နည်း။
၆၀၉။ တဝက်တဝေ၊ ရသံဝေ၊ ဆာဝေဝေ လွှမ်းဝေဝေ အသို့နည်း။
၆၁၀။ ဗိုလ်ခြေဆင်ခြေ၊ မိန့်သံခြေ၊ လက်ခြေ ကချေ အသို့နည်း။
၆၁၁။ ကြက်သရေ အသရေ၊ နွားသားရေ၊ မသရေ မသရာ အသို့နည်း။
၆၁၂။ လနေ စနေ၊ မီးယပ်နေ၊ တဲနေ အနေကျ ဘယ့်နှယ်နည်း။

၆၁၃။ လူလေ ဆူးလေ၊ မုန့်တိုင်းလေ၊ အိမ်းလေ အဲလေ အသို့နည်း။
၆၁၄။ မြို့စလေ သွေးလေ၊ ငါးငလေ၊ ပလေပစာ မည်သို့နည်း။
၆၁၅။ လူတွေ မှိုင်တွေ၊ သံကိုတွေ၊ စီးတွေတွေ ရေတွေတွေ အသို့နည်း။
၆၁၆။ မိမွေ ဖမွေ၊ ငါးငမွေ၊ အမွေမမြင် အသို့နည်း။

သံတူကြောင်းကွဲ "အေ" ကာရန်ပုစ္ဆာ ၁၅-ပုဒ် ပြီး၏။

(ဂ၅) သံတူကြောင်းကွဲ "အေ့" ကာရန်ပုစ္ဆာ ၃-ပုဒ်

၆၁၇။ မီးငွေ့ တိမ်ငွေ့၊ ဘုန်းရှိန်ငွေ့၊ နဂါးငွေ့ ရင်ငွေ့ ဘယ်သို့နည်း။
၆၁၈။ ခြသေ့ ရသေ့၊ ဇွေနှင့်သေ့၊ သေ့ချင်း ဘယ့်နှယ်ထူးသနည်း။
၆၁၉။ သစ်ကောက်ကွေ့၊ လိမ်ကောက်ကွေ့၊ လူမျိုးကွေ့ ပိုက်ကွေ့ မြစ်ကွေ့ မည်သို့နည်း။

သံတူကြောင်းကွဲ "အေ့" ကာရန်ပုစ္ဆာ ၃ ပုဒ် ပြီး၏။

(ဂ၆) သံတူကြောင်းကွဲ "အေး" ကာရန်ပုစ္ဆာ ၇-ပုဒ်

၆၂၀။ ခါးသွေး ကွမ်းသွေး၊ ကိုယ်တွင်းသွေး၊ ခေါ်သွေး သွေးဆောင် မည်သို့နည်း။
၆၂၁။ ဝန်လေး လောက်လေး၊ ချိန်ကျပ်လေး၊ အလေး လေးစား အသို့နည်း။
၆၂၂။ သစ်ပင်ကျွေး တင်သည့်ကြွေး၊ ထမင်းကျွေး၊ ကံကျွေး လက်ခ အသို့နည်း။
၆၂၃။ မောင်းကျောက်ခွေး၊ အဖျားခွေး၊ ဟောင်သည့်ခွေး၊ လူငခွေး သံခွေး အသို့နည်း။
၆၂၄။ စောင်းတေး ငြင်းတေး၊ ခပ်ပြာတေး၊ လူငတေး တေးချင်း အသို့နည်း။
၆၂၅။ လူမည်ချစ်ထွေး၊ ကွမ်းသွေးထွေး၊ ပိုက်ထွေး ရှုပ်ထွေး ဘယ့်နှယ်နည်း။
၆၂၆။ ကြံတွေး တံတွေး၊ နီတွေးတွေး၊ တွတ်တွတ် တွေးတွေး မည်သို့နည်း။

သံတူကြောင်းကွဲ "အေး" ကာရန်ပုစ္ဆာ ၇-ပုဒ် ပြီး၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာ အစရှိသည်ဖြင့် တရာ့ဘငါးသော ဘာသာမျိုးနှင့် လျော်စွာ ရရာသော သံတူကြောင်းကွဲ ပုစ္ဆာမျိုးအပေါင်းကား မကုဉ်း မကျယ်လွန်းသော နည်းအားဖြင့် ၇၇၁၆-ပါး အပြားရှိ၏၊ အဘယ်သို့ပြားသနည်းဟူမူကား– က ကာမျိုး ၉-ပါး၌ ၂၁၉၀။ ကက် ကတ်မျိုး ၉-ပါး၌ ၇၉၂။ ကင်း ကန်းမျိုး ၉-ပါး၌ ၇၉၂၊ ကိုကိုမျိုး ၉-ပါး၌ ၆၅၇။ ကုမ်ကုမ်မျိုး ၉-ပါး၌ ၆၅၇။ ဤသို့အားဖြင့် ပေါင်းသည်ရှိသော် သံတူကြောင်းကွဲ ပုစ္ဆာမျိုးတို့ကား ၇၇၁၆-ပါး အပြားရှိ၏။ ထိုပုစ္ဆာမျိုး ရော့မျှပင် ဖြစ်သော်လည်း အလွန်ကျယ်ပွား၍ ဂန္ထဂရု

ဒေါသ ရောက်ရသောကြောင့် နည်းမှီရရုံ အမြွက်မျှသာ ပြလိုက်သတည်း။ ၇၇၁၆-ပါးသော ပုဏ္ဍမျိုးတို့ကို ဇေ့စုံစွာမူလပြုလျက် ဖွင့်သော် အကျယ်တနည်း ဖြစ်၏။ ထိုအကျယ်အားဖြင့်ကား ဤမျှဤရွေ့ရှိ၏ဟု သာမညဉာဏ်ဖြင့် ပိုင်းခြားခြင်းငှာ မတတ်ကောင်း။ အဘယ့်ကြောင့်နည်း ၇၇၁၆-ပါးတို့သည် တပါးတပါးတွင်ပင် ဘာသာထူးခြင်း၊ ဝေါဟာရကွဲခြင်း အကြောင်းအားဖြင့် အပြားရှိသောကြောင့်တည်း။ ပညာရင့်တော်မူကုန်သော သူမြတ်တို့ကား ခဲခက်ကြောင်းကို ခွဲခြမ်း၍ သိတော်မူကုန်သလျှင်ကတည်း။ ပညာရင့်ခြင်းငှာ အလိုရှိကုန်သောသူတို့သည် ဤကျမ်း၌ ပြသောနည်းကို အစဉ်မှီးသဖြင့် ခဲခက်ကြောင်းကို သိရုံမျှကြိုးစား၍ ကြံစည်စေကုန်သတည်း။

စွယ်စုံကျော်ထင် အမည်ရှိသောကျမ်း၌ သဒ္ဒသမအတ္ထဝိသေသ ဟု ဆိုအပ်သော သံတူကြောင်းကွဲ ပုဏ္ဍသတ်ပုံကို အကျဉ်းအားဖြင့် ဝေဖန်ရာဝေဖန်ကြောင်းဖြစ်သော ဒုတိယပိုင်းကား ဤတွင်ရွေ့ ပြည့်စုံပြီ။

ကြည့်ကန် ဣတိဝှယေ ဂါမေ၊ အနောက်ဘက်တိုက် အဘန္တရေ။
ဘုံသာထွန်း ဣတိဝေါဟာရေ၊ ဝသန္တေနရမာသနေ။ ။
(ပထျာဝတ္တ)

တောင်ငူဝှနဂရိန္ဒဿ၊ ဂေဟနိစ္စန္ဒာနုနေတ္တော။
နန္ဒဓဇော ကတော ဂန္ထော၊ အနာကုလံ သုနိဋ္ဌိတံ။

(ဤဂါထာကား၊ န ဒိဿတေတ္ထ ယံ ဆန္ဒံ စသောဆန်းကျမ်းနှင့် အညီတည်း)

ပရိပုဏ္ဏော နဝါလိက္ခေ၊ ကာလမှိ ဇိနသာသနေ။
ဘဒြမာသေ တုလေ ရဿေ၊ ဒီဃဂေါစေ ဒမာကုဋ္ဌေ။
(ပထျာဝတ္တ)

ကရကန္ဒသုစန္ဒြေဉေ၊ သက္ကပက္ခစိုသူရိယေ။
ရဝိကန္ဒဗုဓာတူလေ၊ ဖြိဋ္ဌာလဂ္ဂေ ဓနူဘုမေ။
(ပထျာဝတ္တ)

မေဓုန္ဒ ရာဟုသောရေစ၊ ပုဏ္ဏဖုသျူယုတေဇနံ။
ဇိဝှါကုမ္ဘေ သောကြာသိန္ဓေ၊ ကွာပိန္ဒဿသမိဇ္ဈတု။
(တတိယမကာရ ဝိပုလပထျာဝတ္တ)

ပဉ္စပညာသပဉ္စာနံ၊ ပုဏ္ဍိတဗ္ဗံ ကထေတွာန။
နိဋ္ဌိတံဝ သုစိန္တံနေ၊ မေတ္တောဒကေန မံ သိဉ္စံ။
(ဝတ္တဂါထာ)

အနက်ကား။ ။အနောက်ဘက်တိုက် အဘန္တရေ၊ အနောက်ဘက်တိုက်၏ အတွင်းဖြစ်သော။ ကြည့်ကန်ဣတိဝှယေ၊ ကြည့်ကန်ဟူ၍ ခေါ်ဝေါ်အပ်သော။ ဂါမေ၊ ရွာ၌။ ဘုံသာထွန်း ဣတိဝေါဟာရေ၊ ဘုံသာထွန်းဟူ၍ ခေါ်ဝေါ်သမုတ်အပ်ထသော။ ရမေ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ အာသနေ၊ ကျောင်းနေရာ၌။ ဝသန္တေန၊ နေထသော။ ။တောင်ငူဝှနဂရိန္ဒဿ၊ တောင်ငူပြည်ကြီးကို အစိုးရတော်မူသော ရေမြေ့ သခင်ရွှေနန်းရှင်၏။ ဂေဟနိစ္စန္ဒနေတ္တော၊ အဆောင်မြဲမင်း၏ မြစ်လည်းဖြစ်ထသော၊နန္ဒဓဇော၊ နန္ဒဓဇအမည်ရှိသောငါသည်။ ။ပုဏ္ဍိတဗ္ဗံ၊

အရိယဝံသအာဒိစ္စရံသီ ပုဂ္ဂိုလ်သည် မေးတော်မူအပ်သော။ ပဥ္စာပညာသပဥ္စာနံ၊ ငါးဆယ့်ငါး ပါးသော အမေးပြဿနာတို့ကို။ ကထေတွာန၊ ဖြေဆိုပြီး၍။ဝါ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအတန်တန်၊ ကျမ်းဂန်တို့ဝယ်၊ အဓိပ္ပာယ်ကို၊ လွယ်ကူဖေါ်ထုတ်၊မယုတ်မယို၊ မပိုမလျှံ၊ချောင်စွာဖြေဆိုပြီး၍။ ဝါ၊ ပေထက်တင်ကာ ပြေလည်စွာဖြေဆိုပြီး၍၊ ကတော၊ ပြုအပ်သော။ ဝါ၊ စီရင်အပ်သော။ ဂန္ထော၊ သည်။ ဝါ၊ သတ်ပုံလည်းပါ, ပုစ္ဆာလည်းရ, သိပ္ပကုံလုံ, နှစ်ချက်စုံကြောင့် စွယ်စုံကျော်ထင် အမည်ရှိသောကျမ်းသည်။ ဇိနသာသနေ။ ဘုရားသခင် သာသနာတော်မြတ်သည်၊ နဝါလိကေ၊ ၁၃၄၀။ဒီဃဂေါစေ၊ အရှည်ဖြစ်သော ဂေါစာသက္ကရာဇ်သည်။ ဒမာကုဠေ၊ ၁၁၅၈-ခု။ ရဿေ၊အတို သက္ကရာဇ်သည်။ အတုလေ၊ ၃၆၀။ ပရိပုဏ္ဏေ၊ ပြည့်လတ်သော်။ ဘဒြမာသေ၊ တော်သလင်းလ၌။ သုက္ကပက္ခစျိသူရိယေ၊လဆန်းပက္ခ ၉-ရက် တနင်္ဂနွေနေ့။ ကရကဋ္ဌသုစန္ဒြေ၊ ကရကဋ်၌ ကောင်းသော စန်း။ ဝါ၊ မိဿ၊ ကရကဋ်၊ သိဟ်၊ တူ၊ မကရ၊ ကုမ်။ ရေကုံစဉ်စီ၊ ခြောက်ရာသီ၌၊ အညီစန်းမင်း မြင်လေလျှင်းသော်၊ ကောင်းခြင်းစင်စစ်၊ မင်းလျှင် ဖြစ်အံ့ဟူသော ပရိဘာသာနှင့်အညီ။ ကရ ကဋ္ဌ၌ကောင်းသောစန်း။ ဗြိစ္ဆာလဂ္ဂေ၊ ဗြိစ္ဆာလဂ်။ ဝါ၊ ဗြိစ္ဆာ၌ရွှေဟင်္သာမင်း လဂ်ထက်။ အညေ၊ ယင်းမှတပါးသော ဂြိုဟ်တို့ကား။ ရဝိကန္ဒဗုဓာ တူလေ၊ ကန်၌တနင်္ဂနွေ၊ တူ၌ဗုဒ္ဓဟူး။ ဓနုဘုမေ၊ ဓနု၌အင်္ဂါ။ ဇိဝ့ါကုမ္ဘေ၊ ကုမ်၌ ကြာသပတေး။ သောကြာသ်နွေ၊ သိန်၌သောကြာ။ မေဓုနရာဟု သောရေ၊မေဓုန်၌ ရာဟုနှင့်စနေ။ ပုဏ္ဏဖုဿျုယုတေဇနံ၊ ပုဏ္ဏဖုသျှနက္ခတ်နှင့် ယှဉ်သည် ဖြစ်လျက်။ ကာလမှိ၊ အမရပုရရွှေမြို့တော်တည် သာသနဒါယကာ မင်းတရားကြီး ရွှေလက်ထက်တော်၌။ အနာကုလံ၊ အနှောင့်အယှက်ကင်းသော။ ဝါ၊နှောင့်ယှက်ခြင်း ကင်းသည်ဖြစ်၍။သုနိဋ္ဌိတံ၊ ကောင်း စွာပြီးပြည့်စုံပြီ။ ။ဣမံ၊ ဤကျမ်းသည်။ နိဋ္ဌိတံဝ၊ အပြီးရောက်သကဲ့သို့။ နော၊ တို့၏။ ဣဗ္ဘာပိန္ဒဿ၊ ရေ မြေ့ရှင် မင်းတရားကြီး၏။ သုစိန္တံ ၊ ကောင်းမြတ်သောအကြံတော်သည်။ သမိဇ္ဈတု၊ ကောင်းစွာပြီး ပြည့်စုံတော်မူစေသတည်း။ ဇနာနံ၊ သတ္တဝါအပေါင်းတို့၏လည်း။ မေတ္တောဒကေန၊ ဖြင့်။ သိဋ္ဌံ သိဋ္ဌန္တု၊ သွန်းလောင်းစေကုန်သတည်း။ ။

နန္ဒမဇောကို ကထေတွာန၌ ကတ္တားစပ်။ ဤသို့စပ်ခြင်းကား—

ယေန ယဿ ဟိ သမ္ဗန္ဓော၊ ဒူရဋ္ဌမ္ပိစ တဿ တံ။
အတ္ထတောတျ သမာနာနံ၊ အာသန္နတ္တမကာရဏံ။

ဟူ၍ မိန့်ဆိုအပ်သော ကစ္စည်းကျမ်း၏ အဖွင့်ဖြစ်သော မုခမတ္တ ဒီပနီ အမည်ရှိသော ဉာသ်ကျမ်းနှင့် အညီတည်း။ ။ကထေတွာနနှင့် ပဥ္စပညာသ ပဥ္စာနံကား "ပါပဿ အကရံ သုခံ"တို့ကဲ့သို့ ဆဋ္ဌီကံတည်း။

စွယ်စုံကျော်ထင် အမေးပုစ္ဆာ သတ်ပုံကျမ်း ပြီး၏။

စွယ်စုံကျော်ထင်ကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ ဂန္ထာရမ္ဘ

ဝိဒ္ဒသူဟိ ဝ ပုစ္ဆိတော၊ နာနာပဉ္ဟေ ဝိဘာဝိတံ။
ကဝိန္ဒဂ္ဂံ နမဿိယ၊ စွယ်စုံကျော်ထင် ဝိဿဇ္ဇတော။

နာနာနယတ္ထသမ္ပုဏ္ဏော၊ သာဂရော ယံဝ ဂမ္ဘီရော။
ပဏ္ဍိတာနံ မနောဟာရော၊ ဟိတာဝဟော သုတေသာနံ။

ဝိဇ္ဇူ တဿ ထာပုဏ္ဏာ၊ ကတာစေရာပိ သေသာဝ။
တံ တသ္မာ တံ ဝိဿဇ္ဇာဟိ၊ ပရမ္ပရာန ဆေကတ္ထံ။

ကလျာဏာဓဇ ထေရဿ၊ ပဥ္စာလဿ စ အညေသံ။
အဇ္ဈေသနံ နုဿရန္တော၊ နဝုတ္တရံ ရဘိဿာမ်။

ယုတ္တဂ္ဂယှ ပုရာသဇ္ဇံ၊ အယုတ္တံ သောဓယိတ္ဂာန။
သေသကဥ္စ ဝိဿဇ္ဇန္တော၊ ဝေယျာကရဏောတိ ဝေါဟာရန္တိ။

ဤဂါထာတို့တွင် ပဌမဂါထာကား "ဩဇေသု ဇေန သိန္ဓုတော၊ တမေဝ ဝိပရီတာဒိ" ဟူသော ဆန်းသုတ်နှင့်အညီ ဖွဲ့သီအပ်သော ဝိပရီတပထျာ။ နောက် ၄-ဂါထာ ဝတ္တ သက်သက်၊ ဝိပုလာအယှက်တည်း။

အဟံ၊မုနိန္ဒာဘိဇေ နာမသမုတ် အကျွန်ုပ်သည်။ဣဓ၊ဤစကြဝဠာလောကဓာတ်၌။ဝိဒ္ဒသူဟိ၊ ပညာရှိဟု တမ်းခွန်ထူကန့်သော လူ နတ် ဗြဟ္မာ မဟာကဝိန် သုခမ်န်ဘို့သည်။ ပုစ္ဆိတော၊ မေး လျှောက်စုံစမ်း ထောက်လှမ်းအပ်ကုန်သော။ နာနာပဉ္ဟေ၊ အထူးထူးသော လျှို့ဝှက်ခဲကတ် တုံ့ဆတ်ခက်စွာ ပြဿနာတို့ကို။ဝိဘာဝိတံ၊လက်ငင်းမကြာ ထင်စွာပြချေဖြေတော်မူတတ်ထသော။ ကဝိန္ဒဂ္ဂံ၊ ကဝိတကာတို့၏အရှင် ဘုရင်တမွတ် အထွတ်ထိပ်ဖူးဖြစ်တော်မူသော မြတ်စွာဘုရားကို။ နမဿိယ၊ညွတ်ခကြည်သာရှိခိုးပါ၍။ နမဿိယ၊ညွတ်ခကြည်နူးရှိခိုးဦး၍။စွယ်စုံကျော်ထင်၊လောက ဓမ္မ သိပ္ပကုံလုံ ဉာဏ်စွယ်စုံဖြစ်စေခြင်းငှါ ကျည်းကန်ရွာမှ သာမဏေကျော်နန္ဒဓဇသည် ကုံးသီရေးစု အမေးပြုခဲ့သော စွယ်စုံကျော်ထင် အမည်ရှိသော ပုစ္ဆာကျမ်းကို။ ဝိဿဇ္ဇတော၊ ဖြေလိုက်အံ့။အယံ ဂန္ထော၊ ဤပုစ္ဆာကျမ်းသည်။ နာနာနယတ္ထသမ္ပုဏ္ဏော၊ အထူးထူးသော လောကီ လောကုတ္တရာ လမ်းနှစ်ဖြာ၌ ပညာကြီးဖွယ် လွန်ဆန်းကြယ်သော အတ္ထနယတို့နှင့်လည်း ပြည့်စုံ၏။ ဝါ၊ အထူးထူးသောနည်း အထူးထူးသော အနက်အဓိပ္ပါယ်တို့နှင့်လည်း ပြည့်စုံ၏။ သာဂရောဣဝ၊ ရတနာခုနစ်သွယ် အံ့ဖွယ်ရှစ်မည် ဂုဏ်ပေါင်းတည်သော လေးမည်သာဂရ ပင်လယ်မကဲ့သို့။

ဂမ္ဘီရော၊ နက်နဲကျယ်ဝန်း၏။ ပဏ္ဍိတာနံ၊ ပညာရှိတကာတို့၏။ မနောဟာရော၊ စိတ်နှလုံးကို ယူကျုံးရွှက်ဆောင်တတ်၏။ ဝါ၊ လည်ဝယ်မပြတ် ဆင်ဆောင်အပ်သော နဝရတ်အမျက် စီယှက်ခြယ်လှယ် ပုလဲသွယ်ကဲ့သို့ နှုတ်ဝယ်မပြတ် ဆင်ဆောင်အပ်သော လူ့ နတ် တန်းဆာလည်း ဖြစ်၏။ သုတေသာနံ၊ သုတပညာ အလိမ္မာကို ဖွေရှာတောင့်တကုန်သော သူတို့၏။ ဟိတာဝဟော၊ ပညာစည်ကား ကျော်ထင်ရှားသော စီးပွါးချမ်းသာကိုလည်း ဆောင်တတ်၏။ အထ၊ ယင်းသို့ သောဂုဏ် ပြည့်စုံပါလျက်။ တဿ၊ ထိုပုစ္ဆာကျမ်း၏။ ဝိဇ္ဇနံ၊ အဖြေသည်။ ဝါ၊ ဖြေရာ ဖြေကြောင်း ကျမ်းသည်။ အပုဏ္ဏာ၊ ပြည့်စုံစွာမရှိ။ အာစေရော၊ ရှေးဆရာတို့သည်။ ကတာပိ၊ ဖြေဆိုသမျှ ရေးပြုပါသော်လည်း။ အပုဏ္ဏာ၊ မပြည့်စုံ။ သေသာဝ၊သိခက်ခဲရာ ပုစ္ဆာကိုကား ကျော်ခုန်သွားသော ကြောင့် အများကြွင်းကျန်ရစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏၊ အပိ၊ ကြွင်းရုံသာမဟုတ်။အနိဋ္ဌေ၊ ရှေ့နောက် စီလျဉ် အစဉ်မမှန် ကာရန်မရှု ရ ကစုရေးထားခြင်း မသင့်သည်ကို ဖြေဆိုမိခြင်း ထပ်ကာဖန်များ ရေးသားမိခြင်းကို သန့်ရှင်း၍မပြီးမီ။ ကာလကိတတ္တာ၊ ဆရာလွန်လေသော ကြောင့်။ အာကုလာ စ၊ နှောင့်ယှက် ရောပြွမ်းသည်လည်း၊ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ ဂန္ထံ၊ ထိုပုစ္ဆာကျမ်းကို။ ပရမ္ပရာနံ၊ အဆက်ဆက်သောသူ တို့၏။ ဆေကတ္တံ၊ မေးစုဖြေရာ လမ်း နှစ်ဖြာ၌ လိမ္မာစေခြင်းအကျိုးငှါ။ ဝါ၊ လောကီ လောကုတ် သမုတ်ပုဋ္ဌာန်း အကျမ်းကျမ်း၌ ကူးသန်းလျှင်မြန် ဉာဏ်လိမ္မာစေခြင်းအကျိုးငှါ။ တွံ၊ အရှင်ဘုရားသည်။ ဝိသဇ္ဇာဟိ၊ ဖြေတော်မူ ပါလော့။ ။ဣတိ၊ ဤသို့။ ကလျာဏဝေတ္ထေရဿ စ၊ ကလျာဏဝ နာမပေါ်ထင် အရှည်ဝါသီ ဆေရ်မြတ်၏လည်းကောင်း။ပဥ္စာလဿ စ၊ပဥ္စာလ ဟု နာမခေါ်ဆို ပုဂ္ဂိုလ်သူမြတ်၏လည်းကောင်း။ အဩသဥ္စ၊ ဤမှတပါးသော ရဟန်းရှင်လူ တို့၏လည်းကောင်း။ အဇ္ဈေသနံ၊ တောင်းပန်ခြင်းကို။ အနုံသဿရန္တော၊ အဖန်ဖန် အောက်မေ့လျက်။ ယုတ္တာဂတ္တံ ပုရာသဇ္ဇံ၊ ရှေးအဖြေစာ သင့်တင့်ရာကို ကောင်းစွာယူငင်၍။ အယုတ္တံ၊ မသင့်သည်ကို။ သောဓယိတွာန၊ အသစ်ပြင်ဆင်၍။ သေသကဥ္စ၊ သင်္ကာသက်မဖြေ ကြွင်းလေသမျှကိုလည်း။ ဝိသဇ္ဇန္တော၊ ဖြေသင်လျက်။ ဝေယျာကရဏောတိ ဝေါဟာရံ၊ အမေးအဖြေ စဉ်ကာနေ၍ ဝေယျာကရဏအင်္ဂါ ညီညွတ်စွာသောကြောင့် ဝေယျာ-ကရဏ်းဟူ၍ ခေါ်ဝေါ်အပ်သော။ နဝုတ္တရံ၊ အသစ်ဖြစ်သော အဖြေကျမ်းကို။ အာရဘိဿာမိ၊ အားထုတ်ပေအံ့။ ဣတိ၊ ဤသည်လျှင် ဂန္ထာရမ္ဘ, ပဏာမ, ပဋိညာဉ်, ဥယျောဇဉ်, ကရဏပ္ပကာရ ကို ပြသောစကားရပ် အပြီးသတ်တည်း။

(ဤ စွယ်စုံကျော်ထင်ကျမ်း၌ ကဏ္ဍနှစ်ရပ်ရှိသည်တွင် ပဌမပိုင်း၌ သံကဲ့ ကြောင်းကဲ့ ခက်ခဲသော အဓိပ္ပါယ် အမေးပုစ္ဆာသည် သင်္ချာအားဖြင့် ၁၁၁၅-ရပ် ရှိသည်၊ ထိုတွင် ရှေးဆရာတို့ ဖြေသည်မှာ ယသတ်နောက်ပစ်၊ တသတ် နသတ် ညသတ် တို့ကို အများ အားဖြင့်။ ကြွင်းသော အသတ်တို့ကို နှစ်ပုဒ် သုံးပုဒ်မှ အားဖြင့် ဖြေခဲ့သည်ဖြစ်၍ ဝိသဇ္ဇနာ ပေါင်း သုံးရာကျော်သာ ပြီးသည်ဖြစ်၍ စပါးတထောင်ထွက်သော လယ်၌ ယောကျ်ား ကောင်း တယောက်ရိတ်ခန့်သာ တွင်သေးသည်။ တွင်ပါသော်လည်း သိလွယ်သောစကား ကို ကျယ်ပွားစွာဆို၍ သိခက်သောစကားကို ထင်ရှားအောင် မဆိုခဲ့ရကား ပေကုန်သာ များ၍ စာသွားမတွင် ဖြစ်ခဲ့၏။ ထို့ကြောင့် အသစ်တဖန် ထပ်မံ၍ ရေးလိုက်ပြန်၏ ဟူလိုသည်)။

ပဏာမ ဂန္ထာရမ္ဘ ပြီး၏။

(၁) 'အယ်' ကာရန်ပုစ္ဆာ ၁၇၆-ပုဒ်အဖြေ

၁။ သာကီဝင်နွယ်၊ စောဘုန်းကြွယ်၊ မင်းဘယ်မျှတွင် ပွင့်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား— မဟာသမ္မတ၊ မင်းကစ၍၊ ရေဆတွက်ကိန်း၊ ဂဏန်းထိန်းသော်၊ သုံးသိန်းသုံးသောင်း၊ လေးထောင့်ငါးရာ ခြောက်ဆယ်သာ ကိုးဖြာဆက်တွင် ပွင့်သတည်း ဟူ၍ ဖြေအပ်၏။ ။ကောဒသမမြောက်သော မဟာသမ္မတ မင်းကစ၍ ဥက္ကာကရာဇ်မင်း တိုင်အောင် မင်းဆက်ပေါင်း နှစ်သိန်း ငါးသောင်း နှစ်ထောင့်ငါးရာ ငါးကျိပ် ခြောက်ဆက်တည်း။ ။ ထိုဥက္ကာကရာဇ်မင်း၏သားတော် ကပိလဝတ်ပြည်ကို တည်ထောင်ဦးဖြစ်သော ဥက္ကာမုခမင်းမှစ၍ ဘုရားခမည်းတော် သုဒ္ဓေါဒနမင်းတိုင်အောင် မင်းဆက်ပေါင်းကား ရှစ်သောင်း နှစ်ထောင့် တကျိပ် သုံးဆက်တည်း။ ။ နှစ်စုပေါင်းသော် သုံးသိန်း သုံးသောင်း လေးထောင့် ငါးရာ့ ခြောက်ဆဲ့ကိုးဆက်တွင် ပွင့်သည်ဟု သိရာ၏။ သာကီဝင်နွယ်ဖြစ်သော မင်းဆက်ဘယ်မျှတွင် စောဘုန်းကြွယ် ပွင့်သနည်းဟူသော ပုစ္ဆာ၌ အဓိပ္ပါယ်ယူသော် ဥက္ကာမုခမင်းမှစ၍ ရေတွက်အပ်သော် ရှစ်သောင်း နှစ်ထောင့်တကျိပ် သုံးဆက်တွင် ပွင့်၏ဟု ဖြေ။ ။ အကျယ်မှာ မဟာရာဇဝင်၌ လည်းကောင်း, ရွှေနားတော်သွင်းလင်္ကာ၌ လည်းကောင်း ထင်စွာရှိပြီ။

၂။ ဉာဏ်တော်ခြောက်သွယ်၊ အံ့ဩဖွယ်၊ ဘယ့်နှယ် ဝိထိကျသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား— ဉာဏ်တော် ခြောက်ပါးဟူသော်ကား— ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံသော အသာဓာရဏဉာဏ်တော်ခြောက်ပါးကို ယူအပ်၏။ ခြောက်ပါးဟူသည်ကား—

> ဣန္ဒြိယပရောပရိယတ္တေ ဉာဏံ ဗုဒ္ဓဉာဏံ၊ အာသယာနုသယေ၊ ယမကပါဋိ ဟာရိယေ၊
> မဟာကရုဏာ သမာပတ္တိယာ၊ သဗ္ဗညုတဉာဏံ အနာဝရဏဉာဏံ ဗုဒ္ဓဉာဏံ။

အနက်ကား။ ။ဣန္ဒြိယပရောပရိယတ္တေ၊ သတ္တဝါတို့၏ ဣန္ဒြေရင့် မရင့်သောအဖြစ်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဗုဒ္ဓဉာဏံ၊ ဘုရားဉာဏ်မည်၏။ အာသယာနုသယေ၊ သတ္တဝါတို့၏အလို့ကျိန်းဝပ်သည်၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဗုဒ္ဓဉာဏံ၊ ဘုရားဉာဏ်မည်၏။ ယမကပါဋိဟာရိယေ၊ရေမီး အစုံ အစုံစသောတန်ခိုးဖန်ဆင်းရာ၌။ ဉာဏံ၊သိသောဉာဏ်မည်သည်။ ဗုဒ္ဓဉာဏံ၊ဘုရားဉာဏ်မည်၏။ မဟာကရုဏာသမာပတ္တိယာ၊ သတ္တဝါတို့အား သနားခြင်းကရုဏာသို့ ကောင်းစွာသက်ဝင်ခြင်း၌။ ဉာဏံ၊ သိသော ဉာဏ်သည်၊ ဗုဒ္ဓဉာဏံ၊ ဘုရားဉာဏ်မည်၏။ သဗ္ဗညုတဉာဏံ၊ ခပ်သိမ်းသော တရားအပေါင်းတို့ကို သိခြင်းသည်။ ဗုဒ္ဓဉာဏံ၊ ဘုရားဉာဏ်မည်၏။ အနာဝရဏဉာဏံ၊ခပ်သိမ်းသော တရားတို့၌ တားမြစ် ပိတ်ပင်ခြင်းမရှိ သိသောဉာဏ်သည်။ဗုဒ္ဓဉာဏံ၊ ဘုရားဉာဏ်မည်၏။

ဤသို့လာသော ဇိနာလင်္ကာရ ဋီကာပါဠ်ဖြင့် သိအပ်၏ ဟူပေ။ ထိုဉာဏ်တော် ခြောက်ပါးတို့ ဖြစ်သော ကာလ ဘယ်သို့ဝိထိ ကျသနည်းဟူရာ၌....

(၁) ဣန္ဒြိယ ပရောပရိယတ္တိဉာဏ် ဖြစ်ပုံမှာကား သတ္တဝါအများတို့၏ သန္တာန်၌ရှိသော စိတ်စေတသိက်ကို သိခြင်းငှါ စေတောပရိယ အဘိညာဉ်ကို ဝင်စားပြီးမှ ထိုသတ္တဝါအများတို့၏

သန္တာန်၌ ဖြစ်သောသဒ္ဓိန္ဒြေစသည်၏ ရင့်မရင့်ကို ထောက်ချင့် ဆင်ခြင် လိုလတ်သည်ရှိသော် ပဋ္ဌာနွေ စိတ်တော်နှင့်တူသော မဟာဝိပါက် သောမနဿ ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်သည် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် သဒ္ဓိန္ဒြေစသည်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကိရိယာဇော ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

(၂) အာသယာ နုသယ ဉာဏ်ဖြစ်ဟန်ကား သတ္တဝါအများတို့၏ အလိုဆန္ဒ အာသယကို သိခြင်းငှါ စေတောပရိယအဘိညာဉ်ကို ဝင်စားပြီးမှ ထိုသတ္တဝါအများတို့၏ စိတ်အလိုကိုဆင်ခြင် လိုလတ်သည်ရှိသော် ပဋ္ဌာနွေ စိတ်တော်နှင့်တူသော စိတ်သည် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် သတ္တဝါတို့၏ အလိုဆန္ဒ အာသယကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကိရိယာ ဇောရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာ ဇောကိစ္စခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စဖြစ်၍ချုပ်၏။

(၃) ယမကပါဋိဟာရိယဉာဏ် ဖြစ်ဟန်ကား သုတ် သီလက္ခန် အဋ္ဌကထာ၌——

> နီလရသ္မိအတ္ထာယ ဟိ ဘဂဝါ နီလကသိဏံ သမာပဇ္ဇတိ။ ပီတ ရသ္မိအတ္ထာယ ပီတကသိဏံ၊ လောဟိတဩဒါတရသ္မိအတ္ထာယ လောဟိတဩဒါတကသိဏံ၊ အဂ္ဂိက္ခန္ဓတ္ထာယ တေဇောကသိဏံ၊ ဥဒကဓာရတ္ထာယ အာပေါကသိဏံ သမာပဇ္ဇတိ။
> ဟူ၍ မိန့်တော်မူသည်။

အနက်ကား။ ။ဘဂဝါ၊ မြတ်စွာဘုရားသည်။ နီလရသ္မိအတ္ထာယ၊ ညိုသော ရောင်ခြည်ကို ဖြစ်စေခြင်းအကျိုးငှါ။ နီလကသိဏံ၊ နီလကသိုဏ်းကို။ သမာပဇ္ဇတိ၊ ဝင်စားတော်မူ၏။ ပီတရသ္မိအတ္ထာယ၊ ရွှေသောရောင်ခြည်ကို ဖြစ်စေခြင်းအကျိုးငှါ။ ပီတကသိဏံ၊ ပီတကသိုဏ်းကို။ သမာပဇ္ဇတိ၊ ဝင်စားတော်မူ၏။ လောဟိတဩဒါတရသ္မိအတ္ထာယ၊ နီသောရောင်ခြည်, ဖြူသောရောင်ခြည်ကို ဖြစ်စေခြင်းငှါ။ လောဟိတဩဒါတကသိဏံ၊ လောဟိတ ဩဒါတကသိုဏ်းကို။ သမာပဇ္ဇတိ၊ ဝင်စားတော်မူ၏။ အဂ္ဂိက္ခန္ဓတ္ထာယ၊ မီးအစုကို ဖြစ်စေခြင်းငှါ။ တေဇောကသိဏံ၊ တေဇောကသိုဏ်းကို။ သမာပဇ္ဇတိ၊ ဝင်စားတော်မူ၏။ ဥဒကဓာရတ္ထာယ၊ ရေအလျဉ်ကို ဖြစ်စေခြင်းငှါ။ အာပေါကသိဏံ၊ အာပေါကသိုဏ်းကို။ သမာပဇ္ဇတိ၊ ဝင်စားတော်မူ၏။

ဗုဒ္ဓဝင် အဋ္ဌကထာ၌လည်း-

> နီလရသ္မိအတ္ထာယ ဟိ ဘဂဝါ နီလကသိဏံ သမာပဇ္ဇတိ၊ ပီတရသ္မိအာဒီနမတ္ထာယ ပီတကသိဏာဒီနိ သမာပဇ္ဇတိ—ဟူ၍ မိန့်သည်။

အဘိဓမ္မတ္ထသင်္ဂြိုဟ် အဋ္ဌကထာ၌ကား-

ဘဂဝတော ပန ယမကပါဋိဟာရိယကာလာဒီသု လဟုကပ္ပဝတ္တိယံ စတ္တာရိ ပဉ္စ ဝါ ပစ္စဝေက္ခဏစိတ္တာနိ ဘဝန္တီတိပိ ဝဒန္တိ—ဟူ၍ ဇောအကြိမ်ကို မိန့်သည်။

ရင်းအဖွင့် ဋီကာကျော်၌လည်း—

ဘဂဝတော။ ပ။ ဝဒန္တီတိ ဘဂဝတော ယမကပါဋိဟာရိယကာလာဒီသု ဥဒကက္ခန္ဓ-အဂ္ဂိက္ခန္ဓပ္ပဝတ္တနာဒိအတ္ထံ ဝိသုံ ဝိသုံ ပါဒကဇ္ဈာနံ သမာပဇ္ဇိတွာ တတော ဝုဋ္ဌာယ ဈာန-ဓမ္မေ ဝိသုံ ဝိသုံ အာဝဇ္ဇန္တဿ အာဝဇ္ဇနဝသိတာယ မတ္ထကပတ္တိယာ အာဝဇ္ဇနတပ္ပရော စိတ္တာဘိနီဟာရော ဟောတီတိ ယထာဝဇ္ဇိတစျာနင်္ဂါရမ္မဏာနိ စတ္တာရိ ပဉ္စ ဝါ ပစ္စ-ဝေက္ခဏဇဝနစိတ္တာနိ ပဝတ္တန္တီတိ ဝဒန္တိ အဋ္ဌကထာစရိယာ·ဟုမိန့်၏။

အနက်ကား။ ။ဘဂဝတော။ ပ။ ဝဒန္တီတိ၊ ဘဂဝတော။ ပ။ ဝဒန္တိ·ဟူသည်ကား။ ဘဂဝ-တော၊ မြတ်စွာဘုရား၏။ ယမကပါဋိဟာရိယကာလာဒီသု၊ ရေမီးအစုံအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူသောအခါ စသည်တို့၌။ ဥဒကက္ခန္ဓအဂ္ဂိက္ခန္ဓပ္ပဝတ္တနာဒိအတ္ထံ၊ ရေအစု မီးအစုကို ဖြစ်စေခြင်း အစရှိသော အကျိုးငှါ။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ပါဒကဇ္ဈာနံ၊ ပါဒကစျာန်ကို။ သမာပဇ္ဇိတွာ၊ ဝင်စားတော်မူ၍ တတော၊ ထိုပါဒကစျာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ဈာနဓမ္မေ၊ ဈာန် အင်္ဂါတရားတို့ကို။ ဝိသုံ ဝိသုံ၊ အသီးအသီး။ အာဝဇ္ဇန္တဿ၊ ဆင်ခြင်တော်မူသောမြတ်စွာဘုရားအား။ အာဝဇ္ဇနဝသိတာယ၊ အာဝဇ္ဇနဝသီဘော်၏။ မတ္ထကပတ္တိယာ၊ အဆုံးသို့ရောက်ခြင်းကြောင့်။ အာဝဇ္ဇ-နတပ္ပရော၊ အာဝဇ္ဇန်း ပြဋ္ဌာန်းခြင်းရှိသည်သာဖြစ်သော။ စိတ္တာဘိနီဟာရော၊ ပစ္စဝေက္ခဏာ စိတ်ကို အာရုံသို့ ရှေးရှုဆောင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ယထာဝဇ္ဇိတ-ဈာနင်္ဂါရမ္မဏာနိ၊ အကြင်အကြင် ဆင်ခြင်အပ်ပြီးသော ဈာနင်သာလျှင် အာရုံရှိကုန်သော။ စတ္တာရိ ပဉ္စ ဝါ၊ လေးကြိမ် ငါးကြိမ်လည်းဖြစ်ကုန်သော။ ပစ္စဝေက္ခဏဇဝနစိတ္တာနိ၊ ပစ္စဝေက္ခဏာ ဇောစိတ်တို့သည်။ပဝတ္တန္တိ၊ဖြစ်ကုန်၏။ဣတိ၊ ဤသို့။ အဋ္ဌကထာစရိယာ၊ အဋ္ဌကထာဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

ဤသို့လာသော အဋ္ဌကထာ ဋီကာကိုမှီ၍ ဆရာကြီးတို့ ဝီထိစီရင်ကြသည်ကား—ယမကပါဋိ-ဟာရိယ ဝီထိဖြစ်လိုလတ်သည်ရှိသော် ပဋိသန္ဓေစိတ်တော်ဖြစ်သော မဟာဝိပါက် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်သည် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် အာပေါကသိုဏ်းကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ထိုကသိုဏ်းကို အာရုံပြု၍ မဟာကိရိယာ ပဉ္စမဒွေးတို့တွင် တခုခုသည် ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု သုံးကြိမ်။ ထို့နောင် ထိုကသိုဏ်းကို အာရုံပြု၍ ရူပါဝစရကိရိယာ ပဉ္စမစျာန်စိတ်သည် အပ္ပနာဇော ကိစ္စဖြစ်၍ တကြိမ်။ ထို့နောင် ဘဝင်။ ထို့နောင် ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒ။ထို့နောင် ပဉ္စမစျာန်ရှိသော ဝိတက်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း။ထို့နောင် ဝိတက်ကိုအာရုံပြု၍ မဟာကိရိယာ ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော လေးကြိမ်။ ထို့နောင် ဘဝင်၊ ဤအတူ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာကို ဆင်ခြင်၏။ ထို့နောင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အာပေါကသိုဏ်းကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း။ ထို့နောင် ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ ဒုတိယ စျာန်။ ထို့နောင် ဘဝင်၊ ထို့နောင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် စတုက္ကနည်းအားဖြင့် ဒုတိယစျာန်၌ရှိသော ပီတိကို၊သုခကို ဧကဂ္ဂတာကိုဆင်ခြင်၏။ထို့နောင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အာပေါကသိုဏ်းကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ တတိယ စျာန်။ ထို့နောင် ဘဝင်။ ထို့နောင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ တတိယစျာန်၌ရှိသော သုခကို၊ ဧကဂ္ဂတာကိုဆင်ခြင်၏။ ထို့နောင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ။ ထို့နောင် အာပေါကသိုဏ်းကို

အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ဥပစာ၊ အနုလုံ၊ဂေါတြဘူ၊ စတုတ္ထဈာန်။ထို့နောင် ဘဝင်။ထို့နောင် စတုတ္ထဈာန်၌ရှိသော ဥပေက္ခာ, ဧကဂ္ဂတာကို ဆင်ခြင်၏။ ။ဤဝီထိတို့ဖြင့် အဘိညာဉ်ကို အခြေပြုပြီးမှ ရေအလျဉ်ကို ဖြစ်စေလိုလတ်သည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။ အာပေါကသိုဏ်းကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကိရိယာ ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင်။ ဤဝီထိဖြင့် ရေဖြစ်စေသောဟု အဓိဋ္ဌာန်၏။ ထို့နောင် အဘိညာဉ်၏အခြေဖြစ်သော ပါဒကဈာန်ကို ဝင်ပြန်လိုလတ်သည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ အာပေါကသိုဏ်းကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကိရိယာ တတိယဒွေးတို့တွင် တခုခုသည် ဥပစာ၊ အနုလုံ၊ ဂေါတြဘူ။ ထို့နောင် စတုက္ကနည်းအားဖြင့် ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ရူပါဝစရကိရိယာ စတုတ္ထဈာန်သည် ပါဒကဈာန်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်။ ထို့နောင် အဘိညာဉ်ဇော ဖြစ်လိုလတ်သည်ရှိသော် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။ အာပေါကသိုဏ်းနှင့်တူသော အနာဂတ်ရုပ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကိရိယာ တတိယဒွေးတို့တွင် တခုခုသည် ဥပစာ၊ အနုလုံ၊ ဂေါတြဘူ။ ထို့နောင် အာပေါကသိုဏ်းနှင့်တူသော မိမိဖန်ဆင်းအပ်သော သဟဇာတ်ရုပ်ကို ဖြစ်စေတတ်သော ရူပါဝစရ စတုတ္ထဈာန် ကိရိယာစိတ်သည် အဓိဋ္ဌာန်သောအတိုင်း ရေကိုဖြစ်စေလျက် အဘိညာဉ် ဇောကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်၊ ဤဝီထိဖြင့် ရေကိုဖြစ်စေ၏။ မီးကိုဖြစ်စေရာ၌လည်း ဤနည်းတူပင် ဝီထိကျ၏။ ဤသို့သော ဝီထိတို့ဖြင့် ရေအစုံ မီးအစုံ ရေမီးအစုံ အစရှိသော ယမိုက်ပြာဋိဟာသည် ဖြစ်၏ဟူပေ။ ဋီကာကျော်၌ ဥဒကက္ခန္ဓသဒ္ဒါကို ရှေးဦးစွာ ဆိုသောကြောင့် ရေအလျဉ်ကို အာရုံပြုသော ဝီထိကို ရှေးဦးစွာ ပြလိုက်သည်။ တန်ခိုးပြာဋိဟာကိုပြသော ကာလမှ တပါးသော ကာလတို့၌ကျသော ပစ္စဝေက္ခဏာဇောတို့ကား ဘုရားသခင်အားလည်း ခုနစ်ကြိမ်ပင်စော၏။ တပါးသောပုဂ္ဂိုလ်တို့မှာ ဆိုဖွယ်မရှိပြီ။ ခုနစ်ကြိမ်သာဖြစ်၏ဟု ဋီကာဆရာတို့ မိန့်၏။

(၄) မဟာကရုဏာ သမာပတ္တိဉာဏ် ဖြစ်ဟန်ကား—ခပ်သိမ်းသော သတ္တဝါတို့၏ သံသရာဝဋ်ဒုက္ခ၌ ဆင်းရဲကြအင်ကို ဆင်ခြင်တော်မူလိုလတ်သည်ရှိသော် ပဋိသန္ဓေစိတ်တော်နှင့်တူသော စိတ်သည် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။ ထို့နောင် ဒုက္ခိတ သတ္တဝါကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်း။ မဟာကိရိယာ ဇောခုနစ်ကြိမ်။ ထို့နောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

(၅) သဗ္ဗညုတညာဏဝီထိဖြစ်ဟန်ကား–အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရပြီး၍ ဆင်ခြင်ပြီးသောနောင်မှ ဉေယျမံငါးပါးကို သိလိုလတ်သည်ရှိသော် ပဋိသန္ဓေစိတ်တော်နှင့် တူသော စိတ်သည် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ။ ဉေယျမံငါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း။ ထို့နောင် မဟာကိရိယာဇော ခုနစ်ကြိမ်။ ထို့နောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

(၆) အနာဝရဏဉာဏ်လည်း ဤနည်းတူပင်။

ဤဉာဏ်ငါးဦးတို့သည် မဟာကိရိယာစိတ်၌ယှဉ်သော ပညာစေတသိက် ချည်းဖြစ်၍ လောကီဉာဏ်သာတည်း။ ဝီထိကျဟန်ကိုကား –

အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ။ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ အရဟာ ဝေါဒါနံ ပစ္စဝေက္ခန္တိ။ပ။ပရဿ စိတ္တံ ဇာနန္တိ။

စသည်ဖြင့် ဟောတော်မူသော ပဋ္ဌာန်းပါဠိတော်။ ထို၏ အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ သိရာသည်။ ။သဗ္ဗညုတဉာဏ်နှင့် အနာဝရဏဉာဏ်နှစ်ပါးကား သဘောသတ္တိမပြား။ ဝိသယပ္ပဝတ္တိမျှသာ ပြားသည်။ အသို့ပြား သနည်းဟူမူ သဗ္ဗညုတဉာဏ်မှာ ဉေယျမံငါးပါးကို အာရုံပြု၍ သိသည်။ အနာဝရဏဉာဏ်မှာ ရှေ့ဉာဏ်ဖြင့် သိသောအရာ၌ တစုံတခုသော ပိတ်ပင်ဆီးတားခြင်း မရှိ သိသည်။ ထို့ကြောင့် မဏိမဉ္ဇူကာယ် မဟာသီဟနာဒသုတ်အဋ္ဌကထာ၌—

သဗ္ဗညုတညာဏံ ပန ကာမာဝစရမေဝ။ တထာ အနာဝရဏဉ္စ။ ဟူ၍လည်းကောင်း။ ။ ဉဒါန်းအဋ္ဌကထာ၌။ ဧကမေဝ ဉာဏံ သဗ္ဗညုတညာဏံ အနာဝရဏ ဉာဏန္တိ ဝိသယပ္ပဝတ္တိမုခေန အညေဟိ အသာဓာရဏဘာဝ ဒဿနတ္ထံ ဒွိဓာ ဥဒ္ဒိဋ္ဌံ။ တတ္ထာယံ ပါဠိ၊ သဗ္ဗံ သင်္ခတမသင်္ခတမနဝသေသံ ဇာနာတီတိ သဗ္ဗညုတ ဉာဏံ။ တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏဉာဏန္တိ ဝိတ္ထာရော။

ဟူ၍လည်းကောင်း မိန့်အပ်၏။

၃။ သဗ္ဗညာဏ်ကျယ်၊ မဂ်နှောင်ဝယ်၊ ဘယ်ဝီထိတွင် ဖြစ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား—ဝိမောက္ခော အရဟတ္တမဂ္ဂေါ။ ဝိမောက္ခဿ အန္တေ အရဟတ္တဖလေ တသ္မိံ ဝိမောက္ခန္တေ ဝိမောက္ခန္တိကံ နာမ သဗ္ဗညုတဘာဝေါတိ— ဟူ၍ လာသော အဋ္ဌကထာဖြင့် ဖြေရာ၏။

အဓိပ္ပါယ်ကား။ ။အရဟတ္တမဂ်ဉာဏ်သည် ကိလေသာမှလွတ်သောကြောင့် ဝိမောက္ခ မည်၏။ ထိုဝိမောက္ခ အမည်ရသော မဂ်၏အဆုံး၌ နှစ်ကြိမ်လည်းကောင်း၊ သုံးကြိမ်လည်းကောင်း ကျသော အရဟတ္တဖိုလ်စိတ်။ ထိုစိတ်၏အဆုံး၌ဖြစ်သော ဝီထိတွင်ပါသော ဉာဏ်သည် သဗ္ဗညုတ ဉာဏ်မည်၏ ဟူလိုသည်။ ဝီထိကျဟန်ကား အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရပြီးသော် ဉေယျမံ တရားကိုသိခြင်းငှါ သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်အားဖြင့် ငါးပါးတွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရ ဇဝန်း။ ထို့နောင် မဟာကိရိယာဇော ခုနစ်ကြိမ်၊ ထို့နောင် ဘဝင်ကျ၏။ ဤနည်းတူ ငါးဝီထိ ရှိသင့်၏။ ထိုငါးဝီထိတို့၌ ပါသောဉာဏ်ကို သဗ္ဗညုတဉာဏ် ဆိုအပ်၏ဟူပေ။ ဤငါ ဝီထိတို့၏နောက်မှ ဉေယျမံ တရားငါးပါးကို ပိုင်းခြား၍ သိခြင်း၌ တစုံတခုသော ပိတ်ပင်ဆီးတားခြင်းရှိသေး၏လောဟု တွေးတောသောကာလ၌ ရှေးနည်းတူကျသော ဆဋ္ဌဝီထိ၌ ပါသော ဉာဏ်ကို အနာဝရဏဉာဏ်ဟု ဆိုအပ်၏။

၄။ ပလ္လင်ကိုရှယ်၊ တို့ဘုန်းကြွယ် ဘယ်တွက်ပူဇော်ပြန်သနည်း။

ဟူသော အမေးပုစ္ဆာ၌ မေးလိုရင်းအဓိပ္ပါယ်ကား—ဘုရားသခင်သည် ပလ္လင်တော်ကို ကြည့်လျက် ခုနစ်ရက်ပတ်လုံး ရပ်တော်မူခြင်းသည် ပလ္လင်ကို ပူဇော်သည်မည်၏။ လိုသို့ အဘယ် အတွက်ကြောင့် ပူဇော်ပြန်သနည်းဟု မေးလိုသည်။ ။အဖြေကား။ တထောင့်ငါးရာ ကိလေသာ ကိုချေရာ, သဗ္ဗညုတဉာဏ်ကိုရရာ မြတ်လှစွာသော ဇေယျဘူမိဖြစ်၍ တပါးသတ္တဝါတို့ကို မသိုထားပါ ငါဘုရားမှသော်လည်း ပူဇော်ခြင်းငှါသိုက်သေး၏ဟု ဝေနေယျတို့ကို ညွှန်ပြပေးလိုသောကြောင့် ပူဇော်သည်ဟုဖြေ။

ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌—

အယမ္ပိ ဘဂဝါ ဗောဓိမူလေ နိသိန္နော။ပ။အနိမ္မိသေဟိ စက္ခူဟိ သတ္တာဟံ ပလ္လင်္ကံ ဩလောကေန္တော အဋ္ဌာသိ။

ဟူ၍ဆိုတော်မူသည်။

အယမ္ပိ ဘဂဝါ၊ ဤငါတို့ဘုရားသည်လည်း။ ဗောဓိမူလေ၊ ဗောဓိပင်၏အနီး၌။ နိသိန္နော၊ နေတော်မူလျက်။ ဣမံ၊ ဤနယသာဂရကို။ ပဋိဝိဇ္ဈိတွာ၊ ထိုးထွင်း၍ သိတော်မူပြီး၍။ ဣမံ ဓမ္မံ၊ ဤတရားအစုကို။ သေန္တဿ၊ ရှာထသော"၊ ဂဝေသန္တဿ၊ အဖန်တလဲလဲ ရှာဖွေထသော။ မေ၊ ငါ့အား။ ကပ္ပ သတသဟဿာဓိကာနိ၊ ကမ္ဘာတသိန်း အလွန်ရှိကုန်သော။ စတ္တာရိ အသင်္ချေယျာနိ၊ လေးအသင်္ချေတို့သည်။ ဝီတိဝတ္တာနိ ဝတ၊ လွန်လေကုန်ပြီတကား။ အထ၊ ထိုသို့လွန်ပြီးမှ။ ဣမသ္မိံ ပလ္လင်္ကေ၊ ဤရွှေပလ္လင်၌။ နိသိန္နေန၊ နေသော။ မေ-မယာ၊ ငါသည်။ ဒိယဍ္ဍ ကိလေသ-သဟဿံ၊ အခွဲလျှင်နှစ်ခုမြောက်ရှိသော တထောင်သောကိလေသာကို။ ခေပေတွာ၊ ကုန်စင်စေ၍။ အယံ ဓမ္မော၊ ဤတရားအစုကို။ ပဋိဝိဒ္ဓေါ ဝတ၊ ထိုးထွင်း၍သိအပ်ပြီတကား။ ဣတိ၊ ဤသို့။ ပဋိဝိဒ္ဓဓမ္မံ၊ ထိုးထွင်း၍ သိအပ်ပြီးသောတရားကို။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်တော်မူလျက်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဧကပလ္လင်္ကေန၊ တထက်ဝယ်တည်းဖြင့်။ နိသီဒိ၊ နေတော်မူ၏။ တတော၊ ထို့နောက်မှ။ တမှာ ပလ္လင်္ကာ၊ ထိုဗောဓိရွှေပလ္လင်မှ။ ဝုဋ္ဌာယ၊ ထတော်မူ၍။ ဣမသ္မိံ ပလ္လင်္ကေ၊ ဤဗောဓိပင် ရွှေပလ္လင်၌။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်ကို။ မေ၊ ငါသည်။ ပဋိဝိဒ္ဓံ ဝတ၊ ထိုးထွင်း၍ သိပေပြီတကား။ ဣတိ၊ ဤသို့။ အနိမ္မိသေဟိ၊ မမှိတ်ကုန်သော။ စက္ခူဟိ၊ မျက်စိတို့ဖြင့်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ပလ္လင်္ကံ၊ ပလ္လင်တော်ကို။ ဩလောကေန္တော၊ ကြည့်လျက်။ အဋ္ဌာသိ၊ ရပ်တော်မူ၏။

ဤ၌ ပလ္လင်ကို ကြည့်၍ရပ်ကြောင်းကိုသာ ဆိုသည်။ ဝေနေယျတို့အား ဩဝါဒပေးကြောင်းကို မဆိုဘကားဟု စောဒနာငြားအံ့။ ကျေးဇူးကြီးသောကြောင့် ကြည့်တော်မူသည်ကို ဆိုက အာဒုတ္တာသိဒ္ဓိနည်းအားဖြင့် ထိုအနက်ပြီးတော့သည်ဟူပေ။ ။ထို့ကြောင့် အဘိဓမ္မာဂဏ္ဌိ၌။ ဂုဏဝိသေသကိတ္တနေန သယမေဝ ဒဿနေန စ ဝေနေယျာနံ ပူဇာရဟတံ ဉာပေတိ နာမ-ဟု မိန့်သတည်း။ ။အဋ္ဌကထာပါဠ်၌ ဘုရားသခင်သည် ပလ္လင်တော်ကို ခုနစ်ရက်ပတ်လုံးကြည့်၏ ဟူ၍သာ ဆိုသည်။ ပူဇော်သည်ဟူ၍ မဆိုပဲလျက် အဘယ့်ကြောင့် ပူဇော်သည်ဟု ဖြေသနည်း ဟုငြားအံ့။ ဓမ္မာသောကမင်းကြီးသည် ကာလနဂါး ဖန်ဆင်း၍ပြသော ဘုရားရုပ်ကို ခုနစ်ရက် ပတ်လုံး ကြည့်သည်ကိုပင်။ ဗုဒ္ဓရူပံ ပဿန္တော သတ္တဒိဝသာနိ အက္ခိပူဇံ နာမ အကာသိ- ဟူ၍ ပါရာဇိကကဏ်အဋ္ဌကထာ၌ လာသည်ကို နည်းယူ၍ ကြည့်သည်ကိုပင် ပူဇော်၏ဟု ဆိုသည် ဟူပေ။

၅။ သွားတော်လေးဆယ်၊ သိချင်ဖွယ်၊ စွယ်တော်လုံးလျား ဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စတ္တာလီသ ဒန္တောတိ ဥပရိဒန္တာနိ ဝီသတိ ဟေဋ္ဌိမဒန္တာနိ ဝီသတိတိ စတ္တာလီသ ဟောန္တိ။ သမဒန္တောတိ အညေသံ ကေစိ ဒန္တာ ဥစ္စာ ဟောန္တိ၊ ကေစိ ဒန္တာ နီစာ၊ ကေစိ ဒန္တာ

သမသဏ္ဌိတာ။ ဘဂဝတော ပန ကကစေန ဆိန္နံ သဲပတ္တံ ဝိယ သမံ ဟောတိ။ အဝိရဠဒန္တောတိ အညေသံ ဒန္တာ ကုမ္ဘိလ ဒန္တာ ဝိယ ဝိရဠာ မစ္ဆမံသာဒီနိ ဒန္တန္တရေ ပဝိသန္တိ။ ဘဂဝတော ပန ပဝါဠပိဋ္ဌေ ဌပိတဝဇိရပန္တိ ဝိယ အဝိရဠံ၊ သုသုက္ကဒါဌောတိ အညေသံ ပူတိဒါဌာ ဝါ ကဏှဒါဌာဒယော ဝါ ဟောန္တိ။ ဘဂဝတော ပန သြသဓိတာရကာနိ ဝိယ အတိပရိသုဒ္ဓဒါဌာနိ ဟောန္တိ။

ဟူသော ဇိနာလင်္ကာရဋီကာပါဠ်ဖြင့် ဖြေအပ်၏။

အနက်ကား။ ။စတ္တာလီသဒန္တောတိ၊ အမျှလေးဆယ်သောသွား ဟူသည်ကား။ ဥပရိဒန္တာနိ၊ အထက်သွားတော်တို့သည်။ ဝီသတိ၊ နှစ်ဆယ်။ ဟေဋ္ဌိမဒန္တာနိ၊ အောက်သွားတော်တို့သည်။ ဝီသတိ၊ နှစ်ဆယ်။ ဣတိ၊ ဤသို့။ စတ္တာသီသ၊ လေးဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သမဒန္တောတိ၊ ညီညွတ်သောသွားတော်ဟူသည်ကား။ အညေသံ၊ တပါးကုန်သောသူတို့အား။ ကေစိ ဒန္တာ၊ အချို့သောသွားတို့သည်။ ဥစ္စာ၊ မြင့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကေစိ ဒန္တာ၊ အချို့သောသွားတို့သည်။ နီစာ၊ နိမ့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကေစိ ဒန္တာ၊ အချို့သော သွားတို့သည်။ သမသဏ္ဌိတာ၊ အညီအမျှတည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘဂဝတော ပန၊ ဘုရားသခင်အားကား။ ကကစေန၊ လွှဖြင့်။ ဆိန္နံ၊ ဖြတ်အပ်သော။ သဲပတ္တံ ဝိယ၊ ခရုသင်းခွက်ကဲ့သို့။ သမံ၊ ညီညွတ်သည်။ ဟောတိ၊ ဖြစ်၏။ ။အဝိရဠဒန္တောတိ၊ မကျဲသော သွားတော်ဟူသည်ကား။ အညေသံ၊ တပါးကုန်သောသူတို့၏။ ဒန္တာ၊ သွားတို့သည်။ ကုမ္ဘိလဒန္တာ ဝိယ၊ မိကျောင်းသွားကဲ့သို့။ ဝိရဠာ၊ ကျဲကုန်၏။ မစ္ဆမံသာဒီနိ၊ ငါးအမဲစသည်တို့သည်။ ဒန္တန္တရေ၊ သွား၏အကြား၌။ ပဝိသန္တိ၊ ဝင်ကုန်၏။ ဘဂဝတော ပန၊ ဘုရားသခင်အားကား။ ပဝါဠပိဋ္ဌေ၊ သန္တာပြားအပြင်၌။ ဌပိတဝဇိရပန္တိ ဝိယ၊ ထားအပ်သော ဝဇိရစိန်အစဉ်ကဲ့သို့။ အဝိရဠံ၊ မကျဲသည်။ ဟောတိ၊ ၏။ သုသုက္ကဒါဌောတိ၊ အလွန်ဖြူစင်သော စွယ်တော်ရှိ၏ဟူသည်ကား။ အညေသံ၊တပါးကုန်သောသူတို့အား။ ပူတိဒါဌာ ဝါ၊ ပုပ်ဆွေးသော အစွယ်ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကဏှဒါဌာဒယော ဝါ၊ မည်းနက်သော အစွယ်စသည်ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘဂဝတော ပန၊ ဘုရားသခင်အားကား။ သြသဓိတာရကာနိ ဝိယ၊ သောက်ရှူးကြယ်တို့ကဲ့သို့။ အတိပရိသုဒ္ဓဒါဌာနိ၊ အလွန်စင်ကြယ်သော စွယ်တော်ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤနည်းအတူ သုတ်မဟာဝါ အဋ္ဌကထာတို့၌လည်း လာသည်။ ဤသို့ ကျမ်းဂန်တို့၌ သွားတော်တို့၏ အရေအတွက် ဂုဏ်လက္ခဏာကိုသာ ပြသည်။ ပမာဏကို မပြကြကုန်။ ဒါဌာဓာတုဝင်၌ကား သွားတော်လည်းကောင်း စွယ်တော်လည်းကောင်း သီဟိုဠ်ကညစ်ရှိုး ပမာဏရှိသည်ဟု ဆို၏။ သီဟိုဠ်ကညစ်ရှိုးသည်လည်း လက်ညှိုးရင်း ပမာဏရှိသည်ဟု ဆရာကြီးတို့ မိန့်ကုန်၏။

၆။ ခေတ်တော်ဝေဖွယ်၊ သုသာန်ဝယ်၊ ဘယ်ဖြင့်ပြီးသည့် အိုးပေနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား–

တတော ဒသဗလဿ ဓာတုယော သုဝဏ္ဏစင်္ကောဋကေ ပက္ခိပိတွာ အန္တောနဂရေ သဏ္ဌာဂါရေ ဌပေတွာ သတ္တိပဉ္ဇရံ ကတွာ ဓနုပါကာရေဟိ ပရိက္ခိပါပေတွာ သတ္တာဟံ

နစ္စဂီတဝါဒိတဂန္ဓမာလာဒီဟိ မလ္လရာဇပုတ္တာ သက္ကာရံ ကရိံသု-ဟူ၍လည်းကောင်း။
ဒေါဏော တုမ္ဗံ ဂဟေတွာန၊ ကာရေသိ တုမ္ဗစေတိယံ။

ဟူ၍လည်းကောင်း နလာဋဓာတုဝင်၌ လာသည်။

အနက်ကား။ ။ဘဂဝတော၊ ထိုမီးငြိမ်းပြီးသော နောက်မှ။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ ဓာတု-ယော၊ ဓာတ်တော်တို့ကို။ သုဝဏ္ဏစင်္ကောဋကေ၊ ရွှေပန်းတောင်း၌။ ပက္ခိပိတွာ၊ ထည့်၍။ အန္တောနဂရေ၊ မြို့တွင်း၌။ သဏ္ဌာဂါရေ၊ မင်းကွန်း၌။ ဌပေတွာ၊ ထား၍။ သတ္တိပဉ္ဇရံ၊ လှံချိုင့်ကို။ ကတွာ၊ ပြု၍။ ဓနုပါကာရေဟိ၊လေးတံတိုင်းတို့ဖြင့်။ ပရိက္ခိပါပေတွာ၊ ရံစေ၍။ သတ္တာ-ဟံ၊ ခုနစ်ရက်ပတ်လုံး။ နစ္စဂီတ ဝါဒိတ ဂန္ဓမာလာဒီဟိ၊ ကခြင်း သီခြင်း,တီးမှုတ်ခြင်း,နံ့သာပန်းစသည်တို့ဖြင့်။ မလ္လရာဇပုတ္တာ၊ မလ္လာမင်းသားတို့သည်။ သက္ကာရံ၊ ပူဇော်သကာကို။ ကရိံသု။ ပြုကုန်၏။ ။ဒေါဏော၊ ဒေါဏပုဏ္ဏားသည်။ တုမ္ဗံ၊ ဟပြည်ဝင်သောခွက်ကို။ ဝါ၊ ဓာတ်တော်ခြင်သောစရွတ်ခွက်ကို။ ဂဟေတွာန၊ ယူ၍။ တုမ္ဗစေတိယံ၊ တုမ္ဗမည်သောစေတီကို။ ကာရေသိ၊ ပြုစေ၏။

ဤသို့လာသည်ကို ထောက်၍ ရွှေဖြင့်ပြီးသော ပန်းပုံတောင်း၌သာ ထား၏။ တပြည်ဝင်သော စရွတ်ခွက်ဖြင့်သာခြင်၏ဟု သိရာသည်။ ။ဒီဃနိကာယ်၊ မဟာဝဂ်၊ ပရိနိဗ္ဗာနသုတ်ပါဠိတော်၊ အဋ္ဌကထာ၊ ပါရာဇိကဏ် အဋ္ဌကထာ၊ ဋီကာ၊ သုတ်သီလက္ခန် အဋ္ဌကထာ၊ ဋီကာတို့၌ ဘုရားသခင်သည် သက်တော်ရှစ်ဆယ် ပြည့်သောနှစ် ကဆုန်လပြည့် မိုးသောက်ယံ၌ နိဗ္ဗာန်ဝင်တော်မူသည်။ ထို့နောင် ခုနစ်ရက်ပတ်လုံး ရွှေအဆင်းနှင့်တူသော အလောင်းတော်ကို နံ့သာပန်း စသည်တို့ဖြင့် ခုနစ်ရက်တိုင်တိုင် ပူဇော်ကြသည်။ ထိုခုနစ်ရက်သည် သာဓုကီဠန သတ္တာဟ မည်၏။ ထို့နောင် စန္ဒကူးထင်းပုံထက်၌ ခုနစ်ရက်တိုင်တိုင်ထား၍ ခုနစ်ရက်လွန်မှ သင်္ဂြိုဟ်ရသည်။ ထိုခုနစ်ရက်သည် စိတကသတ္တာဟ မည်၏။ ထို့နောင် လောင်တိုက်မှ ဓာတ်တော်ကိုယူ၍ လက်နက်တို့ဖြင့် ဝန်းရံလျက် သဏ္ဌာဂါရ၌ထား၍ ခုနစ်ရက်ပတ်လုံး ဓာတ်တော်ကို ပူဇော်ကြသည်။ ထိုခုနစ်ရက်သည် ဓာတုပူဇာသတ္တာဟ မည်၏ဟုဆိုသည်။ ။ဤသို့လျှင် ကုသိနာရုံမြို့၏ အနောက်တောင် အင်ကြင်းတော၏ အကြေ၌ နိဗ္ဗာန်ယူတော်မူသည်။ မြို့၏အရှေ့ မလ္လာမင်းတို့၏ မကိုဋ်ဗန္ဓ စပြုရာဖြစ်သော မကုဋ ဗန္ဓနမည်သောအရပ်၌ အလောင်းတော်ကို သင်္ဂြိုဟ်သည်။ ထို့နောင် ဓာတ်တော်တို့ကို မြို့တွင်းသို့ဆောင်၍ မင်းကွန်း၌ ခုနစ်ရက်ပတ်လုံးထားသည်။ ထို့နောင် ရှစ်ပြည်ထောင်မင်းတို့ ရောက်လာ၍ ဆရာဒေါဏပုဏ္ဏားသည် ဓာတ်တော်တို့ကို ရွှေစရွတ်ခွက်ဖြင့် ဝေသည်ဟူ၍သာ ကျမ်းဂန်၌လာသည်။ သင်္ဂြိုဟ်ရာ သုသာန်၌ ဝေသည်ဟူ၍လည်း မလာ။ ဓာတ်တော်ကို အိုးနှင့်ထည့်၍ ထားသည်ဟူ၍လည်းမလာ။ အိုးနှင့်ခြင်သည်ဟူ၍လည်း မလာ။ ထို့ကြောင့် ဤပုစ္ဆာသည် နေရာမကျဆိုဖွယ်ရှိသည်။သို့သော်လည်း မေးသောအရာဖြစ်၍ သမီပူပစာဖြင့်ဆိုသည်ဟုမှတ်ရမည်။

၇။ နှစ်ဆဲ့လေးသွယ်၊ ပဋ္ဌာန်းဝယ်၊ အဘယ်ပစ္စည်း ကျယ်သနည်း

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား… အာရမ္မဏူပနိဿယ ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိဟူ၍ အဘိဓမ္မတ္ထသင်္ဂြိုဟ်၌ မိန့်ဆိုသည်နှင့်အညီ အာရမ္မဏပစ္စည်း ဥပနိဿယပစ္စည်း ကမ္မပစ္စည်း အတ္ထိပစ္စည်း။ ဤလေးပစ္စည်းတို့၌ ခပ်သိမ်းကုန်သော ပစ္စည်းတို့သည် ပေါင်းခြင်းသို့ ရောက်ကုန်၏။ ယိုသို့ပေါင်းနိုင်သောကြောင့် ဤလေးပစ္စည်းသည် ကျယ်

၏ဟု ဖြေရာ၏။ အဘယ်သို့ ပေါင်းခြင်းသို့ ရောက်သနည်းဟူမူကား စိတ် စေတသိက်တို့၏ အာရုံ အဖြစ်သို့ မရောက်သော တစုံတခုသော တရားသည်မရှိ။ ထိုသို့ အာရုံအဖြစ်သို့ ရောက်သမျှသော တရားသည် အာရမ္မဏပစ္စည်းတပ်သည်ချည်း ဖြစ်ရကား ခပ်သိမ်းသောပစ္စည်းသည် အာရမ္မဏ ပစ္စည်း၌ ဝင်၏၊ပေါင်း၏။ ။အကြင်ပစ္စည်းသည် မိမိ၏ပစ္စယုပ္ပန်တရားတို့အား ဥပနိဿယအဖြစ်သို့ မရောက်ရာ၊ ထိုသို့ မရောက်ရာသောပစ္စည်းသည် တစုံတခုမျှမရှိ။ ထို့ကြောင့် ခပ်သိမ်းသောပစ္စည်း သည် ဥပနိဿယပစ္စည်း၌ပေါင်း၏။ ။အကြင် ပစ္စည်းတရားဟူသမျှသည် ကံဟူသောအကြောင်း ရင်းရှိသောကြောင့်လည်းကောင်း၊ ကံ၌ဖြစ်ခြင်းကြောင့် အကျိုးအကြောင်းဟူ၍ ခေါ်ဝေါ်အပ် သောကြောင့်လည်းကောင်း ကံဟူသောသဘော၌ ဝင်သည်သာတည်း။ ထို့ကြောင့် ခပ်သိမ်း သော ပစ္စည်းတို့သည် ကမ္မပစ္စည်း၌ပေါင်း၏။ ။ခပ်သိမ်းသော ပစ္စည်းတရားတို့သည် ပရမတ္ထ အားဖြင့်လည်းကောင်း၊ လောကသမ္မုတိအားဖြင့်လည်းကောင်း ထင်ရှားရှိကုန်၏။ ထိုသို့ရှိကုန် သောကြောင့် ခပ်သိမ်းသော ပစ္စည်းတို့သည် အတ္ထိပစ္စည်း၌ပေါင်းကုန်၏။ ထို့ကြောင့် ဋီကာကျော်၌—

ဣဒါနိ သဗ္ဗေပိ ပစ္စယာ သခေ်ပတောပိ စတုဓာယေဝါတိ ဒဿေတုံ အာရမ္မဏူပ- နိဿယ ကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တီတိ ဝုတ္တံ။

အစရှိသည်ဖြင့် မိန့်တော်မူသည်။ ထိုပါဌ်၏ အကျယ်ကိုကား ၎င်းဋီကာကျော် ကျမ်း၌ယူပါကုန်။

ဂ။ ပဋ္ဌာန်းကျမ်းကျယ်၊ သင့်စဖွယ်၊ ရုပ်ဝယ်ပစ္စည်း ဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား အာရမ္မဏ။ အာရမ္မဏာ ဓိပတိ။ သဟဇာတ။ အညမည။ နိဿယ။ ပုရေဇာတ။ အာဟာရ။ ဣန္ဒြိယ။ ဝိပ္ပယုတ္တ။ အတ္ထိ။ အဝိဂတ။ ဤတဆယ့် တစ်ပစ္စည်းသည် ရုပ်ပစ္စည်းဖြစ်၏။ ။အဘယ်သို့ ဖြစ်သနည်း ဟူမူကား—ရုပ်အဋ္ဌဝီသသည် ဝိညာဉ်ခြောက်ပါးတို့၏ အာရုံဖြစ်သောကြောင့် အာရမ္မဏ ပစ္စည်းတပ်၏။ ။အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသသည် အာရမ္မဏာဓိပတိပစ္စည်းတပ်၏။ ။စိတ္တဇ။ ပဋိသန္ဓေကမ္မဇ။ ဗာဟိရ အာဟာရဇ။ ဥတုဇ။ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇအားဖြင့် ရစ္စမ်း သော မဟာဘုတ်လေးပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအားတပ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်း တပ်သော တရားတို့မည်ကုန်၏။ ။အချင်းချင်းအား တပ်သော စိတ္တဇ။ ပဋိသန္ဓေကမ္မဇ။ ဗာဟိရ၊ အာဟာရဇ။ ဥတုဇ။ အသညသတ်ကမ္မဇ။ ပဝတ္တိ- ကမ္မဇအားဖြင့် ရစ္စမ်းသော မဟာဘုတ်လေးပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာအား တပ် သော ဟဒယဝတ္ထု။ ဤ တရားတို့သည် အညမည ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ နိဿယ ပစ္စည်းသည် သဟဇာတ နိဿယ, ပုရေဇာတနိဿယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့ တွင် သဟဇာတ နိဿယသည် သဟဇာတနှင့်တူ၏။ ပုရေဇာတ နိဿယသည်လည်း ဝတ္ထုပုရေ ဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတ နိဿယအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ပဝတ္တိ အခါ ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းတပ်သော တရားတို့ မည် ကုန်၏။ ။မရဏာသန္နအခါ စုတိစိတ်၏ ရှေ့တဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်

သော ဟဒယဝတ္ထု၊ ဤတရားသည်ကား ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယပစ္စည်းတပ်သော **တရားမည်**၏။ ။ပုရေဇာတ ပစ္စည်းသည်လည်း အာရမ္မဏ ပုရေဇာတ၊ ဝတ္ထုပုရေဇာတအားဖြင့် **နှစ်ပါး**အပြားရှိ၏။ ထို နှစ်ပါးတို့တွင် ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ၊ ဤတရားတို့သည် အာရမ္မဏ ပုရေဇာတ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတ နိဿယနှင့်တူ၏။ အာဟာရပစ္စည်းသည် နာမ်အာဟာရ၊ ရုပ်အာဟာရဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဗဟိဒ္ဓသြဇာဟု ဆိုအပ်သော ကဗဠီကာရ အာဟာရသည် ရုပ် **အာဟာရပစ္စည်းတပ်**၏။ (နာမ်အာဟာရကား အရာမဟုတ်)။

ဣန္ဒြိယ **ပစ္စည်း**သည် ပုရေဇာတိန္ဒြိယ၊ သဟဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ အားဖြင့် သုံးပါး **အပြား**ရှိ၏။ ထိုသုံးပါးတို့တွင် ကမ္မဇရုပ်၌ အကျုံးဝင်သော စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ ကာယိန္ဒြေ၊ ဤပသာဒရုပ် ငါးခုသည် ပုရေဇာတိန္ဒြိယ ပစ္စည်းတပ်၏။ သဟဇာတိန္ဒြိယမှာ နာမ်သက်သက်တည်း။ ပဝတ္တိ ပဋိသန္ဓေအားဖြင့် နှစ်ပါးသော ရုပ်ဇီဝိတိန္ဒြေသည် ရူပဇီဝိတိန္ဒြိယ **ပစ္စည်းတပ်**၏။ ။ဝိပ္ပယုတ္တပစ္စည်းသည် သဟဇာတ ဝိပ္ပယုတ်၊ ပုရေဇာတ ဝိပ္ပယုတ်၊ ပစ္ဆာဇာတ ဝိပ္ပယုတ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တပ်သော ဟဒယဝတ္ထုသည် သဟဇာတဝိပ္ပယုတ္တပစ္စည်းတပ်၏။ ပုရေဇာတဝိပ္ပယုတ်သည် ပုရေဇာတနိဿယနှင့်တူ၏။ (ပစ္ဆာဇာတဝိပ္ပယုတ်မှာ နာမ်သက်သက်သာဖြစ်၏။)။ ။အတ္ထိပစ္စည်း သည်လည်း သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ။ ဣန္ဒြိယတ္ထိအားဖြင့်ငါးပါး တည်း။ ထိုငါးပါးတို့တွင် သဟဇာတတ္ထိသည် သဟဇာတနှင့်တူ၏။ ပုရေဇာတတ္ထိသည် ပုရေဇာတ နှစ်ပါးနှင့်တူ၏။ ပစ္ဆာဇာတတ္ထိမှာ နာမ်သက်သက်ဖြစ်၏။ အာဟာရတ္ထိသည် အာဟာရနှင့် တူ၏။ ။ဣန္ဒြိယတ္ထိသည် ရုပ်ဣန္ဒြေနှင့်တူ၏။ ။အဝိဂတသည် အတ္ထိနှင့်တူ၏။ ။အဓိပတိသည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိအားဖြင့် နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် အလေးအမြတ် ပြုအပ်သောဂရုဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသသည် အာရမ္မဏာဓိပတိပစ္စည်းတပ်၏။(သဟဇာတာ-ဓိပတိမှာနာမ်သက်သက်ဖြစ်၍ မဆိုင်ပြီ)။ ဤသို့လည်း မကျဉ်းမကျယ်ဖြေရာသည်။ အကျယ် ဖြေသော် **မ**ဆုံးနိုင်ရာ။

၉။ ဘိမ္မာဝယ်၊ တို့ဘုန်းကြွယ်၊ ဘယ်ဉာဏ် တော်ဖြင့် ဟောသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။ ။ဟူသည်တည်း။

အနက်ကား။ ။မာတရံ၊ မယ်တော်ဖြစ်ဖူးသော သန္တုသိတနတ်သားကို။ ပမုခံ ကတွာ၊ အဦးပြု၍။ တဿာ ပညာယ၊ ထိုကရုဏာတော်၏ ဥပမေယျ ဖြစ်သော သဗ္ဗညုတ ဉာဏ်တော် ၏။ တေဇသာ၊ အစွမ်းအားဖြင့်။ အဘိဓမ္မကထာမဂ္ဂံ၊ အဘိဓမ္မာဒေသနာအစဉ်ကို။ ဒေဝါနံ၊ နတ်တို့အား။ သမ္ပဝတ္တယိ၊ ဟောတော်မူပြီ။ ။ဤအဋ္ဌသာလိနီ ဂါထာဖြင့် ဖြေရာ၏။

၁၀။ လယ်ကိုင်းချမ်းဖွယ်၊ ကျောင်းတော်ဝယ်၊ အဘယ်သစ်ဖြင့်ဆောက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....စန္ဒကူးသစ်ဖြင့် ဆောက်ကြောင်းကို မဇ္ဈိမ-နိကာယ်၊ ဥပရိပဏ္ဏာသ၊ ပုဏ္ဏောဝါဒသုတ်၌လာ၏ဟုဖြေ။

၁၁။ လ ရံဖန်ငယ်၊ ရံဖန်ကွယ်၊ ကြယ်ကား ဘယ့်ကြောင့် မကွယ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....တေသု ပန စန္ဒမဏ္ဍလံ ဟေဋ္ဌာ၊ သူရိယမဏ္ဍလံ ဥပရိ။ အန္တရာ နေသံ ယောဇနံ ဟောတိ– အစရှိသည်ဖြင့် လာသော သာရတ္ထဒီပနီဋီကာပါဠ်။ ဤနည်းတူလာသော သာရတ္ထ သင်္ဂဟ ပါဠ်တို့နှင့်အညီ လဗိမာန်သည် အောက်, နေဗိမာန်သည် အထက်၊ အကြားတယူဇနာခန့်ခွါလျက် လှည့်လည်သည်။ ယင်းသို့ လှည့်လည်ရာ၌ နေကား အဖြောင့်သွား လျင်သည်။ ဖီလာသွား နှေးသည်။ လကား အဖြောင့်သွားနှေးသည်။ ဖီလာ သွား လျင်သည်ဖြစ်သောကြောင့် လကွယ်နေ့၌ နေနှင့်လ ထပ်လျက်သွားသည်။ လဆန်းတရက် နေ့တိုင်လျှင် နေမှလသည် ယူဇနာ တသိန်းခန့် ကျန်ရစ်သည်။လဆန်းနှစ်ရက်နေ့လျှင် နှစ်သိန်း၊ သုံးရက်နေ့လျှင် သုံးသိန်း ကျန်ရစ်သည်။ ၁၅-ရက်တိုင်လျှင်တသန်းငါးသိန်း ကျန်ရစ်သည်ဖြစ်၍ ထုတ်ခတ်စက်သွား မြင်းမိုရ်ခြားလျက်ရှိသည်။ ထိုမှတဖန် တနေ့တသိန်းစိနီး၍ လိုက်ပြန်သဖြင့် လကွယ်နေ့သို့ရောက်လျှင် နေနှင့်လ ထပ်မိကြသည်။ ယင်းသို့သွားရကား နေနှင့်နီးသောအခါ လငယ်သည်။ ထပ်မိသောအခါ လကွယ်သည်။ ။ကြယ်မှာမူကား အများဖြစ်၍ နေနှင့်နီးသော ကြယ် ကွယ်သော်လည်းကောင်း, ငယ်သော်လည်းကောင်း မထင်ရှားလေ။ ကြယ်လည်းကွယ်သည့်အခါကွယ်၏။ ငယ်သည့်အခါငယ်၏ဟူပေ။ ။ယင်းသို့နေလတို့၏ အသွားမညီခြင်းသည် ဘယ့်ကြောင့်ဖြစ်သနည်းဟု မေးခဲ့အံ့....“လောကစိန္တာ ဘိက္ခဝေ အစိန္တိယာ န စိန္တေတဗ္ဗာ။ ယံ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ”ဟူ၍ ဟောတော်မူအပ်သော စတုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ဖြင့် ဖြေအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။လောကစိန္တာ၊ လောကဓာတ်၏ အဆန်းအကြယ် ကြံစည်ဖွယ်ဖြစ်ခြင်းကို။အစိန္တိယာ၊ မကြံစည်နိုင်သည့်၏ အဖြစ်ကြောင့်။ န စိန္တေတဗ္ဗာ၊ မကြံစည်အပ်ကုန်။ ယံ၊ အကြင်လောက၏ ဖြစ်ခြင်းကို။ စိန္တေန္တော၊ ကြံစည်သောသူသည်။ ဥမ္မာဒဿ၊ရူးခြင်း၏။ ဝိဃာတဿ၊ စိတ်ဖောက်ပြန်ခြင်း၏။ ဘာဂီ၊ အဖို့သည်။ အဿ၊ ဖြစ်ရာ၏။

၁၂။ ပဥ္စတားဝယ်၊ ဂြိုဟ်ခြောက်သွယ်၊ ဘယ်က ဇယားထွက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဟူသော ကြယ်ငါးလုံးတို့၏အသွားကို တွက်သော ကိန်းဖြစ်၍ ပဥ္စတာရာ ဆိုလိုလျက် သင်္ကရိုက်သံနှင့်ရော၍ ပဥ္စတားဟု ခေါ်သည်။ထိုဂြိုဟ်ငါးလုံးတွင် အင်္ဂါဂြိုဟ်သည် ၇၆-နှစ်သာ အသွားထူးသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် ၄၆-နှစ်သာ အသွားထူးသည်။ကြာသပတေးဂြိုဟ်သည် ၈၃-နှစ်သာ။ သောကြာဂြိုဟ်သည် ၈-နှစ်သာ။စနေဂြိုဟ်သည် ၅၉-နှစ်သာ အသွားထူးသည်။နောက်ကို ဤနည်း

တူ လှည့်ကာ လှည့်ကာဖြစ်သည်။ ယင်းသို့ ဖြစ်ရကား မိမိတို့၏ အသွားထူးသမျှနှစ်၌ မည်သည့် ကာလ အဖြောင့်သွားသည်။ မည်သည့်ကာလ သီဟစာသွားသည် မည်သည့်ကာလ ဝက္ကစရိယာ သွားသည်။ မည်သည့်ကာလ နိယထုံနေသည်ဟု ရက်လကိုမှတ်၍ ထိုအမှတ်အတိုင်းတွက်စိမ့်သောငှါ တနှစ်၏ နာရီပုံ ၂၁၆၀၀-ကိုလည်းကောင်း, တပက္ခ၏ နာရီပုံ ၉၀၀-ကို လည်းကောင်း တည်၍ တွက်သဖြင့် ရကောင်းရကား မဟာနာရီမှ ထွက်သည်ဟု ဆိုအပ်၏။

အဘယ်သို့ တွက်ရာသနည်း ဟူမူကား... မဟာနာရီ ၂၁၆၀၀-ကိုတည်၊ ၁၀-နှင့်မြှောက်။ ၉၀၀-ကိုတည်၊ ၁၁၄-ခုမြှောက်။ ၎င်းနှစ်ရပ်ကိုရော၍ ၉၀၀-၎င်းစား၊ လဒ်ကား အင်္ဂါမကရဇယား တတန့်ဖြစ်၏(၁)။ (ဤနည်းတူ တွက်ရမည်။ မြှောက်ခြေသာ ထူးကြသည်ဖြစ်၍ ထိုမြှောက်ခြေကို သာ ဆိုလိုက်အံ့။ စားခြေမူကား ၉၀၀-နှင်နှင်သာတည်း)။ ။မဟာနာရီတည်၊ ၂၀ မြှောက်။ ၉၀၀-တည်၊ ၂၂၄-မြှောက်။ စားမြဲစား။ လဒ်ကားဇယားတဆင့်။ (၂)။ ။မဟာနာရီတည်၊ ၄၀-မြှောက်။ ၉၀၀-တည်။ ဂ၉-ခုမြှောက်။ စားမြဲစား။ လဒ်ကား ဇယားတဆင့်။(၃)။ ။မဟာနာရီတည်၊ ၅၀-မြှောက်။ ၉၀၀-တည်၊ ၁ဂ၃-ခုမြှောက်။ စားမြဲစား။ လဒ်ကား ဇယားတဆင့်။(၄)။ ။မဟာနာရီ တည်၊ ၆၀-မြှောက်။ ၉၀၀-တည်၊ ၂၅၃-ခုမြှောက်။ စားမြဲစား။ လဒ်ကား ဇယားတဆင့်။(၅)။ ။ မဟာနာရီတည်၊ ၇၀-မြှောက်။ ၉၀၁-တည်၊ ၃၀၄-ခုမြှောက်။ စားမြဲစား။ လဒ်ကား ဇယားတဆင့် ဖြစ်၏။(၆)။ ။အင်္ဂါမကရ ဇယားပြီး၏။

အင်္ဂါမန်း အစကိန်းကား....မဟာနာရီတည်၊ ၇-ခုမြှောက်။ ၉၀၀-တည်၊ ၅-ခုမြှောက်။ စားမြဲစား။ လဒ်ကား ဇယားတဆင့်။ (၁)။ ။မဟာနာရီတည်၊ ၁၀-မြှောက်။ ၉၀၀ တည်၊ ၉၄-ခုမြှောက်။ ဇယားတဆင့်။(၂)။ ။မဟာနာရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၂၃၃-ခုမြှောက်။ ဇယားတဆင့်။ (၃)။ ။မဟာနာရီတည်၊ ၂၀-မြှောက်။ ၉၀၀-တည်၊ ၁၂-ခုမြှောက်။ ဇယားတဆင့်။ (၄)။ ။မဟာနာရီတည်၊ ၂၀-မြှောက်။ ၉၀၀-တည်၊ ၁၆၉-ခုမြှောက်။ ဇယားတဆင့်။(၅)။ ။မဟာ နာရီတည်၊ ၂၀-ခမြှောက်။ ၉၀၀-တည်၊ ၁၉၂-ခုမြှောက်။ ဇယားတဆင့်။(၆)။ ။အင်္ဂါမန်း ဇယား ပြီး၏။ ။

အင်္ဂါကြကင္ခ အစကိန်းကား....ပဟာနာရီတည်၊ ၅၀-မြှောက်။ ၉၀၀-တည်၊ ၂၆-ခုမြှောက်။ ဇယားတဆင့်။ (၁)။ ။မဟာနာရီတည်၊ ၇၀-မြှောက်။ ၉၀၀-တည်၊ ၅၁ဂ-ခုမြှောက်။ ဇယား တဆင့်။ (၂)။ ။မဟာနာရီတည်၊ ဂ၀-မြှောက်။ ၉၀၀-တည်၊ ၅၅-ခုမြှောက်။ ဇယားတဆင့်။ (၃)။ မဟာနာရီတည်၊ ဂ၀-မြှောက်။ ၉၀၀-တည်၊ ၄၇၂-ခုမြှောက်။ ဇယားတဆင့်။(၄)။ ။မဟာနာရီ တည်၊ ၇၀-မြှောက်။ ၉၀၀-တည်၊ ၅၄၃-ခုမြှောက်။ ဇယားတဆင့်။ (၅)။ ။မဟာနာရီတည်၊ ၅၀-မြှောက်။ ၉၀၀-တည်၊ ၇ဂ၃-ခုမြှောက်။ ဇယားတဆင့်။(၆)။ ။အင်္ဂါကြကင္ခ ဇယားပြီး၏။

အင်္ဂါမကရမန်း၊ ကြကင္ခဇယားသုံးပါးပြီး၏။

ဗုဒ္ဓဟူးမကရ အစကိန်းကား....မဟာနာရီတည်၊ ၉-မြှောက်။ ၉၀၀-တည်၊ ၃၁-ခုမြှောက်။ ဇယားတဆင့်။(၁)။ ။မဟာနာရီတည်၊ ၉-ခုမြှောက်။ ၉၀၀-တည်၊ ၂၅ဂ-ခုမြှောက်။ ဇယား တဆင့်။ (၂)။ ။မဟာနာရီတည်၊ ၉-ခုမြှောက်။ ၉၀၀-တည်၊ ၄၁ဂ-ခုမြှောက်။ ဇယားတဆင့်။ (၃)။ ။မဟာနာရီတည်၊ ၉-ခုမြှောက်။ ၉၀၀-တည်၊ ၆ဂ၅-ခုမြှောက်။ ဇယားတဆင့်။ (၄)။ ။

မဟာနာရီတည်၊ ၄၀-မြှောက်။ ၉၀၀-တည်၊ ၁၁၆-ခုမြှောက်။ ဇယားတဆင့်။(၅)။ ။မဟာနာရီတည်၊ ၄၀-မြှောက်။ ၉၀၀-တည်၊ ၂၄၆-ခုမြှောက်။ ဇယားတဆင့်။ (၆)။ ။ဗုဒ္ဓဟူးမကရဇယားပြီး၏။ ။

ဗုဒ္ဓဟူးမန်း အစကိန်းကား....မဟာနာရီတည်၊ ၂-ခုမြှောက်။ ၉၀၀-တည်၊ ၂၁-ခုမြှောက်။ ဇယားတဆင့်။ (၁)။ ။မဟာနာရီတည်၊ ၅-ခုမြှောက်။၉၀၀-တည်၊ ၅၄-ခုမြှောက်။ဇယားတဆင့်။ (၂)။ ။မဟာနာရီတည်၊ ၅-ခုမြှောက်။ ၉၀၀-တည်၊ ၆၉-ခုမြှောက်။ ဇယားတဆင့်။ (၃)။ ။မဟာနာရီတည်၊ ၆-ခုမြှောက်။ ၉၀၀-တည်၊ ဂဂ-ခုမြှောက်။ ဇယားတဆင့်။ (၄)။ ။မဟာနာရီတည်၊ ၆-ခုမြှောက်။ ၉၀၁-တည်၊ ၁၁၅-ခုမြှောက်။ ဇယားတဆင့်။ (၅)။ ။မဟာနာရီတည်၊ ၆-ခုမြှောက်။ ၉၀၀-တည်၊ ၁၂၃-ခုမြှောက်။ ဇယားတဆင့်။ (၆)။ ။ဗုဒ္ဓဟူးမန်း ဇယားပြီး။

ဗုဒ္ဓဟူးကြကင့် အစကိန်းကား....မဟာနာရီတည်၊ ၂၀-မြှောက်။၉၀၀-တည်၊ ၂၁-ခုမြှောက်။ ဇယားတဆင့်။(၁)။ ။မဟာနာရီတည်၊ ၄၀-မြှောက်။၉၀၀-တည်၊၁၉၇-မြှောက်။ ဇယားတဆင့်။ (၂)။ ။မဟာနာရီတည်၊ ၄၀-မြှောက်။ ၉၀၀-တည်၊ ၃၁၆-ခုမြှောက်။ ဇယားတဆင့်။ (၃)။ ။မဟာနာရီတည်၊ ၄၀-မြှောက်။ ၉၀၀-တ ည်၊ ၃၁၄-ခုမြှောက်။ ဇယားတဆင့်။(၄)။ ။မဟာနာရီတည်၊ ၇၀-မြှောက်။ ၉၀၀-တည်၊ ၇၃၀-မြှောက်။ ဇယားတဆင့်။(၅)။ ။မဟာနာရီတည်၊ ၄၀-မြှောက်။ ၉၀၀-တည်၊ ၂၅၀-မြှောက်။ ဇယားတဆင့်။(၆)။ ။ဗုဒ္ဓဟူးကြကင့်ဇယားပြီး၏။

ဗုဒ္ဓဟူးမကရမန်း၊ ကြကင့်ဇယားသုံးပါးကားပြီး၏။

ကြာသပတေး မကရ အစကိန်းကား....မဟာနာရီတည်၊၅ခုမြှောက်။ ၉၀၀-တည်၊ ၂၉-ခုမြှောက်။ ဇယားတဆင့်။(၁)။ ။မဟာနာရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၅၂-ခုမြှောက်၊ ဇယားတဆင့်။(၂)။ ။မဟာနာရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၁ဂ၃-မြှောက်။ ဇယားတဆင့်။ (၃)။ ။မဟာနာရီတည်၊ ၂၀-မြှောက်။ ၉၀၀-တည်၊ ၅၇-ခုမြှောက်။ ဇယားတဆင့်။ (၄)။ ။မဟာနာရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၁၄၄-မြှောက်။ ဇယားတဆင့်။(၅)။ ။မဟာနာရီတည်၊ ၂၀-မြှောက်။ ၉၀၀-တည်၊ ၁၉ဂ--ခုမြှောက်။ ဇယားတဆင့်။(၆)။ ။ကြာသပတေး မကရ ဇယားပြီး၏။

ကြာသပတေးမန်း အစကိန်းကား ...မဟာနာရီတည်၊ ၂-ခုမြှောက်။ ၉၀၀-တည်၊ ၃၁-ခုမြှောက်။ ဇယားတဆင့်။(၁)။ မဟာနာရီတည်၊ ၅-ခုမြှောက်။ ၉၀၀-တည်၊ ၃၃-ခုမြှောက်။ ဇယားတဆင့်။(၂)။ ။မဟာနာရီတည်၊ ၅-ခုမြှောက်။ ၉၀၀-တည်၊ ၉၆-ခုမြှောက်။ ဇယားတဆင့်။(၃)။ ။မဟာနာရီတည်၊ ၁၀-မြှောက်။ ၉၀၀တည်၊ ၂၅-ခုမြှောက်။ ဇယားတဆင့်။ (၄)။ ။မဟာနာရီတည်၊ ၅-ခုမြှောက်။ ၉၀၀တည်၊ ၁၇-ခုမြှောက်။ ဇယားတဆင့်။(၅)။ ။မဟာနာရီတည်၊ ၆-ခုမြှောက်။ ၉၀၀-တည်၊ ၁၆၃-ခုမြှောက်။ ဇယားတဆင့်။(၆)။ ။ကြာသပတေးမန်း ဇယားပြီး၏။

ကြာသပတေး ကြကင့် အစကိန်းကား....မဟာနာရီတည်၊ ၅-ခုမြှောက်။ ၉၀၀တည်၊ ၁၀၀-မြှောက်။ ဇယားတဆင့်။(၁)။ ။မဟာနာရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၁၇၅-ခုမြှောက်။ ဇယားတဆင့်။(၂)။ ။မဟာနာရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၃၁၂-ခုမြှောက်။

ဇယားတဆင့်။(၃)။မဟာနာဝရီတည်၊ ၁၀-မြှောက်။၉၀၀-တည်၊၃၀၄-ခုမြှောက်။ ဇယားတဆင့်။(၄) မဟာနာဝရီတည်၊ ၂၀-မြှောက်။ ၉၀၀-တည်၊ ၂၁၀-မြှောက်။ ဇယားတဆင့်။ (၅)။ ။မဟာနာဝရီတည်၊ ၂၀-မြှောက်။ ၉၀၀-တည်၊ ၁၂၉ ခုမြှောက်။ ဇယားတဆင့်။(၆)။ ။ကြာသပတေး။ ကြကင့်ဇယားပြီး၏။

ကြာသပတေးမကရ၊ မန်း၊ ကြကင့်ဇယားသုံးပါးပြီး၏။

သောကြာ မကရ အစကိန်းကား....မဟာနာဝရီတည်၊ ၁၀ မြှောက်။ ၉၀၀ တည်၊ ၁၃၀-ခုမြှောက်။ ဇယားတဆင့်။(၁)။ ။မဟာနာဝရီတည်၊ ၂၀ မြှောက်။ ၉၀၀ တည်၊ ၇၁ ခုမြှောက်။ ဇယားတဆင့်။(၂)။ ။မဟာနာဝရီတည်၊ ၄၀ မြှောက်။ ၉၀၀ တည်၊ ၁၆၀ ခုမြှောက်။ ဇယားတဆင့်။(၃)။ ။မဟာနာဝရီတည်၊ ၄၀ မြှောက်။ ၉၀၀ တည်၊ ၅၂၃ ခုမြှောက်။ ဇယားတဆင့်။(၄)။ ။မဟာနာဝရီတည်၊ ၄၀ မြှောက်။ ၉၀၀ တည်၊ ၀၆၇ ခုမြှောက်။ ဇယားတဆင့်။(၅)။ ။မဟာနာဝရီတည်၊ ၅၀ မြှောက်။ ၉၀၀-တည်၊ ၉၅၂ ခုမြှောက်။ ဇယားတဆင့်။(၆)။ ။သောကြာမကရဇယား ပြီး၏။

သောကြာမန်း အစကိန်းကား... ၉၀၀ တည်၊ ၁၁ ခုမြှောက်။ မဟာနာဝရီနှော။ ဇယားတဆင့်။(၁)။ ။မဟာနာဝရီတည်၊ ၂-ခုမြှောက်။ ၉၀၀-တည်၊ ၁၉ မြှောက်။ ဇယားတဆင့်။(၂)။ မဟာနာဝရီတည်၊ ၃ ခုမြှောက်။ ၉၀၀ တည်၊ ၂၂ ခုမြှောက်။ ဇယားတဆင့်။(၃)။ ။မဟာနာဝရီတည်၊ ၄ ခုမြှောက်။ ၉၀၀-တည်၊ ၂၀ မြှောက်။ ဇယားတဆင့်၊(၄)။ ။မဟာနာဝရီတည်၊ ၅-ခုမြှောက်။ ၉၀၀-တည်၊ ၉ ခုမြှောက်။ ဇယားတဆင့်။(၅)။ ။မဟာနာဝရီတည်၊ ၅ ခုမြှောက်။ ၉၀၀-တည်၊ ၁၄-ခုမြှောက်။ ဇယားတဆင့်။(၆)။ ။သောကြာမန်းဇယားပြီး၏။

သောကြာ ကြကင့်အစကိန်းကား... မဟာနာဝရီတည်၊ ၅၀ မြှောက်။ ၉၀၀ တည်၊ ၄၆-ခုမြှောက်။ ဇယားတဆင့်။(၁)။ ။မဟာနာဝရီတည်၊ ၀၀ မြှောက်။ ၉၀၀ တည်၊ ၇၁၆ ခုမြှောက်။ ဇယားတဆင့်။ (၂)။ ။မဟာနာဝရီတည်၊ ၀၀ မြှောက်။ ၉၀၀-တည်၊ ၀၅၅ ခုမြှောက်။ ဇယားတဆင့်။(၃)။ ။မဟာနာဝရီတည်၊ ၀၀-မြှောက်။၉၀၀ တည်၊ ၇၄၆ ခုမြှောက်။ ဇယားတဆင့်။(၄) မဟာနာဝရီတည်၊ ၀၀-မြှောက်။ ၉၀၀-တည်၊ ၅၀၀ ခုမြှောက်။ ဇယားတဆင့်။ (၅)။ ။မဟာနာဝရီတည်၊ ၀၀-မြှောက်။ ၉၀၀ တည်၊ ၃၂၃ ခုမြှောက်။ ဇယားတဆင့်။(၆)။ ။သောကြာကြကင့်ဇယားပြီး၏။

သောကြာမကရ၊ မန်း၊ ကြကင့်ဇယားသုံးပါးပြီး၏။

စနေ မကရ အစကိန်းကား....မဟာနာဝရီတည်၊ ၃-ခုမြှောက်။ ၉၀၀-တည်၊ ၁၇-ခုမြှောက်။ ဇယားတဆင့်။ (၁)။ ။မဟာနာဝရီတည်၊ ၅-ခုမြှောက်။ ၉၀၀-တည်၊ ၅၄-ခုမြှောက်။ ဇယားတဆင့်။ (၂)။ ။မဟာနာဝရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၁၀-မြှောက်။ ဇယားတဆင့်။ (၃)။ ။မဟာနာဝရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၇၂-ခုမြှောက်။ ဇယားတဆင့်။(၄)။ ။မဟာနာဝရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၁၁၇ ခုမြှောက်။ ဇယားတဆင့်(၅)။ ။မဟာနာဝရီတည်၊ ၁၀-မြှောက်။ ၉၀၀-တည်၊ ၁၄၀-မြှောက်။ ဇယားတဆင့်။(၆)။ ။စနေ မကရဇယားပြီး၏။

စနေ မန်း အစကိန်းကား....မဟာနာရီတည်၊ ၅ ခုမြောက်။ ၈၀၀ တည်၊ ၂၀ ခုမြောက်။ ဇယားတဆင့်။ (၁)။ ။မဟာနာရီတည်၊ ၁၀ မြောက်။ ၈၀၀ တည်၊ ၄၆ ခုမြောက်။ ဇယား တဆင့် (၂)။ ။မဟာနာရီတည်၊ ၁၀ မြောက်။ ၈၀၁ တည်၊ ၁၆၈ မြောက်။ ဇယားတဆင့်။ (၃)။ ။မဟာနာရီဘည်၊ ၈ ခုမြောက်။ ၈၀၀ တည်၊ ၂၀၂ ခုမြောက်။ ဇယားတဆင့်။ (၄)။ ။ မဟာနာရီတည်၊ ၁၀ မြောက်။ ၈၀၀ တည်၊ ၃၁၅-ခုမြောက်။ ဇယားတဆင့် (၅)။ ။မဟာနာရီ တည်၊ ၁၀ မြောက်၊ ၈၀၀ တည်၊ ၃၃၆ ခုမြောက်။ ဇယားတဆင့်။ (၆)။ ။စနေမန်းဇယား ပြီး၏။

စနေ ကြကင်္ဂ အစကိန်းကား....မဟာနာရီတည်၊ ၄ ခုမြောက်။ ၈၀၀ တည်၊ ၁၅ ခုမြောက်။ ဇယားတဆင့်။ (၁)။ ။မဟာနာရီတည်၊ ၄ ခုမြောက်။ ၈၀၀ တည်၊ ၁၁၅ ခုမြောက်။ ဇယား တဆင့်။ (၂)။ ။မဟာနာရီတည်၊ ၄ ခုမြောက်။ ၈၀၀ တည်၊ ၁၈၆ ခုမြောက်။ ဇယားတဆင့်။ (၃)။ ။မဟာနာရီတည်၊ ၄ ခုမြောက်။ ၈၀၀ တည်၊ ၂၅၃ ခုမြောက်။ ဇယားတဆင့်။ (၄)။ ။ မဟာနာရီတည်၊ ၄ ခုမြောက်။ ၈၀၀ တည်၊ ၂၀၂ ခုမြောက်။ ဇယားတဆင့်။ (၅)။ ။မဟာ နာရီတည်၊ ၄ ခုမြောက်။ ၈၀၀ တည်၊ ၂၇၄ ခုမြောက်။ ဇယားတဆင့်။ (၆)။ ။စနေကြကင်္ဂ ဇယား ပြီး၏။ ။

စနေ မကရ၊ မန်း၊ ကြကင်္ဂ ဇယား သုံးပါး ပြီး၏။

ဤသို့ မဟာနာရီကို အသီးသီးသော မြောက်ကိန်းဖြင့် မြောက်ပြီးလျှင် ၈၀၀ ကိုလည်း ယထာရဟကိန်းနှင့် မြောက်၍ နှစ်ပါးကိုရောပြီးမှ ၈၀၀ လည်းကောင်းစား။ လဒ်ကို ဇယားတန့် ဟူ၍ ထားရသည်။ ၈၀၀ စားကြွင်းဟူသမျှကား သုဉ်းသည်သာတည်း။ မသုဉ်းလျှင်မမှန်။ ။ မဟာနာရီ ၂၁၆၀၀ ဟူသော အနန္တပုရကိန်းသည် ဘယ်မှလာသနည်း ဟူငြားအံ့။ တနှစ်လုံး၌ ရထိုက်သော နာရီပေါင်းပင်တည်း။ ထို့ကြောင့် မဟာနာရီခေါ်သည်ဟု ဖြေ။ ဘယ်သို့ ပေါင်း သနည်း ဟူမူကား တနှစ်၏ အံသာ ရက်ပေါင်း ၃၆၀ ကိုတည်၊ တနေ့၏ လိတ္တာ နာရီ ၆၀ နှင့် မြောက်၊ ၂၁၆၀၀ ဖြစ်၏။ ထိုကိန်းသည် တရက်၌ ရအပ်သော လူတို့၏ သက်ရှူပေါင်း ဖြစ်ရကား ပြန်ပုံဟူ၍လည်း ခေါ်၏။ အဘယ်သို့ ရအပ်သနည်းဟူမူ ရှေသန်းခေါင်မှစ၍ နောက်သန်း ခေါင်ကျအောင် နေ့ည နှစ်ပါးသည် တရက်မည်၏။ ထိုတရက်၌ နာရီအားဖြင့် ၆၀ ရှိသည်။ ထို ၆၀ ကို ၄ ပါဒ်ဖြင့်မြောက်၊ ပါဒ်ပေါင်း ၂၄၀ ဖြစ်၏။ ထိုကို ၁၅ ဗိဇနာ မြောက်၊ ၃၆၀၀ ဖြစ်၏။ ထိုကို ၆ ပြန်နှင့် မြောက်ပြန်။ အနန္တပုရဟု ဆိုအပ်သော ပြန်ပုံဖြစ်၏။ တဗိဇနာလျှင် သက်ရှူ ၆ ကြိမ်ဖြစ်သည်။ ။ယင်းသို့တနေ့၏ ပြန်ပုံ ၂၁၆၀၀သည် တနှစ်၏ နာရီပုံနှင့်လည်း ထပ်တူဖြစ်ရကား တနှစ်လုံး နာရီပုံ ၂၁၆၀၀ ကိုလည်း ပြန်ပုံဟူ၍ပင် ခေါ်သတည်း။ ၎င်းပြန်ပုံ ၂၁၆၀၀ကို ၂၇ ခုစား၊ လဒ်ကား တနေ့၌ နက္ခတ်တလုံးတက်သော ပြန်ပုံ ၈၀၀ ဖြစ်၏။ ထို ၈၀၀ ကို ကြမတ်ဟုခေါ်သည်။ ။၈၀၀ ဟူသော အနဋ္ဌကိန်းသည် ဘယ်မှလာသနည်းဟူမူကား– တနှစ်လျှင် ၁၂ ရာသီရှိသည်။ တရာသီလျှင် ၂ ပက္ခရှိသည်။ တပက္ခ၏ နာရီ ၉၀၀ ရသည်ဖြစ်၍ ပက္ခနာရီမှ လာသည်ဟူပေ။ ။ယခု တွက်ရိုးကျမ်း၌ ဇယားပုံတို့ကား–တပက္ခ တပက္ခတွင် ရပ်တန့် သော ဂြိုဟ်တို့၏ နာရီကို သိလိုသောကြောင့် တပက္ခ၏ နာရီနှင့် စားကိန်းထား၍ ပြုသည်။ မြောက်ကိန်းအသီးသီးကိုကား ထိုဂြိုဟ်တို့၏ သမစရိယာ ငါက္ကစရိယာ သွာ လေသောရက်ကို

ရည်၍ ပြုရသည်။ (ၡင်းအကျယ်ကို သိလိုသော် နာဋိကဝိနိစ္ဆယ ကျမ်းတို့၌ ယူလေကုန်)။ ။ ရဟာဂြိုဟ်မှာ ဇယားပြုရန် ကိစ္စမရှိ၊ နိယတသာ သွားမြဲဖြစ်သည်။ ယင်းသို့ မရှိပဲလျက် ပုစ္ဆာတွင် ဂြိုဟ် ၆-သွယ် ဆိုလေသည်ကား ပဥ္စတာရာဂြိုဟ်ငါးလုံးကို တွက်သော ကာလ ရဟာဂြိုဟ်ကို လည်း တွက်ရသောကြောင့် "သောတပတိတဝသေန ဒဠ္ဌဗ္ဗံ" ဟူသော ဋီကာကျော်နှင့်အညီ သောတပတိတနည်းအားဖြင့် ဆိုလေသည်ဟု မှတ်အပ်၏။

၁၃။ နိဗ္ဗာန်ရောက်ဖွယ်၊ ကြွေးကိုးဆယ်၊ ပါးဘယ်ခန့်မျှ ပွင့်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... အပါးသုံးဆယ်ခန့်ဖြင့် ပွင့်၏ဟူပေ။ ။နိဗ္ဗာန် ရောက်ကြောင်း ကြွေးကိုးဆယ် ဆိုသည်မှာကား ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ ဟူ၍ ကာယဒုစရိုက်သုံးပါး။ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ ဟူ၍ ဝစီ ဒုစရိုက်လေးပါ။ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ-ဟူ၍ မနောဒုစရိုက်သုံးပါး။ ဤဆယ်ပါးသော ဒုစရိုက်တို့တွင် တပါးပါးကို ကြဉ်ရှောင်ခြင်းသည် ဝိရတီမည်၏။ ထိုဝိရတီသည် ရောက်ဆဲ တွေ့ဆဲ သော ဝတ္ထုကို မပြုမူ၍ ကြဉ်ရှောင်ခြင်းတည်းဟူသော သမ္ပတ္တဝိရတီ၊ မရောက် မတွေ့မီကပင် ပါဏာတိပါတာ ဝေရမဏီ-စသည်ဖြင့် ဆောက်တည်၍ ကြဉ်ရှောင်ခြင်းတည်းဟူသော သမာဒါန ဝိရတီ၊ အရင်းကိုဖြတ်၍ ကြဉ်ရှောင်ခြင်းတည်းဟူသော သမုစ္ဆေဒ ဝိရတီအားဖြင့် သုံးပါးပြား သောကြောင့် သုစရိုက် ၃၀-ဖြစ်၏။ ။ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိ ဒါန၊ ပတ္တာနုမောဒနာ၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ-ဟူ၍ ပုညကိရိယာဆယ်ပါး တို့တွင် တပါးပါး၌ ကမ္မဒွါရအားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ သုံးပါးစီ ပွါးသောကြောင့် ပုညကိရိယာဝတ္ထုလည်း ၃၀-ဖြစ်၏။

ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ-ဟူ၍ ပါရမီဆယ်ပါး ရှိသည်တွင် တပါးသော ပါရမီကိုဖြည့်ရာ၌ ဟီန၊ မဇ္ဈိမ၊ ပဏီတအားဖြင့် သုံးပါးစီပြားရကား ပါရမီ ၃၀-ဖြစ်၏၊ ဤသုစရိုက် ၃၀၊ ပုညကိရိယဝတ္ထု ၃၀၊ ပါရမီ ၃၀အားဖြင့် ကိုးဆယ်အတိုင်းအရှည်ရှိသော တရားတို့သည် နိဗ္ဗာန်ရောက်ကြောင်း ကြွေးချသည်နှင့်တူသောကြောင့် နိဗ္ဗာန်ရောက်ဖွယ် ကြွေး ကိုးဆယ်မည်၏၊ ထိုကိုးဆယ်ဘိုဘွင် ပါရမီသုံးဆယ်သည့်လျှင် သဗ္ဗညုတဉာဏ်ကို ရင့်စေတတ်သော ဗောဓိသမ္ဘာရဖြစ်သောကြောင့် ပါရမီသုံးဆယ်ခန့်ဖြင့် ဉာဏ်ပွင့်၏ဟုဆိုသည်။ ထို့ကြောင့် ဧက နိပါတ်ဇာတ်ဋီကာ၌ "သမတိံသ သမတိံသာနိ သုစရိတ ဓမ္မပုညကိရိယဝတ္ထု ပါရမိယောတိ ဣမေ နဝုတိဓမ္မာ နိဗ္ဗာနတ္ထာယ ဥပနိမိဘဏ္ဍာ နာမ" ဟု မိန့်တော်မူ၏။ ထိုတရားတို့တွင် သုစရိုက် ၃၀-ပြား ရာ၌သမုစ္ဆေဒဝိရတ်သည် သောတာပန်စသော အရိယာတို့၌သာဖြစ်ကောင်းပါသည် မဟုတ်လော။ သာမညပုထုဇဉ်တို့အား အဘယ်သို့ဖြစ်နိုင်အံ့နည်းဟုဆိုငြားအံ့။ ရသေ့ရဟန်းပြု၍ ဒုစရိုက်ကို ကြဉ် ရှောင်ပေကုန်သော သူတို့အား မူလအရင်းဖြစ်သော ရွာသူတို့၏အကျင့်ကို ကြဉ်ရှောင်သဖြင့် ဒုစရိုက်ဘို့၏ ဇင်ကြယ်ခြင်းဖြစ်ရကား ထိုသမုစ္ဆေဒဝိရတီ ဖြစ်ကောင်း၏။

ပုညကိရိယာဆယ်ပါးတို့၌ ကံသုံးပါးတို့ဖြင့် ဝေဖန်ဟန်ကို အဋ္ဌသာလိနီ၌ ပြသည်ကား....

အကြင်သူသည် လှူဖွယ်ဝတ္ထုရလတ်သော် မိမိကိုယ်တိုင်သွား၍ ရတနာသုံးပါးအား ပူဇော်ခြင်းကိုပြု၏။ ထိုသူအား ကာယကံ ဒါနဖြစ်၏။ သားမယား ကျေးကျွန်တို့ကိုစေ၍ လှူသည်

ဖြစ်အံ့၊ ဝစီကံဒါနဖြစ်၏။ လှူဖွယ်ဝတ္ထုရသောအခါ ငါသည် ဤဝတ္ထုဖြင့် ဤမည်သော အရှင်အား လှူအံ့ဟု ကြံမိအံ့၊ မနောကံဒါနဖြစ်၏။ ဤသို့ ဒါနတရား၌ ကံသုံးပါးကို ဝေဖန်အပ်၏။

အကြင်သူသည် အသက်အရှယ်ကိုလည်းကောင်း၊ အမျိုးတို့၏ အကျင့်ကိုလည်းကောင်း ဆင်ခြင်လျက် အမြင်နည်းသောသူတို့၏ အလေ့အလာဖြစ်သော ပါဏာတိပါတ စသည်တို့မှ ငါ ကြဉ်ရှောင်အံ့ဟု နှလုံးပြုလျက် လက်ချိုးကာ မှတ်သား၍ ရှောင်ရှား၏။ ထိုသူအား ကာယကံသီလ ဖြစ်၏။ ပါဏာတိပါတာ ဝေရမဏီ-အစရှိသည်ကို နှုတ်ဖြင့်ရွတ်ဆို၍ ကြဉ်ရှောင်အံ့၊ ထိုသူအား ဝစီကံ သီလဖြစ်၏။ ကိုယ်နှုတ်ဖြင့်မလှုပ်ရှားပဲ စိတ်ဖြင့်မှတ်သား၍သာ ကြဉ်ရှောင်အံ့၊ ထိုသူအား မနောကံသီလဖြစ်၏။ ဤသို့ သီလတရား၌ ကံသုံးပါးကို ဝေဖန်အပ်၏။

အကြင်သူသည် ကွေးခြင်း၊ ဆန့်ခြင်း၊ သွားလာ ရပ်ဘိုင်ခြင်းကိုပြုသောအခါ ငါ၏ဣရိယာ ပုထ်ကား ချုပ်ဘတ် ပျောက်တတ်သည်ဖြစ်၍ မမြဲသော အနိစ္စသဘော ဒုက္ခသဘော အနတ္တ သဘောတည်းဟု ဆင်ခြင်၏။ ထိုသူအား ကာယကံ ဘာဝနာဖြစ်၏။ ခယဝယသဘောကို ဆင်ခြင် လျက် ပဉ္စက္ခန္ဓာ အနိစ္စာ စသည်ကို မြွက်ဆိုသောသူအား ဝစီကံဘာဝနာဖြစ်၏။ စိတ်ဖြင့်သာ ဆင်ခြင်သောသူအား မနောကံဘာဝနာ ဖြစ်၏။ ဤသို့ ဘာဝနာတရား၌ ကံသုံးပါးကို ဝေဖန် အပ်၏။

အပစာယန၌ ရတနာသုံးပါး ဘိုးဘွား မိဘတို့ကိုမြင်သော် ဦးတင်၍ ရှိခိုးခြင်း၊ ခရီးဦးကြို ဆိုခြင်း၊ နေရာခင်းခြင်း၊ သောက်ရေ သုံးဆောင်ရေ တည်ခြင်းအမှုတို့ကို ကိုယ်တိုင်ပြုသောသူ အား ကာယကံအပစာယနဖြစ်၏။ တပည့်သားတို့ကိုစေ၍ ပြုစေသောသူအား ဝစီကံအပစာယန ဖြစ်၏။ စိတ်ဖြင့်ပြုလိုသောသူအား မနောကံအပစာယနဖြစ်၏။

ရဟန်းသံဃာတို့၏ကိစ္စ မိဘတို့၏ကိစ္စရှိသောအခါ ကိုယ်တိုင်ညီညာ၍ပြုသော သူ့အား ကာယကံ ဝေယျာဝစ္စဖြစ်၏။ တပည့်သားတို့ကို စေ၍ ပြုစေသောသူ့အား ဝစီကံ ဝေယျာဝစ္စ ဖြစ်၏။ စိတ်ဖြင့်ပြုလိုသောသူ့အား မနောကံဝေယျာဝစ္စဖြစ်၏။

မိမိပြုသော ကုသိုလ်ကို လက်ဖြင့်ညွှန်ပြ၍ သူတပါးကို ဝမ်းမြောက်စေသောသူ့အား ကာယကံပတ္တိဒါနဖြစ်၏။ နှုတ်ဖြင့်မြွက်ဟ အမျှပေးဝေသောသူ့အား ဝစီကံပတ္တိဒါန ဖြစ်၏။ စိတ်ဖြင့် အမျှ ပေးဝေလိုသော သူ့အား မနောကံပတ္တိဒါနဖြစ်၏။

သူတပါး ကုသိုလ် ပြုသည်ကို မြင်ရာ ကြားရာ တို့၌ ဝမ်းမြောက် ဝမ်းသာ၍ က ခုန်သော သူ့အား ကာယကံ ပတ္တာနုမောဒနာ ဖြစ်၏။ နှုတ်ဖြင့်ကောင်းချီးပေးသောသူအား ဝစီကံ ပတ္တာ နုမောဒနာ ဖြစ်၏။ စိတ်ဖြင့် ဝမ်းမြောက်သောသူအား မနောကံပတ္တာနုမောဒနာဖြစ်၏။

ကိုယ်တိုင်ညွှတ်၍ တရားနာသောသူအား ကာယကံဓမ္မဿဝနဖြစ်၏။ နှုတ်ဖြင့်မေးမြန်းကာ တရားနာသောသူ့အား ဝစီကံဓမ္မဿဝနဖြစ်၏။ စိတ်ဖြင့် မှတ်၍သာ တရားနာသောသူအား မနောကံ ဓမ္မဿဝနဖြစ်၏။

ဓမ္မဒေသနာ၌ ကိုယ်တိုင် ရိုသေစွာ ထိုင်၍ တရားဟောသောသူ့အား ကာယကံဓမ္မ ဒေသနာ ဖြစ်၏။ သူတပါးကို တိုက်တွန်း၍ ဟောစေသောသူ့အား ဝစီကံဓမ္မဒေသနာ ဖြစ်၏။ စိတ်ဖြင့်ဟောလိုသောသူ့အား မနောကံဓမ္မဒေသနာဖြစ်၏။

ဒိဋ္ဌိဇုကမ္မကား ဤကိုးပါးလုံး၏ အကြောင်းဖြစ်၍ ဖလူပစာရအားဖြင့် ကံသုံးပါးယူအပ်၏။

ပါရမီဆယ်ပါး၌ အဘယ်သို့ သုံးဆယ် ပြားသနည်း။ ရွှေ, ငွေ, ဥစ္စာ ပြည်ရွာ တိုင်းကား သားမယားတို့ကို စွန့်၍ပေးလှူသောဒါန၊ ဖြည့်ကျင့်သော သီလ၊ တောထွက်သော နိက္ခမ အစရှိသည်တို့သည် ဒသပါရမီသာဖြစ်၍ ဟီနည်း၏။ ခြေ,လက်,အင်္ဂါ,နား,နှာခေါင်းစသော ကိုယ်အင်္ဂါကိုစွန့်၍ လှူအပ်သော ဒါန၊ ဖြည့်ကျင့်အပ်သော သီလ၊ တောထွက်ခြင်း နိက္ခမ စသည်တို့သည် ဒသဥပပါရမီဖြစ်၍ မဇ္ဈိမ မည်၏။ အသက်ကို စွန့်၍ ပေးလှူအပ်သော ဒါန၊ ဖြည့်ကျင့်သော သီလ၊ တောထွက်သော နိက္ခမ စသည်တို့သည် ဒသပရမတ္ထ ပါရမီဖြစ်၍ ပဏီတ မည်၏။ ဤသို့အားဖြင့် ပါရမီသုံးဆယ်ပြား၏ဟု မှတ်ရမည်။ဇာတ် သက်သေနှင့်တကွလိုမူ စရိယ-ပိဋက အဋ္ဌကထာ၌ ယူရမည်။

၁၄။ နေတ္တိကျမ်းဝယ်၊ ဆယ့်ခြောက်သွယ်၊ အဘယ် ဟာရကျယ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အရှင်မဟာကစ္စည်း ထေရ်မြတ်သည် ပိဋကတ်သုံးပုံ၏ အတ္ထနယကို သိစေခြင်းငှါ အထူးထူးသော နည်းနာကိုပြ၍ စီရင်တော်မူအပ်သော နေတ္တိကျမ်း၌....

၁။	ဒေသနာဟာရ	၉။	ပရိဝတ္တနဟာရ
၂။	ဝိစယဟာရ	၁၀။	ဝေဝစနဟာရ
၃။	ယုတ္တိဟာရ	၁၁။	ပညတ္တိဟာရ
၄။	ပဒဋ္ဌာနဟာရ	၁၂။	ဩတရဏဟာရ
၅။	လက္ခဏဟာရ	၁၃။	သောဓနဟာရ
၆။	စတုဗျူဟဟာရ	၁၄။	အဓိဋ္ဌာနဟာရ
၇။	အာဝတ္တဟာရ	၁၅။	ပရိက္ခာရဟာရ
၈။	ဝိဘတ္တိဟာရ	၁၆။	သမာရောပနဟာရ....

အားဖြင့် (၁၆) ပါးရှိသည်တွင် ဝိစယဟာရသည် တပါးသော ဟာရနည်းတို့ထက် ကျယ်ဝန်း၏။ ထို့ကြောင့် ပါဠိတော်၏ အဋ္ဌကထာ၌လည်းကောင်း, ဋီကာ၌လည်းကောင်း ကျယ်ဝန်းစွာ ဖွင့်တော်မူသည်။

၁၅။ နည်းကား ငါးသွယ်၊ နေတ္တိဝယ်၊ ဘယ့်နှယ် နယ ခဲသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....နန္ဒိယာဝတ္တနည်း၊ တိပုက္ခလနည်း၊ သီဟဝိက္ကီဠိတနည်း၊ အင်္ကုသနည်း၊ ဒိသာလောစန နည်းအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် တိပုက္ခလနည်းသည် ပရမတ္ထဓမ္မကို အနုမာနတ္ထအားဖြင့်လည်းကောင်း, ပရိကပ္ပတ္ထအားဖြင့် လည်းကောင်း,ပစ္စက္ခတ္ထအားဖြင့်လည်းကောင်း ယူအပ်သောနည်းဖြစ်၍ အလွန်ခဲ၏ဟုမှတ်ရာသည်။

၁၆။ နေတ္တိကျမ်းဝယ်၊ မင်းကိုးနွယ်၊ ဘယ်သည့် ဘယ်သည့်မင်းတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သလောကပါလော ဟူသော ပုဒ်၏အရ၌ အဋ္ဌကထာ ဆရာဖွင့်ပြသော မင်းတို့ကို ပေါင်း၍ "မင်းကိုးနွယ်"ဟု ပုစ္ဆာပြုမည်ထင်သည်။ ထိုကို ရည်၍ မေးမူ....ဓတရဋ္ဌ, ဝိရူဠ္ဟက, ဝိရူပက္ခ, ကုဝေရဟူသော လောကပါလ လေးပါး။ ဣန္ဒနတ်, ယမနတ်, ဝရုဏနတ်, ကုဝေရနတ်ဟူသော လောကပါလ လေးပါး။ လူမင်းနှင့် တကွ ကိုးပါး တည်းဟု ဖြေသင့်၏။ ။တနည်းလည်း— လူမင်း, စတုမဟာရာဇ်, သိကြား, သုယာမ, သန္တုသိတ, သုနိမ္မိတ, ဝသဝတ္တိ, ရူပြဗြဟ္မာ, သုဒ္ဓါဝါသဗြဟ္မာမင်းဟူ၍လည်း ဖြေသင့်၏။

၁၇။ ငါတို့မင်းဝယ်၊ သက်ရှစ်ဆယ်၊ ဘယ်သိုက် ထွက်ဟု ဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ငါတို့မင်း ဟူသည်မှာ ငါတို့ဂေါတမဘုရားရှင်ကို ဆိုလိုသည်။သက်တော်ရှစ်ဆယ်နေရမည်ဟု အဘယ်သိုက်က ထွက်သနည်း-ဟူရာ၌ ဘုရားရှင်တို့၏ ဓမ္မတာသည် ပွင့်တော်မူသော အခါ၌ လူတို့၏အသက်တမ်းကို ငါးစုပြု၍ လေးစုသာ နေမြဲဖြစ်သောကြောင့် တရာတမ်း၌ ပွင့်တော်မူသော ဂေါတမဘုရားလည်း ရှစ်ဆယ်သာ နေရမည်ဟု ဓမ္မတာသုံးဆယ် သိုက်ကထွက်၏ဟုဖြေ။

၁၈။ အတုလံသွယ်၊ သင်္ဂြိုဟ်ဝယ်၊ ဘယ့်နှယ် ပဌိသေဓနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....မြစ်သောပဋိသေဓမျိုးသည် ပသဇ္ဇပဋိသေဓ,ပရိယုဒါသဝါစီအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အကတ္တာကဲ့သို့ မြစ်အပ်သော ဝတ္ထုတပါးမရှိ၊ အဘာဝမျှကိုသာ ဟောသည်ကား ပသဇ္ဇပဋိသေဓမည်၏။ မြစ်အပ်သော ဝတ္ထုရှိလျက် ထိုမှတပါးသောအနက်ကို ဟောသည်ကား ပရိယုဒါသဝါစီမည်၏။ ဤအတုလံသဒ္ဒါသည်သီလ, ပညာ, သမာဓိအားဖြင့် တစိတ်တူသော သူတပါးကို မြစ်၍ မတူနိုင်သော ဘုရားဒြဗ်ကို ဟောသောကြောင့် ပရိယုဒါသဝါစီ မည်၏။ ထို့ကြောင့် မဏိမဥ္ဇူသာဋီကာ၌ "ဣဓ ပန ပရိယုဒါသ-ဝါစီ အဓိပ္ပေတာ"ဟူ၍ မိန့်ဆိုအပ်၏။

၁၉။ နောပေတိဝယ်၊ သိသာလွယ်၊ အဘယ် သန္ဓိဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...သန္ဓိသည် ပဒသန္ဓိ, ဝဏ္ဏသန္ဓိအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပဒသန္ဓိသင့်သတည်း။ လောပသန္ဓိ၊ အာဒေသသန္ဓိ၊ အာဂမသန္ဓိ၊ ဝိကာရသန္ဓိ၊ ပကတိသန္ဓိ၊ ဒီဃသန္ဓိ၊ ရဿသန္ဓိအားဖြင့် ခုနစ်ပါးတို့တွင် အက္ခရာဖောက်ပြန်၍ စပ်သောကြောင့် ဝိကာရသန္ဓိမည်၏။ သရဝိကာရသန္ဓိ ဗျဉ္ဇနဝိကာရသန္ဓိအားဖြင့် နှစ်ပါးတို့တွင် သရချင်းဖောက်ပြန်သောကြောင့် သရဝိကာရသန္ဓိမည်၏ဟူ၍ပေ။

၁၅၉၃၈

၂၀။ ဂေါသဒ္ဒါဝယ်၊ ကြံ့ဝဖွယ်၊ အဘယ် ရှင်ဇွဲပေတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ရှင်ဇွဲသည် ပသိဒ္ဓရှင်ဇွဲ၊ အနုဘူတရှင်ဇွဲအားဖြင့် နှစ်ပါးတို့တွင် နွားကို ဂေါဟုခေါ်ခြင်းသည် တပါးသော သတ္တဝါတို့ သွားတတ်ကြသည် ချည်းဖြစ်ပါလျက် ထင်ရာသို့လိုက်၍ ခေါ်ခြင်းကြောင့် ပသိဒ္ဓရှင်ဇွဲမည်၏။

၂၁၊ မြောက်ကိုသိဖွယ်၊ မြစ်ကြီးငယ်၊ ဘယ်မှာသည်က ရှိသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သလ္လဝတီမည်သော ချင်းတွင်းမြစ်သည် အစိရဝတီမည်သော မြစ်နှင့် ပေါင်း၍ စီးလာကြောင်းကို ရှေးဆရာတို့ဆိုသောကြောင့် "မြောက်ကိုသိဖွယ်ရာ သလ္လဝတီမြစ်ရှိ၏" ဟူပေ။ ။ရှေးဆရာတို့ ဘယ်သို့ဆိုသနည်းဟူမူကား....သက္ကရာဇ် ၁၀၃၇-ခုနှစ်၊ အင်းဝပြည်တွင် မင်းရဲကျော်ထင် မင်းပြုသောအခါ အနောမဒဿီ အမည်ရှိသော ရဟန်းသည် အစိရဝတီ အမည်ရှိသော ချင်းတွင်းမြစ်နား ကြံ့ကူးနိဂုံး၌ ဇမ္ဗုလ အမည်ရှိသော စေတီတော်၏ခြေရင်း အနောက်တောင် မျက်နှာ ဝါဆိုကျောင်း၌နေ၍ ဇာတ်တရာ့ငါးဆယ်ရှိသော ဧကနိပါတ်၏ နိဿယကိုစီရင်ရာ နိဂုံးတွင် "အစိရဝတိနဒီတီရေ၊ ခဂ္ဂေါတိဏ္ဏဝေရမဒ္ဒေ" စသည်ဖြင့်ဆိုသည်။ ။အနက်ကား။ ။အစိရဝတိနဒီတီရေ၊ ဟိမဝါမှ၊ စီးလာအမှန်၊ လူ၏အဟန်၊ သဏ္ဍာန်ပိစ္စာ၊ ကိန္နရာလျှင်၊ မျောလှာသည်ဖြစ်၊ ကြောင်းရင်းစစ်၍၊ မြစ်အစိရဂတီ၊ သလ္လဝတီ ချင်းတွင်း၊ မြစ်မင်းနှစ်ဖြာ၊ ရောကာတဖန်၊ ပေါင်းပြန်လှာသား၊ မြစ်ကမ်းနား၌။ ခဂ္ဂေါတိဏ္ဏဝေရမဒ္ဒေ၊ ကြံ့မင်းကူးမြောက်၊ ချမ်းသာရောက်၍၊ ကြံ့ကူးအမည်ရသော နိဂုံး၌—ဟူ၍ ဆိုသည်။

အစိရဝတီမြစ်သည်လည်း ဟိမဝန္တာမှစ၍စီးသည်။ အဘယ်သို့ စီးသနည်းဟူမူကား — ဟိမဝန္တာတောင်မင်းကို ရံသော အိုင်ကြီး ခုနစ်အိုင်တို့တွင် အနဝတတ်အိုင်၏ တောင်မျက်နှာ နွားဦးသဏ္ဌာန် ခံတွင်းပြွန်မှ ထွက်သောရေအလျှဉ်သည် အိုင်ကို လက်ယာရစ် သုံးပတ်လှည့်၍ စီးပြီးမှ တောင်မျက်နှာ ကျောက်ဖျာအပြင်ထက် ယူဇနာ ၅၀-တိုင်တိုင် စီး၏။ သုံးပတ်လည်၍ စီးရာအရပ်သည် အာဝဋ္ဋဂင်္ဂါမည်၏။ ကျောက်ဖျာအပြင်သို့ စီးရာအရပ်သည် ကဏှဂင်္ဂါမည်၏။ ထိုမှသည် ရေအဟုန် တောင်ကိုခတ်မိရာတွင် ကောင်းကင်သို့ အဝန်း သုံးဂါဝုတ်ခန့်၊ အလျားယူဇနာ ၆၀-တိုင်တိုင် စီးလေသောမြစ်သည် အာကာသဂင်္ဂါမည်၏။ ထိုရေအလျှဉ်သည် တိယဂ်လမည်သော ကျောက်ဖျာထက်ကျရာတွင် ယူဇနာ ၅၀-ခန့်ရှိသော ရေကန်သည်ဖြစ်၏။ ထိုကန်သည် တိယဂ်လ ရေကန်မည်၏။ ထိုကျောက်ဖျာကို ဖောက်ထွင်း၍ အောက်မြေ၏အတွင်းသို့ ဝင်ဆင်းစီးလေသော ယူဇနာ ၆၀-တိုင်တိုင်သောမြစ်သည် ဗဟလဂင်္ဂါမည်၏။ ထိုကျသောရေသည် မြေ၏အတွင်းဖြင့် ယူဇနာ ၆၀ တိုင်တိုင် စီးလေသောမြစ်သည် ဥမင်ဂင်္ဂါမည်၏။ ထို့နောင် ဝိဥ္ဈမည်သော ဖီလာ စီးသောတောင်ကို ရေအဟုန်ခတ်မိ၍ လက်ငါးချောင်းကဲ့သို့ကွဲ၍ ငါးသွယ်သော ရေအလျှဉ်တို့သည် စီးကုန်၏။ ထိုမြစ်တို့သည် ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ-ဟူ၍ အမည်ငါးပါးတို့သည် ဖြစ်ကုန်၏။ ဤသို့ ကျမ်းဂန်၌လာသောကြောင့် အစိရဝတီမြစ်သည် မြောက်အရပ်ဖြစ်သော ဟိမဝန္တာမှစီးလာကြောင်း၊ ချင်းတွင်းသလ္လဝတီမြစ်နှင့် ပေါင်းမိကြောင်း၊ သုပ္ပါရကမည်သော

သဘော်ဆိပ်အရပ်မှ မြောက်စူးစူး ယူဇနာ ၁၂၀-ကွာတွင် သာဝတ္ထိပြည်ရှိကြောင်း၊ အစိရဝတီမြစ်နား၌ သာဝတ္ထိပြည်ရှိကြောင်းများကို သုတ္တနိပါတ်စသော ကျမ်းဂန်တို့၌ လာသည်ကိုထောက်၍ မြောက်ကိုသိလွယ်ကြောင်း ဖြစ်သောမြစ်သည် သလ္လဝတီမြစ်မည်သော ချင်းတွင်းမြစ်ပင်ဖြစ်သည်ဟု ဖြေဆိုရာ၏။ အနဝတတ်အိုင်၏ တောင်မျက်နှာပြွန်သည် ဆင်ခံတွင်းဖြစ်သည်ဟု သုတ္တနိပါတ်အဋ္ဌကထာ၌လာသည်။ သာရတ္ထဒီပနီဋီကာ, ဇိနာလင်္ကာရဋီကာတို့၌ကား "ဒက္ခိဏပဿေ ဥသဘ မုခတော နိက္ခန္တ ဥဒက ဓာရာ တထေဝ ပဒက္ခိဏံ ကတွာ"စသည်ဖြင့်လာသည်။

၂၂။ ဖြဟ္မာရှေးဝယ်၊ လျှုရှစ်သွယ်၊ ကြီးငယ် နံလျား ဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"အထ ကဿပဗုဒ္ဓကာလေ ပေါရာဏသဟာယကော ဃဋိကာရော မဟာဖြဟ္မာ ကော်ဗုဒ္ဓန္တရံ ဝိနာဘာဝပတ္တေန မိတ္တဘာဝေန စိန္တေသိ "အဇ္ဇ မေ သဟာယော မဟာဘိနိက္ခမနံ နိက္ခန္တော၊ သမဏ ပရိက္ခာရမဿ ဂဟေတွာ ဂစ္ဆာမိ" တိ။

တိစီဝရဉ္စ ပတ္တော စ၊ ဝါသိသူစိ စ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တာ ယောဂဿ ဘိက္ခုနောတိ။

ဣမေ အဋ္ဌသမဏ ပရိက္ခာရေ အာဟရိတွာ အဒါသိ။

ဟူ၍ ဇိနာလင်္ကာရဋီကာ၌ လာသည်။

အထ၊ ထိုသို့ ဆံတော်ပယ်ပြီးသောအခါ၌။ ကဿပဗုဒ္ဓကာလေ၊ ကဿပဘုရား၏ လက်ထက်တော်၌။ ပေါရာဏသဟာယကော၊ အဆွေခင်ပွန်းဟောင်း ဖြစ်ဖူးသော။ ဃဋိကာရောမဟာဖြဟ္မာ၊ ဃဋိကာရ အမည်ရှိသော ဖြဟ္မာကြီးသည်။ ကော် ဗုဒ္ဓန္တရံ၊ ဘုရားတဖြစ်နှင့်တဖြစ် အကြားပတ်လုံး။ ဝိနာဘာဝပတ္တေန၊ ကွေကွင်းသောအဖြစ်သို့ ရောက်ခြင်းရှိသော။ မိတ္တဘာဝေန၊ အဆွေခင်ပွန်း၏ အဖြစ်ဖြင့်။ စိန္တေသိ၊ ကြံ၏။ ကိံ စိန္တေသိ၊ အဘယ်သို့ ကြံသနည်းဟူမူကား။ အဇ္ဇ၊ ယနေ့။ မေ၊ ငါ၏။ သဟာယော၊ အဆွေသည်။ မဟာဘိနိက္ခမနံ၊ မြတ်သော တောထွက်ခြင်းကို။ နိက္ခန္တော၊ ထွက်၏။ အဿ၊ ထိုငါ့အဆွေအား။ သမဏ ပရိက္ခာရံ၊ ရဟန်းတို့၏ သုံးဆောင်ရာဖြစ်သော ပရိက္ခရာရှစ်ပါးကို။ ဂဟေတွာ၊ ယူ၍။ အဟံ၊ ငါသည်။ ဂစ္ဆာမိ၊ သွား.အံ့။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။ စိန္တေတွာ၊ ကြံပြီး၍။

တိစီဝရဉ္စ၊ သုံးထည်သောသင်္ကန်းလည်းကောင်း။ ပတ္တော စ၊ သပိတ်လည်းကောင်း။ ဝါသိ စ၊ ပဲခွပ်ခေါ် အပ် ဆံဖြတ်သင်တုန်းလည်းကောင်း။ သူစိ စ၊ အပ်လည်းကောင်း။ ဗန္ဓနံ၊ ခါးပန်းလည်းကောင်း။ ပရိဿာဝနေန၊ ရေစစ်နှင့်တကွ။ ဧတေ အဋ္ဌ၊ ဤရှစ်ပါးသော ပရိက္ခရာတို့သည်။ ယောဂဿ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းနှင့် ယှဉ်သော။ ဘိက္ခုနော၊ ရဟန်းအား။ ယုတ္တာ၊ လျောက်ပတ်ကုန်၏။ ဣတိ မနသိကတွာ၊ ဤသို့နှလုံးပြု၍။ ဣမေ အဋ္ဌသမဏပရိက္ခာရေ၊ ဤ ရှစ်ပါးသော ရဟန်းပရိက္ခရာတို့ကို။ အာဟရိတွာ၊ ဆောင်၍။ အဒါသိ၊ ကပ်လှူပြီ။ ဤသို့ ဖြဟ္မာမင်း ပရိက္ခရာရှစ်ပါး လှူသည်ကိုရည်၍ "ဖြဟ္မာရှေးဝယ်၊ လှူရှစ်သွယ်"ဟူ၍ ဆိုလေသည်။

ကြီး, ငယ်, နံ့လျား ဘယ်မျှနည်း....ဟူရာ၌ သပိတ်, ပဲခွပ်, အပ်, ခါးပန်း, ရေစစ် တို့၏ အကြီး, အငယ် အနံ အလျား ပမာဏကို မည်မျှရှိသည်ဟူ၍ ကျမ်းဂန်၌ မလာ။ သင်္ကန်းတော်၏ ပမာဏကိုကား ဝိနည်းပါဠိတော်၌—

"တတြိဒံ သုဂတဿ သုဂတစီဝရပ္ပမာဏံ။ ဒီဃသော နဝဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ။ တိရိယံ ဆဝိဒတ္ထိယော။ ဣဒံ သုဂတဿ သုဂတစီဝရပ္ပမာဏန္တိ" ဟူ၍လာသည်။

တတြ ဝစနေ၊ ထိုဘုရားသင်္ကန်းတော်ကို ဆိုရာ၌။ ဣဒံ၊ ဆိုလတ္တံ့သည်ကား။ သုဂတဿ၊ မြတ်စွာဘုရား၏။ သုဂတစီဝရပ္ပမာဏံ၊ ဘုရားသင်္ကန်းတော် ပမာဏတည်း။ သုဂတဝိဒတ္ထိယာ၊ ဘုရားရှင့် အထွာတော်ဖြင့်။ ဒီဃသော၊ အလျားမှ။ နဝ ဝိဒတ္ထိယော၊ ကိုးထွာ။ တိရိယံ၊ အနံကား။ ဆဝိဒတ္ထိယော၊ ခြောက်ထွာ။ ဣဒံ၊ ဤသည်လျှင်။ သုဂတဿ၊ ဘုရားသခင်၏။ သုဂတစီဝရပ္ပမာဏံ၊ ဘုရားသင်္ကန်းတော် ပမာဏတည်း။

ဘုရားရှင့် တထွာသည် မဇ္ဈိမပုရိသ၏ တတောင့်ထွာ။ ယခုလူတို့၏ နှစ်တောင့်ခြောက်သစ် ရှိရကား ဘုရားရှင့် ကိုးထွာသည် မဇ္ဈိမပုရိသ တဆဲ့သုံးတောင်ထွာ။ပကတိပုရိသ အတောင်နှစ်ဆယ်နှင့် ခြောက်သစ်ရှိ၏။ အနံအားဖြင့် ဘုရားခြောက်ထွာသည် မဇ္ဈိမပုရိသ၏ ကိုးတောင်။ ပကတိပုရိသ၏ တဆဲ့သုံးတောင်ထွာရှိ၏။ ဒုကုဋ္ဌတော်နှင့် ကိုယ်ဝတ်တော်သည် အလျား အနံ ပမာဏ အတူတူပင် ဖြစ်သင့်သည်။ သင်းပိုင်တော်၏ ပမာဏကိုကား တိုက်ရိုက်မလာ။ မလာသော်လည်း ဝိနည်းပါဠိတော် အဋ္ဌကထာတို့ကိုထောက်လျှင် ဘုရားအတောင်တော်နှင့် အလျား ငါးတောင်၊ အနံ နှစ်တောင့်ထွာ ဖြစ်သင့်၏ဟု ဖြေအပ်သည်။

၂၃။ စို့သက်တံနွယ်၊ ကောင်းကင်လယ်၊ ဘယ်အကြောင်းကြောင့် ဖြစ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"သူရိယ ရံသိယော စ မေဃဝလာဟကမာဂမ္မ သုဝဏ္ဏာ ဟုတွာ အာလောကာ ပညာ-ယန္တိ၊ တံ ဣန္ဒစာပေါတိ ဝဒန္တိ။ တထာဟိ သော ပုဗ္ဗဏှေ ပညာယမာနေ ပစ္ဆိမဒိသာယံ ပညာယတိ၊ သာယဏှေ ပုရတ္ထိမဒိသာယံ"

ဟူ၍ သာရတ္ထသင်္ဂဟ၌လာသည်။

အနက်ကား။ ။သူရိယရံသိယော စ၊ နေ၏အရောင်တို့သည်လည်း။ မေဃဝလာဟကံ၊ မိုးမှုံ တိမ်တိုက်ကို။ အာဂမ္မ၊ စွဲ၍။ သုဝဏ္ဏာ၊ ကောင်းစွာလုံးသည်။ ဟုတွာ၊ ဖြစ်၍။ အာလောကာ၊ နီ, ပြာ, ဝါရောင်တို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ တံ၊ ထို မိုးတိမ်တောင်၌ နေရောင်ဟပ်၍ ထင်လတ်သောအရောင်ကို။ ဣန္ဒစာပေါတိ၊ နတ်လေးသက်တင်ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ တထာဟိ၊ ထို့ကြောင့်လျှင်။ သော၊ ထိုအရောင်သည်။ ပုဗ္ဗဏှေ၊ နံနက်အခါ၌။ ပညာယမာနေ၊ ထင်လတ်သော်။ ပစ္ဆိမဒိသာယံ၊ အနောက်မျက်နှာ၌၊ ပညာယတိ၊ ထင်၏။ သာယဏှေ၊ ညချမ်းအခါ၌။ ပညာယမာနေ၊ ထင်လတ်သော်။ ပုရတ္ထိမဒိသာယံ၊ အရှေ့မျက်နှာ၌။ ပညာယတိ၊ ထင်၏။

ယခု လူတို့ပညတ်ကြသည်ကား နံနက်အခါ နေအရှေ့မှာရှိ၍ အနောက်အရပ်မှာထင်သော သက်တံ့ကို "စို့ပေါက်သည်"ဟု ဆိုသည်။ ညချမ်းအခါ နေအနောက်မှာရှိ၍ အရှေ့၌ထင်သည်ကို "သက်တံပေါက်သည်"ဟု ဆိုသည်။ မွန်းတည့်သကဲ့သို့ အလယ်၌ထင်သည်ကို "ကျိတ်ထွက်သည်" ဟု ဆိုသည်။ အကြောင်းကား မိုးတိမ် နေရောင် နှစ်ပါးပင်ဖြစ်သည်။

၂၄။ ရှေနောက်သွယ်သွယ်၊ တန်း၍နွယ်၊ နေစွယ်ထွက်ကြောင်း ဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

> "ဥတုတော သမုဋ္ဌိတံ သုဒ္ဓဋ္ဌကံ ဥတုသမုဋ္ဌာနံ နာမ၊ တမ္ပိ ဥတု အညံ အဋ္ဌကံ သမုဋ္ဌာ-
> ပေတိ၊ ဣဒံ ဥတုပစ္စယံ နာမ။တသ္မိမ္ပိ ဥတု အညံ အဋ္ဌကံ သမုဋ္ဌာပေတိ၊ ဣဒံ ဥတုပစ္စယ-
> ဥတုသမုဋ္ဌာနံ နာမ။ဧဝံ တိဿောယေဝ သန္တတိယော ဃဋ္ဋေတုံ သက္ကောန္တိ၊န တတောပရံ။
> ဣမမတ္ထံ အနုပါဒိန္နကေပိ ဒီပေတုံ ဝဋ္ဋတီတိ"

စသည်ဖြင့် အဋ္ဌသာလိနီအဋ္ဌကထာ၌လာသည်။

အနက်ကား။ ။ဥတုတော၊ ဥတုကြောင့်။ သမုဋ္ဌိတံ၊ ဖြစ်သော။ သုဒ္ဓဋ္ဌကံ၊ သက်သက်သော အဋ္ဌကလာပ်သည်။ ဥတုသမုဋ္ဌာနံ နာမ၊ ဥတုလျှင်ဖြစ်ကြောင်းရှိသည် မည်၏။ တမ္ပိ ဥတုံ၊ ထိုဥတု သမုဋ္ဌာန်ရုပ်သည်လည်း။ အညံ၊ တပါးသော။ အဋ္ဌကံ၊ ရှစ်ပါးသောရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဣဒံ၊ ဤနှစ်ဆင့်မြောက်ဖြစ်သော ရုပ်သည်ကား။ ဥတုပစ္စယံ နာမ၊ ဥတုသမုဋ္ဌာန်လျှင် အကြောင်းပြုသည်မည်၏။ တသ္မိမ္ပိ၊ ထိုနှစ်ဆင့်မြောက်သော ရုပ်၌လည်း။ ပဝတ္တံ၊ ဖြစ်သော။ ဥတုံ၊ ဥတုသည်။ အညံ၊ တပါးသော။ အဋ္ဌကံ၊ ရှစ်ပါးသောရုပ်ကို။ သမုဋ္ဌာပေတိ၊ တဖန်ဖြစ်စေပြန်၏။ ဣဒံ၊ ဤသုံးဆင့်မြောက်သောရုပ်သည်။ ဥတုပစ္စယ ဥတုသမုဋ္ဌာနံ နာမ၊ဥတုကြောင့်ဖြစ်သော ရုပ်လျှင် အကြောင်းရှိသောရုပ် မည်၏။ ဧဝံ၊ ဤသို့။ တိဿောယေဝ သန္တတိယော၊ သုံးပါးသော ဖြစ်စဉ်တို့သည်သာလျှင်။ ဃဋ္ဋေတုံ၊ ငပ်ခြင်းငှါ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။ တတော ပရံ၊ ထို့ထက်အလွန်။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဣမမတ္ထံ၊ ဤသို့သောအနက်ကို။ အနုပါဒိန္နကေပိ၊ ကံကြောင့်မဖြစ်သောရုပ်၌လည်း။ ဒီပေတုံ၊ ပြခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဥတုသမုဋ္ဌာနော နာမ၊ဥတုသမုဋ္ဌာန်မည်သည်ကား။ ဝလာဟကော၊ မိုးတိမ်တိုက်တည်း။ ဥတုပစ္စယော နာမ၊ ဥတုကြောင့်ဖြစ်သော ရုပ်လျှင် အကြောင်းရှိသော ရုပ်မည်သည်ကား။ ဝုဋ္ဌိဓာရာ၊ မိုးရေအယဉ်တည်း။ ဒေဝေ၊ မိုးသည်။ ဝုဋ္ဌေ ပန ရွာသည်ရှိသော်ကား။ ဗီဇာနိ၊ မြက်မျိုးသစ်ပင်မျိုးတို့သည်။ ဝိရူဟန္တိ၊ ပေါက်ရောက်ကုန်၏။ ပထဝီဂန္ဓော၊ မြေအနံ့သည်။ မုစ္ဆတိ၊ လွတ်၏။ ပဗ္ဗတာ၊ တောင်တို့သည်။ နီလာ၊ စိမ်းညိုကုန်လျက်။ ခါယန္တိ၊ ထင်ကုန်၏။ သမုဒ္ဒေါ၊ သမုဒ္ဒရာသည်။ ဝဍ္ဎတိ၊ ကြီးပွား၏။ ဧဝံ၊ ဤသို့။ ဥတုပစ္စယ ဥတုသမုဋ္ဌာနံ၊ ဥတုကြောင့်ဖြစ်သော ရုပ်လျှင် အကြောင်းရှိသောရုပ်သည်။ နာနတ္တတော၊ အထူးထူးသောအဖြစ်အားဖြင့်။ သမုဋ္ဌိတံ၊ ဖြစ်၏ ။ပ။ အာကာသေ။ ကောင်းကင်၌။ အန္တလိက္ခေ၊ မြေမိုးအကြား၌။ ဟတ္ထိမ္ပိ၊ ဆင်ရုပ်ကိုလည်း။ ဒဿေတိ၊ ပြ၏။ အဿမ္ပိ၊ မြင်းရုပ်ကိုလည်း။ ဒဿေတိ၊ ပြ၏။ ရထမ္ပိ၊ ရထားကိုလည်း။ ဒဿေတိ၊ ပြ၏။ ဝိဝိဓံ၊ အထူးထူးအပြားပြားရှိသော။ သေနာဗျူဟမ္ပိ၊ စစ်သည်ကိုလည်း။

ဒဿေတိ၊ ပြ၏။ ဣဒံ၊ ဤသို့ထင်ပြခြင်းသည်။ စိတ္တပစ္စယဥတုသမုဋ္ဌာနံ နာမ၊ စိတ်ကြောင့်ဖြစ်သော ဥတုသမုဋ္ဌာန်မည်၏။

ဤသို့လာသော အဋ္ဌကထာကိုထောက်၍ ဥတုကြောင့်ဖြစ်သော တိမ်တောင်, တိမ်ပုပ်၌ ဥတုဇဖြစ်သော နေရောင်ခြည်ဟပ်သောကြောင့် အညို, အဝါ, အပြာ, အနက်စသော အထူးထူးသော ဥတုသမုဋ္ဌာန်သည့် ထင်ရကား သုံးဆင့်သောအကြောင်းဖြင့် နေစွယ်ထွက်၏ ဟူပေ။

၂၅။ ချမ်းအေးစဖွယ်၊ လေညှင်းသွယ်၊ လေဝယ် ခေတ်ပေါင်းမည်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ဥဏှသမယေ ဝါတပါနံ ဝိဝရာပေတွာ ဝါတေန သရီရံ ပဟာရာပေတွာ ဌိတော။ မန္ဒမန္ဒေ ဝါ ပဟရန္တေ၊ ကိဥ္စာပိ တတ္ထ ပဏဝီပိ အတ္ထိ၊ တေဇောပိ အတ္ထိ၊ ဝါတမေဝ အာဘုဇတိ။ ဧဝံ အာဘုဇနဝသေန အာရမ္မဏံ ကရောတိ နာမ"။

(အဋ္ဌသာလိနီ)

ဥဏှသမယေ၊ ပူသောအခါ၌။ ဝါတပါနံ၊ လေသွန်တံခါးကို။ ဝိဝရာပေတွာ၊ ဖွင့်လှစ်စေ၍။ ဝါတေန၊ လေဖြင့်။ သရီရံ၊ ကိုယ်ကို။ ပဟာရာပေတွာ၊ ခတ်စေ၍။ ဌိတော၊ တည်၏။ မန္ဒမန္ဒေဝါ၊ ညှင်းညှင်းသောယပ်လေတို့ကိုလည်း။ ပဟရန္တေ၊ ခတ်စေလျက်။ဌိတော၊ တည်၏။ တတ္ထ၊ ထိုလေ၌။ ပထဝီပိ၊ ပထဝီခေတ်သည်လည်း။ ကိဥ္စာပိ အတ္ထိ၊ အကယ်၍ရှိ၏။ တေဇောပိ၊ တေဇောခေတ်သည်လည်း။ ကိဥ္စာပိ အတ္ထိ၊ အကယ်၍ရှိ၏။ ပန၊ ထိုသို့ရှိသော်လည်း။ ဝါတမေဝ၊ လေဟူ၍သာလျှင်။ အာဘုဇတိ၊ နှလုံးသွင်း၏။ ဧဝံ၊ ဤသို့။ အာဘုဇနဝသေန၊ နှလုံးသွင်းခြင်း၏ အစွမ်းဖြင့်။ အာရမ္မဏံ၊ အာရုံကို။ ကရောတိ နာမ၊ ပြုသည်မည်၏။

ဤအဋ္ဌကထာ၌ တိုက်ရိုက်ကား ပထဝီ, တေဇော, ဝါယောခေတ်သုံးပါးသာ လာသည်။ ကြွင်းသောရုပ်မလာ။ ယင်းသို့မလာသော်လည်း အဝိနိဗ္ဘောဂရုပ်သည် သီးခြား၍ တပါးစီမဖြစ်ဟု ဟောတော်မူသည်ကို ထောက်လျှင် "အဝိနိဗ္ဘောဂ ရုပ်ရှစ်ပါးလုံး ရှိသည်"ဟု ဆိုသင့်၏။ဋီကာတို့၌ကား အထူးမဖွင့်ကြ။

ဝိဓုရပျို့၌ကား—ရုပ်မရှိ၍၊ စိစိလက်ဇမ်း၊ ဖမ်းမရသား၊ချမ်းမြအေးထွေ၊ရင်လည်ခွေသည်.... လေကို တောင့်တပါဘိလော့....ဟူ၍ စပ်သည်။ ထိုစကားသည် အဋ္ဌကထာကို လွန်ရာကျ၏။

၂၆။ ကမျဉ်းနိုင်ယ်၊ ဆင်ကြီးကျယ်၊ ဘယ်သူ့စိတ်ရ မျှားသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"စတူသု အပါယေသု ကေကသ္မိံ ကောတိ တ္တေ ကောတိ ဒုဂ္ဂတိ အဟေတုက-ပုဂ္ဂလော၊ တသ္မိံ သတ္တတိံသ စိတ္တာနိ ဘဝန္တိ။ တံ ယထာ။ ဒွါဒသာကုသလာနိ သတ္တရသ ဟသနုဝဇ္ဇိတာဟေတုကာနိ တ္တာနိ၊ အဋ္ဌ ကာမာဝစရကုသလစိတ္တာနိ"

ဟု သုစိတ္တာသင်္ဂဟ၌ ဆိုသည်။

ထိုကိုထောက်လျှင် ရှုပက္ခနာသာ အငယ်,အကြီး ကွဲ၍ရှိသည်။ စိတ်ရမှုကား ဆင်လည်း ဒုဂ္ဂတိအဟိတ်, ကမျဉ်းနီလည်း ဒုဂ္ဂတိအဟိတ်ဖြစ်သောကြောင့် အတူအမျှ သတ္တတိံသချည်း ဖြစ်သည်ဟူ၍ ဆိုဖွယ်ရှိ၏။ ယင်းသို့ရှိသော်လည်း မဆိုအပ်။ ဘယ့်ကြောင့်နည်း ဟူမူ.... ဒုဂ္ဂတိပုဂ္ဂိုလ်တို့၌ သတ္တတိံသစိတ်ရ၏ ဟူသည်မှာ အလွန်အားဖြင့် ရသင့်သည်ကိုသာ ရေတွက်၍ ပြသည်။ ပုဂ္ဂိုလ်တိုင်းမှာ ရသည်ဟုမပြ။ အရပ်တိုင်းမှာ ရသည်ဟုမပြ။ ဣဋ္ဌဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံကိုမမြင်၊ မကြား၊ မနမ်း၊ မလျက်၊ မတွေ့ရသော ငရဲကြီး ရှစ်ထပ်သားတို့မှာ ကုသလဝိပါက်၊ စက္ခုဝိညာဉ်စသည်တို့ ဖြစ်နိုင်ရာမည်မဟုတ်။ ကုသိုလ်ဉာဏ သမ္ပယုတ်တို့လည်း ထို့နည်းတူ ဖြစ်နိုင်ရာမည်မဟုတ်။ အကုသိုလ်ဒွါဒသ၊ အကုသလ ဝိပါက် ခုနစ်ခု၊ ဉာဏဝိပ္ပယုတ် ကုသိုလ်လေးခုတို့သာဖြစ်သည်။ ထို့အတူ ပြိတ္တာ၊ တိရစ္ဆာန်ဘုံတွင်လည်း ဣဋ္ဌာရုံကိုမျှ မခံရသော သတ္တဝါ၌ ကုသလဝိပါက်ကို လွတ်ရာသည်။ အသိဉာဏ်မရှိသော သတ္တဝါ၌ ဉာဏသမ္ပယုတ်ကို လွတ်ရာသည်။ ဆရာ့သဘောနှင့် တွေးဆ၍သာ ဆိုသလော....ဟူ ငြားအံ့။ မဟုတ်။ မိလိန္ဒပဉှာတွင် အရှင်နာဂသိန်ဖြေသော ဝိသဇ္ဇနာကို နယဂ္ဂါဟ ပြု၍ဆိုသတည်း။

အဘယ်သို့ ရှင်နာဂသိန် ဖြေသနည်းဟူမူကား... မိလိန္ဒမင်းက "အရှင်ဘုရား ပညာနှင့်မနသိကာရ သည် အဘယ်သို့ ထူးကြသနည်း"ဟု မေးရာ၌- "မင်းကြီး မြည်း ကုလားအုတ်, ဆိတ်, ဝက်, ကြက်, ငှက် အစရှိသောသတ္တဝါတို့၌ ပညာကားမရှိ၊ သညာနှင့် မနသိကာရသာ ရှိသတည်း"ဟု ဖြေ၏။ "အရှင်ဘုရား ကုသလဝိပါက် စက္ခုဝိညာဉ်စသော စိတ်သည် ဘုံတိုင်းဖြစ်ပါ၏လော"ဟု မေးရာ၌ "မင်းကြီး ဣဋ္ဌာရုံကိုမျှ-မြင်ရ, မကြားရ, မနမ်းရ, မတွေ့ရသော ငရဲဘုံပြိတ္တာဘုံတို့၌ ကုသလဝိပါက်တို့သည် မဖြစ်ကုန်"ဟု ဖြေ၏။ ဤအရာတို့ကိုဆ၍ လူတို့၏စကားကို မှတ်သားနိုင်သော ဆင်နှင့်, မမှတ်သားနိုင်သော ကမျဉ်းနီကို စိတ်ရအတူ မယူသင့်။ ကမျဉ်းနီမှာ လွန်စွာသော အပိုင်းအခြားမှ အကုသိုလ်စိတ် တဆဲ့နှစ်ခု၊ အကုသလ ဝိပါက်ခုနစ်ခု၊ မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ်လေးခုအားဖြင့် "နှစ်ဆဲ့သုံးခု"သာ ရသင့်သည်။ ဆင်မှာ "သတ္တတိံသ" ရသင့်သည် ဟူပေ။

"သဗ္ဗထာပိ ကာမလောကေ ရူပလောကေ ယထာရဟံ ဝိပစ္စတိ"
ဟူသော သင်္ဂြိုဟ်ပါဠိကို ဖွင့်ရာ ဋီကာကျော်၌–

> သဗ္ဗထာပိ ကာမလောကေတိ သုဂတိ ဒုဂ္ဂတိ ဝသေန သဗ္ဗသ္မိံပိ ကာမလောကေ။ ယထာရဟန္တိ ဒွါရာလမ္ဗဏာနုရူပံ။ အပါယေသု ဟိ ယံ နာဂသုပဏ္ဏာဒီနံ မဟာသမ္ပတ္တိ-ဝိသယံ ဝိပါက ဝိညာဏံ၊ ယဉ္စ နိရယ ဝါသီနံ မောဂ္ဂလ္လာနတ္ထေရ ဒဿနာဒီသု ဥပပဇ္ဇတိ ဝိပါကဝိညာဏံ။ တံ ကုသလကမ္မဿေဝ ဖလံ။ န ဟိ အကုသလဿ ဣဋ္ဌဝိပါကော သမ္ဘဝတိ"

ဟူသော ပါဠိဖြင့် "အပါယ်ဘုံတို့၌ နဂါးဂဠုန်အဝရှိသည်တို့အား ကြီးစွာသော စည်းစိမ်လျှင် အာရုံရှိသော အကြောင်ဝိပါက် ဝိညာဉ်သည်ဖြစ်၏။ ငရဲပြည်၌နေသော သူတို့အား အရှင်မောဂ္ဂလာန် ထေရ်ကို ဖူးမြင်ရခြင်း၊ နေမိမင်း မာတလိ နတ်သားကိုမြင်ခြင်း စသည်တို့၌ အကြောင် ဝိပါက် ဝိညာဉ်သည်ဖြစ်၏။ ထိုဝိညာဉ်ကား ကုသိုလ်ကံ၏ အကျိုးသာတည်း ဘယ်ကြောင့်နည်းဟူမူကား- အကုသိုလ်ကံသည် ဣဋ္ဌဝိပါက်ကို မဖြစ်စေတတ်သောကြောင့်တည်း" ဤသို့ ဋီကာဆိုသည် မဟုတ်လော။ အဘယ့်ကြောင့် ငရဲသူတို့အား ကုသလဝိပါက်စက္ခုဝိညာဉ်စသည်ကို လွတ်၍ နှစ်ဆဲ့ သုံးပါးသာ ရေတွက်သနည်းဟု ဆိုငြားအံ့၊ ဋီကာဆရာကား အလုံးစုံသော ငရဲသားတို့အား

ရသည်ဟူ၍လည်းကောင်း၊ ခပ်သိမ်းသောအခါ၌ ရသည်ဟူ၍လည်းကောင်းမဆို။ ဖြစ်သင့်သော သတ္တဝါအား ဖြစ်ထိုက်သောအခါ၌ ဖြစ်သည်ဟူ၍သာဆိုသည်။ ထို့ကြောင့် အရှင်နာဂသိန်၏ အယူတော်သည် ကျမ်းဂန်တို့နှင့်မဆန့်ကျင်ရကား ထိုအယူသို့ လိုက်၍ "နှစ်ဆဲ့သုံးပါး"သာ ရထိုက်၏ဟုဆိုသည်။

၂၇။ လူနတ်ကိုးကွယ်၊ သီဟိုဠ်ဝယ်၊ ဘယ်သို့စက်ဦး ရှိသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သုမနကူဋတောင်၌ သုမန နတ်မင်းကြီး တောင်းပန်သောကြောင့် ဘုရားသခင်သည် ပဌမ ကြွသွားစဉ်က ချထားခဲ့သော ခြေတော်ရာ ရှိကြောင်းကို မဟာဝင်၌ လာသည်။ ထိုပါဒ စေတီတော်သည် တောင်နှာမောင်းပေါ်၌ စိမ်းညို သော ကျောက်ဖျာကြီးထက်တွင် အနောက်သို့ စက်တော်ဦးပြု၍ လက်ဝဲစက်တော်ရာ ရှိသည်ဟူ၍ သီဟိုဠ်ရောက် စာငယ်များတွင် လာသည်။

၂၈။ နေ-မီး-လ-ကြယ်၊ ရောင်ခြည်သွယ်၊ ဘယ်သည့်ရုပ်ဟု ဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နီလံ၊ ပီတကံ၊ လောဟိတကံ၊ ဩဒါတံ၊ ကာလကံ၊ မဉ္ဇိဋ္ဌကံ၊ ဟရိဟရိဝဏ္ဏံ၊ အမ္ဗင်္ကုရဝဏ္ဏံ၊ ဒီဃံ၊ ရဿံ၊ အဏုံ၊ ထူလံ၊ ဝဋ္ဋံ၊ ပရိမဏ္ဍလံ၊ စတုရံသံ၊ ဆဠံသံ၊ အဋ္ဌံသံ၊ သောဠသံသံ၊ နိန္နံ၊ ထလံ၊ ဆာယာ၊ အာတပေါ၊ အာလောကော၊ အန္ဓကာရော၊ အဗ္ဘာ၊ မဟိကာ၊ ဓူမော၊ ရဇော၊ စန္ဒမဏ္ဍလဿဝဏ္ဏနိဘာ၊ သူရိယမဏ္ဍလဿဝဏ္ဏနိဘာ၊ တာရကရူပါနံ ဝဏ္ဏနိဘာ၊ အာဒါသမဏ္ဍလဿ ဝဏ္ဏနိဘာ၊ မဏိသင်္ခမုတ္တဝေဠုရိယဿ ဝဏ္ဏနိဘာ။

ဟူ၍ ဓမ္မသင်္ဂဏီပါဠိတော်၌ အညို၊ အရွှေ၊ အနီ၊ အဖြူ၊ အနက်၊ အမောင်း၊ အစိမ်း အနှမ်း သရက်ညွန့်အဆင်း၊ အရှည်၊ အတို၊ အငယ်၊ အကြီး၊အလုံး အဝန်း၊ လေးမြှောင့်၊ ခြောက်မြှောင့် ရှစ်မြှောင့်၊ တဆဲ့ခြောက်မြှောင့်၊ ကုန်း၊ ကျင်း၊ အရိပ်၊ နေပူ၊ အလင်း၊ အမိုက်၊ တိမ်တိုက်၊ ဆီးနှင်း၊ အခိုးမြူ၊ လဝန်း၏အရောင် နေဝန်း၏အရောင်၊ နက္ခတ်တို့၏အရောင်၊ ကြေးမုံဝန်း၏ အရောင်၊ မြ၊ ခရုသင်း၊ ပုလဲ၊ ကြောင်မျက်ရွဲ၏ အရောင်တို့သည် ရူပါယတနချည်းဖြစ်သည် ဟူ၍ ဟောတော်မူသောကြောင့် မီးရောင်ကိုလည်း တိုက်ရိုက်မပါသော်လည်း တူရာ သွင်းသဖြင့် ရူပါယတန, ရူပ ဓာတ်ပင်ဟု ဆိုအပ်သတည်း။

၂၉။ ဆီမီးတောက်ငယ်၊ စေတီလယ်၊ ဘယ်မျှ ကလာပ်ရှိသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—ဆီမီးတောက်၏အရောင်ဖြင့်ဟပ်၍ ရွှေစေတီ၏ အရောင်တောက်ပသည်။ ထိုတောက်ပသော အလျှံ ၃ ရောင်၌ ဘယ်မျှ ကလာပ်ရှိသနည်းဟု မေးလို သည်။ စေတီ၏အရောင်ဖြစ်သော ရူပါယတန၌ သုဒ္ဓဋ္ဌကကလာပ်,မီးရောင်ဖြစ်သော ရူပါယတန၌

လည်း သုဒ္ဓဋ္ဌကကလာပ် ဤနှစ်ပါး ရောစပ်ခြင်းကြောင့် အရောင် ဖြစ်ရကား ဂ-ပါးကိုတည်၊ ဂ-ခုဖြင့်မြှောက်။ ၆၄-ခုဖြစ်၏။ ထို ၆၄-ပါးသော ရုပ်အစုသည် တခုသော ဝဏ္ဏာယတနရုပ်ကလာပ်ဖြစ်ပြန်၏။ ထိုကလာပ်သည် စို့သက်တံရေးကဲ့သို့ အသီးအခြားမရအပ်။ မူလကလာပ်ကိုသာ စွဲ၍ဖြစ်၏။ ထို့ကြောင့် ဥတုဇဝဏ္ဏနှစ်ရပ် စပ်၍ဖြစ်သောအရောင်၌ ရုပ်ပေါင်း ၆၄-ပါး ရှိ၏။ ထို့ကြောင့် အဘိဓမ္မာဂဏ္ဌိ၌....

"ဒွိန္နံ တိဏ္ဏံ ဗဟူနံ ဝါ ဝဏ္ဏနိဘာနံ မိဿေတွာ နိစ္စရဏောဘာသေ ဟေဋ္ဌိမန္တေန စတုသဋ္ဌိ-ရူပါနိ ပါဠိကခံ တဗ္ဗာနိ" ဟု မိန့်၏။

အနက်ကား— ဒွိန္နံ ဝါ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ တိဏ္ဏံ ဝါ၊ သုံးပါးလည်း ဖြစ်ကုန်သော။ ဗဟူနံ ဝါ၊ များစွာလည်း ဖြစ်ကုန်သော။ ဝဏ္ဏနိဘာနံ၊ အရောင်တို့ကို။ မိဿေတွာ၊ ရော၍။ နိစ္စရ-ဏောဘာသေ၊ ပြိုးပြိုးပြက်ထွက်သော အရောင်၌။ ဟေဋ္ဌိမန္တေန၊ အောက်ဆုံးအဖို့အားဖြင့်။ စတုသဋ္ဌိရူပါနိ၊ ၆၄-ပါးသောရုပ်တို့ကို။ ပါဠိကခံ တဗ္ဗာနိ၊ အလိုရှိအပ်ကုန်၏။ သုံးပါးဟပ်မူ အဋ္ဌကလာပ်တခုကိုတည်၊ ဂ-ခု နှစ်ကြိမ်မြှောက်။ အများဟပ်မူ ဝဏ္ဏအရေအတွက်နှင့် မြှောက်၍ ရုပ်ပေါင်းကို ယူရမည်။

၃၀။ လက္ခဏာယာဉ်ဝယ်၊ မဝင်ဖွယ်၊ ဘယ်ဒေသနာ ကြွင်းသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဗုဒ္ဓါနံ ဓမ္မဒေသနာ နာမ တိလက္ခဏ မုတ္တာ နာမ နတ္ထိ။ ဗုဒ္ဓါနံ၊ ဘုရားသခင်တို့၏။ ဓမ္မဒေသနာ နာမ၊ တရားဒေသနာ မည်သည်ကား။ တိလက္ခဏ-မုတ္တာ နာမ၊ လက္ခဏာယာဉ် သုံးပါးမှ လွတ်သောမည်သည်။ နတ္ထိ၊ မရှိ။ ဤသို့ဗုဒ္ဓဝင်အဋ္ဌကထာ သုတ်မဟာဝါအဋ္ဌကထာတို့၌ လာသောကြောင့် လက္ခဏာယာဉ် သုံးပါးသို့ မဝင်သော ဒေသနာမည်သည် မရှိဟု ဆိုအပ်၏။

၃၁။ မိဂဒါလယ်၊ တောရပ်ဝယ်၊ ဘယ်သူ ဆောက်သည့် ကျောင်းပေနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ဗာရာဏသိယံ ဧကော နန္ဒိယော နာမ ဥပါသကော အဟောသိ သဒ္ဓေါ ပသန္နော။ သော သတ္ထု အာဝါသာနိသံသကထံ သုတွာ ဣသိပတနမဟာဝနေ စတုဂဗ္ဘပ္ပဋိမဏ္ဍိတံ စတု-ဿာလံ ကာရေတွာ မဇ္ဈေပိဋ္ဌာဒိနိ အတ္ထရာပေတွာ တံ အာဝါသံ နိယျာတေန္တော ဗုဒ္ဓပ္ပမုခဿ သံဃဿ ဘောဇနဒါနံ ဒတွာ သတ္ထု ဟတ္ထေ ဥဒကံ ပါတေတွာ နိယျာတေတိ"

ဟူ၍ ဝိမာနဝတ္ထု အဋ္ဌကထာ ၂၀၄။ မင်္ဂလတ္ထ ဒီပနီဋီကာတို့၌လာသည်။

အဓိပ္ပါယ်ကား—ဗာရာဏသီပြည်၌ သဒ္ဓါတရားနှင့်ပြည့်စုံစွာသော ရတနာသုံးပါးကို ကြည်ညိုသော နန္ဒိယ အမည်ရှိသော ဥပါသကာတယောက်သည် ရှိ၏။ ထိုနန္ဒိယသည် ဘုရားသခင်ဟောသော

ကျောင်း၏အကျိုးစကားကို ကြားနာရ၍ ဣသိပတနမည်သော တောအုပ်ကြီး၌ တိုက်လေးခုတို့ဖြင့် တန်ဆာဆင်အပ်သော ကျောင်းလေးဆင့်ကိုဆောက်၍ ညောင်စောင်း အင်းပျဉ်စသည်တို့ကို ခင်းစေ၍ ထိုကျောင်းကို ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းကျွေးပြီးမှ ဘုရားလက်၌ ရေစက်ချ၍ လှူဒါန်းသတည်း။

၃၂။ ယောကျ်ားဝမ်းဝယ်၊ သန္ဓေလွယ်၊ ဘယ်ပြု မီးမနေသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...ယောကျ်ားတို့၌ ကိုယ်ဝန်တည်ရာ သားအိမ်မပါခြင်း,ဥတုမလာခြင်း,သုက်သွေးမကပ်ငြိခြင်း ဟူသော အကြောင်းသုံးပါးကြောင့် ကိုယ်ဝန်မတည် မီးမနေဟူပေ။ မိန်းမတို့၌ကား ဤအကြောင်းသုံးပါး ပြည့်စုံလေသောကြောင့် မီးနေရသတည်း။ အဘယ်ကိုထောက်၍ သိရသနည်း ဟူမူကား....သဋ္ဌာယတနသံယုတ်၌ ဟောတော်မူအပ်သော အာဝေဏိက ဒုက္ခငါးပါးကိုထောက်၍ သိအပ်၏။

ပါဠိတော်ကား....

ပဉ္စိမာနိ ဘိက္ခဝေ မာတုဂါမဿ အာဝေဏိကာနိ ဒုက္ခာနိ၊ယာနိ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ကတမာနိ ပဉ္စ။ ဣဓ ဘိက္ခဝေ မာတုဂါမော ဒဟရောဝ သမာနော ပတိကုလံ ဂစ္ဆတိ၊ ဉာတကေဟိ ဝိနာ ဟောတိ။ ဣဒံ ဘိက္ခဝေ မာတုဂါမဿ ပဌမံ အာဝေဏိကံ ဒုက္ခံ၊ ယံ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ပုန စ ပရံ ဘိက္ခဝေ မာတုဂါမော ဥတုနီ ဟောတိ။ ဣဒံ ဘိက္ခဝေ မာတု ဂါမဿ ဒုတိယံ အာဝေဏိကံ ဒုက္ခံ၊ ယံ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ပုန စ ပရံ ဘိက္ခဝေ မာတုဂါမော ဂဗ္ဘိနီ ဟောတိ၊ ဣဒံ ဘိက္ခဝေ မာတုဂါမဿ တတိယံ အာဝေဏိကံ ဒုက္ခံ၊ ယံ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ပုန စ ပရံ ဘိက္ခဝေ မာတုဂါမော ဝိဇာယတိ။ ဣဒံ ဘိက္ခဝေ မာတုဂါမဿ စတုတ္ထံ အာဝေဏိကံ ဒုက္ခံ၊ ယံ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ပုန စ ပရံ ဘိက္ခဝေ၊ မာတုဂါမော ပုရိသဿ ပါရိစရိယံ ဥပေတိ၊ ဣဒံ ဘိက္ခဝေ မာတုဂါမဿ ပဉ္စမံ အာဝေဏိကံ ဒုက္ခံ ယံ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟိ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ မာတုဂါမဿ အာဝေဏိကာနိ ဒုက္ခာနိ၊ ယာနိ မာတုဂါမော ပစ္စနုဘောတိ အညတြေဝ ပုရိသေဟီတိ။

(သံ၊၂၊၄၃၆။)

အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ မာတုဂါမဿ၊ မိန်းမအား။ အာဝေဏိကာနိ၊ အသီး ဖြစ်ကုန်သော။ ဒုက္ခာနိ၊ ဆင်းရဲတို့သည်။ ဣမာနိ ပဉ္စ၊ ဤငါးပါးတို့တည်း။ ယာနိ၊ အကြင် ငါးပါးသော ဆင်းရဲတို့ကို။ ပုရိသေဟိ၊ ယောကျ်ားတို့ကို။ အညတြေဝ၊ ကြဉ်၍သာလျှင်။ မာတုဂါမော၊ မိန်းမသည်။ ပစ္စနုဘောတိ၊ ခံစားရ၏။ ကတမာနိ ပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသောကဥ်။ မာတုဂါမော၊ မိန်းမသည်။ ဒဟရောဝ သမာနော၊ စည်းစိမ် ချမ်းသာရှိသူ ဖြစ်သော်လည်း။ ပတိကုလံ၊ လင်၏အိမ်သို့။ ဂစ္ဆတိ၊ လိုက်ရ၏။ ဉာတ-

ကေဟိ၊ မိခိ၏ ဆွေမျိုး မိဘတို့နှင့်။ ဝိနာ၊ ကွေကွင်းရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤလင်၏အိမ်သို့လိုက်ရခြင်းသည်။ မာတုဂါမဿ၊ မိန်းမ၏။ ပဌမံ၊ ရှေးဦးစွာသော။ အာဝေဏိကံ ဒုက္ခံ၊ အသီးဖြစ်သောဆင်းရဲတည်း။ယံ ဒုက္ခံ၊ အကြင်ဆင်းရဲကို။ ပုရိသေဟိ၊ ယောကျ်ားတို့ကို။ အညတြ၊ ကြဉ်၍။ မာတုဂါမော၀၊ မိန်းမသည်သာလျှင်။ ပစ္စနုဘောတိ၊ ခံစားရ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊တပါးတုံ၊ မာတုဂါမော၊ မိန်းမသည်။ ဥတုနီ၊ အရွယ်သင့်ခါ ဥတုလာခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဥတုလာခြင်း ဆင်းရဲခြင်းသည်။ မာတုဂါမဿ၊ မိန်းမ၏။ ဒုတိယံ၊ နှစ်ခုမြောက်သော။ အာဝေ-ဏိကံ ဒုက္ခံ၊ အသီးဖြစ်သောဆင်းရဲတည်း။ ။ပ။ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စပရံ၊ ထိုမှတပါးလည်း။ မာတုဂါမော၊ မိန်းမသည်။ ဂဗ္ဘိနီ၊ သားသူငယ်ကိုလွယ်ပိုက်ရသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤကိုယ်ဝန်ဆောင်ရခြင်းသည်။ မာတုဂါမဿ၊ မိန်းမ၏။ တတိယံ၊ သုံးခုမြောက်သော။ အာဝေဏိကံ ဒုက္ခံ၊ အသီးဖြစ်သောဆင်းရဲတည်း။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စပရံ၊ ထိုမှတပါးလည်း။ မာတုဂါမော၊ မိန်းမသည်။ဝိဇာယတိ၊ မိန်းမောတွေဝေ သေလုနီးမျှ သားဖွားရ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤသားဖွားရခြင်းသည်။ မာတုဂါမဿ၊ မိန်းမ၏။ စတုတ္ထံ၊ လေးခုမြောက်သော။ အာဝေဏိကံ ဒုက္ခံ၊ အသီးဖြစ်သောဆင်းရဲတည်း။ ပ။ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ ပရံ၊ ထိုမှတပါးလည်း။ မာတုဂါမော၊ မိန်းမသည်။ပုရိသဿ၊ ယောကျ်ားအား။ ပါရိစရိယံ၊ ရိုသေမြတ်လေးလုပ်ကျွေးပြုစုရခြင်းသို့။ ဥပေတိ၊ ကပ်ရောက်ရ၏။ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤသို့လုပ်ကျွေးရခြင်းသည်။ မာတုဂါမဿ၊ မိန်းမ၏။ ပဉ္စမံ၊ ငါးခုမြောက်သော။ အာဝေ-ဏိကံ ဒုက္ခံ၊ အသီးဖြစ်သောဆင်းရဲတည်း။ပ။ဤသို့ဟောတော်မူသည်ကို ထောက်၍သိရာ၏။

ထိုပါဠိ၌ ဒုက္ခငါးပါးသည် ယောကျ်ားတို့၌မဖြစ် မိန်းမတို့၌သာလျှင်ဖြစ်၏ဟု ဟောတော်မူသည်။

ယောကျ်ား သန္ဓေမနေခြင်းအကြောင်းကို မဟောတကား....ဟု ဆိုငြားအံ့—မိန်းမတို့၌ ဥတုလာကြောင်းကိုဆိုသဖြင့် ထိုဥတု၏ဖြစ်ရာ သန္ဓေအိမ်ရှိကြောင်းကိုလည်း ပြသည်မည်၏။ ထိုအကြောင်းနှစ်ပါးသည် သန္ဓေယူနိုင်ကြောင်းဖြစ်ရကား ထိုနှစ်ပါး၏ မရှိခြင်းသည် သန္ဓေမယူနိုင်ခြင်း၏ အကြောင်းဖြစ်သည်ဟု ဗျတိရေကနည်းအားဖြင့် သိအပ်သတည်း။

၃၃။ နှစ်ရာကျော် ကယ်၊ စွန်းလေးဆယ်၊ ဘယ့်နှယ် နို့ထိန်းတိုက်လိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....တနေ့နှင့် တညဉ့်သော် နာရီ ၆၀-ရှိသည်။တနာရီသော် နို့ထိန်း ၄ ယောက်စီ အလှည့်အလည် စောင့်ရှောက်ထိန်းသိမ်းရသည် ဖြစ်ရကား ၆၀-ကို တည်၍ ၄-ယောက်နှင့်မြှောက်သဖြင့် နှစ်ရာ့လေးကျိပ်ဖြစ်၏။

ဤကိုရည်၍...တေမိဇာတ်၌ "စတုသဋ္ဌိဓာတိယော"ဟု ဆိုသတည်း။ စတုသဋ္ဌိဓာတိယော၊ နှစ်ရာ့လေးကျိပ်သော နို့ထိန်းတို့ကို။ အဒါသိ၊ ပေး၏။ "စတူဟိ ဂုဏိတာ သဋ္ဌိ စတုသဋ္ဌိ"ဟု ဝိဂြိုဟ်ပြုလေ။

၃၄။ တခြားကျွန်းဝယ်၊ တို့ကျွန်းနှယ်၊ အိုင်ကျယ် နေ့ာတတ်ရှိလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ငါတို့ကျွန်း၌ အနေ့ာတတ်အိုင်ရှိသကဲ့သို့ အခြားကျွန်း၌ရှိကြောင်းကို ကျမ်းဂန်မလာ။

၃၅။ ဘုရားဘုန်းကြွယ်၊ ကိုယ်တော်ဝယ်၊ ရှစ်ဆယ်ပိုးမျိုး ရှိလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား .. ဘုရားဖြစ်ခါနီး ဆင်ခြင်တော်မူသော မူလကမ္မဋ္ဌာန်း၌ ကိုယ်တော်တွင် ရှိသမျှ ကောဋ္ဌာသကို ဆင်ခြင်ရာ ပိုးမျိုးရှစ်ဆယ်ကို အမည် နေရပ်နှင့်တကွ ဆင်ခြင်တော်မူသည်ဟု လာသောကြောင့်လည်းကောင်း၊ပါရာဇိကဏ်ပါဠိတော်၌အင်္ဂါဇာတ်ခိုင်မာခြင်း၏ အကြောင်းငါးပါးကို ဟောရာဝယ်....ရာဂူပတ္ထမ္ဘ၊ ရာဂကြောင့်ခိုင်မာခြင်း။ ပဿာဝူပတ္ထမ္ဘ၊ ကျင်ငယ်သွားလိုသောကြောင့် ခိုင်မာခြင်း။ ဝစ္စူပတ္ထမ္ဘ၊ ကျင်ကြီးသွားလိုသောကြောင့် ခိုင်မာခြင်း။ဝါတူပတ္ထမ္ဘ၊ လေခတ်သောကြောင့် ခိုင်မာခြင်း။ဥစ္စာလိင်္ဂပါဏက ဒဋ္ဌူပတ္ထမ္ဘ၊ အမွေးများစွာသော ပိုးခဲသောကြောင့် ခိုင်မာခြင်း။ ဤငါးပါးတွင် ရှေးဦးစွာသောရာဂူပတ္ထမ္ဘတပါးသာ ရဟန္တာတို့၌မရှိသည်။ အကြွင်းလေးပါးကား ရှိ၏ဟူ၍လာသောကြောင့်လည်းကောင်း ဘုရား ရဟန္တာတို့၌လည်း ပိုးမျိုးရှစ်ဆယ် ရှိသေး၏ဟု သိရာ၏။

၃၆။ ကိရိယာခြောက်ဆယ်၊ အသွယ်သွယ်၊ အဘယ်ကျမ်းက ထွက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ကိရိယာ ၆၀-ဆိုသည်မှာ ပိဋကတ်၌လာသော "ဂစ္ဆတိ၊ ဂစ္ဆန္တိ" အစရှိသော အာချာတ်ကိရိယာ။ "ကတံ၊ ပြုအပ်၏။ ဂတော၊ သွား၏။ ဘုတ္တော၊ စား၏" ဤသို့အစရှိသော ကိတ်ကိရိယာတို့ကို ရည်၍မဆို။ မြန်မာ့အမှု ရတု ကဗျာတို့၌ အဆုံးသတ်ရာ ချရာသည်ကိုသာရည်၍ ဆိုသည်။

ထိုကိရိယာ ၆၀-သည် အဘယ်ကျမ်းကထွက်သနည်း....ဟု မေးရာ၌—လင်္ကာကဗျာတို့၌ ဂိုဏ်းရွေးရာသည်ကိုပြသော ကဝိကဏ္ဍပါသကျမ်းက ထွက်၏ဟူပေ။ ၎င်းကျမ်း၌ ကိရိယာကို ၆၄-လုံးဟု ဆိုသည်။ ဤ၌ လင်္ကာဖြစ်၍ စကားပြေပြစ်စိမ့်သောငှာ အစွန်း ၄-လုံးကို မယူပဲ ကိရိယာ ၆၀-ဟူ၍သာ စပ်လေသည်။

သာသနာတော် ၂၂၉၅-ခု၊ သက္ကရာဇ် ၁၁၁၃-ခု၊ ဟံသာဝတီရောက် မင်းတရားကြီး လက်ထက်တော်၌ ရွှေတောင် ရာဇကျော်ဆိုသော သတ်ပုံတွင်လည်း "ရတုချဖွယ်၊ အသွယ်သွယ်၊ ခြောက်ဆယ်ကိရိယာ" ဟူ၍ ..စပ်ဆိုသည်။ ၆၄-လုံး ဖြစ်ဟန်ကား....အာကာရန္တာဒိ ၃-လုံး။ ဣကာရန္တာဒိ ၃-လုံး။ ဥကာရန္တာဒိ ၃-လုံး။ ဧကာရန္တာဒိ ၃-လုံး။ အဲကာရန္တာဒိ ၃-လုံး။ ဩကာရန္တာဒိ ၃-လုံး။ အက်ကာရန္တာဒိ ၃ လုံး။ အင်ကာရန္တာဒိ ၉-လုံး။ အစ်ကာရန္တာဒိ ၁ လုံး။ ဖွင့်၍ရွတ်အပ်သော ညသတ် အည်ကာရန္တာဒိ ၃ လုံး။ ပိတ်၍ရွတ်အပ်သော ဉသတ် အဉ်ကာရန္တာဒိ

၃-လုံး။ တသတ်အတ်ကာရန္တာဒိ ၃-လုံး။ နသတ် အန်ကာရန္တာဒိ ၉-လုံး။ ပသတ် အပ်ကာရန္တာဒိ ၃-လုံး။ မသတ် အမ်ကာရန္တာဒိ ၉-လုံး။ အိုကာရန္တာဒိ ၃-လုံးအားဖြင့် ဤအလုံးစုံသော ကာရန် ၁၆-ရပ်ကို ပေါင်းသော် ၆၄-လုံး ရသတည်း။ သေးသေးတင်နှင့် မသတ်သည် သဘောတူဖြစ်သောကြောင့် အံကာရန္တာဒိ ၉-လုံးကို အသီးမယူသည်။ ယသတ်နှင့် နောက်ပစ်လည်း သဘောတူဖြစ်၍ အယ်ကာရန္တာဒိ ၃-လုံးကို မယူသည်။

ထိုကာရန် ၁၆-ရပ်တို့တွင် အကာရန္တာဒိ ၃ လုံး ဟူသည်ကား။ အ၊အာ၊အား။ ဟူသည်တည်း။ ဣကာရန္တာဒိ ၃-လုံးဟူသည်ကား အိ၊အီ၊အီး။ ဟူသည်တည်း။ ။ဥကာရန္တာဒိ ၃-လုံးဟူသည်ကား။ ဥ၊ဦ၊ဦး။ဟူသည်တည်း ။ဧကာရန္တာဒိ ၃-လုံး ဟူသည်ကား။ အေ့၊အေ၊အေး။ ဟူသည်တည်း။ အဲကာရန္တာဒိ ၃-လုံး ဟူသည်ကား။အဲ့၊အဲ၊အဲး။ဟူသည်တည်း။ ဩကာရန္တာဒိ ၃-လုံး ဟူသည်ကား။ အော့၊အော်၊အော။ဟူသည်တည်း။ အက် ကာရန္တာဒိ ၃-လုံး ဟူသည်ကား။အက်၊အောက်၊အိုက် ဟူသည်တည်း။ အင် ကာရန္တာဒိ ၉-လုံး ဟူသည်ကား။ အင့်၊အင်၊အင်း။ အောင့်၊အောင်၊ အောင်း။ အိုင့်၊အိုင်၊အိုင်း။ ဟူသည်တည်း။ အစ် ကာရန္တာဒိ ၁-လုံး ဟူသည်ကား။ စသတ်တလုံးသာတည်း။ ဖွင့်၍ ရွတ်အပ်သော အည် ကာရန္တာဒိ ၃-လုံးဟူသည်ကား။ အည့်၊အည်၊အည်း။ဟူသည်တည်း။ပိတ်၍ ရွတ်အပ်သော အဉ်ကာရန္တာဒိ ၃-လုံးဟူသည်ကား အဉ့်၊အဉ်၊အဉ်း။ ဟူသည်ဘည်း။ တသတ် အတ်ကာရန္တာဒိ ၃-လုံးဟူသည်ကား။အတ်၊အိတ်၊အုတ်ဟူသည်တည်း။ နသတ် အန်ကာရန္တာဒိ ၉-လုံး ဟူသည်ကား။ အန့်၊အန်၊အန်း။ အိန့်၊အိန်၊အိန်း။ အုန့်၊အုန်၊အုန်း။ ဟူသည်တည်း။ ပသတ် အပ် ကာရန္တာဒိ ၃-လုံးဟူသည်ကား။ အပ်၊အိပ်၊အုပ်။ ဟူသည်တည်း။ မသတ် အမ်ကာရန္တာဒိ ၉-လုံး ဟူသည်ကား။ အမ့်၊အမ်၊အမ်း။ အိမ့်၊အိမ်၊အိမ်း။ အုမ့်၊ အုမ်၊အုမ်း။ ဟူသည်တည်း။ အိုကာရန္တာဒိ ၃-လုံး ဟူသည်ကား။ အို့၊အို၊အိုး။ဟူသည်တည်း။

ဤ ၁၆-ရပ်သော ကာရန်တို့တွင် အ ကာရန်ဖြင့် ရတု ချနည်းကား။ စိတ်ဇော ကြည်ဝမ်း၊ မြတ်ရာလှမ်းသည်၊ ရေချမ်းသွန်းကြ သည်ကာလ။ ဗျာပါလည်းကောင်း၊ ထပ်ပြန်လောင်းသည်၊ ချမ်းဆောင်းဟေမ ရှည်ကြာရ။ မှတ်ရည်လျက်ပေ၊ လွမ်းလျက်နေသည်၊ သရေခေတ္တ ပြည်သာက။ ဤကား အ ကာရန်နှင့်ယှဉ်၍ ချသောကိရိယာ။ မင်းနဝဒေးဆို။

သံချိုထွေပြား၊ ပေးလိုက်ကြားသည်၊ ဆောင်းပါးလက်ာ ဘမင်းစာ။ ။ပုံချနည်းညွှန်း၊ နှုတ်ရောင်ထွန်းသည်၊ တက်ဆန်းပမာ လနှယ်သာ။ ။ထိုဟန်မယွက်၊ စီးပွါးတက်သည်။ တောင်ထက်အသာ ဆမြင့်ရာ။ ။ဤကား အာကာရန်နှင့် ယှဉ်၍ချသော ကိရိယာ။ ဘိုးခေါင်မင်းစာ။

ကျစ်လျစ်စေ့စုံ၊ စေမှုကုံသည်၊ ကျွန်ယုံကျေးသား။ တင့်လေ့နား။ ။နောင့်ချည်းစုံမက်၊ မခေါ်ရက်သည်၊ သည့်ထက်ဆပွား ကြင်သောအား။ ။မည်သူမပေါ်၊ ပြည့်တတ်ကျော်သည်။ ရှင်တော်တကား ရှင်တော်စား။ ။ဤကား အား - အက္ခရာနှင့်ယှဉ်၍ ချသောကိရိယာ။ ထောင်သင်းမှူးစာ။

ဤကိုမှီး၍ ကြွင်းသော ကိရိယာတို့ကိုလည်း သိအပ်သတည်း။

ထိုကာရန် ကိရိယာတို့နှင့်ယှဉ်၍ ချရသော ဗျည်းကား အ-အက္ခရာကို လှပ်၍ ၃၂-လုံးတည်း။ ထိုတွင် ယ ယှဉ်သင့်သော ဗျည်း ၁၀-လုံး။ ဝ-ယှဉ်သင့်သော ဗျည်း ၃၁-လုံး။ ယ-ဝ အစုံယှဉ်သင့်သော ဗျည်း ၁၀-လုံး။ ဟ ယှဉ်သင့်သော ဗျည်း ၉-လုံး။ ယ ဟ ယှဉ်သင့်သော ဗျည်း ၂-လုံး အားဖြင့် ဤအပြားကိုပင် ယဝရဟ ယှဉ်ဖက်ရာ၏။

၃၇။ သာသနာ့ဝယ်၊ စိုးဆက်နွယ်၊ ဘယ်မျှ မင်းပေါင်းရှိပြီနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....မဇ္ဈိမဒေသတိုက်တွင် သာသနာတော်တည်သည်မှစ၍ ပြုကြသော မင်းဆက်ကို ရှေးဦးစ၍ ပြဆိုပေအံ့....။

"ပရိနိဗ္ဗုတေ စ သမ္ဗာသမ္ဗုဒ္ဓေ အဇာတသတ္တု
စတုဝီသတိဝဿာနိ ရဇ္ဇံ ကာရေသိ"

အစရှိသည်ဖြင့် ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်း၌လာသော အဓိပ္ပါယ်ကား....သဗ္ဗညုဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည့်နောက် ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းသည် ၂၄-နှစ်၊ ၎င်းသား ဥဒ္ဒယဘဒ္ဒမင်းသည် ၁၆-နှစ်၊ ၎င်းသား အနုရုဒ္ဓါမင်းနှင့် ၎င်းသား မုဏ္ဍမင်း ၄-နှစ်စီ၊ ၎င်းသား နာဂဒါသ မင်း ၂၄ နှစ်၊ ၎င်းနောက် လိစ္ဆဝီမင်းရိုးဖြစ်သော သုသုနာဂမင်း ၁၈-နှစ်၊ ၎င်းသား ကာလာသောကမင်း ၂၈-နှစ်၊ ထို့နောက် ညီနောင်တကျိပ်တို့ ၂၂-နှစ်၊ ထို့နောက် နန္ဒာ ၉-ယောက်တို့ ၂၂ နှစ်၊ ထို့နောက် စန္ဒဂုတ္တမင်း ၂၄-နှစ်၊၎င်းသား ဗိန္ဒုသာရမင်း ၂၈-နှစ်၊၎င်းသား သိရီဓမ္မာသောကမင်း အဘိသိက်မခံမီ ၄-နှစ်၊ အဘိသိက်ခံပြီးနောက် ၁၈-နှစ်၊ ဤ ၂၃၆-နှစ်ကား မဇ္ဈိမဒေသ၌ လာသော သာသနာစောင့်မင်းတို့တည်း။

မြန်မာတို့တိုင်း၌ကား.... ဘုရား ပရိနိဗ္ဗာန်စံယူတော်မူပြီးနောက် သာသနာတော်သက္ကရာဇ် အနှစ် ၆၀–ရှိသောအခါ တကောင်းမင်းကြီး၏ သားတော် မဟာသမ္ဘဝမင်းသည် သရေခေတ္တရာပြည် တည်ရာအရပ်နှင့် အနီးဖြစ်သော သကျအင်းတွင် ပျူအပေါင်းကို အုပ်စိုး၍ ၆-နှစ် မင်းပြုသည်။ ၎င်းနောက် စူဠသမ္ဘဝ ၃၅-နှစ် မင်းပြုသည်။

သာသနာတော်သက္ကရာဇ် ၁၀၁-ခုသို့ ရောက်သောအခါ.... မင်းနှစ်ပါး၏ သားဖြစ်သော ဒွတ္တပေါင်မင်းသည် တန်ခူးလဆန်း ၁၀-ရက်၊ တနင်္ဂနွေနေ့တွင် သရေခေတ္တရာမြို့ကိုတည်၍ မင်းပြုသည်။ နှစ်ပေါင်း ၇၀။ ၎င်းသား ဒွတ္တရန်မင်း ၂၂-နှစ်။ ၎င်းသား ရန်ဘောင်မင်း အနှစ် ၅၀။ ၎င်းသား ရန်မန်မင်း အနှစ် ၅၀။ ၎င်းသား ရက္ခန်မင်း ၃၁-နှစ်။ ၎င်းသား ခန်လောင်းမင်း ၃၈-နှစ်။ ၎င်းညီ လက်ခိုင်မင်း ၃၄-နှစ်။ ၎င်းနောက် သီရိခန်မင်း ၂၈နှစ်။ ၎င်းသား သီရိရာဇ်မင်း ၉-နှစ်မင်းပြု၏။ ။ ထိုသီရိရာဇ်မင်းလက်ယက် သက္ကရာဇ် ၄၃၃-ခုရောက်ပြီဖြစ်၍ သက္ကရာဇ်ကိုဖြိုသည်။ မပြိုလေ။ ဤ ၉-ဆက်ကား တရိုးတမျိုးတည်း။

သာသနာ သက္ကရာဇ် ၄၃၃-တွင်သီရိရာဇ်မင်း၏သမက် တေပါးမင်းပြု၏။ စည်းစိမ် ၅၁-နှစ်။ ထို့နောင် သားတော် ပါပိရန်မင်း ၆၆-နှစ်။ ၎င်းသား ရန်မုက္ခမင်း ၁၅-နှစ်။ ၎င်းသား ရန်သိခ်မင်း-၃-နှစ်။ ၎င်းသား ရန်မုဋ္ဌလိန္ဒမင်း ၁၅-နှစ်။ ၎င်းညီ ဘေရိန္ဒမင်း ၁၁-နှစ်။ ၎င်းသား မုဋ္ဌလမင်း ၅-နှစ်။၎င်းညီပုဏ္ဏမင်း ၃-နှစ်။၎င်းနောက် သာခမင်း ၃-နှစ်။၎င်းနောက် သာသိမင်း ၃-နှစ်။၎င်းနောက်

ကန္နမင်း ၁-နှစ်။ ၎င်းနောက် ကံတက်မင်း ၃-နှစ်။ ၎င်းနောက် ဘိဇ္ဇမင်း ၄-နှစ်။ ၎င်းနောက် သုမုန္ဒြီမင်း ၇-နှစ်။ ။ဤသို့ သုမုန္ဒြီမင်း လက်ထက် သက္ကရာဇ် ၆၂၄-ခု ရောက်ပြီဖြစ်၍ အစွန်း ၂-ခုကိုထားလျက် ၆၂၂-ခုသော သက္ကရာဇ်ကို ဒေါဒေါရသ ကိန်းပြု၍ဖို့သည်။ ဖို့ကြွင်းသက္ကရာဇ် ၂-ခုတွင် အတိဘျာမင်းဖြစ်၏။စည်းစိမ် ၃-နှစ်။၎င်းနောက် ညီတော် သုပညာနဂရဆိန္နမင်း ၁၁-နှစ်။ ဤအလုံးစုံကို တွက်စစ်၍ သာသနာတော်နှစ် ၆၃၈-တွင် သရေ ခေတ္တရာပြည် ပျက်စီးသည်။ ဤမြို့၌ မင်းဆက် သတ္တာဗီသ။ သာသနာတော် ၆၃၈-ရှိသည်။ သရေခေတ္တရာမြို့ပျက်သည်တွင် ပျူ၊ ကမ်းယံ၊ မြန်မာ ၃-စု ကွဲ၍ တစုံကို ကျပင်း သူကြီးက ယူလေသည်။ တစုကို သက်တို့က ယူလေသည်။ ပစုကိုကား သုပညာနဂရဆိန္နမင်း၏ တူတော် သမုဒ္ဒရာဇ်မင်းယူ၍ တောင်ညိုတွင် ၃-နှစ်။ ပန်းဟောင်းမြို့တွင် ၆-နှစ်။ မင်းတုန်းမြို့တွင် ၃-နှစ် နေပြီးမှ ဖို့ကြွင်း သက္ကရာဇ် ၂၉ ခု ရောက်သောအခါ ညောင်ဦးနဂါးဘိုစသော ၁၉ ရွာကို ခြုံပြီးလျှင် ယုန်လွတ်ကျွန်း၌ အရိမဒ္ဒနာ ပေါက္ကာရာမဟု သမိုက်၍ ၄၅-နှစ် မင်းပြု၏။၎င်းနောက် ရသေ့ကြောင်မင်း ၁၅-နှစ်။ ၎င်းနောက် ပျူမင်းထီး ၇၅-နှစ်၊ ထီးမင်းယဉ် ၅၇-နှစ်။ ယဉ်မင်းပိုက် ၂၅-နှစ်။ ပိုက်သေလဉ်မင်း ၂၀။ ဤအရိမဒ္ဒနာမြို့၌ မင်း ၆-ဆက်။ နှစ်ပေါင်း ၂၃၇-နှစ်။

သာသနာတော် ၈၈၁-နှစ် သက္ကရာဇ် ၂၆၆-ခုနှစ်တွင်....သေဉ်လည်ကြောင် မင်းဖြစ်၏။ ထိုအခါ တည်ရင်း ၁၉-ရွာကို ဖျက်၍ လောကနန္ဒာအရပ်၌ သိရိပစ္စယာမည်သောမြို့ကို တည်ထောင်၍ နေ၏။ ရတနာမိုးသုံးကြိမ်ရွာ၏။ မဟာဂိရိနတ်မောင်နှမရောက်၍ ပုပ္ပါးတောင်တွင် ထားလေ၏။ မင်းစည်းစိမ် ၄၄-နှစ်။ ၎င်းနောင် ကြောင်ဒူရစ်မင်း ၂၅-နှစ်။သည်ထန်မင်း ၂၆-နှစ်။ မုက္ခမာန် မင်း ၃-လ။ သူရဲမင်း ၅၅-နှစ်။ သာရမ္ဘန်မင်း ၁၇-နှစ်။ သိရိပစ္စယာမြို့တွင် မင်း ၆-ဆက်၊ မြို့သက် ၁၆၇-နှစ်။

သာသနာတော် ၁၀၅၅-နှစ်။ သက္ကရာဇ် ၄၃၃-ခုတွင် သိုက်တိုင်မင်းပြု၏။ ဤမင်းသည် သိရိ-ပစ္စယာမြို့မှ ပြောင်း၍ သမထီးအရပ်၌ တမ္ပဝတီမြို့ကို တည်ထောင်၍ နေ၏။ စည်းစိမ် ၇-နှစ်။ ထို့နောင် သေဉ်လည်ကြောင်မင်း ၁၅-နှစ်။သေဉ်လည်ပိုက်မင်း ၁၅-နှစ်။ ခဲလောင်းမင်း ၁၀-နှစ်။ ခဲလတ်မင်း ၁၂-နှစ်။ ထွန်တိုက်မင်း ၁၃-နှစ်။ ထွန်ပစ်မင်း ၁၆-နှစ်။ ထွန်ခြစ်မင်း ၁၅-နှစ်။ ထို့နောင် ပုပ္ပါးစောရဟန်းမင်း ၂၅-နှစ်။ တမ္ပဝတီမြို့၌ မင်း ၉-ဆက်။ မြို့သက် ၁၂၉-နှစ်တည်း။ ထိုကာလ သာသနာတော် ၁၁၈၄-နှစ်။ ဖို့ကြွင်းသက္ကရာဇ် ၅၆၂-နှစ်ရှိသည်ဖြစ်၍ အထက်ကိန်း မရောက်ပဲ ဖို့ခဲ့သော ၁၄၈-သက္ကရာဇ်တရပ်။ ၆၂၂- သက္ကရာဇ်တရပ်။ ၅၆၀- သက္ကရာဇ်တရပ်။ ဤသုံးရပ်ကို စပ်၍ စီမံသော် အလမ္ဗိကာကိန်းကျ၍ အစွန်း ၂-ခုထားလျက် ၅၆၀-သော သက္က-ရာဇ်ကို ခဆပဉ္စကိန်းပြု၍ ဖို့သည်။

၎င်းနောက် သာသနာတော် ၁၁၈၂-ခု။ ဖို့ကြွင်းသက္ကရာဇ် ၂-ခုတွင် ထိုမင်းသမက် ရွှေအုန်းသီးမင်းဖြစ်၏။ နန်းစံ ၁၁-နှစ်။ ၎င်းနောက် ပိဿုမင်း ၈-နှစ်။ ပိတ်တောင်မင်း အနှစ်-၅၀။ မင်းခွေး ၆-နှစ်။ မြင်းကျွေးမင်း ၁၀-နှစ်။ သိခ်မင်း ၈-နှစ်။ သိန်းခွန်မင်း ၁၀-နှစ်။ ရွှေလောင်းမင်း ၉-နှစ်။ ထွန်တွင်းမင်း ၉-နှစ်။ ရွှေမှောက်မင်း ၂၃-နှစ်။ ထွန်လွတ်မင်း ၁၇-နှစ်။ စောခင်နစ်မင်း ၂၇-နှစ်။ ခဲလူးမင်း ၁၂-နှစ်။

သာသနာတော် ၁၃၈၄။ ဖို့ကြွင်းသက္ကရာဇ် ၂၀၂-ခုတွင် ပျဉ်ပြားမင်း ဖြစ်၏။ ထိုမင်းသည် တမ္ပဝတီမြို့၌ ၃-နှစ်မျှနေခဲ့၍ သက္ကရာဇ် ၂၀၅-ခုတွင် ယခု ပုဂံမြို့ကိုတည်၍ မင်းပြု၏။ နန်းစံ ၉-နှစ်။

ထိုနောက် တန္နက်မင်း ၁၀-နှစ်။ စလေငခွေး ၂၅-နှစ်။သိန်းခိုမင်း ၁၆-နှစ်။ တောင်သူကြီး ၃၃-နှစ်။ ထိုနောင် ကြောင်ဖြူမင်း ၂၁-နှစ်။ ကြည်စိုးမင်း ၆-နှစ်။ စုက္ကတေးမင်း ၂၅-နှစ်။ ထိုနောင် အနော်ရထာမင်း ၃၃ နှစ်။ ဤအနော်ရထာမင်းသည် သာသနာတော်နှစ် ၁၀၆၁-နှစ်၊ သက္ကရာဇ် ၄၁၉-ခုတွင် ရာမညတိုင်း မွန်သုံးရပ်ကို အောင်မြင်၍ ပိဋကတ်သုံးပုံနှင့်တကွ ရဟန်းသံဃာတို့ကိုဆောင်ယူ၍ အရိမဒ္ဒနာမည်သော ပုဂံပြည်ကြီး၌ သာသနာတော်မြတ်ကို တည်စေသည်။

ထိုနောက် သားတော် စောလူး ၂၆-နှစ်။ ကျန်စစ်သားမင်း ၂၅-နှစ်။မြေးတော် အလောင်းစည်သူမင်း နှစ်ပေါင်း ၇၀။ ထိုနောင် မင်းရှင်စော ၁-ရက်။ နရသူ အမည်ရှိသော ကုလားကျမင်း ၃-နှစ်။ မင်းယဉ်နရသိင်္ခ ၃-နှစ်။ ညီတော် နရပတိစည်သူ ၃၃-နှစ် မင်းပြုသည်။ ဤမင်းလက်ထက် သက္ကရာဇ် ၅၄၃-ခုတွင် သိဟိုဠ်ကျွန်းမှ တာမလိတ္တိသား သီဝလိထေရ်။ ကမ္ဘောဇသား တာမလိန္ဒထေရ်။ ကိဉ္စိပူရသား အာနန္ဒာထေရ်။ လင်္ကာဒီပသား ရာဟုလထေရ်။ ကုသိနာမြို့ကျေးလက်သား ဆပဒထေရ်တို့ ရောက်လာ၍ သာသနာတော်ကို ပြုစုသည်။ ထို့နောင် သားတော် ဇေယျသိင်္ခ ၂၂-နှစ်။ ကျစွာမင်း ၁၅-နှစ်။ ဥဇနာမင်း ၆-နှစ်။ နရသီဟပတေ့မည်သော တရုတ်ပြေးမင်း ၄၄-နှစ်။ ၎င်းသား ကျော်စွာမင်း ၁၆-နှစ်။ ထို့နောက် စောနစ်မင်း ၃၀-နှစ်။ စောမွန်နစ်မင်း ၃၀။ ဤသို့လျှင် ပုဂံမြို့၌ မင်းပျဉ်ပြားမှစ၍ စောမွန်နစ်တိုင်အောင် ၂၃-ဆက်။ မြို့သက် ၅၂၅-နှစ်။ သမုဒ္ဒရာဇ်မင်းမူသည်မှ စ၍ပေါင်းသော် မင်းဆက် ၅၀။ မြို့သက် ၁၂၆၁-နှစ်ရှိသတည်း။

သာသနာတော် ၁၀၄၄-နှစ်။ သက္ကရာဇ် ၆၆၂-ခုတွင်—ပုဂံမင်းကျော်စွာကို နန်းကချ၍ ပြော့သင်္ခဘိုသား ရာဇသင်္ကြံ, အသင်္ခယာ, သီဟသူ ဟူသော အမတ် ၃-ဦးတို့သည် မင်းပြိုင်ပြုကြ၏။ ထိုအခါ မြင်စိုင်းမြို့၌ ရာဇသင်္ကြံနေ၏။ မက္ခရာမြို့၌ အသင်္ခယာ နေ၏။ ပင်လယ်၌ သီဟသူ နေ၏။ ပုဂံတွင်လည်း နန်းရိုးအတိုင်းပင် ရှိစေသည်။ ထို့ကြောင့် ပုဂံတနန်း,မြင်စိုင်းတနန်း, မက္ခရာတနန်း, ပင်လယ်တနန်းအားဖြင့် ၄-နန်း ၄-ပြည်ထောင်ရှိ၏။ ၁၂-နှစ်ကြာသောအခါ ပင်လယ်မင်း သီဟသူသည် နောင်တော်နှစ်ပါးကို ဆေးခတ်၍ အန္တရာယ်ပြု၏။နောင်တော်တို့ မရှိလျှင် အလုံးအရင်းကို သိမ်းယူ၍ မြင်စိုင်းကို မင်းပြု၏။ တိုကနေ၍ အင်းဝမြို့ကို ၄-ကြိမ်တိုင်အောင် တည်ထောင်သည်။ မဖြော်လေ။ တကြိမ်ကား ဘီလူးဖျက်၏။ တကြိမ်ကား ရေလိပ်ဖျက်၏။ တကြိမ်ကား ငါးကြီးအိမ်ကို တက်၍ နေသောကြောင့်ပျက်၏။ တကြိမ်ကား ရေဖျက်၏။ ထို့နောက် သာသနာတော် ၁၀၅၆-နှစ်။ သက္ကရာဇ် ၆၇၄ ခု။ တပေါင်းလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ ည၌တချက်တီးကျော် ၅ နာဍီ၊အဿလိဿ မွန်းတည့်အချိန်တွင် ဝိဇယပုရမည်သော ပန်းယမြို့ကိုတည်၍ မင်းပြု၏။နန်းစည်းစိမ် ၁၀-နှစ်။၎င်းသား ဥဇနာ ၂၀။၎င်းညီ ငါးစီးရှင်ကျော်စွာ ၉-နှစ်။၎င်းသား ကျော်စွာ ၁၀-နှစ်။ ၎င်းညီ နရသူ ၃ နှစ်။ ၎င်းနောင်တော် ဥဇနာ ၃ လ မင်းပြု၏။

ပန်းယမြို့တည် သီဟသူမင်း သားတော်အငယ် အသင်္ခယာစောယွမ်းသည် သာသနာတော် ၁၀၆၆-နှစ်။ သက္ကရာဇ် ၆၄၀-ခု။ တပေါင်းလဆန်း ၆-ရက်။ ကြာသပတေးနေ့။အဿလိဿ မွန်းတည့်အချိန်တွင် ဇေယပုရမည်သော စစ်ကိုင်းမြို့ကိုတည်၍ မင်းသီးပြု၏။ စည်းစိမ် ၀ နှစ်။၎င်းနောင်တော် တရဖျားကြီး ၃-နှစ်။ သား ရွှေတောင်တက် ၃-နှစ်။ စောယွမ်းသား ကျစွာမင်း ၅-နှစ်။ညီတော် မင်းရဲကြီး ၀-နှစ်။ ဆင်ဖြူ့ရှင်တရဖျားငယ် ၅-နှစ်။ ယောက်ဖတော် မင်းပြောက် ၁၀-နှစ်။စစ်ကိုင်းမြို့၌ မင်း ၇-ဆက်။ မြို့သက် ၄၂။ ပန်းယမြို့၌ နရသူမင်း စည်းစိမ် ၃-နှစ်။ စစ်ကိုင်းမြို့၌ မင်းပြောက် ၁၀-နှစ်ရှိသောအခါ မောရှမ်းတို့ဖျက်၍ နှစ်ပြည်ထောင်လုံး ပျက်စီးသည်။

သာသနာတော် ၁၉၀၈-ခုနှစ်။ သက္ကရာဇ် ၇၂၆-ခုတွင် တကောင်းမင်းရိုး သတိုးမင်းဖျားကို မင်းမြှောက်၍ တပေါင်းလဆန်း ၆-ရက်၊ အင်္ဂါနေ့ နက္ခတ် ၂၆-လုံးတွင် ရတနာပုရအဝမြို့ကို တည်ထောင်၍ သတိုးမင်းဖျား မင်းပြု၏။ မင်းစည်းစိမ် ၃-နှစ်။ ထို့နောက် ယောက်ဖတော် မင်းကြီးစွာစော်ကဲ ၃၃-နှစ်။ ၎င်းသား ဆင်ဖြူရှင်တရဖျား ၅-လ။ ထို့နောင် ညီတော် ပဥ္စမ မင်းခေါင်ကြီး ၂၁-နှစ်။ ၎င်းသား ဆင်ဖြူရှင် သီဟသူ ၃-နှစ်။ ၎င်းသား မင်းလှငယ် ၃-လ။ တရဖျားသား ကျေးတောင်ညို ၇-လ။ မိုးညှင်းမင်းတရား ၁၃-နှစ်။ ထိုအခါ သက္ကရာဇ် ၈၀၀-ပြည့်၍ အစွန်း ၂-ခုထားလျက် ၇၉၈-ကို ပဿျှဆိဒြမုနိကိန်းပြု၍ ဖြိုသည်။ မင်းအာဏာငယ်သောကြောင့် မပြိုပဲ အရှည်အတို ကွဲ၍ ဖြစ်လေ၏။

ထို့နောက် သာသနာတော် ၁၉၈၃-ခုနှစ်။ သက္ကရာဇ် ၈၀၁-ခုတွင် သား မင်းရဲကျော်စွာ မင်းဖြစ်၏။ စည်းစိမ် ၁-နှစ်။ ၎င်းနောက် ညီတော် ထူပါရုံ ဒါယကာ နရပတိ ၂၆-နှစ်။ ၎င်းသား ပြည်စုန်မင်း ၁၂-နှစ်။ ၎င်းသား ဒုတိယမင်းခေါင် ၂၂-နှစ်။ သားရွှေနန်းကျော့ရှင် ၂၅-နှစ်။ထိုမင်း လက်ထက် သက္ကရာဇ် ၈၈၈-ခုတွင် မိုးညှင်းရှမ်းတို့တိုက်ဖျက်၍ အင်းဝမြို့ ပျက်စီးချေသည်။မင်းညီ မင်းသား မင်းဆွေစိုးမျိုးတို့သည် တောင်ငူအရပ်သို့ ရောက်ကြလေကုန်သည်။ အင်းဝမြို့တွင် မိုးညှင်းရှမ်း သိုဟန်ပွားသည် သက္ကရာဇ်ရှည် ၈၈၈-ခုကစ၍ မင်းပြုသည်။ စည်းစိမ် ၁၅-နှစ်။ ၎င်းနောက် အုန်းဘောင် ခုံမှိုင်းစော်ဘွား ၆-နှစ်။ ၎င်းသား မိုးဗြဲနရပတိ ၄-နှစ် မင်းပြုသည်။ သက္ကရာဇ် ၉၁၃-သို့ ရောက်သောအခါ စော်ဘွားကို စလင်းမင်း စည်သူကျော်ထင် တိုက်ဖျက်၍ နိုင်ရာတွင် နရပတိ အမည်ခံ၍ မင်းပြု၏။ စည်းစိမ် ၃-နှစ် ရှိသောအခါ ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီးတိုက်၍ အောင်တော်မူလျှင် ညီတော် သတိုးမင်းစောကို ဘုရင်ခံနှင့် ထားတော်မူသည်။ စည်းစိမ် ၃၂-နှစ်။ ထိုနောက် မင်းရဲကျော်စွာ ၇-နှစ်။ ထို့နောက် သာသနာတော် ၂၁၄၂-နှစ် သက္ကရာဇ် ၉၆၀-ပြည့်သောအခါ ညောင်ရမ်းမင်းတရား အင်းဝမြို့ကိုသိမ်းယူ၍ မင်းပြုတော်မူ၏။ စည်းစိမ် ၈-နှစ်။ ထို့နောက် သားတော် အနောက်ဖက်လွန်မင်း ၂၄-နှစ်။ ၎င်းညီ သာလွန်မင်း ၁၈-နှစ်။ ၎င်းသား မင်းရဲရန္တမိတ် ၁၃-နှစ်၊ ညီတော် ပြည်မင်း ၁၁-နှစ်။၎င်းသား အိမ်ရှေ့မင်း ၆-လ။ ညီတော် မင်းရဲကျော်ထင် ၂၆-နှစ်။ မာရ်အောင်ရတနာ ဒါယကာ ၁၆-နှစ်။ မှန်နန်းရှင် ၁၉-နှစ်။ ထို့နောက် ထိပ်မိုးထိပ်ပန်း ဘုရားဒါယကာ ၁၈-နှစ်။ ဤမင်းလက်ထက် သက္ကရာဇ် ၁၁၁၃-ခုတွင် အောက်ပြည် မွန်တို့တိုက်၍ ၎င်းသက္ကရာဇ် တန်ခူးလဆန်း ၇-ရက်။ အင်္ဂါနေ့။ အဝမြို့ပျက်သည်။ ၉-ရက်။ ကြာသပတေးနေ့ ဘုရင်နှင့်တကွ ဟံသာဝတီက ရလေသည်။

ရတနာပုရ ပျက်စီးသည့်နောက် သာသနာတော် ၂၂၉၇-ခုနှစ်။ သက္ကရာဇ်ရှည် ၁၁၁၅-ခုသို့ ရောက်သောအခါ အလောင်းမင်းတရားကြီးသည် မုဆိုးဘိုအရပ်တွင် ရတနာသိင်္ခမည်သော ကုန်းဘောင်မြို့ကိုတည်၍ မင်းပြုသည်။ စည်းစိမ် ၇-နှစ်။ ထို့နောင် သားတော်အိမ်ရှေ့မင်း ၃-နှစ်။ ထို့နောင် ညီတော် ဆင်ဖြူရှင် ၁၃-နှစ်။ ဤဆင်ဖြူရှင်မင်းသည် ကုန်းဘောင်မြို့မှပြောင်း၍ အင်းဝမြို့မှာနေသည်။ ထို့နောင် သားတော် စဉ့်ကူးစားမင်း ၅-နှစ်။ ထို့နောင် အိမ်ရှေ့မင်းသား ဖေါင်းကားစား ၇-ရက်။ ထို့နောင် အလောင်းမင်းတရားကြီး သားတော် ဗဒုံမင်းသား မင်းဖြစ်၏။ ထိုမင်းသားသည် မန္တလေးအရပ်သို့ပြောင်း၍ သာသနာတော် ၂၃၂၆-ခု၊ သက္ကရာဇ်ရှည် ၁၁၄၄-ခု၊ တန်ဆောင်မုန်းလတွင် အမရပုရမြို့ကိုတည်၍ မင်းပြုသည်။ ဗဒုံမင်းနန်းစည်းစိမ် ၁၅ နှစ်ရှိ၍ သာသနာတော် ၂၃၄၀-ဇေ့သောအခါ အနောက်ဖက်တိုက်၊ကြည့်ကန်ရွာ ဘုံသာထွန်းကျောင်းနေ "ရှင်နန္ဒာဘိဓဇ"သည် ဤ စွယ်စုံကျော်ထင်ပုတ္တာကို ရေးဓါ်ဟုဖြေ။

သာသနာတော်၌ မင်းပြုခဲ့သော မင်းဆက်ကိုပေါင်းသော် မဇ္ဈိမဒေသ၌ ၂၉ ဆက်။ ငါတို့ မြန်မာတိုင်း၌ မဟာသမ္မတမင်းမှစ၍ ဗဒုံမင်းတိုင်အောင် ၁၃၃ ဆက် ရှိပြီဟု ဖြေဆိုအပ်၏။

ဤအကျဉ်းချုပ်ကိုဖြေလျှင် ပြီးသင့်လှက် မင်းစဉ်ကိုသွယ်၍ အကျယ်ဖြေခဲ့သည်ကား ရာဇဝင်နှင့်စပ်၍ မေးသော နောက်နောက်ပုစ္ဆာဟူသမျှ၌ သခေ်မပြေလျှင် သိစေလိုသောကြောင့် တသတ်တည်း ရေးဖြေလိုက်သည်။

၃၈။ ကသစ်သဖွယ်၊ ဥစ်တို့ဝယ်၊ ဘယ်ကြောင့် ခွင်စေ့ မထားသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား... ထိုထိုသောဂြိုဟ်သည် ထိုထိုရာသီ၌ အားရှိသည်ကို ရွေးကောက်၍ ကသစ်,တြိဂုဏ်း,ဥစ်,ပြ ဟူ၍ ထားသည်တွင် မိဿ၌အင်္ဂါ၊ ပြိဿ၌ သောကြာ၊ မေထုန်၌ ဗုဒ္ဓဟူး၊ ကြကဋ်၌ တနင်းလာ၊ သိဟ်၌ တနင်္ဂနွေ၊ ကန်၌ ဗုဒ္ဓဟူး၊ တူ၌ သောကြာ၊ ဗြိစ္ဆာ၌ အင်္ဂါ၊ ဓနု၌ ကြာသပတေး၊ မကရ၌ စနေ၊ ကုံ၌ စနေ၊ မိန်၌ ကြာသပတေး ဤဂြိုဟ်တို့ကို "ကသစ်"ဟု ခေါ်၍ထားခြင်းသည် အား ၇-ပါးတွင် ၂-စိတ် အားရှိသောကြောင့် ဌာနဗလကို စွဲ၍ထားသည်။

ထိုဂြိုဟ်တို့တွင်လည်း မိဿ၌အင်္ဂါ၊ ပြိဿ၌ တနင်းလာ၊သိဟ်၌ တနင်္ဂနွေ၊ ကန်၌ ဗုဒ္ဓဟူး၊တူ၌ သောကြာ၊ ဗြိစ္ဆာ၌ ကြာသပတေး၊ မကရ၌ ရာဟု၊ ကုံ၌စနေ၊ ဤဂြိုဟ်တို့ကို "တြိဂုဏ်း"ဟုခေါ်ခြင်းသည် ၃-စိတ်အားရှိသည်ကိုစွဲ၍ ဌာနဗလအားဖြင့် ခေါ်ဝေါ်သည်။

မိဿ၌ တနင်္ဂနွေ၊ ပြိဿ၌ တနင်းလာ၊ ကြကဋ်၌ ကြာသပတေး၊ ကန်၌ ဗုဒ္ဓဟူး၊ တူ၌ စနေ၊ ဗြိစ္ဆာ၌ ရာဟု၊ မကရ၌ အင်္ဂါ၊မိန်၌ သောကြာ၊ ဤဂြိုဟ်တို့ကို"ဥစ်"ဟု ခေါ်ဝေါ်ခြင်းသည် အလွန်မြင့်သော ၄-စိတ်အားရှိသောကြောင့် စေဋ္ဌဗလကိုစွဲ၍ ခေါ်ဝေါ်လေသည်။ ထို့ကြောင့် ကသစ်မှာ ၁၂-ရာသီ အစေ့ထားရသကဲ့သို့ ဥစ်မှာ ရာသီခွင် စေ့အောင် မထားရ။ ၄-စိတ်အားရှိသင့်သောဌာန၌သာ ထားရသည်ဟုဖြေ။ ။

မိဿ၌ သောကြာ၊ ပြိဿ၌ အင်္ဂါ၊ မေထုန်၌ တနင်းလာ၊ ကြကဋ်၌ ဗုဒ္ဓဟူး၊ သိဟ်၌ ကြာသပတေး၊ ကန်၌ တနင်းလာ၊ တူ၌ အင်္ဂါ၊ ဗြိစ္ဆာ၌ သောကြာ၊ ဓနု၌ တနင်္ဂနွေ၊ မကရ၌ လည်းကောင်း၊ ကုံ၌လည်းကောင်း ရာဟု၊ မိန်၌ တနင်္ဂနွေ၊ ဤသို့ မိတ်အိမ်နေသောဂြိုဟ်တို့သည် တစိတ်အားရှိသော ဒိဋ္ဌဗလကိုစွဲ၍ ထားလေသည်။

မိတ်အိမ်ကေ၊ ဒွယကသစ်၊ သုံးဆစ်တြိဂုဏ်း၊ မြင့်ဆုံးဗလ၊ ဥစ်အိမ်ကျသည်၊ လေးဆ ကောင်းကျိုးပေးသတည်း။ ။

၃၉။ ဆယ့်နှစ်ခွင်ဝယ်၊ ကသစ်ရှယ်၊ ဘယ် အကြောင်းရင်း ဖြစ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား—တဆဲ့နှစ်ရာသီ၌ ရှိသောနက္ခတ် ၂၇လုံးတို့ကို ပါဒ်အားဖြင့်စိတ်သော် ၁၀၈-ပါဒ်ရှိသည်။ ၎င်းပါဒ်စုတို့တွင် မည်သည့်နက္ခတ်၏ ပါဒ်သည်

ကောင်းကျိုးကို ပေးသည်၊ မည်သည့်နက္ခတ်၏ ပါဒ်သည် မကောင်းကျိုးကို ပေးသည်ဟု အကျိုး အပြစ်ကို သိစိမ့်သောငှာ တရာသီတရာသီ၌ ၉-ခု ၉-ခုစီ နဝင်းစောင့်ဂြိုဟ်ပြု၍ပြသည်။ ယင်းသို့ ဖြစ်၍ ၁၀၈ ပါဒ်စေ့အောင် ပြသင့်သော်လည်း တရာသီ တရာသီ၌ တလုံးတလုံး ထားလျှင် ရာသီ၏ အရှင်ဟု မှတ်သား၍ သိနိုင်လောက်ပြီ ဖြစ်သောကြောင့် တဆယ့်နှစ်ခုပင် ထားသည်။

ထို့ကြောင့် ဗြိဟတ်ကျမ်း၌—

ခိတိဇ သိတာ ညစန္ဒြရဝိ သောမျ သိတာ ဝနိဇာ။
သုရဂုရု မန္ဒ သောရိ ဂုရုဝါစ ဂဟာံသကပါ။
အဇ မိဂတော လိစန္ဒြဘဝနာဒိ နဝင်္ဂဝိဓိ။
ဘဝန သမံ သကာဓိပတယော သဂဟာ ကမသော။ ဟုမိန့်၏။

ဤဂါထာကား ၁၇-လုံးဘွဲ့။ န။ဇ။ ဘ။ဇ။ဇ ဂိုဏ်း၊ လဟု ဂရု အစဉ်ရှိသော သင်္ကချိုက် ဆန်းကျမ်း၌လာသော အဒ္ဒွကဂါထာ။

အနက်ကား။ ။ခိတိဇ၊ အင်္ဂါ။ သိတ၊ သောကြာ။ အည၊ ဗုဒ္ဓဟူး။ စန္ဒြ၊ တနင်းလာ။ ရဝိ၊ တနင်္ဂနွေ။ သောမျ၊ ဗုဒ္ဓဟူး။ သိတ၊ သောကြာ။ အဝနိဇော၊ အင်္ဂါ။ သုရဂုရု၊ ကြာသပတေး။ မန္ဒ၊ စနေ။ သောရိ၊ စနေ။ ဂုရုဝါစ၊ ကြာသပတေး။ ဣမေ၊ ဤဂြိုဟ်တို့ကား။ ဂဟာံသကပါ။ နဝင်းအဓိပတိတို့တည်း။ အဇမိဂတောလိ စန္ဒြဘဝနာဒိ။ မိဿ၊ မကရ၊ တူ၊ ကြကဋ္ဋစသည်တို့ ကား။ နဝင်္ဂဝိဓိ၊ နဝင်းအစီအရင်တို့တည်း။ သဂဟာ၊ မိမိဒွါရခွင်မှ။ ကမသော၊ အစဉ်သဖြင့်။ ဘဝနသမံ သကာဓိပတယော၊ ရာသီနှင့်တူသော နဝင်းအဖို့ကို အစိုးရကုန်၏။

ဤဂါထာတွင်—ပဌမပါဒ, ဒုတိယပါဒ၌ အဓိပ္ပါယ်ကား....ကသင်လျှင် ရာသီ၏အရှင်ဟု ဆိုအပ် သော နဝင်း အဓိပတိ ဟူလိုသော်။

တတိယပါဒ၌ အဓိပ္ပါယ်ကား....မိဿ ကသည် ဓနုတိုင်အောင်သော အိမ့်သခင် ကသစ်ကို ချသော နဝင်းတချက်, မကရ ကသည် ကန်တိုင်အောင်သော အိမ့်သခင် ကသစ်ကိုချသော နဝင်းတချက်, တူ ကသည် မေထုန်တိုင်အောင်သော အိမ့်သခင်ကသစ်ကိုချသော နဝင်းတချက်, ကြကဋ္ဋ ကသည် မိန်တိုင်အောင်သော အိမ့်သခင် ကသစ်ကိုချသော နဝင်းတချက်, ဤသို့ဒွါရလေး ခွင်ကစ၍ချသော နဝင်းလေးချက်ပြီးရကား ဒွါရလေးခွင်သည် နဝင်္ဂဝိဓိမည်၏ ဟူလိုသော်။

စတုတ္ထပါဒ၌ အဓိပ္ပါယ်ကား....မိဿ, သိဟ်, ဓနု သုံးရာသီမှာ လက်ရှိသော် မိဿက။ မကရ, ပြိဿ, ကန် သုံးရာသီမှာ လက်ရှိသော် မကရက။ တူ, ကုံ, မေထုန် သုံးရာသီမှာ လက်ရှိသော် တူက။ ကြကဋ္ဋ, ဗြိစ္ဆာ, မိန် သုံးရာသီမှာ လက်ရှိသော် ကြကဋ္ဋကစ၍ အစဉ်သဖြင့် လဒ်အတိုင်း နဝင်းသွားသော် ရောက်သောရာသီနှင့်တူသော နဝင်းအဖို့ကို ထိုရာသီ၌ရှိသော ကသစ်ဂြိုဟ်လျှင် အစိုးရ၏ ဟူလိုသော်။

ထိုသုံးရာသီစီ လက်ရှိသော ယထာရဟ ဒွါရလေးခွင်မှစ၍ နဝင်းသွားရသည်ကို သိစေခြင်းငှါ ဇာတိဒီပိကာကျမ်း၌—

"စရာနံ သတြိကောဏာနံ၊ တစ္စရာချာ နဝံသကာ"ဟူ၍ ဆိုသတည်း။

သတြိကောဏာနံ၊ ဒွါရလေးခွင်မှ ငါးတန် ကိုးတန်သော ရာသီနှင့်တကွကုန်သော။ စရာနံ၊ စရရာသီမည်ကုန်သော ဒွါရလေးခွင်တို့၏။ တစ္စရာချာ၊ ထိုဒွါရလေးခွင်လျှင် အစအဦးရှိကုန်သော။ နဝံသကာ၊ နဝင်းအဖို့တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဤကားအနက်။

အဓိပ္ပါယ်စကားကျကား....မိဿရာသီ၌ ၉ နဝင်းတွင် ပဌမနဝင်းကို အင်္ဂါအစိုးရ၏။ ဒုတိယနဝင်းကို သောကြာ၊ တတိယ နဝင်းကို ဗုဒ္ဓဟူး၊ စတုတ္ထနဝင်းကို တနင်းလာ၊ ပဥ္စမ နဝင်းကို တနင်္ဂနွေ၊ ဆဋ္ဌနဝင်းကို ဗုဒ္ဓဟူး၊ သတ္တမနဝင်းကို သောကြာ၊ အဋ္ဌမနဝင်းကို အင်္ဂါ၊ နဝမနဝင်းကို ကြာသပတေးအစိုးရ၏။ သိဟ်၊ ဓနုရာသီတို့၌လည်း ဤနည်းယူလေ။ ။သတိရှိခဲစွ။ "**စ၊ သာ၊ ရွေ၊ ကူ၊ အင်း၊ ဝ၊ သူ ဆန်၊ ဖြူ၊ တ၊ တင်း၊ ပေး**" ဟူ၍ ဆိုအပ်သောဂြိုဟ်တို့သည် ရာသီစဉ်အတိုင်း အစိုးရသော ကသစ်ဂြိုဟ်နက္ခတ် ပါဒ်စဉ်အတိုင်း အကျိုးကိုပြကြောင်းဖြစ်သော နဝင်းရှင်ဖြစ်ကုန်၏ ဟူလိုသည်။

ကသတ သဒ္ဒါ၊ ကစ္စ သဒ္ဒါတို့သည် ထွန်းပခြင်းအနက်ကို ဟောသည်။ တ-ကို စ-ပြု၍"ကသစ်" ဟု ခေါ်သည်။ မြန်မာဘာသာမှာ ဤရာသီ၌ ထွန်းပသောဂြိုဟ်ဟူလိုသည်။ စကားသဘောတူချင်း နီးအောင်စု၍ ဖြေသည်။ အစဉ်မမှန် မဟူသင့်။

၄၀။ ပရိသတ်ဝယ်၊ နားခြောက်သွယ်၊ ကြီးငယ် ဘယ်မျှစီတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား တရားနာသောသူ၏နားသည် နှလုံးသွင်းကွဲပြားကြသောအားဖြင့် ခြောက်ပါး ပြားသည်။ ခြောက်ပါးဟူသော်ကား....

၁။ မိမိသန္တာန်၌ရှိသော ရာဂ ဒေါသ မောဟ ခေါင်းပါးစိမ့်သောငှါ နာသည်လည်းတပါး။

၂။ သဒ္ဓါ ပညာ သမာဓိ ပွါးစိမ့်သောငှါ နာသည်လည်း တပါး။

၃။ သောက ပရိဒေဝကို လွန်မြောက်နိုင်ခြင်းငှါ နာသည်လည်း တပါး။

၄။ ဒုက္ခဒေါမနဿတို့ ချုပ်ငြိမ်းစိမ့်သောငှါ နာသည်လည်း တပါး။

၅။ မဂ်ဖိုလ်နှင့် လျော်သော ကျင့်ဝတ် ပဋိပတ်ကို သိစိမ့်သောငှါ နာသည်လည်းတပါး။

၆။ သူတပါးတို့၏ ချီးမွမ်းထောမနာကို ရစိမ့်သောငှါ နာသည်လည်းတပါး။

ဤသို့အားဖြင့် ခြောက်ပါးတည်း။

ထိုခြောက်ပါးတို့တွင်-ရှေ့ငါးပါးသော အကြောင်းဖြင့် နာသောသူ၏ နားကို ကြီးသည်ဟု ဆိုအပ်၏။ နောက်ဆုံးအကြောင်းဖြင့် နာသောသူ၏ နားကို ငယ်သည်ဟု ဆိုအပ်၏။ ပါဠိပါဠိကိုလိုမူ ဆက္ကအင်္ဂုတ္တိုရ် ပါဠိတော်၊ ဝင်းအဋ္ဌကထာ စသည်တို့၌ ယူပါလေ။ ကျယ်လှသောကြောင့် အကျဉ်းမျှရေးလိုက်သည်။

၄၁။ ပါရမီဝယ်၊ ပေါင်းသုံးဆယ်၊ ဘယ်ကို ဖြည့်နိုင်ခဲ့သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဥစ္စာ၊ ပြည်ရွာ၊ တိုင်းကား၊ သား၊ မယားကို စွန့်၍ ဖြည့်ခြင်းတည်းဟူသော ဒသပါရမီကိုမျှလည်း ဖြည့်နိုင်ခဲ့၏။ ထိုထက်ကား ခြေ, လက်, မျက်စိ,အင်္ဂါကိုစွန့်၍ ဖြည့်ခြင်းတည်းဟူသော ဒသဥပ ပါရမီကို ဖြည့်နိုင်ခဲ့၏။ ထိုထက် အသက်ကို စွန့်၍ ဖြည့်ခြင်းတည်းဟူသော ဒသပရမတ္ထပါရမီကိုသာလျှင် အလွန်ဖြည့်နိုင်ခဲ့၏ဟု သိရာ၏။

၄၂။ စွန့်ခြင်းငါးသွယ်၊ ဘုရားဝယ်၊ သားငယ် ဘယ်မျှစွန့်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဝေဿန္တရာမင်းကြီးသည် သားတော် ဇာလီ နှင့် သမီးတော် ကဏှာဇိန်ကို ဇူဇကာ ပုဏ္ဏားအား စွန့်ကြောင်းကိုသာ ဇာတ်နိပါတ်တို့တွင် အထင် အရှားလာသည်။ ဤမှ တပါးသောဇာတ်တော်တို့၌ကား သား, သမီးကို စွန့်ကြောင်းကို လာသည် မရှိ။ အဋ္ဌကထာ ပေါ်ရာ အကြောင်းသင့်ရာကိုသာ ဟောတော်မူသော ဇာတ်ပေါင်း ၅၄၇-ဇာတ် တွင်သာ စိစစ်ဖွေရှာ၍ဆိုရသည်။ အဋ္ဌကထာ မပေါ်၍ ဟောတော်မမူသော ဇာတ်ကား အတိုင်း မသိ မရေမတွက်နိုင်ဖြစ်သည်။ ထိုဇာတ်တော်တို့၌ စွန့်သည့်အရာကိုမူကား ဘုရားကိုယ်တော်မှသာ ဟောတော်မူနိုင်ရာချေသည်။ ဤနေရာ၌ ပုစ္ဆာ ၂-ရပ်ကို စကားသဘောတူရာစပ်၍ ဖြေခဲ့သည်။

၄၃။ ကျွန်းသီဟိုဠ်ဝယ်၊ ရာဇ္ဇရှစ်သွယ်၊ ဘယ်သူ တောင်းပန်လေသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> "သမ္ဗောဓိတော အဋ္ဌမေ ဝဿေ ကလျာဏိယံ မဏိအက္ခိကနာဂရာဇေန နိမန္တိတော ဘဂဝါ ပဥ္စဟိ ဘိက္ခုသတေဟိ သဒ္ဓိံ ပရိဝုတော လင်္ကာဒီပမာဂမ္မ ကလျာဏိစေတိယဋ္ဌာနေ ကတေ ရတနမဏ္ဍပေ နိသိန္နော ဘတ္တကိစ္စံ ကတွာ သမန္တကူဋေ ပါဒံ ဒဿေတွာ အဂမာသိ"

ဟူ၍ ဝိနည်းအဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား။ ။ဘုရားသခင်သည် ဘုရားဖြစ်တော်မူသည့်နောက် ရှစ်ဝါမြောက်၌ ကလျာဏီ မြစ်၌နေသော မဏိအက္ခိကနဂါးမင်းသည် တောင်းပန်ပင့်ဖိတ်အပ်သည်ဖြစ်၍ ရဟန်းငါးရာနှင့်တကွ လင်္ကာဒီပသို့ ကြွရောက်တော်မူလျက် ကလျာဏီစေတီ တည်ရာဝယ် ကောင်းစွာ ပြုလုပ်အပ်သော ရတနာမဏ္ဍပ်၌ နေတော်မူ၍ ဆွမ်းသုံးဆောင်ပြီးသော် သမန္တကူဋတောင်သို့တက်၍ ထိုတောင် ထက်၌ ခြေတော်ရာကိုချပြီးမှ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူလာ၏ ဟူလိုသည်။ ဤ၌ မည်သူတောင်း ပန်၍ ခြေတော်ရာချသည်ဟုမလာ။ ၎င်းအဖွင့်ဖြစ်သော သာရတ္ထဒီပနီ၌လည်း အထူးမဖွင့်။ မဟာဝင်စာကိုယ်၌လည်း "ဒဿေသိ သုမနကူဋေ ပါဒံ"ဟူ၍သာလာသည်။ မဟာဝင်ဋီကာ၌ကား သုမန နတ်မင်းနေသောတောင်ဖြစ်၍ သုမနနတ်မင်းပင် တောင်းပန်ကြောင်းကိုလာသည်။ ထို့ကြောင့်။ "သုမနနတ်၊ တောင်းပန်လတ်၍ စက်မြတ်နှံ့ခဲ့ပေသတည်း"ဟု ဖြေအပ်၏။

၄၄။ ဒဟ-ရောဝယ်၊ လှူသူငယ်၊ ဘယ်နာမ် ဆိုထိုက်ပါလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား အခိုက်အတန့်ကို စွဲ၍ဖြစ်သော နာမ်သည် အာဝတ္ထိကနာမ်မည်၏။ ပြယုဂ်ကား 'ဝစ္ဆော'စသည်တည်း။ ဝစ္ဆော၊ နွားငယ်။ ဒမ္မော၊ ဆုံးမသင့်သောနွား။ ဗလိဗဒ္ဒေါ၊ နွားပိုက်။ ဤနာမ်တို့သည် ငယ်သော အခိုက်အတန့်၊ အလတ်သော အခိုက်အတန့်၊ ပျိုသော အခိုက်အတန့်ကို ၍ ဖြစ်သောကြောင့် အာဝတ္ထိကနာမ် မည်သကဲ့သို့ ဒဟရောလည်း သူငယ် အခိုက်အတန့်ကိုစွဲ၍ ဖြစ်ရကား အာဝတ္ထိက နာမ်မည်၏ဟု ဆိုထိုက်သည်။

၄၅။ ကာရကဝယ်၊ ပေါင်းခြောက်သွယ်၊ အဘယ် တရားကိုယ် တို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....''သတ္တိမုချေန ကာရကံ''ဟု ကျမ်းဂန်ဆရာတို့ မိန့်ပေရကား သတ္တိသည် ကာရကမည်၏။ ထိုသတ္တိကား ပရမတ္ထ တရားကို ရှာသော် ကတ္တုကာရကမှာ သွားခြင်း စသော ကိရိယာကို ပြီးစေတတ်သော စေတနာနှင့်တကွသော ဝီရိယ စေတသိက်တည်း။ ကမ္မကာရက စသည်၌ကား ဥပစာဖြင့် ယူရာသည်။

၄၆။ အိုး အမိငယ်၊ နတ်၏နွယ်၊ အဘယ် အာလုပ်ဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...ရှိသေသဖြင့် ခေါ်ဝေါ်အပ်သော သာဒရ အာလုပ်၊ မရှိသေသဖြင့် ခေါ်ဝေါ်အပ်သော အနာဒရ အာလုပ်ဟူ၍ နှစ်ပါးရှိသည်တွင် အိုးအမိငယ်ဟု ခေါ်ဝေါ်ခြင်းသည် သာဒရ အာလုပ်တည်း။ ထို့ကြောင့်....

''ဘောဘောတိ သာဒရံ ဉေယျံ၊ ဟေဟေတိ နာဒရံ မတံ''

ဟု မိန့်အပ်၏။

အနက်ကား။ ။ဘောဘောတိ၊ အိုး အိုးဟု ခေါ်သည်ကို။ သာဒရံ၊ သာဒရအာလုပ်ဟူ၍။ ဉေယျံ၊ သိအပ်၏။ ဟေဟေတိ၊ ဟေဟေဟု ခေါ်သည်ကို။ အနာဒရံ၊ အနာဒရ အာလုပ်ဟူ၍။ မတံ၊ သိအပ်၏။

အသက်ရှိသည်ကို ခေါ်ဝေါ်သော သဇီဝ အာလုပ်၊ အသက်မရှိသည်ကို ခေါ်ဝေါ်သော နိဇ္ဇီဝ အာလုပ်ဟူ၍ နှစ်ပါး ရှိသည်တွင် သဇီဝအာလုပ်ဟု သိရာ၏။အသက်မရှိသည်ကို ခေါ်ဝေါ်သော နိဇ္ဇီဝ အာလုပ်သည် အဘယ်၌ ဖြစ်ပါသနည်းဟူငြားအံ့။ ဒုကနိပါတ် မျောက်မင်းဇာတ်၌ ရေဆိပ် ကျောက်ဆောင်ပေါ်က စောင့်နေသော မိကျောင်းကိုစုံစမ်းလို၍ ''ဘော သေလ၊ အို-ကျောက်ဆောင်''ဟု မျောက်မင်း ခေါ်သည်ကို လာ၏။ ဘုရားဖြစ်ဦးစ၌ တဏှာကိုပင် ''ဘော ဂဟကာရက၊ အို-တဏှာယောကျ်ား ပဲခွပ်သမား''ဟု ခေါ်တော်မူသော အာလုပ်တို့ကို ပြရာသည်။

၄၇။ မြောက်၍သွယ်သွယ်၊ ယူစဖွယ်၊ အဘယ် သင်္ချာပေတို့နည်း။

၄၈။ သင်္ချာတို့ဝယ်၊ မှတ်စဖွယ်၊ ဘယ်မျှ အပြားရှိသနည်း။

ဟူသော အမေးပုစ္ဆာ နှစ်ခု၌ အဖြေ ဝိသဇ္ဇနာကား... ရေတွက်အပ်သော ဝတ္ထုကို ရေတွက်ခြင်းသည် သင်္ချာမည်၏။ ထို သင်္ချာသည် မိဿက သင်္ချာ, ဂုဏိတသင်္ချာ, သမ္ဗန္ဓသင်္ချာ, သင်္ကေတသင်္ချာ, အနေကသင်္ချာ အားဖြင့် ငါးပါး အပြားရှိ၏။ ထိုငါးပါးတို့တွင် ရော၍ ယူအပ်သော သင်္ချာသည် မိဿက သင်္ချာမည်၏။ ပုံကား စတုဒ္ဒသ၊ ပန္နရသ၊ သောဠသ စသည်တည်း။ ဤ၌ စတုစသည်နှင့် ဒသကို ရော၍ ယူအပ်သောကြောင့် မိဿက သင်္ချာမည်၏။

မြောက်၍ယူအပ်သောသင်္ချာသည် ဂုဏိတသင်္ချာမည်၏။ ပုံကား သတသ ဒွိကံ ဒွိသတံ၊ စတုသင္ခိ ဝေတိယော စသည်တည်း။ ဤ၌ သတကိုဒွိနှင့်မြောက်၍ ယူအပ်သောကြောင့် လည်းကောင်း၊ သင္ခိကို စတုနှင့်မြောက်၍ ယူအပ်သောကြောင့်လည်းကောင်း ဂုဏိတသင်္ချာမည်၏။

စပ်၍ ယူအပ်သောသင်္ချာသည် သမ္ဗန္ဓသင်္ချာမည်၏။ ပုံကား အဋ္ဌင္ဂိသတ သဟဿုဗ္ဗေဓော ဂိရိရာဇာ စသည်တည်း။ ။ဂိရာဇာ၊ မြင်းမိုရ်တောင်မင်းသည်။ အဋ္ဌသင္ဂိသတသဟဿုဗ္ဗေဓော၊ တသိန်း ခြောက်သောင်း ရှစ်ထောင် အစောက်ရှိ၏။ဤပြယုဂ်၌ အဋ္ဌ ဟူသောသင်္ချာ၊ သင္ဂိဟူသောသင်္ချာ၊ သတဟူသောသင်္ချာကို သဟဿဟူသောသင်္ချာနှင့် စပ်၍ ယူအပ်သောကြောင့် သမ္ဗန္ဓသင်္ချာမည်။

(မိဿကမှာ သင်္ချာနှစ်ပါးလည်းကောင်း၊ သုံးပါးလည်းကောင်း ရော၍ယူရသည်။ သမ္ဗန္ဓမှာ တခုသော သင်္ချာပုဒ်ကို အများနှင့် အသီးသီး စပ်ရသည်။ ဤကားအထူး)

လောကအမှတ်အားဖြင့် ခေါ်ဆိုအပ်သော သင်္ချာသည် သင်္ကေတသင်္ချာမည်၏။ ပုံကား ကာဠိ၊ နဟုတံ၊ လက္ခံ စသည်တည်း။ ။ကာဠိ၊ တထောင်။ နဟုတံ၊ တသောင်း။ လက္ခံ၊ တသိန်း။ ။ဆန်းဆရာအလိုအားဖြင့်။ မေရု၊ တခု။ ပါဒ၊ နှစ်ခု။ ယာမ၊ သုံးခု။ သမုဒ္ဒ၊ လေးခု။ ပါဏ၊ ငါးခု။ ဥတု၊ ခြောက်ခု။ ရသ၊ ခြောက်ခု။ သဝ၊ ခုနစ်ခု။ ပဿျ၊ ရှစ်ခု။ ဆင်ဒြ၊ ကိုးခု။ ဤသို့စသည်တည်း။ ဤ၌ လောကအမှတ်အားဖြင့် ဆိုအပ်သောကြောင့် သင်္ကေတသင်္ချာမည်၏။

များသောအားဖြင့် ဆိုအပ်သောသင်္ချာသည် အနေကသင်္ချာမည်၏။ ပုံကား သတတေဇော၊ သဟဿ ရံသိ စသည်တည်း။ ။သတတေဇော၊ အရာမကသောတန်ခိုး၊ သဟဿရံသိ၊ အထောင်မကသောရောင်ခြည်။ ဤ၌ များသောအားဖြင့် ဆိုအပ်သောကြောင့် အနေကသင်္ချာမည်၏။

ဤသို့ ကစ္စည်းကျမ်း, ဆန်းကျမ်းတို့၌ လာသည်ကို ထောက်သဖြင့် မြောက်၍ယူအပ်သော သင်္ချာသည် ဂုဏိတသင်္ချာမည်၏။ သင်္ချာအပြားကား ငါးပါးရှိ၏ဟူ၍ ဤပုစ္ဆာနှစ်ရပ်၌ ယူအပ်၏။

၄၉။ ဝိရတီသုံးသွယ်၊ မဂ်စိတ်ဝယ်၊ ဘယ်ကို အာရုံပြု၍ ဖြစ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—"မဂ္ဂသမ္ပယုတ္တာ ဝိရတိ သမုစ္ဆေဒဝိရတိ နာမ" ဟူသော အဋ္ဌသာလိနီနှင့်အညီ မဂ်စိတ်ကိုရသည်နှင့် တပြိုင်နက်ဖြစ်သော ဒုစရိုက်ကို ကြဉ်ခြင်း ဟူသော ဝိရတီသည် တရားအရင်းမှ အကြွင်းမဲ့ဖြတ်သည်ဖြစ်၍ သမုစ္ဆေဒဝိရတီမည်၏။ ထိုဝိရတီ သည် လောကီစိတ်၌ ယှဉ်သောအခါကဲ့သို့ ရှောင်ကြဉ်အပ်သော ဝိရမိတဗ္ဗဝတ္ထုကို အာရုံပြု၍ ကြဉ်ရသည် မဟုတ်၊ အပင်ကိုခုတ်သဖြင့် အရွက်အသီး ပျက်စီးခြင်းဖြစ်သကဲ့သို့ အရင်းဖြစ်သော အကုသိုလ်ကို ပယ်သဖြင့် ဒုစရိုက်ကင်းခြင်း ဖြစ်ရကား မဂ်လေးပါး၏ အာရုံဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်၏ဟု ဖြေ။

၅၀။ နှာခေါင်းအလယ်၊ လေနှစ်သွယ်၊ ဘယ်ဇာတွင် ဖြစ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

"ကာယသင်္ခါရောတိ စိတ္တသမုဋ္ဌာနော အဿာသပဿာသဝါတော။ သော စိတ္တဿ ဥပ္ပါဒက္ခဏေယေဝ ဥပ္ပဇ္ဇတိ။ န ဌိတိက္ခဏေ ဝါ ဘင်္ဂက္ခဏေ ဝါ၊ သော စိတ္တသမုဋ္ဌာနရူပဿ ဓမ္မတာတိ"

စသည်ဖြင့် သင်္ခေပဝဏ္ဏနာ၌ မိန့်ဆိုသည်။

အနက်ကား။ ။ကာယသင်္ခါရောတိ၊ ကာယသင်္ခါရ ဟူသည်ကား။ စိတ္တသမုဋ္ဌာနော၊ စိတ် ကြောင့် ဖြစ်သော၊ အဿာသ ပဿာသဝါတော၊ ထွက်သက် ဝင်သက်ဖြစ်သော လေတည်း။ သော၊ ထို ထွက်သက် ဝင်သက်ဖြစ်သောလေသည်။စိတ္တဿ၊ စိတ်၏။ဥပ္ပါဒက္ခဏေယေဝ၊ ဥပ္ပါဒက္ခဏ ၌သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဌိတိက္ခဏေ ဝါ၊ ဌီခဏ၌ လည်းကောင်း။ ဘင်္ဂက္ခဏေ ဝါ၊ ဘင်ခဏ၌ လည်းကောင်း။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ သော၊ ထိုသို့ စိတ်၏ ဥပါဒ်ခဏ၌သာ ဖြစ်ခြင်းသဘောသည်။ စိတ္တသမုဋ္ဌာနရူပဿ၊ စိတ်ကြောင့်ဖြစ်သောရုပ်၏။ ဓမ္မတာ၊ သဘောတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အဓိပ္ပါယ်ကား။ ။ကာယသင်္ခါရဟူသည်ကား စိတ္တသမုဋ္ဌာန်ဖြစ်သော ထွက်သက် ဝင်သက် လေတည်း။ ထိုလေသည် စိတ်၏ဥပါဒ်ခဏ၌သာလျှင် ဖြစ်၏။ ဌီခဏ ဘင်ခဏ၌ မဖြစ်။ ဤသို့ ဥပါဒ်၌သာဖြစ်ခြင်းသည် စိတ္တဇရုပ်တို့၏ ဓမ္မတာသဘောပင်တည်းဟူလို။

၅၁။ ထက်နတ်ပြည်လယ်၊ စုတေလွယ်၊ ဘယ့်နှယ် သဂြိုဟ်ကြသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

"စဝမာနာနံ ပန ဒေဝတာနံ အတ္တဘာဝဿ ဂတဂတဋ္ဌာနံ နာမ န ပညာယတိ။ ဒီပသိခါဂမနံ ဝိယ ဟောတိ"

အနက်ကား။ ။စဝမာနာနံ၊ စုတေ့ရွှေလျောကုန်သော။ ဒေဝတာနံ ငှာ၊ နတ်တို့အားကား။ အတ္တဘာဝဿ၊ အတ္တဘောဆို ခန္ဓာကိုယ်၏။ ဂတဂတဋ္ဌာနံ နာမ၊ သေရာအကောင်၊ ထားရာအရပ် မည်သည်။န ပညာယတိ၊ မထင်။ ဒီပသိခါဂမနံဝိယ၊ ဆီမီးလျှံသွားသကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ဤသို့ သက္ကပဉ္စာသုတ် အဋ္ဌကထာလာသည်ကိုထောက်၍ သိရာ၏ဟုဖြေ။

၅၂။ စိတ္တကျမ်းဝယ်၊ မဟောဖွယ်၊ ဘယ်ပြု ဌိကို ထားသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဤပုစ္ဆာဝယ် အချို့စာ၌ "ဘယ်ပြု ဘင်ကို ထား သနည်း"ဟု ရှိကြ၏။ စိတ္တယမိုက် ပါဠိတော်တွင် ဥပါဒ်နှင့် ဘင်ကိုသာဟော၍ ဌိကို မဟောခဲ့သော ကြောင့် ထိုအကြောင်းကိုသာ ပုစ္ဆာပြုရကား "ဘင်ကို"ဟု မဆိုသင့်။ အဖြေကား—

"တတ္ထ ဝုစ္စတေ၊ ယထေဝ ဟိ ဧကခဏ္မွာ ခရဘာဝေပိ ဥပ္ပါဒဘင်္ဂါနံ အညော ဥပ္ပါဒက္ခ- ဏော၊ အညော ဘင်္ဂက္ခဏောတိ။ပ။ဒေသိတော"

ဟု ဋီကာကျော်၌ လာ၏။

အနက်ကား။ ။တတ္ထ၊ ထိုဌိခဏကို မဟောရာ၌။ ပရိဟာရော၊ အဖြေကို။ဝုစ္စတေ၊ငါဆိုဦးအံ့။ ဥပ္ပါဒဘင်္ဂါနံ၊ဥပါဒ် ဘင်တို့၏။ ဧကဓမ္မာခရဘာဝေ၊ တခုသောတရားလျှင် တည်ရာရှိသော အဖြစ် သည်။ သန္တေပိ၊ ရှိသော်လည်း။ ဥပ္ပါဒဘင်္ဂါနံ၊ ဥပါဒ်ဘင်တို့တွင်။ ဥပ္ပါဒက္ခဏော၊ ဥပါဒ်ခဏ သည်။ အညော၊ တပါးတည်း။ ဘင်္ဂက္ခဏော၊ ဘင်ခဏသည်။ အညော၊ တပါးတည်း။ ဣတိ၊ ဤသို့။ ဥပ္ပါဒါဝတ္ထာယ၊ ဥပါဒ်အခိုက်အတန့်မှ။ ဘိန္နာ၊ ပြားသော။ဘင်္ဂါဝတ္ထာ၊ ဘင်အခိုက်အတန့် ကို။ ဣစ္ဆိတာ ယထာ၊ အလိုရှိအပ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဥပ္ပါဒဘင်္ဂါဝတ္ထာဟိ၊ ဥပါဒ် ဘင် အခိုက်အတန့်တို့မှ။ ဘိန္နာ၊ ပြားသော။ ဘိင်္ဂါဘိမုခါဝတ္ထာပိ၊ ဘင်သို့ ရှေးရှုဖြစ်သော အခိုက် အတန့်ကိုလည်း။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်၏၊ သာ၊ ထိုဘင်သို့ ရှေးရှုဖြစ်သော အခိုက်အတန့်သည်။ ဌိတိ နာမ၊ဌိမည်၏။ ပန၊ ယင်းသို့ ဌိရှိသော်လည်း။ပါဠိယံ၊ယမိုက်ပါဠိတော်၌။ဝေနေယျဇ္ဈာသယာ- နုရောဓေတော၊ ဝေနေယျတို့၏ အလိုအား မဆန့်ကျင်သောအားဖြင့်။ နယဒဿနဝသေန၊ မိဂပဒ ဝလဥ္ဇနနည်းကို ပြသည်၏အစွမ်းဖြင့်။သာ၊ ထိုဌိကို။န ဝုတ္တာ၊ မဟောအပ်။ဟိသစ္စံ၊ မှန်၏၊အဘိဓမ္မ- ဒေသနာယံ၊ အဘိဓမ္မာ ဒေသနာသည်လည်း။ ကဒါစိ၊ ရံခါ။ ဝေနေယျဇ္ဈာသယာနုရောဓေန၊ ဝေနေယျတို့၏အလိုအား မဆန့်ကျင်သဖြင့်၊ ပဝတ္တတိ၊ ဖြစ်၏။ ယထာ၊ အဘယ်ကဲ့သို့နည်း ဟူမူ ကား။ ရူပဿ၊ ရုပ်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းတခုကို။ ဥပစယသန္တတိတိ၊ ဥပစယ,သန္တတိ ဟူ၍။ ဒွိဓာ၊ နှစ်ပါးအပြားဖြင့်။ ဘိန္ဒိတွာ၊ ခွဲ၍။ ဒေသိတော ယထာ၊ ဟောအပ်သကဲ့သို့တည်း။ ဤပါဠိအနက် ဖြင့် သိရသည်ဟူပေ။

၅၃။ မုတ်ဆိတ်ကျင်စွယ်၊ လူတို့နှယ်၊ နတ်ဝယ် ပေါက်ရောက်လေလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....နတ်ဟူသည်ကား ဘုမ္မစိုးနတ် အာကာသစိုးနတ် ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် လူတို့၏တည်ရာမြေ၌ ဗိမာန်ဖြင့်သော်လည်းကောင်း

သစ်ပင်တောင်လိုဏ်စသည်၌သော်လည်းကောင်း နေသော သာတာဂိရိနတ်၊ ဟေမဝတနတ်၊ ပရ-မေသုရာနတ်၊အာဠဝကနတ် စသည်တို့သည် ဘုမ္မစိုးနတ် မည်ကုန်၏။ထိုနတ်မျိုးကိုပင် သစ်ပင်ဗိမာန်၌နေသည်ကို စွဲ၍ ရုက္ခစိုးနတ် ဟူ၍လည်း ခေါ်ဝေါ်ကုန်၏။အထက်နတ်ပြည်ခြောက်ထပ်၌ နေသောနတ်တို့သည် အာကာသစိုးနတ် မည်ကုန်၏။ ထိုအာကာသစိုးနတ်တို့တွင် စာတုမဟာရာဇ်နှင့် တာဝတိံသာသည် ပဗ္ဗတဋ္ဌကနတ်, အာကာသဋ္ဌနတ်အားဖြင့် နှစ်မျိုးပြား၏။ မြင်းမိုရ်တောင် ပဉ္စမအာ-လိန်အပြင်၌နေသော စာတုမဟာရာဇ် နတ်သည်လည်းကောင်း မြင်းမိုရ်တောင်ထိပ်၌နေသော တာဝတိံသာ နတ်သည်လည်းကောင်း ပဗ္ဗတဋ္ဌက နတ်မည်၏။ ထိုနတ်တို့နှင့် တပြင်တည်း ဝန်းသောကောင်းကင်၌ ယက်ဝန်းကျင်မှ စကြဝဠာတောင်ခိုက်အောင် တည်နေသော နတ်တို့သည် အာကာသဋ္ဌနတ် မည်ကုန်၏။ ယာမာစသော အထက်နတ်ဘုံတို့၌ကား အာကာသဋ္ဌ နတ်သာဖြစ်သည်။

ထိုနတ်တို့တွင် မြေကိုမှီ၍နေသော ဘုမ္မစိုး ရုက္ခစိုးနတ်တို့မှာ သန္ဓေအားဖြင့် အချို့လည်း ဂဗ္ဘသေယျက,အချို့လည်း သံသေဒဇ,အချို့လည်း ဥပပတ်ဖြစ်၍ လူတို့၏အသွင်သဏ္ဌာန်နှင့်မခြားဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား ရှိကြကုန်သည်။ မုတ်ဆိတ်ကျင်စွယ်လည်း ရှိကြကုန်သည်။ အဆင်းလည်း အချို့နတ် လှ၏။ အချို့နတ် မလှ။ အချို့နတ် ကြောက်မက်ဖွယ်ရှိ၏။ လုံးရပ်သဏ္ဌာန်လည်း အချို့ ကြီးသည်။ အချို့လည်း လူပမာဏ လောက်ရှိသည်။ ကမ္မဇိဒ္ဓိ တန်ခိုးရှိသောကြောင့် မိမိတို့၏ကိုယ်ကို မြင်စေလိုမှ သူတပါးတို့မြင်ရသည်။ မမြင်စေလိုသော် ကွယ်ဝှက်နိုင်သည်။

အထက် စာတုမဟာရာဇ် တာဝတိံသာ စသော နတ်တို့ကား ဥပပတ် ပဋိသန္ဓေသာ နေကြသည်။ အလွန်နူးညံ့ သိမ်မွေ့သော ကိုယ်ခန္ဓာရှိသည်။ ကိုယ်သဏ္ဌာန်ကား တဂါဝုတ်၊ နှစ်ဂါဝုတ်၊ သုံးဂါဝုတ် ခန့်ပင် ရှိသည်။ ရှုချင်စဖွယ် တင့်တယ်သော အဆင်းရှိသည်။ ထွန်းလင်း တောက်ပသော ကိုယ်ရောင်၊ တန်းဆာရောင် ဗိမာန်ရောင်ရှိသည်။ လူတို့၏ အသွင်သဏ္ဌာန်ကဲ့သို့ ဆံ၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွားရှိကုန်သည်၊ အချို့လည်းဖြူသောအဆင်း၊ အချို့လည်း ရွှေသောအဆင်း၊ အချို့လည်း ပြာလဲ့ အဆင်း၊ အချို့လည်း ခိုးခြေအဆင်းကဲ့သို့ ရှိကုန်၏။ နတ်ယောကျ်ားတို့မှာလည်း မုတ်ဆိတ်ကျင်စွယ် ရောက်ခြင်းစသော ပုရိသလိင်၊ ပုရိသ နိမိတ္တ။ ပုရိသကုတ္တ၊ ပုရိသ အာကပ္ပနှင့် ပြည့်စုံကုန်သည်။ နတ် မိန်းမတို့မှာလည်း ဆံထုံး၊ ဆံစည်း၊စုလည်း၊ မြိတ်လွှတ်ထားခြင်း စသော ဣတ္ထိလိင်။ ဣတ္ထိနိမိတ္တ။ ဣတ္ထိကုတ္တ။ ဣတ္ထိအာကပ္ပနှင့် ပြည့်စုံကုန်သည်။ ထိုနတ်တို့သည် သားသမီးကို တောင့်တလျှင် ရင်ခွင်ထက်၌ ဥပပတ်ဖြစ်လာ၏။ ကြင်ဘက်ဇနီးကို တောင့်တလျှင် အိပ်ရာ ပလ္လင်ထက်၌ ဖြစ်လာ၏။ တန်းဆာဆင်ယင် ပြုပြင်အံ့သော အလုပ်အကျွေးနတ်သမီး နတ်သားတို့သည် အိပ်ယာအနား၌ ဖြစ်လာကုန်၏။ ကျွန် အမှုလုပ် အခြံအရံ တို့သည် ဗိမာန်၏အတွင်း၌ ဖြစ်လာကုန်၏။ အကြင်နတ်တို့သည် ဗိမာန်နှစ်ခု သုံးခုတို့၏ အကြား၌ ဖြစ်လာသည်ကိုမြင်၍ ဗိမာန်ရှင်တို့က သူရသင့် ငါရသင့်ဟု အငြင်းအခုံ ဖြစ်ကြသဖြင့် သိကြားမင်းအထံ၌ အယူခံလေသော် သိကြားမင်းက "အကြင်သူ၏ ဗိမာန်နှင့်နီး၏။ ထိုနီးသော ဗိမာန်ရှင်က ရစေ"ဟု ဆုံးဖြတ်၏။ ဘယ်ဗိမာန်နှင့်မျှ မနီးပဲ အလယ်ကြား၌ ဖြစ်ကုန်အံ့။ အကြင်သူ၏ ဗိမာန်ကို မျက်နှာမူအံ့ ထိုသူကရစေဟု ဆုံးဖြတ်၏။ နှစ်ဦးလုံး၏ ဗိမာန်ကို မျက်နှာမမူပဲ နေအံ့။ ထိုနှစ်ဦးတို့ အငြင်း အခုံ မဖြစ်စိမ့်သောငှါ သိကြားမင်းယူလေသည်။ အဘယ်ကဲ့သို့ နည်းဟူမူကား။ အရှင်အနုရုဒ္ဓါ၏ နှမတော်ရောဟိနီသည် နတ်သား လေးဦးတို့၏

ဗိမာန်ပြင်နား အကြား ပန်းပင်၌ဖြစ်၍ နတ် လေးယောက်ဘို့ လုယူကြရာတွင် သိကြားမင်း သိမ်းယူသကဲ့သို့တည်း။

ဤအကြောင်း အရာကို သက္ကပဥှာသုတ်၊ အာဠာနာဋိယသုတ် ပါဠိတော်၊ အဋ္ဌကထာ၊ ဇိနာ-လင်္ကာရ ဋီကာတို့၌ လာသည်ဖြစ်၍ အထက်နတ်တို့၌လည်း လူတို့ကဲ့သို့ပင် မုတ်ဆိတ် ကျင်စွယ် ပေါက်၏ဟု သိရာသည်။ ။အချို့ ဆရာတို့ကား....

"တွေကဋ္ဌ ကာလံ တေသံ သရီရေ ခဏ္ဍိစ္စ ပါလိစ္စာဒိဝသေန ဝိဝဏ္ဏတာ န ပညာယတိ၊ ဒေဝဓီတာ သောဠသဝဿုဒ္ဒေသိကာ ဝိယ ဒေဝပုတ္တာ ဝီသတိ ဝဿုဒ္ဒေသိကာ ဝိယ"

တွေကဋ္ဌ ကာလံ၊ ဤမျှ နတ်သက် အတိုင်းအရှည်ရှိသော ကာလပတ်လုံး။ တေသံ၊ ထိုနတ်တို့၏။ သရီရေ၊ ကိုယ်၌။ ခဏ္ဍိစ္စပါလိစ္စာဒိဝသေန၊ သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း စသည်တို့၏အစွမ်းဖြင့်။ ဝိဝဏ္ဏတာ၊ အဆင်း၏ဖေါက်ပြန်ခြင်းသည်။ န ပညာယတိ၊ မထင်။ ဒေဝဓီတာ၊ နတ်သမီးတို့သည်။ သောဠသ ဝဿုဒ္ဒေသိကာ ဝိယ၊ တဆဲ့ခြောက်နှစ် အရွယ်ကဲ့သို့။ ခါယန္တိ၊ ထင်ကုန်၏။ ဒေဝပုတ္တာ၊ နတ်သားတို့သည်။ ဝီသတိ ဝဿုဒ္ဒေသိကာဝိယ၊ နှစ်ဆယ်ရွယ်ကဲ့သို့။ ခါယန္တိ၊ ထင်ကုန်၏။

ဤသို့လာသောသက္ကပဥှာသုတ် အဋ္ဌကထာ၌ ခဏ္ဍိစ္စ ပါလိစ္စာဒိဝသေန ပုဒ်တွင် အာဒိဝန်ဖြင့် သင်္ဂြိုဟ်၍ နတ်တို့၌ မုတ်ဆိတ် ကျင်စွယ်မရှိဟု ဆိုကုန်၏။ ထိုစကားသည် ဋီကာ ဂဏ္ဌိတို့၌ မပြသောကြောင့်လည်းကောင်း၊ မုတ်ဆိတ် ကျင်စွယ် စသည်တို့သည်ဝိဝဏ္ဏမဟုတ် ပုရိသလိင် ပုရိသနိမိတ္တ ဖြစ်သောကြောင့်လည်းကောင်း အာဒိဝန်တွင် မဝင်သင့်ဟု ဆိုရမည်။

စာတစောင်၌ဖြေသော အဖြေကား........"မနုဿာနံ ဝိယ ကေသ မဿု နိပိ ဒိဿန္တိ"ဟူ၍ အဋ္ဌကထာလာသောကြောင့် လူတို့ကဲ့သို့ ဆံမုတ်ဆိတ်တို့သည်ပေါက်ရောက်ထင်ရှားသည်သာတည်းဟု သိရသည်။

ဤကိုရည်၍ နေမိပျို့ သောနဒိန်ခန်းတွင် " ရှုတင့်စဖွယ်၊ ကျင်စွယ်ဖါးဖါး၊ မုတ်နားမုတ်ဆိတ်၊ ငြိတ်ရရိတ်သား" ဟူ၍ စပ်တော်မူလေသည်။

၃၄။ အဘယ်ဘုံဝယ်၊ လူတို့နှယ်၊ စံဖွယ် စည်းစိမ်ရှိလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား........

"ဆန္နမ္ပိ ကာမာဝစရဒေဝါနံ ကာမာ ပါကတိကာယေဝ။ မနုဿာ ဝိယ တေ ဒွယံဒွယ-သမာပတ္တိဝသေနေဝ မေထုနံ ပဋိသေဝန္တိ။ ကေဝလံ ပန နိဿန္ဒာဘာဝေါ တေသံ ဝတ္ထာဗ္ဗော"

ဟူ၍ တေရသကဏ်ဋီကာ၌ လာသည်။

အနက်ကား။ ။ဆန္နမ္ပိ၊ ခြောက်ထပ်လည်းဖြစ်ကုန်သော။ ကာမာဝစရဒေဝါနံ၊ ကာမာဝစရနတ်တို့အား။ ကာမာ၊ ကာမဂုဏ်ငါးပါး ခံစားခြင်းတို့သည်။ ပါကတိကာယေဝ၊ လူတို့အလေ့

ပြကတေ့ အတိုင်းပင်တည်း။ တေ၊ ထိုနတ်တို့သည်။ မနုဿာ ဝိယ၊ လူတို့ကဲ့သို့။ ဒွယံဒွယသမာပတ္တိ-ဝသေန၊ နှစ်ဦး နှစ်ဦး မပျော်မွေ့ခြင်းသို့ ရောက်သည်၏အစွမ်းဖြင့်။ မေထုနံ၊ မေထုန်ကို။ ပဋိသေဝန္တိ၊ မှီဝဲကုန်၏။ ကေဝလံ ပန၊ သက်သက်ကား။ တေသံ၊ ထိုနတ်တို့အား။ နိဿန္ဒာဘာဝေါ၊ သုက်သွေးဖြစ်ခြင်း, သားရခြင်း အကျိုးမရှိသောအဖြစ်ကို။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။

အစုံအစုံ မေထုန်မှီဝဲလျက် ဘယ်ကြောင့် သား, သမီး မရသနည်း ဟူမူကား ထိုနတ်တို့၏ သုက်သွေးသည် ပြင်သို့ ထွက်ခြင်းမရှိ ကိုယ်တွင်း၌သာ ငြိမ်းလေသောကြောင့် သား,သမီးမရ။ ဂဗ္ဘသေယျက သန္ဓေမဖြစ်ဟူပေ။

ထိုကြောင့် ၎င်းတေရသကဏ္ဍဋီကာ၌ ..

"ကာမာဝစရာ့အဋ္ဌကထာယံ တာသံ ဒေဝတာနံ သုက္ကဝိဿဋ္ဌိ နာမ နတ္ထီတိ တမှာ ဌာနာ စဝနံ သန္ဓာယ ဝုတ္တန္တိ ဂဟေတဗ္ဗံ"။

အနက်ကား။ ။ကာမာဝစရာ့အဋ္ဌကထာယံ၊ ကာမာဝစရာ့အဋ္ဌကထာ၌။ တာသံ ဒေဝတာနံ၊ ထိုနတ်တို့အား။ သုက္ကဝိဿဋ္ဌိ နာမ၊ သုက်သွေးလွတ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ တံ၊ ထိုစကားကို။ တမှာ ဌာနာ၊ ထိုတည်ရာအရပ်မှ။ စဝနံ၊ ရွေ့သည်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ မိန့်အပ်၏။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏ ဟူ၍မိန့်၏။

ရဟန္တာပုဂ္ဂိုလ်တို့အားလည်းကောင်း, ပြဟ္မာတို့အားလည်းကောင်း သုက်သွေးပင်မရှိပြီ။ ထို့ကြောင့် ၎င်းဋီကာ၌....

"ခီဏာသဝါနံ ပန ပြဟ္မာနဉ္စ သမ္ဘဝေါ နတ္ထီတိ အာစရိယဓမ္မပါလတ္ထေရေန ဝုတ္တံ"ဟု မိန့်အပ်၏။

အနက်ကား။ ။ပန၊ ဝါဒအထူးကို ဆိုဦးအံ့။ ခီဏာသဝါနဉ္စ၊ ရဟန္တာတို့အားလည်းကောင်း။ ပြဟ္မာနဉ္စ၊ ပြဟ္မာတို့အားလည်းကောင်း။ သမ္ဘဝေါ၊ သုက်သွေးသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အာစရိယဓမ္မပါလတ္ထေရေန၊ ဆရာအရှင် ဓမ္မပါလထေရ်သည်။ ဝုတ္တံ၊ မိန့်အပ်၏။

၅၅။ ကျွန်းကြီးကျွန်းငယ်၊ အသွယ်သွယ်၊ ဘယ့်နှယ် အသက်နေလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...

"ဇမ္ဗုဒီပဝါသီနံ အာယုပ္ပမာဏံ နတ္ထိ။ ပုဗ္ဗဝိဒေဟာနံ သတ္တဝဿသတာယုကာ။ အပရ-ဂေါယာနဝါသီနံ ပဉ္စဝဿသတာယုကာ။ ဥတ္တရကုရုဝါသီနံ ဝဿသဟဿာယုကာ။ တေသံ တေသံ ပရိတ္တဒီပဝါသီနမ္ပိ တဒနုဂတိကာဝ"။

ဟူ၍ သံယုတ္တနိကာယ် အဋ္ဌကထာ လာသည်နှင့်အညီ ဇမ္ဗုဒီပါကျွန်းသူတို့၏ အသက် အတိုင်းအရှည်သည် အမြဲမရှိ။ ရံခါလည်း အနှစ် အသင်္ချေရှည်သည်။ ရံခါလည်း ဆယ်နှစ်သာရှည်သည်။

ပုဗ္ဗဝိဒေဟကျွန်းသူတို့၏ အသက်တမ်းကား အနှစ်ခုနစ်ရာ အမြဲရှည်သည်။ အပရဂေါယာဉ်ကျွန်းသူတို့၏ အသက်တမ်းကား အနှစ်ငါးရာ အမြဲရှည်သည်။ ဥတ္တရကုရု ကျွန်းသူတို့၏ အသက်တမ်းကား အနှစ်တထောင် အမြဲရှည်သည်။ ထိုထိုကျွန်းကြီးတို့၏ အရံဖြစ်သော ကျွန်းငယ်တို့၌နေသော သူတို့၏ အသက်တမ်းသည်လည်း ထိုထိုကျွန်းကြီးတို့ကဲ့သို့ပင် ဖြစ်ကုန်သည်။

ဤကား သံယုတ္တနိကာယ် အဋ္ဌကထာပါဌ်၏ အနက်အဓိပ္ပါယ်တည်း။

၅၆။ တုသိတာလယ်၊ တနေ့ငယ်၊ လူ့ဝယ် နှစ်ပေါင်းဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....“မနုဿာနံ ပညာသဝဿာနိ စာတုမဟာရာဇိ-ကာနံ ဒေဝါနံ ဒိနံ”စသည်ဖြင့် ဓမ္မဟဒယ ဝိဘင်းပါဠိတော်၌ လာသောကြောင့် လူတို့၏အနှစ်၅၀-သည် စာတုမဟာရာဇ်နတ်တို့၏ တနေ့ဖြစ်၏။ထိုရက်ကို ၂-ခုမြှောက်၍ စာတုမဟာရာဇ် နတ်တို့၏ ၂-ရက်၊ လူတို့၏ အနှစ်တရာသည် တာဝတိံသာနတ်တို့၏ တရက်ဖြစ်၏။ ထိုရက်ကို ၂ ခုမြှောက်ပြန်၍ တာဝတိံသာနတ်တို့၏ ၂-ရက်၊ လူတို့၏ အနှစ် ၂၀၀-သည် ယာမာနတ်တို့၏ တရက်ဖြစ်၏။ ထိုကို ၂-ခုမြှောက်ပြန်၍ ယာမာနတ်တို့၏ ၂-ရက်၊ လူတို့၏ အနှစ် ၄၀၀-သည် တုသိတာ နတ်တို့၏ တရက်ဖြစ်ရကား တုသိတာ၌ တနေ့ကို လူတို့၏ အနှစ် ၄၀၀ ရှိ၏ဟု သိရာသည်။

၅၇။ ကတ္တားနှစ်သွယ်၊ ဝုစ်လိုက်ဖွယ်၊ သဒ္ဒါငယ် ကျမ်း မြလိမ့်နည်း

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပကတိဝိကတိ စာပိ၊ ယတြ ဝုတ္တံ ဒွယံပိ စ။
ဝါစကော ပကတိသျှံ။ ဂဏှာတိဿာ ပဓာနတော။

ဟူသော ကစ္စာယနသာရပါဌ်နှင့်အညီ အကြင်ဝါကျ၌ ပကတိကတ္တား ဝိကတိကတ္တား နှစ်ပါးရှိအံ့။ ဝါစကဖြစ်သော ကိရိယာသည် ပကတိကတ္တား၏ သချျာသို့လိုက်၍ ဧကဝုစ် ဗဟုဝုစ်ထားရာ၏ ဟူသောစကားသည် အမြဲပင်လောဟုမေးသည်။ အဖြေကား... အမြဲမဟုတ်၊ ယေဘုယျသို့ လိုက်၍သာဆိုသည် “ပရိတ္တာဘာနံ ဒွေကပ္ပါနိ” အစရှိသော ဝါကျတို့၌ ဝိကတိကတ္တား၏သချျာသို့ လိုက်၍ထားသော ကိရိယာလည်း အပ္ပက အားဖြင့် ရှိသေး၏ဟု ဖြေရာ၏။

၅၈။ လေညှင်းသွယ်သွယ်၊ ဖြူဟွာဝယ်၊ အကယ်လာတို့လေလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...စက္ကဝါဠေဿ အဗ္ဘန္တရေယေဝ ဝါတာ ဝါယန္တိ” ဟူ၍လည်းကောင်း။ “ဝေရမ္ဘဝါတာတိ ယောဇနတော ဥပရိ ဝါယနဝါတာ” ဟူ၍လည်းကောင်း

ဝိဘင်းအင္ဂကထာလာသည်နှင့်အညီ စကြဝဠာတောင်၏ အတွင်း၌ သာလျှင် လေပြင်းတို့ လာကုန်သည်။ ထိုဒ္ဓတွင်းတွင်မှ လည်း လူတို့နေရာမှ တယူဇနာ၏အတွင်း၌ လာသော လေဟူသမျှတို့သည် ဝါတမည်သည်။ တယူဇနာ၏ အထက်၌လာသောလေတို့သည် ရန်သူကို မှုန့်မှုန့်ညက်အောင် ဖျက်ဆီးတတ်သောကြောင့်လည်းကောင်း, ပြင်းထန်စွာ လာသောကြောင့် လည်းကောင်း အထူးသဖြင့် မွေ့လျော်ဖွယ်ရာဖြစ်သော ကြောင့်လည်းကောင်း ဝေရမ္ဘလေမည်သည်။ ဘုသဝါတလည်းမည်သည်၊ စကြဝဠာတောင်၏ အထက်၌ကား လေပြင်းမလာ။ ထိုစကြဝဠာတောင်သည်လည်း တာဝတိံသာဘုံနှားသို့ ရောက်ရုံမျှသာမြင့်သည်။ ဗြဟ္မာ့ဘုံသို့မရောက်ချေ။ ထို့ကြောင့် ဗြဟ္မာ့ပြည်၌ လေပြင်းမလာဟု သိအပ်၏။

ဋီကာကျော်၌လည်း သတ္တဝါတို့အား ညှဉ်းဆဲတတ်သော သီတ ဥဏှတို့မရှိ။ ချီးမြှောက်ကာမျှ ဖြစ်သော သီတ ဥဏှတို့သာ ရှိ၏ဟုပြတော်မူခြင်းငှါ....

"န ဟိ တတ္ထ ဥပဃာတကာ သီတာဒယော အတ္ထိ။
ကိဉ္စာပိ ဥပဃာတကာ နတ္ထိ။ အနုဂ္ဂါဟကာ ပန အတ္ထိ"

ဟူ၍ မိန့်သည်ကို ထောက်၍လည်း လေပြင်းမလာကြောင်းကို သိရာသည်။

အနက်ကား— ဟိ၊ ထင်စွာပြဦးအံ့။ တတ္ထ၊ ထိုဗြဟ္မာ့ပြည်၌။ ဥပဃာတကာ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော။ သီတာဒယော၊ အချမ်း အပူစသတ်တို့သည်။ န အတ္ထိ၊ မရှိကုန်။ ဥပဃာတကာ၊ ကပ်၍ နှိပ်စက်တတ်ကုန်သော အချမ်း အပူစသတ်တို့သည်။ ကိဉ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိကုန်၏ ရှင့်။ ပန၊ ယင်းသို့ ဥပဃာတက မရှိသော်လည်း၊ အနုဂ္ဂါဟကာ၊ ထောက်ပင့်တတ်ကုန်သော လေညှင်း လေနု ဥတုသမ သီတုဏှတို့သည်။ အတ္ထိ၊ ရှိကုန်၏။

၅၉။ ဘင်ခဏဝယ်၊ မဖြစ်ဖွယ်၊ အဘယ် ရုပ်ဟု ဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ပဉ္စသတ္တတိဝိဓမ္ပိ စိတ္တံ စိတ္တသမုဋ္ဌာနရူပံ
ဇာယန္တမေဝ သမုဋ္ဌာပေတိ"

ဟူသောသင်္ဂြိုဟ်နှင့်အညီ စိတ္တဇရုပ်တို့သည် ဥပါဒ်၌သာဖြစ်၏။ ဘင်ခဏ၌ မဖြစ်ဟူပေ။

၆၀။ ခဏတိုင်းဝယ်၊ ဖြစ်စဖွယ်၊ ဘယ်မျှ ရုပ်ပေါင်းရှိသနည်း။

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

"ပဋိသန္ဓိမုပါဒါယ ... "ပဉ္စဝီသတိဝိဓမ္ပိ ကုလလာကုသလကမ္မမဘိသင်္ခါတံ အဇ္ဈတ္တိကသန္တာနေ ကမ္မသမုဋ္ဌာနရူပံ ပဋိသန္ဓိမုပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ"

ဟူသောသင်္ဂြိုဟ်ပါဠိနှင့်အညီ ကာမကုသိုလ် အကုသိုလ် ရူပကုသိုလ်အားဖြင့် ၂၅ ပါးသော စိတ်၌ယှဉ်သောကံသည် ကမ္မဇရုပ် ၁၀ ခုကို ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ခဏတိုင်း ခဏတိုင်းဖြစ်စေ၏ဟု ဆိုသောကြောင့် ခဏတိုင်း ခဏတိုင်းဖြစ်သော ရုပ် ၁၀-ပါးရှိ၏ ဟူ၍လည်းကောင်း ၂၀-ရှိ၏ဟူ၍လည်းကောင်း သိအပ်၏။

၆၁။ သားငါးရာကြွယ်၊ တိုမိမယ်၊ မျိုးနွယ် ဘယ်ကပေတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဥပ္ပလဝဏ်၏ အလောင်းဖြစ်သော ပဒုမဝတီ မိဖုရားသည် မဟာပဒုမ မင်းသားကိုအစပြု၍ ငါးရာသောမင်းသားတို့ကို ဖွား၏။ ထိုမင်းသား ငါးရာတို့လည်း အရွယ်သို့ရောက်သောအခါ ပစ္စေကဗုဒ္ဓါချည်း ဖြစ်ကြလေကုန်၏။ ထိုမိဖုရားကား ပဒုမာကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေဖြင့် ဖွားသောသူတည်း။

၆၂။ အာသဝေါဝယ်၊အာ-ကြဲဖွယ်၊ အဘယ် အဝဓိ တို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> အဝဓိအတ္တော စေတ္ထ အာကာရော။ အဝဓိ စ မရိယာဒါဘိဝိဓိဝသေန ဒုဝိဓော။ တတ္ထ အာပါဠလိပုတ္တံ ဝုဋ္ဌော ဒေဝေါတိအာဒီသု ဝိယ ကိရိယံ ဗဟိကတွာ ပဝတ္တော မရိယာဒေါ။ အာဘဝဂ္ဂံ သဒ္ဒေါ အဗ္ဘုဂ္ဂတောတိအာဒီသု ဝိယ ကိရိယံ ဗျာပေတွာ ပဝတ္တော အဘိဝိဓိ။ ဣဓ ပန အဘိဝိဓိမှိ ဒဋ္ဌဗ္ဗော။

ဟူ၍ ဋီကာကျော်၌မိန့်သည်။

အဓိပ္ပါယ်ကား-အာသဝေါဟူသော ပါဠ်၌ အာ, အက္ခရာသည် ကိရိယာကို ပိုင်းခြားခြင်း လက္ခဏာရှိသောကြောင့် အဝဓိမည်၏။ ထိုအဝဓိသည် မရိယာဒအဝဓိ, အဘိဝိဓိအဝဓိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် "အာပါဠလိပုတ္တံ၊ ပါဋလိပုတ်ပြည်တိုင်အောင်။ ဒေဝေါ၊ မိုးသည်။ ဝုဋ္ဌော၊ ရွာ၏" ဟူသော ပြယုဂ်၌ကဲ့သို့ ကိရိယာကို အပပြု၍ဖြစ်သော အဝဓိသည် "မရိယာဒ-အဝဓိ"မည်၏။ အာဘဝဂ္ဂံ၊ ဘဝဂ်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘု-ဂ္ဂတော၊ နှံ့၍တက်၏။ ဤ ပြယုဂ်၌ကဲ့သို့ ကိရိယာကိုနှံ့၍ဖြစ်သော အဝဓိသည် "အဘိဝိဓိအဝဓိ" မည်၏။ ဤ အာဘဝဂ္ဂ ဂေါတြဘုံဟူသော အနက်ပါဠ်၌ အာ, သဒ္ဒါသည် ဘဝဂ်ပါနှံ့၍ ဂေါတြဘူ ပါနှံ့၍ ဖြစ်ရကား အဘိဝိဓိအဝဓိ၌ ဖြစ်သည်ဟူ၍ မှတ်အပ်၏။

၆၃။ သဘောပင်လယ်၊ ကူးသည်ဝယ်၊
အဘယ်နည်းဟု ဆိုပိမ့်နည်း။

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... မဥ္စာ၊ ညောင်စောင်းတို့သည်။ ဃောသန္တိ၊ ကြွေးကြော်ကုန်၏။ ဤပြယုဂ်၌ ဌာနဖြစ်သော ညောင်စောင်းဖြစ်၏ မဥ္စဟူသောအမည်ကို ဌာနီဖြစ်သော လူဖြစ်၌ တင်စားသောအားဖြင့် လူဖြစ်၏ ကြွေးကြော်ခြင်းကိုပင် ညောင်စောင်း ကြွေးကြော်၏ဟူ၍ ဌာနူပစာရအားဖြင့် ဆိုသကဲ့သို့ ထို့အတူ လူနှင့်သဘောမှာလည်း လူသာ ကူးသည်ကို သဘောပင်လယ်သို့ ကူး၏ဟု ဆိုခြင်းသည် "ဌာနူပစာရနည်း"ဟု သိရာ၏။

တနည်းကား။ ။ဿတတ္တိကဿ၊ ထောပတ်ကို အလိုရှိသောသူအား။ ဃဋံ၊ အိုးကို။ အာနယ၊ ဆောင်ခဲ့လော့။ ဤပြယုဂ်၌ အိုးတည်းဟူသော မကင်းရာသည်ကိုဆိုသဖြင့် ထောပတ် တည်းဟူသော မကင်းတတ်သည်ကိုလည်း ရသောကြောင့် နာနန္တရိကနည်းမည်သကဲ့သို့ ထို့အတူ လူနှင့်သဘောမှာလည်း သဘောတည်းဟူသော မကင်းရာသည်ကိုဆိုသဖြင့် လူတည်းဟူသော မကင်းတတ်သည်ကို ရသောကြောင့် "နာနန္တရိကနည်းမည်၏"ဟု သိရာ၏။

၆၄။ အဟိတ်စိတ်ဝယ်၊ ပိတ်ဆီးကွယ်၊
ဘယ်ကြောင့်မဂ္ဂင် မရသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"အဋ္ဌာရသာဟေတုကေသု စ ဟေတုဝိရဟတော မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ"

ဟု ဋီကာကျော် မိန့်သည်နှင့်အညီ အဟိတ်စိတ်တို့၌ ဟိတ်ကင်းသည်၏ အဖြစ်ကြောင့် မဂ္ဂင် တို့ကို မရဟူပေ။

အနက်ကား။ ။အဋ္ဌာရသာဟေတုကေသု စ၊တဆဲ့ရှစ်ပါးကုန်သော အဟိတ်စိတ်တို့၌လည်း။ ဟေတုဝိရဟတော၊ ဟိတ်ခြောက်ပါးကင်းသည်၏ အဖြစ်ကြောင့်။ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်ရှစ်ပါးတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

ဤဋီကာကျော် စကားသည် မထင်ရှားပါ။ ထင်ရှားစွာ ဆိုဦးလော့ဟူငြားအံ့— အလောဘ အစရှိသော ဟိတ်ဘရားတို့မှ သဟဇာတပစ္စည်းကို ရသော်သာလျှင် မဂ္ဂင်ကိစ္စတပ်၏။ မရသော် မတပ်။ ဤအဟိတ်စိတ်၌ အလောဘ အစရှိသော ဟိတ်တရားသည် မရှိခဲ့ရကား မဂ္ဂင်ကို မရ ဟူလိုသည်။

ဝေဖန်၍ပြသော်–သမ္မာဒိဋ္ဌိ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိတို့သည် သောဘနတရား သက်သက်ဖြစ်၍ ပဋိပက္ခဖြစ်သောကြောင့် မရ။ သမာဓိ၊ ဝိတက်၊ ဝီရိယတို့ကို ကား "ဟေတုပတိဋ္ဌာ မဂ္ဂင်" ဟူ၍ အဋ္ဌကထာမိန့်သည်နှင့်အညီ—ဟိတ်တည်းဟူသော မှီရာ တည် ရာကို မရသောကြောင့် မဂ္ဂင်ကိစ္စကို မရဟု ဖြေ။

၆၅။ မဇ္ဈေတိုက်ဝယ်၊ အံ့သြဖွယ်၊ ဘယ်မျှဗောဓိ မြင့်သနည်း

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

"ဗောဓိသတ္တော စုဒ္ဒသ ဟတ္ထေ တိဏသန္ထာရေ တိသန္ဓိ ပလ္လင်္ကံ အာဘုဇိတွာ စတုရင်္ဂဝီရိယံ အဓိဋ္ဌဟိတွာ သုဝဏ္ဏပီဌေ ဌပိတသုဝဏ္ဏက္ခန္ဓံ ဝိယ ပညာသဟတ္ထံ ဗောဓိ-က္ခန္ဓံ ပိဋ္ဌိတော ကတွာ ဥပရိ မဏိဆတ္တေန ဓာရိယမာနာ ဝိယ ဗောဓိသာခါယ ဓာရိယ-မာနာ နိသီဒိ"

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား။ ။ဘုရားလောင်းသည် တဆဲ့လေးတောင်ရှိသော မြက်အခင်းပလ္လင်၌ သုံးပါးသော အစပ်ရှိသော ထက်ဝယ်ကို ခွေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်၍ ရွှေအင်းပျဉ်၌ တင်ထားသော ရွှေတုံးကဲ့သို့ အတောင်ငါးဆယ်ရှိသော ဗောဓိပင်စည်ကို နောက်မှီတံကဲပြု၍ အထက်၌ မြထီးဝန်းဖြန့်သကဲ့သို့ ဗောဓိအခက်ကို ဆောင်းလျက် နေတော်မူ၏ ဟူလိုသည်။

ဤစကား၌ ပင်စည်အတောင် ငါးဆယ်ရှိလျှင် အထက် ခက်မတို့လည်း အတောင်ငါးဆယ်ရှိရာသည်။ ထို့ကြောင့် "အတောင်တရာမြင့်၏" ဟု ယူရာသည်။

> ဗောဓိရုက္ခဿ၊ ဗောဓိပင်၏။ ဩတရဏဟိရော၊ အောက်သို့ သက်သော အမြစ်သည်။ ပညာသဟတ္ထော၊ သံတောင် ငါးဆယ်ရှိ၏။ ခန္ဓော စ၊ ပင်စည်သည် လည်းကောင်း။ သာခါဌာနဥ္စ၊ အခက်ရှိရာအရပ်သည်လည်းကောင်း။ ပညာသဟတ္ထော၊ သံတောင်ငါးဆယ်စီ ရှိ၏။ သဒေါ၊ လုံးပတ်သည်။ တိံသဟတ္ထော၊ သံတောင်သုံးဆယ်ရှိ၏။

ဤသို့ စသည်ဖြင့် ဗောဓိဝိဘာဝနီမည်သော စာငယ်တို့၌ ဆိုသည်။ ထို့ကြောင့် ဗောဓိပင်သည် မြေမှ "သံတောင်တရာ မြင့်၏"ဟူပေ။

၆၆။ သုံးရာ့ခုနစ်ဆယ်၊ သာသနာဝယ်၊ ကြီးကျယ် ဘယ် စေတီတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား–သီဟိုဠ်ကျွန်း၌ ကာကဝဏ္ဏမင်းကြီး၏သားတော်ဖြစ်သော အဘယ ဒုဋ္ဌဂါမဏိမင်းသည် ငါ၏ သာသနာ သုံးရာ့ခုနစ်ဆယ် ပြည့်သောအခါ၌ များစွာသော ဓာတ်တော်အပေါင်းကို ဌာပနာ၍ ပုထိုးကြီးစွာ တည်လိမ့်မည်–ဟု သဗ္ဗညုဘုရားဗျာဒိတ်ကြားကြောင်းကို အရှင်မဟိန္ဒ ရေးခဲ့သော ကျောက်စာကိုတွေ့၍ ၁၈-မင်းပယ်စားသော မြေအရပ်၌ ဟေမမာလာမည်သော စေတီကို တည်လုပ်သည်။ ထို့ကြောင့် သုံးရာ့ခုနစ်ဆယ်သော သာသနာ၌ တည်သည်ကား "သံဟိုဠ်မဟာစေတီတည်း"ဟု သိအပ်၏။

၆၇။ သက်တော်ရှစ်ဆယ်၊ နောက်ကိုသွယ်၊ အဘယ်အင်းက ထွက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား– မဏိဇောတိရသ် အမည်ရသော အာယုခက်အင်းက ထွက်၏ ဟူပေ၊ အကျယ်အဖြေကား နောက်၌ လာလတ္တံ့။

၆၈။ မိဝမ်းထဲလွယ်၊ သားသူငယ်၊ ကျဖွယ် ဝိထိ ဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"အန္တောကုစ္ဆိဂတာ မာတု ပက္ကာသယံ အတ္ထရိတွာ အာမာသယံ ဥက္ခိပိတွာ ဥဒရပဋလံ ပိဋ္ဌိတော ကတွာ ပိဋ္ဌိကဏ္ဍကံ နိဿာယ ဒွိသု မုဋ္ဌိသု ဟနုကံ ဌပေတွာ ဒေဝေ ဝဿန္တေ ရုက္ခသုသိရေ မက္ကဋာ ဝိယ ဥက္ကုဋိကံ နိသီဒန္တိ"....

အစရှိသည်ဖြင့် သာရတ္ထသင်္ဂဟ၌ လာသည်။

အဓိပ္ပါယ်ကား—အမိဝမ်း၌ သန္ဓေယူကုန်သော သူငယ်တို့သည် အမိ၏ အစာဟောင်းအိမ်ကို ခင်းလျက် အစာသစ်အိမ်ကို ထိပ်၌ရွက်၍ အမိဝမ်းရေပြားကို နောက်မှီပြုလျက် အမိ၏ ကျောက်ကုန်းရိုးကို မျက်နှာမူ၍ မိုးသည်းထန်စွာ ရွာသောအခါ သစ်ခေါင်း၌ ဆောင့်ကြောင့်ထိုင်လျက် လက်ဆုပ်နှစ်ခုဖျား၌ မေးထား၍ ကုတ်ခွေကာနေသော မျောက်ငယ်၏ အသွင်ကဲ့သို့ မိခင်ဝမ်း၌ နေရကုန်၏ ဟူလိုသည်။

ဝီထိစိတ်ဖြစ်ဟန်ကိုကား "န ဟိ အန္တောကုစ္ဆိယံ စက္ခုဝိညာဏံ ဥပ္ပဇ္ဇတိ" စသည်ဖြင့်အမိဝမ်းတွင်း၌ စက္ခုဝိညာဉ်စိတ် မဖြစ်ကြောင်းကိုဆိုသည်။ အမိဝမ်း၌ ကိန်းရသော သတ္တဝါအား "အဿာသပဿာသ" ဟူသော ကာယ သင်္ခါရမရှိကြောင်းကို သင်္ခါရယမိုက် ပါဠိတော်,၎င်းအဋ္ဌကထာတို့၌လာသည်။ ထွက်သက်, ဝင်သက်ရှိမှ သဒ္ဒါရုံကို နားတွင်းသို့ရောက်အောင် ဆောင်၍ ကြားစေနိုင်သည်။ ထွက်သက်, ဝင်သက်ရှိမှ ဂန္ဓာရုံကို နှာခေါင်းတွင်းသို့ ရောက်အောင်ဆောင်၍ အနံ့ကိုသိစေနိုင်သည်။ ထွက်သက်, ဝင်သက်ရှိမှ ရသာရုံကို ဇိဝှါသို့ဆောင်၍ အချို အခါးစသော အရသာကို သိနိုင်သည်။ ထွက်သက်, ဝင်သက်မရှိခဲ့သော် ထိုသို့သောကိစ္စကို မဆောင်နိုင်။ မဆောင်နိုင်သော် ထိုဝိညာဉ်သည် မဖြစ်။ မဖြစ်ရှိသော် ထိုဝိညာဉ်လျှင် ပုဗ္ဗင်္ဂမရှိသော တဆဲ့ငါးဝီထိတို့သည် မကျပေရာ။ အပ္ပနာဝီထိ စသည်တို့မူကား အလှန်ဝေးစွ။

ထွက်သက်, ဝင်သက်ရှိလျက် နားမကြားသောသူ။ အနံ့ကိုမသိသောသူတို့ကား အသို့နည်းမေးငြားအံ့—ထို ပသာဒရုပ် ပျက်စီးအောင် ဝါယောဓာတ် လွန်ခြင်းစသည်ဖြင့် နှိပ်စက်၍သာ ဖြစ်လေသည်ဟု မှတ်ရမည်။

ကာယဒွါရ၌ဖြစ်သော တဆဲ့ငါးဝီထိ၊ တဒနုဝတ္တက မနောဒွါရဝီထိ၊ ဝိဘူတာရုံငါးဝီထိ၊ အဝိဘူတာရုံနှစ်ဝီထိအားဖြင့် ခုနစ်ပါးသော သုဒ္ဓမနောဒွါရဝီထိတို့မူကား ယထာရဟ ကျထိုက်၏။ ဘုရားအလောင်း,ပစ္စေကဗုဒ္ဓါတို့၏ အလောင်း,အဂ္ဂသာဝကတို့၏ အလောင်းတော်များလည်း ဝမ်းတွင်း

၌ နေသောအဖြစ် ဆင်းရဲစွာ နေရသောအဖြစ်များကို သိကြောင်းနှင့် ကျမ်းဂန်၌လာသည်။ ထိုသို့ သိသော ပုဂ္ဂိုလ်အား ယခင် ဆိုခဲ့ပြီးသော ကာယဒွါရဝီထိ မနောဒွါရဝီထိတို့သည် ဖြစ်သင့်၏ဟု သိရာသည်။

၆၉။ တနာရီဝယ်၊ နေ-လ-ကြယ်၊ ဘယ်မျှခရီးရောက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....နေမင်း၏ အသွားကို လောကဒီပနီ၌–

"အထ ဣမသ္မိံ ဒီပဝရေ အစ္စုရတ္တိံ အာဒိံကတွာ သူရိယဿ စရဏံ လိတ္တာဝသေန ဝုစ္စတေ။ အစ္စုရတ္တိတော ပဋ္ဌာယ သူရိယော နက္ခတ္တရာသိမဏ္ဍလေန သဟေဝ စရမာနော ဧကေကနာဠိကေ ပရိပုဏ္ဏကာလေ ပဥ္စနဟုတယောဇနေ မဒ္ဒါနံ ဂတော"ဟူ၍ မိန့်အပ်၏။

အဓိပ္ပါယ်ကား—ဤ ဇမ္ဗူဒိပ်ကျွန်းမြတ်၌ သန်းခေါင်အခါကို အစပြု၍ နေမင်း၏ အရောက် ခရီးကို လိတ္တာ၏ အစွမ်းအားဖြင့် ပြဆိုလိုက်အံ့။ သန်းခေါင်အခါမှစ၍ နေမင်းသည် နက္ခတ်ရောက် ရာသီစက်ဝန်းနှင့်တကွ လှည့်လည်လေသော် တနာရီပြည့် ကာလ၌ပင် ခရီးယူဇနာ ငါးသောင်း ငါးသောင်းခန့် ရောက်၏။

တွက်ပုံကား။ ။ရာသီစက်ဝန်း သုံးသန်းကိုတည်၊ နာရီ ၆ဝ စား၊ လဒ်ကား တနာရီရောက် ခရီး ယူဇနာဖြစ်၏။

(လသွားနှင့် ကြယ်သွားကို ကျမ်းဂန်၌မဆို။ ထိုသို့ မဆိုသော်လည်း နေသွားတွက်ပုံကိုမှီ၍ တွက်သဖြင့် သိသင့်သည်သာတည်း)။

ကြယ်သွားကို အသို့တွက်အံ့နည်း ဟူမူကား....နေမင်းသည် ရာသီစက်ကိုမမှီ၍ တနေ့ တနေ့၌ ယူဇနာ ၇၂၁၉ ယူဇနာနှင့် ၃ ဂါဝုတ် ၇၅ ဥသဘ ကျန်ရစ်သည်။ တနာရီသော် ၁၃ဒ ယူဇနာနှင့် ၃ ဂါဝုတ် ၇၅-ဥသဘ ကျန်ရစ်သည်။ ထို့ကြောင့် နေမင်းရောက်သော ယူဇနာ ငါးသောင်းတွင် ၁၃၆-ယူဇနာနှင့် ၃-ဂါဝုတ် ၇၅-ဥသဘကိုရော။ တနာရီ၌ ကြယ်ရောက်သောခရီး ၅ဝ၁၃၆-ယူဇနာ ၃-ဂါဝုတ် ၇၅-ဥသဘဖြစ်၏။

လသွားကို အသို့တွက်အံ့နည်း ဟူမူကား လသည် နေကိုမမှီ၍ တနေ့တနေ့လျှင် ယူဇနာ တသိန်းကျန်ရစ်သည်။ တနာရီလျှင် ၁၆၆၆-ယူဇနာ ၂-ဂါဝုတ် ၅၃-ဥသဘကျန်ရစ်သည်။ ထို့ကြောင့် ၎င်းအကျန်နှင့် နေတနာရီသွား ယူဇနာ ငါးသောင်းတွင်နုတ်၊ အကြွင်း ၄၇၃၃၃- ယူဇနာ တဂါဝုတ် ၂၇-ဥသဘသည် တနာရီ၌ လရောက်သောခရီး အစွန့်ဖြစ်၏။ ဤသို့တွက်၍ သိရမည်။

၇ဝ။ ဂြိုဟ်-နက္ခတ်-ကြယ်၊ တာရာဝယ်၊ ရောက်ဖွယ်တနေ့ ဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....တနင်္ဂနွေမှတပါးသော ဂြိုဟ်နက္ခတ်တို့၏ အသွားအရောက်ကို ကျမ်းဂန်၌မလာ။ တနင်္ဂနွေဂြိုဟ်၏ အသွားအရောက်ကိုသာ....

"ဣမိနာ နယေန သိနေရုံ ပရိဝဋ္ဋိတွာ သင္ဂိနာဠိကာသု သံပုဏ္ဏာသု တိသတသဟဿ-
ယောဇနမဒ္ဓါနံ ဂန္တွာ"

ဟူ၍ လောကဒီပနီ၌ လာသည်။

အဓိပ္ပါယ်ကား—ဤဆိုအပ်ပြီးသောနည်းဖြင့် တနာရီလျှင် ယူဇနာ ငါးသောင်းစီ သွားလျက် မြင်းမိုရ်တောင်ကိုလှည့်လည်၍ နာရီ ၆၀-ပြည့်လတ်သော် ယူဇနာ ၃-သန်းမျှလောက်သော ခရီးအဓွန့်သို့ ရောက်လေ၏ ဟူလိုသည်။

ထိုတနင်္ဂနွေဂြိုဟ်၏ နည်းကိုမှီ၍ တပါးသောဂြိုဟ်တာရာတို့၏ အရောက်ကိုတွက်သော် သိနိုင်ရာ၏။ တွက်ပုံကိုပြရလျှင် ဂန္ထဂရု ဖြစ်ရာသည်။အကျိုးလည်းများစွာမရှိသည်ဖြစ်၍ မပြလိုက်ပြီ။

၇၁။ နေးဖွယ် လျင်ဖွယ်၊ ထိုထိုကြယ်၊ ဘယ်
ကြယ် လျင် နေးသွားသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား........

"နက္ခတ္တာနိ အတ္တနော ဝီထိယာ ဂစ္ဆန္တော ကိဉ္စိ သီဃံ ကိဉ္စိ ဒန္ဓံ။ တတ္ထ စ ဒန္ဓာ နာမ နက္ခတ္တာနံ သမ္ပာဝတ္တာ ကေပါဒူ ကေနဝင်္ဂဿေဝ ဘုတ်ံ။ကတမာနိ တာနိ။ကတ္တိကာ ရော-ဟိနီ, မိဂသိရော, အဒြော, ပုနဗ္ဗသု, ဖုဿော, အသလိဿော, မာဃော, ပုဗ္ဗဖဂ္ဂုနီ,မူလော, ပုဗ္ဗာသဠ္ဌ, ဥတ္တရာသဠ္ဌန္တိ ဣမာနိ ဒွါဒသ သီဃာ နာမ။

နက္ခတ္တာနံ အန္တရာ အန္တရာ ဝိသာလတ္တာ ကေပါဒမေဝ ကေနဝင်္ဂဿ စ ဘုတ်ံ။ ကတမာနိ တာနိ။ စိတြော, သွာတိ, ဝိသာခါ, အနုရာဓော, ဇေဋ္ဌော, သတ္တဘိသျော, ပုဗ္ဗဘဒ္ဒပဒံ, ဥတ္တရာဘဒ္ဒပဒံ ရေဝတီ စာတိ ဣမာနိ နဝ နက္ခတ္တာနိ။

အဿ ယုဇော, ဘရဏီ, ဥတ္တရဖဂ္ဂုနီ,ဟဿတော,သရဝဏော မနသိဒ္ဓေါ စာတိ ဣမာနိ ဆ နက္ခတ္တာနိ ပန နာတိဒန္ဓာနိ စေဝ နာတိသီဃာနိ စ ဟောန္တိ။ နက္ခတ္တဿ ကေနဝင်္ဂ-ဘုတ္တတ္တာတိ ဝေဒိတဗ္ဗော"

ဟူ၍ လောကဒီပနီ၌ မိန့်၏။

အဓိပ္ပါယ်ကား။ ။နက္ခတ်တို့သည် မိမိ၏ခရီးဖြင့်သာ သွားကုန်လျက် အချို့ကား လျင်သည်။ အချို့ကား နေးသည်။ ဤအရာ၌ နေးခြင်းမည်သည်ကား နက္ခတ်တို့၏ ကျဉ်းမြောင်းသည်၏ အဖြစ်ကြောင့် တပါဒ်ခန့် နှစ်ပါဒ်ခန့် ၎င်းတနဝင်း၏ အစိတ်သာလျှင် ပမာဏဖြစ်၏။ ထိုနက္ခတ်တို့သည် အဘယ်သည်တို့နည်း ဟူမူကား....ကတ္တိကာ၊ ရောဟိနီ၊ မိဂသီ၊ အဒြ၊ ပုနဗ္ဗသု၊ ဖုသျှ၊ အသ-လိဿ၊ မာဃ၊ ဖဂ္ဂုနီ၊ မူလ၊ ပြုဗ္ဗာသဠ္ဌ၊ ဥတ္တရာသဠ္ဌ ဤ ၁၂-လုံးတို့သည် လျင်သော နက္ခတ် မည်ကုန်၏။

နက္ခတ်တို့၏ အကြားကျယ်သောကြောင့် တပါဒ်သာလျှင်လည်းကောင်း, တနဝင်း နှစ်နဝင်း လည်းကောင်း, နေးသော ပမာဏဖြစ်သော နက္ခတ်ကား... စိတြ၊ သွာတိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ၊ သတ္တဘိသျှ၊ ပုဗ္ဗဘဒြ၊ဥတ္တရဘဒြ၊ရေဝတီ၊ ဤ ၉-လုံးသော နက္ခတ်တို့သည် နေးသောနက္ခတ် မည်ကုန်၏။

အဿဝဏီ၊ ဘရဏီ၊ ဥတ္တရာဖဂ္ဂုနီ၊ ဟဿတ၊ သရဝဏ၊မနေသိဒ္ဓ။ ဤ ၆-လုံးသော နက္ခတ်တို့သည် မနေးလွန်း, မလျင်လွန်းသော နက္ခတ် မည်ကုန်၏။ အဘယ်ကြောင့်နည်းဟူမူကား.... နက္ခတ် တပါဒ်နှင့် တနဝင်းပမာဏ မျှသည်၏ အဖြစ်ကြောင့်တည်း။ အလွန်သိမ်မွေ့သော ဤနည်းအမြွက် ကို ဥာဏ်ထက်သောပုဂ္ဂိုလ်တို့ ကြံလေကုန်။ ဤသို့ လာသော လောကဒီပနီကိုမှီ၍ သိရာ၏ ဟူပေ။

၇၂။ နေ့,လနှင့်ကြယ်၊ ကောင်းကင်လယ်၊ ဘယ်သူထက်အောက်သွားသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...''တေသု ပန စန္ဒမဏ္ဍလံ ဟေဋ္ဌာ၊ သူရိယ-မဏ္ဍလံ ဥပရိ၊ အန္တရာ နေသံ ယောဇနံ ဟောတိ''ဟူ၍ လာသော လောကဒီပနီ။ ၎င်းနည်းတူ လာသော သာရတ္ထဒီပနီဋီကာပါဌ်တို့နှင့်အညီ လဝန်းကားအောက်။ နေဝန်းသည်အထက်။ ထိုနှစ်ခု တို့၏ အကြား၌ တယူဇနာခြားလျက် ကောင်းကင်ပြင်၌ သွားလေသည်။

ကြယ် နက္ခတ်တို့မူကား....လဗိမာန်၏ လက်ဝဲလက်ယာ ရှေ့နောက်မှာ ခြံရံကာ လိုက်ကြရကား လနှင့်တမျှတည်း သွား၏ဟု သိရာသည်။

မဂ္ဂဂမန နည်းကဲ့သို့ ခရီးအလျင်,အနှေး အထက်အောက်ကို ယူဆသော်....

အတိတျာ ကေမာသာ စ၊ ဗုဒ္ဓ သောကြာ တထေဝ စ။
ဒွိမာသံ ကုဇံ ဥေ ယျာဝ၊ စန္ဒော ဒိယစုဒိဝသာ။

ဂုရု စ ဒွါဒသမာသာ၊ ရာဟုမာသာ အဋ္ဌာရသာ။
သောရိ တိံသ ဘဝ မာသာ၊ ဂြဟဋ္ဌာနာ ဝိဇာနိယာ။

ဟူ၍ လောကဒီပနီ၌ လာသည့်အတိုင်း....တနင်္ဂနွေ, ဗုဒ္ဓဟူး, သောကြာဂြိုဟ်တို့သည် တရာသီ ၌ တလစီနေသည်။ အင်္ဂါဂြိုဟ်နှစ်လနေသည်။ တနင်္လာဂြိုဟ်သည် နှစ်ရက်ခွဲနေသည်။ ကြာသ ပတေးဂြိုဟ်သည် ၁၂-လ နေသည်။ ရာဟုဂြိုဟ်သည် ၁၈-လနေသည်။ စနေဂြိုဟ်လပေါင်း ၃၀ နေသည်ဟူ၍ ဂြိုဟ်နေရက်ကို သိရာသည်။

ဇောတိသတ္တ စသော လောကီကျမ်းကြီးတို့၌ကား.... အင်္ဂါဂြိုဟ် ၃ ပက္ခ။ ဗုဒ္ဓဟူးဂြိုဟ် ၁၈ရက်။ သောကြာဂြိုဟ် ၂၂ ရက်နေသည်။ ကြာသပတေးဂြိုဟ် ၃၅၄ ရက်နေသည်ဟု ဆို၏။ ဤစကား သည် မကရန္တ လက်ရိုး,သိဒ္ဓန္တလက်ရိုးတို့နှင့်လည်း ညီပေသည်။

၇၃။ ကောင်းကင်အလယ်၊ လိပ်သူငယ်၊ ဘယ်ပြုမြေသို့ ကျသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား... ရေကုန်သော အိုင်မှ လိပ်ကို ဟသ်ာညီ နောင်တို့ ယူဆောင်လေရာ တခုသော မြေနွေးသည် လိပ်သားကို စားလိုသောကြောင့် ''အဆွေ ဟသ်ာတို့ ဤလိပ်ပုပ်ကို အဘယ်ကြောင့် ကောင်းကင်ခရီးဖြင့် ဆောင်သနည်း'' ဟု

ဟင်အော်လေသော်.... လိပ်က မတွေးမတောပဲ ဒေါသစိတ်ဖြင့်သာ "မြေခွေးအို ငါ့ကိုလိပ်ပုပ်ဆိုရသလော" ဟု ခံတွင်းကိုဟ၍ အသံပြုလျှင် မိမိခဲ၍ လိုက်သော နှင်တံမှလွတ်၍ မြေသို့ကျလေသဖြင့် မြေခွေးစာဖြစ်လေ၏။ ထိုသို့ဖြစ်ရကား လိပ်သူငယ်သည် မဆင်မခြင်စကားကို ဆိုသောကြောင့် မြေသို့ကျ၏ဟုဖြေ။

အချို့စာတို့၌ "ကောင်းကင်အလယ်၊ ဆိတ်သူငယ်၊ ဘယ်ပြုမြေသို့ကျသနည်း" ဟူ၍ ပုစ္ဆာရှိ၏၊ ဤသို့ရှိသော်....

နိဃပွေ ကတ္တိကော မဇ္ဈံ၊ အလက္ခေ သော၀ နိပန္နော။
ဥတ္တရံ သုစိနော ၀ဿံ၊ အဂ္ဂဂံ ၀ရကာ သယေ။

နိဃပွေ၊ ရက်ပေါင်း ၁၄၀-၌။ ကတ္တိကော၊ ကတ္တိကာငယ်၊ ဖျောက်ဆိပ်ကြယ်သည်။ မဇ္ဈံ၊ မိုးသောက်အခါ၊ အရုဏ်လာ၌၊ မှန်းတည့်၏။ အလက္ခေ၊ ရက်ပေါင်း ၂၃၀-၌။ သော၀၊ထိုဖျောက်ဆိပ်ကြယ်သည်လျှင်။ နိပန္နော၊ မြေလူး၏။ ဥတ္တရံ၊ ရက်ပေါင်း ၂၆၀-၌၊ ၀ဿံ၊ မိုးကို။ သုစိနော၊ ကောင်းစွာသွန်း၏။ အဂ္ဂဂံ၊ ရက်ပေါင်း ၃၃၀-၌။ ၀ရကာ၊ပုဇ္ဇကြယ်နတ်သမီးသည်။ သယေ၊အိပ်၏ ဤဂါထာဖြင့် ၀ိသဇ္ဇနာပြု၍ ဖြေဆိုအပ်၏။

၃၄။ သျှံတြ၀ယ်၊ အရပ်သွယ်၊ ဘယ်မျှ အကြိမ် ဆိုမည်နည်း။

၃၅။ ခြောက်ကျိပ်လေးသွယ်၊ မိန်းမ၀ယ်၊ ဘယ့်နှယ်မိန်းမ ညွှံ့သနည်း။

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေ၀ိသဇ္ဇနာကား....ရဟန်းတို့၏ အရာမဟုတ်သကဲ့သို့ ရှိ၏။ ယင်းသို့ရှိသောကြောင့် မရေးမဖြေပဲ ရှောင်လွှဲချန်ချင်းပြန်လျှင်လည်း ဖြေအံ့ဟု၀န်ခံသော ပဋိညာဉ်နှင့် ပဋိညာတဇ္ဈ မညီ။ လောကီကျမ်းအရာ၌ ပညာပွားစေလို၍ မေးဆိုသော ကျမ်းဆရာ၏ ကရုဏာစိတ်ကိုလည်း ပိတ်ပင်သကဲ့သို့ဖြစ်ရာသည်။ ရှေးထုံးကိုရှာသော် သူတော်ကောင်း တကာတို့၏ မကိုဋ္ဌဖြစ်တော်မူသော ရှင်စောဘုရားမှလည်း မြွက်ကြားသင့်သောအရာ၌ ရှောင်ရှားရပါမည် မဟုတ်။ ပထမသိက္ခာပုဒ်တို့၌ သရုပ်ကို ထင်ရှားစွာပြ၍ "ပဝေသန, ပဝိဋ္ဌ, ဋ္ဌိတ, ဥဒ္ဒရဏ" စသည်ဖြင့် အာပတ်ကို ပညတ်တော်မူရသည်။ ဘိက္ခုနီမတို့အားလည်း "ဒွင်္ဂုလပဗ္ဗ၊ တလဃာတက" အစရှိသော သိက္ခာပုဒ်များကို မိန့်ကြားတော်မူရသည်။ထိုနှင့်လျော်စွာ အဋ္ဌကထာ, ဋီကာဆရာဘူသမျှလည်း မေထုနသေ၀န စသော ဒုဋ္ဌုလ္လ စကားကို တင်ရှားစွာ ဖွင့်ဆိုကြကုန်သည်။ ဤဆရာမြတ်တို့၏ စံပုံကို အလုံးစုံမြော်ထောက်သဖြင့် နောက်နောက်သော အပွားတတို့အား လောကီ လောကုတ္တရာ ပညာစီးပွား ကြီးမားစေခြင်းငှါ များလှသော ကရုဏာဖြင့် ဤ၀ိသဇ္ဇနာကျမ်းကို ကြိုးပမ်းစီရင်သည်ဖြစ်ရကား မလျော်လှငြားသော်လည်း ရှား၍မချန်ပြီ။ လောကီကျမ်းအရာ၌ လိမ္မာလိုသောသူတို့၏ဆန္ဒကို ပြည့်၀အောင် ဖြေဆိုလိုက်အံ့....

မဇ္ဈိမတိုင်းကြီးပြည်ကြီးတို့ကို အစိုးရသော ပာရိဟာရာယန အမည်ရှိသောမင်းသည် အထူးထူးသော ဆေးအတတ်၊ မန္တန်အတတ်၊ ဗေဒင်အတတ်၊ ငိဇ္ဇာမယအတတ်တို့၌ ကျွမ်းကျင်လိမ္မာသော

မဟာနာရာယန အမည်ရှိသောဆရာကို မေးလျှောက် တောင်းပန်အပ်သည်ဖြစ်၍ ထိုဆရာသည် မိန္နာထရှင်ရသေ့ ဟောပြောသောနည်းအားဖြင့် ရေးသားစီရင်အပ်သော မနုဿသျှတြကျမ်း၌ မိန်းမမျိုးလေးပါး, ယောကျ်ားမျိုးလေးပါး, အကျယ်အားဖြင့် ၆၄-ပါးပြားဟန်ကို ဝေဖန်ခြင်းငှါ....

ပဒုမိနိ စိတ္တရဏီ၊ သခ်ိနီ ဟတ္ထိနီ ပိစ။
စတုနာရီ တထာ ဝိညာ၊ အဿဂံ မြိဂံ ပြိဿဘံ။
အသ္သနရဘေဒါ မတာ။

သာမာရတ္တာ သေတံကာလာ၊ ဥတ္တတန္န ကိသာထုလာ။
ပေတေနာရီ စတုသဋ္ဌိ၊ ပေါသနရာ တထာဥေ ယျာ။

ဟူသော ဂါထာကို ဆိုသတည်း။

ထိုဂါထာ၏ မြန်မာဘာသာကား။ ။မိန်းမမျိုးတို့၏အပြားသည် ပဒုမိနီ, စိတ္တရဏီ, သခ်ိနီ, ဟတ္ထိနီအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် တပါးတပါး၌လည်း အသားရွှေ၊ အသားနီ၊ အသားဖြူ၊ အသားမည်းအားဖြင့် လေးပါးစီပြားရကား ၁၆-ပါးရှိ၏။ ထိုတွင် တပါးတပါး၌လည်း မြင့်သည်၊ နိမ့်သည်၊ ဆူသည်၊ ကြုံသည်အားဖြင့် လေးပါးစီ ပြားရကား ပေါင်း ၆၄-ပါးရှိ၏။

ယောကျ်ားမျိုးတို့၏ အပြားသည်လည်း အဿဂယောကျ်ား၊ မြိဂယောကျ်ား၊ ပြိဿဘယောကျ်ား၊ အသ္သယောကျ်ားအားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင် တပါးတပါး၌ အသားရွှေ၊ အသားနီ၊ အသားဖြူ၊ အသားမည်းအားဖြင့် လေးပါးစီပြားရကား ၁၆-ပါးပင် ရှိ၏။ ထိုတွင် တပါးတပါး၌ အမြင့်၊ အနိမ့်၊ အဆူ၊ အကြုံအားဖြင့် လေးပါးစီပြားပြန်ရကား ၆၄-ပါးပင် ရှိသတည်း။

ခွဲ၍သိရသော လက္ခဏာကား....

၁။ အဿဂမည်သောယောကျ်ားမျိုးသည် ပန်းယင်းနံ့ကဲ့သို့ ကိုယ်နံ့ရှိ၏။ လက်ဝါးဖဝါး နူးညံ့၏။ လက်ချောင်း,ခြေချောင်း ရှည်၏။ ရင်ကျယ်၏။ ချက်နက်၏။အအိမ်၌ကျဉ်းသော လိင်ရှိ၏။ အရသာဆိမ့်၏။ မွေးတွင်း တခုတခု၌ မွေးညင်းတပင်စီရောက်၏။ ရှင်သောမျက်နှာရှိ၏။ ကောင်းမှုကို ပြုလို၏။ သူ့ကို သနားတတ်၏။ သီလစောင့်၏။ အားတန်ရုံရှိ၏။ ဆံမုတ်ဆိတ်ရှည်၏။ လက်ကတီးမွေး ဣန္ဒြေမွေး ရှည်၏။ နိမိတ်သည် ရှည်စွအဆုံး မိမိ၏ လက်လေးသစ်မျှသာရှိ၏။ ဤကား အဿဂယောကျ်ားမျိုး၏ လက္ခဏာတည်း။

၂။ မြိဂ ယောကျ်ားမျိုးကား ... မှန်သောစကားကို ဆိုလေ့ရှိ၏။ သည်းခံ၏။ သူ့ကို သနားတတ်၏။ နတ်, ပုဏ္ဏား, မိဘ, ဆရာတို့ကို ရိုသေတတ်၏။ သူ့ကို မကဲ့ရဲ့တတ်။ ပြေပြစ်ချစ်ဖွယ်သော စကားကို ဆိုတတ်၏။ သားငါးကို အတန်ငယ်သာ စားတတ်၏။ ပညာကို ခင်မင်၏။ ကိုယ်နံ့ကား သေနံ့ကဲ့သို့ရှိ၏၊ ကိုယ်အရသာ ဖန်၏။ ဣန္ဒြေကား ရှည်ခြင်းအဆုံး လက်ရစ်သစ်သာ ရှိ၏။ ဤကား မြိဂယောကျ်ားမျိုး၏ လက္ခဏာတည်း။

၃။ ပြိဿဘ အမည်ရှိသော ယောကျ်ားမျိုးကား....ကိုယ်အသား တင်းမာ၏။ဆူးသောအရသာကို စားတတ်၏။ ကခြင်း, သီခြင်းကို အလိုရှိ၏။ လောဘကြီး၏။ သူ့၏ပယာ းကို ပြစ်မှားတတ်၏။

အသံကောင်း၏။ မေထုန်ကြူး၏။ သူတထူးအား ကဲ့ရဲ့ပြုစုတတ်၏။ ကိုယ်အနံ့ကား ပျားနံ့ကဲ့သို့ ရှိ၏။ ကိုယ်အရသာချို၏။ ဏ္ဍြေ့ရှည်စွအဆုံး လက်ဆယ်သစ်သာရှိ၏။ ဤကား ပြိုးဘ ယောကျ်ားမျိုး၏ လက္ခဏာတည်း။

၄။ အသ္ မည်သော ယောကျ်ားမျိုးကား....ကိုယ့်ပစ္စည်းကို ချစ်ခင်၏။ သူ့ပစ္စည်းကိုလည်း လိုချင်တတ်၏။ များစွာမကောင်းမှုကို ကျင့်တတ်၏။ သူ၏မယားကို ပြစ်မှားတတ်၏။ သစ္စာလည်း မရှိ။ ကျေးဇူးကိုလည်းမသိတတ်။ ကိုယ်လက်ဆူဖြိုး၏။ လက်ကတီးမွေး ဏ္ဍြေ့မွေးရှည်၏။ အရက် အကြောက်နည်း၏။ အထူးထူးသောအရသာကို ကြိုက်တတ်၏။ ယောကျ်ားကိုယ်ကြီး၏။ ကိုယ် အနံ့ညှီ၏။ ဝမ်းပူ၏။ အကြောတင်း၏။ ကိုယ်အရသာခါး၏။ ဏ္ဍြေ့ကား တဆယ့်နှစ်သစ်, တဆယ့် လေးသစ်ရှည်၏။ ဤကား အသ္ ယောကျ်ားမျိုး၏ လက္ခဏာတည်း။

ဤလက္ခဏာတို့တွင် ဏ္ဍြေ့၏အရှည်, အတို ပမာဏသာလျှင် ဇာတိဘေဒကို မုချသိရသော အလားတည်း။

မိန်းမမျိုး(၄)ပါးတွင်

၁။ ပဒုမိနီကား....လပြည့်ဝန်းနှင့်တူသော မျက်နှာရှိ၏။အသားညက်၏။သွားရောင်တောက်၏။ လက်ဖဝါး, ခြေဖဝါး ပြည့်တင်း၏။ ဆံကောင်း၏။ လည်ရေးသုံးတန့်ရှိ၏။ သားမြတ်ကြီး၏။ ဟသ်ာသွားခြင်းနှင့်တူသော သွားခြင်းရှိ၏။ အသံသာ၏။ သူကြီး မိဘတို့ကို ရိုသေတတ်၏။ လင်ကိုလည်း ရိုသေခစားတတ်၏။ မကောင်းမှုကိုလည်း မပြုတတ်။ ရှက်ကြောက်တတ်၏။ ပညာ အဆင်အခြင်နှင့် ပြည့်စုံ၏။ ပဒုမာကြာနံ့နှင့် တူသော ကိုယ်နံ့ရှိ၏။ ကိုယ်အရသာချို၏။ မာတင် ဆင်ကဲ့သို့ ကြည့်ခြင်းရှိ၏။ ယောနိကား လိပ်ခုံးသဏ္ဍာန်ကဲ့သို့ ရှိ၏။ အစောက်ကား ၆ သစ်။ အဝန်း ၁၂-သစ်ရှိ၏။ ချမ်းသောအခါ နွေး၍ ပူသောအခါ အေးသောကိုယ်ငွေ့ရှိ၏။ ဤကား ပဒုမိနီ မိန်းမမျိုး၏ လက္ခဏာတည်း။

၂။ စိတ္တရဏီ မိန်းမမျိုးကား....ရယ်ရွှင်ခြင်း, မြူးတူးခြင်းများ၏။ ခိုပေါက်စအသံနှင့်တူသော အသံရှိ၏။ လိပ်၏သွားခြင်းနှင့်တူသောသွားခြင်းရှိ၏။ မိ,ဘ ဘိုး,ဘွားလင်ယောကျ်ားတို့ကို ရိုသေ တတ်စုံမက်တတ်၏။ ကြာညိုပန်းနံ့နှင့်တူသောကိုယ်အနံ့ရှိ၏။အသားပျောင်းပြေ၏။ ယောနိကား ကြာရွက်နုကဲ့သို့ရှိ၏။ အစောက်ကား လက်ဆယ်သစ်။ အဝန်းကား ၁၆-သစ် ရှိ၏။ ဤကား စိတ္တရဏီမိန်းမမျိုး၏ လက္ခဏာတည်း။

၃။ သခ်ိနီမိန်းမမျိုးကား...ရာဂရမ္မက်ကြီး၏။ ရသေ့ရဟန်းကို မြင်သော်လည်း မက်မောတတ် ၏။ သားမြတ်ဘဲ့လွဲရှိ၏။ တံလည်းသီးနှင့် တူ၏။ ဆံရှည်၏။ ပျားနံ့ကဲ့သို့ ကိုယ်နံ့ရှိ၏။ ကိုယ်အပြင် အလျှာလှပ၏။ ကာမဂုဏ် တနေ့မရှိက နှလုံးမသာရှိ၏။ မကောင်းသော အရသာကို စားလို၏။ ယစ်မ၏ သွားခြင်းနှင့်တူသော သွားခြင်းရှိ၏။ ပန်းနံ့သာကို လွန်စွာအလိုရှိ၏။ ခါးစည်း၍ ရင်ကော့၏။ ယောနိအဆင်းကား ခရုသင်းသဏ္ဍာန်ရှိ၏။ အစောက်ကား ၁၄-သစ်၊ အဝန်းကား ၁၆-သစ်ရှိ၏။ ဤကား သခ်ိနီ မိန်းမမျိုး၏ လက္ခဏာတည်း။

၄။ ဟတ္ထိနီ မိန်းမမျိုးကား....တင်ဆုံကြီး၏။ နားရွက်တို၏။ နှုတ်ခမ်းကြီး၏။ နှာခေါင်းပို၏။ မျက်စိလောက်စာလုံးကဲ့သို့ ဝန်း၏။ အမျက်ကြီး၏။ ခါးကြီး၏။ ပေါင်ရင်းဖြိုး၏။ မြင်းခေါင်းကြီး ၏။ ဖဝါးတို၏။ လက်ချောင်း ခြေချောင်းတို၏။ လောဘကြီး၏။ ဆင်မနှင့်တူသော သွားခြင်း

ရှိ၏။ ယောကျ်ားကိုမြင်သော် အသက်ကဲ့သို့ ချစ်၏။ ယောကျ်ားနှင့်သာ မှီတွဲ၍ နေလို၏။ ကာမဂုဏ်အကြိမ်များသော်လည်း ရောင့်ရဲခြင်းမရှိ။ ကြီးကြမ်းသောလိင်ကို အလိုရှိ၏။ သားမြတ်ငယ်၏။ ချက်ကြီး၏။ ကိုယ်နံ့ကား ဆင်မုန်နံ့ကဲ့သို့ရှိ၏။ ကိုယ်အရသာ ငန်၏။ ရာဂနံ့ကား စပ်ရှိန်း၏။ ယောနိကား ဆင်နားရွက်ကဲ့သို့ရှိ၏။ အလွန်ကြီး၏။ အစောက်ကား ၁၆-သစ်၊ အဝန်းကား လက်သစ် ၂၀-ရှိ၏။ စမ်းရေကဲ့သို့ သုက်မပြတ်လာ၏။ ဤကား ဟတ္ထိနီ မိန်းမမျိုး၏ လက္ခဏာတည်း။

ထိုအမျိုးလေးပါးကို အဆင်းလေးပါး၊ သဏ္ဌာန်လေးပါးဖြင့် ပွား၍ ၆၄-မျိုးရှိသည်တွင် တမျိုးတမျိုး၌ ဥက္ကဋ္ဌ၊ ပဏီတ၊ မဇ္ဈိမ၊ ဟီနအားဖြင့် လေးပါးစီ ဖြစ်ပြန်ရကား ၂၅၆-ပါး ဖြစ်၏။ ထိုသို့ ဖြစ်ဟန်ကို ဝေဖန်ခြင်းငှါ -

ဥက္ကဋ္ဌံ ဂဇကုမ္ဘံဝ၊ ပဏီတံ ဗောဒိပတ္တကံ။
မဇ္ဈိမံ နိဂြောဓပတ္တံဝ၊ အမ္ဗပတ္တံ တု ဟီနကံ။

မိဂပါဒ် ပတိဗျာခ်၊ ဝိဓလျံ ဒုက္ခဒဿနံ။
ခုရန္တံ စ နေကဘယံ၊ မရဏံ ကာလကဏ္ဏိကံ။

ဟူသော ဂါထာကို ဆို၏။

မြန်မာဘာသာကား—အင်္ဂါဇာတ် ဆင်ဦးကင်းကဲ့သို့ရှိသည်ကား ဥက္ကဋ္ဌမည်၏။ ဗောဓိညောင်ရွက်ကဲ့သို့ ရှိသည်ကား ပဏီတ မည်၏။ ပညောင်ရွက်ကဲ့သို့ရှိသည်ကား မဇ္ဈိမ မည်၏။ သရက်ရွက်ကဲ့သို့ ရှိသည်ကား ဟီန မည်၏။ ။အင်္ဂါဇာတ်သည် သမင်ခွါကဲ့သို့ ရှိသူကား လင်ယောကျ်ား နာဖျားစိုးရိမ်ရအံ့။ အခံမရှိသူကား ဆင်းရဲပျက်စီးအံ့။ တဖက်နိမ့်မြင့် မညီညွတ်သူကား ဘေးရောဂါများအံ့။ အခံမရှိသောသူကား ယောကျ်ား သေပျက်အံ့။ သူယုတ်မတည်း။ ။ဤ ဂါထာတို့ဖြင့် မြတ်သည် ယုတ်သည်ကို သိရာ၏။

ထို ပဒုမိနီ စသော မိန်းမမျိုးတို့၏ အထူးအပြားကို အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာအားဖြင့် သိနိုင်ခြင်းငှါ ခဲ၏။ အမြဲသိမှတ်ရာသော အကြောင်းကား....

ပဒုမိနီ အန္ဒမလံ၊ ဝဏ္ဏမလဥ္စ စိတ္တရဏီ။
သင်္ခိနီ သာတမလဉ္စ၊ ဟတ္ထိနီ ပုဏ္ဏမာသိယံ။

ဟူသော ဂါထာနှင့်အညီ၊ ပဒုမိနီမျိုးကား လပြည့်ကျော် ၈-ရက်ကသည် လကွယ်နေ့တိုင်ရုံအတွင်း၌ ပန်းသွန်၏။ ။စိတ္တရဏီမျိုးကား....လပြည့်ကျော် ၁-ရက်ကသည် လပြည့်ကျော် ၈-ရက်အတွင်း၌ ပန်းသွန်၏။ ။သင်္ခိနီမျိုးကား....လဆန်း ၁-ရက်ကသည် လဆန်း ၈-ရက်အတွင်း၌ ပန်းသွန်၏။ ။ဟတ္ထိနီမျိုးကား.... လဆန်း ၈-ရက်ကသည် လပြည့်အတွင်း၌ ပန်းသွန်၏။ ။ဤ လက္ခဏာ လေးပါးဖြင့် ခြားနား၍ သိရာသည်။

တနည်းကား

ပဒုမိနီ တြိဝါရဥ္စ၊ စိတ္တရဏီ သတ္တမံ မတာ။
သင်္ခိနီ ပန္နရဝါရာ၊ ဟတ္ထိနီ အဋ္ဌဝီသကာ။

ပဒုမိနီမျိုးသည် ကာမဂုဏ်ကို တနေ့၌ ၃-ကြိမ် အလိုရှိ၏။ စိတ္တရဏီကား တနေ့၌ ၇-ကြိမ် အလိုရှိ၏။ သင်္ခိနီကား တနေ့၌ ၁၅-ကြိမ် အလိုရှိ၏။ ဟတ္ထိနီကား တနေ့၌ ၂၀-ကြိမ် အလိုရှိ၏။ ဤအလိုဖြင့် သိအပ်၏။

ဥတ္တာနာ သတ္တဝီသဉ္စ၊ ရဿာ ဆဗ္ဗီသ မိစ္ဆိတာ။
ဂမ္ဘီရနာဘိ ပဉ္စဝီသာ၊ ထူလာ စ ပန္နရသကာ။

ကိသာ တု ဒသဝါရဉ္စ၊ ဝါမနာ ပဉ္စဒသကာ။
စတုဝီသ ထနဒီဃာ၊ သတ္တရသ သေတာနာရီ။
ဗာဝီသ စ ရတ္တင်္ဂနာ၊ သာမာ တု ပဉ္စဝါရကံ။

အရပ်မြင့်သော မိန်းမကား တနေ့၌ ၂၇-ကြိမ် အလိုရှိ၏။ တိုသော မိန်းမကား ၂၆-ကြိမ် အလိုရှိ၏။ ချက်နက်သော မိန်းမကား ၂၅-ကြိမ် အလိုရှိ၏။ ဆူသောမိန်းမကား ၁၅-ကြိမ်။ ကြုံသောမိန်းမကား ၁၀-ကြိမ်။ ကွသော မိန်းမကား ၁၅-ကြိမ်။ သားမြတ်ရှည်သော မိန်းမကား ၂၄-ကြိမ်။ အသားဖြူသော မိန်းမကား ၁၇-ကြိမ်။ အသားနီသော မိန်းမကား ၂၂-ကြိမ်။ အသားရွှေသော မိန်းမကား ၅-ကြိမ်။ အသားမည်းသော မိန်းမကား ၁၀ ကြိမ်။ အသားပြာသော မိန်းမကား ၁၆-ကြိမ်။ ကိုယ်ဖိုင့်သော မိန်းမကား ၂၀-ကြိမ် အလိုရှိ၏။

၇၆။ မိစ္ဆာဖြစ်ဖွယ်၊ အိမ့်ရှင်ဝယ်၊ လေးသွယ်ရှိ၏ အဘယ်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"အကာလေ အဒေသေ အဓမ္မေန အနင်္ဂေန သေဝန္တဿ သဒါရေပိ မိစ္ဆာစာရော ဟောတိ"

အကာလေ၊ ရောဂါရောက်သောအခါ, ကိုယ်ဝန် အလွန်ရင့်၍ မပြုသင့်သောအခါ၌ လည်းကောင်း။ အဒေသေ၊ မိဘဆရာ, သူတကာတို့ မြင်သာသဖြင့် မသင့်သောအရပ်၌ လည်းကောင်း။ အဓမ္မေန၊ ကျင့်ရိုးမဟုတ် ကျင့်သဖြင့် လည်းကောင်း။ အနင်္ဂေန၊ ဆေးဝါးမိုဝ် ရှိမြဲအင်္ဂါထက် လွန်စေသဖြင့်လည်းကောင်း။ သေဝန္တဿ၊ မှီဝဲသောသူအား။ သဒါရေပိ၊ မိမိ မယား၌လည်း။ မိစ္ဆာစာရော၊ မှားသောအကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ။ဆဂတိဒီပနီ၌ လာသည်။

မနုဝဏ္ဏနာအမည်ရှိသော ဓမ္မသတ်၌ကား....ခရီးဝေးစွာ၊လာသည်အခိုက်၊ ဝမ်း၌ကိုယ်ဝန်၊ပြင်း ထန်ပူဆာ၊ ရောဂါနှိပ်စက်၊ တချက်ရှုံးသွပ်၊ ဤ ၄-ရပ်သည်....မစပ်ရှက်သင့်အခါတည်း" ဟူ၍ ဆိုသည်။

နော၊သား စောရွှေခွက်၊ နန်းဆက်စဉ်လာ၊ မင်းမဟာက၊ အာဏာပြင်းဘိ၊ နရပတိကြီး၊ ဘုန်းမီးလွန်ကဲ၊ မင်းရဲကျော်စွာ၊ ပွင့်လျှာမှန်စင်၊ ဆင်များရှင်နှင့်၊ ညီပင်ကျော်ဟိုး၊ သတိုးမင်းစော၊ မြေကြော ရိုက်ဆူ၊ဆင်ဖြူရှင်သား၊ မင်းတရားက၊ သည်းကြွားနရပတိ၊ ဘုန်းရှိပိပီ၊ သည့်ညီမင်းခေါင်၊ သည့်နောင်တမူ၊ သတိုးသူနှင့်၊ နတ်လူရိုကျိုး၊ သတိုး ဓမ္မရာဇာ၊ ဆက်ကာလည်းကောင်း၊ မင်းကြီးနှောင်းက၊ ကျွန်းသောင်းပုန်ကန်၊ မင်းရန် နိုင်သား၊ စိတ်ဖျားနိုက်နှဲ့၊မင်းရဲကျော်ခေါင်၊ ဆက်မိအောင်လျှင်၊ ရန်ဘောင်ပယ်နှိပ်၊ တက်မြေဆိပ်သို့ နှစ်ကျိပ်သုံးဆက်၊ ပြည်နန်းတက်သည်၊ ကနက်စိုက်ထောင်၊ ဖြန့်ဝန်း တည်း။ ။ဤလက်ာဖြင့်ပြည်မြို့ မင်းဆက်ကို သိရာ၏။

၉၉။ တောင်ငူမြို့လယ်၊ သဝန်ငယ်၊ ဘယ်မျှ ထိးနန်းစံသနည်း။

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သဝန်ငယ်သည် ခုနစ်နှစ် နန်းစံ၏ဟု ဖြေ။

၁၀၀။ နဝရတ် ၉-သွယ်၊ ဆင်စလွယ်၊ ဘယ်သူဘယ်သို့ဆင်ရန်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗြာဟ္မဏော နဝဂုဏံ သျာဒ်၊ ခေတြေ ပဥ္စဂုဏမေဝ စ။
ဗိသျာဂ တြိဂုဏံ တထာ၊ သုဒြဿ နိဂ္ဂုဏံ ဘဝေဇာ်။

အနက်ကား။ ။ဗြာဟ္မဏော၊ ဗြာဟ္မဏ ပုဏ္ဏားမျိုးအား။နဝဂုဏံ၊ ကိုးသွယ်သည်။ သျာဒ်၊ဖြစ်ရာ၏။ ခေတြေ၊ ခေတြပုဏ္ဏားမျိုးအား။ ပဥ္စဂုဏမေဝ စ၊ ခြောက်သွယ်သာလျှင်။ သျာဒ်၊ဖြစ်ရာ၏။ ဗိသျာဂ၊ ဗိသျာပုဏ္ဏားမျိုးအား။တြိဂုဏံ၊ သုံးသွယ်သည်၊သျာဒ်၊ဖြစ်ရာ၏။တထာ၊ထို့မြို့။ သုဒြဿ၊ သုဒြပုဏ္ဏားမျိုးအား။ နိဂ္ဂုဏံ၊ စလွယ်မရှိသည်။ ဘဝေဇ်၊ ဖြစ်၏။

ဤသို့ပုဏ္ဏားမျိုးတို့၌ စလွယ်ဆောင်ရန်ကို သုံးသွယ်စီတက်၍ ရာဇမတ္တဏ်လာသောကြောင့် မှူးတော်မတ်တော် မင်းညီမင်းသားတို့မှာလည်း သုံးသွယ်စီ တက်၍ ဆောင်သင့်သည်။

အဂ္ဂမဟာသေနာပတိ တို့မှာ....အမြတ် ပုဏ္ဏားဆောင်စလွယ်တွင် သုံးသွယ်လောင်း၍ တဆယ့်နှစ်သွယ်။ ။မင်းဆွေ မင်းမျိုးတို့မှာ - ၎င်းတွင် သုံးသွယ်လောင်း၍ တဆယ့်ငါးသွယ်။ ။မင်းသားတို့မှာ....၎င်းတွင် သုံးသွယ်လောင်း၍ တဆယ့်ရှစ်သွယ်။ ။အိမ်ရှေ့မင်းမှာ....၎င်းတွင် သုံးသွယ်လောင်း၍ နှစ်ဆယ့်တသွယ်။ ။မင်းဧကရာဇ်မှာ....၎င်းတွင် သုံးသွယ်လောင်း၍ နှစ်ဆယ့်လေးသွယ် ဆောင်ရွက်သင့်သည်ဟူ၍ အမေးတော် အဖြေတွင်လာသည်။

ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ကတိ၊ အဘယ်မျှနည်း။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ဝီသတိ၊ ၂၀-တို့တည်း။ ကတမာနိ ဝီသတိ၊ ၂၀-ဟူသည် အဘယ်သည်တို့နည်း။ ဣမသ္မိံကာယေ၊ ဤခန္ဓာကိုယ်၌။ ကေသာ၊ ဆံဟူသော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ အတ္ထိ၊ ရှိ၏။ လောမာ၊ အမွေးတည်းဟူသော။ ပထဝီဓာကု၊ ပထဝီဓာတ်သည်။ အတ္ထိ၊ ရှိ၏။ နခါ၊ ခြေသည်း, လက်သည်းတည်းဟူသော။ ဒန္တာ၊ သွားတည်းဟူသော။ တစော၊ အရေလွှာတည်းဟူသော။ မံသံ၊ အသားတည်းဟူသော။ နှာရု၊ အကြောတည်းဟူသော။ အဋ္ဌိ၊ အရိုးတည်းဟူသော။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ တည်းဟူသော။ ဝက္ကံ၊ အညှို့တည်းဟူသော။ ဟဒယံ၊ နှလုံးသားတည်းဟူသော။ ယကနံ၊ အသည်း တည်းဟူသော။ ကိလောမကံ၊ အမြှေးတည်းဟူသော။ ပိဟကံ၊ အဖျဉ်းတည်းဟူသော။ ပပ္ဖါသံ၊ အဆုတ်တည်းဟူသော။ အန္တံ၊ အူမ တည်းဟူသော။ အန္တဂုဏံ၊ အူသိမ်တည်းဟူသော။ ဥဒရိယံ၊ အစာသစ် တည်းဟူသော။ ကရီသံ၊ အစာဟောင်း တည်းဟူသော။ မတ္ထလုင်္ဂံ၊ ဦးနှောက် တည်းဟူသော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ဣမာနိ ဝီသတိ၊ ဤ ၂၀-သော ကောဋ္ဌာသ တို့သည်။ ပထဝီဓာတူနိ၊ ပထဝီဓာတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အာပေါဓာတု၊အာပေါဓာတ်သည်။ ကတိ၊အဘယ်မျှနည်း။အာပေါဓာတု၊ အာပေါဓာတ်သည်။ ဒွါဒသ၊ ၁၂-ပါးတို့တည်း။ကတမာနိ ဒွါဒသ၊ အဘယ် ၁၂-ပါးတို့ နည်းဟူမူကား။ ဣမသ္မိံကာယေ၊ ဤ ရူပကာယခန္ဓာကိုယ်၌။ ပိတ္တံ၊ သည်းခြေဟူသော။ အာပေါဓာတု၊ အာပေါဓာတ်သည်။အတ္ထိ၊ ရှိ၏။ သေမှံ၊ သလိပ်တည်းဟူသော။အာပေါဓာတု၊ အာပေါဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ပုဗ္ဗော၊ ပြည်တည်းဟူသော။ လောဟိတံ၊ သွေးတည်းဟူသော။ သေဒေါ၊ ချွေးတည်းဟူသော။ မေဒေါ၊ အဆီအခဲ တည်းဟူသော။ အဿု၊ မျက်ရေတည်းဟူသော။ ဝသာ၊ ဆီကြည် တည်းဟူသော။ ခေဠော၊တံတွေး တည်းဟူသော။သိင်္ဃာဏိကာ၊ နှပ် တည်းဟူသော။ လသိကာ၊ အစေး တည်းဟူသော။ မုတ္တံ၊ ကျင်ငယ် တည်းဟူသော။ အာပေါဓာတု၊ အာပေါဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ဣမာနိ ဒွါဒသ၊ ဤ ၁၂-ပါးတို့သည်။ အာပေါဓာတူနိ၊ အာပေါဓာတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တေဇောဓာတု၊ တေဇောဓာတ်သည်။ ကတိ၊ အဘယ်မျှနည်း။ တေဇောဓာတု၊ တေဇောဓာတ်သည်။ စတဿော၊ ၄-ပါးတို့တည်း။ ကတမာ စတဿော၊ အဘယ် ၄-ပါးတို့နည်းဟူမူကား။ ဣမသ္မိံကာယေ၊ဤရူပကာယ ဖြစ်သော ခန္ဓာကိုယ်၌။ ယေန စ၊ အကြင်တေဇောဓာတ်ဖြင့်လည်း။ သန္တပ္ပတိ၊ ပူတုံ ချမ်းတုံ အဟုန်မမှန် တရက်ချန် ဖျားခြင်း, နှစ်ရက်ချန် ဖျားခြင်း စသည်ဖြစ်၏။ သော စ၊ ထိုသန္တပ္ပန တေဇောဓာတ်သည်လည်း။အတ္ထိ၊ ရှိ၏။ယေန စ၊ အကြင်တေဇောဓာတ်ဖြင့်လည်း။ဇီရယတိ၊ တရွေ့တရွေ့ ခြောက်သွေ့ယွင်းယို အိုခြင်း ရင့်ခြင်းသို့ရောက်၏။သောစ၊ထိုဇီရဏ တေဇောဓာတ်သည်လည်း။အတ္ထိ၊ရှိ၏။ယေန စ၊အကြင်တေဇောဓာတ်ဖြင့်ထည်း။ပရိဒယှတိ၊မီးကင်သောတူ ပူလောင်ပြင်းပြ၏။ သောစ၊ထိုဍာဟ တေဇောဓာတ်သည်လည်း။အတ္ထိ၊ ရှိ၏။ ယေန စ၊ အကြင် တေဇောဓာတ်ဖြင့်လည်း။ အသိတံ၊ စားအပ်သော ဘောဇဉ်သည်။ ပီတံ၊ သောက်အပ်သော အဖျော်သည်။ ခါယိတံ၊ ခဲအပ်သော ခဲဖွယ်သည်။ သာယိတံ၊ လျက်အပ်သော လျက်ဖွယ်သည်။ သမ္မာပရိဏာမံ၊ ကောင်းစွာ ကျက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ သော စ၊ ထိုပါစက တေဇောဓာတ်သည်လည်း။အတ္ထိ၊ ရှိ၏။ ဣမာ စတဿော၊ ဤလေးပါးတို့သည်။ တေဇောဓာတူနိနာမ၊ တေဇောဓာတ် မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ကတိ၊ အဘယ်မျှနည်း။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ဆဗ္ဗိဓော၊ ခြောက်ပါး အပြားရှိကုန်၏။ ကတမာနိ ဆ၊ အဘယ်ခြောက်ပါးတို့နည်းဟူမူကား။

ဏ္ဍသို့ကာယေ၊ ဤရူပကာယ ဖြစ်သော ခန္ဓာကိုယ်၌။ဥဒ္ဓဂ်မာ ဝါတာ၊ အထက်သို့ ဆန်တက်သော လေသည်။ အတ္ထိ။ရှိ၏။ အဓောဂမာ ဝါတာ၊ အောက်သို့ စုန်သော လေသည်။ အတ္ထိ၊ ရှိ၏။ ကုစ္ဆိ-ဋ္ဌာဝါတာ၊ ဝမ်း၌တည်သော လေသည်။ အတ္ထိ၊ ရှိ၏။ ကောဋ္ဌာသယာ ဝါတာ၊ အူ၌တည်သော လေသည်။ အတ္ထိ၊ရှိ၏။ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ အင်္ဂါကြီးငယ်သို့ လျှောက်၍ တည်သော လေသည်လည်း။အတ္ထိ၊ရှိ၏။အဿာသ ပဿာ သာဝါတာ၊ ထွက်သက်ဝင်သက် လေသည်လည်း။ အတ္ထိ၊ ရှိ၏။ဣမာနိ ဆ၊ ဤခြောက်ပါးတို့သည်။ ဝါယောဓာတူနိ၊ ဝါယောဓာတ်တို့သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

၇၈။ ခြောက်ဆယ့်လေးသွယ်၊ ခြေရိုးဝယ်၊ ဘယ်သည့် ဘယ်သည့် အရိုးနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အဋ္ဌိတိ ဌပေတွာ ဒွတ္တိံသဒန္တဋ္ဌိနိ အဝသေသာနိ စတုသဋ္ဌိ ဟတ္ထဋ္ဌိနိ။စတုသဋ္ဌိ ပါဒဋ္ဌိနိ။ စတုသဋ္ဌိ မံသနိဿိတာနိ မုဒုအဋ္ဌိနိ၊ ဒွေ ပဏှိကဋ္ဌိနိ။ ဧကေကသ္မိံပါဒေ ဒွေဒွေ ဂေါပ္ဖကဋ္ဌိနိ။ ဒွေဒွေဇင်္ဃဋ္ဌိနိ။ ဒွေဇဏ္ဏုကဋ္ဌိနိ။ ဒွေ ဦရုဋ္ဌိနိ။ ဒွေ ကဋိဋ္ဌိနိ။ အဋ္ဌာရသ ပိဋ္ဌိ ကဏ္ဋကဋ္ဌိနိ။ စတုဝီသတိ ဖာသုကဋ္ဌိနိ။ စုဒ္ဒသ ဥရဋ္ဌိနိ။ ဧကံ ဟဒယဋ္ဌိ။ ဒွေ အက္ခကဋ္ဌိနိ။ ဒွေ ကောဋ္ဌဋ္ဌိနိ။ ဒွေ ဗာဟုဋ္ဌိနိ။ ဒွေဒွေ အဂ္ဂ ဗာဟုဋ္ဌိနိ။သတ္တဂီဝဋ္ဌိနိ။ ဒွေ ဟနုကဋ္ဌိနိ။ ဧကံ နာသိကဋ္ဌိ။ ဒွေ အက္ခိဋ္ဌိနိ။ဒွေကဏ္ဏဋ္ဌိနိ။ဧကံ နလာဋဋ္ဌိ။ဧကံ မုဒ္ဓဋ္ဌိ။နဝသီသ ကပါလဋ္ဌိရိတိ ဧဝံ တိမတ္တာနိ အဋ္ဌိသတာနိ တာနိ သဗ္ဗာနိပိ ဝဏ္ဏတော သေတာနိ။ သဏ္ဌာနတော နာနာသဏ္ဌာနာနိ။

ဟူ၍ အရိုး ၃၀၀-ကို ရေတွက်၍ပြရာ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ သတိပဋ္ဌာနဝိဘင်း အဖွင့်၌ လာသည်။

အဓိပ္ပာယ်ကား။ ။**၃၂-ချောင်းသော** သွားရိုးကို ထား၍ ထိုမှကြွင်းသော ၆၄-ချောင်းသော **လက်ရိုး**။၆၄-ချောင်းသော ခြေရိုး။ ၆၄-ချောင်းသော အသားကို မှီသော နုငယ်သောအရိုး။ ၂-ခုသော ဖနောင့်ရိုး။ တဘက် တဘက်သော ခြေ၌ ၂-ခု ၂-ခုစီသောဖမျက်ရိုး။ ၂ခု၂-ခုစီသော မြင်းခေါင်းရိုး။ ၂-ခု, ၂-ခုသော ပုဆစ်ရိုး။ ၂-ခုသော ပေါင်ရိုး။ ၂-ခုသော ခါးရိုး။ ၁၈-ခုသော ကျောက်ကုန်းရိုး။ ၂၄-ခုသော နံရိုး။ ၁၄-ခုသော ရင်ဖုံးရိုး။ ၁-ခုသော ဟဒယဝတ္ထုရိုး။ ၂-ခုသော ညှပ်ရိုး။ ၂-ခုသော လက်ပြင်ရိုး။ ၂-ခုသော မောင်းရင်းရိုး။ ၂-ခု, ၂-ခုစီသော မောင်းဖျားလက်ဖျံရိုး။ ၇-ခုသော လည်ကုပ်ရိုး။ ၂-ခုသော မေးရိုး။ ၁-ခုသော နှာခေါင်းရိုး။ ၂-ခုသော မျက်ကွင်းရိုး။ ၂-ခုသော နားရိုး။ ၁-ခုသော နဖူးရိုး။ ၁-ခုသော ထိပ်ရိုး။ ၉-ခုသော ခေါင်းခွံရိုး။ ဤသို့ အဆင်းအားဖြင့် ဖြူကုန်သော သဏ္ဌာန်အားဖြင့် အထူးထူးသော သဏ္ဌာန်ရှိကုန်သော **အရိုးတို့သည်** ၃၀၀-မျှလောက် ရှိကုန်၏ဟူ၍ လာသည်။

ဤ စကားအစဉ်၌ ခြေရိုး ၆၄-ချောင်းဟူ၍ အပေါင်းသခ်ျာကိုသာပြသည်။ ခွဲချမ်းစိတ်ဖြာ၍ မည်သည့် မည်သည့် အရိုးဟု မပြချေ။မူလ ကမ္မဋ္ဌာန်း၌လည်း "ကတိ အဋ္ဌိနိ။ တီဏိ အဋ္ဌိသတာနိ။

နဝ သိသဠ္ဌိကာနိ။ ပ ။ သဏ္ဌာနတော နာနာသဏ္ဌာနာနိ ဟောန္တိ ” ဟူ၍ အပေါင်းသချာကိုသာ ပြသည်။ အစိတ်ထုတ်၍ မပြ။ ထို့ကြောင့် ခြေဖဝါးရိုး ၆၄-ချောင်းဟု အပေါင်းကိုသာ မှတ်သင့်တော့သည်။

၇၉။ နှာခေါင်းရိုးဝယ်၊ တည်စဖွယ်၊ အဘယ်အရိုးပေတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား— “နာသိကဋ္ဌိကေ နလာဋ္ဌိ ပတိဋ္ဌိတာ” ဟူ၍ ကမ္မဋ္ဌာန်း၌ လာသောကြောင့် နှာခေါင်းရိုး၌ နဖူးရိုး တည်သည်။

၈၀။ နံရိုးတို့ဝယ်၊ တည်လေဖွယ်၊ ဘယ်သည့် ဘယ်သည့် အရိုးနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား— “ ဖါသုကဋ္ဌိကေသု ဥရဋ္ဌိကာနိ ပတိဋ္ဌိတာနိ” ဟူ၍ ရင်းမူလ ကမ္မဋ္ဌာန်း၌ပင် လာသောကြောင့် နံရိုးတို့၌ ရင်ဖုံးရိုးတို့သည် တည်ကုန်သည်။

၈၁။ ပိုးမျိုးရှစ်ဆယ်၊ လူတို့ဝယ်၊ ဘယ်နှယ် ဘယ်သို့ နေသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

> ကတိ ကိမိကုလာနိ။ အသီတိ ကိမိကုလာနိ။ ကတမာနိ အသီတိ ကိမိကုလာနိ။ စလာ စ ပိဂ်လာ စ ဒွေ ကိမယော ကေသံ နိဿာယ ကေသမူလံ ခါဒန္တိ။ တတ္ထ ဇာယန္တိ၊ ဝဍ္ဎန္တိ၊ ကီဠန္တိ၊ ကီဠနသာလံ ကရောန္တိ၊ ဇီယန္တိ၊ မိယျန္တိ၊ ပုနပ္ပုနံ ဥပ္ပဇ္ဇန္တိ။ သူတိကာသာလံ ကရောန္တိ။ ပသာဝနဘူမိံ ကရောန္တိ။ ဥစ္စာရပဿာဝံ ကရောန္တိ။ ဂိလာနသာလံ ကရောန္တိ”

ဤသို့ စသည်ဖြင့် မူလကမ္မဋ္ဌာန်း၌ လာသည်။

အဓိပ္ပာယ်ကား။ ။ဤခန္ဓာကိုယ်၌ ရှစ်ဆယ်သော ပိုးမျိုးတို့သည်ရှိကုန်၏။ ပိုးမျိုးရှစ်ဆယ်တို့ဟူသည် အဘယ်သည်တို့နည်းဟူမူကား— စလမည်သောပိုး၊ ပိင်္ဂလမည်သောပိုး၊ ဤပိုး ၂-မျိုးတို့သည် ဆံကိုမှီ၍ ဆံရင်းကိုစားလျက် နေကုန်၏။ ဆံရင်း၌ ဖြစ်ကုန်၏။ ကြီးပွားကုန်၏။ ကစားမြူးတူးကုန်၏။ ကစားရာဇရပ်ကို ပြုကုန်၏။ ထို၌ပင် အိုကြကုန်၏။ သေကြကုန်၏။ အဖန်တလဲလဲ ဖြစ်ကြကုန်၏။ သူသာန်ဇရပ် ပြုကြကုန်၏။ သားဖွားရာအိမ် ပြုကြကုန်၏။ ကျင်ကြီး, ကျင်ငယ် စွန့်ကြကုန်၏။ သူနာဇရပ် ပြုကြကုန်၏။

ဥမ္မတ္တမည်သောပိုး၊ အန္တောဥမ္မတ္တမည်သောပိုး၊ဤပိုး ၂-မျိုးတို့သည် ဦးဏှောက်ကို စားလျက် နေကြကုန်၏။

နှာရုမုခမည်သောပိုး၊ ဒန္တမုခမည်သောပိုး၊ မံသတာမည်သောပိုး၊ ဤပိုး ၃-မျိုးတို့သည် မျက်စိကိုမှီလျက် မျက်စိအရင်းကိုစား၍ လည်းကောင်း, သောတကိုမှီလျက် သောတအရင်းကို စား၍လည်းကောင်း, ဃာနကိုမှီလျက် ဃာနအရင်းကိုစား၍ လည်းကောင်း နေကြကုန်၏။

ကာမုခမည်သောပိုး၊ အပ္ပဋိဘယမည်သောပိုး၊ တပေါလမည်သောပိုး၊ ဤပိုး ၃-မျိုးတို့သည် လျှာကိုမှီ၍ လျှာရင်းကိုစားလျက် နေကြကုန်၏။

စာရန္တမည်သောပိုး၊ စာရုဏမန်သောပိုး၊ ပန္နကမည်သောပိုး၊ ဤပိုး ၃-မျိုးတို့သည် သွားကို မှီ၍ သွားရင်းကိုစားလျက် နေကြကု၏။

လောဟာမည်သောပိုး၊ ဆာမည်သောပိုး၊ ဆဝဋ္ဌမည်သောပိုး၊ ဤပိုး ၃-မျိုးတို့သည် ခြေသည်း, လက်သည်းကိုမှီ၍ ခြေသည်း, လက်သည်းအရင်းကို စားလျက်လည်းကောင်း အရေလွှာကိုမှီ၍ အရေလွှာကို စားလျက်လည်းကောင်း၊ အကြောကိုမှီ၍ အကြောကို စားလျက်လည်းကောင်း အသွေးကိုမှီ၍ အသွေးကို သောက်လျက်လည်းကောင်း နေကြကုန်၏။

တုလနမည်သောပိုး၊ ရတ္တမည်သောပိုး၊ လောဟိတမည်သောပိုး၊ ဤပိုး ၃-မျိုးတို့သည် အသား စိုင်ကိုမှီ၍ အသားစိုင်ရင်းကိုစားလျက် အကြောကိုမှီ၍ အကြောရင်းကိုစားလျက် နေကြ ကုန်၏။

ဝေရမ္ဘမည်သောပိုး၊ မဟာဝေရမ္ဘမည်သောပိုး၊ ဤ ၂-မျိုးတို့သည် လည်ချောင်းကိုမှီ၍ လည်ချောင်းရင်းကိုစားလျက် နေကြကုန်၏။

တုလနမည်သောပိုး၊ ရတ္တာမည်သောပိုး၊ လောဟိတမည်သောပိုး၊ ဤပိုး ၃-မျိုးတို့သည် ရိုးတွင်းခြင်ဆီကိုမှီ၍ ရိုးတွင်းခြင်ဆီကိုစားလျက် နေကြကုန်၏။

ဝတာမည်သောပိုး၊ ဝဂ္ဂုဝတာမည်သောပိုး၊ ဤ ၂-မျိုးတို့သည် အညှိကိုမှီ၍ အညှိရင်းကို စားလျက် နေကြကုန်၏။

ဒန္တမည်သောပိုး၊ မဟာဒန္တမည်သောပိုး၊ ရောဟိတမည်သောပိုး၊ မဟာရောဟိတမည်သော ပိုး၊ ဤ ၄-မျိုးတို့သည် ဟဒယဝတ္ထုကိုမှီ၍ ဟဒယဝတ္ထုသားကိုစားလျက် နေကြကုန်၏။

ဝရုဏမည်သောပိုး၊ တဏှုမည်သောပိုး၊ သီလဝမည်သောပိုး၊ မဟာသီလဝမည်သောပိုး၊ ဤ ၄-မျိုးတို့သည် အသည်းကိုမှီ၍ အသည်းရင်းကိုစားလျက် နေကြကုန်၏။

အဋ္ဌိဝိဓပိုး၊ အဒဋ္ဌသဒ္ဒပိုး၊ အဋ္ဌိသီလဝပိုး၊ အဋ္ဌိသင်္ဂါပိုး၊ မုဋ္ဌပိုး၊ မုဋ္ဌသိဝရပိုး၊ ဤ ၆-မျိုးတို့ သည် ဝမ်းလျှာသရက်ရွက်ဟု ဆိုအပ်သော အသားဖျဉ်းကိုမှီ၍ အသားဖျဉ်းကို စားလျက် လည်းကောင်း၊ အမြေးရင်းကိုမှီ၍ အမြေးရင်းကို စားလျက်လည်းကောင်း နေကြကုန်၏။

သေတပိုး၊ လောဟိတပိုး၊ ကာလပိုး၊ ကာဋသိရပိုး၊ စူကာပိုး၊ မဟာစူကာပိုး၊ ဤ ၆-မျိုးသော ပိုးတို့သည် ကလအုံး ဆောင်းထပ်ဟု ခေါ်အပ်သော အဆုတ်ကိုမှီ၍ အဆုတ်ကိုစားလျက် နေကြ ကုန်၏။

စူရန္တပိုး၊ မဟာစူရန္တပိုး၊ သိပ္ပပိုး၊ မဟာသိပ္ပပိုး၊ အန္တဝရပိုး၊ ပက္ကာဝရပိုး၊ ဤ ၆-မျိုးသော ပိုးတို့သည် အအူကိုမှီ၍ အအူရင်းကိုစားလျက် နေကြကုန်၏။

ဥဇ္ဇဝပိုး၊ ဩဇဝပိုး၊ နေဇ္ဇဝပိုး၊ သဇ္ဇဝပိုး၊ ဤ ၄-မျိုးတို့သည် အစာသစ်ကိုလည်းကောင်း၊ အစာဟောင်းကိုလည်းကောင်း၊ ကျင်ကြီးသစ်ကိုလည်းကောင်း၊ ကျင်ကြီးဟောင်းကိုလည်းကောင်း အမှီပြု၍ ထိုဝတ္ထုအရင်းကို စားလျက် နေကြကုန်၏။

နီလပိုး၊ ပီတပိုး၊ ဥဋ္ဌာရပိုး၊ ဒါနဝပိုး၊ အသိမုခပိုး၊ ဝဟနပိုး၊ ဗဟိဒ္ဓပိုး၊ ဟနဝပိုး၊ မုဋ္ဌိခါဒပိုး၊ ဝိသာလဟလမုခိပိုး ဤ ၁၀-မျိုးသောပိုးတို့သည် သည်းခြေကိုလည်းကောင်း၊ သလိပ်ကိုလည်းကောင်း၊ ပြည်စုကိုလည်းကောင်း၊ သွေးစုကိုလည်းကောင်း၊ ချွေးစုကိုလည်းကောင်း၊ အဆီခဲကိုလည်းကောင်း၊ မျက်ရည်ကိုလည်းကောင်း၊ ဆီကြည်ကိုလည်းကောင်း အမှီပြု၍ ထိုဝတ္ထု၏အရင်းကို စားလျက်နေကြကုန်၏။

အတိမုခပိုး၊ ဇာလမုခပိုး၊ ဤပိုး ၂-မျိုးတို့သည် ဟဒယဝတ္ထုသွေးကိုမှီ၍ ထိုသွေးကိုသောက်လျက် နေကြကုန်၏။

ကရမည်သောပိုး၊ ကရန္ဒမည်သောပိုး ကရဏိယပိုး၊ ကံဟကပိုး၊ ဟက္ကကပိုး၊ ဤ ၅-မျိုးတို့သည် ရှေ့အဖို့ဖြစ်သော ကိုယ်ကိုမှီ၍ ထိုကိုယ်ကိုစားလျက် နေကြကုန်၏။

လောဟမုခမည်သောပိုး၊ မဟာလောဟမုခ မည်သောပိုး၊ အာလောဟမုခမည်သောပိုး၊ မဟာအာလောဟမုခမည်သောပိုး၊ နှာရမုခမည်သောပိုး၊ ဤ ၅-မျိုးတို့သည် နောက်အဖို့ဖြစ်သော ကိုယ်ကိုမှီ၍ ထိုကိုယ်ကိုစားလျက် နေကြကုန်၏။

စန္ဒမည်သောပိုး၊ စဏ္ဍသိရမည်သောပိုး၊ ဝေဇိဏှမည်သောပိုး၊ ဇိဏှာသိဝရမည်သောပိုး၊ ပုထုလမည်သောပိုး၊ ဤ ၅-မျိုးတို့သည် အောက်အဖို့ဖြစ်သော ကိုယ်ကိုမှီ၍ ထိုကိုယ်အသားကို စားလျက် နေကြကုန်၏။ ထိုထိုအရပ်၌ပင် ကစားရာ တလင်းပြုကြကုန်၏။ အိုကြ သေကြသဖြင့် သုသာန်သင်းချိုင်းကို ပြုကြကုန်၏။

ဤသို့ဆိုအပ်ပြီးသော နည်းအားဖြင့် ဆံရင်း၌နေသောပိုး ၂-မျိုး၊ ဦးကျောက်၌နေသော ပိုး ၂-မျိုး၊ မျက်စိ, နား, နှာခေါင်း၌ ပိုး ၃-မျိုး၊ လျှာ၌ ပိုး ၃-မျိုး၊ သွားအာစောင်၌ ပိုး ၃-မျိုး၊ အရေထူ အရေပါး၌ ပိုး ၃-မျိုး၊ အသားအကြော၌ ပိုး ၃-မျိုး၊ လည်ချောင်း၌ ပိုး ၂-မျိုး၊ ရိုးတွင်းခြင်ဆီ၌ ပိုး ၃-မျိုး၊ အညှို့၌ ပိုး ၂-မျိုး၊ နှလုံးသား၌ ပိုး ၄-မျိုး၊ အသည်း၌ ပိုး ၄-မျိုး၊ အချဉ်းအူမြေး၌ ပိုး ၆-မျိုး၊ အဆုတ်၌ ပိုး ၆ မျိုး၊ အူမ၌ ပိုး ၆-မျိုး၊ မကျက်သေးသောအစာ ကျက်ပြီးသောအစာ၊ အစာသစ် အစာဟောင်း၌နေသော ပိုး ၄-မျိုး၊ သလိပ်၊ ပြည်၊ သွေး ချွေး၊ အဆီခဲ၊ မျက်ရည် ဆီကြည်၌နေသော ပိုး ၁၀-မျိုး၊ ဟဒယဝတ္ထုသွေး၌နေသော ပိုး ၂-မျိုး၊ ရှေ့ကိုယ်၌နေသော ပိုး ၅-မျိုး၊ နောက်ကိုယ်၌နေသော ပိုး ၅-မျိုး၊ အောက်ကိုယ်၌နေ သော ပိုး ၅-မျိုးအားဖြင့် လူတို့၏ကိုယ်၌ ပိုးမျိုး ရှစ်ဆယ်တို့သည် နေကုန်၏။

ကျမ်းကြီးတို့၌ ဤသို့ စေ့ငုစွာမလာ။ မူလကမ္မဋ္ဌာန်း၌သာ လာသည်။

၇၂။ နား နှာခေါင်းဝယ်၊ ပိုးသုံးသွယ်၊ အဘယ် မည်သောပိုးတို့နည်း။

၇၃။ ခြင်ဆိဒ္ဓဝယ်၊ နေစဖွယ်၊ သုံးဆယ် ပိုးကား အဘယ်နည်း။

ဟူသော အမေးပုစ္ဆာနှစ်ပုဒ်၏ အဖြေဝိသဇ္ဇနာမှာ....အထက်ပုစ္ဆာ၌ ဖြေဆိုခဲ့သည်နှင့်ပင် သိသာလောက်ပြီ။

၇၄။ မြင်းခေါင်းတင့်တယ်၊ ဇောကိနှယ်၊ ဘုန်းကြွယ် ဘယ်ကောင်းမှုကြောင့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

သက္ကစ္စံ ဝါစေတာ အဟောသိ သိပ္ပံ ဝါ ဝိဇ္ဇံ ဝါ စရဏံ ဝါ ကမ္မံ ဝါ ကိန္တိ မေ ခိပ္ပံ ဝိဇာနေယျုံ ကိန္တိ မေ ခိပ္ပံ ပဋိပဇ္ဇေယျုံ၊ န စိရံ ကိလမေယျုန္တိ။ တသ္မာ ဧဏိဇင်္ဃတာ။

ဗီဃနိကာယ် လက္ခဏာသုတ် ပါဠိတော်။

အနက်ကား။ ။သိပ္ပံ ဝါ၊ လယ်လုပ် ကုန်သွယ် ရောင်းဝယ်ခြင်း,ပန်းချီ ပန်းပု ရေးထုခြင်း အစရှိသော အတတ်ကိုလည်းကောင်း။ဝိဇ္ဇံ ဝါ၊ရောဂါဖြေနှိပ်၊မြွေဆိပ် မန္တရား စသော ဆေးအတတ် ဗေဒင်ဟူးရား စသော အတတ်ကိုလည်းကောင်း။ စရဏံ ဝါ၊ ကြီးသောသူကို ရှိသေစေခြင်း,ပဋ္ဌသိဒသသီကို ဆောက်တည်စေခြင်းစသော ကိုယ်ကျင့်ကိုလည်းကောင်း။ ကမ္မံ ဝါ၊ ကမ္မဿကတာဉာဏ် ပညာကိုလည်းကောင်း။ သိက္ခန္တော၊ သူတပါးအား သင်ကြား စေသည်ရှိသော်၊ (ထည့်ပါဠ်)။ ကိန္တိ၊ အဘယ်သို့လျှင်။ ဣမေ၊ ဤသူတို့သည်။ ခိပ္ပံ၊ လျင်စွာ။ ဝိဇာနေယျုံ၊ သိပါကုန်အံ့နည်း။ ကိန္တိ၊ အသို့လျှင်။ ဣမေ။ ဤသူတို့သည်။ ခိပ္ပံ၊ လျင်စွာ။ ပဋိပဇ္ဇေယျုံ၊ကျင့်ပါကုန်အံ့နည်း။ စိရံ၊ကြာမြင့်စွာ။ န ကိလမေယျုံ၊မပင်ပန်းကုန်အံ့နည်း။ ဣတိ၊ဤသို့။ သက္ကစ္စံ။ မဝှက်မထောင့်ဖြောင့်စင်းရှိသေစွာ။ ဝါစေတာ၊သူတပါးအား သင်ကြားပြသသည်။အဟောသိ၊ ဖြစ်ဖူး၏။တသ္မာ၊ ထို့ ကြောင့်။ဧဏိဇင်္ဃတာ၊ ဧဏိမည်သော သား၏ မြင်းခေါင်းကဲ့သို့ လုံးလျောင်း ညီညွတ် ပွတ်တိုင်သဖွယ် လွန်တင့်တယ်သော မြင်းခေါင်း ရှိတော်မူသော အဖြစ်သည်။ အဟောသိ၊ ဖြစ်၏။

၇၅။ လေးချောင်းအစွယ်၊ ကိုယ်တော်ဝယ်၊ ဘယ်ကောင်းမှုကြောင့်ဖြစ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပုဗ္ဗေ မနုဿဘူတော သမာနော မိစ္ဆာဇီဝံ ပဟာယ သမ္မာ အာဇီဝေန ဇီဝိတံ ကပ္ပေသိ၊ တုလာကူဋ ကံသကူဋ မာနကူဋ ဥက္ကောဋန ဝဉ္စန နိကတိ သာဝိယောဂ-

ဆေဒန ဝဓန ဗန္ဓနဝိပ္ပရာမောသ အာလောပ သာဟသာကာရာ ပဋိဝိရတော အဟောသိ။
တသ္မာ သုသုက္ကဒါဌတာ။

ဒီဃနိကာယ် လက္ခဏာသုတ် ပါဠိတော်။

ပုဗ္ဗေ၊ ရှေး၌။ မနုဿဘူတော သမာနော၊ လူဖြစ်၍ ဖြစ်တော်မူသည်ရှိသော်။ မိစ္ဆာဇီဝံ၊ မကောင်းသောအသက်မွေးခြင်းကို။ ပဟာယ၊ ဖယ်၍။ သမ္မာအာဇီဝေန၊ ကောင်းသော အသက်မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေသိ၊ ပြု၏။ တုလာကူဋ ကံသကူဋ မာနကူဋာ စ၊ ချိန် စဉ်းလဲ တင်းစဉ်းလဲ သပြာ စဉ်းလဲပြု၍ လှည့်ပတ်ခြင်းမှလည်းကောင်း။ ဥက္ကောဋနဝဉ္စနနိကတိ သာဝိယောဂါ စ၊ တံစိုးယူ၍ ကောက်သောအမှုကိုပြုခြင်း, ဥပါယ်တမျဉ်ဖြင့် လှည့်ပတ်ခြင်း တည်းဟူသော ကောက်သောအမှုကို ပြုခြင်း အတုပြု၍ လှည့်ပတ်ခြင်းတို့မှလည်းကောင်း။ ဆေဒန ဝဓန ဗန္ဓန ဝိပ္ပရာမောသ အလောပ သာဟသာကာရာ စ၊ လက်ခြေကို ဖြတ်ခြင်း, နှောင်ဖွဲ့ခြင်း, ခရီး၌ စောင့်၍ လုယက်ခြင်း, ပြည်ရွာကို ဖျက်ဆီးခြင်း စသော အနိုင်အထက် နှိပ်စက်ခြင်းတို့မှလည်းကောင်း။ ပဋိဝိရတော၊ ကြဉ်တော်မူသည်။ အဟောသိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ သုသုက္ကဒါဌတာ၊ အလွန် ဖြူစင် ရှုချင်စဖွယ် သောက်ရှူးကြယ်သို့သော စွယ်တော်လေးချောင်းရှိသော အဖြစ်သည်။အဟောသိ၊ ၏။

၈၆။ အာချာတ်ခေတ်ရှယ်၊ ဖွင့်သည်ဝယ်၊ ဘယ်သံဝဏ္ဏနာတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အာချာတ်ခေတ်ကို ဖွင့်သော သံဝဏ္ဏနာသည် “ခေတုပဒ သံဝဏ္ဏနာ” မည်၏။ ပုံကား။ “ကာဟိဿတီတိ ကရိဿတိ” စသည်တည်း။ ဤ၌ ကာဟသဒ္ဒါသည် ကရခေတ်၏ ကာရိယတည်းဟု ဖွင့်သည်။

၈၇။ ကိတ်ပစ္စည်းဝယ်၊ အဖွင့်ကျယ်၊ အဘယ်အဖွင့်ဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ကိတ်ပစ္စည်းကို ဖွင့်သော သံဝဏ္ဏနာသည် ဒုတိယပစ္စယပဒသံဝဏ္ဏနာ မည်၏။ ပုံကား။ “အဘိဝါဒိယာတိ အဘိဝန္ဒိတွာ” စသည်တည်း။ ဤ၌ ယ-သည် တွာ-ပစ္စည်း၏ ကာရိယတည်းဟု သိစေလို၍ ဖွင့်သည်။

၈၈။ ကာရကခြောက်သွယ်၊ ကိရိယာဝယ်၊ စပ်ဖွယ်မြဲကောင်းလေလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....“ကတ္တုကမ္မဒ္ဒီ ကိရိယံ ကရောတိ အဘိနိပ္ဖါဒေတီတိ ကာရကော” ဟူသော ဝစနတ္ထနှင့်ညီစွာ ကတ္တား ကံ၌ တည်သော သွားခြင်း, ချက်ခြင်း အစရှိသော ကိရိယာကို ပြီးစေတတ်သော သတ္တိသည် ကာရက မည်၏။ထိုကာ ရကသည် ကတ္တု-

ကာရက, ကမ္မကာရက, ကရဏ ကာရက, သမ္ပဒါန ကာရက, အပါဒါန ကာရက, ဩကာသ-ကာရက အားဖြင့် ခြောက်ပါး အပြားရှိ၏။

ထိုခြောက်ပါးတို့တွင် ကတ္တားသည် စင်စစ်အားဖြင့် ကိရိယာကို ပြီးစေတတ်သောကြောင့် မုချကာရက မည်၏။ ကြွင်းသော ကာရက ငါးပါးတို့သည် အကြောင်းအားဖြင့်လည်းကောင်း, အကျိုးအားဖြင့်လည်းကောင်း ကိရိယာကို ပြီးစေတတ်သောကြောင့် ဥပစာရ ကာရက မည်၏။

ထိုခြောက်ပါးတို့တွင် ကတ္တု, ကမ္မ, ကရဏ ကာရကတို့သည် ကိရိယာနှင့် နီးစွာ တည်တတ်သောကြောင့် အာသန္န ကာရကာမည်၏။ သမ္ပဒါန်, အပါဒါန်, ဩကာသ ကာရကတို့သည် ဝေးစွာ တည်တတ်သောကြောင့် ဒူရကာရက မည်၏။ ထိုကာရကတို့သည် အမတ်နှင့်တူ၏။ ကိတ်ကိရိယာသည် အိမ်ရှေ့မင်းနှင့် တူ၏။ အာချာတ်ကိရိယာသည် ပြည့်ရှင်မင်းနှင့် တူ၏။ ဟိတ်, လက္ခဏ, သမ္ဗန်, အာလုပ်, နိဒ္ဓါရဏ, အစ္စန္တသံယောဂ ဟူသော အကာရကတို့သည် ဆင်းရဲသားနှင့် တူကုန်၏။ ဆင်းရဲသားသည် အမတ်ကို၊ အမတ်သည် အိမ်ရှေ့မင်းကို၊ အိမ်ရှေ့မင်းသည် ပြည့်ရှင်မင်းကို ခစားရသကဲ့သို့ အကာရကအနက်ကို ကာရကအနက်၌ ဆိုက်၍၊ ကာရကကို ကိတ်ကိရိယာ၌ ဆိုက်၍၊ ကိတ်ကိရိယာကို အာချာတ်ကိရိယာ၌ ဆိုက်၍ အဓိပ္ပါယ်ယူအပ်သည်။

ထို့ကြောင့် ကစ္စာယနဘေဒ စသည်၌....

ရာဇတုလျာ ကိရိယာ နာမ၊ အမစ္စာ နာမ ကာရကာ။
တသ္မာ ဆ ကာရကာ တတ္ထ၊ ပါပုဏန္တိ ယထာရဟံ"

စသည်ဖြင့် မိန်သည်။

ယင်းသို့ စပ်ဆိုက်ရာ၌ ကိရိယာသည် ကာရကတပါးသည် ပြီးစေအပ်သောကိရိယာ၊ နှစ်ပါးပြီးစေအပ်သော ကိရိယာ၊ သုံးပါး, လေးပါး, ငါးပါး, ခြောက်ပါးသည် ပြီးစေအပ်သောကိရိယာ ဟူ၍ များသောအပြားရှိ၏။

ထိုတွင် ကတ္တားတပါးသည် ပြီးစေအပ်သော ကိရိယာကား 'ဗီဇာယ အင်္ကုရော ဇာယတိ စသည်တည်း။ နှစ်ပါးပြီးစေအပ်သော ကိရိယာကား "ဒွိတောပါဒံ ဥက္ခိပတိ" စသည်တည်း။ သုံးပါးပြီးစေအပ်သော ကိရိယာကား "ပရိယင်္ကေ ရာဇာ သေတိ ဗီဇနိယာ" စသည်တည်း။ လေးပါး ပြီးစေအပ်သော ကိရိယာကား "အဇပါလော အဇံ ဂါမံ ရဇ္ဇုယာ ဒုဟတ္ထာယ နေတိ" စသည်တည်း။ ငါးပါးပြီးစေအပ်သော ကိရိယာကား "ဝိဟာရတော နိက္ခမိတွာ ပုဋ္ဌကာသမယေ ဘိက္ခု ဂါမံ ပါဒေန ဂတော" စသည်တည်း။ ကာရက ခြောက်ပါး ပြီးစေအပ်သော ကိရိယာကား "ဒါယကော၊ ဒါယကာသည်။ ထာလိယာ၊ ထမင်းအိုးမှ။ ဘိက္ခံ၊ ထမင်းကို။ ဟတ္ထေန၊ လက်ဖြင့်။ ဂေဟေ၊ အိမ်၌၊ ဘိက္ခုနော၊ ရဟန်းအား။ ဒဒါတိ၊ လှူ၏။ ဤသို့ ကာရကတို့သည် ပြီးစေအပ်သောကြောင့်သာ ကိရိယာမည်သည်ဖြစ်ရကား ကာရက ဟူသမျှသည် ကိရိယာ၌စပ်ရခြင်း မြဲသင့်၏။ အချို့ဝါကျ၌ အာချာတ်ကိရိယာ မရှိခဲ့အံ့၊ ကာရက အချင်းချင်းလည်း စပ်သင့်သေး၏။ အချင်းချင်းစပ်သည်ကို တုလျတ်လိင်္ဂတ်ဟု ခေါ်အပ်၏။

ဤသို့ ကာရကတို့သည် ယေဘုယျအားဖြင့် ကိရိယာ၌စပ်ဆိုက်၏။ အပွက အားဖြင့်ကား အချင်းချင်းလည်း ဆိုက်ကောင်းသေး၏ဟု နှလုံးပိုက်စေခြင်းငှါ နိယံဆရာသည် "ကာရက ခြောက်ပြာ၊ စပ်အပ်ရာ၊ စပ်ရာချင်းနှင့်မင်း"ဟူ၍ မိန့်သတည်း။

ဤကိုထောက်ဆ၍ "ကာရက ခြောက်သွယ်၊ ကိရိယာဝယ်၊ စပ်ဖွယ်မပြဲလေသတည်း"ဟု ဖြေရာ၏။

၇၉။ စ–နှစ်ပါးလယ်၊ ပုဒ်ကိုရွယ်၊ အဘယ် သမာသ်ဆိုမည်နည်း။

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....စ-နှစ်ပါးလယ်၊ ပုဒ်ကိုရွယ်၊ ကမ္မဓာရယ်သမာသ်၊ အနေမှတ်။ (နိယံ)

၈၀။ နာမ်ဝိဘတ်ဝယ်၊ ခုနစ်သွယ်၊ ဘယ်ပုဒ်ရှိက ကျေသနည်း။

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....တထာဂတိသဒ္ဒါ၊ ရှိလေရာကား၊ ခုနစ်ပြာ ဝိဘတ်၊ ကျေ၏မှတ်။ ။(နိယံ)။ ။ယထာ တထာ၊ သဗ္ဗထာနှင့်၊ တထာဂတိ-ကထံ၊ ဣတ္ထံ ပုဒ်ဆုံး၊ ခုနစ်လုံး၊ ကျေဆုံးဝိဘတ်တည်း။ ။(ငါတို့အလို)။

၈၁။ သာသနာအဲ့ဖွယ်၊ ဘယ်ချိန်ဝယ်၊ စွယ်တော် သီဟိုဠ်ရောက်သနည်း။

၈၂။ ဘုရားရှင့်စွယ်၊ သီဟိုဠ်ဝယ်၊ ဘယ်မင်း လက်ထက်ရောက်သနည်း။

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....သီဟိုဠ်ကျွန်း၌ ရှေးဦးစွာ ပြည်တည်စ ဖြစ်သော ဝိဇယဗာဟုမင်းမှစ၍ ၆၆-ဆက်မြောက်သော ကိတ္တိသိရိ မေဃမင်း၏ လက်ထက်တော်၌ ကလိင်္ဂဆုဇ်ပြည်မှ စွယ်တော်သည် သီဟိုဠ်သို့ရောက်၏။ ထိုအခါ သာသနာတော် ၇၃၀-ပြည့်နှစ်တည်း။ ဤသို့ မဟာဝင်လာသည်ဟု ဖြေ။

၈၃။ ရွှေဝမ္မိုလယ်၊နန်းစံပယ်၊ဘယ် မင်းဆက်က ဦးသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား... တကောင်းနွယ်ရိုး၊ တေဇော်ဖြိုးသည်၊ သတိုး မင်းဖျား အဦးတည်းဟု ဖြေ။

၉၄။ ကုလားကျယ်၊ ပုဂံဝယ်၊ ဘယ့်နှယ် ကံထိုက်လေသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ကျန်စစ်သားမင်း၏ မြေးတော်ဖြစ်သော အလောင်းစည်သူတွင် သားနှစ်ယောက်ရှိသည်။ အကြီးကား မင်းရှင်စော၊ အငယ်ကား နရသူတည်း။ ထိုနှစ်ယောက်တို့တွင် မင်းရှင်စော တပြက်သာမြို့တွင်နေစဉ် ခမည်းတော် ကံကုန်သည်ဖြစ်၍ ညီတော်နရသူက ထီးနန်းကို သိမ်းယူပြီးလျှင် နောင်တော်ထံသွား၍ မင်းပြုလှည့်ပါဦးဟု ပင့်ခေါ်၏။ မင်းရှင်စောလည်း ယုံကြည်၍လိုက်ခဲ့ပြီးလျှင် နန်းတက်၏။ တညဉ့်မျှနေ၍ မိုးသောက်လျှင်ပင် ညီ နရသူက အဆိပ်ခတ်သော စားတော်ကိုဆက်၍ စားမိသဖြင့် သေလေ၏။ သေပြီးသော် ညီတော်နရသူသည် နန်းတက်၍ သက္ကရာဇ် ၅၂၀-တွင် မင်းပြု၏။ ဤမင်းသည် ခမည်းတော် အလောင်းစည်သူအား ပဋိက္ကရားမင်းက ဆက်လာသော မင်းသမီးကိုသိမ်းမြန်း၍ အပါးတော်တွင် ခစားစေ၏။ မင်းကြီးကိုယ်လက်သန့်ရာ သံဝါသပြုရာတို့၌ သန့်သက်ရေမဆောင်သည်ကို ကုလားမငယ် သိလျှင် မချဉ်းကပ်ပဲနေ၏။ ဘယ့်ကြောင့်မချဉ်းကပ်သနည်းဟု မေးလေသော် သန့်သက်ရေ မဆောင်သောကြောင့် ရွံရှာသည်ဖြစ်၍ မချဉ်းမကပ်ကြောင်းကိုဆိုလျှင် အမျက်ထွက်၍ ထိုနေရာတွင်ပင် မင်းသမီးကိုသတ်လေ၏။ ထိုအကြောင်းကို ပဋိက္ကရားမင်း ကြားလျှင် ကုလားသူရဲရှစ်ယောက်ကို ပုဏ္ဏားယောင်ဝတ်စေ၍ ရွှေ ငွေ အသက်မွေးလောက်အောင်ပေးပြီးမှ ပုဂံသို့သွား၍ နရသူကို လုပ်ကြံချေဟု စေလိုက်၏။ ကုလားတို့လည်း လာခဲ့ကြ၍ မင်းကျွမ်းဝင်အောင်ပြုပြီးလျှင် နေ့တိုင်းနေ့တိုင်း ပရိတ်ပန်းဆက်၍ အဘိသိက်ပေးရ၏။ တနေ့သ၌ ထက်ဝန်းကျင် ရံပြီးလျှင် အဘိသိက်ပေးဟန်ပြု၍ မင်းအား ခုတ်သတ်လေ၏။ ထို့ကြောင့် နရသူကို "ကုလားကျမင်း"ဟု တွင်သတည်း။

ဤသို့ ရာဇဝင်၌ ဆိုသောကြောင့် ဤကုလားကျမင်းသည် နောင်တော်ကို သေစေတ်သော အစာဖြင့် ပါဏာတိပါတကံ ထိုက်သည်။ ကုလားမင်းသမီးကို ကိုယ်တိုင်သတ်သော မနုဿဃာတကကံ ထိုက်သည် ဟူပေ။ သီလဘုန်းကံရှိသော သူကိုသတ်သောသူသည် မကြာမြင့်မီ မကောင်းသော အကျိုးထူးခံရမြဲဖြစ်၏။

၉၅။ ရသေ့ကြောင်ဝယ်၊ သားသူငယ်၊ ဆက်နွယ်ရှိတို့လေလိမ့်နည်း။

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သမုဒ္ဒရာဇ်မင်း ကံကုန်လျှင် သမက်တော် ပျူမင်းထီးသည် ပုဂံပြည်ထီးနန်းကိုရ၏။ ရသေ့လည်း မင်းမပြုဦးသေးပဲ မင်းဖြစ်မည်ဟု နိမိတ်ဖတ်ဖူးသော အတတ်ပညာကို သင်ပြသော ဆရာရသေ့အား လှူဝတ်လဲစေ၍ မင်းစည်းစိမ်ကို ပေး၏။ ပျူမင်းထီးကား အမှုထမ်း၍သာနေ၏။ ရသေ့ကြောင်သည် အိမ်နိမ့်-၉၁၊ စည်းစိမ်-၁၅၊ အသက် ၁၀၆-နှစ်မှ ကံကုန်သည်။ သက္ကရာဇ် ၉၇-ခုတွင် ပျူမင်းထီးမင်းပြုရသည်။

ဤမျှသာ ရာဇဝင်ဆိုသည်။ ရသေ့ကြောင်မင်း၌ သားဆက်နွယ်ရှိသည်ဟုမဆို။ ရသေ့ကြောင်းဝယ်ဟု ယပင့်နှင့်ရှိမူ တေပါးမင်းဟု ယူရန်ရှိသည်။

၉၆။ သာသနာရောင်သွယ်၊ ရာ့တစ်ဝယ်၊ ဘယ်ပြည် ထီးနန်းဆောက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

သုံးဌာနကို၊ သတ္တရက်ကြာ၊ တည်၍သာလျှင်၊ ကောဇာတက်လာ၊ ရာ့တခုတွင်၊ ဇမ္ဗူ့
တန်ဆောင်၊ ဒွတ္တပေါင်အား၊ ရန်အောင်စိမ့်ကြောင်း၊ ဘိသိက်လောင်းပြီး၊ ရိုက်ခြောင်း
ထစ်ချုန်း၊ မိုးသံအုန်းသို့၊ဒုန္ဒုဘိဃန်၊ ခွန်တောင်းရန်က၊ ဆဒ္ဒန်ဇာနည်၊ လှံရှည်ထားကြိမ်၊
ရန်ညွန့်နှိမ်နှင့်၊ တိမ်လိပ် ဘောက်လှဲ၊ သေ့ဖင့်နွဲ့မှု၊ သူရဲ နတ်စစ်၊ ဆယ့်ခုနစ်တို့၊
ဆော်ရစ်ကွပ်ညှပ်၊ ဆောက်နှင်းအပ်သည်၊ အောင်ရပ်တည့် သောင်းကျေး၊ ထိန့်ရိုက်
ကြွေး။ ။(နားတော်သွင်း)

ဒွတ္တပေါင်မင်းသည် သာသနာတော် ၁၀၁-ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်နေ့တွင် အချင်း တယူဇနာ။ အဝန်း သုံးယူဇနာ ရှိသော တံခါးကြီး ၃၂။ တံခါးငယ် ၃၂-တို့ဖြင့် တင့်တယ်သော သိရိခေတ္တရာ မြို့တော် နန်းတော် တန်ဆောင်း ပြအိုး ကျုံး ဤလေးဌာနကို တကာလတည်း တည်သည်။ ပြအိုးနှင့် ကျုံးကို တပေါင်းတည်းယူ၍ လက်ာ၌ သုံးဌာနဟု ဆိုသည်။

၉၇။ ရသေ့မြို့ဝယ်၊ စိုးဆက်နွယ်၊ ဘယ်မျှ မင်းပေါင်း ရှိသနည်း

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ... ဒွတ္တပေါင် မင်းကြီး။ ၎င်းသား ဒွတ္တရန်။ ၎င်းသား ရန်ဘောင်။ ၎င်းသား ရန်မန်။ ၎င်းသား ရက္ခန်။၎င်းသား ခဲလောင်း၊၎င်းသားလက်ခိုင်။ ၎င်းသား သီရိခန်။၎င်းသား သီရိရာဇ်။ ။ဤ သီရိရာဇ်မင်းပြု၍ သာသနာတော် ၄၃၃-ခုနှစ်တွင် တကောင်းမင်းရိုး ပြတ်သဖြင့် ရသေ့မြို့သား တေပါးမင်း ဖြစ်သည်။ ၎င်းမင်းသားပါပိရန်။ ၎င်းသား ရန်မုက္ခ။ ၎င်းသား ရန်သိခ်။ ၎င်းသား ရန်မုဋ္ဌလိန္ဒ။ ၎င်းညီ ဘေရိန္ဒ။ ၎င်းသား မုဋ္ဌ။ ၎င်းသား ပုဏ္ဏ။ ၎င်းညီ သာခ။ ၎င်းသား သာသိ။ ၎င်းညီ ကန္နု။ ၎င်းနှောင်တော် ကန်ဇက်။ ၎င်းညီ ဘိဇ္ဇ။ ။ဤ တေပါးမင်းမျိုး ၁၃-ဆက်တွင် မင်းဆက်ပြတ်၍ သာသနာတော် ၆၁၇-ခု တွင် တကောင်းမင်းရိုးဖြစ်သော သုမုန္ဒြီမင်း မင်းဖြစ်၏။ ၎င်းသား အတိတျာ၊ ၎င်းညီ သုပညာနဂရဆိန္န။ ဤမင်းတွင် မြို့ပျက်လေသည်။ ။မင်းပေါင်း ၂၅-ဆက်တည်း။

၉၈။ ပြည်မြို့၌ဝယ်၊ စိုးစံပယ်၊ မင်းဘယ်မျှလောက် ဆက်သနည်း

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သေဉ်ပထဗျာ၊ မြေမျက်နှာမူ၊ ကြေညာလွှံ့ညီ၊ နေမျိုးပီသား၊ သီဟသူက၊ ညီ
ကျစွာမင်း၊ ဘုန်းဝင်းလျှံညီး၊ မင်းကြီးစောရန်နောင်၊ စိုးဆောင်နန်းဆက်၊ မင်းမျက်နှာ
ရှည်၊ စံတည်ညာတင်၊ ထီးလှိုင်ရှင်နှင့်၊ လွန်ထင်ကြေညာ၊လကျ်ာပံ့ချီ၊ ယှဉ်မှီမကင်း၊မင်း
စုက္ကတေး၊ နှီးဝေးဂငပေါ်၊ ကျော်စွာ ကျော်နှင့်၊ ညီတော်ဘုန်းထူ၊ သီဟသူဟု၊ ခံယူမှု

၇၇။ လေးဆယ့်နှစ်သွယ်၊ ဓာတ်ပြားဖွယ်၊ လူဝယ် မည်သို့ပြားသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အယဉ္စ မေ ကာယော စတုန္နံ မဟာဘူတာနံ နိဝါသော။ တာနိ စ စတုမဟာဘူ-တာနိ ကတမာနိ။ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု။ ဣမာနိ စတုမဟာဘူတာနိ ဟောန္တိ။

ကတိ ပဆဝီဓာတု။ ဝီသတိ ပထငီဓာတု။ ကတမာနိ ဝီသတိ။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ ပထဝီဓာတု။ လောမာ ပထဝီဓာတု။ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ ပထဝီဓာတု။ ဣမာနိ ဝီသတိ ပထဝီဓာတူနိ ဟောန္တိ။

ကတိ အာပေါဓာတု။ ဒွါဒသ အာပေါဓာတု။ ကတမာနိ ဒွါဒသ။ အတ္ထိ ဣမသ္မိံ ကာယေ ပိတ္တံ အာပေါဓာတု။ သေမှံ အာပေါဓာတု။ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ အာပေါဓာတု။ ဣမာနိ ဒွါဒသ အာပေါဓာတူနိ ဟောန္တိ။

ကတိ တေဇောဓာတု။ စတဿော တေဇောဓာတု။ ကတမာ စတဿော။ အတ္ထိ ဣမသ္မိံ ကာယေ ယေန စ သန္တပ္ပတိ။ ယေန စ ဇီရိယတိ၊ ယေန စ ပရိဒယှတိ၊ ယေန စ အသိတံ ပီတံ ခါယိတံ သာယိတံ သမ္မာ ပရိဏာမံ ဂစ္ဆတိ။ ဣမာ စတဿော တေဇောဓာတူနိ နာမ ဟောန္တိ။

ကတိ ဝါယောမာတု။ ဆဗ္ဗိဓာ ဝါယောဓာတု။ ကတမာနိ ဆ။ အတ္ထိ ဣမသ္မိံ ကာယေ ဥဒ္ဓင်္ဂမာ ဝါတာ။ အဓောဂမာ ဝါတာ။ ကုစ္ဆိဋ္ဌာ ဝါတာ။ ကောဋ္ဌာသယာ ဝါတာ။ အင်္ဂ-မင်္ဂါနုသာရိနော ဝါတာ။ အဿာသပဿာသာ ဝါတာ။ ဣမာနိ ဆ ဝါယောဓာတူနိ ဟောန္တိ။

ဟူသော မူလ ကမ္မဋ္ဌာန်းပါဠိနှင့်အညီ ပထဝီဓာတ် ၂၀၊ အာပေါဓာတ် ၁၂-ပါး။ တေဇောဓာတ် ၄-ပါး။ ဝါယောဓာတ် ၆-ပါး အားဖြင့် ၄၂ ပါး ပြားသည်ကို သိရာ၏။

အနက်ကား။ ။မေးငါ၏။ အယဉ္စ ကာယော၊ ဤခန္ဓာကိုယ်သည်ကား။ စတုန္နံ မဟာဘူတာနံ၊ လေးပါးသော မဟာဘုတ်တို့၏။ နိဝါသော၊ နေရာဖြစ်၏။ တာနိ စ စတုမဟာဘူတာနိ၊ ထို လေးပါးသော မဟာဘုတ်တို့ ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ ဣမသ္မိံ ကာယေ၊ ဤ ရူပကာယ ဖြစ်သော ခန္ဓာကိုယ်၌။ ပထဝီဓာတု၊ ခိုင်မာခြင်း လက္ခဏာရှိသော ပထဝီဓာတ်သည်။ အတ္ထိ၊ ရှိ၏။ အာပေါဓာတု၊ ပျောင်းပြော့ခြင်း လက္ခဏာရှိသော အာပေါဓာတ်သည်။ အတ္ထိ၊ ရှိ၏။ တေဇောဓာတု၊ ရင့်မာခြင်း လက္ခဏာရှိသော တေဇောဓာတ်သည်။ အတ္ထိ။ ရှိ၏။ ဝါယောဓာတု၊ လှုပ်ရှားခြင်း လက္ခဏာ ရှိသော ဝါယောဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ဣမာနိ စတုမဟာဘူတာနိ၊ ဤလေးပါးသော မဟာဘုတ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တနည်းလည်း...

နဝရတ်ကိုးသွယ်။ ဆင်စလွယ်ကား။ တိုင်းကျယ်ပြည်ရေး။ မှုရှုပ်ထွေးကို။ ဆွေးနွေးတိုင်ပင်။ ပြီးကုံတွင်သည်။ ရောင်ငင်ကပ်မှီး။ မှူးမတ်ကြီးသည်။ရွှေထီးရွှေပြည်။ ဦးကင်းမည်၏။ စင်ကြည် သီလ။ အာစာရနှင့်။ မွေ့ပွင့်လန်း။ ထေရ်ရဟန်းကား။ ရွှေနန်း ထွက်တည်။ တမ်းခွန်မည်၏။ တိုရှည် နီးဝေး။ မှုခွင့်ရေးကို။ ထောက်တွေးမြော်မြင်။ ဗေဒင်ဟူးရား။ သမားကောင်းသည်။ မျက်စိမည်၏။ တပြည်တမြို့။ သူ့ရပ်သို့လျှင်။ ဝှက်လျှို့ချောင်းမြောင်း။ သူလျှိုကောင်းသည်။ ကျိုးကြောင်းဖွေနည်း။ ပြည်နားမည်၏။ စိုက်လည် လှည့်ပတ်။ ရန်ညွန့်ဖြတ်သား။ မင်းမတ် မင်းသား။မင်းညီများနှင့်။ ဆွေဝါးမျိုးစည်။ ပြည်စွယ်မည်၏။ ရွှေရည် စံသီး။ ရှုမငြီးသား၊ သမီးလုလင်။ လှဆင်းပြင်သည်။ ပြည်တွင်စံတည်။ မျက်နှာမည်၏။ ပွါးစည်ငွေကြေး။ ကြွယ်သဌေးတို့။ ဝတ်ရေးစားရာ။ ပြည့်စုံစွာနှင့်။ ရင့်မာခိုင်ကျည်။ ပြည်ဝမ်းမည်၏။ ဇာနည်ရဲစွမ်း။ မှုတော်ထမ်းသည်။ ကြိုးပမ်းအားထုသူရဲစုကား။ မြဲမှုထောက်တည်။ ပြည့်ခြေမည်၏။ နှစ်ပြည်ပိုင်ချက်။ သိကြားစက်သို့။ လက်နက်တန်ဆာ။ ကိရိယာကား။ မှီရာလှမ်းသည်။ ပြည့်လက်မည်၏။ ရွှေပြည်စိုးခြင်း။ အမင်းမင်းတို့။ ဦးကင်းမလွန်။ တမ်းခွန် မတိ။ မျက်စိမဖောက်။ နားပေါက်မဖယ်။ ပြည်စွယ်မခွါ။ မျက်နှာမလှမ်း။ ပြည်ဝမ်းမမွေ့။ ပြည်ခြေမဖျက်။ ပြည့်လက်မဖြတ်။ ကျင့်နိုင်တတ်မှ။ နဝရတ်ကိုးဖြာ။ ဆင်ရရာသည်။ တံထွာမင်းတို့ ကျင့်ထုံးတည်း။ ။ဤလင်္ကာဖြင့် မှီး၍သိအပ်၏။

၁၀၁။ ပြည့်ဝမ်းပြည်စွယ်၊ သည်နှစ်သွယ်၊ ဘယ်ကို ခေါ်ကြပေသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ယခင့်လင်္ကာနှင့် သိလောက်ပြီ။ အထက် ပုစ္ဆာ၏ ဝိသဇ္ဇနာနှစ်ရပ်တွင် နောက်ဆိုအပ်သော နဝရတ် ၉-သွယ်ကိုချည်၍ ပုစ္ဆာပြုဿည်ထင်သည်။ အဘယ့်ကြောင့်နည်းဟူမူကား— "ပြည့်ဝမ်း ပြည်စွယ်၊ သည်နှစ်သွယ်၊ ဘယ်ကိုခေါ်ကြပေသနည်း" ဟူသော စကားကို ထပ်ပြန်သောကြောင့်တည်း။

၁၀၂။ တမုတ်ဆိုးဖွယ်၊ ပညာကျယ်၊ နယ်နှုဘယ်သို့ ဆိုးသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... သဖန်းခါးသီးနှင့် သံချေးရော၍စိမ်၊ ကြို၍ဆိုး၊ တမုတ်ဖြစ်၏။ ရွှံတွင် တနေ့စိမ်။ နယ်နှုဖြစ်၏ဟူ၍ စာဟောင်းရှိသည်။

၁၀၃။ ဂြိုဟ်ရှစ်လုံးကြယ်၊ စံးရာဝယ်၊ ဘယ် ကျောက်လက်စွပ် ဝတ်မည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ထေ့ထေ့မာန္တရာယ်၊ စင်ပျောက်ပြယ်လျက်၊ ချမ်းကြွယ်တတ်စေ၊ ဥပဒေကား၊ တနင်္ဂနွေရွှေဖျား၊ ဂြိုဟ်လျှင်စားမူ၊ ပတ္တမြားရတနာ၊ ဝတ်ဆင့်

ရာ၏၊ တနင်းလာကား၊ ဖြူစွာပုလဲ၊ မျက်ရွဲဆင်ရာ၊ ဂြိုဟ်အင်္ဂါမူ၊ သန္တာဟူ၏၊ ဆင်ဖြူဗုဓ၊ ဂြိုဟ်စား ဈာဿေခ်၊ မြသားဝတ်ရေး၊ ကြာသပတေးကား၊ ကြောင်ဆင်ငြားလော့၊ ဂြိုဟ်စားသောကြာ၊ စိန်သာဆင်ပေ၊ စနေနီလာ၊ ရာဟုမှာမူ၊ ဂေါ်မုတ်ဟူသည်၊ မှတ်ယူဆင်ရန် ထုံးတမ်းတည်း။

၁၀၄။ လက်ညှိုး လက်လယ်၊ လက်သူကြွယ်၊ လက်ငယ် လက်မ ဘယ်ကျောက်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... လက်မ စိန်မျိုး၊ လက်ညှိုး နီလာ၊ လက်လယ်မှာကား၊ မြသားဝတ်ဖွယ်၊ လက်သူကြွယ်မှာ၊ ပတ္တမြားသာတည့်၊ ငယ်စွာလက်သန်း၊ ကြောင်ဆင်မြှန်းလော့။ ဆန်းသည့်လသို့ တက်ထွန်းတည်း။

၁၀၅။ စန်းလဂ်ယှဉ်တွယ်၊ ပူးရာဝယ်၊ ဘယ်ခွင် ဘယ်ကျောက် ဝတ်မည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... စန္ဒရလဂ္ဂေ၊ စန်းလဂ်သည်။ မိဿေ၊ မိဿရာသီ၌ ရှိမူကား။ မဏိ၊ ပတ္တမြားဝတ်ရာ၏။ ပြိဿေ၊ ပြိဿ၌ ရှိမူကား။ ဟရိ၊ မြဝတ်ရာ၏။ မေထုနေ၊ မေထုန်၌ ရှိမူကား။ ဗိဠူ၊ ကြောင်ဝတ်ရာ၏။ ကက္ကဋေ၊ ကြကဋ်၌ ရှိမူကား။ မုတ္တာ၊ ပုလဲဝတ်ရာ၏။ သီဟေ၊ သိဟ်၌ ရှိမူကား။ စိနကံ၊ စိန်ဝတ်ရာ၏။ ကန္နေ၊ ကန်၌ ရှိမူကား။ ဥဿဘာ၊ ဥဿဖယားဝတ်ရာ၏။ တူလေ၊ တူ၌ ရှိမူကား။ ဂေါမုတ္တံ၊ ဂေါ်မုတ်ကျောက် ဝတ်ရာ၏။ ဗြိစ္ဆေ၊ ဗြိစ္ဆာ၌ ရှိမူကား။ ရတ္တာ၊ နီလာဝတ်ရာ၏။ ဓနုမှိ၊ ဓနု၌ ရှိမူကား။ ပဝါဠံ၊ သန္တာဝတ်ရာ၏။

၁၀၆။ နက္ခတ်သွယ်သွယ်၊ ကျောက်မျိုးခြယ်၊ ဘယ်ကျောက် ဘယ်နက္ခတ်၌နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား... နက္ခတ်အားဖြင့် ဝတ်ဆင်ရာသည်ကား အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟိနီ၊ မိဂသီ အဒြ၊ ဤနက္ခတ်တို့၌ကား ပတ္တမြားဝတ်ရာ၏။ ပုနဗ္ဗုသု၊ ဖုသျှ၊ အသလိဿ၊ မာဃ၊ ပုဗ္ဗဖဂ္ဂုနီ ဤနက္ခတ်တို့၌ကား နီလာဝတ်ရာ၏။ ဟဿတ၊ စိတြ၊ သွာတိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြုဗ္ဗာသာဠ် ဤနက္ခတ်တို့၌ကား ကြောင်ဝတ်ရာ၏။ ဥတ္တရာသာဠ်၊ သရဝဏ်၊ ဓနသိဒ္ဓ၊ သတ္တဘိသျှ၊ ပြုဗ္ဗဘဒြပိုဒ်၊ ဥတ္တရာဘဒြပိုဒ်၊ ရေဝတီ ဤနက္ခတ်တို့၌ကား ဂေါ်မုတ်ဝတ်ရာ၏။

ဤသို့ ဆိုခဲ့သောအတိုင်း ဝတ်ဆင်ရမူကား ခပ်သိမ်းသော ဘေးအန္တရာယ် ပျောက်ရာ၏။ ကြောင့်ကြစိုးရိမ်ခြင်း ကင်းရာ၏။ နှလုံးဝမ်းသာ ဖြစ်ရာ၏။ ရန်မာန်ခပ်သိမ်းကိုလည်း အောင်အံ့။ အလိုခပ်သိမ်း ပြည့်စုံအံ့။ ဤ နက္ခတ်တို့၌ စန်းယှဉ်သောနေ့ ဝတ်ရမည်ဆိုလိုသည်။

၁၀၇။ သက်တံခုနစ်သွယ်၊ ကျောက်မျိုးဝယ်၊ ဘယ်မျှအဖိုးထိုက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဥဿဖယားတွင် နီလာသက်တံရေး ပြက်ပြက်စွဲအံ့။ ခုနစ်သွယ် ရှစ်သွယ် ပြေးအံ့။ ကြောင်ဇာတိတည်း။ ရတနာတို့ကို ဆောင်နိုင်၏။ ဤကျောက်ကား အဖိုး အတိုင်းမသိ ထိုက်၏။ ။မဏိသျှုတြကျမ်းလာ စကားစုတည်း။

၁၀၈။ အာယုခက်ဝယ်၊ အင်းလေးသွယ်၊ ဘယ့်နှယ်ဂဏန်းစသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အာယုခက်အင်း လေးသွယ် ဟူသည်ကား။ ယပ်စောက်အင်း၊ ပေါင်းလဲအင်းဟူ၍ နှစ်မျိုးတွင် တမျိုးမျိုး၌ ဟာယန ဝစုနသွားအားဖြင့် ၂-ပါး ပြားပြန်၍ ၄-အင်းဖြစ်သတည်း။ ထိုလေးအင်းကို အလျား ၄ ကွက်၊ အနံ ၄-ကွက်ဆွဲ။ ထိုအကွက်၌ ကိန်းပုံအတိုင်း အင်းစောင့်ထားရမည်။

အင်းစောင့်ကား....အင်း ၄ ကွက်တွင် အစဉ်အတိုင်း ပ က ဝ တ ဟူ၍ရေး။ ပ အောက်က ပါ ပိ ပီ ဟူ၍ ချ။ ကအောက်က ကာ ကိ ကီ ဟူ၍ချ၊ ဝ အောက်က ဝါ ဝိ ဝီ ဟူ၍ချ။ တ အောက်က တာ တိ တီ ဟူ၍ချ ကိန်းပုံ ဖြစ်၏။

အင်းဆန် သွတ်ရမည့်အက္ခရာကား....ကိ-တိ-ပ-ဝါ။ ဝ-ပါ-တိ-ကီ။ က-တာ-ပိ-ဝီ။ ဝီ-ပီ-တ-ကာ။ ဤကား ယပ်စောက် အင်းစောင့်ပုံ ၂-မျိုးတည်း။

ဝီ-ပီ-တ-ကာ၊ ပါ-ဝ-ကီ-တိ။ ။ပိ-ဝီ-က-တာ၊ ဝါ-ပ-တီ-ကိ။ ။ဤကား ပေါင်းလဲအင်းစောင့်ပုံ ၂-မျိုးတည်း။

ငင်းအင်းစောင့် အက္ခရာ ရှစ်လုံးစီတွင် အရင်းအတွဲ့ကား စ၍ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈။ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်။ အစဉ်အတိုင်းချ။ အင်းစောင့် ဖြစ်၏။

ထိုအင်းစောင့်ဂဏန်းကို "ဆံသွယ်မြတ်လေး၊ ဥသျှောင်ကေးနှင့်"ဟူ၍လည်းကောင်း "မြတ်လေးဆံသွယ်၊ ဥသျှောင်ကြယ်နှင့်"ဟူ၍လည်းကောင်း ခေါ်ကုန်သည်။ ။ဤအရာ၌ မှတ်သားရန် ဉာဏ်မတွေဝေစိမ့်သောငှါ အက္ခရာဂဏန်းသွင်းလျက် အင်းပုံကို ချ၍ ပြထားလိုက်ဦးအံ့။

အင်းဆန်သွတ်နိုင်ရန် ကိန်းပုံ

ပ	က	ဝ	တ
ပါ	ကာ	ဝါ	တာ
ပိ	ကိ	ဝိ	တိ
ပီ	ကီ	ဝီ	တီ

ယပ်စောက်အင်းစောင့် ပုံ ၂-မျိုး

ပ ၃		ဝ ၅	
ပါ ၆		ဝါ ၄	
	ကိ ၁		တိ ၇
	ကီ ၈		တီ ၂

	က ၁		တ ၇
	ကာ ၈		တာ ၂
ပိ ၃		ဝိ ၅	
ပီ ၆		ဝီ ၄	

ပေါင်းလဲအင်းစောင့် ပုံ ၂-မျိုး

		ဝ ၆	တ ၆
ပါ ၅	ကာ ၄		
		ဝိ ၁	တိ ၈
ဝီ ၂	ကီ ၇		

ပ ၆	က ၃		
		ဝါ ၅	တာ ၄
ဝိ ၁	ကိ ၈		
		ဝီ ၂	တီ ၇

အဋ္ဌာဂရသကိန်းတည်။ ဒွေးချိုး၊ လဒ် ၉-ခုရ၏။ ၎င်းလဒ် ၉-ခုကို ၁-ရှိရာက မျှော်၍ ကွက်ကျော် ထောင့်သန်းတခု ရွှတ်၍ချ။ ထိုနောင် ၂-က မျှော်။ ထိုနောင် ၃-က မျှော်။ ထိုနောင် ၄-စသည်က မျှော်၍ ကွက်ကျော်ထောင့်သန်း တခုစီ ရွှတ်၍ချလေ။ လျှား နံ သချ်ာညီစွာထွက်၏။

တ ကာ ဝိ ပီ၊ ပိ ဝီ က တာ။ ကိ တိ ပ ဝါ၊ ဝ ပါ တိ ကီ။ (ဘာယနအင်းဆန်ဂါထာ)။ ကိ တိ ပ ဝါ။ ဝ ပါ တီ ကီ။ က တာ ပိ ဝီ။ ဝိ ပီ တ ကာ။ ။(ဝနအင်းဆန်ဂါထာ)။ အရင်းအကွာကစ၍။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ (တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်) တိုင်အောင် ချရမည်။ ထကွက်နေပုံသာထူး၏။ ဂဏန်းမှာ "ဆံသွယ် မြွတ်လေး၊ ဥသျှောင်ကျေးနှင့်" ချည်း ရလတ္တံ့။

အင်းသုင်းပုံကား—ထောက်သောအသက်ကိုတည်။ ဒွေးချိုး အကြွင်းမရှိလျှင် လဒ်ကို ၁-ကစ၍ တခုစီရွှတ်၍ ရွှစ်ကွက် ပြည့်အောင်သွား။ သမအင်းဖြစ်၏။

အကြွင်းတခုရှိလျှင် ၂-ကွက် တကြိမ် ဒွေးနှုတ်၍ ရေးနည်းသွား၊ ဘလျှား အနံ ထောင့်သန်း ရေသော်၊ တည်ရင်းအသက်ထွက်စေ။ ဤကား ဝိသမအင်းပြဲ၏၊

ဤကိန်းဖြင့် ဆန္ဒဝုတိ, ဒွတ္တိံသ, ပဥ္စဝီသ, သေဇင္ဂသအင်း။ သက်တော် ၈၀-အင်း။ သာသနာ ၅၀၀၀၊ ဓမ္မက္ခန္ဓာ-၈၄၀၀၀။ ဇမ္ဗူဒိပါ-၁၀၀၀၀။ မေတ္တာ-၅၂၈။ ပစ္စည်း-၂၄။ စက်တော် ၁၀၈-အင်း အစရှိသည့်တို့ကိုလည်း အင်းဆန်ပြု၍ သွားကြကုန်၏။ ဒသဒဏ္ဍာ။ အဋ္ဌဒေါသာ စသည့်တို့ကိုလည်း အင်းသွတ်၍စီရင်ကုန်၏။

ဤ ပ က ဝ တပြပုံဖြင့် သွားသော အင်းသည် မဏိဇောတိရသ် ပတ္တမြား ရတနာနှင့်တူသောကြောင့် "မဏိဇောတိရသ်အင်း" လည်း ဆိုကုန်၏။ အသက်ကို သွင်း၍ သွားသောကြောင့် "အာယုခက်အင်း" လည်း ဆိုကုန်၏။

ဤ "ဆံသွယ်မြတ်လေး၊ ဥသျှောင်ကျေးနှင့်" ဟူသော အင်းစောင့်ကိန်းသည် အဘယ်ကိုစွဲ၍ ဖြစ်သနည်းဟူမူကား .. လူတို့ကိုယ်တွင် ဒွါရ၉-ပေါက်ရှိသောကြောင့် ၉-ခုတည်၊ခန္ဓာငါးပါးမြှောက်၊ ၄၅-ဖြစ်၏။ ၎င်း၉-ခုတည်၊ ဓာတ်လေးပါးနှင့်မြှောက် ၃၆-ဖြစ်၏။ ၎င်း ၉-ခုတည်၊ ဘဝ ၃ မြှောက်၊ ၂၇-ဖြစ်၏။ ၎င်း ၉ ခုတည်၊ သုခ ဒုက္ခ နှစ်ပါးနှင့်မြှောက်၊ ၁၈-ဖြစ်၏။ ဤသို့ လူတို့ကိုယ်ကိုစွဲ၍ တွက်သည်။

ဖွား၍ တနေ့သာ ရှိသော သူငယ်ကို အာယုခက် ပြုလိုသော်....တနေ့၌ ရအပ်သော နာရီ ၆၀-ကိုဒွေးချိုး။ လဒ် ၃၀-ကို တခုရှိရာမှ ကွက်ကျော် ထောင့်သန်း တခုရှုတ်၍ချ။ ထို့နောင် ၂-ခု ရှိရာ။ ၃-ခုစသည်တို့မှ ကွက်ကျော်ထောင့်သန်း တခုစီရှုတ်၍ ချလေ။

တလစေ့သော သူငယ်ကို ပြုလိုမူ... ရက် ၃၀-ကိုတည်၊ ဒွေးချိုး၊ လဒ်ကို ရှေးနည်း တခုစီရှုတ်၍ချ။

တနှစ် ပြည့်သော သူငယ်ကို ပြုလိုမူ .. ရက်ပေါင်း ၃၆၀-ကိုတည်၊ ဒွေးချိုး၊ လဒ်ကို ရှေးနည်း တခု ရှုတ်၍ချ။ ။ဤနည်းတူ ရှစ်နှစ်သားတိုင်အောင် ရက်ပေါင်းကိုတည်၊ ဒွေးချိုး၊ လဒ်ကို တခု ရှုတ်၍ချရမည်။

ကိုးနှစ်ပြည့်သည်မှစ၍ ဆဲ့ခုနစ်နှစ်တိုင်အောင် အသက်ကိုပင် တခုရှုတ်၍ချ၊ ၄-ခွင်ကို ပေါင်း၍ ၂-ခုစား။အသက်ရပြန်၏။ ။ဆဲ့ရှစ်နှစ်မှစ၍ နှစ်ကိုဒွေးချိုး၍ လဒ်ကို အထက်နည်းအင်းသွင်းလေ။

ဥုံဇေယျသမ္ပတ္တိ မဟာဇေယျသမ္ပတ္တိ ဇေယျောဇေယျတံ လဘတိ။ ဥုံဒုမေ ဒုရေ သွာဟာယျ သတ္တသွာဟာ။

ဤမန္တန်ကို ခုနစ်တန်ရွတ်ပြီးမှ အင်းချရမည်။

အကျိုးကား။ ။အသက် ရှစ်နှစ်, ကိုးနှစ်, ဆဲ့ရှစ်နှစ်ကို တည်ကိန်းပြု၍ ချသောအင်းကား.... သူခပ်သိမ်းတို့ ချစ်၏။ ချမ်းသာ စည်းစိမ်ကို ပေးတတ်၏။ လယ်တွင်ထားသော် ရေမခန်း။ ၂၀-ကို ကိန်းပြု၍ ချသော အင်းကား လယ်တွင်ထားသော် ပိုးမစား။ စပါး အသီး အနှံ ကောင်း၏။ အိမ်တွင် ထားသော် မိတ်အများရောက်၏။ ၂၂-ကိန်းကား ကျီတွင် ထားသော် ကြွက်မစား။ ၂၄-ကိန်းကား လယ်၌လည်းကောင်း၊ အိမ်၌လည်းကောင်း ထားရသော် သူခိုးမင်ဝံ့။ ၂၆-ကိန်းကားအိမ်တွင် ထားသော်ရွှေငွေတိုးပွါး၏။ သားကောင်းရ၏။ မသီးသော သစ်ပင် သီး၏။ သား မရှိသောမိန်းမ သားရှိ၏။ ၂၈-ကိန်း။၃၀-ကိန်း။ ၃၂-ကိန်းကား ကိုယ်တွင်ထား။ ရန်သူကြံ၍ မဖြစ်။ သူမြင်တိုင်းချစ်၏။ ၃၄-ကိန်း၊ ၃၆-ကိန်းကားကိုယ်တွင်ဆောင်။မင်းဘေး မင်းဒဏ်လွတ်၏။ အနာ

ကင်း၏ ၃၈-ကိန်း။ ၄၀-ကိန်းကား အိမ်ခေါင်တွင်ထား ဆုတောင်းတိုင်းပြည့်၏။ ၄၂-ကိန်း။ ၄၄-ကိန်းကား မိန်းမ မြုံလည်း သားဖွား၏၊ အင်းကိုရေစိမ်၍သောက်စေ။ ကိုယ်တွင်လည်း ဆောင်စေ။ ၄၆-ကိန်း ၄၈-ကိန်းကား ဆီစိမ်၍လိမ်း။ သားမဖြစ်သူ သားဖြစ်၏။ သူခပ်သိမ်းချစ်၏။ ၅၀-ကိန်း။ ၅၂-ကိန်း။ ၅၄-ကိန်းတို့ကား ရန်အောင်၏။ ကြံတိုင်းပြီး၏။ ၅၆-ကိန်း ၅၈-ကိန်း ၆၀-ကိန်း ၆၂-ကိန်းအစရှိသော သမကိန်းတို့ကား ကျက်သရေပွားခြင်း။ စည်းစိမ်ကြီးခြင်း။ ဥစ္စာမြဲခြင်း။ အသက်ရှည်ခြင်းကို ဖြစ်စေတတ်၏။ ။၂၁၊ ၂၃၊ ၂၅၊ အစရှိသော ဝိသမအင်းစုကား ရောဂါကင်းခြင်း ရန်အောင်ခြင်းကို ဖြစ်စေ၏။

တိဿမုဒိဝကန္တာရေ၊ အာယုသတံ ဘဝိဿတိ။ ဟတ္ထိသေနာပတိရာဇာ၊ သဇ္ဇံ ရဇ္ဇာ ဘဝိဿတိ။ မင်္ဂလာအဿတရာ စ။ သုကတာနိ ဘဝိဿတိ။ ။ဗုဒ္ဓါ မေ သရဏံ အညံ၊ သမ္ဗုဒ္ဓါနာ ဘဝိဿတိ။ သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သဗ္ဗရောဂါ ဝိနဿန္တု။ ဟေဝိ ဟေဝိတိရာဇာ-နော။ ဥပဒ္ဒဝါ ဝိနဿန္တု။ ။ဘဝန္တေဒုက္ကရာ ဉာတုံ၊ ဥပဒ္ဒန္တိ သကတာရာ။ မမန္တေမင်္ဂလာ ဉာတာ၊ ယုတ္တာရာနာမ ဂေယျတော။ ။အဒဏ္ဍိုယံ။ ဒဏ္ဍိုယန္တိ၊ ဒဏ္ဍိုယဥ္ဆ အဒဏ္ဍိုယံ။ အန္ဓော၀ ဝိသမံ မဂ္ဂံ။ နဇာနာမိ သမာသမံ။ ။ဆဋ္ဌိရတေဇေနော။ အမှ တေတေဟိ ရက္ခန္တု။ ဗုဒ္ဓေ မမ္မေဟိ ရက္ခန္တု။ သံဃေ တေဇေဟိ ရက္ခန္တု။ ။ဥုံ စက္ခုဇိဝှါယ ဠမဿ ကာယဿ သွာဟုံ သွာဟ။ ။ဥုံ ဗုဒ္ဓတေဇာယန္တု။မမ္မတေဇာယန္တု။သံဃတေဇာယန္တု။ ။ ဥုံ ဆေစု ပုပ္ပတ္တာ သွာဟ။ ဥုံ မဟာရာဇာ ရေတုဂုဏန္တရာဇော။ ဥုံ ဥပ္ပဒတ္တဒယောင်။ သက္ကကာမဒယောင်။ ဥုံ မာယောင်ယောင်။ ဥုံ ဆေစု ပုပ္ပတ္တာ သွာဟ။

အာယုခက်အင်းမှာ လက်ယာရစ်ရံ။

ဘဝါ ဘဝါ နန္တပါတာ။ အက္ခရ ပဏ္ဏုကမ္ဗလာ။ ဘဂဝန္တံ အပဝန္တိ။ ဘဂဝါ လောကာ-သမတော။ အဝသိဋ္ဌံ ဘယာရောဂါ။ ဝိနဿန္တု မမန္တရာ။ (ရှိခိုး)။

ဥုံ ဇေယျတု ဇေယျတု။ ဠမိနာ ဂရုဋ္ဌေပဒ္ဓေ။ ပစ္စယေနေဝပက္ခိနော။ စောရော စောရော၀ ပန္တောစ။ ပေလာသပ္ပေါ သုပဏ္ဏဂေါ။ သဗ္ဗေဘောဂါ သဗ္ဗေဒေဝါ။ သဗ္ဗလာဘံ ဘဝန္တုတော။ ။ဥုံစက္ခုဇိဝှါ ကာယဿသွာဟုံဟုံ။ ။(လက်ဝဲရစ်ရံ)။

ဥုံ သူရိယော ရက္ခေတိဟုံတိဟုံ။ ပဇ္ဇလတိ ပရမဿ။ ဥုံအသူရိန္ဒရာဟု ဟုံဟုံသူရိန္ဒရာ။ ။အာယုခက်အင်းအစိတ်အရံ။

ဤကား အင္ဂသာခါကျမ်း၌ လာသော အစီအရင်တည်း။

နမန္တာကျမ်း၌ကား ...နမန္တာဘက်သစ်၊ တြိယန်းသစ်တို့ကို ဘုရားရုပ်ထု၍ ၎င်းအာယုခက်အင်းကို သလွဲပြား၌ ရေး၍ ဇာတာကို ထပ်ပြီးလျှင် ထိုအပေါ်၌ ဘုရားဆင်းတုတင်၍ ကိုးကွယ်ရမည် အကြောင်းဖြင့် ကျယ်ဝန်းစွာလာ၏။

ပုစ္ဆာ၌ "အာယုခက်ငယ်။ အင်းလေးသွယ်။ ဘယ့်နှယ်ဂဏန်းစသနည်း"ဟု မေးသောကြောင့် ဂဏန်းစဟန်ကိုသာ ဖြေသင့်သော်လည်း ထိုမျှဖြင့် သိသာနိုသိသူတို့အား အကျိုးမများသော ကြောင့် မှတ်သားလိုသော သူတို့ သိသာ ခြားနား မှတ်သားရသဖြင့် အကျိုးများစိမ့်သောငှါ ပြည့်စုံစွာဖြေဆိုလိုက်သည်။

၁၀၉။ အင္ဒမုခ်ကျဥ်းကျယ်၊ အင်း ၉-သွယ်၊ ကြီးငယ် ဘယ်က ထွက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အင္ဒမုခ်အင်းချလိုသော် အလျား ၉-ကွက်၊ အနံ ၉-ကွက်သား။ ၉-ကွက် ၉-လီရ၏။ ပထမ ၉-ကွက်ကစ၍၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ တအင်း တကွက်စီ အစောင့်ထား။ ထိုကိန်းဖြင့် ထိုအလယ်ကွက်၌ ၁၀၈-ဖြင့်သာ အောင်စေ။ပထမ အင်း၌ ခေတ် ၄-ပါးတည်၊ ၁၂-ရာသီတိုး။ ဒုတိယ အင်း၌ ၁၂-ခုတည်၊ ၁၁-ခုတိုး။ တတိယအင်း၌ ၂၀-တည်၊ ၁၀-ခုတိုး။ စတုတ္ထအင်း၌ ၂၈-ခုတည်၊ ၉-ခုတိုး။ ပဉ္စမအင်း၌ ၃၆-ခုတည်၊ ၈-ခုတိုး။ ဆဋ္ဌအင်း၌ ၄၄-ခုတည်၊ ၇-ခုတိုး။ သတ္တမအင်း၌ ၅၂-ခုတည်၊ ၆-ခုတိုး။ အဋ္ဌမအင်း၌ ၆၀-တည်၊ ၅-ခုတိုး။ နဝမအင်း၌ ၆၈-တည်၊ ၄-ခုတိုး။ ဒသမအင်း၌ ၇၆-ခုတည်၊ ၃-ခုတိုး။ ဧကာဒသမအင်း၌ ၄၈-တည်၊ ၂-ခုတိုး။ ဒွါဒသမအင်း၌ ၉၂-တည်၊ ၁-ခုတိုး။ ။ဤကား အင်းရင်းဆယ့်နှစ်ရပ်တည်း။

အင္ဒမုခ် အင်းပေါင်း ၅၄-အင်း ဇာ့အောင်မှာပေအံ့။ ။၂၆-တည်။ အိမ်တွင်ထား။ ရွှေ့ငွေ့ ဥစ္စာပွားများ၏။ ။၂၈-တည်။ ဆန်စပါးများ၏။ ။၃၀-ခြေမှာဝတ်။ ပေါ့ပါးမြန်ထက်၏။ ။ ၃၂-ခရီသွား၌မပန်း။ ၃၄-ဘေးကင်း၏။ ၃၆-ဗောင်းထုပ်တွင်ထား။ ဆုတောင်းလိုသမျှပြီး၏။ ။ ၃၈-ဆောင်တိုင်းအောင်၏။၄၀-စိတ်ချမ်းသာ၏။ ။၄၂-သားမရှိသော်ရှိ၏။ ။၄၄-သားမဖွားသော် ဖွား၏ ၄၆-သားမရသောမိန်းမ ဆီစိမ်၍လိမ်းရ၏။ ၄၈-အိမ်မိုးခြင်တွင်ထား ရန်အပေါင်းမငင်ဝံ့။ ။ ၅၀-ရန်မျိုးအောင်၏။ ၅၂- ရန်အောင်၏။ ၅၄-လည်တွင်ဆွဲ အသံသာ၏။ ၅၆-ဆုံတွင်ထား။ ဆီမထွက်။ ၅၈-သူချစ်များ၏။ ၆၀-အန္တရာယ်မျိုး ကင်း၏။ ၆၂-စစ်ထိုးရာ၌ဆောင် သူတပ် ပျက်၏။ ၆၄-လျှိုကောင်း၏။ ၆၆-အနှောင်အဖွဲ့ လွတ်၏။ ၆၈- လေးမြားလက်နက် လွတ်၏။ ၇၀-သူအချစ်ပျက်၏။ ၇၂- သားတင်၏။ ၇၄-မသီးသောသစ်ပင် သီး၏။ ၇၆- သူဝတ် လွတ်၏။ ၇၈-အခြွေအရံများ၏။ ၈၀-လျှိုတွင်အကျော်။ ၈၂-ကြံသမျှပြီး၏။ ၈၄–၈၆ မီးကွင်း၏။ ၈၈-သူပုန်ကာ၏။ ၉၀-ဘေးမျိုးပျောက်၏။ ၉၂-မီးကွင်း၏။ ၉၄- ကျီ၌ထား ကြွက်မစား။ ၉၆-အန္တရာယ်မျိုးကင်း၏။ ၉၈-လျှိုအကျော်။ ၁၀၀-ကြွယ်ဝ၏။ ၁၀၂- ကြည့်ဒွစ်ယန္တရား၌ထား။ မထွက်။ ၁၀၄-စည်းစိမ်ကြီး၏။ ၁၀၆- လယ်တွင်ထား စပါးများ၏။ ၁၀၈-သူငယ်လည်ပင်းတွင်ထား ဘေးကင်း၏။ ၁၁၀- သူငယ်လည်တွင်ဆွဲ စုန်းမဖမ်းနိုင်။ ၁၁၂- တရားတွေ့ရာဆောင်။ ၁၁၄- တုတ်လက်ဖွဲ့။ ၁၁၆- အကာ ရန်လွတ်၏ ၁၁၈- ၎င်းရန် လွတ်၏။ ၁၂၀- သူမကြံနိုင်။ ၁၂၂- ဆင်၊ကျား ရှောင်၏။ ၁၂၄- စစ်ထိုး အောင်၏။ ၁၂၆-နတ်သား ထင်ရ၏။ ၁၂၈-သူချစ်၏။ ။ဤ အင္ဒမုခ် ၅၄-အင်းကို တခုစီ ရှုတ်၍ချ။ အတက် မှာ ၂-ခုစီရှုတ်၍ တက်လေ။ ၎င်း အင္ဒမုခ် အင်းကွက်တွင် သာသနာ ၅၀၀၀- တည်။ ၉-ခုစီရှုတ်၍ ခရုပတ်သွား။ အလယ် ၄၉၂၀-ဖြင့် သေစေ။ တအင်းမှာ ၄၉၂၀-စ၍တည်။ ၉- ခုစီ လောင်း။ အလယ် ၅၀၀၀-ဖြင့် သေစေ။ ဤအင်းကား ငွေယား ကြေးယားကို နိုင်၏။ အချောက် အလှန့် ဟူသမျှကို နိုင်၏။ နန်းစဉ် အင်းကျမ်းတွင် လာသည်။

၄ – ခုတည်။ ၁၂-တိုး။ ပထမ ၉-အင်း။

၄	၁၆	၂၈	၅	၁၇	၂၉	၆	၁၈	၃၀
၈၈	၁၀၀	၄၉	၈၉	၁၀၁	၄၁	၉၀	၁၀၂	၄၂
၇၆	၆၄	၅၂	၇၇	၆၅	၅၃	၈၈	၆၆	၅၄
၁၁	၂၃	၃၅	၁၂	၂၄	၃၆	၇	၁၉	၃၁
၉၅	၁၀၇	၄၇	၉၆	၁၀၈	၄၈	၉၁	၁၀၃	၄၃
၈၃	၇၁	၅၉	၈၄	၇၂	၆၀	၇၉	၆၇	၅၅
၁၀	၂၂	၃၄	၉	၂၁	၃၃	၈	၂၀	၃၂
၉၄	၁၀၆	၄၆	၉၃	၁၀၅	၄၅	၉၂	၁၀၄	၄၄
၈၂	၇၀	၅၈	၈၁	၆၉	၅၇	၈၀	၆၈	၅၆

ဤနည်းကိုမှီ၍ ၁၂-ခုကိုတည်သဖြင့် ၁၁-ခု တိုးသော ဒုတိယအင်း။ ၂၀-ကို တည်သဖြင့် ၁၀-တိုးသော တတိယအင်း။ ၂၈-ခုကို တည်သဖြင့် ၉-ခုတိုးသော စတုတ္ထအင်း။ ၃၆-ခုကို တည်သဖြင့် ၈-ခုတိုးသော ပဥ္စမအင်း။ ၄၄-ခုကို တည်သဖြင့် ၇-ခုတိုးသော ဆဋ္ဌအင်း။ ၅၂-ခုကို တည်သဖြင့် ၆-ခု တိုးသော သတ္တမအင်း။ ၆၀-ကို တည်သဖြင့် ၅-ခုတိုးသော အဋ္ဌမအင်း။ ၆၈-ကို တည်သဖြင့် ၄-ခု တိုးသော နဝမအင်း။ ၇၆ ခုကို တည်သဖြင့် ၃-ခုတိုးသော ဒသမအင်း။ ၈၄-ခုကို တည်သဖြင့် ၂-ခုတိုးသော ဧကာဒသမအင်း။ ၉၂-ခုကို တည်သဖြင့် ၁-ခုတိုးသော ဒွါဒသမအင်း။ အစရှိသော အထက်အညွှန်းတွင် ပါသမျှ အဋ္ဌမုခ်အင်းတို့ကို စေ့ငုံ စုံလင်အောင် ချလေ။

၁၁၀။ စာစပ်ရိုးဝယ်၊ မုလေးသွယ်၊ ဘယ့်နှယ်ချရိုး ရှိသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မုလေးသွယ် ဟူသည်ကား အသတ်ရော၍ ချီသည်။ ချသည်။

၁၁၁။ ဖျောက်ဆိပ်လလယ်၊ စပ်ရိုးဝယ်၊ ဘယ့်နှယ် အသတ်များသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဖျောက်ဆိပ် လလယ် အက္ခရာဟူသည်ကား အသတ်များ၍၊ မသတ်သောအရာ နည်းစေ၍ ချသည်။

၁၁၂။ သုံးဆယ့်သုံးသွယ်၊ ဗျည်းကကျယ်၊ ဘယ်သူ ဘယ်ဗျည်း စပ်မည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပဌမော ခတ္တိယော ဝံသော၊ ဒုတိယော ဝံသဗြာဟ္မဏော။
တတိယော ဝေဿိယဝံသော၊ စတုတ္ထော စ ဗေဝေါ မတော။

ပဥ္စမော ဖြဟ္မဝံသော စ၊ ယရဝဟာဝဏ္ဏော သုဒ္ဒေါ။
လ·သ·ဝဏ္ဏော ဟီနဝံသော။ ဆန္ဒဘေဒေါ ဝိညူ ဖြုတ္တော။ ။

ဟူ၍ ကဝိပါသဏ္ဍဆန်းကျမ်း၌လာသည်။

အနက်ကား။ ။ပဌမော၊ ရှေးဦးစွာတည်သော 'က' ဝဂ်ငါးလုံးကို။ ခတ္တိယောဝံသော၊ မင်းမျိုးဟူ၍။ မတော၊ သိအပ်၏။ ဒုတိယော၊ နှစ်ခုမြောက်သော 'စ' ဝဂ်ငါးလုံးကို။ ဝံသ·ဖြာဟ္မဏော၊ ပုဏ္ဏားမျိုးဟူ၍။ မတော၊ သိအပ်၏။ တတိယော၊ သုံးခုမြောက်သော 'ဋ' ဝဂ်ငါးလုံးကို။ ဝေဿိယဝံသော၊ ကုန်သည်မျိုးဟူ၍။ မတော၊ သိအပ်၏။ စတုတ္ထော၊ လေးခုမြောက်သော 'တ' ဝဂ်ငါးလုံးကို။ ဒေဝေါစ၊ သမ္မုတိနတ်၊ ဥပပတ္တိနတ်တို့၏ ဝံသဟူ၍။ မတော၊ သိအပ်၏။ ပဥ္စမော၊ ငါးခုမြောက်သော 'ပ' ဝဂ်ငါးလုံးကိုကား။ ဖြဟ္မဝံသောစ၊ ဖြဟ္မဝံသဟူ၍။ ဝါ၊ မြတ်သောသူဟူသမျှတို့၏ ဝံသဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ ယရဝဟာဝဏ္ဏော၊ ယရဝ·ဟ ဟူသော အက္ခရာလေးလုံးကို။ သုဒ္ဒေါ၊ သူဆင်းရဲ၏ ဝံသဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ လသ·ဝဏ္ဏော၊ 'လသ' အက္ခရာကို။ ဟီနဝံသော၊ ယုတ်ညံ့သောအမျိုးဟူ၍။ ဆန္ဒဘေဒေါ၊ ဆန်းအပြားကို သိသော။ ဝိညူ၊ ပညာရှိသည်။ ဖြုတ္တော၊ ဆိုအပ်၏။

ဤမှတပါး အကျယ်အားဖြင့် စိတ်ဖြာ၍ ပြသည်ကား များသေး၏။ အကျယ်ကိုလိုမူ ကဝိ·ပါသဏ္ဍမည်သော ဆန်းကျမ်း၌ ယူလေကုန်၏။

၁၁၃။ သနားစဖွယ်၊ ကြာပွင့်နှယ်၊ သည်နှယ် ဘယ်အနက်ဟောသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ကြာပွင့်နှင့် တူ၏ဟု အဓိပ္ပါယ်ရသောကြောင့် သဒိသအနက်ကို ဟော၏ ဟူပေ။

၁၁၄။ မမျှလူဝယ်၊ သည်သူ့နှယ်၊ သည်နှယ်မူကား မည်သို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... သည်သူသာလျှင် လူဝယ်မမျှဟု အဓိပ္ပါယ်ရသောကြောင့် ဝေတ္ထအနက်ကို ဟော၏ ဟူပေ။

ရှေးဆရာတို့ကား.... အသဒိသ အနက်ဟူ၏။ မမျှဟူသော သဒ္ဒါကပင် အသဒိသအနက်ကို ဟောပြီးဖြစ်၍ နှယ်– သဒ္ဒါက အသဒိသ အနက်ကို မဟောသင့်ပြီ။

၁၁၅။ ဟိုနှယ်သည့်နှယ်၊ ဆိုစဖွယ်၊ သည်နှယ်မူလည်း ဘယ်နက်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဟိုယောင်ယောင်၊ သည်ယောင်ယောင်ဟု ဆိုလိုသော အဘူဖြစ်၍ သံသယတ္ထအနက်ကို ဟော၏ဟူပေ။

၁၁၆။ သံတော်ခံဝယ်၊ အင်ခြောက်သွယ်၊ အဘယ်သချာ ဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပညဝံ ဝါကျဝံ သူရံ၊ ပရစိတ္တာနုလက္ခဏံ။
သဒ္ဓံ ယထောတ္တဝါဒိဥ္စ၊ တံ ဒူတေ ဝိဓိယတေ။ ။ရာဇနီတိလာ။

အနက်ကား။ ။ပညဝံ၊ ပညာလည်းရှိထသော။ ဝါကျဝံ၊ စကား အချိတ်အဆက်ကိုလည်း တတ်ထသော။ သူရံ၊ ရဲရင့်သော။ ပရစိတ္တာနုလက္ခဏံ၊ သူတပါး၏စိတ်ကိုလည်း မှတ်တတ်ထသော။ သဒ္ဓံ၊ ယဉ်ကျေးသော စိတ်ရှိထသော။ ယထောတ္တဝါဒိဥ္စ၊ ဆိုတိုင်းလည်း ပြန်ကြားတတ်ထသော။ တံ၊ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော သူကို။ ဒူတေ၊ သံတော်ခံအရာ၌။ ဝိဓိယတေ၊ ခန့်ထားအပ်၏။

၁၁၇။ စားတော်ကဲဝယ်၊ ပြည့်စုံဖွယ်၊ ငါးသွယ်အင်္ဂါ ဘယ်သို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပိတုပိတာမဟော ဒက္ခော၊ ဘတ္တညော မိတပါစကော။
ဘောဇယုတ္တော ဝိဘတ္တော စ၊ သူပကာရော ပသံသိတော။
ရင်းရာဇနီတိ။

အနက်ကား—ပိတုပိတာမဟော၊ အဘ, အဘိုးမှ ဆင်းသက်၍လာသော။ ဒက္ခော၊ အချက်အပြုတ်၌ လိမ္မာထသော။ ဘတ္တညော၊ ထမင်းချက် ဟင်းချက်ကြမ်းကိုလည်းတတ်ထသော မိတပါစကော၊ နှိုင်းရှည့်တိုင်းထွာ၍လည်း ချက်တတ်ထသော။ ဘောဇယုတ္တော၊ ဒ. စာ၌လည်း လုံ့လ ပြုတတ်ထသော။ ဝိဘတ္တော၊ အဝေဖန်လည်းတတ်ထသော။ ဧသော၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော။ သူပကာရော၊ စားတော်ချက် စားတော်ကဲကို။ ပသံသိတော၊ ချီးမွမ်းအပ်၏။

၁၁၈။ အင်ခုနစ်သွယ်၊ မှတ်စဖွယ်၊ သူငယ်တော်တို့ အဘယ်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သုဇာနန္တံ သုစိ ဒက္ခံ၊ ဓမ္မိကံ ဗဟုသတ္တကံ။
အလောဘံ အပ္ပမတ္တဥ္စ၊ သေဝေယျ တံ ရာဇန္တိကေ။
ရင်းရာဇနီတိ။

အနက်ကား—သုဇာနန္တံ၊ အရှင်၏ အလိုကိုလည်း ကောင်းစွာ သိတတ်ထသော။ သုစိံ၊ စင်ကြယ်သန့်ပြန့်ထသော။ ဒက္ခံ၊ လိမ္မာရေးခြားထသော။ ဓမ္မိကံ၊ မရမ်းမကား တရားလည်း စောင့်ထသော။ ဗဟုသတ္တကံ၊ ကျမ်းဂန်, အကြား, အမြင်လည်း များထသော။ အလောဘံ၊ လိုချင်ခြင်းသည်လည်း နည်းထသော။ အပ္ပမတ္တဥ္စ၊ မမေ့မလျော့သော သတိလည်း ရှိထသော။ တံ၊ ထိုအင်္ဂါခုနစ်ပါးနှင့်ပြည့်စုံသော သူကို။ ရာဇန္တိကေ၊ မင်း၏အနီး၌။ သေဝေယျ၊ စော.စေရာ၏။ ။သူငယ်တော် လုပ္ပါတော်ကို၏ အင်္ဂါခုနစ်ပါး။

၁၁၉။ ဆီးချုံကိုပယ်၊ မြို့တည်ဖွယ်၊ ဘယ်မြို့ တိတ်တဘောင်ပေနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....မြင်စိုင်းမင်းညီနောင် သုံးယောက်တို့တွင် တစီးရှင် သီဟသူမင်းသည် အင်းဝမြို့ကို လေးကြိမ်တည်သည်။ မဖြစ်လေ။ တကြိမ်ကား ရေဖျက်၍ ပျက်သည်။ တကြိမ်ကား ငါးကြီးအိမ်ကို တက်နေသောကြောင့် ပျက်သည်။ တကြိမ်ကား လိပ်ကြီး အိမ်ကို တက်နေသောကြောင့် ပျက်သည်။ တကြိမ်ကား ဘီလူးသည် နေဝင်လျှင် ပန်းနီကိုပန်၍ အနောက်တောင်မှဝင်လျက် အုတ်ခဲနှင့်ပစ်လျှင် လူတို့နာဖျား သေပျောက်များ၍ ပျက်လေသည်။ ထို့ကြောင့် ကောင်း မကောင်းကို သိသာအောင် တဘောင်နာစေသော် ထွက်လတ်သည်ကား... "တောင်းလည်း လျှင်လျှင်တောင်း။ ရောင်းလည်းလျှင်လျှင်ရောင်း။ အရေးမကောင်း။ ဒက္ခိဏာသို့ လျှင်လျှင်ပြောင်း"ဟူ၍ ထွက်သည်။ ထိုစကားကိုကြားသော် သာသနာတော်စောင့်နတ်တို့ ဤအရပ်တွင် မနေစေလိုဟုသိ၍ တောင်အရပ်သို့ ပြောင်းပြီးသော် ပင်းယမြို့တည်ရာဌာနတွင် မြေအခိုးထသောအရပ်၌ တူး၍ကြည့်စေသော် အရိုး အရွက်၊ အခက်၊ အသီးနှင့်တကွသော ရွှေပန်းပင်ကိုရသည်။ သီဟသူမင်းလည်း ဤ၌ မြို့တည်သင့်ပြီဟု ထင်၍ တဘောင်နာစေသော် ထွက်လတ်သည်ကား...."ထိုမင်းဘုန်းတန်း၊ အရှည်ချမ်းဘို့၊ ရွှေပန်းရပေသည်"ဟု တဘောင်ထွက်၏။ ထို့ကြောင့် ထိုအရပ်၌ မြို့တည်၍ "ပန်းယမြို့"ဟု သမုတ်လျက် မင်းနေပြည်ပြုတော်မူသည်။

သတိုးမင်းဖျားလည်း မင်းဖြစ်တော်မူလျှင် ပညာရှိနှင့် တိုင်ပင်၍ ဤပန်းယမြို့သည် အနေအထားမကောင်း။ စစ်ကိုင်းမြို့ကို တည်ထောင်ရသော် သင့်မည်လောဟု တဘောင်နာစေသော် ထွက်လတ်သည်ကား "ထဘီတောင်းစေ၊ ခြေကောင်းစေ၊ တဘက်ခါးစည်း၊ ချေးကြီးတဖြာ၊ ပန်းမှုသာ"ဟူ၍ တဘောင်ထွက်၏။ သတိုးမင်းဖျားလည်း ဤတဘောင်ကိုကြားသော် စစ်ကိုင်းမြို့ကိုတည်၍ မသင့်ချေဟု မှတ်ပြီးမှ အင်းဝမြို့ကို တည်ရသော် သင့်မည်လောဟု တဘောင်နာမြန်စေသော် တဘောင်ထွက်လတ်သည်ကား "ပြယာယ်သည်လော၊ သွယ်သည်လော၊ ပြယာယ်သင်တိုင်း၊ မြနှင့်နှိုင်းသည်၊ စောကျိုင်းပတ်စာနယ်သည်လော၊ အပွေးတပုံ၊ အခွဆုံကုံ၊ ရွယ်သည်လော"ဟု ထွက်၏။ ဤတဘောင်ကို ကြားမှ အင်းဝမြို့ကို တည်တော်မူသည်။

ဗဒုံ မင်းတရားသည် အမရပူရမြို့ကို တည်တော်မူအံ့သောအခါ တဘောင်နာစေသော် ထွက်လတ်သည်ကား "အသက်ရှည်လို၊ မန်းရိပ်ခို၊ မအိုမသေ၊ အမြဲနေ၊ ရန်မှမရှိ၊ ငြိမ်းခေါင်ထိ" ဟူ၍လည်းကောင်း "ဆီးခြုံပယ်ရှင်း၊ ပြည်များမင်း၊ နန်းခင်းရာလုပြီ" ဟူ၍လည်းကောင်း ထွက်သည်။ ထို့ကြောင့် အမရပူရမြို့၏ တိတ်တဘောင်ဟု သိအပ်၏။

၁၂၀။ ပုဗ္ဗာတွင်ဖွယ်၊ ဂါထာဝယ်၊ အဘယ်ဂိုဏ်းဟု ဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

နလဂါ အပုဗ္ဗာ။ ။သုဇာတိဓရုံ။ ဟိတာသုခံ။ ဝဂ္ဂုဏာဇံ။ ဇိနဘိနမေ။ ။နလဂ။ နလဂ။ နလဂ။ နလဂ။ ။အပုဗ္ဗာ ဂါထာ။ သုပတိဋ္ဌာ။

နလဂါ၊ န ဂိုဏ်းလဟု ဂရုရှိသော ဂါထာသည်။ ဝါ၊ လေးပါဒလုံး န ဂိုဏ်းနှင့်တကွ လဟု ဂရုရှိသောဂါထာသည်။ အပုဗ္ဗာ၊ အပုဗ္ဗာ ဂါထာမည်၏။ ယထာ၊ ဥဒါဟရုဏ် အဘယ်နည်းဟူမူကား။ သုဇုတိဓရံ ဟိတသုခဒံ၊ ဝရဂုဏဇံ ဇိနကိနမေတျာဒိ၊ သုဇုတိဓရံ ။ပ။ နမေ အစရှိသည်တည်း။ ၊သုဇုတိဓရံ၊ ကောင်းစွာဖြောင့်မတ်စွာသော ပညာကို ဆောင်တတ်ထသော။ ဝါ၊ ကောင်းစွာ ဖြောင့်မတ် တည်ကြည်သော သမာဓိ ရှိထသော။ ဟိတသုခဒံ၊ စီးပွားချမ်းသာကို ပေးတတ်ထသော။ ဝရဂုဏဇံ၊ မြတ်သောကျေးဇူးကို ဖြစ်စေတတ်ထသော။ ဇိနံ၊ မြတ်စွာဘုရားကို။ အဘိနမေ၊ အလွန်ရိုသေစွာ ရှိခိုးပါ၏။ နလဂ။ နလဂ။ နလဂ။ နလဂ။ ။အပုဗ္ဗာဂါထာ၊ အပုဗ္ဗာဂါထာတည်း။ သုပတိဋ္ဌာ၊ သုပတိဋ္ဌ ဆန်းတည်း။

၁၂၁။ ဂါယတ္တိဝယ်၊ ဂိုဏ်းနှစ်သွယ်၊ ဘယ်ဂိုဏ်းဖြစ်တို့လေ့သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တျာ စေ တနုမဇ္ဈာ။ ။ဂါယတ္တိ။

ယဿာ၊ အကြင်ဂါထာ၏။ စတုသုပါဒေသု၊ လေးပါဒတို့၌။ (စတုသု ပါဒေသုကား၊ ပါဌသေသ)။ တျာ၊ တ ဂိုဏ်း, ယ ဂိုဏ်း တို့သည်။ ပဋိပါဋိ၊ အစဉ်အတိုင်း။ စေသိယုံ၊ အကယ်၍ ဖြစ်ကုန်အံ့။ သာ၊ ထိုဂါထာသည်။ တနုမဇ္ဈာ၊ တနုမဇ္ဈ ဂါထာ မည်၏။ ။ဂါယတ္တိ၊ ဂါယတ္တိ ဆန်းတည်း။

၁၂၂။ ဝိသမဝယ်၊ ဘဂိုဏ်းသွယ်၊ အဘယ်ဂါထာဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဘတ္တယတော ယဒိ ဂါ ရုတမဇ္ဈာ၊ ယဒိ ပုနဒေဝ ဘဝန္တိ နဇာဇျာ။

ယဿာ အကြင်ဂါထာ၏။ ဝိသမေ၊ဝိသမဟု ဆိုအပ်သော ပဌမ တတိယ ပါဒ၌။ဘတ္တယတော၊ ဘဂိုဏ်းသုံးခုနောင်မှ။ ဂါ၊ ဂရုနှစ်ခုတို့သည်။ ပဋိပါဋိ၊ အစဉ်အတိုင်း။ ယဒိဘဝန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ သမေ၊ သမဟုဆိုအပ်သော ဒုတိယ စတုတ္ထပါဒ၌။ ပုနဒေဝ၊ တဖန်သာလျှင်။ နဇာ၊ န ဂိုဏ်း, ဇ ဂိုဏ်းတို့သည်လည်းကောင်း။ ဇျာ၊ ဇ ဂိုဏ်း, ယ ဂိုဏ်းတို့သည်လည်းကောင်း။ ပဋိပါဋိ၊ အစဉ်အတိုင်း။ ယဒိဘဝန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ သာ၊ ထိုဂါထာသည်။ ရုတမဇ္ဈာ၊ ရုတမဇ္ဈ ဂါထာတည်း။

၁၂၃။ ဝါရတဆယ်၊ တိကဝယ်၊ ဘယ့်နှယ်ဆန်းကျမ်းတွက်မည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒသတိကမူလမှိ၊ မဝိဂါ။ တိ။ မဝိစိ။ တိ။ မဝိဥ။ တိ။ မဝါစိ။ တိ။ မဝါဥ၊ တိ။ မစိဥ။ တိ။
ဝိဝါစိ။ တိ။ ဝိဝါဥ။ တိ။ ဝိစိဥ။ တိ။ ဝါစိဥ။ တိ။ကေန္တိ။ ဒသသု တိကမလေသု ငေကဂါသို

အာဒိမ်ံ ပါဒံ အာဒိမှိ ဌာနေ ဆဝိရမေဝ ကတွာ တတော ဒုတိယံ တတိယဥ္စ ဆဆဋ္ဌာနကံ ဝဇ္ဇေတွာ တပ္ပမာဏမေဝ ကတွာ အယမေဝ ဒွါဒသသု ဒ္ဓက သက ဝိသယေသု အာဒိတော ကမေန စတုတ္ထေ တတိယေ ဒုတိယေစ ဌာနေ ပုနရပိ တိယန္တိမေ ဒွိယန္တိမေ ဒွိတတိယေစ ဒွိဒွိဝါရံ ကတွာ တတော သေသပါဒေ ကမောက္ကမံ ကရေယျာတိ ဆတ္တိံသတိ။ ဧဝံသေသေသွပိ တိက္ကေသု ဆတ္တိံသ ဆတ္တိံသာတိ သမ္ပိဏ္ဍိတာဆဋ္ဌျာဓိကတိသတန္တိ။

ဟူသော ဋီကာ ကဝိသာရနှင့်အညီ၊ တိမူ ၃၆၀–ယူနည်းပုံ။

တိကေသု ပန တိကမူလေသု ဧကေကသ္မိံ အာဒိမံပါဒံ အာဒိမှိ ဌာနေ ဆဝိရမေဝ ကတွာ တတော တမေ ဝက္ခရံ ဒွါဒသသု ဒွါဒသသု သကဝိသယေသု အာဒိတော ကမေန စတုတ္ထေ တတိယေစ ဌာနေ ပုနစ တိယန္တိမေ ဒွိယန္တိမေ ဒုတိယ တတိယေစ ဒွိဒွိဝါရံ ကတွာ တတော သေသပါဒေ ကမောက္ကမံ ကရေယျာတိ ဒွါဒသ။ ဧဝံသေသေသွပိ ကေနူ စတ္တာလီသ တိကေသု ဒွါဒသ ဒွါဒသာတိ သမ္ပိဏ္ဍိတာ ဆဋ္ဌျာဓိက တိသတန္တိ။

ဟူသည်နှင့်အညီ၊ တိမူ ၃၆၀-ယူနည်းပုံ။

အထဝါ မူလ ဘူတံ ပါဒျက္ခရံ အာဒိတော ပဉ္စာယ နိရန္တရံ ဆဝိရံ ကတွာ တတောပိ တမေဝ အာဒိတော ပဉ္စာယ စဌာနေ၊ တဌာနေ၊ ဒုဌာနေ၊ ယထာက္ကမံ နိရန္တရံ ဒွိဒွိ ဝါရံ ကတွာ တတော သေသဌာနေသု မူလီဘူတံဝါဒိ အက္ခရဒွယံ အာဒိတော ပဉ္စာယ ဝိဝါ။ ဝါဝိ။ ဝိဝါ။ ဝါဝီတိ ကမောက္ကမံ ကရေယျာတိ။ ။တနည်းယူဟန်။

တိမူ တနည်းယူဟန်ကား....

ဆတျေက မူလဘေဒေန၊ ဒသမူလတိကာ မတာ။
ပတ္ထာရ နယဘေဒေန၊ ဆတ္တိံသ အာဒိကေ ကထံ။

တိကေ အာဒိမှိ ဌာနေဝ၊ ဆဝိရံ ပါဒမာဒိမံ။
ကတွာ အန္တေ တတိယေစ၊ ဒုတိယေစ တတောပုန။

တိယန္တိမေ ဒွိ ယန္တိမေ၊ ဒွေတတိယေစ သဗ္ဗတ္ထ။
ဒွိက္ခတ္တုံ ဒွိက္ခတ္တုံ ကတွာ၊ သေသပါဒေ ကမောက္ကမာ။

တိကေ တိကေ ယတော ဧဝံ၊ သိယုံ ဆတ္တိံသ ဆတ္တိံသ။
တတောတိကေသု သဗ္ဗေသု၊ ဆတ္တိံသ ဒသပိဏ္ဍိတာ။

ဟူသော ဂါထာနှင့်အညီ တိမူယူဟန်။

ဆတျေက မူလဘေဒေန၊ ခြောက်ခု၊ သုံးခု၊ တခုသော မူလတို့၏ အပြားအားဖြင့်။ မူလတိကာ။ မူလတိကတို့ကို၊ ဒသ၊ ဆယ်ပါးတို့ဟူ၍၊ မတာ၊ သိအပ်ကုန်၏။ ပတ္ထာရနယဘေဒေန၊ ပတ္ထာရနည်းအပြားအားဖြင့်။ အာဒိကေ၊ အစဖြစ်သောတိက၌။ ဆတ္တိံသ၊ သုံးဆယ့်ခြောက်ဂါထာတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ ကထံသိယုံ၊ အဘယ်သို့ ဖြစ်ကုန်သနည်းဟူမူကား။

တိကေ· တိက၌။ အာဒိမှိဌာနေဝ၊ အစဖြစ်သော ဌာန၌သာလျှင်။ အာဒိမံ၊ အစဖြစ်သော။ ပါဒံ၊ ပါဒကို။ ဆဝိရံ၊ ခြောက်ကြိမ်။ ကတွာ၊ ပြု၍။ အထပန္တာ၊ ထို့နောင်မှ။ အန္တေစ၊ အဆုံး၌

လည်းကောင်း။ တတိယေစ၊ သုံးခုမြောက်၌လည်းကောင်း။ ဒုတိယေစ၊ နှစ်ခုမြောက်၌လည်း ကောင်း။ ဣတော၊ ထိုနောင်မှ။ ပုန၊ တဖန်။ တိယန္တိမေစ၊ သုံးခုမြောက် လေးခုမြောက်၌ လည်းကောင်း။ ဒွိယန္တိမေစ။ နှင်ခုမြောက် လေးခုမြောက်၌လည်းကောင်း။ ဒွေတတိယေစ၊နှစ်ခု မြောက် သုံးခုမြောက်၌လည်းကောင်း၊ သဗ္ဗတ္ထ၊ အလုံးစုံသောဌာနတို့၌။ ဒွိက္ခတ္တုံဒွိက္ခတ္တုံ၊နှစ်ကြိမ် နှစ်ကြိမ်စီ။ ကတွာ၊ ပြု၍။ သေသပါဒေ၊ ပဌမပါဒမှကြွင်းသော ဒုတိယပါဒ တတိယပါဒတို့ကို။ ကမောက္ကမာ၊ အစဉ်မညီသည်ကို။ ကရေ၊ ပြုရာ၏။

တိကေ တိကေ၊ တိကတိုင်း တိကတိုင်း။ ယတောယသ္မာကာရဏာ၊ အကြင့်ကြောင့်။ ဧဝံ၊ ဤသို့။ ဆတ္တိံသဆတ္တိံသ၊သုံးဆယ့်ခြောက်ဂါထာ သုံးဆယ့်ခြောက်ဂါထာတို့သည်။သိယုံ။ဖြစ်ကုန်၏။ တတောတသ္မာ ကာရဏာ၊ ထိုကြောင့်။ သဗ္ဗေသု၊ အလုံးစုံကုန်သော။ တိကေသု၊ ဆယ်ပါးသော တိကတို့၌။ ပိဏ္ဍိတာ၊ ပေါင်းအပ်ကုန်သော်။ ဆတ္တိံသဒသ၊ သုံးရာ့ခြောက်ဆယ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ (ဤကားတိကဖို့)။

တိကေသုပန မတ္တာသမက်ဒွယ်ကတွာ ဝိသိလောက ဝါနဝါသိကံ ကောကံ ကတွာ မိဿိတေဒွါဒသ။ ဣထာ မတ္တာသမက်ဒွယံ စိတြံ ဥပစိတြဉ္စ ကောကံ ကတွာ မိဿိ- တေပိ။ တထာ မတ္တာသမက် ဒွယံ ဝိသိလောကံ စိတြဉ္စ ကောကံ ကတွာ မိဿိတေပိ။ တထာ မတ္တာသမကံ ဒွယံ ဝါနဝါသိကံ ဥပစိတြဉ္စ ကောကံ ကတွာ မိဿိတေပိ။ဧဝံ မတ္တာ- သမကမူလကေ အဋ္ဌစတ္တာလီသ။ တထာ ဝိသိလောကမူလကေပိ စိတြမူလကေပိ ဥပစိတြ မူလကေပီတိ ဧဝံ သဗ္ဗတိကေ သမ္ပိဏ္ဍိတေ စတ္တာလီသာဓိက ဒွိသတံ။

မ။ ဝိ။ ဝါ။ စိ။ ဉ။ တိက ဖြစ်အံ့။ အနံ ၄-ကွက်၊ အလျား ၃၆-ကွက်သားလေ။

ပညာရှိတို့မှာ ယခင့်ဋီကာပါဌ်ဖြင့် သိသာလောက်ပြီ။ ပညာငယ်သူတို့မှာကား ပတ္ထာရ ဖြန့်ပုံ တွက်နည်းကို အကျယ်ပြမှ သိမည်။ ပြပြန်ချေလျှင် အလွန်ကျယ်ပွားရာသောကြောင့် ဥပေက္ခာ ရှုလိုက်တော့သည်။

၁၂၄။ သချ်ာထုတ်ဖွယ်၊ ရှေးတသွယ်၊ ဘယ်ဝိကပ်တို့ မြောက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....မြောက်စရာ ဝိကပ်မရှိ။ ပေါင်း၍သာ သချ်ာ ကို ထုတ်ရမည်။

၁၂၅။ ဆယ့်တနက်ဝယ်၊ သက်စဖွယ်၊ အဘယ် ဝိဘတ်တို့ပေနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"ပဌမေကာဒသတ္တမှိ၊ ဆဋ္ဌီ ကောဒသိရိတံ၊
သတ္တမေကာ ဒသတ္တမှိ"

ဟူ၍ ဝိဘတျတ္ထ သဒ္ဒါငယ် မိန့်သည့်အတိုင်း သိရာ၏ ဟူပေ။

အနက်ကား။ ။ပဌမာ၊ သိ-ယော ဟူသော ပဌမာ ဝိဘတ်သည်။ ကော ဒသတ္တမို၊ လိင်၊ ဟိတ်၊ ကတ္တား၊ ကံ၊ သမ္ပဒါန်၊ ကရိုဏ်း၊ သာမိ၊ အဝဓိ၊ ဘုမ္မ၊ ဒိသာ၊ အာလုပ်-ဟူသော အနက် တဆယ့်တပါး၌။ ဘဝေ၊ ဖြစ်၏။ ဆဋ္ဌီ၊ သ-နံ ဟူသော ဆဋ္ဌီဝိဘတ်ကို။ ကောဒသ၊ သမ္ဗန်၊ ဟေတု၊ကတ္တု၊ ကမ္မ၊ ကရဏ၊ အဝဓိ၊ ဓိပတိ ယုဉ်ရာ။ နိဒ္ဓါ-နာဒရ၊ ဘုမ္မ၊ တဒတ်၊ ဆယ့်တရပ်သော အနက်၌ ဖြစ်၏ ဟူ၍။ ဤရိတံ၊ မိန့်အပ်၏။ သတ္တမီ၊ သ္မိံ သု-ဟူသော သတ္တမီဝိဘတ်သည်။ ကောဒသတ္တမို၊ အာဓာရာ-နာဒရ နိဒ္ဓါရဏ။ ဘာဝ လက္ခဏ အနက်၊ ကရိုဏ်း၊ ကံ၊ ဟိတ်၊ နိမိတ်အနက်၊ လိင်၊ အပါဒါန်၊ သမ္ဗန် အနက်ဟူသော တဆယ့်တပါးသော အနက်၌။ ဘဝေ၊ ဖြစ်၏။

ဥဒါဟရဏ်နှင့် တကွသော အကျယ်ကား ရှင်းသဒ္ဒါငယ်၌ရှိပြီ။

၁၂၆။ သတ္တမီဝယ်၊ ဆယ့်တသွယ်၊ သက်ဖွယ် အနက်အဘယ်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အထူးကြံ၍ ဖြေဆိုရန်မရှိ။ အထက် ၁၂၅-ခုမြောက် ပုစ္ဆာ၌ ဖြေဆိုခဲ့သည်နှင့်ပင် သိသာလောက်ပြီ။

၁၂၇။ ရှစ်ဆယ့်ခုနစ်သွယ်၊ အနက်ဝယ်၊ သက်ဖွယ် ဝိဘတ် ဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဝိဘတ် ခုနစ်သွယ်၌ တသွယ်လျှင် ကေဝုစ် ဗဟုဝုစ် အားဖြင့် နှစ်လုံးစီဖြစ်သောကြောင့် ၁၄-လုံး ရှိသည်။ ထိုတွင်....

ပဌမာ ဝိဘတ် သက်ရာသည်ကား ၁၁-နက်။

ဒုတိယာ ဝိဘတ် သက်ရာသည်ကား ၁၀-နက်။

တတိယာ ဝိဘတ် သက်ရာသည်ကား ၁၆-နက်။

စတုတ္ထီ ဝိဘတ် သက်ရာသည်ကား ၁၄-နက်။

ပဥ္စမီ ဝိဘတ် သက်ရာသည်ကား ၁၄-နက်။

ဆဋ္ဌီ ဝိဘတ် သက်ရာသည်ကား ၁၁-နက်။

သတ္တမီ ဝိဘတ် သက်ရာသည်ကား ၁၁-နက်။

အားဖြင့် အနက်ပေါင်း ၈၇-နက်ဖြစ်သည်။

ထိုကို ကေဝုစ် ဗဟုဝုစ် အားဖြင့် ၂-ပါးနှင့် မြှောက်သော် ဝိဘတ်ပေါင်း ၁၇၄ လုံးရသင့်၏ ဟူပေ။

> "ပဌမာ ဆဋ္ဌီ၊သတ္တမီဆယ့်တစ်၊ ဒု ဖြစ် တဆယ်၊ တ ဝယ် ဆယ့်ခြောက်၊ ထို့နောက် နှစ်ခု၊ စတု ပဥ္စမီ၊ ဆယ့်လေးစီ၊ ပေါင်းညီ ရှစ်ဆယ့်ခုနစ်တည်း။"

၁၂၈။ ကလာပ်ကျမ်းနှယ်၊ သဒ္ဒါဝယ်၊ ဘယ့်ကြောင့် ဒွိဝုစ် မဟောသနည်း။

ဟူသောအမေး ပုစ္ဆာ၌ မေးလိုယင်းကား....ကလာပ်ကျမ်း၌ ၁-ခုတည်းဖြစ်လျှင် ဧကဝုစ်။ ၂-ခုဖြစ်လျှင် ဒွိဝုစ်။ ၃-ခုမှ၈၍ အများဖြစ်လျှင် ဗဟုဝုစ်သက်၍ ဝိဘတ် ၂၁ လုံးစီရင်သည်။

ကစ္စည်းကျမ်း၌ ဤကဲ့သို့မစီရင်မူ၍ ၁-ခုတည်းဖြစ်လျှင် ဧကဝုစ်။ ၂-ခုမှ စ၍ ဗဟုဝုစ် စီရင်သည်။ အဘယ့်ကြောင့် ဒွိဝုစ်ကို ပယ်ပါသနည်းဟု မေးလိုသည်။

အဖြေကား ...ဘုရားပါဠိတော်၌ ဒွိဝုစ်မရှိ၊ ဧကဝုစ် ဗဟုဝုစ် နှစ်ပါးသာ ရှိသောကြောင့် ပါဠိတော်နှင့် ညီစိမ့်သောငှါ ဒွိဝုစ်ကိုပယ်၏။

စူဠဝါပါဠိတော်ဝယ် ပရိဝါသ် ကြားရာ၌ တယောက်ကိုကြားလျှင်– မံ အာယသ္မာ ဓာရေတု၊ နှစ်ယောက်ကြားလျှင်– မံ အာယသ္မန္တာ ဓာရေန္တု၊ သုံးယောက်ကိုကြားလျှင်– မံ အာယသ္မန္တော ဓာရေန္တု၊ လေးယောက်ကိုကြားလျှင်– မံ သံဃော ဓာရေတု ဟူ၍ ကြားသင့်ကြောင်းကို ဟော သည်။ ယင်းသို့ဟောရာ၌ ဧကဝုစ်ကိုငဲ့၍ မံ အာယသ္မာ ဓာရေတု။ ဒွိဝုစ်ကိုငဲ့၍ အာယသ္မန္တာ ဓာရေန္တု။ ဗဟုဝုစ်ကို ငဲ့၍ အာယသ္မန္တော ဓာရေန္တု။ အပေါင်းကိုငဲ့၍ သံဃောဓာရေတု။ ဘုရား ဟောတော်မူသည် မဟုတ်ပါလော။ အဘယ့်ကြောင့် အရှင်ကစ္စည်းဆရာသည် ဒွိဝုစ်ကို ချန်ပါသနည်း။ နေ, လ သည် လေးကျွန်းလုံးကို ထွန်းလင်းနိုင်ပါလျက် ဝါလုံးထဲ၌ မထွန်းလေ သကဲ့သို့ ပိဋကတ်သုံးပုံ ပါဠိတော်ကို မြင်ပါလျက် ဝိနည်းပါဠိတော် တစိတ်ကို မမြင်သကဲ့သို့ မရှိလောဟု စောဒနာငြားအံ့။ ဝိနည်းပါဠိတော်ကို မမြင်သည်မဟုတ်၊ မြင်သည်သာတည်း။ အကယ်၍ "အာယသ္မန္တာ ဓာရေန္တု"ကို ဒွိဝုစ်။ "အာယသ္မန္တော ဓာရေန္တု"ကို ဗဟုဝုစ် ဖြစ်သည်ကို ရည်၍ ဟောတော်မူငြားအံ့.... ဓာရေန္တု ကြိယာ၌လည်း အထူးဖြစ်ခဲ့ရာ၏။ ထူးကားမထူး။ "အာယသ္မန္တာ အာယသ္မန္တော" ဟူသော ကတ္တားပုဒ်သာ ထူး၏။ ထို့ကြောင့် ၎င်းကတ္တား၌သာ ဗာဟိရင်္ဂ အန္တရင်္ဂကာရိယ အထူးဖြင့် ဒေသနာဝိလာသကိုပြုတော်မူသည်။ ဒွိဝုစ် ဗဟုဝုစ် အထူး ဖြင့် ပြုသည်မဟုတ်ဟု ဗုဒ္ဓါသယကို သိတော်မူသော ကစ္စည်းဆရာသည် လောကီ သဒ္ဒါကျမ်း၌ လာသော ဒွိဝုစ်ကိုပယ်ဘိ၍ ပါဠိတော်နည်းနှင့် ညီမျှအောင် ဧကဝုစ်, ဗဟုဝုစ် နှစ်ပါးသာ ထား တော်မူသတည်း။

ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာ၌....

> သင်္ချေကတ္တံ ဗဟုတ္တဥ္စ၊ သာသနေ သက္ကတေ ပန။
> ဒွိတ္တဥ္စ ပက္ခိပိတွာန၊ သင်္ချာ ဝုစ္စတိ တညုနာ....ဟု မိန့်၏။

အနက်ကား။ ။ဧကတ္တဥ္စ၊ဧကဝုစ်အဖြစ်လည်းကောင်း။ဗဟုတ္တဥ္စ၊ဗဟုဝုစ် အဖြစ်လည်းကောင်း။ ဣတိ၊ဤသို့။ သာသနေ၊ သာသနာတော်၌။ သင်္ချာ၊ သင်္ချာကို။ ဝုစ္စတေ၊ ဆိုအပ်၏။ သက္ကတေပန၊ သသ်ကရိုက်ကျမ်း၌ကား။ ဒွိတ္တဥ္စ၊ ဒွိဝုစ်ကို လည်းကောင်း။ ပက္ခိပိတွာန၊ သွင်း၍။ တညုနာ။ ထိုသင်္ချာကို သိသောပညာရှိသည်။ ဝုစ္စတိ၊ မိန့်အပ်၏။

၁၂၉။ နာကောပုဒ်ဝယ်၊ ဆန်းတကြယ်၊ ဘယ်ကို ကကြီး ဟောသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကရုဏာကန္ဒော နာကောတိအာဒီသု သုခေ။ တတ္ထ ဟိ ကံ သုခံ ရုန္ဓတီတိ ကရုဏာ။
ကံ သုခံ ဒေတီတိ ကန္ဒော။ သာလူကော။ န ကံ သုခန္တိ အကံ ဒုက္ခံ။ တံ နတ္ထိ ဧတ္ထာတိ
နာကော သဂ္ဂေါတိအတ္ထော။

ဟူ၍ ကေက္ခရကောသဋီကာ မိန့်သည်နှင့်အညီဖြေ။

ကရုဏာ ကန္ဒော နာကောတိ အာဒီသု၊ ကရုဏာ, ကန္ဒော, နာကော၊ ဤသို့ အစရှိသော ပုဒ်တို့၌။ သုခေ၊ ချမ်းသာ ဟူသော အနက်၌ ဖြစ်၏။ ဟိ၊ ထင်ရှားစွာ ဆိုဦးအံ့။ တတ္ထ၊ ထို ဥဒါဟရုဏ်တို့တွင်။ ယာဒယာ၊ အကြင်သနားခြင်းသည်။ ကံ သုခံ၊ ချမ်းသာကို။ ရုန္ဓတိ၊ ပိတ်ပင်တတ်၏။ ဣတိ၊ ထိုကြောင့်။ ကရုဏာ၊ ကရုဏာမည်၏။ ယော၊ အကြင်ဝတ္ထုသည်။ ကံသုခံ၊ ချမ်းသာကို။ ဒေတိ၊ ပေးတတ်၏။ ဣတိ၊ ထိုကြောင့်။ ကန္ဒော၊ ကန္ဒမည်၏။ သာလူကော၊ ကြာစွယ်ကို ရ၏။ ကံသုခံ၊ ချမ်းသာသည်။ န၊ မဟုတ်။ ဣတိ၊ ထိုကြောင့်။ အကံ၊ အကမည်၏။ ဒုက္ခံ၊ ဆင်းရဲကို ရ၏။ ဧတ္ထ၊ ဤနတ်ပြည်၌။ တံ၊ ထိုဆင်းရဲသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထိုသို့ ဆင်းရဲမရှိသော သတ္တိကြောင့်။ သော၊ ထိုနတ်ပြည်သည်။ နာကော။ နာကမည်၏။ သဂ္ဂေါတိ အတ္ထော၊ နတ်ပြည် ဟူသော အနက်ကို မှတ်အပ်၏။

ဤပုစ္ဆာ၌ "နာကော" ပုဒ်ကိုသာ မေးပါလျက် ကရုဏာပုဒ်, ကန္ဒပုဒ်တို့ကို အဘယ့်ကြောင့် သွင်း၍ ဖြေသနည်း ဟူငြားအံ့....

ထီးဖြူကိုမျှ၊ အရကုပ်ကုပ်။ ပုဆစ်တုပ်၍၊ သရုပ်အလျောက်၊ ငါးပါးမြောက်သား၊
မင်းမြှောက်တန်ဆာ၊ ရံကာစမြဲ၊ ပေးလှန်ကဲသည်၊ စက်ရဲရောင်ထင်၊ လေးကျွန်းရှင်သို့။

ဟူသကဲ့သို့ သုတပညာပွားခြင်းကို အလိုရှိကုန်သော အမျိုးကောင်းသားတို့၏ ပညာ စီးပွား စည်ကားစေခြင်း အကျိုးငှါ သာဟစရိယနည်း, အဝိနာဘာဝနည်း အားဖြင့် အခြံအရံနှင့်တကွ ပြလိုက်ပါ၏ဟူပေ။

၁၃၀။ ဥဏ္ဏာဂူဝယ်၊ ယင်းဂငယ်၊ ဘယ်အနက်ကို ဟောသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဥဏ္ဏဂူ သီတဂူတိ အာဒီသု ရံသိမှိ။ တတ္ထ ဟိ ဥဏ္ဏာ ဂါဝေါ ရံသယော ဧတဿာတိ
ဥဏ္ဏဂူ။ သူရိယော။ သီတာ သီတလာ ဂါဝေါ ရံသယော ဧတဿာတိ သီတဂူ စန္ဒော။

ဟူ၍ ကေက္ခရကောသဋီကာ၌ မိန့်၏။

အနက်ကား။ ။ ဥဏ္ဏဂူ သီတဂူတိ အာဒီသု၊ ဥဏ္ဏဂူ သီတဂူ အစရှိသောပုဒ်တို့၌။ ရံသိမှိ၊ အရောင်ဟူသော အနက်၌။ ပဝတ္တတိ၊ ဖြစ်၏။ ဟိ၊ ထင်စွာဆိုဦးအံ့။ တတ္ထ၊ ထိုဥဒါဟရုဏ်၌။ ဧတဿ၊ ထိုနေမင်းအား။ ဥဏ္ဏာ၊ ပူကုန်သော။ ဂါဝေါ ရံသယော၊ ရောင်ခြည်တို့သည်။ သန္တိ၊ ရှိကုန်၏။

ဣတိ၊ ထို့ကြောင့်။ ဥဏှဂူ၊ ဥဏှဂူမည်၏။ သူရိယော၊ နေမင်းကိုရ၏။ တေသာ၊ ထိုလမင်းအား။ သီတာသီတလာ၊ ချမ်းအေးကုန်သော။ ဂါဝေါ ရံသယော၊ ရောင်ခြည်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်၊ သီတဂူ၊ သီတဂူမည်၏။ စန္ဒော၊ လမင်းကိုရ၏။

၁၃၁။ မင်းတေမိမယ်၊ စ-လုံးဝယ်၊ ဘယ့်နှယ် အနက် ဟောသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> စန္ဒာဒေဝီ အာဒီသု စကာရော စန္ဒေ ပဝတ္တတိ။ တတ္ထ ဟိ စော ဝိယ စန္ဒော ဝိယ ပဿန္တာနံ ဖုသန္တာနဥ္စ ပုရိသာနံ ရာဂ ပီတိသောမနဿ ယုတ္တံ မနံ ဒေတီတိ စန္ဒာတိ အတ္ထော ဟောတိတိ။

ဟူ၍ ကေက္ခရကောသဋီကာ၌ မိန့်အပ်၏။

အနက်ကား။ ။စန္ဒာဒေဝီတိ အာဒီသု၊ စန္ဒာဒေဝီ အစရှိသောပုဒ်တို့၌။ စ ကာရော၊ စ အက္ခရာသည်။ စန္ဒေ၊ လ၌။ ပဝတ္တတိ၊ ဖြစ်၏။ ဟိ၊ ထင်စွာဆိုဦးအံ့။ တတ္ထ၊ ထိုပုဒ်၌။ ယာဒေဝီ၊ အကြင် မိဖုရားသည်။ စောဝိယ စန္ဒောဝိယ၊ ပန္နရသီ ချိန်ညီပထွန်း ငွေလဝန်းကဲ့သို့။ ပဿန္တာနဥ္စ၊ မြင်ရသည်လည်း ဖြစ်ကုန်သော။ ဖုသန္တာနဥ္စ၊ ပိုက်နှံ့ ပွေ့ချီ တွဲမှီတိုးဝှေ့ တွေ့ရထိရသည်လည်း ဖြစ်ကုန်သော။ ပုရိသာနံ၊ ယောကျ်ားတို့၏။ ရာဂပီတိ သောမနဿယုတ္တံ၊ တပ်ချစ်စုံမက် နှစ်သက် ဝမ်းမြောက်ခြင်းနှင့် ယှဉ်သော။ မနံ၊ စိတ်ကို။ ဒေတိ၊ ပေးတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာဒေဝီ၊ ထိုမိဖုရားသည်။ စန္ဒာ၊ စန္ဒာမည်၏။ ဣတိအတ္ထော၊ ဤအနက်သည်။ ဟောတိ၊ ဖြစ်၏။

တနည်းလည်း "စဒိတဗ္ဗာ ဣစ္ဆိတဗ္ဗာတိ စန္ဒာ။ စန္ဒာစ သာ ဒေဝီစာတိ စန္ဒာဒေဝီ" ဟူ၍ ဂဋ္ဌုန့်ပံ့မိန့်ရကား စန္ဒာဒေဝီ၌ စ-သဒ္ဒါကား "ဣစ္ဆာအနက်" ကို ဟော၏ ဟူ၍မှတ်။

စန္ဒာဒေဝိ၌ သမာသ်ပြီးသော် အာ-ကျေကောင်းလျက် မကျေပဲ ရှိလေသည်ကား အလုတ္တ သမာသ်ဟူ၍မှတ်။

နန္ဒာဒေဝီ နရိန္ဒာဒေဝီတို့၌လည်း နည်းတူ။

၁၃၂။ နဂရုံဝယ်၊ ယင်းနငယ်၊ အဘယ် အနက် ရှိသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား...."နံ သံပုဏ္ဏံ ဃရံ ဧတ္ထာတိ နဂရံ" ဟု ဝိဂ္ဂြိုဟ်ပြု ရကား န-ငယ် အက္ခရာသည် ပြည့်စုံခြင်း သံပုဏ္ဏအနက်ကို ဟော၏။

၁၃၃။ နိပုဏောဝယ်၊ နိဟောဖွယ်၊ ဘယ်အနက်ဟု ဆိုမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....နိသောသတော ကိလေသေ ပုဏာတိ သောဓေ-တီတိ နိပုဏော။ နိပုဗ္ဗ ပု ပဝနေ” ဟူရကား နိသဒ္ဒါသည် အကြွင်းမဲ့ဟူသော နိသေသ အနက်ကို ဟော၏ ဟူပေ။

၁၃၄။ ဂရုဠောဝယ်၊ ဟောစဖွယ်၊ ဘယ်ကို ဌ ကြီး ဟောသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဂရုံ ဘာရံ လာတိ အာဒဒါတီတိ ဂရုဠော။

ယောသကုဏော၊ အကြင်ငှက်သည်။ ဂရုံ၊ လေးစွာသော။ ဘာရံ၊ ဝန်ကို။ လာတိ အာဒဒါတိ၊ ယူတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂရုဠော၊ ဂဠုန်မည်၏။

ဤသို့ အဏ္ဍရကောသ ဋီကာ မိန့်ရကား ဌ ကြီးသည် အာဒါန အနက်ကို ဟော၏ ဟူပေ။

ပုစ္ဆာရင်း၌ ထမင်း မဲ့ဆား၊ ဆေးဝါးနံ့ သာ၊ ဗိုင်းငါချည်စ၊ ကေစုထားသကဲ့သို့ ရှိသော ကြောင့် ဆန်းရေး၊ သဒ္ဒါရေး၊ ဂန္ထန္တရရေး့တို့၌ စုဝေးသီးသန့်၍ ဖြေဆိုလိုက်သည်။ အစဉ်မမှန် မဟူသင့်။

၁၃၅။ သတ္တဝါတိုင်းဝယ်၊ စီးဖြန်းဖွယ်၊ ဘယ်ဒွတ္တိ ံသ ရှိလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ကေသာ, လောမာ, နခါ, ဒန္တာ စသော ကောဋ္ဌာသ သုံးဆယ့်နှစ်ပါးသည် သတ္တဝါတိုင်း၌မရှိ။ အချို့သော တိရစ္ဆာန်တို့၌ ဆံအစုတို့သည် မရှိကုန်။ အချို့သော ငါး, မိကျောင်းစသည်တို့၌ အမွေးအစုတို့သည်လည်းကောင်း၊ ခြေသည်း, လက်သည်းအစုတို့သည်လည်းကောင်း မရှိကုန်။ အချို့သော တိရစ္ဆာန်တို့၌ သွားအစုတို့သည်လည်း မရှိကုန်။ ဤသို့ ရသင့်သည့်အားလျော်စွာသာ ရှိကုန်၏ ဟူပေ။

၁၃၆။ ကော့တသ္မယ်၊ တသတ်ဖွယ်၊ ဘယ်သို့ ကျောက်စာ ဖတ်မည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ကော့ တသတ်သော် “တော်” ဟုဖတ်။ သ ကို ဝ သတ်လျှင် “သောဝ်” ဟု ဖတ်။ န ကို ဝ သတ်လျှင် “နောဝ်” ဟု ဖတ်ရမည် ဟူပေ။

၁၃၇။ ဟေတုဒုက်ဝယ်၊ တွန်းစဖွယ်၊ ဘယ်မျှပစ္စည်း တွန်းမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဤပစ္စည်းသည် အတွန်းကား ကျယ်ဝန်း၏။ ဤတွင် ပြဆိုသော်လည်း အကျိုးမများပြီ။ ပရမတ်၌ မလေ့လာသူတို့အား နားပါး ရှုတ်ထွေးရာသည် ပဋ္ဌာန်းပစ္စည်းတွန်းမှာ ထင်စွာရှိပြီ။

၁၃၈။ ဆယ်ရက် နွားငယ်၊ စားသည်ဝယ်၊ ဘယ်သို့လျှော်ရိုး တပ်မည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....“သားရေနုနယ်။ ဆယ်ရက်ဝယ်သား၊ အငယ်ဓမ္မးလစ်၊ နွား ကျွဲဖြစ်မူ၊ အပြစ်နှိုက်နဲ့၊ မဆိုစွဲလင့်” ဟူ၍ မနုဝဏ္ဏနာတွင်ဆိုသည်။

၁၃၉။ သူ့ကြောင် ခွေးငယ်၊ သတ်ရာဝယ်၊ ဘယ့်နှယ်လျှော်ထုံး ရှိသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... “ဆင် မြင်း ဂေါဏ၊ မဟိံသနှင့်၊ သြဠမြည်းလား၊ ကြီးမားလုစွာ၊ သတ္တဝါကို၊ သတ်ရှာချေမိ၊ ခိုးဒဏ်ထိ၏။ ထိုပြို့ငယ်စွာ၊ ကြောင်ခွေး မှာ၌၊ သပြာ ငါးကျပ်၊ လျှော်စေအပ်၏” ရင်းမနုလက်ာ။

၁၄၀။ တပါးတည်းဝယ်၊ ခြသေ့်ငယ်၊ ဘယ်လက္ခဏာပေတို့နည်း။

ဟူသော အမေးပုစ္ဆာ၌၊ အဖြေ ဝိသဇ္ဇနာကား....

မဟာကမ္မံ ခုဒ္ဒကံ ဝါ၊ ယံကမ္မံ ကာတုမိစ္ဆတိ။
သဗ္ဗာရမ္ဘေန ကာတဗ္ဗံ၊ သီဟာ ဧကံ တဒါ ဘဝေ။ ။ရာဇနီတိ။

အနက်ကား။ ။မဟာကမ္မံဝါ၊ ကြီးသောအမှုကိုလည်းကောင်း။ ခုဒ္ဒကံဝါ၊ ငယ်သော အမှုကိုလည်းကောင်း။ ယံကမ္မံ၊ အကြင်အမှုကို။ ရာဇာ၊ မင်းသည်။ ကာတုံ၊ ပြုခြင်းငှါ။ ဣစ္ဆတိ၊ အလိုရှိ၏။ တံကမ္မံ၊ ထိုအမှုကြီးငယ်ကို။ သဗ္ဗာရမ္ဘေန၊ ခပ်သိမ်းသော အားထုတ်ခြင်းဖြင့်။ ကာတဗ္ဗံ၊ ပြုရာ၏။ တဒါ။ ထိုအမှုကြီးငယ်ကို ပြုသော အခါ၌။ သီဟာ၊ ခြသေ့်မင်း မှ။ ဧကံ၊ တခုသော အကျင့်ကို။ ဂဟိတံ၊ နည်းယူအပ်သည်။ ဘဝေ၊ ဖြစ်၏။

တဦးတည်းသော သတ္တဝါကို နှိပ်စက် ညှဉ်းဆဲ လိုသည်ဖြစ်စေ၊ အများသတ္တဝါကို နှိပ်စက် ညှဉ်းဆဲလိုသည်ဖြစ်စေ၊ ခြသေ့်သည် အားကုန်သွန်၍သာ ဟောက်သကဲ့သို့ မင်းတို့မှာလည်း အမှုကိစ္စသည် ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ အားကုန်သွန်၍သာ ပြုအပ်၏ ဟူလိုသည်။

၁၄၁။ ကြီးတို့၌ဝယ်၊ ကျင့်ငါးသွယ်၊ အဘယ်အကျင့် ဆိုပိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဂုယှေ မေထုနာ ပေက္ခဥ္စ၊ ဘောဇနံ ဉာတိသင်္ဂဟော။
ဝိလောကာပေက္ခာနာလသျံ၊ ပဉ္စ သိက္ခေယျ ဝါယသာ။ ။ရာဇနီတိ။

ကာကောနာမ၊ ကျီးမည်သည်ကား။ ဂုယှေ၊ သူမမြင်သာ လျှို့ဝှက်ရာ၌။ မေထုနဥ္စ၊ မေထုန်မှီဝဲခြင်းသည်လည်းကောင်း။ အပေက္ခဥ္စ၊ အကြိမ်များစွာရှုခြင်းသည်လည်းကောင်း။ ဘောဇနံ၊ စားအံ့သောအစာကို။ ဉာတိသင်္ဂဟော၊ ဆွေမျိုးတို့ကိုခေါ်၍ စားခြင်းသည်လည်းကောင်း။ ဝိလောကာပေက္ခဥ္စ၊ ရန်သူချောင်းမည် မချောင်းမည်ကို စောင်း၍ကြည့်ခြင်းသည်လည်းကောင်း။ အနာလသျဥ္စ၊ မပျင်းမရိခြင်းသည်လည်းကောင်း။ ဣတိပဉ္စ၊ ဤ ငါးပါးသောအကျင့်တို့ကို။ ဝါယသာ၊ ကျီးမှ။ သိက္ခေယျ၊ သင်ရာ၏။

၁၄၂။ စာတစောင်ဝယ်၊ အခိပ္ပါယ်၊ တသွယ်စောင်သို့ လိုက်လိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ရှေးရှေးသော ကျမ်းကိုမှီ၍ နောက်နောက်သောကျမ်းကို စီရင်သည်ဖြစ်ရကား....တစောင်မှ အခိပ္ပါယ်သည် တစောင်သို့လိုက်၏ဟူပေ။

၁၄၃။ ပညတ်၌ဝယ်၊ တသတ်ဖွယ်၊ တသွယ်ပသတ် ဘယ့်ကြောင့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"တတော အဝသေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ၊ ပညာပနတော ပညတ္တိတိစ ဒုဝိဓာ ဟောတိ။"

ဟူ၍ သင်္ဂြိုဟ်မိန့်သည်နှင့်အညီ အပြားအားဖြင့် သိစေအပ်သော အတ္ထပညပ်၌ ပ-သတ်သည်။ အပြားအားဖြင့် သိစေတတ်သော သဒ္ဒပညတ်၌ တ-သတ်သည် ဟူပေ။

တနည်းလည်း....ဝစ္စဖြစ်သော အတ္ထပညပ်၌ ကံကိုင်၍ ပ-သတ်ထားသည်။ ဝါစကဖြစ်သော သဒ္ဒပညတ်၌ ကတ္တားကိုင်၍ တ-သတ်ထားသည်။

၁၄၄။ အာပေါဓာတ်ဝယ်၊ မှတ်စဖွယ်၊ ဘယ့်နှယ်ရသာ ဆိုပိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အာပေါဓာတု၊အာပေါဓာတ်သည်။လဝဏော၊ ငန်သောအရသာရှိ၏။ ။ဓာတုရသ။

၁၄၅။ ပဥ္စကူဝယ်၊ ဆေးငါးသွယ်၊ ဘယ်သည့် ဘယ်သည့် ဆေးတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ပိဗ္ဗလိ၊ ပိတ်ချင်းသီးသည်။လောဟိတ သေမှ ပိတ္တံ၊ သွေး, သလိပ်, သည်းခြေကိုလည်းကောင်း။ ဝါတကာသော၊ လေ, ချောင်းဆိုး ကိုလည်း ကောင်း။ ပဟာတာ၊ ပယ်နိုင်၏။ ဥဒရလောပေ၊ အစာကြေခြင်းကို။ ကရာ၊ ပြုတတ်၏။ ပိဗ္ဗလိမူလံ၊ ပိတ်ချင်းမြစ်သည်။ သုက္ခဘင်္ဂ၊ ခြောက်သောဘင်ကို။ လောပေတိ၊ ကြေနူးစေ၏။ ကုဋ္ဌဂ္ဂိ၊ ဝမ်းမီးတောက်ခြင်းကိုလည်းကောင်း။ သညိမတာ၊ ပိုးတို့၏သေခြင်းကိုလည်းကောင်း။ ကရာ၊ ပြုတတ်၏။ ဆပရ၊ စရိုသည်။ ပိဗ္ဗလိမူလေန၊ ပိတ်ချင်းမြစ်နှင့်။ အတ္ထသဒိသော၊ အကျိုးပေးတူ၏။ စိတြံ၊ ကန့်ချုပ်နီသည်။ ဝါတသေမှံ၊ လေ, သလိပ်ကိုလည်း။ ပဟာတာ၊ ပယ်နိုင်၏။ ဥဒရလောပေ၊ အစာကြေခြင်းကို။ ကရာ၊ ပြုတတ်၏။ ဝေသာ၊ ချင်းခြောက်သည်။ ပါတသေမှ ရောဂါ၊ လေနာ သလိပ်နာတို့ကိုလည်းကောင်း။ ပဟာတာ၊ ပယ်နိုင်၏။ ဥဒရလောပေ၊ အစာကြေခြင်းကို။ ကရာ၊ ပြုတတ်၏။ ဣတိ၊ ဤသို့။ ပဉ္စဘေသဇ္ဇာ၊ ငါးပါးသောဆေးတို့သည်။ သမူဟံ၊ ပေါင်းခြင်းကို။ ကရောန္တိ၊ ပြုတတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပဉ္စကူတိ၊ ပဉ္စကူဟူ၍။ ဝေါဟရန္တိ၊ ခေါ်ဝေါ် ကုန်၏။ ။ဓာတုရသကျမ်း။

ပိတ်ချင်းသီးမြစ်။ ချင်းစစ် စရို။ ကန့်ချုပ်ကို။ ခေါ်ဆိုပဥ္စကူ။

၁၄၆။ အကင်းမျိုးပယ်၊ ငန်းမျိုးပြယ်၊ ပေးဖွယ်တမြစ် ဘယ်သေးနည်း။

ဟူသောအမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"မိုးနံတွင်မှန်း၊ သလိပ်ငန်းနှင့်၊ လေငန်းပြယ်ရှိး၊ အကင်းမျိုးကို၊ နိုင်ကျိုးနပ်လှ" ဟူ၍ နရသုခိကျမ်းတွင် ဆိုသည်။

၁၄၇။ ဓာတ်မျိုးရှင်ဖွယ်၊ အကင်းပြယ်၊ မွှေးကြွယ် ဘယ်နံ့သာတို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရနံ့မွှေးကြူ၊ နံ့သာဖြူကား၊ ရေပဟူဓာတ်ဟော၊ အာပေါမျှတ၊ ကင်းလေထ၍၊ စုန်လှ ဝါယော၊ အာပေါသည်းခြေ၊ သလိပ်ပွေသော်၊ နိုင်စေဓာတ်မျိုး။ ။ဋင်းနရသုခိ။

၁၄၈။ ရောဂါကပ်ဖွယ်၊ တပေါင်းဝယ်၊ ဘယ်အမိက ပြုသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ပုဿမာဃဖဂ္ဂုနေ၊ ပြာသို, တပို့တွဲ, တပေါင်း လ၌။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ဗလဝါ၊ အားကြီး၏။

၁၄၉။ တန်ခူးလဝယ်၊ ရောဂါတွယ်၊ ဆိုဖွယ် ဘယ်အဓိကနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....စိတြဗေသာခသာဝဏေ တန်ခူးလ, ကဆုန်လ, ဝါခေါင်လ၌။ တေဇောဓာတုကာရကာ၊ တေဇောဓာတ် အုပ်စိုးသည်ကိုပြုတတ်၏။ ဇေဋ္ဌအာသာဠ ဘဒြေ၊ နယုန်, ဝါဆို တော်သလင်းလ၌။ ဝါယောဓာတုစအဓိကာ၊ ဝါယောဓာတ် လွန်ခြင်းရှိ၏။ အဿယုဇကတ္တိက မိဂသီရေသု၊ သီတင်းကျွတ်, တန်ဆောင်မုန်း, နတ်တော်လတို့၌။ အာပေါ ဓာတုကာရကာ၊ အာပေါဓာတ် အုပ်စိုးခြင်းကို ပြုတတ်၏။ ။ဓာတုဒီပနီ။

အချို့ဆေးကျမ်းများ၌ နတ်တော်, ပြာသိုလကား သီတလ ရတု။ တပို့တွဲ တပေါင်းလကား ဝသန္တရတု။ ဤလေးလ၌ကား သလိပ်အဓိက ပြုသည်။ တန်ခူးလ, ကဆုန်လကား ဂိမှန္တရတု။ နယုန်လ, ဝါဆိုလကား—နိဒ္ဒြာဟရတု။ ဤလေးလ၌ လေအဓိကပြုသည်။ အကြွင်းလေးလ၌ သည်းခြေအဓိကပြုသည်ဟု ဆို၏။

၁၅၀။ ဖျားခြင်းခြောက်သွယ်၊ ဆေးကျမ်းဝယ်၊ ဘယ့်နှယ် ခွဲခြမ်းပေအံ့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... လေပျတက်ဖျား။ သည်းခြေပျတက်ဖျား။ သလိပ်ပျတက်ဖျားဟူ၍ ပျတက်ဖျားသုံးပါး။

လေနှင့် သည်းခြေရောသော ဒွေးဝန်းဖျား။ လေနှင့် သလိပ်ရောသော ဒွေးဝန်းဖျား။ သည်းခြေနှင့် သလိပ်ရောသော ဒွေးဝန်းဖျားဟူ၍ ဒွေးဝန်းဖျား သုံးပါး။ ဤသို့အားဖြင့် ခြောက်ပါးခွဲခြမ်းအပ်၏ဟူပေ။

လက္ခဏာနှင့်တကွ အကျယ်သိလိုမူ ဓာတုဒီပနီ၌လည်းကောင်း, နရမာလာ၌လည်းကောင်း ရှုလေ။

၁၅၁။ ရာသီဆေးဝယ်၊ ဆယ့်နှစ်သွယ်၊ ဘယ်သို့ ရသာရှိကြသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...ဋ္ဌေကာ၊ သက်ရင်း။ ဝေဿ၊ ညြလဲ။ ရဇ္ဇူ၊ ဆေးပုလဲ။ အဂ္ဂိမန္ထေ၊ တပဆေး။ မဏိသြဃေ၊ ဧကိသြဃ။ ရာဇကော၊ ဖျောက်ဆိပ်။ သောမဖလံ၊ ခဒေါင်း။ အနာရောဟာ၊ လဲလှူဖို။ ဝါ၊ ရှင်ဗာကူ။ ဩဟာရ၊ ရှင်ကစ္စည်း။ တရိပတ္တော၊ ထောက်ရှာ။ ကဏ္ဍကကာလာ၊ ဆူးခေါက်နက်၊ ကိံသွဇလာ၊ သင်းဝင်ပေါက်ဖြူ။ ။ဤ ၁၂-ပါး သည် ၁၂-ရာသီနှင့် သင့်တော်သောကြောင့် ရာသီဆေးမည်၏။

ဋ္ဌေကာ၊ သက်ရင်းသည်။ လောဟိတံ၊ သွေးကို။ ဥဒ္ဒေတိ၊ ကြွစေ၏။ ဥဒရိယံ၊ အစာကို လည်းကောင်း။ ဝါတာစ၊ လေကိုလည်းကောင်း။ လောပေတိ၊ ကြေစေ၏။ ဝါတုဒ္ဒရိ၊ လေပုပ်ထုတ်ခြင်းကို။ ကရာ၊ ပြုတတ်၏။ သေမှံ၊ သလိပ်နာကို။ ပဟတာ၊ ပယ်နိုင်၏။ ဥဒရင့္၊ ဝမ်းကိုလည်း ဖြောင့်စေ၏။

ဝေဿာ၊ ဩလဲသည်။ လောဟိတဝါတာ၊ သွေးလေတို့ကို။ လောပေတိ၊ ကြေစေတတ်၏။ ရဇ္ဇူ၊ ဆေးပုလဲသည်။ လောဟိတံ၊ သွေးကို။ လောပေတိ၊ ကြေစေ၏။ ဝါတ ၊ လေကို။ ဥဒ္ဒေတိစ၊ ကြွလည်း ကြွစေတတ်၏။ နိက္ခမတိစ၊ ထုတ်လည်း ထုတ်တတ်၏။ ဒဏ္ဍာဒရောဂေ၊ ဒဏ် နာကိုလည်းကောင်း။ ဝါတခါတော၊ လေကိုက်ခဲသော အနာကိုလည်းကောင်း။ ပရမေဟရောဂေ- ပရမေဟ အနာကိုလည်းကောင်း။ ကာသသေမှော၊ သလိပ် ချောင်းဆိုးနာကိုလည်းကောင်း။ ပဟာဘာ၊ ပယ်နိုင်၏။ အဂ္ဂိလောဟိတဘဂံ၊ မီးယပ်သွေး ပျက်ကိုလည်းကောင်း။ အဂ္ဂိတတ္တာ၊ မီးယပ်ကြောင့်။ပဝတ္တော၊ ဖြစ်သော။ အဓိမောဟော၊ မိန်းမောသော အနာကို လည်းကောင်း။ ပဟတာ၊ ပယ်နိုင်၏။ ထွေ၊ ဤမီးယပ်ရော ါ၌။ မုနိနာ၊ ရသေ့မြတ်တို့သည်။ ရဇ္ဇူ၊ ဆေးပုလဲကို။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ အာယုဒီဃံ၊ အသက်ရှည်ခြင်းကို။ ကရာ၊ ပြုဝ ‌တဲ၏။

ဟိ၊ အထူးကို ပြဦးအံ့။ ရဇ္ဇူ၊ ဆေးပုလဲလည်းကောင်း။ ပရိစ္ဆတ္တော၊ ပင်လယ်ကသစ်လည်း ကောင်း။ တရေလော၊ ငစိုင်ရှင်လည်းကောင်း။ အမာဋ္ဌကော၊ ခွေးတောက်လည်းကောင်း။ ဣမေစတ္တာရောဘေသဇ္ဇာ၊ ဤလေးပါးသော ဆေးတို့သည်။ အတ္ထသဒိသာတိ၊ အကျိုးတူကုန်၏ ဟူ၍။ သရုပ္ပသင်္ဂဟော၊ သရုပ္ပသင်္ဂဟကျမ်း၌။ ဝုတ္တံ၊ ဟောအပ်၏။ အဂ္ဂိမန္ထော၊ တပဆေးသည်။ လောဟိတံ၊ သွေးကို။ သမေတိ၊ ငြိမ်းစေ၏။ မဏိဩဃော မဏိဩဃသည်။ လောဟိတံ၊ သွေးကို။ သမေတိ၊ ငြိမ်းစေ၏။ ဝါတံ၊ လေကို။ လောပေတိ၊ ကြေစေ၏။

ရာဇကော၊ ဖျောက်ဆိပ်သည်။ လောဟိတံ၊ သွေးကို။ ဥဒ္ဒေတိ၊ ကြွစေ၏။ ဥဒ္ဓံဂါတော၊ အထက် သို့ဆန်သောလေကို။ နိက္ခာပေတိ၊ ထုတ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ လောဟိတဒုဋ္ဌလ ကာလေစ၊ သွေးညှံ့သောအခါ၌လည်းကောင်း။ ဥဒ္ဓံဝါတကာလေစ၊အထက်သို့လေဆန်တက်သော အခါ၌လည်းကောင်း။ ရာဇကော၊ ဖျောက်ဆိပ်ကို။ ဝိစာရိတ္ဗာ၊ စုံစမ်းဆင်ခြင်၍။ အဂ်ကာ၊ တိုးတက်ရာ၏ဟူ၍။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ကုန်၏။

သောမဖလံ၊ ခပေါင်းမြစ်သည်။ လောဟိတံ၊ သွေးကို။ သီတာပေတိ၊ ငြိမ်းအေးစေ၏။ဝါတံ၊ လေကို။ ဥဒ္ဒေတိ၊ ကြွစေ၏။ အနာရောဟာ၊ ရှင်ဗာကူသည်။ ဝါတံ၊ လေကို။ လောပေတိ၊ ကြေစေ၏။ လောဟိတံ၊ သွေးကို။ သမေတိ၊ ငြိမ်သက်စေ၏။

ဩဟာရော၊ ရှင်ကစ္စည်းသည်။ လောဟိတံ၊ သွေးလေ ကြွသည်ကို။ လောပေတိ၊ ကြေစေ၏။ တရိပဇ္ဇော၊ ထောက်ရှာသည်။ ဗဟိအန္တလောဟိတံ၊ အတွင်းအပ လျှံသောသွေးကို။ သမေတိ၊ ငြိမ်းစေ၏။ ကဏ္ဍကကာလာ၊ ဆူးခေါက်နက်သည်။ ဝါတံ၊ လေကို၊ လေပေတိ၊ ကြေစေ၏။

ကိံသုဇာလာ၊ သင်းဝင်ပေါက်ဖြူသည်။ လောဟိတဝါတာ၊ သွေးလေတို့ကို။ လေပေတိ၊ ကြေ စေ၏။ နာဂဝိသံ၊ နဂါးဆိပ်နှင့် တူသောငန်းကို။ ပဟတာ၊ ပယ်နိုင်၏။ မနောစ၊ နှလုံးသည်လည်း။ သမတိ၊ ငြိမ်သက်၏။

ဤသို့ဓာတုရသဆေးကျမ်း၌ လာသောကြောင့် ရာသီဆေး ၁၂-ပါးကို အသိး ခွဲဝေ၍ သိရာ၏ ဟူပေ။

၁၅၂။ ထုပ်လျှားတဆယ်၊ အိမ်ဆင်ဖွယ်၊ ဘယ်မျှ မြာတိုင်ထားသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ထုပ်လျှား ၇-တောင်ဖြစ်လျှင် ၇-မိုက်။ ထုပ်လျှား ၉-တောင်ဖြစ်လျှင် မြာတိုင် ၉-မိုက် ထားရိုးဖြစ်ရကား ထုပ်လျှား ၁၀-တောင်ဖြစ်လျှင် မြာတိုင် ၁၀-မိုက် ထားရာ၏ ဟူပေ။

၁၅၃။ ဥစ္စာများကြွယ်၊ အိမ်ဆောက်ဖွယ်၊ ရှည်သွယ် တိုင်ယပ် ဘယ်မျှနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဗိသုကာကျမ်း၊ ပြဆိုညွှန်း၊ တတ်စွမ်းသိပညာ။
တိုင်ယပ်ကိုမှတ်၊ မိုက်ဘွဲ့လတ်၊ စားဖြတ်သတ္တသာ။
ကောဇယ၊ ဒွေးလာဘ်ရ၊ ဒုက္ခတြိယာ။
စတုလာဘံ၊ မရဏံ၊ ပဉ္စသိဒ္ဓိ-ဆာ။
သုည ကလဟာ၊ ငြင်းခုံရာ၊ မှန်စွာ မြဲလှပါ။
တိုင်ယပ်စားနည်း၊ နိဿယည်း၊ ကမ္ပည်းမော်ကွန်းစာ။

ဤလင်္ကာဖြင့် သိရာ၏။

၁၅၄။ ရဟန်းတို့ဝယ်၊ မွေးကျင်စွယ်၊ မပယ်အာပတ် သင့်ချိမ့်နည်း။

၁၅၅။ ကျဉ်းမြောင်းရာဝယ်၊ မွေးကိုပယ်၊ အဘယ်အာပတ် သင့်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ဆဗ္ဗဂ္ဂီ ရဟန်းတို့သည် မုတ်ဆိတ်ကို ပြုပြင်ကုန်၍ ပွားစေကုန်၍ နွားမြီးမွေးကဲ့သို့ ပြုစေကုန်၍ လေးထောင့်ကွက်သည်ကို ပြုစေကုန်၍၊ ရှေ့သို့ ကော့ရ ရော့ပြုစေကုန်၍၊ နှစ်ကွဲ နှင်စုကို ပြုစေကုန်၍ ကျင်စွယ်ကိုထားကုန်၍ ကျဉ်းမြောင်းရာ၌ အမွေးကို ပယ်စေကုန်၏။ လူတို့ ကဲ့ရဲ့ကြသည်ကို ဘုရားကြီးသိတော် မူသောကြောင့်—

န ဘိက္ခဝေ မဿုံ ကပ္ပေတဗ္ဗံ။ န ဝဍ္ဎာပေတဗ္ဗံ။ န ဂေါလောမိကံ ကာရေတဗ္ဗံ။ န စတုရဿကံ ကာရေတဗ္ဗံ။ န ပရိမုခံ ကာရေတဗ္ဗံ။ န အဍ္ဎဒုကံ ကာရေတဗ္ဗံ၊ န ဒါဌိကာ ဌပေတဗ္ဗာ။ န သမ္ဗာဓေ လောမံ သံဟရာပေတဗ္ဗံ။ ယော သံဟရာပေယျ အာပတ္တိ ဒုက္ကဋဿ။

ဟူ၍ ပညတ်တော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ မဿုံ၊ မုတ်ဆိတ်ကို။ န ကပ္ပေတဗ္ဗံ၊ မပြုပြင်အပ်။ န ဝဍ္ဎာပေတဗ္ဗံ၊ မပွား စေအပ်။ ဂေါ၊ မမွေးအပ်။ ဂေါလောမိကံ၊ နွားမြီးကဲ့သို့ အဖျားချွန်သည်ကို။ န ကာရေတဗ္ဗံ၊

မပြုစေအပ်။ စတုရဿကံ၊ လေးထောင့် ကွက်သည်ကို။ န ကာရေတဗ္ဗံ၊ မပြုပြင်စေအပ်။ ပရိမဏ္ဍလံ၊ ရှေသို့ ကော့ရရော့ကို။ န ကာရေတဗ္ဗံ၊ မပြုပြင်အပ်။ အဍ္ဍဒုကံ၊ နှစ်စုခွဲသည်ကို။ န ကာရေတဗ္ဗံ၊ မပြုစေအပ်။ ဒါဌိကာ၊ မုတ်နားကျင်စွယ်ကို။ န ဌပေတဗ္ဗာ၊ မထားအပ်။ သမ္ဗာဓေ၊ ကျဉ်းမြောင်း ရာ၌။ လောမံ၊ အမွေးကို။ န သံဟရာပေတဗ္ဗံ၊ မနုတ်အပ်။ ယောဘိက္ခု၊ အကြင် ရဟန်းသည်။ သံဟရာပေယျ၊နုတ်ပယ်ငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ဒုက္ကဋ်အာပတ်သို့ ရောက်၏။ ဤစူဠဝါပါဠိတော် ဖြင့် သိအပ်၏။

၁၅၆။ ရှိမခိုးဖွယ်၊ ပေါင်းတဆယ်၊ ဘယ်သူဘယ်ကြောင့် ခွဲမည်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> ဒသယိမေ ဘိက္ခဝေ အဝန္ဒိယာ။ ပုရေ ဥပသမ္ပန္နေန ပစ္ဆာ ဥပသမ္ပန္နော အဝန္ဒိယော။ အနုပသမ္ပန္နော အဝန္ဒိယော။ နာနာသံဝါသကော ဝုဍ္ဎတရော အဓမ္မဝါဒီ အဝန္ဒိယော။ မာတုဂါမော အဝန္ဒိယော။ ပဏ္ဍကော အဝန္ဒိယော။ ပါရိဝါသိကော အဝန္ဒိယော။ မူလာယ ပဋိကဿနာရဟော အဝန္ဒိယော။ မာနတ္တာရဟော အဝန္ဒိယော။ မာနတ္တစာရိကော အဝန္ဒိယော။ အဗ္ဘာနာရဟော အဝန္ဒိယော။

ဟူ၍ စူဠဝါပါဠိတော်၌ ဟောတော်မူသောကြောင့် ရဟန်းကြီးသည် ရဟန်းငယ်အား ရှိမခိုး အပ်။ ရဟန်းဖြစ်လျက် လူသာမဏေတို့အား ရှိမခိုးအပ်။ နာနာသံဝါသက ဖြစ်သော အဓမ္မဝါဒီ သတင်းကြီးကိုလည်း ရှိမခိုးအပ်။ မာတုဂါမကိုလည်း ရှိမခိုးအပ်။ ပဏ္ဍုက်ကိုလည်း ရှိမခိုးအပ်။ ပရိဝါသ် ဆောက်တည်ဆဲ ရဟန်းကိုလည်း ရှိမခိုးအပ်။ အရင်းသို့ငင်ခြင်း၌ ထိုက်သော ရဟန်းကို လည်း ရှိမခိုးအပ်။ မာနတ်ပေးခြင်း၌ ထိုက်သော ရဟန်းကိုလည်း ရှိမခိုးအပ်။ မာနတ်ကျင့်ဆဲကို လည်း ရှိမခိုး အပ်။ အဗ္ဘာန်ထိုက်သောသူကိုလည်း ရှိမခိုးအပ်။ဘယ်ကြောင့်နည်းဟူမူ ဤသူတို့ကား မိမိအောက် ယုတ်ညံ့သောကြောင့် ဟူပေ။

ပရိဝါပါဠိတော်၌ကား....ရှိမခိုးထိုက်သော ပုဂ္ဂိုလ် ၂၅-ပါးဟူ၏။ ဝိနယာလင်္ကာရ၌ အကြောင်း နှင့်တကွ ဖွင့်ပြ၏။ ဤပုစ္ဆာ၌ တကျိပ်ကိုသာ မေးသောကြောင့် မေးသမျှကိုသာ ဖြေလိုက်သည်။

၁၅၇။ သစ်ခက်ချိုးဖွယ်၊ ရဟန်းဝယ်၊ ဘယ်သည့်ဘယ်သည့် အကြောင်းနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... တရံရောအခါ ရဟန်းတဦး အား မြွေခဲသည် ဖြစ်၍ မြတ်စွာဘုရားအား ကြားလျှောက်ကြသည်တွင်....

> "အနုဇာနာမိ ဘိက္ခဝေ စတ္တာရော မဟာဝိကဋာ ဒါတုံ ဂူထံ, မုတ္တံ, ဆာရိကံ, မတ္တိကန္တိ" ဟူ၍ ခွင့်ပြုတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဂူထံ၊ ကျင်ကြီး လည်းကောင်း။ မုတ္တံ၊ ကျင်ငယ် လည်းကောင်း။ ဆာရိကံ၊ သစ်စိမ်းပြာ လည်းကောင်း။ မတ္တိကံ၊ ကျင်ရာမြေစိုင် လည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော မဟာဝိကဋာ၊ လေးပါးသော ဆေးကြီးတို့ကို။ ဒါတုံ၊ ပေးစိမ့်သောငှါ။ အနုဇာနာမိ၊ ငါခွင့်ပြုတော်မူ၏။

ရဟန်းတို့လည်း ထိုဆေးကြီးတို့ကို အကပ်ခံမှ အပ်သလော, အကပ်မခံပဲပင် အပ်သလောဟု သံသယရှိ၍ ဘုရားရှင်အား လျှောက်ထားကြသည်တွင်....

အနုဇာနာမိ ဘိက္ခဝေ အသတိ ကပ္ပိယကာရကေ သာမံ ဂဟေတွာ ပရိဘုဉ္ဇိတုံ"

ဟူ၍ ခွင့်ပြုတော်မူသည်။

အဓိပ္ပါယ်ကား.... ကပ္ပိယကာရက မရှိသော် ရဟန်းကိုယ်တိုင်ယူ၍ သုံးဆောင်အပ်၏။ (ဝိနည်း မဟာဝါ ပါဠိတော်)

ဂူထမတ္တိကာ မုတ္တာနိ၊ ဆာရိကဉ္စ တထာဝိဓေ။
သာမံ ဂဟေတွာ သေဝေယျ၊ အသန္တေ ကပ္ပကာရကေ။
(ခုဒ္ဒသိက္ခာ)

ကာလေဒိဿတ္တာ ပန ဆာရိကာယ အသတိ အလ္လဒါရုံ ရုက္ခတော ဆိန္ဒိတွာ ကာတုံ။ မတ္တိကာယ အသတိ ဘူမိံ ခနိတွာပိ မတ္တိကံ ဂဟေတုံ ဝတ္တတိ။

ဟူ၍ သုမင်္ဂလပ္ပကာသနီဋီကာ စသည်တို့၌ မိန့်ရကား....မြွေခဲသောအခါ၌ ကပ္ပိယကာရကမရှိ၍ သစ်စိမ်းပြာ မရခဲ့သော် ရဟန်းပင် သစ်ခက်စိမ်းကိုချိုး၍ ပြာပြုအပ်၏။ သက်န်းကို ခိုးသူလုသော ရဟန်းသည်လည်း သစ်ခက်ကိုချိုး၍ ဖုံးလွှမ်းအပ်၏ဟူ၍ သိရာသည်။

၁၅၈။ ကိုယ်သေစိမ့်ရှယ်၊ အစာပယ်၊ ဘယ်ကြောင့် အာပတ်မသင့်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

နစ ဘိက္ခဝေ အတ္တာနံ ပါတေတဗ္ဗံ။ ယော ပါတေယျ အာပတ္တိ ဒုက္ကဋဿာတိ ဝစနတော ဂိလာနေန ဘိက္ခုနာပိ ယေနကေနစိ ဥပက္ကမေန အန္တမသော အာဟာရုပစ္ဆေဒနေနပိ အတ္တာနံ န မာရေတဗ္ဗော။

ဤသို့ အစရှိသည်ဖြင့် ဝိနည်းအဋ္ဌကထာတို့၌ လာသည်။

အဓိပ္ပါယ်ကား။ ။မိမိကိုယ်ကို မိမိသည် ဇီဝိတိန္ဒြေမှ မချအပ်။ အကြင်ရဟန်းသည် ချ ငြားအံ့။ ဒုက္ကဋ်အာပတ်သင့်၏ဟူ၍ ဟောတော်မူသောကြောင့် နာသော ရဟန်းသည် တစုံ တခုသော လုံ့လဖြင့် မိမိကိုယ်ကို မသတ်အပ်။ အယုတ်သဖြင့် အာဟာရကို ဖြတ်၍မူလည်း မသတ်အပ်။ အကြင်ရဟန်းသည် ရောဂါကပ်ငြိသော် ဆေး၌လည်းကောင်း, အလုပ်အကျွေး၌ လည်းကောင်း ငြီးငွေ့သည်ဖြစ်၍ အာဟာရကို ဖြတ်ငြားအံ့။ ဒုက္ကဋ်သင့်သည်သာတည်း။ အကြင် ရဟန်း၏အနာသည် ကြာမြင့်စွာ နှိပ်စက်သည်ဖြစ်၍ လုပ်ကျွေးသူတို့လည်း ပင်ပန်းခြင်း စက်ဆုပ် ခြင်း ရှိသည်ဖြစ်၍ "ဤ ငါ၏ကိုယ်သည်ကား သူတပါးတို့ ပြုစု မ စ ငြားသော်လည်း မချမ်းသာ ရာပြီ၊ လုပ်ကျွေးသူ ပင်ပန်းရုံမျှသာ ရှိတော့မည်" ဟု နှလုံးထား၍ အာဟာရကို ဖြတ်မူကား

အာပတ်မသင့်။ အကြင် ရဟန်းသည်လည်း "ဤ ငါ၏ရောဂါသည် ကြမ်းဝန်း၏။ ငါ့အသက် မခံနိုင်ရာပြီ။ ငါလည်း တရားအထူးကို မြင်လတ္တံ့" ဟု နှလုံးပြု၍ အာဟာရကိုဖြတ်အံ့။ အာပတ်မသင့်သည်သာတည်း။မနာသော ရဟန်းသည်လည်း အာဟာရကိုရှာမှီးရခြင်း စသည်၌ များသော ဒုက္ခ ဗျာပါရကို ဆင်ခြင်၍ ကမ္မဋ္ဌာန်းတရားကိုသာ များစွာ အားထုတ်အံ့ဟု နှလုံးထားလျက် အစာကို ဖြတ်ခြင်းသည် အပ်သည်သာတည်း။ (ဝိနယသင်္ဂဟ)

၁၅၉။ ဆံမြိုးနုတ်ပယ်၊ ရဟန်းဝယ်၊ အဘယ် အာပတ်သင့်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဦးခေါင်း၌ ဆံဖြူကို နုတ်ကြသောကြောင့် လူတို့ ကဲ့ရဲ့ခြင်း ဖြစ်ရာတွင်—

"န ဘိက္ခဝေ ပလိတံ ဂါဟာပေတဗ္ဗံ။
ယော ဂါဟာပေယျ အာပတ္တိဒုက္ကဋဿ"

ဟူ၍ ပညတ်တော်မူသည်။

အဓိပ္ပါယ်ကား။ ။ရဟန်းတို့–ဆံဖြူကို မနုတ်ယူစေအပ်။ အကြင်ရဟန်းသည် နုတ်ယူစေငြားအံ့။ ဒုက္ကဋ်အာပတ်သင့်၏ ဟူလိုသည်။ (စူဠဝါ)

၁၆၀။ တို့စေဘုန်းကြွယ်၊ အာပတ်ငယ်၊ နုတ်ပယ်ဘယ့်ကြောင့် မိန့်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဤအရာ၌ အကျဉ်းအားဖြင့်သာဖြေမှု ဉာဏ်နုသူတို့ မထင်ရှားရာ။ မိလိန္ဒပဉှာ၌လာသော ဝိသဇ္ဇနာကို ထုတ်၍ ရေးလိုက်အံ့....

မိလိန္ဒမင်းသည် ဤသို့ လျှောက်၏....

အရှင်နာဂသိန်၊ ဘုရားသခင်သည် "ချစ်သားရဟန်းတို့ ငါသည် သဗ္ဗညုတဉာဏ်တော်ဖြင့် အကျိုးအပြစ်ကို အကြွင်းမဲ့ သိတော်မူ၍သာ တရားကိုဟောတော်မူ၏။ မသိသည်ကို ငါမဟော" ဟူ၍ မိန့်တော်မူ၏။ တဖန်လည်း "ချစ်သားအာနန္ဒာ၊ သံဃာအပေါင်းသည် အလိုရှိသည်ဖြစ်အံ့၊ ငါနိဗ္ဗာန်လွန်သောအခါ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို နုတ်ကြလေတော့" ဟု ဟောတော်မူပြန်၏။ အရှင်ဘုရား၊ ဘုရားသခင်သည် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို မကောင်းသဖြင့် ပညတ်မိ၍ "နုတ်တော့" ဟု မိန့်လေသလော။ အရှင်ဘုရား အကယ်၍ "ချစ်သားရဟန်းတို့ ငါဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် အကျိုးအပြစ်ကို ပိုင်းခြား၍သိသဖြင့် တရားကိုဟော၏။ မသိပဲ မဟော" ဟူသော စကားတော်သည် ဟုတ်မှန်သည်ဖြစ်အံ့။ "ပညတ်ပြီးသော ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ကို သံဃာ အလိုရှိမူ နုတ်ကြလေတော့" ဟူသောစကားသည် မှားဘိရာ၏။ အကယ်၍ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်ကို

သံဃာအလိုရှိမူ နုတ်ကြလေတော့ ဟူသောစကားသည် မှန်သည်ဖြစ်အံ့၊ သဗ္ဗညုတဉာဏ်တော်ဖြင့် အကျိုးအပြစ်ကို ပိုင်းခြား၍ သိသဖြင့် ငါဘုရားဟော၏။ မသိပဲကို မဟောဟူသော စကားသည် မှားဘိရာ၏။ အရှင်ဘုရား ဤသို့ အစွန်းနှစ်ဘက်ထွက်သော ပြဿနာသည် သိမ်မွေ့၏။ နက်နဲ၏ ကြံနိုင်ခဲ၏ ထိုပြဿနာကို ပညာတော်ဖြင့် ရှင်းလင်းအောင် ဖြေပါလေ့ဟု လျှောက်၏။

အရှင်နာဂသိန်ကလည်း.... မင်းကြီး၊ ဘုရားသခင်သည် "ချစ်သားရဟန်းတို့ ငါသည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် အကျိုးအပြစ်ကို ပိုင်းခြား၍သိသဖြင့် တရားကို ငါဟော၏" ဟူသော စကားတော်လည်းမှန်၏။ ဝိနည်းပညတ်၌ "အာနန္ဒာ သံဃာတို့သည် အလိုတူကြသော် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ကို နုတ်လော့" ဟူ၍ မိန့်တော်မူသည်လည်းမှန်၏။ မင်းကြီး စကားနှစ်ပြင်တွင် သိက္ခာပုဒ်ကို "နုတ်လော့"ဟူသော စကားတော်သည် တပည့်ရဟန်းတော်တို့အား စုံစမ်းလို၍သာ မိန့်တော်မူသည်။ စင်စစ်နုတ်စေလို၍ မိန့်တော်မမူ။

ဘယ်သို့ စုံစမ်းလိုသနည်းဟူမူကား.... "ငါ့တပည့်သား သံဃာတို့သည် ငါနိဗ္ဗာန်လွန်ခဲ့သော် ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို ဆုတ်ရှုံကုန်လတ္တံ့လော။ ထိုသို့မဟုတ် ငါ့အမိန့်ကို အားထုတ်၍ ကျင့်ပါကုန်အံ့လော" ဟု စုံစမ်းလို၍သာ မိန့်တော်မူလေသည်။

မင်းကြီး ဥပမာသော်ကား.... စကြဝတေးမင်းသည် သားတော်တို့ကို "ချစ်သားတို့ ငါပိုင်သော နိုင်ငံအရပ်ကား အလွန်ကျယ်ဝန်း၏။ သမုဒ္ဒရာအဆုံးရှိ၏။ သင်တို့သည် ထိုမျှလောက်သော နိုင်ငံ ဇနပုဒ်တို့ကို အုပ်ချုပ်လှည့်ပတ်ခြင်းငှါ ခဲယဉ်း၏။ ချစ်သားတို့ ငါလွန်သဖြင့် တိုင်းစွန် ဇနပုဒ်တို့ကို မသိမ်းဆည်းလင့်ကုန်" ဟု ဆိုငြားအံ့·မင်းသားတို့သည် "ဖခင် စကြာမင်းလွန်သဖြင့် ထိုတိုင်းစွန် ဇနပုဒ်တို့ကို လွှတ်ကုန်ရာသလော" ဟု ဆိုသော်.... အရှင်ဘုရား ထိုမင်းသားတို့သည် လက်သို့ရောက်ပြီးသော တိုင်းကား နိုင်ငံတို့ကို မစွန့်ကုန်ရာ။ ဖခင် စကြာမင်းထက်ပင်လွန်၍ ပြည်စည်းစိမ်ကို မက်သဖြင့် ဇနပုဒ်တို့ကို သိမ်းဆီးကုန်ရာ၏" ဟု လျှောက်သော်....

မင်းကြီး ထို့အတူ ငါတို့ဆရာဖြစ်သော ဘုရားသခင်သည်လည်း တပည့်သားတော်တို့အား စုံစမ်းခြင်းသာလျှင် "ငါ နိဗ္ဗာန်လွန်သဖြင့် သံဃာတော်တို့ အလိုတူကြသော် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်ကို နုတ်ကြလော့" ဟု မိန့်တော်မူ၏။ စင်စစ် နုတ်စေလို၍ မိန့်တော်မမူဟု ဖြေ၏။

အရှင်ဘုရား ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်ဟူသည်ကို လူအပေါင်းတို့ သိနိုင်ခဲ၏။ ယုံမှားသံသယရှိ၏။ အဘယ် သိက္ခာပုဒ်တို့ နည်းဟု လျှောက်ပြန်သော်....

မင်းကြီး ဒုက္ကဋ်အာပတ်သည် ခုဒ္ဒကသိက္ခာပုဒ်မည်၏။ ဒုဗ္ဘာသီအာပတ်သည် အနုခုဒ္ဒက သိက္ခာပုဒ်မည်၏။ မင်းကြီး ရှေးဖြစ်သော မထေရ်မြတ်တို့သည် ဤ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့၌ ယုံမှားသံသယကို ဖြစ်စေဘိသကဲ့သို့ ပြေလည်စွာ ဝိသဇ္ဇနာမပြုပဲ ဘုရားမိန့်တိုင်းသာ သင်္ဂါယနာတင်ကုန်၏ ဟူ၍ ဆိုသော်....

အရှင်ဘုရား လျှိုဝှက်ခဲကတ်စွာ ထားအပ်သော စကားတော်ကို အရှင်မြတ်သည် ထုတ်ဖော်၍ ဟင်းလင်းဖွင့်တော်မူပေ၏ဟု ချီးပလျက် ဝန်ခံ၏။

ဤစကားအစဉ်ဖြင့် "တို့စောဘုန်းကြွယ်၊ အာပတ်ငယ်၊ နုတ်ပယ် ဘယ့်ကြောင့် မိန့်သနည်း" ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို သိရာ၏ ဟူပေ။

၁၆၁။ ဝေတ္တရဏီလယ်၊ ကြိမ်ပိုက်ဝယ်၊ ဘယ်သို့ ကျင့်သူခံလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယေ ဒုဗ္ဗလေ ဗလဝန္တော ဇီဝလောကေ ဟိံသန္တိ ရောသန္တိ သုပါပဓမ္မာ။ တေ လုဒ္ဒကမ္မာ ပသဝေတွာန ပါပံ၊ တေ မေ ဇနာ၊ ဝေတ္တရဏိံ ပတန္တိ။ (နေမိဇာတ်)။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဇီဝလောကေ၊ အသက်ရှင်သော လူ၏ပြည်၌။ ဗလဝန္တော၊ စည်းစိမ်အား, ကိုယ်အားကြီးကုန်သော။ သုပါပဓမ္မာ၊ အလွန်မကောင်းသော အကျင့်ရှိကုန်ထသော။ ယေ၊ အကြင်သူတို့သည်။ ဒုဗ္ဗလေ၊ စည်းစိမ်အား, ကိုယ်အား နည်းပါးသောသူတို့ကို။ ဟိံသန္တိ၊ အနိုင်အထက် နှိပ်စက် ညှဉ်းဆဲ ကုန်၏။ ရောသန္တိ၊ ချုပ်ချယ်ကုန်၏။ လုဒ္ဒကမ္မာ၊ ကြမ်းကြုတ်သောအမှုကို ပြုတတ်ကုန်သော။ တေ၊ ထိုသူတို့သည်။ ပါပံ၊ မကောင်းမှုကို။ ပသဝေတွာန၊ ပွားစေ၍။ တေမေဇနာ၊ ထိုသတ္တဝါတို့သည်။ ဝေတ္တရဏိံ၊ ဝေတ္တရဏီမည်သော ကြိမ်ပိုက်ရေသို့။ ပတန္တိ၊ ကျလေကုန်၏။

၁၆၂။ မီးကျိုးတွင်းဝယ်၊ ခံစဖွယ်၊ အဘယ် မကောင်းမှုပေနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယေကေစိ ပုဂ္ဂါယ မနုဿ ဟေတု၊ သက္ခိံ ကရိတွာန ဣဏံ ဇာပယန္တိ။ တေ ဇာပယိတွာ ဇနတံ ဇနိန္ဒ၊ တေ လုဒ္ဒကမ္မာ ပသဝေတွာန ပါပံ။ တေ မေ ဇနာ အင်္ဂါရကာသုံ ပုနန္တိ။ (နေမိဇာတ်)။

ဇနိန္ဒ၊ လူတို့အဓိပတိစောနေမိ။ ယေကေစိ၊ ခပ်သိမ်းသော သူတို့သည်။ ပုဂ္ဂါယ၊ ပေါင်းစု၍ ထားအပ်သော။ မနုဿ၊ ဥစ္စာကို။ ဟေတု၊ လိုချင်သောကြောင့်။ သက္ခိံ၊ စဉ်းလဲသောသက်သေကို။ ကရိတွာန၊ ပြု၍၊ ဣဏံ၊ မြီကို။ ဇာပယန္တိ၊ ဖျက်ဆီးကုန်၏။ တေ၊ ထိုသူတို့သည်၊ ဇနတံ၊ လူတို့၏ ကြွေးမြီကို။ ဇာပယိတွာန၊ ဖျက်ဆီး၍။ လုဒ္ဒကမ္မာ၊ ကြမ်းကြုတ်သော အမှု ရှိကုန်သော။ တေ၊ ထိုရဲသူတို့သည်။ ပါပံ၊ မကောင်းမှုကို။ ပသဝေတွာန၊ ပွားစေ၍။ တေမေဇနာ၊ ထိုသတ္တဝါတို့သည်။ အင်္ဂါရကာသုံ၊ မီးကျီးတွင်းသို့။ ပုနန္တိ၊ ဆင်းရကုန်၏။

၁၆၃။ ငါးနှစ်မြင်းစွယ်၊ ဖူး၍ကယ်၊ ရက်ဘယ် မျှလောက်မွေးလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....မြင်းတို့သည် အမိဝမ်းတွင် ဆယ်လနေ၍ လစေ့သဖြင့် ဖွားလျှင်ပင် အမိ လက်ဆစ်နှင့် သားငယ် လက်ဆစ်ကို တိုင်းသော် သားငယ် လက်ဆစ်ရှည်၏ ဖွား၍ ဆယ်လစေ့ရောက်လျှင် သွားပေါက်၏။ ကြီးအောင် အမွေးသုံးခါ လဲရ၏။ သွားကား ဆယ့်ခြောက်ချောင်းပေါက်၏။ ဖွား၍သုံးနှစ်လည်လျှင် အထက်ကခေါင်ကျ၏။ အောက်ကလည်းကြွေ၏။ ငါးနှစ်လည်လျှင်ပွင့်၏။ ပွင့်လျှင်အစွယ်ပေါက်၏ဟူ၍ မြင်းကြန်၌ ဆိုသည်။

၁၆၄။ နှာ-တင်-ရင်ကျယ်၊ မြင်းတို့ဝယ်၊ ငယ်ခြင်း သုံးပါး အဘယ်နည်း။

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား .. မှင်ရိုးငယ်စေ၊ နားငယ်စေ၊ လက်ဖျံရိုးငယ်စေ၊ နှာကျယ်စေ၊ တင်ရိုးတိုစေ၊ ရင်ဝကျယ်စေ၊ ဤကောင်းခြင်း သုံးပါးနှင့် ပြည့်စုံသော မြင်းတွင် ငယ်ခြင်းသုံးပါးနှင့် ပြည့်စုံစေ ဟူလိုသည်။

၁၆၅။ မြင့်ခြင်းသုံးသွယ်၊ မြင်း၌ဝယ်၊ ကြီးဖွယ်သုံးပါး အဘယ်နည်း။

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား... လည်မြင့်စေ၊ လက်ကွေးမြင့်စေ၊ ထိပ်မြင့်စေ၊ မျက်လုံးကြီးစေ၊ ခေါင်းကြီးစေ၊ နှာကြီးစေ၊

၁၆၆။ ကောင်းခြင်းမှတ်ဖွယ်၊ မြင်းတို့ဝယ်၊ သုံးသွယ် ရှိ၏ အဘယ်နည်း။

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... လည်စို့ကောင်းစေ၊ ကိုယ်ပြင်ကောင်းစေ၊ အမွေးကောင်းစေ၊ မှင်ရိုး, နားရွက်၊ လက်ဖျံငယ်စွာ၊ နှာ, တင်, ရင်ဝ၊ ကျယ်လှတသီး၊မျက်လုံးကြီးနှင့်၊ နှာကြီးခေါင်းကြီး၊ အံ့ခြီးဖွယ်သင့်၊ လည်နှင့်လက်ကွေး၊ ထိပ်သွေးမောက်မောက်၊ ကြန်ကောင်းရောက်မူ၊ ပြောင်ပေါက်အဟန်၊ ရဲသန်မြန်သည်၊ ရတန်မြင်းများ အမျိုးတည်း။

၁၆၇။ ကျီးကြည့်သဖွယ်၊ နည်းကိုရွယ်၊ အဘယ် ဥဒါဟရဏ်နည်း။

ဟူသော ဒ-မေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား... ကျီးသည် မျက်စိတဘက်ဖြင့် အစာကိုလည်း ကောင်း, ရန်သူကိုလ ည်းကောင်း ကြည့်သကဲ့သို့၊ နှစ်ပုဒ်ကိုငဲ့သော နည်းသည်ကား ကာကော လောကန နည်းမည်၏။

ပြယုဂ်ကား "ရဇ္ဇောဟံ ပဟီတော ဒူတော" စသည်တည်း။

အဟံ၊ ငါသည်ကား။ ရဇ္ဇော၊ မင်းသည်။ ပဟိတော၊ စေခိုင်းအပ်သော။ ဒူတော၊ တမန် တည်း ဟူ၍လည်းကောင်း။ ပဟိတော၊ စေခိုင်းအပ်သော။ ရဇ္ဇော၊ မင်း၏။ ဒူတော၊ တမန်ကား။ အဟံ၊ ငါတည်းဟူ၍လည်းကောင်း။ ရဇ္ဇော-ဟူသော ပုဒ်တခုသည်၊ ပဟိတော ကိုလည်းကောင်း, ဒူတောကို လည်းကောင်း, နှစ်ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကန နည်းမည်၏။

တနည်းကား....အဟံ၊ ငါ့ကို၊ ရဇ္ဇော၊ မင်းသည်။ ပဟိတော၊ စေအပ်၏။ ဤသို့ ယောဇနာမှု ဒူတောပုဒ်ကိုမမြင်၊ အဟံ၊ ငါသည်။ ရဇ္ဇော၊ မင်း၏။ ဒူတော၊ တမန်တည်း။ ဤသို့ယောဇနာမှု ပဟိတော ပုဒ်ကိုမမြင်။ ဤနှစ်ပါးကို မြင်စေလျက်ဆိုအပ်သောကြောင့် ကျီးသည် အစာ, ရန်သူ နှစ်ပါးကို ကြည့်သည်နှင့်တူရကား ကာကောလောကန နည်းမည်၏ ဟူလိုသည်။

၁၆၈။ ဝိသေသနဝယ်၊ ဝိဂ္ဂိုဟ်သွယ်၊ ဘယ်ပဌာန် ထည့်ပိမ့်နည်း။

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဝိသေသနပုဒ်ကို ဝိဂ္ဂိုဟ်ပြုမူ ဝိသေသျပုဒ်ကို ပဌာနထည့်။ ဝိသေသျပုဒ်ကို ဝိဂ္ဂိုဟ်ပြုမူ ဝိသေသနပုဒ်ကို ပဌာနထည့်ရိုးတည်း။ ထို့ကြောင့် နိယံဟောင်း၌....

"ဝိသေသနပုဒ်၊ ဝိဂ္ဂိုဟ်လုပ်၊ ထုတ်လေ ပဌာန-ဝိသေသျ"ဟု မိန့်သတည်း။

၁၆၉။ မည်းနက်ခြယ်လှယ်၊ သပိတ်လွှယ်၊ ငှက်ငယ် ဝိဂ္ဂိုဟ် မည်သို့နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ပိဋကတ်သုံးပုံ အဝင် ဖြစ်သော ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ "သပိတ်လွှယ် ငှက်"ဟု အနက်ပြန်ဆိုရသော ပါဠ်ကို မတွေ့ မမြင်။ မာဂဓ အဘိဓာန်၊[၁] သက္ကတ အဘိဓာန်၊ မောဂ္ဂလ္လာန်၊ ရူပသိဒ္ဓိ သဒ္ဒနီတိစသော ဂန္ထန္တရမျိုးတို့၌လည်း မတွေ့မိ။ ကိုယ်မွေးဖြူလျက် ရင်မွေးနက်သော ငှက်ငယ်ကို သပိတ်လွှယ်သည်နှင့် တူသောကြောင့် "သပိတ်လွှယ်"ဟု မြန်မာမှုဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။ မြန်မာပညတ်နှင့် လျော်စွာ သဒ္ဒါပြု သော်ကား....

ပတ္တံ ဂါဟော ပတ္တဂ္ဂါဟော။ ပတ္တဂ္ဂါဟော ဝိယာတိ ပတ္တဂ္ဂါဟော

ဟူ၍လည်းကောင်း။

ပတ္တလဂ္ဂေါဝိယာတိ ပတ္တလဂ္ဂေါ

ဟူ၍လည်းကောင်း ပြုအပ်၏။

မြန်မာဘာသာကို ဝိဂ္ဂိုဟ်ဆိုပါဟူသော်....

"သပိတ်လွှယ် ဝိယာတိ သပိတ်လွှယ်"ဟု ဥပမာတဒ္ဓိတ်ပြုသင့်၏။

၁။ ခဥ္ဇရီဋ္ဌောတု ခဥ္ဇနော-ဟု မာဂဓအဘိဓာန်၊ ဒွယံ ပတ္တကဏ္ဍော-ဟု ယင်းဋီကာ(၆၄၃)တွင် ရှိပါသည်။

ဤကဲ့သို့ မြန်မာဘာသာကို ဆရာတို့ ဝိဂ္ဂဟ်ပြုရိုး ရှိပါ၏လောဟု ဆိုငြားအံ့ "မြန်မြန်ဂစ္ဆတီတိ မြင်း"ဟူ၍လည်းကောင်း၊ "မရံ မာနေတီတိ မြန်မာ"ဟူ၍လည်းကောင်း၊ ကေ ဥဒကေ မဇ္ဇာနံ သသတိ ဟိံသတီတိ ကသည်း"ဟူ၍လည်းကောင်း၊ "ကုစ္ဆိတံ ဝါဒံ လာတိ ဂဏှာတီတိ ကုလား" ဟူ၍လည်းကောင်း၊ "တင်္ဂါပိယ ကေ ဇာလေ မစ္ဆံ သေတီတိ တင်ကျီး"ဟူ၍လည်းကောင်း၊ မဟာသမုဒ္ဒတော ဥဒ္ဓရိတွာ ဠတောစိတော ဝဿတီတိ မိုး"ဟူ၍လည်းကောင်း၊ ဝိဂ္ဂဟ်ပြုကြပါ၏ ဟူပေ။

ဒုကနိပါတ် သကုဏဂ္ဃိဇာတ်၌ကား....လာပေါ ဘီလုံးငှက် ဟူ၍ ရှိ၏။ အဘိဓာန်၌လည်း လဋုကိကော၊ ဘီလုံးငှက်။ လာပေါ ဘီလုံးငှက်ဟု ပရိယာယ်လာ၏။ ဘီလုံးငှက်ကိုလည်း သပိတ်လွယ်ဟု မခေါ်ချေ။

၁၇၀။ ဝါး၌ဖြစ်ဖွယ်၊ ပုလဲဝယ်၊ဘယ်သို့ အရောင်ထွက်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဝေဠုဇာ ကရကပ္ဖလသမာနဝဏ္ဏာ နဘာသုရာ တေ စ ဝေဠု အမနုဿဂေါစရေဧဝ ပဒေသေ ဇာယန္တိ။ (သာရတ္ထဒီပနီဋီကာ)။

ဝေဠုဇာ၊ ဝါး၌ဖြစ်သောပုလဲတို့သည်။ ကရကပ္ဖလသမာနဏ္ဏာ၊ တလည်းသီးအဆင်းနှင့်တူသော အဆင်းရှိကုန်၏။ ဝါ၊ မိုးသီး အဆင်းနှင့်တူသော အဆင်းရှိကုန်၏။ နဘာသုရာ၊ အရောင်အဝါ မရှိလွန်းကုန်။ တေစ ဝေဠု၊ ထိုဝါးတို့သည်လည်း။ အမနုဿဂေါစရေဧဝ ပဒေသေ၊ လူတို့ ကျက်စားရာမဟုတ်သော အရပ်၌သာလျှင်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

၁၇၁။ တိမ်တိုက်အလယ်၊ ဖြစ်စဖွယ်၊ ဘယ့်နှယ် ပုလဲအဆင်းနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဝလာဟကဇာ ဘာသုရာ ဒုဗ္ဗိဘာဂရူပါ ရတ္တိဘာဂေ အန္ဓကာရံ ဝိဓမေန္တိယော တိဋ္ဌန္တိ။ ဒေဝူပဘောဂါဧဝ ဟောန္တိ။

(သာရတ္ထဒီပနီဋီကာ)

ဝလာဟကဇာ၊ တိမ်တိုက်၌ ဖြစ်သော ပုလဲတို့သည်။ ဘာသုရာ၊ တင့်တယ်သော အရောင်ရှိကုန်၏။ ဒုဗ္ဗိဘာဂရူပါ အထူးထူး အပြားပြားသော အဆင်းသဏ္ဌာန် ရှိကုန်၏။ ရတ္တိဘာဂေ၊ ညဥ့်အဖို့၌။ အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဝိဓမေန္တိယော၊ ဖျောက်ကုန်လျက်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဒေဝူပဘောဂါဧဝ၊ နတ်၏ အသုံးအဆောင်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁၇၂။ မုတ်ဆိတ်ကျင်စွယ်၊ လူတို့နွယ်၊ နတ်ဝယ်ပေါက်ရောက် လေလိမ့်နည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာမှာ.... ပုစ္ဆာနံပါတ် ၅၅-၌ ဖြေ၍ ပြီးခဲ့ပြီ။

၁၇၃။ လှည့်ဖြားရည်ရွယ်၊ မုသားသွယ်၊ ဘယ်ကို အာရုံပြုသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"မုသာဝါဒေါ သတ္တာရမ္မဏော သင်္ခါရာရမ္မဏော ဝါ"

ဟူ၍ ပရမတ္ထ ဇောတိက အဋ္ဌကထာ မိန့်သောကြောင့် မုသားဆိုသောသူသည် တပါးသော သတ္တဝါတို့၏ မှောက်မှားခြင်းကို အာရုံပြုရကား သတ္တာရမ္မဏလည်း ဖြစ်၏။ အသိဥစ္စာ၏ ယွင်းပါး ပျက်စီးခြင်းကို အာရုံပြုသောသူ့အား သင်္ခါရာရမ္မဏလည်း ဖြစ်၏ ဟူပေ။

၁၇၄။ ခေါပနသွယ်၊ ဟေတုဝယ်၊ ဘယ်မှ ဒုက်ပွားရသနည်း။

ဟူသော အမေးပုစ္ဆာ၌အဖြေ ဝိသဇ္ဇနာကား ..."နဟေတုဓမ္မံ သဟေတုကာပိ အဟေတုကာပိ" ဟူ၍ ဟောတော်မူလျှင် ပြီးကောင်း ပြီးလျက်၊ ခေါပန ဟူသော သဒ္ဒါလွန်ဖြင့် ဟောတော်မူခြင်းသည် "သဒ္ဒါမိကော အတ္ထာမိကော ဟောတိ"ဟူသော ပရိဘာသာနှင့်အညီ အနက်လွန်ကို ပြခြင်း အကျိုးရှိသည်။

အဘယ်သို့ ပြသနည်း ဟူမူကား... ဒုတိယဒုက်၌ ပထမဒုက်၏ဒုတိယပုဒ်ကို ထည့်၍"နဟေတုကာ ဓမ္မာ သဟေတုကာပိ အဟေတုကာပိ"ဟူသော ဆဌဒုက်သည် ဖြစ်သကဲ့သို့၊ ထို့အတူ တတိယ ဒုက်၌ ပဌမဒုက်၏ ဒုတိယပုဒ်ကို ထည့်၍ "နဟေတူဓမ္မာ ဟေတုသမ္ပယုတ္တာပိ ဟေတုဝိပ္ပယုတ္တာပိ" ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏၊ ဒုတိယဒုက်၌ ပထမဒုက်၏ ပထမပုဒ်ကို ထည့်၍ "ဟေတူဓမ္မာ သဟေတုကာပိ အဟေတုကာပိ"ဟူသော ဒုက်လည်း ဖြစ်သင့်၏။ဤကား အဋ္ဌကထာနည်းတည်း။

မူလဋီကာနည်းအားဖြင့်....တတိယဒုက်၌ ပထမဒုက်၏ ပထမပုဒ်ကို ထည့်၍ "ဟေတူဓမ္မာ ဟေတုသမ္ပယုတ္တာပိ ဟေတုဝိပ္ပယုတ္တာပိ"ဟူသော ဒုက်သည်လည်း ဖြစ်သင့်၏။

အနုဋီကာနည်းအားဖြင့်....ပထမဒုက်၌ ဒုတိယဒုက်၏ ပထမပုဒ်ကို ထည့်၍ "သဟေတုကာ ဓမ္မာ ဟေတုကာပိ နဟေတုကာပိ"ဟူသော ဒုက်လည်း ဖြစ်သင့်၏။ ပထမဒုက်၌ ဒုတိယဒုက်၏ ဒုတိယ ပုဒ်ကို ထည့်၍ "အဟေတုကာဓမ္မာ ဟေတူပိ နဟေတူပိ"ဟူသော ဒုက်လည်း ဖြစ်သင့်၏။ ပထမ ဒုက်၌ တတိယဒုက်၏ ပထမပုဒ်ကို ထည့်၍ "ဟေတုသမ္ပယုတ္တာ ဓမ္မာ ဟေတူပိ နဟေတူပိ"ဟူသော ဒုက်လည်း ဖြစ်သင့်၏။ ပထမဒုက်၌ တတိယဒုက်၏ ဒုတိယပုဒ်ကိုထည့်၍ "ဟေတုဝိပ္ပယုတ္တာ ဓမ္မာ ဟေတူပိ နဟေတူပိ"ဟူသော ဒုက်လည်း ဖြစ်သင့်၏။

ဤသို့ ဒုက် ခုနစ်ပါး ရသင့်သတည်း။ ကြွင်းသော ဂေါစ္ဆကတို့၌လည်း ဤနည်းတူ ယူရာသည်။

၁၇၅။ စိတ္တသူကြွယ်၊ ဒကာ၀ယ်၊ ဘယ်တေဒဂ် ရသနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တေဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဓမ္မကထိကာနံ ယဒိဒံ စိတ္တော ဂဟပတိ မစ္ဆိကာဝနသဏ္ဍိကော။

ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဓမ္မကထိကာနံ၊ တရားဟောတတ်ကုန်သော။ ဥပါသကာနံ၊ ဒါယကာတို့တွင်။ မစ္ဆိကာဝနသဏ္ဍိကော၊ မစ္ဆိကာဝန-သဏ္ဍမြို့၌နေသော။ ယဒိဒံ-ယော အယံ ဝိတ္တော ဂဟပတိ၊ အကြင် စိတ္တသူကြွယ်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ-ဧသော၊ ဤသူကြွယ်သည်။ အဂ္ဂ—အဂ္ဂေါ၊ ကဲလွန်၏။

စိတ္တသူကြွယ်သည် ရုပ်တရား၊ နာမ်တရားတို့ကို လည်းကောင်း၊ ကံအထူး၊ ဝိပါက်အထူးတို့ကို လည်းကောင်း။ ခွဲခြမ်းစိတ်ဖြာ၍ တရားဟောသောအရာ၌ လိမ္မာလှသည်ဖြစ်၍ စိတ္တသံယုတ်ကို ဟောရာတွင် တေဒဂ် ထားတော်မူသည်။

၁၇၆။ ထွက်သက်တိုင်း၀ယ်၊ ထွတ်ဘုန်းကြွယ်၊ ဘယ်သမာပတ်ဝင်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဓမ္မံ ဒေသေန္တော ပန ဘဂဝါ ယသ္မိံ ခဏေ ပရိသာ သာဓုကာရံ ဒေတိ။ တသ္မိံ ခဏေ ပရိစ္ဆိန္နိတ္ဝာ ဖလသမာပတ္တိံ သမာပဇ္ဇတိ။ သာဓုကာရ နိဃောသေ အနုပစ္ဆိန္နေယေဝ သမာပတ္တိတော ဝုဋ္ဌာယ ဋ္ဌိတဋ္ဌာနတော ပဋ္ဌာယ ဓမ္မံ ဒေသေတိ။ ဗုဒ္ဓါနံ ဘဂဝ် ပရိဝါသော လဟုကော ဟောတိ။ အဿာသဝါရေ ဖလသမာပတ္တိံ သမာပဇ္ဇတိ....

ဟူ၍ မဇ္ဈိမနိကာယ် သစ္စကသုတ် အဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား။ ။ဘုရားသခင်တို့သည် တရားဟောသည်ရှိသော် အကြင်ခဏ၌ ပရိသတ်သည် ကောင်းချီးပေး၏။ ထိုခဏ၌ ထွက်သက်ကို အာရုံပြုလျက် ဖလသမာပတ်ကို ဝင်တော်မူသည်။ ကောင်းချီးသံ မပြတ်မီပင် သမာပတ်မှထ၍ တန့်ရာအရပ်မှ တဖန် ထပ်မံ၍ တရားဟောပြန်၏။ ဘုရားသခင်တို့၏ ဘဝင်ကျခြင်းသည် အလွန် လျင်လျား၏။ ထွက်သက်အကြိမ် တိုင်းပင် ဖလသမာပတ်ကို ဝင်တော်မူ၏ ဟူလိုသည်။

"အယ်" ကာရန်ပုစ္ဆာ ၁၇၆-ပုဒ်၏ အဖြေ ဝိသဇ္ဇနာပြီး၏။

ဤတွင် ပုစ္ဆာတရာကျော်ကို ရှေးဆရာတို့ဖြေခဲ့၏။အချို့ နေရာမကျ။ အချို့လည်း နေရာကျ၏။ စကားကျယ်လွန်းသည်။ ယင်းသို့ဖြစ်ရကား၊ သင့်ရာ ပါဌ်ပါဠိကိုသာ သွင်း၍ အသစ်ရေးလိုက်သည်။

သောင်းရှစ်ပြန်ထက်၊ လေးထောင်တက်သား၊ အနက်အကျယ်၊ ပင်လယ်မြစ်ထဲ၊ ရိုးရိုးရဲတည့်၊ ဖိုးကဲနဂ္ဂ၊ လက်လက်ပသား၊ သခ်မုတ္တာ၊ မသာရဂလ်၊ ရတနာမွန်ကို၊ ထုတ်သွန်ယူရှောင်း၊ လူအပေါင်းအား၊ ကျိုးကြောင်းမြော်ငဲ့၊ ငှသကဲ့သို့၊ သုံးဆဲ့တတိုက်၊ ဘဝရိုက်ကို၊ စိုးပိုက်ပိုင်သိ၊ ထွတ်တိုင်ထိ၏၊ သန္ဒိဋ္ဌိဂုဏ်၊ ဆယ်အင်စုံသည်၊ သုံးပုံသာဂရ၊ ပင်လယ်မမှ၊ နဂ္ဂရတနာ၊ မြိုက်ဩဇာကို၊ အသာဗိုလ်လူ၊ သောက်စိမ့်ဟူ၍၊ ထုတ်ယူဝေခြမ်း၊ လက်ဆင့်ကမ်းသည်။ ။ရွှေကျမ်းပထမ ကဏ္ဍတည်း။

---

(၂) "အဲ" ကာရန်ပုစ္ဆာ ၂၄-ပုဒ်အဖြေ။

၁၇၇။ မြေမနင်းပဲ၊ ကြွစမြဲ၊ စောကဲ ဘယ့်ကြောင့် ကြွနိုင်သနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....မြေမနင်းပဲ ကြွတော်မူကြောင်းကို အနန္တဂုဏာ သာရမည်သော ကျမ်းငယ်၌သာ လာသည်။ အင်္ဂုတ္တိုရ် အဋ္ဌကထာ စသော ကျမ်းကြီးတို့၌ကား မြေကိုနင်း၍ ကြွကြောင်းကို လာသောကြောင့် တခုခုကိုမှတ်၍ ဖြေရမည့်အရာ ခက်သတည်း။ ထို့ကြောင့် ကျမ်းလာနှင့်တကွ ယူမှတ်ရသောနည်းကို စုံလင်စွာ ပြလိုက်အံ့။

သဗ္ဗဒါ သဗ္ဗဗုဒ္ဓါနံ စတုရင်္ဂုလေယေဝ ဂမနံ။

သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသော ဘုရားသခင်တို့အား။ စတုရင်္ဂုလေယေဝ၊ မြေမှ လက်လေးသစ် ရှိသော ကောင်းကင်၌သာလျှင်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဂမနံ၊ သွားတော်မူခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤ အနန္တဂုဏသာရပါဌ်ဖြင့် ခပ်သိမ်းသော ဘုရားရှင်တို့ ကြွတော်မူသော် မြေမှလက်လေးသစ် ရှိသော ကောင်းကင်း၌သာ ကြွတော်မူသည်ဟု ပြရာသည်။

အင်္ဂုတ္တရ စတုက္ကနိပါတ် အဋ္ဌကထာ၌ကား....

ဂစ္ဆတော ပန သမ္မာသမ္ဗုဒ္ဓဿ အက္ကန္တပဒံ န ပညာယတိ။ ကသ္မာ သုခုမတ္တာ မဟာ ဗလဝတာ မဟာဇနာနုဂ္ဂဟေန စ။

ဗုဒ္ဓါနံ ဟိ သုခုမစ္ဆဝိတာယ အက္ကန္တဋ္ဌာနံ တူလပိစုနော ပတိတဋ္ဌာနံ ဝိယ ဟောတိ။ ပဒဝလဥ္ဇံ န ပညာယတိ။

ယထာ စ ဗလဝတော သိန္ဓဝဿ ပဒုမ်နိပတ္တောပိ အက္ကန္တမတ္တမေဝ ဟောတိ။ ဧဝံ မဟာဗလဝတော တထာဂတဿ အက္ကန္တဋ္ဌာနံ အက္ကန္တဋ္ဌာန မတ္တ မေဝ ဟောတိ။ န တတ္ထ ပဒဝလဥ္ဇံ ပညာယတိ။

ဗုဒ္ဓါနဉ္စ အနုပဒံ မဟာဇနကာယော ဂစ္ဆတိ။ တတ္ထ သတ္တာ ပဒဝလဉ္ဇံ ဒိသွာ မဂ္ဂိတုံ အဝိသဟန္တော ဂမနဝိစ္ဆေဒေါ ဘဝေယျ၊ တသ္မာ အက္ကန္တဋ္ဌာနေ ယော ပဒသလဉ္ဇော ဘဝေယျ၊ သော အန္တရမာယတေဝါတိ။ ဟူ၍လာသည်။

အနက်ကား။ ။ဂစ္ဆတော၊ ကြွတော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ ပန၊ မြတ်စွာဘုရား၏ကား။ အက္ကန္တပဒံ၊ နင်းတော်မူအပ်သော ခြေတော်ရာသည်။ န ပညာယတိ၊ မထင်။ ကသ္မာ၊ အဘယ့်

ကြောင့်။ န ပညာယတိ၊ မထင်သနည်း။သုခုမတ္တာ စ၊သိမ်မွေ့သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မဟာဗလဝတာ စ၊ ဆင်မည်း ကုဋေတထောင်, ယောကျ်ားဗိုလ်ခြေ ကုဋေတသောင်းအားကို ဆောင်သည်ဖြစ်၍ ကြီးသော အားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ မဟာဇနာနုဂ္ဂဟော-န စ၊ လူများအပေါင်းကို ချီးမြှောက်သ ဖြင့်လည်းကောင်း။ ဣမေဟိ တီဟိ ကာရဏေဟိ၊ ဤ သုံးပါးသော အကြောင်းတို့ကြောင့်။ န ပညာယတိ၊ မထင်။

ဟိ—တပ္ပါကဋီကရောမိ–ရှေးဦးစွာသော အကြောင်းကို ထင်စွာပြဦးအံ့။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ သုခုမစ္ဆဝိဘာဝယ၊ သိမ်မွေ့သော အရေတော် ရှိသည်၏အဖြစ်ကြောင့်။ တူလပိစုနော၊ လဲဝါဂွမ်း၏။ ပဋိတဋ္ဌာနံဝိယ၊ ကျရာအရပ်ကဲ့သို့။ အက္ကန္တဋ္ဌာနံ၊ နင်းတော်မူရာ အရပ်သည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ကြောင့်။ ပဒဝလဉ္စံ၊ ခြေတော်ရာသည်။ န ပညာ-ယတိ၊ မထင်။

စ—တပ္ပါကဋီကရောမိ၊ နှစ်ခုမြောက်သော အကြောင်းကို ပြဦးအံ့။ ဗလဝတော၊ အားရှိသော။ သိန္ဓဝဿ၊ သိန္ဓောမြင်း၏။ ပဒုမိနီပတ္တေပိ၊ ပဒုမာကြာရွက်၌လည်း။ အက္ကန္တမတ္တမေဝ၊ နင်းကာမျှ သာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ မဟာဗလဝတော၊ ကြီးသော အားရှိတော်မူသော။ တထာဂတဿ၊ မြတ်စွာဘုရား၏။ အက္ကန္တဋ္ဌာနံ၊ နင်းတော်မူရာ အရပ်သည်။ အက္ကန္တဋ္ဌာန မတ္တမေဝ၊ နင်းကာမျှ သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုနင်းတော်မူရာ အရပ်၌။ ပဒဝလဉ္စံ၊ ခြေတော်ရာသည်။ န ပညာယတိ၊ မထင်။

စ—တပ္ပါကဋီကရောမိ၊ သုံးခုမြောက်သော အကြောင်းကို ထင်ရှားစွာပြဦးအံ့။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏၊ အနုပဒံ၊ ခြေရာတော်သို့ အစဉ်လျှောက်၍။ မဟာဇနကာယော၊ လူများအပေါင်းသည်။ ဂစ္ဆတိ၊ သွားသည်ဖြစ်အံ့။ တတ္ထ၊ ထိုသို့သွားရာ၌။ သတ္ထု၊ မြတ်စွာဘုရား၏။ ပဒဝလဉ္စံ၊ ခြေရာတော်ကို။ ဒိသွာ မြင်၍။ မဒ္ဒိတုံ၊ နင်းအံ့သော၄ါ။ အဝိသဟန္တာ၊ မဝံ့သည်ဖြစ်၍။ ဂမန-ဝိစ္ဆေဒေါ၊ အသွားအလာပြတ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။ တသ္မာ၊ ထိုကြောင့်။ အက္ကန္တဋ္ဌာနေ၊ နင်းတော်မူရာအရပ်၌။ ယောပဒဝလဉ္ဇော၊ အကြင်ခြေရာတော်သည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ သော ပဒဝလဉ္ဇော၊ ထိုခြေရာတော်သည်။ အန္တရဓာယတေဝ၊ ကွယ် ပျောက်လေသည်သာတည်း။

သာရတ္ထဒီပနီဋီကာ၌ကား....

ဂစ္ဆတော ဗုဒ္ဓသေဋ္ဌဿ၊ ဟေဋ္ဌာပါဒတလာမုဒု။
သမံ သမ္ဖုသတေ ဘူမိံ၊ ရဇသာနုပလိမ္ပတိ။

နိန္နဋ္ဌာနံ ဥန္နမတိ၊ ဂစ္ဆန္တေ လောကနာယကေ။
ဥန္နတဉ္စ သမံ ဟောတိ၊ ပထဝီ စ အစေတနာ။

ပါသာဏာ သက္ခရာ စေဝ၊ ကထလာ ခါဏုကဏ္ဋကာ။
သဗ္ဗေ မဂ္ဂါ ဝိဝဇ္ဇန္တိ၊ ဂစ္ဆန္တေ လောကနာယကေ။ ။ဟူ၍လာသည်။

အနက်ကား။ ။ဂစ္ဆတော၊ သွားတော်မူသော။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရား၏။ မုဒု၊ နူးညံ့သော။ ဟေဋ္ဌာပါဒတလာ၊ အောက်ခြေဖဝါးတော် အပြင်သည်။ သမံ၊ ညီညွတ်စွာ။ ဘူမိံ၊ မြေ၌။ သမ္ဖုသတေ၊ ကောင်းစွာထိ၏။ ရဇသာ၊ မြူဖြင့်။ န ဥပလိမ္ပတိ၊ မလိမ်းကျံ။

လောကနာထကော၊ မြတ်စွာဘုရားသည်။ ဂစ္ဆန္တေ၊ ကြွတော်မူသည်ရှိသော်။ အစေတနာ၊ စိတ်စေတနာ မရှိသော။ အယံ ပထဝီ၊ ဤမြေကြီးသည်။ နိန္နဋ္ဌာနံ၊ နိမ့်သော အရပ်သည်။ ဥန္နမတိ မြင့်လျက်ခံ၏။ ဥန္နတဥ္စ၊ မြင့်သော အရပ်သည်လည်း။ သမံ၊ ညီညွတ်လျက်ခံသည်။ ဟောတိ၊ ဖြစ်၏။

လောကနာထကော၊ မြတ်စွာဘုရားသည်။ ဂစ္ဆန္တေ၊ ကြွတော်မူသည်ရှိသော်။ ပါသာဏာ စ၊ ကျောက်ဖျာ ကျောက်ဆောင်တို့သည်လည်းကောင်း။ သက္ခရာ စေဝ၊ ကျောက်စရစ်တို့သည် လည်းကောင်း။ ကထလာ စ၊အိုးခြမ်းတို့သည်လည်းကောင်း။ခါဏု စ၊သစ်ငုတ်သည်လည်းကောင်း။ ကဏ္ဍကာ စ၊ ဆူးငြောင့်တို့သည် လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံတို့သည်။ မဂ္ဂါ၊ ခရီးမှ၊ ဝိဝဇ္ဇန္တိ၊ ဖဲလေကုန်၏။

ဤသို့လျှင် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ "ဘုရားသခင်တို့၏ နင်းရာဌာန၌ အကြောင်းသုံးပါးကြောင့် ခြေတော်ရာမထင်" ဟူ၍ ဆိုသောကြောင့် လည်းကောင်း၊ သာရတ္ထဒီပနီဋီကာ၌ "နူးညံ့သော ခြေဖဝါးတော်အပြင်သည် မြေ၌ ညီညွတ်စွာထိ၏။ ထိသော်လည်း မြေမှုမလိမ်းကျံ" ဟူ၍ ဆိုသောကြောင့်လည်းကောင်း၊ မြေကိုမနင်းပဲ ကြွတော်မူသည်မဟုတ်၊ နင်း၍ပင် ကြွတော်မူသည်။ နင်းသော်လည်း များစွာသော ကပ်ကမ္ဘာပတ်လုံး ဆည်းပူးတော်မူအပ်သော ပါရမီတော်တို့၏ အာနုဘော်ကြောင့် နင်းတော်မူလေရာ၌ မြေကြီးသည် နိမ့်သောအရပ်ကို မြင့်စေလျက်၊ မြင့်သော အရပ်ကို ညီညွတ်စေလျက် ခံရချေသည်။ ကျောက်ဖျာ, ကျောက်စရစ်, အိုးခြမ်း, သစ်ငုတ်, ဆူးငြောင့်တို့သည် ခရီးမှ ဖဲလေကုန်သည်။ မစင်ကြယ်သော ဝတ္ထုတို့သည်လည်း ထိုနည်းတူ ဖဲရလေကုန်သည်။ စွမ်းသန်လှသော သိန္ဓောမြင်းသည် ကြာဖက်ပေါ်၌ နင်းသကဲ့သို့ ကြီးမားသော အားတော်၏ အာနုဘော်ကြောင့် လည်းကောင်း၊ ဖဝါးတော် သိမ်မွေ့လှသောကြောင့်လည်းကောင်း ခြေတော်ရာမထင်ဟု မှတ်ရမည်။

ထိုကိုမှီ၍ ပါရမီတော်ခန်း၌....

> အသီးအသီး၊ ဖြင်ကြီးခတ်မျှ၊ ယမိုက်စသား၊ လှိုင်းမဟိုးကျော်၊ ကျေးဇူးတော်ကို၊ ဆိုသော်မလွယ်၊ အဝန်းကျယ်၏၊ မြေဝယ်ဗိုင်းထွေး၊ အရေးကြောင်းကြောင်း၊ မထင်ကောင်းသို့၊ ဘုန်းပေါင်းစေ့ဆော်၊ ကိုယ်တော်ဝေလေ့၊ မွေ့သည်စင်စစ်၊ ဖြင်၍လည်းကောင်း၊ တန့်ရှောင်းရေပြင်၊ ကြာဖက်တွင်၌၊ စိုင်းနှင်သိန္ဓော၊ ပေါ်ပေါ်နင်းကြွား၊ ထိကာသွားသို့၊ ယောကျ်ားဗိုလ်ချေ၊ ကုဋေတသောင်း၊ ပေါင်းမတူနိုင်၊ အားဆုံးတိုင်သား၊ စွမ်းခိုင်လှတန့်၊ ကိုယ်တော့်အန်ဖြင့်၊ သန်၍လည်းကောင်း၊ လမ်းတကြောင်း၌၊ ကြွရှောင်းလတ်သော်၊ ခြေတော်ဖဝါး၊ ရာထင်ရှားက၊ နောက်သွားလူသူ၊ နင်းမိမူကား၊ အပူအဆာ၊ ဖြစ်ခဲ့ရာဟု၊ တာ၍လည်းကောင်း၊ အကြောင်းသုံးပါး၊ ဤသို့အားဖြင့်၊ ဖဝါးရှေစက်၊ ကြွစဉ်ဘက်လျှင်၊ မြေထက်နင်းရာ၊ မထင်ပါသား၊ တံထွာကိုမျှ၊ မြင်ကဘယ်သူ၊ ဘယ်နတ်လူသည်၊ ရှေးရှုဖူးလာ၊ မအံ့ါချိမ့်၊ အနိမ့်သာလျက်၊ အံ့ဆတက်ရှင့်၊ အထက်သော်ကား၊ ကာကထားဟု၊ သီးခြားလွယ်စေ၊ ဆိုချေစရာ၊ မရှိစွာခဲ့၊ အံ့အာသို့စင်၊ ဂုဏ်များရှင်နှင့်၊ အုတ်အင်ရည်တူ၊ ဖြစ်စိမ့်ဟူလျက်၊ ရှင်ဖြူကျော့ကျည်း၊ လေးပါးတည်းသော်၊ လျော့လျည်း မအပ်စွသေးတည်း။

ဟူ၍ စပ်တော်မူသည်။

စွယ်စုံကျော်ဆင် ဂ—ပ-မ-သ-စ

ဤသို့ ကျမ်းဂန်၏ အလာနှင့် ပမာဏပြုလောက်သော ဆရာကြီးတို့၏ စကားကို ထောက်ဆ၍ ဘုရားသခင်သည် မြေကိုနင်းလျက်ပင် ကြွတော်မူ၏ဟု သိရာသည်။ အကယ်၍ မြေမနင်းပဲ ကြွသောကြောင့် ခြေတော်ရာမထင်ဖြစ်မူ အံ့ဖွယ်ရာမရှိ ဖြစ်တော့မည်။ နင်း၍သွားလျက် ခြေရာမထင်သောကြောင့်သာလျှင် ကျမ်းဆရာတို့ အံ့ကြကုန်သည်ဟု မှတ်ရမည်။

ယင်းသို့ မြေကိုနင်း၍ သွားသည်မှန်ခဲ့သော် အနန္တဂုဏသာရ၌ ပြဆိုအပ်သော စကားကို အမှားပြု၍ ပယ်ဖျက်ရမည်လော ဟူငြားအံ့— ပယ်လည်းမပယ်သင့်။ မပယ်သင့်သော် အဘယ်သို့ ယူရမည်နည်း.... ဤ အနန္တဂုဏသာရ စကားသည် သွားတော်မူလေရာ၌ ဖဝါးတော်ကို ချသောကာလ မြေမှ လက်လေးသစ်ကွာရုံသော ကောင်းကင်အရပ်သို့ ချတော်မူမြဲဖြစ်သည်ကို ရည်၍သာ "စတုရင်္ဂုလေယေဝ ဂမနံ" ဟု ဆိုလေသည်ဟူ၍ ယူရမည်။ ဤသို့ယူမှ သုံးကျမ်းလုံးသည် ဂင်္ဂါရေနှင့် ယမုနာရေကို ရောဘိသကဲ့သို့ နှီးနှော့ညီညွတ်ကြမည်။

လက္ခဏာတော်ငယ်ရှစ်ဆယ်ကို ရေတွက်ရာ၌လည်း.... သီဟသမာနဂ္ဂမတာ၊ ခြင်္သေ့မင်းနှင့် တူသော သွားခြင်း ရှိတော်မူသည်အဖြစ်။ ဥသဘသမာနဂ္ဂမတာ၊ နွားလားဥသဘနှင့် တူသော သွားခြင်း ရှိတော်မူသည်၏အဖြစ်။ ဂဇသမာနဂ္ဂမတာ၊ ဆဒ္ဒန်ဆင်မင်းနှင့် တူသော သွားခြင်း ရှိတော်မူသည်၏အဖြစ်။ ဟံသ သမာနဂ္ဂမတာ၊ ဟင်္သာမင်းနှင့် တူသော သွားခြင်းရှိတော်မူသည်၏ အဖြစ်ဟူ၍ ဆိုသည်။

ဤအရာတို့ကိုထောက်၍လည်း မြေကိုနင်း၍ သွားခြင်းတူသောကြောင့် ဆိုလေသည်ဟု မှတ်အပ်၏။

ယင်းသို့ဖြစ်သော် 'မြေမနင်းပဲ၊ ကြွစမြဲ၊ စောကဲ ဘယ့်ကြောင့် ကြွနိုင်သနည်း" ဟူသောပုစ္ဆာသည် အမေးမှားသလော ဟူငြားအံ့ ... မှားသည်မဟုတ်၊ မြေကိုနင်းသော်လည်း မြေ၌ ခြေရာမထင်သောကြောင့် မနင်းသကဲ့သို့ဖြစ်၍ ပညာရှိတို့အား အထူးသဖြင့် ကြံစည်ဆင်ခြင်၍ ဉာဏ်ပွားစေခြင်းငှါ ပုစ္ဆာကို ဆန်းကြယ်အောင်ပြုခြင်းသည် သ ပရိယာယနည်း၊ ကေဒေသနည်း၊ ဥပစာရနည်းအားဖြင့် သင့်သည်ပင် ဖြစ်သည်။

မုချကိုသိလိုမူ "ရာမထင်ပဲ။ ကြွစမြဲ။ စောကဲဘယ့်ကြောင့် ကြွနိုင်သနည်း' ဟူ၍ပြုရမည်။

၁၇၈။ ဆွမ်းဘုဉ်းပေးမြဲ၊ စောရန်ကဲခန့်ခွဲ ဘယ့်လောက် ကုန်သနည်း။(၂)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> ပုန စ ဘဂဝတာ ဘဏိတံ အဟံ ခေါ ပန ဒါယိ အပ္ပေကဒါ ဣမိနာ ပတ္တေန သမတိတ္တိကမ္ပိ ဘုဉ္စာမိ ဘိယျောပိ ဘုဉ္စာမီတိ၊

ဟူ၍ မိလိန္ဒပဉှာ၌ လာသည်။

အနက်ကား။ ။ပုန ၈၊ တဖန်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဘဏိတံ၊ မိန့်တော်မူအပ်၏။ ဥဒါယိ၊ ချစ်သားဥဒါယီ။ အဟံ ခေါ ပန၊ ငါဘုရားသည်ကား။ အပ္ပေကဒါ၊ တရံရောအခါ၌။ ဣမိနာ ပတ္တေန၊ ဤသပိတ်တော်ဖြင့်။ သမတိတ္တိကမ္ပိ၊ အနားရေးနှင့် မျှရုံသော ဆွမ်းကိုလည်း။

ဘုဥ္ဇာမိ၊ ဘုဉ်းပေးတော်မူ၏။ ဘိယျောပိ၊ လွန်စွာလည်း။ ဘုဥ္ဇာမိ၊ ဘုန်းပေးတော်မူ၏။ ဣတိ၊ ဤသို့။ ဘဏိတံ၊ မိန့်တော်မူအပ်၏။

ပြကပေ့ သောအခါ၌ ကိုယ်တော်ဆောင်သော သပိတ်တော်ဖြင့် အနားရေးမျှရှိသော ဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ဒေသစာရီ ချီတော်မူသော အခါတို့၌ ထို့ ထက် လွန်၍လည်း ဘုဉ်းပေးတော်မူသည်။ ဤသို့ ကျမ်းဂန် လာသောကြောင့် သပိတ်တော် ပမာဏသာလျှင် ဆွမ်းကုန်သော အခန့် ပမာဏသာဖြစ်သည်။

ဤအရာ၌ ဘုရားသပိတ်တော်၏ ပမာဏကို မည်မျှ မည်ရွေ့ ဆန့်၏ဟု ကျမ်းဂန်မလာ။

ဆရာကြီးတို့မူကား.... "ဝိနည်းတော်၌လာသော သပိတ် ကိုးလုံးတွင် အကြီးဆုံး၏ အောက်ဖြစ်သော ဥက္ကဋ္ဌသပိတ်လတ်ဖြစ်သင့်၏" ဟူ၍ ဆိုတော်မူ၏။

သပိတ်ကိုးလုံးကား.... "ဥက္ကဋ္ဌော မဇ္ဈိမော စေဝ၊ ဩမကော စ ပမာဏတော" ဟူသော ခုဒ္ဒသိက္ခာနှင့်အညီ၊ ဥက္ကဋ္ဌသပိတ်, မဇ္ဈိမသပိတ်, ဩမကသပိတ် ဟူ၍ သုံးလုံးရှိသည်။ ထိုသုံးလုံးတို့တွင် မဂဓတိုင်း၌ နှံကွမ်းစားသောဆန်ဖြင့် ချက်အပ်သောဆွမ်း၊ ထိုဆွမ်း၏ လေးဖို့တဖို့ဖြစ်သော ပဲနောက်ဟင်း၊ ထိုမျှလောက်သော အမဲဟင်း၊ ထိုမျှလောက်သော ငါးဟင်း တို့ကို ထည့်သည် ရှိသော် သပိတ် အနားရေးနှင့် မျှရုံ တည်သော သပိတ်သည် ဥက္ကဋ္ဌသပိတ်မည်၏ ။ထိုမျှလောက်သော ဆွမ်းဟင်းတို့ကို ထည့်သည်ရှိသော် အောက်အနားရေးကိုမျှ မမီသော သပိတ်သည် ဥက္ကဋ္ဌ သပိတ်ထက် ကြီးသောသပိတ်မည်၏။ ဆွမ်းဟင်းတို့က မောက်လျက်နေသော သပိတ်သည် ဥက္ကဋ္ဌ သပိတ်အောက် ငယ်၏။ ထိုဥက္ကဋ္ဌ သပိတ်လတ်၏ ထက်ဝက်သောသပိတ်သည် မဇ္ဈိမသပိတ်မည်၏။ ဤ၌လည်း ဆွမ်းဟင်းတို့ကိုထည့်လျှင် အနားရေးကို မမီအံ့ မဇ္ဈိမုက္ကဋ္ဌ သပိတ်မည်၏။ အနားရေး ထက် လွန်၍ မောက်လျက် တည်အံ့၊မဇ္ဈိမောမက သပိတ်မည်၏၊ထိုမဇ္ဈိမ သပိတ်လတ်၏ ထက်ဝက် ဝင်သော သပိတ်သည် ဩမက သပိတ်မည်၏။ ထိုဩမက သပိတ်၌လည်း အနားရေးကိုမမီအံ့၊ ဩမကုက္ကဋ္ဌ သပိတ်မည်၏။ အနားရေးကို လွန်အံ့၊ဩမကောမက သပိတ်မည်၏။ ဤသို့ ကိုးလုံး ဖြစ်သတည်း။

ထိုကိုးလုံးတို့တွင် ဥက္ကဋ္ဌ သပိတ်ထက်ကြီးသော သပိတ်သည်လည်းကောင်း၊ ဩမက သပိတ် အောက် ငယ်သော သပိတ်သည်လည်းကောင်း သပိတ် မမည်၊ ခွက်သာမည်၏။

မ ဂ ဓ ကွမ်းစား... ဟူရာ၌ ဆရာတို့၏ အယူများဟန်ကို အဋ္ဌကထာ၌ပြ၏။ လိုရင်းကား ငါတို့ မြန်မာတိုင်း၌ ဆန်တခွက်သည် လူတယောက်၏ တနေ့စာဖြစ်၍ တကွမ်းစားမည်၏။ မ ဂ ဓ တိုင်း၌ကား ထို၏ နှစ်ဆကြီး သည်ဖြစ်၍ တပြည်သည် တကွမ်းစားမည်၏။ထို မဂဓ နှစ်ကွမ်းစားဖြစ်သော ဆန်နှစ်ပြည်ဖြင့် ချက်သော ဆွမ်းတို့၏ လေးဖို့တဖို့ဖြစ်သော ပဲနောက်ဟင်း၊ ထိုမျှလောက်သော ငါးဟင်း, အမဲဟင်းတို့ဝင်သော သပိတ်သည် ဥက္ကဋ္ဌ သပိတ်မည်၏ဟူ၍ ဝိနည်းနိဿယ ရေးသော ဆရာတို့ ပြဆိုကုန်သည်။ ဤအလိုသော် မြန်မာတို့၏ ပြည်ဖြင့် ခြောက်ပြည်ဝင်၏။

မဟာအောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော်ကား.... ခွက်ကွမ်းစား, ပြည်ကွမ်းစား နှစ်ပါး တွင် ခွက်ကွမ်းစားသာသင့်သည်။ ထို့ကြောင့် နှစ်ကွမ်းစားဖြစ်သော ဆန်တပြည်ချက်လျှင်ထမင်း နှစ်ပြည် ဖြစ်သည်။ ထို၏လေးဖို့ တဖို့ဖြစ်သော ပဲနော က်ဟင်းတခွက်သား၊ အမဲဟင်း တခွက် သား၊ငါးဟင်း တခွက်သား၊ ပေါင်း-သုံးပြည်တခွက်ဝင်သော သပိတ်သည် ဥက္ကဋ္ဌ သပိတ်ဖြစ်၏ ဟူ၍ ဆိုတော်မူသည်။ ။(ကြိုက်ရာမှတ်)။

၁၇၉။ ရသေ့ရိပ်လွှဲ၊ ကျောက်ရဲရဲ၊ ဖြစ်မြဲမှန်တို့ လေလိမ့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ရသေ့သည် သေလှန်၍ ကျောက်မျိုးဖြစ်သည်ဟု မဏိသျှုတ္တရ ကျမ်းတို့၌မလာ။ ကျမ်း၌ လာသည်ကား ဤဘဒ္ဒကပ် ကမ္ဘာ၏ အစ၌ ဂဠုန်, နဂါး, ဂန္ဓဗ္ဗ နတ်တို့သည် နဝရတ်၏ အကြောင်းကို သိလို၍ အသုရာ နတ်မင်းကြီးအား ကပ်၍ မေးကြကုန်သော် အသုရာ နတ်မင်းလည်း ဖြစ်ရင်းကိုမသိ၍ တန်ခိုး အာနုဘော် ကြီးစွာလျက် ပညာကြီးလှသော အဂ္ဂမည်သော ရှင်ရသေ့ထံသို့ ကပ်၍ မေးလေ၏။ထိုအခါ အဂ္ဂ ရှင်ရသေ့လည်း ဤသို့မိန့်ပေ၏။

ဤ ဘဒ္ဒ ကမ္ဘာဦး၌ စောင့်နေရသော တန်ခိုးကြီးလှသော မဟာပဝရ နဝရတ် အမည်ရှိသော နတ်မင်းကြီးသည် ဘဝပြောင်းလိုလတ်သော် ဤသို့ ကြံ၏ "ဤငါ၏ ကိုယ်ကား ဝိညာဉ် ပြောင်းသွားခဲ့သော် အကျိုးမရှိ။ မြေကြီး အစီးအပွါးသာ ဖြစ်လေရာသည်၊ သတ္တဝါ သုံးဆောင်ရာကို ငါပြုအံ့" ဟု ကြံ၍ အဓိဋ္ဌာန် သစ္စာပြု၏၊ "ငါသည် ရှေးကုသိုလ်ကြောင့် ဤနတ်၏ အဖြစ်ကိုရသည် မှန်မူ ဤခန္ဓာ ကိုယ်သည် ကုသိုလ်ရှိသောသူတို့ သုံးဆောင် ဆင်ယင်ရန် အကျိုးငှါ မွန်မြတ်သော နဝရတ် ကျောက်ရတနာ ဖြစ်စေသတည်း" ဟု အဓိဋ္ဌာန်၍ ခန္ဓာကုန်လေ၏။ ထိုအဓိဋ္ဌာန်ကြောင့် နတ်မင်းကြီး၏ တံတွေးသည် စိန်ဖြစ်၏။ သွေးသည်ကား ပတ္တမြားဖြစ်၏။မျက်စိကား နီလာဖြစ်၏။ သည်းခြေကား မြဖြစ်၏။ အအူကား ဂေါ်မုတ်ဖြစ်၏။ ဦးနှောက်ကား ဥဿဖယားဖြစ်၏။ အသားကား သန္တာဖြစ်၏။ သွားကား ပုလဲဖြစ်၏။ အသည်းကား ကြောင်ဖြစ်၏။

ဤသို့ နတ်မင်းကြီး ဘဝလဲ၍ ကျောက်ရဲရဲ ဖြစ်ကြောင်းကိုသာ မဏိသျှုတ္တရ ကျမ်းတို့၌ လာသည်။ "ဖြစ်မြဲမှန်တို့ လေလိမ့်နည်း" မေးရာမှာ ဘုရားဟော ကျမ်းဂန်မဟုတ်၊ လောကီ ကျမ်းဖြစ်၍ မှန်မည် မမှန်မည်ကို အတတ်မဆိုပိုင်။ လောက၌ အစဉ် အဆက် မှတ်လျက် ရှိလေပြီးသည်ကို ထိုထို ဤဤဖြင့် ကျမ်းဆီညစ်၍ မစိစစ်သာပြီ။

ယုတ္တိကိုစာနာမူ....အဝိညာဏက ဖြစ်သောကျွန်းဦး ဇမ္ဗုသပြေသီး စင်လျက် မြေသို့ သက်သောအခါ ဇမ္ဗုရာဇ်ရွှေ ဖြစ်ကြောင်းကို ကျမ်းဂန် ဆိုသည်။ ကုသိုလ်ရှိသော သူတို့၏ ကံကြောင့် မြေပကာတိပင် ရွှေစင် ဖြစ်ဖူးကြောင်းကို လာသည်။ နဂါးတို့ စွန့်အပ်သော ဝစ္စပင် ရွှေကျောက်ငွေကျောက် ဖြစ်ကြောင်း၊ သုဝဏ္ဏ ဟသာမင်း၏ အမွေးကို မီးဖုတ်လျှင်ပင် ရွှေစင် ဖြစ်ကြောင်းကို ကျမ်းဂန်လာသည် များနှင့် တိုင်းစား၍ ယူရတော့သည်။

၁၈၀။ မြို့သောက္ကတဲ၊ မြို့သင်းတွဲ၊ မိုးထဲဘယ်တာရာတို့နည်း။ (၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဗကာရေ အဌ တံယေဝ၊ သောက္ကတေယျာ တိဋ္ဌကံ။

ဗကာရာ၊ ဗျိုင်းတာရာသည်။ အဌ၊ ရှစ်လုံးတို့တည်း။ တံယေဝ၊ ထိုဗျိုင်းသဏ္ဌာန်ရှိ၏။ သောက္ကတေယျာ၊ သောက္ကတဲပြည်၏။ တိဋ္ဌကံ၊ တိဋ္ဌ်စွဲလျှင်တည်း။

ကာကာ စ ကာက သဏ္ဍာန်၊ တိဋ္ဌ ဒွါဒသ သံသယံ။

ကာကာ စ၊ ကျီးတာရာသည်ကား။ ကာကသဏ္ဍာန်၊ ကျီးသဏ္ဍာန်ရှိ၏။ ဒွါဒသ၊ တစ်ဆယ့်နှစ်လုံးတို့တည်း။ တိဋ္ဌ၊ တိဋ္ဌစွဲကား။ သံသယံ၊ သင်းတွဲပြည်တည်း။

၁၀၁။ တရုတ်ရန်-စဲ၊ ရိမဒ်-ထဲ၊ ရှဲအောင် ဘယ်သို့ကြံသနည်း။ (၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပြေ့သိခ်ဘိုသား ရာဇသင်္ကြံ, အသခ်ယာ, သီဟသူ, ဉာမင်းညီနောင် သုံးပါးတို့သည် သက္ကရာဇ် ၆၈၁-ခုနှစ်တွင် ပုဂံ တရုတ်ပြေး နရသီဟပတေ့ သား ကျော်စွာမင်းကို နန်းကချလေသည်။ ကျော်စွာမင်းသား စောခင်နစ်မင်းသည် တရုတ်သို့ အကြောင်းစကား ကြားစေ၍ တရုတ်တို့လည်း ပုဂံနန်းရိုး ကျော်စွာကို နန်းတင်မည် ဟု သက္ကရာဇ် ၆၆၆-ခုနှစ်တွင် ချီလာသည်။ မြင်စိုင်းမြို့ကို ရံနေစဉ် ကျော်စွာမင်းကို လုပ်ကြံ၍ ဦးခေါင်းကိုပြလျှင်တရုတ်စစ် ပြန်လေသည်။

၁၀၂။ လူ့သက်မမြဲ၊ကျွမ်းကခွဲ၊မြဲသည့်ကျွန်းရှိ ဘယ့်ကြောင့်နည်း။ (၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....လူတို့၏ အသက်လည်း အတိုင်း အရှည်မရှိ ဟု ဆိုသည်ကား အလုံးစုံသောလူပင် အမြဲမရှိသလော အချို့သာလော ဟူငြားအံ့။ ဥတ္တရကုရု ကျွန်းသူတို့ကား အနှစ် တထောင် နေသည် အမြဲတည်း။ အပရဂေါယာဉ် ကျွန်းသူတို့ကား အနှစ် ငါးရာ နေသည် အမြဲတည်း။ ပုဗ္ဗဝိဒေဟ ကျွန်းသူတို့ကား အနှစ် ခုနစ်ရာ နေသည်အမြဲတည်း။ အခြံအရံ ကျွန်းငယ်တို့၌လည်း ကျွန်းကြီးနှင့် အတူတည်း ဟူရကား ဇမ္ဗူဒိပ်သားကိုသာ ရည်၍ ဆိုသည်။ ဘယ်အကြောင်းကြောင့်နည်း ဟူမူကား ဇမ္ဗူဒိပ် ကျွန်းသားသာလျှင် လူစစ်ဖြစ်သည်။ အခြား ကျွန်းသားတို့ကား သဒ္ဓိသူပစာရဖြင့်သာ လူမည်သတည်း။

၁၀၃။ ပြစ်မရှိပဲ၊ ဆံဦးဆွဲ၊ လျော်မြဲ ဘယ့်လောက်ပေတို့နည်း။ (၇)။

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"အပြစ်ဒဏ်ကို၊ စိတ်ဖန်ဝေခွဲ၊ ဆံဆွဲ သုံးဆယ်" ဟူ၍ ဝိနိစ္ဆယပကာသနီတွင် ဆိုသည်။

၁၀၄။ မန့်ပါပဲ၊ နှံ၏စွဲ၊ ခွဲခြမ်းစီရင် မည်သို့နည်း။ (၈)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"ဥစ္စာရှင်မွဲ၊ မန့်ပဲကို၊ နှံသည်ဆိုလည်း၊ ထိုစွဲတိုင်းဘက်၊ လျော်ကြေးထွက်၏" ဟူ၍ မနုဝဏ္ဏနာတွင် ဆိုသည်။

၁၀၅။ မနာလိုပဲ၊ လိုင်ဆုတ်ဆွဲ၊ မိညဲလျှော်ရိုး
ဘယ်မျှနည်း။ (၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

မိန်းမစင်လျက်၊ လွန်ရောင့်တက်၍၊ အရှက်မဲ့နိုင်၊ သူလိုင်ကိုင်သော်၊ ဖီးဆိုင်ငှက်ပျော၊ ကောင်းမော ရသာ၊ ပန်းနံ့သာနှင့်၊ ပန်ထွာရှိခဲ၊ ပူဇော်လေလော့။ (ဖြတ်ထုံး)

၁၀၆။ လက်ယာ လက်ဝဲ၊ သည်နှစ်ကွဲ၊ ဝတ်မြဲကျောက်မျိုး
ဘယ်မျှနည်း။ (၁၀)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ပတ္တမြား၊ ကြောင်နီလာ၊ မြ တို့ကို လက်ယာ ဝတ်ရာ၏။ ပုလဲ၊ ဂေါ်မုတ်၊ စိန်တို့ကို လက်ဝဲဝတ်ရာ၏။

၁၀၇။ ဆက်စာမြင့်မြဲ၊ ရောက်လာခဲ၊ သည် - ခဲ
ဘယ်အနက်ပေနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ကာလအားဖြင့် ရှည်ကြာခြင်း အနက်ကို ဟောသည်။

၁၀၈။ ရောက်ခေါင့်ရောက်ခဲ၊ မြေတာလွဲ သည်ခဲ
မည်သို့ ဆိုပိမ့်နည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... အခွန့်အားဖြင့် ရှည်ဝေးခြင်း အနက်ကို ဟောသည်။

၁၀၉။ မခေါမကဲ့၊ စီသည့်ရှိ၊ စောက်သွားတော်
ဘယ့်ကြောင့်နည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပိသုဏံ ဝါစံ ပဟာယ ပိသုဏာယ ဝါစာယ ပဋိဝိရတော အဟောသိ။ ဣတော သုတွာန အမုတြ အက္ခာတာ ဣမေသံ ဘေဒါယ၊ အမုတြ ဝါ သုတွာန ဣမေသံ အက္ခာတာ အမူသံ ဘေဒါယ၊ ဣတိ ဘိန္နာနံ ဝါ သန္ဓာတာ သဟိတာနံ ဝါ အနုပ္ပဒါတာ သမဂ္ဂာရာမော သမဂ္ဂ ရတော သမဂ္ဂ နန္ဒီ သမဂ္ဂ ကရဏိံ ဝါစံ ဘာသိတာ အဟောသိ။

ပိသုဏံ၊ တယောက်သည် တယောက်နှင့် အချစ်ပျက်ခြင်းကို ပြုတတ်သော။ ဝါစံ၊ စကားကို။ ပဟာယ၊ ပယ်စွန့်၍။ ပိသုဏာယ ဝါစာယ၊ တယောက်သည် တယောက်နှင့် အချစ်ပျက်ခြင်းကို

ပြုတတ်သောစကားမှ။ ပဋိဝိရတော၊ ကြဉ်တော်မူသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူးသည်။ ဣတော၊ ဤသူ့တယောက်ထံမှ။ သုတွာန၊ ကြား၍။ ဣမေသံ၊ ဤသူနှစ်ယောက်တို့ကို။ ဘေဒါယ၊ ကွဲစေခြင်းငှါ။ အမုတြ၊ ဤသူ့တယောက်ထံ၌။ န အက္ခာတာ၊ မကြားတတ်။ အမုတြ ဝါ၊ ဤသူတယောက်အထံ၌လည်း။ သုတွာန၊ ကြား၍။ အမူသံ၊ ဤမည်သော သူတို့ကို။ ဘေဒါယ၊ ကွဲစေခြင်းငှါ။ ဣမေသံ၊ ဤသူတို့အား။ န အက္ခာတာ၊ မကြားတတ်။ ဣတိ ဣမိနာ ကာရဏေန၊ ဤသို့ ကုန်းတိုက်ခြင်းကြောင့်။ ဘိန္နာနံ ဝါ၊ ကွဲကုန်သော သူတို့အားလည်း။ သန္ဓာတာ၊ စေ့စပ်တတ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ သဟိတာနံ ဝါ၊ ညီညွတ်ကုန်သောသူတို့အားလည်း။ အနုပ္ပဒါတာ၊ တဖန် အားကိုပေးတတ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ သမဂ္ဂ ရာမော၊ ညီညွတ်ခြင်း၌ မွေ့လျော်သောစိတ်ရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ သမဂ္ဂရတော၊ ညီညွတ်ခြင်း၌ မွေ့လျော်တတ်၏။ သမဂ္ဂနန္ဒီ၊ ညီညွတ်ခြင်း၌ နှစ်သက်တတ်၏။ သမဂ္ဂ ကရဏိ ၊ ညီညွတ်ခြင်းကို ပြုတတ်သော။ ဝါစံ၊ စကားကို။ ဘာသိတာ၊ ဆိုတတ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ကောင်းမှုတို့ကြောင့် မကျဲသော သွားတော်ဟု ဆိုအပ်သော အဝိရ-ဠဒန္တ လက္ခဏာကို ရတော်မူသည်။

လေးဆယ်စေ့သော သွားတော်ဟု ဆိုအပ်သော စတ္တာလီသ ဒန္တလက္ခဏာ တော်ကိုလည်း ဆိုအပ်ခဲ့ပြီးသော ကောင်းမှုတော် တို့ကြောင့်ပင် ရတော်မူသည်။

၁၉၀။ တတ္ထအစွဲ၊ စိတ်မရဲ၊ မြော်မြဲရှေနောက် ဘယ်ကိုနည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တသို့ံ တတ္ထ၊တဿ အစွဲ၊ စိတ်မရဲသော်၊ နောက်အစိတ်ကိုမြော်၊ အပေါင်းမျော်၍စွဲ။ (နိယံ) ။

၁၉၁။ မ-ဣတင်မြဲ၊ ရ-မဆွဲ၊ ခက်ခဲကျောက်စာ မည်သို့နည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ရိမ္ဣ ဤသို့ မ-ပေါ်-ဣတင်လျက်၊ရ–မဆွဲ၍ ရေးလျှင် "မြည်းမ" ဖတ်ရမည်။ ရှေးသူဟောင်းတို့လည်း ဂဒြဘ ပုဒ်၏ အနက်ကို "မြည်း" ဟုရေးထုံး ရှိသည်။

၁၉၂။ ကကြီးဝဆွဲ၊ ပင့်စမြဲ၊ နောက်တွဲယသတ် မည်သို့နည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ကျွယ်—ဟုဖတ်။

၁၉၃။ ခကွေးပဆွဲ၊ ဝသတ်မြဲမလွဲဖတ်ရှိုး ဘယ့်နှယ်နည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနကား....ခွဝ်၊ ခ တွင် – ဝ – ဆွဲ၍ ဝ—သတ်သော် "ခေါ်" ဟူ ဖတ်ရမည်။

ဂူကျောင်း ဘုရား၊ တည်ထားကျောက်စာ၊ ကမ္ဗည်းမှာကို၊ ဖတ်ခါလွယ်ကူ၊ သိစိမ့်ဟူ၍၊ ထုတ်ယူဘောင်ငင်၊ လက်ာဆင်အံ့ ၊....၊ ချလျှင်ာ – စီး၊လုံးကြီး—၂-တင်၊ ၃ – လျှင်ဆံခတ်၊ ထက်ရပ်စီးတင်၊တချောင်းငင်မူ၊ ၄ – လျှင်အမြဲ၊ အောက်ကဆွဲလော့။ ငကွဲ ၂–ချောင်း၊ ငင်ပြန်ရှောင်းမူ၊ ၅ – လျှင်ဟူ၏၊ဖ-မှသဝေ၊သတ်လေသမျှ၊အောက်က အမြဲ၊ ၇-ဆွဲတည့်၊ ပင့်မြဲမုချ၊ရစ်ထ လိမ်ကွေး၊ အောက်ပင့် ဧ တည်း၊ ရေးလေဒႇမြဲ၊ ဝဆွဲလုံးကြီး၊ တင်တုံပြီးမှ၊ လုံးကြီး၀ ဆွဲ၊ ဟ ဆွဲ လ ဆွဲ၊ နောက်ပစ်ကဲလော့၊ ပစ်မြဲနောက်ထိုး၊ ခေါ် ရှိုးစဥ်ပင်၊ ကျောက်တွင်ရေးနည်း၊ ဤနည်းပုံယူ၊ နှလုံးမူ၍၊ ဖတ်သူပညာ၊ ရေးထည့်မှာသည်၊ နောင်လာလူများမှတ်ဖို့ထား။

ဤကျောက်စာ ရေးနည်း လက္ခဏာနှင့် ညီညွတ်၍ ကျောက်စာတွင် အဓိပ္ပာယ် စကား အသွား အလာ ဆင်ခြင်ရမည်။

၁၉၄။ ဆင် မြင်း နွား ကျွဲ၊ ဖွားစဆဲ၊ လျော်မြဲသတ်သော် ဘယ်မျှနည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တိရစ္ဆာန်၌၊ ချိန်တန်ကာလ၊ ဖွားသင်စသတ်၊ မြဝ်လွယာဥ်ညင်၊ ဆင်ကားငါးဆယ်၊ မြင်းဝယ်ငါးကျပ်၊ စေႈပ်ထွန်မြဲ၊ ကျွဲမူမှတ်သား၊ ငါးမတ်ထားလျက်၊ နွားကားဖိုးမှန်၊ တကျပ်တန်ဟု၊စျာန်အဘိညာဥ်၊ ကျေးဇူးယှဥ်သား၊ကျင့်ယာဥ်ဖြူဆွတ်၊ ရသေ့ မြတ်လျှင်၊ နှုတ်လွတ်ရွှေကြာ၊ မိန့်ခဲ့မှာသည်၊ ချီသာပျှံ့ပျှံ့ပျူးပျူးတည်း။

ဟူ၍ မနုဝဏ္ဏနာတွင်ဆိုသည်။

၁၉၅။ လျှာသံချိတ်တွဲ၊ ငင်၍ဆွဲ၊ ခက်ခဲခံရ ဘယ့်ကြောင့်နည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယေကေစိ သန္တာနဂတာ မနုဿာ၊ အဇ္ဈေန အဂ္ဂကလံ ဟာပယန္တိ၊
ကူဋ္ဋေန ကူဋံ ခနလောဘဟေတု၊ ဆန္ဒယထာ ဝါရိစရံ ဝဓာယ။
န ဟိ ကူဋကာရိဿ ဘဝန္တိ တာဏာ၊ သကေဟိ ကမ္မေဟိ ပုရေက္ခတဿ၊
တေ လုဒ္ဒကမ္မာ ပသဝေတွာန ပါပံ၊ တေမေ ဇနာ ဝက်ဃသ္သာ သယန္တိ ။

(နေမိဇာတ်တော်)

၁။ ချဖြ။ ၁၉၃။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ မနုဿာ၊ လူတို့သည်။ ဝါရိစရံ၊ ရေ၌သွားသောငါးကို။ ဝဓာယ၊ သတ်အံ့သောငှါ။ ဆန္ဒယထာ၊ ဖုံးလွှမ်းသကဲ့သို့။ ခနလောဘဟေတု၊ ဥစ္စာကို လိုချင်သောကြောင့်။ သန္ဓာနဂတာ၊ အဖိုးဆုံးဖြတ်ရာအရပ်သို့ သွားကုန်သည်ဖြစ်၍၊ အဌေနေ၊ အဖိုးဖြင့်။ အဠကလံ၊ ထိုက်သောအဖိုး၏ အဖိုးကို။ ဟာပယန္တိ၊ယုတ်စေကုန်၏။ ကူဋေနေ၊ ချိန်စဉ်းလဲဖြင့်။ ကူဋံ၊ စဉ်းလဲသောအမှုကို။ ကရောန္တိ၊ ပြုကုန်၏။

ဟိ၊ သင့်စွ။ ကူဋကာရိဿ၊ စဉ်းလဲသောအမှုကို ပြုတတ်သော။ သကေဟိ ကမ္မေဟိ၊ မိမိပြုသော မကောင်းမှုတို့ဖြင့်။ ပုရေကွတ္တဿ၊ ခြံရံအပ်သောသူ့အား။ တာဏာ၊ ကိုးကွယ်ရာတို့သည်။ န ဘဝန္တိ၊ မဖြစ်ကုန်။ လုဒ္ဒကမ္မာ၊ ကြမ်းကြုတ်သော အမှုရှိကုန်သော။ တေ၊ ထို ငရဲတို့သည်။ ပါပံ၊ မကောင်းမှုကို။ ပသဝေတွာန၊ ပွားစေ၍။ တေမေ ဇနာ၊ ထို ငရဲသူ သတ္တဝါတို့သည်။ ဝင်္ကဃသ္တာ၊ သံမျှားကောက်ဖြင့် ချိတ်ကုန်သည်ဖြစ်၍။ သယန္တိ၊ အိပ်ရကုန်၏။

၁၉၆။ ပြာပူငရဲ၊ အောက်အထဲ၊ ခံမြဲဘယ်
မကောင်းကျိုးနည်း။ (၂၀)

၁၉၇။ ပြောင်ပြောင်တောက်ဖွဲ၊ စားတော်မြဲ၊ ကွဲလွဲ
ဘယ်အပြစ်ကြောင့်နည်း။ (၂၁)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....

ယေ သုဒ္ဓဉ် ပလာလေန မိဿံ၊ အသုဒ္ဓကမ္မာ ကယိနော ဒဒန္တိ။
ဃမ္မာဘိတတ္တာနံ ပိပါသိတာနံ၊ ပီတဉ္စ တေသံ ထုသံ ဟောတိ ပါနီတိ။
(နေမိဇာတ် ပါဠိတော်)

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယေ၊ အကြင်သူတို့သည်။ သုဒ္ဓဉ်၊ စင်သောစပါးကို။ ပလာလေန၊ စပါးဖျင်းနှင့်။ မိဿံ၊ ရောသည်ကိုပြု၍။ အသုဒ္ဓကမ္မာ၊ မစင်ကြယ်သော အမှု ရှိကုန်သည်ဖြစ်၍။ ကယိနော၊ ဝယ်သောသူအား။ ဒဒန္တိ၊ ပေးကုန်၏။ ဃမ္မာဘိတတ္တာနံ၊ ပူဆာခြင်းဖြင့် နှိပ်စက်သောကိုယ် ရှိကုန်ထသော။ ပိပါသိတာနံ၊ ရေ မွတ်သိပ်ခြင်းရှိကုန်သော။ တေသံ၊ထို ငရဲသူ သတ္တဝါတို့အား။ ပီတဉ္စ၊ သောက်အပ်သည်လည်းဖြစ်သော။ ပါနီ၊ ရေသည်။ ထုသံ၊ စပါးဖျင်း ဖွဲပြာသည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မမစ္ဆရိယေန ကုက္ကုလနိရယေ နိဗ္ဗတ္တိ။ ။(သာရတ္ထသင်္ဂဟ)

ဓမ္မမစ္ဆရိယေန၊ တရား၌ ဝန်တိုခြင်းကြောင့်။ ကုက္ကုလနိရယေ၊ ပြာပူငရဲ၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။

၁၉၇။ ဆင်ဦးကင်းထဲ၊ မြတ်ပုလဲ၊ ထွန်းမြဲအရောင်
ဘယ်သို့နည်း။ (၂၂)

၁၉၉။ မြွေဦးခေါင်းစွဲ၊ ကျောက်ပုလဲ၊ ကွဲလွဲရောင်ခြည်
ဘယ်သို့နည်း။ (၂၃)

၂၀၀။ ယောက်သွားဖြစ်မြဲ၊ မျိုးပုလဲ၊ ထူးကဲရောင်လျှံ
ဘယ်သို့နည်း။ (၂၄)

ဟူသော အမေးပုစ္ဆာ သုံးခုရှိ အဖြေ ဝိသဇ္ဇနာကား....နောက်သားတို့ ဆောင်ရွက် မှတ်သား လွယ်စိမ့်သောငှာ ပုလဲမျိုး ရှစ်ပါးကို တစုတည်း ဆိုလိုက်အံ့။ ဆိုင်ရာ ယူ၍ဖြေ။

ဟတ္ထိကုမ္ဘ။ ဝရာဟဒါဌ၊ ဘုဇဂ သီသံ၊ ဝလာဟကံ၊ ဝေဠု၊
မစ္ဆသိရော၊ သင်္ခေါ၊ သိပ္ပီတိ အဋ္ဌမုတ္တာ ယောနိယော။

ဟူ၍ သာရတ္ထဒီပနီ ဋီကာ၌လာသည်။

အနက်ကား။ ။ဟတ္ထိကုမ္ဘ၊ ဆင်ဦးကင်း၌ဖြစ်သော ပုလဲလည်းကောင်း။ ဝရာဟဒါဌ၊ ဝက်စွယ်၌ဖြစ်သော ပုလဲလည်းကောင်း။ ဘုဇဂသီသံ၊ မြွေဦးခေါင်း၌ ဖြစ်သော ပုလဲလည်းကောင်း။ ဝလာဟကံ၊ တိမ်တိုက်၌ဖြစ်သော ပုလဲလည်းကောင်း။ဝေဠု၊ ဝါး၌ဖြစ်သော ပုလဲလည်းကောင်း။ မစ္ဆသိရော၊ ငါးဦးခေါင်း၌ဖြစ်သော ပုလဲလည်းကောင်း။ သင်္ခေါ၊ ခရုသင်း၌ဖြစ်သော ပုလဲလည်းကောင်း။ သိပ္ပိ၊ ယောက်သွား၌ဖြစ်သော ပုလဲလည်းကောင်း။ ဣတိ၊ ဤသို့။ မုတ္တာယောနိယော ပုလဲမျိုးတို့သည်။ အဋ္ဌ၊ ရှစ်ပါးတို့တည်း။

တတ္ထ၊ ထို ပုလဲမျိုးရှစ်ပါးတို့တွင်။ ဟတ္ထိကုမ္ဘဇာ၊ ဆင်ဦးကင်း၌ဖြစ်သော ပုလဲတို့သည်။ ပီတဝဏ္ဏာ၊ ရွှေသောအဆင်းရှိကုန်၏၊ ပဘာဝိဟီနာ၊ အရောင်အဝါ မရှိလွန်းကုန်။ ဝရာဟဒါဌဇာ၊ ဝက်စွယ်၌ဖြစ်သော ပုလဲတို့သည်။ ဝရာဟ ဒါဌ ဝဏ္ဏာဝ၊ ဝက်စွယ်အဆင်းသာလျှင် ရှိကုန်၏။ ဘုဇဂ သီသဇာ၊ မြွေဦးခေါင်း၌ဖြစ်သော ပုလဲတို့သည်။ နီလာဒိဝဏ္ဏာဝ၊ အစိမ်းအညို စသော အဆင်းရှိကုန်၏။ သုသုဒ္ဓါ စ၊ အလွန်လည်း သန့်ရှင်းစင်ကြယ်ကုန်၏။ ဝဋ္ဋလာ စ၊ လုံးလုံးလျောင်းလျောင်းလည်း ရှိကုန်၏။ ဝလာဟကဇာ၊ တိမ်တိုက်၌ဖြစ်သော ပုလဲတို့သည်။ ဘာသုရာ၊ အရောင်အဝါရှိကုန်၏။ ဒုဗ္ဗိဘာဂရူပါ၊အထူးထူး,ပြားပြား အဆင်းရှိကုန်၏။ ရတ္တိဘာဂေ၊ ညဥ့်အဖို့၌။ အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဝိဓမေန္တိယော၊ ဖျောက်ကုန်လျက်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဒေဝူပဘောဂါဝေ စ၊ နတ်၏အသုံး အဆောင်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဝေဠုဇာ၊ ဝါး၌ ဖြစ်သော ပုလဲတို့သည်၊ ကရ ကမ္ဗလ သမာနဝဏ္ဏာ၊ တလည်းသီး အဆင်းနှင့် တူသော အဆင်းရှိကုန်၏။ န ဘာသုရာ၊ အရောင် အဝါမရှိ လွန်းကုန်။ တေစဝေဠု၊ ထိုဝါးတို့သည်လည်း။အမနုဿ ဂေါစရေဝေ ပဒေသေ၊ လူတို့ မကျက်စားရာ အရပ်၌သာလျှင်။ ဇာယန္တိ၊ ပေါက်ရောက်ကုန်၏။ မစ္ဆသီသဇာ၊ ငါးဦးခေါင်း၌ ဖြစ်သော ပုလဲတို့သည်။ ပါဌီနပိဋ္ဌိသမာနဝဏ္ဏာ၊ ငါးဖယ် ကျောက်ကုန်းနှင့် တူသော အဆင်းရှိကုန်၏။ ဝဋ္ဋလာ စ၊ လုံးလည်း လုံးကုန်၏။ လဃဝေါစ၊ ပေါ့ကုန်သည်လည်းကောင်း။ပဘာဟီနာ စ၊အရောင်အဝါမရှိကုန်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ စ မစ္ဆာ၊ ထိုငါးတို့သည်လည်း။ သမုဒ္ဒမဇ္ဈေယေဝ၊ သမုဒ္ဒရာ၏ အလယ်၌

သာလျှင်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ သခ်ဇာ၊ ခရုသင်း၌ ဖြစ်ကုန်သော ပုလဲတို့သည်။ သခ်ဉ္ဒရဇ္ဇဝိဝဏ္ဏာ၊ ခရုသင်းဝမ်းရေ အဆင်းရှိကုန်၏။ ကောလပ္ပမာဏာပိ၊ ဆီးသီးခန့် ပမာဏ ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဘာငိဟီနာ စ၊ အရောင်အဝါလည်း မရှိလွန်းကုန်။ သိပ္ပိဇာ၊ယောက်သွား၌ ဖြစ်သော ပုလဲတို့သည်။ ပဘာ ဝိသေသယုတ္တာ၊ အရောင် အဝါ အထူးနှင့်ယှဉ်ကုန်၏။ နာနာသဏ္ဌာနာ၊ အထူးထူးသော သဏ္ဌာန်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဲကာရန် ပုစ္ဆာ ၂၄-ပုဒ် အဖြေပြီး၏။

---

(၃) 'အဲ့'ကာရန် ပုစ္ဆာ ၁၁-ပုဒ်အဖြေ။

၂၀၁။ ခြေမတော်တဲ့၊ ကွဲပြန်ခဲ့၊ ဘဲ့ဝိပါက်တော် ပါသနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဒေဝဒတ်သည် ကျောက်ဖြင့်ချ၍ ခြေမတော်၌ ထိပါးခြင်းကို ခံတော်မူရသည်လည်းတပါး။

ခြေမတော်၌ သွေးစိမ်း တည်ခြင်းကို ခံတော်မူရသည်လည်းတပါး။

ဇီဝကဓားဖြင့် ခွဲခြင်းကို ခံတော်မူရသည်လည်းတပါး။

ဤဝိပါက်တော် သုံးပါးကို သိမ်းရုံး၍ ပုစ္ဆာထားလေသည်။

အဘယ့်ကြောင့် သိသနည်းဟူမူကား ...အကြောင်းဖြစ်သော ကံက တဦးစီ တဦးစီ ဖြစ်သောကြောင့် သိသတည်း။

ပုစ္ဆာ၌ အကျိုးဝိပါက်ကိုမေးသဖြင့် အကြောင်းကံလည်း မကင်းရာသောကြောင့် အဝိနာဘာဝနည်းအားဖြင့် သိမ်းရုံးမိလေသတည်း။

ထိုသုံးပါးတို့တွင်....

ဒေဝဒတ် ကျောက်ဖြင့်ချ၍ ခြေမတော်ကိုထိသောဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်းဟူမူ

လွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် သူကြွယ်အမျိုး၌ဖြစ်၍ တဖသားချင်းဖြစ်သော ညီအငယ်နှင့် စည်းစိမ်ဉစ္စာကြောင့် ခိုက်ရန်ဖြစ်ကြရာ ညီအငယ်ကို လှည့်ပတ်ကာခေါ်၍ တောင်ချောက်ကြား၌ ကျောက်ဖြင့် ထုခတ်၍ သတ်လေဖူးသော မကောင်းမှုကံကြောင့် အပါယ်ငရဲ၌ ခံရပြီးသော် အဆုံးစွန်သော ကိုယ်တော်၏အဖြစ်သို့ ရောက်သောအခါ ဝေဘာရတောင်ခြေရင်း၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် သတ်လိုသောအကြံဖြင့် တောင်ထိပ်ထက်မှ ကြီးစွာသော ကျောက်ဖြင့် လှိမ့်ချလိုက်သော်၊ ဘုရားဘုန်းတော်ကြောင့် တောင်ခုလတ်တွင် ကျောက်တလုံးဆီး၍ ခံလင့်သဖြင့် ထိုကျောက်ကို ခတ်မိရာတွင် တခုသော ကျောက်လွှာသည် စဉ်ထွက်လေ၍ ခြေမတော်ကို ထိခိုက်သဖြင့် ဆင်းရဲဝေဒနာကို ခံရလေသတည်း။

သွေးစိမ်းတည်သော ဝိပါက်ကား အဘယ်မကောင်းမှုကြောင့် နည်းဟူမူ

လွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် မထင်ရှားသောအမျိုး၌ ဖြစ်၍ ငယ်သောကာလ ကစားရှုနေစဉ် အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းခံဝင်လာသည်ကို မြင်လျက်ရှင်မြူးလိုသော စိတ်နှင့် ကျောက်ဖြင့်ပစ်လေ၍ ခြေတော်ကိုကျောက်ထိရကား ထိုပစ္စေကဗုဒ္ဓါ အရှင်သည် နာကျင်စွာသော ဒုက္ခကို ခံရလေသတည်း။ ယင်းသို့သော မကောင်းမှု ကံကြောင့် ငရဲ၌ခံပြီးမှ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌လည်း သွေးစိမ်းတည်၍ မြင့်ရှည်စွာ ဆင်းရဲဝေဒနာကို ခံတော်မူရသတည်း။

ဆရာဇီဝကသည် ခြေမတော်ကို ဓားငယ်နှင့် အခွဲခံရသော ဝိပါက်ကား အဘယ်မကောင်းမှုကြောင့် နည်းဟူမူ

လွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် ပဒေသရာဇ်မင်း ဖြစ်သောအခါ ယုတ်မာသောသူနှင့် ပေါင်းမိသဖြင့် သေအရက်ကို ယစ်မူးစွာသောက်စား၍ သေယစ်သောအခါ အပြစ်မရှိသော သူအား ဓားနှင့် မွှန်းခဲ့ဖူး၏။ ထိုမကောင်းမှုကြောင့် အပါယ်၌ ခံရပြီးမှ အဆုံးစွန်သောကိုယ်၏ အဖြစ်ဝယ် ခြေမတော် သွေးစိမ်းတည်သည်ကို ဇီဝက ဆေးသမား ဓားငယ်ဖြင့် ခွဲ၍ သွေးခဲကိုအမှုန်းအထုတ်ခံတော်မူရသည်။

ဘုရားသခင် ခံတော်မူရသော ဝိပါက်တော်ကား ဤ ၃-ပါးသာမဟုတ်၊ ၁၂-ပါးပင်ဖြစ်သည်။

၁၂-ပါးဟူသော်ကား....

(၁) ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူရခြင်း။
(၂) စိဥ္စမာဏဝိကာ၏ အစွပ်အစွဲကိုခံရခြင်း။
(၃) သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို ခံရခြင်း။
(၄) ထိမိန်းမ သေလေသောကြောင့် မင်းနှင့်တကွသော ပြည်သူတို့ယုံမှား စွပ်စွဲသည်ကိုခံရခြင်း။
(၅) ဒေဝဒတ် ကျောက်ဖြင့်ချသည်ကိုခံရခြင်း။
(၆) ကျောက်ချပ်ကွာ၍ ခြေမတော်၌ ကြိတ်မိသည်ကို ခံရခြင်း။
(၇) သွေးစိမ်းတည်သောကြောင့် ဇီဝကသည် ဓားဖြင့် ခွဲသည်ကို ခံရခြင်း။
(၈) နာဠာဂိရိဆင်ဖြင့် တိုက်သည်ကို ခံရခြင်း။
(၉) ခေါင်းတော် ရုံခါရုံခါ ခဲသည်ကို ခံရခြင်း။
(၁၀) ဝါတွင်း သုံးလပတ်လုံး မုယော ဆွမ်းကိုသာ ဘုဉ်းပေးတော်မူရခြင်း။
(၁၁) ကျောက်ကုန်းတော်နာရခြင်း။
(၁၂) နိဗ္ဗာန်ယူတော်မူခါနီးသော ကာလ၌ ဝမ်းတော်လားရခြင်း။

ဤ၁၂-ပါးတို့တည်း။

ထိုကြောင့် အပဒါန်အဋ္ဌကထာ၌....

ဒုက္ကရဉ္စ အဗ္ဘက္ခာနံ၊ အဗ္ဘက္ခာနံ ပုနာပရံ။
အဗ္ဘက္ခာနံ သိလာဝေဓော၊ သက္ကလိကဝေဓော တထော။
နာဠာဂိရိသတ္ထစ္ဆေဒေါ၊ သီသံ ဒုက္ခံ ယဝက္ခာဒနံ။
ပိဋ္ဌိဒုက္ခ မတိသာရော၊ ဣမေ အကုသလကာရဏာ။

ဟူ၍ မိန့်တော်မူသည်။

ထိုဥဒ္ဒေသ၏ အကျယ်ကား—

ကဿပဘုရား ပွင့်တော်မူသောအခါ ငါတို့ဘုရား အလောင်းတော်သည် ဗြဟ္မဝဏ္ဏနမြို့၌ ဇောတိပါလမည်သော ပုဏ္ဏားလုလင် ဖြစ်တော်မူ၏။ ထိုဇောတိပါလသည် အများရှုံသေရသော ဗြာဟ္မဏမျိုးတည်းဟူသော ဇာတိမာန်ဖြင့် ယစ်ဘိရကား မြတ်စွာဘုရား၌ မသဒ္ဓါ မကြည်ညို၊ မိမိကိုယ်ကိုသာ ချီးပလေ့ပြု၏။ တပါးသော သူတို့က "ငါတို့ဘုရားသည် ခြောက်ရက် ဒုက္ကရစရိယာ ကျင့်သဖြင့် သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူသည်" ဟု ချီးမွမ်းပြောဆိုကြသည်ကို ကြားလျှင် "သင်တို့၏ဘုရားသည် ခြောက်ရက်မျှ ကျင့်သဖြင့် ဘုရားမဖြစ်နိုင်ရာ။ သင်တို့မလိမ်မာ၍သာ ယုံလေသည်။ ဤဦးပြည်းအား အဘယ်မှာ သဗ္ဗညုတဉာဏ်ရှိအံ့နည်း။ ငါမူကား ဘုရားဖြစ်မည် မှန်လျှင် ခြောက်နှစ်ပင် ဒုက္ကရစရိယာ ကျင့်ဝံ့သေး၏" ဤသို့ စသည်ဖြင့် ရှုတ်ချ၍ ဆိုလေ့ပြု၏။ ထိုနောက်မှ သတိသံဝေဂ ရသောအခါ ဘုရားသာသနာတော်၌ လွန်စွာ ကြည်ညိုသည်ဖြစ်၍ ဘုရားသခင်နှင့် တကွ သံဃာတော်တို့အား လှူဒါန်း ပူဇော်ခြင်း အစရှိသော ဒါန ပါရမီ, သီလ ပါရမီ တရားတို့ကို အားထုတ်သဖြင့် ထိုဘုရားဗျာဒိတ်တော်ကို ခံလျက် သံသရာ၌ ကျင်လည်ခဲ့ပြီးမှ သိဒ္ဓတ္ထမင်းအဖြစ်သို့ ရောက်၍ နှစ်ဆဲ့ကိုးနှစ်မြောက်၌ တောထွက်၍ ရဟန်းပြုပြီးသော် ဥရုဝေလတောအုပ်၌ တလုတ်သောဆွမ်းဖြင့် နေ့ကို လွန်စေခြင်း သစ်သီးတလုံးဖြင့် နေ့ကို လွန်စေခြင်း၊ အာဟာရနည်းပါးခြင်းကြောင့် အသားမရှိပဲ အရိုးအရေမျှသာ ကြွင်းခြင်း အစရှိသော ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင် ကျင့်ရလေသည်။ ခြောက်နှစ်မြောက်သောကာလ "ဤအကျင့်ကား ဘုရားဖြစ်ကြောင်း မဟုတ်ချေ။ ဣန္ဒြေကို မျှအောင် ပြုဦးအံ့" ဟု ကြံ၍ မြို့ရွာ ရပ်ဌာန၌ ဆွမ်းခံကာ ဘုဉ်းပေးပြီးလျှင် ဣန္ဒြေမျှသောအခါ၊ သတိ၊ ပညာ၊ သမာဓိတို့၏ ရင့်ခြင်းသို့ ရောက်ရကား ငါဘုရားဖြစ်တော့အံ့" ဟု သိ၍ ဗောဓိပင်ရင်းသို့ ကပ်လေလျှင် မာရ်ငါးအင်ကို အောင်မြင်တော်မူ၍ သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

တပါးသော ဘုရားရှင်တို့မှာ ဒုက္ကရစရိယာ ခြောက်ရက်လည်းကောင်း, ခုနစ်ရက်လည်းကောင်း, တပက္ခသော်လည်းကောင်း, တလသော်လည်းကောင်း ကျင့်ရကုန်သည်။ ငါတို့ဘုရားမှာ မြင့်ရှည်စွာ ကျင့်ရခြင်းသည် ရှေးကဿပဘုရားသခင်၏ အကျင့်ကို ကဲ့ရဲ့ဖူးသော မကောင်းမှုကံ၏ အကျိုးဆက် ဝိပါက်ဖြစ်သည်။

ဒုတိယဝိပါက်၏အတ္ထုပ္ပတ္တိကား – ရှေးသောအခါ ငါတို့ဘုရား အလောင်းတော်သည် ဗာရာဏသီ ပြည်ဝယ် သူဆင်းရဲအမျိုး၌ဖြစ်၍ အတတ်ပညာမရှိရကား သောက်စားပျော်မြူးသော အမှု၌သာ လေ့လာတတ်သော "မုနာဠိ" အမည်ရှိသော သေသောက်ကြူးသည်ဖြစ်၏။ တရံသောအခါ ကြီးစွာသော တန်ခိုးအာနုဘော်ရှိသော "သုရဘိ" မည်သော ပစ္စေကဗုဒ္ဓါအရှင်သည် ဆွမ်းခံ

ဝင်တော်မူလာသည်ကို မြင်လျှင် "ဤအရှင်ဦးပြည်းတို့ကား သူတပါးတို့ကဲ့သို့ လုပ်ခြင်း ကြံခြင်းကို မပြု အမှုမဲ့နေပြီးလျှင် သူ့အိမ်တွင် ကျက်ပြီးသားအစာကို အသင့်သာ တောင်းစားလေ့ပြု၏။ ဤအရှင်တို့အား အဘယ်မှာ မြတ်သော ကိုယ်ကျင့်တရားရှိအံ့နည်း" ဟု ကဲ့ရဲ့စွပ်စွဲ ဆဲရေးပြောဆို၏။ ထိုသေသောက်ကြူးသည် ထိုမကောင်းမှုကြောင့် စုတေသောအခါ အပါယ်လေးဘုံ၌ များစွာသော ဒုက္ခကို ခံခဲ့ပြီးမှ ယခုဂေါတမဘုရား ဖြစ်တော်မူသောအခါ ပါရမီးတော် အဟုန်ကြောင့် အ ္းစုံသော ဘုရားဂုဏ်ကျေးဇူးကိုရ၍ သတ္တမဝါ၌ တာဝတိံသာမှ သက်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းတော်မူသော ကာလ၊ ယမိုက်ပြာဋိဟာ ပြသည်ကို မြင်ရသော သူအပေါင်းတို့သည် သောင်းသောင်းဖြဲမျှ ပူဇော်ကြသောကြောင့် ဆွမ်း၊ သင်္ကန်း စသော လာဘသက္ကာရတို့သည် အနန္တအတိုင်းမသိ ဖြစ်ကုန်ရကား တိတ္ထိဆရာများတို့သည် မစားလောက် မဝတ်လောက် ပျောက်ပျက် တိမ်ငုတ်လေလျှင် ဘုရားသခင်ကို ငြူစူ၍ မသူတော်ထင်မှတ်စိမ့်သောငှါ "စိဉ္စမာဏဝိကာ" အမည်ရှိသော မိန်းမငယ်ကို ပရိသတ်လေးပါးအလယ်၌ မဖွယ်ရာသော စကားဖြင့် တင်စားစွပ်စွဲစေသည်ကို ခံရလေသတည်း။

တတိယ ဝိပါက်၏ အတ္ထုပ္ပတ္တိကား—ငါတို့ဘုရားအလောင်းတော်သည် ဤ"မုနာဠိ"သေသောက်ကြူးဖြစ်သောအခါ "သုရဘိ" မည်သော ပစ္စေကဗုဒ္ဓအား တခါ တကြိမ်သာ စွပ်စွဲ ကဲ့ရဲ့မိသည် မဟုတ်၊ ခင်ပွန်းယုတ်နှင့် ပေါင်းမိ၍ ခရီးလမ်းကြောင်း၏ အနီး၌ နေပြီးလျှင် "ငါ့ရှင် ဒုဿီလ-ကာမချမ်းသာကို ဆိတ်ကွယ်ရာ တောအုပ်၌ ခံစားပြီးလျှင် သူတော်စင်ယောင် ဆောင်၍ လူ့ဘောင်သို့ ဝင်သလော" ဤသို့သည်ဖြင့် ပါပမေ့နှင့်စပ်လျက် အထပ်ထပ် ဆဲရေးဖူး၏။ ထိုမကောင်းမှုကြောင့် စုတေသောအခါ အပါယ်လေးဘုံ၌ များစွာသော ဆင်းရဲကို ခံပြီးမှ၊ ယခုဂေါတမဘုရားဖြစ်၍ ဝါတော် နှစ်ဆယ်ကျော်သောအခါ သာဝတ္ထိပြည်၌ နေတော်မူစဉ် မြို့ဝန်းကျင်၌ နေသော တိတ္ထိတို့သည် လာဘ်ပူဇော်သကာ ခေါင်းပါးလှရကား ဘုရားသခင်ကို လူတို့အကြည်ညို ပျက်စေလိုသောကြောင့် "သုန္ဒရီ" မည်သော ပရိဗိုဇ်မကို စွပ်စွဲစေသတည်း။

စွပ်စွဲပုံကား.... နိဂဏ္ဌမည်သော တိတ္ထိဆရာသည် မိမိတို့ထံဆည်းကပ်လေ့ရှိသော အလွန်အဆင်းလှသော "သုန္ဒရီ" မည်သော ပရိဗိုဇ်မကို ဤသို့ဆို၏။ "နှမ-ရှင်ဂေါတမ ရောက်လာသည်မှစ၍ ငါတို့မှာ ရေခန်းသော ကြာကဲ့သို့ တနေ့ထက် တနေ့ ခြောက်သွေ့သည်သာဖြစ်၍ စားရာဘို့ ဝတ်ရာဘို့မျှ မရှိကြသည်ကို နှမဘယ့်ကြောင့်ကြည့်၍ နေနိုင်ပါသနည်း" ဟု ဆို၏။

ထိုစကားကို ကြားသော် သုန္ဒရီမကလည်း "အရှင်ဘုရား—ဤအရာဝယ် ဘယ်သို့ကျွန်မ ပြုရအံ့နည်း" ဟု မေး၏။

"နှမ—သင်ကဲ့သို့ လှပတင့်တယ်သော မိန်းမကို ယောကျ်ားဟူသမျှ မစုံမက်ကြသော သူမည်သည်မရှိ၊ အရှင်ဂေါတမ၏ နေရာ ကျောင်းပါးသို့ သွားပြီးလျှင် အရှင်ဂေါတမအား ဖျော်ဖြေရသည်ဟု ပြောကြားရလျှင် လူအများသံသယရှိ၍ မိမိတို့၏ သိလဂုဏ်သည် တိမ်ဖုံးသော လကဲ့သို့ဖြစ်လတ္တံ့။ ယင်းသို့ဖြစ်မှ ငါတို့နေနိုင်တော့မည်" ဟု ဆို၏။

ထိုအခါ သုန္ဒရီမကလည်း "အရှင်ဘုရား-ဤအမှုကို မစိုးရိမ်ပါလင့်၊ မကြာမြင့်မီ ဖြစ်စေအံ့" ဟု ဝန်ခံပြီးလျှင် ထိုနေ့ပင် ဇေတဝန်ကျောင်းတော်သို့ ညချမ်းအခါသွား၍ သင့်ရာ၌ အိပ်ပြီးလျှင် မလင်းခင် ပြန်လာ၏။ ခရီးမှာတွေ့သောသူတို့က "ဘယ်မှလာသနည်း" ဟု မေးလျှင် "အရှင်ဂေါတမကို တညလုံး ဖျော်ဖြေ၍ အိပ်စေပြီးမှ ပြန်ခဲ့ရသည်" ဟု ပြော၏။

ဤနည်းဖြင့် ဆယ်ရက် ဆယ့်ငါးရက် ရှိသောအခါ တိတ္ထိဆရာတို့လည်း ပြည်သူ ရွာသားတို့အား ဤသို့ပြောကြား၏ "အမောင်တို့ ဘုရားဂေါတမ၏ အမှုအရာကို ရှုပါချေဦးလော့ ငါတို့ သုန္ဒရီမနှင့် ဆက်ဆံကြချေပြီတကား... "ဟုပြော၏။ ယင်းသို့ သတင်းလွင့်ပြီးလျှင် သေသောက်ကြူးတို့ကို တံစိုးပေး၍ သုန္ဒရီမကို သတ်စေပြီးသော် ဇေတဝန်ကျောင်းတော်၏ အပါး ပန်းချုံကြား၌ အကောင်ကို ထားစေ၏။ နံနက်အခါ တိတ္ထိဆရာတို့လည်း "ငါတို့တပည့်ဖြစ်သော သုန္ဒရီမသည် ရှာဖွေမရ ပျောက်သည်" ဟု အုတ်အုတ် ကျက်ကျက် ပြုကြပြီးမှ ကောသလ မင်းကြီးအား သိစိမ့်သောငှါ ဇေတဝန်ကျောင်းတော်၏အပါး ပန်းချုံကြားမှထုတ်၍ အလောင်းကို ညောင်စောင်းဖြင့် တင်ယူပြီးလျှင် မင်းကြီးအားပြ၏ "အရှင်ဂေါတမ၏လည်းကောင်း, တပည့်သံဃာတော်တို့၏လည်းကောင်း, ပြုသော အမှုကို ရှုကြပါကုန်လော့၊ သုန္ဒရီမအား ပြစ်မှားပြီးလျှင် လူရှင်အများ မထင်ရှားစိမ့်သောငှါ သတ်လေသလော"ဟု ပြည်တွင်း ပြည်ပ၌ ကြွေးကြော်၏။

ထိုအခါ ပြည်သားတို့တွင် ပညာပါးသောသူတို့သည် "ဘုရားသခင့် အမှုပင်လော, သံဃာတို့ အမှုပင်လော" ဟု တွေးတောယုံမှားရှိကြကုန်၏။

ကောသလမင်းသည်လည်း သတ်သော သူတို့ကို စုံစမ်းစေသော်....သေသောက်ကြူးတို့သည့် သေသောက်၍ ဥစ္စာဝေရာ ငြင်းခုံခြင်းဖြစ်၍ 'သင်သည် သုန္ဒရီမကို ဆွဲငင်ရုံသာ၊ ငါမှုကား သတ်ရသည်၊ ငါပို၍ယူမည်' ဤသို့ ဇသည်ဖြင့် ဆိုကြသော စကားကို မင်းချင်းတို့ကြား၍ ဖမ်းယူပြီးလျှင် မင်းကြီးအား ပြလေ၏။ မင်းကြီးကလည်း "သင်တို့သည် သုန္ဒရီမကို သတ်သလော" ဟု မေး၏။ သတ်ကြောင်းကို လျှောက်လျှင် 'သင်တို့အားဘယ်သူ တိုက်တွန်းသနည်း" ဟု မေး၏။ တိတ္ထိဆရာတို့ တံစိုးပေး၍ တိုက်တွန်းကြောင်းကို လျှောက်လျှင် ထိုဆရာတို့ကို မင်းအာဏာဖြင့် ခေါ်စေ၍ နှောင်ဖွဲ့ပြီးသော် အသီးသီးသော ရာဇဝတ်မင်းဒဏ်ထား၍ ဘုရားသခင်၌လည်းကောင်း, သံဃာတော်တို့၌ လည်းကောင်း စိုးစဉ်းမျှ အပြစ်မရှိကြောင်းကို စည်မောင်းခတ်ကြော်ငြာရလေ၏။

ဤသို့ သုန္ဒရီမ စွပ်စွဲပြောဆိုပြီးသည့်နောက် တိတ္ထိဆရာတို့သည် သုန္ဒရီမကို သတ်၍ တဖန်ပြောဆိုသည်ကို ခံရခြင်းသည်ကား....

ငါတို့ဘုရား အလောင်းတော်သည် ရှေးသောအခါ ပညာဥစ္စာများစွာသော ပုဏ္ဏားအမျိုးဖြစ်၍ ပြည်သူတို့ ပူဇော်ချီးမြှောက်ခြင်းကို ခံလျက်နေသတည်း။ တရံသောအခါ လူတို့၏ ချမ်းသာ၌ သံဝေဂရသဖြင့် ရသေ့ရဟန်းပြုပြီးသော်၊ တောကြီးသို့ဝင်၍ ဈာန်အဘိညာဉ်တရားကို အားထုတ်ပါသော်လည်း မရသောကြောင့် တဖန် မြို့အနီးသို့ ပြန်လာ၍ များစွာသော အမျိုးသားတို့ကို သင်ကြားပြသကာနေ၏။ ထိုအခါဟိမဝန္တာမှ ဈာန်သမာပတ် ရသော ရသေ့ တဦးသည် ထိုမြို့အရပ်၌ ဝါကပ်လာသဖြင့် ပြည်သူ ရွာသား တို့သည် များစွာ ပူဇော်ကြကုန်သော်၊ အလောင်းတော်ရသေ့ သည် ငြူစူစောင်းမြောင်းခြင်း ရှိရကား တဦးသော မိန်းမကို ထိုရသေ့ နှင့် အရောဝင်စေပြီးလျှင် ကာမဂုဏ်ယှက်တင်ကြောင်း၊ သီလမစင်ကြောင်းဖြင့် မကောင်းသော သတင်းသံကို ဖြစ်စေ၍ မိမိ၏ တပည့်တို့ကိုလည်း ထိုရသေ့အားများစွာ ရှုတ်ချဆဲရေးစေ၏၊ ထိုမကောင်းမှုကြောင့် စုတေသောအခါ အပါယ် လေးဘုံ၌ များစွာသော ဆင်းရဲခံရပြီးမှ ဘုရားဖြစ်သော ကာလလည်း သုန္ဒရီမ၏ သေခြင်းကိုအရင်းပြု၍ တိတ္ထိတို့စွပ်စွဲခြင်းကို ခံတော်မူရသတည်း။

(ဒေဝဒတ်ကျောက်ဖြင့် ချသည်ကို ခံရခြင်း, မြေမတော်၌ သွေးခဲတည်ခြင်း, ခွဲ ခွဲသည်ကို ခံရခြင်းဟူသော ဝိပါက်သုံးပါးမှာ ရှေးကပြခဲ့ပြီ)

နာဠာဂိရိဆင်နှင့် အတိုက်ခံရသော အဋ္ဌမဝိပါက်တော်ကား —

ငါတို့ဘုရား အလောင်းတော်သည် ရှေးသောအခါ ဗာရာဏသီပြည်တွင် မင်း၏ဆင်ထိန်းအမျိုး၌ဖြစ်၍ ဆင်စီးကာ လှည့်လည်ရာတွင် ခရီးမဖြင့် ဆွမ်းခံဝင်လာသော ပစ္စေကဗုဒ္ဓါတဦးကို မြင်၍ "အရှင်ဘုရား ရှောင်လော့ ရှောင်လော့"ဟု ဆို၏။ ထိုပစ္စေကဗုဒ္ဓါလည်း ရွာလယ်၌ ဆွမ်းခံခိုက်ဖြစ်၍ ဖြည်းဖြည်းသာသာသွားသည်ကို "ငါ့အား မလေးမစားပြုရာသလော"ဟု ဒေါသစိတ်ဖြစ်၍ ဆင်ကိုထိုးစိမ့်သောငှါ ချွန်းကိုဖွင့်ကာလိုက်၏။ ပစ္စေကဗုဒ္ဓါလည်း လျင်စွာကောင်းကင်သို့ ပျံရလေသော် သက်န်းတော် လျှောကျရစ်၏။ ထိုသက်န်းကို ဆင်နှင့်နင်း၍ အမြှင်းမြှင်း ကွဲပြတ်စေ၏။ထိုမကောင်းမှုကြောင့် စုတေသောအခါ အပါယ်လေးဘုံ၌ များစွာသောဆင်းရဲကို ခံရ၍ ပစ္ဆိမဘဝ၌ ဘုရားအဖြစ်သို့ ရောက်သောအခါ အဇာတသတ်မင်းနှင့် ဒေဝဒတ်တို့ နာဠာဂိရိဆင်နှင့် တိုက်လွှတ်သည်ကို ခံတော်မူရသတည်း။

ရံဖန် ခေါင်းခဲတော်မူရသော နဝမဝိပါက်တော်ကား —

ငါတို့ဘုရားအလောင်းသည် ရှေးသောအခါ တံငါတို့ရွာ၌ ဆင်းရဲစွာသော အမျိုးသားတဦးဖြစ်၍ တံငါများတို့ လုပ်ကိုင်ရာသို့ သွားပြီးလျှင် "ငါးမိ၍ရိုက်သတ်သောအခါ ဦးခေါင်းကိုရိုက်မှ သေလွယ်သည်"ဟု နည်းပေး၍ ဝမ်းမြောက်ဝမ်းသာရှိခဲ့ဖူး၏။ ထိုမကောင်းမှုကြောင့် သဗ္ဗညုတအဖြစ်သို့ ရောက်သည်တိုင်အောင် ရံဖန် ခေါင်းတော်ခဲခြင်း တည်းဟူသော ဒုက္ခဝိပါက်ကို ခံရလေသတည်း။

မုယောဆွမ်းဘုဉ်းပေးရသော ဒသမဝိပါက်တော်ကား —

ငါတို့ဘုရားအလောင်းတော်သည်ရှေးဖုဿဘုရား ပွင့်တော်မူသောအခါ မသဒ္ဓါသောသူ၏အမျိုး၌ဖြစ်၍ ဘုရားသခင်နှင့်တကွသော သံဃာတော်တို့အား ပြည်သား ပြည်သူတို့သည် ကြည်ဖြူလေးမြတ်စွာ ကောင်းမွန်သော အရသာနှင့် ဃနာဒိ ဆွမ်း လှူဒါန်းပူဇော်ကြသည်ကို မြင်လျှင် ငြူငြင် ငြူစူသောစိတ် ရှိသည်ဖြစ်၍ "ဤဦးပြည်းရဟန်းတို့အား ကောင်းမွန်စွာ လှူဒါန်းသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု ဆိုလေ့ပြု၏။ သံဃာတော်တို့ ဃနာဒိ ဆွမ်းစားရသည်ကို မြင်လျှင် "ငါ့ရှင်တို့ကား, အလုပ်မရှိသော လူပျင်းတို့တည်း။ မုယောထမင်းနှင့်သာ လျော်၏" ဤသို့စသည်ဖြင့်ဆို၍ ဆဲရေး၏။ ဤမကောင်းမှုကြောင့် စုတေသောအခါ အပါယ်လေးဘုံ၌ များစွာသော ဆင်းရဲကို ခံခဲ့ရပြီးမှ ဘုရားဖြစ်တော်မူသောကာလ ဝေရဉ္စတိုင်းတွင် ဝါကပ်တော်မူသောအခါ အလွန်ရှားပါးလှ၍ မုယောဆွမ်းကိုသာ ဘုဉ်းပေးရသော ဒုက္ခဝိပါက်ကို ခံရလေသတည်း။

ကျောက်ကုန်းတော်နာရခြင်း ဧကာဒသမဝိပါက်တော်ကား —

ငါ့ဘုရားအလောင်းတော်သည် ရှေးသောအခါ ဗာရာဏသီပြည်ဝယ် တဦးသောသူကြွယ်အမျိုး၌ဖြစ်၍ အတန်ငယ်ကွသောကြောင့်"ဝါမန"ဟူသော အမည်ကိုရ၏။ ကိုယ်၏ အစွမ်းအားမူကား အလွန်ကြီး၏။ ဆင်ငါးစီးအားကို ဆောင်နိုင်၏။ "မလ္လက" အမည်ရသော မင်းကြီး၏ လက်သမ်းသည် တယောက်သည် လက်ပမ်းသတင်၌ မည်သူမျှ မယှဉ်ဝံ့အောင် ကျော်စောခြင်း

ရှိသည်ဖြစ်၍ ထိုထိုအရပ်ရပ်သို့ လှည့်ပတ်ကာ ယောကျ်ားတကာတို့၏ ပူဇော်ခြင်းကို ခံလျက် ဘုရားအလောင်းရှိရာအရပ်ဌာနသို့ ရောက်လာ၏။ ဝါမနလည်း "ငါ့အစွမ်းကို ပြလိုက်အံ့"ဟု ကြံလျက် "ဤမလ္လက လက်ပမ်းသည်နှင့် ငါလက်ပမ်းကစားလိုသည်၊ မြို့သား ရွာသားတို့ ကြည့်လိုလျှင် သဘင်ပွဲကြလော့"ဟု ဆို၏။ ထိုစကားကိုကြားသော် မြို့သူရွာသားတို့လည်း များစွာစည်းဝေးကြကုန်၏။

ထိုအခါ လက်ပမ်းသည်မလ္လကလည်း "အမြို့မြို့ဌာန၌ ငါ့ကိုဖက်ဝံ့သူမပေါ်ပဲလျက် ဤဝါမနထွက်၍ ဖက်သည်ကား ငါ့ဂုဏ်တက်လို၍သာဖြစ်သည်။ ဤကွေးကိုကား လက်တဘက်မျှဖြင့် မညှဉ်းပန်းလော့က်"ဟု ဝမ်းမြောက်ဝမ်းသာ သဘင်သို့လာပြီးလျှင် ကြော်ငြာခြင်း ခုန်လွှားခြင်းစသဖြင့် ဟန်ရေးပြ၏။

ဝါမနလည်း ထိုနည်းပြုပြီးလျှင် မလ္လက၏ လက်ကိုဆွဲငင်၍ ကောင်းကင်သို့ မြှောက်ပြီးသော် လက်တဘက်ပေါ်၌ ကျင်ကဲ့သို့ လည်စေပြီးမှ မြေကြီးတွင် ခြေကိုကိုင်၍ ရိုက်၏။ ကြောရိုးဆက်တို့သည် ပြုတ်ကုန်သဖြင့် မသေရုံကြွင်းလေ၏။ မြို့သူရွာသားတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ကြော်ငြာကြွေးဟစ်လျက် ဦးရစ်မြှောက်ခြင်း, ပန်းပေါက်ပေါက် ကျဲခြင်းစသည်ဖြင့် ဝါမနကို ချီးပပူဇော်ကုန်၏။ ဝါမနလည်း ထိုမလ္လက လက်ပမ်းသည်အား ဆေးဝါးကုသ၍ ဆုံးမပြောဆိုပြီးမှ လွှတ်လိုက်၏။

ဤသို့ ပြုဘူးသော အကုသိုလ်ကြောင့် သံသရာဝဋ်၌ ကိုယ်လုံးနာရခြင်း၊ ဦးခေါင်းနာရခြင်း စသော ဒုက္ခကို ခံစားလျက်၊ ဘုရားဖြစ်သောအခါလည်း ကျောက်ကုန်းတော် နာခြင်း တည်းဟူသော ဝိပါက်တော်ကို ခံရလေသတည်း။

ဝမ်းတော်လားရခြင်းတည်းဟူသော ဒွါဒသမ ဝိပါက်ကား

ရှေးသောအခါ ငါတို့ ဘုရားအလောင်းတော်သည် သူကြွယ်မျိုး၌ဖြစ်၍ အရွယ်ရောက်သော ကာလ ဆေးအတတ်ကို သင်ပြီးလျှင် လူတို့အားဆေးကု၍ အသက်မွေး၏၊ တဦးသော သဌေးသား၌ ရောဂါကပ်ဆိုက်၍ ကုသပါ တောင်းပန်သောကြောင့်ကုသလျှင် မကြာခင် ချမ်းသာ၏၊ သဌေးသားလည်း ဆေးခ ပေးရမည်ကို ကြောက်သောကြောင့် ကောက်ကျစ်သောစကားဖြင့် "ရောဂါမချမ်းသာ"ဟု ပြောဆိုကာ နေ၏။ ထိုအခါ ဆေးဆရာသမားလည်း "ဤသူကား ဆေးခ မပေးရုံသာမက။ ငါ၏ ပညာဂုဏ်ပျက်အောင် ပြောသည်"ဟု ဒေါသရှိရကား ဝမ်းလားဆေးကို သောက်စေ၍ သေဆုံးခြင်းသို့ ရောက်လေ၏။ ထိုမကောင်းမှုကြောင့် ငရဲ၌ ခံပြီးသော် သံသရာဘဝ၌ ဝမ်းလား၍ သေရခြင်းသာ များစွာဖြစ်ပြီးမှ ပစ္ဆိမဘဝ နိဗ္ဗာန်ဝင်အံ့သော ကာလ၌လည်း ဝမ်းလားခြင်းဟူသော ဒုက္ခဝိပါက်ကို ခံတော်မူရသတည်း။

ဤဝိပါက်တော်တို့၏ အကြောင်းကို အပဒါန်အဋ္ဌကထာ၌မိန့်သည်။

၂၀၂။ ထွန်တုံးရှိတဲ့၊ ရွှေတွေခဲ့၊ ဖဲ့၍ထမ်းသော် နိုင်လိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုလတ်သော် ငါတို့ ဘုရားအလောင်းတော်သည် တခုသောရွာ၌ လယ်

လုပ်သော အမျိုးသားသည်ဖြစ်၏။ တနေ့သ၌ လူတယောက်သည် မလုပ်နိုင်၍ စွန့်ပစ်အပ်သော ရွာဟောင်းရာတွင် တည်သောလယ်၌ ထွန်ခြင်းကိုပြု၏။ထိုရွာ၌လည်း ရှေးက သဌေးတဦးသည် အလျား လေးတောင် အလုံး ပေါင်လုံးခန့်မျှလောက် ရှိသော ရွှေတုံးကို မြှုပ်ထားပြီးလျှင် သား သမီးတို့အား မပြောပဲ သေလွန်လေ၍ ထိုရွှေတုံးသည်မြေ၌ ကျန်ရစ်လေ၏။ ဘုရားလောင်းသည် လယ်ထွန် လတ်သော် ထိုရွှေတုံးသည် ထွန်သွား၌ငြိလေ၏။ ဘုရားလောင်းလည်း သစ်မြစ် ငြိသည်ထင်၍ မြေကို ယက်လတ်သော် ရွှေတုံးကိုမြင်၍ နေ့အခါ၌ ထွန်ချေးစာဖြင့်ဖုံးထားပြီးမှ နေဝင်ကာလသို့ရောက်သော် ထွန်ထမ်းပိုးတို့ကို သင့်ရာ၌ထား၍ ရွှေတုံးကို အိမ်သို့ ယူအံ့သောငှာ ထမ်းပါသော် မချီမကြွနိုင်ရှိ၏။ ထိုအခါ အနီး၌ထိုင်၍ ဤသို့ကြံ၏ "ဤရွှေတုံးကို ဤတွင်ထားပြီးလျှင် အိမ်သို့ငါပြန်၍ လူခေါ်ချေက ထိုအခိုက်တွင် သူတပါးတို့ တွေ့ခဲ့မူယူဘိရာသည်။ ငါပါအောင်ဆောင်မှသင့်မည်၊ ဤမျှလောက်သော အစုကို သုံးစားအံ့။ ဤမျှလောက်သော အစုကို သိုမှီး၍ထားအံ့၊ ဤမျှလောက်သောအစုကို စီးပွားပြုအံ့။ ဤမျှလောက်သော အစုကို အလှူပေးအံ့" ဟုဤသို့ လေးပုံပြု၍ ဝေဖန်၏။ ဤသို့ ဝေဖန်ပြီးမှ ထမ်းဆောင်သော် ပေါ့သကဲ့သို့ဖြစ်၍ ဆောင်နိုင်လေ၏။ အလောင်းတော်ယောကျ်ားလည်း အိမ်သို့ရောက်လေသော် စိတ်က ဝေဖန်ခဲ့ရင်းအတိုင်း လေးဖို့ ဝေဖန်လျက် အသက်မွေးခြင်း အလှူပေးခြင်းကိုပြု၍ သေလွန်သောအခါ ကံအားလျော်စွာ ဖြစ်လေ၏။ ။ကေနိပါတ် ကဉ္စနက္ခန္ဓ ဇာတ်၌လာသည်။

ဤ၌ ရွှေတုံး၏ ပမာဏကို "ဥရုမတ္တပရိမာဏ" ဟူ၍သာလာသည်။ ထွန်တုံးလည်း ပေါင်လုံးခန့်ပင် ရှိသောကြောင့် ပုစ္ဆာ၌ "ထွန်တုံး ရှိတဲ့၊ ရွှေ တွေ့ခဲ့" ဟု အမေးပြုလေသည်။

၂၀၃။ ကျယ်လျှင်ကားခဲ့၊ ပဲ့လျှင်ဖဲ့၊ နှဲလျှင်ကားသတ် ဘယ်ကြောင့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကြေးသံအိုးငယ်၊ လှေဝယ်ပေါက်ခဲ့၊ ဖာလိုတဲ့၊ ခဲ့ချ၍အသားသွင်း။
အစွန်း အဖျား၊ ပဲ့တုံငြား၊ များစွာဖဲ့၍ ထဲ့ကာပြင်လေမင်း။
ယိမ်းယိုင် ပျောင်းနွဲ့၊ ရှိငုံခဲ့၊ နှဲ၍သပ်လျှင်ပင်း။

အဘယ့်ကြောင့် ဤသို့ ပြုရသနည်းဟူမူ....ပြကတေ့ ခိုင်ခန့်စေလိုသောကြောင့် ပင်တည်း။

၂၀၄။ ဗြဟ္မာပင်းတဲ့၊ စုံတောခဲ့၊ တိမ်းငဲ့ တိရစ္ဆာန်ဖြစ်လိမ့်နည်း။ (၄)။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ။
ပရမာ ရုပ္ပသန္ဓိစ၊ တထာကာမတိဟေတုကာ။
ရူပါဝစရစုတိယာ၊ အဟေတု ရဟိတာ သိယုံ၊

ဟူ၍ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၌ မိန့်သည်နှင့်အညီ၊ အရူပါဝစရလေးဘုံမှ စုတေကုန်သော ဗြဟ္မာတို့အား အောက်အောက်သော အရူပါဝစရ ပဋိသန္ဓေသည်ကြဉ်အပ်သော အရူပပဋိသန္ဓေ လေးခု၊ ကာမတိဟိတ် ပဋိသန္ဓေလေးခု အားဖြင့် ရှစ်ပါးသော ပဋိသန္ဓေတို့နှောင်းသည်။ ရူပါဝစရ စုတိ ခြောက်ခုနှောင် အဟိတ် ပဋိသန္ဓေ နှစ်ခုသည် ကြဉ်အပ်သော သဟိတ် ပဋိသန္ဓေ သတ္တရသသာ နှောင်းသည်ဖြစ်သောကြောင့် အဟိတ်ပဋိသန္ဓေနေသော တိရစ္ဆာန်မဖြစ်ဟုမှတ်။

ဓမ္မပဒ အစရှိသော သုတ္တန် အဋ္ဌကထာတို့၌ ဗြဟ္မာ့ဘုံမှ သက်၍ ကြက်ဖြစ်ကြောင်းများကို ဆိုသည်မဟုတ်လော၊ အဘယ့်ကြောင့် ဗြဟ္မာ စုတေလျှင် တိရစ္ဆာန် မဖြစ်သနည်းဟု ဆိုငြား အံ့။ ထို သုတ် အဋ္ဌကထာတို့၌ အကြားဘဝကို မပြပဲ မိဂ ပဒ ဝလဥ္ဇန နည်းအားဖြင့်သာ ဆိုသည်။ ဘဝ မခြားပဲ ဖြစ်ကောင်းသောကြောင့် ဆိုသည်မဟုတ်။ မုချတ္ထကိုကား ထို အဘိဓမ္မတ္ထ အဋ္ဌကထာ ဆိုတိုင်းသာ မှတ်ရာ၏။

၂၀၅။ ကြက်ဆူပင်တဲ့၊ ရိုးရှက်ဖဲ့၊ ဘဲ့ကြောင့် ခေါးလုံ့ဖြစ်သနည်း။ (၅)။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား...လူသတ္တဝါတို့ အသက်တိုလှသော အခါဖြစ်၍ အားအင် နည်းလှသောကြောင့် ကြက်ဆူရိုး, ကြက်ဆူရွက်နှင့် ရိုက်ပုတ်လျှင်ပင် သေရတော့သည်။ ယင်းသို့ ခေါး, လုံ့ ကိစ္စကို ပြီးစေနိုင်သောကြောင့် ''ခေါး, လုံ့ ဖြစ်၏''ဟုဆိုသည်။

အကျယ်ကား...ဤသို့တည်း ကမ္ဘာဦးအစ၌ လူတို့ အသက်အသင်္ချေ နေသည်မှစ၍ တရွေ့ တရွေ့ အစဉ်အတိုင်း ဆုတ်ယုတ်သဖြင့် ဆယ်နှစ်သာနေ၍ သေရသောအခါ လူတို့သည် လောဘစရိုက် များသည်ဖြစ်အံ့၊ ငတ်မွတ်ခြင်းတည်းဟူသော ဒုဗ္ဘိက္ခန္တရကပ်သည်ဖြစ်၍ သေကြကုန်၏။ ထိုသေသော သူတို့၏ အရိုးကို မျှောစိမ့်သောငှါ မိုးကြီးသည် သည်းထန်စွာရွာ၍ ရေအယဉ်တို့သည် ဖျင်ဖျင် စီးသဖြင့် အရိုးတို့သည် မျောပါး၍ သန့်ရှင်း စင်ကြယ်ကုန်၏။ ထိုအခါ နံ့သာမိုးတို့သည် မြေပြင်အလုံးကို ဖုံးလွှမ်းသဖြင့် ရွာ၏။ ထို့နောင်မှ ခြေကျင်း လက်ကောက် အစရှိသော တန်းဆာမိုး, ရတနာမိုးတို့သည် ရွာလတ်၍ မြေပြင်တို့သည် တင့်တယ်စွာ ဖြစ်ကုန်၏။ ထိုအခါ ပညာအမြင်နှင့် ပြည့်စုံသော သူတို့သည် ပုန်းအောင်း၍ နေရာအရပ်မှ ထွက်ကြ၍ ထိုတန်းဆာ ရတနာမိုးတို့ကို ကောက်ယူကာ သုံးဆောင်ကြလျက် မေတ္တာ, ကရုဏာ, သဒ္ဓါ, သီလနှင့်ယှဉ်၍ ကောင်းစွာ ကျင့်ကုန်သဖြင့် ထိုသူတို့၏ သား, မြေး, မြစ်တို့သည် တဆယ်, နှစ်ဆယ်, လေးဆယ်, ရှစ်ဆယ်အစရှိသဖြင့် အစဉ်အတိုင်းပွားတက်၍ အသက် အသင်္ချေ နေရပြန်၏။ ရှည်လျားလတ်သော် ထိုအသင်္ချေ နေသောသူတို့သည် သဒ္ဓါ သီလမှ မေ့လျော့ပြန်ကုန်သည်ဖြစ်၍ တရားမစောင့်ကုန် လတ်သည်ရှိသော် ငြင်းခုံ လုယက်ခြင်းတို့သည် ဖြစ်ပြန်သဖြင့် ကျွန်းသူ လူအပေါင်းတို့သည် တိုင်ပင်၍ သဒ္ဓါ သီလနှင့်ပြည့်စုံသော သူတယောက်အား မင်းမြှောက်ကြကုန်၏။ ဒုတိယ မဟာသမ္မတ မင်း၏ အဆက်ဖြစ်သော မင်းအပေါင်းကား ၆၃၀၀၀—ဖြစ်သည်။

ထိုမင်းမှ တရွေ့ တရွေ့ ဆုတ်သဖြင့် လူတို့ အသက် ဆယ်နှစ် နေရပြန်သောအခါ လူတို့သည် ဒေါသစရိုက် များသည်ဖြစ်၍ တဦးသည် တဦးအား သနားစုံမက်ခြင်း မရှိကြပဲ တွေ့မြင်လျှင် ကိုက်ခဲ စားသောက် အံ့သကဲ့သို့ ဖြစ်၍ ဖောင်ရိုး, ပြိတ်မြက်ကိုလည်းကောင်း ကြက်ဆူပင် ပဒိုင်း

ပင် တို့ကိုသော်လည်းကောင်း ဆွဲ၍ ကိုင်လတ်သော် အဆူး အသွားရှိသော ဓား လှံ သန်လျက် ဖြစ်ကုန်၍ အချင်းချင်းထိုးခုတ် သတ်ဖြတ်သဖြင့် သေလေကုန်၏။ ထိုသတ္တန္တရ ကပ်ဖြင့် သေသော သူတို့၏ အရိုးကို မျှောစေခြင်းငှာ မိုးကြီး သည်းထန်စွာ ရွာပေ၏။ ထို့ နောက် ရွှေနည်းကဲ့သို့ ပန်းမိုး နံ့သာမိုးတန်းဆာမိုးရတနာမိုးတို့သည်ရွာကုန်၍ရွှေနည်းအတူပုန်းအောင်းနေသူတို့ထွက်ခဲ့၍ ထိုရတနာတို့ကို ဆင်ယင်ဝတ်စားလျက် တရားကျင့်ပြန်ကုန်သဖြင့် ထိုသူတို့၏ သားမြေးမြစ်တီကျွတ် တို့သည် အသက်ရှည်လတ်၍ အသက် အသင်္ချေတိုင်အောင် နေရပြန်၏။ ရှည်လျားလတ်သော် တရားမေ့လျော့ ပြန်သည်ဖြစ်၍ ရမ္မက် လောဘ ပြောသဖြင့် လူယက် ငြင်းခုံခြင်းတို့သည် ဖြစ်ပြန် ရကား ကျွန်းသူ ကျွန်းသားတို့သည် ရွှေကဲ့သို့ စုရုံးတိုင်ပင်၍ သီလ သမာဓိရှိသော သူတယောက် အား မင်းမြှောက်ကြပြန်သတည်း။ ထို တတိယ မဟာသမ္မတမင်း၏ နောက် ထီးဆောင်းမင်း အပေါင်းတို့လည်း ၆၃၀၀၀-ပင်ဖြစ်၏။

ထိုမင်းမှစ၍ လူအပေါင်းတို့သည် တရားမှ တရွေ့ တရွေ့ ဆုတ်ကုန်ရကား အသက်လည်း အစဉ်အတိုင်းဆုတ်၍ ဆယ်နှစ်သာ နေရပြန်ကုန်၏။ ထိုအခါ လူတို့သည် မောဟစရိုက် ပြောကုန် အံ့၊ ရောဂန္တရကပ်ဖြစ်၍ အနာရောဂါဖြင့် သေကုန်၏။ ။ဤကဲ့သို့ လူတို့အသက် ယုတ်တုံ တက် တုံဖြစ်သဖြင့် ဆယ်နှစ်တမ်း တခါ တခါတိုင်သည်ကို " အန္တရကပ်တကပ် " ခေါ်သည်။ အန္တရ ကပ်ပေါင်း ၆၄-ကြိမ်မှ ဝိဝဋ္ဋဋ္ဌာယီမည်သော "အသင်္ချေယျကပ်တကပ်" ဖြစ်၏။ ဤအတူ အသင်္ချေ ယျလေးကပ်သော် မဟာကပ်ဟု ဆိုအပ်သော "တကမ္ဘာ" ဖြစ်၏။ ယင်းသို့ ကပ်လေးပါးတို့၏ ဖြစ် ပုံကို ပြရာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဋီကာစသော ကျမ်းကြီးတို့၌လည်းကောင်း၊ မဟာရာဇဝင် စသော လောကီကျမ်းတို့၌လည်းကောင်း ပြဆိုသည်ကို ထောက်၍ ကြက်ဆူပင်တို့၏ ဓားလှံဖြစ် ကြောင်းကိုသိရာ၏။

၂၀၆။ ဝါယောဓာတ်နှဲ၊ ပျက်တုံခဲ့၊ ဘယ်တဲ့ ချိန်၌ သေလိမ့်နည်း(၆)။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား–ယဿ၊ အကြင်သူနာအား။ ပစ္စူသေ၊ မိုး သောက်ထ၌။ ဝါယောနဿနံ၊ ဝါယောဓာတ်၏ ပျက်ပြိုခြင်း လက္ခဏာကို။ စေပဿံ၊ အကယ်၍ မြင်ငြားအံ့။ တတိယပ္ပဟာရေ၊ ညဉ့်သုံးပဟိုရ်အချိန်၌။ မတံ၊ သေအံ့။ အတ္ထင်္ဂတေ၊ နေဝင် စဉ်၌ မြင်လတ်သော်။ ပစ္ဆိမေ၊ ပစ္ဆိမယံအစဉ်၌။ မတံ၊ သေအံ့။ ။ဓာတုဝိဘာဂဒီပနီ။

၂၀၇။ ဆီးပညောင်တဲ့၊ဆေးဘိန်းနှံ့၊ ဘဲ့နှယ်ရာသီ ပေးမည်နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဆေးဘိမ်းနှံ့ကို မည်သည့် ရာသီ၌ ပေးရ မည်ဟု ဆေးကျမ်းတို့၌ မတွေ့မိ၊ ရောဂါ အလျောက် ပေးသည့်ဆေးကိုသာ တွေ့မိ၏။

လဲလူအော်လဲ၊ အိမ်ဒန်ကျဲ၊ ဘိမ်းနှံ့သနပ်ခါး။
သွေးသာမညီ၊ နေမဤ၊ ရာသီတိုင်း၌စား။ ဟူ၍လည်းကောင်း။

ရှင်ဗာကူလ၊ ဘိန်းနွဲစသား၊ ပွင့်လှရွှေဝါ၊ မွှေးစွာကြိုင်ပေါက်၊ ပိတောက် အိုးပွတ်၊ ဆေးမြွတ်ပိန္နဲ၊ သစ်ဆွဲလွဲက၊ အော်လဲတသီး၊ သပွတ်ကြီး၊ သပွတ်သိမ်၊ နံ့ရှိန်တောက်မွဲ၊ ဟင်းဆန်ကွဲက၊ တစွက်မနှင့်၊ ထည့်ထ တပဆေးဖို၊ ခွံညိုဖွားဖက်၊ ဆူးခေါက်နက်စင်၊ ငပြေရှင်နှင့်၊ သင်းဝင်ပေါက်ဖူ၊ မအူထောက်ရှာ၊ မုန်စွာသပြေ၊ မှည့်ပေ ငဖြူကြီး၊ တသီး ထုံးနနွင်း၊ ဆားလှော်သွင်းမှု၊ ခပင်းဆေးသား၊ နှစ်ဆယ့်ငါးကိုစုငြားမျှသာ၊ ကြိတ်ပြီးခါမှ၊ ငါးဖြာငန်းမျိုး၊ မန်းမျိုးဆယ့်နှစ်၊ တွက်စစ်ထွေပြား၊ အနာများနှင့်၊ သည်းဖျားရင်ခေါင်း၊ ထောင်းထောင်းလည်တတ်၊ အသက်ပင့်ရှူ၊ အပူလည်းဝင်၊ ဆို့နင်အစာ၊ သို့နာတုံမြောက်၊ သုံးစွဲသောက်က၊ ပျောက်လေဆောစွာ၊ ရက်မကြာသည်၊ ဆရာအစဉ်ထားသတည်း။ ။ဘေသဇ္ဇဒီပနီ။

လူတို့၌တွင်၊ ခဲအင်လှငြား၊ ငါးပါးငန်းတက်၊ ကုစားခက်၏၊ ငန်းသက် ငန်းနီ၊ အညီငန်းနက်၊ တချက်ငန်းပေါက်၊ အနာရောက်မူ၊ ငန်းဟူမှန်ဘိ၊ လက်မထိရ၊ နာကျင်လှ၏၊ ခြေကတက်ငြား၊ ရင်ဘတ်ကားမူ၊ ငန်းတက်ဟူလော့၊ခေါင်းမူလည်းခဲ၊မေးကဆွဲလျက်၊ ငန်းသက်အနာ။ ရှိတို့ရာ၏၊ အနာငန်းနီ၊ ဝေသီမူးမှိုင်၊ နေထိုင်တိမ်းဘိ၊ မျက်စိကြက်တက်၊ ခြေလက်ရွှေ့လှုပ်၊ လေးဘက်ကုပ်၏၊ အဟုတ်ငန်းနက်၊ တကျည်းတက်သို့၊ ဝမ်းသက်ပြုငြား၊ ငန်းငါးပါးကို။ ကုစားမည်ကြောင်း၊ လက်နက်ကောင်းကား၊ မြင်းခေါင်း နွားယောင်၊ ရအောင်ယူမှ၊ ဘင်္ဂသစ်ဆွဲလွဲ။ ရှင်ကစွဲနှင့်၊ တကွဲရှင်ဗာကူ၊ နည်းတူခွေးတောက်၊ ပိတောက်နှစ်ယူ၊ မအူထောက်ရှာ၊ နိုင်းရာမဲ့ဘဲ၊ ဘိန်းနွဲအိုးပွတ်၊သပွတ်သိမ်က၊ ခင်ပုတ်စသည်။ တပဆေးဖီး၊ သက်ရင်းကြီးကို၊ သွေးပြီးသောထွေ၊ ပုံးရေနှင့်ပင်၊ ပြင်ကလိမ်းမြောက်၊ အတွင်းသောက်ရ၊ အေးကျင်လှမူ၊ ကြပ်ကြပ်ရှုလော့၊ နာသူငန်းတက်၊ ဖက်တုံတပဆေး၊ မထွေး ငန်းပေါက်၊ တစွက်လှောက်လျက်၊ သောက်တည့်လိမ်းလျှင်၊ ကိုယ်တွင်ရောဂါ၊ ကင်းပျောက်ကွာသည်၊ ဆရာဇော်ဂျီ လက်သုံးတည်း။ ။ငင်းဘေသဇ္ဇဒီပနီ။

၂၀၈။ မစင်ပြွမ့်ပြွမ့်၊ စားရခဲ့ ငရဲ့ပြည်၌ ဘယ်ပြစ်နည်း။ (ဂ)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သူတထူးအား၊ လွန်ကျူးစော်ကား၊ ပြစ်မှားမိရှာ၊ သူတကာကို၊ စားပါမိစေ၊ ထည့်လေမစင်၊ သံဃာတို့အား၊ လှည့်ဖြားသမှု၊ ဤသုံးခုကြောင့်၊ ဘင်စုငရဲ ရောက်သတည်း။

ထို့ကြောင့် နေမိဇာတ်၌....

ယေ ကေစိ မေ ကာရဏိကာ ဝိရောသကာ၊ ပရေသံ ဟိံသာယ သဒါနိဝိဋ္ဌာ။
တေ လုဒ္ဒကမ္မာ ပသဝေတွာန ပါပံ၊ မိတ္တဒ္ဒုနော မိဠ္ဟမဒန္တိ ဗာလာတိ။

ဟူ၍ ဟောတော်မူ၏။

အနက်ကား။ ။မဟာရာဇ၊ နေမိမင်းမြတ်။ ယေ ကေစိ၊ခပ်သိမ်းကုန်သော။ ဣမေ၊ ဤ ဘင်စုငရဲ၌ ခံရကုန်သော သတ္တဝါတို့သည်။ ကာရဏိကာ၊ မကောင်းမှုကို ပြုကုန်သည်ဖြစ်၍။ ဝိရောသကာ၊ ရန်ငြိုးကြမ်းတမ်းကုန်သည်ဖြစ်၍။ ဝါ၊ သူ့ကို နိုင်လိုကုန်သည်ဖြစ်၍။ ပရေသံ၊ သူတပါးတို့အား။ ဟိံသာယ၊ ဆဲရေးမောင်းမဲ ညှဉ်းဆဲခြင်းငှါ။ သဒါ၊ အခါခပ်သိမ်း။ နိဝိဋ္ဌာ၊ ဆောက်တည်ကုန်၏။ လုဒ္ဒကမ္မာ၊ ကြမ်းကြုတ်သော အမှုရှိကုန်သော။ မိတ္တဒ္ဒုနော၊ ခင်ပွန်းကို ပြစ်မှား

တတ်ကုန်သော။ ဗာလာ၊ မိုက်ကုန်သော။ တေ၊ ထိုသတ္တဝါတို့သည်။ လောကေ၊ လူ့ပြည်၌။ ပါပံ၊ မကောင်းမှုကို။ ပသဝေတွာန၊ ပွါးစေ၍။ မိင္ဆံ၊ မစင်ကို။ အဒန္တိ၊ စားရလေကုန်၏။

ကဿပဘုရား ပွင့်တော်မူသောအခါ ဤရာဇဂြိုဟ်ပြည်၌ မိစ္ဆာအယူရှိသော ပုဏ္ဏားတဦးသည် ဘုရားသခင်အား လည်းကောင်း, သံဃာတော်တို့အား လည်းကောင်း, ဩူစုစောင်းမြောင်းလျက် မကောင်းပြုလိုသော စိတ်ရှိသည်ဖြစ်၍ တနေ့သ၌ မိမိအိမ်တွင် တခုသောကျင်း၌ မစင်ကို အပြည့် ထည့်ထားပြီးသော် သံဃာတော်တို့ထံသို့ သွား၍ "နက်ဖြန် အကျွန်ုပ်အိမ်၌ ဆွမ်းစား ကြွပါ"ဟု ပင့်၏။ နံနက် သံဃာတော်တို့ ကြွလာသောအခါ ထိုမစင်ကျင်းကို ဖွင့်၍ "ငါ့ရှင်တို့ အလိုရှိတိုင်း သုံးဆောင်ကုန်လော့ ဘုဉ်းပေးကုန်လော့"ဟု ဆို၏။ ထိုပုဏ္ဏားသည် ဤသို့ ပြုဖူးသော မကောင်း မှုကြောင့် ကဿပဘုရားမှ သည် ငါတို့ ဘုရားလက်ထက်တိုင်အောင် ဤရာဇဂြိုဟ်ပြည်၏ အနီး ဖြစ်သော ဂိဇ္ဈကုဋ်တောင်၌ မစင်တွင်းဝယ် နစ်သော ဦးခေါင်းရှိလျက် ခံရလေ၏။ ထိုသတ္တဝါတို့ကို ငါတို့ဘုရား လက်ထက်တော်၌ အရှင်မောဂ္ဂလာန်နှင့် အရှင်လက္ခဏထေရ် ဆွမ်းခံကြွရာ မြင်၍ ဘုရားသခင်ကိုလျှောက်ရာတွင် ဘုရားသခင်က ရှေးအကြောင်းကို ဖော်၍ ဟောတော်မူ၏။

ဤအကြောင်းသည် ပါရာဇိကဏ် ပါဠိတော်, ၎င်း အဋ္ဌကထာ တို့၌ လာသည်။

၂၀၉။ ဘီလူးစေးတဲ့၊ တွေ့တုံ့ခဲ့၊ ဘဲ့ကြောင့်လောင်းတော် လွတ်သနည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....."ဉာဏ်တော်ကိုရှယ်၊ ပရိယာယ်၊ ယိုးမယ်ဆို ၍လွတ်သတည်း"....ဟုဖြေ။

အကျယ်ကား ... ငါတို့ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသား ဖြစ်၍ အမည်မှည့်အံ့သောနေ့၌ တရာ့ရှစ်ယောက်သော ပုဏ္ဏားတို့ကို ခေါ်၍ လက္ခဏာကို ဖတ် စေသော် ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံအံ့သော အကြောင်း၊ လေး, လုံ, တုတ်, ဓား, ခက်ရင်း အားဖြင့် ငါးပါးသော လက်နက်တို့၌ အတုမဲ့ တတ်အံ့သော အကြောင်းကို ဆိုကြသောကြောင့် "ပဥ္စာဝုဓမင်းသား"ဟု အမည်မှည့်ကုန်၏။ ထိုမင်းသားသည် တဆဲ့ခြောက်နှစ် အရွယ်ရောက်သော အခါ ဖခင်မင်းကြီးက ခေါ်၍ "ချစ်သား ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခ ဆရာ့ထံ၌ အတတ်သင်ချေ"ဟု စေလိုက်၏။ မင်းသားလည်း ဖခင်ဆိုသော အတိုင်း သွား၍ ဆရာအား အသပြာတထောင်ပေး၍ အတတ်သင်လေသော် သုံးနှစ်မြောက်လျှင် လက်နက်ငါးပါး အရေး၌ အပြီးတိုင် တတ်မြောက်၏။ တတ်မြောက်သောအခါ ဆရာအား ပူဇော်ခဲ့၍ မိမိစွဲသော လေး,လုံ,တုတ်,ဓား,ခက်ရင်း အားဖြင့် ငါးပါးသော လက်နက်ကို ဆောင်လျက် ဗာရာဏသီပြည်သို့ ပြန်ခဲ့သော် ခရီးအကြား၌ သိလေသလောမ မည်သော ဘီလူးသည် စောင့်နေသော တောအုပ်သို့ ရောက်လေ၏။ တောအုပ်သို့ ဝင်အံ့သော အခါကပင် တောအဝ၌နေသော လူတို့သည် မင်းသားကို မြင်၍ "မောင်လုလင် – ဤတောသို့ မဝင်လင့်၊ ဤတောခွင်၌ မြင်မြင်သမျှသော သတ္တဝါတို့ကို မိမိအမွေး၌သာငြိစေ၍ ဖမ်းစားတတ်သော သိလေသလောမ မည်သော ဘီလူးသည်ရှိ၏။အကယ်၍ ဝင်မူကား ဤဘီလူးလက်မှ အမောင် မလွတ်နိုင်ရာ။ ဤလမ်းကွေ့ဖြင့်သာ သွားလော့"ဟု ဆိုကြ၏။ ပဥ္စာဝုဓ မင်းသားသည် ထိုစကားကို မနာပဲ၊ ကေသရာခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော စိတ်မာန်ဖြင့် မြန်စွာ တောသို့ဝင်လေ၏။ တောလယ်သို့ရောက်၍ သိလေသလောမ ဘီလူးက မြင်လေလျှင် ထန်းပင်မျှလောက်သော ကိုယ်ယပ်၌ တောင်ထွတ်နှင့်တူသော ဦးခေါင်းကို ညိတ်

လျက်၊ သပိတ်လုံးမျှလောက်သော မျက်လုံးကို ပြူးရရူးထွက်စေလျက်၊ ငှက်ပြောညှောက်နှင့်တူသော အစွယ်ဖြင့် ကျယ်စွာသော ခံတွင်းကိုဖြဲလျက်၊ မည်းနက်သော ကိုယ်မွေးအမှင့်ဖြူစင်သော မျက်ကွင်း၊ မျက်တောင်၊ ညိုမှောင် ပြောက်ကျားသော လက်ရုံးမွေးတို့ဖြင့် ဖားရုရား ကျစေလျက် အပါး၌ရပ်၍ "ဟယ်- လူသား သင် ဘယ်ကိုသွားအံ့နည်း၊ ရပ်လော့ ရပ်လော့၊ သင်ကား ငါ့အစာဖြစ်ပြီ၊ ဤဝမ်းဗိုက်၌သာ ကောင်းစွာ အောင်းဘိလော" ဟု ဆို၏။

ထိုအခါ ပဉ္စာဝုဓ မင်းသားကလည်း "ဟယ်· ဘီလူး သင်မျှကို ငါကြောက်မူ ဤတောအုပ်သို့ ငါမလာ၊ သတ္တဝါတို့ကို ညှဉ်းဆဲတတ်သော သင့်ကို ငါသတ်လို၍သာ လာသတည်း" ဟု ဆို၍ အဆိပ်လူးသောမြားဖြင့်ပစ်လေ၏၊ ပစ်သမျှသော မြားသည် ဘီးလူးအသားသို့မရောက်၊ အမွေး၌ကပ်ငြိ၍သာနေလေ၏။ မြားငါးဆယ် ကုန်၍မျှ အန္တရာယ်မရှိ။ အမွေး၌ ငြိ၍သာ နေလေလျှင် အသွား ရှည်သောလှံဖြင့် ထိုးပြန်၏။ လှံလည်း အမွေး၌သာငြိလေ၏။ ဘီလူးလည်း မင်းသား၏ လက်နက်သည် မိမိအား မထိ မရှသည်ကို သိ၍ စားအံ့သောငှါ အနီးသို့ ချဉ်းကပ်သောအခါ မင်းသားလည်းဖြက် လက်သစ် ၃၀၊ အလျား လက်သစ်–၆၀ရှည်သော သန်လျက်ဖြင့် ခုတ်ပြန်၏။ ထိုသန်လျက်လည်း အမွေး၌သာ ငြိ၍ နေလေလျှင် ကိုယ်တွင်လွယ်သော မြားတောင့်ဖြင့် ရိုက်ပြန်၏။ ထိုမြားတောင့်လည်း အမွေး၌ငြိလေလျှင် လေးညှို့ဖြင့်ရိုက်ပြန်၏။ လေးညှို့လည်း အမွေး၌ငြိလျက် နေလေလျှင်၊ပဉ္စာဝုဓ မင်းသားသည် အားကုန်သွန်လျက် လက်ပမ်းပေါက်ခတ်၍ "ဟယ်-ဘီလူး ငါ့ကို ပဉ္စာဝုဓ မင်းသားလို့ သင်မကြား ဖူးသလော၊ သင်မျှသော ဘီလူးကို လက်သီးဖြင့်ကြေစေအံ့" ဟု ကြုံးဝါးလျက် လက်နှစ်ဖက်ဖြင့် ရင်ဝကိုထိုးသတ်၏။ လက်လည်း အမွေး၌သာ ငြိပြန်ခဲ့၏။ ထိုအခါ ပုဆစ်ဒူးဖြင့်လည်းကောင်း၊ ဦးခေါင်းဖြင့် လည်းကောင်း၊ ရိုက်ခတ်၏။ ဒူးဦးခေါင်းတို့သည် ပင့်ကူမျှင်၌ ကပ်သော ယင်ကဲ့သို့ အမွေး၌ငြိ၍ မလှုပ်နိုင်ရှိ၏၊ ယင်းသို့ ရှိသော်လည်း ပဉ္စာဝုဓမင်းသားသည် ကြောက်ရွံ့ခြင်းမရှိ ပကတိရဲတင်းသော မျက်နှာဖြင့်သာ နေ၏။ ထိုအခါ ဘီလူးက ဤသို့ကြံ၏၊ 'ဤသူကား ယောကျာ်းမည်ကာ မဟုတ်၊ ကေသရာခြင်္သေ့မင်းနှင့် တူသော ပုရိသ အာဇာနည်ပေတည်း၊ ငါသည် ဤတောအုပ်၌နေ၍ အထောင်မကသော လူကို ဖမ်းစားသော်၊ ဤသူကဲ့သို့ ရဲရင့်သော လူကိုမမြင်ဖူးချေ။ မကြောက်ခြင်းကို ငါးမေးဦးအံ့" ဟုကြံ၍ "မောင် လုလင် ငါ့ခံတွင်းသို့ ဝင်အံ့သည်ကို စင်စစ်သိလျက် အဘယ့်ကြောင့် မကြောက်မရွံ့ ရဲဝံ့တင်းမာဘိသနည်း" ဟုမေး၏။ မင်းသားကလည်း "ဟယ်ဘီလူး သတ္တဝါဟူသမျှကား.... တဘဝတွင် တခါသေမြဲဖြစ်၍ ငါမကြောက်သတည်း။ သို့ရာတွင်မူကား.... သင်သည် တပါးသတ္တဝါကို စားကာနေပေသော ဘီလူးတန်ခိုးကြီးဖြစ်သည်။ ငါ့ကိုစားလျှင် ငါ့ဝမ်းတွင်ရှိသော ဝဇီရစိန်လက်နက် ခွဲကာထွက်၍ သင်သေရလေတော့မည်။ သို့ဖြစ်၍ ငါတယောက်ကို စားကာနှင့် မသေပါစေနှင့်ဦးဟု သင့်ကိုသနား၍သာ ငါအားထုတ်ပါသတည်း" ဟု ဆို၏။ ထိုစကားကိုကြားလျှင် ဘီလူးလည်း ယုံကြည်၍ ဤသူသည် ဟုတ်မှန်သည်ကို ဆိုပေလတ္တံ့။ ဤသူ့ကို ငါစားသော် ပဲနောက်ခန့်မျှသော ဤသူ၏အသားသည် မကျေနိုင်ရာ အောက်မေ့၍ "မောင်လုလင် သင့်အား ငါမစားလိုပြီ။ သင်အလိုရှိရာသို့ သွားလေတော့" ဟုဆို၍ လွှတ်၏။ ထိုအခါ ပဉ္စာဝုဓမင်းသားလည်း "ဘီလူး.... သင်သည် ရှေးဘဝ၌လည်း မကောင်းမှုကို ပြုခဲ့ဖူး၍ ဤဘဝတွင် အမြင်မကောင်းသော ရုန့်ရင်းကြမ်းကြုတ်သော ဘီလူးအဖြစ်၌ ဖြစ်၍ တယောက်တည်း ဆင်းရဲခံနေရသည်။ ယခုတဖန် မကောင်းမှုထပ်ပြန်လျှင် တမလွန်ဘဝ၌ ငရဲကြီးရှစ်ထပ်သို့ ကျ၍ အဆုံးမရှိသော ငရဲဘေးကို ခံရလတ္တံ့။ ထိုကြောင့် ဤအခါမှစ၍ သတ္တဝါတို့၏ အသားကို

သင်မစားလင့်။ ငါးပါးသော ဒုသီလမမှုကို ရှောင်ကြဉ်၍ လူ့ခပ်သိမ်းတို့၏ ပူဇော်သည်ကိုခံ၍ ကောင်းမွန်သောအစာကို သင်စားရလတ္တံ့" ဟု တရားပြသ ဆုံးမဟောကြား၍ ဘီလူးအား ပဉ္စသီတည်စေ၏။ မင်းသားလည်း တောအုပ်မှ ထွက်၍လာသဖြင့် ဗာရာဏသီပြည်သို့ ရောက်သော် ခမည်းတော်က ရွှေထီး, ရွှေနန်းကိုအပ်၍ မင်းပြုလေ၏။

ဤကား ဘီလူးစေးနှင့် တွေ့ကြုံသောအခါ ပညာတည်းဟူသော ဝဇီရစိန် လက်နက်ကိုရည်၍ ပရိယာယ်ဆိုသဖြင့် လွတ်သော အကြောင်းတည်း။ ကေနိပါတ် ပဉ္စာဝုဓဇာတ်၌ လာသည်။

၂၁၀။ သရဗူတဲ့၊ တက်တူငဲ့၊ တောက်တဲ့ဝိဂြိုဟ် မည်သို့နည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... "သရတိ ပါဏေ ဟိံသတီတိ သရဗူ။ ခုဒ္ဒကဇန္တုဝိသေသော" ဟူ၍ မောဂ္ဂလ္လာန်၌ မိန့်၏။

ယော သတ္တော၊ အကြင်သတ္တဝါသည်၊ ပါဏေ၊ တပါးသော သတ္တဝါတို့ကို။ သရတိ ဟိံသတိ၊ ညှဉ်းဆဲ သတ်စားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောသတ္တော၊ ထိုသတ္တဝါသည်။ သရဗူ၊ သရဗူမည်၏။ ခုဒ္ဒကဇန္တုဝိသေသော၊ တက်တူ, တောက်တဲ့, ဟူသော ငယ်သော သတ္တဝါ အထူးကို။ လဘတိ၊ ရ၏။

ဤသရဗူသဒ္ဒါသည် ယခုလူတို့ "တောက်တဲ့" ဟူ၍ ခေါ်အပ်သော သတ္တဝါကို ဟော၏။ မြေကိုမှီ၍ နေသော "တက်တူ"ကို မဟော။

ဘယ့်ကြောင့်နည်းဟူမူကား.... ဤတောက်တဲ့သာလျှင် တပါးသော သတ္တဝါတို့ကို ညှဉ်းဆဲ တတ်သော ကြောင့်တည်း။

အချို့ဆရာတို့ကား နှစ်ပါးစုံကိုပင် ဟော၏။ ဘယ့်ကြောင့်နည်း ဟူမူ.... ကက်တူနှင့် တောက်တဲ့ သည် အမျိုးအားဖြင့် မကွဲ၊ အဆင်းသဏ္ဌာန်မျှသာ ကွဲသောကြောင့်တည်းဟု ဆိုကုန်၏၊ ခန္ဓပရိတ် ၌ ဥဏ္ဏနာဘိ, သရဗူ, မူသိကာ" ပုဒ်တို့ကို ထောက်လျှင် နောက်ဝါဒလည်း သင့်သည်ပင်။

"တက်တူ"ဟူသော အမည်, "တောက်တဲ့"ဟူသော အမည်ကို ဝိဂြိုဟ်ပြုပါဟူသော်....

"တက်တက်သဒ္ဒံ တုဒတီတိ တက်တူ"

"တောက်တောက်သဒ္ဒံ တာယတီတိ တောက်တဲ့"ဟူ၍ ပြုအပ်၏။

တက်တက်သဒ္ဒံ၊ တက်တက်ဟူသော အသံကို။ တုဒတိ၊ တွန်ထူး ကျူးရင့်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တက်တူ၊ တက်တူမည်၏။ တောက်တောက်သဒ္ဒံ၊ တောက်တောက်ဟူသော အသံကို။ တာယတိ၊ မြည်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တောက်တဲ့၊ တောက်တဲ့မည်၏။

ဤကဲ့သို့ မြန်မာဘာသာကို ဝိဂြိုဟ်ပြုထုံး ရှိပါ၏လော ဟူငြားအံ့ —

"လာဘာ လာဘံ ဇာနာတီတိ ဇီ။ ဂွက်တိသဒ္ဒံ ကရောတီတိ ဂွက်။ ဇီ စ သော ဂွက်စာတိ ဇီဂွက်" ဟူ၍လည်းကောင်း

ဒိဋ္ဌိ ကုလာနံ သမံ ကရောတီတိ သမက်" ဟူ၍လည်းကောင်း ပြုထုံးရှိပါ၏။

ကျမ်းလာစကား မဟုတ်ငြားသော်လည်း တပည့်သားတို့ ဉာဏ်ပွားကြောင်းဖြစ်၍ ဆိုလိုက်သည်။

၂၁၁။ သုတ်ခုန်၍တဲ့၊ လိုက်တုံခဲ့၊ ဘဲ့နှယ် ဂတိကပေနည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ခုန်၍ လိုက်သောသုတ်သည် "မဏ္ဍူကဂတိက အဓိကာရသုတ်" မည်၏။ ပြယုဂ်ကား "သရာပကတိ ဗျဉ္ဇနေ" ဟူသောသုတ်၌ ဗျဉ္ဇနေသဒ္ဒါ အစရှိသည်တည်း။ ဤဗျဉ္ဇနေ သဒ္ဒါသည် "သရေကစ္စိ" ဟူသောသုတ်ကို ခုန်၍ လိုက်သော ကြောင့် "မဏ္ဍူက ဂတိက အဓိကာရသုတ်" မည်၏။

"အဲ့"ကာရန် ပုစ္ဆာ ၁၁-ပုဒ် အဖြေ ပြီး၏။

---

(၄) "အံ"ကာရန်ပုစ္ဆာ ၂၉-ပုဒ် အဖြေ။

၂၁၂။ အစိန္တေယျ၊ ဂုဏ်ဂုဏ၊ ဆက်ဆံ နေ့ခြင်းရလိမ့်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဘုရားသခင်သည် အစိန္တေယျဂုဏ်ကို ဘုရား ဖြစ်ဦးစ နေ့၌မရ။ နောက်နောက်သော အခါတို့မှ ရ၏ဟုဖြေ။

အဘယ် အခါတို့မှ ရသနည်း ဟူမူကား.... ဘုရားဖြစ်တော်မူသည်မှ နောက် ခုနစ်ဝါမြောက်၌ တာဝတိံသာ နတ်ရွာဝယ် ဝါကပ်အံ့ဟု ကြွတော်မူ၍ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၏ အနီး၌ ရပ်တော်မူသောအခါ သိကြားမင်းသည် ဤသို့ကြံ၏။ "ဘုရားသခင်သည် ငါတို့ နတ်ရွာ၌ ဤကျောက်ဖျာထက် ဝါကပ်တော်မူလိုယောင်ရှိသည်။ အကယ်၍ စံနေတော်မူခဲ့သော် ဤကျောက်ဖျာသည် ဗုဒ္ဓါသနဖြစ်၍ နတ်အများတို့သည် လက်ဖျားမျှ မတင်ဝံ့ကုန်ရာ။ မြတ်စွာ ဘုရား၏ ကိုယ်တော်ကား ဆယ့်ရှစ်တောင်မျှသာဖြစ်၍ ငယ်သည်။ ကျောက်ဖျာကား အလျား ယူဇနာ-၆၀၊ အနံယူဇနာ-၅၀၊ အထု ၁၅-ယူဇနာ ရှိသည်ဖြစ်၍ အလွန်ကျယ်သည်။ အနည်းငယ် ၌သာ နေသဖြင့် တပြင်လုံး သုဉ်းလေတော့မည်။ ဘုရားသခင်သည် တောင်ကြီးထက်တွင် နား သော ငှက်ငယ်ကဲ့သို့ မတင့်တယ်ရှိလေတော့မည်" ဟုကြံ၏။

ထိုအကြံကို ဘုရားသခင်သိမြင်တော်မူ၍ ဒုကုဋ်သင်္ကန်းဖြင့် ကျောက်ဖျာကိုလွှမ်းလျက် ထိုင်တော်မူသည်။ သင်္ကန်းတော် စသည် အရပ်လေးမျက်နှာ၌ ကျောက်ဖျာကို လွှမ်း၍ ကျ၏။ ကိုယ်တော်မြတ်လည်း ရှစ်ရပ် မျက်နှာဝယ် ကျောက်ဖျာတပြင်လုံးကို ပြည့်စေလျက် ထက်ဝယ် ဖွဲ့ခွေ၍ စံနေတော်မူ၏။

ဤသို့သောအခါ သိကြားမင်းသည် "ဘုရားသခင်တို့၏ တန်ခိုးတော်ကား.... မကြံအပ် မကြံရာသော အစိန္တေယျပေတည်း" ဟု ချီးမွမ်း ပူဇော်၏။ ဤသို့ ပူဇော်သောအခါမှ "အစိန္တေယျ ဂုဏ်ကိုရ၏" ဟူ၏။

ရူပအစိန္တေယျ, ဝါစာအစိန္တေယျ, ဉာဏအစိန္တေယျ, ဣဒ္ဓိအစိန္တေယျ-အားဖြင့် လေးပါးတို့တွင် သဗ္ဗညုတဉာဏ်သည် ဉာဏသာဂရလည်း မည်သည်။ ဉာဏအစိန္တေယျလည်း မည်သည်။ ထိုဉာဏ အစိန္တေယျကို ဘုရားဖြစ်ဦးစနေ့ကပင် ရပါမည်မဟုတ်လော။ ဘယ့်ကြောင့် နောက်အခါတို့မှ

ရ၏ဟုဆိုပါသနည်း....ဟု မေးအံ့၊ ဉာဏအစိန္တေယျဂုဏ်ကို နေ့ခြင်းရသော်လည်း လောကဌ် မထင်ရှား၊ ဣဒ္ဓိအစိန္တေယျဂုဏ်သာလျှင် ထင်ရှားစွာဖြစ်သောကြောင့် လူ့,နတ်, ဗြဟ္မာတို့သည် ထိုအခါမှ ထောမနာကြသည်ကိုစွဲ၍ နတ်ရွာသို့ရောက်မှ အစိန္တေယျဂုဏ်ကိုရ၏ဟု ဆိုအပ်သတည်း။

အရှင်သီလဝံသ မထေရ်မြတ်သည် ပါရမီခန်းကဗျာ၌....“ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင် ပြည့်စုံ၊ သဗ္ဗဂုဏ်တည့်၊ ဆန်စုံအောက်ထက်။ ကျော်ဝှန်တက်သား....”ဟူ၍ စပ်တော်မူရင်းကို ဆရာဖြစ်သော နတ်မှိုပုဂ္ဂိုလ်က “ဗောဓိမဏ္ဍိုင်၌ ခန်းဝါပိုင်စ ကာလက အလုံးစုံသော ဘုရားဂုဏ်နှင့် မပြည့်စုံသေး၊ ကိုးပါးသောဂုဏ်နှင့် ပြည့်စုံကြောင်းကိုသာ နတ်ဗြဟ္မာတို့ ချီးမွမ်းကြသည်။ ဘုရားဟောသောအခါမှ ဝါစာအစိန္တေယျဂုဏ်၊ တန်ခိုးပြသောအခါမှ ဣဒ္ဓိအစိန္တေယျဂုဏ်တို့ကို ရသည်။ ထို့ကြောင့် ငါ့ရှင်စကားလွန်သည်။ နဝဂုဏ်သာ စပ်ဆိုရမည်”ဟု နည်းပေးသောကြောင့် “ချက်ရိုင်ပြည့်စုံ·နဝဂုဏ်တည့်”ဟု လက်ာတော် ပြင်ရကြောင်းများကို ထုံးဟောင်းစာတမ်းရှိသည်။ ထိုအကြောင်းကိုထောက်၍လည်း နောက်နောက်အခါတို့မှ အစိန္တေယျဂုဏ်ကို ရ၏ဟု သိရသည်။

စောဒနာ၊ သောဓနာ၊ ဆိုသင့်ရာသမျှ ဖွင့်ဆိုပြမူ။ ဂန္ထဘာရ ဖြစ်လေရာသောကြောင့် ပညာရှိတို့ သိလောက်ရုံမျှသာ ဖြေဆိုလိုက်သည်။

၂၁၃။ ဗုဒ္ဓကိစ္စ၊ နိဋ္ဌိတံ၊ ဝေဿန္တရာဘယ်ကြောင့် ဖြစ်ပြန်သနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ကိစ္စံ၊ နိဋ္ဌိတံ-ဟူသော ပုဒ်နှစ်ပါးကား သေးသေးတင်၊ ဝေဿန်ကား နသတ်ဖြစ်၍ ကာရန်မပြုသင့်သကဲ့သို့ ရှိ၏။ သို့သော်လည်း အဓိပ္ပါယ်ကိုသာ ပဓာနပြု၍မေးသည်။ အသတ်ကို ဤနေရာတွင် ပမာဏမပြုဟု မှတ်သင့်၏။

ဘယ့်ကြောင့်နည်း ဟူမူကား....ဝေဿန္တရာသဒ္ဒါ၌ နကာရန္တ ရှိသောကြောင့် မြန်မာမှု၌လည်း နသတ်သာ ဖြစ်ထိုက်သည်။ သေးသေးတင် မဖြစ်ထိုက်။ မဖြစ်ထိုက်လျှင် သတ်အင်မစပ်သင့်သော ကြောင့်တည်း။

အဓိပ္ပါယ်ကား....ပါရမီ ဆယ်ပါးတွင် ဒါနပါရမီတရားကို အရင်းထား၍ ပြည့်အပ်ကြောင်းဖြင့် ဟောတော်မူသည်။ ဘုရားလောင်းသည် အပဏ္ဏကဇာတ်မှစ၍ ငါးရာ့လေးဆဲ့ ခြောက်ဖြစ်သော ဇာတ်တော်တို့တွင် အချို့ဇာတ်တို့၌ ဒါနပါရမီကို ဖြည့်ခဲ့သည်။ အချို့ဇာတ်တို့၌ သီလပါရမီကို ဖြည့်ခဲ့သည်။ အချို့ဇာတ်တို့၌ နိက္ခမပါရမီကို ဖြည့်ခဲ့သည်။ အချို့ဇာတ်တို့၌ ပါရမီသုံးပါး လည်းကောင်း,လေးပါးလည်းကောင်း,ဆယ်ပါးလုံးလည်းကောင်း ဖြည့်ခဲ့သည်။ ပါရမီဆယ်ပါးလုံး ပြည့်စုံပြီး အဆုံးဖြစ်သောကာလမှ အရင်းဖြစ်သော ဒါနပါရမီကိုဖြည့်ခြင်းငှါ ဝေဿန္တရာ ဘယ့်ကြောင့် ဖြစ်ပြန်သနည်းဟု မေးလိုသည်။

အဖြေကား....အမှာကံ ဝိယ ဒါနပါရမီယော အဘိက္ကမ္မ အဓိကံ ပုရေဟိတိ သတ္တာနံ ဥယျောဇေန္တော ပဝတ္တတိ။

ဟူသော ဇာတ်ဋီကာနှင့်အညီ ‘ငါကဲ့သို့ ဒါနပါရမီတရားကို ဝံ့စားသဖြင့် လွန်စွာ ဖြည့်ကျင့်ကြလော”ဟု သတ္တဝါအပေါင်းတို့အား နည်းပေးသောအားဖြင့် တိုက်တွန်းခြင်းငှါ အဆုံးမှာမှ ဝေဿန္တရာဖြစ်၍ အလှူကြီးကို ပေးတော်မူ၏ဟု ဖြေ။

၂၁၄။ အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ ဘယ်ကံ အားကြီးကြသနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ကံနှစ်ပါးတွင် အကုသိုလ်ကံအားနည်း၏။ ကုသိုလ်ကံအားကြီး၏ ဟူပေ။

ဘယ့်ကြောင့်နည်း....ဤလောက၌ သူ၏အသက်ကိုသတ်ခြင်း, သူ၏ဥစ္စာကို ခိုးခြင်းစသော မကောင်းမှုကံကို ပြုခဲ့သော် မျက်မှောက်၌ပင် မင်းပြစ်စိုးဒဏ်ကို ခံရခြင်းစသော အပြစ်သည် ဖြစ်ပါသည်မဟုတ်ပါလော။ ကုသိုလ်ကံကို ပြု၍ ဤကဲ့သို့ အမြန်မစံရတကား ဟူငြားအံ့၊ အကုသိုလ်ကံသည် အာနုဘော်နည်းသောကြောင့် မြန်စွာအကျိုးပေး၏။ ကုသိုလ်ကံကား အာနုဘော်ကြီးသောကြောင့် နှေးနှေးမှ အကျိုးပေး၏ ဟူပေ။

ဥပမာကား။ ။ကောက်ပဲ စပါးစသော သစ်ပင်သည် တကြိမ်သာစားရ၍ အာနုဘော်ငယ်သောကြောင့် မြန်စွာကြီးသဖြင့် မြန်စွာသီး၏။ အုန်း, ထန်း စသော သစ်ပင်သည် ရှည်ကြာစွာစားရ၍ အာနုဘော်ကြီးသောကြောင့် တဖြည်းဖြည်းကြီးသဖြင့် နှေးနှေးသီးသကဲ့သို့တည်း။ ကြာမကြာအားဖြင့် ထောက်ထားသော် အကုသိုလ်ကံသည် ဂရုကံသို့ရောက်သော အနန္တရိယကံပင်ဖြစ်သော်လည်း တကမ္ဘာခံလျှင် လွတ်၏။ ကုသိုလ်ကံမူကား ကမ္ဘာ အရာ အထောင်ဖြင့်လည်း အဆုံးမရှိ သတ္တိအားလျော်စွာ ခံစံရသည်သာဖြစ်၏။

ဒုဿီလရဟန်းတဦးအား သံဃာတော်ဟု အမှတ်ထား၍ လှူအပ်သော ဒါနသည်လည်း အသင်္ချေယျ ကာလပတ်လုံး အကျိုးပေးကြောင်းကို ဒက္ခိဏာဝိဘင်္ဂသုတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်တို့၌ ဟောတော်မူသည်။

ထိုကြောင့် ကုသိုလ်ကံ အားကြီးကြောင်းကို သိအပ်၏။ အားကြီးသောကြောင့်လည်း အကုသိုလ်ကံကို တားမြစ်နိုင်၏။ တားမြစ်နိုင်ကြောင်းကိုကား ရှင်နာဂသိန်၏ စကားဖြင့်သိအပ်၏။

မိလိန္ဒမင်းသည် ဤသို့မေး၏။ "အရှင်နာဂသိန်၊ အကြင်သူသည် အနှစ်တရာမျှလောက် မကောင်းမှုကိုပြု၍ သေခါနီးကာလ၌ ဘုရားဂုဏ်ကျေးဇူးကို အောက်မေ့ခြင်းစသော ကုသိုလ်ကံကိုပြု၏။ ထိုသူသည် ထိုအာသန္နကံကြောင့် နတ်ပြည်၌ဖြစ်ရ၏ ဟူသော စကားကိုလည်း အကျွန်ုပ် မယုံနိုင်။ သတ္တဝါတခုကို သတ်မိသောကြောင့် ငရဲခံရ၏ဟူသော စကားကိုလည်းကောင်း, အဖန်ငါးရာလည်းကောင်း, တထောင်လည်းကောင်း, အသတ်ခံရ၏ဟူသော စကားကိုလည်းကောင်း, အကျွန်ုပ်မယုံနိုင်။ ဤအရာကို သိသာအောင် မိန့်တော်မူပါ"ဟု လျှောက်၏။ "မင်းကြီးအနည်းငယ်သော ကျောက်ခဲ, သံခဲသည် ရေ၌ပေါ်၏လော"ဟုမေး၏။

"အရှင်ဘုရား လှေနှင့်ကင်း၍ မပေါ်ချေ"ဟု လျှောက်သော် "မင်းကြီးများစွာသော ကျောက်ခဲ, သံခဲတို့သည်လည်း လှေနှင့်ကင်း၍ ရေဝ၌ပေါ်၏လော"ဟု မေးပြန်၏။ "အရှင်ဘုရား မပေါ်နိုင်ချေ"ဟု လျှောက်သော် "မင်းကြီး လှေနှင့်ကား ကုသိုလ်ကံနှင့်တူ၏၊ ကျောက်ခဲနှင့်ကား အကုသိုလ်ကံနှင့် တူ၏၊ တစင်းတည်းသော လှေသည် ကျောက်ခဲများကို ဆောင်နိုင်သကဲ့သို့

အားကြီးသော ကုသိုလ်ကံ တခုသည် များစွာသော အကုသိုလ်ကံကို တားနိုင်၏။ ထို့ကြောင့် ကြာမြင့်စွာ ပြုသော အကုသိုလ်ကို သေခါနီး၌ဖြစ်သော ကုသိုလ်ကံသည် ဆောင်နိုင်လေသတည်း၊ တခုသော အကုသိုလ်ကို ပြုသောသူအား ဇောအကြိမ်များစွာ ကျ၏။ တကြိမ်တကြိမ်သော ဇောသည် တကြိမ်တကြိမ်သော ပဋိသန္ဓေကိုသာ ပေးသည်ဖြစ်၍ ငါးရာလည်းကောင်း, တထောင်လည်းကောင်း အကျိုးခံရသည် ဖြစ်၏” ဟု ဖြေတော်မူ၏။

၂၁၅။ ကောင်းကင်တိမ်ယံ၊ စျာန်ဖြင့်ပျံ၊ ပါဒ် ခြေလှမ်းလေလိမ့်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....စျာန်ဖြင့် ပျံသည် ဟူရာ၌ ရူပါဝစရ စျာန်ကိုလည်းကောင်း, အရူပါဝစရစျာန်ကိုလည်းကောင်း ရကာမျှနှင့် ပျံနိုင်သည် မဟုတ်၊ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံ၍ အဘိညာဉ်ကို ရသောအခါမှ ပျံနိုင်သည်။ သို့သော်လည်း စျာန်သည် အကြောင်းရင်းဖြစ်၍ မူလဂ္ဂါဟနည်းအားဖြင့်သာ စျာန်ဖြင့် ပျံသည်ဟု ဆိုရသည်။

ထိုအဘိညာဉ်သည်လည်း ဣဒ္ဓိဝိဓ, ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ စေတောပရိယ, ပုဗ္ဗေနိဝါသာ-နုဿတိ, ယထာကမ္မူပဂ, အနာဂတံသ အဘိညာဉ် အားဖြင့် ခုနစ်ပါး အပြားရှိ၏။

ထိုခုနစ်ပါးတို့တွင် ကောင်းကင်ပျံခြင်း,မြေလျှိုးခြင်း,အထူးထူးသော ရူပကာယကိုဖန်ဆင်းခြင်းတည်းဟူသော ကိစ္စတို့သည် ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် ပြီးသည်။ ဤ အဘိညာဉ်သည်လည်း စေတောဝသိပတ္တ မနောမယဣဒ္ဓိမျိုးဖြစ်၍ စိတ်ရောက်တိုင်းသာ ကိုယ်ပါလေသည် “ခြေလှမ်း၍ ပျံရသည် မဟုတ်” ဟု ဖြေအပ်၏။

> ဒသဣဒ္ဓိယော အဓိဋ္ဌာနာဣဒ္ဓိ၊ ဝိကုဗ္ဗနာဣဒ္ဓိ၊ မနောမယာဣဒ္ဓိ၊ ဉာဏဝိပ္ဖါရာဣဒ္ဓိ၊ သမာဓိဝိပ္ဖါရာဣဒ္ဓိ၊ အရိယာဣဒ္ဓိ၊ ကမ္မဝိပါကဇာဣဒ္ဓိ၊ ပုညဝတောဣဒ္ဓိ၊ ဝိဇ္ဇာမယာဣဒ္ဓိ၊ ဘာဝနာမယာဣဒ္ဓိ။

ဟူ၍ လာသော တန်ခိုးဆယ်ပါးတွင် ဤ ဣဒ္ဓိဝိဓအဘိညာဉ်ဟူရာ၌ အဘယ်ကို ဆိုသနည်းဟူမူ....

> ဣမာသု ဒသသု ဣဒ္ဓီသု ဣဒ္ဓိဝိဓာယာတိ ဣမသ္မိံ ပဒေသေ အဓိဋ္ဌာနာ ဣဒ္ဓိယေဝ အာဂတာ။ ဣမသ္မိံ ပနေတ္ထ ဝိကုဗ္ဗနာ မနောမယာ ဣဒ္ဓိယောပိ ဣစ္ဆိတဗ္ဗာ။

ဟူသော ဝိသုဒ္ဓိမဂ်ပါဠိနှင့်အညီ ဤဣဒ္ဓိဝိဓ အဘိညာဉ်အရာ၌ အဓိဋ္ဌာန်ဖြင့် ပြီးသော တန်ခိုးသည်သာလျှင် လာ၏။ အထူးစီရင်၍ဖြစ်သော ဝိကုဗ္ဗနဣဒ္ဓိ, စိတ်အလိုရှိတိုင်း ပြီးသော မနော-မယဣဒ္ဓိတို့ကိုလည်း ယူအပ်၏ ဟုလိုသည်။

အဘိဓမ္မတ္ထဝိဘာဝနီ၌လည်း “ကတ္ထစိ မနောမယ ဉာဏန္တိပိ ဝိသုံ အဘိညာဏံ အာဂတံ။ အတ္ထတော ဣဒ္ဓိဝိဓဉာဏမေဝ” ဟူ၍ မိန့်၏။

ကတ္ထစိ၊ အချို့သောအရာ၌။ မနောမယဉာဏန္တိပိ၊ နှလုံးအလိုဖြင့် ပြီးသော ဉာဏ်ဟူ၍လည်း။ အဘိညာဏံ၊ အဘိညာဉ်သည်။ ဝိသုံ၊ အသီး။ အာဂတံ၊ လာ၏။ အတ္ထတော၊ အနက်သဘော အားဖြင့်။ ဣဒ္ဓိဝိဓဉာဏမေဝ၊ ဣဒ္ဓိဝိဓအဘိညာဉ်ပင်တည်း။

ဤသို့လာသော အဋ္ဌကထာ ဋီကာတို့ကို ထောက်သဖြင့် "ခြေလှမ်း၍မပျံ စိတ်ကြံတိုင်း ရောက်နိုင်သည်ကိုသာ ဈာန်ဖြင့်ပျံ၏ ဆိုသည်" ဟု သိရမည်။

"ဘုရားသခင်သည် တာဝတိံသာသို့ ကြွသောအခါ နှစ်လှမ်း သုံးဖဝါးဖြင့် ကြွသည်" ဟု ဓမ္မပဒအဋ္ဌကထာတို့၌ လာသည်မဟုတ်လော ဟူငြားအံ့။ ကျမ်းလာသည် မှန်၏။ ထိုစကားသည် နှစ်ကြိမ် တန့်နားသည်ကို ရည်၍သာ နှစ်လှမ်း ဆိုပိုင်သောကြောင့် ဆိုသည်။ ခြေလှမ်း၍ ပျံသောကြောင့် ဆိုသည်မဟုတ်ဟု မှတ်ရသည်။

၂၁၆။ အဂ္ဂါဂါရံ၊ တာသာဟံ၊ ဘယ်လိင် သို့ သွင်းမည်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အဂ္ဂါဂါရံ ပုဒ်ကို အဂ္ဂိ+အာဂါရံ-ဟု ပုဒ်ဖြတ်၊ အဂ္ဂိသဒ္ဒါကား ဣဝဏ္ဏုဝဏ္ဏာစျလာသုတ်ဖြင့် စီရင်ရသော ဥဒါဟရုဏ်ဖြစ်ရကား ပုလ္လိင်, နပုလ္လိင် နှစ်ပါးသင့်။ဂါရံ-ကား နပုလ္လိင်။တာသာဟံကို တာသံ+အဟံ=ဟု ပုဒ်ဖြတ်၊ တာသံ-ကား ဣတ္ထိလိင်။ အဟံ-ကား အလိင်။ ဤသို့ တင်သွင်းရမည်ဟု ဖြေ။

၂၁၇။ ငွေရောင်ခြည်လျှံ၊ လစန္ဒံ၊ ကြံလေ ဘယ်နာမ်ပေတို့နည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ရှေးကမ္ဘာ၌ လ၏ စန္ဒ-ဟူသော အမည်သည် ဤကမ္ဘာ၌လည်း စန္ဒ-ဟူသော အမည်ဖြင့် ကျသောကြောင့် "ဩပပါတိက နာမ်မည်၏" ဟု ဖြေ။

၂၁၈။ နိဗ္ဗာန်၊ ဝဋ္ဋကံ၊ အရူပဘုံ၌ ရှိလိမ့်နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ရူပါဝစရဈာန်ကပင် ကာမစ္ဆန္ဒ စသော နီဝရဏခြောက်ပါးကို ပယ်ခဲ့ပြီးဖြစ်သောကြောင့် အရူပဘုံ၌ နီဝရဏဝဋ္ဋ မရှိဟု ဖြေ။

အရူပဘုံ၌ ပုထုဇဉ် သောတာပန် ပုဂ္ဂိုလ်တို့အား လောဘမူစိတ်, မောဟမူစိတ်တို့ကို ရပါသည် မဟုတ်လော၊ ထိုစိတ်တို့၌ ရှိသော လောဘ, မောဟ, ထိန, မိဒ္ဓ, ဥဒ္ဓစ္စ တို့သည် နီဝရဏ မဟုတ်လော ဘယ့်ကြောင့်မရှိဆိုသနည်း ဟူငြားအံ့။ ထိုဘုံ၌ ရှိသော လောဘ, မောဟတို့သည် ဈာန်စိတ်ကို ပိတ်ပင်မြွေးယှက်တတ်သော သတ္တိမရှိ၍ နီဝရဏကိစ္စမတပ် ဟူပေ။

ဈာန်စိတ်ကို မပိတ်ပင်တတ်သော် အဘယ်ကို ဖုံးလွှမ်းပိတ်ပင်တတ်သောကြောင့် မောဟ မည်ပြန်သနည်း ဟူငြားအံ့။ သစ္စာလေးပါးကို ဖုံးလွှမ်းပိတ်ပင်တတ်သေး၏။ ထို့ကြောင့်သာ မောဟလည်း မည်၏။ အဝိဇ္ဇာလည်းမည်၏ ဟူပေ။

၂၁၉။ မြင်းမိုရ်အောက်ယံ၊ တလျှံလျှံ၊ ခံသည့်ခုံလောက် ဘယ်မျှနည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"ပံသုမြေအောက်၊ သိလာကျောက်ကို၊ ထွင်းဖောက်ယှက်သွယ်၊ အမြစ်တွယ်၍၊ မြေ့မယ်နေ-ရုပ်၊ သံညွှန့်ကုတ်ဖြင့်၊ ချုပ်မြဲသောလား၊ ယှဉ်ပြိုင်ထားသို့၊ ပတ္တမြားမျက်ကျောက်၊ ပြောင်ပြောင်တောက်သား၊ ခုံလောက်ခန့်ခိုင်၊ သုံးလုံးတိုင်ထက်၊ မြေစိုင်ပံသု၊ နုမြူဆန်ခြမ်း၊ မသမ်းမနှော၊ သဘောအာတိ၊ ရွှေလျှံအိသား၊ အညီစိုစို၊ ညိုရရှိနှင့်၊ မြင်းမိုရ်သာခေါင်၊ မြတ်သည့်တောင်၌...."

ဟူ၍ သာဓိနပျို့၌ စပ်သောကြောင့် လည်းကောင်း၊

ပတ္တမြား ခုံလောက်၊ ဆောက်သည်သုံးတိုင်၊ ကြံ့ကြံ့ခိုင်လျက်၊ ဘုံမဏ္ဍိုင်ဆင့်၊ ရွှေရွှေမြင့်သား၊ ရေနှင့်တောင်ချိန်၊ ဝင်းပြောင်ထိန်သည်၊ အာလိန်ငါးခု၊ သုမေရုနှင့်....

ဟူ၍ ဝိလာသနီမော်ကွန်း၌ စပ်ဆိုသောကြောင့်လည်းကောင်း၊

မြင်းမိုရ်တောင်ကိုခံသော ခုံလောက်သုံးလုံးဟူ၍ သိရသည်။ ပမာဏမူလောက်သော ပါဠိအဋ္ဌကထာကို သာဓကမပြူ။ လင်္ကာမျှကို သာဓကပြု၍ ဘယ့်ကြောင့် ဆရာဖြေပါသနည်း။ ပါဠိအဋ္ဌကထာ ကျမ်းလာကို မပြနိုင်သလောဟု စောဒနာငြားအံ့။ ပါဠိကျမ်းလာကား မျှားလှစွာသောကြောင့် ပညာရှိဟူသမျှ သိကြသည်ချည်း ဖြစ်ကုန်၍ ပါဠိမတင်သင့်ပြီ။ ဓားနှင့်ခုတ်မှသာ ပြတ်သည်မဟုတ်။ တုတ်စောင်းနှင့်သော်လည်း ပြတ်သင့်၏ဟု နှလုံးထား၍ လင်္ကာစကားကို သာဓကပြု၍ ပြလိုက်သည်။ ပါဠိမတင်သမျှ ပြဿနာ၌ ဤနည်းသာမှတ်လေ။

၂၂၀။ သမုသစ္စံ၊ နိရုဒ္ဓံ၊ ဒုက္ခံသစ္စာ ဖြစ်လိမ့်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ယဿ ဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ။
တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ၊ နော။

ယဿ ဝါ ပန၊ အကြင်ပုဂ္ဂိုလ်အားကား။ သမုဒယသစ္စံ၊ သမုဒယသစ္စာသည်။ နိရုဇ္ဈတိ၊ ချုပ်ဆဲ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဒုက္ခသစ္စံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးတော်သည်။ သတိ၊ ရှိသော်။ နော၊ ဖြစ်ဆဲမဟုတ်။

ဤသို့ သစ္စယမိုက် ဥပ္ပါဒ နိရောဓဝါရ၌ ဟောတော်မူသောကြောင့် သမုဒယသစ္စာ ချုပ်ဆဲဖြစ်သော ပုဂ္ဂိုလ်အား ဒုက္ခသစ္စာ ဖြစ်ဆဲမဟုတ်ဟု ဘိအပ်သတည်း။

၂၂၁။ စင်္ကာဝဠ်၊ အနန္တ၊ ဈာန်ပံ့ရသေ့ ရှိလိမ့်နည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အနန္တစကြဝဠာတို့၌ ဈာန်ရသောရသေ့မုနိတို့ ရှိကြသည်ချည်းဟု ဖြေ။

အဘယ်ကိုထောက်၍ သိသနည်းဟူငြားအံ့ "စာတုမဟာရာဇိကာန် သဟဿံ၊ တာဝတိံသာန် သဟဿံ"အစရှိသော အင်္ဂုတ္တိုရ်ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ ဤစကြဝဠာမှတပါး အခြားသော စကြဝဠာတို့၌ စတုမဟာရာဇ်, တာဝတိံသာစသော နတ်ရွာခြောက်ထပ်၊ ရူပါဝစရဗြဟ္မာ တဆဲ့ခြောက်ရပ်ရှိကြောင်းကို လာသောကြောင့် ဗြဟ္မာ့ဘုံရှိလျှင် ထိုဘုံသို့ရောက်ကြောင်း ကောင်းမှုကိုပြုသော ဈာနလာဘီပုဂ္ဂိုလ်လည်း ရှိရာသည် နတ်ပြည်ရှိလျှင် ထိုနတ်ပြည်သို့ ရောက်ကြောင်း ကောင်းမှုကို ပြုသောသူရှိရာသည်။

ဥပမာကား။ ။အကြေ၌ ရေကြီးလာသည်ကို မြင်သဖြင့် မြစ်ညာတွင် မိုးရွာသည်ဟု သိရသော ဖလာနုမာနနည်း, အဝုတ္တသိဒ္ဓိနည်း ကဲ့သို့တည်း။

ယင်းသို့ တပါးစကြဝဠာ၌ ဗြဟ္မာ့ဘုံရှိကြသည်တွင် "သုဒ္ဓါဝါသဘုံကား ဇာတိခေတ်အတွင်း၌သာ ရှိသည်၊ ပြင်ပ၌မရှိ"ဟူ၍ အဘိဓမ္မာ ဋီကာတို့၌လာသည်။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ, ၎င်းဂဏ္ဌိတို့၌ကား "တပါးသော စကြဝဠာတို့၌ သုဒ္ဓါဝါသဘုံကား ရှိ၏"ဟု ပုဂ္ဂိုလ်သာမရှိမိန့်၏။ ပါဠ်ကား....

> သုဒ္ဓါဝါသေ ပန ဇာတိက္ခေတ္တတော ပရဘာဂေ သတိပိ အနာဂါမိနံ တတ္ထူပပတ္တိ န ယုတ္တာ။ တတ္ထ နိကန္တိ သိဒ္ဓိတော။ ဣမ ဇာတာနံ ပန တတ္ထဝါသော ယုတ္တော။ အနာဂါမိတ္တာ တာယ ဖာသုဝိဟာရ ဟေတုတ္တာ"ဟူ၍လာ၏။

အဓိပ္ပါယ်ကား။ ။ကမ္ဘာအသင်္ချေ ပတ်လုံးလည်းကောင်း, ကမ္ဘာတသိန်းပတ်လုံးလည်းကောင်း ဘုရားမဖြစ်သော် သုဒ္ဓါဝါသဘုံ၌ ပုဂ္ဂိုလ်ဆိတ်၏။ ကမ္ဘာ တသောင်းခြောက်ထောင်အတွင်း ဘုရားဖြစ်သော်သာ သုဒ္ဓါဝါသဘုံ၌ ပုဂ္ဂိုလ်မဆိတ်။ ထို့ကြောင့် ဇာတိခေတ်၏ ပြင်ဖြစ်သော စကြဝဠာတို့၌ သုဒ္ဓါဝါသဘုံရှိသော်လည်း ထိုဘုံတို့၌ အနာဂါမ်တို့၏ ဖြစ်ခြင်းငှာ မသင့်ရကား "ပုဂ္ဂိုလ်မရှိ"ဟူသော အနက်သည်ပြီး၏။ မရောပြွမ်းခြင်းငှါလည်းကောင်း, ဖာသုဝိဟာရအကျိုးငှါ လည်းကောင်း ဤဇာတိခေတ်သားဖြစ်သော ဗြဟ္မာတို့ ရုံခါသွား၍ ထိုဘုံ၌နေ၏ဟု မှတ်ရမည်။ ဤကား အဖြေနှင့် စကားစပ်လျှင်း၍ ပြဆိုလိုက်သည်။

၂၂၂။ ပလ္လင်တော်ရုံ၊ သတ်ဌာန်၊ အလံဘယ်မျှ ခြားသနည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မဟာဗောဓိပင်၏ အရှေ့မျက်နှာ ၄-တောင်ကွာတွင် အပရာဇိတပလ္လင်ပေါက်သည်။ ထိုပလ္လင်မှ ၁၄-လံကွာ အရှေ့မြောက်မျက်နှာ၌ အနိမိသ နေရာတော်တည်သည်။

ပလ္လင်တော်နှင့်လည်းကောင်း, အနိမိသနှင့်လည်းကောင်း ၇-လံကွာတွင် စကြံသွားရာ ဖြစ်သော စင်္ကမ စေတီတော်တည်သည်။

ဗောဓိပင်မှ အတောင် ၄၀-ကွာ၊ အနောက်မြောက်မျက်နှာ၌ ရတနာဃရ ရွှေအိမ် တည်သည်။

ဗောဓိပင်မှ အရှေ့မျက်နှာ ၃၂-လံကွာတွင် အဇပါလမည်သော ပညောင်ပင်တည်သည်။

ဗောဓိပင်မှ တောင်မျက်နှာ ၂၈-တာကွာတွင် မုစလိန္ဒမည်သော ကျည်းပင်တည်သည်။

ဗောဓိပင်မှ အရှေ့တောင်မျက်နှာ အလံ ၄၀-ကွာတွင် လင်းလွန်းပင်ဟူသော ရာဇာယတန စေတီတည်သည်။

ဤသို့ အဝေးအကွာကို သိရာ၏ဟုမြေ။ ဤ အဝေးအကွာကို "ဗောဓိဝိဘာဝနီ"စသော စာငယ် တို့၌ ဆိုသည်။ မညီမညွတ်ကြ။ စေ့စုံစွာ မှတ်လိုမူ ဇိနတ္ထပကာသနီ၌ ယူလေကုန်။

၂၂၃။ သိကြားအောက်ခံ၊ ကမ္ဗလံ၊ လျားနံ အထုဘယ်မျှနည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား။

"အယဥ္စ သိလာသနံ အာယာမတော သဋ္ဌိယောဇနံ။
ဝိတ္ထာရတော ပဏ္ဏာသ ယောဇနံ။
ဗဟလတော ပန္နရသ ယောဇနံ"

ဟူ၍ ဓမ္မပဒ အဋ္ဌကထာလာရကား အလျားယူဇနာ ၆၀၊ အနံယူဇနာ ၅၀၊ အထု ၁၅-ယူဇနာ ရှိ၏ဟုမြေ။

၂၂၄။ သစ်ပင်လက်ပံ၊ အကိုင်းလံ၊ အောက်ခံ ဘယ်နေ့သားဖွားနည်း။ (၁၃)

၂၂၅။ စနေခုစံ၊ နေ့ဖို့ကြံ၊ စိမံ ဘယ် ကောင်းကျိုးတို့နည်း။ (၁၄)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေ ဝိသဇ္ဇနာကား....

ဂဠုန်နံသား၊ စောင်းလျား,ဆူးရစ်၊ ကျားနံဖြစ်မူ၊လံဘူလက်ပံ၊ ခြသေ့်နံကား၊ပန်းသွန်, ဖက်သန်း၊ ဆင်ခန်းအမှတ်၊ သနပ်, သတ္တတ်၊ ကြွက်မြိတ် ထနောင်း၊ ထအောင်းတဖြာ၊ ပူးမှာ အင်ကြင်း၊ နံ့သင်းအကျော်၊ မြွေနံသော်မူ၊ ခုစံ,ငုစပ်၊ ဤသစ်မြတ်ကို၊ ခင်းလတ် ထိုင်ဖွယ်၊ နေရာငယ်ဖြင့်၊ တင့်တယ်စွာလှ၊ ပြုနေရမူ၊ သဗ္ဗရောဂါ၊ဘေးမျိုးကွာ၍၊ချမ်းသာ သက်ရှည်၊ စည်းစိမ်တည်အံ့။ ဘုန်းစည်ရသေ့ အမြွက်တည်း။

ဤနမဿာကျမ်းလာ လင်္ကာဖြင့် သိသာလှပြီ။

၂၂၆။ ဟေမိတ္တံ၊ ဂါထာရံ၊ အင်းဆံအင္ဂမုန် ဘယ်သို့နည်း။ (၁၅)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အင္ဂမုန် စတုတ္ထအင်းတွင်"ဟေမိတ္တံ ဟိတံ ပုညံ၊ ယထာ ယာစိဘက် ဖလံ"အစရှိသော ဂါထာကို ရံ၍ဆောင်၊ သူမြင်တိုင်း ချစ်၏။ ပယသိဒ္ဓိတွင် အတုမရှိဟု အင်းကျမ်းတွင်ဆိုသည်။

ထိုစတုတ္ထအင်းကို အဘယ်သို့ ချအပ်သနည်းဟူမူ အလျား အနံ ၉-ကွက်စီသား။ ၉-ကွက် ၉-လီ ဖြစ်၏။ ပဌမ ၉-ကွက်အင်း၌ နံ ၇-ပါး အက္ခရာပေါင်းသဖြင့် ရသော ၂၈-ခုတည်၊ ဒုတိယ ၉-ကွက် အင်း စသည်၌ တခု တခုစီ တိုးသဖြင့် ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ အဆုံးအလယ်ကွက် တိုင်အောင် အစ အစ၌တည်။ ၎င်းတွင် ၉-နဝင်းချည်းလောင်း။ အဆုံး အလယ်ကွက်၌ ၁၀၈-သေစေ။

ဟေ မိတ္တံ ဟိတံ ပုညံ၊ ယထာ ယာစိတက် ဖလံ။
ဟေ နန္ဒ ပိယာ ပုတ္တာ၊ ပိယာ သိရိ ပိယာ ပီယာ။

သုဝဏ္ဏမာဟာ ဒွေဖလံ၊ ဩဲကာယ မမတ္တိ မမတ္တာယ။
သဟာသ ပရိဝါရာယ၊ ဝိသာသာယ ဗောဓိသတ္တာယ။

သဗ္ဗနဂရေ သဗ္ဗဇနာနံ၊စိတ္တံ ဘဝတိ မမသန္တိကေ။ဟေ ဟေ၊ဩဲ ဗုဒ္ဓိ ဝါ ဓမ္မံ ဝါ သံဃံ ဝါ
ရာဇီ ရာဇသ ကုမာရီ ကုမာရဿ ဩဲ သဗ္ဗယုတ္တံ သွာဟ ယျ ကပ်။

အဃောရံ ဃောရ ရူပေန၊ သိရသာ ဗုဒ္ဓဝန္ဒနာ။
သဗ္ဗဒုက္ခာ အပံမုဉ္စာ၊ အဃောရဇာ အနုမောဒနာ။

၎င်းကား အင်းရံ ဂါထာတည်း။ ၎င်းဂါထာနှင့်ပင် တတ်အားသမျှ စုပ်ရမည်။ ၎င်းဂါထာနှင့် နံ့သာဆီ ဖယောင်းကို မန်း၍ချက်၊ အိုးမှာ စတုတ္ထအင်းချ။ ခုနစ်ကြိမ်ချလျှင် ဖယောင်းတွင် အင်း ပေါ်၏။

(၂၈-ခုကိုတည်၍ ၉-နဝင်းတိုးသော အင္ဂမုန် စတုတ္ထအင်း)

၂၈	၃၇	၄၆	၂၉	၃၈	၄၇	၃၀	၃၉	၄၈
၉၁	၁၀၀	၅၅	၉၂	၁၀၁	၅၆	၉၃	၁၀၂	၅၇
၈၂	၇၃	၆၄	၈၃	၇၄	၆၅	၈၄	၇၅	၆၆
၃၅	၄၄	၅၃	၃၆	၄၅	၅၄	၃၁	၄၀	၄၉
၉၈	၁၀၇	၆၂	၉၉	၁၀၈	၆၃	၉၄	၁၀၃	၅၈
၈၉	၈၀	၇၁	၉၀	၈၁	၇၂	၈၅	၇၆	၆၇
၃၄	၄၃	၅၂	၃၃	၄၂	၅၁	၃၂	၄၁	၅၀
၉၇	၁၀၆	၆၁	၉၆	၁၀၅	၆၀	၉၅	၁၀၄	၅၉
၈၈	၇၉	၇၀	၈၇	၇၈	၆၉	၈၆	၇၇	၆၈

၂၂၇။ ဖြဟ္မာမင်းသံ၊ စောဘုန်းလျှံ၊ ချေင်ဘယ် ကောင်းမှုကြောင့်နည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဗြဟ္မာမင်း၏အသံကဲ့သို့ သန့်ရှင်း သာယာ သိသာ နာဖွယ် လုံး ကျယ် နက်နဲ၊ မကွဲ မဖြ၊ ပေါက်ပြန့်စပ်၊ ပဲ့တင်ထပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ကိုရခြင်းသည် ရှေးရှေးသော ဘဝတို့၌ ကြမ်းကြုတ်ခက်ထန်သော ဖရုသ ဝါစာမှကြဉ်၍ နူးညံ့ပြေပြစ် ချစ်ဖွယ်သောစကားကိုသာ ဆိုတော်မူသော ကောင်းမှုကြောင့် ဖြစ်သည်။ ထို့ကြောင့် သုတ်မဟာဝါ ပါဠိတော်၌ "အဖရုသဝါစာ အာဒေယျဝစနတာ ဒိန္န"ဟူ၍ မိန့်အပ်၏။

၂၂၈။ ထက်အောက်ကျော်ညံ၊ ပြည်ပေါက်ကံ၊ နိုင်ငံ မင်းဆုံးဘယ်နှစ်နည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....တရုတ်ပြေးမင်း၏ သား ကျော်စွာသည် ၆၄၈-ခုနှစ်တွင် မင်းပြုသည်။ နန်းစံ၍ ၁၄-နှစ်ရှိသောအခါ သိင်္ဃသုံသား ညီနောင်သုံးပါးတို့ ကျော်စွာကို နန်းချ၍ မြင်စိုင်းတွင် မင်းပြုသည်။ ထို့ကြောင့် သက္ကရာဇ် ၆၆၂-ခုတွင် ပေါက်ကံမင်းဆက် ဆုံး၏ဟူပေ။ ထို့ကြောင့် နားတော်သွင်း၌....

မဆိတ်အာဏာ၊ သားကျော်စွာလျှင်၊ ရာနှင့်-ခု-ဆ၊ ဆယ်-ဇယဝယ်၊ လောင်းထ နှစ်ထွေ၊ နှစ်ရောက်လေက၊ ဖမွေ ထိန်းကျောင်း၊ ရိပ်ဖြူဆောင်း၍၊ ရှေးကြောင်းခံလစ်၊ ဆယ့်လေးနှစ်တွင်၊ ရှင်ချစ်ဘုန်းခေါင်၊ သံပြွက်တောင်ထက်၊ ဉာဏ်ရောင်မြွက်ပြီး၊ စိုင်သုံး စီးတို့၊ ပွင့်နီးချိန်ထောက်၊ ထိုခါရောက်၍၊ သုံးယောက်နောင်ညီ၊ ပြောင်းခဲ့ချီသည်....မထိ တည့်ရန်ဘေး၊ ဦးမလေး"ဟူ၍ စပ်လေသည်။

၂၂၉။ သီဟသူခံ၊ ပင်းယစံ၊ ပုဂံမင်းဆက် ကုန်ပြီနည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....မင်းဆက် မကုန်သေး၊ ကျော်စွာ၏သား စောနှစ်၊ စောမွန်နှစ်တို့ကို ပုဂံတွင် မြို့စားထားသေး၏ ဟူပေ။

၂၃၀။ တောင်ငူမြို့ရှိ၊ ထီးနန်းစံ၊ ပုံချိ နှစ်ပါး ဘယ်မျှနည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ။ပုံချိ—၁၅—နှစ်၊ ပုံချိငယ် ၁၇—နှစ် မင်းပြုသည်။

၂၃၁။ နိဒဿန်၊ နိဒါန်၊ နိဂ္ဂတံ 'နိ' တူလိမ့်နည်း။ (၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

နိဒါနန္တိအာဒီသု အာဒေသေ။
နိဒဿနန္တိအာဒီသု ဥပမာယံ။
နိဂ္ဂိတန္တိအာဒီသု ဩသာနေ။

ဟူ၍ ကေင်္ခရကောသဋီကာ မိန့်သောကြောင့် နိဒါန်-အစရှိသော ဥဒါဟရုဏ်တို့၌။ နိ သဒ္ဒါသည် ညွှန်ပြခြင်းအနက်။ နိဒဿန် အစရှိသည်တို့၌။ နိ သဒ္ဒါသည် ဥပမာအနက်။ နိဂ္ဂိတံ အစရှိသည်တို့၌။ နိ သဒ္ဒါသည် ပြီးဆုံးခြင်းအနက်ကို ဟောသည်ဖြစ်၍ အနက်မတူကြဟူပေ။ ။

၂၃၂။ နိယျာနိကံ၊ နိဂ္ဂတံ၊ နိဗ္ဗာနံ 'နိ' ဘယ်ဟောနည်း။ (၂၁)
၂၃၃။ နိသာမိဟံ၊ နိပုဏံ၊ နိဿယံ၌ဘယ်သို့နည်း။ (၂၂)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....

"နိယျာနိကော နိဂ္ဂတောတိ အာဒီသု နိဂ္ဂဟိတေ။
နိဗ္ဗာနန္တိ အာဒီသု နိက္ခန္တေ။
နိသာမိတန္တိအာဒီသု အန္တောဘာဂေ။
နိပုဏန္တိအာဒီသု ဆေကေ။
နိဿယန္တိအာဒီသု သမီပေ"ဟူသော ရင်းဋီကာဖြင့်ဖြေ။

၂၃၄။ နဒိပါရုံ၊ ပုဒ်ရင်းခံ၊ ကြုံလေ့ 'ပါ'ကား ဘယ်ဟောနည်း။ (၂၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"နဒိပါရန္တိ အာဒီသု ပတ္တေ။ တတ္ထ ဟိ ပါယတိ နာဝါဒီဟိ ပါပုဏိယတီတိ ပါရန္တိ အတ္ထော ဟောတိ။ ပါ—ဓာတု၊ ဏ—ပစ္စယော၊ ရာဂမော"

နဒိပါရန္တိအာဒီသု၊ နဒိပါရံ အစရှိသည်တို့၌။ ပတ္တေ၊ ရောက်ခြင်းအနက်၌။ ပတ္တတိ၊ ဖြစ်၏။ ဟိ၊ ထင်စွာဆိုဦးအံ့။ တတ္ထ၊ ထို "နဒိပါရံ"ဟူသော ဥဒါဟရုဏ်၌။ နာဝါဒီဟိ၊ လှေ, ဖောင်, သင်္ဘော, ပိန်းကော, သမ္ဗန်, သင်္ဘောဒါန်, လွှန်းကျင်, ဇလာကပင်, လက်ငင်မလှော်ကား, ဝါးစည်း, သစ်တုံးတို့ဖြင့်။ ပါယတိ ပါပုဏိယတိ၊ ရောက်အပ်၏။ ဣတိ၊ ထို့ကြောင့်။ ပါရံ၊ ပါရမည်၏။ ဣတိအတ္ထော၊ ဤသို့သော အနက်သည်။ ဟောတိ၊ ဖြစ်၏။ ပါ-ဓာတု၊ ပါဓာတ်သည်း။ ဏ-ပစ္စယော၊ ဏ ပစ္စည်းသက်။ ရာဂမော၊ ရအက္ခရာ လာ၍ ရုပ်ပြီး၏။

၂၃၅။ မိစ္ဆာစာရ၏ ပြစ်မှားကာ၊ ဆက်ဆံ ဘယ်ဝေဒနာနည်း (၂၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ပါဏာတိပါတော ဒုက္ခဝေဒနာ သမ္ပယုတ္တောဝ။ အဒိန္နာဒါနာ တီသု ဝေဒနာသု အညတြ ဝေဒနာသမ္ပယုတ္တံ၊ တထာ မုသာဝါဒေါ။ ဠတရာနိ ဒွေ သုခါယ အဒုက္ခ မသုခါယ ဝေဒနာယ ဝါ သမ္ပယုတ္တာနိ"

ဟူ၍ ခုဒ္ဒကပါဌ အဋ္ဌကထာ မိန့်သောကြောင့် မိစ္ဆာစာရကံသည် သုခဥပေက္ခာအားဖြင့် ဝေဒနာနှစ်ပါးတွင် တပါးပါးနှင့် ယှဉ်၏။

၂၃၆။ ထန်းရွက်ရှည်လံ၊ သူ့ဘုန်းကံ၊ သန်လျက်ဖြစ်၍ မည်သူနည်း (၂၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....သီဟိုဠ်ကျွန်း၌ ဥမ္မာဒစိတ္တာ၏ သားဖြစ်သော "ပဏ္ဍုကာဘယမင်း"တည်း။ ထိုမင်းသားသည် ဦးရီးတော်တို့ကို စစ်ပြုမည်ဟု ရဲမက် ခုနစ်ရာနှင့် တကွ ဒေါလတောင်၏ အနီး၌ မြို့ကြီးဖွဲ့လျက် နေ၏။ ဂင်္ဂါကိုကူး၍ စစ်ဆိုးလာသော ဦးရီးတော် ကိုးယောက်တို့အား လိုက်၍ တိုက်သဖြင့် မြစ်တဘက်သို့ချည်း ပြေးရကုန်၏။ တရံသောအခါ ဥဒုမ္ဗရတောင်၏ အနီး၌ သစ်တပ်ပြု၍ နှစ်နှစ်တိုင်တိုင် နေ၏။ ထိုအခါ ဥဒုမ္ဗရတောင်၌ စောင့်နေသော ဇလဝါမွိခီ မည်သော ဘီလူးမသည် ဥဒုမ္ဗရအပြင် ရေကန်နား၌ ကိုယ်လုံးဖြူသော မြည်းမ၏ အသွင်ကို ဖန်ဆင်းလျက် စား၏။ မင်းသား၏ ကျွန်တို့ မြင်၍ အရှင်မင်းသားအား လျှောက်ကြ လေ၏။ ပဏ္ဍုကာဘယ မင်းသားလည်း မြည်းမကို ဖမ်းခြင်းငှါ ကြိုးကိုကိုင်ကာ လာပြီးသော် အနီးသို့ ချဉ်းကပ်၏။ မြည်းမလည်း မင်းသား၏ တန်ခိုးကြောင့် ကြောက်လန့်ရကား ထိုအသွင်ကို မကွယ်ဖျောက်ပဲ ရေကန်ကို ခုနစ်ပတ်လည်၍ ပြေး၏၊ မင်းသားလည်း ထက်ကြပ်ပင် ပြေး၍ လိုက်၏။ မြည်းမလည်း မဟာဂင်္ဂါမြစ်သို့ သက်ဆင်း၍ ပြေးပြီးမှ ဥဒုမ္ဗတောင်ကို ခုနစ်ပတ်ရစ်၍ ပြေး၏။ မင်းသားလည်း ပြေးတိုင်း၌ နောက်ထပ်ပင် လိုက်၏။ ထိုမှတဖန် ရေကန်သို့ သက်ဆင်း၍ သုံးပတ် ရစ်ပြီးသော် ဂင်္ဂါမြစ်ဆိပ်သို့ ဆင်းလာ၏။

ထိုအခါ ပဏ္ဍုကာဘယ မင်းသားလည်း မြည်းမ၏ အမြီးကို ဆွဲမိ၏။ မြစ်ထဲ၌ မျောလာသော ထန်းရွက် တလံခန့်ကို ဆွဲလိုက်သော် မင်းသား ဘုန်းတော်ကြောင့် ထိုထန်းရွက်သည် သန်လျက် ဖြစ်လေ၏။ မင်းသားကား ထိုသန်လျက်ဖြင့် ခုတ်မည်ဟု ရွယ်သောအခါ မြည်းမက ဤသို့ဆို၏။ "အရှင့်သား-အကျွန်ုပ်ကို မသတ်ပါလင့် အကျွန်ုပ်ကား တိရစ္ဆာန်မြည်းမ မဟုတ်၊ ဤဥဒုမ္ဗရ တောင်ကို စောင့်နေသော စေတီယာမည်သော နတ်သမီးတည်း။ အပျော်အပါး ကစားလို၍သာ မြည်းမအဟန် ဖန်ဆင်း၍ နေပါသည်။ အသက်ကို ချမ်းသာပေးပါမူကား အရှင့်သားအား မင်း ဖြစ်အောင် ပြုပါအံ့"ဟု လျှောက်၏။ ထိုစကားကို ကြားသော် မင်းသားလည်း မသတ်ပဲ မြည်းမ ကိုစီး၍ ဥဒုမ္ဗရတောင်သို့ လာခဲ့ပြီးလျှင် ထိုဘီလူးမဗိမာန်သို့ ဝင်၍ ခုနစ်ရက်ပတ်လုံး မွေ့ လျော် ပြီးမှ ထွက်ခဲ့၍ လူအများအား ပြ၍ ရှင်ပြစေ၏။ ဤမင်းသား အကြောင်းကား ရှည်လျားစွာ လာ၏။ အကျယ်ကိုလိုသော် မဟာဝင်၌ ယူလေ။

၂၃၇။ သူ့ရန်သူကြုံ၊ မိုးသို့ပျံ၊ နာမံဘယ်မြို့ ဘယ့်ကြောင့်နည်း။ (၂၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဒွါရာဝတီပြည် သံတွဲမြို့ဟူပေ။

အကြောင်းအမြွက်ကား။ ။အသိတဉ္ဇနမြို့၌ မဟာကံသမင်း၏ သမီးတော် ဒေဝ ဂဗ္ဘာနှင့် ဥပသာဂရမင်းသား သင့်မြတ်ရာတွင် ဖွားမြင်သော ဝါသုဒေဝ, ဗလဒေဝ, စန္ဒဒေဝ, သူရိယဒေဝ, အဂ္ဂိဒေဝ, ဝရုဏဒေဝ, အဇ္ဇုန, သဇ္ဇုန, ဃဋပဏ္ဍိတ, အကိုရဖူးသော မင်းညီနောင် ၁၀ ကျိပ်တို့သည် ဦးရီးတော်တို့၏ နေရာဖြစ်သော အသိတဉ္ဇနမြို့ကို ရလျှင် ဇမ္ဗူဒိပ်ကျွန်း၌ အလုံးစုံသော ပြည်ကို ယူအံ့ ဟူ၍ စစ်အင်္ဂါလေးပါး ရုံ့စုပြီးသော် မြို့မှထွက်၍ ယောနကတိုင်း အယုဇ္ဈပုရပြည်ကို တိုက်၏။ ထိုပြည်ကို ရလျှင် ဗိုလ်ပါကို သိမ်းရုံး၍ ဒွါရာဝတီပြည်ကို တိုက်၏။ ထိုပြည်ကား တဘက်က သမုဒ္ဒရာ၊ တဘက်က တောင်စဉ်ရှိသည်ဖြစ်၍ အလွန် လုံခြုံသည်။ မြေကြီး ဧာ ရှိသည်။ ရန်သူလာလျှင် မြို့စောင့်နတ်တို့သည် မြည်းယောင် ဖန်ဆင်း၍ အသံပြုလျှင် မြို့ အလုံးသည် ကောင်းကင်သို့ ပျံတက်၍ သမုဒ္ဒရာအလယ် ကျွန်းငယ်တခု၌ တည်လေသည်။ ရန်သူတို့သွားမှ တည်မြဲ တည်ပြန်သတည်း။

ထိုဒွါရာဝတီပြည်ကို ဗိုလ်ပါဖြင့် ဝန်းရံ၍ သုံးကြိမ်တိုင်အောင် လုပ်ကြံသော်လည်း မြို့သည် ကောင်းကင်သို့ ပျံလေ၍ မတွေ့သဖြင့် မရနိုင်ရကား တောင်ထက်၌ နေသော ကဏှဒီပါယနရသေ့သို့ ကပ်၍ နိုင်အံ့သော အကြောင်းကို မေး၏။ ရသေ့လည်း မင်းသားတို့အား သူတယောက်ကိုမျှ မသတ်ရအောင် သစ္စာပြုစေပြီးမှ ဤသို့ ပြော၏ "မင်းသားတို့ မြို့ကို ဝန်းရံမိသောအခါ မြည်းတခု မြည်လိမ့်မည်။ထိုအသံကို မကြားလော"ဟု မေး၏။ ကြားပါကြောင်းကို လျှောက်လျှင် "ဤမြည်းကား မြို့စောင့် နတ်ဘီလူးတည်း။ သူမြည်လျှင် ကောင်းကင်သို့ မြို့ပျံ၍ အလယ်ကျွန်းသို့ ကျလေသည်။ ဤမြည်းကို ဖမ်း၍ မမြည်အောင် တောင်းပန်ရမည်။ ဤသည်လျှင် နိုင်အံ့သော အကြောင်းတည်း"ဟု ဆိုပေ၏။ မင်းသားတို့လည်း ရသေ့ပြောတိုင်း မြည်းကို ဖမ်း၍ သင် မမြည်ပါနှင့်ဟု တောင်းပန်လေသော် "ငါသည် ပြည်သူတို့၏ ပူဇော်သက္ကာကို ရှည်ကြာစွာ ခံရပေသည်။ မမြည်ပဲ မနေသာ။ မြည်သော်လည်း မြို့ မပျံစေလိုလျှင် သင်တို့ ရှေးဦးလာ၍ မြို့တံခါးလေးမျက်နှာ၌လည်းကောင်း, လေးထောင့်၌လည်းကောင်း, သံချောင်းဖြင့် မယ်နန္ဒက်၍ သံကြိုးဆိုင်းလေလော့"ဟု ဆို၏။ မင်းသားတို့လည်း ထို နတ်ဘီလူးတို့ ဆိုတိုင်း သံကြိုးဆိုင်းပြီးမှ လုပ်ကြံကြလေလျှင် မင်းနှင့်တကွ ဒွါရာဝတီပြည်ကို ရ၏။ ဝါသုဒေဝမင်းလည်း ဤပြည်ကား ဘုမ်နက်သန် မှန်လှပေသည်ဟု ထီးနန်းစိုက်၍နေ၏။ ဇမ္ဗူဒိပ်ကျွန်း အပြင်၌ ထင်ရှားသော ခြောက်သောင်း သုံးထောင်သော မြို့တို့ကိုလည်း သိမ်းယူ၍ ဧကရာဇ်အဖြစ်သို့ ရောက်တော်မူ၏။ ယင်းသို့ သံတွဲ၍ ယူရဖူးသောကြောင့် ယခုတိုင် "သံတွဲ"ဟု တွင်သည်။ သမုဒ္ဒရာပြင်၌ မြို့ကျရာ ဖြစ်သော ကျွန်းသည်လည်း "မာန်အောင်ကျွန်း"ဟု ခေါ်တွင်သည်။ ဤအကြောင်းကိုကား ဘုရားဟောတော်မူသော ဇာတ်၌ လာသည်။ ဒသနိပါတ်၌ သင်္ဂါယနာတင်သည်။ မင်းညီနောင် တကျိပ်တွင် ဃဋပဏ္ဍိတကား ဘုရားလောင်းပင်တည်း။

၂၃၇။ ရာဇသကြံ၊ စိတ်ကောက်ခါ၊ မန္တဘယ် မင်းသားကိုနည်း။ (၂၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....တရုတ်ပြေး တွင်သော နရသီဟပတေ့ မင်းကို မန္တ်သည်ဟုဖြေ။ အကြောင်းကား။ ကျော်စွာမင်း ကံကုန်ခဲ့သော် သားတော်အကြီးဖြစ်သော သီဟသူသည် ပုဂံပြည် ထီးနန်းကို ယူ၍ မင်းမူ၏။ ထိုအခါ ညီတော် နရသီဟပတေ့သည် အမတ်ကြီး ရာဇသကြံအိမ်သို့သွား၍ "အဘိုး–ကျွန်ုပ်ကို မစပါ"ဟု ဆို၏။ အမတ်ကြီးကလည်း "မင်းသား ငိုလိုရာတွင် ဂ ကတို့၏ ဟူသကဲ့သို့ ဖြစ်သည်။ မစိုးရိမ်နှင့်" ဟု ဆို၍ သီဟသူကို ပယ်ပြီးမှ နရသီဟပတေ့ကို မင်းမြှောက်လေ၏။ မင်းဖြစ်လျှင် အမတ်ကြီး ရာဇသကြံကို မပူ မစု နေဘိ၏။ အမတ်ကြီးလည်း နှလုံးမကြည် ရှိသည်နှင့် ကွမ်းကလပ်ပဲ့ကို ဆောင်၍ နန်းတော်သို့ တက်၏။ မင်းကြီးက "အဘိုး–ဘယ့်ကြောင့်ကလပ်ပဲ့နှင့်ကွမ်းစားသနည်း"ဟုမေးသော်၊ အမတ်ကြီးကလည်း "အရှင့်သား ပန်းပွတ်သည်တို့ ပွတ်မည့်သူ မရှိပါ၍ ကလပ်ပဲ့နှင့် စားရပါသည်"ဟု ထိခိုက်လျက် လျှောက်၏။ မင်းကြီးလည်း ထိုစကားကို နှလုံးနာသည်ဖြစ်၍ "အဘိုး–ရာဇသကြံ ဂူထွတ်ကို ထီးတင်သောအခါ ဘယ့်နှယ် တင်သနည်း"ဟု မေး၏။ "အရှင့်သား ငြမ်းလုပ်၍ တင်ရပါသည်"ဟု လျှောက်၏။ "ထီးအထက်သို့ ရောက်သော် ငြမ်းကို ဘယ်သို့ ပြုသနည်း"ဟု မေးပြန်၏။ "ထီး အထက်သို့ ရောက်သော် ငြမ်းကို ဖျက်ပါသည်"ဟု လျှောက်သော် "မင်းကြီး ငါကား ဂူထွတ်၌ တင်သော ထီးနှင့်တူ၏။ ရာဇသကြံကား ငြမ်းနှင့်တူ၏။ ထီးအထက်သို့ ရောက်သကဲ့သို့ငါမင်းအဖြစ်သို့ ရောက်ပြီ။ ငြမ်းနှင့်တူသော ရာဇာကြံကိုဖျက်မှ ငါတင့်တယ်မည်" ဆိုလျက် စည်းစိမ်ဥစ္စာကို သိမ်း၍ 'ဒလမြို့သို့ ပို့လေ" ဟု မိန့်တော်မူ၏။ ဤအကြောင်းကို ယောက်၍ မှူးမတ်တို့သည် မင်းတို့အား မိမိကျေးဇူး ရှိဖူးသည် ဟူ၍ မထင်မှဲမြင် မပြုရာ။ ပြုသော် ရာဇသကြံကဲ့သို့ အပြစ်တင် ခံရတတ်သည် ဟူလို။

၂၃၉။ ဒသဗလံ၊ မြတ်ဉာဏ်၊ ဧမွံ ဘယ်တရားတို့နည်း။ (၂၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အရာ ဟုတ်သည် မဟုတ်သည်ကို သိတတ်သော ဌာနာဌာန ကောသလ္လဉာဏ်။

ကံအထူး ဝိပါက်အထူးကို သိတတ်သော ကမ္မဝိပါကဉ္စရဉာဏ်။

ကံ၏အပိုင်းအခြားကို သိတတ်သော သဗ္ဗတ္ထဂါမိနီဉာဏ်။

ဓာတ်တို့၏ အထူးအပြားကို သိတတ်သော နာနာဓာတုဉာဏ်။

သတ္တဝါတို့၏ အလိုနှလုံးသွင်းကို သိတတ်သော အဓိမုတ္တိဉာဏ်။

ဣန္ဒြေ ရင့်-မရင့်ကို သိတတ်သော ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်။

ဈာန် စသည်တို့၏ ညစ်ညူးခြင်းကို သိတတ်သော ဈာနာဒိ သံကိလေသဉာဏ်။

ရှေးနေဖူးသော ခန္ဓာအစဉ်ကို သိတက်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်။

သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကို သိတတ်သော ဒိဗ္ဗစက္ခုဉာဏ်။
သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော အာသဝက္ခယဉာဏ်။

ဤဉာဏ်ဆယ်ပါးကို "ဒသဗလဉာဏ်"ဟူ၍ ဆိုသည်။

ထိုဆယ်ပါးတို့တွင် ရှေ့ဖြစ်သောဉာဏ် ခုနစ်ပါးသည်ကား ကာမာဝစရဖြစ်သော မဟာကိရိယာဉာဏ်တော်တည်း။ ပုဗ္ဗေနိဝါသနှင့် ဒိဗ္ဗစက္ခုဉာဏ်နှစ်ပါးသည် ရူပါဝစရ စျာန်စိတ်နှင့်ယှဉ်သောဉာဏ်တည်း။ အာသဝက္ခယဉာဏ်ကား လောကုတ္တရာဖြစ်သော အရဟတ္တမဂ်ဉာဏ်တော်တည်း။

ထို့ကြောင့် သာရတ္ထသင်္ဂဟ၌ "ဧတေသု ဟိ ပဋိပါဋိယာ သတ္တ ကာမာဝစရာနိ။ တတော ဒွေ ရူပါဝစရာနိ။ အဝသေသံ ဧကံ လောကုတ္တရံ"ဟူ၍ မိန့်၏။ ။ဒ.နက်ကား အဓိပ္ပါယ်အတိုင်းပင်။

၂၄၀။ ရွှေတောင်မခံ၊ ဟင်္သာပျံ၊ စိတ်ခံ မည်သို့ရှိသနည်း။ (၂၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ရှေးသောအခါ ငါတို့ ဘုရားအလောင်းတော်သည် အာနန္ဒာ အလောင်းနှင့် အတူတကွ ဟိမဝန္တာ၏အနီးဖြစ်သော စိတ္တကူဋ်တောင်တွင် ရွှေဟင်္သာမျိုး၌ ဟင်္သာညီနောင် ဖြစ်တော်မူ၏။ ထိုညီနောင်တို့သည် ကိုယ်လုံး၌ ရွှေအတိပြီး၏။ အထူးထူးသော သတ္တဝါတို့၏ ကျင့်ဝတ်စရိုက်ကို သိသည်ဖြစ်၍ သားငှက်တို့အား ဩဝါဒပေးနိုင်သော ပညာလည်းရှိ၏။ရွှေကဲ့သို့ အဆင်းလှခြင်းကြောင့်လည်းကောင်း, တရားစကားကို ပြောကြားတတ်သောကြောင့် လည်းကောင်း တပါးသောသားငှက်အပေါင်းတို့သည် ဟင်္သာညီနောင်တို့၏ အထံ၌ ခစားပျပ်ဝပ်လာကုန်၏။

တရံသောအခါ ဟိမဝန္တာတောသို့ သွား၍ ကျက်စားပြီးသော် မိမိတို့၏နေရာ စိတ္တကူဋ်တောင်သို့ ပျံလာကြရာ ရွှေအဆင်းနှင့်တူသော နေရုတောင်ကိုတွေ့၍ ထိုတောင်သို့ ဝင်လျက် နားနေကြကုန်၏။ ထိုတောင်ကို မှီ၍နေသော သမင်,ဒရယ်,ချေငယ်စိုင်, ဆတ်စသော သတ္တဝါတို့သည်လည်းကောင်း၊ ကျေးငှက်အပေါင်းတို့သည် လည်းကောင်း၊ တောင်၏အရောင်ဖြင့် ဟပ်မိရကား၊ အလုံးစုံ ရွှေအဆင်းနှင့်သာ တူကုန်၏။ ဟင်္သာညီနောင်တို့ ရောက်သော်လည်း တစုံတခုသော သားငှက်မျှ ခစား ပျပ်ဝပ်ခြင်းငှာ မကပ်လာကြကုန်။

ထိုအခါ ညီ ဟင်္သာက နောင်တော် ဟင်္သာမင်းအား ဤသို့မေး၏။ "နောင်တော်–တပါးသောဌာနသို့ ကျွန်ုပ်တို့ရောက်သည်ရှိသော်၊ သားငှက်တို့သည် ကျွန်ုပ်တို့ထံသို့ ရောက်လာကြကုန်၏။ ဤတောင်၌ရှိသော သားငှက်တို့ကား မရောက်လာကုန်။ ဘယ့်ကြောင့် ဖြစ်လေသနည်း။ဤတောင်ကား အဘယ်မည်သောတောင်နည်း"ဟု မေး၏။

နောင်တော် ဟင်္သာမင်းကလည်း "ငါ့ညီ—ဤတောင်ကို နေရုတောင်ဟူ၍ လူတို့ သမုတ်ကြကုန်၏။ ဤတောင်ကား မိမိကိုမှီသော သားငှက်ဟူသမျှကို အဆင်းအားဖြင့် ထူးခြား ကွဲလွဲအောင်မပြု။ မိမိအရောင်ဖြင့်သာ ဖုံးလွှမ်း၍ ဒ႑ီအမျှဖြစ်အောင် ပြုတတ်၏။ ဤ သို့သောအရပ်ကို အဆင်းလှသော ငါတို့သည် မမှီခိုရာ။ ညီတော်- ဤလူ့ရွာတွင် အကြင်အရပ်သည် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောသူကို လည်းကောင်း, ဂုဏ်ကျေးဇူးမရှိသော သူကိုလည်းကောင်း, အတူ

အမျှသာ ပြုတတ်၏။ ထူးခြားကွဲလွဲအောင် မပြုတတ်။ ထိုအရပ်ကို ဂုဏ်ကျေးဇူးရှိသောသူသည် မဝိုရာ။ ။အကြင်မင်း သူကြီးတို့သည် ယုတ်သောသူကို မြတ်နိုးခြင်းရှိ၏။ မြတ်သောသူကို မြတ်နိုးခြင်းမရှိ။ ယုတ်သောသူ မြတ်သောသူဟူ၍ အထူးအခြားမရှိ။ အတူအမျှသာ ပြုတတ်၏။ ရဲရင့်နိုင်ခန့်သောသူနှင့် ကြောက်ထိတ်လန့်တတ်သောသူကိုလည်း အတူ အမျှသာ ပြုတတ်၏။ ထိုသို့သော မင်း သူကြီးတို့ကို မမှီဝဲရာ။ အကြင် မြို့ရွာ ဒေသ၌ ပညာရှိသောသူကိုလည်း ပညာမဲ့သောသူနှင့် အတူတူသာ ပြုတတ်၏။ ထိုသို့သော အရပ်ဒေသ၌ ပညာရှိသူတို့သည် မနေရာဟူ၍, ရှေးပညာရှိတို့ ဆိုကြကုန်၏။ ဤ နေရှုတောင်သည်လည်း အယုတ်, အလတ်, အမြတ် သုံးပါးကို ခြားနား၍ မချီးမြှောက်တတ်။ ဂုဏ်ရှိသောသူ၊ ဂုဏ်မရှိသောသူကိုလည်း ခွဲခြမ်း၍မပြု၊ သူမြတ်ကို သိမ်ဖျင်းအောင်သာ ပြုတတ်၏။ ထို့ကြောင့် ဤတောင်၌ နေသဖြင့် အဘယ်အကျိုးမျှမရှိချေ။ ငါတို့ မြန်စွာသွားမှသင့်မည်”ဟု ဆို၍ ထိုနေရှုတောင်မှသည် မိမိတို့နေသော စိတ္တကူဋ်တောင်သို့ ပြန်လေကုန်၏ ဟူ၍ ကေနိပါတ်ဇာတ် ကျမ်း၌လာသည်။ ဤသို့ ဂုဏ်ကျေးဇူးရှိသောသူကို အထူး အကွဲ မပြုသောကြောင့် နေရှုတောင်ကို ဟင်္သာညီနောင်တို့ မစံပဲရှောင်၏ ဟူပေ။

“အံ”ကာရန်ပုစ္ဆာ ၂၉-ပုဒ်တို့၏ အဖြေပြီး၏။

(ဤ ၂၉-ပုဒ်တို့တွင်။ အဂ္ဂါဂါရံပုဒ်။ ပလ္လင်တော်ရံပုဒ်။ သစ်ပင်လက်ပံပုဒ်။ ရွှေတောင်မစံပုဒ် တို့ကိုသာ ရှေးဆရာတို့ ဖြေခဲ့သည်။ အကြွင်းပုဒ်တို့ကို မဖြေခဲ့။ ဖြေပါသမျှလည်း နေရာမကျ။ ထို့ကြောင့် အသစ်ဖြေဆိုလိုက်သည်)။

---

(၅) “အုံ” ကာရန်ပုစ္ဆာ ၉-ပုဒ်အဖြေ။

၂၄၁။ ဘီလူးစားအုံ၊ မကြောက်ရွံ၊ ရဲဝံ့လောင်းလျာ ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ပဥ္စာဝုဓမင်းသား၊ သုတနုလုလင်, သုတသောမမင်း ဇယဒိသ, အယောဃရ ဤ ငါးဇာတ်တို့၌ ဘုရားလောင်းသည် ဘီလူး စားအံ့သည်မှ မကြောက်ရွံ့ကြောင်းကို လာသည်။ ထိုတွင် ပဥ္စာဝုဓဇာတ်ကို နောက်ပစ် အမြစ်ကာရန်ပုစ္ဆာတွင် ဖြေဆိုခဲ့ပြီ။

သုတနုဇာတ်ကား ဤသို့တည်း။ ။ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ဘုရားအလောင်းတော်သည် သူဆင်းရဲ၏ အမျိုး၌ဖြစ်၍ “သုတနုလုလင်”အမည်ရှိ၏။ ဘခင်လွန်ခဲ့သော် မယ်တော်ကို လုပ်ကျွေးလျက်နေ၏။

မင်းကြီးသည် သမင်သား၌ မက်မောခြင်းရှိသည်ဖြစ်၍ တောကစားသွားလေသော် တခုသော ဇေယျာသားကိုတွေ့၍ မင်းချင်းအများတို့နှင့် ဝန်းဝိုင်း၍ ဖမ်းကြရာတွင် မင်း၏တာမှ သမင်သည် ထွက်ပြေး၏။ မင်းလည်း အတန်ကွာလိုက်၍ မမီလျှင် သမင်ကို လေးနှင့်ပစ်သတ်၏။ ထိုသမင်ကို ဓားနှင့်ပိုင်းဖြတ်ပြီးမှ မှူးမတ်တို့ကိုပြရန် အလို့ငှာ ထမ်းဆောင်၍ လာသည်တွင် ခရီးအကြား၌ ပညောင်ပင်ကို မြင်သဖြင့် အပန်းဖြေခြင်းငှာ ညောင်ရိပ်သို့ဝင်၍ အိပ်လေ၏။

ထိုဥယျာဉ်ပင်၌ မဃဒေဝမည်သော ဘီလူးသည် ဝေဿဝဏ္ဏနတ်မင်းအား ခစားရသဖြင့် အခွင့်ရသောကြောင့် ဤ ဥယျာဉ်ပင်ရိပ် နှံ့သမျှဌာနသို့ ဝင်ရောက်သော သတ္တဝါတို့ကို စား သောက်ကာနေ၏။ မင်းကြီးနိုး၍ သွားမည်ပြင်ဆင်သော် ဘီလူးသည် ကိုယ်ထင်ပြ၍ "လူသား— အသင် မသွားလင့်၊ သင်ကား ငါ့အစာဖြစ်ပြီ"ဟု ဆို၍ လက်ကိုကိုင်၏။ မင်းလည်း ကြောက် လန့်ရကား "ဘီလူး—သင်သည် ယနေ့တကြိမ်သာ စားလိုသလော။ နေ့တိုင်းပင် စားလိုသလော" ဟု မေး၏။ "နေ့တိုင်းပင် စားလို၏"ဟု ဆိုသော် "ငါကား လူသာမညမဟုတ်၊ ဤဗာရာဏ- သီပြည်ကို အစိုးရသောမင်းတည်း။ ယနေ့ သမင်သားကို စား၍ ငါ့အား လွှတ်ဘိလော့၊ နေ့ တိုင်း ထမင်းတအိုး လူတယောက်ကို သင့်အထံသို့ ငါလွှတ်အံ့"ဟု ဆို၏။ ဘီလူးလည်း "ဤ စကားအတိုင်းမှန်စေ၊ မမှန်မူ သင်မင်းကြီးကို စားအံ့"ဟု သစ္စာပြုစေ၍ လွှတ်လိုက်၏။

မင်းလည်း ပြန်ခဲ့၍ ပြည်သို့ရောက်သောအခါ မှူးဝန်နှင့် တိုင်ပင်၍ နှောင်အိမ်၌ ထားသော သူတို့ကို တနေ့တယောက်စီထုတ်၍ "ထမင်းတအိုးကို ဥယျာဉ်စောင့် နတ်မင်းထံပို့ချေ"ဟု စေ လိုက်၏။ ဘီလူးလည်းလာတိုင်းသော သူတို့ကိုစား၍ နေ့ရက်များသဖြင့် ရာဇဝတ်သားတို့ ကုန်လေသော် မင်းသည် သေဘေးမှ ကြောက်သည်ဖြစ်၍ ဆင်ကျောက်ကုန်းထက်၌ အသ ပြာ တထောင်ထုပ်ကိုတင်၍ "အကြင်သူသည် ဥယျာဉ်စောင့်နတ်အား ထမင်းပို့သည်ဖြစ်အံ့၊ ဤအသပြာထုပ်ကို ယူစေသတည်း" ဟု စည်လည်စေ၏။

ထိုအခါ သုတနုလုလင်သည် အသပြာထောင်ထုပ်ကိုယူ၍ မိခင်အားပေးပြီးသော် မင်းကြီး ထံသို့လာ၍ "အရှင်မင်းကြီး–ကျွန်ုပ် ဥယျာဉ်စောင့်နတ်ကို ထမင်းပို့ပါမည်။ သို့ရာတွင် ထီးတ လက်၊ သန်လျက်တစင်း၊ ခြေနင်းတခုကိုသာ ကျွန်ုပ်အားပေးပါ"ဟု လျှောက်၏။ မင်းကြီးက "ဘယ်အကြောင်းကြောင့်နည်း" ဟု မေးလျှင် "အရှင်မင်းကြီး-လက်နက်စွဲကုန်သော သူတို့အား ဘီလူးတို့ ကြောက်မြဲဖြစ်ပါသည်။ ချင်းနေသော ဥယျာဉ်ရိပ်ကိုမခိုပဲ ထီးရိပ်ကိုသာ ခိုလိုပါသည်။ ချင်းမြေကိုမနင်းပဲခြေနင်းကိုသာ နင်းလိုပါသည်။ ဤကဲ့သို့ မြေမနင်း၊ အရိပ်မခိုလျှင် ထို ဘီလူး မစားနိုင်ပါ"ဟုလျှောက်၏။ မင်းကြီးလည်း သုတနုလုလင်အား လိုချင်တိုင်းကိုပင် ပေးစေ၏။

သုတနုလုလင်လည်း မင်းကြီး၏ စားတော် ထမင်းကို ရွှေလင်ပန်းဖြင့် ထည့်၍ သန်လျက် လက်စွဲလျက် ခြေနင်းစီး၍ ထီးကို ဆောင်းလျက် ပြည်မှ ထွက်ခဲ့၍ ဘီလူးနေသော ဥယျာဉ်ပင်၏ အနီးသို့ ရောက်သောအခါ မိမိနှင့်ပါသော လူပရိသတ်တို့ကို မြင်သာရုံအရပ်က နေစေ၍ သုတနု လုလင်ကား သစ်ပင်၏ အရိပ်အပြင်ကနေ၍ သန်လျက်ဦးတွင် ထမင်းခွက်ကို တင်ပြီးသော် "မဃ ဒေဝ ဘီလူး-ထမင်းယူလှည့်"ဟု ခေါ်၏။ ဘီလူးလည်း ဤသူကို လှည့်ပတ်၍ စားအံ့ဟု ကြံလျက် "လုလင်-ဤဥယျာဉ်ပင် ရိပ်သို့ ဝင်ခဲ့လော့"ဟု ဆို၏။ ဘုရားလောင်းလည်း "သင် အခွင့်ပေးမူ ငါဝင်အံ့"ဟု ဆို၍ ခြေနင်းစီးလျက် ထီးကိုဆောင်း၍ ဝင်၏။ ဘီလူးက "သင်သည် ငါ့အစာ ဖြစ်ပြီ၊ ငါစားတော့အံ့"ဟု ဆိုလေသော် "ငါ့ကို သင် မစားသင့်၊ ဘယ့်ကြောင့်နည်းဟူမူ၊ ငါသည် သင်၏ ဥယျာဉ်ရိပ်ကို မခို ထီးရိပ်ကိုသာခိုသည်။ သင်၏မြေကိုလည်း ငါမနင်း၊ ဤ ခြေနင်းကို သာနင်းသည်။ ထိုထီးနှင့် ဖိနပ်ကိုသာ သင်စားသင့်သည်။ အကယ်၍ ငါ့ကိုဆွဲငင်မူကား ဤ သန်လျက်ဖြင့် သင့်ကိုဖြတ်မည် ငါသည် လူသာမညမဟုတ် မိခင်ကို လုပ်ကျွေး၍နေသော တပြည် လုံးထင်ရှားသော သုတနုမည်သော ယောကျာ်းတည်း၊ ငါ့ကို သင်စားမူ ပြည်သူ ပြည်သားတို့ အများသိကြ၍ ထမင်းကိုမျှ သင့်ထံသို့ ပို့လာဝံ့သူမရှိရာ။ မပို့လာသော် လွန်စွာသင် ငတ်မွတ်

လတ္တံ့။ ငါတို့မင်းကြီးလည်း သင်ပိုင်ရပ် ဌာန၏ပြင်၌ဖြစ်သောကြောင့် သင် မစားထိုက်ပြီ”ဟု ဆို၏။ ထိုစကားကို ဘီလူးကြားသော် ဤသူကား အကြောင်းဟုတ်သည်ကိုပင် ဆိုပေသတည်း ဟု နှလုံး ပြု၍ ထမင်းခွက်ကိုသာ ယူ၍စား၏။

ထိုအခါ ဘုရားလောင်း သုတနုလုလင်ကလည်း “အချင်းမဃဒေဝ-သင်သည် ရှေးမကောင်းမှု ကြီးလှသောကြောင့် ရုန့်ရင်း ကြမ်းကြုတ်သော ဘီလူးဘဝ၌ဖြစ်ရပြီ။ ယခုတဖန် ထပ်မံပြန်လျှင် အလွန်ယုတ်ရာသို့ ရောက်ပြန်တော့မည်။ ဤပါဏာတိပါတမှ ကြဉ်ရှောင်လော့။ ငါသည် မင်းကြီး အား လျှောက်ထား၍ မသတ်ပဲ စားရသော သားစိမ်းအရသာကို မြို့ဈေးမှာ ကောက်၍ အမြဲ ပေးစေအံ့”ဤသို့စသည်ဖြင့် တရားဟောပြောဆုံးမ၍ ဘီလူးကို မာန်စောင်ကျစေပြီးလျှင် မိမိ၏ ထီး, သန်လျက်, ခြေနင်း, ထမင်းခွက်တို့ကို ယူစေ၍ နောက်ပါခေါ်၍ ပြည်သို့လာခဲ့၏။ ဗာရာဏသီ မင်းလည်း အလွန် ဝမ်းမြောက်သည်ဖြစ်၍ ဘုရားလောင်းအား စစ်သူကြီးအရာ၌ ထား၏။ ဘီလူး ကိုလည်း မြို့ပြင်တံခါးဝ၌ နေစေ၏။

ဤဇာတ်ကား ကေနိပါတ်၌ လာသည်။ သုတသောမ မင်းသည် လူသား စားတတ်သော ပေါရိသာဒ၏ အထံသို့ သွားကြောင်းများမှာ ထင်ရှားစွာ၏။

ဇယဒိသဇာတ်ကား—ရှေး လွန်လေပြီးသောအခါ ကပိလတိုင်း၊ ဥတ္တရပဉ္စာလမြို့၌“ပဉ္စာလ” မည်သော မင်းသည် မင်းပြု၏။ ထိုမင်း၏ မိဖုရားကြီးသည် ကိုယ်ဝန်ရ၍ သားဖွားလတ်သော် ရှေးဘဝ၌ လင်တူ ရန်ဘက်ဖြစ်ကြ၍ “သင်၏ သားကို စားနိုင်စေသော” ဟု ဆုတောင်းရှိခဲ့သော မိန်းမသည် ဘီလူးမဖြစ်၍နေသည်နှင့် မိဖုရား သားဖွားရာသို့ မိတ်ဆွေ သဏ္ဌာန်ဖြင့် လာပြီးလျှင် ဖွားစသောသားကို ကျွတ်ကျွတ် ဝါး၍ စားလေ၏။ နှစ်ကြိမ်မြောက် သားဖွားရာ၌လည်း ဤနည်းတူ လာ၍ စား၏။ သုံးကြိမ်မြောက် သားဖွားခါနီး၍ မီးနေအိမ်သို့ ဝင်သောအခါ ပဉ္စာလမင်းကြီးသည် လက်နက်စွဲသော ယောကျ်ားတို့ကို များစွာ စောင့်ရှောက်စေ၏။ မိဖုရား သားဖွားသော ကာလ ဘီလူးမသည် ရှေးနည်းတူ ယူလာပြန်လျှင် မိဖုရားသည် အလန့်တကြား ဟစ်အော်သည်နှင့်အစောင့်သူတို့ သိ၍ ဖြုဖြုလိုက်ကြ လေသော် ဘီလူးမလည်း စားခွင့်မရသော ကြောင့် သားငယ်ကို ရင်ဝယ်ပိုက်လျက် ရေမြောင်းမှ ထွက်ပြေးလေ၏။သားငယ်သည် မိခင်ဟူသော အမှတ်ဖြင့် သားမြတ်၌ နို့စို့လေသော် ဘီလူးမလည်း သားရင်းကဲ့သို့ ချစ်ခြင်း ဖြစ်ရကား မစားပဲ မိမိနေရာ သုသာန်သို့ဆောင်၍ ကျောက်ဂူ၌ ထားပြီးလျှင် သားပြု၍ မွေးမြူ၏။ မင်းသားလည်း ဘီလူးမကျွေးသော လူသားကို စား၍ ကြီးလေရကား မိမိ၏လူဇာတ် ဖြစ်ကြောင်း ကိုမသိပဲ ဘီလူးမသားဟူသော အမှတ်ဖြင့်သာ နေ၏။ လူပျိုဖြစ်၍ ကိုယ်ကို မကွယ်ပျောက်နိုင် ရကား တခုသော ဆေးမြစ်ကို အမိကပေး၍ ထိုဆေးကို ဆောင်သဖြင့် ကွယ်ပျောက် ရလေ၏။ ကာလ ရှည်လတ်သော် အမိ ဘီလူးမသည် ဝေဿဝဏ် နတ်မင်းထံသို့ အမှုထမ်း သွားရာ၌ သေ ရကား မိမိချည်းသာ ကျောက်ဂူ၌နေ၏။

မိဖုရားလည်း လေးကြိမ်မြောက် သားဖွားပြန်သော် ဘီလူးအန္တရာယ် မရှိ ပကတိ ချမ်းမြေ့ စွာရှိရကား မင်းသားကို “ဇယဒိသ” ဟူသော အမည်ကို မှည့်၏ ထိုမင်းသားသည် အရွယ်သို့ ရောက်သောအခါ ပြည့်စုံစွာ အတတ်သင်ပြီး၍ ထီးနန်း တိုင်းပြည်ကို အုပ်ချုပ်လျက် မင်းလုပ် လေ၏။

ဇယဒိသမင်း၏ မိဖုရား၌ ဘုရားအလောင်းတော် ဖြစ်သော သားကိုရ၍ "အလီနသတ္တု" မည်သော အမည်ကို မှည့်၏။ ထိုမင်းသားအရွယ်သို့ ရောက်၍ အတတ်ပညာ တတ်မြောက်သောကာလ အိမ်ရှေ့မင်းအရာကိုရ၏။

ထိုအခါ သုသာန် ကျောက်ဂူမှာ နေသော ဘီလူးမ သားလည်း ကိုယ်ကို ကွယ်စေတတ်သော ဆေးမြစ် ပျောက်လေသည်နှင့် မကွယ်ဝှက်နိုင်ပဲ ပြကတေ့သော ကိုယ်ဖြင့်သာလျှင် သုသာန်၌ ပစ်လာသော လူကောင်ကို ဖော်၍ စား၏။ ပြည်သားတို့ မြင်သော် ကြောက်လန့်သဖြင့် ဇယဒိသ မင်းကြီးအား လျှောက်ကြားလေ၏။ "အရှင်မင်းကြီး- ဘီလူးတယောက်သည် သုသာန်ပြင်၌ ကိုယ်ထင်ပြ၍ လူကောင်ကိုစား၏။ အကယ်၍ လူကောင်မရလျှင် မြို့ရွာသို့ ဝင်၍ လူရှင်ကို သတ်စားလတ္တံ့။ ထို့ကြောင့် ထိုဘီလူးကို နှင်တော်မူပါလော့"ဟု လျှောက်ကြ၏ မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံပြီးလျှင် သူရဲတို့ကို လွှတ်၍ ဝန်းရံစေသော် ဘီလူးမသားလည်း ဖွားတိုင်းသော ကိုယ်ဖြင့် ကြောက်မက်ဖွယ် မြည်တမ်းလျက် ဝန်းရံသောလူတို့လက်မှ ထွက်ပြေးလေ၏။ ထွက်ခဲ့ပြီးသော် တောအုပ်ကြီး၏အတွင်း တခုသော ညောင်ပင်ရင်း၌နေ၍ ခရီးသွားလူတို့ကို ဖမ်းယူသတ်စားလေ၏။

တရံသောအခါ လှည်းမှူးပုဏ္ဏားတဦးသည် ထိုတောအုပ်ဖြင့် ခရီးသွားလိုသောကြောင့် တောစောင့်သော လူတို့ကို အသပြာတထောင်ဖြင့် ငှား၍ လှည်းငါးရာနှင့် သွားလေသော် ဘီလူးမသားလည်း လန့်ကြောက်ဖွယ် ဟစ်ကြော်၍ လိုက်သော် လူအပေါင်းတို့ ဦးခေါင်းမြေထိ ဝပ်ကြသော အခါ ပုဏ္ဏားကို ယူ၍ ပြေးလေ၏။ တောစောင့်သော လူတို့သည် အယူပြီးဖြစ်၍ မနေသာသောကြောင့် ဝန်းရံကာလိုက်ကြလျှင် ပုဏ္ဏားကို ထမ်းလျက် ပြေးရသောကြောင့် ချေကို ရှားဒုပ်စူးလေ၏။ ဘီလူးလည်း ပုဏ္ဏားကို ပစ်ခဲ့၍ မိမိနေရာ ညောင်ပင်ရင်းသို့ ဝင်လျက် ပုန်းနေ၏။

ထို့နောက် ခုနစ်ရက်မြောက်သောကာလ ဇယဒိသမင်းသည် သင်းပင်း ခြံရံနှင့်တကွ တောကစားလာ၍ တခုသော ချေကိုမြင်လျှင် "ဤ ချေကို အရှင်ဖမ်းကြအံ့။ အကြင်သူ၏ အနီးမှထွက်မူ ထိုသူ၏ တာဝန်ဖြစ်စေ"ဟု ကတိကတ်ပြု၍ ဝန်းရံကြသော် မင်းကြီး၏တာက ထွက်ပြေးရကား အမတ်ကြီးတို့ ပြက်ရယ်ပကားဆိုမည်ကိုမခံလိုသောကြောင့် မင်းကြီးကိုယ်တိုင်လက်နက်ကိုင်၍ လိုက်သော် ယူဇနာဝက်ရှိမှ မီသဖြင့် ထိုချေကို နှင်ပိုင်းဖြတ်၍ ထမ်းလာခဲ့၏။ ဘီလူးမသားနေရာ ညောင်ရိပ်သို့ ရောက်လျှင် ပင်ပန်းဖြေခြင်းငှါ ဝင်၍ အိပ်နေ၏။ နိုး၍ သွားမည်ဟု ပြင်သောအခါ ဘီလူးမသားသည် ပုန်းရာမှ ထွက်ခဲ့၍ လက်ကိုကိုင်ပြီလျှင် "သင် ဘယ်ကို သွားအံ့နည်း။ ငါ့အစာ ဖြစ်ပြီတကား"ဟု ဆို၏။ ထိုအခါ ဇယဒိသမင်းလည်း အလွန် ကြောက်လန့်လှလျက် ပြေးထွက်ခြင်းငှါ မဂ့ံရကား သမာဓိတရားကို ဖြစ်စေလျက် "အသင်ဘီလူး ငါကား လူသာမည မဟုတ်။ ဤပဥ္စာလတိုင်းကို အစိုးရသော မင်းတည်း။ သင် ဤချေသားကိုသာ စား၍ ငါ့အား လွှတ်ပါ"ဟု ဆို၏။ ထိုအခါ ဘီလူးကလည်း "မင်းကြီး သင်သည် ချေးသည်၏ဥစ္စာဖြင့် ချေ ဝယ်ရှာသကဲ့သို့ ငါပိုင်သော ချေသားကို ငါ့အား ဝယ်လော့ ဟု ဆိုဘိ၏။ အဘယ်မှာ လွှတ်တော်အံ့နည်း၊ ယနေ့ သည်ချေသားကို စား၍ နက်ဖြန် သင့်ကို ငါစားအံ့"ဟု ဆို၏။ "ဘီလူး—သင်သည် ငါ့ကို မလွှတ်ပဲ စားလိုမူ စားပါလော့။ သို့ရာတွင် ငါတော့သို့ ဝင်မည်ဟု ပြည်မှ ထွက်သောအခါ၌ တက္ကသိုလ်ပြည်မှ နန္ဒအမည်ရှိသော ပုဏ္ဏားသည် ရောက်လာ၍ သဟဿာရဟ ဂါထာကို ဟောမည်

ပြုသော် ယခု ကျွန်ုပ် မနာအားသေး၊ တောမှ ပြန်သောအခါ တရားနာမည်ဟု ချိန်းချက်ခဲ့သော သစ္စာစကားသည် ငါ့အား ရှိပါသတည်း။ ထိုသစ္စာကို စောင့်သောအားဖြင့် ယနေ့ ပြန်သွား၍ ထို တရားကို နာပါရစေ။ နက်ဖြန် သင်၏ထံသို့ ငါပြန်လာပါအံ့။ ထိုအခါမှ သင်လိုရာပြုပါလော့”ဟု ခွင့်တောင်း၏။ ထိုအခါ ဘီလူးမသားကလည်း “မင်းကြီး နန္ဒပုဏ္ဏားထံ ဝန်ခံခဲ့သော သစ္စာကိုကား စောင့်လိုပေပြီ။ ငါ့ကို ဝန်ခံသော သစ္စာကိုကား စောင့်ပါအံ့လော”ဟု မေးပြန်၏။ မင်းလည်း မစိုးရိမ်လင့်၊ ငါ၏အသက်ကို မနှမြော၊ စကားပျက်အံ့သည်ကိုသာ ငါနှမြောသည်”ဟု ဆိုလျှင် “ထိုသို့ မှန်တပြီကား သွားဦးတော့”ဟု အခွင့်ပေး၏။

မင်းကြီးလည်း ထိုမှ ပြန်လာခဲ့၍ စောင့်နေသော ဗိုလ်ပါအစည်းအဝေးသို့ ရောက်လျှင် အတ္ထုပ္ပတ္တိကို မပြောပဲ ပြည်သို့ မြန်စွာဝင်ခဲ့၍ နန်းတော်သို့ ရောက်သောကာလ နန္ဒပုဏ္ဏားကို ပင့်ခေါ်၍ မြတ်သောနေရာ၌ ထားလျက် တရားကို နာပြီးသော် လေးဂါထာ၌ အသပြာ လေးထောင် ပူဇော်ပြီးမှ နန္ဒပုဏ္ဏားအား မိမိနေရာ တက္ကသိုလ်ပြည်သို့ ပို့စေ၏။ နောက်နေ့ မိုးသောက်လတ်သော် သားတော် အိမ်ရှေ့မင်းကို ခေါ်၍ “ချစ်သား တရားနှင့်လျော်စွာ မင်းမှု ရစ်လော့။ ငါမူကား ဘီလူးထံသို့ အစားခံ သွားအံ့”ဟု ဆို၏။ ထိုအခါ သားတော်အိမ်ရှေ့မင်းက လည်း “ခမည်းတော် အဘယ်သို့ အကြောင်းရှိ၍ ဘီလူးစားခံ သွားအံ့နည်း”ဟု လျှောက်လျှင် “တောကစားသွားစဉ်အခါ သူ၏ ညောင်ရိပ်သို့ ဝင်၍ အိပ်နေမိသောကြောင့် သူစားပိုင်သည် ဖြစ်၍ ငါ့အား စားမည်ဟု ပြုရာတွင် တရက်မျှင့်ပါ။ တရားကို နာပါရစေဟု ခွင့်တောင်း၍ သစ္စာ ခံပြီးလျှင် ပြန်လာသည်။ ထိုကြောင့် ၎င်းသစ္စာကို စောင့်သောအားဖြင့် အစားခံသွားမည်”ဟု စေ့စုံစွာပြောလျှင် “ဖခင်မင်းကြီး ယင်းသို့ ဖြစ်တပြီကား ဖခင်ကိုယ်စား ကျွန်ုပ်သွား၍ ဘီလူးစား ခံပါအံ့။ ဤလောက၌ မိဖကျေးဇူးကို သိတတ်သော သားမြတ်သားကောင်း ဟူသမျှတို့သည် မိဖကျေးဇူးတို့ကို ဆပ်၏ ဟူသော်လည်း စည်းစိမ်ဥစ္စာကို ပေးခြင်း၊ ဝေယျာဝစ္စကို ဆောင်ခြင်း ဖြင့်သာ ဆပ်ကြရကုန်သည်။ အသက်ကိုစွန့်၍ ဆပ်ရသူကား အလွန်ရှားသည်။ ကျွန်ုပ်မူကား ဘုရားသဗ္ဗညုတ် ဆုကို ဖြည့်အံ့သူဖြစ်၍ စင်စစ် အခွင့်ကြုံလေသည်။ ထို့ကြောင့် ကျေးဇူးတော် မြတ်ကို အသက်စွန့်၍ ဆပ်ပါရစေဟု ခွင့်တောင်း၏။ မင်းကြီးလည်း ငါ့သားသည် မင်း၏ စည်းစိမ်ကို မခံစားရဖူးသေး။ ငါမူကား ရှည်ဝေးစွာ ခံခဲ့ပြီ။ ထို့ကြောင့် သေသော်လည်း သင့်လျော်ပြီဖြစ်၍ ငါသာ သွား၍ ဘီလူးစားခံမည်”ဟု ဆို၏။ ထိုအခါ သားတော် အိမ်ရှေ့မင်း လည်း ထပ်ကာထပ်ကာ တောင်းပန်သဖြင့် အခွင့်ပေးလေသော် ခမည်းတော် မယ်တော် တို့အား ပူဇော် ကန်တော့၍ အိမ်တော်တွင်ရှိသော သားမယား ကျေးကျွန်တို့အား လည်းကောင်း, ပြည်သူပြည်သား တို့အားလည်းကောင်း မှာထား ပြောဆိုခဲ့ပြီးမှ မြို့မှထွက်၍ ဘီလူးရှိရာ တော ရပ်သို့ အစားခံ ထွက်လေ၏။

မယ်တော် ခမည်းတော် တို့နှင့်တကွ ပြည်အလုံးသည် အုန်းအင်းခတ်မျှ ငိုကြွေးကြလျက် တောဝသို့ ရောက်အောင် ပို့လိုက်၏။ ထိပ်ထက်လက်တင်ကာ ဖခင်၏ ကျေးဇူးကို အထူး သိတတ်သော သားမြတ် သားထူးကို ဘီလူးမစားရက်ပဲ လွှတ်ထွက်ပါစေဟု မြို့စောင့် ရွာစောင့် ကောင်းကင်စောင့် နတ်တို့အား တိုင်ကြား၍ ဆုတောင်းကြ၏။

အလီနသတ္တ၊ မင်းသားလည်း မြူးစားအံ့သောငှါ ရတနာဂူမှ ထွက်သော ကေသရရာဇာ ခြင်္သေ့ကဲ့သို့ သိမ်မွေ့ရဲတင်းစွာ တောသို့ ဝင်လာ၏။ ဘီလူးမသားလည်း “မင်းတို့မည်သည်ကား

များစွာသော မာယာရှိ၏။ ဘယ်သို့ ပြုမည် မသိနိုင်”ဟု ကြံပြီးလျှင် စောစွာကပင် ညောင်ပင်ထက်က ကြည့်လျက် မြေဘ်တမ်းကာ နေသည်နှင့် ဖခင်ပြန်သွား၍ သားကိုသာ လွှတ်လိုက်သည်ကို မြင်လျှင် “ငါ့တွင် အန္တရာယ်မရှိ”ဟု သိ၍ သစ်ပင်မှ ဆင်းပြီးလျှင် မင်းသားလာရာကို ကျောခိုင်းကာ နေလင့်၏။

ညောင်ရိပ်သို့ ရောက်သောကာလ“ပြဟာ ဥဇ္ဇု စာရုမုခေါ” စသော ဂါထာကိုဆို၏။ထိုဂါထာ၏ အဓိပ္ပါယ်ကား.... “အဆွေ လူသား— လူသားကို စားတတ်သော ငါသည် ဤညောင်ရိပ်မှာ နေသောအဖြစ်ကို မသိ၍ လာသလော၊ သင် အဘယ်မည်သော သူနည်း၊”ဟု ဆိုလိုလည်း။

မင်းသားကလည်း.... “ဇာနာမိ ပုတ္တောသိ” အစရှိသော ဂါထာဖြင့် “အဆွေ ဘီလူး....ငါကား ပဉ္စာလတိုင်းကို အစိုးရသော ဇယဒိသမင်း၏ သားတည်း။ သင် ဤညောင်ရိပ်မှာ နေသော အဖြစ်ကို ငါသိ၏။ ငါ့ဖခင်အား သင်စားအံ့သည်ကို ဖခင့်ကိုယ်စား ငါခံလို၍ လာသတည်း။ ငါ၏ကိုယ်ကို စဉ်းလိုစဉ်း ခုတ်လိုခုတ်၊ ပြုတ်လိုပြုတ်၊ ကင်လိုကင်၊ သင်အလိုရှိသမျှ ပြုလော့”ဟု ဆို၏။

ထိုစကားကိုကြားသော် ဘီလူးကလည်း“မင်းသား ...ဤလောက၌ လူဟူသမျှကား သေဘေးမှ ကြောက်ကြသည်ချည်း ဖြစ်လျက် သင် ဘယ့်ကြောင့် မကြောက်သနည်း”ဟု မေး၏။

မင်းသားကလည်း “အသင် ဘီလူး....ငါ့အား မျက်မှောက်၌ပြုအပ်သော အပါယ်လားကြောင်း မကောင်းမှုသည် တစုံတခုမျှ မရှိ။ ကုသိုလ် သုစရိုက်သာလျှင် များစွာ ငါ၌ရှိ၏။ ဤဘဝမှ စုတေသော် ငါလိုသော ဂတိသို့ စင်စစ်ရောက်မည်သာဖြစ်၍ သေခြင်းကို ငါမကြောက်သတည်း။ အလုံးစုံ မြင်သမျှသော သတ္တဝါတို့သည် တဘဝ၌ တခါသေမြဲ မွေတာ ဖြစ်ကြ၏။ သင်မစားပဲ ငါ့အလိုလို သေရမှုကား အကျိုးမင်္ဂ။ သင့်အစားကုံခံ၍ သေရမှုကား ငါ့ဖခင်ကိုလည်း ကျေးဇူးဆပ်သည် မည်သည်။ သင့်အားလည်း ဤကိုယ်နှင့်အသက်ကို လှူရသည် မည်သည်ဖြစ်၍ ငါ၌ အလွန် မြတ်လှစွာသော ဒါန ပရမတ္ထပါရမီ ပြည့်တော့သည်။ ထို့ကြောင့် သေရမည်ကို ငါမကြေ က်သတည်း” ဟု ဆို၏။

ထိုစကားကို ကြားသော် ဘီလူးလည်း နူးညံ့သောစိတ် ရှိသည်ဖြစ်၍ ပြေးလိုလျှင် ပြေးပါစေဟု နှလုံးထားလျက် “မင်းသား ဖခင်၏ကိုယ်စား ခံလိုမှုကား သင့်အသားကို ချက်ခြင်းငှါ ထင်း ခြောက်ရှာ၍ မီးပုံလော့”ဟုဆို၏။ မင်းသားလည်း ဆိုတိုင်း မီးပုံလေလျှင် “ရေကို ဆောင်ချေဦးလော့၊ ခံ့လောက် တည်ဦးလော့” စသည်ဖြင့် စီရင်၏။ မင်းသားလည်း စီရင်တိုင်း ပြု၍ အနီး၌ နေလေလျှင် ဘီလူးလည်း မင်းသားကို စိန်းစိန်းကြည့်၍ “ဤသူကား လူသာမည်မဟုတ် မနုဿအာဇာနည် စင်စစ်တည်း။ ဤ သူ၏ အသားကို စားသဖြင့် မှန်ညင်းခန့်မျှ မကျေနိုင်ရာ။ လွှတ်မှသာ သင့်မည်” ဟု ကြံပြီးလျှင် “မင်းသား—သင်ကဲ့သို့ မကြောက်မရွံ့ ရဲဝံ့သောသူ့ သစ္စာစကား စောင့်ကြွားမှန်ကန်သော သူကို တစုံတယောက်မျှ ငါမမြင်ဖူးပေ။ သင်၏ မျိုးဆွေ မိဘတို့၏ ထံသို့ ပြန်၍ တင့်တယ်စွာ စံနေလော့” ဟု ဆို၏။ ထိုအခါ မင်းသားကလည်း “အသင်သည် မျက်တောင်လည်းခတ်သည်။ အရိပ်လည်း ထင်သည်၊ ဘီလူးစစ်မဟုတ်။ ဘီလူးစစ်ကား မျက်တောင်လည်းမခတ်။ ကိုယ်ရိပ်လည်းမထင်။ သင်ကား ငါ့ဖခင်၏ အစ်ကို ဖြစ်၍ ငါ၏ ဘကြီးပင်တော်သည်။ ဤတော၌ တယောက်တည်း ဆင်းရဲစွာ မနေလင့်။ တိုင်းပြည်သို့ လိုက်၍ ချမ်းသာစွာ နေလှည့်လော့” ဟု ခေါ်၏။

ဘီလူးမသားကလည်း ထိုစကားကို မယုံရကား ဤတောအုပ်၌ နေသော ဒိဗ္ဗစက္ခုရသေ့ကို မေး ဘြကုန်အံ့ဟု နှစ်ဦးသွားကြလေလျှင် ရှင်ရသေ့ လည်း မြင်စကပင် "သား, ဘကြီးတို့သည် အဘယ် အကြောင်းကြောင့် လာကြသနည်း" ဟု မေး၏။ အကြောင်းမျိုးကို လျှောက်သော် အစ်ကိုနှစ်ဦးတို့ကို ဘီလူး မစားကြောင်း မိမိကို မွေးထားကြောင်း။ ညီဇယဒိသမင်း ယခု မင်းပြု ၍နေကြောင်း။ ဤ သူငယ်သည် ညီတော်သား ဖြစ်ကြောင်းကို ပြောလျှင် ယုံကြည်စွာသိ၍ "ချစ်သား – သင်သွားလေတော့။ ငါ ဤတွင် နေရစ်တော့မည်" ဆို၍ လွှတ်လိုက်၏။

မင်းသားသည် ပြန်လာခဲ့၍ ပြည်သို့ ရောက်သော် ခမည်း တော်အား အကြောင်းမျိုးစုံကို လျှောက်ထား၏။ မင်းကြီးလည်း အားရတော် မူလှ၍ ဗိုလ်ပါ မှူးမတ်တို့နှင့် တကွ ရသေ့ထံသို့ သွားပြီးလျှင် ရသေ့ အား မေးလျှောက်၏။ ရသေ့ လည်း အတ္ထုပ္ပတ္တိကို ပြန်ကြားပေးသော် ငါ၏ နောင်တော်ပင် ဖြစ်သည် ဟု သိ၍ ပြည်သို့ လိုက်၍ မင်းပြုပါမည့် အကြောင်းနှင့် တောင်းပန်၏။ ဘီလူးမ သားလည်း "ငါကား မင်းမပြုလိုပြီ၊ ဤဘဝ၌ ရှေးဖကုသိုလ် ကြီးလှ၍ ဘီလူးမသား ဖြစ်ရလေသည်။ ငသေ့ ရဟန်းပြု၍ နေတော့မည် ဟု ဆို၍ ရသေ့ ပြုလျက်နေလေ၏။ မင်းကြီးလည်း ထိုရသေ့ နှစ်ဦးတို့အား အလုပ်အကျွေး အလို့ငှါ မြို့ရွာတည်ထား၍ လေးပါးသော ပစ္စည်းဖြင့် ချီးမြှောက်၏။

ဤသူတို့သည် အသက်အတိုင်း နေ၍ စုတေလေသော် ကံအားလျော်စွာ လားရကုန်၏ ဟု အတ္ထုပ္ပတ္တိဖေါ်၍ ဇာတ်ပေါင်းတော်မူသည်။ "ထိုအခါ လူသားစားတတ်သော ငါ၏ ဘကြီး သည် အင်္ဂုလိမာလဖြစ်၏။ နှမတော်အငယ်သည် ဥပ္ပလဝဏ် ဖြစ်၏။ အိမ်ရှေ့မိဖုရားသည် ရာဟုလာ မယ်တော် ဖြစ်၏။ အလီနသတ္တုမင်းသားသည် ငါဘုရား ဖြစ်တော်မူ၏၊ ဘီလူးမသားကို တရား ပြသ၍ ဆုံးမရဌာနသည် "စူဠကမ္မာသဒမ္မနိဂုံး" ဖြစ်၏။ မယ်တော် ခမည်းတော်တို့ကား မယ်တော် ခမည်းတော် ဖြစ်လာကုန်၏။ မင်း၏ ပရိသတ်တို့သည် ငါဘုရား ပရိသတ်ဖြစ်လာ၏" ဟူ၍ ဇာတ်ကို ပေါင်းတော်မူသည်။ ။ ဤဇာတ်ကား တိံသနိပါတ်၌ လာ၏။

၂၄၂။ ကက္ကာရုနွံ၊ မွေးပျံ့ပျံ့၊ နွံသည်ဘယ့်လောက် တိုင်အောင်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

"ဒိဗ္ဗကက္ကာရုဂန္ဓော ဒွါဒသယောဇနိကံ၊
ဗာရာဏသိနဂရံ အဇ္ဈောတ္ထရိ"

ဟူ၍ စတုက္ကနိပါတ် ကက္ကာရုဇာတ် အဋ္ဌကထာ၌ လာသောကြောင့် ကက္ကာရုမည်သော နတ်ပန်း၏ ရနံ့သည် တဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကို လွှမ်းနိုင်၏။

ဤ၌ ဝတ္ထုအမြွက်ကား.... လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် မင်းရင်ပြင်၌ ကြီးစွာ သော ပွဲသဘင်ကိုပြု၏။ ထိုအခါ များစွာကုန်သော ဘူမဋ္ဌနတ်သမီး, နတ်သား, နဂါး, ဂဠုန် တို့သည် လည်းကောင်း၊ အာကာသဋ္ဌနတ်တို့သည် လည်းကောင်း ထက်ဝန်းကျင်မှလာ၍ သဘင် ကို ရှုကြကုန်၏။ တာဝတိံသာမှ လေးဦးသော နတ်သားတို့သည်လည်း ကက္ကာရုမည်သော

ပန်းကို ဆင်လျက် ကောင်းကင်မှရပ်၍ သဘင်ရှုလာ၏။ ထိုပန်း၏ ရနံ့သည် တဆယ့်နှစ်ယူဇနာ ရှိသော ဗာရာဏသီပြည်အလုံးကို လွှမ်းဖုံး၍ တည်၏။ များစွာသော မင်း, အမတ်, ပရိသတ်တို့ သည် ထိုပန်းကို ရလိုကြောင်းဖြင့် တောင်းကြ၏။ နတ်သားတို့လည်း ဂါထာအသီးသီးရွတ်၍ "အမောင်တို့– ဤပန်းကား အလွန်ထူးဆန်း ကောင်းမြတ်၏။ သူ့ အသက်ကိုသတ်ခြင်း, သူ့ ဥစ္စာ ကို ခိုးခြင်း, သူ၏ ကြင်ဘက်ကို နှောင့်ယှက်ခြင်း, မဟုတ်မမှန်သော စကားကို ဆိုခြင်း,သေအမျက် ကို သောက်ခြင်းတည်းဟူသော မကောင်းမှု ကင်းလွတ်သော သူသာလျှင် ပန်ဆင်နိုင်၏။ သင်တို့ တွင် သီလမရှိမူကား များစွာသော ဒုက္ခကို ရစေတတ်၏။ ထို့ကြောင့် ဤပန်းကို မဆင်လိုကြလင့် ဟု ဆိုပေ၏။

ထိုအခါ သီလမဲ့စွာသော ပုရောဟိတ် ပုဏ္ဏားသည် လှည့်စား၍ ဤသို့ တောင်း၏ "အရှင် နတ်သားတို့ အကျွန်ုပ်ကား ဒုစရိုက်ကို ပယ်ရှား၍ သီလမြတ် ငါးပါး၌ တည်သော သူပါတည်း။ အကျွန်ုပ်အားပေးပါ" ဟု ဆို၏။ ဤစကားကို ကြားလျှင် နတ်သားတို့လည်း ပုဏ္ဏား၏ ဒုဿီလ အဖြစ်ကို သိလျက် ပန်း၏ သတ္တိကို ပြခြင်းငှါ ထိုဆရာပုဏ္ဏားအား ပေးခဲ့၍ နတ်ပြည်သို့ ပြန်လေ၏။

ပုဏ္ဏားလည်း ထိုပန်းကို ဦးခေါင်း၌ ဆင်လျက်ပင် ထက်ဝန်းကျင်မှ လှံငယ်ဖြင့် ထိုးဆွဘိသကဲ့သို့ ဒုက္ခဝေဒနာဖြစ်ရကား သည်းစွာ ဟစ်အော် ငိုကြွေးလျက် "ငါသည် မုသားဆို၍ ပန်းကို ယူမိ သောကြောင့် သေလုနီးမျှ ကြီးစွာသော ဒုက္ခကို ခံရချေပြီ။ ဘယ်သူသည် ကယ်ယူပါအံ့နည်း" ဟု ဆို၍ ငိုကြွေးလျက် ခုနစ်ရက်နေ၏။ မင်းကြီးသည် ခုနစ်ရက်တိုင်၍ တဖန် ပွဲသဘင် ခံပြန်မှ ယခင်နတ်တို့လာ၍ ယူမြဲယူပြန်သဖြင့် ချမ်းသာရသတည်း။

၂၄၃။ ရှည်ကြာမင့်၊ ကျောင်းဆောက်အံ့၊ နံ့သာဘယ်က ဆောင်ခဲ့သနည်း။ (၃)

၂၄၄။ ကျောင်းတိုင် ပျံ့ပျံ့၊ မွှေးမျိုးနံ့၊ နံ့သာ အဖြူဖြစ်လိမ့်နည်း။ (၄)

ဟူသော အမေး ပုစ္ဆာနှစ်ခု၌ အဖြေ ဝိသဇ္ဇနာကား....

ပရသမုဒ္ဒံ ဂစ္ဆန္တော ကော် ဒီပံ ပါပုဏိ။ပ။ အထေကော
ဝါသိယာ ကောဋ္ဋေတွာ လောဟိတ စန္ဒနဘာဝံ ဥ တွာ။

စသည်ဖြင့် ပုဏ္ဏောဝါဒသုတ် အဋ္ဌကထာ၌ ဆိုသောကြောင့် မဟာပုဏ္ဏထေရ်၏ ညီတော် စူဠပုဏ် သည် သမုဒ္ဒရာ၏ အလယ်ဖြစ်သော မာလာယကျွန်းမှ တင်ယူခဲ့သော လေးသစ်ခန့်မျှကိုပင် အဖိုး များစွာ ထိုက်သော စန္ဒကူးနီသင်ဖြင့် ဂန္ဓာရုံကျောင်းတော်ကို ဆောက်၏ ဟူပေ။

၂၄၅။ ဩဇာမဆံ့၊ ရသာပျံ့၊ အနံ့ဖြုပ်မွှာ ရှိလိမ့်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ရူပဗြဟ္မာ့ဘုံ၌ ဃာန,ဇိဝှါ, ကာယ ဟူသော ပသာဒရုပ် သုံးပါး။ ဂန္ဓ, ရသ, ဩဇာ ဟူသော အာရုံရုပ် သုံးပါး။ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ဟူသော ဘာဝရုပ်နှစ်ပါးအားဖြင့် ငါးပါးသော ရုပ်ကို

ချန်၍ အကြွင်းနှစ်ဆယ့်သုံးပါးကို ရသည်ဖြစ်ရကား ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ်တို့၌ ပါသော ဩဇာသည်လည်းကောင်း, ဂန္ဓသည်လည်းကောင်း ရှိသည်ဖြစ်၍ ဗြဟ္မာတို့အား အနံ့ရှိ၏ဟူပေ။ အနံ့ကို ယူတတ်သော ဃာနပသာဒ၊ အရသာကို ယူတတ်သော ဇိဝှါပသာဒ၊ အတွေ့ကို သာယာတတ်သော ကာယပသာဒတို့၏ မရှိကြောင်းကို သင်္ဂြိုဟ်စသော အဋ္ဌကထာတို့၌ ပြပါသည် မဟုတ်လော။ ယူတတ် သာယာတတ်သော ပသာဒ မှုမရှိလျှင် ဘယ်သို့ အနံ့ အရသာ ရှိနိုင်အံ့နည်း ဟူငြားအံ့။ ကိလေသာကုန်သော ရဟန္တာဖြစ်သော မိန်းမ ယောကျ်ားတို့အား ကာမဂုဏ်ကိုခံစားတတ်သော တဏှာ၊ ထိုတဏှာနှင့် သဟဇာတ်ဖြစ်သော ပသာဒ မရှိငြားသော်လည်း ထိုတဏှာပသာဒတို့၏ တည်ရာဖြစ်သော ရုပ်အစုသည် ရှေးပုံမပျက် ရှိသကဲ့သို့ ထိုအတူ ရူပဗြဟ္မာတို့၌လည်း သာယာတတ်သော ပသာဒပင် မရှိငြားသော်လည်း သာယာအပ်သော ဂန္ဓာရုံတို့သည် ရှိကုန်သည်သာ ဖြစ်၏ဟူပေ။

မူလဋီကာဆရာလည်း.... "အသညသတ်ဗြဟ္မာတို့၏ ရုပ်ကိုသာလျှင် ဂန္ဓာယတန, ရသာယတန အဖြစ်ဖြင့် ဘုရားမဟောသောကြောင့် ဇီဝိတနဝကတွင် ဂန္ဓ, ရသ, ဩဇ ဤသုံးပါးကိုချန်၍ ဇီဝိတဆက္က ရသင့်သည်" ဟုဆို၏။ ကြွင်းသော ဗြဟ္မာတို့၏ ရုပ်ကိုမဆို။ ထို့ကြောင့်လည်း အသညသတ်မှ ကြွင်းသော ရူပဗြဟ္မာဟူသမျှ၌ ဂန္ဓ, ရသ ရှိ၏ဟု မှတ်သင့်သတည်း။ ပါဠိကို လိုမူ ဓာတုကထာ ရူပဘဝအရတွင်ယူ။

ထိုဗြဟ္မာတို့အား ဃာနပသာဒ စသည်တို့ ဘယ့်ကြောင့် မရှိသနည်းဟူမူ....

"ဗြဟ္မာနံ ကာမဝိရာဂဘာဝနာဝသေန ဂန္ဓရသဖောဋ္ဌဗ္ဗေသု ဝိရတ္တတာယ တဗ္ဗိသယပသာဒေသုပိ ဝိရာဂသမ္ဘဝတော"

ဟူသော ဋီကာပါဠ်နှင့် အညီ ဗြဟ္မာတို့အား ကာမဂုဏ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌လည်း ခံမင်ခြင်း မရှိသည်၏အဖြစ်ကြောင့် ထိုအာရုံ၌ သာယာတတ်သော ပသာဒ စသည်တို့၌လည်း မကပ်ငြိသဖြင့် ဖြစ်ရကား ဃာန-စသော ပသာဒ သုံးပါး မရှိဟူပေ။

၂၄၆။ နိုင်ငံလုံးနှံ့၊ ဘုန်းတော်ပျံ့၊ အံ့ဖွယ် ဘယ်အာခရနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား— အလုံးစုံနှံ့၍ တည်ရာဖြစ်သောကြောင့် "ဗျာပိကာခရ" ဟု ဆိုအပ်၏။

၂၄၇။ သိမ်မွေ့နူးညံ့၊ ကြီးရှည်ပျံ့၊ အံ့ဖွယ်လျှာတော် ဘယ့်ကြောင့်နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အဖရသဝါစတာယ၊ မကြမ်းတမ်းသော သိမ်မွေ့ပြေပြစ်သော ချစ်ဖွယ်ရှိသော စကားကို ဆိုတော်မူတတ်သည်၏ အဖြာ်ကြောင့်။ ပဟုတဇိဝှတာ၊ ကြီးပြန့်ရှည်လျားသော လျှာတော်ရှိသည်၏ အဖြစ်သည်။ ဘဝေ၊ ဖြစ်၏။ (အနန္တဂုဏသာရ)

၂၄၇။ ရွှေနန်းသိမ်းအံ့၊ စားတော်ခွံ့၊ နူးညံ့ဆုပ်ပေါင်း ဘယ်မျှနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား… ရတနာသုံးပါးကို ရည်၍ သုံးဆုပ်။ မိခင်၊ ဖခင်၊ အဘိုး၊ အဘွားကို ရည်၍ လေးဆုပ်။ ကိုယ်စောင့်နတ် တကျိပ်ကိုရည်၍ ဆယ်ဆုပ်အားဖြင့် တစ်ဆယ့်ခုနစ်ဆုပ်စားရသည်။ (အဘိဓာန်ကျမ်း)

၂၄၈။ သုံးပါးအညွှံ့၊ မြင်း၌အံ့၊ သိစံ့ဘယ် သုံးပါးတို့နည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား….

သဒါပြန်၊ ငိုသံကြား၊ ပါးတီး၊ ဤသုံးပါးတည်း။

(ဤ၌လည်း ကျောင်းတိုင်ပျံ့ပျံ့။ အမေး တခု၏ အဖြေကိုသာ ရှေးအဖြေစာ၌ တွေ့သည်)

"အံ့"ကာရန်ပုစ္ဆာ ၈-ပုဒ် အဖြေပြီး၏။

---

(၆) "အုံ"ကာရန်ပုစ္ဆာ ၃၃-ပုဒ်အဖြေ

၂၅၀။ မွေးရှင်တော်စုံ၊ ဥဏ္ဏလုံ၊ ဆန့်တုံဘယ့်လောက် ရှည်သနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား….

> ဥဏ္ဏာဘမုကန္တရေ ဇာတာတိ သုဝဏ္ဏပဋ္ဋလကေ ဌပိတရဇတပုဗ္ဗုလံ ဝိယ ဥဘော ဘမုကမဇ္ဈေ ဥပ္ပဇ္ဇိတွာ ဥဂ္ဂန္တွာ နလာဋမဇ္ဈေ ဒက္ခိဏာဝဋ္ဋ တိဋ္ဌတိ။ အာကဍ္ဍိယမာနာ အဍ္ဎဗာဟုပ္ပမာဏာ ဟောတိ။ မုဋ္ဌိတက္ခဏေ ကုဏ္ဍလာဝဋ္ဋ ဥဒ္ဒဂ္ဂ တိဋ္ဌတိ။

ဟူ၍ သုတ်မဟာဝါ အဋ္ဌကထာ၌ လာသည်နှင့်အညီ၊ ရွှေသား အင်းပျဉ်၌ တင်ထားသော ငွေမြုပ်စုကဲ့သို့ မျက်မှောင်တော် နှစ်ဘက်တို့၏ အလယ်၌ ပေါက်ထွက်၍ အထက်နဖူးသို့ ကွန့်မြူလျက် လက်ယာရစ်လည်ကာ တည်သော အမွေးတော်သည် 'ဥဏ္ဏလုံမွေးရှင်'မည်၏။ ထိုဥဏ္ဏလုံမွေးရှင်သည် ငင်၍ ဆွဲသော် လံခွဲမျှလောက်ရှိ၏။ လွှတ်သောအခါ၌ ခြူးနားတောင်းကဲ့သို့ ရစ်ခွေလျက် အထက်သို့ အညွန့်မြော်၍ တည်ပြန်၏။ ။ဤစကားဖြင့် အရှည်ကို သိအပ်၏ဟူပေ။

အဍ္ဎဗာဟု သဒ္ဒါသည် မောင်းဝက်ကိုလည်းဟော၏။ ဤအရာ၌ကား လံခွဲကိုသာ ဟော၏ဟု ဋီကာဆို၏။

၂၅၁။ ကျားစားခိုက်တို့၊ မင်္ဂဖိုလ်ကြို့၊ လူ့ဘုံ ဘယ်ပုဂ္ဂိုလ်ပေနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တရံသောအခါ ရဟန်းသုံးကျိပ်တို့သည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်းကို ယူပြီးသော် တောအုပ်ကြီးတခုသို့ကပ်၍ ညဥ့်သုံးယံပတ်လုံး တပါး၏ထံသို့ တပါး မကပ်ရသော ကတိကဝတ်ဖြင့် ရဟန်းတရားကို အားထုတ်ကာ နေကြကုန်၏။ နံနက် မိုးသောက်၍ ထကြသောအခါ ကျားတစီးသည် လာလတ်၍ တနေ့လျှင် ရဟန်းတဦးတဦး ချီဆောင်၍ စား၏။ ရဟန်းတကျိပ်ငါးကုန်၍ ဥပုသ်နေ့ စည်းဝေးသောအခါ "ငါ့ရှင်တို့ ငါတို့၏ သီတင်းသုံးဘော်ဖြစ်သော ရဟန်းသည် တဝက်တိုင်အောင် ကုန်ချေပြီ၊ အကြောင်းဘယ်သို့ ရှိပါလိမ့်နည်း"ဟု ပြောဆို မေးမြန်းကြ၍ ခြေရာနိမိတ်ဖြင့် ကျားယူဆောင်ကြောင်းကို သိလျှင်"ငါ့ရှင်တို့–ဤနေ့မှ နောက်နောက်သောအခါတို့၌ ရန်သူလာ၍ တွေ့မြင်ခဲ့လျှင် အသံပြုကြလော့"ဟု မှာဆို၍ ထား၏။

နောက်နေ့၌ ရဟန်းငယ်တပါးကို ကျားလာ၍ချီပြန်လေသော် "အရှင်ဘုရားတို့ ကျားလာသည်"ဟု ဟစ်၏။ ရဟန်းတို့သည်လည်း တောင်ဝှေးကိုင်ကာ လိုက်လေသော် ကျားသည် ရဟန်းတို့ မလိုက်စိမ့်သောငှါ တခုသော ကမ်းပါးပြတ်သို့တက်၍ ချီခဲ့သောရဟန်းကို ခြေဖျားမှစ၍ စား၏။ ထိုအခါ လိုက်သောရဟန်းတို့က ဤသို့ဆို၏ "သူတော်ကောင်း–ငါတို့ကား ကူပံ့နိုင်ရာသော အကြောင်းမရှိပြီ။ လိမ္မာသော ရဟန်းတို့၏ သတ္တိထူးမည်သည်ကား ဤသို့သော အရာ၌ ထင်ရှား၏။ တရားကို နှလုံးသွင်းလေ"ဟု ဆို၏။

ထိုအခါ ရဟန်းငယ်လည်း သတိရ၍ ကျားခဲသော ဒုက္ခဝေဒနာကို ခွါလျက် ဝိပဿနာကို ပွားစေသဖြင့် ဖမျက်ကုန်သောအခါ သောတာပန်ဖြစ်၏။ မြင်းခေါင်းကို စားသောအခါ သကဒါဂါမ်ဖြစ်၏။ ပေါင်ကိုစားသောအခါ အနာဂါမ်ဖြစ်၏။ ချက်အောက်သို့ ကျသောအခါ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏ ဟူ၍ မူလပဏ္ဏာသ အဋ္ဌကထာ သတိပဋ္ဌာနသုတ် အဖွင့်၌လာသည်။ အမည်ကား မထင်ရှားလှ၊ အညတရ ဘိက္ခုပင်တည်း။

၂၅၂။ ကမ္ဗလာခြုံ၊ ငှက်ချီတုံ၊ နှုတ်ငုံဝမ်းက ဘယ်သူနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ကောသမ္ဗီပြည့်ရှင် မင်းကြီး၏ မိဖုရားသည် ကမ္ဗလာခြုံ၍ နေဆာလှုံရာ "ဟတ္ထိလိင်"မည်သော ငှက်ဆင် ချီလေ၍ ဟိမဝန္တာတော၏ အစပ်အလ္လကပ္ပရသေ့၏နေရာအနီး သစ်ပင်ကြီးထက်၌ ထိုငှက်၏အသိုက်သို့ ရောက်ရာတွင် ဖွားမြင်သော ဥတေနမင်းတည်း။ ။ဤဝတ္ထုကား ဓမ္မ ဒတွင် ထင်ရှားလှပြီဖြစ်၍ အကျယ် မဆိုပြီ။

၂၅၃။ ခွေးတောက်မြစ်ဆုံ၊ ရှက်၍ရုံ၊ အချိုမြုံ ၏ ဘယ်တွင်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဗာရာဏသီပြည်၌ "ဒဓိဝါဟနမင်း"၏ သရက်ပင်သည် မြုံ၏ ဟူပေ။

အကြောင်းကား။ ။လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ "ဒဓိဝါဟန"မည်သောမင်းသည် မင်းပြု၏။ ထိုအခါ ငါတို့ဘုရားအလောင်းသည် ထိုမင်းအား အကြောင်းအကျိုးကို ပြဩန်းတတ်သော ဆရာဖြစ်၏။ ထို ဒဓိဝါဟန' မင်းသည် မြစ်၌ ရေကစားခြင်းအကျိုးငှါ ထက်ဝန်းကျင်မှ ပိုက်ကွန်တို့ကို ရံစေလျက် မင်း, မိဖုရားတို့နှင့်တကွ ကစားမြူးတူးလေ့ ပြု၍ တမုံ့သောအခါ ဟိမဝန္တာတော ကဏ္ဏမုဏ္ဍအိုင်၏ အနီး၌တည်သော နတ်တို့သုံးဆောင်ခြင်းငှါ ထိုက်သော အလွန်မွန်မြတ်သော အရသာနှံသော အမ္ဗက္ကရသရက်ပင်မှ အသီးမှည့်တခုသည် ကြွေမျောလာ၍ ရံသော ပိုက်ကွန်၌ ငြိလာ၏။ လူတို့ရ၍ မင်းအား ဆက်ကြလေသော် မင်းလည်း တောကျွမ်းသော သူတို့အား မေးမြန်း စုံစမ်းသဖြင့် သရက်သီးမှန်း သိလေသော် သုံးဆောင်တော်မူ၏။

ယင်းသို့ သုံးဆောင်သောအခါ အလွန်မြိန်မြတ်သော အရသာရှိရကား ထိုအစေ့ကို ဥယျာဉ်၌ စိုက်ပျိုးစေ၍ နို့ရေ,သကာရေ,နံ့သာရေတို့ဖြင့် သွန်းလောင်းပြုစေ၏။ သရက်ပင်သည် ကောင်းစွာ ကြီးပွား၍ သုံးနှစ်မြောက်လျှင် အပွင့်အသီးဖြစ်သတည်း။ ထိုအသီးကို သုံးဆောင်သောအခါ ပျားသကာ အရသာ အပေါင်းတို့ထက် ကောင်းမွန် ထူးမြတ်သည်ဖြစ်၍ တစ်ထောင်သော အကြောကို စိမ့်လျက်တည်၏။ မင်းကြီးလည်း အလွန် ဝမ်းမြောက်ရကား သရက်ပင်ကို သံကွန်ရက်ရံကာလျက် နံ့သာဆိုင်း ပန်းဆိုင်းတို့ဖြင့် ဆွဲထား၍ လူအများတို့ကို စောင့်စေ၏။ များစွာ သီးသောအခါ မဟာမိတ်ဖြစ်သော မင်းတို့ထံသို့လည်း အဟန်ငယ်အတန်ငယ်သော သရက်သီးတို့ကို ပို့စေ၏။ ပို့သမျှ၌ မျိုးစေ့ဖြစ်ရာဌာနကို လိပ်ကျောက်ဆူးဖြင့် ထိုး၍သာ ပို့စေ၏။

ထိုအခါ သာမန္တရာဇ် မင်းတဦးသည် ဤဒဓိဝါဟနမင်းကား အားကြီးသော မစ္ဆေရရှိ၏။ ငါတို့နိုင်ငံ၌ မစိုက်ပျိုးရအောင် မျိုးကို ဖျက်၍ သရက်သီးဖြင့် ဂုဏ်ပြုလာ၏။ ဤမင်း၏သရက်ကို ဖျက်ဆီးမစေအံ့-ဟု ကြံပြီးလျှင် တယောက်သော ဥယျာဉ်မှူးကို အသပြာ တစ်ထောင်ပေး၍ ထိုသရက်ကို အရသာပျက်အောင် ပြုချေ-ဟု စေ၏။

ထိုယောက်ျားလည်း ဒဓိဝါဟန မင်းထံ လာ၍ ဥယျာဉ်အမှု၌ လိမ္မာကြောင်း၊ ပန်း သစ်ပင်တို့ကို အခါမဲ့ ပွင့်စေနိုင်ကြောင်း သီးစေနိုင်ကြောင်းကို လျှောက်ထား၏၊ မင်းလည်း စုံစမ်းခြင်းအကျိုးငှါ တခုသော ဥယျာဉ်ကို ရှေးရှိရင်းဖြစ်သော ဥယျာဉ်မှူးနှင့် ဖက်၍ ပြုစုစေ၏။

ထိုလူသစ်သည် ထိုအခါမှစ၍ ထိုဥယျာဉ်၌ သုတ်သင်ပြုစုရာ၏။ နွေကာလသီးပွင့်မြဲကို မိုးအခါကိုပင် နွေနှင့်တူအောင်ပြု၍ မိုးကာလ သီးပွင့်မြဲသစ်ပင်ကို နွေကိုပင် မိုးဥတုနှင့် တူအောင်ပြု၍ ပွင့်စေ သီးစေ၏။

ဤသို့သော အာနုဘော်ကိုမြင်လျှင် ဥယျာဉ်မှူးသစ်အား အလွန်ရုံးလှ၍ ရှေးဥယျာဉ်မှူးဟောင်းကို ပယ်လျက် ထိုသရက်ပင်နှင့်တကွ ဥယျာဉ်ပေါင်းကို ထိုဥယျာဉ်မှူးသစ်အား အပ်၏။

ဥယျာဉ်မှူးသစ်လည်း မိမိဖျည်း ပြုစုရသောအခါ ချိုမြိန်လှစွာသော ထိုသရက်ပင်ကိုရံလျက် တမာ, ခွေးတောက်ပင်တို့ကို စိုက်၍ ခါးစပ်သော အရသာရှိသော ရေကိုဖြင့်လည်း အမြစ်ကို

လောင်း၏။ ထို မကောင်းသော အရသာရှိသော သစ်ပင်တို့၏ အမြစ်၊ အရွက်၊ အခက်တို့နှင့် ရောယှက်မိသောအခါ ချိုမြိန်စွာသော ထိုသရက်သည် အရသာပျက်၍ ခါး၊ စပ်၊ ချဉ်ဖန်ခြင်းသို့ ရောက်၏။ ယင်းသို့ အရသာပျက်ကြောင်းကို သိလျှင် ဥယျာဉ်မှူးလည်း မိမိနိုင်ငံသို့ ပြန်ပြေးလေ၏။

ဒဓိဝါဟန မင်းလည်း မိမိသရက်မှည့်၍ စားသောအခါ ရှေးအရသာနှင့်မတူပဲ ကွဲလွဲ ခါး စပ်သည်ကို သိလျှင် ပညာရှိ အမတ်ကိုခေါ်၍ "အချင်း အမတ် ငါ၏ သရက်သည် ဘယ့်ကြောင့် အရသာ ပျက်သနည်း"ဟု မေး၏။ အမတ်ကြီးလည်း တမာ၊ ခွေးတောက်တို့၏ အမြစ်ဖြင့် ရောစပ်မိသောကြောင့် ပျက်ကြောင်းကို လျှောက်လျှင် ရှေးဥယျာဉ်မှူးဟောင်းကို အပ်မြဲ အပ်၍ ထိုတမာ၊ ခွေးတောက်မြစ်တို့ကို ပယ်ပြီးမှ ကောင်းမွန်သော မြေတို့ကို သွတ်သွင်းစေ၍ ပျား၊ သကာ၊ နို့သာရေတို့ဖြင့် လောင်းမြဲ လောင်းစေမှ ကောင်းသော အရသာ ဖြစ်ပြန်သတည်း။ (ဒုကနိပါတ် ဒဓိဝါဟနဇာတ်)။

အချို မြဲ၏ ဟူသည်ကား....ချိုသော အရသာ မရှိ၊ အချိုကင်း၏။ အချိုပျက်၏ ဟူလိုသည်။

ဤကို ရည်၍ ရှင်ရဋ္ဌသာရ–သူမြတ်သည် ဟတ္ထိပါလပျို့၌–

"ခွေးတောက်မြစ်ရှက်၊ စိုက်ရောဖက်က၊ သရက်ပင်မင်း၊ သီးချို ကင်းသို့"

ဟူ၍ စပ်လေသည်။

၂၃၄။ ဇောတဒါရုံ၊ ပြဟ္မာဘုံ၊ စုံလင်ဖြစ် ကောင်းလေလိမ့်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဗီဇဿ ဘာဝတော နတ္ထိ၊ ပြဟ္မာနံပိ ဣမဿ ဟိ။
ပဋိသန္ဓိ မနော ဗီဇံ၊ ကာမာဝစရ သညိတံ။

ဟူသော ဋီကာကျော်ဖြင့်ဖြေ။

အနက်ကား။ ။ဗီဇဿ၊ကာမာဝစရ ပဋိသန္ဓေ စိတ်တည်းဟူသော မျိုးစေ့၏။အဘာဝတော၊ မရှိခြင်းကြောင့်။ ပြဟ္မာနံပိ၊ ပြဟ္မာတို့အားလည်း။ တဒါလမ္ဗနံ၊ တဒါရုံသည်။ နတ္ထိ၊ မရှိ။ ဟိ၊ သင့်စွ။ ဣမဿ၊ ဤ တဒါရုံ၏။ ကာမာဝစရသညိတံ၊ ကာမာဝစရဟု သမုတ်အပ်သော။ ပဋိသန္ဓိမနော၊ ပဋိသန္ဓေစိတ်သည်။ ဗီဇံ၊ မျိုးစေ့သည်။ ဝါ၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ကာမ ပဋိသန္ဓေတည်းဟူသော အကြောင်းမျိုးစေ့ မရှိသည်၏အဖြစ်ကြောင့် ပြဟ္မာတို့အာ တဒါရုံမဖြစ်။ ဇောစိတ်မူကား ဒေါသဇောနှစ်ခုသာ မရှိ၊ ကြွင်းသော ဇောစိတ်တို့ဖြစ်၏ ဟူပေ။

---

၂၃၅ ထက်ရူပဘုံ၊ တဒါရုံ၊ မကြုံဘယ့်ကြောင့် ကင်းသနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အထက်ပုစ္ဆာနံပါတ် ၅-အတိုင်းပင် မှတ်ရမည်။

၂၅၆။ သညသတ်ဘုံ၊ စုတေတုံ၊ တွေ့ကြုံ ဘယ်စိတ် စ သနည်း။(၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"ရူပါဝစရ စုတိယာ၊ အဟေတု ရဟိတာ သိယုံ"

ဟူသောပါဠိဖြင့် ရူပါဝစရ စုတိခြောက်ခုနောင် အဟိတ်ပဋိသန္ဓေနှစ်ခုကြဉ်သောသဟိတ် ပဋိသန္ဓေ သတ္တရသ နှောင်း၏- ဟူ၍သင်္ဂြိုဟ်ဆိုသည်ကို ထောက်လျှင် အသညသတ် စုတိလည်း ရူပါ-ဝစရစုတိပင် ဖြစ်သောကြောင့် ထို့နောင် သဟိတ်ဝိပါက် သတ္တရသတွင် တခုခုဖြစ်သည်ဟု ဆိုဖွယ်ရှိ၏။သို့သော်လည်း ထိုသင်္ဂြိုဟ်စကားသည်သာ မညသာဓာရဏသာဖြစ်၍ ထိုအတိုင်း မဆိုထိုက်သေး။

"ဒွိဟေတုကာဟေတုကစုတိတော အနန္တရံ ကာမပဋိသန္ဓိယေဝ ဇာယတေ"

ဟူသော ပဋ္ဌာန်းဋီကာနှင့်အညီ အဟိတ်ဖြစ်သော ရုပ်စုတိသည် ကာမဖြစ်သော ပဋိသန္ဓေ ရှစ်ခုကိုသာ အနန္တရပစ္စည်း တပ်ခြင်းကြောင့် မဟာဝိပါက်ရှစ်ခုတွင် တခုခုသာလျှင် အစဖြစ်သည် ဟု ဖြေအပ်၏။

အင်္ဂုတ္တိုရ် အဋ္ဌကထာ၌လည်း—

သုဒ္ဓါဝါသစုံတိယာဝါ၊ သုဒ္ဓါဝါသေသု ဇာယရေ။
အသညိတော စုတာကာမ၊ သုဂတိယူပဇာယရေ။

ဟု မိန့်အပ်၏။

အဓိပ္ပါယ်ကား။။သုဒ္ဓါဝါသဘုံမှ စုတေသောပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံ၌သာလျှင်ဖြစ်ကုန်၏။ အသညသတ်ဘုံမှ စုတေသောပုဂ္ဂိုလ်သည် ကာမသုဂတိဘုံ၌သာလျှင်ဖြစ်၏။ စိတ်ကိုပဋ္ဌာနပြု၍မပြ။

နိပုဏသာရတ္ထ ဒီပနီ၌ကား "အသညသတ်မှ စုတေသော ပုဂ္ဂိုလ်သည် ကာမဘုံ၌ ဒွိဟိတ် ပဋိသန္ဓေသာ နေ၏။ တိဟိတ် ပဋိသန္ဓေ မနေ"ဟု ဆို၏။

ဤအလိုဖြင့်ကား "မဟာဝိပါက် ဉာဏဝိပ္ပယုတ် လေးခုသာ အစဖြစ်သည်"ဟု ဖြေအပ်၏။

၂၅၇။ ဖြဟ္မာတို့ဘုံ၊ ဂန္ဓာရုံ၊ သင်းထုံပျံ့ပျံ့ မွှေးလိမ့်နည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဖြဟ္မာ့ဘုံ၌ ဥယျာဉ်ဗိမာန်စသော ဗဟိဒ္ဓရုပ်၌လည်း ဗာဟိရဇဖြစ်သော အဋ္ဌကလာပ်ကို ရကောင်းသည်ပင် ဖြစ်ရကား ဂန္ဓာရုံရှိ၏။ သင်ထုံ ပျံ့ပျံ့ မွှေး၏။ ဖြဟ္မာတို့၌သာလျှင် ယုံခန့်ကို သာယာတတ်သော တဏှာကင်းရကား ဃာနပသာဒမရှိ ဟူပေ။

အထက်ပုစ္ဆာ၌ သတ္တဝါသန္တာန်၌ ရနံ့ရှိ-မရှိကို မေးသည်။ ဤပုစ္ဆာ၌ကား အပဖြင်သော ဘုံဗိမာန်တို့၌ ရနံ့ရှိ-မရှိကို မေးသည်။

၂၅၈။ နား,မျက်စိတုံ၊ ဤနှစ်စုံ၊ အာရုံရောက် ကောင်းလေ့လိမ့်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... စက္ခု, သောတရှိရာသို့ ရူပါရုံ, သဒ္ဒါရုံတို့ ရောက်လာ၍ ထင်သလော။ မရောက်ပဲ ထင်သလော-ဟု မေးလိုသည်။

"ရူပသဒ္ဒါလမ္ဗနာနိ သကသကဌာနေ ဌတွာ ဂေါစရဘာဝံ ဂစ္ဆန္တိ။ အာဘောဂါနုရူပံ အနေက ကလာပဂတာနိပိ"

ဟူသော ဋီကာကျော်နှင့်အညီ၊ ရူပါရုံ,သဒ္ဒါရုံတို့သည် စက္ခု, သောတရှိရာသို့ မရောက်မသွား။ မိမိတို့ ဘည်ရင်းဌာန၌ တည်၍သာလျှင် ကျက်စားရာ အာရုံအဖြစ်သို့ ရောက်၏။ ယင်းသို့ရောက်ရာ၌လည်း ပုဂ္ဂိုလ်၏နှလုံးသွင်းအားလျော်စွာ များစွာသော ရုပ်ကလာပ်၌ တည်သော အာရုံတို့သည်လည်းကောင်း, တခုခုသော ရုပ်ကလာပ်၌ တည်သောအာရုံတို့သည်လည်းကောင်း ထင်ခြင်းသို့ ရောက်ကုန်၏ ဟူပေ။

၂၅၉။ ဖောဋ္ဌဗ္ဗာရုံ၊ တွေ့ကြိုက်ကြုံ၊ အာရုံလာ ကောင်းလေ့လိမ့်နည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဖောဋ္ဌဗ္ဗာရုံကို တွေ့သော ကာလကား ကြာမြင့်၏။ ခံစားလိုသော ကာယဝိညာဉ်စိတ်ကား သတ္တရသာယုကဖြစ်၍ အကြိမ်များစွာ ချုပ်၏။ ထို၏အကြား၌ တပါးအသစ်ကို အာရုံပြုသော ဝိညာဉ်စိတ်တို့လည်း အများပင်ဖြစ်ရကား တွေ့သောအခိုက်ပင် အာရုံအသစ် လာကောင်းသေး၏ ဟူပေ။

၂၆၀။ ကုသိနာရုံ၊ အင်ကြင်းစုံ၊ ရဂုံဘယ်မျှ ကျယ်သနည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.. ကုသိနာရုံမလ္လာမင်းတို့၏ ပျော်ခင်းအလိုင်္ဂါ မြို့၏ အနောက်တောင်မျက်နှာ တာငါးရာခန့်ကွာသော အရပ်၌ သုတ်သင်ပြုပြင်၍ ထားအပ်သော အင်ကြင်းဥယျာဉ်သည် "လယ် လေးမင်းပယ်ခန့်ကျယ်၏"ဟူပေ။

၂၆၁။ သုံးလူ့ပန်းငုံ၊ သင်္ဂြိုဟ်တုံ၊ ထင်းပုံနံ့လျား ဘယ်မျှနည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"စန္ဒနဒါရု စိတကော ပန ဝိသသတရတနုပ္ပမာဏော"

ဟူ၍ ပရိနိဗ္ဗာနသုတ် အဋ္ဌကထာဆိုရကား ဘုရားရှင်ကို သင်္ဂြိုဟ်သော စန္ဒကူး ထင်းပုံသည် လူတို့၏အတောင်ဖြင့် ၁စ်ရာ့နှစ်ဆယ်မြင့်၏။ အနံ့, အလျားကို ကျမ်းဂန်မတွေ့။ သို့သော်လည်း ထိုထိုသို့သော စေတီ, ပြာသာဒ်,ဂူယပ်,ပုထိုးသည် အစောက်သုံးချိုးတချိုးသာ ထားမြဲဖြစ်ရကား အတောင် ၄၀-နံ့လျား ကျယ်သင့်၏ဟူပေ။

၂၆၂။ ဗြဟ္မာလုံးခြုံ၊ ဆယ့်ခြောက်စုံ၊ ဘယ်ဘုံ စေတီရှိသနည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> အနောမနဒီတီရေ ဌတွာ ပဗ္ဗဇန္တဿ သုဒ္ဓါဝါသ ဗြဟ္မလောကေ ဃဋိကာရောနာမ မဟာဗြဟ္မာ အဋ္ဌပရိက္ခာရေ ဂဟေတွာ အာဂတော။ပ။ဃဋိကာရော မဟာပုရိသေန ဆန္ဒိ- တသာဋကံ ဂဟေတွာ ဗြဟ္မလောကေ ဒွါဒသ ယောဇနိကံ ဒုဿထူပံ အကာသိ။

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား။ ။ဘုရားအလောင်း တောထွက်၍ အနောမာမြစ်နားသို့ ရောက်သောအခါ သုဒ္ဓါဝါသဘုံမှ ဃဋိကာရမည်သော ဗြဟ္မာသည် ကြာသက်န်းနှင့်တကွသော ပရိက္ခရာရှစ်ပါးတို့ကို ကပ်လာ၍ ထိုပရိက္ခရာတို့ဖြင့် ရဟန်းပြုတော်မူသည်။ လဲချတ်တော်မူသော အဝတ်တန်းဆာကို လည်း ယူဆောင်၍ မိမိနေရာ ဗြဟ္မာ့ဘုံ၌ တဆဲ့နှစ်ယူဇနာရှိသော ဒုဿစေတီကိုပြု၍ ကိုးကွယ် လေ၏ ဟူ၍သာဆိုသည်။ မည်သည့်ဘုံ၌ စေတီတည်၏ဟူ၍ မဆို။

အင်္ဂုတ္တိုရ်ဋီကာ စသည်တို့၌ကား သုဒ္ဓါဝါသငါးရပ်တွင် အထက်ဆုံးသော အကနိဋ္ဌဘုံ၌ စေတီ ရှိကြောင်းကို ဆိုသည်။

ထို့ကြောင့် ရှေးပညာရှိတို့လည်း....

> "သူရိန်စန္ဒာ၊ ယင်းကဖြာသား၊ ချာချာလှည့်ပတ်၊ ရှစ်ဂြိုဟ်မြတ်တွင်၊ ရေနတ်သုံးဦး၊ ယှဉ်ပြိုင်မြူး၍၊ ပူးနှင့်ဂဠုန်၊ ဆွေဆွေခုန်လျက်၊ သည်းအုံငြိမ့်ငြိမ့်၊ကပ်ကြီးသိမ့်မျှ၊စည်းစိမ် ရှင်တို့၊ ပျော်ရာမြို့၌၊မင်္ဂ, ဖိုလ် သင်းကျစ်၊ဦးကုံဖြစ်သည်၊တက်သစ်နေဝါ ဘုန်းများချာ"

ဟူ၍ ဘုရားတိုင်လင်္ကာ စပ်ဆိုကြသည်။

ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် အသက်ရှည်သော အကနိဋ္ဌ ဗြဟ္မာ့ဘုံ၌တည်သော စေတီတော်ဟူလိုသည်။

၂၆၃။ ပရိက္ခရာစုံ၊ ကြာပေါက်တုံ၊ မြေခုံ ဘယ်ဌာနတွင်နည်း။ (၁၄)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> ဧတ္ထ ပန မဟာဗောဓိပလ္လင်္ကဋ္ဌာနံ ဝိနဿမာနေ လောကေ ပစ္ဆာ ဝိနဿတိ။ သဏ္ဌဟ- မာနေ ပဌမံ သဏ္ဌဟတိ။ တတ္ထ ပုဗ္ဗနိမိတ္တံ ဟုတွာ ဧကော ပဒုမ်နိဂစ္ဆော ဥပ္ပဇ္ဇတိ။

အစရှိသည်ဖြင့် အင်္ဂုတ္တိုရ် အဋ္ဌကထာ မိန့်ဆိုသည်နှင့်အညီ ဤဇမ္ဗူဒိပ်ကျွန်း၏ အချက်အချာ မဟာဗောဓိပင် ပေါက်မြဲဖြစ်သော မြေအရပ်သည် ကမ္ဘာတည်သောအခါ ရှေးဦးစွာပေါ်လွင်၍ ကမ္ဘာပျက်သောအခါလည်း နောက်ဆုံးသာ ပျက်သည်ဖြစ်၍ ဇေဋ္ဌဘူမိမည်သည်။ ထိုမြေအရပ်၌ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် တခုသော ကြာရုံသည် ပေါက်၏။ ဘုရားပွင့်လတ္တံ့သော ကမ္ဘာဖြစ်အံ့၊ ထို

ကြာရှိ၌ အပွင့်သည်ပါ၏။ ဘုရားမဖြစ်လတ္တံ့သော ကမ္ဘာဖြစ်အံ့၊ ကြာပွင့်တို့သည် မပါကုန်၊ အကြင်ကမ္ဘာ၌ ဘုရားတစ်ဆူသာ ဖြစ်လတ္တံ့မူကား ကြာပွင့်တစ်ပွင့်သာ ပါ၏၊ ဘုရားနှစ်ဆူဖြစ်အံ့မူကား ကြာနှစ်ပွင့်၊ သုံးဆူဖြစ်အံ့မူကား ကြာသုံးပွင့်၊ လေးဆူဖြစ်အံ့မူကား ကြာလေးပွင့်၊ငါးဆူဖြစ်အံ့မူကား ကြာငါးပွင့်ပါလာ၏။ ထိုကြာပွင့်၌ သင်္ကန်းသပိတ်စသော ပရိက္ခရာရှစ်ပါးသည် အစုံပင် ပါလာ၏။

ကြာလေးပွင့်, ငါးပွင့်,ပါ၏ – ဟူရာ၌ ငါးပင်ပေါက်၍ ငါးပွင့်ပါသလော,တစ်ပင်တည်း၌ ငါးပွင့် ပွင့်၍ ပါသလောဟူငြားအံ့—

"တာနိ ခေါ ပန ကေသိုဉ္စိယေဝ နာဠေ ကဏ္ဏိကာနိ ဟုတွာ နိဗ္ဗတ္တာနီတိ ဝေဒိတဗ္ဗာ"

ဟု အဋ္ဌကထာ၌ မိန့်သောကြောင့် ငါးပင်ပေါက်၍ ငါးပွင့်ပါသည်မဟုတ်၊ တစ်ခုတည်းသော ကြာရိုး၌ အညွှာငါးခွထွက်၍ ငါးပွင့်ပါသည်ဟု ဖြေ။

၂၆၄။ ရိုးရှက်ပွင့်ငုံ၊ ထိုကြာတုံ၊ လုံးစုံတိုင်းထွာ ဘယ်မျှနည်း။(၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဤ ကြာရိုး ကြာရွက်၏ ပမာဏကို ကျမ်းကြီးတို့၌ ပြသည်ကို မတွေ့မိချေ။

ကဗျာဆရာတို့ကား....''လူ့ယပ်မသာ၊သုံးထွာရှည့်ရှည့်၊လုံးပတ်ပြည့်သား၊ မြေ၏မင်္ဂလာ၊နိမိတ်ကြာ၌၊ ပရိက္ခရာရှစ်စုံ၊ ကိုယ်တော်ရုံလျှင်''

ဟူ၍ စပ်သည်ကို တွေ့ပါ၏ဟူပေ။

၂၆၅။ လေးထောင့်ဝန်းတုံ၊ ရွှေစက်စုံ၊ ဘယ်ပုံ ကျမ်းနှင့်ညီသနည်း။(၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဒွိသုပါဒတလေသု ဒွေစက္ကာနိ၊ ဧကေကသ္မိံ သဟဿမတ္တာ အရာဟောန္တိ။ပ။ စက္က- ပရိယန္တေ နေမိတော ဗဟိဒ္ဓါ အနေကာဝဋ္ဋေ ဇာယန္တိ။တံ သမ္ပရိဝါရေတွာ အနေကာနိ မင်္ဂလာနိ နိဗ္ဗတ္တိဿန္တိ။

အစရှိသည်ဖြင့် သုတ်မဟာဝါ အဋ္ဌကထာ၌ လာသောကြောင့် ဘုရားခြေတော်ကို လေးဖို့ပြု၍ သုံးဖို့ခြောက် ဖမျက်တော်အောက်တွင် အကန့်တစ်ထောင်တို့ဖြင့် တန်းဆာဆင်အပ်သော စကြဝတေးမင်းတို့၏ စကြာရတနာနှင့်တူသော ရတနာခုနစ်ပါး ဇာတိပြီးသော ရွှဲသေးရွှဲကြီး အကွက် အကန့်တို့ဖြင့် တင့်တယ်သော စက်တော်သည် တည်၏။ ထိုစက်လက္ခဏာကို ရံ၍သာလျှင် လုံ့မ အိမ်မွန်စသော တရာ့ရှစ်ကွက် စက်အရေးတို့သည် တည်ကုန်၏ ဟူ၍ ကျမ်းဆိုရကား အဝန်း အဝိုင်းဖြစ်သော စက်တော်ပုံသည် ကျမ်းနှင့်ညီ၏ ဟူပေ။

၂၆၆၊ သင်္ဃေးမိဘ်စုံ၊ ကျွတ်ငေ ထောက်ကြုံ၊ မဂ်တုံဘယ့်ကြောင့် မရသနည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ခနဥ္စယ သင်္ဃေးနှင့် သုမနဒေဝီ သင်္ဃေး ကတော်တို့ကို ရည်၍ မေးဟန်ရှိသည်။

ဘယ့်ကြောင့်နည်း ဟူမူကား ဤ သင်္ဃေးမောင်နှံသည် ဘုရားကိုလည်း အလွန်ကြည်ညို၏။ တရားကိုလည်း အထိုက်အလျောက် ကျင့်၏။ သမီး ဝိသာခါမူကား ခုနစ်နှစ် အရွယ်ကပင် မဂ်ဖိုလ် ရသည်။ အဖ အမိတို့ကား မဂ်ဖိုလ်ရကြောင်းကို ကျမ်းဂန် မလာ။ ထို့ကြောင့် ဤသူတို့ကို ရည်၍ ပုစ္ဆာပြုဟန် ရှိသည်။

အဖြေမှာ ထို သင်္ဃေးတို့၏ ရှေးရှေးသောဘဝက မဂ် ဖိုလ် ရထိုက်သော အဆောက်အဦကို မပြုဖူး၍ မရသည်-ဟု ဆိုဖွယ်ရှိ၏။

"မဂ္ဂူပနိဿယသာ ရဟိတတ္တာ"ဟု ကျမ်းဆရာတို့ ဟိတ်ခတ်ကြ၏။

၂၆၇။ တုံးလုံးမှောက်ခုံ၊ စားမကုန်၊ ပုံလုံဘယ့်နှယ် ကျွေးသနည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ပေါက္ကံပြည် အရှင်အဇဂေါဏ၏ ခေတ်ကျွေး လမ်း ဟု ပြောစဉ်ရှိ၏။ ထို ခေတ်ကျွေးလမ်းကား အထူးထူး အပြားပြား ယူဆကြသည် များ၏။

အမြွက်မျှ ပြလိုက်ဦးအံ့ ... "ဘံသေလျှင်ပြားပြား၊ ပြဒါးဆေလျှင် လုံးလုံး" ဆိုရိုးရှိသည်နှင့် အညီ ပြဒါးမီးနေ၍ ခြေသ်မီးလျှင် တုံးလုံး ဖြစ်၏။ ထို တုံးလုံးကို မှောက်ခုံသေသော သံနှင့်ရက်၊ ပြဒါးလေး တင်စေ၊ ၎င်းတွင် ပြဒါးထပ်၍ သွင်းပြန်။ ငါးဆင့်ဝင်၍ မီးနေလျှင် မှောက်ခုံဖြစ်၏။ ၎င်းကို ခေတ်ကိုးပုံနှင့် လုံတွင် ခန်းအောင်ကျွေး၊ စား၍မကုန်ဟူလိုသည်။ များစွာဆင့်၍ အကျိုး မနပ်သောကြောင့် မဖြေဆိုလိုက်သည်။

၂၆၈။ ရှင်ဘုံ ရှင်လုံ၊ ရှင်နှင်းငုံ၊ ရှင်စုံ ဘယ်ပညတ်တို့နည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဝိဇ္ဇမာနပညတ်, အဝိဇ္ဇမာနပညတ် နှစ်ပါးတွင် ပရမတ္ထအားဖြင့် ထင်ရှား မရကောင်းသောကြောင့် အဝိဇ္ဇမာန ပညတ်။

အန္ဝတ္ထပညတ်, ရုဠှီပညတ် နှစ်ပါးတွင် ရုဠှီပညတ်။

ဥပါဒါပညတ်, တဇ္ဇာပညတ် စသော ခြောက်ပါးတွင် သင်္ကေတပညတ် ဟူပေ။

၂၆၉။ ကျမ်းထွက်လျာစုံ၊ ကာမဘုံ၊ ငါးတုံဘယ့်ကြောင့် ချီ့သနည်း။ (၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အရသာကို ခံစားတတ်သော ဇိဝှါဝိညာဉ် ရှိသော ကာမဘုံသား သတ္တဝါမျိုးဖြစ်လျက် ဇိဝှါပသာဒ ဇိဝှါရုပ်အစုံတို့သည် ငါး၌ ဘယ့်ကြောင့် ချိုလေသနည်းဟု မေးလိုသည်။ စက္ခု၏ချို့ခြင်း, သောတ၏ချို့ခြင်း, ဃာန၏ချို့ခြင်း, ဇိဝှါ၏ ချို့ခြင်းတို့သည် ရှေးမိမိပြုသော မကောင်းမှုကံကြောင့် ဖြစ်သည်ဟု သုတ် အဘိဓမ္မာ အဋ္ဌကထာ တို့၌ လာသောကြောင့် ငါး မိကျောင်း သတ္တဝါတို့၌ ဇိဝှါ၏ ချို့ခြင်းသည်လည်း ရှေးက ဇိဝှါ မရထိုက်အောင် ပြုခဲ့ဖူးသော မကောင်းမှုကံကြောင့် ဖြစ်သည်ဟု မှတ်အပ်၏။

မကောင်းမှုကံကြောင့် ချို့လျှင် တဦး နှစ်ဦးသော သတ္တဝါ၌သော်လည်းကောင်း, အချို့ အချို့သော သတ္တဝါတို့၌သော်လည်းကောင်း ချို့ရာ၏။ အလုံးစုံသော ငါး, မိကျောင်းတို့ မချို့ သင့်တကား ဟူငြားအံ့။ အကြောင်းဖြစ်သော ဒုစရိုက်ကံပင် မတူငြားသော်လည်း အကျိုးခံ တူထိုက်သော ဂတိဖြစ်၍ အလုံးစုံ ချို့သင့်၏ ဟူပေ။

၂၇၀။ အရူပဘုံ၊ ရုပ်မစုံ၊ နာမ်တုံ ဘယ်သို့ တည်သနည်း။ (၂၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အရူပဘုံ၌ မနာယတန, ဓမ္မာယတနနှ၌ အကျုံးဝင်သော စိတ်, စေတသိက် တရားအစုမျှ တည်ကြောင်းကိုသာ ဟောတော်မူသည်။ မည်ကဲ့သို့ တည်သည်ဟူ၍ ပမာ ပမည်းဖြင့် ဟောတော်မူသော ဒေသနာတော် မရှိ။ အနုမာန- သိဒ္ဓိဖြင့် သိရာသည်ကား "ကောင်းကင်ပြင်၌ လေခါတ် တည်သကဲ့သို့ တည်၏" ဟူ၍ ဆိုသင့်ပါ၏။

၂၇၁။ ကုသိုလ်ချင်းတုံ၊ တပ်ခြင် ကြုံ၊ အာရုံပစ္စည်း ဘယ်သို့နည်း။ (၂၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ–

အစရှိသည်ဖြင့် ဟောတော်မူအင်သော ပဋ္ဌာန်းပါဠိတော်သည် ရေပေါ်၌ တောက်သော မီးကဲ့သို့ တညီးညီး ထင်ရှားရကား ကျယ်ပွားစွာ မဖြေသင့်ပြီ။

အလှူပေးပြီး၍၊ သီလကို ဆောက်တည်ပြီး၍၊ ဥပုသ်သုံးခြင်းကို ပြုပြီး၍၊ ထို ဒါန, သီလ, ဥပေါသထကို ဖြစ်စေသော ကုသိုလ်စေတနာကို အာရုံပြု၍ ဆင်ခြင်သော ပုဂ္ဂိုလ်အား နောက်နောက်၌ ကုသိုလ်စိတ်သည် ယင်းသို့ဖြစ်ရာ၌ ရှေး ကုသိုလ်စိတ်ကား အာရမ္မဏပစ္စည်း၊ နောက် ကုသိုလ်စိတ်ကား ပစ္စယုပ္ပန်။ ရှေး ကုသိုလ်စိတ်ကား မွောရုံ၊ နောက် ကုသိုလ်စိတ်ကား အာရမ္မဏိက၊ မနောဒွါရ ဝိဘူတာရုံ, အဝိဘူတာရုံ ဖြစ်၏ ဟူပေ။

၂၇၂။ မြောက်ထူပါရုံ၊ တောင်စည်းခုံ၊ တည်တုံဘယ့်လောက် ကြာပြီနည်း။ (၂၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... သာသနာတော် ၁၉၀-ခု၊ သက္ကရာဇ် ၈၀၅-ခုတွင် မင်းပြုသော နရပတိကြီးသည် မင်းဖြစ်၍ ၅-နှစ်မြောက်တွင် ထူပါရုံဘုရားကို တည်ရကား ၎င်းတည် သက္ကရာဇ်ဖြင့် ရောက်ဆဲ သက္ကရာဇ်တွင် နုတ်၍ အကြာကို သိအပ်၏။ တောင်ဘက် စည်းခုံကား ၎င်းသားတော် ပြည့်စုံမင်း တည်သည်။

၂၇၃။ တရားခုံတုံ၊ အင်္ဂါးစုံ၊ မှတ်ယုံဘယ်အင်္ဂါ ဘယ်သို့နည်း။ (၂၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကုလသီလ ဂုဏောပေတံ၊ သစ္စဓမ္မ ပရာယနံ။
သုပညံ ပေသလံ ဒက္ခံ၊ ဓမ္မမေက္ခ ဝိဓီယတေ။ ။ရာဇနီတိ။

ကုလသီလ ဂုဏောပေတံ၊ အမျိုး အကျင့် သီလနှင့်လည်း ပြည့်စုံထသော။ သစ္စဓမ္မပရာယနံ၊ ဂတိလေးဖြာ မလိုက်နာပဲ မှန်ကန်စွာ သုံးစွဲလေ့ရှိထသော။ သုပညံ၊ အဆင်အခြင် ပညာလည်း ကောင်းထသော။ ပေသလံ၊ ချစ်ဖွယ်သော စကားကို ဆိုတတ်ထသော။ ဒက္ခံ၊ ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံးတံတွာ၌လည်း လိမ္မာထသော။ တော၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောသူကို။ ဓမ္မမေက္ခ၊ တရားသူကြီးအရာ၌။ ဝိဓီယတေ၊ တည်စေရာ၏။

၂၇၄။ ဝါ-တနည်းတုံ၊ ခုံတွင်ကြုံ၊ သုံးစုံအင်္ဂါ ဘယ်သို့နည်း။ (၂၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အသာဟသေန ဓမ္မေန၊ သမေန နိယျတိ ပရေ။
ဓမ္မဿ ဂုတ္တော မေဓာဝီ၊ ဓမ္မဋ္ဌောတိ ပဝုစ္စတိ။

ယော၊ အကြင်သူသည်။ အသာဟသေန၊ အနိုင်အထက် မပြုသဖြင့်။ ဓမ္မေန၊ အဂတိသို့ မလိုက်သောအား တရားသဖြင့်။ သမေန၊ ဓမ္မသတ် ထုံးစံနှင့် ညီသဖြင့်။ ပရေ၊ သူတပါးတို့ကို။ နိယျတိ၊ ဆုံးဖြတ်တတ်၏။ ဓမ္မဿ၊ ကိုယ်ကျင့်တရားကို။ ဂုတ္တော၊ စောင့်သော။ မေဓာဝီ၊ ပညာရှိသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသောသူကို။ ဓမ္မဋ္ဌောတိ၊ တရားသူကြီး ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ ဓမ္မပဒကျမ်းလာ။

၂၇၅။ ကိဋ္ဌာပိငုံ၊ ပါဠိတိုင်ရှုံ၊ တင်တုံဘယ်သူ့
အပြစ်နည်း။ (၂၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနကား....

"ကိဋ္ဌာပိငုံ၊ ပါဠိတိုင်ရှိကား၊ တင်တုံအပြစ်၊ စိစစ်စောဒက၊ ဆရာပြသည့် အာဘော်တည်း"။

ဟူ၍ နိယံဆရာမိန့်ရကား ကျမ်းဆရာ၏ အပြစ်ကို တင်လိုသော စောဒက၏ အာဘော် ဖြစ်သော စကားတည်း။

၂၇၆။ ရွှေအုန်းသီးတုံ၊ မင်းပိဿုံ၊ နန်းဘုံဘယ်မျှ
စည်းစိမ်နည်း။ (၂၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ရွှေအုန်းသီးမင်း ဆယ့်တနှစ်၊ ပိဿုံမင်း ရှစ်နှစ် နန်းစံ၏ ဟူပေ။

၂၇၇။ စင်ခြင်းသုံးစုံ၊ မြင်း၌ကြုံ၊ ဆိုတုံသုံးပါး
အဘယ်နည်း။ (၂၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....
မြင်းကြန်စာတွင် ရှိပြီ။

၂၇၈။ ဝဋ္ဋျာကြိုက်ကြုံ၊ မိန်းမမြုံ၊ ဝ-တုံ ဘယ်အနက်
ဟောသနည်း။ (၂၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"ဝန—ယာစနေ၊ ဝနောတိ အတ္တာနမနုဘဝိတုံ ယာစတီတိ ဝဋ္ဋျာ။ အပ္ပသဝါ ဣတ္ထီ"

ဟူ၍ မောဂ္ဂလာန်၌ မိန့်သောကြောင့် ဝဋ္ဋျာ၌ 'ဝ' သည် တောင့်တခြင်းအနက်ကို ဟော၏။

အနက်ကား။ ။ဝန၊ ဝန-ဓာတ်သည်။ ယာစနေ၊ တောင့်တခြင်းအနက်၌ ဖြစ်၏။ အတ္တာနံ၊ မိမိကိုယ်ကို။ အနုဘဝိတုံ၊ အစဉ် ဖြစ်ခြင်းငှာ။ ဝနတိ=ယာစတိ၊ တောင့်တတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝဋ္ဋျာ၊ ဝဋ္ဋျမည်၏။ အပ္ပသဝါ၊ သားမမွေးသော။ ဣတ္ထီ မိန်းမကို။ လဗ္ဘတိ၊ ရအပ်၏။

ဝဉ္စ္ဈာ-ဟု ပုလ္လိင်ရှိမူ အသီး မသီးသော သစ်ပင်ကို ဟော၏။

ဤ ဝဋ္ဋျာ-သဒ္ဒါကို တာလုဇ စတုတ္ထက္ခရာ ဈ နှင့် ရေးရမည်။ ထို့ကြောင့် မောဂ္ဂလ္လာန်၌ "ဝဋ္ဋျာဒါဒယော ဈန္တာ နိပ္ပဇ္ဇန္တေ" ဟူ၍ မိန့်အပ်သတည်း။

၂၄၉။ ပရိတ္တာရုံ၊ ပေါင်း၍ဆုံ၊ ကြိုက်ကြုံဝီထိ ဘယ်မျှနည်း။ (၃၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဝုဋ္ဌော နှစ်ကြိမ်ကျသော ပရိတ္တာရုံ ခြောက်ဝီထိ။ ဝုဋ္ဌော သုံးကြိမ်ကျသော ပရိတ္တာရုံ ငါးဝီထိကျသည်ဖြစ်၍ တခုသော ဒွါရ၌ ဆယ့်တဝီထိ ဖြစ်သင့်၏။ ငါးဒွါရကို ပေါင်းသော် ၅၅-ဝီထိ ဖြစ်၏။

ထို၏ အနက် အဓိပ္ပာယ်ကိုကား.... "ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ" ဟူသော သင်္ဂြိုဟ်ပါဠ်၏ အဖွင့်ဋီကာကျော်ဖြင့် သိအပ်၏။

၂၀၀။ ဇစ္စန္ဒတုံ၊ ပဋ္ဌာရုံ၊ စုံလင်ဝီထိ ကျချိမ့်နည်း။ (၃၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> "ဇစ္စန္ဓာဒီနန္တိ တေ့ အာဒိဂ္ဂဟဏေန ဇစ္စဗဓိရ ဇစ္စမူဂ ဇစ္စဠ ဇစ္စုမ္မတ္တက ပဏ္ဍက ဥဘတောဗျဉ္ဇနက နပုံသက မမ္မာဒီနံ သင်္ဂဟော"

ဟူ၍ ဋီကာ မိန့်သည်နှင့်အညီ ပဋိသန္ဓေအားဖြင့် ကန်းသောသူ၊ ပဋိသန္ဓေအားဖြင့် နားပင်းသောသူ၊ ပဋိသန္ဓေအားဖြင့် အ-သောသူ၊ ပဋိသန္ဓေအားဖြင့် အရိယိုသောသူ၊ ပဋိသန္ဓေအားဖြင့် ရူးသွပ်သောသူ၊ ပဏ္ဍုက်၊ ဥဘတောဗျည်း၊ နပုံး၊ မန်းစွဲသောသူတို့သည် ဇစ္စန္ဓဒီဝင် အဟိတ် ပဋိသန္ဓေ နေသောသူချည်း ဖြစ်သည်။

ထိုသူတို့တွင် စက္ခုပသာဒ ချို့သော ပုဂ္ဂိုလ်၌ စက္ခုဝိညာဉ်စိတ် မဖြစ်။ ပသာဒ, ဝိညာဉ် မဖြစ်သော် ရူပါရုံကို မြင်ခြင်းကိစ္စ မရှိရကား စက္ခုဒွါရဝီထိ မဖြစ်။ ဘယ်ကြောင့်နည်းဟူမူ– ရူပါရုံ, စက္ခုပသာဒ, အာလောက, မနသိကာရ တည်းဟူသော အကြောင်းလေးပါး စုံညီမှ စက္ခုဒွါရ ဝီထိ ဖြစ်မြဲသဘော ဖြစ်သောကြောင့်တည်း။ ထို့အတူ သောတချို့သော ပုဂ္ဂိုလ်တို့၌လည်း သောတဒွါရဝီထိ မဖြစ်။ စက္ခု, သောတ နှစ်ပါးစုံ ချို့သောသူ၌ နှစ်ပါးသော ဒွါရဝီထိပင် မဖြစ်။ ဇိဝှါချို့သောသူ၌လည်း ဇိဝှါဒွါရဝီထိ မဖြစ်။ ကြွင်းသော ဇစ္စန္ဓတို့၌ကား ပဉ္စဒွါရဝီထိ ဖြစ်သင့်၏ ဟူပေ။

နပုံးပဏ္ဍုက်သည် ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ် ဖြစ်၍ အဘယ်သို့ ကာယဒွါရဝီထိ ဖြစ်နိုင်အံ့နည်း ဟူငြားအံ့။ မေထုနသေဝန ဖြစ်သော ကာယဒွါရဝီထိသာ မဖြစ်။ လက်ဖြင့် ကိုင်ခြင်း, တို့ခြင်း, အထက်သို့ သုံးသပ်ခြင်း, အောက်သို့ သုံးသပ်ခြင်း, အထက်အောက် သုံးသပ်ခြင်း, ရှေ့သို့ ဆွဲခြင်း, နောက်သို့ တွန်းခြင်း အစရှိသော ကာယသံသဂ္ဂဖြင့် ကာယဒွါရ ဝီထိ ဖြစ်၏ ဟူပေ။

၂၈၁။ သူ့သက်သတ်ကြုံ၊ ထိုက်တုံ၊ အာရုံဘယ်သို့ ပြုသနည်း။ (၃၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

"ပါဏာတိပါတော စေတ္တ ဇီဝိတိန္ဒြိယာရမ္မဏော"

ဟူ၍ ခုဒ္ဒကပါဌ အဋ္ဌကထာ မိန့်ရကား သူ၏အသက်ကို သတ်သောသူသည် သူတပါး၏ ဇီဝိတိန္ဒြေကို အာရုံပြု၏။ ထို့ကြောင့် ပါဏာတိပါတကို ပြီးစေသော စေတနာဟူသော ကံသည် ဇီဝိတိန္ဒြေ ဟူသော သင်္ခါရသာလျှင် အာရုံရှိ၏ ဟူပေ။

၂၈၂။ ချမ်းသာရိပ်မြုံ၊ ဖြဟ္မာ့ဘုံ၊ ရှုတုံဝါယော ရှိလိမ့်နည်း။ (၃၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား...."အဿာသ ပဿာသာ ကာယသင်္ခါရော"

ဟူသော ယမိုက် ပါဠိတော်နှင့် အညီ၊ ထွက်သက် ဝင်သက် လေသည် ကာယသင်္ခါရမည်၏။ ထိုကာယသင်္ခါရသည် ပုဂ္ဂိုလ်အားဖြင့်....

အမိဝမ်း၌ ကိန်းသောပုဂ္ဂိုလ်၊ ရေမွန်းသောပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်၊ နိရောဓ သမာပတ်ကို ဝင်စားခိုက်သောပုဂ္ဂိုလ်၊ မုစ္ဆာကာလ၌ ဖြစ်သော ပုဂ္ဂိုလ်၊ စတုတ္ထဈာန်ကို ဝင်စားခိုက်သော ကာမ ပုဂ္ဂိုလ်၊ ရူပါဝစရ တဆဲ့ခြောက်ဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်တို့၌ မရှိ။ ဗလဝါရမ္မဏ ဖြစ်သော ကာမပုဂ္ဂိုလ်တို့၌သာ ဖြစ်၏။

ဟူ၍ ၎င်းယမိုက် အဋ္ဌကထာ၌ လာရကား "ဖြဟ္မာ့ဘုံ၌ ထွက်သက် ဝင်သက် ရှုသော ဝါယောဓာတ်မရှိ" ဟု ဖြေ။

"အုံ" ကာရန်ပုစ္ဆာ ၃၃-ပုဒ် အဖြေပြီး၏။

ဤ၌လည်း.... "လေးထောင့်ဝန်းတုံ၊ ရွှေစက်စုံ" စသော ၄-ပုဒ်မျှသာ ရှေး အဖြေစာတွင် တွေ့သည်။

( ) "အုံ့"ကာရန်ပုစ္ဆာ ၈-ပုဒ်အဖြေ

၂၈၃။ လောင်းလျာတမုံ့၊ လက်ရသုံ့၊ ကျဉ်းကြုံ့ ဖြစ်ဖူးလေသနည်း (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ... ပြည်ရွာကို ဖျက်ဆီးသော ခိုးသူကြီးတို့သည် လည်းကောင်း, စစ်သည် သူရဲတို့သည်လည်းကောင်း, အနိုင်အထက် လုယက် သိမ်းယူ၍ ကျွန်ပြု လေသောသူသည် သုံ့ရကျွန်မည်ကုန်၏။

ငါတို့ ဘုရားလောင်းသည် ဗျာဒိတ်ခံပြီးသောနောက် ထိုသုံ့ရကျွန်ဖြစ်ဖူး၏လော ဟုမေးသည်။

န ဇစ္စန္ဓော၊ န ဇစ္စဗဓိရော၊ န ဥမ္မတ္တကော၊ န ဧဠမူဂေါ၊ န ပိဌ သပ္ပိ၊ န မိလက္ခေသု ဥပ္ပဇ္ဇတိ၊ န ဒါသိကုစ္ဆိယာ နိဗ္ဗတ္တတိ။

အစရှိသည်ဖြင့် သုတ္တန်ပါတ် အဋ္ဌကထာ၌လာသည်နှင့်အညီ၊ ဗျာဒိတ်ခံပြီးသော ဘုရားအလောင်းတို့သည်—

ပဋိသန္ဓေအားဖြင့် ကန်းသည်လည်း ဖြစ်တော်မမူ၊

နားပင်းသည်လည်း ဖြစ်တော်မမူ။

ရူးသွပ်သည်လည်း ဖြစ်တော်မမူ။

အရိယိုသည်လည်း ဖြစ်တော်မမူ။

ဆွံ့-အ သည်လည်း ဖြစ်တော်မမူ။

အရိုင်း တောင်သူမျိုး၌လည်း ဖြစ်တော်မမူ။

ကျွန်မ ဝမ်း၌ပဋိသန္ဓေ နေသည်လည်း ဖြစ်တော်မမူ။

နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသည်လည်း ဖြစ်တော်မမူ။

လိင်ပြန်သည်လည်း ဖြစ်တော်မမူ။

အနန္တရိယကံ ထိုက်သည်လည်း ဖြစ်တော်မမူ။

နူနာစွဲသည်လည်း ဖြစ်တော်မမူ။

တိရစ္ဆာန်မျိုး၌ ငုံးအောက် အငယ်၊ ဆင်ပြောင်ထက် အကြီးသည်လည်း ဖြစ်တော်မမူ။

ခုပ္ပိပါသိကပြိတ္တာ, နိဇ္ဈာမတဏှိကပြိတ္တာ, ကာလကဉ္ဇိက အသုရာတို့၌လည်း ဖြစ်တော်မမူ။

အဝီစိငရဲ, လောကန္တရိက် ငရဲ၌လည်း ဖြစ်တော်မမူ။

ကာမာဝစရနတ်တွင် မာရ်နတ်လည်း ဖြစ်တော်မမူ။

ရူပ ၁၆–ဘုံတွင် အသညသတ်ဘုံ၌လည်း ဖြစ်တော်မမူ။

သုဒ္ဓါဝါသဘုံ၌လည်း ဖြစ်တော်မမူ။

တပါးစကြာဝဠာသို့ ပြောင်း၍လည်း ဖြစ်တော်မမူ။

ဟူ၍ တဆဲ့ရှစ်ရပ်သော အဘဗ္ဗဋ္ဌာနကို ပြသည်။

ယင်းသို့ ပြရာ၌ ကျွန်မဝမ်းတွင် ပဋိသန္ဓေ မနေကြောင်းကိုသာ လာသည်။ လက်ရ အသိမ်းခံရသောကျွန် မဖြစ်ဟူ၍ မလာသောကြောင့် သုံ့ရကျွန်ကား ဖြစ်၏ဟု ဆိုအပ်၏၊ ။အဝတ္ထာ ပတ္တိနှင့်သာ ဖြေသည်။

သက်သေကို ပြဦးလော့ ဟူငြားအံ့.... မဟာသီလဝ ဇာတ်၌လည်းကောင်း, ဧကရာဇဇာတ်၌လည်းကောင်း, ဥဇ္ဇေနီမင်း လက်ရသိမ်းသည်ကို ခံရဖူး၏။ ဝိဓုရဇာတ်၌ အမတ်ကြီးဖြစ်၍ ပုဏ္ဏကဘီလူး လက်ရသိမ်းသည်ကို ခံရဖူး၏ ဟူပေ။

၂၀၄။ တယောက်စာမျှ ငါးရာမြို့၊ ပုံ့ပုံ့ကျန်ကြွင်း ဘယ့်ကြောင့်နည်း (၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...အရှင်မောဂ္ဂလာန် ဖန်ဆင်းအပ်သော တန်ခိုးတော်ကြောင့် ကျန်ကြွင်း၏ ဟူပေ။

အကြောင်းကား... ဘုရားသခင်သည်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌စံနေတော်မူသော အခါ ရာဇဂြိုဟ်ပြည်၏ အနီး သက္ကာရနိဂုံး၌ မစ္ဆရိယကောသိယ မည်သော သဌေးသည်ရှိ၏။

ထိုသဌေးသည် ကုဋေရှစ်ဆယ် စည်းစိမ်ကြွယ်လျှတ် မြက်ရွက်ဖျားဖြင့် ကော်အပ်သော ဆီ တပေါက်ကိုမျှ သူတပါးအား မပေးရက်၊ သက်သက်လည်း မိမိမသုံး၊ အလုံးစုံသော ဥစ္စာကို စောင့်လျက်သာ နေ၏။

ထိုသဌေးသည် တနေ့သ၌ မင်းအား ခစားခြင်းငှာ သွားလေသော် ခရီးအကြား၌ တဦးသော ဇနပုဒ်သား မိတ်ဆွေသည်ရှိသည်ဖြစ်၍ ထိုမိတ်ဆွေ၏ အိမ်သို့ဝင်ရာ၊ထိုသူမှာလည်း ချိုမြိန်ကောင်း မြတ်စွာသော မုန့်အိုးကင်းကပ် စားရှဲနေသည်နှင့် သဌေးလာသည်ကိုမြင်လျှင် "အရှင် သဌေး မုန့်စားလှည့်ပါ"ဟု ခေါ်၏။ သဌေးလည်း မုန့်၏ ရနံ့သင်းပျံ့စကပင် စားချင်သော အာသာ လွန် စွာ ရှိငြားသော်လည်း သူ့မုန့်ကို ငါစားသော် သူ့အား ငါကျွေးတုံ့ ကျွေးရချိမ့်မည်။ ကျွေးရက ငါ့ဥစ္စာ ကုန်ချိမ့်မည်-ဟု ဥစ္စာကုန်ချိမ့်မည်မှ စိုးရိမ်လှရကား မုန့်ကိုမစားပဲ ကျိတ်ခဲ သိုမျို၍သာ နေ၏။

အိမ်သို့ ပြန်ရောက်သောအခါ စားမြဲတိုင်း အစာကို စားသုံးပါသော်လည်း ထိုမုန့်၌သာလျှင် အာသာတပ်ငြိရကား စား၍မဝင်နိုင်ဖြစ်၏။ ယင်းသို့ အစာမဝင်ပါလျက် ဥစ္စာကုန်မည်ဟု နှမြော ရကား မယား သား ကိုမျှ မပြောကြားပဲ အောင့်အည်း၍သာ နေသဖြင့် ခုနစ်ရက် ကြာမြင့် လတ်သော် ညှိုးရော်ကြုံလှီစွာဖြစ်ရကား မယား သဌေးမက"အရှင် သဌေး-အဘယ်သို့ မချမ်းသာ သနည်း၊ ရောဂါဝေဒနာ ရှိသလော၊ မင်း၏ အမျက်သော်လည်း ရှိသလော"ဟု ကျောကို ဆုပ် နယ်လျက် မေး၏။

ထိုအခါသဌေးကလည်း 'ရှင်မ-ငါ့အား မုန့်အိုးကင်းကပ်၌ တပ်ငြိသော အာသာသည်ရှိ၏။ ထိုအာသာကြောင့် ဘယ်အစာကိုမျှ မစားချင်ဖြစ်၏"ဟု ပြောလျှင် "အရှင်သဌေး-ဘယ့်ကြောင့် ကျွန်ုပ်ကိုမပြောပါသနည်း၊ ဤမြို့ရွာ လူအားလုံးသည် ကျူး၍ စားလောက်အောင် ကျွန်ုပ် မုန့် လုပ်ပါအံ့"ဟု သဌေးမက ဆိုလျှင် 'ရှင်မ-ဥစ္စာရတတ်ကြောင်းကို ကျွန်ုပ်သိပါ၏။ မတိုင်းမထွာ ငါ့ဥစ္စာကို ပြုန်းမည်စိုး၍ပင် မပြောပဲ ခံ၍ နေရပါသည်"ဟု ဆိုလျှင် "အရှင်သဌေး-ကျွန်ုပ်တို့ အိမ်သား စားလောက်ရုံပင် လုပ်ပါအံ့"ဟု သဌေးမက ဆိုပြန်၏သဌေးကလည်း'သင့်သားသမီး ကျေးကျွန်တို့အား ပေးသဖြင့် အဘယ် အကျိုးရှိအံ့နည်း"ဟု ဆိုပြန်လျှင် "အရှင်သဌေး—သုံး ဆောင်လောက်ရုံသာ လုပ်ပါအံ့"ဟု ဆိုရ၏။ ထိုအခါမှ "လုပ်ပါတော့"ဟု ခွင့်ပေး၏။

သဌေးကတော်လည်း သင့်လျော်ကောင်းမြတ်သော ဆန်, ထောပတ်, ပျား, သကာ တို့ဖြင့် တယောက်စာမျှ မုန့်လုပ်ခြင်းငှါ အားထုတ်သော် သဌေးလည်း ဤအိမ်ပေါ်တွင် မုန့်လုပ်ချေက

သား သမီး ကျေးကျွန်တို့မြင်၍ ငါ့ကဲ့သို့ပင် စားချင်သော အာသာဖြစ်လေရာသည်။ ချင်းတို့ မမြင်ရအောင် ပြာသာဒ်၏ သတ္တမဘုံသို့ တက်၍ လျှို့ဝှက်ကာ လုပ်ကြအံ့-ဟု ဆို၍ မောင်နှံ နှစ်ပါးပင် ပြာသာဒ်ဖျားသို့ တက်၍ တံခါးကိုပိတ်လျက် မုန့်ချက်ကြော်လေ၏။

ထိုသည့်နေ့၌ ဘုရားမြတ်စွာသည် မဟာကရုဏာ သမာပတ်ဖြင့် ချတ်အပ်သော ဝေနေယျကို ရှုတော်မူသော် ၄၅-ယူဇနာထက်၌ တည်သော မစ္ဆရိယ သဌေးမောင်နှံတို့ ပြုပြင်ကို ဉာဏ်တော် ဖြင့် မြင်၍ အရှင် မောဂ္ဂလာန်ကို ခေါ်ပြီးလျှင် "ချစ်သား မောဂ္ဂလာန် - ရာဇဂြိုဟ်ပြည်၏ အနီး ဖြစ်သော သက္ကာရနိဂုံး၌ မစ္ဆရိယ သဌေးမောင်နှံတို့သည် မုန့်အိုးကင်းကပ် စားရန်အလို့ငှါ မြင့်စွာသော ပြာသာဒ်သို့တက်၍ လျှို့ဝှက်ကာ ကြော်လှော်ကြ၏။ မိမိသား သမီးတို့ကိုမျှ မသဒ္ဓါ၊ သို့စင် နှမြောရှာသော ဒကာ မစ္ဆရိယသဌေးကို သင် ဆုံးမပါချေ" ဟု စေတော်မူလိုက်၏။

အရှင် မောဂ္ဂလာန်လည်း "ကောင်းပါပြီဘုရား" ဟု ဝန်ခံ၍ ဈာန်ဖြင့် ကြွလေပြီးသော် သဌေးကြီးမောင်နှံတို့ စိမ်ကြော်ချက်ကာနေသော ပြာသာဒ်၏အပြင်၌ ကောင်းကင်ဖြင့်ရပ်ပေ၏။

သဌေးကြီးလည်း အရှင် မောဂ္ဂလာန်ကို မြင်လျှင် ရင်ဝမှာ တုန်လှုပ်လျက် မျက်ကြုတ်ပြင်းစွာ ဖြင့် ကြည့်၍ ဤ ရဟန်းတို့ မမြင်စိမ့်သောငှါ လုံခြုံရာကိုရှာ၍ ငါမုန့်လုပ်ပါသည်ကို ရုတ်ချည်းပင် ဤ ရဟန်းပေါက်လာခဲ့သည်-ဟု မြည်တွန် တောက်တီးလျက် "ဦးပြည်း ရဟန်းကြီး–ကောင်းကင် ခရီးမှနေ၍ မျှော်သော်လည်း ရတော်မူမည်မဟုတ်၊ ကျွန်ုပ်အလို့ငှါသာ လုပ်သတည်း" ဟု ပြော၏။

အရှင် မောဂ္ဂလာန်လည်း ကောင်းကင်ယံ၌ စင်္ကြံသွားကာ နေပြီးမှ မုန့်အိုး၏ အနီးဖြစ်သော ကောင်းကင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ နေပြန်၏။ သဌေးလည်း "မိုးလတ်ကထိုင်၍ စောင့်သော် လည်း တောင့်၍သာ သေတော်မူမည်၊ ပျှုလိမ့်မည်မမှတ်လင့်" ဟု ထပ်၍ ဆိုပြန်၏။

ရှင် မောဂ္ဂလာန်လည်း တဖန် သက်နား၍ တံခါးခုံဝ၌ရပ်၏။ သဌေးကလည်း "အရှင် ရဟန်း တံခါး၌ ရပ်သော်သည်း ချီးကပ်ကိုမျှ ငါမလှူချေ" ဟု ဆို၏။ အရှင် မောဂ္ဂလာန်လည်း အဘိ-ညာဉ် တန်ခိုးဖြင့် အခိုးလွှတ်တော်မူ၏။ ပြာသာဒ်အလုံးကို မီးခိုးလွှမ်းဖုံးလေသဖြင့် သဌေး၏ မျက်စိတို့သည် အပ်ဖြင့် ဆွသကဲ့သို့ရှိ၏။ ထို့နောက်တဖန် အလျှံလွှတ်ပြန် လတ်သော် ပြာသာဒ် အဆောင်ကို မီးလောင်သကဲ့သို့ ရှိ၏။

ယင်းသို့သော တန်ခိုး အာနုဘော်ကို မြင်လျက် လှူချင်သော စိတ်မဖြစ်။ ငင်ငင် မုန့်ကို မရလျှင် ဤရဟန်း မကြွလေရာ။ မြန်စွာ ကြွလေအောင် လှူမှုပင် သင့်တော်မည်-ဟု ကြံ၍ "ခင်ပွန်းမ ဤရဟန်းအား ပေးရအောင် အတန်ငယ်မျှ မုန့်ကိုထည့်၍ ကြော်လော့" ဟု ဆို၏။ သဌေး မလည်း အနည်းငယ် ထည့်၍ ကြော်သော် ရှေးကြော်ပြီးမုန့်ရှက်ယက် ကြီး၍နေလေ၏။ သဌေး လည်း "သင်မုန့်များစွာ ထည့်၍သာ ကြီးစွာသော မုန့်ရှက်ဖြစ်သည်။ ငါထည့်ဦးအံ့" ဟု ဆိုလျက် မုန့်စိုင်ကို အနည်းငယ်မျှ ယောက်မစွန်းဖြင့် ယူ၍ ထည့်ပြန်လျှင် ယခင့် မုန့်ထက်ပင် ဆထက်ကြီး ၍ နေပြန်၏။ ဤသို့သောနည်းဖြင့် ကြီးလျက် ကြီးလျက်ချည်းနေလေသော် "ငယ်ဘော်မ-ဤ ရဟန်းအား တခုခုသော မုန့်ရှက်ကိုယူ၍ လှူလိုက်လော့" ဟု ဆို၏။ သဌေးမလည်း ကြော်သော ယောက်မဖြင့် မုန့်ကရှက်မျှ လှူပါသော် ကောင်း၌ ရှိသမျှ မုန့်အကုန် ကပ်၍ ပါသဖြင့် ခွာမရပဲ ရှိခဲ့၏။ ထိုအကြောင်းကို သဌေးအား ပြော၍ နှစ်ယောက်သော သူတို့ပင် အားရှိသမျှ ဆွဲ၍ ခွာကြသည်။ ခွာ၍ မရသဖြင့် ကိုယ်မှချွေးဒီးဒီး ယိုစီးလေ၏။ မုန့်၌ တပ်ငြိသော

အာသာလည်း ထိုအခါ ပြတ်ကင်း၏။ ယင်းသို့ဖြစ်ရာတွင်မှ "အိမ့်ရှင်မ ပြီးသမျှသော မုန့်ကိုပင် ဤအရှင်မြတ်အား ကပ်လှူလိုက်လော့" ဟု ဆို၏။

ထိုအခါ ရှင်မောဂ္ဂလာန်လည်း သဌေးမောင်နှံတို့အား တရားစကားဖြင့် ဟောကြားဆုံးမ၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာ့ဂုဏ်တို့ကို စေ့စုံစွာ မိန့်ဟောတော်မူ၏။

သဌေးလည်း တရားတော်ကို နာရလျှင် ပြင်းစွာ ကြည်ညိုခြင်း ဖြစ်၍ "အရှင်မြတ်-ဤအရပ်၌ နေ၍ ဤမုန့်ကို ဘုဉ်းပေးတော်မူပါ" ဟု လျှောက်၏။ အရှင်မြတ်ကလည်း "သဌေးကြီး-ငါတို့ဆရာ မြတ်စွာဘုရားသည် ဒကာတို့အား အလွန် သနားသောကြောင့် ငါ့အား စေတော်မူသည်။ သင် လှူသော မုန့်ကို ဘုရားထံသို့ အမြန် ငါဆောင်အံ့၊ သင်တို့မောင်နှံလည်း ဘုရားရှင်ထံသို့ ဖူးမြင်ရန် မလိုက်လိုလော" ဟုမေး၏။ "အရှင်ဘုရား-မြတ်စွာဘုရားသည် ဘယ်မှာစံနေသနည်း" ဟု လျှောက်လျှင် "ဤအရပ်မှ ၄၅-ယူဇနာကွာသော သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဝယ် စံပယ်တော်မူသည်" ဟု ပြော၏။ "အရှင်ဘုရား....ဤမျှလောက်ဝေးသည့်ဌာနကို ဘယ်မှာ အချိန်ပ်တို့ လိုက်နိုင်ပါအံ့နည်း" ဟု လျှောက်၏။ အရှင်မောဂ္ဂလာန်လည်း "သဌေးကြီး....အကယ်၍ ဘုရားရှင်ကို ဖူးမြင်လိုမူကား သင်၏ ပြာသာဒ် လှေကားဦး၌ပင် ကျောင်းတော်ကိုမြင်၍ ဘုရားသခင်ကို တွေ့စေအံ့" ဟု ဆို၏။ သဌေးကလည်း "အရှင်ဘုရား... ယင်းသို့ဖြစ်မူကား လျင်လျားစွာ လိုက်ပါအံ့" ဟု လျှောက်၍ နောက်တော်က သဌေးမောင်နှံတို့ လိုက်လာကြ၏။

ရှင်မဟာမောဂ္ဂလာန်ထေရ်မြတ်လည်း တံခါးဦး၌ ရပ်၍ ဓိဋ္ဌာန်ပြုတော်မူလျှင် ယခင်မိန့်ဆိုသည့် အတိုင်း သဌေး၏ ပြာသာဒ် စောင်းတန်းဝနှင့် ဇေတဝန်ကျောင်းတော် တံခါးဝသည် စပ်ကာမျှ ဖြစ်၍ တည်လေ၏။

ရှင်မောဂ္ဂလာန်လည်း သဌေးမောင်နှံကို ခေါ်၍ ဘုရားအထံတော်သို့ ဝင်ပြီးလျှင် သပိတ်တွင် ပါသော မုန့်တို့ကို ကပ်ဆက်၏။

ဘုရားကိုယ်တော်မြတ်လည်း ကပ်ဆက်သော မုန့်တို့ကို မျှလောက်ရုံယူပြီးမှ သံဃာတော်ငါးရာတို့ အား ပေး၏။ သံဃာတော်တို့လည်း အသီးအသီးယူလိုက်ပြီးမှ သဌေးကြီး မောင်နှံတို့အား "မုန့်ကျန် ကို သုံးဆောင်ဦးလော့" ဟု ပေး၏။ သဌေးလင်မယားလည်း စား၍ မကုန်နိုင်သဖြင့် ကျောင်း တော်တွင် ရှိသော စားကြွင်းစားလူအများတို့အား ပေးဝေပြန်သည်။ ဘဖန် ရှိမြဲတိုင်းပင်ရှိပြန်၏။

သဌေးလင်မယားတို့သည် "အရှင်ဘုရား.... မုန့်ကား မကုန်နိုင်ပါ အဘယ်သို့ ပြုရပါအံ့နည်း" ဟု လျှောက်သော် "ဇေတဝန်ကျောင်းတော် တံတိုင်းပြင်ဘက် တံမြက်ချေးစွန့်ရာ၌ ကောင်းစွာ သွန်ချေလော့" ဟု မိန့်တော်မူ၏။ ထိုမုန့်သွန်ရာ၌ ရှည်ကြာသော ကာလပတ်လုံး မသိုးမပျက်ပြား ထင်ရှားစွာ ဖြစ်သတည်း။

သဌေးလင်မယားအားလည်း ဘုရားသခင်သည် အစဉ်သော တရားစကားဖြင့် မိန့်ကြား ချေချွတ်တော်မူ၍ ဒေသနာတော်၏အဆုံး၌ ထိုသဌေးမောင်နှံတို့သည် သောတာပန် ဖြစ်လေကုန် ၏။ အရှင်မောဂ္ဂလာန်လည်း ထိုသဌေးမောင်နှံတို့အား အဓိဋ္ဌာန်တန်ခိုးဖြင့်ပင် ယခင်ပြာသာဒ်သို့ ရောက်အောင် ပို့ဆောင်တော်မူ၏။ ထိုအခါမှစ၍ သဌေး ဇနီး ခင်ပွန်း တို့သည် ကုဋေရှစ်ဆယ်မျှ သော ဥစ္စာကို သာသနာတော်၌ စိုက်ကြဲ ဖြန့်ဖြူးလေ၏။

ဤဓမ္မပဒဝတ္ထုဖြင့် အကျယ်ကို သိရာ၏။

၂၈၃။ ဆောင့်ကြောင့်ကြို့ ကြို့၊ နေတမှို၊ ထုံ့ပိုင်းဘယ်က မြတ်သနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အရာအားလျော်စွာ မြတ်သည်ချည်းတည်း ဟု ဖြေ။

အဘယ်အရာအား အဘယ်သို့ လျော်သနည်း ဟူမူကား.... ရတနာသုံးပါးကို ရှိခိုးပူဇော်သော အရာ, လျှောက်ထား တောင်းပန်သော အရာတို့၌ ဆောင့်ကြောင့်နေသဖြင့် သင့်တင့်ကြောင်းကို "ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ"စသည်ဖြင့် လာသည်။

ဘုရားထံပါး, သံဃာ့ထံပါး, ဆရာ့ထံပါး, အရှင်မင်း၏ ထံပါးဝယ် ခစားနေထိုင်သော အခါတို့၌ကား ပုဆစ်ဒူးချ၍ မိန်းမတို့ ထိုင်နေသကဲ့သို့ ထိုင်နေသင့်ကြောင်းကို "ဇဏ္ဏုကာနိ ပတိတ္ဌာ တဿာဘိမုခံ ကရိတွာ"စသည်ဖြင့် လာသည်။

အတတ်ပညာသင်သောအခါ, ဘုရားအား လည်းကောင်း, ဆရာအား လည်းကောင်း, ဝတ်ပြုသောအခါ စသည်တို့၌ ထုံ့ပိုင်းနေသင့်ကြောင်းကို ကျမ်းဂန်လာသည်။ ယင်းသို့ အရာအားလျော်စွာ နေသင့်သည်ချည်းဖြစ်ရကား အရာအားလျော်စွာ မြတ်၏ဟု ဖြေအပ်၏။

ဤအရာ၌ အချို့ဆရာတို့ကား.... "ကျမ်းဂန် တောင်းပန်သော အရာ, ရှိခိုးသော အရာဟူသမျှ၌ ဥက္ကုဋိကချည်း လာရကား ဆောင့်ကြောင့်နေခြင်းသာ မြတ်၏"ဟု ဆိုကုန်၏။

ထုံ့ပိုင်းနေခြင်း ဟူရာ၌ ပုဆစ်နှစ်ဖက်ကို ချနေ၍ ခြေနှစ်ခုကို တဖက်နံပါး၌ ထားလျက် နေခြင်းတည်း။

၂၈၄။ မိုးညိုဆော်လှို၊ တိမ်ပုံပုံ၊ မှိုင်းအုံနတ်ပြည် ရွာလိမ့်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"တာဝတိံသတော ဥပရိဒေဝေသု ဘုသာ ဝါတော ဝါ မေဃ ဝဿနော ဝါ နတ္ထိ"

ဟူ၍ ဇာတ်အဋ္ဌကထာတို့၌ လာသောကြောင့် တာဝတိံသာမှ အထက်ဖြစ်သော နတ်ပြည် ငါးရွာ၌ ပြင်းစွာသော လေတိုသည် မလာ။ မိုးလည်း မရွာ။ စတုမဟာရာဇ် နတ်ရွာ၌မူကား လူတို့နေရာကဲ့သို့ မိုးလည်း ရွာ၏။ လေလည်း လာ၏ ဟူပေ။

အလုံးစုံသော စတုမဟာရာဇ်ဘုံ၌ မိုးရွာသလော ဟူငြားအံ့– စတုမဟာရာဇ်နတ်သည် အာကာသဋ္ဌနတ်, ဘုမ္မဋ္ဌနတ် အားဖြင့် နှစ်ပါးရှိသည်။ထိုတွင်မြင်းမိုရ်တောင်၏ ပဋ္ဌမအာလိန်အပြင် ယူဇနာငါးထောင်ခန့် ကျယ်သော အရပ်၌ ပြာသာဒ် ဗိမာန်တည်၍ နေသောနတ်သည် ဘုမ္မဋ္ဌနတ်မည်သည်။ ထိုနှင့် တပြင်တည်း ကောင်းကင်၌ တည်သော စကြဝဠာတောင် နံရံထိအောင် အပြည့်ရှိသော ဗိမာန်၌ ပျော်စံ၍ နေသော နတ်သည် အာကာသဋ္ဌ နတ်မည်သည်။ ဤအာကာသဋ္ဌ နတ်ပြည်၌ မိုးမရွာ။ မြင်းမိုရ်တောင်ကိုမှီ၍ နေသော ဘုမ္မဋ္ဌနတ်ပြည်၌သာ မိုးရွာ၏ ဟူပေ။

အဘယ့် ကြောင့်နည်းဟူမူ....မိုးဟူသည်ကား မြေခိုး မြေငွေ့ ကြောင့်လည်းကောင်း, သမုဒ္ဒရာ အခိုး အငွေ့ ကြောင့်လည်းကောင်း ရွာသော မိုးသာများသည်။ နတ်မြို့တူးမြင်း စသည်ကြောင့် ရွာသော မိုးကား တရံတဖန်သာ ဖြစ်သည်။ ထို့ကြောင့် မြေတောင်ကို မှီရာ၌သာ မိုးရွာ၏ဟု သိရသည်။

၂၇၇။ ရှေးကံတမို့၊ မဆော်လှူ့၊ လုံ့လကျိုးပေး ပါလိမ့်နည်း (၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ... ရှေးကံပင် မဆော်လှူ့သော်လည်း လုံ့လ၏ အကျိုးသည် ပေး၏ဟူပေ။

အဘယ်သို့တို နည်းဟူမူ ...မဟာဇနက မင်းသားသည် လုံ့လပြုသောကြောင့်သာ မိဓိလာပြည် ရွှေထီး ရွှေနန်းကို ရသည်ဟု ဟောတော်မူသည်။

ဤမှ တပါးလည်း....

ကံကိုသာမှီ၍ အသက်မွေးရသော ကမ္မုပဇီဝိပုဂ္ဂိုလ်။
ဝီရိယကိုသာမှီ၍ အသက်မွေးရသော ဝီရိယူပဇီဝိပုဂ္ဂိုလ်။
ကံ ဝီရိယ နှစ်ပါးစုံကို မှီ၍ အသက်မွေးရသော ဥဘယူပဇီဝိပုဂ္ဂိုလ်။
ကံ ဝီရိယ နှစ်ပါးစုံကိုမမှီမူ၍ အသက်မွေးရသော အနုဘယူပဇီဝိပုဂ္ဂိုလ်။

ဟူ၍ လေးပါးအပြားရှိသည်။

ထိုတွင် နတ်ပြည့် ခြောက်ထပ်၌ နေသော နတ်တို့သည် ရှေးကောင်းမှုကံကိုသာ မှီရသောကြောင့် ကမ္မုပဇီဝိ ပုဂ္ဂိုလ်မည်ကုန်သည်။

လူ့ပြည်၌ မင်း, အမတ် စသော သူတို့သည် ရှေးကောင်းမှုကံကြောင့် မင်းအမတ်အဖြစ်ကို ရသော်လည်း လုံ့လမရှိလျှင် ထိုမင်းအမတ်တို့သည် စည်းစိမ်ကို ရှည်မြင့်စွာ မခံရရာ။ လုံ့လ ရှိမှသာ ခံရသောကြောင့် ဥဘယူပဇီဝိပုဂ္ဂိုလ် မည်ကုန်သည်။

ဆင်းရဲသားတို့မှာ ရှာကြံလုပ်ကိုင်ခြင်း လုံ့လကိုသာ မှီရသောကြောင့် ဝီရိယူပဇီဝိ ပုဂ္ဂိုလ် မည်သည်။

အပါယ်ဘုံသားတို့မှာ နှစ်ပါးစုံကိုပင် မမှီရသောကြောင့် အနုဘယူပဇီဝိ ပုဂ္ဂိုလ် မည်သည်။

ဤသို့ဟောတော်မူရကား ရှေးကံတရားပင် မမြောက်စားသော်လည်း လုံ့လအားကြီးက စည်းစိမ်ချမ်းသာကို ရခြင်းဟူသော အကျိုး ပေးသည်သာ တည်းဟု မှတ်အပ်၏။

၂၇၈။ ဖားရားဆံရို့၊ မျက်နှာငုံ့၊ ရှုံ့၍ငိုသည် ဘယ်နတ်နည်း။ (၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....လောကဗျူဟာနတ်သည် ကမ္ဘာပျက်ခါနီး၌ ငိုသည် ဟူပေ။

၂၇၉။ ပြန်ခွန်းမတုံ့၊ တပြုံ့ပြုံ့၊ လှုံ့၍မပါ မည်သူနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဇေတမိမင်းသား ဟူပေ။

၂၉၀။ ဆွမ်းဦးပုံ့ပုံ့၊ အလယ်စုံ့၊ မြို့ဘို့နိမ့်သော် ဘယ်ပြစ်နည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား— ဒုက္ကဋ်အာပတ်သင့်၏။ ဤ ၃-ပုဒ်ကား ထပ်မံဖြည့်သွင်းလိုက်သော ၃-ပုဒ်တည်း။

" အုံ့ " ကာရန်ပုစ္ဆာ ၈-ပုဒ်အဖြေပြီး၏။

---

(၈)။ "အုံး" ကာရန်ပုစ္ဆာ ၁၆ ပုဒ်အဖြေ။

၂၉၁။ ဒေသစာလုံး၊ အကြိမ်ရိုး၊ သုံးလူ့ထွတ်ထား ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ **အဖြေဝိသဇ္ဇနာကား....**

> အပရမ္ပိ ဗုဒ္ဓါစိဏ္ဏံ ဝုတ္တဝဿာ ပဝါရေတွာ ဇနသင်္ဂဟတ္ထာယ ဇနပဒစာရိကံ ပက္ကမန္တိ-ယေဝ။ ဇနပဒစာရိကံ စရန္တာ စ မဟာမဏ္ဍလံ မဇ္ဈိမမဏ္ဍလံ အန္တိမမဏ္ဍလန္တိ ဣမေသံ တိဏ္ဏံ မဏ္ဍလာနံ အညတရသ္မိံ မဏ္ဍလေ စရန္တိ။

အစရှိသည်ဖြင့် သမန္တပါသာဒိက အဋ္ဌကထာ လာသည်နှင့်အညီ ဘုရားသခင်တို့၏ အစဉ်ဖြစ်သော အလေ့အကျက်တော်သည်ကား ဝါကျွတ်၍ ပဝါရဏာပြုပြီးသော် လူအပေါင်းတို့အား တရားဖြင့် ချီးမြှောက်တော်မူခြင်းငှါ ဇနပုဒ်မြို့ရွာသို့ ဒေသစာရီ ချီမြန်းမူတာဖြစ်သတည်း။ ယင်းသို့ ဒေသစာရီ ကြွချီခြင်းသည်လည်း—

> ကျယ်စွာသော ခရီးအဝန်းဖြင့် ကြွသော မဟာမဏ္ဍလတပါး။
> မကျဉ်းမကျယ် အလယ်သော ခရီးအဝန်းဖြင့် ကြွသော မဇ္ဈိမ မဏ္ဍလတပါး။
> အကျဉ်းဆုံးဖြစ်သော ခရီးအဝန်းဖြင့် ကြွသော အန္တိမ မဏ္ဍလတပါး—

ဤသို့အားဖြင့် သုံးပါးတည်း။

ထိုတွင် အကြင်အခါ၌ မဟာမဏ္ဍလဖြင့် ကြွတော်မူလိုသည် ဖြစ်အံ့၊ သီတင်းကျွတ်လပြည့်နေ့ ပဝါရဏာပြုပြီးသော် လပြည့်ကျော်တရက်နေ့၌ ရဟန်းသံဃာ အခြံ အရံနှင့် တကွ ကျောင်းမှ ထွက်တော်မူ၍ ထိုထိုသို့သော မြို့ ရွာ နိဂုံး ဇနပုဒ်တို့၌ နေကုန်သော လူအပေါင်းတို့အား ဆွမ်း, သင်္ကန်း စသော အာမိသကို ခံတော်မူသဖြင့်လည်းကောင်း, ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော တရားဓမ္မကို ပြသချေချွတ်တော် မူသဖြင့်လည်းကောင်း, ချီးမြှောက်ခြင်းကို ပြုလျက် ကိုးလတိုင်တိုင် လှည့်လည်တော်မူ၍ ဝါဆိုအံ့သောအခါ သင့်လျော်ရာဖြစ်သောကျောင်း၌ဝါကပ်တော်မူသည်။

တပည့်သားသံဃာတို့ သမထဝိပဿနာနုသည်ဖြစ်၍ မဇ္ဈိမ မဏ္ဍလအဝန်းဖြင့် ကြွတော်မူလိုသည် ဖြစ်အံ့၊ တဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြုပြီးသော် လပြည့်ကျော်တရက်နေ့၌ များစွာသော ရဟန်းသံဃာ အပေါင်း ခြံရံလျက် ကျောင်းမှထွက်တော်မူ၍ ထိုထိုသော မြို့ရွာနိဂုံး၌ နေသော ဝေနေယျတို့ကို အာမိသဓမ္မဖြင့် ချီးမြှောက်ခြင်းကိုပြုလျက် ရှစ်လတိုင်တိုင် လှည့်လည်၍ ဝါဆိုလ အခါမှ သင့်ရာအရပ်၌ ဝါကပ်တော်မူသည်။

အကြင်အကြင်အရပ်၌ ကျတ်ထိုက်သော ဝေနေယျတို့သည် ဣန္ဒြေနုကြသေးသည်ဖြစ်အံ့။ထိုသူတို့၏ ဣန္ဒြေရင့်ခြင်းကို ငံ့လင့်တော်မူ၍ အန္တိမ မဏ္ဍလဖြင့် ကြွတော်မူသည်။ ထိုအခါ နတ်တော်လပြည့်တိုင်အောင် ဝါဆိုရာ အရပ်၌ စံပယ်တော်မူ၍ ပြာသိုလဆန်း တရက်နေ့၌ သံဃာတော်အပေါင်း ခြံရံလျက် ထွက်တော်မူ၍ ရှေးရှေးသောနည်းအားဖြင့် သတ္တဝါတို့ကို မ-စလျက် ခုနစ်လပတ်လုံး ဒေသစာရီ ကြွချီတော်မူရကား ဝါဆိုလအခါ ရောက်ရာ ကျောင်းအရပ်၌ ဝါကပ်တော်မူသည်။

ဤသုံးပါးသော ဒေသစာရီ ဝတ်ဖြင့် နှစ်တိုင်း ကြွတော်မူမြဲ ဖြစ်သည်ဟုဖြေ။

၂၆၂။ ရှစ်ကျိပ်စလုံး၊ နိဗ္ဗာန်ကျူး၊ စ-ဆုံး-ဘယ် သာဝကနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....'အညာသိကောဏ္ဍည' အစ'သုဘဒ္ဒ'အဆုံးဟူပေ။

ငါတို့ဘုရား၏ သာဝကတော်သည် အဂ္ဂသာဝက, မဟာသာဝက, ပကတိ သာဝက အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် –

တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၍ သာဝကုတ္တမ အဖြစ်သို့ ရောက်သော လက်ယာရံ လက်ဝဲရံဖြစ်သော အရှင်သာရိပုတြာ, အရှင်မောဂ္ဂလာန်တို့သည် အဂ္ဂသာဝက လည်း မည်သည်။ မဟာသာဝကလည်း မည်သည်။

ကမ္ဘာတသိန်းပတ်လုံး ပါရမီကိုဖြည့်၍ ရဟန္တာအဖြစ်သို့ ရောက်သော အညာသိကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ, မဟာကဿပ အစရှိသော ရှစ်ကျိပ်သော သာဝကတို့သည် မဟာသာဝကမည်သည်။

ကမ္ဘာ အရာ အထောင် စသည်တို့ဖြင့် ပါရမီဖြည့်၍ ရဟန္တာအဖြစ်သို့ ရောက်သော ရဟန္တာ ယောကျ်ား ရဟန္တာမိန်းမ လူယောကျ်ား လူမိန်းမတို့သည် ပကတိသာဝက မည်သည်။

ဤသုံးပါးတို့တွင် အသီတိသာဝကတို့အမည်၊ လက်ဝဲ ၄-ကျိပ်၊ လက်ယာ ၄-ကျိပ် ခစားသော ရဟန္တာတို့အမည်ကို အင်္ဂုတ္တရ ဧကနိပါတ် အဋ္ဌကထာ၊ ရင်းဋီကာတို့၌ အကျယ်လာပြီ။ ဤ၌ကား ပုစ္ဆာ ပြေလောက်ရုံသာ ရေးလိုက်သည်။

၂၆၃။ မ-၏ ရှေ့ဆုံး၊ ရ-လေးလုံး၊ တွက်ကျူး ဘယ်မျှ ကြာပြီနည်း။ (၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အရှင်ဂေါတမ၏ရှေ့ ပွင့်တော်မူသော နှစ်ကျိပ် ခုနစ်ဆူသော ဘုရားတို့တွင် ရှေ့ဆုံးဖြစ်သော တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာ ဟူသော ရ-လေးလုံးသည် ကမ္ဘာဖြင့် ရေတွက်၍ ကျူးသော် ဘယ်မျှလောက် ကြာပြီနည်း.... ဟု မေးသည်။

ကဗ္ဗေ စ သတသဟဿေ၊ စတုရော စ အသင်္ချေယျေ။
အမရံ နာမ နဂရံ၊ ဒဿနေယျံ မနောရမံ။

အစရှိသည်ဖြင့် ဗုဒ္ဓဝင်ပါဠိတော်၌ လာသောကြောင့်လည်းကောင်း....

အမှာကံ ဘဂဝတော အဘိနီဟာရဿ ပုရတော ပန တဏှင်္ကရော မေဓင်္ကရော သရဏင်္ကရော ဒီပင်္ကရောတိ စတ္တာရော ဗုဒ္ဓါ ကေသိံ ကပ္ပေ နိဗ္ဗတ္တိံသု။

ဟူ၍ အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့်လည်းကောင်း—

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတသိန်း၏ အထက်ဖြစ်သော သာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာဟူသော ဘုရားလေးဆူတို့ ပွင့်တော်မူကုန်၏။ ထိုလေးဆူသော ဘုရားတို့တွင် ရှေးသုံးဆူသော ဘုရားတို့၏ အထံ၌ ငါတို့ ဘုရားလောင်း ဗျာဒိတ်မခံရ၊ ဒီပင်္ကရာ ဘုရား၏အထံ၌သာ ဗျာဒိတ်ခံရသည်။

ထို့ကြောင့် ရ-လေးလုံး အဆုံးရှိသော ဘုရားလေးဆူတို့သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကြာပြီဟု သိရာသည်။

၂၉၄။ တယောက်တလုံး၊ တကျိပ်သုံး၊ စာလုံး အဘယ်ဗျည်းတို့နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... က၊ စ၊ ဋ၊ တ၊ ပ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ။ ဤအက္ခရာ ၁၃-လုံးတို့ကို ဝံသ ၁၃-ရပ်ဖြင့် ဟပ်၍ ယူအပ်ရကား ဤ ၁၃-လုံးသော ဗျည်းတို့ပင်ဟု ဖြေ။

အကျယ်ကား....

က—ဝဂ် ငါးလုံးသည် ခတ္တိယဝံသ။
စ—ဝဂ် ငါးလုံးသည် ဗြာဟ္မဏဝံသ။
ဋ—ဝဂ် ငါးလုံးသည် ဝေဿဝံသ။
တ—ဝဂ် ၅-လုံးသည် ဒေဝဝံသ။
ပ—ဝဂ် ၅-လုံးသည် ဗြဟ္မဝံသ။
ယ—အက္ခရာသည် သုဒ္ဒဝံသ။
ရ—အက္ခရာသည် အပါယဝံသ။
လ—အက္ခရာသည် သောတာပတ္တိဝံသ။
သ—အက္ခရာသည် သကဒါဂါမိဝံသ။
ဟ—အက္ခရာသည် အနာဂါမိဝံသ။
ဠ—အက္ခရာသည် အရဟန္တဝံသ။
အ—အက္ခရာသည် ပစ္စေကဗုဒ္ဓ, ဗုဒ္ဓဝံသာ မည်၏။

ထိုအပျိုးဖြစ်သော ပုဂ္ဂိုလ်ကိုကို ယိုဝဂ် ယိုအက္ခရာကိုဖြင့် အသီးအသီး စာဖွဲ့အပ်၏။

ထို့ကြောင့် ကဝိပါသဏ္ဌ (ကဝိကဏ္ဌပါသ)· မည်သော ဆန်းကျမ်း၌—

က–ဝဂ္ဂေါ ခတ္တိယဝံ့သော၊ စ–ဝဂ္ဂေါ ဝံသဗြာဟ္မဏော။
ဋ—ဝဂ္ဂေါ ဝေဿဝံသော စ၊ တ–ဝဂ္ဂေါ ဒေဝဝံသကော။
ပ–ဝဂ္ဂေါ ဗြဟ္မဝံသော စ၊ ယ–ကာရော စ သုဒ္ဒေါ မတော။
ရ—ကာရော စ အပါယိကော၊ လ–ကာရော သောတာပတ္တိကံ။
သ–ကာရံ သကဒါဂါမီ စ၊ ဟ–ကာရော အနာဂါမိကော။
ဠ–ကာရော အရဟန္တဝံသော၊ အ–ကာရော တု ဗုဒ္ဓေါ မတော။

ဟူ၍ မိန့်အပ်၏။

၂၉၅။ တနေ့စလုံး၊ သွားမြဲထုံး၊ လက်တလုံးခန့် မည်သူနည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား... စတုကနိပါတ်၌လာသော ရာဇကုမ္ဘ အမည်ရှိသော လူပျင်းသည် တနေ့လုံးကိုမျှ လက်တလုံးခန့် နှစ်လုံးခန့်သွား၏ ဟူပေ။

ထို့ကြောင့် ၎င်းဇာတ်အဋ္ဌကထာ၌—

"သကလဒိဝသံ ဂစ္ဆန္တောပိ ကေင်္ဂုလ ဒွင်္ဂုလမတ္တမေဝ ဂစ္ဆတိ"
ဟူ၍ဆိုသည်။

ထိုအကြောင်းကို ဆိုလိုက်ဦးအံ့.... လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုလေသော် ငါတို့ ဘုရားအလောင်းတော်သည် ထိုမင်း၏ အမတ်ဖြစ်သတတ်။ ဤဗြဟ္မဒတ်မင်းသည် အတန်ငယ် ပျင်းရိသော သဘောရှိသည်ဖြစ်၍ ဘုရားလောင်း အမတ်သည် မင်းအား ဆုံးမခြင်းငှါ တခုသော ဥပမာကို ရှာလျက်နေ၏။

တနေ့သ၌ မင်းကြီးသည် အမတ်အပေါင်းခြံရံလျက် ဥယျာဉ်ကစားရန် ထွက်တော်မူလတ်သော် ထိုဥယျာဉ်၏ အနီးအပါး၌ သွားလာသော ရာဇကုမ္ဘ လုလင်ပျင်းကို တွေ့လေ၏။ ထိုလူပျင်းကား ဆင်းရဲစွာလှ တောင်းစားရလျက် ဘယ်ကိစ္စကိုမျှ မပြု မလုပ်ချင် မင်းစိတ်ဝင်လျက်သာ နေသောကြောင့် "ရာဇကုမ္ဘ" ဟု သမုတ်ကြသတည်း။ ထိုရာဇကုမ္ဘသည် တနေ့လုံး သွားသော်လည်း လက်တလုံး နှစ်လုံးခန့်မျှသာရွေ့သတည်း။

ဗာရာဏသီမင်းလည်း ထိုလူပျင်းကို မြင်လေလျှင် အလွန်ငြိုငြင်သော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်း အမတ်ကိုခေါ်၍ "အမတ်ကြီး ဤသူကား အဘယ်မည်သောသူနည်း" ဟု မေး၏။ အမတ်ကြီးကလည်း "အရှင်မင်းမြတ် ဤသူကား ရာဇကုမ္ဘ အမည်ရှိသော လူပျင်းပါတည်း။ ပျင်းရိလှသောကြောင့် စားဖို့ ဝတ်ဖို့ကိုမျှ မလောက်နိုင်ပါ။ သူတပါးတို့၏ ပေးကမ်းစာနှင့်သာ အသက်ရှင်ပါသတည်း။ တနေ့လုံးသွားသော်လည်း လက်တလုံး နှစ်လုံးခန့်မျှသာ ရောက်ပါသတည်း" ဟု လျှောက်ပြီးလျှင် ထိုလူပျင်းအား စကားဆိုခြင်းငှါ—

"ဝနံ ဒါယဂ္ဂိ ဒဟတိ၊ ပါဝကော ကဏှဝတ္တနိ"

အစရှိသော ဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား။ ။"ဟယ်လူပျင်း-သင်သည် အလွန်နှေးသော သွားခြင်းရှိခဲ့၏။ ဤတော၌ တောမီးသည် လောင်လာခဲ့သော် အဘယ်သို့ ပြုအံ့နည်း"ဟု မေး၏။

ရာဇကုမ္ဘကလည်း "အမတ်ကြီး-အကယ်၍ တောမီးလောင်သဖြင့် သစ်ပင် သင်ခက်တို့သည် ကျိုးပျက်ခဲ့သော်လည်းကောင်း, မြေကြီးအလုံးပင် ပြုန်းပြုန်း ပြိုခဲ့သော်လည်းကောင်း ကျွန်တော်တို့သည် အဘယ်သို့ ပြုနိုင်တော့အံ့နည်း။ သေရဖို့သာ ရှိသည်မဟုတ်လော။ မသေသေး သမျှ၌သာ မပင်မပန်းရအောင် နှေးနှေး သွားပါသတည်း"ဟု ဆို၏။

ထိုအခါ ပညာရှိသော အမတ်ကြီးကလည်း"ဟယ်လူပျင်း-အကြင်သူသည် နှေးနှေးပြုသင့်သော အခါ၌လည်း လျင်စွာပြု၏။ လျင်စွာပြုသင့်သောအခါ၌လည်း နှေးစွာပြု၏။ ထိုသူသည်ကား ဤလူ၏ လောက၌ ခံစားထိုက်သမျှသော ချမ်းသာကိုလည်း ခံစားရရာသည်မဟုတ်၊ဘေးမဖြစ်သင့်သော အရာ၌လည်း ဘေးဖြစ်ရာ၏။ ဥပမာသော်ကား....ခြောက်လှစွာသော ထန်းရွက်ကိုနင်းသော် ချက်ခြင်းကျိုးပျက်လေသကဲ့သို့ အကျိုးစီးပွားတို့သည် ပျက်စီးသည်သာဖြစ်၏။ အကြင်သူသည် လျင်စွာပြုသင့်သောအရာတို့ကိုလည်း လျင်စွာပြုလေ့ရှိ၏။ နှေးနှေးပြုသင့်သော အရာတို့ကိုလည်း နှေးစွာပင်ပြု၏။ ထိုသူအား စီးပွားချမ်းသာတို့သည်လည်း လဆန်းအခါ၌ တက်ထွန်းသော လကဲ့သို့ တနေ့တခြား တိုးပွားသည်သာဖြစ်၏"ဟု ဆုံးမပေ၏။

ဤမှတပါး များစွာသော ပရိယာယ်တို့ဖြင့် ပျင်းရိခြင်း၏အပြစ်ကိုပြလျက် ဆုံးမပေသဖြင့် ဗာရာဏသီမင်းလည်း ပျင်းရိခြင်းကိုဖျောက်၍ မင်းပြုလေ၏။

တကြောင်းလည်း....ဍုပ္ပိပါသိက ပြိတ္တာသည် ရေသိပ်လှသောကြောင့် ရေရှာသောအခါ သမုဒ္ဒရာ၏အဝဖြစ်သော ဂင်္ဂါမြစ်မှ လှိုင်းတံပိုးထသော ရေသံကိုကြား၍ သောက်ခြင်းငှါ သွားပါသော်လည်း တနေ့တနေ့၌ လက်တလုံးခန့်မျှသာ သွားနိုင်သောကြောင့် မြစ်သို့မရောက်နိုင်။ ရေကိုလည်းမသောက်ရနိုင်။ ထိုပြိတ္တာကို အရှင်မောဂ္ဂလာန်နှင့် အရှင်လက္ခဏတို့တွေ့၍ မေးစိစစ်သဖြင့် ရေသိပ်ကြောင်းကို လျှောက်လျှင် သပိတ်ဖြင့် ရေကိုခပ်၍ ပြိတ္တာ၏ခံတွင်းဝသို့ တနံနက်ခန့်လုံး လောင်းသည်။ အာစွတ်ရုံမျှသာရှိ၏၊ ဝပင် မဝနိုင်။ အရှင်နှစ်ပါး နေမြင့်၍သာ ကြွသွားတော်မူရ၏-ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ၎င်းအဖွင့်ဋီကာတို့၌လာသည်။ ဤခုပ္ပိပါသိက ပြိတ္တာတည်း....ဟူ၍လည်း ဖြေအပ်၏။

၂၉၆။ သပိတ်လေးလုံး၊ လက်နှိပ်ဖုံး၊ တလုံးတည်းဖြစ်ဘယ်နေ့နည်း။ (၆)

၂၉၇။ နတ်လေးယောက်လုံး၊ လှူစည်းရုံး၊ မြင့်ဆုံးဘယ်နတ်သပိတ်နည်း။ (၇)

ဟူသောအမေးပုစ္ဆာနှစ်ခု၌ အဖြေ ဝိသဇ္ဇနာကား....ဤဗုဒ္ဓဝင် အဋ္ဌကထာပါဌ်ဖြင့် သိအပ်၏။

အထ သတ္တသတ္တာဟမတ္တကေ ကျေနပညာသတိမေ ဒိဝသေ သဏ္ဍေန ဒေဝါနမိန္ဒေန ဥပနီတေန နာဂလတာဒန္တကဋ္ဌေန စ အနောတတ္တဒဟောဒကေန စ မုခံ ဓောဝိတွာ တဟ္မောဝ ရာဇာယတနမူလေ နိသီဒိ။

တသ္မိံ သမယေ တပုဿဘလ္လိကာ နာမ ဒွေဝါဏိဇာ ဉာတိသာလောဟိတာယ ဒေဝတာယ သတ္ထု အာဟာရဒါနေ ဉဿာဟိတာ မန္ထဉ္စ မဓုပိဏ္ဍိကဉ္စ အာဒါယ “ပဋိဂ္ဂဏှာတု ဘဂဝါ ဣမံ အာဟာရံ အနုကမ္ပံ ဥပါဒါယာ”တိ ဥပသင်္ကမိတွာ အဋ္ဌံသု။

ဘဂဝါ ပါယာသံ ပဋိဂ္ဂဟဏဒိဝသေယေဝ ဒေဝဒတ္တိယ ပတ္တဿ အန္တရဟိတတ္တာ “န ခေါ တထာဂတာ ဟတ္ထေသု ပဋိဂ္ဂဏှန္တိ။ ကိမှိ နုခေါ အဟံ ဣမံ ပဋိဂ္ဂဏှေယျ”န္တိ စိန္တေသိ။

အထ ဘဂဝတော အဇ္ဈာသယံ ဝိဒိတွာ စတူဟိ ဒိသာဟိ စတ္တာရော မဟာရာဇာနော ဣန္ဒနီလမဏိမယေ ပတ္တေ ဥပနာမေသုံ။ ဘဂဝါ တေ ပဋိက္ခိပိ။ ပုန မုဂ္ဂဝဏ္ဏေ သိလာမယေ စတ္တာရော ပတ္တေ ဥပနာမေသုံ။ ဘဂဝါ တေသံ စတုန္နံ ဒေဝပုတ္တာနံ အနုကမ္ပာယ ပဋိဂ္ဂဟေတွာ ဧကဘာဝံ ဥပနေတွာ တသ္မိံ ပစ္စဂ္ဃေ သေလမယေ ပတ္တေ အာဟာရံ ပဋိဂ္ဂဟေတွာ ပရိဘုဉ္ဇိတွာ အနုမောဒနမကာသိ။

အနက်ကား။ ။အထ ပစ္ဆာ၊ ထိုမှနောက်၌။ သတ္တသတ္တာဟမတ္တကေ၊ သတ္တသတ္တာဟ၏ အထက် ဖြစ်သော။ ကေနပညာသတိမေ၊ လေးဆဲ့ကိုးရက်မြောက်သော။ ဒိဝသေ၊ ဝါဆိုလဆန်း ၅-ရက် နေ့၌။ ဒေဝါနမိန္ဒေန၊ နတ်တို့ကို အစိုးရသော။ သက္ကေန၊ သိကြားမင်းသည်။ ဥပနီတေန၊ ကပ်အပ်သော။ နာဂလတာဒန္တကဋ္ဌေန စ၊ နာဂလတာ ဒန်ပူဖြင့်လည်းကောင်း။ အနောတတ္တ- ဒဟောဒကေနစ၊ အနောတတ်အိုင် ရေဖြင့် လည်းကောင်း။ မုခံ၊ ခံတွင်း မျက်နှာတော်ကို။ ဓောဝိတွာ၊ ပွတ်ဆေး သုတ်သင်တော်မူပြီး၍။ တတ္ထေဝ ရာဇာယတနမူလေ၊ ထိုလင်းလွန်းပင်၏ အနီး၌သာလျှင်။ နိသီဒိ၊ နေတော်မူ၏။

တသ္မိံ သမယေ ထိုသို့ နေတော်မူသောအခါ၌။ တပုဿဘလ္လိကာ နာမ၊ တပုဿ,ဘလ္လိက အမည်ရှိကုန်သော။ ဒွေဝါဏိဇာ၊ ကုန်သည် ညီနောင်နှစ်ယောက်တို့သည်။ ဉာတိသာလောဟိ တာယ၊ ဆွေမျိုး သားခြင်း ဖြစ်ခဲ့ဖူးသော။ ဒေဝတာယ၊ နတ်သည်။ သတ္ထု၊ မြတ်စွာဘုရားအား အာဟာရဒါနေ၊ အာဟာရကို ပေးလှူခြင်း၌။ ဉဿာဟိတာ၊ တိုက်တွန်းအပ်သည်ဖြစ်၍။ မန္ထဉ္စ၊ ကြွက်ကျစ်မုန့်ကိုလည်းကောင်း။ မဓုပိဏ္ဍိကဉ္စ၊ ပျားဆုပ်မုန့်ကိုလည်းကောင်း။ အာဒါယ၊ ယူခဲ့၍။ ဘဂဝါ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရား။ နော၊ အကျွန်ုပ်တို့ကို။ အနုကမ္ပံ၊ အစဉ် သနားတော် မူသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဣမံ အာဟာရံ၊ ဤ ကြွက်ကျစ်မုန့်, ပျားဆုပ်မုန့်တည်း ဟူသော အာဟာရကို။ ပဋိဂ္ဂဏှာတု၊ ခံတော်မူပါ။ ဣတိ၊ ဤသို့။ ဥပသင်္ကမိတွာ၊ အနီးသို့ ကပ်ကုန်၍။ အဋ္ဌံသု၊ ရပ်ကုန်၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပါယာသံ၊ နို့ဃနာဆွမ်းကို။ ပဋိဂ္ဂဟဏဒိဝသေယေဝ၊ ခံတော် မူသော ကဆုန်လပြည့်နေ့၌သာလျှင်။ ဒေဝဒတ္တိယ၊ ဃဋိကာရ ဗြဟ္မာနတ်သည် ကပ်လှူအပ် သော။ ပတ္တဿ၊ သပိတ်၏။ အန္တရဟိတတ္တာ၊ ကွယ်လွန်ခဲ့သဖြင့်။ တထာဂတာ၊ ရှေးဘုရားတို့သည်။ ဟတ္ထေသု၊လက်တို့ဖြင့်။န ခေါ ပဋိဂ္ဂဏှန္တိ၊ ခံတော်မမူ။ အဟံ၊ ငါသည်။ ကိမှိ၊ အဘယ်ဖြင့်။ဣမံ၊ဤ ကြွက်ကျစ်မုန့်,ပျားဆုပ်မုန့်ကို။ပဋိဂ္ဂဏှေယျံနုခေါ၊ ခံရအံ့နည်း။ ဣတိ၊ဤသို့။စိန္တေသိ၊ကြံတော်မူ၏။

အထ၊ ထိုသို့ ကြံတော်မူသော အခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ အဇ္ဈာသယံ၊ အလို တော်ကို။ ဝိဒိတွာ၊ သိကုန်၍။ စတူဟိဒိသာဟိ၊ လေးပါးသော အရပ်မျက်နှာတို့မှ။ စတ္တာရော- မဟာရာဇာနော၊ နတ်မင်းကြီး လေးယောက်တို့သည်။ ဣန္ဒနီလမဏိမယေ၊ ဣန္ဒနီလာ မြဖြင့် ပြီးကုန်သော။ ပတ္တေ၊ သပိတ်တို့ကို။ ဥပနာမေသုံ၊ ကပ်ပေကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။

တေ ပဒတ္တာ၊ ထို ဓူနန္ဒနီလာ မြသပိတ်တို့ကို။ ပဋိဂ္ဂဟိ၊ ပယ်တော်မူ၏။ ပုန၊ တဖန်။ မုဂ္ဂဝဏ္ဏော၊ ပဲနောက်အဆင်းရှိကုန်သော။ သိလာမယေ၊ ကျောက်ညိုဖြင့် ပြီးကုန်သော။ စတ္တာရော၊ လေးလုံးကုန်သော။ ပတ္တေ၊ သပိတ်တို့ကို။ ဥပနာမေသုံ၊ ကပ်ပေကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စတုန္နံ၊ လေးယောက်ကုန်သော။ တေသံ ဒေဝပုတ္တာနံ၊ ထိုနတ်သားတို့အား။ အနုကမ္ပာယ၊ အစဉ်သနားတော်မူသဖြင့်။ ပဋိဂ္ဂဟေတွာ၊ ခံတော်မူ၍။ ဧကဘာဝံ၊တလုံးတည်း၏အဖြစ်သို့။ ဥပနေတွာ၊ ဆောင်တော်မူ၍။ ပစ္စဂ္ဃေ၊ တပေါင်းတည်းပြုအပ်သော။ သေလမယေ၊ ကျောက်ညိုဖြင့်ပြီးသော။ တသ္မိံ ပတ္တေ၊ ထိုသပိတ်၌။ အာဟာရံ၊ ကြွက်ကျစ်မုန့် ပျားဆုပ်မုန့် အာဟာရကို။ ပဋိဂ္ဂဟေတွာ၊ ခံတော်မူ၍။ ပရိဘုဉ္ဇိတွာ၊ ဘုဉ်းပေးတော်မူ၍။ အနုမောဒနံ၊ တရားဟောခြင်း အနုမောဒနာကို။ အကာသိ၊ ပြုတော်မူ၏။

ဤသို့ အဋ္ဌကထာလာသည်ကို ထောက်၍ စတုမဟာရာဇ်နတ်မင်း လေးယောက်တို့ သပိတ်ကပ်လှူသောနေ့သည် ဝါဆိုလဆန်း ၅-ရက်နေ့ဟု ဖြေ။

အဘယ်နတ် သပိတ်သည် အထက်ဆုံးနေသနည်း....ဟူရာ၌ တိုက်ရိုက်ကျမ်းတွင်မပါ၊ ယင်းသို့မပါသော်လည်း နောက်ဆုံးလာသောနတ်၏ သပိတ်သည် အထက်ဆုံးဖြစ်သင့်ရကား ကုဝေရနတ်မင်း၏ သပိတ်သည် အထက်ဆုံး ဖြင်၏ဟုမှတ်။

သပိတ်လေးလုံးကိုဆင့်၍နှိပ်တော်မူလျှင် အနားလေးရစ်ရှိသော သပိတ်တလုံးတည်းဖြစ်၍ ထိုသပိတ်ကို သက်တော်ရှိသမျှကာလပတ်လုံး ဆောင်တော်မူသည်။

၂၉၈။ မြင်းပိုရ်တောင်လုံး၊ အုံမဆုံး၊ ရွှေကိုးဘယ်က ဖြစ်သနည်း။ (၈)

၂၉၉။ ဖြဟ္မာလှူဆုံး၊ ရွှေပန်းကုံး၊ ယူကျုံးမည်သူ သိမ်းသနည်း။ (၉)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေ ဝိသဇ္ဇနာကား....သဟမ္ပတိဗြဟ္မာသည် တရားဟောစိမ့်သော ငှါ တောင်းပန်သောအခါ၌ မင်္ဂလာပန်းပြုအပ်သော မြင်းမိုရ်တောင်လုံးမျှလောက် ချေပန်း·ုံး ရတနာသည် ပကတိမဟုတ်။ ဗြဟ္မာ၏ တန်ခိုးကြောင့်သာ ထင်ရှားလာသောပန်းဖြစ်သည်ဟုဖြေ။

ထိုပန်းကုံးသည် ဗြဟ္မာကွယ်လျှင်ပင် ကွယ်လေသောကြောင့် မည်သူမျှ မသိမ်းထားရချေဟု ဖြေ။

၃၀၀။ ဇော်တခိုင်လုံး။ စာစပ်ထုံး၊ အဆုံးချရိုး ဘယ်သို့ည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... အကွာရှ ၁၉-လုံး ချိုးရှိသတည်း။

၃၀၁။ သုံးဆယ့်ငါးလုံး၊ သိ၍ကုံး၊ ချထုံးသည့်ထက် လွန်လိမ့်နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ဗမ္မာသပြေသီးမှည့်ကား ၃၅-လုံးချသည်။ ဤထက် အလွန် ချရိုးမရှိပြီဟု ကဝိပါသဏ္ဍာကျမ်း၌လာသည်။

၃၀၂။ တေဇောစေတ်လုံး၊ ပျက်စီးရှုံး၊ ကုထုံး ဘယ်ခေတ်နှင့်ပေနည်း။(၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... တေဇောခေတ် ပျက်သော် ပထဝီခေတ်ဟူသော အဆိမ့်အအေး အငန်ပေး။

၃၀၃။ ဂရုနှစ်လုံး၊ ဘ-ဂိုဏ်းသုံး၊ ဒေါ် ထုံး ဘယ်ဂါထာတို့နည်း။(၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဒေါဓကမိစ္ဆတိ စေ ဘ ဘဘာဂါ။

ယသာ၊ အကြင် ဂါထာ၏။ စတုသု ပါဒေသု၊ လေးပါဒတို့၌။ ဘဘဘာ၊ ဘဂိုဏ်း ဘဂိုဏ်း ဘဂိုဏ်းတို့သည်လည်းကောင်း။ ဂါ၊ ဂရုတို့သည်လည်းကောင်း။ စေ ဋ္ဌိတာ၊ အကယ်၍တည်ကုန်အံ့။ အယံ၊ ဤဂါထာကို။ ဒေါဓကော၊ ဒေါဓကဂါထာဟူ၍။ ဣစ္ဆတိ၊ အလိုရှိအပ်၏။

၃၀၄။ ကျောက်စာရေးထုံး၊ စီစဉ်ကုံး၊ လုံးကြီးတင်သော် ဘယ်သို့နည်း။(၁၄)

၃၀၅။ ဟထိုးတလုံး၊ စွဲလက်သုံး၊ ယူကျုံးဘယ်သို့ ဖတ်မည်နည်း။ (၁၅)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....နှစ်တင်၊နောက်ပစ်။ ထို့ကြောင့် ရှေးဆရာတို့ ဤသို့ဆိုကုန်၏။

ကျောက်စာကမ္ပည်း၊ ရေးထုံးနည်း၊ သိပ်သည်းမှတ်ကုန်ရာ။
ချလျှင် တစ်စီး၊ လုံးကြီးနှစ်တင်၊ ဆံခတ်လျှင်၊ ထက်ခွင်သုံးခုလာ။
တချောင်းငင်လေး၊ နှစ်ချောင်းရေး၊ ယှဉ်ပေး ငါးသချာ။
သဝေမှာခြောက်၊ သတ်တုံမြောက်၊ အောက်ဝယ်ခုနစ်လာ။
သေးသေးတင်ရှစ်၊ ဝိသဇ္ဇနီ၊ ကိုးဟူပြီ၊ အညီ ရေးအပ်စွာ။
ပင့်လျှင် မောက်ချ၊ ရစ်က တွဲ၊ ဝ-လျှင်ဆွဲ၊ ရေးမြဲ လုံးတင်ကာ။
ဟ-ဆွဲဆိုလျှင်၊ နောက်ပစ်ပင်၊ ပစ်လျှင် ဟဆွဲကာ။
ကျောက်စာရေးနည်း၊ နိဿယည်း၊ ကမ္ပည်းမော်ကွန်းစာ။

၃၀၆။ ရှက်စပ်ပိတ်ချုံး၊ လောင်းလျှာင်း၊ သုံးလူ့ဘယ်ကြောင့် လွတ်သနည်း။ (၁၆)

(ဟူသော အမေးပုစ္ဆာသည်ကား မည်သည့် အဓိပ္ပာယ်ကိုလို၍ မေးလေသည်ဟု မဆင်ခြင်မိချေ၊ ဆင်ခြင်မိသူတို့ ဖြေပါလေ)။

၃၀၆။ ယှက်စပ်ပိတ်ချုံး၊ လောင်းလျှာင်း၊ သုံးလူ့ဘယ်ကြောင့် လွတ်သနည်း။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... "ယှက်စပ်သည်"ဆိုသော စကားသည် အရာဝတ္ထု တခုနှင့်တခု ရောယှက်ခြင်းကို ဆိုလိုသည်။ဤအရာ၌ သစ်ခက် သစ်ရွက်တို့၏ ယှက်စပ်ခြင်းကို ယူရမည်။ အဘယ်ကြောင့်နည်း....နောက်နား၌က "ချုံး"ဆိုသော စကားရှိသည်။ ၎င်း "ချုံး" ဆိုသော စကားသည် လက်ာကိုင်၍ ' ချုံး"ဟု ရေးသည်။ "ချုံ"ဆိုသည်ဟုမှတ်။ တောချုံကို ရေးစမှတ်ပြုရာ၌ ယ-ပင့်နှင့် ရှေးဆရာတို့ ရေးရိုးရှိသဖြင့် ချုံ၏ ယှက်စပ်ခြင်းကို ဆိုလိုသည်။

"ပိတ်"ဆိုသည်ကား ၎င်း၏ ဖုံးလွှမ်းပိတ်ဆို့ခြင်းကို ဆိုလိုသည်။

"လောင်းလျှာ" ဆိုသည်ကား....ဘုရားအလောင်းကို ဆိုလိုသည်။ အဘယ်ကြောင့်နည်း.... နောက်ပါဒ၌ "သုံးလူ့"ဟု ဆိုလျက်ရှိသည်။ "သုံးလူ့"၏ အဓိပ္ပာယ်မှာ လူ့,နတ်,ဗြဟ္မာ သတ္တဝါ သုံးဦးဟု ဆိုအပ်သော "လူတို့၏အရှင်"ဟု ဆိုလိုသည်။

"လူ"ဆိုသည်ကား....နရ-သဒ္ဒါမှလာသည်။ ၎င်း နရ-သဒ္ဒါကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "နရောတိ သတ္တော"ဟု ဖွင့်သည်။ ထို့ကြောင့် "လူ"ဆိုသော စကားသည် သတ္တဝါ၏အမည် ဖြစ်သည်။

လူ နတ် ဗြဟ္မာမှတပါး သတ္တဝါ မရှိပြီလော....ဟု စောဒနာရှိရကား အခြားသတ္တဝါတို့ လောက၌ မထင်ရှားခြင်းကြောင့်လည်းကောင်း၊ လူ နတ် ဗြဟ္မာ ဘဏ္ဍဝါသုံးဦးတို့၏ ဦးညွှတ်ရာဆိုသဖြင့် အခြားသတ္တဝါတို့ ဆိုဖွယ်မရှိခြင်းကြောင့်လည်းကောင်း "သုံးလူ့"ဟုဆိုသည်။

, ထို့ကြောင့် ၎င်းအမေး၌ ဥမ္မပေါက်သစ်စဖြစ်သော ဘုရားအလောင်း ငုံးမင်းသည် တောချုံတို့ဖြင့် ယှက်စပ်ပိတ်ဖုံး၍နေသော မိမိ၏ အသိုက်၌နေရာ တောမီးလောင်၍ လာခဲ့သော် ယခု ငုံးမင်းပရိတ်-ဟု ခေါ်သော ပရိတ်တရားတော်ကို ရွတ်သဖြင့် အသက်ဘေးမှ ကင်းလွတ်တော်မူသည်-ဟု ဖြေဆိုရမည်။

တနည်းလည်း....ယှက်စပ်ပိတ်ချုံ ကာမိလျက်နေသော ပိုက်ကွန်တွင်းမှ ညီညွတ်စွာ ရုံးထွက်ပျံသန်းသဖြင့် အသက်ဘေးမှ လွတ်ကင်းသည်-ဟု ဖြေဆိုရန်ရှိသေး၏။ သို့သော်လည်း ပရိတ်တရားတော်ကြောင့် မီးဘေးမှ လွတ်ကင်းသော ငုံးမင်းဇာတ်ကိုသာ ဖြေဆိုရမည်။အကျယ်သိလိုက ငါးရာ့ငါးဆယ်တွင် ကြည့်လေ။

(ဖြေဆိုသူ မန္တလာ ဦးကေလာသ)

"အုံး"ကာရန် ပုစ္ဆာ ၁၆-ပုဒ် အဖြေ ပြီး၏။

(၉) "အမ်း" ကာရန်ပုစ္ဆာ ၇-ပုဒ်အဖြေ

၃၀၇။ ကိုယ်တော်ရှင်ဝမ်း၊ ကြွမြဲတမ်း၊ အလှမ်း ဘယ်မျှကျယ်သနည်း။(၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... "လူတို့ ဖဝါးတလှမ်းလျှင် မိမိ၏ တတောင်ထွာရှိသည်"ဟု သချာပကာသကကျမ်းတို့၌ တွက်ရိုးပြသောကြောင့် ဘုရားကိုယ်တော်၏ ဖဝါးတလှမ်းသည် ကိုယ်တော်၏ တတောင့်ထွာ ကျယ်သည်။ ဘုရားရှင်၏ တတောင်လျှင် မဇ္ဈိမပုရိသသုံးတောင်၊ ပကတိလူတို့၏ လေးတောင့်ထွာ ဖြစ်ရကား ဘုရားရှင့် တတောင့်ထွာလျှင် လူတို့၏ ခြောက်တောင့်ထွာနှင့် ခြောက်သစ်ဖြစ်၏။ ဤသည်လျှင် ဖဝါးတလှမ်း၏ အကျယ်တည်း ဟူပေ။

၃၀၈။ ဒေဝဒတ်ကြမ်း၊ အာဃာလှမ်း၊ ရှုံးလမ်းလောင်းလျှာ ဘယ်မျှနည်း။(၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... စူဠမ္မပါလမင်း, ခါမင်း, ခန္တိဝါဒီရသေ့, စူဠနန္ဒိယမျောက်မင်း, မဟာနန္ဒိယမျောက်မင်း, ဆဒ္ဒန်ဆင်မင်း ဤ ခြောက်ဇာတ်တို့၌ ဒေဝဒတ်၏ အလောင်းသည် ဘုရားလောင်းအား ညှဉ်းဆဲနှိပ်စက်၍ သေပျက်အောင် ပြုနိုင်လေသည်-ဟူ၍ စူဠမ္မပါလ ဇာတ်အဋ္ဌကထာတွင်လာသည်။

ဤ ခြောက်ဇာတ်တွင်လည်း ဆဒ္ဒန်ဆင်မင်းဇာတ်ကို ထိုအဋ္ဌကထာ၌ မပါ၊ သူ့ဇာတ်တွင် ပါသော အတ္ထုပ္ပတ္တိဖြင့်သာ သိအပ်၏။

၃၀၉။ သဘော်ရောက်လမ်း၊ ဆိုက်မြဲတမ်း၊ ဆိပ်ကမ်း သုံးကျွန်း ဘယ်မျှနည်း။(၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အချင်း ယူဇနာတသောင်း၊ အဝန်း ယူဇနာ သုံးသောင်းရှိသော အထောင့်ကြီး သုံးထောင့်, အထောင့်ငယ် သုံးထောင့်တို့ဖြင့် တင့်တယ်သော ဤဇမ္ဗူဒိပ်ကျွန်း၌ သဘော်ဆိုက်ရာ ဆိပ်ကမ်းတို့သည် "အကုဋေ ကိုးသန်း ခြောက်သိန်း ရှိသည်" ဟု ဒီပဝင်စသော ကျမ်းတို့၌ လာသည်။

ထို့ကြောင့် မဟာသာရပျို့၌—

"သဘော်ဆိုက်သည်၊အမြိုက်ဆိပ်မြေ၊ကုဋေကိုးသန်း၊ခြောက်သိန်းထွန်းရှင့်"ဟူ၍ စပ်ဆိုသည်။

သီဟိုဠ်ကျွန်း၌ကား....၅၇-ရပ်ရှိကြောင်းကို မဟာဝင်တို့၌ဆိုသည်။ ထိုမှ တပါးသော ကျွန်းတို့၌ သဘော်ဆိုက်သော ဆိပ်ကမ်း မည်မျှရှိသည်ဟူ၍ ကျမ်းဂန်မတွေ့ချေ။

ထို့ကြောင့် ပုစ္ဆာ၌ "သုံးကျွန်း"ဟု မေးသောအရာသည် မည်သည့်ကျွန်းကိုရည်၍ မေးသည်ဟု မသိသာဖြစ်သည်။ "ဆိပ်ကမ်းရှိသည့်ကျွန်း မည်မျှနည်း"ဟု မေးသည့်အရာကို အက္ခရာ အရေးပျက်၍သာ ရှိမည်ထင်သည်။

၃၁၀။ ပျားမုန့်ဆုပ်ဆွမ်း၊ ပေးလှူကမ်း၊ ဝန်ထမ်းကုန်သည် ဖြစ်လိမ့်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တသ္မိံ သမယေ တပုဿဘလ္လိကာနာမ ဒွေဝါဏိဇာ ပဥ္စဟိ သကဋသတေဟိ ဥက္ကလာ- ပဇနပဒါ မဇ္ဈိမပဒေသံ ဂစ္ဆန္တာ အတ္တနော ဉာတိသာလောဟိတာယ ဒေဝတာယ သကဋာ သန္နိရုမ္ဘိတွာ သတ္ထု အာဟာရသမ္ပာဒနေ ဥဿာဟိတာ သတ္တုဉ္စ မဓုပိဏ္ဍိကဉ္စ အာဒါယ "ပဋိဂ္ဂဏှာတု နော ဘန္တေ ဘဂဝါ ဣမံ အာဟာရံ အနုကမ္ပံ ဥပါဒါယာ" တိ သတ္ထာရံ ဥပသင်္ကမိတွာ အဋ္ဌံသု။

ဟူ၍ ဇာတတ္ထကိ၌ လာသည်။

အဓိပ္ပာယ်ကား။ ။ထိုလင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူသောအခါ တပုဿ,ဘလ္လိက အမည်ရှိသော ကုန်သည်ညီနောင် နှစ်ဦးတို့သည် လှည်းငါးရာတို့ဖြင့်ကုန်တင်လျက် ဥက္ကလာပ ဇနပုဒ်မှသည် မဇ္ဈိမဒေသသို့ သွားလေသော် ဘုရားရှိရာဌာန အနီးသို့ရောက်လျှင် မိမိတို့နှင့် အမျိုးသားချင်း ဖြစ်ခဲ့ဖူးသော နတ်သည်လှည်းတို့ကို မသွားနိုင်အောင် ချုပ်ထား၍ ဘုရားအား အာဟာရ ကပ်စိမ့်သောငှါ တိုက်တွန်း၏။ ယင်းသို့ တိုက်တွန်းရကား မုန့်လုံးတို့ကိုလည်းကောင်း, ပျားမုန့်ဆုပ်တို့ကိုလည်းကောင်း ယူ၍ "အရှင်ဘုရား အကျွန်ုပ်တို့အား သနားတော်မူသဖြင့် ဤအာဟာရကို သုံးဆောင်တော်မူပါ" ဟု ကပ်ကြကုန်၏ဟူလိုသည်။

ဤသို့ ကျမ်းဂန်လာသည်ကို ထောက်၍ ဝန်ထမ်းကုန်သည်မဟုတ်၊ လှည်းကုန်သည် ဖြစ်သည်ဟု သိအပ်၏။

၃၁၁။ ပံသုကူဆွမ်း၊ ပစ်စတမ်း၊ အားရမ်း ဘုဉ်းပေးအပ်လိမ့်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား .. ပံသုကူသင်္ကန်းကိုသာ ကျမ်းဂန်လာသည်။ ဆွမ်းကိုကား မည်သူပစ်ဖူးကြောင်း၊ မည်သည့်ရဟန်း သုံးဆောင်ဖူးကြောင်းဖြင့် ကျမ်းဂန် မလာရကားကြံ၍မေးသောပြဿနာဖြစ်သည်။ကြံ၍ဖြေရမူကား .. ပံသုကူသင်္ကန်းကိုပင် သုံးဆောင် အပ်လျှင် ပံသုကူဆွမ်းကိုလည်း သုံးဆောင်အပ်၏ပင် ယူသင့်သည်။

၃၁၂။ လေခါတ်စုံစမ်း၊ ပျက်ပြတမ်း၊ သေလမ်း နေ့ပိုင်း ဘယ်မျှနည်း၊ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ယဿ၊ အကြင်သူနှာအား။ အဿာသ ပဿာသာ၊ ထွက်သက် ဝင်သက်တို့သည်။ အသုခါ၊ မသက်သာ။ ပဿာသရဿာ၊ ဝင်သက်တို၍။ အဿာသဒီဃော၊ ထွက်သက်ရှည်၏။ နာဘိဘဝဂ်ါ၊ ချက်အောက် ဘဝင်ခိုက်အောင် မရှိုက်မရှူ နိုင်။ ဥဒ္ဓဂါ၊ အထက်သို့သာ ပင့်သက်ရှူ၏။ ကုစ္ဆိ၊ ဝမ်းလည်းချုပ်၏။ ဥရုတ္တရာ၊ ရင်မောက်၍

ဝမ်းအယ်၏။ ဣတိလက္ခဏံ၊ ဤသို့သောလက္ခဏာသည်။ ဝါဒယာနသာနံ၊ ဝါယော ပျက်သော လက္ခဏာတည်း။ သော၊ ထိုသူနာသည်။ ဒွေဒိဝါနာတိက္ကမံ၊ နှစ်ရက်ကိုမလွန်နိုင်ပြီ။ တိပ္ပဟာရေ၊ သုံးပဟိုရ်ခန့်၌။ မရိယတိ၊ သေလတ္တံ့။

၃၁၃။ တေဇောဓာတ်သွမ်း၊ ပျက်ရိန္ဒမ်း၊ ဆိုစမ်း ဘယ်လက္ခဏာနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...ယဿ၊ အကြင်သူနာအား။ အနိဒ္ဒါ၊ မအိပ်နိုင်။ အပဿာ၊ မျက်စိမမြင် ပင့်ကူမျှင်တားသကဲ့သို့ဖြစ်၏။ ပဋ္ဌဝဏ္ဏာ၊ အဆင်းငါးပါးတို့သည်။ ဝိနဿန္တိ၊ ပျက်စီးကုန်၏။ သီတုဏှံ၊ အချမ်းအပူကို။ န ဇာနန္တိ၊ မသိကုန်။ မံသာ၊ အသား အရေတို့သည်။ ခရတာ၊ ကြမ်းတမ်းကုန်၏။ နလာဋ္ဌေ၊ နဖူး၌။ သေဒေါ၊ ချွေးစေးသည်။ မုစ္စတိ၊ ထွက်၏။ အသုခကာယာ၊ ချမ်းသာသောကိုယ်မရှိ။ ပါဒုဒ္ဓံ၊ ခြေဖျားမှသည် တင်ပါးတိုင်အောင်။ သီတာ၊ အေး၏။ ဣတိလက္ခဏံ၊ ဤသို့သောလက္ခဏာသည်။ တေဇောနသာနံ၊ တေဇောဓာတ် ပျက်သော လက္ခဏာတည်း။ သော၊ ထိုသူသည်။ တယောဒိဝါနာတိက္ကမံ၊ သုံးရက်ကို မလွန်နိုင်ပြီ။ မဇ္ဈေ၊ မွန်းတည့်အခါ၌။ ဧဝံ၊ မချွတ်။ မရိယတိ၊ သေလတ္တံ့။ ။ဓာတုဝိဘင်္ဂ ဒီပနီ။

"အမ်း" ကာရန်ပုစ္ဆာ ၇-ပုဒ်အဖြေ ပြီး၏။

---

(၁၀) "အိမ်"ကာရန်ပုစ္ဆာ ၁၁-ပုဒ်အဖြေ

၃၁၄။ ဘုရားမွေ့သိမ်၊ ရှိခိုက်ကြိမ်၊ သိမ်တော်သမုတ်ကြလိမ့်နည်း။(၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သိမ်သမုတ်ကြ၏ဟုဖြေ။ အဘယ့်ကြောင့် သမုတ်ကြသနည်းဟူမူ—

တရံသောအခါ မဟာကပ္ပိနထေရ်သည် ရာဇဂြိုဟ်ပြည်၏ အနီးဖြစ်သော မဒ္ဒကုစ္ဆိ မိဂဒါဝုန် ဥယျာဉ်၌ သီတင်းသုံးနေ၏။ ထိုအရှင်သည် ဤသို့ကြံ၏"ယနေ့ကား ဥပုသ်နေ့နှင့် ကြုံ၏။ငါသည် သံဃာတို့ ဥပုသ်ပြုရာသို့ သွားရသော် သင့်အံ့လော၊ မသွားနေသော်လည်း သင့်အံ့လော"ဟု ဤသို့ကြံ၏။

ထိုအကြောင်းကို ဘုရားသခင်သည် စေတောပရိယညာဏ်ဖြင့် သိမြင်တော်မူ၍ သီတင်းသုံး နေတော်မူသော ဂိဇ္ဈကုဋ်တောင်မှ ကြွခဲ့ပြီးသော် မဟာကပ္ပိန မထေရ်၏ ကျောင်းဦး၌ ရပ်တော်မူ၏။ ကပ္ပိနထေရ်လည်း ဘုရားသခင်ကိုမြင်လျှင် လျောက်ပတ်စွာ နေရာခင်း၍ သီတင်းသုံးတော်မူလတ်သော် သင့်လျော်သောနေရာ၌ ခစားရှိနေ၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့ မိန့်တော်မူ၏ "ချစ်သား ကပ္ပိန—သင်သည် သံဃာတော်တို့ ဥပုသ်ပြုရာသို့ ငါသွားရသော် သင့်အံ့လော၊ မသင့်အံ့လောဟု အကြံဖြစ်သည် မဟုတ်လော"ဟု မေးတော်မူ၏။ မဟာကပ္ပိနထေရ်လည်း ဟုတ်ပါကြောင်းကို နားတော်လျှောက်လျှင် "ချစ်သား

ကပ္ပိန—သင်တို့ကဲ့သို့ သူ့ခတော်ကောင်းမှ ဥပုသ်ပြုခြင်းစသော သံဃာကံကို အရိုအသေ မပြုခဲ့သော် အဘယ်သူ ပြုပါတော့အံ့နည်း။ဤ ဥပုသ်ကံသည် စင်ကြယ်ပြီးသော သူတို့အားလည်း အထူးသဖြင့် စင်ကြယ်ခြင်းငှါသာ ဖြစ်၏။ ထို့ကြောင့် ငါ ပညတ်တော်မူတိုင်း ဥပုသ်ပြုချေ”ဟု မိန့်တော်မူ၏။

ထိုအခါ ကပ္ပိနထေရ်လည်း ကွေးသောလက်ကို ဆန့်သကဲ့သို့ တန်ခိုးဖြင့်သာ မဒ္ဒကုစ္ဆိဌာနမှ သည် ဂိဇ္ဈကုဋ်တောင်သို့ ကြွခဲ့၏။

သံဃာတော်တို့လည်း ဤသို့ အကြံဖြစ်၏“တခုသော ကျောင်းအရပ်၌ အညီအညွတ် သံဃာတို့ ဥပုသ်ပြုရမည်ဟု ပညတ်တော်မူပြီ။ အဘယ်သို့သောအကြောင်းဖြင့် ကောဝါသ ဖြစ်ရာသနည်း”ဟု အကြံဖြစ်ကြ၍ ဘုရားသခင်အား နားတော်လျှောက်ရာတွင်.... “အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ” စသည်ဖြင့် ပညတ်တော်မူ၍ ဥပုသ်ပြုရန် သိမ်သမုတ်ကြကုန်သည်။

ထို့ကြောင့် ရှေ့လက်ထက်တော်၌ ဂိဇ္ဈကုဋ်တောင်ခြေရင်း သိမ်,မဒ္ဒကုစ္ဆိ မိဂဒါဝုန် သိမ်တို့သည် လက်ဦးဖြစ်ပင်တည်း။

မဟာဝဂ်ပါဠိတော်၊ ဝိနယာလင်္ကာရ ဋီကာ၌ကား....

“ဘဂဝတော ဓရမာနကာလေ ရာဇဂဟနဂရေ အဋ္ဌာရသ မဟာဝိဟာရာ ကေသိမာဝ ဓမ္မသေနာပတိ သာရိပုတ္တတ္ထေရေန သမ္မတာ”ဟူ၍ မိန့်အပ်၏။

၃၁၅။ ကိုယ်တော်မကြိမ်၊ နိဗ္ဗာန်ငြိမ်၊ ဘယ်သိမ် သမုတ်ဦးပေနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဘုရားပရိနိဗ္ဗာန်ယူသည့်နောက် မဇ္ဈိမဒေသ၌ ရဟန္တာတို့ သီတင်းသုံးနေလေရာ၌ သိမ်သမုတ်သည်ကို ကျမ်းဆရာတို့ မပြခဲ့ပြီ။ သီဟိုဠ်ကျွန်း၌ သမုတ်သည့်သိမ်ကိုသာ—

သီဟဠဒီပေ မဟာဝိဟာရသီမာ ဇနုရာဓပုရံ အန္တော ကတွာ ပဝတ္တာ မဟာမဟိန္ဒ တ္ထေရေန သမ္မတာတိ။

ဟူ၍ ဝိနယာလင်္ကာရ ဋီကာ၌လာသည်။

ငါတို့ မြန်မာတိုင်းပြည်၌ကား....ဒွတ္တဘောင်မင်းကြီး လက်ထက်တော်၌ မြင်ဗာဟုတောင်တွင် ရဟန္တာအရှင်တို့ သမုတ်သောသိမ်သည် လက်ဦးဖြစ်ကြောင်းကို အာစရိယဝံသ စာတမ်း၌လာ၏။

၃၁၆။ ကလျာဏီသိမ်၊ မမြုပ်တိမ်၊ ဖြစ်ကြိမ်ဘယ်မင်း လက်ထက်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဓမ္မစေတီ ဟု ယခုတိုင်အောင် ကျော်စောသော ရာမာဓိပတိမင်း လက်ထက် ဖြစ်၏ ဟူပေ။

ဤ အကြောင်းကို ကလျာဏီကျောက်စာ၌ ထင်ရှားစွာရှိသော်လည်း မကြားမသိဖူးသူတို့၏ အကျိုးငှာ အကျဉ်းသာ ပြလိုက်ဦးအံ့—

သာသနာတော် ၂၀၀၂-ခုနှစ်၊ သက္ကရာဇ် ၈၂၀-ရောက်သောအခါ ဟံသာဝတီပြည်ကြီးဝယ် ဓမ္မစေတီ အမည်တွင်သော ရာမာဓိပတိမင်းသည် ဟံသာဝတီ မင်္ဂလ, ကုသိမ မဏ္ဍလ, မုတ္တမ မဏ္ဍလ တည်းဟူသော မှန်တိုင်းသုံးပေါ်ကို အုပ်ကွပ်ပိုင်ဆိုင်လျက် တရားနှင့်အညီ မင်းပြုသတည်း။

ထိုမင်းကား ပိဋကတ်သုံးပုံ ဗေဒင်လေးပုံ အာဂုံ ပါဠိရှိလုံးကို၊ ဝိဒဂ်ကျမ်း, ဗျာကရိုဏ်းကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်း, ဟူးရားကျမ်း, ဂဏန်းကျမ်း, ဆေးကျမ်းတို့၌လည်း များစွာလေ့လာ ပွန်းတီး၏။ အုတ်ဗိသုကာ, သစ်ဗိသုကာ စသော အတတ်မျိုးတို့၌လည်း ကျွမ်းကျင်၏။ အထူးထူး သော လူမျိုးတို့၏ ဘာသာ၌လည်း လေ့လာကျွမ်းကျင်၏။ သဒ္ဒါ သီလ စသော သူတော်ကောင်း တို့၏ ကျင့်ဝတ်တရားတို့နှင့်လည်း ပြည့်စုံ၏။ ကုမုဒြာကြာ, သာခွါ ငွေသားနှင့်တူသော ဆင်ဖြူ ရတနာ၏ အရှင်လည်းဖြစ်၏။

ထိုမင်းသည် ဘုရားသခင် သာသနာတော်၌ လွန်စွာ ကြည်ညိုခြင်း ဖြစ်ရကား ဤသို့ ကြံဆင် ခြင်၏။ "ဘုရားသခင်၏ သာသနာ ဟူသော အလင်းကြောင့်သာလျှင် သတ္တဝါတို့ လူ့ရွာ နတ်လမ်း ဖြောင့်တန်း ကုန်သည်။ သာသနာ မရှိမူကား ကျွဲ, နွား, ဆိတ်, ဝက်စသော တိရစ္ဆာန် တို့ကဲ့သို့ စားရေး အိပ်ရေး အသက်မွေးမှုနှင့်သာလျှင် ကာလကုန်၍ အပါယ်ဘုံသို့ တပြောင်း ပြန်ပြန် ဖြစ်လေရာသည်။ သာသနာ ဟူသည်လည်း ရှင်အဖြစ် ပဉ္စင်းအဖြစ်သာလျှင် မူလဖြစ် သည်၊ ပဉ္စင်းဖြစ်ခြင်းသည်လည်း "သိမ်, ပရိသတ်, ပဉ္စင်းလောင်း, ဉတ်, ကမ္မဝါစာ" ဤအင်္ဂါ ငါးပါး ပြည့်စုံမှ မြောက်သည်။ ထိုငါးပါးတွင်လည်း သိမ်၏ ပြည့်စုံခြင်း, ပရိသတ်၏ ပြည့်စုံခြင်း ကိုသာလျှင် ရခဲ၏။ ဘယ်သို့မှ ပြည့်စုံရာသနည်း"ဟု ကြံပြီးသော် ဝိနည်းပါဠိတော် ငါးကျမ်း လက်သန်းအဋ္ဌကထာသုံးကျမ်း ဋီကာအဖွင့်ကျမ်းများကို ကြည့်ရှုဆင်ခြင်ပြီးသော် "ဤရာမည တိုင်း၌ မြစ်, သမုဒ္ဒရာ, ဇာတဿရ အစရှိသော အဗဒ္ဓသိမ်တို့၌ ကံမြောက်အောင် ပြုနိုင်ခဲ့ချိမ့် မည်" ဟု စဉ်းစား၍ ပိဋကတ်ကျွမ်းကျင်သော ရဟန်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီးသော် ရဟန်း စင်မှ သိမ်စင်နိုင်မည်၊ သိမ်စင်မှ နောက်အခါ သိမ်ဝင်၍ ရဟန်းအဖြစ် စင်ကြယ်နိုင်မည်ဟု တိုင်းထွာမိရကား မိမိနိုင်ငံ၌ ရှိသော ဗျတ္တပဋိဗလ ရဟန်းတို့ကို ရွေး၍ မောဂ္ဂလ္လာန်ထေရ်စသော ရဟန်းတော် နှစ်ဆယ့်နှစ်ပါးတို့ကို သီဟိုဠ်ကျွန်းကြွ၍ သိက္ခာတင်ယူကြပါဟု တောင်းပန်၏။ မထေရ်တို့ကလည်း သာသနာတော်ရေးကို နှလုံးထား၍ "သွားပါမည်"ဟု ဝန်ခံကြလျှင် ရာမာဓိပတိမင်းလည်း စွယ်တော်ဓာတ်ကို ပူဇော်ရန်, ရဟန်းသံဃာတော်တို့ကို ပူဇော်ရန်, ဘူဝနေကဗာဟု မည်သော သီဟိုဠ်မင်းအား ဆက်သရန် ပဏ္ဏာကာရ အများစီရင်၍ စိတြဒူတ ရာမဒူတ ဟူသော အမတ်နှစ်ယောက်ကို သင်္ဘောတစင်းစီနှင့် သံဃာတော်ကြီး တကျိပ်တပါး, အလုပ်အကျွေး သံဃာတော်ငယ် တကျိပ်တပါးအားဖြင့် နှစ်ဆယ့်နှစ်ပါးစီ တင်စေ၍ သက္ကရာဇ် ၈၃၇-ခု၊ တပို့တွဲလပြည့်ကျော် ၁၁-ရက်၊ တနင်္ဂနွေနေ့ လွှင့်စေကုန်သည်။ တပေါင်းလပြည့်ကျော် ၈ ရက်နေ့ပင် သီဟိုဠ်ကျွန်း ကောသမ္ဗုဆိပ်သို့ ရောက်လေ၏။

အမတ်နှစ်ယောက်တို့သည်း သင်္ဘောတွင် ပါသော ပဏ္ဏာကာရ လျှောက်စာ ဆက်စာများကို ဘူဝနေကဗာဟု မင်းအားလည်းကောင်း၊ သံဃာတော်တို့အားလည်းကောင်း ဆက်ကပ်လှူဒါန်း လေ၏။

"ရဟန်းများကို ကလျာဏီမြစ် ရေသိမ်မှာ ပဉ္စင်းအသစ်ခံပါစေ"ဟု လျှောက်လွှာ ပါသည့် အတိုင်း ရေသိမ်ကျင် ပဉ္စင်းခံစေ၏။ သီဟိုဠ်ဆရာတို့က ထိုရဟန်းတို့ကို လူထွက်စေ၍ အသစ်

ချင်ပြုပြီးမှ သိက္ခာတင်ကြသည်။ သိက္ခာတင်ပြီးလျှင် သီဟိုဠ်မင်းက အထူးထူးသော ရဟန်းတို့၏ သုံးဆောင်ရာ ပရိက္ခရာတို့ကို ကပ်လှူပြီးမှ ဤပစ္စည်းအလှူကား မကြာမီ ပျက်စီးလတ္တံ့၊ မပျက်စီးနိုင်သော နာမ်တံဆိပ်ကို လှူပါရစေ-ဟု တောင်းပန်၍ "ရာမဒူတအမတ်၏ သင်္ဘော၌ စီးသော ရဟန်းတကျိပ်တပါးတို့အား သိရီသံဃဗောဓိသာမိ။ ကိတ္တိသိရိမေဃသာမိ။ ပရက္ကမဗာဟုသာမိ။ ဗုဒ္ဓဃောသသာမိ။ သီဟဠဒီပ ဝိသုဒ္ဓသာမိ။ ဂုဏရတနဓရသာမိ။ ဇိနာလင်္ကာရသာမိ။ ရတနမာလိသာမိ။ သဒ္ဓမ္မတေဇသာမိ။ ဓမ္မရာမသာမိ။ ဘုဝနေကဗာဟုသာမိ" ဟူသော တံဆိပ်နာမံကို လှူတော်မူသည်။

စိတြဒူတ၏ သင်္ဘော၌စီးသော ဆရာတကျိပ်တပါးတို့အားလည်း ဤနည်းအတူပင် တံဆိပ်နာမံ အသီးအသီး လှူတော်မူသည်။

နောက်ပါ ရဟန်းနှစ်ဆယ့်နှစ်ပါးတို့ကိုကား တံဆိပ်နာမံမလှူ၊ ရဟန်းတို့၏ ပရိက္ခရာကိုသာ လှူသည်။ ယင်းသို့ သိက္ခာအသစ်တင်ပြီးသော် စေတီ ပုထိုး ပူဇော်ခြင်းကိစ္စကို ပြီးစေပြီးမှ ဟံသာဝတီသို့ ပြန်လာကြသည်။

စိတြဒူတ၏ သင်္ဘောမှာကား ရာမာဓိပတိမင်းအား သီဟိုဠ်မင်းက ဆက်လိုက်သော ပဏ္ဏာကာရ အများပါသည်။ သံဖက်၍ ထည့်လိုက်သော သင်္ဘောကိုလည်း ငံ့ရသည်နှင့် နောက်ကျ၍ မုတ်သုံ အချိန်မသင့်ပဲ လွှင့်ခဲ့သော် လေပြင်းခတ်သဖြင့် သမုဒ္ဒရာ၌ နစ်လေ၍ သီဟိုဠ်မင်းက ထည့်လိုက်သော သင်္ဘောမှာ စီး၍ လိုက်ပြန်ကြရသည်။ သုံးရက်ခရီးလွန်လျှင် လေပြင်း ခတ်သဖြင့် ရေတိမ်၌ ငြိရကား ဖောင်ဖွဲ့က၁ ကူး၍ ကုန်းကြောင်း လာကြရသည်။ သီဟိုဠ်မင်း ထည့်လိုက်သော အမတ်လည်း ပဏ္ဏာကာရများ ပျက်စီးသည်နှင့် ပြန်သွားလေ၏။ ထိုရဟန်းတို့လည်း ကုန်းကြောင်းပင် ငြိုငြင်စွာ လာသဖြင့် ဟံသာဝတီသို့ ရောက်ကြ၏။ သီဟိုဠ်ကူ ရဟန်း ၄၄-ပါး အနက် ဆရာတော် ၆-ပါး၊ တပည့် ၄-ပါးတို့သည် ခရီးအကြား၌ပင် သေလွန်သည်ဖြစ်၍ ၃၄-ပါးသာ ကျန်သည်။

ရာမာဓိပတိမင်းလည်း သီဟိုဠ်က သိက္ခာတင်ခဲ့သော မဟာဝိဟာရဝါသီအနွယ် သံဃာတို့ အရောက်ညီလျှင် ဟံသာဝတီပြည်၏ အနောက်၊နရသူရ အမတ်စားသော ဂါမခေတ်တွင် သိမ်ရာ မှတ်၍ သိမ်နုတ်ခြင်း သမုတ်ခြင်းကို ပြုစေ၏။

သီဟိုဠ်ကျွန်း၌ ဘုရားရှင် ရေသပ္ပါယ်တော်မူသော ကလျာဏီမြစ်တွင် ရေသိမ်စီရင်၍ မဟာဝိဟာရဝါသီ အရှင်တို့ သိက္ခာတင်လိုက်သော ရဟန်းတို့ သမုတ်သော သိမ်ဖြစ်၍ "ကလျာဏီသိမ်" ဟု တွင်စေ၏။ ဤ သိမ်ကား သက္ကရာဇ် ၈၃၈-ခုနှစ်တွင် ပြီးသတည်း။

၃၁၇။ သုံးဆယ့်တအိမ်၊ နွယ်သည့်ကြိမ်၊ ရေစိမ်ဘယ့်ကြောင့် ဆတ်သနည်း။ (၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... သုံးဆယ့် တဘို့၌ ကြိမ်နွယ်သကဲ့သို့ ဆက်သွယ်၍ နွယ်တက်သော တဏှာ – ဟူသော ကြိမ်သည် မဂ်ရေနှင့် စိမ်၍ဆတ်သည် ကျိုးပြတ်သည်ကို မေးလိုသည်။

ဘယ့်ကြောင့် ဆတ်သနည်း ဟူရာ၌ မဂ်တည်းဟူသော ရေစင်၏ သတ္တိကြောင့်ပင် ဆတ်၏ ကျိုး၏ဟု ဆိုရမည်။

———

၃၁၀။ နေအိမ် လအိမ်၊ မမြုပ်တိမ်၊ ကြိမ်ကြိမ်ဘယ့်ကြောင့် ဖြစ်သနည်း။ (၇)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... နေလတို့၏ ဖြစ်ကြောင်းကို မမေးသင့်ပြီ။ ဘယ့်ကြောင့်နည်း ဆိုလျှင်.... လောကသဏ္ဌာဟနမျိုး ဖြစ်၍ အစိန္တေယျဟု ဘုရားပင် ပြသော ကြောင့်တည်း။

ထိုစကားကို ထင်ရှား ဆိုဦးအံ့.... နေ, လ, နက္ခတ်, သတ္တရဇ္ဇန်, မြင်းမိုရ်, ထိုထိုသမုဒ္ဒရာ, စကြဝဠာ, ရေ, မြေအစရှိသည် တခုသော လောကဓာတ်မည်၏။ ထိုလောကဓာတ်သည် ရေ၏ အထက်၌ တည်၏။ ထိုရေသည် လေ၏အထက်၌ တည်၏။ ထိုလေသည် ကောင်းကင်ပြင်ထက်၌ တည်၏။ ယင်းသို့ တည်ခြင်းသည် အဘယ့်ကြောင့် ဖြစ်ပါသနည်းဟု မကြံစည်အပ်၏။ အကယ် ၍ ကြံမူကား ရူးသွပ်ခြင်းသာ ဖြစ်ရာ၏။ အကြောင်းကို မရနိုင်ရာ။ ဤအတူ ကုသိုလ် အကုသိုလ် ကံတို့၏ အကျိုးပေးသော အရာကိုလည်းကောင်း, ဘုရားရှင်အရာကိုလည်းကောင်း, ဈာန်တန်ခိုး ၏ အရာကိုလည်းကောင်း, မကြံအပ်သည်သာဖြစ်၏။

ထို့ကြောင့် ဒီဃနိကာယ်၌....

> စတ္တာရိမာနိ ဘိက္ခဝေ အစိန္တိယာနိ၊ ကတမာနိ၊ ဗုဒ္ဓဝိသယော အစိန္တိယော၊ ဈာန- ဝိသယော အစိန္တိယော၊ ကမ္မဝိပါကော အစိန္တိယော၊ လောကသဏ္ဌာဟနော အစိန္တိယော ဣမာနိ အစိန္တိယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ ဟောတိ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိစတ္တာရိ၊ ဤလေးပါးတို့ကို။ အစိန္တိယာနိ၊ မကြံစည်အပ်ကုန်။ ကတမာနိ၊ အဘယ်လေးပါးတို့နည်း ဟူမူကား။ ဗုဒ္ဓဝိသယော၊ ဘုရားရှင်အရာကို။ အစိန္တိယော၊ မကြံစည်အပ်။ ဈာနဝိသယော၊ ဈာန်တန်ခိုး၏အရာကို။ အစိန္တိယော၊ မကြံစည်အပ်။ ကမ္မဝိပါ- ကော၊ ကံ၏အကျိုးကို။ အစိန္တိယော၊ မကြံစည်အပ်။ လောကသဏ္ဌာဟနော၊ လောကဓာတ်၏ တည်ခြင်းကို။ အစိန္တိယော၊ မကြံစည်အပ်။ ဣမာနိ အစိန္တိယာနိ၊ ဤအစိန္တေယျ လေးပါးတို့ကို။ စိန္တေန္တော၊ ကြံသောသူသည်။ ဥမ္မာဒဿ၊ ရူးသွပ်ခြင်း၏။ ဝိဃာတဿ၊ စိတ်ဖေါက်ပြန်ခြင်း၏။ ဘာဂီ၊ အဘို့သည်။ ဟောတိ၊ ဖြစ်၏။

အဖြေ မရကောင်းလျှင် မရကောင်းကြောင်းကိုသာ ဆရာ ဆိုသင့်၏။ မမေးသင့်–ဟု ဘယ့် ကြောင့် ဆရာ ဆိုပါသနည်း။ သံသရာ၏ အစကိုပင် မေးကြသော ပုစ္ဆာရှိပါသည် မဟုတ်လော ပ္ပြောအံ့....မေးကားမေးသင့်၏။ အဖြေကား မရကောင်း။ ယင်းသို့ အဖြေမရကောင်းသည်ကို သိလျက် မေးသောကြောင့် ဖလ္လပစာရနည်းအားဖြင့် မမေးသင့် ဟု ဆိုသတည်း။

နေအိမ် လအိမ် တို့သည် ကမ္မဇတန်းဆာ ဓမ္မတာဖြစ်၍ ဖြစ်သည်ဟု ဖြေသော်လည်း လျော်၏

၃၁၉။ သီဟိုဠ်ကျွန်းငြိမ်၊ ငါးမာရ်နှိမ်၊ သုံးကြိမ်ဘယ့်ကြောင့် ကြွသနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....နောင်သောအခါ သာသနာတော် တည်စေလိုသောကြောင့် ကြွ၏ ဟူပေ။

အကျယ်ကား— ငါတို့ဘုရားသခင်သည် ဘုရားဖြစ်တော်မူသည့်နောက် ကိုးလမြောက် ဖြစ်သော ပြာသိုလပြည့်နေ့၌ နောင်သာသနာတော် တည်ရပ် ဖြစ်စိမ့်သောငှါ ဥရုဝေလ တောအုပ်မှ သီဟိုဠ်ကျွန်းသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ကျွန်း၏အလယ်ဖြစ်သော အလျားသုံးယူဇနာ အနံ တယူဇနာ ရှိသော မဟာနာဂဝန် ဥယျာဉ်၌ မျာ းစွာသော ဘီလူးတို့၏ အစည်းအဝေးတွင် အထက် ကောင်းကင်ဖြင့် ရပ်တော်မူ၍ ကမ္ဘာပျက်သောအခါ ရွာသောမိုး လာသောလေ ဟူသော မိုးကြီးလေကြီး တို့ကို ရွာစေခြင်း လာစေခြင်း တို့ဖြင့် လည်းကောင်း၊ လောကန္တရိက် ငရဲနှင့် တူသော အမိုက်တိုက်ကို ဖြစ်စေခြင်းဖြင့် လည်းကောင်း၊ ဘီလူးအပေါင်းတို့အား ထိတ်လန့်စေလျက် ကိုယ်တော်ကို ထင်ရှားပြလေလျှင် ထက်ဝန်းကျင် စည်းဝေးကြသော ဘီလူးအပေါင်းတို့က "အရှင်ဘုရား ဤကြောက်မက်ဖွယ်သော မိုးကြီးလေကြီး အမိုက်တိုက်တို့ကို ငြိမ်းစေတော်မူပါ"ဟု တောင်းပန်ကြ၏။

ဘုရားသခင်လည်း တန်ခိုးတော်အားဖြင့် ဘေးမရှိခြင်းကို ပြုပြီးသော် "ငါ့အား နေရာကို ပေးလော့"ဟု မိန့်တော်မူ၏။ ဘီလူးတို့လည်း ကြည်ညွတ်ကြ၍ "[illegible] ကျွန်းမြေ၌ နေတော်မူပါ"ဟု ဆောင်နှင်းကြ၏။ ဘုရားသခင်လည်း ကောင်းကင်မှ သက်တော်မူ၍ မဟိယင်္ဂဏစေတီ တည်ရာ၌ စမ္မခဏ်ကို ဖြန့်၍ ထိုင်တော်မူ၏။

ထိုအခါ မျာ းစွာသော ဘီလူးတို့ ဖူးမြင်ခြင်းငှါ စည်းဝေးလာကြသော် ထိုင်တော်မူသော စမ္မခဏ်မှ အလျှံပြောင်ပြောင် တောက်၍ ကြောက်မက်ဖွယ်သော အသံကို ဖြစ်စေလျှင် ဘီလူးအပေါင်း ကြောက်လန့်၍ သမုဒ္ဒရာနားသို့ချည်း ပြေးကြကုန်၏။

ဘုရားသခင်လည်း ကျွန်း၏ထက်ဝန်းကျင်သို့ လက်ယာရစ် လှည့်တော်မူ၍ ဘီလူးကြမ်းတို့ကို ဂိရိဒီပသို့ ရောက်အောင် ပို့ဆောင်တော်မူပြီးမှ သီဟိုဠ်ကျွန်း၌လည်း ပရိတ်အရံအတားကို ပြုပြီးလျှင် ယခင့် စေတီရာ၌ သမာပတ်ဝင်၍ နေတော်မူ၏။

ထိုအခါ မျာ းစွာကုန်သော နတ်တို့သည် စည်းဝေး၍ ဖူးမြော်လာကုန်သည်။မြတ်စွာဘုရားလည်း ထိုပရိသတ်တို့အား တရားဟောတော်မူ၍ အချို့ကို သောတာပန်, အချို့ကို သရဏဂုံ ပဥ္စသီ လည်စေကုန်။

သုမနကူဋ၌တောင်၌နေသော မဟာသုမန နတ်မင်းသည်လည်း ထိုအခါ သောတာပတ္တိ ဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားထံရင်းသို့ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား ကျွန်ုပ်နှင့်တကွသော သတ္တ[illegible] အပေါင်းတို့အား သနား တော် မူပါသဖြင့် ရှည်မြင့်စွာ ကိုးကွယ်ရအောင် ကိုယ်တော်[illegible] အမွေအနှစ်ကို ထားခဲ့တော်မူပါ" ဟု တောင်းပန်သော် ဦးခေါင်းတော်ကို သပ်၍ ပါလတ်သော ဆံတော်ဓာတ် တဆုပ်ကို ပေးအပ်တော်မူ၍ ဇမ္ဗူဒိပ်ကျွန်း ဥရုဝေလတောသို့ [illegible]န်ကြွတော်မူလေ၏။ (ဤကား ရှေးဦးစွာ ကြွသောအကြောင်းတည်း)။

တိုနေ့ာင် ဘုရားပြစ်သည်မှ ငါးနှစ်မြောက် ဇေတဝန်ကျောင်းတော်သို့ ရောက်သောနှစ်၌ သီဟိုဠ်ကျွန်းတွင် တူ ဦးရီး ဖြစ်ကုန်သော စူဠောဒရ, မဟောဒရ နဂါးတို့သည် ရန်စစ်ကြီးစွာ ဖြစ်ကြကုန်၏၊

ဖြစ်ကြောင်းကား – ရာစန မည်သော မြစ်၏အလယ် နာဂဒီပ ကျွန်းငယ်၌ နေသော စူဠောဒရ နဂါးသည် တောင်ခေါင်း မြေထဲ၌နေသော မြေနဂါးမျိုးတည်း။ မဟောဒရနဂါးကား သမုဒ္ဒရာ၌ နေသော ရေနဂါးမျိုးတည်း၊ ထိုမဟောဒရ၏ မိခင် ဖခင်တို့သည် သမီးဖြစ်သော ကဏှာဒေဝီကို စူဠောဒရ၏ အဖ တောင်နေ နဂါးမင်းနှင့် ထိမ်းမြားသတည်း။

ထိုအခါ ရတနာခုနစ်ပါးဖြင့်စီသော စိမ်းညိုသော အဆင်းရှိသော မဏိပလ္လင်ကို လက်ဖွဲ့လိုက်၏။ ပေးရင်းဖြစ်သော မိဘတို့ သေလွန်ခဲ့၍ သား မဟောဒရ မင်းဖြစ်လျှင် ထိုမဏိပလ္လင်ကို လိုချင်သောကြောင့် နှမ ယောက်ဖ နှစ်ဦးတို့အား အကြည်အနူး တောင်း၏ ထိုသူကလည်း မပေးကုန်။ နှမ ယောက်ဖတို့ သေလွန်၍ တူ စူဠောဒရ မင်းဖြစ်လျှင် ယခင် မဟောဒရက "ငါ့နှမအား ငါ့မိဘ ပေးလိုက်သော ပတ္တမြားပလ္လင်ကို ငါလိုသည် ပေးရမည်" ဟု အတင်းအကြပ်တောင်း၏။ စူဠောဒရကလည်း 'ငါ့ဘိုးဘွား ငါ့မိဘအမွေကို ငါဆိုင်သူဖြစ်သည် မပေးချေ"ဟု ဆို၍ အရေးပွါးစီးသဖြင့် ရန်စစ်ကြီးစွာ ဖြစ်ကြ၍ နဂါးတို့သေကြေ ပျက်စီးကုန်၏။

ဘုရားသခင်လည်း ထိုအကြောင်းကို ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူ၍ ဆင်ခြင်လတ်သည်ကား "ငါ ဘုရားကြွ၍ ဤသူတို့ ခိုက်ရန်ကို ဖြေဖျန် ဆုံးမရသော် များစွာသော သတ္တဝါတို့ ချမ်းသာခြင်း ဖြစ်ကုန်လတ္တံ့။ ငါ၏သာသနာလည်း ဤဌာန၌ ကာလအရှည် သက်ဆင်းလတ္တံ့"ဟု ကြံတော်မူ၍ အဖော်ပြုဘိုက်သောသူကို ရှုတော်မူသော် သမိဒ္ဓိသုမန နတ်သားကို မြင်၏။

ထို နတ်သားကား အဘယ်ကောင်းမှုကို ပြုခဲ့ဖူးသနည်း ဟုမူကား....ကဿပဘုရားသခင်၏ သာသနာတွင်း၌ ဤ နာဂဒီပကျွန်းဝယ် မထင်ရှားသော သူတဦးဖြစ်၍ တရံသောအခါ ဂန္ဓမာဒန တောင်မှ ကြွလာသော ပစ္စေကဗုဒ္ဓါ တဆူကိုတွေ့၍ လေးမြတ်စုံမက်စွာ တထပ်စာသော ဆွမ်းကို လှူ၏။ တည်းခိုရာ အရိပ်ကြီးစွာသော သစ်ပင်ရင်းကို သုတ်သင်၍ အိပ်ရာ နေရာလည်း ခင်းလှူ ဖူး၏။ ဤကောင်းမှုကြောင့် ထိုလူ၏အဖြစ်မှ စုတေခဲ့သော် သာဝတ္တိပြည်၏အနီး တခုသော လင်းလွန်းပင်ကြီး၌ အခြွေအရံ စည်းစိမ်ချမ်းသာနှင့်ပြည့်စုံသော သမိဒ္ဓိသုမနမည်သော ရုက္ခစိုးနတ် ဖြစ်၍နေ၏။

ဘုရားသခင်လည်း ထိုအကြောင်းကိုမြင်၍ သမိဒ္ဓိသုမနနတ်ကို သီဟိုဠ်ကျွန်း နာဂဒီပသို့ ငါနှင့် လိုက်လှည့်ဟု ခေါ်၍ ၁၀၇-ခု၊ တန်ခူးလကွယ်နေ့ နံနက်အခါဝယ် နာဂဒီပသို့ ကြွတော်မူလာ၏။ နတ်သားလည်း မိမိမိမာန်ဖြစ်သော လင်းလွန်းပင်ကို နှုတ်၍ ထီးဖြူမိုးကာ၍ လိုက်၏။ ရောက်သော အခါ မြတ်စွာဘုရားလည်း နဂါးနှစ်ဦးတို့ စစ်ဆိုင်ကြသော ဌာန၏အလယ် ကောင်းကင်ထက်၌ ထက်ဝယ်နေတော်မူလျက် ထက်ဝန်းကျင်သော အရပ်မှ ရှောက်ရှာ မိုးကြီး, လောင်မီး မိုးကြိုး, တိမ်ခိုး မှန်တိုင်း, မှိုင်းကြီး မှောင်ကြီးတို့ကို ဖြစ်စေလျက် နဂါးတို့ကို ကြောက်လန့်စေပြီးသော် ထိုအမိုက်ကို လင်းစေအောင် နေမင်းတထောင် တက်သကဲ့သို့ ပြိုးပြိုးပြက် တောက်လောင်သော ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်လျက် ကြည်ညွတ်ဖွယ်သော ကိုယ်တော်ကို ပြတော်မူ၏။ ထိုနဂါးတို့လည်း ကြောက်လန့်ခြင်း ငြိမ်းကြ၍ မိမိတို့ စွဲသမျှသော လက်နက်ကို ချထားလျက် ဘုရားရှင့်ထံသို့ ဝန်းရံကာ ပူဇော်လာကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နဂါးတို့အား လျောက်ပတ်သော တရားဖြင့် ဟောကြား ဆုံးမတော်မူ၍ အကုဋေမျှလောက်သော ရေနေ ကြည်းနေ နဂါးဘို့အား သရဏဂုံ ပဥ္စသီလကို ပေးတော်မူ၏။ ဆောင်တော်မူခဲ့သော လင်းလွန်းပင်ကိုလည်း စိုက်စေ၏။ ပတ္တမြား ပလ္လင်ကို အလှူခံတော်မူ၍ ကိုယ်တော်တိုင်ထိုင်ပြီးမှ "ငါ သုံးဆောင်ပြီးသော ပရိဘောဂ စေတီတော်ကို သင်တို့ ရှိခိုးပူဇော်မှုပ်ကုန်၊ ထိုသို့ပူဇော်ခြင်းသည် သင်တို့ အကျိုးစီးပွားများလတ္တံ့" ဟု မိန့်တော်မူ၏။ နဂါးတို့ကိုလည်း အချင်းချင်း မြတ်နိုးစိမ့်သောငှာ ဩဝါဒပေး၍ သမိဒ္ဓိသုမန နတ်သားကိုလည်း လင်းလွန်းပင်နှင့်တကွ တားနဲ့၍ ဇေတဝန်ကျောင်းတော်သို့ ပြန်လာတော်မူ၏။

ဤ ပဏိပလ္လင်ကို ကျွန်း၌ လူနေ၍ သာသနာတော် ဖြစ်သွန်းသောကာလ လူတို့ကပ်လှမ်း၍ စေတီတည်ကြကုန်သည်။ ထိုစေတီကား "ရာဇာယတနစေတီ" မည်၏။ (ဤကား နှစ်ကြိမ်မြောက် ကြွသော အကြောင်းတည်း။)

ထို့နောက် တကြိမ်ကား ဘုရားဖြစ်တော်မူသည်မှ ရှစ်နှစ်မြောက် ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လက်ာဒီပ၌ နေသော မဏိအက္ခိကမည်သော နဂါးမင်းသည် ဘုရားသခင်နှင့်တကွ သံဃာတော်တို့အား လှူဒါန်းပူဇော်လိုသည်ဖြစ်၍ ကဆုန်လဆန်း ၁၄ ရက်နေ့ ပင့်လျောက်လာ၏။ မြတ်စွာဘုရားလည်း သံဃာတော် ငါးရာနှင့်တကွ ကဆုန်လပြည့်နေ့ နံနက်၌ ထ၍ ကြွတော်မူပြီးလျှင် လက်ာဒီပကျွန်း ကလျာဏီမြစ်၏အနီး နဂါးတဲ့ဖန်ဆင်းအပ်သော ရတနာ မဏ္ဍပ်ကြီး၌ ဆွမ်းဘုဉ်းပေးတော်မူ၏၊ ပြီးသောကာလ စည်းစိမ်ေးသမျှသော နဂါးပရိသတ်တို့အား ဆန်းကြယ်သော တရားစကားတို့ဖြင့် ဟောကြားတော်မူ၍ ကလျာဏီမြစ်၌ ရေသုပ္ပာယ်တော်မူသည်။

ထိုမှသည် ကောင်းကင်ခရီးဖြင့် ကြွပြီးသော် သုမန နတ်မင်းကြီးနေသော တောင်သို့ ရောက်လျှင် ထို တောင်ထိပ်၌ ခြေတော်ရာကို နှိပ်ခဲ့ပြီးမှ ဒီဃဝါပီအရပ်သို့ကြွ၍ ရင်းစေတီတည်ရာ ဌာန၌ လေသမာပတ်ကို ဝင်စားတော်မူသည်။ ထို့နောက် မဟာမေဃဝန်ဉယျာဉ် တည်ရာသို့ ကြွ၍ ဗောဓိပင် တည်အံ့သောဌာန၌ ဖလသမာပတ်ကို ဝင်စားတော်မူသည်။ ထိုမှတဖန် ကြွပြန်၍ မဟာစေတီ တည်ရာအရပ်, ထူပါရာမစေတီ တည်ရာအရပ်, သေလစေတီ တည်ရာအရပ်၌လည်းကောင်း သမာပတ် ဝင်စားတော်မူပြီးမှ ဇမ္ဗူဒိပ်ကျွန်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်တော်မူသည်။ (ဤကား သုံးကြိမ်မြောက် ကြွတော်မူသောအကြောင်းတည်း။)

ထို့ကြောင့် အင်္ဂုတ္တိုရ် အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာတို့၌....

"ဂတိ ကိရ အဘိသမ္ဗောဓိတော နဝမေ မာသေ ပုဿ ပုဏ္ဏမဒိဝသေ ယက္ခဒိဝါသံ လင်္ကာဒီပံ ဥပဂန္တွာ"

စသည်ဖြင့် မိန့်တော်မူကြကုန်၏။

၃၂၀။ ပြစ်မှားသူ့အိမ်၊ မငြိမ်ဆိမ်၊ ဖျင်းသိမ် ဘယ်အာရုံတို့နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ မေးလိုရင်းကား.... ကိုယ်, နှုတ်, နှလုံး မငြိမ်ခြင်းမှ၍ သူ့အိမ်သူကို ပြစ်မှားခြင်းသည် အာရုံခြောက်ပါးတွင် ဘယ်အာရုံနည်း ဟု မေးလိုသည်။

သူ့အိမ် ဟူရာမှာ သူ၏အိမ်သူ ဆိုသင့်လျက် ဝါစာသိလိင်္ဂ ဖြစ်စေလို၍ 'သူ'သဒ္ဒါကိုချေလျက် သူ့အိမ်ဟုစပ်သည်။

အဖြေကား ...မိစ္ဆာစာရော ဖောဋ္ဌဗ္ဗာရမ္မဏဝသေန သဒ္ဒါရာရမ္မဏော" ဟူ၍ ခုဒ္ဒကပါဌ အဋ္ဌကထာ မိန့်သောကြောင့် ဖောဋ္ဌဗ္ဗာရုံကို သာယာသည်၏ အစွမ်းဖြင့် သဒ္ဒါရတရားလျှင် အာရုံရှိ၏ ဟူပေ။ ဤ အဋ္ဌကထာကား ကမ္မပထကို ပဓာနပြု၍သာ ဆိုသည်။

အဆင်းတည်းဟူသော ရူပါရုံ၌ သာယာသဖြင့် တပ်မက်ခြင်း၊ အသံတည်းဟူသော သဒ္ဒါရုံ၌ သာယာသဖြင့် တပ်မက်ခြင်း၊ အနံ့ကို သာယာသဖြင့် တပ်မက်ခြင်း၊ တို့ခြင်း, ဆိတ်ခြင်း, ကိုယ်ကို သုံးသပ်ခြင်း, နှီးနှောခြင်း, အတွေ့၌သာယာသဖြင့် တပ်မက်ခြင်း၊ ခံစား၍ ပျော်ပါးမွေ့လျော်ခြင်းတို့သည် ဖြစ်ကုန်ရကား အာရုံငါးပါးလုံး ဖြစ်၏ဟု ဆိုဖွယ်ရှိသည်။(နေ့မတိ)

၃၂၁။ ထက်နတ်ရွာတိမ်၊ စိတ်မငြိမ် သူ့အိမ် ပြစ်မှားကြလိမ့်နည်း။(၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"ဥပရိ ဒေဝလောကေ ပန ပုညာနုဘာဝ ဝသေန သမ္ပတ္တိနံ နိဗ္ဗတ္တနတော ပဉ္စ ဒုဿီလ ကမ္မာနိ နပ္ပဝတ္တန္တိ"

ဟူသော ဒီဃနိကာယ် အဋ္ဌကထာနှင့်အညီ၊ အထက်နတ်ပြည်တို့၌ မိမိတို့၏အကြောင်း ကောင်းမှုတို့၏ အာနုဘော်ဖြင့်သာ စည်းစိမ် အခြံအရံတို့သည် ပြည့်စုံစွာဖြစ်သောကြောင့် "ပါဏာတိပါတ အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာပါန"ဟူသော ဒုဿီလကံ ငါးပါးတို့သည် မဖြစ်ကုန် ဟူပေ။

နတ်ပြည်ကို မဆိုလင့်ဦး.... မြောက်ကျွန်းသူတို့မှ ဓမ္မတာသီလ မြဲသောကြောင့် အသက်တမ်းဆုတ်ခြင်း, တက်ခြင်း မရှိ၊ အနှစ်တထောင် အမြဲနေကြောင်းကို ဆိုသည်။ နတ်ပြည်၌ကား ထို့ထက်ပင် ဓမ္မတာသီလမြဲ၏ဟု မှတ်ရာသည်။

သုတ်ပါထေယျပါဠိတော် အာဋာနာဋိယသုတ် နိဒါန်း၌ နတ်မင်းကြီး လျှောက်သော စကားတွင်....

"ဘန္တေ၊ အရှင်ဘုရား။ ယေဘုယျေန၊ များသောအားဖြင့်။ ယက္ခာ၊ နတ်တို့သည်။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ အပ္ပဋိဝိရတာယေဝ၊ မကြဉ်ရှောင်ကုန်သည်သာလျှင်တည်း။ အဒိန္နာဒါနာ၊ သူ၏ဥစ္စာကို ယူခြင်းမှ။ အပ္ပဋိဝိရတာယေဝ၊ မကြဉ်ရှောင်ကုန်သည် သာလျှင်တည်း။ ကာမေသု မိစ္ဆာစာရာ၊ သူ၏မယားကို ပြစ်မှားခြင်းမှ။ အပ္ပဋိဝိရတာယေဝ၊ မကြဉ်ရှောင်ကုန်သည် သာလျှင်တည်း။ မုသာဝါဒါ၊ မုသားဆိုခြင်းမှ။ အပ္ပဋိဝိရတာယေဝ၊ မကြဉ်ရှောင်ကုန်သည် သာလျှင်တည်း။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ၊ သေရည်သေရက်ကို သောက်စားခြင်းမှ။ အပ္ပဋိဝိရတာယေဝ၊ မကြဉ်ရှောင်ကုန်သည် သာလျှင်တည်း"။

ဤသို့ လျှောက်သည်မှာ စတုမဟာရာဇ်အဝင် လူ့ပြည်၌ရှိသော နတ်တို့ကိုရည်၍ ဆိုသည်။ အထက်နတ်တို့ကို ရည်၍ မဆိုဟု မှတ်အပ်၏။

၃၂၂။ ဆယ်လသို့ကြိမ်၊ မဖွားငြိမ်၊ စစ်သိမ်ဘယ်၌ အုံမည်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဆယ်လစေ့၍မီးမဖွားသော် စစ်သိမ်ပဥ္စငါးပါးကို ညက်စွာကြိတ်၍ ခြေမ၌လည်းကောင်း, ဖဝါး၌လည်းကောင်း အုံရမည်ဟု ဆေးစာတွင် ဆိုသည်။

၃၂၃။ ဖြဟ္မာ့ဘုံအိမ်၊ ချမ်းရိပ်ငြိမ်၊ တိမ်တောင်တိမ်လိပ် တက်လိမ့်နည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... မြေငွေ့ရေငွေ့တို့သည် မရှိလေရကား ဗြဟ္မာ့ပြည်၌ တိမ်တောင် တိမ်လိပ်မတက်ဟူပေ။

၃၂၄။ အလိမ်အလိမ်၊ အကြိမ်ကြိမ်၊ မိုးတိမ် ဘယ်ကဖြစ်သနည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"တေ ပန သီတဝလာဟက ဥဏှဝလာဟက အဗ္ဘဝလာဟက ဝါတဝလာဟက ဝဿ ဝလာဟကဒေဝတာနံ စိတ္တဝသေန ဘဝန္တိ" အစရှိသည်ဖြင့် သံယုတ်အဋ္ဌကထာ၌လာသည်။

အဓိပ္ပာယ်ကား။ ။ထိုအချမ်း,အပူ,တိမ်တိုက်,မိုးလေတို့သည် သီတဝလာဟကနတ်,ဥဏှဝလာဟကနတ်, အဗ္ဘဝလာဟကနတ်, ဝါတဝလာဟကနတ်,ဝဿဝလာဟက နတ်တို့၏ စိတ်အလိုအစွမ်းဖြင့်လည်း ဖြစ်ကုန်၏။ မြေငွေ့ရေငွေ့ အစရှိသော ဥတုသမုဋ္ဌာန်ကြောင့်လည်း ဖြစ်ကုန်၏။ အကြောင်းတို့တွင်....

သီတဝလာဟကနတ်ဟူသည်ကား....ချမ်းအေးခြင်း၏ အကြောင်းဖြစ်သော မိုးကိုရွာစေတတ်သော ဘုမ္မစိုး အာကာသစိုး နတ်တို့တည်း။ ထိုနတ်တို့သည် ချမ်းသော မိုးကို ရွာစေလိုသော် မိုးသီချင်းကိုသီ၍ "ဤမျှလောက်ရွာစေသော" ဟု လက်ကိုမြှောက်၍ ပိုင်းခြားလိုက်သော် စိတ်ဖြစ်သည်နှင့် တပြိုင်နက် မိုးတိမ်တက်၍ ရွာရ၏။ ရံဖန်လည်း ကိုယ်တိုင်ပင် ကောင်းကင်ခရီးဖြင့် လှည့်လည်ရပ်တန့်၍ မိုးကိုရွာစေ၏။

အပူကို ရွာစေတတ်သော ဥဏှဝလာဟကနတ်၊ ပြကတေ့သော မိုးကိုရွာစေတတ်သော ဝဿဝလာဟကနတ်တို့လည်း ဤနည်းတူပင် ရွာစေ၏။

အဗ္ဘဝလာဟကနတ် မည်သည်ကား.... မိုးရွာခြင်း လေလာခြင်းကို မဖြစ်စေပဲ၊ ကောင်းကင်အလုံးကို လွှမ်းဖုံးအုံ့မှိုင်းကာ တိမ်ထပ် တိမ်လွှာကို ဖန်ဆင်းတတ်သော ဘုမ္မစိုး အာကာသစိုးနတ်တို့တည်း။

ဝါတဝလာဟကနတ်ဟူသည်ကား.... ပြင်းသောလေကို လာစေတတ်သောနတ်တည်း။

နေသည် ပြင်းစွာပူသဖြင့် သမုဒ္ဒရာမှ ရေငွေ့တို့သည် များစွာထကုန်လျက် အထက်၌ လေဟုန် ရေမှုန်ဖြစ်၍ မိုးရွာခြင်း၊ မြေတောင်တို့မှ အခိုးအငွေ့တို့သည် ထွက်၍ အထက်၌ လေဟုန် ရေမှုန်ဖြစ်၍ မိုးရွာခြင်းတို့သည် ဥတုပယောဂကြောင့် ဖြစ်ရကား ဥတုသမုဋ္ဌာန်ဖြစ်၏။ မိုးလအခါ၌ မိုးရွာခြင်း, ဆောင်းလအခါ၌ ချမ်းအေးခြင်း, နွေလအခါ၌ ပူပန်ခြင်းတို့သည် ဥတုသမုဋ္ဌာန်ကြောင့် ပြကတေ့ဖြစ်မြဲပင်တည်း။

ထိုဖြစ်မြဲတွင် အကြင်အခါ၌ ဝလာဟက နတ်ဘို့သည် မြူးတူးလိုကုန်၏။ ထိုအခါ မိုးရွာစေတတ်သော သီချင်းကို သီလျက် 'ဤမျှလောက်သော အရပ်၌ ရွာစေသော'' ဟု မနောဓိဋ္ဌာန်ကိုပြု၏။ ထိုအခါ လွန်စွာသော မိုးရွာခြင်းသည်ဖြစ်၏။ ချမ်းတတ်သော ဆောင်းလအခါ၌ လွန်စွာချမ်းအေးသောမိုးကိုဖြစ်စေခြင်း, လေကိုလာစေခြင်း, နွေအခါ၌ လွန်စွာသောအပူကို ဖြစ်စေခြင်းတို့သည် ဝလာဟက နတ်တို့၏ အာနုဘော်ပင်တည်း။

မိုးလအခါ ဆောင်းလအခါတွင် ကောင်းကင်၌ တိမ်တိုက်သည်လည်း ဥတုသမုဋ္ဌာန်အားဖြင့် ဖြစ်မြဲပင်တည်း။

အကြင်အခါ၌ လေးရက် ငါးရက် ခုနစ်ရက်တိုင်အောင်လည်း လ-နေတို့ကို ဖုံးလွှမ်းလျက် တခဲနက်သော တိမ်တိုက်သည် ဖြစ်၏။ တန်ခူးလ, ကဆုန်လတို့၌ ရုတ်ခြည်း တက်ကြွသော တိမ်တိုက်သည်ဖြစ်၏။ ထိုတိမ်သည် အဗ္ဘဝလာဟကနတ်၏ အာနုဘော်ကြောင့်ဖြစ်သော တိမ်တိုက်မည်၏။

ဆောင်းလအခါ မြောက်ဟိမဝန္တာမှ အေးစွာသော လေတို့၏လာခြင်း၊ နွေလအခါ တောင်သမုဒ္ဒရာမှ ပူသောလေတို့၏ လာခြင်းတို့သည် ဥတုသမုဋ္ဌာန်ဖြင့်သာ ဖြစ်မြဲပင်တည်း။

အကြင်အခါ၌ သစ်ပင် သစ်ခက်တို့ကို ကျိုးပျက် ပြတ်လွင့်စေလျက် ပြင်းထန်စွာလာ၏။ ထိုလေသည် ဝါတဝလာဟကနတ်၏ အာနုဘော်ကြောင့်ဖြစ်သော လေမည်၏။

ဤအရာ၌ သက်သေကား

သာဝတ္ထိပြည်၏အနီး တဂ္ဂရတောင်၌နေသော ရဟန္တာတဦး၏အထံသို့ ဝဿဝလာဟကနတ်သည် ဆည်းကပ်ပူဇော်လာသော် ရဟန္တာထေရ်မြတ်က "သင်အဘယ်သူနည်း" ဟု မေး၏။ "အရှင်ဘုရား.... အကျွန်ုပ်ကား မိုးကိုရွာစေတတ်သော ဝဿဝလာဟကနတ်သားတည်း" ဟုလျှောက်၏။ "သင်တို့က မိုးကို ရွာစေလိုသော စိတ်ဖြစ်သော် မိုးရွာ၏-ဟူသည် မှန်သလောဟု မေး၏။ "မှန်ပါ၏" ဟု လျှောက်လျှင် "ငါတို့ တခါမြင်လိုပါ၏" ဟု ဆို၏။ "အရှင်ဘုရား မြင်လိုပါက ကျောင်းတွင်းသို့ ဝင်လော" ဟုလျှောက်၏။ ရဟန္တာမြတ်ကလည်း "ဒကာနတ်သား . မိုးရိပ်တိမ်ရိပ်ကိုလည်းမမြင်၊မိုးသံဟုလည်း မကြားပဲလျက် ဘယ်သို့ ရွာနိုင်အံ့နည်း" ဟု ဆိုပြန်၏။ နတ်သားကလည်း "အရှင်ဘုရား အကျွန်ုပ်ဘို့ ရွာစေလိုသောစိတ်ရှိလျှင် ရွာပါ၏။ မြန်စွာသာ သစ်မိုးတွင်းသို့ ဝင်ပါလော" ဟု

လျှောက်၏။ ရဟန်းမြတ်ကလည်း "ကောင်းပြီ" ဟု ဆို၍ ကျောင်းတွင်းသို့ ဝင်ခြင်းငှါ ခြေကို ဆေးလတ်သော် နတ်သားလည်း ထိုခဏ၌ မိုးသီချင်းကိုသီ၍ လက်ကိုချီလိုက်လျှင် ထက်ဝန်းကျင် သုံးယူဇနာရှိသောအရပ်၌ အထပ်ထပ်သော တိမ်တိုက်သည် တက်ထည့်၍ မိုးစက်မိုးပေါက်တို့သည် ဖြောက်ဖြောက် ရွာသာရကား ရဟန္တာမြတ်သည် ကိုယ်တဝက်စွတ်ပြီးမှ ကျောင်းတွင်းသို့ဝင်နိုင်၏။ ဤဝတ္ထုကိုထောက်၍ နတ်တို့၏တန်ခိုးကြောင့် မိုးရွာခြင်းကို သိအပ်၏။

ဤမှ တပါးသော မိုးရွာခြင်း၏ အကြောင်းကား....

နဂါးတို့၏ တန်ခိုးကြောင့် ရွာခြင်း

ဂဠုန်တို့၏ တန်ခိုးကြောင့် ရွာခြင်း

နတ်တို့၏ တန်ခိုးကြောင့် ရွာခြင်း

ဘုန်းရှိသောသူ၏ သစ္စာပြုသောကြောင့် ရွာခြင်း

မာရ်နတ်လှည့်ပတ်၍ ရွာခြင်း

တန်ခိုးအစွမ်းကြောင့် ရွာခြင်း

ကမ္ဘာပျက်လို ပွားလိုသောကြောင့် ရွာခြင်း

ဥတု ပယောဂကြောင့် ရွာခြင်း

ဟူ၍ ရှစ်ပါးအပြားရှိ၏။

ထိုတွင် ရှေ့ခုနစ်ပါးကား တရံတဖန် ရွာခြင်းတည်း။ ဥတုသမုဋ္ဌာန်သာ မြဲစွာဖြစ်၏။

ကေနိပါတ် မစ္ဆဇာတ်၌ကား....

သက္ကေန၊ သိကြားမင်းသည်။ အာဏတ္တော၊ စေအပ်သော။ ဝဿဝလာဟကဒေဝရာဇာ၊ မိုးကိုရွာစေတတ်သော ဝလာဟက နတ်မင်းသည်။ ကော၊ တခုသော။ ဝလာဟကံ၊ မိုးတိမ်လွှာ ပုဆိုးကို။ နိဝါသေတွာ၊ ဝတ်၍။ ကော၊ တထည်ကို။ ပါရုပိတွာ၊ ရုံ၍။ မေဃဂီတံ၊ မိုးသီချင်းကို။ ဂါယန္တော၊ သီလျက်။ ပါစီနလောကဓာတု အဘိမုခေါ၊ အရှေ့လောကဓာတ်သို့ ရှေးရှုလျက်။ ပက္ခန္ဒိ၊ ပြေး၏။ အထ၊ ထိုပြေးသောအခါ၌။ ပါစီနဒိသာဘာဂေ၊ အရှေ့မျက်နှာဇမ္ဗူ၌။ ခလမဏ္ဍလမတ္တံ၊ ကောက်နယ်တလင်းမျှလောက်သော။ ဧကမေဃပဋလံ၊ တခုသော မိုးတိမ်လွှာသည်။ ဥဋ္ဌာယ၊ ထက်လတ်၍။ သတပဋလ သဟဿပဋလံ၊ တရာသော တိမ်လွှာ တထောင်သော တိမ်လွှာသည်။ ... ဖြစ်၍။ ဘဿိတ္တုနင်္ဂော၊ ကြည်းဟည်းလျက်။ ဝိဇ္ဇုလတာ၊ လျှပ်စစ်နွယ်တို့ကို။ နိစ္ဆရေန္တော၊ ထွက်စေလျက်။ အဓောမုခံ၊ အောက်သို့မျက်နှာမူလျက်။ ဌပိတဥဒက ကုမ္ဘော ဝိယ၊ ထားအပ်သော ရေအိုးကဲ့သို့။ ပါဝဿိ၊ ရွာလတ်၏ဟူ၍ ဆိုသည်။

ဤသို့ ကျမ်းဂန်လာသည်ကိုထောက်၍ မိုးတိမ်ဖြစ်ကြောင်းကို သိအပ်၏ ဟူပေ။

မိုးခြိမ်းခြင်းလည်း အဘယ်အကြောင်းကြောင့် ဖြစ်သနည်း ဟူငြားအံ့—

ယထာ ဟေန္တေ ... ဝါတော ဝိရုဠှာဟာရာဝိ ပဝုယသမဝါယေ အတိ

ဗဟိဒ္ဓိတာနံ ပိ သောတာယမာဂမေန ... မဏ္ဍံ ယဟန္တံ သဒ္ဒံ ဗန္ဓေတိ၊ ဝေမေဝ အနိလပထံ

ဂတာ ဝါယောဓာတု ဥတုသမုဋ္ဌာနာဒိ မေဃဝလာဟကာ မာဂမ္မ မဟန္တံ သဒ္ဒံ ဧနေတိ။
တံ လောကော "မေဃဂဇ္ဇန" န္တိ ဝဒန္တိ

ဟူသော သာရတ္ထသင်္ဂဟ ပါဠ်ဖြင့် ဖြေအပ်၏။

အဓိပ္ပါယ်ကား။ လူတို့၏လည်းကောင်း, ဆင် မြင်း စသည်တို့၏လည်းကောင်း ဝမ်းတွင်း၌ တည်သော လေသည် ဆန့်ကျင်ဘက်ဖြစ်သော အာဟာရ စသည်ကို စားသောအခါ လွန်စွာ ထကြွ တိုးဝှေ့ တိုက်ခတ်ခြင်း ဖြစ်ရကား ပြင်ပ၌နေသောသူတို့ ကြားလောက်သော အသံကြီးသည် ဖြစ်သကဲ့သို့၊ ကောင်းကင်ခရီး၌ သွားသောလေအစုတွင် ဥတုသမုဋ္ဌာန်ဖြစ်သော မြေငွေ့၊ ရေငွေ့၊ ရေမှုန်ကို ဆောင်လျက် တက်သောလေနှင့် တဖန် တိုးဝှေ့ပြန်သဖြင့် ပြင်းထန်သော အသံသည် ဖြစ်၏။ ထို အသံကို မိုးကြိုးသံ မိုးခြိမ်းသံ ဟူ၍ လူတို့ ခေါ်ကုန်၏

လျှပ်စစ်သည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်းဟူမူကား—

ယထာ ပါသာဏာဒီနံ ပဟာရဏပစ္စယာ အာလောကော ပညာယတိ၊ ဧဝမေဝံ ဝါတ မေဃဝလာဟကာနံ အညမညပဋိဃဟနနေန သဉ္ဇာတာလောကံ ဝိဇ္ဇုတိ ဝဒန္တိ။

ဟူသော သာရတ္ထသင်္ဂဟပါဠ်နှင့်အညီ၊ ကျောက်နှစ်ခုကို ခတ်သည်ရှိသော် ခတ်ခြင်းကြောင့် မီးလျှံဖြင်သကဲ့သို့၊ ထို့အတူ မိုးတိမ်ကို ဆောင်သောလေဟုန်နှင့် ဒုနိလပထ လေဟုန်ခတ်ရာတွင် မီးလျှံကဲ့သို့ ထင်သောအရောင်ကို "လျှပ်စစ်" ဟူ၍ ဆိုလေသည်။ (စို့သက်တံ အကြောင်းကိုကား ယှသတ် ကာရန်က ဖြေခဲ့ပြီ)။

မိုးရွာခြင်း၏ အကြောင်းကိုကား ဆိုပေပြီ။ မိုးမရွာခြင်း၏ အကြောင်းကား ဘယ်သို့နည်း ဟူငြားအံ့—

ပဥ္စိမေ ဘိက္ခဝေ ဝဿဿ အန္တရာယာ ယံ နေမိတ္တကာ န ဇာနန္တိ၊ ယတ္ထ နေမိတ္တကာနံ စက္ခု နက္ကမန္တိ၊ ကတမေ ပဥ္စ၊ ဥပရိ ဘိက္ခဝေ အာကာသေ တေဇောဓာတု ကုပ္ပတိ။ တေန ဥပ္ပန္နာ မဟာမေဃာ ဝိဂစ္ဆန္တိ။ ဥပရိအာကာသေ ဝါယောဓာတုကုပ္ပတိ၊ တေန ဥပ္ပန္နာ မဟာမေဃာ ဝိဂစ္ဆန္တိ၊ ရာဟု အသုရိန္ဒော ပါဏိနာ ဥဒကံ သမ္ပဋိစ္ဆိတွာ မဟာသမုဒ္ဒေ ဆဍ္ဍေတိ။ ဝလာဟကဒေဝါ ပမတ္တာဟောန္တိ။ မနုဿာ အဓမ္မိကာ ဟောန္တိ။ အယံ ဘိက္ခဝေ ပဥ္စမော ဝဿဿ အန္တရာယော။

အစရှိသည်ဖြင့် ဟောတော်မူသော သံယုတ်ပါဠိတော်ဖြင့် သိအပ်၏။

အဓိပ္ပါယ်ကား။ ချစ်သားတို့ မိုးရွာခြင်း၏ အန္တရာယ်ကား ငါးပါးတည်း။ ဤငါးပါးတို့ကို ကား လောက၌ နိမိတ်ဖတ်တတ်သော ပညာရှိတို့သည် မသိနိုင်ကုန်၊ ပညာရှိတို့၏ မျက်စိဖြင့် အကြောင်းကို မမြင်နိုင်ကုန်။ အန္တရာယ်ငါးပါးဟူသည် အဘယ်နည်း—

ချစ်သားတို့ အထက်ကောင်းကင်၌ နေရှိန်ပြင်း၍ တေဇောဓာတ် ပျက်ခြင်းသည် အကြင်အခါ၌ဖြစ်၏။ ထိုအခါ၌ ကြီးစွာသောမိုးတို့သည် မရွာကုန်။ ဤလည်းတပါး။

ချစ်သားတို့ အောက်က တက်လေသမျှသော ရေမှုန်တိမ်ထပ်တို့ကို ကောင်းကင် လေပြင်းခတ်၍ လွင့်ခြင်းဟူသော ဝါယောဓာတ် ပျက်ခြင်းသည် အကြင်အခါ၌ ဖြစ်၏။ ထိုအခါ ကြီးစွာသော မိုးတို့သည် မရွာကုန်။ ဤလည်းတပါး။

ချစ်သားတို့ အကြင်အခါ၌ ရာဟု အသူရိန်သည် ရွှာလတ္တံ့သော မိုးရေတို့ကို လက်ဝါးဖြင့်ခံယူကာ သမုဒ္ဒရာ၌ ပစ်စွန့်၏။ ထိုအခါ ကြီးစွာသော မိုးတို့သည် မရွာနိုင်ကုန်။ ဤလည်းတပါး။

ချစ်သားတို့ အကြင်အခါ၌ ဝလာဟက နတ်တို့သည် မလည့်ပတ် မမြူး ဘူးကုန်။ မိမိဗိမာန်အတွင်း၌သာ မေ့လျော့ကာ နေကုန်၏၊ ထိုအခါ ကြီးစွာသော မိုးတို့သည် မရွာနိုင်ကုန်။ ဤလည်းတပါး။

ချစ်သားတို့ အကြင်အခါ၌ လူတို့ရွာတွင် ပြည့်ရှင်မင်းတို့သည် တရားမစောင့်ကုန်။ ထိုအခါ မှူးမတ်, မင်းခစားသူတို့လည်း တရားမစောင့် ကုန်ရကား လူအများတို့လည်း တရားမစောင့် ဖြစ်ကုန်၏။ ထိုအခါ လူစောင့်နတ်, မြို့ရွာစောင့်နတ်, ရက္ခစိုး, ဘုမ္မစိုး, အာကာသစိုးနတ်တို့သည် မရှင်မပျ ညှိုးရော်ကြသဖြင့် နေ လ တို့သည် သွားမြဲခရီးမှ လွဲ၍ သွားကုန်ရကား ဥတုပျက်ပြားခြင်းသည် ဖြစ်၏။ထိုအခါ၌လည်း ကြီးစွာသောမိုးတို့သည် မရွာကုန်။ ဤလည်းတပါး။

ဤသို့လျှင် မိုးရွာခြင်း၏ အန္တရာယ်ဖြစ်သော မိုးမရွာခြင်း၏ အကြောင်းကား ငါးပါးရှိသတည်း-ဟူလိုသည်။

အကျဉ်းကား—မြေ, ရေ, လေ, မီး ဟူသော ဥတုသမုဋ္ဌာန်ကြောင့်လည်းကောင်း၊ အဗ္ဘဝလာဟက နတ်၏ အာနုဘော်ကြောင့် လည်းကောင်း တိမ်ဖြစ်၏-ဟူလိုသည်။

"အိမ်" ကာရန်ပုစ္ဆာ ၁၁-ပုဒ်အဖြေ ပြီး၏။

(၁၁) "အိမ့်"ကာရန်ပုစ္ဆာ ၈-ပုဒ်အဖြေ

၃၂၅။ ယပ်တော်သိစိမ့်၊တိုင်းထွာပိမ့်၊မြင့်လိမ့် အဘယ်တန်ခိုးနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ပါရမီဖြည့်သော ကုသိုလ်ကံတော်၏ တန်ခိုးတော်ကြောင့် ဖြစ်ရကား တန်ခိုးဆယ်ပါးတွင် ကမ္မဝိပါကဇိဒ္ဓိ တန်ခိုးဖြစ်သည်ဟု မှတ်။

ထိုစကား၏သက်သေကို ဆိုလိုက်ဦးအံ့၊ရာဇဂြိုဟ်ပြည်၌ တယောက်သောပုဏ္ဏားသည် အရှင်ဂေါတမ၏ အရပ်ပမာဏကို တိုင်းထွာ၍ မဖြစ်နိုင် ဟူသော စကားကိုကြား၍ ငါတိုင်းထွာအံ့ဟု ကြံလျက် ဘုရားရှင် ဆွမ်းခံဝင်သောကာလ မြို့တံခါး၏အဝ၌ အတောင် ၆၀-မျှလောက်သော ဝါးကိုထောင်၍ ထိုဝါး၏အနီး၌ စောင့်၍ ကြည့်ရှုကာနေလေ၏။ မြတ်စွာဘုရားလည်း ထိုဝါး၏ အနီး ခရီးဖြင့် ကြွလာသော် အမြင့် အတောင် ၆၀-ရှိသောဝါးသည် ဘုရားသခင် ပုဆစ်တော်ကို မှီရုံမျှသာ ရှိ၏။ ပုဏ္ဏားလည်း နောက်တနေ့၌ အတောင် ၆၀-ရှိသော ဝါးတလုံးဖြင့် ဆင့်၍ ထားပြန်၏။ ဘုရားကြွလာသော် ထို သံတောင် ၁၂၀-ရှိသော ဝါးသည် ပုဆစ်တော်ကို မှီရုံမျှသာ ရှိပြန်၏။ ပုဏ္ဏားလည်း ဤသို့သော အံ့ဘွယ်ကို မြင်လျှင်ရင်သပ်၍ ပစပ်ဟကာ ချီးပ၏။

ဘုရားသခင်လည်း "သင် ပုဏ္ဏား-အဘယ်ကို ပြုသနည်း"ဟု မေး၏။ "အရှင်မြတ်၏ ကိုယ်ပ် ပမာဏကို သိရအောင် တိုင်းပါသည်"ဟု လျှောက်လျှင် "သင် ပုဏ္ဏား-ဤမျှကို မဆိုထားဘဲ စကြဝဠာတိုက်အလုံး ပြည့်အောင်သော ဝါးတို့ကို ဆက်၍ တိုင်းငြားသော်လည်း ငါဘုရား၏ ပမာဏကို မသိနိုင်ရာ။ ငါဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီကို ဖြည့်တော်မူသောအခါ၌ တပါးသော သူတို့သည် တုတန် နှိုင်းရှည့်စရာ ပမာဏဖြင့် ဖြည့်တော်မမူ။ အတုမရှိသော သီလ, ပညာ, သဒ္ဓါ ရွေးသွားဖြင့် အားသစ်၍သာ ဖြည့်တော်မူသည်။ ထို့ကြောင့် အပ္ပမေယျ ငါဖြစ်တော်မူသည်"ဟု မိန့်တော်မူ၍ ဓမ္မပဒဂါထာကို ဟောတော်မူ၏။

န ဟိ မယာ စတ္တာရိ အသင်္ချေယျာနိ၊ ကပ္ပသတသဟဿဉ္စ။

ယထာ ပါရမိယော ပူရိတာ၊ တထာ မေ ပရော ပမာဏံ ဂဏေယျ။

အတုလော ဗြာဟ္မဏ တထာဂတော အပ္ပမေယျောတိ။

ဟူ၍ ကျမ်းလာသည်ကို ထောက်သဖြင့် ကမ္မဝိပါကဇိဒ္ဓိ ဖြစ်ကြောင်းကို သိအပ်သတည်း။

၃၂၆။ မဟော်လက်နှိမ့်၊ပတ္တမြားလှိမ့်၊ယွင်းချိမ့် မုသားပါလိမ့်နည်း (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒေဝ၊ အရှင်မင်းကြီး။ ကေဝဋ္ဋဗြာဟ္မဏံ၊ ကေဝဋ္ဋပုဏ္ဏားကို။ မဏိရတနေန၊ ပတ္တမြား ရတနာဖြင့်။ ဝဉ္စိတုကာမော၊ လှည့်ပတ်လိုသည်။ အမှို၊ ဖြစ်၏။ အဋ္ဌဝင်္က၊ ရှစ်ပါးသော အကောက်ရှိသော။ မဏိရတနံ၊ ပတ္တမြားရတနာကို။ လဋ္ဌိုး၊ ရခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့။ ဝုတ္တေ၊ လျှောက်ပေသော်။တာတ၊ ချစ်သားမဟော်။ဂဏှထ၊ ယူလေလော့။ ဣတိ၊ဤသို့။ အာဟ၊ ဆို၏။သော၊ ထိုဘုရားလောင်းသည်။တံ၊ထိုပတ္တမြားကို။ ဂဟေတွာ၊ ယူ၍။ ရာဇာနံ၊ မင်းကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ရာဇဂေဟတော၊နန်းတော်မှ။ ဩတိဏ္ဏော၊ သက်၏။

ဤသို့ စသည်ဖြင့် မဟော်ဇာတ်၌ လာရကား ဝိဒေဟရာဇ်မင်းကို လျှောက်ရင်းကပင် ဤပတ္တမြားဖြင့် ပုဏ္ဏားကို လှည့်ပတ်လိုသည် ဟူသည်နှင့် အညီ တရားသဘင်သို့ရောက်သောအခါ "ဆရာကေဝဋ္ဋ-သင်တို့အား လျှောက်ပတ်သော လက်ဆောင်ကို ရှာသော် ဤပတ္တမြားရတနာကို ရ၍ ကျွန်ုပ်ဆောင်ခဲ့သည်။ ဤပတ္တမြားကိုယူလော့"ဟု အကယ်ပေးဟန် ပြောဆိုချေရကား မုသာဂါဒအင်္ဂါစုံညီသည်ဖြစ်၍ မုသာဝါဒဖြစ်၏ဟု ဆိုရမည်။

"စောင့်သည်မုသား၊ကြဉ်ရှောင်ရှား၍၊ဘုရားအလျာ၊သူတော်စွာတို့၊ သစ္စာမှန်ကုန်ဘိ သတည်း"

ဟူ၍ ပါချမီခန်း၌ စပ်တော်မူသည်မှာ သစ္စာပါရမီကို ဖြည့်သော ဘဝတို့၌ မှန်သည်ကိုသာ ယေဘုယျ နည်းအားဖြင့် ယူ၍ စပ်သည်၊ ပညာပါရမီ, ဝီရိယပါရမီကို ဖြည့်သောဘဝတို့၌ စိုးစဉ်း မုသားပါသည်ပင်။ ယင်းသို့ ပါသော်လည်း စပါးကောင်း စပါးစင် ဆိုရာ၌ အဖျင်းစိုးစဉ်း မလွတ်သကဲ့သို့ ယေဘုယျ နည်းဖြစ်သော မုသားစောင့်၏ ဆိုလေသည်ဟု ယူရမည်။

၃၂၇။ မိုးတစိမ့်စိမ့်၊ ကိမ်နိမ့်နိမ့်၊ ခြိမ့်ခြိမ့်ပြည်ကြောင်း ဘယ်သို့နည်း။ (၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.. ဝါယောဓာတုဝေဂါနံ၊ ပါယောဓာတ် အဟုန်တို့၏။ ပဟာရတော၊ တိုက်ခတ် တိုးဝှေ့ခြင်းကြောင့်။ မဟာမေဃသဒ္ဒါနိ ပြင်းထန်သော မိုးသံတို့သည်။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်၏။

၃၂၈။ တရားမှန်စိမ့်၊ စီရင်ပိမ့်၊ မှားချိမ့်အပါယ် လွတ်လိမ့်နည်း။ (၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... သူ့အား နှိပ်စက်လိုသောစိတ် မရှိပဲ မသိသဖြင့် လွဲ၍ တရားမှားသော်လည်း အပါယ်ပဋိသန္ဓေကို ပေးခြင်းမရှိ။ ပြစ်မှားနှိပ်စက်လိုသော စိတ်နှင့် လွဲအောင် ရှုံးအောင် စီရင်မှသာ အပါယ်ပဋိသန္ဓေကို ပေး၏ ဟူပေ။

ထို့ကြောင့် ဓမ္မပဒပါဠိတော်၌ –

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ၊

ဟူ၍ ဟောတော်မူသည်။

အနက်ကား၊ ။ဓမ္မာ၊ နာမက္ခန္ဓာတရားသုံးပါးတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ ဝိညာဏက္ခန္ဓာသာလျှင် ပြမာန်းခြင်းရှိကုန်၏။ မနောသေဋ္ဌာ၊စိတ်သာလျှင် အမြတ် ရှိကုန်၏။ မနောမယာ၊ စိတ်သာလျှင် ပြီးစေအပ်ကုန်၏။ ပဒုဋ္ဌေန၊ ပြစ်မှားလိုသော။ မနသာ၊ စိတ်ဖြင့်။ စေ၊ အကယ်၍။ ဘာသတိဝါ၊ ဆိုမူလည်းဆိုအံ့။ ကရောတိဝါ၊ ပြုမူလည်းပြုအံ့။ တတော၊ ထိုပြုခြင်းကြောင့်။ ဒုက္ခံ၊ ဆင်းရဲသည်။ နံ၊ ထိုပြုသောပုဂ္ဂိုလ်သို့။ အန္ဝေတိ၊ အစဉ်လိုက်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဝဟတော၊ ဝန်ကိုရွက်ဆောင်တတ်သောနွား၏။ ပဒံ၊ ခြေရာသို့။ စက္ကံ၊ လှည်းဘီးသည်။ အန္ဝေတိ- ဣဝ၊ အစဉ်လိုက်သကဲ့သို့တည်း ဟူ၍ ဟောတော်မူသည်။

၃၂၉။ သူနာလွတ်စိမ့်၊ ဆေးကုပိမ့်၊ သေလိမ့်ငရဲ ရောက်ချိမ့်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား+ ရှေးနည်းတူ သေစေလိုသောစိတ်ဖြင့် မသင့်သောဆေး အစာကိုပေး၍ သေမှ ပါဏာတိပါတကံ အင်္ဂါငါးပါး ပြည့်စုံသည်ဖြစ်၍ ငရဲရောက်၏။ ကရုဏာစိတ်ဖြင့် ချမ်းသာအောင် ကုမပါလျက် အနာနှင့် ဆေး မတွေ့ မသင့်၍ သေရာ၌ အပြစ်မရှိ ဟူပေ။

၃၃၀။ ယှဉ်မှိုလိုက်ချိမ့်၊ ဖူးရစိမ့်၊ သည်စိမ့် ဘယ်အနက်ဟောနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ဖူးစေမည် ဟု စကားကျသောကြောင့် ကာရိုက်အနက်ကို ဟော၏ ဟူပေ။

၃၃၁။ ကျင့်ရာနှစ်သိမ့်၊ ဝမ်းကွဲစိမ့်၊ သည်စိမ့်မှုကား ဘယ်သို့နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ၎င်းကာရိုက်အနက်ပင်။

၃၃၂။ တရားနာငြိမ့်၊ နားတော်စိမ့်၊ စိမ့်ချင်း ခြား၏ မည်သို့နည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... "သုဏောဟိ၊ နာတော်မူလော့၊ နားထောင်လော့။ နားစိမ့်လော့" ဟူသော စကားမျိုး ဖြစ်ရကား အာဏတ္တိ အနက်ကိုဟော၏ ဟူပေ။

(၁၂)။ "အိမ်း" ကာရန်ပုစ္ဆာ ၈=ပုဒ် အဖြေပြီး၏။

---

(၁၂)။ "အိမ်း" ကာရန် ပုစ္ဆာ ၆-ပုဒ် အဖြေ

၃၃၃။ မဟော်ရန်ငြိမ်း၊ ငါဟုကြိမ်း၊ မသိမ်းပြည်ထောင် ဘယ့်ကြောင့်နည်း။ (၁)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အကုသိုလ် မဖြစ်စေလိုသောကြောင့် မသိမ်း သည် ဟူပေ။

ထိုစကားကို ထင်စွာ ဆိုလိုက်ဦးအံ့- မဟော်သဓာ သုခမိန်သည် စူဠနီ ဗြဟ္မဒတ်မင်းအား ဥမင်တွင်းသို့သွင်း၍ ပြည့်နှံ့သောအခါ တခုသော အတောင့် နေရာသို့ ရောက်လျှင် ထက်ဝန်းကျင် တံခါးကို ပိတ်စေဘတ်သော စက်မောင်းကို နင်းလျက် ပိတ်စေပြီးမှ မင်းကြီး၏ ဦးခေါင်းကို နှိပ်လျက် အထက်မြှပ်ထားခဲ့သော သန်လျက်ကို ကိုင်၍ စူဠနီမင်း၏ လည်ထက် တင်ပြီးလျှင် "ဇမ္ဗူဒိပ်ကျွန်း အပြင်၌ ရှိသော နိုင်ငံ မြို့ပြနှင့် တကွသော မင်း၏ စည်းစိမ်သည် အဘယ်သူ၏ စည်းစိမ်နည်း" ဟု မေး၏။ "သုခမိန် သင်၏ စည်းစိမ်ပင် ဖြစ်ပေသည်။ အကျွန်ုပ်အသက်ကို ချမ်းသာပေးပါ" ဟု တောင်းပန်၏။ မဟောသဓာလည်း "အရှင်မင်းကြီး မကြောက်လင့်၊ မင်းကြီးကို ပယ်ရှားလို၍ အကျွန်ုပ် သန်လျက်ပြသည် မဟုတ်၊ အကျွန်ုပ်၏ ပညာအစွမ်းကို သိစေလို၍သာ ပြပါသတည်း။ မင်းကြီးစိုးရိမ်လျှင် ဤသန်လျက်ကို မင်းကြီးပင် စွဲတော်မူလော့" ဟု သန်လျက်ကို မင်းကြီးသို့ အပ်ပြီးသော် "အရှင်မင်းကြီး ဤသန်လျက်ဖြင့် အကျွန်ုပ်ကို ကွပ်မျက်စီရင်တော်မူလိုလျှင်လည်း စီရင်တော်မူ" ဟု အခွင့်ပေး၏။

စူဠနီမင်းကလည်း "သုခမိန် သင့်ကိုဘယ့်ကြောင့် ကျွန်ုပ်စီရင်ပါအံ့နည်း။ သုခမိန်၏ ဂုဏ်ကျေးဇူးကိုသာ လွန်စွာအောက်မေ့ပါ၏" ဟု ဆိုလျှင် "အရှင်မင်းကြီး ထိုသို့ ဖြစ်တပြီးကား ယနေ့မှစ၍ အသက်ရှိသမျှ ကာလပတ်လုံး ကျွန်ုပ်ကို ဘေးမဲ့ပေးတော်မူပါ" ဟု ဆို၏။ စူဠနီမင်းလည်း "သုခမိန် မစိုးရိမ်လင့်။ ယနေ့မှ၄၍ သားအဘ၏အသွင် အသက်သခင်ဟု မှတ်လျက် တသက်ပတ်လုံး ကောင်းကျိုးကိုသာ ဆောင်ပါအံ့"ဟု သစ္စာကို ဆိုကြ၍ ညီညွတ်ကြပြီးသော် စူဠနီ မင်းကြီးက ဤသို့ဆို၏ "သုခမိန်-ဤသို့သော ပညာအစွမ်းရှိပါလျက် ဇမ္ဗူဒိပ်ကျွန်းအလုံးကို သိမ်းရုံး၍ ဘယ့်ကြောင့် မင်းမပြုပါသနည်း"ဟု ဆို၏။ဘုရားလောင်းကလည်း "အရှင်မင်းကြီး အကျွန်ုပ်သည် အကယ်၍ မင်းအဖြစ်ကို အလိုရှိသည်ဖြစ်အံ့၊ တနေ့ချင်းဖြင့်ပင် ဇမ္ဗူဒိပ်ကျွန်း အပြင်၌ရှိသော တရာ့တစင်း ထီးဆောင်းမင်းတို့ကို ဖမ်းယူသုတ်သင်၍ ကေရာဇ် မင်းပြုခြင်းငှာ စွမ်းနိုင်ပါ၏။ ယင်းသို့ စွမ်းနိုင်သော်လည်း မိမိကောင်းစားလို၍ သူတပါးကို ညှဉ်းဆဲခြင်း, သူ့စည်းစိမ်ဥစ္စာကို သိမ်းယူခြင်း မည်သည်ကား ရှေး ဘုရားအလောင်းသူတော်ကောင်းတို့၏ ကျင့်ဟောင်းလမ်းစဉ် မဟုတ်၊ထိုဒုသီလ အမှုကြောင့် ရအပ်သော စည်းစိမ် ချမ်းသာကို ဘုရား, ပစ္စေက ဗုဒ္ဓါ, ရဟန္တာ အစရှိကုန်သော အရိယာ သူတော်ကောင်းတို့သည် မချီးမွမ်းကုန်။ အကျွန်ုပ်သည်ကား သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အကျင့်ကိုသာအလိုရှိပါသည်ဖြစ်၍ အပါယ်လားကြောင်း ဖြစ်သော သူအား နှိပ်စက်ခြင်းကို မပြုလို၍ ပြည်ထောင်တို့ကို မသိမ်းယူပါသတည်း"ဟု ဆို၏။

ထို့ကြောင့် ဇာတ်တော်၌—

အထ ရာဇာ ဗောဓိသတ္တံ အာဟ "ပဏ္ဍိတ ဧဝံ ဉာဏသမ္ပန္နော ဟုတွာ ရဇ္ဇံ ကသ္မာ န ဂဏှာသိ"တိ။ မဟာသတ္တော အဟံ ဣစ္ဆမာနော အဇ္ဇေဝ သကလဇမ္ဗုဒီပေ ရာဇာနော မာရေတွာ ရဇ္ဇံ ဂဏှေယျံ။ ပရံ မာရေတွာ ယသဂ္ဂဟဏံ နာမ ပဏ္ဍိတေဟိ န ပသတ္ထန္တိ။

ဟူ၍ လာသည်။

၃၃၄။ တေမိမအိမ်း၊မလှုပ်တိမ်း၊ စပ်ရှိမ်းဝိပါက် ပါလိမ့်နည်း (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....တေမိမင်းသည် မတုန်မလှုပ် နေသောကြောင့် တနှစ်သားကပင် နို့မကျွေးခြင်း စသော အလိုစမ်း ခြင်း ၁၆-ရပ်တို့ဖြင့် မှူးမတ် မင်းချင်းတို့ နှိပ်စက်သည်ကို ခံရခြင်းသည် ရှေး ဝိပါက်ရှိကြောင်းကို ကျမ်းဂန်မလာ။

သဘောကို တိုင်းထွာသော် ပါရမီဖြည့်လို၍ ခံတော်မူခြင်း ဖြစ်ရကား ရှေးဝိပါက်ကြောင့် ဖြစ်သည် ဟူ၍လည်း မယူသင့်။ အကယ်၍ ဝိပါက်ပါသည်ဟု ဆိုငြားအံ့။ အလှူပေးခြင်း, သီလ ဆောက်တည်ခြင်း, တောထွက်ခြင်း အစရှိသော ပါရမီဟူသမျှ၌ ရှေးဝိပါက်ကြောင့်သာ ပြုရသည်ဟု ဆိုရာကျတော့မည်။ ထို့ကြောင့် မယူသင့်။

၃၃၅။ သူ့ အားခြောက်ခြမ်း၊ ခိုးမှုဒိမ်း၊ တိမ်း ယိမ်း ဇာတ်တော်ဘာယ်မှုနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—ငါတို့ ဘုရားအလောင်းတော် ခိုးသားဖြစ်သည် မှာ ငါးရာငါးဆယ်သော ဇာတ်တို့တွင် တိကနိပါတ်၌ သင်္ဂါယနာတင်အပ်သော စောရဃေဋ္ဌ တဇာတ်, စတုက္ကနိပါတ်၌ သင်္ဂါယနာတင်အပ်သော နာဂဗလခိုးသား တဇာတ်, ဤ နှစ်ဇာတ်သာ ဖြစ်ဖူးသည်။

ထိုနှစ်ဇာတ်တို့တွင်–

ရှေ့ဇာတ်၏အတ္ထုပ္ပတ္တိကား—လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုသောအခါ ငါတို့ဘုရားအလောင်းတော်သည် ကာသိကရွာငယ်၌ တဦးသော ခိုးသူမျိုး၌ဖြစ် ၍ အရွယ်သို့ ရောက်သောအခါ ငါးရာသော ခိုးသူတို့၏ အကြီးအမှူးလုပ်၍ တောအုပ်တခု၌ စောင့် နေကာ လာရောက်သမျှသော သူ၏ဥစ္စာကို လုယက်၍ အသက်မွေး၏။ ထိုတောအုပ်သို့ လူသူ အလာ အသွားပြတ်သော်မှု ရွာ နိဂုံးသို့ကပ်၍ ခြံစပ်ဖောက်ခြင်း စသည်ကိုပြု၏။

ထိုဗာရာဏသီပြည်၌ သူကြွယ်တဦးသည် ဇနပုဒ်သားဖြစ်သော မိတ်ဆွေတဦးအား အသပြာ တထောင်ကို ချေး၍ ထိုကြွေးကိုမရမီ ကံကုန်၏။ သူကြွယ်မယားလည်း များမကြာမီ ရောဂါ ရောက်၍ သေလောက်နီးမျှဖြစ်သော် သားကိုခေါ်၍ "ချစ်သား= အမောင့်ဖခင်သည် ဤသူ၏ လက်တွင် အသပြာတထောင်ကို နှံခဲ့၏။ ငါ သေလွန်ငြားက ချစ်သားအား မပေးပဲ ရှိတော့မည်။ မိခင် အသက်ရှိစဉ် ချစ်သားတောင်းချေ" ဟု စေလိုက်၏။ သားလည်း မိခင်ဆိုတိုင်း သွား၍ တောင်းသဖြင့် ထိုအသပြာတထောင်ကို ရလတ်သော် မြန်စွာ ပြန်၍လာ၏။

သူကြွယ်မလည်း သားသွား၍ မကြာမြင့်မီပင် ကံကုန်လေသဖြင့် သား၌လည်းကောင်း, ဥစ္စာ ၌လည်းကောင်း, မက်မောသောစိတ် ရှိရကား သား လာလတ္တံ့သော ခရီးအကြား တောအုပ်ဝ၌ ဥပပတ် မြေခွေးမ ဖြစ်လေ၏။

ထိုတော၌လည်း ဘုရားလောင်း ခိုးသူကြီးသည် လက်သား ငါးရာနှင့်တကွ လုယက် စား သောက်ကာ နေ၏။ ထိုသူကြွယ်သားသည် ပြန်ခဲ့၍ တောအုပ်ဝသို့ ရောက်သော် အမိ ဖြစ်ဖူး သော မြေခွေးမက ဤတောအုပ်သို့ ငါ့သားရောက်လျှင် ခိုးသူတို့ ဥစ္စာကို ယူ၍ လူကို သတ် လေတော့မည်-ဟု ကြံလျက် ပြင်းထန်စွာ ဟောင်လင့်၏။ သူကြွယ်သားလည်း ထိုအကြောင်းကို မသိသောကြောင့် မြေခွေးမကို တုတ် လုံကန်တို့ဖြင့် ပစ်ချောက်၍ တောသို့ဝင်၏။

ထိုအခါ ထိုတောအုပ်၌ နေသော သတပတ္တ မည်သော ငှက်သည် "ဤ ယောကျ်ားလက်တွင် ပါသော အသပြာထောင်ထုပ်ကို ခိုးသူတို့ ယူ၍ ဤသူအားသတ်ကြပါ သတ်ကြပါ"ဟု သာယာ သောအသံဖြင့် လွန်စွာ ကြွေးကြော်၏။ ယောကျ်ားက အလွန်မင်္ဂလာရှိသော ငှက်ပေ-ဟု စုံမက် မြတ်နိုး၍ ရှိခိုးတောင့်တခြင်းကို ပြုလျက် တောအုပ်သို့ဝင်လေ၏။

ဘုရားလောင်း ခိုးသူကြီးလည်း တခုသော သစ်ပင်ထက်မှ အသွားအလာကို ကြည့်ကာနေ သည်နှင့် မြေခွေးမ၏လည်းကောင်း, သတပတ္တငှက်၏ လည်းကောင်း ဆိုသော စကားကို ကြား ရ၍ အကြောင်းကို ဆင်ခြင်သော် ဤတောကို မဝင်လင့်-ဟု ဟောင်သော မြေခွေးမသည် ဤသူ၏ မိခင် ဖြစ်ဖူးလေရာသည်။ သတပတ္တငှက်ကား ရန်သူဖြစ်ဖူးလေရာသည်။ယင်းသို့ ပျက်စီးကြောင်း ကို မြည်ဘွန်လာသော ငှက်ကို လက်အုပ်ချီ၍ ကောင်းကျိုးပြောပြသော မြေခွေးကို ချောက်

လျှံ့သော ဤယောကျ်ားကား အလွန် မိုက်စွ။ အံ့ဖွယ်ရှိလေစွ-ဟု မြည်တမ်းပြီးသော် ထိုယောကျ်ားနှင့် မနီးမဝေးသော ခရီး ကွေ့ဖြင့် လိုက်လေ၍ ခိုးသားတို့ နေသော အရပ်သို့ ရောက်လတ်သော် ဘုရားလောင်း ခိုးမှုသည် ထွက်တည့်၍ ထိုသူ၏ လက်ကို ကိုင်ပြီးမှ "သင်သည် အဘယ် ရွာသားနည်း"ဟု မေး၏။သူကြွယ်သားကလည်း "အကျွန်ုပ်သည် ကာသိက ရွာသားဖြစ်သည်"ဟု ဆို၏။"အဘယ်မှ လာသနည်း"ဟု မေးပြန်သော်"ဤမည်သော ရွာ၌ အသပြာတထောင် ရရန်ကို တောင်း၍ လာသည့်"ဟု ပြောလျှင် "သင့်ကို ဘယ်သူက တောင်းချေ စေ၍ လာသနည်း"ဟု မေးပြန်၏။ "မိခင်သည် ပြင်းထန်စွာ ရောဂါရောက်၍ စေလိုက်သောကြောင့် လာ၍ တောင်းရပါသည်"ဟု ပြောလျှင်...."သင်၏ မိခင်သည် သေလွန်ပြီ။ သင့်အား သနားကြောင့်ကြလျက် သေရခြင်းကြောင့် မြေခွေးမ ဖြစ်ရှာသည်။ သင် တောသို့ဝင်စ အခါက ဤတောသို့ မဝင်နှင့်-ဟု ဟောင်သော မြေခွေးမသည် သင့်မိခင်တည်း။ ယင်းသို့ကောင်းကျိုးစကားကို ကြားလင့်ပေသော မိခင်အား တုတ်လုံးကန်ဖြင့် ပစ်ခြင်းသည် သင် အမိုက်လွန်လှတော့သည်။ သင့်ကို ဖမ်းပါ၊ ငွေစွာကို လုယူပါ-ဟု ကြွေးကြော်သော သတပတ္တငှက်သည်သင်၏ ရန်သူဖြစ်သည်။ ရန်သူကိုကား ရှိခိုးပူဇော်သည်၊ သို့စင် မိုက်သော သင် ယောကျ်ားနှင့်ဤအသပြာ တဆထောင်သည် မတန်ချေ။ ငါ့အားပေးခဲ့၍ သင်ချမ်းသာစွာ သွားလေတော့"ဟုဆို၍ ငွေစွာကို ယူပြီးမှ လူကို လွှတ်လိုက်၏။ ဇာတ်ပေါင်းသောအခါ "ဤခိုးမှုးသည် ငါဘုရားဖြစ်တော်မူ၏"ဟု ပေါင်းတော်မူ၏။

နောက်ဇာတ်၏ အတ္ထုပ္ပတ္တိကား....လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုလတ်သော် ငါတို့ဘုရားအလောင်းတော်သည် သူကြွယ်တဦး၏အိမ်၌ စောရနက္ခတ်နှင့် ယှဉ်လျက် ဖွားမြင်၏။ အရွယ်သို့ ရောက်သောအခါ ခိုးမှုဖြင့်သာ အသက်မွေးရကား မြို့ ကျေးရွာ၌ လွန်စွာ ထင်ရှား၏။ ဆင်ပြောင်ကြီး၏ အားနှင့်တူသောကြောင့် သူတထူးတို့လည်း ဖမ်းယူခြင်းငှါ မတတ်နိုင်ကုန်ရကား "နာဂဗလခိုးသား"ဟု အမျှားသမုတ်ကြ၏။

တနေ့သ၌ သဌေး၏အိမ်တွင် ဝင်၍ ခိုးလတ်သော် အဖိုးထိုက်တန်သောဥစ္စာ အမျှားပါလေ၍ သဌေးက မင်းကြီးထံသွား၍ လျှောက်ကြားလေ၏။ မင်းကြီးလည်း မှူးမတ် မြို့ဝန်တို့အား အာဏာပေး၍ အစည်းအကြပ်ဖြင့် ဖမ်းစေလျှင် ထိုခိုးသားကိုမိ၍ မင်းကြီးအား ပြလေ၏။ မင်းကြီးကလည်း မြို့ ကျေးရွာကို ဖျက်ခြင်းမျှားသသူ ဖြစ်ရကား ထင်ရှားအောင် သတ်လေ-ဟု ဧလုံက်၏။ မြို့ဝန် ထောင်မှူးတို့လည်း ထိုနာဂဗလကို လက်ပြန် နှောင်ဖွဲ့စေ၍ လည်၌ နီသော ခေါင်ရန်းပန်းကို ဆွဲပြီးမှ ဆံကို ကြဲဖြန့်စေ၍ ထိပ်ထက်၌ အုတ်မှုန့်တို့ကို ဖြူးလျက် အသံထွက်သော စည် မောင်းကို တီး၍ ခရီးဆုံ ဟူသမျှ၌ ချ၍ချ၍ ရိုက်ခတ်ပြီးလျှင် သုသာန်သို့ ဆောင်၏။

ထိုပြည်၌ သာမာမည်သော ပြည့်တန်ဆာမသည် အရံ ငါးရာနှင့်တကွ နေ၏။ မင်းတို့နှင့်လည်း အလွန် အကျွမ်းဝင်၏။ နာဂဗလ ခိုးသားလည်း ထိုပြည့်တန်ဆာမ၏ ပြာသာဒ်အပေါ်သို့ ရောက်သော် သာမာသည် ကြည့်မျှော်လေသည်နှင့် နာဂဗလ ခိုးသူကိုမြင်လျှင်"ဤလုလင်သည် လူတွင် လွန်ကဲသော အဆင်းအရောင် ရှိလျက် အကျိုးမဲ့ အသက်ကုန်ချေတော့မည်။ ငါ ယူ၍ လင်ပြုရသော် လျော်၏"ဟု ကြံ၍ မြို့ဝန်ထံ တမန်စေလွှတ်၏။

မြို့ဝန်ကလည်း "နာဂဗလ ခိုးသားသည် ပြည်လုံး ထင်ရှားသောသူ ဖြစ်သည်။ ငါတို့ မလွှတ်သာ၊ အကယ်၍ လွှတ်စေချင်ပါမူ လူစားထောင်လော့"ဟု ဆိုလိုက်၏။

ထိုစကားကို ပြည့်တန်ဆာမ သာမာ ကြားသော် မိမိထံသို့ လူလာမည်ကို မျှော်၍ နေသည်နှင့် သဌေးသားတဦးသည် ထိုသာမာနှင့် ပျော်ပါးခြင်းငှါ အသပြာတထောင်ကို ယူ၍ နေ့တိုင်း လာမြဲ ဖြစ်သည်နှင့် ထိုနေ့ လာလတ်သော် သာမာလည်း ထိုအသပြာတထောင်ကိုယူ၍ ပေါင်အောက်၌ ထားပြီးမှ များစွာ ငိုယိုလျက်နေ၏။ သဌေးသားက ဘယ့်ကြောင့် ငိုသနည်း-ဟု မေးသော် "အမောင်....အကျွန်ုပ်၏ မောင် အငယ်သည် အရှယ်အ‌ေလျာက် မိုက်မှားမိ၍ ယနေ့ သေရချေ တော့မည်။ မြို့ဝန်မင်းထံသို့ တမန် စေလွှတ်ပါသော် သပြာတထောင် ပေးလျှင် လွှတ်စေမည်-ဟု ဆိုလိုက်ပါသည်။ ဤသပြာကို ပို့မည့်သူ မရပါသောကြောင့် အကျွန်ုပ်မောင် သေရတော့မည် ဖြစ်၍ ငိုပါသတည်း"ဟု ဆို၏။

ထိုအခါ သဌေးသားလည်း သာမာအား တပ်မက်ခြင်း ရှိသည်နှင့် "ကျွန်ုပ်သွား၍ ပို့မည်"ဟု ဆို၏။ "ကောင်းပါပြီ ပို့ပါချေ"ဟု ဆိုလိုက်သဖြင့် သဌေးသားသည် ဥစ္စာကို ယူ၍ မြို့ဝန်မင်းထံ သွားလေသော် မြို့ဝန်ကလည်း နာဂဗလ ခိုးသားကို ဝှက်ကွယ်သော ယာဉ်ဖြင့် သာမာ၏ ထံသို့ ပို့စေ၍ သဌေးသားကို အစား သတ်လေကုန်၏။ သာမာလည်း နာဂဗလ ခိုးသား မိမိအိမ်သို့ ရောက်သည်မှ စ၍ သူတပါးကို လက်မခံပဲ ထိုယောကျ်ား၌သာလျှင် ကာမဂုဏ်ကို ခံစားလျက် နေ၏။

ထိုအခါ နာဂဗလသည် ဤသို့ကြံ၏ "ဤမိန်းမသည် ငါ့ကို တပ်မက်သည်ဖြစ်၍ မိမိထံသို့ လာမြဲဖြစ်သော သဌေးသားကို သေစေသည်။ သူတပါးကို အကယ်၍ တပ်မက်ပြန်အံ့၊ ငါ့ကိုလည်း ထိုသဌေသား အတူပင် သတ်စေလိမ့်သတည်း။ ဤသို့ ခင်ပွန်း ပြစ်မှားတတ်သော သူနှင့် အတူ နေသဖြင့် မသင့်ချေ။ ပြေးထွက်မှသာ သင့်လိမ့်မည်။ ယင်းသို့ ပြေးထွက်သော်လည်း လက်ချည်း မသွားပဲ ဤမိန်းမ၏ကိုယ်၌ ဆင်သောဘဏ္ဍာကို ငါယူ၍ သွားအံ့"ဟု ကြံပြီးသော် တနေ့သ၌ ဤသို့ဆို၏ "အိမ်ရှင်မ.... ငါတို့သည် အိမ်တွင်း၌သာ နေရလေသောကြောင့် ပျင်းရိလှသည်။ နက်ဖြန် ဥယျာဉ်ကစား သွားပါရစေ"ဟု ဆို၏။

သာမာလည်း ခင်ပွန်းယောကျ်ားဆိုတိုင်း ကောင်းပြီ-ဟုဝန်ခံ၍ စားရန်သောက်ရန်ပြင်ပြီးလျှင် ဥယျာဉ်သို့ ထွက်ကြ၏။ ရောက်သောအခါ တခုသော ဖုံးကွယ်ရာ၌ ကိလေသာ မှူးထူးဟန်ဖြင့် လွန်စွာနှိပ်၍ အမေ့အလျော့ ရှိသောအခါမှ ကိုယ်တွင်ဆင်သော တန်းဆာတို့ကို ယူ၍ ပြေးလေ၏၊ သာမာလည်း သတိရ၍ နာဂဗလကို ရှာဖွေသော် မမြင်သဖြင့် "ငါ့လင်သည် ငါသေပြီ ထင်၍ ပြေးရှာလေသည်"ဟု များစွာသော လူတို့ကို လွှတ်၍ ရှာစေ၏။ တွေ့သော်လည်း "ငါမလာပြီ၊ အလိုရှိရာ ယောကျ်ားနှင့်သာ ပျော်ပါးလေတော့"ဟု မှာ၍ အခြားမြို့ရှာ၌ နေလေ၏။ ဤသို့လျှင် ခိုးသားနှစ်ကြိမ် ဖြစ်ဖူး၏ ဟူပေ။

၃၃၆။ နတ်ရှာခပ်သိမ်း၊ ဘေးမှုဒိမ်း၊ ငြိမ်းအောင်မြို့ရိုး တည်လိမ့်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... စတုမဟာရာဇ် နတ်ပြည်နှင့် တာဝတိံသာ နတ်ပြည်၌ကား မြို့ရိုးတည်၏၊ အထက်နတ်ပြည်တို့၌ကား မြို့ရိုးမတည် ဟူပေ။

၃၃၇။ ခွေးနက်ကြီးကြိမ်း၊ ကိုက်မည်ခြိမ်း၊ ခပ်သိမ်း ရပ်ကြား ဘယ်မျှနည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ယဥ္စ ကဏှဇာတကေ သက္ကော ဒေဝါနမိန္ဒော ကဿပဿ ဘဂဝတော သာသနေ ပရိဟာယ မာနေ ဝိသုကမ္မဒေဝပုတ္တံ သုနက္ခတ္တံ ကရိတွာ "အဟံ ပါပဘိက္ခူစ ပါပဘိက္ခုနိဥ္စ ဥပါသကာ စ ဥပါသိကာယော စ သဗ္ဗေဝ အဓမ္မဝါဒိနော ခါဒါမိ"တိ ဥဌ္ဌောသာပေတိ။

ဟူ၍ သုတ္တနိပါတ် အဋ္ဌကထာ လာသောကြောင့် သိကြားမင်းသည် ကဿပဘုရားရှင်၏ သာသနာတော် ဆုတ်ယုတ်သောအခါ ဝိသကြုံနတ်သားကို ခွေးနက်ကြီးသဏ္ဌာန် ဖန်ဆင်းစေ၍ "ငါသည် ယုတ်မာသော ရဟန်းယောကျ်ား, ရဟန်း မိန်းမ၊ ဒါယကာ ဒါယိကာမတို့အား ကိုက်သတ်အံ့၊ အလုံးစုံသော အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့အား ကုန်အောင်စားအံ့" ဟူ၍ ဟစ်ဟောင် ကြုံးဝါးသော အသံသည် ဇမ္ဗူဒိပ်ကျွန်းလုံး၌ ရှိသော လူနတ်အပေါင်းတို့ပင် ကြားသိရ၏.... ဟူပေ။

၃၃၈။ အပြစ်ခပ်သိမ်း၊ လောင်းရှိမ်းရှိမ်း၊ စိမ်းစော်နံ တရားဘယ်မျှနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... စိမ်းစော်နံတရား ဟူသည်– ပါဏာတိပါတ အဒိန္နာဒါန် အစရှိသော ဒုစရိုက်တရား။ ယုတ်မာသော ကိလေသာတရားတို့ပင်တည်း။ ထိုအပြား ကိုကား.... ဤအာမဂန္ဓသုတ်ဖြင့် သိအပ်၏။

ငါတို့ဘုရား ပွင့်တော်မမူမီ ဤသာဝတ္ထိပြည်၌ နေသော အာမဂန္ဓမည်သော ပုဏ္ဏားသည် အမျိုး အရှယ်တူသော ပုဏ္ဏားလုလင် ငါးရာတို့နှင့် တကွ လူ၏ဘောင်မှ ထွက်၍ ရသေ့ ရဟန်းပြု ပြီးလျှင် တခုသော တောအုပ် တောင်ခြေသို့ ဝင်၍ သစ်ရွက်မိုးသော သခ်မ်းဖြင့် နေကြ၏။ ထိုရသေ့တို့ကား အမဲသားငါးကို စားခြင်း၌ များစွာ အပြစ်ဖြစ်သည်ဟု အယူရှိ၍ တောသစ်ရွက် သစ်သီးကိုသာ စားသောက်ကာ နေကြ၏။ သူတို့စားသော ချဥ်ဆားကိုမျှ မသုံးဆောင်ကုန်။ ကာလ ကြာမြင့်သော် ဖျော့တော့ပန်းဟိုက်သော ရောဂါတို့သည် ဖြစ်ကုန်ရကား ချဥ်ဆားကို မှီဝဲခြင်းငှါ တခုသော ပစ္စန္တရွာသို့ ရောက်လာကြကုန်၏။

ရွာသားတို့လည်း ထိုရသေ့တို့အား ကြည်ညိုကုန်သည်ဖြစ်၍ ရွာ၏အနီး၌ နေစိမ့်သောငှါ တောင်းပန်ပြီးလျှင် ကျောင်းသခ်မ်းဆောက်၍ ပစ္စည်းလေးပါးဖြင့် ချီးမြှောက် ပူဇော်ကြကုန်၏။ ရသေ့တို့လည်း မိုးလေးလ လွန်သောအခါ "ငါတို့ တောသို့ဝင်ဦးအံ့"ဟု ရွာသားတို့အား ပန်ကြား ခဲ့ပြီးလျှင် ယခင်နေမြဲဖြစ်သော တောသို့ဝင်လေ၏။ တဖန် မိုးလရောက်ခါနီးသောအခါ ၎င်းရွာသို့ ကြွလာပြန်သဖြင့် ရွာသားတို့ကလည်း မြတ်နိုးတနာ လွန်စွာ ချီးမြှောက်ကြကုန်၏။

ဤသို့ နှစ်စဥ်မပြတ်နေ၍ နှစ်နှစ်ခန့်ရှိသောအခါ ငါတို့ ဂေါတမမြတ်စွာဘုရားသည် ဘုရား အဖြစ်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်၌ နေတော်မူသောအခါ ထိုရသေ့ တို့၏ ဥပနိဿယ- သတ္တိကို မြင်တော်မူသဖြင့် တပည့်သား သံဃာတော်တို့နှင့် တကွ ဒေသစာရီ ချီတော်မူလေ၍ ရသေ့တို့၏ မှီရာဖြစ်သော ပစ္စန္တရွာသို့ ရောက်တော်မူ၏။ ထိုအခါ ပစ္စန္တရွာသားတို့လည်း ဘုရား အမှူးရှိသော သံဃာတော်တို့အား များစွာ အလှူပေး၍ တရားတော်ကို နာကြကုန်၏။

ဘုရားသခင်လည်း ဝေနေယျတို့၏ အဇ္ဈာသယ အလျောက် တရားဓမ္မကို ပြတော်မူလျှင် အချို့လည်း သောတာပန် တည်ကုန်သည်။ အချို့လည်းသကဒါဂါမ်၊ အချို့လည်း အနာဂါမ်တည်ကုန်သည်။ အချို့လည်း ရဟန်းပြု၍ နောက်တော်သို့ ပါကြကုန်သည်။ ကိုယ်တော်မြတ်လည်း တသခန့် နေ၍ ဇေတဝန်ကျောင်းတော်သို့ ပြန်တော်မူ၏။

မိုးလနီးသောအခါ ရသေ့တို့ လာမြဲလာပြန်၍ ပစ္စန္တမှာသူ ရွာသားတို့သည် ရှေးအခါကဲ့သို့ လွန်စွာ အုတ်အုတ် ကျက်ကျက် မပူဇော်ကုန်။ သင့်လျော်ရုံသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်ကြကုန်၏။ ထိုအခါ ရသေ့တို့က ဤသို့ မေး၏ "အချင်းတို့ ရှေးရှေးသော နှစ်တို့၌ ငါတို့ရောက်လာလျှင် ရှင်လန်းဝမ်းမြောက်စွာ အုတ်အုတ် ကျက်ကျက် ပူဇော်ကုန်၏။ ယခုမူကား ရှေးအတူ မပြုကုန်။ ရွာသူတို့အား မင်း ခိုးသူတို့၏ နှိပ်စက်ခြင်းသော်လည်း ရှိသလော။ ငါတို့ထက် သီလ, ပညာ, သမာဓိရှိသော ပုဂ္ဂိုလ်ရောက်လာ၍ ဆရာအသစ် ရသလော" ဟု မေး၏။

ထိုအခါ ရွာသားတို့ကလည်း.... "ရှင်ရသေ့တို့–အကျွန်ုပ်တို့အား တစုံတခုသော နှိပ်စက်ခြင်းသည် မရှိ၊ အပွဋ္ဋိပုဂ္ဂလ ဖြစ်တော်မူသော ဘုရားမြတ်စွာသည် အကျွန်ုပ်တို့ ရပ်ရွာသို့ ကြွလာတော် မူသဖြင့် တရားတော်ကို နာရပေသတည်း။ ယင်းသို့သော ဆရာထူး ဆရာမြတ်ကို ဆည်းကပ်ရသောကြောင့် အရှင်တို့အား သင့်ရုံသာ ချီးမြှောက်ကြသတည်း" ဟု လျှောက်၏။

ထိုစကားကို ကြားသောအခါ အာဠဂန္ဓရသေ့တို့လည်း အလွန်ဝမ်းမြောက်စွာလျက် "ဒါယကာတို့–ဘုရားဟူသော စကားကို ကြားရရုံမျှလည်း အတိဒုလ္လဘ ဖြစ်သေး၏။ ဖူးမြင် တွေ့ကြုံရမူ အဆမတန်သော ကုသိုလ်မင်္ဂလာ ဖြစ်ရာသတည်း။ သို့ရာတွင် ဘုရားသခင်သည် အမဲ သားငါးတို့ကို စားတော်မူသလော" ဟု မေး၏။ "စား ပါ၏" ဟု လျှောက်လျှင် မရှင်သော စိတ်နှလုံးသည် ဖြစ်၏။ ယင်းသို့ ဖြစ်ပြီးလျှင် ဆင်ခြင်ပြန်သည်ကား ဘုရားဟူသည် အလွန်ရခဲ၏။ အယူအကျင့် သင့် မသင့်ကို မေးလျှောက်၍ သိအောင်ပြုအံ့ဟု ကြံပြီးလျှင် ထိုရွာသားတို့အား ဘုရားကြွတော်မူသော ခရီးကို မေးမြန်း၍ထိုခရီးဖြင့် လိုက်လာ၍ သာဝတ္ထိပြည်သို့ ရောက်သော် မိမိတို့၏ တပည့်ဖြစ်သော ရသေ့ပရိသတ်နှင့် တကွ ဘုရားရှေ့တော်သို့ ကပ်လေ၏။

ထိုအခါ မြတ်စွာဘုရားလည်း တရားဟောခြင်းငှါ ဓမ္မာသနပလ္လင်ဝယ် စံပယ်တော်မူခိုက်ဖြစ်၍ ရသေ့တို့ ရောက်လာသည်ကို မြင်လျှင် ရှင်လှသော မျက်နှာတော်ထားလျက် "ဂတ္တိဘော ဏ္ဍသယော ခမနီယံ" အစရှိသော စကားဖြင့် ဝမ်းမြောက် ဝမ်းသာ ပြောဟောတော်မူ၏။

ထိုအခါ အာမဂန္ဓရသေ့လည်း ဤသို့ နားတော်လျှောက်၏။ "ဘုန်းတော်ကြီးလှသော အရှင်ဘုရား–အရှင်မြတ်သည် စိမ်းစော် ညှီစော်နံသော အာမဂန္ဓများကို စားပါသလော" ဟု လျှောက်၏။ ဘုရားသခင်ကလည်း... "ရသေ့–အာမဂန္ဓဟူသည် အဘယ်နည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား-သားငါးတို့၏ အသားအရသာတည်း" ဟု လျှောက်လျှင် "အချင်းရသေ့–သားငါးတို့ အရသာသည် အာမဂန္ဓ စင်စစ်မဟုတ်သေး ပါဏာတိပါတ စသော ဒုစရိုက်ဓမ္မ, ကာမာဘိနန္ဒန အစရှိသော ကိလေသာတို့သာလျှင် ဤလူ့ရွာ၌ လွန်စွာ ညှီစော်နံသော ရန်ငြိုရကား အာမဂန္ဓ မည်၏။ ဤအာမဂန္ဓမည်သော ပါပဓမ္မကို ငါသုံးဆောင်တော်မမူ" ဟူ၍ မိန့်တော်မူပြီးမှ "အချင်းရသေ့- အသင်သာလျှင် အာမဂန္ဓကို လျှောက်သည်မဟုတ်၊ ရှေးသောအခါ တိဿမည်သော ပုဏ္ဏားသည် ကဿပဘုရားသခင်အား ဤအာမဂန္ဓတရားကို လျှောက်၍ ဘုရားသခင် ပြေတော်မူရဖူးပြီ၊ သင် သိလိုမူကား ကောင်းစွာ မှတ်နာလော့။ ငါဟောအံ့" ဟု မိန့်တော်မူ၍ —

ပါဏာတိပါတော ဝဓဆေဒနဗန္ဓံ၊ ထေယျံ မုသာဝါဒေါ နိကတိ ဝဉ္စနာနိ စ။
အဇ္ဈေနကုတ္တံ ပရဒါရသေဝနာ၊ ဧသာမဂန္ဓော န ဟိ မံသဘောဇနံ။

ယေ ဣဓ ကာမေသု အသညတာ ဇနာ၊ ရသေသု ဂိဒ္ဓါ အသုစိဘာဝမဿိတာ။
နတ္ထိကဒိဋ္ဌီ ဝိသမာ ဒုရန္နယာ၊ ဧသာမဂန္ဓော န ဟိ မံသဘောဇနံ။

အစရှိသော ၁၂-ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော အာမဂန္ဓသုတ်ကို ဟောတော်မူသည်။

အနက်ကား။ ။ဗြာဟ္မဏ၊ တိဿပုဏ္ဏား။ ပါဏာတိပါတော စ၊ သူ၏အသက်ကို သတ်ခြင်းသည်လည်းကောင်း။ ဝဓဆေဒနဗန္ဓံ၊ သတ္တဝါတို့အား လှံကန်စသည်ဖြင့် ပုတ်ခတ်ခြင်း, လက်ခြေအင်္ဂါကိုဖြတ်ခြင်း, ထိပ်ကြိုးစသည်ဖြင့် နှောင်ဖွဲ့ခြင်းသည်လည်းကောင်း။ ထေယျံ၊ ခိုးဝှက်ခြင်းလည်းကောင်း။ မုသာဝါဒေါ စ၊ မဟုတ်မမှန်သောစကားကိုဆိုခြင်းလည်းကောင်း။နိကတိ စ၊ စဉ်းလဲ စဉ်းစားပြုခြင်းလည်းကောင်း။ ဝဉ္စနာနိ စ၊ ချိန်တင်း အသပြာတို့ဖြင့် လှည့်ပတ်ခြင်းလည်းကောင်း။ အဇ္ဈေနကုတ္တဥ္စ၊ အကျိုးမဲ့သော အတတ်ကို သင်ခြင်းလည်းကောင်း။ ပါရူးစေ မိုက်စေ သေစေတတ်သောအတတ်ကို ပြုခြင်းလည်းကောင်း။ ပရဒါရသေဝနာ စ၊ သူတပါး၏ မယားကို ပျော်ပါးမှီဝဲခြင်းလည်းကောင်း။ ဧသ-ဧသော၊ ဤဆယ်မျိုးသော အယုတ်တရားကို ကျင့်ခြင်းသည်။ အာမဂန္ဓော၊ ညှီနံညှော်လှောင်း မကောင်းသော ဆိပ်နံ့ စိမ်းနံ့ အပုပ်နံ့မည်၏။ မံသဘောဇနံ၊သားငါးတည်းဟူသော ဘောဇဉ်သည်။ န ဟိ အာမဂန္ဓော၊ ဆိပ်နံ့စိမ်းနံ့ ပုပ်နံ့ မဟုတ်။

ဣဓ၊ ဤလောက၌၊ ယေ ဇနာ၊အကြင်သူတို့သည်။ကာမေသု၊အမိ အရီး အမကြီး အစရှိသော ကာမဂုဏ်တို့၌။ အသညတာ၊ မစောင့်စည်းကုန်။ ရသေသု၊ ရသာရုံတို့၌။ ဂိဒ္ဓါ၊ မက်မောကုန်၏။ အသုစိဘာဝံ၊ မိစ္ဆာဇီဝတည်းဟူသော မစင်ကြယ်သောအဖြစ်ကို။ အဿိတာ၊ မှီကုန်၏။ နတ္ထိကဒိဋ္ဌီ၊ ဘဝတပါးကူးခြင်းမရှိ ဟူ၍ မှားသော အယူရှိကုန်၏။ ဝိသမာ၊ မညီညွတ်သော ကာယကံစသည်ရှိကုန်၏။ ဒုရန္နယာ၊ မိမိ၏ အယူကို မြဲစွာစွဲသောကြောင့် စွန့်ခဲကုန်၏။ တေသံ၊ ထိုသူတို့၏။ ဧသ ဧသော၊ ဤခြောက်ပါးသော အမူအကျင့်သည်။ အာမဂန္ဓော၊ မကောင်းသော ဆိပ်နံ့ စိမ်းနံ့ အပုပ်နံ့တည်း။ မံသဘောဇနံ၊ သားငါးတည်းဟူသော ဘောဇဉ်သည်။ န ဟိ အာမဂန္ဓော၊ ဆိပ်နံ့ စိမ်းနံ့ ပုပ်နံ့ မဟုတ်။

ယေ၊ အကြင်သူတို့သည်။ လူခရသာ၊ ခေါင်းပါးသော ရသရှိကုန်၏။ ဝါ-ကိုယ်ပင်ပန်းအောင် အစားရှောင်၍ ကျင့်ကုန်၏။ ဒါရုဏာ၊ကြမ်းတမ်းကုန်၏။ ပရပိဋ္ဌိမံသိကာ၊ သူတပါးတို့၏ ကျောက်ကုန်းသားကို စားသကဲ့သို့ ဖြစ်ကုန်၏။ မိတ္တဒ္ဒုနော၊ အဆွေခင်ပွန်းတို့အား ပြစ်မှားကုန်၏။ နိက္ကရုဏာ၊ သနားခြင်းကင်းကုန်၏။ အတိမာနိနော၊ အလွန်မာန်မူခြင်းရှိကုန်၏။ အဒါနသီလာ၊ မပေးကမ်းသော အလေ့ရှိကုန်၏။ ယာစိတာပိ၊ တောင်းကုန်သော်လည်း။ ကဿစိ၊ တစုံတယောက်။ သောသူအား။ကိဉ္စိ၊ စိုးစဉ်းကိုမျှ။ န ဒေန္တိ၊ မပေးကုန်၊ ဧသ ဧသော၊ ဤငါးပါးသောအကျင့်သည်။ အာမဂန္ဓော၊ မကောင်းသော ဆိပ်နံ့ စိမ်းနံ့ အပုပ်နံ့တည်း။ မံသဘောဇနံ၊ သားငါးဘောဇဉ်သည်။ န ဟိ အာမဂန္ဓော၊ ဆိပ်နံ့ စိမ်းနံ့ ပုပ်နံ့ မဟုတ်။

ဤသို့ ပုဂ္ဂလာဓိဋ္ဌာန ဒေသနာနည်းကို ဟောပြီး၍ ဓမ္မာဓိဋ္ဌာနဒေသနာနည်းအားဖြင့် ညွှန်ကြားတော်မူခြင်းငှါ "ကောဓော မဒေါ စ ထမ္ဘော စ" အစရှိသောဂါထာကို ဟော[illegible]တော်မူပြန်[illegible]သည်။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ကောဓော၊ အမျက်ထွက်ခြင်း။ မဒေါ၊ မာန်ယစ်ခြင်း။ ထမ္ဘော၊ ခက်ထန်ခိုင်မာခြင်း။ပစ္စုပဋ္ဌာနာ၊ ဆန့်ကျင်ဘက်ပြု၍ တည်ခြင်း။မာယာ၊လှည့်ပတ်ခြင်း။ဥဿူယာ၊ သူတပါးတို့၏ စည်းစိမ်ချမ်းသာ လာဘ်များစွာကို ငြူစူခြင်း။ ဘဿသမုဿယော၊ စကားအလွန် ထောင်လွှားခြင်း။ မာနာတိမာနော၊ အလွန်မာန်မူခြင်း။ အသဗ္ဘိသန္ထဝေါ၊ သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းဖော်ခြင်း။ ဧသ-ဧသော၊ဤကိုးပါးသော တရားအစုသည်။ အာမဂန္ဓော၊ မကောင်းသော ဆိပ်နံ့ စိမ်းနံ့ အပုပ်နံ့ တည်း။ မံသဘောဇနံ၊သားငါးဘောဇဉ်သည်။ န ဟိ အာမဂန္ဓော၊ ဆိပ်နံ့ စိမ်းနံ့ ပုပ်နံ့ မဟုတ်။

ဤဂါထာဖြင့် ဓမ္မာဓိဋ္ဌာန်နည်းကိုပြပြီး၍ တဖန် ပုဂ္ဂလာဓိဋ္ဌာန်နည်းဖြင့် ပြတော်မူခြင်းငှါ "ယေ ပါပသီလာ" စသော သုံးဂါထာတို့ကို ဟောတော်မူသတည်း။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယေ၊ အကြင်သူတို့သည်။ ပါပသီလာ၊ ယုတ်မာသော အလေ့ရှိကုန်၏။ ဣဏဃာတသူစကာ၊ သူ့မြီကိုယူ၍ မပေးသဖြင့် ဖျောက်ဖျက်ခြင်း, ချောပစ်သော စကားကို ဆိုခြင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဓ၊ ဤလောက၌။ ဝေါဟာရကူဋ္ဌာ၊ဥစ္စာရှင်ကိုရှုံးစေလျက် စဉ်းလဲသော တရားဆုံးဖြတ်ခြင်း ရှိကုန်၏။ ပါဋိရူပိကာ၊ ဒုဿီလ ဖြစ်လျက် သုသီလတို့၏ အတုအယောင်ကို ဆောင်ကုန်၏။ ဣဓ၊ဤလောက၌၊ယေ စ နရာ ဓမာ၊အကြင်သူကြမ်းတို့သည်လည်း။ ကိဗ္ဗိသံ၊ ရုန့်ရင်းသော မကောင်းမှုကို။ ကရောန္တိ၊ ပြုကုန်၏။ တေသံ၊ ထိုသူတို့၏။ ဧသ-ဧသော၊ ဤခြောက်ပါးသောအကျင့်သည်။အာမဂန္ဓော၊ မကောင်းသော ဆိပ်နံ့ စိမ်းနံ့ အပုပ်နံ့ တည်း။

ယေ ဇနာ၊ အကြင်သူတို့သည်။ ဣဓ၊ ဤလူ့ရွာ၌။ ပါဏေသု၊သတ္တဝါတို့၌။အသံယတာ၊ အလိုရှိတိုင်း သတ်သည်ဖြစ်၍ မစောင့်စည်းကုန်။ ပရေသံ၊ သူတပါးတို့၏။ သန္တကံ၊ဥစ္စာကို။ အာဒါယ၊ ယူပြီး၍။ တေသံ၊ ထိုဥစ္စာရှင်တို့အား။ ဝိဟေသသာ၊ ညှဉ်းဆဲခြင်းကို။ ဥယျုတ္တာ၊ လုံ့လပြုကုန်၏။ ဒုဿီလလုဒ္ဒါ၊ သားငါး စသည်ကို သတ်သဖြင့် ရက်ရောကြမ်းကြုတ်ကုန်၏။ ဖရုသာ၊ ကြမ်းသော စကားရှိကုန်၏။ အနာဒရာ၊ ရိုသေခြင်းကင်းကုန်၏။ ဧသ-ဧသော၊ ဤခြောက်ပါးသော အကျင့်သည်။ အာမဂန္ဓော၊ မကောင်းသော ဆိပ်နံ့ စိမ်းနံ့ အပုပ်နံ့ မည်၏။

ယေ ဇနာ၊ အကြင်သူတို့သည်။ ဧတေသု၊ ဤသတ္တဝါတို့၌။ ဂိဒ္ဓါ၊ လောဘဖြင့် မက်မောကုန်၏။ ဝိရုဒ္ဓါ၊ ဒေါသဖြင့် ဆန့်ကျင်ကုန်၏။ အတိပါတိနော၊မောဟဖြင့်အဖန်တလဲလဲ လွန်ကျူးခြင်းသို့ ရောက်ကုန်၏။ နိစ္စုယျုတ္တာ၊ အကုသိုလ်ကို အဖန်တလဲလဲ လုံ့လပြုကုန်၏။ ပေစ္စ၊တမလွန်ဘဝ၌။ တမံ၊ အမိုက်သို့။ ဝဇန္တိ၊သွားရကုန်၏။ နိရယံ၊ အဝီစိ အစရှိသော ငရဲကြီးရှစ်ရွာသို့။ အဝံသိရာ၊အောက်သို့ညွှတ်သော ဦးခေါင်းရှိကုန်လျက်။ ပတန္တိ၊ကျကုန်၏။ တေသံ သတ္တာနံ၊ ထိုသတ္တဝါတို့၏။ ဧသ-ဧသော၊ ဤအမိုက်သို့သွားခြင်း, ငရဲလားခြင်း၏ အကြောင်းဖြစ်သော အကုသိုလ်ဓမ္မသည်။ အာမဂန္ဓော၊ မကောင်းသော ဆိပ်နံ့ စိမ်းနံ့ ပုပ်နံ့ မည်၏။ မံသဘောဇနံ၊သားငါးဘောဇဉ်သည်။ န ဟိ အာမဂန္ဓော၊ ဆိပ်နံ့ စိမ်းနံ့ အပုပ်နံ့ မဟုတ်သည်သာတည်း။

ဗြာဟ္မဏ၊ ပုဏ္ဏား။ အမစ္ဆမသနာ၊ အမဲငါးကို မစားခြင်းသည်။ အဝိတိဏ္ဏကင်္ခံ၊ မကူးမြောက်သော ယုံမှားခြင်းရှိသော။ မစ္စံ၊ သတ္တဝါကို။ န သောဓေတိ၊ မစင်စေနိုင်။ အနာသကတ္တံ၊ အစာမစားသော အဖြစ်သည်လည်း။ န သောဓေတိ၊ မစင်စေနိုင်။ နဂ္ဂိယံ၊ အဝတ်မဆည်းအချည်းနှီးသော အဖြစ်သည်လည်း။ န သောဓေတိ၊ မစင်စေနိုင်။ မုဏ္ဍိယံ၊ ဦးပြီးရိတ်သော အဖြစ်သည်လည်း။ န သောဓေတိ၊ မစင်စေနိုင်။ ဇဋ္ဌာရဇောဇလ္လံ၊ ဆံကျစ်၌မြူကပ်အောင်နေသောအဖြစ်

သည်လည်း။ နှ သောခေတိ၊ မစင်စေနိုင်။ ခါရာဇိနာနိ စ၊ ရသေ့ပရိက္ခရာသစ်နက်ရေတို့သည်လည်း။နှ သောခေန္တိ၊ မစင်စေနိုင်ကုန်။ အဂ္ဂိဟုတ္တဿုပသေဝနာ ဝါ၊ မီးကို လုပ်ကျွေးခြင်းတို့သည်လည်း။ နှ သောခေန္တိ၊မစင်စေနိုင်ကုန်။ ယေ ဝါပိ၊ အကြင်သို့သဘောရှိသည်သည်းဖြစ်ကုန်သော။ အမရာ၊မသေသောအဖြစ်ကို တောင့်တကုန်သော အကျင့်တို့သည်လည်းကောင်း။ မန္တာ စ၊ ဗေဒင်တို့သည်လည်းကောင်း။ အာဟုတိ စ၊ မီးပူဇော်ခြင်းသည်လည်းကောင်း။ ယညဉ္စ၊ ယဇ်သည်လည်းကောင်း။ ဥတုသေဝနာ စ၊ ဥတုကိုမှီဝဲခြင်းတို့သည်လည်းကောင်း။ တောနိပိ၊ ထိုအလုံးစုံသော အကျင့်တို့သည်လည်း။ အဝိတိဏ္ဏကင်္ခံ၊ မကူးမြောက်သော ယုံမှားခြင်း ရှိသော။ မစ္စံ၊ သတ္တဝါကို။ နှ သောခေတိ၊ မစင်စေနိုင်။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ယော နရော၊ အကြင်သူသည်။ တေသု၊ထိုညှိနံ့ညှော်လှောင်း မကောင်းမှုတရားတို့၌။ ဂုတ္တော၊ လုံခြုံစွာ စောင့်သည်ဖြစ်၍။ ဝိရတ်န္ဒြိယော၊ ကြည်အေးပ်သော ဣန္ဒြေရှိသည်ဖြစ်၍။ စရေ၊ ကျင့်ရာ၏။ ဓမ္မေ၊ သစ္စာလေးပါးတရား၌။ ဌိတော၊ အရိယာမဂ်ဖြင့်တည်၏။ အဇ္ဇဝ မဒ္ဒဝေ၊ ဖြောင့်သောသူ နူးညံ့သောသူ၏အဖြစ်၌။ ရတော၊ မွေ့လျော်၏။ သင်္ဂါတိဂေါ၊ ကပ်ငြိတတ်သော ရာဂစသည်ကိုလွန်၏။ သဗ္ဗဒုက္ခပဟီနော၊ ခပ်သိမ်းသော ဝဋ်ဒုက္ခကိုပယ်၏။ သော၊ ထိုသူသည်။ ဓီရော၊ အရဟတ္တဖိုလ် ပညာရှိသည်ဖြစ်၍။ ဒိဋ္ဌသုတေသု၊ မြင်အပ်ကြားအပ်သော အာရုံတို့၌။ နှ လိမ္ပတိ၊ မလိမ်းကျံ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ကဿပမြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။

ဤသို့ အာမဂန္ဓရသေ့အား ဟောတော်မူသော ဒေသနာကိုထောက်၍ ပုဂ္ဂလာဓိဋ္ဌာန်, ဓမ္မာဓိဋ္ဌာန်ရောသောအားဖြင့် ၄၂-ပါးသော တရားတို့သည် ပစ္စုပ္ပန်ဘေး တမလွန်ဘေးတည်းဟူသော မီးသည် ညီးညီးပြောင်ပြောင် ရှိန်ရှိန်လောင်တတ်သော စိမ်းစော်နံတရား မည်ကုန်၏။(သုတ္တနိပါတ်ပါဠိတော်)။

''အိမ်း''ကာရန်ပုစ္ဆာ ၆-ပုဒ် အဖြေပြီး၏။

ရှေးအဖြေစာ၌ကား မဟော်ရန်ငြိမ်း တပုဒ်သာပါသည်။

---

(၁၃) ''အတ်'' ကာရန် ပုစ္ဆာ ၁၂၂-ပုဒ် အဖြေ

၃၃၉။ တရားအမြတ်၊ဟောတုံလတ်၊နှတ်ဘယ်နားဖြင့် နာသနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—ပကတိသော ဒိဗ္ဗသောတဖြင့်သာ နာ၏၊ ဒိဗ္ဗသောတမည်သော အဘိညာဉ်ဖြင့်မနာ။ နှုတ်တို့၏ ပြဆဲသော နားသည် အကယ်မျ[illegible] ကြားသနည်း ဟူငြားအံ့၊ ရှေးကောင်းမှု၏ အကျိုးဖြစ်သော တန်ခိုးအားလျော်စွာ [illegible] ဘာသိညာဉ်ကဲ့သို့ ဝေးစွာသော အရပ်ကပင် ကြား၏။

ထို့ကြောင့် ပါရာဇိကကဏ်အဋ္ဌကထာ၌—

ဒေဝတာနံ ဟိ သုစရိတကမ္မနိဗ္ဗတ္တံ ပိတ္တသေမှရုဟိရာဒီဟိ အပလိ ဗုဒ္ဓံ ဥပက္ကိလေသဝိမုတ္တတာယ ဒူရေပိ အာရမ္မဏံ သမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗံ ပသာဒစက္ခု ဟောတိ။ တထာ ဒိဗ္ဗသောတဍ္ဍ။

ဟူ၍ လာသည်။

ဟိ သစ္စံ၊ မှန်၏။ ဒေဝတာနံ၊ နတ်တို့အား။ သုစရိတကမ္မနိဗ္ဗတ္တံ၊ ကောင်းစွာကျင့်အပ်သောကံကြောင့်ဖြစ်သော။ ပိတ္တသေမှရုဟိရာဒီဟိ၊ သည်းခြေ, သလိပ်, သွေးစသည်တို့ဖြင့်။ အပလိဗုဒ္ဓံ၊ မလိမ်းကျံသော။ ဥပက္ကိလေသဝိမုတ္တတာယ၊ ညစ်ညူးခြင်းမှ လွတ်သည်၏အဖြစ်ကြောင့်။ ဒူရေပိ အာရမ္မဏံ၊ အဝေး၌ဖြစ်သော အာရုံကိုလည်း။ သမ္ပဋိစ္ဆနသမတ္ထံ၊ ခံခြင်းငှါစွမ်းနိုင်သော။ ဒိဗ္ဗပသာဒစက္ခု၊ နတ်၌ဖြစ်သော ပသာဒစက္ခုသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထို့အတူ။ ဒိဗ္ဗပသာဒသောတဍ္ဍ၊ နတ်၌ဖြစ်သော ပသာဒသောတသည်လည်း။ ဟောတိ၊ ဖြစ်၏။

၃၄၀။ မေထုန်သုံးသတ်၊ ရဟန်းမြတ်၊ အာပတ်မသင့် ဘယ့်ကြောင့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အဇာနန္တကြောင့်လည်း အာပတ်မသင့်။

အသာဒိယန္တကြောင့်လည်း အာပတ်မသင့် ဟူပေ။

သရုပ်ကား။ ။တရံသောအခါ တဦးသောရဟန္တာပုဂ္ဂိုလ်သည် ဘဒ္ဒိယမြို့၏အနီး ယင်းတိုက်တောကြီး၌ နေသန့်သည်ဖြစ်၍ တခုသော သစ်ပင်အောက်၌ အိပ်ပျော်၏။ထိုရဟန်း၏အင်္ဂါဇာတ်သည် လေခတ်သည်ဖြစ်၍ ခိုင်မာခြင်းသို့ ရောက်၏။ ထိုအခါ တယောက်သော တောလယ်မိန်းမမြင်လတ်၍ ဝပ်သောစိတ်ရှိရကား ထိုရဟန်း၏အထက်၌ စွပ်ထိုင်၍ အလိုရှိတိုင်ပြုပြီးမှ ဖဲလေ၏။ ရဟန်းသည် နိုးလတ်၍ မိမိအင်္ဂါဇာတ်ကိုကြည့်လတ်သော် သုက်အလိမ်းလိမ်း ကပ်သည်ကိုမြင်၍ လျှင်စွာလာပြီးသော် ဘုရားသခင်အား ကြားလျှောက်၏။

ထိုအခါ ဘုရားသခင်လည်း ဤသို့မိန့်တော်မူ၏"ချစ်သားရဟန်းတို့- အင်္ဂါဇာတ် ခိုင်မာခြင်း၏အကြောင်းကား ငါးပါးတည်း။ ငါးပါးဟူသော်ကား....

ရာဂစိတ်ကြောင့်လည်းကောင်း,

ကျင်ကြီးသွားလိုသောကြောင့်လည်းကောင်း,

ကျင်ငယ်သွားလိုသောကြောင့်လည်းကောင်း,

အင်္ဂါကြီးငယ်သို့ လေခတ်သောကြောင့်လည်းကောင်း,

အမွေးများသောပိုး ခဲသောကြောင့်လည်းကောင်း

ဤငါးပါးသော အကြောင်းတို့တွင် တပါးပါးကြောင့် ခိုင်မာခြင်းသည် ဖြစ်၏။

ထိုငါးပါးတို့တွင် အကြင်ကိလေသာကုန်ပြီးသော ရဟန္တာတို့အား ရာဂစိတ်ဖြင့် အင်္ဂါဇာတ် ခိုင်မာခြင်းသည် မရှိ။ အကြင်း ၄-ပါးကြောင့်သာ ခိုင်မာသင့်ရကား ခိုင်မာရာ၌ သူတပါးလာ၍ စွပ်သဖြင့် သုံးသတ်မှီဝဲငြားသော်လည်း ရာဂဖြင့် သာယာခြင်း မရှိ။ ထိုသို့ မသာယာသော်လည်းကောင်း, မသိလိုက်သော်လည်းကောင်း အာပတ်မသင့်သည်သာတည်း....”ဟူ၍ ပါရာဇိကဏ် ပါဠိတော်၌ ဟောတော်မူသည်။

ရှေးအဖြေစာဟောင်း၌ကား....

မေထုနံ ဓမ္မံ ပဋိသေဝိဿာမိတိ မာတုဂါမံ ဂဏှိတွာ မေထုနေ ဝိရဇ္ဇိတွာ ဝိပ္ပဋိသာရီ ဟောတိ။ ဒုက္ကဋမေဝဿ ဟောတိ။

ဟူသော အဋ္ဌကထာကို ဆောင်၍ အကြင်ရဟန်းသည် မေထုန်မှီဝဲအံ့ဟု မာတုဂါမကို ဆွဲလှဲကိုင်ငင်၏၊ မိန်းမသည် ရုံးထွက်သောကြောင့် မပြုဖြစ်ပဲ ချွတ်လွဲရာ၌ ပါရာဇိကမသင့်ပဲ ဒုက္ကဋ်သင့်သည်ကို ရည်၍ မေးသည်ဟု ဖြေ၏။

တချက်လည်း....အိပ်မက်တွင် မေထုန်မှီဝဲသော ရဟန်းအား အာပတ်မသင့်သည်ကို ရည်၍ မေးသည်-ဟု ဖြေ၏။ ပုစ္ဆာနှင့် မဆိုင်ချေ။

၃၄၁။ ပစ္စည်းနှင့်ဓာတ်၊ ရှုတ်ရှက်ခတ်၊ သကတ်ဘယ်သူ ရသနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....တခုတခုသော နိပ္ဖန္နရုပ်၏ အနက်သည် သကတ် ဒြပ်,လိင်,သချ်ာ,ကာရကအားဖြင့် ငါးပါးရှိ၏။ ထိုတွင်-

ဓာတ်၏အနက်သည် သကတ်မည်၏။

ပစ္စည်း၏ အနက်သည် ဒြပ်မည်၏။

ပုဒ်ဗျည်း၏ အနက်သည် လိင်မည်၏။

ဝိဘတ်၏ အနက်သည် သချ်ာလည်း မည်၏။ ကာရကလည်း မည်၏။

ထိုကြောင့် ဉာသအကောက် စသည်တို့၌-

“သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ”ဟု ဝနေတ်ပြု၍ ဗုဒ္ဓေါ- ကား ဗုဓ-ဓာတ် တ-ပစ္စည်း။ ဗုဓ-ဓာတ်၏ အရကား အလုံးစုံသောတရားကို သိစွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်တော်သည် မုချအားဖြင့်ရ၏။ ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့သည် ဖလူပစာရတ္တ အားဖြင့်ရ၏။ အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ဒေသနာဉာဏ် စသော နောက်နောက်သော ဉာဏ်တော် တို့သည် ကာရဏူပစာရတ္တ အားဖြင့် ရ၏။ တ-ပစ္စည်း၏အရကား ထိုမုချ, ဖလူ, ကာရဏူပစာရတ္တ တို့ဖြင့် မှတ်အပ်သော ခန္ဓာပဥ္စက သန္တာန်ကိုစွဲ၍ “ဘုရား” ဟု သမုတ်အပ်သော သဗ္ဗာသန္တာနပညတ် ဒြပ်ဂိုဏ်သော ရ၏ .. ဟူ၍ ကောက်တော်မူ၏။ ထို့ကြောင့် ဓာတ်နက်သာလျှင် သကတ်ဖြစ်၏ ဟူ၍ မှတ်။

၃၄၂။ သဒ္ဒါကျမ်းမြတ်၊ စွဲစမှတ်၊ အန္တတ္ထမျိုး ဘယ်မျှနည်း။ (၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အတ္ထ ဝါကျသို့ အစဉ်လိုက်သော အန္တတ္ထသဒ္ဒါ,

ဝိဂ္ဂဟ ဝါကျသို့ အစဉ်လိုက်သော အန္တတ္ထသဒ္ဒါအားဖြင့် နှစ်ပါးရှိ၏။ ထိုတွင် "ကိလေသေဟိ အာရကာတိ အရဟံ"အစရှိသည်၌ အရဟံ သဒ္ဒါသည် အတ္ထဝါကျသို့ အစဉ်လိုက်သော အန္တတ္ထသဒ္ဒါမည်၏။

"ပူဇာဝိသေသံ ပဋိဂ္ဂဏှို တုံ အရဟတီတိ အရဟံ"စသည်တို့၌ အရဟံသဒ္ဒါသည် ဝိဂ္ဂဟဝါကျသို့ အစဉ်လိုက်သော အန္တတ္ထသဒ္ဒါ မည်၏။ ထို့ကြောင့် နှစ်ပါးရှိ၏ ဟူပေ။

၃၄၃။ အန္တတ်ဗာဟျတ်၊ ရှိတုံလတ်၊ ဓာတ်ကား ဘယ်သို့ ရသနည်း။ (၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အာချာတေ ဓာတွတ္ထော႒န္တတ္ထော၊ တျာဒျတ္ထော ဗာဟျတ္ထော မတော။
ဂစ္ဆတိ ပစတေ တျာဒိ၊ အာချာတေသု ပါယန္ဓယော။

ဓာတွတ္ထော ဝဏ္ဏတ္ထော နာမ၊ ကိတေ ပစ္စယတ္ထော ပန။
ဗာဟျတ္ထောတွေဝ ဝိညေယျော၊ ပစိတောတိ နိဒဿနံ။

ဟူ၍ သဒ္ဒဝုတ္တိ၌ မိန့်သည်နှင့်အညီ အာချာတ်ပုဒ်၌....ဓာတ်၏ အနက်ကို အန္တတ္ထ။တိ-အစရှိသော ဝိဘတ်၏ အနက်ကို ဗာဟျတ္ထဟူ၍ သိအပ်၏။

ကိတ်ပုဒ်၌... ဓာတ်၏ အနက်ကို အန္တတ္ထ။ ပစ္စည်း၏ အနက်ကို ဗာဟျတ္ထဟူ၍ သိအပ်၏။ ဤသို့ မိန့်သည်ကို ထောက်၍ ဓာတ်ကား အန္တတ်ကိုရ၏ ဟူ၍မှတ်။

၃၄၄။ မင်း၏သားမြတ်၊ အိမ်ရှေ့မှတ်၊ သမာသ် အမည် ဘယ်သို့နည်း။ (၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ယုတ္တသမာသ်, အယုတ္တသမာသ် အားဖြင့် ၂-ပါးတွင် ဤ"ရာဇပုတ္တော"ဟူသော သမာသ်သည် စပ်အပ်သော ပုဒ်နှင့် စပ်သောကြောင့် "ယုတ္တသမာသ်"မည်၏။

လုတ္တသမာသ်, အလုတ္တသမာသ် အားဖြင့် ၂-ပါးတွင် ... ရာဇ ပုဒ်နောင် ဆဋ္ဌီဝိဘတ် ကျေသောကြောင့် "လုတ္တသမာသ်"မည်၏။

နိစ္စသမာသ်, အနိစ္စသမာသ် အားဖြင့် ၂-ပါးတွင်.... ရာဇပုတ္တော–ဟူ၍ လည်းကောင်း,ရညော ပုတ္တောဟူ၍ လည်းကောင်း သမာသ်, ဝါကျ နှစ်ပါးစုံ ၎်သောကြောင့် "အနိစ္စသမာသ်"မည်၏။

သဒ္ဒသမာသ်,အတ္ထသမာသ်, သဒ္ဒတ္ထသမာသ် အားဖြင့် ၃-ပါးတွင် ဤ "ရာဇပုတ္တော"သည် အနက်လည်းစပ် ဆဋ္ဌီ ဝိဘတ်လည်း ကျေသောကြောင့် "သဒ္ဒတ္ထသမာသ်"မည်၏။

သုဒ္ဓတပ္ပုရိသ် ၆-ပါးတို့တွင်.... ရှေ့ပုဒ် ဆဋ္ဌီဝိဘတ် ကျေသောကြောင့် "ဆဋ္ဌီတပ္ပုရိသ်"သမာသ် မည်၏။ ဤသို့ အမည်ငါးပါးဖြစ်သင့်၏။

"အိမ်ရှေ့မှတ်"ဟူ၍ ဆိုရာ၌ ဥပရာဇပုဒ်ကို လိုအပ်ရကား.... "ရာဇာယ ဥပလက္ခိတာ ဥပ-ရာဇာ"ဟုပြု။ ရာဇာယ၊ မင်းအလိုငှာ။ ဥပလက္ခိတာ၊ မှတ်အပ်သည်တည်း။ ဥပရာဇာ၊ မင်း အလိုငှာမှတ်အပ်သည်။ ဤသို့ပြုသင့်သောကြောင့် အဗျယီဘာဝသမာသ် ဟုမှတ်။

၃၄၅။ နပုံးကေတ်၊ ငဲ့မြဲမှတ်၊ ဆတ်ဆတ် ဘယ်ဒိဂုတွင်နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သမာဟာရဒိဂု,အသမာဟာရဒိဂု အားဖြင့် ၂-ပါးတို့တွင် နပုံးကေတ်ငဲ့၍ ကေဝုစ်ဝိဘတ် အဆုံးရှိသော ဒိဂုသည် သမာဟာရ ဒိဂုမည်၏။ ပြယုဂ်ကား– "တယော လောကာ တိလောကံ" အစရှိသည်တည်း။

နပုံးကေတ် မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသော ဒိဂုသမာသ်သည် အသမာဟာရ ဒိဂုသမာသ် မည်၏။ ပြယုဂ်ကား "ပဉ္စိန္ဒြိယာနိ"အစရှိသည်တည်း။

တနည်းကား.... ကေဘာဝီ ဒိဂု, အနေကဘာဝီ ဒိဂု အားဖြင့် ၂-ပါးရှိ၏။ ထိုတွင် သမာဟာရ ဒိဂုသည် "ကေဘာဝီ ဒိဂု"မည်၏။ အသမာဟာရ ဒိဂုသည် "အနေကဘာဝီ ဒိဂု"မည်၏။

၃၄၆။ ဓိပ္ပာယ်သိတတ်၊ ကျမ်းအာချတ်၊ ဘယ်ခေတ် ဘယ်ပစ္စည်းတို့နည်း။ (၈)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

"အက္ခာယိတဗ္ဗောတိ အက္ခာတော"

ယံ·ကိရိယံ၊ အကြင်ကိရိယာကို။ အက္ခာယိတဗ္ဗော၊ ဟောအပ်၏။ ဣတိ၊ ထို့ကြောင့်၊ ယံကိရိယံ၊ ယိုကိရိယာသည်၊ အက္ခာတော၊ အက္ခာတ၊ မည်၏။ကမ္မသာဓန ကိတ်ဝိဂ္ဂိုဟ်၊ အက္ခာတော၊ တပစ္စည်း။

ဤ ခေတ်၏အရ ဂ တ္တဗ္ဗကိရိယာကား ဝေဖိဘာသဒ္ဒသည် မှချအားဖြင့် ရ၏။ ကမ္မ ... ငါးကား ပရိယတ္တိမေ့၏ ဥပါ်သည် ကာရကရူပစာရတ္တ အားဖြင့် ရ၏။ တနည်း၏ ... မှချ, ကာရကရူပစာရတ္တတို့ဖြင့် မှတ်အပ်သော ကိရိယာအပေါင်းရ၏။

"အာချာယိတဗ္ဗောတိ အာချာတော"

ယံ ကိရိယံ၊ အကြင်ကိရိယာကို။ အာချာယိတဗ္ဗော၊ ဟောအပ်၏။ ဣတိ၊ ထို့ကြောင့်။ တံ-ကြိယံ၊ ထိုကိရိယာသည်။ အာချာတော၊ အာချာတမည်၏။ အာ· ရှေးရှိသော ချာဓာတ်, တ·ပစ္စည်း။ အရကောက်ကား ရှေးနည်း။

ဤသို့ ဓာတ်ပစ္စည်းကို ဝေဖန်၍ သိအပ်၏ ဟူပေ။

၃၄၇။ ဝိဂြိုဟ်ထောက်လတ်၊ သညသတ်၊ နာမ်ဇာတ် အချို့ရှိလိမ့်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နတ္ထိ သညာ ဧတေသန္တိ အသညာ၊ အသညာဧဝ သတ္တာ အသညသတ္တာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ သညာ၊ သညာသည်။ ဝါ–သိတတ်သောနာမ်တရားသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ထို့ကြောင့်၊ အသညာ၊ အသညာမည်၏။အသညာဧဝ၊ သညာမရှိသော ရုပ်တရားသည် သာလျှင်။ သတ္တာ၊ သတ္တဝါတည်း။ အသညသတ္တာ၊ သညာမရှိသော ရုပ်တရားသည်သာလျှင် သတ္တဝါ။

ဤ၌ သညာကိုသာ ပဓာနပြု၍ဆိုသည်။ အလုံးစုံသော နာမ်တရားပင် မရှိ။ ထို့ကြောင့် ဋီကာ၌ "သညာသီသေန ပနေတ္ထ သဗ္ဗနာမာနံ ဂဟိတာ" ဟူ၍ မိန့်၏။

တနည်းလည်း...သညာသဒ္ဒါသည် သိတတ်သော နာမ်တရားအလုံးစုံကို ဟော၏။ ထို့ကြောင့် – အချို့သောနာမ်မျှ မကျန် မရှိ ဟူပေ။

၃၄၈။ နာမ်နှင့်အာချာတ်၊ ယှက်တုံလတ်၊ သမာသ် ပြယုဂ်ဘယ်သို့နည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အဟောသိဝေ ကမ္မံ အဟောသိကမ္မံ။
အနညာတညဿာမီတိန္ဒြိယံ....ဟူသည်တို့တည်း။

ဤ၌ "အနညာတံ ဉဿာမီတိ ဣန္ဒြိယံ အနညာတညဿာမီတိန္ဒြိယံ" ဟူ၍တွဲ။ ဉဿာမိ–ပုဒ်သည် ဉာ–ဓာတ်, ဿာမိဝိဘတ်ဖြစ်၍ အာချာတ်ပုဒ် မဟုတ်လော။ အာချာတ်ဖြစ်လျက် သမာသ် စပ်ခဲ့သော် "နာမာနံ သမာသော ယုတ္တတ္ထော" ဟူသောသုတ်နှင့် မဆန့်ကျင်ပြီလော ဟူငြားအံ့။ ဤသုတ်ကား ယေဘုယျကိုသာ ရည်သည်။ အပ္ပကအားဖြင့် အာချာတ်နှင့်လည်း သမာသ်ဖြစ်သေး၏ ဟူ၍ ဓာတ်စိဆရာကြီးတို့ ဆို၏။

ထိုစကားသည် မသင့်၊ ဘယ့်ကြောင့်နည်း ဟူမူကား – ကစ္စည်း ဆရာပင် "နာမာနမိတိ ကိမတ္ထံ" စသည်ဖြင့် အာချာတ်နှင့် သမာသ် ဖြစ်ကြောင်းကို မြစ်တော်မူပြီး ဖြစ်သောကြောင့်တည်း။

သဒ္ဒနီတိ ဆရာတော်ကား....အာချာတ်ပုဒ်နောင် ဣတိ–သဒ္ဒါ, ငေ–သဒ္ဒါကျေးရ တို့၌ ထိုဣတိ ဝေ–ဟူသော နိပါတ်တို့နှင့် သမာသ်ဖြစ်၏ဟုမိန့်၏။

ဘေဒစိန္တာဆရာကား .. အာချာတ်ကိုပင် နာမ်ဆိုလိုသော ပုဂ္ဂိုလ်၏ တွေ့စ္ဆာနုပုဗ္ဗိက အားဖြင့် သမာသ်ဖြစ်သည်ဟုဆို၏။

သညာယ ဝတ္တုမိစ္ဆာယံ၊ အာချာတံ နာမိကံ ဘဝေ။
မာခလိစ္စာဒိသ္မိ စွေဝံ၊ သဒ္ဒနီတိ ယမာဟတံ။ ဟူ၍ မိန့်၏။

၃၄၉။ နာမ်ပုဒ်ဆတ်ဆတ်၊ မှတ်တုံလတ်၊ ဓာတ်ဖြစ်သည်ကား ဘယ့်ကြောင့်နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဓာတွတ္ထာ ါစကာနေဝ၊ ပစ္စယေန ပယောဂတော။
နာမတ္တံ ပဇဟိတွာန၊ ဓာတုရူပေဝ တိဋ္ဌရေ။

အတ္တနာ ဝစနီယဿ၊ ကတ္တုကမ္မဟိ ပါကဋော၊
သကတ္တုကော သကမ္မောတိ၊ ဓာတုရူပေါတိ ဝုစ္စတိ။

ပဗ္ဗတာယတိ သံဃော ့တိ၊ ဗာလံ မုဏ္ဍာယတိတိ စ။
ဂမ္မကတ္တာ စ သာပေက္ခာ၊ ပေက္ခိတဗ္ဗာ ပယုဇ္ဇတေ။

ဟူ၍ သဒ္ဒတ္ထဘေဒစိန္တာ မိန့်သည်နှင့်အညီ "ပဗ္ဗတာယတိ သံဃော" ဖစနိုင်သော သဒ္ဒါသည် ဓာတ်၏အနက်ကို ဟောတတ်သော အာယ–အစရှိသော ပစ္စည်းနှင့် ယှဉ်ခြင်းကြောင့် ဒြပ်ကို ပေ ့ာတတ်သော နာမသဒ္ဒါ၏အဖြစ်ကို စွန့်၍ ကိရိယာကိုဟောသော ဓာတ်သဘော၌သာလျှင် တည် ‥ နိ၏။

အကြင် ပဗ္ဗတာယတိ–အစရှိသော သဒ္ဒါသည် မိမိဟောအပ်သော အနက်တည်းဟူသော ကိရိယာ၏ ကတ္တား ကံ ဖြစ်သော ပုဒ်တပါးသည် ထင်ရှားမှိသည်၏ အဖြ ‌ကြောင့် ထိုနာမ်ပုဒ် ကို ဓာတ်၏သဘော ရှိသည် ‧ ဟု ဆိုအပ်၏။

သံဃော၊ သံဃာသည်။ ပဗ္ဗတာယတိ၊ တောင်ကဲ့သို့ မိမိကိုယ်ကို ကျင့်တတ်၏။ ဗာလံ၊ သတို့ သားငယ်ကို။ မုဏ္ဍာယတိ၊ ခေါင်းပြည်းသည်ကို ပြုတတ်၏။ မုဏ္ဍာသာ၊ မုဏ္ဍာသဒ္ဒါ၏။ အတ္တနာ ‌ ‌ ‌ဂီတံ၊ မိမိသည် ငဲ့အပ်သော။ ဗာလံ၊ ဗာလ သဒ္ဒါကို။ ဂမ္မက‌တ္တာ၊ သိဂေတတ်သည်၏ အဖြ ‌ကြောင့်။ သ ‌ာပေက္ခာ၊ ငဲ့တတ်သော မုဏ္ဍာ သဒ္ဒါသည်။ အ ‌ပေက္ခိတဗ္ဗာ၊ ငဲ့အပ်သော ဗာလ – ‌ ‌ ‌ ကို။ ပယုဇ္ဇတေ၊ ယှဉ်အပ်၏။

အဓိပ္ပါယ်အကျဉ်းကား .. ပဗ္ဗတာယတိစသည်၌ ပဗ္ဗတ–သဒ္ဒါသည် နာမ်ပုဒ် ဆတ်ဆတ်မှန် ‌ ‌ ‌ အာစရိယ အနက်ရှိသော အာယ–ပစ္စည်းနှင့် ယှဉ်သောကြောင့် ဓာတ်ဖြစ်၏ ဟုလိုသည်။

၃၅၀။ ဘုရားပွင့်လတ်၊ ဗောဓိမြတ်၊ လုံးပတ်အတောင် ဘယ်မျှနည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ဩဠွော–အာဠွော၊ လုံးပတ်သည်။ ဒွတ္တိံသရဇနံ၊ ၃၂-တောင်ရှိ၏ ဟူ၍ ဗောဓိဝံဘာဝနီ၌ လာ၏။

၃၅၁။ ဥဖွဟွတ်ဟွတ်၊ မန္တန်ရွတ်၊ သံလွတ် ဘယ် ကလာပ်ပေနည်း။ (၁၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဝိညတ်နှင့် တကွသော ဝစီဘေဒသဒ္ဒ ဖြစ်ရာ၌ ကလာပ်သည် ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်တပါး, ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသက ကလာပ်တပါး အားဖြင့် နှစ်ပါးရှိသည်တွင် အလျော့ အတင်း, ဂရု–လဟု ပီစွာရွတ်အပ်သောအသံ၌ ဆဋ္ဌဖြစ်သော ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ်ဖြစ်၏ ဟူပေ။

၃၅၂။ သက်ရှိချင်းခတ်၊ မြည်တိုလတ်၊ ရမှတ်ရုပ်သေး ဘယ်မျှနည်း (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ကျမ်း၌ တိုက်ရိုက်မတွေ့မိ။ "ခေါက်၍ မေးသော် ရုပ်သေးတရာ ရှ၏" ဟူသော အာစရိယဝါဒကို မှီ၍မေးသောပုစ္ဆာဖြစ်ရကား ဖြေလည်း ဖြေသင့်၏။ အဘယ်သို့ ဖြေသင့်သနည်း ဟူမူကား....

> ခေါက်၍မေးသော်၊ ရုပ်သေးအရ၊ သဒ္ဒငွှနှင့်၊ နဝကလာပ်၊ သတ္တရသ်ဝယ်၊ ပိုင်းဖြတ်ခြင်းငှာ၊ အာကာသခေတ်၊ ပန္နရသ်လောင်း၊ ချင့်ပေါင်းနေကျ၊ ဒွတ္တိံသမှာ၊ သတ္တိရှာ၍၊ တသုံးခုမြှောက်၊ ဆင့်လှော့က်လက္ခဏာ၊ လေးပါးလာက၊ တရာပြည့်ရိုး၊ လူ့ထိပ်မိုး....။

ဟူ၍ ရှေးဆရာတို့ ဆိုထုံးရှိ၏။

အဓိပ္ပာယ်ကား။ ။ဥတုဇရုပ်ချင်းခတ်ရာ၌ အသံ ဟူသော သဒ္ဒနဝကလာပ် ဖြစ်ရကား သဒ္ဒင္မွနှင့် နဝကလာပ် နှစ်ရပ်သည် ရုပ်ပေါင်း သတ္တရသရှိ၏။ အကြားသည် ၁၅=ခု ဖြစ်ရကား ပရိစ္ဆေဒရုပ် ၁၅-ခုနှင့် ယခင် ၁၇-ခုကို ပေါင်းသော်=ဒွတ္တိံသဖြစ်၏။ ထို ၃၂-ခုကို လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ပါးနှင့်မြှောက်၊ ၉၆-ခုဖြစ်၏။ ထိုတွင် လက္ခဏာရုပ် ၄-ခုရော၊ ပေါင်း- တရာ ရှ၏။ ဤကား-ဗာဟိရရုပ်ကို ခေါက်သောနည်းတည်း။

သတ္တဝါသန္တာန်၌ကား.... စတုဇရုပ် ဖြစ်သောကြောင့် ကမ္မဇကလာပ် ၉-စည်း၌ ရုပ်ပေါင်း ၇၉။ စိတ္တဇကလာပ် ၆ စည်း၌ ရုပ်ပေါင်း ၆၃။ ဥတုဇကလာပ် ၄-စည်း၌ ရုပ်ပေါင်း ၄၀။ အာဟာရဇကလာပ် ၂-စည်း၌ ရုပ်ပေါင်း ၁၉-ရသည်ဖြစ်၍ လေးရပ်လုံးကို ပေါင်းသော် ၂၁၁-ပါးရှိ၏။ အကြားတည်းဟူသော ပရိစ္ဆေဒရုပ်ကား... ကမ္မဇရုပ်၌ ၈၇။ စိတ္တဇရုပ်၌ ၆၁။ ဥတုဇရုပ်၌ ၃၈။ အာဟာရဇရုပ်၌ ၁၇-ရသင့်သည်ဖြစ်၍ ပေါင်း ၂၀၃-ခု ဖြစ်၏။ ၂-စုကိုပေါင်းသော် ၄၁၄-ပါးဖြစ်၏။ ဤကား ပုတ်ခတ်ခံရသောပုဂ္ဂိုလ်သန္တာန်၌ ရကောင်းသော ရုပ်တည်း။

ပုတ်ခတ်သောပုဂ္ဂိုလ်၏ သန္တာန်၌လည်း ၄၁၄-ပါးပင် ရကောင်းရကား.... ပေါင်းသော် ၈၂၈-ပါးဖြစ်၏။

ပုတ်ခတ်ခြင်းကြောင့်ဖြစ်သော အသံ၌ သဒ္ဒနဝက ကလာပ်ရသည်ဖြစ်၍ ၈၃၇-ရှိ၏။ ထိုကို လဟုတာဒိတ္တယ ၃-ခုဖြင့် မြှောက်သော် ၂၅၁၁-ဖြစ်၏။ ထိုတွင် လက္ခဏာရုပ် ၄-ခုလောင်း ၂၅၁၅-ဖြစ်၏။ ယင်းသို့ဖြစ်၍—

> သက်ရှိချင်းခတ်။ မြည်တုံလတ်သော်။ ခတ်သည့်ရုပ်မှာ။ လေးရာဆယ့်လေး။ ထွေးသည့်ရုပ်ပေါင်း။ ၎င်းနည်းတူ။ နဝကူ၍။ သုံးဆူတာမြှောက်.၊ စွက်လှောက်လက္ခဏာ။ နှစ်ထောင်မှာတွင်။ ငါးရာတဆယ်။ ငါးခုကယ်သည်.... အကျယ်ရမျိုး ရုပ်တွက်ရိုး။

ဤသို့ ဖြေဆိုရာ၏။

၃၅၃။ လနေဖမ်းတတ်၊ သူရိန်နုတ်၊ သမသတ်ဘယ်သို့ ဖမ်းသနည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ရာဟု၏ အသွားနှင့် ခရီးဆုံမိ၍ ဖမ်း၏ဟူပေ။

ဤအရာ၌ သိသာအောင် ကျယ်စွာဖြေဆိုဦးအံ့။ ။ရာဟုဂြိုဟ်သည် ရာသီစက်၌ လှည့်လည်၏ ဆိုသော်လည်း တပါးဂြိုဟ်တို့ကဲ့သို့ ကောင်းကင်၌ တည်သည်မဟုတ်၊ မြင်းမိုရ်တောင်ခြေရင်း ဖြစ်သော အသုရာပြည်၌ တည်သည်ဖြစ်၍ မြေ၌ကျက်စားသောဂြိုဟ်တည်း။ ထိုအကြောင်းကိုကား သံယုတ္တနိကာယ်ဒေဝတာသံယုတ်ပါဠိတော်၌ ဟောတော်မူသောအတ္ထုပ္ပတ္တိကိုထောက်၍ သိအပ်၏။

ဘုရားသခင်သည် သာဝတ္ထိပြည်ဝယ် စံပယ်တော်မူသောအခါ ရာဟုအသုရိန်သည် မြေမှတက်၍ နေ့လကို ဖမ်းသည်တွင် နေနတ်သား လနတ်သားတို့က "ငါတို့အား ဘုရားသခင်သာ ကိုးကွယ်ရာ ဖြစ်တော့သည်" ဟု ဂါထာရွတ်၏။ ထိုအကြောင်းကို ဘုရားသခင်သည် ဂန္ဓကုဋိတိုက်တော်ကပင် ဒိဗ္ဗသောတဖြင့် ကြားတော်မူ၏။ "အချင်းရာဟု လွှတ်လော့ လွှတ်လော့" ဟု မိန့်တော်မူလျှင် အသုရိန်လည်း ဖမ်းရာမှ လွှတ်ပြေးလေ၏.... ဟူ၍လာသည်။

သရောဒယကျမ်း၌လည်း....

> သးရာဟု၊ ထိုရာဟုကို။ မဟိတလေ၊ မြေအပြင်၌။ ကာလရူပေန၊ မည်းနက်သော အဆင်းရှိသောအားဖြင့်။ သံဟာရေန၊ ယမ မင်းကဲ့သို့ သွားခြင်းရှိသောအားဖြင့်။ ဘြမတိ၊ လည်တတ်၏ ဟူ၍လည်းကောင်း။ ဝဇဒံသ္တြံယာ၊ ဝရဇိန်လက်နက်နှင့်တူသော အစွယ် ၃-ချောင်းဖြင့်။ ရောဒြော်စ၊ ကြမ်းကြုတ်၏ ဟူ၍လည်းကောင်း၊ ဇွေတ်၊ သိအပ်၏။ နသံဂယး၊ ယုံမှားမရှိရာ။

ဟူသော ဂါထာဖြင့် မည်းနက်သော အဆင်းရှိလျက် ယမ မင်းကဲ့သို့ မထင်ရှားပဲ မြေပြင်၌ လည်တတ်၏။ ဝရဇိန်နှင့်တူသော အစွယ် ၃-ချောင်းရှိလျက် ကြောက်မက်ဖွယ် ကြမ်းကြုတ်၏" ဟူ၍ ဆိုသည်။

ထို၏ အဖွင့်ဋီကာ၌ ရာသီဖြင့် သွားဟန်ကိုလည်း....

ရာဂိစဝေကြြ ဂြဟန္တရဂတ်ဝိပရီတဂတျာ မေဂမိနကုမ္ဘာဒိကြ- မေနာဗြမတိ။ ဟူ၍ ဆိုသည်။

သးရာဟု၊ ထိုရာဟုသည်။ ရာဂိစဝေကြြ၊ တဆယ့်နှစ်ရာသီစက်၌။ ဂြဟန္တရဂတိ ဝိပရီတဂတျာ၊ ဂြိုဟ်တပါးတို့၏ သွားခြင်းမှ ဖောက်ပြန်သော သွားခြင်းဖြင့်။ မေဂမိန ကုမ္ဘာဒိကြမေန၊ မိဿ မိန်ကို စသော အစဉ်အားဖြင့်။ ဘြမတိ၊ လှည့်ပတ်သွားလာ၏။

သံယုတ္တနိကာယ် မှာသော သာသနာကျမ်း၌လည်းကောင်း၊ သရေဒယ စသော လောကီကျမ်းကြီးတို့၌လည်းကောင်း၊ မြေ၌တည်ကြောင်း၊ အသုရာပြည်မှ လာ၍ ဖမ်းကြောင်းကို ဆိုပြီ။ ထိုသို့ ကောင်းကင်၌ မတည်သော် ရာသီစက်၌ ဘယ်သို့ ယှဉ်လေကောင်းအံ့နည်း ဟူငြားအံ့—

မြေမှာသာတည်၍ လှည့်လည်လျက် ရာသီစက်၌ ယှဉ်၏ဟု သိခြင်းသည် ဗေဒင်ကို စီရင်သော အဌကထ၊ ဝါမက အစရှိသော ရသေ့မြတ်တို့၏ အမြင်ဉာဏ်ဖြင့် နိရန္တရ သွားလာ ထိပါးကြသော အခြင်းအရာကို တွက်ချက်၍ သိသာစေခြင်းငှါ ရာသီစက်၌ ဖက်ယှဉ်၍ထားသည်။ ထို့ကြောင့် သရအတွက် ပြက္ခဒိန်တို့ဖြင့် နေ လ ကြတ်မည် မကြတ်မည်ကို ဟောနိုင်သည်။

ဘယ့်ကြောင့်နည်း ဟူမူ.... တနင်္ဂနွေဂြိုဟ်သည် ဂဠုန်စီးလျက် အရှေ့မြောက်တွင် နေ၏။ တနင်္လာဂြိုဟ်သည် ကျားစီးလျက် အရှေ့အရပ်တွင် နေ၏-ဟု ဂြိုဟ်ရှစ်ဖြာကို မျက်နှာရှစ်ပါးဖြင့် မှတ်သား၍ ဆိုသကဲ့သို့တည်း။ ထို့ကြောင့် အသုရိန်နတ် ကောင်းကင်၌ လှည့်ရာ ခရီးကြုံကြိုက်သဖြင့် ဖမ်းခြင်းကိုပင် သဗ္ဗတ်ကြတ်၊ ထက်ဝက်ကြတ်၊ သုံးစိတ်ကြတ် ဖမ်းသည်သမသတ်ဖမ်းသည် ဟု အဟောဖြစ်၏။

ထို ရာဟု ဖမ်းဟန်ကို သံယုတ် အဌကထာ လာတိုင်းပြလိုက်ဦးအံ့။

ရာဟု အသုရိန်၏ကိုယ်ကား အရပ်အားဖြင့် ယူဇနာ လေးထောင့်ရှစ်ရာရှိ၏။ လက်ကတီးကြားကား ယူဇနာ တရာ့နှစ်ဆယ်။ မောင်းလက်ရိုး အလုံးကား ယူဇနာ ခြောက်ရာ။ ဦးခေါင်းကား ယူဇနာ ကိုးရာ။ နဖူးပြင် ယူဇနာ သုံးရာ။ မျက်မှောက်ကြား ယူဇနာ ငါးဆယ်။ ခံတွင်းအကျယ် ယူဇနာနှစ်ရာ။ အခေါက် ယူဇနာ သုံးရာ။ နှာခေါင်း ယူဇနာ သုံးရာ။ လက်ဖဝါး ခြေဖဝါး အကျယ် ယူဇနာ ခုနစ်ရာရှိ၏။ ထိုရာဟုသည် နေ-လ သွားသောလမ်းဖြင့် သွား၍ နေ လ ရထားကိုမြင်လျှင် လက်ခြေကားလျက် ခံတွင်းကို ဟင်းလင်းဖွင့်၍လိုက်၏။

ထိုအခါ နေဗိမာန် လဗိမာန်၌ စောင့်သော နတ်တို့သည် ယူဇနာ သုံးရာနက်သော နရက်ချောက်ကြီးသို့ ကျအံ့သကဲ့သို့ဖြစ်၍ အလွန်ကြောက်ကုန်ရကား အခြံအရံနှင့်တကွ တပြိုင်နက်ငိုကြွေးလျက် ထွက်ပြေးကုန်၏။

ထိုအခါ ရာဟုသည် နေ-လ ဗိမာန်ကို ရံခါလည်း လက်ဝါးဖြင့်ဖုံး၏။ ရံခါလည်း မေးအောက်၌ထား၏။ ရံခါလည်း လျှာဖြင့် လျက်၏။ ရံခါလည်း ပါးစောင်၌ထား၏။ ယင်းသို့ ငုံနိုင် ဖုံးလွှမ်းနိုင်သော်လည်း နေ-လတို့၏ သွားသောအဟုန်ကို မတန့်စေနိုင်။ လိုက်၍သာ ကစားရာ၏။ အကယ်၍ တန့်စေငြားအံ့၊ ပါးဖြင့်ငုံသော် ဦးခေါင်းပြတ်ဘိရာ၏။ လက်ဖြင့်တင်းသော် လက်ဝါးပြတ်ဘိရာ၏။ ဖမ်းလိုရင်းမှာ ဗိမာန်ကိုသာ အရောင်အဝါ လုပသောကြောင့် ကစားခြင်းငှာ ဖမ်းလိုသည်။ ဗိမာန်ကိုဖမ်းလျှင် နတ်သားကိုလည်း ဖမ်းရာကျသည်-ဟု ဋီကာပြ၏။

၃၅၄။ ရဟန်းဆတ်ဆတ်၊ သုနက္ခတ်၊ နတ်နားဘယ့်ကြောင့် မရသနည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဒိဗ္ဗသောတဉာဏ်ကို ရထိုက်သော ရှေးကောင်းမှု မရှိသောကြောင့် မရ ဟူ၍မှတ်။

၃၅၅။ အဘကိုသတ်၊ မှန်တိုလတ်၊ မိသတ်ကံထိုက် ဘယ်ကြောင့်နည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... မျက်စိ မမြင်ခြင်း, မစွမ်းသန်ခြင်းရှိသော အမိကို လုပ်ကျွေးလျက်နေသော အဘအား သတ်မိသောကြောင့် အမိပါ သေသည်ဖြစ်၍ အမိ သတ်ကံလည်း ထိုက်လေသည်။ စွမ်းသန်သော အမိပင်ဖြစ်သော်လည်း ကြိုးကြာမ, ကိန္နရီမ တို့သည် အဖိုကိုသတ်လျှင် အမလည်း သေ၍လိုက်သကဲ့သို့၊ အဘကိုသတ်လျှင် အမိလည်း သေ လိမ့်သတည်း-ဟု သိလျက် သတ်သောကြောင့် ကံနှစ်ဦးထိုက်၏ ဟူပေ။ (ဝဇိရဗုဒ္ဓိ)။

၃၅၆။ ဆင်ဖြူဆတ်ဆတ်၊ ပျံတိုလတ်၊ သကတ်ဘယ်သို့ ဆိုမည်နည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... "ဆင်ပျံ" ဟု ခေါ်ကြရာ၌ ကောင်းကင်သို့ ပျံနိုင်ခြင်းသည် ဂုဏ်မည်၏။ ထိုဂုဏ်သည်ပင် "သဿ ဣဒံ သကံ" ဟူသည်နှင့်အညီ သကတ် မည်၏ ဟူပေ။

ဇာတိ— သဒ္ဒါ၌ တခုသည် တခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် သကတ်မည်၏။

ဂုဏ-သဒ္ဒါ၌ ဂုဏ်သည် သကတ် မည်၏။

ဒဗ္ဗ-သဒ္ဒါ၌ ပဝတ္တနိမိတ် ဖြစ်သော ဒြပ်သည် သကတ်မည်၏။

ကြိယာ-သဒ္ဒါ၌ ပဝတ္တနိမိတ်ဖြစ်သော ကြိယာသည် သကတ်မည်၏။

နာမ-သဒ္ဒါ၌ ပဝတ္တနိမိတ်ဖြစ်သော နာမ်သည် သကတ်မည်၏။

ဤ "ဆင်ပျံ" ဟူသော သဒ္ဒါသည် ဂုဏ-သဒ္ဒါဖြစ်၍ ပျံနိုင်သော ဂုဏ်သည် သကတ်မည်၏။

၃၅၇။ စာစပ်ရိုးမှတ်၊ နည်းတုလွတ်၊ မြဝတ်ကေသာ မည်သို့နည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အက္ခရာတွက်ကျုံး သုံးဆယ့်ငါးမျှ၊ အသုံးချ၊ မြဝတ်ကေသာခေါ်။

၃၅၈။ ချနည်းဆတ်ဆတ်၊ အဆုံးသတ်၊ ခိုင်ညွတ်ခက်ဖြာ မည်သို့နည်း။ (၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ခုနစ်လုံးမှတ်၊ ချ တုံလတ်၊ ခိုင်ညွတ်ခက်ဖြာခေါ်။

၃၅၉။ ကက္ကုဆူးမှတ်၊ နည်းသေသတ်၊ ခေါ်လတ် စပ်ရိုးမည်မျှနည်း။ (၂၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

နေလျှင် ဆွေးရ၏....။

ဆွေးလျှင် ဝေးလှ၏....။

ဤသို့ ငါးလုံး ချခြင်း, သုံးလုံးချခြင်းတို့သည် ကက္ကုဆူး မည်၏။ အပိုဒ်လည်း မည်ကြ။

၃၆၀။ တောထွက်ကျင့်မြတ်၊ လျှဉ်းသွယ်လတ်၊ သည်မြတ် ဘယ်တဒ္ဓိတ်ပေနည်း။ (၂၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... "မဟာဘိနိက္ခမန်" ပုဒ်ကို ထောက်လျှင် ဘယ်သမာသ်နည်း-ဟု မေးသင့်လျက်၊ ဘယ်တဒ္ဓိတ်နည်းဟု မေးသောအလိုကား.... "နိက္ခမ-တရော"ပုဒ်ကို ရည်သည်။ ဝိသေသတဒ္ဓိတ်ဟူပေ။

၃၆၁။ ဆယ်ဆကုန်မြတ်၊ ထိုအမှတ်၊ သည်မြတ် မှာလည်း မည်သို့နည်း။ (၂၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....သာလွန်ခြင်းအဓိက အနက်ကို ဟော၏ ဟူပေ။

၃၆၂။ ချမ်းသာမချွတ်၊ ကိုယ်ဟုမှတ်၊ မိုက်မြတ် မိုက်ခေါင် ဘယ်သို့နည်း။ (၂၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို နိစ္စ, သုခ,အတ္တ ဟူ၍ ထင်မှတ်သောသူသည် မိုက်ကုန်သော သူတို့ထက် အထူးသဖြင့် မိုက်သော ဗာလတရ ဖြစ်ရကား ဝိသေသ တဒ္ဓိတ်ပင် ဟူလိုသည်။

၃၆၃။ နားတော်မည္ဟတ် ဆင်းကြာနတ်၊သည်နတ် ဘယ်အနက်ပေနည်း။ (၂၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ကြာနတ်သမီးနှင့်တူသော အဆင်းရှိ၏ ဟူရကား သဒိသ အနက်ကို ဟော၏။ သဒ္ဒါလည်း သမီပူပစာရဟူပေ။

၃၆၄။ နရတမှတ်၊ ပြည်ကြီးနတ်၊ သည်နတ်မူကား ဘယ်သို့နည်း။ (၂၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....မင်းတည်းဟူသော သမ္မုတိ နတ်ကို ဟောရကား သဒိသအနက် ဟူပေ။

၃၆၅။ ခြောက်ဆူဘုံထွတ်၊ အနတ်နတ်၊ နတ်ချင်းကွဲ၏ မည်သို့နည်း။ (၂၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဥပပတ္တိနတ်စသည်ကို ဟော၏။

၃၆၆။ တိလောကနတ်၊ ဆရာထွတ်၊ နတ်ချင်းမတူ ဘယ်သို့နည်း။ (၂၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဘုရားဟူသော ဝိသုဒ္ဓိနတ်ကို ဟော၏ ဟူပေ။

၃၆၇။ သီဟိုဠ်နေမှတ်၊ ဗုဒ္ဓဒတ်၊ ကျမ်းမြတ်ပြုသည် ဘယ်ကျမ်းနည်း။ (၂၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဗုဒ္ဓဒတ္တော နာမာစရိယော ဝိနယဝိနိစ္ဆယော, ဥတ္တရဝိနိစ္ဆယော,အဘိဓမ္မာဝတာရော, ဗုဒ္ဓဝံသဿ မဓုရဝိလာသနီနာမ အဋ္ဌကထာ, ဇိနာလင်္ကာရော တိ ပဉ္စဂန္ထေ အကာသိ။

ဟူ၍ ဂန္ထဝံသ၌လာရကား ဝိနယဝိနိစ္ဆယ, ဥတ္တရဝိနိစ္ဆယ, အဘိဓမ္မာဝတာရ မဓုရဝိလာသနီ မည်သော ဗုဒ္ဓဝင်အဋ္ဌကထာ, ဇိနာလင်္ကာရ ဤငါးကျမ်းကို ပြု၏ ဟူပေ။

၃၆၈။ မကိုင်းမည္ဟတ်၊ ကိုယ်တော်မြတ်၊ ပြုလတ် ဘယ်ကုသိုလ်ကြောင့်နည်း။ (၃၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ပုဗ္ဗေ၊ ရှေး၌။ မနုဿဘူတော၊ လူဖြစ်လတ်သော်။ ပါဏာတိပါတံ၊ သူ၏အသက်သတ်ခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ ပါဏာတိပါတာ၊

သူ၏အသက်ကိုသတ်ခြင်းမှ။ ပဋိဝိရတော၊ ကြဉ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ နိဟိတဒဏ္ဍော၊ ပယ်ချပြီးသော ဒဏ်ရှိသည်။ နိဟိတသတ္ထော၊ ပယ်ချပြီးသော လက်နက်ရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ လဇ္ဇီ၊ မကောင်းမှု ဒုစရိုက်တို့မှ ရှက်တတ်သည်။ ဒယာပန္နော၊ သနားခြင်းနှင့်ပြည့်စုံသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ သဗ္ဗပါဏဘူတ ဟိတာနုကမ္ပီ၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကို စောင့်စည်းသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဟာသိ၊ နေခဲ့ဖူး၏။ တေန၊ ထိုကောင်းမှု ကြောင့်။ ဒီဃင်္ဂုလိတာ၊ ရှည်သော လက်ချောင်း, ခြေချောင်းရှိသော အဖြစ်သည်လည်းကောင်း။ အာယတပဏှိတာ၊ ရှည်သော ဖနှောင့်တော်ရှိသော အဖြစ်သည်လည်းကောင်း။ ဗြဟ္မုဇုဂတ္တတာ၊ 'ဟရိ' မည်လတ်သော ဗြဟ္မာနတ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်ရှိသော အဖြစ်သည်လည်း ကောင်း။ ဣတိလက္ခဏတ္တယံ၊ ဤ လက္ခဏာ ၃-ပါး အပေါင်းသည်။ ဇာယတေ၊ ဖြစ်၏။

၃၆၉။ ခရုသင်းမြဘ်၊ လှဖြင့်ဖြတ်၊ ညီညွတ်သွားတော် ဘယ့်ကြောင့်နည်း။ (၃၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား .. ပုဗ္ဗေ၊ ရှေး၌။ မနုဿဘူတော၊ လူ၏အဖြစ်သည်။ သမာနော၊ ဖြစ်လတ်သော်။ မိစ္ဆာဇီဝံ၊ မကောင်းသော အသက်မွေးခြင်းကို။ ပဟာယ၊ ပယ်၍။ သမ္မာအာဇီဝေန၊ ကောင်းသော အသက်မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ကပ္ပေသိ၊ပြု၏။ တုလာကူဋကံသကူဋ မာနကူဋာဝ၊ ချိန်စဉ်းလဲ, သပြာစဉ်းလဲ, တင်းစဉ်းလဲ ပြု၍ လှည့်ပတ်ခြင်းမှ လည်းကောင်း။ ဥက္ကောဋနဝဉ္စနနိကတိသာဝိယောဂါစ၊ တံစိုးယူ၍ ကောက်ကျစ်မှုကို ပြုခြင်း, ဥပါယ်တံမျဉ်ဖြင့် လှည့်ပတ်ခြင်း, အတုပြု၍ လှည့်ပတ်ခြင်းတို့မှလည်းကောင်း။ ဆေဒနဝဓနဗန္ဓန ဝိပရာမောသအာလောပ ပသယှာကာရာစ၊ လက်ခြေကို ဖြတ်ခြင်း, သတ်ခြင်း, နှောင်ဖွဲ့ခြင်း, ခရီး၌စောင့်၍ လုယက်ခြင်း, ပြည်ရွာကို ဖျက်၍ လုခြင်း တည်းဟူသော အနိုင့်အထက် နှိပ်စက် ခြင်းမှလည်းကောင်း။ ပဋိဝိရတော၊ ကြဉ်တော်မူသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ တေန၊ ထို ကောင်းမှုကြောင့်။ သုသုက္ကဒါဌတာစ၊ အလွန်ဖြူစင်သော စွယ်တော်ရှိသော အဖြစ်သည် လည်း ကောင်း။ သမဒန္တတာစေဝ၊ လှဖြင့် ဖြတ်သကဲ့သို့ ညီညွတ်သော သွားတော်ရှိသော အဖြစ်သည် လည်းကောင်း။ ဇာယတေ၊ ဖြစ်၏။(လက္ခဏာသုတ်)။

၃၇၀။ နေယျတ်နီတတ်၊ သင့်ဆုံးဖြတ်၊ နေယျတ်ဘယ်သို့ ဖွင့်သနည်း။ (၃၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ပုဒ်ကိုဖွင့်သော သံဝဏ္ဏနာသည် နီတတ္ထ သံဝဏ္ဏနာ, နေယျတ္ထ သံဝဏ္ဏနာ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် တိုက်ရိုက်သိအပ်သော အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် နီတတ္ထ သံဝဏ္ဏနာမည်၏။ ပြယုဂ်ကား.... "ပဝတ္တိတ္ထာတိ ဥပ္ပဇ္ဇိတ္ထ" အစရှိသည်တည်း။ ဤ ပဝတ္တိတ္ထ၌ ပ-ရှေးရှိသော ဝတု-ဓာတ်သည် ဥပ္ပဇ္ဇန အနက်ကို ဟော၏ဟု တိုက်ရိုက် သိအပ်သော အနက်ကို ဖွင့်ပြသောကြောင့် နီတတ္ထသံဝဏ္ဏနာ မည်၏။

ဆောင်၍ သိအပ်သော အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် နေယျတ္ထသံဝဏ္ဏနာ မည်၏။ ပြယုဂ်ကား 'အဓိဝါသေသိ တုဏှီ ဘာဝေန သမ္ပဋိစ္ဆိတုံ" စသည်တည်း။ ဤ၌ သမ္ပဋိစ္ဆိတုံ-ဟူသော သံဝဏ္ဏနာ

သည် သာယာခြင်းသည် သည်းခံခြင်းပင်တည်း-ဟု အဓိ-ရှေးရှိသော ဝသ-ဓာတ်၏ အနက်ကို ဆောင်၍ သိအပ်သောအနက်ဖြင့် ဖွင့်ပြသောကြောင့် နေယျတ္ထသံဝဏ္ဏနာမည်၏။

ဤနောက် သံဝဏ္ဏနာသည် ပုစ္ဆာ၏ သံဝဏ္ဏနာတည်း။

၃၇၁။ နည်းပကတျတ်၊ ပစ္စယတ်၊ ဖွင့်လတ် မည်သို့ခြားသနည်း။ (၃၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ပကတျတ္ထသံဝဏ္ဏနာ, ပစ္စယတ္ထသံဝဏ္ဏနာ အားဖြင့် နှစ်ပါးရှိသည်တွင် –

လိင်ဓာတ်၏ အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် ပကတျတ္ထသံဝဏ္ဏနာမည်၏။ ပြယုဂ်ကား ... "ပဝတ္တိတ္ထာတိ ဥပ္ပဇ္ဇိတ္ထ" စသည်တည်း။ ။ဤ ဥပ္ပဇ္ဇိတ္ထဟူသော သံဝဏ္ဏနာသည် ပဝတ္တိတ္ထ၌ ပ-ရှေးရှိသော ဝတုဓာတ်သည် ဥပ္ပဇ္ဇန အနက်ကို ဟော၏ဟု ဓာတ်၏အနက်ကို ဖွင့်သောကြောင့် ပကတျတ္ထ သံဝဏ္ဏနာမည်၏။

ဝိဘတ်ပစ္စည်း၏ အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် ပစ္စယတ္ထ သံဝဏ္ဏနာမည်၏။ ပြယုဂ်ကား "သန္ဒာဝိဿန္တိ သံသရိံ" စသည်တည်း။ ဤ သံသရိံ-ဟူသော သံဝဏ္ဏနာသည် သန္ဒာဝိဿံ၌ ဿံ-ဝိဘတ်သည် အတိတ်အနက်ကို ဟော၏ဟူ၍ ဝိဘတ်၏အနက်ကို ဖွင့်သောကြောင့် ပစ္စယတ္ထ သံဝဏ္ဏနာမည်၏။ ။ဤသို့ ခြား၏ ၂ ၍မှတ်။

၃၇၂။ သဒ္ဒတ်-ဘာဝတ်၊ နှစ်ချက်မှတ်၊ ဘာဝတ် ဘယ်ကို ခေါ်သနည်း။ (၃၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... သဒ္ဒတ္ထ သံဝဏ္ဏနာ, ဘာဝတ္ထ သံဝဏ္ဏနာ အားဖြင့် နှစ်ပါးရှိသည်တွင်—

သဒ္ဒါသည် ဟောအပ်သော အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် သဒ္ဒတ္ထ သံဝဏ္ဏနာမည်၏။ ပြယုဂ်ကား "အာဒိက္ခန္တီတိ ဒေသေန္တိ" အစရှိသည်တည်း။ ဤ ဒေသေန္တိဟူသော သံဝဏ္ဏနာသည် အာ-ရှေးရှိသော စိက္ခ-ဓာတ်သည် ဒိသအနက်ကိုဟော၏ဟု သဒ္ဒါသည် ဟောအပ်သောအနက်ကို ဖွင့်သောကြောင့် သဒ္ဒတ္ထ သံဝဏ္ဏနာမည်၏။

အဓိပ္ပာယတ္ထကိုဖွင့်သော သံဝဏ္ဏနာသည် ဘာဝတ္ထ သံဝဏ္ဏနာမည်၏။ ပြယုဂ်ကား "အာဓိက္ခန္တီတိ ဥတ္တာနိံ ကရောန္တိ" အစရှိသည်တည်း။ ဤ ဥတ္တာနိံ ကရောန္တိ-ဟူသော သံဝဏ္ဏနာသည် ကြားခြင်းနည်းသည်ကား ထင်ရှားပြုခြင်းပင်တည်း-ဟု အဓိပ္ပာယတ္ထကို ဖွင့်သောကြောင့် ဘာဝတ္ထ သံဝဏ္ဏနာမည်၏။ ။အဓိပ္ပာယတ္ထကို ဘာဝတ်ခေါ်၏ဟူပေ။

၃၇၃။ အဘိဓေယျတ်၊ သဘာဝတ်၊ ဆတ်ဆတ် မည်သို့ယူသနည်း။ (၃၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အဘိဓေယျတ္ထ သံဝဏ္ဏနာ, သဘာဝတ္ထ သံဝဏ္ဏနာ အားဖြင့် နှစ်ပါးရှိသည်တွင်– သဒ္ဒါသည် ဟောအပ်သော အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် အဘိဓေယျတ္ထသံဝဏ္ဏနာမည်၏။ ပြယုဂ်ကား.... "ရာသဒ္ဒေန ခန္ဓော" အစရှိသည်တည်း။ ဤ ရာသဒ္ဒေန ဟူသော သံဝဏ္ဏနာသည် ခန္ဓ-သဒ္ဒါသည် အစုဟူသော အနက်ကို ဟော၏ဟု သဒ္ဒါသည် ဟောအပ်သောအနက်ကို ဖွင့်သောကြောင့် အဘိဓေယျတ္ထ သံဝဏ္ဏနာမည်၏။

သဘောဖြစ်သော အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် သဘာဝတ္ထ သံဝဏ္ဏနာမည်၏။ ပြယုဂ်ကား.... "ဒုလ္လဘဋ္ဌေန ရတနံ" အစရှိသည်တည်း။ ဤဒုလ္လဘဋ္ဌေနဟူသော သံဝဏ္ဏနာသည် ရတနာသည် ရခဲသော သဘောရှိ၏-ဟု သဘောဖြစ်သော အနက်ကို ဖွင့်သောကြောင့် သဘာဝတ္ထ သံဝဏ္ဏနာမည်၏၊ ။ဤသို့ ယူရမည်။

၃၇၄။ ဒြပ်-သကတ်၊ လိင်-သချျတ်၊ ကာရကတ်ဖွင့် မည်သို့နည်း။ (၃၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... သကတ္ထ သံဝဏ္ဏနာ, ဒဗ္ဗတ္ထသံဝဏ္ဏနာ, လိင်္ဂတ္ထ သံဝဏ္ဏနာ, သချျတ္ထ သံဝဏ္ဏနာ, ကာရကတ္ထ သံဝဏ္ဏနာအားဖြင့် ငါးပါးအပြားရှိ၏။

ထိုငါးပါးတို့တွင်.... သကတ်အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် သကတ္ထ သံဝဏ္ဏနာမည်၏။ ပြယုဂ်ကား ... အဘိဓမ္မောတိ ကေနဋ္ဌေန အဘိဓမ္မော။ ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန" အစရှိသည်တည်း။ ဤ ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန-ဟူသော သံဝဏ္ဏနာသည် အဘိဓမ္မာ၏ လွန်သောဂုဏ်, ထူးသောဂုဏ်တည်းဟူသော သကတ်အနက်ကို ဖွင့်သောကြောင့် သကတ္ထသံဝဏ္ဏနာ မည်၏။

ဒြပ်၏အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် ဒဗ္ဗတ္ထသံဝဏ္ဏနာမည်၏။ ပြယုဂ်ကား...."အဘိဝိသိဋ္ဌာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော။ အဘိဓမ္မပိဋကံ" အစရှိသည်တည်း။ ဤ အဘိဓမ္မပိဋကံ-ဟူသော သံဝဏ္ဏနာသည် အဘိဓမ္မာ ပိဋကတ်တည်းဟူသော ဒြပ်အနက်ကို ဖွင့်သောကြောင့် ဒဗ္ဗတ္ထသံဝဏ္ဏ-နာ မည်၏။

လိင်အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် လိင်္ဂတ္ထသံဝဏ္ဏနာမည်၏။ပြယုဂ်ကား"ဝေသာလိယန္တိ ဧဝံ နာမကေ ဣတ္ထိလိင်္ဂဝသေန ပဝတ္တဝေါဟာရေ နဂရေ-အစရှိသည်တည်း။ ဤဣတ္ထိလိင်္ဂဝသေန ပဝတ္တဝေါဟာရေ နဂရေ ဟူသော သံဝဏ္ဏနာသည် ဝေသာလီ–သဒ္ဒါသည် ဣတ္ထိလိင် တည်း ဟူသော လိင်အနက်ကို ဖွင့်သောကြောင့် လိင်္ဂတ္ထသံဝဏ္ဏနာမည်၏။

သချျာအနက်ကို ဖွင့်သော သံဝဏ္ဏနာသည် သချျတ္ထသံဝဏ္ဏနာမည်၏။ ပြယုဂ်ကား "ဓမ္မာတိ-ရေက ဓမ္မဝိသေသဋ္ဌေနာတိ ဒွိန္နံ အတ္ထာနံ အဘိဓမ္မသဒ္ဒော အတ္ထဘာဝေန သာမညနိဒ္ဒေသော ကတော။ဧကဝစနနိဒ္ဒေသောကတော"အစရှိသည်တည်း။ဤ ဒွိန္နံ။ပ။ကတော–ဟူသော သံဝဏ္ဏနာ

သည် လွန်သော ထူးသော နှစ်ပါးသော အနက်တို့၏ အဘိဓမ္မ-သဒ္ဒါ၏အနက်အဖြစ်ဖြင့် တူသော အခြင်းအရာဟု ဆိုအပ်သော သချ်ာအနက်ကို ဖွင့်သောကြောင့် သချ်တ္ထသံဝဏ္ဏနာမည်၏။

ကာရကအနက်ကို ဖွင့်သော သံဝဏ္ဏနာသည် ကာရတ္ထသံဝဏ္ဏနာမည်၏။ ပြယုဂ်ကား "ဗုဒ္ဓန္တိ ကမ္မတ္ထနိဒ္ဒေသော" အစရှိသည်တည်း။ ဤ ကမ္မတ္ထနိဒ္ဒေသော–ဟူသော သံဝဏ္ဏနာသည် ဗုဒ္ဓံ-၌-အံ-ဝိဘတ်သည် ကံအနက်ကို ဟော၏ဟု ကာရကအနက်ကို ဖွင့်သောကြောင့် ကာရကတ္ထသံဝဏ္ဏနာ မည်၏။

ဤဆိုအပ်ခဲ့ပြီးသော နည်းကို ထောက်၍ သံဝဏ္ဏနာငါးမျိုးကို သိရာ၏။

၃၇၅။ အဘိဓာနတ်၊ ဘိဓေယျတ်၊ အမှတ်မည်သို့ ဖွင့်သနည်း။ (၃၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား အဘိဓာနတ္ထသံဝဏ္ဏနာ အဘိဓေယျတ္ထသံဝဏ္ဏနာ အားဖြင့် နှစ်ပါးရှိသည်တွင် ဝိဂ္ဂိုဟ်၏အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် အဘိဓာနတ္ထသံဝဏ္ဏနာ မည်၏။ ပရိယာယ်အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် အဘိဓေယျတ္ထသံဝဏ္ဏနာမည်၏။ ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ ယောဘဂဝါ" အစရှိသည်တည်း။ ။ဤဗုဇ္ဈတိ-ဟူသော သံဝဏ္ဏနာသည် ဗုဒ္ဓေါ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၏ ဝိဂ္ဂိုဟ်အနက်ကို ဖွင့်သောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာမည်၏။ ယော ဘဂဝါ-ဟူသော သံဝဏ္ဏနာသည် ဗုဒ္ဓေါ-ပုဒ်၏ပရိယာယ်အနက်ကို ဖွင့်သောကြောင့် အဘိ-ဓေယျတ္ထသံဝဏ္ဏနာမည်၏။

၃၇၆။ မဟာသမ္မတ်၊ မင်းစဉ်လတ်၊ သိဒ္ဓတ်တိုင်အောင် ဘယ်မျှနည်း။ (၃၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား မဟာသမ္မတမင်းမှစ၍ ဘုရားလောင်း သိဒ္ဓတ် မင်းတိုင်အောင် မင်းဆက်ပေါင်းကား သုံးသိန်းသုံးသောင်း လေးထောင့်ငါးရာ ခြောက်ကျိပ် ကိုးဆက်ရှိသည်။

သရုပ်အကျယ်မှာ မဟာရာဇဝင်၌ ရှိပြီ။ နားတော်သွင်းလင်္ကာတို့လည်း ထင်ရှားရှိပြီဖြစ်၍ အကျယ်မရေးလိုက်ပြီ။

၃၇၇။ အဇာတသတ်၊ လောကနတ်၊ ချလတ်ကျင်းတွင် ဘယ့်ကြောင့်နည်း (၃၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား အဇာတသတ်မင်းကား ဘုရားသခင်၌ အလွန် ကြည်ညိုသည်ဖြစ်၍ ကုသိနာရုံပြည်၌ ဘုရားပရိနိဗ္ဗာန်စံတော်မူသောအခါ အမတ်တို့က ငါတို့မင်း သည် ဤသတင်းကို လျှောက်ကြားလျှင် မိန်းမော၍ သွားလတ္တံ့။ ထိုသို့ မိန်းမောသောအခါ ထောပတ်ကျင်း၌ ထည့်၍ စိမ်မှသာ သက်သာရာ ရလတ္တံ့''ဟု ကြံစည်၍ လူကိုယ်ဆံ့လောက် သော မြေကျင်းကို ပြုပြီးမှ ထောပတ် အပြည့် ထည့်ထား၍ အဇာတသတ်မင်းအား ဘုရား

ပရိနိဗ္ဗာန်စံသော သတင်းစကားကို လျှောက်ကြားကြ၏။ ထိုစကားကို ကြားလျှင် မင်းလည်း သက်ကြီးရှိုက်တငင် ပင်ပန်းလျက် ပက်လက်လဲ၍ ထိုနေရာတွင်ပင် လဲလေ၏။ ထိုအခါ အမတ်တို့လည်းမြန်စွာ ပွေ့ချီ၍ ထောပတ်ကျင်း၌ ချရ၏။ အတန်ကြာမှ သက်သာရာရသတည်း။

ဤသို့ ဘုရားရှင်၌ ခင်မင်ကြည်ညိုတ်အားကြီးလှ၍ ပရိဒေဝမီးလောင်ခြင်း လွန်သောကြောင့် ကျင်းတွင်း ချ၏ဟူပေ။ မာလာလင်္ကာရ၊ ဇိနတ္ထတို့၌ အကျယ်လာပြီ။

၃၇၈။ သာကီဝင်မှတ်၊ မင်းဆက်မြတ် ပြတ်သည် ဘယ်မင်းတွင်ပေနည်း။ (၄၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဋ္ဋနကား ဘုရားညီတော် မဟာနာမ်မင်းတွင် ပြတ်၏ ဟူပေ။

ဘယ့်ကြောင့် ပြတ်သနည်းဟူမူ—

သာဝတ္ထိပြည်ကို အစိုးရသော ပသေနဒီ ကောသလမင်းသည် ဘုရားသခင့်အမျိုးဇာတ် ဖြစ်သော သာကီဝင် မင်းမျိုးမှ သမီးကို လို၍ တောင်းသည်တွင် မဟာနာမ်မည်သော သာကီဝင် မင်းက အမျိုးပျက်မည်စိုး၍ သမီးရင်းကို မပေးပဲ ကျွန်မမှ ဖွားမြင်သော ဝါသဘခတ္တိယာ မည်သော သတို့သမီးကို ပေးလိုက်၏။

ပသေနဒီကောသလမင်းလည်း ထိုဝါသဘခတ္တိယကို မိန်းမငါးရာတို့၏အကြီးပြု၍ မိဖုရား မြှောက်လေ၏။ ထိုသို့ မြှောက်သည်တွင် ဝိဋ္ဋူဘအမည်ရှိသော သတို့သားကို ဖွားမြင်၏။

ထိုဝိဋ္ဋူဘသည် အဘိုး၏နေရာဖြစ်သော ကပိလဝတ်ပြည်သို့ လာရာ သာကီဝင်မင်းတို့က ဝိဋ္ဋူဘထိုင်သောနေရာကို ကျွန်မသားနေရာ-ဟု ဆို၍ ရေဆေးကုန်၏။ ထိုအကြောင်းကို မင်းချင်းတို့လျှောက်တား၍ မင်းသားကြားသိလေသော် ဝိဋ္ဋူဘလည်း အမျက်ထွက်၍ "ငါမင်း ဖြစ်သောအခါ ဤသာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် ငါ၏ထိုင်ရာကို ဆေးစေအံ့" ဟု ကြိမ်းပ၍ ရန်ငြိုးထား၏။

သာဝတ္ထိပြည်သို့ ပြန်လာပြီးသော် အင်တန်ကြီး၍ ကျေးကျွန် သင်းပင်းများသောအခါ စစ်သည်ဗိုလ်ပါ ရှိန်း၍ ကပိလဝတ်ပြည်ကို စစ်ထိုး၏။ သာကီဝင်မင်းတို့လည်း မကောင်းမှုဖြစ်အံ့ သည်မှ ကြောက်သောကြောင့် စစ်မထိုးကုန်။ ဘုရားသခင်လည်း မဟာဆွေတော် မျိုးတော် အပေါင်းတို့ပျက်စီးအံ့သည်ကိုသနားတော်မူ၍ နှစ်ကြိမ်တိုင်အောင် ကိုယ်တော်ကြွ၍တားမြစ်တော် မူ၏။ ဝိဋ္ဋူဘလည်း ဘုရားသခင်ကို တွေ့သောအကြိမ်တို့၌ မဖျက်ဆီးပဲ ပြန်လာခဲ့၍ သုံးကြိမ် မြောက် ချီထွက်သောအခါမှ ဖျက်ဆီးနိုင်လေ၏။

ထိုအခါ မိမိရဲမက်တို့အား ဤသို့မှာဆို၏ "သင်တို့သည် ငါ၏ အဘိုးဖြစ်သော မဟာနာမ် မင်း၏အိမ်၌ နေသော သာကီဝင်မင်းမျိုးမဟုတ်သော သူတို့အား အသက်ကိုလွှတ်စေ၍ ကြွင်း သော သာကီဝင်မင်းမျိုးဟူသမျှကို သတ်ကြလေကုန်ဟု မှာဆို၏။

ရဲမက်တို့လည်း မင်းသားမှာဆိုတိုင်း သတ်ကြလေကုန်သော် သာကီဝင်မင်းတို့လည်း သေဘေးမှကြောက်သောကြောင့် ပရိယာယ်စကားဆိုခြင်းငှာ "သင်အဘယ်အမျိုးနည်း" ဟု မေးသောကာလ မြက်ကိုကိုင်နေသောသူတို့သည် "ငါတို့မြက်သည်၊ သာကီဝင်မဟုတ်" ကျူကိုကိုင်နေသောသူတို့လည်း "ငါတို့ကျူသည်၊ သာကီဝင်မဟုတ်" ဟု ဆိုကုန်၏။ ထိုသို့သောသူတို့သည်လည်းကောင်း မဟာနာမ်မင်း၏အထံ၌ နေသောသူတို့သည်လည်းကောင်း အသက်ကိုရကုန်၏။ ကြွင်းသောသာကီဝင်မင်းတို့ကား နို့စို့သူငယ်မျှမလွတ်ရ သတ်စေ၍ သွေးချောင်းစီးမျှ ဖြစ်ကုန်၏။ ထိုသွေးဖြင့် မိမိထိုင်သော အင်းပျဉ်ကို ဆေးစေ၏။ ဤသို့ ဝိဋ္ဋူဘမင်းသည် ဖျက်ဆီး၍ သာကီဝင်မင်းတို့ ပျက်စီးလေသည်။

ဝိဋ္ဋူဘမင်းလည်း ဘိုးတော် မဟာနာမ်ကို ခေါ်ယူခဲ့၍ ပြန်လာသော ခရီးအကြား၌နံနက်စာ စားအံ့သောအခါ၌ စားတော်ထမင်း ဆက်သွင်းလတ်သော် "ငါနှင့်ထမင်းအတူစားမည်" ဟု အဘိုးကိုခေါ်စေ၏။သာကီဝင်မင်းမျိုးလည်း ဇာတိမာန်အားကြီးရကား "ကျွန်မသားနှင့် ထမင်းအတူစားရသည်ထက် ငါအသက် သေခြင်းသည် မြတ်သေး၏" ဟု နှလုံးသွင်း၍ မဟာနာမ်မင်းက ဤသို့ဆို၏ "အမောင် ငါ့ကိုယ် ညစ်ညူးလှသည် ရေချိုးဦးမည်" ဟု ဆို၏။ မင်းသားကလည်း "အဘိုး ကောင်းပြီ၊ ချိုးဦးလော့" ဟု ခွင့်ပေးသော် မဟာနာမ်မင်းလည်း ရေအိုင်သို့သွား၍ ဆံဖျားကိုထုံးပြီးလျှင် ဆံကြားသို့ ခြေကိုသွင်း၍ ရေ၌ငုတ်လေ၏။

"မဟာနာမ်မင်း၏ဂုဏ်ကျေးဇူးကြောင့် နဂါးပြည်ပူသော အခြင်းအရာဖြစ်၍ နဂါးမင်းရှုကြည့်လတ်သော် ထိုအကြောင်းကိုသိ၍ မြန်စွာလာလျက် မဟာနာမ်မင်းကို ယူဆောင်ပြီးလျှင် နဂါးပြည်သို့ သွားလေကုန်၏။မဟာနာမ်မင်းလည်း နဂါးပြည်၌ ၁၂-နှစ် နေရ၏။

ဝိဋ္ဋူဘသည် "ငါ့အဘိုးလာခဲ့သည်"ဟု နံနက်စာမစားပဲ ငံ့နေရသည်။ ညနေဝင်၍ မှောင်သောအခါ သူတပါးတို့၏ပုဆိုးကြား စသည်တို့၌ ဆီမီးဖြင့်ရှာစေ၍ မတွေ့နိုင်မှ "ကပိလဝတ်ပြည်သို့ ပြန်လေသည်ဖြစ်လတ္တံ့"ဟု ဆို၍ ထမင်းစား၏။

ဤသို့ ဝိဋ္ဋူဘ ဘေးကြောင့် သာကီဝင်မင်းဘို ပျက်စီးပြီးသည့်နောက် ဘယ်သူ ဆက်လက်၍ မင်းပြုသည်ဟု စာပေမလာသောကြောင့် မဟာနာမ် မင်းတွင် သာကီဝင်ဆက် ပြတ်သည်ဟု ဆိုဖွယ်ရှိသည်။

၃၇၉။ ဘဒ္ဒကပ်မြတ်၊ ခုဆတ်ဆတ်၊ အလတ်ထက်ဝက် ရောက်ပြီနည်း။ (၄၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား [illegible]ကပ် မည်သော ဤကမ္ဘာ၌ နေ-လ ပေါ်သည်မှစ၍ နောက် ကမ္ဘာပျက်မိုးမျှသာ [illegible]ကောင်းသော ကာလသည် ဝိဝဋ္ဋဋ္ဌာယီ မည် သော အသင်္ချေယျ ကပ်[illegible] ဘဒ္ဒကပ်၌ အန္တရကပ် [illegible] လေးကပ်[illegible] ယိုကပ်ကို [illegible] သုံးဆဲ့နှစ်[illegible] အလတ် ထက်ဝက် ရောက်မည်။ ယခုမှာ[illegible] ကထေယ့်တကပ်မျှသာ [illegible]

လွန်ကြောင်းကိုကား အန္တရကပ် ရှစ်ကပ်မြောက်တွင် ကကုသန်ဘုရားပွင့်တော်မူသည်။ ကိုးကပ်မြောက်တွင် ကောဏာဂုံဘုရားပွင့်တော်မူသည်။ ဆယ်ကပ်မြောက်တွင် ကဿပဘုရားပွင့်တော်မူသည်။ ဆယ့်တကပ်မြောက်တွင် ဂေါတမဘုရား ပွင့်တော်မူသည်-ဟု ဆိုသော ဗိပဝင်၊ မဟာဝင်ကျမ်းတို့ကိုမှီ၍ သိရသည်။ ယင်းသို့ဖြစ်၍ အလတ်ရောက်မည်ကား နှစ်ဆယ့်တကပ်ပင် လိုသေး၏ဟု သိရသည်။

၃၇၀။ ဆန်းဂိုဏ်းအမှတ်၊ ဂါထာမြတ်၊ မတ္တာသမက မည်သို့နည်း။ (၄၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မတ္တာသမကံ နဝမော လ္ဂန္တော။

ယဿာ၊ အကြင်ဂါထာ၏။ သောဠသမတ္တိကေသု၊ ၁၆-မတြာရှိကုန်သော။ စတူသု ပါဒေသု၊ ၄-ပါဒတို့၌။ နဝမော၊ ကိုးခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝဏ္ဏသည်။ လော၊ လဟုသည်။ စေသိယာ၊ အကယ်၍ ဖြစ်အံ့။ အန္တေ၊ အဆုံး၌။ ဂေါ၊ ဂရုသည်။ စေသိယာ၊ အကယ်၍ဖြစ်အံ့။ တံ၊ ထိုဂါထာသည်။ မတ္တာသမကံ၊ မတ္တာသမက ဂါထာမည်၏။

(ပါဋ္ဌိ၌ မပါသည်ကို သွင်း၍ ယောဇနာသော ပါဌ်ဟူသမျှသည် ရှေ့ကလိုက်လာသော အနုဝတ္တနပါဌ်သေသဟူ၍မှတ်)။

ဤသို့ ဆန်းကျမ်းဆိုသည်ကို ထောက်၍

ပထမ၌ မ,သ,ဘ,န ဤ ၄-ဂိုဏ်းတွင် တဂိုဏ်းဂိုဏ်း နေစေ။

ဒုတိယ၌ မ,သ,ဘ, ဤ ၃-ဂိုဏ်းတွင် တဂိုဏ်းဂိုဏ်း နေစေ။

တတိယ၌ တဂိုဏ်း နေစေ။

စတုတ္ထ၌ မ,သ, ၂-ဂိုဏ်းတွင် တဂိုဏ်းဂိုဏ်းနေစေ။

ဤလက္ခဏာနှင့် ညီသော ဂါထာသည် မတ္တာသမက ဂါထာမည်၏။

၃၇၁။ ကုသိုလ်ချင်းမှတ်၊ တပ်သတတ်၊ နတ္ထိပစ္စည်း မည်သို့နည်း။ (၄၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

ဟူသော ပဋ္ဌာန်းပါဠိတော်နှင့်အညီ၊ ရှေးရှေးဖြစ်သော ကုသိုလ်ဇော၏ ပျောက်ခြင်း၊ ချုပ်ခြင်း၊ မရှိခြင်းသည် နောက်နောက်သော ကုသိုလ်ဇော၏ ဖြစ်ခြင်းငှာ ကျေးဇူးပြုသည်ကို "နတ္ထိ

ပစ္စည်း" ဟု ဧဟာတော်မူသောကြောင့် ပထမဇော သည် ဒုတိယဇောအား, ဒုတိယဇောသည် တတိယဇောအား တတိယဇောသည် စတုတ္ထဇောအား ကျေးဇူးပြုခြင်းပင်တည်း။ ။အနန္တရပစ္စည်းနှင့် အလားတူပင် မှတ်အပ်၏။

၃၇၂။ ကိုယ်-စိတ်-ဝိညတ်၊ ဖြစ်စေတတ်၊ စိတ္တုပ္ပါဒ်ခွဲ ဘယ့်နှယ်နည်း။ (၄၄)

ဟူသောအမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား-

"ဝေါဋ္ဌဗ္ဗန ကာမာဝစရ ဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ

ဟူ၍ သင်္ဂြိုဟ်မိန့်ရကား....ဝုဋ္ဌော, ကာမဇော တခုယုတ်သုံးဆယ်, အဘိညာဉ်ဒွေး ဤသုံးဆယ့်နှစ်ပါးသောစိတ်သည် ကာယဝိညတ်ကိုလည်း ဖြစ်စေသည်။ ဝစီဝိညတ်ကိုလည်း ဖြစ်စေသည်။ ပိ-သဒ္ဒါဖြင့် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဟူသော ဣရိယာပုထ်ကိုလည်း ခိုင်စေသည်။

ထိုသုံးဆယ့်နှစ်ပါးတွင် သောမနဿဇော တဆယ့်သုံးပါးသည် ရယ်ခြင်း ဟူသော ဝစီဝိညတ္တိ-ဟသနသဒ္ဒကိုလည်း ဖြစ်စေတတ်၏။

၃၇၃။ ဆဲ့ခြောက်နက်မှတ်၊ သက်တုံလတ်၊ ဝိဘတ် အဘယ်ပေတို့နည်း။ (၄၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တတိယာ သောဠသတ္ထမှိ ကတမော-

ကရဏေ ကတ္တုကမ္မေ စ၊ ကိရိယာပဝဂ္ဂလက္ခဏေ။
ကာလဒ္ဓါန ပစ္စတ္တေသွ၊ ဝဓိဟေတု နိမိတ္တကေ၊

သဟတ္ထာဒျဂ်သမ္ဗန္ဓ၊ ဝိသေသနာဒိကေ ဘုမ္မေ။
တတိယဝိဓကာ ဟောန္တိ၊ သောဠသတ္ထာ ဒိကေသွပိ။

ဟူ၍ ဝိဘတျတ္ထဒီပ၌လာရကား နာ, ဟိ-ဟူသော တတိယာ ဝိဘတ်သည် ၁၆-နက်၌ ဖြစ်၏။

၁၆-နက်ဟူသည်ကား.... ကရိုဏ်းအနက်။ ကတ္တားအနက်။ ကံအနက်။ ကိရိယာပဝဂ္ဂအနက်။ လက္ခဏအနက်။ကာလအဓွန့်အနက်။ ပထမာအနက်။ အပါဒါန်အနက်။ ဟိတ်အနက်။ နိမိတ်အနက်။ သဟာဒိယောဂအနက်။ အင်္ဂဝိကာရအနက်။ သမ္ဗန္ဓအနက်။ ဝိသေသနအနက် စသည်တို့ကို လည်းကောင်း။ သတ္တမီအနက်တို့ကို လည်းကောင်း။ တတိယာဝိဘတ် ဟော၏ဟူပေ။

ဥဒါဟရုဏ်နှင့် အကျယ်ကို ရင်းသဒ္ဒါငယ်တွင်ရှုပြီ။

၁၀၄။ ရကိုယသတ်၊ ဥငင်လတ်၊ ဖတ်သော်
ကျောက်စာမည်သို့နည်း။ (၄၆)

၁၀၅။ မကိုယသတ်၊ ဣတင်လတ်၊ ဖတ်ဟန်
ယင်းလည်း မည်သို့နည်း။ (၄၇)

၁၀၆။ တတွင်ဝသတ်၊ ကျောက်စာမှတ်၊ ရွတ်ဖတ်
ဟန်ကား မည်သို့နည်း။ (၄၀)

၁၀၇။ ကော ယသတ်၊ ဣတင်လတ်၊ လူတတ်
ဖတ်လေ့ဘယ့်နှယ်နည်း။ (၄၉)

၁၀၀။ ကော်ယသတ်၊ ရေးစမှတ်၊ ဖတ်ရိုး
ကျောက်စာမည်သို့နည်း။ (၅၀)

ဤပုစ္ဆာ ၅ ခု၌ အဖြေဝိသဇ္ဇနာကား ...

ရယ် ဤသို့ရေးလျှင် ၍—ဖတ်ရမည်။

မိယ် ဤသို့ရေးလျှင် မည်—ဖတ်ရမည်။

တဝ် ဤသို့ရေးလျှင် တော်—ဖတ်ရမည်။

ငယ် ဤသို့ရေးလျှင် ညည်—ဖတ်ရမည်။

ယေ် ဤသို့ရေးလျှင် ညေ်—ဖတ်ရမည်။

ဘယ့်ကြောင့် ယသတ်ရှိလျှင် ည-သတ်သံ ဖတ်သနည်း ဟူငြားအံ့—ကစ္စည်းဆရာပင်"သယေ စ" သုတ်ဖြင့် ယ-ကို ဥ အပြု စီရင်လေသောကြောင့်တည်း။

ဣ-ကို ဘယ့်ကြောင့် ဖျောက်သနည်း ဟူငြားအံ့—မဖျောက်၊ ဣ—တင်ရာ၌ ယပင့်သံ ဖတ်လျှင် "ဣဝဏ္ဏော ယံ နဝါ" သုတ်နှင့် ညီတော့သည်။

၁၀၉။ ဗဟုဗ္ဗီသမာသ်၊ နည်းတွဲလတ်၊ အဿတ္ထိနှင့်
မည်သို့နည်း။ (၅၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဗဟုဗ္ဗီဟိသမာသ်မှာ....နှစ်ပုဒ်ခွဲ၍ ပြုသည်။

အဿတ္ထိမှာ....တပုဒ်ကို ပေါင်း၍ ပြုသည်။

တနည်း ဗဟုဗ္ဗီဟိသမာသ်မှာ....ပုဒ်ချင်းချင်း ချဉ်းသည်။

အဿတ္ထိမှာ...ပုဒ်နှင့်, ပစ္စည်း ချဉ်းသည်။

ဥဒါဟရဏ်ကား "သုန္ဒရံ မန့် တေဿ အတ္ထိတိ သုမနော" ဟု ပြုမှု ဗဟုဗ္ဗီဟိ။

"သုမန့် တေဿတ္ထိတိ သုမနော" ဟူ၍ ပြုမှု အဿတ္ထိ။ ဤသို့ ထူး၏ ဟူပေ။

မဏိမဥ္ဇူဆရာ, နျာသဆရာ, သဒ္ဒနီတိ ဆရာတို့ကား အသီး အသီးဆိုကြ၏။ အလမတိ ပပဥ္စ ထင်၍ မရေးလိုက်ပြီ။

၃၉၀။ ကာရိုက်, အာဏတ်၊ စေတိုလတ်၊ အမှတ် ဘယ်သို့ ထူးသနည်း။ (၅၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပေသနေ ဒုဗ္ဗမတ္တဿ၊ အာဏတ္တေ ပဥ္စမီ သိယာ။
ကိရိယာယောဂေ တု ဝိဓေယျ၊ ကာရိတေ ဏေဏယာဒယော။

ဒုဗ္ဗမတ္တဿ၊ ဒြပ်မျှကို။ ပေသနေ၊ စေခြင်း၌။ အာဏတ္တေ၊ အာဏတ္တိအနက်၌။ ပဥ္စမီ၊ ပဥ္စမီ ဝိဘတ်သည်။ သိယာ၊ဖြစ်ရာ၏။ ကိရိယာယောဂေတု၊ကိရိယာနှင့် ယှဉ်၍ စေရာ၌ကား။ကာရိတေ၊ ကာရိုက်အနက်၌။ ဏေဏယာ ဒယော၊ ဏေဏယ အစရှိသော ပစ္စည်းတို့ကို။ ဝိဓေယျ၊ စီရင်ကုန်ရာ၏။

ဤသို့ နိရုတ္တိမဉ္ဇူ, ကစ္စာယနဘေဒဋီကာတို့၌ မိန့်သောကြောင့်–

ဒြပ်မျှကို စေရာ၌ အာဏတ္တိပဥ္စမီ....

ကိရိယာနှင့် ယှဉ်၍ စေရာ၌ ကာရိုက်....ဟု မှတ်အပ်၏။

ငါတို့အလိုကား....

မရှိသေသဖြင့် စေရာ၌ ကာရိုက်။

ရှိသေသဖြင့် စေရာ၌ အာဏတ္တိပဥ္စမီ ဟူ၏။

၃၉၁။ နေ့တွက်ကျမ်းမြတ်၊ ထုတ်စမှတ်၊ ပညတ္တိဟာရ မည်သို့နည်း။(၅၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... တခုသော တရားကို များစွာသော သဒ္ဒါ ပညတ်ဖြင့် ငြိစေသော အခြင်းအရာကို [illegible]ခြင်းလက္ခဏာရှိသော ဟာရသည် ပ[illegible]ဟာရမည်၏။ ထို ပညတ္တိဟာရကို [illegible]ပသော ပုဒ်၌ပင် ထုတ်အပ်၏။

"မဟာကာရုဏိကံ နာထံ"ဟူသော ပုဒ်၌ ထုတ်သော်ကား [illegible] မဟာကရုဏာ[illegible]ဟူသော ပညတ်သည် မြတ်သောဘုရား, ကရုဏာဂုဏ်ကိုစွဲ၍ [illegible]ပသော[illegible] ဥပ[illegible]ပညတ် မည်၏။ ထိုမဟာကရုဏာ[illegible]သည်လည်း အလုံးစုံသောသူ၌ မဖြစ်၊ မြ[illegible] [illegible] သ[illegible] ရှိ[illegible] [illegible] မြတ်ရကား ကို [illegible]သမာဓိ [illegible] ဆောင်၍ [illegible]

ကြောင့် ဥပနိဓာ ပညတ်မည်၏။ ဤမဟာကရုဏာ ဟူသော ဓမ္မသည် ပရမတ္ထအားဖြင့် ထင်ရှား ရှိသောကြောင့် ဝိဇ္ဇမာန ပညတ်မည်၏။ သဗ္ဗညုတဉာဏ်၏ အကြောင်းဖြစ်သော ကရုဏာကို သိစေ သောကြောင့် ပဘဝပညတ်မည်၏။ ဝါ၊ အစဖြစ်သော ကရုဏာကိုဆိုသဖြင့် အဆုံးဖြစ်သော သဗ္ဗညုတဉာဏ်ကိုလည်း သိစေတတ်သည်။ အလယ်၌တည်သော ဂုဏ်တော်ကိုလည်း ပြသည် မည်သောကြောင့် အနေကဓာပညတ်မည်၏။ ဤသို့ စသည်ဖြင့် ထုတ်အပ်၏။

၃၉၂။ ဗုဒ္ဓိတိမှတ်၊ ဗုဓဓာတ်၊ ပဒဋ္ဌာဟာရ ဘယ့်နှယ်နည်း။ (၃၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ကုသိုလ်အစရှိသော တရားတို့၏ ပဒဋ္ဌာန်ကို ထုတ်ခြင်းလက္ခဏာရှိသော ဟာရသည် ပဒဋ္ဌာဟာရမည်၏။

ထိုပဒဋ္ဌာဟာရကို ထုတ်သော်ကား....သစ္စာ ၄-ပါးတရားတို့ကို သိစေတတ်သော အရဟတ္တမဂ် ဉာဏ်, သဗ္ဗညုတဉာဏ်တို့ကို ရည်၍ ဗုဒ္ဓတိ ဟူသော ဝါကျကိုဆိုသော ပုဂ္ဂိုလ်၏ ပဒဋ္ဌာန်ကား.... သတိ,ဝီရိယ,ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်ဇော စိတ္တုပ္ပါဒ်တည်း။ ထိုစိတ္တုပ္ပါဒ်၏ ပဒဋ္ဌာန်ကား.... ယောနိသောမနသိကာရ, စတုစက္ကသမ္ပတ္တိတည်း။

တနည်းကား....စတုစက္ကသမ္ပတ္တိသည် ယောနိသောမနသိကာရ၏ ပဒဋ္ဌာန်တည်း။ ထိုမနသိကာ ရသည် သတိ,ဝီရိယ,ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်ဇောစိတ္တုပ္ပါဒ်၏ ပဒဋ္ဌာန်တည်း။ ထိုဇောစိတ္တုပ္ပါဒ် သည် ဗုဒ္ဓတိ ဟူသော ဝစီဘေဒသဒ္ဒ၏ ပဒဋ္ဌာန်တည်း။ ဤသို့ စသည်ဖြင့် ထုတ်အပ်၏။

၃၉၃။ ခါရေတိမှတ်၊ ဧရဓာတ်၊ အာဝဋ္ဋာဟာရ မည်သို့နည်း။ (၃၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဒေသနာဟာရ၌ ဟောအပ်သော ဓမ္မတို့၏ ပဒဋ္ဌာန်ကိုရှာ၍ သဘာဂ ဝိသဘာဂ တရားတို့ကို လည်စေခြင်း လက္ခဏာရှိသော ဟာရသည် အာဝဋ္ဋာဟာရမည်၏။

ခါရေတိ-ပုဒ်၌ အာဝဋ္ဋာဟာရကို ထုတ်သော်ကား....အပါယ်ဝဋ်ဒုက္ခသို့ မကျစေမူ၍ ဆောင် တတ်သော ကုသိုလ်ဓမ္မ၏ ပဒဋ္ဌာန်ကား ဝီရိယတည်း။ ထို၏ ပဒဋ္ဌာန်ကား အပ္ပမာဒတည်း။ ထိုအပ္ပမာဒဖြင့် အပ္ပမာဒသျှင် အကြောင်းရှိကုန်သော သတိ, ပညာ, သဒ္ဓါ, ဟိရိ အစရှိကုန်သော ကုသိုလ်တရားတို့သည် လည်ကုန်၏။

အပ္ပမာဒ၏ ဆန့်ကျင်ဘက်ကား မေ့လျော့ခြင်း ပမာဒတည်း။ ထိုပမာဒ၏ ပဒဋ္ဌာန်ကား ကောသဇ္ဇတည်း။ ထို ပမာဒ,ကောသဇ္ဇ တရားနှစ်ပါးလျှင် အကြောင်းရင်းရှိကုန်သော အကုသိုလ် တရားတို့သည် လည်ကုန်၏။ ။ဤသို့ စသည်ဖြင့် ထုတ်အပ်၏။

၃၉၄။ သေသေသတ်သတ်၊ နေတ္တိမှတ်၊ ဝိဘတ္တိဟာရ မည်သို့နည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သံကိလေသဓမ္မ, ဝေါဒါနဓမ္မတို့ကို သာဓာရဏ, အသာဓာရဏအားဖြင့်လည်းကောင်း၊ ပဒဋ္ဌာန်အားဖြင့်လည်းကောင်း၊ ဘုံအားဖြင့်လည်းကောင်း ဝေဖန်ခြင်းလက္ခဏာရှိသော ဟာရသည် ဝိဘတ္တိဟာရမည်၏။

ထို ဝိဘတ္တိဟာရသည်...ဓမ္မဝိဘတ္တိ, ဘူမိဝိဘတ္တိ, ပဒဋ္ဌာနဝိဘတ္တိအားဖြင့် သုံးပါးပြား၏။

ထိုဝိဘတ္တိကို ထုတ်သော်ကား "မဟာကာရုဏိက" အစရှိသော ပဉ္စာမဂါထာသည် ဝါသနာဘာဂိယ, နိဗ္ဗေဓဘာဂိယအားဖြင့် နှစ်ပါးတွင် ပဉ္စာမစေတနာ တည်းဟူသော ဖြူစင်သော ဝေါဒါနအဖို့ ရှိသောကြောင့် ဝါသနာဘာဂိယ မည်၏။ ထိုဂါထာ၏ အရကား ဝစီဘေဒသဒ္ဒ၊ ထို ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ကုသိုလ်ဇောစိတ္တုပ္ပါဒ်တည်း။ ထိုနှစ်ပါးတွင် ဝစီဘေဒသည် ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့နှင့် ဆက်ဆံ၏။ ကုသိုလ်ဇောစိတ္တုပ္ပါဒ်သည် အသေက္ခပုဂ္ဂိုလ်တို့နှင့် မဆက်ဆံ။ ဝစီဘေဒသဒ္ဒ၏ သဒ္ဒဟူသော အမည်သည် ခပ်သိမ်းသော သဒ္ဒတို့နှင့် ဆက်ဆံ၏။ ဓမ္မဘာသဘောကား မဆက်ဆံ။ ဤကား ဓမ္မဝိဘတ္တိတည်း။

"မဟာကာရုဏိက" အစရှိသော ဝစီဘေဒ သဒ္ဒ၊ ထို ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ကုသိုလ်ဇောစိတ္တုပ္ပါဒ်သည် ဘုံအားဖြင့် ကာမာဝစရ မည်၏။ ပုထုဇဉ်သန္တာန်၌ ဖြစ်သော ကြောင့်လည်း ပုထုဇဉ်ဘုံမည်၏။ ဤကား ဘူမိဝိဘတ္တိတည်း။

"မဟာကရုဏိက" အစရှိသော ဝစီဘေဒသဒ္ဒ၏ ပဒဋ္ဌာန်ကား ကုသိုလ်ဇော စိတ္တုပ္ပါဒ်တည်း။ ထိုစိတ္တုပ္ပါဒ်၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရ အစရှိသည်တည်း။ ဤကား ပဒဋ္ဌာန ဝိဘတ္တိတည်း။

ဤသို့ စသည်ဖြင့် ဝိဘတ္တိဟာရကို မှတ်အပ်၏။

၃၉၅။ အာကာသဓာတ်၊ ပျက်ယွင်းလတ်၊ အပှတ် ဘယ်လက္ခဏာနည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ဟနုနေတြာ၊ မေးမျက်ပြတို့သည်။ ဥပရိ၊ အထက်သို့။ ဝိလောကေယျ၊ မျှော်ကြည့်၍ မမှိတ်ပဲ ရှိအံ့။ အာကာသ နယနံ၊ အာကာသဓာတ် ပျက်ပြီဟူ၍။ လက္ခိတ၊ မှတ်အပ်၏။

၃၉၆။ ခံကောင်းကင်ဓာတ်၊ ပျက်ယွင်းလတ်၊ သေတတ်ဘယ်အချိန်၌နည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အာကာသဓာတုဝိနာသေ၊ အာကာသဓာတ် ပျက်စီးလတ်သော်။ သာယနှေ၊ ညချမ်း၌သာလျှင်။ မရိဿတိ၊ သေလတ္တံ့။

၃၉၇။ လျှာလည်းကြမ်းလတ်၊ တွန့်သတတ်၊ ဘယ်ဓာတ် ပျက်သည် ဆိုပိမ့်နည်း။ (၅၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....မရဏကာလေ၊ သေခါနီးအခါ၌။ ဇိဝှါ၊ လျှာသည်။ ခရာစ၊ ကြမ်းလည်းကြမ်းအံ့။ ရဿာစ၊ တိုလည်းတိုအံ့။ ရဿဇိဝှါ၊ တိုသောလျှာသည်။ ပဝိသန္တော၊ အတွင်းသို့ဝင်လေမူကား။အာပေါနဿ လက္ခဏံ၊ အာပေါဓာတ် ပျက်သောလက္ခဏာတည်း။ (ဓာတုဝိဘာဂဒီပနီ)။

၃၉၈။ ပထဝီဓာတ်၊ ပျက်ယွင်းလတ်၊ ဘယ်ဓာတ် ပေး၍ ကုမည်နည်း (၆၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ပထဝီဓာတ်၊ ပျက်လတ်သော်မူ၊ ဝါယောဟူသား၊ မပူမင်နို၊ အဖန့်မှုသာ၊ ဆေးဩဇာကို၊ ပေးကာကုမှ၊ ချမ်းသာရလိမ့်။

၃၉၉။ အာကာသဓာတ်၊ ရသာမြွတ်၊ ဆတ်ဆတ် ဘယ်သို့ ရှိသနည်း။ (၆၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အာကာသဓာတုရသာ၊ အာကာသဓာတ်၏ အရသာသည်။ ကဋုကော၊ စပ်၏။ (ဓာတုရသ)။

၄၀၀။ ဝက်ခြင်ပျောက်တတ်၊ ဆေးအမြွတ်၊ ပညတ် တမည် ဘယ်သို့နည်း။ (၆၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဝက်ချေးဘနဲ့ခေါ်သော ရွှေတံတိုင်းမြစ်ကို သွေး၍လူး။ တနည်း....ထင်းရှူးမြစ်ကို ထုံးနှင့်သွေး၍လူး။

၄၀၁။ ကုမ္ဘိုဒ်ပါဠိ၊ ရှိတုံလတ်၊ ဟောမှတ် က-ကြီး ဘယ်သို့နည်း။ (၆၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> ကောလမ္ဘော ကုမ္ဘိတိအာဒိသု အဂ္ဂိမှိ။ တပ္ပ ဟ် ကေန အဂ္ဂိနာ လမ္ဘတီတိ ကောလမ္ဘော။ ဘဏ္ဍပစနကော မဟာကုမ္ဘော။ ကေန အဂ္ဂိနာ ဘ၀တိ တေနေ၀ ပစနဘာဝတော ကုမ္ဘိတိအတ္ထော ဟောတိ။

ဟူ၍ ကေက္ခရကောသဋီကာမိန့်၏။

ကောလမ္ဘော ကုမ္ဘိတိအာဒိသု၊ ကောလမ္ဘော ကုမ္ဘိအစရှိသောပုဒ်တို့၌။ က-သဒ္ဒေါ၊ က-သဒ္ဒါသည်။ အဂ္ဂိမှိ၊ မီးဟူသော အနက်၌ဖြစ်၏။ ဟိ၊ ဝိဂ္ဂိုဟ်ဆိုလိုက်ဦးအံ့။ တတ္ထ၊ ထိုပြယုဂ်၌။ ကေန အဂ္ဂိနာ၊ မီးဖြင့်။ လမ္ဘတိ၊ ချက်အပ်၏။ ဣတိ၊ ထို့ကြောင့်။ ကောလမ္ဘော၊ ကောလမ္ဘမည်၏။

ဘတ္တပစနကော၊ ထမင်းချက်သော။ မဟာကုမ္ဘော၊ စိတ်ဝင် တင်းဝင် အိုးကြီးကို။ လဗ္ဘတိ၊ ရအပ်၏။ ကေန အဂ္ဂိနာ၊ မီးဖြင့်။ ဘဝတိ၊ ဖြစ်တတ်၏။ တေနေဝ၊ ထိုမီးဖြင့်သာလျှင်။ ပစနဘာဝတော၊ ချက်အပ်သည်၏ အဖြစ်ကြောင့်။ ကုမ္ဘိ၊ ကုမ္ဘိမည်၏။ ဣတိဒဿနတော၊ ဤသို့သော အနက်သည်။ ဟောတိ၊ ဖြစ်၏။

၄၀၂။ မာတလိနတ်၊ သိကြားမင်၊ နတ်၏'မာ'ကား ဘယ်ဟောနည်း။ (၆၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> မာတလိ မာဃောတိအာဒီသု မာ-သဒ္ဒေါ မာတရိ ဟောတိ။ တတ္ထ ဟိ မာ-မာတာ ဝိယ သတ္တာနံ ဟိတသုခံ တလတိ ဝိဒဓာတီတိ မာတလိ။ ဒေဝပုတ္တဝိသေသော။

> မာ-မာတာ ဝိယ ပရဇနာနံ ဟိတသုခံ ဃရတိ အာသိဉ္စတီတိ မာဃော။ ရှင်းဋီကာ။

မာတလိ မာဃောတိအာဒီသု၊ မာတလိ မာဃောစသော ဥဒါဟရဏ်တို့၌။ မာ-သဒ္ဒေါ၊ မာ-သဒ္ဒါသည်။ မာတရိ၊ မိခင်ဟူသောအနက်၌။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ချဲ့လိုက်ဦးအံ့။ တတ္ထ၊ ထို ဥဒါဟရဏ်၌။ မာ-မာတာဝိယ၊ အမိကဲ့သို့။ သတ္တာနံ၊ သတ္တဝါတို့၏။ ဟိတသုခံ၊ စီးပွားချမ်းသာကို။ တလတိ ဝိဒဓာတိ၊ စီရင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ မာတလိ၊ မာတလိမည်၏။ ဒေဝပုတ္တဝိသေသော၊ သိကြားနတ်၏ အမတ်ဟွင်ဘိ မာတလိကို။ လဘတိ၊ ရ၏။

မာ- မာတာဝိယ၊ မိခင်ကဲ့သို့။ ပရဇနာနံ၊ တပါးသောသူတို့၏။ ဟိတသုခံ၊ စီးပွားချမ်းသာကို။ ဃရတိ အာသိဉ္စတိ၊ တောင့်တတတ်၏။ ဣတိ၊ ထို့ကြောင့်။ မာဃော၊ မာဃမည်၏။

၄၀၃။ ဝါသဝေါ ပါဠိ၊ သိကြားမှတ်၊ သေသတ် 'ဝါ' ဟော ဘယ်သို့နည်း။ (၆၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> ဝါသဝေါတိဧတ္ထ ဝါ-ဓာတု ပဋ္ဋနေ၊ တတ္ထ ဟိ ပုရိမတ္တဘာဝေ အာဝါ ဒါနဝသေန ဝါတိ ပဝတ္တတီတိ ဝါသဝေါ။ ရှင်းဋီကာ။

ဝါသဝေါတိဧတ္ထ၊ ဝါသဝေါဟူသော ဥဒါဟရဏ်၌။ ဝါ- ဓာတု၊ ဝါ-ဓာတ်သည်။ ပဋ္ဋနေ၊ ဖြစ်ခြင်းအနက်၌ဖြစ်၏။ ဟိ၊ ချဲ့လိုက်ဦးအံ့။ တတ္ထ၊ ထိုဥဒါဟရဏ်၌။ [illegible] အာဝါသံ ကြည့်သိကြား မင်းသည်။ ပုရိမတ္တဘာဝေ၊ ရှေးကိုယ်အဖြစ်၌။ အာဝါ ဒါနဝသေန၊ [illegible] သည်၏ အစွမ်းဖြင့်။ ဝါတိပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ [illegible] သိကြားမင်းသည်။ ဝါသဝေါ၊ ဝါသဝမည်၏။

၄၀၄။ ဥာကောဒို-ဓာတ်၊ ဟင်းရွက်ဖတ်၊ သက်လတ်ပစ္စည်း ဘယ်ရနည်း။ (၆၆)။

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒို-ဓာတု ပန ဥာကောတိအာဒီသု ပဝေသနေ ဟောတိ။ တတ္ထ ဟိ ဒေ့တိ ပဝိသတိ ဘတ္တမေတေနာတိ ဥာကော။ သူပူပကရဏဘူတံ ယံကိဉ္စိ ပတ္တာဒိကံ။ ။ဋင်းဋီကာ။

ဒိုဓာတု ပန၊ ဒို-ဓာတ်သည်ကား။ ဥာကောတိအာဒီသု၊ ဥာကော အစရှိသော ပုဒ်တို့၌။ ပဝေသနေ၊ ဝင်ခြင်းအနက်၌။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ချဲ့ဦးအံ့။ တတ္ထ၊ ထိုဥဒါဟရုဏ်၌။ ဧတေန၊ ထိုဟင်းရွက်ဖြင့်။ ဝါ၊ ထို ဟင်းရွက်ကြောင့်။ ဘတ္တံ၊ ထမင်းသည်။ ဒေ့တိ ပဝိသတိ၊ ဝင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဥာကော၊ ဥာကမည်၏။ သူပူပကရဏဘူတံ၊ ဟင်း၏ အဆောက်အဦဖြစ်သော။ ယံကိဉ္စိ၊ အလုံးစုံသော။ ပတ္တာဒိကံ၊ ဟင်းရွက်စသည်ကို။ လဘတိ၊ ရ၏။

ဒု-ဓာတ်, က—ပစ္စည်း။ “ကဒျာဒီဟိ ကော” ဟူသော သုတ်ဖြင့်သက်။ ဒု-ဓာတ်၏အရ ကတ္တုတ္ထကိရိယာကား အစာကို ဝင်စေတတ်သော ဟင်းရွက် စသည်၌ တည်သော အရသာ၏ ပကတူပနိဿယ သတ္တိသည် မုချ။ ဟင်းရွက် စသည်သည် ကာရကူပစာရ အားဖြင့်ရ၏။ က-ပစ္စည်း၏ အရကား–ထို မုချ, ကာရကူပစာရ အားဖြင့် မှတ်အပ်သော ဟင်းရွက်ဖတ် ရ၏။ ဤသို့ကောက်။

၄၀၅။ ခင်းနှီးလဲသွတ်၊ ထိုင်တုံလတ်၊ အာပတ် မသင့်ဘယ်၌နည်း။ (၆၇)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တူလောနဒ္ဓါ ဃရေဃေဝ၊ မဉ္စပီဌာ နိသီဒိတုံ။

တူလောနဒ္ဓါ၊ လဲသုံးပါးဖြင့် မြှေးအပ်ဖွဲ့အပ်ကုန်သော။ မဉ္စပီဌာ၊ ညောင်စောင်း အင်းပျဉ် တို့သည်။ ဃရေ၊ ရွာတွင်း၌။ နိသီဒိတုံဝေ၊ နေခြင်းငှါသာလျှင်။ ကပ္ပန္တိ၊ အပ်ကုန်၏။ (ခုဒ္ဒသိက္ခာ)။

စူဠဝါ ပါဠိတော်၌....

တေန ခေါ ပန သမယေန မနုဿာ ဘတ္တဂ္ဂေ အန္တရဃရေ တူလောနဒ္ဓံ မဉ္စမ္ပိ ပီဌမ္ပိ ပညပေန္တိ။

စသည်ဖြင့် အန္တရဃရ–သဒ္ဒါ, ဘတ္တဂ္ဂ–သဒ္ဒါတို့ကို တကွယှဉ်၍ ဟောတော်မူသောကြောင့် ဃရ—သဒ္ဒါဖြင့် ဆွမ်းစားဇရပ်ဆိုလည်း ယူအပ်၏။ ထို့ကြောင့် “ဃရေဃေဝ”၌ ဧဝ-သဒ္ဒါသည် အဋ္ဌာနပယုတ်တည်း။ ထို ဧဝ-ကို နိသီဒိတုံ-ဟူသော ကိရိယာ နောင်သာ ယှဉ်အပ်၏ဟု ပြလို သော ဋီကာ ဆရာသည်....

ဃရေတိတ္ထမိနာ ဘတ္တဂ္ဂသာပိ ဂဟာဏံ။ ဧဝ-သဒ္ဒေါ အဋ္ဌာနပယုတ္တော။ တသ္မာ တူလောနဒ္ဒါ မဇ္ဈပိဋ္ဌာ ဃရေ ဝါ ဘတ္တဂ္ဂေ ဝါ နိသိဒိတုမေဝ ကပ္ပန္တီတိ သမ္ဗန္ဓော။ ဟူ၍ မိန့်၏။

သို့ကျမ်းလာသောကြောင့် ခင်းနှီးလဲသွတ်ကို ရွာတွင်း၌လည်းကောင်း, ဆွမ်းစားဇရပ်၌ လည်းကောင်း ထိုင်သောရဟန်းအား အာပတ်မသင့်ဟူပေ။

၄၀၆။ သက်နှံးကွဲပြတ်၊ ရဟန်းမြတ်၊ မိန်းမဝတ်ကို ဒာပ်လိမ့်နည်း။ (၆၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... "သဗ္ဗံ လဗ္ဘတိစ္ဆိန္နစိဝရော" ဟူ၍ ခုဒ္ဒသိက္ခာ၌ မိန့်ပြီ။

အစ္ဆိန္နစိဝရော၊ ခိုးသူလုသော သက်နှံးရှိသော ရဟန်းသည်။ သဗ္ဗံ၊ အလုံးစုံရသမျှသော အဝတ်ကို။ လဗ္ဘတိ၊ ဝတ်ခြင်းငှါရအပ်၏။

ဤသို့ ဝိနည်းအဋ္ဌကထာလာသောကြောင့် ခိုးသူလုခြင်းစသော အန္တရာယ်ကြောင့် သင်္ကန်း အဝတ်သက်သက်မရှိသော ရဟန်းဖြစ်မူကား ထဘီ, အင်္ကျီ, သင်တိုင်း, တဘက်စသော မိန်းမ ဝတ်ကိုသော်လည်း ရလျှင် ဝတ်အပ်၏။ သင်္ကန်းစုတ်ပြတ် ကွဲပေါက်ရုံမျှနှင့် မဝတ်အပ် ဟူပေ။

၄၀၇။ မြင်းသွားပေါက်လတ်၊ ဆယ်ရက်မှတ်၊ ညီညွတ်နှစ်ဆယ် ဘယ့်လောက်နည်း။ (၆၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အထက်က ဖြေခဲ့ပြီ။ "အယ်" ကာရန်ပုစ္ဆာ နံပါတ် ၁၆၃။၁၆၄။၁၆၅။၁၆၆။ အဖြေမှာကြည့်။

၄၀၈။ တချက်ဆိုလတ်၊ နှစ်ချက်ပြတ်၊ မြဲမှတ်ဘယ်နည်း ဆိုမည်နည်း။ (၇၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....သရက်ပင်၌ ရေအိုးတည်ခြင်းသည် ဆရာ အား ချီးရေတည်ခြင်းကိစ္စ, သရက်ပင်ကို ရေသွန်းခြင်းကိစ္စ ဤနှစ်ပါးကို ပြီးစေသကဲ့သို့ တခု သောပုဒ်ကို ဆိုသဖြင့် အနက်နှစ်ပါးကို ပြီးစေတတ်သော နည်းသည် "အမ္ဗသေစန ဂရုသိနာန နည်း" မည်၏။

ဂန္ထန္တရအလိုအားဖြင့် သန့်လျက်ဘွက်သည်နှင့် ကူရကား "ဧကဒွိန္နနည်း" မည်၏။

၄၀၉။ ခရုသင်းဇာတ်၊ ဖြစ်တုံလတ်၊ မြတ်ပုလဲရောင်
မည်သို့နည်း။ (၇၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အထက် 'အဲ' ကာရန် ပုစ္ဆာနံပါတ် ၁၉၇။ ၁၉၉။ ၂၀၀-တို့၌ ပြည့်စုံစွာ ဖြေဆိုခဲ့ပြီ။

၄၁၀။ အာဟာရပြတ်၊ ထက်မိုးနတ်၊ ရက်ဘယ့်လောက်
ခံလိမ့်နည်း။ (၇၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒေဝလောကတော ဒေဝတာ စဝတိ ကာရဏေဟိ စတုဟိ အာယုက္ခယေန, ပုညက္ခယေန, အာဟာရက္ခယေန, ကောပေနာတိ။

အစရှိသည်ဖြင့် ဒီဃနိကာယ် သက္ကပဉ္စာသုတ် အဖွင့်၌ လာသည်။

အဓိပ္ပါယ်ကား....နတ်ပြည်၌ရှိသော နတ်တို့သည်-

၁။ သက်တမ်းကုန်ခြင်းကြောင့်လည်းကောင်း၊

၂။ ဗျူးကောင်းမှုကုန်ခြင်းကြောင့်လည်းကောင်း၊

၃။ အာဟာရကုန်ခြင်းကြောင့်လည်းကောင်း၊

၄။ အမျက်ထွက်ခြင်းကြောင့်လည်းကောင်း၊

ဤလေးပါးတို့တွင် တပါးပါးသောအကြောင်းဖြင့် စုတေရကုန်သည်။

ထိုလေးပါးတို့တွင် အကြင်နတ်သည် ကာမဂုဏ်၌ စုံမက်မေ့လျော့ခြင်း ကြူးသည်ဖြစ်၍ အာဟာရသုံးဆောင်မြဲအချိန်ကို တကြိမ်မျှ လွန်မိသည်ဖြစ်အံ့။ ထိုနတ်သည် ကိုယ်ခန္ဓာ ရိန္ဓမ်းသဖြင့် သေခြင်းသို့ ရောက်လေရတော့သည်။ နောက်ထပ်မံ၍ အစားသုံးဆောင်ပါသော်လည်း ချမ်းသာမရပြီ။

ဘယ်ကဲ့သို့နည်း-ဟူမူ....တကြိမ်နေလှန်း၍ နွမ်းပြီးသော ကြာပွင့်ကို ရေအကြိမ်တရာ လောင်းသော်လည်း မလန်းသကဲ့သို့ဖြစ်သည်။

ဘယ်ကြောင့်နည်းဟူမူ....ထိုနတ်တို့၏ရုပ်သည် လူတို့၏ရုပ်ထက် နူးညံ့သိမ်မွေ့လှသောကြောင့် တထပ်သော အာဟာရပြတ်ခြင်းကို မခံနိုင်ဟူ၍သာ ကျမ်း၌လာသည်။

အာဟာရပြတ်သည့်နောက် ဘယ့်လောက်ကြာသနည်းဟူရာ၌....

"ဒိဗ္ဗာ ပန ဩဇာ ကေမာသံ ဒွိမာသမ္ပိ ဥပတ္ထမ္ဘေတိ"။

ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌လာသောကြောင့် နတ်တို့၏ဩဇာသည် သတ္တဝါအလျောက် တလတိုင်အောင်လည်းကောင်း, နှစ်လတိုင်အောင်လည်းကောင်း ထောက်ပံ့တတ်၏ ဟူရကား.... အာဟာရပြတ်သည့်နောက် တလလည်းကောင်း,နှစ်လလည်းကောင်းခံသေး၏ဟူပေ။

၄၁၁။ ကိန္နရဇာတ်၊စကားတတ်၊ဖွင့်လတ် ဘယ့်ကြောင့် မပြောသနည်း။ (၇၃)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ပြောခွင့်သင့် သောအရာမရောက်၍ မပြောသည်ဟုဖြေ။

အကျယ်ကား ဗာရာဏသီပြည်၌ မုဆိုးတယောက်သည် တောသို့လည်ရာ ဟိမဝန္တာသို့ရောက်၍ ကိန္နရတို့ကိုမြင်လျှင် တခုသော ဥပါယ်တံမျဉ်ဖြင့် ကိန္နရဖိုမကိုဖမ်း၍ ရလေလျှင် ကောင်းစွာဆောင်ခဲ့၍ ဗာရာဏသီမင်းကြီးအား ဆက်သည်ရှိသော် မင်းကြီးသည် မမြင်ဖူးသော ကိန္နရဖို-မတို့ကိုမြင်ရ၍ အလွန်ဝမ်းသာလျက် "ဤသူတို့သည် အဘယ်သို့ ကျေးဇူးရှိသနည်း"ဟု မေး၏။ မုဆိုးကလည်း "ဤကိန္နရတို့သည် သာယာစွာသော အသံတို့ဖြင့် သီတတ် ကတတ်ပါသည်။ လူတို့မှ ဤသူတို့ကဲ့သို့ မတတ်နိုင်ပါ"ဟု လျှောက်သော် မုဆိုးအား ဆုလာဘ်များစွာပေး၍ ကိန္နရတို့ကို 'ကကုန်၊ သီကုန်'ဟု အဖန်တလဲလဲ တိုက်တွန်း၏။

ကိန္နရတို့ကလည်း...."ငါတို့ ကကုန် သီကုန်သည်ရှိသော် မင်းကြီးနှစ်သက်သော် ကောင်း၏။ မနှစ်သက်သော် ကဲ့ရဲ့မှုလည်း ကဲ့ရဲ့ရာ၏။ သတ်မှုလည်းသတ်ရာ၏။ စကားများစွာဆိုကလည်း မမှန်သည်ကများ၍ မုသားဖြစ်လတ္တံ့"ဟု ကြောက်၍ တိတ်တိတ်သာနေ၏။

မင်းကြီးလည်း များစွာတိုက်တွန်းလျက် မသီ မကသောကြောင့် အမျက်ထွက်၍ "နင်တို့သည် နတ်လည်းမဟုတ်၊ လူလည်းမဟုတ်၊ ဟင်းလျာအဖို့ငှာသာ ကျွန်သားမုဆိုး ဆောင်ခဲ့သည်ဖြစ်သောကြောင့် တခုကိုည၊ တခုကို နံနက်စာသတ်၍ချက်လေ"ဟု စားတော်သည်တို့အားဆိုလှင်-

ကိန္နရမသည် မင်းကြီးကား ငါတို့အား မချွတ်သတ်လတ္တံ့။ စကားဆိုရသော်လျော်ပြီဟု နှလုံးပြု၍ "အရှင်မင်းကြီး....မကောင်းသဖြင့် ဆိုအပ်သော စကားတသိန်းတို့သည် ကောင်းမွာဆိုအပ်သောစကားတခွန်းကို ၁၆ စိတ်စိတ်၍ ၁ စိတ်လောက်မျှ အဖိုးမတန်ဟု ဥာဏ်ရှင်ဖြစ်သော သူတို့ဆိုသောစကားကို ကြားဖူးပါသည်။ ကျွန်ုပ်တို့ကား တောသား တောသူတို့ဘာဝဖြင့်တော၌သာ ကြီးရသောအမျိုးဖြစ်၍ နန်းတော်စရိုက်ကို မသိပါ။မင်းနားနှင့်မတန်ရာသော စကားကို ဆိုမိမည်ကိုကြောက်လှသောကြောင့်သာ တိတ်တိတ်နေပါသည်။ အာဏာတော်ကို မကြောက်၍မဟုတ်ပါ"ဟု လျှောက်၏။

ကိန္နရမ၏စကားကို မင်းကြီးကြားလျှင် အလွန်သနားရကား "ဤကိန္နရမအား ဝေးဘ၌လွှတ်ပါချေ။ ကိန္နရဖိုကိုသာ နံနက်စာချက်လေ"ဟုဆို၏။

ကိန္နရဖိုလည်း ငါ စကားပြောရန်အခွင့်သင့်ချေပြီ။မပြောမူကား ငါ့အား မချွတ်သတ်တော့မည်ဟု နှလုံးပြု၍ "အရှင်မင်းကြီး....ဤလောက၌ နွား၊ ကျွဲဟူသမျှသည် မြက်၊ သစ်ရွက်ကိုသာ စားသောကြောင့် မြက်ကိုဖြစ်စေတတ်သောမိုးသည် နွားသားအပေါင်းတို့၏ ကိုးကွယ်ရာ ဖြစ်သည်။ လူတို့သည် နွားနို့ အရသာကိုမှီ၍ အသက်မွေးရ သာကြောင့် နွားသည် လူတို့၏ ကိုးကွယ်ရာ ဖြစ်သကဲ့သို့ ကျွန်ုပ်သည်လည်း ကိန္နရမ၏ ကိုးကွယ်ရာဖြစ်ပါသည်၊ ကိန္နရမအား သနားတော်မူလျှင် ကျွန်ုပ်ကိုလည်း သနားသင့်ပါသည်။ ကျွန်ုပ်လင်မယားတို့သည် သေမူသာ ပါရစေ။ အသက်ရှင်လျက် မကွဲပါရစေနှင့်၊ အရှင်မင်းကြီး ဤကိန္နရမကိုသာ ဟိမဝန္တာသို့ ပို့လိုမူကား ကျွန်ုပ်ကို ဦးစွာသတ်တော်မူပါ။ ကျွန်ုပ်တို့စကားမပြောသည်မှာ လူတို့ဝေါဟာရ၌ မကျွမ်း

မလိမ္မာသော အမျိုးဖြစ်၍ စကားများခြင်း၌ အပြစ်ကိုမြင်သောကြောင့် မဆိုဝံ့ပါသတည်း" ဟု လျှောက်၏။

မင်းလည်း ထိုစကားကိုကြားလျှင် အလွန်နှစ်သက်၍ ကိန္နရာဖိုမကိုပင် ရွှေချိုင့်နှင့်နေစေလျက် မုဆိုးကိုပင် ဖမ်းယူရာအရပ်သို့ ပို့စေ၏။

ဤအရာ၌ ကိန္နရာဖိုမတို့သည် နှုတ်စောင့်လျှခြင်းကြောင့် သေဘေးမှလည်းကောင်း လူ၏အစေအပါးကျွန်အဖြစ်မှလည်းကောင်း လွတ်ဖူးလေ၏ဟူ၍ ဒုကနိပါတ်ဇာတ်၌ လာသည်။

၄၁၂။ အထက်ဖြစ်လတ်၊နတ်တို့ဇာတ်၊အောက်နတ် ဘယ့်ကြောင့် မမြင်သနည်း(၇၄)

ဟူသောအမေးပုစ္ဆာ၌အဖြေဝိသဇ္ဇနာကား အထက်ကောင်းကင်၌ဖြစ်သောနတ်တို့သည် ဥပပတ်ပဋိသန္ဓေ နေကုန်သကဲ့သို့ လူ့ပြည်၌ ဖြစ်ကုန်သော ရုက္ခစိုးနတ်ဘုမ္မစိုးနတ်တို့သည်လည်း အချို့ဥပပတ်ပင် ဖြစ်ကုန်သည်။ ယင်းသို့ဇာတ်ချင်းတူကြပါလျက် အထက် စတုမဟာဇ်နတ်တို့မှာ နေရာဗိမာန်ဖြစ်သော ကြယ်၊ လ၊ နေတို့ကိုမြင်ရသည်။လူ့ပြည်သို့လာသော ကာလလည်း နတ်ကိုယ်တိုင်ကိုမြင်ကြရသည်။ အောက်ဖြစ်သော နတ်တို့မှာကား ဗိမာန်ကိုမျှမမြင်ရကုန်။ဤသို့ လူတို့မမြင်ရခြင်းသည် ဘယ့်ကြောင့်ဖြစ်ပါသနည်းဟု မေးသည်။

အထက်နတ်တို့ကဲ့သို့ တန်ခိုးမကြီးရကား အောက်နတ်တို့သည် မိမိတို့နေသော ဗိမာန်ကို မြင်လျှင် လူတို့သည် လိုချင်သောကြောင့် လုယက်ခြင်း မကောင်းကြံခြင်းကို ပြုကုန်ရာသည်။ ပြုကုန်သည်ရှိသော် ထိုသူတို့အား ညှဉ်းဆဲနှိပ်စက်ရရာသည်။ နှိပ်စက်သော် နတ်တို့၏ ဒေဝဓမ္မပျက်ရာသည်။ ထို့ကြောင့် ဗိမာန်ကိုလည်းကောင်း မိမိတို့ကိုယ်ကိုလည်းကောင်း လူတို့မမြင်စိမ့်သောငှာ တန်ခိုးဖြင့် ကွယ်ဖျောက်၍ထားသည်။ မြင်စေလိုသောအခါမှ ထင်ရှားပြ၍မြင်ရသည်။

ထိုအောက် တန်ခိုးငယ်သော ပြိတ္တာမျိုး ဝိနိပါတိက အသုရာမျိုးဖြစ်သော တစ္ဆေ ဖုတ် ပြိတ္တာတို့မူကား ပျောက်ကွယ်တတ်သော ဆေးဝါးကိုသော်လည်း ဆောင်ရသည်။မန္တရားကိုသော်လည်း ဆောင်ရသည်။ ထို့ကြောင့် အောက်နတ်တို့ကို လူတို့မမြင်ရဟူပေ၏။

အဘယ်ကိုထောက်၍သိရသနည်းဟူမူကား....

ဒွါရာဝတီပြည်၌ အကုံရမင်းသား၏ အိမ်တွင်ပေါက်ဖွားသော သူငယ်သည် အဖကား ကျွန်၊ အမိကားသူကောင်းဖြစ်၍ ၎င်း၏သားသည် ကျွန်ဖြစ်သင့်မည်။ တော်လှန်သူဖြစ်သင့်မည်ကို အငြင်းအခုံရှိကြ၍ အဆုံးအဖြတ်ခံရာ အဥ္စနဒေဝီမင်းသမီးက "ဓေနုပမာ၊အဿုပမာ" စသည်ဖြင့် အမိဘက်သို့ပါ၍ သား ကျွန်မဖြစ်သင့်ကြောင်းကို စီရင်၏။

ယင်းသို့ စီရင်ပါသော်လည်း "ဒါသော၊အဒါသော"ဟူသော ဝိဝါဒစကားသည် မစဲရကား သူငယ်သည် အရွယ်သို့ ရောက်သောအခါ ရှက်နိုး၍ ဤအရပ်တွင် မနေပဲ ရောရုဝပြည်သို့ သွားလေ၍ ထိုပြည်၌ အလှူကောင်းမှုပြုလေ့ရှိသောအသယှသဋ္ဌေး၏အိမ်အနီး၌ အပ်လျှိသမား ပြု၍နေ၏။

ရဟန်း, ပုဏ္ဏား, ဖုန်းတောင်းယာစကာတို့သည် အလှူခံခြင်းငှာ အသယှသဌေး၏အိမ်ကို မေးလာကြသော် ထိုအပ်လျှိုသမားသည် အလှူခံပုဂ္ဂိုလ်တို့အား ရစေလိုသော စေတနာနှင့်တကွ အသယှသဌေး၏အိမ်ကို လက်ညှိုးညွှန်၍ ပြ၏။

ထိုကောင်းမှုကြောင့် ထိုအပ်လျှိုသမား စုတေသောအခါ မဟာဗောဓိမှ အနောက် ကိုးရက် ခရီးရှိလောက်သော မရုကန္တာရအလယ်၌ ကြီးကျယ်သော ညောင်ပင်ဗိမာန်ထက်တွင် တန်ခိုးကြီးသော ရုက္ခစိုးနတ် ဖြစ်လေ၏။

တရံသောအခါ အင်္ကုရမင်းသားသည် ပုဏ္ဏားလှည်းမှူးတယောက်နှင့်တကွ တထောင်မျှသော လှည်းဖြင့်ကုန်ကူးရန် သွားကြရာ ထိုသဲကန္တာရအလယ်၌မျက်စိလည်၍ပါသမျှ ထင်း,ရေ, ရိက္ခာကုန်သဖြင့် အလုံးစုံသော လူ,နွားတို့သည် သေလုနီးပါးသို့ ရောက်ကြ၍ အင်္ကုရမင်းနှင့် ပုဏ္ဏားသည် ရေရှာလတ်သော် ထိုရုက္ခစိုးနတ်သည် မိမိမပြတ်စံသော ဗိမာန်ညောင်ပင်ကို ထင်ရှားစေ၍ လက်ညှိုးမှ ရေကိုစီးစေခြင်း, ထောပတ်၊ ပျား၊ တင်လဲစသော သုံးဆောင်ဖွယ်ဟူသမျှကိုပင် လက်ညှိုးမှ သက်ကျစေခြင်းဖြင့် ချီးမြှောက်၍ ထိုသူတို့နှင့် အတူပါသော လူတထောင်, နွားနှစ်ထောင်ကို ချမ်းသာအောင် မ,စဖူးသည်ကို ဆိုသော ဒသနိပါတ် ဃဋပဏ္ဍိတဇာတ်များကို ထောက်၍ သိရာ၏။

တစ္ဆေ ပြိတ္တာတို့ ဆေးဆောင်၍ မမြင်ရကြောင်းကိုကား မိလိန္ဒပဉှာ၊သာရတ္ထသင်္ဂဟတို့၌ သက်သေနှင့်တကွ ပြလေပြီ။

၄၁၃။ အတိတ်နာဂတ်၊ ခုနစ်ဇာတ်၊ မြင်တတ် အာနန် ဘယ်ခါနည်း။ (၇၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....နာရဒဇာတ်တော်တွင် အင်္ဂတိမင်းကြီး၏ သမီးဖြစ်သော "ရုစာဒေဝီ" ဖြစ်သောအခါ မြင်၏ဟူပေ။

သရုပ်ကို ထင်စွာ ဆိုဦးအံ့

အရှင်အာနန္ဒာ၏ အလောင်းတော်သည် ရှေးသောအခါ ငရဲတိုင်း ရာဇဂြိုဟ်ပြည်၌ ရွှေပန်းထိမ်သည် သားဖြစ်၍ မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းမိခြင်းကြောင့် သေအရက်သောက်ခြင်း, သူ၏မယားကို ကျူးလွန်ခြင်းတည်းဟူသော ပရဒါရကံကို ပြုမိ၏။

ထိုဘဝမှ စုတေသော် ကောသမ္ဗီပြည် သဌေးမျိုး၌ဖြစ်၍ ဒါန, သီလ စသော ကုသိုလ်ကောင်းမှုကို ပြု၏။ ထိုဘဝမှ စုဇေ့လေသော် ရွှေပန်းထိမ်သည် ဖြစ်စဉ်ကာလက ပြုခဲ့ဖူးသော ပရဒါရကံသည် အခွင့်ရသောကြောင့် ရောရုဝရဲ၌ များစွာသော ကာလပတ်လုံး ခံရလေ၏။ ထိုငရဲမှ လွတ်ခဲ့ပြန်လျှင် ထိုအကုသိုလ်ကံကြွင်းကြောင့် ဘိန္နကတိုင်းဝယ် ဆိတ်အမျိုး၌ဖြစ်၍ မျိုးစေ့ထုတ်ခံရ၏။ ထိုမှစုတေပြန်သော် တောင်ယံတောအုပ်ဝယ် မျောက်အမျိုး၌ဖြစ်၍ ဖွားစကပင် မျိုးစေ့ထုတ်ခံရ၏။ ထိုမှစုတေပြန်လျှင် ဒသဏ္ဏတိုင်း၌ နွားလားအမျိုး၌ဖြစ်၍ မျိုးစေ့ထုတ်ခံရ၏။ ထိုမှစုတေပြန်လျှင် ဝဇ္ဇီတိုင်းတွင် များစွာသော ဆည်းစိမ်ရှိသော သဌေးမျိုး၌ မိန်းမလည်းမဟုတ် ယောကျ်ားလည်းမဟုတ် နပုံးပဏ္ဍုက် ဖြစ်ရ၏။ ထိုနပုံးဖြစ်သောအခါ လွန်စွာသော သံဝေဂကိုရ၍

မိဘကို လုပ်ကျွေးခြင်း, အလှူပေးခြင်း, ပဥ္စသီလ ဆောက်တည်ခြင်းစသော ကောင်းမှုကိုပြုသဖြင့် စုတေသောအခါ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အလုပ်အကျွေးဖြစ်သော နတ်သမီး ဖြစ်လေ၏။

ထိုနတ်သမီးသည် နှစ်သက်စဖွယ် ဆန်းကြယ်သော အဆင်း, အရောင်, တန်းဆာ ရတနာ ရှိ၏။ ကခြင်း, သီခြင်း၌ အလွန်လိမ္မာ၏။ သိကြားမင်းလည်း အလွန်မြတ်နိုးရကား အပါးတွင် ခစားရ၏။ ထိုသို့ နတ်သမီး ဖြစ်ရသောကာလ အတိတ်ကိုကြည့်လတ်သော်...ပဏ္ဍုကံအဖြစ်, နွား လား အဖြစ်, မျောက်အဖြစ်, ဆိတ်အဖြစ်, ရောရုဝရဲအဖြစ်, ကောသမ္ဘီသဌေးအဖြစ်, ရွှေပန်း ထိမ်သည်အဖြစ် တို့ကို မြင်လေ၏။

တဖန် အနာဂတ်ကို ကြည့်လိုက်ပြန်သော်....ဤ သိကြားမင်း၏ထံ၌ ခြံရံလုပ်ကျွေးရသော နတ်သမီးပင် သုံးကြိမ်တိုင်အောင် ဖြစ်လတ္တံ့သည်ဟု မြင်၏။ ထိုကထဖန် စုတေပြန်သော် ဇဝန နတ်သား၏ မိဖုရားမြတ် ဖြစ်လတ္တံ့။ ထိုမှ စုတေသောအခါ မိထိလာပြည် အင်္ဂတိမင်းကြီး၏ ရုစာ ဒေဝီ အမည်ရှိသော သမီးတော် ဖြစ်လတ္တံ့ဟု မြင်၏။ ထိုမှစုတေပြန်သောအခါ တာဝတိံသာနတ် ပြည်၌ တန်ခိုးကြီးသောနတ်သား ဖြစ်လတ္တံ့ဟု မြင်၏။

ဤသို့ နတ်မိဖုရား ဖြစ်ရသောဘဝ၌ အတိတ်ခုနစ်ဇာတ်၊ အနာဂတ် ခုနစ်ဇာတ်ကို ဆင်ခြင် ၍ သိမြင်နိုင်၏။

အင်္ဂတိမင်း၏သမီးတော် "ရုစာဒေဝီ"ဖြစ်သော အခါလည်း နောက်က ဖြစ်လာခဲ့ဖူးသမျှ တဆဲ့လေးဘဝကိုပင် အောက်မေ့နိုင်၏ဟူပေ။

၄၁၄။ ခေါပနပါဠ်၊ ဒုက်တွင်မှတ်၊ ထွန်းလတ် ဘယ်ဇောတကနည်း။ (၇၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ငိသေသဇောတကတ္ထ ဟူပေ။ အဘယ် အထူးကို ပြသနည်း ဟူမူ—အတိရေက ဒုက်ကို ယူသင့်ခြင်း တည်းဟူသော အနက်အထူးကို ပြ သတည်း။ ၎င်း သမ္ဘဝဒုက်, အတိရေကဒုက်တို့ကို အထက်က ဖြေခဲ့ပြီ။

၄၁၅။ ကမ္မဋ္ဌာန်းရွတ်၊ မေတ္တာဆွတ်၊ ကျိုးမြတ်ဘယ်က ကြီးသနည်း။ (၇၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ကမ္မဋ္ဌာန်းလေးဆယ်တွင် ကသိုဏ်း ဆယ် ပါး။ အသုဘဆယ်ပါး။ အနုဿတိဆယ်ပါး။ သညာဝဝတ္ထာန် တရားနှစ်ပါး။ ဤကမ္မဋ္ဌာန်းတို့ကို စီးဖြန်း ဖတ်ရွတ်ခြင်းသည် ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်တို့ကို ခေါင်းပါးခြင်း။ နီဝရဏ တရားတို့ကို ခွာနိုင်ခြင်း ကိလေသာတို့၏ ထိုးကျင့်ခြင်းကို သည်းခံနိုင်ခြ း။ဘဝတပါး လားသော် လူ့ပြည်နတ်ရပ်သို့ ကပ်ရောက်ခြင်း တည်းဟူသော အကျိုးကိုသာ ပေးနိုင်သည်။ အလွန်အားဖြင့် ပဋ္ဌမဈာန် စသည်ကို ရစေနိုင်သည်။

မေတ္တာဆွတ်ဖျန်းခြင်း၏ အကျိုးမှာမူကား....

ချမ်းသာစွာ အိပ်ရခြင်း, ချမ်းသာစွာ နိုးရခြင်း, မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း လူနတ်တို့ ချစ်နှစ်လိုခြင်း, ဘီလူးတို့ချစ်နှစ်လိုခြင်း, နတ်တို့ကောင်းစွာ စောင့်မခြင်း, စိတ်နှလုံး တည်ကြည်ခြင်း,မျက်နှာအဆင်းကြည်လင်ခြင်း,သေသောကာလ တွေဝေခြင်းမရှိမူ၍ သေရခြင်း, ဈာန်တရားကိုရခြင်း, ဗြဟ္မာ့ပြည်သို့ရောက်ရခြင်း တည်းဟူသော တဆယ့်တပါးသော အကျိုးကို ပေးနိုင်သည်ဖြစ်၍ မေတ္တာဆွတ်ဖျန်းခြင်း၏ အကျိုးသည် ကြီးမြတ်၏ ဟူပေ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ အသီးအသီးသော ကမ္မဋ္ဌာန်းတို့၏ အကျိုးကို ပြဆိုရာတွင်လည်း မေတ္တာကမ္မဋ္ဌာန်း၏ အကျိုးသာပြောင်းကို မိန့်ဆိုသည်။

ထို့ကြောင့် ပါရမီခန်း၌—

သံသာလမ်းဝ၊ ခရီးမဉ္ဇ၊ ဒုက္ခဖြင်အား၊ ပန်းရိရှားသား၊ အများသတ္တဝါ၊ ဘော်သုံး ခွာကို၊ ကရုဏာရှေး၊ရွှ၊ ကယ်တုံ့ဟူသည်၊ အင်တူရည်ရှား ရသေ့ဖျား—

တရားမြတ်စွာ၊ ဤမေတ္တာကား၊ ကောဒသ၊ ဆယ့်တဆလျှင်၊ ခံရကျိုးထင်၊ ဤလူ့ တွင်၌၊ နိသင်စီးပွား၊ ကျေးဇူးများ၍၊ ဘုရားဆုပန်၊ ရှင်နှင့်တန်၏၊ ရွေးလွန်အကျင့်၊ လျော်သဖြင့်တုံ၊ အသင့်ဟောထိုက်၊ အင်လည်းခြိုက်၏၊ အမြိုက်ဆောက်ဦ၊ မေတ္တာဟူ သား၊ မွှေးကြူရေကြည်၊ နွတ်မြရည်တိ၊ တုမရှိအောင်၊ စိုညီရွှဲရွှဲ၊ သုန်မရဲလျှင်၊ မစဲနေ ရေ၊ မိုးသွန်ဇွေလျက်၊ ရစေချမ်းသာ၊ ရှင့်မေတ္တာကို၊ သတ္တဝါငိုလ်လူ၊ ဦးဖြင့်ယူလျက်၊ မပူမ လောင်၊ ဘော်ခြင်းရှောင်၍၊ လူ့ဘောင်ချစ်ကြ ကုန်လသေး။ ဟူ၍ ဧပ်တော်မူသည်။

၄၁၆။ နောက်ဆုတ်ဆိုမှတ်၊ ရှေ့တက်လတ်၊ တတ်၏ ဘယ်မင်း ဆင်ပေနည်း။ (၇၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ပြည်မြို့ မင်းရဲရန်အောင်ဆင် ဟူပေ။

၄၁၇။ အာဒါသမြတ်၊ တရားဖြတ်၊ ရွှေလွှတ်ထက်တွင် ဖြစ်လိမ့်နည်း။ (၇၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား . . ဘုရားအလောင်းတော်ဖြစ်သော အာဒါသ မှာမင်းသည် ဂါမဏိစန္ဒအမတ် ဆောင်ခဲ့သော တဆယ့်လေးပါးသော တရားကို ဆုံးဖြတ်သော အခါ ရွှေလွှတ်တော်ထက် နေ၍ ဆုံးဖြတ်ကြောင်းကို ရှင်းဇာတ်၌ပင် ···

ရာဇ ပိ၊ မင်းသည်လည်း။ တဒါ၊ ထိုဂါမဏိအမတ်ရောက်သောအခါ၌။ ဝိနိစ္ဆယဋ္ဌာနေ၊ တရားဆုံးဖြတ်ရာ လွှတ်တော်၌။ နိသိန္နော၊ နေသည်။ အဟောသိ၊ ဖြစ်၏။

ဟူ၍လာသည်။

၄၁၈။ တူကရကင်္ခ၊ လဂ်နေမှတ်၊ သတ်၏အင်္ဂါ ဘယ့်ကြောင့်နည်း။ (၈၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ယဿာ၊ အကြင်မိန်းမ၏။ ဇာတာယ၊ ဇာတာ၌။ အတ္တဘာဝနေ၊ ခုနစ်တန့်ရာသီသည်။ သုညေ၊ ဆိတ်ခဲ့သော်။ အဗလေ၊ အားမရှိသော။ သောမျဂဟာဝေက္ခိတေ၊ သောမဂြိုဟ် မြင်ခဲ့သော်။ ဇာတာယ၊ဖွားသောမိန်းမ၏။ပတိ၊လင်သည်။ ကာပုရိသာ၊ စက်ဆုပ်ဖွယ်သော ယောကျ်ားဖြစ်အံ့။ အသ္တေ၊ ခုနစ်တန့်၌။ ဗုဒ္ဓမန္ဒယော၊ ဗုဒ္ဓဟူး, စနေသည်။ ဌိတေ၊ တည်သော်။ ဇာတာယ၊ ဖြစ်သောမိန်းမ၏။ ပတိ၊လင်ကား။ ကိ္လဝေါ၊ နပုန်းဖြစ်အံ့။ အသ္တေ၊ ခုနစ်တန့်ရာသီသည်။ စရဂတေ၊ စရရာသီဖြစ်ခဲ့သော်။ ဇာတော၊ ဖြစ်သောမိန်းမသည်။ နိစ္စံ၊ အမြဲ။ ပဝါသန္တိတာ၊ ကွေ့ကွင်းခြင်းနှင့် ယှဉ်အံ့။ အသ္တေ၊ ခုနစ်တန့်၌။ ရဝေါ၊တနင်္ဂနွေဂြိုဟ်သည်။ ဌိတေ၊ တည်သော်။ ဥဇ္ဈိဋ္ဌော၊ လင်ကိုစွန့်တတ်အံ့။ ကုဇေ၊ အင်္ဂါသည်။ အသ္တေရာသိဋ္ဌိတေတု၊ ခုနစ်တန့်ရာသီ၌ တည်သော်ကား။ ဗာလေ၊ အငယ်က။ဝိဓဝါ၊ မုဆိုးမဖြစ်အံ့။ဒျူနေ၊ ခုနစ်တန့်၌။ ဌိတေ၊တည်လတ်သော်။ အက္ကတနယေ၊ စနေကို။ အသုဘာဝေက္ခိတေ၊ ပါပဂြိုဟ်မြင်သော်ကား။ ကညေဝ၊ ကညာအတိုင်းပင်လျှင်။ ဇရံ၊ အိုခြင်းသို့။ ဂစ္ဆတိ၊ ရောက်အံ့။ (ဖြို့ဟတ်ကျမ်း၌လာသည်)။

တူ၌လည်းကောင်း, ကရကင်္ခ၌လည်းကောင်း လဂ်နေသော်–မိဿရာသီ, မကရရာသီ သည် ခုနစ်တန့်မြောက်ကျ၏။ ထိုရာသီသည် စရရာသီဖြစ်၍ ယခင့်ဂြိုဟ်နေအတိုင်းပေ။

၄၁၉။ ကုံလဂ်နေလတ်၊ ဂရုသတ်၊ ဟိတ်ခတ်ဗေဒင် မည်သို့နည်း။ (၈၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာမှာ....မူအစောင်စောင်တို့၌ရှာ၍ မတွေ့ချေ။

၄၂၀။ လက်ယာရင်ဘတ်၊လှုပ်တုံလတ်၊ ဟောမှတ်တိတ္ထုံ ဘယ့်နှယ်နည်း။ (၈၂)

၄၂၁။ လက်ဝဲသားမြှတ်၊ လှုပ်ဆတ်ဆတ်၊ ကျမ်းမြွတ် မည်သို့ ဟောသနည်း။ (၈၃)

၄၂၂။ တိတ္ထုံကျမ်းမြွတ်၊ ရှေးအမှတ်၊ လိင်ဇာတ်လှုပ်သော် ဘယ်သို့နည်း။ (၈၄)

၄၂၃။ လက်ယာဆတ်ဆတ်၊ ရှုံးလှုပ်လတ်၊ မြင့်မြတ် ကျိုးပြစ် မည်သို့နည်း။ (၈၅)

ဟူသော အမေးပုစ္ဆာ၄-ခုတို့၌ အဖြေ ဝိသဇ္ဇနာကာ....

မျိုးလေးပါးတို့၊ မှတ်သားရာငြမ်း၊ သားလှုပ်ကျမ်းကို၊ ရှင်လန်းသာမြူး၊လက်ာကျူးအံ့၊ ထိပ်ဦးအသား၊ လှုပ်ဘ်ငြားမူ၊ မင်းများကြည်ညွတ်၊ ပူဇော်လတ်အံ့၊ အမြတ်တင်ရာ၊ လက်ယာ

ဦးကင်း၊ လုပ်ခြင်းတဖြာ၊ လက်ယာအကျွိ၊ မျက်စိအပေါ်၊ လုပ်သော်တကြောင်း၊ ခင်ပွန်းကောင်းနှင့်၊ ပေါင်းမိတတ်စွ၊ လာဘ်သော်ရလိမ့်၊ အောက်ကလုပ်မူ၊ ချစ်သူရန်လို၊ မျက်ပိုစမြဲ၊ လက်ဝဲမျက်ခုံး၊ လုပ်သည်ထုံးကား၊ ကံဘုန်းထွန်းသစ်၊ ကြံတိုင်းဖြစ်လိမ့်၊ မျက်ရစ်အောက်သား၊ လုပ်ခဲ့ငြားမူ၊ မြေး သား မျိုးဆွေ၊ ပျက်စီးလေ၍၊ မျက်ရည်ကျငြား၊ လက်ယာနားမူ၊ ရန်ပွားခိုက်ဆစ်၊ ဖြစ်အံ့တချက်၊ ရာထူးတက်လိမ့်၊ လက်ဝဲနားမှာ၊ လာဘ်များစွာ၏၊ နှာခေါင်းစင်စစ်၊ တုန်လှုပ်လစ်မူ၊ ချစ်သည်သူနှင့်၊ ကလူကျီစယ်၊ ပျော်ရဖွယ်တည့်၊ ထက်ဝယ်နှုတ်ခမ်း၊ လှုပ်ဆမ်းဘိငြား၊ စကားရန်စ၊ တွေ့လေရအံ့၊ အောက်ကလှုပ်လာ၊ ဝေးရပ်ရွာမှ၊ ရောက်လာစကား၊ သတင်းကြား၏၊ ပါးစောင် လက်ယာ၊ လှုပ်ဘိခါသော်၊ ပိယာသိနေဟ၊ ခင်ပွန်းရလိမ့်၊ လှုပ်ကြွမေးသား၊ တရားဆင်ခင်း၊ လည်ပင်းလှုပ်မူ၊ ရွှေခြူဘယက်၊ လက်ခက်တန်းဆာ၊ ရတို့ရာ၏၊ လက်ယာပခုံး၊ လှုပ်သည့်ထုံးကား၊ မယားကောင်းရ၊ လက်ဝဲမှသော်၊ ရန်စခိုက်ဆစ်၊ ဖြစ်အံ့မမှား၊ လက်ကြားဘိစုံ၊ အသားလှုပ်သော်၊ ဥက္ကဋ္ဌသီး၊ စုပ်ကြီးရမြဲ၊ လက်ဝဲပ်စုံ၊ လှုပ်သော်ပျက်စီး၊ ဥပဒ်ကြီး၏၊ တသီးလက်ယာ၊ ရှုံးလှုပ်လာမူ၊ မဟာမိတ္တ၊ ရမည်အကြောင်း၊ စားကောင်းလည်းစား၊ ဝဲလှုပ်ငြားသော်၊ ထူးခြားဥစ္စာ၊ သူပေးလာအံ့၊ လက်ယာရင်ဘတ်၊ သတ်ဆတ်ခုံကြွ၊ ချမ်းသာလှ၏၊ ဘယ်ကလှုပ်မူ၊ နှလုံးပူအံ့၊ စူစူချက်မ၊ ခုန်ကြွသောခါ၊ ဗိုလ်ပါပူပေါင်း၊ ကောင်းချီးချီးပ၊ နံတောင်းမှသော်၊ ရအံ့ဥစ္စာ၊ လက်ယာတင်သား၊ လှုပ်ဘိငြားမူ၊ တပါးသူစု၊ ဥပဒ်ပြုလိမ့်၊ ဘယ်စုလှုပ်ခါ၊ ပရန်ရှာ၏။ ခါးသားလှုပ်က၊ ဥစ္စာကျလိမ့်၊ ညာကပေါင်သား၊ မယားရစစ်၊ ဘယ်က ဖြစ်မူ၊ ချစ်သူမျက်လို၊ ကိုယ်ဒူးပုဆစ်၊ လှုပ်လစ်သော်ကား၊ ခိုက်ရန်ပွားလိမ့်၊ သလုံးသားညာ၊ သားရရာ၏၊ ဝဲမှာသော်ကား၊ မယားမာန်တက်၊ ကျောက်ကုန်းထက်မှ၊ လှုပ်ချက်ထူးလာ၊ တန်းဆာဝတ်စား၊ ရငြားမယ့်က်၊ လက်နှစ်ဘက်တွင်၊ တဘက်ဘက်မှ၊ ဆတ်ဆတ်ကြွသော်၊ ကိစ္စရေးရာ၊ ဆောင်ရစွာ၏၊ အင်္ဂါလ္လာခြေ၊ လှုပ်ဘိချေသော်၊ ချစ်ဆွေမယား၊ သူတပါးနှင့်၊ တိမ်းပါးတုံမြောက်၊ မက်လောက်ဥစ္စာ၊ ပျောက်တတ်စွာဟု၊ ဆရာဘုန်းဟော့၊ ဟောရိုးတွေ့ရှင့်၊ သိမ်မွေ့ဝမ်းပြင်း၊ လှုပ်လတ်ခြင်းကား၊ အစားကောင်းရ၊ ပါဒအစုံ၊ လှုပ်လတ်တုံသော်၊ ပြင်းဟုံရှည်လျား၊ ခရီးသွားဟု၊ အများသူငါ၊ မှတ်သိရာသည်။ စဥ်လာတိတ္ထိုစကားတည်း။

၄၂၄။ လေးဘက်ဖြူဟတ်၊ မြီးကူလတ်၊ ခွေးစတ်
သခင်မည်သို့နည်း။ (ဂဖ)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား–

ရတ္တဝဏ္ဏာ သေတပါဒါ၊ နင်္ဂုဋ္ဌာ သေတနာသကာ။
ဝိသနခါ စ သာမာ စ၊ ဣတ်မေ သုဝဏ္ဏသဗ္ဗလာဘကာ။

ရတ္တဝဏ္ဏာ၊ ကိုယ်လုံးနီလျက်။ သေတပါဒါ၊ ခြေ ၄-ဘက်ဖြူသော ခွေးဟူသည်လည်းကောင်း။ နင်္ဂုဋ္ဌာသေတနာသကာ၊ အမြီးဖျား နှာခေါင်းဖြူသော ခွေးတို့သည်လည်းကောင်း။ ဝိသနခါ၊ ၂၀-သော ခြေသည်း လက်သည်းရှိသော ခွေးဟူသည်လည်းကောင်း။ သာမာ စ၊ ညိုသောအဆင်းရှိသော ခွေးတို့သည်လည်းကောင်း။ ဣတိ-ဣမေ သုနခါ၊ ဤသို့သော ခွေးတို့သည်။ သုဝဏ္ဏသဗ္ဗလာဘကာ၊ ရွှေ ငွေ စသော လာဘ်ကို ရစေတတ်၏။

၄၂၅။ ကြောင်လျှင်ဆတ်ဆတ်၊ တုန်လှုပ်လတ်၊ ကြောင်မြတ် မွေးသူဘယ်သို့နည်း။ (၈၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား—

ဆတ်ဆတ်တုန်သော ကြောင်သည် စီးပွားချမ်းသာ ဥစ္စာအထူးကို ဆောင်တတ်၏ဟူပေ။

၄၂၆။ နွားနို့ထောပတ်၊ စားမက်လတ်၊ ဖတ်လော တိတ္ထုံမည်သို့နည်း။ (၈၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား—

နှစ်သိမ့်စွာလတ်၊ ထောပတ် သကာ၊ ရသာချိုညီး၊ သစ်သီး-သစ်ဖု၊ ဖွတ်ဥ လိပ်ဥ၊ စားမှု ရှင်လန်း၊ နို့ဓမ်း နို့ခဲ၊ ပျားမွဲသေရက်၊ သောက်ရမက်သော်၊ အနဋ္ဌဝ.န်၊ ကောင်းမွန် ရတနာ၊ ရလာတုံချေ။

ဟူ၍ သုပိနာဓာရ၌ ဆိုသည်။

၄၂၇။ ဖြူဖြူဆွတ်ဆွတ်၊ မြင်းဖောင်းဝတ်၊ သင့်မြတ် ဘယ်နေ့သားတို့နည်း။ (၈၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား—

ကျော်စောဝှန်ဝေ၊ တက်သစ်နေသို့၊ မှတ်လေလူများ၊ အမျိုးသားတို့၊ ဦးဖျားစထွေ-

တနင်္ဂနွေသား၊ မြတ်ယောကျ်ားကား၊ မြင်းလားယာဉ်ကြီး၊မွေးညိုစီးက၊ အပြီးသုခ၊ ချမ်းသာ ရအံ့—

စန္ဒဒိဝါ၊ တနင်းလာကား၊ ယာဉ်သာဖြူဆွတ်၊ ဖောင်ဝတ်စီးမြောက်၊ ချမ်းသာရောက်လိမ့်-

ထို့နောက်တခြား၊ အင်္ဂါသားမူ၊ မကျားမကွက်၊ မွေးနက်မှန်လှ၊ စီးဘိမူမူ၊ မြင်ကြသူတို့၊ လွန်နှစ်လို့၏-

ထိုမျှိုတထူး၊ ဗုဒ္ဓဟူးတုံ၊ စုံပူးနှစ်သွေ၊ မွေးရွှေမွေးဖြူ၊ စီးမူတော်လျောက်၊ ချမ်းသာ မောက်ရှင့်—

ထို့နောက်ကြာသပတေး၊ တွေးတွေးနိုစင်၊ မနက်လျှင်လည်း၊ မြီးမှင်မည်းစေ၊ စီးပေတုံက၊ လွန်ချမ်းမြလိမ့်-

ထိုမှသောကြာ၊ နေ့သားမှာကား၊ ချမ်းသာကြီးလို၊ အုန်းခွံညိုကို၊ မှီခိုကြည့်ရှု၊ စီးနင်းပြု လော့—

ဖနုမင်းဆွေ၊ ရက်စနေကား၊ ဝါရွှေနီကြန်၊ အလှန်တွတ်တွတ်၊ စီးတို့လတ်က၊ မပြတ်ရန်ငြိမ်၊ ငည်းစိမ်ချမ်းသာ၊ ကြီးကျယ်ရာသည်။ စဉ်လာမှတ်ဘိ ရှေးထုံးတည်း။

၄၂၀။ ငွေယားလည်းသတ်၊ ဘူမိရုတ်၊ အတတ် ဘယ်ဗေဒင် ထွက်နည်း။ (၉၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား—

ရှေး၌ ဖြစ်သော ရသေ့ ဇော်ဂျီတို့ စီရင်၍ ထားခဲ့သော ငွေယားသည် ဆေးယား၊ အင်းယား၊ သစ္စာယား၊ ဒေဝယား စသောအားဖြင့် ၂၂-မျိုးပြား၏။ ထိုအယားဟူသမျှသည် စောင့်နေသော နတ်၏အာနုဘော်ကြောင့် ဖြစ်သည်။ ထိုနတ်ကို ညှဉ်းဆဲရန်စီရင်သော နည်းမျိုးဖြစ်ရကား ငွေယားသတ်နည်းကို ပြဆိုသော ကျမ်းသည် အာထဗ္ဗနဗေဒင်စစ်တည်း။ ထို့ကြောင့် ဤ ငွေယား သတ်သော ဘူမိရုတ်ကျမ်းသည် "အာထဗ္ဗနဗေဒင်"မှ ထွက်၏ဟူပေ။

အယား ၂၂-မျိုးပြားဟန် စီရင်ဟန်ကို ကျမ်းဂန်ရှိတိုင်း ပြလိုက်ဦးအံ့-

၁။ သာသနာ့ရသေ့ထားသော ငွေယားကား ကျောကသော်လည်းကောင်း။ ငမ်းကသော်လည်း ကောင်း။ "ဃ"အက္ခရာ "လ"အက္ခရာ "က" အက္ခရာ တခုခုရှိ၏။ အချိန် ၂၀ိ လည်းကောင်း၊ ၃၀ိ-လည်းကောင်းရှိ၏။ မည်သည့်အခါမဆို ငွေကို ကိုင်လျှင် ယား၏။ ယူလိုမူ ဆီးဖြူ ရှိသျှားထင်း နှင့် မီးတိုက်။ အယားပျောက်၏ ယူလျှင်ရ၏။

၂။ တမ္ပရသေ့ ငွေယားကား ကျောပေါ်က တံဆိပ် နှစ်ချက်ရှိ၏။ အချိန် ၃ဝိလည်းကောင်း၊ ၄ဝိလည် ကောင်း ရှိ၏။ ကိုင်ရုံနှင့် မယား။ အခါသင့်သော် နှစ်ရက်တွင်းခန့် ယူ၍ ပါ၏။ သတ်လို သော် သဖန်းခါး၊ ဆီးဖြူ၊ ရှိရှား၊ သံပရာထင်းနှင့် မီးတိုက်၍ ယူရ၏။

၃။ နာဂိသက္ကရသေ့ ငွေယားကား....ကျောက 'သ'အက္ခရာ ၃-လုံးရှိ၏။ အချိန် ၅ိ-ရှိ၏။ အချိန်သင့်သော် တဂါဝုတ်ယူ၍ ပါ၏။ သတ်လိုသော် မြင်း မုတ်၊ နွားမုတ်နှင့် ပြုတ်၍ယူရ၏။

၄။ သုရဇနရသေ့ ငွေယားကား—ကျောတွင် 'က'အက္ခရာရှိ၏။ အချိန်တခုတင့် ၅၅ိ-ရှိ၏။ သင့်သောအခါ တတိုင်ယူ၍ ပါ၏။ သတ်ဆေးကား—ဇကရာဇ်၊ တောင်လုံးကျော်၊ ခွေးနို့၊ နွားနို့ ရေနှင့်ချက်။ တံလျှောက်သွယ်၍လောင်း အယားပျက်၏။

၅။ စိတြရသေ့ ငွေယားကား—ကျောပေါ်က သုပဏ္ဏ တံဆိပ် ၇-ချက်ရှိ၏။ အချိန်ကား ၁-ပိဿာလည်းကောင်း၊ ၃-ပိဿာလည်းကောင်းရှိ၏။ သင့်သောအခါ၌ နှစ်သုဇနာယူ၍ ပါ၏။ ဆေးကား ပဥ္စပတ္တကို သုရာရေနှင့် ဖျော်၊ ၇-ခါကျိုး၍ ခါဖုတ်။ သေ၏။

၆။ ဣသိန္နရသေ့ ငွေယားကား.... ကျောက 'လ' ၃-လုံးရှိ၏။ ကိုင်ရုံ ယူရုံနှင့် မယား။ သုံးစားမှ ယား၏။ အချိန်ကား မညီ။ သင့်သောအခါ ၆-ယူဇနာယူ၍ ပါ၏။ ဆေးကား ပဥ္စပတ္တကို အရက်နှင့် ကျို၍သွန်း။ သေ၏။

၇။ သေနရသေ့ ငွေယားကား ကျောပေါ်က'ထ'ဟူ၍ ၃-ချက်ရှိ၏။ ယားလှ၏။ အချိန်း ၁၅-ကျပ်ရှိ၏။ သုံးမှ ယား၏။ ၃-ယူဇနာယူ၍ပါ၏။ ဆေးကား- ပရုံါး၊ ဗူးခါး၊ ဝံအူ၊ ကြံမုတ်၊ နွား မုတ်နှင့်ကျို။ တံလျှောက်သွယ်၍လောင်း သေ၏။

၈။ အမ္ဗုနံရသေ့ ငွေယားကား....တံဆိပ်မရှိ။ တ[illegible] ကျပ်ချိန် [illegible] သင့်သောအခါ နှစ်ရက် သုံးရက် ယူ၍ပါ၏။ လင်းလေကို ခါချဉ်ရေနှင့်ဖျော်။ တံလျှောက်သွယ်၍လောင်း။ သေ၏။

၉။ ကောဏ္ဍစိန္နလာ ရသေ့ ငွေယားကား....စန္ဒီ နတ်ရုပ် ကဲ့သို့၊ အထောင့်လည်းကောင်း၊ အလျားလည်းကောင်းရှိ၏။ အချိန် ၆၀-စီရှိ၏။ သုံးရာတွင်း ယူ၍ပါ၏။ သုံးစားလျှင် သေ၏။ ဆေးကား စစ်တို့သမုံး၊ ရေဖျော်၍လောင်း။ အယားပျောက်၏။

၁၀။ တိစိတ္တသွာသုရသေ့ ငွေယားကား....ငွေရှိရာ၌ ရေကန်သာယာ အင်းသာယာရှိ၏။ ကိုင်ရုံနှင့် မယား။ သုံးစားမှ ယား၏။ချေးငါး၍ယူသော် ခံ၏။ အချိန်ကား ၅၀-ရှိ၏။ ဆေးကား ခုံညင်းဆံ့ရေနံ၊ မြင်းမုတ်၊ လူမုတ်နှင့်ဖျော်၍လောင်း။ သေ၏။

၁၁။ သံသာဝိသုရသေ့ ငွေယားကား....ဝမ်းက ‘ဝ’ တံဆိပ် ရှိ၏။ တခွက်လျှင် ၅၅-ကျပ် ရှိ၏။ တမွန်းတည့် ယူ၍ပါ၏။ ဆေးကား မျောက်ခုံညင်း၊ ကင်ပွန်းပဥ္စကို ကျို၍လောင်း။ ပြီး၏။

၁၂။ တက္ကရသေ့ ငွေယားကား...အမှတ်တံဆိပ်မရှိ။ ငွေမကြီးတွင် မည်းမည်း ထတ်ထတ် ရှိ၏။ အချိန်ကား ၅၅-ကျပ်ရှိ၏။ ကိုင်မိလျှင် ယား၏။ ဆေးကား ပြုံးမွေး၊ သဖန်းခါး၊ ဆီးဖြူ၊ လူမုတ်နှင့် ဖျော်၍ ထပ်မနား တံလျှောက်သွယ်၍လောင်း။အငွေ့ သေမှယူ။ ပြီး၏။

၁၃။ ဇနက္ခရ ရသေ့ ငွေယားကား....ဝမ်းကျောက‘သ’နှစ်ချက်ဆင့်လျက် ရှိ၏။ အချိန် ၅၅-ကျပ်ရှိ၏။ ယူသော် နှစ်တိုင်ပါ၏။ ယူလိုသော် စိန္တာမဏိဂါထာကိုမန်း။ ဆေးကား ဇရစ် ခေါင်း၊ မယ်ဇူခေါင်း၊ ခွေးနို့၊ နွားနို့နှင့် ကြိတ်၍သတ်။

၁၄။ ကတ္တိက ရသေ့ ငွေယားကား....ကျောဝမ်းက‘ဋ’နှစ်ဆင့်ရှိ၏။ ပြင်ကလည်း အရေး သားကဲ့သို့ရှိ၏။ ထောင့်မှာ ‘ဝ’ကိုယ်စီရှိ၏။ သင့်သောအခါ ယူမူ နှစ်ယူဇနာ ပါ၏။ ဆေးကား ပဥ္စပတ္တကို နွားမုတ်နှင့်ကျို။ တံလျှောက်သွယ်၍လောင်း။ သေ၏။

၁၅။ ယသိန္ဒရသေ့ ငွေယားကား.... ‘ပ’ ‘ဖ’နှစ်ချက်ရှိ၏။ ‘သော’နှစ်ချက်လည်း ရှိ၏။ မယားလွန်း။ သုံးမှ ယား၏။ သင့်သောအခါ ယူမူ တယူဇနာပါ၏။ဆေးကား ဝံအူကို ကျွဲမုတ်နှင့် ကျို၍လောင်း။

၁၆။ ကောလမ္ဗရသေ့ ငွေယားကား....‘ည’ နှစ်ချက်ဆင့် ရှိ၏။ ‘ခ’အက္ခရာရံ၏။ [အချိန် ၅၀-စီရှိ၏။ ယူသော် သုံးရာတွင်းပါ၏။ ဆေးကား ဖရုံခါး ဗူးခါးကို နွားမုတ်ကျို၍လောင်း။

၁၇။ ဂန္ဓာရီ ရသေ့ ငွေယားကား....‘ဝ’အမှတ်ရှိ၏။ အချိန် ၅၀-ကျော်ရှိ၏။တယူဇနာပါ၏။ ဝံအူ၊ ကျွဲမုတ်၊ ဖရုံခါးကို ကျို၍ တံလျှောက်နှင့်လောင်း။

၁၈။ ကောကာလိက ရသေ့ ငွေယားကား....စန္ဒနတ်ရုပ်ရှိ၏၊ နတ်တံဆိပ်သော်လည်း ရှိ၏။ ကြက်ခြေသော်လည်းရှိ၏။ ယူသော် သုံးရာတွင်းပါ၏။သုံးလျှင်သေ၏။ဆေးကားရှေးနည်း။

၁၉။ ဆေးယားမှာ....ငွေကိုကိုင်လျှင် ယား၏။

၂၀။ နတ်ယားမှာ....သုံးမှ ယား၏။

၂၁။ သစ္စာယားမှာ....ပြန်၍ အစားမထားမှ ယား၏။

၂၂။ အင်းယားမှာ....ငွေမကြီးတွင် ၄-ကွက်အင်း၊ ၅-ကွက်အင်း၊ ၈-ကွက်အင်း၊ ၉-ကွက်အင်း တခုခုပါ၏။ ထိုသို့သော အင်းရှိလျှင် နတ်စောင့် တန်းခိုးကြီးရှိ၏။ ထိုနတ်ကိုနိုင်မှ အယားကိုနိုင်၏။

ရင်းငွေယား, ကြေးယားတို့ကို သတ်လိုသော်...ဆင်ချေး, မြင်းချေး, ကျွဲချေး, နွားချေး, ခွေးချေး, ဆိတ်ချေးတို့ကို မုတ်နှင့်ဖျော်၊ ဆင်အော်၊ ဖက်ယားငုယ်၊ ပြဒါး၊ ဤ ၃-ပါးကို ဆေးမှာ ထည့်၍သတ်။ လူသေ ရေချိုးသောခုံက ငါးကို ခြင်းခြားယက်၍ငွေယားကို တံစူးဝါး တည့်ပ်နှင့် ယူ၍ထည့်ပြီးလျှင် လိုရာသို့ယူ၍ မီးခဲပေါ်တွင်တင် ယနင့်ဆေးကို ရေလုံအိုးနှင့်ထည့် တဘက်မှာ သူသေပုဆိုး မီးနေ ထဘီ ၂-ပါးဘက် တံ့ူးငါး တည့်နှင့်ကိုင်၍ ဆေးရေတွင် ချလေ။ လက်မထိစေနှင့် ဖြူတတ်သည် နူတတ်သည် ငွေအော်လိမ့်မည် အော်မှယူ။

အချောက်ရှိလျှင်ဥဏ္ဏလုံမွေးရှင်တော် ဂါထာနှင့်ရေကိုမန်း၍ စည်းသား၊ တံစူးဝါးကို လေး, မြားပြု၍ ရှစ်မျက်နှာလာသမျှကို ပစ်၊ ဦးနှိမ်အကျော်။ မွေးရှင်တော်ဂါထာကား ...

ဩြောင်း-ဟေဟေ တိသျှတ္တ-တိသျှတ္တ။ ဗန္ဓတ္ထ-ဗန္ဓတ္ထ။ ခါရေယျ-ခါရေယျ။ ဝါရေယျ-ဝါရေယျ။ နိဂါရေယျ-နိဝါရေယျ။ နိရုန္ဓေယျ-နိရုန္ဓေယျ။ ဖြဟ္မဒတ္တံ-ဖြဟ္မဒတ္တံ။ ဒေဝဒတ္တံ-ဒေဝဒတ္တံ။ ဥဏ္ဏာလောမာ မုနိသွားဟုံ ဟုံ။

ဩြောင်း-ဟတ္ထိ ဒဿ ဘီဟ ယက္ခ ဗျဂ္ဃ ဒီပိ သံသုမာရ ခနေ္ဓဂ္ဂ သတ္တ အသနိ အဂ္ဂိ ဥဒက ရာဇ စောရ အပ္ပိယ သပ္ပနာဂ ယက္ခ ဇော်ဂနီ။

ဩြောင်း-ကုရုတေ-ကုရုတေ။ဆိန္ဒန္တု-ဆိန္ဒန္တု။ဘိန္ဒန္တု-ဘိန္ဒန္တု။ အတ္ထဂ်မန္တု-အတ္ထဂ်မန္တု။ အခဂ်မိ သု-အခဂ်မိ သု။ ဝိဒ္ဓံသေန္တု-ဝိဒ္ဓံသေန္တု။ ဒေဝဒတ္တံ-ဒေဝဒတ္တံ။ဖြဟ္မဒတ္တံ-ဖြဟ္မဒတ္တံ။ ဥဏ္ဏလောမာ မုနိ အာနုဘာဝေန သဗ္ဗေ အန္တရာယာ ဝိနဿန္တု၊ အသေသတော။

ရွှေယား, ငွေယား တို့ကိုယူနိုင်သော ဗောဓိသတ္တ ကန့်လန့်ကာ ဆေးကား ချင်ရွှေးသံ ဆိတ်ဖူး လင်းလေ ယင်းတိုက်မြစ်ခေါက် ဆေးဒါန်း ကန့်တိုက် ကညင်ဆံ ဆေးအားလုံးကို အမျှ ရေပူနှင့်ကြိတ်။ ၇-အိမ်ပုံးရည်နှင့်ဖျော် သံသပိတ်နှင့် နွေးရှံချက်ပြီးလျှင် ရွှေယား, ငွေယားတို့ကို တံစူးဝါးနှင့်ညှပ်၍ယူ ရင်းရေတွင်ချ အေးလျှင်သွန် ပြင်းစွာ ချောက်လှမူကား ယခင် ကန့်လန့်ကာ ဆေးကို မျက်စိမှာကွက် လက်ဝါး ဖဝါးသုတ်၊ ရင်ဘတ်တွင် လူရုပ်ရေး နောက်လက်ပြင်တွင် နွေရှပ်ရေး ဥမင်သို့ဝင်ခလ တူးလေ တော်လည်းသကဲ့သို့ ဆင်သံ မြင်းသံ အမြောက်သံ သေနတ်သံ ဘီလူးသံ ကျားသံကိုကြားမူ နားနှစ်ဘက်ကို ဆေးရည်နှင့်ပက် အရာရာမျိုး မြင်ယောင်ထင်သော် ကြဇ္ဇ အိပ်မွှေ့သီး မျက်စိမှာကွက်။ ဦးနှိမ်အကျော်။

ဥုံခွဿပြဿ ခွန်ပြသတ္တိ ဂုရုမာရိ နှိမ်ဆရာနှိမ်။ ။ဇေရကျွဲ မာရကျွဲ ရကျွေ် ရကျွေ်တိ ဒေဝရည်။

ဆေးကား။ ။ဆိတ်ဖူး၊ လင်းလေ မုန့်ညင်းဆံ တမာညွန့် နွားမြေရင်းခေါင်း ကြဇ္ဇ အိပ်မွှေ့သီး တြိကဋုက်သုံးပါး မုတ် သည်ဆေးစုကို နွားနက်မုတ်နှင့်ကြိတ် လုံး၍ထား လိုသောအခါ ပုံးရည်နှင့်ဖျော် ထံစူးဝါကို အရိန္ဒမာလုံသွားလုပ် ယခင်ဆေးကိုလူး။ မန္တန် ၇-အုပ်စုတ် အရပ် ရှစ်မျက်နှာ စိုက်၍ ထား ဤဆေးနှင့် စည်းဝိုင်း အချောက်ကြီးသော် ဝါးလုံကိုနုတ်၍ ထိုးခုတ် ဝေလ ဖုတ် ပြိတ် တစ္ဆေ မြေဘီလူး ဟူသမျှ ပျက်၏။ ။ယုတ်ကာ ဖုတ်နှိမ်ကြီး။ ။ဤကား ပမာဏပြုလောက်သော စာဟောင်းထွက်နည်းတည်း။

စွယ်စုံကျော်ထင် ၁၇—ပ-မ-သာ-စ

၄၂၉။ မိဋ္ဌာန်သေသတ်လောင်းလျာမြတ်၊ ဘယ်နတ်ဘယ်ဖြဟ္မာတွင်နည်း။ (၉၁)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား

ဧဝံ ပါရမီယော ပူရေန္တော ဒီဃာယုကဒေဝလောကေ နိဗ္ဗတ္တော မဟာဗောဓိသတ္တော န သက္ကာဧတ္ထ ပါရမီယော ပူရေတုန္တိ အဓိမုတ္တိကာလံ ကတွာ မနုဿ လောကေ နိဗ္ဗတ္တန္တိ။ အယံကာလင်္ကိရိယာ အညေသံ န ဟောတီတိ။

ဟူ၍ ဒီဃနိကာယ် သမ္ပသာဒနီယသုတ် အဋ္ဌကထာ၌လာသည်။

အဓိပ္ပါယ်ကား။ ။ဘုရားလောင်းတို့သည် ပါရမီဖြည့်သောအခါ အသက်ရှည်စွာသော နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ ဖြစ်ရသောအခါ "ငါသည် ဤနတ်ပြည်၌ ပါရမီဖြည့်ခြင်းငှါ မတတ်ကောင်း ချေသေး"ဟု နှလုံးပြု၍ ဆိတ်ငြိမ်သော ဗိမာန်အတွင်းသို့ ဝင်၍ စုတေချင်သော စိတ်ရှိလျက် မျက်စိကိုမှိတ်၍ စုတေခဲ့ပြီးသော် ဤလူ့ပြည်၌ ဖြစ်လာကုန်၏။ ဤသို့သော သေခြင်းသည်ကား ဘုရားလောင်းမှ တပါးကုန်သော သူတို့အား မဖြစ်ကုန်။ ဘုရားလောင်းတို့သည်သာလျှင် ပြုဖူးသော ပါရမီ၏တော် အဟုန်ကြောင့် နှလုံးသွင်းတိုင်း ဖြစ်နိုင်ကုန်၏ ဟူလိုသည်။

ထို၏ အဖွင့်ဖြစ်သော ဋီကာ၌လည်း....

ဗောဓိသတ္တာယေဝ ကိရ ဒီဃာယုကဒေဝလောကေ ဌိတာ ဣစ္ဆိတဿ မေ ဗောဓိသမ္ဘာရ သမ္ဘရဏံ န သမ္ဘဝတီတိ။ပ။ ဗောဓိသတ္တာနံ အဓိပ္ပါယောနာမ သမိဇ္ဈန္တိ။ ဟူ၍ မိန့်၏။

အနက်ကား။ ။ကိရ၊ အကြောင်းနှင့်တကွ ပြလိုက်ဦးအံ့။ ဗောဓိသတ္တာယေဝ၊ ဘုရားလောင်းတို့ သည်သာလျှင်။ ဒီဃာယုက ဒေဝလောကေ၊ အသက်ရှည်သော နတ်ပြည် ဗြဟ္မာ့ပြည်၌။ ဌိတာ၊ တည်ကုန်လျက်။ ဣမေ၊ ဤနတ်ပြည် ဗြဟ္မာ့ပြည်၌။ ဌိတဿ၊ တည်သော။ မေ၊ ငါ့အား။ ဗောဓိ-သမ္ဘာရ သမ္ဘရဏံ၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ဖြစ်သော ပါရမီသည်။ န သမ္ဘဝတိ၊ မပြည့်။ ဣတိ၊ ဤသို့နှစ်လုံးသွင်း၍။ တတ္ထ၊ ထိုနတ်ပြည် ဗြဟ္မာ့ပြည်၌။ ဝါသေန၊ နေခြင်းဖြင့်။ နိဗ္ဗိဒမာနသာ၊ ငြီးငွေ့သော နှလုံးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ ဝိမာနံ၊ ဗိမာန်၏ အတွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ အက္ခီ၊ မျက်စိကို။ နိမ္မိလိတွာ၊ မှိတ်၍။ ဣတော၊ ဤကာလမှ။ ဥဒ္ဓံ၊ အထက်၌။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ နပဝတ္တတု၊ မဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌာယ၊ ဆောက်တည်၍။ နိသီဒန္တိ၊ နေကုန်၏။ ။ စိတ္တာဓိဋ္ဌာန သမနန္တရမေဝ၊ စိတ်ကို မိဋ္ဌာန်သည်၏ အခြားမဲ့၌သာလျှင်။ မရဏံ၊ သေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ပါရမိမဟာနံ၊ ပါရမီတရားတို့၏။ ဥက္ကံသပတ္တိယာ၊ အတွတ်အထိပ်သို့ ရောက်ခြင်းကြောင့်။ တသ္မိံ တသ္မိံ အတ္တဘာဝေ၊ ထိုထိုသို့သော ကိုယ်အဖြစ်၌။ အဘိညာသမာ-ပတ္တိဟိ၊ အဘိညာဉ် သမာပတ်တို့ဖြင့်။ သန္တာနဿ၊ ခန္ဓာအစဉ်ကို။ ဝိသေသိတတ္တာ၊ အထူးပြုအပ်သည်၏ အဖြစ်ကြောင့်တည်း။ အတ္တသိနေဟဿ၊ ကိုယ်ချစ်ခြင်း၏။ တနုဘာဝေန၊ ခေါင်းပါးသည်၏ အဖြစ်ကြောင့်လည်းကောင်း။ သတ္တေ၊ သတ္တဝါတို့ကို။ မဟာကရုဏာယ၊ အလွန်သနားခြင်း၏။ ဥဠာရဘာဝေန စ၊ များမြတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ အဓိဋ္ဌာနဿ၊ အဓိဋ္ဌာန်ခြင်း၏။ တိက္ခဝိသဒဘာဝပတ္တိယာ၊ ထက်မြက်စင်ကြယ်သော အဖြစ်သို့ ရောက်ခြင်းကြောင့်

လည်းကောင်း။ ဗောဓိသတ္တာနံ၊ ဘုရားလောင်းတို့၏။ အဓိပ္ပါယောနာမ၊ အလိုမည်သည်။ သမိဇ္ဈန္တိ၊ ပြည့်စုံကုန်၏။

ဤသို့ အဋ္ဌကထာ, ဋီကာတို့၌ နတ်ဘုံပြဟ္မာ့ဘုံတို့၌ ဖြစ်သော ဘုရားလောင်းတို့သည် စုတေလိုသော စိတ်ရှိသော် ထိုခဏ၌ စိတ်ကိုဓိဋ္ဌာန်၍ စုတေနိုင်ကြောင်းကိုသာ လာသည်။ မည်သည့်နတ် မည်သည့် ပြဟ္မာ့ဘုံမှလာနိုင်၏ဟူ၍ အသီးအခြား မဆို။ ယင်းသို့ဆိုသော်လည်း သဘောယုတ္တိကိုစာသော် ကာမာဝစရ နတ်ရွာခြောက်ထပ်။ တတိယစျာန်တိုင်ရှိသော ပြဟ္မာကိုးရပ်မှသာလျှင် လာနိုင်၏ ဟူ၍ မှတ်ရာသည်။ ဝေဟပ္ဖိုလ် သုဒ္ဓါဝါသ တို့မှကား မလာပြီ။

အဋ္ဌကထာပါဠိ, ဋီကာပါဠိတို့၌ "ဒေဝလောကေ" ဟု သာမညရှိလျက် အဘယ့်ကြောင့် 'ပြဟ္မာ' ဟု ယောဇနာသနည်း ဟူငြားအံ့ ၎င်း သုတ်ဋီကာ၌—

> တထာ ဟိ အမှာကံ မဟာသတ္တော ဣမသ္မိံ ယေဝ ကပ္ပေ နာနာဇာတိသု အပရိဟီနဇ္ဈာနော ဗြဟ္မလောကေ နိဗ္ဗတ္တော အပ္ပမေယျံ ကာလံ တတ္ထ ဌတွာ တတော စဝိတွာ မနုဿလောကေ နိဗ္ဗတ္တော။
>
> ဟူသော လက္ခဏ် စကားကိုမြင်၍ ပြဟ္မာ ပါ ထည့်၍ ယောဇနာအပ်သတည်း။

၄၃၀။ ဒုဿမည်မှတ်၊ စေတီမြတ်၊ တည်လတ်ဘယ်အပေါ်တွင်နည်း။ (၉၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား .. ဘုရားလောင်း တောထွက်၍ အနော်မာမြစ်ကမ်းယံတွင် ဆံတော်ပယ်ပြီးသော် ဃဋီကာရ ပြဟ္မာ ကပ်လှူသော ကြာသက်နှင်းဖြင့် ရဟန်းပြုသောအခါ လဲတော်မူသော ပုဆိုးကို ဃဋီကာရပြဟ္မာမင်း ယူဆောင်၍ အကနိဋ္ဌဘုံတွင် စေတီပြုကာ ကိုးကွယ်ကြောင်းကိုသာ ဇိနာလင်္ကာရ, ဗုဒ္ဓဝင်စသော ကျမ်းဂန်တို့၌ လာသည်။ မည်သည့်အရပ်၌ မည်သည့်အပေါ်တွင် တည်လုပ်ကြောင်းကို ကျမ်းဂန်မတွေ့ချေ။

၄၃၁။ ပကတိဆတ်ဆတ်၊ အားတော်မြတ်၊ ပေါင်းလတ်သချ်ာ ဘယ်မျှနည်း။ (၉၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ကာလာဝကဆင် ကုဋေတထောင်။ ဂင်္ဂေယျဆင် ကုဋေတရာ။ ပဏ္ဍရဆင် ကုဋေတဆယ်။ တမ္ဗဆင် တကုဋေ။ ပိင်္ဂလဆင် တသန်း။ ဂန္ဓဆင် တသိန်း။ မင်္ဂလဆင် တသောင်း။ ဟေမဆင် တထောင်။ ဥပေါသထဆင် တရာ။ ဆဒ္ဒန်ဆင် ဆယ်စီး။ ယောကျ်ားကုဋေတသောင်းတို့၏အားကို မြတ်စွာဘုရား ဆောင်တော်မူနိုင်၏။

ကျမ်းလာကို ဆိုလိုက်ဦးအံ့ –

> ကာလာဝကဉ္စ ဂင်္ဂေယျံ၊ ပဏ္ဍရံ တမ္ဗပိင်္ဂလံ။
> ဂန္ဓမင်္ဂလဟေမဉ္စ၊ ဥပေါသထ ဆဒ္ဒန္တိမေဒသာတိ။ ဟူ၍လည်းကောင်း။

တတ္ထ ကာလာဝကန္တိ ပကတိဟတ္ထိကုလံ ဒဋ္ဌဗ္ဗံ၊ ယံ ဒသန္နံ ပုရိသာနံ ကာယဗလံ၊ တံ ဧကဿ ကာလာဝကဟတ္ထိနော ယံ ဒသန္နံ ကာလာဝကာနံ၊ တံ ဧကဿ ဂင်္ဂေယျဿာတိ

ဣမိနာနုသာရေန သေသဟတ္ထိကုလာနံပိ ဗလံ ဒဋ္ဌဗ္ဗံ။ ယံ ပန ဒသန္နံ ဆဒ္ဒန္တာနံ ဗလံ၊ တံ ဧကဿ တထာ ဂတဿ။

ဟူ၍ မဇ္ဈိမနိကာယ် မဟာသီဟနာဒသုတ် အဋ္ဌကထာ၌ လာသည်။

အဓိပ္ပာယ်အကျဉ်းကား။ ။ကာသာဝကဆင်, ဂင်္ဂေယျဆင်, ပဏ္ဍရဆင်, တမ္ဗဆင်, ပိင်္ဂလဆင်, ဂန္ဓဆင်, မင်္ဂလဆင်, ဟေမဆင်, ဥပေါသထဆင်, ဆဒ္ဒန်ဆင်ဟူ၍ ဆယ်မျိုးရှိသည်။

ထိုတွင် ပကတိသော ဆင်မျိုးသည် ကာလာဝကဆင် မည်၏။ အကြင်ယောကျ်ား တကျိပ်တို့၏ အားသည် ရှိ၏။ ထိုယောကျ်ားတကျိပ်တို့၏ အားကို ကာလာဝကဆင် တစီးသည် ဆောင်နိုင်၏။ အကြင်ကာလာဝကဆင် ဆယ်စီးတို့၏ အားသည် ရှိ၏။ ထို ကာလာဝကဆင် ဆယ်စီးတို့၏ အားကို ဂင်္ဂေယျဆင် တစီးဆောင်နိုင်၏။ ဂင်္ဂေယျဆင် ဆယ်စီးတို့၏အားကို ပဏ္ဍရဆင် တစီးဆောင်နိုင်၏။ ပဏ္ဍရဆင် ဆယ်စီးတို့၏အားကို တမ္ဗဆင်တစီး ဆောင်နိုင်၏။ တမ္ဗဆင် ဆယ်စီးတို့၏အားကို ပိင်္ဂလဆင်တစီး ဆောင်နိုင်၏။ ပိင်္ဂလဆင် ဆယ်စီးတို့၏အားကို ဂန္ဓဆင် တစီး ဆောင်နိုင်၏။ ဂန္ဓဆင် ဆယ်စီးတို့၏အားကို မင်္ဂလဆင်တစီး။ မင်္ဂလဆင်ဆယ်စီးတို့၏ အားကို ဟေမဆင်တစီး။ ဟေမဆင် ဆယ်စီးတို့၏အားကို ဥပေါသထဆင်တစီး။ ဥပေါသထ ဆင်ဆယ်စီးတို့၏ အားကို ဆဒ္ဒန်ဆင်တစီး ဆောင်နိုင်၏။ ဆဒ္ဒန်ဆင် ဆယ်စီးတို့၏အားကို ဘုရားသခင်ဆောင်နိုင်၏ ဟူလိုသည်။

ယင်းသို့သောအားသည် ဘုရားဖြစ်မှ ပြည့်စုံသည်မဟုတ်၊ အလောင်းတော်ကပင် ပြည့်စုံ၏။

ထို့ကြောင့် အပဒါန်အဋ္ဌကထာ၌—

ဗောဓိသတ္တော ပန ထာမဗလသမ္ပန္နော ဟတ္ထိဂဏနာယ ကောဋိသဟဿဟတ္ထီနံ ဗလံ ဓာရေတိ။ ပုရိသဂဏနာယ ကောဋိဒသသဟဿ ပုရိသာနံ ဗလံ ဓာရေတိ။

ဟူ၍ မိန့်တော်မူသည်။

၄၇၂။ ဥစ္စာပွားမြတ်၊ ခေါင်းဆေးလတ်၊ အမှတ် ဘယ်ကရက်နေ့နည်း။ (၉၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တန်းခူးလဆန်း တရက်နေ့ ခေါင်းဆေးမူ ဖျားနာပျောက်အံ့။

ကဆုန်လဆန်း တရက်နေ့ ခေါင်းဆေးမူ ဘေးလွတ်အံ့။

နယုန်လဆန်း တရက်နေ့ ဆေးမူ ချမ်းသာရအံ့။

ဝါဆိုလဆန်း တရက်နေ့ ဆေးမူ ချမ်းသာများအံ့။

ဝါခေါင်လဆန်း တရက်နေ့ ဆေးမူ နတ်တို့ မစအံ့။

တော်သလင်းလဆန်း သုံးရက်, လေးရက် ငါးရက်, ခုနစ်ရက်နေ့ ဆေးမူသက်ရှည် ချမ်းသာအံ့

သိတင်းကျွတ် လဆန်း ငါးရက်, မြောက်ရက်နေ့ ဆေးမှု ဘေးခပ်သိမ်း ပျောက်အံ့။

တန်ဆောင်မုန်း လဆန်း တရက်, ခုနစ်ရက် ဆေးမှုအသက်ရှည်အံ့။

နတ်တော်လဆန်း တရက်နေ့ ဆေးမှု အသက်ရှည်စွာ ဥစ္စာပွားအံ့။

ပြာသိုလဆန်း တရက်နေ့ ဆေးမှု တန်ခိုးရှိအံ့။

တပို့တွဲလဆန်း တရက်နေ့ ဆေးမှု ချမ်းသာ များအံ့။

တပေါင်းလဆန်း တရက်နေ့ ဆေးမှု အသက်ရှည်အံ့။

(လ-ဖို့ခေါင်းဆေးရာသောကျမ်း)

တနင်္ဂနွေနေ့ ခေါင်းဆေးမှု မြောက်သို့ မြက်နှာမူပြု၍ဆေး။ပုန်းညက်ခုနစ်ပင် ပူဇော်။ ရွှေငွေ ရအံ့။ စစ်ထိုးသော် အောင်အံ့။

တနင်းလာနေ့ ဆေးမှု ကင်ပွန်း ခုနစ်ညွန့်နှင့်ဆေး။အရှေ့မြောက်သို့ မျက်နှာပြုလေ။သူတကာ ချစ်အံ့။

အင်္ဂါနေ့ ဆေးမှု အောင်မဲညိုပွင့်နှင့် အရှေ့သို့ မျက်နှာပြု၍ဆေး။ လာဘ်ရအံ့။

ဗုဒ္ဓဟူးနေ့ ဆေးမှု ရေသကျည်းရွက်နှင့် အရှေ့သို့ မျက်နှာပြု၍ဆေး။ ရွှေငွေရအံ့။

ကြာသပတေးနေ့ ဆေးမှု အရှေ့မြောက်သို့ မျက်နှာမူ၍ဆေး။ လာဘ်ရအံ့။

သောကြာနေ့ ဆေးမှု ချင်းစိမ်း, သဖန်းခါး, ရှိသျှားထည့်၍ အရှေ့တောင်သို့ မျက်နှာပြု၍ ဆေး။ လာဘ်ကြီးရအံ့။

စနေနေ့ ဆေးမှု ကင်ပွန်း ခုနစ်ညွန့်နှင့် အရှေ့မြောက်သို့ မျက်နှာပြု၍ဆေး။ မင်းပေးသော လာဘ်ရအံ့။ (နေ့-ဖို့ခေါင်းဆေးရာသောကျမ်း)။

၄၃၃။ ယာစာဓိမာသ်၊ ရောက်ဆတ်ဆတ်၊ ဝေါ်လတ်ကြောင်းကွဲ ဘယ့်ကြောင့်နည်း။ (၉၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

သင်္ကြန်ကို ၁၉-ခုစား၍ အကြွင်း ၂-ခု။ ၅-ခု။ ၈-ခု။ ၁၀-ခု။ ၁၃-ခု။ ၁၆-ခု။ ၁၈-ခု ကြွင်းသော နှစ်၌ တလလွန်အပ်သော ကြောင့် အဓိမာသ်ကြွံသည်မည်၏။ ထိုအဓိမာသ် ခုနစ်ပါး တို့တွင် ပုံသျှူသောငှာ နှစ်ပါးသည် ယာစာဓိမာသ်မည်၏။ အပတ္တာဓိမာသ်လည်းမည်၏။ အကြွင်း ငါးပါးသည် ပတ္တာဓိမာသ်မည်၏။ ထိုအဓိမာသ် ခုနစ်ပါးတွင် တပါးပါးကြွံသော နှစ်-လ၌လည်း ရက်ငင် သင့်မသင့်အားဖြင့် နှစ်ပါးအပြားရှိသည်တွင် ဝါဆိုလပြည့်နေ့ ဥတ္တရာသန် နက္ခတ်ကိုယှဉ်မှ ရက်ငင်ရ မယှဉ်မှ ရက်ငင်ရ၏၊ ဤသို့ အကျဉ်းအားဖြင့်မှတ်ရာ၏။

၄၃၄။ စန်းကျော်စီးလတ်၊ ပေဒင်တတ်၊ အမှတ် မူလ မည်သို့နည်း။ (၉၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား…

ရထည်းပွဇော်၊ မေးခဲ့ခသင်မူ၊ မချော်မပျက်၊ ရောက်သက်တည်ကာ၊ သတ္တာဗီသ၊ စားပြီးမှလျှင်၊ သေသကိုမူ၊ ဧတုရပါဒ်၊ တူရာမှတ်၍၊ စန်းမြတ်ကိုချ၊ မှန်လှတည့်တည့်၊ နံ၏ဥစ်အိမ်၊ ကသစ်အိမ်ထက်၊ ကြိမ်သော်လည်းကောင်း၊ တကြောင်းဟောရာ၊ မေးလာသူ့သက်၊ မယွက်တည်ထ၊ မူလနက္ခတ်၊ ရောမှတ်ပြီးခါ၊ တရာရှစ်စား၊ မစားလောက်လျှင်၊ စားခြေတွင်၌၊ နှုတ်ကျင်တုံလတ်၊ အကြွင်းမြတ်ကို၊ ၄-ပါဒ်နှင့်စား၊ လဒ်ကားနက္ခတ်၊ အကြွင်းပါဒ်တည့်၊ နက္ခတ်တူရာ၊ စန်းတပ်ပါလော့၊ မူလာလက်က၊ စန်းထက်ကျမူ၊ လာဘာလာဘ်သပ်၊ အထပ်ထပ်လျှင်၊ အလပ်မရှိ၊ အကျိအခဲ၊ ကဲကဲပိုပို၊ လိုပါသမျှ၊ ပြည့်စုံလှလျက်၊ သုခကြီးကျယ်၊ အသွယ်သွယ်သည်။ ။မိုဃ်းလယ်လသို့ အရောင်တည်း။

ဤနည်းကို စန်းကျော်ဟောနည်းဟု ဆို၏။

၄၃၅။ အဿာသဓာတ်၊ ပါနဓာတ်၊ ဖြစ်လတ် ဝ-ဆုံး ဘယ်တွင်နည်း။ (၉၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား….

ထွက်သက်၏ အစကား ချက်၊ အဆုံးကား နှာသီးဖျား။

ဝင်သက်၏ အစကား နှာသီးဖျား၊ အဆုံးကား ချက်တည်း။

၄၃၆။ ပဋိစ္စမြတ်၊ သမုပ္ပါဒ်၊ မိန့်ရွတ်တရားကိုယ် ဘယ်မျှနည်း။ (၉၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား….

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ မရဏဟူ၍ အင်္ဂါအားဖြင့် ၁၂-ပါး ရှိသည်တွင်—

အကုသိုလ် ဒွါဒသ၌ ရှိသော မောဟသည် အဝိဇ္ဇာ မည်၏။ ။ကုသိုလ် စေတနာ ၂၁-ခု။ အကုသိုလ်စေတနာ ၁၂-ခုအားဖြင့် ၃၃-ပါးသော စေတနာသည် သင်္ခါရ မည်၏။ စိတ်တခုယုတ် ကိုးဆယ်သည် ဝိညာဉ်မည်၏။ ။စေတသိက် ခွဲးပညာသ၊ ရုပ် အဌဝီသသည် နာမ်ရုပ်မည်၏။ ပသာဒရုပ် ၅-ခု၊ စိတ် ကျေနနဝုတိသည် သဠာယတန မည်၏။ ။စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော ဖဿသည် ဖဿမည်၏။ ။စိတ် တခုယုတ် ကိုးဆယ်၌ ရှိသော ဝေဒနာသည် ဝေဒနာ မည်၏။ လောဘမူစိတ် ၈-ခု၌ရှိသော လောဘသည် တဏှာ မည်၏။ ၎င်း လောဘမူစိတ်၌ရှိသော လောဘ, ဒိဋ္ဌိသည် ဥပါဒါန်မည်၏။

ဘဝ၏အရသည် ကမ္မဘဝ, ဥပပတ္တိဘဝဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင် သင်္ခါရအရ ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ၃၃-ခုသည် ကမ္မဘဝ မည်၏။

ဥပပတ္တိဘဝသည်လည်း....ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ အားဖြင့် ၉-ပါးအပြား ရှိ၏။

ထိုကိုးပါးတို့တွင် ကာမဝိပါက်တေဝီသ၊ စေတသိက်ပဉ္စတိံသ၊ ကမ္မဇရုပ်ဝီသသည် ကာမဘဝ မည်၏။ ရူပဝိပါက် ၅-ခု၊ စက္ခုဝိညာဉ်ဒွေး၊ သောတဝိညာဉ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ခု၊ အာဝဇ္ဇန်းဒွေး၊ စေတသိက်ပဉ္စတိံသ၊ ဃာနာဒိတ္တယ၊ ဣတ္ထိဘော၊ ပုမ္ဘော ကြဉ်သော ကမ္မဇရုပ်ပန္နရသ သည် ရူပဘဝမည်၏။ အရူပဝိပါက် ၄-ခု စေတသိက်တိံသသည် အရူပဘဝမည်၏။ နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက် ဇေတိံသ၊ စေတသိက်တိံသကမ္မဇရုပ်ဝီသသည် သညီဘဝ မည်၏။ ။ဇီဝိတဆက္ကဇီဝိတနဝက ကလာပ်ရုပ်သည် အသညီဘဝ မည်၏။ ။ နေဝသညာနာသညာယတနဝိပါက် တခု။ စေတသိက်တိံသသည် နေဝသညီနာသညီဘဝ မည်၏။ ။အသညီဘဝ၏ အရသည် ရူပက္ခန္ဓာတပါးသာ ရှိသောကြောင့် ဧကဝေါကာရဘဝ မည်၏။ ။အရူပဘဝ၏ အရသည် နာမက္ခန္ဓာလေးပါးရှိသောကြောင့် စတုဝေါကာရဘဝ မည်၏။ ။ကာမဘဝ ရူပဘဝ၏ အရသည် ပဉ္စဝေါကာရဘဝမည်၏။

ဇာတိသည် ရုပ်၏ဇာတိ နာမ်၏ဇာတိအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် နိပ္ဖန္နရုပ်တို့၏ (ဝါ)စတုဇရုပ်တို့၏ ဖြစ်ဆဲသည် ရုပ်၏ဇာတိမည်၏။ ။နာမက္ခန္ဓာလေးပါးတို့၏ ဖြစ်ဆဲသည် နာမ်၏ ဇာတိမည်၏။

ဇရာသည်လည်း....ရုပ်၏ဇရာ, နာမ်၏ဇရာအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် နိပ္ဖန္နရုပ်တို့၏ ရင့်ခြင်းသည် ရုပ်၏ဇရာမည်၏။ နာမက္ခန္ဓာလေးပါးတို့၏ ရင့်ခြင်းသည် နာမ်၏ဇရာမည်၏။

မရဏသည်လည်း..ရုပ်၏မရဏ, နာမ်၏မရဏ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် နိပ္ဖန္နရုပ်တို့၏ ပျက်ခြင်းသည် ရုပ်၏မရဏမည်၏။ ။နာမက္ခန္ဓာလေးပါးတို့၏ ပျက်ခြင်းသည် နာမ်၏ မရဏမည်၏။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တည်းဟူသော တရားတို့သည်ကား..ဇာတိ၏ အကျိုးဆက်မျှသာ ဖြစ်သောကြောင့်လည်းကောင်း, ဇရာ မရဏနှင့် အနိဋ္ဌလက္ခဏာချင်း တူသောကြောင့်လည်းကောင်း အင်္ဂါအားဖြင့် မရေတွက်အပ်ကုန်။

ထိုတရားတို့တွင် ဒေါသမူဒွေး၌ရှိသော ဝေဒနာစေတသိက်သည် သောကမည်၏။ ။ဆွေမျိုး သားချင်းတို့ ပျက်စီးရန်၌ ငိုကြွေးမြည်တမ်းသဖြင့် ဖြစ်သော ဝိပလ္လာသ စိတ္တဇသဒ္ဒသည် ပရိဒေဝ မည်၏။ ။ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခမည်၏။ ဒေါသမူဒွေး၌ရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿ မည်၏။ ၎င်းဒေါသမူဒွေး၌ရှိသော ဒေါသ စေတသိက်သည် ဥပါယာသ မည်၏။

ဤသို့ အသီးသီးသော တရားကိုယ်ကိုကောက်အပ်၏။ (ဓာတုကထာ)။

"တရားကိုယ်ဘယ်မျှနည်း" ဟူသော အမေးပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာကား..နှစ်ဆယ့်နှစ်ပါး သော ပရမတ္ထတရား သုံးပါးလုံးသည် ပဋိစ္စသမုပ္ပါဒ်၏ တရားကိုယ်ပင်တည်းဟု ဖြေအပ်၏။

၄၃၇။ သညာဇေတ်၊ ထူးနာနတ်၊ ပြားလတ် ဘယ်သို့ ခွဲမည်နည်း။ (၉၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပဋိသန္ဓိဝိညာဏဿ ဌာနံ ဝိညာဏဋ္ဌိတိ နာမ သာ သတ္တဝိဓာ ဟောတိ၊နာနတ္တကာယ နာနတ္တသညီ။ နာနတ္တကာယ ဧကတ္တသညီ။ ဧကတ္တကာယ နာနတ္တသညီ။ ဧကတ္တကာယ ဧကတ္တသညီ။ ဟေဋ္ဌာတိဿောအာရုပ္ပဘူမိယောတိ။

ဤသို့ စသည်ဖြင့် အင်္ဂုတ္တိုရ် အဋ္ဌကထာ စသည်၌ လာသောကြောင့် ပဋိသန္ဓေဝိညာဉ်၏ တည်ရာသည် ဝိညာဏဋ္ဌိတိ မည်၏။

ထို ဝိညာဏဋ္ဌိတိသည်–

နာနတ္တကာယ နာနတ္တသညီ,
နာနတ္တကာယ ဧကတ္တသညီ,
ဧကတ္တကာယ နာနတ္တသညီ,
ဧကတ္တကာယ ဧကတ္တသညီ,
အာကာသာနဉ္စာယတန,
ဝိညာဏဉ္စာယတန,
အာကိဉ္စညာယတန–

အားဖြင့် ၇-ပါး အပြားရှိ၏။

ထိုတွင် လူ့ပြည် နတ်ပြည်အားဖြင့် ၇-ပါးသော သုဂတိဘုံသည် သတ္တဝါတို့ ကိုယ်သဏ္ဌာန်လည်း အထူးထူးအပြားပြား။ ပဋိသန္ဓေလည်း အထူးထူးအပြားပြား ရှိသည်ဖြစ်၍ နာနတ္တကာယ နာနတ္တသညီမည်၏။

ပထမဈာန် ၃-ဘုံ, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဟူသော အပါယ်လေးဘုံ၊ ဤ ၇-ဘုံသည် သတ္တဝါတို့ကိုယ်သဏ္ဌာန်ကား အထူးထူး အပြားပြား ရှိ၏။ ပဋိသန္ဓေမူကား ပထမဈာန် ၃-ဘုံ၌ ပထမဈာန် ဝိပါကစိတ် တခုသာ၊အပါယ်လေးဘုံ၌ အဟိတ် အကုသလဝိပါက် သန္တီရဏစိတ် တခုသာ ပဋိသန္ဓေရှိသည်ဖြစ်၍ နာနတ္တကာယ ဧကတ္တသညီ မည်၏။

ဒုတိယဈာန် ၃-ဘုံသည် သတ္တဝါတို့ ကိုယ်သဏ္ဌာန် အရောင်အဝါကားတူ၏။ ပဋိသန္ဓေစိတ်ကား ဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက် နှစ်ပါးဖြစ်၍ ဧကတ္တကာယ နာနတ္တသညီ မည်၏။

တတိယဈာန် ၃-ဘုံ, ဝေဟပ္ဖိုလ်ဘုံ, သုဒ္ဓါဝါသ ၅-ဘုံတို့သည် သတ္တဝါတို့ ကိုယ်သဏ္ဌာန်လည်း တူသည်။ ပဋိသန္ဓေစိတ်လည်း စတုက္ကနည်းအားဖြင့် စတုတ္ထဈာန်ဝိပါက် တပါးသာ ဖြစ်ရကား ဧကတ္တကာယ ဧကတ္တသညီ မည်ကုန်၏။

အောက် အရူပ ၃-ဘုံလည်း ဝိညာဏဋ္ဌိတိ တပါးစီပင်ဖြစ်သည်။

ဘုံကိုးဇဟူရာ၌ ယခင် ဝိညာဏဋ္ဌိတိ ၇-ပါးတွင် အသညသတ်ဘုံကို တရပ်။ နေဝသညာ နာသညာယတနဘုံကို တရပ်ထည့်၍ ၉-ပါးသော သတ္တာဝါသ ဖြစ်သတည်း။

ထိုကြောင့် ရှေးဆရာတို့သည်....

လူ့ပြည်နှင့်နတ်၊ သတ်လျှင်-နာ-နာ၊ ပထမစျာန်၊ လေးကန်ပယ်ခွင်၊ သတ်လျှင်နာဧး၊ ဒွေးစျာန် ၃-ရပ်၊ ဧးနာဟပ်၊ အသညသတ်ပြီ၊ အသညီ၊ ကြွင်းပြီနဝါ၊ ဧးဧးသာ၊ အရူပါမှ၊ ဘုံလေး၀၊ သတ္တဝါသာ၊ ဘုံကိုးရွာ-ဟု၊ စိတ်ဖြာဝေဖန်အပ်သတည်း။

ဟူ၍ မိန့်ကုန်၏။

၄၃၈။ နိရောဓမြတ်၊ ဝင်ဆတ်ဆတ်၊ သတ်၍မသေ ဘယ့်ကြောင့်နည်း။ (၁၀၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"သမာပတ္တိယာနုဘာဝတော န သက္ကောတိ ဃာတေတုံ"

ဟူ၍ အဘိဓမ္မာအဋ္ဌကထာတို့၌ မိန့်ရကား သမာပတ်၏ တန်ခိုးအာနုဘော်ကြောင့်ပင် သတ်၍ မသေသည် ဟူပေ။

၄၃၉။ လောင်းမင်းသိဒ္ဓတ်၊ စိုးစံမှတ်၊ ပြည်မြတ် အကျယ် ဘယ်မျှနည်း။ (၁၀၁)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ကပိလဝတ်ပြည်၏ လျား–နံ့ အကျယ် အဝန်းကို ကျမ်းဂန်တို့၌ ဆိုသည်ကို သတိမမူမိ။ ရာဇဝင်စာတမ်းတို့၌ကား အလျား အနံ သုံးယူဇနာ ကျယ်သောဟူ၏။

၄၄၀။ နော်ရထာမြတ်၊ တည်တုံလတ်၊ စွယ်ဓာတ် ရှင်တော် ဘယ်မျှနည်း။ (၁၀၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရွှေစည်းခုံ တဆူ,
တန့်ကြည့်တောင်ဖျား တဆူ,
လောကနန္ဒာ တဆူ,
တူးရှင်းတောင်ထိပ်၌ တဆူ,
ပြက်တောင်ထိပ်၌ တဆူ –

ဤ ငါးဆူသော ရှင်တော်မြတ် ဟူပေ။

အကြောင်းကို အပြွက်မျှ ပြလိုက်ဦးအံ့။ ။အနော်ရထာ မင်းစောသည် သိန်းခိုကျွန်း သလ်ဗောဓိမင်း၏ ထံကမှ ပင့်ဆောင်၍ ရခဲ့သော စွယ်တော်ကို ရွှေနန်းတော်ရှေ့၌ ရတနာအတိ မွမ်းမံသော ပြာသာဒ်ထက်၌ ကျိန်းဝပ်စေ၍ မပြတ် ပူဇော်တော်မူသည်။

ရှင်အရဟံလည်း မင်းကြီးအား "စွယ်တော်မြတ်ကို နန်းတော်တွင်ထား၍ ကိုးကွယ်သည်ထက် စေတီ တည်ရသော် သာသနာ ငါးထောင်ပတ်လုံး သတ္တဝါအပေါင်းတို့ အကျိုးများစွာ ဖြစ်ကုန်လတ္တံ့"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ စွယ်တော်မြတ်ကို ဆင်ဖြူထက်၌ ရတနာပြာသာဒ်ဖြင့် တင်ပြီးသော် "စွယ်တော် ကျိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူ ဝပ်စေသော်"ဟု ဓိဋ္ဌာန်၍ လွှတ်၏။ ဆင်ဖြူလည်း နဖူးသင်းကျစ်တော် ခေတ် ဌာပနာရာ ရွှေစည်းခုံသို့ တက်၍ ဝပ်၏။ မင်းလည်း ထိုစွယ်တော်ကို ရွှေစည်းခုံ၌ ဌာပနာ၏။

ဌာပနာသဆဲအခါ "ငါသည် နောင် ဘုရားအဖြစ်သို့ ရောက်မည်မှန်လျှင် စွယ်တော်တဆူ ပွါးစေသော"ဟု ဓိဋ္ဌာန်၏၊ စွယ်တော်လည်း တဆူပွါး၍ ဆင်ဖြူထက်တွင် တင်၍ ယခင်ကဲ့သို့ ဓိဋ္ဌာန်ပြု၍ လွှတ်ပြန်သော် ဆင်ဖြူသည် တန့်ကြည့်တောင်ဖျားသို့ တက်၍ ဝပ်လေ၏။ ထိုအရပ်တွင် စေတီ တည်၍ ဌာပနာ၏။

ဌာပနာသဆဲအခါ ရှေးနည်းဓိဋ္ဌာန်၍ စွယ်တော်တဆူ ပွါးပြန်၏။ထိုစွယ်တော်ကို ဆင်ဖြူတွင်တင်၍ ယခင်ကဲ့သို့ ဓိဋ္ဌာန်၍ လွှတ်ပြန်လျှင် သိန်းခိုကျွန်းမှ သင်္ဘောဆိုက်လာသော လောကနန္ဒာ အရပ်တွင် ဝပ်လေ၏။ ထိုအရပ်၌ စေတီတည်၍ ဌာပနာပြန်၏။

ဌာပနာသဆဲ၌ ရှေးနည်း ဓိဋ္ဌာန်ပြန်သော် စွယ်တော်တဆူ ပွါးပြန်၏၊ ဆင်ဖြူတွင် တင်၍ ယခင်ကဲ့သို့ လွှတ်ပြန်သော် တူးရွှင်းတောင်ဖျားတွင် ဝပ်လေ၏။ ထိုတောင်ဖျား၌ စေတီတဆူတည်၍ ဌာပနာ၏။

ဌာပနာသဆဲ၌ ဓိဋ္ဌာန်ပြန်လျှင် စွယ်တော်တဆူ ပွါးပြန်၏။ ထို စွယ်တော်ကို ဆင်ဖြူတွင် တင်၍ လွှတ်ပြန်သော် ဆင်ဖြူသည် အရှေ့အရပ်သို့ သွား၍ သာလျှောင်းတောင်ထက်၌ တခဏမျှ လျှောင်းပြီးလျှင် သက်၍ ခရွှေတောင်ထက်သို့ တက်လေ၏။ ထိုကမှ ပြက်တောင်ထက်သို့ တက်လေ၏။ အနော်ရထာမင်းလည်း ထိုအရပ်တွင် စေတီတဆူတည်၍ ဌာပနာ၏။

သာလျှောင်းတောင် ခရွှေတောင် တို့တွင်သည်း "ငါ့ကို စေတီတည်စေလိုသည်"ဟု အမှတ်ရှိ၍ သရီရဓာတ်တော် ဌာပနာ၍ စေတီတည်တော်မူသည်။

၄၄၁။ သူ၏အဝတ်၊ ကိုင်ငင်ချုတ်၊ ဆုံးဖြတ်လျော်ငွေ ဘယ်မျှနည်း။ (၁၀၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အကြင်မိန်းမ၊ ရှုက်ကြွ၍၊ ယောကျ်ားအဝတ်၊ ဆွဲငင်ချုတ်မူ၊ ဖြူဆွတ်သာခွါ၊ သုံးကျပ်သာဖြင့်၊ ကြင်နာရှိသေ၊ ကန်တော့စေလော့။ (ဝိနိစ္ဆယ)

ကညာစေရ၊ ပျိုနုနု၏၊ အဖုရင်မှာ၊ စုံနှစ်မြွာကို၊ မနာလိုပေ၊ ဆုပ်ဆွဲချေက၊ ငွေနှစ်ဆယ်လျော်၊ ပါးနမ်းသော်ကား၊ ရွှေလျော်ရည်၍၊ နှစ်ကျပ်ခွဲတည့်၊ ဝတ်လဲထဘီ၊ ဖွင့်လှစ်ချီက၊ သိဂီသုံးကျပ်၊ အလျော်တပ်ရှင့်၊ တပ်အပ်နှဲရှက်၊ ရင်ခွင်ထက်ငယ်၊ ပိုက်ဖက်နှင့်ချွေ၊ လက်တင်ချေသော်၊ ငွေခုနစ်ကျပ်၊ ငါးမူးထပ်ဟု၊ ဓမ္မသတ်စာဟောင်း၊ ဆုံးဖြတ်ကြောင်းဖြင့်၊ လမ်းကောင်းထင်စွာ၊ ရှိသည်တာကြောင့်၊ မိစ္ဆာစာရ၊ အရာကျူသား၊ မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း၊ မအိပ်လေရာ။ ။(မနုလကာ)

၄၄၂။ ကုရှ်မလွတ်၊ အမာရွတ်၊ ကတ်ဖိုမည်သို့ ကဲမည်နည်း။ (၁၀၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သရေစေးဆို၊ ရှိန်းခိုရှားစောင်း၊ အစေးလောင်း၍၊ ၎င်းထက်ဝက်၊ ကတ်ဖိုစွက်မှ၊ မာခက်ရှိလတ်၊ အမာရွတ်တွင်၊ ခြောက်ကြိမ်တင်က၊ လျှင်လျှင်ဆောစွာ၊ လွတ်ချမ်းသာ လိမ့်။

၄၄၃။ ကပိလဝတ်၊ သာတုလွတ်၊ စိုးမှတ်မင်းဆက် ဘယ်မျှနည်း။ (၁၀၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကပိလဝတ်ပြည်ကို အစ တည်ထောင်သော ဥက္ကာမုခ မင်းမှစ၍ မင်းပြုသော မင်းတို့၏ အစဉ်ကား....

ဥက္ကာမုခမင်း၏ သားတော် နိပုရမင်း၊ ၎င်းသားတော် စန္ဒိမမင်း၊ ၎င်းသားတော် စန္ဒမုခမင်း၊ ၎င်းသားတော် သိဝရာဇ်မင်း၊ ၎င်းသား သဥ္စယမင်း၊ ၎င်းသား ဝေဿန္တရာမင်း၊ ၎င်းသား ဇာလိမင်း၊ ၎င်းသား သီဟဝမင်း၊ ၎င်းသား သီဟရာဇ်မင်း၊ ဤသို့ သားစဉ်မြေးဆက် ဆက်၍ မင်းပြုကြသဖြင့် ဘုရားခမည်းတော် သုဒ္ဓေါဒနမင်း တိုင်အောင် မင်းဆက်ပေါင်း ရှစ်သောင်း နှစ်ထောင် တကျိပ်နှစ်ပါးတည်းဟု ဒီပဝင်၌ ဂါထာလာ၏။

ထို့ကြောင့် နားတော်သွင်း၌—

ကပိလဟု၊ မည်ရဘုန်းဟေး၊ ရှင်ရသေ့လျှင်၊ ပြ၍တည်ညီ၊ ပြည်ဌာနီကို၊ ကပိလဝတ်၊ မော်ကွန်းမှတ်၍၊ သက်ပြတ်လုမျှ၊ မောင်နှမတို့၊ တူကွစုံပေါင်း၊ စံကြကြောင်းကို၊ ဆင့်လောင်းဖခင်၊ ကြားလေချင်သော်၊ ကျွမ်းကျင်လေဖြစ်၊ ငါ့သားချစ်တို့၊ မင်းစစ်ိလှ၊ စွမ်းနိုင်စွဟု၊ မြွက်ဟသွန်းသွန်း၊ မိန့်ရွှေခွန်းကြောင့်၊ ပျံ့မွှန်းသောင်းခွင်၊ သာကီဝင်ဟု၊ လွန်ထင်ကျော်ဟိုး၊ မြတ်နွယ်မျိုးတွင်၊ နန်းရိုးမှန်စွာ၊ အစဖြာသည်၊ ဥက္ကာမုခ၊ နိပုရထည့်၊ ဖမျှဘုန်းဝှန်၊ သားစန္ဒိမ၊ နေလနှုန်းရန်၊ စန္ဒမုခ၊ နှံ့မျှထင်ရှား၊ သားသိဝရာဇ်၊ ရန်မြစ်ဖြတ်လှည်း၊ သားသိဥ္စည်းက၊ ကျော်သည်းတန်ခွန်၊ သားဝေဿန်နှင့်၊ သားမွန်ဇာလီ၊ နိုင်းပြိုင်ဖက်ကွာ၊ သီဟဝါက၊ သည်းချာတမွတ်၊ သီဟသရ၊ ယင်းကဆက်မှန်၊ သောင်း ရှစ်ပြန်၎င်၊ ကဲသွန်နှစ်ထောင်၊ နှောင်းဆုံးဆောင်သား၊ ယင်းခေါင်နရိန်၊ ဇေယျသိမ်သည်၊ ဘုန်းရှိန်တည့်ပျံ့မွှေး၊ စံငြိမ့်လေး။

ဟူ၍ စပ်သည်။

ဤ ရာဇဝင်၌လာသော ဒါဥ္စည်း၊ ဝေ ၊နှူရာ၊ ဇာလိမင်းတို့သည် ငါတို့ဘုရားလောင်းမင်းလာ ဟူ၍ြားအံ့။ ဇာတ်တော်၌ "သိဝိတိုင်း၊ ဇေတုတ္တရာပြည်" ဟူ၍ လာသည်။ ဤမှာ ကပိလဝတ် ပြည်တွင် ဖြစ်သောကြောင့် ဘုရားလောင်းပင် ဟု မဆိုသာ။ အမည်တူကြသော ... ဟု ဆရာကြီးတို့ ... ကုန်၏။

၄၄၄။ ခေမာမည်မှတ်၊ မိန်းမမြတ်၊ မိန့်ရွတ် ဘယ်တေဒဂ်နည်း။ (၁၀၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ မဟာပညာနံ ဘိက္ခုနီနံ ယဒိဒံ ခေမာ။

ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မ ဖြစ်ကုန်သော။ မဟာပညာနံ၊ ကြီးကျယ်များပြားမြတ်သော ပညာရှိကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့တွင်။ ယဒိဒံ-ယာ အယံ ခေမာ၊ အကြင် ခေမာမည်တွင် ဘုရင်ဗိမ္ဗိသာရ ငါဒကာ၏ တောင်ညာစံထား မိဖုရားကြီး ဖြစ်ဖူးသော မိန်းမသည်။ အတ္ထိ၊ ရှိ၏။ ဧတံ-သော ခေမာ၊ ဤခေမာဘိက္ခုနီသည်။ အဂ္ဂံ အဂ္ဂေါ၊ သူတထူးထက် ကျူး၍ပညာ ကြီးကျယ်စွာ၏။ ။အင်္ဂုတ္တိုရ်ပါဠိတော်။

ဝတ္ထုစကားပြေကို ဇိနတ္ထပကာသနီတွင် ရေးခဲ့ပြီ။

၄၄၅။ ဝင်္ဂီသမြတ်၊ ရိုးခေါက်လတ်၊ ပြောမှတ်အရိုး ဘယ့်ကြောင့်နည်း။ (၁၀၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား .. မန္တန်၏ တန်ခိုးအာနုဘော်ကြောင့် စကားပြောသကဲ့သို့ ထင်၏ဟူပေ။

အကြောင်းကို ဆိုလိုက်ဦးအံ့—ထိုဝင်္ဂီသမထေရ်၏ အလောင်းတော်သည် ဤကမ္ဘာမှပြန်၍ ရေသော် ကမ္ဘာတသိန်းအထက်၌ ပဒုမုတ္တရဘုရားဖြစ်တော်မူသောအခါ ဟံသာဝတီပြည်ဝယ် သူကြွယ်တဦး၏ သားဖြစ်၍ တနေ့သောအခါ များစွာသော ပရိသတ်တို့နှင့်တကွ ဘုရားအထံတော်သို့ ကပ်၍ တရားတော်ကို နာလတ်သော် ဘုရားကိုယ်ကော်မြတ်လည်း ပဋိဘာန်ရှိလှသော ရဟန်းတဦးအား ဧတဒဂ်ထားသည်ကို မြင်လေသဖြင့် ဤအရှင်ကဲ့သို့ ဖြစ်ချင်သော ဆန္ဒရှိရကား ဘုရားရှင်ထံ၌ ဆုပန်ခြင်းကိုပြု၏။ အကျွန်ုပ်သည် ယခုဘဝပြုရသော ကုသိုလ်ကံကြောင့် သံသရာဘဝ၌ လူ့ပြည် နတ်ရွာ၌သာ များစွာကျင်လည်ရ၍ နောင်ဘုရားရှင်တို့ သာသနာတော်၌ ဂါထာဗန္ဓ အကုံးအဖွဲ့ ပညာ လျှင်ကုန်သော တပည့်အပေါင်းထက် ကဲလွန်သော သာဝကရဟန္တာ ဖြစ်လိုသော”ဟု ဆုတောင်း၏။ မြတ်စွာဘုရားလည်း ဖြစ်လတ္တံ့သော အခြင်းအရာဖြင့် ဗျာဒိတ်စကား ကြားတော်မူ၏။

သူကြွယ်လည်း အသက်အတိုင်းနေ၍ စုတေလေသော် လူ့ပြည် နတ်ပြည်၌ ကျင်လည်ခဲ့၍ ငါတို့ ဂေါတမဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ ဥစ္စာပေါများသော ပုဏ္ဏားမျိုး၌ ဖြစ်လာ၍ ဝင်္ဂီသဟူသော အမည်ကိုမှည့်၏။ ဇရွယ်သို့ရောက်လတ်သော် ဆရာ့ထံ၌ ဗေဒင်အတတ်တို့ကို သင်ပြီး၍ ဆရာကိုနှစ်သိမ့်စေသဖြင့် ဆဝသီသမည်သော မန္တန်ကိုသင်၏။ ထိုမန္တန်၏တန်ခိုးကား သေလေပြီးသောသူ၏ ဦးခေါင်းရိုးကို လက်သည်းဖြင့်ခေါက်၍ မန္တန်ကိုစိပ်လျှင် “ဤသူကား ငရဲပြည်၌ ဖြစ်၏၊ ဤသူကား တိရစ္ဆာန်ဖြစ်၏၊ ဤသူကား ပြိတ္တာဖြစ်၏၊ ဤသူကား လူ့ပြည်၌ ဖြစ်၏၊ ဤသူကား နတ်ပြည်၌ဖြစ်၏”ဟု ပြောဆိုနိုင်၏။ ။ယံကြောင်းသက်သေကို ပြဦးလော့ဟု ဆိုပြန်လျှင် ယခင်မန္တန်ကို စိပ်၍ မှန်၌ကြည့်လျှင် ဖြစ်တိုင်းပင်မြင်စေ၏။

အမျိုးတူသော ပုဏ္ဏားငယ်တို့သည် ဤဝင်္ကီသလုလင်၏ အတတ်ကား အသက်မွေးလောက်သော အတတ်ပေတည်း။ ဤသူ့ကိုဆောင်၍ အရပ်ထက်ဝန်းကျင်သို့ လှည့်လည်အံ့ဟု ကြံကြ၍ ဖုံးလွှမ်းသောယာဉ်ဖြင့် ထိုဝင်္ကီသကို ဆောင်၍ မြို့ရွာ နိဂုံးသို့ လှည့်လည်လာကြသော် ရောက်တိုင်း ရောက်တိုင်းသော အရပ်၌ ပုဏ္ဏားလုလင်တို့သည် လူစုဝေးရာသို့ဝင်၍ "အကြင်သူသည် ဝင်္ကီသ ပုဏ္ဏားကို ဖူးမြင်ရအံ့။ ထိုသူသည် ဥစ္စာကိုမူလည်း ရရာ၏။ နတ်ရွာသို့မူလည်း ရောက်ရာ၏။ လွန်လေပြီးသော မိဘ ညာတကာတို့၏လားရာ ဂတိကိုလည်းသိရာ၏။ ထိုသို့သော ပုဏ္ဏားမြတ်ကို ဘယ်သူ တွေ့လိုသနည်း"ဟု မေး၏။

မြို့သူ ရွာသားတို့ကလည်း "ငါတို့ တွေ့မြင်ပါရစေ"ဟု ဆိုသော် ထိုသူတို့ကို ဆရာ့ထံသို့ ခေါ်ခဲ့၍ "ဤဇမ္ဗူဒိပ်ကျွန်း၌ ငါတို့ဆရာနှင့်တူသော ပညာရှိမည်သည် မရှိ။ တနှစ်ထက်ကလည်းကောင်း နှစ်နှစ် သုံးနှစ်ထက်ကလည်းကောင်းသေ လေသော မိဘ သား မြေးတို့၏ အရိုးကို ပြကြကုန်လော့။ ဤသူသည် ဤမည်သောဂတိ၌ ဖြစ်သည်ဟု ဆိုလတ္တံ့သတည်း"ဟု ချီးပပြောဆိုကြကုန်၏။

ဝင်္ကီသပုဏ္ဏားလည်း မိမိထံသို့ ရောက်လာကုန်သော လူများတို့အား ယုံမှားကင်းစိမ့်သောငှါ အထူးထူးသော နည်းနာဖြင့် ချမ်းသာရေး စီးပွားရေးတို့ကိုလည်းကောင်း လွန်လေပြီးသော မိဘ ဆွေမျိုးတို့၏အရိုးကိုခေါက်၍ လားရာဂတိကို ပြဆိုသော ဆဝသီသ မန္တန်ဖြင့်လည်းကောင်း, အသီး အသီး မေးသမျှကိုပင် ပြဆိုပေ၏။ ထိုသူတို့၏အထံမှ တရာသော အသပြာ တထောင်သော အသပြာတို့ကိုလည်း ရပေ၏။ သပြာများစွာရသောအခါ ထိုပုဏ္ဏားငယ်တို့သည် ဝင်္ကီသကို ဆောင်လျက် သာဝတ္ထိပြည်သို့ ပြန်လာကြကုန်၏။

ဤသို့သောနည်းဖြင့် ဥစ္စာရှာကာ နေသည်တွင် ဘုရားသခင်ကို အနာထပိဏ်သဌေး ပင့်၍ ဇေတဝန်ကျောင်းတော်သို့ ရောက်သော် ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးကိုသာ များစွာသော သူတို့ ချီးမွမ်းကြသော အသံကိုကြား၍ ဝင်္ကီသပုဏ္ဏားသည် မိမိ၏ အချင်းပုဏ္ဏားတို့အား ဤသို့ဆို၏။ "အချင်းတို့....ရှေးသောအခါ များစွာသော သူတို့သည် ငါ၏ကျေးဇူးဂုဏ်ကို များစွာ ပြောဆို ချီးပကြ၏။ ယခုမူကား ဘုရားဂေါတမ၏ ပညာရှိခြင်း, သီလ သမာဓိရှိခြင်း ကျေးဇူးဂုဏ်သတင်းကိုသာ လွန်စွာ ချီးမွမ်းကြကုန်သည်။ ပညာရှိသော သူတို့၏အထံသို့ ဆည်းကပ်ရခြင်း အလွန်ကောင်းမြတ်၏။ ထို့ကြောင့် သင်တို့နှင့်တကွ သွား၍ ဘုရားသခင်ကို ဖူးမြင်ကြအံ့" ဟူ၍ ဆို၏။

ထိုစကားကို ကြားကြသော် အချင်းပုဏ္ဏားတို့ကလည်း "အရှင်ဝင်္ကီသ-အရှင်ဂေါတမ၏ အထံသို့ သွား၍မသင့်၊ ဘယ့်ကြောင့်နည်းဟူမူကား ထိုဘုရားဂေါတမသည် သာယာဖျောင်းဖျသော စကားဖြင့် သူတပါးတို့အား မိမိ၏အလုပ်အကျွေးဖြစ်အောင် သွေးဆောင်တတ်၏"ဟု ဆိုကုန်၏။

ဝင်္ကီသလည်း ထိုစကားကို နားမထောင်မူ၍ ဘုရားအထံသို့ ဆည်းကပ်လေပြီးလျှင် သင့်ရာ နေရာ၌ နေ၍ "အရှင်ဘုရား ကိုယ်တော်မြတ်ကို အလွန်ပညာရှိသောပုဂ္ဂိုလ် ဟူ၍ ပြောဆို ချီးမွမ်းကြပါသည်၊ အကျွန်ုပ်သည် ဤသာဝတ္ထိပြည်၌ ပညာရှိတယောက်ပင်တည်း။ ပညာချင်း နှီးနှောပါရစေ။ အရှင်မြတ်က သာလျှင်လည်း အကျွန်ုပ်ကိုမျှတော်မူပါ။ အကျွန်ုပ်ကသာလျှင် လည်း အရှင်မြတ်ကို လျှုပါအံ့"ဟု လျှောက်၏။

ဘုရားသခင်ကလည်း "ဝင်္ဂီသ-သင်သည် အဘယ်သို့သော အတတ်ဝိသေသကိုတတ်သနည်း" ဟု မေး၏။ "အရှင်ဘုရား အကျွန်ုပ်ကား အများတတ်သော ဗေဒင်ကိုလည်း တတ်ပါသည်။ အရိုးကိုခေါက်လျှင် လားရာဂတိကို သိတတ်သော ဆဝ သိသမန္တန်ကိုလည်း တတ်ပါသည်"ဟု လျှောက်၏။

ထိုအခါ ဘုရားကိုယ်တော်မြတ်က သေ၍ တန့်မြောက်ပြီးသော ငရဲသို့ သွားရသော သူတဦး၏ ဦးခေါင်းရိုးကိုလည်းကောင်း, လူ့ပြည်၌ဖြစ်သော သူတဦး၏ ဦးခေါင်းရိုးကို လည်းကောင်း၊ နတ်ပြည်၌ဖြစ်သော သူတဦး၏ဦးခေါင်းရိုးကို လည်းကောင်း, နိဗ္ဗာန်ယူသော ရဟန္တာတဦး၏ ဦးခေါင်းရိုးကို လည်းကောင်း တန်ခိုးဖြင့်ယူ၍ ပြ၏။

ဝင်္ဂီသပုဏ္ဏားလည်း ရှေးဦးစွာ အရိုးကိုလက်သည်းဖြင့်ခေါက်၍ မန္တန်ကိုစိပ်ပြီးသော် "အရှင် ဂေါတမ.... ဤသတ္တဝါကား ငရဲသို့သွားပါသတည်း" ဟု လျှောက်၏။ ဘုရားသခင်ကလည်း "ဝင်္ဂီသ မှန်ပေပြီ။ သင်သိမြင်ပေစွ"ဟု ချီးမွမ်း၍ ဤဒုတိယအရိုးကို ဆိုဦးလော့ဟု မေး၏။

ဝင်္ဂီသပုဏ္ဏားလည်း မန္တန်ကိုစိပ်၍ လက်သည်းဖြင့်ခေါက်ပြီးလျှင် အရှင်ဘုရား ဤသတ္တဝါ ကား လူ့ပြည်၌ ဖြစ်ပါသတည်း"ဟု လျှောက်၏၊ ဘုရားသခင်ကလည်း "ဝင်္ဂီသ သင်သိပေစွ၊ ဤတတိယအရိုးကို ဆိုဦးလော့"ဟု မေး၏။ ဝင်္ဂီသကလည်း ရှေးနည်းခေါက်ပြီးလျှင် "အရှင်ဘုရား ဤသတ္တဝါကား နတ်ရွာသို့ သွားသောသူတည်း"ဟု လျှောက်ပြန်၏။ ဘုရားသခင်ကလည်း ယခင် ကဲ့သို့ ချီးမွမ်း၍ "စတုတ္ထအရိုးကို ဆိုဦးလော့"ဟု မေးပြန်၏။

ဝင်္ဂီသလည်း ရှေးနည်း ခေါက်၍ မေးပြန်သော် သိရန်အကြောင်းကို တစုံတခုမျှ မထင်ရ ကား ဆိတ်ဆိတ်နေ၏။ ဘုရားသခင်လည်း "သင်ဆိုလော့၊ သင်ဆိုလော့"ဟု တိုက်တွန်းတော် မူ၏။ ဝင်္ဂီသလည်း အဖန်ဖန် မန္တန်ကို စိပ်၍ ခေါက်ပါသော်လည်း မသိနိုင်ရကား ပရိသတ်တို့ အား ရှက်နိုးစွာလျက် ချွေးဖြာဖြာစီးထွက်၍ ဆိတ်ဆိတ်သာ နေ၏။ ဘုရားသခင်ကလည်း "သင် မဆိုနိုင်ပြီလော"ဟု မေး၏။ မဆိုနိုင်ပါကြောင်းကို လျှောက်လျှင် ဘုရားသခင်က "သင်သည် မှန်ကန်သော စကားရှိ၏။ သူတော်ကောင်း ပဏ္ဍိတ်ပီစွ၊ ဤသို့ ဝစီသစ္စာ ရှိသောသူမှ ထူးမြတ်သော ပညာကို ရရာသတည်း"ဟု မိန့်တော်မူ၏။

ဝင်္ဂီသပုဏ္ဏားကလည်း "အရှင်ဘုရား သိလျှင် ဆိုတော်မူပါလော့"ဟု လျှောက်သော် –

> စုတိံ ယော ဝေဒိ သတ္တာနံ၊ ဥပပတ္တိံ စ သဗ္ဗသော။
> အသတ္တံ သုဂတံ ဗုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
>
> ယဿ ဂတိံ န ဇာနန္တိ၊ ဒေဝါ ဂန္ဓဗ္ဗမနုဿာ။
> ခီဏာသဝံ အရဟန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဟူသော ဓမ္မပဒဂါထာဖြင့် ရဟန္တာ ပုဂ္ဂိုလ်၏ အရိုးဖြစ်ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်းကို ပြဆိုတော်မူလျှင် "အရှင်ဘုရား အတတ်တခုကိုယူ၍ အတတ်တခုကို ပေးရသောသူအား ယုတ် ခြင်းမည်သည်မရှိ။ အကျွန်ုပ်ကလည်း တခုသော အတတ်ကို ဆက်ကပ်ပါမည်။ အရှင်ဘုရားက လည်း နိဗ္ဗာန်လားသူ၏ အရိုးကို သိစေတတ်သော ဤအတတ်ကို ပေးတော်မူပါ"ဟု လျှောက်၏။

ဘုရားသခင်ကလည်း "ဝက္ကလိ ငါတို့ကား အတတ်ချင်း လှယ်သော မည်သည်မရှိ၊ တင်လိုမူကား သင်ကြားသည်ပင်တည်း"ဟု မိန့်တော်မူလျှင် "အရှင်ဘုရား အကျွန်ုပ်အား သင်တော်မူပါ"ဟု လျှောက်၍ လက်ကို ယှက်ကာ ရိုသေစွာ နေ၏။

ဘုရားသခင်ကလည်း "ဝက္ကလိ သင်တို့၏ အယူ၌ အဖိုးအများထိုက်သော အတတ်ကိုလည်းကောင်း, အဖိုးအနည်းငယ်ထိုက်သော အတတ်ကိုလည်းကောင်း, သင်ရသောအခါ ဆရာတို့အား ဥစ္စာပစ္စည်းကို ပေးရခြင်း, ဆရာ့အမှုကို ပြုရခြင်းဟူသော ပရိကံသည် ရှိသည် မဟုတ်လော"ဟု မေး၏။ "အရှင်ဘုရား ပရိကံရှိသည် မှန်ပါ၏"ဟု လျှောက်လျှင် "သင်တို့ အမျိုး၌ကဲ့သို့ ငါတို့ထံ၌ကား ဥစ္စာပစ္စည်းကို ပေးရခြင်း, ဆရာ့အမှုကို ပြုရခြင်းသည် မရှိ။ သို့ရာတွင်မူကား ငါနှင့်အသွင်တူ ရဟန်းပြုလုပ်သောသူကိုသာ ပညာသင်လေ့ ရှိ၏။ ထို့ကြောင့် သင်သည် အတတ်ကို လိုမူကား ရဟန်းသာ ပြုလုပ်လော့"ဟု မိန့်တော်မူ၏။

ပုဏ္ဏားတို့မည်သည်လည်း ဗေဒင်အတတ်၌ ရောင့်ရဲသော မည်သည် မရှိရကား ဝက္ကလိပုဏ္ဏားလည်း ဘုရားရှင်ထံ၌ဗေဒင်သင်ခြင်းအကျိုးငှါ များစွာသော အရန်ပုဏ္ဏားတို့အား အခွင့်ပန်ကြား၍ ရဟန်းပြုလေ၏။

ဘုရားသခင်လည်း "ဗေဒင်၏ ရှေးဦး ပရိကံမန္တန်ကို သင်ဦးလော့"ဟု မိန့်တော်မူ၍ ကေသာ လောမာ စသော ဒွတ္တိံသာကာရကို ပြတော်မူ၏။ ထိုဝက္ကလိသလည်း ပညာကြီးလှသော ပုဂ္ဂိုလ်ဖြစ်ရကား ဒွတ္တိံသတရားကို အားထုတ်သဖြင့်ပင်လျှင် ဝိပဿနာဉာဏ်မြင်၍ လေးအင်သော မဂ်တရားဖြင့် ခပ်သိမ်းသော အကုသိုလ်ကို ပယ်ခွါလျက် ရဟန္တာအဖြစ်သို့ ရောက်လေ၏။

အရန်ပုဏ္ဏားတို့လည်း ခုနစ်ရက် ကြာလေသော် ဆရာဝက္ကလိ အထံသို့ သွား၍ "ဘုရားဂေါတမအထံ၌ အတတ်သင်သည်ကား တတ်ပါပြီလော"ဟု မေး၏။ "ငါကား တတ်ပါပြီ"ဟု ဆိုလျှင် "တတ်မူ အရပ်တပါးသို့ လှည့်၍ ဥစ္စာရှာကြအံ့"ဟု ဆိုပြန်၏။ ဝက္ကလိသလည်း "အချင်းတို့ ငါကား ဥစ္စာမရှာလိုပြီ။ ငါ၏ကိစ္စသည် အပြီးကျမြောက်ပြီ။ သင်တို့သာလျှင် ငါကဲ့သို့ ရဟန်းပြုဦးလော"ဟု ဆို၏။

ထိုအခါ ပုဏ္ဏားတို့ကလည်း "အရှင်ဂေါတမကား မိမိနောက်ပါဖြစ်အောင် လှည့်ပတ်တတ်သည်။ အလိုသို့ မလိုက်ပါနှင့်ဟု မှာဆိုသည်ကို သင်မနေပဲ ရှင်ဂေါတမ၏အလိုသို့ လိုက်ခဲ့သည်။ သင့်ထံသို့ ငါတို့ မလာပြီ"ဟု ဆို၍ ပြန်ကြလေ၏။

ထိုအခါမှစ၍ ဝက္ကလိသမထေရ်လည်း ဘုရားရှင်ထံသို့ နိုယံမပြတ် ဆည်းကပ်သောအခါ မြင်ရာအရပ်က ရှိခိုးလျက် လမင်း၏ ဥပမာ, နေမင်း၏ ဥပမာ, ကောင်းကင်၏ဥပမာ, မဟာသမုဒ္ဒရာ၏ ဥပမာ, ဆင်ပြောင်ကြီး၏ ဥပမာတို့ဖြင့် ဂါထာအရာလည်းကောင်း, အထောင်လည်းကောင်း ဖွဲ့၍ ဘုရားကျေးဇူးတော်ကို ချီးကျူးအံ့ဩလျက်သာ ဆည်းကပ်၏။

ယင်းသို့ ဂါထာစုဏ္ဏိယ အကုံး အဖွဲ့၌ သာယာ ချောင်း လျင်မြန်ကောင်းမြက်သော ဉာဏ်နှင့် ပြည့်စုံလှသောကြောင့်-

"တေဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ပဋိဘာနဝန္တာနံ ယဒိဒံ ဝင်္ဂီသော"

ဟူ၍ ပဋိဘာနဝန္တ ဧတဒဂ်အရာ၌ ထားတော်မူသည်။ ။အင်္ဂုတ္တိုရ် အင်္ဂုကထာ၊ ဓမ္မပဒတို့၌ လာ၏။

ဤဝင်္ဂီသပုဏ္ဏားသည် ခေါင်းရိုးကို ခေါက်၍ မေးသော် မန္တန်၏ အာနုဘော်ကြောင့် လားရာဂတိကို သိရာသည်ကို အရိုးပြောသည်နှင့် တူရကား ဥပစာရဠ္ဌီအားဖြင့်"အရိုးပြောသည်" ဟု ဆိုလေသည်။

၄၄၆။ တိရစ္ဆာန်ဇာတ်၊ ဖြစ်တုံလတ်၊ နတ်ဘွဲ့ရ၏ မည်သူနည်း။ (၁၀၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ကောသိယော၊ ခင်ပုပ်ငှက်တည်း။ သိကြားမင်းသည် ကောသိယသင္ဂေးမှ စုတေ၍ ဖြစ်ရကား "ကောသိယ" ဟူသော အမည်ကို ရ၏။ ခင်ပုပ်ငှက်သည်လည်း "ကောသေ အယတိ ပဝတ္တတီတိ ကောသိယော" ဟူသော ဝစနတ္ထနှင့်အညီ၊ သစ်ခေါင်းတည်းဟူသော အိမ်၌ တည်နေ ဖြစ်ပွါးတတ်သောကြောင့် "ကောသိယ" ဟူသောအမည်ကို ရ၏။ ထို့ကြောင့် ခင်ပုပ်ငှက်သည် တိရစ္ဆာန်ဇာတ်ဖြစ်လျက် သိကြားနတ်၏ ဘွဲ့အမည်ကို ရ၏ဟူပေ။

တနည်းလည်း ဘူရိဒတ် နဂါးမင်းသည် မြေကြီးအထုနှင့်တူသော ပညာရှိရကား သိကြားမင်းကပင် "သင်သည် ဘူရိဒတ္တ အမည်တွင်စေ"ဟု ဘွဲ့ပေးရလေသည်။

၄၄၇။ သေဒမောစနတ်၊ ဂါထာမြတ်၊ ပိဋကတ်တွင် ဘယ်မျှနည်း။ (၁၀၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဝိနည်းပါဠိ အဋ္ဌကထာ၌ လိမ္မာသော ပုဂ္ဂိုလ်တို့မှ ချွေးယိုအောင် ကြံရသောကြောင့် သေဒမောစနမည်သော ဂါထာသည် ပရိဝါ ပါဠိတော်၌ ဂါထာအရေအတွက်အားဖြင့် "တေစတ္တာသီလ· လေးဆဲ့သုံးဂါထာ"လာ၏။ ပါဠ်အနက်ကိုလိုမူ ထိုကျမ်း၌ယူလေ။

၄၄၈။ ယံ-တံ နိယတ်၊ အနိယတ်၊ ဇာတ်တူဂုဏ်ကွဲ ကောင်းလိမ့်နည်း။ (၁၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"အနိယတ်နှင့် နိယတ်နှစ်တန် အနက်ပြန်မူ နာမ်ကိုနာမ်ချင်း မဘင်းစေအပ် ဇာတ်ကို ဇာတ်သာ ဂုဏ်မှာဂုဏ်ပင် ဒြပ်မြင်လည်း ယင်းလျှင်ဒြပ် စွဲမြဲမှတ်...."(နိယံ)

၄၄၉။ ဟုတွာ-ပါဌ်၊ ရှိတုံလတ်၊ နိဗ္ဗတ္တိနှင့် မည်သို့နည်း။ (၁၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဟုတွာ ဟူသော ပုဒ်လည်း ဖြစ်ခြင်းကိရိယာ, နိဗ္ဗတ္တိ ပုဒ်လည်း ဖြစ်ခြင်းကိရိယာကို ဟောရကား ဤနှစ်ပါးသည် အဘယ်သို့ ပုဗ္ဗကာလကိရိယာ အပရကာလကိရိယာ ဖြစ်နိုင်အံ့နည်း–ဟူမူ တုန ပစ္စည်း, တွာနပစ္စည်း တွာပစ္စည်းတို့သည် လက္ခဏအနက်, ဟိတ်အနက်တို့၌လည်း ဖြစ်ရကား ဤဟုတွာ-၌ တွာ ပစ္စည်းသည် ပုဗ္ဗကာလကိရိယာကို မဟော၊ လက္ခဏအနက်ကို ဟော၏။ ထို့ကြောင့် "သက္ကော၊ သိကြားမင်းသည်။ ဟုတွာ ဟောန္တော၊ ဖြစ်သည်ရှိသော်။ နိဗ္ဗတ္တိ၊ နတ်ပြည်၌ဖြစ်၏" ဤသို့သမွန်ရမည်။

တနည်းလည်း....ဟုတွာ-ပုဒ်, နိဗ္ဗတ္တိ-ပုဒ် နှစ်ပါးသည် ဖြစ်ခြင်းကိရိယာ ဟူသော ဘောအနက်ကို ချည်း ဟောရကား သက္ကောပုဒ်၌ ဆဋ္ဌီအနက်၌ ပဌမာသက်၏။ ဟုတွာ ၌ တွာ ပစ္စည်းသည်လည်း ကိရိယာဝိသေသနအနက် ဖြစ်၏။ ထို့ကြောင့်"သက္ကော ဟုတွာ-သက္ကဿ ဘာဝေန၊ သိကြားမင်း၏ အဖြစ်ဖြင့်။ နိဗ္ဗတ္တိ၊ နတ်ဘုံ၌ဖြစ်၏" ဤသို့ သမ္ဗန်ရမည်။

ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာ၌....

> ဘာဝလက္ခဏဟေတွတ္ထာ၊ တွာန္တာဒီနံ ယထာက္ကမံ။
> ဒွိန္နံ ပဋိစ္စ ဘာဝတ္ထံ၊ ဆဋ္ဌျတ္ထေ ပဌမာ ထဝါ။

ဟူ၍ မိန့်အပ်၏။

တွာန္တာဒီနံ၊ တွာ-ပစ္စည်း, အန္တ–ပစ္စည်း အစရှိသည်တို့၏။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဘာဝ လက္ခဏဟေတွတ္ထာ၊ ဘာဝလက္ခဏအနက်, ဟိတ် အနက် ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ အထဝါ၊ တနည်းကား။ ဒွိန္နံ၊ နှစ်ပါးကုန်သော ပုဒ်တို့၏။ ဘာဝတ္ထံ၊ ဘောအနက်ကို။ ပဋိစ္စ၊ စွဲ၍။ ဆဋ္ဌျတ္ထေ၊ ဆဋ္ဌီအနက်၌။ ပဌမာ၊ သည်။ ဟောတိ၊ ၏။

၄၅၀။ လူသတ်–ဒန်သတ်၊ သစ်ပင်သတ်၊ ထောင်းသတ် ကြောင်းကွဲ မည်သို့နည်း။ (၁၁၂)

ဟူသော အမေး ပုစ္ဆာ၌အဖြေ ဝိသဇ္ဇနာကား....ပညတ်သံမျှ ဖြစ်၍အကြောင်းကိုမရှာသင့်ပြီ။

၄၅၁။ ဖောင်းဝတ်–ပွင့်ဝတ်၊ ရာဇဝတ်၊ လူဝတ် ရှင်ဝတ် ဘယ်သို့နည်း။ (၁၁၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဖောင်းဝတ်၌ ဝတ်သဒ္ဒါသည် အဖြူကို ဟော၏။ ပွင့်ဝတ်၌ သေးဖွဲ့သည်ကို ဟော၏။ ရာဇဝတ်စသည်၌ ကျင့်ဝတ်ကို ဟော၏။

၄၅၂။ ချစ်ကျွမ်းဝင်မှတ်၊ ထမ်းပလတ်၊ နတ်ရုပ် ထင်သည် ဘယ်စိတ်နည်း (၁၁၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနကား....

"လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်"ဟူပေ။

အသုဘကို သုဘ, အနိစ္စကို နိစ္စ, အသုခကို သုခ, အနတ္တကို အတ္တ ဟူ၍ ထင်မှတ်ခြင်းသည် ဒိဋ္ဌိ၏ လက္ခဏာ ဖြစ်ရကား ထမ်းပလတ်လောက် မလှသည်ကို လှသည်ဟု ထင်ခြင်းသည် ဒိဋ္ဌိလက္ခဏာပင် ဟု မှတ်အပ်၏။

၄၅၃။ ဝေပူတောင်မြတ်၊ ဇောတိရသ်၊ နတ်ပေါင်းဘယ်မျှ စောင့်သနည်း။ (၁၁၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တံ မဏိရတနံ ကုမ္ဘဏ္ဍော နာမ ယက္ခော
ကုမ္ဘဏ္ဍသတသဟဿပရိဝါရော ရက္ခတိ။

တံ မဏိရတနံ၊ထိုမဏိဇောတိရသ် ပတ္တမြားရတနာကို။ ကုမ္ဘဏ္ဍသတသဟဿပရိဝါရော၊ကုမ္ဘဏ် တသိန်း အခြံအရံရှိသော။ ကုမ္ဘဏ္ဍော နာမ ယက္ခော၊ ကုမ္ဘဏ္ဍ အမည်ရှိသော နတ်ဘီလူးသည်။ ရက္ခတိ၊ စောင့်၏။

ဤသို့ ဝိဓုရဇာတ်၌ လာသောကြောင့် ကုမ္ဘဏ်တသိန်း စောင့်၏ဟု ဖြေ။

၄၅၄။ သံသရာဝင်၊ဝိဂြိုဟ်မှတ်၊ကောက်လတ်အရ မည်သို့နည်း။ (၁၁၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သံ ပုနပ္ပုနံ သရတိ ပဝတ္တတီတိ သံသာရော။

ယော သဘာဝေါ၊ သည်။ သံပုနပ္ပုနံ၊ အဖန်တလဲလဲ။ သရတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သံသာရော၊ မည်၏။ ခန္ဓာ,အာယတန,ဓာတ်အစုရှိ၏။

သံ-သဒ္ဒါ ပုနပ္ပုန အနက် ဟောကြောင်းကို ဧကက္ခရကောသ ဋီကာ၌-

"သန္ဒာ၀တိ သံသရဇီတိအာဒီသု ပုနပ္ပုနက်ရိယာယံ ဟောတိ"

ဟူ၍မိန့်၏။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။

ဟူသော အဋ္ဌသာလိနီကိုမှီ၍ အရကောက်ကို သိရာသည်။

၄၅၅။ မာတိကာပါဌ်၊ ခေါင်းစဉ်လတ်၊ ကျမ်းမြွတ်
'မာ'ကား ဘယ်ဟောနည်း။ (၁၁၇)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"မာတာ ဝိယာတိ မာတိကာ" ဟု ဋီကာဆရာတို့ မိန့်ရကား မာသဒ္ဒါသည် အမိ-ဟူသော အနက်ကို ဟော၏။

၄၅၆။ မာသောစိပါဌ်၊ တေမိဇာတ်၊ ဆတ်ဆတ်
'မာ'ဟော ဘယ်ကိုနည်း။ (၁၁၈)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"မာ သောစိ မာ ပရိဒေဝိတျာဒီသု ပဋိသေဓေ"ဟု မိန့်ရကား မာ-သဒ္ဒါကား မြစ်ခြင်းအနက်ကိုဟော၏။

၄၅၇။ မာတင်္ဂပါဌ်၊ ဆင်မျိုးမြတ်၊ ဟောလတ်သည်
'မာ'ဘယ်ကိုနည်း။ (၁၁၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... "မတ္တံ ဝိယ ဂစ္ဆတီတိ မာတင်္ဂေါ" ဟူရကား မတ္တ-အနက်ကို ဟော၏။

၄၅၈။ မာဃောနက္ခတ်၊ သိကြားမတ်၊ မိန့်လတ်
'မာ'စုံ ဘယ်သို့နည်း။ (၁၂၀)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မာတလိ, မာဃောတိ အာဒီသု မာ-သဒ္ဒေါ မာတရိ ဟောတိ။ တတ္ထ ဟိ မာ-မာတာ ဝိယ သတ္တာနံ ဟိတသုခံ တလတိ ဝိဒဓာတီတိ မာတလိ။ ပေါရာဏတ္တ ဝိသေသော။ မာ မာတာ ဝိယ ပရဇနာနံ ဟိတသုခံ ဃရတိ အာသိသတိတိ မာဃော။ မနုဿဝိသေ·သော။ ။ကေကွရကောသ ဋီကာမိန့်၏။

၄၅၉။ မာရော-မာရ်နတ်၊ ဟောသတတ်၊ ယင်းပါဌ်
'မာ'ဟော မည်သို့နည်း(၁၂၁)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"မာနေန အရန္တိ ဂစ္ဆန္တီတိ မာရော" ဟူရကား... မာနကို ဟော၏။

၄၆၀။ လူတို့ပညတ်၊ လေချွန်နတ်၊ သည်နတ်ဘယ်ဘုံ သွင်းမည်နည်း။ (၁၂၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... နတ်ပြိတ္တာမျိုးဖြစ်၍ စကားကို ကောင်းစွာ မဆိုနိုင်။ လေချွန်သကဲ့သို့ အသံငယ်သာ ထွက်သည်။ ၎င်းနတ်ကို "လေချွန်နတ်" ခေါ်သည်။ ထိုနတ်လည်း စာတုမဟာရာဇ်သို့ သွင်းရမည်။

အဘယ်ကိုထောက်၍ သွင်းသနည်းဟူမူကား....

> ဌပေတွာ နိဇ္ဈာမတဏှိကာဒိပေတေ နေရယိကသတ္တေ စ သဗ္ဗေ ဝိနိပါတိကာ ပိသာစာ ယက္ခဒေဝါ စ ယမရာဇာဒယော ဝေမာနိကာ စ စာတုမဟာရာဇိကေသု သင်္ဂဟံ ဂတာ။

ဟူသော ဋီကာတို့ကို ထောက်၍ သွင်းသည် ဟူပေ။

နိဇ္ဈာမတဏှိကာဒိပေတေ၊ နိဇ္ဈာမတဏှိက အစရှိသော ပြိတ္တာမျိုးတို့ကို လည်းကောင်း။ နေရယိကသတ္တေ စ၊ ငရဲသူ သတ္တဝါတို့ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ဝိနိပါတိကာစ၊ ဝိနိပါတိကအမည်ရကုန်သော နတ်ပြိတ္တာတို့သည်လည်းကောင်း။ပိသာစာ စ၊ မြေဖုတ်ဘီလူးတို့သည် လည်းကောင်း။ ယက္ခဒေဝါ စ၊ ဘုမ္မစိုး, ရုက္ခစိုးစသော နတ်တို့သည် လည်းကောင်း။ ယမရာဇာဒယော၊ ယမမင်း အစရှိကုန်သော။ ဝေမာနိကာစ၊ ဝေမာနိကနတ်တို့သည် လည်းကောင်း။ စတုမဟာရာ ဇိကေသု။ စာတုမဟာရာဇ်နတ်တို့၌။ သင်္ဂဟံ၊ ရေတွက်အပ်သော အဖြစ်သို့။ ဂတာ၊ ရောက်ကုန်၏။

ဤစကား၌ နတ်ပြိတ္တာနှင့် အသုရကာယ် ပြိတ္တာသည် အဘယ်သို့ထူးသနည်း ဟူမူကား— အကြင်သူသည် ဤလူ၏ဘဝ၌ ခိုးဝှက်ခြင်း, သတ်ဖြတ်ခြင်း, လုယက် နှိပ်စက်ခြင်းဖြင့် ရအပ်သော ပစ္စည်းဥစ္စာဖြင့် စွန့်ကြဲပေးကမ်းခြင်း တည်းဟူသော ဒါနကို ပြု၏။ ငါးပါးသော နိစ္စသီလတို့တွင် သုံးပါးကိုသော် လည်းကောင်း, လေးပါးကိုသော် လည်းကောင်း ကောင်းစွာ ဆောက်တည်၍ တပါး နှစ်ပါးကို လွန်ကျူးသဖြင့် ကျင့်၏။ နတ်ဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၍ ကိုယ်စိတ်တို့ဖြင့် မရိုညွတ်ခြင်းကို ပြု၏။ ထိုသို့ ပြုအပ်သော ကံသည် ကုသိုလ်, အကုသိုလ် နှစ်ပါးရောယှက်သောကြောင့် မိဿကကံ မည်၏။

ထို ကံ အကျိုးပေးသောအခါ.... အကုသိုလ် ကံသည် အကယ်၍ ရှေ့ဆောင်၍ ပေးသည်ဖြစ်အံ့–အပါယ်ဘုံ အဝင်ဖြစ်သော အသုရကာယ် ပြိတ္တာဖြစ်ရ၏။

ကုသိုလ်ကံသည် ရှေ့ဆောင်၍ ပေးသည်ဖြစ်အံ့– နတ်မျိုး၌ အကျုံးဝင်သော ဝေမာနိက ပြိတ္တာ ဖြစ်ရ၏။

အသုရကာယ် ပြိတ္တာမှာ.... ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်ဖြစ်၍ မကျွတ်ထိုက်။ နတ်ပြိတ္တာတို့မှာ.... အချို့ကား သုဂတိ အဟိတ်, အချို့ကား ဒွိဟိတ်, အချို့ကား တိဟိတ်ဖြစ်၍ ကျွတ်ထိုက်၏။ ဤသည်လျှင် အထူးတည်း။ ကိုယ်ခန္ဓာနှင့် စည်းစိမ်ချမ်းသာကို ခံရခြင်းတို့ကား မထူးပြားကြ။ အလားတူသည်သာတည်း။

နတ်ပြိတ္တာမှာ.... ချမ်းသာကိုစံခိုက် တန်ခိုးကြီး၏ ထို နတ်ပြိတ္တာတို့သည် အချို့ကား မြို့ရွာ၏ အနီး မြေကြီးကျင်းတို့၌လည်းကောင်း, သုသာန်ဇရပ် သစ်ပင်ရင်းစသည်တို့၌ လည်းကောင်း, တောအုပ် တောင်ခြေတို့၌ လည်းကောင်း, ငရဲပြည်အနီး၌လည်းကောင်း နေကြကုန်သည်။ ထို ဝေမာနိက နတ်ပြိတ္တာတို့ကို အုပ်ချုပ်စီရင်သော သူကား.... ယမမင်းတည်း။

အဘယ့်ကြောင့် ယမမင်း တွင်သနည်း ဟူမူကား လူ့ပြည်ကစုတေ၍ ငရဲခံခြင်းငှါ အနီးသို့ ရောက်လာလျှင် ငရဲထိန်းတို့သည် ဆွဲငင်ခေါ်ဆောင်၍ ယမမင်းထံ၌ အစစ်ခံစေ၏။ အကုသိုလ် အားကြီးသသူဖြစ်အံ့။ ယမမင်းကလည်း သတိမပေးနိုင်။ ထိုသူကလည်း မိမိပြုခဲ့သော ကောင်းမှု အနည်းငယ်ကို အဘယ်ကိုမျှ သတိမရ မဖော်ပြနိုင် ငေးမှိုင်လျက်သာနေ၏။ ထိုအခါ များစွာ သော ငရဲထိန်းတို့သည် အပြစ်အလျောက် စီရင်ကုန်၏။

အကုသိုလ်ပါး၍ ကုသိုလ်ကံ အားကြီးသသူဖြစ်အံ့။ ထို သူပင် သတိမရသော်လည်း ယမ မင်းက "သင်သည် ဤ မည်သော အရပ်၌ ဤသို့သော ကောင်းမှုကို ပြုသောကာလ ငါအား အမျှဝေသည် မဟုတ်လော။သင်၏ကောင်းမှုကို ဘယ့်ကြောင့် မေ့သနည်း။သင်နှလုံးသွင်းလော့" ဟု သတိရစေသဖြင့် ကံအားလျော်စွာ သုဂတိသို့သာ လားရလေ၏။

ဤသို့ ရောက်လာကုန်သော သူတို့အား ပြုခဲ့သော ကောင်းမှုကို သတိ အမှတ်ပေးပေတတ် သောကြောင့် ထိုဝေမာနိက ပြိတ္တာမင်းကို "ယမမင်း"ဟု ဆိုသတည်း။

> ယထုပစိတေ ပုညကမ္မေ ယမေတီတိ ယမော။ တဿ ယမဿ။ ဝေမာနိကပေတာနံ ဓောတဝတော ရညော။ တေနာဟ "ယမရာဇာ နာမ ဝေမာနိကပေတရာဇာ"တိ၊

ဟူ၍ ဥပရိပဏ္ဏာသ အဋ္ဌကထာ၌ မိန့်၏။

ယထုပစိတေ၊ အကြင် အကြင် ဆည်းပူးအပ်ကုန်သော။ ပုညကမ္မေ၊ ကောင်းမှုကံတို့ကို။ ယမေတိ နိယမေတိ၊ အမှတ်ရစေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော၊ ထိုနတ်မင်းသည်။ ယမော၊ ယမမည်၏။ဝေမာနိကပေတာနံ၊ ဗိမာန်နှင့်တကွ နေရသော ပြိတ္တာတို့ထက်။ ဓောတဝ- တော၊ အဖြစ်မြတ်သော။ ရညော၊ မင်းတည်း။ တေန၊ ထို့ကြောင့်။ ယမရာဇာ နာမ ဝေမာနိက ပေတရာဇာတိ၊ ရာဇာဟူ၍။ အာဟ၊ ဟောတော်မူပြီ။

ဤသို့ ကျမ်းလာသည်ကို ထောက်၍လေချွန်နတ်သည် ယမမင်း၏ အုပ်စုဖြစ်သော ဝိနိပါ- တိက အသုရာ နတ်ပြိတ္တာမျိုးဖြစ်၍ စာတုမဟာရာဇ်၌ ဝင်သည်ဟု သိရ၏။

ဤ၌ တဝက်မျှလောက်သော ရှေးအဖြေစာ ရှိသည်။ ရှိပါသော်လည်း "ခုဘ်ရာတပါး၊ ရှုရာတခြား"ဆိုသကဲ့သို့သာများ၍ အသစ်ဖြေလိုက်သည်။

"အတ်"ကာရန်ပုစ္ဆာ ၁၂၂-ပုဒ် အဖြေပြီး၏။

(၁၄) "အိတ်" ကာရန် ပုစ္ဆာ ၁၉-ပုဒ် အဖြေ

၄၆၁။ ဘုရားသပိတ်၊ ရောင်ဖိတ်ဖိတ်၊ ဖုံးပိတ် ဘယ်ဖြင့်ပြီးသနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား—

ဗုဒ္ဓဝင်အဋ္ဌကထာ အပဒါန် အဋ္ဌကထာ အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌-တပုဿဘလ္လိကကုန်သည်တို့၏ မုန့်ဆွမ်းကို ခံအံ့သောအခါ စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ဣန္ဒနီလာ ကျောက်ညိုဖြင့်ပြီးသောသပိတ်ကို ကပ်လာကြောင်းကိုသာ ဆိုသည်။ မည်သို့သော အဖုံးပါသည် ဟူ၍ ကျမ်း၌ မပြချေ။ ကျမ်းပြမှလည်း သိနိုင်မည်။ ပါဠိကို အထက်က ရေးခဲ့ပြီ။

၄၆၂။ တုကျိုဆိတ်ဆိတ်၊ နေဘိတ်ဘိတ်၊ စိတ်ပုန်း သိကြောင်းမည်သို့နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

စိတ်ပုန်းကို သိရသော အခြင်းအရာသည်–

ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့်သိခြင်း,
ဒေဝိဒ္ဓိဖြင့် သိခြင်း,
ဝိဇ္ဇာမယိဒ္ဓိဖြင့် သိခြင်း,
ဗေဒင်အတတ်ဖြင့် သိခြင်း,

ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်–

ဘုရားသခင်တို့၏ သူတပါးစိတ်ကို သိခြင်းသည် ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့်သိ၏။

လောကီ ဈာနလာဘီ ပုဂ္ဂိုလ်တို့၏ သူတပါးစိတ်ကို သိခြင်းသည်လည်း လောကီဖြစ်သော စေတောပရိယ အဘိညာဉ်ဖြင့် သိ၏။

သိကြား, စတုလောကပါလနတ်တို့၏ သူတပါးစိတ်အကြံကို သိခြင်းသည် ဒေဝိဒ္ဓိဖြင့်သိ၏။

အဘတ်သည် ဝိဇ္ဇာဓိုရ်တို့၏ သူတပါးစိတ်အကြံကို သိခြင်းသည် မန္တန်ဆေးဝါးတို့၏ တန်ခိုး အာနုဘော် တည်းဟူသော ဝိဇ္ဇာမယိဒ္ဓိဖြင့် သိ၏။

သေတဝိဇ္ဇာ, နိမိတ္တဝိဇ္ဇာ တတ်သောသူဘို့သည် ဗေဒင်ဟောနည်းဖြင့် သူတပါးစိတ်ကိုသိ၏ ဟူပေ။

"ဘိညာဉ်, တန်းခိုး၊ ဆေးမျိုး,ဗေဒင်၊ ဤလေးအင်၊ သူတွင်စိတ်ကို သိကြောင်းတည်း။

၄၆၃။ သတ္တဝါစိတ်၊ ဘုရားစိတ်၊ ဘယ်စိတ် သာ၍လျင်သနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

ဗုဒ္ဓါနဉ္စဘဝင်ပရိပ်ါတော လဟုကော။ ဒန္တာဝရဏံ သုဖုသိတံ။ မုခါဒါနံ သိလိဋ္ဌံ။ ဇိဝှါ မုဒုကာ သဒ္ဒေါ မဓုရော။ စေနံ လဟုပရိဝတ္တံ။ တသ္မာ တံ မုဟုတ္တံ ဒေသိတဓမ္မောပိ တွေကော ဟောတိ။

အစရှိသည်ဖြင့် အဋ္ဌသာလိနီ၌ လာသည်။

အဓိပ္ပါယ်ကား။ ။ ဘုရားသခင်တို့အား ဘဝင်ကျခြင်းသည် လျင်၏။ နှုတ်ခမ်းတော် နှစ်ဖက်သည် ကောင်းစွာထိခိုက်၏။ ခံတွင်းကို ဖွင့်ခြင်း ပိတ်ခြင်း စသည်သည် ပြည်းညင်း၏။လျှာ တော်သည် နူးညံ့၏။ အသံတော်သည် အလွန်သာယာ၏။ စကားတော်သည် လျင်သောအဖြစ် ရှိ ၏။ ထို့ကြောင့် တမုဟုတ်မျှ ဟောတော်မူသော တရားတော်သည် ဤဒီဃနိကာယ်၊ မဇ္ဈိမနိကာယ် ပမာဏ ရှိသည်ဖြစ်၏ဟူ၍ ဆိုသောကြောင့် သတ္တဝါတို့၏စိတ်ထက် ဘုရားသခင့်စိတ်သည် အဆ အရာ မကသာ၍ လျင်မြန်၏ဟု သိရမည်။

ဤအဋ္ဌကထာပါဠိ၌ ဘုရားသခင်၏ စကားတော် လျင်ကြောင်းကိုသာ တိုက်ရိုက်ပါ သည်။ စိတ်လျင်ကြောင်းကို မပါတကား ဟူငြားအံ့....အကျိုးဖြစ်သော စကားတော်၏ လျင် ကြောင်းကို ဆိုသဖြင့် အကြောင်းဖြစ်သော ဝိညတ္တိသမုဋ္ဌာပက စိတ်၏ လျင်ဟန် သည်လည်း ဖလာနုမာနနည်း၊ အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပြီးပြည့်စုံတော့သည် ဟူပေ။

တနည်းလည်း....ဘဝင်ကျခြင်း၏ လျင်ဟန်ကို တိုက်ရိုက် ဆိုသဖြင့် ထိုအကြား၌ ဖြစ်သော ဝိထိစိတ်တို့၏ လျင်မြန်သော အဖြစ်သည်လည်း ပရိကပ္ပသိဒ္ဓိနည်းအားဖြင့် ပြီးပြည့်စုံတော့သည် ဟူပေ။

---

၄၆၄ ဖန်ဆင်းသည့်စိတ်၊ မရှုစိတ်၊ ဝင်ချိတ်ပစ်လိုက် ဘယ့်ကြောင့်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဆရာ၏ မေးလိုသော အာဘောဂကိုပင် မဆင်ခြင်မိချေ။

၄၆၅။ လေ့ကြောင့်သောင်မြိတ်၊ ရောက်တိတ်တိတ်၊ ဘယ်ဟိတ်ဆိုပါလေလိမ့်နည်း (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....နာဝါယာ၊ လေ့ကြောင့်။ တိရံ၊ ကမ်းသို့။ ပါပုဏာတိ၊ ရောက်၏။ သပ္ပဲသကဟိတ်ဟူပေ။

၄၆၆။ သဒ္ဒါကိတ်လိတ်၊ အာမေဍိတ်၊ဝိစ္ဆာမည်သို့ ပြားသနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"အာ ပုနပ္ပုနံ မေဍိတံ အာမေဍိတံ" ဟူသည်နှင့်အညီ တခုတည်းသော အနက်ကို လျက် ဘယ,ကောဓ-စသော အကြောင်းကြောင့် အထပ်ထပ်ဆိုခြင်းသည် "အာမေ-ဍိတ်"မည်၏။

ထိုအာမေဍိတ်သည်....

ဘယေ ကောဓေ ပသံသာယံ၊ တုရိတေ ကောတူဟလစ္ဆ ရေ။
ဟာသေ သောကေ ပသာဒေ စ၊ ကရေ အာမေဍိတံ ဗုဓော။

ဟူသောအဘိဓာန်နှင့်အညီ၊ ကြောက်ခြင်း, အမျက်ထွက်ခြင်း, ချီးမွမ်းခြင်း, အလျင်တလိုဖြစ်ခြင်း, အုတ်အုတ်ကျက်ကျက် ဖြစ်ခြင်း, အံ့ဖွယ်သရဲရှုံခြင်း, ရွှင်ခြင်း, စိုးရိမ်ခြင်း, ကြည်လင်ခြင်း, ကဲ့ရဲ့ခြင်း, အလွန်ဖြစ်ခြင်း, မမြတ်နိုးခြင်းဟူသော တဆယ့်နှစ်ပါးသော အရာတို့၌ ဖြစ်၏။

"ဘိန္နေ အတ္တေ ဗျာပိတုံ ဣစ္ဆာ ဝိစ္ဆာ" ဟူသည်နှင့်အညီ ပြားသော အနက်တို့ကို နှံ့စေခြင်းငှါ နှစ်ကြိမ်ထပ်၍ဆိုခြင်းသည် "ဝိစ္ဆာ"မည်၏။

ထိုဝိစ္ဆာသည်...ဂုဏဝိစ္ဆာ, ဒဗ္ဗဝိစ္ဆာ, ကိရိယာဝိစ္ဆာအားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတွင် ဂုဏ်အားဖြင့်နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် ဂုဏဝိစ္ဆာမည်၏။ ပြယုဂ်ကား "ဂါမေ ဂါမေ ရမဏီယော"တည်း။ ။ဒြပ်အားဖြင့် နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် ဒဗ္ဗဝိစ္ဆာမည်၏။ ပြယုဂ်ကား "ဂါမေ ဂါမေ ဇလံ အတ္ထိ"တည်း။ ။ကိရိယာအားဖြင့် နှံ့စေခြင်းငှါ နှစ်ကြိမ်ဆိုခြင်းသည် ကိရိယာဝိစ္ဆာမည်၏။ ပြယုဂ်ကား "ဒိနေ ဒိနေ သဇ္ဈာယတိ"အစရှိသည်တည်း။

၄၆၇။ ပရောပုရိသ်၊ ပေါင်း၍ကျိတ်၊ ခွဲစိတ်ရေတွက် ဘယ်မျှနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ဝတ္တမာန်ဝိဘတ် တဆယ့်နှစ်လုံးတွင် ပရဿပုဒ်ခြောက်လုံး၌ တိ,သိ,ထ၊ တဝါရ၊ တိ,မိ,မ၊ တဝါရ။ မိ,သိ,မ၊တဝါရ။ တိ,သိ,မိ,မ တဝါရ။ တိ,အန္တိ,သိ,ထ,မိ,မ၊တဝါရအားဖြင့် ငါးပါး အပြားရှိ၏။

အတ္တနောပုဒ်၌လည်း....တေ,သေ,ဝှေ၊ တဝါရ။ တေ,ဧ,မှေ၊ တဝါရ။ သေ,ဧ,မှေ တဝါရ။ တေ,သေ,ဧ,မှေ၊ တဝါရ၊ တေ,အန္တေ,သေ, ဝှေ,ဧ,မှေ၊တဝါရအားဖြင့် ငါးပါးအပြားရှိ၏။

ဤသို့ ဝတ္တမာန်ဝိဘတ်၌ ဆယ်ပါးပြားသတည်း။

ဤအတူ ကြွင်းသောဝိဘတ်ခုနစ်သွယ်တို့၌လည်း ဆယ်ပါးစီဖြစ်ရကား အလုံးစုံကို ပေါင်းသော် ပရောပုရိသ်သည် "ရှစ်ဆယ်"ဖြစ်သတည်း။

၄၆၈။ ဥဒ္ဒစ္စမြိတ်၊ စေတသိက်၊ ပဋိသန်ကင်း ဘယ့်ကြောင့်နည်း။ (၈)။

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"ပဋိသန္ဓိဒါနသဘာဝါဘာဝတော နာကစုတိတိ"

စသည်ဖြင့် ဋီကာကျော်မိန့်ပြီ။

ဗွ္တော၊ ဤအကုသိုလ်တရား၌။ ဥဒ္ဒစ္စဿ၊ ၏။ ပဋိသန္ဓိနာကစနေ၊ ပဋိသန္ဓေကို မငင်ခြင်း၌။ ကာရဏံ၊ အကြောင်းသည်။ ကိံ ပန၊ အဘယ်နည်း။ အဓိမောက္ခဝိရဟေန၊ အဓိမောက္ခမှကင်းခြင်း ကြောင့်။ သဗ္ဗဒုဗ္ဗလမ္ပိ၊ အလုံးစုံအောက်အားနည်းသော်လည်း။ ဝိစိကိစ္ဆာသဟဂတံ၊ ဝိစိကိစ္ဆာ နှင့်တကွဖြစ်သောကံသည်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ အာကစုတိ၊ ငင်သေး၏။ အဓိမောက္ခသမ္ပ- ယောဂတော၊ အဓိမောက္ခနှင့်ယှဉ်ခြင်းကြောင့်။ တတော၊ ထိုဝိစိကိစ္ဆာထက်။ ဗလဝန္တမ္ပိ၊ အားရှိ သော်လည်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဒစ္စစေတနာသည်။ ပဋိသန္ဓိံ၊ ကို။ နာကစုတိ၊ မငင်သနည်း။ ဣတိပုစ္ဆာယံ၊ သည်။ သတ်၊ သော်။ ပဋိသန္ဓိဒါနသဘာဝါဘာဝတော၊ ပဋိသန္ဓေကိုပေးခြင်းသဘော၏ မရှိသည် အဖြစ်ကြောင့်။ နာကစုတိ၊ မငင်။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေတဗ္ဗော၊ ၏။ ဤကား အကျဉ်းဖြစ် သော အဖြေ။

ဟိယဿွာ၊ အကြင့်ကြောင့်။ ဗလဝံ၊ အားရှိသောကံသည်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ အာ- ကစုတိ၊ ငင်၏။ ဒုဗ္ဗလံ၊ အားနည်းသောကံသည်။ နာကစုတိ၊ မငင်။ ဣတိ၊ သို့။ အယံဝိစာရဏာ၊ ဤသို့သောဆင်ခြင်ခြင်းကို။ ပဋိသန္ဓိဒါနသဘာဝေသုယေဝ၊ ပဋိသန္ဓေကို ပေးခြင်းသဘောရှိသော တရားတို့၌သာလျှင်။ လဗ္ဘတိ၊ ရအပ်၏။ ယဿ ပန၊ အကြင်ဥဒ္ဒစ္စနှင့်ယှဉ်သောကံ၏ကား။ ပဋိသ- န္ဓိဒါနသဘာဝေါယေဝ၊ ပဋိသန္ဓေကိုပေးခြင်းသဘောသည်ပင်လျှင်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုဥဒ္ဒစ္စကံ၏။ ဒုဗ္ဗလဘာဝေါ၊ အားနည်းသောအဖြစ်ကို။ ပဋိသန္ဓိအာကစနေ၊ ပဋိသန္ဓေကို ငင်ခြင်း၌။ န ကာရဏံ၊ အကြောင်းမဟုတ်။ တသ္မာ၊ ထို့ကြောင့်။ ဗလဝန္တမ္ပိ၊ အားရှိသော်လည်း-။ ဥဒ္ဒစ္စသဟဂတံ၊ ဥဒ္ဒစ္စနှင့် တကွဖြစ်သောကံသည်။ ပဋိသန္ဓိံ၊ ကို။ နာကစုတိ၊ မငင်။ ။ ဤကားအကျယ်ဖြေ။

ဥဒ္ဒစ္စသဟဂတဿ၊ ဥဒ္ဒစ္စနှင့် တကွဖြစ်သောကံ၏။ ပဋိသန္ဓိဒါနသဘာဝေါ၊ ပဋိသန္ဓေကို ပေးတတ်သော သဘောသည်။ နတ္ထိ၊ မရှိ။ ဣတိဧတံ ဝစနံ၊ ဤသို့သောစကားကို။ ကထမ္ပန ဉာတဗ္ဗံ၊ အဘယ်သို့ သိအပ်သနည်း။ ဣတိစေဒနာ၊ သည်။ သတိ၊ သော်။ ဒဿနေန ပဟာတဗ္ဗေသု၊ သောတာပတ္တိမဂ် ပယ်အပ်သောတရားတို့၌။ အနာဂတတ္တာ၊ မလာအပ်သည်၏ အဖြစ်ကြောင့်။ ဉာတဗ္ဗံ၊ ၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေတဗ္ဗော၊ ၏။ ။ ဤကားနောက်ဆင့်ဖြေ။

အဓိပ္ပာယ်အကျဉ်းကား။ ။ ဥဒ္ဒစ္စစေတနာသည် အဓိမောက္ခနှင့် ယှဉ်ခြင်းကြောင့် ဝိစိ- ကိစ္ဆာထက် အားကြီးငြားသော်လည်း ပဋိသန္ဓေကို ပေးခြင်းသဘော မရှိသောကြောင့် ပဋိ- သန္ဓေကိုမငင်နိုင်။ ထိုသို့ပဋိသန္ဓေကို ပေးခြင်းသဘောမရှိသောအဖြစ်ကိုလည်း သောတာပတ္တိမဂ် ဖြင့် ပယ်အပ်သော ဒဿနေနပဟာတဗ္ဗတရား၌ မပေါ်သောကြောင့် သိအပ်၏ဟုလိုသည်။

၄၆၉။ စုတေ နီးစိတ်၊သုံးနိမိတ်၊ဆုံးပိတ်ရဟန္တာ ထင်လိမ့်နည်း (၉)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ရဟန္တာတို့အား နိဗ္ဗာန်ယူသောအခါ စုတိ၏ အနီးဖြစ်သော စိတ်တို့သည် နိဗ္ဗာန်ကိုသာ အာရုံပြုရကား "နိမိတ်သုံးပါးသည် မထင်ပြီ"ဟု ဖြေ။

ဤ၌ အဓိပ္ပာယ်ကို သိသာအောင် ဆိုလိုက်ဦးအံ့.... အလုံးစုံသော သတ္တဝါတို့အား သေခါနီးကာလ၌ နိမိတ်သုံးပါးတို့တွင် တပါးပါးသည် ကံအားလျော်စွာ ထင်မြဲဟု ဆိုသော်လည်း နောင်ပဋိသန္ဓေ မနေလတ္တံ့သော ရဟန္တာတို့အား ထင်ပါဦးအံ့လော ဟူသော စောဒနာကို ဖြေလို၍ ဋီကာကျော်၌....

ယထာရဟန္တိ တံတံဂတိသု ဥပ္ပဇ္ဇနကသတ္တာနုရူပံ။ ကတ္ထစိ ပန အနုပ္ပဇ္ဇမာနဿ ခီဏာသဝဿ ယထောပဋ္ဌိတံ နာမရူပဓမ္မာဒိကမေဝ စုတိပရိယောသာနာနံ ဂေါစရဘာဝံ ဂစ္ဆတိ။ န ကမ္မ ကမ္မနိမိတ္တာဒယော။ ဟူ၍ မိန့်သည်။

အနက်ကား။ ။ယထာရဟန္တိ၊ ယထာရဟံဟူသည်ကား။ တံတံဂတိသု၊ ထိုထိုသို့သော ဂတိတို့၌။ ဥပ္ပဇ္ဇနကသတ္တာနုရူပံ၊ ဖြစ်ထိုက်သော သတ္တဝါအားလျော်စွာ။ ကမ္မံ ဝါ၊ ကံသည်လည်းကောင်း။ ကမ္မနိမိတ္တံဝါ၊ သည်သည်းကောင်း၊ ဂတိနိမိတ္တံ ဝါ၊ ဂတိနိမိတ်သည်လည်းကောင်း။ ပစ္စုပဋ္ဌာတိ၊ ရှေးရှုထင်၏။ ပန၊ မထင်သည်ကိုဆိုလိုက်အံ့။ ကတ္ထစိ၊ တစုံတခုသော ဂတိ၌။ အနုပ္ပဇ္ဇမာနဿ၊ မဖြစ်ထိုက်သော။ ဝါ၊ မဖြစ်လတ္တံ့သော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ယထောပဋ္ဌိတံ၊ အကြင်အကြင် ထင်တိုင်းသော။ နာမရူပဓမ္မာဒိကမေဝ၊ နာမ်ရုပ်တို့၏အနိစ္စ သဘော အစရှိသည်သာလျှင်။ စုတိပရိယောသာနာနံ၊စုတိအဆုံးရှိသော မရဏာသန္နဝီထိစိတ်တို့၏။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ကမ္မ ကမ္မနိမိတ္တာဒယော။ ကံ,ကမ္မနိမိတ် အစရှိသည်တို့သည်။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ န ဂစ္ဆတိ၊ မရောက်။

အဓိပ္ပာယ်ကား။ ။ထိုထိုသို့သော ဂတိတို့၌ ဖြစ်ထိုက်သော သတ္တဝါအားလျော်စွာသာလျှင် နိမိတ်သုံးပါးတွင် တပါးပါးသည် ထင်၏။ တစုံတခုသော ဘဝဂတိ၌ မဖြစ်လတ္တံ့သော ရဟန္တာပုဂ္ဂိုလ်ကား အကြင်အကြင် ဝိပဿနာဉာဏ်ဖြင့်တင်၍ ထင်ခဲ့တိုင်းသောနာမ်ရုပ်တရားတို့၏ ခယဝယ သဘောသာလျှင် စုတိအဆုံးရှိသောမရဏာသန္န ဝီထိစိတ်တို့၏အာရုံအဖြစ်သို့ ရောက်၏။ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသည် အာရုံအဖြစ်သို့ မရောက်ပြီ ဟူလိုသည်။

ဤအရာ၌ ဆရာတို့ ဝါဒကွဲသည်ကား များ၏။ အဘယ်သို့ ကွဲသနည်း ဟူမူကား....

"ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် ဘူမိဇာတိ,သမ္ပယုတ္တဓမ္မသင်္ခါရအာရုံအားဖြင့် တူမြဲ-ဟု အဋ္ဌကထာဆရာပင် ဆိုရကား ရဟန္တာ၏ စုတိသည်လည်း ထင်တိုင်းသော သင်္ခါရတို့၏ ခယ ဝယ သဘော စသည်ကို အာရုံမပြုသင့်၊ အကယ်၍ ပြုသည်ဖြစ်အံ့၊ ပဋိသန္ဓေ,ဘဝင်နှင့် စုတိသည် အာရုံမတူဖြစ်၍ အဋ္ဌကထာနှင့် ဆန့်ကျင်ရာ၏။ ထို့ကြောင့် "စုတိပရိယောသာနာနံ" ဟူသော ဋီကာပါဌ်ကို အတဂ္ဂုဏသမာသ်ကြံ၍ အညပုဒ်၏ အရကို စုတိမှ တပါးသော ဝီထိစိတ်ယူရမည်။ ထိုစိတ်တို့၏အာရုံသာလျှင် ထင်တိုင်းသော သင်္ခါရတို့၏ ခယ ဝယ သဘော ဖြစ်သည်။ စုတိမူကား ယူမြဲတိုင်းသော နိမိတ်သုံးပါးတွင် တပါးပါးပင် ဖြစ်သင့်သည်"ဟူ၍ ဟံသာဝတီဆင်ဖြူ ရှင် လက်ထက်ရေးသော အဖေဂ္ဂုသာရဒီပနီဆရာ ဆိုသည်။

တိုက်ခဲ့သို့ ပေါက္ကံဆရာတော်လည်း အယူရှိသည်။ ထိုကြောင့် အဘိဓာန်ဋီကာကို စီရင်သော စတုရင်္ဂဗလ အမတ်က ဤပြဿနာကို ကဗျာစီ၍ မေးလျှောက်ရာ ၎င်း ပေါက္ကံဆရာတော်က....

> တို့စောထွတ်လျှင်၊ မချွတ်နိဗ္ဗာ၊ ဝင်သောခါ၌၊ အနိစ္စာ-ဒုက္ခ၊ အနတ္တ-သာ၊ ဈာန်အင်္ဂါကို၊ ပစ္စဝေက္ခဏာဇော၊ လျှင်လျှင်စောမှု၊ တီတောအောင်ထွန်၊ မစ္စုမာရ်ကို၊ လွန်ခဲ့ကျော်ဘိ၊ စုတိတော်စိတ်၊ အတိတ်နှင်နှင်၊ သုံးပါးတွင်တွင်၊ ထင်၏တစ်၊ ဂတိနိမိတ်၊ တိဟိတ်ပဋိသန္ဓေ၊ ယူနေသောခါ၊ တုသိတာမှ၊ ပဥ္စာလောကန၊ ကြည့်ပြီးမှလျှင်၊ ဘဝပြောင်းလာ၊ ဤကြောင်းချာကို၊ ပညာရှိထွေ၊ ကြံမိစေလော့၊ သန္ဓေဘဝင်၊ သုံးအင်စုတိ၊ တူဘိအာရုံ၊ ပြုတုံမချွတ်၊ ပရမတ်သည်။ ဟောမှတ်ကေန်သာတမ့် ဟူ၍ဖြေဆိုသည်။

ဤသို့ ပမာဏပြုလောက်သော ဆရာတို့ပင် ဘုရားရဟန္တာတို့၏ စုတိစိတ်သည် နိမိတ်သုံးပါးတွင် တပါးပါးကို အာရုံပြုကြောင်းကို ပြဆိုသောကြောင့် နောက်နောက်သော ပညာရှိဘို့လည်း ထိုဆရာတို့၏ နည်းတူပင် ယူသူလည်း ယူသည်။ ဝိထိလက်ရိုးကို စီရင်သော နန်းကျောင်းဆရာ, တောင်တွင်းကျော်ဆရာတို့ကား စုတိနှင့်တကွသော မရဏာသန္နစိတ် ဟူသမျှသည် ထင်တိုင်းသော သင်္ခါရကိုအာရုံပြုသည်ဟု သင်ရိုးပြုကြသည်။

ဤစွယ်စုံကျော်ထင် ပုစ္ဆာကို စီရင်သော ကျည်းကန် ဆရာကြီးလည်း မုံရွေးဆရာ အမေး ၅၅-ရပ်ကို ဖြေဆိုရာ၌ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြုကြောင်းဖြင့် ဖြေဆိုသည်။ ဤသို့ဝါဒ ကွဲပြားကြသည်။

ဤသို့ ကွဲပြားကြရာ၌ ဆင်ခြင်ရာသည်ကား.... အဖေဂ္ဂုဋီကာ, ပေါက္ကံဆရာတော်တို့၏ စကားအတိုင်း စုတိမှတပါးသော မရဏာသန္နစိတ်တို့သာလျှင် ထင်တိုင်းသော သင်္ခါရကို အာရုံပြု၍ စုတိစိတ်သည် ဂတိနိမိတ်ကို အာရုံပြုခဲ့သော် ထိုဂတိနိမိတ်လည်း ပစ္စုပ္ပန်ရူပါရုံဖြစ်ရကား ထိုရူပါရုံသည် စုတိတည်းဟူသော စိတ်တချက်သာ အသက်ရှိခဲ့ရာ၏။ ယင်းသို့ စိတ်တချက်သာ အသက်ရှိခဲ့သော် "တာနိ ပန သတ္တရသစိတ္တက္ခဏာနိ ရူပဓမ္မာနမာယု"ဟူသော အဋ္ဌကထာ စကားနှင့်လည်း ဆန့်ကျင်ရာ၏။ ဘယ့်ကြောင့်နည်းဟူမူ ဝိညတ်ဒွေး,လက္ခဏာရုပ်မှတပါးသော ရုပ်တို့သည် သတ္တရသာယုက ဖြစ်ကြောင်းကိုသာလာသည်။ ထို့ကြောင့် အဖေဂ္ဂုဆရာတို့၏စကားသည် ငါးတစ်ကိုသာမြင်၍ ကြော့ကွင်းကို မမြင်သကဲ့သို့ဖြစ်သည်။

ပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌—

"သန္တိမာရဗ္ဘာတိ အနုပါဒိသေသံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စသန္ဓာယ ယံ ကာလံ အကရိ"

စသည်ဖြင့် ဘုရားသခင်နိဗ္ဗာန်ကို အာရုံပြု၍ စုတိကြောင်းကို ဆိုသည်။ ထိုစကားနှင့်လည်း ဆန့်ကျင်ရာသည်။ ထို့ကြောင့် အဖေဂ္ဂုဆရာတို့၏ဝါဒသည် သာရမရှိ ထင်ပေသည်။ ဝိထိလက်ရိုး ဆရာတို့၏စကားအတိုင်း စုတိနှင့် တကွသော မရဏာသန္နစိတ်တို့သည် ထင်တိုင်းသော သင်္ခါရဟု ဆိုအပ်သော နိဗ္ဗာန်ကို အာရုံပြု၏ဟု မှတ်ရာသည်။

ထိုသို့ ယူမူ...."ပဋိသန္ဓိဘဝင်္ဂ၊ တထာ စေဝနမာနသံ"ဟူသော ဂါထာနှင့်ညီပါတော့ထုံလော···ဟူ၍ငြားအံ့၊ ဤဂါထာစကားသည် ဘဝမဆုံးသေးသော သူကိုသာ ရည်၍ ဆိုသော စကား ဖြစ်ရကား ထိုစကားနှင့် မညီသော်လည်း အပြစ်မရှိပေ။

၄၇၀။ အရူပမြိတ်၊ စုတော့ဖိတ်၊ ဒွိဟိတ်ဘယ့်ကြောင့် မဖြစ်သနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"တိကေ္ခန ဥပစာရဘာဝနာနုဘာဝေန ဒွိဟေတုကပဋိသန္ဓိကော န ဟောတိ"

ဟူ၍ နိပုဏသာရတ္ထ ဒီပနီမိန့်ရကား အရူပဈာန်၏အဖို့၌ ပရိကံ၊ ဥပစာ၊ အနုလုံ၏ အဖြစ်ဖြင့် ကျသော ဥပစာရဘာဝနာ၏ ထက်သန်သော အာနုဘော်ကြောင့် ထိုမှစုတေ၍ ကာမဘုံ၌ ဖြစ်ရသော်လည်း ဒွိဟိတ် မဖြစ်၊ တိဟိတ်သာ ဖြစ်ရ၏ ဟူပေ။

၄၇၁။ ကုသိုလ်ချင်းပိတ်၊ တပ်၍ချိတ်၊ နိဿယပစ္စည်း မည်သို့နည်း။ (၁၁)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား နိဿယပစ္စည်းသည် သဟဇာတနိဿယ ပုရေဇာတနိဿယ အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုတွင် သဟဇာတ နိဿယ ဖြစ်အံ့ အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ၊ ဗာဟိရ၊ အာဟာရဇ၊ ဥတုဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇ အားဖြင့် ရစွမ်းသော မဟာဘုတ်လေးပါ၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ယဒယဝတ္ထု ဤတရားတို့သည် သဟဇာတ နိဿယပစ္စည်း တပ်သောတရားမည်ကုန်၏။ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ၊ ဗာဟိရ၊ အာဟာရဇ၊ ဥတုဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇအားဖြင့် ဥပါဒါရုပ်နှင့်တကွ အလုံးစုံသော မဟာဘုတ်လေးပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

ထိုပစ္စည်း ပစ္စယုပ္ပန် နှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတနိဿယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤသို့ ပစ္စည်း၊ ပစ္စယုပ္ပန်ကို သိမှ အထက် ပစ္စည်းတပ်ဟန်ကိုသိမည်။ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်ခု၊ နာမက္ခန္ဓာလေးပါးတို့တွင် တပါး တပါးသော နာမက္ခန္ဓာသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သုံးပါး သုံးပါးသော နာမက္ခန္ဓာ၊ စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား သုံးပါး သုံးပါးသော နာမက္ခန္ဓာအားသာ။ သုံးပါး သုံးပါးသော နာမက္ခန္ဓာသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ တပါး တပါးသော နာမက္ခန္ဓာ၊ စိတ္တဇရုပ်တို့အား။ စတုဝေါကာရ ဘုံ၌ကား တပါး တပါးသော နာမက္ခန္ဓာအား။ လေးပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်တို့အား သဟဇာတ နိဿယ သတ္တိဖြင့် ကျေးဇူးပြုပေ၏ ဟူလိုသော်။ ဤသို့ ပစ္စည်းတပ်၏ ဟူပေ။

၄၇၂။ အံသာညိတ်ညိတ်၊ ပြည့်ရှုံဖိတ်၊ လိတ္တာ ဘယ့်ကြောင့်ခေါ်သနည်း။ (၁၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"လိက္ခံ တာယတိ တေဟယာတိ လိတ္တာ"

တေဟယ၊ ဤသချာအစိတ်ဖြင့်။ လိက္ခံ၊ ဂြိုဟ်ယှဉ်သောနက္ခတ်ကို။ တာယတိ၊ စောင့်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ စောင့်ကြောင်းဖြစ်သော သတ္တိကြောင့်။သာ၊ ထိုအစိတ်သည်။ လိတ္တာ၊ လိတ္တာ မည်၏၊ လိက္ခ-သဒ္ဒူပပဒ၊ တာ-ဓာတ်၊ တု-ပစ္စည်း။

ဤသို့သော ဝစနတ်နှင့်ညီစွာ၊ ယုဇနာ သုံးသန်းရှိသော ရာသီစက်၌ ဤဂြိုဟ်သည် ဤနက္ခတ်သို့ ရောက်ပြီဟု သိကြောင်း မှတ်ကြောင်း စောင့်ကြောင်း ဖြစ်၍ လိတ္တာမည်၏ ဟူလိုသည်။

ဘယ်သို့ စောင့်သနည်း-ဟူမူကား တနင်္ဂနွေဂြိုဟ်သည် ယခု မည်သည့် နက္ခတ်နှင့် ယှဉ်သည်၊ မည်သည့် နဝင်းကို စီးသည်ဟု သိလိုသော် သုဘတ္တာတိုက်ကိုတည်၊ ရာသီကို သုံးဆယ်မြှောက်၊ အံသာတက်၊ ခြောက်ဆယ်မြှောက်၊ လိတ္တာတက်၊ လိတ္တာပုံဖြစ်၏။ ဤလိတ္တာပုံကို ရှစ်ရာစား၊ လဒ်ကား နက္ခတ်၊ အကြွင်း နှစ်ရာစား၊ လဒ်ကား ပါဒ်ရ၏။ ဤ နက္ခတ်, ပါဒ်နှင့် ယှဉ်၏ဟုသိရ၏။

တနင်္လာ ဂြိုဟ်ယှဉ်ကို သိလိုသော်....သုဘတ္တာ စန်းကိုတည်၊ ရာသီကို သုံးဆယ်မြှောက်။ အံသာ တက်၊ ခြောက်ဆယ်မြှောက်၊ လိတ္တာတက်၊ လိတ္တာပုံဖြစ်၏။ ၎င်း လိတ္တာပုံကို ရှစ်ရာစား၊ လဒ်ကား နက္ခတ်၊ အကြွင်းကို နှစ်ရာစား လဒ်ကားပါဒ်ရ၏။ ဤ နက္ခတ်နှင့် ယှဉ်သည်ဟု သိရ၏။ အင်္ဂါစသော ဂြိုဟ်တို့၏ အယှဉ်ကိုလည်း ဗျဉ္ဇတား ဂြိုဟ်စဉ်ကိုဘည်၍ ဤ နည်းတူတွက်သဖြင့်သိရ၏။ ဤသို့ နက္ခတ်အယှဉ် အရောက်ကို သိကြောင်း စောင့်ကြောင်းဖြစ်၍ 'လိတ္တာ' ခေါ်၏ ဟူလိုသည်။

ဤဝစနတ်၌ လိက္ခ သဒ္ဒါသည် သက္ကဋ္ဌဘာသာ၌ ရိက္ခသဒ္ဒါကို အက္ခရာလှည့်၍ ခေါ်သော နည်းဟု မှတ်ရမည်။ ရိက္ခ သဒ္ဒါ၏ နက္ခတ်ဟောဖြစ်ကြောင်းကိုလည်း "ရိက္ခ ဇောတိ တံ တာရ" ဟူသော အမရကောသ ပါဠ်ဖြင့် သိအပ်သည်။

တနည်းလည်း "လိနာနိ အဝယဝါနိ တာယတိ တေဟယာတိ လိတ္တာ" တေဟယ၊ ဤသချာအစိတ်ဖြင့်။ လိနာနိ၊ သိမ်မွေ့ သေးဖွဲ့ သိနိုင်ခဲကုန်သော။ အဝယဝါနိ၊ အစိတ်ငယ်တို့ကို။ တာယတိ၊ စောင့်တတ်၏။ ဣတိ၊ ထိုသို့ စောင့်ကြောင်းဖြစ်သောကြောင့်။ လိတ္တာ၊ လိတ္တာ မည်၏။ ဤသို့ သော ဝစနတ်နှင့်ညီစွာ ခဏ,လယ, ခရာ, ပြန့်,ဗိဇနာ ဟူသော အစိတ်ငယ်တို့ကို စောင့်ကြောင်းဖြစ်သောကြောင့် လိတ္တာ မည်၏ ဟူလိုသည်။

စောင့်ဟန်ကား....မျက်စိတမှိတ်သည် တခဏမည်၏။ ဆယ်ခဏသည် တလယ မည်၏။ ဆယ်လယ သည် တခရာမည်၏။ ဆယ်ခရာသည် တပြန့်မည်၏။ အသက်တရှူ ဟူလိုသည်။ ထို အသက်ခြောက်ရှူသည် တဗိဇနာမည်၏။ ဗိဇနာတဆယ့်ငါးသည် တပါဒ်မည်၏။ လေးပါဒ်သည် တလိတ္တာ မည်၏။

ဤလိတ္တာကို တစုံတခုဖြင့် တိုးခတ်၍ မှတ်အပ်သောကြောင့် မာဃအလိုဖြင့် ယဋိ။ နာဍိ။ မြန်မာလိုဖြင့် နာဍီဟုခေါ်သည်။

ထို့ကြောင့် တနာရီသော် ဗိဇနာအားဖြင့် ခြောက်ဆယ်။ အသက်ရှူ ဟူသော ပြန်အားဖြင့် သုံးရာ့ခြောက်ဆယ်။ ခရာအားဖြင့် သုံးထောင့်ခြောက်ရာ၊ လယ အားဖြင့် သုံးသောင်းခြောက်ထောင်။ ခဏအားဖြင့် သုံးသိန်းခြောက်သောင်းရှိသည်။

လိတ္တာ ဘယ်ကြောင့် ခေါ်သနည်းဟူသော ပုစ္ဆာကဲ့သို့ ရာသီဘယ်ကြောင့် ခေါ်သနည်း။ အံသာ ဘယ့်ကြောင့်ခေါ်သနည်း။ နာရီဘယ်ကြောင့် ခေါ်သနည်း အစရှိသည်ဖြင့် ပုစ္ဆာထုတ်သင့်ရကား ထိုပုစ္ဆာတို့၏ အဖြေကို ဆိုဦးအံ့၊ ရာသီသဒ္ဒါသည် အစုအပုံကို ဟောသော၊ အံသာသဒ္ဒါသည် အဖို့အစိတ်ကို ဟောသော ရူဠ္ဌီသဒ္ဒါဖြစ်သောကြောင့် ဝိဂ္ဂဟ်မရကောင်း။ တနှစ်အဖို့၌ ရာသီစက်သို့ နေမင်းပတ်လေသော ရက်ပေါင်းသုံးရာ ခြောက်ဆယ့်ငါးရက်နှင့် တဆယ့်ငါးနာရီ တပါဒ်ကို တဆယ့်နှစ်စုပြု၍ တစုကို တရာသီ ခေါ်သည်။ ထိုတရာသီကို အစုသုံးဆယ်ပြုပြန်၍ တစုကို တအံသာ ခေါ်သည်။ ထိုတအံသာကို အစုခြောက်ဆယ် ပြုပြန်၍ တစုကို တလိတ္တာ ခေါ်သည်။ ထို့ကြောင့် ဝေါဟာရ ရက်ထက် အံသာရက်က တပါဒ်နှင့် သုံးဗိဇနာ ကြီးသည် ဝေါဟာရနာရီထက်လိတ္တာနရီဗိဇနာကြီးလေသည်။

ပါဒ်ဗိဇနာ မည်ကြောင်းကား

"ကံသာဒိနိ နဍ္ဍတ္တိ ဌောတိနာဍိ"

ဌော၊ ဤအခါ၌။ ကံသာဒီနိ၊ ကြေးနှင်း၊ မောင်း ခေါင်းလောင်း၊ စည်ပုတ်တို့ကို။ နဍ္ဍတ္တိ၊ တီးခတ်ကြကုန်၏။ ဣတိ၊ ထိုသို့ တီးခတ်ရာ ဖြစ်သော သတ္တိကြောင့်။သော ကာလော၊ ထိုအခါသည်။ နာဍိ၊ နာဍိမည်၏။

"နဝဂ်ဝသေန ပတ္ထရိယတေတိ ပါဒေါ"

ယောအဝယဝေါ၊ အကြင်အစိတ်ကို။ နဝဂ်ဝသေန၊ နဝင်း၏ အစွမ်းဖြင့်။ ပတ္ထရိယတေ၊ ဖြန့်အပ်၏။ ဣတိ၊ ထို့ကြောင့်။ ပါဒေါ၊ ပါဒ်မည်၏။ ပထဓာတ်၊ တ–ပစ္စည်း။

ဝိဘဇိတွာ ဇာနိတဗ္ဗာတိ ဗိဇနာ

ယော အဝယဝေါ၊ အကြင်အစိတ်ကို။ ဝိဘဇိတွာ၊ စိတ်ဖြာဝေဖန်၍။ ဇာနိတဗ္ဗာ၊ သိအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗိဇနာ၊ ဗိဇနာမည်၏။ ဝိ ပုဗ္ဗ၊ ဉာဓာတ်၊ ယုပစ္စည်း။ ဝကို ဗပြု၊ ဗိဇနာ ပြီးသည်။

"ပဋိ ပုနပ္ပုနံ အနတီတိ ပြန္နာ"

ပဋိပုနပ္ပုနံ၊ တုံ့ပြန် တုံ့ပြန် အဖန်ဖန်။ အနတိ၊ ရှူတတ်၏။ ဣတိ၊ ထို့ကြောင့်။ ပြန္နာ၊ ပြန္နာ မည်ကုန်၏။ ပဋိ–ပုဗ္ဗ၊ အန–ဓာတ်၊ အ–ပစ္စည်း။ထွက်သက် ဝင်သက် နှစ်ပါးလုံးရ၏။

"ဟတ္ထံ ခဍ္ဍတ္တိတိ ခရာ"

ဟတ္ထံ၊ လက်ကို။ ခဍ္ဍတ္တိ၊ခွေဟတ်ကုန်၏။ဣတိ၊ ထို့ကြောင့်။ ခရာ၊ ခရာမည်ကုန်၏။

"ဟတ္ထံ ခဍ္ဍေတွာ အရန္တိတိ ဝါ ခရာ"

ဟတ္ထံ၊ လက်ကို။ ခဍ္ဍတွာ၊ ခွေ၍။ အရန္တိ၊ သိကုန်၏။ ဣတိ၊ ထို့ကြောင့်။ခရာ၊ ခရာမည်ကုန်၏။ လက်တချိုး ဟူလိုသည်။

အမိပွါယ်လိုရင်းကား၊ ။တရာသီ တရာသီ၌ရှိသော နက္ခတ်တို့ကို နဝင်းဂြိုဟ်ကိုးလုံး၏ အစဉ်ဖြင့် ဟောဆိုခြင်းငှာ ကိုးစိတ်ပြု၍ ဖြန့်အပ်သောအစိတ်ကို "တပါဒ်" ဟုခေါ်သည်။ ထိုတပါဒ်ကို တဆယ့် ငါးစိတ်ပြုပြန်သည်ကို အထူးဝေဖန်၍ သိအပ်သောကြောင့် 'ဗိဇနာ' ခေါ်သည်။ ထိုဗိဇနာ ကိုလူတို့၏ အသက်ရှုဖြင့် နှိုင်းရှည့်သော် ခြောက်ရှုသာရှိရကား တဗိဇနာကို ခြောက်စိတ်စိတ်၍ တစိတ်ကို "တပြန်" ဟုခေါ်သည်၊ထိုကို ဆယ်စု စုပြန်၍ တစုကို လက်တချိုးခန့်မျှရှိရကား တခရာ" ဟူ၍ခေါ်သည်။ ဤခရာကို ဆယ်စုစုပြန်၍ တစုကို "တလယ" လည်းခေါ်သည်။ "တမုဟုတ်" လည်းခေါ်သည်။ ထိုကို ဆယ်စု စုပြန်၍ တစုကို "တခဏ" လည်းခေါ်သည်။ "တမတြာ"လည်း ခေါ်သည်။

ဤသို့ ဗေဒင်၌ ခေါ်သော ဝေါဟာရတို့၏ အကြောင်းကို သိအပ်သတည်း။

၄၇၃။ ဆေးသုံးပါးကြိတ်၊ ပြောင်ဖိတ်ဖိတ်၊ ရွှေမှိုတ် ဆိုးရန် ဘယ်ဆေးနည်း (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဒုတ္ထာ, လက်ချား, စိန်, သည် သုံးပါးကို သံပ ရာရေနှင့် ဖျော်၍ ရွှေမှိုတ်ကိုသုတ် အသစ်ကဲ့သို့ရှိပြန်၏။

၄၇၄။ ရောင်တဖိတ်ဖိတ်၊ သိဂ်နိုက်၊ လျှံထိတ် ဘယ်ကျောက်မျိုးကနည်း (၁၄)

ဟူသောအမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

ပတ္တမြားမျိုးကား....ဝဇီရက္ခန်, ဂေါမူလာ, ကွမ်းပြင်ရေ, မင်သခံ, တေလိ, ရှိန်းဂို ဟူ၍ခြောက်ပါး ရှိ၏။ ထိုတွင်....

ဝဇီရက္ခန်သည်... ရဲရဲခြင်းခြင်းနီ၏။ရွှေတကျပ်ထက် တင်လောက်မှ သိဂ်နိုက် ရွှေငါးကျပ်ထိုက်၏။

ဂေါမူလာကား.... ခရမ်းပွင့် ဝတ်ဆံကဲ့သို့ရှိ၏။ ရွှေတကျပ်ထက် တင်လောက်မှ သိဂ်နိုက်ရွှေ လေးကျပ်ထိုက်၏။

ကွမ်းပြင်ရေကား....ကွမ်းသွေးအဆင်းကဲ့သို့ရှိ၏။ ရွှေတကျပ်ထက်တင်လောက်မှ သိဂ်နိုက်ရွှေ ငါးကျပ်ထိုက်၏။

မင်သခံကား ...သားစိမ်းတစ်ကဲ့သို့ရှိ၏။ ရွှေတကျပ်ထက်တင်လောက်မှ သိဂ်နိုက်ရွှေနှစ်ကျပ် ထိုက်၏။

တေလိအဆင်းကား=နီလည်းမနီလွန်း၊ ခပ်ညိုညိုရှိ၏။ ရွှေတကျပ်ထက် တင်လောက်မှ သိဂ်နိုက် ရွှေနှစ်ကျပ်ထိုက်၏။

ရှိန်းဂိုအဆင်းကား—ယုန်သွေးပေါက်ကဲ့သို့ ခြင်းခြင်းပြောက်ပြောက် ထိန်ထိန်တောက်၏။ ရွှေတကျပ်ထက် တင်လောက်မှုကား၊ အဖိုး သိဂ်နိုက်ရွှေတရာတန်၏၊

ဤပတ္တမြားခြောက်မျိုးကား ဆူးပန်းပွင့်, ခေါင်ရမ်းပွင့်နှင့်တူသော သိဂ်နိုက်ရွှေရောင် ထွက်သည်ချည်းတည်း။

၄၇၅။ နေတ္တိကျမ်းမြိတ်၊ ခက်ကိုလိဋ်၊ အဓိဋ္ဌာန ဟာရမည်သိုနည်း (၁၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား=သုတ်၌လာသောတရားတို့ကို သာမည-ဝိသေသအားဖြင့် အထူးမကြံမူ၍ သုတ်၌လာသောအတိုင်း သာမည-ဝိသေသကို ထုတ်ခြင်းလက္ခဏာရှိသော ဟာရသည် အဓိဋ္ဌာနဟာရမည်၏။

၄၇၆။ ကြိတ်ကြိတ်လိတ်လိတ်၊ယွင်းမဖိတ်၊ ပရိက္ခာဟာရမည်သိုနည်း (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား သံဝဏ္ဏေတဗ္ဗ သုတ်၌လာသော တရားတို့ကို ဟေတု-အကြောင်း, ပစ္စယ—အကြောင်းအားဖြင့် ထုတ်ခြင်းလက္ခဏာရှိသော ဟာရသည် ပရိက္ခာဟာရမည်၏။ ထုတ်ဟန်ကို နေတ္တိ ဒဿကထာတို့၌ ထင်ရှားရှိပြီ။

၄၇၇။ ကိရိယာဆိတ်၊ ကတ္တားဟိတ်၊ ကျမ်းမြိတ် ဘယ်တွင်ရှိသနည်း (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....နယလက္ခဏဝိဘာဝနီတွင် ကာကောလောကန နည်း၌ "ရညော ပဟိတော ဒူတော" ဟူ၍ရှိ၏။

ရှိဟန်ကား—

ယော ကာရေတိ သဟေတု။ ။ယော ကာရကော၊ အကြင်ကာရကသည်။ ကတ္တာရံ၊ ကတ္တားတပါးကို။ ကာရေတိ၊ ပြုစေတတ်၏။ သော၊ ထိုပြုစေတတ်သော ကာရကသည်။ ဟေတု၊ ဟိတ်လည်းမည်၏။ ကတ္တာ စ၊ ကတ္တားလည်းမည်၏....ဟူ၍ ကစ္စည်းဆရာ ဆိုတော်မူသည်နှင့်အညီ "သာမိကော ပုရိသံ ဩဒနံ ပါစာပေတိ" ဟူသော ပြယုဂ်၌ သာမိကောသည် ပုရိသံဟူသော ကတ္တားတပါးကို စေခိုင်းတတ်သောကြောင့် ဟေတုကတ္တားမည်၏။ ပယောဇက ကတ္တားလည်းမည်၏။ ပုရိသံကား စေခိုင်းအပ်သောကြောင့် ပယောဇက ကတ္တားမည်၏။ ဤကတ္တားနှစ်ပါးသည် ပါစာပေတိ၌ ချက်ခြင်းကိရိယာကိုပြီးစေ၏။ ဤဥဒါဟရဏ်ကား ကိရိယာမဆိတ်သော ကတ္တားဟိတ်တည်း။

ရညော၊ မင်းသည်။ ပဟိတော၊ စေအပ်သော။ဒူတော၊ တမန်တည်း ဟူ၍လည်းကောင်း။ ရညော၊ မင်းသည်။ ဒူတော၊ တမန်ကို။ ပဟိတော၊ စေအပ်၏ဟူ၍လည်းကောင်း။ ယောဇနာအင်သော ကာကောလောကန နည်း၌ ရညောသည် ဒူတောကို စေခိုင်းတတ်သောကြောင့် ဟေတု ကတ္တားမည်၏။ ပယောဇက ကတ္တားလည်း မည်၏။ ဤကတ္တားဟိတ်ကို ပဟိတော ဟူသော ကိတ်ပုဒ်၌သာ စပ်ရသောကြောင့် အာချာတ်ကိရိယာ ဆိတ်၏။ ယင်းသို့ ကိရိယာဆိတ်သော ဟေတု ကတ္တားကို သတိရစိမ့်သောငှာ ပုစ္ဆာပြုလေသည်။

၄၇၈။ မြီးတံခါးပိတ်၊ သွယ်မြိတ်မြိတ်၊ အဟိတ် ဘယ်ဆင် ဆိုပိမ့်နည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား...အမြီးတံခါးပိတ်သကဲ့သို့ရှိသောဆင်သည် "ကုလာဘိန္နဆင်"မည်၏။ မစီးမနင်းကောင်းဟူ၍ ဆင်ကြန်၌လာသည်။

၄၇၉။ သန္ဓေအဟိတ်၊ စူဠလိပ်၊ သပိတ်မည်၏ ဘယ်ဇာတ်နည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား...ဆိတ်ဆင်းရှိသော သပိတ်နှင့်တူသော ကိုယ်ရောင်ရှိသောကြောင့် "ပတ္တိက" အမည်ရကြောင်းကို ဘူရိဒတ်ဇာတ်တော်၌ လာသည်။

ဤ၌လည်း ရှေးအဖြေစာ၌-လှေကြောင့်သောင်မြိတ်၊ သဒ္ဒါကိုတ်လိတ်၊ ဆေးသုံးပါး ကြိတ်၊ ဤသုံးပုဒ်မျှသာ တွေ့မိသည်၊ အဝသေသာ၊ နောက်ဖြေသာ။

"အိတ်"ကာရန်ပုစ္ဆာ ၁၉-ပုဒ် အဖြေပြီး၏။

---

(၁၅) "အုတ်" ကာရန်ပုစ္ဆာ ၁၇-ပုဒ် အဖြေ

၄၈၀။ အာဒါသမုခ်၊ မိန့်တော်ထုတ်၊ နှုတ်ထွက် တရားဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဂေါဏော ပုတ္တော ဟယော စေဝ၊ နဠကာရော ဂါမဘောဇကော။
ဂဏိကာရ တရုဏီ သပ္ပော၊ မိဂေါတိတ္တိရ ဒေဝတာ။
နာဂေါ တပဿိနော စေဝ၊ အထော ဗြာဟ္မဏမာဏဝတိ။

ဟူ၍ ဥဒ္ဒေသဂါထာလာသည်နှင့် အညီ—

ဂါမဏိစန္ဒအမတ် ငှားအပ်သော နွားဘရား,
ကိုယ်ဝန်ဆောင် ဖွားသော သားတရား,
လက်ကျိုးသော မြင်းတရား,
ကျူထရုံသည် သားအဖ တရား,
ရွာသူကြီး တရား,
ပြည့်တန်ဆာမ တရား,
အိမ်ထောင်ရစ မိန်းမငယ် တရား,
မြွေမေးသော တရား,

သမင်မေးသော တရား,
ခါမေးသော တရား,
ရက္ခစိုးမေးသော တရား,
နဂါးမေးသော တရား,
ရသေ့မေးသော တရား,
အတတ်သင်ပုဏ္ဏားတို့ မေးသော တရား,
ဤတဆယ့်လေးပါးသော တရားတို့တည်း ဟု ဖြေ။

၄၇၁။ ပုလ္လိင်မယုတ်၊ ရွှေနူတ်ထုတ်၊ ပိဂ္ဂုတ် ဘယ်ကြောင့်ပြေးသနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရွှေနူတ်ထွက်ဖြစ်သော မဟောသဓာတ်၌ တက္ကသိုလ် ဆရာ့ထံတွင် အတတ်သင်လေသော ပိင်္ဂုတ္တရလုလင်သည် ပုလ္လိင်မယုတ်သော ယောကျ်ားစင်ဖြစ်လျက် ဒိသာပါမောက္ခဆရာ ထိမ်းမြား လိုက်သော ဆရာ့သမီးကိုလျက် မစုံမက်ပဲ ပစ်စွန့်၍ ဘယ့်ကြောင့်ပြေးသနည်း....ဟု မေးသည်။

သော ပန မာဏဝေါ ဒုဗ္ဘဂေါ ကာလကဏ္ဏီ။ ကုမာရိကာ ပန မဟာပုညာ။ တဿ တံ ဒိသွာဝ စိတ္တံ န အလ္လီယတိ။

ဟူ၍ မဟောသဓာတ်၌ လာသည်။

အနက်ကား။ ။သောပနမာဏဝေါ၊ ထို ပိင်္ဂုတ္တရ လုလင်သည်ကား။ ဒုဗ္ဘဂေါ၊ ရှေးကပြုသည့် ကောင်းမှုချည်းစည်း ဘုန်းတန်ခိုးနည်းသော။ ကာလကဏ္ဏီ၊ သူယုတ် သူညံ့တည်း။ ကုမာရိကာပန၊ သတို့သမီးသည်ကား။ မဟာပုညာ၊ ကြီးသောဘုန်းရှိ၏။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ပိင်္ဂုတ္တရလုလင်အား။ တံ၊ ထိုသတို့သမီးကို။ ဒိသွာဝ၊ မြင်ရ၍လည်း။ ဝါ၊မြင်ကတည်းကလျှင်။ စိတ္တံ၊ စိတ်သည်။ နအလ္လီယတိ၊ မကပ်ငြိ။

ဝိဒေဟရာဇ် မင်းကြီးက ဥဒုမ္ဗရဒေဝီ လျှောက်ဆိုသောစကားကို မယုံ၍ အလောင်းတော် မဟောသုခမိန်ကို မေးရာတွင် သုခမိန်က—

> သဒ္ဒဟာမိ မဟာရာဇ၊ ပုရိသော ဒုဗ္ဘဂေါ သိယာ။
> သိရီ စ ကာလကဏ္ဏီ စ၊ န သမေတိ ကုဒါစနံ။

ဟူသောဂါထာဖြင့် လျှောက်၏။

မဟာရာဇ၊ မင်းမြတ်။ ဒေဝိယာ၊ မိဖုရား၏။ ဝစနံ၊ စကားကို။ သဒ္ဒဟာမိ၊ အကျွန်ုပ်ယုံပါ၏။ ပုရိသော၊ ယောကျ်ားသည်။ ဒုဗ္ဘဂေါ၊ ဘုန်းကံနည်းပါးသည်။ သိယာ၊ ဖြစ်ရာ၏။ စ၊ လောကဓမ္မတာ ဖြစ်တတ်စွာသောသဘောကို လျှောက်ဆိုဦးအံ့။ သိရီစ၊ ဘုန်းကျက်သရေရှိသော သူသည်လည်းကောင်း။ ကာလကဏ္ဏီစ၊ဆင်းရဲထိုက်သော သူယုတ်သူမွဲသည်လည်းကောင်း။ဧတေ၊ ဤသူနှစ်ဦးတို့သည်။ ကုဒါစနံ၊ တခါတဆစ်မျှ။ နသမေတိ၊ မညီကြတတ်။ ဣတိအာဟ၊ ဤသို့ သံတော်ဦးတင်၏။

၄၇၂။ အလင်္ကာထုတ်၊ ယတိပြုတ်၊ စ-ပုဒ်ဘယ်တွင် ထားမည်နည်း (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

စာဒီ ပုဗ္ဗပဒန္တာ၀၊ နိစ္စံ ပုဗ္ဗပဒဿိတာ။
ပါဒယော နိစ္စသမ္ဗန္ဓာ၊ ပရာဒိဝ ပရေန တု။

နိစ္စံ၊ အမြဲ။ ပုဗ္ဗပဒဿိတာ၊ ရှေ့ပုဒ်ကိုသာ မှီကုန်သော။ စာဒီ၊ စ-အစရှိသော နိပါတ်ပုဒ်တို့သည်။ ပုဗ္ဗပဒန္တာ၀၊ ရှေ့ပုဒ်၏ အစိတ်ကဲ့သို့၊ ဝါ၊ ရှေ့ပုဒ်၏ အဆုံးကဲ့သို့။ ဟောန္တိ၊ ကုန်၏။ တု၊ ထိုမှ။ ပရေန၊ နောက်ပုဒ်နှင့်။ နိစ္စသမ္ဗန္ဓာ၊ အမြဲစပ်အပ်ကုန်သော။ ပါဒယော၊ ပ-အစရှိသော ဥပသာရပုဒ်တို့သည်။ ပရာဒိဝ၊ နောက်ပုဒ်၏ အစကဲ့သို့။ ဝါ၊ နောက်ပုဒ်၏ အစိတ်ကဲ့သို့။ ဟောန္တိ၊ ကုန်၏။

အဓိပ္ပာယ်ကား။ ။စ-အစရှိသော နိပါတ်ပုဒ်တို့သည် ရှေ့ပုဒ်၏ အဆုံး၌သာ တည်မြဲဖြစ်၏။ ပ-အစရှိသော ဥပသာရပုဒ်တို့သည် နောက်ပုဒ်၏အစ၌သာ တည်မြဲဖြစ်၏။ ထို့ကြောင့် ရှေ့ပုဒ်၌ စ-အစရှိသည်နှင့် ယှဉ်ခဲ့သော် ထို စ-အက္ခရာ၏ နောက်၌သာ ယတိဖြတ်ရာ၏ နောက်ပုဒ်၌ ပ-အစရှိသည်ကို ယှဉ်ခဲ့သော် ထို ပ-အက္ခရာတို့၏ ရှေ့၌သာ ယတိဖြတ်ရာ၏။ ယင်းသို့ မဖြတ်မူ၍ စ-၏ ရှေ့၌ ဖြတ်ခဲ့သော်လည်းကောင်း, ပ-၏ နောက်၌ ဖြတ်ခဲ့သော်လည်းကောင်း, ယတိဟီန ဒေါသဖြစ်၏ ဟူလိုသည်။

ဥဒါဟရဏ်ကား

မုနိန္ဒံ တံ သဒါ ဝန္ဒေ၊ မျနန္တမတိ မုတ္တမံ။
ယဿ ပညာ စ မေတ္တာ စ၊ နိဿီမာတိ ဝိဇမ္ဘတိ။

ယဿ၊ အကြင် မြတ်စွာဘုရား၏။ ပညာ စ၊ ပညာတော်သည်လည်းကောင်း။ မေတ္တာ စ၊ မေတ္တာတော်သည်လည်းကောင်း။ နိဿီမာ၊ အနန္တဖြစ်သော ဥဇယျဓာတ်, အနန္တဖြစ်သော သတ္တဝါကို အာရုံပြုသောကြောင့် အပိုင်း အခြား မရှိသည်ဖြစ်၍။ အတိဝိဇမ္ဘတိ၊ အလွန်တင့်တယ်၏။ အနန္တမတိမာ၊ အဆုံးမဲ့သော ပညာရှိထသော။ ဥတ္တမံ၊ မြတ်သော။ တံ မုနိန္ဒံ၊ ကို။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ၏။

ပယ်အပ်သော ဥဒါဟရဏ်ကား

မဟာမေတ္တာ မဟာပညာ၊ စ ယတ္ထ ပရမောဒယာ။
ပဏာမာမိ ဇိနံ တံ ပ-ဝရံ ဝရဂုဏာလယန္တိ။

ယတ္ထ-ယသ္မိံ ဇိနေ၊ အကြင်ဘုရား၌။ မဟာမေတ္တာ စ၊ မြတ်သော မေတ္တာသည်လည်းကောင်း။ မဟာပညာ စ၊ မြတ်သော ပညာသည်လည်းကောင်း။ ပရမောဒယာ၊ အလွန် ပွားကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝရဂုဏာလယံ၊ မြတ်သော ကျေးဇူးတော်၏ တည်ရာဖြစ်ထသော၊ ပဝရံ၊ သော။ တံ ဇိနံ၊ ကို။ ပဏာမာမိ၊ ရှိခိုးပါ၏။ ဤ ဂါထာတို့ဖြင့် သိရာ၏ ဟူပေ၏။

၄၇၃။ နိပ္ဖန္နပုဒ်၊ အဓိပ္ပါယ်ထုတ်၊ မယုတ်ငါးမည် အဘယ်နည်း။ (၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား .. ဝိသာဏီ ဟူသော နိပ္ဖန္နပုဒ်လုံး၏ အနက်သည် သကတ်, ဒြပ်, လိင်, သခ်ျာ, ကာရက အားဖြင့် ငါးပါးအပြားရှိ၏။

ထိုတွင် ဦးချိုဒြပ်သည် မိမိဟောရင်းအနက်ဖြစ်၍ သကတ်မည်၏။ ။နွားဒြပ်သည် ဒြပ်မည်၏။ ။သန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော ဝိသဒ၊ ကာရသည် ပုလ္လိင်မည်၏။ ။ဒြပ်ကိုမှီသော တခုတည်းသော အခြင်းအရာဟု ဆိုအပ်သော အာကာချ ပညတ်သည် ဧကဝုစ်သခ်ျာမည်၏။ သွားခြင်းကြိယာကို ပြီးစေတတ်သော နွားဒြပ်၏ ကြိယာနိပ္ဖါဒနသတ္တိသည် ကတ္တုကာရကမည်၏။

ဤသို့စသည်ဖြင့် ဂုဏသဒ္ဒါ, ဒဗ္ဗသဒ္ဒါ, ကြိယာသဒ္ဒါ, ဇာတိသဒ္ဒါ, နာမသဒ္ဒါတို့၌ ငါးပါးစီထုတ်ရာသည်။ ဤသဒ္ဒါငါးမျိုး၌ ကာရကခြောက်ပါးစီ ရကောင်းသောကြောင့် ကာရကပေါင်းသုံးဆယ် ပြားဟန်ကိုလည်း သမ္ဗန္ဓစိန္တာဋီကာတို့၌ မိန့်လေပြီ။

၄၇၄။ နဝရတ်သမုတ်၊ ကျမ်းကထုတ်၊ ဂေါမုတ် ဘယ်ကျောက်မျိုးတို့နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> ဂေါမုတ္တဟု၊ နာမထင်ရှား၊ နှစ်ပါးနွယ်လာ၊ ကျောက်မျိုးမှာကား၊ ဦးစွာပထမ၊ အစပြုရာ၊ အဆင်းမှာမူ၊ ကောင်းစွာ နနွင်း၊သားသို့ဝင်း၏၊မယွင်းမချွတ်၊ ရွှေတကျပ်ထက်၊ သပ်ယပ်ရှုသာ၊ တင်လောက်ပါမူ၊ မဟာသင်္ဂီ၊ ရွှေနီကောင်းမြိုက်၊ သုံးကျပ်ထိုက်၏၊ စဉ်လိုက်ဂေါမုတ်၊ ဖော်ထုတ်ခေါ်ကြ၊ ဆင်းရူပကား၊ ပျပျဝါသွယ်၊ နွားကျင်ငယ်သို့၊ ကျင်ဝယ်ရွှေကောင်း၊ တင်လောက်ရှောင်းမူ၊ ပေါင်းခုနစ်ကျပ်၊ ကြီးမြတ်အမှန်၊ ရွှေစင်တန်သည်၊ ကေန်လွန်သန့်ရှင်းလှည့်သော။

ဟူ၍ မဏိသျှတ္တရကျမ်း၌လာရကား ဂေါမုတ်သည် အခြားကျောက်မျိုးသို့မဝင်၊ အသီးသော ကျောက်မျိုးပင် ဟူပေ။

၄၇၅။ ဗုဒ္ဓတိပုဒ်၊ ဗုဒ္ဓေါထုတ်၊ မိန့်နှုတ် ဘယ်အဖွင့်ပေနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဓာတုဝိဂ္ဂဟ, ဓာတွတ္ထဝိဂ္ဂဟအားဖြင့် နှစ်ပါးတို့တွင် မိမိဓာတ်ရင်းဖြင့် ဝစနတ်ပြုသောကြောင့် ဓာတုဝိဂ္ဂဟမည်၏။

၄၇၆။ ဇာနာတိပုဒ်၊ ဗုဒ္ဓေါ်ထုတ်၊ ရှေ့နုတ် ဘယ်သံဝဏ္ဏနာနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဗုဇ-ဓာတ်၏အနက်ဖြင့် ဝစနတ္ထပြုသောကြောင့် ဇေတုတ္တဝိဂ္ဂဟမည်၏။

၄၇၇။ နေတ္တိကျမ်းဟုတ်၊ သဘောထုတ်၊ တိပုက္ခလနည်း ဘယ်သို့နည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

လောဘာဒီဟိ သံကိလေသေ၊ ဝေါဒါနေ ဣတရာဒီဟိ။
တိပု ဝိယ ခလတီတိ၊ တိပုက္ခလောဝ သော မတော။

ဟူသော ဂါထာနှင့်အညီ၊ သံကိလေသပက္ခ၌ လောဘအစရှိသည်တို့ဖြင့် ဝေါဒါနပက္ခ၌အလောဘ, အဒေါသ ဟူသော ကုသိုလ်တရားတို့ဖြင့် ခဲမသည်။ တပါးသောဓာတ်ဘို့ကို ညီညွတ်အောင် ချော်သကဲ့သို့ ချော်တတ်သောနည်းကို တိပုက္ခလနည်း ဟူ၍ သိအပ်၏ဟူလို။

လောဘကိုယူလျှင်.... လောဘနှင့်အတူ ဖြစ်ဘက်ဖြစ်သော တရားအပေါင်းကိုလည်း ရသည်။ ဒေါသကိုယူလျှင်.... ဒေါသနှင့်အတူ ဖြစ်ဘက်ဖြစ်သော တရားအပေါင်းကိုလည်း ရသည်။ မောဟကိုယူလျှင်.... အကုသိုလ်တရားအားလုံး ကိုရသည်။ အလောဘ, အဒေါသ အမောဟကိုယူလျှင်.... သောဘဏ စိတ်, စေတသိက်တို့ကို အကုန်ရသည်။

ဤသို့ ရောနှောပေါင်းစပ်ခြင်းသည် ခဲမ ချော်သကဲ့သို့ ဖြစ်၏ ဟူလိုသည်။

၄၇၈။ သဘောမဟုတ်၊ နေတ္တိထုတ်၊ ယုတ္တိဟာရ မည်ို နည်း (၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ခပ်သိမ်းသော သံဝဏ္ဏေတဗ္ဗမမွတို့၏ သဒ္ဒါအားဖြင့်လည်းကောင်း, အနက်အားဖြင့်လည်းကောင်း, သင့်သည် မသင့်သည်ကို စိစစ်ခြင်း လက္ခဏာရှိသော ဟာရသည် ယုတ္တိဟာရမည်၏။ အကျယ်ကိုလိုမူ နေတ္တိအဋ္ဌကထာ၌ယူ။

---

၄၇၉ သံလွန်မပြုတ်၊ လည်ကိုနုတ်၊ အဟုတ် ဘယ်မကောင်းကျိုးနည်း။ (၁၀)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ပုစ္ဆာ အာဘော်ကို မကြံမိ။

၄၈၀။ ဝိတက္ကပုဒ်၊ မဟောနုတ်၊ တိက်မု်တရား ဘယ်မျှနည်း။ (၁၁)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား... ပဌမဈာန်၏ အရနှင့် သမ္ပယုတ် ဖြစ်သော ဝိတက္ကစေတသိက် ငါးပါးရှိသည် တိက်မုတ် အကြောင်းလည်း၊

၄၉၁။ ဥပဓိဟူတာ၊ လေးပါးထုတ်၊ ဘယ်ပုဒ်ဆို တို့ပါအံ့နည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"နိရုပဓိ၊ ဥပဓိလေးရပ် မကပ်သောနိဗ္ဗာန်။ ဥပဓိဝိဝေကော၊ ဥပဓိလေးပါးမှ ဆိတ်သော နိဗ္ဗာန်" ဤပုဒ်ကို ဆိုမည်ဟူပေ။

အကျယ်ဆိုဦးအံ့။ ။ဥပဓိသည်- ကာမုပဓိ, ခန္ဓုပဓိ, ကိလေသုပဓိ, အဘိသင်္ခါရုပဓိ ဟူ၍ လေးပါးရှိ၏။ ထိုတွင် ကာမဂုဏ်ငါးပါးတို့သည် စိတ္တသုခ၏ ဖြစ်ရာဖြစ်သောကြောင့် "ဥပဓီယတိ တွေ သုခန္တိ ဥပဓိ" ဟူသော ဝစနတ္ထကြောင့် ဥပဓိမည်သည်။ ခန္ဓာငါးပါးတို့သည် ဒုက္ခတို့၏ ဖြစ်ရာ ဖြစ်သောကြောင့် ခန္ဓုပဓိမည်သည်။ ကိလေသာတို့သည် အပါယဒုက္ခ၏ တည်ရာဖြစ်သောကြောင့် ကိလေသုပဓိမည်သည်။ ကုသိုလ် အကုသိုလ် စေတနာသည် ဘဝဒုက္ခ၏ တည်ရာဖြစ်သောကြောင့် အဘိသင်္ခါရုပဓိမည်သည်။ နိဗ္ဗာန်ကား ထိုမှဆိတ်သောကြောင့် ဥပဓိဝိဝေက မည်သည်။

၄၉၂။ သဟေတုဒုက်၊ ဧဒွပုဒ်၊ သမ္ပယုတ်တရား ဘယ်မျှနည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

န ဟေတု ခေါ ပန ဓမ္မာ သဟေတုကာပိ။
အဟေတုကာပိ။

န ဟေတု ခေါ ပန၊ ဟိတ်ကားမမည်ကုန်။ သဟေတုကာပိ၊ သမ္ပယုတ်ဟိတ် သာရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

န ဟေတု ခေါ ပန၊ ဟိတ်သည်းမမည်ကုန်၊ အဟေတုကာပိ၊ သမ္ပယုတ် ဟိတ်လည်း မရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

ပထမပုဒ်အရကား... သဟိတ်စိတ် ကေသတ္တတိ၊ ဟိတ်ခြောက်ပါး ကြဉ်သော စေတသိက် ဆစ္စတ္တာလီသရ၏။ ခန္ဓာလေးပါး, အာယတနနှစ်ပါး, ဓာတ်နှစ်ပါး, သစ္စာနှစ်ပါး။

ဒုတိယပုဒ် အရကား.... အဟိတ်စိတ် အဋ္ဌာရသ။ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ဒွါဒသ။ ရုပ် အဋ္ဌဝီသ။ နိဗ္ဗာန်ရ၏။ ခန္ဓာငါးပါး။ အာယတန တဆယ့်နှစ်ပါး။ ဓာတ် တဆယ့် ရှစ်ပါး။ သစ္စာနှစ်ပါးဖြစ်၏။ ထိုနှစ်ပါးတွင် ပထမပုဒ်အရသာလျှင် ပုစ္ဆာ၏ အဖြေဖြစ်၏။

၄၉၃။ မဟန္တရဒုက်၊ ဆဌမပုဒ်၊ ဝိပ္ပယုတ်ပေါင်း ဘယ်မျှနည်း။ (၁၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

စိတ္တသမုဋ္ဌာနာ ဓမ္မာ။ နော စိတ္တသမုဋ္ဌာနာ ဓမ္မာ။

စိတ္တသမုဋ္ဌာနာ၊ စိတ်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။
နောစိတ္တသမုဋ္ဌာနာ၊ စိတ်လျှင်ဖြစ်ကြောင်းမရှိကုန်သော။ ဓမ္မာ၊ တို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။

ပထမ။ပ။ ကား.... စေတသိက် ဒွေပညာသ။ စိတ္တဇရုပ် သတ္တရသ။ ခန္ဓာလေးပါး။ အာယတန ခြောက်ပါး။ ဓာတ် ခြောက်ပါး။ သစ္စာလေးပါးတည်း။

ဒုတိယ။ပ။ကား....စိတ်တခုယုတ် ကိုးဆယ်။ ကမ္မဇရုပ်ငါး။ ဥတုဇရုပ် ပန္နရသ။ အာဟာရဇရုပ် စုဒ္ဒသ။ နိဗ္ဗာန်ရ၏။ ခန္ဓာနှစ်ပါး။ အာယတနနှစ်ပါး။ ဓာတ် တဆယ့်ရှစ်ပါး။ သစ္စာနှစ်ပါးတည်း။

ဤအရကောက်ကိုသိလျှင် ဓာတုကထာနည်းအားဖြင့် သမ္မယုတ်ကို လည်းကောင်း, ဝိပ္ပယုတ်ကိုလည်းကောင်း ထုတ်၍ ပါဠိဆိုနိုင်လောက်ပြီ။ ၎င်းပါဠိကိုရေးလျှင် ကျယ်ပြန့်တော့မည်ဖြစ်၍ မရေးလိုက်ပြီ။

၄၉၄။ မပြုမပြုတ်၊ နိမိတ်နှုတ်၊ ဖော်ထုတ်ဘယ်နည်း
ဆိုပိမ့်နည်း (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကိုယ်တိုင်မပြုပဲ သူတပါးကို ပြုစိမ့်သောငှါ ဆိုအပ်သော ပရိယာယ်နည်း,

အမြွက် အရိပ်အရောင်ဟု ဆိုအပ်သော ဩဘာသနည်း,

နိမိတ်ပြအင်သော နိမိတ္တကမ္မနည်းတို့တည်းဟု ဖြေ။

ဤနည်းတို့သည် အဘယ်အရာ၌ ဖြစ်သနည်း ဟူမူကား.... ရဟန်းတို့ သစ်ပင်စိုက်သောအရာ ဝါဆိုကျောင်း လိုသောအရာ စသည်တို့၌ဖြစ်၏။ ဖြစ်ဟန်ကို ဝေဖန်၍ ပြလိုက်ဦးအံ့။

"တတ္ထ ပန အကပ္ပိယဝေါဟာရော, ကပ္ပိယဝေါဟာရော, ပရိယာယော, ဩဘာသော, နိမိတ္တကမ္မန္တိ ဣမာနိပဉ္စ ဌာနိတဗ္ဗာနိ"

အစရှိသည်ဖြင့် လာသော ပါရာဇိကဏ်အဋ္ဌကထာပါဠိနှင့်အညီ–

မဆိုအပ်သောစကားတည်းဟူသော အကပ္ပိယဝေါဟာရ,
ဆိုအပ်သော စကားတည်းဟူသော ကပ္ပိယဝေါဟာရ,
ပရိယာယ်ပြုခြင်းတည်းဟူသော ပရိယာယ,
အမြွက်အရိပ် ဆိုခြင်းတည်းဟူသော ဩဘာသ,
နိမိတ်ပြခြင်း တည်းဟူသော နိမိတ္တကမ္မ အားဖြင့် ငါးပါးတို့တွင် ..

အကြင်ရဟန်းသည် လူ, သာမဏေတို့အား "ဤ သစ်ပင်ကို ခုတ်လော့၊ ဖြတ်လော့၊ ဤ နေရာ၌ တွင်းတူးလော့၊ ဤ ပန်းပင်ကို စိုက်လော့"စသည်ဖြင့် ပြောဆို စေခိုင်းခြင်း, မိမိကိုယ်တိုင် ပြုခြင်းသည် အကပ္ပိယ ဝေါဟာရ မည်၏။

"ဤသစ်ပင်ကို ရှင်အောင်ပြုလော့။ လျှော်စွာသိလော့။ ဤတွင်းကို သင့်ဖြစ်စေလော့။ ဖြစ်အောင်သိလော့"စသည်ဖြင့် ပြောဆို စေခိုင်းခြင်းသည် ကပ္ပိယ ဝေါဟာရ မည်၏၊

ပညာရှိသောသူသည် ဤနေရာ၌ ပန်းပင်စိုက်မှု၊ ဤသစ်ပင်ကို စိုက်မှု [illegible] ကျေးဇူး ရလ[illegible] စသည်ဖြင့် ဆိုခြင်းသည် ပရိယာယ်စကားမည်၏။

အကြောင်းရဟန်းသည် သစ်ပင် စိုက်လိုသော ဌာနၥ် ပေါက်တူး, တူးရွင်း စသည်ကိုလည်းကောင်း, ပန်းပင်ငယ်ကိုလည်းကောင်း ဆောင်ယူ၍ထား၏။ ထိုအမြွက်ကို လူသာမဏေတို့မြင်လျှင် ဤ သစ်ပင်ကို ဤနေရာတွင် စိုက်စေလိုသတည်း ဟု သိ၍ စိုက်လာ၏။ ဤသို့အရောင်ပြုခြင်းသည် ဩဘာသမည်၏။

ပေါက်တူး, တူးရွင်း စသည်ကိုလည်းကောင်း, မျိုးစေ့ သစ်ပင်ကို လည်းကောင်း ဆောင်ယူ၍ လူ့ သာမဏေ တို့အား အပ်ခြင်း, အနီး၌ ထားခြင်း, လျော်သောနေရာကို ပြခြင်းတို့သည် နိမိတ္တကမ္မမည်၏။

ဤ ငါးပါးတို့တွင် ဖလပတ္တပရိဘောဂ အလိုငှာမူကား... အကပ္ပိယ ဝေါဟာရ,ကပ္ပိယဝေါဟာရ နှစ်ပါးသည် မအပ်။ အကြွင်း သုံးပါးကား အပ်၏။

ဆာယတ္တ, ဝနတ္တ, အာရာမတ္တအလိုငှာမူကား ...အကပ္ပိယ ဝေါဟာရ တပါးသာ မအပ်။ အကြွင်းလေးပါးဖြင့် ပြုအပ်၏ ဟူ၍ မိန့်တော်မူသည်။

၄၉၅။ ဝိသေသျပုဒ်၊ ဝိဂြိုဟ်ထုတ်၊ မယုတ် ဘယ်ပဌာနနည်း။ (၁၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသသဇ္ဇနာကား....

ဝိသေသျပုဒ်၊ ဝိဂြိုဟ်လုပ်သော်၊ ဂုဏ်ပုဒ်အနေ၊ ဝိသေသန၊ များပဒတွင်၊ စိတ်က လိုမူ၊ တနုခု၊ စုံပြုထည့်မြဲသော။

ဝိသေသနကို၊ ဝိဂြိုဟ်ဆိုသော်၊ ထိုဝိသေသျ၊ ပဌာန၊ ထည့်ကြမြဲပုံသော။

၄၉၆။ ဉုံဖွမန်းမှုတ်၊ မန္တန်စုတ်၊ ဓိ တုတ်ဂါထာ ဘယ်မျှနည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"ဉုံ မိဒူမာတာ ဗုဒ္ဓေါ ဆာယာစရိမ်"ဟူ၍ လည်းကောင်း,

ဉုံ မိးမိး။ မဟာမိးမိး။ အိနဝံကာ အီ မိးခိးမ်း"ဟူ၍လည်းကောင်း,

ရှေးစာဟောင်းများတွင် ရေးထားသည့် ဂါထာမန္တန်နှစ်မျိုး တွေ့ဘူး၏။ ၎င်း ဂါထာ မှန်-မမှန်ကို သိလိုမူ ပုစ္ဆန်တွင်းကို ကြည့်၍မန်း၊သုံးဆယ့်ခုနစ်အုပ်စေ့လျှင် ပုစ္ဆန်ထွက်ရ၏။ ရေကိုမန်း၍ ထိပ်ခေါင်းကိုလောင်း ထိပ်ကျွတ်၏" ဟူ၍ အမှာရှိသည်။

မေး အဖြေစာ၌ ပုလ္လိင်မယုတ်၊ အလင်္ကာဘုတ်၊ ဤ နှစ်ပုဒ်သာ အဖြေပါသည်။

"အုတ်"ကာရန်ပုစ္ဆာ ၁၇-ပုဒ်အဖြေ ပြီး၏။

(၁၇) "အပ်" ကာရန်ပုစ္ဆာ ၂၁-ပုဒ်အဖြေ

၄၉၇။ နတ်သာဖူးအပ်၊ လူမစပ်၊ ရောင်လျှပ်ဘုရား ဘယ်မျှနည်း။ (၁)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော် တဆူ,

အကနိဋ္ဌဗြဟ္မာ့ဘုံ၌ ဒုဿစေတီတော် တဆူ,

ဇမ္ဗုဒိပ်ကျွန်း မဇ္ဈိမဂိရိ တောင်ထိပ်၌ မဟေသရနတ်တို့ ကိုးကွယ်သော ရုပ်ပွားတော် တဆူ,

ဤ သုံးဆူသော စေတီကိုကား နတ်တို့သာ ဖူးရ၏၊ လူ မဖူးရချေ။

တာဝတိံသာ၌ စူဠာမဏိစေတီသည် အဘယ်အခါက ဖြစ်သနည်း ဟူမူကား–

ဗောဓိသတ္တော သဟ မောဠိယာ စူဠံ ဂဟေတွာ "သစာဟံ သမ္ဗုဒ္ဓေါ ဘဝိဿာမိ၊ အာကာသေ တိဋ္ဌတု။ နော စေ ဘူမိယံ ပတတူ"တိ အန္တလိက္ခေ ခိပိ။ သာ စူဠာ ယောဇနပ္ပမာဏံ ဌာနံ အဗ္ဘုဂ္ဂန္တွာ အာကာသေ အဋ္ဌာသိ။ သက္ကော ဒေဝရာဇာ ဒိဗ္ဗစက္ခုနာ ဩလောကေတွာ ယောဇနိယရတနစင်္ကောဋကေန သမ္ပဋိစ္ဆိတွာ တာဝတိံသဘဝနေ စူဠာမဏိစေတိယံ နာမ ပတိဋ္ဌာပေသိ။

ဟူ၍ အပဒါန်အဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား။ ။သိဒ္ဓတ်မင်းသား ဘုရား အလောင်းတော်သည် အနောမာမြစ်ကမ်းနံ့စ ထက် ထက်ဝယ် ထိုင်တော်မူ၍ ဦးခေါင်းထက် ဆံစည်းကို စွဲသောသန်လျက်ဖြင့် ဖြတ်လှီးပြီးလျှင် မကိုဋ်ရှိနှင့် တကွသော ဆံစည်းကို ကိုင်၍ "ငါသည် စင်စစ် မချွတ် ဘုရားဖြစ်လတ္တံ့. မှန်မူကား ဤဆံစည်းသည် ကောင်းကင်ပြင်၌ တည်စေသတည်း။ မဖြစ်မူကား မြေသို့ ကျစေသတည်း" ဟု ဓိဋ္ဌာန်၍ ကောင်းကင်ယံသို့ ပစ်လိုက်၏။ ထိုဆံစည်းသည် တယူဇနာမျှ လောက်သောအရပ်သို့ တက်လေ၍ ကောင်းကင်၌ ပန်းဆိုင်း ဆွဲသကဲ့သို့ တည်၏။ သိကြားမင်းသည် နတ်မျက်စိဖြင့် ကြည့်၍ တယူဇနာ မျှလောက်သော ရတနာ ပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၌ စူဠာမဏိ စေတီကို တည်၍ ကိုးကွယ်၏ ဟူ၏ ဟုလိုသည်။ ပမာဏကို မည်မျှဟူ၍ မဆို။

ထူပဝင်၌ကား ...

"ပဋိဂ္ဂဟေတွာ စ နံ ဒေဝလောကံ နေတွာ သိနေရုမုဒ္ဓနိ တိယောဇနပ္ပမာဏံ ဣန္ဒနီလမဏိမယံ စူဠာမဏိစေတိယံ နာမ အကာသိ"

ဟူ၍ ခံပြီးသော ဆံတော်ကို နတ်ပြည်သို့ဆောင်၍ မြင်းမိုရ်တောင်ထိပ်၌ သုံးယူဇနာ ပမာဏရှိသော ဣန္ဒနီလာ မြည်ဖြင့် ပြီးသော စူဠာမဏိစေတီကို တည်၏ ဟူ၍ ဆိုသည်။

ထိုကြောင့် ပျို့ဆရာတို့သည်–

မြစ်ကမ်းသောင်ဝယ်၊ ဆံတော်ပယ်၍၊ မိုးလယ်ရပ်ခွင်၊ မြှောက်လိုက်တင်က၊ ကောင်းကင်ရေစ်ဝဲ၊ ပန်းဆိုင်းဆွဲသို့၊ နတ်ပုံညီညာ၊ ဌာပနာသည်။ ။စူဠာမဏိ ပုထိုးတည်း။ ဟူ၍ စပ်သည်၊

ဗြဟ္မာ့ပြည်၌ စေတီ ဘယ်အခါဖြစ်သနည်းဟူမူ—

"ဃဋိကာရော မဟာပုရိသေန ဃဋိတသာဋကံ ဂဟေတွာ ဗြဟ္မာလောကေ ဒွါဒသယောဇနိကံ ဒုဿထူပံ အကာသိ"

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည်၊

အဓိပ္ပါယ်ကား။ ။ဃဋိကာရဗြဟ္မာသည် မိမိကပ်လာသော ကြာသက်န်းဖြင့် ဘုရားလောင်းရဟန်းပြုလေသော် လဲချွတ်တော်မူသော ကိုယ်ဝတ်ပုဆိုးတော်ကို ယူဆောင်၍ မိမိ၏ နေရာဖြစ်သော အကနိဋ္ဌဘုံ၌ တဆယ့်နှစ်ယူဇနာရှိသော ဒုဿစေတီကိုတည်၍ ကိုးကွယ်လေသည်။

မဏ္ဍာဂိရိ တောင်ထိပ်၌ကား— မဟောသရမည်သော ဘုမ္မစိုးနတ်မင်းကြီးသည် ဘုရားသခင် ဟိမဝန္တာသို့ ကြွသောအခါတွင် ရောက်လာ၍ ဘုရားနှင့် ကိုယ်ဝှက်တမ်းကစားသဖြင့် မိမိရှုံးလေရကား ဘုရားကိုယ်တော်မြတ်ကို ဆည်းကပ်ကိုးကွယ်ခြင်းငှာ ခွင့်တောင်း၍ အခွင့်မရသော် "ကိုယ်တော်စား ကိုးကွယ်ပါရစေ" ဟု တောင်းပန်သဖြင့် ရုပ်သွင်တော်နှင့်တူစွာ ရတနာဆင်းတုပြု၍ ကိုးကွယ်ရလေသည်။ ဤအကြောင်းကို လောကပညတ္တိကျမ်းတို့၌ လာသည်။

ထိုကြောင့် သာမုဒြိကကျမ်း၌–

ကျော်ပျံ့ဝှန်ထိပ်၊ ကျွန်းလုံးညိတ်မျှ၊ ပရမိဿ၊ နတ်ဒေဝါမူ၊ မဏ္ဍာဂိရိ၊ မဏိရောင်စွတ်၊ တောင်ထွတ်တောင်ဖျား၊ ဘုရားရုပ်ဇာတ်၊ မွေမြတ်ဆူဆူ၊ ညွတ်ကြည်ဖြူ၍၊ အိမ်သူဇနီး၊ သမီးမကွာ၊ သားငါးရာနှင့်၊ သောတာပတ္တိ၊ မဂ်ဉာဏ်ရှိသား၊ သမာဓိမျှ၊ နှစ်လိုနှစ်လိုင်း၊ ဂိုဏ်းနှင့်တကွ၊ ပဋ္ဌာမှ၊ ဒေဝဒေဝေါ၊ ဘွဲ့ဘော်ဟောထုတ်၊ သတောဟုတ်သား၊ ဝိသုဒ္ဓိပတ်၊ နတ်ထက်နတ်ကို၊ ဆယ်မြတ်လက်မိုး၊ တင်ရှက်ကျိုးသည်၊ ရှိခိုးသုံးကြိမ်နူးညွတ်တည်း။

ဟူ၍ စပ်ဆိုသည်။

၄၉၀။ တဆယ့်ခြောက်ထပ်၊ ဒိပ်မက်ရ၊ သည်ကပ် စ-ဆုံး ဘယ်ခါနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကောသလမင်းကြီး၏ အိပ်မက် တဆယ့်ခြောက်ချက်သည် ဘယ်အခါမှစ၍ ဖြစ်လတ္တံ့နည်းဟု မေးရာ၌။ ဤ အိပ်မက်၏ သရုပ်အကျယ်ကို ဧကနိပါတ် ဇာတ်ကျမ်း အဋ္ဌကထာတွင် လာသည်။

တဆယ့်ခြောက်ချက်ဟူသည်ကား–

ဥသဘာ ရုက္ခာ ဂါဝိယော ဂဝါ။
အဿော စ ကံသော သိင်္ဂါလီ စ ကုမ္ဘော။

ပေါက္ခရဏီ စ အပါက် စန္ဒန်၊
လာဗူ နိသီဒန္တိ သိလာ ပ္လဝန္တိ။
မဏ္ဍူကိယော ကဏှသပ္ပေ ဂိလန္တိ၊
ကာလိ သုဝဏ္ဏာ ပရိဝါရယန္တိ။
ကသာဝကာ ဋ္ဌကာန် ဘယာတိ၊
ဝိပရိယာသော ဝတ္တတိ နယိဒမတ္ထိ။

ဟူ၍ ဥဒ္ဒေသဂါထာလာသည်။

အဓိပ္ပါယ်အကျဉ်းကား။ ။ကောသလမင်းကြီးသည် တညဉ့်တွင်း၌ တဆယ့်ခြောက်ချက်သော အိပ်မက်ကိုမြင်၍ ပုဏ္ဏားတို့ကိုမေးသော် "မင်း၏ လည်းကောင်း၊ မိဖုရားတို့၏ လည်းကောင်း၊ တိုင်းပြည်၏ လည်းကောင်း အန္တရာယ်သည် ဖြစ်လတ္တံ့။ သဗ္ဗစတုက္ကယဇ်ကို ပူဇော်ပါ" ဟု လျှောက်ကြ၍ ယဇ်ပူဇော်ခြင်းငှါ များစွာသော လူသူ ဆင်မြင်းတို့ကို ဖမ်းယူစေ၍ ပြည်အလုံး အုတ်အုတ်ကျက်ကျက် ဖြစ်ရာတွင် မိလ္လိကာ မိဖုရားက အကြောင်းကိုမေးမြန်း၍ သိသောအခါ များစွာ အပြစ်တင်၍ "အရှင်မင်းကြီး ဤ အိပ်မက်၏အကြောင်းကို ဘုရားသခင်အားသာ မေးလျှောက်ပါလော့။ ဘုရားထက်သိသော ပညာရှိ အဘယ်မှာ ရှိတော့အံ့နည်း" ဆို၍ ဘုရားထံတော်သို့ သွားကြပြီးလျှင် ဤသို့ လျှောက်ထား၏။

အရှင်ဘုရား တကာတော်သည် ညဉ့်အခါက တဆယ့်ခြောက်ခါတိုင်အောင် အိပ်မက်မြင်မက်သောကြောင့် ထိုအိပ်မက်တို့၏ အကျိုးအပြစ်တို့ကို သိချင်ပါသည်" ဟု လျှောက်၏။ ဘုရားသခင်ကလည်း.... "မင်းကြီး သင်၏ အိပ်မက်တို့ကို ဆိုလော့" ဟု ခွင့်ပေးရာတွင်—

အရှင်ဘုရား ရှေးဦးအိပ်မက်ကား။ ။ပျက်စဉ်းဆေးခဲ့သို့ ညိုမှောင်သော နွားလားလေးစီးတို့သည် အရပ်လေးမျက်နှာမှလာ၍ ဝေ့ကြခြင်းငှါ ပြိုသည်ကို လူအများဘို့သည် ရှုကြကုန်အံ့-ဟု မင်းရင်ပြင်သို့ စည်းဝေးလာကြကုန်သည်။ ထိုအခါ နွားတို့သည် မဝေ့ပဲ မြည်တွန်ဟိန်းဟဲ၍သာ ရှောင်လွှဲကြလေကုန်သည်" ဟု လျှောက်၏။

ဘုရားသခင်ကလည်း.... "မင်းကြီး ဤအိပ်မက်ကား သင်မင်းကြီး၏ လက်ထက်၌ အကျိုးဖြစ်လတ္တံ့သည်မဟုတ်၊ နောင်သောအခါ တရားမစောင့်သော အဓမ္မိကမင်း၊ အဓမ္မိကလူတို့၏ လက်ထက်၌ ကုသိုလ်တရား လျော့ပါး၍ အကုသိုလ်တရား များသောကာလ၌ ဖြစ်လတ္တံ့။ ထိုအခါ မိုးတို့သည် ကောင်းစွာရွာအံ့သော အဟန်ဖြင့် ခြိမ်းမည်းချုန်းထစ်၍ မရွာပဲ ရှောင်လွှဲပြေပျောက်လတ္တံ့။ လူတို့သည် ငတ်မွတ်ရှားပါးကုန်လတ္တံ့။ ဤသို့ဖြစ်အံ့သော ပုဗ္ဗနိမိတ်" ဟု မိန့်တော်မူ၏။

ဒုတိယမြင်မက်သည်ကား။ ။"အရှင်ဘုရား... ငယ်သောသစ်ပင်၊ ချုံပင်တို့သည် မြေကို ဖောက်ထွင်း၍ တထွာတတောင်မျှတက်၍ ပွင့်ကုန် သီးကုန်၏" ဟု ဆို၏။

"မင်းကြီး— ဤ အိပ်မက်အလိုကား.... လောကသည် ဆုတ်ယုတ်သောကာလ လူတို့အသက်တမ်း ယုတ်သောကာလ၌ ဖြစ်လတ္တံ့။ နောင်အခါ သတ္တဝါတို့သည် ထက်သော ရာဂ ရှိကုန်လတ္တံ့။ အရွယ်သို့ မရောက်သေးသော သတို့သမီးငယ်တို့သည် ယောကျ်ားသို့သွား၍ ဥတုလာခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ သားသမီး ပွားများခြင်းတို့သည် ဖြစ်ကုန်လတ္တံ့." ဟု မိန့်တော်မူ၏။

တတိယမြင်မက်သည်ကား။ ။အရှင်ဘုရား.... နွားမကြီးတို့သည် ယနေ့ ဖွားသစ်စကြီးဖြစ်သော နွားငယ်တို့၏ နို့ကို စို့ကုန်၏''ဟု လျှောက်၏။

"မင်းကြီး.... ဤ အိပ်မက်၏အလိုကား... နောင်သောအခါ လူတို့တွင် ကြီးသောသူတို့အား အရိုအသေပြုခြင်း ကင်းသောကာလ၌ ဖြစ်လတ္တံ့။ ထို သတ္တဝါတို့သည် အမိ, အဖ, ယောက္ခမ ယောကျ်ားသူ, ယောက္ခမ မိန်းမသူတို့၌ ရှက်ခြင်းကင်းသည်ဖြစ်၍ မိမိအလိုပင် ဥစ္စာစည်းစိမ်ကို စီရင်လျက် ဝတ်ဆာ ဖားရာကိုမျှ ကြီးသောသူတို့အား ပေးလိုမှသာ ပေးလတ္တံ့။ မပေးလိုသည် ရှိသော် မပေးလတ္တံ့။ သက်ကြီး မိဘတို့သည် ကိုးကွယ်ရာမဲ့သည်ဖြစ်၍ အလိုအတိုင်း မပြည့်စုံသဖြင့် ငယ်သော သား သမီး ချွေးမတို့၏ အလိုသို့သာ လိုက်၍ အသက်ရှည်လတ္တံ့." ဟု မိန့်တော်မူ၏။

စတုတ္ထမြင်မက်သည်ကား။ ။"အရှင်ဘုရား... ဝန်ကို ရွက်ဆောင်နိုင်သော ခွန်အားဗလနှင့် ပြည့်စုံသော နွားကြီး အဆက်ဆက်တို့ကို မကမူ၍ နွားငယ် တို့ကိုသာ ကကုန်၏။ ဝန်ကိုရွက်ဆောင်ခြင်းငှါ မတတ်နိုင်၍ လှည်းကိုစွန့်လျက် ရပ်ကုန်သည် မြင်မက်၏''ဟု လျှောက်၏။

"မင်းကြီး ...ဤအိပ်မက်အလိုကား နောင်သောအခါ အဓမ္မိကမင်းတို့ လက်ထက်၌ ဖြစ်ကုန်လတ္တံ့။ အဓမ္မိကမင်းတို့သည် ပညာရှိကုန်သော အစဉ်အဆက်၌ လိမ္မာကုန်သော အမှုဆောင်ရွက်ခြင်းငှါ စွမ်းနိုင်သော အမတ်ကြီးတို့အား စည်းစိမ်ဥစ္စာကို မပေးလတ္တံ့။ တရားစီရင်ရာအရပ်၌ ပညာရှိကုန်သော စီရင်ခြင်းငှါ စွမ်းနိုင်သော ကြီးရင့်ကုန်သော အမတ်တို့ကို မထား။ ငယ်သော ပညာမရှိသော အစဉ်အဆက်၌ မလိမ္မာသော အမှုကို မဆောင်ရွက်နိုင်သော အမတ်ငယ်တို့ကိုသာ စည်းစိမ် ချမ်းသာကို ပေးလတ္တံ့။ တရားစီရင်ရာ၌လည်း ပညာမရှိကုန်သော စီရင်ခြင်းငှါ မစွမ်းနိုင်သော ငယ်နုကုန်သော သူတို့ကိုသာ ထားကုန်လတ္တံ့။ ထိုအမတ်မိုက် တရားသူကြီးမိုက်တို့သည် မင်းတို့အား တရားနှင့် လျော်-မလျော်ကိုလည်း မသိကုန်သည်ဖြစ်၍ စည်းစိမ်ချမ်းသာကို ထားအံ့သောငှါ မတတ်နိုင်။ မင်း၏အမှုကို ပြီးစီးစိမ့်သောငှါလည်း မတတ်နိုင်၍ အမှုကို ပစ်စွန့်ကုန်လတ္တံ့။ ပညာရှိသော အမတ်တို့သည်လည်း စည်းစိမ်ချမ်းသာကို မရခြင်းကြောင့် ကိစ္စကို ပြီးစီးစိမ့်သောငှါ တတ်နိုင်သော်လည်း "ငါတို့အား ထိုအမှုမှ အပဖြစ်ကုန်၏။ အမတ်ငယ်တို့သာ သိကုန်လတ္တံ့။ ဖြစ်လေသမျှတို့ကို စောင့်ရှောက်ကုန်လတ္တံ့." ဟု ထိုမင်းတို့အား ပယ်စွန့်ကုန်လတ္တံ့." ဟု မိန့်တော်မူ၏။

ပဉ္စမမြင်မက်သည်ကား။ ။"အရှင်ဘုရား.... ခံတွင်းနှစ်ခုရှိသော မြင်းသည် နံပါးနှစ်ဘက်၌ မုယောနှံကို ပေးကြကုန်သော် နှစ်ခုသော ခံတွင်းဖြင့် စားသည်ကို မြင်မက်၏" ဟု လျှောက်၏။

"မင်းကြီး ... ဤအိပ်မက်အလိုကား ...နောင်အခါ အဓမ္မိကမင်းတို့သည် ဖြစ်ကုန်လတ္တံ့။ ထိုအခါ အဓမ္မိက ဗာလရာဇာမင်းတို့သည် တရားမစောင့်၊ လျပ်ပေါ်သောသူတို့ကို တရားစီရင်ရာ၌ ထားလတ္တံ့။ ထိုအခါ ထိုတရားသူကြီးမိုက်တို့သည် ကောင်းမှု မကောင်းမှု၌ မခန့်မကြောက်သည် ဖြစ်၍ နှစ်ဘက်သားတို့၏ တံစိုးကို စား၍ တရားစီရင်ကုန်လတ္တံ့." ဟု မိန့်တော်မူ၏

ဆဋ္ဌမြင်မက်သည်ကား။ ။"အရှင်ဘုရား ...လူများတို့သည် အဖိုးတသိန်းထိုက်သော ရွှေခွက်ကို သုတ်သင်၍ "ဤရွှေခွက်၌ ကျင်ငယ်ကို စွန့်ပါလော့"ဟု မြေခွေး တခုအား ဆောင်၍ ကပ်၏။ ထိုရွှေခွက်၌ ကျင်ငယ်စွန့်သည်ကို မြင်မက်၏" ဟု လျှောက်၏။

"မင်းကြီး ဤအိပ်မက်အလိုကား နောင်အခါ တရားမစောင့်သော အဓမ္မိကရာဇာမင်းတို့သည် အမျိုးကောင်းသားတို့အား ရှုံ့ရှာကုန်သဖြင့် ညီးစိမ်ကို မပေးလတ္တံ့။ အမျိုးကောင်းသားတို့သည် ဆင်းရဲကုန်လတ္တံ့။ အမျိုးယုတ်သော သူတို့သည် အစဉ်အစိုးရကုန်သည်ဖြစ်၍ "အမျိုးယုတ်သော သူတို့အား မှီ၍ အသက်မွေးရတော့မည်" ဟု သမီးကို ပေးကုန်လတ္တံ့။ အမျိုးကောင်းသမီးတို့သည် အမျိုးယုတ်သူတို့နှင့် ပေါင်းဖော်ခြင်းသည် ရွှေခွက်ကို ခြေခွေး ကျင်ငယ်စွန့်သည်နှင့် တူလတ္တံ့" ဟု မိန့်၏။

သတ္တမမြင်မက်သည်ကား။ ။"ယောကျ်ားတယောက်သည် ကြိုးကိုကျစ်၍ ခြေရင်း၌ ထား၏။ ထိုယောကျ်ား နေသော အင်းပျဉ်အောက်၌အိပ်သော မြေခွေးငယ်တခုသည် ထိုသူ မမြင်စဉ် ကြိုးကို စားသည်ကို မြင်မက်၏" ဟု လျှောက်၏။

"မင်းကြီး နောင်သောအခါ မိန်းမတို့သည် ယောကျ်ားတို့၌ လျှပ်ပေါ်သော ပုရိသလောလ, သေသောက်ခြင်း၌ လျှပ်ပေါ်သော သုရာလောလ, တန်ဆာဆင်ခြင်း၌ လျှပ်ပေါ်သော အလင်္ကာရလောလ, ခရီးသွားခြင်း၌ လျှပ်ပေါ်သော ဝိသိခါလောလ, အစား၌ လျှပ်ပေါ်သော အာမိသလောလ တို့သည် ဖြစ်ကုန်လတ္တံ့။ သီလ သိတင်းမဲ့ကုန်သည်ဖြစ်၍ လင်သည် လယ်လုပ်ကုန်သွယ်၍ ဆင်းရဲငြိုငြင်စွာရသော ဥစ္စာတို့ကို သယောက်လင်တို့နှင့်တကွ သေသောက်ကုန်လျက် ပန်းနံ့သာ နံ့သာပျောင်းတို့ဖြင့် ဆင်၍ အမှုကြီးငယ်ကိုမျှ မပြုပဲ အိမ်ထရံ၏ အထက်အဖို့ဖြင့်လည်းကောင်း, အပေါက်ရှိရာ အရပ်တို့ဖြင့်လည်းကောင်း သယောက်လင်ကို ဆောင်၍ နက်ဖြန်ပျိုးအံ့သော မျိုးမျှကို ထောင်းသုပြီးလျှင် ယာဂု ထမင်း ခဲဖွယ် စသည် ပြုလုပ် စားသောက်၍ ပျက်စီးလတ္တံ့" ဟု မိန့်တော်မူ၏။

အဋ္ဌမမြင်မက်သည်ကား။ ။"အရှင်ဘုရား....အိမ်တံခါး၌ အချည်းနှီးသော များစွာသော အိုးဖြင့် ရံအပ်သော ရေပြည့်သော အိုးကြီးတလုံးကို အမျိုးလေးပါးတို့သည် အရပ်ရှစ်မျက်နှာမှ ရေကို ဆောင်၍ ပြည့်သော အိုးကြီး၌သာလျှင် လောင်း၍ ပြည့်စေကုန်၏။ အဖန်တလဲလဲ ထိုအိုး၌သာလျှင် ရေကိုလောင်းကြကုန်၏။ အချည်းနှီးသော အိုး၌ကား ရေလောင်းမည်ကို ငဲ့စွ၊ ကြည့်သူမျှ မရှိ" ဟူ၍ လျှောက်၏။

"မင်းကြီး .. နောင်အခါ လူတို့သည် ယုတ်ကုန်အံ့။ တိုင်းပြည် မြို့ရွာတို့သည် သြဇာမရှိကုန်လတ္တံ့။ မင်းတို့သည် ဆင်းရဲကုန်လတ္တံ့။ ကမ္ဘာနာ ဖြစ်လတ္တံ့။ ထိုမင်း၏ ဘဏ္ဍာတိုက်၌ တသိန်းမျှသော အသပြာသာလျှင် ဖြစ်ကုန်လတ္တံ့။ ဤသို့ ဆင်းရဲသော မင်းတို့သည် ခပ်သိမ်းသော ဇနပုဒ်သားတို့ကို မင်းမှုကိုသာ ပြုစေကုန်လတ္တံ့။ ဇနပုဒ်သားတို့လည်း မင်းမှုဖြင့် နှိပ်စက်ကုန်သောကြောင့် မိမိတို့အမှုကို မပြုကုန်လတ္တံ့။ မိမိတို့အမှုကို စွန့်ပစ်၍ မင်းမှုကိုသာ ပြုရကုန်လတ္တံ့။ မင်း၏ အကျိုးငှါသာလျှင် ကောက်ပဲတို့ကို စိုက်ပျိုးစေလျက်၊ စောင့်ကုန် ရိတ်ကုန် နယ်ကုန်လျက်၊ ကြံခင်းကို ပြုကုန်သော သူတို့သည် ယန္တရားကို ပြုကုန်၍ တင်လဲစည်းကို ချက်ကုန်လျက်၊ ပန်းခင်းစသည်တို့ကို ပြုကုန်၍ ထိုပန်းခင်းမှဖြစ်သော ပန်းတို့ကို ဆောင်ကုန်၍ မင်း၏ ကျီကြတို့၌သာလျှင် ပြည့်စေကုန်လတ္တံ့။ မိမိတို့အိမ်၌ အချည်းနှီးသော ကျီကြတို့သာ ဖြစ်ကုန်လတ္တံ့" ဟု မိန့်တော်မူ၏။

နဝမမြင်မက်သည်ကား။ ။"အရှင်ဘုရား .. ကြာ ပျိုးငါးပါးဖြင့် ပုံးလွှမ်းသော နက်သော ထက်ဝန်းကျင်မှ ရေဆိပ်ရှိသော ရေကန်တခု၌ ထက်ဝန်းကျင်မှ အခြေ နှစ်ခု, အခြေလေးခုရှိသော သတ္တဝါအပေါင်းတို့သည် သက်၍ သောက်ကုန်၏။ ထိုရေကန်၏လည်း

အလယ်၌ နက်သော ရေသည် နောက်၏။ အနားဝန်းကျင် အခြေနှစ်ခု အခြေလေးခုရှိသော သတ္တဝါတို့၏ နင်းရာ သက်ရာအရပ်၌ ကြည်၏''ဟု လျှောက်၏။

''မင်းကြီး—နောင်အခါ မင်းတို့သည် တရားမစောင့်ကုန်။ ဆန္ဒအစရှိသော အဂတိသို့ လိုက်ကုန်လျက် မင်းပြုလတ္တံ့။ တရားနှင့်အညီ စီရင်ဆုံးမခြင်းသည် မရှိလတ္တံ့။ တံစိုးစား၍ ဥစ္စာ၌ မက်မော၍ တိုင်းသူ ပြည်သူတို့၌ ခန္တီမေတ္တာမရှိ၊ ရှန်ရင်း ကြမ်းထန်းစွာ ကြံညှစ်သန္တရားကဲ့သို့ နှိပ်စက်၍ အထူးထူးသော ဥစ္စာ အခွန် အတုတ် တို့ကို ဖြစ်စေကုန်လတ္တံ့။ ထိုသူတို့သည် အခွန်အဘုတ် မပေးနိုင်ကုန်သည်ဖြစ်၍ ရွာ နိဂုံး ဇနပုဒ်တို့ကိုစွန့်၍ ရွာငယ်၌သာ နေကုန်လတ္တံ့။ တိုင်းလယ် ရွာကြီးတို့သည် ဆိတ်ငြိမ်၍ ရွာစွန်ရွာနား စည်ပင်လတ္တံ့''ဟု မိန့်တော်မူ၏။

ဒသမမြင်မက်သည်ကား။ ။''အရှင်ဘုရား တအိုးတည်းသာ ချက်သော ထမင်းသည် သုံးစုထားသကဲ့သို့၊ တစုကား နပ်၏။ တစုကား ဆတ်၏။ တစုကား ကောင်းစွာကျက်သည်ကို မြင်မက်၏''ဟု လျှောက်၏။

''မင်းကြီး....နောင်သောအခါ မင်းတို့သည် မတရားသည် ဖြစ်အံ့။ မင်းတို့သည် မတရားသည် ရှိသော် အမတ် ပုဏ္ဏား သူကြွယ် နိဂုံး ဇနပုဒ်သားတို့သည်လည်း တရားမစောင့်ကုန်လတ္တံ့။ ထိုသူတို့ကို စောင့်ကုန်သော နတ်၊ ပူဇော်ခံထိုက်သော နတ်၊ အာကာသစိုး နတ်၊ ရုက္ခစိုး နတ်တို့သည်လည်း တရားမစောင့်ကုန်သည် ဖြစ်လတ္တံ့။ တရားမစောင့်သော မင်းတို့ လက်ထက် ပြည်ရွာတိုင်းကားတို့၌ လေတို့သည် မညီမညွတ် ပြင်းစွာ လာလတ္တံ့။ အာကာသ၌ ဗိမာန်တို့သည် တုန်လှုပ်ကုန်လတ္တံ့။ ထိုသို့ တုန်လှုပ်သည်ရှိသော် နတ်တို့သည် အမျက်ထွက်၍ မိုးကို မရွာစေကုန်လတ္တံ့။ ရွာသော်လည်း အနှံ့မရွာ။ အလုံးစုံ အနှံ့ပင် ရွာသော်လည်း စိုက်ခြင်း ကြဲခြင်း၏ ကျေးဇူး ဖြစ်အောင် မရွာ။ တိုင်းတခု၌လည်းကောင်း၊ ရွာတခု၌လည်းကောင်း၊ တဘက်ဆည်ကန်တခု၌ လည်းကောင်း၊ အိုင်တခု၌ လည်းကောင်း တပြိုင်နက်မရွာ။ တဘက်ဆည်ကန်၏ အထက်အဖို့၌ ရွာသည်ရှိသော် အောက်အဖို့၌ မရွာ။ အောက်အဖို့၌ ရွာသော် အထက်အဖို့၌ မရွာ။ တခုသော အဖို့၌ အလွန်ရွာလွန်းသဖြင့် ကောက်ပဲပျက်၏။ တခုသော အဖို့၌ မရွာသဖြင့် ညှိုးငယ်သေပျောက်၏။ တခုသောအဖို့၌ ကောင်းစွာရွာ၍ ပြည့်စုံခြင်း ဖြစ်လတ္တံ့''ဟု မိန့်တော်မူ၏။

ဧကာဒသမမြင်မက်သည်ကား။ ။''အရှင်ဘုရား....အဖိုးတသိန်း ထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ရည်ဖြင့် ရောင်းဝယ်သည်ကို မြင်၏''ဟု လျှောက်၏။

''မင်းကြီး—နောင်အခါ ငါဘုရား၏ သာသနာတော် လျော့ကျသောအခါ၌ ပစ္စည်းလေးပါးတို့ကို မက်မောကုန်သော အလဇ္ဇီ ရဟန်းတို့သည် ပစ္စည်းဟူသော အကြောင်းကြောင့်သာလျှင် တရားဟောကုန်လတ္တံ့။ ပစ္စည်းလေးပါးမှ လွတ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်စိမ့်သောငှါ နိဗ္ဗာန်ဘက်၌ တည်၍ နိဗ္ဗာန်သို့ ရှေးဦးပြု၍ ဟောခြင်းငှါ မစွမ်းနိုင်လတ္တံ့''ဟု မိန့်တော်မူ၏။

ဒွါဒသမမြင်မက်သည်ကား။ ။''အရှင်ဘုရား....အချည်းနှီးသော ဗူးတောင်းတို့သည် ရေ၌နစ်သည်ကို မြင်၏''ဟု လျှောက်၏။

''မင်းကြီး နောင်သောအခါ အဓမ္မိကမင်းတို့ လက်ထက် ယှင်းပျက် ဖောက်ပြန်၍ မင်းတို့သည် အမျိုးကောင်းသားတို့အား စည်းစိမ်ကို မပေးမူ၍ အမျိုးယုတ်သော သူတို့ကိုသာလျှင်

စည်းစိမ်ပေး၍ အစိုးရသည် ဖြစ်ကုန်လတ္တံ့။ ထိုအမျိုးကောင်းသားတို့သည် ဆင်းရဲကုန်သောကြောင့် ပြောဆိုသော စကားသည် မင်း၏ ရှေ့မှောက်, အမတ်၏ ရှေ့မှောက်, ဟရားဆုံးဖြတ်ရာတို့၌ မတည်လတ္တံ့။ ဗူးတောင်း နစ်လေသကဲ့သို့ အမျိုးကောင်းသားတို့၏ စကားသည် နစ်မြုပ်၍ အမျိုးယုတ်သော သူတို့၏ စကားသာလျှင် ပေါ်၍တည်ရလတ္တံ့။ ရဟန်း သံဃာတို့၏ အစည်းအဝေး အမှုကြီးငယ်ပြုရာ ဝိနည်းဆုံးဖြတ်ရာ အရပ်တို့၌လည်း ဒုဿီလ ပါပပုဂ္ဂိုလ်တို့၏ စကားသာလျှင် တည်ရလတ္တံ့။ လဇ္ဇီသူမြတ် ရဟန်း အမျိုးကောင်းသားတို့၏ စကားသည် မတည်လတ္တံ့.''ဟု မိန့်တော်မူ၏။

တေရသမမြင်မက်သည်ကား။ ။''အရှင်ဘုရား....ကြီးစွာသော စုလစ်မွမ်းချွန် ပမာဏရှိသော တခဲနက်သောကျောက်သည် လှေကဲ့သို့ ရေဝယ် ပေါ်လော ပေါ်သည်ကို မြင်မက်၏''ဟု လျှောက်၏။

''မင်းကြီး...နောင်သောအခါ အဓမ္မိက ရာဇာမင်းတို့သည် အမျိုးယုတ်သော သူတို့အားစည်းစိမ်ကို ပေး၍ အမျိုးမြတ်သောသူတို့သည် ဆင်းရဲကုန်၏။ ထိုအမျိုးမြတ်သောသူတို့၌ ငဲ့စုံတယောက်သောသူတို့သည် ရှိသေခြင်းကို မပြုလတ္တံ့။ မင်း၏ ရှေ့မှောက် စသည်တို့၌ သူမြတ်တို့၏ စကားသည် သက်ဝင်၍ မတည်နိုင်ကုန်လတ္တံ့။ ဆိုပါသော်လည်း ပြက်ရယ်မှုပြုသည်သာ ဖြစ်လတ္တံ့။ သံဃာအစည်းအဝေး၌လည်း သီလရှိသော ရဟန်းတို့ကို အရှိအသေ ပြုအင်၏-ဟု မအောက်မေ့ကုန်လတ္တံ့။ ထိုလဇ္ဇီသူတော် ရဟန်းတို့ စကားသည် သက်ဝင်၍ မတည်နိုင်လတ္တံ့.''ဟု မိန့်တော်မူ၏။

စုဒ္ဒသမမြင်မက်သည်ကား။ ။''သင်မည်စည်ပွင့်မျှသော ဖားမတို့သည် ကြီးစွာသော လျင်သော အဆိပ်ရှိသော မြွေကို လျင်စွာလိုက်၍ ကြာရိုးကဲ့သို့ ဖြတ်၍ အသားကို စားမျိုကုန်သည်တို့ကို မြင်မက်၏''ဟု လျှောက်၏။

''မင်းကြီး....နောင်သောအခါ လောက၌ လူတို့သည် ကိလေသာ ထူပြောကုန်သည် ဖြစ်၍ ကိလေသာ၏ အလိုသို့ လိုက်ကုန်သည်ဖြစ်၍ မယားတို့၏အလိုသို့ လိုက်ကုန်လတ္တံ့။ အိမ်၌ အမှုလုပ်သောသူမှစ၍ ရွှေ ငွေအလုံးစုံကို ထိုမယားငယ်တို့အားသာလျှင် ဆောင်နှင်းကုန်လတ္တံ့။ ရွှေငွေတို့၏ အချင့်အချိန် အရပ်ရပ်တို့ကို သိလို၍ အဘယ်နည်းဟု မေးသည်ရှိသော် ''များလိုများနည်းလိုနည်း သင့်အား ဤလုံ့လဖြင့် ဘယ်အတွက် ရှိအံ့နည်း။ သင်သည် ငါ၏အိမ်၌ ရှိသည် မရှိသည်ကို သိချင်သေးသလော''ဟု ဆို၍ အထူးထူး အပြားပြားဖြင့် ဆဲရေး၍ နှုတ်လုံ့ထိုးခြင်းတို့ဖြင့် သိပ်နှယ်၍ ကျွန်သားပေါက်ကဲ့သို့ အလိုအတိုင်းပြု၍ မိမိ၏အစိုးရခြင်းကို ဖြစ်လတ္တံ့.''ဟု မိန့်တော်မူ၏။

ပန္နရသမမြင်မက်သည်ကား။ ။''ဆယ်ပါးသော မသူတော်တရားတို့နှင့် ပြည့်စုံသော ရွာ၌ ကျက်စားသော ကျီးကို ရွှေဟင်္သာတို့ ခြံရံသည်ကို မြင်မက်၏''ဟု လျှောက်၏။

''မင်းကြီး....နောင်အခါ မင်းတို့သည် ဆင်ဘတတ် အစရှိသည်တို့၌မလိမ္မာကုန်။ စစ်ထိုးခြင်း၌ မရဲရင့်ကုန်။ ထိုမင်းတို့သည် မိမိ၏ မင်းအဖြစ်၌ ပျက်စီးခြင်းကို ရွံ့ရှာသည်ဖြစ်၍ အမျိုးမြတ်သော သူတို့အား စည်းစိမ်ချမ်းသာကို မပေးမူ၍ မိမိခြေရင်းစောင့် ဖြစ်ကုန်သော ဆတ္တာသည် အစရှိကုန်သော ယုတ်မာသော သူတို့အားသာ စည်းစိမ်ချမ်းသာကို ပေးကုန်လတ္တံ့။ အမျိုးအနွယ်

မြတ်သော သူဘို့သည် မင်း၏အိမ်၌ တည်ရာကို မရသည်ဖြစ်၍ အသက်ကို မွေးပါစိမ့်သောငှါ အမျိုးယုတ်သော သူတို့အထံမှာပင် ခြံရံစားရလတ္တံ့”ဟု မိန့်တော်မူ၏။

သော၁၄သမမြင်မက်သည်ကား။ ။“အရှင်ဘုရား....သစ်တို့သည် ဆိတ်တို့ကို စားကုန်၏။ ယခု အခါကား ဆိတ်တို့သည် သစ်တို့ကို လိုက်၍ ရှပ်ရှပ်ဝါး၍ စားသည်ကိုလည်း မြင်မက်၏။ ထိုမှတပါး သစ်တို့သည် ဆိတ်တို့ကို အဝေးကမြင်၍ ကြောက်လန့်ကုန်သည် ဖြစ်၍ ချုံပုပ္ပွေါင်းတို့သို့ လျိုးဝင် ပုန်းအောင်းသည်ကိုပင် မြင်မက်၏”ဟု လျှောက်၏။

“မင်းကြီး....နောင်အခါ အဓမ္မိကတို့လက်ထက်အမျိုးယုတ်တို့သည် မင်းနှင့်အကျွမ်းဝင်၍အစိုးရသည် ဖြစ်ကုန်လတ္တံ့။ အမျိုးကောင်းသားတို့အား ဆင်းရဲကုန်လတ္တံ့။အမျိုးယုတ်တို့သည် မင်းနှင့် အကျွမ်းဝင်သည် ဖြစ်၍ မင်းကို မိမိတို့ စကားကို ယူစေ၍ တရားဆုံးဖြတ်ရာ စသည်တို့၌ အားရှိကုန်သည်ဖြစ်၍ အမျိုးမြတ်တို့အား အစဉ်အဆက်မှလာသော လယ်ယာစသည်တို့ကို “ငါတို့၏ ဥစ္စာတည်း”ဟု တရားပြု၍ အကျိုးမြတ်သော သူတို့သည်လည်း ‘‘သင်တို့၏ ဥစ္စာမဟုတ်”ဟု တရားပြိုင်ဆိုင်သည်ရှိသော် ကြိမ်နှယ်တို့ဖြင့် ပုတ်ခတ်စေ၍ လည်၌ ကိုင်၍ ထုတ်စေ၏။ ကိုယ်နှင့် ဝန်မတန်ကိုလည်း မသိ။ ငါတို့နှင့်တကွ ငြင်းခုံရာသလော၊ ယခုပင် မင်းကို လျှောက်၍ လက်ခြေ ဖြတ်ခြင်း စသည်တို့ကို ပြုစေအံ့-ဟု ခြိမ်းခြောက်၏။ ထိုသူတို့ကို ကြောက်သောအားဖြင့် ကိုယ်၏ ဥစ္စာဖြစ်သော လယ်ယာ တို့ကို ယူတော်မူပါလေ-ဟု ဆောင်နှင်းခဲ့၍ မိမိအိမ်၌ ကြောက်လန့်သဖြင့် အိပ်နေရကုန်လတ္တံ့။ ယုတ်မာသော အလဇ္ဇီရဟန်း တို့လည်း သီလရှိသော ရဟန်းတို့ကို အလိုအတိုင်း နှိပ်စက်ကုန်လတ္တံ့။ သီလရှိသော ရဟန်းတို့သည် ကိုးကွယ်ရာ မရကုန်သဖြင့် တောသို့ဝင်၍ ချုံပုပ္ပွေါင်းရှိသော အရပ်တို့၌သာ ပုန်းအောင်း၍ နေကုန်ရလတ္တံ့”ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူပြီးလျှင်....“ယခုအခါ၌သာ သင်သည် မြင်မက်သည်မဟုတ်၊ ရှေးမင်းတို့သည်လည်း ဤကဲ့သို့ပင် မြင်မက်ဖူးကုန်သည်”ဟု မိန့်တော်မူပြီးလျှင် အတိတ်ကို ဆောင်တော်မူ၏။

ထိုဇာတ်၌ ဗာရာဏသီမင်းသည် အိပ်မက် ၁၆-ပါးကို မြင်၍ ပုဏ္ဏားတို့ကို မေးသော်-မဖြေနိုင်၍ “အန္တရာယ် ကြီးစွာ ဖြစ်လတ္တံ့။ သတ္တဝါတို့ကိုသတ်၍ ယဇ်နတ်တင်လော့”ဟု ဆို၏။ မင်းလည်း ထိုစကားကိုယုံ၍ သတ္တဝါတို့ကို သတ်မည်ပြု၏။ လုလင်တယောက်သည် ‘ဤအမှုသည် မဟုတ်တန်ရာ”ဟု ပညာရှိကို ရှာသောအခါ ငါတို့ဘုရားလောင်း ရသေ့ကိုတွေ့၏။ မင်းနှင့်လုလင်သည် ဘုရားလောင်းရသေ့သို့ ကပ်၍ အိပ်မက်အခြင်းအရာ အကြောင်းတို့ကို မေးလျှောက်၏။ ရသေ့လည်း ဘုရားသခင်ဖြေသကဲ့သို့ ဖြေပေ၏။ သတ္တဝါတို့သည် ချမ်းသာရကုန်၏။ ‘‘အိပ်မက်မြင်သော မင်းကား အာနန္ဒာ။ လုလင်ကား သာရိပုတြာ။ အိပ်မက်ဖြေသော ရသေ့ကား ငါဘုရား ဖြစ်တော်မူ၏”ဟု ဇာတ်ကိုပေါင်းတော်မူ၏။

စကားပြေ လှအောင်ဆိုသော် ကျယ်မည်စိုး၍ အလျဉ်မပြတ်ရုံမျှ ကောက်ကာ ခုန်ကာ ဆိုလိုက်ပေသည်။ ဤကား ကောသလမင်းကြီး မြင်မက်သော အိပ်မက်တည်း။

ဤ အိပ်မက်ကို ဖြေရာ၌ မည်သည့်ကာလ အစဖြစ်၍ မည်သည့်ကာလ အဆုံးဖြစ်မည်-ဟု ဘုရား ဟောတော်မမူ “အဓမ္မိကမင်းတို့၏ လက်ထက်ဖြစ်မည်” ဟူ၍သာ ဟောတော်မူသောကြောင့် အဋ္ဌကထာ ဋီကာဆရာတို့လည်း အခါကို မပိုင်းခြားနိုင်ကြ။ အဓမ္မမင်း မင်းပြုသောအခါ ဟူသမျှ၌ပင် ဖြစ်မည်-ဟု ယူရန်ရှိ၏။

၄၄၉။ အဝတ်ကဲရပ်၊ ငွေနှစ်ကျပ်၊ သွင်းအပ်ကြေးနီ ဘယ်မျှနည်း။ (၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ငွေစင် တပိဿာတွင် ကြေးနီတဆယ့်နှစ်ကျပ်, နှစ်မတ် သွင်းသည်ကို အဝက်ကဲ ခေါ်ရကား ငွေကျပ်ချိန် တဆယ်တွင် ကြေးနီ ငါးမတ်သွင်းသည်။ ငွေချိန် နှစ်ကျပ်တွင် ကြေးတမတ် သွင်းသည် ဟူပေ၏။

ဤစကား၌ ငွေကဲတွက်နည်းကို ပြဆိုလိုက်ဦးအံ့—

။ ငွေတပိဿာတွင် ကြေးနီ တကျပ်။ ငွေတဆယ်လျှင် ကြေးနီ တမူး သွင်းသည်ကို တမူးကဲ ခေါ်သည်။

ငွေတပိဿာတွင် ကြေးနီ နှစ်ကျပ်။ ငွေတဆယ်လျှင် ကြေးနီနှစ်မူး သွင်းသည်ကို နှစ်မူးကဲ ခေါ်သည်။

ဤနည်းတူ သုံးမူးကဲ၊ လေးမူးကဲ၊ ငါးမူးကဲ၊ ခြောက်မူးကဲ၊ ခုနစ်မူးကဲ၊ ရှစ်မူးကဲ၊ ကိုးမူးကဲ တို့၌လည်း သိရမည်။

ငွေတပိဿာလျှင် ကြေးနီတဆယ်။ ငွေတဆယ်လျှင် ကြေးနီ တကျပ်သွင်းသည်ကို တဆယ်ကဲ ခေါ်သည်။

ငွေတပိဿာလျှင် ကြေးနီ နှစ်ဆယ်။ ငွေတဆယ်လျှင် ကြေးနီ နှစ်ကျပ်သွင်းသည်ကို နှစ်ဆယ်ကဲခေါ်သည်။

ဤနည်းတူ သုံးဆယ်ကဲ၊ လေးဆယ်ကဲ၊ ငါးဆယ်ကဲ၊ ခြောက်ဆယ်ကဲ၊ ခုနစ်ဆယ်ကဲ၊ ရှစ်ဆယ်ကဲ၊ ကိုးဆယ်ကဲ တို့၌လည်း သိရမည်။

ငွေတပိဿာတွင် ကြေးနီ တဆယ့်နှစ်ကျပ်, နှစ်မတ်။ ငွေ တဆယ်လျှင် ငါးမတ် သွင်းသည်ကို ငါးမတ်ကဲခေါ်သည်။

ငွေတပိဿာလျှင် ကြေးနီ တဆယ့်ငါးကျပ်။ ငွေတဆယ်လျှင် ကြေးနီတကျပ်, နှစ်မတ် သွင်းသည်ကို တဆယ့်ငါးကျပ်ကဲ ခေါ်သည်။

ငွေ တပိဿာလျှင် ကြေးနီ နှစ်ဆယ့် ငါးကျပ်။ ငွေ တဆယ်လျှင် ကြေးနီ နှစ်ကျပ်, နှစ်မတ် သွင်းသည်ကို အစိတ်ကဲ ခေါ်သည်။

ဤနည်းတူ သုံးဆယ့်ငါးကျပ်ကဲ၊ လေးဆယ့် ငါးကျပ်ကဲ၊ ငါးဆယ့် ငါးကျပ်ကဲ၊ ခြောက်ဆယ့် ငါးကျပ်ကဲ၊ ခုနစ်ဆယ့် ငါးကျပ်ကဲ၊ ရှစ်ဆယ့်ငါးကျပ်ကဲ၊ ကိုးဆယ့် ငါးကျပ်ကဲတို့ကို သိရမည်။

ယင်းသို့ဖြစ်၍ ရွက်နီစစ်တွက်လိုသော်- တမူးမှစ၍ ကိုးမူးကဲ တိုင်အောင် ခြောက်ကိန်း တရာ။ စားကိန်းမှာကား တမူးကဲ၌ တရာ့တစ်။ နှစ်မူးကဲ၌ တရာ့နှစ်။ သုံးမူးကဲ၌ တရာ့သုံး။ လေးမူးကဲ၌ တရာ့လေး။ ငါးမူးကဲ၌ တရာ့ငါး။ ခြောက်မူးကဲ၌ တရာ့ခြောက်။ ခုနစ်မူးကဲ၌ တရာ့ခုနစ်။ ရှစ်မူးကဲ၌ တရာ့ရှစ်။ ကိုးမူးကဲ၌ တရာ့ကိုး ဟူ၍မှတ်။

ဗုဒ္ဓစုံကျော်ထင် ၂၀–ပ·မ·သ·စ

တဆယ်ကဲမှစ၍ ကိုးဆယ်ကဲတိုင်အောင် မြှောက်ကိန်းတဆယ်။ စားကိန်းမှာ တဆယ်ကဲ၌ တဆယ့်တစ်။ နှစ်ဆယ်ကဲ၌ တဆယ့်နှစ်။ သုံးဆယ်ကဲ၌ တဆယ့်သုံး။ လေးဆယ်ကဲ၌ တဆယ့်လေး။ ငါးဆယ်ကဲ၌ တဆယ့်ငါး။ ခြောက်ဆယ်ကဲ၌ တဆယ့်ခြောက်။ ခုနစ်ဆယ်ကဲ၌ တဆယ့်ခုနစ်။ ရှစ်ဆယ်ကဲ၌ တဆယ့်ရှစ်။ ကိုးဆယ်ကဲ၌ တဆယ့်ကိုး ဟူ၍မှတ်။

မတ်စွန်းရှိသော အကဲစု၌ စားခြေ မြှောက်ခြေကို မတ်ဖွဲ့ရမည်ဖြစ်၍ ငါးမတ်ကဲမှစ၍ ကိုးဆယ့်ငါးကျပ်ကဲ တိုင်အောင် မြှောက်ကိန်း လေးဆယ်။ စားကိန်းမှာ ငါးမတ်ကဲ၌ လေးဆယ့်ငါး။ တကျပ်နှစ်မတ်ကဲ၌ လေးဆယ့်ခြောက်။ နှစ်ကျပ်ငါးမတ်ကဲ၌ ငါးဆယ်။ သုံးဆယ့်ငါးကျပ်ကဲ၌ ငါးဆယ့်လေး။ လေးဆယ့်ငါးကျပ်ကဲ၌ ငါးဆယ့်ရှစ်။ ငါးဆယ့်ငါးကျပ်ကဲ၌ ခြောက်ဆယ့်နှစ်။ ခြောက်ဆယ့်ငါးကျပ်ကဲ၌ ခြောက်ဆယ့်ခြောက်။ ခုနစ်ဆယ့်ငါးကျပ်ကဲ၌ ခုနစ်ဆယ်။ ရှစ်ဆယ့်ငါးကျပ်ကဲ၌ ခုနစ်ဆယ့်လေး။ ကိုးဆယ့်ငါးကျပ်ကဲ၌ ခုနစ်ဆယ့်ရှစ် ဟူ၍မှတ်။

ငွေချိန်ကျပ်ရေ တည်ပေတုံမြှောက် လိုရာငွေ၏ မြှောက်ခြေနှင့်ပင် မြှောက် မဖောက် စားခြေ စားတို့လေ လဒ်ငွေရှက်နိုရ။ ဤနည်းနှင့် ရှက်နိုစစ်လေ။

ဈေးရင်းငွေ၏ ကျပ်ရေတည်လတ် ဆတ်လိုငွေ၏ စားခြေမြှောက်လျှင်း ဈေးရင်း စားချေ စားတို့ပေ လဒ်ငွေ ပေးဖို့ရ။ မီးရှုတ် မီးတက်။

ဤကား နောက်သားတို့ နည်းရစိမ့်သောငှာ အကျဉ်းပြလိုက်သည်။

၅၀၀။ ပလလည်းစပ်၊ တောမြိုင်ရပ်၊ ဝါကပ် ကျောင်းတော် ရှိလိမ့်နည်း။ (၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တတြသုဒံ ဘဂဝါ ပါလိလေယျကံ ဥပနိဿာယ ရက္ခိတဝနသဏ္ဍေ ဘဒ္ဒသာလရုက္ခမူလေ ပါလိလေယျကေန ဟတ္ထိနာ ဥပဋ္ဌဟမာနော ဖာသုကာ ဝဿာဝါသံ ဝသိ။
(ဓမ္မပဒအဋ္ဌကထာ)

ဒသမံ ပါလိလေယျကဝနသဏ္ဍေ ဝသိ၊
(ဗုဒ္ဓဝင် အဋ္ဌကထာ။ အပဒါန်အဋ္ဌကထာ)

ဤသို့ ကျမ်းလာသောကြောင့် မြတ်စွာဘုရားသည် ဆယ်ဝါ မြောက်အံ့သော ဝါ၌ ပါလိလေယျက ဆင်ကို အမှီပြု၍ ထိုဆင် စောင့်နေအပ်သော တောအုပ်၏ အတွင်း အင်ကြင်းပင်ကြီး၏ အရင်း၌ ပါလိလေယျက ဆင်မင်း၏ အလုပ်အကျွေးကို ခံလျက် ချမ်းသာစွာ ဝါကပ်တော်မူသည်။ ဝါဆိုရန် ကျောင်းတော် မရှိ ဟူ၍ သိအပ်၏။

ကျောင်း မရှိသော် ဝါမကပ်သင့်ကြောင်းကို ရဟန်းတို့အား ပညတ်သည် မဟုတ်လော။ ပညတ်တိုင်း ဘယ့်ကြောင့် ကိုယ်တော် မကျင့်သနည်း ဟူငြားအံ့- ကိုယ်တော်မှာ ဓမ္မိဿရ ဖြစ်သောကြောင့် အပြစ်မရှိ ဟူပေ။

၅၀၁။ ကံငွေ့ပစပ်၊ မမြင်အပ်၊ ကလာပ်ရှစ်ပါး အဘယ်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"လေ တည်းဟူသော ဝါယောဓာတ်၌ရှိသော ဉတုဇ အဋ္ဌကလာပ်တည်း" ဟု ဖြေ။

လေ၌ အဋ္ဌကလာပ်ရှပ် ရှိကြောင်းကို အဘယ်ကိုထောက်၍ သိအပ်သနည်းဟူမူ–

"ဥဏှသမယေ ဝါတပါနံ ဝိဝရာပေတွာ ဝါတေန သရီရံ ပဟာရာပေတွာ ဌိတော မန္ဒမန္ဒေ ဝါတေ ပဟာရန္တေ ကိဋ္ဌာပိ တတ္ထ ပထဝီပိ အတ္ထိ၊ တေဇောပိ အတ္ထိ၊ ဝါကမေဝ အာဘုဇတိ"

ဟူ၍ အဋ္ဌသာလိနီ၌ မိန့်အပ်ပြီ။

ဥဏှသမယေ၊ ပူအိုက်သောအခါ၌။ ဝါတပါနံ၊ လေသောက်တံခါးကို။ ဝိဝရာပေတွာ၊ ဖွင့်လှစ်၍။ ဝါတေန၊ လေဖြင့်။ သရီရံ၊ ကိုယ်ကို။ ပဟာရာပေတွာ၊ ခပ်စေ၍။ ဌိတော၊ တည်သောသူကို။ မန္ဒမန္ဒေ၊ ငြင်းငြင်းသော။ ဝါတေ၊ လေသည်။ ပဟာရန္တေ၊ ခပ်သည်ရှိသော်။ တတ္ထ၊ ထိုခပ်သောလေ၌။ ပထဝီပိ၊ ပထဝီဓာတ်သည်လည်း။ ကိဋ္ဌာပိ အတ္ထိ၊ အကယ်၍ရှိ၏။ တေဇောပိ၊ တေဇောဓာတ်သည်လည်း။ ကိဋ္ဌာပိ အတ္ထိ၊ အကယ်၍ရှိ၏။ တထာပိ၊ ထိုသို့ရှိငြားသော်လည်း။ ဝါတမေဝ၊ ဝါယောဓာတ်ကိုသာလျှင်။ အာဘုဇတိ၊ နှလုံးသွင်း၏။

ဤပါဌ်တို့၌ 'ပိ' သဒ္ဒါဖြင့် ကြွင်းသော ရုပ်ခြောက်ပါးကို ပေါင်းသည်။ ဘယ့်ကြောင့်နည်း— ဟူမူ.... အဋ္ဌကလာပ်ရုပ်သည် အသီး အသီး ခွဲ၍ မဖြစ်သောကြောင့်တည်း။

၅၀၂။ ဖဝါးတော်ရပ်၊ မြူမကပ်၊ မြူလုပ်စေသထီး ဘယ့်ကြောင့်နည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပညဝန္တ၊ ပညာရှိသောသူတို့သို့။ ဥပသင်္ကမ္မ၊ ဆည်းကပ်၍။ ကုသလာဒီနံ၊ ကုသိုလ်အစရှိသော တရားတို့ကို။ ပုစ္ဆနာ၊ ဆွေးနွေးမေးမြန်း စုံစမ်းတော်မူခဲ့ဖူးသောကြောင့်။ သုခုမဋ္ဌဝိဘာဝ၊ သိမ်မွေ့သောအရေရှိသော အဖြစ်သည်လည်းကောင်း။ ကာယေ၊ ကိုယ်တော်၌။ ရဇောဇလ္လံ၊ မြူမှုန့်စက်ကြေးသည်လည်းကောင်း။ နုပလိမ္ပတိ၊မလိမ်းကပ်။

ဤကား အလုံးစုံသောကိုယ်တော်၌ မြူမကပ်သောအကြောင်းကည်း။

ဖဝါးတော်၌ မြူမကပ်သောအကြောင်းကို လက္ခဏာသုတ်၌ တိုက်ရိုက်မတွေ့။ ရှေးဆရာတို့၏ ဂါထာပူကား ဤသို့ တွေ့ဖူး၏။

ဂစ္ဆတော ဗုဒ္ဓသေဋ္ဌဿ၊ ပဒေ ပါဒတလာ မုဒု။
သမံ သံဖုသတေ ဘူမိ၊ ရဇသာ နုပလိမ္ပတိ။

ဂစ္ဆတော၊ ကြွတော်မူသော။ ဗုဒ္ဓသေဋ္ဌဿ၊ မြတ်စွာဘုရား၏။ ပဟဋ္ဌာ၊ အောက်ဖြစ်သော။ ပါဒတလာ၊ ဖဝါးတော်အပြင်သည်။ မုဒူ၊ နူးညံ့သိမ်မွေ့၏။ သမံ၊ အညီအမျှ။ ဘူမိံ၊ မြေကို။ သံဖုသတေ၊ ကောင်းစွာထိ၏။ ရဇသာ၊ မြူဖြင့်။ နုပလိမ္ပတိ၊ မလိမ်းကပ်။

ဤ၌လည်း ဖဝါးတော်တွင် မြူမကပ်ကြောင်းကား "အလွန်နူးညံ့သိမ်မွေ့သောကြောင့်" ဟု စကားကျ၏။ ရှေးကသိုလ်ကိုကား မပြချေ။

၃၀၃။ ပုဆစ်ထက်ကြပ်၊ လက်သုံးသပ် ရပ်လျက် မှီကြောင်းဘယ်ကံနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

၃ ပုဗ္ဗေသု၊ ရှေးရှေးသောအဖြစ်တို့၌။ အယံ၊ ဤသူသည်။ ဋ္ဌပံ၊ ဤဝတ္ထုကို။ အရဟတိ၊ ထိုက်၏။ ဋ္ဌတိ၊ ဤသို့။ ပုရိသဝိသေသဇာနနာ၊ ပုဂ္ဂိုလ်ထူး၏ ကျေးဇူးဂုဏ်ကိုသိသဖြင့်။ အနုဂ္ဂဟတော၊ ချီးမြှင့်တော်မူဖူးသည်၏ အဖြစ်ကြောင့်။ ဋ္ဌိတောဝ၊ ရပ်၍သာလျှင်။ ဇာဏုံ၊ ပုဆစ်တော်ကို။ ဂဏှာတိ၊ လက်ဖြင့် သုံးသပ်တော်မူနိုင်၏။ ။ရှင်းလက္ခဏာသုတ်။

၃၀၄။ စည်သွယ်ချောသပ်၊ နုဖပ်ဖပ်၊ စေ့စပ်လက်ချောင်း ဘယ့်ကြောင့်နည်း။ (၈)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

ရှေးရှေးဘဝတို့၌ သူတပါးတို့အား ပေးကမ်းခြင်း,
ချစ်ဖွယ်သောစကားကို ဆိုခြင်း,
သူ၏ အကျိုးစီးပွားကို ကျင့်ခြင်း,
ခက်ထန်သောသူတို့အား နူးညံ့ ပြေပြစ်အောင် ဆုံးမခြင်း,
ကိုယ်နှင့် ထပ်တူထားခြင်း

တည်းဟူသော သင်္ဂဟဝတ္ထုတို့ဖြင့် ချီးမြှောက်တော် မူခဲ့ဖူးသောကြောင့် မုဒုတရုဏဟတ္ထလက္ခဏာကို ရတော်မူသည်။ ။အနန္တဂုဏသာရ။

၃၀၅။ ရှစ်ပါးအရပ်၊ လောင်းမကပ်၊ ဇာတ်ရပ်များ၏ မည်သို့နည်း။ (၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပစ္စန္တေဇော အရူပိနော၊ ဝိကလင်္ဂေါ အသညဇော။
မိစ္ဆာဒိဋ္ဌိ တိရစ္ဆာနော၊ ပေတော နေရယိကော ပိစ။
ဣမေဝ အဋ္ဌ ဝဇ္ဇကာ။

ပစ္စန္တဇော၊ သာသနာတော် မတည်သော ပစ္စန္တရစ်၌ ဖြစ်ခြင်း။ အရူပိနော၊ နာမ်သာရှိ၍ ရုပ်မရှိသော အရူပလေးဘုံ၌ ဖြစ်ခြင်း။ ဝိကလင်္ဂေါ၊ လက်,ခြေ,မျက်စိ,နား အစရှိသော အင်္ဂါတပါးပါး ချို့သောသူ ဖြစ်ခြင်း။ အသညဇော၊ ရုပ်သာရှိ၍ နာမ်မရှိသော အသညသတ်ဘုံ၌ ဖြစ်ခြင်း။ မိစ္ဆာဒိဋ္ဌိ၊ နိယတမိစ္ဆာဒိဋ္ဌိအမျိုး၌ ဖြစ်ခြင်း။ တိရစ္ဆာနော၊ တိရစ္ဆာန်အမျိုး၌ ဖြစ်ခြင်း။ပေတော၊ ပြိတ္တာဘုံ၌ဖြစ်ခြင်း။ နေရယိကောပိ စ၊ ငရဲကြီးရှစ်ထပ်၌ဖြစ်ခြင်း။ ဣမေဝ အဋ္ဌ၊ ဤရှစ်ပါးသော အရပ်တို့သည်သာလျှင်။ ဝဇ္ဇကာ၊ အပြစ်ရှိသော အရပ်မည်ကုန်၏။

ဤအရပ်ရှစ်ပါးတို့သို့ ဘုရားအလောင်းတော်တို့ မရောက်မကပ်ဟုဆိုသည်။ ငှံးမင်း,ခါမင်း, ကျေးမင်း,သမင်မင်း အစရှိသော တိရစ္ဆာန် ဖြစ်ရသောဇာတ်ကား အလွန်များ၏။ အဘယ်သို့ သိနိုင်ပါအံ့နည်းဟု မေးလိုသည်။

အဖြေကား...ဤရပ်ပြစ်ရှစ်ပါးသို့ အလောင်းတော်တို့ မရောက်မကပ်ကြောင်းကို ကျမ်းဂန်မလာ။ တဆယ့်ရှစ်ပါးသောအရပ်သို့ မကပ်မရောက်ကြောင်းကိုသာ ကျမ်းဂန်၌ လာသည်ဟုဖြေ။

တဆယ့်ရှစ်ပါး ဟူသည်ကား—

န ဇစ္စန္ဓော၊ န ဇစ္စဗဓိရော၊ န ဥမ္မတ္တကော၊ န ဧဠမူဂေါ၊ န ပီဌသပ္ပီ၊ န မိလက္ခေသု ဥပ္ပဇ္ဇတိ၊ န ဒါသိကုစ္ဆိယံ နိဗ္ဗတ္တတိ၊ န နိယတမိစ္ဆာဒိဋ္ဌိကော၊ န လိင်္ဂံပရိဝတ္တိ၊ န အာနန္တရိယကမ္မိကော၊ န ကုဋ္ဌီ၊ န တိရစ္ဆာနယောနိယံ ဝဋ္ဋကတော ပစ္ဆိမတ္တဘာဝေါ၊ န ခုပ္ပိပါသိက, နိဇ္ဈာမတဏှိကပေတ,ကာလကဉ္စိကပေတေသု ဥပ္ပဇ္ဇတိ၊ န အဝီစိနိရယေ၊ န လောကန္တရနိရယေ၊ န ကာမာဝစရေသု မာရော။ န ရူပါဝစရေသု အသညီဘာဝသုဒ္ဓါဝါသေသု ဥပ္ပဇ္ဇတိ၊ န အန္တိမဘာဝေသု၊ န အညံ စက္ကဝါဠံ သင်္ကမတိ။

ဟူ၍ သုတ္တနိပါတ် အဋ္ဌကထာ၊ ဗုဒ္ဓဝင်၊ အပဒါန်ကျမ်းတို့၌ လာသည်။

အဓိပ္ပာယ်ကား။ ။ ဗျာဒိတ်ရပြီးသော ဘုရားအလောင်းတို့သည်....

ပဋိသန္ဓေအားဖြင့် မျက်စိကန်းသည် ဖြစ်တော်မမူ။

ပဋိသန္ဓေအားဖြင့် နားပင်းသည် ဖြစ်တော်မမူ။

ပဋိသန္ဓေအားဖြင့် ရူးသွပ်သည် ဖြစ်တော်မမူ။

အရိယိုသည် ဖြစ်တော်မမူ။

ဆွံ့အသည် ဖြစ်တော်မမူ။

တောတွင်း, တောင်တွင်းဟူသော လူရိုင်းမျိုးတို့၌လည်း ဖြစ်တော်မမူ။

ကျွန်မဝမ်း၌ ဖြစ်တော်မမူ။

နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသော အမျိုး၌ ဖြစ်တော်မမူ။

ယောကျ်ားလိင်မှသည် မိန်းမလိင်, (မိန်းမလိင်မှသည် ယောကျ်ားလိင်)သို့ ပြန်လည်၍ ဖြစ်တော်မမူ။

အာနန္တရိယကံ ငါးပါးတွင် တပါးပါးကိုမျှ ပြုတော်မမူ။

နူနာရှိသည် ဖြစ်တော်မမူ။

တိရစ္ဆာန်အမျိုး၌ ဖြစ်သော်လည်း ငယ်စွအဆုံး ငုံးအောက် ငယ်သော တိရစ္ဆာန်,(ကြီးစွ အဆုံး ဆင်ပြောင်ကြီးထက် ကြီးသော တိရစ္ဆာန် ဖြစ်တော်မမူ)။

ပြိတ္တာအမျိုးတွင်လည်း ခုပ္ပိပါသိကပြိတ္တာ, နိဇ္ဈာမတဏှိကပြိတ္တာ, ကာလကဉ္စိကပြိတ္တာတို့၌ ဖြစ်တော်မမူ။

အဝီစိ ငရဲ၌လည်းကောင်း, လောကန္တရိက်ငရဲ၌လည်းကောင်း ဖြစ်တော်မမူ။

ကာမာဝစရနတ်တို့တွင် မာရ်နတ် ဖြစ်တော်မမူ။

ရူပါဝစရဘုံတို့တွင် သုဒ္ဓါဝါသ ငါးဘုံ၌ ဖြစ်တော်မမူ။

အသညသတ်ဘုံ၌လည်း ဖြစ်တော်မမူ။

(အဆုံးစွန်သော ဘဝ၌)ဤစကြဝဠာမှတပါး အခြားစကြဝဠာ၌လည်း ဖြစ်တော်မမူ။

ဤတဆယ့်ရှစ်ပါးသော အရပ်တို့သည် အလောင်းတော်တို့ မဖြစ်ထိုက်သော အဘဗ္ဗဋ္ဌာန မည်ကုန်၏။

ယခင် ရပ်ပြစ်မှုစ်ပါးသည် ဤအဘဗ္ဗဋ္ဌာန တဆယ့်ရှစ်ရပ်၌ ဝင်သည်။ ဝင်သော်လည်း တိရစ္ဆာန်အမျိုး၌ ငုံးအောက်အယုတ်, (ဆင်ပြောင်ထက် အလွန်)ဟူ၍ ပမာဏထားလျက်ပြသော ကြောင့် ထိုအတိုင်းသော ယူမှတ်ရမည်ဟု ဖြေ။

၃၀၆။ ကောင်းခြင်းသုံးရပ်၊ မြင်းနှင့်စပ်၊ မွေးအပ် ဘယ်သုံးပါးတို့နည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အစပ်ငါးပါး ဟူသော်ကား....

သမင်လှမ်း ဟူသော မြင်းရေးတပါး,
အသာသွားဟူသော မြင်းရေးတပါး,
ဆင်ရံဟူသော မြင်းရေးတပါး,
အရှိင်ပြေး ဟူသော မြင်းရေးတပါး,
အပြင်းပြေး, အခုန်အလွှားပြေးဟူသော မြင်းရေးတပါး,

ဤငါးပါးသော မြင်းရေးသည် အစပ်ငါးပါးမည်၏။

ထိုတွင် မလန့်မဖျပ်သော သမင်တို့သည် အလိုလိုတော၌ သွားသကဲ့သို့ သွားစေသော အခြင်းအရာဖြင့် စီးသော မြင်းရေးသည် သမင်လှမ်းမည်၏။

ထိုထက်လွန်၍ သွားစေသော မြင်းရေးသည် နူးညံ့သောအပြေး ဖြစ်သောကြောင့်အသာ သွားမည်၏။

အင်တန်နှင်၍သွားစေသော မြင်းရေးသည် ဆင်ရံ မည်၏။

မြင်းဇက်ကို မကိုင်မူ၍ ဥဗျိုင်းပျံသကဲ့သို့ သွားစေသော မြင်းရေးသည် အရှိင်ပြေးမည်၏။

ကြိမ်ကို ပြင်းစွာခတ်၍ မြင်းစွမ်း ရှိ,မရှိကို သိစေအံ့ဟု ပြင်းစွာပြေးစေသော မြင်းရေးသည် လည်းကောင်း,အခုန်ရောရှ်ပြေးစေသောမြင်းရေးသည်လည်းကောင်း အပြင်းပြေးမည်၏။

ဤသို့ အစပ်ငါးပါးရှိသည်တွင် ရွေသုံးပါးကား ကောင်းသောစီးခြင်းတည်း။

စီးရာအရပ်သုံးပါးကား....ဇက်-၁၊ နင်းကြိုး-၁၊ကလည်း-၁၊ဤသုံးပါးတည်း။ ။အကျယ်မှာ မြင်းကြန်စာရှိပြီ။

ခြေလေးဘက်ပြူ၍ မျက်နှာအဆင်း ခြသေ့နှင့်တူသော မြင်းကို အလျားလေးတောင်, လုံးပတ် သုံးထွာရှိသော တိုင်ဖြင့် အနောက်မျက်နှာ၌ ချည်မူကား ရွှေ,ငွေ,ဥစ္စာ ပြည့်စုံစွာလျက် ရန်တကာ အောင်အံ့သောမြင်းတည်း။

ရွှေးနီစိမ်းကဲ့သို့ မွဲနက်သောအဆင်းရှိ၍ လက်ယာပေါင်တွင် တံသင်းကဲ့သို့ရှိသော မြင်းကား ထောက်ရှာခုံတိုင်မည်၏။ အလျားငါးတောင် လုံးပတ်နှစ်ထွာတိုင်ဖြင့် အရှေ့ကချည်မူကား ပရိက္ခရာ,ဥစ္စာလာဘ်သပ်,ထပ်ထပ်တိုးပွား လွန်မျှားပြားလျက် အသက်ရှည်ရာသော မြင်းတည်း။ ရန်မာန်ခပ်သိမ်း အလွန်ငြိမ်းအံ့။

နွားရှုပ်ကင်းသန်းကဲ့သို့ ရှိမူကား ဗေ့ပျက် ဗေ့ကျော်တည်း။မျောက်လုပ်သား ကိုးတောင် ထွာ လက်နှစ်သစ်ခုံ တိုင်လုပ်၍ အိမ်၏ အနောက်တောင်ထောင့်မှာချည်။ ဥစ္စာစည်းစိမ် တက်အံ့။ ဤကား မွေးအပ်သော မြင်းသုံးမျိုးတည်း။

၁၀၇။ လည်လပ်မြီးထပ်၊ မြင်းမွေးအပ်၊ ကြပ်ခြင်း သုံးပါးအဘာယ်နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရင်ဘတ်၌ ဗေ့ရှိမူကား ချန်းတောင်းမည်၏။ထိုမြင်းကိုမွေး၍ ဘေးလွတ်စေလိုမူကား ရှားခုံတိုင် အလျားလေးတောင်၊ လုံးပတ်ငါးထွာနှင့် လက်လေးသစ်လုပ်၍ အိမ်တောင်ကချည်။ဘေးရန်မရှိ။ ထိသည်အနာ။ ပျောက်ပေရာ၏။

လက်နှစ်ဘက်ပြူ၍ အမြီးကူသောမြင်းကား ဒဏ်ထိအံ့။ လွတ်လိုမူကား သက်န်းသား အလျားလေးတောင်၊ လုံးပတ်ငါးထွာခုံတိုင်လုပ်၍ အနောက်မျက်နှာကချည်။

လေးမျက်နှာက၊ လာသည်ရန်စစ်၊ တပန်နစ်လိမ့်၊ မပြစ်လာနိုင်၊ ထိုင်ကာ ပျောက်မည် ဆလားတည်း။

နောက်ခြေနှစ်ဘက်၊ သက်သက်ပြူ၍၊ နောက်မြီးကူလည်း၊ ဤနည်းအတူ၊ အဆင်မူက၊ သက်တူကြင်ရ၊ မိန်းမရတနာ၊ မကြာရအံ့ မလွဲတည်း။

ဦးခေါင်းနှင့်နား၊ မေးပျားပါးချပ်၊ ဤနှစ်ရပ်၌၊ ရိလတ်ငွေ့ကို၊ လွတ်လိုမူကား၊ မြောက်လုပ်သားကို၊ အလျားလေးတောင်၊ လုံးပတ်တထွာ လက်လေးသစ်၊ ခုံတိုင်စိုက်၍ အနောက်တောင်ထောင့်က ချည်ရမူကား ဘေးလွတ်ရှား၍ များအုံလာဘ်သပ်ကောတည်း။

အမွေးသန့်စင်၊ နောက်တင်ညှံ့လျက်၊ ကျင်ငယ်ထွက်ကို၊ လက်ယာနံတောင်း၊ လျောင်း၍အိပ်မှတ်၊ ဤမြင်းမြတ်ကို၊ မချွတ်မွေးမြူ၊ ထိုသူသည်ကား၊ အမည်သင်းကျပ်၊ ဤသစ်ထပ်၍၊ မချွတ်ကောင်းမည်အလားတည်း။

ဤသို့ မြင်းကြန်စာတွင် ဆို၏။ မှတ်လိုသူတို့ မှတ်ပါစေခြင်းငှာ ပုစ္ဆာကိုလွန်၍ ဖြေလိုက်သည်။

၃၀၈။ နှစ်ပါးတချပ်၊ မအိပ်အပ်၊ အပ်အောင် ဘယ်သို့ အိပ်မည်နည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယာ ပန ဘိက္ခုနီ၊ အကြင်ရဟန်းမိန်းမသည်။ ဧကမဉ္စေ၊ တညောင်စောင်းတည်း၌။ ဒွေ၊ နှစ်ယောက်။ တုဝဋ္ဋေယျုံ၊ အိပ်ကုန်ငြားအံ့။ တဿာ၊ ထိုဘိက္ခုနီမအား။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သင့်၏။

ဤသိက္ခာပုဒ်၏ အနာပတ္တိဝါရ၌....

ဧကာ ဘိက္ခုနီ၊ တယောက်သောဘိက္ခုနီသည်။ ၁ ယန္တေ၊ အိပ်သည်ရှိသော်။ ဧကာ ဘိက္ခုနီ၊ တယောက်သောဘိက္ခုနီသည်။ နိသီဒတိ၊ ထိုင်၍နေအံ့၊ အနာပတ္တိ၊ အာပတ်မသင့်။ ရဟန်းယောကျ်ားနှ၌လည်း ဤနည်းတူ တယောက်အိပ်နိုက် တယောက်ထိုင်၍ နေလျှင် အပ်၏ဟု မှတ်ရမည်။

၃၀၉။ ပစ္စန္တရပ်၊ ထပ်ဖိနပ်၊ အပ်၏ဘယ့်ကြောင့် ခွင့်ပြုသနည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား... ကြမ်းတမ်းသောမြေ၊ မညီညွတ်သောမြေရှိသောကြောင့် ပစ္စန္တရစ်အရပ်တို့၌ အထပ်ထပ်ချုပ်အပ်သော ဂုဏင်္ဂုဏူပါဟန မည်သော ဖိနပ်ကို ခွင့်ပြုတော်မူသည်။ (မဟာဝါပါဠိ)။

ပုဂ္ဂလောဒိဿ, ဘေသဇ္ဇောဒိဿ, ကာလောဒိဿ, ဒေသောဒိဿ-တည်းဟူသော ဩဒိဿ ပညတ်လေးပါးတို့တွင်....

နွားဖြစ်ဖူးသောရဟန်းသည် စမြုံ့ပြန်တတ်သောကြောင့် စမြုံ့ပြန်စိမ့်သောငှာ ခွင့်ပြုတော်မူသည်ကား "ပုဂ္ဂလောဒိဿပညတ်" မည်၏။

မြွေခဲသောအခါ၌ သစ်ခက်စိမ်းကို ချိုးခြင်း, ပြာဖုတ်ခြင်း, ဘင်မြေကိုယူခြင်းကို ခွင့်ပြုတော်မူသည်ကား "ဘေသဇ္ဇောဒိဿ" မည်၏။

ပစ္စန္တရစ်အရပ်၌ နွေအခါ လခွဲအတွင်း အလိုရှိတိုင်း ရေချိုးရန် ခွင့်ပြုတော်မူသည်ကား "ကာလောဒိဿ" မည်၏။

ပစ္စန္တရစ်အရပ်၌ အထပ်ထပ်သော ဖိနပ်ကိုသုံးဆောင်ရန် ခွင့်ပြုတော်မူသည်ကား "ဒေသောဒိဿ" မည်၏။

၅၁၀။ သေသေသပ်သပ်ပြေးပြေးဝပ်၊ ယုန်ဝပ် တုပ်ဝပ်မည်သို့နည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယုန်ဝပ်မှာ....ခြေနှစ်ဘက်ကို ကိုယ်အောက်ဖိ၍ထားသည်။

တုပ်ဝပ်မှာ....နံဘေးကို ကွေး၍ထားသည်။ ။ဤသို့ထူး၏ဟူပေ။

၅၁၁။ နေ့ရက်ငင်အပ်၊ မငင်အပ်၊ စေ့စပ်ပေဒင် မည်သို့နည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

ဤအရာ၌ လထပ်ရခြင်း,ရက်ငင်ရခြင်း၏အကြောင်းကို သိသာအောင် ထင်စွာပြလိုက်အံ့....

ရှေးပညာရှိတို့ ပညတ်သောလသည် သူရိယမာသ, သာဝဏမာသ, စန္ဒြမာသဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် နေမင်းသည် မိဿရာသီ၏ အစမှစ၍ နက္ခတ်စက်ကိုမှီလျက် သွားသမျှကာလကို ရေတွက်သော် သုံးရာ့ခြောက်ဆယ့်ငါးရက်နှင့်တဖန် မိဿရာသီသို့ မရောက်တတ်သေး၊ တရက်ခန့်ကို အစိတ်ရှစ်ရာပုံ၍ နှစ်ရာ့ခုနစ်စိတ်ကုန်အောင် သွားပြန်မှ ယခင့်နေရာဟောင်းသို့ ရောက်၍ တပတ်လည်သည်။ ထိုနှစ်ရာ့ ခုနစ်စိတ်ကို နာရီဖွဲ့သော် ဆယ့်ငါးနာရီ, သုံးဆယ့်တပဇနာနှင့် ခရာသုံးဆယ် ရှိသည်။ ထိုသို့ တရက်အဖို့ကို အစိတ်ရှစ်ရာစိတ်၍ နှစ်ရာ့ခုနစ်စိတ်တွင် ပိုင်းဖြတ်သင့်ရကား သုံးရာခြောက်ဆယ့်ငါးရက်ကိုလည်း ထို နှစ်ရာ့ခုနစ်စိတ်နှင့် သမဘာဂ ဖြစ်စိမ့်သောငှာ ရှစ်ရာမြှောက်ပြီးလျှင် ယခင့်နှစ်ရာ့ ခုနစ်စိတ်နှော၍ တနှစ်သွားကြမတ် နှစ်သိန်းကိုးသောင်း နှစ်ထောင့်နှစ်ရာ ခုနစ်ခု ဖြစ်သတည်း။ ထိုကြမတ်ကို တဆယ့်နှစ်စုပြု၍ တစုလျှင် တရာသီ။ ထိုတရာသီ၌ အသံ့ရက် သုံးဆယ်ဖြင့် ပိုင်းခြားအပ်သော လသည် "သူရိယ-မာသ" မည်၏။

ရှေ့လပြည့်ကျော် တရက်မှစ၍ နောက်လပြည့်တိုင်ရုံ ပိုင်းခြားအပ်သောဝေါဟာရရက် သုံးဆယ်သည် "သာဝဏမာသ" မည်၏။

နေနှင့်လ ထပ်၍ သွားသည်မှစ၍ နောက်တဖန် ထပ်လျက် သွားပြန်သည်တိုင်အောင် လကွယ်နှစ်ခုဖြင့် ပိုင်းခြားအပ်သော နှစ်ဆယ့်ကိုးရက်နှင့် သုံးဆယ့်တနာရီသည် 'စန္ဒြမာသ' မည်၏။ တိထိလည်းမည်၏။ ထိုသို့ လ-သုံးမျိုးပြားသောကြောင့် ရက်သည်လည်း အံသာရက်, ဝေါဟာရရက်, တိထိရက်ဟူ၍ သုံးပါးပြားသတည်း။

ထို သုံးပါးတို့တွင် အံသာရက်အောက် ဝေါဟာရ ရက်သည် တနေ့တနေ့၌ သုံးပါဒ်ခုနစ်ဗိဇနာ, လေးခရာ ယော်သည်။ ၎င်း အံသာရက်၏ အောက် တိထိရက်သည် တနာရီ,သုံးပါဒ်, ခုနစ်ဗိဇနာ ယော်သည်။

ထို့ကြောင့် တလ တလသော် စန္ဒြမာသထက် သူရိယမာသသည် ၅၆-နာရီ လွန်သည်။နှစ်နှစ်နှင့် ရှစ်လတဆယ့်ခြောက်ရက် လေးနာရီ ရောက်သောအခါ နာရီပေါင်း တထောင့် ရှစ်ရာ့ နှစ်ဆယ့်

လေးနာရီ လွန်သည်ဖြစ်၍ စန္ဒြမာသက လပြည့်တော့သည်။ ထို လသည် ဝေါဟာရလကို လွန်လေသောလ ဖြစ်သောကြောင့် "အဓိမာသ်"ဟု ခေါ်သည်။

ထိုအဓိမာသ်တခု၌ ရသော နာရီပေါင်း ၁၀၂၄-ကို တွက်ပုံကျဉ်းစိမ့်သော်ငှာ ရှစ်ခုဖြင့် ချုံး၍ လဒ် ၁၂၈-ခုဖြစ်လေသည်။ ထိုနာရီပေါင်း ၁၂၈၄ကို တည်၍ တနေ့၌ နာရီ ၆၀-ဖြစ်ရကား ၆၀-စား လဒ်ရ ၃၀သည် ရက်ပေါင်းဖြစ်၏။ လပြည့်သောကြောင့် မာသကိန်းတခု တက်လေသည်။ အစွန်း ၂၄-နာရီ လွန်သည်။ ထို၂၄-နာရီသုံးကြိမ် လွန်သောအခါ ရက်ပိုတခုရ၍ အချောဟဆို၏။ထိုအချောဟ မြင်သောအခါ နယုန်လ၌ တရက်သွင်း၍ ရက်ငင်ရသည်။

အဓိမာသ် တပါး၏ အသက်ကို တွက်လျှင် နှစ်နှစ်နှင့် ရှစ်လဆယ့်ခြောက်ရက် သုံးနာရီ ၅၅-ဗိဇနာ ၇-ခရာရသည်။

ထိုကြောင့် နိဏ္ဏယသိန္ဓုကျမ်း, သိဒ္ဓန္တသိရောမဏိကျမ်း, မလမာသကျမ်းတို့၌—

ဒွတ္တိံသတိ မိတေ မာသေ၊ ဒိနေသောဠသတိ တထာ။
ဃဋိကာနံ စတုက္ကေန၊ ပတတျေကော ဝိ မာသကော။

ဟူ၍ ဆိုသည်။

၆၀ ဒွတ္တိံသတိ၊ ၃၂-လတို့ဖြင့်။ မိတေ၊ နှိုင်းရှည့်အပ်သော။ မာသေ၊ လတို့ဖြင့်လည်းကောင်း။ ဒိနေသောဠသတိ၊ တဆယ့်ခြောက်ရက်တို့ဖြင့်လည်းကောင်း။ တထာ၊ ထိုမှတပါး။ ဃဋိကာနံ၊ နာရီတို့၏။ စတုက္ကေန၊ လေးခုဖြင့်လည်းကောင်း။ ဧကော၊ တကြိမ်သော။ အဓိမာသကော၊ လလွန်သည်။ ပတတိ၊ ကျ၏။ ဝါ၊ ပြို၏။

ယင်းသို့ သူရိယမာသနှင့် စန္ဒြမာသ မညီရှိသည်ကို မကွဲမပြားစေပဲ ယှဉ်တွဲကာသွား၍ လစဉ်ရာသီစောင့်နက္ခတ်နှင့် ဃဋီညီညွတ်မှန်ကန်စေခြင်းငှာ ဝါဆိုလတွင် လွန်သောလကို ထပ်၍ "အဓိမာသ"ဟု ရှေးပညာရှိတို့ ပညတ်ကြသည်။

ထို အဓိမာသ်သို့ ရောက်လျှင် ပြက္ခဒိန်တွင် အမာဝသီ နှစ်ထပ် ဖြစ်ခြင်းသည် မြဲ၏။ ဘယ့်ကြောင့်နည်းဟူမူ အဓိမာသ် ပြိုသောလ၏ အခြားမဲ့၌ အမာဝသီ နှစ်ထပ်ဖြစ်မြဲတည်း။

ဗိုလ်၌ကား မာသကိန်း တဆယ့်သုံးလတိုးသည်လည်း ရှိ၏။ မတိုးသည်လည်းရှိ၏။ အဓိမာသ် ပြိုမပြိုကိုကား ရက်ဗိုလ်တွက်ရိုးဖြင့် သိရ၏။ အကြင်နှစ်၌ အဓိမာသ်ပြိုခြင်း, အမာဝသီနှစ်ထပ် ဖြစ်ခြင်း, မာသကိန်း တဆယ့်သုံးလတိုးခြင်း အကြောင်းသုံးပါးညီအံ့— ထိုနှစ် အတာမတက်မီ အဓိမာသ်ပြိုသည် ဟူ၍ သိအပ်၏။ အဓိမာသ်မပြိုပဲ မာသကိန်း တဆယ့်သုံးလတိုးသောနှစ်၌ မိဿရာသီတွင် အမာဝသီနှစ်ထပ် ဖြစ်သည်များ၏။

အဓိမာသ်လည်း မပြို မာသကိန်းလည်း တဆယ့်သုံးလ မတိုးပဲ ရက် ၂၉-မြင်သောနှစ်၌ ပြိဿရာသီတွင် အမာဝသီနှစ်ထပ်ဖြစ်သည်များ၏။

အဓိမာသ်လည်းမပြို မာသကိန်းလည်း တဆယ့်သုံးလမတိုးပဲ ရက်လွန် နှစ်ဆယ့်ရှစ်မြင်သော နှစ်၌ မေထုန်ရာသီတွင် အမာဝသီ နှစ်ထပ်ဖြစ်သည်များ၏။

ထိုသို့ အဓိမာသ်မပြုပဲ ပြိဿရာသီ မေထုန်ရာသီတို့၌ အမာဝသီနှစ်ထပ်ဖြစ်သမျှသည် လင်းမြဲဖြစ်သော ဝါဆိုလသို့ မရောက်မီ အဓိမာသ်ပြုလေသောကြောင့် လ ထပ်သင့်သည်သာတည်း။ ထိုသို့ထပ်သော အဓိမာသ်ကို "အပတ္တာအဓိမာသ်"ဟု ဆိုထိုက်၏။ အဓိမာသ်ပြု၍ မာသကိန်း တဆယ့်သုံးလတိုးမှ လင်ရသည်ကို "ပတ္တာအဓိမာသ်"ဟု ဆိုထိုက်၏။

အမာဝသီနှစ်ထပ်မြင်ခြင်း၏ လက္ခဏာကိုကား နိဿယသိန္ဓုကျမ်း၌—

ကာဠသတ္တေ ယသ္မိံမာသေ၊ န သင်္ကန္တိ ဒိဝါကရော။
သင်္ကန္တိ ဒွယမေဝ ဝါ၊ မလမာသောတိ ဝိညေယျော။
အာဟ သော အာသုံ တု အတြ၊ မာသော တြယော ဒသော စေတိ။

ဟူ၍ မိန့်အပ်ပြီ။

ကာဠသတ္တေ၊ ကာဠဆရာစီရင်အပ်သော ကျမ်း၌။ အာဟ၊ ဆိုလတ်သည်ကား။ ယသ္မိံမာသေ၊ အကြင်လ၌။ ဒိဝါကရော၊ တနင်္ဂနွေဂြိုဟ်သည်။ နသင်္ကန္တိ၊ မပြောင်းလေအံ့။ သင်္ကန္တိဒွယမေဝဝါ၊ သင်္ကြန်နှစ်ကြိမ်မူလည်း ပြောင်းလေအံ့။ သော၊ ထိုလကို။ မလမာသောတိ၊ လပုပ်ဟူ၍။ ဝိညေယျော၊ သိအပ်၏။ တု၊ ထိုသို့ဖြစ်ခဲ့သော်။ အတြ၊ ဤ မာလမာသ သင့်သောနှစ်၌။ မာသော၊ စန္ဒြမာသသည်။ တြယောဒသ၊ တဆယ့်သုံးလတို့သည်။ အာသုံ၊ ဖြစ်ကုန်ပြီ။

ဤသို့ သင်္ကြန်ပြောင်းခြင်း ကင်းသော လ သင်္ကြန်နှစ်ကြိမ်ပြောင်းသော လ တို့သည် လပုပ်လပိုဖြစ်၍ အမာဝသီ နှစ်ထပ်ဖြစ်သည်မည်၏။ ယင်းသို့ အမာဝသီနှစ်ထပ်ဖြစ်သည်ကို မြင်သော အခါ၌ လင်ရသောအကြောင်းကို ရာဇမတ္တဏ်ကျမ်း၌—

"ယဒါ မာဝသီဒွယံ ဒိဋ္ဌံ၊ တဒါ ဒွိရာသင္ဂပရိကပ္ပယေတ်"

ဟူ၍ ဆိုသည်။

ယဒါ၊ အကြင်အခါ၌။ အမာဝသီဒွယံ၊ အမာဝသီနှစ်ထပ်ကို။ ယဒိဒိဋ္ဌံ၊ အကယ်၍ မြင်ငြားအံ့။ တဒါ၊ ထိုအခါ၌။ ဒွိရာသင္ဂ၊ ဝါဆိုနှစ်လ ထပ်သည်ကို။ ပရိကပ္ပယေတ်၊ ကြံရာ၏။

ရင်း ရာဇမတ္တဏ်၌ "စမ္ပော မိဂသိရေ မာသေ" စသည်ဖြင့် ရှေးဆိုခဲ့သော စကားသည် ကာလလျားလျှင် တိမ်းပါးလေသောကြောင့် "ယဒါမာဝသီဒွယံ" ဟူသော မူချစကားကို နောက်ဆိုပြန်သည် ဟု မှတ်ရာသည်။ (ဤကား လ ထပ်ရခြင်း၏ အကြောင်းစကားတည်း။)

ရက်ငင်ရခြင်း၏အကြောင်းကား....တနှစ်လျှင် အဝမာန် ခြောက်ကြိမ်ပြို၍ ဒိနက်သဲ ခြောက်ရက် ရသည်ကိုစွဲ၍ ရက်မစုံ ခြောက်လပြုရသည်တွင် ရံခါ ဒိနက်သဲ ငါးကြိမ်သာ ရလျက် ရက်မစုံ ခြောက်လ ပြုမြဲ ပြုလေသောကြောင့် ဝေါဟာရနှင့် ထင်ရှား မညီရှိသည်ကို ညီစေခြင်းငှာ ရက်ငင်ခြင်းကို ပြုရသည်။ ငင်ရမည့်အခါကိုကား လထပ်သော နှစ်နောက် ဝါဆိုလပြည့်နေ့၌ ပုဏ္ဏာတိထိ တဆယ့်ငါးလုံး မပြည့်သော် ရက်ငင်၍ နယုန်လ၌ ရက်စုံ ကွယ်စေရမည်။ ရက်စုံမင်ငပဲ တိထိ ဆယ့်ငါးလုံး ပြည့်သော် မငင်ရပြီ။

ထို့ကြောင့် ရာဇမတ္တဏ်၌—

ဒွိရာသင္တေ ယဒါကာလေ၊ ပုဏ္ဏမိယံ တိထိ ဘဝေတ်၊
ပန္နရသိ ယဒျပုဏ္ဏော၊ ဒိန ၁ကစုံ ပြကပ္ပယေတ်။ ။

ဟူ၍ဆိုသည်။

ယဒါ ကာလေ၊ အကြင်အခါ၌။ ဒွိရာသင္တေ၊ ဝါဆိုနှစ်လ ထပ်ခြင်းသို့။ ပတ္တေ၊ ရောက်လတ်သော်။ ပုဏ္ဏမိယံ၊ လပြည့်နေ့၌။ တိထိ၊ တိထိသည်။ ပန္နရသိ၊ ၁၅-လုံးသည်။ ဘဝေတ်၊ ဖြစ်ရာ၏။ အပုဏ္ဏော၊ ၁၅-မပြည့်သည်။ ယဒိသျတ်၊ အကယ်၍ဖြစ်ငြားအံ့။ ဒိန ၁ကစုံ၊ ရက်ငင်ခြင်းကို။ ပြကပ္ပယေတ်၊ ကြံရာ၏။

လောကဒီပနီ၌ ဝိနည်း ဋီကာတို့နှင့်ညှိ၍ ဆိုဆုံးဖြတ်သည်ကား ဤသာသနာတော်၌ နက္ခတ်ကို ပမာဏပြု၍ ယူအပ်၏။ နေမင်းသည် ဝါဆိုလပြည့်နေ့၌ ဖုသျှ, အသလိဿ နက္ခတ်တို့နှင့် ယှဉ်လျက် ကြကင်္ဂ၌သွားအံ့၊လသည် ဥတြာသဠ်နက္ခတ်နှင့် ယှဉ်လျက် မကရရာသီသို့ ရောက်အံ့၊ ဤသို့သွားမှု နေလနှစ်ပါးသည် နှိုင်းရှည့်မိသည်မည်၏။ ထို့ကြောင့် အကြင်လ လွန်သင့်သောနှစ်၌ ဒုတိယ ဝါဆိုလပြည့်နေ့၊ လပြည့်ကျော် တရက်နေ့၌ ဥတြာသဠ်နှင့်လည်းကေင်း ပုဏ္ဏာတိထိ ၁၅-လုံးနှင့်လည်းကောင်း ညီစေရာ၏။ လပြည့်ကျော် နှစ်ရက်နေ့မှ ညီသည်ဖြစ်အံ့ နယုန်လကွယ်နေ့၌ ပန္နရသီဥပုသ်ပြုရာ၏။ ဤသို့ သာသနာကျမ်း , လောကီကျမ်းတို့ကို ထောက်၍ နေ့ရက်ငင်အပ် မငင်အပ်ကို ဆိုသောစကားသည် သာမဗေဒင်မှ ထွက်၏ ဟူပေ၏။

၅၁၂။ ယာမာနတ်ရပ်၊ စက်တော်ကွပ်၊ ကပ်၍ဘယ်တွင် တည်သနည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"တီဏိ ခေါ ပန ဘဂဝတော ပါဒစေတိယာနိ လက်ာဒီပေ ဇော်။
ဇမ္ဗုဒီပေ ယောနကရဋ္ဌေ ဒွေတိ...."

စသည်ဖြင့် သာရတ္ထသင်္ဂဟ၌ လာသောကြောင့် မြတ်စွာဘုရား၏ခြေတော်ရာသည်....

သီဟိုဠ်ကျွန်း၌ဘဆူ,
ဇမ္ဗူဒိပ်ကျွန်း သစ္စဗန္ဓတောင်၌ တဆူ,
နမ္မဒါမြစ်နား၌ တဆူ,

ဤသုံးဆူရှိသည် ဟူ၍သာဆိုသည်။ ယာမာနတ်ပြည်၌ ပါဒစေတီရှိကြောင်းကို ကျမ်းဂန်မဆို။ ထိုထိုမှတ်စု စာငယ်များ၌ "ဇမ္ဗူမှာ ဒွေး,ယာမာ ဧ" ဟူ၍ စပ်ဆိုသည်ကို တွေ့ဖူး၏။ ပမာဏ မပြုလောက်သောကြောင့် မှုချရှိ၏ဟုမဆိုသာချေ။

၅၁၃။ ခြေရာမကပ်၊ ကောင်းကင်ရပ်၊ ဟောအပ် ဘယ်သူ့ကိုပေနည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ..

သုဘဒ် အမည်ရှိသော ပရိဗိုဇ်ကြီးကို ဟော၏ဟူပေ။

အကြောင်းကိုဆိုလိုက်ဦးအံ့။ ။ဘုရားသခင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းပင်စုံကြား၌ ရတနာညောင်စောင်းဖြင့် လျောင်းတော်မူ၍ လူရဟန်းဖြစ်ကုန်သော ပရိသတ်တို့အား တရားဩဝါဒဖြင့် ဆုံးမတော်မူ၍ ညဉ့်ပဌမယံလွန်သဖြင့် အသံဆိတ်တော်မူသောအခါ ကုသိနာရုံပြည်၌ နေသော သုဘဒ် ပရိဗိုဇ်ကြီးသည် ယနေ့ည ပစ္ဆိမယံ၌ပင် ဘုရားသခင် နိဗ္ဗာန်ဝင်တော့အံ့ ဟု သတင်းကြား၍ လျင်စွာ လာခဲ့ပြီးလျှင် ရှင်အာနန္ဒာ၏ထံသို့ကပ်၍ ဤသို့တောင်းပန်၏ "အရှင်အာနန္ဒာ အကျွန်ုပ်သည် သက်ရွယ်အားဖြင့် ကြီးကုန်သော အစဉ်အဆက်ကို ပြောဆိုတတ်ကုန်သော ဆရာ၏ဆရာ ဖြစ်ကုန်သော ပရိဗိုဇ်ကြီးတို့၏အထံမှ ဆုံးမသံစကားကို ဤသို့ ကြားဖူးပါသည်။ ဤလူ့ရွာ၌ ကိုလေသာခပင်းကို အကြွင်းမဲ့ပယ်သင်၍ လေးအင်သော သစ္စာကို ကောင်းစွာ သိမြင်တတ်သော မြတ်စွာဘုရားတို့သည် တရံတခါမျှ ဖြစ်လာခြင်းငှာ အလွန်ရှား၏၊ အကယ်၍ ဖြစ်လာငြားက ယုံမှားရှိသမျှကို ပျောက်စေရာ၏ ဟူ၍ ကြားဖူးပါသည်။ ထို့ကြောင့် အရှင်တို့ဆရာ ဂေါတမ၌ အကျွန်ုပ် အလွန်ကြည်ညိုပါသည်။ ယင်းသို့ ကြည်ညိုလျက် တရက် တည တခဏမျှ မဆည်းကပ်ရပါသေး။ ယနေ့ည မိုးသောက်ယံ၌ပင် နိဗ္ဗာန်ဝင်လတ္တံ့ ဟု ကြား၍ ငါ၏ယုံမှားခြင်းကို အရှင်ဂေါတမ တပါးသာ ပယ်နိုင်ရာသည်။ ကြာလျှင် မတွေ့ရချေပြီ ဟု ကြံ၍ လျင်မြန်စွာ လာခဲ့ပါသည်။ အရှင်အာနန္ဒာ အကျွန်ုပ်တောင်းပန်ပါ၏။ မြတ်စွာဂေါတမကို ဖူးမြင်ပါရစေ။ ခွင့်ပေးတော်မူပါ"ဟု တောင်းပန်၏။

ရှင်အာနန္ဒာကလည်း....သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည် မိမိတို့၏ အယူကိုသာ မြဲမြံစွာ ယူကုန်၏။ ထိုအယူကို ပယ်ရှားအောင် တရားဟောရသော် ဘုရားကိုယ်တော် ပင်ပန်းခြင်း ဖြစ်လိမ့်မည် ဟု အောက်မေ့၍ "ငါ့ရှင် သုဘဒ် အကြောင်းမသင့်အခွင့်မသာပြီ။ မြတ်စွာဘုရားကို မညှဉ်းဆဲလိုလင့်။ ကိုယ်တော်မြတ် ပင်ပန်းလှသည်" ဟု ဆိုပေ၏။

ထိုသုဘဒ် ပရိဗိုဇ်ကလည်း အခွင့်ကိုလိုသော် သူကြည်ညိုအောင် ပြုအပ်လှပေသည် ဟု နှလုံးထား၍ ဝပ်တွား ခယစွာ ရှင်အာနန္ဒာကို သုံးကြိမ် မြောက်အောင် တောင်းပန်၏။ အရှင်အာနန္ဒာလည်း ခွင့်မပေးပဲသုံးကြိမ်မြောက်အောင်ပင် တားမြစ်၏။

ယင်းသို့ သုဘဒ် တောင်းပန်သော စကားကို ဘုရားကိုယ်တိုင် ကြားတော်မူလျှင် သုဘဒ်၏ အကျိုးငှာပင် ပြင်းစွာသော အားထုတ်ခြင်းဖြင့် လာသည်ဖြစ်သောကြောင့် "ချစ်သားအာနန္ဒာ မတားမြစ်ပါလင့်၊ငါဘုရားကို ဖူးမြင်ပါစေ ပြဿနာမေးလိုသော်လည်းမေးပါစေ"ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာကလည်း...."ငါ့ရှင်သုဘဒ် မြတ်စွာဘုရားသည် သင့်အား ခွင့်ပေးတော်မူပြီ။ ဝင်လော့ ဝင်လော့" ဟု ဆိုပေ၏။

ထိုစကားကိုကြားသော် သုဘဒ်ပရိဗိုဇ်သည်း အားရဝမ်းသာ ဘုရားရှိရာသို့ ကပ်ပြီးသော် ကိုယ်တော်မြတ်အား လျောက်ပတ်သော ပဋိသန္ထာရ စကားကို ဆိုပြီးမှ "အရှင်ဘုရား အကျွန်ုပ် သံသယတခုရှိပါသည်၊ ထိုပြဿနာကိုသိသာအောင် ဖြေတော်မူပါ၊ ဤလူ့ရွာ၌ ဂိုဏ်းဆရာ

ပြုလုပ်ကုန်သောပုရဏကဿပ အစရှိကုန်သော သူတို့သည် မိမိတို့ဝန်ခံသော အတိုင်း အလုံးစုံသော တရားကိုသိနိုင်ပါကုန်၏လော။ ထိုသူတို့ကျင့်အပ်သော အကျင့်သည် ကောင်းကျိုးရှိပါ၏လော။ အဘယ်သူတို့၏ အယူအကျင့်သည် ကောင်းသနည်း။ အဘယ်သူတို့၏ အယူအကျင့်သည် မကောင်းသနည်း။ ကျွန်ုပ် အမှန်သိလိုပါသည်" ဟုလျှောက်၏။

ဘုရားသခင်ကလည်း.... "အချင်းသုဘဒ် ဤစကားကို ငါဘုရားဖြေဆိုခြင်းငှာ အကြောင်းမသင့်။ ဤစကားကို ထားဘိလော့။ သင်သိသာအောင် ငါဟောအံ့။ အကြင်သူ၏ အယူသည် ဟုတ်မှန်၍ ကျင့်ကြံသော စာရိတ္တကောင်းသည်ဖြစ်အံ့၊ ထိုသူတို့၏ သာသနာ၌ သောတာပန်ကိုလည်းကောင်း သကဒါဂါမ်ကိုလည်းကောင်း, အနာဂါမ်ကိုလည်းကောင်း, ရဟန္တာကိုလည်းကောင်း, ဈာနလာဘီပုဂ္ဂိုလ်ကိုလည်းကောင်း, အခါခပ်သိမ်းရဘိရာ၏။ ဈာန်, မဂ်မရမူ၍ သေလွန်ခဲ့သော်လည်း နတ်ပြည်သုဂတိသို့ လားရာ၏။ အယူမမှန်၍ ကျင့်ကြံသော စာရိတ္တမကောင်းသည်ဖြစ်အံ့— မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်, ဈာန်ရပုဂ္ဂိုလ်တို့ စင်စစ်မဖြစ်နိုင်ရာ။ ကိလေသာ ညစ်ကြေးကို ကင်းဝေးစေတတ်သော အဋ္ဌင်္ဂိကမဂ္ဂ ပဋိပဒါကိုမျှ မရလေရာ" ဟု မိန့်တော်မူပြီးမှ—

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါန မိဉ္ဇိတံ။

ဟူသောနှစ်ဂါထာကို ဟောတော်မူ၏။

အနက်ကား။ ။သုဘဒ္ဒ၊ သုဘဒ်။ အာကာသေ၊ကောင်းကင်ပြင်၌။ ပဒံ၊ခြေရာသည်။ နတ္ထိဣဝ၊ မရှိသကဲ့သို့။ ဗာဟိရေ၊ ငါဘုရား၏သာသနာတော်မှ အပ၌။ သမဏော၊ ကိလေသာကို ကောင်းစွာ ငြိမ်းစေသောရဟန်းသည်။ နတ္ထိ၊ မရှိ။ ပဇာ၊ သတ္တဝါတို့သည်။ ပပဉ္စာဘိရတာ၊ သံသရာဝဋ်ကို ချဲ့ထွင်တတ်သော တဏှာ, မာန, ဒိဋ္ဌိအစရှိသော ပပဉ္စတရား၌မွေ့လျော်ကုန်၏။ တထာဂတာ၊ ငါဘုရားတို့သည်။ နိပ္ပပဉ္စာ၊ တဏှာ, မာန, ဒိဋ္ဌိ စသော ပပဉ္စတရားမရှိကုန်။ သုဘဒ္ဒ၊ သုဘဒ်။ အာ-ကာသေ၊ ကောင်းကင်ပြင်၌။ ပဒံ ခြေရာသည်။ နတ္ထိဣဝ၊ မရှိသကဲ့သို့။ ဗာဟိရေ၊ ငါဘုရား၏ သာသနာတော်မှ အပ၌။ သမဏော၊ ရဟန်းသည်။ နတ္ထိ၊ မရှိ။ သဿတာ၊ မြဲကုန်သော။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ နတ္ထိ၊ မရှိကုန်။ ဗုဒ္ဓါနံ၊ ဘုရားသခင်တို့အား။ ဣဉ္ဇိတံ၊ တဏှာ, မာန,ဒိဋ္ဌိ, စသော ကိလေသာဖြင့် တုန်လှုပ်ခြင်းသည်။ နတ္ထိ၊ မရှိ။

ဤဂါထာဖြင့် ကောင်းစွာ ဟောပြသော တရားစကားကို ကြားရလျှင် သုဘဒ်ပရိဗိုဇ်လည်း ဘုရားကျေးဇူးကို အထူးသဖြင့် ချီးပ၍ "အရှင်ဘုရား အကျွန်ုပ်သည် ကိုယ်တော်မြတ်သာသနာ၌ ရဟန်းပြုလိုပါသည်" ဟု လျှောက်လေသော် ကိုယ်တော်မြတ်လည်း "အချင်းသုဘဒ်—ဘိတ္ထိဖြစ်ဖူးသော သူသည် ငါ၏သာသနာသို့ ဝင်လိုမူ လေးလပတ်လုံးပရိဝါသ်နေရသည်။ လေးလလွန်၍ အဗ္ဘာန်သွင်းပြီးမှ ရဟန်းပြုရချေသည်။ သို့ရာတွင်ကား ငါဘုရားသည် ပုဂ္ဂိုလ်အထူးကိုလည်း သိတော်မူ၏" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား—အရှင့်တပည့်သား သံဃာတော်တို့သည် အကယ်၍ ရဟန်းပြုတော်မူပါသည် ဖြစ်အံ့—အကျွန်ုပ်လေးလကိုမဆိုထား လေးနှစ်ပတ်လုံး ပရိဝါသ်နေပါအံ့" ဟု လျှောက်၏။

ဘုရားသခင်လည်း အရှင်အာနန္ဒာကို ခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ—သာသနာ၌ အာသာအလွန်ရှိသော သုဘဒ်ကို ယခုပင် ရဟန်းပြုလော့" ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း သင့်ရာသို့ခေါ်၍ ဆံမုတ်ဆိတ်ကို ပယ်ရိတ်ပြီးလျှင် သရဏဂုံသီလပေး၍ ဘုရားရှင်ထံသို့ ဆောင်ပြီးလျှင် ပဥ္စင်းခံစေ၍ ကမ္မဋ္ဌာန်းကို ပေးတော်မူလိုက်၏။

သုဘဒ်ပရိဗိုဇ်လည်း ထိုဥယျာဉ်တွင်း၌ စင်္ကြံသွားလျက် ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် ထိုညဥ့်ပင် ရဟန္တာ ဖြစ်လေ၏။

ဤသုဘဒ်ပရိဗိုဇ်ကား "ဥဒိစ္စ မဟာသာလ ပုဏ္ဏားမျိုးမှ အဝတ်ပြုဆည်း၍ ရဟန်းပြုသောသူ" ဟူ၍ ဒီဃနိကာယ်အဋ္ဌကထာ၌ လာသည်။

ဓမ္မပဒအဋ္ဌကထာ၊ တေရသကဏ္ဍဋီကာတို့၌ကား...."ဝက်ဇနပုဒ်၌ မုဆိုးသမီး ဆာဝါနှင့် ဥပက သင့်မြတ်ရာတွင် မြင်သောသား" ဟူ၍ဆိုသည်။ ကျမ်းမညီကြ။

၃၁၄။ တပြိုင်နက်စပ်၊ မချုပ်အပ်၊ ကလာပ်ဆို၏ ဘယ်ရုပ်နည်း။ (၁၈)

ဟူသောအမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား .... စိတ္တဇရုပ်သက်သက်ဖြစ်သော ဝိညတ်ဒွေး တို့တည်း။

ဤဝိညတ်ဒွေးတို့သည် စိတ္တဇကလာပ်ခြောက်စည်းတို့တွင် ကာယဝိညတ္တိနဝက ကလာပ်, ဝစီဝိညတ္တိသဒ္ဒဒသကကလာပ် အဖြစ်ဖြင့် ဖြစ်၏။ ယင်းသို့ဖြစ်လျက် ဝိညတ်မှတပါးသော အဝိနိဗ္ဘောဂရုပ်, သဒ္ဒရုပ်တို့မှာ သတ္တရသာယုက ရှိ၏။ ဝိညတ်ရုပ်တို့ကား စိတ္တာနုပရိဝတ္တိဓမ္မ ဖြစ်၍ စိတ်နှင့်အတူ ဖြစ်ခြင်း, ချုပ်ခြင်းရှိရကား မိမိ၏ ကလာပ်ဖော် ရုပ်တို့နှင့် ချုပ်ခြင်းမတူ။ ဘယ်သို့မူ၍ ကေ့ပွါဒ, ကေနိရောဓ, ကေနိဿယ, သဟဝုတ္တိ ဖြစ်နိုင်အံ့နည်း။ ဤ လက္ခဏာလေးပါးမရှိကလည်း ဘယ်သို့ ကလာပ်ဖြစ်တော့အံ့နည်းဟု စောဒနာလိုသည်။

ဤစောဒနာကား အဋ္ဌကထာ, ဋီကာ, ယောဇနာ, ဂဏ္ဌိ ဟူသမျှ၌မရှိ။ အတိသုခုမ နိဗ္ဗေဓိက ဉာဏ်ရှင်ဖြစ်၍ ဆင်ခြင်မိသောကြောင့် စောဒနာပေသည်။ အဖြေကိုကား ဘုရားမှတပါးသောသူ တို့သည် စွမ်းနိုင်မည်မထင်။

၃၁၅။ ဆွမ်းကပ် ကော်ကပ်၊ မင်းသို့ကပ်၊ ဝါကပ် ဘယ်သို့ခြားသနည်း။ (၁၉)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား

ဆွမ်းကပ်ဟူသောစကား၌ ကပ်–သဒ္ဒါသည်–ပေးခြင်းအနက်ကိုဟော၏။

ကော်ကပ်-၌ ကပ်ငြိခြင်းအနက်ကိုဟော၏။

မင်းသို့ကပ်-၌ ဆည်းကပ်ခြင်း, အနီးနေခြင်းကိုဟော၏။

ဝါကပ်-၌ ငြိမ်သက်စွာ နေခြင်းအနက်ကိုဟော၏ ဟူပေ။

၃၁၆။ ကြာဘက်ပွင့်ချပ်၊ သနွေကပ်၊ ကျမ်းရပ်လာသူ ဘယ်မျှနည်း။ (၂၀)

ဟူသောအမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား

ဥပ္ပလဝဏ်၏ အလောင်းဖြစ်သော ပဒုမဝတီ မိဖုရား
အာသက်ာမင်းသမီး,
ကုမုဒမာလာမင်းသမီးလေးဦး,
ပေါက္ခရသာတိ ပုဏ္ဏား

ဤခုနစ်ဦးတို့ကို တွေ့ဖူး၏။

၃၁၇။ နဲ့လျှင်ကားသပ်၊ ခိုင်လျှင်ထပ်၊ ကြပ်လျှင်သပ်ပင်း ဘယ်သို့နည်း။ (၂၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

စိုက်သည်တိုင်တဲ့။ မခိုင်နှဲ့။ ခားနဲ့ သပ်ရှိသွင်း။
ခိုင်ပြီးရှိခဲ့၊ နောင်မနဲ့။ သပ်နဲ့ထပ်ကာပင်း။

ဤ၌လည်း—"နှစ်ပါးတချပ်။ မအိပ်အပ်။ အပ်အောင် ဘယ်သို့အိပ်မည်နည်း" ဟူသော ပုစ္ဆာတခု အဖြေကိုသာ ရှေးစာ၌ တွေ့သည်။

"အပ်" ကာရန်ပုစ္ဆာ ၂၁–ပုဒ်အဖြေပြီး၏။

---

(၁၇) "အိပ်"ကာရန်ပုစ္ဆာ ၅-ပုဒ်အဖြေ

၃၁၈။ မန်းတောင်ပေါ်ထိပ်၊ စက်တော်နိုပ်၊ တံဆိပ်ကွယ်ကြောင်း ဘယ်သို့နည်း။ (၁)

ဟူသောအမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"မန္တလေးဟု ဆိုအပ်သော မန်းတောင်ထိပ်၌ ဘုရားသခင်ရပ်တန့်၍ ရတနာပုရမြို့ကို ဗျာဒိတ် ပေးတော်မူသည်။ ယင်းသို့ရပ်ရာ၌ ခြေတော်စက်ရာ ထင်သင့်လျက် မထင်ပဲ ကွယ်လေသည်ကား ဘယ်အကြောင်းကြောင့် ကွယ်သနည်း" ဟု မေးသည်။

ဂစ္ဆတော ပန သမ္မာသမ္ဗုဒ္ဓဿ အက္ကန္တပဒံ န ပညာယတိ။

ကသ္မာ။ သုခုမတ္တာ မဟာဗလဝတာယ မဟာဇနာနုဂ္ဂဟေန စ ။ပ။ တသ္မာ အက္ကန္တ ဋ္ဌာနေ ယော ပဒဝလဉ္ဇော ဘဝေယျ၊ သော အန္တရဓာယတေတိ။

ဟူ၍ အင်္ဂုတ္တရ စတုကနိပါတ် အဋ္ဌကထာ၌လာသည်။

အနက်ကား။ ။ဂစ္ဆတော၊ သွားတော်မူသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ အင်္ကန္တံ ပဒံ ပနဲ၊ နင်းတော်မူသော ခြေရာတော်သည်ကား။ န ပညာယတိ၊မထင်။ ကသ္မာ၊အဘယ်ကြောင့် နည်းဟူမူကား။ သုခုမတ္တာ စ၊ သိမ်မွေ့ သည်၏ အဖြစ်ကြောင့်လည်းကောင်း။ မဟာဗလဝတာယ စ၊ ကြီးသောအား ရှိတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။မဟာဇနာနုဂ္ဂဟေနစ၊လူများ အပေါင်းကို ချီးမြှောက်လိုသဖြင့်လည်းကောင်း။ ဣမေဟိ တီဟိကာရဏေဟိ၊ ဤသုံးပါးသော အကြောင်းတို့ကြောင့်။ နပညာယတ်။ မထင်။ ဟိ၊ အကျယ်ဆိုလိုက်ဦးအံ့။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရား တို့အား။ သုခုမစ္ဆဝိတာယ၊ သိမ်မွေ့ သောအရည်ရှိတော်မူသည်၏ အဖြစ်ကြောင့်။ တူလပိစုနော၊ လဲဝါဂွမ်း၏။ ပတိတဋ္ဌာနံဝိယ၊ ကျရာအရပ်ကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ပဒဝလဉ္ဇံ၊ ခြေရာတော်သည်။ နပညာယတိ၊ မထင်။ စ၊ အကြောင်းတပါးလည်း။ ဗလဝတော၊ အားကြီးသော။ သိန္ဓဝဿ၊ သိန္ဓောမြင်း၏။ ပဒုနိမိပတ္တေပိ၊ ပဒုမာကြာရွက်၌လည်း။ အက္ကန္တမတ္တမေဝ၊ နင်းကာမျှသာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့ အတူ။မဟာဗလဝတော၊ အားကြီးတော်မူသော။ တထာဂတဿ၊ ဘုရားသခင်၏။ အက္ကန္တဋ္ဌာနံ၊ နင်းရာအပိုသည်။ အက္ကန္တဋ္ဌာန မတ္တမေဝ၊နင်းရာမျှ သာလျှင်။ ဟောတိ ၏။ တတ္ထ၊ထိုနင်းရာအရပ်၌။ ပဒဝလဉ္ဇံ၊ ခြေတော်ရာသည်။ နပညာယတိ၊ မထင်။ စ၊ အကြောင်းတပါးလည်း။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။အနုပဒံ၊ခြေတော်ရာသို့ အစဉ် လျှောက်၍။ မဟာဇနကာယော၊လူများအပေါင်းသည်။ဂစ္ဆတိ၊သွားသည်ဖြစ်အံ့။တတ္ထ၊ ထိုခြေဖြင့် သွားသောခရီးအစဉ်၌။ သတ္ထု၊မြတ်စွာဘုရား၏။ ပဒဝလဉ္ဇံ၊ ခြေတော်ရာကို။ ဒိသွာ၊ မြင်၍။ မဒ္ဒိတုံ၊ နင်းအပ်သော့ငှာ။ အဝိသဟန္တဿ၊ မဝံ့သည်ဖြစ်၍။ ဂမနဝစ္ဆေဒေါ၊ အသွားအလာ ပြတ်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။ တသ္မာ၊ ထို့ ကြောင့်။ အက္ကန္တဋ္ဌာနေ၊ နင်းတော်မူရာအရပ်၌။ ယောပဒဝလဉ္ဇော၊ အကြင်ခြေတော်ရာသည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ သောပဒဝလဉ္ဇော၊ ထိုခြေတော်ရာသည်။ အန္တရဓာယတော၊ ကွယ်ပျောက်လေ၏။

ဤသို့ ကျမ်းလာသောကြောင့် ခြေတော်ရာသည် အကြောင်းသုံးပါးကြောင့် ကွယ်ပျောက် သည်ဟု သိရာသည်။

၅၁၉။ ထွက်သည့်အရိပ်၊ ရောင်ချိပ်ချိပ်၊ စေ့ စိပ်ဘယ်ရှပ် ဆိုမည်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကာ....ရှပါန်-သနိဒဿနရုပ်ဖြစ်သည် ဟူပေ။

၅၂၀။ သုံးလူ့မျှားထိပ်၊ ငါးမာရ်နှိပ်၊ စိပ်ရန် ပုတီးရှိလိမ့်နည်း။ (၃)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ပုတီးရှိကြောင်းကို ကျမ်းဂန်၌ မတွေ့ဖူးချေ။ အကယ်၍ ပုတီးဆောင်တော်မူသည်ဖြစ်အံ့၊ ထိုပုးတီကို "မည်သည့်ဒါယကာ လှူသည်၊ မည်သို့သုံး ဆောင်တော်မူသည်။ မည်မျှလောက်အကျိုးရှိသည်၊ မည်သည့်ရဟန်း အမွေခံရသည်" ဟု ကျမ်း ဂန်လာရာ၏။ ယင်းသို့မလာသောကြောင့် ဘုရားမှာ ပုတီးမရှိ ဟူ၍ သိသင့်သည်။

၅၂၁။ ညောင်ဗောင်ငိထိပ်၊ ရှက်စိပ်စိပ်၊ အရိပ်ဘယ်မျှ ထွက်သနည်း။ (၄)

ဟူသောအမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... နိဂြောဓ ပရိမဏ္ဍလ လက္ခဏာကို ခံယူရာ မဟာတရုတ္တမ ရုက္ခအဓိပတိဖြစ်ရကား အစောက် အမြင့်နှင့် အရိပ်နေသည် တမျှတည်းရှိသော ကြောင့် အရိပ်သံတောင် "တရာရှိ၏" ဟု သိရာသည်။

ထိုအရိပ်ဟူသည်လည်း... မွန်းတည့်အခါထွက်သော အရိပ်ကိုသာပြဆိုသည်။နံနက်အခါ, ညအခါ ထွက်သော အရိပ်ကိုကား လူတို့ကိုယ်ရိပ်သွားသကဲ့သို့ ထွက်၏ ဟူ၍သိရမည်။

ဘယ်သို့ထွက်မည်နည်းဟူမူ... လူတို့၏အရိပ်သည် အလွန်အားဖြင့် လေးတောင်သာရှိလျက် နေထွက်စ၌ ခုနစ်ဆယ့် ခုနစ်ဖဝါး။ နေဝင်ကျသော်လည်း ခုနစ်ဆယ့် ခုနစ်ဖဝါးတိုင်တိုင်ရသည်။ ဗောဓိပင်၏အစောက်ကား သံတောင်တရာဖြစ်၍ လူရိပ်နှစ်ဆယ့် ငါးပြန်မျှရှိကား ယခင့်ခုနစ်ဆယ့် ခုနစ်ဖဝါးကို နှစ်ဆယ့်ငါးနှင့်မြှောက် ၁၉၂၅-ဖဝါး အရိပ်ထွက်၏ဟု သိရာသည်။

၅၂၂။ မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်၊ အိပ်၍လင်သူ ဘယ်ပြစ်နည်း (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား...ကိုယ်ပိုင်မိန်းမမှတပါး မာတုရက္ခိတ ပိတုရက္ခိ တ စသော မိန်းမနှစ်ကျိပ်တို့ ပျော်ကြောင်း သိပ်သည်ကို အိပ်မိသော ယောကျ်ားကား ကာမေ သုမိစ္ဆာစာရ ကမ္မပထဖြစ်လေသည်။

ထို့ကြောင့်—

မိစ္ဆာစာရ၊ အရာကျသား၊ မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း၊ မအိပ်လေရာ၊ အာနန္ဒာသည်၊ ကမ္ဘာသိန်းပြည့်၊ ဖြည့်သားပါရမီ၊ ဇလျာဗိလျက်၊ မထိလေးစား၊ သူ့ မယားကို၊ ပြစ်မှားချေက၊ ရောရုဝတွင်၊ ကာလမြင့်ထွေ၊ ကုဋေတသိန်း၊ တွက်ကိန်းမကာ၊ ခံပြီးမှလျှင်၊ စာဂယုတ်မာ၊ ဤလူ့ရွာ၌၊ မိစ္ဆာယစ်နှုန်း၊ နပုန်းလည်းဖြင်၊ မျိုးစေ့ပစ်နှင့်၊ ယုတ်ညင်စွာဘိ၊ ဣတ္ထိဘာဝ၊ ကြိမ်ကြိမ်ရ၏။

ဟူ၍ ပညာရှိတို့စပ်ဆိုလေသည်။ ရှေးအဖြေမပါ။ အသစ်သာ။

"အိပ်" ကာရန်ပုစ္ဆာ ၅-ပုဒ် အဖြေပြီး၏။

---

(၁၈) "အုပ်"ကာရန် ပုစ္ဆာ ၉-ပုဒ်အဖြေ

၅၂၃။ သုမေဓာအုပ်၊ စိုးပိုင်ချုပ်၊ ရေမြုပ် ကုဋေ ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

နဂရေ အမရဝတိယာ၊ သုမေဓောနာမ ဗြာဟ္မဏော။
နေကကောဋိ သန္နိစယော၊ ပဟူတဓနဓညဝါ။

ဝေါဟံ စိန္တယိတွာန၊ နေကကောဋိသတံ ဓနံ။
နာထာနာထာနံ ဒတွာန၊ ဟိမဝန္တမုပါဂမိံ။

အမရဝတိယာ၊ အမရဝတီအမည်ရှိသော။ နဂရေ၊ ပြည်၌။ သုမေဓောနာမ၊ သုမေဓာအမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ၁ဋ္ဌိဝသတိ၊ နေ၏။ နေကကောဋိသန္နိစယော၊ သိုမှီးအပ်သော အကုဋ္ဌေများစွာသော ဥစ္စာလည်းရှိ၏။ ပဟူတဓနဓညဝါ၊ အပသုံးဆောင်ရာ များလှစွာသော ဥစ္စာ စပါးလည်းရှိ၏။

တဒါ၊ ထိုသုမေဓာဖြစ်သောအခါ၌။ အဟံ၊ ငါဘုရားသည်။ ဝေံစိန္တယိတွာန၊ ဤသို့ ကိုယ်၏အဖြစ် ဥစ္စာ၏အဖြင်တို့ကို စိစစ်ကြံစည်၍။ နေကကောဋိသတံ၊ ကုဋ္ဌေအရာများလှစွာသော။ နံ၊ ဥစ္စာကို။ နာထာနာထာနံ၊ ကိုးကွယ်ရာရှိသောသူ, ကိုးကွယ်ရာမဲ့သော သူတို့အား။ ဒတွာန၊ ပေးလှူခဲ့၍၊ ဟိမဝန္တံ၊ ဟိမဝန်တောချောင် တောင်ခြေမြို့ကအရပ်ဌာနသို့။ ဥပါဂမိံ၊ ကပ်လေ၏၊

ဤသို့ ဗုဒ္ဓဝင်ပါဠိ၌ ဟောတော်မူရကား သုမေဓာပုဏ္ဏား၌ မြေမြှုပ်ဥစ္စာသည် ကုဋ္ဌေအရာမက ရှိ၏ဟု သိရမည်။

သူကြွယ်သုံးပါးတွင် သုမေဓာသည် အဘယ်သူကြွယ်မျိုးနည်း ဟူငြားအံ့။

တေသု ခတ္တိယမဟာသာလာနာမ ဟေဋ္ဌိမန္တေန ကောဋိသတံ နိဓာနဂံ ဟောတိ။ တယော ကဟာပဏကုမ္ဘာ ဝဠဉ္ဇနတ္ထာယ ဂေဟမဇ္ဈေ ရာသိံ ကတွာ ဌပိတာ ဟောန္တိ။

ယေသံ ဗြာဟ္မဏာနံ အသီတိကောဋိဓနံ နိဟိတံ ဟောတိ။ ဒိယဍ္ဎော ကဟာပဏကုမ္ဘော ဝဠဉ္ဇနတ္ထာယ ဂေဟမဇ္ဈေ ရာသိံ ကတွာ ဌပိတော ဟောတိ။ တေ ဗြာဟ္မဏမဟာသာလာနာမ။

ယေသံ ဂဟပတီနံ စတ္တာလီသကောဋိဓနံ နိဟိတံ ဟောတိ။ ကဟာပဏကုမ္ဘော ဝဠဉ္ဇနတ္ထာယ ဂေဟမဇ္ဈေ ရာသိံ ကတွာ ဌပိတော ဟောတိ။ တေ ဂဟပတိမဟာသာလာနာမ။

ဟူ၍ သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ၌ လာသည်။

အဘိဓာန်၌လည်း....

ကောဋိနံ ဟေဋ္ဌိမန္တေန၊ သတံ ယေသံ နိဓေနဂံ။
ကဟာပဏာနံ ဒိဝသ၊ ဝဠဉ္ဇော ဝီသတမ္ဗဏံ။

တေ ခတ္တိယမဟာသာလာ၊ သီတိကောဋိ ဓနာနိ တု။
နိဓာနဂါနိ ဒိဝသ·ဝဠဉ္ဇော စ ဒသမ္ဗဏံ။

ယေသံ ဒွိဇမဟာသာလာ၊ တဒုပဍ္ဎေ နိဓာနဂေ။
ဝဠဉ္ဇေ စ ဂဟပတိ·မဟာသာလာ ဓနေ သိယုံ။

ဟူ၍ လာသည်။

ယေသံ၊ အကြောင်မင်းသူကြွယ်တို့အား။ ပေဟင္ဂိမန္တေန၊ ယုတ်သော အပိုင်းအခြားဖြင့်။ နိဓာနဂံ၊ မြေ၌မြှုပ်ထားအပ်သော ဥစ္စာသည်။ ကဟာပဏာနံ၊ သပြာတို့၏။ ကောဋိနံသတံ၊ ကုဋေတရာသည်။ ဟောတိ၊ ၏။ ဒိဝသဝဠဇ္ဇော၊ နေ့တိုင်းသုံးဆောင်အပ်သော ဥစ္စာသည်။ ဝီသတမ္မဏံ၊ အမ္ဗဏနှစ်ဆယ်သည်။ ဟောတိ၊ ၏။ တေ၊ ထိုမျှလောက်သောဥစ္စာရှိသော သူကြွယ်တို့သည်။ ခတ္တိယ မဟာသာလာ၊ မင်းသူကြွယ်မည်ကုန်၏။

ယေသံ၊ အကြောင်ပုဏ္ဏားသူကြွယ်တို့အား။ နိဓာနဂါနိ သိုမှီးမြှုပ်ထားအပ်ကုန်သော ဥစ္စာတို့သည်။ အသီတိကောဋိမနာန်၊ ကုဋေရှစ်ဆယ်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဒိဝသဝဠဇ္ဇော၊ နေ့တိုင်းသုံးဆောင်အပ်သော ဥစ္စာသည်။ ဒသမ္ဗဏံ၊ ဆယ်အမ္ဗဏရှိသည်။ ဟောတိ၊ ၏။ တေ ထိုသူကြွယ်တို့သည်။ ဒွိဇမဟာသာလာ၊ ပုဏ္ဏား သူကြွယ်မည်ကုန်၏။

ယေသံ၊ အကြောင် အသည် သူကြွယ်တို့အား။ တဒုပစေ့၊ ထိုပုဏ္ဏား သူကြွယ်၏ ထက်ဝက်ဖြစ်ကုန်သော။ နိဓာနဂေ စ၊ မြေမြှုပ်ဥစ္စာတို့သည်လည်းကောင်း။ ဝဠဇ္ဇေစ၊ နေ့တိုင်း သုံးဆောင်အပ်သော ဥစ္စာတို့သည်လည်းကောင်း။ သိယုံ၊ ရှိသည်ဖြစ်ကုန်၏။ တေ၊ ထိုသူကြွယ်တို့သည်။ ဂဟပတိမဟာသာလာ၊ အသည် သူကြွယ် မည်ကုန်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် သုမေဓာ ပုဏ္ဏား ဘုရားအလောင်းတော်သည် သူကြွယ်သုံးမျိုးတို့တွင် မြေမြှုပ်ဥစ္စာပင် ကုဋေအရာမကရှိရကား ခတ္တိယမဟာသာလ ဖြစ်သည် ဟူ၍ သိအပ်၏။ ထို့ကြောင့် အရှင်သီလဝံသထေရ်မြတ် စပ်ဆိုသည့် ဆုတောင်းခန်း၌—

> ကုဋေတိသာ၊ အရာမက၊ ရွှေငွေစသား၊ တောင်မျှစုန့်စုန့်၊ နုန့်နုန့်ဖြိုးဖြိုး၊ ကြွယ်ပိုးထိုး၍၊ ထမ်းပိုးလှင်ကန်၊ မြတ်သတ်ကျန်လျက်၊ လုပ်ခွန်ကုန်ရင်း၊ ဝင်သွင်းမစဲ၊ မိုးသို့ဖွဲ၏၊ ဖြင်းပြဲပြည့်စုံ၊ မကုန်တောင်းအောင်၊ ဆောင်သားစီးပွား၊ တောင်ကြီးဖျားသို့၊ ကြွားကြွားပုံ့ပုံ့၊ ဝန့်တုံဝန့်တို၊ အုတ်နှယ်ဖို၍၊ အမိုအကဲ၊ အကွဲအကွဲတည့်၊ မြေထဲဥမင်၊ တွင်းတွင်လည်းမြှုပ်၊ ကြွယ်ပုပ်ကြွယ်စပ်၊ မလပ်ကြကျို၊ အိမ်ဘိ အိမ်လျောင်၊ ထုပ်ခေါင်လည်းတိုင်၊ မနိုင်မကန်၊ ရေဆန် စပါး၊ စည့်ချည်းထား၍၊ မအားခြေချ၊ စည်ပင်လှသည်။ ထိုမျှမန ရာသံတည်း။

ဟူ၍ စပ်တော်မူသည်။

အမ္ဗဏ ဟူသည်ကား ... ယခုလူတို့ သုံးစွဲသော ဆယ့်ခြောက်စလယ်ရှိသော စိတ်ဖြင့် ဆယ့်တစိတ်ဝင်သော တောင်းသည် 'တအမ္ဗဏ' မည်၏။ ထို တအမ္ဗဏရှိသော တင်းဖြင့် နံနက်က အတင်းနှစ်ဆယ် ခြင်၍ သုံးသော် နေလုံးပျောက်သောအခါ အတင်းလေးဆယ် ဝင်လာသည်-ဟု ဆိုလိုသည်။ အကြွင်းကိုလည်း ဤနည်းတူပင် မှတ်ရမည်။

သံယုတ်အဋ္ဌကထာ ပြရာ၌ "တကုမ္ဘ" ဟူသည်လည်း အဘယ်နည်း ဟူမူကား—

"ကုမ္ဘောနာမ ဒသမ္ဗဏံ ဒွေ ဒေါဏာဓိကာ သတ္တဝီသတိမာနိကာ"

ဟူ၍ ဇာတ်ငှိကာ၌ လာသောကြောင့်၊ အမ္ဗဏအားဖြင့် ဆယ်အမ္ဗဏ၊ လူတို့သုံးဆောင်သော တင်းအားဖြင့် နှစ်ဆယ့်ခုနစ်တင်း နှစ်စိတ် ဝင်သော တောင်းကြီးသည် ကုမ္ဘမည်၏။

၅၂၄။ သမင်ညွန်တုပ်၊ စကားလုပ်၊ ကျားခုပ် လွတ်ပါလေလိမ့်နည်း။ (၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား .. လွတ်၏ဖြေ။

ဝတ္ထုကား။ ။ရှေးသောအခါ တခုသော တောင်ဝှမ်း တောအုပ်၌ မြေခွေးသားအမိတစုတို့သည် လည်းကောင်း, သမင်သားအမိတစုတို့သည် လည်းကောင်း နေသတည်း။ ထို၏အနီး၌ ဝက်သင်း တထောင်တို့သည်လည်း နေသတည်း။ ယင်းသို့ နေရာ ကျားသစီးလာ၍ တနေ့လျှင် ဝက်တစီး တစီး ယူ၍စား၏။ ထိုသို့စားသည်ကို ခွေးမနှင့် သမင်မတို့မြင်လျှင် ဤသို့ တိုင်ပင်ကြ၏။ "ကျားသည် ငါတို့ထံသို့လာလျှင် မကိုက်ဝံ့အောင် နေရာကောင်းကနေ၍ ချောက်လှန့်မှ သင့်မည်။ သင် သမင်မလည်း သတိရှိစေ"ဟု ဆို၍ ခွေးမသည် တခုသော ထူးခေါင်း၌ဝပ်၍နေ၏။ သမင်မကား ရေအိုင် ညွန်ပွက်၏ အလယ် တခုသော ကုန်းငယ်၌နေ၏။

ကျားသည် ဝက်တို့ကို စားခြင်းငှာ လာလေသော် ဝက်တို့သည် အကြံရ၍ စည်းကြပ်ကြပြီးမှ သုံးစုခွဲ၍ အစွယ်ချင်း ယှဉ်ကာ ယှဉ်ကာဖြင့် ခံလင့်၏။

ယင်းသို့ ခံလင့်သော် ကျားသည် ဝက်သင်းသို့ မဝင်ဝံ့၍ ခွေးထံသို့လာလေသော် မြေခွေးမက မိမိသားတို့ကို မှာသား၏ "ကျားနှံ့ရလျှင် သင်တို့က "အမိ- ဟင်းမျိုးသားကို စားလိုပါသည်။ ယမန်နေ့က စားရသော ဟင်းမျိုးသားသည် မဆူပါ။ ဆူသောဟင်းမျိုးကို ကိုက်၍ပေးပါ ကိုက်၍ပေးပါ"ဟု ညီညာကြွေးကြော် ဟစ်အော်ကြ"ဟု မှာထားသည်နှင့် ထုံခွေးငယ်တို့က အမိ သင်တိုင်း အော်ကြ၏။ ခွေးမကသည်း "ကျားမှလာစေ ရေမျိုကို ငါခံ၍ပေးမည်"ဟု ကြုံးဝါး၏။ ထိုစကားကိုကြားသော် ကျားလည်းဟုတ်အံ့ထင်၍ ကြောက်လန့်ရကား သမင်မရှိရာသို့သွားပြန်၏ ။

သမင်မလည်း ညွန်လယ်ခေါင် ကုန်းကနေ၍ "ဟယ်ကျား- သင်သည် ငါ့ချိုဖျား၌ အသက် ကုန်လိုသလော။ အသက်ရှည် ချမ်းသာနေလိုပါမူ ငါ့ထံသို့ မလာလင့်" ဟု ဆို၏။ ထိုအခါ ကျားက "နင်သည် ဘယ်အခါက ငါတို့ကို အာခံရဘူးသနည်း" ဟု ပြင်းစွာ အမျက်ထွက်၍ သမင်မရှိရာသို့ ရောက်အောင် တဟုန်တည်း ခုန်လေလျှင် သမင်မလည်း ကုန်းခြေညွန်စသို့ ပြေး၍ ဝပ်လေသဖြင့် ကျားသည် အားလွန်၍ ညွန်ပွက်၌ နစ်လေ၏။ သမင်မလည်း ကျား၏ ကျော ပေါ်သို့တက်၍ ခုန်သဖြင့် ကျားသည် ညွန်၌မြုပ်၍ သေရလေ၏၊ ထို့ကြောင့် ကျားခုပ်လွတ်၏ ဟူပေ။ ရှေးစကားတည်း။

၅၂၅။ မြွေရှိပခြုပ်၊ ထည့်ကြွက်နုပ်၊ နာမ်ရုပ်မသေ ဘယ့်ကြောင့်နည်း။ (၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား မြွေမျိုးတို့သည် အမိတို့က သား,သမီးတို့အား ဩဝါဒသုံးပါးဖြင့် ဆုံးမ ပေးမြဲဖြစ်သတည်း။

ချစ်သားတို့— စားဖွယ်ကို ရှာသော်လည်း ဆောဆောလျင်လျင် မစားရ၊ ဆင်ခြင်တိုင်းထွာ၍ ပြည့်ဖြည်းသာ စားရ၏။

လုံခြုံသောနေရာ၌ အိပ်လိုငြားသော်လည်း ဆောဆောလျှင်လျှင် မအိပ်ရာ၊ သူတပါး နောက်မှသာ အိပ်ရာ၏။

အချပ်တပါး လည်လိုငြားသော်လည်း အမှတ်မဲ့ မသွားတည့်ရာ။ ရန်သူကို ကြည့်ရှု ဆင်ခြင်၍ သွားရာ၏။

ဤသုံးပါးသော ဩဝါဒကို ဆုံးမမြဲတည်း။

တရံသောအခါ တောင်ပို့ခေါင်း၌နေသော မြွေငန်းတခုကို အလမ္ပာယ်သမားတို့ ဖမ်း၍ ထမ်းတောင်း ပခြုပ်ဖြင့် ဆောင်ယူလေ၏။ မြွေကို တာရှည်ပြု၍ အခယူသဖြင့် အသက်မွေးခြင်း ငှာ အလမ္ပာယ်သမားတို့က စားဖွယ်ဖြစ်သော ငါးကိုလည်းကောင်း, ဖားကိုလည်းကောင်း ပခြုပ် ထဲသို့ ထည့်၍ကျွေး၏။ မြွေလည်း မိဘတို့ဆုံးမလိုက်သောအတိုင်း ကြံတွေး၍ ဖြည်းဖြည်းသာ စား၏။

တနေ့သ၌ ကြွက်ရှင်တခုကိုဆည့်လိုက်သော် "ဤသတ္တဝါကား သွားရှိသည်ဖြစ်၍ မာသော သစ်သားကိုလည်းကောင်း, မြေကိုလည်းကောင်း ကိုက်ဖောက်နိုင်၏။ ငါ့ကိုကြောက်သဖြင့် ဤ ပခြုပ်ကိုဖောက်၍ ထွက်လတ္တံ့။ ဤကြွက်ထွက်သော အပေါက်ဖြင့် ငါသည် ထွက်ရလတ္တံ့။ ထို့ကြောင့် ဤကြွက်ကို ငါမစားသင့်သေး"ဟု တွေးတောသဖြင့် မကိုက်ပဲ ငြိမ်သက်စွာ နေ၏။

ကြွက်လည်း မြွေကိုမြင်လျှင် ကြောက်လှသဖြင့် အခွေထက်၌ ယောက်ယက်ခတ်မျှ ပြေး တည့်၍ တခုသောအထောင့်ကို ကိုက်၏။ အပေါက်ထွက်လေ ာက်သောအခါ ထွက်ပြေးလေ၏။

မြွေလည်း လူမြင်စဉ်အခါ ငြိမ်သက်စွာနေ၍ ညဉ့် လူအိပ်သောအခါမှ ထိုကြွက် ထွက်ရာ အပေါက်ကို ချဲ၍ထွက်သဖြင့် သက်ရှည် ချမ်းသာနေရဘူး၏။

ဤထုံးကိုမှီ၍ ကြွက်၏ နာမ်ရုပ် မသေခြင်းသည် မိဘစကားကို မှတ်ယူနာသော မြွေလိမ္မာနှင့် တွေ့လေသောကြောင့် မသေသည်ဟု ဖြေရာ၏။

၁၂၆။ ကျီးနှင့်ခင်ပုပ်၊ စိတ်မချုပ်၊ ရှုတ်ရက်ရန်ဖြစ် ဘယ့်ကြောင့်နည်း။ (၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ကျီးနှင့် ခင်ပုပ်ငှက်တို့၏ ရန်ဖြစ်ကြသော အကြောင်းကို ပြသောထုံးသည် လောကုတ္တရာကျမ်း၌လာသော ထုံးစံ, လောကီစာ၌လာသော ထုံးစံအားဖြင့် နှစ်မျိုးရှိ၏။ ထိုတွင်—

လောကုတ္တရာကျမ်း၌လာသော ထုံးစံကား

ကမ္ဘာဦးအခါ လူဘို့ရှာဘင်လည်း မဟာသမ္မတမင်းကို မင်းမြှောက်ကြ၏။ တောသုံးထောင်၌ နေသော အခြေလေးခု သတ္တဝါတို့တွင်လည်း ခြင်္သေ့မင်းကို မင်းမြှောက်ကြ၏။ ရေသတ္တဝါတို့ တွင် အာနန္ဒာ မည်သော ငါးကို မင်းမြှောက်ကြ၏။ ထိုအခါ ငှက်သတ္တဝါတို့သည် ဟိမဝန္တာ၌ တခုသော ကျောက်ဖျာပေါ်တွင် စည်းဝေးကြ၍ "ကြည်းသတ္တဝါ, ရေသတ္တဝါ အပေါင်းတို့သည်

အသီးအသီး မင်းတင်ကြပြီ။ ငါတို့ ငှက်မျိုးတွင် "မင်း" မတင်ရချေသေး။ အဘယ်သူကို မင်းတင်ရအံ့နည်း"ဟု တိုင်ပင်ကြ၏။

ထိုအခါ အချို့သော ငှက်က ခင်ပုပ်မျိုးသည် သစ်ခေါင်း၌သာ ငြိမ်သက်စွာနေ၏။ သူ၏ အသက်ကိုလည်း သတ်ခြင်းမရှိ။ သူ၏ဥစ္စာကိုလည်း ယူလေ့ စားလေ့မရှိ။ သတိ သမာဓိနှင့် ပြည့်စုံ၏။ ညဉ့်အခါမှထွက်၍ ကျက်စားသည်ဖြစ်၍ တပါးသော ရန်သူတို့ကိုလည်း သိနိုင်၏။ ထို့ကြောင့် ခင်ပုပ်ငှက်ကို မင်းတင်သော် လျော်လတ္တံ့"ဟု ဆိုကုန်၏။

ထိုအခါ ကျီးငှက်တဦးသည် "ဤ ခင်ပုပ်ငှက်ကား ယုတ်သော အဆင်းသဏ္ဌာန်ရှိ၏။ အမျက်မထွက်ပဲ မြင်လျှင် မြေဘီလူးကဲ့သို့ ပြူးတူးသော မျက်စိဖြင့် ကြောက်မက်ဖွယ်ရှိ၏။ တစုံတခုသော အရေးအရာဖြင့် အာဃာတဖြစ်ခဲ့သော် ဘယ်သူမျှ မကပ်ဝံ့ ဖြစ်လတ္တံ့။ ထို့ကြောင့် မသင့်ချေ" ဟု ဆို၏။

"ထိုသို့ မသင့်သော် ဘယ်ငှက်ကို မင်းတင်သင့်သနည်း"ဟု မေးကြပြန်လျှင်... "ဥဒေါင်းသည် အဆင်းလည်းလှ၏၊ အသံလည်းသာ၏။ မင်းပြုစေသော် သင့်လတ္တံ့"ဟု ဆိုပြန်၏။

ထိုစကားကိုကြားလျှင် ဥဒေါင်းသည် အမြီး ဖူးတောင်ကို ချီ၍ က၏။ ယင်းသို့ ကသော အခါ ဤငှက်သည် "ယခုကပင် ရှင်ပြုမြူးထူးခြင်းလွန်၏၊ ဣန္ဒြေမတည်ဘဲ၊ ဘယ်မှာ မင်းပြု၍ လျော်အံ့နည်း"ဟု ဆိုကြပြန်၏။

ဤသို့ အသီး အသီး ရွေးပြီးသည်နောက်မှ ရွှေဟင်္သာကို မင်းတင်ကြ၏။

ဤအခါမှစ၍ ခင်ပုပ်တို့သည် "ငါတို့ မင်းဖြစ်သင့်လျက် ဤကျီးမည်းသည် ဆဲရေး ကဲ့ရဲ့သောကြောင့် ငါတို့ မင်းမပြုရသည်"ဟု ဒေါသရန်ငြိုးထား၍ ကျီး၏ သားငယ်ဟူသမျှကို ညဉ့်အခါ လိုက်၍ ကိုက်သတ်လေသတည်း။

ကျီးကလည်း... ခင်ပုပ်ကိုမြင်လျှင် ထက်ဝန်းကျင်မှ ထိုးဆွပ်ကြသတည်း။

ဤကား စတုက္ကနိပါတ် ဇာတ်၌လာသောအကြောင်း။

လောကီအကြောင်းကား

တရံသောခါ ခင်ပုပ်ငှက်သည် လူ၏လယ်၌ စပါးကိုစား၍ လယ်စောင့်သားလည်း လောက်လေးနှင့် ပစ်သဖြင့် စဘိုတွင် လောက်စာတစ်လစ်ရှိ၍ မဒိပ်နိုင်ရှိလေသော် "အဆွေကျီး ငါ၏ဒေုဂါကို ချမ်းသာအောင်ပြုပါ"ဟုဆိုလျှင် "ဥသြသည် အလွန်ဆေးတတ်၏၊ ဥသြဆရာကိုခေါ် ၍ကုမှ ချမ်းသာရမည်"ဟု ပြော၏။ "သင်၏ဆရာ ဥသြကို ကုပါစေ"ဟု တောင်းပန်လျှင် ကျီးလည်း ဥသြထံသို့သွား၍ "ခင်ပုပ်အား ဆေးကုပါ"ဟု ဆို၏။

ထိုအခါ ဥသြက "ခင်ပုပ်ငှက်သည် သူ၏ ကျေးဇူးကိုလည်း မသိတတ်၊ ငါမကုလို"ဟု ဆို၏။ ကျီးကလည်း "အဆွေ ... သာ ကုလော့။ ဆေးခမရသော် ငါပေးမည်"ဟု အာမခံ၏။

ထိုအခါ ဆရာဥသြလိုက်၍ အနာကိုကြည့်ရှုသော် ဇဘိုတွင် လောက်... ... "သင် ခင်ပုပ်သည် ရေ၌ တနေ့စိမ်... မည်"ဟု ဆို၏။ ခင်ပုပ်လည်း ဥသြဆိုတိုင်း ... ... မြေလောက်စာသည် ... ... ကျ၍ ... ချမ်းသာခဲ့... ... ... ခင်ပုပ်က ' ဤဥသြသည်

ငါ့ကို တစုံတခုသောဆေးရည် ဆေးဖတ်ဖြင့် တိုက်ရသည်မဟုတ်၊ ငါရေ၌မြုပ်၍ အလိုလိုသာ လောက်စာကြေမွ၍ ထွက်သည်။ ထို့ကြောင့် ငါ-ဆေးခမပေးသင့်”ဟု ကြံ၍ သစ်ခေါင်း၌သာ အောင်းကာနေလေ၏။

ထိုအခါ ကျီးက ဇီးကွက်ကို“ခင်ပုပ်ငှက်သည် မင်းတို့နှင့် အသွင်တူသည် ခေါ်၍ပေးပါ”ဟု ဆို၏။ ဇီးကွက်ကလည်း “ကောင်းပြီ”ဝန်ခံ၍ခေါ်ပါသော်လည်း ခင်ပုပ်သည် သစ်ခေါင်းက မထွက်လာရကား “ကြည့်ကွဲ့ ·ကြည့်ကွဲ့”ဟု ကြွေးကြော်၏။ ကျီးလည်း ခင်ပုပ်၌ ဆေးခတောင်း၍ မရသော် ဥညြထံ၌ ဝန်ခံမိပေရကား ဖွားတိုင်း ဖွားတိုင်းသော ဥညြ၏သားကို ကျီးထိန်းရလေသတည်း။

ထို့ကြောင့် “ဤ ခင်ပုပ်သည် အလွန်ဆိုး၏။ ချင်းတို့ကြောင့် ငါတို့ ဥညြကျွန်ဖြစ်ရလေသည်” ဟု နှလုံးပိုက်၍ ခင်ပုပ်ကိုမြင်လျှင် ထက်ဝန်းကျင်မှရံ၍ထိုးဆွပ်ကြသည်။ ဤကား လောကီစာ၌ လာသော အကြောင်းတည်း။

၃၂၇။ တထာဂတုပ်၊ ကျမ်းအချုပ်၊ စိလုပ်ဘယ်ကျွန်း ဖြစ်ပေနည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ငါတို့ ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံ ရတနာပုရမြို့နေ “အရှင်သာရဒဿီထေရ်”ရေး စီရင်သောကျမ်းတည်း။

၃၂၈။ ဖောင်းထုပ်ဦးထုပ်၊ အိမ်လျှောက်ထုပ်၊ ဖက်ထုပ် ပိုက်ထုပ် မည်သို့နည်း။ (၆)

၃၂၉။ ခြေကုပ်လက်ကုပ်၊ နွားချိုကုပ်၊ ကုပ်ခြင်းမည်သို့ ခြားသနည်း။ (၇)

၃၃၀။ ထီးကုပ်တင်းကုပ်၊ စာရင်းကုပ်၊ ပေါင်းကုပ် လှည်းကုပ်မည်သို့နည်း။ (၈)

၃၃၁။ ကွကွကုပ်ကုပ်၊ အနေကုပ်၊ သံကုပ် အိုးကုပ် မည်သို့နည်း။ (၉)

ဟူသော အမေးပုစ္ဆာ လေးခု၌ အဖြေ ဝိသဇ္ဇနာကား.... ဤပုစ္ဆာများကို ဖြေရန် အဓိပ္ပါယ်မရှိ၊ ပသတ်စပ်အင်းကို သိရှိမှုဆိုသော ပုစ္ဆာဖြစ်သည်။

ဤပုစ္ဆာစုလည်း ရှေးအဖြေစာ၌ မပါ။

“အုပ်”ကာရန်ပုစ္ဆာ—၉ ပုဒ် အဖြေပြီး၏။

---

(၁၉) "အန်"ကာရန်ပုစ္ဆာ ၁၁၀–ပုဒ်အဖြေ

၃၃၂။ သဗ္ဗညုဉာဏ်၊ အမြင်သန်၊ ယှဉ်ဟန်ဘယ်စိတ် နှင့်ပေနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဉာဏသမ္ပယုတ္တ ကာမဝစရကိရိယာနိစေဝ ကိရိယာဘိညာ ဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာလမ္ဗဏာနိ၊ ။သင်္ဂြိုဟ်။

ကိရိယာဇဝနာနံ ဟိ သဗ္ဗညုတဉာဏာဒိဝသပ္ပဝတ္တိယံ ဝေါဋ္ဌဗ္ဗနစသာ တံတံပုရေစာရိကဝသပ္ပဝတ္တိယံ န စ ကိဉ္စိ အဂေါစရံ နာမ အတ္ထိ။ ဧဋီကာကျော်။

ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာနိစေဝ၊ ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာစိတ် လေးခုတို့သည်လည်းကောင်း။ ကိရိယာဘိညာဝေါဋ္ဌဗ္ဗနဥ္စ၊ ကိရိယာအဘိညာဉ်စိတ်, ဝုဋ္ဌောစိတ်သည်လည်းကောင်း။ ဣတိ ဣမာနိ ဆစိတ္တာနိ၊ ဤခြောက်ပါးသော စိတ်တို့သည်။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း။ သဗ္ဗာလမ္ဗဏာနိ၊ ခပ်သိမ်းသော တရားလျှင် အာရုံရှိကုန်၏။

ဟိ၊ ထင်စွာဆိုဦးအံ့။ ကိရိယာဇဝနာနံ၊ ကိရိယာ ဇောတို့၏။ သဗ္ဗညုတဉာဏာဒိဝသပ္ပဝတ္တိယံ၊ သဗ္ဗညုတဉာဏ် အစရှိသော ကိစ္စဖြင့် ဖြစ်ခြင်း၌။ ဝေါဋ္ဌဗ္ဗနဿစ၊ ဝုဋ္ဌောစိတ်၏လည်း။ တံတံပုရေစာရိကဝသပ္ပဝတ္တိယံ၊ ထိုထိုသို့သော ဉာဏ်တို့၏ ရှေ့သွားကိစ္စဖြင့် ဖြစ်ခြင်း၌။ ကိဉ္စိ၊ တစုံတခုသော။ အဂေါစရံနာမ၊ အာရုံမပြုနိုင်သော တရားမည်သည်။ န အတ္ထိ၊ မရှိ။

သဗ္ဗညုတဉာဏမ္ပန ကာမာဝစရမ္ပေ လောကိယမေဝါတိ။

သဗ္ဗညုတဉာဏမ္ပန၊ သဗ္ဗညုတ ဉာဏ်သည်ကား။ ကာမာဝစရ ဓမ္မံ၊ ကာမာဝစရတရားဖြစ်သော။ လောကိယမေဝ၊ လောကီစိတ်၌ ရှိသောဉာဏ်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မဟာသီဟနာဒသုတ် အဋ္ဌကထာ လာသောကြောင့် မဟာကိရိယာ စိတ်၌ယှဉ်သော ဉာဏ်ကို သဗ္ဗညုတဉာဏ်ဟူ၍ ဆိုအပ်၏။ ။

၃၃၃။ စွဲပဋိသန်၊ ဇောနိကန်၊ လေးတန် အပါယ်ချခြိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဋိသန္ဓေစိတ်၏နောက် တဆယ့်ခြောက်ချက်သော ဘဝင်၊ မနောဒွါရာဝဇ္ဇန်းအခြားမဲ့၌ ကျသော ဘဝနိကန္တိကဇောသည် အပါယ် ပဋိသန္ဓေကို ပေး၏လော ဟူ၍ မေးသည်။

ကမ္မဝေဂက္ခိတ္တသတ္တဿ အာဂန္တုက ဘာဝေန ပုရေတရမေဝ ပဝတ္တနတော တဿ ဝသပ္ပဝတ္တိယံ အနိဋ္ဌဝိပါကံပိ န ဒေတိ။

ဟူသော အဋ္ဌကထာနှင့် အညီ၊ ရေးကံအဟုန်သည် ပစ်ချအပ်သော သတ္တဝါအား ကပါးသော ဇောဘို၏ ရှေးဦးစွာ အာဂန္တုက အဖြစ်ဖြင့် ဖြစ်ရသောကြောင့် ထိုဘဝနိကန္တိက ဇောသည် ပဋိသန္ဓေကို မဆိုထားဘိ ပဝတ္တိ၌ အနိဋ္ဌဖြစ်သော ဝိပါက်ကိုမျှ မပေးနိုင်ဟု သိအပ်၏။

၅၃၄။ သီဟိုဠ်ရပ်ဌာန်၊ တို့ထိပ်ပန်၊ စျာန်ဝင်ရပ်ပေါင်း ဘယ်မျှနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဇတိယံ ပဋ္ဌသတ္တဘိက္ခု ပရိဝါရော အာဂန္တွာ မဟာစေတိယဋ္ဌာနေ စ ထူပါရာမစေတိယဋ္ဌာနေ စ မဟာဗောဓိပတိဋ္ဌိတဋ္ဌာနေ စ မဟိယင်္ဂဏစေတိယဋ္ဌာနေ စ ဒီဃဝါပိစေတိယဋ္ဌာနေ စ မုဒုင်္ဂဏစေတိယဋ္ဌာနေ စ ကလျာဏီစေတိယဋ္ဌာနေ စ နိရောဓသမာပတ္တိံ သမာပဇ္ဇိတွာ နိသီဒိ။

ဟူ၍ သမန္တပါသာဒိကာအဋ္ဌကထာ၌ လာသောကြောင့် ဘုရားသခင်သည် သီဟိုဠ်ကျွန်းသို့ တတိယ ကြွတော်မူသောအခါ၌ မဟာစေတီတည်ရာ ထူပါရာမစေတီတည်ရာ မဟာဗောဓိ ဒက္ခိဏသာခါတည်ရာ မဟိယင်္ဂဏစေတီတည်ရာ ဒီဃဝါပိစေတီတည်ရာ မုဒုင်္ဂဏစေတီတည်ရာ ကလျာဏီ စေတီတည်ရာ ဤခုနစ်ဌာနတို့၌ နိရောဓသမာပတ်ကို ဝင်စား၍ နေတော်မူသည်။

၅၃၅။ ခေတုနိဗ္ဗာန်၊ ဝေကန်၊ အမှန်ဘယ်လ ရက်နေ့နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဓာတုပရိနိဗ္ဗာနံ နာမ အနာဂတေ သာသနန္တရဓာနေ ဘဝိဿတိ။

ဟူသော ဗုဒ္ဓဝင်အဋ္ဌကထာ တို့နှင့်ညီစွာ ဓာတ်တော်တို့၏ အဆုံး ဝင်ခြင်းသည် နောင်အခါ သာသနာတော် ငါးထောင် အစေ့တွင် ဖြစ်လတ္တံ့ ဟူ၍ ဆိုသည်။ ရက်နေ့ကိုကား တိုက်ရိုက် မပြချေ။

ယင်းသို့ မပြချေသော်လည်း သာသနာတော် ၅၀၀၀-ကို လဖြင့် ရေတွက်သော် လပေါင်း ခြောက်သောင်းရှိသည်။ ရက်ဖြင့် ရေတွက်သော် တသန်းရှစ်သိန်းရှိသည်။ ဘုရားသခင်သည် ၁၄၈-ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ ပရိနိဗ္ဗာန် ပြုတော်မူသောကြောင့် ထိုလပြည့်ကျော် ပါရက်မှစ၍ ရေတွက်သဖြင့် အနှစ် ငါးထောင်၊လပေါင်း ခြောက်သောင်း၊ ရက်ပေါင်း တသန်း၊ ရှစ်သိန်းတို့သည် ကဆုန်လပြည့် သောကြာနေ့တွင် ပြည့်ရာသည်။ ထိုနေ့တွင်ပင် ဓာတုနိဗ္ဗာန်ဖြစ်မည်ဟု သိသင့်၏။

၅၃၆။ သောတ္တိအင်းလွန်၊ နဖူးစွန်၊ ရှိပြန်သမုတ် မည်သို့နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကဏ္ဍာယ သောတ္တိကော ယဿ၊ နလာဋေ ဝိမလေ သုဘေ။
ဣဂ္ဂရိ သာ ဝိဇာနိယတ်၊ နိစ္စတံ သုခ မေဓတေ။

ယသျာ ကန္ယာယ၊ အကြင် သတ္တိသမီးအား။ သောတ္တိကော၊ သုံးတောင်ထက်ချွန် အလွန်တင့်တယ်သော။ သောတ္တိ၊ အင်းအရေးနှင့် တူသော အရေးအကြောင်းသည်။ သုဘော၊ ရွှချင့်စဖွယ် တင့်တယ် ဖြိုးမောက်သော။ ဝိမလေ, မွဲမည်း ညစ်ကြေး ကင်းဝေးသော။ နလာဋ္ဌေ၊ နဖူးပြင်၌။ အတ္တိ၊ ရှိသည်ဖြစ်အံ့။ သာဏာနျာ၊ ထိုသတ္တိသမီးကို။ ဝ္ဍကွရိ၊ စိုးရစင်စစ် ဖြစ်လတ္တံ့သော ဝ္ဍကွရိမည်၏ဟူ၍။ ဝိဇာနိယတ်၊ သိအပ်၏။ နိစ္စတံ၊ ဒ.မြဲ။ သုခံ၊ စည်းစိမ်ဥစ္စာ ချမ်းသာစွာ။ ဧဝတေ၊ ကြီးပွား စည်ပင်ရာ၏။ ။သာမုဒြိက မည်သော လက္ခဏာ ကျမ်း၌ ဆိုသည်။

၅၃၇။ စင်စစ်အမှန်၊ တိရစ္ဆာန်၊ နိဗ္ဗာန်ဘယ့်ကြောင့် ရသနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဆင်ပြူစစ် ရှိသော ပြည်ရွာ၌' မိုးလေ ကောင်းသည်၊ စစ်မက် ငြိမ်းသည်၊ သတ္တဝါတို့ ဝပြောသည်၊ အနာကင်းသည်။ ငြိမ်းချမ်းသာယာသည်၊ ဤမျှလောက် အကျိုးကို ပြည်သူတို့ခံရမည်ဖြစ်၍ ဆင်ကို နိဗ္ဗာနပစ္စယဟု အမည် သမုတ်ကြသည်။ ဤသို့ တိရစ္ဆာန် ဖြစ်သော ဆင်လျက် နိဗ္ဗာန အမည် ရသည်ကို ရည်၍ ပုစ္ဆာပြုသည်။

၅၃၈။ ခြောက်ခုအိုင်မှန်၊ နောတတ်သွန်၊ ပြန်ကား ဘယ်ကထွက်သနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အရှေ့မျက်နှာ ခြင်္သေ့ခံတွင်းပြွန်မှ ထွက်သောရေသည် တခုသော ချိုင့်ဝှမ်းရာ၌တည်လေသဖြင့် အိုင်ဖြစ်ပြန်သည်ကို သီဟပ္ပပါတ အိုင်ဆိုသည်။ အနောက်မျက်နှာ မြင်းခံတွင်းမှ ထွက်သော ရေပြွန်သည် တခုသော ချိုင့်ဝှမ်းရာ၌တည်လေသဖြင့် ဖြစ်သောအိုင်ကို မန္ဒာကိနီအိုင်ဆိုသည်။ တောင်မျက်နှာ ဆင်ခံတွင်းပြွန်မှ ထွက်သော ရေသည် တသွယ်ခွဲ၍ တောင်ရံခုနစ်ထပ်၏ အောက်သို့ ငုပ်လျှိုက် တခုသောအကွက်၌တည်လေသော အိုင်ကို ဆဒ္ဒန်အိုင်ဆိုသည်။ မြောက်မျက်နှာ နွားခံတွင်းပြွန်မှ ထွက်ကျ၍ တည်သော အိုင်ကို ကုဏာလအိုင်ဆိုသည်။ ဤသို့ လောကဒီပက-အစရှိသော စာငယ်တွ်၌ လာသည်။ တပါးသော ကဏ္ဏမုဏ္ဍအိုင်၊ ရထကာရအိုင်တို့ကိုကား မလာ။ တောင်မျက်နှာ ဆင်ခံတွင်းဟူသော စကားသည် သံယုတ်အဋ္ဌကာနှင့် ညီ၏၊

သာရတ္ထဒီပနီ၌ကား– တောင်မျက်နှာ နွားခံတွင်းပြွန်ရှိကြောင်းကို ဆိုသည်။

၅၃၉။ သုံးဆယ့်တတန်၊ ဘုံရပ်ဌာန်၊ စီးကန် ဘယ်မျှ ပြားသနည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သုံးဆယ့်တဘုံသို့ စီးငင်ဇာတ်သောကံသည် အကုသိုလ်ကံ ဇာ ဆယ့်နှစ်ပါး၊ ကာမာဝစရကုသိုလ်ကံ ရှစ်ပါး၊ ရူပါဝစရကုသိုလ်ကံ ငါးပါး၊ အရူပါဝစရကုသိုလ်ကံလေးပါး၊ ဤသို့အားဖြင့် နှစ်ဆယ့်ကိုးပါး ပြားသတည်း။

ဤကား နှစ်ဆယ့်ကိုးပါးသည် သေးသေးတင်ရေးသင့်သော ကံဖြစ်လျက် နသတ်ကာရန်ဖြင့် ဘယ့်ကြောင့် ဆိုသနည်းဟူငြားအံ့ "အဒြဝံဝိဒြဝံဝိယ ဝေါဟာရတိ" ဟူသော အလင်္ကာ၌ကဲ့သို့ မြေ၌ရေတည်သော နသတ်ကန်သည် ထန်စွာသော ရေဝှန်ဖြင့်စီး၍ အသီးသီးသော၌ာန၌ ရေအိုင် ရေတွင်းဖြစ်ရာသကဲ့သို့၊ မသတ်ဖြစ်သော ပရမတ်ကံသည်လည်း သုံးဆယ့်တတန်သော ၌ာန၌ ရေအိုင်နှင့်တူသော သတ္တဝါ ဖြစ်လေသောကြောင့် သဒိသူပစာရအားဖြင့် နသတ်ကန်ဆိုလေသည် ဟူပေ။

၅၄၀။ ဗျာဒိတ်တွေ့ဟန်၊ ဖြဟ္မာပြန်၊ နှစ်တန် တွေ့နိုင်ပါလိမ့်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာစကား....နှစ်တန်သာမက အများပင် တွေ့နိုင်၏ဟူပေ။

ဤစကားတွင် ထင်စွာ ဆိုဦးအံ့—

ယာ ပုဗ္ဗေ ဗောဓိသတ္တာနံ၊ ပလ္လင်္ကဝရမာဘုဇေ၊
နိမိတ္တာနိ ပဒိဿန္တိ၊ တာနိ ပဇ္ဇ ပဒိဿ ရေ။

အစရှိသော ဂါထာဖြင့် ကမ္ဘာတသောင်းခြောက်ထောင် အသက်ရှည်သော သုဒ္ဓါဝါသဗြဟ္မာ တို့သည် လာလတ်ကုန်၍ "အရှင် သုမေဓာ၊ ရှေးဘုရားလောင်းတို့သည် ဗျာဒိတ်ခံ၍ မြတ်သော ထက်ဝယ်ကို ခွေသော ကာလ၌ အကြင် ၃၂-ပါးသော နိမိတ်တို့သည် ထင်ကုန်၏။ ထို ၃၂-ပါး သော နိမိတ်တို့သည် အရှင် ရသေ့လက်ထက်လည်း ထင်လတ်ကုန်ပြီ။ အရှင်သည် စင်စစ်မချွတ် ဘုရားဖြစ်လတ္တံ့ဟူ၍ နိမိတ်စကား ပြန်ကြားကုန်သည်။

ငါတို့ဘုရားမှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်က ဗျာဒိတ်ခံရသည်။ ငါတို့ဘုရား၏ ရှေးဖြစ်သော ဘုရားတို့ကား ထိုထက်လွန်၍ ကာလရှည်ရာသည်။ ထို ရှေးဘုရားတို့ သဒ္ဓါဓိက ဝီရိယာဓိက ဖြစ်ခဲ့သော် ရှစ်သင်္ချေ၊ တဆယ့်ခြောက်သင်္ချေထက်ပင် ဗျာဒိတ်ခံရရာသောကြောင့် ထို သုဒ္ဓါဝါသဗြဟ္မာတို့သည် ဘုရားလောင်းနှစ်ဆက် တွေ့နိုင်ပါအံ့လောဟု မေးသည်။ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားတို့သည် အရှင်ဂေါတမဘုရားနှင့် ကမ္ဘာတူပွင့်ကြသည်။ ထို့အထက် ဘုရားတို့တွင် ၉၁-ကမ္ဘာထက် ဝိပဿီဘုရားပွင့်သည်။ ၉၄-ကမ္ဘာထက် သိခီပွင့်သည်။ ၃၁-ကမ္ဘာထက် ဝေဿဘူပွင့်သည်။ ဝိပဿီဘုရားရှင် တပည့်ဖြစ်သော သူတို့ပင် သုဒ္ဓါဝါသဗြဟ္မာဖြစ်၍ ယခု ငါတို့ဘုရားလက်ထက်တိုင် ရှိကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ၌—

တေသံယေဝ သာဝကာ တဒါစေဝ ဧတရဟိစ သုဒ္ဓါဝါသဘူမိယံ ဌိတာ ၊န အဉ္ဇေသံ။ ပရိနိဗ္ဗုတတ္တာ – စသည်ဖြင့်လာသည်။

ယင်းသို့ ဘုရားခုနှစ်ဆူတိုင် မီသော ဗြဟ္မာရှိလျှင် ဘုရားလောင်းတို့ ဗျာဒိတ်ခံသည်ကိုလည်း နှစ်ဦး သုံးဦး ႇနစ်ဦးပင် မီလိုက်သော ဗြဟ္မာရှိမည် မချွတ်ပြီ။ ဤ ယုတ္တိကိုထောက်၍ သိရာ၏။

၅၄၁။ မဂ်ဖိုလ်ကေန်၊ ရပြီးမှန်၊ တိရစ္ဆာန် ဘယ့်ကြောင့် ဖြစ်သနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....လူမှတပါးသော ဂဠုန်, နဂါး, သိကြား, ဂန္ဓဗ္ဗ, ဖြဟ္မာစသော သူတို့သည် သာသနာ၌ ရဟန်းပြုခြင်းငှါ မထိုက်သောကြောင့် တိရစ္ဆာန်အလား သာ ဖြစ်ရကား တိရစ္ဆာနသဒ္ဒါဖြင့် သင်္ဂြိုဟ်ရမည်ဟူ၍—

> ဧတ္ထ စ တိရစ္ဆာနဂတောတိ ယဿ ဥပသမ္ပဒါ ပဋိက္ခိတ္တာတ္တာ
> သက္ကံ ဥပါဒါယ သဗ္ဗာပိ ဒေဝါ တိရစ္ဆာနေသွေဝ သင်္ဂယှန္တိ။

ဟူ၍ ဝိနည်းအဋ္ဌကထာတို့၌ ဆိုသောကြောင့် ထိုသိကြားမင်းတို့လည်း သောတာပတ္တိဖိုလ်ကို ရပြီးသောသူဖြစ်လျက် ဘယ့်ကြောင့် တိရစ္ဆာန်ဟု ရေတွက်အပ်ပြန်သနည်းဟု မေးလိုသည်။ ရဟန်းပြုခြင်းငှါ မထိုက်သော အဖြစ်ချင်းတူသောကြောင့် ကေဒေသ သဒိသူပစာရအားဖြင့် တိရစ္ဆာန်ဆိုအပ်၏ ဟူပေ။

၅၄၂။ သေကြောင်းကေန်၊ သတ်ကြဟန်၊ ဉာဏ်ဟု ဘယ့်ကြောင့်ဟောသနည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဉာဏ်နှင့်ကြံ၍ သိသောကြောင့်ပင် ဉာဏ်ဟု ဟောသည်ဖြေ။

ဤ၌ အဓိပ္ပါယ်ကို သိလွယ်အောင် ဆိုဦးအံ့—

အနာထပိဏ်သဌေး၏ ကျွန်မတယောက်သည် အဖိုးတသိန်းထိုက်သော တန်ဆာကိုဆင်၍ ဥယျာဉ်သို့ သွားလေသော် ခိုးသားတယောက်သည် ဥစ္စာ၌ တပ်မက်၍ ထိုမိန်းမကို မေးခေါ် နှုတ်ဆက်ပြီးလျှင် ငါး အမဲစသော စားဖွယ်ကိုပေး၍ ဖြားယောင်းပြီးမှ ဆိတ်ကွယ်ရာသို့ခေါ်၏။ ကျွန်မကလည်း ကိလေသာအားဖြင့် ဖြားယောင်း ခေါ်ဆောင်သည်မှတ်၍ ခေါ်ရာအရပ်သို့ လိုက်လေသော် ဖုံးကွယ်ရာသို့ ရောက်လျှင် ကိုယ်တွင်ဆင်သော တန်ဆာကို ယူမည်ဟု ကြံမှန်းကို သိ၍ "အမောင်-အစာဖြင့်လည်းကောင်း, သေဖြင့်လည်းကောင်း ယစ်မူးသဖြင့် ခြောက်သွေ့ သော ကိုယ်ရှိ၏။ ရေသောက်ပါရစေ။ ရေတွင်း၌ ရေငင်ပါ" ဟု ဆို၍ ကြိုးနှင့် အိုးကို ပြ၏။ ခိုးသူလည်း ရေငင်အံ့သောငှာ ကြိုးနှင့် အိုးကို ဆွဲ၍ ကိုယ်ကို ညွတ်ကိုင်းလေသော် ထိုအထဲ့ တွန်းချလိုက်၍ ကြီးစွာသော အုတ်ခဲဖြင့် ခေါင်းထက်သို့ချ၍ သေစေ၏။ ထိုအကြောင်းကို သခင်မဖြစ်သော ပုညလက္ခဏာဒေဝီအား ကြားလျှောက်လျှင် သဌေးမလည်း အနာထပိဏ်သဌေး အား ကြားပေ၏။ သဌေးကြီးလည်း ဘုရားသခင်အား လျှောက်ထားလေ၏။ ထိုစကားကို ကြားလျှင် ဘုရားသခင်ကလည်း....

> န ခေါ ဂဟပတိ ဧကဒါနေဝ သာ ဒါသီ ဌာနုပ္ပတ္တိကာယ ပညာယ သမန္နာဂတာ ပုဗ္ဗေပိ သမန္နာဂတာယေဝ။

အစရှိသောစကားဖြင့် "သဋ္ဌေးကြီး၊ ဤကျွန်မသည် ယခုအခါ၌သာ ပညာရှိသည် မဟုတ်၊ ရှေးအခါ၌လည်း ပညာနှင့် ပြည့်စုံသည်သာတည်း။ ထိုယောကျ်ားကို ယခုသာ သတ်သည်မဟုတ်၊ ရှေးအခါ၌လည်း သတ်ဖူးပြီ" ဟု မိန့်တော်မူ၍ ရှေးအတိတ်ကို ဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုသည်ရှိသော် ထိုပြည်၌ သုလသာ အမည်ရှိသော ပြည့်တန်ဆာမသည် ရှိ၏။ အလွန်လှပသော အဆင်းအရောင်လည်း ရှိ၏၊ ကျေးကျွန်ဥစ္စာလည်း များစွာရှိ၏။ တညတည၌ တထောင်မျှလောက်သော အသပြာကို ပေး၍ မွေ့လျော်ရ၏။ ဤပြည်၌ ဆင်ပြောင်ကြီးအားနှင့် တူသော အဆင်းအင်္ဂါနှင့် ပြည့်စုံသော သတ္တုက မည်သော ခိုးသူသည် သူကြွယ် သဋ္ဌေးတို့၏အိမ်၌ ဥစ္စာကို ခိုးယူကာ အသက်မွေး၏။ တနေ့သ၌ ပြည်သူတို့ ညီညွတ်၍ ဖမ်းကြသဖြင့် သတ္တုက ခိုးသားကို မိလေလျှင် ပြည့်ရှင်မင်းကြီးအား သတ်စမ့်သောငှါ အပ်ပေ၏။ မင်းကြီးလည်း မြို့ဝန်ကို အပ်၍ "ခရီးလမ်းဆုံ ဟူသမျှ၌ ရိုက်ခတ်၍ သတ်ရာသင်းချိုင်းသို့ ဆောင်လေ" ဟု အာဏာပေး၏။ မြို့ဝန်လည်း မင်း၏ အာဏာရှိတိုင်း ဆောင်ယူလေသော် သုလသာ ပြည့်တန်ဆာမ နေသော တိုက်ဝသို့ ရောက်၍ သုလသာ မြင်လျှင် ကိလေသာဖြင့် လွန်စွာ ခင်မင်သော စိတ်ရှိရကား ထောင်သား ထောင်မှူးတို့အား အသပြာ ဥစ္စာပေး၍ ဤယောကျ်ားကို ရာဇဝတ်မှ လွတ်ပါမည့် အကြောင်းဖြင့် တောင်းပန်၍ ယူ၏။ သတ္တုကသည် မိမိအိမ်သို့ ရောက်သောအခါ ကောင်းမွန်စွာသော အဝတ်တန်ဆာကို ဆင်ယင်စေ၍ ကောင်းမွန်စွာ စားသောက်စေပြီးလျှင် လင်ပြု၍ ထား၏။ သတ္တုက ခိုးသားလည်း သုလသာ၏ အိမ်၌ ငြိမ်သက်စွာ သုံးလ လေးလ နေပြီးသော် "ငါသည် ဤ၌နေ၍ မမွေ့လျော်နိုင်၊ ဤမိန်းမ၌ ဆင်ယင်သော တန်ဆာကို ငါယူ၍ ပြေးပြီးလျှင် ဝေးရာအရပ်၌သာ ငါ့အလိုအတိုင်း မွေ့လျော်အံ့" ဟု ကြံ၍ သုလသာအား ဤသို့ဆို၏။ "အိမ်ရှင်မ....ငါ့ကို မင်းကြီးသတ်အံ့ဟု သုသာန်သို့ ဆောင်လေသောအခါ ငါသည် ခိုးသားချတောင်၌ နေသော နတ်တို့ကို ဤဘေးမှ လွတ်အောင် မစတော်မူပါ။ ကျွန်ုပ်ချမ်းသာလျှင် ထူးမြတ်စွာ ဗလိနတ်စာပူပါအံ့ဟု တောင်းပန်ခဲ့သေသည်။ ယခု ချမ်းသာလျက် ဗလိနတ်စာ မပူရသေး။ ရှင်မနှင့်အတူ သွား၍ နတ်အား ပူဇော်ပါရစေ" ဟု ဆို၏။ သုလသာလည်း "ကောင်းပါပြီ" ဟု ဝန်ခံ၍ ပူဇော်ရန် ဝတ္ထုကို ပြင်ဆင်ပြီးမှ ကျေးကျွန်သင်းပင်းနှင့် တကွ ခိုးသားချတောင်သို့ သွားကြလေ၏။ တောင်ရင်းသို့ ရောက်သော် "ငါတို့နှစ်ယောက်သာ တောင်ပေါ်သို့ တက်ပါရစေ" ဆို၍ ကျေးကျွန်တို့ကို တောင်အောက်၌ ထားခဲ့၍ တောင်ဖျားသို့ တက်လေပြီးမှ ကမ်းပါးပြတ်၏ အနီးတွင် ပူဇော်ဖွယ်ကို ချ၍ "သုလသာ သင်၌ ဆင်ယင်သော တန်ဆာကို ချွတ်လော့။ သင့်အား ငါသတ်တော့မည်" ဟု ဆို၏။ သုလသာလည်း အံ့ထူးထူးသော စကားဖြင့် ဖျောင်းဖျ တောင်းပန်သော်လည်း မနေ၊ သတ်မည်ဟူ၍သာ ဆိုလေသော် "ဤသူကား ငါ့အား အသက်ကို မပေးပြီ။ ဥပါယ်ရှာ၍ ချင့်ကိုသာ ဦးစွာသတ်မှ ချမ်းသာရာ ရတော့မည်" ဟု ကြံ၍ ထိုခိုးသူကို ကြည်ဖြူရိုသေဟန်ဖြင့် တောင်းပန် ခယ၏။ "အမောင် သတ္တုက–အမောင့်ကို မြင်ကတည်းကပင် ကြင်နာစုံမက်လှ၍ ကျွန်ုပ် သေတွင်းက ထုတ်ယူသည်။ သို့ပါလျက် အမောင် မနှစ်သက်သောကြောင့် သတ်ရက်လေသည်။ ယခုမှစ၍ အမောင်နှင့် မပေါင်းဖော်ရပြီ ဖြစ်သောကြောင့် လက်ယာရစ်လှည့်၍ဦးတိုက်ပါရစေ။ ကျွန်ုပ်လုပ်ဆောင်သော စားဖွယ် ခဲဖွယ်၌ စားသည်ကို မြင်ပါရစေ။ ဤဝတ္ထုများကို စားပါ" ဟု ဆို၏။ သတ္တုကလည်း စိတ်ချ၍ ပါသမျှ ခဲဖွယ်ဘောဇဉ်တို့ကို ထိုင်လျက်ပင်စားနေ၏။ ထိုအခါ သုလသာသည် ဖက်ယမ်း နမ်းရှုပ်ကာ လက်ယာရစ်လှည့်၍

ရှိခိုးပြီးမှ နောက်ကနေ၍ ချောက်ကမ်းပါးပြတ်သို့ တွန်းချလိုက်သဖြင့် သင္ဘုက ခိုးသား သေခြင်းသို့ ရောက်လေ၏။ ထိုအခြင်းအရာကို တောင်စောင့်နတ်တို့ မြင်သဖြင့် နှင်လန်း ဝမ်းသာလျက်—

န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။

အစရှိသောဂါထာဖြင့် အဆွေတို့ ခပ်သိမ်းသော အရာတို့၌ ယောကျ်ားသာလျှင် ပညာရှိသည် မဟုတ်၊ မိန်းမသည်လည်း ပညာရှိပေသည်တကား။ အကျိုးရှိရာကို လျင်စွာ ကြံနိုင်ပေ၏တကား။ သုလသာသည် သတ္တုက ခိုးသား၏ ရန်ကို အမြန် အောင်နိုင်ပေပြီတကား။ အကြင်သူသည် ဤလူ့ပြည်၌ အကျိုးစီးပွား များအံ့သောအရာကို လျင်စွာသိ၏။ ထိုသူသည် ရန်သူဖြစ်သော သတ္တုက ခိုးသား၏ လက်မှ လွတ်အောင် ကြံဆောင်သော သုလသာကဲ့သို့ ကျဉ်းမြောင်းရာမှ လွတ်အောင် ကြံဆောင်ရာ၏။

ဤဂါထာတို့ဖြင့် တောင်စောင့်နတ်တို့သည် သုလသာကို လွန်စွာ ချီးမွမ်းကြကုန်၏။

ဤသို့လျှင် "ဤ ကျွန်မသည် ယခုအခါ၌သာ ပညာရှိသည်မဟုတ်၊ ရှေးသောအခါ၌လည်း ပညာရှိပေသတည်း" ဟု ထပ်ဆင့်၍ ချီးမွမ်းတော်မူသည်။

ဤအရာ၌ မိမိသေအံ့သော အကြောင်းကို သိ၍ မသေစိမ့်သောငှါ တတ်နိုင်သည်ကိုပင် ဉာဏ်ပညာရှိ၏ဟု သင်္ဂါယနာ သုံးတန်တင်သော အဋ္ဌကထာ ဇာတ်ကျမ်း၌ လာသည်။

ဓမ္မပဒအဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌လည်း ကုဏ္ဍလကေသီ ဘိက္ခုနီ၏အလောင်းသည် သတ္တုက အမည်ရှိသော ခိုးသားကို သုလသာ၏နည်းတူပင် သတ်ခဲ့ဖူးလေသောကြောင့် တခဏဖွတ္တိ ဉာဏ်ရှိကြောင်းကို လာသည်။

ဤသို့ လာသည်ကို ထောက်၍ "သေကြောင်းကေန်၊ သတ်ကြဟန်၊ ဉာဏ်ဟု ဘယ့်ကြောင့် ဟောသနည်း" ဟု အမေးပြုသည်။

ဘယ်သို့ အာဘော်ရှိသနည်း ဟူမူ–' ဉာဏ် ' ဟူသည်ကား ပညိန္ဒြေစေတသိက်ပင် ဖြစ်သည်။ ထို စေတသိက်သည် သောဘဏစိတ် ၄၇-ပါးတို့၌သာ ယှဉ်သည်။ အကုသိုလ်တို့၌ မယှဉ်။ သူ့ကိုသတ်ရာ၌ကား အကုသိုလ် ဒေါသဇောသာ ဖြစ်သည်။ ထိုဒေါသဇော စိတ်၌လည်း ပညာမယှဉ်ချေ။ ထိုသို့ မယှဉ်ပဲလျက် သေအောင် သတ်သော အရာကို ပညာရှိ၏ဟု ဘုရားဟောပြန်သည်။ အဘယ့် ကြောင့် ဟောသနည်းဟု အာဘော်ရှိ၍ မေးသည်။

အဖြေကား ...သတ်အံ့ဟု ကြံသောအရာသည် ပညာစေတသိက်မဟုတ် မဆိုသာ၊ ဘယ့်ကြောင့် နည်းဟူမူ ထိုပညာယှဉ်သော ၄၇-ခုသော စိတ်တို့တွင် မဟာကုသိုလ်စိတ် ၄-ခုသည် အရပာဏ္ဍမိုလ် မှတပါး အလုံးစုံကိုပင် အာရုံပြုသည်။ မဟာကိရိယာစိတ် ၄-ခုသည် အလုံးစုံသော စိတ် တခုယုတ် ၉၁၊ စေတသိက် ၅၂ပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ပညတ်ကို အာရုံပြုသည်။ ထို့ကြောင့် ပညာ လည်း အကုသိုလ်ဓမ္မဟူသမျှကို အာရုံပြုနိုင်သည်ပင် ဖြစ်သည်။ သတ်ဆဲသော ကာလ၌သာ ဒေါသမူဝီထိကျသည်။ ထိုဝီထိ၌သာ ပညာမယှဉ်။ ရှေးအဖို့ဖြစ်သော သတ်အံ့ဟုကြံသော ဝီထိတို့

ကား ပညာနှင့်ယှဉ်သော ကုသိုလ်စိတ်တို့ပင် ဖြစ်သင့်ရကား ထိုရှေးစိတ်၌ ယှဉ်သော ပညာကို ရည်၍ 'ဉာဏ' ဆိုကြောင်းကို ဘုရားဟောတော်မူသည်ဟုဖြေ။

အကုသိုလ်ကို အာရုံပြု၍ ကုသိုလ်ဖြစ်ကြောင်းကိုကား ပဋ္ဌာန်းပဋ္ဌာဝါရ၌—

ပါဏံ ဟန္တွာ တံ ပစ္စဝေက္ခတိ ... ဒါနံ ဒေတိ–

စသည်ဖြင့် ဟောတော်မူပြီ။

ဤပါဠိတော်၌ အသက်သတ်ခြင်းကို ပြုသောသူသည် ထိုအကုသိုလ်ကံကို အာရုံပြု၍ ကြောက်လန့်ရကား ထိုမကောင်းမှုမှ ပျောက်စိမ့်သောငှာ ဒါနကိုလည်းကောင်း, သီလကိုလည်းကောင်း, ဘာဝနာကိုလည်းကောင်း အားထုတ်၏။ ယင်းသို့ ကြံစည်ကြောက်လန့်သော ကာလ ကျရောက်သော ကုသိုလ်ဇောသည် ယခင်ပြုမိသော ပါဏာတိပါတ အကုသိုလ်စိတ်ကိုလည်းကောင်း, ကံကိုလည်းကောင်း အာရုံပြု၏။ ဤကဲ့သို့ အသက်ကိုသတ်အံ့ဟု ကြံခြင်းစသည်တို့၌ ပညာရှိသော သတ္တဝါသည် မိမိပညာဖြင့် လိုရာအကြောင်းဖြစ်သော ကိစ္စကို သိတတ်သော ဇောဝီထိ ဖြစ်သည်။ ထို့နောက်မှ ပါဏာတိပါတကံကို စီမံသော ဒေါသဇော စသည်တို့ ဖြစ်သည်။ ဤသို့ယူမှ သုတ္တန်နှင့် အဘိဓမ္မာ ညီညွတ်မည်။

၅၄၃။ ယုဂန်ထက်လွန်၊ အဿကဏ်၊ ဟောပြန်နေမိ ဘယ့်ကြောင့်နည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပါရာဇိကကဏ်၊ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာစသော ကျမ်းကြီးတို့၌ အဿကဏ် တောင်ကို ပြင်စွန်းထား၍ ယုဂန် တောင်ကို အတွင်းစွန်းထား၍ ပြပါသည်။

နေမိဇာတ်၌ကား သုဒဿန တောင်ကိုပြင်စွန်း၊ အဿကဏ် တောင်ကို အတွင်းစွန်းထား၍ ဘယ့်ကြောင့် ဟောပြန်သနည်းဟု မေးလိုသည်။

နေမိမင်းကြီး မေးသောအခါ မာတလိနတ်သားသည်....

> သုဒဿနော ကရဝီကော၊ ဤသဓရော ယုဂန္ဓရော။
> နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ဂိရိဗြဟာ။
> ဧတေ သီဒန္တရေ နဂါ၊ အနုပုဗ္ဗ သမုဂ္ဂတာ။
> မဟာရာဇာနမာဝါသာ၊ ယာနိ တွံ ရာဇ ပဿသိ။

ဟူသော ဂါထာဖြင့် အရှင်နေမိမင်းကြီး ဤတောင် ခုနစ်ထပ်တို့တွင် ပြင်ဆုံး ပတ်ရံသော တောင်သည်ကား သုဒဿနတောင်မည်၏။ ထို့ထက်ဆတက်မြင့်၍ တဆင့်ပတ်သော တောင်ကား ကရဝီကတောင် မည်၏။ ထို့ထက် ဆတက်မြင့်၍ တဆင့်ရံပြန်သော တောင်ကား ဤသဓရတောင် မည်၏။ ထို့ထက် ဆတက်မြင့်၍ တဆင့်ရံပတ်သော တောင်ကား ယုဂန္ဓရတောင် မည်၏။ ထို့ထက် ဆတက်မြင့်၍ တဆင့်ပတ်ရံသော တောင်ကား နေမိန္ဓရတောင် မည်၏။ ထို့နောက် တထပ်ပတ်ရံ၍ တည်သော တောင်ကား ဝိနတကတောင် မည်၏။ ထို့နောက် တထပ်ပတ်၍ ရံပြန်သော

တောင်ကား အဿကဏ်တောင် မည်၏။ ထိုတောင်တို့၏ အကြား၌ သီဒါတို့သည်လည်း ခြားကာ ရှိကုန်၏။ ဟူ၍ နေမိမင်းကြီးအား လျှောက်ကြောင်းကို ဇာတ်အဋ္ဌကထာ လာသည်။

တပါးသော ကျမ်းတို့၌ကား အဿကဏ်တောင်ကို ပြင်စွန်း၊ ယုဂန်တောင်ကို အတွင်းစွန်း အမြင့်ဆုံးထား၍ လာသည်။ ယင်းသို့ ကျမ်းမညီမညွတ်လာခြင်းသည် အဘယ့်ကြောင့်နည်းဟု မေးသည်။

နေမိဇာတ်၌ လာသော တောင်စဉ်အမည်သည် နေမိမင်းကြီးမေးသောကာလ တွင်သော အမည်ဖြင့် မာတလိနတ်သား လျှောက်ကြားသည်။ တပါးသော ၎နည်း၊ သုတ်၊ အဘိဓမ္မာတို့၌ လာသော အမည်တို့ကား ကမ္ဘာပေါ်ဦးက ရသော အမည်ဖြစ်သည်ဟု သာရတ္ထဒီပနီဋီကာ၌ မိန့်၏။

> တဒါ သတ္တာနံ ပရိဗန္ဓပဗ္ဗတာနံ ပရိငတ္တနနာမတ္တာ။ တဒါ ဟိ သဗ္ဗဗာဟိရသ ပဗ္ဗတဿ သုဒဿနောတိနာမံ ဇာတံ။ ဟူ၍လည်းကောင်း။

> ဝိနယအဋ္ဌကထာယံ ပန မူလနာမဝသေန "ယုဂန္ဓရော ဤသဓရော၊ ကရဝီကော သုဒဿနော။ နေမိန္ဓရော ဝိနတကော၊ အဿကဏ္ဏော ဂိရိဗြဟာ"တိ အညောယေဝ အနုက္ကမော အာဂတော။ အာဒိကပ္ပကာလေ ဟိ သိနေရုအန္တရသ ပဗ္ဗတဿ ယုဂန္ဓ-ရောတိ နာမံ ဇာတံ။ ဟူ၍ မိန့်သတည်း။

တဒါ၊ ထိုနေမိမင်းကြီး မေးသောအခါ၌။ သတ္တာနံ၊ ခုနစ်လုံးကုန်သော။ ပရိဗန္ဓပဗ္ဗတာနံ၊ မြင်းမိုရ်တောင်ကိုရံသော တောင်တို့၏။ ပရိငတ္တနနာမတ္တာ၊ အမည်ပြန်လည်၍ တည်သည်၏ အဖြစ်ကြောင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိသစ္စံ၊ မှန်၏။ တဒါ၊ ထိုအခါ၌။ သဗ္ဗဗာဟိရသ၊ အလုံးစုံ၏ ပြင်ဖြစ်သော။ ပဗ္ဗတဿ၊ တောင်၏။ သုဒဿနောတိနာမံ၊ သုဒဿနတောင်ဟူသောအမည်သည်။ ဇာတံ၊ ဖြစ်၏။ ဝိနယအဋ္ဌကထာယံ ပန၊ ဝိနည်းအဋ္ဌကထာ၌ကား။ မူလနာမဝသေန၊ ကမ္ဘာဦး၌ ဖြစ်သောအမည်ရင်း၏ အစွမ်းအားဖြင့်။ ယုဂန္ဓရော။ပ။ ဂိရိဗြဟာတိ၊ ယုဂန္ဓရော။ပ။ ဂိရိဗြဟာ ဟူ၍။ အညော၊ တပါးသာလျှင်ဖြစ်သော။ အနုက္ကမော၊ အစဉ်သည်။ အာဂတော၊ လာ၏။ ဟိသစ္စံ၊ မှန်၏။ အာဒိကပ္ပကာလေ၊ ကမ္ဘာဦးကာလ၌။ သိနေရုအန္တရသ၊ မြင်းမိုရ်တောင်အနီး ဖြစ်သော။ ပဗ္ဗတဿ၊ တောင်၏။ ယုဂန္ဓရောတိနာမံ၊ ယုဂန္ဓိုရ်ဟူသော အမည်သည်။ ဇာတံ၊ ဖြစ်၏။

၅၄၄။ သက်တရားမှန်၊ စားလေဟန်၊ ဆန်ကား စေ့ပေါင်း ဘယ်မျှနည်း (၁၃)

ဟူသော အမေးပုစ္ဆာ၌အဖြေဝိသဇ္ဇနာကား...နှစ်ပေါင်းတရာတည်၊ တဆယ့်နှစ်လနှင့်မြှောက်၊ လပေါင်း တထောင့်နှစ်ရာ ဖြစ်၏။ တလတတင်းကုန်စားလျှင် တင်းပေါင်း တထောင်နှစ်ရာရှိ၏။ ဆန်တတင်းလျှင် စေ့ပေါင်း ခုနစ်သိန်း မြှောက်သောင်း ရှစ်ထောင်ရှိရကား ထိုတင်းပေါင်း တထောင့်နှစ်ရာကို တည်၍ ခုနစ်သိန်း မြှောက်သောင်း ရှစ်ထောင်နှင့် မြှောက်၊ ဆန်စေ့ပေါင်း ကိုးဆယ့်နှစ်ကုဋေ၊ တသန်း၊ မြှောက်သိန်း ရ၏။ နှစ်ပေါင်းတရာစားသော် ဤမျှလောက် ဆန်စေ့ကုန်၏ ဟူပေ။

ရွှေဆုံကျော်ထင် ၂၂-ပ-မ-ဆ-စ

၅၄၅။ စကားမပြန်၊ တိရစ္ဆာန်၊ ပြောဟန်ဘယ်ချိန် ရောက်မည်နည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား..မည်သည့် ကာလ၌ တိရစ္ဆာန်တို့ စကားပြောသည်။ မည်သည့်ကာလ၌ စကားမပြောဟူ၍ ပိဋကတ်သုံးပုံအဝင်ဖြစ်သော ကျမ်းတို့၌ လာသည်ကို မတွေ့မိချေ။ သမင်မင်းဇာတ်, လင်းတမင်းဇာတ်, ဇေ.းမင်းဇာတ် စသော များစွာသော ဇာတ်တို့၌ လူတို့ဘာသာဖြင့် စကားပြောကြောင်း တရားဟောကြောင်းကို "မနုဿဘာသာယ ဘာသတိ" စသည်ဖြင့် လာသည်။

လောကသင်္ကေတဖြင့် မှတ်သားကြသော ပုရာဏ်ကျမ်းတို့၌ကား—လူတို့ အသက် အသချေ်မှ စ၍ တထောင်တမ်း နေသည်တိုင်အောင် အတတ်ပညာ များကြသည်။ ဘာသာမျိုးကို သိသည်ဖြစ်၍ တိရစ္ဆာန်တို့နှင့် စကားပြောနိုင်သည်။ ထို အောက်ကာလ၌ကား ပညာပါးရှား၍ တိရစ္ဆာန်တို့၏ စကားကို နားမလည်ကုန်။ တရာတန်းအောက် ယုတ်သော ကာလ၌ကား လူအချင်းချင်း စကားကိုမျှ အမျိုးခြားမူ နားမလည်ကြဟု ဆိုသည်။ ထိုစကားသည် မှန်၏။ သီဟိုဠ်ကျွန်း မဟာဂါမ၌ ကာကဝဏ္ဏမင်းကြီးလက်ထက် သူအိုတယောက်သည် သဗ္ဗရုဒဇာနနမန္တန်ကို တတ်၍ ပျားကြီး, ပျားငယ်တို့ ငြင်းခုံပြောဆိုသော စကားကို နားလည်ကြောင်းကို မဟာဝင်၌ ဆိုသည်။ ဗာရာဏသီမင်းသည် နဂါးပေးခဲ့သော သဗ္ဗရုဒဇာနနမန္တန်ကို ရ၍ ပိုး၊ ပုရွက်၊ ယင်တို့ ပြောသော စကားကို နားလည်ကြောင်းကို ပဉ္စကနိပါတ် ဇာတ်၌ဆိုသည်။ သို့ကြောင့် ကာလ မရွေး တိရစ္ဆာန်တို့သည် ချင်းဘုံဘာဝဖြင့် စကားဆိုကြသည်ချည်း ဖြစ်သည်။ လူတို့ကသာ ပညာပါးရှား၍ နားမလည်ကြ။ ပညာကြီးသော သူတို့မှာ နားလည်ပါ၏ဟု ဆိုရာသည်။

၅၄၆။ အဝိန္ဒာဒါန်၊ သိက္ခမာန်၊ သင့်ရန် အာပတ်ဘယ်မျှနည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ပဥ္စသီငါးပါးတွင် ဝိကာလ ဘောဇနကို ထည့်၍ ခြောက်ပါးသော သီလဖြင့် ဝတ်ဖြူစည်း၍ နေရသော မိန်းမကို "သိက္ခမာန်" ဟု ဆိုသည်။ ထိုသိက္ခမာန်တို့အား သင့်ရန် အာပတ်ကို ပညတ်တော်မမူ၊ လူတို့ကဲ့သို့ သီလပျက်လျှင် ပြန်၍ ကျင့်ရသည်သာ ရှိသည်။

၅၄၇။ ကင်း၏သားမွန်၊ စိုးဆက်မှန်၊ ဧကန်ဘယ်တိုင်းဌာနနည်း (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ကင်း၏သား ဖြစ်သော စဏ္ဍပဇ္ဇောတမင်း စိုးအုပ်ရသည့် တိုင်းပြည်ကား အဝန္တိတိုင်း၊ ဥဇ္ဇေနီပြည်တည်း။ ထိုမင်း၏ မယ်တော်သည် စံရာတိုက်ခန်း၌ လေသာ နန်းတံခါးကို ဖွင့်၍ အိပ်စက်ရာ ကင်းသတ္တဝါသည် အင်္ဂါဇာတ်၏ အနီးဖြင့် ရစ်လျှက် တက်သွားသည်ကို နှစ်သိမ့်ခြင်းပီတိနှင့်တကွ ရာဂ ရမ္မက်ဖြစ်၍ ထိုနေ့ပင် ပဋိသန္ဓေရသဖြင့် စဏ္ဍပဇ္ဇောတမင်းကို ဖွားသည်။ ထိုကြောင့် ကင်းသည် တည်ရင်း ပဋိသန္ဓေ၏ မူလဖြစ်ရကား ထိုမင်းသည် ထောပတ်ကို အလွန်ကြောက်သည်ဟူ၍ ဝိနည်းမဟာဝါ ပါဠိတော်၊ ၎င်းအဋ္ဌကထာတို့၌ လာသည်။

၅၄၈။ စလေသူ့ ကျွန်၊ မင်းခွေးမွန်၊ လူတန် အမျိုး ဘယ်ကနည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား… ဥမျိုးဖြစ်သော ရန်သိဿမင်း၏သား ညီအစ်ကို နှစ်ယောက်တွင် ညီအငယ် သိန်းခို၏ သားဖြစ်ရကား ပေါက္ကံနန်းရိုး ဥမျိုးမင်းပင်တည်းဟုဖြေ။ ထိုအကြောင်းကို အမြွက်မျှ ဆိုလိုက်ဦးအံ့—

ခဆပဥ္စ သက္ကရာဇ်ကို ချေပြီးနောက် ကိုးဆယ့်ခြောက်နှစ်တွင် သိန်းခုန်မင်းနှင့် သိန်းခိုမင်း ညီနောင် နန်းလုကြ၏။ သုံးလတိုင်သောအခါ အစ်ကို သိန်းခုန်နိုင်၍ မင်းပြုသဖြင့် သိန်းခိုသည် ပြေးရ၍ စလေအရပ်၌ ပုန်း၍ နေရ၏။ ယင်းသို့နေရာ မိမိသမီးမှ မင်းခွေးကို ဖွား၍ အရွယ် ရောက်သော် မိဘတို့ ဆင်းရဲလှသောကြောင့် ငခွေးကို သူကြွယ်တဦးအထံ၌ ရောင်းရ၏။

ထိုငခွေးသည် ဝတ်ကောင်းစားလှ ကွမ်း ပန်း နံ့သာ အလွန်ကြိုက်၏။ တရံသောအခါ အရှင်သူကြွယ် လှေသွားသဖြင့် ငခွေးကို လှေထိုးထည့်၏။ပုဂံသို့ ရောက်မည့်နေ့ ညဥ့်တွင် အိပ်မက် ကြီးစွာ မြင်၍ မိုးသောက်လျှင် လှေထိုး၍ ဆန်ခဲ့သော မုနော့လင်ပန်းကို ပါးထုံးမိသည်နှင့် ငြိ၍ ပါလာ၏။ ငခွေးလည်း "ငါ့အိပ်မက် ကြီးမြတ်လှသည်။ ဤမျှနှင့် ကျေလေတော့မည်" ဟု ဝါးကို ခါ၍ ချခဲ့၏။ ပုဂံသို့ ရောက်သော် မင်း၏ဆရာဖြစ်သော ပုဏ္ဏားထံသို့ အိပ်မက်မေးရန် သွားလေ လျှင် ပုဏ္ဏား မရှိခိုက်ဖြစ်၍ ပုဏ္ဏေးမကို အကြောင်းပြန်၏။ ပုဏ္ဏေးမကလည်း "ဘုန်းကြီးမည်၊ အသက်ရှည်မည်" ဟု ဆိုလိုက်၏။ ငခွေးလည်း မှတ်မှတ်ရရ မဖတ်ပါသောကြောင့် မျက်နှာမလှပဲ ဆင်းသွားရ၏။ ထိုခဏ၌ ပုဏ္ဏားရောက်လာ၍ "ငါမရှိခိုက် ဘယ်သူလာသနည်း" ဟု မေး၍ ပုဏ္ဏေး မ က အကြောင်းကို ပြန်ကြားလျှင် "သင်ဤကဲ့သို့ ဖတ်ရာသလော" ဟု မယားဆံထုံးကို လှီး၍ အောက်သို့ ပစ်ချလိုက်၏။ လမ်းသို့ရောက်သော ခဏ၌ ဆံထုံးကို မိုးကြိုးပစ်၏။ ပုဏ္ဏားလည်း ထိုလုလင်ကို ခေါ်စေ၍ ရောက်လျှင် "အမောင်လုလင်ကား အဘယ်အရပ်သားနည်း။ အဘယ် အမျိုးအနွယ်နည်း၊ အမောင့်အိပ်မက်ကား ထက်မြက်သောအကျိုး ရှိသည်။ သီတင်းသီလကို ဆောက်တည်ပါ။ မကြာခင် ဤပေါက္ကံပြည်ကြီး၌ မင်းဖြစ်လတ္တံ့။ အမောင် မင်းဖြစ်သောအခါ ငါတို့ကို မမေ့ပါလင့်" ဟု ဆိုလိုက်၏။

ငခွေးလည်း ကုန်စသယ်ရောင်းဝယ်ပြီး၍ မိမိအရပ်သို့ စုန်ရောက်လျှင် မင်းဖြစ်ချင်သော ဆန္ဒနှင့် စာပေကြည့်၍သာ နေရကား သူကြွယ်သည် ညဥ့်းပန်း၍ ပုပြင်းစွာ စေ၏။ သည်းမခံနိုင်သော အခါ ထွက်ပြေးလာ၍ တနက်မင်းထံမှာ ခစားလေ၏။ မင်းကြီးလည်း အသွင်အပြင်ကို မြင်သော် ညနားတော်မူသည်ဖြစ်၍ မြင်းခံထည့်လေ၏။ မင်းကြီးသည် မြင်းကို ချစ်တတ်လှသောကြောင့် မောင်းမငယ်တယောက်နှင့် မြင်းတင်းကုပ်သို့ ညဥ့်နေ့ မပြတ်လာ၏။

တရံသောအခါ မင်းကြီးက မြင်းခံကိုခေါ်၍ "မြင်းချေးတို့ကို ဝေးစွာသွန်ရသောထက် ဤတင်းကုပ်အနီးတွင် တွင်းကြီး နက်စွာတူး၍ ချသွန်ပြီးလျှင် သေ့ ရာက မိးဝ်ုက်" ဟု မိန့်တော် မူ၏။ မြင်းခံလည်း မင်းကြီးအမိန့်အတိုင်းပြု၏။ တနေ့သ၌ မောင်းမငယ်နှင့် မြင်းခံစကားဝင်ကြ သဖြင့် ညလာသောအခါ မင်းကြီးကို မြင်းချေးတွင်း၌ တွန်းချ၍ သတ်လေ၏။ မြင်းခံလည်း မိဖုရားမောင်းမတို့ကို အလိုသို့ပါအောင် ခြိမ်းခြောက်၍ မင်းပြုလေ၏။

ထိုငွေးကား.... ဘုရားရှင် တန့်ကြည့်တောင်သို့ ကြွသောအခါ တောင်စောင့်ဘီလူးဖြစ်၍ အင်ဖက်သုံးချပ်ကိုထီးပြု၍ မိုးဇာဘဖူးသောကြောင့် "ဤဘီလူးသည် ပေါက္ကပြည်၌ မင်းသုံးကြိမ် ဖြစ်လတ္တံ့" ဟူ၍ ဗျာဒိတ်ရဖူးသောသူ ဖြစ်ရကား ဘုန်းတန်ခိုးကြီး၏။ အာဏာကြီး၏။ အမျက် ဒေါသ်မာန်ကြီး၏။ အစားကြူး၏။ မူးမတ်ဗိုလ်ပါတို့ အလွန်ကြောက်ရ၏။ စလေအရပ်၌သင် ဖြစ်သော သူကြွယ်ညွှဉ်းပန်းဖူးသည်ကို အငြိုးထား၍ သူကြွယ်အားလည်း သတ်လေ၏။ အမည် တူသမျှကို ဖမ်းဆီး၍ ရေကန်ဝယ်ကူးစေပြီးသော် ဆင်ပေါ်ကနေ၍ လှံနှင့်ထိုးသော ဟူ၏။

ထိုသို့ ပြုဖန်များ၍ အမတ်ဗိုလ်ပါတို့ နှလုံးနာသောကြောင့် ဆင်ကဲကို တံစိုးပေး၍ ရေကန်၌ ရေကစားစဉ် က,ဆိုင်းသော ကြိုးကိုဖြတ်၍ ရေကန်တွင်ကျစေ၏။ မူးမတ်ဗိုလ်ပါတို့လည်း ညွှန် တယောက် တ,လက်ဖက်စီနှင့် ပစ်၍ အနိစ္စရောက်လေ၏။ ထိုကန်ကို ယခုတိုင်"ညွှန်တလက်ဖက်ကန်" ဟု ခေါ်ကုန်၏။ ဤမင်းကား အိမ်နိမ့် ၃၀။ စည်းစိမ် ၂၅။ သက်တော် ၅၅-နှစ်တွင် အနိစ္စရောက်၏။

အမျိုးကိုမေးသောကြောင့် အမျိုးကို သိသာရုံ ဖြေသင့်သော်လည်း နောက်သားတို့ပညာပွား စကားရစိမ့်သောငှါ အကြောင်းအရာနှင့်တကွ ပြဆိုလိုက်သည်။

၅၄၉။ ပုစွန်လက်မှန်၊ စည်အလွန်၊ မြည်တွန်ဘယ်မျှ ကြာသနည်း။ (၁၈)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပုစွန်လက်မဖြစ်သော အာလမ္ဗရစည်၏အသံသည် ယူဇနာတရာ နှစ်ရာတိုင်အောင်ကြား၏။

ဤ၌လည်း အကြောင်းကို ဆိုလိုက်ဦးအံ့—

ဟိမဝန္တာ တောဝယ် ကုဠီရအမည်ရှိသောအိုင်၌ ကောက်နယ်တလင်းမျှ လောက်သော ပုစွန် တခုသည်ရှိ၏။ ထိုပုစွန်သည် အိုင်သို့ဆင်း၍ ရေသောက်ကုန်သော ဆင်အပေါင်းတို့တွင် နောက် ကျသောဆင်ကို တနေ့တကောင်စီဆွဲ၍ ရေထဲ၌နှစ်၍ သေစေပြီးမှ ထိုဆင်၏ အသားကို စားကာ နေ၏။

ဆင်တမွေတမွေပါးသဖြင့် ဘုရားလောင်းဆင်မင်းသည် ဤနှိပ်စက်သူရှိချေသည်ဟု ဆင်ခြင်မိ၍ ဆင်တို့ကိုစည်းဝေးစေပြီးသော် တနေ့သ၌ မိမိနောက်ချန်၍နေသဖြင့် ခြေကိုပုစွန်ညှပ်လာသောအခါ မှာဆိုပြီးသောဆင်တို့ကို နှာမောင်းချင်းယှက်ကာယှက်ကာ ဆွဲစေလျက် ကြည်းထက်သို့တင်၍ ဆင် အပေါင်းတို့ကို ညက်ညက်ကြေအောင် နင်းစေ၏။ ထိုပုစွန်၏ လက်မနှစ်ချောင်းတို့သည် ကျိုးပြုတ် ၍ တခုသော အရပ်၌ကျလေ၏။

ထိုအိုင်သည် ဂင်္ဂါမြစ်နှင့် တစပ်တည်းသော ရေရှိရကား မိုးရွာ၍ ဂင်္ဂါမြစ်ပြည့်သောအခါ ထိုအိုင်သည်ပြည့်၏၊ မြစ်၌ ရေနည်းသောအခါ အိုင်မှရေသည် လျော့လေသဖြင့် ဂင်္ဂါသို့ သက် ဆင်း၏၊ ထိုသို့ရေသက်ဆင်းသောအခါ ထိုပုစွန်လက်မနှစ်ချောင်းတို့သည် ပါလေ၍ ဂင်္ဂါမြစ်ဖြင့် မျောလေသော် လက်မတချောင်းသည် မြောက်သမုဒ္ဒရာသို့ပါ၍ အသုရာတို့ယူပြီးလျှင် အာလမ္ဗရ မည်သော စည်ကြီးပြု၍ တီးကုန်၏၊ လက်မတချောင်းသည် လူတို့နေရာသို့ရောက်၍ ဥတ္တရပထ

တိုင်း ဒသဘာတိက မင်းညီနောင်တကျိပ်တို့သည် ဆယ်ယူပြီးလျှင် အာလိဂ်မုဒိဂ်မည်သော မုရိုးစည် ပြု၍တီး၏၊ ထိုစည်၏အသံသည် အလွန်ထက်သည်ဖြစ်၍ ယူဇနာ တရာ နှစ်ရာတိုင်အောင်ကြား၏။

တရံသောအခါ အသုရာတို့နှင့် သိကြားမင်းစစ်ထိုးရာတွင် အသုရာတို့ရှုံးသည်ဖြစ်၍ ထိုအာလမ္ဗရစည်ကို ပစ်၍ပြေးကြ၏၊ သိကြားမင်းသည် ထိုစည်ကိုသိမ်းယူ၍ နတ်ပွဲသဘင်စသည်၌ တီးစေ၏။ ထိုစည်၏အသံသည် အာလမ္ဗရမည်သော မိုးကဲ့သို့ ထစ်ကြိုးကြည်းဟည်းလျက် မြေကြီး တပြင်လုံးနှံ၏၊ ဤအကြောင်းကို တိကနိပါတ်ကက္ကဋဇာတ်၌လာသည်။

ထို့ကြောင့် ဇာတ်ပေါင်းလင်္ကာ၌...

ရွေးဖျားမသွ၊ ကုဋ္ဌိရဟု၊ ကန်မဥ္ဇဝယ်၊ ကြောက်မက်ဖွယ်တည့်၊ ကောက်နယ်တလင်း၊ မြေခင်းရှိလောက်၊ ကြီးမြောက်စွာလှ၊ ကက္ကဋကို၊ ပုဗ္ဗသမ္ဘာ၊ ဖူးမုံအာသား၊ ပွင့်လျှာဘုန်းရှိ။ ဆင်ဟတ္ထိလျှင်၊ နှင်းမိအားကိုး၊ ရှုပ်ရှုပ်ချိုး၍၊ စဉ်ကျိုးဘိန္န၊ မြစ်သို့ကျသော်၊ လက်မအစုံ၊ မျှောလေတုံ၏။ ကြိုးကြိုက်ကြုံထိုခါ၊ အသုရာတို့၊ မဟာသမုဒ်၊ ဝဲစုတ်ရေကြောင်း၊ ဝင်လေ ရှောင်းသော်၊ တချောင်းအကြွေ၊ ဆယ်ရလေ၏၊ မည်ထွေသာလှ၊ ဝှန်ပေါက်ပြုလျက်၊ စည်မ စည်ကြီး၊ စည်ဘေရီးဟု၊ ပြုပြီးဆုံးမှ၊ ဝါသဝနှင့်၊ တွေကြရန်မွေး၊ နတ်စစ်မြေ၌၊ ရှုံးလေရကား၊ ပစ်စုန့်သွားသော်၊ သိကြားဝတြဘူ၊ ယူလေတုံလျှင်း၊ မိုးအုန်းအင်းနှင့်၊ ထုတ်ချင်းအသံ၊ ရပ်ဝေးပျံ့သား၊ အာလမ္ဗရ၊ တွင်ထမည်ခေါ်၊ ထိုစည်ကျော်ကား၊ ထွန်းပေါ်တန်ခိုး ပျံ့၏တည်း။

ဟူ၍ ရှင်ရဋ္ဌသာရစပ်လေသည်။

၅၅၀။ သုံးဆယ့်ခြောက်တန် ၊ ပုစ္ဆာမှန်၊ ကျမ်းဂန် ဘယ်ကထွက်သနည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌အဖြေဝိသဇ္ဇနာကား.... ပုစ္ဆာ ဝိသဇ္ဇနာမည်သော ကျမ်းကထွက်သည်။

၅၅၁။ ငြိမ်းရိုးကေန်၊ပြည်နိဗ္ဗာန်၊ ပဒင္ဒာန်မည်သို့ ဆိုမည်နည်း (၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သန္တိလက္ခဏံ နိဗ္ဗာနံ၊ အစ္စုတိရသံ၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊ နိဿရဏပစ္စုပဋ္ဌာနံ ဝါ၊ နိဗ္ဗာနဿ ပဒဋ္ဌာနံ န လဗ္ဘတိ။ န ကေနစိ ကာရဏေန နိဗ္ဗာနံ ဥပ္ပဇ္ဇတိတိ အာယသ္မာ နာဂသေနတ္ထေရော အာဟ။

(အဘိဓမ္မတ္ထသင်္ဂဟဒီပနီ)

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ငြိမ်းခြင်းလက္ခဏာရှိ၏။ အစ္စုတိရသံ၊ မရွေ့နိုင်သော ကိစ္စရှိ၏၊ အနိမိတ္တပစ္စုပဋ္ဌာနံ၊ နိမိတ်ကင်းသောအဖြစ်ဖြင့် ထင်သော အခြင်းအရာရှိ၏။ ဝါ၊ တနည်းကား။ နိဿရဏပစ္စုပဋ္ဌာနံ၊ ဝဋ်မှထွက်မြောက်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏၊

နိဗ္ဗာနသ၊ နိဗ္ဗာန်တရား၏။ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းကို။ န လဗ္ဘတိ၊ မရအပ်။ ကေနစိ- ကာရဏေန၊ တစုံတခုသောအကြောင်းကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ အာယသ္မာ၊ သက်တော်ရှည်သော။ နာဂသေနတ္ထေရော၊ အရှင်နာဂသိန် မထေရ်သည်။ အာဟ၊ ဆိုပြီ။ အဋ္ဌသာလိနီ၊ ဝိသုဒ္ဓိမဂ်ကျမ်းတို့၌လည်း ဤနည်းတူပင် လာသောကြောင့် နိဗ္ဗာန်၌ ပဒဋ္ဌာန်ကို မရအပ်ဟု မှတ်ရမည်။

၅၅၂။ ဋ္ဌကလာပ်မှန်၊ ဝေကန်၊ ပစ္စယုပ္ပန် သဘော ဘယ်မျှနည်း။ (၂၁)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....“ကိစ္စိ ဘိယျော”ဟု ဖြေအပ်၏။

တဝ ဝစနေ၊ သင်၏စောဒနာစကား၌။ ဝတ္တဗ္ဗံ၊ ဆိုဖွယ်သည်။ အတ္ထိ၊ ရှိ၏။ ကိဉ္စိ၊ စိုးစဉ်းမျှသာ ဖြစ်ခဲ့၏။ အပရိပုဏ္ဏံ၊ မပြည့်စုံသေး။ တံ အဝသိဋ္ဌ စောဒနံ၊ ထိုစောဒနာကြွင်းကို။ ဘိယျော၊ လွန်စွာ၊ တုံ၊ သင်စောဒကသည်။ ဗြူဟိ၊ ဆိုဦးလော့ ဟူလိုသည်။

ဘယ့်ကြောင့် ဤသို့ဆိုသနည်း ဟူမူကား....နှစ်ဆယ့်လေးပါးသော ပစ္စည်းတွင် မည်သည့် ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သနည်းဟူ၍ မေးသင့်သည်ကို မမေးသောကြောင့်လည်းကောင်း။ စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ၊ ဗာဟိရ အာဟာရဇ၊ ဥတုဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇအားဖြင့် ရစွမ်းသော အဋ္ဌ-ကလာပ်တွင် မည်သည့်ကလာပ် ဟူ၍လည်း မမေးသောကြောင့် လည်းကောင်း စောဒ- ကဆရာပင် အာဘော်ရှိတိုင်း ကဗျာဖြင့်မဆိုနိုင်ရာ ရောက်သောကြောင့် ဝဇီရဗုဒ္ဓိ စသော ဋီကာ စကားတို့နှင့် ဦးစွာ “ကိဉ္စိ ဘိယျော” ဟု စောဒနာတုံ့ဖြင့် ဖြေသတည်း။

ရှေးပညာရှိတို့သည် ဤသို့သော စောဒနာတုံ့ဖြင့် ဖြေးရိုးရှိပါ၏လောဟူငြားအံ့—ဘုရား အလောင်းတော် မဟော်သုခမိန်သည် နွားထိမွေးသောသားကို ပေးရမည်ဟု ဝိဒေဟရာဇ်မင်း တောင်းသောအခါ ပြဿနာကုံ့ဖြေကြောင်း၊ သဲကိုလွန်ကျစ်၍ ပေးရမည်ဟု တောင်းသောအခါ ပြဿနာ တုံ့ဖြေကြောင်းများသည် လည်းကောင်း ဇာတ်၌ရှိ၏ဟူပေ။

၅၅၃။ ပရိက္ခာရရှစ်တန်၊ ကြာကမှန်၊ ဆွတ်ရန် အညာရှိလိမ့်နည်း။ (၂၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.. တတ္ထ၊ ထိုမဟာဗောဓိ ပေါက်လတ္တံ့သော အရပ်၌။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်သည်။ ဟုတွာ၊ ဖြစ်၍။ ဧကာ၊ တခုသော။ ပဒုမိနိဂစ္ဆော၊ ပဒုမာကြာရုံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုကြာပင်၌။ ပုပ္ဖာ၊ အပွင့်တို့သည်။ ဗုဒ္ဓဂဏနာယ၊ ဘုရားအရေအတွက်ဖြင့်။ ပုပ္ဖန္တိ၊ ပွင့်ကုန်၏။ တာနိ ခေါ၊ ထိုကြာပွင့်တို့သည်။ ကေသိံ ယေဝ နာဋ္ဌေ၊ တခုသော အရိုး၌သာလျှင်။ ကဏ္ဏိကာဗဒ္ဓါနိ၊ အချက်ဖြင့် ဘွဲ့အပ်ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တသ္မိံ၊ ထိုကြာပွင့်၌။ အဋ္ဌ ပရိက္ခရာ၊ ရှစ်ပါးသော ပရိက္ခရာတို့သည်။ အာဂတာ၊ ရောက်ကုန်၏။

ဤသို့ သုတ်မဟာဝါ အဋ္ဌကထာတို့၌ လာသည်၊ ဆွတ်ရန် အညာနှင့် ပါသော အကြောင်းကို မလာ။ သံသေဒဇသတ္တဝါတို့ သစ်သီးသစ်ပွင့်၌ ပါသကဲ့သို့ပင် ပါလာ၏ဟု ယူဖွယ်ရှိသည်။

၃၃၄။ ထွက်ဝင်သက်မှန်၊ သည်နှစ်တန်၊ ငြိမ်းဟန်မည်သည့် ပုဂ္ဂိုလ်တို့နည်း။ (၂၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အမိဝမ်း၌ ကိန်းအောင်းသော ပုဂ္ဂိုလ်၊ ရေမွန်းသော ပုဂ္ဂိုလ်၊ မိန်းမော တွေဝေသောပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်၊ စတုတ္ထစျာန်ကို ဝင်စားသော ပုဂ္ဂိုလ်၊ နိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်၊ ရူပဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်၊ အရူပဘုံ၌ဖြစ်သော ပုဂ္ဂိုလ် ဤခုနစ်ဦးသော ပုဂ္ဂိုလ်တို့၌ အဿာသ ပဿာသ တည်းဟူသော ကာယသင်္ခါရသည် မဖြစ်၊ ဗလဝါရမ္မဏ ဖြစ်သော ပုဂ္ဂိုလ်တို့၌သာ ဖြစ်၏ ဟူ၍ သင်္ခါရယမိုက်အကောက်၌ လာသည်။

၃၃၅။ ငရဲကပြန်၊ မောဂ္ဂလာန်၊ လိုက်ဟန်ငရဲမီး မှန်လိမ့်နည်း။ (၂၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရှင်မောဂ္ဂလာန်ကို ငရဲမီး လိုက်ကြောင်းကို ယုံကြည်လောက်သော ကျမ်းခိုင်တို့၌ မတွေ့။ ပြောစဉ်မျှသာ ကြားဖူးသည်။

၃၃၆။ စုတေ့ပြီးမှန်၊ ရက်ခြားပြန်၊ သန္ဓေ မယူကြလိမ့်နည်း။ (၂၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ ပဋိသန္ဓိသင်္ခါတံ
မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

တသ္မိံ၊ ထိုစုတိစိတ်သည်။ နိရုဒ္ဓါဝသာနေ၊ ချုပ်ပြီးသော အဆုံး၌။ တဿ၊ ထိုစုတိစိတ်၏။ အနန္တရမေဝ၊ အခြားမဲ့၌သာလျှင်။ ပဋိသန္ဓိသင်္ခါတံ၊ ပဋိသန္ဓေဟု ဆိုအပ်သော။ မာနသံ၊ စိတ်သည်။ ဥပ္ပဇ္ဇမာနမေဝ၊ အသစ်ဖြစ်ဆဲ ဖြစ်၍သာလျှင်။ ဘဝန္တရေ၊ ဘဝအသစ်၌။ ပတိဋ္ဌာတိ၊ တည်၏။ အဘိဓမ္မတ္ထသင်္ဂြိုဟ်။

တသ္မိံ နိရုဒ္ဓေကို ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိနှင့် စပ်သောကြောင့် ပါဌ်ကို ဖြတ်ထားသည်။ ပါဌ်မမှန် မထင်သင့်။

ထိုကြောင့် မဏိသာရမဉ္ဇူ၌—

ဟသ္မိံနိ ရုဒ္ဓ နိရုဒ္ဓေတိ သေသော၊ တဿ စ ဥပ္ပဇ္ဇမာနမေဝ ပ ဒိဋ္ဌာတိတိ မော့ဟိ သမ္ဗန္ဓော ပယိန်၏။

တဿာနန္တရမေဝါတိ ဣမိနာ ထနန္တရာဘာဝါဒိမတံ ပဋိက္ခိတံ။ ဋီကာ။

အမိပ္ပါယ်ကား။ ။သဂ္ဂိုဟ်ပါဠိ၌ နိရုဒ္ဓါဝသာနေဆိုလျှင် ပြီးပြီးလျက် တဿာနန္တရမေဝ ဟူသောပုဒ်ကို ဘယ်ကြောင့် ဆိုပြန်သနည်းဟူမူ— သတ္တဝါတို့သည် စုတိကျသည်၏ အခြားမဲ့၌ ပဋိသန္ဓေမနေတည့်သေး။ အမိ၏ ဥတုလာသောကာလ, ယောကျ်ားနှင့် ကိုယ်လက် နီးနှောသော ကာလကို ငံ့သဖြင့် အကြားတွင် ခုနစ်ရက်သည်းကောင်း။ ရှစ်ရက်လည်းကောင်း၊ ကိုးရက်စသည် လည်းကောင်း တည်နေရသော အန္တရာဘ ရှိသေး၏ဟု အယူရှိသော တိတ္ထိတို့၏ ဝါဒကို စင်စေလို သောကြောင့် တဿာနန္တရမေဝ ဟူသောပုဒ်ကို ဆိုတော်မူသည်။ စင်စစ်ကား စုတိကျပြီး အခြား မဲ့၌ပင် ပဋိသန္ဓေတည်လေတော့သည်။ ဘဝအခြား မရှိပြီ ဟူလိုသည်။

၁၁၃။ အဇ္ဇန္တရမှန်၊ သရက်လွန်၊ ကျေးမွန်ဘယ်ကျေး စားပူ'သနည်း။ (၂၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အကြောင်းကို သိသာအောင် ဇာတ်ဒေသနာ အတ္ထုပ္ပတ္တိကို ဆိုလိုက်ဦးအံ့ –

ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ကပိလ-ဝတ်ပြည်မှ ယသောဓရာမိဖုရားသည် ဤသို့ကြံ၏"ငါ၏ ငယ်ကြင်အရှင်ဖြစ်သော သိဒ္ဓတ် မင်းသား သည် ရဟန်းပြု၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီ။ ငါ့သားရာဟုလာလည်း သာမဏေပြု၍ သူ ဘခင်၏ထံ၌ နေလေပြီ။ ငါတယောက်တည်း လူ့ဘောင်၌ နေသဖြင့် အဘယ်ပြုတော့အံ့နည်း။ ရဟန်းပြု၍ သာဝတ္ထိပြည်သို့သွားပြီးလျှင် ဘုရားသခင်ကိုလည်းကောင်း, သားရာဟုလာကိုလည်း ကောင်း မပြတ် ရှုမြော်ကာနေအံ့"ဟု အကြံဖြစ်၍ ရဟန်းမိန်းမတို့၏ ကျောင်းသို့သွား၍ ရဟန်း ပြုပြီးလျှင် ဆရာဥပဇ္ဈာယ်တို့နှင့်တကွ သာဝတ္ထိပြည်သို့လာခဲ့၏။ ရောက်လျှင် ဘုရားရှင်ကိုလည်း ကောင်း, သားရာဟုလာကိုလည်းကောင်း ဖူးမြင်ကြည့်ရှု၍ ဘိက္ခုနီမတို့၏ ကျောင်း၌နေ၏။ ရာဟုလာလည်း မယ်တော်ထံသို့ တနေ့ မပြတ်သွား၍ ဖူးမြင်၏။

တရံသောအခါ ဗိမ္ဗာထေရီအား ဝမ်း၌လေရောဂါသည် ပြင်းစွာထရကား ဖူးမြင်အံ့သောငှာ လာသော ရာဟုလာ သာမဏေကို ရုတ်တရက် နှုတ်မဆက်နိုင်ပဲ လျောင်းလျက်သာ နေ၏။ ထို အခါ သားရာဟုလာက "အဘယ်ဝတ္ထုကိုရမှ ဤရောဂါ လွတ်မည်နည်း"ဟုမေး၏။ 'သရက်အဖျော် ရသော် လွတ်လတ္တံ့"ဟု ဆိုလျှင် လျှင်စွာလာခဲ့၍ မိမိ၏ဆရာဖြစ်သော အရှင်သာရိပုတ္တရာအား အကြောင်းကို ပြန်ကြား၏။ ရှင်သာရိပုတ္တရာလည်း ရာဟုလာကို ဇရပ်၌ နေနှင့်စေ၍ မင်းအိမ်သို့ သွားလေပြီးသော် မင်းကြီးမေးသော ကာလ သရက်သီးမှည့်ရလိုကြောင်းကို ဆို၏။ ကောသလ မင်းလည်း ဥယျာဉ်တော်၌ သရက်သီးမှည့်ကို ယူစေ၍ သကာရည်ဖြင့် ဖျော်ပြီးသော် သပိတ် တော် ပြည့်အောင် ထည့်၍ကပ်၏။ အရှင်မြတ်လည်း ထိုသပိတ်ကို ဆောင်ခဲ့၍ ဇရပ်၌နေသော ရာဟုလာအား ပေး၏။ ရာဟုလာလည်း ဆောင်ခဲ့၍ မယ်တော်ကို သုံးဆောင်စေသော် ဝမ်း လေ ရောဂါသည် ချမ်းသာလေ၏။

ကောသလမင်းလည်း ရှင်သာရိပုတြာသည် မဘုဉ်းပေးပဲ ယူသွားသည်ကို စုံစမ်းစေ၍ အကြောင်းမျိုးကို သိလေသော် ဤသို့ကြံ၏ "ဘုရားသခင်သည် အိမ်ယ်၍ ရဟန်းမပြုသည် ဖြစ် အံ့။ လေးကျွန်းလုံးကို အစိုးရသော စကြဝတေးမင်း ဖြစ်ရာသည်။ သားတော်ရာဟုလာလည်း ပရိဏာယက သားကြီးဖြစ်ရာသည်။ ယသော်ဓရာလည်း မိဖုရားကြီး ဧဝနာ ဖြစ်လေရာသည်။

ထိုသို့ဖြစ်ခဲ့သော် အလုံးစုံသော စကြဝဠာတိုက်အတွင်းသည် သူတို့၏ တိုင်းပြည်ဖြစ်၍ ငါတို့ကား ခြေရင်းအလုပ်အကျွေးသာ ဖြစ်ရာလိမ့်မည်။ ယခုမူကား ရဟန်းပြု၍ ငါတို့ကိုမှီကာ နေလာလျက် ငါတို့မေ့သျော့၍ နေခြင်းသည် မသင့်ပေတကား"ဟုကြံလျက် ထိုနေ့မှစ၍ ဗိမ္ဗာထေရီအား သရက်အရသာကို မပြတ်လှူစေ၏။

ယင်းသို့ ရှင်သာရိပုတြာသည် ဗိမ္ဗာထေရီအား သရက်အဖျော်ပေး၍ လေနာလွတ်ကြောင်း စကားကို ဘုရားသခင်ကြားသိတော်မူသော် ဘုန်းတော်ကြီးလှသော ဘုရားလည်း "ချစ်သားတို့ ယခုအခါ၌ သာလျှင် သာရိပုတြာသည် ဗိမ္ဗာတေရီအား သရက်အဖျော်ပေး၍ ချမ်းသာရစေသည် မဟုတ်၊ ရှေးအခါ၌လည်း ထူးမြတ်စွာသော အမ္ဗဋ္ဌရ သရက်ကိုပေး၍ ချမ်းသာရစေသည်သာ တည်း" ဟု မိန့်တော်မူ၍ ရှေးအတိတ်ကို ဖော်တော်မူ၏။

ချစ်သားတို့၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် အမည်ရှိသော မင်းသည် အတုလဒေဝီ အမည်ရှိသော မိဖုရားနှင့် မင်းပြုလေသတည်း။ ထိုအခါ ငါဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လေသော် တက္ကသိုလ် ပြည်သို့သွား၍ အတတ်ပညာသင် သဖြင့် တတ်မြောက်သျှင် မိခင် ဘခင်တို့ထံ ပြန်လာ၍ လုပ်ကျွေးနေထိုင်ပြီးမှ မိဘတို့ သေလွန် လေသော် ရသေ့ရဟန်းပြု၍ တခုသော တောအုပ်၌နေ၏။ဈာန်အဘိညာဉ်ကိုလည်း ရ၏။ သံဝေ ဖြစ်၍ တောထွက်သာသမျှသော သူတို့အား ရသေ့ ရဟန်း ပြုပေးသဖြင့် မရှည်မြင့်မီပင် ရသေ့ ငါးကျိပ် အခြံအရံကို ရ၏။

တရံသောအခါ ချဉ်ဆား မှီဝဲခြင်းငှါ ဗာရာဏသီပြည်သို့ လာ၍ မင်း၏ ဥယျာဉ်၌ နေကြ၏။ ထိုရသေ့တို့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာ တုန်လှုပ်လေသော် ရသေ့တို့ကို မင်းကြီး နှင်အောင် ပြုအံ့ဟု ကြံ၍ သန်းခေါင်ယံ၌ မိဖုရားစံရာ တိုက်ခန်းသို့ ဝင်ပြီးသော် သိကြားမင်းသည် ကိုယ်ထင်ပြလျက် ဤသို့ဆို၏. "မိဖုရား သင်သည် ဟိမဝန္တာ၌ နတ်တို့သုံးဆောင်ခြင်းငှါထိုက်သော အမ္ဗဋ္ဌရ သရက်သီးကို စားရအောင်ပြု၍ စားလော့၊ သင်အား စကြဝတေးမင်း၏ အလောင်းဖြစ် သော သားကောင်းရတနာကို ရလတ္တံ့" ဟု ပြောကြား၏။မိဖုရားလည်း ထိုအကြောင်းကို မင်းကြီး အား လျှောက်ထားလေသော် မင်းကြီးသည် သရက်သီးအလို့ငှါမင်းချင်းတို့ကို ဥယျာဉ်သို့လွှတ်၍ "သရက်နှစ်ပင်၏ အကြား၌ ရောက်သော သရက်သီးတို့ကိုယူချေ" ဟု စေ၏။ မင်းချင်းတို့လည်း သွား၍ ရှာကုန်သော် သရက်သီးဟူသမျှတို့ကို သိကြားတန်ခိုးဖြင့် ကွယ်ဝှက်၍ ထားသောကြောင့် မရခဲ့ရကား အသီးမရှိကြောင်းကို လျှောက်လျှင် ဘယ်သူ စား၍ကုန်သနည်းဟု မေး၏။ "ရသေ့တို့ စား၍ ကုန်ပါသည်" ဟုလျှောက်သော် မင်းကြီးသည် အမျက်ထွက်၍ ရသေ့တို့ကို ဥယျာဉ်မှ နှင်ထုတ်စေ၏။ သိကြားမင်းသည် မိမိကြံဝိုင်း ပြည့်စုံလေ၏။

မိဖုရားကား ထိုသရက်သီး၌ အလွန်အာသာရှိသည်ဖြစ်၍ နာကျင်ယောင်ဆောင်လျက် အိပ် စက်ကာသာ နေလေသော် မင်းကြီးသည် ပညာရှိသော မှူးမတ် ပုဏ္ဏားတို့ကိုခေါ်၍ "အမ္ဗဋ္ဌရ သရက်သီးရှိသော အရပ်ကို သိကြကုန်၏လော" ဟု မေး၏။ ပုဏ္ဏားတို့ကလည်း "အရှင်မင်းကြီး အမ္ဗဋ္ဌရမည်သော သရက်ပင်သည် ဟိမဝန္တာတော၌ ဆဒ္ဒန်အိုင်ကိုရံသော ရွှေတောင်စဉ်ခုနစ်ထပ် တို့၏ အကြား၌လည်းကောင်း, မနောသိလာတောင်ကိုရံသော ငွေတောင်စဉ်ခုနစ်ထပ်တို့၏အကြား၌ လည်း ကောင်း ရတနာငွေ့ရှိသည်မှု၏။ ထိုရွှေ၏ အဝန်း ပေါက်လျက် ရှိ၏။ ထိုအသီးကို နဝ်မင်းတို့ သာလျှင် သုံးဆောင် ပရိဘုဉ်၏ ဟု၍ ကြားဖူးပါသည်" ဟု လျှောက်၏။ မင်းကြီးလည်း "ယင်း

သို့ဖြစ်သော် အဘယ်သူဆောင်ယူနိုင်အံ့နည်း” ဟု မေး၏။ ပုဏ္ဏားတို့ကလည်း “လူသားကား မရောက်နိုင်ရာ၊ ကျေးသားကို စေသော်သာ ရောက်နိုင်ရာလတ္တံ့”ဟု လျှောက်၏။

ထိုအခါ မင်းအိမ်တော်၌မွေးသော ယဉ်ကျေးလိမ္မာ၍ လူ့ဘာသာကိုသိသော အားအစွမ်း ဗလနှင့် ပြည့်စုံသော ကျေးသားတခုသည် ရှိ၏။ ထိုကျေးသားကို ခေါ်ပြီးလျှင် သကာ အဖျော်တို့ကိုလည်းကောင်း, ပျားလူး ပေါက်ပေါက်တို့ကိုလည်းကောင်း စားစေ၍ “ငါ့သား ကျေးမြတ်သည် ဟိမဝန်တောအရပ်ဝယ် ရွှေတောင်၏ အကြား၌ရောက်သော အမ္ဗန္တရ သရက်သီးကို ရအောင် ဆောင်ယူပါချေ” ဟု စေတော်မူ၏။

ကျေးသားသည်လည်း “ကောင်းပါပြီ”ဟု ဝန်ခံလျက် အရှင်မင်းကြီးအား ဝပ်တွားရှိခိုးပြီးမှ ကောင်းကင်ခရီးဖြင့် ပျံလေ၍ ဟိမဝန်တောင်ခြေ၌ နေသော ကျေးသားတို့၏ အသင်းသို့ ရောက်လေ၍ ထိုသရက်သီးရှိရာ အရပ်ကို မေးသော် ထိုကျေးသားတို့က “ငါတို့မသိကုန်” ဟု ဆို၏၊ ထိုမှတဖန် ပျံလေ၍ နှစ်ခုမြောက်သော တောင်စဉ်၏အတွင်းသို့ ရောက်၍ ထို၌ မေးပြန်သော် မသိကြရကား သုံးခုမြောက်သော တောင်စဉ်၏အတွင်းသို့ ပျံလေ၏။ ထိုနောင် လေးခုမြောက်၊ ငါးခုမြောက်၊ ခြောက်ခုမြောက်သော တောင်စဉ်၏ အတွင်းသို့ ပျံလေ၏။ ထို၌နေသော ကျေးသားတို့ကိုမေး၍ မသိဟု ပြောကြပြန်လျှင် ခုနစ်ခုမြောက်သော တောင်စဉ်အတွင်းသို့ ပျံပြန်လေ၍ ထို၌နေသော ကျေးသားတို့ကို မေးသောအခါ “ငါတို့ ထိုသရက်ပင်ကို သိ၏။ ဤမည်သော ရွှေတောင်၏အကြား၌ ရှိ၏” ဟု ဆိုကြသော်....အဆွေတို့-ကျွန်ုပ်သည် ဤသရက်သီး အလို့ငှာ လူ့ပြည်က လာခဲ့ရပါသည်။ ထိုလုံးမျှ ဆောင်ယူ၍ ပေးကြပါ’ ဟု ဆို၏။ ထိုကျေးသားတို့ကလည်း အဆွေကျေး- ဤအမ္ဗန္တရ သရက်ကား သာမညခဲခက်သည်မဟုတ်၊ ဝေဿဝဏ် နတ်မင်းကြီး၏ ပရိဘုတ်ရာ ဖြစ်၍ အပင်ရင်းမှသည် အဖျားတိုင်အောင် သံကွန်ယက် ခုနစ်ထပ် ရံ၍ထား၏။ အကုဋေမက များစွာသော နတ်ကုမ္ဘဏ်တို့ စောင့်ရှောက်ရ၏၊ သူတို့ထံသို့သွားမူ ကိုယ့်အသက်ကို ရတော့မည် မဟုတ်ပြီ။ အဝီစိနှင့်တူသော အရပ်ကို သင် မတောင့်တလင့်ဟု ဆိုကြ၏။

ထိုအခါ ဗာရာဏသီမင်း၏ ကျေးကလည်း “သင်တို့ မလိုက်ဝံ့ပါမူ သစ်ပင်ကိုသာ ညွှန်ပြပါလော့”ဟု တောင်းပန်၍ မိမိချည်း ပျံလေပြီးလျှင် သရက်ပင်ရင်း၏ အနီး၌ နားနေ၍ ညဥ့်သန်းခေါင်ယံ၌ ကုမ္ဘဏ်ဘီလူးတို့အိပ်စဉ် သရက်ပင်ရင်းသို့ကပ်၍ သံကွန်ယက်ကြားဖြင့် အသာအသာ တက်လေပြီးမှ အသီးနှစ်လုံးကို ဆွတ်၏။ သံကွန်ယက်ချင်း ထိသော အသံကို ကုမ္ဘဏ်ဘီလူးတို့ ကြား၍ နိုးသဖြင့် ထိုကျေးသားကို ဖမ်းကြလေသော် ဘီလူးတို့မိ၍ အချို့က “ဤကျေးသားကို အငိမ်းပင်ဝါးအံ့”ဟု ဆို၏။ အချို့ကလည်း “လက်ဝါးတွင်နယ်၍ ကြေစေအံ့” ဟု ဆို၏ အချို့ကလည်း “ရင်ကိုခွဲ၍ မီးကင်အံ့” ဟု ဆို၏။ ထိုစကားကို ကျေးသားကြားလျှင် မထိတ်လန့်ပဲ ဤသို့ ဆို၏ “အစ်ကို ရက္ခိုသ်တို့- အစ်ကိုတို့သည် ဘယ်သူ့ ကျွန်နည်း”ဟု မေး၏။ “ငါတို့ကား ဝေဿဝဏ် နတ်မင်း၏ ကျွန်တော်မျိုးတို့တည်း”ဟု ဆိုသော်....

“အစ်ကိုတို့လည်း နတ်မင်းကြီး၏ ကျွန်တော်။ ငါလည်း ဗာရာဏသီမင်း၏ ကျွန်တော်ရင်း ဖြစ်ပါသည်။ မင်းကျွန်ချင်း တူပါသည်။ ထောက်ညှာသင့်ပါ၏။ အစ်ကိုတို့လည်း အသက်ကိုစွန့်၍ အရှင့်အမှုကို ထမ်းရပါသည်။ ငါလည်း ထိုနည်းတူ အသက်ကိုစွန့်၍ ထမ်းရပါသည်။ ငါ၏အရှင် ဖြစ်သော မင်းကြီးသည် ဤသရက်သီးကို လိုသောကြောင့် ငါ့ကိုစေလိုက်သည်။ ထိုစေသော

အခါကပင် ငါသည် မင်းကြီးအား အသက်ကိုနှင်း၍ လာခဲ့သည် အကြင်သူသည် မိခင် ဖခင်တို့၏လည်းကောင်း, အရှင်၏လည်းကောင်း ကိစ္စဒုလ္လိုင့်ါ အသက်ကိုစွန့်၍ အမှုကို ထမ်းဆောင်၏။ ထိုသူသည် ရန်မာန်ခပ်သိမ်းကို လွန်နိုင်သည်သာတည်း။ သေသော်လည်း လူ့ရွာနတ်ပြည်၌သာ ဖြစ်ရ၏ဟူ၍ ပညာရှိ သူမြတ်တို့၏ တရားစကားကို ကြားဖူးပါသည်။ ငါ့အား အစ်ကိုတို့ လွှတ်ပါလျှင်လည်း ချမ်းသာတော့မည်။ သတ်လျှင်လည်းသေ၍ လူ့ရွာနတ်ပြည်၌ ဖြစ်ရတော့မည်။ တဘဝတွင် တခါသေကြရအံ့သောသတ္တဝါချည်း ဖြစ်ကြလျက် တဦးကိုတဦး မနှိပ်စက်သင့်ပါ'' ဟုဆို၏။

ဘတ္တု အတ္ထံ ပရက္ကန္တော၊ ယံ ဌာနမဓိဂစ္ဆတိ။
သူရော အတ္တပရိစ္စာဂီ၊ လဘမာနော ဘဝါမဟံ။

ဟူသော ဂါထာကိုရွတ်၏။

ဘောရက္ခသာ၊ အိုရက္ခိုသ်တို့။ ဘတ္တု၊ မိခင်ဖခင် အရှင် စိုးမင်းတို့၏။ အတ္ထံ အတ္ထာယ၊ အကျိုးငှါ။ ပရက္ကန္တော၊ လုံ့လပြုသော ကျွန်ုပ်သည်။ ယံဌာနံ၊ အကြင် စည်းစိမ်ချမ်းသာ အရာအထူးကို။ အဓိဂစ္ဆတိ၊ ရ၏။ သူရော၊ ရဲရင့်သည်ဖြစ်၍။ အတ္တပရိစ္စာဂီ၊ ကိုယ့်အသက်ကို စွန့်သော။ အဟံ၊ ငါသည်။ တံ၊ ထိုပစ္စုပ္ပန်၌ ခြံရံစည်းစိမ်ကိုရခြင်း, လူ့ပြည်နတ်ပြည်၌ ဖြစ်ခြင်းကို၊ လဘမာနော၊ ရသည်။ ဘဝါမိ၊ ဖြစ်လေအံ့။

ဤဂါထာဖြင့် သာယာစွာ ဟောသော ကျေးသား၏ တရားစကားကို ဘီလူးတို့ကြားလျှင် သနားကြသည် ဖြစ်၍ "သင်ကျေးသား သွားလေတော့"ဟု လွှတ်လိုက်လျှင် ကျေးသားကလည်း "ငါ့အသက်ကို စွန့်ရဲ လာပါသည်။ အကျိုးမဲ့ မရှိပါစေလင့်။ သရက်သီးတလုံးကို ပေးလိုက်ပါ"ဟု တောင်းသော် "ငါတို့ကား ဤသရက်သီး ကို မပေးဝံ့ချေ။ ဝေဿဝဏ် နတ်မင်းကြီးသည် အလုံးကို ရေတွက်၍ ထားသည်၊ တလုံးမျှပျောက်ခဲ့သော် ငါတို့အား အမျက်ထွက်လတ္တံ့။ အမျက်ထွက်၍ မျက်စောင်းဖြင့် ကြည့်သည် ရှိသော် ကုမ္ဘဏ် အပေါင်းတို့သည် ထောင်းထောင်းကြေမွ သေကြေရကုန်သည်။ ထိုကြောင့် ငါတို့မပေးသာချေ။ သို့ရာတွင် ရမည့်နေရာကို ငါတို့ ညွှန်လိုက်အံ့။ အရှေ့တောင် ကွန်ယက်၌ ဇောတိရသ ရသေ့သည် မီးပူဇော်လျက် ကဥ္စနပတ္တမည်သော သခ်မ်း၌ နေ၏၊ ထိုရသေ့ထံသို့ သွားလေတော့"ဟု ဆိုလိုက်၏။

ကျေးသားလည်း ဘီလူးတို့ သင်လိုက်သောအတိုင်း ရသေ့ထံသို့ ကပ်၍ အကြောင်းမျိုးစုံကို ပြန်ပြော၍ ရသေ့အား ခစားလေ၏။ ထိုအခိုက် ဝေဿဝဏ်နတ်မင်းကြီးသည် သရက်သီးလေးလုံးကို ဆရာရသေ့အား ပို့လာစေသည်ရှိသော် နှစ်လုံးကိုကား ရသေ့စား၏။ တလုံးကိုကား ကျေးသားအား စားစေ၏။ တလုံးကိုကား ဆိုင်းယ်ဖြင့် ထည့်၍ ကျေးသားလည်၌ ဆွဲ၍ လွှတ်လိုက်၏။ ကျေးသားလည်းကောင်းစွာဆောင်ခဲ့၍ မင်းကြီးအား ဆက်လျှင် မင်းကြီးသည် မိဖုရားအား ပေး၍ စားစေမှ ချင်ခြင်းပြေငြိမ်း၏။ သားကောင်းကိုကား မရချေ။

မြတ်စွာဘုရားသည် ဤသို့သော ဇာတ်ဒေသနာကို ဆောင်တော်မူ၍ ထိုအခါ သရက်သီး၌ အာသာရှိသော မိဖုရားကား ယခုသောဓရေထေရီဖြစ်လာ၏။ နတ်မင်း၏ဆပ် ဖြစ်သော ဇောတိရသ ရသေ့ကား သာရိပုတြာ။ ကျေးသားကား အာနန္ဒာဖြစ်လာ၏၊ ဘယ ဥဂ္ဂနေသော ရသေ့ကြီးကား ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူသည်။ ဝိကနိပါတ်၊ ကောဋ္ဌဝင်၏အစ၌ အဗ္ဗန္တရဇာတ်ဟု သံဂါယနာတင်သည်။

ဤမှတပါးသောအကြောင်းကား....

ရှေးသောအခါ ဗာရာဏသီပြည်ကို အစိုးရသောဗြဟ္မဒတ်မင်းကြီးသည် ဥယျာဉ်ကစားသွားတော်မူလေသော် နွားကျောင်းသားတို့သည် တခုသော ကျေးငယ်ကို ဖမ်း၍ သတ်စားအံ့သောငှါ အားထုတ်ကြစဉ် မင်းကြီးတွေ့မြင်လေ၍ "သင်တို့မသတ်သင့်၊ ဤကျေးငယ်ကို ငါ့အားရှောင်းလော့"ဟု ဆို၍ ဝယ်ယူလေသဖြင့် နန်းတော်သို့ ရောက်လျှင် ရွှေချိုင့်၌ ထည့်၍ မွေး၏။ ကိုယ်လုပ် မောင်းမတို့သည် စကားသင်၍ မကြာမီ လူတို့စကားကို နားလည် တတ်ပွန်လေသတည်း။

ယင်းသို့ တတ်ပွန်လိမ္မာသောအခါ ကျေးသည် ဤသို့ ကြံ၏ "ဤမင်းကြီးသည် ငါ၏သေဘေးကိုလည်း ကယ်ပေသည်။ အလွန်ကြီးမြတ်စွာသော စည်းစိမ်ကိုလည်း ပေးပေသည်။ လူ့ဘာသာကို တတ်အောင်လည်းသင်ပေသည်။ ကျေးဇူးတော် အလွန်ကြီးလှ၏။ ထိုကျေးဇူးကို ဘယ်သို့ဆပ်ပါရအံ့နည်း"ဟု ကြံ၍ ဟိမဝန္တာတော၌ ထူးဆန်းသော သစ်သီးတို့ကို ဆောင်ယူခြင်းငှါ မင်းကြီးအားလျှောက်ကြား တောင်းပန်၍ သွားလေသော် ဆဒ္ဒန်အိုင်၏အနီး ရွှေတောင်ကြီးတို့၏အကြား၌ သိကြားမင်းဝေဿဝဏ်နတ်မင်းတို့၏ သုံးဆောင်ရန်ဖြစ်သော အဗ္ဘန္တရသရက်ပင်ကို တွေ့လေ၏။ ထိုသရက်ပင်ကား အလွန်အရသာရှိသည်ဖြစ်၍ နတ်သုဓာဘုတ်နှင့်တူ၏။ လျှာ၌ ထိလျှင် တထောင်မျှလောက်သော အကြောကို နှံ့၍ အိုသောသူသော်လည်း ပျို၍ ၁၆-နှစ်ရွယ်ကဲ့သို့ ဖြစ်ပြန်၏။ ယင်းသို့သော ဂုဏ်သတ္တိကြောင့် အသီးရှိ၍ မှည့်သောအခါ ငှက်တို့လာ၍ မယူမစားရအောင် သံပြားကွန်ယက်ဖြင့် အုပ်၍ ဘီလူးကုမ္ဘဏ် တထောင်စောင့်ရ၏။ ယခင့်ကျေးသားလည်း ထိုသရက်သီး၏သတ္တိကို နတ်ဘီလူးတို့စကားဖြင့် ကြားသိရ၍ အနီး၌ ချောင်းမြောင်းကာ နေ၏။

တောစောင့်နတ်တို့သည် နတ်မင်းကြီးအား ဆက်ခန်ယူခြင်းငှာ သံကွန်ယက်ဖွင့်သောအခါ လျင်စွာ သုတ်သူ၍ လာခဲ့၏၊ ဗာရာဏသီပြည်သို့ ရောက်လျှင် အရှင်မင်းကြီးအား သရက်သီး၏ဂုဏ်ကျေးဇူးကို လျှောက်ကြား၍ ဆက်၏။ မင်းကြီးလည်း ဝမ်းမြောက်လှသည်ဖြစ်၍ မျိုးစေ့ကို ဥယျာဉ်မှူးအားအပ်၍ ကောင်းမြတ်သော မြေ၌ နို့သာရေ၊ သကာရေ၊ ပြကတေ့သော ရေတို့ဖြင့် သွန်းလောင်းစေလျက် စိုက်၏။ ထိုသရက်သည် သုံးနှစ်မျှဖြင့် အသီးသီးလတ်သော် ဥယျာဉ်မှူးသည် ကောင်းစွာ စောင့်နေ၍ မှည့်လှသဖြင့် ကြွေကျလေသော် မြွေဟန်းတခုသည် သွားလာခိုက်ကြုံသည်နှင့် ထိုသရက်သီးကို ကိုက်မိလေ၏။ အဆိပ်နှေဝင်လျက်ရှိသည်နှင့် နံနက်ကာလ ဥယျာဉ်မှူးရ၍ မင်းအားဆက်ဖလသော် မင်းကြီးလည်းအဆင်းအနံ့သင်းပျံ့ကောင်းမွန်လှသည်နှင့် စားချင်သောအာသာရှိငြားသော်လည်း တရားထုံးစံစောင့်သောမင်းဖြစ်၍ မိမိမစားတည့်ပဲ စားဦးစားကို စားစေလျှင် မြွေဆိပ်ဝင်ပြီးဖြစ်၍ ထိုခဏ၌ စားသောသူ ကံကုန်လေ၏။ ယင်းသို့ ဖြစ်သည်ကို မြင်သော် မင်းကြီးသည် မဆင်ခြင်ပဲ လွန်စွာ အမျက်ပွား၍ ကျေးသားကို ချိုင့်မှ ထုတ်ပြီးလျှင် "နင်သည် ငါ၏ အသက်ကိုသေလေအောင် အဆိပ်သီးကို ယူဆောင်ခဲ့ရာသလော"ဟု ကွမ်းညှပ်ဖြင့် လည်ကို ညှပ်၍ သတ်လေ၏။ နောက်သစ်သီး ဂုဏ်ကျေးဇူးကို သိပြန်သောကာလမှ နောင်တကြီးစွာဖြစ်လေသည်ဟူ၍ ကာလိင်္ဂါသဝတ္ထု၌လာသည်။

၅၅၇။ ဈာနင်နှင့်ဈာန်၊ ဤနှစ်တန်၊ ထူးဟန်ခြားဟန် မည်သို့နည်း။ (၂၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား…

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဤငါးပါးသည် ဈာန်၏ အစိတ် ဈာန်၏ အကြောင်းဖြစ်သော "ဈာနင်" မည်၏။ ထိုငါးပါးသောတရားတို့၏အာရုံသို့ ကပ်၍ ရှုခြင်း, နီဝရဏတရားကို ပယ်ရှား ဖုတ်ကြည်းနိုင်ခြင်း သတ္တိသည် "ဈာန်" မည်၏၊ ဤသို့ သတ္တိ-သတ္တိဝန္တအားဖြင့် ထူး၏ ဟူပေ။

ဘယ်သို့နည်းဟူမူ…လှည်းတန်, ဝင်ရိုး, လှည်းဘီးအစရှိသော အစိတ်-အစိတ်သော ဝတ္ထုသည် ရထား၏အင်္ဂါ။ ထိုအစိတ် ပေါင်းသင်း၍ ရထားဖြစ်သော အခါ ဝန်ကို ဆောင်၍ လိုရာအရပ်သို့ ရောက်နိုင်ခြင်းသည် ရထား၏ သတ္တိ-ဖြစ်သကဲ့သို့တည်း။

ပရမတ်တရားချင်း ဥပမာပြပါဦး ဟူငြားအံ့-

ကိစ္စ၊ ကိစ္စဝန္တဆိုရာ၌ ဇေ့နဝီသတိ ဝိပါက်တို့၏ ဘဝင်နှစ်ပါးကို တစပ်တည်းကဲ့သို့ စပ်တတ်သောသတ္တိသည် ပဋိသန္ဓေကိစ္စ မည်သည်၊ ထိုသတ္တိသည် စိတ်ဒြဗ်၌တည်သည်ဖြစ်၍ ထိုစိတ်ဒြဗ်ကို ကိစ္စဝန္တ ဆိုရသကဲ့သို့တည်းဟူပေ။

> ကသိဏာဒိကံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။
> ပစ္စနီကဓမ္မေ ဈာပေတီတိ ဝါ ဈာနံ၊ ဈာနဿ အင်္ဂံ ဈာနင်္ဂံ။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ကသိဏာဒိကံ၊ ကသိုဏ်းအစရှိသော အာရုံကို။ ဈာယတိ ဥပနိဇ္ဈာယတိ၊ ကပ်၍ရှုတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဈာနံ၊ ဈာန်မည်၏။ ဝါ၊ တနည်းကား။ ပစ္စနီကဓမ္မေ၊ ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို။ ဈာပေတိ၊ ဖုတ်ကြည်းတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဈာနံ၊ ဈာန်မည်၏။ [သတ္တိရ၏]။ ဈာနဿ၊ ဈာန်၏။ အင်္ဂံ၊ အစိတ်တည်း၊ ဈာနင်္ဂံ၊ ဈာန်၏အစိတ်။ [ဝိတက်စသော တရားအပေါင်းရ၏]။ ဤသို့ ဂဏ္ဌိဆရာတို့ မိန့်ပြီ။

၅၅၈။ ပဋ္ဌိဝိညာဏ်၊ တဆယ်မှန်၊ ဈာနင် ဘယ့်ကြောင့် မရသနည်း။ (၂၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား….

> ပဉ္စဝိညာဏာနံ ဝိတက္ကဝိရဟေန အာရမ္မဏေသု အဘိနိပါတ မတ္တတ္တာ တေသု ဝိဇ္ဇမာနာနံပိ ဥပေက္ခာ သုခဒုက္ခာနံ ဥပနိဇ္ဈာနာကာရဿ အဘာဝတော ဈာနင်္ဂဘာဝေန န ဥဒ္ဓဋာနိ။

ဟူ၍ ဋီကာကျော် မိန့်သည်နှင့်အညီ .. ပဉ္စဝိညာဉ် စိတ်တို့သည် အာရုံသို့ ရေးရှုတင်တတ်သော ဝိတက်ကင်းခြင်းကြောင့် အာရုံတို့၌ ရေးရှုကျကာ မျှသာဖြစ်သောကြောင့် ထိုစိတ်တို့၌ယှဉ်သော ဥပေက္ခာ, သုခ, ဒုက္ခဝေဒနာတို့သည် ရှိပါငြားသော်လည်း အာရုံသို့ကပ်၍ ရှုခြင်းကိစ္စ မရှိသည်၏ အဖြစ်ကြောင့် ဈာနင်၏ အဖြစ်ဖြင့် မထုတ်အပ်သတည်းဟူပေ။

၅၆၀။ မြင်းမိုရ်ထွန်းဟန်၊ ရောင်လေးတန်၊ ဘယ်ဉာဏ်တော်ဖြင့် ဟောလိမ့်နည်း။ (၂၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ....

ဧဝံ အနန္တာနိ စက္ကဝါဠာနိ အနန္တာ လောကဓာတုယော ဘဂဝါ အနန္တဗုဒ္ဓဉာဏေန အဝေဒိ အညာသိ ပဋိဝိဇ္ဈိ၊ ဝေမဿ ဩကာသလောကောပိ သဗ္ဗထာ ဝိဒိတော။

ဟူသော ပါရာဇိကဏ် အဋ္ဌကထာနှင့်အညီ....အဆုံးမရှိ သိတတ်သော အနန္တ ဗုဒ္ဓဉာဏ်ဖြင့် သိ၍ ဒေသနာဉာဏ်ဖြင့် ဟော၏ ဟု ဖြေ၊ အနန္တဗုဒ္ဓဉာဏ်ဟူသည် သဗ္ဗညုတ ဉာဏ်ကို ဆိုသည်။

၅၆၁။ ဒေါသခိုက်ရန်၊ သတ်ပုတ်မှန်၊ မြောက်စွန်ကျွန်း၌ ရှိလိမ့်နည်း။ (၃၀)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တေ၊ ထိုမြောက်ဥတ္တရ ကုရုကျွန်းသူတို့သည်။ တံ ဌာနံ၊ ထိုအရပ်သို့။ သမ္ပတ္တာနံ၊ ရောက်လာကုန်သော သူတို့အား။ ဒေန္တိယေဝ၊ ပေးကုန်သည်သာတည်း။ မစ္ဆရိယစိတ္တံ နာမ၊ ဝန်တိုသောစိတ် မည်သည်။ န ဟောတိ၊ မဖြစ်။ မဟိဒ္ဓိကာ၊ တန်ခိုးကြီးကုန်သော။ ဗုဒ္ဓပစ္စေကဗုဒ္ဓါဒယောပိ၊ ဘုရား, ပစ္စေကဗုဒ္ဓါစသော ပုဂ္ဂိုလ်တို့သည်လည်း။တတ္ထ၊ထို မြောက်ကျွန်းသို့။ ဂန္တွာ၊ သွား၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဂဏှန္တိ၊ ခံကြကုန်၏။ နဟာယိတုကာမာ စ၊ ရေးချိုးလိုကုန်သော သူတို့သည်လည်း။ နဒီတိတ္ထေ၊ မြစ်ဆိပ်၌။ ကေဇ္ဈံ၊ တခပါင်းတည်း။ ဝတ္ထာဘရဏာနိ၊ အဝတ် တန်းဆာတို့ကို။ ဌပေန္တာ၊ ထားကုန်၍။ နဒိံ၊ မြစ်သို့။ ဩဘရိတွာ၊ သက်၍။ နှတွာ၊ ရေချိုးပြီး၍။ ဥတ္တိဏ္ဏုတ္တိဏ္ဏာ၊ တက်ကုန် တက်ကုန်သော သူတို့သည်။ ဥပ္ပရိမံ ဥပရိမံ၊ အထက်အထက်၌၊ ဌိတံ၊ တည်သော။ဝတ္ထာဘရဏံ၊ အဝတ်တန်းဆာကို။ ဂဏှန္တိ၊ ယူကုန်၏။ တေသံ၊ ထိုယောကျာ်း, မိန်းမကိုအား။ ဣဒံ၊ ဤဝတ္ထုသည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဣဒံ၊ ဤဝတ္ထုသည်။ ပရဿ၊ သူတပါး၏။ သန္တကံ၊ ဥစ္စာတည်း။ ဣတိဝံ၊ ဤသို့ ပြောဆိုခြင်းသည်။ န ဟောတိ၊ မဖြစ်။ တတော၊ ထို ဥစ္စာဟူသော အကြောင်းကြောင့်။ တေသံ၊ ထိုမြောက်ကျွန်းသူတို့အား။ ကောစိ၊ တစုံတခုသော။ ဝိဂ္ဂဟော ဝါ၊ အထူးထူး ဆိုခြင်းသည်လည်းကောင်း။ ဝိဝါဒေါ ဝါ၊ ငြင်းခုံခြင်းသည် လည်းကောင်း။ န ဟောတိ၊ မဖြစ်။ ဤသို့ သာရတ္ထသင်္ဂဟကျမ်း၌ လာသည်။

၅၆၂။ သာဝကမှန်၊ ရှစ်ကျိပ်မှန်၊ ပစ္စန္တသားပါလိမ့်နည်း ဝါ၊ ဘယ်မျှနည်း (၃၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...................

သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမမှ ကုန်ရောင်းသွားရာ သာဝတ္ထိပြည်သို့ ရောက်၍ ရဟန်းပြုလေသော အရှင်ပုဏ္ဏထေရ်သည် ပစ္စန္တရစ်သားပင်ဖြစ်၍ သာဝကရှစ်ကျိပ်တွင် ပစ္စန္တသားပါ၏ဟူပေ။ ဝါ၊ ဘယ်မျှနည်း........ဟူသော ပုစ္ဆာ၌ ဤအရှင်ပုဏ္ဏ တပါးသာလျှင် ပစ္စန္တသားဟု ထင်ရှားသည် ဖြစ်၍ တပါးပင်ဟု သိရမည်။

၅၆၃။ တုသိတာမှန်၊ နတ်ရပ်ဌာန်၊ ရေကန်ဘယ့်နှယ် တည်လိမ့်နည်း (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား............

သဗ္ဗဒေဝလောကေသု နန္ဒနဝနံ နာမ ဥယျာနံ အတ္ထိ။

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာ၌ လာသည်နှင့်အညီ အလုံးစုံသော နတ်ပြည်ခြောက်ထပ်တို့၌ မွေ့လျော်စံပယ်ရာဖြစ်သော နန္ဒဝန် ဥယျာဉ်သည် ရှိကြရကား ဥယျာဉ်ရှိလျှင် ရေကန်ရှိတော့သည် မချွတ်ပြီ၊ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် တည်သောအရာ ဖြစ်သောကြောင့် ကောင်းကင်ယံ၌ ရေကန် မတည်နိုင်ရာဟု မကြံစည်သာပြီ။ အာကာသ ဋ္ဌနတ် ဟူသမျှပင် မိမိတို့၏ ဗိမာန် ဥယျာဉ် ရေကန် တည်ရာဌာနသည် အသီးသီးရှိကြသည် ချည်းသာဖြစ်၍ တ ါးနတ်ပြည်၌ ကဲ့သို့ပင် တည်သည်ဟု ယူရမည်။

၅၆၄။ ပုဆိုးကေန်၊ ဖြူရိုးမှန်၊ တင်ရန် ဘယ်ဥပစာ ည်း။ (၃၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဂုဏ်ဖြစ်သော ဖြူသောအဆင်း၏ အဖြူဟူသောအမည်ကို ဂု ဏဖြစ်သော ပုဆိုးဒြဗ်၌ တင်စားသောအားဖြင့် ဂုဏေဖြစ်သော ပုဆိုးဒြဗ်ကို သေတဝတ္ထ ပုဆိုးဖြူဟု ခေါ်ဝေါ် အပ်သောကြောင့် "ဂုဏူပစာ"မည်၏။

၅၆၅။ သဒ္ဒါတဝ န်၊ ဗျာသုံးတန်၊ ကေန် ဘယ်သဒ္ဒါတွင်နည်း။ (၃၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကာ....

ဝိသာဇာ ဂစ္ဆတိ—ဟူသောပြယုဂ်၌ ဝိသာဇာသဒ္ဒါသည် ဝါစကသဒ္ဒါ, လက္ခဏကသဒ္ဒါ, ဗျဉ္ဇကသဒ္ဒါဟူ၍ သဒ္ဒါသုံးပါး။ ဝစ္စတ္ထ, လက္ခဏိယတ္ထ, ဗျင်္ဂျတ္ထဟူ၍ အတ္ထသုံးပါး။ မုချဗျာပါရ, လက္ခဏကဗျာပါရ, ဗျဉ္ဇကဗျာပါရဟူ၍ ဗျာပါရသုံးပါးအားဖြင့် ကိုးပါးသောဗျင်္ဂျနည်းတို့သည် ဖြစ်ကုန်၏။

ထိုကိုးပါးတို့တွင် ဦးချိုဒြဗ်ဟု ဆိုအပ်သောအနက်သည် မိမိဟောအပ်သော အနက်ရင်းဖြစ်သောကြောင့် ဝစ္စတ္ထမည်၏။ ထိုဝစ္စတ္ထကို ဟောတတ်သော ဝိသာဇာသဒ္ဒါသည် ဝါစကသဒ္ဒါမည်၏။ ထိုဝစ္စတ္ထကို ဟောနိုင်သော ဝိသာဇာသဒ္ဒါ၏ သတ္တိသည် မုချဗျာပါရမည်၏၊ ဦးချိုဒြဗ်ကို အမှတ်ပြုသဖြင့် ဟောအပ်သော နွားဒြဗ် တည်းဟူသော အနက်သည် လက္ခဏိယတ္ထမည်၏။ ထိုလက္ခဏိယတ္ထကို ဟောတတ်သော ဝိသာဇာသဒ္ဒါသည် လက္ခဏကသဒ္ဒါမည်၏။ ထိုလက္ခဏိယတ္ထကို ဟောစွမ်းနိုင်သော ဝိသာဇာသဒ္ဒါ၏ သတ္တိသည် လက္ခဏကဗျာပါရမည်၏။ ဝိသာဇာ ဂစ္ဆတိ-ဟူ

သော ဝါကျ၏ အစွမ်းဖြင့် ရအပ်သော လိုရာအရပ်သို့ ရောက်ခြင်းဟု ဆိုအပ်သော အနက်သည် ဗျဂ်ျတ္ထမည်၏။ထိုဗျဂ်ျတ္ထကို ဟောတတ်သော ဝိသဇ္ဇနီသဒ္ဒါသည် ဗျဉ္ဇကသဒ္ဒါမည်၏။ထိုဗျဂ်ျတ္ထကို ဟောဆွမ်းနိုင်သော ဝိသဇ္ဇနီသဒ္ဒါ၏ သတ္တိသည် ဗျဉ္ဇကဗျာပါရမည်၏။

ဤအတူ သုက္ကော ဂစ္ဆတိ၊ ဂန္တာ-ဂစ္ဆတိ စသော ဂုဏသဒ္ဒါ၊ ကိရိယာသဒ္ဒါတို့၌လည်း ဗျဂ်ျကိုးပါးရမည်ဖြစ်၍ မုချသဒ္ဒါငါးပါး၌ပင် ဗျာသုံးတန်ရ၏ ဟူပေ။

၃၆၆။ ပုလ္လိင်သာမှန်၊ ဝေကန်၊ ရ ဟန်
ဘယ်ဂိုဏ်းပေတို့နည်း။ (၃၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပုရိသာဒိဂိုဏ်း, ပုမာဒိဂိုဏ်း, ရာဇာဒိဂိုဏ်း၊ဤသုံးပါးတို့သည်လိင်အားဖြင့်ပုလ္လိင်သာတည်း။

၃၆၇။ အရှုပဌာန်၊ ဒေသာတာပန်၊ ကင်းဟန်ဟိတ်ကား
ဘယ်သို့နည်း။ (၃၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဌမမဂ္ဂေပိ ပရတောဃောသပစ္စယာဘာဝေ သာဝကာနံ အနုပ္ပဇ္ဇနတော ဗုဒ္ဓပစ္စေကဗုဒ္ဓါနဉ္စ မနုဿလောကတော အညတ္ထအနိဗ္ဗတ္တနတော။ ။ဟူ၍ ဋီကာကျော်မိန့်၏။

အနက်ကား။ ။ပဌမမဂ္ဂေပိ၊ ရှေးဦးစွာသော သောတာပတ္တိမဂ်သည်လည်း။ ပရတော ဃောသပစ္စယာဘာဝေ၊ သူတပါးမှဖြစ်သော တရားသံတည်းဟူသော အကြောင်းမရှိသည်ရှိသော်။ သာဝကာနံ၊ မဂ်ကိုရသော သာဝကတို့၏။ အနုပ္ပဇ္ဇနတော၊ မဖြစ်ခြင်းကြောင့်။ ဗုဒ္ဓပစ္စေကဗုဒ္ဓါနဉ္စ ဘုရားပစ္စေကဗုဒ္ဓါတို့၏လည်း။ မနုဿလောကတော၊ လူ့ပြည်မှ။ အညတ္ထ၊ တပါးသောဘုံ၌။ အနိဗ္ဗတ္တနတော၊ မဖြစ်ခြင်းကြောင့်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ ။ဤဋီကာပါဌ်ဖြင့် ဟိတ်ကိုသိသင့်ပြီ။

၃၆၈။ သင်္ဂြိုဟ်ကျမ်းဂန်၊ ပြည်နိဗ္ဗာန်၊ နောက်စွန်
ဘယ့်ကြောင့်ထားသနည်း။ (၃၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

"စိတ္တစေတသိကရူပါနံ နိရောဓဋ္ဌာနဒဿနတ္ထံ နိဗ္ဗာနံ အန္တေ ဝုတ္တံ"

ဟူသော သင်္ခေပဋီကာနှင့် အညီ-စိတ်, စေတသိက်, ရုပ်တရားတို့၏ ချုပ်ရာကိုပြခြင်းငှာ နိဗ္ဗာန်ကို အဆုံးထား၍ ဆိုအပ်သတည်း။

၅၆၉။ ဒိဋ္ဌိနှင့်မာန်၊ ပဒဋ္ဌာန်၊ တူပြန်မပေါင်း ဘယ့်ကြောင့်နည်း။ (၃၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

ဒိဋ္ဌိမာနာ ကေတော ကသ္မာ န ုပ္ပဇ္ဇန္တီတိ။ သက္ကာယာဒီဟိ အဘိနိဝိသမာနာ ဒိဋ္ဌိ စ အဟံမာနဝသေန ပဝတ္တော မာနော စ ကေသရသီဟော ဝိယ အပရေန တထာဝိဓေသီဟေန ကေကုဟာယံ ကေစိတ္တုပ္ပါဒေ နုပ္ပဇ္ဇတိ။ တသ္မာ ဝိသုံ ဝိသုံ ဥပ္ပဇ္ဇတိ။ တေ ဥဘော စေတသိကာ ဒေါသမူလာဒီသုပိ အတ္တတ္တနိယသိနေဟသီသဝသေန ကေန္တလောဘပဒဋ္ဌာနဘာဝတော နုပ္ပဇ္ဇန္တိ။

ဟူ၍ သခေ်ပဋီကာမိန့်၏။

အနက်ကား။ ။ဒိဋ္ဌိမာနာ၊ ဒိဋ္ဌိစေတသိက်၊ မာနစေတသိက်တို့သည်။ ကေတော၊ တကွနက်။ ကသ္မာ၊ အဘယ့်ကြောင့်။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ အမေးတည်း။ သက္ကာယာဒီဟိ၊ ငါ့ကိုယ် အစရှိသည်တို့ဖြင့်။ အဘိနိဝိသမာနာ၊ မှားယွင်းစွာနှလုံးသွင်းတတ်သော။ ဒိဋ္ဌိစ၊ ဒိဋ္ဌိ စေတသိက်သည်လည်းကောင်း၊ အဟံမာနဝသေန၊ ငါဟူသော ထောင်လွှားခြင်း၏ အစွမ်းဖြင့်။ ပဝတ္တော၊ ဖြစ်သော။ မာနော စ၊ မာနစေတသိက်သည် လည်းကောင်း။ ကေသရသီဟော၊ ကေသရာခြင်္သေ့သည်။ အပရေန၊ တပါးသော။ တထာဝိဓေသီဟေန၊ ထိုသို့သဘောရှိသော ခြင်္သေ့နှင့်။ ကေကုဟာယံ၊ တခုတည်းသောလိုဏ်၌။ န ဝသတိ ဝိယ၊ မနေသကဲ့သို့။ ကေစိတ္တုပ္ပါဒေ၊ တခုသော စိတ္တုပ္ပါဒ်၌။ နုပ္ပဇ္ဇတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ ဝိသုံ ဝိသုံ၊ အသီး အသီး။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တေ ဥဘော စေတသိကာ၊ ထိုနှစ်ပါးသော စေတသိက်တို့သည်။ အတ္တတ္တနိယသိနေဟသီသဝသေန၊ မိမိကိုယ်ကို ချစ်ခြင်းလျှင် အရင်းရှိသည်၏ အစွမ်းဖြင့်။ ကေန္တလောဘပဒဋ္ဌာနဘာဝတော၊ စင်စစ် လောဘလျှင် အကြောင်းရင်းရှိသည်၏ အဖြစ်ကြောင့်။ ဒေါသမူလာဒီသုပိ၊ ဒေါသမူစိတ် အစရှိသည်တို့၌လည်း။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ။ဤနှိုင်းဖြင့် သိသာလောက်ပြီ။

၅၇၀။ ကံအတိတ်မှန်၊ ဝေကန်၊ ပစ္စုပ္ပန်ဘယ့်ကြောင့် ဆိုသနည်း။ (၃၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဧတ္တ ကမ္မနိမိတ္တံ ပစ္စုပ္ပန္နန္တိ ကသ္မာ ဝုတ္တံ။ နနု ကမ္မံ ပန အတီတမေဝါတိ၊ သစ္စံ၊ ဉာတကာဒီဟိ ပန ဥပဋ္ဌာပိတံ ဒေယျဓမ္မဝဏ္ဏာဒိကံ ပုရိမဘာဂပ္ပဝတ္တာနကမ္မဿ အာရမ္မဏေန ကေသန္တတိဘာဝေန သမာနတ္တာ ကမ္မနိမိတ္တန္တိ ဝေါဟရိယတီတိ။ ။သခေ်ပဋီကာ။

အနက်ကား။ ။ဧတ္တဝါကျေ၊ ဤဝါကျ၌။ ကမ္မနိမိတ္တံ၊ ကမ္မနိမိတ်ကို။ ပစ္စုပ္ပန္နန္တိ၊ ပစ္စုပ္ပန် ဟူ၍၊ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုတ္တံ၊ ဆိုအပ်သနည်း၊ ကမ္မံ ပန အတီတမေဝါတိ၊ ကမ္မံ ပန အတီတ မေဝ ဟူ၍။ အာစရိယေန၊ အရှင်အနုရုဒ္ဓါဆရာသည်။ ဝုတ္တံ နနု၊ ဝေသျှ၊ အကျွန်ုပ်လျှောက်ဆိုပါသည် မဟုတ်လော။ ဣတိ၊ ဤသို့စောဒနာခြားအံ့။ သစ္စံ၊ အနုရုဒ္ဓါ ဆရာသခင်ဆိုသည်ပင် မှန်ပေ၏၊ ပန၊

ယင်းသို့မှန်သော်လည်း။ ဉာတကာဒီဟိ၊ ဆွေမျိုးစသောသူတို့သည်။ ဥပဋ္ဌာပိတံ၊ ထင်စေအပ်သော။ ဝါ၊ ရှေးရှုတည်စေအပ်သော။ ဒေယျဓမ္မဝတ္ထာဒိကံ၊ ပေးလှူအပ်သောဝတ္ထု၏ အဆင်းအစရှိသည် သည်။ပုရိမဘာဂပ္ပဝတ္တနကမ္မဿ၊ ရှေးအဖို့၌ဖြစ်သော ချုပ်လေပြီးသောကံ၏။ အာရမ္မဏေန၊အာရုံ နှင့်။ကေသန္တတိဘာဝေန၊ တစပ်တည်း၏ အဖြစ်ဖြင့်။ ဝါ၊ တသန္တာန်တည်း တည်သည်၏ အဖြစ် ဖြင့်။သမာနတ္တာ၊တူသည်၏အဖြစ်ကြောင့်။ကမ္မနိမိတ္တန္တိ၊ ကမ္မနိမိတ်ဟူ၍။ ဝေါဟရိယတိ၊ခေါ်ဝေါ် အပ်၏။ ဣတိ၊ ဤသို့ဖြေရာ၏။

ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူ၍ သုံးပါးတို့တွင် ကုသိုလ်, အကုသိုလ်စေတနာကို "ကံ"ဆို သည်။ ထိုကံ၏အာရုံဖြစ်သော ကျောင်း, ဘုရားအစရှိသော အသုံးအဆောင်ပါးကို "ကမ္မနိမိတ်" ဆိုသည်။ လာလတ္တံ့သော ဘဝ၌ထင်သော အမိဝမ်းရေး, ပဒေသာပင်စသော ရူပါရုံကို "ဂတိ နိမိတ်" ဆိုသည်။ထိုသုံးပါးတို့တွင် ကံသည် စေတနာတည်းဟူသော ပရမတ္ထဓမ္မဖြစ်၍ပြုစဉ်ကာလက ဖြစ်၍ ချုပ်လေပြီ။ ထိုစေတနာကို အာရုံပြု၍ဖြစ်သော နောက်စိတ်သည် အတိတ်ကိုသာ အာရုံပြု သင့်၏။ ယင်းသို့ဖြစ်လျက် မရဏာသန္နဇောတို့သည် ပစ္စုပ္ပန် ကမ္မနိမိတ်ကို အာရုံပြုသည်ဟု ဘယ့် ကြောင့်ဆိုသနည်းဟူ၍ စောဒနာသည်။

ကံသည် ချုပ်လေပြီးသော အတိတ်အာရုံမှန်၏။ မှန်သော်လည်း နောက်ဖြစ်သော ဝီထိ စိတ်တို့၏ အာရုံသည် ယခင်ချုပ်လေပြီးသောစေတနာနှင့် အာရုံတူ တစဉ်တည်းကျသည်၏ အဖြစ် ကြောင့် သဒိသူပစာရအားဖြင့် ထိုကံကိုပင် ပစ္စုပ္ပန်ကမ္မနိမိတ်ဟု ဆိုအပ်၏ဟူလိုသည်။

၅၇၁။ ဝိပါက်အမှန်၊ ဇောအပြန်၊ ဆိုဟန်ကျမ်းဂန် မည်သို့နည်း။ (၄၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...

သဗ္ဗထာပိ ပနေတ္တ အနိဋ္ဌေ အာလမ္ဗဏေ အကုသလ ဝိပါကာနေဝ ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏာနိ။

ဣဋ္ဌေ ကုသလဝိပါကာနိ၊ အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏ တဒါလမ္ဗဏာနိ။

ဟူသော အဘိဓမ္မတ္ထ သင်္ဂြိုဟ်ပါဠ်ဖြင့် အလွန်အလိုမရှိအပ်သော မစင်, ခွေးကောင်ပုပ်အစ ရှိသော အာရုံ။ သင့်ရုံအလိုမရှိအပ်သော အနိဋ္ဌမဇ္ဈတ္တာရုံ၌ အကုသိုလ်၏အကျိုးဖြစ်သော ပဉ္စ- ဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်သာလျှင် ဖြစ်ကုန်၏။ သင့်ရုံ အလိုရှိသော ထမင်း, အဖျော်စသော ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသိုလ်၏အကျိုးဖြစ်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်ဖြစ်ကုန်၏။ အလွန်အလိုရှိအပ်သော ဘုရားစသော အတိဣဋ္ဌာရုံ၌ကား သောမနဿသဟဂုတ်သာလျှင် ဖြစ်ကုန်သော သန္တီရဏ တဒါ ရုံတို့သည် ဖြစ်ကုန်၏ဟူ၍ မိန့်တော်မူသည်။

ဤအဋ္ဌကထာစကား၌ စောဒနာ သောနေ့ကို ဋီကာဆရာတို့မိန့်သည်ကား ဤသို့တည်း။

ကဿာ၊ အဘယ့်ကြောင့်။ အတိက္ကန္တာရမ္မဏေ၊ အလွန်အလိုရှိအပ်သော ဘုရားစသော အာရုံ၌။ သန္တီရဏာနိ၊ သန္တီရဏတို့သည်။ သောမနဿသဟဂတာနေဝ၊ သောမနဿသဟဂုတ် စိတ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ကုသလာကုသလာနိဝိယ၊ ကုသိုလ်,အကုသိုလ် ဇောတို့ကဲ့သို့။ ဥပေက္ခာသဟဂတာနိပိ၊ ဥပေက္ခာသဟဂုတ်စိတ်တို့သည်လည်း။ ဘဝေယျုံ နနု၊ ဖြစ်ကုန်ရာသည် မဟုတ်လော။ ဣတိ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။

ပရိဟာရော၊ အဖြေကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုလိုက်ဦးအံ့။ ယသ္မာ၊အကြင်ကြောင့်၊ ကမ္မာနုဘာဝတော၊ ရှေးကံ၏အာနုဘော်ကြောင့်။ ပဝတ္တမာနဿ၊ ဖြစ်သော။ ဝိပါကဿ၊ ဝိပါက် စိတ်၏။ အာဒါသေ၊ ကြေးမုံ၌။ မုခနိမိတ္တံဝိယ၊ မျက်နှာရိပ်ကဲ့သို့။ နိဗ္ဗိကပ္ပတာယ၊ အထူး မစီရင် အပ်သည်၏ အဖြစ်ဖြင့်။ အာရမ္မဏဿ၊ အာရုံကို။ ပကပ္ပေတွာ၊ အထူးကြံ၍။ ဂဟဏာဘာဝ- တော၊ ယူခြင်း၏မရှိခြင်းကြောင့်။ယထာရမ္မဏမေဝ၊အာရုံ၏အတိုင်းသာလျှင်။ဝေဒနာယောဂေါ၊ ဝေဒနာနှင့်ယှဉ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။အတိက္ကန္တာရမ္မဏေ၊ အလွန်အလို ရှိအပ်သော အာရုံ၌။ သန္တီရဏ တဒါရမ္မဏာနိ၊ သန္တီရဏ တဒါရုံတို့သည်။ သောမနဿသဟဂတာ နေဝ၊ သောမနဿ သဟဂုတ်တို့သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ယထာရမ္မဏမေဝ၊ အာရုံအတိုင်းသာလျှင်။ ဝေဒနာယောဂေါ၊ ဝေဒနာနှင့်ယှဉ်ခြင်းသည်။ ယဒိဟောတိ၊ အကယ်ဖြစ်၍ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ကုသလာ ကုသလာနံပိ၊ ကုသိုလ်,အကုသိုလ်ဇောတို့၏လည်း။ ယထာရမ္မဏမေဝ၊ အာရုံအတိုင်းသာလျှင်။ ဝေဒနာယော- ဂေါ၊ ဝေဒနာနှင့်ယှဉ်ခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ အဟုတွာ၊ မဖြစ်မူ၍။ ကသ္မာ၊ အဘယ့်ကြောင့်။ ကုသလာ ကုသလဿ၊ကုသိုလ်,အကုသိုလ်စိတ်၏။ အ ယထာရမ္မဏံပိ၊ အာရုံ၏ အတိုင်းမဟုတ်ပဲလည်း။ ဝေဒနာယောဂေါ၊ ဝေဒနာနှင့်ယှဉ်ခြင်းသည်။ ဟောတိ၊ ဖြစ် သနည်း။ ဣတိအယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။

ပရိဟာရော၊ အဖြေကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ကုသလာ ကုသလာနံပန၊ ကုသိုလ်,အကုသိုလ်စိတ်တို့၏ကား။ မဂ္ဂေန၊ မဂ်ဖြင့်။ အပ္ပဟီန ဝိပလ္လာသေသု၊ မပယ်အပ်သေး သော ဝိပလ္လာသရှိကုန်သော။ သတ္တသန္တာနေသု၊ သတ္တဝါ သန္တာန်တို့၌။ ပဝတ္တိယာ၊ ဖြစ်ခြင်း ကြောင့်။ အတိဣဋ္ဌေ၊ အလွန်အလိုရှိအပ်သော။ အာရမ္မဏေပိ၊ အာရုံ၌လည်း။ ဣဋ္ဌမဇ္ဈတ္တအနိဋ္ဌာ- ကာရတော၊ ဣဋ္ဌမဇ္ဈတ္တအခြင်းအရာ,အနိဋ္ဌ အခြင်းအရာ အားဖြင့်။ ဒါနံ့ဒွေပ် ဖႏၵရမ္မဏေ။ အနိဋ္ဌာ ရုံ၌လည်း။ ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာကာရတော၊ ဣဋ္ဌအခြင်းအရာ, ဣဋ္ဌမဇ္ဈတ္တ အခြင်းအရာအားဖြင့်။ ဂဟဏံ၊ ယူခြင်းသည်။ဟောတိ၊ ဖြစ်၏။ တထာတံ့ခစန်၊ ထိုစကားသည်။ ဟိ၊ သစ္စံ၊ မှန်၏။အသဒ္ဓါ- ဒီနံ၊ မသဒ္ဓါသောသူ စသည်တို့အား။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ အတိဣဋ္ဌာရမ္မဏေ- သုပိ၊ အလွန်အလိုရှိအပ်သော အာရုံတို့၌လည်း။ ဥပေက္ခာ ဇဝနံ၊ ဥပေက္ခာဇောသည်။ ဟောတိ၊ ဖြစ်၏။ တိတ္ထိယာဒီနဥ္စ၊ တိတ္ထိအစရှိသည်တို့အားလည်း။ ဒေါမနဿဇဝနံ၊ ဒေါမနဿဇောသည်၊ ဟောတိ၊ ဖြစ်၏။ ဂမ္ဘီရပ္ပကတိကာဒီနဥ္စ၊ နက်သော သဘောရှိကုန်သောသူ အစရှိသည်တို့အား လည်း။ ပဋိကူလာရမ္မဏေပိ၊ စက်ဆုပ်အပ်သော အာရုံ၌လည်း။ ဥပေက္ခာဇဝနံ၊ ဥပေက္ခာဇော သည်။ ဟောတိ၊ ဖြစ်၏။ သုနခါဒီနဥ္စ၊ ခွေးစသော သတ္တဝါတို့အားလည်း။ ပဋိကူလာရမ္မ- ဏေ၊ ထို စက်ဆုပ်အပ်သော အာရုံ၌။ သောမနဿဇဝနံ၊ သောမနဿ ဇောသည်။ ဟောတိ၊ ဖြစ်၏။

ပန၊ ဇောဖောက်ပြန်သည်မှတပါး ဝိပါက်ဖောက်ပြန်သည်ကို ဆိုဦးအံ့။ ဇဝနဿ၊ ဇော၏။ ပုရိမပစ္ဆာဘာဂပ္ပဝတ္တာနိ၊ ရှေ့အဖို့ နောက်အဖို့၌ ဖြစ်ကုန်သော။ ဝိပါကာနိပန၊ ဝိပါက်စိတ်တို့သည်ကား။ ယထာဝတ္ထုကာနေဝ၊ ဝတ္ထု၏ သဘောအတိုင်းတို့သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယထာဝတ္ထုကာနေဝါတိ၊ ယထာဝတ္ထုကာနေဝဟူသည်ကား၊ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အနိဋ္ဌာရမ္မဏေစ၊ အနိဋ္ဌာရုံ၌လည်းကောင်း။ ဣဋ္ဌမဇ္ဈတ္တာရမ္မဏေစ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌လည်းကောင်း။ သန္တီရဏတဒါရမ္မဏာနိ၊ သန္တီရဏ, တဒါရုံတို့သည်။ ဥပေက္ခာ သဟဂတာ နေဝ၊ ဥပေက္ခာ သဟဂုတ်တို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ အတိဣဋ္ဌေပန၊ အတိဣဋ္ဌာရုံ၌ကား။ သောမနဿ သဟဂတာနေဝ၊ သောမနဿ သဟဂုတ်တို့သည်သာလျှင် ဖြစ်သော၊ သန္တီရဏ တဒါရမ္မဏာနိ၊ သန္တီရဏ တဒါရုံတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ အဓိပ္ပါယော။ ဤကား အဓိပ္ပါယ်တည်း။

အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီပါဠိကို ကျယ်အံ့စိုး၍ မရေးလိုက်သည်။ ဤစကားဖြင့် သိရာ၏။

၅၄၂။ လေးဆတက်ရန်၊ နှတ်သက်မှန်၊ မြောက်ရန် ဘယ်ဂဏန်းတို့နည်း (၄၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ရက်နှစ်ဆတက်၊ နှစ် နှစ်ဆတက်ဖြစ်၍ နှစ်ခု ဖြင့် နှစ်ကြိမ်မြှောက်မည် ဟူပေ။

၅၄၃။ ဂဏန်းကေန်၊ မြှောက်မည်မှန်၊ မြှောက်ရန်အကျိုး ဘယ်မျှနည်း။ (၄၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရက်ကြီးသည့်အတွက် နှစ်ဆ၊ အရေအတွက် များသည့်အတွက် နှစ်ဆအားဖြင့် လေးဆတက် သည်ကို သိရခြင်းအကျိုးရှိ၏ဟူပေ။

"တတော စတုဂ္ဂုဏံ"ဟူသောပါဠိ၏ အဓိပ္ပါယ်ကား...

စတုမဟာရာဇ်၌ အနှစ်ငါးရာ။ တာဝတိံသာ၌ အနှစ်တထောင်။ ယာမာ၌နှစ်ထောင်။ တုသိတာ၌လေးထောင်။ နိမ္မာနရတိ၌ ရှစ်ထောင်။ ပရနိမ္မိတဝသဝတ္တီ၌ တသောင်း ခြောက်ထောင် နှတ်သက်ဖြစ်၍ နှစ်ဆတက်သာ ဆိုသင့်ပါလျက်၊ ဘယ့်ကြောင့် "စတုဂ္ဂုဏံ"ဟု ဆိုလေသနည်း ဟူမူကား.... စတုမဟာရာဇ်၌ နှစ်ရက်လျှင် တာဝတိံသာ၌ တရက်ဖြစ်သည်။ စတုမဟာရာဇ်၌ နှစ်နှစ်လျှင် တာဝတိံသာ၌ တနှစ်ဖြစ်သည်။ ထိုနှစ်ကြီးဖြင့် ရေတွက်၍ နှစ်ပေါင်းတထောင်သည် တာဝတိံသာနတ်သက် ဖြစ်ရကား ထိုနှင့်အညီ ချင့်သော် တာဝတိံသာတထောင်ကို စတုမဟာရာဇ်၌ ရာလေးလီဖြစ်၍ လေးဆတက်ဆိုသည်။ အထက်နတ်တို့၌လည်း ဤနည်းယူ။

၃၃၄။ ပစ္စန္တလွန်၊ အရပ်စွန်၊ မင်းမွန်စကြာ ဖြစ်လိမ့်နည်း။ (၄၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မိလက္ခဒေသော ပစ္စန္တော၊ မဇ္ဈဒေသော တု မဇ္ဈိမော။

ဟူသော အဘိဓာန်နှင့်အညီ တောင်သူ လူရိုင်းတို့၏ နေရပ်သည် ပစ္စန္တရစ်မည်၏။ ဖြူစင်သော အကျင့်ရှိသော သူတော်ကောင်း သူမြတ်တို့၏နေရပ်သည် မဇ္ဈိမဒေသမည်၏။

ထိုမဇ္ဈိမဒေသသည် အပိုင်းအခြားအားဖြင့် အရှေ့အရပ်၌ ဇင်္ဂလနိဂုံး၏ တဘက်ဖြစ်သော အင်ကြင်းပင်ကြီး၏ ပြင်သည် ပစ္စန္တရစ်မည်၏။ အတွင်းသည် မဇ္ဈိမတိုက်မည်၏။ အရှေ့တောင်အရပ်၌ သလ္လဝတီမည်သော ချင်းတွင်းမြစ်၏ပြင်သည် ပစ္စန္တရစ်မည်၏။ အဘွင်းသည် မဇ္ဈိမတိုက်မည်၏။ တောင်အရပ်၌ သေတကဏ္ဏိက မည်သော နိဂုံးရွာ၏ပြင်သည် ပစ္စန္တရစ်မည်၏၊ အတွင်းသည် မဇ္ဈိမတိုက်မည်၏။ အနောက်အရပ်၌ ထုနပုဏ္ဏားရွာ၏ ပြင်သည် ပစ္စန္တရစ်မည်၏။ အတွင်းသည် မဇ္ဈိမတိုက်မည်၏။ မြောက်အရပ်၌ ဥသိရဒ္ဓဇမည်သော တောင်၏ပြင်သည် ပစ္စန္တရစ်မည်၏။ အတွင်းသည် မဇ္ဈိမတိုက်မည်၏။ ထိုနိမိတ်ငါးရပ်ဖြင့် မှတ်အပ်သော မဇ္ဈိမဒေသသည် အလျားအားဖြင့် ယူဇနာ သုံးရာ။ အနံအားဖြင့် ယူဇနာ နှစ်ရာ့ငါးဆယ်။ အဝန်းအားဖြင့် ယူဇနာကိုးရာရှိ၏။ ထိုအတွင်း၌သာလျှင် ဘုရားသခင်တို့သည် လည်းကောင်း, ဂဟပတိ မဟာသာလ, ဗြာဟ္မဏမဟာသာလ, ခတ္တိယမဟာသာလဟူသော သူကြွယ်သုံးဦးတို့သည် လည်းကောင်း ဖြစ်ကုန်၏။ ပစ္စန္တရစ်အရပ်၌ မဖြစ်ကုန်။

ထို့ကြောင့် ခုဒ္ဒကနိကာယ် အဋ္ဌကထာတို့၌—

သမ္မာသမ္ဗုဒ္ဓါ စက္ကဝတ္တိနော တယောစ မဟာသာလာ မဇ္ဈိမဒေသေယေဝ ဥပ္ပဇ္ဇန္တိ။

ဟူ၍ မိန့်သတည်း။

၃၃၅။ သူကြွယ်သုံးတန်၊ လာကျမ်းဂန်၊ ပစ္စန္တတွင် ဖြစ်လိမ့်နည်း။ (၄၄)

ဟူသော အမေးပုစ္ဆာ၏ အဖြေကိုမူ အစောင်စောင် ရှာ၍မတွေ့။ သို့သော်လည်း အထက် ပုစ္ဆာအဖြေနှင့်ပင် သိလောက်ပြီ။

၃၃၆။ နေလကြတ်ဟန်၊ သည်နှစ်တန်၊ ချိန်မှန်ဘယ့်ကြောင့် ကြတ်သနည်း။ (၄၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

လမှာ ခြောက်လဘကြိမ်၊ နေမှာ သုံးနှစ်တကြိမ်ကြတ်သည်။ တစ်ခုတခု အကြောင်းရှိသော်မှ မကြတ်ပဲနေသည်။ ဤသို့ ချိန်မှန်ကြတ်ခြင်းသည် ဘယ်အကြောင်းကြောင့် ဖြစ်သနည်းဟူ၍

ဤအကြောင်းကိုကား–လောကီဗေဒင်ကျမ်း, သင်္ကရိုက်ကျမ်း, ပိဋကတ်ကျမ်းတို့၌ မပြချေ။ သဘောနှင့် ကြုံဖွေသော် လနေတို့သည် သွားမြဲရိုးဖြင့် သွားသည်။ ရာဟုလည်း သွားမြဲရိုးဖြင့် သွားသည်ဖြစ်၍ တွေ့ချိန်မြဲအခါ၌ တွေ့ကြုံမိသည်ဟူ၍ပင် ဆိုသင့်သည်။

၅၄၄။ မြေကြီးကေန်၊ လှုပ်မည်မှန်၊ ကိန်းမှန်တွက်ရိုး မည်သို့နည်း။ (၄၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ထိုနှစ် ခေတ်လေးပါးတို့၏ ဝိပရိတ်ကို သိလိုသော်-ဒွေ-သတ်-ခ-ခ-နော ပဉ္စ-ဟူသော ၅၀၀၇၂-ကိုတည် ထိုနှစ်သက္ကရာဇ်တို အတိုင်းကိုနုတ်။ ၁၀၈-ခုစား။ သေသအတိုင်း စားခြေတွင်နုတ်။ အကြွင်းကို ၄-ခုစား။ သေသ ၃-ခုရှိမူ မီးခေတ်သင့်၏။ မြို့ရွာ မီးလောင်အံ့။ ၂-ခုရှိမူ မြေခေတ်သင့်၏။ မြေကြီးလှုပ်အံ့။ ၁-ခုရှိမူ လေခေတ်သင့်၏။ လေထန်အံ့။ သုဉ်းမူ ရေခေတ်သင့်၏။ ရေကြီးအံ့။ ကိန်းမှန် လက်ဖြတ်ခံ ဟောနည်းဟူ၍ အသီတိဗေဒင်ကျမ်း၌ လာသည်။

တနည်းကား–

၂၄၀၀၀၀-ကိုတည် ရောက်သော ကောဇာသက္ကရာဇ် ရှည်ဖော။ သက်တော် ၈၀-ကော်။ ၈-ခုစား။ သုဉ်းမူ မြေလှုပ်အံ့။ လကိုသိလိုမူ။ နှစ်ကိန်းတည်။ ရောက်သော လရာသီနှော။ ၁၂-ခုကော်။ ၈-ခုစား။ သုဉ်းမူ ထိုလလှုပ်အံ့။

တနည်းကား—

သက္ကရာဇ်ရှည်တည် ၆၀-နှော။ ၁၀၈-ခုကော်။ ၃၁၂-ခုစား။ အကြွင်း နှစ်ကိန်း။ထိုနှစ်ကိန်းတည်။ ၁၀၈-ခုကော်။ ခြောက်ထပ်ထား။ ၄-ခု။ ၆-ခု။ ၈-ခု။ ၉-ခု။ ၁၂-ခု။ ၁၆-ခု အထက်ကစ၍စား။ ခြောက်ထပ်လုံးသုဉ်းမူ ထိုနှစ်မြေလှုပ်အံ့။

နှစ်ကိန်းတည် ၁၂-ခုကော်။ ၁၈-ခုမြှောက်။ ၃၁၂-ခုစား။အကြွင်းကားလကိန်း။ ထိုကိန်းတည်။ ရောက်သည့်လရာသီနှော။ ၁၈-ခုကော်။ ခြောက်ထပ်ထား။ စားမြဲစား။ ခြောက်ထပ်လုံး သုဉ်းမူ ထိုလလှုပ်အံ့။

လကိန်းတည်၊ ၃၀-မြှောက်။ လဆန်း, လဆုတ်ရက်ကို ရေ၍နှော။ ၁၈-ခုကော်။ ၃၁၂-ခုစား။ အကြွင်းရက်ကိန်း။ ထိုကိန်းတည်။ ၁၈-ခုမြှောက်။ ခြောက်ထပ်ထား။ စားမြဲစား။ ခြောက်ထပ်လုံးသုဉ်းမူ ထိုရက် လှုပ်အံ့။

ရက်ကိန်းတည် ၆၀-မြှောက်။ တနင်္ဂနွေမှ ရောက်ရာ အပနာရီနှော။ ၁၈-ခုမြှောက်၊ ၃၁၂-ခုစား။ အကြွင်းနာရီကိန်း၊ ထိုကိန်းတည်၊ ၁၈-ခုကော်။ ခြောက်ထပ်ထား၊ စားမြဲစား။ သုဉ်းမူ ထိုအချိန်နာရီကိုလှုပ်အံ့။

ပြည်ရွာ ဥပဒ်ကိုသိလိုသော်...သက္ကရာဇ်ရှည်တည်။ ရှာန်အကျရောနှော ၁၀၈-ကော်။ ၃၁၂-ခုစား။ အကြွင်း နှစ်ကိန်းဖြစ်၏။ နှစ်ကိန်းတည်၊ ၁၀၈ ခုမြှောက်။ ခြောက်ထပ်ထား။ ၄၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၆-စား။ သုဉ်းမူ ပြည်ရွာဥပဒ် ဖြစ်အံ့။

သက္ကရာဇ် ၁၀၇၆-ခု၊ တော်သလင်းလဆန်း ၁၁-ရက်နေ့တွင် လျှင်လှုပ်သည်ကို ဤကိန်းဖြင့် တွက်၍ သိသည်။ နှစ်ကိန်း ၇၂-ခု။ လကိန်း ၂၅၂-ခု၊ နာရီကိန်း ၇၄-ခုရသည်။ လအနေအကား ၅-လနေသည်။ ရက်ကား ၁၁-ရက်နေသည်။ နေထွက်အပနာရီ ၁၇-ခုနေ၍ တွက်သည်။နောက်ကိုလည်း ဤနည်း တွက်လေကုန်။

လျှင်လှုပ်ခြင်း၏ အကျိုးအပြစ်ကို သိစိမ့်သောငှါ ဇောတိသတ္ထကျမ်းလာ စကားကို ပြဆိုလိုက်ဦးအံ့—

မြေကိုခံသော ရေ၏ လှုပ်ခြင်းကြောင့် မြေလှုပ်ခြင်းဖြစ်ရာ၌ ရှေးဆရာတို့ ပိုင်းခြား မှတ်သားသောနည်းသည်...

၁။ ဆင်ကဲ့သို့လှုပ်ခြင်း၊

၂။ ဝက်ကဲ့သို့လှုပ်ခြင်း၊

၃။ မြွေကဲ့သို့လှုပ်ခြင်း၊

၄။ လိပ်ကဲ့သို့လှုပ်ခြင်း အားဖြင့် လေးပါး အပြားရှိသည်။

ထိုလေးပါးတို့တွင်—

၁။ အရပ်မျက်နှာ အားဖြင့် အနောက် မြောက်ထောင့်မှ အရှေ့တောင်ထောင့်သို့ လှုပ်ခြင်းသည် ဆင်ကဲ့သို့ လှုပ်ခြင်းမည်၏။

၂။ အနောက်တောင်ထောင့်မှ အရှေ့ မြောက်ထောင့်သို့ လှုပ်ခြင်းသည် ဝက်ကဲ့သို့ လှုပ်ပြခြင်းမည်၏

၃။ အရှေ့ အနောက်လှုပ်ခြင်းသည် မြွေကဲ့သို့ လှုပ်ခြင်းမည်၏။

၄။ တောင်မြောက် လှုပ်ခြင်းသည် လိပ်ကဲ့သို့ လှုပ်ခြင်းမည်၏။

ရာသီအားဖြင့်—

၁။ မိဿ၊ ပြိဿ၊ မြိဿုန-ဤသုံးရာသီ၌ တနင်္ဂနွေရပ်စဉ် လှုပ်ခြင်းသည် ဆင်ကဲ့သို့လှုပ်ခြင်းမည်၏။

၂။ သိဟ်၊ ကန်၊ ဓနု-ဤသုံးရာသီ၌ တနင်္ဂနွေရပ်စဉ်လှုပ်ခြင်းသည် ဝက်ကဲ့သို့ လှုပ်ခြင်းမည်၏။

၃။ မေထုန်၊ တူ၊ ကုံ-ဤသုံးရာသီ၌ တနင်္ဂနွေရပ်စဉ် လှုပ်ခြင်းသည် မြွေကဲ့သို့ လှုပ်ခြင်းမည်၏။

၄။ ကရကဋ်၊ မကာရ၊ မိန်-ဤသုံးရာသီ၌ တနင်္ဂနွေရပ်စဉ် လှုပ်ခြင်းသည် လိပ်ကဲ့သို့ လှုပ်ခြင်းမည်၏။

အဟောကား။ ။လိပ်ကဲ့သို့လှုပ်မူအနာရောဂါများအံ့။ မြွေကဲ့သို့လှုပ်မူ ဝတ်ပျတ်ခေါင်းပါးအံ့။ ဝက်ကဲ့သို့လှုပ်မူ ချမ်းသာစီးပွားများအံ့။ ဆင်ကဲ့သို့လှုပ်မူ ကောင်း၏ ချောင်းစီးအံ့ ကို ဝပြောအံ့။

ထိုကြောင့်-ဇောတိသတ္ထကျမ်း၌—

ကဋ္ဌပေ မရဏံ ဃောရံ၊ ဒုတ္တိက္ခံ ဝါ ပိ မန္ဒရေ။
ပတိပျံဝါ တထာ ဂဇေ၊ သဗ္ဗတြ စ သုခံ ဘဝေ။

ဟူ၍မိန့်၏။

ဂစ္ဆပေ၊ လိပ်ကဲ့သို့ လှုပ်ခြင်း၌။ ဃောရံ၊ ကြမ်းတမ်းသော အနာဖြစ်၍။ မရဏံ။ သေပျက်အံ့။ မန္ဒရေ၊ မြွေကဲ့သို့ လှုပ်ခြင်း၌။ ဒုတ္တိက္ခံ ဝါပိ၊ ငတ်မွတ်ခေါင်းပါးအံ့။ ပတံပျံဝါ၊ ငှက်ကဲ့သို့ လှုပ်ခြင်း၌လည်းကောင်း။ တထာ၊ထိုမျှ။ ဂဇေဝါ၊ ဆင်ကဲ့သို့ လှုပ်ခြင်း၌လည်းကောင်း။ သဗ္ဗတြ၊ ငြိမ်းချမ်းသော အရပ်၌။ သုခံ၊ ချမ်းသာ ဝပြောခြင်းသည်။ ဘဝေ၊ ဖြစ်လတ္တံ့။ ။ဤကားသာမညအဟောတည်း။

ဝိသေသအဟောကား။

(၁) ဆင်ရုပ်၌ ၁-လုံး၊ ၂-လုံး၊ ၃-လုံ၊ ၄-လုံး၊ ၅-လုံး၊ ၆-လုံး၊၇-လုံးသည် နှာမောင်းနက္ခတ်။ ၈-လုံး၊ ၉-လုံး၊ ၁၀-လုံးသည် အစွယ်နက္ခတ်။ ၁၁-လုံး၊ ၁၂-လုံး၊ ၁၃-လုံး၊ ၁၄-လုံးသည် လက်ယာလက်။ ၁၅၊ ၁၆၊ ၁၇၊ ၁၈-လုံးသည် လက်ဝဲလက်။ ၁၉၊ ၂၀၊ ၂၁၊ ၂၂-လုံးသည် လက်ယာခြေ။ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆-လုံးသည် လက်ဝဲခြေ နက္ခတ်။ ၂၇-လုံးသည် ကျောက်ကုန်း နက္ခတ်မည်ကုန်၏။

(၂) ဝက်ရုပ်၌ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆-လုံးသည် ကျောက်ကုန်းနက္ခတ်။ ၇၊ ၈၊ ၉၊ ၁၀-လုံးသည် အထက်နှုတ်သီး။ ၁၁၊ ၁၂-လုံးသည် အောက်နှုတ်သီး ၁၃၊ ၁၄-လုံးသည် မျက်စိနက္ခတ်။ ၁၅၊ ၁၆၊ ၁၇-လုံးသည် လက်ယာလက်။ ၁၈၊ ၁၉၊ ၂၀-လုံးသည် လက်ဝဲလက်။ ၂၁၊ ၂၂၊ ၂၃-လုံးသည် လက်ယာခြေ။၂၄၊ ၂၅၊ ၂၆-လုံးသည် လက်ဝဲခြေ။ ၂၇-လုံးသည်မြီးထူးနက္ခတ်မည်၏။

(၃) မြွေရုပ်၌ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈-လုံးသည် ဦးခေါင်းနက္ခတ်။ ၉-လုံးသည် နှုတ်သီးနက္ခတ်။ ၁၀-လုံးမှစ၍ ၂၇-လုံးတိုင်အောင် ကျောက်ကုန်းနက္ခတ်မည်၏။

(၄) လိပ်ရုပ်၌ တလုံးမှစ၍ ၇-လုံးသည် နှုတ်သီးနက္ခတ်။ ၈ လုံးမှစ၍ ၁၃-လုံးသည် ဦးခေါင်းနက္ခတ်မည်၏။ ၁၄၊ ၁၅၊ ၁၆၊ ၁၇-လုံးသည် ကျောက်ကုန်းနက္ခတ်မည်၏။ ၁၈၊ ၁၉-လုံးသည် ရင်နက္ခတ်မည်၏။ ၂၀၊ ၂၁၊ ၂၂၊ ၂၃-လုံးသည် ရှေ့လက်နက္ခတ်မည်၏။ ၂၄၊ ၂၅၊ ၂၆၊ ၂၇-လုံးသည် နောက်ခြေနက္ခတ်မည်၏။ ပုံရေး၍ ကြည့်လေ။

ဆင်ကဲ့သို့ လှုပ်ခြင်း၌ နှာမောင်းကလှုပ်သော် ပြည်သူပြည်သား ခိုက်ရန်များအံ့။ အစွယ်လှုပ်မူ တိုင်းတပါးမှစစ်ရောက်အံ့။ လက်ယာလက်ခြေက လှုပ်မူ အစားဆန်ရေ ပေါများအံ့။လက်ဝဲလက်ခြေက လှုပ်သော် မိုးဆန်အံ့၊ ရေကြီးအံ့။ အမြီးက လှုပ်သော် အသီးအနှံ ပျက်အံ့။ ကျောက်ကုန်းက လှုပ်သော် ပြည်ကြီးသေဋ္ဌနင်း မင်းတို့ဥပဒ်ဖြစ်အံ့။ပြက္ခဒိန်နက္ခတ်ပုံမှာ ရှု၍ဆိုလေ။

ဝက်ကဲ့သို့လှုပ်ခြင်း၌ ခေါင်းကလှုပ်မူ ပြည်သူပြည်သား အနာများအံ့။ နှုတ်သီးကလှုပ်မူ ထိုအတူတည်း။ ကျောက်ကုန်းကလှုပ်မူ အစာစပါး ပေါများအံ့။ အမြီးကလှုပ်မူ ငတ်မွတ်ခေါင်းပါးအံ့။

လိပ်ကဲ့သို့ လှုပ်ခြင်း၌ လက်ယာမျက်စိကလှုပ်မူ လူတို့ အနာအဖျား များအံ့။ လက်ဝဲမျက်စိက လှုပ်မူ မိန်းမတို့ ပျက်စီးအံ့။ လက်ယာမျက်စိကလှုပ်မူ သူငယ်တို့ ပျက်စီးအံ့။ လက်ဝဲ လက်ခြေ အမြီးတို့က လှုပ်မူ တိရစ္ဆာန်တို့ ဥပဒ်။ လက်ယာ လက်ခြေ ရင်ဘတ်ကလှုပ်မူ ပြည်ကြီးသေဌ်နှင်း မင်းတို့ နှလုံးမသာရှိအံ့။

နက္ခတ်အားဖြင့် ၆၊ ၉၊ ၁၉၊ ၂၀၊ ၂၄၊ ၂၆၊ ၂၇-လုံး၌ လှုပ်မူ အဂ္ဂိမဏ္ဍလတည်း။ မိုးကြောင့် စိုးရိမ်ခြင်းဖြစ်အံ့။ အချင်း ယူဇနာတရာတိုင်အောင် လှုပ်၏။ တလတိုင်အောင် မင်္ဂလာမှု မပြုရ။ ၁၊ ၈၊ ၁၇၊ ၁၈၊ ၂၁၊ ၂၂၊ ၂၃-လုံး၌ လှုပ်မူ ပါယောန္ဒြမဏ္ဍလတည်း။ ပြည်ထဲ လေးမျက်နှာ သာယာဝပြောအံ့။ အချင်း ယူဇနာခြောက်ဆယ်တိုင်တိုင် လှုပ်၏။ သုံးရက်တိုင်အောင် မင်္ဂလာခပ်သိမ်း မဆောင်ရ။ ၃၊ ၅၊ ၇၊ ၁၂၊ ၁၄၊ ၁၅-လုံး၌ လှုပ်မူ ဝါယုမဏ္ဍလတည်း။ လေပြင်းထန်အံ့၊ ယူဇနာ ရှစ်ဆယ်တိုင်တိုင် လှုပ်၏။ ၁၅-ရက်တိုင်အောင် အမှုခပ်သိမ်း မဆောင်ရ။ ။ ၂၊ ၄၊ ၁၀၊ ၁၁၊ ၁၃၊ ၁၆၊ ၂၅-လုံးလှုပ်မူ ဝရုဏမဏ္ဍလတည်း။ ရေမိုးကောင်းအံ့။ ယူဇနာ ၄၀-တိုင်တိုင် လှုပ်၏။ ၂၇-ရက်တိုင်အောင် အမှုအရာကို မဆောင်ကောင်း။ ဤကား ဇောတိသတ္တကျမ်း, ဘုမ္မကျမ်းတို့၏ အဟောတည်း။

အပြစ်ပျောက်၍ ကောင်းကျိုးရောက်စေလိုသော်— ထီး, တံခွန်, သင်ပုတ်, ရေချမ်း ပေါက်ပေါက်, ပန်းတို့ဖြင့် ဆုတောင်းပတ္ထနာပြု၍ သမ္မာဒေဝ နတ်မြတ်တို့အားလည်း ပူဇော်ရာသည်။ တရားတော်, ပရိတ်တော်ကို နာ၍ ရတနာသုံးပါးတို့အား ပူဇော်ရာသည်။ ပြည့်ရှင် ရှာရှင်မင်းတို့ မမေ့မလျော့ရ။

လစ္စဲ နေ့စွဲ အခါစွဲ အဟောကား ...

ရှစ်သောင်းသုံးဘော်၊ အောက်ထက်ခေါ်သား၊ အကျော်ယူဇနာ၊ ဘွဲ့သချ်ာဖြင့်၊ မဟာပထဝီ၊ ဤသည်မြေလျက်၊ မငြိမ်သက်၍၊ အောက်ထက်တုန်ယင်၊ တပေါင်းတွင်၌၊ လှုပ်ကျင်ဒီမြေ၊ မချွတ်လွဲတည့်၊ ပြည်ထဲ ပျက်စီး၊ ဒုက္ခကြီးလိမ့်၊ တသီးထုံမှု၊ တန်ခူးလကား၊ ရသဩဇာ၊ တက်တိုးလာ၍၊ များစွာရန်သူ၊ ပျောက်လိမ့်ဟူ၏၊ မှတ်ယူကဆုန်၊ လဦတုံမူ၊ ခုံခုံမင်မင်၊ မိုးမရွှင်၍၊ သစ်ပင်ပျက်စီး၊ လွန်ပြုန်းတီးအံ့၊ တသီးထိုမှ၊ နယုန်လကား၊ မိန်းမကိုယ်ဝန်၊ ပျက်စီးမှန်လိမ့်၊ တတန့်ဝါဆို၊ နွယ်တာကိုကား၊ ထွတ်ထားပြည့်ရှင်၊ ပြောင်းမည်အင်တည့်၊ ခေပြင်ပြည့်ဝ၊ ဝါခေါင်လကား၊ များလှ ဗိုလ်လူ၊ ဆင်းရဲဒုက္ခအံ့၊ မှတ်ယူမယွင်း၊ တော်သလင်းကား၊ ပျက်ခြင်းမှန်ငြား၊ ပုဏ္ဏားရဟန်း၊ လွန်ပင်ပန်းလိမ့်၊ မိုးကျင်းကုန်ကျ၊ ဝါကျွတ်လကား၊ မိန်းမအထွတ်၊ ဒေဝီပြုတ်တို့၊ မလှုတ်ခန္ဓာ၊ ပြောင်းတိုပါ၏၊ လဝါဆင်တုန်း၊ တန်ဆောင်မုန်းကား၊ ပျက်ဆုံးမှန်စွာ၊ အမတ်လျာတို့၊ ဗျာပါကြီးထု၊ စိုးရိမ်ပူလိမ့်၊ မြူဆီးကျစ၊ နတ်တော်လကား၊ စစ်မသာင်၊ ပွဲကြီးယှဉ်လိမ့်၊ လတင့်ပြာသို၊ လှုပ်ချောက်ပြုမူ၊ နဂိုပြည်ထဲ၊ ပျက်ပြိုကွဲအံ့၊ တပို့တွဲလ၊ လှုပ်တုန်ကမူ၊ ပြည်မပျက်စီ၊ ပညာရှိတို့၊ မှတ်သိထင်စွာ၊ ဖော့ရာသည်။ ။ဤ ဇော ဂမ္ဘာမော်ကွန်းတည်း။

ဖြစ်ဟောင်းတုံးမျော်၊ ရှေးနှင့်လျော်သား၊ နေ့ကျော်သူရင္ဂ၊ ပဋမတိုင်၊ လိုင်ပညာ၊ လှုပ်ပေ

သနွေ၊ နေတုံလေမြောက်၊ ဆင်ဖြူရောက်အံ့၊ သောကြာဒိနေ၊ လှူပ်လတ်ပေမူ၊ ဘုန်းကြီးသူတို့၊ ရေးရှုရောက်လာ၊ ပြည်ရွာချောက်ချား၊ ပျက်စီးများအံ့၊ ထင်ရှားသောရာ၊ လှုပ်လေပါမူ၊ ဥစ္စာကြွယ်ဖြိုး၊ သူကြွယ်မျိုးနှင့်၊ တန်ခိုးကြီးမား၊ ပုဏ္ဏားရဟန်း၊ ပျက်စီးကျွန်းဟု၊ ပြဋ္ဌန်းထုံးမှို၊ ရက်စဥ်စီသည်။ ။ညီစွာကြမ္မာ ဆော်ညွှန်းတည်း။

၃၇၈။ ဒိရေစုန်ဆန်၊ အောက်ရပ်ဌာန်၊ ချိန်မှန်ဘယ့်ကြောင့် ဖြစ်သနည်း။ (၄၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မဟာသမုဒ္ဒရာ ဝဲဩဃမှ တံပိုးကြီး သုံးခုတို့သည် မပြတ် ထွက်ကုန်သည်ဖြစ်၍ ထိုတံပိုး၏ အစွမ်းကြောင့် ကမ်းနား၌ ရေ၏ပြည့်တက်ခြင်း, ကျသက်ခြင်းဟူသော အစုန်အဆန်တို့သည် ဖြင်ကုန်၏ဟု ဖြေ။

ဤစကား၌ အကြောင်းကို သိသာအောင် ထင်ရှားပြလိုက်ဦးအံ့—

> တတ္ထ မဟာသမုဒ္ဒေ မဟန္တံ အာဝဋ္ဋမုခံ ဟောတိ။ တထာ ဟိ အဝီစိ မဟာနိရယေ အန္တော ပစ္စမာနာနံ သတ္တာနံ ကမ္မဝေသေန နိရယဒ္ဓါရံ နိစ္စကာလမေဝ ဝိဝရတိ ပိဒဟတိစ အဟောသိ။ ဝိဝဋ္ဋကာလေ မဟာနိရယတော အဂ္ဂိက္ခန္ဓော နိက္ခမိတွာ ဒွါရာဘိမုခံ အနေကယောဇနာယာမဝိတ္ထာရံ ဟုတွာ သမုဒ္ဒပ္ပဒေသံ ပရိဋ္ဌယှတိ။ တသ္မိံ ဌာနေ ဥပရိ ဥဒကံ အာဝဋ္ဋာကာရေန ပရိဗ္ဘမန္တံ ဘယာနကံ မဟတာ သဒ္ဒေန ဟုတွာ နိပတတိ။ တသ္မိံ ဌာနေဗလဝါ မုခသမညာ ဒိဿတိ။

အစရှိသည်ဖြင့် အင်္ဂုတ္တရနိကာယ်မဟာပနာဒသုတ် အဋ္ဌကထာ လာသည်နှင့် အညီ—

ဤ ဇမ္ဗူဒီပါကျွန်း၏ အောက်၌ တည်သော အဝီစိငရဲကြီးသည် ယူဇနာတသောင်းမျှ ကျယ်လျက် တည်၏။ ထိုငရဲကြီးသည် တံခါးလေးမျက်နှာ အပေါက်ရှိ၏။ အတွင်း၌ ကျက်ကုန်သော သတ္တဝါတို့၏ ကံအစွမ်းဖြင့် ငရဲကြီး၏ တံခါးသည် မြဲသောကာလ၌လျှင် ပွင့်လည်း ပွင့်၏။ ပိတ်လည်း ပိတ်၏။ ထိုပွင့်သောအခါ၌ ငရဲမှကြီးစွာသော မီးလျှံသည်ထွက်၍ များစွာသော ယူဇနာ အလျား အနံရှိသော သမုဒ္ဒရာ၏ အောက်မြေကိုလောင်၏။ ယင်းသို့ လောင်ရာအရပ်၏ အထက်၌ ရေသည်ဆူ၍ တက်လတ်သဖြင့် မီးပြင်းသော ရေနွေးအိုး၌ ရေပွက်သကဲ့သို့ ဝဲပွက်၏၊ အခြင်းအရာဖြင့် ပွက်ကာလည်သည်ဖြစ်၍ ကြောက်မက်ဖွယ်ရှိသော ပြင်းစွာသော အသံဖြင့် ရေလျှံလှိုင်း ပြတ်လျက်ကျ၏။ ထိုသို့ကျရာ ပွက်ရာ ရေလည်ရာအရပ်ကို ဗလဝါမုခဝဲဩဃဟုဆိုသည်။

ထိုဗလဝါမုခ ဝဲပွက်မှ တက်သော ရေလှိုင်းတံပိုးသည် မဟိန္ဒဝီစိမည်သော တံပိုး။ ဂင်္ဂါဝီစိမည်သော တံပိုး။ ရောဟဏဝီစိ မည်သော တံပိုးဟူ၍ သုံးပါး အပြားရှိသည်။

ထိုသုံးပါးတို့တွင် မဟိန္ဒမည်သော တံပိုးကား ယူဇနာခြောက်ဆယ် အမြင့်တက်၍ တိုထိုအရပ်သို့ ပြေးလေသည်။ ဂင်္ဂါမည်သော တံပိုးသည် ယူဇနာငါးဆယ် အမြင့်တက်၍ ပြေးသည်။ ရောဟဏမည်သော တံပိုးသည် ယူဇနာလေးဆယ်အမြင့်တက်၍ ထိုထိုအရပ်သို့ ပြေးသည်။ ထိုတံပိုး

တို့၏ အဟုန်ကြောင့် ဒီရေ ဆန်တက်ခြင်း, စုန်ဆင်းခြင်းဖြစ်သည်။ တံပိုး အကြီး, အလတ်, အငယ် ရှိသောကြောင့် ဒီရေလည်း ရေကြီး, ရေလတ်, ရေငယ်ဟူ၍ သုံးပါးရှိသည်။

ထိုသုံးပါးသော အကြောင်းကို ဓမ္မဟဒယဝိဘင်း အဋ္ဌကထာ၌ –

မဟိန္ဒဝီစိနာမ သဋ္ဌိယောဇနာနိ ဥဂ္ဂစ္ဆိ။
ဂင်္ဂါဝီစိနာမ ပဉ္စာသယောဇနာနိ ဥဂ္ဂစ္ဆိ။
ရောဟဏဝီစိနာမ စတ္တာလီသယောဇနာနိ ဥဂ္ဂစ္ဆိ။

ဟူ၍လာသည်။

၃၇၉။ ကျမ်းရိုးအမှန်၊ အပါဒါန်၊ သမ္ဘန်လာမြဲ ဘယ့်ကြောင့်နည်း။ (၄၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဋ္ဌမံတာဝ၊ ရှိကကေန်၊ အပါဒါန်နှင့်၊ သမ္ဘန်အနေ၊ သည်နှစ်ထွေ၊ လာလေတခုခု။

ဟူ၍ နိယံဆရာတို့ မိန့်သည်။ ဘယ့်ကြောင့် လာရသနည်းဟု မေးလိုသည်။

ပဋ္ဌမံသဒ္ဒါ, တာဝသဒ္ဒါတို့သည် အပါဒါန်ကို ငဲ့သောပုဒ်ဖြစ်၍ ဓာနက်ပြည့်ငုံစိမ့်သောငှါ လာသည်ဟု ဖြေ။

၃၈၀။ ကပိလ-လွန်၊ ပြည်တော်မွန်၊ ဘုန်းဝှန်နောက်ဆက် ဘယ်မျှနည်း။ (၄၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကပိလဝတ်ပြည်၌ ဘုရားလောင်း သိဒ္ဓတ်မင်း၏နောက် ခမည်းတော် သုဒ္ဓေါဒနမင်း နန်းစံသည်။ ထိုမင်း နိဗ္ဗာန်ယူလျှင် ယောက်ဖတော် မဟာနာမ်မင်း အုပ်ချုပ်၍ နေသည်။ ယင်းသို့ အုပ်ချုပ်၍ နေရာ အမြိတ်-အစွန်းဖြစ်သော ပါသဘခတ္တိယ၏သား ဝိဋ္ဋူဘသည် သာကီဝင်မင်းတို့ကို ဖျက်ဆီးလေသောကြောင့် ပြည်ကြီး ပျက်စီးလေသည်။ နောက် ထီးဆက် နန်းဆက် မရှိပြီ။

၃၈၁။ ပြည်၏တံခွန်၊ ခေါ်မြမှန်၊ ကေန် ဘယ်ပုဂ္ဂိုလ် တို့နည်း။ (၅၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

၅၇၂။ အင်းဝရပ်ဌာန်၊ ရှမ်းစိုးဟန်၊ တဖန် ဘယ်မင်း ဆက်သနည်း။ (၅၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

ဒုတိယမင်းခေါင်၊ မရှောင်ရန်စစ်၊ နှစ်ဆယ့်နှစ်ဝယ်၊ သားချစ်ဘုန်းလူ၊ ရွှေဂူဒါယကာ၊ မကြာ မနွဲ၊ နှစ်ဆယ့်ငါးနှစ်၊ နတ်ဌာန်ဖြစ်ရှင့်၊ ဆက်လစ်မျိုးခြား၊ သိုဟန်ဖွားလျှင်၊ ဆယ့်ငါးစိုးဆောင်၊ အုန်းဘောင်ခုံမှိုင်း၊ ခြောက်နှစ်ဆိုင်း၍၊ သိုက်တိုင်းမလွဲ၊ မိုးဖြဲနရပတိ၊ လေးနှစ်ရှိက၊ နှံ့သိဇမ္ဗူ၊ စည်သူကျော်ထင်၊ ပျော်ရှင်မညှိုး၊ သုံးနှစ်စိုးလျက်၊ သတိုးမင်းစော၊ ကြာမောနန်းလယ်၊ သုံးဆယ် ဝိုးဖြစ်၊ နောက်နှစ်နှစ်တွင်၊ ခုနစ်နန်းထဲ၊ မင်းရဲကျော်စွာ၊ ဆက်ပြန်လာသည်။ ။ရှောင်ခွါ တည့်စဥ်ပြေး၊ ရန်အလေး။

[နားတော်သွင်း]

၅၇၃။ ဒွတ္တဘောင်မှန်၊ ဒွတ္တရန်၊ ဘုန်းစွန် ဘယ်မင်းမြေးမြစ်နည်း။ (၅၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တကောင်းပြည်ကို အစိုးရသော သတိုးရွှေ၏သား မဟာသမ္ဘဝနှင့် စူဠသမ္ဘဝဖြစ် ရကား ၎င်းမင်း၏မြေး ဒွတ္တဘောင်။ မြစ် ဒွတ္တရန်။ တီ ရန်ဘောင်။ မျော့ ရန်မန်။ ကျွတ် ရက္ခမင်းဟူပေ။

မြေးမြစ်ကိုသာ မေးငြားသော်လည်း ပါရှိသေသနည်းအားဖြင့် အောက်ခုနစ်ဆက်တိုင် ဖြေလိုက်သည်။

၅၇၄။ သိရိရာဇ်မှန်၊ စောရဟာန်၊ ဗိမာန်စိုးကြောင်း မည်သို့နည်း။ (၅၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ထွန်ခြစ်မင်း ကံကုန်လေသော် ညီတော် အဟုတ် အဟုတ် မရှိဖြစ်၍ မိဖုရားသည် ဆရာပြု၍ ကိုးကွယ်သော ဘုန်းတော်ကြီးကို လူထွက်စေ၍ မင်းပြုစေသတည်း။ ထိုမင်းကား ပါပစိတ် မင်းသားတည်း။ အဆင်းလည်း လှ၏။ ပိဋကတ်ဗေဒင်လည်း တတ်၏။ ပုပ္ပါးစော ရဟန်းဟု တွင် ၏။ ရဟန်းသံဃာတို့၏ မင်းဖြစ်ရကား သဃ်ရာဇ်ဟု သမုတ်၏။ ထိုကြောင့် ပုစ္ဆာ၌ "သဃ်ရာဇ် မှန်၊ စောရဟန်" ဟု ရှိသင့်သည်။ "သိရိရာဇ်" ရှိသည်မှာ–အရေးပျက်မည် ထင်သည်။

နားတော်သွင်း၌လည်း....

ထွန်ခြစ်ရာဇာ၊ လူ့ဘုံခွါသော်။ ဆရာသဃ်ရာဇ်၊ ပြည့်ရှင်ဖြစ်၍၊ ငါးနှစ်ငါးသွယ်၊ စံပယ် တိုးလစ်၊ သက္ကရာဇ်ဝယ်။ စက်သစ် ရဟတ်၊ သိကြားမှတ်တွင်၊ ညီညွတ်တန်မူ၊ ကိန်းနှစ်စုကို၊ မေ့ငုံစိမ်၊ ရောဆက်ဆံမူ၊ အာလမ္ဗိက၊ ဖြိုသင့်လှဟု-ဟူ၍ စပ်လေသည်။

ထိုမင်းလက်ထက် သက္ကရာဇ် ၅၆၂-သို့ ရောက်၍ အထက်က ပြိုကိန်းမကျပဲ ဖြိုခဲ့သော အဌ ငယ ဇက် ကိန်းတရပ်, ဒေါဒေါရသကိန်း တရပ် ဤနှစ်ရပ်ကို ရေမူ ၁၃၃၀-ဟူသော အလမ္ဗိက ကိန်းနှင့် ကြိုက်၍ နှစ်ခုကြွင်းထားပြီးလျှင် သက္ကရာဇ် ၅၆၀-ကို ဖြိုလေသည်။ ယခု ကောဇာ ဒိဿသည် ထို ဖြိုကြွင်းမှ လာသော သက္ကရာဇ်ပင်တည်း။

၅၇၅။ မတွန်တွန်တွန်၊ တွန်တွန်တွန်၊ တွန်ခုနစ်ဆက်၊ ဘယ်မင်းနည်း။ (၅၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဤ တွန်ခုနစ်ဆက်ကို စာဟောင်းစာတမ်း မတွေ့ဖူးချေ။ယခု တွန်တေးခေါ်သောမြို့၌ အထက်က မင်းခုနစ်ဆက် ပြုဖူးသည်။ ထိုမင်းတို့ကား.... တွန်ရာဇာကြီး, တွန်ရာဇာငယ်, တွန်ကံကောင်း, တွန်ကံထိုက်, တွန်ဝိဂ္ဂု, တွန်ဝိဇ္ဇာ, တွန်နဘူ ဟူသော အမည်ရှိသည်ဟူ၍ သူဟောင်းတို့ စကားကို ကြားဖူးသည်။

၅၇၆။ ကုသိုလ်ချင်းမှန်၊ တပ်ကြပြန်၊ အနန္တရပစ္စည်း မည်သို့နည်း။ (၅၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရ-ပစ္စယေန ပစ္စယော။

ဟူ၍ ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူသောကြောင့် ရှေးရှေးသော ကုသိုလ်ဇောသည် နောက်နောက်သော ကုသိုလ်ဇောအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၅၇၇။ ဂုဏ်ချင်းမှန်၊ တပ်လေဟန်၊ ဈာန်ပစ္စည်း ဘယ်သို့နည်း။ (၅၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရှေးရှေးသော ကုသိုလ်ဇော၌ ပါသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ငါးပါးသည် နောက်နောက်သော ကုသိုလ်ဇောအား လည်းကောင်း, ထိုဇောနှင့် သမ္ပယုတ်ဖြစ်သော စေတသိက် အဌတိံသ စသော နာမက္ခန္ဓာ လေးပါး၊ ထိုစိတ္တုပ္ပါဒ်လျှင် ဖြစ်ကြောင်းရှိသော သပ်တိစိတ္တဇရုပ်တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုပေ၏။ [ပါဠိကိုလိုမူ တိကပဋ္ဌာန်းပါဠိတော်မှာယူ]။

မဟာကုသိုလ် ဧသော ကာမစိတ်တို့၌ယှဉ်သော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ကိုလည်း ဈ[illegible]ရှိသည်ဟု ဟောတော်မူသည်ပင်။

၅၈၈။ ကျမ်းအဘိဓာန်၊ အနက်သန်၊ ဆန်သဒ္ဒါနက် ဘယ်မျှနည်း။ (၅၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အဘိဓာန်ကျမ်း၌ ဆန်ကောင်းကို ဟောသော ပရိယာယ်သဒ္ဒါ မပါ။ ဆန်ကွဲ ဆန်မျိုးကို ဟောသော ပရိယာယ်ကိုသာ "ကဏော တု ကုဏ္ဍကော ဘဝေ" ဟူ၍ ပါသည်။ ။ကဏောတု၊ ဆန်ကွဲ ဆန်ကျိုးသည်ကား။ ကုဏ္ဍကော၊ ကုဏ္ဍက မည်သည်။ ဘဝေ၊ ဖြစ်၏။

စွယ်စုံကျော်ထင်ဆရာသည် သိလို၍ မေးသည်မဟုတ်၊ အဘိဓာန်ကျမ်း၌ ပွန်းတီးကြောင်း၊ ပရိယာယ် မပါသည်ကို သိလေကြောင်းကို နောက်သားတို့အား သိစေလိုသောကြောင့် မေးသည် ဖြစ်ရကား ဝိသဇ္ဇနာပြုသော ငါသည်လည်း ဆန်သဒ္ဒါ၏ ပရိယာယ်ကို အသစ်မထုတ်သင့်ပြီ။ ယင်းသို့ ဖြစ်သော်လည်း သုတေသနတို့၏ အဇ္ဈာသယ ပြည့်စိမ့်သောငှါ ထုတ်ပြလိုက်ဦးအံ့–

သာဝု၊ ဆန်။ တဏ္ဍုလော၊ ဆန်။ ဝီဟိဇော၊ ဆန်။ သလိဇော၊ ဆန်-ဟူ၍ ဆန်ပရိယာယ် လေးပုဒ်။

၅၈၉။ ကျမ်းမောဂ္ဂလာန်၊ သဒ္ဒါသန်၊ နိဗ္ဗာန်သဒ္ဒါ ဘယ်မျှနည်း (၅၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဤမောဂ္ဂလာန်ကျမ်း၌လည်း နိဗ္ဗာန်ဟောသဒ္ဒါ မပါလေ၊

"ဝရာရကရတရဒရယမဇ္ဈမိထသကာကုနေဉ"

ဟူသော သုတ်မှစ၍ တဆယ့်သုံးသုတ်တို့ဖြင့် န-အက္ခရာ အဆုံးရှိသော ပုဒ်တို့ကို ပြီးစေခြင်းငှါ သုတ်တည်ပါသော်လည်း နိဗ္ဗာန်ဟောသဒ္ဒါ ပြီးရာကိုပင် မကျ။ ဥဒါဟရဏ် ဝစနတ္ထ၌လည်း ထုတ်ပြတော်မမူ။

ဆင်ခြင်၍ယူသော်.... သုံးဆူသော ပိဋကတ်၌ ထုတ်ခတ်ထက်အောက် မွှေနှောက်ချင်းနင်း၍ ထိုးထွင်းသိမြင်နိုင်သော ပရိယတ္တိဝိသာရဒ။ ဂမ္ဘီရ။ ပုထုလ။ စိန္တာမယဉာဏ်ရှင် ရှင်မောဂ္ဂလာန်သည် မောဂ္ဂလာန်ကျမ်းစာကို စီရင်ဆဲအခါ၌ နိဗ္ဗာနပုဒ်ကျော်ကို သတိတော် မမူမိ၍ ကြွင်းကျန်ဘိ လေသည်ဟု ဆိုဖွယ်ရှိ၏။ နိဗ္ဗာန်၏ ပရိယာယ် လေးဆယ့်ခြောက်ပါးကို သိလိုမူ အဘိဓာန်မှာယူ။

၅၉၀။ ဂဠုန်ပျံမှန်၊ ဝိဂ္ဂိုဟ်သန်၊ ဉာဏ် ဝိဂ္ဂိုဟ်ပေါင်း ဘယ်မျှနည်း။ (၅၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဉာဏ်ကို ရသော ဝိဂ္ဂိုဟ်ပေါင်း နှစ်ဆယ့်ခြောက်ပါး ပါသည်။ ပါဟန်ကား–

ပကာရယာ ဝိသယေ ပဝတ္တတီတိ ပဏ္ဏာ။
ပဏ္ဏာ ဂတာ ပဝတ္တတိ ပဏ္ဏိတာ။

ပဏ္ဍုန္တိတိ ပဏ္ဍိတာ။ သန္ဒိဋ္ဌိကသမ္ပရာယိကေသု အတ္ထေသု ဉာဏဂတိယာ ဂစ္ဆတီတိ အဓိပ္ပာယော။

ပဏ္ဍာဋ္ဌတိ ပဝတ္တတီတိ ပဏ္ဍိတာ။ ပဏ္ဍာသဒ္ဒူပပဒ၊ ဋ္ဌာ၊ ဂတိမှိ။

ဝေဒနိယာ ဝေဒိတဗ္ဗာ။ ဝိဒ ဉာဏေ။

စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။

ဗောဓေတာ ပဇာယာတိ ဝါ ဗုဒ္ဓေါ။

အဓိဂုဏာဝိသေသေဟိ ဗုဇ္ဈိတဗ္ဗောတိ ဝါ ဗုဒ္ဓေါ။

သဗ္ဗေ သင်္ခတာ သင်္ခတေ ဓမ္မေ ဗုဇ္ဈတိ အဗုဇ္ဈိ ဗုဇ္ဈိဿတီတိ ဗုဒ္ဓေါ။

ဗုဒ္ဓံ အဿ အတ္ထီတိ ဗုဒ္ဓေါ။

အတ္တတ္ထပရတ္ထာဒိကေ အတ္ထေ ဗုဇ္ဈတီတိ ဗုဓာ။

ပကာရေဟိ ဓမ္မေ ဇာနာတီတိ ပညာ။ ပပုဗ္ဗ ဉာ အဝဗောဓနေ။

နတ္ထိ မောဟော ဧတဿာတိ အမောဟော။

ဤသို့ စသည်ဖြင့် ဉာဏ်ရ, ပညာရဝိဂ္ဂိုဟ်တို့ကို ထိုကျမ်း၌ယူလေ။ အကုန်ထုတ်ပြလျှင် ဂန္ထဘာရ ဖြစ်ရာသောကြောင့် ''ပေယျာလ'' ထားခဲ့သည်။

၅၉၁။ သည်းခြေကေန်၊ စားရိုးမှန်၊ ဆယ်တန်ပိုးကား အဘယ်နည်း။ (၆၀)

၅၉၂။ အဆုတ်စားဟန်၊ ပိုးခြောက်တန်၊ သိရန် ဘယ့်ပိုးတို့ပေနည်း။ (၆၁)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....

ပိုးမျိုးရှစ်ဆယ်ကို ဝေဖန်ရာ အထက်က ''ဘယ်'' ကာရန်ပုစ္ဆာ နံပါတ် ၈၁-မှာ ဖြေဆိုခဲ့ပြီး ဖြစ်၍ ဤတွင် မဖြေပြီ။

၅၉၃။ မျက်စိတော်လွန်၊ စိမ်းညိုဟန်၊ ဘုန်းသန် ဘယ်ကောင်းမှုကြောင့်နည်း။ (၆၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပုဗ္ဗေသု၊ ရှေးဘဝတို့၌။ ဝိသဋံ၊ အမျက်ထွက်ခြား လွန်မုန်းထားလျက် သူတပါးကို ကြည့်တတ်သည်။ နစ ဟောတိ၊ မဖြစ်။ ဝိသာစိ၊ မျက်မှောင်ကုပ်မဲ့ မျက်စောင်းခဲ၍ ကြည့်တတ်သည်။ နစ ဟောတိ၊ မဖြစ်။ ဝိဓေယျ ပေက္ခိတာ၊ မျက်ငြိုးဘိန်း၍ စိန်းစိန်းကြည့်တတ်သည်။ နစ

ဟောတိ၊ မဖြစ်။ ယထာ၊ အကြင်သို့သော အခြင်းအရာဖြင့်။ ပေက္ခနေ၊ ရှုကြည့်လတ်သော်။ ဥဇု၊ ကိုယ်၏နှလုံး သူ၏နှလုံးဖြောင့်သည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ ပသန္န၊ ပွံ့သည်ဖြစ်၍။ ပေက္ခိတာ၊ ရှုကြည့်တတ်သည်။ အဟောသိ၊ ဖြစ်၏။ ဥဇုမနာ၊ ဖြောင့်သော နှလုံးရှိသည်၊ အဟောသိ၊ ဖြစ်၏။ ပိယစက္ခုနာ၊ ချစ်မြတ်နိုးသောမျက်စိဖြင့်။ ဗဟုဇနံ၊ များစွာသော လူကို၊ ဥဒိက္ခိတာ၊ ရှုကြည့်လတ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ တေန၊ ထိုကောင်းမှုတော်ကြောင့်။ အဘိနီနေလတ္တံ၊ အလွန်စိမ်းညိုသော မျက်စိတော်ကို။ အလဘိ၊ ရပြီ။

၅၉၄။ ခြေတော်ညီပြန့်၊ ခြေနင်းဟန်၊ ရင်းသန် ဘယ်ကုသိုလ်ပေနည်း။ (၆၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပုဗ္ဗေ၊ ရှေး၌။ မနုဿဘူတဿ၊ လူ၏အဖြစ်သည်။ သမာနော၊ ဖြစ်လတ်သော်။ ကုသလေသု၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဒဠှသမာဒါနော၊ မြဲမြံစွာ ဆောက်တည်သည်။ အဟောသိ၊ ဖြစ်၏။ ကာယသုစရိတေ စ၊ ကာယသုစရိုက်၌လည်းကောင်း။ ဝစီသုစရိတေ၊ ဝစီသုစရိုက်၌လည်းကောင်း။ မနောသုစရိတေစ၊မနောသုစရိုက်၌လည်းကောင်း။ဒါန သံဝိဘာဂေစ၊ပေးလှူခြင်းခွဲဝေခြင်း၌လည်းကောင်း။ သီလသမာဒါနေစ၊သီလကိုဆောက်တည်ခြင်း၌လည်းကောင်း။ ဥပေါသထ ဥပဝါသေ စ၊ ဥပုသ်စောင့်ခြင်း၌ လည်းကောင်း။ မေတ္တေယျတာယ စ၊ အမိကို ချစ်ခြင်း၌လည်းကောင်း။ ပေတ္တေယျတာယ စ၊ အဖကို ချစ်ခြင်း၌ လည်းကောင်း။ သာမညတာယ စ၊ မကောင်းမှုကို ငြိမ်းစေခြင်း၌ လည်းကောင်း။ ဗြဟ္မညတာယ စ၊ မြတ်သော အကျင့်ကို ကျင့်ခြင်း၌ လည်းကောင်း။ ကုလေ၊ အမျိုး၌။ ဇေဋ္ဌာပစာယိကာယ စ၊ ကြီးသောသူကို အရိုအသေပြုခြင်း၌ လည်းကောင်း။ အညတရညတရေသု စ၊ အမှတ်မဲ့ တပါးပါးကုန်သော။ အဓိကုသလေသု၊ လွန်မြတ်သော ကုသိုလ်ဖြစ်ကုန်သော။ဓမ္မေသု စ၊တရားတို့၌လည်းကောင်း။အဝတ္တိတသမာဒါနော၊ မဆုတ်နစ်သော ဆောက်တည်ခြင်းရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူး၏။ တေန၊ ထိုကောင်းမှုတော်ကြောင့်။ သုပ္ပတိဋ္ဌိတပါဒေါ၊ ရွှေခြေနင်းကဲ့သို့ တညီတမျှ တည်းသော ဖဝါးတော်ကို။ အလဘိ၊ ရပြီ။

၅၉၅။ ရာ့ရှစ်ကွက်မှန်၊ ရွှေစက်မှန်၊ ရဟန် ဘယ်ကောင်း မှုကြောင့်နည်း။ (၆၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပုဗ္ဗေ၊ ရှေးကာလ၌။ ဗဟုဇနဿ၊ များစွာသော လူတို့၏။ သုခါဝဟော၊ ချမ်းသာကိုဆောင်တတ်သည်။ အဟောသိ၊ ဖြစ်၏။ ဥဗ္ဗေဂ ဥတ္တာသဘယံ၊ ခိုးသူ မင်း အစရှိသည်တို့ကြောင့် ဖြစ်သော ထိတ်လန့်ခြင်း၊ ဆင်ကြမ်း မြင်းကြမ်း အစရှိသည်တို့ကြောင့် ထိတ်လန့်ခြင်း ကြောက်ခြင်းကို။ အပနူဒိတာ၊ ပယ်ဖျောက် တော်မူတတ်၏။ ဓမ္မိကံ၊ တရားနှင့် ညီသော။ ရက္ခာဝရဏဂုတ္တိမ္ပိ၊

ဆောင့်ရှောက်ခြင်းကိုလည်း။ သံဝိဓာတာ၊ စီရင်အပ်၏။ သပရိဝါရံ၊ အခြံအရံနှင့် တကွသော။ ဒါနဉ္စ၊ အလှူကိုလည်း။ အဒါသိ၊ ပေးလှူခဲ့ဖူး၏။ တေန၊ ထိုကောင်းမှုကြောင့်။ စက္ကေနကိတပါဒေါ၊ တရာ့ရှစ်ကွက်သော စက်လက္ခဏာတို့ဖြင့်ကောင်းစွာ မှတ်အပ်သော ဖဝါးတော်ရှိသည်။ အဟောသိ၊ ဖြစ်၏။

၅၉၆။ ဖဝါးတော်လွန်၊ လက်ဝါးမှန်၊ ကွန်ယက်အလား ဘယ့်ကြောင့်နည်း။ (၆၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စတူဟိ၊ လေးပါးကုန်သော။ သင်္ဂဟဝတ္ထူဟိ၊ သင်္ဂဟဝတ္ထုတို့ဖြင့်။ မဟာဇနံ၊ လူအပေါင်းကို။ သင်္ဂါဟိကော၊ ချီးမြှောက်တတ်သည်။ အဟောသိ၊ ဖြစ်၏။ ဒါနေန စ၊ ပေးကမ်းခြင်းဖြင့်လည်းကောင်း။ ပိယဝစေန စ၊ ချစ်ဖွယ်သော စကားဖြင့်လည်းကောင်း။ အတ္ထစရိယာယ စ၊ အကျိုးစီးပွားကို ကျင့်ခြင်းဖြင့်လည်းကောင်း။ သမာနတ္တတာယ စ၊ ကိုယ်တူ ထပ်မျှထားသဖြင့်လည်းကောင်း။ ဣတိ ဣမေဟိ၊ဤလေးပါးသော သင်္ဂဟဝတ္ထုတို့ဖြင့်။ သင်္ဂါဟိကော၊ ချီးမြှောက်တတ်သည်။ အဟောသိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ ဇာလိကဟတ္ထပါဒေါ၊ ရွှေကွန်ယက်နှင့်တူသော လက်ဖဝါး, ခြေဖဝါးတော်ရှိသည်။ အဟောသိ၊ ဖြစ်၏။ (လက္ခဏာသုတ်)။

၅၉၇။ ဟိတ်လည်းတဖန်၊ ရွှေ့သို့ပြန်၊ ကျမ်းဂန်ဘယ်ပုဒ် သက်သနည်း။ (၆၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တသ္မာရွှေ၊ ဟိတ်နှင့်တွေ့ငြား၊ အနက်ပြား၊ ဟိတ်ကား တဖန် ရွှေသို့ပြန် ဟူ၍– နိယံဟောင်း၌ မိန့်၏။

ဥဒါဟရုဏ်ကား....

နယိဒ မေဝံ။ မဂ္ဂါဓိဂမဝသေန သတ္တိတော ပဋိလဒ္ဓဿာပိ အပရဘာဂေ ပရိကမ္မဝသေနေဝ ဥပ္ပဇ္ဇနတော။ တသ္မာ သဗ္ဗဿာပိ ဈာနဿ ပရိကမ္မသနံ ဒိတပုဗ္ဗာဘိသင်္ခါရေန ဝိနာ ကေဝလံ အဓိကာရဝသေန အနုပ္ပဇ္ဇနတော။ အစရှိသည်တည်း။

ဣဒံ ဝစနံ၊ ဤသင်စောဒကစကားကို။ ဧဝံ ယထာဝုတ္တကာရဏေန၊ ဤသို့မဂ္ဂါဓိဂမဖြင့် ရသောဈာန်,အသခ်ါရိက သမထာနုယောဂဖြင့်ရသောဈာန်ကို သသခ်ါရိကဟူ၍ ဆိုသင့်သောအကြောင်းဖြင့်။ န ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ မဂ္ဂါဓိဂမဝသေန၊ မဂ်ကိုရသည်၏ အစွမ်းဖြင့်။ သတ္တိတော၊ မဂ်၏ အာနုဘော်ကြောင့်။ ပဋိလဒ္ဓဿာပိ၊ ရအပ်သောဈာန်၏လည်း။ အပရဘာဂေ၊ နောက်အဖို့၌။ ပရိကမ္မဝသေနေဝ၊ ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းငရိကံ၏အစွမ်းဖြင့်သာလျှင်၊ ဥပ္ပဇ္ဇနတော၊ ဖြစ်ခြင်းကြောင့်။ န ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗဿာပိ ဈာနဿ၊ အလုံးစုံသော လောကီ,လောကုတ္တရာဈာန်၏လည်း။ ပရိကမ္မသခ်ါတ ပုဗ္ဗာဘိ-

သဒ္ဒါရေန၊ ပရိကံဟု ဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရနှင့်။ ဝိနာ၊ ကင်း၍။ ကေဝလံ၊ သက်သက်။ အဓိကာရဝသေန၊ မင်္ဂကိုရသည်၏အစွမ်းဖြင့်။ အနုပ္ပဇ္ဇနတော၊ မဖြစ်ခြင်းကြောင့်။ ဧဝံယထာ ဝုတ္တကာရဏေန၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော အကြောင်းဖြင့်။ နဇ္ဇဌဗ္ဗံ၊ မမှတ်အပ်သတည်း။ (ဋီကာကျော်)။

နောက်အဖို့၌ ပြုအပ်သော ပရိကံကြောင့်သာလျှင် ဈာန်၏ ဖြစ်ခြင်းသည် ရှေ့ဟိတ်၏အရ အနက်ဖြစ်၏၊ အလုံးစုံသော ဈာန်၏ ပရိကံဟူသော ပုဗ္ဗာဘိသင်္ခါရနှင့်ကင်း၍ မင်္ဂကိုရကာမျှဖြင့် မဖြစ်ခြင်းမရခြင်းသည် တသ္မာ-စသော နောက်ဝါကျ၏ အနက်ဖြစ်၏။ ထို့ကြောင့် တသ္မာသဒ္ဒါ၏ အနက်နှင့် ရှေ့ဟိတ်၏ အနက်သည်မတူကြ။ ထိုသို့ မတူ သော်လည်း "နယိဒမေဝံ ဒဋ္ဌဗ္ဗံ"ဟူသော ဖိုလ်သို့ပြန်၍ ယူရမည် ဟူလိုသည်။

ထို့ကြောင့် နိယံသစ်၌—

တသ္မာနောင်၊ ဟိတ်နှင့်ဆောင်မူ၊ တူအောင် အနက်ကြံ။
တသ္မာရှေ့၊ ဟိတ်ကိုတွေ့၊ ပြား၍ရှိမှုခံ။
နောက်သို့မသွေ့၊ ယင်းဟိတ်နေ၊ ပြန်လေမြဲမြံမြံ။
တသ္မာကို၊ ဟိတ်၏ဖိုလ်၊ စွဲဆိုမြဲထုံးစံ။ ဟူ၍ မိန့်ပြီ။

၅၉၈။ ရဘိသမ္ဗန်၊ ဟိတ်ကိုပြန်၊ ကေန်ဘယ်ပကတိ တို့နည်း။ (၆၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဟိတ်ဆိုက်လေရာ၊ ကိရိယာ၏ ကံကတ္တားကား၊ ဟိတ်၏သမ္ဗန်၊ လာမြဲ မှန်၏။ ။နိယံ။ ဤ၌ဥဒါဟရဏ်ကား....

ဝိဝိစ္စ ဝိသေသ နယတ္တာ၊ ဝိနယနတော စေဝ ကာယဝါစာနံ။
ဝိနယတ္ထဝိဒူဟိ အယံ၊ ဝိနယော ဝိနယောတိ အက္ခာတော။

အစရှိသည်တည်း။

ဤ၌ "ဝိဝိစ္စ ဝိသေသ နယတ္တာ" ဟူသောဟိတ်၊ "ဝိနယနတော" ဟူသော ဟိတ်၏ ဆိုက်ရာ ကိရိယာကား "အက္ခာတော" တည်း။ ဤအက္ခာတောကိရိယာ၏ ကံကား အယံ ဝိနယောတည်း။ ဤအယံဝိနယော ဟူသောပုဒ်ကို ဟိတ်၏သမ္ဗန်လာရသော်....

ဝိနယဿ၊ ဝိနည်းပိဋကတ်၏။ ဝိဝိစ္စ ဝိသေသ နယတ္တာ၊ အထူးထူးသောနည်း ထူးသော နည်းရှိသည်၏ အဖြစ်ကြောင့်၊ဝိနယောတိ၊ဝိနည်းဟူ၍။ အက္ခာတော၊ ဟောအပ်၏။ ဤသို့ လာရမည်။ ဤလာခြင်းကား နိယာမ ပကတိတည်း။

ရှေးအဖြေစာ၌ကား....“ဝိကတိကတ္တားကို ဝိဂ္ဂိုဟ်ပြုမူ ပကတိကတ္တားရမြဲ။ ပကတိကတ္တားကား သမ္ဗန်၊ ဝိကတိကတ္တားကား ဟိတ်ဖြစ်မြဲ။ သမ္ဗန်နှင့်ရိုက် အဝေးကား အဝေးချင်း။ အနီးကား အနီးချင်း”ဟူ၍ဖြေ၍ ဆိုင်သည်မထင် ဆင့်ခြင်ကြလေ။

၅၉၉။ သင်ကြားကျမ်းဂန်၊ အပါဒါန်၊ သမ္ဗန်တောင်းမြဲ ဘယ်တွင်နေည်း။ (၆၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"အညေသဒ္ဒါ၊ ရှေ့မှာတင်ထား၊ ဝဇ္ဇေတွာ ဌပေတွာ သဒ္ဒါကြားမူ၊ အပါဒါန်နှင့်၊ သမ္ဗန်တောင်းမြဲ၊ ဆိုမလွဲ"ဟူ၍ နိယံဟောင်း၌မိန့်၏။ ဥဒါဟရဏ်ကား....

မံ ဝဇ္ဇေတွာ အညေ၊ မံ ဌပေတွာ အညေ။ အစရှိသည်တည်း။ မံ၊ ငါ့ကို။ ဝဇ္ဇေတွာ၊ ကြဉ်၍။ အညေ၊ ငါမှတပါးကုန်သောသူတို့သည်။ မံ၊ ငါ့ကို။ ဌပေတွာ၊ ထား၍။ အညေ၊ ငါမှတပါးကုန်သောသူတို့သည်။

ထို့ကြောင့် နိယံဋီကာ၌....

တတ္ထ ပန နုကေဟိ အညေ နုကဿဝါ အညေတိ စောဒန် ဥဒ္ဒရိတွာ မယာ အညေ မမ ဝါ အညေတိ ဝိဿဇ္ဇေတဗ္ဗောတိ အဓိပ္ပါယော။ အာစရိယာ ပန အပါဒါန် ဧဝ ဝဠ္ဌေန္တိ။

ဟူ၍ဖွင့်၏။

၆၀၀။ ကာရကဖြစ်ပြန်၊ ပေါင်းငါးတန်၊ တင်ဟန် ဘယ်ဥပစာနည်း။ (၆၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကတ္တား၊ကရိဏ်း၊ကံ၊သမ္ပန်၊အပါဒါန၊ ဩကာသ-ဟူသော ကာရက ခြောက်ပါးတို့တွင် ကတ္တား သာလျှင် စင်စစ်အားဖြင့် ကိရိယာကို ပြီးစေတတ်သောကြောင့် မုချအားဖြင့် ကာရကမည်၏။ ကံ-အစရှိသော ငါးပါးသော ကာရကတို့သည် ကိရိယာပြီးခြင်း၏ အကြောင်းမျှဖြစ်၍ အကျိုး၏ အမည်ကို အကြောင်း၌တင်စားသော "ဖလူပစာရ"အားဖြင့် ကာရကမည်၏။

၆၀၁။ အနုက်ပေးဟန်၊ မြန်မာပြန်၊ သမ္ဗန်အမျိုး ဘယ်မျှနည်း။ (၇၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပါဠ်ရှိတိုင်း အစဉ်ယောဇနာသော ပါဠာနုသာရီသမ္ဗန်၊
ဥပမာပုဒ်အသီးလျောက်၍ ယောဇနာသော ဥပမာသမ္ဗန်၊
ဟိတ်လောင်း၍ ယောဇနာသော ဟေတုသမ္ဗန်၊
ဥပမာလည်းကောင်း၊ဟိတ်လည်းကောင်း၊ အစုံလောင်း၍ ယောဇနာသော ဥပမာဟေတု သမ္ဗန်အားဖြင့် လေးမျိုးရှိ၏ဟူပေ။

[ဤကား ဆန်းဋီကာဆရာတို့ပြသော သခဲ့ပနည်းသာတည်း]

ဂန္ထန္တရဍ်လာသော နည်းတို့ကား....

ပဌမံ ကရေ ပဒန္တေဒံ၊ သမာသာဒိံ တတော ကရေ။
သမာသာဒေါ ကတေ ပစ္ဆာ၊ အတ္ထံ နိယျာထ ပဏ္ဍိတာ။

ဟူသော ဂါထာနှင့်အညီ....ပဒန္တေဒတိကသံဝဏ္ဏနာနည်း။

ဥပမာဏံ ကာရကာဥ္စ၊ ပဒတ္တော စ ပယောဇနာ။
စတုဓာ ဝဏ္ဏနာ ဉေယျာ၊ တံ တံ နယာနုသာရိနာ။

ဟူသောဂါထာနှင့်အညီ....ဥပမာစတုက္ကသံဝဏ္ဏနာနည်း။

ဥပေါဂ္ဃါတော ဝိဂ္ဂဟော စ၊ ပဒတ္ထော်ာစာလနာ တထာ။
ပစ္စုပဋ္ဌာနဉ္စိ ပဥ္စ၊ နယာ ဉေယျာ နယညုနာ။

ဟူသောဂါထာနှင့်အညီ.... ဥပေါဂ္ဃါတပဥ္စကသံဝဏ္ဏနာနည်း၊

သမ္ဗန္ဓော စ ပဒစ္ဆေဝ၊ ပဒတ္တော ပဒဝိဂ္ဂဟော။
စောဒနာ ပရိဟာရော စ၊ ဆဗ္ဗိမာ ပဒဝဏ္ဏနာ။

ဟူသောဂါထာနှင့်အညီ.... သမ္ဗန္ဓဆက္ကသံဝဏ္ဏနာနည်း။

သမုဋ္ဌာနံ အဓိပ္ပါယော၊ ပဒတ္တော ဝိဓိမေဝ စ။
အနုရောမော ဝိရောမော စ၊ နိက္ကမော သတ္တဝဏ္ဏနာ။

ဟူသောဂါထာနှင့်အညီ....သမုဋ္ဌာနသတ္တက သံဝဏ္ဏနာနည်း။

နိဒါနပယောဇနာနိ၊ ပိဏ္ဍတ္တော ပဒတ္တော တထာ။
သမ္ဗန္ဓော စ အဓိပ္ပါယော၊ စောဒနာ သောဓနာဋ္ဌမာ။

ဟူသောဂါထာနှင့်အညီ....နိဒါနဋ္ဌကသံဝဏ္ဏနာနည်း။ ၊ဗျာပါရနဝ ဗျဂ်၂ သံဝဏ္ဏနာနည်း။ ပိဏ္ဍတ္ထဒသကသံဝဏ္ဏနာနည်း။ ကမေကာဒသသံဝဏ္ဏနာနည်း။ သောဠသဟာရသံဝဏ္ဏနာနည်းအားဖြင့် ဆယ်ပါးအပြားရှိ၏ဟူပေ။

၆၀၂။ ရေဓာတ်မကျန်၊ ပျက်သည်မှန်၊ လွတ်ရန် ဘယ်ဓာတ် ပေးမည်နည်း။ (၇၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပထဝီနုသာနာဗာဓာ၊ ပထဝီဓာတ်ပျက်၍နာသော်။ ဝါယောမိတ္တာ၊ ဝါယော၏ခင်ပွန်းဖြစ်သော။ မရေုရာ၊ ချိုသော အရသာရှိသောဆေးနှင့်။ ဒဒေယျ၊ ပေးကုရာ၏။ ဝါယောနုသာနာဗာဓာ၊ဝါယောဓာတ်ပျက်၍ နာသော်။ ပထဝီမိတ္တာ၊ မြေဓာတ်၏ ခင်ပွန်းဖြစ်သော။ ကာသာဝေန၊ ဖန်သော ဆေးနှင့်။ ဒဒေယျ၊ ပေးကုရာ၏။ အာပေါနုသာနာဗာဓာ၊ အာပေါဓာတ်ပျက်၍ နာလတ်သော်။ တေဇောမိတ္တာ၊ မီးဓာတ်၏ ခင်ပွန်းဖြစ်သော။ တိတ္တကဋုကေန၊ ခါးစပ်သော ဆေးနှင့်။ ဒဒေယျ၊

ပေးကုရာ၏။ တေဇောနဿနာဗာဓာ၊ မီးဓာတ်ပျက်၍ နာမှုကား။ အာပေါမိတ္တေနု၊ ရေဓာတ်၏ ခင်ပွန်းဖြစ်သော။ လဝနေန၊ ငန်သောဆေးနှင့်။ ဒဒေယျ၊ ပေးကုရာ၏။ အာကာသနဿနာဗာဓာ၊ အာကာသဓာတ်ပျက်၍နာမှုကား။ အမ္ဗိလေန၊ ချဉ်သောဆေးနှင့်။ ဒဒေယျ၊ ပေးကုရာ၏။ (ဓာတုဝိဘာဂဒီပနီ)။

၆၀၃။ မြေဓာတ်ကေန်၊ ယွင်းဖောက်ပြန်၊ မှတ်ရန် ဘယ်လက္ခဏာနည်း။ (၇၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကဏ္ဍုလန္ဓ၊ နားရွက်လန်ခြင်း။ အသုတံ၊ အသံကိုမကြားခြင်း။ စက္ခုအန္ဓ၊ မျက်စိမမြင်ခြင်း။ အဟတ္ထပါဒဂ္ဂဟဏံ၊ လက်ခြေကို မသိမ်းနိုင်ခြင်း။ ဣတိလက္ခဏံ၊ ဤလက္ခဏာဖြစ်မှုကား။ ပထဝီဓာတုဝိနာသန္တိ၊ ပထဝီဓာတ်ပျက်ပြီဟူ၍။ မတံ၊ သိအပ်၏။ ဣမေ ဒိဋ္ဌေ၊ ဤလက္ခဏာတို့ကိုမြင်လေသော်။ ပဉ္စဒိဝါ၊ ငါးရက်မျှသာ။ ရက္ခတိ၊ စောင့်အံ့။

၆၀၄။ အာပေါဓာတ်မှန်၊ ပျက်လေပြန်၊ သေဟန်ဘယ်ချိန် ဆိုပိမ့်နည်း။ (၇၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အတိဥဏှအတိသီတာ၊ လွန်စွာပူခြင်း၊ လွန်စွာ အေးခြင်းလည်းကောင်း။ အဋ္ဌိမံသနှာရု၊ အရိုး၊ အသား အကြောသည်။ သူလပဏ္ဍု၊ ထိုးကျင့်ခဲကိုက်ခြင်း၊ တောင့်မာခြင်းလည်းကောင်း။ ပေယ-နိသေဒေါ၊ ချွေးစေးထွက်ခြင်း လည်းကောင်း။ အဿု၊ မျက်ရည်ယိုခြင်းလည်းကောင်း။ လောဟိတဘိန္န၊ သွေးပုပ်ခြင်း လည်းကောင်း။ သေမှဗလဝါ၊ သလိပ်ဆို့ခြင်းလည်းကောင်း။ ဣတိ လက္ခဏံ၊ ဤလက္ခဏာကို။ အာပေါဓာတုဝိနာသန္တိ၊ အာပေါဓာတ်ပျက်ပြီဟူ၍။ မတံ၊ သိအပ်၏။ ဣမေ ဒိဋ္ဌေ၊ ဤလက္ခဏာတို့ကို မြင်လတ်သော်။ တိဒိဝါ၊ သုံးရက်မျှသာ။ ဌဿတိ၊ တည်လတ္တံ့။ မှတ်ယူလွယ်စိမ့်သောငှါ လက္ခဏာနှင့်တကွ ရေးသည်။

၆၀၅။ နေတ္တိကျမ်းဂန်၊ ဖွင့်စဟန်၊ နန္ဒိယာဝဋ် မည်သို့နည်း။ (၇၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နန္ဒိယာ၊ ဇလပ်ပန်းသည်၊ အာဝဋ္ဋာ ဝိယ၊ လည်သကဲ့သို့။ ဧတ္ထ၊ ဤနည်း၌။ အာဝဋ္ဋော၊ လည်လျက်။ တိဋ္ဌတိ၊ တည်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော နယော၊ ထိုနည်းသည်။ သဆာဝ-ဋော၊ သဘောအားဖြင့်။ နန္ဒိယာဝဋ္ဋနယော၊ နန္ဒိယာဝဋ္ဋနည်းမည်၏။ ဝါ၊ တနည်းကား။ နန္ဒိယာ-ဝဋ္ဋေ၊ မြစ်ဝဲ၌။ ပဝိဋ္ဌော၊ ဝင်သော။ ဒါရုက္ခန္ဓော၊ ထင်းကိုးကဲ့သို့။ သော နယော၊ ထိုနည်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နန္ဒိယာဝဋ္ဋော၊ နန္ဒိယာဝဋ္ဋနည်းမည်၏။

ဇလပ်ပန်းသည် အဆပ်ထပ်လည်သကဲ့သို့ သံသရာ၌ အဝိဇ္ဇာ, တဏှာ နှသယ:တို့၏ တပြောင်းပြန်ပြန် လည်ရခြင်းသဘောသည် နန္ဒိယာဝဋ္ဋနည်း မည်၏။

ပြယုဂ်ကား....

အတီတေ ဟေတဝေါ ပဉ္စ၊
ဣဒါနိ ဖလပဉ္စကံ.... စသည်တည်း။

၆၀၆။ ခွေး၌တည်ဟန်၊ ဂုဏ်ခြောက်တန်၊ မှတ်ရန် အဘယ်ဂုဏ်တို့နည်း။ (၇၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အနလသံ တိသန္တောသော၊ သုနိဒ္ဒါ သုပဗောဓနော။
ဒဠှဘတ္တိ စ သူရဥ္စ၊ ဆ ဧတေ သွာနတော ဂုဏာ။

သုနခေါ နာမ၊ ခွေးတို့မည်သည်ကား။ အနလသံ၊ မပျင်းရိခြင်းလည်းကောင်း။ အတိသန္တောသော၊ ကျေးသမျှနှင့် တင်းတိမ်သော အလွန်ရောင့်ရဲခြင်းလည်းကောင်း။ သုနိဒ္ဒါ၊ အိပ်ပျော်လွယ်ခြင်းလည်းကောင်း။ သုပဗောဓနော၊ နိုးလွယ်ခြင်းလည်းကောင်း။ ဒဠှဘတ္တိ စ၊ အရှင်ထံ၌ မြဲမြံစွာခစားခြင်းလည်းကောင်း။ သူရဥ္စ၊ အရှင် စေရာ မတွန့်သာပဲ ရဲရင့်ခြင်းလည်းကောင်း။ ဧတေ ဆ၊ ဤခြောက်ပါးတို့သည်။ သွာနတော၊ ခွေးမှ။ ဂဟိတာ၊ ယူအပ်ကုန်သော။ ဂုဏာ၊ ကျေးဇူးတို့တည်း။

၆၀၇။ တံခါးမှူးရန်၊ အင်ခြောက်တန်၊ ကျမ်းဂန်မည်သို့ လာသနည်း။ (၇၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပေါရာဏ နဝ ဇာနန္တံ၊ ဗလဝံ ပိယဒဿနံ။
သုစိံ ခေဒသဟံ ဒက္ခံ၊ ဒေါဝါရိကေ ဝိဓိယတေ။

ပေါရာဏ နဝ ဇာနန္တံ၊ လူဟောင်း လူသစ်ကိုလည်း သိတတ် ထသော။ ဗလဝံ၊ ခွန်အားလည်းကြီးထသော ။ ပိယဒဿနံ၊ ချစ်ခင်ရှုချင်ဖွယ်လည်းရှိထသော။ သုစိံ၊ စင်ကြယ်သန့်ရှင်းထသော။ ခေဒသဟံ၊ အပင်အပန်းလည်း ခံနိုင်ထသော။ ဒက္ခံ၊ မေးမြန်းစိစစ်ခြင်း၌ လိမ္မာထသော။ တေံ၊ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသောသူကို။ ဒေါဝါရိကေ၊ တံခါးမှူးအရာ၌။ ဝိဓိယတေ၊ ခန့်ထားရာ၏။

၆၀၈။ ပုရောဟိတ်မှန်၊ ပြည့်စုံရန်၊ သုံးတန်အင်္ဂါ ဘယ်သို့နည်း။ (၇၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဂိုသင်္ဂဟနာကား ...

ဗေဒါဗေဒင် သတ္တညော၊ ဇပ္ပ ဟောမပရာယနော။
အာယုဒိဃ မေတ္တော နိစ္စံ၊ သော ရာဇ ပုရောဟိတော။

ဗေဒါဗေဒင် သတ္တညော၊ ဗေဒင် ကျမ်းကြီးကျမ်းငယ်ကိုလည်း အနှံ့အစပ်တတ်ထသော။ ဇပ္ပဟောမပရာယနော၊ ယဇ်ပူဇော်ခြင်းစသော သန္နေးယတြာ၌ လိမ္မာထသော။ နိစ္စံ၊ အမြဲ။ အာယုဒိဃမေတ္တော၊ မင်းအား အသက်ရှည်ဆု မေတ္တာပြုထသော။ သော၊ ဤ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော သူသည်။ ရာဇပုရေ့ဟိတော၊ မင်းဆရာ ပုရောဟိတ်ပြုထိုက်၏။

၆၀၉။ မင်းတိုင်ပင်ရန်၊ အမတ်မှန်၊ ရှစ်တန်အင်္ဂါ ဘယ်သို့နည်း (၇၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သုတဝါ သီလဝါ သူရော၊ ဝီရဝါ သိဒ္ဓိကော ဗလီ။
အလုဒ္ဓေါ ပိယရူပေါ စ၊ မန္တိနော္ဌင်္ဂမုတ္တတော။

သုတဝါ၊ များသော အကြားအမြင်ရှိသည်။ သီလဂါ၊ သီတင်းရှိသည်။ သူရော၊ ရဲရင့်သည်။ ဝီရဝါ၊ လုံ့လရှိသည်။ သိဒ္ဓိကော၊ အမှုပြီးအောင် စီရင်နိုင်သည်။ ဗလီ၊ စွမ်းအား သတ္တိရှိသည်။ အလုဒ္ဓေါ၊ လောဘနည်းသည်။ ပိယရူပေါ၊ ချစ်ဖွယ်သော အရောင် အဆင်းရှိသည်။ ဣတိ၊ဤသို့။ မန္တိနော၊ မင်းတိုင်ပင် ထိုက်သော အမတ်ကြီး၏။ အဋ္ဌင်္ဂံ၊ အင်္ဂါရှစ်ပါးကို။ ဥစ္စတေ၊ဆိုအပ်၏။

၆၁၀။ အင်္ဂါရှစ်တန်၊ အတွင်းဝန်၊ စုံရန်သင့်ချေ မည်သို့နည်း။ (၇၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရက္ခိတိန္ဒြိယံ သာရတ္တံ၊ နာနာ ဘာသာသု ကောဝိဒံ။
ဓမ္မရတံ မုခါပေက္ခံ၊ နာနာသိပ္ပံ ဝိသာရဒံ။
ကုလသီလာယုတံ ဘီတံ၊ အန္တေပုရေသု ဌာပယေ။

ရက္ခိတိန္ဒြိယံ၊ ဣန္ဒြေလည်း စောင့်စည်းထသော။ သာရတ္တံ၊ သဘောလည်း ကောင်းထသော။ နာနာဘာသာသု ကောဝိဒံ၊ အထူးထူးသော ဘာသာတို့၌ လိမ္မာထသော။ ဓမ္မရတံ၊ တရားနှင့် မွေ့လျော်ထသော။ မုခါပေက္ခံ၊ အရှင်၏ မျက်နှာရိပ်ကိုလည်း သိတတ်ထသော။ နာနာသိပ္ပံဝိသာရဒံ၊ အထူးထူးသော အတတ်ပျိုးတို့ကိုလည်း တတ်ထသော။ ကုလသီလယုတံ၊ အမျိုးတို့၏ အကျင့်နှင့် ယှဉ်ထသော။ ဘီတံ၊ အရှင်ကိုလည်း ကြောက်ရွံ့ ခန့်ညားတတ်ထသော။ တော၊ ဤအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသောသူကို။ အန္တေပုရေသု၊ နန်းတော်တွင်းတို၌။ ဝါ၊ အတွင်းဝန် အရာတို၌။ ဌပယေ၊ ထားရာ၏။ ဤသို့ ရာဇနီတိကျမ်း၌ လာသည်။

၆၁၁။ ရုပ်စုံမကျန်၊ ဆေးရေးဟန်၊ ပုစွန်ဆီဖော်နည်း မည်သို့နည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဆေးဒန်း၊ မြေဖြူ၊ ဟင်္သပြဒါး ၎င်းသုံးပါး အမျှ ပြုပြီးလျှင် ဟင်္သပြဒါး ဆတူထည့်ပြန်။ ပုစွန်ဆီရောင် အကောင်းဆုံးဖြစ်၏။

၆၁၂။ တကျပ်ရွှေမှုန်၊ တင်လောက်မှုန်၊ ဖိုးတန်စိန်ကျောက် မည်သို့နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မဏိသျှုတ္တရကျမ်း၌ လာသော ကျောက်မျိုးကား–

နီလာမျိုးလေးပါး,
ပတ္တမြားမျိုးလေးပါး,
ဝဇီရစိန်မျိုးလေးပါး,
ဝင်သဝဏ်ဟု ဆိုအပ်သော ကြောင်မျက်ရွဲမျိုးလေးပါး,
မြကျောက်မျိုး ရှစ်ပါး,
ဂေါမုတ်မျိုး နှစ်ပါး,
ဥဿဖယားမျိုးငါးပါးအားဖြင့် သုံးဆယ့်တမျိုးရှိ၏။

ထိုအပြားကို ခြားနား၍ သိသာအောင် ပုစ္ဆာပင်မပါသော်လည်း လင်္ကာရေးလိုက်ဦးအံ့–

ဖိုးထိုက်ကျောက်မြတ်၊ နဝရတ်ကို၊ ထုပ္ပတ်ဘော်ဖွေ၊ ပြလိုက်ပေအံ့၊ လေးထွေနီလာ၊ ပြားကြရာတွင်၊ နီလာခေါ်ဆို၊ ကျောက်အလိုကား၊ အောက်မည်းညိုပွင့်၊ ပန်းသို့တင့်၏၊ ထပ်ဆင့်ဒုတိယာ၊ နီလာကဏ္ဍီ၊ ရှုဤလက္ခဏာ၊ အပြာတွင်ဖက်၊ အညိုစွက်၏၊ အမျက်နှစ်ပါး၊ သည်ကျောက်များကား၊ ကျပ်သားရွှေတိ၊ တင်လောက်ဘိမူ၊ သိဂိပဥ္စ၊ ကျပ်တန်စွတည့်၊ ဣန္ဒနီလာ၊ လက္ခဏာကား၊ သူ့ရိယာနေခြည်၊ ရောင်သို့တည်၏၊ ရွှေရည်တကျပ်၊ တင်လောက်လတ်မူ၊ သုံးကျပ်ရွှေကောင်း၊ ထိုက်ပေရှောင်း၏၊ တကြောင်းဥပနီလာ၊ သညာခေါ်ဆို၊ ကြာညိုပွင့်ရောင်၊ တကျပ်ခေါင်မှာ၊ စီမျှောင်သင့်စွာ၊ ထားလောက်ပါက၊ ရွှေသာနှစ်ကျပ်၊ အဖိုးပြတ်သည်။ မချွတ်မှန်ဖြောင့် စင်းလှည့်သော။

ပတ္တမြားဟု၊ လေးပါး၌တွင်၊ အလျှင်ပထမ၊ ဝဇီရခန်၊ ကျောက်မှန်အဆင်း၊ ခြင်းခြင်းမှန်စွာ၊ နီကာသာတည့်၊ ရွှေဝါသိဂ်ိနိုက်၊ တကျပ်ထိပ်ဝယ်၊ ပြည့်သိပ်စေကန်၊ တင်လောက်တန်မူ၊ ရွှေမှန် သုံးကျပ်၊ ထိုက်ပေလတ်၍၊ ပဒုတ်ဝေါဟာ၊ ဂေါမူလာကား၊ ဝဏ္ဏာခရမ်း၊ ပွင့်သို့ရွှမ်း၏၊ လုံးပန်း ညီညွတ်၊ ရွှေတကျပ်ထက်၊ လျောက်ပတ်အရည်၊ တင်လောက်ပေမူ၊ စံရွှေအမှန်၊ လေးကျပ်တန် ၏၊ နာမံမည်ပေး၊ ကွမ်းပြင်ရေးကား၊ ကွမ်းသွေးအဆင်း၊ နီဝင်းဝင်းတည့်၊ ရွှေသွင်းတကျပ်၊ တင်လောက်လတ်မူ၊ ငါးကျပ်သိုက်သိုက်၊ အဖိုးထိုက်၏၊ ကောင်းမြိုက်သိန်းခိုရေး၊ ကျောက် အသွေးကား၊ နီတွေးအဆင်း၊ ခြင်းခြင်းပြောက်ပြောက်၊ ထိန်ထိန်တောက်၏၊ ချီးမြှောက်ရွှေစင်၊

တကျပ်တွင်၌၊ ထားတင်ပေလောက်၊ ရှိလေမြောက်မူ၊ အံ့လောက်ရွှေမွန်၊ တရာတန်သည်။ ။ အမှန်မချွတ်ယွင်းလှည့်သော။

ဝရဇိန်ဟူ၊ ကျော်ရှိန်ထင်ရှား၊ မျိုးလေးပါးတွင်၊ ရွှေဖျားခတ္တိယာ၊ ကျောက်မျိုးမှာကား၊ ဆင်းဝါပြိုးပြက်၊ ရှိုးရှိုးရက်တည့်၊ ကျပ်ထက်ရွှေမှာ၊ တင်လောက်ပါမူ၊ မှန်စွာဆယ်ကျပ်၊ ရွှေထိုက်မြတ်၏၊ အလတ်ပြာဟ္မဏာ၊ ရုပ်ဝါဖြူထဲ၊ ခပ်မွဲမွဲလျှင်၊ စိုသက်တင်သို့၊ ကျပ်တွင်ရွှေပြား၊ တင်လောက်ငြားမူ၊ ဖိုးကားထိုက်ကြွယ်၊ တဆယ်ကျပ်ပေါင်း၊ ရွှေပေးကောင်း၏၊ တကြောင်းကဏ္ဍာ၊ အဆင်းမှာကား၊ မြင်ကာဖွေးဖွေး၊ သက်တင်ရေးလွတ်၊ မထွက်တတ်တည့်၊ သွယ်ညွတ်လက်လက်၊ ရိပ်သာထွက်၏၊ ကျပ်ထက်ရွှေတင်၊ ထားလောက်ကျင်မူ၊ ထိုက်တင်ဖိုးမြတ်၊ ရွှေငါးကျပ်တည့်၊ ပညတ်ကိဿနာ၊ မြတ်ကောင်းမှာကား၊ ရွှေဝါအဆင်း၊ ပြိုးပြက်လင်း၏၊ ကျပ်တွင်းထိပ်မောက်၊ ရွှေပေါ်လောက်မူ၊ ထိုက်လျောက်ရွှေစင်၊ တဆယ်တင်သည်။ ပေါ်ထင်လျှံညီးဝင်းလှည့်သော။

ကြောင်မျက်ရွဲဟု၊ ကျော်သဲတရိုး၊ လေးပါးမျိုးတွင်၊ အဖိုးထိုက်စွာ၊ ကျောက်ဇေယျာကား၊ ဝါဝါအဆင်း၊ ဥနနွှင်းသို့၊ ထွန်းဝင်းပြိုးပြက်၊ တံခွန်ထွက်၏၊ ထို့ထက်ဟောင်ရတ်၊ မျက်အမြတ်ကား၊ လျှံပတ်ရွှေစင်၊ ညီးညီးရှင်၏၊ ထိပ်တွင်တံခွန်ရေး၊ ထွက်လုပြေး၏၊ မည်ပေးဟောင်ရတ်၊ ခေါ်ပညတ်သည့်၊ ကျောက်မြတ်ရှုဏ္ဍ၊ မနီလွန်းထ၊ ဖြူလှမဆို၊ သက်တင်လိုတွင်၊ ထိပ်ပြင်လက်လက်၊ တံခွန်ထွက်၏၊ တချက်ဘုမ္မာ၊ ကျောက်မြတ်မှာကား၊ ဝဏ္ဏာအဆင်း၊ ရွှေရည်ခြင်းသို့၊ ဝင်းဝင်းသက်တင်၊ ရေးထွက်ချင်၏၊ သည်လျှင်လေးပါး၊ ကျောက်မြတ်များကား၊ ရွှေသားကျပ်ပြင်၊ ထားလောက်လျှင်မူ၊ ရွှေစင်တရာ၊ ထိုက်ပေစွာသည်။ အာကာခေါင်ထိပ် ချဉ်းလှည့်သော။

မြကျောက်အနွယ်၊ မျိုးရှစ်သွယ်တွင်၊ အံ့ဖွယ်ရှုဏ္ဍ၊ ကျောက်ဓူလီကား၊ ဝဏ္ဏီတကွဲ၊ ခပ်စိမ်းမွဲကို၊ ရွှဲပုရိသ၊ ဆိုကုန်ကြ၏၊ သိင်္ဂရွှေလှော်၊ တကျပ်ပေါ်တွင်၊ သင့်လျှော်တင်ထား၊ လောက်ပေငြားမူ၊ လေးပါးကျပ်ဆိုက်၊ ရွှေစင်ထိုက်၏၊ သမိုက်ထင်စွာ၊ ကက္ကရာကား၊ ဆင်းဝါသဏ္ဍာန်၊ သခွါးခွံသို့။ ကေန်မှတ်ဘိ၊ စိမ်းစိမ်းရှိ၏။ သိင်္ဂီကျပ်ပေါ်၊တင်လောက်သော်မူ၊ ရွှေလှော်ငါးကျပ်၊ ထိုက်တန်လတ်၏။ တရပ်သာခွါ၊ ကျောက်မျက်မှာကား၊ ဆင်းဝါကျေးတောင်၊မြစိမ်းရောင်ထည့်၊ ထိပ်ခေါင်ရွှေသား၊ တကျပ်ဖျားထက်၊ တင်ထားဆင်ရန်၊ လောက်သည်မှန်မူ၊ မင်းစံရွှေမြတ်၊ခုနစ်ကျပ်လျှင်၊ဆုံးဖြတ်ထိုက်တန်၊နေကျမှန်၏၊ကျောက်မှန်ကာလာ၊စိမ်းလေရာတွင်၊တခါမည်းပြောက်၊ စိုးစဉ်းလှောက်၏၊ မောက်မောက် ရွှေစင်၊ တကျပ်တွင်၌၊ ထားတင်လောက်ပေ၊ ကောင်းသားရွှေလျှင်၊ ကျပ်နေဆယ်ဆင့်၊ ထိုက်လျောက်သင့်၏၊ နှိုင်းချင့်တုလွတ်၊ ဝင်သဝတ်ဟု၊ ပညတ်တွင်ငြား၊ အမျက်အားမူ၊ ဝါးကြောအဆင်း၊ စိမ်းစိမ်းဝင်း၏၊ ထွန်းလင်းရွှေတောင်၊ တကျပ်ခေါင်ထက်၊ ရွှက်ဆောင်ချီလွှား၊ တင်လောက်ငြားမူ၊ လေးပါးကျပ်ရည်၊ ရွှေထိုက်ပေ၏၊ မည်ထွေကိုဠပတ်၊ ကျောက်မျက်မြတ်ကား၊ ရုပ်ဓာတ်တကွဲ၊ ပိုးမဲတောင်စာ၊ လည်ကုတ်ညှာသို့၊ ဆင်းဝါလွန်ဘိ၊ ဆန်လုံးရှိမျှ၊ ဖြစ်ဘိလသော်၊ ရွှေလှော်ခုနစ်ကျပ်၊ ထိုက်ပေလတ်သည်၊ မျက်မြတ်အနှုန်း တွင်းလှည့်သော။

ဂေါမုတ္တဟု၊ နာမထင်ရှား၊ နှစ်ပါးနွယ်လာ၊ အမျိုးမှာကား၊ဦးစွာပထမ၊အစပြုရာ၊အဆင်းမှာမူ၊ ကောင်းညွာ နနွင်း၊ သားသို့ဆင်း၏၊ မယွင်းမချွတ်၊ ရွှေကကျပ်မှာ၊ တင်လောက်ပါမူ၊ ရွှေဝါသိင်္ဂ၊

ထိုက်လှအဖိုး သုံးကျပ်ရှိးတည့်၊ တင့်နိုးဂေါ် မုတ်၊ ဖော်ထုတ်ဆိုကြ၊ အဆင်း မှကား၊ ရူပတသွယ်၊ နွား ကျင်ငယ်သို့၊ ကျပ်ဝယ် ရွှေကောင်း၊ တင်ကောက်ရှောင်းမူ၊ အပေါင်းခုနှစ်ကျပ်၊ ကြီးမြတ်အမှန်၊ ရွှေစင်တန်သည်၊ ကေန် လွန်သန့် ရှင်းလှည့်သော။

ဥဿဖယား အနွယ်ပြားသည်၊ ငါးပါး၌မှာ၊ ဇမ္ဗူနာကား ဆင်းဝါနွားနို့၊ ဖြူညို့ညို့တည့်၊ နှစ်လှိုလျှောက်ပတ်၊ ရွှေတကျပ်ထက်၊ တင်လတ်လောက်ပေ၊ ဖိုးထိုက်ရွှေကား၊ ငါးကျပ်သွား၏၊ ထူးခြား ရှုတ္တာ၊ ကျောက်ဆင်းမှာကား၊ မှန်စွာကျစ်လစ်၊ နွားနို့သစ်သို့၊ ရွှေစင် ကျပ်ပေါ်၊ တင်လောက်သော်မူ၊ ထိုက်လျော်ရှေးနည်း၊ ငါးကျပ်ချည်း ပင်၊ ကျောက်ရှင်ပလာ၊ လက္ခဏာမူ၊ ပြာပြာရှိထွေ၊ တကျပ်ရွှေထက်၊ တင်ပေလောက်ငြား၊ အဖိုးထားမူ၊ ရွှေသားနှစ်ကျပ်၊ သင့်ဆုံး ဖြတ် လေ၊ တရုပ်ဘသွာ၊ ရုပ်ဝါဆန်းထူး၊ ထင်းမှူးအဆင်း၊ တကျပ်တွင်းဝယ်၊ ထည့်သွင်းလောက် မှန်၊ ဖိုးထိုက်တန်ကား၊ အမှန်ရွှေလား၊ နှစ် ကျပ်သားတည့်၊ တွင်ငြားခတ္တိယာ၊ ကျောက်မျက်မှာ မူ၊ စိမ်းပြာညိုရောင်၊ငှက်ခါးတောင်သို့၊ အခေါင်ရွှေစင်၊ တကျပ်တွင်၌၊ တင်ထားလောက်လှ၊ သုဝဏ္ဏဟု၊ အဂ္ဃမှန်ရွှေ၊ ခြောက်ကျပ်နေသည်၊ လူ့မြေ ဂုဏ်တု-ကင်းလှည့်သော။

စိန်မျိုးကား.... ခတ္တိယာ, ဗြာဟ္မဏာ, ကဏ္ဍ်, ကိဿနာဟူ၍ လေးပါးပြား၏။ ထိုတွင်....

ခတ္တိယာ အဆင်းကား.... ပြိုးပြိုး ပြက်၏။ ရွှေတကျပ်ထက်-တင်လောက်မူ သိဂ်နိုက်ရွှေ ငါးဆယ့် ငါးကျပ် ထိုက်၏။

ဗြာဟ္မဏကား ....အတွင်း၌ အဖြူထုတ်ချင်းရှိလျက် သက်တံရောင်ပြင်သို့ သန်း၏။ ရွှေတကျပ် ထက် တင်လောက်မူ သိဂ်နိုက်ရွှေ ငါးဆယ်တန်၏။

ကဏ္ဍိကား.... ဖွေးဖွေးဖြူ၏၊ သက်တံရေး မထင်တတ်။ အရိပ် ထွက်၏။ ရွှေတကျပ်တင်လောက် မူ သိဂ်နိုက်ရွှေ ငါးကျပ်တန်၏။

ကိဿနာအဆင်းကား.... ရွှေညိုညို ချိပ်ရည်ကပ်သကဲ့သို့ ရှိ၏။ ရွှေတကျပ်ထက် တင်လောက် မူ သိဂ်နိုက်ရွှေ ကျပ်တဆယ်တန်၏။

သန္တာပုလဲမျိုးကား.... အပ္ပဂ္ဃသာဖြစ်၍ မဏိရတနာတွင် မဝင်သည်။ ၎င်းကျောက်တို့၏ အပြား အကျယ်စကားကို မဏိသျှတ္တရကျမ်း၌သာ ယူလေ။

၆၁၃။ နယ်မှန် နယ်ပြန်၊ သည်နှစ်တန်၊ နယ်ပြန်ဖတ်နည်း မည်သို့နည်း။ (၈၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"နယ်မှန်ကား-သတ်အင်း အညီစပ်သည်။ နယ်ပြန်ကား-သတ်-အင်းထူးသည်" ဟု ဖြေ။

၆၁၄။ စာစပ်ရိုးမှန်၊ ရွှေလောင်းပြန်၊ ချဟန်အလုံး ဘယ်မျှနည်း။ (၈၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အလုံးကားကား အရေအတွက်မရှိ။ အဆုံး၌ စ, တ, က, မှ, ယ, ရ ဤစာလုံးတို့ဖြင့် ချသည်။ ကို ရွှေလောင်း ပြန်ဆိုသည်ဟု ဖြေ။ [ကဝိပါသဏ္ဍ]။

၆၁၅။ လဟုတဖန်၊ ဂိုဏ်းသုံးတန်၊ ပန္တိဆန်းဂိုဏ်း အဘယ်နည်း။ (၈၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဥဗ္ဗာသကံ တံ စေတော မ-ရာလ္ဂ။ ပန္တိ။

ယဿ၊ အကြင်ဂါထာ၏။ စတူသု ပါဒေသု၊ လေးပါဒတို့၌။ တော၊ တဂိုဏ်းသည်လည်းကောင်း။ မ-ရာ၊ မ-ဂိုဏ်း, ရ-ဂိုဏ်းတို့သည်လည်းကောင်း။လ္ဂ၊ လဟုသည်လည်းကောင်း။ ပဋိပါတိ၊ အစဉ် အတိုင်း။ စေ သိယုံ၊ အကယ်၍ ဖြစ်ကုန်အံ့။ တံ၊ ထို-ဂါထာသည်။ ဥဗ္ဗာသကံ၊ ဥဗ္ဗာသက ဂါထာ မည်၏။ ပန္တိ၊ ပန္တိဆန်းတည်း။

၆၁၆။ ဆန်းမစစ်ပြန်၊ ဖွဲ့သည်မှန်၊ တွင်ဟန် ဘယ်ဂါထာတို့နည်း။ (၈၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

န ဒိဿတေတ္ထ ယံ ဆန္ဒံ၊ ပယောဂေ ဒိဿတေ ယဒိ။
ဝိသမက္ခရပါဒံ တံ၊ ဂါထာသာမညနာမတော။

တွေ၊ ဤဝုတ္တောဒယဆန်းကျမ်း၌။ ဝိသမက္ခရပါဒံ၊ မညီညွတ်သော အက္ခရာရှိသော။ ယံ ဆန္ဒံ၊ အကြင်ဆန်းသည်။ နဒိဿတေ၊ မထင်။ ပယောဂေ၊ ပြယုဂ်ထုတ်ဖော် ပါဠိတော်သည်။ ယဒိ ဒိဿ-တေ၊ အကယ်၍ ထင်ငြားအံ့။ တံ၊ ထိုမညီညွတ်သော အက္ခရာပါဒရှိသော ဂါထာကို။ ဂါထာ-သာမည နာမတော၊ ဂါထာသာမည အမည်အားဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤသို့ ဆန်းကျမ်းမိန့်ရကား ဆန်းမစစ်ပဲ ဖွဲ့သော ဂါထာသည် ဂါထာသာမညမည်၏ ဟူပေ။

၆၁၇။ အနက်ဆယ်တန်၊ သင်ရိုးမှန်၊ ကျမ်းဂန် ဘယ်ဝိဘတ်ပေနည်း။ (၈၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဖြင့်၊ နှင့်၊ သည်၊ ကြောင့်၊ အား၊ မှ၊ ကြောင့်၊ ၏၊ ၌၊ ကြောင့်-ဟူသော အနက်ဆယ်မျိုး၌၊ နာ၊ သ၊ သွာ၊ သ၊ သ္မိံ ဟူသော ကေဝုစ်ဝိဘတ် ငါးလုံးဟူပေ။

အချိုစာ၌ "အနက်ဆယ်တန်၊ သတ်ရိုးမှန်" ဟူ၍ တသတ်နှင့် ရှိ၏။ ထိုသို့ရှိမူ ကံအနက်၊ ပုဗ္ဗသဒ္ဒါ၊ ကမ္မပ္ပဝစနီယမည်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့နှင့် ယှဉ်သောသဒ္ဒါ၊ တတိယာအနက်၊ အစ္စန္တသံယောဂအနက်၊ သမ္ပဒါန်အနက်၊ အပါဒါန်အနက်၊ သတ္တမီအနက်၊ သာမိအနက်၊ ကာလဘာဝအနက်၊ ဤဆယ်ပါး၌ သက်အပ်သော ဒုတိယာ ဝိဘတ်တည်းဟု ဖြေ။

၆၁၈။ ဆယ့်လေးနက်မှန်၊ သက်လေပြန်၊ခေါ်ဟန် ဝိဘတ် အဘာယ်နည်း။ (၈၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

သမ္ပဒါန်အနက်၊ ကတ္တုတ္ထတတိယာ အနက်၊ နမောယောဂ အရာ၊ ဂတိ စသော ဓာတ်၏ ကံအနက်၊ နှစ်သက်ခြင်းအနက်၊ အာရှေး ရှိသော သုဓာတ်၏ အယှဉ်ဖြစ်သော အနုတ္တရအနက်၊ အနာဒရအနက်။ တုမတ္ထအနက်။ တဒတ္ထအနက်။ အနုရူပအနက်။ ပဋိက္ခိတ္တအနက်။ သာမိအနက်၊ သတ္တမီအနက်၊ မြင်ခြင်းအနက်၊ ဤတဆယ့်လေးပါးသော အနက်တို့၌သက်သော စတုတ္ထီဝိဘတ်တည်းဟု ဖြေ။

၆၁၉။ က-ဂ္ဂတင်မှန်၊ ယသတ်ပြန်၊ ဖတ်ဟန်ကျောက်စာ မည်သို့နည်း။ (၈၈)

၆၂၀။ စ-ဂ္ဂတင်ပြန်၊ ယသတ်ဟန်၊ ဖတ်ရန် ဘယ်သို့ ဆိုမည်နည်း။ (၈၉)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....

က-ပေါ်တွင် ဂ္ဂ တင်၍ ယသတ်သော် (ကိယ်) ဤသို့ရေးလျှင် (ကွယ်) ဟု ဖတ်ရမည်။ စ-ပေါ်တွင် ဂ္ဂ တင်၍ ယသတ်သော် (စိယ်) ဤသို့ရေးလျှင် (စွယ်) ဟု ဖတ်ရမည်။

အဘယ့်ကြောင့်နည်းမူ ကျောက်စာရေးနည်း၌ "ဝဆွဲဆိုလျှင်၊ လုံးကြီးတင်" ဟု ဆိုအပ်သောကြောင့် ဂ္ဂ တင်ခြင်းသည် ဝဆွဲအရာ ဖြစ်သောကြောင့်တည်း။

၆၂၁။ မရှယ်ပစ်ဟန်၊ ကျူး၍မှန်၊ လျော်ဒဏ်ဘယ်မျှ သင့်လိမ့်နည်း။ (၉၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မရည်ရွယ်ပဲ၊ ကျောက်ခဲလှံကန်၊ ပစ်ရာမှန်မူ၊ လျော်ဒဏ်ကြေးငွေ၊ မရှိစေပဲ၊ စိတ်ပြေ ရုံမျှ၊ ဆေးဝါးခကို၊ ခံကြပစေ။ [ဖြတ်ထုံး]

ဝိနည်းတရားတော်၌လည်း.... ဥဒ္ဒိဿ, အနုဒ္ဒိဿ နှစ်ပါးသည် သာဟတ္ထိက, အာဏတ္တိက, နိဿဂ္ဂိယ တည်းဟူသော သုံးပါး၌ ဖြစ်ရကား မရည်ရွယ်ပဲ ပစ်ခတ်ရာ သတ္တဝါသေခြင်း၌ ကမ္မဗဒ္ဓ မဖြစ်ဟု ဆုံးဖြတ်၏။

၆၂၂။ ပိယရုပ်မှန်၊ ဝေကန်၊ ခန္ဓာဖွဲ၏ အဘယ်နည်း။ (ဥာ)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရူပံ ရူပက္ခန္ဓောတိ ပိယရူပံ သာတရူပံ ရူပံ။ န ရူပက္ခန္ဓော။ ရူပက္ခန္ဓော ရူပဉ္စေဝ ရူပက္ခန္ဓော စ။

ဟူသော ပဒသောဓနဝါရပါဠိဖြင့် တဏှာ၏ အာရုံဖြစ်သော ချစ်အပ် သာယာအပ်သော သဘောရှိသော အပေါင်းဖြစ်သော လောကီစိတ် ကောသီတိ။ စေတသိက် ဒွေပညာသ။ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ပိယရုပ်၊ သာတရုပ်သည် ရုပ်သာမည မည်၏။ ရူပက္ခန္ဓာကား မမည်။ အစိတ်ဖြစ်သော ရုပ်အဋ္ဌဝီသသည် ရုပ်လည်း မည်၏။ ရူပက္ခန္ဓာလည်း မည်၏ဟု ဟောတော်မူသည်။

တဖန် သုဒ္ဓခန္ဓဝါရ၌ "ရူပံ ခန္ဓောတိ။ အာမန္တာ" ဟူသော ပါဠ်ဖြင့် ရုပ်မည်သောတရားသည် ခန္ဓာမည်သလောဟု အမေးပြု၍ ရုပ်မည်သော တရားသည် ခန္ဓာမည်သည်ချည်းဟု ဟောတော်မူပြန်သည်။ ယင်းသို့ဟောရာ ဒေသနာ၌ တဏှာ၏ အာရုံဖြစ်သော အပေါင်းဖြစ်သော စိတ်၊ စေတသိက်၊ ရုပ် ဟူသော ပိယရုပ်တို့တွင် လောကီစိတ် ကောသီတိကို ဝိညာဏက္ခန္ဓာ။ စေတသိက် ဒွေပညာသတို့တွင် ဝေဒနာကို ဝေဒနက္ခန္ဓာ။ သညာကို သညာက္ခန္ဓာ။ ကြွင်းသော စေတသိက် ငါးဆယ်၊ ပိယ၊ သာတဖြစ်သော ရုပ်အစုကို သင်္ခါရက္ခန္ဓာ ဟူသော ရေတွက်ခြင်းဖြင့် ရေတွက်၍ အစိတ်ဖြစ်သော ရုပ်အဋ္ဌဝီသကို ရူပက္ခန္ဓာ ဟူသော ရေတွက်ခြင်းဖြင့် ရေတွက်အပ်သည် ဖြစ်၍ ခန္ဓာမည်သည်ချည်းဟု ဟောတော်မူသည်။

ထို့ကြောင့် ၎င်းယမိုက်အဋ္ဌကထာ၌–

ရူပံ ခန္ဓောတိ ယံကိဉ္စိ ရူပံ ရူပန္တိ ဝုတ္တံ။ သဗ္ဗံ တံ ခန္ဓောတိ ဝုစ္စတိ။ တတ္ထ ယသ္မာ ပိယရူပသာတရူပသင်္ခါတံ ဝါ ရူပံ ဟောတု ဘူတုပါဒါယရူပံ ဝါ။ သဗ္ဗံ ပဉ္စသု ခန္ဓေသု သင်္ဂဟံ ဂစ္ဆတေဝ။ တသ္မာ အာမန္တာတိ ပဋိဉာနာတိ–ဟူ၍ မိန့်သည်။

ရူပံ ခန္ဓောတိစ္စတ္ထ၊ ရူပံ ခန္ဓောဟူသော ပါဠိ၌။ ယံကိဉ္စိရူပံ၊ အလုံးစုံသော ရုပ်ကို၊ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ တံ သဗ္ဗံ၊ ထိုအလုံးစုံသော ရုပ်ကို။ ခန္ဓောတိ၊ ခန္ဓာမည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထိုပါဠိ၌။ ယသ္မာ၊ အကြောင့်ကြောင့်။ ပိယရူပသာတရူပသင်္ခါတံ၊ ပိယရုပ်၊ သာတရုပ်ဟု ဆိုအပ်သော။ ရူပံ ဝါ၊ ရုပ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ သဗ္ဗံ၊ အလုံးစုံသော ရုပ်ကို။ ပဉ္စသု ခန္ဓေသု၊ ငါးပါးသော ခန္ဓာတို့၌။ သင်္ဂဟံ၊ အထိုက်အလိုက် သမိုက် ပေါင်းစည်းခြင်းသို့။ ဂစ္ဆတေဝ၊ ရောက်သည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ အာမန္တာတိ၊ အာမန္တာ ဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံတော်မူ၏။

ဤသို့ လာသော ပါဠိအဋ္ဌကထာတို့ကို ထောက်၍ ပိယရုပ်တို့ကို နာမက္ခန္ဓာလေးပါးဖွဲ၏ဟု မှတ်ရာသည်။

၆၂၃။ စမုန်နက်ကြက်သွန် ပုံးရည်မွှန်၊ ကိုယ်ဝန်သောက်ဖို့ ဘယ်ချိန်နည်း။ (၉၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကြက်သွန်ဖြူဒေါင့်သုံး တလုံး။ စမုန်နက်နိုင်းချင်း ပုံးရည်နှင့် ကြိတ်၊ ကောက်မိသည့် စလောင်းတွင် ပုံးရည်အပြည့် ထည့်၍ ၎င်းဆေးကို ဖျော် ကိုယ်ဝန်ရှိသူကို မတ်တင်ရပ်စေ၍ တိုက်ပြီးလျှင် ရပ်၍မနေနှင့် အောက်သို့ဆင်း၍သွား ဖွားလွယ်၏။ [ဆန္ဒဝတီဆေးကျမ်း]။

၆၂၄။ အဖြူကြက်သွန်၊ ဒန့်သလွန်၊ ဆီမွှန်နှင့်လျက် ဘယ်ဆေးနည်း။ (၉၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မီးယပ်သွေးမြူး၊ အမူးအမော်၊ အိပ်မပျော်က၊ ဆားလှော်ပက်ကာ၊ လျက်လေပါလေ့။

၆၂၅။ လျောက်ဆယ်တောင်မှန်၊ အိမ်ဆင်ရန်၊ ထားဟန်ထုပ်ဘယ်မျှပေနည်း။ (၉၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

လျောက်ဆယ်တောင်ဖြစ်သော် ထုပ်ကိုးတောင်လည်းကောင်း၊ ခုနစ်တောင်လည်းကောင်း ထားရာ၏။ လျောက်ဆယ်တောင်နှင့် ထုပ်ကိုးတောင်ထားသော် အဝန်းမိုက်ပေါင်း တရာ့တဆယ့်လေးရ၏။ ရှစ်ခုစားလျှင် နှစ်ခုကြွင်းရကား အခိုးသင့်၏။ ရဟန်းတို့နေရာလျော်၏။

လျောက်ဆယ်တောင်နှင့် ထုပ်ရှစ်တောင်ထားသော် အဝန်းမိုက်ပေါင်း တရာ့ရှစ်ရ၏။ ရှစ်ခုစားလျှင် လေးခုကြွင်းရကား ခွေးသင့်၏။ တောသားမုဆိုးတို့၏နေရာ လျော်ရာ၏။

လျောက်ဆယ်တောင်နှင့် ထုပ်ခုနစ်တောင်ထားသော် အဝန်းမိုက်ပေါင်း တရာ့နှစ်မိုက်ရ၏။ ရှစ်ခုစားလျှင် ခြောက်ခုကြွင်းရကား မြည်းသင့်၏။ မြို့ရွာသူကြီးတို့နေရာ လျော်၏။

ထို့ကြောင့် ရှေးပညာရှိတို့ ဆိုသည်ကား—

ထုပ်လျောက်နှစ်ပါး၊ တောင်ဖွဲ့ထား၊ မြှောက်ငြားသုံးခုသာ။
အဋ္ဌဘာဂ၊ ကြွင်းသေသ၊ ဟောပြကျိုးပစ္စာ။
ကောဝဇ၊ ဝါဏိဇ၊ နေထအပ်ကုန်ရာ။
နှစ်ခုသမဏ၊ နိဂါသ၊ ဓူမသင့်သည်သာ။
သုံးခုခြင်္သေ့၊ သင့်ဓလေ့၊ ချမ်းမြေ့မင်းနေရာ။
လေးခုတောလျှိုး၊ ခွေးသင့်နိုး၊ မုဆိုးတို့နေရာ။
ငါးခုသေသ၊ ဒလိဒ္ဒ၊ ဂေါဏသင့်သည်သာ။
လယ်ယာလုပ်ငြား၊ ဆင်းရဲသား၊ အများနေအပ်ရာ။

ခြောက်ခုကြွင်းမျိုး၊ မြည်းသင့်နိုး၊ ပြည်စိုးရှာဇေဠာ။
ခုနစ်သေသာ၊ ကြွင်းလတ်က၊ ဂဇသင့်သည်သာ။
ရာဇာမစ္စ၊ နေထိုက်လှ၊ ချမ်းမြလွန်ကြင်နာ။
သုညာသေသာ၊ ကြွင်းသမျှ၊ သင့်ထ ကျီးကာကာ။
ပြည့်တန်းဆာတို့၊ မွေ့လျော်ဖို့၊ မှတ်တို့မြဲသေချာ။
ထုပ်လျောက်စားနည်း၊ မော်ကွန်းတည်း၊ သိပ်သည်းမှတ်ကုန်ရာ။

ဤလင်္ကာကိုမှီ၍ အကြွင်းသင့်အောင် မိုက်စွန်းနှင့်ထားရမည်။

၆၂၆။ နက်ခြင်းသုံးတန်၊ မြင်းဗွေကြန်၊ မှတ်ရန် ဘယ်အနက်တို့နည်း။ (၉၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား····

မြစ်တွေးနက်စေ။
ပေါင်ခြံနက်စေ။
နှာခေါင်းအောက်က အရိုးနက်စေ။

ဤသုံးပါးနက်မှု ကောင်းသောမြင်းတည်း။

၆၂၇။ မြင်းငါးရာတန်၊ ကွမ်းစားဆန်၊ ပြတ်ဟန်ဘယ်မင်း ရာပြတ်နည်း။ (၉၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုအခါ ငါတို့ ဘုရားအလောင်းတော်သည် ထိုမင်းအထံ၌ ပညာရှိသော ရာပြတ်အမတ်သူကြီးဖြစ်၍ အရပ်လေးမျက်နှာရှစ်မျက်နှာမှ လာကုန်သော ကုန်သည်တို့၏ ဆင်၊မြင်း၊ကျွဲ၊နွား အစရှိသော သဝိညာဏက ဘဏ္ဍာ၊ ရွှေ၊ငွေ၊ပုလဲ၊ပတ္တမြား အစရှိသော အဝိညာဏက ရတနာတို့ကို ထိုက်တန်ရာ အဖိုးပြတ်၏ ရောင်းသူ ဝယ်သား လူအများတို့အား မယွင်းမမှားစေရအောင် ကြပ်မ ပြက်ဆို၍ နေ၏။

မင်းကြီးမှုကား ကြမ်းကြုတ်မျက်သို အလိုရမ္မက်ကြီးသော သဘောရှိ၏။ ထို့ကြောင့် တရံသောအခါ ဤသို့ကြံ၏ "ငါ့ထံ၌နေ သော ဤရာပြတ်သည် ဖြောင့်မတ်သည်ကိုသာ ဆိုလေ့ရှိ၏။ သူတပါးဖထံမှ ဥစ္စာလွန်၍ ပါအောင်ပင် ဆိုလေ့မရှိ။ ဤရာပြတ်ကိုထား၍ ငါ့အား စီးပွားမကြီးနိုင်ရာ။ သူ့ဥစ္စာကို ရအောင်ပြုနိုင်သော လူတယောက်ကို ရာပြတ်ထားဦးမှ သင့်မည်"ဟု ကြံ၍ ခြေသံ့ခံသော တံခါးကိုဖွင့်လျက် မြေဝ်လင်္ကာ နေလေသော် လျှပ်ပေါ် မိုက်မဲသော လူတဦးသည် မင်းရင်ပြင်သို့လာသည်ကို မြင်၍ ခေါ်ပြီးလျှင် "သင်သည် ငါ၏အိုး၌နေ၍ ဘဏ္ဍာအမျိုးမျိုးတို့ကို အဖိုးပြတ်ခြင်းငှါ စွမ်းနိုင်ပါအံ့လော"ဟုမေး၏။ ထိုသူကလည်း "အရှင်မင်းကြီး အကျွန်ုပ်တတ်နိုင်ပါ၏။ အများတကာ တန်ရာအဖိုး ဆိုသည်ကိုလည်း ကျွန်ုပ်ကြားဖူးပါ၏" ဟု

လျှောက်သော် မင်းလည်း ဝမ်းမြောက်ဝမ်းသာလျက် မိမိအလိုရှိရာကို ပြောကြားပြီးမှ ရာပြတ် အရာ၌ ထား၏။

ထိုအခါမှစ၍ လောလဗလ ရာပြတ်သည် အရပ်ရပ်သော ဘဏ္ဍာစုကို အဖိုးပြတ်ဆိုသော် အဖိုးထိုက်သည်ကိုလည်း ယုတ်စေ၍ အဖိုးယုတ်သည်ကိုလည်း များစေ၍ စိတ်ထင်တိုင်းပြတ်ဆို၏။ ယင်းသို့ ပြတ်ဆိုသော်လည်း မင်းအာဏာနှင့် ဌာနန္တရ ရပြီးသူဖြစ်၍ ထိုရာပြတ်ဆိုတိုင်းပင် ရောင်းဝယ်ကြရသတည်း။

တရံသောအခါ ဥတ္တရာပထတိုင်းမှ မြင်းကုန်သည်တဦးသည် မြင်းငါးရာတို့ကို ရောင်းခြင်းငှါ ဆောင်၍ လာခဲ့၏။ဗာရာဏသီပြည်သို့ ရောက်လေသော် မင်းကြီးထံသို့ဝင်၍ရောင်းချင်ကြောင်းကို လျှောက်လတ်သော် ရာပြတ်ကိုခေါ်၍ ပြတ်စေ၏။ လောလဗလရာပြတ်လည်း ပါသမျှသော မြင်းငါးရာတို့ကို ဆန်တကွမ်းစားသာ တန်သည်ဟု ပြတ်၏။ မင်းလည်း ဤရာပြတ်ဆိုတိုင်းဆန် တကွမ်းစားသာ ပေးစေ၏။

ထိုအခါ မြင်းကုန်သည်သည် အလွန် နှလုံးပင်ပန်းခြင်း ရှိသည်ဖြစ်၍ ရှေး ရာပြတ်ဟောင်း ဘုရားအလောင်းထံသို့ လာပြီးလျှင် "ကျွန်ုပ်တွင်ပါသော မြင်းငါးရာကိုပင် ဆန်တကွမ်းစားဖြင့် ရောင်းရသောကြောင့် ပြည်သို့ မပြန်ဝံ့ရှိချေပြီ။ အရှင်ရာပြတ်သည် အကြံပေးတော်မူပါ"ဟု တောင်းပန်၏။ ထိုအခါ ဘုရားအလောင်း ရာပြတ်ကလည်း "အမောင်–ယခုရာပြတ်သည် လာဘ်ကို အလိုရှိ၏။ စုံမက်လောက်သော ဥစ္စာကိုပေး၍ မင်းရင်ပြင်သို့ ရောက်သောအခါ ဤဗာရာဏသီ ပြည်ကို အဖိုးပြတ်ဆိုပါဟု ခမ်းလော့။ ထိုအခါ စိတ်ထင်ရာဆိုလိမ့်မည်"ဟု သင်လိုက်၏။ မြင်း ကုန်သည်ယောကျ်ားလည်း ဘုရားလောင်း သင်လိုက်သည့်အတိုင်း ထုံ လောလဗာလ ရာပြတ် အိမ်သို့သွား၍ ပဏ္ဏာကာရပေးပြီးလျှင် "အရှင်ရာပြတ်မင်း မင်းရင်ပြင်၌ ကျွန်ုပ်မေးသောအခါ ဤ ဗာရာဏသီပြည်ကို အဖိုးပြတ်ဆိုနိုင်ပါကုန်လောဟု မေး၏။ ငါဖိုးဆိုနိုင်၏ဟု ဝန်ခံလျှင် ဆိုတော်မူပါ၊ ကျွန်ုပ်မေးပါမည်"ဟု မှာထား၍ တနေ့သ၌ မင်း၏ရှေ့တွင် စည်းဝေးကြလေသော် မြင်းကုန်သည်က ဤသို့မေး၏ "အရှင်ရာပြတ် ကျွန်ုပ်တွင်ပါသော မြင်းငါးရာကို တန်ရာအဖိုး နှင့် ရောင်းရပေပြီ။ ဤဗာရာဏသီပြည်၏ အဖိုးကို ကျွန်ုပ်သိလိုပါသည် ပြတ်ဆိုတော်မူပါ"ဟု တောင်းပန်၏။ ထိုအခါ လောလဗာလ ရာပြတ်ကလည်း "ထီးနန်းအဆောက်အဦ ဗိုလ်လူသင်းပင်း မင်းနှင့်တကွ ယူဇနာတရာ့နှစ်ဆယ် ဝန်းလျားကျယ်သော ဤဗာရာဏသီပြည်သည် ဆန်တကွမ်း စား အဖိုးတန်သည်"ဟု ဆိုပေ၏။ ထိုအခါ ဥတ္တရာပထတိုင်းသားကလည်း "အရှင်မင်းကြီး အကျွန်ုပ် ဤပြည်ကို ဝယ်လိုပါသည်။ မင်းကြီးရောင်းပါ"ဟု ဆို၏။ ထိုစကားကို ကြားသော အခါ ညီလာခံသဘင်၌ နေကုန်သော မှူးမတ် ပရိသတ်အပေါင်းတို့က "ငါတို့သည် ရှေးရှေးကာ လက မင်းသည်လည်းကောင်း ပြည်သည်လည်းကောင်း အဖိုးအနဂ္ဃဖြစ်သည်ဟု ကြားဖူးပါ သည်၊ ယခု ရာပြတ်ခင်းလက်ထက်မှ ဆန်တကွမ်းစား ထိုက်ကြောင်းကို သိရပေတော့သည်။ အလွန်အံ့ဖွယ်ရှိသော ပဏ္ဍိတယောကျ်ားပေ"ဟု လက်ခုပ် လက်ဝါးတီး၍ ပြက်ရယ်ပြုကြကုန်၏။ ထိုအခါ ဗာရာဏသီမင်းသည် အလွန်ရှက်စွာလျက် မျက်နှာကို အောက်ချ၍ လောလဗာလရာပြတ် ကို အရာမှနုတ်သိမ်းလျက် အထက်ရာပြတ်ဟောင်းကို ပြတ်ဆိုစေရပြန်သတည်း။

ဤသို့စသည်ဖြင့် ကေနိပါတ် တဏ္ဍုလနာဠိဇာတ်၌ လာသောကြောင့် မြင်းငါးရာကို ဆန်တ ကွမ်းစားတန်၏ဟု ပြတ်သောသူသည် ဗာရာဏသီ ဗြဟ္မဒတ်မင်း၏ ရာပြတ်ဟုသိရာသည်။

၆၂၈။ စကြာမင်းမွန်၊ ဖြစ်စလထွန်၊ ကျွန်ပင်ထင်ဓါ မည်သူနည်း။ (၉၇)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မာတုဂါမောနာမ စက္ကဝတ္တိရာဇာနံပိ အတ္တနိ ပဋိဗဒ္ဓစိတ္တံ ဥတ္တာ ဒါသံဝိယ သလ္လက္ခေသိ။

မာတုဂါမောနာမ၊ မာတုဂါမတို့သည်ကား။ စက္ကဝတ္တိရာဇာနံပိ၊ စကြဝတေးမင်းကိုသော်လည်း။ အတ္တနိ၊ မိမိ၌။ ပဋိဗဒ္ဓစိတ္တံ၊ ချစ်ခင်စုံမက် ကြိုက်နှစ်သက်သော စိတ်ရှိသည်ကို။ ဥတ္တာ၊ သိသည်ရှိ သော်။ ဒါသံဝိယ၊ ကျွန်ကဲ့သို့။ သလ္လက္ခေသိ၊ ထင်မှတ်တတ်၏။

ဤသို့ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လာသည်။ ထိုကြောင့် ကဗျာဆရာတို့လည်း....

> မင်းမိန်းမတို့၊ မာနမည်သည်၊ မိမိဆည့်၌၊ ချစ်ရည်စွန်းငြိ၊ ကြင်မှန်းသိက၊ ပြည့်ငြိ သေဌ်နင်း၊ စကြာမင်းကို၊ အိမ်တွင်းကျွန်သွင်၊ အမှတ်ထင်၏....ဟု စပ်သည်။

၆၂၉။ ငှက်ရေသောက်ပြန်၊ ဝေကန်၊ ရေပြန်ဘယ့်ကြောင့် မရှိသနည်း။ (၉၈)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ငှက်ရေသောက်သော်လည်း ခန္ဓာကိုယ်ကို ထောက်ပံ့ရှိသော အနည်းငယ် သောက်သည်ဖြစ်၍ ရေပြန်မဖြစ်လောက်သောကြောင့် ရေပြန်မရှိဟူပေ။

ဘယ်ကဲ့သို့နည်းဟူမူ....ကမ္ဘာဦးသားတို့သည် ထောပတ်ဿနာနှင့်တူသော မြေဆီကို စား သောက်သောအခါ၌လည်းကောင်း, မှိုဖုး, မှိုင့်နှင့်တူသော မြေလွှာကို စားသောအခါ၌လည်း ကောင်း, ပဒါလတာနွယ်ကို စားသောအခါ၌လည်းကောင်း ကျင်ကြီး ကျင်ငယ်တို့သည် မဖြစ် ကုန်။ သလေးဆန်ကို စားသောအခါမှ ကျင်ကြီး ကျင်ငယ်ဖြစ်၍ ထိုကျင်ကြီး ကျင်ငယ်တို့၏ ထွက်ရာ ဒွါရကိုသည် ဖြစ်ရကုန်သကဲ့သို့တည်း။

၆၃၀။ ဂေါ်နွားဆိုဟန်၊ ဘာသာပြန်၊ ကေန်အနက် အဘယ်နည်း။ (၉၉)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဂေါ-ဟူသော မာဂဓသဒ္ဒါ။ နွားဟူသော မြန်မာသဒ္ဒါနှစ်ပါးသည် နွား၏ ခုံ...ကို ဟောသော သဒ္ဒပညတ်ချည်းဖြစ်၍ နွား၏...ကိုယ် တည်းဟူသော ဒြပ်သာလျှင် ...ဖြစ် သည်ဟူပေ။

၆၃၁။ ဝက်စွယ်ရပ်ဌာန်၊ ဖြစ်ရိုးမှန်၊ ထွက်ဟန်ပုလဲ မည်သို့နည်း။ (၁၀၀)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အထက်က ပုလဲမျိုးကို ပြရာ၌ အပြည့်အစုံ အဖြေပါပြီဖြစ်၍ ဆိုင်ရာကိုကြည့်လိုမူ ဖြေခဲ့ပြီး အဲကာရန် ပုစ္ဆာနံပါတ် ၁၉၈·၁၉၉-၂၀၀ အဖြေတို့၌ ကြည့်ကြပါလေ။

၆၃၂။ အဒိန္နဒါန်၊ ကျင့်ကျူးလွန်၊ ပြုဟန် ဘယ်အာရုံသို့နည်း။ (၁၀၁)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အဒိန္နာဒါနံ သတ္တာရမ္မဏံ သင်္ခါရာရမ္မဏံ ဝါ။

ဟူ၍ ခုဒ္ဒကပါဌအဋ္ဌကထာ မိန့်ရကား တပါးသော သတ္တဝါတိုင်းကိုလည်းကောင်း, ဘဏ္ဍာ အစုစုဟူသော သင်္ခါရကိုလည်းကောင်း အာရုံပြု၏။

၆၃၃။ မြေကြီးလှုပ်ရန်၊ ရှစ်ပါးလွန်၊ ချန်၍ဘယ့်ကြောင့် ဟောသနည်း။ (၁၀၂)

ဟူသော အမေးပုစ္ဆာ၌ လိုရင်းကိုသာ မဖြေပဲ အကြောင်းနှင့်တကွ ပြလိုက်ဦးအံ့....

ဝါယော ဓာတုပ္ပကောပေန, ဣဒ္ဓိမတော, ဣဒ္ဓိဝိကုဗ္ဗနေ, ဗောဓိသတ္တဿ မာတုကုစ္ဆိယံ သြက္ကမနေ, နိက္ခမနေ, အဘိသမ္ဗောဓိယံ, ဓမ္မစက္ကပ္ပဝတ္တနေ, အာယုသင်္ခါရ ဝေါဿဇ္ဇနေ, ပရိနိဗ္ဗာနေတိ ဣမေဟိ အဋ္ဌဟိ ကာရဏေဟိ မဟာဘူမိစာလော ဟောတိ။

ဟူ၍ မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူသည်ကို သာရတ္ထသင်္ဂဟ၌ ထုတ်ပြသည်။

မြန်မာဘာသာကား။ ။မြေရေကို ခံသောလေဓာတ် လှုပ်ရှားခြင်းတည်းဟူသော ဝါယောဓာတ် ပျက်သဖြင့်လည်းကောင်း, တန်ခိုးကြီးသောသူ၏ တန်ခိုးဖန်ဆင်းခြင်းကြောင့် ဘုရားလောင်းတို့ မယ်တော်၏ဝမ်း၌ ပဋိသန္ဓေ ယူသောကြောင့်လည်းကောင်း, ဖွားတော်မူသောကြောင့်လည်း ကောင်း, ဘုရားဖြစ်တော်မူသောကြောင့်လည်းကောင်း, ဓမ္မစကြာတရားကို ဟောတော်မူသော ကြောင့် လည်းကောင်း အာယုသင်္ခါရ လွှတ်တော်မူသောကြောင့်လည်းကောင်း, ပရိနိဗ္ဗာန် ပြုတော်မူသောကြောင့်လည်းကောင်း, ဤရှစ်ပါးသော အကြောင်းတို့ကြောင့် မြေလှုပ်ခြင်းသည် ဖြစ်၏။

ထိုရှစ်ပါးတို့တွင် ပဌမအကြောင်းသည် ဥတုပျက်ခြင်းကြောင့် ဓာတ်ဖောက်ပြန်၍ လှုပ်၏။ ဒုတိယအကြောင်းသည် တန်ခိုးအာနုဘော်ကြောင့် လှုပ်၏၊ တတိယအကြောင်း, စတုတ္ထ အကြောင်းတို့ကား ကုသိုလ်ကံ၏ တန်ခိုးကြောင့် လှုပ်၏။ ပဥ္စမအကြောင်းကား ဉာဏ်၏ တန်ခိုးကြောင့် လှုပ်၏။ ဆဋ္ဌမအကြောင်းကား ကောင်းချီးပေးသဖြင့် လှုပ်၏။ သတ္တမ

အကြောင်းကား သနားသည်၏ အဖြစ်ဖြင့် လှုပ်၏။ အဋ္ဌမအကြောင်းကား ငိုကြွေးသော အကြောင်းဖြင့် လှုပ်၏။

အယံ မဟာ ဿဝိ၊ ဤမြေကြီးသည်။ အပရေသုပိ၊ ဤရှစ်ပါးမှ တပါးလည်း ဖြစ်ကုန်သော။ အဋ္ဌသု ကာရ ဏသု၊ ရှစ်ပါးသော အကြောင်းတို့ကြောင့်။ ကမ္ပတ္ထ၊ တုန်လှုပ်၏။ မဟာဘိနိက္ခမနေစ၊ တောထွက်တော်မူသော အခါ၌လည်းကောင်း။ ဗောဓိမဏ္ဍုပသင်္ကမနေစ၊ ဗောဓိမဏ္ဍိုင်သို့ ကပ်သောအခါ၌လည်းကောင်း။ ပံသုကူလဂ္ဂဟဏေစ၊ ပံသုကူသင်္ကန်းကောက်သောအခါ၌လည်း ကောင်း။ ပံသုကူလဓောဝနေစ၊ ပံသုကူ သင်္ကန်းဖွပ်သောအခါ၌လည်းကောင်း။ ကာဠကာရာမသုတ္တေစ၊ ကာဠကာရာမသုတ်ကို ဟောတော်မူသောအခါ၌လည်းကောင်း။ ဂေါတမသုတ္တေစ၊ ဂေါတမသုတ်ကို ဟောသောအခါ၌လည်းကောင်း။ ဝေဿန္တရဇာတကေစ၊ ဝေဿန္တရဇာတ်ကို ဟောသောအခါ၌လည်းကောင်း။ ဗြဟ္မဇာလေစ၊ ဗြဟ္မဇာလသုတ်ကို ဟောသော အခါ၌လည်း ကောင်း။ ဣတိဣမေသု အဋ္ဌသုဌာနေသု၊ ဤရှစ်ပါးသော အရာတို့၌။ က မ္ပိတ္ထ၊ တုန်လှုပ်ပြီ။ [ရင်းသာရတ္ထသင်္ဂဟ]။

မနုဿလောကေ၊ လူ့ပြည်၌။ ဘုဋ္ဌမာနာနံ၊ စည်းစိမ်ချမ်းသာကို ခံစားကုန်သော။ မဟာ ပုညာနံ၊ ကြီးသောဘုန်းရှိကုန်သော။ ရာဇာ မဟာမတ္တာဒီနံ၊ မင်း, မင်း၏အမတ် အစရှိကုန် သော သူတို့အား။ ပညာယမာနာနံ၊ ထင်လတ်ကုန်သော။ ဥက္ကပါတဘူမိစာလ စန္ဒဂ္ဂါဟာဒီနံ၊ ဥက္ကာပျံခြင်း, မြေလှုပ်ခြင်း, လကြတ်ခြင်း အစရှိကုန်သော။ နိမိတ္တာနံ၊ နိမိတ်တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ မဟာပဒါနသုတ္တဝဏ္ဏနာဒီသု၊ မဟာပဒါနသုတ် အဋ္ဌကထာ အစရှိသည် တို့၌။ ဝိသုံ၊ အသီး။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဣတော၊ ဤဆိုအပ်ခဲ့ပြီးသော အကြောင်းရှစ်ပါးမှ။ အညေသုပိ၊ တပါးလည်းဖြစ်ကုန်သော။ ကာရဏေသု၊ အကြောင်းတို့ ကြောင့်။ ပဒေသပထဝိကမ္ပနဥ္စ၊ တစိတ်တဒေသသော မြေလှုပ်ခြင်းသည်လည်းကောင်း။ မဟာ- ပထဝိကမ္ပနဥ္စ၊ များစွာသော မြေလှုပ်ခြင်းသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣတိဝေ၊ ဤသို့။ အနေကေသု၊ များစွာကုန်သော။ ပထဝိကမ္ပနကာရဏေသု၊ မြေလှုပ်ခြင်း၏အကြောင်းတို့သည်။ ဝိဇ္ဇမာနေသု၊ ထင်ရှားကုန်လျက်။ ကိမတ္ထံ၊ အဘယ်အကျိုးငှါ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အဋ္ဌေဝ၊ ရှစ်ပါးသာလျှင် ဖြစ်ကုန်သော။ ပထဝိကမ္ပနကာရဏာ၊ မြေလှုပ်ခြင်း၏ အကြောင်းတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သနည်း။ ဣတိအယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ တေသံ ယေဝ၊ ထိုရှစ်ပါးသော မြေလှုပ်ခြင်းတို့၏သာလျှင်။ နိယမတ္တာ၊ မြဲသည်၏အဖြစ်ကြောင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ သေသာနံ၊ ရှစ်ပါးမှ ကြွင်းကုန်သော မြေလှုပ်ခြင်းတို့၏။ အနိယမတ္တာ၊ မမြဲသည်၏အဖြစ်ကြောင့်။ နဝုတ္တာ၊ မဟောအပ်။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေတ ဗ္ဗာ၊ ဖြေအပ်၏။

ဝါယောဓာတုကောပန, ဣဒ္ဓိဝိကုဗ္ဗန အစရှိသော အကြောင်းရှစ်ပါးတို့ကြောင့် မြေလှုပ်ခြင်း ကား အမြဲအားဖြင့် အမှန်ဖြစ်သည်။ ဤမှတပါးသော အကြောင်းတို့ကြောင့် လှုပ်ခြင်းကား မမြဲ မဟုတ်သောကြောင့် အလွန်ကိုချန်၍ ဟော၏ ဟုလိုသည်။

၆၃၄။ ပစ္စယုပ္ပန်၊ ဟေတုမှန်၊ ဟောရန် ဘယ်မျှရှိသနည်း။ (၁၀၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဟေတုပစ္စည်း၏ ပစ္စယုဒ္ဓေသ၌ သရုပ်တို့သည် ပစ္စည်း, ပစ္စယုပ္ပန်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဤဟိတ်ခြောက်ပါး တို့သည် ဟေတုပစ္စည်းဟပ်သော တရားမည်ကုန်၏။ သဟိတ်စိတ် စေတသိက်၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏ ဟူ၍ ပဋ္ဌာန်းရာသီစဉ်၌ လာသဖြင့် သိရာ၏ ဟူပေ။

၆၃၅။ နှာခေါင်းပြတ်မှန်၊ ချိပ်ဆက်ပြန်၊ လူတန် ဘယ်မင်း အမတ်နည်း။ (၁၀၄)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်အမည်ရှိသော မင်းကြီးသည် မင်းမှု သတည်း။ ထိုအခါ မင်း၏အထံ၌ ယောက်သောပုဏ္ဏားသည် မင်းအား ပန်းပဲတို့က ဆက်လာ သော သန်လျက်၏ ကောင်းမကောင်းသော လက္ခဏာကို ကြည့်ရှုကာ ဖတ်ဆိုရသတည်း။ ထိုပုဏ္ဏားလည်း ဆောင်လာသမျှသော သန်လျက်ကို နှာခေါင်းဖြင့် နမ်း၍ "ဤသန်လျက်ကား သံကောင်း၏။ မင်္ဂလာရှိ၏။ ဤသန်လျက်ကား သံမကောင်း။ မင်္ဂလာမရှိ"ဟူ၍ ဖတ်ဆို၏။ ထိုပုဏ္ဏားသည် စဉ်းလဲသော သဘောရှိရကား အကြင်သူတို့၏လက်မှ တံစိုးလက်ဆောင်ကိုရအံ့။ ထိုသူတို့၏သန်လျက်ကို ကောင်းသည်ဟုဆို၏။ အကြင်သူ၏လက်မှ တံစိုးကိုမရအံ့။ ထိုသူ၏ သန်လျက်ကို မကောင်းဟု ကဲ့ရဲ့၏။

တရံသောအခါ ပန်းပဲတဦးသည် သန်လျက်ကိုထက်စွာလုပ်၍ ငရုတ်မှုန့်ညက်တို့ကို လိမ်းကျံ ပြီးလျှင် သန်လျက်အိမ်၌ သွင်း၍ မင်းထံသို့ ဆောင်လေသော် မင်းသည်း ထိုပုဏ္ဏားကိုခေါ်၍ ကောင်း မကောင်းကို စူးစမ်းလော့ဟုဆို၏။ ပုဏ္ဏားလည်း သန်လျက်ကို အိမ်မှထုတ်ပြီးလျှင် အသွားကိုနမ်းလေသော် ထို၌ကပ်သော ငရုတ်မှုန့်တို့သည် နှာခေါင်းသို့ ဝင်၍ ထက်ဝန်းကျင် သော ကိုယ်လှုပ်လျက်ချေလတ်ရကား နှာခေါင်းသို့ သန်လျက်သွားဖြင့်ထိ၍ ပြတ်လေ၏။ မင်း ကြီးလည်း ဆေးသမားတို့ကို ခေါ်၍ ကုသဖြင့် အနာ ပျောက်ပါသော်လည်း နှာခေါင်းပိမ့် လျက် နေရကား နေခင်မင်းပွဲသဘင်သို့ ဝင်သောအခါ ချိပ်ကိုနှာခေါင်းပုံလုပ်၍ ဆက်စပ်ပြီး ဝင်ရ၏။

ဤသို့ ကနိပါတ် အသိလက္ခဏဇာတ်၌ လာသည်ကိုရည်၍ ပုစ္ဆာပြုရကား ဗာရာဏသီပြဟ္မဒတ် မင်း၏အမတ်ဟူပေ။

၆၃၆။ မမြင်ကျိုးကျွန်၊ လက်ညှိုးညွှန်၊ လူလွှန် ဘယ်မင်းပုဏ္ဏားနည်း။ (၁၀၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စူဠနီဗြဟ္မဒတ်မင်းကြီးသည် ထီးဆောင်းမင်းတို့နှင့် တကွ မိထိလာပြည်ကို ရံသောအခါ မဟောသဓာက စေလွှတ်အပ်သော အနုကေဝဋ္ဋပုဏ္ဏား ဟူပေ။

[ထိုပုဏ္ဏား၏ လက်ညှိုးညွှန်ဟန်ကို မဟောသဓာတ်တော်၌ ထင်ရှားပြီ]။

၆၃၇။ နှစ်ဆယ့်ငါးတန်၊ ခိုးခြင်းမှန်၊ ခိုးဟန်မည်သို့ မည်သို့နည်း။ (၁၀၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အဒိန္နာဒါနိသိက္ခာပုဒ်၌ ဟောတော်မူသော ခိုးခြင်းအပြား နှစ်ဆယ့်ငါးပါးဟူသော်ကား....

နာနာဘဏ္ဍပဉ္စက
ကေဘဏ္ဍပဉ္စက
သာဟတ္ထိကပဉ္စက
ပုဗ္ဗပယောဂပဉ္စက
ထေယျာဝဟာရပဉ္စက

ဟူ၍ ပဉ္စကအားဖြင့် ငါးငါးအပြားရှိ၏။

ထိုတွင်-နာနာဘဏ္ဍပဉ္စက ဟူသော်ကား ...အာဒိယေယျ၊ ဥယျာဉ်၊ အာရာမ် ကျောင်းကန်လယ်ယာ အစရှိသည်ကို တရားဆင်၍ ယူခြင်းလည်းကောင်း။ ဟရေယျ၊ မိမိဆောင်ခဲ့သော သူ၏ ဥစ္စာကို ယူခြင်းလည်းကောင်း။ အဝဟရေယျ၊ မိမိထံ၌ နှံထားသော ဥစ္စာကို ယူခြင်းလည်းကောင်း။ ဣရိယာပထံ ဝိကောပေယျ၊ ဣရိယာပုထ်ကို ပျက်စေ၍ယူခြင်းလည်းကောင်း။ ဌာနာစာဝေယျ၊ တည်ရာမှရွေ့စေ၍ ယူခြင်းလည်းကောင်း။ ဤမေ၊ ဤငါးပါးတို့သည်။ နာနာဘဏ္ဍပဉ္စက၊ အဝိညာဏက, သဝိညာဏက ရောယှက်ပူး အထူးထူးသော ဘဏ္ဍာကိုယူရာ ငါးပါး အပေါင်းတို့တည်း။

ဧကဘဏ္ဍပဉ္စက ဟူသော်ကား... အာဒိယေယျ၊ သူ့ကျွန်, သူ့နွား, သူ့မယားကို တရားဆင်၍ ယူခြင်းလည်းကောင်း။ ဟရေယျ၊ မိမိဆောင်ခဲ့သော ကျွန်, နွားစသည်ကို ယူခြင်းလည်းကောင်း။ အဝဟရေယျ၊ မိမိထံ၌ နှံထားသော ကျွန်, နွား စသည်ကို ယူခြင်းလည်းကောင်း။ ဣရိယာပထံဝိကောပေယျ၊ ဣရိယာပုထ်ကို ပျက်စေ၍ ယူခြင်းလည်းကောင်း။ ဌာနာစာဝေယျ၊ ထားရာမှ ရွေ့စေ၍ ယူခြင်းလည်းကောင်း။ ဤမေ၊ ဤငါးပါး အပေါင်းပဉ္စကသည်။ ဧကဘဏ္ဍပဉ္စက၊ သဝိညာဏကဘဏ္ဍာချည်းယူရာ ပြား ငါးပါး အပေါင်းကိုတည်း။

သာဟတ္ထိကပဉ္စက ဟူသော်ကား... သာဟတ္ထိကော၊ မိမိကိုယ်တိုင်ခိုးခြင်း လည်းကောင်း။ အာဏတ္တိကော၊ သူကိုခိုးစေ၍ ခိုးခြင်းလည်းကောင်း။ နိဿဂ္ဂိယော၊ လွှတ်လိုက်သော ထွေးပြင်

ခိုးခြင်းလည်းကောင်း။ အတ္တသာဓကော၊ မခိုးမီက ကံမြောက်ရခြင်း တည်းဟူသော အကျိုးကို ပြီးစေတတ်သော ခိုးခြင်းလည်းကောင်း။ ဓုရနိက္ခေပေါ၊ ဝန်ချ၍ ခိုးခြင်းလည်းကောင်း။ ဣမေ၊ ဤငါးပါးတို့သည်။ သာဟတ္ထိကပဥ္စကံ၊ သာဟတ္ထိကပဥ္စက မည်၏။

ပုဗ္ဗပယောဂပဥ္စက ဟူသော်ကား .. ပုဗ္ဗပယောဂေါ၊ သူကိုစေရာ ရှေးအခါက ဖြစ်သော ခိုးခြင်းလည်းကောင်း။ သဟပယောဂေါ၊ တံသင်းကျောက်တိုင်ကို ပြောင်းသည်နှင့် တကွဖြစ်သော ခိုးခြင်း လည်းကောင်း။ သံဝိဓာဝဟာရော၊ ညီညွတ်တိုင်ပင်၍ ခိုးခြင်းလည်းကောင်း။ သင်္ကေတကမ္မံ၊ ချိန်းချက်သော အမှုကို ပြု၍ ခိုးခြင်းလည်းကောင်း။ နိမိတ္တကမ္မံ၊ မျက်မှောင်ချီခြင်း လက်ပြခြင်းတို့ကို ပြု၍ ခိုးခြင်းလည်းကောင်း။ ဣမေ၊ ဤငါးပါးတို့သည်။ ပုဗ္ဗပယောဂပဥ္စကံ၊ ပုဗ္ဗပယောဂ ပဥ္စက မည်၏။

ထေယျာဝဟာရပဥ္စက ဟူသော်ကား....ထေယျာဝဟာရော၊ ချိန်စဉ်းလဲ, တင်းစဉ်းလဲ, သပြာစဉ်းလဲ သည်ဖြင့် ခိုးခြင်းလည်းကောင်း။ပသယှာဝဟာရော၊ အနိုင်အထက် နှိပ်စက်ဖိစီး၍ ယူခြင်းလည်းကောင်း။ ပရိကပ္ပါဝဟာရော၊ ဥစ္စာ, အရပ်ကို ကြံစည်၍ ခိုးယူခြင်းလည်းကောင်း။ ပဋိစ္ဆန္နာဝဟာရော၊ မြက်သစ်ရွက်ဖြင့်သည်ဖြင့် ဖုံးလွှမ်း၍ ခိုးခြင်းလည်းကောင်း။ ကုသာဝဟာရော၊ ကမ္ပည်းတံ ပြောင်း၍ ခိုးခြင်းလည်းကောင်း။ ဣမေ၊ ဤငါးပါးတို့သည်။ ထေယျာဝဟာရပဥ္စကံ၊ ထေယျာဝဟာရပဉ္စက မည်၏။

ဤသို့ ဝိနည်း အဋ္ဌကထာ လာသည်ကိုမှီ၍ အဒိန္နာဒါန်နှစ်ဆယ့်ငါးပါး အပြားကိုသိအပ်၏။ အကျယ်ကိုကား သမန္တပါသာဒိက အမည်ရသော ပါရာဇိကဏ် အဋ္ဌကထာ၌ ထင်ရှားစွာရှိပြီ။ ဤ၌ကား အမျိုးကောင်းသားတို့ ဆောင်ရွက်လွယ်ရုံသာ အကျဉ်းရေးလိုက်သည်။

၆၃၈။ ဗိန္ဒုထိုးရန်၊ သင်္ကန်းစွန်၊ ထွာချန်ဆို၏ ကျမ်းလာနည်း။ (၁၀၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ကပ္ပဗိန္ဒုကို သင်္ကန်းအနားမှ တထွာချန်၍ ထိုးရမည်"ဟု ဝိနည်း အဋ္ဌကထာ ဋီကာကျမ်းတို့၌ လာသည်ကို မတွေ့စဖူး၊ နံစံရေးသော ဆရာတို့ ရေးသည်ကိုသာ တွေ့ဖူးသည်။ ၎င်းကပ္ပဗိန္ဒုထိုးဟန်ကို ပါစိတ် အဋ္ဌကထာ၌—

> တဥ္စ ပန .ကပ္ပံ အာဒိယန္တေန စီဝရံ ရဇိတွာ စတူသု ဝါ ကောဏေသု တီသု ဝါ ဒွီသု ဝါ ဧကသ္မိံ ဝါ ကောဏေ မောရဿ အက္ခိ မဏ္ဍလ မတ္တံဝါ မင်္ကုလပိဋ္ဌိမတ္တံ ဝါ အာဒါတဗ္ဗံ။ မဟာပစ္စရိယံ ပတ္တေ ဝါ ဂဏ္ဌိယံ ဝါ နု ဝဋ္ဋတီတိ ဝုတ္တံ။ မဟာအဋ္ဌကထာယံ ပန ဝဋ္ဋတိ ယေဝါတိ ဝုတ္တံ-ဟူ၍ မိန့်တော်မူသည်။

တဥ္စ ပန ကပ္ပံ၊ ထိုကပ္ပဗိန္ဒုကိုလည်း။အာဒိယန္တေန၊ ယူလိုသော ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ ရဇိတွ ၊ဆိုးပြီး၍။ စတူသု ဝါ ကောဏေသု လေးထောင့်တို့၌လည်းကောင်း။တီသု ဝါ ကောဏေသု၊ သုံးထောင့်တို့၌လည်းကောင်း။ ဒွီသု ဝါ ကောဏေသု၊ နှစ်ထောင့်တို့၌လည်းကောင်း။ ဧကသ္မိံ ဝါ-ကောဏေ၊ တခုသော ထောင့်၌လည်းကောင်း။ မောရဿ၊ ဥဒေါင်း၏။ အက္ခိမဏ္ဍလမတ္တံ ဝါ၊

မျက်စိအဝန်းမျှလောက် လည်းကောင်း။ မဂ်လပိဋ္ဌိ မတ္တံ ဝါ၊ ကြမ်းပိုး ကျောက်ကုန်းမျှလောက် လည်းကောင်း။ အာဒါတဗ္ဗံ၊ ယူအပ်၏။ မဟာပစ္စရိယံ၊ မဟာပစ္စရိက် အဋ္ဌကထာ၌။ ပတ္တေ ဝါ၊ ဖနားပတ်ထက်၌ လည်းကောင်း။ ဂဏ္ဌိယံ ဝါ၊ ခါးပတ်အိမ်၌ လည်းကောင်း။ န ဌပေတဗ္ဗံ၊ မထိုးအပ်ဟူ၍။ ဝုတ္တံ၊ မိန့်အပ်၏။ မဟာအဋ္ဌကထာယံ ပန၊ မဟာအဋ္ဌကထာ၌ကား။ ဝဋ္ဋတိ-ယေဝ၊ ထိုးအပ်သည်သာတည်း။ ဣတိ ဝုတ္တံ၊ ဤသို့ဆို၏။

ကခါ်စသည်တို့၌လည်း ရှင်းနည်းတူပင် လာသည်။ သာရတ္ထဒီပနီ၊ ဝဇိရဗုဒ္ဓိ, ဝိမတိဋီကာတို့၌လည်း အထူးမဖွင့်ကြချေ။ ထို့ကြောင့် ကျမ်းလာပင်ဟု မဆိုနိုင်။ အာစရိယဝါဒပင် ဖြစ်သော်လည်း သင့်တင့်က ယူရမြဲဖြစ်သည် ဟူပေ။

၆၃၉။ ဝန်တိုရိုးမှန်၊ ပြုစုပြန် ပဒဋ္ဌာန်ရင်း ဘယ်သို့နည်း။ (၁၀၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဝန်တိုခြင်း ဟူသော မစ္ဆရိယ၏ ပဒဋ္ဌာန်ကား – အတ္တသမ္ပတ္တိ ပဒဋ္ဌာန်၊ မိမိစည်းစိမ်လျှင်နီးစွာသော အကြောင်းရှိ၏။ ပြုစုခြင်း ဟူသော ဝတ္တ၏ ပဒဋ္ဌာန်ကား– ပရသမ္ပတ္တိပဒဋ္ဌာန် သူတပါး၏ စည်းစိမ်လျှင် နီးစွာသော အကြောင်းရှိ၏။

၆၄၀။ ဘေးဘျမ်းကင်းရန်၊ သစ်လဲဟန်၊ ကျမ်းဂန် မည်သို့လာသနည်း။ (၁၀၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဆဋ္ဌဘိညာ၊ တာပသတို့၊ လောကဤရွာ၊ လူဗိုလ်ပါအား၊ ချမ်းသာဖို့လမ်း၊ သစ်လဲကျမ်းကို၊ ခွဲခြမ်းညွှန်ခဲ့သည်ကား၊ နေ့ခုနစ်မည်၊ ရှိသည်အနက်၊ ရှေ့ဦး တနင်္ဂနွေအိမ်ဆောက်ချက်၊ ပြိုးဝေမှိုင်မြိုင်၊ ဦးရှူတိုင်၏၊ ဖူးခိုင်ညွှန့်ညှောက်၊ စရွေးအောက်တွင်၊ ထွာလောက်ရပ်ကွက်၊ ထိုအချက်တွင်၊ ခေါင်းသက်မျက်သော၊ ရှိမြဲပေဟု၊ ထုတ်ဖွေကျမ်းဆိုမြွက်၏၊ စည်းစိမ် အသက် အန္တရာယ်၊ ပယ်လော့ချင်ကို၊ မပယ်လိုမူ၊ ထိုဦးရှူအား၊ ရွှေမြောက်ပါးက၊ ထားသည်သစ်၌၊ လဲလှယ်စိုက်မူ၊ ဖိုးထိုက်ရတနာ၊ ကောင်းပြုစွာနှင့်၊ ချမ်းသာပြိုးမောက်ကယ်လိမ့်။

တနင်္လာဝယ် အိမ်ဆောက်ဘိ၊ တိုင်အနောက်မြောက်၊ ယက်မအောက်တွင်၊ ကြောက်ဖွယ်မျက်ဆွေး၊ အပြစ်ပေး၍၊ သားမြေးသေစစ် ရှိ၏၊ ပယ်လိုဘိက၊ ပယ်ပါစေ၊ မပယ်ချင်လည်း၊ သို့စင်ပါ၊ တိုင်နှယ်မျှကို၊ ဒေါသထုတ်ကာ၊ ယတြာကို၊ ကောင်းစွာလုပ်ဆောင်၊ အရှေ့တောင်က၊ စိုက်ထောင်သန့်ရှင်း၊ သစ်များပင်နှင့်၊ တိုင်ချင်းလဲပြောင်း၊ စိုက်တုံရှောင်းက၊ ခြေလေးချောင်းပြတ်၊ ရမချွတ်သည်၊ ဥပဒ် ပျောက်ပျက်ပြေလိမ့်။

ဘောမဝါရေ အိမ်ဆောက်လေ၊ မြောက်သစ်ဝင်က၊ အလယ်ကျနှင့်၊ ယက်မအောက်နား မထင်ရှားဖူး၊ ပိုးမွှားပုရွက်၊ ဝင်ထွက်လောက်ရှုံ၊ မေးမွှန်မွှန်သည်၊ အမြုံခေါင်းသက်တွေ့လိမ့်၊

ငယ်သည်ဟူ၍ မပေါ့လင့်၊ ကျွဲနွားဆင်မြင်း၊ သေပျောက်ယွင်းလိမ့်၊ ချက်ချင်း ပယ်ဖြုတ်၊ သို့မဟုတ်ပဲ၊ မနုတ်ပစ်လို၊ ပြုန်သည်ဆိုမူ၊ ထိုအိမ်ဝယ်သာ၊ တောင်မျက်နှာက၊ စဉ်ကာစိုက်လစ်၊ အလယ်သစ်နှင့်၊ လှည့်ရစ်ပြန်ခေါက်၊ လဲတုံမြောက်က၊ နုတ်အောက်မဆွယ်၊ ကညာမယ်ကို၊ ရဖွယ်ကိန်းခန်းသင့်၏။

ဆင်မင်းနံ့သော် ဗုဒ္ဓဟူး၊ ကျောင်းအိမ်ထိုရှေ့၊ ဆောက်သရွှေကား၊ အရှေ့မြောက်နေ၊ တိုင်အောက်ခြေမှာ၊ မြေနှင့်နီးပါး၊ တတောင်ခြားတွင်၊ ထင်ရှားအမျက်၊ ရှိအံ့ထွက်သည်၊ ဆက်ဆက် မလွှဲဖူးသည့်၊ သားမြေးမထူး ချစ်သည်ကျွန်၊ ထိုဒေါမျက်ကြောင့်၊ သေပျက်တတ်စွ၊ နုတ်ပယ်ချလော့၊ ပယောဂညာဏ်၊ ကူလုံပြန်မူ၊ ရပ်ဌာနိဘူမိ၊ နရတိဝယ်၊ ရှိသည်တိုင်နှင့်၊ လဲသဖြင့်ကား၊ ယခင့်ချစ်သူ၊ မသေမူ၍၊ အဖြူစုတ်ဝင်ပြန်အံ့။

ဂုရုရက်မှန်အိမ်ရာဆောက်၊ အရှေ့စွန်းက၊ ထောက်ရှည်ခွတင်၊ ဒေါသပစ္စာ၊ အခေါင်းပါ၍၊ ဝမ်းနာဝမ်းဖော၊ ပဒ္ဒဝါနှင့်၊ စိတ်သောက ကြီးရောက်အံ့၊ လျင်လျင်ပယ်ဖျောက် ထိုတိုင်ကို၊ ဗေဒင်သတ္တိ၊ ရှိ-မချိကို၊ သိလိုသောထွေ၊ မပယ်နေလည်း၊ လယ်ဗေ့ကြွခိုင်၊ နွှခေါင်တိုင်နှင့်၊ အပြိုင်သိုက်မြိုက်၊ လဲ၍စိုက်မူ၊ ကိုယ်၌ရောဂါ၊ ကင်းစင်ကွာပြီး၊ ချမ်းသာမောက်ဤမိုလိမ့်။

ပူးမင်းနံ့ကြုံဟ် သောကြာကြိုက်၊ ကျောင်းအိမ်ကြီးငယ်၊ ဆောက်ရာဝယ်၌၊ အလယ်ထောက်မ၊ ခွကစ၍၊ ထွာမျှပိုင်းခြား၊ အောက်အနားတွင်၊ စဉ်းစား၍ရှာ၊ အခေါင်းပါသည်၊ ရောဂါရင်ဝယ် ဆိုက်လိမ့်၊ ပယ်လိုပယ်လိုက်၊ နေလိုနေ၊ ယတြာခကြောင်း၊ အဆင်းကောင်းလျှင်၊ မင်းလောင်း ပျောက်ဘိ၊ တုံးစံရှိပြီ၊ ပစ္စိမန္တ၊ ခေါင်ထောက်မနှင့်၊ ဌာနလည်းလျှည့်၊ လဲ၍ထည့်မူ၊ ရောက်မည့် ရောဂါ၊ လွှတ်ကင်းကွာ၍၊ ရှုသာလျှောက်ပတ်၊ တန်းဆာမြတ်ကို၊ မချွတ်ရတို့လေလိမ့်။

သောရိ စနေနေ့ကိုကား၊ နောက်တောင်မြင့်ဖြူး၊ တိုင်ထိပ်ဖူး၌၊ ဘီလူးနေရာ၊ မျက်သေးပါ၍၊ အိမ်ရာစိုးရ၊ ပုရိသလျှင်၊ ခဏသေဆုံးပါလိမ့်၊ ကံတရားလည်း မှန်စေတော့၊ သို့ဆိုကတည်း၊ လုံ့လသည်း၍၊ ပေါင်းစည်းခုခံ၊ ဥပတ္တံကြောင့်၊ ကြံစည်တိုင်းမြောက်၊ ချမ်းသာရောက်သည်၊ လန့်ကြောက်အားမလျှော့နှင့်၊ ယုတ်မာသွမ်းသော့ ထိုသည့်တိုင်၊ နောက်မြောက်နုပ်ပျော်၊ တိုင်သူဇော်နှင့်၊ နုတ်ဖယ်လဲလှယ်၊ ပရိယာယ်ကြောင့်၊ အန္တရာယ်ရှင်း၊ သေဘေးကင်း၍၊ ဆင် မြင်း နွား ကျွဲ၊ သောက်သောက်လဲအောင်၊ လာဘ်ပွဲလှိုင်ကြီးလိုင်လိမ့်၊ ပင်္ဒေသာခိုင် ညာဏ်ပဂေး၊ လောကလူ့ဘုံ သုံးပကုန်အောင်၊ ပြည့်စုံခက်လက်၊ ညာဏ်သီးရွက်ကို၊ ပြည့်နှက်ဆွတ်ချွေပေးသည်။ ။ ကံကျွေးပါရမီတည့်လေး။ ။ဤလက်ာဖြင့်သိရာ၏ဟူပေ။

၆၃၁။ ဘူမိနက်သန်၊ အိမ်ရာကြန်၊ ရွေးရန်ထုံးစံ မည်သို့နည်း။ (၁၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား—

ဘူမိနက်သန်၊ ရွေးချယ်ရန်ကို၊ ဝေဖန်စိတ်ဖွေ၊ သိသာစေပိမ့်၊ သင်းနွေပန်းတူ၊ အဆင်းဖြူ၍၊ လှိုင်ကြူအေးမိုတ်၊ ကြာတံဆိပ်နံ့၊ သင်းပျံ့ပျံ့လျက်၊ နူးညံ့သောကား၊ မြေပုဏ္ဏားတည့်၊ အုတ်သား တူပြီ၊ ကြန်ကြန်နီလျက်၊ ညီညီသင်းဘိ၊ ရနံ့ရှိမူ၊ သိရိမင်္ဂလာ၊ မြေသြဇာတည့်၊ ငါဝါရွှေရွှေ၊

အဆင်းနေလျက်၊ ညှာကြွေရှိဖြား၊ ပွင့်နံ့သွားမူ၊ ထူးပြားစွာလှ၊ မြေသမဏတည့်၊ စိမ်းမြည်ပြိုပြာ၊ မည်းရောင်လာလျက်၊ ခတ္တာပွင့်နံ့၊ ပျံ့သော်မှတ်ရေး၊ မြေသဋ္ဌေးတည့်။ ဤလေးမျိုးမြေ၊ အိမ်တည်လေမူ၊ ရွှေငွေရတနာ၊ ဥစ္စာလည်းပွား၊ မြင်း၊ နွား၊ ကျေးကျွန်၊ အလွန်ပွားစီး၊ သားသမီးတို့၊ ဘုန်းကြီးသက်ရှည်၊ ကောင်းညွန့်ဇည်လိမ့်၊ နို့ရည်ထပ်မျှ၊ ဆင်းဖြူလှနှင့်၊ အေးမြချောမွတ်၊ လွန်နူးထွတ်မူ၊ မြေမြတ်ဌာန၊ ကုဋ္ဌမြွတည့်၊ နေရမူကား၊ ချမ်းသာများလျက်၊ ထင်ရှားကြေငြာ၊ ကောင်းကြွယ်စွာလိမ့်၊ နီပြားရယှက်၊ အကွက်အကွက်၊ ကျောက်ပြုတ်ဖက်၍၊ မာခက်ကြံ့ကြံ့၊ ဆပ်ပြာနံ့လျှင်၊ ပျံ့လတုံက၊ မြေဒါသတည့်၊ နေသမျှလူ၊ သက်မူရှည်လျား၊ စီးပွားချမ်းသာ၊ သင့်ရှိသာတည့်။ လယ်ယာဉယျာဉ်၊ လုပ်ငန်းရှင်လျက်၊ အဂ္ဂဉ်ရှည်စွ၊ သက်မွေးရလိမ့်၊ မိဂအကွိ၊ နွားမျက်စိသို့၊ နက်ဘိအေးမြ၊ ဘူဗေယဉ်၊ ရာဇဂေဟာ၊ နန်းတည်ပါမူ၊ အာဏာတန်ခိုး၊ နေနှယ်တိုး၍၊ လူမျိုးတကာ၊ချစ်ကြင်နာလျက်၊ကညာသမီး၊ ပြောင်ကြီးမုန့်သောက်၊ ဆက်ကရောက်လိမ့်၊ ကြီးမြောက်တေဇော် တက်ဖြိုးတည်း။

မြေ၏သဏ္ဌာန်၊ ကျိုးပေးဟန်ကား၊ ကောင်းမွန်သာယာ၊ ဇည်မျက်နှာသို့၊ ညီစွာမြေဒွိ၊ အိမ်ဝ ညံ့စိုက်မူ၊ ထိခိုက်ရောဂါ၊ သောကဘယာ၊ ပြစ်ပေါင်းကွာ၏၊ ပမာလိပ်ကျော၊ ကုန်းငေါငေါ ထက်၊ နေသောသူကား၊ သားမယားနှင့်၊ များစွာကွေကွင်း၊ မင်းလည်းမျက်ငြို၊ ကိုယ်လည်း မချမ်း၊ ဥစ္စာနွမ်းအံ့၊ တောင်ဝှမ်းကမ်းစောက်၊ အိုးငင်းမှောက်သို့၊ မလျောက်ပတ်ရာ၊ နေသည် မှာကား၊ ဥစ္စာပျောက်ပျက်၊ သားဆက်သမီး၊ ဆင်းရဲကြီးလိမ့်၊ နောက်ဘီးမြင့်ဘော၊ ဆင်ခြေလျော ဉ်၊ နေသောသူမှာ၊ ဥစ္စာထိုမျှ၊ ရရပျောက်ပျောက်၊ ကြက်လောက်တမျှ၊ ရှာစားရအံ့၊ အိမ်ဝဒွိ ဝယ်၊ ဖြိုးကယ်မှောက်ဘိ၊ မြေလုံးရှိမူ၊ ကြံဘိလှယ်ကာ၊ မကြာခဏ၊ ကောင်းကြွယ်လေလိမ့်၊ အိမ်မှ မြောက်ရပ်၊ ကုန်းရှိလပ်မူ၊ ရိပ္ပပ်ချောက်ချား၊ ရောဂါများအံ့၊ အိမ်ပါးအိမ့်အောက်၊ တလျောက် တွင်းကျင်း၊ နိုးနင်းနိမ့်ပြင့်၊ ရှိလင့်ချေလတ်၊ သေပျောက်တတ်၏၊ ကော့ညွတ်ရှိုင်းရှိုင်း၊ လောက်လေးကိုင်းသို့၊ ချိုင့်ဝှမ်းရာပြေ၊ အိမ်တည်လေမူ၊ ကျက်သရေပွား၊ ရန်မျိုးရှားလျက်၊ သားသမီးပုံ၊ လွန်ပြည့်စုံလိမ့်၊ မြေခုံလယ်ခေါင်၊ အိမ်တည်ထောင်သော်၊ အိမ့်တောင်အိမ့်နောက်၊ အိမ်၏မြောက်သို့၊ ပတ်လျောက်ရစ်ခွေ၊ တံကျေရေလျှင်၊ စီးထွေလှည့်လျက်၊ ရွှေသို့ဆက်မူ၊ စုံမက် ဖွယ်သာ၊ ဤနေရာကား၊ သပြာဒိန်းမျှ၊ အဖိုးရလည်း၊ နဝိက္ကယာ၊ မရောင်းရာတည့်၊ ဥစ္စာပွားစ်း၊ လွန်ဘုန်းကြီးလျက်၊ သီးသီးလူမျိုး၊ ခိုဝင်လျှိုးအံ့၊ ရန်မျိုးအောင်လှ၊ ဘူနာထ သည်။ ။သုခစည်ပင် ပွားတိုးတည်း။

ဤသစ်လဲကျမ်း၊ မြေရွေးကျမ်းပုစ္ဆာင်း ပြဿနာနှစ်ရပ်ကို မှတ်သင့်လှသောကြောင့် သွင်း၍ ဖြေလိုက်သည်။

[ဤနသတ်ပုစ္ဆာတို့ကို ပျေးအဖြေစာ၌ တဝက်ခန့်ပါ၏။ ပါသော်လည်း မဆိုင်သည့်အရာသာ များသည်]။

"ဟန်"ကာရန်ပုစ္ဆာ ၁၁၀-ပုဒ် အဖြေပြီး၏။

(၂၀) "အနဲ့"ကာရန်ပုစ္ဆာ ၆-ပုဒ် အဖြေ။

၆၄၂။ နေ့တိုင်းညဏ်ညွန့်၊ ဘုရားကွန့်၊ အစွန့်ဘယ်တိုင် ရောက်သနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒိဝသေ ဒိဝသေ ပုရေဘတ္တ ပစ္ဆာဘတ္တ ပဌမယာမ မဇ္ဈိမယာမ ပစ္ဆိမယာမေသု ဗုဒ္ဓကိစ္စကာရဏံ။

ဟူသော ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာတို့နှင့် အညီ—

၁။ နေ့တိုင်းမပြတ် ကုဋေနှစ်သန်း လေးသိန်းသော ဖလသမာပတ်ကို ဝင်စားတော်မူ၍ ထိုသမာပတ်မှ ထပြီးလျှင် နံနက်အခါ ရောက်လာကုန်သော လူပရိသတ်, ရဟန်းပရိသတ်တို့အား လျောက်ပတ်သော တရားဒေသနာကို ပြ၍ ဆုံးမတော်မူခြင်း၊ ကျွတ်ထိုက်သော သတ္တဝါကို မြင်လျှင် ကိုယ်တိုင်ကြွ၍ ဆုံးမကယ်ချွတ်တော်မူခြင်း၊ ပင့်ဖိတ်ကုန်သော ဒါယကာတို့၏ အာမိသကို ခံတော်မူခြင်း တည်းဟူသော ပုရေဘတ္တကိစ္စ။

၂။ နေလွဲသောကာလ၌ တခဏမျှ နေ့သန့်၍ ညချမ်းသောအခါ ဆည်းကပ်လာကုန်သော ဥပါသကာ, ဥပါသိကာ, ဘိက္ခု, ဘိက္ခုနီ တည်းဟူသော ပရိသတ်လေးပါးတို့အား စရိုက်နှင့် လျော်စွာ ကမ္မဋ္ဌာန်းပေးခြင်း၊ တရားဟောခြင်း၊ ဇာတ်နိပါတ်ဒေသနာကို ကောင်းစွာညွှန်ပြခြင်း တည်းဟူသော ပစ္ဆာဘတ္တကိစ္စ။

၃။ ညဉ့်ဦးအခါ စည်းဝေးလာကုန်သော ရဟန်းပရိသတ်တို့အား ပညတ်ထိုက်သော အကြောင်းအားလျော်စွာ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း။ ထိုနှင့်လျောက်ပတ်သော တရားစကားကို မျှားစွာပြညွှန်းခြင်း၊ ရောက်လာကုန်သော အာဂန္တုက ရဟန်းတို့အား မေးမြန်းပြောဟောတော်မူခြင်း တည်းဟူသော ပုရိမယာမကိစ္စ။

၄။ မဇ္ဈိမယံအခါတွင် မေးလျှောက်လာကုန်သော နတ်ပရိသတ်တို့အား ပြဿနာကိုဖြေခြင်း၊ သာသနာတော်၌ ဆန့်ကျင်ကုန်သော ရဟန်းတို့အား ကုက္ကုစ္စကင်းစိမ့်သော၄ါ ဇာတ်နိပါတ်ဒေသနာဖြင့် ကောင်းစွာဖြေဖျောက်တော်မူခြင်း တည်းဟူသော မဇ္ဈိမယာမကိစ္စ။

၅။ ပစ္ဆိမယံအခါ ရူပကာယတော်ကို သက်သာစိမ့်သော၄ါ သုံးဖို့တဖို့ခန့် သီဟသေယျဖြင့် ကျိန်းတော်မူပြီးလျှင် လင်းအားကြီးအခါ၌ မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူ၍ ဂန္ဓကုဋိတိုက်မှသည် တသောင်းသော လောကဓာတ်၏ စကြဝဠာ နရန်းထိအောင် ကျွတ်ထိုက်သော ဝေနေယျတို့ကို တနေ့မပြတ် ကြည့်တော်မူခြင်း တည်းဟူသော ပစ္ဆိမယာမကိစ္စ။

ဤငါးပါးသော ဗုဒ္ဓကိစ္စတို့ကို ပြုတော်မူသည်။ ဤသို့ ကမ်းဂန်လာသောကြောင့် နေ့တိုင်း ရှုမျှော်အပ်သော ညဏ်တော်ကွန့်ရက်သည် စကြဝဠာ တသောင်းတိုင်အောင် ရောက်၏ဟု သိရသည်။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၌—

ဘဂဝါ ဗလဝပစ္စူသသမယေ မဟာကရုဏာ သမာပတ္တိတော ဝုဋ္ဌာယ ပုဗ္ဗဗုဒ္ဓေသု ကတာဓိကာရာနံ ဉဿန္နကုသလမူလာနံ ဝေနေယျဗန္ဓဝါနံ ဒဿနတ္ထံ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေန္တော ဒသသဟဿစက္ကဝါဠေသု ဉာဏဇာလံ ပတ္ထရိ။ ။ဟူ၍ ဆိုတော်မူသည်။

သာရတ္ထသင်္ဂဟ၌လည်း –

အဝသေသရတ္တိဘာဂဋ္ဌ ဝီတိနာမေတွာ ပစ္စူသသမယေ ဒသသဟဿိလောကဓာတုံ ဩလောကေသိ။ ။ဟူ၍လာသည်။

အနက်ကားလွယ်၏။

၆၄၃။ ခေါင်းဖြတ်၍လွန့်၊ တတွန့်တွန့်၊ စွန့်ရန်ဝိညာဉ် ကြွင်းလိမ့်နည်း (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဦးခေါင်းကို ဖြတ်လိုက်သော် ကိုယ်တလွန့်လွန့်နေသော သတ္တဝါ၌ ဝိညာဉ်ကြွင်းသေးသောကြောင့် လွန့်သလောဟူရာ၌ ဝိညာဉ်မကြွင်းပြီ။ ဦးခေါင်းဖြတ်သည်နှင့် တပြိုင်နက်ပင် နာမက္ခန္ဓာလေးပါး ရူပက္ခန္ဓာတရားတို့သည် ချုပ်သွားလေပြီ။ စိတ္တဇရုပ်၏ အဟုန်ကြောင့် အလုံးစုံသော ဥတုဇရုပ် အဆက်ဆက်သာ တုန်လှုပ်ခြင်းရှိသည် ဟူပေ။

အဘယ်ကဲ့သို့နည်းဟူမူ။ အဝိညာဏက ဗာဟိရရုပ်မျှသာဖြစ်သော ကြိမ်နွယ်သစ်ခက်တို့ကို ခုတ်ဖြတ်လိုက်သော် ထိခိုက်ခြင်း၏ အာနုဘော်ကြောင့် နောက်၌အကြာပင် တုန်လှုပ်ခြင်းဖြစ်သကဲ့သို့တည်း။

ဦးခေါင်းပြတ်လျှင် ဝိညာဉ်ချုပ်ကြောင်းကို အဘယ်ကိုထောက်၍ သိသနည်းဟူမူ—ဝိနယမဥ္ဇူ-သာ စသော ဋီကာတို့၌—

အင်္ဂေသု ဥတ္တမအင်္ဂတ္တာ ဥတ္တမင်္ဂံ။ ဟတ္ထပါဒါဒိအင်္ဂေသု ဆိန္နေသုပိ ဇီဝိတံ န နိရုဇ္ဈတိ။ သိရသ္မိံ ပန ဆိန္နေ တင်္ခဏေ နိရောဓော ဟောတိ။

ဟူ၍ မိန့်တော်မူသောကြောင့် ဦးခေါင်းပြတ်လျှင် ရုပ်ဇီဝိတ, နာမ်ဇီဝိတနှင့် တကွသော ခန္ဓာငါးပါးတို့ ချုပ်လေ၏ဟု သိရသတည်း။

၆၄၄။ ဖြဟ္မာလက်ဖြန့်၊ သောင်းတိုက်ခန့် ရောင်ကွန့်အဘယ် တန်ခိုးနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မဟာဖြဟ္မာဟို့ လက်တချောင်းထောင်လျှင် စကြဝဠာတသောင်းလုံး လင်းနိုင်ခြင်းသည် အဘယ်တန်ခိုးနည်းဟု မေးရာ၌ တန်ခိုးပျိုးသည်—

အဓိဋ္ဌာနာဿဒ္ဓိ,
ဝိကုဗ္ဗနာဿဒ္ဓိ,
မနောမယာဿဒ္ဓိ,
ဉာဏဝိပ္ဖါရာဿဒ္ဓိ,
သမာဓိဝိပ္ဖါရာဿဒ္ဓိ,
အရိယာဿဒ္ဓိ,
ကမ္မဝိပါကဇာဿဒ္ဓိ,
ပုညဝတောဿဒ္ဓိ,
ဝိဇ္ဇာမယာဿဒ္ဓိ,
ဘာဝနာမယာဿဒ္ဓိ—

အားဖြင့် ဆယ်ပါးအပြားရှိသည်တွင် ရှုပစျာန်ကို ရခြင်းငှါ အားထုတ်သော ကုသိုလ်ကံ၏ အကျိုးဆက်ကြောင့်ဖြစ်သော တန်ခိုးဖြစ်သည့်ကြောင့် ကမ္မဝိပါကဇိဒ္ဓိမည်၏ ဟူပေ။ ထိုကမ္မဝိပါကဇိဒ္ဓိသည် အထူးထူးသော သတ္တဝါတို့၌ ထိုက်သည့်အားလျော်စွာ ဖြစ်ရကား များသော အပြားရှိ၏။

ထို့ကြောင့် သာရတ္ထသင်္ဂဟ၌—

သဗ္ဗေသံ ပက္ခီနံ၊ ဈာနံ ဝါ ဝိပဿနံ ဝါ ဝိနာယေဝ အာကာသေန ဂမနံ၊ တထာ သဗ္ဗေသံ ဒေဝါနံ ပဌမကပ္ပိကာနဉ္စ ဧကစ္စာနံ မနုဿာနံ တထာ ပိယင်္ကရမာတာ ယက္ခိနီ ဖုဿ မိတ္တာဒီ ဝေမာဒီနံ ဧကစ္စာနံ ဝိနိပါတိကာနံ အာကာသေန ဂမနံ ကမ္မဝိပါကဇိဒ္ဓိနာမ။ ဟူ၍ မိန့်သတည်း။

အနက်ကား။ ။သဗ္ဗေသံ၊ အလုံးစုံကုန်သော။ ပက္ခီနံ၊ ငှက်တို့အား။ ဈာနံ ဝါ၊ ဈာန်ကို လည်းကောင်း။ ဝိပဿနံ ဝါ၊ ဝိပဿနာကိုလည်းကောင်း။ ဝိနာယေဝ၊ ကြဉ်၍သာလျှင်။ အာကာသေန၊ ကောင်းကင်ဖြင့်။ ဂမနံ၊ ပျံသွားနိုင်ခြင်းသည်လည်းကောင်း။ တထာ၊ ထို့မှတပါး။ သဗ္ဗေသံဒေဝါနံ၊ ခပ်သိမ်းကုန်သော နတ်တို့၏။ အာကာသေ ဂမနဉ္စ၊ ကောင်းကင်ဖြင့် သွားခြင်း သည်လည်းကောင်း။ ပဌမကပ္ပိကာနံ၊ ကပ်ဦးတည်ခါ ဗြဟ္မာ့ရွာမှ သက်လာကုန်သော ဗြဟ္မာ နတ်မြတ် ဥပပတ်တို့၏။ အာကာသေဂမနဉ္စ၊ ကောင်းကင်ဖြင့် သွားခြင်းသည်လည်းကောင်း။ ဧကစ္စာနံ၊ အချို့ကုန်သော။ မနုဿာနံ၊ မနုဿမင်း အစရှိကုန်သော လူတို့၏။ အာကာသေဂမနဉ္စ၊ ကောင်းကင်ဖြင့် သွားခြင်းသည် လည်းကောင်း။ တထာ၊ ထို့မှတပါး။ ပိယင်္ကရမာတာယက္ခိနီ၊ ပိယင်္ကရ၏အမိဖြစ်သော ဘီလူးမ။ ဖုဿမိတ္တာ ဓမ္မဂုတ္တာတိ ဝေမာဒီနံ၊ ဖုဿမိတ္တာ ဓမ္မဂုတ္တာ မည်သော သူ အစရှိကုန်သော။ ဧကစ္စာနံ၊ အချို့ကုန်သော။ ဝိနိပါတိကာနံ၊ ဝိနိပါတိက အသုရာတို့၏။ အာကာသေန၊ ကောင်းကင်ဖြင့်။ ဂမနဉ္စ၊ သွားခြင်းသည်လည်းကောင်း။ ကမ္မဝိပါကဇိဒ္ဓိနာမ၊ ကံအကျိုးကြောင့်ဖြစ်သော တန်ခိုးမည်၏။

ဤအဋ္ဌကထာ၌ ကောင်းကင်၌သွားခြင်းကိုသာ ကမ္မဝိပါကဇိဒ္ဓိဟူ၍ ပြသည်။ စကြဝဠာ တသောင်းတိုင်အောင် ထွန်းလင်းနိုင်သော အရောင်ရှိခြင်း တည်းဟူသော တန်ခိုးကို မပြ ရကား ဆရာ၏စကားသည် မေးရင်းပုစ္ဆာနှင့် ခုတ်ရာတပါး ရှရာတခြားမရှိသော ဟူဖြေးဖွဲ့_

ဘာဝနာဂုဏ်ဖြင့် ပြီးသော ဘာဝနာမယိဒ္ဓိသည်၊ ဤကမ္မဝိပါကဇိဒ္ဓိ၌ ဝင်ရကား ခုတ်ရာတပါး ရှရာတခြား မဖြစ်သင့်သည်ပင် ဟူ၏။

ထို့ကြောင့် ဋီကာအဋ္ဌကထာ၌—

အပိစ ကမ္မဝိပါကဇိဒ္ဓိနာမေသာ နာဂါနံ နာဂိဒ္ဓိ၊ သုပဏ္ဏာနံ သုပဏ္ဏိဒ္ဓိ၊ ယက္ခာနံ ယက္ခိဒ္ဓိ၊ ဒေဝါနံ ဒေဝိဒ္ဓိ၊ ရာဇူနံ ရာဇိဒ္ဓိတိ ဧဟုဓာ။

အစရှိသည်ဖြင့် ပြတော်မူသည်။

အဓိပ္ပာယ်ကား။ ။မြင်ရုံနှင့် သေစေတတ်သော နဂါး၊ ကိုက်သဖြင့် သေစေတတ်သော နဂါး ထိသဖြင့် သေစေတတ်သော နဂါးတို့ကို မြင်၍လည်းကောင်း၊ ကိုက်၍လည်းကောင်း သေရခြင်းသည် နဂါးတို့၏တန်ခိုးမည်၏။ သမုဒ္ဒရာထဲ၌ နေသော အလံတရာ အလံနှစ်ရာ ရှိသော နဂါးတို့ကို တောင်ဟုန်လေဖြင့် ရေကိုခွဲ၍ ယူနိုင်ခြင်း စသည်တို့သည် ဂဠုန်တို့၏ တန်ခိုးမည်၏။ နတ်ဘီလူးတို့သည် မလာမသွားမထိမါး မပုတ်ခတ်ပဲလျက် စောင်းမဲရုံဖြင့်လည်း ကောင်း၊ ထိတ်လန့်စေရုံဖြင့်လည်းကောင်း၊ သတ္တဝါတို့ကို ပျက်စီးစေခြင်း၊ အထူးထူးသော ရုပ် အဆင်းတို့ကို မြင်စေခြင်းတို့သည် နတ်ဘီလူးတို့၏ တန်ခိုးမည်၏။ ဝေဿဝဏ္ဏနတ်မင်းသည် သောတာပန်မဖြစ်မီက မျက်စောင်းတည်းဟူသော လက်နက်ဖြင့် ကြည့်လိုက်သည်ရှိသော် အထောင်အသောင်းသော ကုမ္ဘဏ်ဘီလူးတို့၏ သေကြေပျက်စီးခြင်းသည်လည်းကောင်း၊ နေနတ်သား လနတ်သားတို့၏ စကြဝဠာတိုက်အလုံးကို ထွန်းလင်းနိုင်သော အရောင်ကို ရခြင်းသည် လည်းကောင်း၊ ပြဟ္မာတို့၏ လက်ပမ်းသံဖြင့် စကြဝဠာအများကို ကြားစေနိုင်ခြင်း။ လက်ဆယ် ချောင်း အရောင်ဖြင့် တထောင်သော လောကဓာတ် တသောင်းသောလောကဓာတ်တို့ကို နှံ့စပ် အောင်ထွန်းလင်းစေနိုင်ခြင်းသည် လည်းကောင်း၊ နတ်ပြဟ္မာတို့၏ တန်ခိုးမည်၏။ ဤတန်ခိုး အပေါင်းသည် ကမ္မဝိပါကဇိဒ္ဓိချည်းဟု မှတ်ရာသည်။

၆၄၅။ မန္တာတ်မင်းညွှန့်၊ နတ်ပြည်ကွန့်၊ အစွန့်ဘယ်လောက် ကြာသနည်း။ (၄)၊

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား၊…

ဤ၌ အစွန့်သဖွယ်သည် ခရီးကိုမဟော၊ နှစ်ကာလကိုဟော၏။ မန္တာတ်မင်း နတ်ပြည်သို့တက်၍ နေသည်ကား ကာလ ဘယ်မျှလောက် ကြာသနည်း' ဟုဆိုသည်။

အဖြေကား မင်းမဟာရာဇ် နတ်ပြည်၌ လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းရှစ်သောင်း လေးထောင်။ တာဝတိံသာ နတ်ပြည်၌ နှစ်ပေါင်း ရှစ်သောင်း လေးထောင်။ ထိုနေရာ၌ သိကြား မင်းသုံးဆယ့်ခြောက်ပါး ထိသည့်ပြင် ၍ နှစ်ပေါင်း ကုဋေတရာ့နှစ်ဆယ့် ကိုးကုဋေခြောက်သန်းနေ ရသည်။ နှစ်စုလုံးကိုပေါင်းသော် ကုဋေတရာ့နှစ်ဆယ့်ကိုးကုဋေ ခြောက်သန်းရှစ်သောင်း လေး ထောင် နတ်ပြည်၌ကြာ၏ဟု သိရမည်။

တွက်ပုံကား.. နတ်သက် တထောင်ကိုတည်။ သုံးဆယ့်ခြောက်ခုနှင့်မြှောက်။ နတ်၏အတွက်ဖြစ် သော နှစ်ပေါင်း သုံးသောင်းခြောက်ထောင်ဖြစ်၏။ နတ်သက် တထောင်လျှင် လူတို့၏အရေ

အတွက် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်း ဖြစ်သောကြောင့်၊ ထို သုံးကုဋေ ခြောက်သန်းကို တည်။ သုံးဆယ့်ခြောက်ခုမြှောက်။ လူတို့အရေအတွက်နှစ်ပေါင်း တရာ့နှစ်ဆယ့်ကိုးကုဋေ ခြောက်သန်း ဖြစ်၏။ ၎င်း နှစ်ပေါင်းတွင် စတုမဟာရာဇ်၌ နေခဲ့သော ရှစ်သောင်း လေးတောင်ကို ရော၊ နတ်ပြည်၌နေသော နှစ်ပေါင်း တရာ့နှစ်ဆယ့် ကိုးကုဋေ ခြောက်သန်း ရှစ်သောင်း လေးထောင် ဖြစ်၏။

တာဝတိံသာ၌နေသော နှစ် ရှစ်သောင်း လေးထောင်ကား ယခင့် သိကြား သုံးဆယ့်ခြောက်ဆက်တွင် ဝင်ဆေသောကြောင် အသီးမရေတွက်သည်။

ဤဇာတ်ဒေသနာကို မနာရဖူးသောသူတို့အား ထင်ရှားစိမ့်သောငှာ ဇာတ်ဒေသနာကို မြန်မာပြန်လိုက်ဦးအံ့....

လွန်လေပြီးသော ကပ်ဦးအစ၌ မဟာသမ္မတမင်းသည် ဖြစ်၏။ ထို မင်းသားကား ရောဇမင်း ၎င်းသား ဝရရောဇမင်း။ ၎င်းသား ကလျာဏမင်း။ ၎င်းသား ဝရကလျာဏမင်း။ ၎င်းသား ဥပေါသထမင်း။ ၎င်းသား မန္ဓာတ်မင်းသည်ဖြစ်၏။ ထိုမန္ဓာတ်မင်းသည် ရတနာ ခုနစ်ပါး၊ တန်ခိုးလေးပါးတို့နှင့် ပြည့်စုံလျက် စကြာဝဠာ တိုက်အလုံးကို လွှမ်းဖုံး၍ မင်းပြု၏။ လက်ဝဲလက်ကိုခွေ၍ လက်ယာလက်ဖြင့် လက်ပမ်းခတ်ပြီးလျှင် ကောင်းကင်သို့ ကြည့်သည်ရှိသော် အလျဉ်ထန်စွာ ရွာသောမိုးကြီးကဲ့သို့ မြေကြီး၌ ပုဆစ်မြုပ်မျှလောက်သော ရတနာမိုးတို့သည် ထစ်ကြိုးလျက် ရွာရကုန်၏။ ပုံတောင်းအကန့် အကွက်တို့နှင့် ပြည့်စုံသော ကောင်းကင်မြေကို လှစ်ခွဲ၍ သွားနိုင်သော စကြာရတနာကို ရသည်ဖြစ်၍ ထိုစကြာရတနာကိုရှေ့တင်လျက် ကောင်းကင်ခရီးဖြင့် ဗိုလ်ပါပရိသတ်နှင့်တကွ လေးကျွန်းလုံးကို လှည့်လည်လျက် နံနက်စာ မစားမီ ကုသဝတီနေပြည်တော်သို့ ပြန်ရောက်နိုင်၏။ ဤအတူ တနံနက်ခြင်းဖြင့် လေးကျွန်းလုံးကို လှည့်လည်နိုင်သော ဥပေါသထဆင်ပျံ၊ အာဇာနေယျ မြင်းပျံတို့ကိုလည်း ရတော်မူ၏။ သမုဒ္ဒရာကမ်းနား၌ ရပ်၍ လက်ညှိုးညွှန်လျှင် ထက်ဝန်းကျင် ရှိကုန်သော ရွှေ၊ ငွေ၊ ပုလဲ၊ မျက်ရွဲ၊ ရတနာတို့သည် အစာရှိရာ ငါးလာ၍ ဟပ်သကဲ့သို့ ရွရွတွားကာလာ၍ လက်ညှိုး၌ တွယ်ရသော သဌေးကြီးရတနာနှင့်လည်း ပြည့်စုံ၏။ အံ့ဖွယ်တဆယ့်နှစ်ပါးရှိသော မိဖုရားကြီးရတနာ။ သားကြီးရတနာတို့နှင့်လည်းပြည့်စုံ၏။ အလိုဆန္ဒဟူသမျှကို တခဏချင်းဖြင့် ပြည့်စုံစေတတ်သော မဏိဇောတိရသ်ပတ္တမြားရတနာကိုလည်း ရတော်မူ၏။ ယင်းသို့သော ဘုန်းအာနုဘော်နှင့် ပြည့်စုံသော စကြာမင်းသည်လူတို့တွက်စစ် နှစ်ပေါင်း ရှစ်သောင်းလေးထောင်တိုင်တိုင် သူငယ်၏အဖြစ်ဖြင့် မြူးတူးကစား၏။ ရှစ်သောင်းလေးထောင်တိုင်တိုင် အိမ်ရှေ့မင်း၏ အဖြစ်ဖြင့် မင်းပြု၏။ ရှစ်သောင်းလေးထောင်တိုင်တိုင် စကြာဝတေးမင်း၏ စည်းစိမ်ကိုခံစား၏။

တရံသောအခါ လူ၏ရွာ၌ ကာမဂုဏ်ချမ်းသာကို ခံစားသော ကာမတဏှာကို ပြည့်စေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ဆန္ဒကျင်သော စိတ်ဖြစ်ရကား အမတ်များကိုခေါ်၍ တိုင်ပင်တော်မူ၏။ "အမတ်တို့ ငါ၏ ရှေးကောင်းမှုကြောင့်ဖြစ်သော ဤလူမင်း စည်းစိမ်သည် မြိန်နိုးဖွယ်မရှိ၊ ပျင်းရိငြီးငွေ့သောစိတ်သည် ဖြစ်၏။ ဤထက်သာ၍ မွေ့လျော်ရာ စည်းစိမ်သည် အဘယ်အရပ်၌ ရှိသေးသနည်း"ဟု မေး၏။ အမတ်တို့ကလည်း "အရှင်မင်းမြတ် နတ်ပြည်၌ နတ်တို့၏ စည်းစိမ်သည် ဤတက်မွေ့လျော်ဖွယ် ရှိပါသေး၏"ဟု လျှောက်ကြသော် နတ်ပြည်သို့သွားခြင်းငှာ စကြာရတနာကို ရွှေကရားဖြင့် ရေသွန်း၍ တိုက်တွန်းပြီးလျှင် ထက်ဝန်းကျင်ခစားသော ပရိသတ်နှင့်တကွ စတုမဟာရာဇ်နတ်ပြည်သို့ တက်လာ၏။

ထိုအခါ စတုမဟာရာဇ် နတ်မင်းကြီးတို့သည် နတ်ပြည်တို့၌ဖြစ်သော အဖျော်ယမကာ ပန်းနံ့သာလက်စွဲကုန်လျက် ခရီးဦးကြိုဆိုကုန်၍ ထိုနတ်ပြည်၌ မင်းအဖြစ်ကို ပေးရကုန်၏။ နတ်သမီးအပေါင်းနှင့်တကွ ကာမချမ်းသာကို ခံစားလျက် အနှစ်ရှစ်သောင်းလေးထောင် ရှည်လျားလတ်သော် အားမရပဲ လွန်ကဲသည်ကို တောင့်တသော တဏှာကြောင့် ဆန္ဒကျင်စွာသော စိတ်ဖြစ်ပြန်၍ "ဤနေရာထက်သာလွန်၍ မွေ့လျော်ဖွယ်ရှိသော စည်းစိမ်သည် အဘယ်၌ ရှိသေးသနည်း" ဟု မေးပြန်၏။ စတုမဟာရာဇ်နတ်တို့ကလည်း "ဤထက်သာလွန်သော စည်းစိမ်သည်တာဝတိံသာ၌ ရှိပါသေး၏"ဟု လျှောက်သော် ထိုနတ်ပြည်သို့ သွားလိုသော အကြံတော်ဖြစ်ပြန်၍ တဖန်စကြာရတနာကို ရေသွန်း၍ တိုက်တွန်းပြီးလျှင် မြင်းမိုရ်ထိပ်ပြင်၌ တည်သော တာဝတိံသာသို့ တက်လာပြန်၏။

သိကြားမင်းလည်း နတ်အပေါင်း ခြံရံလျက် နံ့သာ ပန်းမန်စသော ပူဇော်ဖွယ်နှင့်တကွ ခရီးဦးကြိုဆို၍ ထို တာဝတိံသာသို့ ရောက်လျှင် မိမိတွင်ရှိသော နတ်သမီးပရိသတ် ထက်ဝက်ကိုပေး၍ နတ်ပြည်ကိုလည်း တခြမ်းဝက်၍ မင်းမူစေ၏။ ထိုအခါ မန္ဓာတ်မင်း၏ သားကြီး ဝရမင်းသည် စကြာရတနာကို ယူ၍ ပါလာသော ပရိသတ်နှင့်တကွ လူ့ပြည်သို့ ပြန်လာ၍ ကုသဝတီပြည်၌ မင်းပြုကာ နေ၏။

တာဝတိံသာနတ်ပြည်၌လည်း မန္ဓာတ်မင်း, သိကြားမင်းနှစ်ပါးတို့သည် မင်းပြိုင်မူကြ၍ လူတို့၏နှစ်ဖြင့် သုံးကုဋေခြောက်သန်းမျှကြာသော် သိကြားမင်း ကံကုန်လေ၍ နောက်သိကြားမင်းတဦး မင်းမူပြန်၏။ ဤသို့သောနည်းဖြင့် သိကြားမင်း သုံးဆယ့်ခြောက်ဆက်တိုင်အောင် မန္ဓာတ်မင်းသည် ပြကတေ့သောလူတို့၏ ကိုယ်ဖြင့် နတ်မင်း၏အဖြစ်ကို ပြုရန် မငြီးငွေ့ပဲ နတ်ချမ်းသာကို ခံစားကာ နေသည်တွင် တနေ့သ၌ ဤသို့ အကြံဖြစ်၏။ "ငါသည် ဤတာဝတိံသာ၌ ထက်ဝက်သော မင်းချမ်းသာကို ခံစားရသေး၏။ သိကြားမင်းကို သတ်၍ အလုံးစုံသော နတ်ပြည်ကို ယူရမှုကား သာ၍ ပျော်ပါးဖွယ် ဖြစ်လတ္တံ့"ဟု ကြံ၏။ ဤသို့ ကြံသည်ကို သိကြားမင်းသိလျှင် "ဤမင်းသည် ပျက်စီးချိန်အခါ တန်၍ မကြံအပ်သော အရာကို ကြံချေပြီ။ ဤနတ်ပြည်မှ ရွေ့စေတော့အံ့"ဟု ကြံ၍ မန္ဓာတ်မင်း အိပ်ပျော်သောအခိုက် မန္ဓာတ်မင်းကို ဆောင်ခဲ့၍ ကုသဝတီပြည်၏အနီး ဥယျာဉ်ကြီး၌ ချထားလှာ၏။

ဥယျာဉ်မှူးသည် မန္ဓာတ်မင်းကြီး ရောက်လာသည်ကို မြင်လျှင် မြို့တွင်းသို့ဝင်၍ သားတော်တို့အား အကြောင်းကို လျှောက်ကြား၏။ သားတော် မြေးတော် မှူးပေါ် ပတ်ဘော်တို့လည်း ဖြဖြလာ၍ ကောင်းစွာ ပူဇော်ပြီးမှ မင်းပြုပါမည်အကြောင်းဖြင့် တောင်းပန်ကြကုန်၏။

မန္ဓာတ်မင်းကလည်း "ငါမင်းမပြုလိုပြီ ဤဥယျာဉ်၌ ရဟန်းတရားကိုသာ အားထုတ်ကာနေတော့အံ့"ဟု ဆို၍ သားတော်တို့ကို ဆောင်နှင်း၏။ မန္ဓာတ်မင်းလည်း ရှည်မြင့်သဖြင့် အိုခြင်းနာခြင်းသို့ရောက်၍ အနုဋ္ဌာနသေယျဖြင့် မထနိုင်သောအခါ မှူးမြော်လာကုန်သော မှူးမတ်တို့က "အရှင်မင်းမြတ်–အကျွန်ုပ်တို့အား မှတ်သားလောက်အောင်မိန့်တော်မူပါ"ဟုတောင်းပန်ကြသည်တွင် "သင်အမတ်တို့–လူခပ်သိမ်းတို့အား ပြောကြားရစ်လေကုန်။ ငါဟူ၍အရှင်ဖြစ်သော မန္ဓာတ်မင်းကြီးသည် အရံကျွန်းငယ်နှစ်ထောင်နှင့်တကွသော ကျွန်းကြီးလေးရပ်၏ အုပ်ကွပ်ပိုင်စိုးရသော လူ၏ချမ်းသာ၊ စတုမဟာရာဇ်, တာဝတိံသာနတ်ရွာနှစ်ထပ်၏ ထက်ဝက်ရပ်သော စည်းစိမ်ကိုခံစံလျက် နတ်သက်ကို အစိုးရသော နတ်မင်းချမ်းသာကို နှစ်သချာအားဖြင့် အသင်္ချေမျှလောက်

ခံစံရသော်လည်း တဏှာဟူသော ရမ္မက်တရားသည် မပြည့်နိုင်ပဲ ဆင်းရဲတောင့်တလျက်သာ သေမင်းရွာသို့ လိုက်ရ၏။ ထို့ကြောင့် တဏှာဟူသော ဘီလူး၏အလိုသို့ ကိုယ်နှုတ်စိတ်မပါအောင် ကောင်းစွာ ဆုံးမကြလေ။ နောက်လူများတို့အား ပြောကြားလေ"ဟု မိန့်မှာတော်မူ၏။

ဤမန္ဓာတ်မင်းကား ငါတို့ ဘုရားအလောင်းတော်ပင်တည်း။ ကောဒသမကပ်၏အစ လူတို့ အသက်၏အစ လူတို့အသက် အသင်္ချေတမ်းအနီး၌ ဖြစ်သည်။

၆၄၆။ တိမ်ခရီးစွန့်၊ နေလကွန့်၊ လွန့်၍သီဟဇာ ပြုလိမ့်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နေလတို့သည် သီဟစရိယာ, ဝါက္ကစရိယာ, နိယတံဟူသော သွားခြင်း သုံးပါးတို့ဖြင့် မသွားကုန်။ အင်္ဂါ, ဗုဒ္ဓဟူး, ကြာသပတေး, သောကြာ, စနေဟူသော ဂြိုဟ်ငါးလုံးတို့သာလျှင် တရံတခါ ဤသုံးပါးသော အကောက်သွားခြင်းတို့ဖြင့် သွားကုန်သည်။ နေလနှစ်ပါးမူကား တောင်မြောက်အားဖြင့် သွားမြဲတိုင်းသော ခရီးကိုဖျက်၍ သွားခြင်းတည်းဟူသော ဝါကြစရိယာ။ အောက်သို့သက်၍ သွားခြင်း တည်းဟူသော ဩက္ကမနစရိယာနှစ်ပါးဖြင့်သာ သင့်သောအခါ၌ သွားကြကုန်၏ဟု ဖြေ။

အဘယ်အခါ၌ သွားမြဲခရီးကိုဖျက်၍ သွားသနည်းဟူမူကား....

> ယဒါ ပန ရာဇာနော အဓမ္မိကာ ဟောန္တိ။ တေသံ အဓမ္မိကတာယ ဥပရာဇာ သေနာပတိပဘုတယော သဗ္ဗမနုဿာ သဗ္ဗေ ဒေဝပြဟ္မာနော စ အဓမ္မိကာ ဟောန္တိ၊ တဒါ တေသံ အဓမ္မိကတာယ ဝိသမံ စန္ဒိမသူရိယာ ပရိဟရန္တိ။ တဒါ ဟိ ဗဟ္မာဗာဓတောဒိ အနိဋ္ဌဖလူပနိဿယဘူတာယ ယထာဝုတ္တ အဓမ္မိကတာ သညိတာယ သာဓာရဏာယ ပါပကမ္မဿ ဖလေန ဝိသမံ ဝါယန္တေန ဝါယုနာ ပေလ္လိယမာနာ စန္ဒိမသူရိယာ သိနေရုံ ပရိက္ခိပန္တာ ဝိသမံ ပရိဝတ္တေန္တိ။ ယထာမဂ္ဂေန ပဝတ္တန္တိ။ ဝါတော ယထာမဂ္ဂေန ဝါယတိ–

အစရှိသည်ဖြင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ, သာရတ္ထသင်္ဂဟတို့၌ လာသည်။

မြန်မာဘာသာကား။ ။အကြင်အခါ၌ ပြည်ရွာကို အုပ်စိုးသောမင်းတို့သည် တရားမစောင့် မဖြောင့်မမှန်သောအကျင့်ကို ကျင့်သည် ဖြစ်ကုန်၏။ ထိုမင်းတို့၏ တရားမစောင့်ခြင်းကြောင့် အိမ်ရှေ့မင်း, စစ်သူကြီး, မှူးမတ်, ပြည်ရိုးအစရှိကုန်သော သူခပ်သိမ်းတို့လည်း တရားမစောင့်ကုန်။ လူကိုစောင့်သောနတ်, ထိုနတ်တို့၏ မိတ်ဆွေဖြစ်သော ရုက္ခစိုး, ဘုမ္မစိုး အစရှိကုန်သော အလုံးစုံသော နတ်ဗြဟ္မာတို့လည်း တရားမစောင့်သည်ချည်း ဖြစ်ကုန်၏။ ထိုသို့ တရားမစောင့်ကြသော ကာလ လောက၏ အစီးအပွါးကို ဆောင်တတ်သော နေနတ် လနတ်တို့သည် သွားမြဲတိုင်းသော ခရီးကို လွန်၍လည်းကောင်း, ယုတ်၍လည်းကောင်း မညီညွတ်သော သွားခြင်းဖြင့် သွားကြကုန်၏။ ထိုအခါ လူဘို့သည် အပူ အချမ်း မမျှသည်ဖြစ်၍လည်းကောင်း ဩဇာအာဟာရ ပျက်သည်ဖြစ်၍လည်းကောင်း အနာရောဂါများခြင်း, သေပျောက်ပျက်စီးခြင်း တည်းဟူသော အနိဋ္ဌဖလတို့သည် ဖြစ်ကုန်၏။ တရားမစောင့်သော သူတို့သည် ပြုအပ်သော အကုသိုလ်ကံ၏

အစွမ်းကြောင့် ဥတုမညီညွတ်သဖြင့် ဖြစ်သော လေအဟုန်တို့သည် တိုးဝှေ့ တိုက်ခတ်ရကား နတ်၏ဗိမာန်တို့သည် လည်မြဲတိုင်းသော ခရီးဖြင့် မလည်နိုင်ကုန်။ နေ့ လ နှစ်ပါးတို့လည်း လည်မြဲတိုင်းသော ခရီးဖြင့် မလည်နိုင်ကုန်။ လေးယူဇနာ၊ ငါးယူဇနာ၊ ဆယ်ယူဇနာစသည်ဖြင့် သက်၍လည်းကောင်း၊ တက်၍လည်းကောင်း သွားကြကုန်၏ ဟူလိုသည်။

ဂြိုဟ်ရှစ်လုံးတို့၏ သွားခြင်းကိုပေါင်းသော် အကောက်သွားခြင်းငါးပါး ဖြစ်၏။

ထို့ကြောင့် လောကဝိဒူပျို့၌....

...တရားနှင့်လူ၊ တအူဖြောင့်ဖြောင့်၊ ကိုယ်စောင့်မှန်သုံး၊ နှလုံးနှုတ်ပီ၊ တံသုတ်ညီကာ၊ ပထဝီနှစ်၊ မြေဆီယစ်၍၊ တူးခြစ်မခါး၊ လူတို့စားလည်း၊ ဆေးဝါးပါစဉ်၊ အချဉ်အချို၊ နာငုဝ်ပြို၍၊ ထိုထို ဗျာဓိ၊ တရိဒေါသ၊ ဒွေးဝန်းစသား၊ မြူမျှမရိပ်၊ ရေနှယ်သိပ်၍၊ တက်ဆိပ်မလူး၊ ဝဲမကူးတည့်၊ မိုးဦးလယ်နှောင်း၊ ခန့်တိုင်းကောင်း၏၊ ပဲပြောင်းစပါး၊ ဧလား တောင်း တင်း၊ စာရင်းမရှိ၊ ကြွယ်ခေါင်ထိစွ၊ အဓမ္မိမင်း၊ တရားကင်းမူ၊ ခပင်းလူမျိုး၊ မှောက်သည်အိုးသို့၊ စောက်ထိုးစောင်း ပြီး၊ ဂြိုဟ်အစီးလည်း၊ ခရီးငါးပါး၊ အကောက်သွားဖြင့်၊ ပတ္တမြား ဆန်မှည့်၊ ပေးတည့်လက်လှမ်း၊ ကွမ်းစားကမ်းလိမ့်၊ သွားတမ်းနက္ခတ်၊ နတ်လည်းမမှန်၊ ဘယ်ပြန်ညာကြော၊ ဗီလာဆော့လျက်၊ သော့သော့ပျက်ဆိုး၊ သီးပွင့်မျိုးလည်း၊ ဆစ်ပိုးဆွဲအ၊ အနှံ့လွနှင့်၊ သိမ်ပြယ်သဲ့၊ ထဲနက်မဲ့လိမ့်၊ သုံးဆယ့်တတိုက်၊ ဘဝင်ရိုက်ကို၊ စိုးပိုက်ပိုင်သိ၊ ထွတ်တိုင်ထိဖြင့်၊ အဓိကဂိုဏ်းဂုဏ်ပြည့်လှိုင်းသည်၊ ဟောတိုင်းသစ္စာ မုံထွားတည်း။ ဟူ၍ စပ်လေသည်။

၆၄၇။ အထက်သို့တွန့်၊ မွေးတော်ညွန့်၊ လွန့်၍ ဘယ့်ကြောင့် တက်သနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မျက်နှာတော်၏ တင့်တယ်ခြင်းကို ကြည့်မျှော်သကဲ့သို့ အဖျားညွတ်လျက် အထက်သို့ တက်သော အညစ်အကြေးကင်းသော မွေးညင်းတော်ရှိသော ဥဒ္ဓဂ္ဂလောမ လက္ခဏာ တော်ကြီးလည်း တပါး,

လူခပ်သိမ်းတို့၏ ဖမျက်ကဲ့သို့ ဖမိုး၏ အနီး၌ မတည်မူ၍ ဖမိုးထက် လက်လေးသစ် မျှလောက် တက်သဖြင့် မြင့်သော ကြည့်၍မထင်သော ဖမျက်တော်ရှိသော ဥဿင်္ခပါဒ လက္ခဏာတော်ကြီးတပါး,

ဤနှစ်ပါးသော လက္ခဏာတော်ကို ရခြင်းသည် ရှေးရှေးသော ဘဝများမှာက သတ္တဝါ အပေါင်းတို့အား ကောင်းမြတ်သော တရား၌သာ ယှဉ်စေတတ်သောကြောင့် လည်းကောင်း, သူထက်လွန်ကဲ၍ တရားကို ကျင့်တော်မူသောကြောင့် လည်းကောင်း ရတော်မူသည်။ [ပါဠိပါဠိ ကို လိုမူ လက္ခဏာသုတ်၌ ယူလေ]။

"အန်" ကာရန်ပုစ္ဆာ ၆-ပုဒ် အဖြေပြီး၏။

---

(၂၁) "အန်း" ကာရန်ပုစ္ဆာ ၃၂-ပုဒ် အဖြေ။

၆၄၈။ သုံးလူ့ကြွင်းနှင်း၊ တို့ထိပ်ပန်း၊ ဘုန်းတန်း တရားကိုယ် ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဘုန်း-ဟူသည်ကား ... ဘဂ-သဒ္ဒါ၏ အနက်ဖြစ်သည်။ ထို ဘဂ-သဒ္ဒါလည်း ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ခြောက်ပါးသော တရားတို့၌ ဖြစ်ရကား ဤဘုန်း ခြောက်ပါးပင် တရားကိုယ်ဖြစ်၏ ဟူပေ။

လူပြိန်းတို့ သိလွယ်အောင် ထင်စွာ ဆိုလိုက်ဦးအံ့—

ပရမံ စဿ သကစိတ္တေ ဣဿရိယံ၊ အဏိမာလဃိမာဒိကံ ဝါ လောကိယသမ္မတံ သဗ္ဗာကာရပရိပူရံ အတ္ထိ။ ပ ။ တသ္မာ ဣမေဟိ ဘဂေဟိ ယုတ္တတ္တာပိ ဘဂါ အဿ သန္တီတိ ဣမိနာ အတ္ထေန ဘဂဝါတိ ဝုစ္စတိ။

ဟူသော ပါရာဇိကဏ်အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ဖြင့် သိရာ၏။

အနက်ကား။ ။စ၊ ထင်စွာ ဆိုဦးအံ့။ အဿ ဘဂဝတော၊ ထို မြတ်စွာဘုရားအား။ ပရမံ၊ လွန်စွာ။ သကစိတ္တေ၊ မိမိစိတ်၌။ ဣဿရိယံ၊ အစိုးရခြင်းသည်။ အတ္ထိ၊ ရှိ၏။ အဏိမာလဃိမာဒိကံ ဝါ၊ အနုမြူမျှသော ကိုယ်တော်ကို ဖြစ်စေခြင်း, ကောင်းကင်မြေမိုး ပျံလျှိုးသွားလာနိုင်ခြင်း, ကြီးစေလိုသော် ကိုယ်တော်ဖြင့်ပင် မြေအပြင်ကို ပြည့်စေနိုင်ခြင်း, စိတ်တော်လိုရာ ကိုယ်တော် ပါ၍ ရောက်နိုင်ခြင်း, လိုလိုသမျှ မှုကိစ္စကို တခဏချင်း ပြီးစေနိုင်ခြင်း, ဝသီဘော်ငါးမျိုးကို အစိုးတရဖြစ်ခြင်း, ထိုဝသီဘော်ကိုသာ လေ့လာနိုင်ခြင်း, လူ-နတ် ရုပ်ဟန် ပုံသဏ္ဍာန်ဖြင့် ဖန်ဆင်း နိုင်ခြင်းတည်းဟူသော။ (ဒေ ၁ဒိဝန်ကို သွင်း၍ ယောဇနာသည်)။ လောကိယသမ္မတံ၊ လောကီ တန်ခိုးဟု သမုတ်အပ်သော။ သဗ္ဗာကာရ ပရိပူရံ ဝါ၊ အလုံးစုံသော အခြင်းအရာဖြင့် ပြည့်သော တန်ခိုးသည်လည်း။ အတ္ထိ၊ ရှိ၏။ တထာ၊ ထို့မှတပါး။ လောကုတ္တရော၊ လောကထက် လွန်မြတ် သော။ ဓမ္မော စ၊ တရားသည်လည်း။ အတ္ထိ၊ ရှိ၏။ လောကတ္တယဗျာပကော၊ လောကသုံးပါး၌ နှံ့သော။ ယထာဘုစ္စဂုဏာဓိဂတော၊ အဟုတ်အဟတ်သော ကျေးဇူးတော်ကြောင့် ရအပ်သော။ အတိ ဝိယ ပရိသုဒ္ဓေါ၊ အလွန် စင်ကြယ်သော၊ ယသော စ၊ ကျော်စောခြင်းသည်လည်း၊ အတ္ထိ၊ ရှိ၏။ ရူပကာယဒဿနဗျာဝဋဇနနယနပ္ပသာဒဇနနသမတ္ထာ၊ အဆင်းတော်ကို မြင်ခြင်းကြောင့် ပျံ့နှံ့ သဖြင့် ဖြစ်သော မျက်စိ၏ ကြည်ညိုခြင်းကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော။ သဗ္ဗာကာရပရိပူရာ၊ ခပ်သိမ်းသော အခြင်းအရာတို့ဖြင့် ပြည့်သော။ သဗ္ဗင်္ဂပစ္စင်္ဂသိရီ စ၊ အလုံးစုံသော အင်္ဂါကြီးငယ် တို့၏ ပြည့်စုံခြင်း အသရေသည်လည်း။ အတ္ထိ၊ ရှိ၏။ ယံ ယံ အတ္တဟိတံ ဝါ၊ အကြင် အကြင် ကိုယ်တော်၏ အကျိုးစီးပွားကို လည်းကောင်း။ ယံ ယံ ပရဟိတံ ဝါ၊ အကြင် အကြင် သူတပါးတို့၏ အကျိုးစီးပွားကို လည်းကောင်း။ ဧတေန ဘဂဝတာ၊ ဤ မြတ်စွာဘုရားသည်။ ဣစ္ဆိတံ၊ အလိုရှိ ၏။ ပတ္ထိတံ၊ တောင့်တ၏။ တဿ တဿ ဟိတဿ၊ ထိုထိုသော အကျိုးစီးပွား၏။ တထေဝ၊ ထို တောင့်တတိုင်းသာလျှင်။ အဘိနိပ္ဖန္နတ္တာ၊ ပြီးသည်၏ အဖြစ်ကြောင့်။ ဣစ္ဆိတ တတ္ထနိပ္ဖတ္တိ သညိတော၊ လိုအပ်သော အကျိုး၏ ပြီးခြင်းဟူ၍ မှတ်အပ်သော။ ကာမော စ၊ အလိုတော်သည်လည်း။ အတ္ထိ၊

ရှိ၏။ သဗ္ဗလောက ဂရုဘာဝနိပ္ဖတ္တိဟေတုဘူတော၊ ခပ်သိမ်းသော လောက၏ ဆရာ၏ အဖြစ်ကို ပြီးစေခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ သမ္မာဝါယာမသင်္ခါတော၊ သမ္မာဝါယာမဟု ဆိုအပ်သော။ ပယတ္တော စ၊ လုံ့လတော်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဣမေဟိ ဆဟိ ဘဂေဟိ၊ ဤခြောက်ပါးသော ဘဂတရားတို့နှင့်။ တသ္မာ ယုတ္တတ္တာပိ၊ ထိုသို့ယှဉ်သည်၏ အဖြစ်ကြောင့်လည်း။ အဿ၊ ထို မြတ်စွာဘုရားအား။ ဘဂါ၊ ခြောက်ပါးသော ဘုန်းတော်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ ဣမိနာ အတ္ထေန၊ ဤသို့သော အနက်ကြောင့်။ ဘဂဝါတိ၊ ဘဂဝါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤ အဋ္ဌကထာဖြင့် ထင်စွာ သိအပ်၏ဟူပေ။

၆၄၉။ အရိယာမှန်း၊ ဂါထာပန်း၊ ဆန်းဂိုဏ်းအမျိုး ဘယ်မျှနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဘဇသာ သဗ္ဗဂလဟူ၊ ပဉ္စမေ သတ္တိတာ ဂဏာ။
အရိယာဒိမှိ ဝိညေယျာ၊ ဂဏော ဣခ စတုက္ကလော။

ဘဇသာ၊ ဘဂိုဏ်း, ဇဂိုဏ်း, သဂိုဏ်း တို့သည်လည်းကောင်း။ သဗ္ဗဂလဟူ၊ အလုံးစုံ ဂရုရှိသော မဂိုဏ်း, အလုံးစုံ လဟုရှိသော နဂိုဏ်းတို့သည်လည်းကောင်း။ ဣမေ ပဉ္စဂဏာ၊ ဤငါးပါးသော ဂိုဏ်းတို့သည်။ အရိယာဒိမှိ၊ အရိယာ စသော မတ္တာဝုတ္တိဂါထာ၌။ သတ္တိတာ၊ ကောင်းစွာ တည်ကုန်၏ ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏။ ဣခ၊ ဤအရိယာ စသော ဂါထာ၌။ ဂဏော၊ ဂိုဏ်းသည်။ စတုက္ကလော၊ လေးမတြာ ရှိ၏။

ဤသို့ ဆန်းကျမ်း၌ လာသောကြောင့် အရိယာဂါထာ၌ ဆန်းမျိုးကား မပြား၊ ဂိုဏ်းမျိုးကား လေးမတြာရှိသော ဘ-ဂိုဏ်း, ဇ ဂိုဏ်း, သ-ဂိုဏ်း အလုံးစုံ ဂရု-လဟုရှိသော မ-ဂိုဏ်း န-ဂိုဏ်း အားဖြင့် ငါးပါး အပြားရှိ၏ ဟူပေ။

၆၅၀။ သစ်သီးရှန်းရှန်း၊ တလုံးမှန်း၊ ပဋ္ဌာန်းပစ္စည်း ဘယ်မျှနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သစ်သီး အဆင်း တည်းဟူသော ရူပါရုံ၊ အနံ့ တည်းဟူသော ဂန္ဓာရုံ၊ အရသာ တည်းဟူသော ရသာရုံ။ နူးညံ့သော အတွေ့ တည်းဟူသော ဖောဋ္ဌဗ္ဗာရုံ၊ ဝါးသောအခါ ကျွတ်ကျွတ် မြည်သော အသံ တည်းဟူသော သဒ္ဒါရုံတို့သည် သုံးဆောင်သောသူ ပဉ္စဝိညာဏဝီထိ, မနောဒွါရိကဝီထိ စိတ်တို့အား အာရမ္မဏပစ္စည်း လည်းကောင်း, အာရမ္မဏပုရေဇာတပစ္စည်းလည်းကောင်း ဖြစ်၏။ သစ်သီး၌ ရှိသော ဩဇာသည် အာဟာရပစ္စည်းလည်း ဖြစ်၏။ အာရမ္မဏူပနိဿယ။ ပကတူပနိဿယပစ္စည်း။ ပုရေဇာတတ္ထိပစ္စည်း။ ပုရေဇာတ ဝိဂတပစ္စည်း ထိုက်၏ဟူပေ။ ထို့ကြောင့် တလုံးသော သစ်သီးသည် ခုနစ်ပစ္စည်း ထိုက်၏။

၆၅၁။ တရာစီထွန်း၊ စောက်အဝန်း၊ မယွန်းတာပေါင်း ဘယ်မျှနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အလျား တာတရာ၊ အနံ တာတရာ၊ စောက် တာတရာရှိသော တိုက်ကို တတာစိစဉ်၍ ထားသော် တာပေါင်းဘယ်မျှရှိသနည်း-ဟု မေးလိုသည်။

အတွက်ကား အလျား တာတရာကိုတည်၊ အနံ တာတရာနှင့်မြှောက်၊ စောက် တာတရာလည်း ထပ်၍မြှောက်၊ တာပေါင်း "တသန်း" ရှိ၏ဟူပေ။ အနည်းငယ်ကိုလည်းကောင်း, အများကို လည်းကောင်း ဤနည်းတူချည်း တွက်ရမည်။

၆၅၂။ စက္ကဝဠ်ဝန်း၊ ကျယ်သွန်းသွန်း၊ ညွန်းသော် လက်သစ် ဘယ်မျှနည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ဆတ်သွားအနန်း၊ စပယ်ပန်း၊ အဝန်းစက္ကဝဠ်" ဟူ၍ ဆရာတို့ မိန့်သည်နှင့်အညီ ယူဇနာ (သုံးသန်း ခြောက်သိန်း တသောင်း သုံးရာ့ငါးဆယ်) သချ်ာကို တည်၍ တယူဇနာလျှင် လေးဂါဝုတ်ရှိသောကြောင့် လေးနှုမြှောက်။ ဂါဝုတ်ပေါင်း (တကုဋေ လေးသန်း လေးသိန်း လေးသောင်း တထောင့်လေးရာ) ဖြစ်၏။ တဂါဝုတ်လျှင် ဥသဘ ရှစ်ဆယ်ရှိသောကြောင့် ၎င်း ဂါဝုတ်ပေါင်းကို ရှစ်ဆယ်မြှောက်ပြန်၊ ဥသဘပေါင်း (ကုဋေတရာ့ တဆယ့်ငါးကုဋေ ငါးသန်း သုံးသိန်း တသောင်း နှစ်ထောင်) ဖြစ်၏။ တာနှစ်ဆယ်လျှင် တဥသဘ ဖြစ်ရကား ဥသဘနှစ်ဆယ် မြှောက်ပြန်။ တာပေါင်း (ကုဋေ နှစ်ထောင့် သုံးရာ့ ဆယ်ကုဋေ ခြောက်သန်း နှစ်သိန်း လေးသောင်း) ဖြစ်၏။ တတာလျှင် ခုနစ်တောင်ရှိရကား ယခင့် တာပေါင်းကို ခုနစ်ခု မြှောက်။ တောင်ပေါင်း (ကုဋေတသောင်း ခြောက်ထောင့် တရာ့ ခုနစ်ဆယ့်လေးကုဋေ သုံးသန်း ခြောက်သိန်း ရှစ်သောင်း) ဖြစ်၏။ ၎င်း တောင်ပေါင်းကို တည်။ တတောင်လျှင် နှစ်ဆယ့်လေး လက်သစ် ရှိသောကြောင့် နှစ်ဆယ့်လေးခု မြှောက်။ လက်သစ်ပေါင်း(ကုဋေ သုံးသိန်း ရှစ်သောင်း ရှစ်ထောင့် တရာ့ ရှစ်ဆယ့်လေးကုဋေ ရှစ်သန်း သုံးသိန်း နှစ်သောင်း) ဖြစ်၏။ ဤမျှလောက် လက်သစ်ရှိ၏ ဟူပေ။

၆၅၃။ စစ်ကိုင်းတည်ထွန်း၊ ဘုံရိပ်မှုန်း၊ စေတယ္ခမ်း နန်းထက် ဖွားလိမ့်နည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... နန်းထက်ဖွားပင် ဖြစ်သည်ဟု ဖြေ။

ထိုမင်း၏ အကြောင်းကို အမြွက်မျှ ဆိုလိုက်ဦးအံ့—

ပင်လယ်မြို့၌ တစီးရှင် သီဟသူ မင်းမူသောအခါ မြောက်ဘက် လင်းယဉ်ရွာ၌ အသည်သမီး တယောက်သည် အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံ၏၊ အရွယ်သို့ရောက်လျှင် မိဘတို့က

သင့်တင့်သော ယောကျ်ားတယောက်နှင့် ပေးစား၍ များမကြာ သားတယောက် မြင်လျှင် လင်သည်လည်းကောင်း, မိဘတို့သည်လည်းကောင်း ကြမ္မာကုန်လေ၏။ မိဘတို့နှင့် လင်မရှိလျှင် ထိုမိန်းမငယ်သည် "ငါ၏အဆင်းအင်္ဂါနှင့်ကို ဆင်းရဲနိုင်မည်လော" ဟူ၍ မြောက်ဘက်အရပ်ကသည် တောင်ပင်လယ်အရပ်သို့ သွား၍နေလေ၏။

တရံသောအခါ တစီးရှင် သီဟသူသည် ပင်လယ်မြို့ကို မင်းပြုသောအခိုက် တောကစားအံ့ဟု သွားတော်မူရာဝယ် ထိုမိန်းမငယ်ကို မြင်လေ၏။ မိန်းမငယ်လည်း ရှေးပြုဖူးသော ကုသိုလ်ကံသည် အကျိုးပေးချိန်တန်ပြီဖြစ်၍ မင်းကြီးသည် အလွန် တိမ်းညွတ်တော်မူရကား မင်းချင်းတယောက်ကို ခေါ်စေ၍ "ဤမိန်းမငယ်တွင် လင်မရှိသလော" ဟု မေးတော်မူ၏၊ မိန်းမငယ်ကလည်း "ကျွန်ုပ်မိဘ ထိမ်းမြားသော လင်သည် သားတယောက်မြင်လျှင် ကြမ္မာကုန်လေသည်။ ယခု ကျွန်ုပ်တွင် လင်မရှိ၊ နှစ်နှစ်ရွယ် သားငယ်တယောက်သာ ရှိပါသည်" ဟု နားတော်လျှောက်၏။ သီဟသူလည်း သူငယ်မ၏ အဆင်းပြင်လျှာကို မြင်ကတည်းက နှလုံးတိမ်းညွတ်လှသည်ဖြစ်၍ နန်းတင်လေ၏။

နန်းတင်၍ များမကြာမီ သန္ဓေရှိ၍ နေ့လစေ့လျှင် အသခ်ယာစေယာမ်းကို မျက်နှာမြင်၏။ နောက် သမီးတော် စောပုလဲကို ဖွားမြင်ရာတွင်မှ ထိုမိန်းမသည် 'ရတနာပုံ' ဟူသော အမည်နှင့် မြောက်နန်း နေရ၏။ ၎င်းမြောက်နန်းမိဖုရားသည် မိန်းမမြတ်ဖြစ်ရကား မင်းကြီး သာ၍ မြတ်နိုးတော်မူ၏။ သားတော် အသခ်ယာစေယာမ်းကိုလည်း အလွန် သနားတော်မူသည်ဖြစ်၍ အရွယ်ရောက်သောအခါ သားတော်ကြီးတို့ ဝမ်းမနည်းရအောင် ပရိယာယ်ရှာ၍ များစွာသော ဆင်ကောင်း, မြင်းကောင်း, ကျေးကျွန်ကောင်းတို့ကို အပ်နှင်း၍ စစ်ကိုင်းမြို့ကို တည်နေစေ၏။ ခမည်းတော်လွန်၍ သက္ကရာဇ် ၆၇၄-ခု ရှိသောအခါ ထီးနန်းအသီးထူ၍ မင်းမူလေ၏။ [အကျယ်ကို မဟာရာဇဝင်၌ ယူလေ]

၆၅၄။ သာသနာထွန်း၊ သိဟိုဠ်ကျွန်း၊ ဦးစွန်းတည်စ ဘယ်မင်းနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သီဟဗာဟု၊ စောနတ်တု၏၊ မျက်ရှုသားလှ၊ ဝိဇယလျှင်၊ ဒသနောက်ပါ၊ ခုနစ်ရာနှင့်၊ လက်ဘဒီပ၊ ပဏ္ဍိယသို့၊ လာလမည်ထူး၊ တိုင်းမှကူး၍၊ နတ်မှူးလည်းမ၊ တည်ထောင်ကြပြီး။ [ရာဇဝင်ချုပ်လင်္ကာ]၊

၆၅၅။ သစ်ကြီးရှန်းရှန်း၊ လေးပင်ထွန်း၊ အဝန်း ဘယ်မျှစိတ္တိုနည်း။ (၈)

ယူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ငွေကျွန်းကုက္ကို၊ ထိန်ပျိုနောက်မြေ၊ ပဒေသာမြောက်၊ ဝေဝေမောက်လျက်၊ ဆောင် ရောက်မြေ၊ သပြေဟူရှင်၊ အယူဇနာ၊ တရာစွင့်စွင့်၊ ညီစွာမြင့်၏။

ဟူ၍ မဟာသာရပျို့၌ လာသည်နှင့်အညီ.... သစ်ကြီးလေးပင်သည် ယူဇနာ တရာစီ မြင့်ရကား အရိပ်နေအချင့်လည်း တရာပင်ရှိသင့်သည်ဖြစ်၍ အဝန်းသုံးလီ ပြန်သောအားဖြင့် ယူဇနာ သုံးရာစီရှိ၏ဟု သိရမည်။

လက်ာနှင့်သာ ဆရာဖြေ၍ ကျမ်းသာဓကကို မပြသော် အဘယ်သို့ ယုံကြည်နိုင်အံ့နည်း ဟူငြားအံ့–

"သာခါ မဏ္ဍလသ္မိ တီဏိ ယောဇနသတာနိ။ ခန္ဓာ ပဥ္စဒသယောဇနာဝဋ္ဋော"

ဟူ၍ သာရတ္ထသင်္ဂဟ၌ မိန့်အပ်ပြီ။

၆၅၆။ ရွှေညောင်ကြငှန်း၊ ညွန့်လန်းလန်း၊ တွက်ခန်း ရှက်ပေါင်း ဘယ်မျှနည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပတ္တော၊ ရှက်ချပ်သည်။ ဒွိသတကောဋိယော၊ ကုဋေနှစ်ရာ့ခြောက်ချပ်ရှိ၏ ဟူ၍ ဗောဓိရှိခိုး တို့၌ လာသည့်အတိုင်း သိရာ၏ဟုဖြေ။

၆၅၇။ နှစ်သုံးဆယ်မှန်း၊ ကမ္မဋ္ဌာန်း၊ စီးဖြန်းမဂ်ရ ဘယ်သူနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သီဟိုဠ်ကျွန်း ရောဟဏဇနပုဒ်၌နေသော မဟာရက္ခိတထေရ်ဟူပေ။

အကြောင်းကို အမြွက်မျှ ဆိုဦးအံ့–

သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်၌နေသော တိပိဋကစူဠာဘယ အမည်ရှိသော ထေရ်သည် အဋ္ဌကထာကိုဘား၍ ဘုရားဟော ပါဠိ၌ နိကာယ်ငါးရပ်လုံးကိုဆောင်၏။ တရံသော အခါ ထိုဆရာသည် "ငါဆောင်သော ပိဋကတ်သုံးပုံကို အကုန်ပြန်လိုပါသည် အဘယ်ပုဂ္ဂိုလ် တရားနာလိုသနည်း"ဟု စည်လှည့်စေ၏။

ထိုစကားကိုကြားသော် ထိုမထေရ်၏ ဥပဇ္ဈာယ်ဆရာသည် ဤသို့ဆို၏ "ချစ်သား အဘယ– သင်သည် ပိဋကတ်သုံးပုံကို ပြန်လိုသည်ဟု စည်လှည့်ကြောင်းကို ငါကြားသည်၊ မှန်သလော"ဟု မေး၏၊ အဘယထေရ်လည်း မှန်ကြောင်းကိုလျှောက်လျှင် "ချစ်သား အဘယ ဆရာကောင်းတို့ ၏ အထံမှ အဆုံးအဖြတ်ကို ကြားနာရအောင် သင်ပြန်လိုမူ ဂင်္ဂါမြစ်၏ တဖက်ဖြစ်သော ရောဟဏဇနပုဒ် တုလာဝါရကျောင်း၌ အဋ္ဌကထာနှင့် တကွ ပိဋကတ်သုံးပုံကို ဆောင်သော မဟာရက္ခိတထေရ်၏ အထံသို့သွား၍ ပြန်လေ"ဟု ဆိုပေ၏။ ထိုစကားကိုကြားသော် အဘယ ထေရ်လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၍ ထိုဆရာ့ထံသို့ သွားလေ၏။

မဟာရက္ခိတထေရ်က "ငါ့ရှင် ဘယ်ကြောင့်လာသနည်း"ဟု မေးလျှင် "အရှင်ဘုရား၏ တရားအဆုံးအဖြတ်ကို နာခြင်းငှာ လာပါသည်"ဟု လျှောက်၏။ ထိုအခါ မဟာရက္ခိတထေရ်

လည်း "ငါ့ရှင် အဘယ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်၌ အဓိပ္ပါယ် အနက်တို့ကို သံဃာတို့ ငါ့အား မပြဘ်မေးသောကြောင့် နှုတ်သို့တက်၏။ ကြွင်းသော နိကာယ်သုံးကျမ်းတို့ကို မသရဇ္ဈာယ် သည်ကား အနှင်သုံးဆယ်ရှိပြီ။ ကမ္မဋ္ဌာန်းကိုသာ လေ့လာ၍ လစ်လပ်ချေသည်။ သို့သော်လည်း သင်ညအခါ ပြန်ဆိုလျှင် နေ့ကို သင့်အား ငါဟောအံ့"ဟု မိန့်ပေ၏။

ထိုစကားကိုကြားသော် အဘယထေရ်လည်း ကောင်းပါပြီဟု ဝန်ခံ၍ ညည၌ ပြန်ဆို၏။ထို၏ အဓိပ္ပါယ်ကို နေ့နေ့အခါ မဟာရက္ခိတထေရ်လည်း ဟောကြားပေ၏။ ရွာသူ ရွာသားတို့လည်း များစွာတရားနာကြ၏။ တရားဟော၍ ဆုံးသောအခါ မဟာရက္ခိတထေရ်သည်း ကပ်စိတ်ထက်နေ ၍ "ငါ့ရှင်အဘယ ငါ့အား ကမ္မဋ္ဌာန်းကို ဟောဦးလော့" ဟု ဆို၏။ ထိုအခါ အဘယထေရ် ကလည်း "အရှင်ဘုရား၏နှုတ်မှ ကျွန်ုပ်သင်ရပါသည်။ ဘယ်သို့ ကျွန်ုပ်ဟောနိုင်ပါအံ့နည်း"ဟု လျှောက်လျှင် "ငါ့ရှင်အဘယ ပြီးပြီးသော ကိစ္စရှိသောသူအား အကြောင်းထူးတပါး ဖြစ်သည် သာတည်း။ ဟောသာဟောလော့" ဟု တောင်းပန်လျှင် အဘယဆေရ်လည်း သိသမျှကိုပင် ဟောရလေ၏။ ထိုဒေသနာကို ကြားနာရသဖြင့် မဟာရက္ခိဘထေရ်လည်း အထက်မဂ်သုံးပါးကို ရ၍ ကိစ္စ ပြီးမြောက်လေ၏၊ [ဤအကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဂန္ထပလိဗောဓအရာ၌ လာသည်]။

တနည်း.ကား။ ။သီဟိုဠ်ကျွန်းဝယ် ရွာအနီး တောင်ခေါင်း၌နေသော မဟာသိဝထေရ်တည်း ဟုမြေ။

ထိုမထေရ်၏အကြောင်းကား.... မဟာဝိဟာရတိုက်၌ သံတင်းသုံး၍ ပိဋကတ်သုံးပုံကို အဋ္ဌ- ကထာနှင့်တကွ ဆောင်ပြီးလျှင် တဆဲ့ရှစ်ရပ်သော ဂိုဏ်းကြီးတို့ကို စာပို့၍နေသော မဟာသိဝ မည်သော မထေရ်သည်ရှိ၏။ ထိုမထေရ်၏အထံ၌ ဩဝါဒကိုခံ၍ သုံးသောင်းမျှသော ရဟန်းတို့ သည် ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြ၏။

ထို သုံးသောင်းတို့တွင် တဦးသော ပိဋကပါတိက ရဟန်းသည် ဤသို့ ကြံ၏ "ငါ၌ရသော ဂုဏ်ကျေးဇူးတို့ကား အတိုင်းမသိကုန်ပြီ၊ ငါ့ဆရာ၏ သန္တာန်၌ကား အဘယ်မျှလောက် ရှိပါလိမ့် နည်း"ဟု ဆင်ခြင်သော် ကလျာဏ ပုထုဇဉ်မျှသာ ဖြစ်သေးသည်ဟုမြင်၍ "ကျေးဇူးရှင်ဖြစ် သော ငါတို့ဆရာသည် သူတပါးတို့၏ ကိုးကွယ်ရာသာဖြစ်၍ မိမိ၏ ကိုးကွယ်ရာကို မပြုနိုင်ချေ။ ငါသည် သတိရစေအံ့"ဟု ကြံပြီးလျှင် ညချမ်းအချိန်တွင် ကောင်းကင်ခရီးဖြင့်လာ၍ ဆရာ၏ ကျောင်းအနီး၌ သက်ပြီးလျှင် ဆရာ့ထံသို့ကပ်၍ ပြုအပ်သမျှသော အာစရိယဝတ်ကို ပြုပြီးလျှင် အနီး၌ထိုင်နေ၏။

ထိုအခါ မဟာသိဝ ထေရ်က "ငါ့ရှင်ပိဏ္ဍပါတိက သင်သည် အဘယ်ဆန္ဒဖြင့် ငါ့ထံသို့လာသ နည်း"ဟု မေး၏။ ထိုရဟန်းကလည်း "အရှင်ဘုရားထံတွင် တခုသော အနုမောဒနာကို သင်ခြင်း ငှာ လာပါသည်။ ခွင့်ပြုတော်မူပါ"ဟု လျှောက်၏။ မထေရ်ကလည်း "ငါ့ရှင် ငါ့အား အားလပ် သော အခွင့်မရှိ၊ သူတပါးထံ၌သာ သင်လေလော့"ဟု ဆို၏။ "အရှင်ဘုရား အားလပ်သောအခါ မရသော် ကိုယ်တော်သည် ကမ္မဋ္ဌာန်းစင်္ကြံသို့ ဝင်သောအခါ၌ သင်ပါရစေ"ဟု လျှောက်၏။ "ဤအခါ၌လည်း ငါအခွင့်မပြုနိုင်"ဟု ဆိုလျှင် "အရှင်မြတ် ဆွမ်းခံသောအခါ လမ်းခရီး၌ သင်ပါ ရစေ"ဟု လျှောက်၏။ ထိုအခါလည်း ငါနှင့်မပြုနိုင် ဆိုပြန်လျှင် "အရှင်မြတ် သင်္ကန်းရုံသော အခါ၌ သင်ပါရစေ။ ဆွမ်းခံအံ့ဟု သပိတ်ထုတ်သောအခါ၌ပင် သင်ပါရစေ။ ဆွမ်းစားဇရပ်သို့ဝင်

သောအခါ၌ပင် သင်ပါရစေ။ ယာဂုသောက်သောအခါ၌ပင် သင်ပါရစေ ဆွမ်းစားပြီး၍လက်ဆေးသောအခါ၌ပင် သင်ပါရစေ”ဟု ဆို၏။ ဤသို့ စသည်ဖြင့် အရုဏ်တက်သည်တိုင်အောင် ကာလကိုချင့်၍ ခွင့်တောင်း၏၊ မထေရ်လည်း ခွင့်တောင်းသမျှပင် “ငါကား မအားလပ်၊ သူတပါးထံ၌သာ သင်လေ”ဟုဆို၏။ ထိုအခါ ပိဏ္ဍပါတိကရဟန်းက “အရှင်ဘုရား ကိုယ်တော်သည် ကျွန်ုပ်အားလည်း သနားတော်မမူ။ ကိုယ့်ကိုယ်ကိုလည်း သနားတော်မမူ။ သူတပါးကိုသာ သနားတော်မူရှာ၏”ဟု ဆိုပြီးလျှင် ကြည်လင်စွာ ရှိခိုး ဦးလျက် ကောင်းကင်ခရီးဖြင့် ပြန်လေ၏။

ထိုအခါ မဟာသိဝထေရ်သည် ဤသို့ကြံ၏ “ဤပိဏ္ဍပါတိကရဟန်းကား အနုမောဒနာ သင်ဖွယ်ရာ မရှိ၊ ငါ့ကို သတိပေးလို၍သာ ခွင့်တောင်းလာသည်။ ငါ့အား ကောင်းစွာ လမ်းပြသော ချွန်းတောင်းနှင့် တူပေသော သူတည်း”ဟု သိ၍ “ယခုအခါ၌ ငါ၏ ကိစ္စပြီးအောင် ရွက်ဆောင်တော့အံ့”ဟု ကြံပြီးလျှင် သပိတ်သင်္ကန်းကို ပြင်၍ အနီး၌ ထားပြီးမှ ညဉ့်ဦးယံ သန်းခေါင်ယံကာလ၌ သင်ယူလာသမျှသော ရဟန်းတို့အား ပရိယတ်တရားကို ပို့ချပြီးသော် အတန်ငယ်ကျိန်း၍ မိုးသောက်သော အခါ၌ ပါဠိသင်လာသော ရဟန်းတဦးအား ပို့ချ၍ ထိုရဟန်းနှင့်အတူ ကျောင်းမှထွက်ပြီးလျှင် ရွာ၏အနီးဖြစ်သော တောင်ခေါင်းသို့ ဝင်၏။

ဤအရှင်မြတ် နှလုံးသွင်းကား “ငါသို့သော ဗဟုသုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို အားထုတ်ရမူ နှစ်ရက် သုံးရက်မျှဖြင့် ကိစ္စပြီးငြိမ်းရာသည်။ ပြီးငြိမ်းသောအခါမှ လျင်စွာ ပြန်မည်”ဟု နှလုံးပြု၍ စာသင်တပည့်တို့အား ဘယ်စကားမျှမပြောပဲ ကိစ္စတပါးဖြင့် တမုဟုတ်မျှ သွားသကဲ့သို့ ဝါဆိုလဆန်း ဆယ့်သုံးရက်နေ့ နံနက်အခါ၌ ထွက်၍ တောင်ခေါင်းသို့ ဝင်ပြီးလျှင် စင်္ကြံသွားလျက် ကမ္မဋ္ဌာန်းစီးဖြန်း၏၊ ပင်ပန်းလှသောအခါမှ အိပ်ရာ၌ လျောင်း၍ နိုးသောကာလ စီးဖြန်းမြဲ စီးဖြန်း၏။ ဤသို့သော နည်းအားဖြင့် ကြိုးစားအားထုတ်ပါသော်လည်း မဂ်ရိပ် ဖိုလ်ရိပ်ကို တဆိတ်မျှမမြင်ပဲ ဝါလကုန်လေ၏။

ဝါတွင်းသုံးလကုန်၍ သီတင်းကျွတ် လပြည့်သို့ ရောက်သောအခါ မဟာသိဝထေရ်သည် ဤသို့ကြံဆင်ခြင်၏ “ငါသည် နှစ်ရက် သုံးရက်ဖြင့်သာ အရဟတ္တဖိုလ်ချမ်းသာကို ယူအံ့ဟု လာသည်။ ယခုမှာ ဝါကျွတ်၍ ပဝါရဏာနေ့သို့ပင် ရောက်ချေပြီ။ ငါ၏သီတင်းသုံးဘော်တို့သည် စင်ကြယ်သော ဝိသုဒ္ဓိပဝါရဏာကို ပြုကုန်လတ္တံ့။ ငါမူကား အားထုတ်ပါသော်လည်း အရာမထင် မစင်မကြယ်သေး။ ငါ၏ရှေးကံသည် နည်းလှချေတကား”ဟု များစွာ ငမ်းနည်းကြေကွဲလျက် မျက်ရည်တရွှဲရွှဲ ကျ၏။

ထိုနေ့၌ ပြုကတော့သော ပဝါရဏာကို ပြုပြီး၍ ညအခါ ဤသို့ကြံပြန်၏ “ဣရိယာပုထ်လေးပါးကို ထားသဖြင့် ငါ့အား အရဟတ္တဖိုလ်သို့ မရောက်နိုင်ရာ၊ ညောင်စောင်း၌ လျောင်းခြင်း ဣရိယာပုထ်ကို ပယ်၍ ထိုင်ခြင်း, သွားလာခြင်း ဣရိယာပုထ်ဖြင့်သာ အခါကို ငါလွန်စေအံ့။ အရဟတ္တဖိုလ်သို့ မရောက်သမျှ ကျောခင်း၍ ငါမလျောင်းပြီ။ ခြေကိုလည်း မဆေးပြီ”ဟု အဓိဋ္ဌာန်ထား၍ ရဟန်းတရားကို အားထုတ်၏။ စင်္ကြံသွားဖန်များသဖြင့် ခြေဖဝါးကွဲအက်ရုံမက ထက်ဝန်းကျင်မှ ဖွားရရှားထသော ဆောက်ရိုးကဲ့သို့ အသားတို့သည် ဖွားရရှားထသည်ဖြစ်၍ ပပ်ကြား ပေါ်အေးမှ သွေးတို့သည် ယိုထွက်ကုန်၏။ အသားမထွက်ရအောင် ဆူးတို့ဖြင့် ချုပ်စပ်၍ ထားရ၏။ ထိုသို့ ဖြစ်သည်ကိုမြင်၍ ရွာတွင် သူငယ်တို့သည် စကားကျိန်ဆိုဖွယ်ရှိလျှင် “အရှင်မဟာသိဝထေရ်ကဲ့သို့ ငါ၏ခြေ ဖြစ်စေသော”ဟု ကျိန်ကုန်၏။

ဤသို့နည်းအားဖြင့် နက်ဖြန်ရနိုး သံဘက်ရနိုး ကြိုးစားအားထုတ်ပါသော်လည်း နှစ်ဆယ့်ကိုး နှစ်ကြာ၍မျှ ရဟန္တာဖြစ်စိမ့်သောငှါ မတတ်နိုင်၊ သုံးဆယ်ပြည့်သော ဝါ၏ ပဝါရဏာအဖိတ်နေ့ညဉ့်၌ တံကဲပျဉ်ကို မှီ၍ ရပ်ပြီးလျှင် ဤသို့ ကြံဆင်ခြင်၏ "ငါကား နှစ်ရက် သုံးရက်မျှဖြင့် ကိစ္စကို ပြီးစေအံ့ဟု ထွက်လာသည်။ နှစ်ပေါင်းသုံးဆယ် ကြာချေပြီ။ ရဟန္တာအဖြစ်သို့လည်း မရောက်နိုင်။ ငါသည် ဤကိုယ်၏အဖြစ်၌ စင်စစ် မင်္ဂကို ရထိုက်သောသူ ဟုတ်မည်မထင်။ စင်ကြယ်သောသီတင်း သုံးဖော်တို့နှင့် ဝိသုဒ္ဓိပဝါရဏာကိုငါမပြုရနိုင်ချေ တကား"ဟု မှုးစွာ နှလုံးမသာခြင်း ဖြစ်လျက် မျက်ရည်ယိုစီး၏။

ထိုအခါ အနီး၌နေသော နတ်သမီးတယောက်သည် မထေရ်၏အပါး၌ မျှားစွာငို၍ ရပ်၏။ မထေရ်က "သင် ဘယ်သူနည်း"ဟု မေးသော် "အကျွန်ုပ် နတ်သမီးပါတည်း" ဟု လျှောက်၏။ "ဘယ့်ကြောင့် သင်ငိုသနည်း"ဟု မေးပြန်လျှင် "အရှင်ဘုရား—မင်္ဂတရားတို့ကို ငိုလျှင် ရလိမ့်မည် ထင်သောကြောင့် တခု နှစ်ခုသော မင်္ဂဖိုလ်ကို လိုချင်၍ ငိုပါသည်"ဟု လျှောက်၏။

ထိုစကားကို ကြားသောအခါ မဟာသိဝထေရ်သည် မိမိကိုယ်ကို ဤသို့ ဆိုဆုံးမ၏ "အချင်း မဟာသိဝ သင်၏ဖြစ်အင်ကို အမြင်ငြီးသောကြောင့် နတ်သမီးပင် ပြက်ရယ်ပြုချေပြီ၊ သင်၏ စိတ်ကို ပြုပြင်၍ ယခင် အားထုတ်မြဲသော ဝိပဿနာတရားကို ကြိုးစားဦးလော့"ဟု ဆုံးမ၍ အနတ္တ, အနိစ္စ လက္ခဏာကို ဆင်ခြင်လျှင် ထိုနေရာတွင်ပင် လေးအင်သော မင်္ဂဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သိ၍ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုအခါမှ လွန်စွာ ဝမ်းမြောက်လှလျက် "ငါ၏ကိစ္စကား ပြီးပြီ။ ယခုအခါ မသန့်စွာသော ဤခြေကို ဆေး၍ အိပ်တော့အံ့" ဟု ကြံ၍ ကျောင်းကို သုတ်သင်ပြီးလျှင် ညောင်စောင်းကို ခင်းခဲ့၍ ရေရှိရာသို့ ချဉ်း၍ ခြေဆေးအင်းပျဉ်ထက် ရပ်လေသော် မထေရ်၏တပည့်တို့သည် ငါတို့ ဆရာကား နှစ်ပေါင်းသုံးဆယ်ကြာအောင် လွန်စွာ အားထုတ်ခြင်းဖြင့် ကိစ္စပြီးပါပြီလော" ဟု ဆင်ခြင်သဖြင့် ပြီးကြောင်းကို မြင်ကြသော် "ငါတို့ကဲ့သို့သော တပည့်အများရှိပါလျက် ဆရာ သည် မိမိခြေကို မိမိဆေးခြင်းငှာ မသင့်ပေတကား" ဟု အများဝန်းရံကာ ခြေဆေးခြင်းငှာ ကပ်လာကြ၏။ မထေရ်လည်း "တပည့်တို့-သင်တို့ ဆိုင်းဦးလော့။ ငါ၏ခြေကို ငါပင်ဆေးအံ့" ဟု ဆို၏။

သိကြားမင်းလည်း ထိုခဏ၌သိ၍ သုဇာတာနှင့် တကွ လာပြီးလျှင် ထက်ဝန်းကျင်နေသော ရဟန်းတို့အား ဆုတ်ရှားစိမ့်သောငှာ သုဇာတာကို ရှေ့တင်၍ "အရှင်ဘုရားတို့နှင့် ပးလျော်သော ဝိသဘာဂပုဂ္ဂိုလ်လာသည်။ ရှားပါ ရှားပါ" ဟု ဆိုပြီးလျှင် အချင်မြတ်ထံသို့ကပ်၍ "ခြေတော်ကို အကျွန်ုပ်ဆေး ခြင်းငှာ စောင့်နေသည် ကြာပါပြီ။ ကျွန်ုပ် ဆေးပါရစေ" ဟု လျှောက်၏။

မထေရ်မြတ်ကလည်း "သိကြားမင်း– လူဘို့၏ ကိုယ်မည်သည်ကား အလွန် စက်ဆုပ်ဖွယ်ရှိ၏။ နတ်တို့အား ယူငနာတရာကပင် သူကောင်ပုပ်ကဲ့သို့ ထင်တတ်၏။ ငါ၏ခြေကိုပင် ငါဆေးအံ့" ဟု ဆိုလျှင် "အရှင်ဘုရား– ဤစကားလည်း မှန်၏။ သို့ရာတွင် အရှင်မြတ်၏ သီလ ရနံ့ကား နတ်ပြည် ခြောက်ထပ်နှင့်တကွ ဗြဟ္မာနှစ်ဆယ်ကိုလွှမ်း၍ တည်၏။ ထို့ကြောင့်သာလျှင် အကျွန်ုပ်လာပါ သည်" ဟု လျှောက်ပြီးလျှင် ပိခင်သည် သားငယ်ခြေကို ဆုပ်သကဲ့သို့ လက်တဘက်ဖြင့် သုံးသပ်

သော် နတ်၏အာနုဘော်ကြောင့် မလျော်သော အညစ်အကြေးနှင့်တကွ ကွဲပပ်သမျှ ရောဂါသည် ပျောက်၍ ပြကတေ့နူးညံ့သော အဖြစ်သို့ ရောက်လေ၏။ ထိုအခါ မဟာသိဝထေရ်လည်း ရည်မှတ်သောအတိုင်း သီတင်းသုံးဖော်တို့နှင့်တကွသော ဝိသုဒ္ဓိပဝါရဏာကိုပြုလေ၏။ ဤသို့ သုတ်မဟာဝါ အဋ္ဌကထာ၌ လာသည်။

၆၅၁။ သူ့အားပြည့်နှင်း၊ စေတိုက်တွန်း၊ တွင်မှန်း ဘယ်ကတ္တားပေနည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သယံကတ္တား, ဟေတုကတ္တား, ကမ္မကတ္တားအားဖြင့် သုံးပါးတို့တွင် သူ့အား တိုက်တွန်းတတ်သော ကတ္တားသည် ကာရိယာပြီးခြင်း၏ အကြောင်းဖြစ်သောကြောင့် ဟေတုကတ္တားမည်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ ဩဒနံ ပါစာပေတိ" အစရှိသည်တည်း။

ပယောဇက ကတ္တား,ပယောဇ္ဇက ကတ္တားအားဖြင့် နှစ်ပါးတို့တွင် တိုက်တွန်းတတ်သော ကတ္တားသည် ပယောဇက ကတ္တားမည်၏။ ရှင်း ဥဒါဟရုဏ်ပင်။

၆၅၉။ ကိုးရာအဝန်း၊ မဇ္ဈေထွန်း၊ ကျမ်းညွှန်းနိမိတ် ဘယ်မျှနည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> ပုရတ္ထိမာယ ဒိသာယ ဇင်္ဂလံ နာမ နိဂမော၊ တဿာပရေန မဟာသာလော၊ တတော ပရံ ပစ္စန္တိမာ ဇနပဒါ။ ဩရတော မဇ္ဈေ။ ဒက္ခိဏပုရတ္ထိမာယ ဒိသာယ သလ္လဝတီ နာမ နဒီ။ တတော ပစ္စန္တိမာ ဇနပဒါ။ ဩရသော မဇ္ဈေ။ ဒက္ခိဏာယ သေတကဏ္ဏိကံ နာမ နိဂမော။ တတော ပရံ ပစ္စန္တိမာ ဇနပဒါ။ ဩရတော မဇ္ဈေ။ ပစ္ဆိမာယ ဒိသာယ ထုနံ နာမ ဗြာဟ္မဏဂါမော။ တတော ပရံ ပစ္စန္တိမာ ဇနပဒါ။ ဩရတော မဇ္ဈေ ဥတ္တရာယ ဒိသာယ ဥသိရဒ္ဓဇော နာမ ပဗ္ဗတော။တတော ပရံ ပစ္စန္တိမာ ဇနပဒါ။ ဩရတော မဇ္ဈေ။ အယံ မဇ္ဈိမဒေသော နာမ။ အာယာမေန တိယောဇနသတာနိ၊ ဝိတ္ထာရေန အစုတေယျာနိ ယောဇနသတာနိ၊ ပရိက္ခေပေန နဝယောဇနသတာနိ ဟောန္တိ။

ဟူ၍ ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌအဋ္ဌကထာ လာသည်နှင့်အညီ အရှေ့အရပ်၌ ဇင်္ဂလအမည်ရှိသော နိဂုံး၏ ပြင်ဘက်၌ အင်ကြင်းပင်ကြီးသည် ရှိ၏။ ထို အင်ကြင်းပင်ကြီး၏ ပြင်ဘက်သည် ပစ္စန္တရစ်။ အတွင်းသည် မဇ္ဈိမဒေသမည်၏။ အရှေ့တောင်အရပ်၌ သလ္လဝတီမည်သော ချင်းတွင်းမြစ်သည် ရှိ၏။ ထိုမြစ်၏ ပြင်ဘက်သည် ပစ္စန္တရစ်။ အတွင်းသည် မဇ္ဈိမဒေသမည်၏။ တောင်အရပ်၌ သေတကဏ္ဏိကမည်သော နိဂုံးသည် ရှိ၏။ ထိုနိဂုံး၏ ပြင်ဘက်သည် ပစ္စန္တရစ်။ အတွင်းသည် မဇ္ဈိမဒေသမည်၏။ အနောက်အရပ်၌ ထုနမည်သော ပုဏ္ဏားရွာသည် ရှိ၏။ ထိုရွာ၏ ပြင်ဘက်သည် ပစ္စန္တရစ်။ အတွင်းသည် မဇ္ဈိမဒေသမည်၏။ မြောက်အရပ်၌ ဥသိရဒ္ဓဇ တောင်သည် ရှိ၏။ ထိုတောင်၏ ပြင်ဘက်သည် ပစ္စန္တရစ်၊ အတွင်းသည် မဇ္ဈိမဒေသမည်၏။

ယင်းသို့ နိမိတ်ငါးရပ်ဖြင့် မှတ်အပ်သော တောင်မြောက် အလျားအားဖြင့် ယူဇနာသုံးရာ။ အရှေ့အနောက် အနံအားဖြင့် ယူဇနာနှစ်ရာငါးဆယ်။ အဝန်းယူဇနာ ကိုးရာရှိသော အရပ်သည် မဇ္ဈိမဒေသမည်၏။

အရှေ့ ဇင်္ဂလ၊ ရှေ့တောင်က၊ သလ္လဝတီချာ။
တောင်ဆီ သေတ၊ နောက် ထုန၊ မြောက်က ဥသိရဒ္ဓဇာ။
နိမိတ်ငါးရပ်၊ ပိုင်းခြားမှတ်၊ တွင်းရပ် မဇ္ဈိမာ။

၆၆၀။ ရွှေလမင်းဆန်း၊ ဥတုထွန်း၊ ခေါ်မှန်း ဘယ်မိန်းမပေနည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဒုမိနီ အန္ဓမလံ၊ ဝဏ္ဏမလဥ္စ စိတြိနီ။
သခ်ိနီ သာတမလဥ္စ၊ ဟတ္ထိနီ ပုဏ္ဏမာသိယံ။

ပဒုမိနီ၊ ပဒုမိနီ မိန်းမမျိုးကား။ အန္ဓမလံ၊ လပြည့်ကျော် ရှစ်ရက်မှသည် လကွယ်တိုင်ရှိ အတွင်း၌ ဥတုလာ၏။ စိတြိနီ၊ စိတြိနီမိန်းမမျိုးကား။ ဝဏ္ဏမလဥ္စ၊ လပြည့်ကျော်တရက်ကသည် ရှစ်ရက်အတွင်း၌ ဥတုလာ၏။ သခ်ိနီ၊ သခ်ိနီမိန်းမမျိုးကား။ သာတမလဥ္စ၊ လဆန်းတရက်ကသည် လဆန်းရှစ်ရက်အတွင်း၌ ဥတုလာ၏။ ဟတ္ထိနီ၊ ဟတ္ထိနီမိန်းမမျိုးကား။ ပုဏ္ဏမာသိယံ၊ လဆန်း ရှစ်ရက်မှသည် လပြည့်နေ့အတွင်း၌ ဥတုလာ၏။

ဤသို့ သျှတ္တရဂါထာလာရကား လဆန်း၌ ဥတုထွန်းသော မိန်းမသည် သခ်ိနီနှင့် ဟတ္ထိနီမျိုးမည်၏။ ။[ပုစ္ဆာ၌ "ဥတုသွန်း" ဟူ၍ ရှိသော် လျော်မည်ထင်သည်]။

၆၆၁။ ဥဇနာမှန်း၊ ပင်းယနန်း၊ သိမ်းမြန်းဘယ်လောက် ကြာသနည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

ခြောက်ရာ့ခုနစ်ဆယ်၊ လေးခုဆွယ်၍၊ တံ့ဖယ်တောင်သို့၊ နတ်ညွှန်ပို့၍၊ ရွှေမြို့ပင်းယ၊ တည်ထောင်ကြပြီး၊ မြို့လွှယာဥ္စည်၊ တစီးရှင်ဟု၊ နန်းခွင်တဆယ်၊ စည်းစိမ်ကြွယ်က၊ သက်လှယ် ဥဇနာ၊ လေးပြောငါးနှစ်၊ ညီချစ်လွန်းထင်၊ ငါးစီးရှင်မူ၊ ဥကင်ကိုးနှစ် -

ဟူ၍ နားတော်သွင်း၌ စပ်သည်။

၆၆၂။ သဝန်ကြီးမြန်း၊ တောင်ငူနန်း၊ ကိန်းခန်း ဘယ်သက္ကရာဇ်နည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဧယျဝဓနတိုင်း ကေတုမတီ မည်သော တောင်ငူပြည်ကြီးကို သက္ကရာဇ် (သုလာအဲ့) ဟူသော ၆၄၁-ခုတွင် ပုဂံနန်းရိုးဖြစ်သော သဝန်ကြီး တည်ထောင်စပြုသည်။ သဝန်ကြီးမှ စ၍

မင်း ၂၉-ဆက်မြောက် သက္ကရာဇ် ၈၄၇-ခုတွင် မဟာသီရိ ဇေယျသူရမင်းသည် ဦးရီးတော် စည်သူငယ်ကို လုပ်ကြံ၍ မင်းပြုသည်။ အဝဘုရင် ဒုတိယမင်းခေါင်လည်း ထီးဖြူဆောင်း၍ မင်းသီးပြုလေဟု မင်းမြောက်တန်းဆာငါးပါးကို ပေးတော်မူသည်။ သက္ကရာဇ် ၈၅၃-ခု နတ်တော် လဆန်း ၁၂-ရက်။ သောကြာနေ့။ ကြာသပတေး။ မြေခံ နက္ခတ် ၂၆-လုံး။ ဿဒ္ဓိ ၂၀။ ဗြိစ္ဆာတွင် လဂ်နှင့်အတူ တနင်္ဂနွေ, သောကြာ, ရာဟု။ မနေတွင် အင်္ဂါ, ဗုဒ္ဓဟူး။ မကာရတွင် စနေ။ မေထုန်တွင် ကြာသပတေး။ မိန်တွင် စန်းရပ်လျက် မိုးသောက်ရောင်ဖြူလာတွင် ဒွါရာဝတီမြို့ကို တည်၍ နေသည်။ ဘောင်ငူမြို့ကိုကား အသက်ကိုစွန့်၍ ယူရသော မြို့ဖြစ်သည်ဟု ခမည်းတော်မင်း မဟာသခ်ယာကို ဆောက်နှင်း၍ နေရသည်။ [ဤကား စကား အလျဉ်းသင့်၍ အမေးမပါပဲ ရေးလိုက်သည်]။

၆၆၃။ အရှေ့မြောက်ယွန်း၊ သေန်စွန်း၊ ထွန်းလိမ့် ဘယ်မြို့သိုက်ပေနည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အရိမဒ္ဒနာမည်သော ပေါက္ကံမြို့၏သိုက် ဟူပေ။

အကြောင်းကို ဆိုလိုက်ဦးအံ့ –

ဘုရားသခင် ထင်ရှားရှိတော်မူသောအခါ မဇ္ဈိမဒေသ အရပ်မှ ဒေသစာရီ ကြွချီတော်မူသော် တန့်ကြည့်တောင်သို့ ရောက်လျှင် တောင်ဖျား၌ ရပ်တန့်၍ အရှေ့မြောက်သို့ ကြည့်တော်မူ၏။ ထိုအခါ ဧရာဝတီမြစ်နား ကမ်းပါးပြင်ဘက်၌ ပေါက်ပင်တခု ပေါက်၍ ထိုပေါက်ပင်ဖျား၌ ဥဗျိုင်းနှင့် ကျီးမည်း နားနေလျက် ပေါက်ပင်လတ်၌ ဖွတ် ပြိတ္တာ လျှာနှစ်ခွလည်း နေ၏။ ပေါက်ပင်ရင်း၌ ဖားသူငယ်လည်း ဝပ်လျက်ရှိ၏။ ထိုကို မြင်သော် ပြုံးတော်မူ၏။ ညီတော် အရှင်အာနန္ဒာက ပြုံးတော်မူသော အကြောင်းကို လျှောက်ရာတွင် ဘုရားသခင်လည်း "ချစ်သား အာနန္ဒာ....ငါဘုရား ပရိနိဗ္ဗာန်ပြုသည်နောက် ၆၅၁-နှစ် ရောက်သောအခါ ဤအရပ်သည် ပြည်ကြီး ဖြစ်လတ္တံ့။ ပေါက်ပင်ဖျား၌ ဥဗျိုင်းနှင့် ကျီးမည်း နားသောအလိုကား ထိုပြည်၌ အလှူ သီတင်းသုံး များလတ္တံ့။ ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာလျှာနှစ်ခွနေသည့် အလိုကား ထိုပြည်သူတို့သည် လယ်ယာမလုပ်ပဲ ရောင်းဝယ်၍သာလည်းကောင်း, ပြောဆို၍သာလည်းကောင်း အသက် မွေးသောအားဖြင့် မမှန်စကား သုံးသည်ဖြစ်၍ သစ္စာယွင်းယိုလတ္တံ့။ ပေါက်ပင်ရင်း၌ ဖားနေသည့် အလိုကား ထိုပြည်သူတို့သည် ဖားနှယ် ငြိမ်းချမ်း၍ သာယာရွှင်လန်းကြလတ္တံ့။ ထိုပြည်ကို တည်စပြုသော သမုဒ္ဒရာဇ်မင်း လက်ထက် ငှက်ကြီး, ဝက်ကြီး, ကျားကြီး, ရှူးပျံတို့သည်လည်း မင်းမူလတ္တံ့။ ထို ငှက်, ဝက်, ကျား, ရှူးတို့ကို အဖ နေနတ်၊ အမိ နဂါးမင်းသမီး ဤသူနှစ်ဦးကို စွဲ၍ ဖြစ်သော ဘုန်း လက်ရုံး အာဏာနှင့် ပြည့်စုံသော မင်းသားတဦးသည် ခုင်းလတ္တံ့။ ယခု ငါဘုရားအား ဇင်ဖက်သုံးချပ်ကို ထီးပြုလျက် နေကာ၍ လိုက်သော တောင်စောင့် ဥပါကြီးသည် ဤပြည်၌ မင်းသုံးကြိမ် ဖြစ်လတ္တံ့ ဟု ဗျာဒိတ်ထားတော်မူ၏။

ထို့ကြောင့် "အရှေ့မြောက်ယွန်း၊ သေန်စွန်း၌၊ ပြည်ကြီးထွန်းလတ္တံ့"ဟူသော သိုက်ဗျာဒိတ် သည် ပေါက္ကံပြည်၏ သိုက်ဗျာဒိတ်ဟူ၍ မှတ်အပ်၏။

၆၆၄။ ထုံးနှင့် ဆေးဒန်း၊ အမျှမှုန်း၊ လန်းလန်း ဘယ်အရောင်ပေနည်း၊ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....နှံ့သာရောင်ဖြစ်၏ ဟူပေ။

၆၆၅။ သက်တံရောင်သန်း၊ နီမြန်းမြန်း၊ ပန်းရောင်ဘယ်သို့ ဖော်မည်နည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဆေးဒန်းတစု။ ဟင်္သပဒါးသုံးစု။ ချိပ်ရေ အင်တန်ပြက်။ ပန်းရောင်ဖြစ်၏။ (တနည်းကား) တိန်းညက်ရေတွင် ဟင်္သပဒါး, ဆေးဒန်း အင်တန်ပြက်။ ပန်းရောင်ဖြစ်၏ ဟူပေ။

၆၆၆။ ညှန့်ဖူးညှန့်လန်း၊ အဆန်းဆန်း၊ ခေါ်မှန်းအစပ် ဘယ်သို့နည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စာချီ စာဖြတ်၊ အဆုံးသတ်၌၊ အသတ်နှင့်သာ၊ ချသည်မှာမူ၊ ညှန့်ရှင် ဟူ၏၊ သတ်မူ မမှတ်၊ ရေလတ် သည်ကို၊ ပေါက်ပြဆိုရှင့်၊ ထိုအချမှာ၊ ၍မပါပဲ၊ သာယာချိုမြ၊ ၏ လေချသော်၊ ညှန့်ဖူး ခေါ် လေ့၊ ထိုရော်အချ၊ကနှင့် တကား၊ ခေါ်ကြညှန့်လန်း၊ ထူးဆန်းထွေလာ၊ ဟူသည်မှာကား၊ ဆုံးမှာအချ၊ သုံးပါဒပင်၊ မညီချင်တည့်၊ သည့်ပြင်ပုလဲသွယ်၊ သတ်ရောလှယ်လဲမ့်၊ မှတ်ဖွယ် ရွှေလောင်းပြန်၊ ချဟန်စ တ၊ ကမရတည်း၊ ဝသတ်ဆုံးလျှင်၊ ညှန့်တုံးတွင်ရှင့်၊ သည့်ပြင်တမည်၊ နေခြည်ရောင်ပြေး၊ စာစပ်ရေးကား၊ လေးဝဂ္ဂါဒိ၊ အမြစ်ရှိလိမ့်၊ သိရိထွန်းညိတ်၊ ဖျောက်ဆိတ် လလယ်၊ ဟူသည်ဝယ်ကား၊ အသတ်များ၏၊ အဖျားကောက်ချီ၊ တလီကုတ်စ၊ ဟူသမျှ၌၊ စသည် ကိုသာ၊ ခေါ်စပါရှင့်၊ ကာရန်မမှတ်၊ အသတ်မညီ၊ အချီမမျှ၊ ရှိက တထူး၊ ကဏ္ဍုဆူးတည့်၊ နည်းထူးဤမှာ၊ မဆိုရာ။

ဟူသော လင်္ကာဖြင့် သိရာ၏ဟူပေ။

၆၆၇။ စာရေးတော်မှုန်း၊ အင်ခြောက်ခန်း၊ ရှင်လန်းဘယ်အင်္ဂါတို့နည်း။ (၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> သကိံ ဥဂ္ဂဟိတဂ္ဂါ၊ သီဃလေခံ သုလိခိတံ။
> မေဓာဝိ ဝါကျပဋုကံ၊ ဒက္ခံ လေခကေ ၅ပေ။

သကိံ ဥဂ္ဂါဟိတဂ္ဂံ၊တကြိမ်ဆိုလျှင် ထိုစကားကို မှတ်ယူခြင်း၌ လိမ္မာထသော။ သီဃလေခံ၊ လက်ရေးလည်းမြန်ထသော။သုလိခိတံ၊ လက်ရေးလည်းကောင်းစွာ တင့်တယ်ထသော။ မေဓာဝိံ၊

လျင်သောပညာလည်းရှိထသော။ ဝါကျပဋ္ဌုက်၊ စကားလည်းတတ်ထသော။ ဒက္ခုက်၊ စာပေ အစီအကုံး၌လည်း လိမ္မာထသော။ တေ၊ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသောသူကို။ လေခကေ၊ စာရေးတော်ကြီးအရာ၌။ ဌပေ၊ ထားရာ၏။

၆၆၇။ သူကြီးကျင့်ခန်း၊ အုံ့ဘနန်း၊ ဂုဏ်ဆန်းခြောက်ပါး မည်သို့နည်း။ (၂၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ခမာ ဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခနာ။
နာယကဿ ဂုဏာ ဧတေ၊ ဣစ္ဆိတဗ္ဗာ ဟိတတ္ထိနာ။

ခမာ၊ သည်းခံခြင်းလည်းကောင်း။ဇာဂရိယာ၊နိုးကြားခြင်းလည်းကောင်း။ဥဋ္ဌာနံ၊ ထကြွလျင်လျားပေါ့ပါးခြင်းလည်းကောင်း။သံဝိဘာဂေါ၊ ဝေဖန် ခွဲခြမ်း ပေးကမ်းတတ်ခြင်းလည်းကောင်း။ ဒယာ၊သူတပါးတို့အား သနားခြင်းလည်းကောင်း။ ဣက္ခနာ၊ ကြည့်ရှုစောင်မခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ နာယကဿ၊ အကြီးအမှူးပြုလုပ်သောသူ၏။ ဧတေ ဂုဏာ၊ ဤဂုဏ်ခြောက်ပါးတို့ကို။ ဟိတတ္ထိနာ၊အစီးအပွားကို အလိုရှိသောသူသည်။ဣစ္ဆိတဗ္ဗာ၊ပြည့်စုံအောင် အလိုရှိအပ်၏။ (ရာဇနီတိ၊ ဓမ္မနီတိ)။

၆၆၈။ ခြသေ့်မယ်နန်း၊ တိဝန်းဝန်း၊ မချန်းမေးတော် ဘယ့်ကြောင့်နည်း။ (၂၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သမ္ဖပ္ပလာပံ ပဟာယ သမ္ဖပ္ပလာပါ ပဋိဝိရတော အဟောသိ။ကာလဝါဒီ ဘူတဝါဒီ အတ္ထဝါဒီ ဓမ္မဝါဒီ ဝိနယဝါဒီ နိဓာနဝတိံ ဝါစံ ဘာသိတာ ကာလေန သာပဒေသံ ပရိယန္တဝတိံ အတ္ထသဉှိတံ တေန သီဟဟနုကာ ဇာတာ။

ဟူသော ပါဠ်နှင့်အညီ.... အကျိုးမဲ့သော စကားကို ပြောဆိုခြင်းမှ ပယ်၍ သမ္ဖပ္ပလာပမှကြဉ်တော်မူသည်လည်းဖြစ်ဖူး၏။ လျောက်ပတ်သော ကာလ၌သာ ဆိုလေ့ရှိသည်။ ဟုတ်မှန်သော စကားကိုသာ ဆိုလေ့ရှိသည်။ အကျိုးစီးပွားနှင့်စပ်သောစကားကိုသာ ဆိုလေ့ရှိသည်။ ကုသိုလ်တရားနှင့်စပ်သော စကားကိုသာ ဆိုလေ့ရှိသည်။ ဆုံးမခြင်းနှင့်စပ်သော စကားကိုသာဆိုလေ့ရှိသည် ဖြစ်ခဲ့ဖူး၏။ နှလုံး၌ မှတ်သားအပ်သော အကြောင်းသက်သေနှင့်တကွသော အပိုင်းအခြားရှိသော အကျိုးစီးပွားနှင့်စပ်သော စကားကိုသာလျင် လျောက်ပတ်သောအခါ၌ဆိုတော်မူသည် ဖြစ်ခဲ့ဖူး၏။ ထိုအကြောင်းကြောင့် ခြသေ့်မင်း၏ မေးနှင့်တူသော မေးတော်လက္ခဏာ ရှိတော်မူသည်ဖြစ်၏။ (လက္ခဏသုတ်)။

၆၇၀။ သာသနာ့ရှန်းရှန်း၊ သီဟိုဠ်ကျွန်း၊ ပွင့်လန်း ဘယ်ချိန် စသနည်း။ (၂၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

သီဟိုဠ်ကျွန်းကို လူနေဖြစ်အောင် တည်ဆောက်ပြုစုရသော ဝိဇယဘာဟုမင်း၏နောက် ခြောက်ဆက်မြောက်ကျသော ဒေဝါနံပိယတိဿမင်း၏လက်ထက် သက္ကရာဇ် သာသနာ ၂၃၆-ခုနှစ်၊ နယုန်လပြည့်နေ့မှစ၍ သာသနာတော် သက်ဆင်းသတည်း။

ထို့ကြောင့် ပါရာဇိကကဏ် အဋ္ဌကထာ၌—

> တဿာဝသာနေ အသောကော ရဇ္ဇံ ကာရေသိ။ တဿ ပုရေ အဘိသေကာ စတ္တာရိ အဘိသေကတော အဋ္ဌာရသမေ ဝဿေ ဣမသ္မိံ ဒီပေ မဟိန္ဒတ္ထေရော ပတိဋ္ဌိတော။ ဝေ-မေဘေန ရာဇဝံသာနုသာရေန ဝေဒိတဗ္ဗမေဝေတံ "သမ္ဗာသမ္ဗုဒ္ဓဿ ပရိနိဗ္ဗာနတော ဒွိန္နံ ဝဿသတာနံ ဥပရိ ဆတ္တိံသတိမေ ဝဿေ ဣမသ္မိံ ဒီပေ ပတိဋ္ဌဟိ"တိ။ ။ဟူ၍ မိန့်တော်မူသည်။

မြန်မာဘာသာကား။ ဇမ္ဗူဒိပ်ကျွန်း၌ ဗိန္ဒုသာရမင်းကြီး ၂၈-နှစ်မင်းပြုသည်၏အဆုံး၌ အသောကမင်းသည် မင်းအဖြစ်သို့ရောက်၏။ ထိုမင်းသည် အဘိသိက်မခံမီ ၄-နှစ်။ အဘိသိက်ခံပြီးနောက် ၁၈-နှစ်မြောက်၌ မဟိန္ဒထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွသည်ဖြစ်၍ ရာဇဝင်အစဉ်ဖြင့် နှစ်ပေါင်းကို ရေတွက်သော် ဘုရားပရိနိဗ္ဗာန် လွန်တော်မူသော နှစ်မှစ၍ ၂၃၆-နှစ်ပြည့်ဖြစ်သော နယုန်လပြည့်နေ့၌ သီဟိုဠ်ကျွန်းသို့ သာသနာတော် သက်ဆင်းစဖြစ်သတည်း ဟူလိုသည်။

၆၇၁။ သီဟိုဠ်က စွန်း၊ ဇမ္ဗူကျွန်း၊ တည်ထွန်း ဘယ်ချိန်ရောက်သနည်း။ (၂၄)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သာသနာတော် ၉၃၀-ပြည့်နှစ်တွင် အရှင်ဗုဒ္ဓဃောသ သီဟိုဠ်သို့ကူး၍ သီဟိုဠ်ဘာသာဖြင့် ရေးသားလေသော ပိဋကတ်သုံးပုံပါဋ္ဌိတော် အဋ္ဌကထာတို့ကို မဂဓပြန်၍ ယူဆောင်ခဲ့သဖြင့် သုဝဏ္ဏဘူမိမည်သော သထုံပြည်သို့ရောက်သည်။ ထိုမှသည် အရိမဒ္ဒနာမည်သော ပုဂံပြည်သို့ အနော်ရထာပင့်ဆောင်ယူ၍ ရောက်သည်ဟူ၍ စူဠဝင်, ဗုဒ္ဓဃောသုပ္ပတ္တိ, သာသနာဝင်စာတို့၌လာသည်။

၆၇၂။ ရွှေဝရပ်ခန်း၊ သတိုးမြန်း၊ နန်းပြိုင် ဘယ်မင်းရှိသနည်း။ (၂၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တောင်တွင်းတနန်း။ တောင်ငူတနန်း။ ပြည်တနန်းရှိသည်ဟု ရာဇဝင်တွင်ဆိုသည်။

၆၇၃။ တလုံးစီမှန်း၊ ဂရုတန်း၊ ဆန်းဂိုဏ်းဘယ်ဂါထာ
တို့နည်း။ (၂၆)

၆၇၄။ နှစ်လုံးစီမှန်း၊ ဂရုတန်း၊ ဆန်း၏အမည်
ဘယ်သို့နည်း။ (၂၇)

၆၇၅။ ပတိဋ္ဌာဆန်း၊ မ ဂိုဏ်းတန်း၊ ခေါ်မှန်းဂါထာ
အဘယ်နည်း။ (၂၈)

၆၇၆။ ဗြဟတီဆန်း၊ ဂိုဏ်းသုံးခန်း၊ တွင်မှန်း
ဘယ်ဂိုဏ်းပေတို့နည်း။ (၂၉)

ဟူသော အမေးပုစ္ဆာလေးခု၌ အဖြေ ဝိသဇ္ဇနာကား....

တပါဒ၌ဂရုတလုံးစီသာရှိသော ဂါထာသည် လိလာဂါထာ မည်၏။ဥတ္တာဆန်းတည်း။ထို့ကြောင့် ဆန်းဋီကာ၌—

ဂေါ လိလာ။ ယထာ၊ ကံ၊ မေ၊ သံ၊ ဘူ။ ဟူ၍ဆို၏။

ဂရုနှစ်လုံးရှိသောဂါထာသည် ယာတာဂါထာမည်၏။ ထို့ကြောင့် ဆန်းဋီကာ၌—

ဂါ ယာတာ။ယထာ။ ကောတော၊ သတ္ထာ၊ ဗုဒ္ဓေါ၊ ဓမ္မော။ အစ္စုတဆန်းဟူ၍ ဆို၏။

မဂါသောဘာ။ ယထာ။ သော ဟံ ဗုဒ္ဓံ ပူဇေဿံသော။ ဓမ္မံ သံဃံ နိဿေသင်္ခံ။ ။သောဘာ-ဂါထာ၊ ပတိဋ္ဌာဆန်းဟူ၍ ဆို၏။

ဗြဟတီဆန်း၌ ၉-လုံးဘွဲ့ဂါထာ နှစ်မျိုးတည်း၊ ရ-ဂိုဏ်း, န-ဂိုဏ်း, သ-ဂိုဏ်း ဤသုံးဂိုဏ်းစဉ်၍ ရှိသောဂါထာသည် ဟလမုခီဂါထာ မည်၏။

နဂိုဏ်းနှစ်ခု၊ မဂိုဏ်းတခုရှိသော ဂါထာသည် ဘုဇဂသုသုဂါထာ မည်၏။ ထို့ကြောင့် ဝုတ္တောဒယ၌—

ရာနသာ ယဒိ ဟလမုခီ။
ဘုဇဂသုသု မတာ နာမော။ ။ဗြဟတီ။

ဟူ၍သုတ်တည်၏။

ယဿာ၊ အကြင်ဂါထာ၏။ စတူသု ပါဒေသု၊ လေးပါဒတို့၌။ရာနသာ၊ ရဂိုဏ်း, နဂိုဏ်း, သဂိုဏ်းတို့သည်။ ပဋိပါဒံ၊ အစဉ်အတိုင်း။ ယဒိ သိယုံ၊ အကယ်၍ဖြစ်ကုန်အံ့။ အယံ၊ဤဂါထာသည်။ ဟလ-မုခီ၊ မြင်းဟီသံနှင့်တူသောကြောင့် ဟလမုခီဂါထာ မည်၏။

ယဿာ၊ အကြင်ဂါထာ၏။ စတူသု ပါဒေသု၊ လေးပါဒတို့၌။ နာ၊ နဂိုဏ်းနှစ်ခုတို့သည်လည်းကောင်း။ မော၊ မဂိုဏ်းသည်လည်းကောင်း။ ပဋိပါဒံ၊ အစဉ်အတိုင်း။ ယဒိ သိယုံ၊အကယ်၍ ဖြစ်ကုန်အံ့။ အယံ၊ ဤဂါထာသည်။ ဘုဇဂသုသု၊ မြွေတွန်သံနှင့်တူသောကြောင့် ဘုဇဂသုသု ဂါထာမည်၏။ ဗြဟတီ၊ ဗြဟတီဆန်းတည်း။

၆၇၇။ ဝိတက်တိက်စွန်း၊ ပစ္စည်းထွန်း၊ ညွှန်းသော်သချာ ဘယ်မျှနည်း။ (၃၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သဝိတက္ကတိက်၌ ပစ္စည်းထွန်းကား အလွန်ကျယ်ဝန်း၏။ ဤ၌ ဇေ့စုံစွာရေးခဲ့သော် ပဋ္ဌာန်းကို မလေ့လာဖူးသော မန္ဒပညာတို့ စိတ်ရှုပ်စရာသာ ရှိတော့မည်။ ပဋ္ဌာန်းကို သင်ကြားလေ့လာဖူးသော သူတို့မှာလည်း ၎င်းကျမ်းရင်း အလာနှင့်ပင် သိသာပြီဖြစ်သည်။ ထို့ကြောင့် ဤအဖြေမှာ မရေးလိုက်ပြီ။

၆၇၈။ မေးပါးစွန်းစွန်း၊ မြင်း၌ထွန်း၊ အစွန်းသုံးပါး အဘယ်နည်း။ (၃၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မေးစွန်း, ပါးစွန်း, ခွါစွန်းဟူ၍ သုံးပါးတည်း။

တနည်းလည်း....ရှေ့ခြေဆစ် နောက်ခြေဆစ် အစွန်း, ပါးစွန်း, နားစွန်းဟူ၍ သုံးပါးတည်း။ ဤသည်လျှင် အစွန်းသုံးပါးဟူပေ။

၆၇၉။ သိဒ္ဓတ်စံခန်း၊ သုံးဆောင်မှန်း၊ ရွှေနန်းတိုင်းထွာ ဘယ်မျှနည်း။ (၃၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရာဇာ ဗောဓိသတ္တဿ တိဏ္ဏံ ဥတူနံ အနုစ္ဆဝိကေ ရမ္မံ သုရမ္မံ သုဘံ နာမကေ တယော-
ပါသာဒေ ကာရေသိ ဧကံ နဝဘုမ္မိကံ၊ ဧကံ သတ္တ ဘုမ္မိကံ၊ ဧကံ ပဉ္စ ဘုမ္မိကံ။ တယော
ပါသာဒါစ ဥဗ္ဗေဓေန သမပ္ပမာဏာ အဟေသုံ။ ဘုမ္မိကာသု ပန နာနတ္တာ ဟောတိ။

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည်။

အနက်ကား။ ။ရာဇာ၊ သုဒ္ဓေါဒနမင်းကြီးသည်။ ဗောဓိသတ္တဿ၊ ဘုရားအလောင်းသိဒ္ဓတ်မင်းအား။ တိဏ္ဏံဥတူနံ၊ မိုး, ဆောင်း, နွေလ သုံးဝသော ဥတုတို့တွင်။ အနုစ္ဆဝိကေ၊ သင့်လျော်လျောက်ပတ်ကုန်သော။ ရမ္မံ သုရမ္မံ သုဘံ နာမကေ၊ ရမ္မ, သုရမ္မ, သုဘ အမည်ရှိကုန်သော။ တယောပါသာဒေ၊ သုံးဆောင်သော ပြာသာဒ်တို့ကို။ ကာရေသိ၊ ပြုစေ၏။ ဧကံ၊ တဆောင်သော သုဘပြာသာဒ်သည်။ နဝဘုမ္မိကံ၊ ဘုံကိုးဆင့်ရှိ၏။ ဧကံ၊ တဆောင်သော သုရမ္မပြာသာဒ်သည်။ သတ္တဘုမ္မိကံ၊ ဘုံခုနစ်ဆင့်ရှိ၏။ ဧကံ၊ တဆောင်သော ရမ္မပြာသာဒ်သည်။ ပဉ္စဘုမ္မိကံ၊ ဘုံငါးဆင့်ရှိ၏။ တယောပါသာဒါစ၊ သုံးဆောင်သော ပြာသာဒ်တို့သည်ကား။ ဥဗ္ဗေဓေန၊ အမြင့်အားဖြင့်။ သမပ္ပမာဏာ၊ တူမျှကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဘုမ္မိကာသု ပန၊ ဘုံဆင့်တို့သည်ကား။ နာနတ္တာ၊ အလုပ်အဆောင် ဆင်းမှောင်ခမ်းနား ထူးပြားသော အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

အပဒါန်အဋ္ဌကထာ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ သုတ္တနိပါတ်ပဗ္ဗဇသုတ် အဋ္ဌကထာတို့၌လည်း ညှိနည်းတူသာ မိန့်ဆိုကြကုန်သည်။ လက်သစ်တောင်တာဖြင့် တိုင်းထွာ၍ မဆိုကုန်။ ယင်းသို့ ကျမ်းဂန်မဆိုပဲ လွန်ကဲ၍ သိနိုင်မည့် အရာမဟုတ်။ ထိုသို့ မဟုတ်လျက် ဆရာပုစ္ဆာပြုခြင်းသည် ပရပီဠနဒေါသသာ ဖြစ်ရာလေသည်ဟုဖြေ။

"အန်း" ကာရန်ပုစ္ဆာ ၃၅-ပုဒ် အဖြေပြီး၏။

---

(၂၂) "အိန်" ကာရန်ပုစ္ဆာ ၉-ပုဒ် အဖြေ။

၆၇၀။ ရှင်နာဂသိန်၊ ဘုန်းကြောင့်မှိန်၊ မာလိန်မင်းကြီး ကျွတ်လိမ့်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> သော ရာဇာ မိလိန္ဒဝိဟာရံ ကာရာပေတွာ နာဂသေနတ္ထေရဿ နိယျာဒေတွာ ကောဋိသတသဟဿာနဥ္စ ဘိက္ခူနံ မဟာဒါနံဒတွာ အတ္တနော ပုတ္တဿ ရဇ္ဇံ နိယျာဒေတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတွာ နစိရဿေဝ အရဟတ္တဖလံ သစ္ဆာကာသိ။ ။ဟူ၍ မိလိန္ဒ ပဥှာ၌လာသည်။

အဓိပ္ပါယ်ကား။ ။ထို မိလိန္ဒမင်းကြီးသည် အရှင်နာဂသိန် ဖြေဆိုသော ပြဿနာ၌ လွန်စွာ ကြည်ညိုသည်ဖြစ်၍ မိလိန္ဒဝိဟာရမည်သော ကျောင်းကြီးကို ဆောက်လုပ်၍ အရှင်နာဂသေန မထေရ်အား ဆောက်နှင်းလှူဒါန်း၍ လေးပါးသောပစ္စည်းတို့ဖြင့် ထောက်ပံ့ပြုစုလျက် ကုဋေ တသန်းမျှလောက်သော ရဟန်းတို့အားလည်း လှူဒါန်းပူဇော်ပြီး၍ မိမိ၏ သားကြီးအား မင်း အဖြစ်ကို ဆောက်နှင်းပြီးလျှင် မိမိသည် အိမ်ရာထောင်သောလူ၏ ဘောင်မှ အိမ်ရာမထောင် သော ရဟန်းဘောင်၌ ရဟန်းပြုသဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်ကို မျက် မှောက်ပြုရလေ၏။ ။ဤသို့ဆိုရကား မိလိန္ဒမင်းကြီးသည် အကျွတ်တရား ရလေပြီဟူပေ။

၆၇၁။ ပဥ္စမာလိန်၊ တာဝတိန်၊ နေရှိန်ထွန်းပါ လေလိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မြင်းမိုရ်တောင်၏ အာလိန် ငါးဆင့်ကိုလည်းကောင်း, တာဝတိံသာနတ်ပြည်ကိုလည်းကောင်း နေမင်း၏ အရောင်အရှိန်တို့သည် မထွန်းဟူပေ။

ဘယ့်ကြောင့် မထွန်းသနည်း ဟူငြားအံ့— နေဗိမာန်သည် ကြေးမုံကို မှောက်၍ ထားဘိသကဲ့ သို့ အောက်မျက်နှာဖြင့်သာ အလင်းရောင်ကို ဖြစ်စေသည်။ နံပါးကိုလည်းကောင်း, အထက်ကို လည်းကောင်း အလင်းရောင်မဖြစ်စေနိုင် ဟူ၍ သာရတ္ထဒီပနီဋီကာ, လောကဒီပနီတို့၌ ဆိုသော ကြောင့် နံပါးအရပ် အထက်အရပ်တို့၌ အရောင်မထွန်းဟူပေ။

တာဝတိံသာနတ်ပြည်ကို မထွန်းသော် ရှိတန်စေ၊ အာလိန်ငါးဆင့်သည် နေ၏ အောက်အဖို၌ တည်ရကား ထွန်းသင့်ပါ၏ ဟူငြားအံ့—ယုဂန္ဓိုရ်တောင်နှင့် ကွယ်ကာ၍ တည်ရကား မထွန်းနိုင်ဟု သိရာ၏ ဟူပေ။

၆၇၂။ မြင်းမိုရ်ရောင်ရှိန်၊ တောင်ဂိရိန်၊ ကျပ်ချိန် ဘယ်မျှ ရှိသနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဤပြဿနာ၌ သိဖွယ်ရာကား ပညာကြီးသောသူတို့၏ အရာဖြစ်၍ သိမ်မွေ့၏။ စေ့စေ့ နှလုံးသွင်းရမည်။

> သိနေရုပဗ္ဗတုတ္တမော ဘိက္ခဝေ စတုရာသီတိသဟဿာနိ
> အဇ္ဈောဂါဠှော မဟာဏ္ဏဝေ၊ တာဝဒေဝ အစ္စုဂ္ဂတော။

အစရှိသော ပါဠိတော်ဖြင့် "မြင်းမိုရ်တောင်သည် သီဒါ သမုဒ္ဒရာအတွင်း၌ နစ်သည်လည်း ယူဇနာ ရှစ်သောင်း လေးထောင် ရေမှပေါ်လျက် အထက်သို့ မြင့်သည်လည်း ယူဇနာ ရှစ်သောင်း လေးထောင်ရှိသည်" ဟူ၍ ဟောတော်မူသည်။

ထိုတောင်၏ အချင်းပမာဏသည်ကား အဋ္ဌကထာ ဆရာတို့က–

> န ကေဝလဥ္စေတ္တ ဥဗ္ဗေဓောဝ၊ အထ ခေါ အာယာမဝိတ္ထာရတောပိဿ တတ္တကာ ယေဝ ဝုတ္တံ။

ဟူသော ပါဠ်ဖြင့် "အရပ် အစောက်သာလျှင် ယူဇနာ ရှစ်သောင်း လေးထောင် ရှိသည် မဟုတ်။ အချင်းဖြစ်သော အလျားအနံ အားဖြင့်လည်း ရှစ်သောင်း လေးထောင်ရှိသည်" ဟူ၍ မိန့်၏။

ထိုတောင်သည် လေးထောင့်မဟုတ်၊ အဝန်း အလုံးဖြစ်သည်။ မုရိုးစည်သဏ္ဌာန်ကဲ့သို့ အလယ်ပူလျက် အထက်သို့လည်းကောင်း၊ အောက်သို့လည်းကောင်း တရွေ တရွေရှူးသည်ဟူ၍ ဇိနာလင်္ကာရ စသည်တို့၌ ဆိုသည်။

သာရတ္ထဒီပနီဋီကာတို့၌ကား... "အာလိန် ငါးထပ်တွင် တခု တခုသော အာလိန်အပြင်သည် ယူဇနာ ငါးထောင်စီ ကျယ်သည်။ ထိုအပြင်၌ နဂါး, ဂဠုန်တို့ဏ် ပြည်တည်သည်ဟူ၍ ဆိုသောကြောင့် အာလိန်တဆင့်မှ တဆင့်သည် ယူဇနာ တသောင်းစီ ကြုံ့၍ တက်သည်။ အာလိန် ငါးဆင့်၏ အထက်၌ကား ယူဇနာ ငါးသောင်း ကိုးထောင်မျှ အချင်းရှိသည်။ အထက်ကိုလည်း မုရိုးစည်းကဲ့သို့ တရွေ တရွေ ရှူးပြန်လေသည်ဖြစ်၍ တာဝတိံသာ တည်ရာသို့ ရောက်သောအခါ ယူဇနာ ငါးသောင်းကျော်ခန့်သာ ရှိ၏"ဟူ၍ ဆိုသည်။ ထိုဋီကာ၏ အလိုအားဖြင့် မြင်းမိုရ်တောင်သည် ပစ္စယာငါးဆင့်နှင့် တည်သော စေတီကဲ့သို့ အထက်သို့ ချွန်လျက် တည်သည်ဟု ယူဖွယ်ရှိသည်။

သုတ္တနိဋ္ဌကာတို့၌ကား.... ရင်းဖျား တသွန်းတည်း ယူဇနာ ရှစ်သောင်း လေးထောင်နှင်နှင်ရှိသည်ဟု ဆိုသည်။ ထိုဆရာတို့၏ အလိုအားဖြင့် ဖျာသနိုင်ကိုလိပ်၍ ထောင်သကဲ့သို့ တည်သည်ဟု ယူဖွယ်ရှိသည်။

ထိုသုတ္တန် ဋီကာတို့၏ အလိုသို့ လိုက်၍ ကဗျာဆရာတို့လည်း....

နှစ်သိန်း ငါးသောင်း၊ နှစ်ထောင်ပေါင်းနှင့်၊ လုံးလျှောင်း ကြွခိုင်၊ သရိုင်လည်ဟန်၊ စည်သဏ္ဍာန်သို့။ ။ဟူ၍ စပ်ဆိုသည်။

ထိုစည်သဏ္ဍာန်ဖြင့် တည်ဟန် တောင်၌ ကျပ်ချိန်ကို တွက်သော်.... အမြင့် ယူဇနာ (တသိန်း ခြောက်သောင်း ရှစ်ထောင်) ကိုတည်။ လေးခုမြှောက်။ ဂါဝုတ်ပေါင်း(ခြောက်သိန်း ခုနစ်သောင်း နှစ်ထောင်) ဖြစ်၏။ ထိုကို ရှစ်ဆယ်မြှောက်၊ ဥသဘပေါင်း (ငါးကုဋေ့ သုံးသန်း ခုနစ်သိန်း ခြောက်သောင်း) ဖြစ်၏။ ထိုကို နှစ်ဆယ်မြှောက်။ တာပေါင်း (ကုဋေတရာ့ ခုနစ်ကုဋေ့ ငါးသန်း နှစ်သိန်း) ဖြစ်၏။ ထိုကို ခုနစ်ခုမြှောက်။ တောင်ပေါင်း (ကုဋေခုနစ်ရာ့ ငါးဆယ့် နှစ်ကုဋေ ခြောက်သန်း လေးသိန်း) ဖြစ်၏။ ထိုကို နှစ်ဆယ့် လေးလက်သစ်မြှောက် လက်သစ်ပေါင်း (ကုဋေ တထောင့် တဆယ့်ငါးသန်း ခြောက်သိန်း) ဖြစ်၏။ ဤကား အစောက်၌ ရအပ်သော လက်သစ် ပေါင်းတည်း။ ထိုလက်သစ်ပေါင်းကို ထားဦး။ အဝန်းယူဇနာ (နှစ်သိန်း ငါးသောင့် နှစ်ထောင်) ကို တည်။ လေးခုမြှောက်။ ဂါဝုတ်ဖြစ်၏။ ထိုကို ရှစ်ဆယ်မြှောက်။ ဥသဘပေါင်းဖြစ်၏။ ထိုကို နှစ်ဆယ်မြှောက်။ တာပေါင်းဖြစ်၏။ ထိုကို ခုနစ်ခုမြှောက်။ တောင်ပေါင်းဖြစ်၏။ ထိုကို နှစ်ဆယ့် လေးခုမြှောက်။ လက်သစ်ပေါင်းဖြစ်၏။ ထိုအဝန်း လက်သစ်ပေါင်းကို သုံးခုစား။ လဒ်ကား အချင်း လက်သစ်ပေါင်းဖြစ်၏။ ထိုအချင်း လက်သစ်ပေါင်းကို တည်။ သချာတူနှင့် မြှောက်။ လေးခုစား။ လဒ်ကို သုံးဆယ့် သုံးခုမြှောက်။ အစောက် လက်သစ်ပေါင်းလည်း မြှောက်။ အားလုံး လက်သစ်ပေါင်းရ၏။

စတုရန်း တလက်သစ်လျှင် ကျပ်ချိန် နှစ်ကျပ်တွက်ရိုး ရှိရကား ယခင် လက်သစ်ပေါင်းကို နှစ်ခုမြှောက်။ ဤမျှလောက် ကျပ်ချိန်စီး၏ဟု သိရာသည်။

ရှေးဆရာကား.... ဤအရာ၌ မြင်းမိုရ်ပမာဏရှိသော သရိုင်ကြီးကို ပြု၍ ထိုသရိုင်၌ စပါးအပြည့် ထည့်ပြီးသော် ထိုစပါးစေ့ ပေါင်းကိုတွက်၏။

တွက်ဟန်ကား သရိုင်ကြီး အဝန်းယူဇနာ (နှစ်သိန်း ငါးသောင်း နှစ်ထောင်ကို တည်။ လေးခုမြှောက်။ ဂါဝုတ်ပေါင်းဖြစ်၏။ ထိုကို ရှစ်ဆယ်မြှောက်။ ဥသဘပေါင်း ဖြစ်၏။ ထိုကို နှစ်ဆယ်မြှောက်။ တာပေါင်းဖြစ်၏။ ထိုကို ခုနစ်ခု မြှောက်။ တောင်ပေါင်းဖြစ်၏။

သရိုင်အစောက်ယူဇနာ (ရှစ်သောင်းလေးထောင်)ကိုတည်။ လေးခုမြှောက်။ ဂါဝုတ်ပေါင်း ဖြစ်၏။ ထိုကို ရှစ်ဆယ်မြှောက်။ ဥသဘပေါင်း ဖြစ်၏။ ထိုကို နှစ်ဆယ်မြှောက်။ တာပေါင်းဖြစ်၏။ ထိုကို ခုနစ်ခုမြှောက်တာပေါင်း ဖြစ်၏။ ထိုကို ခုနစ်ခုမြှောက်။ တောင်ပေါင်းဖြစ်၏။

အဝန်းတောင်ပေါင်းကို သုံးခုစား လဒ်ကား အချင်းဖြစ်၏။ ထိုအချင်းကို သချာတူနှင့် မြှောက်ရကို လေးခုစား။ လဒ်ကိုသုံးခုမြှောက်။ အစောက် တောင်ပေါင်းနှင့်လည်းမြှောက်။ တောင်ပေါင်း ဖြစ်၏။ စတုရန်းတတောင်လျှင် စပါးနှစ်တင်း ဝင်ရကား တောင်ပေါင်းကို နှစ်ခု မြှောက်။ စပါးတင်းပေါင်းဖြစ်၏။ ၎င်းတင်းပေါင်းကိုတည်။ တတင်း၏ စေ့ပေါင်း (အနနုဝိဇ္ဇဂါ) ဟူသော (သုံးသိန်းရှစ်သောင်းလေးထောင်)နှင့် မြှောက်။ စပါးစေ့ပေါင်း ဖြစ်၏။ ၎င်းကို နှစ်ခုမြှောက်။ ဆန်စေ့ ပေါင်း ဖြစ်၏။ ၎င်းဆန်စေ့ ပေါင်းကို လေးခုစား။ လဒ်ကားရွှေးပေါင်း ဖြစ်၏။ ဤရွှေးပေါင်းကို တရာ့နှစ်ဆယ်စား။ လဒ်ကားကျပ်ပေါင်း ဖြစ်၏။ ဤသို့ တွက်သည်။

ထိုဆရာ၏ တွက်ခြင်းသည် နည်းရလောက်ပေ၏။ အမှန်သို့ကား မကျရာ။ ဘယ့်ကြောင့်နည်း မူ–ဆန်ကိုထည့်သော်လည်း ဆန်တလုံးနှင့် တလုံးသည် မစပ်။ ခြားလျက်ရှိသောကြောင့်တည်း။ အဘယ်ကိုထောက်၍ သိရသနည်းဟူမူ....ဆန်ဒး ပြည့်ထည့်သော အိုး၌ ရေလောင်းသော် အိုးတဝက်ခန့် ရေဝင်ပြန်သောကြောင့် ခြားရှိသည်ကို သိရသတည်း။ ထို့ကြောင့် ယခင့်ကျောက်စိုင် တွက်နည်းဖြင့်သာ တွက်ယူရာ၏။

သာရတ္ထဒီပနီဆရာတို့၏ ဝါဒအားဖြင့် အထက်သို့ ချွန်၍တက်သော မြင်းမိုရ်တောင်၏ ကျပ်ချိန်ကို တွက်လိုသော်...အစောက် ယူဇနာကိုတည်။ ယခင့်ကဲ့သို့မြှောက်။ လက်သစ်ဖပေါင်းရစေ။ အချင်းယူဇနာကိုတည်။ သုံးခုဒမြှောက်။ အဝန်းဖြစ်၏။ အဝန်းကို လက်သစ်တိုင်အောင်မြှောက်။ ထိုတွင် အစောက်လက်သစ်ပေါင်းနှင့်မြှောက်။ ထိုကို နှစ်ခုစား။ လဒ်ကို လက်သစ်ခပေါင်းဟုထား။ ထိုကို နှစ်ခုမြှောက်။ ကျပ်ချိန်ပေါင်း ဖြစ်၏။

နှမ်း, ဆန်, စပါး၊ ထားသည်ကျီဝန်း၊ တွက်ရိုးလမ်းကား၊ ထုတ်သန်း တောင်ပေါင်းတည်၊ မြှောက်သည်သင်္ချာတူ။

စားမူစတု၊ လဒ်အစုကို၊ သုံးခုနှင့်မြှောက်၊ မြင့်အစောက်၊ မြှောက်၍တဖန်ယူ။

ထိုသင်္ချာအား၊ ဒွေးမြှောက်လှ္ား၊ စပါးတင်းပေါင်းဟူ။

ဤကျီဝန်းတွက်နည်းအတိုင်း မြင်းမိုရ်တောင်၌လည်း တွက်ရမည်။ အဝန်းအဝိုင်းဆိုသမျှ၌ ဤနည်းတူချည်းတွက်။

ဖြ၇၃။ နီလာကြောင်စိန်၊ ရောင်ထိန်ထိန်၊ ဝတ်ချိန်
ဘယ်တိထိပေနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

နံနက်အခါ၊ နီလာမြသား၊ ပဏ္ဍုမြားနှင့်၊ ဆယ်ပါးကြောင်မြတ်၊ ထိန်လျှပ်သန္တာ၊ ဆင်ဝတ်ရာ၏၊ အခါနေလွဲ၊ ပုလဲဂေါမုတ်၊ ဥဿဖယားစိန်၊ ဝရဇိန်လျှံလူ၊ ဆင်ရမူကား။ ဗိုလ်လူခပ်သိမ်း၊ ညွတ်တိမ်းစုံမက်၊ ပဏ္ဏာဆက်လိမ့်၊ ဟူ၍ ဗေဒင်ကျမ်းတို့၌ အချိန်အားဖြင့် ဝတ်ရာသည်ကို လာသည်။

စိန်နှင့်ပတ္တမြား၊ ကျောက်နှစ်ပါးကို၊ ရွှေဖျားနန္တာ၊ တိထိမှာ၌၊ ဝတ်ရာမှန်လှ၊ ဂေါမုတ္တနှင့်၊ ဥဿဖယား၊ ကျောက်နှစ်ပါးမှာ၊ ဘဒြာဘ်ထိ၊ ယှဉ်မှီဝတ်မြဲ၊ ပုလဲဇေယျာ၊ သန္တာနှင့်ကြောင်၊ ဝဘ်ဆောင်ရိတ္တာ၊ ကျောက်နီလာကား၊ ပဏ္ဏာကြိုက်ကြူး၊ ဆင်ဝတ်တုံမူ၊ လူ့ဘုံပေါ်ဆင်၊ ကောင်းကျိုးမြင်လိမ့်၊ ဤတွင် ၂၂မျက် ဆင်ရိုးတည်း။

ဤသို့ ဗေဒင်ကျမ်း, မဏိသျှုတြကျမ်းတို့၌ လာသည်ကိုထောက်၍ သိရာ၏ ဟူပေ။

၆၀၄။ ရောင်တရှိန်ရှိန်၊ တောက်လောင်ထိန်၊ ဣန္ဒနီမျိုး ဘယ်မျှနဲ့ည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဣန္ဒနီလာ ကျောက်ကား အဆင်းအားဖြင့်....အနီ, အဖြူ, အညို, အနက်ဟူ၍ လေးပါးအပြား ရှိ၏။

ထိုတွင်-အနီကား မင်းနှင့် ထိုက်၏။ အဖြူကား ပုဏ္ဏား၊ အညိုကား သဌေး၊ အနက်ကား သူဆင်းရဲတို့နှင့် ထိုက်၏။ ဤသို့ မဏိသျှုတြစာ၌ ဆိုသောကြောင့် ဣန္ဒနီလာ လေးပါးရှိ၏ ဟူပေ။

၆၀၅။ မီးပန်းထိန်ထိန်၊ ဆောင်းဦးချိန်၊ တာဝတိန် စိန်ပန်းဘယ်သို့နည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တာဝတိံသာ၌ စူဠာမဏိစေတီတော်ကို နတ်တို့ ပူဇော်သည်နှင့် တူသောကြောင့် တာဝတိန် စိန်ပန်းပွင့်မည်သော မီ.ပန်းပွင့်ဖော်နည်းကား....ယမ်းတဆယ်၊ မီးသွေးလေးကျပ်၊ သံငါးကျပ်၊ ကန့်နှစ်မတ် အကုန်ကျေး၍ ကျည်တွင်နှက်၊ ပဒေသာကဲ့သို့ မီးပွင့်ထွက်၏။

၆၀၆။ ရန်မုဥ္စလိန်၊ ညီ ဘေရိန်၊ ဘုန်းရှိန်ဘယ်တိုင် စိုးသနည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဤ၌ 'ဘယ်တိုင်'ဟူသော စကားသည် အစ္စန္တသံယောဂမျိုး ဖြစ်၍ ကာလကိုလည်းကောင်း, အခွန့်ကိုလည်းကောင်း ရသည်။ ထိုတွင် ကာလကိုရည်၍ မေးမူ သီရိခေတ္တရာပြည်၌ ဒွတ္တဘောင် နှယ် မင်းကိုးဆက် ပြီးသည့်နောက်၊ တေပါးမင်း, ပါပိရန်, ရန်မုက္ခ, ရန်သိယ် ဤမင်းလေးဆက် နောက်၊ ရန်မုဥ္စလိန်မင်းသည် သာသနာတော် ၅၆၀-ခုတွင် မင်းဖြစ်၍ ၁၅-နှစ် မင်းပြုသည်။ ၎င်းနောက် ညီ ဘေရိန်မင်းသည် နောင်တော်လွန်သည့်နောက်မှ သာသနာ သက္ကရာဇ် ၅၇၃-ခုတွင် မင်းဖြစ်၍ ၁၂-နှစ်ပတ်လုံး စိုးအုပ်သည်။

အခွန့်ကိုရည်၍ မေးသည်ဖြစ်အံ့· ထိုမင်းတို့ပိုင်သော နိုင်ငံအပိုင်းအခြားကို ဆိုသော ဇမ္ဗူ တံဆိပ် စာအလာဖြင့် သိရာ၏။

၆၀၇။ ပေဒင်အချိန်၊ ပြက္ခဒိန်၊ တာရှိန်ဘယ်မျှ ရက်နေ့နည်း (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယမန်နှစ် အတာကြမတ်ဟောင်းကို တည်၊ သတ်ခန်းစမှ နုတ်။ အကြွင်းနှစ်သစ် ကြမတ် ဖြစ်၏။ မနုတ်လောက်မူ ရှစ်ရာကူ၍ နုတ်။ အကြွင်း ကြမတ်သစ် ဖြစ်၏။ ရှစ်ရာကူသော နှစ်၌ တော်တုလဲဟူသော ၃၆၆-ရက်နှင့် အတာတက်၏ဟူပေ။

၆၀၀။ မိုးကြိုးပုဆိန်၊ ပြင်းဟုန်ရှိန်၊ ထိန်ထိန်လောင်မီး ဘယ့်ကြောင့်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အသနိ ပန နဝဝိဓာ ဟောန္တိ အသညာ, ဝိစက္ကာ, သတေရာ, ဂဂ္ဂရာ, ကပိသီသာ, မစ္ဆဝိလောဠိကာ, ကုက္ကုဋကာ, ဒဏ္ဍမဏိကာ သုက္ခာသနီတိ။

ဟူ၍ သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ။ ၎င်းဋီကာတို့၌ လာသည်။

အဓိပ္ပာယ်ကား။ ။မိုးကြိုးတို့သည် ကိုးပါးအပြားရှိကုန်၏။ ကိုးပါးဟူသည်ကား—

အသံပြင်းစွာ မပြုပဲကျသော အသညာ မိုးကြိုး။

တဘက်သွား နှစ်ဘက်သွား စက်ဝန်း စသည်ဖြင့်ကျသော ဝိစက္ကာမိုးကြိုး။

လျှပ်စစ်နွယ်ကဲ့သို့ ကျသော သတေရာမိုးကြိုး။

ဂျက်ဂျက်မြည်လျက်ကျသော ဂဂ္ဂရာမိုးကြိုး။

မျောက်မျက်နှာမေ်ာသကဲ့သို့ ကျသော ကပိသီသမိုးကြိုး။

ငါးမြူးသကဲ့သို့ ကျသော မစ္ဆဝိလောဠိကမိုးကြိုး။

ကြက်ပျံသကဲ့သို့ ကျသော ကုက္ကုဋကမိုးကြိုး။

လှံဒဏ်ခတ်သကဲ့သို့ ကျသော ဒဏ္ဍမဏိကာမိုးကြိုး။

လောင်မီးဖြစ်၍ ကျသော သုက္ခာသနိမည်သော မိုးကြိုး—

အားဖြင့် ကိုးပါးအပြားရှိသည်။

ထိုကိုးပါးတို့ဘွင် သုက္ခာသနိမည်သော မိုးကြိုး၏ လက္ခဏာကို အဋ္ဌကထာဆရာပြသည်ကား....

သုက္ခာသနိ နာမ ပတိတဋ္ဌာနံ သမုဂ္ဃါတေတိ။ ဒေဝေ ဝဿန္တေပိ သဇောတိဘူတာယ ဥဒကေန အတေမေတဗ္ဗတော သုက္ခာသနီတိ ဝုစ္စတိ။ ဟူ၍ ပြသည်။

သုက္ခာသနိနာမ၊ သုက္ခာသနိမည်သည်ကား။ ပတိတဋ္ဌာနံ၊ ကျရာအရပ်ကို။ သမုဂ္ဃါတေတိ၊ အကြွင်းမဲ့ ပျက်စီးစေ၏။ ဒေဝေ၊ မိုးသည်။ ဝဿန္တေပိ၊ ရွာသျက်လည်း။ သဇောတိဘူတာယ၊ မီးလျှံနှင့်တကွ။ ပတတိ၊ ကျ၏။ ဥဒကေန၊ ရေဖြင့်။ အတေမေတဗ္ဗတော၊ မစွတ်သည်၏ အဖြစ်ကြောင့်။ သုက္ခာသနီတိ၊ သုက္ခာသနိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုမိုးကြိုး လောင်မီးတို့သည် တန်ခိုးရှိသော သိကြားမင်း, စတုမဟာရာဇ် နတ်မင်း, နတ်ဘီလူး, နဂါး အစရှိသည်တို့၏ အာနုဘော်ကြောင့် ဖြစ်ရကား သိကြားလက်နက်မည်၏။ နတ်၏ လက်နက်လည်း မည်၏။

ထို့ကြောင့် ကျမ်းဂန်၌ ... သက္ကာဝုဓံ-ဟူ၍လည်းကောင်း, ဣန္ဒာဝုဓံ-ဟူ၍လည်းကောင်း, ဣန္ဒာသနိ-ဟူ၍လည်းကောင်း ဆိုအပ်သတည်း။

မိုးကြိုးကို ဖြစ်စေနိုင်သော နတ်, သိကြား, နဂါး, ဘီလူးတို့သည် ရွှင်မြူးပျော်ပါးလိုသောစိတ်၊ သူတထူးအား ခြိမ်းချောက်လိုသောစိတ်ရှိ၍ မိမိစွဲကိုင်သော လှံတံ စသည်ကို ဝင့်လိုက်ခတ်လိုက် လျှင်ပင် ထက်ဝန်းကျင် ကြောက်မက်ဖွယ်သောအသံ ထစ်ကြိုးလျက် မိုးကြိုးလောင်မီးဖြစ်ရသည် ဟူ၍ လောကပညတ္တိကျမ်းတို့၌ ဆိုသည်ကိုထောက်၍ သိရမည်။

"အိန်" ကာရန်ပုစ္ဆာ ၉-ပုဒ်အဖြေ ပြီး၏။

---

(၂၃) "အိန္န" ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေ။

၆၇၉။ တရားအချိန့်၊ မျှားအသိန့်၊ မိန့်တော်ဘယ်တိုင် နှံ့သနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အာဏာခေတ္တံ ပန ကောဋိသတသဟဿ စက္ကဝါဠပရိယန္တံ ဟောတိ။ တတ္ထ ရတနသုတ္တံ ခန္ဓပရိတ္တံ ဓဇဂ္ဂပရိတ္တံ အာဋာနာဋိယပရိတ္တံ မောရပရိတ္တန္တိ ဣမေသံ အာနုဘာဝေါ ပဝတ္တတိ။

အာဏာ ခေတ္တံပန၊ အာဏာခေတ်သည်ကား။ ကောဋိသတသဟဿ စက္ကဝါဠပရိယန္တံ၊ စကြဝဠာ ကုဋေတသိန်း အပိုင်းအခြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ယတ္ထ၊ အကြင် ကုဋေတသိန်း မျှလောက်သော စကြဝဠာတိုက်၌။ ရတနသုတ္တံ၊ ရတနာသုတ်ပရိတ်သည် လည်းကောင်း။ ခန္ဓပရိတ္တံ၊ ခန္ဓပရိတ်သည် လည်းကောင်း။ ဓဇဂ္ဂပရိတ္တံ၊ ဓဇဂ်ပရိတ်သည်လည်းကောင်း။ အာဋာနာဋိယပရိတ္တံ၊ အာဋာနာဋိယ ပရိတ်သည်လည်းကောင်း။ မောရပရိတ္တံ၊ မောရပရိတ်သည် လည်းကောင်း။ ဣတိ ဣမေသံ ပရိတ္တာနံ၊ ဤပရိတ်တို့၏။ အာနုဘာဝေါ၊ အာနုဘော်သည်။ ပဝတ္တတိ၊ နှံ့၍ဖြစ်၏။

ဤသို့ သာရတ္ထသင်္ဂဟကျမ်း၌ လာသောကြောင့် စကြဝဠာ ကုဋေတသိန်းတိုင်အောင် တရားတော်၏ အာနုဘော်သည်နှံ့၏။ ထိုကြောင့် ထိုမျှလောက်သော အရပ်သည် အာဏာခေတ်မည်၏။

ထိုစကြဝဠာကုဋေတသိန်းကား ဤငါတို့စကြဝဠာနှင့် လောင်ဘက် ပျက်ဘက် တည်ထွန်းဘက် စကြဝဠာတို့ပင်တည်း။

၆၈၀။ ရွှေခွန်းသာအိန့်၊ ဖွားလျှင်မိန့်၊ ထိန့်ထိန့်ကျော်စော ဘယ်မျှနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မဟာသတ္တော ဟိ ဥမင်္ဂဇာတကေ ဝေဿန္တရဇာတကေ ပစ္ဆိမတ္တဘာဝေတိ တီသု ဌာနေသု ဇာတမတ္တောယေဝ မာတရာ သိဒ္ဓိံ ကထေသိ။

ဟိသစ္စံ၊ မှန်၏။ မဟာသတ္တော၊ ဘုရားလောင်းသည်။ ဥမင်္ဂဇာတကေ၊ ဥမင်္ဂဇာတ်၌ လည်းကောင်း။ ဝေဿန္တရဇာတကေ၊ ဝေဿန္တရာဇာတ်၌ လည်းကောင်း။ ပစ္ဆိမတ္တဘာဝေ၊ အဆုံးစွန်

သော ကိုယ်တော်၏ အဖြစ်၌ လည်းကောင်း။ ဣတိ၊ ဤသို့။ တီသု ဌာနေသု၊ သုံးပါးသောအရာတို့၌။ ဇာတမတ္တေယေဝ၊ ဖွားကာမျှ၌သာလျှင်။ မာတရာ၊ မယ်တော်နှင့်။ သဒ္ဓိံ၊ တကွ။ ကထေသိ၊ စကားဆိုနိုင်၏။

ဤသို့ ဝေဿန္တရာဇာတ် အဋ္ဌကထာ၌ လာသောကြောင့် ဖွားကာမျှနှင့် စကားဆိုတော်မူသော ဇာတ်သုံးပါးဟု မှတ်ရာသည်။

၁။ ထိုသုံးဇာတ်တို့တွင်– ဝေဿန္တရာဇာတ်၌ အဘယ်သို့ စကားဆိုသနည်းဟူမူကား....

မဟာသတ္တော မာတုကုစ္ဆိတော နိက္ခန္တမတ္တော ဝိသုဒ္ဓေါ ဟုတွာ အက္ခီနိ ဥမ္မီလိတွာဝ နိက္ခမိ။ နိက္ခန္တမတ္တေယေဝစ မာတုသမ္မုခေ ဟတ္ထံ ပသာရေတွာ "အမ္မ ဒါနံ ဒဿာမိ၊ အတ္ထိ ကိဉ္စိ ဓနံ"န္တိ အာဟ။ အထဿ မာတာ "တာတ အဇ္ဈာသယေန ဒါနံ ဒေဟီ"တိ ပသာရိတဟတ္ထေ သဟဿတ္ထဝိကံ ဌပေသိ။

ဟူ၍ ဇာတ်အဋ္ဌကထာ လာသည်နှင့်အညီ....ဘုရားလောင်း ဝေဿန္တရာမင်းသည် အမိဝမ်းမှ ဖွားစဉ်ကပင် ကိုယ်ဝန်၏ အညစ်အကြေးတို့သည် မငြိမတွယ် စင်ကြယ်သည်ဖြစ်၍ မျက်စိကို ဖွင့်လျက်သာလျှင် ဖွား၏။ ဖွားတည့်လျှင်ပင် မိခင်၏ရှေ့၌ လက်ကိုဖြန့်၍ "မိခင် ကျွန်ုပ် အလှူပေးလိုပါသည်။ တစုံတခုသောဥစ္စာရှိပါလျှင် ပေးပါ"ဟု ဆို၏။ ထိုအခါ မယ်တော်က "ချစ်သား– မိခင်၌ ဥစ္စာအများရှိ၏။ ချစ်သားအလိုရှိတိုင်း အလှူပေးလော့"ဟု ဆို၍ ဖြန့်သောလက်၌ အသပြာ ထောင်ထုပ်ကို ထည့်လိုက်၏။

၂။ မဟောသဓဇာတ်၌ အဘယ်သို့ စကားဆိုသနည်းဟူမူကား....

မဟာသတ္တဿ မာတုကုစ္ဆိတော နိက္ခမနကာလေ သက္ကော အဒိဿမာနကာယေန အာဂန္တွာ တဿ ဟတ္ထေ ဧကံ ဩသဓဃဋိကံ ဌပေတွာ သကဋ္ဌာနမေဝ ဂတော။ မဟာသတ္တော တံ မုဋ္ဌိံ ကတွာ ဂဏှိ။ တသ္မိံ ပန မာတုကုစ္ဆိတော နိက္ခန္တမတ္တေ မာတု အပ္ပမတ္တကမ္ပိ ဒုက္ခံ နာဟောသိ။ ဓမကရဏတော ဥဒကမိဝ သုခေန နိက္ခမိ၊ သာ တဿ ဟတ္ထေ ဩသဓဃဋိကံ ဒိသွာ "တာတ ကိန္တေ လဒ္ဓ"န္တိအာဟ။ "ဩသဓံ အမ္မာ"တိ ဒိဗ္ဗောသဓံ မာတုယာ ဟတ္ထေ ဌပေသိ။ ဌပေတွာ စ ပန "ဣဒံ ဩသဓံ ယေန ကေနစိ အာဗာဓေန အာဗာဓိကာနံ ဒေထာ"တိ အာဟ။

ဟူ၍ မဟောသဓဇာတ် အဋ္ဌကထာ လာသည်နှင့်အညီ... ဘုရားလောင်း မဟောသဓာသည် အမိဝမ်းမှ ဖွားသောအခါ၌ သိကြားမင်းသည် မထင်ရှားသောကိုယ်ဖြင့် လာလတ်၍ ဘုရားလောင်း၏ လက်၌ ဆေးတုံးကို လက်ဆုပ်တွင်း၌ ထား၏။ ထို ဘုရားလောင်းကို ဖွားရသော်လည်း မယ်တော်၌ အနည်းငယ်မျှသော ဆင်းရဲဒုက္ခသည် မရှိ၊ ပဂ္ဂတိသော ဓမ္မကရိဏ်မှ ကျသော ရေကဲ့သို့ ချမ်းသာသဖြင့် ဖွား၏။ ထို့ကြောင့် ဖွား၍ သား၏ မျက်နှာကို မြင်ရလျှင် မယ်တော် သုမနဝတီသည် သား၏လက်၌ ဆေးတုံးကိုမြင်၍ "ချစ်သား....သင်၏လက်၌ ပါသည်ကား အဘယ်နည်း" ဟု မေး၏။ "မိခင်.... ကျွန်ုပ်လက်တွင် ပါသည်ကား မြတ်သော နတ်ဆေးတည်း။ ဤဆေးကို တစုံတရာ အနာဖြင့် နှိပ်စက်သောသူအား ပေးပါလော့။ မရှည်မကြာ ချမ်းသာပါလိမ့်သတည်း"ဟု ဆို၍ မယ်တော်လက်သို့ ပေး၏။

၃။ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌ အဘယ်သို့ စကားဆိုသနည်း ဟူမူကား....

"အဂ္ဂေါဟမသ္မိ လောကဿ။ သေဋ္ဌောဟမသ္မိ လောကဿ။ ဇေဋ္ဌောဟမသ္မိ လောကဿ။ အယမန္တိမာဇာတိ။ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"တိ သီဟနာဒံ နဒိ။

ဟူ၍လာသော ဗုဒ္ဓဝင်အဋ္ဌကထာနှင့်အညီ.... လုမ္ဗိနီဉယျာဉ်၌ သိဒ္ဓတ်မင်းသားကို ဖွားလျှင် အသီးအသီး ခံလာသော ဗြဟ္မာ, သိကြား, နတ်သား, လူသားတို့၏ လက်မှ မြေသို့ဆင်းသက်၍ "ဤလူအပေါင်းထက် ငါသည် အထူးသဖြင့် ကဲလွန်မြတ်၏။ ဤလူအပေါင်းထက် ငါသည် အထူးသဖြင့် ချီးမွမ်းအပ်၏။ ဤလူအပေါင်းထက် ငါသည် အထူးသဖြင့် ကြီး၏။ ဤပဋိသန္ဓေ နေရခြင်းကား အဆုံးစွန် ဖြစ်၏။ နောက်၌ တဖန် ပဋိသန္ဓေနေရခြင်း မရှိပြီ" ဟူ၍ ခြင်္သေ့မင်း ကဲ့သို့ ရဲတင်းသောအသံကို ဆိုသတည်း။

၆၉၁။ မိုးတဟိန့်ဟိန့်၊ တသိန့်သိန့်၊ ထိန့်ထိန့် ဘယ်မျှကြာသနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မေဃသဒ္ဒေါ နာမ၊ မိုးသံမည်သည်ကို။ ကိတ္တကေ ဌာနေ၊ အဘယ်မျှလောက်သော အရပ်၌။ သုယျတိ၊ ကြားအပ်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။ ကေဒ္ဒိတိယောဇနမတ္တေ၊ တယူဇနာ, နှစ်ယူဇနာ, သုံးယူဇနာမျှလောက်သော အရပ်၌။ သုယျတိ၊ ကြားအပ်၏။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။

ဤသို့ ကေနိပါတ် အပဏ္ဏကဇာတ်၌ လာသောကြောင့် တော်ရုံသော မိုးသံသည် တယူဇနာတိုင်အောင် ကြားသည်။ ပြင်းသော မိုးသံသည် နှစ်ယူဇနာတိုင်အောင် ကြားသည်။ အလွန်ပြင်းသော မိုးသံသည် သုံးယူဇနာတိုင်အောင် ကြားသည်။ မိုးရွာအံ့ဟု တက်လတ်သော တိမ်ကို သုံးယူဇနာအရပ်က မြင်ရသည်။ မိုးမြူးသော် လေဆင်သည်ကို တယူဇနာကပင် မြင်ရသည်။ လျှပ်စစ်ကို ငါးယူဇနာက မြင်ရသည်။

ထို့ကြောင့် ရှေး သူဟောင်းတို့သည်–"တိမ်-တေ, လေ-ဧက်၊ လျှပ်စစ်-ပဥ္စာ၊ သံ-တယော" ဟု ဆိုကုန်၏။

နီတိကျမ်းတို့၌လည်း— "ဘေရိသဒ္ဒေါ တိဂါဝုတံ၊ မေဃသဒ္ဒေါ တိယောဇနံ" ဟု ဆိုပြီ။

သက္ကရာဇ် ၁၁၁၃-ခုနှစ်၊ ဟံသာဝတီရောက်မင်း သီရိသုဓမ္မရာဇာ လက်ထက်၌ စိန္တကျော်သူ အမတ် စီရင်သော သတ်ပုံကျမ်း၌–

ချိုလေးသာအိန့်၊ နှုတ်တော်မိန့်၊ ထိန့်ထိန့်ကျော်သံဝေ။
နသတ်တင်မြစ်၊ ရေးနည်းစစ်၊ အသစ်ရတတ်စေ။
ယင်းသုံးပါးမှ၊ ထူး၍ရ၊ လူမျှားခေါင်ချုပ်နေ။
အင်္ဂါမချို၊ စုံပျိုပျို၊ ငါတို့ဆရာပေ။
ပညာရှိများ၊ ထိုသူ့အား၊ ညာထား ကိုးကွယ်လေ။

ဟူ၍ စပ်ဆိုမှာထားခဲ့သည်ကို ထောက်လျှင် "မိန့်၊ အိန့်၊ ထိန့်-ဟူသော အက္ခရာ သုံးလုံးကိုသာ နသတ်လုံးတင် အမြစ်၌ ငါတို့ ရနိုင်သည်။ ထို့ထက်သာ၍ ရှာနိုင်မူ လူများ ခေါင်ချုပ်နေသော ငါတို့ဆရာ ဖြစ်တော့သည်" ဟု ဆိုခဲ့သည်။

ကျည်းကန်ဆရာကမူကား....မိန့်၊ အိန့်၊ ထိန့် အပေါ်တွင် "အချိန့်၊ အသိန့်၊ ဟိန့်" ဟူသော အသံသုံးပါးကို သွင်းနိုင်ပြန်သည်ဖြစ်၍ ဆရာမြောက်ပေသည်။

လောကဝိဒူပျို့၌—

သုံးပါးအဖို့၊ ဝိထိတို့ဖြင့်၊ မြင်းမိုရ်ရှ့ရဟတ်၊ မိုးခုလတ်ဝယ်၊ ခရုပတ်လိမ့်၊ ရစ်၍ အိန့်သား၊ ပြက္ခဒိန့်လက်၊ တနှစ်ရက်၌၊ ပတ်ချက် ခြောက်ဆယ်၊ သုံးရာကြွယ်ရှင့်။ ။ဟူ၍ စပ်သည်။

စာတော်ရတု၌လည်း....

မိုးနတ်ဒေဝိန့်၊ သံကြီးဟိန့်က၊ နာဂိန့်ဦးခေါင်း၊ မြောက်သို့စောင်း၏။ ။ဟူ၍စပ်သည်။

ဤသို့ ပညတ်နသတ် အမြစ်စပ်သည်ကို ထုတ်လျှင် ရှင်နန္ဒမေဓအပေါ်တွင် သုံးလွန်းတင်၍ ရဖွယ်ရာရှိ၏။ ယင်းသို့ရသော်လည်း ဂန္ထဘာရဖြစ်မည်ကြောင့် မထုတ်လိုက်ပြီ။ ယုတ္တိကိုရှာသော် လုံးတင်နသတ်ဟူသမျှသည် သင့်သောဌာန၌ အမြစ်သင့်သည်များ၏။

"အိန့်"ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေပြီး၏။

---

(၂၄) "အိန်း" ကာရန်ပုစ္ဆာ ၄ ပုဒ်အဖြေ။

၆၉၂။ ကိုယ်တော်ရှင်ဖိန်း၊ မျောက်မျဉ်းမှိန်း၊ စက်ကျိန်း ညဥ့်ယံ ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဘဂဝါ ပန ကေရတ္တိယာ တီသု ယာမေသု ပစ္ဆိမယာမံ တယော ကောဋ္ဌာသေ ကတွာ။

အစရှိသည်ဖြင့် ဓမ္မပဒအဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌ လာသည်နှင့်အညီ.... တခုသော ညဥ့်၏ သုံးပါးသော ယံတို့တွင် ပဌမယံ ဒုတိယယံတို့၌တပည့်သာဝကတို့အား တရားဟောပြ ဆုံးမတော်မူ၍ ပစ္ဆိမဟု ဆိုအပ်သော မိုးသောက်ယံကို သုံးဖို့ဖို့၍ တဖို့ခန့်မျှ သီဟသေယျဖြင့် ကျိန်းစက်တော်မူ၍ မိုးသောက်သောအခါ၌ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူမြဲဖြစ်သည်ဟု ဆိုအပ်သောကြောင့် ညဥ့်နာရီသုံးဆယ်တွင် ကိုးစုံတစုကျသော သုံးနာရီခန့်သာ ကျိန်းတော်မူ၏ဟု သိရာသည်။

နေ့အခါ၌ ကျိန်းတော်မူခြင်းမရှိလော ဟူငြားအံ့-နွေလ၏ အသုံးဖြစ်သော ကဆုန်လ,နယုန်လ တို့၌ကား နေ့အခါ ကျိန်းတော်မူ၏။ အခါခပ်သိမ်း မကျိန်းဟူပေ။

အဘယ်ကိုထောက်၍ သိရာသနည်းဟူမူကား.... သစ္စကပရိဗိုဇ်သည် ဘုရားရှင့်ထံသို့ ကပ်လေသောကာလ "အရှင်ဘုရားသည် နေ့အခါ၌ ကျိန်းတော်မူပါသေး၏လော"ဟု မေးလျှောက်သောအခါ....

အဘိဇာနာမိ ခေါ ပနာဟံ အဂ္ဂိဝေဿန ဂိမှာနံ ပစ္ဆိမေ မာသေ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပ္ပဋိက္ကန္တော စတုဂ္ဂုဏံ သံဃာဋိံ ပညပေတွာ ဒက္ခိဏေန ပဿေန သတော သမ္ပဇာနော နိဒ္ဒံ ဩက္ကမိတာတိ။

ဟူ၍ မိန့်တော်မူသောကြောင့် သိရသတည်း။

အဂ္ဂိဝေဿန၊မီးနတ်ကိုးငြားပုဏ္ဏားနွယ်စသစ္စက။ အဟံ၊ ငါဘုရားသည်။ ဂိမှာနံ၊ နွေဥတုတို့၏။ ပစ္ဆိမေမာသေ၊ နောက်ဆုံးဖြစ်သော ကဆုန်လ နယုန်လ၌။ ပစ္ဆာဘတ္တံ၊ ဆွမ်းစားပြီးသောအခါ၌။ ပိဏ္ဍပါတပ္ပဋိက္ကန္တော၊ ဆွမ်းခံရာမှ ဖဲခဲ့ပြီးသော်။ စတုဂ္ဂုဏံ၊ လေးထပ်သော။ သံဃာဋိံ၊ ဒုကုဋ်ကို။ ပညပေတွာ၊ ခင်း၍။ ဒက္ခိဏေန ပဿေန၊ လက်ယာနံတောင်းဖြင့်။ သတော သမ္ပဇာနော၊ သတိ ပညာရှိလျက်။ နိဒ္ဒံ၊ အိပ်ပျော်ခြင်းသို့။ ဩက္ကမိတာတံ၊ ရောက်၏ ဟူ၍။ အဘိဇာနာမိ ခေါပန၊ ဝန်ခံတော်မူသလျှင်ကတည်း။ ။(မဇ္ဈိမနိကာယ် သစ္စကသုတ်)။

၆၉၃။ ကုဋေတသိန်း၊ ကျော်လွှံ့ရှိန်း၊ ရေးကိန်းဘယ်မျှ ကြာသနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကုဋေတသိန်းသော လောကဓာတ်တို့၏ ပျက်ခြင်းသည် မီး, ရေ, လေဟူ၍ သုံးပါးရှိသည်တွင် ရေဖျက်သော အာပေါသံဝဋ္ဋကပ်၌ကမ္ဘာပျက်မိုးရွာသည်မှစ၍ အားလုံးစုံသော စကြဝဠာမြေသည် ဆားခဲကို ရေစိမ်သကဲ့သို့ မြည့်မြည့်ကြေ၍ ပျက်သည့်တိုင်အောင် သံဝဋ္ဋကပ် ကမ္ဘာပြုမိုးရွာ၍ သုဘကိဏှာဘုံထိအောင် ရေပြည့်ပြီးသော် ထိုရေသည် တရွေ့ရွေ့လျော့၍ မြင်းမိုရ်သတ္တရဘ္ဘန် ကျွန်းရံနေလပေါ်သည်တိုင်အောင် ဝိဝဋ္ဋကပ်ဟူ၍ ဆိုခဲ့သော် သံဝဋ္ဋဋ္ဌာယီကပ် မပါသကဲ့သို့ရှိခဲ့၏။ ထို့ကြောင့် "ရေကိန်းဘယ်မျှကြာသနည်း"ဟု မေးသည်။

မီးဖျက်သော ကမ္ဘာ၌ကဲ့သို့ ရေဖျက်သော ကမ္ဘာ၌လည်း ကမ္ဘာပျက်ရေနှင့် ကမ္ဘာပြုမိုးရေ ပြည့်သောအကြားတွင် ဟင်းလင်းအပြင်တည်သောကာလ ရှိသည်ဖြစ်၍ ထိုကာလကို သံဝဋ္ဋဋ္ဌာယီဆိုရကား မီးဖျက်သော ကမ္ဘာကဲ့သို့ တညီတမျှပင် ကြာ၏ဟု သိရာသည်။

ထို့ကြောင့် လောကဝိဒူ၌—

တက်ချီထိုခါ၊ ရေကမ္ဘာ၌၊မိုးရွာပြီးနောင်၊ မရွာခေါင်၍၊ ပြောင်ပြောင်ပူပြင်း၊ နှစ်စင်းညီး ညီး၊ မီးကမ္ဘာချိန်၊ နေသူရိန်သို့၊ စက်ရှိန်မုန်ဆန်၊ ဆားငန်အတိ၊ကျုံတကျိဖြင့်၊မိုးကြီး စေချည်း၊ ဝှန်သည်းမောက်ဖြိုး၊ ကြားရိုးကျည်ပွေ့၊ လေ့လေ့ကြီးဆုံး၊ ထန်းလုံးရှိလောက်၊ မိုးပေါက်အစဉ်၊ ရေအယဉ်ဖြင့်၊ ခဲပျဉ်တင်းကျမ်း၊ လွှမ်း၍ နင်မွန်း၊ အောက်မြေစွန်းမှ၊ ဝန်းကစ၍၊ ဒုတိယစျာန် ဘုံ၊ ပိုက်ခြုံငိုက်ထိန်၊ ကုဋေသိန်းထက်၊ သုဘကိဏှာအောက်၊ တလျောက်ရေမြေ၊ ဆားခဲကြေသို့၊ ထိလေထိလေ၊ ပြတ်ကြေခဏ၊ မြည့်မြည့်မွလျက်၊ ထိုမျှခပ်သိမ်း၊ ငြိမ်း၍ချုပ်ဆော၊ ကျပြန်လျှော သည်။ ။အာပေါသံဝဋ္ဋပိုင်းခြားတည်း။

ရေစဲလေစဲ့၊ ရွှာမြဲကပ်ပြို၊ နေဟုလထွက်၊ ရွှာပြန်ပျက်သား၊ စတုလက်နည်း၊ လေးချက်စည်းဖြင့်၊ ပမည်းပမာ၊ မီးကမ္ဘာသို့၊ အလွှာလေးစပ်၊ လေးပါးကပ်ကို၊ စွဲကြပ်သတိ၊ မှတ်ဖွယ်သိလော့ ဟူ၍ ဆိုလေသည်။

၆၉၄။ စက်ကြီးထိန်းထိန်း၊ မိုးကြီးဟိန်း၊ ဟိန်းသံချင်းကွာ မည်သို့နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....စက်သံမှာ တယူဇနာ၊ မိုးသံမှာ သုံးယူဇနာ ကြား၏ ဟူပေ။

၆၉၅။ ဆယ်ရာထောင်သိန်း၊ ဖိုးထိုက်ကိန်း၊ မိန်းမစဉ်သင့် ဘယ်မျှနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဒုမိနီ, စိတြနီ, သင်္ခရဏီ, ဟတ္ထိနီဟူသော မိန်းမမျိုးလေးပါးတွင် တပါးတပါး၌ ဥက္ကဋ္ဌ, ပဏီတ မဇ္ဈိမ ဟီနဟူ၍ လေးပါးစီပြားရကား တဆယ့်ခြောက်မျိုးရှိ၏။ ထိုတဆယ့်ခြောက်မျိုးတို့ကိုအရောင် အဆင်းအားဖြင့် သိအပ်၏။

(၁) ပဒုမိနီ သာမဝဏ္ဏာဠ္ဍ၊ ရတ္တဝဏ္ဏာဠ္ဍ စိတြနီ။
သင်္ခရဏီ သေတဝဏ္ဏာဠ္ဍ၊ ကာလဝဏ္ဏာဠ္ဍ ဟတ္ထိနီ။
ဥက္ကဋ္ဌတ္တိ ဝိဇာနေယျံ။

ရွှေသောအဆင်းရှိသော ပဒုမိနီမိန်းမ။ နီသောအဆင်းရှိသော စိတြနီမိန်းမ။ ဖြူသော အဆင်းရှိသော သင်္ခရဏီမိန်းမ။ မည်းသော အဆင်းရှိသော ဟတ္ထိနီမိန်းမ။ ဤလေးဦးတို့သည် ဥက္ကဋ္ဌမျိုးမည်၏။ ပြည့်ရှင်မင်းနှင့် ထိုက်၏။

(၂) ပဒုမိနီ ရတ္တဝဏ္ဏာဠ္ဍ၊ သေတဝဏ္ဏာဠ္ဍ စိတြနီ။
သင်္ခရဏီ ကာလဝဏ္ဏာဠ္ဍ၊ သာမဝဏ္ဏာဠ္ဍ ဟတ္ထိနီ။
ပဏီတန္တိ ဝိဇာနေယျံ။

နီသောအဆင်းရှိသော ပဒုမိနီမိန်းမ။ ဖြူသောအဆင်းရှိသော စိတြနီမိန်းမ။ မည်းသောအဆင်း ရှိသော သင်္ခရဏီမိန်းမ။ ရွှေသောအဆင်းရှိသော ဟတ္ထိနီမိန်းမ ဤလေးဦးတို့သည် ပဏီတမျိုး မည်၏။ မှူးပတ်တို့နှင့် ထိုက်၏။

(၃) ပဒုမိနီ သေတဝဏ္ဏာဠ္ဍ၊ ကာလဝဏ္ဏာဠ္ဍ စိတြနီ။
သင်္ခရဏီ သာမဝဏ္ဏာဠ္ဍ၊ ရတ္တဝဏ္ဏာဠ္ဍ ဟတ္ထိနီ။
မဇ္ဈိမန္တိ ဝိဇာနေယျံ။

ဖြူသောအဆင်းရှိသော ပဒုမိနီမိန်းမ။ မည်းသောအဆင်းရှိသော စိတြနီမိန်းမ။ ရွှေသော အဆင်းရှိသော သင်္ခရဏီမိန်းမ။ နီသောအဆင်းရှိသော ဟတ္ထိနီမိန်းမ။ ဤလေးဦးတို့သည် မဇ္ဈိမမျိုး မည်၏။ သဌေး, သူကြွယ်, ပုဏ္ဏားတို့နှင့် ထိုက်၏။

(၄) ပဒုမိနီ ကာလဝဏ္ဏဥ္စ၊ သာမဝဏ္ဏဥ္စ စိတ္တိနီ။
သင်္ခိနီ ရတ္တဝဏ္ဏဥ္စ၊ သေတဝဏ္ဏဥ္စ ဟတ္ထိနီ။
ဟိနကတ္တိ ဝိဇာနေယျံ။

မည်းသောအဆင်းရှိသော ပဒုမိနီမိန်းမ။ ရွှေသောအဆင်းရှိသော စိတြနီမိန်းမ။ နီသော အဆင်းရှိသော သင်္ခရဏီမိန်းမ။ ဖြူသောအဆင်းရှိသော ဟတ္ထိနီမိန်းမ။ ဤလေးဦးတို့သည် ဟီနမျိုး မည်၏။ သူဆင်းရဲတို့နှင့် ထိုက်၏။

(၁) ပဒုမိနီ သတသဟဿံ၊ နဟုတဌ္ဌဥ္စ စိတ္တိနီ။
သင်္ခရဏီ သဟဿဥ္စေဝ၊ သတာရဟံဝ ဟတ္ထိနီ။
ဥက္ကဋ္ဌေသု သုဝဏ္ဏဌံ။

ဥက္ကဋ္ဌဖြစ်သော ပဒုမိနီ မိန်းမကား ရွှေစင် တသိန်းတန်၏။ ဥက္ကဋ္ဌဖြစ်သော စိတြနီမိန်းမကား ရွှေစင် တသောင်းတန်၏။ ဥက္ကဋ္ဌဖြစ်သော သင်္ခရဏီမိန်မကား ရွှေစင်တထောင်တန်၏။ ဥက္ကဋ္ဌ ဖြစ်သော ဟတ္ထိနီမိန်းမကား ရွှေစင်တရာတန်၏။

(၂) ပဒုမိနီ ဒသသဟဿံ၊ သဟဿဌ္ဌဥ္စ စိတ္တိနီ။
သင်္ခရဏီ သတပလဌံ၊ ဒသပလဥ္စ ဟတ္ထိနီ။
ပဏီတေသု သုဝဏ္ဏဌံ။

ပဏီတဖြစ်သော ပဒုမိနီမိန်းမကား ရွှေစင် တသောင်းတန်၏။ ပဏီတဖြစ်သော စိတြနီမိန်းမ ကား ရွှေစင် တထောင်တန်၏။ ပဏီတဖြစ်သော သင်္ခရဏီမိန်းမကား ရွှေစင်တရာ တန်၏။ ပဏီတ ဖြစ်သော ဟတ္ထိနီမိန်းမကား ရွှေစင် တဆယ်တန်၏။

(၃) ပဒုမိနီ ပလသဟဿ၊ ပလသတန္တိ စိတ္တိနီ။
သင်္ခရဏီ ဒသပလဌ္ဌ ၊ ပဉ္စပလဥ္စ ဟတ္ထိနီ။
မဇ္ဈိမေသု သုဝဏ္ဏဌံ ။

မဇ္ဈိမဖြစ်သော ပဒုမိနီမိန်းမကား ရွှေစင် တထောင်တန်၏။ မဇ္ဈိမဖြစ်သော စိတြနီမိန်းမကား ရွှေစင် တရာတန်၏။ မဇ္ဈိမဖြစ်သော သင်္ခရဏီမိန်းမကား ရွှေစင် တဆယ်တန်၏။ မဇ္ဈိမဖြစ်သော ဟတ္ထိနီမိန်းမကား ရွှေစင် ငါးကျပ်တန်၏။

(၄) ပဒုမိနီ ပလသတံ၊ ဒသပလဥ္စ စိတ္တိနီ။
သင်္ခရဏီ ပဉ္စပလကံ၊ အဍ္ဎပလန္တိ ဟတ္ထိနီ။
ဟီနကေသု အဍ္ဎံ ဥေယျံ ။

ဟီနဖြစ်သော ပဒုမိနီမိန်းမကား ရွှေစင် တရာတန်၏။ ဟီနဖြစ်သော စိတြနီမိန်းမကား ရွှေစင် တဆယ်တန်၏။ ဟီနဖြစ်သော သင်္ခရဏီမိန်းမကား ရွှေစင် ငါးကျပ်တန်၏။ ဟီနဖြစ်သော ဟတ္ထိနီ မိန်းမကား ရွှေစင် တပိုလ်ခွဲ တန်၏။

တပိုလ်ဟူရာ၌ ငါးကျပ်ကို တပိုလ်ဟုခေါ်သည်။ ဤသို့လာသော သျှတြကျမ်းဖြင့် သိအပ်၏။

ရေသားဖိန်းဖိန်း၊ တမှိန်းမှိန်း၊ ပျက်ကိန်း ဘယ်ခေတ် ဆိုမည်နည်း။
ပက္ကုသ်, ဒေဝိန်း၊ အမတ်သိန်း၊ ကာမိန်း ဘယ်သူ ကြီးသနည်း။

သုနန္ဒာစိန်း၊ ရထားထိန်း၊ လန့်ကျိန်းဘယ့်ကြောင့် ကြောက်သနည်း။
မြင်းက စိန်းစိန်း၊ ကြည့်မှုဒိန်း၊ ဘယ်မိန်းမမျိုး ပေတို့နည်း။
လူညံ့လူပြိန်း၊ နန်းရွှေပြိန်း၊ ပြိန်းချင်းဘယ်သို့ ခြားသနည်း။

ဤပုစ္ဆာစုကား အသတ်စုံစိမ့်သောငှာ ထည့်သွင်းလိုက်သည်။

"အိန်း"ကာရန်ပုစ္ဆာ ၄-ပုဒ် အဖြေပြီး၏။

---

(၂၅) "အုန်"ကာရန်ပုစ္ဆာ ၆-ပုဒ် အဖြေ။

၆၉၆။ ရေယဉ်သုန်သုန်၊ အောက်သို့စုန်၊ ဒဂုန်ဆံတော် ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ဝိနည်းမဟာဝါ ပါဠိတော်, အဋ္ဌကထာ အစ ရှိသော သင်္ဂါယနာတင်ကျမ်းတို့၌ တပုဿ ဘလ္လိကတို့အား ဆံတော်ပေးကြောင်းကိုသာ ဆိုသည်၊ ဘယ်မျှဟူ၍ မဆို။

သမိုင်းဟောင်း၌ကား...."ဆံတော်ရှစ်ဆူ"ဟူ၍ဆို၏။

၆၉၇။ ဆောင်းလရောက်ကုန်၊ ချမ်း၍တုန်၊ မီးဟုန်မြောက်ကျွန်း လှုံလိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တတ္ထ၊ ထိုဥတ္တရကုရုကျွန်း၌။ သီတုဏှ ဒုံသ မကသ ဝါတာတပ သရိသပဝါဠာဒိပရိဿယော၊ ချမ်းခြင်း, ပူခြင်း, ခြင်, မှက်, လေ, နေပူ, မြွေ, ကင်း, သန်း, သားရဲ အစရှိသော ဘေးရန်သည် လည်း။ နစ အတ္ထိ၊ မရှိ။ ယထာနာမ၊ ဥပမာ မည်သည်ကား။ ဧတ္ထ၊ ဤဇမ္ဗူဒိပ်ကျွန်း၌။ ဂိမှာန်၊ နွေလတို့၏။ ပစ္ဆိမေ မာသေ၊ အဆုံးသော ကဆုန်လ၌။ ပစ္စူသဝေလာယံ၊ မိုးသောက်ထအခါ၌။ သမ သီတုဏှောတု၊ အချမ်းအပူညီမျှသော ဥတု၌သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ တတ္ထ၊ ထိုဥတ္တရကုရုကျွန်း၌။ သမသီတုဏှောတု၊ ညီညွတ်သော အချမ်းအပူ ဥတု ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ဤသို့ ဥတုညီညွတ်ကြသောကြောင့် မြောက်ကျွန်း၌ မီးမလှုံဟူ၍ သိရာသည်။

မီးမလှုံသော် ဘောဇဉ်ခဲဖွယ်ကို အဘယ်သို့ ချက်စားကုန်သနည်း ဟူငြားအံ့–

နေသံ၊ ထိုမြောက်ကျွန်းသူတို့အား။ ကောစိ၊ တစုံတခုသော။ ဥပဃာတောဝ၊ ကပ်၍ သတ်ခြင်း သည်လည်းကောင်း။ ဝိဟေသာဝ၊ ညှဉ်းဆဲခြင်းသည်လည်းကောင်း။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ အကတ- ပါကတိမေဝ၊ လူတို့ မပြုလုပ်ပဲ အလိုလိုဖြစ်သော။ အကဏံ၊ ဆန်ကျိုးဆန်ကွဲမရှိသော။ အထုသံ၊ ဖွဲနုဖွဲကြမ်း မလွှမ်းသော။ သုဂန္ဓံ၊ ကောင်းသော ရနံ့ရှိသော။ သာလိတဏ္ဍုလံ၊ သလေးဆန်ကို။ နိဒ္ဓူမင်္ဂါရေန၊ မီးခိုး မီးကျီး မရှိသော။ အဂ္ဂိနာ၊ မီးဖြင့်။ ပစိတ္វာ၊ ချက်၍။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ရကုန်၏။

မီးခိုး မီးကျီး မရှိသော မီးဆိုသော်- ထင်းအမှိုက်ဖြင့် ထိုမီးဖြစ်သည်မဟုတ်လော ဟူပြောအံ့—

တတ္ထ၊ ထိုမြောက်ကျွန်း၌။ တီရေ၊ မြစ်၏ ကမ်းနား၌။ ဇောတိပါသာဏာနာမ၊ မီးလျှံကျောက်တို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တတ္ထ ပါသာဏေ၊ ထိုကျောက်ခွက်၌။ တေ၊ ထိုကျွန်းသူတို့သည်။ တံ၊ ထိုသလေးဆန်ကို။ ဌပေတွာ၊ တင်ထား၍။ တံ၊ ထိုကျောက်ကို။ ဥက္ခလိံ၊ ခုံလောက်သို့။ အာရောပေန္တိ၊ တင်ကုန်၏။ ပါသာဏေဟိ၊ ကျောက်တို့မှ။ တေဇော၊ မီးသည်။ သမုဋ္ဌဟိတွာ၊ ကောင်းစွာ ထလတ်၍။ တံ၊ ထိုဆန်သည်။ ပစ္စတိ၊ ကျက်လေ၏။ အညော၊ သလေးထမင်းမှ တပါးသော။ သူပေါ ဝါ၊ ဟင်းသည်လည်းကောင်း။ ဗျဉ္ဇနော ဝါ၊ ငါး, အမဲဟင်းလျာသည်လည်းကောင်း၊ နဟောတိ၊ မဖြစ်။ ဘုဉ္ဇန္တာနံ၊ စားကုန်သောသူတို့၏။ စိတ္တာနုလောမေယေဝ၊ စိတ်အားလျော်သည်သာလျှင် ဖြစ်သော။ ရသော၊ အရသာသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုသလေးဆန်ကို။ ဘုဉ္ဇန္တာနံ၊ စားကုန်သော။ တေသံ၊ ထိုကျွန်းသူတို့အား။ ကုဋ္ဌံ၊ နူနာသည်လည်းကောင်း။ ဂဏ္ဍော၊ ထွတ်မြင်းနာသည်လည်းကောင်း။ ကိလာသော၊ ပွေးညှင်းအနာသည်လည်းကောင်း။ သောသော၊ ချောင်းဆိုး ကုတ်ဟီးနာသည်လည်းကောင်း။အပမာရောစ၊ ဝက်ရူး, ကြက်ရူး အနာသည်လည်းကောင်း။ ကာသော၊ ချောင်းဆိုးအနာသည်လည်းကောင်း။ ဇရော၊ အိုခြင်းအနာသည်လည်းကောင်း။ ဣတိအာဒိရောဂါ၊ ဤသို့ စသော အနာတို့သည်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ ။ဤသို့ သာရတ္ထသင်္ဂဟကျမ်း၌ လာသောကြောင့် သိရာသည်။

ဖြ၉၈။ ငှက်ချင်းမဖြုန်၊ ငှက်ဂဠုန်၊ တောင်ဟုန်လေရောက်
ဘယ်မျှနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သုပဏ္ဏရာဇာ ပန၊ ဂဠုန်မင်းသည်ကား။ ဒိယဍ္ဎယောဇနသတိကော၊ ယူဇနာ တရာ့ငါးဆယ်ရှိ၏။ တဿ၊ ထိုဂဠုန်မင်း၏။ ဒက္ခိဏပက္ခော၊ လက်ယာအတောင်သည်။ ပဏ္ဏာသ ယောဇနိကော၊ ယူဇနာ ငါးဆယ် ရှိ၏။ တထာ၊ ထို့အတူ။ ဝါမပက္ခော၊ လက်ဝဲအတောင်သည်။ ပဏ္ဏာသယောဇနိကော၊ ယူဇနာ ငါးဆယ်ရှိ၏။ ပစ္ဆိဝတ္တံ၊ အမြီးဆံသည်။ သဋ္ဌိယောဇနိကော၊ ယူဇနာ ခြောက်ဆယ် ရှိ၏။ ဂီဝါ၊ လည်သည်။ တိံသယောဇနိကော၊ ယူဇနာသုံးဆယ် ရှိ၏။ မုခံ၊ ခံတွင်းသည်။ နဝယောဇနံ၊ ကိုးယူဇနာ ရှိ၏။ ပါဒါ၊ ခြေတို့သည်။ ဒွါဒသယောဇနသတိကာ၊ ယူဇနာ တရာ့နှစ်ဆယ် ရှိကုန်၏။ တသ္မိံ၊ ထိုဂဠုန်မင်းသည်။ သုပဏ္ဏဝါတံ၊ ဂဠုန်လေကို။ ကာတုံ၊ ပြုအံ့သောငှာ။ အာရဒ္ဓေ၊ အားထုတ်လတ်သော်။ သဋ္ဌိယောဇနသတံ၊ ယူဇနာ ခြောက်ထောင်ရှိသော အရပ်သည်။ နပ္ပဟောတိတိ၊ မလောက်ဟူ၍။ သံယုတ္တဝဏ္ဏနာယံ၊ သံယုတ်အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ ။[သဋ္ဌိယောဇနသတံပုဒ်ကို ဂုဏိတသင်္ချာယူရမည်]။

ဖြ၉၉။ ပညာမဖုန်၊ ရာဇဂုဏ်၊ မှတ်ကုန်ရှစ်ပါး
အဘယ်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

၁။ သိကြားမင်းကဲ့သို့ ကျင့်ရာသည်လည်း တပါး။

၂။ လမင်းကဲ့သို့ ကျင့်ရာသည်လည်း တပါး။

၃။ နေမင်းကဲ့သို့ ကျင့်ရာသည်လည်း တပါး။

၄။ ပဇ္ဇုန်နတ်ကဲ့သို့ ကျင့်ရာသည်လည်း တပါး။

၅။ မြေကြီးကဲ့သို့ ကျင့်ရာသည်လည်း တပါး။

၆။ လေကဲ့သို့ ကျင့်ရာသည်လည်း တပါး။

၇။ ယမမင်းကဲ့သို့ ကျင့်ရာသည်လည်း တပါး။

၈။ ပင်လယ်ကဲ့သို့ ကျင့်ရာသည်လည်း တပါး။ ။ဤရှစ်ပါးသည် ရာဇဂုဏ် မည်၏။

၁။ ထိုရှစ်ပါးတို့တွင်—သိကြားမင်းကဲ့သို့ ကျင့်ရာသည် အဘယ်နည်းဟူမူကား....သိကြားမင်းသည် နှိပ်နင်းတန်သည့်သူကို နှိပ်နင်းခြင်း, ချီးမြှောက်တန်သည့် သူကို ချီးမြှောက်ခြင်းဖြင့် သတ္တဝါတို့ကို ကြည့်ရှုစောင်မသကဲ့သို့ မင်းတို့သည်လည်း ပြည်ဆူး ပြည်ငြောင့် ဖြစ်သောသူကို နှိပ်နင်းခြင်း, ဖြောင့်မတ်စွာ လုပ်စားလျက် နှမ်းပါးသော သူတို့အား ချီးမြှောက်ခြင်းကို ပြုသဖြင့် နိုင်ငံသားတို့အား ကြည့်ရှုစောင်မရာ၏။

၂။ လမင်းသည် မိမိ၏ အရှိန်ဖြစ်သော ကြယ်တို့၏အရောင်ကို တင့်တယ်စေလျက် ထွန်းလင်းသကဲ့သို့ မင်းတို့သည်လည်း အခြံအရံဖြစ်သော မှူးမတ် ကျေးကျွန် တို့၏ ဘုန်းကျက်သရေကို တင့်တယ်စေလျက် မင်းပြုရာ၏။

၃။ နေမင်းသည် ကောင်းကင်ကနေလျက် မိမိ၏ အရောင်အရှိန်ဖြင့် မြေဩ ရေကို ခန်းခြောက်စေသကဲ့သို့ မင်းတို့သည်လည်း မိမိနိုင်ငံကနေ၍ ဆန့်ကျင်ဘက်ပြုသောသူတို့ကို ပူပန်ခြောက်သွေ့စေရာ၏။

၄။ ပဇ္ဇုန်နတ်သားသည် ရေရှိရာ၌လည်းကောင်း, ရေမရှိရာ၌လည်းကောင်း အညီအမျှ ရွာသကဲ့သို့ မင်းတို့သည်လည်း ပေးကမ်းသောအရာ၌ ဥစ္စာရှိသော ကျေးကျွန်တို့ကိုလည်းကောင်း, ဥစ္စာမဲ့သော ကျေးကျွန်တို့ကိုလည်းကောင်း အညီအမျှ ပေးကမ်းရာ၏။

၅။ မြေကြီးသည် လူခပ်သိမ်းတို့အား ချစ်သည် မုန်းသည်ဟူ၍ မရှိ၊ထပ်တူကျင့်သကဲ့သို့ မင်းတို့သည်လည်း မိမိကျေးကျွန်တို့အား လည်းကောင်း, တိုင်းသူပြည်သားတို့အား လည်းကောင်း ချစ်ခြင်း မုန်းခြင်း၌ တမျှတည်း ကျင့်ရာ၏။

၆။ လေသည် လူတို့ကို မသိစေပဲ လူတို့၏ ကိုယ်ပ ကိုယ်တွင်းသို့ ဝင်၍ သွားသကဲ့သို့ မင်းတို့သည်လည်း သူတပါး မသိရအောင် သူလျှိုလွှတ်၍ ပြည်သူ ပြည်သားတို့၏ အလုပ်အကြံကို သိအောင် ပြုရာ၏။

၇။ ယမမင်းသည် စိရင်ထိုက်သောသူအား ဤသူ ငယ်သည်၊ ဤသူ ကြီးသည်ဟု မျက်နှာကို မကြည့်ပဲ အပြစ်အလျောက် ဒဏ်စီရင်သကဲ့သို့ မင်းတို့သည်လည်း ပြည်သူတို့အား ဤသူကား ဂုဏ်ရှိသည်၊ ဤသူကား ဂုဏ်မရှိ ဟူ၍ မရွေးမကောက် အပြစ်အလျောက် ဒဏ်ပေးခြင်းကို ပြုရာ၏။

ဂ။ သမုဒ္ဒရာပင်လယ်သည် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့မှ စီးဝင်လာသောရေဖြင့် မဆုတ်မတက်သကဲ့သို့ မင်းတို့သည်လည်း အခွန်အတုတ်ကို တောင်းခြင်း၌ ထုံးစံရှိသည့်အတိုင်း မလွန်မယုတ်သာ တောင်းရာ၏။ ။ဤသို့ မဟာရဟနီတိ။ ရာဇနီတိတို့၌လာသည်။

ဤကိုရည်၍ ရှင်ရဋ္ဌသာရ သူမြတ်လည်း....

သိကြား, လ, နေ၊ ပဋ္ဋနှံ့မြေနင့်၊ လေ့ယမရာဇ်၊ ပင်လယ်မြစ်ဟု၊ အင်ရှစ်ပါးစုံ၊ ရာဇဂုဏ်ဖြင့်။ ဟူ၍ စတုဓမ္မသာရ၌ စပ်တော်မူသည်။

၇၀၀။ ဥဒါဟရဏ်၊ ဆောင်ပါကုန်၊ ဂဠုန် ဘယ်နာမ်ပုဒ်တို့နည်း (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ဂရုံ ဘာရံ လာတိ ဂဏှာတီတိ ဂရုဠော"

ယော သတ္တော၊ အကြင်သတ္တဝါသည်။ ဂရုံ ဘာရံ၊ လေးစွာသောဝန်ကို။ လာတိ ဂဏှာတိ၊ ယူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော သတ္တော၊ ထိုသတ္တဝါသည်။ ဂရုဠော၊ ဂဠုန်မည်၏။

ဤသို့ ဂဠုန်ပုံဆရာ။ ကေကစ္ဆရကောသဋီကာဆရာတို့ ဝိဂ္ဂဟ်သိုရကား ဂရုဠောပုဒ်သည် နာမ် ငါးပါးတို့တွင် သမာသ်နာမ်ဖြစ်သည်။ နိစ္စသမာသ်၊ အနိစ္စသမာသ်နှစ်ပါးတို့တွင် 'ဒီပံ ကရောတိ' ကဲ့သို့ နိစ္စသမာသ်။ ယုတ္တာ ယုတ္တနှစ်ပါးတို့တွင် ယုတ္တသမာသ်၊ အမျိုးခြောက်ပါးတို့တွင် ဒုတိယာ တပ္ပုရိသ်သမာသ်ဟူပေ။

၇၀၁။ ရွှေသူမှုန်၊ မင်းကြီးဂုဏ်၊ ပေါ်ကုန်ဘယ်မြို့ တံဘောင်နည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....သီရိပစ္စယာမြို့ တံဘောင် ဟူ၏။

"တံ ကာရဏံ ဘာသတီတိ တံဘောင်"

တံ ကာရဏံ၊ ထိုသည့်ခေတ်၌ ဖြစ်လတ္တံ့သော အကြောင်းကို။ ဘာသတိ၊ ဆိုတတ်၏။ ဣတိ၊ ဤသို့ ဖြစ်လတ္တံ့သောအကြောင်းကိုဆိုတတ်သော သတ္တိကြောင့်။ တံဘောင်၊ တံဘောင်မည်၏။

ဤဝစနတ်ကို ထောက်၍ 'တံဘောင်'ဟူသော စကားကို စတုတ္ထက္ခရာဘနှင့် ရေးရမည်။

ခွေး ဖျံ မျောက် ယုန်၊ စောင့်ကြကုန်၊ ကျင့်ပုံဘယ်သီလတို့နည်း။
လွင့်သည့်မြူမှုန်၊ သေပြင်း ဘုန်၊ ကဆုန်ဘယ်ဝိထိပေနည်း။
ဆင် ကာမဂုဏ်၊ ယိုသည့်မှုန်၊ သုက်ဟုန်မှုန့်တို့ လေလိမ့်နည်း။
တန်ခူးကဆုန်၊ လနယုန်၊ မုန်တိုင်းဘယ့်ကြောင့် လာသနည်း။

အသတ်အက္ခရာ စုံစိမ့်သောငှာ ထည့်သည့်ပုစ္ဆာ။ နောက်သားတို့ ဖြေစရာ။

"အုန်"ကာရန်ပုစ္ဆာ ၆-ပုဒ်အဖြေ ပြီး၏။

(၂၆) "အုန်း"ကာရန် ပုစ္ဆာ ၃-ပုဒ်အဖြေ

၇၀၂။ သီလညှက်မှုန်း၊ မျက်နှာစုန်း၊ ယုန်ဇာတ်လောင်းတော် ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အပဏ္ဏကဇာတ်မှစ၍ ဝေဿန္တရာဇာတ်တိုင်အောင် ငါးရာ့လေးဆယ့်ခုနစ်ဇာတ်တို့တွင် ယုန်အဖြစ်သည် တကြိမ်သာပါသည်။ ထိုတကြိမ်သော သသဇာတ်ကိုလည်း စတုက္ကနိပါတ်၌ သင်္ဂါယနာတင်သည်။

ထို့ကြောင့် သမန္တစက္ခုဒီပနီ၌—

မဟာသမုဒ္ဒရာ၊ ပုညမြူတော၊ လျှမ်းလျှမ်းဝေသား၊ ကျက်သရေစုံပေါင်း၊ ဗောဓိလောင်းလျှင်၊ ဆုတောင်းဝသီ၊ ပါရမီကုသလာ၊ ဆည်းပူးခါ၌၊ ခေါက်ရှာတရုံး၊ မြေလုံး့တင်ကျိုး၊ နည်းမှီး သစ်တောက်၊ ထို့နောက်တကွ၊ ဖား့ကျွဲ့ယုန့်စာ၊ ကိန္နရာ့ဝက်၊ ဝန်လိုင့်ကြက်ထည့်၊ ဆယ့်တစ်ချက်မှာ၊ တကြိမ်သာရှင့်။ ဟူ၍ စပ်ဆိုလေသည်။

၇၀၃။ ကာမကြောင့်နှုန်း၊ စိတ်သုန်သုန်း၊ ရှန်ရင်းလောင်းလျှာ ဘယ်မျှနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

၁။ ဧကနိပါတ် တက္ကပဏ္ဍိတဇာတ်၌ ဘုရားလောင်း ရသေ့ပြု၍နေရာ ဗာရာဏသီ သဋ္ဌေးသမီး စန္ဒကုမာရီသည် ရေ၌မျှောလာ၍ ဆယ်ကာထားသဖြင့် ထိုမိန်းမသည် ကာမဂုဏ်ဖြင့် ဖြားယောင်းရကား ရသေ့သည် မိမိသီလကိုဖျက်၍ မိန်းမဘာက်သို့ ပါရဖူးသည်က တကြိမ်။

၂။ ဒုကနိပါတ် မုဒုလက္ခဏဇာတ်၌ ဘုရားလောင်းရသေ့သည် မုဒုလက္ခဏဒေဝီ မိဖုရားကြီး၏ သွင်ပြင်ကို မြင်သဖြင့် ပူပန်သော ရာဂစိတ်ဖြစ်၍ ဈာန်လျှောကျလျက် သီလကိုဖျက်၍ လူပြုသည် တကြိမ်။

၃။ ဒုကနိပါတ် မောရဇာတ်၌ ဘုရားလောင်း ဥဒေါင်းမင်းသည် ရွှေတောင်၏ အကြား၌ အနှစ်ခုနစ်ရာပတ်လုံး ပရိတ်ရွတ်ကာ ချမ်းသာသဖြင့်နေသည်ကို ဗာရာဏသီမင်းကြီးစေအပ်သော မုဆိုးသည် ဥဒေါင်းမကိုဆောင်၍ ညွတ်ဖြင့်ထောင်သောကာလ ဥဒေါင်းမ၏ အဆင်းအသံကို မြင်ကြားရသဖြင့် အားကြီးသော ကိလေသာမာန်ယစ်၍ နှစ်လရှည်စွာ ရုံထားအပ်သော ပရိတ်ကို မေ့လျက် မုဆိုး၏ ညွတ်ချက်၌ မိဖူးလေသည် တကြိမ်။

၄။ တိကနိပါတ် သက်ပွဇာတ်၌ ဘုရားလောင်းရသေ့သည် ဗာရာဏသီမင်းကြီး၏ ဆ[illegible]၌ နေသည်တွင် လျှောင်းရာမှထသော မိဖုရား၏ရုပ်သွင်ကို မြင်ရသဖြင့် ပခြုပ်မှ ထုတ်သော [illegible]ကဲ့သို့ ကြမ်းတမ်းသော ကိလေသာအဆိပ်သည် တက်၍ ခုနစ်ရက်ပတ်လုံး ထမင်းအာဟာရကို ပယ်လျက် တဖျစ်တောက်တောက်မြည်၍ ရပ်တည်မရ ရှိခဲ့ဖူးသည်တကြိမ်။

၅။ ဧင်းနိပါတ် အနိတ္ထိဂန္ဓဇာတ်၌ ဘုရားလောင်းသည် ဗာရာဏသီမင်းကြီး၏ သားဖြစ်၍ ဖွားစက သည် ၁၆-နှစ်ရွယ် ရောက်သည်တိုင်အောင် မိန်းမကိုမျှ မမြင်လိုပဲရှိသည်ကို စောင်း တတ်သော မိန်းမပြားယောင်း၍ ကာမဂုဏ်၏ သဘောကိုသိသဖြင့် "မိန်းမဟူသမျှသည် ငါတို့ မင်းနှင့်သာ ထိုက်၏"ဟု ယောကျ်ားတို့ကို လိုက်၍ သတ်မည်ပြုသောကြောင့် ခမည်းတော် ပြည်က နှင်ထုတ်ရဖူးသည်တကြိမ်။

၆။ ဧင်းနိပါတ် မန္ဓာတုဇာတ်၌ ဘုရားလောင်း မန္ဓာတ်မင်းသည် လူ့စည်းစိမ်ဖြင့်လည်း တင်း မတိမ်။ တာဝတိံသာ နတ်စည်းစိမ်ဖြင့်လည်း တင်းမတိမ်ဖူးသည် တကြိမ်။

၇။ နဝနိပါတ် လောမကဿပဇာတ်၌ ငါတို့ဘုရားအလောင်းတော်သည် ဟိမဝန္တာတောင်၌ ရသေ့ရဟန်းပြု၍ ဈာန်အဘိညာဉ်ဖြင့် ပျော်ရွှင်လျက်နေသည်ကို သိကြားမင်းသည် ထို လောမ- ကဿပရသေ့၏ ဃောရတပအကျင့်ကို ပျက်စီးမှသော်ငါ ဗာရာဏသီမင်းအား ပြောကြားလေသော ကြောင့် ဗာရာဏသီမင်းက သေယျမည်သော အမတ်နှင့် စန္ဒဝတီ အမည်ရှိသော သမီးကိုစေ၍ ပသုဃာတယဇ်ကို ပူဇော်ပါမည့်အကြောင်းနှင့် တောင်းပန်သောကာလ လောမကဿပရသေ့ လည်း မင်းသမီးကို ပေးမည်ဟူသော အသံကိုကြားလျှင် မင်းသမီး၌ တပ်ကြိုက်သော စိတ်ရှိလျက် မိမိအကျင့်ကိုဖျက်၍ သတ္တဝါတို့၏အသက်ကို သတ်ခြင်းတည်းဟူသော ပသုဃာတယဇ်ကို ပူဇော် မည်ဟု ဗာရာဏသီပြည်သို့ လိုက်လာ၍ သတ်ခြင်းငှာ အားထုတ်သည်တွင် ယဇ်သဘင်၌ ဆင်၊ မြင်း၊ ကျွဲ၊ နွားစသော သတ္တဝါတို့ လွန်စွာဟစ်အော်သော အသံကိုကြားရမှ သတိသံဝေဂရ၍ ပသုဃာတယဇ်ကို မပူဇော်ပဲ မင်းကြီးအား တရားဟော၍ တော၌ ပြန်နေဖူးသည်တကြိမ်။

၈။ ပညာသနိပါတ် ဥမ္မာဒန္တီဇာတ်၌ ဘုရားအလောင်းသည် သိဝိတိုင်း အရိဋ္ဌပုရပြည်၌ သိဝိမင်း ဖြစ်သောအခါ တန်ဆောင်မုန်းလပြည့်နေ့ ရထားစီး၍ မြို့လည်ရာ၌ စေ်သူကြီး အဘိပါရက၏ ခင်ပွန်းဖြစ်သော ဥမ္မာဒန္တီကိုမြင်ရ၍ အဆမတန်သော ကိလေသာရမ္မက်သည် နှိပ်စက်လေဘိရကား စားတော်မျှမစေါ်ပဲ သလွန်ထက်၌ ပက်လက်လည်းကောင်း မှောက်ခုံလည်းကောင်း နေ၍ "ဥမ္မာဒန္တီ-ဥမ္မာဒန္တီ"ဟူသောအမည်ကို ခေါ်ဆိုမြည်တမ်းသဖြင့် ပင်ပန်းရူးသွပ်ဖူးသည် တကြိမ်။

၉။ သတ္တနိပါတ် ကုသဇာတ်၌ ငါတို့ဘုရားအလောင်းသည် မလ္လတိုင်း ကုသဝတီပြည်၌ ကုသ မင်း ဖြစ်သောအခါ မဒ္ဒရာဇ်မင်း၏ သမီးဖြစ်သော ပဘာဝတီကို ရုံမက် နှစ်သိုခြင်းကြောင့် ထီးနန်းနှင့် တကွသော မင်း၏စည်းစိမ်ကိုစွန့်၍ မဒ္ဒရာဇ်တိုင်း၌ စောင်းသမား၊ အိုးတော်လုပ်၊ ဒေါင်းရွေ၊ ပန်းတော်ဆက်၊ စားတော်ချက်၊ စားတော်ပွဲဟူသော မအပ်မရာသော အမှုတို့ကို ပြုလျက် ခြောက်နှစ်ပတ်လုံး နေတော်မူဖူးသည် တကြိမ်။

ဤကိုးရပ်သော ဇာတ်တော်၌ ဘုရားအလောင်းတော်သည် ကာမဂုဏ်ကြောင့် သုန့်သုန့် ထသော ရာဂစိတ်ဖြင့် ရှုန့်ရင်းစွာလျက် ပညာရှိတို့ ကဲ့ရဲ့ဖွယ် ဖြစ်ခဲ့ဖူးသည်။ [အကျယ်ကိုလိုမူ ထိုဇာတ်တို့၌ ယူရမည်]။

သုန့် ဟူသောစကားသည် အတင်းအကြမ်း သွမ်းသော၊ ၏ ဟူလိုသည်။

ရှေးပြဆိုခဲ့ပြီးသော သေးသေးတင် အမြင်ကားရန်၌ "လောင်းလျှာတမှုံ၊ လက်ရှသို့၊ ကျဉ်းကြို့ ဖြစ်ဖူးလေလိမ့်နည်း" ဟူ၍ သေးသေးတင်စပ်ပြီးလျက်၊ ဤနသတ်ပိုင်း၌ "သုန့်သုန့်"ဟု နသတ် တမန့် စပ်ပြန်ငြင်းသည် အဘိုကွဲကြသနည်း။ အဓိပ္ပာယ်တူမဟုတ်လော ဟူငြားအံ့–အဓိပ္ပာယ်တူ

မဟုတ်၊ ကဲ့ပြားကြသည်ပင် ဟူပေ။ အသို့ကဲ့ပြားကြသနည်း ဟူငြားအံ့—လက်ရသုံ့ဟူသည်မှာ ပုဂ္ဂိုလ်ထင်ရှားဖြစ်သောကြောင့် ပရမတ်သံဖြစ်သည်။ စိတ်သုန့်သုန့် ဟူသည်မှာ စိတ္တဝိပလ္လာသ ဖြစ်၍ ပညတ်သံဖြစ်သည်။ ဤသို့ ပရမတ်ပညတ်ကဲ့သောကြောင့်—

ပရမတ္ထဂရု ဇာလ္လန္တာ၊ ပမသတ်ဆုတိ ဝိညေယျံ။
ပညတ္တိလဟု အနိစ္စန္တာ၊ တနသတ်သာတိ ဒဋ္ဌဗ္ဗံ။

ဟူသော ပရိဘာသာနှင့် အညီ လက်ရသုံ့ဟူသော ရှေးကာရန်သေးသေးတင်၊ စိတ်သုန့်သုန့် ဟူသော နောက်ကာရန် နသတ် ကဲ့သင့်၏ ဟူပေ။

၇၀၄။ နှုတ်သီးမစုံ၊ စိတ်မရှုံ၊ မြူမှုန့်မြေလိမ်း ဘယ်ဇာတ်နည်း။(၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဘုရားလောင်း ဒွန်းစဏ္ဍာလအမျိုး၌ ဖြစ်ရသော မာတင်္ဂဇာတ်ဟူပေ။အကြောင်းအမြွက်ကား –

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ငါတို့ ဘုရား အလောင်းသည် တခုသော မကောင်းမှုကံကြောင့် ထိုဗာရာဏသီမြို့၏အပ စဏ္ဍာလ အမျိုး၌ဖြစ်၍ မာတင်္ဂဟူသောအမည်ကို ခေါ်ဆိုကုန်၏။ ထိုမာတင်္ဂ သုခမိန်သည် အရွယ်သို့ရောက်သောအခါ အတတ်ပညာ ဟူသောဂုဏ်ဖြင့် အလုံးစုံသော ဗာရာဏသီပြည်၌ ထင်ရှား၏။ ဤပြည်၌ စည်းစိမ် ဥစ္စာ ကြီး ကျယ်စွာသော သဌေးတဦး၏သမီးသည် ဒိဋ္ဌမင်္ဂလိကာ အမည်ရှိ၏။ထိုသဌေးသမီးသာ် တလ တကြိမ် နှစ်လတကြိမ် မြူးစွာသော အခြံအရံတို့ဖြင့် ပျော်စံမြူးတူးခြင်းငှာ ဥယျာဉ်သို့ လာလတ်သတည်း။

တရံသောအခါ မာတင်္ဂမည်သော ဒွန်းစဏ္ဍာလသည် တခုသော ကိစ္စရေးရာဖြင့် ဗာရာဏသီမြို့သို့ ဝင်လေသော် ထိုသဌေးသမီး ဒိဋ္ဌမင်္ဂလိကာသည်လည်း ဥယျာဉ်သို့ ထွက်၍လာသည်နှင့် ပက်ပင်း ပါတွေ့မြင်၍ ထိုမြင်ရာအရပ်တွင် တခုသော ကွယ်ဝှက်ရာသို့ကပ်လျက် ငြိမ်သက်စွာနေ၏။ သဌေး သမီးလည်း မိမိစီးသော ထမ်းစင် နံ့ရံကိုဖွင့်၍ ကြည့်သဖြင့် မာတင်္ဂကို မြင်လေလျှင်“ဤသူကား ဘယ်သို့သောသူနည်း”ဟု ပရိသတ်တို့ကိုမေး၍ ဒွန်းစဏ္ဍာလဖြစ်ကြောင်းကို လျှောက်လျှင် “ငါ ဥယျာဉ်သို့ထွက်လာရာ မင်္ဂလာကင်းသော သူကိုတွေ့ရချေသည်။ ယနေ့ ကောင်းမြတ်သော မင်္ဂလာ ဖြင့် မဖြစ်နိုင်ရာပြီ”ဟု ဆို၍ ထိုဌာနတွင်ရပ်လျက် နံ့သာရေတို့ဖြင့် မျက်နှာသစ်ပြီးမှ နစ်၍အိမ်သို့ ပြန်လေ၏။ ပါလာသော ပရိသတ်တို့လည်း “ဤမာတင်္ဂကြောင့်ပင် ငါတို့အား မြူးစွာသော စားဖွယ် သောက်ဖွယ်တို့ လစ်လပ် ပျက်စီးရလေသည်ဟု အမျက်ထွက်ကြ၍ မာတင်္ဂကို ပုတ်ခတ် ရိုက်နှက်သဖြင့် မိန်းမောတွေဝေ၍ သေလုနီးပါးဖြစ်သောကာလမှ ပြန်ကြလေကုန်၏။

မာတင်္ဂသုခမိန်လည်း မိန်းမောခြင်းပြေလျက် သက်သာရာရသောအခါ ဤသို့ ကြံလေ၏။ “ဤဒိဋ္ဌမင်္ဂလိကာ၏ ကျေးကျွန်တို့သည် ငါ့အား အပြစ်မရှိပဲလျက် ညှဉ်းဆဲကြကုန်သည်။ ချင်းတို့ ၏ အရှင်မဖြစ်သော ဒိဋ္ဌမင်္ဂလိကာကို ငါရအောင် ဆောင်တော့မည်”ဟု ကြံ၍ သဌေးအိမ်ဝသို့ သွားပြီးလျှင် လှေကားခုံပါး၌ အလျားမှောက်လျက် နေလေ၏။အိမ်ရှင်တို့က“အဘယ်အကြောင်း

ကြောင့် နေသနည်း''ဟု မေးသည်ရှိသော် ''ဤသဌေးသမီးဖြစ်သော ဒိဋ္ဌမင်္ဂလိကာကို ငါအလိုရှိသည်။ ထိုမိန်းမကိုရမှ ဤအိမ်ဝက ငါထမည်။ မရမူကား ဤအိမ်ဝတွင်ပင် သေမည်''ဟု ဆို၏။

ထိုအခါ ဗာရာဏသီပြည်၌လည်း ''အကြင်သူ၏အိမ်ဝ၌ ဒွန်းစဏ္ဍားသည် ဇွတ်နေ၍ သေခဲ့အံ့။ ထိုအိမ်ရှင်ကို မြို့ပြင်သို့ ထုတ်စတမ်း''ဟု မင်းအာဏာနှင့် တကွသော ကတိကဝတ်ရှိ၏။ဘုရားလောင်း မာတင်္ဂလည်း ရေ, စာမျှကိုမယူပဲ ခြောက်ရက်တိုင်တိုင် နေရလေ၏။ သဌေးမောင်နှံတို့သည်လည်း ရွှေဖြင့်လည်းကောင်း, ငွေဖြင့်လည်းကောင်း, ဥယျာဉ်လယ်ယာဖြင့်လည်းကောင်း, အခြားသော မိန်းမဖြင့်လည်းကောင်း ဖြားယောင်း၍ ထပါဟု တောင်းပန်သော်လည်း ''ဒိဋ္ဌမင်္ဂလိကာကို ငါမရသမျှ မထပြီ''ဟု ဆို၍သာ နေလေရကား ခုနစ်ရက်မြောက်သောနေ့၌ သမီးဖြစ်သော ဒိဋ္ဌမင်္ဂလိကာကိုပင် ထုတ်၍ ပေးရလေ၏။

မာတင်္ဂလည်း မိမိအလိုအတိုင်းရလျှင် ဒိဋ္ဌမင်္ဂလိကာကို ကျောက်ကုန်းမှာပိုး၍ မိမိတို့နေရာ ဒွန်းစဏ္ဍားရွာသို့ ဆောင်ခဲ့၏။ မိမိအိမ်သို့ရောက်လျှင် အမျိုးကို မဖောက်မပျက်စေပဲ နှစ်သက်ဖွယ်သော စကားဖြင့်သာ ဖြားယောင်းဆုံးမ၍ ''ဤဒိဋ္ဌမင်္ဂလိကာအား များစွာသောသူတို့ ပူဇော်ရအောင် ရသေ့ရဟန်း ပြုမှသာ ငါချီးမြှောက်နိုင်လိမ့်မည်''ဟု ကြံလျက် ''ရှင်မ ဒိဋ္ဌမင်္ဂလိကာ—ငါသည် တောသို့ဝင်ဦးအံ့။ ငါ့ဆွေ, ငါ့မျိုးတို့ထံ၌ ကောင်းမွန်စွာ နေရစ်ဦးလော့''ဟု မှာဆို၍ တောသို့သွားလေ၏။တောသို့ရောက်၍ ရဟန်းပြုပြီးလျှင် တရားကို အားထုတ်လေသဖြင့် ခုနစ်ရက်လွန်လျှင်ပင် ဈာန်အဘိညာဉ်တို့သည် ထင်ရှားဖြစ်လေသတည်း။

ထိုမာတင်္ဂရသေ့လည်း ဈာန်အဘိညာဉ်ရသောအခါ ''ငါသည် ဒိဋ္ဌမင်္ဂလိကာအား ကိုးကွယ်ရာဖြစ်စေတော့အံ့''ဟု ကြံလျက် ကောင်းကင်ခရီးဖြင့် လာခဲ့၍ စဏ္ဍာလရွာ တံခါးဝ၌ သက်လေ၏။ ထိုအခါ ဒိဋ္ဌမင်္ဂလိကာလည်း လျင်စွာ အိမ်မှ ဆင်းသက်၍ ''အရှင် မာတင်္ဂ အကျွန်ုပ် ကိုးကွယ်ရာမဲ့အောင် ဘယ်အကြောင်းကြောင့် ရဟန်းပြုပါသနည်း''ဟု ဆို၍ ငိုကြွေး၏။ ထိုအခါ မာတင်္ဂရသေ့လည်း ''အိမ်ရှင်မ ဘာကိုမျှ မစိုးရိမ်လင့်။ သင့်မိဘထံ၌ ပြည့်လျှမ်းသော စည်းစိမ်ချမ်းသာထက် အဆအရာ သာလွန်ကြီးမြတ်သော စည်းစိမ်ချမ်းသာကို ငါပြုအံ့။ စင်စစ်သော်ကား မာတင်္ဂအမည်ရှိသော မဟာဗြဟ္မာသည် ငါ၏ခင်ပွန်းတည်း။ ဤသို့သော စကားကို ပရိသတ်တို့၏ အလယ်၌ သင်ဆိုခြင်းငှာ တတ်နိုင်ပါအံ့လော''ဟုမေး၏။ ဒိဋ္ဌမင်္ဂလိကာလည်း ''ဆိုခြင်းငှာ ကျွန်ုပ်တတ်နိုင်ပါ၏''ဟု ဝန်ခံသော် ''သင်၏ ခင်ပွန်းသည် အဘယ်ကိုသွားသနည်းဟု လူအများတို့ မေးခဲ့သော် ဗြဟ္မာ့ပြည်သို့သွားသည်ဟု ပြောလော့။ အဘယ်အခါမှ လာလတ္တံ့နည်းဟု မေးခဲ့သော် ဤနေ့မှသည် ခုနစ်ရက်မြောက်သောအခါ လာပါလတ္တံ့ဟု ပြောလော့''ဟု မှာဆိုခဲ့ပြီးလျှင် မာတင်္ဂရသေ့လည်း ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ သွားလေ၏။

ဗာရာဏသီ ပြည်သူ ပြည်သားတို့သည်လည်း ငါတို့၏အရှင် ဖြစ်သော ဗြဟ္မာကြီးသည် မာတင်္ဂအဟန်ဖြင့် ဖန်ဆင်း၍ ဒိဋ္ဌမင်္ဂလိကာကို ယူသည်မှာ အဘယ်မှာ မရပဲ ရှိတော့အံ့နည်း။ အဘယ်အခါ၌ အရှင်ဗြဟ္မာ ကြွလာအံ့နည်း။ ဤသို့စသည်ဖြင့် မေးမြန်းမျှော်တလျက် နေကြကုန်၏။ ဘုရားအလောင်း မာတင်္ဂရသေ့လည်း လပြည့်နေ့ရောက်၍ ခုနစ်ရက်မြောက်သောအခါ ဗြဟ္မာတို့၏ ကိုယ်အဟန်ကို ဖန်ဆင်း၍ ဗာရာဏသီပြည်အလုံးကို အရောင်ဖြင့် ထွန်းလင်းစေလျက် လဗိမာန်အတွင်းမှ သက်ခဲ့၍ စဏ္ဍာလရွာထက်၌ ရပ်တန့်လေ၏။ဗာရာဏသီပြည်သားတို့သည်လည်း များစွာ စည်းဝေးလာကြကုန်၍ ဒိဋ္ဌမင်္ဂလိကာ၏ နေရာ အိမ်ကို ဖြူသော ပုဆိုးဗိတာန်တို့ဖြင့် ကာရံဖုံးလွှမ်း

လျက် ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ကြဲဖြန့်၍ ထူးဆန်းကောင်းမွန်သော နေရာကို ခင်းကြပေ၏။ မာတင်္ဂပြဟ္မာလည်း အာကာသခရီးမှ သက်လတ်၍ အိမ်တွင်းသို့ ပြင်ဆင်ခင်းထားသော နေရာ၌ သပ္ပာယ်စွာ နေလေ၏။ ထိုအခါ ဒိဋ္ဌမင်္ဂလိကာလည်း ပန်းလာသောအခိုက်နှင့် ကြုံရကား ဘုရားလောင်း မာတင်္ဂသည် ခြေမဖြင့် ချက်ကိုသုံးသပ်၏။ ထိုသို့ သုံးသပ်သော အာနုဘော်ကြောင့် ဒိဋ္ဌမင်္ဂလိကာ၌ ကိုယ်ဝန်ဖြစ်လေ၏။ ထိုအခါ မာတင်္ဂပြဟ္မာသည် ဤသို့ဆို၏ "အိမ်ရှင်မ သင်၏ ဝမ်း၌ သားကောင်းရတနာသည် လာလေပြီ။ ဤသားသည် ဖွားမြင်သောအခါ သင်သည် လည်းကောင်း, သားသည်လည်းကောင်း များမြတ်သော လာဘ်ပူဇော်သက္ကာတို့၏ အထွတ်သို့ ရောက်လတ္တံ့။ သင်ခြေဆေးရေသည် ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော မင်းတို့၏ အဘိသိက်ရေ ဖြစ်လတ္တံ့။ သင်ချိုးသောရေသည် မြေ၌တည်သော လူအပေါင်းတို့၏ ကောင်းမြတ်သော အမြိုက်ဆေး ဖြစ်လတ္တံ့။ သင်၏ခြေကို ဦးခေါင်းထိကာ ရှိခိုးရသောသူတို့သည် သင့်အား တထောင်မျှလောက်သော ဥစ္စာဖြင့် ကောင်းစွာပူဇော်ကြကုန်လတ္တံ့။ သင်၏အသွင်ကို မြင်ရရုံသောဌာနမျှ၌ နေ၍ ပူဇော်ရသော သူတို့သည် ဆယ်သပြာ၊ငါးသပြာဖြင့်လည်းကောင်း ကောင်းစွာ ပူဇော်ကုန်လတ္တံ့။ သင်သည် မမေ့မလျော့ သီလကို ဆောက်တည်လော့"ဟု ဩဝါဒပေးခဲ့၍ လူများမြင်စဉ်ပင် ကောင်းကင်ခရီးဖြင့်ကြွ၍ လဝန်း၏အတွင်းသို့ ဝင်လေ၏။

ထိုနောက်မှစ၍ ပြည်သူ ပြည်သားတို့လည်း စည်းဝေးကြပြီးသော် ဒိဋ္ဌမင်္ဂလိကာကို ရတနာဖြင့် သီအပ်သော ရွှေထမ်းစင်ဖြင့် ထမ်းလျက် မြို့အလုံးကို လှည့်ပြီးသော် "ပြဟ္မာမင်းကြီး၏ မြောက်သားမြတ်ကို ဖူးမြော်ပူဇော်ကြကုန်"ဟု ဆို၍ လှည့်လည်ကုန်၏။ ထိုအခါ ဗာရာဏသီ ပြည်သူ ပြည်သားတို့သည် အသီးသီးထွက်၍ ရှိခိုးကြကုန်၏။ ခြေရင်း၌ ရှိခိုးဦးတိုက်ခြင်းကို ပြုရသော သူတို့သည် အသပြာတထောင်။ နားကြားကောင်းသော နေရာမှနေ၍ ပူဇော်ရသော သူတို့သည် အသပြာတရာ။ မြင်ကောင်းရာမှနေ၍ ပူဇော်ရသောသူတို့သည် အသပြာတဆယ် ပူဇော်ကုန်၏။ ဤသို့ အပူဇော်ခံလျက် လှည့်လည်သဖြင့် တဆယ့်ရှစ်ကုဋေသော ဥစ္စာတို့ကို ရလေကုန်၏။

ပြည်သူတို့လည်း မြို့၏အလယ် ကြီးစွာသော နေရာမဏ္ဍပ်ကိုပြု၍ ထိုမဏ္ဍပ်၏အနီး၌ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကြီးကိုဆောက်လုပ်၍ ပေး၏။ ပြာသာဒ်ဆောက်သောနေ့မှသည် ဆယ်လတိုင်မှ ပြီးသတည်း။ ပြာသာဒ်မပြီးမီ မဏ္ဍပ်တွင်းနေစဉ် သတို့သားကို ဖွားမြင်ရကား ထိုသတို့သားကို "မဏ္ဍဗျမင်းသား"ဟု သမုတ်ကုန်၏။ ထိုမဏ္ဍဗျမင်းသားသည် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ များစွာသော အခြံအရံတို့ဖြင့် ရှင်စံ ပျော်ပိုက်ရသည်။ ဇမ္ဗူဒိပ်၌ ထင်ရှားတတ်မြောက်သော ဆရာပုဏ္ဏားတို့သည် များစွာလာ၍ ပညာသင်ကြားကုန်၏။ မင်းသားတဆယ့်ခြောက်နှစ် ပြည့်သည်မှစ၍ ပုဏ္ဏားတို့အား ဆွမ်းကျွေးခြင်းကို ပြုသည်မှာ တနေ့တနေ့၌ ပုဏ္ဏား တသောင်းခြောက်ထောင် စုမိသတည်း။တနေ့သ၌ ရွှေရည်အဆင်းနှင့်တူသော တောဝတ်ပျား, တင်လဲတို့ဖြင့် စီရင်အပ်သော ဃနာထမင်းကိုချက်၍ တသောင်းခြောက်ထောင်သော ပုဏ္ဏားတို့အား ကျွေးမွေး၏။ ထိုအခါ မဏ္ဍဗျမင်းသားသည် ရွှေခြေနင်းကိုစီး၍ ရွှေဖြင့်ပြီးသော လှံကန်ကိုကိုင်လျက်"ဤ၌ ထောပတ်ကိုထည့်လော့၊ပျားတင်လဲကိုထည့်လေ "သည်ဖြင့် စီရင်၍ နေ၏။

ထိုအခါ မာတင်္ဂသုခမိန်သည် ဟိမဝန္တာမှ ကောင်းကင်ခရီးဖြင့် လာလက်၍ ပဏ္ဍဗျသတို့သား အလှူပေးရာဌာန တံခါးဝ၌ ရပ်လေ၏။ထိုသို့ရပ်သည်ကို မင်းသားမြင်လျှင် "ကုဋေတော့်နှ အာဂန္တု-

သိ ဒုမ္မဝါသိ” အစရှိသော ဂါထာဖြင့် “ညစ်နွမ်းဆိုးရွားစွာသော ပုဆိုးကိုဝတ်သော မြေဘုတ်ဘီလူးနှင့်တူသော သင်သည် အဘယ်အရပ်မှ လာသနည်း။ မြတ်သောအလှူခံ မဟုတ်ပဲလျက် အလှူပေးရာပွဲသို့ ဘယ့်ကြောင့်ဝင်သနည်း” ဟု မေး၏။ မာတင်္ဂရသေ့ကလည်း “အန္နံတဝေဒံ ပကတံ ယသဿိ” အစရှိသောဂါထာဖြင့် “ဒကာ သတို့သား– သင်သည် ခဲဖွယ်ဘောဇဉ် တည်းဟူသော အလှူဝတ္ထုတို့ကို ပြုပြင်လှူဒါန်းသည်ဖြစ်၍ ငါလည်း အလှူခံခြင်းငှာ လာသတည်း” ဟု ဆို၏။

ထိုစကားကိုကြားသော် မဏ္ဍဗျသတို့သားသည်း “ဟယ်ဒွန်းစဏ္ဍားယုတ်– ငါသည် မြတ်သော အလှူခံရဟန်း, ပုဏ္ဏားတို့အား လှူခြင်းငှာသာလျှင် ပြုပြင်စီရင်၏။ သင်ကဲ့သို့သော ဒွန်းစဏ္ဍားတို့ကို ပေးလှူခြင်းငှာ မစီရင်။ သင်သည် လျင်စွာဖဲလေလော့” ဟု ဆို၏။ ထိုအခါ မာတင်္ဂရသေ့ကလည်း “ဒကာသတို့သား–ဤလောက၌ စပါး, ပြောင်း, ပဲစသော အသီးကို အလိုရှိသော သူတို့သည် ကုန်းမြင့်ရာ၌ လည်းကောင်း မြစ်၏ အနီးအပါး၌ လည်းကောင်း, ချိုင့်ဝှမ်းရာ၌ လည်းကောင်း စပါးမျိုး, ပဲမျိုးကို စိုက်ကြဲရကုန်သကဲ့သို့၊ထို့အတူ ကောင်းကျိုးချမ်းသာကို လွန်စွာ တောင့်တကုန်သော သူတို့သည် ယုတ်, လတ်, မြတ်ပြား သုံးပါးသော အလှူခံပုဂ္ဂိုလ်တို့၌ စိတ်သန်ရှင်လန်း လှူဒါန်းအပ်သည်သာ ဖြစ်၏။အလှူခံတို့၏ ကောင်းခြင်း မကောင်းခြင်းကို သင်မသိနိုင်ပဲလျက် ဘယ့်ကြောင့် ခွဲခြမ်း ရွေးချယ်ဘိသနည်းဟုဆို၏။

ထိုစကားကို ကြားသော် မဏ္ဍဗျသတို့သားသည်လည်း အမျက်ထွက်၍ အနီး၌နေသော တံခါးစောင့်တို့ကိုခေါ်ပြီးလျှင် “သင်တို့သည် ဤဒွန်းစဏ္ဍားကို ရိုက်ခတ်ညှဉ်းဆဲ၍ ကြိုးပြင့်လည်ကို ဆွဲ၍ ထုတ်ကြလေကုန်” ဟု ဆို၏။ ထိုအခါ မာတင်္ဂရသေ့လည်း ကောင်းကင်သို့ လျင်စွာ ပျံတက်၍ ထန်းတဖျားရှိလောက်သော အရပ်၌ ရပ်ပြီးသော် “ဂိရိံ နခေန ခဏသိ” အစရှိသော ဂါထာဖြင့် “ဒကာ သတို့သား– သင်သည် ကျောက်အတိပြီးသော တောင်ကြီးကို လက်သည်းဖြင့် ခြစ်ယောင်သကဲ့သို့ လည်းကောင်း၊ သံတွေစိုင်ကို သွားဖြင့်ခဲသကဲ့သို့လည်းကောင်း၊ အလျှံပြောင်ပြောင် တောက်သောမီးကို မျိုခြင်းငှာ အားထုတ်သကဲ့သို့ လည်းကောင်း သီလ, ပညာ, သမာဓိဂုဏ်နှင့် ပြည့်စုံသော ရသေ့ရဟန်းတို့အား ပြစ်မှားနှိပ်စက်ခြင်းကို ပြုလို၏။ ထိုသို့ပြုခြင်းသည် သင်သတို့သားအား အကျိုးစီးပွား ပျက်စီးကြောင်းသာဖြစ်၏။ လိမ္မာသူ လူပညာရှိ ဟူသမျှတို့ စက်ဆုပ်ဖွယ်သာဖြစ်၏” ဟု ဆိုပြီးလျှင် ပရိသတ်တို့မြင်စဉ်ပင် ကောင်းကင်ခရီးဖြင့်ကြွ၍ တပါးရွာ၌ ဆွမ်းခံလေ၏။

ဗာရာဏသီပြည်၌ စောင့်နေသော နတ်တို့သည် “မဏ္ဍဗျသတို့သားသည် ငါတို့အရှင် မာတင်္ဂရသေ့မြတ်အား ပြစ်မှားရာသလော” ဟု အမျက်ထွက်ကြ၍ တခဏခြင်း စည်းဝေးပြီးသော် အကြီးဖြစ်သော နတ်သည် မဏ္ဍဗျ သတို့သား၏ လည်ကိုကိုင်လျက် လှည့်၏။ ကြွင်းသောနတ်တို့သည် ကြွင်းသော ပုဏ္ဏားတို့၏ လည်ကိုကိုင်လျက် လှည့်၏။ ရှင်ရသေ့သည် အမျက်မဝေ့ သိမ်မွေ့နူးညံ့သော မေတ္တာမကင်းရကား အသက်ကိုသာ ခြွင်း၍ ညှဉ်းဆဲလေကုန်၏။

ထိုအကြောင်းကို ဒိဋ္ဌမင်္ဂလိကာ ကြားသိသဖြင့် လျင်စွာလာ၍ သားကိုရှုသော် ကျောသို့မျက်နှာလည်လျက် လက်ခြေတို့သည် မတုန်မလှုပ်ပဲ မျက်ဖြူဆိုက်ကာတည်သော မဏ္ဍဗျသတို့သားကိုမြင်လျှင် သို့စင်သောဒုက္ခသည် အဘယ့်ကြောင့် ဖြစ်ရသနည်း” ဟုမေး၍အလှူပေးရာသို့ ကြွလာသော မာတင်္ဂရသေ့အား ပြစ်မှားမိ၍ ဖြစ်ကြောင်းကို ပြောဆိုကြလေလျှင် “သင်လူများတို့– ဤအရှင်

မာတင်္ဂသည် အဘယ်အရပ်သို့ကြွသနည်း” ဟုမေး၏။ “အရှေ့အရပ်သို့ ကြွ၍ ဤမည်သောရွာ၌ ဆွမ်းခံပါသည်။ ရွာ၏ အထွက်ဝ၌လည်း ခြေရာ ချထားခဲ့ပါသည်” ဟု လျှောက်ဆိုကြသော် ဒိဋ္ဌမင်္ဂလိကာလည်း ပရိသတ်တို့နှင့်တကွ လျင်စွာလိုက်လေ၍ ရှင်ရသေ့နှင့်တွေ့လျှင် “အရှင်ဘုရား– မြေကြီးအထုနှင့်တူသော ပညာ၊ ရေအထုနှင့်တူသော မေတ္တာရှိသူဖြစ်ပါလျက် သားရတနာကို အဘယ့်ကြောင့် ဆုံးမပါသနည်း။ မလိမ္မာ၍ ကျူးလွန်မိသော အပြစ်ဒဏ်ကို သည်းခံ၍ ချမ်းသာ ပေးတော်မူပါ” ဟု တောင်းပန်၏။

ထိုအခါ မာတင်္ဂရသေ့လည်း “အချင်းဒိဋ္ဌမင်္ဂလိကာ သင်၏သားသည် ငါ့ကိုဆဲရေးသောအခါ၌ လည်း ငါသည်နှလုံးမရှု။ ကျေးကျွန် သင်းပင်းတို့အား ညှဉ်းဆဲစေအံ့ဟု ကြံသောအခါ ၌လည်း ငါသည် အမျက်မရှု။ သင့်သား၏ မကောင်းမှုကံသည် နှိပ်နှိပ်လေဘိ၍သာ ဤသို့ သော ဒုက္ခဝေဒနာကို ခံရသတည်း။ ယင်းသို့ဖြစ်ရာ၌ သင်၏သားကို ချမ်းသာစေလိုမူကား အပြုံ့ကုဆေးနှင့်တူသော ဤငါ၏ စားကြွင်းပအုံးရည်ကို ဆောင်ယူ၍ သောက်စေလော့။ သင်၏ သားကို အတန်ငယ်သောက်စေ၍ အကြွင်းကို ရေနှင့်ဖျော်၍ ကြွင်းသော ပုဏ္ဏားတို့အား ပေး လေလော့။ လျင်စွာ ချမ်းသာလိမ့်သတည်း” ဟု ဆို၍ သုံးဆောင်ကြွင်းဖြစ်သော ပအုံးရည်ကို ပေးလိုက်၏။ ဒိဋ္ဌမင်္ဂလိကာလည်း ထို ပအုံးရည်ကို ဆောင်၍လာပြီးသော် မဏ္ဍဗျသတို့သားအား သောက်စေ၍ ကြွင်းသော ပအုံးရည်ကိုလည်း အိုးစရည်းဖြင့်ရေဖျော်၍ တသောင်းခြောက် ထောင်သောပုဏ္ဏားတို့အား သောက်စေသဖြင့် ချမ်းသာရလေသတည်း။

ထိုအခါ ဒိဋ္ဌမင်္ဂလိကာသည် သားဖြစ်သော မဏ္ဍဗျကို ဆုံးမလို၍ “မဏ္ဍဗျ ဗာလောသိ ပရိတ္တ- ပညော” အစရှိသော ဂါထာကိုဆို၏။ အဓိပ္ပာယ်ကား=ချစ်သား မဏ္ဍဗျ သင်သည် နည်းသော ပညာရှိသည်ဖြစ်၍ မိုက်လှစွာသောကြောင့် ကောင်းမှုမျိုးကို စိုက်ပျိုးရာ လယ်တာ မြေကောင်း နှင့်တူသော အလှူခံမြတ်ကိုမျှ မသိတတ်လေ၊ သင်သည် ရာဂ, ဒေါသ အစရှိသော ဖန်ရည်များ သော အလှူခံကိုပင် အမွန်မြတ်မှတ်ဘိသေ၍ ကိုယ်နှုတ်နှလုံး မစောင့်သုံးသောပုဂ္ဂိုလ်ကိုပင် ကြည် ညိုသဖြင့် လှူဒါန်းလေကုန်သည်။ ချစ်သားမဏ္ဍဗျ–အကြင်ပုဂ္ဂိုလ်တို့အား များသော ရာဂ, ဒေါသ, မောဟ ရှိကုန်၏။ များသော မာန်ထောင်လွှားခြင်းတို့သည် လည်းကောင်း, ကိုယ်နှုတ် နှလုံး မစောင့်သုံးခြင်းတို့သည်လည်းကောင်း ရှိကုန်၏။ ထိုသို့သော အလှူခံသည်ကား မွန်မြတ် သော ဒက္ခိဏေယျမဟုတ်။ အကြင်ပုဂ္ဂိုလ်တို့အား ရာဂ, ဒေါသစသော အကုသိုလ်တရားကို ပယ်ရှားနိုင်သည်ဖြစ်၍ ကုန်ပြီးသော အာသဝေါရှိ၏။ ကိုယ် နှုတ် နှလုံးတို့ကို စောင့်သုံးခြိုးခြံ လျက် ဈာန် အဘိညာဉ် သမာပတ် တရားတို့ကိုလည်း ပွားစီးအောင်ရွက်ဆောင်နိုင်၏။ ထိုသို့သော အလှူခံသည်ကား မွန်မြတ်သော ဒက္ခိဏေယျပုဂ္ဂိုလ်စစ်ဖြစ်၏။ ဤသို့သော အလှူခံမြတ်၌ လှူ အပ်သော ဒါနသာလျှင် များစွာ အကျိုးရှိ၏ဟူ၍ ဆုံးမပေ၏။

ထို တသောင်း ခြောက်ထောင်သော ပုဏ္ဏားတို့သည်လည်း “ဒွန်းစဏ္ဍားတို့၏ စားကြွင်းကို စား ရသည်ဖြစ်၍ ပုဏ္ဏားကောင်း မဟုတ်ပြီ” ဟု ရှက်နိုးကုန်ရကား မဇ္ဈတိုင်း ဝေတ္တဝတီပြည်သို့ သွား ၍နေလေကုန်၏။

ထိုပုဏ္ဏားတို့တွင် တယောက်သော ဇာတိမန္တပုဏ္ဏားသည် ရသေ့ရဟန်းပြု၍ ဝေတ္တဝတီမည် သော မြစ်၏ ကမ်းနား၌နေ၏။ ဘုရားလောင်း မာတင်္ဂရသေ့လည်း ထိုရသေ့၏ မာန်တံခွန်ကို လှဲခြင်းငှာ ထိုရသေ့၏နေရာ မြစ်ညာဖြစ်သော အရပ်၌နေလျက် နံနက်သောအခါ စားဖတ်

ဒန့်ပူကို မိဋ္ဌာန်လျှက်မျှော်၏။ ထို ဒန့်ပူသည် ဇာတိမန္တရသေ့၏ ဆံကျစ်၌ငြိလေ၏။ထိုအခါ ဇာတိမန္တရသေ့သည် အလွန်အမျက်ထွက်၍ မာတင်္ဂရှိရာသို့ သွားပြီးသော် များစွာ ခြိမ်းမောင်း၏။ မာတင်္ဂရသေ့လည်း နေလွှဲ၍ အကြောမြစ်ကွေ့၌ နေပြီးသော် စားဖတ်ဒန့်ပူတို့ကို စွန့်ပစ်ပြန်၏။ ထို ဒန့်ပူတို့သည် အထက်သို့ဆန်၍ ဇာတိမန္တရသေ့ ရေချိုးသောကာလ ဆံကျစ်ပေါ်၌ ငြိမြဲ ငြိပြန်၏။ ထိုသို့ငြိလေသော် ဇာတိမန္တရသေ့လည်း ရွှေထက်တိုး၍ပင် ဆဲရေး၏။ ယင်းသို့ ဆဲရေးသော အတွက်ကြောင့် ခုနစ်ရက်မြောက်သောနေ့၌ မိုးကြိုးကျ၍ ဦးခေါင်းခုနစ်စိတ်ကွဲလတ္တံ့သည်ကို မြင်လေ၏။ ထိုအခါ ဘုရားလောင်း မာတင်္ဂသည် ငါ့အတွက်ကြောင့် ဤရသေ့ မပျက်စီးပါစေလင့်ဟု နှလုံးထား၍ နေကိုတားမြစ်သဖြင့် နေမထွက်နိုင်ပဲ နေလေ၏။ လူအများတို့သည် မာတင်္ဂရသေ့အား "အဘယ့်ကြောင့် နေမထွက်ပါသနည်း"ဟု မေးလေသော် "ဇာတိမန္တရသေ့၏ ဦးခေါင်း၌ မိုးကြိုးကျလတ္တံ့သည်ကိုမြင်၍ နေကို ငါတားမြစ်သတည်း"ဟု ဆိုပေ၏။

ထိုအခါ များစွာသော လူတို့သည် ဇာတိမန္တရသေ့ထံသို့သွား၍ မာတင်္ဂရသေ့အား ကန်တော့ရမည်ဖြစ်ကြောင်းဖြင့် တောင်းပန် ပြောဆို၍ ကန်တော့စေပြီးမှ ရေ၌ဆင်းစေ၏။ နေထွက်သောကာလ မိုးကြိုးကျလာသော် ရေ၌ငုပ်၍နေမှ ချမ်းသာရလေသတည်း။

မာတင်္ဂရသေ့လည်း ထိုဇာတိမန္တရသေ့အား ဩဝါဒပေး၍ ကြွင်းသော ပုဏ္ဏားတသောင်းခြောက်ထောင်ကိုလည်း မေးမြန်း၍ မေဇ္ဈတိုင်း၌ နေကြောင်းကိုသိလေသော် ထိုပုဏ္ဏားတို့အားလည်း တရားသဖြင့် ဆုံးမခြင်းငှာ အာကာသခရီးဖြင့် သွားလေ၍ ပြည်တွင်း၌ဆွမ်းခံဝင်ပြီးမှ တခုသောဌာန၌ ဆွမ်းဘုဉ်းပေး၍ နေရာတွင် ထိုပုဏ္ဏားတို့သည် မင်းကြီးအား ကုန်းတိုက်ပြောဆိုကြသဖြင့် မင်းချင်းတို့သည် လာကြကုန်၍ မာတင်္ဂရသေ့အား ညှဉ်းဆဲရိုက်ခတ်သဖြင့် အသက်ကုန်ခြင်းသို့ ရောက်လေ၏။ ထိုပြည်၌လည်း ပြည်စောင့်နတ်တို့သည် အမျက်ထွက်၍ သဲမိုး မီးကျီးမိုးတို့သည် ရွာသဖြင့် သုံးယူဇနာသော ပြည်အလုံးသည် ပျက်စီးခြင်းသို့ ရောက်လေ၏။

ဤဇာတ်၌ မဏ္ဍဗျသတို့သားသည် ယခုအခါ ဥတေနမင်းဖြစ်လှာ၏။ မာတင်္ဂရသေ့သည် ငါဘုရားဖြစ်တော်မူလှာ၏ဟု ဇာတ်ပေါင်းခြင်းရှိသော မာတင်္ဂဇာတ်၌ ငါတို့ဘုရားလောင်းသည် နှုတ်သီးမစုန့်၊ စိတ်မရုန့်ပဲ၊ မြူမှုန့်မြေလိမ်းသည်ကို ခံရဖူး၏။ ။[ဤဇာတ်ကို မှတ်မိသူရှားသောကြောင့် ဆုံးအောင် ဖြေဆိုလိုက်သည်]။

(ရှေးစာမပါ နောက်ဖြေသာ)

"အုန်း"ကာရန်ပုစ္ဆာ ၃ ပုဒ် အဖြေပြီး၏။

---

(၂၇) "အုန်း"ကာရန်ပုစ္ဆာ ၄ ပုဒ် အဖြေ
၇၀၂။ ဘုရားကျိန်းနှုန်း၊ မာရ်ဖျက်ဖြုန်း၊ ပုန်း၍မည်သို့ ကြံသနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဘုရားသခင်ကျိန်းတော်မူရာ၌ ဝမ်းတွင်းသို့ မာရ်နတ်ဝင်နေကြောင်းကို ကျမ်းဂန်၌မတွေ့မိ။ အရှင်မောဂ္ဂလာန် ကျိန်းနေရာတွင် မာရ်နတ်ဝင်နေကြောင်းကိုသာ မူလပဏ္ဏာသ မာရတဇ္ဇနီယ

သုတ်၌လာသည်ကို တွေ့မိသည်။ သို့ရာတွင် ရှင်မောဂ္ဂလာန်လည်း ဗုဒ္ဓပုတ္တဖြစ်၍ ဘုရားဆိုထိုက်သောကြောင့် "ဘုရားကျိန်းနှုန်း၊ မာရ်ဖျက်ဖြုန်း"ဟူ၍ ဆိုမည်ထင်သည်။

အကြောင်းကား ဤသို့တည်း....

အရှင်မောဂ္ဂလာန်သည် ဘဂ္ဂတိုင်း သံသုမာဂိရိမြို့၌ သားတို့ကိုဘေးမဲ့ပေးရာဖြစ်၍ မိဂဒါယမည်သော ပဲစင်းငုံတော၌ ကျောင်းငယ်ဖြင့်နေတော်မူသော် တနေ့သ၌ မျောက်မျဉ်းတော်မူစဉ် မာရ်နတ်သည် ဝမ်းတွင်းသို့ဝင်၍ အအူ၏အတွင်း အစာကျက်တည်ရာ၏ အကြား၌နေ၏။အရှင်မြတ်လည်း လွှင်အရပ်၌ စင်္ကြံကြွသွားတော်မူသော် ဝမ်းတော်လေးလှရကား "ယနေ့ ငါ၏ဝမ်းလေးလှ၏။ အစာမကြေ၍ ရှိလေသလော"ဟု မညီညွတ်သော ဒေါသကို ကြေစေခြင်းငှာ ကြံသွားရာမှ တက်၍ ကျောင်းသို့ ဝင်ပြီးလျှင် အိပ်ရာ၌လျောင်း၍ ဆင်ခြင်လေသော် မာရ်နတ်သား ဝမ်းသို့ဝင်၍နေသော အဖြစ်ကို သိသဖြင့် ဤသို့ဆို၏ "ဟယ်မာရ်နတ်ယုတ် သားကိုညှဉ်းဆဲသော် အဘကိုညှဉ်းဆဲသည် မည်သကဲ့သို့ ဘုရားရှင်၏တပည့်ကို ညှဉ်းဆဲလျှင် ဘုရားရှင်ကိုညှဉ်းဆဲသည်မည်သည်။ ယင်းသို့ ဘုရားရှင်ကို ညှဉ်းဆဲလျှင် သင့်အား ရှည်မြင့်စွာသော ကာလပတ်လုံး ဆင်းရဲခြင်းဖြစ်လေရာသည်။ ဆင်းရဲကို မဖြစ်စေလင့်၊ ထွက်လော့၊ ထွက်လော့"ဟု ဆို၏။ မာရ်နတ်သားလည်း "ဤရဟန်း မသိပဲလျက် ငါ့ကိုထွက်လော့ဟု ဆိုဘိ၏။ ကိုယ်ပင့်ကိုမဆိုလင့်ဦး။ ကိုယ်ပင့်ဆရာဖြစ်သော ဘုရားမှသော်လည်း ငါ့ကို စောစွာမသိနိုင်ပဲလျက် တပည့်သည် ဘယ်သို့သိနိုင်လေအံ့နည်း"ဟု ကြံလျက် မထွက်ပဲနေလေ၏။

အရှင်မောဂ္ဂလာန်ကလည်း "ဟယ် မာရ်နတ်ယုတ် သင့်ကိုငါသိ၍ပင် ဆိုသတည်း။ သင်မထွက်သော် ငါနှိပ်စက်လိမ့်သတည်း။ ထွက်ဘိလော့"ဟု ဆိုပြန်၏။ မာရ်နတ်လည်း "ဤရဟန်းသည် သိ၍ပင် ဆိုချေ၏"ဟု ခံတွင်းမှထွက်၍ ကျောင်းတံခါးရွက်ကိုမှီ၍ ရပ်နေ၏။ အရှင်မောဂ္ဂလာန်လည်း တံခါး၌နေသည်ကိုမြင်၍ "မာရ်နတ်သား သင့်ကိုငါမြင်၏။ ရှင်မောဂ္ဂလာန် ငါ့ကိုမမြင်နိုင်ဟု သင် မအောက်မေ့လင့်"ဟူ၍ မိန့်ပြီးမှ ဤသို့ကြံ၏။ ဤ မာရ်နတ်သည် အလွန်ပြစ်မှားလိုသည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော အရပ်သို့ဝင်၍ နေခြင်းငှာ တတ်နိုင်ဘိသည်။ အခွင့်သင့်သောအခါ နှောင့်ယှက်လာလတ္တံ့။ ငါ၏ဆွေမျိုးဟူ၍ဆိုသော် မနူးညံ့သောသူ မည်သည်မရှိ။ ထို့ကြောင့် ဆွေမျိုးဆက်စပ်၍ ဤမာရ်နတ်ကို နူးညံ့စေအံ့"ဟု ကြံ၍ "ဟယ် မာရ်နတ်ယုတ် ရှေးသောအခါ ငါသည် ဝသဝတ္တီပြည်၌ ဒုဿီမည်သော မာရ်နတ်ဖြစ်ဖူး၏။ ထိုအခါ ငါ၏နှမကား ကာလီအမည်ရှိ၏။ ထိုကာလီသားကား သင်ပင်ဖြစ်၍ သင်သည် ငါ၏တူရင်းပင်တည်း။ ထိုအခါ လူတို့ရွာ၌ ကကုသန်ဘုရား ထင်ရှားဖြစ်တော်မူ၍ လက်ယာရံထေရ်ကား ဝိဓုရ။ လက်ဝဲရံထေရ်ကား သဉ္ဇီဝအမည်ရှိ၏။

[ထိုအရှင်၏ သဉ္ဇီဝတွင်သော အကြောင်းကား....တရံသောအခါ တောအရပ်၌ သစ်ပင်ရင်းတွင် နိရောဓသမာပတ်ကိုဝင်၍ နေတော်မူ၏။ ထိုအခါ နွားကျောင်းသား၊ ဆိတ်ကျောင်းသား ခရီးသွားတို့သည် "ဤအရှင်ကား ထိုင်လျက်ပင် သေခဲ့၏။ ငါတို့သင်္ဂြိုဟ်ကုန်အံ့"ဟု တိုင်ပင်ပြောဆို၍ ထင်းကိုစုပြီးမှ မီးတိုက်ကြ၏။ အရှင်မြတ်မူကား သမာပတ် အာနုဘော်ကြောင့် ရေအိုင်၌ နေသကဲ့သို့သာ ဖြစ်၏။ ခုနစ်ရက်လွန်၍ သမာပတ်မှ ထသောအခါ ရဲရဲညီးသော မီးလျှံတွင်းမှ သင်္ကန်းကိုခါလျက် ထွက်လာ၍ နံနက်အခါ ရွာသို့ဆွမ်းခံဝင်လတ်သော် မီးတိုက်သောသူတို့ မြင်ကုန်၍ "ဤအရှင်ကား ထိုင်လျက်

သာလျှင် သေပြီးမှ ယခုတဖန် ရှင်ပြန်သည်။ အံ့ဖွယ်ရှိစွ”ဟု ဆိုကြကုန်၍ ဆွမ်းအဖျော်ဖြင့် ပူဇော်ကြကုန်၏။ ထိုအကြောင်းကြောင့် ‘‘သဉ္စိဝထေရ်”ဟု ထင်ရှားသတည်း]။

ထိုအခါ ဒုဿီမည်သော မာရ်နတ်သည် အရှင်သဉ္စိဝအား များစွာသော လူတို့ ချီးမြှောက်ကြသည်ကို မြင်လျှင် ထိုအရှင်အား ငြူစူခြင်းပွားရှ်လည်းကောင်း, ဘုရားပရိသတ်ဖြစ်သော ရဟန်းတို့ကို နှိပ်စက်လိုသောကြောင့် လည်းကောင်း ပုဏ္ဏားသူကြွယ်စသည်တို့၏ ကိုယ်သို့ဝင်ပြီးလျှင် ဆဲရေးချုပ်ချယ် ရေရွတ်အောင် တိုက်တွန်းလေသည်။ ထိုသူတို့ကလည်း ‘‘ဤဦးပြည်းရဟန်းတို့သည် သူဘော်ယောင်ဆောင်လျက် အောက်သို့ချသော မျက်နှာရှိကုန်၍ ညဉ့်အခါ သစ်ခေါင်းမှ ထွက်၍ ကျက်စားသော ခင်ပုပ်ငှက်ကဲ့သို့ ကျက်ပြီးသော ထမင်းကိုသာ ရှာကုန်သည်။မြေခွေးသည် မြစ်နား၌ ငါးကို ရှာသကဲ့သို့ ဝမ်းစာကို ရှာလေ့ပြုကုန်သည်။ ဤသူတော်ယောင်တို့အား လှူ၍ ဘယ်အကျိုးနပ်အံ့နည်း”စသည်ဖြင့် ကဲ့ရဲ့ရေရွတ်ကုန်သည်။ လူတို့၏ကိုယ်၌ မဝင်မူ၍လည်း နှလုံးမသာဖွယ်သော အာရုံ, ကြောက်မက်ဖွယ်သော အာရုံကို ပြလေကုန်သည်။ရဟန်းယောကျ်ားတို့၏ နေရာ၌လည်း မာတုဂါမတို့ ခြံရုံ၍နေသည့် အရုပ် အယောင်ကို ရဟန်းမိန်းမတို့၏ နေရာ၌လည်း ယောကျ်ားတို့အနီးအပါးကပ်သည့် အရုပ်အယောင်ကို ပြလျက် ကြည်ညိုပြီးသော သူကိုလည်း ကြည်ညိုခြင်းပျက်အောင် ပြုလေသည်။ ‘‘ဤရဟန်းတို့ကား အလဇ္ဇီချည်းတည်း။ဤသူတို့ကိုလှူသဖြင့် အဘယ်ကုသိုလ် ဖြစ်အံ့နည်း”ဟူ၍ လူတို့သည် ရဟန်းမြင်တိုင်းကို ဆဲရေးစေကုန်သည်။ ထိုသူတို့သည် သေသောကာလ များသောအားဖြင့် ငရဲ၌သာ ဖြစ်လေကုန်သည်။

ထိုအခါ ကကုသန် မြတ်စွာဘုရားလည်း ရဟန်းတို့ကိုခေါ်တော်မူ၍ ‘‘ချစ်သားတို့ ဒုဿီမည်သော မာရ်နတ်သည် ပုဏ္ဏားသူကြွယ်တို့ကို လှည့်ပတ်၍ များစွာသော မကောင်းမှုကို ပွားစေကုန်ပြီ။ ချစ်သားတို့သည် စိတ်ဖောက်ပြန်ခြင်းကို မဖြစ်စေကုန်လင့်။ အကယ်၍ ဖောက်ပြန်ကုန်သည်ဖြစ်အံ့။ မာရ်နတ်သားသည် အခွင့်ကို ရလေရာ၏။ ချစ်သားတို့ ဗြဟ္မဝိဟာရကို ပွားစေ၍သာ နေကြကုန်လော့”ဟု ဆုံးမတော်မူ၏။ ရဟန်းတို့လည်း ဆုံးမတော်မူတိုင်း သည်းခံ၍ ခြိုးခြံစွာ ကျင့်သဖြင့် ရဟန္တာဖြစ်လေကုန်၏။

ထိုအခါ ဒုဿီမာရ်နတ်သည် ဤသို့ ကြံပြန်၏ ‘‘ဤ ရဟန်းတို့သည် စုတေသည်ရှိသော် ပဋိသန္ဓေနေသည်ကိုမမြင်။ နိဗ္ဗာန် ယူခြင်းသာထင်ကုန်၏။ ငါသည် ရဟန်းတို့မှာ လာဘ်ပူဇော်သက္ကာ များအောင်ပြု၍ ထိုရဟန်းတို့၏ စိတ်ကို တုန်လှုပ်စေအံ့။ ယင်းသို့ တုန်လှုပ်မှုဘာဝမဆုံးပဲ ရှိတော့မည်”ဟု ကြံပြန်၍ လူတို့၏မြင်ရာအရပ်၌ ရဟန်းတို့သည် ဈာန်ဖြင့် ကောင်းကင်သို့ သွားလေဘိသကဲ့သို့၊ ကောင်းကင်၌နေ၍ သက်နှင်းချုပ်ဘိသကဲ့သို့၊ ကောင်းကင်၌ ထက်ဝယ်ခွေ၍ နေဆာလှုံဘိသကဲ့သို့၊ သာမဏေငယ်တို့သည် ကောင်းကင်ဖြင့်သွား၍ ပန်းကိုဆွတ်ပြီးလျှင် စေတီပြင်၌ ပူဇော်ဘိသကဲ့သို့ ဖန်ဆင်း၍ ပြပြန်၏။ ထိုသို့ ပြသည်ကို မြင်ရသောအခါ လူဖြစ်သော ဒါယကာ ဒါယိကာမတို့သည် အလွန်ကြည်ညိုကြ၍ အထူးထူးသော စားဖွယ် သောက်ဖွယ် အထည်သင်္ကန်းတို့ဖြင့် လှူဒါန်းပူဇော်ကြကုန်၏။ ထိုသူတို့သည် သေသောကာလ များသောအားဖြင့် နတ်ပြည်၌ ဖြစ်ကြကုန်၏။

ထိုအခါ ကကုသန် မြတ်စွာဘုရားသည်လည်း ရဟန်းတို့ကိုခေါ်တော်မူ၍ ‘‘ချစ်သား ရဟန်းတို့ ဒုဿီမာရ်နတ်သည် လူတို့အား တိုက်တွန်းအပ်သည်ဖြစ်၍ များစွာဆည်းကပ် ပူဇော်ကြကုန်၏။ သင်တို့သည် အသုဘသညာကို လည်းကောင်း၊ မရဏသညာကို လည်းကောင်း၊ ဤလောက၌

အနဘိရတိ သညာကိုလည်းကောင်း၊ အာဟာရ၌ ပဋိကူလသညာကိုလည်းကောင်း၊ အနိစ္စသညာ, ဒုက္ခသညာ, အနတ္တသညာကိုလည်းကောင်း များစွာ ပွားစေကုန်လော့''ဟု ဆုံးမတော်မူ၏။ ရဟန်းတို့လည်း ဆုံးမတိုင်းကို လိုက်နာ၍ ကျင့်သဖြင့် ရဟန္တာဖြစ်ကြကုန်၏။

မာရ်နတ်သည် ရဟန်းတို့အား လာဘ်၌ တပ်မက်မောစိမ့်သောငှာ လုံ့လပြုပါသော်လည်း အခွင့်မရသောကြောင့် တနေ့သ၌ ကကုသန် ဘုရားသခင်သည် လက်ယာတော်ရံဖြစ်သော ဝိဓုရ ထေရ်နှင့် တကွ ဆွမ်းခံဝင်တော်မူသော် တယောက်သော လုလင်၏ကိုယ်၌ ဝင်၍ အရှင်ဝိဓုရ၏ ဦးခေါင်းတော်ကို ကျောက်ခဲဖြင့် ပစ်စေ၏။ ထိုဒဏ်ရာကြောင့် ဦးရေလွှာသည် နှစ်လွှာကွဲလျက် အရိုးကိုထိ၍ တည်၏။ အရှင်ဝိဓုရလည်း ဦးခေါင်းမှ ဒိုးဒိုးယိုကျသော သွေးရှိလျက် ဘုရား နောက်တော်မှ လိုက်လေ၏။ ဘုရားသခင်လည်း ဆဒ္ဒန်ဆင်မင်း၏ ကြည့်ခြင်းဖြင့် ကြည့်တော်မူ၍ “ဤဒုဿီမာရ်နတ်သည် မိမိ၌ ဖြစ်လတ္တံ့သော အပြစ်ကို မတိုင်းမထွာ၊ ပမာဏကိုလွန်၍ ပြုဘိသည် တကား” ဟု မိန့်တော်မူ၏။ ယင်းသို့ ကြည့်တော်မူသည်နှင့် တပြိုင်နက် ဒုဿီမာရ်နတ် သည် ထိုအရပ်မှ ခွါ၍ ပြေးလေသဖြင့် ဝသဝတ္တိဘုံသို့ရောက်လျှင် ရုတ်တရက်ခြင်းပင် စုတေ၍ အဝီစိငရဲကြီး၌ ဖြစ်လေကုန်၏။

ထိုငရဲကြီးကား ဆဖဿာယတနိက ဟူသောအမည်, သင်္ကုသမာဟဋ ဟူသော အမည်, ပစ္စတ္တဝေဒနီယ ဟူသော အမည်အားဖြင့် အမည်သုံးပါးကို ရ၏။

ထိုငရဲ၌ ခံရသောသူတို့ကား ကိုယ်သုံးဂါဝုတ် ရှိသည်ဖြစ်၏။ ဒုဿီမာရ်နတ်သည် သုံးဂါဝုတ် လောက် ကြီးသည်ဖြစ်၍ ငါးကျိပ်မျှလောက်သော ငရဲထိန်းတို့သည် ထန်းလုံးမျှလောက် ပြောင်ပြောင်တောက်သော သံတံစို့ဖြင့် ထိပ်မှ ထိုးသီ၍ တံသင်းဖြင့် နှက်ကုန်၏။ ခြေဖျားသို့ ရောက်၍ ဖောက်ထွက်ပြန်လျှင် တဖန် ငါးကျိပ်သော ငရဲထိန်းတို့က ခြေရင်းမှနေ၍ နှက်ပြန်၏။ ဤသို့ တံစို့နှက်ခြင်းကို ခံ၍ တည်ညံ့ငိုကြွေးလျက် အနှစ်တသိန်းမက ငါခံရ၍ ယခု ရှေးရှေးက ပါရမီကံတော် ချီးပင့်ပေသဖြင့် ရဟန္တာ၏အဖြစ်သို့ ရောက်ရပေ၏။ ငါ့တူမာရ်နတ်—သင်သည် လည်း ငါကဲ့သို့ ဘုရားတပည့်သား ရဟန်း သံဃာတို့ကို နှိပ်စက်ပြစ်မှားပြန်လျှင် ငါငရဲခံရသကဲ့သို့ သင်သည်လည်း ခံရမည် မချွတ်တည်း။ နတ်၏ချမ်းသာကို သင်စုံမက်ပါလော့။ ငရဲရွာကို မသွား လိုပါလင့် ဟု မိန့်တော်မူ၏။ ထိုစကားကို ကြားသောအခါ မာရ်နတ်သည် ထိုနေရာအရပ်၌ပင် ကွယ်လေ၏။

၇၀၆။ မန္ဓာတ်မင်းဘုန်း၊ မိုးသို့ချုန်း၊ နှုန်းရန်လူမင်း ရှိလိမ့်နည်း။ (၂)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

“ဣဓ လောကေ စက္ကဝတ္တိရာဇေန သဒိသော နတ္ထိ” ဟူ၍ ဋ္ဌကထာလာသော ကြောင့် လူ့ရွာ၌ မန္ဓာတ်မင်းနှင့် နှိုင်းနှုန်းစရာ ဖြစ်သော လူသည် မရှိဟူ၍ မှတ်အပ်၏။ ကောဂ်တ္တရ ပါဠိ၌လည်း ဧကပုဂ္ဂလဖြစ်ကြောင်းကို ဟောတော်မူသည်ပင် ဖြစ်သည်။

၇၀၇။ ပေါက်ပေါက်ကိုမှုန်း၊ လူကိုဖြုန်း၊ စုန်းမျိုးဘယ်မျှ ပြားသနည်း။ (၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကဝေသောရကျမ်းတွင် စုန်းမျိုးအပြား ခွဲခြား၍ ပြသောအရာ ကျယ်ဝန်းစွာရှိပြီ။အကျဉ်းကား.... မောက်လုံး, မောက်ပြား, စမြင်းတိုင် ဟူ၍ သုံးမျိုးအပြားရှိသည်။ ထိုတွင် မောက်လုံး, မောက်ပြား ဟူသော စုန်းတို့မှာ ဆေးစား၍လည်းကောင်း၊ မန္တန်ကို လေ့လာ၍လည်းကောင်း၊ ပူးသွင်း၍လည်းကောင်း ဖြစ်သည်။ စမြင်းတိုင် ဟူသော စုန်းတို့မှာ ဆရာ့ထံတွင် မသင်ပဲ မိမိ ပဋိသန္ဓေအားဖြင့် တတ်လျက်ပါသည်။ ထိုသို့ သန္ဓေကပါသော စုန်းသည် အိမ့်တလိမ့် ကဝေ စသောအားဖြင့် ရှစ်မျိုးပြားလေလည်း။

၇၀၈။ ဈာန်ပျံခြိမ့်အုန်း၊ လေသင်ဓုန်း၊ ဟုန်းဟုန်းမခတ် ဘယ်သို့နည်း။ (၄)

ဤပုစ္ဆာ၏ အဖြေကိုကား....မူအစောင်စောင် ရှာ၍မတွေ့။
"အုန်း" ကာရန်ပုစ္ဆာ ၄-ပုဒ်အဖြေ ပြီး၏။

သောင်းရှစ်ပြန်ထက်၊ လေးထောင်တက်သား၊ အနက်အကျယ်၊ ပင်လယ်မြစ်ထဲ၊ ရိုးရိုးရဲတည့်၊ ဖိုးကဲနဌ၊ လက်လက်ပသား၊ သခ်မုတ္တာ၊ မသာရကလ်၊ ရတနာမွန်ကို၊ ထုတ်သွန်ယူရှောင်း၊ လူအပေါင်းအား၊ ကျိုးကြောင်းမျှော်ငဲ့၊ ငှသကဲ့သို့၊ သုံးဆဲ့တတိုက်၊ ဘဝဂ်ရိုက်ကို၊ စိုးပိုက်ပိုင်သိ၊ ထွတ်တိုင်ထိ၏၊ သန္ဒိဋ္ဌိကာ၊ ဆယ်အင်စုံသည်၊ သုံးပုံသာဂရ၊ ပင်လယ်မမှ၊ နဂ္ဂရတနာ၊ မြိုက်သြဇာ ကို၊ အသာဗိုလ်လူ၊ သောက်စိမ့်ဟူ၍၊ ထုတ်ယူဝေဌြမ်း၊ လက်ဆင့်ကမ်းသည်၊ ရွှေကျမ်း ဒုတိယ ကဏ္ဍတည်း။

---

(၂၈) "အည်" ကာရန်ပုစ္ဆာ ၂၅၃-ပုဒ် အဖြေ။

၇၀၉။ ဘုရားဘုန်းစည်၊ သင်္ဂြိုဟ်သည်၊ စေတ တည်ပါလေလိမ့်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဘုရားကို သင်္ဂြိုဟ်သော သင်္ချိုင်းရာ၌ စေတီတည်ကြောင်းကို ကျမ်းဂန်၌ မလာ။ ဓာတ်တော် ကို ရှာပြည်ထောင်မင်းတို့ ဝေယူ၍ မိမိတို့နေရာ ပြည်၌သာ စေတီတည်ကြောင်းကို ကျမ်းဂန် လာသည်။ ယင်းသို့ လာသည်တွင် ဒေါဏ ပုဏ္ဏားသည် ဓာတ်ခြင်သောအိုးကို ရသည်။ မလ္လာမင်း တို့လည်း ဓာတ်တော်တစိတ်ကို ရသည်။ ထိုဓာတ်တော်တို့ကို ကုသိနာရုံပြည်၌ပင် စေတီတည်သည် ဖြစ်ရကား သင်္ချိုင်းတော်မှာပင် စေတီတည်၏ဟု ယူရန်ရှိ၏။

ဒေါဏော တုမ္ဘံ ဂဟေတွာန၊ ကာရေသိ တုမ္ဗစေတိယံ။
(နလာဋဓာတုဝင်)

အဘယ်အရပ်၌ အဘယ်သို့ စေတီတည်သနည်း ဟူမူကား....

မဟာဂေါတမော ဇိနဝရော၊ ကုသိနာရမှိ နိဗ္ဗုတော။
ဓာတုဝိတ္ထာရိကံ အာသိ၊ တေသု တေသု ပဒေသတော။

ဧကော အဇာတသတ္တုဿ၊ ဧကော ဝေသာလိယာ ပုရေ။
ဧကော ကပိလဝတ္ထုမှိ၊ ဧကော စ အလ္လကပ္ပကေ။

ဧကော စ ရာမဂါမမှိ၊ ဧကော စ ဝေဋ္ဌဒီပကေ။
ဧကော ပါဝေယျကေ မလ္လေ၊ ဧကော စ ကောသိနာရကေ။

ကုမ္ဘဿ ထူပံ ကာရေသိ၊ ဗြာဟ္မဏော ဒေါဏသဝှယော။
အင်္ဂါရထူပံ ကာရေသုံ၊ မောရိယာ တုဋ္ဌမာနသာ။

အဋ္ဌ သာရီရိကာ ထူပါ၊ နဝမော ကုမ္ဘစေတိယော။
အင်္ဂါရထူပေါ ဒသမော၊ တဒါယေဝ ပတိဋ္ဌိတော။

ဥဏှီသံ စတုရော ဒါဌာ၊ အက္ခကာ ဒွေ စ ဓာတုယော။
အသမ္ဘိန္နာ ဣမာ သတ္တ၊ သေသာ ဘိန္နာဝ ဓာတုယော။

ဥဏှီသံ သီဟဠေ ဒီပေ၊ ဗြဟ္မလောကေ စ ဝါမကံ။
သီဟဠေ ဒက္ခိဏက္ခဉ္စ၊ သဗ္ဗာပေတာ ပတိဋ္ဌိတာ။

ဧကာ ဒါဌာ တိဒသပုရေ၊ ဧကာ နာဂပုရေ အဟု။
ဧကာ ဂန္ဓာရဝိသယေ၊ ဧကာ ကာလိင်္ဂရာဇိနော။

စတ္တာလီသ သမာဒန္တာ၊ ကေသာ လောမာ စ သဗ္ဗသော။
ဒေဝါ ဟရိံသု ဧကေကံ၊ စက္ကဝါဠပရမ္ပရာ။

ဝဇိရာယံ ဘဂဝတော၊ ပတ္တော ဒဏ္ဍဉ္စ စီဝရံ။
နိဝါသနံ ကုလဃရေ၊ ပစ္စတ္ထရဏံ ကပိလဝှယေ။

ပါဋလိပုတ္တနဂရေ၊ ကရဏံ ကာယဗန္ဓနံ။
စမ္ပာယုဒကသာဋိကာ၊ ဥဏ္ဏာလောမဉ္စ ကောသလေ။

ကာသာဝဉ္စ ဗြဟ္မလောကေ၊ ဝေဌနံ တိဒသေ ပုရေ။
နိသီဒနံ အဝန္တီသု၊ ဒေဝရဋ္ဌေ အတ္ထရဏံ။

အရဏီ စ မိထိလာယံ၊ ဝေဒေဟေ ပရိဿာဝနံ။
ဝါသိ သူစိဃရဉ္စာပိ၊ ဣန္ဒပတ္ထေ ပုရေ တဒါ။

ပရိက္ခာရာ အဝသေသာ၊ ဇနပဒေ အပရန္တကေ။
ပရိဘုတ္တာနိ မုနိနာ၊ အကံသု မနုဇာ တဒါ။

ဟူ၍ ဗုဒ္ဓဝင်ပါဠိတော်၌ လာသည်။

အမိပ္ပာယ်ကား။ မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးသော ဂေါတမမြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူ၍ ဓာတ်တော်တို့သည် ထိုထိုအရပ်သို့ ပျံ့နှံ့ရေသည်။ တစိတ်သော ဓာတ်တော်သည် အဇာတသတ်မင်း၏နေရာ ရာဇဂြိုဟ်ပြည်၌ တည်သည်။ တစိတ်သောဓာတ်တော်သည် ဝေသာလီပြည်၌ တည်သည်၊ တစိတ်သော ဓာတ်တော်သည် ကပိလဝတ်ပြည်၌၊ တစိတ်သောဓာတ်တော်သည် ရာမဂ္ဂါ၌၊ တစိတ်သောဓာတ်တော်သည် ဝေဋ္ဌဒီပပြည်၌။ တစိတ်သော ဓာတ်တော်သည် ပါဝေယျကအမည်ရှိသော မလ္လာမင်းတို့၏ပြည်၌။ တစိတ်သော ဓာတ်တော်သည် ကုသိနာရုံပြည်၌တည်သည်။ ကုသိနာရုံပြည်သား ဒေါဏပုဏ္ဏားသည် ဓာတ်တော်ခြင်သော အိုးကို ယူ၍ စေတီတည်ရလေသည်။ မောရိယမင်းတို့သည် သင်္ချိုင်းတော်၌ စန္ဒကူးမီးသွေးကိုယူ၍ မိမိတို့ပြည်၌ စေတီတည်ရလေသည်။

ထိုစေတီတို့တွင် ရှစ်ဆူသော စေတီတို့သည် ကိုယ်တော်မှဖြစ်သော သာရီရိက စေတီတို့တည်း။ ကိုးခုမြောက်ကား ဓာတ်အိုးစေတီတည်း။ ဆယ်ခုမြောက်ကား မီးသွေးစေတီတည်း။

နဖူး သင်းကျစ်တော်ဓာတ်။ လေးချောင်းသော စွယ်တော်ဓာတ်။ နှစ်ချောင်းသော ညှပ်ရိုးတော်ဓာတ်။ ဤခုနစ်ဆူသော ဓာတ်တို့သည် တစေ့ဓာတ်လောင်ရာ၌ မပြိုမကွဲ တည်သည်ဖြစ်၍ အသမ္ဘိန္နဓာတ်မည်သည်။ ကြွင်းသောအရိုး၊ အသားတို့သည် မုန်ညင်းစေ့ ပမာဏ၊ ဆန်ကျိုး ပမာဏ၊ ပဲနောက်စေ့ ပမာဏဖြစ်၍ တည်ရကား သမ္ဘိန္နဓာတ်မည်သည်။

ထိုဓာတ်တို့တွင် သင်းကျစ်တော်သည် သီဟိုဠ်ကျွန်း၌ တည်သည်။ လက်ဝဲညှပ်ရိုးတော်သည် ဗြဟ္မာ့ပြည်၌တည်သည်။ လက်ယာညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း၌။ လက်ယာအထက် စွယ်တော်သည် တာဝတိံသာနတ်ပြည်၌။ အောက်စွယ်တော်သည် နဂါးပြည်၌။ လက်ဝဲအထက် စွယ်တော်သည် ဂန္ဓာရရာဇ်ပြည်၌။ အောက်စွယ်တော်သည် ကလိင်္ဂရာဇ်ပြည်၌ တည်သည်။

အမျှလေးဆယ်သော သွားတော်တို့ကိုလည်းကောင်း၊ အလုံးစုံသော ဆံတော်၊ အမွေးတော်တို့ကိုလည်းကောင်း နတ်တို့သည် တချောင်းစီ စကြဝဠာ တပါးသို့ဆောင်လေကုန်၏။

သပိတ်တော်သည်လည်းကောင်း၊ တောင်ဝှေးတော်သည်လည်းကောင်း၊ သင်္ကန်းတော်သည်လည်းကောင်း ဝဇိရာပြည်၌။ သင်းပိုင်တော်သည် ကုလဃရပြည်၌။ ခင်းနှီးတော်သည် ကပိလအမည်ရှိသောပြည်၌၊ ဓမ္မကရိုဏ်တော်၊ ခါးပန်းတော်တို့သည် ပါတလိပုတ်ပြည်၌၊ ရေသနုပ်တော်သည် စမ္ပာပြည်၌။ ဥဏ္ဏာလုံ မွေးရှင်တော်သည် ကောသလတိုင်း၌။ ရဟန်းပြုသောအခါ လဲတော်မသော ကိပ်ဝတ်တော်သည် ဗြဟ္မာ့ပြည်၌။ ဦးရစ်တော်သည် တာဝတိံသာနတ်ပြည်၌။ နံ့သာဒိုင်သည် အဝန္တိပြည်၌။ ဖြန့်ခင်းနှီးတော်သည် ဒေဝတိုင်း၌။ မီးပွတ်တော်သည် မိဓိလာပြည်၌။ ရေစစ်တော်သည် ဝိဒေဟတိုင်း၌။ ပဲခွပ်တော်သည်လည်းကောင်း၊ အပ်ကျည်သည်လည်းကောင်း ဣန္ဒပတ္ထနဂိုရ်ပြည်၌ တည်သည်။ ကြွင်းသော ပရိက္ခရာတော်တို့သည် အပရန္တ ဇနပုဒ်၌ တည်သည်။

ထိုဓာတ်ပရိက္ခရာတို့ ရောက်ရာဌာန၌ စေတီတည်ကြသည်ချည်းဟု ထူပဝင်၌လာသည်။ နောက်ကာလကျွန်၌ ဆင့်၍သင့်၍ ရောက်သည်ကားများ၏။

၇၁၀။ လိင်ဇာတ်တော်သည်၊ အိမ်နှင့်တည်၊ သုံးမည်စလုံး ငြားလိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အဏ္ဍာနုစ်ခုမှာမူကား ယောကျ်ားဟူသမျှ၌ပင် အအိမ်နှင့်တည်ပြီ။ နိမိတ်တခုသာလျှင် လက္ခဏာကြီးနှင့် မပြည့်စုံသောသူတို့အား အအိမ်နှင့် မတည်သတတ်။ ဘုရားသခင်မှာမူကား တပါးသူတို့ထက် ကဲလွန်သော မဟာပုရိသလက္ခဏာနှင့် ပြည့်စုံသောအရှင်ဖြစ်၍ အခါခပ်သိမ်း အအိမ်၌ ကန်းသော လိင်ရှိသောဂုဏ်နှင့် ပြည့်စုံသောကြောင့် "ကောသောဟိတ ဝတ္ထဂုယှ" လက္ခဏာတော်ကိုရသည်ဟု အထူးပြု၍ ကျမ်းဂန်၌ဆိုသည်။ အကြွင်းကိုကား ယုံမှားဖွယ်မရှိပြီ။ သုံးခုစလုံးပင် အအိမ်၌တည်၏ဟု မှတ်ရာသည်။

၇၁၁။ ဖြဟ္မာနတ်ပြည်၊ စေတီတည်၊ မည်သည့်အုတ်နှင့် တည်လိမ့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဖြဟ္မာ့ပြည်၌တည်သော စေတီသည် လူ့ပြည်၌ကဲ့သို့ အုတ်ဖြင့် တည်ရသည် မဟုတ်။ မိမိတို့၏ ဘုန်းကံကြောင့်ဖြစ်သော ကမ္ဗဇဗိမာန်နှင့်တူသော အလိုအားလျော်စွာ ပေါ်လာသော စေတီ၌ သွင်း၍သာ ကိုးကွယ်လေသည်။

ထိုကြောင့် ဇိနာလင်္ကာရ၌—

> နိဝတ္ထသာဋကံ ဂဟေတွာ "သစေ ဧကေန္တေန ဗုဒ္ဓေါ ဘဝိဿာမိ၊ ဣမံ သာဋကံ အာကာသေ တိဋ္ဌတု။ နော စေ ဘူမိယံ ပတတူ"တိ အာကာသံ ခိပိ။ တံ မဟာဖြဟ္မာ ဂဟေတွာ ဖြဟ္မလောကေ ဒွါဒသယောဇနိကေ ဒုဿထူပေ ပတိဋ္ဌပေတွာ ပူဇမကာသိ။

သော၊ ထိုဘုရားအလောင်းသည်။ နိဝတ္ထသာဋကံ၊ ဝတ်တော်မူသော ပုဆိုးကို။ ဂဟေတွာ။ ကိုင်၍။ သစေ၊ အကယ်၍။ ဧကန္တေန၊ စင်စစ်သဖြင့်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဘဝိဿာမိ၊ ဖြစ်လတ္တံ့။ ဣမံ သာဋကံ၊ ဤပုဆိုးသည်။ အာကာသေ၊ ကောင်းကင်၌။ တိဋ္ဌတု၊ တည်စေသတည်း။ စေ၊ အကယ်၍။ နော ဘဝိဿာမိ၊ မဖြစ်လတ္တံ့။ ဘူမိယံ၊ မြေ၌။ ပတတု၊ ကျစေသတည်း၊ ဣတိ၊ ဤသို့။ အဓိဋ္ဌဟိတွာ၊ မိဋ္ဌာန်၍။ အာကာသံ၊ ကောင်းကင်ပြင်သို့။ ခိပိ၊ ပစ်၏။ တံ-ထိုပုဆိုးတော်ကို။ မဟာဖြဟ္မာ၊ ဃဋိကာရဖြဟ္မာကြီးသည်။ ဂဟေတွာ၊ ယူ၍။ ဖြဟ္မလောကေ၊ သုဒ္ဓါဝါသဖြဟ္မာ့ပြည်၌။ ဒွါဒသယောဇနိကေ၊ တဆယ့်နှစ်ယူဇနာရှိသော။ ဒုဿထူပေ၊ ဒုဿစေတီ၌။ ပတိဋ္ဌပေတွာ၊ သွင်း၍။ ပူဇံ၊ ပူဇော်ခြင်းကို။ အကာသိ၊ ပြု၏။ ။ဟုဆိုသည်။

ဤနည်းတူ မဟာမာယာဝတ္ထု၌လည်း "ဖြဟ္မာလောကေဒွါဒသယောဇနုဗ္ဗေဓံ စေတိယမကာသိ"ဟူ၍ ဆိုသည်။

တာဝတိ သာနတ်ပြည်၌ တည်သော စေတီမှာမူကား....ဣန္ဒနီလာကျောက်ဖြင့် တည်သည်ဟူ၍ ထုပဝင်၌ ဆိုသည်။

ဗုဒ္ဓဝင်အဋ္ဌကထာ၌ကား... ရတနာခုနစ်ပါးတို့ဖြင့် တည်သည်ဟူ၍ ဆိုသည်။ ။ပါဌ်ကား....

ပဋိဂ္ဂဟေတွာ ဒေဝလောကံ နေတွာ သိနေရုမုဒ္ဓနိ တိယောဇနုပ္ပမာဏံ ဣန္ဒနီလမဏိမယံ စူဠာမဏိစေတိယံနာမ အကာသိ။ ။(ထူပဝင်)။

ဗောဓိသတ္တော သဟ မောဠိယာ စူဠံ ဂဟေတွာ "သစာဟံ ဗုဒ္ဓေါ ဘဝိဿာမိ၊ အာကာသေ တိဋ္ဌတု။ နော စေ ဘူမိယံ ပတတူ"တိ အာကာသေ ခိပိ။ စူဠာမဏိဗန္ဓနံ ယောဇနပ္ပမာဏံ ဌာနံ ဂန္တွာ အာကာသေ အဋ္ဌာသိ။ အထ သက္ကော ဒေဝ ရာဇာ ဒိဗ္ဗေန စက္ခုနာ ဩလောကေန္တော ယောဇနိကေန ရတနစင်္ကောဋကေန တံ ပဋိဂ္ဂဟေတွာ တာဝတိံသာဘဝနေ တိယောဇနံ သတ္တရတနမယံ စူဠာမဏိစေတိယံ အကာသိ။ ။ဗုဒ္ဓဝင်ပါဌ်။ အနက်သိသာ၏။)

၇၁၂။ လူ့ပြည် နတ်ပြည်၊ ဆံတော်တည်၊ မည်သည်မြတ်၏ ကျမ်းလာနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား

ဘုရားသခင့်ဆံတော်ချည်းဖြစ်၍ အတူတူပင်ဟု ဆိုဖွယ်ရှိ၏။ ထို့သို့ ဖြစ်ငြားသော်လည်း 'မြတ်'ဟူသော စကားသည် သာလွန်၍ စီးပွားဖြစ်သည်ကိုလည်း ခေါ်သည်။ ထူးကဲသည်ကိုလည်း 'မြတ်သည်'ဟု ခေါ်သည်။ စင်ကြယ်ကောင်းမွန်သည်ကိုလည်း 'မြတ်သည်'ဟု ခေါ်သည် ယင်းသို့ ခေါ် ရကား နတ်ပြည်၌ တည်သော ဆံတော်သည် နတ်ဗြဟ္မာတို့သာ ပူဇော်ရသည်ဖြစ်၍ နတ်ဗြဟ္မာတို့၏ ကောင်းကျိုးစီးပွားသာ ဖြစ်သည်။ လူ့ပြည်၌တည်သော ဆံတော်ကိုကား လူ, နတ်ဗြဟ္မာသုံးရွာ ဘုံသားတို့ပင် ပူဇော်ရသည်ဖြစ်၍ လူသုံးပါးတို့၏ ကောင်းကျိုးစီးပွားများခြင်း၏ အကြောင်းဖြစ်ရကား လူ့ပြည်၌ တည်သော ဆံတော်သည် သာလွန်၍မြတ်၏ဟု ဆိုသင့်သည်။ [ကျမ်းလာတိုက်ရိုက်မတွေ့ချ]။

၇၁၃။ ကလလရေကြည်၊ သန္ဓေတည်၊ မည်သည်နာမ်, ရုပ် ရှေးဦးနည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဂဗ္ဘသေယျကသတ္တာနဉ္စ ပဋိသန္ဓိက္ခဏေ ပဉ္စက္ခန္ဓာ အပစ္ဆာ အပုရေ ဧကတော ပါတုဘဝန္တိ။ တသ္မိံ ခဏေ ပါတုဘူတာ ကလလသင်္ခါတာ ရူပသန္တတိ ပရိတ္တာ ဟောတိ၊ ခုဒ္ဒကမက္ခိကာယ ဧကဝါယာမေန ပါတဗ္ဗမတ္တာတိ ဝတွာ ပုန အတိဗဟု တေံ။ သဏှသူစိယာ တေလေ ပက္ခိပိတွာ ဥက္ခိတ္တာယ ပဂ္ဃရိတွာ အဂ္ဂေ ဌိတဗိန္ဒု မတ္တန္တိ ဝုတ္တံ။ တမ္ပိ ပဋိက္ခိပိတွာ ဧကကေသ တေလတော ဥဒ္ဓရိတွာ ဂဟိတေ တဿ ပဂ္ဃရိတွာ အဂ္ဂေ ဌိတဗိန္ဒုမတ္တန္တိ ဝုတ္တံ။ တံ ပဋိပက္ခိပိတွာ ဣမသ္မိံ ဇနပဒေ မနုဿာနံ ကေသေ အဋ္ဌဘာဂလိတေ တတော ဧကကောဋ္ဌာသပ္ပမာဏော ဥတ္တရကုရုကာနံ ကေသော၊ တဿ ပသန္နတိလတေလတော ဥဒ္ဓဋဿ အဂ္ဂေ ဌိတဗိန္ဒု မတ္တန္တိ ဝုတ္တံ။ တမ္ပိ ပဋိက္ခိပိတွာ

တေ်ပဟု၊ ဇာတိဥဏ္ဏာ နာမ သုခုမာ။ တဿာ ကေအံသုနော ပသန္နတိလတေလေ ပက္ခိပိတွာ ဥဒ္ဓရိဿ ပဂ္ဃရိတွာ အဂ္ဂေ ဌိတဗိန္ဒုမတ္တန္တိ ဝုတ္တံ။ တံပနေတံ အစ္ဆံ ဟောတိ ဝိပ္ပသန္နံ အနာဝိလံ ပရိသုဒ္ဓံ ပသန္နတိလတေလဗိန္ဒုသမာန ဝဏ္ဏံ။ ဝုတ္တမ္ပိ စေတံ–

တိလတေလဿ ယထာ ဗိန္ဒု၊ သပ္ပိမဏ္ဍော အနာဝိလော။
ဧဝံ ဝဏ္ဏပ္ပဋိဘာဂံ၊ ကလလံ သံပဝုစ္စတီတိ။

ဧဝံ ပရိတ္တာယ ရူပသန္တတိယာ တီဏိသန္တတိသီသာနိ ဟောန္တိ ဝတ္ထုဒသကံ၊ ကာယဒသကံ၊ ဣတ္ထိယာ ဣတ္ထိန္ဒြိယဝသေန ပုရိသဿ ပုရိသိန္ဒြိယ ဝသေန ဘာဝဒသကန္တိ။ တတ္ထ ပတ္ထုရူပံ တဿ နိဿယာနိ စတ္တာရိ မဟာဘူတာနိ၊ တန္နိဿိတာ ဝဏ္ဏဂန္ဓရသောဇာဇီဝိတန္တိ ဣဒံ ဝတ္ထုဒသကံနာမ။ ကာယပ္ပသာဒေါ တဿ နိဿယာနိ စတ္တာရိ မဟာဘူတာနိ၊ တန္နိဿိတာ ဝဏ္ဏဂန္ဓရသောဇာဇီဝိတန္တိ ဣဒံ ကာယဒသကံနာမ။ ဣတ္ထိယာ ဣတ္ထိဘာဝေါ၊ ပုရိသဿ ပုရိသဘာဝေါ၊ တဿ နိဿယာနိ စတ္တာရိ မဟာဘူတာနိ၊ တန္နိဿိတာ ဝဏ္ဏဂန္ဓရသောဇာဇီဝိတန္တိ ဣဒံ ဘာဝဒသကံနာမ။ ဧဝံ ဂဗ္ဘသေယျကာနံ ပဋိသန္ဓိယံ ဥက္ကဋ္ဌပရိစ္ဆေဒေန သမတိံသ ကမ္မဇရူပါနိ ရူပက္ခန္ဓောနာမ ဟောတိ။ ပဋိသန္ဓိစိတ္တေန ပန သဟဇာတာဝေဒနာ ဝေဒနက္ခန္ဓော။ သညာ သညာက္ခန္ဓော။ သင်္ခါရာ သင်္ခါရက္ခန္ဓော။ ပဋိသန္ဓိစိတ္တံ ဝိညာဏက္ခန္ဓောတိ ဧဝံ ဂဗ္ဘသေယျကာနံ ပဋိသန္ဓိက္ခဏေ ပဉ္စက္ခန္ဓာ ပရိပုဏ္ဏာ ဟောန္တိ။

ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ လာသောနည်းဖြင့် သိအပ်၏။

မြန်မာဘာသာစကား။ ။အမိဝမ်း၌ကိန်း၍ ပဋိသန္ဓေယူရသော သတ္တဝါ၏အား ပဋိသန္ဓေခဏ၌ပင် ခန္ဓာငါးပါးတို့သည် မရှေးမနှောင်း တပြိုင်နက် ထင်ရှားဖြစ်ကုန်၏၊ ထိုခဏ၌ ထင်ရှားဖြစ်သော 'ရေကြည်'ဟု ဆိုအပ်သော ရုပ်အစဉ်သည် အလွန်နည်း၏။ ယင်ငယ်တကြိမ်သောက်လုံ့လဖြင့် သောက်လောက်ရုံမျှသာဖြစ်၏။ ဤသို့ဆိုပြီး၍ တဖန် ဤပမာဏပင်များလှသေး၏။ သိမ်မွေ့စွာသော အပ်ကို ဆီ၌ချ၍ ဆယ်လတ်သော် အပ်သွားဖျား၌ ပါသော ဆီပေါက်မျှသာ ဖြစ်သည်ဟု ဆိုပြန်၏။ ထိုစကားကိုလည်း ပယ်ပြန်၍ ဆံတချောင်းကို ဆီမှဆယ်ယူအပ်သည်ရှိသော် ထိုဆံဖျား၌ပါသော ဆီပေါက်မျှသာဖြစ်၏ဟုဆို၏။ ထိုစကားကိုလည်း ပယ်ပြန်၍ ဤဇမ္ဗူဒိပ်ကျွန်းသားတို့၏ ဆံပင်ကိုရှစ်စိတ်စိတ်၍ တစိတ်နှံ့မျှသည် ဥတ္တရကုရုကျွန်းသူတို့၏ ဆံပင်ဖြစ်၏။ ထိုဆံပင်တမျှင်နှင့် ကြည်လင်စွာသော ဆီ၌နှစ်သော် ဆံဖျားတွင် ပါသော ဆီပေါက်မျှလောက်သာ ဖြစ်၏ဟူ၍လည်းဆိုပြန်၏။ထိုပမာဏကိုလည်း များသေးသည်ဟု ပယ်ပြန်၍ ဟိမဝန္တာဝယ် ဇာတိဥဏ္ဏာမည်သော သိမ်မွေ့သော သားသတ္တဝါသည်ရှိ၏။ ထိုသား၏ တပင်သောအမွေးကို ကြည်စွာသောဆီ၌ နှစ်၍ အဖျား၌ ကပ်လျက်ပါသောဆီပေါက် ပမာဏမျှသာဖြစ်၏ဟူ၍ ဆိုကုန်၏။ ထိုသားမွေးဖျား၌နောက်သော ဆီပေါက်မျှသောရုပ်သည် အလွန်ကြည်လင်သန့်ရှင်း၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "တိလတေလဿ တထာ ဗိန္ဒု"အစရှိသော ဂါထာကို ဟောတော်မူသတည်း။

ဤသို့ သေးဖွဲ ငယ်နုသော ရုပ်အစဉ်၌ ဝတ္ထုဒသက, ကာယဒသက, မိန်းမတို့အား ဣတ္ထိဘာဝ၊ ယောကျ်ားတို့အား ပုရိသိန္ဒြေ၏ အစွမ်းဖြင့်ဖြစ်သော ဘာဝဒသကဟူ၍ သုံးပါးသော ရုပ်အစဉ်တို့သည် ဖြစ်ကုန်၏။ ထိုသုံးပါးတို့တွင် ဝတ္ထုရုပ်သည် မှီမိ၏မှီရာဖြစ်သော မဟာဘုတ်လေးပါး။ထိုကို မှီသော ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ၊ ဇီဝိတ ဟူသော ရုပ်ကိုးပါးတို့နှင့် တပေါင်းတည်းဖြစ်၍ ဝတ္ထု

ဒသကမည်၏။ ကာယပသာဒသည် မိမိ၏မှီရာဖြစ်သော မဟာဘုတ် လေးပါး။ ထိုကိုမှီသော ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ၊ ဇီဝိတဟူသော ရုပ်ကိုးပါးတို့နှင့် တပေါင်းတည်းဖြစ်၍ ကာယဒသကမည်၏။ ဣတ္ထိဘာဝ, ပုမ္ဘာဝသည် မိမိ၏မှီရာဖြစ်သော မဟာဘုတ်လေးပါး။ ထိုကိုမှီသော ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ၊ ဇီဝိတဟူသော ရုပ်ကိုးပါးတို့နှင့် တပေါင်းတည်းဖြစ်၍ ဘာဝ ဒသကမည်၏။ ဤသို့ ဂဗ္ဘ-သေယျကသတ္တဝါတို့အား လွန်သောအပိုင်းအခြားအားဖြင့် အမျှ သုံးဆယ်သော ကမ္မဇရုပ်တို့သည် ပဋိသန္ဓေ စိတ်နှင့်တပြိုင်နက် ဖြစ်ကုန်၏။ ထိုရုပ်တို့သည် ရူပက္ခန္ဓာမည်ကုန်၏။ ပဋိသန္ဓေစိတ်နှင့်တကွ ဖြစ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ကြွင်းသော စေတသိက်တို့သည် သင်္ခါရက္ခန္ဓာမည်ကုန်၏။ ပဋိသန္ဓေစိတ်သည် ဝိညာဏက္ခန္ဓာမည်၏. ဤသို့ ပဋိ-သန္ဓေခဏ၌ပင် ခန္ဓာငါးပါး တပြိုင်နက်ဖြစ်၏ ဟူလိုသည်။

[ပါဠိကိုအနက်ရေးလျှင်ကျယ်အံ့စိုးသောကြောင့် အဓိပ္ပါယ်ကိုသာ ရေးလိုက်သည်။ အနက်ကို လိုလျှင် အဓိပ္ပါယ်ကိုမှီ၍ယောဇနာလေ]။

ဤသို့ကျမ်းလာသည်ကိုမှီ၍ နရသီဟပျို့ဆရာသည်........

ဇမ္ဗူဒီပါ၊ ကျွန်းမျက်နှာ၌၊ များစွာရပ်နေ၊ လူဗိုလ်ခြေ၏၊ ထိပ်ဖျားဦးခေါင်း၊ ဆံတချောင်းကို၊ တတ်ကောင်းစိတ်ဖြာ။ ဆယ့်ခြောက်လွှာမှ၊ မြောက်မာကျွန်းသူ၊ လူတို့ဆံနှင့်၊ နှိုင်းစံတူကြ၊ တပင်ရလျက်၊ ထို့ထက်တဖန်၊ ဆယ့်ခြောက်ပြန်မှ၊ အလွန်တရာ၊ သိမ်မွေ့စွာသား၊ ရွှေစားမရီ၊ သားဇာတိ၏၊ နံဆီအပါး၊ လက်တံကြား၌၊ ရောက်ငြားဖွဲ့သေး၊ ထိုအမွေးနှင့်၊ ဆယ့်လေးပြန်ရာ၊ စစ်ပြီးစွာသား၊ နှမ်းဆီအားဝယ်၊ နှစ်ထားဖျားငြိ၊ စွတ်သည်ရှိလျှင်၊ ပဋိသန္ဓေ၊ တည်နေအစ၊ ကလလမှ၊ သတ္တာဟချည်း၊ ပေါင်းစည်းပေါင်းငြိမ်း၊ ဒွတ္တိံသာကာရ၊ အင်္ဂါအပြား၊ ခြောက် လေးပါးမှ၊ တခြားဥတု၊ စိတ်ကံပြုသား၊ မာတုဘုဥ္၊ အာဟာရမူ၊ တိသတ္တာဟ၊ ချက်ကဝင်ထွေ၊ မျှတုံ့ပေ၏၊ မြဲနေဆယ်လ၊ သန္ဓေပသည်။ ။ကာလမြင့်မြဲ ကြာတင်တည်း။

ဤသို့သော ကျမ်းလာသည်ကို ထောက်ဆ၍ အဏ္ဍဇ, ဇလာဗုဇဟူသော သတ္တဝါတို့ သန္ဓေ ဘည်သောအခါ၌ ပဋိသန္ဓေစိတ်၊ ထိုစိတ်နှင့် သမ္ပယုတ်ဖြစ်သော စေတသိက်၊ ကမ္မဇရုပ်သုံးဆယ်တို့သည် တပါးသော နာမ်ရုပ်တို့၏ ရှေးဦးစွာဖြစ်၏ဟု သိရာသည်။

၇၁၄။ ရုပ်နာမ်နှစ်တည်၊ စုတေသည်၊ မည်သူနောက် ကျန်ရစ်သနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မရဏကာလေ ပန စုတိစိတ္တောပရိသတ္တရသမစိတ္တဿ ဌိတိကာလ မုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ။ ပုရေတရမုပ္ပန္နာနိစ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ။ တတော ပရံ စိတ္တဇာဟာရဇ ရူပဥ္စ ဝေါစ္ဆိဇ္ဇတိ။ တတော ပရံ ဥတုသမုဋ္ဌာန ရူပပရမ္ပရာ ယာဝ-မတကဠေဝရသင်္ခါတာ ပဝတ္တန္တိ။

ဟူ၍ ဒ္ဓာဘိဓမ္မတ္ထသင်္ဂြိုဟ် မိန့်ဆိုသည်နှင့်အညီ သတ္တဝါတို့ သေခါနီးကာလ စုတိစိတ်၏ အထက်၌ရှိသော ဆယ့်ခုနစ်ချက်မြောက်သော စိတ်၏ဌီကာလကို အစပြု၍ ကမ္မဇရုပ်တို့သည် အသစ်မဖြစ်

ကုန်ပြီ။ စုတိစိတ်၏ အထက်၌ရှိသော တဆယ့်ခုနစ်ချက်မြောက်သော စိတ်၏ဥပ္ပါဒက္ခဏ၌ဖြစ်သော ကမ္မဇရုပ်သည်လည်း စုတိစိတ်နှင့်မျှသော ကာလတိုင်ရှိသာလျှင်ဖြစ်၍ချုပ်၏။ ထို့နောက်၌ စိတ္တဇ ရုပ် အာဟာရဇရုပ်တို့သည်လည်း ပြတ်စဲလေကုန်၏။ ထိုမှနောက်ကာလ၌ ဥတုသမုဋ္ဌာန်ဖြစ်သော ရုပ်အဆက်ဆက်သာလျှင် သေ၍အကောင်ပုပ် ဖြစ်သည်ဟု ဆိုအပ်သည်တိုင်အောင် ဖြစ်ကုန်၏။ ယင်းသို့ ကျမ်းလာရကား ဥတု သမုဋ္ဌာန်ရုပ်နောက်ကျန်ရစ်၏ဟူပေ။

ကမ္မဇရုပ်သည် စုတိနှင့်မျှ၍ ချုပ်ပြီးသော နောက်မှ စိတ္တဇရုပ် အာဟာရဇရုပ်တို့ ပြတ်၏ဟူသော် အဘယ်မျှလောက် နောက်ကျသနည်း ဟူငြားအံ့—

> တတော ပရံ စိတ္တဇာဟာရဇရူပဉ္စ ဝေါစ္ဆိဇ္ဇတီတိ အဇီဝက သန္တာနေ တေသံ ဥပ္ပတ္တိယာ
> အဘာဝတော ယထာနိဗ္ဗတ္တံ စိတ္တဇ မာဟာရဇဉ္စ တတော ပရံ ကိဉ္စိကာလံ ပဝတ္တိတွာ နိရုဇ္ဈတိ။

ဟူ၍ ဋီကာကျော်မိန့်၏။

အဓိပ္ပါယ်ကား၊ ။ထိုစိတ္တဇရုပ် အာဟာရဇတို့သည် အသက်မရှိသောသူ၏ သန္တာန်၌ ဖြစ်ခြင်း မရှိသောကြောင့် အကြင် မရဏာသန္နဝီထိစိတ်တို့၏ ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇ အာဟာရဇ ရုပ်တို့သည် ကမ္မဇရုပ် ချုပ်သည့်နောက် စိုးစဉ်းသောကာလမျှ ဖြစ်၍ ချုပ်၏ ဟူလိုသည်။

ဝိသုဒ္ဓိမဂ် မဟာဋီကာကိုစီရင်သော အရှင် ဓမ္မပါလကား စိတ္တဇ အာဟာရဇရုပ်တို့သည် ကမ္မဇရုပ်ချုပ်ပြီးသည့်နောက် စိတ္တက္ခဏ တဆယ့်ခုနစ်ချက်ခန့်ကြာမှ ချုပ်သည် ဆို၏။ ။သခေပဋီကာ လည်း ဤဝါဒကိုပင် ဂါဝရပြု၍ပြ၏။

၇၁၅။ ကုသိုလ်ပြုသည်၊ အိမ်မက်သည်၊ ကြည်လင် ကောင်းကျိုးပေးလိမ့်နည်း။ (၇)

၇၁၆။ မကောင်းပြုသည်၊ အိပ်မက်သည်၊ လေးမည် အပါယ်ရောက်ချိမ့်နည်း။ (၈)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....

> တေနာယံ သုပိနော ကုသလော ပိ ဟောတ် အကုသလော ပိ အဗျာကတော ပိ။ တတ္ထ သုပိနန္တေ စေတိယဝန္ဒန ဓမ္မဿဝန ဓမ္မဒေသနာဒီနိ ကရောန္တဿ ကုသလော။ ပါဏာတိပါတာဒီနိ ကရောန္တဿ အကုသလော။ ဒွီဟိ အန္တေဟိ မုတ္တေ အာဝဇ္ဇန တဒါ ရမ္မဏက္ခဏေ အဗျာကတောတိ ဝေဒိတဗ္ဗော။ သွာယံ ဒုဗ္ဗလဝတ္ထုကတ္တာ ចေတနာယ ပဋိသန္ဓိံ အာကဍ္ဎိတုံ အသမတ္ထော။ ပဝတ္တေ ပန အညေဟိ ကုသလာကုသလေဟိ ဥပတ္ထမ္ဘိတော ဝိပါကံ ဒေတိ။ ကိဉ္စာပိ ဝိပါကံ ဒေတိ။ အထခေါ အဝိသယေ ဥပ္ပန္နတ္တာ အဗ္ဗောဟာရိကာဝ သုပိနန္တစေတနာ။ ။(ပါရာဇိကဏ်အဋ္ဌကထာ)

အနက်ကား။ ။တေန၊ ထို့ကြောင့်။ အယံ သုပိနော။ ဤအိပ်မက်သည်။ ကုသလောပိ၊ သည်လည်း။ ဟောတိ၊ ဖြစ်၏။ အကုသလောပိ၊ အကုသိုလ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အဗျာကတောပိ၊ အဗျာကတသည်လည်း၊ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုသုံးပါးသော ကုသိုလ်, အကု

သိုလ်ႇအဗျာကႉတတို့တွင်။ သုပိနန္တေ၊ အိပ်မက်၏အတွင်း၌။ စေတိယဝန္ဒနမဂ္ဂေသဝနမဗ္ဗဒေသနာ-ဒိနိ၊ စေတီကို ရှိခိုးခြင်း တရားနာခြင်း တရားဟောခြင်း အစရှိသည်တို့ကို။ကရောန္တဿ၊ ပြုသော ပုဂ္ဂိုလ်အား။ ကုသလော၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ပါဏာတိပါတာဒိနိ၊ သူ့အသက် သတ်ခြင်းအစရှိသည်တို့ကို။ ကရောန္တဿ၊ ပြုသောပုဂ္ဂိုလ်အား။ အကုသလော၊အကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ဒွီဟိအန္တေဟိ၊ နှစ်ပါးသောအဖို့တို့မှ။ မုတ္တော၊ လွတ်သော။ အာဝဇ္ဇနတဒါရမ္မ-ဏက္ခဏေ၊ အာဝဇ္ဇန်း, တဒါရုံခဏ၌။ အဗျာကတောတိ၊အဗျာကတဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သွာယံသုပိနော၊ ထိုအိပ်မက်သည်။ စေတနာယ၊ စေတနာ၏။ ဒုဗ္ဗလဝတ္ထုကတ္တာ၊ အားနည်း သောဝတ္ထုရှိသည်၏အဖြစ်ကြောင့်။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ အာကစ္စိတုံ၊ ငင်ခြင်းငှာ။ အသ-မတ္ထော၊ မစွမ်းနိုင်။ ပဝတ္တေ ပန၊ ပဝတ္တိအခါ၌ကား။ အညေဟိ၊ တပါးကုန်သော။ ကုသလာ-ကုသလေဟိ၊ ကုသိုလ် အကုသိုလ်တို့သည်။ ဥပတ္ထမ္ဘိတော၊ ထောက်ပံ့အပ်သည်ဖြစ်၍။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။ ဝိပါကံ၊ အကျိုးကို။ ကိဉ္စာပိ ဒေတိ၊ အကယ်၍ပေး၏ရှင့်။အထခေါ၊ ထိုသို့ပေးသော်လည်း။ အဝိသယေ၊ အရာမဟုတ်သည်၌။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ သုပိနန္တစေတနာ။ အိပ်မက်အတွင်း၌ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာသည်။ အဗ္ဗောဟာ-ရိကာဝ၊ ဇနကကံမခေါ် လောက်သည်သာတည်း။

ဤစကား၌ စောဒနာဖွယ် အသွယ်သွယ်ရှိသည်ကို ဆိုလိုက်ဦးအံ့—

အိပ်မက်ထင်သော အာရုံ၌ ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့သည် အကယ်၍ဖြစ်အံ့–အဘိဓမ္မာ ဋီကာတို့၌ အိပ်မက်ဖြင့် မြင်သကဲ့သို့ ငါ့အား ထင်လတ်ဘိသတည်းဟု ဆိုရသောအခါ၌ ပဋ္ဌဒွါရ ဒုတိယမောဃဝါရဝီထိ၌ဝုဋ္ဌောနှစ်ကြိမ်သုံးကြိမ်ဖြစ်သကဲ့သို့၊မနောဒွါရ၌လည်းအဗျာကတဖြစ်သော မနောဒွါရာဝဇ္ဇန်းသာလျှင် နှစ်ကြိမ်လည်းကောင်း၊ သုံးကြိမ်လည်းကောင်းဖြစ်၍ ဇော၏အရာ၌ တည်၍ ဘဝင်ကျလေသည်ဟု ဆိုသည်။ ထိုစကားနှင့် ဘယ်သို့ညီအံ့နည်း။ ဆန့်ကျင်ရာသည် မဟုတ်ပါလောဟူငြားအံ့။ မဆန့်ကျင် ဟူပေ။ အဘယ့်ကြောင့်နည်းဟူမူ ထိုဆရာတို့၏ စကား သည် မထင်လွန်းသော အာရုံ၌ဖြစ်သော စိတ်ကိုသာပြသည်။ ထင်ရှားသော ဝိဘူတာရုံ၌ကား ဇောသာမကမူ၍ တဒါရုံတိုင်အောင် ဖြစ်သေး၏။ ထို့ကြောင့် တေရသကဏ်ဋီကာ၌—

ယဒိပိ သုပိနန္တေ ဝိဘူတံ ဟုတွာ ဥပဋ္ဌိတေ ရူပါဒိဝတ္ထုမှိ တဒါရမ္မဏံ ပဝတ္တတိ။

ဟူ၍ မိန့်၏။

အိပ်မက်မြင်သောသူသည် မနောဒွါရိကဇောဖြင့်သာလျှင် မြင်၏။ ပဉ္စဒွါရိကဇောဖြင့် မမြင်။ နိုးသောအခါလည်း မနောဒွါရိကဇောဖြင့်သာ နိုး၏။ ပဉ္စဒွါရိကဇောဖြင့် မနိုး။ ထိုစကားသည် မှန်၏။အိပ်ပျော်သောသူအား နိုးစိမ့်သောငှာ ကြီးစွာသောဆီမီးကိုညှိ၍ မျက်စိ၏အနီးသို့ ဆောင် လေသော် ရှေးဦးစွာ ပဉ္စဒွါရာဝဇ္ဇန်းသည် ဘဝင်ကိုမလည်စေ။ မနောဒွါရာဝဇ္ဇန်းသာလျှင် ဘဝင် ကိုလည်စေပြီးမှ ဇောစိတ်ခုနစ်ကြိမ်ကျ၍ ဘဝင်သို့သက်၏။ ထို့နောက်မှ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခု-ဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောခုနစ်ကြိမ်တို့သည်ဖြစ်၍ ဘဝင်ကျ၏။ ထို့နောက် ဧကွျဖြင့်မြင်ပြီးသော မီးတည်းဟူသော အတိတ်ရူပါရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း,ဇောခုနစ် ကြိမ်, ဘဝင်စိတ်တို့သည် ဖြစ်ကုန်၏။ ဤတတိယဝီထိဖြင့် ဤအရပ်၌ ဤမီးအလင်းသည် ဖြစ် သည်ဟု သိ၏။ ထို့အတူ အိပ်ပျော်သောသူ၏ နားအနီး၌ တူရိယာတို့ကို တီးသော်လည်းကောင်း၊ အိပ်ပျော်သောသူ၏ နှာခေါင်းအနီး၌ တစုံတခုသောအနံ့ကို လှိုင်စေသော်လည်းကောင်း၊ အိပ်

ပျော်သောသူ၏ ခံတွင်း၌ ထောပတ် တင်လဲ စသည်ကို ထည့်သော်လည်းကောင်း၊ အိပ်ပျော်သော သူ၏ ကျောက်သားစသည်ကို ရိုက်ခတ်သော်လည်းကောင်း။ ရှေးဦးစွာ မနောဒွါရာဝဇ္ဇန်း မနော ဒွါရိကဇောတို့သာလျှင်ဖြစ်ပြီးမှ ပဉ္စဒွါရိကဇောတို့သည် ဖြစ်လေသတည်း။ ထို့ကြောင့် ဘဝင်ကျ၍ အိပ်ပျော်သည်မှ ဖောက်ပြန်သော မျောက်မျဉ်းကာမျှကာလ၌ ကျရောက်သော မနောဒွါရိက ဇောတွင် အိပ်မက်မြင်သည်ဖြစ်ရကား အာရုံအားလျော်စွာ ကုသိုလ်စိတ်, အကုသိုလ်စိတ် အမျိုး ကတစိတ်ဖြစ်၏ဟူပေ။

ထို့ကြောင့်—

သုပိနံ ပဿန္တော မနောဒွါရိကေနေဝ ဇဝနေန ပဿတိ။ န ပဉ္စဒွါရိကေန။ ပဋိဗုဇ္ဈန္တော စ မနောဒွါရိကေန ပဋိဗုဇ္ဈတိ။ န ပဉ္စဒွါရိကေန။

အစရှိသည်ဖြင့် ဟေရသကဏ်၌ မိန့်အပ်ပြီ။

ဟိသစ္စံ၊ မှန်၏။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တော၊မြင်သောသူသည်။ မနောဒွါရိကေနေဝ၊ မနောဒွါရိကလျှင်ဖြစ်သော။ ဇဝနေန၊ ဇောဖြင့်။ ပဿတိ၊ မြင်၏။ ပဉ္စဒွါရိကေန၊ ပဉ္စဒွါရိကဇော် ဖြင့်။ န ပဿတိ၊ မမြင်။ ပဋိဗုဇ္ဈန္တော စ၊ နိုးသောအခါ၌လည်း။ မနောဒွါရိကေနေဝ၊ မနော ဒွါရ၌ဖြစ်သော ဇောဖြင့်သာလျှင်။ ပဋိဗုဇ္ဈတိ၊ နိုး၏။ ပဉ္စဒွါရိကေန၊ပဉ္စဒွါရ၌ဖြစ်သော ဇောဖြင့်။ န ပဋိဗုဇ္ဈတိ၊ မနိုး။ ။ဤသို့လာသော ကျမ်းဂန်ကို ထောက်၍သိရာ၏ဟူပေ။

၇၁၇။ ပြစ်မှားမိသည်။ ကန်တော့မည်၊ ပြစ်ခြည် ကုန်ခန်းပါလိမ့်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိဇ္ဇနာကား....

> ဒေါသေန ဟိ ဒုဋ္ဌော မာတာပိတူသုပိ စေတိယဗောဓိမ္ဟိပိ ပဗ္ဗဇိတေပိ အပရဇ္ဈိတွာ မယှံ ခမထာတိ အစ္စယံ ဒေသေတိ။ တဿ သဟခမာပနေန တံ ကမ္မံ ပါကတိကမေဝ ဟောတိ။ ပယောဂသမ္ပတ္တိယာ ဝိပါကဿ ; ပဋိဗာဟိတတ္တာ အဟောသိကမ္မဘာဝေန အဝိပါကမေ့တံ အာပန္နတ္တိ နေဝ သဂ္ဂါဝရဏဉ္စ န မောက္ခာဝရဏဉ္စဟောတိ။
>
> (တိကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ)

ဟိ၊ထင်စွာဆိုဦးအံ့။ မာတာပိတူသုပိ၊ မိခင်,ဖခင်တို့၌ လည်းကောင်း။ စေတိယဗောဓိမ္ဟိပိ၊ စေတီ,ဗော်ဓိပင်၌လည်းကောင်း။ ပဗ္ဗဇိတေပိ၊ရဟန်းသံဃာ၌လည်းကောင်း။ ဒေါသေန၊အမျက် ဖြင့်။ဒုဋ္ဌော၊ဖျက်အပ်သည်ဖြစ်၍၊အပရဇ္ဈိတွာ၊ ပြစ်မှားမိသည်ရှိသော်၊ မယှံ၊ အကျွန်ုပ်၏။ အစ္စယံ၊ လွန်ကျူးမိသောအပြစ်ကို၊ ခမထ၊ သည်းခံတော်မူပါလော့။ ဣတိ၊ ဤသို့။ ဒေသေတိ၊ကန်-တော့ အံ့။ ဝါ၊ တောင်းပန်ဝန်ချအံ့။ တဿ၊ ထိုသူအား။ ခမာပနေန၊ ကန်တော့သည်နှင့်။ သဟ၊ တကွ။ တံကမ္မံ၊ ထိုမကောင်းမှုကံသည်။ ပါကတိကမေဝ ပြကတေသာလျှင်၊ ဟောတိ၊ ဖြစ်၏။ ပယောဂသမ္ပတ္တိယာ၊ကောင်းသောလုံ့လ၏ ပြည့်စုံခြင်းသည်။ ဝိပါကဿ၊ အကျိုးကို။ ပဋိဗာဟိ-တတ္တာ၊ တားမြစ်သည်၏ ဒ-ဖြစ်ကြောင့်။ အဟောသိကမ္မဘာဝေန အဟောသိကံ၏ အဖြစ်ဖြင့်။ အဝိပါကမေ့တံ၊ အကျိုးမပေးသောသဘောရှိသည်၏ အဖြစ်သို့။ အာပန္နံ၊ ရောက်၏။ ဣတိ-ဿ၊

ထို့ကြောင့်။ သက္ကါငရာဇာ၌၊ နတ်ပြည်ကို တားမြစ်တတ်သည်လည်း။ နေဝ ဟောတိ၊ မဖြစ်။ မောက္ခာဝရာဇ၌မဂ်ဖိုလ်ကို တားမြစ်တတ်သည်လည်း။ နဟောတိ၊ မဖြစ်။

ဤသို့ ကျမ်းလာသောကြောင့် ကန်တော့လျှင် အပြစ်ကုန်ခန်း၏ဟူလိုသည်။

ကန်တော့၍ အပြစ်ပြေပျောက်ကြောင်း သက်သေကား....

သောရေယျပြည်၌ တဦးသော သူဌေးသားသည် နံနက်အခါ ဂင်္ဂါမြစ်၌ ရေချိုးခြင်းငှါ များစွာသော အခြံအရံနှင့်တကွ ထမ်းစင်စီး၍ မြစ်ဆိပ်သို့လာသည်တွင် မြို့မြင်အပ တခုသော ဌာန၌ မြို့တွင်းသို့ ဆွမ်းခံဝင်ခြင်းငှါ သင်္ကန်းရုံကာနေသော အရှင်မဟာကစ္စည်းထေရ်ကို မြင်၍ "အရှင်ကား ရွှေချင်စဘွယ် တင့်တယ်လျှောက်ပတ်လှ မြတ်သောအဆင်းအရောင်ရှိ၏။ ငါ၏မယား ဖြစ်ပါမူကား ကောင်းလေစွ။ ငါ၏ မယား ကိုယ်အပြင်သည်လည်း ဤအရှင်၏ ကိုယ်အဆင်း ကဲ့သို့ ဝင်းဝင်းမှည့်မျှဖြစ်ပါကမူ အဆမတန် ချစ်ရာ၏"ဟူ၍ ကြံစည်အောက်မေ့၏။ထိုသို့ ကြံစည် သော ခဏ၌ပင် ကိုယ်တွင်ရှိသော ပုရိသလိင်သည် ကွယ်ပျောက်ဘိ၍ ဣတ္ထိလိင်ဖြစ်လာ၏။ ထို အခါ သူဌေးသားလည်း အလွန်ရှက်ရကား အခြံအရံတို့အား မကြားမသိစေပဲ ရေချိုးရာကပင် ဂင်္ဂါမြစ်ကမ်းနားမှ စုန်မျော၍ လူမမြင်ရာမှတက်၍ပြေးလေသဖြင့် တက္ကသိုလ်ပြည်သို့ ရောက်လေ ၏။ ထိုပြည်၌ တဦးသော သူဌေးသားသည် မြင်လေသော် ခင်မင်စုံမက်ရကား မယားပြုလေ သဖြင့် သားနှစ်ယောက်ကိုရ၏။ သောရေယျပြည်၌ ယောကျ်ားအဖြစ်ဖြင့်လည်း သားနှစ်ယောက် ရခဲ့၏။

တရံရောအခါ နေရင်းဖြစ်သော သောရေယျပြည်မှ မိတ်ဆွေသူဌေးတို့သည် လှည်းငါးရာ နှင့် ကုန်ရောင်းလာသဖြင့် ထိုမိန်းမကို တွေ့၍ အကြောင်းကို မေးစေသဖြင့် အလုံးစုံသော အခြင်းအရာကို သိလေသော် "အဆွေမ၊ အရှင်ကစ္စည်းမထေရ်မြတ်ကို ပူဇော်ကန်တော့ပါ" ဟု တိုက်တွန်းကြ၏။ ထိုမိန်းမသည် တိုက်တွန်းကြသောအတိုင်း အရှင်ကစ္စည်းထေရ်၏ အထံသို့ သွား၍ များစွာသောပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကန်တော့လေလျှင် အရှင်မြတ်က "သင်၏အပြစ်ကို ငါ သည်းခံ၏။ ပြုကတော့သော ကောင်းကျိုးကို ရစေသတည်း"ဟု ဆိုသောခဏ၌ ဣတ္ထိလိင် ကွယ်ပ၍ ပုရိသလိင် ပေါ်မြဲ ပေါ်ပြန်၏။

ထိုအခါ သောရေယျ သတို့သားလည်း များစွာ သံဝေဂဖြစ်၍ သားလေးယောက်တို့ကို အဘိုးတို့အား အပ်နှံခဲ့ပြီးမှ မထေရ်၏အထံ၌ ရဟန်းပြုလေ၏။ရဟန်းဖြစ်၍ မကြာမြင့်မီ ပဋိသမ္ဘိ- ဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်ကိုရ၍ "သောရေယျရဟန္တာ"ဟု ထင်ရှားစွာ ဖြစ်၏ဟု ဓမ္မပဒအဋ္ဌကထာ၌ လာသည်။

ဤသို့ လွန်ကျူးမိသောအပြစ်ကို ကန်တော့သည်ရှိသော် နတ်ပြည်ကိုလည်းမတားမြစ်။ မဂ် ဖိုလ်ကိုလည်း မတားမြစ်။ စင်စစ် ပြေငြိမ်းသည်သာတည်း။ မကန်တော့မူကား နတ်ရွာမဂ်ဖိုလ် ကိုပင် တားမြစ်တတ်၏။

တားမြစ်ကြောင်း သက်သေကား –

ရာဇဂြိုဟ်ပြည်၌ မြို့ဝန်ပြု၍ စီရင်ရသော သေနကာရ ပုဏ္ဏားသည် တရံသောအခါ အရှင် မဟာကစ္စည်းထေရ်သည် ဂိဇ္ဈကုဋ်တောင်မှ လျှင်စွာသက်ဆင်းသည်ကိုမြင်၍ "ဤအရှင်ကား မျောက်ကဲ့သို့တကား"ဟုဆို၏။ ထိုသို့ကဲ့ရဲ့ကြောင်းကို ဘုရားသခင် ကြားတော်မူသော် "ဤ

ပုဏ္ဏားသည် ကစ္စည်းထေရ်အား ပူဇော်ကန်တော့မှ အပြစ် ကင်းလွတ်မည်။မကန်တော့မူကား ဤဝေဠုဝန်ဥယျာဉ်၌ နွားမြီးဆွဲမျောက် ဖြစ်လတ္တံ့”ဟု မိန့်တော်မူ၏။ ထိုစကားကို ပုဏ္ဏား ကြားလေသော် ကန်တော့ခြင်းငှါ အားမထုတ်ပဲ ‘အရှင်ဂေါတမ၏စကားသည် ချွတ်ယွင်းသောမည်သည်မရှိ။ ငါသည် စင်စစ် မျောက်ဖြစ်ရချိမ့်မည်။ ဖြစ်သောအခါ စားသောက်ပျော်ပါးရာကိုယခုက အားထုတ်မည်”ဟု နှလုံးထားလျက် အထူးထူးအပြားပြားသော သစ်ပင်တို့ကို စိုက်ပြီးလျှင် လူစောင့်တို့ကို ထား၏။ ထိုပုဏ္ဏားသည် အသက်အတိုင်းနေ၍သေသောကာလ ဘုရားအမိန့်တော်အတိုင်း နွားမြီးဆွဲ မျောက်ဖြစ်လေ၏။ ‘ဝဿကာရ’ဟု ခေါ်လျှင် အနီးသို့လာ၍ လက်ဝါးဖြန့်ကာဖြင့် စားရာဖို့ကို တောင်း၏။ ‘မြို့ဝန်ကြီး’ဟု ခေါ်လျှင် ရှက်နိုးရကား လက်ပါးဖြင့် မျက်နှာကို ဖုံး၍ ကုပ်နေ၏။

ဤသို့ သံဃာတို့အား ပြစ်မှားမိသောကံသည် မကန်တော့မူ သဂ္ဂါဝရဏ, မဂ္ဂါဝရဏဖြစ်သည်သာတည်းဟူ၍ မဇ္ဈိမနိကာယ် ဂေါပကမောဂ္ဂလာနသုတ်အဖွင့်၌လာသည်။

၇၁၈။ လူနှင့် နတ်သည်၊ စေဘုန်းစည်၊ မည်မှာဝိထိ ကျသနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

လူ့ပြည်ကို အာရုံပြုခိုက် လူ့ပြည်မှာ ဝီထိကျ၏။ နတ်ပြည်ကို အာရုံပြုခိုက် နတ်ပြည်မှာ ဝီထိကျ၏။ ထိုတွင် နတ်ပြည်၌ ဝီထိကျခြင်းသည်များ၏။ အဘယ့်ကြောင့်နည်းဟူမူ “ဒေဝတာနုဿတိ အာရုံကို ထုံခြင်းများသောကြောင့်တည်း” ဟူ၍ ဝိသုဒ္ဓိမဂ်ဂဏ္ဌိ၌ဆို၏။

၇၁၉။ စကြာတွင်မည်၊ တရားသည်၊ မည်ချိန်မည်နေ့ ဟောသနည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ ဗဟူပကာရတံ အနုဿရိတွာ ဥဋ္ဌာယာသနာ ကာသိပုရံ ဂန္တွာ အန္တရာမဂ္ဂေ ဥပကေန သဒ္ဓိံ မန္တေတွာ အာသဠှီပုဏ္ဏမဒိဝသေ ဣသိပတနမိဂဒါယေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ ဝသနဋ္ဌာနံ ပတွာ တေ အနနုစ္ဆဝိကေန သမုဒါစရေန သမုဒါစရန္တေ သညာပေတွာ မေ့စက္ကံ ပဝတ္တေန္တော အညာသိကောဏ္ဍညတ္ထေရပ္ပမုခါ အဋ္ဌာရသကောဋိယော အမတပါနံ ပါယေသိ၊

ဟူသော ထုပဝင်ပါဠိနှင့်အညီ....ဘုရားသခင်သည် ပဉ္စဝဂ္ဂီရဟန်းတို့၏ ကျေးဇူးများသော အဖြစ်ကို အောက်မေ့တော်မူ၍ နေရာမှထပြီးသော် ဗာရာဏသီပြည်သို့ ကြွတော်မူ၍ ခရီးအကြား၌ ဥပကတက္ကတွန်းနှင့် စကားပြောဟော-ခဲ့၍ ဝါဆိုလပြည့်နေ့၌ ဣသိပတန မိဂဒါဝုန်တော ပဉ္စဝဂ္ဂီရဟန်းတို့၏ နေရာဌာနသို့ ရောက်၍ ထိုရဟန်းတို့အား ဘုရားဖြစ်ကြောင်းကို သိစေပြီး၍ ဓမ္မစကြာတရားကို ဟောတော်မူလျက် အညာသိကောဏ္ဍည အမှူးရှိသော ကုဋေတစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့အား အမြိုက်ရေကို သောက်စေ၏ ဟူလိုသည်။

ပစ္ဆိမာယ ဒိသာယ သူရိယော အတ္ထင်္ဂမေတိ။ ပါစီနဒိသာယ အာသဠှီနက္ခတ္တေန ယုတ္တော ပုဏ္ဏစန္ဒော ဥဂ္ဂစ္ဆတိ။ တသ္မိံ သမယေ ဘဂဝါ ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ အာရဗ္ဘန္တော ဒွေမေ ဘိက္ခဝေ အန္တာတိ အာဒိ။

ဟူ၍ သာရတ္ထဒီပနီ၌လာသည်၊

အဓိပ္ပာယ်ကား။ ။အနောက်အရပ်ခွင်သို့လည်း နေဝင်ဆဲ။ အရှေ့အရပ်မျက်နှာမှလည်း အာသဠှီနက္ခတ်နှင့်ယှဉ်လျက် လပြည့်ဝန်း ထွက်ဆဲသော အချိန်အခါတွင် မြတ်စွာဘုရားသည် ဓမ္မစက္ကပဝတ္တနသုတ်ကို အားထုတ်တော်မူခြင်းငှာ "ဒွေ မေ ဘိက္ခဝေ" အစရှိသောစကားကို ဆိုတော်မူ၏ ဟူလိုသည်။

ထိုကျမ်းနှစ်ရပ်ကို စပ်၍ယူသော် ဘုရားဖြစ်သောနှစ် သက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့်နေ့ည နေဝင်အခါတွင် ဓမ္မစကြာတရားကို ဟော၏ဟု သိအပ်သည်။

၇၂၀။ နိဗ္ဗာန်ရွှေပြည်၊ ဤကသည်၊ မည်မျှတာပေါင်း ကွာသနည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယျတိ န မိယျတိ န စဝတိ န ဥပပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ။ န စာဟံ အာဝုသော အပတွာစ လောကဿန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။ အပိ စာဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ။

ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
န စ အပ္ပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။

ဟူ၍ ဟောတော်မူသော ဒေသနာကို ပါရာဇိကဏ် အဋ္ဌကထာ၌ သာကေပြု၍ ပြသည်။

အာဝုသော၊ ရေဝတနတ်သား။ ယတ္ထ၊ အကြင်နိဗ္ဗာန်အရပ်၌။ န ဇာယတိ၊ ဖြစ်လည်း မဖြစ်။ နဇီယျတိ၊ အိုလည်းမအို။ န မိယျတိ၊ သေလည်းမသေ။ န စဝတိ၊ ရွေ့လည်းမရွေ့။ န ဥပပဇ္ဇတိ၊ တဖန်လည်း ပဋိသန္ဓေမနေ။ လောကဿန္တံ၊ လောက၏အဆုံးဖြစ်သော။ တံဌာနံ၊ ထိုနိဗ္ဗာန်အရပ်သို့။ ဂမနေန၊ ရထား, လှည်း, လှေ, ခြေလျင်သွားခြင်းဖြင့်။ ဉာတေယျံ၊ သိအပ်၏ ဟူ၍လည်းကောင်း။ ဒိဋ္ဌေယျံ၊ မြင်အပ်၏ ဟူ၍လည်းကောင်း။ ပတ္တေယျန္တိ၊ ရောက်အပ်၏ ဟူ၍လည်းကောင်း။ အဟံ၊ ငါဘုရားသည်။ န ဝဒါမိ၊ ဟောတော်မမူ။ အာဝုသော၊ ရေဝတနတ်သား။ လောကဿန္တံ၊ လောက၏အဆုံးဖြစ်သော နိဗ္ဗာန်သို့။ အပတွာစ၊ မရောက်ပဲလည်း။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယံ၊ အဆုံးကိုပြုတတ်၏ ဟူ၍လည်းကောင်း။ အဟံ၊ ငါဘုရားသည်။ န စ ဝဒါမိ။ ဟောလည်း ဟောတော်မမူ။ အာဝုသော၊ ရေဝတနတ်သား။ အပိစ၊ စင်စစ်သော်ကား။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ သသညိမှိ၊ သညာနှင့်တကွသော။ သမနကေ၊ စိတ်နှင့်တကွသော။ ဣမသ္မိံ ယေဝ ကဠေဝရေ၊ ဤကိုယ်၌သာလျှင်။ လောကဉ္စ၊ သင်္ခါရလောကကိုလည်း။ ပညပေမိ၊

ပညတ်တော်မူ၏။ လောကသမုဒယဥ္စ၊ သင်္ခါရလောက၏ဖြစ်ကြောင်းကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။ လောကနိရောဓဉ္စ၊ သင်္ခါရလောက၏ ချုပ်ရာ နိဗ္ဗာန်ကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။ လောကနိရောဓဂါမိနိံ ပဋိပဒဉ္စ၊ လောက၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။

အာဝုသော၊ ရေဝတနတ်သား။ လောကဿ၊ သင်္ခါရလောက၏။ အန္တော၊ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ဂမနေန၊ ရထား, မြင်း, ဆင်ယာဉ်ဖြင့်သွားခြင်းဖြင့်လည်းကောင်း။ ဝါ၊ လှည်း, လှေ, ခြေလျင်ဖြင့် သွားခြင်းဖြင့်လည်းကောင်း။ ကုဒါစနံ၊ တရံတဆစ်မျှ။ န ပတ္တဗ္ဗော၊ မရောက်အပ်။ လောကန္တံ၊ လောက၏အဆုံးဖြစ်သော နိဗ္ဗာန်သို့။ အပ္ပတွာစ၊ မရောက်ပဲလည်း။ ဒုက္ခာ၊ ဆင်းရဲမှ။ ပမောစနံ၊ လွတ်ခြင်းသည်။ န စ အတ္ထိ၊ မရှိ။

ဤသို့ ကျမ်းဂန်လာသောကြောင့် နိဗ္ဗာန်ပြည်သည် လူတို့၏ မြို့ပြရွာပြည်ကဲ့သို့ တည်ရာဒေသ မရှိရကား ရထား, မြင်း, ဆင် စသော ယာဉ်ဖြင့်လည်းကောင်း၊ လှည်း, လှေ,ခြေလျင်ဖြင့်လည်းကောင်း သွား၍ ရောက်ကောင်းသောအရပ် မဟုတ်။ ထိုသို့မဟုတ်သောကြောင့်လက်သစ်တောင်တာတို့ဖြင့် အကွာအဝေးကို နှိုင်းရှည့်ခြင်းငှာ မတတ်ကောင်း ဟူပေ။

လက်သစ်တောင်တာတို့ဖြင့် အကွာအဝေးကို မနှိုင်းရှည့်ကောင်းဆိုသော် ထိုနိဗ္ဗာန်ဟူသည် မရှိသလော ဟူငြားအံ့။ ရှိကား ရှိ၏။ လူတို့၏ မြို့ပြရွာပြည်ကဲ့သို့သာမရှိ ဟူပေ။ အဘယ်သို့ ရှိသနည်း ဟူငြားအံ့–စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ လေးပါးသော ပရမတ္ထတရားတို့သည် ထင်ရှားရှိကုန်၏ဟူ၍ ဟောတော်မူသောကြောင့် လည်းကောင်း စိတ်, စေတသိက်တို့နှင့် နိဗ္ဗာန်သည် နာမ်၏အဖြစ်ဖြင့် တူသောကြောင့် လည်းကောင်း စိတ်, စေတသိက် ရှိသကဲ့သို့ ရှိ၏ဟူပေ။

ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌–

> နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာရမ္မဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။ ဟူ၍ မိန့်တော်မူသည်။

အနက်ကား။ ။လောကုတ္တရသင်္ခါတံ၊ လောကမှ ထွက်မြောက်ရာဟု ဆိုအပ်သော။ စတုမဂ္ဂဉာဏေန၊ လေးပါးသော မဂ်ဉာဏ်ဖြင့်။ သစ္ဆိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော၊ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာရမ္မဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ ပန၊ နိဗ္ဗာန်ကိုကား။ ဝါနသင်္ခါတာယ၊ ဝါနဟုဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ထိုပါဌ်တို့တွင် "လောကုတ္တရသင်္ခါတံ" ဟူသောပါဌ်ဖြင့် ဥပါဒါနက္ခန္ဓာ, ပဥ္စက္ခန္ဓာဟု ဆိုအပ်သော လောကမှ ထွက်သောအဖြစ်ကို ပြသည်။ "စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ" ဟူသောပါဌ်ဖြင့် သောတာပန်,သကဒါဂါမ်, အနာဂါမ်,ရဟန္တာ ဟူသော အရိယာပုဂ္ဂိုလ်တို့အား မျက်မှောက်ပြု၍ သိနိုင်သော အဖြစ်ကို ပြသည်။ "မဂ္ဂဖလာနမာရမ္မဏဘူတံ" ဟူသောပါဌ်ဖြင့် ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်တို့လည်း အနုမာန ဉာဏ်ဖြင့် သိနိုင်သော အဖြစ်ကို ပြသည်။ ထိုပါဌ်အပေါင်းဖြင့် ကိလေသာတို့၏ အကြွင်းမဲ့ ပြတ်ခြင်းကို, တဖန် မဖြစ်ခြင်းကို ပြုတတ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်သည်ကား ထင်ရှားရှိနေသော ပရမတ္ထတရားပင်တည်း။ သက်သက် မဖြစ်ခြင်း သဘောမျှကို နိဗ္ဗာန်ဆိုသည် မဟုတ်ဟူသော အနက်ကိုလည်း ပြ၏။ ထို့ကြောင့် ဋီကာကျော်၌–

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံ တံ အရိယပုဂ္ဂလာနံ ပစ္စက္ခ-သိဒ္ဓတံ ဒဿေတိ။ မဂ္ဂဖလာန မာရမ္မဏဘူတန္တိ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ အနုမာန သိဒ္ဓတံ။ သင်္ခတဓမ္မာရမ္မဏဉှိ ပညတ္တာရမ္မဏံ ဝါ ဉာဏံ ကိလေသာနံ သမုစ္ဆေဒပ္ပဋိပ္ပဿမ္ဘနေ အမသတ္တံ၊ အတ္ထိစ လောကေ ကိလေသသမုစ္ဆေဒါဒိ။ တသ္မာ အတ္ထိ သင်္ခတသမ္မုတိဓမ္မဝိပရီ-တော ကိလေသာနံ သမုစ္ဆေဒပ္ပဋိပ္ပဿဒ္ဓိကရနံ မဂ္ဂဖလာနံ မာရမ္မဏဘူတော နိဗ္ဗာနံ နာမ ကောစိ ဓမ္မောတိ သိဒ္ဓံ။ ပစ္စက္ခာနုမာန သိဒ္ဓတာ သန္ဒဿနေနစ အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံ ဝါဒံ နိသေဓေတီတိ အလမတိပပဉ္စေန။ ။ဟူ၍ မိန့်တော်မူသည်။

အနက်ကား။ ။စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ၊ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ-ဟူသော ဤပါဌ်ဖြင့်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်၏၊ တံ တံ အရိယပုဂ္ဂလာနံ၊ ထိုထိုသို့သော အရိယာ ပုဂ္ဂိုလ်တို့၏။ ပစ္စက္ခသိဒ္ဓတံ၊ မျက်မှောက်ပြု၍ သိသောအဖြစ်ကို။ ဒဿေတိ၊ ပြ၏။ မဂ္ဂဖလာန-မာရမ္မဏဘူတန္တိ ဣမိနာ၊ မဂ္ဂဖလာနမာရမ္မဏဘူတံ-ဟူသော ဤပါဌ်ဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏။ အနုမာနသိဒ္ဓတံ၊ ဆ၍ သိအပ်သောအဖြစ်ကို။ ဒဿေတိ၊ ပြ၏။ ဟိ၊ ထင်စွာ ဆိုလိုက်ဦးအံ့။ သင်္ခတဓမ္မာရမ္မဏံ ဝါ၊ သင်္ခတ တရားလျှင် အာရုံရှိသည်လည်းဖြစ်သော။ ပညတ္တာရမ္မဏံဝါ၊ ပညတ်တရားလျှင် အာရုံရှိသည်လည်း ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ကိလေသာနံ၊ ကိလေသာတို့ကို။ သမုစ္ဆေဒပ္ပဋိပ္ပဿမ္ဘနေ၊ အကြွင်းမဲ့ဖြတ်ခြင်း, ငြိမ်းစေ ခြင်း၌။ အသမတ္ထံ၊ မစွမ်းနိုင်။ လောကေ၊ လောက၌။ ကိလေသသမုစ္ဆေဒါဒိ၊ ကိလေသာ တို့၏အကြွင်းမဲ့ဖြတ်ခြင်းစသော သဘောသည်လည်း။ အတ္ထိစ၊ ရှိသည်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ သင်္ခတသမ္မုတိဓမ္မဝိပရီတော၊ သင်္ခတတရား ပညတ်တရားတို့မှ ဖောက်ပြန်သော သဘောသည်လည်း၊ အတ္ထိ၊ ရှိသည်စင်စစ်တည်း။ ကိလေသာနံ၊ ကိလေသာတို့၏။ သမုစ္ဆေဒပ္ပဋိပ္ပဿဒ္ဓိ-ကရနံ၊ ဖြတ်ခြင်း ငြိမ်းခြင်းကို ပြုတတ်ကုန်သော၊ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာရမ္မဏ-ဘူတော၊ အာရုံဖြစ်၍ဖြစ်သော၊ နိဗ္ဗာနံနာမ၊ နိဗ္ဗာန်မည်သည်လည်း။ ကောစိဓမ္မော၊ တခုသော ပရမတ္ထတရားတည်း။ ဣတိအတ္ထံ၊ ဤသို့သော ပရိကပ္ပတ္တသည်။ သိဒ္ဓံ၊ ပြီး၏။ ပစ္စက္ခာနုမာနသိဒ္ဓ-တာ သန္ဒဿနေနစ။ မျက်မှောက်သိအပ်သောအဖြစ်,ဆ၍ သိအပ်သော အဖြစ်ကို ပြသဖြင့်လည်း။ အဘာဝမတ္တံ၊ မဖြစ်ခြင်းသဘောမျှသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ ဝိပ္ပဋိပန္နာနံ၊ အယူ ပျက်စီး အချည်းနှီးသောပုဂ္ဂိုလ်တို့၏။ ဝါဒံ၊ အယူစကားကို။ နိသေဓေတိ၊ တားမြစ်ပေ၏။ ဣတိ၊ ဤသို့ နိဗ္ဗာန်ရှိဟန် သိထောက်တန်သောကြောင့်။ အတိပပဉ္စေန အလွန် ချဲ့လွန်းသဖြင့်။ အလံ၊ အကျိုးမရှိပြီ။

ဤဋီကာကျော်ကို ထောက်ထား၍ နိဗ္ဗာန်မည်သည်ကား "တစုံတခု မဖြစ်ခြင်းမျှသည်သာ တည်း"ဟူသော စကားသည် မဟုတ်သော အဖြစ်၊ စိတ် စေတသိက်ကဲ့သို့ ကေန်ဆတ်ဆတ် ပရမတ်အားဖြင့် ရှိသောအဖြစ်ကို စင်စစ်သိရာသည်။

ဥပမာ--ဥပမေယျတို့ဖြင့် သမ္မောဟဝိနောဒနီ၌လည်းကောင်း, သတိပဋ္ဌာနသုတ် အဋ္ဌကထာ တို့၌လည်းကောင်း လာ၏။

မိလိန္ဒပဉှာ၌ကား။ ။ဘန္တေနာဂသေန ကတမေ သတ္တာ ကမ္မဇာ၊ ကတမေ ဟေတု-ဇာ၊ ကတမေ ဥတုဇာတိ။ ယေကေစိ မဟာရာဇ သစေတနာ သတ္တာ၊ သဗ္ဗေ တေ ကမ္မဇာ။ ပထဝီစ သဗ္ဗေ ပဗ္ဗတာ ဇလာ ဝါတာစ ဥတုဇာ။ အဂ္ဂိစ သဗ္ဗေပိ ဗီဇာ ဟေတုဇာ။ အာကာသော နိဗ္ဗာနဉ္စ အကမ္မဇာ အဟေတုဇာ။ န ဥတုဇာတိ။ ။အစရှိသည်ဖြင့်လာသည်။

အနက်ကား။ ။ဘန္တေနာဂသေန၊ အရှင်နာဂသိန်။ ကတမေသတ္တာ၊ အဘယ်မည်သော သတ္တဝါတို့သည်။ ကမ္မဇာ၊ ကံကြောင့်ဖြစ်ကုန်သနည်း။ ကတမေ၊ အဘယ်မည်သော သဘောတို့သည်။ ဟေတုဇာ၊ အကြောင်းကြောင့်ဖြစ်ကုန်သနည်း။ ကတမေ၊ အဘယ်မည်သော သဘောတို့သည်။ ဥတုဇာ၊ ဥတုကြောင့်ဖြစ်ကုန်သနည်း။ ဣတိပုဋ္ဌော၊ ဤသို့ မေးလျှောက်၏။ မဟာရာဇ၊ မင်းမြတ်။ သစေတနာ၊ စိတ်ရှိကုန်သော။ ဝါ၊ စိတ်နှင့်တကွ ဖြစ်ကုန်သော၊ ယေကေစိသတ္တာ၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ ကမ္မဇာ၊ ကံကြောင့် ဖြစ်ကုန်၏။ ပထဝီစ၊ မြေသည်လည်းကောင်း။ ပဗ္ဗတာစ၊ တောင်တို့သည်လည်းကောင်း။ ဥဒကံ၊ ရေသည်လည်းကောင်း။ ဝါတောစ၊ လေသည်လည်းကောင်း။ တေသဗ္ဗေ၊ တို့သည်၊ ဥတုဇာ၊ ဥတုကြောင့် ဖြစ်ကုန်၏။ အဂ္ဂိစ၊ မီးသည်လည်းကောင်း။ သဗ္ဗာနိစ ဗီဇာနိ၊ အလုံးစုံသော သစ်ပင်သဘောဝါတို့သည်လည်းကောင်း။ ဟေတုဇာနိ၊ အကြောင်းကြောင့် ဖြစ်ကုန်၏။ အာကာသောစ၊ ကောင်းကင်သည်လည်းကောင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်သည်လည်းကောင်း။ ဣမေဒွေ၊ တို့သည်၊ အကမ္မဇာ၊ ကံကြောင့်လည်း မဖြစ်။ အဟေတုဇာ၊ အကြောင်းကြောင့်လည်း မဖြစ်။ အနုတုဇာ၊ဥတုကြောင့်လည်းမဖြစ်။ ဣတိဝတ္တာ၊ ဤသို့ဆိုပြီး၍။ မဟာရာဇ၊ မင်းမြတ်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ကမ္မဇန္တိဝါ၊ ကမ္မဇဟူ၍လည်းကောင်း။ ဟေတုဇန္တိဝါ၊ ဟေတုဇဟူ၍လည်းကောင်း။ ဥတုဇန္တိဝါ၊ ဥတုဇဟူ၍လည်းကောင်း။ ဥပ္ပန္နန္တိဝါ၊ ဖြစ်ပြီးဟူ၍လည်းကောင်း။ အနုပ္ပန္နန္တိဝါ၊ ဖြစ်ဆဲဟူ၍လည်းကောင်း။ဥပ္ပါဒနီယန္တိဝါ၊ ဖြစ်လတ္တံ့ဟူ၍လည်းကောင်း။ အတီတန္တိဝါ၊ အတိတ်ဟူ၍လည်းကောင်း။ အနာဂတန္တိဝါ၊ အနာဂတ်ဟူ၍လည်းကောင်း။ ပစ္စုပ္ပန္နန္တိဝါ၊ ပစ္စုပ္ပန်ဟူ၍လည်းကောင်း၊ စက္ခုဝိညေယျန္တိဝါ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်၏ ဟူ၍လည်းကောင်း။ သောတဝိညေယျန္တိဝါ၊ သောတဝိညာဉ်ဖြင့် သိအပ်၏ဟူ၍လည်းကောင်း။ ဃာနဝိညေယျန္တိဝါ၊ ဃာနဝိညာဉ်ဖြင့် သိအပ်၏ ဟူ၍လည်းကောင်း။ ဇိဝှါဝိညေယျန္တိဝါ၊ ဇိဝှါဝိညာဉ်ဖြင့် သိအပ်၏ ဟူ၍လည်းကောင်း။ ကာယဝိညေယျန္တိဝါ၊ ကာယဝိညာဉ်ဖြင့် သိအပ်၏ဟူ၍လည်းကောင်း။ နဝတ္တဗ္ဗံ၊ မဆိုအပ်။ ဣတိ၊ ဤသို့။ အာဟ၊ ဖြေဆိုတော်မူ၏။

ဘန္တေနာဂသေန၊ အရှင်နာဂသိန်။ တေနဟိ၊ ထိုသို့ဖြစ်တပြီးကား။ တုမှေ၊ အရှင်ဘုရားတို့သည်။ နတ္ထိဓမ္မံ၊ မရှိသော သဘောကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူ၍။ အပဒိသထ၊ ညွှန်းတော်မူသလော။ ဣတိပုဋ္ဌော၊ ဤသို့ မေးလျှောက်ပြန်၏။ မဟာရာဇ၊ မင်းမြတ်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ နိဗ္ဗာနံ၊သည်။ မနောဝိညေယျံ၊ မနောဝိညာဉ်ဖြင့် သိအပ်၏။ သမ္မာပဋိပန္နော၊ ကောင်းစွာကျင့်သော။ အရိယသာဝကော၊ သည်။ ဝိသုဒ္ဓေန၊ စင်ကြယ်စွာသော။ ဉာဏေန၊ ဉာဏ်ဖြင့်။ ပဿတိ၊ မြင်၏။ ဣတိအာဟ၊ ဤသို့ဖြေဆို၏။

ဥပမာယ၊ ဥပမာဖြင့်။ သညာပေဟိ၊ သိပါစေလော့။ ဣတိဝုတ္တေ၊ ဤသို့လျှောက်ပြန်သည်ရှိသော်။ မဟာရာဇ၊ မင်းမြတ်။ ဝါတောနာမ၊ လေမည်သည်။ အတ္ထိ၊ ရှိ၏လော။ ဘန္တေ၊ အရှင်ဘုရား။ အာမအတ္ထိ၊ ဪရှိ၏။ဣတိအာဟ၊ ဤသို့ဆို၏။ မဟာရာဇ၊ မင်းမြတ်။ ဣဃ၊ ငါဘောင်းပန်၏။ ဝါတံ၊ လေကို။ ဒဿေဟိ၊ ပြပါလော့။ ဣတိအာဟ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ဝါတဿ၊ လေ၏။ ရူပံဝါ၊ အနီ အဖြူ စသောအဆင်းကို လည်းကောင်း။ သဏ္ဌာနံဝါ၊ အလုံးအပြား သဏ္ဌာန်ကိုလည်းကောင်း။အဏုံဝါ၊ငယ်သည်ကိုလည်းကောင်း။ ထူလံဝါ၊ကြီးသည်ကိုလည်းကောင်း။ ဒီဃံဝါ၊ ရှည်သည်ကိုလည်းကောင်း။ ရဿံဝါ၊ တိုသည်ကိုလည်းကောင်း။ ဒဿေတုံ၊ ပြခြင်းငှာ။ နသက္ကောတိ၊ မတတ်နိုင်။ ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ မဟာရာဇ၊ မင်းမြတ်။ တေနဟိ၊

ထိုသို့မပြုနိုင်မူကား။ ဝါတော၊ လေသည်။ နတ္ထိ၊ မရှိသလော။ ဣတိပုဋ္ဌော၊ ဤသို့မေး၏။ ဘန္တေ နာဂသေန၊ အရှင်နာဂသိန်။ အတ္ထိယေဝ၊ ရှိသည်သာတည်း။ ပန၊ ထိုသို့ရှိသော်လည်း။ ဝါတံ၊ လေကို။ ဒဿေတုံ၊ ပြခြင်းငှာ။ နသက္ကောမိ၊ မတတ်နိုင်။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ဆို၏။ မဟာရာဇာ၊ မင်းမြတ်။ ဧဝမေဝ၊ ဤအတူလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်၊ အတ္ထိ၊ ရှိ၏။ ဒဿေတုံ၊ ပြခြင်းငှာ။ နသက္ကောတိ၊ မတတ်နိုင်။ ဣတိ၊ ဤသို့။ အဒေါ၊ မိန့်တော်မူ၏။ ဘန္တေနာဂသေန၊ အရှင်နာဂသိန်။ ဥပမံ၊ ဥပမာကို။ သုဒဿိတံ၊ ကောင်းစွာပြပေ၏။ သမ္ပဋိစ္ဆာမိ၊ အကျွန်ုပ်ဝန်ခံပါ၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်၏။

ဘန္တေနာဂသေန၊ အရှင်နာဂသိန်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သောသူတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ လဘန္တိ၊ ရပါကုန်သလော။ ဣတိပုဋ္ဌော၊ ဤသို့မေး၏။ မဟာရာဇ၊ မင်းမြတ်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သောသူတို့သည်။ တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ နခေါ လဘန္တိ၊ မရကုန်။ အပိစခေါ၊ စင်စစ်ကား။မဟာရာဇ၊ မင်းမြတ်။ သမ္မာပဋိပန္နော၊ ကောင်းစွာကျင့်ပေကုန်သော။ အရိယသာဝကာ၊ အရိယာဖြစ်သော တပည့်သားတော်တို့သည်။ နိဗ္ဗနံ၊ နိဗ္ဗာန်ကို။ လဘန္တိ၊ ရကုန်၏။ ဣတိအဝေါစ၊ ဤသို့ မိန့်တော်မူ၏။

ဘန္တေနာဂသေန၊ အရှင်နာဂသိန်။ယော၊ အကြင်ပုဂ္ဂိုလ်သည်။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။နလဘတိ၊မရ။ သော၊ ထိုမရသောသူသည်။ သုခံ၊ချမ်းသာ၏ဟူ၍။ ဇာနာတိ၊သိပါ၏လော။ ဣတိပုဋ္ဌော၊ဤသို့မေး၏။ မဟာရာဇ၊ မင်းမြတ်။ အာမဇာနာမိ၊ဖြေသိ၏။ဣတိအာဟ၊ဤသို့ဆို၏။ဘန္တေ၊အရှင်ဘုရား။ ကထံဇာနာတိ၊ အဘယ်သို့သိပါအံ့နည်း။ ဣတိဝုတ္တေ၊ ဤသို့လျှောက်ဆိုသည်ရှိသော်။ မဟာရာဇ၊ မင်းမြတ်။ဟတ္ထပါဒစ္ဆေဒံ လက်ခြေပြတ်ခြင်းကို။ အလဒ္ဓမနုဿာပိ၊မရသေးသော သူတို့သည်လည်း၊ အညေသံ၊တပါးကုန်သော။ ဆိန္နဟတ္ထပါဒါနံ၊ ပြတ်သောလက်ခြေရှိသောသူတို့၏။ ပရိဒေဝနသဒ္ဒံ၊ ငိုကြွေးသော အသံကို။သုတွာ၊ကြားရ၍။ ဟတ္ထပါဒစ္ဆေဒဒုက္ခံ၊ လက်ခြေပြတ်ခြင်းကြောင့် ဖြစ်သော ဆင်းရဲကို။ဇာနန္တိယထာ၊ သိကုန်သကဲ့သို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ မဟာရာဇ၊ မင်းမြတ်။ ယေသံ၊အကြင်ပုဂ္ဂိုလ်တို့၏။ဒိဋ္ဌံ၊မြင်အပ်သော။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။အတ္ထိ၊ရှိ၏။ တေသံ၊ထိုမြင်သော သူတို့၏။ သုဒ္ဒံသုတွာ၊ ပြောသံကိုကြား၍။ နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ သုခါတိ၊ ချမ်းသာ၏ဟူ၍။ ဇာနန္တိ၊ သိကုန်၏။ ဣတိ၊ ဤသို့ မိန့်ပေ၏။ ဘန္တေ နာဂသေန၊ အရှင်နာဂသိန်။ ကလ္လောသိ၊ လျှောက် ပတ်ပေ၏။ ဣတိ၊ သို့၊ အဘိတ္ထဝိ၊ အလွန်ချီးမွမ်း၏။

ဘန္တေနာဂသေန၊ အရှင်နာဂသိန်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိရောဓော၊ ချုပ်သလော။ ဣတိပုဋ္ဌော၊ ဤသို့ မေးပြန်၏။ မဟာရာဇ၊ မင်းမြတ်။ အာမ၊ ဖြေ၍ချုပ်၏။ ဣတိဝုတ္တေ၊ ဤသို့ ဖြေလတ်သော်။ ဘန္တေနာဂသေန။ အရှင်နာဂသိန်။ ကထံ၊ အဘယ်သို့လျှင်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိရောဓော၊ ချုပ်ပါသနည်း။ ဣတိပုဋ္ဌော၊ ဤသို့ မေးလျှောက်၏။ မဟာရာဇ၊ မင်းမြတ်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ တော၊ ဤနိဗ္ဗာန်၏ချုပ်ဟန်ကို။ ဇေ၀၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူ၏။ မဟာနာမ၊ ညီတော်မဟာနာမ်၊ သုတဝါ၊ အကြားအမြင်ပညာရှိသော။ အရိယသာဝကော၊ အရိယာဖြစ်သော တပည့်သည်။ အဇ္ဈတ္တိကေ၊ အတွင်းသန္တာန်၌ ဖြစ်ကုန်သော။ အာယတနေ၊ အာယတနခြောက်ပါးတို့ကို လည်းကောင်း။ ဗာဟိရေ၊ အပသန္တာန်၌ ဖြစ်ကုန်သော။ အာယတနေ။ အာယတနခြောက်ပါးတို့ကို လည်းကောင်း။ နာဘိနန္ဒတိ၊ အလွန်မနှစ်သက်။ နာဘိဝဒတိ၊ အလွန်ကောင်း၏ဟု မပြောဟော။ အနဇ္ဈောသာယ၊ မသက်ဝင်ခြင်းဖြင့်။ တိဋ္ဌတိ၊

တည်၏။ တံ၊ ထိုအာယတန တဆယ့်နှစ်ပါးကို။ အနတ္တိနန္ဒတော၊ အလွန်မနှစ်သက်သောအားဖြင့်။ အနဘိဝဒတော၊ အလွန်မပြောဟောသောအားဖြင့်။ အနဇ္ဈောသာယ၊ မသက်ဝင်သောအားဖြင့်။ တိဋ္ဌတော၊ တည်သော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ တဏှာ၊ တပ်မက်မောတတ်သောတဏှာသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ တဏှာနိရောဓာ၊ တဏှာ၏ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ စွဲလမ်းခြင်း ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိရောဓာ၊ ဥပါဒါန်၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဖြစ်ခြင်းဟူသော ဘဝ၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ·နိရောဓာ၊ ဇာတိ၏ချုပ်ခြင်းကြောင့်။ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာခြင်း၊ သက်ကြီးရှိုက်တင် ပင်ပန်းခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာမဖက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ နိရောဓော၊ ချုပ်ခြင်းသည်၊ ဟောတိ၊ ထင်ရှား၏။ မဟာရာဇ၊ မင်းမြတ်။ ဧဝံခေါ၊ ဤသို့လျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိရောဓော၊ ချုပ်၏။ ဣတိအဝေါစ၊ ဤသို့ ဖြေဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ကလ္လောသိ၊ လျောက်ပတ်ပေ၏။ ဣတိ၊ ဤသို့။ အဘိတ္ထဝိ၊ အလွန်ချီးမွမ်း၏။

ဥပမာ ဥပမေယျတို့ဖြင့် သမ္မောဟဝိနောဒနီ၌လည်းကောင်း သတိပဋ္ဌာနသုတ် အဋ္ဌကထာ, ဋီကာတို့၌လည်းကောင်း လာသည်ကား များသေး၏။ သိမ်မွေ့သောအရာဖြစ်သည်။ စေ့စေ့ ဆင်ခြင်လေ၊

၇၂၁။ လူအနှစ်သည်၊ ဒုက်နှစ်လည်၊ မည်သည် တိုင်အောင် နှံ့သနည်း။ (၁၃)

ဤပုစ္ဆာ၏ အဖြေကိုမူကား ...မူအစောင်စောင်မှာပင် ရှာ၍ မတွေ့ချေ။

၇၂၂။ ရုပ်, နာမ်နှစ်တည်၊ ရှိကြမည်၊ မည်သူဂုဏေး ဖြစ်သနည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နာမ်တရားသည် မိမိ၏သတ္တိကို ပြတတ်သောကြောင့် 'အတ္တနော ကိစ္စံ ဂုဧ္ဆန္တိ ပကာသေန္တီတိ ဂုဏာ'' ဟူသည်နှင့်အညီ ဂုဏ်မည်၏။ ရုပ်တရားသည် ထိုဂုဏ်၏တည်ရာဖြစ်သောကြောင့် "ဂုဏော ဧတဿ အတ္ထီတိ ဂုဏီ" ဟူသော ဝစနတ္ထနှင့်အညီ ဂုဏေးမည်၏ဟူပေ။

၇၂၃။ ပြဟ္မာလှူသည်၊ လှူရှစ်မည်၊ ဘယ်သည်ကာလ ကွယ်သနည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သဌေးသမီး သုဇာတာသည် ဿနာနို့ဆွမ်း လှူအပ်သောနေ့ညပင် ဃဋီကာရဗြဟ္မာ လှူသော သပိတ်ကွယ်ခဲ့လေသည်။ ကြွင်းသောပရိက္ခရာဘို့ကား သက်တော်ဆုံးအောင် တည်သည် ဟူပေ။

၇၂၄။ တထောင်ရောင်ခြည်၊ နေဆောင်သည်၊ ခန့်ရည်လရောင်ဘယ်မျှနည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အာဒိစ္စော သူရိယော သူရော၊ သတရံသိ ဒိဝါကရော။
ဝေရောစနော ဒိနကရော၊ ဥဏှရံသိ ပဘာကရော။

အံသုမာလီ ဒိနပတိ၊ တပနော ရဝိ ဘာနုမာ။
ရံသိမာ ဘာကရော ဘာနု၊ အက္ကော သဟဿရံသိ စ။

ဟူ၍ အဘိဓာန်၌ နေမင်း၏ပရိယာယ် ၁၈-ဆယ့်ကိုးပုဒ် လာရာ၌-သတရံသိ၊ အရာမကသော ရောင်ခြည်ရှိသောနေ ဟူ၍လည်းကောင်း။ သဟဿရံသိ၊ အထောင်မကသော ရောင်ခြည်ရှိသော နေဟူ၍ လည်းကောင်း ဆိုသည်။ လ၏ပရိယာယ်၌ ဤကဲ့သို့ မလာသောကြောင့် မည်မျှရောင်ခြည်ရှိ၏ဟု မဆိုသာချေ။ မေးသင့်၍မေးသောပုစ္ဆာပင် ဖြစ်သော်လည်း ကျမ်းသာခက ရှိမှသာလျှင် ဖြေဆိုခြင်းငှာ စွမ်းနိုင်ရာသည်။ သဗ္ဗညုတဉာဏ်အရာကို ငါတို့မဝင်ဝံ့ ဟူပေ။

သဟဿရံသိပုဒ်၌ သဟဿသဒ္ဒါလည်း အထောင်မျှကို မဟော။ အနေကသင်္ချာမျိုးဖြစ်၍ များသောအနက်ကိုပင် ဟောသည်။ ထို့ကြောင့် ၎င်းအဘိဓာန်ဋီကာ၌ "သဟဿံ ဗဟဝေါ ရံသယော ယဿာတိ သဟဿရံသိ"ဟု ဝိဂ္ဂဟ်ပြု၏။

၇၂၅။ ဗာဟိလမ်းသည်၊ နေမရှည်၊ မည်သို့ကျမ်း၌ လာသနည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗာဟိရဝီထိသို့ နေသွားသောအခါ လူနေနှင့် ခရီးဝေးသောကြောင့်လည်းကောင်း၊ နေမင်း ထွက်လာသည်ကို မြင်ခဲသည်။ အရှက်ဆောင်ဖြင့်သာ ကြာသည်။ နေကိုမြင်သောကာလ နာရီနည်းသည်ဖြစ်၍ နေ့မရှည်ဟူပေ။

ထိုစကားကို ထင်စွာဆိုလိုက်ဦးအံ့-နေမင်း၏ သွားရာဖြစ်သော ခရီးသည် အဗ္ဘန္တရဝီထိ၊ မဇ္ဈေဝီထိ၊ ဗာဟိရဝီထိအားဖြင့် သုံးပါး အပြားရှိသည်။ ထိုသုံးပါးတို့တွင် ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ ဤလေးလသည် အဗ္ဘန္တရဝီထိမည်၏။ တော်သလင်း၊ သီတင်းကျွတ် အားဖြင့် ထွက်လမ်း၌ နှစ်လ။ တပေါင်း၊ တန်ခူးအားဖြင့် ဝင်လမ်း၌ နှစ်လ။ ဤလေးလသည် မဇ္ဈေဝီထိမည်၏။ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ ဤလေးလသည် ဗာဟိရဝီထိမည်၏။

ထိုဝီထိ သုံးပါးတို့တွင် အတွင်းစွန်းဖြစ်သော အဗ္ဘန္တရဝီထိဖြင့် နေသွားသောအခါ အရှေ့ပုဗ္ဗဝိဒေဟကျွန်း၌ မွန်းမတည့်မီ ၃-နာရီကပင် ဇမ္ဗူဒိပ်ကျွန်း၌ နေထွက်သည်။ ဇမ္ဗူဒိပ်ကျွန်း၌ တနေ့လုံး လည်၍ အနောက်ဖြစ်သော အပရဂေါယာနကျွန်း၌ မွန်းလွဲ ၃-နာရီတိုင်မှ ဤကျွန်း၌ နေလုံးပျောက်သည်ဖြစ်၍ နေ့ ၃၆-နာရီ။ နေဝင်ကသည် နေထွက်သို့ကျအောင် ၂၄-နာရီရှိသည်။

မဇ္ဈေဝီထိ သွားသောအခါ အရှေ့ပြုဗ္ဗာဝိဒေဟ ကျွန်း၌ မွန်းတည့်လျှင် ဤကျွန်း၌ နေထွက်သည်။ အနောက် အပရဂေါယာန ကျွန်း၌ မွန်းတည့်လျှင် ဤကျွန်း၌ နေလုံးပျောက်သည်ဖြစ်၍ နေ့နာရီ ၃၀၊ ညဥ့် နာရီ ၃၀-စီ အညီရှိသည်။

ဗာဟိရဝီထိသွားသောအခါ အရှေ့ပြုဗ္ဗာဝိဒေဟကျွန်း၌ မွန်းလွဲ ၃-နာရီရှိမှ ဤကျွန်း၌နေထွက်သည်။ အနောက်ကျွန်း၌ မွန်းမတည့်မီ ၃-နာရီကပင် ဤကျွန်း၌ နေလုံးပျောက်သည်ဖြစ်၍ နေကို မြင်ရသောကာလ နေ့သည် ၂၄-နာရီမျှသာရှိ၍ ညဥ့် ၃၆-နာရီရှိသည်။ အနောက်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်းတို့၌လည်း ဤနည်းအတူ မှတ်ယူရာသည်။

အန္တောဝီထိ၌ နေ့ ၃၆-နာရီ၊ ညဥ့် ၂၄-နာရီဟူသည်ကိုလည်း တဝီထိလုံး မမှတ်အပ်။ လစဥ့်ဖဝါးကဲ့သို့ အန္တောစွန်းဖြစ်သော ကရကဋ်ရာသီဦးမှစ၍ တနေ့ထက် တနေ့ ဆုတ်ယုတ်သဖြင့် ၃၆-နာရီ၊ ၃၅-နာရီ၊ ၃၄-နာရီဖြစ်သည်ကို သိရာသည်။ မဇ္ဈေ, အန္တော တို့၌လည်း နည်းတူမှတ်လေ။

ဝီထိ၏ အပိုင်းအခြားကိုကား ရှေးဆရာတို့သည် တခုသော လပြည့်နေ့မှစ၍ တခုသောလပြည့်နေ့တိုင်အောင် ရေတွက်သော သာဝဏမာသအားဖြင့် ပြကုန်သည်။ ထိုစကားသည် မှုချမဟုတ်သေး။ တနင်္ဂနွေဂြိုဟ် နေသို့လိုက်သော သုဘတ္တာဒိုတ်ရာသီတည်းဟူသော သူရိယမာသဖြင့်သာ မှတ်ယူရာသတည်း။

ပုစ္ဆာ၌ "မည်သို့ကျမ်း၌လာသနည်း"ဟု မေးပါသည်ကို သဘောဖြင့်သာ ဆရာဘယ့်ကြောင့် ဖြေသနည်းဟူငြားအံ့–သာရတ္ထဒီပနီဋီကာ၊ လောကဒီပနီ၊ စန္ဒသူရိယဂတိဒီပနီတို့၌ လာသောနည်း။ မနောရထပူရဏီမည်သော ဗိုလ်ဋီကာတို့၌ လာသောနည်းပင် ဖြစ်ရကား ကျမ်းစကားပင်တည်း။ ပါဠိကိုကျယ်အံ့ စိုး၍လည်းကောင်း,လူပြိန်းတို့ နားရှုပ်အံ့စိုး၍လည်းကောင်းမရေးလိုက်သည်ဟူပေ။ ဤအရာ၌ ရှေးဆရာတို့ ဖြေပါသော်လည်း ဆဋ္ဌေတွာ ဖြစ်လေရှာ၏။

၇၂၆။ ဂန္ဓမာတည်၊ ဂူသုံးမည်၊ နေသည်ဘယ်က ဘယ်သို့နည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဂန္ဓမာဒန ပဗ္ဗတေ နန္ဒမူလံ နာမ ဂဗ္ဘရံ ပစ္စေကဗုဒ္ဓါနံ ဝသနောကာသော။ တဗ်သော မဟာဂုဟာ သုဝဏ္ဏဂုဟာ မဏိဂုဟာ ရဇတဂုဟာတိ သယံ ဇာတာ။

ဂန္ဓမာဒနပဗ္ဗတေ၊ ဂန္ဓမာဒနတောင်၌။ နန္ဒမူလံ နာမ၊ နန္ဒမူလအမည်ရှိသော။ ဂဗ္ဘရံ၊ လိုဏ်သည်။ ပစ္စေကဗုဒ္ဓါနံ၊ အရှင် ပစ္စေကဗုဒ္ဓါတို့၏။ ဝသနော ကာသော၊ နေရာအရပ်တည်း။ သုဝဏ္ဏ-ဂုဟာ၊ ရွှေလိုဏ်လည်းကောင်း။ မဏိဂုဟာ၊ ပတ္တမြားလိုဏ်လည်းကောင်း။ ရဇတဂုဟာ၊ ငွေလိုဏ်လည်းကောင်း။ ဣတိ၊ ဤသို့။တိသော၊ သုံးပါးကုန်သော။သယံဇာတာ၊ အလိုလို ဖြစ်ကုန်သော။ မဟာဂုဟာ၊ ကြီးစွာသော လိုဏ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုလိုဏ်သုံးပါးတို့တွင်။ မဏိ-ဂုဟာဒွါရေ၊ ပတ္တမြားဂူတံခါးဝ၌။ မဉ္ဇူသကော နာမ ရုက္ခော၊ မဉ္ဇူသကမည်သော သစ်ပင်သည်။ ဥဗ္ဗေဓေန စ၊ အစောက်အားဖြင့်လည်း။ ယောဇနံ၊ တယူဇနာရှိ၏။ ဝိတ္ထာရေန စ၊ အပြန့်အားဖြင့်လည်း။ ယောဇနံ၊ တယူဇနာရှိ၏။

ဤသို့ သာရတ္ထ ဒီပနီဋီကာတို့၌ လာသည်။ အတွင်းဘက် ပြင်ဘက်ဟူ၍ ဌာန ဝိသေသကိုကား မဆိုချေ။

မဟာသာရပျို့၌ကား တောင်၏ပြင်ဘက် ခါးပန်း၌ ဂူသုံးပါးတည်ကြောင်းကို ဧပ်ဆိုသည်။

၇၂၇။ ကာလတွင်မည်၊ နဂါးသည်၊ မည်သည့်ချိန်မှ နိုးသနည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တထာ ဟိ ဇာတကနိဒါနေ အဘိသမ္ဗုဇ္ဈနဒိဝသေ မဟာသတ္တေန နဒိယာ ပဋိဟိတာယ သုဝဏ္ဏပါတိယာ ကာတကိလိကိလီတိသဒ္ဒံ သဝနေန အာဂစ္ဆန္တော မဟာကာလော နာဂရာဇာ "ဟိယျော ဧကော ဗုဒ္ဓေါ နိဗ္ဗတ္တော ပုန အဇ္ဇေကော"တိ ဝတွာ အာဂတော။တဿ ကိရ မဟာပထဝိယာ ဧကယောဇနတိဂါဝုတပ္ပမာဏံ နဘံ ပူရေတွာ အာရောဟဏကာလော အဇ္ဇ ဝါ ဟိယျော ဝါတိ သဒိသော အဟောသီတိ ဝုတ္တံ။

ဟူ၍ သာရတ္ထသင်္ဂဟ၌ လာသည်။

အနက်ကား။ ။တထာ တံ ဧဝန့်၊ ထိုစကားကို။ ဟိ၊ ထင်စွာဆိုလိုက်ဦးအံ့။ ဇာတကနိဒါနေ၊ ဇာတ်နိဒါန်း၌။ အဘိသမ္ဗုဇ္ဈနဒိဝသေ၊ ဘုရားဖြစ်တော်မူအံ့သောနေ့၌။ မဟာသတ္တေန၊ ဘုရားလောင်းသည်။ နဒိယာ၊ နေရဉ္ဇရာမြစ်၌။ပဋိဟိတာယ၊ မျှောအပ်သော။သုဝဏ္ဏ ပါတိယာ၊ ရွှေခွက်၏။ ကတကိလိကိလီတိသဒ္ဒံ၊ ရွှေး ရွှေခွက်တို့နှင့် ထိခိုက်၍ပြု အပ်သော ချင်ချင်ဟူသော အသံကို။ သဝနေန၊ ကြားသဖြင့်။ အာဂစ္ဆန္တော၊ လာလတ်သော။ မဟာကာလော နာဂရာဇာ၊ မဟာကာလ မည်သော နဂါးမင်းသည်။ ဟိယျော၊ ယမန်နေ့ကပင်။ ဧကော ဗုဒ္ဓေါ၊ ဘုရားတဆူသည်။နိဗ္ဗတ္တော၊ ဖြစ်၏။ ပုန၊ တဖန်။ အဇ္ဇ ဝါ၊ ယနေ့လည်း။ ဧကော ဗုဒ္ဓေါ၊ ဘုရားတဆူသည်။ နိဗ္ဗတ္တော၊ ဖြစ်ပြန်ပြီ။ ဣတိဝတွာ၊ ဤသို့ ဆို၍။ အာဂတော၊ ဖူးမြင်လာ၏။ တဿ၊ ထိုနဂါးမင်းအား။ မဟာပထဝိယာ၊ မြေကြီး၏။ ဧကယောဇနတိဂါဝုတပ္ပမာဏံ၊ တယူဇနာ သုံးဂါဝုတ် အတိုင်းအရှည်ရှိသော။ နဘံ၊ ကောင်းကင်ကို။ ပူရေတွာ၊ ပြည့်စေ၍။ အာရောဟဏကာလော၊ တက်ကြွသောကာလကို။ အဇ္ဇဝါတိ၊ ယနေ့ဟူ၍လည်းကောင်း။ ဟိယျော ဝါတိ၊ ယမန်နေ့ဟူ၍လည်းကောင်း။ သဒိသော၊ အတူ ပြု၍ဆိုသည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆို၏။

> ကာလော နာဂရာဇာ စတုန္နံ ဗုဒ္ဓါနံ သမ္မုခီဘာဝံ လဘိတွာ ဌိတောပိ မေတ္တေယျဿပိ
> ဘဂဝတော သမ္မုခီဘာဝံ လဘိဿတိတိ ယံ တဿ ကပ္ပါယုကတာ ဝုတ္တာ။ ။

ကာလော နာဂရာဇာ၊ ကာလမည်သော နဂါးမင်းသည်။ စတုန္နံ ဗုဒ္ဓါနံ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ဘုရားလေးဆူတို့၏။ သမ္မုခီဘာဝံ၊ မျက်မှောက်အဖြစ်ကို။ လဘိတွာ၊ ရ၍။ ဌိတောပိ၊ တည်ပြီးသော်လည်း။ မေတ္တေယျဿပိ ဘဂဝတော၊ မိတ္တေယျဘုရားရှင်၏လည်း။ သမ္မုခီဘာဝံ၊ မျက်မှောက်အဖြစ်ကို။ လဘိဿတိ၊ ရလတ္တံ့။ ဣတိ၊ ဤသို့။ ယံ ယသ္မာ၊ အကြင့်ကြောင့်။ ဝဒန္တိ။ ဆိုကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုကာလနဂါး၏။ ကပ္ပါယုကတာ၊ တကမ္ဘာပတ်လုံး တည်သည်၏အဖြစ်ကို။ ဝုတ္တာ၊ ဆိုအပ်၏။ ။ဤသို့ ဧကနိပါတ်ဋီကာ၌ လာသည်။

ယင်းသို့ ဘုရားတဆူနှင့်တဆူ ဖြစ်ကြသည့်အကြားသည် မြေကြီးတယူဇနာ သုံးဂါဝုတ် တက်သည်တိုင်အောင် ကာလခြားကွာလျက် ယမန်နေ့ပင် ဘုရားတဆူဖြစ်ခဲ့၍ ယနေ့တဖန် ဘုရားဖြစ်ပြန်သည်ဟု ဆိုခြင်းသည် ကာမဂုဏ်ဖြင့် မွေ့လျော်၍နေသောကြောင့် အိပ်ပျော်ခြင်းနှင့်တူရကား ရှေ့ခွက်ချင်း ထိခိုက်သံကြားမှ နိုးသည်ဟု ဆိုလေသတည်း။

အဘယ်ကိုထောက်၍ သိရသနည်းဟူမူ .... သီရိဓမ္မာသောကမင်း ခေါ်သောအခါ ထိုကာလနဂါးမင်းသည် ပါဋလိပုတ်ပြည်သို့ လာကြောင်း၊ ဘုရားရှင်ရုပ်သွင်တော်ကို ဖန်ဆင်း၍ ဓမ္မာသောကမင်းအား ပြရကြောင်းကို ပါရာဇိကဏ် အဋ္ဌကထာ၌ ဆိုသောကြောင့် ရှေးရှေးဘုရားတို့၏ အကြား၌လည်း အကြောင်းနှင့်လျော်စွာ သွားလာရပ်ထိုင်ခြင်းရှိ၏ဟု သိရာသည်။

၇၂၈။ ဤတိုင်းကသည်၊ ယိမ်းမဖည်၊ မည်မှာ ဗောဓိ ရှိသနည်း။ (၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မဇ္ဈိမဒေသ၏ နိမိတ်ကိုပြရာ၌ အရှေ့တောင်မျက်နှာ၌ သလ္လဝတီမည်သော မြစ်ရှိကြောင်း။ ထိုမြစ်၏အတွင်းသည် မဇ္ဈိမတိုက်။ ပြင်ဘက်သည် ပစ္စန္တရစ်ဖြစ်ကြောင်းကိုဆိုသည်။ ထိုသလ္လဝတီမြစ်ဟူသည်လည်း ဤမြန်မာနိုင်ငံ၌ ချင်းတွင်းမြစ်ကို ဆိုသည်ဖြစ်၍ ဤသုနာပရန္တတိုင်းမှသည် အနောက်မြောက်စူးစူးတွင် ဗောဓိပင်ရှိ၏ဟု သိရာသည်။

၇၂၉။ ခေတုရောင်ခြည်၊ဆယ်ရပ်လည်၊မည်ချိန်ရောက်မှ ကွယ်လိမ့်နည်း။ (၂၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သာသနာတော် ငါးထောင်စေ့သောအခါ မဟာဗောဓိပင်တွင် ဓာတ်မွေတော်ဟူသမျှစုဝေး၍ ပရိနိဗ္ဗာန်ပြုလိမ့်မည်။ ထိုအခါ ဓာတ်တော်မှ လွတ်သော ရောင်ခြည်တော် ခြောက်သွယ်တို့သည် အထက်အောက် ပျံ့နှံ့၍ထွန်းပပြီးမှ ကွယ်လိမ့်မည်။ ကာလ အကြာကိုကား ဘယ်မျှကြာမည်ဟု ကျမ်းဂန်မလာ။

၇၃၀။ ကျွန်းကြီးလေးတည်၊ဥတုသည်၊တူမည် ခြားမည် ဘယ်သို့နည်း။ (၂၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နေမင်းသည် နက္ခတ်ရာသီစက်ကိုစီး၍ လေးကျွန်းလုံးကိုလည်သည်။ ဥပမာကား–ဆီဆုံ၏ နှာတံ၌ အတွင်းကစီးသောသူသည် အတွင်းဝန်းဖြင့်လည်သည်။ အလယ်က စီးသောသူသည် အလယ်ဝန်းဖြင့် လည်သည်၊ ပြင်ကစီးသောသူသည်လည်း ပြင်အဝန်းဖြင့် လည်သည်။ ခရီးအကျဉ်းအကျယ်သာထူးသည်။ အရောက်မူကား အတူတကွသကဲ့သို့ ထို့အတူ နေမင်းလည်းစက်အတူသွားသည်ဖြစ်၍ လေးကျွန်းလုံး ဥတုအတူတူချည်း ဖြစ်သည်။

ထို့ကြောင့် —

> ဆီဆုံနှာတံ၊ စက်လည်ဟန်ဝယ်၊ ပြင်စွန်အဘ၊ ပုတ္တမဇ္ဈေ၊ မအေဆုံရင်း၊ စက်သုံးကွင်းသို့၊ နေမင်းဘုန်းကြီး၊ တိမ်ယာဥ်စီးသည်၊ ခရီးသုံးပါး၊ ဝန်း၍သွား၏။

ဟူသော လောကသာရတို့၌ စပ်ဆိုသည်။

ဤသို့ စက်အကုဥ်းအကျယ်ဖြင့် သွားခဲ့သော် "တနေ့သ၌ နေမင်း ယူဇနာသုံးသန်းရောက်သည်" ဟူသော စကားနှင့် အဘယ်သို့ ညီတော့အံ့နည်း ဟူငြားအံ့။ နေမင်းရောက်သော ခရီးသည် ယူဇနာ သုံးသန်းရောက်သည်ဟု ကျမ်းဆရာတို့မဆို။ နေမင်းမှီ၍သွားသော နှစ်ဆယ့်ခုနစ်လုံး နက္ခတ်တို့၏ တည်ရာဖြစ်သော ရာသီစက်သာလျှင် ယူဇနာသုံးသန်းရှိသည်ဟု ဆိုသည်။ ထိုရာသီစက်ဖြင့်သာ နေမင်းလှည့်လည်လေသည်။ လည်၍ရောက်သော ခရီးကား အဇ္ဈောဝီထိသွားသောအခိုက် တနေ့လျှင် ယူဇနာပေါင်း တသန်း ကိုးသောင်း တထောင်ငါးရာ ရှ်ဆယ့်ခုနစ်ယူဇနာ နှစ်ဂါဝုတ် ရောက်၏။ မဇ္ဈေဝီထိသွားသောအခိုက် တနေ့လျှင် ယူဇနာပေါင်း တသန်း ကိုးသိန်း သုံးသောင်း တရာ ခုနစ်ဆယ့်ငါးယူဇနာ ရောက်၏။ ဗာဟိရဝီထိ သွားသောအခိုက် တနေ့လျှင် ယူဇနာပေါင်း နှစ်သန်း ခုနစ်သိန်း ခုနစ်သောင်း ခုနစ်ရာခြောက်ဆယ့် နှစ်ယူဇနာ နှစ်ဂါဝုတ်ရောက်၏။

ထိုသို့ ဝီထိသုံးပါးတို့၏ ကျယ်ဟန်ကို ဘယ်သို့သိအပ်သနည်းဟူမူ....မြင်းမိုရ်နှင့် စကြဝဠာ ကွာသောခရီး၏ထက်ဝက် အချက်ကို သုံးခုမြှောက်။ အဝန်းယူဇနာ (သတ်အင်္ဂပဥ္စာ၊နောတိဗသျှ) ရှစ်သိန်း သုံးသောင်း ကိုးထောင့် ငါးရာရှစ်ဆယ့်ခုနစ်ယူဇနာ နှစ်ဂါဝုတ်ဖြစ်၏။ မြင်းမိုရ်တောင်၏ အဝန်းယူဇနာ နှစ်သိန်း ငါးထောင်ကိုတည်။ ရှစ်သိန်း သုံးသောင်း ကိုးထောင့် ငါးရာ ရှစ်ဆယ့်ခုနစ်ယူဇနာ နှစ်ဂါဝုတ်ရော အဇ္ဈောဝီထိအဝန်းဖြစ်၏။ ၎င်းတွင် ဤကိန်းထပ်၍ရောပြန်၊ မဇ္ဈေဝီထိအဝန်းဖြစ်၏။ ၎င်းတွင် ဤကိန်းထပ်၍ရောပြန်၊ ဗာဟိရဝီထိအဝန်းဖြစ်၏။ ၎င်းတွင် ထပ်၍ရောပြန်၊ စကြဝဠာအဝန်းယူဇနာ ဖြစ်၏။

ထို့ကြောင့် လောကဝိဒူပျို့၌ —

> နှစ်သိန်း ငါးသောင်း၊ နှစ်ထောင်ဆောင်းသား၊ လုံးလျှောင်းကြီးထု၊ မေရုမဏ္ဍလ၊ တောင်မှရွှေဖျား၊ တည်ကိန်းထား၍၊ အပွားဖွင့်လုစ်၊ ခုနစ်ယူဇနာ၊ နှစ်ဂါဝုတ်မျှ၊ ငါးရာ့ရှစ်ဆယ်၊ ကြွယ်၏ရွှေးနှောင်း၊ သုံးသောင်း ကိုးထောင်၊ စောင့်ဆောင် ရှစ်သိန်း၊ ရောကိန်းရောက၊ အဇ္ဈောရ၏၊ ထိုမှမဇ္ဈု၊ ထိုဘုံဗာဟိ၊ထိုပြီစကြဝါ၊လေးခါ ထိန်းကျောင်း၊ လေးကိန်းလောင်းသော်၊ အပေါင်းဖြင့်အား၊ လေးပါးတ်တိ၊ ပရိမဏ္ဍိုင်၊ လေးဝိုင်းပိုင်ရှင့် ဟူ၍စပ်ဆိုသည်။

ဤသို့ နေမင်းသည် စက်တူသွားသောကြောင့် လေးကျွန်းလုံး၌ ဥတု တူကြ၏ဟု မှုချ သိရာသည်။

ပိဋကတ်နှင့် ညီသော် တန်ဆောင်မုန်းလအခါ၌ ရွာသောမိုးကို "ဤမိုးသည် အဆုံးစွန်သော ရွာခြင်းဖြင့် လေးကျွန်းလုံးကို နှံ့စေလျက် ရွာသောမိုးတည်း" ဟူ၍ ဘုရားမိန့်တော်မူကြောင်းကို ဝိနည်းမဟာဝါပါဠိတော်၌ လာသည်နှင့်လည်းညီ၏။ "မိုးကာလ၌ အမှုန္တရနတ်သားသည် လေးကျွန်းလုံးကို မိုးရေဖြင့်သွန်းရ၏" ဟူ၍ ဟောတော်မူသော သုတ်ပါဠိတော်နှင့်လည်းညီ၏။

အချို့ဆရာတို့ကား သာရတ္ထဒီပနီ၌ "ဩရုယှော ရုယှ"ဟူသော ပါဌ်ကိုထောက်၍ ခေါက်ရှာငှက် ပျံသကဲ့သို့ နိမ့်တုံမြင့်တုံ သွားသည်။ ထိုကို အကောက်တာသောအားဖြင့် ယူဇနာသုံးသန်းအညီဖြစ်သည်ဟု ဆိုကြ၏။ ထိုစကားသည် အလွန်မှားသည်ဟု မှတ်အပ်၏။အဘယ့်ကြောင့်နည်းဟူမူ သာရတ္ထဒီပနီ ဆရာတော်ကား အန္တောဝီထိသည် ယူဇနာ လေးသောင်းနှစ်ထောင်မြင့်သည်။ ဗာဟိရဝီထိသည် လေးသောင်းတထောင်မြင့်သည်ဖြစ်၍ ဝီထိ အနိမ့်အမြင့် မညီရကား ပြင်သို့ထွက်၍ ဒက္ခိဏာယာဉ်သွားသောအခါ သက်၍သက်၍ သွားရသည်။ အတွင်းသို့ဝင်၍ ဥတ္တရာယာဉ်သွားသောအခါ တက်၍တက်၍ သွားရသည်ဖြစ်၍ ခေါက်ရှာငှက်ပျံသကဲ့သို့ တက်၍လည်းကောင်း သက်၍လည်းကောင်းသွားသည်ဟု ဆိုသည်။ နိမ့်တုံ မြင့်တုံသွားသည်ကို ရည်၍မဆို။ အကယ်၍ နေမင်းသည် နိမ့်တုံမြင့်တုံ အကောက်သွားသည်ဖြစ်အံ့။ နိမ့်သောအခါ လူနှင့်နီးသောကြောင့် သာ၍ပူရာသည်။ မြင့်သောအခါ လူနှင့် ဝေးသောကြောင့် သာ၍ အေးရာသည်။ ထိုကဲ့သို့လည်း မဖြစ်။ ထို့ကြောင့် နိမ့်တုံ မြင့်တုံ မသွားသောအဖြစ်ကို သိသင့်သည်။

၄၄၁။ ကပိလပြည်၊ တော်ကသည်၊ မည်သို့တောထွက်လေသနည်း။ (၂၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကဏ္ဍကံ အဘိရုဟိတွာ ပါစီနာဘိမုခေါ နိက္ခမတိ။

အစရှိသည်ဖြင့် သုတ္တနိပါတ် ပဗ္ဗဇ္ဇသုတ် အဋ္ဌကထာ၌လာသောကြောင့် ကပိလဝတ်ပြည်မှ အရှေ့အရပ်သို့ ရှေးရှုလျက် ထွက်တော်မူသဖြင့် အနော်မာမြစ်သို့ ရောက်သည်ဟူပေ။

၄၄၂။ အဝိစိပြည်၊ လူကသည်၊ ခန့်ရည်ဘယ့်လောက်ကွာသနည်း။ (၂၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဣတော ဟေဋ္ဌာ ဝီသတိသဟဿာဓိကယောဇနသတသဟဿေ အဝီစိမဟာနိရယော တိဋ္ဌတိ၊ အဋ္ဌန္နံ မဟာနိရယာနံ အန္တရံ ပန္နရသယောဇနသဟဿန္တိ။

ဟူ၍ လောကပညတ္တိ ကျမ်းတွင် လာသည်။

အဓိပ္ပာယ်ကား။ ။ဤလူ့ပြည်မှ ယူဇနာ တသိန်း နှစ်သောင်း ကွာသော သေလာပထဝီ၏အထက်၊ ပံသုပထဝီ၏အောက်၌ ယူဇနာ တသောင်း အပြန့်ကျယ်သော အဝီစိငရဲကြီးတည်သည်။ ငရဲကြီးရှစ်ထပ်တို့တွင် တထပ်မှတထပ်၏အကြားသည် ယူဇနာ ကသောင်းငါးထောင်စီ ခြား၏ဟူလိုသည်။ ဇိနာလင်္ကာရဋီကာ၌လည်း ဤနည်းအတိုင်းပင် ပြသည်။ သာရတ္ထဒီပနီ ဋီကာ၌ကား....

အယဉ္စ အဝီစိမဟာနိရယော ဇမ္ဗုဒီပဿ ပေဋ္ဌာ ပတိဋ္ဌိတောတိ ဝဒန္တိ။

ဟူသောပါဠိဖြင့် ဇမ္ဗူဒိပ်ကျွန်းမြေ၏ အောက်၌တည်ကြောင်းကိုလာသည်။ အဝေးအကွာကို မလာ။အင်္ဂုတ္တိုရ်ဋီကာ၌ကား–

ဇမ္ဗူဒိပ်ကျွန်းမြေ လူနေသော ဌာနတို့၏အောက် အစောက်တသောင်းကွာ၌ သိဥ္စုံဝိုးငရဲ တည်သည်။ရင်း၏အောက် အစောက် တသောင်းစီအကွာ၌ ကာလသုတ်,သင်္ဃာတ, ရောရုဝ,မဟာ ရောရုဝ, တာပန, မဟာတာပန, အဝီစိဟူသော ငရဲကြီးရှစ်ထပ်တို့ အဆင့်ဆင့် တည်ကုန်သည်။ ထိုကြောင့် လူ့ပြည်မှသည် အဝီစိ ငရဲ၏ တည်ရာသည် ယူဇနာပေါင်း ရှစ်သောင်း ခြားကွာ၏ဟု မိန့်တော်မူသည်။

ဤကိုရည်၍ ရှင်အဂ္ဂသမာဓိ စီရင်သော နေမိပျို့ ငရဲခန်း၌–

လူ့ဘုံမှ၊ ဝိစိမည်ရာ၊ ငရဲရွာကား၊ ယူဇနာပေါင်း၊ နက်လေတောင်းသည်၊ရှစ် သောင်း မြေအစောက်၏တည်း။ ဟူ၍ စပ်ဆိုသည်။

၇၃၃။ မိုးသီးကျသည်၊ တျက်တျက်မြည်၊ ရေကြည်ဘယ့်ကြောင့် ခဲသနည်း။ (၂၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မြေမှထွက်သော အခိုး မိုးမှထွက်သော အခိုး, ဤအခိုးအငွေ့တို့သည် အထက်သို့ တက် လေ၍ ဝေရမ္ဘ လေလာရာ ကောင်းကင်သို့ ရောက်သောအခါ ပြင်းထန်စွာလာသော လေဟုန် ကြောင့် အထက်သို့မတက်ပဲ မြေးယှက် ရစ်သန်း၍တည်ကုန်သည်။ အခိုးအမှုန်ချင်း ပေါင်းမိသဖြင့် လည်း ရေဒေါက် ရေခဲ ဖြစ်ကုန်သည်။ ထိုရေပေါက် ရေခဲတို့သည် အောက်မှ လွင့်တက်သော လေဟုန် မှုမှုန့်တို့ကြောင့် အောက်သို့ မသက်မကျပဲ ကာလအရှည် တည်လတ်သော် နေရှိန် တည်းဟူသော ဥတုတေဇော၊ လေရှိန်မှုဖြစ်သော ပါစကတေဇော၊ သီတတေဇောတို့၏ အာနုဘော် ကြောင့် အစိုင်အခဲဖြစ်ကုန်သည်။ ထိုအခဲတို့သည် အချို့ကား ပင်လယ်ရေကို ချက်၍ခဲသော ဆား ကဲ့သို့ မွမွသာ ခဲသည်။ အချို့ကား နေရှိန် လေရှိန်သင့်ခြင်း လွန်သဖြင့် ကျောက်စိုင်ကဲ့သို့ မာပြင်း စွာ ခဲကုန်သည်။ ထိုမာပြင်းစွာခဲသော ကျောက်တို့သည် အရောင်အဝါ ထွန်းပလျက် အာကာသဋ္ဌရတနာ ဖြစ်လေကုန်၏။ ထိုကျောက်ရတနာသည် တိမ်လွှာ တိမ်တိုက်မှ ဖြစ် ရကား ဝဠာဟကပုလ်ဟူ၍လည်းကောင်း၊ ဥဿဖယားဟူ၍သည်းကောင်း သမုတ်သည်။ ထိုကျောက်နှတို့ကို ကောင်းကင်၌ ကျက်စားသော ဆင်ပျံ, မြင်းပျံတို့သည် စားကုန်သည်။ နတ်တို့လည်းဆောင်ယူ၍ ဘယက်တန်ဆာ ပြုကြကုန်သည်။ ဆားကဲ့သို့ မွမွနုသာ ခဲသော ရေစိုင်တို့မူကား အမ္ဗုန္တရနတ်သား၏ ရေနှင့်ထိလျှင် အစိုင်အခဲမှကွဲပျက်၍ အချို့ရေဖြစ်လျက် ကျလာကုန်သည်။ တိုသို့ကျလာကုန်သည်ကိုမဂဓဘာသာဖြင့် “ဃနသော,ကာရကဝဿ”ဟုခေါ် ဝေါ်သည်။ မြန်မာဘာသာဖြင့် “မိုးသီး” ဟု ခေါ်ဝေါ်သည်။ ဤသို့ နေဟုန် လေဟုန်မှ ဖြစ်သော ဥတုတေဇော၊ ပါစကတေဇော၊ သီတတေဇော၊ ဝါယောဓာတ်တို့၏ အာနုဘော် ကြောင့်ပင် ရေကြည်ခဲ၏ဟူပေ။

အဘယ်ယုတ္တိကိုထောက်၍ သိရသနည်းဟူမူ-ထမင်းအိုး ဟင်းအိုးစသည်တို့မှ ထွက်သော အငွေ့သည် အထက်မှ အဆီးအတား မရှိလျှင် ပျောက်လေသည်။ အဆီးအတားရှိလျှင် ထိုအငွေ့တို့သည် စုရုံး၍ ရေလုံးရေပေါက် ဖြစ်လေသည်။ ဤကဲ့သို့အခိုးအငွေ့ဟူသမျှသည်ရေပေါက်ဖြစ်ကြသည်ချည်း ဖြစ်သည်။

ဆရာ့သဘောနှင့်သာ ကြံဆ၍ဖြေသလော။ယုံကြည်လောက်သောရှေးဆရာတို့၏ ဥပဒေသကို ရ၍ပင် ဖြေသလော ဟူငြားအံ့။ အဘိဓာန်ရ တာပသဏ္ဍသိတ္တိဟောအပ်သော အာဒိကပ္ပကျမ်း၌လည်းကောင်း၊ လောကပညတ္တိကျမ်း၌လည်းကောင်း၊ အာကာသဋ္ဌရတနာ တို့၏ ဖြစ်ကြောင်းကို ဆိုရာ လောကုပ္ပတ္တိကျမ်း၌လည်းကောင်း လာသောနည်းကို မှီ၍ ဖြေဆိုသတည်း။

[ဤပြဿနာ၌လည်း ရှေးအဖြေဆရာ၏ အာဘော်သည် ချော်လေစွ]။

၇၃၄။ ဖောဋ္ဌဗ္ဗတည်၊ ဖြဟ္မာ့ပြည်၊ ဘုံသည် ဖောဋ္ဌဗ်
ကင်းလိမ့်နည်း။ (၂၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗြဟ္မာတို့သည် ဖောဋ္ဌဗ္ဗာရုံကို ခံစားတတ်သော ကာယပသာဒမျှ မရှိဟူ၍ ကျမ်းဂန်ဆိုသည်။ မိမိတို့၏ ဗိမာန်ဘုံဆောင်သည် တွေ့ကောင်း ထိကောင်းသော ဘူတရုပ်အစု ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ ဖြစ်သည်မဟုတ်လော။ ထိုဘုံ၌ နေခဲ့သော် အဘယ်သို့ ဖောဋ္ဌဗ္ဗာရုံ ကင်းနိုင်အံ့နည်း ဟူလိုသည်။

ဃာနာဒိတ္တယံ နတ္ထိ၊ ဗြဟ္မာနံ ကာမဝိရာဂဘာဝနာဝသေန ဂန္ဓရသဖောဋ္ဌဗ္ဗေသု ဝိရတ္တ-
တာယ တဗ္ဗိသယပ္ပသာဒေသုပိ ဝိရာဂသမ္ဘဝတော။

ဟူ၍ မိန့်သော ဋီကာကျော်ဖြင့်ပင် ဖြေ။

အနက်ကား။ ။ဗြဟ္မာနံ၊ ဗြဟ္မာတို့အား။ ကာမဝိရာဂဘာဝနာဝသေန၊ ကာမဂုဏ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းဖြင့်။ ဂန္ဓရသ ဖောဋ္ဌဗ္ဗေသု၊ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌။ ဝိရတ္တတာယ၊ တပ်မက်ခြင်း ကင်းသည်၏ အဖြစ်ကြောင့်။ တဗ္ဗိသယပ္ပသာဒေသုပိ၊တို ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ လျှင် အာရုံရှိသော ပသာဒရုပ်တို့၌လည်း။ ဝိရာဂသမ္ဘဝတော၊ တပ်ခြင်းကင်းသော အားဖြင့် ဖြစ်သောကြောင့်။ ဃာနာဒိတ္တယံ၊ ဃာနအစရှိသော ဝတ္ထုရုပ်သုံးပါး အပေါင်းသည်။ နတ္ထိ၊ မရှိ။

အဓိပ္ပာယ်အကျဉ်း လိုရင်းကား....ဗိမာန်ဘုံဆောင်တည်းဟူသော ဖောဋ္ဌဗ္ဗာရုံကို ဗြဟ္မာတို့သည် မှီ၍ထိ၍နေငြားသော်လည်းထိုထိုအာရုံ၌တပ်ငြိခြင်းရာဂ မရှိသည်၏အဖြစ်ကြောင့် "ကင်း၏" ဟူ၍ ဆိုရသည် ဟူလိုသည်။

၇၃၅။ ဘဝင်ကသည်၊ ဤလူ့ပြည်၊ မည်မျှလံပေါင်း ကွာသနည်း။(၂၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဘြဲ့သုညာ၊ သောပဋ္ဌာ၊ အဋ္ဌာကေသတ်။
နေဝသညာ၊ ထက်ဖြဟ္မာ၊ လူ့ရွာအခြားမှတ်။

ဟူ၍ မိန့်အပ်သောကဗျာနှင့်အညီ- ဘဝင်နှင့်လူ့ပြည်သည် ယူဇနာပေါင်း ခုနစ်ကုဋေ တသန်း ရှစ်သိန်း ငါးသောင်း ခြောက်ထောင် ကွာသည်။ထိုအကွာယူဇနာကိုတည်၊လေးခုမြှောက် ဂါဝုတ်ပေါင်း ဖြစ်၏။ ထိုကို ရှစ်ဆယ်မြှောက်၊ ဥသဘပေါင်းဖြစ်၏။ ထိုကို နှစ်ဆယ်မြှောက်၊ တာ ပေါင်း။ ထိုကို ခုနစ်ခုမြှောက် တောင်ပေါင်း။ ၎င်းတောင်ပေါင်းကို လေးခုစား။ လဒ်ကား အလံ ပေါင်း (၀၀၄၇၀၇၂၀၀၀၀၀)ကုဋေပေါင်း ရှစ်သောင်း လေးရာ့ ခုနစ်ဆယ့်ရှစ်ကုဋေ ခုနစ်သန်း နှစ်သိန်းဖြစ်၏။

နန်းနုနယ်နနာ၊ ရင်သူဇာ၊ ဆင်းဝါနိဒ္ဒိ၊ အလံပုံ။

၇၃၆။ တီပေါင်း၍တည်၊ ယုန်ဖြစ်သည်၊ ယုံကြည် ထိုက်ကောင်းပါလိမ့်နည်း။(၂၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တီပေါင်းစု၍ တည်သဖြင့် ယုန်ဖြစ်ကြောင်းကို သာသနာကျမ်း၊ ဗေဒင်ကျမ်း၊ဆေးကျမ်း၊ ဓာတ်ကျမ်းတို့၌ မတွေ့မိ။

ယင်းသို့ မတွေ့သော်လည်းလောက၌ အထူးထူးဝိပလ္လာသဖြစ်ကြခြင်းကား အလွန်များ၏။ သမန်းကျားဆေးမြစ်ကို မန်း၍ စားသဖြင့် လူစင်လျက် ကျားဖြစ်ကြောင်း။မြွေသားနှင့် ဆေးမြစ် စပ်၍ စားသဖြင့် လူစင်လျက် မြွေဖြစ်ကြောင်း။ မာယာဝီဆေးကို သုတ်လိမ်းသဖြင့် ဗျိုင်းသည် ကြက်ဖြစ်ကြောင်း။ နွားသည် သမင်ဖြစ်ကြောင်းများကို ထုံးစံ စာဟောင်းတို့၌ဆိုသည်ကားများ ၏။ မြင်ဖူး ကြားဖူးသည်လည်းရှိ၏။ ထို့ကြောင့် မယုံကြည်ထိုက်ဟု မဆိုသာချေ။

ဘုရားသဗ္ဗညုလည်း စေ့ငုံစွာ ဟောဆိုခြင်းငှာ ခက်သောကြောင့် နည်းအမြွက်မျှ ပြတော် မူလိုသည်ဖြစ်၍ –

ဣဒံ ဣမေ ပါဏာ၊ ဤသတ္တဝါအပေါင်းတို့သည်။ စိတ္တံ ယထာ၊ ဆန်းကြယ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ စိတ္တံ၊ ဆန်းကြယ်သော။ အညံ၊ တပါးသော။ ကေနိကာယမ္ပိ၊ တခုသော အပေါင်းကိုမျှ လည်း။ အဟံ၊ ငါဘုရားသည်၊ သမနုပဿာမိ၊ မြင်တော်မမူ။ ဟူ၍ အင်္ဂုတ္တိုရ်၌ ဟောတော်မူ သည်။

၃၃၇။ အလမ္ဗာယ်သည်၊ နဂါးပြည်၊ မည်ခရီးက သွားသနည်း။ (၂၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဘူရိဒတ်ဇာတ်တော်၌ အလမ္ဗာယ်ယောကျ်ား၏ အကြောင်းကား–

ကြွေးမြီများသော ပုဏ္ဏားဆင်းရဲ တဦးသည် လူ့ပြည်တွင် နေရန် ခက်ခဲသောကြောင့် တောသို့ ပြေးထွက်၍ လာလတ်သော် တောင်သမုဒ္ဒရာ၏ အနီးလက်ပံတောကြီး၌နေသော ဂဠုန်မင်း၏ မန္တာန်ကိုရသော ရသေ့တဦးနှင့်တွေ့၍ ထိုရသေ့အား ဝတ်ကြီးဝတ်ငယ်ကို ပြု၍ ခစားသဖြင့် ပုဏ္ဏားအား ဂဠုန်မင်းပေးခဲ့သော အလမ္ဗာယမန္တန်ကိုလည်းကောင်း၊ ဆေးကို လည်းကောင်း သင်လိုက်သော် ပုဏ္ဏားဆင်းရဲလည်း "ငါသည် အသက်မွေးလောက်သောအတတ်ပညာကို ရပြီ။ ဤအတတ်ဖြင့် လူ့ရပ်ပြည်ရွာ၌ ငါအသက်မွေးဦးအံ့"ဟုကြံ၍ရှင်ရသေ့အား ကန်တော့ခဲ့ပြီးလျှင် ယမုနာမြစ်ကမ်းသို့ အစဉ်လျှောက်သဖြင့် လာခဲ့၏။ ဘူရိဒတ်နဂါးမင်း၏ အလုပ်အကျွေးဖြစ်သော နဂါးမတို့သည် နဂါးဘုံမှထွက်၍ ယမုနာမြစ်ကမ်းနား သဲစု၌ ပတ္တမြားကိုထား၍ ထိုပတ္တမြားရောင်ဖြင့် တညဉ့်လုံး ကစားကြပြီးသော် နံနက် အရုဏ် တက်သောအခါ ထိုပတ္တမြားရတနာကို ကျက်သရေသွင်းလျက် နေကြကုန်၏။ ထိုသို့ နေရာအရပ်သို့ ယခင်ပုဏ္ဏားသည် ရောက်၍ အလမ္ဗာယမန္တန်ကို ရွတ်အံသရဇ္ဈာယ်လျှင် နဂါးမငယ်တို့လည်း ဂဠုန်မင်း မှတ်ထင်၍ အလျှင်တသော မြေသို့ ငုပ်၍ ပြေးကြသဖြင့် ပတ္တမြားခဲသည် ရဲရဲတောက်လျက် ကျန်ရစ်၏။ ပုဏ္ဏားလည်း အားရဝမ်းသာစွာ "ငါ၏မန္တန်အကျိုးကို ခံရပေပြီ"ဟု ပတ္တမြားခဲကို ယူ၍ လာခဲ့၏။

ဤသို့ ဘူရိဒတ်ဇာတ်၌ ဆိုသောကြောင့် အလမ္ဗာယ်သည် နဂါးပြည်ကို ယမုနာမြစ်ကမ်းနားဖြင့် သွား၏ဟူပေ။

၃၃၈။ အထက်နတ်ပြည်၊ ဘုံတိုင်းသည်၊ လည်ရန်လှည်းဘီး ရှိလိမ့်နည်း။ (၃၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

နတ်ဘုံဗိမာန်သည် လူ့ပြည်၌ ရထားကဲ့သို့ လှည်းဘီး ဝင်ရိုးစသည်မရှိ။ ပကတိသော ဗိမာန်ပြာသာဒ်ပင်ဖြစ်သည်။ကောင်းကင်ပြင်၌ အစဉ်သွားသည်ဖြစ်၍ ရထားနှင့် အလားတူသောကြောင့်သာလျှင် "နတ်ဘုံရထား ကောင်းကင်သွား"ဟု ခေါ်ဝေါ်ကြသည်။ ရတုကဗျာတို့၌လည်း စပ်ဆိုကြသည်။ အဘယ်ကို ထောက်၍ သိရသနည်းဟူမူ ဝိမာနဝတ္ထုပါဠိတော် အဋ္ဌကထာတို့၌—

> အညတရေန ရောဂေန ဖုဋ္ဌော ကာလံ ကတွာ တာဝတိံသာ ဘဝနေ ဒွါဒသယောဇနိကေ ကနကဝိမာနေ နိဗ္ဗတ္တိ။ အဋ္ဌရ သဟဿပရိဝါရာ အဟောသိ။ ပီဌဒါနာနုဘာဝေန တဿာ ယောဇနိကော ကနက ပလ္လင်္ကော နိဗ္ဗတ္တိ။အာကာသစာရိနိ သီဃဇဝေါ ဥပရိကူဋ္ဌာဂါရသဏ္ဌာနော။ တေန တံ ပီဌဝိမာနန္တိ ဝုစ္စတိ။

စသည်ဖြင့် လာသည်။

သာ၊ ထိုအင်းပျဉ်လျှသော မိန်းမသည်။ အညတရေန ရောဂေန၊ တခုသော ရောဂါဖြင့်။ ဖုဋ္ဌော၊ တွေ့သည်ဖြစ်၍။ ကာလံ ကတွာ၊ သေခဲ့၍။ တာဝတိံသာဘဝနေ၊ တာဝတိံသာနတ်ပြည်၌။ ဒွါဒသယောဇနိကေ၊ တဆယ့်နှစ်ယူဇနာရှိသော။ ကနကဝိမာနေ၊ ရွှေဗိမာန်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ အစ္ဆရာသဟဿပရိဝါရာ၊ နတ်သမီးတထောင်အရံရှိသည်။ အဟောသိ၊ ဖြစ်၏။ ပီဌဒါနာ-နုဘာဝေန၊ အင်းပျဉ်လှူသည်၏ အာနုဘော်ကြောင့်။ တဿာ၊ ထိုနတ်သမီးအား။ယောဇနိကော၊ တယူဇနာမျှလောက်ကြီးကျယ်သော။ ကနကပလ္လင်္ကော၊ ရွှေပလ္လင်သည်။ နိဗ္ဗတ္တိ၊ ဖြစ်လှာ၏။ အာကာသစာရိနီ၊ ကောင်းကင်ပြင်၌ အစဉ်လည်း သွား၏၊ သီဃဇဝေါ၊ လျင်မြန်သော အဟုန်ရှိ၏။ ဥပရိ၊ အထက်၌။ ကူဋ္ဌာဂါရသဏ္ဌာနေ၊ စုလစ်မွန်းချွန်တပ်သော ပြာသာဒ်သဏ္ဌာန်ရှိ၏။ တေန၊ ထိုကြောင့်။ တံ၊ ထိုဗိမာန်ကို။ ပီဌဝိမာနန္တိ၊ ပီဌဝိမာနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအတူ ရှစ်ဆယ်သော ဘုံဆောင်ဗိမာန်တို့၏ သဏ္ဌာန်ပမာဏကိုလည်း ပြတော်မူသည်။ လှည်းဘီးရှိကြောင်းကို မပြချေ။ မာတလိနတ်သားသည် နေမိမင်းကြီးအား တင်ယူလာသော ဝေဇယန္တာ-ရထားတို့၌သာ လှည်းဘီးဝင်ရိုးအစုံနှင့် လာသည်။ ထို့ကြောင့် နတ်ဘုံတိုင်း လှည်းဘီးမရှိ။ အလိုရှိသော နတ်တို့၏ဗိမာန်၌သာ ရွေးကောင်းမှု အလိုက် ရှိပေရာသည်ဟု မှတ်သင့်သည်။

၄၃၉။ ဘိလူးသွေးရည်၊ ပုဂံပြည်၊ စိုးသည်ဘယ်မင်း
ပေတို့နည်း။ (၃၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပိတ်တောင်မင်း၏ညီ ငခွေး၏နောက်၌ မင်းပြုလေသော မြင်းကျွေးမင်းတည်း။

ထိုမင်း၏အကြောင်းကား....

ကုက္ကိုတောင်ပဲရွာ၌ သူကြီးတဦး၏အိမ်ဘွင် အပြင်အလျာနှင့်ပြည့်စုံသော ကျွန်မတယောက်သည် ရှိ၏။ ထို ကျွန်မသည် ဆယ့်ရှစ်နှစ်မျှယ်ရှိသောအခါ ရွာနှင့် အတန်ကွာတွင် အရှင်သူကြွယ်က ထိုကျွန်မကို ယာစောင့်ထည့်၏။ထိုယာ၏အနီး သစ်ပင်ကြီးတခုကို မှီ၍နေသော ဘုမ္မစိုးနတ်ဘီလူး တကောက်သည် ထိုကျွန်မအား တပ်မက်ခြင်းစိတ်ရှိ၍ လူ၏သွင်ဖြင့် ပြောဆိုလှည့်ပတ်၍ ရည်ငံရောယှက်ကြရာတွင် သန္ဓေရလေ သတည်း။ ထိုသန္ဓေ မှင့်သောအခါ အဖ ဘီလူးလည်း မပေါ်လှာပဲ သူကြွယ်အိမ်တွင် ဖွားမြင်ရလေ၏။ သူကြွယ်မွေးမြူ၍ သူငယ်အတန်ကြီးသောအခါ အရှင်က မြင်းကျောင်းစေ၏။ တနေ့သ၌ မြင်းပျောက်လေသောကြောင့် အရှင်ကို ကြောက်ရွံ့သောအားဖြင့် မင်းတွင် ဝင်၍ ခစားလေ၏။ မင်းကြီးလည်း အနီးအပါးတွင် စေပါးတော်မူ၏။ စွမ်းပကားခွန်အားလည်း ကြီးလှသည်ဖြစ်၍ မြင်းခံကြီးပြုစေ၏။ မင်းကြီးလည်း မြင်းကို ချစ်မြတ်လှသောကြောင့် ညလူဆိတ်သောအခါ မြင်းတင်းကုပ်သို့ လာ၍ မိဖုရားငယ်တယောက်နှင့် နေစမှတ်ပြု၏။ လာဖန်များသော် မိဖုရားနှင့် မြင်းခံသည် ရည်ငံစကားဝင်ကြ၍ တနေ့သ၌ မင်းကြီးတောကစားသွားရာ တောသို့ ရောက်လျှင် မှူးမတ်ဗိုလ်ပါနှင့် ကွဲသည့်အခိုက် မင်းကြီးကို လုပ်ကြံလေ၏။ မြင်းခံလည်း မင်းကြီး၏ အဝတ်တန်းဆာတို့ကို ဆင်ယင်ဝတ်ရှား၍ မြင်းကို စီးပြီးမှ မြို့သို့ပြန်လာ၏။ နန်းတော်သို့ ရောက်လျှင် အလိုမတူသော မိဖုရားတယောက်ကို လုပ်ကြံ၍ အလိုသို့ချည်း ပါကြ

လေ၏။ မျှုးမတ်တို့လည်း ပြည်ရွာ စနောင့်စနင်းရှိမည်စိုး၍ အလိုသို့ ပါရလေ၏။ ထိုမင်းကာ အိမ်နိမ့် ၂၁။ စည်းစိမ် ၁၀။ သက်တော် ၃၁-မှ အနိစ္စရောက်၏။ ပုပ္ပါးစောရဟန်း ပြုပြီးနောက် သက္ကရာဇ် ၇၀-ခုတွင် မင်းဖြစ်သတည်း။

၇၄၀။ သုံးဆယ့်နှစ်မည်၊ မြို့ကြီးတည်၊ မည်မျှလူမျိုး နေသနည်း။ (၃၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကေသာ လောမာ စသော ဒွတ္တိံသာကာရ၏အစုဖြစ်သော လူတို့၏ ခန္ဓာကိုယ်သည် ခန္ဓာပုရမြို့ မည်၏။ ထိုမြို့၌ အကုသိုလ်စိတ်ဒွါဒသတို့နှင့် သမ္ပယုတ်ဖြစ်သော စေတသိက်သတ္တဝီသတည်းဟူသော လူဆိုး လူသွမ်းတမျိုး။ ကုသိုလ်စိတ် ကောဝီသတို့နှင့် သမ္ပယုတ် ဖြစ်သော စေတသိက် အဋ္ဌတိံသတည်းဟူသော လူကောင်း သူကောင်းတမျိုး။ ဝိပါက်စိတ်ဆတ္တိံသတို့နှင့် သမ္ပယုတ် ဖြစ်သော စေတသိက်အဋ္ဌတိံသတည်းဟူသော သူမြတ်တမျိုး။ ကိရိယာစိတ်ဝီသ၊ စေတသိက် ပဉ္စတိံသတည်းဟူသော သူလွန်သူမြတ်တမျိုး။ ဤလေးမျိုးသော သူတို့သည် နေ၏ဟူပေ။

သဒ္ဒိသူပစာဖြင့် ဆိုသော ပုစ္ဆာဖြစ်၍ လူတို့၏ ကိုယ်ကို ယူသင့်ကြောင်းဖြင့် ဆရာဖြေသော်– ဤခန္ဓာကိုယ်ကို မြို့ဆို၍ ဟောပြသော ဘုရားဒေသနာရှိပါ၏လော ဟူငြားအံ့–

> အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
> ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော။

ဟူ၍ နမတော် ဇနပဒကလျာဏီအား ဘုရားဟောသော ဒေသနာ ရှိ၏။ ထိုဒေသနာကို ဓမ္မပဒ၌ သံဂါယနာတင်၏ ဟူပေ။

နန္ဒေ၊ ရူပနန္ဒာ သညာတွင်သည် ကလျာဏီ။ အယံ ကာယော၊ ဤကိုယ်ဟူသည်ကား။ မံသလောဟိတလေပနံ၊ အသားအသွေးတို့ဖြင့် လိမ်းကျံအပ်သော။ အဋ္ဌီနံ၊ အရိုးတို့၏။ နဂရံ၊ မြို့ကို။ ကတံ၊ ပြုအပ်၏။ ယတ္ထ၊ အကြင်ကိုယ်ဟူသောမြို့၌။ ဇရာ စ၊ အိုခြင်းသည်လည်းကောင်း။ မစ္စု၊ သေခြင်းသည်လည်းကောင်း။ မာနော စ၊ ထောင်လွှားခြင်းသည်လည်းကောင်း။ မက္ခော စ၊ သူ့ကျေးဇူးကို ချေခြင်းသည်လည်းကောင်း။ ဩဟိတော၊ တည်၏။

ဤအတူ ဟောတော်မူသော နဂရူပမဒေသနာကား များ၏။ ဤကိုမှီ၍ ရှေးဆရာတို့လည်း ခန္ဓာပုရမြို့ကြီး၌ သီသပဗ္ဗတတောင် ရှိကြောင်း။ မုခဒွါရ တံခါးမကြီး။ ဇိဝှါမည်သော နင်းကြမ်း ကြီးရှိကြောင်း။ နာသဂုဟာ မည်သော မလွယ်တံခါးနှစ်ပေါက်။ ကဏ္ဏမည်သော တံခါးနှစ်ပေါက် ရှိကြောင်း။ စက္ခုမုစလိန္ဒာအိုင် ရှိကြောင်းတို့ဖြင့် တင့်တယ်စွာ မြို့အင်္ဂါနှင့် ပြည့်စုံဟန်ကို စီမံ၍ ထားသော စာငယ်များလည်း ထင်ရှားရှိသည်ပင် ဖြစ်သည်။

၇၄၁။ နဝကိုးမည်၊ မိုးကြိုးသည်၊ အထည်အသွား ပါလိမ့်နည်း။ (၃၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနကား....

မိုးကြိုးကိုးပါးပြားဟန်ကို "အိန်"ကာရန် ပုစ္ဆာနံပါတ် ၆ဂဂ·တွင် လောင်မီးကိုမေးသော ပြဿနာ၌ စုံလင်စွာ ရေးဖြေခဲ့ပြီ။

၇၄၂။ ကာရိတ်ကံသည်၊ ခေတ်ကံမည်၊ ထွေလည်ဝေဝုစ် ပြားလိမ့်နည်း။ (၃၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"သာမိကော ပုရိသံ ဩဒနံ ပစာပေတိ"ဟူသော ပြယုဂ်၌ သာမိကောကား ကာရိတ်ဏာပေ ပစ္စည်း၏ ကတ္တား။ ပုရိသံကား ပစခေတ်၏ကတ္တား။ ၎င်းခေတ် ကတ္တားသည် ကာရိတ်· ဏာပေ ပစ္စည်း၏ ကံဖြစ်၏။ ဩဒနံကား ပစခေတ်၏ ကံမည်၏။ ယင်းသို့ ကတ္တားကံ ဖြစ်သည်တွင် ခေတ်ကတ္တား ကာရိတ်ကတ္တားသည် ဝုစ်ပြားသင့်၏လော၊ မပြားသင့်၏လောဟု မေးသည်။ ၎င်းကတ္တားနှစ်ပါးသည် ဝုစ်ပြားရိုး မရှိ။ ပြားသော ဥဒါဟရဏ်သည် ပိဋကတ်သုံးပုံ၏ ပါဠိ၊ အဋ္ဌကထာ ဋီကာတို့တွင် တစ်စုံတခုမျှမထင်။ ဝုတ္တ၊ အဝုတ္တအားဖြင့်သာ ပြား၏။ ထိုကြောင့် နိယံ၌—

ကာရိတ်ကံကား၊ ခေတ်ကတ္တား၊ မပြားဝုတ္တ အဝုတ္တ။ ဟူ၍မိန့်သည်။

၇၄၃။ ဒဏ္ဍကမည်၊ ဂါထာသည်၊ ဂိုဏ်းမည်ခန့်မျှ ပြားသနည်း။ (၃၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

န ဂိုဏ်းကားနှစ်၊ ရ ဂိုဏ်းရှစ်၊ စစ်လော့ ဒဏ္ဍကာ။ဟူ၍ ဆရာတို့ မိန့်၏။

၇၄၄။ ကြောက်သည် ရဲသည်၊ ထိုနှစ်တည်၊ မည်သည့် တရားကိုယ်တို့နည်း။ (၃၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စိတ်၏ ထိတ်လန့်ခြင်း၊ ကြောက်ခြင်းသည်လည်း ဒေါသတရား။စိတ်၏ ရဲရင့်ခြင်း၊ ကြမ်းကြုတ်ခြင်းသည်လည်း ဒေါသတရားပင် ဖြစ်သည်။ ဒေါသတည်းဟူသောတရားကိုယ် တပါးတည်း ဖြစ်လျက် ဘယ့်ကြောင့် ကြောက်ခြင်း၊ ရဲခြင်းဟူသော ကိစ္စနှစ်ပါးကို ယူအပ်သနည်း။ ဆန့်ကျင် ဘက်ဖြစ်သည် မဟုတ်လောဟူငြားအံ့—

ကေမဗ္ဘောပိ သမာနော အာရမ္ဘဏအာဘောဂါနုရူပံ အနေကာနိ ကိစ္စာနိ သာဓေတိ။

ဟူသော အဋ္ဌကထာတို့နှင့်အညီ တခုသောတရားပင် ဖြစ်သော်လည်း အာရုံအားလျော်စွာလည်းကောင်း, နှလုံးသွင်းအား လျော်စွာလည်းကောင်း များစွာသော ကိစ္စကို ပြီးစေနိုင်သည်သာ ဖြစ်၏။ အဘယ်သို့ ပြီးစေနိုင်သနည်းဟူမူ–သူ၏ စည်းစိမ်ကို ငြူစူခြင်းကိစ္စ, မိမိ၏စည်းစိမ်ကို လျှို့ဝှက်ခြင်းကိစ္စ နောင်တဖန် ပူပန်ခြင်းကိစ္စ, စိုးရိမ်ပူဆွေးခြင်းကိစ္စ, သက်ကြီးရှိက်တငင် ပင်ပန်းခြင်းကိစ္စ, ရန်ငြိုးဖွဲ့ခြင်းကိစ္စတို့သည် တရားကိုယ်အားဖြင့် ဒေါသတရားသာတည်း။ ဥပမာကား။ တေဇောဓာတ်သည် ပူခြင်းကိစ္စ,ချမ်းခြင်း, အေးခြင်းကိစ္စ, အစာကိုကျက်စေခြင်းကိစ္စ အလွန်ပူလောင်ခြင်းကိစ္စ ရှိသကဲ့သို့တည်း။

၄၄၅။ ခြင်္သေ့မှုနည်း၊ ဟောက်သံမည်၊ ကြားသည်သူတို့ သေချိမ့်နည်း။ (၃၇)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ခြင်္သေ့ဟောက်သော အသံကို ကြားသော် ကြားသမျှသော သတ္တဝါတို့ သေလေသလောဟု မေးရာ၌ ခြင်္သေ့ဟောက်သောအသံသည် သုံးယူဇနာမျှလောက်သော အရပ်တိုင်အောင် ကြားရကြောင်း၊ သေသောသတ္တဝါတို့၏ အသေးကို သောက်ပြီးလျှင် မိမိနေရာသို့ ပြန်လာသော် အသံမစဲမီ ရောက်ကြောင်းကိုသာ ကျမ်းဂန်တို့၌လာသည်။ ဤမျှသောသတ္တဝါတို့သေကြောင်းကို ကျမ်းဂန်မလာ။

သဘောကို တိုင်းဆွာသော်...သုံးယူဇနာအတွင်း၌ ကြားသမျှသတ္တဝါတို့သေလျှင် နေ့တိုင်းစားရန် သတ္တဝါမျှ မရနိုင်ပဲ ရှိရာသည်။ ထို့ကြောင့် ကြားတိုင်းသောသတ္တဝါတို့ မသေ။ ရည်၍ ဟောက်သော အနီးသတ္တဝါသာ သေ၏ဟု ယူဖွယ်ရှိသည်။ ဤကား ယုတ္တိတည်း။

ဝတ္ထုစာငယ်တို့၌ကား ဤသို့ ကြားဖူး၏။ ရှေးသောအခါ သမုဒ္ဒရာ ကမ်းယံ၌နေသော ရောပထ နဂါးမင်းသည် ရေ၏အနီး၌ သားငါးတို့ကို နဂါးအများတို့ စားသည်ဖြစ်၍ ရှားပါးလှသောကြောင့် ဟိမဝန္တာတောသို့ဝင်၍ ကျက်စားလှည့်ပတ်ရာ ကေသရာ ခြင်္သေ့မင်းနှင့်တွေ့၍ "သင်နဂါးမင်းသည် ငါပိုင်သောတောအုပ်သို့ ဘယ့်ကြောင့် လာသနည်း။ သင်သည် ငါ့အစာဖြစ်လိုသလော"ဟု ခြိမ်းမောင်း၏။ ထိုအခါ နဂါးမင်းကလည်း "သင်ခြင်္သေ့မျှကို ငါမကြောက်သောကြောင့် လာသည်။ ငါ၏စွမ်းရည်ကို သင်မသိသလော"ဟု ဆိုပြန်၏။ ခြင်္သေ့ကလည်း "သင်သည် ရေပိုး ရေမွှားကို စားနိုင်ကာမျှသာ ဖြစ်သည်။ ငါတမူကား ကြည်းသတ္တဝါအများတို့၏ အရှင်ဖြစ်သည်။ ငါဟောက်သည်ကိုကြားလျှင် အများသတ္တဝါတို့ သေလေသည်။ သို့စင်သော တန်ခိုးရှင်ကို သင် မလေးမစားပြုသလော"ဟု မေး၏၊ ထိုအခါ နဂါးကလည်း "သင် ခြင်္သေ့ သည် ဟောက်၍ သေ၏ဆိုသော်လည်း ကိုယ်၏အနီး၌ရှိသော သတ္တဝါသာ သေနိုင်မည်။ ငါမူကား နှာခေါင်းလေဖြင့် မှုတ်လိုက်သော် ငါ့အခိုးသင့်သမျှသေရသည်ချည်း ဖြစ်သည်"ဟု မိမိဂုဏ်ကို ချီးပ၍ ပြိုင်ဆိုင်ကြရာ "သင်နှင့်ငါသည် မည်သူတန်းခိုးသာ, မသာကို ယှဉ်ပြိုင်ကြအံ့။ သင်နိုင်လျှင်လည်း ငါ့ဦးနှောက်ကိုဖောက်၍စားလော့။ ငါနိုင်လျှင်လည်း သင်၏ဦးနှောက်ကို ဖောက်၍စားအံ့"ဟု ကတိက ဝတ်ထားကြ၍ အစွမ်းကိုပြလိုသဖြင့် ခြင်္သေ့သည် ဟောက်လိုက်သော် မိမိရှေ့တွင်တည်သော

ရည်၍ဟောက်သော သတ္တဝါတခုသာသေလေ၏။ နဂါးမင်းအခိုးလွှတ်သောအခါ အခိုးသင့်သမျှ သတ္တဝါတို့သေလေကုန်၏။ ယင်းသို့ ခြင်္သေ့မင်း ရှုံးရကား နဂါးမင်းက ခြင်္သေ့မင်း၏ ဦးနှောက်ကို ဖောက်စားမည်ပြုသောအခါ ကေသရာဇာခြင်္သေ့မင်းက "အချင်းနဂါး--ငါ့သားမြေးတို့ကို တွေ့ရရှိ ခုနစ်ရက်မျှ ဆိုင်းငံ့ ပါ။ ခုနစ်ရက်စေ့သောအခါ ဤနေရာသို့ ငါလာ၍ အစားခံပါမည်" ဟု သစ္စာပြု၍ မိမိနေရာသို့ ပြန်သွားလေ၏။

ထိုနေ့မှစ၍ ခြင်္သေ့မင်းသည် မစားနိုင် မအိပ်နိုင် တမှိုင်မှိုင်တတွေတွေဖြစ်၏။ သားငှက်အပေါင်းတို့ခစားလာကြသောအခါ ခြင်္သေ့မင်းမှိုင်းနေသည်ကိုမြင်၍ "အရှင်ခြင်္သေ့မင်းသည်ဘယ့်ကြောင့် မှိုင်သနည်း" ဟုမေး၏။ နဂါးမင်းနှင့် တန်ခိုးပြိုင်သဖြင့် ရှုံးခဲ့ကြောင်း။ မိမိဦးနှောက်ကို ဖောက်စားလ်အံ့သော အကြောင်းကို ပြန်ပြောလျှင် ငှက်နက်ကျော် တခုက "အရှင်ခြင်္သေ့မင်း ပိုင်သော တောသုံးထောင်အတွင်း၌ အခြေနှစ်ချောင်း အခြေလေးချောင်းရှိသော သတ္တဝါ၊ အတောင်ရှိသောသတ္တဝါ များစွာရှိပါသည်။ ထိုသတ္တဝါအပေါင်းတို့တွင် တဦးဦး နဂါးကိုနိုင်သော သတ္တဝါရှိပါလိမ့်မည်။ ကျွန်ုပ်ခေါ်၍ အထံတော်၌ စုဝေးပါစေမည်။ ဆွေးနွေးတိုင်ပင်တော်မူပါဦးလော့" ဟုလျှောက်ထား၍ တောင်ကြားချောက်ကြားရှိရှိသမျှ သားငှက်သတ္တဝါတို့ကို ခေါ်၍ စုဝေးစေပြီးသော် "ငါတို့မင်းတို့ နဂါးဘေးမှ လွတ်အောင် ဘယ်သူကြံနိုင်အံ့နည်း" ဟု မေးမြန်း၏။ ဒရယ်၊ ယုန်၊ ကြောင်၊ ပြောင်၊ စိုင်၊ ဆင်၊ မြင်းစသည်တို့တွင် တစုံတခုမျှမထွက်။ ကျေးငှက်တို့ကို တိုင်ပင်ပါသော်လည်း ဘယ်သတ္တဝါမျှမထွက်။ ငါးရက်တိုင်ရှိသေ၏။ ခြောက်ရက်မြောက်သောအခါ ကေသရာဇာ ခြင်္သေ့ မင်းကလည်း "ငှက်နက်ကျော် ဘယ်သို့ကြံဦးအံ့နည်း" ဟု မေးပြန်၏။ ထိုအခါ ငှက်နက်ကျော်ကလည်း "အကျွန်ုပ်တို့ တောသုံးထောင်၏ အတွင်းတွင် သားငှက်ကုန်ချေပြီ။ ရေစပ်နား၌ကျက်စားသော ငှက်ကြီးဘခုသာ ရှိတော့သည်။ ထိုငှက်ကြီးကိုခေါ်၍ မေးတော်မူပါဦးလော့" ဟု လျှောက်၏။ ခြင်္သေ့မင်းက "ကောင်းပြီ" ဟုဝန်ခံလျှင် ငှက်နက်ကျော်သည် ငှက်ကြီးကိုခေါ်ပေး၏။ ခြင်္သေ့ မင်းကလည်း၊ "အဆွေငှက်ကြီး၊ ငါ့ကိုနဂါးဘေးမှလွတ်အောင် သင်ကြံနိုင်ပါမည်လော" ဟုမေး၏။ ငှက်ကြီးကလည်း "မစိုးရိမ်လင့်၊ ကျွန်ုပ်ကြံမည်။ ကျွန်ုပ်စကားကို သာနားထောင်ပါ" ဟုဆို၏။ "အဘယ်သို့ပြုရမည်နည်း" ဟုမေးလျှင် "နဂါးလာအံ့သောနေ့၌ တောသုံးထောင်တွင်ရှိသော သားအပေါင်း ငှက်အပေါင်းတို့ကို ခြင်္သေ့မင်း၏ အပါး၌ စုဝေး၍ နေစေရမည်။ ငါမူကား ညောင်ပင်ကြီးထက်မှ နတ်သီးကိုပြု၍နေမည်။ နဂါးအနီးသို့ ရောက်သောအခါ သားငှက်သတ္တဝါတို့ တညီတညာတည်း စီစီညံညံ မြည်တွန်စေရမည်။ ငါက ဘယ့်ကြောင့်တွန်သနည်း ဟုမေးသောအခါကေသရာဇာခြင်္သေ့မင်း၏ ဦးနှောက်ကို ဖောက်၍စားခြင်းငှာ နဂါးလာသောကြောင့် မြည်ပါသည်ဟုပြောကြရမည်။ ထိုအခါ ငါက နဂါးလာသော် မြန်စွာလာစေ။ သင်တို့က ဆိတ်ဆိတ်နေ။ ကေသရာဇာခြင်္သေ့မင်း၏ ဦးနှောက်ကို မဖောက်ခင် နဂါး၏ဦးနှောက်ကို ငါဖောက်လိုက်မည်ဟု ဆိုအံ့။ ထိုနဂါးက အဘယ်အသံနည်းဟုမေးသောအခါ ခြင်္သေ့မင်းရှိရာသို့ နဂါးမင်းလာမည်ကြားသောကြောင့် အဆွေတော်ဂဠုန်မင်းစောင့်၍နေလာသည်ဟု ပြောကြရမည်။ ဤသို့ ပြော၍မပြန်လျှင် အတောင်သံနှုတ်သီးသံနှင့် သုတ်ဟန်ပြု၍ ငါခြိမ်းခြောက်မည်" ဟု ဆို၏။ ထိုစကားကိုကြားလျှင် ခြင်္သေ့မင်းကလည်း အားရလှသည်နှင့် ငှက်ကြီးစီမံသည့်အတိုင်း ငှက်နက်ကျော်ကို ဆော်စေ၍ ငှက်အပေါင်းတို့ကို ခြင်္သေ့နေသောတောအုပ်၌ မြေပြင်ပြည့်မျှ စုဝေးစေ၏။

ခုနစ်ရက်မြောက်သောနေ့၌ နဂါးမင်းလည်း သင်းပင်းအဖော်များနှင့်တကွ ရေမှတက်၍ ခြင်္သေ့နေရာသို့သွားလေ၏။ နဂါးလာသည်ကိုမြင်လျှင် ထက်ဝန်းကျင်မှ သားငှက်တို့သည် တညီ

တညတ်တည်း မြည်ကုန်၏။ထိုအသံကိုကြားလျှင် ညောင်ပင်ထက်ကနေသောငှက်ကြီးသည် နှုတ်သီးသံ အတောင်သံတို့ကို တီး၍ကြီးစွာသောအသံကိုပြုလျက် "အဘယ့်ကြောင့်မြည်ကြသနည်း" ဟုမေး၏။ နဂါးလာကြောင်းကို ပြောဆိုကြလျှင် "သင်တို့ဆိတ်ဆိတ်နေ။ယနေ့ ငါ့ဝမ်းတော် အယ်စေရမည်" ဟုဆို၏။ ထိုအသံကြားသော် နဂါးလည်း ထိတ်လန့်၍ "အဘယ်အသံနည်း"ဟု မေး၏။ သားငှက်အပေါင်းတို့က ငှက်ကြီးစီမံထားသည့်အတိုင်း"ဂဠုန်မင်း နေလာကြောင်းကို ပြောကုန်၏။နဂါးလည်း ဂဠုန်ဟူသောစကားကို ကြားရာကပင် လျင်စွာ မြေသို့ငုပ်၍ ပြေးလေ၏။ ထိုအခါကေသရာဇာခြင်္သေ့မင်းလည်း နဂါးဘေးမှ ချမ်းသာသတည်း။

များစွာသောသားငှက်အပေါင်းတို့သည် အကြံကောင်းလှသောငှက်ကြီးကို ရှိသေမြတ်နိုးကြ၍ ချီးပပူဇော်ပြီးမှ နမ်းရှုပ် ဖက်ယမ်းကြသည်။ ထို့ကြောင့် ငှက်ကြီးကို "နမ်းပြီးရှုပ်"ဟူ၍တွင်သည်။ ကြီးသောကိုယ်လည်း ငယ်လေသည်။ ငှက်နက်ကျော်ကိုလည်း ငှက်ဆော်အရာ၌ ထားရလေသည်။ ထိုငှက်ကား သတ္တဝါတို့၏ ဘာသာတိုင်းကိုသိသည်။ မိမိလည်းလိုက်၍ပြောဆိုတတ်သည်ဟူ၍ ဝတ္ထုစာငယ်များ၌ တွေ့ဖူးသည်။ ဤကိုထောက်၍လည်း ခြင်္သေ့ဟောက်သော် သေလောက်ရာဌာန၌ နေသောသတ္တဝါသာ သေ၏ဟုမှတ်သင့်သည်။

၃၄၆။ အင်းဝရွှေပြည်၊ သတိုးတည်၊ မည်မျှနန်းဆက် စံလိမ့်နည်း။ (၃၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သတိုးမင်းဖျားသည် အင်းဝမြို့ကိုတည်ပြီးသော်သုံးနှစ်သားနန်းစံရသည်။နောက်ကိုသားသမီးအဆက်မရှိ။ ယောက်ဖတော် မင်းကြီးစွာ။၎င်းသား ဆင်ဖြူရှင်။၎င်းညီ မင်းခေါင်။၎င်းသား သီဟသူ။၎င်းသား မင်းလှငယ်။၎င်းသား ကျေးတောင်ညို။ မိုးညှင်းမင်း။သားမင်းရဲကျော်စွာ။ညီ ထူပါရုံဒါယကာ နရပတိ။ ၎င်းနောက် ပြည်စုန်မင်း မဟာသီဟသူ။၎င်းသား ဒုတိယမင်းခေါင်။ ၎င်းသား ရွှေဂူဒါယကာ ရွှေနန်းကြော့ရှင် နရပတိ။ ဤ၁၃-ဆက်ကား သတိုးမင်းဖျား၏ အဆက်အနွယ်ဟုဆိုကုန်၏။

၃၄၇။ ဇမ္ဗုဒိပ်သည်၊ ခြိမ့်ခြိမ့်စည်၊ မည်မျှမြို့ကြီး ရှိသနည်း၊ (၃၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တိက္ခတ္တုံ၊ သုံးကြိမ်။ တေသဋ္ဌိယာ နဂရသဟဿေဟိ၊ခြောက်သောင်းသုံးထောင်သော မြို့ကြီးတို့နှင့်။သမန္နာဂတော၊ ပြည့်စုံ၏။ ကိရ၊ အကျယ်ဆိုဦးအံ့။ ဇမ္ဗုဒီပေ၊ ဇမ္ဗုဒိပ်ကျွန်း၌။ အာဒိတော၊ အစပကတူးကမ္ဘာဦး၌။ တေသဋ္ဌိမတ္တာနိ နဂရသဟဿာနိ၊ ခြောက်သောင်းသုံးထောင်သော မြို့ကြီးတို့သည်။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်၏။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော ကပ်၌။ တထာ၊ ထို့အတူ။တတိယမ္ပိ၊ သုံးကြိမ်မြောက်သော ကပ်၌လည်း။ တထာ၊ ထို့အတူ။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်၏။

တာနိ၊ ထိုမြို့တို့ကို။ သမ္ပိဏ္ဍိတွာ၊ ပေါင်း၍။ သတသဟဿာနိ စ၊ တသိန်းတို့သည်လည်းကောင်း။ တတော ပရံ၊ထိုထက်အလွန်။အသီတိသဟဿာနိ စ၊ ရှစ်သောင်းတို့သည်လည်းကောင်း။နဝသဟဿာနိ စ၊ ကိုးထောင်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ခြောက်သောင်း သုံးထောင် သုံးကြိမ် ပွားသောကြောင့် ပေါင်းသောအားဖြင့် တသိန်း ရှစ်သောင်း ကိုးထောင်ရှိ၏ ဟူလိုသည်။

၇၄၀။ ကျေးလက်မြို့သည်၊ အတည်တည်၊ ခန့်ရည်ဘယ်မျှ သချာနည်း။ (၄၀)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

နဝနဝုတိယာ ဒေါဏမုခသတသဟဿေဟိ၊ ကိုးသိန်းကိုးသန်း အခွန်ဖြစ်ရာ ကျေးလက်မြို့ငယ်တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

၇၄၉။ ရတနာတည်၊ အရပ်သည်၊ မည်မျှရေတွက် ရှိသနည်း။ (၄၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဆပညာသ ရတနာကရဋ္ဌာနေဟိ၊ ရတနာတို့၏ တည်ရာ ငါးဆဲ့ခြောက်ဌာနတို့နှင့်။ သမန္နာဂ-တော၊ ပြည့်စုံ၏။

၇၅၀။ သင်္ဘောထွေလည်း၊ ဆိုက်လေသည်၊ ရေကြည် ဆိပ်ကမ်းဘယ်မျှနည်း။ (၄၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဇမ္ဗုဒီပေ စ၊ ဇမ္ဗူဒိပ် ကျွန်း၌သာလျှင်။ ဆန္နဝုတိယာ ပဋ္ဋနကောဋိသတသဟဿေဟိ၊ ကုဋေ ကိုးသန်း ခြောက်သိန်းသောသင်္ဘောဆိပ်တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ ။သာရတ္ထသင်္ဂဟ။

၇၅၁။ ပြင်းပိုရ်အောက်တည်၊ ခံလောက်သည်၊ ချင့်ရည် လုံးလျား ဘယ်မျှနည်း။ (၄၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တိက္ကူဋ္ဌာနံ မဇ္ဈေ သိနေရုပဗ္ဗတော စတုယောဇန သဟဿပမာဏော ပဝိသိတ္ဝာ ဌိတော။ဟဿွာ သဏ္ဌာသေန ဂဟိတော ဝိယ အာဝလော တိဋ္ဌတိ။ ဟူ၍ လည်းကောင်း—

ဥဒ္ဒေ ဌပိတဘာဇနံ ဝိယ ကူဋေ ဌိတော တိကူဋာ သီလာပထဝိယာ သမ္ဗန္ဓာ။ တိကူဋေ သိနေရုပဗ္ဗတော စတုယောဇန သဟဿပမာဏော ပဝိသိတွာ ဌိတော။ ။ဟူ၍လည်းကောင်း။

လာသော ဇိနာလင်္ကာရ ဋီကာ၌ မြင်းမိုရ်တောင်မင်းသည် ခုံလောက်သုံးခုထက် တည်ထားသော ထမင်းအိုးကဲ့သို့ ကျောက်ထွတ် သုံးခုတို့၏ အတွင်းသို့ ယူဇနာလေးထောင် တိုင်အောင် ဝင်လျက် အထက်၌ တည်၏။ ထိုကျောက်ထွတ် သုံးခုတို့သည် သံမှေးညှပ်ကဲ့သို့ မြဲမြံစွာ ညှပ်သည် ဖြစ်၍ မတုန်မလှုပ်တည်၏။ထိုကျောက်ထွတ် သုံးခုတို့သည် သီလာပထဝီနှင့် စပ်သည်ဖြစ်၍အစောက် ယူဇနာ လေးသောင်းရှိသည်။ မြင်းမိုရ်တောင် ယူဇနာ လေးထောင် ဝင်သောကြောင့် အကြွင်း သုံးသောင်း ခြောက်ထောင် ကြွင်းသည်။ အကြီးပမာဏကိုကား ကျမ်းဂန်ဆိုမှလည်း သိနိုင်ချိမ့် မည်။ ထို့ကြောင့် သာဓိနပျို့၌–

ပံသုမြေအောက်၊ သေလာကျောက်ကို၊ ထွင်းဖောက်ရှက်သွယ်၊ အမြစ်တွယ်၍၊ မျှော်မယ်နရှပ်၊ သံညှန့်ကုပ်ဖြင့်၊ ချုမြှုပ်သောလား၊ ယှဉ်ပြိုင်ထားသို့၊ ပတ္တမြားမျက်ကျောက်၊ ပြောင်ပြောင် တောက်သား၊ ခုံလောက်ခုံခိုင်၊ သုံးလုံးတိုင်ထက်၊ မြေဆိုင်ပံသု၊ မြူနုဆံခြမ်း၊ မသမ်းမနှော၊ သဘောအတိ၊ ရွှေလျှံအိသား၊ အညှိစိုစို၊ ညိုရရှိလျှင်၊ မြင်းမိုရ်, သာခေါင်၊ မြတ်သည့်တောင်၌။ ဟူ၍စပ်ဆိုသည်။

၇၅၂။ ပျားဆွမ်းလှူသည်၊ မောင်ကုန်သည်၊ မည်သတ္တာဟဥ္စပေနည်း။ (၄၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> အထ သတ္တသတ္တာဟမတ္တကေ ကေ္ယနုပညာသတိမေ ဒိဝသေ သက္ကေန ဒေဝါနမိန္ဒေန ဥပနီတေန နာဂလတာ ဒန္တကဋ္ဌေနစ အနောတတ္တောဒကေနစ မုခံ ဓောဝိတွာ တတ္ထေဝ ရာဇာယတန မူလေ နိသီဒိ။ တသ္မိံ သမယေ တပုဿဘလ္လိကာနာမ ဒွေ ဝါဏိဇာ ဉာတိ-သာလောဟိတာယ ဒေဝတာယ သတ္တုအာဟာရဒါနေ ဥဿာဟိတာ မန္ထဥ္စ မဓုပိဏ္ဍိကဥ္စ အာဒါယ ပဋိဂ္ဂဏှာတု ဘန္တေ ဘဂဝါ ဣမံ အာဟာရံ အနုကမ္ပံ ဥပါဒါယာတိ ဥပသင်္ကမိ-တွာ အဋ္ဌံသု။

စသည်ဖြင့်လာသော ဗုဒ္ဓဝင်အဋ္ဌကထာပါဠိနှင့်အညီ ခုနစ်သတ္တာဟစေ့သော လေးဆယ့် ကိုးရက်မြောက်သောနေ့၌ သိကြားမင်း ကပ်လှူအပ်သော နာဂလတာမည်သော ကွမ်းရိုးဒန်ပူ၊ အနောတတ်အိုင်ရေတို့ဖြင့် မျက်နှာသစ်တော်မူလျက် ထိုလင်းလွန်းပင်ရင်း၌ နေတော်မူသော အခါတွင် တပုဿဘလ္လိကမည်သော ကုန်သည်ညီနောင်တို့၏ သားချင်းဆွေမျိုး ဖြစ်ဖူးသော နတ် သည် ကောင်းမြတ်သောကုသိုလ် ဖြစ်စေလိုသောကြောင့် ဘုရားရှိကြောင်း ဘုရားအား အာဟာရ လှူစေလိုကြောင်း ပြောဆိုတိုက်တွန်းသည်ဖြစ်၍ ကြက်ကျစ်မုန့် ပျားဆုပ်မုန့်တို့ကို ကပ်လှူသည်ဟူပေ။

၇၅၃။ ဗောဓိပင်စည်၊ က မေးမည်၊ ကုန်သည်လာလမ်း ဘယ်ကနည်း။ (၄၅)

၇၅၄။ ညီနောင်ကုန်သည်၊ ရှာဖွေနည်း၊ မည်သည့်မြို့ရပ် ကပေနည်း။ (၄၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ တပုဿ ဘလ္လိကတို့သည် အသိတဉ္ဇနမြို့ ဥက္ကလာဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားရာတွင် ဘုရားနှင့် တွေ့ရသည်ဟူ၍ဆိုသည်။ ဝိနည်းမဟာဝါပါဠိတော်၊ ၎င်းအဋ္ဌကထာတို့၌ ပေါက္ခရဝတီမြို့ ဥက္ကလာဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားရာတွင် တွေ့သည်ဟုဆိုသည်။

ရွှေတိဂုံ သမိုင်းဟောင်း၌လည်း ယခု ရန်ကုန်မြို့သည် ရှေးသောအခါ အသိတဉ္ဇနမြို့ဖြစ်ကြောင်း။ တဖန် ပေါက္ခရဝတီမြို့တွင်ကြောင်း။ ဥက္ကလာဇနပုဒ်ဖြစ်ကြောင်းများကို ဆိုလိုသည်။

ထိုစကားအရပ်ရပ်ကို ထောက်သော် ယခုရန်ကုန်မြို့ပင် တပုဿ ဘလ္လိက တို့၏ နေရပ်ဖြစ်ရကား အရှေ့တောင်မှသည် အနောက်မြောက်ထောင့်သို့ သွားရာတွင် ဘုရားသခင်နှင့် တွေ့ရသည်ဟူပေ။

၇၅၅။ ဆံတော်ပေးသည်၊ တို့ဘုန်းစည်၊ မည်မျှဆံပေါင်း ကျမ်းလာနည်း။ (၄၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဝိနည်းမဟာဝါ ပါဠိတော်၌ တပုဿ ဘလ္လိကတို့အား ဆံတော်ပေးကြောင်းကိုသာ ဆိုသည်။ အရေအတွက် မည်မျှဟူ၍ မဆို။

အနာဂတဝင် အဋ္ဌကထာ၌ကား "တပုဿ ဘလ္လိက ဒွေဘာတိကာနံ မုဋ္ဌိကေသဓာတုယော ဒတွာ"ဟူ၍ ဆံတော်တဆုပ် ပေးလိုက်ကြောင်းကို ဆိုသည်။

အင်္ဂုတ္တိုရ်ကေနိပါတ် အဋ္ဌကထာ၌ကား.... ''အဋ္ဌ ကေသဓာတုယော အဒါသိ''ဟူ၍ ဆံတော်ရှစ်ဆူပေးလိုက်ကြောင်းကို ဆိုသည်။

ကေသဓာတုဝင်၌ အရှင်အနုရုဒ္ဓါ၊ အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏသာရ၊ အရှင်ဉာဏပဏ္ဍိတ၊ အရှင်ရေဝတ ဤရဟန်းခြောက်ပါးတို့သည် ဘုရားရှင်ထံ၌ ဆံတော်ဓာတ်ကို တောင်း၍ ခြောက်ဆူသောဆံတော်ကိုရသဖြင့် သမုဒ္ဒရာကမ်း၏ အနီးဖြစ်သောပစ္စန္တရွာသို့ လာခဲ့၍ စေတီရာကိုရှာသည်တွင် သိကြားမင်းဆင်း၍ တောင်းပန်ပြီးလျှင် ဒါယကာခံ၍ စေတီတည်လေသည်။ အရှင်ငါးဦးတို့ အသီးအသီးရသော ဆံတော်ငါးဆူကိုလည်း ဒါယကာ လှေသူကြီးတို့အား အပ်၍ တမြို့တမြို့၌ စေတီ တလုံးတလုံးစီ တည်၍ထားလေသည်ဟု ဆိုသည်။ ကြွင်းသော ဆံတော်တို့မှာ ကျမ်းဂန်အခိုင်မတွေ့။ သမိုင်းစာတမ်းသာတွေ့သည်။

၇၅၆။ ရွှေဆံတော်တည်၊ ညီနောင်သည်၊ အတည်ခြား၍ တည်လိမ့်နည်း။ (၄၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ညီနောင်ခြား၍မတည်။ နှစ်ယောက်အတူပင် တည်ကြသည်ဟု သမိုင်း၌ဆိုသည်။

၇၅၇။ ဗောဓိကသည်၊ လယ်ကိုင်းပြည်၊ မည်မျှခရီး ကွာသနည်း။ (၄၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယူဇနာ နှစ်ရာကွာကြောင်းကို ပုဏ္ဏောဝါဒသုတ်အဖွင့်တွင် လာသည်။

၇၅၈။ မိဂဒါမည်၊ မြိုင်တောစည်၊ ဗာရာပြည်က ဘယ့်လောက်နည်း။ (၅၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗာရာဏသီပြည်နှင့် မိဂဒါဝုန်တောသည် နှစ်ဂါဝုတ်ခန့် ကွာသည်၊ ထိုတောအတွင်း၌ ဘုရားသီတင်းသုံးတော်မူသော ကျောင်းကား ထို့ထက် အတန်ငယ်လွန်၍ ကွာဟန်ရှိသည်။ ကျမ်းဂန်၌ကား တိုက်ရိုက်မလာ။ ဗာရာဏသီပြည်မှ ယသ သဌေးသားသည် သန်းခေါင်ယံ အခါ၌ ထွက်လာသော် နံနက်အရုဏ်တက် အခါမှ မြတ်စွာဘုရားရှိရာသို့ ရောက်ကြောင်းကိုဆိုသော မဟာဝါ အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ တို့ကို ထောက်၍သိသာရသည်။

၇၅၉။ ပဥ္စဝဂ်မည်၊ ငါးယောက်သည်၊ မျိုးမည် ဘယ်ကတို့ပေနည်း။ (၅၁)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကပိလဝတ်ပြည်သား ပုဏ္ဏားမျိုးကဟူပေ။

ဘယ်ကိုထောက်၍ သိရသနည်းဟူမူ-ဘုရားလောင်းကို လက္ခဏာဖတ်သော ပုဏ္ဏားရှစ်ဦးတို့တွင် အငယ်ဆုံးဖြစ်သော ဉာဏ်မင်းသားကား ဘုရားဧကန်ဖြစ်မည်ဟု လက်တချောင်းကိုထောင်၍ပြသော ကောဏ္ဍည ပုဏ္ဏားပင်၊ အညာသိကောဏ္ဍညမထေရ်ဖြစ်သည်၊ အကြွင်းလေးဦးတို့သည် ထိုလက္ခဏာတတ် ပုဏ္ဏားတို့၏ သားပင် ဖြစ်သည်။ ထို့ကြောင့် ပုဏ္ဏားမျိုးဟု သိရသတည်း။

၇၆၀။ သုဘဒ်ကိုသည်၊ စောဘုန်းစည်၊ မည်ခရီးတွင် တွေ့သနည်း။ (၅၂)

ဟူသောအမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒေသစာရီ ချီတော်မူရာတွင် တွေ့သည်ဟူပေ။

အကြောင်းကား။ ။တရံသောအခါ မြတ်စွာဘုရားသည် တထောင့်နှစ်ရာ ငါးကျိပ်သော သံဃာတော်တို့နှင့်တကွ ဒေသစာရီ ဖြန့်ချီတော်မူလေ၍ အာတုမာပြည်သို့ ရောက်အံ့သောအခါ ထိုအာတုမာပြည်၌နေသော ဆတ္တာသည်မှ ရဟန်းပြု လေသော သုဘဒ်အမည်ရှိသော ရဟန်းကြီးသည် ဘုရားသခင် ဒေသစာရီ ဖြန့်ချီလာကြောင်းကို သတင်းစကားကြား၍ ကြားစကပင်လျှင် မိမိရင်၌ဖြစ်သော သာမဏေနှစ်ယောက်ကို ခေါ်၍"ချစ်သားတို့-ငါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် တထောင့်နှစ်ရာငါးကျိပ်သော သံဃာတို့နှင့်တကွ ကြွတော်မူလာသတတ်။ ငါတို့ထံသို့ ရောက်သောအခါ ယာဂုကပ်လှူရအောင် နှမ်း, ဆန်, ဆီ စသည်တို့ကို ရှာကြချေကုန်။ သင်တို့၏ ပရိက္ခရာဖြစ်သော သင်ခုန်းကိုလည်းကောင်း၊ အိတ်ကိုလည်းကောင်း၊ ဆောင်ယူ၍ လူကောင်းလူမြတ် လူရတတ်တို့၏ အိမ်တိုင်းတက်ပြီးလျှင် ဆတ္တာသည်တို့၏ ပြုဖွယ်ကိစ္စကို ပြုကြချေကုန်"ဟု ဆို၏။ ထိုစကားကိုကြားသော် သားသာမဏေတို့လည်း အဖဆိုတိုင်း လှည့်ပတ်၍ ဆတ္တာသည်အမှုဖြင့် လူကြီးလူငယ်တို့၏ မုတ်ဆိတ်ဆံကိုပြုပြင်၏။ ထိုသူတို့က "ဘယ်မျှလောက် အခပေးရမည်နည်း"ဟု မေးလျှင် "ဖခင်တို့ ကျွန်ုပ်တို့ကား ဘုရားကြွလာရာ၌ ယာဂုလှူလိုပါ၍ နှမ်း, ဆန်, ဆီကို ရှာပါသည်။ ဖခင်တို့ သဒ္ဒါသမျှ ပေးကြပါကုန်"ဟု ဆို၏။ ထိုစကားကိုကြားသော် လူအများတို့က မတွက်မချက်မူ၍ ယူနိုင်သမျှပင် ပေးလိုက်ကုန်၏။

နှမ်း, ဆန်, ဆီ စုမိသောအခါ မြတ်စွာဘုရားလည်း အာတုမာပြည်၏ အပါးသို့ ရောက်တော်မူ၍ တခုသော တလင်းတင်းကုပ်၌ သီတင်းသုံးတော်မူ၏။ သုဘဒ်ရဟန်းလည်း ညချမ်းသောအခါ ဒါယကာတို့ကို ခေါ်၍ ကျောင်းတလင်း၌ ထင်း, ခုံလောက်တို့ကို စီရင်ပြီးလျှင် အိုးကြီးအိုးငယ်တို့ဖြင့် ယာဂုချက်စေ၏။မိမိလည်းညစ်မည်းသော သင်္ကန်းကို ဝတ်ရုံ၍ လူပုံကြား၌ သွားလာ လှည့်ပတ်ကာ "ဤအိုးမှာ နှမ်းထည့်လော့၊ ဤအိုးမှာ ဆီထည့်လော့"စသည်ဖြင့် တညဉ့်ပတ်လုံး စီရင်၏။ တသိန်းမျှလောက်သော သပြာကို စွန့်လွှတ်၍ ထတ်ထတ်သော ယာဂုကိုလည်းကောင်း ပျားလူးပေါက်ပေါက်ကိုလည်းကောင်း ပြီးစေ၏။ ထိုယာဂု၌ ဒေါပတ် တင်လဲ အမဲ ငါးရည်တို့ကိုလည်း ထည့်အပ်သည်ဖြစ်၍ အလွန်ကောင်းမြတ်သော အနံ့အရသာ ရှိ၏။

မြတ်စွာဘုရားလည်း နံနက်စောစောကပင် သပိတ် သင်္ကန်း ပြင်ပြီးသော် သံဃာတော်အပေါင်းနှင့်တကွ ဆွမ်းခံကြွအံ့သောငှါ အာတုမာပြည်သို့ ရှေးရှုလာတော်မူ၏။ ယာဂုချက်သော သူတို့မြင်သော် "အရှင်သုဘဒ်-ဘယ်သူ၏ အလိုငှါ ဤယာဂုကို ချက်သနည်း။ ဘုရားသခင်သည် သံဃာတော်အပေါင်းနှင့်တကွ ဆွမ်းခံ ကြွတော်မူပြီ"ဟု ပြောကြ၏။ ထိုစကားကို ကြားသော် သုဘဒ်ရဟန်းကြီးလည်း ဝတ်ရုံတိုင်းသော သင်္ကန်းညစ်ဖြင့်သာ လက်ယာလက်က ယောက်မ၊ လက်ဝဲလက်က ဟင်းချိုကိုကိုင်ပြီးလျှင် ကိုယ်တိုင် ဘုရားရှင့်ထံသို့ ကပ်၍ တုပ်ဝပ် ရှိခိုးပြီးသော် "ဘုန်းတော်ကြီးသော ဘုရား-အကျွန်ုပ်အား သနားတော်မူပါသဖြင့် ယာဂုအလှူကိုခံတော်မူပါ"ဟု လျှောက်၏။ ဘုရားသခင်ကလည်း "ငါ့အရှင်သုဘဒ်-သင်ဘယ်သို့သော အခြင်းအရာဖြင့် ဤ

ယာဂုကို စီရင်သနည်း''ဟု မေးတော်မူ၏။ သုဘဒ်လည်း အလုံးစုံအားထုတ်ရသော အကြောင်း စကားကို လျှောက်ထားသဖြင့် ကြားသိတော်မူလျှင်''သင်သုဘဒ်သည် တရားနှင့် မလျှောက်ပတ်။ မအပ်သော အမှုအရာဖြင့် ဘယ့်ကြောင့် ဖွေရှာ၍ အားထုတ်သနည်း။ ရဟန်းတရားနှင့် မလျော်သော ပစ္စည်းကိုလှူ၍ အကျိုးမရှိ၊ သုံးဆောင်ဘိသော်လည်း ဓမ္မိကပရိဘောဂ မဖြစ်နိုင်။ ထို့ကြောင့် ချစ်သား ရဟန်းတို့ ဤယာဂုကို အလှူမခံကြကုန်လင့်''ဟု မိန့်တော်မူ၍ ဝိညာပန သိက္ခာပုဒ်နှစ်ရပ်ကို ပညတ်တော်မူပြီးသော် ကိုယ်တော်မြတ်လည်း ဆွမ်းခံရွာသို့ ဧရှးရှု ကြွတော်မူ၏။

ထိုအခါ သုဘဒ်ရဟန်းကြီးသည် ထိုးနန်းစည်းစိမ်မှ လျှောကျသော မင်းကဲ့သို့ နှလုံးမသာ မျက်နှာမလှရှိ၍ ''ဤအရှင်ဂေါတမသည် အလုံးစုံကိုသိသူဟူ၍ ကျော်စောပါသည်။ အကယ်၍ ငါ့အလှူကို မခံထိုက်၍ မခံလိုလျှင် တယောက်သောသူကို စေလွှတ်၍ ကြားအပ်ပါသည်။ ကျက်ပြီးသော အစာမည်သည်ကား အခါလေးမြင့်ထား၍ မလျော်ပြီ။ ဤမျှလောက် တသိန်းတန် အဆောက်အအုံကိုလည်း တသက်ပန်လုံး ရှာမှီး၍ ရနိုင်ခဲပါသည်။ ကိုယ်ပင့်သာသနာ၌ ငါနေသူ ဖြစ်ပါလျက် ငါ့ကို မညှာမထောက်ထား၊ သနားခြင်း ကြီးလှသသူ ဆိုပါလျက် ငါ၏ အကျိုးမဲ့ကို ပြုရက်လေသည်။ ငါ့အရှက်ကို ခွဲပလေသည်။ အလုံးစုံကို ဖျက်ဆီးပလေသည်။ ဤပြည်တွင် ငါ မနေဝံ့အောင် ပြုပလေသည်''ဟု ဝမ်းနည်းလှ၍ ဘုရားသခင်အား ရန်ငြိုးထားလေ၏။

ထိုသို့ ရန်ငြိုးထားသော်လည်း ဘုရားရှိစဉ်အခါက အရှင်ဂေါတမကား မြင့်မြတ်သော အမျိုးမှ ရဟန်းပြုသောသူ ဖြစ်ပေသည်။ တစုံတခုသောစကားကို ငါဆိုငြားအံ့။ ငါ့အားခြိမ်းခြောက် ရာချေသည်ဟု နှလုံးပြု၍ တစုံတခုသော စကားကိုမျှ မဆိုဝံ့ရကား ဆိတ်ဆိတ်နေ၍ နိဗ္ဗာန်ယူပြီး ကြားမှ အားရဝမ်းသာလျက် ''ငါတို့ကား ရဟန်းဂေါတမလက်မှ လွတ်ပြီ၊ သင်တို့ စိုးရိမ်ငိုကြွေး ခြင်းကို မပြုလင့်''ဟု ဆိုသတည်း။ ။ပရိနိဗ္ဗာနသုတ်အဖွင့်တွင် လာသည်။

၇၆၁။ ဇေတဝန်တည်၊ ကျောင်းတော်သည်၊ မည်မျှဘုံဆင့် ရှိသနည်း။ (၅၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အနာထပိဏ် သဌေးသည် သာဝတ္ထိမြို့၏ အနောက်တောင်မျက်နှာ တကောသအကွာတွင် ရှိသော ဇေတမင်းသား၏ ဥယျာဉ်ကို အသပြာ တဆယ့်ရှစ်ကုဋေဖြင့်ဝယ်၍ စရိတ်ငွေ တဆယ့် ရှစ်ကုဋေအကုန်ခံလျက် လက်ခလည်း တဆယ့်ရှစ်ကုဋေမျှပေး၍ ဆောက်လုပ်စေအပ်သော ဇေတဝန်ကျောင်းတော်ကား ဘုံအားဖြင့် သုံးဆင့်ရှိ၏။ တဆင့်တဆင့်သောဘုံ၌ တိုက်ခန်း တထောင် ရှိ၏။ ဂန္ဓကုဋိ၊ သလာဂကုဋိ၊ ကောသမ္ဗကုဋိ၊ ကရေရိကုဋိတည်းဟူသော ကုဋိ လေးလုံးတို့ဖြင့် တင့်တယ်၏။ တထောင်မျှလောက်သော ပြာသာဒ်အရံလည်း ရှိ၏။ များလှစွာ သော စကြံမဏ္ဍပ် စရပ် ဂူလိုဏ်တို့ဖြင့် ခြံရံအပ်၏။ နတ်ဘုံဗိမာန်ကဲ့သို့ အလွန် ဆန်းကြယ် နှဖွယ် ဘနန်းဖြစ်၏။ လက်သမား တထောင်တို့သည် ကိုးလတိုင်တိုင် ဆောက်မှ ပြီးမြောက်၏ဟူ၍ စူဠဝါ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ လာသည်။ ပါဠိကိုလိုမူ ထိုကျမ်းတို့မှ ယူရမည်။

အချို့ မှတ်စုစာများတွင်.... သစ်သားဖြင့် အမိုးသုံးထပ် ဆောက်လုပ်ကြောင်း။ ထုပ် လျှောက် တိုင်၀ ယက်မ ခါးပန်း အခြင်စွန်းပင် မည်မျှရှိကြောင်းကိုဆို၏။ထိုအတိုင်း ကျမ်းလာကိုမတွေ့ချေ။

၇၆၂။ ဝိဇယမည်၊ မင်းကြီးသည်၊ ပျိုးမည်ဘယ်က အနွယ်နည်း။ (၅၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

လာလတိုင်း သီဟပုရမြို့၌ မင်းမူ၍နေသော သီဟဗာဟုမင်းကြီး၏ သားတော်နှစ်ယောက်တွင် အကြီးဆုံးဖြစ်သော ဝိဇယမင်းသည် ဆိုးသွမ်းကြောကြမ်းသော ကျွန်ခုနစ်ရာနှင့်တကွ သမုဒ္ဒရာ အပြင်သို့ ဖောင်နှင့် မျှောလိုက်၍ လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသို့ရောက်သည်။ထိုမင်းအစ ထွင်၍ သီဟိုဠ်ကျွန်း၌ လူနေလူထိုင် ဖြစ်သည်။ ဤစကားများသည် မဟာဝင်၌ ထင်ရှားလှပြီ ဖြစ်၍ အကျယ်မဆိုလိုက်ပြီ။

၇၆၃။ ဘုရားဘုန်းစည်၊ လက်ထက်သည်၊ မည်စေတီကား အဦးနည်း။ (၅၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တပုဿ ဘလ္လိကတို့အား ပေးတော်မူလိုက်သော ဆံတော်ရှစ်ဆူကို မိမိတို့မြို့သို့ ရောက်လျှင် စေတီဘည်၍ ကိုးကွယ်ကြလေသည်ဖြစ်၍ ဥက္ကလာဇနပုဒ် သိင်္ဂုတ္တရကုန်း၌ တည်သော ဒဂုန်စေတီ တော်သည် အဦးဆုံးပင် ဖြစ်သည် ဟူပေ။

၇၆၄။ သိဟသူမည်၊ ပင်းယတည်၊ မည်သက္ကရာဇ်က ပေနည်း။ (၅၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သီဟသူလျှင်၊ ရှယ်ချူးရွှေဝ၊ လေးကြိမ်စမှ၊ ခြောက်ရာ့ခုနစ်ဆယ်၊ လေးခုဆွယ်၌၊
တို့ပယ်တောင်သို့၊ နတ်ညွှန်ပို့၍၊ ရွှေမြို့ပင်းယ၊ တည်ထောင်ကြပြီး၊ ဖြူလွှယာဉ်ညင်၊ တစီး
ရှင်လျှင်၊ နန်းခွင်တဆယ်၊ စည်းစိမ်ကြွယ်ရှင့်။ [နားတော်သွင်း]

၇၆၅။ ရွှေဆံတော်တည်၊ ပန်းခုံသည်၊ မည်မျှတာပေါင်း ရှိသနည်း။ (၅၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရွှေဆံတော်တွင်သော ဘုရားသည် ဒဂုန် ရွှေဆံတော်, ပြည် ရွှေဆံတော်ဟူ၍ နှစ်ဆူရှိသည်။

ဒဂုန် ဆံတော်ကို မေးလျှင် ဤသို့ သိအပ်၏။

ကုန်သည်ညီနောင်တို့သည် ဝါဆိုလ ဆံတော်ရှစ်ဆူကိုရခဲ့၍ ရေကြောင်းပြန်လာသဖြင့် ဥက္ကလာ ဇနပုဒ်သို့ ရောက်လျှင် သိကြားမင်း ဥက္ကလာမင်းတို့နှင့် တကွ စေတီတည်ထိုက်သော ဌာနကို

ရှာဖွေသော် ဆူးလေနတ်၊ မှော်ဘီနတ်ကြီးတို့က “ကကုသန်၊ ကောဏာဂုံ၊ ကဿပဟူသောဘုရား သုံးဆူတို့၏ တောင်ဝှေးတော်၊ ဓမကရိဏ်တော်၊ ရေသနုပ်တော်များကို ဌာပနာရာဖြစ်သော သိင်္ဂုတ္တရကုန်းကား ဤကုန်းပင်တည်း” ဟု ညွှန်ကြားကြ၍ ကုန်းတော်ကို ပေါင်းမြက်သင်လျက် ရှင်းပြီးလျှင် ကုန်းလယ်၌ ဌာပနာတိုက် လေးဆယ့် လေးထောင် အနက် အကျယ်တူး၍ အုတ် ကျောက်ရံပြီးလျှင် အလယ်၌ ရတနာအတိပြီးသော ကျောက်သဘော်ကို ထား၍ ထိုသဘော်၏ အထက်၌ ရွှေပန်းတောင်းဖြင့် ဆံတော်ကို ကျိန်းဝပ်စေ၍ ရွှေအုတ်၊ ငွေအုတ်၊ ကြေးစင်အုတ်၊ မြေအုတ်တို့ဖြင့် တင့်တယ်စွာရံလျက် အထက်ကိုလည်း လုံခြုံစွာ ဖုံးထား၍ မြေပေါ်ကို စေတီ လေးဆယ့် လေးတောင် အမြင့် အစောက် တည်လေသည်။ သိင်္ဂုတ္တရ ကုန်းတော်အကျယ်ကား ခုနစ်တောင်တာ တရာခန့် ကျယ်သည်။

ထို့နောက် ဘုရားသာသနာတော် ၂၁၈-ခုတွင် ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောက မင်းကြီး မင်းဖြစ်တော်မူ၍ ရေတွင်း ရေကန် ရှစ်သောင်းလေးထောင်၊ စေတီ ရှစ်သောင်းလေးထောင် တည်၍ အနုမောဒနာ ပြုသောအခါလည်း ဒဂုန်စေတီတော်မှ ရောင်ခြည်တော် ခြောက်သွယ် လွှတ်၍ ထူးမြတ်သော တန်ခိုးတော်ကို ပြသဖြင့် အသောကမင်းကြီး ကြားသိလျှင် လျောက်ပတ် သော မှူးမတ်တို့ကို စေလွှတ်၍ စေတီကို ပြုပြင်စေသည်။ အထူးထူးသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်သည်။

သာသနာသက္ကရာဇ် ၆၄၃-ခုတွင် စေတီတော်အပေါ် ထပ် အင်္ဂတေယိုယွင်းသည်ကို ဗညားရာဇာ သည် ထပ်မံလုပ်ကိုင်၍ ရွှေထီးနဝရတ် တင်လှူသည်။ သက္ကရာဇ် ၇၁၇-ခုတွင် တလိုင်းမင်း ဗညား ရက္ခိုသ်သည် ဆံတော်စေတီကို ဖောင်းကလပ်ခြေ ငါးဆယ့် လေးတောင်စီ ဖွင့်၍ တည်လုပ်သည်။ ပစ္စယာနှစ်ဆင့်သာ ပြီးသည်။ ၎င်းနောက် တလိုင်းမင်း ဗညားပရူ ထပ်၍ တည်လုပ်ပြန်သည်။ ပစ္စယာ ငါးဆင့်သာ ပြီးသည်။ သက္ကရာဇ် ၇၂၇-ခုတွင် ၎င်းသားတော် ဗညားကျန်းတောသည် ဆက်၍ တည်လုပ်ပြန်သဖြင့် သပိတ်မှောက် ဘီလူးဆွဲ ဖောင်းကြာပြန် ချရားသီးတိုင်အောင် ပြီး၍ ရွှေထီးနဝရတ် တင်လှူရသည်။ ထိုအခါ စေတီတော်သည် မြေပေါ်ကအမြင့် အတောင် နှစ်ရာ့ တတောင် တမိုက်နှင့် လေးလက်သစ်မြင့်သည်။ ဖိနပ် ပန်းခုံတော် အချင်း အတောင် သုံးရာ၊ အဝန်းအတောင် ကိုးရာ့နှစ်တောင် ဖြစ်သတည်း။ အကျယ်မှာ ၎င်းသမိုင်းတွင် ရှိပြီ။

ပြည့်မြို့ ရွှေဆံတော်ကို မေးလျှင်.... ပန်းခုံ အချင်းသုံတောင် ငါးဆယ်။ အမြင့် ခုနစ်ဆယ် ခြောက်တောင် နှစ်မိုက်ဟူပေ။

၇၆၆။ ပြာဋိဟာသည်၊ ခြိမ့်ခြိမ့်စည်၊ မည်နေ့ ပြတော်မူသနည်း။ (၅၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဘိုးတော် အဋ္ဌန ဖြိုပြီးနောက် သက္ကရာဇ် ၁၀၃-ခုနှစ်တွင် ဘုရားဖြစ်တော်မူ၍ ၎င်းနောက် ခြောက်ဝါအလွန် ခုနစ်ဝါရဆဲဖြစ်သော တဆယ်ပြည့်နှစ် ဝါဆိုလပြည့်နေ့ မွန်းလွဲမ်းအချိန်တွင် သာဝတ္ထိပြည်၏ အနီးဖြစ်သော သရက်ဖြူပင်ရင်း၌ ပြာဋိဟာ ပြတော်မူသည်။

၇၆၇။ စကြာမင်းသည်၊ စုတေမည်၊ နတ်ပြည်အမြဲ ရောက်လိမ့်နည်း။ (၅၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ငါတို့ ဘုရားအလောင်းတော် သုဒဿန စကြာမင်းကိုသာ စုတေသောကာလ နတ်ပြည် ရောက်ကြောင်းကို စက္ကဝတ္တိသုတ်၌ လည်းကောင်း၊ မန္ဓာတုဇာတ်၌ လည်းကောင်း လာသည်။ တပါးသော စကြာမင်းတို့ စုတေတိုင်း နတ်ပြည်ရောက်ကြောင်းကို ကျမ်းဂန်တိုက်ရိုက် လာသည်ကို မတွေ့မိ။ မတွေ့သော်လည်း စကြာမင်းဟူသမျှသည် သင်္ဂဟတရားလေးပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ ရာဇဓမ္မဆယ်ပါး စက္ကဝတ္တိဓမ္မဆယ့်နှစ်ပါးနှင့် ပြည့်စုံမှသာလည်း စကြာရမြဲ ဖြစ်ရကား ထိုတရားတို့လည်း နတ်ရွာရောက်ကြောင်းပင်ဖြစ်၍ စကြာမင်းစုတေသော် နတ်ပြည်သို့ အမြဲရောက်၏ဟု သိရာသည်။ ကြောမင်းကို မဆိုထားဘိ ထိုမင်း၏အရိုးကို စေတီတည်၍ ကိုးကွယ်ရသော သူတို့ပင်လည်း သမ္ပတ္တိနှစ်ပါးတို့ ခံစားရကြောင်းကို အင်္ဂုတ္တိုရ်ဒုကနိပါတ်အဋ္ဌကထာ၌ –

> စက္ကဝတ္တိနော ဥပ္ပတ္တိယာ ဒွေ သမ္ပတ္တိယော လဘန္တိ။ ဗုဒ္ဓါနံ ဥပ္ပတ္တိယာ တိဿောပိ သမ္ပတ္တိယော လဘန္တိ။ စက္ကဝတ္တိနော စေတိယံ ဇဂ္ဂိတွာ ဒွေ သမ္ပတ္တိယော လဘန္တိ။ ဗုဒ္ဓါနံ စေတိယံ ဇဂ္ဂိတွာ တိဿောပိ သမ္ပတ္တိယော လဘန္တိ။ ။ဟူ၍လာသည်။

သမ္ပတ္တိနှစ်ပါးဟူသည်ကား.... မနုဿသမ္ပတ္တိ-လူ့ပြည်၌ ဖြစ်သော စည်းစိမ်ချမ်းသာ။ ဒေဝသမ္ပတ္တိနတ်ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာ ဤနှစ်ပါးတည်း။ တိဿော၏အရ၌ ဖြဟ္မာသမ္ပတ္တိ ဖြဟ္မာမင်း၏ စည်းစိမ်ချမ်းသာကိုထည့်။

၇၆၈။ ရသေ့ပေးသည်၊ စကြာရည်၊ လည်၍ ပျံတတ် လေလိမ့်နည်း။ (၆၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒဓိဝါဟနဇာတ်၌ ရသေ့အား သိကြားမင်း ပေးသော ပဲခွပ်စကြာသည် ကောင်းကင်သို့ ပျံတတ်၏ဟူ၍ ဆိုသည်မှာ သုဒဿနစကြာမင်း၏ စကြာရတနာကဲ့သို့ လည်၍ ပျံတတ်သလောဟု မေးသည်။ ဖြေရန်ကား စကြာရတနာကဲ့သို့ လည်၍ မပျံ၊ လူအလိုရှိရာ စေခိုင်းတိုင်း သွားနိုင်သည် ဖြစ်၍ စကြာရတနာနှင့် အလိုရှိတိုင်း သွားနိုင်ခြင်း တူသောကြောင့် သဒိသူပစာရ အားဖြင့်သာ ကြောဟု ခေါ်လေသတည်း။ ဥပမာကား— ဓားစကြာ၊ လှံစကြာ၊ လက်နက်စကြာ ဟူသကဲ့သို့သာတည်းဟုဖြေ။ ။အဓိပ္ပာယ်ကို သိအောင် ဇာတ်လာကို ဆိုလိုက်ဦးအံ့။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုအခါ ကာသိတိုင်း၏ အတွင်းတခုသော ရွာမှ ပညာရှိသော ပုဏ္ဏားညီနောင် လေးဦးတို့သည် လူ့ဘောင်၌ သံဝေဂဖြစ်ကြ၍ ရသေ့ရဟန်းပြုကြပြီးလျှင် ဟိမဝန္တာတောင်၏အစပ် တခုသော တောအုပ်၌ ကျောင်းသင်္ခမ်းပြု၍ နေကြ၏။ တရံသောအခါ အစ်ကိုအကြီးရသေ့သည် သေခဲ့၍ တာဝတိံသာ၌ သိကြားမင်းအဖြစ်သို့ ရောက်လေ၏။ ထိုသိကြားမင်းသည် ကြွင်းရစ်သော ညီရသေ့သုံးဦးတို့အား

ချီးမြှောက်ခြင်းငှာ သက်ဆင်းလာခဲ့၍ အစ်ကိုရသေ့သို့ ကပ်ပြီးလျှင် မိမိဖြစ်ပျက်ကို ပြန်ကြား ပြောဆိုပြီးမှ "အရှင်ရသေ့ အကျွန်ုပ်သည် အရှင်တို့ အလိုပြည့်သမျှကို ပြည့်စေအံ့။ အဘယ်ဝတ္ထုကို အလိုရှိသနည်း" ဟု မေး၏။ ထိုအကြီးရသေ့ကား ဖြောင့်ဖြောင့်သောရောဂါရှိသူဖြစ်၍ သိကြားမင်း ငါကား မီးကို မပြတ်အလိုရှိ၏" ဟု ဆိုပေသော် သိကြားမင်းကလည်း" အရှင်ဘုရား မီးကို အလိုရှိမူကား ဤပဲခွပ်ကိုလည်းကောင်း, အိတ်စကြာကိုလည်းကောင်း, မီးပွတ်ကိုလည်းကောင်း ယူတော်မူလော့။ အကြင်အခါ၌ ထင်းကိုလည်းကောင်း, သစ်သီးသစ်မှက် စသည်တို့ကိုလည်းကောင်း အလိုရှိအံ့၊ ပဲခွပ်ကို လက်ဖြင့် သုံးသပ်၍ သင်သည် မည်သည့်ဝတ္ထုကို ယူဆောင်ချေအံ့ဟု စေတော်မူလော့၊ လူကဲ့သို့ ဆောင်ယူ၍လာလတ္တံ့" ဟု ဆို၍ ပဲခွပ်နှင့် အိတ်စကြာကိုလည်းကောင်း၊ မီးပွတ်ကိုလည်းကောင်း ဆောက်နှင်းခဲ့၏။

တဖန် ရသေ့အလတ်နေရာ သခ်မ်းသို့ ကပ်ပြန်၍ ယခင်ကဲ့သို့ ပြောဆိုပြီးမှ "ရှင်ရသေ့လည်း လိုရာကိုဆိုလော့။ အကျွန်ုပ်လှူအံ့" ဟု လျှောက်မြန်၏။ ရသေ့လတ်ကလည်း "သိကြားမင်း ငါ၏ နေရာသခ်မ်းကား ဆင်တို့၏သွားရာလမ်း ဖြစ်ခဲ့၏။ ထို့ကြောင့် ဆင်တို့မလာနိုင်စိမ့်သောငှါ လိုပါသတည်း" ဟု ဆို၏။ ထိုစကားကို ကြားလျှင် သိကြားမင်းက "အရှင်ရသေ့ ယင်းသို့တပြီးကား စည်ကြီးကို လှူအံ့။ ဤစည်ကို ဤမျက်နှာဖြင့် တီးခတ်သည်ရှိသော် ဆင် မြင်း ဗိုလ်ပါ အစရှိသော ရန်သူတို့သည် ကြောက်လန့်၍ ပြေးကုန်လတ္တံ့။ ဤမျက်နှာဖြင့် တီးခတ်သည်ရှိသော် ရှင်ရသေ့အား အင်္ဂါလေးပါးရှိသော စစ်သည်တို့သည် ခြံရံလာလတ္တံ့" ဟု လျှောက်၍ စည်ကြီး တလုံးကို လှူခဲ့၏။

တဖန် ရသေ့ငယ်၏ အထံသို့ ကပ်ပြန်၍ ယခင်ကဲ့သို့ ပြောဆိုပြီးမှ "အရှင်ရသေ့-အရှင်အလို ရှိရာကိုဆိုလော့၊ ကျွန်ုပ် လှူခဲ့အံ့" ဟု လျှောက်၏။ ရသေ့ငယ်ကလည်း "ငါ့အားခတ်ချောက်ချား သောရောဂါသည် ရှိ၏။ ထိုရောဂါကို ချမ်းသာစိမ့်သောငှါ နို့မေမ်းအိုးကို အလိုရှိပါသည်" ဟု ဆိုလျှင် သိကြားမင်းလည်း နို့မေမ်းအိုးကို ပြ၍ "အရှင်ရသေ့-ဤနို့မေမ်းအိုးကို ဆောင်လျက် အသက်ထက်ဆုံး သုံးဆောင်လော့။ အကယ်၍ ရန်သူတို့လာသည်ကိုဟန့်တားလိုသည်ဖြစ်အံ့။ ရှင်ရသေ့နေရာထက်ဝန်းကျင်မှ သွန်လျှင် မြစ်ကြီးဖြစ်၍ စီးလတ္တံ့" ဟုလျှောက်၍ နို့မေမ်းအိုးတလုံးကို လှူခဲ့၏။ ထိုအခါမှ စ၍ ရသေ့ညီနောင်သုံးဦးတို့လည်း ထိုစကြာသုံးပါးတို့၏အကျိုးကို အသီးသီးခံစားလျက် ငြိမ်သက်စွာ နေကြ၏။

ထိုအခါ တောဝက်တစီးသည် ကာသိတိုင်းဝယ် တခုသော ရွာပျက်ရာ၌ ကျက်စားသည်တွင် ကောင်းကင်သို့ ပျံစွမ်းနိုင်သော တန်းခိုးရှိသော ပတ္တမြားကို မြေသဲမှရ၍ ထိုပတ္တမြားကို ငုံပြီးလျှင် ကောင်းကင်ခရီးဖြင့် လာ၍ သမုဒ္ဒရာ၏ အလယ်ဖြစ်သော ကျွန်းငယ်တခု၌ ကျက်စား၍ ရေသဖန်းပင်အောက်၌ မီးတောက်နှင့်တူသော ပတ္တမြားကို ဦးခေါင်းရင်း၌ ထား၍ အိပ်နေလေ၏။ ထိုအခါ ကာသိတိုင်း၌ နေ သော သူကြွယ်သားတယောက်သည် လိမ္မာသော အရွယ်သို့ ရောက်သည် တိုင်အောင် မိခင် ဖခင်တို့၏အိမ်၌ စားကာ အိပ်ကာသာနေ၍ လုပ်ဆောင်ဖော်မရသောကြောင့် မိဘတို့နှင်ထုတ်လိုက်ရကား သမုဒ္ဒရာ၏အနားဖြစ်သော သင်္ဘောဆိပ်ရွာသို့လာ၍ သင်္ဘောသူကြီး တို့၏အထံ၌ ခစားစေခံပြု၍ နေသဖြင့် သင်္ဘောထွက်သောအခါ ပါလေ၏။ ထိုသူငယ်သည် သင်္ဘော ပျက်သောကာလ တခုသော ပျဉ်ချပ်ကိုရ၍ မျောလေသဖြင့် ထိုဝက်၏ကျက်စားရာဖြစ်သော ကျွန်းသို့ရောက်လေ၏။ ကျွန်းပေါ်သို့ တက်၍လည်သည်တွင် သဖန်းပင်၏အောက်၌ မီးတောက် ကဲ့သို့သော ပတ္တမြားကို ဦးခေါင်းအနီး၌ ထား၍အိပ်နေသော ဝက်ကိုမြင်၍ အသာအသာ သွား

ပြီးသော် ထိုပတ္တမြားကို ယူ၍ သဖန်းပင်ထက်သို့ ပျံတက်ကာ နေပြီးလျှင် ဤသို့ ဆင်ခြင်၏။ ဤဝက်ကား ဤပတ္တမြား၏ အာနုဘော်ကြောင့် ကောင်းကင်သို့ သွားနိုင်သည်ဖြစ်၍ ဤအရပ်၌ နေလာချေသည်။ ဝက်ကို သေစေမှ သင့်မည်ဟုကြံ၍တခုသော သစ်ကိုင်းကိုချိုး၍ ဝက်ပေါ်သို့ ချ၏။ ဝက်လည်း နိုးလျှင်ပင် ခေါင်းရင်း၌ထားသော ပတ္တမြားကို ရှာ၏။ မတွေ့ရကား ရှူးရှူး ရှားရှားဖြင့် ပြေးလွှား၏။ ထို အခြင်းအရာကို မြင်သော် သစ်ပင်ပေါ်၌နေသောလူသည် ပြင်းစွာ ရယ်၏။ ထိုအသံကို ကြားသဖြင့် ဝက်သည် မော်ကြည့်၍ မြင်သော် ဤလူပင် ငါ့ပတ္တမြားကို ယူချေသည်ဟု ရေသဖန်းပင်ကို ဦးခေါင်းဖြင့်တိုက်ခြင်း, အမြစ်ကို အစွယ်ဖြင့်ကော်ခြင်းကို ပြု၍ ထိုအရပ်၌ပင် ဝက်သေလေ၏။

ထိုယောကျ်ားသည် သဖန်းပင်မှသက်၍ ဝက်၏အသားကို ဖုတ်ကင်၍စားပြီးမှ ထိုပတ္တမြားကို ငုံ၍ ကောင်းကင်ဖြင့် ပျံလာခဲ့၏။ ဇမ္ဗူဒိပ်ကျွန်း ဟိမဝန္တာစွန်းဝယ် ရသေ့သုံးဦးတို့နေသော ကျောင်းသခ်မ်းကိုမြင်လျှင် အစ်ကိုရသေ့၏ ကျောင်းသို့သက်၍ နှစ်ရက်တိုင်အောင် ရသေ့၏ တပည့်ပြုလျက်နေ၏။ ထိုအခါ ပဲခွပ်စကြာ, အိတ်စကြာတို့ လူအလိုရှိရာကို ယူဆောင်နိုင်သော အာနုဘော်ကိုမြင်၍ “အရှင်ရသေ့ ကောင်းကင်သို့ ပျံနိုင်လိုလျှင် ကျွန်ုပ်၏ပတ္တမြားကို ယူတော်မူ။ ကျွန်ုပ်တို့လူနှင့်လျော်သော ဤပဲခွပ်စကြာကို ကျွန်ုပ်အားပေးလော့”ဟု ဆို၍ လဲလှယ်ကြ၏။ ပဲခွပ်နှင့် အိတ်ကိုရလျှင် ထိုယောကျ်ားလည်း တခုသောတောင်ကြားသို့ သွား၍ နေပြီးမှ ပဲခွပ် ကို လက်ဖြင့်သုံးသပ်၍ ဟယ် ပဲခွပ် ရသေ့၏ဦးခေါင်းကိုဖြတ်၍ ငါ၏ပတ္တမြားကို ဆောင်ချေဟု စေလိုက်၏။ ထိုပဲခွပ်လည်း စေသည့်အတိုင်း ရသေ့ဦးခေါင်းကို ဖြတ်၍ ပတ္တမြားကိုဆောင်လာ သော် ထိုပဲခွပ်ကို သင့်ရာ၌ ဝှက်ထားပြီးမှ ထိုယောကျ်ားသည် ရသေ့လတ် ထံသို့ ကပ်ပြန်လေ၏။ သုံးရက်လေးရက်နေသဖြင့် စည်ကြီး၏အာနုဘော်ကိုမြင်လျှင် ရှင်ရသေ့အား ပတ္တမြားကို ပေး၍ စည်ကိုယူပြီးလျှင် ယခင်နည်းအတိုင်း ပဲခွပ်ကိုစေ၍ ရသေ့ဦးခေါင်းကို ဖြတ်၍ ယူလေ၏။ ထို့ နောက် ရသေ့ငယ်၏အထံသို့ ကပ်ပြန်၍ သုံးရက်လေးရက်နေသဖြင့် နို့ဓမ်းအိုး၏ အာနုဘော်ကို မြင်လျှင် ရှင်ရသေ့နို့ဓမ်းအိုးနှင့် အကျွန်ုပ်၏ပတ္တမြားခဲကို လဲကြအံ့ဟုဆို၍ လဲယူပြီးလျှင် ယခင် နည်းကဲ့သို့ ရသေ့ဦးခေါင်းကိုဖြတ်၍ ပတ္တမြားကို ယူပြန်၏။

ပဲခွပ်စကြာ, စည်စကြာ, နို့ဓမ်းအိုးစကြာအားဖြင့် သုံးပါးသော စကြာတို့ကို ရလျှင် ထို ယောကျ်ားလည်း ပတ္တမြားကိုငုံ၍ ကောင်းကင်ခရီးဖြင့် လှည့်လည်လျက် မင်းပြုခြင်းငှာ သင့်တင့် သောအရပ်အကွက်ကို ကြည့်သည်တွင် ဗာရာဏသီပြည်ကိုမြင်၍ မြို့နှင့်မနီးမဝေးသော တောအုပ် တွင်နေ၍ ထင်းခွေလာသော သူတယောက်အား “သင်တို့၏ ဗာရာဏသီမင်းသည် စစ်ထိုးလိုသော်လည်း ထွက်စေ။ စစ်မထိုးလိုသော် တိုင်းပြည်ကို ငါ့အားအပ်ရမည်”ဟု စာခွေဖြင့် စေလိုက်၏။

ထိုသဝဏ်စာကိုကြားသော် ဗာရာဏသီမင်းလည်း ထိုသူကိုဖမ်းခြင်းငှာ အတန်ငယ်သောဗိုလ်ပါ ဖြင့်ထွက်လာ၏။ စကြာသုံးပါးအရှင်ဖြစ်သော ယောကျ်ားလည်း မင်းကြီးအား ထိတ်လန့်စေသော ငှာ တခုသော စည်မျက်နှာကိုတီးလျှင် မိမိ၏ထက်ဝန်းကျင်၌ ဆင်မြင်းရထားစသော စစ်အင်္ဂါ လေးပါးတို့သည် များစွာခြံရံလေကုန်၏။ ဗာရာဏသီမင်းလည်း မိမိ၏ ဆင် မြင်း ဗိုလ်ပါတို့ဖြင့် ထပ်၍ ပတ်ပတ်ဝန်းရံလေသော် စကြာ့ရှင်ယောကျ်ားသည် မိမိထံပါးသို့ မကပ်နိုင်စိမ့်သောငှာ နို့ဓမ်းအိုးကိုစောင်း၍သွန်လျှင် ထက်ဝန်းကျင်မှ မြစ်အတိ ဖြစ်လေ၏။ ထိုအခါ ပဲခွပ်စကြာကို လက်ဖြင့်သုံးသပ်၍ ဤပြဟ္မဒတ်မင်းကြီး၏ ဦးခေါင်းကို ပရိသတ်အလယ်တွင် ဖြတ်ယူချေဟု

စေလိုက်၏။ပဲခွပ်လည်း စေလိုက်သည့်အတိုင်း ကောင်းကင်ဖြင့်လာ၍ မင်းကြီး၏ဦးခေါင်းကို ဖြတ်ယူလေသော် ပါသမျှသော မင်းဆွေ မင်းမျိုး မှူးမတ်အပေါင်းတို့သည် သူ့ဦးခေါင်းကို ဖြတ်လတ္တံ့လော။ ငါ့ဦးခေါင်းကို ဖြတ်လတ္တံ့လောဟု တွေးတော ကြောက်လန့်ရကား ထိုစကြာ့ရှင်ယောကျ်ား၏ခြေရင်း၌သာ ဦးဖြင့်တိုက်၍ "အရှင့်သားသည် အကျွန်ုပ်တို့ပြည်ကို မင်းပြုပါ"ဟု တောင်းပန်ကြလေ၏၊ ထိုယောကျ်ားလည်း များစွာသော အခြံအရံနှင့်တကွ မြို့သို့ဝင်၍ မင်းမူ၏။ ထိုမင်းသည် နို့ဓမ်းအိုးကို သွန်းလောင်း၍ အရေးပြီးရကား ဒဓိဝါဟနမင်းဟု ထင်ရှားသတည်း။

ထိုဒဓိဝါဟနမင်းသည် တရံသောအခါ ဂင်္ဂါမြစ်၌ ပိုက်ကွန်ရံစေလျက် ရေသဘင် ကစားလတ်သော် ကဏ္ဏမုဏ္ဍအိုင်၏အနီး၌ရောက်သော နတ်တို့၏ သုံးဆောင်ရာဖြစ်သော အမ္ဗန္တရသရက်ပင်မှ သရက်သီးမှည့်တလုံးသည် မျောလာ၍ ရံသောပိုက်ကွန်၌ ငြိလာ၏။ ထိုသရက်သီးကား သောက်ရေအိုးပမာဏလောက် အလုံးကြီး၏။ အနံ့လည်းကောင်း၏။ ရွှေအဆင်းနှင့်တူ၏။ မင်းချင်းယောကျ်ားတို့သည် ဆယ်၍ရသဖြင့် မင်းကြီးအား ပြလေသော်မင်းကြီးသည် တောကျွမ်းသောသူတို့အားမေး၍ သရက်သီး၏အဖြစ်ကိုသိသဖြင့် အသားကိုသုံးဆောင်ပြီးမှ အစေ့ကို မိမိဥယျာဉ်၌ စိုက်လေ၏။ နို့ရည်, သကာရေ, ပြကတေ့ရည်တို့ဖြင့် သွန်းလောင်းစေ၏။ တင့်တယ်စွာ ကာရံခြင်း၊ တံခွန်ဆွဲခြင်း၊ နံ့သာဆီမီးထွန်းခြင်း စသော ပရိက်တို့ဖြင့် ချီးမြှောက်၏။

ထိုသရက်ပင်သည် သုံးနှစ်လွန်လျှင်ပင် ပွင့်ခြင်း သီးခြင်းသို့ရောက်၍ လောက်င်စွာ သုံးဆောင်ရ၏။ အလွန်ချိုမြိန်သော အရသာရှိ၏။ ထိုဒဓိဝါဟနမင်းသည် ပြည်ထောင်ချင်းချင်း မင်းတပါးတို့အား စားတော်လက်ဆောင်အလို့ငှာ ဤသရက်သီးကို ပို့သည်ရှိသော် ထိုထိုအရပ်တို့၌ စိုက်၍ မပေါက်စိမ့်သောငှာ အပင်ဖြစ်ရာကို လိပ်ကျောက်ဆူးရိုးဖြင့် ထိုးပြီးမှ ပို့သ၏။

တပါးသောမင်းတို့သည် သရက်သီးကိုစားပြီး၍ အစေ့ကိုစိုက်ဖေသော်လည်း မပေါက်ပဲသာရှိလေရကား အဘယ်အကြောင်းကြောင့် မပေါက်သနည်းဟု အကြောင်းကိုကြံဆသော် မျိုးကိုဖျက်၍ ပို့ကြောင်းကို သိလေ၏။

ထိုအခါ တယောက်သောမင်းသည် ငြူစူခြင်းရှိ၍ မိမိဥယျာဉ်စောင့်ကို ခေါ်ပြီးလျှင် "သင်သည် ဒဓိဝါဟနမင်း၏ သရက်ကို အရသာပျက်အောင် ပြုနိုင်ပါအံ့လော့"ဟု မေး၏။ ဥယျာဉ်စောင့်က တတ်နိုင်ကြောင်းကို လျှောက်လျှင် "သင်သွား၍ ဖျက်ချေ၊ ဤသရက်အရသာပျက်သောအခါမှ ပြန်လာခဲ့လော"ဟု ဆို၍ အသပြာတထောင်ကို ဆုပေး၏။ ထိုဥယျာဉ်မှူးလည်း အရှင်မင်းစေလိုက်သောအတိုင်း ဒဓိဝါဟနမင်းကြီးထံသို့လာ၍ "အကျွန်ုပ်သည် ဥယျာဉ်မှူးအရာဖြင့် အမှုထမ်းလိုပါသည်။ ဥယျာဉ်တော်ကို ကျွန်ုပ်ပြုစုရမူ မိုးကာလ၌ သီးပွင့်မြဲမဟုတ်သောပန်း သစ်ပင်လည်း မိုးအခါ၌ သီးပွင့်ပါလိမ့်မည်။ နွေကာလသီးမြဲ ပွင့်မြဲ မဟုတ်သော ပန်း, သစ်ပင်လည်း နွေအခါ၌ သီးပွင့်ပါလိမ့်မည်"ဟု လျှောက်၏။ ဒဓိဝါဟနမင်းလည်း ယုံကြည်သောအားဖြင့် ရှေးဥယျာဉ်စောင့်နှင့်အတူဖက်၍ ခန့်ထား၏။ ဥယျာဉ်မှူးသစ်လည်း မိမိလျှောက်ထားသောအတိုင်း များစွာလုံ့လပြု၍ အခါမဲ့၌ ပန်း,သစ်သီးတို့ကို သီးစေ ပွင့်စေလျက် ထက်ဝန်းကျင်သော ဥယျာဉ်ပတ်ကုံးကို နှသုံးမွေ့လျော်ဖွယ်ရှိအောင် ပြု၏။ သုံးနှစ်ရှိသောအခါ မင်းကြီးသည် ဥယျာဉ်မှူးသစ်အား နှစ်သက်သည်ဖြစ်၍ ရှေးဥယျာဉ်စောင့်ကိုနှုတ်၍ တယောက်တည်းသာ ထားလေ၏။ ဥယျာဉ်မှူးသစ်လည်း မိမိချည်း ပြုခွင့်ရလေလျှင် ထိုသရက်ပင်၏ အရင်းမှ သင်းပျံ

ကောင်းမွန်သောမြေကို ပယ်လျက်၊ မကောင်းသောမြေကို သွင်းပြီးမှ ခွေးတောက်ပင် တမာပင်တို့ကို စပ်ယှက်၍ စိုက်လေ၏။ ထို ခါးစပ်တော အရသာရှိသော အပင်တို့နှင့် အမြစ်ချင်း အခက်ချင်း အရွက်ချင်း ရောယှက်မိသောအခါ နတ်သုဓာကဲ့သို့အရသာရှိသော သရက်သည် အချိုပျက်၍ ခါး၊ သက်၊ စပ်၊ ဖန်ခြင်းသို့ ရောက်လေ၏။ ယင်းသို့ သရက်သီးအရသာပျက်ကြောင်းကိုသိလျှင် ဥယျာဉ်မှူးသစ်လည်း မိမိ၏ နေရာမြို့သို့ ထွက်ပြေးလေ၏။

ဒဓိဝါဟနမင်းလည်း ဥယျာဉ်သို့ ထွက်၍ သရက်သီးကို စားလျှင် ခါး၊ ဖန်သောအရသာရှိသည် ဖြစ်၍ မမျိုနိုင်ပဲ ထွေးဟက်၍ပစ်ရသဖြင့် ထိုအကြောင်းကိုသိခြင်းငှာပညာရှိသော ဘုရားလောင်း အမတ်ကြီးကိုခေါ်၍ "ဝဏ္ဏ ဂန္ဓ ရသူပေတော၊ အမ္ဗောယံ အဟုဝါ ပုရေ" အစရှိသော ဂါထာဖြင့် မေး၏။ အဓိပ္ပာယ်ကား။ အချင်းအမတ်ကြီး၊ ဤသရက်ပင်သည် ရှေးသောအခါ အနံ့အရသာနှင့် လွန်စွာပြည့်စုံသည်ဖြစ်လျက် ယခု ခါးသက်သော အရသာရှိပြန်၏။ ထိုသို့ အရသာကောင်း၏ ပျက်စီးခြင်းသည် အဘယ် အကြောင်းကြောင့် ဖြစ်လေသနည်း ဟူလိုသည်။

ထိုအခါ ပညာရှိအမတ်ကြီးလည်း မင်းအား လျှောက်ကြားလို၍ "ပုစိမန္ဒပရိဝါရော၊ အမ္ဗော တေ ဒဓိဝါဟန" အစရှိသော ဂါထာကိုရွတ်၏။ အဓိပ္ပာယ်ကား။ ပြည်ထက်ဝန်းကျင်ကို နို့ဓမ်းမြစ်ဖြင့် ပတ်ရစ်သိမ်းယူတော်မူနိုင်သော အရှင်မင်းကြီး၊ ဤလောက၌ အမျိုးအကျင့် သင့်တင့်ကောင်းမြတ်လှသော သူသည် မျိုးယုတ်ကျင့်တန် ဖောက်ပြန်ပျက်စီး အချည်းနှီးသောသူနှင့် ပေါင်းဖက်မူကား နေ့ရက်မကြာ ယုတ်မာပျက်စီး၍ အချည်းနှီးဖြစ်လေသကဲ့သို့၊ ထို့အတူ မင်းကြီး၏သရက်ပင်သည်လည်း ခါးသက်စွာသော တမာ၊ ခွေးတောက်၊ မလျှောက်ပတ်သော အရသာရှိသော သစ်ပင်တို့နှင့် အမြစ်လျှင် အမြစ်ချင်း။ အပင်လျှင် အပင်ချင်း။ အခက်လျှင် အခက်ချင်း။ ပေါင်းသင်းရောငြို စပ်လျက်ရှိသောကြောင့် မိမိအရသာကောင်းကို ပစ်၍ မနှစ်သက်ဖွယ်သော အရသာ ဖြစ်လာပါသတည်း။ ရှေးအခါကဲ့သို့ အရသာချိုမြိန်စေလိုလျှင် ထိုတမာ၊ ခွေးတောက်တို့ကို ပယ်ဖျောက် ရှင်းလင်းသဖြင့် မြိန်မြတ်ရင်းအတိုင်း မြိန်မြတ်ပါလိမ့်မည်ဟု လျှောက်ထား၏။

မင်းကြီးလည်း ဘုရားလောင်းအမတ်လျှောက်သောအတိုင်း တမာ ခွေးတောက်တို့၏ အမြစ်အနွယ်ကို နုတ်ပယ်စေပြီးလျှင် မကောင်းသော မြေကြီးကို ထုတ်ပစ်၍ ကောင်းသော မြေရေတို့ကို သွင်းပြန်သဖြင့် တဖန်ချိုမြိန်မြဲ ချိုမြိန်ပြန်လေသတည်း။ ထိုအခါ ပညာရှိသော အမတ်သည် ယခုအခါ ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ပေါင်းတော်မူသည်။

ဤဇာတ်ဝတ္ထုကိုထောက်၍ ပဲခွပ်စကြာတို့သည် လည်၍ မပျံတတ်ဟု သိရာ၏။

၇၆၉။ မြစ်ရည်မှုနည်း၊ မထူးလည်း၊ ယင်းသည်
ဘယ်မိန်းမမျိုးနည်း။ (၆၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....စိတြန်။

၇၇၀။ ခရုသင်းရည်၊ ငါးဆေးရည်၊ ကြံရည်
ဘယ်နာရီမျိုးနည်း။ (၆၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သခ်ရဏီ။

၇၇၁။ ပျား၏အရည်၊ ကဲ့သို့ကြည်၊ မည်သည့် ဣတ္ထိမျိုးပေနည်း။ (၆၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ..ပဒုမိနီ။

ပဒုမိနီ မဓုဃာပါနာ၊ နဒီပါနာ စိတြနီ။
သင်္ခိဏီ မဇ္ဇပါနာစ၊ ဂဇပါနာစ ဟတ္ထိနီ။

ပဒုမိနီမျိုးဖြစ်သော မိန်းမ၏ သုက်ရည်ကား ပျားရည်ကဲ့သို့ ရှိ၏။ စိတြနီမျိုးဖြစ်သော မိန်း၏ သုက်ရည်ကား မြစ်ရေကဲ့သို့ရှိ၏။ သင်္ခိဏီမျိုးဖြစ်သော မိန်းမ၏သုက်ရည်ကား ငါးဆေးရည်ကဲ့သို့လည်းကောင်း, ခရုသင်းကဲ့သို့လည်းကောင်း, ကြံရည်ကဲ့သို့လည်းကောင်းရှိ၏။ ဟတ္ထိနီမျိုးဖြစ်သော မိန်းမ၏သုက်ရည်ကား ဆင်မုန်ရည်ကဲ့သို့လည်းကောင်း, သစ္စေးရည်ကဲ့သို့လည်းကောင်း ရှိ၏ဟူ၍ သျှတြ၌ ဆိုသည်။

၇၇၂။ အာဟာရရုပ်သည်၊ ဖြစ်လေသည်၊ ထွေလည် ဘယ်သတ္တာဟနည်း။ (၆၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဩဇာဖရဏ မုပါဒါယာတိ ဂဗ္ဘသေယျကဿ မာတုအဇ္ဈော ဟဋ္ဌာဟာရတော သံသေ· ဒဇောပပါတိကာနဥ္စ မုခဂတသေမှာဒိတော ဩဇာယ ရသဟရဏီ အနုသာရေန သရီရေ ဖရဏကာလတော ပဋ္ဌာယ။

ဟူသော ဋီကာကျော်ပါဌ်ဖြင့် ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အမိမျိုအပ်သော အာဟာရသည် သူငယ်၏ကိုယ်၌ နှံ့သောအခါ၊ သံသေဒဇ, ဥပပါတ်ပုဂ္ဂိုလ်တို့အား ခံတွင်းသို့ရောက်သော သလိပ် တံထွေးကိုမျိုနိုင်သောအခါ၊ ထမင်းစသည်၌ တည်သောဩဇာသည် အရသာကိုဆောင်သော အကြောသို့ အစဉ်လျှောက်သဖြင့် အလုံးစုံသော ကိုယ်ခန္ဓာကိုနှံ့၏ ဟူ၍ဆိုသည်။သတ္တာဟကိုမဆို။

အာဟာရောတိ မာတရာ အဇ္ဈောဟဋ္ဌေ ကဗဠီကာရဟာရေ ပဝတ္တာ ဩဇာ၊အဇ္ဈောဟ· ရဏကာလေတိ ယဒါ ကုစ္ဆိဂတော ဒါရကော မာတရာ အဇ္ဈောဟဋ္ဌအန္နပါနဩဇာယ သရီ· ရပ္ဖရဏဝသေန ယာပေတိ၊ တဒါ ဌာနပတ္တာဝ သမုဋ္ဌာပေတိ၊ နနု စ သာ ခရာ၊ ဝတ္ထု သုခုမံ။ ကထံ တတ္ထ ဖရတီတိ။ ကေဿ ဝါ ဒ္ဒိန္နံ ဝါ သတ္တာဟာနံ ဂတကာလေ ဖရတီတိ။ တဒါ ဟိ သာ ဒါရကသရီရေ ပတိဋ္ဌဟိတွာ အဋ္ဌရူပါနိ သမုဋ္ဌာပေတိ။

ဟူသော သခေ်ပဋီကာပါဌ်ဖြင့်လည်း အမိဝမ်း၌တည်သောသူငယ်ကို အမိမျိုလိုက်သော အာဟာ ရ၌ပါသောဩဇာသည် သူငယ်၏ကိုယ်၌နှံ့ကာတည်၍ ရှစ်ပါးသောရုပ်တို့ကို ဖြစ်စေ၏ ဟူ၍ပြသည်။ သတ္တာဟကို မပြ။

မဏိမဉ္ဇူသာဋီကာ၌ကား—

ကေ ဝါ ဒွေ ဝါ သတ္တာဟေ အတိက္ကမ္မ မာတရာ ဘုတ္တာဟာရော ကုစ္ဆိဂတဿ သရီရေ အဇ္ဈဥ္ဇန္နံ ဝိယ အာဟာရကိစ္စံ ကရောတိ။ ။ဟူ၍ မိန့်သည်။

အဓိပ္ပာယ်ကား။ ။တခုသောသတ္တာဟကို လည်းကောင်း၊ နှစ်ခုသော သတ္တာဟကို လည်းကောင်း လွန်၍ အမိစားမျိုအပ်သော အာဟာရဓာတ်ရှိသော ဩဇာသည် ဝမ်းဝယ်တည်သော သူငယ်၏ကိုယ်၌ သက်ဝင်သကဲ့သို့ ဖြစ်၍ အာဟာရ ကိစ္စကိုပြု၏ ဟူလိုသည်။

ထိုကိုမှီ၍ နရသီဟပျို့၌—

မာတုဘုဥ္၊ အာဟာရကား၊ တိသတ္တာဟ၊ ချက်မှဝင်ထွေ၊ နှီတိုင်ပေ၏၊ မြဲနေဆယ်လ၊ သန္ဓေပသည်။ ။ကာလမြင့်မြဲ ကြာတင်တည်း။ ဟူ၍ စပ်ဆိုသည်။

၇၇၃။ ရသာထူးလည်း၊ ဩဇာသည်၊ ဖြဟ္မာ့ပြည်၌ ရှိလိမ့်နည်း။ (၆၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရူပလောကေ ပန ဃာနဇိဝှါကာယဘာဝဒသကာနိ အာဟာရဇကလာပါနိစ န လဗ္ဘန္တိ။

ဟူသော သင်္ဂြိုဟ်ပါဠိကိုဖွင့်ရာ ဋီကာကျော်၌—

အာဟာရဇ ကလာပါနိစ န လဗ္ဘန္တိ အဇ္ဈောဟဋာဟာရာဘာဝေန သရီရ ဂတဿာပိ အာဟာရဿ ရူပသမုဋ္ဌာပနာဘာဝတော၊ ဗာဟိရံ ဟိ ဥတုံအာဟာရဥ္စ ဥပနိဿယံ လဘိတွာ ဥတုအာဟာရာ ရူပံသမုဋ္ဌာပေန္တိ။ ။

ဟူ၍မိန့်သည်။

ပိဏ္ဍတ္ထအဓိပ္ပာယ်ကား။ ။ရူပါဝစရဗြဟ္မာ့ဘုံ၌ ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဘာဝဒသကတို့ကိုလည်းကောင်း၊ အာဟာရဇကလာပ်ကိုလည်းကောင်း မရအပ်ကုန်ဟူ၍ဆိုသောသင်္ဂြိုဟ်စကား၌ အဘယ့်ကြောင့် အာဟာရဇရုပ်တို့ကို မရပါသနည်း။ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်တို့၌ပါသောဩဇာသည် ရှိပါသည်မဟုတ်လော။ ထိုဩဇာသည် အာဟာရပစ္စည်း မတပ်လောဟု စောဒနာရန်ရှိ၍ ထိုစောဒနာကို ဖြေခြင်းငှာ 'အဇ္ဈောဟဋာဟာရာဘာဝေန' စသည်ကိုမိန့်၏။ အဓိပ္ပာယ်ကား။ ဗြဟ္မာတို့သည် တစုံတခုသောအစာကို စားခြင်း မျိုခြင်း မရှိသည်၏ အဖြစ်ကြောင့် ကိုယ်၌ တည်သော တိဇဩဇာ တည်းဟူသော အာဟာရ ရုပ်၏လည်း ရုပ်ကိုဖြစ်စေနိုင်သော သတ္တိမရှိသည်၏ အဖြစ်ကြောင့် အာဟာရဇကလာပ်ကို မရအပ်သတည်း။ ထိုစကားမှန်၏။ အဇ္ဈတ္တ၌ရှိသော ဥတုဇရုပ် အာဟာရဇရုပ်တို့သည် ဗာဟိရဖြစ်သော ဥတု၊ အာဟာရ တည်းဟူသော ဥပနိဿယကို ရမှသာလျှင် ရုပ်ကို ဖြစ်စေနိုင်၏။ ဥပနိဿယကို မရသော် ရုပ်ကို မဖြစ်စေနိုင်။ ဥပမာကား။အညွန့်အညှောက် ပေါက်စွမ်းနိုင်သော မျိုးစေ့သည် ရေ မြေဟူသော အမှီ ဥပနိဿယကို မရလျှင် အညှောက်မျှ မထွက်လေသကဲ့သို့တည်း။ လိုရင်းအကျဉ်းကား။ ဗြဟ္မာ့ပြည်၌ ဩဇရုပ်ရှိ၏။ ရုပ်ကိုသာ မဖြစ်စေနိုင် ဟူလိုသည်။ ဩဇရုပ်ရှိသော် ထိုဩဇာသည် အာဟာရပစ္စည်း မတပ်လောဟူငြားအံ့ ကလာပ်တူ ကလာပ်ပြား ဖြစ်သော တိသမုဋ္ဌာနိကရုပ်တို့အား အာဟာရပစ္စည်းကား တပ်၏။ ပစ္စည်းတပ်သော်လည်း ရုပ်အဟောင်းကို မပြိုပျက်အောင် ထောက်ပံ့ရုံသာ ဖြစ်သည်။ ကာမဘုံ၌ ဤကဲ့သို့ မိမိကြောင့် ရုပ်ဖြစ်ခြင်းကား မရှိဟူပေ။

၄၃၄။ ဣတ္ထိလိင်သည်၊ ပြဟ္မာ့ပြည်၊ ထူးလည်ရှိကောင်း ပေလေလိမ့်နည်း။ (၆၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဘာဝဒွယံ ပန ဗဟလကာမရာဂူပနိဿယတ္တာ ပြဟ္မာနဉ္စ တဒဘာဝတော တတ္ထ န ပဝတ္တတိ။

ဘာဝဒွယံ ပန၊ ဘာဝရုပ်နှစ်ခု အပေါင်းသည်ကား။ ဗဟလကာမရာဂူပနိဿယတ္တာ၊ ထူပြောသော ကာမရာဂလျှင် မှီရာရှိသည်၏ အဖြစ်ကြောင့်။ ပြဟ္မာနဉ္စ၊ ပြဟ္မာတို့အားလည်း။ တဒဘာဝတော၊ ထိုထူပြောသော ကာမရာဂ ဟူသော အကြောင်းမရှိသည်၏ အဖြစ်ကြောင့်။ တတ္ထ၊ ထိုပြဟ္မာ့ဘုံ၌၊ န ပဝတ္တတိ၊ မဖြစ်၊

ဤသို့ ဋီကာကျော် မိန့်ရကား ဣတ္ထိလိင်, ပုလ္လိင်ပင် မရှိဟူပေ။ လိင်နှစ်ပါး မရှိသော် နပုန်းပဏ္ဍုက် ဟူ၍ ဆိုအပ်သလော ဟူငြားအံ့။ ကာမရာဂ၌တပ်ခြင်းကင်းသော ဘာဝနာအဟုန်ကြောင့်သာလျှင် ဘာဝရုပ်အစုံတို့ ကင်းကွာရကား လူ့ရွာ၌ အကုသိုလ် ကံကြောင့် ဖြစ်သော အဟိတ် ပဋိသန္ဓေနေသော ပဏ္ဍုက်ကဲ့သို့ မဟုတ်၊ ပုဂ္ဂိုလ်၏ သဏ္ဌာန်မူကား ယောကျ်ားမြတ်တို့၏ အသွင်ဖြင့်သာ ဖြစ်၏။ ထို့ကြောင့် နပုန်းပဏ္ဍုက် ဟူ၍လည်း မဆိုအပ် ဟူပေ။

၄၃၅။ မိန်းမသေသည်၊ ပြဟ္မာ့ပြည်၊ ဖြစ်သည်ဘယ်ဘုံ တို့ပေနည်း။ (၆၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဣတ္ထိယော ပန အရိယာ ဝါ အနရိယာ ဝါ အဋ္ဌသမာပတ္တိ လာဘိနိယော ပိ ပြဟ္မပါရိသဇ္ဇေသုယေဝ နိဗ္ဗတ္တန္တိ။

ဟူသော ဋီကာကျော်နှင့်အညီ မိန်းမတို့သည် အရိယာဖြစ်စေ၊ ပုထုဇဉ်ဖြစ်စေ သမာပတ်ရှစ်ပါးကိုပင် ရသော်လည်း စုတေသောကာလ ပြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်လေကုန်သည်။ ပြဟ္မပါရိသဇ္ဇာဘုံပျက်မှ အထက်သော ဘုံတို့၌ ဖြစ်ကြကုန်သည်။ "န ဿက္ကတ္တံ န ပြဟ္မတ္တံ" အစရှိသည်တို့ဖြင့် မိန်းမတို့သည် သိကြား ပြဟ္မာမဖြစ်ဟု ဘုရားဟောတော်မူသည် မဟုတ်လောဟု ဆိုငြားအံ့၊ ဟောတော်မူသည်ကား မှန်၏။ မှန်သော်လည်း မိန်းမ၏အဖြစ်ဖြင့် မဖြစ်သည်ကိုသာရည်၍ ဟောတော်မူသည်။ သိကြားမင်း ပြဟ္မာမင်း၏ အဖြစ်ဖြင့်ကား ဖြစ်သင့်ပါ၏ဟူပေ။

ဤအရာ၌ ပြဟ္မာတို့၏ ရုပ်နာမ်တည်ဟန် ကိုယ်သဏ္ဌာန် အခြင်းအရာကို သိသာအောင် ပြဆိုလိုက်ဦးအံ့—

ရူပလောကေ ပန ဃာန ဇိဝှါ ကာယဘာဝ ဒသကာနိ စ အာဟာရဇကလာပါနိ စ န လဘန္တိ။

ဟူသော ပါဠ်ဖြင့် ရူပါဝစရ ပြဟ္မာ့ဘုံ၌ ပြဟ္မာတို့အား ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဣတ္ထိဘာဝဒသက၊ ပုမ္ဘာဝဒသက တို့ကို လည်းကောင်း၊ အာဟာရဇ ကလာပ်တို့ကို

လည်းကောင်း မရအပ်ကုန် ဟူ၍ သဂြိုဟ်ကျမ်း၌ ဆိုသည်။ ထိုရုပ်တို့ကို မရလျှင် ဃာနပသာဒ တည်းဟူသော ဃာနဝတ္ထု။ ဇိဝှါပသာဒ တည်းဟူသော ဇိဝှါဝတ္ထု။ ကာယပသာဒ တည်းဟူသော ကာယဝတ္ထုကို မှီသော ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်တို့ကိုလည်း မရကုန်သည်သာတည်းဟု ပြတော်မူခြင်းငှါ–

> တံ တံ ပသာဒရဟိတာနံ တံ တံ ဒွါရိကဝီထိစိတ္တာနိ န လဗ္ဘန္တေဝ၊ အသညသတ္တာနံ ပန သဗ္ဗထာပိ စိတ္တပ္ပဝတ္တိ နတ္ထေ ဝါတိ။ ။ဟူ၍ ဆိုတော်မူသည်။

ယင်းသို့ ဝတ္ထုရုပ် ဝိညာဉ်တို့သည် မရှိလေသော် ပြကတေ့သော ကိုယ်၊ ပြကတေ့သော နှာခေါင်း၊ ပြကတေ့သော လျှာတို့သည် မရှိကုန်သလော။ အသွင်အပြင်တို့သည် ယောကျ်ားသဏ္ဌာန်လော၊ မိန်းမသဏ္ဌာန်လော ဟူပြားအံ့–

> တတ္ထ ဗြဟ္မပါရိသဇ္ဇာဒေါ ပဥ္စာယ ဈာနမိ သောဠသရူပါဝစရာနိ နာမ။ တေသု သဗ္ဗေ ပုရိသသဏ္ဌာနာ။ ဣတ္ထိပုရိသ ဗျဥ္ဇန နိမိတ္တံပိ နတ္ထိ။ စက္ခုသောတာနိ ပန အတ္ထိ။ ရူပံ ပဿန္တိ၊ သဒ္ဒံ သုဏန္တိ။ ဃာနံ အတ္ထိ။ ဃာနပ္ပသာဒေါစ ဃာနဝိညာဏဥ္စ နတ္ထိ။ တသ္မာ ဂန္ဓံ န ဇာနန္တိ။ သမ္ဘာပရိဝတ္တဇိဝှါ ဒႉတ္ထိ။ တသ္မာ ဟသန္တိ။ ဇိဝှါပသာဒေါစ ဇိဝှါ ဝိညာဏဥ္စ နတ္ထိ။ တသ္မာ ကိဥ္စိရသံ နဇာနန္တိ။ နခါဒန္တိ။ နပိဝန္တိ။ ဈာနပီတိယေဝ တေသံ အာဟာရော ဟောတိ။ ကာယော အတ္ထိ။ ကာယပ္ပသာဒေါစ ကာယ ဝိညာဏဥ္စ နတ္ထိ တသ္မာ တေ ကိဥ္စိဖဿံ နဇာနန္တိ။ ဧဝံ သန္တေပိ နိဝါသန ပါရုပနသာဋကာနိ အတ္ထိ။ ဗြဟ္မဝိမာန သယနာနိ အတ္ထိ။ ကေသာ နခါ ဒန္တာ အတ္ထိ။ သေသကောဋ္ဌာသာနိ ပန နတ္ထိ၊ ဒီပသိခါ ဝိယ သရီရံ ဟောတိ။ မလမုတ္တမဂ္ဂါ နတ္ထိ။ ဣတ္ထိယော နတ္ထိ။ နစ္စဂီတာဒီနိ နတ္ထိ။ ကေစိ အရိယ ဝိဟာရေန ကေစိ ဒိဗ္ဗဝိဟာရေန ကေစိ ဗြဟ္မဝိဟာရေန ဝိဟာသီတိ။ ။ဟူ၍ ဇိနာလင်္ကာရ၌ လာသည်။

အဓိပ္ပါယ်ကား။ ဗြဟ္မာ့ဘုံနှစ်ဆယ်တို့တွင် ဗြဟ္မာ့ပါရိသဇ္ဇာမှစ၍ တဆယ့်ခြောက်ပါးသော ဘုံတို့သည် ရူပါဝစရဘုံ မည်ကုန်၏။ ထိုဘုံ၌ ခပ်သိမ်းသော ဗြဟ္မာတို့သည် ယောကျ်ား၏သဏ္ဌာန်သာ ဖြစ်ကုန်၏။ ယောကျ်ားနိမိတ်၊ မိန်းမနိမိတ်ကား မရှိကုန်။ မျက်စိ နားတို့သည် လူတို့ကဲ့သို့ ရှိကုန်၏။ အဆင်းကိုလည်း မြင်ကုန်၏။ အသံကိုလည်း ကြားကုန်၏၊ နှာခေါင်းကားရှိ၏။ ဃာန-ပသာဒ ဃာနဝိညာဉ်ကား မရှိ။ ထို့ကြောင့် အနံ့ကို မသိကုန်။ လှုပ်ရှားတတ်သော လျှာကားရှိ၏။ ဇိဝှါပသာဒ ဇိဝှါဝိညာဉ်ကား မရှိ။ ထို့ကြောင့် တစုံတခုသော အရသာကို မသိကုန်။ မစား မခဲကုန်၊ မသောက်ကုန်။ ဈာန်၌ နှစ်သက်သော ပီတိသာလျှင် ဗြဟ္မာတို့၏ အာဟာရဖြစ်၏။ လုံးလုံးသျှောင်းသျှောင်း မြင်စကောင်းသော ကိုယ်သဏ္ဌာန်ကား ရှိ၏။ ကာယပသာဒ၊ ကာယဝိညာဉ်ကား မရှိ၊ ထို့ကြောင့် တစုံတခုသောအသိကိုမတွေ့ကုန်။ ယင်းသို့ မသိငြားသော်လည်း ဝတ်ရုံသော ပုဆိုးတို့သည် ရှိကုန်၏။ ဗိမာန်အိပ်ရာ နေရာတို့သည် ရှိကုန်၏။ ဆံ၊ ခြေသည်း၊ လက်သည်း၊ သွားတို့သည်သည်း ရှိကုန်၏။ ကြွင်းသော အစုတို့သည် မရှိကုန်။ ဆီမီးလျှံကဲ့သို့သော ကိုယ်သည် ရှိ၏။ ကျင်ကြီး ကျင်ငယ်သွားသော မဂ်တို့ကား မရှိကုန်။ ဗြဟ္မာမိန်းမလည်း မရှိ။ ကခြင်း သီခြင်းစသည်မရှိ။ အချို့သော ဗြဟ္မာတို့သည် အရိယဝိဟာရဖြင့် နေကုန်၏။ အချို့သော ဗြဟ္မာတို့သည် ဒိဗ္ဗဝိဟာရဖြင့် နေကုန်၏။ အချို့သော ဗြဟ္မာတို့သည် ဗြဟ္မဝိဟာရဖြင့် နေကုန်၏ ဟုလိုသည်။

အသညသတ်ပုဂ္ဂိုလ်တို့အား စက္ခု သောတ ဃာန ဇိဝှါ ကာယ ဝတ္ထု ဘာဝဒသက၊ အာဟာရဇကလာပ်၊ အလုံးစုံသော စိတ္တဇကလာပ်တို့ကို မရအပ်။ ထိုအသညသတ်ပုဂ္ဂိုလ်တို့အား တရာ့ခုနစ်ပါးသော ရုပ်အစုဖြင့်သာ ဗိမာန် နေရာ၌ ဖြစ်၏။ လူ့ပြည်၌ ကမ္မဋ္ဌာန်းစီးဖြန်းစဉ် ထိုင်လျက် စုတေ့သော သူသည် ထိုင်သော ဣရိယာပုထ်ဖြင့်၊ လျောင်းလျက် စုတေ့သော သူသည် လျောင်းသော ဣရိယာပုထ်ဖြင့်သာ ဖြစ်၏။ ပုံသဏ္ဌာန်ကား ထုလုပ်၍ထားသော အရုပ်ကဲ့သို့ မိမိဖြစ်သော ဣရိယာပုထ်ဖြင့်သာလျှင် ကမ္ဘာငါးရာပတ်လုံး တည်လေ၏ဟူ၍ သမ္မောဟဝိနောဒနီ၌ လာသည်။

ထို ရူပဗြဟ္မာတို့အား မှီခိုတည်ရာဖြစ်သော ဗိမာန်၊ ဥယျာဉ်၊ ပဒေသာပင်တို့သည်လည်းကောင်း၊ ကိုယ်တွင်ဆင်အပ်သော ဘယက် တန်းဆာတို့သည်လည်းကောင်း ရှိကုန်၏။ ထိုအဆောက်အဦတို့၌ တပ်မက်သော ဆန္ဒရာဂလည်း ဖြစ်သေး၏။ ထို့ကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ နိက္ခေပကဏ္ဍ အဖွင့်၌ "ယေ ပန ဗြဟ္မဝိမာနကပ္ပရုက္ခအာဘရဏေသု ဆန္ဒရာဂေါ ဥပ္ပဇ္ဇတိ" ဟူ၍ ဆိုတော်မူသည်။

ဤဗြဟ္မာ့ပြည်၌ တာဝတိံသာနတ်ပြည်ကဲ့သို့ အများဗြဟ္မာတို့၏ စည်းဝေးရာဖြစ်သော သုဓမ္မာနတ်သဘင်သည်လည်း ရှိ၏။ ထိုသဘင်၌ အများပင် စည်းဝေးကြ၏။ နတ်ပြည် ဗြဟ္မာ့ပြည် ဟူသမျှ၌ သုဓမ္မာသဘင်မရှိသော ပြည်မည်သည် မရှိဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ မာရတဇ္ဇနီယ သုတ်အဖွင့်တွင် ဆိုသည်။ .

၇၇၆။ သေရက်သေရည်၊ သောက်ကြသည်၊ မည်ကံထိုက်၏ ဆိုမည်နည်း။ (၆၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> သုရာပါနမ္ပိ ဧတ္ထေဝ သင်္ဂယှတီတိ ဝဒန္တိ။ ရသသင်္ခါတေသု ကာမေသု မိစ္ဆာစာရ-
> ဘာဝတော။

ဟူသော ဋီကာကျော်နှင့်အညီ ရသတဏှာဟု ဆိုအပ်သော ကာမဂုဏ်၌ မှားသော အကျင့်ပင် ဖြစ်ရကား သုရာသောက်ခြင်းကိုလည်း ဤကာမေသုမိစ္ဆာစာရကံ၌သာ သင်္ဂြိုဟ်အပ်၏ဟူ၍ အဋ္ဌကထာဆရာတို့ မိန့်ကုန်၏။ ထိုသို့ မိန့်ကုန်ရကား သုရာသောက်ခြင်းသည် အကုသိုလ် ကာယကံ ထိုက်၏ဟု ဆိုရမည်။

၇၇၇။ မြင်းမိုရ်အောက်တည်၊ သုရာပြည်၊ မည်ဘုံသွင်းတို့ ပါအံ့နည်း။ (၆၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

> ဣတရေသံ တာဝတိံသေသု ဂဟဏာဿ ဣစ္ဆိတတ္တာ၊ တထာ ဟိ ဝုတ္တံ အာစရိယေန "တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တာသုရာ ဂတာ"တိ။

ဟူ၍ ဋီကာကျော်မိန့်သောကြောင့် မြင်းမိုရ်တောင်၏ အောက်ဖြစ်သော အသုရာပြည်၌ တည်သော အသုရာတို့ကို တာဝတိံသာဘုံသို့ သွင်းရမည်ဟူပေ။

ဋီကာအနက်ကား။ ။ဣတရေသံ၊ ဤပြိတ္တာအသုရာမှတပါးသော မြင်းမိုရ်တောင်အောက်၌ နေသော အသုရာတို့ကိုကား။ တာဝတိံသေသု၊ တာဝတိံသာဘုံတို့၌။ ဂဟဏာဿ၊ သွင်းခြင်းကို။ ဣစ္ဆိတတ္တာ၊ အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။ ဣမ စ၊ ဤ န သုရန္တိ ဣဿရိယကီဠာဒီဟိ ဒိဗ္ဗန္တိတိ အသုရာ-ဟူသော ဝစနတ်၌။ ပေတာသုရာနမေဝ၊ ပြိတ္တာ အသုရာတို့ကိုသာလျှင်။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တထာ ဟိ၊ထို့ကြောင့်သာလျှင်။ အာစရိယေန၊ အဋ္ဌကထာကျမ်းပြု အနုရုဒ္ဓါ မြတ်ဆရာသည်။ တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တာသုရာဂတာတိ၊ ဂတာဟူ၍။ ပရမတ္ထဝိနိစ္ဆယေ၊ ပရမတ္ထဝိနိစ္ဆယကျမ်း၌။ ဝုတ္တံ၊ ဆိုအပ်၏။တာဝတိံသေသု ဒေဝေသု၊ တာဝတိံသာနတ်ပြည်တို့၌။ ဝေပစိတ္တာသုရာ၊ မိမိတို့၏ ရန်ဘက်ဖြစ်သော အသုရာတို့သည်။ ဂတာ အန္တောဂတာ၊ အကျုံးဝင်ကုန်၏။

၇၇၇။ ဝိထိဆိုသည်၊ စကားတည်၊ မည်သို့ဝိဂ္ဂိုဟ်
ကောက်ပိမ့်နည်း။ (၇၀)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဝိယန္တိ ဂစ္ဆန္တိ ဧတ္ထာတိ ဝီထိ၊ မဂ္ဂေါ။
ဝီထိ ဝိယာတိ ဝီထိ၊ စိတ္တပရမ္ပရာ။

ဟူ၍ဆရာကျော်တို့မိန့်၏။

ဧတ္ထ၊ ဤလမ်းခရီး၌။ ဝိယန္တိ ဂစ္ဆန္တိ၊ သွားလာတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့သွားလာရာ ဖြစ်သောသတ္တိကြောင့်။ ဝီထိ၊ ဝီထိမည်၏။ မဂ္ဂေါ၊ ခရီးအစဉ်ရ၏။ ။ဝီထိ ဝိယ၊ ခရီးအစဉ်ကဲ့သို့ ဖြစ်သတည်း။ ဝီထိ၊ ခရီးအစဉ်ကဲ့သို့ဖြစ်သည်။ စိတ္တပရမ္ပရာ၊ စိတ်အဆက်ဆက်ကိုရ၏။ ရှေ့ဝိဂ္ဂိုဟ်ကား အဓိကရဏသာဓနကိတ်ဝိဂ္ဂိုဟ်၊ မောဂ္ဂလာန်၌ဆိုသည်။ နောက်ဝိဂ္ဂိုဟ်ကား ဥပမာတဒ္ဓိတ်၊ ဝီထိလက်ရိုး၌ဆိုသည်။

၇၇၉။ သဗ္ဗညုမည်၊ ဉာဏ်တော်သည်၊
မည်သို့အာရုံပြုသနည်း။ (၇၁)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"သဗ္ဗဓမ္မေ ဇာနနသီလတာယ သဗ္ဗညူ" ဟူ၍ဋီကာတို့၌ ဝိဂ္ဂိုဟ်ပြသည်။ ထိုဝစနတ္ထ၌ သဗ္ဗဓမ္မေဟု ကံပုဒ်ကို ဆိုရကား သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊နိဗ္ဗာန်၊ပညတ်ဟူသောအလုံးစုံသော ဉေယျဓမ္မတရားကိုပင် အာရုံပြု၏ဟူ၍ သိရာသည်။

၇၈၀။ နိဝရဏသည်၊ ပေါင်းရှစ်တည်၊ ခြောက်မည် ဘယ့်ကြောင့် ဟောသနည်း(၇၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နီဝရဏသည် တရားကိုယ်အားဖြင့် ရှစ်ပါးရှိလျက် အပြားအားဖြင့် ခြောက်ပါးဟူ၍ ဟောသည်ကား—ထိနနှင့်မိဒ္ဓ။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စကို တပေါင်းတည်းပြု၍ ခြောက်ပါးဟောသည်ဟူပေ။ အဘယ့်ကြောင့် ထိုတရားနှစ်ပါးကို တပေါင်းတည်းဟောသနည်း ဟူငြားအံ့“ကိစ္စာဟာရပ္ပဋိပက္ခာနံ သမာနဘာဝတော” ဟူသောဋီကာနှင့်အညီ ကိစ္စအားဖြင့်လည်းကောင်း၊ အာဟာရအားဖြင့်လည်းကောင်း၊ ပဋိပက္ခအားဖြင့် လည်းကောင်းတူသောကြောင့် တခုတည်းပြု၍ ဟောသည်ဟူပေ။

အဘယ်သို့တူသနည်း ဟူငြားအံ့—

ထိနမိဒ္ဓါနံ ဟိ စိတ္တုပ္ပါဒဿ လယာပါဒနကိစ္စံ သမာနံ။ ဥဒ္ဓစ္စကုက္ကုစ္စာနံ အဝူပသန္တဘာဝကရဏံ။ တထာ ပုရိမာနံ တန္ဒိဝိဇမ္ဘိတာ အာဟာရော၊ ဟေတူတိ အတ္ထော။ ပစ္ဆိမာနံ ဉာတိဗျသနာဒိဝိတက္ကာနံ၊ ပုရိမာနဥ္စ ဒွိန္နံ ဝီရိယံ ပဋိပက္ခဘူတံ။ ပစ္ဆိမာနံ သမထော။

ဋီကာမိန့်သည်နှင့်အညီ—ထိန, မိဒ္ဓနှစ်ပါးသည် သမ္ပယုတ်တရားတို့ကို တွန့်သောအဖြစ်သို့ ရောက်စေခြင်းကိစ္စ၊ ပျင်းရိသောကိုယ်၏ ဆန့်ကျင်ခြင်းတည်းဟူသော အာဟာရ၊ ဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းတည်းဟူသော ပဋိပက္ခ။ ဥဒ္ဓစ္စကုက္ကုစ္စ, နှစ်ပါးသည် သမ္ပယုတ်တရားတို့၏ မငြိမ်သက်သောအဖြစ်ကို ပြုတတ်သောကိစ္စ၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း စသည်ကို ကြံခြင်းတည်းဟူသော အာဟာရ၊ တည်ကြည်သောသမာဓိ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းတည်းဟူသော ပဋိပက္ခ၊ ဤသို့ကိစ္စ, အာဟာရ, ပဋိပက္ခအားဖြင့် တူကြလေသတည်း။

၇၈၁။ ဝိပါက်လည်းမည်၊ ကုသိုလ်မည်၊ ယင်းသည် ဘယ်တရားတို့နည်း။ (၇၃)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

လောကုတ္တရာဝိပါက် စိတ်လေးခုသည် ဇောတိစ္စတပ်ရကား တပါးသောကုသိုလ်စိတ်တို့ကဲ့သို့ အာရမ္မဏာနုဘဝနလက္ခဏာ ရှိသောကြောင့်လည်းကောင်း၊ အနဝဇ္ဇလက္ခဏာ ရှိသောကြောင့်လည်းကောင်း ကုသိုလ်လည်းမည်သည်၊ ဝိပါက်လည်းမည်သည်ဟူ၍ ပဋ္ဌာန်းဋီကာ၌မိန့်၏။

၇၈၂။ ဝိရတီသည်၊ ဖြဟ္မာ့ပြည်၊မည်ကြောင့် မဖြစ်လေသနည်း။ (၇၄)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

ဝိရမိတဗ္ဗဝတ္ထုနံ အဘာဝတော—ဟုဋီကာဆရာတို့မိန့်၏၊ မဟဂ္ဂုတ်စိတ်၌ ဝိရတီဘယ့်ကြောင့် မယှဉ်သနည်းမေလိုသည်။

သီလဝိသုဒ္ဓိဝသေန သုဝိသောဓိတကာယဝစီပယောဂဿ ကေဝလံ စိတ္တသမာဓာန-မတ္တေန မဟဂ္ဂတဈာနာနိ ပဝတ္တန္တိ။ န ပန ကာယဝစီကမ္မာနံ ဝိသောဓနဝသေန၊ နာပိ ဒုစ္စရိတဒုရာဇီဝါနံ သမုစ္ဆိန္ဒနပွဿမ္ဘနဝသေန။

ဟူသောဋီကာနှင့်အညီ—သီလဝိသုဒ္ဓိ အစွမ်းဖြင့် ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယကံ ဝစီကံရှိသော ယောဂီပုဂ္ဂိုလ်အား သက်သက်သော အာရုံ၌ စိတ်ကိုထားကာမျှနှင့် မဟဂ္ဂုတ်ဈာန် တို့သည် ဖြစ်ကုန်၏။ ကာမာဝစရကုသိုလ်ကဲ့သို့ ကာယကံ ဝစီကံကို သုတ်သင်သောအားဖြင့် ဖြစ်သည်လည်းမဟုတ်၊ လောကုတ္တရာတို့ကဲ့သို့ ဒုစရိုက် ဒုရာဇီဝကိုပြတ်စေငြိမ်းစေသောအားဖြင့် ဖြစ်သည်လည်းမဟုတ်၊ ထို့ကြောင့် ဝိရတီ မဖြစ်သည်ဟူပေ။

၇၀၃။ သတိမူသည်၊ တရားတည်၊ လေးမည် ဘယ်ကိစ္စကြောင့်နည်း။ (၇၅)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တံ ပန ကာယဝေဒနာ စိတ္တဓမ္မေသု အသုဘဒုက္ခ နိစ္စာနတ္တာ ကာရဂ္ဂဟာဏဝသေန သုဘာ-သုခနိစ္စအတ္တသညာ ဝိပလ္လာသပ္ပဟာနဝသေန စ စတုဗ္ဗိဓံ။

ဟူသောဋီကာနှင့်အညီ သတိစေတသိက်တခုသည် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ၌ အသုဘ၊ ဒုက္ခ၊ အနိစ္စ၊ အနတ္တဟူသောအခြင်းအရာကို ယူသောအားဖြင့်လည်းကောင်း၊ သုဘ၊ သုခ၊ နိစ္စ၊ အတ္တသညာဟူသောဝိပလ္လာသကို ပယ်သည်၏ အစွမ်းဖြင့်လည်းကောင်း လေးပါးပြားသည် ဟူပေ။

အဓိပ္ပာယ်အကျဉ်းကား။ ။ရုပကာယဟူသောအာရုံ၊ ဝေဒနာသုံးပါး၊ ဝေဒနာ ငါးပါးဟူသောအာရုံ။ စိတ်တည်းဟူသောအာရုံ ပရမတ္ထဓမ္မတည်းဟူသောအာရုံ ဤသို့ အာရုံလေးပါး ပြားသောကြောင့် ထိုအာရုံ၌ဖြစ်သော အာရမ္မဏိက သတိသည်လည်း လေးပါးပြား၏ဟူလိုသည်။

၇၀၄။ လုံ့လပြုသည်၊ တရားမည်၊ လေးတည် ဘယ့်ကြောင့် ပြားသနည်း။ (၇၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကိစ္စဘေဒေန စတုဗ္ဗိဓော-ဟူသောဋီကာနှင့်အညီ ဝီရိယတပါးတည်း ဖြစ်လျက် ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ခြင်းငှါ လုံ့လပြုခြင်း။ မဖြစ်သေးသော အကုသိုလ်ကိုမဖြစ်စိမ့်သောငှါ လုံ့လ ပြုခြင်း။ မဖြစ်သေးသောကုသိုလ်ကို ဖြစ်စိမ့်သောငှါ လုံ့လပြုခြင်း။ဖြစ်ပြီးသောကုသိုလ်ကို လွန်စွာဖြစ်စိမ့်သောငှါ လုံ့လပြုခြင်းဟူသော ကိစ္စပြားသည်၏အစွမ်းဖြင့် လေးပါးပြား၏ဟူပေ။

၇၀၅။ ရဟန္တာသည်၊စုတေ့တည်၊ မည်သို့အာရုံ ပြုလိမ့်နည်း။ (၇၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....နိဗ္ဗာန်ကို အာရုံပြု၍ စုတေ၏ဟူပေ။

၇၈၆။ နိဗ္ဗာန်ရှေပြည်၊ ငါသွားမည်၊ သင်းသည် ဘယ်ဝိဘတ်ပေနည်း။ (၇၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နိဗ္ဗာနပုရံ အဟံ ဂမိဿာမိ-ဟူသောပါဠိ၏ အနက်ဖြစ်ရကား ငါသွားမည်ဟူသော စကားသည် ဘဝိဿန္တိဝိဘတ်၊ ပရဿပုဒ်၊ ဥတ္တမပုရိသ်၊ ဧကဝုစ် ဿာမိဝိဘတ်ဟုဆို။

၇၈၇။ မောင်၏ဆိုကြည်၊ မယ်လိမ်းမည်၊ ဘယ်သည်သမ္ဗန် ဆိုပိမ့်နည်း။ (၇၉)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မောင်ဟုခေါ်အပ်သောသူနှင့် ဆိုကြည်ကား ဥစ္စာရှင်နှင့် ဥစ္စာဖြစ်၍ သာမိ-သံအဖြစ်ဖြင့် စပ်ရကား သာမိသမ္ဗန်ဆိုသင့်သည်။

၇၈၈။ လူတွင်မကြည်၊ မင်းရဲသည်၊ မည်သည့် နိဒ္ဒါရဏနည်း။ (၈၀)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မနုဿေသု ခတ္တိယော သူရတမော-ပါဠိ၏အရပင်ဖြစ်ရကား ဂုဏ်အားဖြင့် အပေါင်းမှ အစိတ်ကို ထုတ်သောကြောင့် ဂုဏနိဒ္ဒါရဏဖြစ်သည်။

၇၈၉။ လျှဖြင့်ထူးလည်၊ကူးလေသည်၊ ကြံစည် ဘယ်တဒ္ဓိတ်တို့နည်း။ (၈၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နာဝါယ တရတီတိ နာဝိကော။

ယော နရော၊ အကြင်သူသည်။ နာဝါယ၊ လှေဖြင့်။ တရတိ၊ကူးတတ်၏။ ဣတိ၊ ထို့ကြောင့်။ နာဝိကော၊ နာဝိကမည်၏။ သာမညတဒ္ဓိတ် တဆယ့်ငါးရပ်တို့တွင် တရတိသဒ္ဒါကျ သောကြောင့် တရတိတဒ္ဓိတ်မည်၏ဟူပေ။

၇၉၀။ နှစ်ကြိမ်ဆိုသည်၊ စကားသည်၊ ခွဲရည်နှစ်ချက် မည်သို့နည်း။ (၈၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နှစ်ကြိမ်ထပ်၍ဆိုသော စကားမျိုးသည် အာမေဍိတ်၊ ဝိစ္ဆာအားဖြင့် နှစ်ပါး အပြားရှိ၏။

ထိုတွင် ကြောက်ခြင်း၊ အမျက်ထွက်ခြင်း၊ ချီးမွမ်းခြင်း၊ လျင်စွာဖြစ်ခြင်း၊ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း၊ အံ့ဩခြင်း၊ ရွှင်လန်းခြင်း၊ စိုးရိမ်ခြင်း၊ ကြည်လင်ခြင်း၊ ကဲ့ရဲ့ခြင်း၊ လွန်စွာဖြစ်ခြင်း၊ မမြတ်နိုးခြင်း ဟူသောအရာတို့၌ နှစ်ကြိမ်ထပ်၍ဆိုခြင်းသည် အာမေဍိတ်မည်၏။

ပြားသောအနက်တို့ကိုနှိုးစေခြင်း၌ နှစ်ကြိမ်ထပ်၍ဆိုခြင်းသည် ဝိစ္ဆာမည်၏။ ဤသို့ခွဲမည်ဟူပေ။

၇၉၁။ ငါတို့ရွာပြည်၊ သွားကြမည်၊ ယင်းသည် ဘယ်ပုရိသ်ပေနည်း။ (၈၃)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အမှာက် ဂါမံ မယံ ဂစ္ဆာမ-ဟူသောပါဠ်အရပင်ဖြစ်ရကား ဥတ္တမပုရိသ်ဟု ဖြေ။

၇၉၂။ သိချင်းသီသည်၊ ဟောစိမ့်မည်၊ ဖွေနည် ဘယ်သာဓနနည်း။ (၈၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဂါယတီတိ ဂီတံ။ ကတ္တုသာဓန။ သီတတ်သောသူရ၏။ ။ဂါယတိ ဧတေနာတိ ဂီတံ။ ကရဏသာဓန၊ သီကြောင်းဖြစ်သော သီချင်းရ၏။ ဂါယနံ ဂီတံ။ ဘာဝသာဓန၊ သီချင်းကို သီခြင်းကြိယာရ၏။ ဤသုံးပါးတို့တွင် သီခြင်းကိရိယာကို ဟောစေရာ၌ ဘာဝသာဓနဟူပေ။

၇၉၃။ သိစေတတ်သည်၊ တို့ဘုန်းစည်၊ ထွေလည် ဘယ်သာဓနနည်း။ (၈၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ။ ။ယော ဘဂဝါ၊ သည်။ ပဇာယ၊ သတ္တဝါအပေါင်းကို။ ဗောဓေတာ၊ သိစေတော်မူတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဗုဒ္ဓေါ၊ မည်၏။ ဤဝစနတ်၏ အရဖြစ်ရကား ဟေတုကတ္တုသာဓန ဟုဖြေ။

၇၉၄။ မဟော်စေသည်၊ ကျေးကမြည်၊ ပဥ္စာပြည်ငှက် ဖွားလိမ့်နည်း။ (၈၆)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အထ တေ သာယန္ဟသမယေ မေထုနသံဝါသံ ကရိံသု။ သမဂ္ဂါ
သမ္မောဒမာနာ ပိယသံဝါသံ ဝသိံသု။

အထ၊ ထိုသို့ အချေအတင် ချစ်ခင်စကား ဖွင့်ကြားပြောဆိုပြီးသောအခါ၌။ တေ၊ထိုကျေး သား သာလိကာမတို့သည်။ သာယနှသမယေ၊ ညချမ်းသောအခါ၌။ မေထုနသံဝါသံ၊ မေထုန်ဖြင့် ပေါင်းဖက်ခြင်းကို။ ကရိံသု၊ ပြုကုန်၏။ သမဂ္ဂါ သမ္မောဒမာနာ၊ စိတ်တူကိုယ်မျှ မျိုးစြမလောက် ဝမ်းမြောက်ဝမ်းသာစွာ။ ပိယသံဝါသံ၊ ချစ်ခင်သဖြင့်နေခြင်းကို။ ဝသိံသု၊နေကြ ကုန်၏။

ဤမျှသော စကားကိုသာလျှင် ဥမင်္ဇာတ်၌လာသည်။သားသမီး ဖွားကြောင်းကို မလာချေ။ မေထုနသေဝန ဖြစ်သမျှကိုလည်း သန္ဓေရသည် မဟုတ်ရကား စာ၌ပါမှ ဆိုနိုင်ရာရှိမည်။

၇၉၅။ ကမ္ဘာဦးတည်၊ လူတို့ပြည်၊ ဆင်းသည်ဗြဟ္မာ ဘယ်မျှနည်း။ (၈၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဝေ မနုဿလောကေ သဏ္ဍာဟိတေ ဗြဟ္မလောကတော စဝိတွာ ဩပပါတိကမနုဿာ ဟုတွာ ဗြဟ္မာနော ဝိယ ဥပ္ပဇ္ဇန္တိ သယံပဘာ အန္တလိက္ခစရာ။ ဣတ္ထိပုရိသလိင်္ဂံ နတ္ထိ။ နပုံသက- လိင်္ဂေါ ကေစ္ဆော ဟောတိ။

အစရှိသည်ဖြင့် အဂ္ဂညသုတ် အဋ္ဌကထာ လာသည်နှင့် အညီ ကမ္ဘာဦးကာလ ရေလျော့ကျ၍ ရသပထဝီတည်သော မနုဿ လောကဓာတ် ဖြစ်လတ်သော် ဗြဟ္မာတို့သည် ပြကတေ့ သောကိုယ်ဖြင့် မြေသင်း စားအံ့သောငှာ လာသည်မဟုတ်၊ဗြဟ္မာ့ဘုံမှ စုတေခဲ့၍ ဗြဟ္မာ၏ သဏ္ဍာန်ကဲ့သို့ လူဥပပတ် ဖြစ်၍ မိမိတို့၏ ကိုယ်ရောင် ကိုယ်ဝါဖြင့် စကြဝဠာ ထက်ဝန်းကျင်ကို ထွန်းလင်း တောက်ပကုန်လျက် ငှက်ကဲ့သို့ ကောင်းကင်ခရီးဖြင့်သာ သွားလာကုန်သည်။ ထိုသူတို့သည် ယောကျ်ားလည်း မဟုတ်၊ မိန်းမလည်း မဟုတ်၊ နပုလ္လိင်ကေန် ဖြစ်ကုန်သည်။ တစုံတခုသော အာဟာရကိုလည်း မှီဝဲခြင်းမရှိ။ ပီတိသာလျှင် အာဟာရ ကိစ္စကို ပြီးစေလျက် အသက်အသခ်ေ ရှည်ကုန်၏ ဟူ၍ ဆိုသည်။

ဤနည်းတူသာလျှင် သာသနာတော် ကျမ်းတို့၌ ဆိုသောကြောင့် ကမ္ဘာဦးက ဗြဟ္မာပြည်မှ သက်ဆင်းလာသော လူဗြဟ္မာသည် သင်္ချာအရေအတွက်မရှိ၊ အများပင်ဖြစ်သည်။ ။အသိတိ ဓာတ်ကျမ်း ဗေဒင်ကျမ်းတို့၌ကား ရှေးဦးစွာ ကိုးယောက် ဆင်းသည်ဟု လာသည်။

ဗြဟ္မာတို့သည် စုတေ၍ သက်လာ၏ဟူသော် အဘယ်ဘုံမှ သက်ဆင်းသနည်း ဟူငြားအံ့—

ရှေးဖျားကမ္ဘာ၊ ပေါ်ခါလည်းကောင်း၊ အပေါင်းရှုပ၊သောဠသတွင်၊ နာမပညတ်၊အထူး- မှတ်သား၊ အာဘဿရာ၊ နတ်ဗြဟ္မာတို့၊ ခန္ဓာလျော့ပြတ်၊ ကာမဓာတ်သို့၊ ဥပပါတ်ထင်ပြ၊ ဖြစ်ကုန်ကြသော်၊ ကမ္မဇိဒ္ဓိ၊ တန်ခိုးရှိ၍၊ မိမိကိုယ်ရောင်၊ တပြောင်ပြောင်တည့်၊ မိုက်မှောင်- ဖျောက်ပယ်၊ ကောင်းကင်လယ်၌၊ ငှက်နှယ်ဝဲပျံ၊ ကွန့်မြူးစံ၏၊ တရံရောခါ၊ မြေဩဇာနှင့်၊ ပဒါလတာ၊ရသာနွယ်ချို၊ အလိုစားပြီး၊ ဆံချည်းသီးသား၊ လုံးကြီးမကျိုး၊ရိုးရှိုးတိ၊ စားဖွယ်- ရှိသား၊ သာလိဘတ္တ၊ လွှရရှုကို၊ စားကြသောအား၊ ရမ္မက်ပွား၍၊ ယောကျ်ားမိန်းမ၊ ဖြစ်ထ- ထိုရော်၊ မွေလျော်မပျက်၊ အိမ်ထောင်ယှက်၍၊ စဉ်ဆက်သားမြေး၊ ပေးလတ်ရာတွင်၊ ပညာ- ပုည၊ သကမ္မကြောင့်၊ ဂေါတ္တလေးပါး၊ နောက်မှပွားရှင်။

ဟူ၍ ဘူရိဒတ် ဇာတ်ပေါင်းပျို့၌ စပ်တော်မူသည်ကို ထောက်၍ သိရာ၏ဟူပေ။

၇၉၆။ ကြာသက်န်းသည်၊ ဖြဟ္မာ့ပြည်၊ မည်နှင့်ထည့်၍ ထား္ၤသနည်း။ (၈၈)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကမ္ဘာဦးကာလ၌ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် ပေါ်လာသော ကြာသက်န်းကို သုဒ္ဓါဝါသ ဗြဟ္မာတို့ ယူ၍ထားကြောင်းကိုသာ ကျမ်းဂန်တို့၌လာသည်။ မည်သည့် ဝတ္ထုနှင့် ထည့်၍ ထားကြောင်းကို မလာချေ။

၇၉၇။ မျောက်မျဉ်းစက်သည်၊ ဗြဟ္မာ့ပြည်၊ ထွေလည်လူသို့ ရှိလိမ့်နည်း။ (၈၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗြဟ္မာအိပ်ကြောင်း မအိပ်ကြောင်းကို ကျမ်းဂန်၌ လာသည်ကို သတိမမူမိ။ယုတ္တိကိုထောက်သော် အိပ်ခြင်းဟူသည်ကား ထိနမိဒ္ဓဖြင့် အိပ်ခြင်း, ရုပ်၏ အိပ်ခြင်း ဟူ၍ နှစ်ပါးရှိသည်။ဗြဟ္မာ့ဘုံ၌ ထိုအိပ်တတ်သော နာမ်, ရုပ်တရားနှစ်ပါးပင်ရှိရကား ဗြဟ္မာတို့၌ မျောက်မျဉ်းခြင်း၊ အိပ်စက်ခြင်းသည် ရှိသေး၏ဟု ယူဖွယ်ရှိသည်။

လျောင်း၍ပင် အိပ်သလော ဟူငြားအံ့။ ထိုဗြဟ္မာတို့၌ ဒေါသကြဉ်သော ကာမဇော သတ္တဝိသ။ ဝုဋ္ဌော၊ အဘိညာဉ်ဇော၊ အပ္ပနာဇောတို့ကို ယထာရဟ ရကြကုန်သည်။ ထိုစိတ်တို့တွင် ဝုဋ္ဌော၊ ကာမဇော စိတ်တို့သည် ရပ်ထိုင်ခြင်း သွားလာခြင်း ဟူသော ဣရိယာပုထ်ကိုဖြစ်စေတတ်သည်၊ အပ္ပနာဇောတို့သည် ဖြစ်ပြီးသော ဣရိယာပုထ်ကို မယွင်းမယိုင် ခိုင်ခံ့စေတတ်သည်။ အိပ်ပျော်ခြင်းဟူသည်မှာ ဘဝင်သက်ခြင်းပင်ဖြစ်ရကား ရူပဘဝင်စိတ်သည်လည်း အိပ်ပျော်ခြင်း ကိစ္စကို ပြီးစေသည်ပင်ဖြစ်သည်။ ထို့ကြောင့် လျောင်း၍လည်း အိပ်ရာ၏ဟူပေ။

ဝုဋ္ဌော ကာမဇော တခုယုတ်သုံးဆယ် အဘိညာဉ် ဒွေတို့သည် ကာယဝိညတ် ဝစီဝိညတ်ကိုလည်း ဖြစ်စေ၏ ဟူ၍သာလျှင် သင်္ဂြိုဟ်ဆရာ ဆိုပါသည် မဟုတ်လော၊ ဘယ်ကြောင့် ဣရိယာပုထ်ကို ဖြစ်စေ၏ဟု ဆိုပြန်သနည်း ဟူငြားအံ့၊ "ဝိညတ္တိမ္ပိ သမုဋ္ဌာပေတိ"ဟူသော ပါဠ်၌ ပိသဒ္ဒါဖြင့် ပေါင်း၍ ပြတော်မူသောကြောင့် သိရပါသည်ဟူပေ။

ထိုစကားသည်မှန်၏။ ဝုဋ္ဌော၊ ကာမဇော တခုယုတ်သုံးဆယ်၊ အဘိညာဉ်ဒွေအားဖြင့် သုံးဆယ့်နှစ်ပါးသော စိတ်တို့သည် စိတ္တဇရုပ်ကိုလည်း ဖြစ်စေကုန်၏။ ဣရိယာပုထ်ကိုလည်း ခိုင်စေကုန်၏။ ကာယဝိညတ်၊ ဝစီဝိညတ်ကိုလည်း ဖြစ်စေကုန်၏။ အပ္ပနာဇော ဆဗ္ဗီသတို့သည် ဝိညတ်ကိုသာ မဖြစ်စေကုန်၊ စိတ္တရုပ်ကိုကား ဖြစ်စေကုန်၏။ ဣရိယာပုထ်ကိုလည်း ခိုင်စေကုန်၏။ မဟာဝိပါက် ရှစ်ခု၊ အဟိတ်ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း သန္တီရဏနှစ်ခုအားဖြင့် တဆယ့်တပါးသော ကုသလဝိပါက်စိတ်၊ အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း သန္တီရဏအားဖြင့် နှစ်ပါးသောစိတ်၊ ပဥ္စဒွါရာဝဇ္ဇန်း၊ ရူပါဝစရဝိပါက်ငါးခု၊ ဤဆယ့်ကိုးပါးသော စိတ်တို့သည် စိတ္တဇရုပ်ကိုသာလျှင် ဖြစ်စေကုန်၏။ ဝိညတ်ဣရိယာပုထ်ကို မဖြစ်စေ မခိုင်စေကုန်။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟဒီပနီ၌—

ဣဒါနိ ဝိညတ္တိသမုဋ္ဌာပကစိတ္တေ အသမ္မောဟတ္ထံ ဒွတ္တိံသ ဆဗ္ဗီသေကူနဝီသတိ- သောဠသပဉ္စမာနီတိ ဣဒံ ပကိဏ္ဏကံ ဝေဒိတဗ္ဗံ။ ဒွတ္တိံသစိတ္တာနိ ဟိ စိတ္တဇရူပံ သမုဋ္ဌာ- ပေတိ။ ဣရိယာပထံ ဥပတ္ထမ္ဘေန္တိ။ ဒုဗ္ဗိဓံ ဝိညတ္တိံ ဇနေန္တိ။ ဆဗ္ဗီသတိစိတ္တာနိ ဝိညတ္တိမေဝ ဇနေန္တိ။ ဣတရဒွယံ န ကရောန္တိ။ ဧကူနဝီသတိ ရူပမေဝ သမုဋ္ဌာပေန္တိ။ ဣတရဒ္ဒွယံ န ကရောန္တိ။ သောဠသ ဣမေသု တီသု ဧကမ္ပိ န ကရောန္တိ။

ဟူ၍ဆိုတော်မူသည်။အနက်သိသာပြီ။

၇၉၈။ စိတ်ဖြင့်တောင်းသည်၊ လောင်းပွင့်ရည်၊ သချေ်္ာမည်ကား ဘယ်သို့နည်း။ (၉၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နန္ဒ၊ သုနန္ဒ၊ ပထဝီ၊ မဏ္ဍ၊ ဓရဏီ၊ သာဂရ၊ ပုဏ္ဍရီက-ဤခုနစ်သချေ်ာအတွင်း၌ ငါတို့ ဘုရား အလောင်းတော်သည် စိတ်ဖြင့်သာ ဘုရားဆုကို တောင်းရသည်။

သဗ္ဗဘဒ္ဒ၊ သဗ္ဗဖုလ္လ၊ သဗ္ဗရတန၊ ဥသဘက္ခန္ဓ၊ မာနိတ၊ ပဒုမ၊ ဥသဘ၊ ခန္ဓုတ္တမ၊ သဗ္ဗဘလ္လ— ဤကိုးသချေ်ာအတွင်း၌ ဘုရားလောင်းသည် နှုတ်မြွက်၍ ဘုရားဆုကို တောင်းသည်။

သေလ၊ ဘာသ၊ ဇေယျ၊ ရုစိရ-ဟူသော လေးသချေ်ာနှင့် ကမ္ဘာတသိန်း၏ အတွင်း၌ကား- ကိုယ်, နှုတ်, စိတ် သုံးပါးဖြင့် ဘုရားဆုကို တောင်းသည်ဟူ၍ ဇာတတ္ထကီနိဒါန်းတို့၌လာသည်။

စိတ်ဖြင့်တောင်းသည်ကိုမေးလျှင် နှုတ်ဖြင့်တောင်းခြင်း၊ ကိုယ်နှုတ်နှစ်ပါးဖြင့် တောင်းခြင်း ကိုလည်း မေးခွင့်သင့်သည်ဖြစ်၍ မေးလတ္တံ့သော လီနတ္ထရစောဒနာပါ ဖြေလိုက်သည်။ [ရှင်း စကား၏ စောဒနာကို ဇိနတ္ထပကာသနီ၌ ရေးသားခဲ့ပြီ]။

၇၉၉။ ဒါနကြောင့်လည်၊ စည်းစိမ်တည်၊ ဖွေနည်ဘယ်ဟိတ် ဆိုပိမ့်နည်း။ (၉၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဒါနတော၊ အလှူပေးခြင်းကြောင့်။ ဘောဂဝါ၊ စည်းစိမ် ချမ်းသာကြီးသည်။ ဟောတိ၊ ဖြစ်၏။ ။အကြောင်းတပါး အကျိုးတပါးသာ ဖြစ်သောကြောင့် ပစ္စေကဟိတ် မည်သည်။

၈၀၀။ အာချာတ်ကိုသည်၊ နာမ်ဆိုမည်၊ ဖွေနည်ဘယ်ကျမ်း ထောက်အံ့နည်း။ (၉၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သညာယံ ဝတ္တုမိစ္ဆာယံ၊ အာချာတံ နာမိကံ ဘဝေ။
မာခလိစ္စာဒိ ဣစ္စေဝံ၊ သဒ္ဒနီတိယမာဟဋံ။

သဒ္ဒတ္ထဘေဒစိန္တာကို ထောက်မည်ဟူပေ။

သညာယံ၊အမည်ကို။ဝတ္တုံ၊ ဆိုခြင်းငှာ။ဣစ္ဆာယံ၊ အလိုရှိသည်ရှိသော်။ အာချာတံ၊ အာချာတ်သည်။ နာမိကံ၊ နာမ်မည်သည်။ ဘဝေ၊ ဖြစ်၏။ မာခလိစ္စာဒိ၊ ကဲ့။ သစ္စနီတိယံ၊ သဒ္ဒနီတိကျမ်း၌။ အာဟ၊ ဆောင်အပ်ပြီ။

အသော ဟူသောပြယုဂ်၌ မြင်းဖြူကို မြင်သောအခါ အနက်၌ ညွှတ်သည်မည်၏။ အဿသဒ္ဒါကို ကြားသောအခါ မိမိ၌အနက်တို့ကို ညွှတ်စေသည် မည်၏၊ ထိုကဲ့သို့ ဂစ္ဆတိ စသော ပြယုဂ်၌ သွားသောသူကို မြင်သောအခါ ဂစ္ဆတိဟူသော ဝေါဟာရကို သိခြင်း၊ ဂစ္ဆတိဟူသော အသံကို ကြားသောအခါ သွား၏ဟူသောအနက်ကို သိစေခြင်း ရှိရကား "အတ္ထေ နမတီတိ နာမံ။ အတ္တနိ· စတ္ထေ နာမေတီတိ နာမံ"ဟူသည်နှင့်အညီ နာမ်မည်သတည်း။

၈၀၁။ ထမင်းစားမည်၊ ဆိုကြသည်၊ မေ့နည် ဘယ်ဥပစာနည်း။ (၉၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဥပစာမဟုတ်၊ မုချသဒ္ဒါပင်ဟူပေ။ ထမင်းချက်သည် ဆိုရာ၌ အကြောင်းဖြစ်သော ဆန်ကို ချက်လျက် အကျိုးဖြစ်သော ထမင်းဖြိုပ်၌ တင်စား၍ ထမင်းချက်သည်ဟု ခေါ်သောကြောင့် ဖလူပစာရဖြစ်၏။ ထမင်းစားမည် ဆိုရာ၌ကား တင်စား၍ ဆိုသည်မဟုတ်၊ မုချအဖြောင့်စကားပင်ဖြစ်သည်။

၈၀၂။ ဂုဏ်အကြောင်းရည်၊ ဇာတ်ဟောမည်၊ ယင်းသည် အဘယ်သဒ္ဒါနည်း။ (၉၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဂုဏ်ကို အကြောင်းပြု၍ ဇာတ်ကို ဟောသောသဒ္ဒါသည် ဂုဏသဒ္ဒါမည်၏။ ပ။ ကား။နီလုပ္ပလံ၊ စသည်တည်း။ ဤ၌ ဥပ္ပလ သဒ္ဒါသည် ကြာဇာတ်ကိုလည်းကောင်း၊ ကြာဖြူကိုလည်းကောင်း ဟော၏။ နီလသဒ္ဒါကား ညိုသောဂုဏ်ကိုဟော၏။

၈၀၃။ ဖြူဟောမည်၊ ဇာတ်ကြောင်းရည်၊ ကြံစည်လှတ်၏ အဘယ်နည်း။ (၉၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဇာတ်ကိုအကြောင်းပြု၍ ဖြူကိုဟောသောသဒ္ဒါသည် ဇာတိသဒ္ဒါမည်၏။ ပ။ ကား။ ဂေါ ဂစ္ဆတိ စသည်တည်း။

၈၀၄။ ဘုရားဖူးမည်၊ လှေစုန်သည်၊ မဖည် ဘယ်ကာရကနည်း။ (၉၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဗုဒ္ဓံ၊ ဘုရားကို။ ဒဿနာယ၊ ဖူးမြင်အံ့သောငှာ၊ အဟံ၊ ငါ သည်။ နာဝါယ၊ လှေဖြင့်။ ဩတရတိ၊ စုန်၏။ ။ဤ၌ ကာရကငါးပါး။

၈၀၅။ သမ္ပဒါန်သည်၊ ကြံဖွေနည်၊ ထွေလည် ဘယ်သတ္တိပေနည်း။ (၉၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဝတ္ထုပဋိဂ္ဂါဟကသတ္တိ၊ ကိရိယာပဋိဂ္ဂါဟကသတ္တိ ရှိသည်။

၈၀၆။ အပါဒါန်သည်၊ ယူကြံစည်၊ မည်သို့ သတ္တိရှိသနည်း။ (၉၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...ကြိယာအပဂမနသတ္တိ ရှိသည်။

၈၀၇။ ခြသေ့်သိသည်၊ လူသိသည်၊ ယင်းသည်သကတ် အဘယ်နည်း။ (၉၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သီဟော ဂါယတိ။ သီဟော၊ ခြသေ့်မယှဉ်း ရဲရင့်ခြင်းရှိသောသူသည်။ ဂါယတိ၊ သီချင်းသီ၏။ ။ဤ၌ ရဲရင့်ခြင်းဂုဏ်သည် သကတ်မည်၏။

၈၀၈။ ဗျဂ်ျကိုးမည်၊ ရှိကြသည်၊ မည်သဒ္ဒါ၌ ရသနည်း။ (၁၀၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဝိသာဏီ ဂစ္ဆတိ အစရှိသော မှချသဒ္ဒါငါးပါး ဥပစာရသဒ္ဒါ ဆယ်ပါး၌ရသည်။

၈၀၉။ ဗျာပါတွင်မည်၊ ဗျဂ်ျသည်၊ မည်တရားကိုယ် ပေတို့နည်း။ (၁၀၁)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား... သာမတ္ထိယသာဓိတော သဒ္ဒ ဗျာပါရံ နာမ ဟူသော ကာရိကာ ဋီကာနှင့်အညီ အနက်ကို ဟောစွမ်းနိုင်သော သတ္တိဗျာပါရမည်၏ ဟူပေ။

ဂ၁၀။ ပါစကသည်၊ ချက်ကြမည်၊ မွေနည်ဘယ်နာမ်
ဆိုပိမ့်နည်း။ (၁၀၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ချက်ခြင်းကိရိယာ၊ ကျက်ခြင်း ကိရိယာကိုစွဲ၍ ဖြစ်သောကြောင့် ကိရိယာနာမ်ဆိုမည်။

ဂ၁၁။ ပဥ္စာခေါ်မည်၊ သဒ္ဒါသည်၊ မည်မျှလိင်ပေါင်း
ဆံသနည်း။ (၁၀၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ပဥ္စာ၊ ပဥ္စော၊ ပဥ္စံဟူ၍ လိင်သုံးပါးဆံ၏ဟူပေ။

ဂ၁၂။ ရွှေကိုလုပ်သည်၊ လက်ကောက်ခြည်၊ မည်ကံသဒ္ဒါ
ဟောလိမ့်နည်း။ (၁၀၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....သုဝဏ္ဏံ ကဋကံ ကရောတိ၌ ကဋကံဟူသော ကံသည် လုပ်ခြင်းကိရိယာဖြင့် အထူးပြုအပ်သောကြောင့် ဝိကတိကံ မည်သည်။

ဂ၁၃။ ဘုရားကိုရည်၊ ပူဇော်မည်၊ ယင်းသည်ဘယ်ကံ
ဆိုပိမ့်နည်း။ (၁၀၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... ဗုဒ္ဓံ ဝန္ဒတိ၌ ကာယဒွါရဖြင့် ရောက်အပ်သောကြောင့် ကာယသမ္ပတ္တိကံ မည်သည်။

ဂ၁၄။ မြစ်ရေ၌တည်၊ မဲဆိုးရည်၊ မည်အာဓာရ
ဆိုပိမ့်နည်း။ (၁၀၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

တစိတ်တဒေသအားဖြင့် တည်ရာဖြစ်သောကြောင့် ဧကဒေသဗျာပိကာဓာရ မည်၏။

ဂ၁၅။ မင်းကျင့်ဟူသည်၊ လေးပါးမည်၊ ဘယ်သည်
ဘယ်သည့် တရားနည်း။ (၁၀၇)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သဿမေဓ, ပုရိသမေဓ, သမ္မာပါသ, ဝါစာပေယျဟူသော သင်္ဂဟလေးပါးတည်း။

အကျယ်ကား....

၁။ ကောက်ပဲ စသော အတုတ်အခွန်ကို ဆယ်ဖို့တဖို့ အမှန်ယူခြင်းသည် သဿမေဓမည်၏။

၂။ အမှုထမ်း အရာထမ်းသူရဲ သူခက် ခစားမြဲစွဲသော သူတို့ကို ခြောက်လတကြိမ် မျိုးစုရိက္ခာ လုံလောက်စွာ ပေးခြင်းသည် ပုရိသမေဓ မည်၏။

၃။ ဆင်းရဲနွမ်းပါး၍ မစားနိုင် မကြံနိုင်သော ပြည်သူလူ ဆင်းရဲတို့အား ရင်းနှီးလောက် အောင် ဥစ္စာငွေကြေးပေး၍ တိုးပွားသော အခါမှလည်းကောင်း၊ သုံးနှစ်တိုင်မှလည်း ကောင်း ထမ်းပိုးဖြစ်စေ၊ အရင်းအတိုင်းဖြစ်စေ ယူခြင်းသည် သမ္မာပါသမည်၏။

၄။ အမှုး အမတ် ပြည်စိုး သူကြီးစသည်တို့အား သာယာစွာသော စကားဖြင့် ခေါ်ဝေါ် ပြောဆိုခြင်း၊ အဝတ်အစား ပေးကမ်း ချီးမြှောက်ခြင်းသည် ဝါစာပေယျမည်၏။ (အဘိဓာန်)။

၈၁၆။ မင်းကစသည်၊ မျိုးလေးမည်၊ ကျင့်ရည်လေးပါး အဘယ်နည်း။ (၁၀၈)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မင်းတို့သည်လည်းကောင်း၊ ရဟန်းပုဏ္ဏား စသော သူမြတ်တို့သည်လည်းကောင်း ကျင့်ဆောင် အပ်သော သင်္ဂဟတရားသည်ကား—ဒါန, ပိယဝါစာ, အတ္ထစရိယာ, သမာနတ္တတာဟူ၍ လေးပါး တည်း။

ထိုလေးပါးတို့ကို အင်္ဂုတ္တရစတုက္ကနိပါတ် ပါဠိတော်၌—

စတ္တာရိမာနိ ဘိက္ခဝေ သင်္ဂဟဝတ္ထူနိ။ ကတမာနိ စတ္တာရိ။ ဒါနံ ပိယဝါစံ အတ္ထစရိယာ သမာနတ္တတာ။ ဣမာနိ ခေါ ဘိက္ခဝေ စတ္တာရိ သင်္ဂဟဝတ္ထူနိ။ ဣမေဟိ သင်္ဂဟဝတ္ထူဟိ ဥပါသကာနံ ဝါ ဘိက္ခူနံ ဝါ သင်္ဂဟေတဗ္ဗာ။ ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သင်္ဂဟဝတ္ထူနိ၊ရဟန်းမိတ်ကလျာ ဒါယကာတို့အား ချီးမြှောက် ရသော အကြောင်းတို့သည်။ ဣမာနိစတ္တာရိ၊ ဤလေးပါးတို့တည်း။ ကတမာနိ စတ္တာရိ၊ အဘယ် လေးပါးတို့နည်းဟူမူကား။ ဒါနံ၊ အထိုက်အလျောက် ချီးမြှင့်ပေးကမ်းခြင်း လည်းကောင်း။ ပိယ- ဝါစံ၊ ချစ်ဖွယ်သော စကားကို ဆိုခြင်းလည်းကောင်း။ အတ္ထစရိယာ၊ အကျိုးစီးပွားကို ကျင့်ခြင်း လည်းကောင်း။ သမာနတ္တတာ၊ ကိုယ်တူထပ်မျှ ထားသောအဖြစ်လည်းကောင်း။ဘိက္ခဝေ၊ ရဟန်း တို့။ ဣမာနိ စတ္တာရိ၊ ဤလေးပါးသော တရားတို့သည်။ခေါ၊ ပစ္စုပ္ပန်သံသရာ သင့်လျော်စွာသော။ သင်္ဂဟဝတ္ထူနိ၊ သင်္ဂဟဝတ္ထုတို့တည်း။ ဣမေဟိ သင်္ဂဟဝတ္ထူဟိ၊ ဤလေးပါးသော သင်္ဂဟဝတ္ထု- တို့ဖြင့်။ ဥပါသကာနံ ဝါ၊ ဆည်းကပ်လာသော ဒါယကာတို့ အားလည်းကောင်း။ ဘိက္ခူနံ ဝါ၊ ရဟန်းသာမဏေတို့အား လည်းကောင်း။ သင်္ဂဟေတဗ္ဗာ၊ ချီးမြှောက်အပ်ကုန်၏။

ဤပါဠိတော်မြတ်ဖြင့် ရဟန်းသံဃာတော်တို့သည် မိမိထံသို့ ဆည်းကပ်လာသော ဒါယကာ တို့တွင် ပေးကမ်းခြင်းကို အလိုရှိသော သူအား ပေးကမ်းခြင်းဖြင့် သင်္ဂြိုဟ်ရာ၏။ ချစ်ဖွယ်သော

စကားကို အလိုရှိသောသူအားချစ်ဖွယ်သောစကားဖြင့်သာ သင်္ဂြိုဟ်ရာ၏။ အကျိုးစီးပွားများသော အကျင့်ကို သိလို တတ်လိုသော သူအား ဤအမှုကို ပြုအပ်၏။ ဤအမှုကို မပြုအပ်။ ဤသို့သော ပုဂ္ဂိုလ်ကို မှီဝဲအပ်၏။ ဤသို့သောပုဂ္ဂိုလ်ကို မမှီဝဲအပ်။ ဤအတတ်ကို သင်ရာ၏။ ဤအတတ်ကို မသင်ရာ။ ဤသို့သောစကားဖြင့် ဟောကြား၍ သင်္ဂြိုဟ်ရာ၏။ ဆင်းရဲ ချမ်းသာ အမျှပြုခြင်းကို အလိုရှိသော သူအား အစား အသောက် အဝတ် တန်ဆာ အိပ်ရာနေရာတို့ကို ပေး၍ မိမိကဲ့သို့ ချမ်းသာအောင် ချီးမြှောက်သင်္ဂြိုဟ်ရာ၏။ ချစ်သားရဟန်းတို့· ဤသင်္ဂဟတရား လေးပါးကို သင်ချစ်သားတို့သာ ကျင့်ရာသည်မဟုတ်၊ ပညာရှိသော မင်း၊ ပညာရှိသောပုဏ္ဏား၊ သဌေး သူကြွယ်ဟူသော အမျိုးလေးပါးတို့သည် ကျင့်အပ်သည်သာတည်း။ ဤသင်္ဂဟတရားနှင့် ပြည့်စုံသောသူသည်သာလျှင် လောကီ လောကုတ္တရာ ချမ်းသာစီးပွား ကြီးမားပြည့်စုံနိုင်သတည်းဟူ၍ ဟောတော်မူသည်။

၈၁၇။ ရန်အောင်ရာသည်၊ ကြောင်းလေးမည်၊ ဘယ်သည် တရားပေတို့နည်း။ (၁၀၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

~~ယဿေ~~တေ စတုရော ဓမ္မာ၊ ဝါနရိန္ဒေ၀ ကုမ္ဘိလံ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။
(ကေနိပါတ် ပါဠိတော်)

ယဿ၊ အကြင်သူအား။ သစ္စံ။ မှန်သောစကားသည်လည်းကောင်း။ ဓမ္မော၊ ဆင်ခြင်တတ်သော ပညာသည်လည်းကောင်း။ ဓိတိ၊ တည်ကြည် မြဲမြံသော လုံ့လသည်လည်းကောင်း။ စာဂေါ၊ ကိုယ့်အသက်ကိုစွန့်ခြင်းလည်းကောင်း.. ဧတေ စတုရော ဓမ္မာ၊ ထိုလေးပါးသော တရားတို့သည်၊ သန္တိ၊ ရှိကုန်၏။ သော၊ ထိုသူသည်။ ကုမ္ဘိလံ၊ မိချောင်းကို။ ဝါနရိန္ဒော၊ မျောက်မင်းသည်။ အတိဝတ္တတိ ဣဝ၊ အောင်နိုင်သကဲ့သို့။ ဒိဋ္ဌံ၊ ရန်သူကို။ အတိဝတ္တတိ၊ အောင်နိုင်၏။

၈၁၈။ ရွှေတိုက်ဝန်သည်၊ အင်ခြောက်မည်၊ ဖွေနည်း ဘယ်အင်္ဂါတို့နည်း။ (၁၁၀)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကုလူဇုကံ ဝိနီတဥ္စ၊ သဗ္ဗရတနဇာနကံ။
သုစိံ အဝိရဒ္ဓံ သာဓုံ၊ သဏ္ဍာဂါရေ ဝိဓိယတေ။ (ရာဇနီတိ)။

ကုလူဇုကံ၊ အမျိုးစဉ်ဆက် ဖြောင့်မတ်ထသော။ ဝိနီတဥ္စ၊ မြဲမြံစွာလည်း စောင့်တတ်ထသော။ သဗ္ဗရတနဇာနကံ၊ရတနာအမျိုးကိုလည်း သိတတ်ထသော။ သုစိံ ၊ ဖော်ရွေ စင်ကြယ်ထသော။ အဝိရဒ္ဓံ၊ မချွတ်ယွင်းအောင် ရှက်ဆောင်တတ်ထသော။ သာဓုံ၊ ကောင်းသော နှလုံးရှိထသော။ တေံ၊ ဤအင်္ဂါခြောက်ပါးနှင့် ပြည့်စုံသောသူကို။ ဘဏ္ဍာဂါရေ၊ ဘဏ္ဍာစိုးအရာ၌။ ဝါ၊ ရွှေတိုက်ဝန် အရာ၌၊ ဝိဓိယတေ၊ ခန့်ထားရာ၏။

၁၁၉။ သမားတော်သည်၊ ပြည့်စုံရည်၊ ငါးမည်အင်္ဂါ ဘယ်သို့နည်း။ (၁၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အာယုဗေဒသတ္ထော ဒက္ခော၊ သတ္တညော ပိယဒဿနော။
သေဋ္ဌသီလကုဏောပေတော၊ ဧသော ဝေဇ္ဇော ပသံသိတော။

အာယုဗေဒသတ္ထော၊ သက်ကြည့် ဗေဒင်လည်း တတ်ထသော။ ဒက္ခော၊ ဆေးကုခြင်း၌ လိမ္မာထသော။ သတ္တညော၊ ဗိန္ဒော ပဉ္စဘုတ် စသော ဆေးကျမ်း အစောင်စောင်ကိုလည်း တတ်ထသော။ ပိယဒဿနော၊ ချစ်ခင်ရှုချင်ဖွယ်လည်း ရှိထသော။ သေဋ္ဌသီလကုဏောပေတော၊ မြတ်သော သီလကျေးဇူးနှင့်လည်း ပြည့်စုံထသော။ ဧသော၊ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သူကို။ ဝေဇ္ဇော၊ သမားတော် သမားကောင်းဟူ၍။ ပသံသိတော၊ ချီးမွမ်းအပ်၏။

၁၂၀။ အင်္ဂါငါးမည်၊ မြို့၌တည်၊ မည်သို့ကျမ်းဝယ် လာသနည်း။ (၁၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရာဇာ မစ္စော ပုရောဟိတော၊ သေနင်္ဂါ စ တိကိစ္ဆကော–ဟူ၍ လာ၏။

ရာဇာ၊ ပြည့်ရှင်မင်း။ အမစ္စော၊ လိမ္မာသော အမတ်။ ပုရောဟိတော၊ ပုရောဟိတ်ပုဏ္ဏား၊ သေနင်္ဂါ စ၊ စစ်အင်္ဂါလေးပါ၊ တိကိစ္ဆကော၊ ဆေးသမားကောင်း။

၁၂၁။ ဋ္ဌကထာရည်၊ နေတ္တိသည်၊ မည်ပုဂ္ဂိုလ်မြတ် ပြုသနည်း။ (၁၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သီဟိုဠ်ကျွန်း အရှင်ဓမ္မပါလပြုသည်။ ဥဒါန်းအဋ္ဌကထာ၊ ဣတိဝုတ် အဋ္ဌကထာ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်ဋီကာတို့ကိုလည်း အရှင်ဓမ္မပါလပင် ပြုသည်။

၁၂၂။ ခါတုဝင်သည်၊ ကျမ်းအထည်၊ မည်သည့်ကျွန်းက ဖြစ်သနည်း။ (၁၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သီဟိုဠ်ကျွန်း အရှင်ဓမ္မကိတ္တိပြုသည်ဟု ကျမ်းနိဂုံးတွင် ပါသည်ဖြစ်၍ သီဟိုဠ်ကျွန်းက ဖြစ်သည်ဟူပေ။

၈၂၃။ လျှာကိုမှီသည်၊ အတည်တည်၊ ပိုးမည်ဘယ်မျှ ပြားသနည်း။ (၁၁၅)

၈၂၄။ ဦးနှောက်စားသည်၊ ပိုးနှစ်တည်၊ မည်သည့် မည်သည့်ပိုးတို့နည်း။ (၁၁၆)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား...

ကာလမုခ မည်သောပိုး။ အပ္ပတိဘယ မည်သောပိုး။ အပေါလ မည်သောပိုး ဤပိုး သုံးမျိုး တို့သည် လျှာကို မှီ၍ နေကုန်၏။

ဥမ္မတ္တမည်သောပိုး။ အန္တောဥမ္မတ္တ မည်သောပိုး ဤပိုး နှစ်မျိုးတို့သည် ဦးနှောက်ကိုမှီ၍ ဦးနှောက်ကိုပင် စားလျက် နေကုန်၏။

၈၂၅။ တေဇောဓာတ်သည်၊ ကိုယ်၌တည်၊ နာမည် အပေါင်း ဘယ်မျှနည်း။ (၁၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယေန သန္တပ္ပတိ ယေန၊ ဇီရတိ ပရိဍယှတိ စ။
အသိတံ သာယိတံ ပါကော၊ စတုဓာ တေဇောဓာတုယော။

ယေန၊ အကြင် သိတတေဇောဖြင့်။ သန္တပ္ပတိ၊ အေးတုံ ပူတုံရှိ၏။ ဝါ၊ တရက်ချန် နှစ်ရက်ချန် စသည်ဖြင့် ဖျား၏။ ယေန၊ အကြင်တေဇောဖြင့်။ ဇီရတိ၊ ရင့်ရော်အိုမင်း၏။ ယေန၊ အကြင် ဍာဟတေဇောဖြင့်။ ပရိဍယှတိ၊ ပြင်းစွာ ပူလောင်၏။ ယေန၊ အကြင် ပါစက တေဇောဖြင့်။ အသိတံ၊ စားအပ်သော အစာသည်လည်းကောင်း။ သာယိတံ၊ လျက်အပ်သော အစာသည် လည်းကောင်း။ ပါကော၊ ကျက်နပ်၏။ ဣတိ၊ ဤသို့။ တေဇောဓာတုယော၊ တေဇောဓာတ် တို့သည်။ စတုဓာ၊ လေးပါးပြားကုန်၏။

၈၂၆၊ လူတို့၌တည်၊ ရောဂါသည်၊ မည်ရောဂါမျိုး ကြီးသနည်း။ (၁၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

လူတို့၏ ခန္ဓာကိုယ်၌ ဖြစ်သော ရောဂါမျိုးကို မဟာနိဒ္ဒေသ ပါဠိတော်၌ ဟောတော်မူ သည်ကား –

ဗဟုဒုက္ခော အယံ ကာယော ဗဟုအာဒီနဝေါ။ ဣတိ ဣမသ္မိံ ကာယေ ဝိဝိဓာ အာဗာဓာ ဥပ္ပဇ္ဇန္တိ။ သေယျထိဒံ။ စက္ခုရောဂေါ။ သောတရောဂေါ။ ဃာနရောဂေါ။ ဇိဝှါရောဂေါ။ ကာယရောဂေါ။ သီသရောဂေါ။ ကဏ္ဏရောဂေါ။ မုခရောဂေါ။ ဒန္တရောဂေါ။ ကာသော။ သာသော။ ပိနာသော။ ဍာဟော။ ဇရော။ ကုစ္ဆိရောဂေါ။ မုစ္ဆာ ။ ပက္ခန္ဒိကာ။

သူလာ။ ဝိသူစိကာ။ ကုဋ္ဌံ။ ဂဏ္ဍော။ ကိလာသော။ သောသော။ အပမာရော။ ဒဒ္ဒု။ ကဏ္ဍု။ ကစ္ဆု။ နခသာ။ ဝိတစ္ဆိကာ။ လောဟိတပိတ္တံ။ မဓုမေဟော။ အံသာ။ ပိဠကာ။ ဘဂန္ဒလာ။ ပိတ္တ သမုဋ္ဌာနာ အာဗာဓာ။ သေမှသမုဋ္ဌာနာ အာဗာဓာ။ ဝါတသမုဋ္ဌာနာ အာဗာဓာ။ သန္နိပါတိကာ အာဗာဓာ။ ဥတုပရိဏာမဇာ အာဗာဓာ။ ဝိသမပရိဟာရဇာ အာဗာဓာ။ ဩပက္ကမိကာ အာဗာဓာ။ ကမ္မဝိပါကဇာ အာဗာဓာ။ သီတံ။ ဥဏှံ။ ဇိဃစ္ဆာ။ ပိပါသာ။ ဥစ္စာရော၊ ပဿာဝေါတိ။

အယံ ကာယော၊ ဤခန္ဓာကိုယ်သည်ကား။ ဗဟုဒုက္ခော၊ များစွာသောဆင်းရဲခြင်း ရှိ၏။ ဗဟုအာဒီနဝေါ၊ များစွာသော အပြစ်ရှိ၏။ ဣတိ ဣမသ္မိံ ကာယေ၊ ဤခန္ဓာကိုယ်၌။ ဝိဝိဓာ အာဗာဓာ၊ အထူးထူး အပြားပြား များစွာသော အနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သေယျထိဒံ၊ အဘယ်နည်းဟူမူကား။ စက္ခုရောဂေါ၊ မျက်စိနာ။ သောတရောဂေါ၊ နားအနာ။ ဃာနရောဂေါ၊ နှာခေါင်းအနာ။ ဇိဝှါရောဂေါ၊ လျှာအနာ။ ကာယရောဂေါ၊ ကိုယ်အနာ။ သီသရောဂေါ၊ ဦးခေါင်းအနာ။ ကဏ္ဏရောဂေါ၊ နားရွက်အနာ။ မုခရောဂေါ၊ ခံတွင်းအနာ။ ဒန္တရောဂေါ၊ သွားအနာ။ ကာသော၊ ချောင်းဆိုးအနာ။ သာသော၊ ကုတ်ဟီးအနာ။ ဝါ၊ ရှူနာ။ ဝါ၊ ပန်းနာ၊ ပီနာသော၊ နှာခေါင်းပုအနာ။ ဝါ၊ ဆောင်းမေးခါးနား။ ဝါ၊ ဖွတ်သိုအနာ။ ဍာဟော၊ ပူလောင်သောအနာ။ ဇရော၊ ဖျားသောအနာ။ ကုစ္ဆိရောဂါ၊ ဝမ်းအနာ။ မုစ္ဆာ၊ မူးဝေမိန်းမောသောအနာ။ ပက္ခန္ဒိကာ၊ ဝမ်းသွေးကျသောအနာ။ သူလာ၊ ထိုးကျင့်ကိုက်ခဲသောအနာ။ ဝိသူစိကာ၊ သည်းစွာ ဝမ်းလားသောအနာ။ ကုဋ္ဌံ၊ နူနာ။ ဂဏ္ဍော၊ အိုင်းနာ။ ကိလာသော၊ ခရုသင်း သမင်ယက် ကွက်ကျားသော အနာ။ သောသော။ သွေးသားခန်းခြောက်သောအနာ။ အပမာရော၊ ဝက်ရူးအနာ။ ဒဒ္ဒု၊ ဆိတ်လည်နူနာ။ ကဏ္ဍု၊ ယားနာ။ ကစ္ဆု၊ ပွေးနာ။ နခသာ၊ လက်သည်း ခြေသည်း ကျွတ်သောအနာ။ ဝိတစ္ဆိကာ၊ လက်ဖဝါး ခြေဖဝါးကွဲသောအနာ။ လောဟိတပိတ္တံ၊ သွေး သည်းခြေကြောင့်ဖြစ်သောအနာ။ မဓုမေဟော၊ ဒုလာသရောနာ။ ဝါ၊ မြင်းသရိုက်နာ။ အံသာ၊ အရိယ်ုသောအနာ။ ပိဠကာ၊ ကိုယ်ရောင်သောအနာ။ ဝါ၊ ဝက်ခြင်နာ။ ဘဂန္ဒလာ၊ ဘဂန္ဒိုလ်နာ။ ဝါ၊ အသားတိုးသောအနာ။ ပိတ္တသမုဋ္ဌာနာ အာဗာဓာ၊ သည်းခြေကြောင့် ဖြစ်သောအနာ။ သေမှသမုဋ္ဌာနာအာဗာဓာ၊ သလိပ်ကြောင့်ဖြစ်သောအနာ။ ဝါတသမုဋ္ဌာနာ အာဗာဓာ၊ လေကြောင့်ဖြစ်သော အနာ။ သန္နိပါတိကာ အာဗာဓာ၊ သလိပ် သည်းခြေ လေ စုဝေး၍ဖြစ်သော ငန်းသန္နိပါတ်အနာ။ ဥတုပရိဏာမဇာ အာဗာဓာ၊ သဘောမတူသော ဥတုကြောင့်ဖြစ်သောအနာ။ ဝိသမပရိဟာရဇာ အာဗာဓာ၊ မညီမညွတ်သော ဣရိယာပုထ်ကြောင့်ဖြစ်သော အနာ။ ဩပက္ကမိကာ အာဗာဓာ၊ မိမိပယောဂ သူတပါးတို့၏ ပယောဂကြောင့် ဖြစ်သောအနာ။ ဝါ၊ ဂရင်ဂျီနာ။ ကမ္မဝိပါကဇာအာဗာဓာ၊ အပဖြစ်သော အကြောင်းမဖက် သက်သက်သော ရှေးကံကြောင့်ဖြစ်သောအနာ။ သီတံ၊ ချမ်းအေးသောအနာ။ ဥဏှံ၊ ပူပန်သောအနာ။ ဇိဃစ္ဆာ၊ အစာငတ်မွတ်သောအနာ။ ပိပါသာ၊ ရေသိပ်သောအနာ။ ဥစ္စာရော၊ ကျင်ကြီးစွန့်ချင်သည့်အနာ။ ပဿာဝေါ၊ ကျင်ငယ်စွန့်ချင်သည့်အနာ။ ဣတိ ဝေမာဒယော၊ ဤသို့အစရှိကုန်သော။ အာဗာဓာ၊ အနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်၏။

ဤပါဠိတော်၌ အချုပ်သချ်ာ မရှိပဲ အနာလေးဆယ့်ရှစ်ပါးမျှသာ လာသည်။ မူလကမ္မဋ္ဌာန်း စသည်၌ကား ဆန္နဝုတိကာ အာဗာဓာ-ဟူ၍ အနာကိုးဆယ့်ခြောက်ပါးရှိကြောင်းကိုလာ၏။ သရုပ်သချ်ာကိုမပြချေ။ ဆန္နဝုတိမည်သော ဆေးကျမ်း၌ကား ကိုးဆယ့်ခြောက်ပါးသော ရောဂါကို

သရုပ်သချ်ာနှင့်တကွ အကျယ်ပြသည်။ထိုရောဂါတို့တွင် ကုဋ္ဌနာသည် ပြည်ရွာမှ နှင်ထုတ်အပ်သော ရောဂါဖြစ်ရကား အကြီးဆုံး အဆိုးဆုံးဟု ပြသည်။

ဤစကားစပ်၌ သတ္တဝါတို့၏ သန္တာန်ဝယ် ကာလန္တရအားဖြင့် နှိပ်စက်တတ်သော ကိုးဆယ့်ခြောက်ပါးသော ရောဂါ။ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ။ နှစ်ဆယ့်ငါးပါးသောဘေး။ တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ။ ဆယ်ပါးသောဒဏ်။ ရှစ်ပါးသောအပြစ်။ ငါးပါးသော ရန်သူတို့၏ သရုပ်ကို ပြဆိုလိုက်အံ့။ ထိုအပြားတို့ကိုကား ဘုရားဟော အဝင်ဖြစ်သော ပါဠိ, အဋ္ဌကထာတို့၌ တပေါင်းတည်း စေ့ငုစွာ မလာမရှိ။ အချုပ်သချ်ာကိုသာဆို၍ သရုပ်သချ်ေယျကို တစိတ်တဝက်မျှသာ ပြသောကြောင့် နောက်သားတို့ မှတ်သားရေတွက်ခြင်းငှာလည်း အလွန်ခက်၏။ ဗုဒ္ဓမတညူကျမ်းပြုဆရာတို့သည်း နှစ်ကျမ်း သုံးကျမ်းမှလာသော သရုပ်တို့ကို သဘောတူရာ ရုံးစု၍ ပြဆိုရကုန်သည်။

ပြဟန်ကား—

> အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
> နဟိ နော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။

ဟူသော ပါဠိတော်၏ မဟာသေနေန ပုဒ်ကိုဖွင့်ရာ တေမိဇာတ် အဋ္ဌကထာ၌ "မဟာသေနေနာတိ ပဉ္စဝီသတိဘယ ဒွတ္တိံသကမ္မကရဏ အဋ္ဌနဝုတိရောဂပ္ပမုခါဒိဝသေန"ဟူ၍ ဖွင့်သည်။

အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ အာတပ္ပံ၊ အားထုတ်ခြင်းလုံ့လကို။ ကိစ္စံ၊ ပြုအပ်၏။ သုဝေ၊နက်ဖြန်အခါ၌။ မရဏံ၊ သေခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်ပေအံ့နည်း။ ဟိသစ္စံ၊မှန်၏။ နော၊ ငါတို့အား။ မဟာသေနေန၊ များသောစစ်သည်ရှိသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ သင်္ဂရံ၊ နေ့ရက် ချိန်းချက်ခြင်းသည်။ နဟိ၊ မရှိသည်သာတည်း။

မဟာသေနေနာတိ၊ များသောစစ်သည် ဟူသည်ကား။ ပဉ္စဝီသတိ ဘယဒွတ္တိံသ ကမ္မကရဏ-အဋ္ဌနဝုတိရောဂပ္ပမုခါဒိဝသေန၊ နှစ်ဆယ့်ငါးပါးသော ဘေး၊ သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ၊ ကိုးဆယ့်ရှစ်ပါးသော အနာမျိုး အစရှိသည်တို့၏ အစွမ်းဖြင့်။ ပုထုသေနေန၊များစွာ စစ်သည်ရဲမက်ရှိသော။ မစ္စုနာ၊ သေမင်းနှင့်။ ဣတိ ဒဋ္ဌဗ္ဗော၊ ဤကား အနက်တည်း။

ၡင်းအနာ ကိုးဆယ့်ရှစ်ပါး၏ သရုပ်ကို မဟာနိဒ္ဒေသ အဋ္ဌကထာ၌ ....

> ပိတ္တသမုဋ္ဌာနာတိ ပိတ္တေန သမုဋ္ဌာနံ ဥပ္ပတ္တိ ဧတေသန္တိ ပိတ္တသမုဋ္ဌာနာ။တေ ကိရ ဒွတ္တိံသ ဟောန္တိ။ သေမှသမုဋ္ဌာနာဒီသုပိ ဧသေဝနယော။ ။ဟူ၍ မိန့်အပ်၏။

ပိတ္တသမုဋ္ဌာနာတိ၊ ဟူသည်ကား။ ဧတေသံ၊ ထိုအနာတို့အား။ ပိတ္တေန၊ သည်းခြေကြောင့်။ သမုဋ္ဌာနံ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပိတ္တသမုဋ္ဌာနာ၊ ပိတ္တသမုဋ္ဌာနမည်ကုန်၏။ တေ၊ ထိုသည်းခြေကြောင့်ဖြစ်သော အနာတို့သည်။ဒွတ္တိံသ၊ သုံးဆယ့်နှစ်ပါးတို့သည်။ ဟောန္တိကိရ၊ ဖြစ်ကုန်သတတ်။ သေမှသမုဋ္ဌာနာဒီသုပိ၊ သလိပ်ကြောင့်ဖြစ်သော အနာစသည်တို့၌လည်း။ ဧသေဝနယော၊ ဤနည်းလျှင်နည်းရှိ၏။

ဤသို့ဆိုသော အဋ္ဌကထာဆရာ၏အလိုကား အထက်ပါဠိ၌ ပြအပ်သော အနာမျိုးတို့တွင်—

မျက်စိ၌ဖြစ်သောအနာ၊ နား၌ဖြစ်သောအနာ၊ နှာခေါင်း၌ဖြစ်သောအနာ၊ လျှာ၌ဖြစ်သော အနာ၊ ကိုယ်၌ဖြစ်သောအနာ၊ ဦးခေါင်း၌ဖြစ်သောအနာ၊ နားရွက်၌ဖြစ်သောအနာ၊ ခံတွင်း၌

ဖြစ်သောအနာ၊ သွား၌ဖြစ်သောအနာ၊ ချောင်းဆိုးအနာ၊ ကုတ်ဟီးနာ၊ ဝါ၊ ရှူနာ၊ဝါ၊ ပန်းနာ၊ နှာခေါင်းဖုနာ၊ ဝါ၊ ဆောင်းမေးခါးနာ၊ ဝါ၊ ဖွတ်သိုနာ၊ ကိုယ်တွင်းပူလောင်သောအနာ၊ ဖျားသောအနာ၊ ဝမ်း၌ဖြစ်သောအနာ၊ မူးမေ့မိန်းမောသောအနာ၊ဝမ်းသွေးကျသောအနာ၊ထိုးကျင့်ကိုက်ခဲသောအနာ၊ သည်းစွာဝမ်းလားသောအနာ၊ နူနာ၊ ထွတ်မြင်းနာ၊ ခရှသင်း သမင်ယက်ကွက်ကျားသောအနာ၊ သွေးသားခန်းခြောက်သောအနာ၊ ဝါ- ခရှပ်နာ၊ ဝက်ရူးနာ၊ ဆီတ်လည်နူနာ၊ ဝါ၊ ဝဲကြီးဝဲစို၊ ဝဲခြောက်နာ၊ ယားနာ၊ ပွေးနာ၊ လက်သည်းခြေသည်း ကျွတ်သောအနာ၊ လက်ဖဝါးခြေဖဝါးကွဲသောအနာ၊ ပိတ်ကိုက်နာ၊ ဒူလာသယောနာ၊ ဝါ၊ မြင်းသရိုက်နာ အရိယိုသောအနာ၊ ကိုယ်ရှေင်သောအနာ၊ ဘဂန္ဒိုလ်နာ၊ ဝါ၊ အသားတိုးသောအနာ။

ဤအနာမျိုး သုံးဆယ့်လေးပါးတို့တွင် ဝက်ရူးနာ, လက်သည်း ခြေသည်း ကျွတ်သောအနာ နှစ်ပါးသည် ပြင်ပရောဂါကြောင့်သာ ဖြစ်ရကား ထိုအနာနှစ်ပါးကို နုတ်ထား၍ အကြွင်း သုံးဆယ့်နှစ်ပါးသည် သည်းခြေပျက်ခြင်းကြောင့် လည်းကောင်း၊ သလိပ်ပျက်ခြင်းကြောင့် လည်းကောင်း၊ လေပျက်ခြင်းကြောင့်လည်းကောင်း ဖြစ်ရကား သုံးဆယ့်နှစ်ပါး သုံးလီဖြစ်၍ ကိုးဆယ့်ခြောက်ပါး ဖြစ်သတည်း၊ ထိုတွင် ယခင့်နုတ်ထားသော အနာနှစ်ပါးကိုရောသော် ကိုးဆယ့်ရှစ်ပါး ဖြစ်၏ဟူလိုသည်။

သုံးဆယ့်နှစ်ပါးသော ကံကြမ္မာဟူသည်ကား....လူတို့ကို လွန်ကျူးမိသော အပြစ်အားလျော်စွာ၊ မင်းတို့သည် စီရင်အပ်သော ကမ္မကရဏ သုံးဆယ့်နှစ်ပါးတည်း။ ထိုကမ္မကရဏအပြားကို အင်္ဂုတ္တိုရ် ပါဠိတော်၌—

တမေနံ ရာဇာနော ဂဟေတွာ ဝိဝိဓာနိ ကမ္မကရဏာနိ ကာရေန္တိ။ ကသာဟိပိ တာဠေန္တိ။ စသည်ဖြင့် ဟောတော်မူသည်။

အနက်ကား။ ။တမေနံ၊ ထိုမကောင်းသဖြင့် ကျင့်သောသူကို။ ရာဇာနော၊ မင်းတို့သည်။ ဂဟေတွာ၊ ဖမ်း၍။ ဝိဝိဓာနိ၊ အထူးထူး အပြားပြားရှိကုန်သော။ ကမ္မကရဏာနိ၊ ညှဥ်းဆဲခြင်းအမှုတို့ကို။ ကာရေန္တိ၊ ပြုစေကုန်၏။ ကသာဟိပိ၊ အဆူးရှိသော ကြိမ်လုံးတို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်ခတ်ကုန်၏။ ဝေတ္တေဟိပိ၊ အဆူးမရှိသော ကြိမ်လုံးတို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်ခတ်ကုန်၏။ အဍ္ဎဒဏ္ဍကေဟိပိ၊ လေးထောင့် သုံးထောင့်ရှိသော လှင်ကန် ပါးခြမ်းတို့ဖြင့်လည်း။ တာဠေန္တိ၊ ရိုက်ခတ်ကုန်၏။ ဟတ္ထံပိ၊ လက်ကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏၊ ပါဒံပိ၊ ခြေကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဟတ္ထပါဒံပိ၊ လက်ခြေကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ကဏ္ဏံပိ၊ နားရွက်ကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏၊ နာသံပိ၊ နှာခေါင်းကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ကဏ္ဏနာသံပိ၊ နားနှာခေါင်းကိုလည်း။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဗိလင်္ဂထာလိကံပိ၊ ဦးခေါင်းခွံကိုခွာ၍ လောလော သံတွေခဲကို ခဲ့နှောက်ထဲ၌ ထည့်သဖြင့် ကျိုက်ကျိုက်ဆူသော ပုံးရည်အိုးနှင့် တူသည်ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။(ပေါင်း – တဆယ်)။သင်္ခမုဏ္ဍိကံပိ၊အထက်နှုတ်ခမ်း နားပန်းဆံတိုင်အောင် ဦးရေကိုခွာ၍ ရှံ့ကြမ်းစွာသော ကျောက်နှင့် ပွတ်တိုက်သဖြင့် ခရုသင်းနှင့်အတူ ဖြူသောခေါင်းခွံ ရှိသည်ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ရာဟုမုခံပိ၊ သံတံသင်းဖြင့် ခံတွင်းကိုဖွင့်၍ ခံတွင်းထဲ၌ မီးထွန်းလေလျက် နေကိုငုံသော ရာဟုခံတွင်းနှင့် တူသည်ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ဇောတိမာလိကံပိ၊ တကိုယ်လုံးဆီဆွတ်ပုဆိုးကိုပတ်၍ မီးတိုက်ခြင်းကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ဟတ္ထပဇ္ဇောတိကံပိ၊ လက်၌ဆီဆွတ်ပုဆိုးကိုပတ်၍ မီးထွန်းခြင်းကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ဧရကပတ္တိကံပိ၊ ပိန်းရွက်

ပမာ အရေလှာကို ခွာဆုတ်ခြင်းတည်းဟူသော အမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ စိရကဝါသိကံပိ၊ လျှော်တေအဝတ်၊ စွတ်သည်ပမာ၊ အရေလှာကိုခွာ၍ အဆစ်အဖု၌ စုဝေးစေခြင်း အမှုကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ဧဏေယျတံပိ၊ ဧဏီသားကဲ့သို့ လေးဖက်တွားအောင် တတောင်နှစ်ချောင်း ဒူးခေါင်းနှစ်ဖက်တို့၌ သံချောင်းနှက်ခြင်း၊ သံကွင်းဆက်ခြင်းတို့ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ဗဠိသမံသိကံပိ၊ နှစ်ဖက်အသွားရှိသော သံမြားကောက်ဖြင့် ချိတ်၍ဆွဲသဖြင့် အရိုးကျဲစဲရှိစေသည်ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ကဟာပဏိတံပိ၊ လူအသားကို ဓားမ ပဲနှပ်ဖြင့် စိတ်ဖြာလျက် တသပြာ နှစ်သပြာလောက်သော သားတစ် ကျစေခြင်းကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ ခါရာပဋိစ္ဆကံပိ၊ အသားကို လုံ့ဖြင့်ဆွ၍ ဆားမံခြင်း၊ ဓားမွှမ်းခြင်းကိုလည်း၊ ကရောန္တိ၊ ပြုကုန်၏။ (ပေါင်း–နှစ်ဆယ်)။ ပလိဃပရိဝတ္တိကံပိ၊ တဖက်စောင်း အိပ်စေလျက် နား၌ သံတံကျင်နှက်ပြီးမှ စက်လှည့်သကဲ့သို့ ခြေကိုကိုင်၍ လှည့်ခြင်းကိုလည်း။ ဂ ရောန္တိ၊ ပြုကုန်၏။ ပလာလပီဌကံပိ၊ အရေ အသားကို မစုတ်စေပဲ ဆောက်ပုတ်ဖြင့် အရိုးကို ညက်ညက်ကြေအောင် ခတ်စေသဖြင့် ကောက်ရိုးစုပမာ ရှိသည်ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ တတ္တေန၊ ပူစွာသော။ တေလေနပိ၊ ဆီဖြင့်လည်း။ ဩသိဥ္စန္တိ၊ သွန်းလောင်းကုန်၏။ သုနခေဟိပိ၊ နှစ်ရက် သုံးရက် အစာမပေးသော ခွေးရဲတို့ကိုလည်း။ ခါဒါပေန္တိ၊ ခဲစေကုန်၏။ ဇီဝန္တံပိ၊ အသက်မှင်စဉ်လည်း။ သူလေ၊ တံကျင်၌။ ဥတ္တာသေန္တိ၊ လျှိုကုန်၏။ အသိနာပိ၊ သန်လျက်ဖြင့်လည်း။သီသံ၊ ဦးခေါင်းကို။ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဤနှစ်ဆယ့်ခြောက်ပါးကို ဒုကအင်္ဂုတ္တိုရ်၌လာသည်။

တတ္တံ ပူစွာသော။ အယောစိလံ၊ သံတံသင်းကို။ ဟတ္ထေ၊ လက်ဝဲလက်၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ ဒုတိယဟတ္ထေ၊ နှစ်ခုမြောက်သော လက်ယာလက်၌။ တထာ၊ ထို့အတူ။ ဂမေန္တိ၊စိုက်နှက်ကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ ပါဒေ၊ လက်ဝဲခြေ၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ ဒုတိယ ပါဒေ၊ နှစ်ခုမြောက်သော လက်ယာခြေ၌၊ တထာ၊ ထို့အတူ။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ တတ္တံ၊ ပူစွာသော။ အယောခိလံ၊ သံတံသင်းကို။ မဇ္ဈေဥရသ္မိံ၊ ရင်အလယ်၌။ ဂမေန္တိ၊ စိုက်နှက်ကုန်၏။ ကုဌာရီဟိ၊ ဓားမတို့ဖြင့်။ တစ္ဆေန္တိ၊ ရွေကုန်၏။ ဣမာနိ၊ ဤသုံးဆယ့်နှစ်ပါးတို့သည်။ ကမ္မကရဏာနိ၊ ကံကြမ္မာမည်ကုန်၏။ ။နောက်ခြောက်ပါးကား ဒေဝဒူတသုတ်၌ လာသည်။

နှစ်ဆယ့်ငါးပါးသော ဘေးဟူသည်ကား....ကြောက်မက် ထိတ်လန့်ဖွယ်သော အန္တရာယ်မျိုးတို့တည်း။ ထိုအပြားတို့ကား ပရိတ် အဋ္ဌကထာ၌ "ပဉ္စဝီသတိ ဘယာ နာမ ရာဇဘယံ စောရဘယံ" စသည်ဖြင့် ပြဆိုသည်။

ပဉ္စဝီသတိ ဘယာနာမ၊ နှစ်ဆယ့်ငါးပါးသော ဘေးတို့မည်သည်ကား။ ရာဇဘယံ၊ မင်းဘေးလည်းကောင်း။ စောရဘယံ၊ ခိုးသူဘေးလည်းကောင်း။ မနုဿဘယံ၊ လူဘေးလည်းကောင်း။ အမနုဿဘယံ၊ နတ်ဘီလူးဘေးလည်းကောင်း။ အဂ္ဂိဘယံ၊ မီးဘေးလည်းကောင်း။ ဥဒကဘယံ၊ ရေဘေးလည်းကောင်း။ ပိသာစဘယံ၊ တစ္ဆေ မြေဘုတ် ဘေးလည်းကောင်း။ခါဏုကဘယံ၊ သစ်ငုတ်ခလုတ်ဘေးလည်းကောင်း။ကဏ္ဍကဘယံ၊ ဆူးငြောင့်ဘေးလည်းကောင်း။ နက္ခတ္တဘယံ၊ မကောင်းသော နက္ခတ်ဘေးလည်းကောင်း။ ဇနပဒ ရောဂဘယံ၊ ဇနပုဒ်၌ဖြစ်သော အနာဘေးလည်းကောင်း။ အသဒ္ဓမ္မဘယံ၊ မသူတော် တရားဘေးလည်းကောင်း။ အသန္ဒိဋ္ဌိဘယံ၊အမြင်မှားသောဘေးလည်းကောင်း။ အသပ္ပုရိသဘယံ၊ သူတော်မဟုတ်သော သူယုတ်တို့၏ဘေးလည်းကောင်း။ စဏ္ဍဟတ္ထိဘယံ၊ ကြမ်းသောဆင်ဘေးလည်းကောင်း။ စဏ္ဍအဿဘယံ၊ ကြမ်းသော မြင်းဘေးလည်းကောင်း။ စဏ္ဍဂေါဏဘယံ၊ ကြမ်းသောနွားဘေးလည်းကောင်း။ စဏ္ဍကုက္ကုရ

ဘယ်၊ ကြမ်းသော ခွေးဘေးလည်းကောင်း။ စဏ္ဍာအဟိဘယ်၊ ကြမ်းသော မြွေဘေးလည်းကောင်း၊ စဏ္ဍာဝိစ္ဆိကဘယ်၊ ကြမ်းသော ကင်းဘေးလည်းကောင်း။ စဏ္ဍာဒီပိဘယ်၊ ကြမ်းသော သစ်ဘေး လည်းကောင်း။ စဏ္ဍာအစ္ဆဘယ်၊ ကြမ်းသော ဝံဘေးလည်းကောင်း။ စဏ္ဍာတရစ္ဆဘယ်၊ ကြမ်းသော အောင်းဘေးလည်းကောင်း။ စဏ္ဍသူကရဘယ်၊ ကြမ်းသော ဝက်ဘေးလည်းကောင်း။ စဏ္ဍာမဟိံသ ဘယ်၊ ကြမ်းသော ကျွဲဘေးလည်းကောင်း။ ဣတိ ဣမေ၊ ဤသည်တို့တည်း။

ဥပေစ္စ ဒဝတီတိ ဥပဒ္ဒဝေါ-ဟူသော ဝစနတ္ထနှင့်ညီစွာ ကိုယ်၌ကပ်၍ ဖြစ်တတ်သောကြောင့် ဥပဒ္ဒဝေါမည်သော အန္တရာယ်တို့သည် တဆယ့်ခြောက်ပါးတို့တည်း။ ထိုတဆယ့်ခြောက်ပါးကို မဟာနိဒ္ဒေသ ပါဠိတော်၌ "သောဠသဥပဒ္ဒဝါ နာမ ပရိဘာသတိ။ အဒ္ဒုဗန္ဓနေနဝါ ဗန္ဓာပေယ" စသည်ဖြင့် ပြဆိုသည်။ သောဠသဥပဒ္ဒဝါနာမ၊ တဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့ မည်သည် ကား။ ပရိဘာသတိ၊ ဆဲရေး မေရှုဘ်၏။ အဒ္ဒုဗန္ဓနေနဝါ၊ထိတ်ပင်းသကား နှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ နှောင်ဖွဲ့စေ၏။ ရဇ္ဇုဗန္ဓနေနဝါ၊ ကြိုးနှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ နှောင်ဖွဲ့ စေ၏။ သင်္ခလိက ဗန္ဓနေနဝါ၊ သံခြေကျဉ်း နှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ နှောင်ဖွဲ့စေ၏။ ဝေတ္တဗန္ဓနေနဝါ၊ ကြိမ်နှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ လတာ ဗန္ဓနေနဝါ၊ ကြိုးနွယ် နှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ ပက္ခေပဗန္ဓနေနဝါ၊ တိုက်တွင်းလှောင်၍ နှောင်ဖွဲ့ခြင်း ဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ ပရိခါဗန္ဓနေနဝါ၊ ကျုံးရံသော နှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ ဂါမဗန္ဓနေနဝါ၊ ရွာနှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ နိဂမဗန္ဓနေနဝါ၊ နိဂုံးနှောင်ဖွဲ့ ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ နဂရဗန္ဓနေနဝါ၊ မြို့နှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ ရဋ္ဌဗန္ဓနေနဝါ၊ တိုင်းနှောင်ဖွဲ့ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ ဇနပဒဗန္ဓနေနဝါ၊ ဇနပုဒ်နှောင်ဖွဲ့ ခြင်းဖြင့်လည်း။ ဗန္ဓာပေယ၊ ၏။ သဝစနီယံပိ၊ သင့်အား ပြုဖွယ်ရှိ၏ အရပ်တပါးသို့ မသွားလင့် ဟု ဆိုခြင်း ရှိသည်ကိုလည်း။ ကရောန္တိ၊ ပြုကုန်၏။ တဿ၊ ထိုသူ၏။ ဓနံ၊ ဥစ္စာကို။ သတံဝါ၊ အရာကိုလည်းကောင်း။ သဟဿံဝါ၊ အထောင်ကို လည်းကောင်း။ သတ သဟဿံဝါ၊ အသိန်းကိုလည်းကောင်း။ ဟရာပေယ၊ ဆောင်စေ၏။ တပ္ပစ္စယာပိ၊ ထိုရေရှတ်ခြင်း အစရှိသော အကြောင်းကြောင့်လည်း။ ဒုက္ခဒေါမနဿံ၊ ဆင်းရဲခြင်း နှလုံးမသာယာခြင်းကို။ ပဋိသံဝေဒေသိ၊ ခံစားရ၏။ ဣမာနိ သောဠသ၊ ဤတဆယ့်ခြောက်ပါးတို့သည်။ ဥပဒ္ဒဝါ၊ ဥပဒ္ဒဝေါ မည်ကုန်၏။

ဒဏ်ဆယ်ပါးအပြားကို ဓမ္မပဒပါဠိတော်၌—

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿစ ဘေဒနံ။
ဂရုကံ ဝါ ပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။

ရာဇတောဝါ ဥပဿဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုနံ။

အထဝဿ အဂါရာနိ၊ အဂ္ဂိ ဍယှတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

ဟူ၍ ဟောတော်မူသည်။

ယော၊ အကြင်သူသည်။ ဒဏ္ဍေန၊ ဒဏ်ဖြင့်။ အဒဏ္ဍေသု၊ ဒဏ်မထားထိုက်ကုန်သော သူတို့၌။ အပ္ပဒုဋ္ဌေသု၊ မပြစ်မှားအပ်ကုန်သော သူတို့၌။ ဒုဿတိ၊ ပြစ်မှား၏။ သော၊ ထိုသူသည်။ ဒသန္နံ၊ ဆယ်ပါးကုန်သော ဒဏ်တို့တွင်။ အညတရံ ဌာနံ၊ တပါးပါးသောအကြောင်းသို့။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဂစ္ဆတိ၊ ရောက်ရ၏။

ဇာနိံ၊ အသွေးအသားကို ဆုတ်ယုတ်စေတတ်သော။ ဖရုသံ၊ ကြမ်းကြုတ်သော။ ဝေဒနဥ္စ၊ ဆင်းရဲဝေဒနာသို့လည်းကောင်း။ သရီရဿ၊ ခန္ဓာကိုယ်၏။ ဘေဒနဥ္စ၊ ပျက်ခြင်းသို့လည်းကောင်း။ ဂရုကံ၊ လေးလံသော။ အာဗာဓံပိပိ၊ အနာသို့လည်းကောင်း။ စိတ္တက္ခေပဥ္စ၊ စိတ်ပျံ့လွင့်ခြင်းသို့လည်းကောင်း။ ပါပုဏေ၊ ရောက်ရ၏။

ရာဇတောဝါ၊ မင်းမှုလည်း။ ဥပဿဂ္ဂဥ္စ၊ ဘေးရန်သို့လည်းကောင်း။ ဒါရုဏံ၊ ကြမ်းကြုတ်သော။ အဗ္ဘက္ခာနဥ္စ၊ စွပ်စွဲခြင်းသို့လည်းကောင်း။ ဉာတီနံ၊ ဆွေမျိုးတို့၏။ ပရိက္ခယဥ္စ၊ ကုန်ခြင်းသို့လည်းကောင်း။ဘောဂါနံ၊ စည်းစိမ်ဥစ္စာတို့၏။ ပဘင်္ဂုနဥ္စ၊ ပျက်စီးခြင်းသို့လည်းကောင်း။ ပါပုဏေ၊ ရောက်ရ၏။

အထ၊ ထို့မှတပါး။ အဿ၊ ထိုမပြစ်မှားအပ်သောသူကို ပြစ်မှားသောသူတို့၏။ အဂါရာနိ၊ နေရာအိမ်တို့ကို။ ပါဝကော၊ ပါဝကမည်သော။ အဂ္ဂိ၊ မီးသည်။ ဍယှတိ၊ လောင်၏။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှ နောက်၌။ သော ဒုပ္ပညော၊ ထိုပညာမဲ့သောသူသည်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇသ။ ဖြစ်ရ၏။ ။ ဤကား ဒဏ်ဆယ်ပါးတို့တည်း။

ရှစ်ပါးသော အပြစ်၏သရုပ်ကို သံယုတ်ပါဠိတော်၌–

> ဣမေ ခေါ ဂါမဏိ အဋ္ဌ ဟေတု အဋ္ဌပစ္စယာ ကုလာနိ ဥပဃာတာယ။ ရာဇတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ။ စောရတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ။ အဂ္ဂိတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ။ ဥဒကတော ဝါ ကုလာနိ ဥပဃာတံ ဂစ္ဆန္တိ။ နိဟိတံ ဝါ ဌာနာ ဝိဂစ္ဆတိ။ ဒုပ္ပယုတ္တာ ဝါ ကမ္မန္တာ ဘိဇ္ဇန္တိ။ ကုလေ ဝါ ကုလင်္ဂါရော ဥပ္ပဇ္ဇတိ ယော တေသံ ဘောဂေ ဝိကိရတိ ဝိဓမတိ ဝိဒ္ဓံသေတိ။ အနိစ္စတာယေဝ အဋ္ဌမီ။ ဣမေ ခေါ ဂါမဏိ အဋ္ဌ ဟေတု အဋ္ဌ ပစ္စယာ ကုလာနံ ဥပဃာတာယ။ ။ဟူ၍ ဟောတော်မူသည်။

ဂါမဏိ၊ ရွာသူကြီး။ ကုလာနံ၊ အမျိုးတို့၏။ ဥပဃာတာယ၊ ပျက်စီးခြင်း၏။ ဟေတု၊ အကြောင်းတို့သည်။ ဣမေ ခေါ အဋ္ဌ၊ ဤရှစ်ပါးတို့လျှင်တည်း။ ပစ္စယာ၊ ပစ္စည်းတို့သည်။ အဋ္ဌ၊ ရှစ်ပါးတို့တည်း။ ရာဇတောဝါ၊ မင်းကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စောရတောဝါ၊ ခိုးသူကြောင့်လည်း။ ကုလာနိ၊အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ အဂ္ဂိတောဝါ၊ မီးကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဥဒကတော ဝါ၊ ရေကြောင့်လည်း။ ကုလာနိ၊ အမျိုးတို့သည်။ ဥပဃာတံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ နိဟိတံဝါ၊ မြှုပ်ထားအပ်သော ဥစ္စာသည်လည်း။ ဌာနာ၊ တည်ရာမှ။ ဝိဂစ္ဆတိ၊ အရပ်တပါးသို့ ရွေ့ရှား၏။ ဒုပ္ပယုတ္တာ၊ မကောင်းသဖြင့် ယှဉ်အပ်ကုန်သည်ဖြစ်၍။ ကမ္မန္တာဝါ၊ အမှုကြီးငယ်တို့သည်လည်း။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ယော၊ အကြင်သူသည်။ တေသံ၊ ထိုအမျိုးတို့၏။ ဘောဂေ၊စည်းစိမ်တို့ကို။ ဝိကိရတိ၊ ဖရိုဖရဲကြဲ၏။ ဝိဓမတိ၊ ပျောက်လွင့်၏။ ဝိဒ္ဓံသေတိ၊ ဖျက်ဆီး၏။ သော ကုလင်္ဂါ-

ရော၊ ထိုနှောင့်ရှက် ဖျက်ဆီးခြင်းကို ပြုတတ်သောသူသည်။ ကုလေ၊ အမျိုး၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အနန္တတာယေဝ၊ မမြဲသော အဖြစ်သည်သာလျှင်။ အဌမိ၊ ရှစ်ခုမြောက်တည်း။ ဂါမဏီ၊ ရွာသူကြီး။ ဣမေ ခေါ် အဌ၊ ဤရှစ်ပါးတို့သည်သာလျှင်။ ကုလာနံ၊ အမျိုးတို့၏။ဥပဃာတာယ၊ ပျက်စီးခြင်း၏။ ဟေတု၊ တို့တည်း။ ဣမေ ခေါ် အဌ၊ ဤရှစ်ပါးတို့သည်သာလျှင်။ ပစ္စယာ၊ အထောက်အပံ့တို့တည်း။ ။ဤကား သာသနာတော်ကျမ်း၌ လာသော အဌဒေါသ၏သရုပ်တည်း။

လောကီကျမ်းတို့၌ကား....

> ပထဝီ သံသုမာရော စ၊ ယက္ခော နာဝါ စ အသနိ။
> ဗျဂ္ဃေါလောဟိတုမ္မတ္တကော၊ အဌဒေါသာ ဣမေ မတာ။

ဟူ၍ ဆိုသည်။

ပထဝီ၊ မြေမျိုခြင်းလည်းကောင်း။ သံသုမာရော စ၊ မိကျောင်းကိုက်ခြင်း လည်းကောင်း။ ယက္ခော၊ ဘီလူးဖမ်းခြင်း လည်းကောင်း။ နာဝါ၊ လှေနစ်ခြင်း လည်းကောင်း။ အသနိ၊ မိုးကြိုး လောင်မီးကျခြင်း လည်းကောင်း။ ဗျဂ္ဃေါ၊ ကျားစားခြင်း လည်းကောင်း။ လောဟိတံ၊ သွေးအန်ခြင်း လည်းကောင်း။ ဥမ္မတ္တကော၊ ရူးသွပ်ခြင်း လည်းကောင်း။ ဣမေ အဌ ၊ ဤရှစ်ပါးတို့ကို။ ဒေါသာ၊ အပြစ်တို့ဟူ၍။ မတာ၊ သိအပ်ကုန်၏။

ရန်သူမျိုးငါးပါးကို အင်္ဂုတ္တိုရ်ပါဠိတော်၌....

> သတ္တိမာနိ ခေါ် ဥဂ္ဂ ဓနာနိ အဂ္ဂိနာ ဥဒကေန ရာဇူဟိ စောရေဟိ အပ္ပိယေဟိ ဒါယာဒေဟိ သာဓာရဏာနိ။ ။ဟူ၍ ဟောတော်မူသည်။

ဥဂ္ဂ၊ ဥဂ္ဂအမတ်ကြီး။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမာနိ ဓနာနိ၊ ဤဥစ္စာရတနာတို့သည်။ အဂ္ဂိနာ စ၊ မီးဟူသော ရန်သူနှင့်လည်းကောင်း။ ဥဒကေန စ၊ ရေဟူသော ရန်သူနှင့်လည်းကောင်း။ ရာဇူဟိစ၊ မင်းတို့နှင့် လည်းကောင်း။ စောရေဟိစ၊ ခိုးသူတို့နှင့် လည်းကောင်း။ အပ္ပိယေဟိ၊ မချစ်အပ်ကုန်သော။ ဒါယာဒေဟိ စ၊ အမွေခံတို့နှင့် လည်းကောင်း။ သာဓာရဏာနိ၊ ဆက်ဆံကုန်၏။

၈၂၇။ အာပေါခတ်သည်၊ အတည်တည်၊ ခန့်ရည်ဘယ်မျှ ရှိသနည်း။ (၁၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပိတ္တံ၊ သည်းခြေ။ သေမှံ၊ သလိပ်၊ ပုဗ္ဗော၊ ပြည်။ လောဟိတံ၊ သွေး။ သေဒေါ၊ ချွေး မေဒေါ၊ အဆီခဲ။ အဿု၊ မျက်ရည်။ ဝသာ၊ ဆီကြည်။ ခေဠော၊ တံတွေး။ သိင်္ဃာနိကာ၊ နှပ်။ လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ်။ ဤသို့ အာပေါခတ် (၁၂) ပါးရှိသည်။

၇၂၈။ ပထဝီဓာတ်သည်၊ တွက်ခန့်ရည်၊ ထွေလည်သခၡျ မည်သို့နည်း။ (၁၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကေသာ၊ ဆံ။ လောမာ၊ အမွေး။ နခါ၊ ခြေသည်းလက်သည်း။ ဒန္တာ၊ သွား။ တစော၊ အရေ။ မံသံ၊ အသား။ နှာရု၊ အကြော။ အဋ္ဌိ၊ အရိုး။ အဋ္ဌိမိဉ္ဇ၊ ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊ အညှို့။ ဟဒယံ၊ နှလုံးသား။ ယကနံ၊ အသည်း။ ကိလောမကံ၊ အမြှေး။ ပိဟကံ၊ အသားဖျဉ်း။ ပပ္ဖါသံ။ အဆုတ်။ အန္တံ၊ အူမ။ အန္တဂုဏံ၊ အူသိမ်။ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မတ္ထလုင်္ဂ၊ ဦးနှောက်။ ဤသို့ ပထဝီဓာတ် ၂၀-ရှိသည်။ ။[သမ္မောဟဝိနောဒနီ။]

၇၂၉။ အင်္ဂါဇာတ်သည်၊ အိမ်၌တည်၊ ဘုန်းစည် ဘယ်ကောင်းမှုကြောင့်နည်း။ (၁၂၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စိရပ္ပနဋ္ဌေသု စိရပ္ပဝါသိနော ဉာတိမိတ္တေ သုဟဇ္ဇေ သခိနော သမာနေတာ အဟောသိ။

အစရှိသော လက္ခဏာသုတ် ပါဠိတော်နှင့်အညီ–ကြာမြင့်စွာက ကွဲပြားပျက်စီးလေကုန်သော အဆွေအမျိုးတို့ကို လည်းကောင်း။ တပေါင်းတည်းဖြစ်အောင် ကြံဆောင် ပြောဆိုဘူး၏။ အချစ်ပျက်သဖြင့် ကွဲပြားကြသော အမိကိုလည်း သားနှင့်၊ သားကိုလည်း အမိနှင့် ပေါင်းမိအောင်၊ အဖကိုလည်း သားနှင့်၊ သားကိုလည်း အဖနှင့်၊ မောင်ကိုလည်း နှမနှင့်၊ နှမကိုလည်း မောင်နှင့် တပေါင်းတည်းဖြစ်အောင် ကြံဆောင်၍ ပြုခဲ့ဘူး၏။ ဤကောင်းမှုတို့ကြောင့်။ ကောသောဟိတဝတ္ထဂုယှဟု ဆိုအပ်သော အအိမ်၌ ကျိန်းသော အင်္ဂါဇာတ်ရှိခြင်း တည်းဟူသော ယောကျ်ားမြတ်၏ လက္ခဏာကို ရတော်မူသည်။

၇၃၀။ ဘုရားရှင်လည်း၊ မရိုးစည်၊ ကိုယ်ထည်လုံး၏ ဘယ့်ကြောင့်နည်း။ (၁၂၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗဟုဇနဿ အတ္ထကာမော အဟောသိ ဟိတကာမော ဖာသုကာမော ယောဂက္ခေမကာမော။

အစရှိသော ၎င်းပါဠိတော်နှင့်အညီ–ရှေးရှေးသော ဘဝတို့၌ များစွာသောလူတို့၏ ကောင်းကျိုးကိုသာ အလိုရှိသည်။ စီးပွါးခြင်းကိုသာ အလိုရှိသည်။ ချမ်းသာခြင်းကိုသာ အလိုရှိသည်။ ယောဂကုန်ခြင်းကိုသာ အလိုရှိသည် ဖြစ်ခဲ့ဘူး၏။ ထိုကောင်းမှုတို့ကြောင့် ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သောကိုယ်နှင့်တူသော သီဟပုဗ္ဗဍ္ဎကာယလက္ခဏာကို ရတော်မူသည်။ မရိုးစည်နှင့်တူသော

လုံးသော လည်တော်နှင့် ပြည့်စုံခြင်းဟု ဆိုအပ်သော သမဝဋ္ဋက္ခန္ဓလက္ခဏာကို ရတော်မူသည်။ ရေစီးကြောင်းမထင် ပြည့်ဖြိုးသော ကျောက်တော်တည်းဟူသော စိတန္တရံသလက္ခဏာကိုလည်း ရတော်မူသည်။

၇၃၁။ မျက်မှောင်တော်ရည်၊ နုပျိုသည်၊ မည်ကုသိုလ်ကြောင့် ဖြစ်သနည်း။ (၁၂၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

န စ ဝိသဋံ၊ န စ ဝိသာစိ၊ န စ ပန ဝိစေယျပေက္ခိတာ။ ဥဇုတထာ ပသဋမုဇုမနော ပိယစက္ခုနာ ဗဟုဇနံ ဥဒိက္ခိတာ အဟောသိ။

ဟူသော ၎င်းပါဠိတော်နှင့် အညီ–အမျက်ထွက်သဖြင့် သူတပါးကိုလည်း မကြည့်တတ်။ မျက်စောင်းထိုး၍လည်း မကြည့်တတ်။ အမျက်ဖြင့် စိန်းစိန်းမဲမဲလည်း မကြည့်တတ်။ အကြင်သို့သောအခြင်းအရာဖြင့် သာယာရွှင်ပျလျက်သာ ကြည့်တတ်၏။ ချစ်ခင်စုံမက် မေတ္တာသက်သောမျက်စိဖြင့်သာ များစွာသောသူတို့အား ဖြောင့်ဖြောင့်ကြည့်တတ်၏။ ဤကောင်းမှုတို့ကြောင့် ယနေ့ဖွားသော နွားသူငယ်၏မျက်မှောင်ကဲ့သို့ အရောင်အဆင်းဖြင့် နုပျိုသော မျက်မှောင်တော်ရှိခြင်းတည်းဟူသော ဂေါပခုမလက္ခဏာကို ရတော်မူသည်။ အလွန်ညိုသော မျက်စိတော် တည်းဟူသော အဘိနီလနေတ္တ လက္ခဏာကိုလည်း ရတော်မူသည်။

၇၃၂။ မွေးတွင်းတတည်၊ မွေးတော်သည်၊ တမည်သာရောက် ဘယ့်ကြောင့်နည်း။ (၁၂၄)

၇၃၃။ ဥဏ္ဏာလုံမည်၊ မွေးရှင်သည်၊ ထူးလည် ဘယ်ကောင်းမှုကြောင့်နည်း (၁၂၅)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....

မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော အဟောသိ သစ္စဝါဒီ...ကော အဝိသံဝါဒကော လောကဿ။

မုသာဝါဒံ၊ မဟုတ်မမှန်ဆိုခြင်းကို။ ပဟာယ၊ ပယ်စွန့်၍။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကိုဆိုခြင်းမှ။ ပဋိဝိရတော၊ ကြဉ်တော်မူသည်။ အဟောသိ၊ဖြစ်ခဲ့ဘူး၏။ သစ္စဝါဒီ၊မှန်သော စကားကို ဆိုလေ့ရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ သစ္စသန္ဓော၊ မှန်သော စကားနှင့် မှန်သော စကားကို စေ့စပ်တတ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ ထေတော၊ မြဲမြံတည်ကြည်သော စကားရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ ပစ္စယိကော၊ ယုံကြည်လောက်သော စကားရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ လောကဿ၊ လူအပေါင်းကို။ အဝိသံဝါဒကော၊ မချွတ်မယွင်း စေတတ်သည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။

ဤသို့ဆိုအပ်ခဲ့ပြီးသော ကောင်းမှုတော်တို့ကြောင့် တခုတခုသော မွေးတွင်း၌ တချောင်း တချောင်းစီသာ ရောက်သော မွေးညင်းတော်တည်းဟူသော ဧကေကလောမ လက္ခဏာ, မျက်မှောင်တော် နှစ်ဘက်အကြား၌ ရောက်သော ဥဏ္ဏလုံမွေးရှင်တော် တည်းဟူသော ဥဏ္ဏာဘမုကန္တရ လက္ခဏာ ဤလက္ခဏာတော် နှစ်ပါးကို ရတော်မူသည်ဟု သိရာ၏။

၇၃၄။ ဣတိမတည်၊ ဖွင့်ထေသည်၊ မည်သည့်
သံဝဏ္ဏနာတို့နည်း။(၁၂၆)

၇၃၅။ ဣတိပုဒ်တည်၊ ဖွင့်ပါမည်၊ ဘယ်သည်အဖွင့်
ဆိုပိမ့်နည်း။(၁၂၇)

၇၃၆။ လုံတံကျသည်၊ တျက်တျက်မြည်၊ ဘယ်သည်ကိရိယာ
ပေတို့နည်း။(၁၂၈)

၇၃၇။ ဒြပ်ပင်သည်၊ ကာရကမည်၊ ထူးလည်
ဘယ်ဥပစာနည်း။(၁၂၉)

၇၃၈။ နွားဟုပြောရည်၊ ကြားလေသည်၊ မည်ဝိထိဖြင့်
သိသနည်း။(၁၃၀)

ဟူသော အမေးပုစ္ဆာတို့၏ အဖြေကို မတွေ့ပေ။

၇၃၉။ နှုတ်တက်ဆောင်သည်၊ ရင်နို့ရည်၊ မည်မျှနှစ်ပေါင်း
ကြာသနည်း။(၁၃၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မဟာထေရာ။ မြာ်သော မသေရ်ကြီးတို့သည်။ ဗုဒ္ဓဝစန်၊ ဘုရားစကားတော်မြတ်ပိဋကတ် သုံးပုံကို။ ပညာသ .ဓိက.စတ္တာ.ရိသဿသတာနံ၊ နှစ်ပေါင်း လေးရာ့ငါးဆယ်တို့ပတ်လုံး။ မုခေနေဝ၊ နှုတ်ဖြင့်သ ာလျှင်။ အာဟရိံ သု၊ ဆောင်ကုန်ပြီ။ ။ဤသို့သာရတ္ထသင်္ဂဟ စသည်တို့၌ လာသော ကြောင့် နှုတ်တက် ဆောင်ကြသော နှစ်ပေါင်း လေးရာ့ငါးဆယ် ကြာ၏ဟု သိရာသည်။

၇၄၀။ သိဟိုဠ်ကျွန်းပြည်၊ အဦးတည် ဘယ်ထေရ်
သာသနာပြုသနည်း။(၁၃၂)

ဟူ း သာ အမေ ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သိရိဓမ္မာသောက မင်းကြီး၏ သားတော် အရှင်မဟာမဟိန္ဒထေရ်, ဣဋ္ဋိယထေရ်, ဥတ္တိယ ထေရ်, သမ္ဗလထေရ်, ဘဒ္ဒသာလထေရ်, တူတော်သုမနသာမဏေ, ဘဏ္ဍုကဲဥပါသကာနှင့်တကွ

ခုနစ်ပါးလုံး ဘုရားပရိနိဗ္ဗာန် စံတော်မူသည့်နောက် ၂၃၆-ခုနှစ်၊ နယုန်လပြည့်နေ့ သီဟိုဠ်ကျွန်းသို့ ကြွ၍ သာသနာ ပြုတော်မူသည်။ ထို့ကြောင့် ဤအရှင် ခုနစ်ပါးသည် သာသနာပြု အဦးတည်း ဟူပေ။ အကျယ်မှာ ပါရာဇိကဏ် အဋ္ဌကထာ နိဒါန်း၌ ထင်ရှားရှိပြီ။

၇၄၁။ ပေထက်တင်သည်၊ ကျမ်းအတည်၊ မည်သည် မင်းကြီးလက်ထက်နည်း။ (၁၃၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တဒါ၊ ထိုဝဋ္ဋ ဂါမဏိမင်းကြီး နန်းတက်၍ ခြောက်နှစ် ရှိသောအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သတ္တာနံ၊ သတ္တဝါအပေါင်းတို့၏။ ဟာနိ၊ သတိပညာ၏ ဆုတ်ယုတ်ခြင်းကို။ ဒိသွာ၊ မြင်၍။ သမာဂတာ၊ အညီအညွတ် စည်းဝေးကုန်၍။ ဓမ္မဿ၊ တရားတော်မြတ်၏။ စိရဋ္ဌိ တတ္ထာယ၊ ကြာမြင့်စွာ တည်ခြင်းအကျိုးငှာ။ ပါဠိအဋ္ဌကထံ၊ ပါဠိတော်နှင့် အဋ္ဌကထာကို။ ပေါတ္ထကေသု၊ ပေတို့၌။ လိခါပေသုံ၊ ရေးတင်စေကုန်၏။

ဤသို့မဟာဝင် ဂါထာ၌လာသောကြောင့် သဒ္ဓါတိဿမင်း၏ သားတော်ဖြစ်သော ဝဋ္ဋဂါမဏိ မင်းကြီး လက်ထက်တွင် ရဟန္တာငါးရာတို့သည် သီဟိုဠ်ကျွန်း အနုရာဓမြို့၏အနောက် မာလယ ဇနပုဒ် အာလောက မည်သော လိုဏ်၌ အဋ္ဌကထာနှင့်တကွသော ပါဠိတော်မြတ် ပိဋကတ်သုံးပုံကို ပေထက် ရေးထား၏ ဟူပေ။

ထိုပေထက် ရေးထား၍ အထပ်ထပ်များစွာ တည်းတိုက်ခြင်းသည် စတုတ္ထသင်္ဂါယ မည်၏ ဟူ၍ တေရသကဏ်ဋီကာ၌ဆိုသည်။

၇၄၂။ စွယ်တော်ရောက်သည်၊ သီဟိုဠ်ပြည်၊ မည်အကြောင်းကြောင့် ရောက်သနည်း။ (၁၃၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကလိင်္ဂရာဇ်ပြည်ကို အစိုးရသော ဂုဟာသီဝမင်းတွင် အဆင်းပြင်လျှာ ဘုန်းလက္ခဏာနှင့် ပြည့်စုံသော ဟေမမာလာ အမည်ရှိသော သမီးတော်တယောက်သည် ရှိ၏။ ထိုသမီးအား ခမည်းတော် မယ်တော်တို့သည် အလွန်မြတ်နိုးသောကြောင့် တပင်တိုင်နန်း၌ လုံခြုံစွာသော အစောင့် အရှောက်ဖြင့် ထားသတည်း။ မင်းကြီး၏ တူတော်ဖြစ်သော ဒန္တကုမာရမင်းသားသည် မင်းသမီး အား အလွန်တပ်မက်သည်ဖြစ်၍ မိဘမသိစေပဲ စကားရောနှော ကူးသန်းကြသဖြင့် ဆန္ဒညီညွတ် သောအခါ ကြီးစွာသော သဘော်ကို ပြုလုပ်၍ ကုန်စလယ်တင်ပြီးမှ မင်းသမီးကိုခေါ်၍ မင်းကြီး ကိုးကွယ်သော စွယ်တော်ကိုလည်း ပင့်ခဲ့၍ သီဟိုဠ်ကျွန်းသို့ ပြေးလာသတည်း။ ထိုအခါ သီဟိုဠ် ကျွန်းနှင့် မင်း ၆၂-ဆက်မြောက်ကျသော ကိတ္တိသိရိမေဃမင်း နန်းစံ၍ ၉-နှစ်။ သက္ကရာဇ် သာသနာ ၆၁၀-ပြည့်တွင် ကလိင်္ဂရာဇ်ပြည်မှ စွယ်တော်သည် သီဟိုဠ်သို့ ကြွရောက်လာသတည်း။ အကျယ် စကားမှာ ဒါဌာဓာတုဝင်၌လည်းကောင်း၊ ဋီကာ၌လည်းကောင်း ရှိပြီ။

၈၄၃။ တကောင်းဟူသည်၊အညာပြည်၊မည်က မင်းဆက်ပေတို့နည်း။ (၁၃၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မဇ္ဈိမ ဒေသ သက်ဿနဂိုရ်ပြည့်ရှင်မင်း၏ အဆက်ဖြစ်သည် ဟူပေ။

အကြောင်း အမြွက်ကား.... ဘုရားအလောင်းတော်ဖြစ်သော သိဒ္ဓတ္ထကုမာရ မင်းသားသည် ကပိလဝတ်ပြည်၌ ရွှေနန်းတက် စံတော်မူသောနှစ်မှ နောက်လေးနှစ်မြောက်ဖြစ်သော အဥ္စနမင်း ဖြိုကြွင်းသက္ကရာဇ် ၈၈-ခု၊ နတ်တော်လဆန်း ခုနစ်ရက်နေ့ကပင် သက်ဿနဂိုရ် ပြည့်ရှင်မင်း၏ သားတော် သာကီယမင်းသည် မူးမတ် ဗိုလ်ပါ အပေါင်း နှစ်သောင်း ခြောက်ထောင်တို့နှင့် တကွ မဇ္ဈိမဒေသမှ ထွက်ခဲ့၍ အစဉ်သဖြင့် သလ္လာဝတီမြစ်ကို လျှောက်၍ လာခဲ့ရာ ဧရာဝတီမြစ်ကိုတွေ့၍ ထိုမြစ်၏ အနောက်ဘက်ရပ် လျှောက်ပတ်သော နေရာတွင် ဗိုလ်ပါ အစည်းအရုံးချပြီးမှ ရှေး အနှစ်သုံးရာခန့်က ဘိုးတော်တည်စပြုဖူးသော နေရာကို သိပြန်ရသဖြင့် တဖန် ဧရာဝတီမြစ်ကို ကူးပြန်၍ တကောင်းမည်သော ပြည်ကြီးကို တည်ထောင်၍ နေတော်မူသည်။ ဆိုမြို့ကား ကကုသန် ဘုရားလက်ထက်တော်ကပင် လူနေဖြစ်၍ သံသယမြို့ဟု တွင်သည်။ ကောဏာဂုံဘုရားလက်ထက် ရဋ္ဌတွင်သည်။ ကဿပဘုရားလက်ထက် သင်းတွဲတွင်သည်။ ဂေါတမဘုရား လက်ထက်တော် ၌ကား တကောင်းတွင်သည်။ ထိုသာကီယမင်းကြီးသည် မြို့နန်းတည်ထောင်၍ ရာဇာဘိသေက ခံတော်မူသည်။ သတိုးမဟာဇမ္ဗူဒီပဓဇရာဇာ ဟူသော တံဆိပ်နာမံကိုလည်း ခံတော်မူသည်။ မူး တော် မတ်တော် ဆွေတော် မျိုးတော်တို့ကိုလည်း မဇ္ဈိမဒေသမင်းကဲ့သို့ မာဂဓဘာသာဖြင့် သညာဘွဲ့ပုံ ပေးအပ်တော်မူသည်။ ထိုသတိုးမဟာ ဇမ္ဗူဒီပဓဇမင်း၏ သားတော်ကား ကံရာဇာ ကြီး, ကံရာဇာငယ် ဟူ၍ နှစ်ယောက်ရှိသည်။ ထိုသားတော် နှစ်ယောက်ဘို့တွင် အစ်ကိုဖြစ်သော ကံရာဇာကြီးသည် ခမည်းတော်မရှိလျှင် တပြည်တည်း၌ မင်းနှစ်ယောက်ပြုခြင်းငှါ မသင့်ဟု နှလုံးပြု၍ ညီ ကံရာဇ ငယ်အား အဘရိုက်ရာဖြစ်သော ရွှေထီး ရွှေနန်းကို ဆောက်နှင်းခဲ့ပြီးမှ ခွာခဲ့၍ အနောက်ဘက် တောင်စဉ်အနီး ပင်လယ်နားတွင် ဓညဝတီမြို့ကြီးကို တည်ထောင်၍ စံနေတော်မူသည်။ ညီ ကံရာဇာငယ်လည်း ဖမိတ္တိရိုက်ရာဖြစ်သော တကောင်းမြို့ကြီး၌ ထီးနန်း ဆက်ခံ၍ စိုးစံအုပ်ချုပ်တော်မူသည်။ ထိုမှစ၍ သားစဉ် မြေးဆက် ပြန့်ပွား စည်ပင်စွာ မြန်မာတို့ တိုင်းကား နိုင်ငံဖြစ်သည်။ ထိုတကောင်းမြို့၌ မင်းဆက်ကား တကျိပ် ခုနစ်ယောက်တည်း။

ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်ကပင် သံသယ မည်သော တကောင်းပြည်ကြီး, ဓညဝတီပြည်ကြီး, သုဝဏ္ဏဝတ်မည်သော သထုံပြည်ကြီး ဤသုံးပြည်တို့သည် ကျေးလက်ပြန့်ပွား လျက် ထင်ရှားစည်ပင်စွာ ရှိသည်။

ထို့ကြောင့် နားတော်သွင်း၌....

> ပြည်သရေ၏၊ ထောင်နေစသည်၊ ကြောင်းရင်းသည်မူ၊ သုံးမည်လုံးရှင်၊ မပွင့်ခင် တည့်၊ မျှားဖြင်မြင့်ကြာ၊ နှစ်သုံးရာထက်၊ ငါးဖြာပတ်ဝိုက်၊ မဇ္ဈေတိုက်မှ၊ ထွက်စိုက်ရာ ဟောင်း၊ လေးကြိမ်လောင်းသား၊ တကောင်းထောင်ထား၊ နရဖျားမှ၊ ဆက်ပွားစည် လျဉ်၊ နန်းစဉ်စိုးနေ၊ သတိုးရွှေဟု၊ မြတေထွန်းဝင်း၊ ထိုသည့်မင်းလျှင်၊ ဆောက်နှင်း

ယောက်ဖ၊ အိမ်ရှေ့ရအား၊ ပြည်ပရန်မီး၊ တော၀က်ကြီးကို၊ ဖမ်းဆီးတုံလှည့်၊ သတ်လေ
ထည့်သည်၊ စုံပြည့်တည့်မနေး လက်နက်လေး။ ။ဟူ၍ စပ်သည်။

ဤလင်္ကာ၌ အဓိပ္ပာယ်ကား.... ဘုရားပွင့်တော်မမူမီ အနှစ် ၃၀၈-ကပင် သက်ဿနဂိုရ်
ပြည့်ရှင်မင်းကြီး၏ ညီတော်သည် ကျေးကျွန်အရံနှင့်တကွ သလ္လာဝတီမြစ်ဖြင့် စုံဆင်းလာ၍
တကောင်းပြည်ကို တည်ထောင်စပြုသည်။ ၎င်းနောက် ထိုမင်း၏ တူတော်လည်း လိုက်လာ၍
တကြိမ်၊ ၎င်းညီလိုက်လာ၍ တကြိမ်တည်ထောင်သည်။ ၎င်းနောက် သာကီယမင်း စုန်ဆင်း၍
တည်သဖြင့် စည်ပင်ပွင့်လင်းစွာ ဖြစ်သည်။ ထို့ကြောင့် လေးကြိမ်လောင်းသားဟု ဆိုသည်။

၈၄၄။ သာသနာတည်။ ပုဂံပြည်၊ မည်သည့်မင်းတွင် စသနည်း။ (၁၃၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သာသနာတော် ၁၆၀၁-ခုနှစ်၊ သက္ကရာဇ် ၄၁၉-ခု၌ အရိမဒ္ဒနာပြည်ကြီးကို အစိုးရသော
အနော်ရထာမင်းစောသည် ရာမညတိုင်း တလိုင်းသုံးရပ်ကို အောင်မြင်၍ သထုံပြည်မှ ပိဋကတ်
သုံးပုံနှင့်တကွ ရဟန်းသံဃာတို့ကို ပင့်ဆောင်၍ ပုဂံပြည်သို့ရောက်သည်။ ထိုအခါမှစ၍ သာသနာ
တော် တည်ထွန်းသည်။

၈၄၅။ စကောလွင့်သည်၊ သရေပြည်၊ မည်သည့် သက္ကရာဇ်ကနည်း။ (၁၃၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သမုန္ဒြီမင်းလက်ထက် ဒေါဒေါရသ သက္ကရာဇ်ကို ချေပြီးနောက် ၁၆ နှစ်မြောက်တွင်
စကောလွင့်သည်။

၈၄၆။ ဆင်းတုကိုရည်၊ ဖိုထိုးသည်၊မည်မင်း လက်ထက်ကပေနည်း။ (၁၃၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရခိုင်မြို့ ဓညဝတီပြည်တွင် ဘုရား ထင်ရှားရှိတော်မူသောအခါ စန္ဒသူရိယ မည်သောမင်းသည်
မင်းပြု၏။ တရံသောအခါ မြတ်စွာဘုရားသည် ဒေသစာရီချီတော်မူ၍ ဓညဝတီပြည်သို့ ရောက်
လျှင် မင်းနှင့်တကွသော ပြည်သူပြည်သားတို့အား တောင်းပန်၍ တလခန့် ယပ်တန်တော်မူ၏။ စန္ဒသူရိယ
မင်းလည်း တရားတော်ကို နာရလျှင် အလွန်ကြည်ညိုခြင်းဖြစ်၍ မိမိနိုင်ငံတွင် ဘုရားသခင်
သီတင်းသုံးနေတော်မူပါမည့်အကြောင်းဖြင့် တောင်းပန်၏။ ခွင့်မရသောအခါ ကိုယ်တော်၏
အလားကဲ့သို့ ဘုရားရှင်ရုပ် သွန်းလုပ်၍ ကိုးကွယ်ပါရမည့်အကြောင်းကို တောင်းပန်သဖြင့်

ခွင့်ပေးတော်မူ၍ လိမ္မာစွာသော ပန်းတဉ်း ပန်းပဲတို့နှင့် တိုင်ပင်၍ ဘုရားရှင်သဏ္ဌာန်တော်နှင့် တဆံခြည်မျှမယွင်းအောင် ပဋ္ဌလောဟာကို သွန်းလုပ်ကြ၏။ နှစ်ကြိမ် သုံးကြိမ်သွန်း၍မျှလုပစွာ မပြီးလေလျှင် သဗ္ဗညုဘုရားကိုယ်တိုင်တော် ကြပ်မတ်၍ ရင်ငွေတော် ခုနစ်လက်ခုပ်သွင်းပြီးမှ သွန်းလုပ်သော် ကောင်းမွန်စွာပြီးစီး၏။

ရခိုင်ရာဇဝင်တွင် ဘုရားသခင်က ငါ၏သဏ္ဌာန်နှင့် မယွင်းအောင် သွန်းလုပ်ဘိဟူ၍ မိန့်တော်မူလျှင် သိကြားမင်းသည် ဝိသကြုံနတ်သားနှင့်တကွ ကြပ်မတ်၍ သီရိဂုတ် တောင်ထိပ်တွင် နဝရတ်ကိုးပါး သွန်းလုပ်သည်ဟု ဆိုသည်။

ရခိုင်ဧချင်းတွင် ပဉ္စလောဟာကို သွန်းလုပ်ကြောင်းကို–

> မဟာမုနိ၊ ရှိသည်ယခု၊ ရုပ်ဆင်းတုကို၊ ဝိသုကမ္မ၊သိကြားမ၍၊ မဥ္စလောဟာ၊ ရတနာဖြင့်၊ သွန်းခါမဖြစ်၊ ခုနစ်လက်ငွေ၊ ကိုယ်ငွေတော်ယူ၊ ထည့်တော်မူမှ၊ ဘုန်းထူဘုန်းစည်း၊ ရှင်နည်းဘုရား၊ ကိုယ်တော်စားလျှင်၊ ထင်ရှားတင့်မွာ၊ ဖြစ်ပေလှာ၏။ဟူ၍ စပ်ဆိုသည်။

ယင်းသို့ သွန်းလုပ်ငဲ့က အင်္ဂါကြီးငယ်နှင့် ညီညွတ် တင့်တယ်စွာဖြစ်လျက် ရှေးအလောင်းတော်မြတ်သည် မာရ်အောင်ကျွန်းတွင် မင်းဖြစ်တော်မူသောအခါ သူ့စည်းစိမ်ကို ဖျက်ဆီးသော တောင်သူ၏အခြေ အပေါင်အလက်တို့ကို ဖွဲ့ဖူးသော ဝိပါက်တော်, မင်းသား ငါးယောက်တို့ ပြည်သူ ရွာသားတို့အား ကျောသားကို စားမလောက် နှိပ်စက်သည်တို့ကို ဆုံးမလို၍ နောက်ကျောနှုတ်ဖူးခဲ့သော ဝိပါက်တော် ဤ၀ိပါက်တော်နှစ်ပါးကို ငါ့ကိုယ်စား ခံရစ်ပေဟု ဘုရားဗျာဒိတ်တော်ထားခဲ့သည်နှင့်အညီ ရခိုင်မင်းရိုး မင်းဘီလူးကို အမတ် သခ်ယာပုန်စားလျှင် မြန်မာအရပ်သို့ သမက်တော် အိမ်ရှေ့မင်း မင်းရဲဘယ ပြေးလာ၍ အလောင်းစည်သူမင်းထံ ခစားသည်တွင် မြင်သော လက်ယာမင်းနန်ကို ရခိုင်မှာ နန်းတင်သောအခါ ပါသော ပြူ တလိုင်းတို့သည် သီရိဂုတ်တောင်ဝယ်ရှိသော မဟာမုနိ ဘုရားရှင်ကို ဖိုကျင့်ဝထောင်ထိုး၍ နောက်ကျောသား ပေါင် လက် တို့ကို ယူလေသည်။ အထက်ကိုယ်တော် ပမာဏသာ ယခုအတိုင်းရှိသည် ဟူ၍ ရာဇဝင်တွင်ဆိုသည်။

ဧချင်းတွင်လည်း....

> တလိုင်းနှင့်ပြူ၊ နှစ်ပြည်သူတို့၊ သုံးလူထွတ်ချာ၊ မဟာမုနိ၊ တြိနာထော်၊ ရုပ်ရှင်ကျော်ကို၊ ပေါင်တော် ကျောသား၊ ယူသောအားဖြင့်။ ။ဟူ၍ စပ်ဆိုသည်။

၈၄၇။ တောင့်တယ်မည်၊ ပန်းပဲသည်၊ မြစ်ခြည်ဘယ့်ကြောင့် သေသနည်း။ (၁၃၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား—

မင်းပရိယာယ်၌ မလိမ္မာသောကြောင့် သေသည်ဟူပေ။

အကြောင်းကို ဆိုလိုက်ဦးအံ့—

တကောင်းပြည်ကြီး၌ ပန်းပဲမောင်တင့်တော်၏ သားဖြစ်သော တောင့်တယ်သည် ငယ်စဉ်အခါကပင် ဆန်တစလယ်ချက် တခွက်ချက် တက်၍တက်၍ စားသဖြင့် ဆယ့်ခြောက်နှစ်ရွယ်သို့

ရောက်သောအခါ ဆန့်တစိတ်ချက် ထမင်းကုန်၏။ စွမ်းပကား ခွန်အားကြီးသည်ဖြစ်၍ အလွန်ကျော်စောထင်ရှား၏။ ဆင်ပြောင်ကိုသော်လည်း ချီ၍ ပစ်နိုင်၏။ လုံးပတ်ထွာဆိုင်၊ အလျားလေးတောင်ရှိသော သံချောင်းကို ဦးခေါင်း၌တင်၍ လက်နှစ်ဖက်ဖြင့် ဆွဲသော် လောက်လေးကိုင်းကဲ့သို့ ညွတ်၍ ပါသည် ဟူ၏။

ထိုအကြောင်းကို တကောင်းမင်းကြီး ကြားသိသော် "ဤသူသည် ငါ့ကိုမုန်မူသော် ရန်မူနိုင်ရာသည်၊ ငါ၏ စည်းစိမ်ကို လုလိုသောအခါ လုလာလတ္တံ့၊ ထိုကြောင့် ဤတေင့်တယ်ကို ဖမ်း၍ ဖျောက်ဖျက်လေ"ဟူ၍ မှူးမတ်တို့ကိုစေ၏။ တေင့်တယ်လည်း သေအံ့သည်ကို ကြောက်၍ အဖမ်းမခံပဲ ထွက်ပြေး၍ နက်စွာသော တောကြီးတခု၌ နေ၏။ မင်းကြီးလည်း ကြောက်ရွံ့စိုးရိမ်သဖြင့် ထိုတေင့်တယ်၏ နှမကိုယူ၍ မိဖုရားမြှောက်၏။ ရှည်လျားသော် မိဖုရားကို မင်းကြီး ဤသို့ဆို၏။ "မိဖုရား၊ သင်၏ မောင်သည် ခွန်အားစွမ်းပကားကြီးသည်။ ငါတို့ အရံအကာ ရအောင် စစ်သူကြီးခန့်မည်။ အလျင်ခေါ်လေ"ဟုဆို၏။ မိဖုရားသည် ထိုစကားကို ယုံကြည်သည်ဖြစ်၍ မောင်ကိုခေါ်၍ တေင့်တယ်လည်း နှမကို မိဖုရားမြှောက်လေပြီဖြစ်၍ ငါ့ကို အမှုထမ်းစေလို၍သာ ခေါ်သည်ထင်မှတ်၍ လိုက်လာ၏။

တရံသောအခါ မင်းကြီးလည်း ဥပါယ်တံမျဉ်ဖြင့် စကားပင်တွင် ချည်ပြီးသော် မီးသွေးအများပုံ၍ ဖိုကျင်ထိုးလေ၏။ မိဖုရားလည်း "ငါ့မောင်သည် ငါ့ကြောင့်ပင် သေရလေသည်"ဟု ထိုမီးပုံတွင် ဆင်းလေ၏။ မင်းကြီးလည်း မိဖုရားဆံထုံးကိုဆွဲပါသော် ခေါင်းနှင့် မျက်နှာကိုသာ ရလိုက်၍ ကိုယ်ကား ကျွမ်းလေ၏။

ထိုမောင်နှမ သေပြီးသော် နတ်မောင်နှမဖြစ်၍ ထိုစကားပင်တွင် နေလေ၏။ ထိုစကားပင်အောက်သို့ လူ သူ ဆင်မြင်း ကျွဲနွား ဝင်မိသော် သေလေ၏။ ဤသို့ဖြစ်ရကား တကောင်းမင်းလည်း ထိုစကားပင်ကို အမြစ်ကတူး၍ ဧရာဝတီမြစ်သို့ မျှောလိုက်၏။ ထိုစကားပင်သည် အစက်အလက်ပြတ်၍ ပုဂံမြို့ဆိပ်၌ ပင်စည်ချည်းတင်လေ၏။ ထိုသို့ တင်သောနေ့၌ပင် ပုဂံမင်းကြီးအား နက်မောင်နှမအရုပ် ထုလုပ်၍ ကိုးကွယ်ရမည်ဟု အိပ်မက်မြင်၏။ ပုဂံမင်းလည်း အိပ်မက်မြင်သည့်အတိုင်း ထိုစကားတုံးကိုဆယ်ယူ၍ နတ်မောင်နှမအရုပ် ထုလုပ်စေပြီးလျှင် ပုပ္ပားတောင်မှာ ထားလေ၏။ မင်းမျှူးမတ် စသော ပြည်သူအပေါင်းတို့သည် တကြိမ်တကြိမ် ပူးမြင်ကြကုန်၏။

ဤမဟာဂီရိနတ် ရောက်သည်ကား သီရိပစ္စယာမြို့တည် သေဉ်လည်ကြောင်မင်း လက်ထက်တည်း။ ဤမင်းကား တရားဆယ်ပါးကို စောင့်၏။ ပြည်သူ ပြည်သားတို့အား ဝမ်းထွက်သားကဲ့သို့ သနားတော်မူ၏။ ဤမင်းလက်ယက် ရွှေငွေဖြစ်သူပေါ၍ ရတနာမိုး သုံးကြိမ်ရွာ၏။

ဤသို့ မဟာရာဇဝင်၌ဆိုသောကြောင့် တေင့်တယ်သည် မင်း၏ ပရိယာယ်ကို နားမလည်ရှာသောကြောင့် သေသည်ဟု မှတ်အပ်၏။

၈၄၈။ ဖြူစောထီးသည်၊ ကျေးငှုးရည်၊ မည်သို့ သိဖူးလေသနည်း။ (၁၄၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပေါက္ကံပြည်ကို တည်ထောင်ဦး ဖြစ်သော သမုဒ္ဒရာဇ် မင်းသည် ၄၅-နှစ်မင်းပြု၍ နတ်ရွာစံသောခါ သမက်တော် ဖြူမင်းထီးသည် မင်း၏အဖြစ်ကို ရ၏။ ရသော်လည်း ထီးနန်းစည်းစိမ်ကို မစံဦးပဲ ကိုယ်တော်ကို မင်းဖြစ်မည်ဟု နိမိတ်ဖတ်ဖူးသော လောကီအရေးအရာ၌ နည်းနာ ဥပဒေသ ပြသသင်ကြားဖူးသော ရသေ့ကို လူဝတ်လဲစေ၍ ထီးနန်းကိုအပ်လျက် မင်းပြုစေသည်။ မိမိကား အမှုထမ်း အိမ်ရှေ့အရာဖြင့်သာ နေ၏။ ရသေ့ကြောင်လည်း အိမ်နိမ့် ၉၁။ စည်းစိမ် ၁၅။ သက်တော် ၁၀၆-နှစ်ရှိမှ ကံကုန်၍ သက္ကရာဇ် ၈၉ ခုတွင် ဖြူမင်းသီး မင်းပြုသည်။

ဤသို့ ဆရာရသေ့အား မင်း၏ စည်းစိမ်ကို ပေးသဖြင့် ကျေးငှုးဆပ်ဖူးလေသည် ဟူပေ။

၈၄၉။ တောင်ငူနှင့်တည်၊ ကေတုပြည်၊ ဆက်ရှည် မင်းပေါင်းဘယ်မျှနည်း။ (၁၄၁)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စစ်ကိုင်း ပင်းယ၊ ပျက်ကာလနှင့်၊ အင်းဝတည်လည်း၊ တနှစ်တည်းကို၊ ရုံးစည်း လွှယ်ကူ၊ သိကြောင်းမူပြီး၊ တောင်ငူရှေ့ပြည်၊ မင်းဆက်ယှည်ကား၊ ဦးတည်စိုးသီ၊သဝဏ် ကြီးနှင့်၊ ဘုန်းမီးတူပြီ၊ ညီသဝဏ်ငယ်၊ တင့်တယ်လှမော၊ သားစောနစ်က၊ ကရင်ဘလည်း၊ စိုးရနန်းညာ၊ လက်ယာသမက်၊ညီဆက်လာငြား၊ ထောက်လေ့ကားနှင့်၊ သိမ်းပကားမည်ခံ၊ သားပျံချိကြီး၊ ကျော်ချီးဝှန်လှိုင်း၊ တလိုင် မစိန်၊ စက်ရှိန်လျှံညီ၊ ပျံချီငယ်က၊ ယောက်ဖ စုက္ကတေး၊ နီးဝေးထင်ရှား၊ မင်းဘောင်းကားနှင့်၊ မင်းသားစောအုံ၊ ရွှေဘုံလျှံညီး၊ နေမီး လက်ယာ၊သခ်ယာက၊စကြာသားကောင်း၊ပန်းတောင်းမင်းကြီး၊ဆက်သီးစိုးမျုး၊စောလူး- သခ်ယာ၊ ဥဇနာသား၊ သည်ကြားစောဦး၊ ရန်ဆူးခုတ် ပွင့်၊ အမြင့်ပိုင်ကား၊ တရာ့ဖျား- နှင့်၊ သားမင်းခေါင်ငယ်၊ တသွယ်ရန်နင်း၊ မင်းငယ်ကျော်ထင်၊ မြေပြင်ရိုက်ချိုး၊ မင်းကြီး စည်သူ၊သ သွ်နောက်မူကား၊တောင်ငူကာကို၊မင်းကြီးညိုလျှင်၊ ဖျက်ဖို့ရန်ကို ၊ကေတုမြို့ကို၊ အောင်ဖို့ရည်၊ တည်၍ခံရှင့်၊ဘုံပျံပလ္လင်၊ နန်းထက်မြင်သား၊ တပင်ရွှေထီး၊ယှဉ်မီးလွန်ကဲ၊ မင်းရဲသိခ်သူ၊ သည်းအူမင်းခေါင်၊ သည့်နောင်နန်းတည်၊ သေ့ရည်ဘုန်းခေါင်၊ နတ်ရှင့် နောင်နှင့်၊ မြန်ဘောင်ချိုဝဲ၊ မင်းရဲကျော်ထင်၊ ထုတ်ဘုရင်တို့၊ ဦးဇင်ထွက်ပြူ၊ ဆောင်းထီး ဖြူနှင့်၊ ဘောင်ငူကသည်၊ကေတုပြည်၌၊ ဆက်ရှည်နှောင်းရှေး၊ သုံးကျိပ်လေးသည်၊ ကျူး အေးဘိသိက် ရိုက်သွန်းတည်း။ ။ဤလက်ာဖြင့် တောင်ငူမင်းဆက်ကို သိရာသည်။

၈၅၀။ တကောင်းရှေးပြည် စိုးလေသည်၊ မည်မျှ မင်းဆက်ရှိသနည်း။ (၁၄၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

လက်ယာဇမ္ဗူ၊ ကျွန်းနန်ဘူထက်၊ သုံးဆူရှင်ရင်း၊ နောင်မြတ်မင်းတို့၊ ပွင့်လင်းစဉ်က၊ သံသယနှင့်၊ ရဋ္ဌသင်းတွဲ၊ သုံးမည်ကွဲသား၊ ငါးပွဲခြိမ်းမောင်း၊တို့ရှင်နှောင်းတွင်း၊တကောင်း

ဟူသည်၊ မြို့ရွှေပြည်ကို၊ ဦးတည် သိမ်းယူ၊ စိုးသည်မူကား၊ ဇမ္ဗူဒီပ၊ မင်းခဇနှင့်၊ သည်-ပန္နယ်ရိုး၊ မြတ်စဉ်စိုးသည်၊ သတိုးတိုင်းရ၊ ဝံသမည်း၊ ဆက်စဉ်စိုးသည်၊ သတိုးရထားရ၊ ရန်စဖျက်ချိုး ပျပ်ဝပ်လျှိုးသည်၊ သတိုးတန်းခွန်ရ၊ ပေါက်ပြမြေမိုး၊ ကျော်လွှဲ့ဟိုးသည်၊ သတိုးလုံရ၊ တေဇတန်ခိုး၊ သစ်သစ်ဖြိုးသည်၊ သတိုးရွှေမင်း၊ သောင်းတွင်းအုပ်စိုး၊နေတော် ဖြိုးသည်၊ သတိုးဂဠုန်ရ၊ နာဂရန်မျိုး၊ ဝပ်လှာလျှိုးသည်၊ သတိုးနဂါးရ၊ ရာဇနွယ်ရိုး၊ ပန်းနှယ်ပျိုးသည်၊ သတိုးနဂါးနိုင်၊ ဖက်ပြိုင်မဲ့နိုး၊ ဘုန်းသစ်မိုးသည်၊ သတိုးရဟော်လာ၊ များစွာလူမျိုး၊ တောင့်နှယ်ကိုးသည်၊ သတိုးပေါင်ရှည်၊ရွှေရည်နှင်းနိုး၊နွှဲခေါက်ချိုးသည်၊ သတိုးကျောက်ရှည်၊ ပြည်ပြည် မင်းမျိုး၊ ကြောက်ထိတ်စိုးသည်၊ သတိုးဆင်လောက်၊ ပပျောက်ရန်မျိုး၊ ပြေးပုန်းလျှိုးသည်၊သတိုးဆင်ထိန်း၊ရှိန်းရှိန်းကျော်ဟိုး၊ခြိမ်းသံနှိုးသည်၊ သတိုးတိုင်းချစ်၊ သစ်သစ်တန်ခိုး၊ ချုန်းရိုက်ကြိုးသည်၊ သတိုးမင်းကြီး၊ ဘုန်းမီးလွှမ်းမိုး၊ ကျွန်းလုံးစိုးသည်၊ သတိုးမဟာရာဇာ၊ ယင်းသို့လာ၍၊ ရှည်ကြာလ,နှစ်၊၊ ဆယ့်ခုနစ်သည်၊ မင်းစစ်စိုးစံ ရွှေနန်းတည်း။ ။ဤလက်ာဖြင့်မှတ်ရမည်။

၈၅၁။ နော်ရထာသည်၊ ပုဂံပြည်၊ ရရည်ကြောင်းရင်း မည်သို့နည်း။ (၁၄၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား...

ကျောင်းဖြူမင်းကို သားကျည်စိုမင်းနှင့် စုက္ကတေးမင်းသည် တိုင်ပင်၍ ဘုရားသို့တရား နာပင့်ခေါ်၏။ ရောက်လျှင်ဖမ်း၍ ရဟန်းပြုကြလေ၏။ ယင်းသို့ ကျောင်းဖြူမင်းကို နန်းက ချပြီးလျှင် ကျည်စိုသည် မင်းပြုလေ၏။ ထိုကျည်စိုမင်းသည် ချင်းတွင်းညွန့်တန်း အရပ်မှာ မင်းတဲဆောက်၍ ဗန်ကျီဆယ်ရွာတိုက်သို့သွား၍ မပြတ် သမင်ကစား၏။ အခါ တပါး မုဆိုးတယောက်သည် သမင်ရေသောက်လာသည်ကို ပစ်အံ့ဟု စောင့်နေရာသို့ မင်းကြီးသည် သွားလေ၍ သမင်က မင်းကိုမြင်လျှင် လန့်၍ ပြေး၏။ မုဆိုးလည်း မင်းမှန်း မသိသောကြောင့် လေးနှင့်ပစ်၍ ကံကုန်လေ၏။အိမ်နိမ့် ၂၀။ စည်းစိမ် ၆ နှစ်။ သက်တော် ၂၇-နှစ်တွင် အနိစ္စရောက်၏။

သက္ကရာဇ်၃၃၉-ခုသော် ထိုမင်းညီတော်စုက္ကတေးမင်းဖြစ်၏။ထိုမင်းဝယ် အနော်ရထာစောခစား ရ၏။အနော်ရထာစော၏ မယ်တော်မြောက်ပြင်သည်မိဖုရားကား ကျောင်းဖြူမင်းကို လုပ်ကျွေး၍ အတူနေသတည်း။ နော်ရထာစောလည်း ခမည်းတော်တို့နှင့် အတူနေသတည်း။

တရံရောအခါ နောင်တော်စုက္ကတေးသည် နော်ရထာစော ခစားလာရာ "ညီသားနောင်မယ်" ဟု ခေါ်၏။ ထိုသို့ခေါ်သည်ကို ခမည်းတော် ကျောင်းဖြူမင်းအား လျှောက်လေသော် "အမောင့် မိခင်ကို ယူလို၍ ခေါ်သည်"ဟုမိန့်တော်မူ၏။ နော်ရထာလည်း ကြီးစွာသော အမျက်ရှိသည် ဖြစ်၍ ခမည်းတော်ဝယ် သိကြားဆောင်နှင်းသော မြင်းကိုလည်းကောင်း, အရိန္ဒမာလှံ၊ သိလဝံသ ဓားကိုလည်းကောင်း တောင်းလေ၏။ ခမည်းတော်ကလည်း အရိန္ဒမာလှံ၊ သိလဝံသဓား၊ ပေတ္တ မြားလက်စွပ်၊ ပတ္တမြားဦးသျှောင်တို့ကို ပေးပြီးလျှင် "မြင်းမူကား ငါ နန်းကျကတည်းကပင် လွှတ်လေသည်။ ငါ၀တ်သော လက်စွပ်ကို ပြလျှင် အဖမ်းခံလိမ့်မည်။ ရလျှင် မြင်းကိုယူ၍ ပုပ္ပားသို့ သွားလေ။ အလုံးအရင်းများ၍ အင်အားရှိသောအခါမှ မောင့်နောင်တော်ကို လုပ်ကြံ

လေ”ဟု မိန့်တော်မူ၏။ အနော်ရထာလည်း ခမည်းတော် မိန့်သည့်အတိုင်း မြင်းကို လက်စွပ်ပြ၍ ရလျှင် ပုပ္ပားအရပ်သို့သွား၍ အလုံးအရင်း ဆည်းပူး၏။ မယ်တော်ကိုလည်း အပြင်အလျှာကောင်းလှသည်နှင့် စုက္ကတေးယူ၍ နန်းတင်လေ၏။ (အချို့သော ရာဇဝင်တို့၌ နော်ရထာစောနိုင်မခွာမီ မယ်တော်ကို စုက္ကတေးမင်း သိမ်းယူသည်ဟု ဆိုသည်။ မသင့်)။

နော်ရထာမင်းလည်း အလုံးအရင်းပြည့်စုံပြီးလျှင် ပုဂံသို့ချီလာ၍ နန်းကိုတည်း အပ်မည်လော စစ်သော်လည်း ထိုးမည်လော” ဟု စေလိုက်၏။ စုက္ကတေးလည်း ညီတော်စကားကို ကြားလျှင် ပြင်းစွာအမျက်ထွက်၍ “ချင်းသည် နို့နံ့မျှ မစင်သသူ ဖြစ်သည်။ ငါ့ကိုတိုက်မည်ဆိုသော် အမတ်ဗိုလ်ပါတို့ ကြည့်၍သာနေစေ။ ငါနှင့်မြင်းစီးချင်းတိုက်မည်။ ဤနေ့ရက်ကိုလာခဲ့”ဟု မှာလိုက်၏။ နော်ရထာစောလည်း နောင်တော်မှာလိုက်သော စကားကိုကြားလျှင် အားရ ဝမ်းမြောက်လျက် ချိန်းချက်သောနေ့သို့ ရောက်လျှင် နတ်မြင်းကို စီး၍ လှံခြားကိုစွဲပြီးသော် သမထီးချောင်းသို့ သွားတော်မူ၏။ နောင်တော်စုက္ကတေးလည်း ညီတော်လာသည်ကိုမြင်လျှင် ဆီး၍ကြိုနှင့်၏။ မြင်းရေးပြကြပြီးလျှင် နော်ရထာစောက“နောင်တော်-ငါ့ထက်ကြီးသသူ ဖြစ်သည်။ အလျှင်ထိုးလော့” ဟု ဆို၏။ နောင်တော်လည်း လှံဖြင့်ရွယ်၍ လွှတ်သည်။ နော်ရထာလည်း လာသောလှံကို အရိန္ဒမာလှံရိုးဖြင့် ခတ်၍ပစ်သည်။ တစ်ုတယောက်သောသူကိုမျှ မထိ။ တကြိမ်ထိုးဦးဟု ဆို၍ ခုနစ်ကြိမ်စေ့အောင် ထိုးစေသည်။ အဆုံးအကြိမ်မှ မြင်းဦးကကို ထိုးမိလေသည်။ စုက္ကတေးလည်း မိမိထိုးသော လှံချက်သည် ညီတော်သို့ မရောက်ပဲ မြင်းဦးကကို ထိုးမိသည်ကို မြင်သော် အလွန်ကြောက်ရွံ့ခြင်းဖြစ်၍ တုန်တခိုက် ရှိလေ၏။ ထိုအခါ နော်ရထာစောက “နောင်တော့်လှံကို ခံသည်များလှပြီ။ ညီတော်တကြိမ်ထိုးမည်။ ခံနိုင်အောင်ခံလော့”ဟု ဆို၍ လှံကိုလွှတ်လေလျှင် ရင်ညွန့်မှဝင်၍ နောက်သို့ထွက်လေ၏။ စုက္ကတေးလည်း မြင်းနှင့်တကွ မြစ်နားသို့ပါ၍ အနိစ္စရောက်လေ၏။ ထိုအရပ်ကို မြင်းကပါဟု ယခုတိုင် တွင်၏။

နော်ရထာစော မယ်တော်လည်း သားတော်လှံဖြင့် စုက္ကတေး အနိစ္စရောက်ပြီဟုကြားလျှင် ရင်ဝတ်မျှမကပ်ပဲ “ပုတ္တလင်–ပုတ္တလင်”ဟု ခေါ်မြည်တမ်းလျက် နန်းမှဆင်း၍ ပြေးလာ၏။ မယ်တော်ရပ်ရာ၌ ဘုရားတည်သည်။ ထိုဘုရားကို ပုတ္တလင် ဘုရားဟုတွင်၏။ မယ်တော် ရင်ဝတ်ကျွတ်ရာ အရပ်တွင်လည်း ဘုရားတည်၍ ထိုဘုရားကို ရင်ဝတ်ကျွတ်ဘုရား ဟုတွင်သည်။ စုက္ကတေးကား အိမ်နိမ့် ၂၇။ စည်းစိမ် ၂၅-တွင် အနိစ္စရောက်သည်။ နော်ရထာစောလည်း နောင်တော်ကို လုပ်ကြံပြီးသော် ခမည်းတော်ကျောင်းသို့သွား၍ မင်းပြုပါဟု တောင်းပန်၏။ ခမည်းတော်လည်း ငါအသက်အရွယ်ကြီးပြီ အမောင်ပင်မင်းပြုလော့ ဟုမိန့်တော်မူ၍ သာသနာတော် ၁၅၄၆-ခု သက္ကရာဇ် ၃၆၄-ခုတွင် နော်ရထာစော နန်းတက်၍ ရာဇဘိသေက ခံတော်မူသည်။ ဤကား နော်ရထာမင်း ပုဂံပြည်ကို ရကြောင်းစကား အစဉ်တည်း။

၇၅၂။ မင်းကြီးညိုတည်၊ ကေတုပြည်၊ မည်သာသနာ ချိန်ကနည်း။ (၁၄၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မြင်းစိုင်း ရှေနန်းရှင် ရာဇသင်္ကြံ သားတော် မဟာသမ်ယာနှင့် ပင်းယမင်း ဥဇနာ၏သမီးတော် မင်းလှည့်ကိုကို စုံဖက်ရာတွင် မင်းကြီးညိုကို မြင်သည်။ မဟာသံရိဇေယျသူရ ဟူသောအမည်ကိုခံ၍

သာသနာတော် ၂၅၁၄-ခုနှစ်။ သက္ကရာဇ် ၁၃၃၂-ခု၊ တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့တွင် ကေတုမတီမြို့ကိုတည်၍ မင်းပြုတော်မူသည်။

၁၅၃။ နားမျက်စိမည်၊ ခေါ်ကြသည်၊ ပြည်ဝယ်
ဘယ်ပုဂ္ဂိုလ်တို့နည်း။ (၁၄၅)

ဟူသောအမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သူဘပါးအကြောင်းအရာကို သိအောင် ချောင်းမြောင်းတတ်သော သူလျှိုသည် ပြည်၏နားမည်၏။ မြော်မြင်နိုင်သော ဟူးရားသမားသည် ပြည်၏မျက်စိမည်၏။

၁၅၄။ မျက်နှာတလည်း၊ ခေါ်ရမည်၊ ယင်းသည်မှာလည်း
မည်သူနည်း။ (၁၄၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အဆင်းအရောင်နှင့် ပြည့်စုံသော သမီးလုလင်သည် ပြည့်မျက်နှာမည်၏။

၁၅၅။ ထန်းရည် အုန်းရည်၊ ဓနန်းရည်၊ ပုံးရည်
ဘယ်သမာသ်တို့နည်း။ (၁၄၇)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ထန်းပင်မှဖြစ်သော အရည်ကို ထန်းရည်ဆိုသည်ဖြစ်၍ မဇ္ဈေလောပ ပဉ္စမီတပ္ပုရိသ်ဟု ဆိုအပ်၏။ မာဂဓဘာသာဆိုမူ "တာလတော ပဝတ္တော ရသော တာလရသော"ဟု ဝိဂ္ဂိုဟ်ပြုရမည်။ အကြွင်းလည်း နည်းတူကြံ။

၁၅၆။ အင်္ဂတေသည်၊ ဒဂုန်တည်၊ ကော်ရည်ဘယ်မျှ
ထည့်သနည်း။ (၁၄၈)

၁၅၇။ တင်လဲ ကော်ရည်၊ ဥသျှစ်ရည်၊ မည်သည်များလျှင်
ပပ်သနည်း။ (၁၄၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

ကြဇုကေ၊ ဒွယတင်လဲ၊ ဆင့်ကဲသုံးဆ၊ဥသျှစ်မှလျှင်၊ ခြောက်ဆကော်ရည်၊ ထည့်သည် မှန်လှ၊ ဆယ့်နှစ်ဆကား၊ ယူထအုံတို့၊ ငါးပါးစုံကို၊ ဆောကုန်အမြဲ၊ ထုံးနှင့်သဲလည်း၊ ယှဉ်တွဲတူမျှ၊ ချင့်ပြီးမှလျှင်၊ ရေထကော်ရည်၊ထောင်းသည်လေးခါ၊ ညက်ပြီးစွာလျှင်၊ မြတ်စွာ ရောင်ဟုန်၊ ရွှေတိဂုံကို၊ တည်ကုံအစ၊ ပထမဦး၊ လုပ်ကြဖူးလေ၊ အင်္ဂတေသည်၊ မာတွေ့ခိုင်လှ ကျောက်တမျှ။

တင်လဲလွန်သော် အင်္ဂတေမာသည်။ ကောင်းသည်၊ ချောသည်။ ကော်ရည်လွန်သော် တင်းလွယ် မာလွယ်သည်။ ဥသျှစ်အကျိုးကားခိုင်သည်။ အရောင်ကောင်းသည်။ လွန်၍များသော် ပပ်သေး ထတတ်သည်ဟူ၍ ဗိသုကာ စာဟောင်း၌ဆိုသည်။

၇၅၈။ ဂြိုဟ်အတည်တည်၊ လက်ပူးသည်၊ မည်ဂြိုဟ် မည်ကျောက် ဝတ်ပိမ့်နည်း။ (၁၅၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

လက်နှင့် တနင်္ဂနွေ၊ ပူးတုံပေမူ၊ လျှံဝေနီတွား၊ ပတ္တမြားတော်ရာ၊ တနင်္လာမူ၊ မုတ္တာလုံးလှ၊ ဘောမ သန္တာ၊ ဗုဒ္ဓကား မြ၊ ဇီဝမည်ပေး၊ ကြာသပတေး ကြောင်၊ ထို့နောင်သောကြာ၊ ပူးသည်မှာကား၊ စိန်သာ ဝတ်ပေ၊ စနေ နီလာ၊ ရာဟု ဂေါမုတ်၊ ဥဿဖယား၊ ဤကျောက်များကို၊ ရွေသားပေါ်တွင်၊ တင်၍ဆင်မူ မျှားဖြင်လာဘ်သင်၊ ကောင်းမြတ်မင်္ဂလာ၊ ပွင့်လင်းသာသည်။ လက်မှာဂြိုဟ်ပူး ဆင်တမ်းတည်း။ ။

၇၅၉။ နေသို့ရောင်ခြည်၊ ထွန်းလှသည်၊ မည်ကျောက် အမျိုးဆိုပိမ့်နည်း။ (၁၅၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဣန္ဒနီလာကျောက် အဆင်းကား နေရောင်ခြည်ကဲ့သို့ရှိ၏။ ရွှေတကျပ်ထက် တင်လောက်မူ သိင်္ဂနိက်ရွှေစင် သုံးဆယ်တန်၏ဟူ၍ မဏိသျှတြ၌ ဆိုသည်။

၇၆၀။ အင်္ဂမှုခ်သည်၊ အင်းထူးလည်၊ မည်ဂဏန်းက ဝေသနည်း။ (၁၅၂)။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မာတ် ၄-ပါးကိုစွဲ၍ ၄-ခုတည်။ ၁၂-ရာသီကိုစွဲ၍ ၁၂-တိုး။ ပထမအင်း။ အကျိုးကားပြည်ရွာစည်ပင်ပြန့်ပွား၏။ ၁၂ ခုထည်။ ၁၁-ခုတိုး။ ဒုတိယအင်း။ များစွာသော ရွှေ, ငွေ, ကျောက်သံပတ္တမြားနှင့် ပြည့်စုံ၏။ ။၂၀-တည်။ ၁၀-တိုး။ တတိယအင်း။ များစွာသော ကျွန် သမီး, ကျွန်ယောကျ်ားနှင့် ပြည့်စုံ၏။ ။၂၈-ခုတည်။ ၉-ခုတိုး။ စတုတ္ထအင်း။ ခပ်သိမ်းသောအမှုတို့၌ ပြီးစီး၏။ ပိယသိဒ္ဓိပြီး၏။ ။၃၆-ခုတည်။ ၈-ခုတိုး။ ပဥ္စမအင်း။ အပါး ၃၀-ပြီး၏၊ ။၄၄-ခုတည်။ ၇-ခုတိုး။ ဆဋ္ဌအင်း၊ ကျွန်, ကျွဲ, နွား စီးပွားများ၏ ။၅၂-ခုတည်။ ၆-ခုတိုး။ သတ္တမအင်း။ သူတပါးတို့၏ အတတ်ပညာကို ဟန့်တားတတ်၏။ ။၆၀-တည်။ ၅-ခုတိုး။ အဋ္ဌမအင်း။ အခြံအရံပွားစီး၏။ ။၆၈-ခုတည်။ ၄-ခုတိုး။ နဝမအင်း။ အိမ်၌ရှိသော လူသူ ကျွဲနွား အန္တရာယ်မရှိချမ်းသာ၏။ ။၇၆-ခုတည်။ ၃-ခုတိုး။ ဒသမအင်း။ စည်းစိမ်ဥစ္စာ ရွှေ, ငွေ, ရတနာနှင့် ပြည့်စုံ၏။ ။၈၄ ခုတည်။ ၂-ခုတိုး။ ဧကာဒသမအင်း။ ချမ်းသာပွား၏။ ။၉၂-ခုတည်။ ၁-ခုတိုး။ ဒွါဒ-

သမအင်း။ ခပ်သိမ်းသော ဘေးဒဏ် ရန်မာန်ကိုပျောက်စေတတ်၏။ ။ဤသို့ အင်းကျမ်း၌ ဆိုသည်ကိုထောက်၍ ဂဏန်းပုံစံကို သိရမည်။

၈၆၁။ ရန်သူချင်းသည်၊ ချစ်စိမ့်မည်၊ ပတ်လည် ဘယ်ဂိုဟ်ရပိမ့်နည်း။ (၁၅၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အဠမုခ် စတုတ္ထအင်း၊ နဝမအင်းတို့၌၊ အောင်-ပ၊ ကု-လား၊ ဆွေ-သား၊ တော်-ရင်း ဟူသည့်အတိုင်း မိတ်ဂြိုဟ်နှစ်လုံး စီ ရှ၍ဆောင်ရမည်။

၈၆၂။ မိန်းမမြူသည်၊ ဖွားစိမ့်ရည်၊ မည်အဠမုခ် ချပိမ့်နည်း။ (၁၅၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

၈၄-ခုတည်။ ၂-ခုတိုးသော ကောဒသမအင်းကို ဆောင်စေ။

> ကောဒသာ၊ ဆယ့်တဖြာ၏၊ တေဇာတန်ခိုး၊ အင်းအကျိုးကား၊ သားမျိုးမရ၊ ဠတ္ထိယတို့၊ ပုတ္တရတနာ၊ ခ်ိတရာလျှင်၊ မြန်စွာမုချ၊ ရတို့မယွင်း၊ ဆောင်လေလျှင်းလော့။ ။ ဖူ၍ဆိုသည်။

၈၆၃။ ချိန်ခွင်လျှာသည်၊ စာစပ်ရည်၊ မှနည်ဘယ်သို့ ဖြားလိမ့်နည်း။ (၁၅၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"င"သတ်နှစ်ခုအလယ်၌ "ည"ငယ်သတ်ကိုထားခြင်း။ "မ"သတ်နှစ်ခုအလယ်၌ 'န' သတ်ကိုထားခြင်း။'န'သတ်နှစ်ခုအလယ်၌ 'မ'သတ်ကိုထားခြင်း။ 'ပ' သတ်နှစ်ခုအလယ်၌ 'တ'သတ်ကိုထားခြင်း၊ 'တ'သတ်နှစ်ခုအလယ်၌ 'ပ'သတ်ကို ထားခြင်း။ ဤသို့ အသံတူကာရန်၌ အသတ်မတူသည်ကို အလယ်၌ထား၍ စပ်ခြင်းသည် ချိန်ခွင်လျှာစပ်နည်း မည်၏။

ပုံကား။ ။ကိုးသန့်ခြောက်သောင်း၊ ချင့်ပေါင်းထူထု၊ ဝါယုသက်ပြင်၊ ရေအယဉ်လည်း၊ စီးသွင်ခြိမ့်ခြိမ့်၊ ဘယ်မလိမ့်ပဲ၊ လေးသိန်းသချာ၊ သောင်းရှစ်ဖြာဖြင့်၊ ဟူ၍ လည်းကောင်း၊ ပြည်ဇာဝတိန်၊ ကြွခိုက်ကြိမ်တင်၊ ကျွတ်ချိန်သင့်လျော်၊ ကံကြီးပေါ်၏။ ဟူ၍ လည်းကောင်း စပ်တော်မူသည်။

၈၆၄။ ညွန့်ရှည်ခေါ်သည်၊ ထွေထူးလည်၊ သည်လည်း ဘယ်သို့ရှိလိမ့်နည်း။ (၁၅၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... အသတ်များ၍ချသည်။

၈၆၅။ တောင်တိုင်အောင်ရည်၊ မိုးရေကြည်၊ ရွှာသည် ဘယ် အဝဓိနည်း။ (၁၅၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား.... အာ ပဗ္ဗတာ ဒေဝေါ ဝဿတိ။ မရိယာဒ အဝဓိမည်သည်။

၈၆၆။ မြို့တိုင်အောင်သည်၊ ကျော်စောသည်၊ ယင်းသည် မူလည်း ဘယ်သို့နည်း။ (၁၅၈)

ဟူသောအမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အဝဓိ စ မရိယာဒါဘိဝိဓိဝသေန ဒုဝိဓော။ တတ္ထ အာပါဋလိပုတ္တံ ဝုဋ္ဌော ဒေဝေါတိအာဒီသု ဝိယ ကိရိယံ ဗဟိ ကတွာ ပဝတ္တော မရိယာဒေါ။ အာဘဝဂ္ဂံ သဒ္ဒေါ အဗ္ဘုဂ္ဂတောတိအာဒီသု ဝိယ ကိရိယံ ဗျာပေတွာ ပဝတ္တော အဘိဝိဓိ။ ။ဋီကာကျော်။ အနက်လွယ်၏။

၈၆၇။ မင်းသားဘယ်မည်၊ မငိုသည်၊ သည်မည် ဘယ်အနက်ပေနည်း။ (၁၅၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မင်းသားသည် ဘယ့်ကြောင့်မငိုသနည်းဟု မေးလိုရာ၌ ဘယ်မည်၍ မငိုသနည်းဟု မေးသည် ဖြစ်ရကား ဟိတ်အနက် ဟူပေ။

၈၆၈။ ငါလျှင်ဝံ့ရည်၊ စွန့်တော့မည်၊ သည်မည်ဘယ်သို့ ထူးသနည်း။ (၁၆၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇာမိ၊ ငါစွန့်အံ့။ ငါစွန့်မည်။ ။ဤဒႏရာ၌ဖြစ်ရကား အနာဂတ် အနက် ဟူပေ။

၈၆၉။ ကစားကကြည်၊ ပြောရမည်၊ မည်ချင်းကွဲ၏ ဘယ့်နှယ်နည်း။ (၁၆၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... စီရင်ခြင်းဟူသော ဝိဓိအနက်ကို ဟော၏။

၈၇၀။ မင်းနေရွှေပြည်၊ သာတော့သည်၊သည်သည် ဘယ်အနက်ဟောပေနည်း။ (၁၆၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား။ ကိရိယာမျှသာဖြစ်၏။

၈၇၁။ မြင်းမိုရ်ဘုန်းစည်၊ သူဇာသည်၊သည်သည်မူကား ဘယ်သို့နည်း။ (၁၆၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကတ္တားအနက်ကို ဟော၏။

ထိုစကားကို ထင်စွာဆိုဦးအံ့—မြန်မာ့ဝေါဟာရ၌“သည်”ဟူသော သဒ္ဒါသည် ကတ္တားအနက်၊ ကိရိယာအနက်၊ ညွှန်းပြခြင်းဟူသော နိဒဿနအနက်၊ သည်ပိုးဆောင်ရွက်ခြင်း အနက်တို့၌ ဖြစ်သည်။

ပုံကား “ငါးခါးတဒဂ်၊ မိန့်မြွက်သံတော်၊ ကောင်းချီးခေါ်သား၊ ရှင်ကျော်မထေရ်၊ ညီတော်သည်လျှင်၊”ဟူသော ဝါကျတို့၌ ကတ္တားအနက်၌ဖြစ်သည်။ “ပြောသည်၊ ဆိုသည်၊ စားသည်၊ သွားသည်”ဟူသောဝါကျတို့၌ ကိရိယာအနက်၌ ဖြစ်သည်။ “ရုပ်သွင်နွဲ့သွယ်၊ သည်မိမယ်ကား၊ မျိုးနွယ်တော်ကာ၊ မဟုတ်ပါဘူး”ဟူသောဝါကျတို့၌လည်းကောင်း၊ “သည်သူ့ကိုသာ၊ ကြင်နာမရဲ၊ သာဆက်၏”ဟူသောဝါကျတို့၌လည်းကောင်း ပြညွှန်းခြင်း နိဒဿန အနက်၌ဖြစ်သည်။ “အသည်သူကြွယ်၊ အသည်ကြီး”ဟူသော စကားတို့၌ သည်ပိုးရွက်ဆောင်ခြင်း၌ဖြစ်သည်။ဤပုံကို စာနာ၍ သိရ၏ဟူပေ၏။

၈၇၂။ ရှစ်တွင်မည်၊ ဂါထာသည်၊ မည်သို့ဆန်းဂိုဏ်း နေသနည်း။ (၁၆၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မော၊ ရစိ၊ ယထာ။
တိဏ္ဏောဟံ၊ တာရေဿံ၊ ဝေနေယျံ၊ ဒုဿန္နံ။

မ-ဂိုဏ်းချည်းလေးပါဒရှိသော ဂါထာသည် ရှစိဂါထာမည်၏။ မဇ္ဈာ ဆန်းတည်း။

အဟံ၊ သုမေဓာဖြစ်သောငါသည်။ တိဏ္ဏော၊ သံသရာမှကူးမြောက်မူကား။ ဒုဿန္နံ၊ သံသရာ မြစ်၌ မွန်းနစ်သော။ ဝေနေယျံ၊ ကျွတ်ထိုက်သော သတ္တဝါအပေါင်းကို။ တာရေဿံ၊ ကယ်တင် ပေအံ့။ အနက်ပေး။

၈၇၃။ တ-ဂိုဏ်းတလည်၊ ယ-ဂိုဏ်းတည်၊ မည်ဂါထာဟု ဆိုပိမ့်နည်း။ (၁၆၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တျာ စေ တနုမဇ္ဈာ။ ဂါယတ္တီ။

ယဿ၊ အကြင်ဂါထာ၏။ စတုသု ပါဒေသု၊ လေးပါဒတို့၌။ တျာ၊ တဂိုဏ်း, ယဂိုဏ်းတို့သည်။ စေ သိယာ၊ အကယ်၍ဖြစ်အံ့။ သာ၊ ထိုဂါထာသည်။ တနုမဇ္ဈာ၊ တနုမဇ္ဈာ ဂါထာမည်၏။ဂါယတ္တိ၊ ဂါယတ္တိဆန်းတည်း။

၇၇၄။ ဥဏ္ဏှိဆန်းသည်၊ ဂိုဏ်းနှစ်တည်၊ မည်သည်
မည်သည့် ဂိုဏ်းတို့နည်း။ (၁၆၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကုမာရလလိတာ ၄ ၁။ ။ဥဏ္ဏှိ။

ယဿာ၊ အကြင်ဂါထာ၏။ စတူသု ပါဒေသု၊ လေးပါဒတို့၌။ ဇ္ဈ ၁၊ ဇဂိုဏ်း-သဂိုဏ်းဂရုတို့သည်။ စေ သိယုံ၊ အကယ်၍ဖြစ်ကုန်အံ့။ သာ၊ ထိုဂါထာသည်။ ကုမာရလလိတာ၊ ကုမာရလလိတာ ဂါထာမည်၏။ ဥဏ္ဏှိ၊ ဥဏ္ဏှိဆန်းတည်း။

၇၇၅။ ပဥ္စမိသည်၊ ဆယ့်လေးမည်၊ သက်သည်
ဘယ်အနက်တို့နည်း။ (၁၆၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပဥ္စမီ စုဒ္ဒသတ္ထော စ။ ကတမော—
အဝဓိ ဘုမ္မိ သမ္ဗန္ဓေ၊ ကမ္မဟေတု တတိယာ စ။
ဂုဏဒ္ဓါန ဝိဝိတ္တတ္ထေ၊ မဇ္ဈေ ပဘာဝရက္ခဏော။
ယောဂတ္ထေ စ ကာလတ္ထေ စ၊ စုဒ္ဒသတ္ထေ ပဥ္စမီ ဘဝေ။

ဟူ၍ ဝိဘတျတ္ထ၌ မိန့်သည်နှင့်အညီ—အပါဒါန်အနက်၊ သတ္တမီအနက်၊ သမ္ဗန်အနက်၊ ကံအနက်၊ ဟိတ်အနက်၊ တတိယာအနက်၊ ဂုဏ်အနက်၊ အခွန့်ကိုဟောသောအနက်၊ ဆိတ်သောအနက်၊ ကာရက-မဇ္ဈ,ကိရိယာမဇ္ဈအနက်၊ ပဘဝအနက်၊ ရက္ခဏအနက်၊ ယောဂအနက်၊ ကိံသဒ္ဒါ၏အယှဉ် ကာလကို ဟောသောအနက်၊ ဤတဆယ့်လေးပါးတို့၌ ပဥ္စမီဝိဘတ်သက်သည် ဟူပေ။

ဥဒါဟရုဏ်ကို ရင်းသဒ္ဒါငယ်တွင်ယူ။

၇၇၆။ ဆဋ္ဌီသက်သည်၊ ဆယ့်တလည်၊ မည်သည့်
မည်သည့် အနက်နည်း။ (၁၆၈)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

ဆဋ္ဌီ ဧကာဒသတ္ထော။ ကာတမော—
သာမျတ္ထေ ဟေတုယောဂတ္ထေ၊ ကတ္တုကမ္မေ ကရဏော စ။
အဝမျနာဒရတ္ထေသု၊ နိဒ္ဓါရဏာ ဘုမ္မေပိ စ။
တဒတ္ထေကာဒသတ္ထမှိ၊ ဆဋ္ဌီယာ ဝါစကာ မတာ။

ဟူသော ဝိဘတျတ္ထနှင့်အညီ-သာမိအနက်၊ ဟေတုအနက်၊ အဝိပတိဇယှဉ် ကတ္တားအနက်၊ ကံအနက်၊ ကရိုဏ်းအနက်၊ အပါဒါန်အနက်၊ အနာဒရအနက်၊ နိဒ္ဓါရဏအနက်၊ သတ္တမီအနက်၊ တဒတ္ထ သမ္ပဒါန်အနက်၊ ဤတဆယ့်တပါးသော အနက်တို့၌ ဆဋ္ဌီဝိဘတ် သက်သည်။

၇၇၇။ ကျောက်စာတလည်၊ ရေးပါသည်၊ ဝသည်ဆွဲအံ့
မည်သို့နည်း။ (၁၆၉)

၇၇၈။ တထူးတလည်၊ နောက်ပစ်မည်၊ ယင်းသည်ဘယ်သို့
ဖတ်ပါမည်နည်း။(၁၇၀)

ဟူသော အမေးပုစ္ဆာ နှစ်ခု၌ အဖြေဝိသဇ္ဇနာကား....ဝဆွဲဆိုလျှင်၊ လုံးကြီးတင်လော့၊ တအင်နောက်ပစ်၊ ဟထိုးဖြစ်၏။

၇၇၉။ ကော်တင်ပါမည်၊ ကျောက်စာသည်၊ ထူးလည်
ဖတ်နည်း ဘယ်သို့နည်း။ (၁၇၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ရေးချလိုငြား၊ ကော်တင်ထားလော့၊ နှစ်ကားလုံးကြီး၊ သုံးခုစီးမူ၊ ဆံခတ်ဟူ၏၊ တဆူချောင်းငင်၊ လေးဆွဲပင်တည့်၊ ငါးလျှင်ဆွဲကာ၊ နှစ်ချောင်းပြရှင့်၊ ဆကားသဝေ၊ သတ်တံပေမူ၊ အနေအောက်က၊ ခုနစ်ပြလေ့၊ အဋ္ဌတင်လစ်၊ သေးတင်ဖြစ်၏၊ ဝိသဇ္ဇနီ၊ ကိုးနှစ်လိတည့်၊ ကပ်မှီယှဉ်နွဲ၊ ဝဆွဲဆိုလျှင်၊ လုံးကြီးတင်လော့၊ တအင်နောက်ပစ်၊ ဟထိုးဖြစ်၏၊ ရစ်မူတွဲ၊ပင့်မြဲမောက်ချ၊ ဤနယသည်။ ရှေးကကျောက်စာ ရေးထုံးတည်း။

၇၈၀။ မိဘကျွန်ရည်၊ သားသွားမည်၊ ကျွန်သည်ဘယ်မှာ
လွတ်မည်နည်း။(၁၇၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....သားလာမှ လွတ်မည်။

၇၈၁။ လက္ခဏာသည်၊ ဗျိုင်း၌တည်၊ တမည်
ဘယ် လက္ခဏာနည်း။(၁၇၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဣန္ဒြိယာနိ သုသံယမ၊ ဗကောဝ ပဏ္ဍိတော ဘဝေ။
ဒေသကာလောပပန္နာနိ၊ သဗ္ဗကမ္မာနိ သာဓယေ။

ပဏ္ဍိတော၊ ပညာရှိသောမင်းသည်။ ဣန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေတို့ကို။ သုသံယမ၊ ကောင်းစွာစောင့်၍။ ဗကောဝ၊ ငါးကိုစောင့်သော ဗျိုင်းကဲ့သို့။ ဘဝေ၊ ဖြစ်ရာ၏။ ဒေသကာလောပပန္နာနိ၊ အရပ်အခါတည်း ရောက်လတ်မှုကား။ သဗ္ဗကမ္မာနိ၊ ခပ်သိမ်းသော အမှုတို့ကို။ သာဓယေ၊ ပြီးစေရာ၏။

ဤသို့ ရာဇနီတိဆိုရကား ဗျိုင်း၌ ဣန္ဒြေကိုစောင့်ခြင်းဟူသော လက္ခဏာကိုယူ၍ မင်းတို့သည် ဣန္ဒြေစောင့်ခြင်းဖြင့် ကျင့်ရာ၏ဟူလိုသည်။

ဂဂ၂။ လေပါးလုံးသည်၊ ကြက်၌တည်၊ ထူးလည် ဘယ်လက္ခဏာနည်း။ (၁၇၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပုဗ္ဗုဋ္ဌာနဉ္စ ယုဒ္ဓဉ္စ၊ သံဝိဘာဂဉ္စ ဗန္ဓုပြဟိ။
ထိယာ အက္ကမ္မ ဘုတ္တဉ္စ၊ သိက္ခေ စတ္တာရိ ကုက္ကုဋာ။

ကုက္ကုဋာ၊ ကြက်တို့မည်သည်ကား။ ပုဗ္ဗုဋ္ဌာနဉ္စ၊ သူများရှေ့ဦး နိုးခြင်းလည်းကောင်း။ ယုဒ္ဓဉ္စ၊ ခွပ်ပွဲ၌ ရဲရင့်ခြင်းလည်းကောင်း။ ဗန္ဓုပြဟိ၊ အဆွေအမျိုးဖြစ်သော ကြက်တို့နှင့်။ သံဝိဘာဂဉ္စ၊ စားရာတို့ကို ခွဲဝေခြင်းလည်းကောင်း။ ထိယာ၊ ကြက်မ၌။ အက္ကမ္မ၊ နှိမ်နင်း၍။ ဘုတ္တဉ္စ၊ မေထုန်မှီဝဲခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးသော အကြောင်းတို့ကို။ ကုက္ကုဋာ၊ ကြက်မှ။ ဂဟေတွာ၊ အတုယူ၍။ သိက္ခေယျ၊ ကျင့်ရာ၏။

ဂဂ၃။ ဂုဏ်သုံးပါးသည်၊ မြည်း၌တည်၊ ဘယ်သည် ဂုဏ်ဟုဆိုပိမ့်နည်း။ (၁၇၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ခိန္နောပိ ဝဟတေ ဘာရံ၊ သီတုဏှဉ္စ န စိန္တယိ။
သန္တုဋ္ဌော ဘဝေ နိစ္စံ၊ တီဏိ သိက္ခေယျ ဂဒြဘာ။

ဂဒြဘော၊ မြည်းသည်၊ ခိန္နောပိ၊ အားကုန်ဘိငြား ပင်ပန်းများသော်လည်း။ ဘာရံ၊ လေးသောဝန်ကို။ ဝဟတေ၊ ရွက်ဆောင်၏။ သီတုဏှဉ္စ၊ အချမ်းအပူကိုလည်း။ န စိန္တယိ၊ မကြံ။ နိစ္စံ၊ အမြဲ။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်လည်း။ ဘဝေ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးသော အကျင့်တို့ကို၊ ဂဒြဘာ၊ မြည်းမှ။ ဂဟေတွာ၊ ယူ၍။ သိက္ခေယျ၊ ကျင့်ရာ၏။

ဤသို့ ရာဇနီတိဆိုသည်ကိုထောက်၍ မြည်း၌ ဂုဏ်သုံးပါးကိုသိရသည်။

ဂဂ၄။ တပိုင်း၌တည်၊ သဒ္ဒါသည်၊ ထူးလည်တပိုင်း လိုက်ချိမ့်နည်း။ (၁၇၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တပိုင်းမှသည် တပိုင်းသို့ကူး၍ သဒ္ဒါလိုက်ချီးမျှ။ ။[ဓာဘ်ပျက်လက္ခဏာကို မေးသော ပုစ္ဆာကို အောက်မှာ တူရာစု၍ ဖြေလိုက်အံ့]။

၈၈၅။ ဝါယောဓာတ်သည်၊ ပျက်လမည်၊ ရိပ်ခြည် ဘယ်လက္ခဏာနည်း။ (၁၇၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ဝါယောငုပ်နိုပ်၊ လေမိုးအိပ်၊ ပြည့်သိပ်ဝမ်းရင်ကား။

ဟူ၍ဆိုသောကြောင့် ဝါယောဓာတ် ပျက်သောသူ ငုပ်သောသူတို့အား ဝမ်းရင်ကား၍ နေရသည်ဟူပေ။

၈၈၆။ လေဓာတ်ပျက်မည်၊ ဆေးကုရည်၊ ဖွေနည်းဘယ်ဓာတ် ပေးလိမ့်နည်း။(၁၇၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စုန်ဆန်မလာ၊ ပျက်ဝါတာ၊ ဝမ်းမှာလှည့်လျက်မွေ။
ဆားပြုတ်ကွမ်းရွက်၊ အစာဆက်၊ ချက်တွင်ဆားစုလေ။

ဟူ၍ ဆိုသောကြောင့် ဆားပြုတ် ကွမ်းရွက်ရေ ပေးမည်ဟူပေ။

၈၈၇။ မြေဓာတ်ထူးလည်း၊ ရသာသည်၊ ချိုမည်ခါးမည် ဘယ်သို့နည်း (၁၇၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မငန်မပျက်၊ ချိုမြက်ဆိမ့်အီ၊ ပထဝီရသာ၊ မှတ်အပ်စွာ၏။

၈၈၈။ လေသင်ခုန်းသည်၊ ကောင်းကင်တည်၊ မည်မျှမြင့်တို့ လေလိမ့်နည်း (၁၈၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ရှာ၍မတွေ့။

၈၈၉။ မီးဓာတ်မှာသည်၊ ထူးထွေလည်း၊ မည်သို့ရှိ ရသာ ရှိသနည်း။(၁၈၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စပ်သည် ပူသည်၊ မီးဓာတ်စည်ရှင့်။ ။ဤဓာတ် လက္ခဏာတို့သည် ဓာတုရသကျမ်း၊ ဓာတုဒီပနီကျမ်း၊ နရသုဒ်လင်္ကာစသည်တို့၌ ထင်ရှားစွာလာပြီဖြစ်၍ အကျယ်မဖြေလိုက်ပြီ။ ဖြေသော်လည်း တသတ်တည်းမဟုတ်၊ ပုစ္ဆာစဉ်သို့လိုက်၍ ဖြေရမည်ဖြစ်သောကြောင့် အမှတ်ခဲက်သည်။ သိလိုသောသူတို့သည်လည်း ထိုဆေးကျမ်းတို့၌ လေ့လာ၍သိကြသည် များသောကြောင့် ကျယ်ပွားစွာ မဖြေလိုက်ပြီ။

၇၉၀။ ဝါယောဓာတ်သည်၊ ပျက်လေသည်၊ မည်သို့ရှိတုံ လေသနည်း။(၁၀၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပုစ္ဆာနံပါတ်(၇၇၆)၌ ဖြေဆိုခဲ့သည်နှင့် မထူးမခြား၊ မှတ်သားရန် အဓိပ္ပာယ် အတူတူပင်။

၇၉၁။ ဒသမူလည်၊ ဆေးအတည်၊ မည်သည့် မည်သည့်ဆေးတို့နည်း။(၁၀၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နလျာ၊ သမန်းကျား။ သဝိတာ၊ ပျဉ်းတော်သိမ်။ ဂနိ၊ မြင်းခေါင်းနွယ်ယောင်။ ဌေကာ၊ သက်ရင်း, မဟာကာ။ ဒဟဿဂုဏာ၊ ဒဟဿဂိုဏ်း။ အဓောဒ္ဒိဝါ၊ နှပ်ချိုကြီးငယ်။ ရာမညဘာသော၊ ရာမညတိုင်း မွန်တို့၏ ဘာသာဖြစ်သော ပန်းနု, ပန်းမ။ လမူနော၊ လမုန်းဆေး ကြမေ၊ ဤဆယ်ပါးတို့သည်။ ဒသမူလာ၊ ဒသမူလ မည်ကုန်၏။

၇၉၂။ ကညာ၌ဘည်၊ ကကြီးသည်၊ မည်အနက်ကို ဟောသနည်း။(၁၀၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကမ ဣစ္ဆာယံ။ ကာမီယတီတိ ကညာ။ ကုမာရီ။

ကမ၊ ကမဓာတ်သည်။ ဣစ္ဆာယံ၊ အလိုရှိခြင်း အနက်၌ဖြစ်၏။ယာ နာရီ၊ အကြင်မိန်းမကို။ပုရိသေဟိ၊ ယောကျ်ားတို့သည်။ ကာမီယတိ၊ အလိုရှိအပ်၏။ ဣတိ၊ ထို့ကြောင့်။ သာ နာရီ၊ထိုမိန်းမသည်။ ကညာ၊ ကညာမည်၏။ကုမာရီ၊ဆယ့်နှစ်နှစ်ရွယ် မိန်းမငယ်ကို။ လဗ္ဘတိ၊ရ၏။ မောဂ္ဂလာန်။

ကန ဒိတ္တိမှိ။ ကနတိ ဒိဗ္ဗတီတိ ကညာ။

ကန၊ ကနဓာတ်သည်။ ဒိတ္တိမှိ၊ ထွန်းပခြင်း အနက်၌ဖြစ်၏။ ယာနာရီ၊ အကြင်မိန်းမသည်။ ကနတိ ဒိဗ္ဗတိ၊ အရောင်အဆင်းအားဖြင့် ထွန်းပတတ်၏။ ဣတိသသ္မာ၊ ထို့ကြောင့်။ သာ နာရီ၊ ထိုမိန်းမသည်။ ကညာ၊ ကညာမည်၏။ ။အဘိဓာန်ဋီကာ။

ကညာတိအာဒိသု ပုရိသေ။ တတ္ထ ဟိ ကံ ပုရိသံ ဧတိ ဘောသောတီကိ ကညာ၊ ပုရိသေဟိ အပရိဘုတ္တပုဗ္ဗတရုဏိတ္ထိတိ အတ္ထော။

ကညာတိအာဒီသု၊ ကညာစသော ပါဌ်တို့၌။ ပုရိသေ၊ ယောကျ်ားဟူသောအနက်၌။ပဝတ္တတိ၊ ဖြစ်၏။ဟိ၊ထင်စွာဆိုဦးအံ့။ တတ္ထ၊ ထိုဥဒါဟရုဏ်၌။ ကံ ပုရိသံ၊ ယောကျ်ားကို။ဧတိ တောသေတိ၊ နှစ်သက်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ကညာ၊ကညာမည်၏။ ပုရိသေဟိ၊ယောကျ်ားတို့သည်။ အပရိဘုတ္တပုဗ္ဗတရုဏိတ္ထိ၊ ရှေးစပ်ရှက်ဆို ကာမဂုဏ်ဖြင့် မသုံးဆောင်ဖူးသေးသော မိန်းမပျိုတို့တည်း။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ။ကေကွရကောသဋီကာ။

ဤသို့ ကျမ်းဆရာမိန့်သောကြောင့် ကညာပုဒ်၌ 'က'ကြီးသည် ဣစ္ဆာအနက်, ဒိတ္တိအနက်, ပုရိသအနက်တို့ကိုဟော၏ ဟူပေ။

အဋ္ဌဝဿာ ဘဝေ ဂေါရီ၊ ဒသဝဿာ တု ကညကာ။
ဒွါဒသေ သမ္ပတ္တေ ဝဿေ၊ ကုမာရိတျဘိဓိယတေ။

အဋ္ဌဝဿာ၊ ရှစ်နှစ်အရွယ်ရှိသောမိန်းမငယ်သည်။ ဂေါရီ၊ ဂေါရီမည်သည်။ ဘဝေ၊ ဖြစ်၏။ ဒသဝဿာ တု၊ ဆယ်နှစ်အရွယ်ရှိသော မိန်းမငယ်သည်ကား။ ကညကာ၊ ကညာမည်သည်။ ဘဝေ၊ ဖြစ်၏။ ဒွါဒသေ သမ္ပတ္တေ ဝဿေ၊ တဆယ့်နှစ်နှစ်အတွင်းသို့ ရောက်သောအခါ၌။ ကုမာရိတိ၊ ကုမာရီဟူ၍။ အဘိဓိယတေ၊ ဆိုအပ်၏။

ဤသို့ အဘိဓာန်ဋီကာကမိန့်ရကား ဆယ်နှစ်အရွယ်ရှိသော မိန်းမငယ်သည်ကား ကညာမည်၏ဟု မှတ်ရမည်။

ရာဇမတ္တဏ်စသော ဗေဒင်ကျမ်းတို့ကား-ရှစ်နှစ်မပြည့်သော မိန်းမသည် သတိပျောတာမည်၏။ ဆယ်နှစ်ပြည့်မူ ပျောတာ မည်၏။ တဆယ့်နှစ်နှစ်အတွင်း၌ ကညာ မည်၏။ တဆယ့်ငါးနှစ်အတွင်းသည် ကုမာရီ မည်၏။ တဆယ့်ရှစ်နှစ်အတွင်းသည် တရုဏီ မည်၏ဟုဆိုသည်။

၇၉၃။ မဏ္ဍပေါသည်၊ ပုဒ်ကိုတည်၊ မ သည် ဘယ်အနက်ဟောနည်း။ (၁၈၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မဏ္ဍ ဝိဘူသနေ၊ မဏ္ဍေတိ ဇနံ။ မဏ္ဍိယတိ ဇနေဟီတိ ဝါ မဏ္ဍပေါ။ ဇနာသယော။

မဏ္ဍ၊ မဏ္ဍဓာတ်သည်။ ဝိဘူသနေ၊ တင့်တယ်စွာ တန်ဆာဆင်ခြင်း အနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ဇနံ၊ လူကို။ မဏ္ဍေတိ၊ ကြည်လင်စေတတ်၏။ ဝါ၊ တနည်းကား။ ဇနေဟိ၊ လူတို့သည်။ မဏ္ဍိယတိ၊ ကြည်လင်အပ်၏။ ဣတိ၊ ထို့ကြောင့်။ မဏ္ဍပေါ၊ မဏ္ဍပမည်၏။ ဇနာသယော၊ လူတို့ စုဝေးရာကို။ လဗ္ဘတိ၊ ရအပ်၏။ ။မောဂ္ဂလာန်မိန့်သည့်အလို၌ 'မ'သည် ဝိဘူသန အနက်ကို ဟော၏။

၇၉၄။ မာလာပုဒ်သည်၊ ပန်းဟောမည်၊ မာသည် ဘယ်အနက်ဟောနည်း။ (၁၈၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မာလာတိအာဒီသု မာသဒ္ဒေါ ဘိဂေ်။ တတ္ထ ဟိ မာ ဘမရာ လလန္တိ ကီဠန္တိ ဧတ္ထာတိ မာလာ။

မာလာတိအာဒီသု၊ မာလာစသည်တို့၌။ မာသဒ္ဒေါ၊ သည်။ ဘိဂေ်၊ ပိတုန်း ဟူသော အနက်၌။ ဝတ္တတိ၊ ၏။ ဟိ၊ ထင်စွာဆိုဦးအံ့။ တတ္ထ၊ ထိုပုဒ်၌။ ဧတ္ထ၊ ဤပန်းပွင့်၌။ မာ ဘမရာ၊

ပျား, ပိတုန်းတို့သည်။ လလန္တိ ကီဠန္တိ၊ ဝတ်ယက်သောက်စားပျော်ပါးပျံမြူးကုန်၏။ ဣတိ၊ ထို့ကြောင့်။ မာလာ၊ မည်၏။ ကေက္ခရဋီကာမိန့်ရကားမာ–သဒ္ဒါသည် ပိတုန်းဟူသော အနက်ကို ဟော၏။

မာ မာနေ၊ မိယျတိ ပမိယျတီတိ မာလာ။ပန္တိ။မောဂ္ဂလာန်မိန့်သည်၌ အစဉ်ကို ဟောသော မာလာသဒ္ဒါ၏အနက်ကို ပြသည်။

၇၉၅။ ဝါနရတည်၊ မျောက်ဟောသည်၊ ယင်းသည် ဝါလည်း ဘယ်ဟောနည်း။ (၁၀၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> ဝါနရောတိအာဒီသု ဝါဓာတု သမေ ဟောတိ။ တတ္ထ ဟိ ဝါတိ သမေတီတိ ဝါ။ ဝါသဒိသော နရော ဝါနရော။ မက္ကဋောတိ အတ္ထော။

ဟူ၍ ကေက္ခရဋီကာမိန့်ရကား ဝါသဒ္ဒါသည် အတူဟူသော သဒိသ အနက်ကိုဟော၏။

၇၉၆။ မြင်ရုံနှင့်သည်၊ ကိုယ်ဝန်တည်၊ မည်သည့်မည်သည့် မိန်းမနည်း။ (၁၀၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> ကထံ ဒဿနေန ဂဗ္ဘဂ္ဂဟဏံ ဟောတိ။ ဣဓေကစ္စာ ဣတ္ထိယော ဥတုသမယေ ပုရိသသံသဂ္ဂံ အလဘမာနာ ဆန္ဒရာဂဝသေန အန္တောဂေဟဂတာဝ ပုရိသံ ဥပနိဇ္ဈာယတိ ရူပဇောဇာ ဝိယ။ သာ တေန ဂဗ္ဘံ ဂဏှာတိ။ ဧဝံ ရူပဒဿနေန ဂဗ္ဘဂ္ဂဟဏံ ဟောတိ။ ။ဝိနည်း အဋ္ဌကထာ။

ရူပဒဿနေန၊ အဆင်းကိုမြင်သဖြင့်။ ဂဗ္ဘဂ္ဂဟဏံ၊ ကိုယ်ဝန်ယူခြင်းသည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ ဧကစ္စာ၊ အချို့ကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။ ဥတုသမယေ၊ ဥတုလာသောအခါ၌။ ပုရိသသံသဂ္ဂံ၊ ယောကျ်ားတို့၏ နှီးနှော သုံးသပ်ခြင်းကို။ အလဘမာနာ၊ မရသည်ရှိသော်။ ရူပဇောဇာ ဝိယ၊ မင်း၏ မောင်းမတို့ကဲ့သို့။ ဆန္ဒရာဂဝသေန၊ အားကြီးသော ရာဂ၏ အစွမ်းအားဖြင့်။ အန္တောဂေဟဂတာဝ၊ အိမ်တွင်း၌ နေလျက်လျှင်။ ပုရိသံ၊ ယောကျ်ားကို။ ဥပနိဇ္ဈာယတိ၊ စိန်းစိန်းကြည့်၏။ သာ၊ ထိုမိန်းမသည်။ တေန၊ ထို ကြည့်ခြင်းအမှုဖြင့်။ ဂဗ္ဘံ။ ကိုယ်ဝန်ကို။ ဂဏှာတိ၊ ယူ၏။ ဧဝံ၊ ဤသို့။ ရူပဒဿနေန၊ အဆင်းကိုမြင်ခြင်းဖြင့်။ ဂဗ္ဘဂ္ဂဟဏံ၊ ကိုယ်ဝန်ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ယင်းသို့ အဆင်းကို မြင်ခြင်းဖြင့်ယူသောကိုယ်ဝန်သည် အောင်မြင်စွာ အရှည်မတည်တတ်၊ ပျက်စီးတတ်လေသောကြောင့် သားဖွားခြင်းကား မဖြစ်နိုင်။ နောက်ဆင့် အကြောင်းရှိသော သူသည် တယောက်တလေသာလျှင် သားဖွားခြင်း ဖြစ်သည်။ မြင်ရုံနှင့်တည်သော ကိုယ်ဝန်ကို မဆိုဘိဦး–ယောကျ်ားတို့နှင့် သံသဂ္ဂဖြစ်၍ တည်သော ကိုယ်ဝန်မှလည်း တကြိမ်စည်းဝေးသောကိစ္စ

သည် ခုနစ်ရက်မျှသာ ကိုယ်ဝန်တည်ခြင်း အကြောင်းဖြစ်သည်။ ထိုအတွင်း၌ နောက်ထပ်ပစ္စည်းကို မရမူကား ပျက်လျော့လေသည်။ နောက်ထပ်ပစ္စည်းကို နှစ်ကြိမ် သုံးကြိမ်ရမူကား ကောင်းမွန်စွာ တည်နိုင်လေသည်ဟူ၍ ၎င်းဝိနည်းဋီကာတို့၌ ဆိုသည်။

၁၉၇။ အာပတ်သင့်သည်၊ ပန်းပွင့်ရည်၊ ယင်းသည် ဘယ်ပန်းပွင့်ပေနည်း။ (၁၈၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အနုဇာနာမိ ဘိက္ခဝေ သဗ္ဗံ ပုပ္ဖရသံ ဌပေတွာ မဓုကပုပ္ဖရသံ။

ဟူ၍ ဝိနည်းမဟာဝါပါဠိတော်၌ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ မဓုကပုပ္ဖရသံ၊ သစ်မည်စည်ပွင့်ရည်ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗံ၊ အလုံးစုံသော။ ပုပ္ဖရသံ၊ အပွင့်ရည်ကို။ အနုဇာနာမိ၊ ငါခွင့်ပြုတော်မူ၏။

> မဓုကပုပ္ဖမညတြ၊ သဗ္ဗပုပ္ဖရသော ပိစ။
> သီတောဒမဒ္ဒိတောဒိစ္စ၊ ပါကောဝ ယာမကာလိကော။

ဟူ၍ ခုဒ္ဒသိက္ခာ၌လည်း မိန့်သည်။

ထိုသို့ မိန့်သောကြောင့် သစ်မည်စည်ပွင့်ကို အဖျော်ဟူ၍ မသုံးဆောင်အပ်။ သုံးဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။

၁၉၈။ ရင်နို့တော်ရည်၊ သောက်ပါမည်၊ ဘယ်သည် ပုဒ်ဟု ဆိုလိမ့်နည်း။ (၁၉၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ရင်နို့တော်ရည်၊ သောက်ပါမည်" ဆိုသောစကားကို မဂဓ ဘာသာဖြင့်ဆိုသော် "ဥရဇံ ထည်ံ ပိဝိဿာမီတိ ဥရဇထည္ညပါယော" ဟူ၍ဆိုအပ်၏။ ဤပုဒ်၏အနက်ကား—

ဥရဇံ၊ ရင်၌ဖြစ်သော။ ထည္ညံ၊ နို့ရည်ကို။ ပိဝိဿာမိ၊ သောက်ပါအံ့။ ဣတိ၊ ထို့ကြောင့်။ ဥရဇထည္ညပါယော၊ မည်၏။ ။ထန သဒ္ဒါပပဒပါဒေတ်။ ဏပစ္စည်း။ ဤသို့ရုပ်ပြီးသင့်ရကား ကိတ်ပုဒ်ဟု ဆိုပေ၏။

> ကမ္မနိ ဏော။ ။ကမ္မနိ ဥပပဒေ ဏပစ္စယော ဟောတိ ဘဝိဿတိကာလေ။ နဂရံ ကရိဿတီတိ နဂရကာရော ဝဇတိ။ ပ။ သိန္ဓုံ ပိဝိဿတီတိ သိန္ဓုပါယော ဝဇတိ။

ဟူ၍ ဥဏာဒ်ကျမ်း၌လာသော သုတ်ကိုမှီ၍ သိရသည်။ ခီရံ ပိဝိဿာမီတိ ခီရပါယော- ဟူ၍လည်းကောင်း, ဥရဇံ ပိဝိဿာမီတိ ဥရဇပါယော ဟူ၍လည်းကောင်း ဆိုသင့်၏။

၇၉၉။ ရွှေငွေယူမည်၊ ရဟန်းထေရ်၊ သွားသည်ဖြစ်လွတ် ဘယ့်ကြောင့်နည်း။(၁၉၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗလက္ကာရေန ပါတေတွာ၊ ဂစ္ဆေသု ပဋိသာမိတုံ။
ဘိက္ခုံ မနုဿာ သက်္ကိ၊ နဋ္ဌေ ဝတ္ထုမှိ တာဒိသေ။
ဝိဟာရာဝသထဿန္တော၊ ရတနံ 'တဿ သမ္မတံ။
နိက္ခိပေယျ ဂဟေတွာန၊ မဂ္ဂေ ရညေပိ တာဒိသေ။
သာမိကာနာဂမံ ဉတွာ၊ ပတိရူပံ ကရိယတိ။

ဗလက္ကာရေန၊ နိုင့်ထက်အတင်းဖြင့်။ ပါတေတွာ၊ ချထားခဲ့၍။ ဂစ္ဆေသု၊ သွားကုန်သည်ရှိသော်။ ပဋိသာမိတုံ၊ ယူ၍သိုမှီးခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ယာဒိသေ၊အကြင်သို့ ရဟန်းနေသောအရပ်၌၊ ဝတ္ထုမှိ၊ ဥစ္စာသည်။ နဋ္ဌေ၊ ပျောက်သည်ရှိသော်၊' မနုဿာ၊ လူတို့သည်။ ဘိက္ခုံ၊ရဟန်းကို။ သက်္ကိ၊ ယုံမှားရှိတတ်ကုန်၏။ တာဒိသေ၊ ထိုသို့သဘောရှိသော။ ဝိဟာရာဝသထဿ၊ ကျောင်းအာရာမ်၏။ အန္တော၊ အတွင်း၌။ ရတနံ၊ရတနာဆယ်ပါးကို လည်းကောင်း။ တဿ သမ္မတံ၊ ထိုရတနာဟု သမုတ်အပ်သော ပုဆိုးစသော ဘဏ္ဍာကိုလည်းကောင်း။ ဂဟေတွာန၊ ရဟန်းကိုယ်တိုင် ကောက်ယူ၍။ နိက္ခိပေယျ၊ ထားရာ၏။ တာဒိသေ၊ ထိုသို့ရဟန်းယူလိမ့်ဟု ယုံမှားဖွယ်ရှိသော။ မဂ္ဂေပိ၊ လမ်းခရီး၌လည်းကောင်း။ အရညေပိ၊ တော၌လည်းကောင်း။ ဂဟေတွာန၊ ကောက်ယူ၍။ နိက္ခိပေယျ၊ ထားကောင်း၏။ သာမိကာနာဂမံ၊ ဥစ္စာရှင်တို့၏ မလာခြင်းကို။ ဉတွာ၊ သိ၍။ ပတိရူပံ၊ လျောက်ပတ်အောင်။ ကရိယတိ၊ ပြုအပ်၏။

ဤသို့ ခုဒ္ဒသိက္ခာစသော ဝိနည်းအဋ္ဌကထာတို့၌ လာသောကြောင့် အကျွမ်းဝင်သော ဒါယကာ ဉာတိသင်္ဂဟတို့သည် ရဟန်းထံ၌ အင်နှံ့လာသည်ကို ရဟန်း လက်မခံသောကြောင့် အတင်းချထားခဲ့ရာ၌ ဤရတနာ ပျောက်သောအခါ ရဟန်းယူသည်ဟု ယုံမှားရှိချေရာသည်ကို နှလုံးပြု၍ ကောက်ယူကာ ထားအပ်၏။

ဒါယကာရှေ၊ ရဟန်းနောက်၊ ခရီးသွားရာ၌ ဒါယကာ၏ ရတနာဆယ်ပါးတွင် တပါးပါး ကျရစ်သည်ကို တွေ့ရာ၌လည်း ဤနည်းပင် ကောက်ယူအပ်၏။ ရဟန်းနေသော တောအတွင်း ကျောင်းအတွင်း၌ ဒါယကာတို့၏ ဥစ္စာကျ တွေ့ရာ၌လည်း ဤနည်းပင် ကောက်ယူ၍ ထားအပ်၏။ အာပတ်မသင့်၊ အကယ်၍ ဥစ္စာရှင် ပေါ်လာသော် ပေးအပ်၏။ မပေါ်လာသောအခါ ရဟန်းနှင့် လျောက်ပတ်စွာ ကျင့်အပ်၏ ဟူ၍ဆိုသည်။ ဤသို့ကျရစ်သော ရွှေငွေကို ကောက်ယူရာ၌လည်းကောင်း, ကောက်ယူခြင်းငှာ သွားရာ၌လည်းကောင်း အာပတ်မသင့် ဟူလိုသည်။

၉၀၀။ မံသတွင်မည်၊ စက္ခုသည်၊ ဘုန်းစည်ဘယ့်လောက် မြင်ချိမ့်နည်း။ (၁၉၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အပလောကေန္တော ခေါ ပန သောဘဝံဂေါတမော သဗ္ဗကာယေနေဝ အပလောကေတိ။ သော ဥဒ္ဓံ န ဥလ္လောကေတိ။နစ အဓောပေက္ခမာနော ဂစ္ဆတိ။ ယုဂမတ္တဥ္စ ဂစ္ဆတိ။ တတောစဿ ဥတ္တရိ အနာဝဋဉာဏဒဿနံ ဘဝတိ။

ဟူ၍ မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသံယုတ် ပါဠိတော်၌လာသည်။

ခေါပန၊ ချီးပဖွယ်ရန် တတန်ရှိသေးသည်ကား။ သော ဘဝံဂေါတမော၊ ထိုအရှင်ဂေါတမသည်။ အပလောကေန္တော၊ စောင်း၍ကြည့်လိုက်သော်။ သဗ္ဗကာယေနေဝ၊ ကိုယ်အလုံးဖြင့်သာလျှင်။ အပလောကေတိ၊ စောင်း၍ကြည့်၏။ သော၊ထိုအရှင်ဂေါတမသည်။ ဥဒ္ဓံ၊ အထက်သို့။ န ဥလ္လောကေတိ၊ မော်၍မကြည့်။ အဓောစ၊ အောက်သို့လည်း။ ပေက္ခမာနော၊ ရှုကြည့်လျက်။ နဂစ္ဆတိ၊ မသွား။ ယုဂမတ္တဥ္စ၊ ရဟားထမ်းပိုးမျှလောက်သာလျှင်။ ပေက္ခမာနော၊ ကြည့်လျက်၊ ဂစ္ဆတိ၊ သွား၏။ တတော၊ ထိုထက်။ ဥတ္တရိ၊ အလွန်ကြည့်မှုကား။ အဿ၊ ထိုရှင်ဂေါတမအား။ အနာဝဋဉာဏဒဿနံ၊ အပိတ်အပင်မရှိသော ဉာဏ်အမြင်သည်။ ဘဝတိ၊ ၏။

ရင်းပါဠိတော်ကိုဖွင့်ရာ အဋ္ဌကထာ၌လည်း—

> ယုဂမတ္တန္တိတ္တေ နဝဝိဒတ္ထိမတ္တေ စက္ခုုနို ဌပေတွာ ဂစ္ဆန္တော ယုဂမတ္တံ ပေက္ခတိနာမ။ ဘဂဝါပိ ယုဂေယုတ္တော သုဒန္တ အာဇာနီယော ဝိယ တ္တကံ ပေက္ခန္တော ဂစ္ဆတိ။ တတော စဿ ဥတ္တရိတိ ယုဂမတ္တတော ပရံ န ပဿတီတိ န ဝတ္တဗ္ဗော။ နဟိ ကုဋ္ဋော ဝါ ကဝါဋ္ဋံ ဝါ ဂဓ္ဓော ဝါ လတာ ဝါ အာဝရိတုံ သက္ကောတိ။ အထခွဿ အနာဝရဏဉာဏဿ အနေကာနိ စက္ကဝါဠသဟဿာနိ ဧကင်္ဂနာနေဝ ဟောန္တိ။ ဟူ၍ လာသည်။

အနက်ကား။ ။ယုဂမတ္တန္တိတ္တေ၊ ယုဂမတ္တံ ဟူသောပါဌ်၌။ နဝဝိဒတ္ထိမတ္တေ၊ ကိုးထွာမျှသော အရပ်၌။စက္ခုနိ၊မျက်စိတို့ကို။ ဌပေတွာ၊ ထား၍။ ဂစ္ဆန္တော၊ သွားသောသူသည်။ ယုဂမတ္တံ၊ရထားထမ်းပိုးခန့်မျှ။ ပေက္ခတိနာမ၊ရှုသည်မည်၏။ဘဂဝါပိ၊ မြတ်စွာဘုရားသည်လည်း။ယုဂေ၊ထမ်းပိုး၌။ ယုတ္တော၊ ယှဉ်သော။ သုဒန္တအာဇာနီယောဝိယ၊ အလွန်ယဉ်ကျေးသော ဥသဘအာဇာနည်ကဲ့သို့။ တ္တကံ၊ ဤ ကိုးထွာမျှလောက်သောအရပ်ကို။ ပေက္ခန္တော။ ရှုလျက်။ဂစ္ဆတိ၊၏။ တတောစဿဥတ္တရိတိ၊ဟူသည်ကား။ယုဂမတ္တတော၊ရထားထမ်းပိုးပမာဏမှ။ပရံ၊ အလွန်။န ပဿတိ၊မရှု။ဝါ၊မမြင်။ ဣတိ၊ဤသို့။န ဝတ္တဗ္ဗော၊ မဆိုအပ်။ ဟိကာသွာ၊အဘယ့်ကြောင့်နည်းမူကား။ ကုဋ္ဋောဝါ၊ နံရံသည်လည်းကောင်း။ ကဝါဋ္ဋံ ဝါ၊ တံခါးရွက်သည်လည်းကောင်း။ ဂဓ္ဓော ဝါ၊ ချုံသည်လည်းကောင်း။ လတာ ဝါ၊ နွယ်သည်လည်းကောင်း။ အာဝရိတုံ၊ ဖုံးလွှမ်းခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ အထ ခေါ၊ စင်စစ်သော်ကား။ အနာဝရဏဉာဏဿ၊ အပိတ်အပင်မရှိ သိသော ဉာဏ်ရှိတော်မူသော။ အဿ၊ ထိုမြတ်စွာဘုရားအား။ အနေကာနိ၊ များစွာကုန်သော၊ စက္ကဝါဠသဟဿာနိ၊ စကြဝဠာအထောင်တို့သည်။ ဧကင်္ဂနာနေဝ၊တခဲနက်ထင်ကုန်သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ ရင်းပါဠိတော် အဋ္ဌကထာနှစ်ရပ်ကိုစပ်၍ အဓိပ္ပာယ်ဆိုသော်ကား.... ဘုရားသခင်တို့သည် နံပါးသို့ စောင်း၍ကြည့်လိုသော် လည်ကိုငဲ့၍ ကြည့်သည်မဟုတ်၊ ကိုယ်တော်ပါလှည့်စောင်း၍ကြည့်သည်။

နက္ခတ်ကိုရှုသကဲ့သို့ အထက်ကိုမော်၍လည်း ကြည့်တော်မမူ။ ပျောက်သော၀တ္ထုကို ရှာသော သူကဲ့သို့ အောက်သို့ရှုကြည့်၍လည်း သွားတော်မမူ။ ရထားထမ်းပိုးဟု ဆိုအပ်သော ကိုးထွာခန့် မျှသော အရပ်ကိုသာ ရှု၍ ကြွတော်မူသည်။ ထို့ထက်အလွန် မရှုမမြင်ဟူ၍လည်း မဆိုအပ်။ အဘယ့်ကြောင့်နည်းဟူမူအလိုတော်ရှိ၍ ရှုသည်ရှိသော် တံတိုင်းကျောက်ဆောင် တောင်နံရံသည် လည်းကောင်း၊ တံခါးရွက်သည်လည်းကောင်း၊ တောချုံသစ်ပင်နွယ်တို့သည် လည်းကောင်းဖုံးလွှမ်း ယှက်တင် ဆီးတားပိတ်ပင်ခြင်းငှါ မတတ်နိုင်။ အနာ၀ရဏဉာဏ်ရှိတော်မူသော ဘုရားသခင်အား များစွာကုန်သော စကြ၀ဠာအထောင်တို့သည် တပြိုင်နက် ထင်သည်သာလျှင် ဖြစ်ကုန်၏။ ဟူလိုသည်။

ဤပါဠိတို့၌ မံသစက္ခု မြင်သည်ကိုမဆို။ အနာ၀ရဏဉာဏ်ဖြင့် ထင်သည်ကိုသာ ဆိုသည် မဟုတ်လောဟူငြားအံ့။ ဉာဏ်ဖြင့် ထင်သည်ကိုပင် ဆိုသော်လည်း ထိုဉာဏ်သည် စက္ခုဒွါရဝီထိ၌ ကျသောဉာဏ်ဖြစ်၍ စက္ခု၏အမြင်ဟု ဆိုထိုက်သောကြောင့် ဆိုသည်ဟူပေ။ ထိုစကားသည်မှန်၏။ စက္ခုပသာဒသည်လည်းကောင်း၊ မံသပိဏ္ဍဟူသော သမ္ဘာရစက္ခုသည်လည်းကောင်း ရုပ်သာ ဖြစ်၍ တစုံတခုသောအာရုံကို မမြင်တတ်။ ထိုရုပ်ကိုမှီသောစက္ခုဝိညာဉ် ထိုဝိညာဉ်နှင့်အစဉ်မပြတ် တသမတ်တည်းဖြစ်သော ဇောစိတ္တုပ္ပါဒ်တို့သည်သာလျှင်အာရုံကိုမြင်တတ်သည်၊ ယင်းသို့ နာမ် တရားတို့၏ မြင်ခြင်းကိုပင် ကာရဏူပစာရအားဖြင့် မျက်စိမြင်ခြင်းဟု ခေါ်ရသည်။ ထို့ကြောင့် စက္ခုဒွါရ၌ကျသော မဟာကြိယာစိတ်၌ပါသော အနာ၀ရဏဉာဏ်ဖြင့် သိမြင်ခြင်းကိုပင် စက္ခု မြင်သောအရာ၌ အဋ္ဌကထာဆရာ ပြတော်မူသည်ဟု မှတ်ရမည်။

ဘုရားအဖြစ်သို့ ရောက်မှသာ စကြ၀ဠာ တထောင်တိုင်အောင် ထင်မြင်သည် မဟုတ်၊ မယ်တော်ဝမ်းမှ ဖွားစသောအခါကပင် မြောက်သို့ ခုနစ်ဖ၀ါးသွား၍ ရပ်ပြီးလျှင် အရှေ့လော ကဓာတ်သို့ ကြည့်တော်မူသော် များစွာကုန်သောစကြ၀ဠာ အထောင်တို့သည် တခဲနက်ထင်လာ ကုန်သည်ဟူ၍ ပြတော်မူခြင်းငှါ—

မနုဿာနံ ဟတ္ထတော မုဉ္စိတွာ ပထဝိယံ ပတိဋ္ဌာယ ပုရတ္ထိမံ ဒိသံ ဩလောကေသိ။
အနေကာနိ စက္ကဝါဠသဟဿာနိ ဧကင်္ဂဏာနိ ဒဿနာ အဟေသုံ။

ဟူ၍ ပုဒ္ဓဝင်အဋ္ဌကထာ၌လာသည်။

မနုဿာနံ၊ လူတို့၏။ ဟတ္ထတော။ လက်မှ။ မုဉ္စိတွာ၊ လွတ်၍။ ပထဝိယံ၊ မြေ၌။ ပတိဋ္ဌာယ၊ ရပ်၍။ ပုရတ္ထိမဒိသံ၊ အရှေ့မျက်နှာအရင်ကို။ ဩလောကေသိ၊ ကြည့်၏။ အနေကာနိ၊ များစွာ ကုန်သော။ စက္ကဝါဠသဟဿာနိ၊ စကြ၀ဠာအထောင်တို့သည်။ ဧကင်္ဂဏာနိ၊ တခဲနက်ဖြစ်ကုန်၍။ ဒဿနာ၊ ထင်မြင်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

ပါရာဇိကကဏ်အဋ္ဌကထာ၌လည်း—

ဒေဝတာနိ ဟိ သံစရိတကမ္မနိဗ္ဗတ္တံ ပိတ္တသေမှရုဟိရာဒီဟိ အပလိဗုဒ္ဓံ ဥပက္ကိလေ- သဝိမုတ္တတာယ ဒူရေပိ အာရမ္မဏံ သမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗံ ပသာဒစက္ခု ဟောတိ။ ဣဒဥ္စာပိ ဝီရိယဘာဝနာဗလနိဗ္ဗတ္တံ ဉာဏစက္ခုတာဒိသမေဝ – ဟူ၍လာသည်။

ဟိ၊ အထူးကိုဆိုလိုက်ဦးအံ့။ ဒေဝတာနံ၊ နတ်တို့အား။ သုစရိတကမ္မနိဗ္ဗတ္တံ၊ ကောင်းစွာကျင့်ကြံအပ်သော ရေးကံကြောင့်ဖြစ်သော။ ပဲတ္တာဒေ မှရှုဟိရာဒ်ဟိ၊ သည်းခြေ, သလိပ် သွေးအစရှိသည်တို့ဖြင့်။ အပလိဗုဒ္ဓ၊ မလိမ်းကျံအပ်သော။ ဥပက္ကိလေသဝိမုတ္တ တာယ၊ ညစ်ညူးခြင်းမှလွတ်သည်၏ အဖြစ်ကြောင့်။ ဒူရေပိအာရမ္မဏံ၊ အဝေး၌တည်သော အာရုံကိုလည်း။ သမ္ပဋိစ္ဆနသမတ္ထံ၊ ခံယူခြင်းငှါစွမ်းနိုင်သော။ ဒိဗ္ဗံပသာဒစက္ခု၊ နတ်၌ဖြစ်သော ပသာဒစက္ခုသည်။ ဟောတိ၊ ဖြစ်၏။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဝီရိယဘာဝနာဗလနိဗ္ဗတ္တံ၊ ဝီရိယဘာဝနာ၏ အစွမ်းတော်ကြောင့် ဖြစ်သော။ ဉာဏမယံ၊ ဉာဏ်တော်လျှင် ပြဋ္ဌာန်းခြင်းရှိသော မံသစက္ခုတော်သည်လည်း။ တာဒိ သမေဝ၊ ထိုမျက်စိနှင့်အလားတူသည်သာလျှင်။ ဟောတိ၊ ၏။

ပြကတေ့သော နားတော်သည်လည်း ဤနည်းအတူ အပိုင်းအခြားမရှိ၊ ကြားသိခြင်းငှါနှလုံးသွင်းတော်မူလျှင် စကြဝဠာအထောင်၏ အတွင်း၌ သဒ္ဒါရုံဟူသမျှကို ကြားရသည်သာတည်းဟု မှတ်အပ်၏။

၄၀၁။ အိုင်အင်းများတည်၊ အရပ်သည် ဖွေနည် ဘယ်ဒေသပေနည်း။ (၁၉၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အိုင်အင်းထူပြော၊ မြိုင်တောပတ်ရံ၊ စေးချုံပိတ်ဆီး၊ ရွှံတံစီးတို့၊ အားကြီးသည်မှာ၊ နေဝပကာဒေသ၊ သမုတ်ကြရှင့်၊ ဌာနတို့တွင်၊ ဖျားနာလျှင်မူ၊ များဖျင်ဝါယော၊ လေပြန့်ပြောစွ။

၄၀၂။ လွင်တီးခေါင်သည်၊ ချောက်ချားမည်၊ ထူးလည် ဘယ်ဒေသတို့နည်း။ (၁၉၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သစ်တောစိမ့်မြိုင်၊ ထုံးအိုင်မနေ့ာ၊ လယ်တောခေါင်ခေါင်၊ လွင်တီးခေါင်မူ၊ ပူလောင်များဖြင်၊ ဂဇင်္ဂလ၊ နာမပညတ်၊ ထိုအချပ်၌၊ ဖျားနာခိုက်မူ၊ ပူအိုက်မူးဝေ၊ သွေးသည်းခြေသို့၊ လွန်လေသည်သာ၊ မှတ်တို့ရာရှင့်။ ။ဆေးကျမ်း။

အနူပေါ် သလိလပ္ပါယော။ ။သလိလပ္ပါယော၊ အိုင်အင်းစီးဘွေ စမ်းရေများသောအချပ်သည်။ အနူပေါ်၊ အနူပအချင်မည်၏။ ။ အဘိဓာန်။

၉၀၃။ တောင်ကြီးလေးတည်၊ ရေပြည်၊ ကြိတ်သည် ဘယ်အပြစ်ကြောင့်နည်း။ (၁၉၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မဟန္တာ ဇလိတအယပဗ္ဗတာ သံပုနပ္ပုနံ ဟနန္တိ ဧတ္တာတိ သံဃာတော။

ဧတ္ထ၊ ဤငရဲ၌။ မဟန္တာ၊ ကြီးစွာကုန်သော။ ဇလိတအယပဗ္ဗတာ၊ အလျှံ ပြောင်ပြောင် တောက်သော သံတောင်တို့သည်။ သံပုနပ္ပုနံ၊ အဖန်ဖန်။ ဟနန္တိ၊ ကြိတ်ညှပ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြိတ်ညှပ်ရာဖြစ်သော သတ္တိကြောင့်။ သံဃာတော၊ သံဃာတမည်၏။ကိရ၊ချဲ့လိုက်ဦးအံ့။တတ္ထ၊ ထိုငရဲ၌။ သတ္တေ၊ သတ္တဝါတို့ကို။ နဝယောဇနာယ၊ ကိုးယူဇနာရှိသော။ ဇလိတအယပထဝိယာ၊ ပြောင်ပြောင်တောက်သော သံမြေ၌။ ယာဝကဋိတော၊ ခါးတိုင်အောင်။ ပဝေသေတွာ၊ သွင်း မြှုပ်၍။ နိစ္စလံ၊ မလှုပ်နိုင်သည်ကို။ ကရောန္တိ၊ ပြုကုန်၏။ အထ၊ ထိုသို့ပြုပြီးသောနောက်မှ။ ပုရတ္ထိမတော၊ အရှေ့အရပ်မှ။ဇလိတော၊ ပြောင်ပြောင်တောက်သော။ အယပဗ္ဗတော၊ သံတောင် သည်။ သမုဋ္ဌာယ၊ ထလတ်၍၊ အသနိဝိယ၊ မိုးကြိုးကဲ့သို့။ ဝိရဝန္တော၊မြည်တမ်းလျက်၊ အာဂန္တွာ၊ လာလတ်၍။ တေ သတ္တေ၊ ထိုငရဲသတ္တဝါတို့ကို။ သဏ္ဍာကရဏိယံတိလပိဋ္ဌေ ဝိယ၊ ဆုံ၌ညှစ် သော နှမ်းဖတ်ကဲ့သို့၊ ဂန္တွာ၊ ကြိတ်ကာသွား၍။ ပစ္ဆိမဒိသာယ၊ အနောက်အရပ်၌။ တိဋ္ဌတိ၊ တည်၏။ ပစ္ဆိမဒိသတော၊ အနောက်အရပ်မှ ။ သမုဋ္ဌိတောပိ၊ ထသောတောင်သည်လည်း။ တထေဝ၊ ထို့အတူ ကြိတ်၍သာလျှင်။ ဂန္တွာ၊ သွား၍။ ပုရတ္ထိမဒိသာယ၊အရှေ့အရပ်၌။ တိဋ္ဌတိ၊ တည်၏။ ဒွေ ပန၊ နှစ်လုံးသော တောင်တို့သည်လည်း။ ဧကတော၊ တပြိုင်နက်။ သမန္တွာ၊ ထက် ဝန်းကျင်မှ။ ဂန္တွာ၊သွား၍။ ဥစ္ဆုယန္တေ၊ ကြံညှစ် ယန္တရား၌။ ဥစ္ဆုကဏ္ဍာနိ ဝိယ၊ ကြံပိုင်းကိုကဲ့သို့။ ပီဠေန္တိ၊ ကြိတ်ညှင်းကုန်၏။ ဝေါ၊ဤသို့။တတ္ထ၊ ထိုငရဲ၌။ ဗဟူနိဝဿသတသဟဿာနိ၊များစွာသော အနှစ်တသိန်းတို့ပတ်လုံး။ ဒုက္ခံ၊ ဆင်းရဲကို။အနုဘောန္တိ၊အစဉ်ခံစားရကုန်၏။တသ္မာ၊ထို့ကြောင့်။ သံဃာတော၊ သံဃာတငရဲမည်၏။

ဤသံဃာတငရဲ၌ ခံရသောသူတို့ကား အမိအဖတို့ကို ညှဉ်းဆဲရိုက်ခတ်သောသူ။ ရတနာသုံး ပါး၌ ကျိုးနွံဆည်းကပ် မရှိသောသူ။ သူတော်ကောင်းတို့အား ညှဉ်းဆဲနှိပ်စက်သောသူ။ တရားစောင့်သောရသေ့ ရဟန်းပုဏ္ဏားတို့အား ပြစ်မှားစွပ်စွဲ ညှဉ်းဆဲဖိစီးသော သူတို့သည် ခံရ ကုန်၏။ ထိုတွင် ရဟန်း၊ ပုဏ္ဏားတို့ကို ညှဉ်းဆဲသောသူသာလျှင် များစွာငရဲကြီးတို့၌ ဖြစ်ကုန်၏။ ထို့ကြောင့် သင္ဂဟနိပါတ် သံကိစ္စဇာတ် အဋ္ဌကထာ၌....

မဟာနိရယေသု ကိံရ ယေဘုယျေန ဓမ္မိကသမဏဗြာဟ္မဏေသု ကတာပရာဓာဝ
ပစ္စန္တိ။ ။ဟူ၍မိန့်၏။

မဟာနိရယေသု၊ ငရဲကြီးတို့၌။ ယေဘုယျေန၊ များသောအားဖြင့်။ ဓမ္မိကသမဏဗြာဟ္မဏေသု၊ တရားစောင့်သော ရဟန်း ပုဏ္ဏားတို့၌။ ကတာပရာဓာဝ၊ ပြစ်မှားပြုကျင့်သော အပြစ်ရှိသော သူ သည်သာလျှင်။ ပစ္စန္တိကိရ၊ ကျက်ကုန်သတတ်။ ။ဤကားအနက်။

နေမိဇာတ်၌ကား....

ကောလိတ္တိယာယော ဣမ ဇီဝလောကေ။
အသုဒ္ဓကမ္မာ အသတံ အစရုံ။
တာ တိတ္တရူပါ ပတိံ ဝိပ္ပဟာယ၊
အညံ အစရုံ ရတိခိဍ္ဍဟေတု။
တာ ဇီဝလောကသ္မိံ ရမာပယိတွာ၊
ခန္ဓာတိဝတ္တန္တိ သဒေဝတိဘူတာ။

ဟူ၍ ဟောတော်မူသည်။

အနက်ကား။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။ ဣမ ဇီဝလောကေ၊ ဤအသက်ရှည်သော လူ့ပြည်၌။ ကောလိတ္တိယာယော။ လင်ရှိသော အမျိုးကောင်း မိန်းမတို့သည်။ အသုဒ္ဓကမ္မာ၊ မစင်ကြယ်သော အမှုရှိကုန်သည်ဖြစ်၍"အသတံ၊ မသူတော်တို့အကျင့်ကို။အစရုံ၊ ကျင့်မိကြကုန်၏။ တာ၊ ထိုမိန်းမတို့သည်။ တိတ္တရူပါ၊ မြစ်ဆိပ်သဖွယ်ရှိကုန်သည်ဖြစ်၍။ ပတိံ၊ လင်ကို။ဝိပ္ပဟာယ၊ ပယ်စွန့်၍။ ရတိခိဍ္ဍဟေတု၊ မွေ့လျော်မြူးတူးလိုသောကြောင့်။ အညံ၊ တပါးသောယောကျ်ားတို့နှင့် မြူးတူးခြင်းကို။ အစရုံ၊ ကျင့်ကြကုန်၏။ တာ၊ ထိုမိန်းမတို့သည်။ ဇီဝလောကသ္မိံ၊ အသက်ရှည်သောလူ၏ဘောင်၌။ ရမာပယိတွာ၊ အလိုအတိုင်းပျော်ပါး ခဲ့သောကြောင့်။သဒေဝတိဘူတာ၊ အလျှံပြောင်ပြောင် တောက်ကုန်သော။ ခန္ဓာ၊ တောင်ကြီး လေးလုံးတို့သည်။ အတိဝတ္တတိ၊ကြိတ် လေကုန်၏။

ဇာတ် အဋ္ဌကထာ ပါဠိတော်နှစ်ရပ်သည် အဓိပ္ပာယ်မတူတကား ဟူငြားအံ့– မတူသည် မဟုတ်၊ အတူပင်ယူရမည်၊ အသို့ တူသနည်းဟူမူ–ရဟန်း,ပုဏ္ဏားစသော သူတော်ကောင်းတို့အား ပြစ်မှားသော အပြစ်ကြောင့် ငရဲကြီး၌ ခံရသည်။ မိန်းမတို့သည် မိမိတို့၏လင်ကို လွန်ကျူး၍ကျင့် သောအပြစ်ကြောင့် ထိုငရဲ၏အရံဖြစ်သော ဥဿဒငရဲ၌ အလားတူ ခံရသည်ဟု ဆိုရမည်။ ဘယ့်ကြောင့် သိရသနည်းဟူမူ နေမိဇာတ်၌ ဥဿဒငရဲကိုသာ ပြသောကြောင့်တည်း။

၉၀၄။ နှစ်သုံးခါလည်၊ ခေါင်ကျသည်၊ မည်မျှမြင်းသက် လေလိမ့်နည်း။ (၁၉၆)

၉၀၅။ အတိုသုံးမည်၊ နီသုံးမည်၊ ကောက်သည်သုံးပါး အဘယ်နည်း။ (၁၉၇)

၉၀၆။ အမြီးနှုတ်လည်၊ သွားသုံးမည်၊ အရှည်သုံးပါး ဘယ်သို့နည်း။ (၁၉၈)

ဟူသော အမေးပုစ္ဆာသုံးခုတို့၌ အဖြေဝိသဇ္ဇနာကား....

တုရင်္ဂါနံ၊ မြင်းတို့၏။ သဘာဝေါ၊ သဘောကား။ ဒသာဟော၊ မွေး၍ ဆယ်ရက်ရှိသော် သာလျှင်။ ဝန္တင်၊ သွားပေါ်၏။ လောမာတိဂင်္ဂ၊ အမွေးသုံးကြိမ်လဲ၏။ ဒွေဝဿာဒန္တပုဗ္ဗာ၊ နှစ်နှစ် လည်လျှင် အထက်ခြောက်ချောင်း, အောက်ခြောက်ချောင်းအားဖြင့် သွားတဆဲ့နှစ်ချောင်း

စေ၏၊ တိဝဿ၊ သုံးနှစ်လည်သော် ခေါင်နှစ်ချောင်းကျ၏။ စတုဝဿ၊ လေးနှစ်လည်သော် ချောင်းရံနှစ်ချောင်းကျ၏။ ပဥ္စဝဿဒါဌ၊ ငါးနှစ်ရာည်လျှင် အစွယ်လည်းဖူး၏။ဆဝဿဒ္ဒယကာလံ၊ ခြောက်နှစ်လျှင် အလယ်သွားနှစ်ချောင်းထိပ်၌ မည်း၏။ သတ္တဝဿ၊ ခုနစ်နှစ်လျှင် ခေါင်ရံနှစ်ချောင်း အမည်းစွမ်း၏။ အဋ္ဌဝဿ၊ ရှစ်နှစ်လျှင် အစွန်နှစ်ချောင်းထိပ်၌ မည်း၏။

ဤသို့သွားပေါက်သည်။ အမည်းစွန်းသည်။ သွားရှည်သည်။ ရှည်ပြီးမှ သွားကြားသည်။ ကြားပြီးမှ သွားကျင် သွားနဲ့သည်။ သွားကျွတ်သည်။ ကျွတ်ပြီးမှ ပေါက်ပြန်သည်။ ဤသက်ဆစ်တန်းကို ပေါင်း၍ နှစ်ပေါင်း သုံးဆယ့်နှစ်နှစ်သည် မြင်းတို့၏ အာယုကပ္ပယပိုင်းတည်း။

မြင်းကောင်းတို့၏ လက္ခဏာ၌—

ကြီးရာသည် သုံးပါးကား....

မျက်လုံး ကြီးရာသည်။ ပေါင်ကြီးရာသည်။ လက်ဖျံရိုး ကြီးရာသည်။

ကျယ်ရာသည် သုံးပါးကား....

တင် ကျယ်ရာသည်။ ရင် ကျယ်ရာသည်။ နှာတွင်း ကျယ်ရာသည်။

ငယ်ရာသည် သုံးပါကား။

ကတင် ငယ်ရာသည်။ မြုံရိုး ငယ်ရာသည်။ မှင်ရိုး ငယ်ရာသည်။

ချွန်းရာသည်သုံးပါးကား....

နားရွက် ချွန်းရာသည်။ မြီးရိုး ချွန်းရာသည်။ နောက်ခွါ ချွန်းရာသည်။

သွန်းရာသည် သုံးပါးကား....

လည်ရောက်၊ မြီးရောက်၊ နှုတ်ဖျား သွန်းရာသည်။

အဝန်းသုံးပါးကား....

မေးရိ ၊ ပါးရိုး၊ ရှေ့ခွါ ဝန်းရာသည်။

အထိသုံးပါ ကား....

ရင်ဝ၊ ဝမ်း၊ နဖူး ထိရာသည်။

လျှိုးရာ သုံးပါးကား....

ရှေ့ခွါ၊ နောက်ခွါ၊ မျက်လုံး လျှိုးရာသည်။

ရှည်ရာသည် သုံးပါးကား....

တင်သီး၊ မျက်နှာ၊ လည် ရှည်ရာသည်။

ညွှံရာသည် သုံးပါးကား....

ကိုယ်မွေး၊ ထိပ်မွေး၊ မှင်ရိုးမွေး ညွှံရာသည်။

ပြေပြစ်ရာသည် သုံးပါးကား....

မျက်ရိုး၊ ပါးရိုး၊ တင်ကုတ်ရိုး ပြေပြစ်ရာသည်။

ဆူသော်မြင့်ရာသည် သုံးပါးကား....

တင်ရိုး၊ လက်ဖျံရိုး၊ နှာရောင်ရိုး မြင့်ရာသည်။

ကြုံသော်မြင့်ရာသည် သုံးပါးကား....

ထိပ်၊ ရင်ဖုံး၊ မောင်း မြင့်ရာသည်။

ပါးရာသည် သုံးပါးကား....

မျက်ရေအောက်၊ နံရေ၊ အာရေ ပါးရာသည်။

သေးရာသည် သုံးပါးကား....

ထိပ်ဆံ၊ မှင်ဆံ၊ မြီးဆံ သေးရာသည်။

နက်ရာသည် သုံးပါးကား....

ဇက်ငုံ၊ မြစ်တွေး၊ နှာခေါင်းတွင်း နက်ရာသည်။

တိုရာသည် သုံးပါးကား....

တင်ရိုး၊ ကျောက်ရိုး၊ နှုတ်ဖျား တိုရာသည်။

နီရာသည် သုံးပါးကား....

အာပေါင်၊ လျှာ၊ နှာတွင်း နီရာသည်။

ဖြောင့်ရာသည် သုံးပါးကား....

မြီးရိုး၊ မှင်ရိုး၊ နှာယောင် ဖြောင့်ရာသည်။

ကောက်ရာသည် သုံးပါးကား....

ခကောက်၊ လည်ချိပ်၊ လက် ကောက်ရာသည်။

စင်းရာသည် သုံးပါးကား....

ကုန်းရိုး၊ နှာရောင်၊ ရပ်သော် လက်တံ စင်းရာသည်။

တင်းရာသည် သုံးပါးကား....

ဝမ်းရေ၊ ရင်ရေ၊ နံရေ တင်းရာသည်။

ချပ်ရာသည် သုံးပါးကား....

နံ၊ လည်၊ ပါး ချပ်ရာသည်။

သပ်ရာသည် သုံးပါးကား....

မြီးဆံ၊ လက်တံ၊ လည်ရောက် သပ်ရာသည်။

ထောင်ရာသည် သုံးပါးကား....

အမြီး၊ ခေါင်း၊ လည်၊ ထောင်ရာသည်။

ထောင့်ရာသည် သုံးပါးကား....

မျက်ကွင်း၊ နဖူးပြင်၊ အထက်နှုတ်သီး ထောင့်ရာသည်။

အထိ သုံးပါးကား....

မေးအောက်၊ လက်ကတီး ခကောက် ထိစေရမည်။

အရှည် သုံးပါးကား....

မှင်ဆံ၊ ထိပ်ဆံ၊ မြီးဆံ ရှည်စေရာသည်။

သွယ်ရာသည် သုံးပါးကား....

မြီးတံ၊ လက်တံ၊ လည်ရောက် သွယ်စေရာသည်။

ကောင်းရာသည် သုံးပါးကား....

လည်၊ ကိုယ်ပြင်၊ အမွေး ကောင်းရာသည်။

ဤသို့အားဖြင့် ကောင်းသော လက္ခဏာ သုံးဆယ်ရှိသည်။ အထိသုံးပါးနှင့် အသွယ်လက္ခဏာ တူကြ၏။ ထိုကိုချသော် နှစ်ဆယ့်ရှစ် ရှိ၏။

၉၀၇။ ဝဲကဲ့သို့သည်၊ စိရင်မည်၊ ကြံစည်ဘယ်နည်း ဆိုပိမ့်နည်း။ (၁၉၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မြစ်ရေ၌ ဝဲသည် အထပ်ထပ်လည်၍ စီးသကဲ့သို့ ရုပ်တခုကို သုတ်အများဖြင့် အထပ်ထပ်ဆို၍ စီရင်ရခြင်းသည်လည်းကောင်း၊ ပုဒ်တခုကို အက္ခရာခေါ်ခြင်း, ဗျည်းခေါ်ခြင်း, ဝဂ်ခေါ်ခြင်း, ဃောသခေါ်ခြင်းတို့သည် လည်းကောင်း၊ စကားမှု၌ ထပ်ကာထပ်ကာ ပြောဆိုခြင်း, စီရင်ရခြင်းသည် လည်းကောင်း ဝဲရေစီးသကဲ့သို့ ဖြစ်သောကြောင့် အာဝဋ္ဋနည်း မည်၏။

၉၀၈။ လျှော်စွာယူမည်၊ ရသင့်သည်၊ ထူးလည် ဘယ်နည်း ဆိုမည်နည်း။ (၂၀၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရသင့်သည် အားလျော်စွာ ယူသောနည်းသည် ယထာလာဘ နည်းမည်၏။ ပြယုဂ်ကား။ သက္ခရက္ခလိကမှိ မဋ္ဌကုမ္ဗမှိ ဧရန္တမှိ တိဋ္ဌန္တမှိ ပဿတိ။ အစရှိသည်တည်း။

၉၀၉။ မင်းနေရွှေပြည်၊ ဆိုပါမည်၊ ယင်းသည် ဘယ်နည်း ဖြစ်ချိမ့်နည်း။ (၂၀၁)။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မင်းချည်းနေသည်မဟုတ်၊ တပါးသော သူတို့လည်း နေကြလျက် "မင်းနေပြည်" ဟု ဆိုခြင်းသည် ပြဌာန်းရာသို့ လိုက်သော ပဓာနနည်းအားဖြင့်လည်းကောင်း၊ ထင်ရှားသို့ လိုက်သော ပါကဋနည်းအားဖြင့်လည်းကောင်း ဆိုသည်ဟူပေ။

၉၁၀။ ရေ၌ကျင်လည်၊ တံငါသည်၊ ဖွေနည်ဘယ်မင်း ဆိုအံ့နည်း။ (၂၀၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား –

ရေသတ္တဝါကို အစိုးရသောကြောင့် သမ္မုရာဇာ ဟူ၍လည်းကောင်း၊ အာပရာဇာ ဟူ၍ လည်းကောင်း။ မစ္ဆရာဇာဟူ၍လည်းကောင်း ဆိုအပ်သတည်း။

၉၁၁။ အာစရိယထေရ်၊ ဆရာမည်၊ အာသည် ဘယ်ဇောတကနည်း။ (၂၀၃)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သိဿာနံ ဟိတံ အာဘုသံ စရတီတိ အာစရိယော။

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ သိဿာနံ၊ တပည့်သားတို့၏။ ဟိတံ၊ အစီးအပွားကို။ အာဘုသံ၊ လွန်စွာ။ စရတိ၊ ကျင့်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ကျင့်တတ်သော သတ္တိကြောင့်။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ အာစရိယော၊ မည်၏။

ဟူ၍ ဋီကာဆရာတို့ ဝစနတ်လွှစ်ရကား အာစရိယပုဒ်၌ အာသဒ္ဒါသည် လွန်စွာဟူသော အနက်ကိုပြသော အာဘုသဇောတက ဟူပေ။

၉၁၂။ ဝန်တိုငါးမည်၊ အတည်တည်၊ ပြစ်ခြည်ဘယ်သို့ ခွဲမည်နည်း။ (၂၀၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မစ္ဆေရာနံ ပဘေဒေါတိ ဧတ္ထ ပဥ္စဝိဓံ မစ္ဆရိယံ၊ အာဝါသမစ္ဆရိယံ၊ ကုလမစ္ဆရိယံ၊ လာဘမစ္ဆရိယံ၊ ဝဏ္ဏမစ္ဆရိယံ၊ ဓမ္မမစ္ဆရိယန္တိ။

အစရှိသည်ဖြင့် သာရတ္ထသင်္ဂဟ၌ လာသည်နှင့်အညီ ဝန်တိုခြင်း ဟု ဆိုအပ်သော မစ္ဆရိယတရားသည် ဖြစ်ရာအားဖြင့် ငါးပါးအပြားရှိ၏။

ငါးပါးဟူသော်ကား—

၁။ ကျောင်းကန်နေရာ၌ ဝန်တိုခြင်း။

၂။ ဒါယကာတို့၌ ဝန်တိုခြင်း။

၃။ လာဘ်ပူဇော်သက္ကာ၌ ဝန်တိုခြင်း။

၄။ ကျေးဇူးဂုဏ်သတင်း၌ လည်းကောင်း, အဆင်း အရောင်၌ လည်းကောင်း ဝန်တိုခြင်း။

၅။ တရား၌ ဝန်တိုခြင်း။

ဟူ၍ ငါးပါးတည်း။ ။ထိုငါးပါးတို့တွင်—

၁။ **အာဝါသမစ္ဆရိယသည် အဘယ်သို့ဖြစ်သနည်း ဟူမူကား။** ။အကြင်ရဟန်းသည် မိမိ မှီနေသော မြို့ရွာအရပ်ကိုလည်းကောင်း၊ကြီးစွာသောကျောင်း, ကျယ်စွာသော ပရိဝုဏ်အာရမ်, များစွာသော အိပ်ရာနေရာတို့၌သည်းကောင်း။ မိမိ၏ဥစ္စာသာလျှင် ပြု၍နေလို၏။ သူတပါးတို့ ရခြင်း နေခြင်းကိုအလိုမရှိ။ တရားကျမ်းဂန်၌ သိမြင်လိမ္မာသော သီလကျင့်ဝတ်နှင့် ပြည့်စုံသော ရဟန်းကောင်း အာဂန္တုက တို့၏ လာရောက်ခြင်း တည်းခိုခြင်းကိုမျှ အလိုမရှိ။ လာရောက် သော်လည်း လျင်မြန်စွာ သွားစေလို၏။ မိမိစိုးပိုင်သော နေရာကျောင်းကန်ကို မဆိုထားဘိ၊ သံဃိကဖြစ်သော ကျောင်းကန်နေရာကိုသော်လည်း လာရောက်သော အာဂန္တုကတို့အား မပေး လိုပဲ ဝန်တိုပိတ်ပင်၏။ ဤသို့ဝန်တိုခြင်းသည် အာဝါသ မစ္ဆရိယမည်၏။

ငြင်းခုံခိုက်ရန်ပြုတတ်သော ရဟန်းတို့၏ နေခြင်းကို အလိုမရှိခြင်း၊ ထိုသူအား နှင်ထုတ် ခြင်းသည်ကား အာဝါသမစ္ဆရိယမဖြစ်။ နှင်ကောင်းသည်ပင် ဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာ၌—

ဘဏ္ဍနကာရကာဒီနံ ပန တတ္ထ ဝါသံ အနိစ္ဆန္တော အာဝါသ မစ္ဆရိယံနာမ န ဟောတိ။

ဟူ၍ မိန့်၏။

ဤသို့ နေရာကျောင်းကန်စသည်၌ ဝန်တိုတတ်သောပုဂ္ဂိုလ် စသည်ကား ဘဝတပါးလားရ သောအခါ ပြိတ္တာသော်လည်းကောင်း၊ နတ်ဘီလူးသော်လည်းကောင်း ဖြစ်၍ ထိုကျောင်း အာရာမ်၌ တံမြက်ချေးကို ဦးခေါင်းဖြင့် ရွက်၍ သွားလာရတတ်၏။ လူ၏အဖြစ်ကို ရငြား သော်လည်း နေရာကျောင်းကန်ကို မရနိုင်ခြင်း၊ မကောင်းသော နေရာကျောင်းကန်ဖြင့်သာ နေရခြင်း၊ သူခပ်သိမ်းတို့ မထေမဲ့မြင် ပြုသည်ကို ခံရခြင်းဟူသော အကျိုးတို့သည် ဖြစ်ကုန်၏။ ဤကား နေရာကျောင်းကန်၌ ဝန်တိုခြင်း၏ အပြစ်တည်း။

၂။ ကုလမစ္ဆရိယသည် အဘယ်သို့ဖြစ်သနည်း ဟူမူကား။ ။အကြင်ရဟန်းသည် မိမိ၏ အလုပ်အကျွေး ဖြစ်သော ဒါယကာ၊ မိမိ၏ အဆွေအမျိုးဖြစ်သော ဒါယကာတို့၏ထံသို့ တပါးသော အသျှင်တို့သည် ကပ်လာခဲ့သော် အလိုမရှိ။ နှလုံးမသာခြင်းဖြင့် တားမြစ်ပိတ်ပင်လေ့ရှိ၏။ ထိုသို့ ဖြစ်ခြင်းသည် ကုလမစ္ဆရိယမည်၏။

မှားသော အယူဝါဒရှိသော ပုဂ္ဂိုလ်၊ ဖောက်ပြန်သော စကားရှိသော ပုဂ္ဂိုလ်၊ ယုတ်မာသော အကျင့်ရှိသော ပုဂ္ဂိုလ်တို့၏ ဆည်းကပ်ရောက်ဝင်သည်ကို အလိုမရှိခြင်းသည်ကား ကုလမစ္ဆရိယ

မဖြစ်။ ဘယ့်ကြောင့်နည်းဟူမူ ထိုမကောင်းသော အယူအကျင့်ရှိသော ပုဂ္ဂိုလ်သည် ရတနာသုံးပါး၌ ကြည်ညိုပြီးသော ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို ပျက်ပြားအောင် ပြုတတ်၏။ ထိုသို့ ပြုလတ္တံ့သော အရိပ်နိမိတ်ကို မြင်သဖြင့် ပိတ်ပင်အပ်သည်သာတည်း။

ထိုကြောင့် အဋ္ဌကထာ၌—

ပါပပုဂ္ဂလဿ ပန ဥပသက်မနံ အနိစ္ဆန္တော ကုလမစ္ဆရိယံနာမ န ဟောတိ။ သော ဟိ တေသံ ပသာဒဘေဒါယ ပဋိပဇ္ဇတိ။

ဟူ၍ မိန့်၏။

ဤသို့ ဆွေမျိုးဉာတကာတို့၌ ဝန်တိုတတ်သော ပုဂ္ဂိုလ်သည်ကား ပစ္စုပ္ပန်ဘဝ၌ပင် ငါ၏အလုပ်အကျွေး ဆွေမျိုးတို့သည် သူတပါးအား ကြည်ညိုခြင်း ဖြစ်လေတော့မည်ဟု ကြံစည်ခြင်းကြောင့် နှလုံးပူပန်ခြင်း နှိပ်စက်ရကား အစား အအိပ်ပျက်ခြင်း၊ ရင်မှသွေးအန်ခြင်း၊ ဝမ်းသွေးသွန်ခြင်း တို့သည်လည်း ဖြစ်တတ်ကုန်၏။ မျက်မှောက်ဘဝမှစ၍ တနေ့ထက်တနေ့ လာဘ်လာဘ ခေါင်းပါးခြင်းတို့သည်လည်း ဖြစ်တတ်ကုန်၏။ ။ဤကား ကုလမစ္ဆရိယ၏ အပြစ်တည်း။

၃။ လာဘမစ္ဆရိယသည် အဘယ်သို့ ဖြစ်သနည်းဟူမူကား။ ။ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်း ပရိက္ခရာတို့ကို ဒါယကာတို့ လှူသည်ရှိသော် မိမိ၏အထံသို့သာ ရောက်စေလိုသော ဆန္ဒဖြင့် တောင့်တပြောဆို၏။ တပါးသော သီလဝန် ဂုဏဝန်ပုဂ္ဂိုလ်တို့ကို မရပါစေသတည်းဟု ကြံစည်၏။ သံဃိကဖြစ်သော လာဘ်ကိုသော်လည်း သူတပါးတို့အား မပေးပဲ ဝှက်ထား၍ မိမိ ရအောင် ကြံဆောင်ပြောဆိုလေ့ရှိ၏။ ဤသို့ ဝန်တိုခြင်းသည် လာဘမစ္ဆရိယမည်၏။

အကြင်ရဟန်းသည် ဒါယကာတို့ သဒ္ဓါ၍ လှူသောပစ္စည်းကို မီးတိုက်ခြင်း ရေမျောခြင်း စသည်တို့ဖြင့် ဖျက်ဆီး၏။ မသုံးဆောင်ကောင်းအောင်လည်း ပြု၏။ မကောင်းသဖြင့် သုံးဆောင်၏။ မိမိလည်း မသုံးဆောင်၊ သူတပါးအားလည်း မပေးပဲထား၍ အကျိုးမဲ့ ပုပ်ဆွေးပျက်စီးသည်ကိုမြင်၍ "ဤအရှင်ကား ဤသို့ပင်ထားသည်။ တပါးသော ပုဂ္ဂိုလ်တို့ရမူ ကောင်းလေစွ"ဟု ကြံစည်ပြောဆိုသော ပုဂ္ဂိုလ်အား လာဘမစ္ဆရိယမဖြစ်။ ထို့ကြောင့် အဋ္ဌကထာ၌—

ယော ပန သဒ္ဓါဒေယျံ ဝိနိပါတေတိ။အပရိဘောဂဒုပ္ပရိ ဘောဂါဒိဝသေန ဝိနာသေတိ။ ပူတိဘာဝံ ဂစ္ဆန္တမ္ပိ အညဿ န ဒေတိ။ ဒိသွာ သစေ ဿ ကမ္ပံ န လဘေယျ။ အညော သီလဝါ လဘေယျ။ ပရိဘောဂံ ဂစ္ဆေယျာတိ စိန္တေန္တဿ မစ္ဆရိယံနာမ နတ္ထိ။ ဟူ၍ မိန့်၏။

ဤသို့ လာဘသက္ကာရ၌ ဝန်တိုသော ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌လည်း ရန်များခြင်း၊ သူတပါးတို့ ကဲ့ရဲ့ရခြင်းဟူသော အကျိုးသည် ဖြစ်၏။ တမလွန်ဘဝ၌လည်း ပြိတ္တာသည်လည်းကောင်း၊ နတ်ဘီလူးသည်လည်းကောင်း ဖြစ်၏။ စေင်ကိုသာ စားရရှိသော သတ္တဝါ အမျိုး၌ သော်လည်း ဖြစ်ရ၏။ ။ဤကား လာဘသက္ကာရ၌ ဝန်တိုခြင်း၏ အပြစ်တည်း။

၄။ ဝဏ္ဏမစ္ဆရိယသည် အဘယ်သို့ ဖြစ်သနည်းဟူမူကား။ ။သူတပါး အဆင်း အရောင် လှပ တင့်တယ် ကြည်ညိုဖွယ်ရှိသည်ကို သူတထူးတို့ ချီးမွမ်းပြောဆိုလျှင် ထိုစကားကို မပြောမဆို စိမ့်သောငှာ အပြစ်ရှာ၍သာ ပြောဆိုပုတ်ခတ်၏။ ဤသို့ဖြစ်ခြင်းသည် သရီရဝဏ္ဏမစ္ဆရိယမည်၏။ သူတပါးတို့၏ သီလအာစာရ ပြည့်စုံခြင်း၊ ဓုတင်ကျင့်ဝတ်, သန္တုဋ္ဌိ သလ္လေခကျင့်ဝတ်တို့နှင့် ပြည့်စုံခြင်း၊ အသိပညာနှင့်ပြည့်စုံခြင်းဟူသော ကျေးဇူးတို့ဖြင့် ချီးမွမ်းပြောဆိုသည်ကို ကြားလျှင် အားရ

နှစ်သက်ခြင်း မရှိ။ ထိုသို့သော အပြစ်ကို ပြ၍သာလျှင် ဆိုတတ်၏။ ဤသို့ဖြစ်ခြင်းသည် ဂုဏဝဏ္ဏ-မစ္ဆရိယမည်၏။

သူကုသိုလ်ကြောင့် သူလှ၏၊ သူကုသိုလ်ကြောင့် သူကျော်စော၏ဟု ကောင်းသောစိတ်ကို ဖြစ်စေခြင်းသည် သရီရဝဏ္ဏမစ္ဆရိယ, ဂုဏဝဏ္ဏမစ္ဆရိယ မဖြစ်။

ဤသို့ ကိုယ်၏အဆင်း၊ သီလ သမာဓိစသော ဂုဏ်အဆင်းတို့၌ ဝန်တိုခြင်းရှိသောသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌ အဆင်းမလှခြင်း၊ ဆွံ့အခြင်း၊ အရိယိုခြင်း၊ ကျေးဇူးသတင်း မကောင်းခြင်းဟူသော အကျိုးသည်ဖြစ်၏။ ။ဤကား ဝဏ္ဏမစ္ဆရိယအပြစ်တည်း။

၅။ ဓမ္မမစ္ဆရိယသည် အဘယ်သို့ ဖြစ်သနည်း ဟူမူကား။ ။ကျမ်းဂန်တို့၌ လျှို့ဝှက်ခဲ့ခက်သော အနက်အဓိပ္ပါယ်ကို သူတပါး မသိစိမ့်သောငှာ လျှို့ဝှက်ထားသော်လည်း ထား၏။ မိမိသည် သူတပါး ကို မသိစိမ့်သောငှာ လွန်စွာချုပ်ချယ်၏။ သူတထူး ရေးကူးမှတ်သားသော ကျမ်းဂန်ကိုလည်း ဖျောက်ဖျက်ထိမ်မြုပ်၏။ ဤသို့ပြုခြင်းသည် ဓမ္မမစ္ဆရိယ မည်၏။

တရားတော်ကို မဟုတ်မမှန် ဖောက်ပြန် ပျက်စီးအောင် ပြုလုတ္တံ့သော သူအား တားမြစ်ပိတ်ပင် ခြင်းသည်ကား ဓမ္မမစ္ဆရိယ မဖြစ်။

ဤသို့ တရားတော်ကို ပိတ်ဆို့လျှို့ဝှက်သော ပုဂ္ဂိုလ်သည်ကား ဘဝတပါးလားသောအခါ ပြာပူ ရေ၌ဖြစ်ရခြင်း။ လူဖြစ်သော်လည်း အတတ်ပညာကို မတတ်နိုင်ခြင်းဟူသော အကျိုးတို့သည် ဖြစ်ကုန်၏။ ဤကား ဓမ္မမစ္ဆရိယ၏ အပြစ်တည်း။

ဤမျှလောက်သော စကားအစဉ်ဖြင့် ဝန်တိုခြင်း ငါးပါးတို့၏အပြစ်ကို အသီးသီး ခွဲခြမ်း၍ သိနိုင်လောက်ပြီ။

ဤသို့ ကျမ်းဂန် လာသည်ကိုထောက်၍ မကောင်းကျိုး ဖြစ်အံ့သည်ကို ကြောက်ကုန်သော သူတော်ကောင်းတို့သည် မကောင်းမှုအစစ်ဖြစ်သော မစ္ဆရိယတရားကို မပွားမစီးအောင် သတိပြု ကုန်ရာသည်။

၉၁၃။ သောက်ကြသေရည်၊ အတည်တည်၊ မည်ကို အာရုံပြုသနည်း။ (၂၀၅)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

"သုရာပါနံ သခါရာရမ္မဏ်"ဟူ၍ ခုဒ္ဒကပါဠိ အဋ္ဌကထာ၌လာသောကြောင့် သုရာသောက်သော သူသည် ရသာရုံဟူသော သင်္ခါရကို အာရုံပြု၏။

၉၁၄။ ခံတွင်း၌တည်၊ အမြီးရှည်၊ ရောတ်သည်ပြိတ္တာ ဘယ့်ကြောင့်နည်း။ (၂၀၆)။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ရှာ၍မတွေ့။

၉၁၅။ ခိုးသူမလည်၊ ယင်းကံသည်၊ မည်ဝေဒနာ ယှဉ်သနည်း။ (၂၀၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"အဒိန္နာဒါနံ တိဝေဒနံ"ဟူ၍ ဆိုသောကြောင့် –

၁။ ချမ်းသာသဖြင့် ခိုးသောသူအား သုခဝေဒနာ။

၂။ ဆင်းရဲသဖြင့် ခိုးသောသူအား ဒုက္ခဝေဒနာ။

၃။ လျစ်လျူသာ ခိုးသောသူအား ဥပေက္ခာဝေဒနာ။

ဤသုံးပါးနှင့်ယှဉ်၏ ဟူပေ။

၉၁၆။ သေရက်သေရည်၊ သောက်ကြသည်၊ ယင်းသည် ဘယ်ဝေဒနာနည်း။ (၂၀၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

"သုရာပါနံ သုခမဇ္ဈတ္တဝသေန ဒွိဝေဒနံ"

ဟူ၍လာသောကြောင့်—

၁။ သုရာသောက်ခြင်းသည် ချမ်းသာ၏ဟူ၍ မှတ်သောသူအား သုခဝေဒနာ။

၂။ လျစ်လျူဖြင့်သာ သောက်သောသူအား ဥပေက္ခာဝေဒနာ။ ဤနှစ်ပါးနှင့်ယှဉ်၏။

၉၁၇။ မေတ္တာပို့မည်၊ လှူပေးမည်၊ ဘယ်သည် ကုသိုလ်ကြီးသနည်း။ (၂၀၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မေတ္တာပို့သည့် ကုသိုလ်နှင့်၊ အလှူပေးသည့် ကုသိုလ်သည် မည်သည်က အကျိုးကြီးသနည်း ဟူရာ၌– အကျိုးကြီး၏ဟု ဆိုခြင်းသည်–

ဘုံဌာနအားဖြင့် မြင့်မြတ်အောင် ပေးနိုင်သည်ကိုလည်း "ကြီး၏"ဟုဆိုသည်။

လောကုတ္တရာဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်၌ နီးသည်ကိုလည်း "ကြီး၏" ဟု ဆိုသည်။

ကာလမြင့်ကြာ ကမ္ဘာ ရှည်လျား ခံစားရသည်ကိုလည်း "ကြီး၏" ဟု ဆိုသည်။

ထိုသုံးပါးတို့တွင်–

အလှူပေးခြင်း တည်းဟူသော ဒါနတရားသည်... အလှူဝတ္ထု၏ မြတ်ခြင်း၊ စေတနာ သဒ္ဓါတရား၏ ထက်မြက်ခြင်း၊အလှူခံပုဂ္ဂိုလ်၏ ကောင်းမြတ်ခြင်းတည်း ဟူသော ခေတ္တအင်္ဂါသယတ္တနှင့် ပြည့်စုံသဖြင့် မျက်မှောက် ဘဝမှစ၍ နိဗ္ဗာန်ရသည် တိုင်အောင် ဘဝအသခေျ ကမ္ဘာအသခေျ

မရေမတွက်နိုင်သော ကာလပတ်လုံး မြတ်သောဘဝ၌ဖြစ်ခြင်း၊ စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်း။ သား မြေး ကျေးကျွန် အခြံအရံနှင့် ပြည့်စုံခြင်း၊ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန၊ ဣဿရိယ စသည်နှင့် ပြည့်စုံခြင်းတည်း ဟူသော အကျိုးတို့ကို ပေးစွမ်းနိုင်သည်။ ယင်းသို့ ပေးသော်လည်း ကာမသုဂတိဘုံ၌သာဖြစ်၍ ကာမဓာတ်ကို မလွန်နိုင်ချေ။

မေတ္တာ ပွါးခြင်း၏ အကျိုးမှာမူကား ဒါနကဲ့သို့ ကမ္ဘာ ရှည်ပျားအောင်လည်းကောင်း၊ ခံစား ရခြင်း များအောင်လည်းကောင်း မပေးတတ်။ ယင်းသို့ မပေးတတ်သော်လည်း အပ္ပနာဈာန်သို့ ရောက်အောင် ပွားစေအပ်သော မေတ္တာသည် ရူပါဝစရ ဗြဟ္မာဘုံသို့ ရောက်စေတတ်သောကြောင့် အကျိုးမြတ်သည်ဟု ဆိုအပ်၏။ ထိုကားသည် မှန်၏။ ကာမကုသိုလ်စေတနာဖြင့် ပွားစေအပ်သော မေတ္တာသည် မျက်မှောက်ဘဝ၌ ဆယ်ပါးသော အကျိုးကို ဖြစ်စေနိုင်သည်။ ဈာန်ဒ. ပ္ပနာသို့ရောက် အောင် ပွားစေသော မေတ္တာမူကား ၎င်းအကျိုးဆယ်ပါးကို လည်းကောင်း၊ ဗြဟ္မာကိုးရပ်၌ ပဋိသန္ဓေ နေရခြင်း အကျိုးကိုလည်းကောင်း ပြီးစေနိုင်သည်။ ထို့ကြောင့် အကျိုးကြီးသည်ဟု ဆိုအပ်သတည်း။

ဤမေတ္တာဟူသော ဘာဝနာကံသည် ဒါနထက်သာ အကျိုးကြီးသည် မဟုတ်။ သရဏဂုံ ပဥ္စသီ ဆောက်တည်ခြင်း၊ ဥပုသ်ကျင့်သုံးခြင်း ဟူသော သီလကုသိုလ် တို့ထက်လည်းကောင်း, အပ- စာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌုဇုကမ္မ ဟူသော ပုညကိရိယာ ဝတ္ထုတို့ထက် လည်းကောင်း,အကျိုးကြီးမြတ်သည်သာတည်း။ အဘယ့်ကြောင့်နည်း ဟူမူ- တိုကုသိုလ် ဆယ်ပါးတို့သည် ကာမဘုံ၌သာ အကျိုးကိုဖြစ်စေနိုင်သောကြောင့်တည်း။

အဘယ်ကို ထောက်၍ သိအပ်သနည်း ဟူမူကား- ဓမ္မပဒယဝိဘင်း ပါဠိတော်၌-

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ ကတ္တ ဥပ္ပဇ္ဇန္တိ။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ အပ္ပေကစ္စေ ဂဟပတိ မဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ။ အပ္ပေကစ္စေ ဗြဟ္မဏ မဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ။ အပ္ပေ- ကစ္စေ ခတ္တိယမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ။ အပ္ပေကစ္စေ စာတုမဟာရာဇိကာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိ။ အပ္ပေကစ္စေ တာဝတိံသာနံ ဒေဝါနံ။ အပ္ပေကစ္စေ ယာမာနံ ဒေဝါနံ။ အပ္ပေကစ္စေ တုသိတာနံ ဒေဝါနံ။ အပ္ပေကစ္စေ နိမ္မာနရတီနံ ဒေဝါနံ။ အပ္ပေကစ္စေ ပရနိမ္မိတ ဝသဝတ္တီနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိ။ပ။ ဘာဝနာသု ပန ပဌမံ ဈာနံ ပရိတ္တံ ဘာဝေတွာ ဗြဟ္မပါရိသဇ္ဇေသု ဥပပဇ္ဇတိ။ မဇ္ဈိမံ ဘာဝေတွာ ဗြဟ္မပုရောဟိတေသု ဥပပ- ဇ္ဇတိ။ ပဏီတံ ဘာဝေတွာ မဟာဗြဟ္မေသု ဥပပဇ္ဇတိ။

အစရှိသည်ဖြင့် ဟောတော်မူသည်ကို ထောက်၍ သိရာ၏ ဟူပေ။

ဤပါဠိတော်၌ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်ဆောက်တည်ခြင်း အကျိုးကို စေတနာ နုန့်သည့်, ထက်သည်အားလျော်စွာ ဤလူ့ရွာ၌ ဂဟပတိ မဟာသာလ၊ ဗြဟ္မဏမဟာ- သာလ၊ ခတ္တိယ မဟာသာလ ဟုဆိုအပ်သော သူကြွယ်ကြီး သုံးပါးဖြစ်ရခြင်း။ နတ်ပြည် ခြောက်ထပ်၌ နတ်မင်း၏အဖြစ်ကိုရခြင်းဟူသော အကျိုးကိုသာ ဟောတော်မူသည်။ဗြဟ္မာ့ဘုံ၌ ဖြစ်ခြင်းကို ဟောတော်မမူ။

ဘာဝနာ စိပြန်းခြင်း၏ အကျိုးကား အယုတ်, အလတ်, အမြတ်အားဖြင့် ဗြဟ္မာ့ပြည်၌ဖြစ်ခြင်းကို ဟောတော်မူသည်၊ ထို့ကြောင့် အပ္ပနာသို့ ရောက်အောင် ပွားသော မေတ္တာသည် ဒါန, သီလ, ဥပေါသထ ကုသိုလ်ထက် အကျိုးကြီးမြတ်၏ဟု ဆိုရသည်။

နေမိ ဇာတ်တော်၌ နေမိမင်းကြီးသည် အလှူပေးခြင်းနှင့် သီလဆောက်တည်ခြင်း၏ အကျိုးသည် အဘယ်က သာ၍ မြတ်သနည်းဟု အကြံဖြစ်သည်ကို သိကြားမင်းသိသဖြင့် လူ့ပြည်သို့ လာ၍ တရားဟောပြောရာ၌–

ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။
န ဟိ တု သုလဘာ ကာယာ၊ ယာစယောဂေန ကေနစိ။
ယေ ကာယေ ဥပပဇ္ဇန္တိ၊ အနာဂါရာ, တပဿိနော။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဟီနေန၊ ယုတ်ညံ့သော။ ဗြဟ္မစရိယေန၊ သီတင်းသုံးခြင်းဖြင့်။ ခတ္တိယေ၊ မင်းမျိုး၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။ မဇ္ဈိမေန၊ အလတ်သော သီတင်းသုံးခြင်းဖြင့်။ ဒေဝတ္တံ၊ နတ်၏အဖြစ်သို့။ ဥပပဇ္ဇတိ၊ ရောက်ရေတတ်၏။ ဥတ္တမေန၊ မြတ်သော သီတင်းသုံးခြင်းဖြင့်။ ဝိသုဇ္ဈတိ၊ ကိလေသာတို့မှ စင်ကြယ်၏။ ဝါ၊ ကိလေသာစင်ရာ ဗြဟ္မာ့ရွာ၌ ဖြစ်၏။

မဟာရာဇ၊ မင်းမြတ်၏။ အနာဂါရာ၊ အိမ်ရာ မထောင်ကုန်သော။ တပဿိနော၊ ခြိုးခြံစွာ ကျင့်ကုန်သော။ ယေဣသယော၊ အကြင်ရသေ့တို့သည်။ ကာယေ၊ ဗြဟ္မာ့ပြည်၌။ ဥပပဇ္ဇန္တိ၊ ဖြစ်လေကုန်၏။ တေ ကာယာ၊ ထိုဗြဟ္မာအပေါင်းတို့သည်။ ကေနစိ၊ တစုံတခုသော။ ယာစယောဂေန၊ ပေးလှူစွန့်ကြဲခြင်းဖြင့် နဟိသုလဘာ၊ မရကြကုန်သည်သာတည်း။

ဤဂါထာတို့ဖြင့် လွန်မြတ်စွာသော ဥက္ကဋ္ဌ သီလသည် ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းတည်းဟူသော အကျိုးရှိသည် ဟု ဟောတော်မူသည် မဟုတ်လော။ ဥပေါသထ သီလသည် ကာမသုဂတိ ခုနစ်ဘုံ၌သာ အကျိုးပေး၏ ဟူသော ဝိဘင်းပါဠိတော် စကားသည် ဘယ်သို့သုတ်နှင့် ညီညွတ်အံ့နည်းဟူငြားအံ့။ နေမိဇာတ်၌ ဟောအပ်သော ဒေသနာကား သီလနှင့် ဘာဝနာသည် နိဿယ, နိဿိတ အကြောင်းအကျိုးမျှသာဖြစ်၍ အကြောင်း၏ အမည်ကို အကျိုး၌ တင်စား၍ ခေါ်ဝေါ်အပ်သော ကာရဏူပစာရ၊ နေယျတ္ထနည်းအားဖြင့် ဟောသော ဒေသနာဖြစ်ရကား စင်ကြယ်သော သီလ၌တည်၍ မေတ္တာ, ဗြဟ္မဝိဟာရ စသော ဘာဝနာကံဖြင့် ပထမဈာန်သမာပတ် စသည်ကို ဖြစ်စေ၍ ဗြဟ္မာ့ဘုံ၌ ဖြစ်လေသည်ဟုဆိုအပ်သော အနက်ရှိသောကြောင့် မညီမညွတ်သည်မဟုတ်။ ညီညွတ်သည်ပင် ဖြစ်၏ဟူပေ။

မေတ္တာပွားရခြင်း၏အကျိုးကို ဘယ်သို့ ဘုရားဟောတော်မူသနည်းဟူမူကား—

မေတ္တာယ ခေါ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ သုသမာရဒ္ဓါယ ကောဒသာနိသံသာ ပါဋိကင်္ခိတဗ္ဗာ။ ကတမေ ကောဒသ သုခံသုပ္ပတိ။ သုခံ ပဋိဗုဇ္ဈတိ၊ န ပါပကံ သုပိနံ ပဿတိ။ မနုဿာနံ ပိယော ဟောတိ။ အမနုဿာနံ ပိယော ဟောတိ၊ ဒေဝတာအနုရက္ခန္တိ။နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ။ မုခဝဏ္ဏော ဝိပ္ပသီဒတိ။ အသံမုဠှော ကာလံ ကရောတိ။ ဥတ္တရိမပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ တို့။ အာသေဝိတာယ၊ အဖန်တလဲလဲ မှီဝဲအပ်သော။ ဘာဝိတာယ၊ ပွားစေအပ်သော။ ဗဟုလီကတာယ၊ အကြိမ်များစွာ အလေ့အလာ ပြုအပ်သော။ သုသမာရဒ္ဓါယ၊ကောင်းစွာ အားထုတ်၍ ငြိမ်းဖြန်းအပ်သော။ မေတ္တာယ စေတော ဝိမုတ္တိယာ၊ မေတ္တာဟူသော စေတော ဝိမုတ္တိ၏။ ကောဒသာနိသံသာ၊ တဆယ့်တပါးသောအကျိုးဆက်တို့ကို။ ပါဋိကင်္ခါဟာဗ္ဗာ၊အလိုရှိအပ်ကုန်၏။ ကောဒသ၊ တဆယ့်တပါးသော အကျိုးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ သုခံ၊ချမ်းသာစွာ။ သုပ္ပတိ၊အိပ်ရ၏။ သုခံ၊ ချမ်းသာစွာ။ ပဋိဗုဇ္ဈတိ၊ နိုးရ၏။ပါပကံ၊ ဆိုးရွားယုတ်မာ မကောင်းစွာသော။ သုပိနံ၊အိပ်မက်ကို။ န ပဿတိ၊ မမြင်မက်။ မနုဿာနံ၊ လူအပေါင်းတို့၏။ ပိယော၊ချစ်ခြင်းသည်။ ဟောတိ၊၏။ အမနုဿာနံ၊ တစ္ဆေ့ဖုတ်ကျတ်၊ နတ်ရဲ စုန်းရှူး၊ ဘီလူးရက္ခိုသ်တို့၏။ ပိယော၊ ချစ်ခြင်းသည်။ဟောတိ၊ဖြစ်၏။ ဒေဝတာ၊ နတ်ကောင်းတို့သည်။ အနုရက္ခန္တိ၊ အစဉ်စောင့်ရှောက်ကုန်၏။ အဿ၊ ထိုမေတ္တာပွားသောသူအား။ အဂ္ဂိဝါ၊ မီးသည်လည်း။ န ကမတိ၊ မလောင်နိုင်။ ဝိသံဝါ၊ အဆိပ်သည်လည်း။ န ကမတိ၊မတတ်နိုင်။ သတ္ထံဝါ၊ မြားလှံ မီးပေါက်စသော လက်နက်သည်လည်း။ န ကမတိ၊ မရောက်နိုင်။ တုဝဋ္ဋံ၊ ဆောဆောလျင်လျင်။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ မုခဝဏ္ဏော၊မျက်နှာအဆင်းသည်။ ဝိပ္ပသီဒတိ၊ ကြည်လင်၏။ အတိမုဠှော၊ မတွေဝေသည်ဖြစ်၍။ ကာလံကရောတိ၊ သေရ၏။ ဥတ္တရိံ၊ လွန်မြတ်သော လောကုတ္တရာတရားကို။ အပ္ပဋိဝိဇ္ဈန္တော၊ထိုးထွင်း၍ မသိနိုင်သည်ရှိသော်။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မာ့ပြည်သို့လားရသည်။ ဟောတိ၊ ၏။

ယင်းသို့ ဟောတော်မူအပ်သော အကျိုး တဆယ့်တပါးတို့တွင် ရှေ့ဆယ်ပါးကား မျက်မှောက်ဖြစ်သော ဒိဋ္ဌဓမ္မအကျိုးတို့တည်း။

ထိုအကျိုးဆယ်ပါးတို့တွင် နတ်ဘီလူးတို့သည် ချစ်ခင်၏ ဟူရာ၌ အဘယ်သူအား ချစ်ခင်ဖူးသနည်းဟူမူကား –

ပါဋလိပုတ်ပြည်၌နေသော ဝိသာခ အမည်ရှိသော သူကြွယ်တဦးသည် သီဟိုဠ်ကျွန်း၌ စေတီပုထိုးများကြောင်း၊ ရဟန်းသံဃာများကြောင်း၊ သာသနာတော် ထွန်းကားကြောင်းကို ကြား၍ ဘုရားဖူးခြင်းငှာ သွားလိုသည်ဖြစ်၍ မိမိ၏ စည်းစိမ်ဥစ္စာတို့ကို သားမယားတို့အား ဆောက်နှင်းပြီးလျှင် ပုဆိုးစွန်၌ တသပြာမျှကိုထုပ်၍ သမုဒ္ဒရာ၏အနီးဖြစ်သော ရွာသို့ လာခဲ့၏။ ထိုရွာသို့ရောက်လျှင် လှေကြုံမသင့်သေးရကား တလခန့် ကြာမြင့်၏။ သူကြွယ်လည်း ကုန်သွယ်သောအရာ၌ လိမ္မာလှသည်ဖြစ်၍ ရောင်းဝယ် ကုးသန်းသည်နှင့် တလအတွင်း၌ တထောင်သော အသပြာကိုရ၏။ တလလွန်မှ အဖော်သင့်၍ လိုက်လေသဖြင့် သီဟိုဠ်ကျွန်းသို့ရောက်လျှင် မဟာဝိဟာရ ကျောင်းတိုက်သို့ဝင်၍ သံဃာတော်တို့အထံ၌ တရားကိုနာသဖြင့် သာသနာ၌ ကြည်ညိုခြင်းဖြစ်ရကား ရဟန်းပြုလိုကြောင်းကို တောင်းပန်၍ ရဟန်းပြုလေ၏။ သိမ်အပြင်သို့ ဝင်အံ့သောအခါ သံဃာတော်တို့က “ဥပါသကာ–ရဟန်းဖြစ်သောအခါ ဤအသပြာတို့ကိုစီရင်ခြင်းငှာ မသင့်ပြီ။ ယခုက စီရင်လော့” ဟု ဆို၏။ ထိုစကားကိုကြားသော် ဝိသာခ ဥပါသကာလည်း ထိုအသပြာ တထောင်တို့ကို သိမ်အနီးကြဲ၍ “ယူလိုသူ ယူပါစေ”ဟု ကြွေးကြော်ပြီးမှ ဥပသမ္ပဒကံ ဆောင်လေ၏။ ရဟန်းဖြစ်ပြီးသော် ဒွေမာတိကာကို ဝါစုဂ္ဂဟဆောင်၍ မိမိ နှစ်သက်သော ကမ္မဋ္ဌာန်းစီးဖြန်းနည်းကို သင်၍ ငါးဝါရှိသောကာလ သီဟိုဠ်ကျွန်းတွင် ကျောင်းစဉ် ဒေသစာရီ လှည့်လေသော် စိတ္တလတောင်ကျောင်းသို့ ဝင်ခါနီး၌ ခရီးနှစ်ခွရှိ၍ ဘယ်ခရီးသို့ လိုက်သော် လျော်အံ့နည်းဟု ကြံလျက် ရပ်သည်တွင် တောင်၌ စောင့်နေသော နတ်သည် မထေရ်မြတ်၏

လက်ကိုဆွဲ၍ "အရှင်ဘုရား... ဤခရီးသို့ ကြွပါ"ဟု လျှောက်၏။ ဝိသာခထေရ်လည်း ထိုနတ်လျှောက်သောအတိုင်း သွား၍ စိတ္တလတောင်ကျောင်း၌ လေးလနေပြီးသော် အခြားသို့ သွားဦးအံ့ဟု ကြံ၍ သက်နံ့သပိတ်ကို ပြင်လျှင် ထိုကျောင်းအနီးတွင်နေသော ရုက္ခစိုး ဘုမ္မစိုးနတ်တို့သည် အလွန် ငိုယိုကြ၏၊ မထေရ်က "သင်တို့ အဘယ့်ကြောင့်ငိုသနည်း"ဟု မေးလျှင် "အရှင်မြတ်သည် ကျွန်ုပ်တို့အား ပစ်ထား၍ ကြွသွားတော်မူမည်ကို စိုးရိမ်လှ၍ ငိုပါသည်"ဟု လျှောက်ကြကုန်၏။ "ငါနေသဖြင့် သင်တို့အား အဘယ်အကျိုးရှိအံ့နည်း"ဟု မေးလျှင် "အရှင်ဘုရားကိုယ်တော်နောက်သည်မှစ၍ ဤတောင်၏ ထက်ဝန်းကျင်၌နေသော ဖုတ်, ကျတ်, တစ္ဆေ, မြေဘုတ်ဘီလူး စသော နတ်တို့သည် အချင်းချင်း ခိုက်ရန်မဖြစ်၊ ချစ်ခင်စုံမက်စွာ မေတ္တာပွားကြကုန်သည်ဖြစ်၍ ချမ်းသာ ကြပါသည်"ဟုလျှောက်၏။ မထေရ်မြတ်လည်း "ယင်းသို့ အကျိုးရှိသော် ငါနေဦးမည်"ဟု ဆို၍ လေးလပတ်လုံး နေပြန်၏။ နောက်တဖန် သွားမည်ကြံပြန်သော် ယခင်ကဲ့သို့ ငိုကြွေး၍ ဘောင်းပန်ကြသဖြင့် မကြွဖြစ်ပဲ ဤတောင်ကျောင်း၌သာ မြင့်မြဲစွာနေ၍ ပရိနိဗ္ဗာန်ပြုရလေ၏။ ဤဝိသာခထေရ်၏ အတ္ထုပ္ပတ္တိကို ထောက်၍ နတ်တို့ မြတ်နိုးသောအဖြစ် မပြတ်စောင့်ရှောက်သောအဖြစ်ကို သိရာသည်။

မေတ္တာဖြင့် နေသော့ရှိသော သူအား မီးဘေး, လက်နက်ဘေးတို့မရောက်နိုင်သော အဖြစ်ကို ဥတ္တရာဥပါသိကာမ၏ ဝတ္ထု၊ စူဠသိဝမထေရ်၏ဝတ္ထု။ သံကိစ္စသာမဏေဝတ္ထုတို့ဖြင့်လည်း သိရာသည်။ မဟာဝင်၌ လာသော သီဟဗာဟုမင်း၏အဖ ခြသေ့၏ ဝတ္ထုဖြင့်လည်း သိရာသည်။

တစီးသော နွားမသည် နို့ တော်လှသော သားငယ်အား နို့တိုက်၍ တနေသော သစ်ပင်အောက်၌ နေရာ မုဆိုးတယောက်သည် အသွားရှည်သော လှံမဖြင့်ထိုး၏။ ထိုလှံသည် ထန်းရွက်ကဲ့သို့ လိပ်သည်ဖြစ်၍ နွားမ၏ နံပါးကိုထိလျက် မစူးပဲ အောက်သို့သာ သုံးကြိမ်ကျ၏။ သုံးကြိမ်ထိုး၍ မစူးလေမှ မုဆိုးလည်း အခြားသို့ ရှောင်လွှဲ၍သွားလေသည်။ ဤဝတ္ထုသက်သေကို ထောက်၍ ဥပစာရအပ္ပနာဘာဝနာသို့ မရောက်ပဲ ချစ်ခင်စုံမက်ခြင်းစေတနာ ပွားကာမျှသော မေတ္တာသည်လည်း ကြီးစွာသော အကျိုးရှိ၏ဟု မှတ်သိရာသည်။

ဤကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လာသော မေတ္တာ၏ အကျိုးဆက်တို့တည်း။

ဤမှတပါး ရှေးဆရာတို့ သီထားသော ဂါထာကိုလည်း ဤသို့ တွေ့ဖူး၏—

စက္ကဝါဠမ္ပိ ပါကာရံ၊ ကတွာ ရတနထူပိယံ။
ကေဿ မေတ္တစိတ္တဿ၊ ကလံ နာဂ္ဃတိ သောဠသိံ။

စက္ကဝါဠမ္ပိ၊ စကြဝဠာတိုက်ကိုလည်း။ ပါကာရံ ကတွာ၊ တံတိုင်းပြု၍။ ရတနထူပိယံ၊ ရတနာဖြင့်ပြီးသောစေတီကို။ ကရေယျ၊ ပြုစေဦး။ ကေဿ မေတ္တစိတ္တဿ၊ တကြိမ်တခါ မေတ္တာပြုရသော စိတ်၏အကျိုးကို။ သောဠသိံ၊ တဆယ့်ခြောက်စိတ် စိတ်၍။ ကလံ၊ တစိတ်ကိုမျှ။ နာဂ္ဃတိ၊ မတူနိုင်ရာ။

ဤသို့ တွေ့ဖူးသော်လည်း ဘုရားဟော ကျမ်းလာ မဟုတ်ရကား အားမပြုလောက်ချေ။

၉၁၈။ မြေလှုပ်ခြင်းသည်၊ ပေါင်းရှစ်တည်၊ မည်သည် မည်သို့ ပေတိုနည်း။ (၂၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> ဝါယောဓာတုပ္ပကောပနေ၊ ဣဒ္ဓိဝိကုဗ္ဗနေ၊ ဗောဓိသတ္တဿ မာတုကုစ္ဆိယံ သြက္ကမနေ၊ နိက္ခမနေ၊ အဘိသမ္ဗောဓိယံ၊ ဓမ္မစက္ကပဝတ္တနေ၊ အာယုသင်္ခါရ ဝေါဿဇ္ဇနေ၊ ပရိနိဗ္ဗာ-နေတိ ဣမေဟိ အဋ္ဌဟိ ကာရဏေဟိ မဟာဘူမိစာလော ဟောတိ၊ ။ပရိနိဗ္ဗာန သုတ်အဋ္ဌကထာ။

အနက်အဓိပ္ပာယ်ကို အထက် န သတ်ကာရန်က ဝေဖန်၍ဖြေဆိုခဲ့ပြီ။

၉၁၉။ ကျမ်းထွက်မိန့်ရည်၊ ပေါက်ပင်သည်၊ မည်လောက် ကာလပြားသနည်း။ (၂၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ခါဏုကကာလေ၊ အရွက်ကြွေ၍ သစ်ငုတ်သာ ရှိသောအခါ၌။ ကိံသုကော၊ ပေါက်ပင်သည်။ ဈာမခါဏုကော သေယျထာပိ၊ မီးလောင်ပြီး၍ မီးငွေ့ပြာဖြင့် မွဲမှောင်းစွာဖြစ်သော သင်္ငုတ်ကဲ့သို့။ ဟောတိ၊ ၏။ ဗဟုပလာသကာလေ၊ အရွက်များငွာရှိသောအခါ၌။ ကံသုကော၊ ပေါက်ပင်သည်။ နိဂြောဓရုက္ခော သေယျထာပိ၊ ဝေဆာရီမှောင် ပညောင်ပင်ကြီးကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ပုပ္ဖိတကာလေ၊ ပွင့်သောအခါ၌။ ကိံသုကော၊ ပေါက်ပင်သည်။ မံသပေသိ သေယျထာပိ၊ သားတစ်ပုံကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဖလိတကာလေ၊ အသီးရှိသော အခါ၌။ ကိံသုကော၊ ပေါက်ပင်သည်။ သုကော သေယျထာပိ၊ ကျေးငှက်အများ နားသကဲ့သို့။ သိရီသောဘတိ၊ ကျက်သရေတင့်တယ်၏။ ။ဒုကနိပါတ်၊ ကိံသုကောပမဇာတ်တွင်လာသည်။

၉၂၀။ သောဘိတထေရ်၊ ပုဂ္ဂိုလ်သည်၊ မည်တေဒဂ် ရသနည်း။ (၂၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ပုဗ္ဗေနိဝါသာနုဿရန္တာနံ ယဒိဒံ သော-**ဘိတော**။

ဘိက္ခဝေ၊တို့။ ပုဗ္ဗေနိဝါသာနုဿရန္တာနံ၊ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ ယော အယံ သောဘိတော၊ အကြင်သောဘိတ ထေရ်သည်။ အတ္ထိ၊ ရှိ၏။ တံ ဧသော၊ ဤ သောဘိတထေရ်သည်။ အဂ္ဂံ-အဂ္ဂေါ၊ ကဲလွန်၏။

ဤသို့ ဧကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်၌ လာသောကြောင့် သောဘိတ ထေရ်သည် ပုဗ္ဗေနိ-ဝါသတေဒဂ်ကိုရ၏ ဟူပေ။

၆၂၁။ ဖြောင့်ခြင်းသုံးမည်၊ မြင်းနွှတည်၊ မည်သည် ဖြောင့်ခြင်းပေတိုနည်း။ (၂၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပုစ္ဆာနံပါတ် ၉၀၃။ ၉၀၄။ ၉၀၅-တို့နှင့်စပ်၍ ဖြေဆိုခဲ့ပြီ။

၆၂၂။ တိရစ္ဆာန်ပြည်၊ ဝါဆိုသည်၊ ဘုန်းစည် ဝါပေါင်း ဘယ်မျှနည်း။ (၂၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒသမံ ပါလိလေယျကဝနသဏ္ဍေ။

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာတို့၌ လာသည်နှင့်အညီ ပါလိလေယျကတောအုပ်၌ ပလလည်းဆင်မင်း၏ အလုပ်အကျွေးကိုခံလျက် ဆယ်ခုမြောက်သော ဝါကိုကပ်တော်မူသည်။ ထို့ကြောင့် ဤဒသမဝါသာလျှင် တိရစ္ဆာန်ပြည်၌ ဝါကပ်သည်ဟု သိရမည်။

၆၂၃။ သာဝတ္ထိပြည်၊ ခြိမ့်ခြိမ့်စည်၊ မည်မျှအိမ်ခြေ ရှိသနည်း။ (၂၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အာဝုသော သာဝတ္ထိ နာမ သတ္တပဉ္စာသာယ ကုလသတသဟဿေဟိ အဇ္ဈာဝုတ္ထာ။ အသီတိ ဂါမသဟဿပ္ပဋိမဏ္ဍိတာနံ တိယောဇနသတိကာနံ ဒွိန္နံ ကာသိကောသလရဋ္ဌာနံ အာယမုခဘူတာ။

အာဝုသော၊ ငါ့ရှင်မေဏ္ဍက, လောဟိတတို့။ သာဝတ္ထိ နာမ၊ သာဝတ္ထိပြည် မည်သည်ကား။ သတ္တပဉ္စာသာယ ကုလသဘသဟဿေဟိ၊ ငါသန်းခုနစ်သိန်းသော အမျိုးကောင်းတို့သည်။ အဇ္ဈာဝုတ္ထာ၊ နေကုန်၏။ အသီတိဂါမ သဟဿပ္ပဋိမဏ္ဍိတာနံ၊ ရွာကြီးရှစ်သောင်းတို့ဖြင့် တန်းဆာဆင်အပ်ကုန်သော။ တိယောဇနသတိကာနံ၊ ယူဇနာသုံးရာရှိကုန်သော။ ဒွိန္နံ ကာသိ ကောသလရဋ္ဌာနံ၊ ကာသိ,ကောသလတိုင်းကြီး နှစ်ရပ်တို့၏။ အာယမုခဘူတာ၊ အခွန်ဆက်သွင်းရာ ဖြစ်၏။

ဤသို့ ပါရာဇိကဏ်အဋ္ဌကထာ၌ လာသောကြောင့် အိမ်ခြေ ငါးသန်းခုနစ်သိန်း ရှိသည်ဟု သိအပ်၏။

အချို့ စာငယ်တို့၌ကား—မြို့တွင်း ကိုးကုဋေ မြို့ပြင် ကိုးကုဋေအားဖြင့် တဆယ့်ရှစ်ကုဋေ အိမ်ခြေရှိသည်ဟု ဆို၏၊ ပါဠိပါဠ်ကိုမတွေ့။

၉၂၄။ ရာဇဂြိုဟ်ပြည်၊ သာထူးလည်၊ မည်မျှဂါဝုတ် ကျယ်သနည်း။ (၂၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အာဝုသော ရာဇဂဟံ နာမ အဋ္ဌာရသဟိ မနုဿကောဋီဟိ အဇ္ဈာဝုတ္ထာ။ အသီတိဂါမ-
သဟဿပ္ပဋိမဏ္ဍိတာနံ တိယောဇနသတိကာနံ ဒွိန္နံ အင်္ဂမဂဓရဋ္ဌာနံ အာယမုခဘူတာ။

အာဝုသော၊ ငါ့ရှင်မေတ္တိယ။ ရာဇဂဟံ နာမ၊ ရာဇဂြိုဟ်ပြည်မည်သည်ကား။ အဋ္ဌာရသဟိ မနုဿကောဋီဟိ၊ တဆယ့်ရှစ်ကုဋေသော လူတို့သည်။ အဇ္ဈာဝုတ္ထာ၊ နေကုန်၏။ အသီတိဂါမ-သဟဿပ္ပဋိမဏ္ဍိတာနံ၊ ရှစ်သောင်းသောရွာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော။ တိယောဇန-သတိကာနံ၊ ယူဇနာသုံးရာ အတိုင်းအရှည်ရှိကုန်သော။ ဒွိန္နံ အင်္ဂမဂဓရဋ္ဌာနံ၊ အင်္ဂတိုင်း, မာဂဓတိုင်း နှစ်ပါးတို့၏။ အာယမုခဘူတာ၊ အခွန်ဆက်သွင်းရာ ဖြစ်၏။ ပါရာဇိကဏ်အဋ္ဌကထာ။

ရာဇဂဟံ ကိရ အာကိဏ္ဏမနုဿာ။ အန္တောနဂရေ နဝကောဋိယော ဗဟိနဂရေ
နဝါတိ တံ ဥပနိဿာယ အဋ္ဌာရသမနုဿကောဋိယော ဝသန္တိ။ ။စူဠဝဂ္ဂဋီကာ။

ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သည်။ အာကိဏ္ဏမနုဿာ ကိရ၊ ပြွမ်းသောလူရှိသတတ်။အန္တောနဂရေ၊ မြို့တွင်း၌။ နဝကောဋိယော၊ ကိုးကုဋေ။ ဗဟိနဂရေ၊ မြို့ဝ၌၊ နဝကောဋိယော၊ ကိုးကုဋေ။ ဣတိ၊ ဤသို့။ အဋ္ဌာရသမနုဿကောဋိယော၊ တဆယ့်ရှစ်ကုဋေသောလူတို့သည်။ တံ၊ ထိုရာဇဂြိုဟ်ပြည်ကြီးကို။ ဥပနိဿာယ၊ မှီ၍။ ဝသန္တိ၊ နေကုန်၏။

ရာဇဂဟေ ကိရ ဒွတ္တိံသ မဟာဒွါရာနိ။ စတုသဋ္ဌိ ခုဒ္ဒကဒွါရာနိ။

ဟူ၍ သီလက္ခန်အဋ္ဌကထာမိန့်ရကား ထိုပြည်၌ တံခါးကြီးသုံးဆယ့်နှစ်၊ တံခါးငယ် ခြောက်ဆယ့်လေးရှိသည်။ ဤမျှလောက်သာ ကျမ်းဂန်လာသည်။ မည်မျှဂါဝုတ်ကျယ်သည်ဟု ဆိုသောအရာကို ကျမ်းဂန်မတွေ့။

၉၂၅။ ဆံတော်မရှည်၊ လေးသစ်တည်၊ ဘုန်းစည်မိဋ္ဌာန် လေလိမ့်နည်း။ (၂၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကေသာ ဒွင်္ဂုလမတ္တာ ဟုတွာ ပဒက္ခိဏာတော အာဝဋ္ဋမာနာ သီသံ အလ္လီယိံသု၊ တေသံ
ပန ကေသာနံ ယာဝဇီဝံ တဒေဝ ပမာဏံ အဟောသိ။ ပုန ဩဟာရဏကိစ္စံ နတ္ထိ။

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ အပဒါန်အဋ္ဌကထာတို့၌ လာသည်။

ကေသာ၊ ဆံတို့သည်။ ဒွင်္ဂုလမတ္တာ၊ လက်နှင်သစ်ပမာဏ ရှိကုန်သည်။ ဟုတွာ၊ ၍။ ပဒက္ခိဏာတော၊ လက်ယာရစ်အားဖြင့်။ အာဝဋ္ဋမာနာ၊ လည်ကုန်လျက်။သီသံ၊ ဦးခေါင်းတော်ကို။အလ္လီ-ယိံသု၊ ငြိကုန်၏။ တေသံ ပန ကေသာနံ၊ ထိုဆံတော်တို့၏။ ယာဝဇီဝံ၊ အသက်တော်ဆုံးအောင်။ တဒေဝ ပမာဏံ၊ထိုလက်နှစ်သစ်မျှ ပမာဏသည်သာလျှင်။ အဟောသိ၊ ၏။ ပုန၊ တဖန်။ ဩဟာရဏ-ကိစ္စံ၊ သုတ်သင်ရခြင်းကိစ္စသည်။ နတ္ထိ၊ မရှိ။

ဤမျှသာ ကျမ်းဂန်လာသည်။ ဓိဋ္ဌာန်ကြောင်းကို ကျမ်းဂန်မလာ။ ယင်းသို့ မလာသော်လည်း အဓိဋ္ဌာနဂ္ဂဒ္ဓိတန်ခိုး အဝင်ဖြစ်၍ မနောဓိဋ္ဌာန်ပင် ဖြစ်သည်ဟု ယူရမည်။

၉၂၆။ လေးသောင်းရေကြည်၊ ငါးရှစ်မည်၊ နေသည် ဘယ်သို့ ကျမ်းလာနည်း။ (၂၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> ဧဝံ သဏ္ဌိတဿ တဿ ဟေဋ္ဌာ စတ္တာလီသယောဇနသဟဿမတ္တေ ဌာနေ ဥဒကံ မစ္ဆေဟိ စလတိ ၊ဥပရိ တာဝတ္တကေယေဝ ဌာနေ ဥဒကံ ဝါတေန စလတိ။မဇ္ဈေ စတုယောဇနသဟဿမတ္တေ ဌာနေ ဥဒကံ နိစ္စလံ တိဋ္ဌတိ။

အစရှိသည်ဖြင့် သာရတ္ထသင်္ဂဟ၌ လာသည်။

အနက်ကား။ ။ဧဝံ၊ ဤသို့ ရှစ်သောင်းလေးထောင်သော ယူဇနာဖြင့်။ သဏ္ဌိတဿ၊ ကောင်းစွာတည်သော။ တဿ၊ ထိုသမုဒ္ဒရာ၏။ ဟေဋ္ဌာ၊ အောက်ဖြစ်သော။စတ္တာလီသယောဇနသဟဿမတ္တေ၊ ယူဇနာ လေးသောင်းမျှလောက်သော။ ဌာနေ၊ အရပ်၌။ ဥဒကံ၊ ရေသည်။ မစ္ဆေဟိ၊ ငါးတို့ကြောင့်။ စလတိ၊ လှုပ်၏။ ဥပရိ၊ အထက်ဖြစ်သော။ တာဝတ္တကေယေဝ ဌာနေ၊ ထိုလေးသောင်းမျှလောက်သော အရပ်၌။ ဥဒကံ၊ ရေသည်။ ဝါတေန၊ လေကြောင့်။ စလတိ၊လှုပ်၏။ မဇ္ဈေ၊ အလယ်၌။ စတုယောဇနသဟဿမတ္တေ ဌာနေ၊ ယူဇနာလေးထောင်မျှလောက်သောအရပ်၌။ ဥဒကံ၊ ရေသည်။ နိစ္စလံ၊ မတုန်မလှုပ်။ တိဋ္ဌတိ၊ တည်၏။ တသ္မိံ၊ထိုမဟာသမုဒ္ဒရာ၌။တိမိရောနာမ မစ္ဆော၊တိမိရမည်သောငါးကြီးသည်။ ဒွိယောဇနသတိကော၊ ယူဇနာနှစ်ရာရှိ၏။ တိမိင်္ဂလော နာမ မစ္ဆော၊ တိမိင်္ဂလမည်သော ငါးကြီးသည်။တိယောဇနသတိကော၊ ယူဇနာသုံးရာရှိ၏။ တိမိရပိင်္ဂလော နာမ မစ္ဆော၊ တိမိရပိင်္ဂလမည်သောငါးကြီးသည်။ပဉ္စယောဇနသတိကော၊ယူဇနာငါးရာရှိ၏။ မဟာပိင်္ဂလော၊ မဟာပိင်္ဂလငါးကြီးသည်။ တထာ၊ ထို့အတူ ယူဇနာငါးရာရှိ၏။ အာနန္ဒော၊ အာနန္ဒာမည်သောငါး လည်းကောင်း။ တိမိနန္ဒော၊ တိမိနန္ဒာမည်သောငါး လည်းကောင်း။အဇ္ဈာရောဟော၊ အဇ္ဈာရောဟမည်သောငါး လည်းကောင်း။ မဟာတိမိ၊ မဟာတိမိမည်သောငါး လည်းကောင်း။ဣမေ စတ္တာရော၊ ဤလေးစင်းသော ငါးကြီးတို့သည်။ ယောဇနသဟဿိကာ၊ ယူဇနာ တထောင်စီရှိကုန်၏။

၉၂၇။ မိးသို့ဆင်းမည်၊ မာယာသည်၊ မည်သည့် ပုဏ္ဏား မယားနည်း။ (၂၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗာရာဏသီမင်း၏ ပုရောဟိတ် ပုဏ္ဏားမယား ဖြစ်သော မာဏဝိကာတည်း။

အကြောင်းကို သိသာအောင် ဆိုလိုက်ဦးအံ့—

ငါတို့ဘုရား အလောင်းတော်သည် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း ဖြစ်တော်မူသောအခါ ငယ်စဉ်က အတတ်သင်ဖက်ဖြစ်သော ပုရောဟိတ်ပုဏ္ဏားနှင့် အန်ကစားလေ့ပြု၏။ ထိုသို့အန်ကစားသော ကာလ အန်လက်ပစ်ကိုမြှောက်တိုင်း —

သဗ္ဗာ နဒီ ဝင်္ကနဒီ၊ သဗ္ဗေ ကဋ္ဌမယာ ဝနာ။
သဗ္ဗိတ္ထိယော ကရေ ပါပံ၊ လဘမာနေ နိဝါတကေ။

ဟူသော ဂါထာကိုရွတ်၏။

သဗ္ဗာနဒီ၊ ခပ်သိမ်းသောမြစ်တို့သည်။ ဝင်္ကနဒီ၊ မြစ်ကောက်တို့ချည်းသာတည်း။ သဗ္ဗေဝနာ၊ ခပ်သိမ်းကုန်သော တောတို့သည်။ ကဋ္ဌမယာ၊ ထင်းအတိပြီးကုန်၏။ သဗ္ဗိတ္ထိယော၊ ခပ်သိမ်းကုန်သောမိန်းမတို့ဘည်။ နေကပတိကာ၊ တယောက်သောလင်နှင့် မရောင့်ရဲကုန်။နိဝါတကေ၊ ဆိတ်ကွယ်ရာကို။လဘမာနေ၊ ရကုန်သည်ရှိသော်။ ပါပံ၊ မကောင်းမှုကို။ကရေ၊ ပြုကုန်သည်သာတည်း။

ဤဂါထာသည် သဒ္ဒါအနက်အားဖြင့် အလွန်ကောင်းမွန် ဟုတ်မှန်လှသောကြောင့် ကောင်းသောနတ်တို့ စောင်မရကား အန်ကစားတိုင်းပင် မင်းကြီးသာ နိုင်၏။

ပုရောဟိတ်ပုဏ္ဏားသည် ရှုံးလေသည်ဖြစ်၍ နေ့ရက်ရှည်လတ်သော် ပုဏ္ဏားအိမ်၌ ဥစ္စာရှားပါး၏။ ထိုအခါပုဏ္ဏားသည် ဤသို့ကြံ၏ “ဤမင်းကြီးသည် အန်ကစားတိုင်းပင် နိုင်ပေသည်။ ဤကဲ့သို့သာ နိုင်သည် ဖြစ်အံ့။ငါ၏အိမ်မှာ ဥစ္စာကုန်တော့မည်မချွတ်ပြီ။ ဤသို့နိုင်ခြင်းသည်လည်း မင်းကြီးဂါထာတော်၏ မှန်ကန်သောအာနုဘော်ပင် ဖြစ်သည်။ မင်း၏ဂါထာ မမှန်အောင် ယောကျ်ားတယောက်နှင့်သာ ဆက်ဆံသော မိန်းမကောင်းကိုရှာဦးမှသင့်မည်” ဟု ကြံ၏။

ဤသို့ကြံပြီးသော် မိန်းမတို့မည်သည်ကား ရမွက် အလွန်ကြီး၏။ ယောကျ်ားတပါးကို မြင်ဖူးသောသူကို စောင့်ခြင်းငှာ တတ်နိုင်ခဲ၏။ ကိုယ်ဝန်မှစ၍ မိန်းမကိုသာ ထိန်းသိမ်း စောင့်ရှောက်စေပြီးလျှင် အရွယ်ရောက်သောအခါ ငါယူ၍ သိမ်းပိုက်အံ့ဟု ကြံပြီးသော် မိမိသည် အင်္ဂဝိဇ္ဇာ၌လည်းကောင်း၊ ဗေဒင်၌လည်းကောင်း လိမ္မာသည်ဖြစ်၍ မိန်းမမွေးလတ္တံ့သော ကိုယ်ဝန်ဆောင် မိန်းမတဦးကို အနူးအညွတ် ပြောဆိုပြီးလျှင် ရိက္ခာဥစ္စာပေး၍ မိမိအိမ်၌ထား၏။

နေ့လစေ့၍ မိန်းမငယ် ဖွားလတ်သော် ထိုသတို့သမီးကို မာဏဝိကာ-ဟုအမည်မှည့်ပြီးလျှင် တပါးသောယောကျ်ားကို မမြင်စေပဲ မိန်းမ အလုပ်အကျွေးဖြင့်သာ မွေးမြူ၏။ အမိကိုလည်း တပါးသို့ သွားစေ၏။

ဤသို့ မွေးမြူ၍ အရွယ်ရောက်သောအခါ မိမိသည် သိမ်းပိုက်လေ၏။ ဤသူငယ်မကို မသိမ်းရသေးသမျှကာလပတ်လုံး မင်းကြီးနှင့် အန်ကစားခြင်းကိုမပြုပဲ နေ၏။ သိမ်းပိုက်ပြီးသောအခါ ဥပါယ်တမျဉ်ရှာ၍ မင်းနှင့် အန်ကစား၏။

မင်းလည်း ကစားသောကာလ အထက်က ရွတ်မြဲတိုင်းသော ဂါထာကို ရွတ်ပြန်၏။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားက “ဌမ ဂေဟေ ဌပေတွာ မာဏဝိကံ” ဟူသော ဂါထာကို ရွတ်၏။ အဓိပ္ပါယ်ကား “ကျွန်ုပ်၏မြောက်သားဖြစ်သော သူငယ်မကို ထား၍ တပါးသော မိန်းမတို့သာ ယောကျ်ားတဦးနှင့် မရောင့်ရဲပါသည်း” ဟုလိုသည်။ ဤဂါထာဖြင့် ကစားသောအခါ ပုရောဟိတ်ဆရာပင် နိုင်လေ၏။

ခုနစ်ကြိမ်တိုင်တိုင် နိုင်သောအခါ ဗာရာဏသီမင်းလည်း ဤသို့ ကြံပြန်၏။ "ဤပုဏ္ဏား၏ အိမ်တွင် လင်တယောက်သာ ဆက်ဆံခြင်းရှိသော မိန်းမရှိလေရာသည်။ ငါသိအောင် ပြုဦးအံ့"ဟုကြံ၍ တယောက်သော မိန်းမကို စုံစမ်းစေသဖြင့် ရှိကြောင်းကို သိလေသော် "ဤမိန်းမငယ်၏သီလကို ပျက်အောင် ပြုဦးအံ့"ဟုကြံ၍ အဆင်း အရောင်လှသော မင်းချင်းယောကျ်ားတဦးကို ခေါ်၍ "သင်သည် ဤပုရောဟိတ်ပုဏ္ဏား၏ မယားကို သီလပျက်အောင် တတ်နိုင်ပါအံ့လော"ဟုမေး၏။

ထိုယောကျ်ားကလည်း "အရှင်မင်းကြီး အလွန်အားဖြင့် တဆယ့်ငါးရက်ကြာလျှင် တတ်နိုင်ပါ၏"ဟု လျှောက်၏။ ထိုအခါ မင်းကြီးက ထိုယောကျ်ားအား များစွာ ဆုလာဘ်ပေး၍ "သင်ကြံဆောင်လော့"ဟု စေလိုက်၏။

ထိုမင်းချင်းယောကျ်ားလည်း ပုဏ္ဏားအိမ်နှင့်မနီးမဝေး ဖြစ်သော ဈေးတန်း၌ ဈေးအိမ်ပြုလုပ်၍ အထူးထူးသော ပန်းနံ့သာ စားဖွယ် သောက်ဖွယ်တို့ကို ရောင်း၏။

ပုရောဟိတ်ပုဏ္ဏားလည်း ထိုမာဏဝိကာ မည်သော မိန်းမကို ဘုံခုနစ်ဆင့်ရှိသောတိုက်ပြာသာဒ်၌ ထား၏၊ ခုနစ်တန်သောတံခါးတို့၌ မိန်းမအစောင့်သာ ဖြစ်စေ၏။ တပါးသော ယောကျ်ားတို့သည် ရှုကြည့်ရုံမျှပင် ဝင်ခြင်းငှာ မရကုန်။ ထိုမာဏဝိကာ၏တိုက်၌ အမှိုက်ကိုမျှလည်း အလုပ်အကျွေးဖြစ်သော မိန်းမကြီးတယောက်သာလျှင် ယူ၍ ပစ်၏။ ဆင်ယင်ရန် ပန်းနံ့သာကိုလည်းကောင်း၊ စားဖွယ် သောက်ဖွယ်ကိုလည်းကောင်း ထိုမိန်းမတဦးသာလျှင် သွင်းရသတည်း။

အလုပ်အကျွေးမိန်းမသည် မာဏဝိကာအား ဆင်ယင်ရန် ပန်းနံ့သာဝယ်ခြင်းငှါ ဈေးသို့ သာလတ်သော် မင်းချင်းယောကျ်ားသည် မိမိဆိုင်သို့ ခေါ်၍ များစွာသော အစားအသောက် ကျွေး၍ "အကျွန်ုပ်၏ မိခင်နှင့် တူလှသည်"ဟု ဆို၍ ငိုကြွေးလျက် ဖက်ဖက် ယမ်းယမ်းဖြင့် ချစ်ကျွမ်းဝင်အောင် ပြု၏။ မိခင်ဟူ၍သာ ခေါ် ဆို၏။ လိုသမျှကိုလည်း အဖိုးမယူပဲ ကျွန်တော်ကသာ ပေးပါမည် ဆို၍ ကွမ်းကရဝေး အစရှိသည်ကိုလည်းကောင်း၊ ပန်းနံ့သာတို့ကိုလည်းကောင်း များစွာ ပေး၏၊ ထိုသို့ ပြုဖန်များသော် အထိန်းမိန်းမကြီးလည်း ထိုယောကျ်ားအား သားရင်းကဲ့သို့ ချစ်ခင်၏။

တနေ့သ၌ ဤသို့ မေး၏"မိခင် ယခုဘယ်မှာ နေသနည်း၊ ဘယ်သူ၏ အလို့ငှါ ဤပန်းနံ့သာတို့ကို နေ့တိုင်း နေ့တိုင်း ဆောင်ရသနည်း"ဟု မေး၏၊ အထိန်းမိန်းမကြီးကလည်း "ချစ်သား.... နတ်ကိန္နရီမကဲ့သို့ လှပတင့်တယ် နုနယ်သော ပုရောဟိတ် ပုဏ္ဏား၏ မြောက်သားဖြစ်သော မာဏဝိကာကို စောင့်မ၍ နေရသတည်း" ဤသို့စသည်ဖြင့် အလုံးစုံသောအကြောင်းကို ပြောကြား၏။ ပန်းနံ့သာကို များစွာ ဆောင်လေသောအခါ မာဏဝိကာကလည်း"မိခင်... အရှင်ပုဏ္ဏားသည် ကျွန်ုပ်ကို ပန်းဖိုးအသပြာ များစွာပေးပြန်သလော"ဟု မေး၏။ အထိန်းမိန်မကြီးကလည်း"အရှင်ပုဏ္ဏားပေးသည်မဟုတ်၊အကျွန်ုပ်၏ သားထံမှ ဆောင်ခဲ့ရပါသည်"ဟု ပြော၏။ "မိခင်၌ သားရှိသလော" ဟု မေးပြန်လျှင် "လူ့ပြည်တွင် လူ့ယောက်ဟု ဆိုလောက်အောင် လှပတင့်တယ်သော သား ယောကျ်ားကောင်းရှိပါသည်"ဟု ပြောပေ၏။

ယင်းသို့ ပြောဆိုနေကြလျက် ခုနစ်ရက်ခန့်ရှိသောအခါ မင်းချင်းယောကျ်ားသည် နာချင်ယောင်ဆောင်၍ အိပ်ရာ၌နေလေ၏။ အထိန်းမကြီးလည်း ပန်းယူမြဲအချိန်ကို လာ၍ အိမ်မှာ မမြင်သော် "ငါ့သား အဘယ်မှာနည်း"ဟု မေး၏။ အဖော် ဖြစ်သော သူက "မိခင့်သားသည် မချမ်းသာရှိသည်"ဟုပြော၏။ ထိုမိန်းမကြီးလည်း အိပ်ရာတိုက်ခန်းသို့ ဝင်၍ မင်းချင်းယောကျ်ား၏

ကိုယ်လက်ကို ဆုပ်နယ်လျက် "ချစ်သား–အဘယ်သို့ မချမ်းသာသနည်း"ဟု မေး၏။ ထိုယောကျ်ားလည်း စကားမပြန်ပဲ ဆိတ်ဆိတ်နေလေသော် တဖန်ထပ်၍ မေးမြန်းပြန်၏။ ထိုအခါမှ "မိခင်.... ကျွန်ုပ်ပြောခြင်းငှါ မဝံ့ပါ။ အသေပင်ခံပါတော့မည်"ဟု ဆိုလေ၏။ "ချစ်သား... မိခင်ကိုမျှ မပြောဆိုသော် ဘယ်သူ့ကို ပြောဆိုတော့အံ့နည်း။ အလိုရှိသလိုပင် ပြောလော့"ဟု ခွင့်ပေး၏။ ထိုအခါ မင်းချင်း ယောကျ်ားကလည်း "မိခင်... ကျွန်ုပ်အား တပါးဝေဒနာရှိသည်မဟုတ်။ ပုရောဟိတ်ပုဏ္ဏား၏ မိန်းမဖြစ်သော မာဏဝိကာ၏ လှပတင့်တယ်ခြင်းကို မိခင်ပြောကြားသည်မှစ၍ မြင်ချင်လှသော စိတ်ဖြင့် အိပ်ပျော် စားမဝင်ရှိပါသည်။ မမြင်ရမူ ကျွန်တော်သေရချိမ့်မည်"ဟု ဆို၏။ ထိုစကားကို ကြားသော် အထိန်းမကြီးကလည်း "ချစ်သား....ဤအမှုကား ဝန်မလေး၊ မိခင်ကြံ၍ ဆောင်အံ့"ဟု ဆိုပြီးမှ ပန်းနံ့သာတို့ကို များစွာ ယူ၍ သွားလေ၏။

မာဏဝိကာ၏ထံသို့ ရောက်သော် ဤသို့ ပြော၏"ချစ်သမီး... မိခင်သားသည် ချစ်သမီး၏ လှပတင့်တယ်နူနယ်သိမ်မွေ့သော သတင်းကို ကြား၍ အလွန်စုံမက် တိမ်းညွတ်သော စိတ်ရှိသည်ဖြစ်၏။ မစားမအိပ်နိုင်အောင်ပင်ရှိ၏။ ချစ်သမီးနှင့် အလှလည်းတူ၏။ အသက်အရွယ်လည်း တူ၏။ ပုဏ္ဏားကြီးပင် ပျက်စီးငြားသော်လည်း ကျွန်ုပ်သားသည် အားကိုးစရာဖြစ်၏။ ထို့ကြောင့် ချစ်သမီးသည် မိတ်ပြုသင့်လှသည်"ဟု ဆို၏။ မာဏဝိကာကလည်း "မိခင် ကြံ၍သာ ဆောင်ပါလော့"ဟု ဆို၏။

ထိုအခါ အထိန်းမကြီးလည်း တံခါးခုနစ်တန်၌ စောင့်သော မိန်းမတို့အား တခါးဝ၌ မနေစိမ့်သောငှါ မြူအမှိုက်တို့ကို များစွာ ပုတ်ခါ၍ ထုတ်၏။တပါးသူတို့က စိုးစဉ်းပြောဆိုကြလျှင် ထိုသူတို့၏ အထက်၌ အမှိုက်ကို စွန့်ခဲ့၏။ ပြုဖန်များသော် တစုံတယောက်သော မိန်းမမျှ သွင်းသည်ကိုလည်းကောင်း၊ထုတ်သည်ကိုလည်းကောင်း၊ မမေးမကြည့်ကြကုန်။ ထိုအခါမှ အထိန်းမကြီးသည် ပန်းရွက်သော တောင်း၌ မင်းချင်း ယောကျ်ားကို အိပ်စေ၍ တိုက်တွင်းသို့ သွင်းခဲ့လေ၏။

မာဏဝိကာလည်း လျှို့ဝှက်ရာ၌ ထား၍ နှစ်ရက်သုံးရက်ပတ်လုံး မွေ့လျော်စေပြီးမှ "အမောင်–ထွက်ဦးလော့"ဟု ဆို၏။ ထိုမင်းချင်းကလည်း "နှမ အရွယ်မတန်ပဲ ပျော်စံလိုသော ပုဏ္ဏားကြီး၏ ဦးခေါင်းကို ထောင်းပါရစေဦး"ဟု ဆို၏။ ထိုအခါ မာဏဝိကာလည်း သယောက်လင်၏အလိုသို့ ပါ၍ ပုဏ္ဏားကြီး မိမိတိုက်ခန်းသို့ လာသောအခါ ပျားကဲ့သို့ ချိုစွာသော စကားဖြင့် ပုဏ္ဏားအား လှည့်ပတ်၍"အရှင်ပုဏ္ဏား၊ ကျွန်ုပ်တယောက်ချင်းနေရ၍ ပျင်းရိလှပါသည်။ စောင်းတီးပါလော့"ဟု ဆို၍ ပုဏ္ဏားကြီးစောင်းတီးလေ၏။ စောင်းတီးပြန်သော် "ကျွန်ုပ်ကလိုသည်။ အရှင်ပုဏ္ဏား မြင်မည်ကိုလည်း ရှက်လှပါသည်။ မျက်စိကိုအဝတ်ဖုံးပါရစေ"ဟု ဆိုပြန်၏။ ပုဏ္ဏားလည်း ကာမဂုဏ်အားကြီးသူဖြစ်ရကား မယားအလိုသို့လိုက်၍ "မျက်နှာကိုဖုံးပါတော့"ဟု ခွင့်ပေး၏။ သူငယ်မလည်း ပုဏ္ဏား၏မျက်စိကို အဝတ်ဖြင့်ပတ်ပြီးသော် စောင်းတီးစေ၍ အတန်ငယ်ကပြီးလျှင် ပုဏ္ဏား၏ ကိုယ်ကို တိုးကာ ကပ်ကာ ကစား၏။ ထိုအခါ မင်းချင်းယောကျ်ားသည် ပုန်းရာမှထွက်၍ ပုဏ္ဏား၏ ဦးခေါင်းထက်၌ တထောင်ဖြင့်နှက်ပြီးမှ ပုန်းမြဲတိုင်း ပုန်းလေ၏။

ပုဏ္ဏားလည်း အင်တန်နာသော် မာဏဝိကာကို အမျက်ထွက်၍ "သင်၏လက် မဟုတ်"ဟု ဆို၍ ရိုက်နှက်ခြင်းငှာ အားထုတ်၏။ မာဏဝိကာလည်း ပုဏ္ဏား၏ရင်ခွင်ထက်၌ထိုင်၍ အထူးထူးသော မာယာဖြင့် ပျူငှာပြုလျက် အမျက်ကြေစေ၏။ ပုဏ္ဏားကြီး အိမ့်ပြင်သို့ ထွက်သောကာလ

ထို အထိန်း မိန်းမကြီးလည်း မင်းချင်းယောကျ်ားကို ပန်းမှိုက်တောင်း၌ ထည့်၍ ထုတ်မြဲ ထုတ်ခဲ့လေ၏။ မင်းချင်းယောကျ်ားသည် မာဏဝိကာ၏ သီလကိုဖျက်ပြီးသော် မင်းကြီးထံသို့လာ၍ အလုံးစုံသော အကြောင်းကို ကြားလျှောက်၏။

ဗာရာဏသီမင်းကြီးလည်း ပုရောဟိတ်ပုဏ္ဏားသည် မင်းထံခစားခြင်းငှာ လာလတ်သော် "ပုဏ္ဏား ယနေ့အန်ကစားကြအံ့"ဟု ဆို၍ အန်တလင်း၌ မင်းနှင့်ပုဏ္ဏားသည် ကစားပြန်လေ၏။ မင်းလည်း အန်သီချင်းကို ကျူးမြဲကျူးသောအခါ ပုရောဟိတ်ပုဏ္ဏားကလည်း "ဌပေတွာ မမ မာဏဝိကံ"ဟူသော ဂါထာကိုဆို၏။ ထိုအခါ ဗာရာဏသီ မင်းကြီးက "အဆွေပုဏ္ဏား....သင့်မိန်းမ သယောက်ထားသော ယောကျ်ား၏အထောင်းကို စောင်းတီးဆဲ ခံရပြီးလျက် သင့်မိန်းမ၏ ဂုဏ်ကျေးဇူးကို ချီးကျူးရှာသေး သလော"ဟု ဆို၏။ အန်လည်း ပုဏ္ဏားပင် ရှုံးခြင်းသို့ ရောက်၏။

မင်းဆိုသော စကားကိုကြားလျှင် ပုဏ္ဏားလည်း အလွန်ရှက်၍ မာဏဝိကာအား နှိပ်စက်အံ့သောအကြောင်းကို ခွင့်တောင်း၏။ မင်းကြီးကလည်း "ပုဏ္ဏား-သင်၏ မြောက်သားသာမဟုတ်၊ အလုံးစုံသော မိန်းမဟူသမျှပင် မေထုန်ရာဂ၏ အရေးဖြင့် သွေးဆောင်သူ ရှိခဲ့သော် စောင့်ရှောက်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် အမျက်မရှိလင့်"ဟု ဆုံးမလိုက်၏။

ပုဏ္ဏားလည်း အိမ်သို့ပြန်လာခဲ့၍ မာဏဝိကာအား စိစစ်မေးမြန်းလေ၏။ ထိုအခါ မာဏဝိကာသည် မိန်းမတို့၏ မာယာပရိယာယ်ဖြင့် လွှဲဖယ်ပြောဆို၍၊ အရှင်ပုဏ္ဏားမှ တပါး ဘယ်ယောကျ်ား၏ လက်အတွေ့ကိုမျှ မသိရဖူးကြောင်းကို ကျိန်ဆိုပြီးလျှင် "အရှင်မယုံသော် မီးပုံတော်မူ၊ အကျွန်ုပ်သစ္စာပြု၍ မီးတွင်းသို့ ဆင်းပါမည်"ဟု ဝန်ခံ၏။ ပုဏ္ဏားကြီးလည်း "ဤမီးတွင်းသို့ ဆင်းဝံ့မူ ယုံကြည်တော့အံ့"ဟု ဆို၍ မီးပုံစေ၏၊ မီးဆင်းရအံ့သောနေ့သို့ ရောက်သောအခါ အထိန်းမိန်းမကြီးကို မိခင့်သား လာ၍ မီးသို့ဝင်ဆဲ၌ လက်ကိုဆွဲပါစေဟု မှာထားပြီးမှ ပုဏ္ဏားကြီး၏ရှေ့တွင် ဤသို့သစ္စာပြု၏ "ကျွန်ုပ်သည် အမိဝမ်းက ဖွားသည်မှစ၍ ယနေ့ထက်တိုင် လင်ပုဏ္ဏားကြီးမှ တပါးသောယောယျ်ားတို့၏ လက်အထိကိုမျှ မခံရဖူးသည် မှန်ပါ၏။ မှန်ခဲ့သော် ဤမီးပုံသို့ ဆင်းသော်လည်း မွေးညင်း တပင်မျှမလောင်သည်ဖြစ်ပါစေသော။ တပါးသော ယောကျ်ားတို့၏ လက်ထိကိုခံရမူ ဤမီးသည် ထင်း အမှိုက်ကဲ့သို့ လောင်မြိုက်ပါစေသော"ဟု သစ္စာပြု၍ ဆင်းတော့အံ့ဟု မီးပုံသို့ ရှေးရှုသွား၏။

ထိုအခါ မှာထားသောမင်းခ ယောကျ်ားသည် ပရိသတ် လေးပါး၏ရှေ့တွင်လာ၍ "နတ်ကိန္နရာကဲ့သို့ လှပတင့်တယ် နုနယ်သော ဤမိန်းမငယ်ကို မဖွယ်မရာ ပုဏ္ဏားကြီးသည် နှိပ်စက်ဘိလေသည်"ဟု ဆို၍ လက်ကိုဆွဲကိုင်လာ၏။ မာဏဝိကာလည်း "အရှင်ပုဏ္ဏား၊ အကျွန်ုပ် သစ္စာပျက်ချေပြီ။ အရှင့် မျက်မှောက်၌ပင် ဤယောကျ်ား လက်ကို ကိုင်လာသည်"ဟု ဆို၏။ ပုဏ္ဏားကြီးလည်း "ဤ မိန်းမငယ်သည် ငါ့ကို လှည့်စားလေသည်"ဟု ပုတ်ခတ်၍ အိမ်မှနှင်ထုတ်လေ၏။

ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့် မာတုဂါမတို့ မည်သည်ကား မသူတော်တို့၏ တရားကိုလိုက်စား၍ ပြုကျင့်ပြီးလျှင် လင်ကို လည်းကောင်း၊ တပါးသောသူတို့ကိုလည်းကောင်း လှည့်ပတ်ကန်သည်သာဖြစ်၏ ဟူ၍ ဟောတော်မူသည်။

ဤသို့ ကေနိပါတ် အဿာရူပတဇာတ်၌လာသောကြောင့် မီးသို့ဆင်းမည့် မာယာဖြင့် လင်ကို လှည့်ပတ်သော မိန်းမသည် ပုရောဟိတ်ပုဏ္ဏား၏ မယား မာဏဝိကာဟူ၍ မှတ်အပ်၏ဟူပေ။

ဤဇာတ်၌ မာဏဝိကာကဲ့သို့ အဆင်းရှား လှည့်ပတ်ခြင်းသည်သာလျှင် မာယာမည်သည် မဟုတ်။ မိန်းမတို့သည် ယောကျ်ားတို့အား မိမိအလိုသို့ လိုက်စိမ့်သောငှာ လှည့်ပတ်ခြင်း၊သွေး ဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ ကိုယ်အမူအရာ နှုတ်အမူအရာဟူသမျှသည် မာယာမည်သည် သာတည်း။ ထိုမာယာသည် လေးဆယ် အပြားရှိ၏။

လေးဆယ်ဟူသော်ကား—

ဝိဇမ္ဘတိ၊ ကိုယ်ကိုဆန့်၏။ ဝိနမတိ၊ ကိုယ်ကိုညွတ်ကိုင်း၏။ ဝိလာသတိ၊ စံပယ်၏။ ဝိလဇ္ဇတိ၊ ရှက်စနိုးသကဲ့သို့ ပြု၏။ နခေန နခံ ဃဋ္ဋေတိ၊ လက်သည်းဖြင့်ခြစ်၏။ ပါဒေနပါဒံ အက္ကမတိ၊ တဘက်ခြေဖြင့် တဘက်ခြေကိုနင်း၏။ ကဋ္ဌေန ပထဝိံ ဝိလေခတိ၊ သစ်သား လှင်ကန်ဖြင့် မြေကိုခြစ်၏။ ဒါရကံ ဥလ္လင်္ဃတိ ဥလ္လင်္ဃာပေတိ၊ သူငယ်ကို ချီမြှောက်၏။ သူ ငယ်ကိုလည်း ချီမြှောက်စေ၏။ ကီဠတိ ကီဠာပေတိ၊ ကစားကျီစယ်၏။ ကစားကျီစယ် စေ၏။ စုမ္ဗတိ စုမ္ဗာပေတိ၊ ဖက်ယမ်းနမ်းရှုပ်၏။ ဖက်ယမ်းနမ်းရှုပ်စေ၏။ ဘုဉ္ဇတိ ဘုဉ္ဇာ-ပေတိ၊ စားဖွယ်ကိုစား၏။ ေ ားဖွယ်ကိုစားစေ၏။ဒဒါတိ၊ပေးဟန်ပြု၏။ ယာစတိ၊တောင်း ၏။ ကတမနုကရောတိ၊ သူပြုသည်ကိုအတုလိုက်၍ပြု၏။ ဥစ္စံ ဘာသတိ၊ မြင့်၍ဆို၏။ နီစံ ဘာသတိ၊ နိမ့်၍လည်းဆို၏။ အဝိစ္စံ ဘာသတိ၊ ထင်စွာဆို၏။ ဝိဝိစ္စံ ဘာသတိ၊ ကွယ်၍ဆို ၏။ နစ္စေန၊ က သဖြင့်လည်းကောင်း၊ ဂီတေန၊ သီသဖြင့်လည်းကောင်း။ ဝါဒိတေန၊ တီးမှုတ်သဖြင့်လည်းကောင်း။ ရောဒနေန၊ ငိုယိုသဖြင့်လည်းကောင်း။ ဝိလာသိတေန၊ စံပယ်ခြင်းဖြင့်လည်းကောင်း။ ဝိဘူသိတေန၊ တန်ဆာဆင်ခြင်းဖြင့်လည်းကောင်း။ဇဂ္ဃ-တိ၊ ပြင်းစွာရယ်၏။ ပေက္ခတိ၊ စောင်း၍ကြည့်၏။ ကဋိံ စာလေတိ၊ ခါးကိုကော့၍လှုပ် ၏။ ဂုယှဘဏ္ဍကံ သံစာလေတိ၊ လျှို့ဝှက်အပ်သော အင်္ဂါကို ထက်ဝန်းကျင်လှုပ်၏။ ဦရုံ ဝိဝရတိ ၊ပေါင်ကိုဖွင့်လှစ်၏။ ဦရုံ ဝိဒဟတိ၊ ေပါင်ကိုဖုံးလွှမ်း၏။ ထနံ ဒဿေတိ၊ သားမြတ် ကိုပြ၏။ ကစ္ဆံ ဒဿေတိ၊ လက်ကတီးကိုပြ၏။ နာဘိံ ဒဿေတိ၊ ချက်ကိုပြ၏။ အက္ခိံ နိခဏတိ၊ မျက်စိကိုမှိတ်၏။ ဘမုကံ ဥက္ခိပတိ၊ မျက်စိကိုချီ၏။ ဩဋ္ဌံ ဥပလိခတိ၊ နှုတ်ခမ်းကို ကိုက်၏။ ဇိဝှံ နိလ္လာလေတိ၊ လျှာကိုထုတ်၍နှိုလှုပ်၏။ ဒုဿံ မုဉ္စတိ၊ ကိုယ်ဝတ်ကို ကျွတ် ယောင်ပြု၏။ ဒုဿံ ပဋိဗန္ဓတိ၊ ကိုယ်ဝတ်ကိုပြင်၍ဝတ်၏။ သိရသံ မုဉ္စတိ၊ ဆံထုံးကို ဖြေ၏။ သိရသံ ဗန္ဓတိ၊ ဆံထုံးကိုပြင်၍ထုံး၏။ ဣမာနိ၊ ဤလေးဆယ်တို့သည်။ မာယာ၊ လှည့်ပတ် သွေးဆောင်တတ်သော အမူအရာတို့တည်း။

ဤသို့အသီတိနိပါတ် ကုဏာလဇာတ်၌ ဟောတော်မူသည်။

၉၂၈။ ခိုးသူထောင်းသည်၊ လောင်းပွင့်ရည်၊ မည်သည့် ဇာတ်တွင် မည်ကြောင့်နည်း (၂၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား

ကေနိပါတ် တက္ကပဏ္ဍိတဇာတ်တွင် မိန်းမ လှည့်ပတ်သောကြောင့် ဘုရားလောင်းသည် ခိုးသူ ထောင်းသည်ကို ခံရဖူး၏ ဟူပေ။

ထိုအကြောင်းကို ထင်စွာဆိုလိုက်ဦးအံ့—

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုလေသော် ငါတို့အလောင်းတော်သည် ထိုဗာရာဏသီမြို့၏ ကျေးလက်ဖြစ်သော မြို့ကြီးတခု၌ ဗြာဟ္မဏမဟာသာလအမျိုးတွင် ဖြစ်၍ အရွယ်ရောက်သောအခါ သဒ္ဓေးတို့၏ စည်းစိမ်ကို ဆယ်နှစ်ကျော်ခံစားခဲ့ပြီးမှ သံဝေဂတရားရ၍ ရသေ့ရဟန်း ပြုပြီးသော် ဂင်္ဂါမြစ်၏ အနီးတောအုပ်ကြီး တခု၌ နေရာသခ်မ်းပြု၍ နေ၏။ စျာန် အဘိညာဉ် သမာပတ်တို့ကိုလည်း မပြတ်လေ့လာလျက် ရဟန်းချမ်းသာဖြစ်သော သစ်သီးအာဟာရဖြင့်သာ နေ၏။

ထိုအခါ ဗာရာဏသီပြည်၌ သဒ္ဓေးကြီးတဦး၏ သမီးသည် အဆင်းအရောင် လှပလျက် အမျက်စောင်းမာန်ကြီး၏။ ခက်ထန် ကြမ်းကြုတ်သည် ဖြစ်၍ ကျေးကျွန် အမှုလုပ်တို့အား ပုတ်ခတ်ညှဉ်းဆဲ မောင်းမဲ ရေရွတ်လေ့ ရှိ၏။ ထို့ကြောင့် “စဏ္ဍကုမာရီ”ဟု ခေါ် ဆိုကြကုန်၏။ ကျေးကျွန်ဖြစ်သော သူတို့သည် တနေ့သ၌ ထိုစဏ္ဍကုမာရီကို ခေါ်၍ ဂင်္ဂါမြစ်၌ ရေကစားခြင်းငှာ သွားကြကုန်သော် သဒ္ဓေးသမီးသည် အခြံအရံဖြစ်သော သူတို့အား ရေမှ မတက်ရအောင် ဗလက္ကာရဆွဲ၍သာ ကစားပျော်ပါးစေသည်နှင့် နေဝင်သောအခါ ကြီးစွာသော မိုးသည်တက်၍ ရွာလတ်၏။ ထိုအခါ ကျေးကျွန်တို့သည် စဏ္ဍကုမာရီကို ရေ၌ မျောလေအောင် တွန်းပစ်ပြီးမှ မြန်စွာတက်၍ အိမ်သို့ လာကြ၏။ သဒ္ဓေးက “ငါ့သမီး အဘယ်၌ နေရစ်သနည်း”ဟု မေးသော် “ကျွန်ုပ်တို့ရှေ့ပင် တက်သွားလေသောကြောင့် မြန်စွာ လိုက်လာပါသည်”ဟု ဆိုကြကုန်၏။ မိဘ ဆွေမျိုးတို့သည် ထိုမှ ဤမှ ရှာဖွေကြသော်လည်း မရနိုင်လေကုန်။

သဒ္ဓေးသမီးမူကား ရေအလျဉ်၌မျောလေသော် သစ်တုံးတခုကိုအမှီရလျက် အစဉ်အတိုင်းမျောလေသဖြင့် သန်းခေါင်ယံရှိသောအခါ ဘုရားအလောင်း ရသေ့၏နေရာအနီး သစ်ပင်လဲကြီးတခု၌ တင်လာ၏။ ရသေ့သခ်မ်းမှ မီးကို မြင်သောအခါ စဏ္ဍကုမာရီလည်း ကယ်ပါ ကယ်ပါဟု ကြော်ငြာ ဟစ်ကြွေး၏။ ရသေ့လည်း ထိုအသံကြားလျှင် ဤအသံကား မာတုဂါမ၏ အသံတည်း။ သို့ရာတွင် ငါကယ်မှ အသက်ချမ်းသာတော့မည်ဟု နှလုံးပြု၍ မြက်မီးရှူးကို ကိုင်လျက် ရေနားသို့ သက်ဆင်းပြီးလျှင် ဆင်ပြောင်ကြီး၏ အားနှင့်တူသော အားဖြင့် ကူးကာ ဆယ်ယူ၍ မိမိသခ်မ်းသို့ ဆောင်ပြီးသော် မီးလှုံစေ၍ အချမ်းပြေသောအခါမှ အရသာရှိသော သစ်သီးတို့ကို စားစေ၏။ ယင်းသို့ ပြုစုပြီးမှ သင်ကား အဘယ်အရပ်၌နေသော ဘယ်သူ၏ သမီးနည်းဟု မေး၏။ စဏ္ဍကုမာရီကလည်း ဗာရာဏသီပြည်၌ နေသော သဒ္ဓေးသမီးဖြစ်ကြောင်း၊ ရေကစားရာ၌ ကျေးကျွန်တို့သည် တွန်းပစ်၍ မျောလာကြောင်းကို ပြောဆို၏။ ဘုရားအလောင်း ရသေ့လည်း ယနေ့ ဤသခ်မ်းတွင်း၌ပင် သင်အိပ်လော့။ ငါတို့ရဟန်း မည်သည်ကား မိန်းမနှင့် တမိုးတည်းရုံတည်းသော ကျောင်း၌ နေ၍မသင့်ချေဟု ဆိုပြီးမှ လွင်တီးခေါင်သို့ ဆင်း၍ နေ၏။

ဤသို့သောနည်းဖြင့် နှစ်ရက် သုံးရက် နေစေပြီးမှ “သဒ္ဓေးသမီး သင်သွားလေတော့။ သင့်မိဘ နေသော ဗာရာဏသီမြို့သည် ဤအရပ်မှ တယူဇနာခွဲကွာ၏။ ဂင်္ဂါမြစ်ကို အစဉ်လျှောက်၍ သင်သွားလေ”ဟု ဆို၏။ စဏ္ဍကုမာရီလည်း မိမိချည်း မသွားဝံ့ရကား ဤရသေ့အား သီလပျက်စေပြီးမှ ငါဆောင်၍ သွားအံ့ဟု ကြံလျက် လေးငါးရက်တိုင်အောင် မသွားပဲ နေ၏။ ယင်းသို့နေပြီးသော် ရှင်ရသေ့အား မိန်းမတို့၏ ပြုအပ်သော ကိစ္စဖြင့် သီလကို ပျက်စီးစေ၏။

ရသော်လည်း ဈာန်မှ လျှောကျ၍ သီလပျက်ပြီးသော်လည်း ဤတောအုပ်၌ပင် နေ၏။ ထိုအခါ သဌေးသမီးက "အမောင် ကျွန်ုပ်တို့သည် ဤတော၌ နေသဖြင့် ဘယ်အကျိုးရှိအံ့နည်း။ လူတို့နေရာ မြို့ရွာသို့ သွားကြကုန်အံ့"ဟုဆို၍ လာခဲ့ကြပြီးသော် တခုသောပစ္စန္တရွာ၌ အိမ်ပြု၍ နေ၏။ သစ်သီးတို့ကို ဆားစိမ်သောရက်တက်ဖြင့် ရောင်းစား၍ရသော အဖိုးဖြင့် အသက်မွေးကြ၏။ ထိုကြောင့် လူထွက်ကို "တက္ကပဏ္ဍိတ"ဟု သမုတ်ကြသတည်း။

ယင်းသို့ နေရာတွင် တရံသောအခါ ခိုးသူသည် တောင်မှ ဆင်းသက်၍ ထိုပစ္စန္တရွာကို လုယက် တိုက်ဖျက်ပြီးလျှင် ရသော ဘဏ္ဍာတို့ကို ထိုရွာသူ မိန်းမတို့အား ရွက်စေ၍ အတန်ငယ် ပို့စေပြီးမှ လွှတ်လိုက်၏။ သဌေးသမီး စဏ္ဍကုမာရီကိုကား ခိုးသားဗိုလ်မှူးသည် မြင်သောအခါ လွန်စွာ တပ်သော စိတ်ရှိသည်ဖြစ်၍ မပြန်စေပဲ မယားပြုလေ၏။ တက္ကပဏ္ဍိတသည်း ခိုးသူတို့ သိမ်းပိုက် ကြောင်းကို ကြားသော် ငါ၏မယားသည် တရားမဲ့ကျင့်သော သူတို့၏ထံ၌ မနေပဲ မကြာမီ ငါ့ထံ သို့ လာလတ္တံ့ဟု မျှော်လျက်သာနေ၏။

စဏ္ဍကုမာရီကမူကား ဤသို့ ကြံ၏ "ငါသည် ဤလူဆိုးတို့၏ထံ၌ စားလိုတိုင်း ဝတ်လိုတိုင်း စားရ ဝတ်ရ၏။ တက္ကပဏ္ဍိတသည် ငါ့ကို စုံမက်သဖြင့် တစုံတယောက်သောမင်းကို အမှီပြု၍ မရ ရအောင် ကြံဆောင် ယူလာလတ္တံ့။ ထိုသို့ ယူလာသော် ငါ၏ချမ်းသာမှ ယုတ်လတ္တံ့။ ဤတက္ကပဏ္ဍိတကို အစပြတ်အောင် ပြုမှသင့်မည်"ဟု ကြံ၍ လူတယောက်ကို ခေါ်ပြီးလျှင် "အရှင် တက္ကပဏ္ဍိတသည် ဤလ ဤနေ့၌ကျွန်ုပ်ကို ဆောင်လာပါ"ဟု သတင်းစာ ပေးလိုက်၏။ တက္ကပဏ္ဍိတ လည်း ထိုစကားကို ယုံကြည်သည်ဖြစ်၍ ဆောင်ယူခြင်းငှါ သွားလေပြီးသော် ရွာ၏ အနီး၌ နေ၍ သတင်းကို ပို့စေ၏။ စဏ္ဍကုမာရီလည်း ထွက်လာ၍ အတွေ့ခံပြီးလျှင် ဤသို့ဆို၏ "အမောင် ယခု နေ့အခါ၌ ငါတို့ အကယ်၍ သွားသည်ဖြစ်အံ့။ ခိုးသားကြီးသည် လိုက်၍ သတ်တော့မည် မချွတ်ပြီ။ ညဥ့်ကိုသွားမှသာ လျော်မည်။ ထိုကြောင့် ပုန်းကွယ်ရာ အရပ်၌ပင် နေပါဦးလော့"ဟု ဆို၍ တခုသော ကျီထက်၌ နေစေ၏။

• ခိုးသူကြီးတို့သည် နေ့လည်ပတ်ရာမှ ပြန်၍ ညစာစားသော် သေရည်ကိုသောက်၍ ယစ်သော အခါ သဌေးသမီးက ဤသို့ ဆို၏။ ချစ်လင်....ယခုနှယ်အခါ၌ ကျွန်ုပ်ကို ဆောင်ယူအံ့သောသူလာ လျှင် ဘယ်သို့ပြုချေအံ့နည်းဟု မေး၏။ ခိုးမှူးကြီးကလည်း ဤသို့ထောင်းမည် ဤသို့ထုမည်စသည် ဖြင့် ကြုံးဝါး၏။ ထိုအခါ မိန်းမက "ချစ်လင် ဝေးနေသူဟုပေးသည်ဟု မှတ်သလော။ အိမ်နောက်ကျီထဲ တွင် ရှိသည်ဘကား"ဟု ပြော၏။ ထိုစကားကိုကြားလျှင် ခိုးမှူးကြီးလည်း မြန်စွာထ၍ ကျီထဲမှ တက္ကပဏ္ဍိတကို ဆွဲငင်၍ ပုတ်ခတ် ထောင်းထုလေ၏။ တက္ကပဏ္ဍိတလည်း ညဥ်းဆဲတိုင်း တပါးသော စကားကို မဆိုမူ၍—

ကောဓနာ အကတညူ စ၊ ပိသုဏာ မိတ္တဘေဒကာ—

ဟူသော စကားကိုသာ ဆို၏။

ထိုပါဌ်၏ အဋ္ဌကား။ ။ဣတ္ထိယော နာမ၊ မိန်းမတို့ မည်သည်ကား။ ကောဓနာ၊ အမျက် ကြီးကုန်၏။ အကတညူ စ၊ ပြုဖူးသောသူ၏ ကျေးဇူးကိုလည်း မသိတတ်ကုန်။ ပိသုဏာ စ၊ သူနှစ်ယောက်တို့၏ အချစ်ကို ပျက်စေတတ်သော စကားကိုလည်း ဆိုတတ်ကုန်၏။ မိတ္တဘေဒကာ စ၊ အဆွေခင်ပွန်းကိုလည်း ဖျက်ဆီးတတ်ကုန်၏။

ခိုးမှူးကြီးလည်း တက္ကပဏ္ဍိတကို ပုတ်ခတ်ထောင်းထု၍ မောပန်းသောအခါ သင့်ရာ၌ ချည်နှောင်ထားပြီးမှ မိမိကား အိပ်နေ၍ သေယစ်ခြင်း ပြယ်သောအခါ နိုးလာ၍ တဖန် ပုတ်ခတ်ပြန်အံ့သောငှါ အားထုတ်သော် တက္ကပဏ္ဍိတလည်း ဆိုမြဲတိုင်း စကားလေးခုကိုသာ ဆို၏။ ထိုအခါ ခိုးမှူးကြီးက ဤသို့မေး၏ "အချင်းယောကျ်ား... ဤစကားလေးခုကိုသာ ဘယ့်ကြောင့် မြည်တမ်းသနည်း၊ သင်၏ကျေးဇူးသည် ဘယ်သူ၌ ရှိဖူးသနည်း" ဟု မေး၏။

ထိုသို့မေးသော် တက္ကပဏ္ဍိတကလည်း "အချင်းယောကျ်ား... နားထောင်ဦးလော့၊ ငါသည် ဂင်္ဂါမြစ်၏ အနီး၌ ရသေ့ရဟန်းပြု၍နေရာ ဤမိန်းမသည် မြစ်၌မျောလာ၍ ဆယ်တင်ပါသည်။ တင်ပြီးလျှင် သင့်မိဘရှိရာ အရပ်သို့ သွားလေတော့ဟု ဆိုပါသည်ကို မသွားလိုပဲ ငါ၏သီလကို ဖျက်ဆီးသောကြောင့် ရက်တက်သည်ကြီးအဖြစ်သို့ ငါရောက်ရသည်၊ သင်တို့ ဆောင်လေသောအခါ ငါရဟန်းပြုခွင့် ရပြန်ပြီဟု ငမ်းမြောက်စွာ နေပါသည်ကို ယူလာပါဦးဟု မှာလိုက်ပြန်သောကြောင့် ယခု ငါလာရသည်၊ လာရပြန်သော် မလိုက်လိုလျှင် မလိုက်လိုကြောင်းဖြင့်သာ မပြော။ သင်ခိုးမှူးနှင့် ငါ့အကြားတွင် ကုန်းစကားပြု၍ သင်လည်းမကောင်းမှု ဖြစ်လေအောင်၊ ငါလည်း အကျိုးမဲ့ သေလေအောင် ပြုရက်လေသည်။ ထို့ကြောင့် "ကောဓနာ အကတညူ-စသော စကားကို ငါဆိုသတည်း" ဟူ၍ ပြော၏။

ထိုစကားကို ကြားရလေသော် ခိုးမှူးသည် သံဝေဂဖြင်တည့်၏၊ ဤမိန်းမသည် ဤမျှလောက် ကျေးဇူးကြီးသော လင်ကိုလျှက် အသက်သေအောင် ကြံဆောင်လေသည်။ ကျေးဇူးမရှိသော ငါတို့ကိုကား အဘယ် ဆိုဖွယ်ရာရှိအံ့နည်းဟု မြည်တမ်း၍ ပြစ်မှားမိသည်ကိုလည်း တောင်းပန်ပြီးမှ ထိုစဏ္ဍကုမာရီကို ရွာပြင်သို့ထုတ်၍ သန်လျက်ဖြင့် ခုတ်သတ်လေ၏။ ဘုရားအလောင်းလည်း ခိုးမှူးအား တရားဟောပြီးလျှင် ယခင်နေမြဲသော တောသို့ ပြန်၍ ရဟန်းပြုလေ၏။ ခိုးမှူးလည်း ထိုတက္ကပဏ္ဍိတ၏ ထံ၌ပင် ရသေ့ပြု၍ နေလေသည်။ အသက်အတိုင်းနေ၍ စုတေသောအခါ ကအားလျော်စွာ လားရလေ၏။ ဤ တက္ကပဏ္ဍိတကား ယခုအခါ ငါဘုရား ဖြစ်တော်မူလှာ၏။ ခိုးသားကား ဥက္ကဏ္ဍိ ရဟန်း ဖြစ်၏။

ဤဇာတ်၌ ဘုရားအလောင်းကို ခိုးသားထောင်းဖူး၏ ဟူပေ။

၉၂၉။ ပစ္စေကဗုဒ္ဓါမည်၊ သုံးဆူသည်၊ မည်ပါရမီ ဖြည့်သနည်း။ (၂၂၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား ...

ပစ္စေကဗုဒ္ဓါတို့သည် လည်းကောင်း၊ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက တို့သည် လည်းကောင်း၊ ဒါန, သီလ, နိက္ခမ, ပညာ, ဝီရိယ, ခန္တီ, သစ္စာ, အဓိဋ္ဌာန်, မေတ္တာ, ဥပေက္ခာ ဟူသော ပါရမီ ဆယ်ပါး၊ ဧရိယသုံးပါး၊ ပရိစ္စာဂ ငါးပါးတို့ကိုပင် ဖြည့်ရသည်။ ကျင့်ဝတ်တရားကား ဘုရားအလောင်းတို့နှင့် မထူးပြားပြီ။ ပါရမီ ဖြည့်ရသောကာလ အရှည်အတိုသာ ထူးပြားကြသည်။

ထိုကြောင့် သုတ္တနိပါတ်အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ် အဖွင့်၌—

ပစ္စေကဗုဒ္ဓါနံ ပန ကိံ စရိယံ ပတ္ထနာ ဝဋ္ဋတိ၊ ဒွေအသင်္ချေယျာနိ ကပ္ပသတ-
သဟဿဉ္စ၊ တတော ဩရံ န သက္ကာ၊ ပုဗ္ဗေ ဝုတ္တနယေနေဝေတ္ထ ကာရဏံ ဝေဒိတဗ္ဗံ။

ဟူ၍ မိန့်တော်မူသည်။

၉၃၀။ သင်္ချေရှစ်မည်၊သက်တော်သည်၊ မည်အကြောင်းကြောင့် မရှည်သနည်း။ (၂၂၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဘုရားသခင်တို့ ပါရမီဖြည့်ရသော ကာလမျှလောက် သက်တော်တည်လိုသော် တည်နိုင်စွမ်း လျက် ဘယ့်ကြောင့် မရှည်သနည်းဟု မေးသည်။ ဘုရားရှင်တို့၏ ဓမ္မတာကို မလွန်နိုင် သောကြောင့် မရှည်သည် ဟူပေ။

၉၃၁။ တရားဆယ်တည်၊ မင်းကျင့်ရည်၊ ဘုန်းစည်ဘယ်တွင် ဟောသနည်း။ (၂၂၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိ စ အဝိရောဓနံ။

ဒါနံ၊ အလှူပေးခြင်းလည်းကောင်း။ သီလံ၊ ငါးပါးသီလကို ဆောက်တည်ခြင်းလည်းကောင်း။ ပရိစ္စာဂံ၊ အခြံအရံ ကျေးကျွန်တို့နှင့်တကွ နှမ်းပါးသောသူတို့အား စွန့်ကြဲခြင်း လည်းကောင်း။ အဇ္ဇဝံ၊ ဖြောင့်မတ်ခြင်း လည်းကောင်း။ မဒ္ဒဝံ၊ နူးညံ့ခြင်းလည်းကောင်း။ တပံ၊ ခြိုးခြံစွာ ကျင့် သော ဥပုသ် ဆောက်တည်ခြင်း လည်းကောင်း။ အက္ကောဓံ၊ အမျက်မထွက်ခြင်း လည်းကောင်း။ အဝိဟိံသဉ္စ၊ မညှဉ်းဆဲခြင်း လည်းကောင်း။ ခန္တိ စ၊ သည်းခံခြင်း လည်းကောင်း။ အဝိရောဓနံ၊ လူခပ်သိမ်းတို့နှင့် မဆန့်ကျင်ကြောင်း ကောင်းစွာကျင့်ခြင်း လည်းကောင်း။ ဣတိ၊ ဤသို့။ ဒသ-ရာဇဓမ္မေ၊ ဆယ်ပါးသော မင်းကျင့်တရားတို့ကို။ ဘာဝယေ၊ ပွားစေရာ၏။

ဤသို့ အသီတိနိပါတ် မဟာဟံသဇာတ်တွင် ဟောတော်မူသည်။

၉၃၂။ ဥပ္ပလဝဏ်ထေရီ၊ မိန်းမသည်၊ မည်တေဒဂ် ရသနည်း။ (၂၂၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား...

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တာနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ—

ဟူ၍ အင်္ဂုတ္တိုရ် ပါဠိတော်၌ လာသောကြောင့် တန်ခိုးကြီးကုန်သော ဘိက္ခုနီမတို့ထက် ကဲလွန် ၍ တန်ခိုးကြီးခြင်း တည်းဟူသော ဣဒ္ဓိမန္တတေဒဂ်ကိုရ၏ ဟူပေ။

၉၃၃။ ကုသိုလ်ဖြစ်ရည်၊ အကြောင်းသည်၊ မည်ပဒဋ္ဌာန် ဆိုပမ့်နည်း။(၂၂၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အနဝဇ္ဇဣဋ္ဌဝိပါကလက္ခဏာနီ၊ တာနိ အကုသလဝိဒ္ဓံသနရသာနိ၊ဝေါဒါနပစ္စုပဋ္ဌာနာနိ၊ ယောနိသော မနသိကာရပဒဋ္ဌာနာနီတိ ဝေဒိတဗ္ဗာနိ။

ဟူ၍ အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီ၌ မိန့်ရကား ကုသိုလ်တရားတို့သည် အပြစ်မရှိ၊ လိုအပ်သော အကျိုးကို ပေးတတ်သော လက္ခဏာရှိ၏။မကောင်းသော အကုသိုလ်တရားကို ဖျက်ဆီးတတ်သော ကိစ္စရှိ၏။ ဖြူစင်သောအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ အသင့်အားဖြင့် နှလုံးသွင်းခြင်းလျှင် ကုသိုလ်ဖြစ်ကြောင်းဖြစ်ရကား ယောနိသောမနသိကာရလျှင် ပဒဋ္ဌာန်ရှိ၏ဟု ဆိုသည်။

၉၃၄။ ယာ သာ ပုဒ်သည်၊ အာနှင့်တည်၊ မည်မျှလိင်မျိုး ဆံသနည်း။(၂၂၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဒွိလိင်သည် ဣတ္ထိလိင် ပုလ္လိင်၊ ဣတ္ထိလိင် နပုလ္လိင်၊ ပုလ္လိင် နပုလ္လိင်အားဖြင့် သုံးပါးရှိသည်တွင် ရှေးဒွိလိင်နှစ်မျိုးနှင့် ဆက်ဆံသင့်ရကား ဣတ္ထိလိင်၊ ပုလ္လိင်နှစ်ပါး ဆံ၏ဟူပေ၊

ဣတ္ထိလိင်ဆံသော ဥဒါဟရဏ်ကား။ ယာ ဩဇာ။ ယာ မာလာ။ ယာ နာရီ။ယာ ဓမ္မဇာတာ ပုဒ်တို့တည်း။

ပုလ္လိင်ဆံသော ဥဒါဟရဏ်ကား။ ယာ ဒေဝတာ။ သာ ဒေဝတာ။ ယာ ဝဇ္ဇာ-ပုဒ်တို့တည်း။

၉၃၅။ သုဒ္ဓဒိန်တည်၊ နှစ်ဦးလည်၊ မည်သို့ထုတ်သော် မှန်သနည်း။(၂၂၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သုဒ္ဓဒိန၊ သိလိုကြ၊ သုံးရာ့ခြောက်ဆယ်ထုတ်။
မစုံခြောက်ရက်၊ လျှော့ပြီးလျက်၊ ရှေ့နှစ်-ရက်လွန်နုတ်။
ကေတက်ဦး၊ တန်းခူးဆန်းစ၊ နေ့ရက်ရ၊ ကျမ်းမ ဗေဒင်ချုပ်။
ၚင်းဒိန်မှာ၊ အတာရောထား၊ သတ္တစား၊ ကြွင်းငြားနေ့စဉ်ဟုတ်။
တနည်းထုတ်ရန်၊ တာမပြန်၊ တည်ဟန်မာတုလဲ။
တာပြန်နှစ်မှာ၊ တည်ဖို့ရာ၊ မှတ်ပါတော်တုလဲ။
ရက်လွန်သစ်နှင့်၊ နုတ်ပစ်ပြီးခါ၊ ထိုသချာတွင်၊ မာသာတန်းခူး၊ ဆန်းဦးသုဒ္ဓဒိန်စွဲ။
တာရက်ရောကာ၊ သတ်စားပါ၊ ကြွင်းမှာ နေ့ဖြစ်မြဲ။

ဤနည်းအမှန်ပင် ဖြစ်သော်လည်း ရက်မငင်သင့်သောနေ့စ်တို့၌ ရက်ငင်၍ လေးလရက်ငံ့ သတ်ခဲ့သော်လည်းကောင်း၊ ရက်ငင်သင့်လျက် မငင်ခဲ့သော နှစ်တို့၌လည်းကောင်း တခု အလွန် အယုတ်ရှိတတ်သည်။ ထို့ကြောင့် ပညာရှိတို့ ဆင်ခြင်၍သာ ပြုရမည်။

၉၃၆။ ဇာတ်ကိုမတည်၊ ငဲ့လေသည်၊ မည်သည့် ပြယုဂ်ပေတို့တည်း။ (၂၂၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

များသော အနက်ဒြပ်ကို ဟောလျက် ဇာတ်ကိုငဲ့၍ ဧကဝုစ်ထားသော သဒ္ဒါကား "ပဋိသန္ဓိ ယောနိသော စိဝရံ" အစရှိသည်တည်း။

ဤ၌ စိဝရသဒ္ဒါသည် ကိုယ်ဝတ်၊ ဒုကုဋ်၊ သင်းပိုင်၊ မျက်နှာသုတ်၊ နိသီဒိုင်၊ မိုးရေခံ၊ အမာ လွှမ်း၊ အိပ်ရာခင်း၊ ပရိက္ခရာဟူသော သင်္ကန်းကိုးထည်လုံးကို ဆင်ခြင်သည်ဖြစ်၍ ဗဟုဝုစ် ဆိုသင့် လျက် သင်္ကန်းသာမညဇာတ်ကို ငဲ့သဖြင့် ဧကဝုစ်ဆိုလေသည် ဟူလို။

၉၃၇။ ဒြပ်ကိုတည်၊ ငဲ့လေသည်၊ ယင်းသည် ပြယုဂ် ဘယ်သို့နည်း။ (၂၂၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တခုတည်းသော အနက်ကို ဟောလေသည်ဖြစ်၍ ဧကဝုစ် ဆိုသင့်လျက် ဒြပ်ကိုငဲ့၍ ဗဟုဝုစ် ဆိုသည်ကား –

ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ။

အစရှိသည်တည်း။

ဤရဟန်းငယ် ပါရိသုဒ္ဓိကိုပြုရာ၌ အဖော်ရဟန်းကြီး တပါးတည်းဖြစ်၍ ဓာရေထဟု ဧကဝုစ် ဆိုသင့်လျက် ဂရုပြုအပ်သောအရာ ဖြစ်သောကြောင့် ဒြပ်ကိုငဲ့၍ ဗဟုဝုစ်ဆိုရ၏ ဟူလိုသည်။ တပါး အရာ ပါဌ်ကိုလည်း ပြယုဂ်မူလေ။

၉၃၈။ ထွက်ဝင်သက်မည်၊ ယင်းနှစ်တည်၊ ဘယ်သည် အဦးဖြစ်သနည်း။ (၂၃၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အမိဝမ်းမှ ဖွားစသောသူအား ထွက်သက် ရှေးဦးဖြစ်သည်။ ထို့နောက်မှ ဝင်သက်ဖြစ်၏။

ထို့ကြောင့် ဝိနည်းအဋ္ဌကထာ၌—

အဿာသောတိ ဗဟိနိက္ခမနဝါတော။ ပဿာသောတိ အန္တော ပဝိသနဝါတော။ သုတ္တန္တဋ္ဌကထာသု ပန ဥပ္ပဋိပါဋိယာ အာဂတံ။ တတ္ထ ဟိ သဗ္ဗေသမ္ပိ ဂဗ္ဘသေယျကာနံ မာတု ကုစ္ဆိတော နိက္ခမနကာလေ ပဌမံ အဗ္ဘန္တရဝါတော ဗဟိ နိက္ခမတိ။ ပစ္ဆာ ဗာဟိရဝါတော သုခုမံ ရဇံ ဂဟေတွာ အဗ္ဘန္တရံ ပဝိသန္တော တာလုံ အာဟစ္စ နိဗ္ဗာယတိ။ ဧဝံ တာဝ အဿာသပဿာသာ ဝေဒိတဗ္ဗာ။ ။ဟူ၍မိန့်၏။

အဿာသောတိ၊ ဟူသည်ကား။ ဗဟိနိက္ခမနဝါတော၊ အပသို့ထွက်သော လေတည်း။ ပဿာသောတိ၊ ဟူသည်ကား။ အန္တောပဝိသနဝါတော၊ အတွင်းသို့ဝင်သော လေတည်း။ သုတ္တန္တဋ္ဌကထာသု ပန၊ သုတ်အဋ္ဌကထာတို့၌ကား။ ဥပ္ပဋိပါဋိယာ၊ အစဉ်မဟုတ်သောအားဖြင့်။ အာဂတံ၊ လာ၏။ ဟိ သစ္စံ၊ ၏။တတ္ထ၊ ထိုထွက်သက်, ဝင်သက် နှစ်ပါးတို့တွင်။ သဗ္ဗေသမ္ပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဂဗ္ဘသေယျကသတ္တာနံ၊ အမိဝမ်း၌ ကိန်းကုန်သော သတ္တဝါတို့အား။ မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ နိက္ခမနကာလေ၊ ဖွားစသောအခါ၌။ ပဌမံ၊ ရှေးဦးစွာ။ အဗ္ဘန္တရဝါတော၊ ကိုယ်တွင်း၌ဖြစ်သော လေသည်။ ဗဟိ၊ အပသို့။ နိက္ခမတိ၊ထွက်၏။ ပစ္ဆာ၊ နောက်မှ။ ဗာဟိရဝါတော၊ အပမှဖြစ်သော လေသည်။ သုခုမံရဇံ၊ သိမ်မွေ့သော မြူကို။ ဂဟေတွာ၊ ယူ၍။ အဗ္ဘန္တရံ၊ အတွင်းသို့။ ပဝိသန္တော၊ ဝင်လေသော်။ တာလုံ၊ အာစောက်ကို။ အာဟစ္စ၊ ထိ၍။ နိဗ္ဗာယတိ၊ ငြိမ်း၏။ ဧဝံ၊ဤသို့။ တာဝ၊ အစဉ်အတိုင်း။ အဿာသပဿာသာ၊ တို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။

ဝိနည်း အဋ္ဌကထာ၌ကား။ ။သတ္တဝါတို့၏ သန္တာန်၌ ဖြစ်စဉ်ကိုယူ၍ ဆိုသည်။

သုတ် အဋ္ဌကထာ၌ကား။ ။ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်၏ နှလုံးသွင်း အစဉ်သို့ လိုက်၍ အဿာသကို ဝင်သက်၊ ပဿာသကို ထွက်သက်ဟု ဆိုသည်။

ဝိနည်းအဋ္ဌကထာ၏ အလိုအားဖြင့်။ ။အာဒိမှိ သာသော အဿာသောဟု ဝိဂ္ဂိုဟ်ပြု။ အာဒိမှိ၊ ဖွားစကာလ၌။ သာသော၊ လွတ်သောလေတည်း။ အဿာသော၊ ဖွားစကာလ၌ လွတ်သောလေ။ ပစ္ဆာ သာတော ပဿာသော။ ။ပစ္ဆာ၊ နောက်မှ။ သာသော၊ ရှူသောလေတည်း။ ပဿာ-သော၊ နောက်မှ ရှူသောလေ။

သုတ်အဋ္ဌကထာ၏ အလိုအားဖြင့်။ ။အန္တော မုခံ သသတီတိ အဿာသော။ ဗဟိ မုခံ သ သ တီတိ ပဿာသောဟု ဝိဂ္ဂိုဟ်ပြုလေသည်။

၆၃၉။ ရေနတ်တွင်မည်၊ နဂါးပြည်၊ ဘယ်သည် ရပ်၌တည်သနည်း။ (၂၃၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဧရနတ် နဂါးတို့သည် ဇမ္ဗူဒိပ်ကျွန်း၏ မြောက်ဘက် ကမ်းနားဖြစ်သော သမုဒ္ဒရာလှိုင်းအပြင်၌ လည်းကောင်း၊ သီဟိုဠ်အစရှိသော ကျွန်းငယ်တို့၏ ကမ်းနားဖြစ်သော သမုဒ္ဒရာလှိုင်းအပြင်၌ လည်းကောင်း တည်ကုန်သည်။

ထို့ကြောင့် သာရတ္ထသင်္ဂဟ၌“တတ္ထ ယေ နာဂါ မဟာသမုဒ္ဒေ ဦမိပိဋ္ဌေ ပဋိဝသန္တိ”ဟူ၍မိန့်၏။

ထိုနဂါးတို့တွင် နဂါးမတို့သည် ဥတုလာခြင်း၊ သံဝါသဖြစ်ခြင်း သတ္တဝါဇုတိခြင်း တည်းဟူသော အကြောင်းသုံးပါးညီသဖြင့် ကိုယ်ဝန်ရှိသောအခါ ငါတို့သည် ဤအရပ်၌ သားဖွားသည်ဖြစ်အံ့။ သားငယ်တို့သည် လှိုင်းတံပိုး အဟုန်ကိုလည်းကောင်း၊ ဂဠုန်တို့၏ ပံ့လည်ခြင်းကြောင့်ဖြစ်သော လေအဟုန်ကိုလည်းကောင်း သည်းမခံနိုင်ရာ၊ သေပျက်သည်ဖြစ်လတ္တံ့ဟု ကြံကုန်၍ ထိုသမုဒ္ဒရာနှင့် ဟဆက်တည်းတည်သော ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူဟူသော မြစ်ကြီးတို့တွင် တခုခုသော မြစ်ကြီးဖြင့်လာ၍ ဟိမဝန္တာတောအုပ်သို့ ဝင်ပြီးလျှင် ဂဠုန်တို့ ကွယ်ဝှက်ရာဖြစ်သော တောင်ခေါင်းတို့၌လည်းကောင်း၊ ရွှေလိုဏ်၊ ငွေလိုဏ်၊ ပတ္တမြားလိုဏ်တို့၌လည်းကောင်း ခိုအောင်း၍သာ ဖွားကြကုန်၏။ ထိုနဂါးတို့ ပြေးသွားနိုင်သောအခါ ဂင်္ဂါမြစ်စပ်၏ ဖမျက်ပမာဏ ရှိလောက်သောရေ၌ ကူးသွား ပြေးလွှားခြင်းကို သင်စေ၏။ ဂင်္ဂါမြစ်၌ ဤမှာဘက်မှသည် ထိုမှာဘက်သို့၊ ထိုမှာဘက်မှသည် ဤမှာဘက်သို့ ကူးသန်းသွားလာနိုင်သောအခါ ငါတို့သားသည် သမုဒ္ဒရာတံပိုး အဟုန်ကိုလည်းကောင်း၊ ဂဠုန်လေကိုလည်းကောင်း ခံနိုင်လောက်ပြီဟု အမှတ်ရှိ၍ မိမိတို့၏ အာနုဘော်ဖြင့် ကြီးစွာသောမိုးကို ရွာစေ၍ ဟိမဝန္တာ၌ ရေပြည့်မှုရှိသောအခါ ရတနာ အတိပြီးသောလှေကို ဖန်ဆင်းလျက် ထိုလှေ၌ ဆန်းကြယ်တင့်တယ်သော ပန်းဆိုင်း နံ့သာဆိုင်း ဗိတာန်ကြာယပ်တို့ကို ဆင်ယင်လျက် ပဥ္စင်တူရိယာ တီးမှုတ်၍ သီက မှုတ်ပြီးလျှင် ဂင်္ဂါမြစ်ဖြင့် စုန်၍ မိမိတို့၏နေရာ သမုဒ္ဒရာကမ်းနားသို့ သွားကြကုန်၏။ ထိုနဂါးငယ်တို့သည် အစဉ်အတိုင်း ကြီးပွား၍ အလံဘရာ၊ အလံတထောင်၊ အလံတသောင်းမျှလောက်ပင် ရှိကုန်၏။

ဤမှ တပါးသော နတ်နဂါးတို့သည် တောင်စဉ် ခုနစ်ထပ်တို့၏ အကြားဖြစ်သော သီဒါမြစ်၌ လည်းကောင်း၊ မြင်းမိုရ်တောင်၏ ပထမအာလိန်ပြင်၌လည်းကောင်း၊ လူတို့၏ မြို့ပြပြည်ရွာကဲ့သို့ ရတနာအတိပြီးသော မြို့တံတိုင်းတို့ဖြင့် ဝိုင်းဝန်းကာရံလျက် ဗိမာန်နှင့်တကွ နေကြကုန်၏။ ထို နဂါးတို့သည် ပဋိသန္ဓေအားဖြင့် အဏ္ဍဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဥပပတ် ဟူ၍ လေးပါး အပြား ရှိကုန်၏။ အချို့ကား သုဂတ်အဟိတ်၊ အချို့ကား ဒွိဟိတ် ပဋိသန္ဓေနေကုန်၏။

ဂဠုန်တို့သည် နဂါးကိုယူ၏ ဟူရာ၌ မိမိအောက်ယုတ်သော နဂါး၊ မိမိနှင့်တူမျှသော နဂါး တို့ကိုသာ ယူနိုင်ကုန်သည်။ မိမိတို့ထက် သာလွန်သော နဂါးတို့ကို မယူနိုင်ကုန်။ ထိုစကားသည် မှန်၏။ ခုနစ်ပါး ဒေပြားရှိကုန်သော နဂါးတို့ကို ဂဠုန်တို့သည် မသုတ် မယူနိုင်ကုန်။

ခုနစ်ပါးဟူသော်ကား—

ဧပိထက် ယောနိအားဖြင့် လွန်မြတ်သော နဂါးကိုလည်းကောင်း။

မြင်းမိုရ်တောင်၏ ပထမအာလိန်အပြင်၌ တည်သော နဂါးစစ်သူကြီးတို့ကိုလည်းကောင်း။

ဓတရဋ္ဌနဂါးမျိုးတို့ကိုလည်းကောင်း။

သီဒါခုနစ်တန်၌နေသော နဂါးတို့ကိုလည်းကောင်း။

မြေကြီး၏အတွင်း၌ တည်သော နဂါးတို့ကိုလည်းကောင်း။

တောင်ခေါင်း၌နေသော နဂါးတို့ကိုလည်းကောင်း။

ဗိမာန်၌နေသော နဂါးတို့ကိုလည်းကောင်း။

ဤခုနစ်ပါးသော နဂါးတို့ကို ဂဠုန်တို့သည် မသုတ်ယူနိုင်ကုန်။

ထို့ကြောင့် သာရတ္ထသင်္ဂဟ၌—

တထာဟိ၊ ထိုစကားမှန်၏။ ဇလာဗုဇောဒသုပဏ္ဏော၊ ဇလာဗုဇဖြစ်သော ဂဠုန်သည်။ အတ္တနာ၊ မိမိနှင့်။ သမကံ၊ မျှသော။ ဇလာဗုဇနာဂံ၊ ဇလာဗုဇမျိုးဖြစ်သော နဂါးကိုလည်းကောင်း။ ဟိနံ၊ ယုတ်သော။ အဏ္ဍဇ နာဂဥ္စ၊ အဏ္ဍဇမျိုးဖြစ်သော နဂါးကိုလည်းကောင်း။ ဂဏှာတိ၊ ယူနိုင်၏။ အဘ္တနာ၊ မိမိထက်။ ဥတ္တမံ၊ မြတ်သော။ သံသေဒဇနာဂံ၊ သံသေဒဇမျိုးဖြစ်သော နဂါးကိုလည်းကောင်း၊ ဩပပါတိကဥ္စနာဂံ၊ဥပပတ်မျိုး ဖြစ်သော နဂါးကိုလည်းကောင်း။ ဂဏှိတုံ၊ ယူခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင် အစရှိသည်ဖြင့် ဆိုသည်။

ထိုနဂါးမျိုး အပြားကား—

ဝိသာ ပန စတုဗ္ဗိဓာ အဟောသိ။ ကဋ္ဌမုခေါ၊ ပူတိမုခေါ၊ အဂ္ဂိမုခေါ၊ သတ္ထမုခေါ။

အစရှိသော သာရတ္ထသင်္ဂဟပါဠိနှင့်အညီ-ကဋ္ဌမုခမျိုး၊ ပူတိမုခမျိုး၊ အဂ္ဂိမုခမျိုး၊ သတ္ထမုခမျိုး အားဖြင့် လေးပါးအပြားရှိသည်။ ထိုလေးပါးကို ဒဋ္ဌဝိသ၊ ဖုဋ္ဌဝိသ၊ ဒိဋ္ဌဝိသ၊ ဝါတဝိသဟူသော အဆိပ်လေးပါးနှင့်မြှောက်။ တဆယ့်ခြောက်ပါးဖြစ်၏။ ထိုတဆယ့်ခြောက်ပါးကို အာဂတဝိသ၊ နောဃောရဝိသ၊ နောအာဂတဝိသ၊ ဃောရဝိသဟု ဆိုအပ်သော ဝိသလေးပါးနှင့်မြှောက်သော် ခြောက်ဆယ့်လေးပါးဖြစ်၏။ ထိုခြောက်ဆယ့်လေးပါးကို အဏ္ဍဇ၊ သံသေဒဇ၊ ဇလာဗုဇ၊ ဩပပါတိက တည်းဟူသော ယောနိလေးပါးနှင့်မြှောက် နှစ်ရာ့ငါးဆယ့်ခြောက်ပါးဖြစ်၏။ ထိုနှစ်ရာ့ငါး ဆယ့်ခြောက်ပါးကို ရေနေ, ကြည်းနေ နှစ်ပါးနှင့်မြှောက်။ ငါးရာ့တဆယ့်နှစ်ပါးဖြစ်၏။ ထို ငါးရာ့တဆယ့်နှစ်ပါးကို။ ကာမရူပီ၊ အကာမရူပီဟု ဆိုအပ်သော စည်းစိမ်ရှိ,မရှိ နှစ်ပါးနှင့်မြှောက်။ တထောင့်နှစ်ဆယ့်လေးပါးဖြစ်၏။ ဤသို့သိရှိခဲ့ဝေအပ်၏။

မြေကြီး၏အထဲ၌လည်း နဂါးတို့၏ နေရာရှိကြောင်းကို ပါရာဇိကဏ်အဋ္ဌကထာ၊ စတုတ္ထပါရာဇိက တပေါဒါဝတ္ထုအဖွင့်တွင်—

ဝေဘာရ ပဗ္ဗတဿ ကိရ ဟေဋ္ဌာ ဘူမဋ္ဌကနာဂါနံ ပဉ္စယောဇနသတိကံ နာဂဘဝနံ ဒေဝလောကသဒိသံ ရမဏီယေနတလေန အာရာမုယျာနေဟိ သမန္နာဂတံ။ စသည်ဖြင့် လာသည်။

အဓိပ္ပာယ်ကား။ ။ရာဇဂြိုဟ်မြို့ကို ရံသော တောင်ငါးလုံးတို့တွင် ဝေဘာရတောင်၏ အောက် မြေထဲ၌ ယူဇနာငါးရာရှိသော နဂါးပြည်ရှိ၏။ နတ်ပြည်နှင့်တူသော မွေ့လျော်ဖွယ်သော မြေ အပြင်လည်းရှိ၏။ အရံဥယျာဉ်တို့နှင့်လည်းပြည့်စုံ၏။ထိုပြည်၌ နဂါးတို့ပျော်ပါးရာဖြစ်သောရေအိုင် သည် ကြည်သောရေ၊ အေးသောရေ၊ မြိန်မြတ်သောရေတို့နှင့်ပြည့်စုံ၏။ မှော် ရေညှိ မငွေ့၊ မွေ့ လျော်ဖွယ်သောဆိပ်ကမ်းလည်းရှိ၏။ လှည်းဘီးပမာဏရှိသော ပဒုမာကြာတို့သည် အခါခပ်သိမ်း ပွင့်ကုန်၏။ ငါးလိပ်တို့လည်း များစွာရှိကုန်၏။ ထိုအိုင်မှ ထွက်ခဲ့သော တပေါဒါမြစ်သည် နှစ်ခု သောငရဲကြီးတို့၏အကြားမှစီးခဲ့၍ ရာဇဂြိုဟ်ပြည်ကိုလှည့်လည်၍ ပေါ်၏။ မြစ်ကမ်းနား၌ များ စွာသော ပြိတ္တာတို့လည်းရှိကုန်၏။ ထိုမြစ်သည် လောဟကုမ္ဘီငရဲကြီးတို့၏ အကြားမှ လာသော ကြောင့် ပူစွာလျက် အငွေ့ခြောင်းခြောင်းထွက်သော ရေအယဉ်ရှိ၏ဟူ၍ဆိုသည်။

ဟိမဝန္တာတော ဒဒ္ဒရတောင်ခြေရင်းတွင်လည်း နဂါးတို့ပြည်ရှိကြောင်းကို စတုကနိပါတ် ဒဒ္ဒရဇာတ်၌=

ဟိမဝန္တပဒေသေ ဒဒ္ဒရပဗ္ဗတပါဒေ နာဂဘဝနံနာမ အတ္ထိ။ဟူ၍လာသည်။

ဤနဂါးမျိုးတို့သည်လည်း မြေနေ နဂါးပင်ဖြစ်သည်။

ဤသို့ ကျမ်းဂန်လာသည်ကိုထောက်၍ နဂါးတို့ပြည်တည်ရာကို သိအပ်၏ဟူပေ။ ။ဇာတ်အဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ သာရတ္ထသင်္ဂဟတို့၌ ယူလေကုန်။

၉၄၀။ ရှိးသုံးရာသည်၊ ကိုယ်၌တည်၊ မည်သည်

မည်သည့်အရှိးနည်း။ (၂၃၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အယ်ကာရန် ပုစ္ဆာနံပါတ် ၇၈။၇၉။၈၀-က ဖြေခဲ့ပြီ။

၉၄၁။ ဝါယောဓာတ်သည်၊ လူ၌တည်၊ အမည်

ဘယ်မျှပြားသနည်း။(၂၃၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဥဒ္ဓင်္ဂမာ အဓောဂမာ၊ ကုစ္ဆိဋ္ဌာစ ကောဋ္ဌာသယာ။

အင်္ဂမင်္ဂါနုသာရိနော၊ အဿာသပဿာသာဣတိ။

ဆ ဣမေ ဝါယောဓာတုယော။

ဥဒ္ဒင်္ဂမာ၊ အထက်သို့ ဆန်တက်သောလေ။ အဓောဂမာ၊ အောက်သို့ စုန်သောလေ။ ကုစ္ဆိဋ္ဌာ၊ ဝမ်း၌ တည်သောလေ။ ကောဋ္ဌာသယာ၊ အူအတွင်း၌ ကိန်းသောလေ။ အင်္ဂမင်္ဂါနုသာရိနော၊ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သောလေ။ အဿာသ ပဿာသာ၊ ထွက်သက်ဝင်သက်လေ။ ဣတိ ဣမေ ဆ၊ ဤခြောက်ပါးသော လေတို့သည်။ ဝါယောဓာတုယော၊ ဝါယောဓာတ်တို့တည်း။ သမ္မောအဋ္ဌကထာ။

၉၄၂။ မြို့ရွာပျက်မည်၊ ကြောင်းဆယ်တည်၊မှတ်ရည်

ထုံးစံမည်သို့နည်း။ (၂၃၄)

၉၄၃။ မင်းပြောင်းလဲမည်၊ နိမိတ်တည်၊ အရှည်မှတ်ပုံ

ဘယ်သို့နည်း။(၂၃၅)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....

မြို့ရွာပျက်မည်၊ ကြောင်းဆယ်တည်ကို၊ နားလည်စေကြ၊ လက်ပြအံ့၊ ဂြိုဟ်မရှစ်ထောင့်၊ မြောင့်သွားလာ၊ ခေါင်းပါးစာရေ၊ ချိန်နေမမှန်၊ ရွာသွန်မိုးခုန်၊ ပဇ္ဇုန်ထွေထူး၊ လေရူးပေါ

ပေါ်၊ ဖျော့ဖျော့တက်တိုး၊မိုကြိုးအသံ၊ လမှန်ကြူးက၊ ဒေါင့်တဲ့စသည်၊ လုပ်ထယာခင်း၊ ကျဆင်းပိုးထူ၊ ခွေးအူချိန်လွှဲ၊ တောထဲကြွက်နက်၊ တောကြက်သင်းခို၊ ရွာကိုငင်လျှိုး၊ ကြမ်းပိုး ပိုးဟပ်၊ ထူထပ်များစွာ၊ နှံစာသငယ်၊ ပေါ်ယယ်ရောက်ကျ၊ ဗျဂ္ဃစိမ်းစား၊ သစ်ကျားရဲယောင်၊ မရှောင်လုယူ၊ ခိုးသူလည်းထ၊ ပြည်မအုပ်စိုး၊ မင်းစိုးများလတ်၊ ကြခတ် ဝါးကြိုး၊သီးသောကြောင်းဟိတ်၊ ဆယ်နိမိတ်မူ၊ ဆိတ်ဆိတ်ပြည်ရွာ၊ ပျက်တတ်စွာဟု၊ သာရတ္ထဒီပနီ၊ ကျမ်းထွက်ပြီ၏၊ သညီရိုးပေါင်း၊ ထိုအကြောင်းကို၊ ဆင့်လောင်းအသစ်၊ မဖြစ်စိမ့်ငှါ၊ ကေရာတို့၊ ပညာရှုမြော်၊ ပေါင်းသူတော်နှင့်၊ တိုင်ပင်ချင့်၍၊ မြတ်ကျင့်ဆယ်မည်၊ ဆောက်တည်တုံလတ်၊ မှူးမတ်ကြီးငယ်၊ ပြည်ငှယ်ပြည်သွား၊ပြည်သူများကို၊ တရားမသွေ၊ စောင့်နေမြဲစွာ၊ သမုဏာဖြင့်၊ လျှုဒါမပြို၊ ဥဒါန်းဖို့၍။ ပြည်ကိုကုမပေရာသော်။ ၊

နိဒါန်းမင်္ဂလာ၊ စည်ထုန်းဖြာပိမ့်၊ ချုပ်ချာကေရာဇ်၊ ဘုန်းသစ်တက်ဖြိုး၊ စေသတိုးတို့၊တန်ခိုးစည်းစိမ်၊ ရွှေအိမ်ရွှေနန်း၊ စံမြန်းစဉ်မှ၊ အနိစ္စသို့၊ ရောက်ရလိုသော်၊ ထင်ပေါ်နိမိတ်၊အကြောင်းဟိတ်ကား၊အရိပ်ပြန်သွား၊ဘုရားပုထိုး၊တန်ခိုးရောင်ခြည်၊ထွက်သည်ထင်မြင်၊ ကောင်းကင်ဝေမှိုင်း၊ မှန်တိုင်းလေပြင်း၊ နေနှင်စင်းနှင့်၊ လမင်းတံခွန်၊ မိုးစွန်းအလယ်၊ ရှစ်ဂြိုဟ်ကြယ်လည်း၊ မီးနှယ်ခိုးပြ၊ ဗျဂ္ဃ စရိယာ၊ သီဟစာတုံ၊ နီယထုံမှီး၊ မြေကြီးငလျင်၊ မြေပြင်အက်ကွဲ၊ တော်လဲဥက္ကာ၊ အညာရေစီး၊ နတ်သမီးကမ်းပြို၊ နေ့ကိုကြယ်မြင်၊ နန်းတွင်ပျားစွဲ၊ ပျံဝဲလင်းတ၊ နားကျနန်းဦး၊ ဘီလူးကိုယ်ထင်၊ အမြင်ပြသွား၊ သားတစ်သွေးခဲ၊ သဲသဲဖြိုးစွာ၊ မိုးရွာကျောက်ခဲ၊ တောင်ကွဲထက်ခြမ်း၊ ကမ်းကိုလွှမ်းပြီး၊ ရေကြီးထူးဆန်း၊ မကန်းလိပ်ငါး၊ ကြီးမားရောက်လာ၊ အိမ်ယာခဲပစ်၊ မြစ်ရေကမ်းဖို့၊ တောင်ပို့ရွှေ့တွား၊ နဂါးပေါ်ထွက်၊ ဒိန္နက်သကြန်၊ ကြယ်ပျံကြယ်ပျောက်၊ အောက်သို့ကြွေကျ၊ လကိုကြယ်ထွင်း၊ ကြယ်ချင်းထိခိုက်၊ ရှေး၌စဉ်လာ၊ ဖြစ်ဖူးရာကို၊ ရာဇဝင်ကြောင်း၊ စာဟောင်းအထွက်၊ သိကုံးမြွက်သည်၊ လေ့ကျက်မှတ်ကုန်ရာသတည်း။

ရဝိခေါ်တုံ၊ ရက်ဂဠုန်၌၊ ရောင်ဟုန်ထွန်းပ၊ သူရဇ္ဇလျှင်၊ ဖွဲ့ထအိမ်နေ၊ ဖြစ်လာပေသော်၊ မသွေပြည်ရွာ၊ မီးသာအတိ၊ လောင်တတ်ဘိ၏၊ မှတ်သိတနင်းလာ၊ ရက်ဒိဝါကား၊ကညာနတ်တူ၊ တိုင်းတဆူက၊ ဆက်မူအမှန်၊ မြဲကေန်တည့်၊ တဖန်ဘောမာ၊ အိမ်ဖွဲ့လာသော်၊ရာဇာမင်းလောင်း၊ ရောက်တုံရှောင်းအံ့၊ တကြောင်းဗုဒ္ဓ၊ ပေါ်ထစစ်မက်၊ ဂုရုရက်ကား၊ ပျောက်ပျက်ဘေးဒဏ်၊ မှတ်ရန်ထိုပြီး၊ တသီးသောကြာ၊ ဝေးရပ်ရွာက၊ ရတနာဆက်ရောက်၊ ထို့နောက်နဂါး၊ ရက်၌ခြားမူ၊ ပြည်သားချမ်းသာ၊ ငပြောစွာ၏၊ ထွက်ခါဒုစ၊ ဖွဲ့လတ်ကသော်၊ မုချမချွတ်၊ ထဘီဝတ်တို၊ ဥပဒ်ကြီးစွာ၊ ရောက်တတ်ရာ၏၊ တခါမွန်းလတ်၊ မင်းမှူးမတ်နှင့်၊ မင်းမြတ်၌သာ၊ ဘေးစိုက်ရာသည်။ နေမှာနိမိတ် အဟောတည်း။

ဂဠုန်ရက်၌၊ ထွန်းတက်စန္ဒြာ၊ ခြည်ဝါရောင်မဲ့၊ လအိမ်ဖွဲ့သော်၊ ပြည်ထဲ့ရေးသာ၊ ဝပြောစွာ၏၊ ဗျဂ္ဃါရက်မင်း၊ ဖွဲ့လာခြင်းကား၊ မိုးမင်းသွေရှောင်၊ မရွာခေါင်အံ့၊ ထိုနှောင်အင်္ဂါ၊ ဒေဝါသုန်ဖျင်း၊ ဖြစ်တိုလျှင်းလိမ့်၊ ရက်မင်းဗုဒ္ဓါ၊ ဖွဲ့ဝန်းကာသော်၊ ပြည်ရွာလေးသွယ်၊ ဝပြောကြွယ်အံ့၊ တသွယ်ဂုရု၊ ဖွဲ့လာပြုမူ၊ နတ်တုကညာ၊ ရတနာဆင်ဖြူ၊ ရောက်မူကေန်၊ မချွတ်မှန်အံ့၊ တတန်သောကြာ၊ ဖွဲ့ဝန်းကာသော်၊ သေတ္တာသန္ဓေ၊ ရောက်လာရေးရှင့်၊ မည်ပေးမသွေ၊ ရက်စနေ၌၊ ဖွဲ့ထွေတသီး၊ ပြည်ကြီးပြည်ငယ်၊ ပျက်ကြောင်းသွယ်သည်။ လဝယ်နိမိတ်အဟောတည်း။

တနင်္ဂနွေ၊ ရက်ဒိဝေ၌၊ ထက်ဗွေအာကာ၊ တိမ်တိုက်သာလျှင်၊ ဖီလာဖြတ်သန်း၊ တံခွန်တန်းက၊ ရွှေခန်းရုပ်မြေ၊ စစ်ထွက်ပေအံ့၊ ရောင်ရွှေဝင်းဝါ၊ တနင်းလာကား၊ သေနာသူရ၊ ပျက်စီးရလိမ့်၊ တဝဘောမာ၊ ရက်အင်္ဂါမူ၊ ဒိသာရွှေခွင်၊ စစ်ကြီးဆင်အံ့၊ ရက်လျှင်ဗုဒ္ဓ၊ တံခွန်ပြသော်၊ ပါပမသွေ၊ ရောက်လတ်ချေ၏၊ တထွေဂုရု၊ ထွက်လာပြုသော်၊ ရောက်မှုကညာ၊ ရတနာဆင်ဖြူ၊ စွဲမှတ်ယူလော့၊ တရဂူတွင်သား၊ ရက်သောကြာဝယ်၊ မှန်စွာစစ်မက်၊ ထွက်လတ်အပြီး၊ တသီးမှတ်ဖွယ်၊ စနေဝယ်ကား၊ ပြည့်ကြွယ်ဝပြော၊ မိုးလျှင်ပေါသည်။ ။ထွက်သောတိမ်တိုခြင်းရာတည်း။

ပြဘက်ရ၊ သဝိသက၊ အာဒိစ္စသူရိ၊ ဖန်ရဝိဟု၊ မည်ရှိများစွာ၊ ကျမ်းအလာနှင့်၊ မြန်မာအလို၊ နေဟုဆိုသည်၊ လူဗိုလ်ပညတ်၊ ခေါ်စမှတ်သား၊ ပြာသာဒ်လျှံပြောင်၊ ဗိမာန်ဆောင်မှ၊ အရောင်နိမိတ်၊ ထင်မြဲတိတ်ကို၊ နှစ်စိတ်ငေဖန်၊ သိစေပြန်အံ့၊ ထောင်မှန်လင်းရှိန်၊ စက်ရဝိန်တွင်၊ ထိန်ထိန်နီမြန်း၊ အရောင်သန်းက၊ တိုင်းခန်းပြည်သူ၊ ဥပဒ်ဟူလော့၊ ထို့တူအဝါ၊ သန်းသည်မှာကား၊ ဥစ္စာများပြင့်၊ ကြွယ်ပင်သဌေး၊ ဥပဒ်ဘေးတည့်၊ နေရေးငွေကျူ၊ အဆင်းဖြူ၍၊ ထို့တူထပ်မွမ်း၊ အဖြူလွှမ်းသော်၊ မှုထမ်းအပေါင်း၊ သူရဲကောင်းတို့၊ ပြောင်းမည်ခန္ဓာ၊ နေစကြာဝယ်၊ ထက်မှာအနီ၊ အောက်ဆီအဝါ၊ လယ်ချာအမည်း၊ ဖြတ်၍ဆီးသော်၊ ချုပ်တီးစစ်ပြိုင်၊ မနိုင်ရပဲ၊ ပြိုပျက်ကွဲလိမ့်။ အံ့အဲထူးထွေ၊ ဖန်ဝန်းဗွေ၌၊ လူ့ခြေကဲ့သို့၊ မြင်တုံမှိုသော်၊ မျို့မင်္ဂလာ၊ ဆောင်ခါမပြီး၊ စစ်ကြီးမနိုင်၊ ပြိုင်၍ရှုံးလေ၊ နေ၏အထဲ၊ ရဲရဲရွှန်းငါ၊ ငက်ရုပ်ပါမူ၊ စောရာတန္တ၊ စသည်မောသော၊ ထူထပ်ပြောအံ့၊ ကျောကျောမည်းနက်၊ လယ်ချက်သန်းကာ၊ အဝါထက်ဆီ၊ အနီအောက်ခြေ၊ မြင်ပြန်လေသော်၊ ရေမြေစိုးရ၊ ရာဇညဝယ်၊ သည်းဘကျင်ဖေး၊ ချစ်ငြိမ့်လေးသည်၊ ရင်သွေးသက်ဝေ၊ သေတတ်ချေ၏၊ လယ်ဗွေသန်းငြား၊ အမည်းသားလုက်၊ ငှက်ဖျားအောက်မူ၊ အဖြူတစေ၊ နီဝါခရွှလျက်၊ ဝန်ဝေမီးရောင်၊ တက်ထွန်းပြောင်သော်၊ ဘုန်းခေါင်ဇနိန်၊ မြတ်ရာဇိန်ကို၊ မာန်ရှိန်စွင့်စွင့်၊ အမတ်မြင့်၍၊ မချင့်မနိုင်း၊ စော်ကားရိုင်းအံ့၊ ပိုင်းဖြတ်ကြက်ခြေ၊ မြင်ပြန်လေမူ၊ ရေမြေစိုးခြင်း၊ မင်း၌အနာ၊ ရောက်တတ်စွာသည်။ ။ချုပ်သာနေရာမြဲတည်း။

ပြဘက်ရာ၊ နေစကြာ၌၊ ဖြစ်လှာထူးသွန်၊ ရောင်ဝင်းဝှန်သည်၊ တံခွန်ကဲ့သို့၊ မြင်တုံမှိုသော်၊ အောင်မျို့လျှံညီး၊ ကမ္ဘူထီးနှင့်၊ မင်းကြီးသက်ဝေ၊ တောင်နေမိဖုရား၊ သားသမီးတော်၊ နတ်ပြည်ပျော်အံ့၊ ရွှေလှော်ဝင်းလျှံ၊ ဒေါင်းဘုံပျံဝယ်၊ အောင်လံစွင့်စွင့်၊ ဝိုက်ထူလွှင့်လည်း၊ ရှည်မြင့်မကြာ၊ စစ်ရောက်လာအံ့၊ စကြာနေမင်း၊ ငွေအဆင်းသို့၊ ဖြူဝင်းလှုပ်လျှပ်၊ အထက်ရပ်ဝယ်၊ တပ်တပ်ရွှေရည်၊ ရောင်ပျို့စည်သော်၊ ပြည်သူပြည်သား၊ ငတ်မွတ်ရှား၍၊ ဘေးများဥပဒ်၊ ရောက်တို့တတ်ဘိ၊ နတ်ရဝိရွှေ၊ စက်ဝန်းဗွေ၌၊ နီးလေထက်ခွင်၊ အောက်မည်းမြင်သော်၊ မိုးလျှင်မအောင်၊ ခေါင်ကြီးခေါင်အံ့၊ ဖြူရောင်ပြေပြေ၊ လယ်ကနေ၍၊ ပတ်ခွေဝန်းလစ်၊ အနားရစ်မှာ၊ မီးလျှံဝါသော်၊ လေသာတကြိမ်၊ မိုးတကြိမ်နှင့်၊ ငြိမ်မည်၊ ပဲသီပဲနောက်၊ ကောက် မုယောပြောင်း၊ မကောင်းတတ်ချေ၊ ပျက်စီးသေလိမ့်၊ နေအလယ်ချက်၊ အနီကွက်၍၊ နားလေးဘက်မှာ၊ အပြာတစေ၊ ထွင်းကာနေသော်၊ မိုးရေမဖြိုး၊ မိုးသီးအများ၊ ကျသောအားဖြင့်၊ မိုးကားမရွာ၊ ခေါင်တတ်စွာ၏၊ အပြာလယ်ချက်၊ ထင်ပြက်ပြက်နှင့်၊ လေးဘက်နားမှာ၊ အနီဖြာ၍၊ ကွက်ခါမြင်ထွေ၊ ညာနန်းဗွေထက်၊ စံနေမငြိး၊ စန္ဒီထိးနှင့်၊ မင်းကြီးသက်နှင်း၊ စင်မရှင်းလျှင်၊ ယွင်းခဲ့ကျင့်ဝတ်၊ မေတ္တာချတ်၍၊ လွှတ်အံ့တရား၊ အနှားမှားသည်။ ။တပါးသူနှင့် နှောမြဲတည်း။

ဆောင်းစွန်နွေမှန်၊ နှစ်ဝသန်ဟု၊ ဂိမှန်စဲလု၊ သာရတုထက်၊ ဘာဏုစက်ရွှေ၊ ယုဂန်ဗွေမှ၊ လျှံဝေစဲစဲ၊ ပေါ်စဆဲတွင်၊ ရဲရဲဝင်းငါ၊ တက်၍လာသော်၊ ကျောက်နာဝက်သက်၊ များစွာတက်အံ့၊

တချက်ထိုမှ၊ ဝဿန္တဟု၊ မိုးလမှာမူ၊ နေဝန်းဖြူက၊ မပူမဆာ၊ ရန်သာလွတ်ရှင်း၊ ကင်းအံ့လူပေါင်း၊ မိုးလည်းကောင်းလိမ့်၊ ဆောင်းဟုမည်ရ၊ ဟေမန္တ၌၊ သဝိတစက်၊ နီ၍ထွက်သော်၊ သားငှက်တို့မှာ၊ များစွာဥပဒ်၊ ဖြစ်လတ်တုံရှောင်း၊ လူအပေါင်းလည်း၊ ဦးခေါင်းနှင့်ခြေ၊ တထွေတလာ၊ ရောဂါဆင့်ကဲ၊ ဖျားနာမြဲဖြင့်၊ ချမ်းမြဲမချမ်း၊ ပြောင်းနှမ်းဝါပဲ၊ သီးမြဲမသီး၊ ဆောင်းမြီးနွေစ၊ ဂိမှန္တနှင့်၊ ဝဿဟေမန်၊ ထိုသုံးတန်တွင်၊ စက်ဖန်ရဝေ၊ အပြာထွေ၍၊ အနေလွဲလျက်၊ အမည်းဖက်သော်၊ ကျွန်းကျက်သရေ၊ မြေမိပတိ၊ ပြည်ကြီးသေဋ္ဌနင်း၊ မင်းလည်းယာယီ၊ မချီမကြွ၊ မထလေရာ၊ မူသိကာကာ၊ ဉာဏ္ဏာနာဘိ၊ အစေးငြိနှင့်၊ ဗဟိပါဒေ၊ အခြေများမြောင်၊ ခြေမဲ့ကောင်လည်း၊ ပွားဆောင်မည်သီး၊ ဝါနီးစုံမက်၊ ငှက်နှင့်ကျေးသား၊ ထူထပ်များ၍၊ စပါးပဲပြောင်း၊ မကောင်းပျက်ရာ၊ ဂဇာအဿ၊ မဟိ သနှင့်၊ ဂေါဏအဇော၊ ဆိတ်ဟုဟောသည်၊ ဖြင်ပေါတိရစ္ဆာန်၊ ဘေးဒဏ်ဥပဒ်၊ ဖြစ်တတ်လေရာ၊ ထိုပမာလည်း၊ ယဉ်သာသုံးပါး၊ ဥတုများတွင်၊ ဖန်သားတခြမ်း၊ အဖြူလွှမ်း၍၊ တခြမ်းကမှာ၊ အစိမ်းပါသော်၊ ထိုခါထိုရက်၊ တိထိစက်တွင်၊ ကိုးမျက်ချယ်လှင်၊ သင်ဒိုင်းရှင်သည်၊ ဝန်းကျင်ရှစ်ရပ်၊ ကယ်မလပ်အောင်၊ ဖင်ဖပ်စိုရွှန်း၊ မိုးရေသွန်းအံ့၊ နေဝန်းနီလည်း၊ ရင်းနည်းတည့်၊ နေလည်းအဖြူ၊ လနှင့်တူ၍၊ လျှံလူနီတျာ၊ စိမ်းနုပြာနှင့်၊ ပတ်ခါအနား၊ ရစ်ပြန်ငြားက၊ မင်းဖျားစောထွတ်၊ လူ့တမွတ်ကို၊ ညွတ်အံ့ပြည်လုံး၊ ရှိပန်ကျုံးလိမ့်၊ တထုံးမှတ်ရန်၊ ရွှေဗိမာန်ဟု၊ စက်ဖန့်အနီး၊ ကြယ်ကြီးတပွင့်၊ နားလာလင့်သော်၊ ဆင်မင့်အမိပတိ၊ ပြည်ကြီး့ထွတ်ချာ၊ နတ်ရွာရှင်ပျော်၊ စံမွေလျော်သည်။ ။ထိုရော်ဖြစ်မည်မလွဲတည်း။

ဖန်ဝင်းရောင်ဝါ၊ ထက်အာကာက၊ စိမ်းပြာရောင်လဲ့၊ ဝန်းအိမ်ဖွဲ့သော်၊ ပြည်ထဲ့သေဋ္ဌနင်း၊ မင်း၏အမတ်၊ သေတို့တတ်၏၊ ရဟတ်စကြာ၊ ဝင်သောခါ၌၊ နီတျာအဆင်း၊ ဖြစ်တုံလျှင်းမူ၊ မင်းလျှင်အနာ၊ ရောက်တတ်စွာ၏၊ နေမှာဖြူလျက်၊ အနက်ကြက်ခြေ၊ သန်းတို့လေလည်း၊ ရှစ်ထွေအင်စုံ၊ ကျေးဇူးပုံသည်၊ ရွှေဘုံသခင်၊ တိုင်းခွင်ဇမ္ဗူ၊ လှည့်တော်မူ၍၊ ပြည်သူကောင်းကျိုး၊ ရွှက်ဆောင်ကြိုးအံ့၊ အခိုးသုံးသွယ်၊ အပြာချယ်မူ၊ တိုင်းလယ်ရွှေပြည်၊ စစ်ရောက်မည်တည့်၊ ပြာချည်အရောင်၊ နှစ်ဘက်ထောင်လျက်၊ ဖန်ဆောင်ပြာသာဒ်၊ ထွန်းလင်းပတ်သော်၊ မင်းမြတ်စံတည်၊ နေတော်ပြည်သည်၊ ပျက်မည်မယွင်း၊ မင်းလည်းထွက်ခွါ၊ ပြေးလေရာ၌၊ ကြမ္မာကုန်ရွှေ၊ နတ်ရွာမွေအံ့၊ လင်းလေ့အသွင်၊ နေတွင်မြင်သော်၊ မကြွင်ချစ်ကင်း၊ အချင်းချင်းပင်၊ ရန်တင်းပြုလစ်၊ ငှက်ညစ်ခင်ပုပ်၊ သဏ္ဌာန်လုပ်သို့၊ အရုပ်နေတွင်၊ ပြွပြွမြင်မူ၊ တိုင်းခွင်ပြည်ရွာ၊ မသာနွမ်းညှိုး၊ လူဆိုးလူပျက်၊ လုယက်ဖြင်ပေါ၊ မောသောခိုးသူ၊ ထူအံ့ရန်ဘက်၊ ထွက်အံ့စစ်ကြီး၊ သွေးချောင်းစီးလိမ့်၊ တသီးနေမှာ၊ တိမ်ပြာတခြမ်း၊ မနွမ်းရောင်ဝါ၊ ထွက်၍လာသော်၊ တောင်ညာတင်ထား၊ မိဖုရားသည်၊ လူများသေဋ္ဌနင်း၊ မင်းကိုမချစ်၊ အပြစ်မမြင်၊ မှားမိကျင့်လိမ့်၊ နေလျှင်နှစ်စင်း၊ ထွက်၍လင်းမူ၊ ဝှန်ပြင်မုန်တိုင်း၊ ခတ်ချိုးလှိုင်းလျက်၊ တိုင်းကြီးသာမိ၊ မိပတိတွင်၊ စန္ဒိထီးရှင်၊ ညာတင်မိဖုရား၊ နတ်ရွာလားအံ့၊ အနားနီရစ်၊ လယ်ဖြူနှစ်နှင့်၊ လင်းလှစ်တထောင်၊ ယုဂန်တောင်က၊ ဖန်ရောင်ဖြိုးဘိ၊ ထွက်သည်ရှိသော်၊ ပဋိသန္ဓေ၊ စွဲနေသသူ၊ ပျက်မည်ဟူလော့၊ ရွှေဇမ္ဗူရစ်၊ နေတက်သစ်တွင်၊ ရုပ်ရှစ်အသွင်၊ မြင်သည်ကျွဲနွား၊ ဆိတ်ဝက်များက၊ လားနှင့်သီဟ၊ ပီသအဆင်း၊ ဆိုရင်းရုပ်စု၊ တခုခုမျှ၊ မြင်လတ်ကမူ၊ ဌာနနန်းတည်၊ တိုင်းရွှေပြည်သည်၊ မစည်မပွင့်ပြိုကွဲတည်း။ ။နေဝန်း၌ ထင်သောနိမိတ်ကို ဟောသည်ပြီး၏။

ဥလုရာဇ၊ စန္ဒရနှင့်၊ သသိဋ္ဌန္ဒု၊ ဝေဠုရောင်ဖြူ၊ သီတဂူဟု၊ ပြည်သူပညတ်၊ ခေါ်စမှတ်သား၊ နတ်စန္ဒိမာ၊ ဂြိုဟ်မြတ်စွာသည်၊ အာကာမိုးဝ၊ ဆန်းပေါ်စဝယ်၊ မြင့္ဆေရောင်မောင်း၊ မြောက်သို့စောင်းမူ၊ နှောင်းမိုးဝဿန်၊ ကောင်းမြဲမှန်၏၊ တတန်မှတ်ဖွယ်၊ ပြည်ရွာဝယ်လည်း၊ ရပ်ဆယ်

လင်းအောင်၊ မီးထင်းလောင်အံ့၊ တောင်သို့တတွေ၊ စောင်းပြန်ချေမူ၊ ဆာမူချောက်ချား၊ ရောဂါများလျက်၊ မြသားညိုလွင်၊ သင်ဒိုင်းရှင်လည်း၊ မရှင်မြူးခုန်၊ ဂဇုန်မသန်း၊ သွေဖယ်ယွန်းလိမ့်၊ ငွေဝန်းလျှံပ၊ ဘုံနန်းလသည်၊ ပန္နရသီ၊ တိထိလုံးစေ့၊ ပြည့်သည်နေ့သို့၊ ချမ်းမြေ့သာယာ၊ လဆန်းမှာ၌၊ မြင်လာတုံပေ၊ တိုင်းနေပြည်သား၊ ဥပဒ်များအံ့၊ လကားဆန်းနေ့၊ ကြည့်ရွှေမြင်လာ၊ ဆရာပုဏ္ဏား၊ မင်းဖျားရဲဘော်၊ မှူးတော်အမတ်၊ ဥပဒ်ဖြစ်စေ၊ ရစ်ခွေပြက်ပြက်၊ ဆန်းတက်အကွယ်၊ အကယ်နှုန်ဆင့်၊ မြင်ရလင့်မူ၊ ဆယ်ဆင့်တရား၊ ကျင့်မမှားသည်၊ ရဲဖျားစောကျော်၊ မြတ်ကိုယ်တော်၌၊ မလျော်အနာ၊ ရောဂါစွဲလေ၊ ဇီဝိတေလည်း၊ ပြောင်းသွေမချွတ်၊ ဖြစ်တို့တတ်သည်။ ။မင်းမြတ်ကိုယ်တော် အရေးတည်း။

စန္ဒြရာဇာ၊ မြဘ်ဒေဝါသည်၊ ဆန်းလာတက်၍၊ ဆယ့်ငါးနေ့၌၊ ငွေအရောင်နှမ်း၊ ညိုတခြမ်းနှင့်၊ ချမ်းချမ်းမြမြ၊ မမြင်ရမူ၊ ရည၀ိပတိ၊ တိုင်းကြီး ထွတ်ချာ၊ မြတ်ရာဇာကို၊ ပြည်ရွာရပ်သား၊ လူအများတို့၊ ခြားနားပုန်ကန်၊ ယွင်းဖောက်လှန်လိမ့်၊ တဖန်ထို့နောက်၊ လတည်းမောက်၍၊ မြောက်မြောက်စွင့်စွင့်၊ မြင်ပြန်လင့်မူ၊ ယခင့်စောလောင်း၊ ထိုမင်းကောင်းသည်၊ ပြောင်းအံ့နတ်ရွာ၊ ထိုရပ်မှာပင်၊ င စွာလဝန်း၊ အမြင်ယွန်းသော်၊ သွန်းသွန် မြင်ရာ၊ ထိုပြည်ရွာ၌၊ မှန်စွာမှတ်လေ၊ ဥပဒ်ပေလိမ့်၊ ကြီးထွေအပြင်၊ အဝန်းမြင်မူ၊ ယခင်ရွာပြည်။ ဝပြောမည်တည့်၊ ရွှေစည်မရှိး၊ အလယ်ဖြိုးသို့၊ ကိုးယူဇနာ၊ အစွန်းသာသည်၊ ဆယ်မှာလေးခု၊ လက္ခဏ္ဍကို၊ မျှော်ရှုမြင်မူ၊ ရွှေပြည်သူတို့၊ ရေဘူချမ်းငြိမ်၊ လနန်းအိမ်သည်၊ လယ်သိမ်၍ကျဉ်း၊ ခါးဝယ်စဉ်းမူ၊ တည့်ဉီးဆိုးဆိုး၊ ပြည်ကြီးကျိုးလျက်၊ အမျိုးလေးပါး၊ ငတ်မွတ်ရှားအံ့၊ ရထားငွေစင်၊ အလယ်တွင်၌၊ မြင်သည်အပေါက်၊ အပြောက်ပြောက်မှာ၊ မြတ်ရာဇာကို၊ ပဏ္ဏာထူးထွေ၊ ဆက်ရောက်ပေအံ့၊ လျှံဝေဝင်းဖြူ၊ သိဘာဂူသည်၊ ထူခဲ့အရောင်၊ ထွန်းလင်းပြောင်မူ၊ ညာတောင် နေနတ်၊ ရှစ်သောင်းထွတ်တွင်၊ သည်းပွတ်ရတနာ။ သားရရာ၏၊ စန္ဒာငွေလ၊ ထွက်ပေါ်စတွင်၊ မျှောကတိမ်နီ၊ သန်း၍ သိမ့်ယာယီနှုက်ထွေ၊ ကြည်းရေသွားသူ၊ ကောင်းမည်ဟူလော့၊ ထို့တူရောင်ပြေး၊ ငါးကြင်းကြေးသို့၊ လရေးရစ်၍၊ ခိုးဝှန်ဝေ့သော်၊ ချမ်းမြေ့ပြည်ထဲ၊ သာယာမြဲတည့်၊ မြခဲရောင်မွတ်၊ နတ်ဘုံထွတ်တွင်၊ လွတ်အခိုးဝေ၊ မြင်ပြန်လေသော်၊ ပြည်နေပြည်သား၊ လူအများနှင့်၊ မင်းဖျားရန်စစ်၊ ကြီးစွာဖြစ်သည်။ ။ရှက်ရစ်ကြိုးနယ်ရှုပ်ထွေးတည်း။

လေးဆယ့်ကိုးယူဇနာ၊ ဝင်းဝင်းဝါသား၊ စန္ဒာမည်မှတ်၊ လပြာသာဒ်နှင့်၊ ဂြိုဟ်မြတ်အင်္ဂါ၊ တွေ့ကြုံမ်ခါဝယ်၊ ရာဇထွတ်ဖျား၊ မင်းတရားတို့၊ ပြစ်မှားကျူးလွန်၊ တိုင်းစွန်ရပ်နေ၊ လူတတေ့တို့၊ မထေမဲ့ငြား၊ ပြုမိမှားလိမ့်၊ တရားပျော်မြူး၊ ဗုဒ္ဓဟူးဟု၊ ဂြိုဟ်ထူးအိမ်ရွှေ၊ နန်းအိမ်မွေ့နှင့်၊ တွေ့လက်သောအခါ၊ ပြည်ရွာတိုင်းကား၊ ငတ်မွတ်ရှားအံ့၊ ဂြိုဟ်များဆရာ၊ မည်သာပညတ်၊ ဇီဝါနတ်နှင့်၊ ပြာသာဒ်ငွေဖူး၊ ပြိုင်ယှဉ်ပူးမူ၊ မိုးဦးလယ်နှောင်း၊ မကောင်းသောအား၊ စပါးနှမ်းဝါ၊ များစွာပျက်စီး၊ တိုင်းကြီးရွှေပြည်၊ မစည်မပင်၊ ငြိုငြင်ချောက်ချား၊ စောဖျားမင်းကျော်၊ ကိုယ်တော်မသာ၊ အနာတွေ့လတ်၊ လနန်းနတ်နှင့်၊ ဂြိုဟ်မြတ်သောကြာ၊ ရာသီနဝင်း၊ ထပ်ခြင်းမယွန်း၊ မွန်းမတည့်မီ၊ ယှဉ်မီလတ်သော်၊ ဘူပေါ်ရာဇ၊ နရိန္ဒ၏၊ နန်းမညာတင်၊ ရှင်သောင်းမျှင်သည်၊ ကျင့်အင်ယွင်းချွတ်၊ သူသို့ညွတ်လိမ့်၊ ခေါင်ထွတ်ထွန်းစည့်၊ လမွန်းတည့်ကို၊ ယှဉ်သည့်သောကြာ၊ ပြည်ရာဇာဖြင့်၊တကာလူပေါင်း၊ မကောင်းကြဉ်ရှောင်၊ များမြောင်အလှူ၊ ဆည်းဆူဒါန်၊ ပေးဝေကြလိမ့်၊ ထိုပယှဉ်တွဲ၊ လမွန်းလွဲတွင်၊ ရဲရဲသောကြာ၊ ထိခိုက်လာသော်၊ ခြောက်ဖြာပြစ်ကင်း၊ သွယ်နွဲ့ရှင်းနှင့်၊ ဆင်မြင်းပဏ္ဏာ၊ ဆက်ရောက်လာအံ့၊ ရောင်ဖြာပဝင်း၊ ငွေလမင်းနှင့်၊

ယင်းသောကြာဂြိုဟ်၊ ထိန်ကျွန်းညိုသို့၊ ခိုကာနီးတွင်၊ မှိုသည်မြင်က၊ မရှင်မလန်း၊ တိုင်းခန်းရွှေပြည်၊ မစည်မပင်၊ ရှိမြဲပင်တည့်၊ ဟင်္သာငွေသား၊ လရထားနှင့်၊ ပတ္တမြားရောင်သွယ်၊ စနေကြွယ်တို့၊ မိုးတိမ်လယ်ပြင်၊ ထိကြချင်သော်၊ မင်းတွင်ဥပဒ်၊ ကျိတ်ခိုးပတ်လျက်၊ လနတ်နန်းဘုံ၊ ဝန်းလာအုံမူ၊ မထုံတရား၊ ကျင့်ဖောက်ပြား၍၊ အများပြည်သူ၊ အိုးသို့ဆူသည်။ ။ပူ၏မီးနှယ်မအေးတည်း။

သတ္တသတ္တာ၊ ယူဇနာဖြင့်၊ အာကာမိုးဝ၊ ရောင်ဖြိုးပသည်၊ ကမ္ဘာ့ကျက်သရေ၊ ယုန်နန်းငွေနှင့်၊ ပြိုင်ထွေယှဉ်မှီ၊ ရောဟဏီသည်၊ တူပြိုရောင်ပြေး၊ ရှက်၍ထွေးသော်၊ ပြည်လေးမျက်နှာ၊ မသာယာ၍၊ မင်းလျာမင်းလောင်း၊ မကောင်းလျင်ဆော၊ ပေါ်၍ပေါအံ့၊ ရောဟဏီရွှေ၊ ခိုးရောင်ဝေ့သည်၊ စေ့ တိဿလ၊ ဌာနသမိုင်း၊ တိုင်းကြီးနက္ခတ်၊ ကြတ္တိကာကြယ်၊ ရောင်သွယ်သွယ်နှင့်၊ အလယ်ပတ္တမြား၊ အနာ့ကားကြူ၊ နန်းဘုံဖြူသည်၊ တူ၍နဝင်း၊ ထိကြနင်းစေ၊ တထွေရောဟဏီ၊ တူပြိုမက္ခာ၊ ကြတ္တိကာဟု၊ မည်သာနှစ်ပါး၊ နက္ခတ်ကြားသို့၊ လသွားပစေ၊ ကြောင်းနှစ်ထွေသည်၊ ညီပေတုံခါ၊ ဝသုဓာဟု၊ မဟာပထဝီ၊ မဟီတလေ၊ ဤမြေရိုက်ကြည်း၊ သိမ့်သိမ့်ဟည်းလျက်၊ ပြည်လည်းချောက်ချား၊ မွတ်သိပ်ရှားအံ့၊ နဂါးအမြီး၊ ကြယ်ကြီးမူလ၊ သိကြားသံကောက်၊ ရွှေဂူပေါက်သို့၊ ရောက်တုံဝင်ထွေ၊ လနန်းငွေကြောင့်၊ တိုင်းနေရှင်လူ၊ ဆာပူမကင်း၊ ဖြစ်ခြင်းဥပဒ်၊ သွာဒိနတ်နှင့်၊ နက္ခတ်သိကြား၊ သံကောက်ဖျားသို့၊ ငွေသားသသိ၊ ပြိုင်ယှဉ်ဘိမူ၊ ဘူမိပါလ၊ နရသေဠ်နင်း၊ မင်းလည်းမသာ၊ ဖြစ်မြဲရာကြောင့်၊ မဟာသကြန်၊ ခေါ်ရန်သမ္မေး၊ မျှိုခေါင်းဆေးလိမ့်၊ ငွေသွေးပတ္တမြား၊ လရထားကို၊ နဂါးမည်သာ၊ အနုရာနှင့်၊ ဝိသာခါနတ်၊ လက်ယာပတ်၍၊ တွေ့လတ်ကြခါ၊ ပြည်ရွာတိုင်းကား၊ ပျက်စီးငြားအံ့၊ မြိဖျားမူလ၊ ဟဿဒနှင့်၊ သလိဿမှန်၊ ပုဗ္ဗာသန်က၊ ရောင်ဝှန်သတ္တဘိသ်၊ လျှံဖိတ်ရေဝတီ၊ ဤငါးလီကို၊ စန္ဒီနတ်ဂြိုဟ်၊ ဝင်၍ခိုမူ၊ ငြိုငြိုငြင်ငြင်၊ မရှင်ညှိုးခြောက်၊ စစ်ကြီးရောက်အံ့၊ တော့က်သည်အရောင်၊ လျှံပြောင်မိုးဝ၊ ခြောက်လုံးပသ ်၊ ပုဏ္ဏဖုံသျှ၊ သဘော်ာတုနှင့်၊ ဇူဠနက္ခုလစက်၊ ချောင်ချင်းရှက်က၊ မြေထက်အုပ်မိုး၊ စိုးသည့်မင်းကျော်၊ နတ်ပြည်ပျော်လိမ့်၊ စန္ဒော်နန်းလ၊ ကြယ်ပုဗ္ဗနှင့်၊ ပုဏ္ဏဖုသျှ၊ နှစ်ခုအကြား၊ ချင်းနင်းငြားသော်၊ ကျွဲနွားမြင်းဆင်၊ များဖြင်သတ္တဝါ၊ သေတတ်စွာ၏၊ မှတ်ရာတထွေ၊ သိသာစေစိမ့်။ စနေအင်္ဂါ၊ နှစ်ဖြာဂြိုဟ်နတ်၊ ပြန်ခဲ့ပတ်၍၊ ဟဿဒမူလ၊ ရေဝတဟု၊ မည်ရထင်ရှား၊ ထိုသုံးပါးတွင်၊ တပါးပါးထက်၊ ရောင်ထွန်းပြက်က၊ စစ်မက်များမြောင်၊ မိုးရေခေါင်၍၊ ပြည်ထောင်သေဌ်နင်း၊ မင်းလည်းလွဲသေ့၊ ပြောင်းတတ်ပေလိမ့်၊ စနေအင်္ဂါ၊ ဘုံသာနှစ်နန်း၊ ပြိုင်၍မြန်းမူ၊ တိုင်းခန်းရွှေပြည်၊ ပျက်မည်မသွင်း၊ မင်း၏ကိုးရာ၊ မြတ်ဆရာလည်း၊ မကြာငြင်ငြို၊ ပျက်စီးပြိုသည်။ ။ယွင်းယိုကြမ္မာ ကံဆွေးတည်း။

သူ့ပုစ္ဆာရင်း၌ မပါပဲလျက် နောက်သွင်း၍ အဖြေပြုခြင်းသည် ဂန္ထဘာရ မဖြစ်လေဟူငြားအံ့။ ဤကျမ်းဆရာလည်း နောင်လာ အမျိုးသားတို့၏။ ပညာပွားစိမ့်သောငှာ ဤပုစ္ဆာကို စီရင်သည်။ ငါလည်း ထို့ထက်သာလွန်သော ကရုဏာဖြင့် ဤဝိသဇ္ဇနာကျမ်းကို စီရင်သည်ဖြစ်ရကား ဂန္ထဘာရဖြစ်သော်လည်း အပြစ်တင်ဖွယ်မရှိ။ အကျိုးသာများဘိ၏။ ထို့ကြောင့် ဆိုသင့်လျက် မဆိုခဲ့သော အရာဟူသမျှကို သွင်း၍ ပြဆိုလိုက်သတည်း။ ။ရှေးစာ၌ ပုစ္ဆာတရာခန့်သာ အဖြေပါ၏။ အချို့နေရာမကျ၍ အသစ်ပြင်သည်။

"အည်" ကာရန်ပုစ္ဆာ ၂၃၅-ပုဒ်အဖြေ ပြီး၏။

(၂၉) "အည့်" ကာရန် ပုစ္ဆာ ၁၄-ပုဒ် အဖြေ

၉၄၄။ ရေသနုပ်တည့်၊ ဝတ်တုံလှည့်၊ ကန်ပြည့် အဘယ်တန်ခိုးနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဘုရားသခင်သည် မိုးရွာစေလိုသောဆန္ဒဖြင့် ရေသနုပ်တော်ကို ဝတ်သည်ရှိသော် တခဏချင်း တက်၍ ကန်ပြည့်အောင်ရွာလာသည်၊ ယင်းသို့ရွာရခြင်းသည် တန်ခိုးဆယ်ပါးတွင် အဘယ်တန်ခိုး နည်းဟု မေးသည်။

ဤအကြောင်းကို ထင်စွာဆိုလိုက်ဦးအံ့ –

တရံသောအခါ ကောသလတိုင်း၌ မိုးသည် ရွာမြဲသောအခါတို့၌ မရွာသည်ဖြစ်၍ စိုက်ပျိုးအပ် သော ကောက်ပဲတို့သည် ညှိုးရော်ခြောက်သွေ့ကုန်၏။ တဘက်ဆည်ကန်၊ လေးထောင့်ကန်၊ ဇာတဿရအိုင်တို့သည်လည်း နွေအခါကဲ့သို့ ခြောက်ခန်းလေကုန်၏။ ထိုအခါ ဇေတဝန်ကျောင်း တော်၏အနီးဖြစ်သော ရေကန်ကြီး၌လည်း ရေတပေါက်မျှမရှိသည်ဖြစ်၍ ညွန်၌ပုန်းအောင်း၍ နေကုန်သော ငါးလိပ် ပုစွန်တို့ကို အိမ်ကျီး၊ တောကျီး၊ စွန်ရဲ၊ သိမ်းညို၊ ဝန်လို၊ လင်းယုန်တို့သည် တသောသော တသဲသဲ ပျံဝဲ ကျနားလျက် စားသောက်ဖမ်းယူကြကုန်၏။

ယင်းသို့ ရေသတ္တဝါတို့၏ များစွာပျက်စီးလေသည်ကို ဘုရားသခင် မြင်တော်မူသော် ကြီးစွာ သော ကရုဏာဖြင့် ချမ်းသာစေလိုသော နှလုံးတော်ရှိသည်ဖြစ်၍ မိုးရွာစေအံ့ဟု ကြံပြီးလျှင် အရုဏ်တက်အချိန်တွင် ကိုယ်တော်ကို သုတ်သင်ပြီး၍ ဆွမ်းခံကြွတော်မူလျက် ဆွမ်းဘုဉ်းပေးပြီး လျှင် အရှင်အာနန္ဒာကိုခေါ်တော်မူ၍ "ချစ်သားအာနန္ဒာ ဇေတဝန်ရေကန်၌ ငါဘုရားရေသပ္ပာယ် တော်မူမည်၊ ရေသနုပ်ကိုဆောင်ခဲ့လော့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း "ဘုန်းတော် ကြီးလှသောဘုရား–ဤဇေတဝန်ရေကန်၌ ယခုအခါ ချိုးစရာရေကို မဆိုထားဘိ၊ လျှာစွတ်ရုံမျှ သောက်လောက်ရာ ရေမရှိပါ"ဟု လျှောက်၏။ မြတ်စွာဘုရားလည်း "ချစ်သား အာနန္ဒာ– ငါဘုရား၏ကြီးမားသော အစွမ်းတော်ကို သင်မြင်ရလတ္တံ့။ ရေသနုပ်ကိုသာ ဆောင်ခဲ့လော့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း မဟာဏနှင့်ယှဉ်သော ရေသနုပ်တော်ကို ဆောင်၍ ကပ်ဆက် လျှင် ဘုရားသခင်လည်း တပိုင်းကိုဝတ်ပြီး၍ ဘပိုင်းဖြင့်ရုံလျက် ကျောင်းတော်မှ သက်ပြီးသော် ဇေတဝန်ရေကန်၏ စောင်းတန်း၌ ရပ်တော်မူလျှင် ထိုခဏ၌ သိကြားနေရာ ကမ္ဗလာသည် လွန်စွာပူပန်ရကား ဘယ်အကြောင်းများရှိသနည်းဟု သိကြားမင်းကြည့်လတ်သော် ရပ်တော်မူ သော ဘုရားရှင်ကိုမြင်၍ အသျှင်တဆော ဝဿဝလာဟကနတ်ကို ခေါ်ပြီးလျှင် "အမောင်နတ် သား-ဘုရားရှင်၏ အလိုတော်ပြည့်အောင် လျင်စွာ မိုးရွာချလော့"ဟု စေပေ၏။

ထိုအခါ ဝလာဟကနတ်သားလည်း မင်းသားအဆင်းနှင့်တူသော တိမ်တိုက်ပုဆိုးကိုဝတ်လျက်၊ တထည်သော တိမ်လွှာကို ရုံပြီးလျှင် ပြည့်စုံသော မိုးသီချင်းကိုသီလျက် အရှေ့လောကဓာတ်မှ သည် အနောက်လောကဓာတ်သို့ ရှေးရှုပြေး၏။ ထိုအခါ အရှေ့မျက်နှာမှ တလင်းတရာမျှ လောက်သော မိုးလုံးသည်ဟက်၍ ပည်းနက်သော တိမ်ခဲ တိမ်ထပ်တို့သည် ပြတ်လျက် လျှပ်စစ်

ဘိမ်မီးတို့သည် တညီးညီးပြက်ကာဖြင့် လွန်စွာထစ်ကြိုးလျက် ရေအိုးမှမှောက်၍ သွန်လိုက်သော ရေကဲ့သို့ တွေတွေစီးမျှသော မိုးကြီး သည်းထန်စွာရွာ၍ ယူဇနာတရာ့ငါးဆယ်ရှိသော ကောသလတိုင်းအလုံးရေ ပြည့်လေ၏။ ဇေတဝန်ရေကန်၌လည်း ကန်ဧောင်းတန်း ပြည့်လေ၏။

ဤသို့ မိုးရွာရခြင်းကြောင့် ဘုရားရှင်တို့၏ တန်ခိုးကြီးသည်ကို ချီးမွမ်းကြသော စကားစပ်တွင် "ယခုမှသာ မိုးရွာစေနိုင်သည်မဟုတ်၊ ရှေးသောအခါ ငါသည် ငါးမင်းဖြစ်တော်မူ၍ အိုင်၌ ရေခန်းသဖြင့် ငါးအပေါင်းတို့ ပျက်စီးသောအခါလည်း ငါဘုရားအလောင်းတော်ဖြစ်သော ငါးမင်းသည် သစ္စာပြုသဖြင့် မိုးရွာစေဖူးပြီ"ဟု အတ္ထုပ္ပတ္တိကိုပြ၍ မစ္ဆဇာတ်ကို ဟောတော်မူသည်။

ထိုဇာတ်ကိုကား ဧကကနိပါတ်၌ သင်္ဂါယနာ တင်သည်။ယင်းသို့ မိုးကိုရွာစေခြင်းသည် ဘုရားရှင်၏ ဘုန်းပါရမီတော်ကြောင့် ဖြစ်ရကား တန်ခိုးဆယ်ပါးတွင် ပုညဝတော ဣဒ္ဓိဟု ဆိုအပ်သည်။ စိတ်တော်ကြံတိုင်း ပြီးလေသောကြောင့် မနောမယဣဒ္ဓိလည်း ဆိုအပ်သတည်း။

၉၄၅။ နတ်ရွာအပြည့်၊ နေကုန်လှည့်၊ စားသည့်ဩဇာ တူလိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စတုပ္ပဒါနံ၊ အခြေလေးချောင်းရှိသော သတ္တဝါတို့၏။ အာဟာရတော၊ စားသောအစာထက်။ သကုဏာနံ၊ ငှက်တို့၏။ အာဟာရော၊ အစာသည်။ သုခုမော၊ သိမ်မွေ၏။ တသ်ာ၊ ထိုငှက်တို့၏။ အာဟာရတော၊ စားသောအစာထက်။ ပစ္စန္တဂါမဝါသီနံ၊ ပစ္စန္တရစ်ရွာစွန်၌ နေသောသူတို့၏။ အာဟာရော၊ အစာသည်။ သုခုမော၊ သိမ်မွေ၏။ တသံ၊ ထိုပစ္စန္တရစ်ရွာသူတို့၏။ အာဟာရတော၊ စားသော အစာထက်။ ဂါမဘောဇကာနံ၊ ရွာစားတို့၏။ အာဟာရော၊ အစာသည်။ သုခုမော၊ သိမ်မွေ၏။ တသံ၊ ထိုရွာစားတို့၏။အာဟာရတော၊ စားသောအစာထက်။ရာဇ ရာဇမဟာမတ္တာနံ၊ ပဒေသရာဇ် ကရာဇ်မင်း မင်း၏ အမတ်ကြီးတို့၏။ အာဟာရော၊ အစာသည်။ သုခုမော၊ သိမ်မွေ့၏။ တသံ၊ ထိုမင်း မင်း၏ အမတ်ကြီးတို့၏။ အာဟာရတောပိ၊ စားသော အစာထက်လည်း။ စက္ကဝတ္တိနံ၊ စကြဝတေး မင်းတို့၏။ အာဟာရော၊ အစာသည်။ သုခုမော၊ သိမ်မွေ့၏။ တသ်၊ ထို စကြဝတေးမင်းတို့၏။ အာဟာရတောပိ၊ စားသော အစာထက်လည်း။ ဘုမ္မာဒေဝါနံ၊ ဘုမ္မစိုး နတ်တို့၏။ အာဟာရော၊ အစာသည်။ သုခုမော၊ သိမ်မွေ့၏။ တသံ၊ ထိုဘုမ္မစိုးနတ်တို့၏။ အာဟာရတောပိ၊ စားသောအစာထက်လည်း။ စာတုမဟာရာဇိကာနံ၊ စတုမဟာရာဇ်နတ်မင်းတို့၏။ အာဟာရော၊ အစာသည်။ သုခုမော၊ သိမ်မွေ့၏။ ဧဝံ၊ ဤအတူ။ ယာဝပရနိမ္မိတဝသဝတ္တိ၊ ပရနိမ္မိတဝသဝတ္တိဘုံတိုင်အောင်။ အာဟာရော၊ အစာ၏ သိမ်မွေ့သောအဖြစ်ကို။ ဝိတ္ထာရေတဗ္ဗော၊ အကျယ်ချဲ့ဆိုအပ်၏။

ဤသို့ လူ့ ပြည်၌ရှိကြကုန်သော သတ္တဝါတို့သည် ရှေးကြမ္မာအားလျော်စွာ တဦးထက်တဦး သည် နူးညံ့သိမ်မွေ့သောအစာ ရှိလေသကဲ့သို့၊ နတ်ပြည်၌ နတ်တို့သည်လည်း တဘုံထက် တဘုံ သာ၍ သိမ်မွေ့သော အစာရှိကုန်၏ဟူ၍ သာရတ္ထသင်္ဂဟ၌လာသည်။

ထိုနတ်ပြည်၌ဖြစ်သော နတ်တို့သည် မိမိကောင်းမှုအားလျော်စွာ ဗိမာန်၏အနီး၌ ပေါ်လာသော ဒေဝဒုမ မည်သော သစ်ပင်သည်ရှိ၏။ ထိုသစ်ပင်၌ သီးသော အသီးသည် သုဓာဘုတ်

မည်၏။ အပွင့်မှဖြစ်သော ပျားလဘို့ကဲ့သို့သော ဝတ်ရက်သည် ပီယူသ မည်၏။ ထိုသုဓာဘုတ် ပီယူသကား သိမ်မွေ့သော အတွေ့ အရသာ ဩဇာ ကြီးလှသောကြောင့် နတ်၏ကိုယ်ခန္ဓာကို ထောက်ပံ့လျက်သာ ပျံ့နှံ့လေသည်။ ကျင်ကြီး ကျင်ငယ်ကား မဖြစ်။ အဘယ်ကဲ့သို့နည်းဟူမူ ဤလူ့ပြည်၌ ပျားထောပတ် အရသာကဲ့သို့တည်း။ ဤသုဓာဘုတ်သည် တဘုံနှင့်တဘုံ မတူကြ။ ဝသဝတ္တီဘုံ၌ အလုံးစုံသော နတ်တို့၏ ဩဇာထက် သာလွန်၏ ဟူလိုသည်။

၉၄၆။ မြင်းခံပြည့်၊ သေတုံလှည့်၊ မျက်၏ မင်းကြီး ဘယ့်ကြောင့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

မင်းရေးကိုမကြောက်၊ မြင်းရေးကို ကြောက်သောကြောင့် မင်းကြီးကွပ်မျက်၏ ဟူပေ။

အကြောင်းကိုကား သိကြသည်များ၏။ ယင်းသို့ များသော်လည်း "ဆိုရေးရှိထွေ၊ မဆိုချေသော်၊ ဆိုပေအံ့ချက်၊ ဝန်ခံပျက်ချိမ့်၊ ဆိုဆက်ပိပိ၊ ဆိုလိုက်သည်ပိမ့်" ဟူ၍ ခပ်တော်မူသော အရှင် အဂ္ဂသမာဓိနည်းကိုခံ၍ အတန်ငယ် ဆိုလိုက်ဦးအံ့။

ပုဂံပြည်၌ ကုလားကျမင်း၏ သားတော် 'မင်းယဉ်နရသိခ်'နှင့် 'နရပတိစည်သူ'ဟူ၍ ညီနောင်နှစ်ယောက် ရှိသည်တွင် နောင်တော်မင်းယဉ်နရသိခ် မင်းပြုသောအခါ ညီတော် နရပတိစည်သူသည် ပြည်ထဲရေးကို စီရင်၍ နေရ၏။ မယ်တော်ကား ညီတော်နှင့် တအိမ်တည်းနေ၏။

ထိုအခါ ဆင်ခေါင်းဝက်ဝင်အရပ်တွင် ရှမ်းတဦးသည် ဝါးတောသို့ ဝင်လေသော် အဠနာ ရွှေနှင့်တူသော ဝါးလုံးကြီးတခုတွေ့လေ၏။ ထိုဝါးကို ခွဲ၍ ကြည့်လျှင် ဝါးထဲ၌ ပုလဲမှည့် အဆင်းနှင့်တူသော မိန်းမငယ်ကိုရ၍ ထိုရှမ်းကြီးသည် သမီးပြု၍ မွေးလေ၏။ အရွယ်သို့ ရောက်သောအခါ လူလည်းမက၊ နတ်လည်းမမျှ၊ အလွန်လှပသော အဆင်းနှင့် ပြည့်စုံသည်ဖြစ်၍ ဤမိန်းမငယ်ကား မင်းနှင့်သာတန်၏ဟု ကြံပြီးသော် မင်းကြီးထံသို့ ဆောင်လာ၏။

မင်းယဉ်နရသိခ်လည်း ထိုမိန်းမငယ်ကိုမြင်လျှင် "နားပက်ကျယ်နှင့် ဝမ်းပျက်လိလိ ရှိသည်"ဟု ဆို၍ မယ်တော်အား ကွမ်းပြင်စရာပေးတော်မူ၏။ မယ်တော် မိဖုရားလည်း ပညာကြီးသော မိန်းမဖြစ်၍ နားကိုတန်ရုံဖြတ်၍ ဆက်ပြီးသော် အနေအစား အလုံးစုံကို သင်ပြ၍ယဉ်ကျေးသောကာလ သားတော် နရပတိစည်သူနှင့် ထိမ်းမြား၏။ နားတန်လေသော် သံသေဒဇပုဂ္ဂိုလ်ဖြစ်၍ လူမိန်းမများစွာတို့ထက် ထူးကဲ လွန်မြတ်သော အရောင်အဆင်း ရှိသောကြောင့် ယောကျ်ားတကာတို့သည် မြင်တိုင်း မြင်တိုင်း တိမ်းညွတ်သည်သာ ဖြစ်ကုန်၏။ ဝါးထဲကရသူ ဖြစ်သောကြောင့် 'ဝေဠုဝတီ'ဟု အမည်ပေး၏။

မင်းယဉ်နရသိခ်လည်း သီတင်းနေ့တိုင်သော် မယ်တော်အိမ်သို့လာ၍ ရှိခိုးကန်တော့မြဲ ဖြစ်သောကြောင့် တနေ့သ၌ ကန်တော့ခြင်းငှါလာရာတွင် ဝေဠုဝတီကို မြင်လေ၏။ မြင်လျှင် "ဤသူငယ်မကား အသူနည်း"ဟု မေး၍ ဝါးထဲကရ၍ ဆက်လာသူဖြစ်ကြောင်းကို လျှောက်လျှင် သပြာတသိန်းမှ ရှုံးသောသူကဲ့သို့ နှလုံးမသာခြင်း ဖြစ်လျက် အဖန်တလဲလဲကြည့်၏။ ကြည့်ဖန်များသဖြင့် အားကြီးသောဆန္ဒရာဂသည် ဖြစ်၍ ရအောင်ငါယူအံ့ဟု အကြံရှိ၏။

တရံသောအခါ မင်း၏ ပရိယာယ်ဖြင့် အမတ်ငယ် တဦးအား "အထက် ငဆောင်ချမ်းစစ်ထွက်သည်။ စစ်ကူတော်မူပါဟု သဝဏ်စာခွေ ပြုပြီးသော် ညီတော်နှင့်အတူနေကြစဉ် သင်ဆက်လာလှည့်"ဟု စေတော်မူ၏။ စေလိုက်သောအမတ်လည်း နေ့ရက်မကြာလာ၍ မင်းရင်ပြင်သို့ဝင်ပြီးလျှင် ယခု ငဆောင်ချမ်း ဗန်းမော်အရပ်မှာ စစ်ရှိပါသည်။ရေအား ကြည်းအားနှင့် ဆန်၍ကူတော်မူပါဟု စာကိုဆက်လှာ၏။မင်းယဉ်နရသိခ်လည်း ညီတော်ကို မှူးမတ်ရဲမက် ခန့်ရုံ၍ အလျင်ချီလေဟု စေတော်မူ၏။

နရပတိစည်သူလည်း ဤသတင်းကို သူတပါးမကြားပဲ ရုတ်ခြည်းဖြစ်လှာသည်။ ယမန်ကလည်း ငါ့မိဖုရားကို မျှားစွာ ကြည့်သည်။ ယူလို၍ပင် စေလေသလောဟု တွေးတောခြင်းရှိလျက်ပင် ရဲမက်ဗိုလ်ပါ စီရင်၍ ချီတော်မူ၏။ မြင်းသူတော်စင်နှင့် မြင်းခံပြေည့်ကို ဤအိမ်တော်အရေးအရာရှိသော်လည်းကောင်း၊ စကားစမြည်ထွက်သော်လည်းကောင်း နေ့ညဥ့်မဟူ လျင်လှစေဟု မှာ၍ထားခဲ့၏။ နရပတိ စည်သူလည်း ရေအား ကြည်းအားဆန်၍ သစ်ဆိမ့်သစ္စာရသို့ရောက်လျှင် ကွန်းထောက်တဲဆောက်၍နေပြီးမှ အထက်ကသတင်းကို နားထောင်သော်တစုံတခုမျှမကြားသောကြောင့် မှူးမတ် ဗိုလ်ပါများကို စည်းဝေးစေပြီးလျှင် "အရေးရှိသော် နောင်တော်ဘက်က ကူညီမည်လော၊ ငါ့ဘက်က ကူညီမည်လော"ဟု မေး၏။ အမတ်တို့ကလည်း "မင်းယဉ်နရသိခ်ဝယ် သားယောကျ်ားမရှိ။ ညီတော်ပင် မင်းလျာဖြစ်သောကြောင့် အရှင့်ဘက်က နေပါမည်ဟု"ဟု ဝန်ခံကြ၏။ ထိုအခါ သစ္စာအသီးအသီးပေး၍ မှူးမတ်တို့နှင့် နှလုံးတချောင်းတည်းဖြစ်ကြ၏။ ထိုသို့ စည်းဝေးကြရာ အရပ်ကို 'သစ္စာရ'ဟု တွင်လေသည်။

မင်းယဉ်နရသိခ်လည်းညီတော်သစ်ဆိမ့်သို့ ရောက်ပြီဟု ကြားလျှင် ခယ်မတော်ဝေဠုဝတီကိုယူ၍ နန်းတင်လေ၏။

မြင်းခံပြေည့်လည်း ညဥ့်အထွက် ခေါင်းလောင်းထိုးက ပုဂံတဘက် မြစ်ခြေအောင်သာကိုကူးပြီးလျှင် မြင်းသူတော်စင်ကို စီးပြီး၍ မည့်မပြင်း နှင်လေ၏။ ချင်းတွင်းပရိမ္မသို့ရောက်မှ နေထွက်တပြုရှိ၏။ ထိုမှ ဟန်လင်းကို အဖြောင့်သန်း၍ ငါးပတ်ချောင်းသို့ရောက်သော် နေဝင်လေ၏။ မြင်းခံပြေည့်လည်း တောအနွီးတွင်ရှိသော လဟာပြင်ကို မြစ်ထင်၍မြင်းတော်လည်း ပန်းပြီ၊ ယနေ့ သည်တွင် အိပ်လျက် နံနက်မှအရောက်သွားတော့မည်ဟု ကြံ၍ နတ်ကွန်းတခုဌ်အိပ်လေ၏။

မြင်းသူတော်စင်လည်း တရေးနိုး၍ အပန်းပြေသောအခါ ဟီ၏။ နရပတိစည်သူလည်း မြင်းဟီသံကို ကြားသော် ငါ့မြင်းသူတော်စင်ဟီသံတကားဟု ဆိုလျက် စက်တော်မခေါ်ပဲ စောင့်နေ၏။မရောက်လာပဲ နှစ်ကြိမ် သုံးကြိမ်ဟီသော် ငါ့မြင်းဟီသံမှန်လျှင် ဤသည့်အိုးသည် မလှဲပေါက်စေသောဟု အဓိဋ္ဌာန်ပြု၍ အိုးတော်ကို လက်ဖြင့်ပုတ်သော် အိုးပေါက်လေ၏။ ထို့ကြောင့် ထိုအရပ်ကို 'မလှဲအိုးပေါက်'ဟု ယခုတိုင်အောင် တွင်သည်။ မင်းသားလည်း ကြောင့်ကြလျက်နေသည်တွင် မြင်းဟီသံကိုကြား၍ တွေးတောမိသည်နှင့် စက်တော်မခေါ်တတ်ရှိ၏။ ပြေည့်လည်း နံနက်ခေါင်းလောင်းထိုးက ထ၍ နှင်သော် လင်းလျှင်ပင် တပ်တော်သို့ ရောက်လေ၏။ နရပတိစည်သူမင်းလည်း "ဘယ်အကြောင်းကြောင့် လာသနည်း"ဟု မေး၍ နှမတော် ဝေဠုဝတီကိုနောင်တော်ယူကြောင်း လျှောက်တင်လျှင် "နင်ယမန်နေ့ည ဘယ်မှာအိပ်သနည်း"ဟု မေး၏။ မြင်းတော် ပင်ပန်းလှ၍ ချောင်းဘဘက်တွင် အိပ်ပါသည်ဟု လျှောက်သော် ကွပ်ရာသောအကြံကို နင်ကြံသည်။ ငါ့မယားကို သူယူသည့် အမှုကိုပင် တညဥ့်ပတ်လုံးလွန်အောင် နေဘိ

သည်။ နင်သည် မင်းရေးကိုကား မကြောက်။ မြင်းရေးကို ထောက်ဘိသည်။ ငါတို့မင်းသည်ကား တခဏနှင့်ပင် အများကိစ္စကို ပြီးစေနိုင်သည်။ သို့ပါလျက် အကြံပျက်အောင် နင်နေဘိသည်ဆို၍ ပြေည့်ကို ကွပ်လေ၏။

ထိုသို့ကွပ်ပြီးလျှင် မင်းကြီးလည်း အသုံးအချင်းနှင့်တကွ စုန်တော်မူ၏။ ပြေည့်အလောင်းလည်း ဖောင်တော်နားတွင်ကပ်လျက် ချင်းတွင်းဝ တိုင်အောင် ပါလာသည်ကို မေးတော်မူသော် မှူးတော်မတ်တော်တို့က ကျွန်တော်ပြည့်သည် အမှုတော်ကို ထမ်းရွက်လျက် သနားတော်မူသောဆုကို မခံရသောကြောင့် ဖောင်တော်နားတွင် ကပ်လျက်ပါပါသည်။ တွန်းပယ်၍မျှ မရပါကြောင်းကို လျှောက်လျှင် ဤသောင်ပြင်တွင် တင်၍ သဂြိုဟ်လေ။ နတ်ကွန်းပြု၍လည်း ထားပေ။ ဤအရပ်သူတို့၏ ပူဇော်ရာဖြစ်စေဟု မိန့်တော်မူ၏။

ဤရာဇဝင်စာတမ်းကိုမှီ၍ ပြေည့်၏အကြောင်းကို သိရာ၏ ဟူပေ။

၉၄၇။ မျက်စောင်းထိုးလှည့်၊ နဂါးကြည့်၊ မြည့်မြည့် ဘယ့်ကြောင့် ကြေသနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကြေခြင်း၏အကြောင်းကိုကား တန်ခိုးအရာဖြစ်၍ မကြံစည်အပ်ပြီ။ တန်ခိုးဆယ်ပါးတွင် နဂါးတို့သည် စိန်းစိန်း ကြည့်သဖြင့်လည်းကောင်း၊ အခိုးအငွေ့ သင့်သဖြင့်လည်းကောင်း တပါးသော သတ္တဝါတို့ ကြေပျက်ရခြင်းသည် ကမ္မဝိပါကဇိဒ္ဓိမည်သော တန်ခိုးဖြစ်သည်။

ထို့ကြောင့် သာရတ္ထသင်္ဂဟ၌–

အပိစ ကမ္မဝိပါကဇိဒ္ဓိနာမေသာ နာဂါနံ နာဂိဒ္ဓိ သုပဏ္ဏာနံ သုပဏ္ဏိဒ္ဓိ။

စသည်ဖြင့် ဆိုတော်မူသည်။

နဂါးမျိုးတို့၏ တန်ခိုးသည်လည်း မတူကြလေ။ ဒိဋ္ဌဝိသနဂါး၊ ဒဋ္ဌဝိသနပါး၊ ဖုဋ္ဌဝိသနဂါး ဟူ၍ သုံးမျိုးရှိသည်။

ထိုသုံးမျိုးတို့တွင်—

ဒိဋ္ဌဝိသနဂါးသည် သတ္တဝါကို မျက်စောင်းထိုးကြည့်လျှင်ပင် ဖွဲပြာကဲ့သို့ ကြေရသည်။

ဒဋ္ဌဝိသနဂါးမျိုးသည် ကိုက်သည်ရှိသော် ထိုအတူ သေကြေရလေသည်။

ဖုဋ္ဌဝိသနဂါးမျိုးသည် ထိခိုက်မိလျှင်ပင် သေကြေရလေသည်။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌–

တတ္ထ ဒိဋ္ဌဒဋ္ဌဖုဋ္ဌဝိသာနံ နာဂါနံ ဒိသွာ ဍံသိတွာ ဖုသိတွာစ ပရူပဃာတကရဏေန နာဂိဒ္ဓိတိ ဝေဒိတဗ္ဗာ။ ။ဟူ၍ ဆိုတော်မူသည်။

၉၄၇။ မျက်စိဖြင့်လှည့်၊ ရုပ်ကိုကြည့်၊ မည်သည့် ကရိုဏ်းပေတို့နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကရိုဏ်းသည် အဇ္ဈတ္တိက ကရိုဏ်း, ဗာဟိရကရိုဏ်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ကိုယ်မှအပဖြစ်သော ကရိုဏ်းသည် ဗာဟိရကရိုဏ်းမည်၏။ ပြယုဂ်ကား ဒတ္တေန ဝိဟိံ လုနာတိ အစရှိသည်တည်း။ကိုယ်၏ အတွင်းဖြစ်သော ကရိုဏ်းသည် အဇ္ဈတ္တိကကရိုဏ်းမည်၏။ပြယုဂ်ကား.... စက္ခုနာ ရူပံ ပဿတိ-အစရှိသည်တည်း။

တနည်းကား။ ။သဟဇာတ ကရိုဏ်း, ဥပနိဿယကရိုဏ်းအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်–ကတ္တားနှင့်တကွဖြစ်သော ကရိုဏ်းသည် သဟဇာတ ကရိုဏ်းမည်၏။ပြယုဂ်ကား....ပါဒေန ဂါမံ ဂတော ပုရိသော-စသည်တည်း။ မှီရာအကြောင်းဖြစ်သော ကရိုဏ်းသည် ဥပနိဿယ ကရိုဏ်း မည်၏။ ပြယုဂ်ကား....စက္ခုနာ ရူပံ ပဿတိ-အစရှိသည်တည်း။

ဤသို့ဆိုသည်ကို ထောက်၍ မျက်စိဖြင့် ရုပ်ကို ကြည့်ခြင်းသည် အဇ္ဈတ္တိက ကရိုဏ်းဟူ၍ လည်းကောင်း၊ ဥပနိဿယကရိုဏ်းဟူ၍လည်းကောင်း သိရာသည်။

၉၄၉။ ရှုကာတည့်တည့်၊ ဆင်ကြည့်ကြည့်၊ မည်သည့် မိန်းမမျိုးပေနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဒုမိနီ မာတင်္ဂဒဿနံ
စိတြိနီ ကပေါတကံ။
သင်္ခရဏီ ကာကဒဿနံ
ဟတ္ထိနီ ယက္ခဒဿနံ။

ပဒုမိနီ မိန်းမမျိုးကား မာတင်ဆင်၏ ကြည့်ခြင်းကဲ့သို့ ရိပ်စောင်းကြည့်၏။
စိတြိနီမိန်းမမျိုးကား ခို၏ကြည့်ခြင်းကဲ့သို့ တည့်တည့်ကြည့်၏။
သင်္ခရဏီ မိန်းမမျိုးကား ကျီးကဲ့သို့ ထပ်ကာထပ်ကာကြည့်၏။
ဟတ္ထိနီမိန်းမမျိုးကား သားစားဘီလူး ကြည့်သကဲ့သို့ စိန်းစိန်းဝါးဝါးကြည့်၏။

၉၅၀။ ညစ်ပတ်လပြည့်၊ မှတ်တိုလှည့်၊ မည်မှည့် ဘယ်နာရီတို့နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဒုမိနီ အနွမလံ၊ ကာဠမလဥ္စ စိတြိနီ။
သင်္ခရဏီ သာတမလဉ္စ၊ ဟတ္ထိနီ ပုဏ္ဏမာသိယံ။

ပဒုမိနီကား လပြည့်ကျော် ရှစ်ရက်မှသည် လကွယ်အတွင်း၌ ပုဆိုးညစ်၏။ စိတြိနီကား လပြည့်ကျော်တရက်မှသည် ရှစ်ရက်အတွင်း ပုဆိုးညစ်၏။ သခ်ရဏီကား လဆန်းတရက်မှသည် ရှစ်ရက်အတွင်း၌ ပုဆိုးညစ်၏။ ဟတ္ထိနီကား လဆန်း ရှစ်ရက်မှသည် လပြည့်အတွင်း၌ ပုဆိုးညစ်၏။ ပန်းသွန်သည်ကို ပုဆိုးညစ်၏ဟု ဆိုသည်။

၉၅၁။ ထေဝပတ်သောက်လှည့်၊ အားအင်ပြည့်၊ မည်သည့် ကိရိယာပေတို့နည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ပိဝိတွာ ဟောတိ သပ္ပိ ဗလံ။ ။ဟူသော ပြယုဂ်၌-သပ္ပိ၊ ထေဝပတ်ကို။ ပိဝိတွာ၊ သောက်၍။ ဗလံ၊ အားသည်။ ဟောတိ၊ ဖြစ်၏။ ဤသို့ ယောဇနာမှု သောက်ခြင်းကိရိယာသည် ပုဗ္ဗကာလကိရိယာ ဖြစ်သည်။ ယင်းသို့ ဖြစ်သော်လည်း ထေဝပတ် သောက်ခြင်းသည်အကြောင်း၊ အားပြည့်ခြင်းသည် အကျိုးဖြစ်ရကား ဟိတ်အနက် ဖြစ်သင့်သည်။ထို့ကြောင့်။သပ္ပိ၊ ထေဝပတ်ကို။ ပိဝိတွာ၊ သောက်ရသောကြောင့်။ ဗလံ၊အားသည်။ ဟောတိ၊ဖြစ်၏။ ဟူ၍သာ ယောဇနာရမည်။ ဤကိရိယာမျိုးသည် ဟေတုမန္တ ကိရိယာမျိုးဟူလိုသည်။

၉၅၂။ အအူအပြည့်၊ နေတုံလှည့်၊ စားသည့်ပိုးကား အဘယ်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> စူရန္တာစ မဟာစူရန္တာစ သိပ္ပါစ မဟာသိပ္ပါစ အန္တဝဋာစ ပက္ကဝဋာစ။ တေ ကိမယော အန္တံ နိဿာယ အန္တံ ခါဒန္တိ။ တတ္ထ ဇာယန္တိ။ ဝဍ္ဎန္တိ။ ကီဠန္တိ။ ကီဠနသာလံ ကရောန္တိ။ ဇိယျန္တိ။ မိယျန္တိ။ ပုနပ္ပုနံ ဥပ္ပဇ္ဇန္တိ။ သုသာနံ ကရောန္တိ။ သူတိဃရံ ကရောန္တိ။ ဥစ္စာ-ရပဿာဝံ ကရောန္တိ။ ဂိလာနသာလံ ကရောန္တိ။

ဟူ၍ မူလကမ္မဋ္ဌာန်း၌လာသည်။ အဓိပ္ပာယ်"အယ်"ကာရန်ပုစ္ဆာနံပါတ် ၇၁-ကဖြေဆိုခဲ့ပြီ။

၉၅၃။ တောင်တရာပြည့်၊တက်တုံလှည့်၊မည့်ကြောင့် အာပတ်မသင့်သနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

> န ရုက္ခမဘိရူဟေယျ၊ သတိ ကိစ္စေဝ ပေါရိသံ။
> အာပဒါသု ယထာ[illegible]မံ၊ ကပ္ပတိ အဘိရူဟိတုံ။

ဟူ၍ လက်သန်းအဋ္ဌကထာတို့၌လာသည်။

ဘိက္ခု၊ ရဟန်းသည်။ ရုက္ခံ၊သစ်ပင်ကို။ န အဘိရူဟေယျ၊မတက်ရာ။ ကိစ္စေ၊ ထင်းခြောက်ယူလိုခြင်း ကိစ္စသည်။ သတိဝေ၊ ရှိသော်သာလျှင်။ ပေါရိသံ၊တသူအတိုင်း အရှည်ရှိသောအရပ်တိုင်အောင်။ အဘိရူဟေယျ၊တက်ရာ၏။ အာပဒါသု၊ ကျားသစ်၊ ဆင်မိုက်လိုက်ခြင်းဟူသော ရန်သူတို့ကြောင့်။ ယထာကာမံ၊ အလိုရှိတိုင်း။ အဘိရူဟိတုံ၊ တက်ခြင်းငှါ။ ကပ္ပတိ၊အင်၏။

ဤသို့လာရကား ဘေးရန်ရှိသောကြောင့်တက်ရာ၌ အတောင်တရာပြည့်ပင် တက်သော်လည်း အာပတ်မသင့်ဟု သိရာသည်။

၅၅၄။ မင်္ဂလာတည့်၊ပုဒ်ရှိလှည့်၊မ၏အနက် မည်သို့နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား –

မသည် အနက်မရှိ၊ အာဂုံ ဟူ၍လည်း ဋီကာဆရာတို့ မိန့်၏။ ကျက်သရေဟူသော အနက်ကို ဟောသည် ဟူ၍လည်းမိန့်၏။

အင်္ဂန္တိ ဂစ္ဆန္တိ သတ္တာ ဧတေနာတိ မင်္ဂံ။

ဧတေန၊ဤအကုသိုလ်တရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။အပါယာဒိဒုက္ခံ၊အပါယ်ဧသော ဆင်းရဲသို့။ အင်္ဂန္တိ ဂစ္ဆန္တိ၊ရောက်တတ်ကုန်၏။ ဣတိ၊ထိုသို့ရောက်ကြောင်းဖြစ်သော သတ္တိကြောင့်။ မင်္ဂံ၊ မင်္ဂမည်၏။ ။အင်္ဂဓာတ်။အပစ္စည်း။ မအာဂုံ။

မင်္ဂံ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ။

ယော သဘာဝေါ၊ သည်။ မင်္ဂံ ပါပံ၊ မကောင်းမှုကို။ လုနာတိ ဆိန္ဒတိ၊ ရိတ်ဖြတ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ မင်္ဂလံ၊ မင်္ဂလာမည်၏။ မင်္ဂသဒ္ဒါပုပဒ၊ လူဓာတ်။ အပစ္စည်း။

မဟန္တံ သိရိံ ဂလတိ ဂဏှာတိ ဧတေနာတိ မင်္ဂလံ။ ။မဟန္တသဒ္ဒါ ပုပဒ ဂလ ဂတိမှိ။ ။ဂဋ္ဌုန်ပျံ။

မင်္ဂန္တိ သတ္တာ ဧတေန ဝုဒ္ဓိံ ဂစ္ဆန္တီတိ မင်္ဂလံ။ ပဿဋ္ဌ။ ။မောဂ္ဂလာန်။

ဧတေန၊ ဤဗာလအသေဝန စသော အကျင့်ဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ မင်္ဂန္တိ ဝုဒ္ဓိံ ဂစ္ဆန္တိ၊ ကြီးပွားခြင်းသို့ ရောက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကြီးပွားခြင်းသို့ ရောက်ကြောင်း ဖြစ်သော သတ္တိကြောင့်။ မင်္ဂလံ၊ မင်္ဂလာမည်၏။

ဤမောဂ္ဂလာန်ဆရာအလိုအားဖြင့် မသည် ဝုဒ္ဓိအနက်ကို ဟော၏ဟူပေ။

၅၅၅။ ပထဝီခေတ်တည့်၊ ပျက်တုံလှည့်၊ မည်သည့် ချိန်၌ သေအံ့နည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပထဝိနဿနာ ပဌမယာမေ-ဟူ၍ လည်းကောင်း၊ ပထဝီခေတုနဿန္တေ၊ ပုဗ္ဗဏှေ မရဏံ ဘဝေ ဟူ၍ လည်းကောင်း ဓာတုဝိဘာဂဒီပနီ၌ မိန့်၏။

၉၅၆။ ထင်းတုံးကုန်လှည့်၊ ပုဆိုးထည့်၊ ချက်၏ ဘယ်သင္ဘေးပေနည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

နန္ဒယသဌေးသည် သမီးဝိသာခါ၏ လက်ထပ်ပွဲတွင် ကောသလမင်းနှင့်တကွသော ပရိသတ်တို့ကို ကျွေးမွေးသောအခါ ထင်းမလောက်၍ ပုဆိုးကို ထင်းပြု၍ ချက်ရ၏ဟူပေ။

ဤဝတ္ထုကို သိသာရုံဆိုလိုက်ဦးအံ့-

ရာဇဂြိုဟ်နယ်အဝင် ဖြစ်သော အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့၌ မေဏ္ဍကအမည်ရှိသော သဌေးသည်ရှိ၏။ ထိုသဌေး၏မယားကား စန္ဒပဒုမသိရီမည်၏။ သားကြီးကား ဓနဉ္စယမည်၏။ မယားကား သုမနဒေဝီမည်၏။ ကျွန်ကား ပုဏ္ဏ အမည်ရှိ၏။ ဤငါးဦးသောသူတို့ကား ပဒေသာတမျိုးမျိုးစီရသော ဘုန်းရှိသော သူတို့ချည်းတည်း။ ဓနဉ္စယသဌေး၏သမီးသည် ဝိသာခါအမည်ရှိ၏။ ဤဝိသာခါသည် ခုနစ်နှစ်အရွယ် ရှိသောအခါတွင် ဘုရားသခင်လည်း သံဃာတော်အပေါင်းနှင့်တကွ ဒေသစာရီကြွချီတော်မူ၍ ဘဒ္ဒိယမြို့သို့ရောက်အံ့သောအခါ အဖိုးဖြစ်သော မေဏ္ဍကသဌေးကမြေးဝိသာခါကိုခေါ်၍ "ချစ်မြေးတို့အား လည်းကောင်း၊ ငါတို့အားလည်းကောင်း ကောင်းမြတ်သော မင်္ဂလာဖြစ်စိမ့်သောငှါ အရွယ်တူသော သတို့သမီးငါးရာတို့နှင့် ရထားစီး၍ ဘုရားသခင်ကို ခရီးဦးကြိုပြုချေ"ဟု စေလိုက်၏။ ဝိသာခါလည်း အဖိုးစေလိုက်သောအတိုင်း သွားလာသဖြင့် ဘုရားရှင်ကိုမြင်သောအခါ ရထားမှဆင်း၍၊ ခြေဖြင့်သာသွား၍ ဘုရားအနီးသို့ကပ်၍ လျှောက်ပတ်သောနေရာ၌ ရှိခိုးကာနေ၏။ ကိုယ်တော်မြတ်လည်း သတို့သမီးငယ်တို့နှင့် လျှောက်ပတ်သော တရားစကားကို ဟောကြားတော်မူသဖြင့် ဝိသာခါသည် သူငယ်မငါးရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထို့နောက် ထပ်ကာကြိုဆိုလာသော သဌေးကြီး သဌေးကတော်ကြီးတို့လည်း အသီးအသီး တရားရကြကုန်၏။ ဘုရားသခင်ကိုလည်း သံဃာတော်နှင့်တကွ ပင့်ဖိတ်၍ လခွဲပတ်လုံး အလှူကြီးကိုပေး၏။ လခွဲလွန်လေသော် ဘုရားကိုယ်တော်မြတ်လည်း အရပ်တပါးသို့ ဒေသစာရီကြွချီတော်မူလေ၏။

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းနှင့် သာဝတ္ထိပြည်ကို အစိုးရသော ကောသလမင်းကြီးကား တယောက်သည် တယောက်၏ နှမယောက်ျားဖြစ်ကြသည်ဖြစ်၍ အမျိုးယောက်ဖ တော်ကြသတည်း။

တရံသောအခါ ကောသလမင်းကြီးသည် ဗိမ္ဗိသာရမင်း၏အထံသို့လာ၍ "အဆွေဗိမ္ဗိသာရသင်၏နိုင်ငံ၌ အမိတဘောဂဖြစ်သော သဌေးကြီးသည် ဇောတိကလည်း တယောက်၊ ဇဋိလလည်း တယောက်၊ မေဏ္ဍကလည်းတယောက်၊ ပုဏ္ဏလည်း တယောက်၊ ကာကဝလ္လိယလည်းတယောက် ဤငါးယောက်ရှိပါသည်။ ထိုငါးယောက်တို့တွင် တယောက်သောသူကို ကျွန်ုပ်နိုင်ငံသို့ထည့်ပါ။ ကျွန်ုပ်ချီးမြှောက်ပြုစုလိုပါသည်"ဟု တောင်း၏။ ဗိမ္ဗိသာရမင်းကြီးကလည်း "အဆွေ....ဤသဌေးကြီးငါးဦးတို့ကို ငါလှုပ်ရှားခြင်းငှာ မတတ်နိုင်ပါ။ မဟာပထဝီမြေကြီးကိုလှုပ်ရှားရသည်နှင့် တူပါသည်"ဟု ပြော၏။ ကောသလမင်းကြီးကလည်း "တဦးကိုမျှ ကျွန်ုပ်မရလျှင် နိုင်ငံသို့ မပြန်ပြီ"ဟု ဆို၏။ ထိုအခါ ဗိမ္ဗိသာရမင်းလည်း အမတ်တို့နှင့်တိုင်ပင်ပြီးလျှင် မေဏ္ဍကသဌေး၏ သားဖြစ်သော ဓနဉ္စယသဌေးကိုခေါ်၍ "အမောင် ဓနဉ္စယ-ကောသလမင်းကြီးသည် သူ့နိုင်ငံကို

ခေါ်၍ ချီးမြှောက်လိုကြောင်းဖြင့် တောင်းပန်လှသည်။အမောင် လိုက်နိုင်ပါအံ့လော” ဟုမေး၏။ ဓနဥ္စယသဌေးကလည်း “အရှင်မင်းကြီးပေးတော်မူလျှင် အကျွန်ုပ်လိုက်ပါအံ့”ဟု ဝန်ခံ၏။

ထိုအခါ ဗိမ္ဗိသာရမင်းသည် ကောသလမင်းကြီးအား “ဤဓနဥ္စယသဌေးကိုဆောင်ပါလေတော့” ဟု ခွင့်ပေး၏။ ကောသလမင်းလည်း ထိုသဌေးကို ကျေးကျွန် ကျွဲ နွားနှင့်တကွပင် ခေါ်၍ သွားလေသော် ကောသလတိုင်း မြေရေအရိပ်ကောင်းမွန်သော အရပ်တခုသို့ရောက်လျှင် “အရှင်မင်းကြီး ဤအရပ်ကား ဘယ်သူ့ နိုင်ငံနည်း”ဟု မေး၍ “ကျွန်ုပ်တို့နိုင်ငံဖြစ်သည်”ဟု ဆိုလျှင် “အရှင် နေတော်မူသော သာဝတ္ထိပြည်နှင့် ခရီးဘယ်မျှကွာသေးသနည်း”ဟု မေး၏။ “ခုနစ်ရက်ခရီးကွာသေး၏”ဟု ပြောပေသော် “အရှင်မင်းကြီး မင်းနေပြည် မည်သည်ကားကျဉ်းမြောင်း၏။ ကျွန်ုပ်တွင်လည်း အချင်းအရင်းသင်းပင်းများစွာ ပါသည်။ အရှင်နှစ်သက်ပါလျှင် ဤအရပ်၌ နေလိုပါသည်”ဟုဆို၏။ ကောသလမင်းကြီးကလည်း “ကောင်းပြီ၊ သင်သဌေးနေလိုရာ၌ပင် နေပါလော့” ဟု ခွင့်ပြု၏။ ဓနဥ္စယသဌေးလည်း ထိုအရပ်၌ လျောက်ပတ်စွာ မြို့ဖန်ဆင်း၍ ရွာသင်းကျေးလက်နှင့်တကွ နေကြလေ၏။ ထိုပြည်သည် မိမိ၏အလိုအား လျော်စွာနေရသောကြောင့် ‘သာကေတ’ ပြည်ဟု တွင်၏။

သာဝတ္ထိပြည်၌ မိဂါရအမည်ရှိသော သဌေးအား ပုဏ္ဏဝဍ္ဎနမည်သော သားဘယောက်သည် ရှိ၏။ ထိုသားသည် အရွယ်သို့ရောက်သောအခါ မိခင်ဖခင်တို့က “ချစ်သား ပုဏ္ဏဝဍ္ဎန....အမျိုးအနွယ်တူသောသူတို့၏အထံမှ သင်နှစ်သက်သော သတို့သမီးကိုကြားလော့။ ငါတို့ဆောင်၍ ထိမ်းမြားအံ့”ဟုဆို၏။ သား ပုဏ္ဏဝဍ္ဎနကလည်း“အကျွန်ုပ်နှစ်သက်သောသူကို ဤသာဝတ္ထိမြို့တွင်မမြင်ပါ။ ထို့ကြောင့် မယားမနေပဲ မိခင်ဖခင်တို့ကို လုပ်ကျွေးကာနေပါအံ့”ဟုဆို၏။ မိဘတို့ကလည်း “ချစ်သား....ဤသို့မဆိုလင့်၊ သားသမီးအဆက်အနွယ် မရှိသောသူကား လူ့ သစ်ငုတ်ဖြစ်၏။ ထို့ကြောင့် နှစ်သက်သောမိန်းမကိုသာ ပြလော့”ဟူ၍ အဖန်တလဲလဲတိုက်တွန်း၏။ ထိုအခါ ပုဏ္ဏဝဍ္ဎနကလည်း“မိခင်ဖခင်တို့ အိမ်ထောင်ပြုစေလိုမူကား ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသော သတို့သမီးကိုရှာပါလော့။ ထိုသို့သော မိန်းမကိုရမှ ကျွန်ုပ် အိမ်သူပြုပါမည်”ဟုဆို၏။

သင်၏ကောင်းခြင်း ငါးပါးဟူသည်ကား အဘယ်နည်းဟု မေးသော်....

“မိခင်ဖခင်တို့....

၁။ ဆံ၏ကောင်းခြင်း၊

၂။ အရိုး၏ကောင်းခြင်း၊

၃။ အသား၏ကောင်းခြင်း၊

၄။ အရေ၏ကောင်းခြင်း၊

၅။ အရွယ်၏ကောင်းခြင်း ...ဟူ၍ ငါးပါးတည်း၊

ထိုငါးပါးတို့တွင်....

၁။ အကြင်မိန်းမသည် ဘုန်းရှိသောသူဖြစ်အံ့။ ဦးခေါင်း၌ရောက်သော ဆံတို့သည် ရှည်သည်။ အဆောင်နက်သည်။ အဖျားညီညွတ်သည်။ဒေါင်းမြီးကဲ့သို့ ကော့ရရော့ရှိသည်။ဤကား ဆံ၏ကောင်းခြင်းတည်း။

၂။ နွတ်ခမ်းသားသည် မထူမပါးရှိသည်။ တွဲလျားမကျသည်။ ဆေးမဆိုးပဲ ကျီးအာသီး မှည့်ကဲ့သို့ နီသည်၊ ကောင်းစွာထိသည်၊ ပါးမစူမပိမ့်သည်။ ရင်ချီသည်။ လက်ဖမိုး ခြေဖမိုးတို့၌ ကန့်ယက်ကဲ့သို့ဖုံးသည်။ ဤကား အသား၏ကောင်းခြင်းတည်း။

၃။ ခံတွင်း၌ရောက်သောသွားသည် မခေါ်မကျဲ ရွှဲသီကဲ့သို့ ညီညွတ်သည်၊ ပုလဲနှစ်ကဲ့သို့ ဖြူ သစ်သောအရောင်ရှိသည်၊ အရိုးအဆက်ဟူသမျှ၌ ခေါခေါ မထပဲပြေပြစ်သည်။ ဤကား အရိုး၏ ကောင်းခြင်းတည်း။

၄။ အလုံးစုံသော ရင်ဝမျက်နှာ အရေလွှာ၌ မှဲ့ညှင်းတင်းတိပ် အလိပ်အတွန့်မရှိ သန့်ရှင်း သည်။ မဟာလှေကား ပန်းအဆင်းကဲ့သို့ ဝင်းငင်းလှသည်။ ဤကား အရေ၏ကောင်းခြင်းတည်း။

၅။ အရွယ်၏ကောင်းခြင်းဟူသည်ကား သားသမီးဆယ်ကြိမ် ဖွားသော်လည်း တဆယ့် ခြောက်နှစ်ရွယ် နှစ်ဆယ်ရွယ်ကဲ့သို့ တင့်တယ်သောသူတည်း ဟုဆို၏။

မိခင်ဘခင်တို့ကလည်း ငါတို့သားသည် ဘုန်းရှိသောသူဖြစ်သည်။ ဤကောင်းခြင်းငါးပါး နှင့် ပြည့်စုံသော ဘုန်းပြိုင်ထိုက်သူကို မရမရှိရာဟု အောက်မေ့၍ ပုဏ္ဏားရှစ်ဦးတို့ကို ခေါ်ပြီးလျှင် ကောင်းခြင်းငါးပါးနှင့်ပြည့်စုံသောသတို့သမီးကို လှည့်ပတ်၍ ရှာကြလေကုန်။ တွေ့သောကာလ အကြောင်းကိုပြော၍ ဤရွှေပန်းကုံးကို ပေးခဲ့လေ့ဟုဆိုလျက် အသပြာတသိန်းထိုက်သော ရွှေ ပန်းကုံးကိုပေး၏။ ပုဏ္ဏားရှစ်ဦးတို့လည်း ထိုရွှေပန်းကုံးကိုယူ၍ အရပ်ရပ်မြို့ကြီးတိုင်းကြီးသို့ လှည့် ပတ်ရှာဖွေလေသော် သာကေတပြည်သို့ ကဆုန်လအခါ၌ ရောက်လေ၏။

ထိုအခါ သာကေတပြည်၌လည်း နက္ခတ်သဘင်နှစ်စဉ် ခံမြဲဖြစ်၏။ ထိုသဘင်အခါငယ် ကြင် ရာမစုံသေးသော မိန်းမငယ် ယောကျ်ားငယ်တို့သည် ယာဉ်ရထားမစီးပဲ ပြကတေ့သော ကိုယ်ဖြင့် သာလာ၍ ဂင်္ဂါမြစ်ဆိပ်၌ ရေကစားကုန်၏။ ထိုအခါတွင် တွေ့မြင်ကြသော မိန်းမငယ်တို့ကို ယော ကျ်ားငယ်တို့သည် အမျိုးအနွယ်ကိုစိစစ်လျက် နှစ်သက်သောသူအား ပန်းကုံးကိုပေးကြ၏။ ထိုပန်း ကုံးကို လက်ခံသောသူနှင့်သာလျှင် စုံဖက်မြဲ ဓမ္မတာဖြစ်ကြသတည်း။

မိဂါရသမဒ္ဒေး၏ ပုဏ္ဏားရှစ်ဦးတို့လည်း ဂင်္ဂါမြစ်ဆိပ်၌ ဇရပ်တခုတွင်တည်း၍ နေကြစဉ် ဝိသာခါသည် အရွယ်တူသော မိန်းမငါးရာအရံနှင့်တကွ ဂင်္ဂါမြစ်ဆိပ်သို့လာသော် ဇရပ်သို့ရောက် ခါနီးဘွင် မိုးကြီးရွာလတ်ရကား အခြားသော မိန်းမငယ်တို့သည် လျင်စွာပြေး၍ ဇရပ်သို့တက် လတ်၏။ ဝိသာခါမူကား ဖြေးဖြေးလာသောကြောင့် အဝတ်တန်ဆာကို လည်းကောင်း၊ ဆံကို လည်းကောင်း မိုးစွတ်လျက် ဇရပ်သို့တက်ရ၏။ ကြည့်မျှော်၍နေသော ပုဏ္ဏားတို့သည် ဝိသာခါ အား လေးပါးသော ကောင်းခြင်းနှင့်ပြည့်စုံသည်ကိုမြင်၍ သွား၏ကောင်းခြင်း ရှိမရှိကို သိလိုရ ကား ဤသို့စကားစ၏။ "ဤမိန်းမငယ်ကား အလွန်တင့်တယ်လျောတ်ပတ်သော အဆင်းအင်္ဂါရှိ ၏။ သို့ရာတွင် အတန်ငယ်ပျင်းရိမည်ထင်သည်။လင်ယောကျ်ားများရှိခဲ့မူ ပအုံးရည်ကိုမျှ ကောင်း စွာသောက်ရမည်မဟုတ်" ဟုဆို၏၊ ထိုအခါ ဝိသာခါကလည်း "ဖခင် ဘယ့်ကြောင့်ဤသို့ဆိုသနည်း" ဟု မေး၏။ "ချစ်သမီး....ဇရပ်အနီးသို့ရောက်မှ မိုးရွာသည်ကို အခြားမိန်းမငယ်တို့မှာ လျင်စွာဇရပ် သို့တက်သောကြောင့် တစက်မျှမစွတ်ကြကုန်။ ချစ်သမီးမှာ ပြေးလာလျှင် လွတ်လောက်လျက် မပြေးပဲလာသောကြောင့် အဝတ်တန်ဆာကို မိုးစွတ်ခံရသည်။ ကိုယ်ကိုသာအလေးပြု၍ ဥစ္စာကို အလေးမပြုသောကြောင့် ဖခင်တို့ဆိုပေသည်" ဟူ၍ဆိုသော် ဝိသာခါကလည်း ချိုစွာသောအသံ

ဖြင့် "ဖခင်တို့ အကြောင်းကို အကျွန်ုပ်ဆိုပါဦးအံ့။ ဤလောက၌ ပြေး၍မတင့်တယ်၊ ကဲ့ရဲ့ဖွယ်ဖြစ်သောသူကား လေးဦးရှိပါသည်။ လေးဦးဟူသော်ကား အဘိသိက်ခံပြီးသော ပြည့်ရှင်မင်းလည်းတပါး။ တန်ဆာဆင်အပ်သော မင်းစီးဆင်လည်းတပါး။ အများသူတို့၏ ပူဇော်ရာဖြစ်သော ရဟန်းလည်းတပါး။ မိန်းမလည်းတပါး ဤလေးဦးသားတို့ပါတည်း။ ထိုတွင် ပြည့်ရှင်မင်းသည် ပြေးသွားသည်ဖြစ်အံ့။ ဤမင်းသည် ရာဇဗြဲမရှိ။ သူရသတ္တိမှလည်းကောင်း၊ တည်ကြည်ခြင်းမှလည်းကောင်း ကင်း၏ဟူ၍ ပြည်သူတို့ကဲ့ရဲ့ရာဖြစ်ပါသည်။ မင်းစီးဆင်သည် ပြေးသည်ဖြစ်အံ့။ ဤဆင်ကား မယဉ်ကျေးသေး။ တောဆင်ရိုင်းကဲ့သို့ ပြေးသည်ဟု ကဲ့ရဲ့ဖွယ်ဖြစ်ပါသည်။ ရဟန်းသည် ပြေးသည်ဖြစ်အံ့။ ဤရဟန်းကား တည်ကြည် ငြိမ်သက်ခြင်းမရှိ။ ဣန္ဒြိယသံဝရ သီလမှ ကင်းသည်ဟူ၍ ကဲ့ရဲ့ဖွယ်ဖြစ်ပါသည်။ မိန်းမတို့သည် ပြေးသွားသည်ဖြစ်အံ့။ ဤမိန်းမကား ယောကျ်ားငယ်ကဲ့သို့ ပြေးသည်ဟု ကဲ့ရဲ့ဖွယ်ဖြစ်ပါသည်။ ဤလေးပါးသောသူတို့တွင် ကျွန်ုပ်လည်းတဦးဝင်သောကြောင့် မပြေးဝံ့ပဲ ဖြည်းဖြည်းသာလာပါသည် ဖခင်တို့ဤမှတပါးလည်း သားမိန်းမတို့ကို မွေးမြူရသောမိဘတို့ကား ရောင်းကုန်ပြုစုရသည်နှင့်တူပါသည်။တစုံတခုသော မြင်သာရာ၌ အမာရှိခဲ့သော် မစောင့်မထိန်းပါဟု လူသူအပြစ်တင်ဖွယ်ဖြစ်ပါတော့သည်။ ဤအကြောင်းကိုရည်၍လည်း ကျွန်ုပ်မပြေးပဲ ဖြည်းဖြည်းသာ လာပါသည်"ဟုပြော၏။

ထိုစကားကို ကြားသောအခါ သာယာလှသော အသံကိုလည်းကောင်း တင့်တယ်ကောင်းမြတ်သော သွား၏လက္ခဏာကိုလည်းကောင်း မြင်ရ၍ ပုဏ္ဏားရှစ်ဦးတို့သည် နှစ်သက်ရကား "ချစ်သမီး သင်ကဲ့သို့သော မိန်းမရတနာကို ဖခင်တို့ရှာ၍ လာပါသည်။ ဖခင်တို့တင်ပါသော ဤရတနာပန်းကုံးနှင့် လျောက်ပတ်၏။ ဤပန်းကုံးကို ဆင်ယင်ပါ"ဟု အသပြာတသိန်းထိုက်သော ပန်းကုံးကိုထုတ်၍ပေး၏။ ထိုအခါ ဝိသာခါကလည်း "ဖခင်တို့သည် ဘယ်ပြည် ဘယ်မြို့မှ လာသနည်း။ ဘယ်သူ၏ပန်းကုံးပါနည်း" ဟုမေး၏။ ပုဏ္ဏားတို့ကလည်း "ချစ်သမီး....သာဝတ္ထိပြည်တွင် မိဂါရအမည်တွင်သော သဌေးကြီး၌ ပုဏ္ဏဝဍ္ဍနအမည်ရှိသော သားသည်ရှိ၏။ ထိုသားသည် အဆင်းလည်းလှ၏။ ပညာလည်းတတ်၏။ နူးညံ့သိမ်မွေ့၏။ ထိုသတို့သား၏ ပန်းကုံးပါတည်း" ဟု ပြော၏။ ထိုအခါ ဝိသာခါကလည်း ငါတို့နှင့် မျိုးတူသော သူပင် ဖြစ်ပေသည်ဟု ပန်းကုံးကို သိမ်း၏။ ယင်းသို့ ပန်းကုံးကို သိမ်းပြီးသော် ကျေးကျွန်တို့ကို အိမ်သို့ပြန်၍ ယာဉ်ရထားယူစေပြီးမှ ရထားစီး၍ ပြန်၏။ ဓနဉ္စယသဌေးလည်း ရထားယူလာသည်ကို မြင်လျှင် ငါ့သမီးအား ပန်းကုံးရပြီဟု သိနှင့်၏။ ပုဏ္ဏားရှစ်ဦးတို့လည်း အိမ်သို့ လိုက်လာ၍ ဓနဉ္စယသဌေး၏ ထံသို့ ရောက်လျှင် "သင်ပုဏ္ဏားတို့သည် အဘယ်မှ လာသနည်း"ဟု မေး၏။ သာဝတ္ထိပြည်၌ နေသော မိဂါရသဌေးက သား ပုဏ္ဏဝဍ္ဍန၏ အလို့ငှာ စေလွှတ်၍ လာရပါကြောင်းကို လျှောက်လျှင် "သင်တို့၏အရှင် မိဂါရငယ် ဘယ်မျှလောက်သော ဥစ္စာရှိသနည်း"ဟု မေး၏။ "ကုဋေလေးဆယ်ရှိပါသည်"ဟု ပြောလျှင် ငါတို့၏ စည်းစိမ်ဥစ္စာနှင့် ဆသော် ချင်ရွေးမျှသာ ရှိသည်။ သို့ရာတွင် ငါ၏သမီး နှစ်သက်မှု နှစ်သက်ရတော့မည်ဆို၍ လက်ခံပြီးလျှင် ကောင်းစွာ ကျွေးမွေး၍ လွှတ်လိုက်၏။ ပုဏ္ဏားတို့သည်း ပြန်လေ၍ သာဝတ္ထိပြည်သို့ ရောက်သော် ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော မိန်းမရခဲ့ကြောင်းကို လျှောက်၏။ မိဂါရသဌေးကလည်း "ဘယ်သူ၏ သမီးနည်း"ဟု မေးလျှင် ဓနဉ္စယသဌေး၏ သမီးဖြစ်ကြောင်းကို ဆိုပေ၏။ ထိုအခါ မိဂါရသဌေးကလည်း ဤဓနဉ္စယသဌေးကား လွန်မြတ်သော အမျိုးပေတည်း။ အမျိုးကောင်းသမီးကိုပင် ရခဲ့သည်ဟု ဝမ်းမြောက် ဝမ်းသာလျက် လျင်စွာ ဆောင်ယူမှ သင့်မည်ဟု ကြံပြီးလျှင် ကောသလ

မင်းကြီးအား အခွင့်ကို ပန်ကြား၏။ မင်းကြီးကလည်း ဤဓနဥ္စယကို ယောက်ဖတော် ဗိမ္ဗိသာရ မင်း၏ နိုင်ငံမှ ငါ တောင်းပန်၍ ခေါ်ခဲ့ရသော သူပေတည်း။ ငါကိုယ်တိုင်လိုက်၍ ချီးမြှောက်အံ့။ သင်၏ အဆွေအား အကြောင်းကို ကြားလိုက်လော့ဟု ဆို၏။ ထိုအခါ မိဂါရသဌေးက အဆွေ ဓနဥ္စယ—ကျွန်ုပ် သမီးယူခြင်းငှာ လာသော် ကောသလမင်းကြီးလည်း ပရိသတ်နှင့်တကွ လိုက်လာပါလိမ့်မည်။ အဆွေ လက်ခံနိုင်ပါအံ့လောဟု သဝဏ်စာရေး၍ စေလိုက်၏။ ဓနဥ္စယ သဌေးကြီးကလည်း "အဆွေမိဂါရ–ကောသလမင်းနှင့်တကွ တကျိပ်မျှလောက်သော မင်းတို့ပင် လာသော်လည်း ဝမ်းမြောက်ပါ၏။ ကြွလာပါစေ"ဟု စကားပြန်လိုက်၏။ မိဂါရသဌေးလည်း ထိုအကြောင်းကို မင်းကြီးအား လျှောက်ထား၍ နေ့ရက် ချိန်းချက်ပြီးလျှင် မဟာအနာထပိဏ်၊ စူဠအနာထပိဏ်၊ သုပ္ပဝါသ စသော သဌေးကြီး တကျိပ်ကိုးဦးနှင့်တကွသော ကောသလမင်းလည်း အိမ်တွင် အစောင့်လူကိုသာထား၍ များစွာသော ပရိသတ်နှင့်တကွ ထွက်ကြလေ၏။

ဓနဥ္စယသဌေးလည်း လာကြောင်းကို ကြားလျှင် သမီးဝိသာခါကိုခေါ်၍ ချစ်သမီး–ရှင်မ၏ ယောက္ခမဖြစ်သော မိဂါရသဌေးသည် မင်းပရိသတ်နှင့်တကွ လာသတတ်။ မြို့ပြ ပြည်ရွာကို ကောင်းစွာ စီရင်လော့ဟု ဆို၏။ ဝိသာခါလည်း ကမ္ဘာတသိန်း ပါရမီဖြည့်ပြီးသူဖြစ်၍ ဝဇီဇိန် စက်သွားနှင့် တူသောဉာဏ်ဖြင့် စိတ်ဖန် စီရင်သည်ကား ခမ်းနားကြီးကျယ်အံ့ဖွယ်သော မြို့သစ်ကို တည်ပြီးလျှင် မင်းကြီး၏ နန်းတော်ကား ဤဌာနတွင်၊ အိမ်ရှေ့မင်း မှူးမတ် စသော သူ၏ နေရာကား ဤဌာနတွင်၊ သဌေး သူကြွယ်တို့ နေရာကား ဤဌာနတွင် ဤသို့ပြုပြင်ရမည်ဟု စီမံ၍ ကျေးကျွန်နှင့်တကွ ပါသမျှ ပရိသတ်တို့ကိုလည်း ကျွေးမွေးအံ့သောသူ အသင့်အသင့် ချည်းထား၏။ အထူးတ်သဖြင့် မြင်း နွားထိန်းသော သူတို့ကိုမျှလည်း ဝိသာခါ၏ လက်ထပ်ပွဲသို့ လိုက်ပါသော် ငါတို့ မြင်း နွားကို ကျောင်းနေရသောကြောင့် သဘင်မျှ မကြည့်ခဲ့ရပါဟု ဆိုရာ မရှိရအောင် လဲလှယ်ထိန်းကျောင်းသူနှင့် ချည်းထား၏။ မင်းပရိသတ်တို့သည် ရောက်ကြကုန်သော် အသီးအသီးသောအိမ်၌ အသင့်သာလျှင် သဘင်ရှုကာ စားကာ သောက်ကာ နေကြရ၏။ ဝိသာခါ၏ အဖဖြစ်သော ဓနဥ္စယသဌေးလည်း သမီးကို ဆင်ငတ်စေခြင်းငှာ ပန်းထိမ် ငါးရာကို ခေါ်၍ ရွှေစင်နိက္ခ တထောင်ဖြင့် မဟာလတာတန်ဆာကို ပြုလုပ်စေ၏။ မြ ပုလဲ စိန် ဣန္ဒနီလာ ဝဇီရပတ္တမြား စသော ကျောက်တို့ကိုလည်း ကွမ်းစားဖြင့် ချင့်၍ပေး၏။ကောသလမင်းကြီးလည်း ရောက်၍ လေးငါးရက်ရှိလျှင် ဓနဥ္စယသဌေး၏ ထံသို့ တမန် ဤသို့ စေ၏။ အဆွေသဌေးကြီး– ငါတို့ လာသည် ကြာမြင့်ပြီ။ ဗိုလ်ပါပရိသတ်လည်း များသည်။ ကျွေးမွေးရသဖြင့် ပင်ပန်းကြတော့ မည်။ ပြန်လွယ်အောင် ကိစ္စကို အမြန်ဆောင်လော့ဟု မှာလိုက်၏။ ဓနဥ္စယသဌေးကြီးကလည်း အရှင်မင်းကြီး–ကျွန်ုပ် စိတ်ပြေရုံ နေတော်မူပါ။ ယခုကား မိုးအခါ ဖြစ်ပါပြီ။ ပြန်၍လည်း မလျော်ပါ။ ဗိုလ်ပါအပေါင်းတို့အား အရှင်မင်းကြီး ပြုဖွယ်ဟူသမျှကို ကျွန်ုပ်ကချည်း ပြုပါမည်။ မိုးလကုန်သဖြင့် သွားသင့်သောအခါမှ ကျွန်ုပ်လျှောက်ပါမည်ဟု လျှောက်လိုက်၏။

ထိုအခါမှစ၍ သာကေတပြည်သည် အမြဲသော နက္ခတ်သဘင်ကဲ့သို့ ဖြင်၏။ ပါသမျှသောသူ တို့အား တလလျှင်တကြိမ် ပုဆိုးဦးရစ် အဝတ်တန်ဆာ ပန်းနံ့သာ လိုသမျှပေး၍ သဌေးကြီး သည် ငါတို့ကိုသာ များစွာချီးမြှောက်ပေသည်ဟု အသီးသီး မှတ်ရ၏။ ဤသို့သော နည်းဖြင့် ကျွေးမွေးပြုစုကာနေ၍ သုံးလတိုင်သောအခါ ချက်ပြုတ် လုပ်ကိုင်သောစဖိုသည်တို့က ဤသို့ လျှောက်သာ၏၊ အရှင်သဌေးကြီး ကျွေးမွေးပြုပြင်ဖွယ် ဟူသမျှမှာ တောင့်တရန်မရှိ ပြည့်စုံပေ ၏။ ချက်ပြုတ်ရာဖြစ်သော ထင်းတမျိုးမှာ ရှာဝယ်၍ မလောက်မငနိုင်ပြီဟု လျှောက်၏။ သဌေး

ကြီးကလည်း ထင်းမ ႏလာက်လျှင် ဤပြည်တွင် ဆင်တင်းကုပ်၊ မြင်းတင်းကုပ် အိမ်ဟောင်း တဲ ဟောင်းတို့ကိုဖျက်၍ ထင်းပြုလေကုန်ဟု ဆို၏။ ဇဖိုသည်တို့လည်း သဒ္ဒေးဆိုတိုင်းပြု၍ လခဲ့ရှိသော် ကုန်ပြန်လေ၏။ တဖန် ထင်းမရှိပါကြောင်းကို လျှောက်ပြန်လျှင် ပုဆိုးကြမ်းထည့်သော တိုက်ကြီးတို့ကို ဖွင့်လှစ်၍ ပုဆိုးတို့ကို ကြိုးကျစ်ပြီးလျှင် ဆီဆွတ်၍ ထင်းပြုပေတော့ဟု ခွင့်ပေး၏။ ဇဖိုသည်တို့လည်း ထိုအမိန့်အတိုင်း ပုဆိုးကြမ်းတို့ကို ထင်းပြု၍ ချက်ပြုတ်ကြသဖြင့် လခဲ့လွန်လေ၏။ လေးလရော့သောအခါ မဟာလ္လတာ တန်ဆာပြီးမြောက်၍ ထိမ်းမြားသော အခါသို့ ရောက်လေ၏။

ဤမျှလောက်သော စကားအစဉ်ဖြင့် "ထင်းတုံးကုန်လှည့်၊ ပုဆိုးထည့်၊ ချက်၏ အဘယ်သဒ္ဒေးနည်း"ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာလည်း ပြည့်စုံသတည်း။

ထိုမဟာလ္လတာ တန်ဆာ၌—

ဝဇီရစိန် လေးကွမ်းစား၊

ပုလဲ တဆယ့်တကွမ်းစား၊

သန္တာ နှစ်ဆယ့်နှစ်ကွမ်းစား၊

မြ သုံးဆယ့်သုံးကွမ်းစား၊

ပတ္တမြားနီ ပတ္တမြားပြောက် ရှစ်ကွမ်းစား—

တို့ကို သင့်ရာသင့်ရာ ရတနာရွှေချည် ငွေချည်တို့ဖြင့် ခက်၍ ဥဒေါင်းငှက် က,သောသဏ္ဌာန် တောင်ပန်မြီးရှုက်တို့၌ တလက်လက် တောက်ထိန်သော ဣန္ဒနီလာ ရတနာ အမျိုးမျိုးတို့ဖြင့် ချုပ်လျက် အဖိုးကိုးကုဋေ ထိုက်အောင် ပြုအပ်သောဘဏ္ဍာတည်း။ လက်ခ အသပြာတသိန်းပေးရ၏။ ဤ မဟာလ္လတာ တန်ဆာကို ဆင်ရခြင်းသည် ကဿပဘုရားရှင့် လက်ထက်တော်၌ ဤဝိသာခါမသည် သဃ်ဒါသီ မင်းသမီးဖြစ်၍ သံဃာတော် နှစ်သောင်းတို့အား တိစီဝရိက်သင်္ကန်း လှူဒါန်းခဲ့သော ကုသိုလ်၏ အကျိုးတည်း။

ယင်းသို့သော တန်ဆာကိုဆင်စေ၍ မင်္ဂလာရှိသောနေ့၌ ထိမ်းမြားခြင်း လက်ထပ်ခြင်း စုလျားပတ်ခြင်းကို ပြုပြီးသော် အဖဖြစ်သော ဓနဉ္စယ သဒ္ဒေးကြီးက ပေးလိုက်သည်ကား ငွေအသပြာ အလေးတင်သော လှည်းပေါင်းငါးရာ။ ရွှေခွက် ရွှေအိုးတင်သော လှည်းငါးရာ။ ငွေခွက် ငွေအိုးတင်သော လှည်းငါးရာ။ ကြေးခွက် ကြေးအိုးတင်သော လှည်းငါးရာ။ ပိုးချည်ပုဆိုး, ဝါချည်ပုဆိုးဝင်သော လှည်းငါးရာ။ ဆီ၊ ထောပတ်၊ ပျား၊ တင်လဲ၊ သလေးဆန်၊ နှမ်း၊ မုန့်ပဲတင်သော လှည်းအစီးငါးရာစီ။ ထွန်, ထမ်းပိုးစသော အဆောက်အဦတင်သော လှည်းအစီး ငါးရာစီပေး၏။ ဤမှတပါး ရထားငါးရာတို့တွင် တစီးတစီးသော ရထား၌ အဆင်းလှသော ကျွန်သမီးလေးယောက်စီ။ တယောက်တယောက်၌ ပြုပြင်လုပ်ကျွေးအံ့သော မိန်းမကြီး တယောက်စီ၊ ဤမျှသော အခြံအရံကိုလည်းပေး၏။ သဒ္ဒေးကြီးက၊ ငါ့သမီးသည် အိမ့်ရှင်ဖြစ်သောအခါ ကျေးကျွန်တို့အား ပေးကမ်းရာ မပြည့်သောကြောင့် သူကပါးတို့ထံ၌ တောင်းခံ ချေးငှားခြင်း မရှိပါစေလင့်ဟု နှလုံးထား၍ ဤမျှလောက်သော အဆောက်အဦကို ပေးလိုက်သတည်း။ နွားမှာလည်း တနသော ခြံငယ်ကိုဖွင့်၍ သုံးဂါဝုတ်ကျယ်သော မြေပြင် ပြည့်အောင် လွှတ်စေပြီးလျှင် ပြည့်သောကာလ ထက်ဝန်းကျင်မှ စည်တီး၍ ခြံကိုပိတ်စေ၏။ ထိုမျှလောက်သော နွားတို့ကို ယူလေ

ဟု ပေးလိုက်၏။ ခြံတွင်းၝကျန်သော နွားတို့ကလည်း ငါတို့သခင်မဖြစ်သော ဝိသာခါ သွားရာသို့ ငါတို့လိုက်ကုန်အံ့ဟု ကြံ၍ ခြံကို ခုန်ကာ ခုန်ကာ ထွက်၍လိုက်သည်၊နွားဥသဘပေါင်း ခြောက်သောင်း။ နို့ညှစ်နွားမပေါင်း ခြောက်သောင်းမျှလောက်၌၏။ ခြံစောင့်လူတို့ တားမြစ်၍မျှ မရနိုင်ကုန်။ ဤသို့ ပေးသည်ထက်လွန်၍ လိုက်ခြင်းသည်ကား ကဿပဘုရားရှင် လက်ထက်တော်၌ သင်္ဃဒါသီ မင်းသမီးဖြစ်၍ သံဃာတော်တို့အား ဆွမ်း အဖျော် အလှူပေးသောအခါ သံဃာတော်တို့က တန်ပြီဟု မြစ်လျက်ပင် ဤခဲဖွယ်ကို သုံးတော်မူပါဦး၊ ဤစားဖွယ်ကိုသုံးတော် မူပါဦးဟု ထပ်ကာ ထပ်ကာလျှောက်၍အလွန်အမောက်နှင့်တကွလှူခဲ့ဖူးသောကောင်းမှု၏အကျိုးတည်း။

ယင်းသို့ အဆောက်အဦတို့ကို ပေးသောအခါ ဝိသာခါ၏ အမိဖြစ်သော သုမနဒေဝီသည် ဤသို့ ဆို၏၊ "အရှင်သဌေးကြီး ကျွန်ပ်သမီးကို များစွာသော အဆောက်အဦကိုသာ ပေး၍ ကျေးကျွန်အမှုလုပ် သိမ်းဆည်းသူမပါသော် ဤဘဏ္ဍာကို သိမ်းဆည်းရသဖြင့် သမီးဆင်းရဲလှလိမ့်မည်။ ကျွန်အမှုလုပ် ပေးပါဦးဟု ဆို၏။ ထိုအခါ ဓနဉ္စယသဌေးကလည်း သမီးအား ချစ်သောသူကိုသာ ထည့်လို၍ ဆိုင်းသေးသည်ဟု ဆိုပြီးမှ၊ အနုရာဓ မြို့မျှလောက်ရှိသော ရွာကြီးတဆယ့်လေးရွာ၌နေသော သူတို့ကို ငါ့သမီးဝိသာခါသည် သာဝတ္ထိပြည်သို့ သွား၍ နေလတ္တံ့။ သင်တို့သည် ချစ်ခင်စုံမက်ကြမူ လိုက်လိုသသူ ဟူသမျှ လိုက်ကြလေကုန်ဟု စည်လည်စေ၏။ သမီးဝိသာခါကိုလည်း မိမိနေရာ တိုက်တွင်းသို့ခေါ်၍ ဤသို့ ဆုံးမ၏။

ချစ်သမီး ယောက္ခမတို့နှင့် အတူ လင်၏အိမ်၌နေသော မိန်းမတို့သည် ဤဆယ်ပါးသော အကျင့်ဝတ်တို့ကို မချွတ်အောင် ကျင့်အပ်၏။ ကျင့်ဝတ် ဆယ်ပါးဟူသည်ကား—

၁။ အိမ်တွင်းကမီးကို ပြင်သို့မထုတ်ရာ။

၂။ ပြင်ကမီးကို အိမ်တွင်းသို့ မသွင်းရာ။

၃။ ပေးတတ်သောသူကိုသာ ပေးရာ၏။

၄။ မပေးတတ်သောသူကို မပေးရာ။

၅။ မြဲမြံသောနေရာ၌ ရလာသော်လည်းကောင်း၊ မရလာသော်လည်းကောင်း ကောင်းစွာ သိုမှီးရာ၏။

၆။ ယောက္ခမတို့ နားမျက်စိ မပူဆာအောင် ချမ်းသာစွာလည်း နေရာ၏။

၇။ ချမ်းသာစွာလည်း စားရာ၏။

၈။ ချမ်းသာစွာလည်း အိပ်ရာ၏။

၉။ သောင်တတ်သောမီးကိုလည်း ရိုသေစွာ မွေးအပ်၏။

၁၀။ အိမ်ဦးနတ်ကိုလည်း မပြတ်ရှိခိုးရာ၏။

ဤကျင့်ဝတ် ဆယ်ပါးကို နှလုံးထား၍ ကျင့်လေဟု ဆုံးမ၏။

ထိုအခါ မိဂါရ သဌေးလည်း တိုက်ခန်း၏ ပြင်ဘက်က နေသည် ဖြစ်၍ စေ့စေ့စွာကြား၏။ အဓိပ္ပာယ်ကိုကား မသိလေ။ နောက်နေ့နံနက် မင်းရင်ပြင်၌နေသော အနာထပိဏ် သော

သဌေး ရှစ်ဦးတို့အားလည်း ဤသို့မှာဆို၏။ အဆွေတို့-ကျွန်ုပ်သမီးသည် ငယ်ရွယ်သူ ဖြစ်သေးသည်။ တစုံတရာ အပြစ်ရှိမူ ကျွန်ုပ်ကိုယ်စားပြု၍ သွန်သင်ကြပါဟု မှာဆို၍ ငါးဆယ့် လေးကုဋေမျှသော ဥစ္စာကို ဝိသာခါအားပေး၍ သာဝတ္ထိပြည်သို့ ထည့်လိုက်၏။ သာကေတပြည်၏ အရံဖြစ်သော တဆယ့်လေးရွာသားတို့သည်လည်း သားသမီးနှင့်တကွ ယူကောင်းရာရာ ဥစ္စာကိုယူ၍ အသီးသီး လိုက်ကြကုန်သည်။ စိုးစဉ်းမျှသာ ကြွင်း၏။ မိဂါရ သဌေးလည်း မြေပြင်ပြည့်မျှ လိုက်လာကြသော လူထုကိုမြင်လျှင် အဘယ့်ကြောင့် လိုက်လာသနည်းဟု မေး၏။ အရှင့် ချွေးမ၏ ဝေယျာဝစ္စကို ဆောင်ရွက်ခြင်းငှာ လိုက်လာပါသတည်းဟု ပြောလျှင် ဤမျှလောက်သော လူသူကို ငါအလိုမရှိ။ ပြန်ကြကုန် ပြန်ကြကုန် ဟု နှင်၏။ ဝိသာခါက ဤသူတို့တွက်တာကို ကြောင့်ကြဖွယ်ရာမရှိ။ လိုက်ပါစေဆိုရုံမျှလည်း သည်းမခံ။ တုတ်လုံတံဖြင့် ပစ်ချောက်ပြန်စေ၏။ သာဝတ္ထိမြို့ ရောက်သောအခါ ဝိသာခါလည်း မဟာလတာ တန်ဆာကိုဆင်လျက် ရထားစီး၍ မြို့သို့ဝင်၏။ ယင်းသို့ အတုမဲ့တင့်တယ်သော ကျက်သရေကို ပြည်သူပြည်သားတို့ မြင်ကြလျှင် အလွန် အံ့သြချီးပလျက် မိတ်ဖွဲ့လိုသော ဆန္ဒဖြင့် ကောင်းမွန်ထူးမြတ်တော ပဏ္ဏာကာရကို ပို့ကြကုန်၏။ ဝိသာခါလည်း သင့်ရာသော ဘဏ္ဍာဖြင့်သာ သာယာစွာ ပြောဆိုလျက် ပဏ္ဏာတုံ့ပေးလိုက်၏။ အလုံးစုံသော ပြည်သူတို့သည် ဆွေရင်း မျိုးရင်းကဲ့သို့ချည်း ဖြစ်လေကုန်၏။

ဝိသာခါ ရောက်သော နေ့ညဉ့်ပင် မိဂါရ သဌေး၏ အိမ်နောက်ဖေးခြံတွင်း၌ အာဇာနည် မြင်းမသည် ကိုယ်ဝန်ဖွားမြင်ခြင်း ကိစ္စကို ပြု၏။ ဝိသာခါလည်း များစွာသော ကျွန်မ အရံနှင့်တကွ မီးရှူးထွန်းကာ သွား၍ ရေအေး ရေနွေးပေးခြင်း၊ ဆီလိမ်းခြင်းကိုပြု၍ သက်သာရာ ရစေ၏။ ထိုမိဂါရ သဌေးကား ဘုရားသခင်ကို မကိုးကွယ်။ အဝတ်မဆည်း အချည်းနှီးနေသော အစေလက ရဟန်းတို့ကိုသာ ဆရာပြု၍ ကိုးကွယ်သောသူတည်း။ ချွေးမ ရောက်၍ နောက်တနေ့၌ မိမိဆရာ ဖြစ်သော အစေလက ရဟန်းတို့အား ရေမရောသော ဃနာ ဆွမ်းဖြင့် လုပ်ကျွေးခြင်းငှာ ပင့်၍ အိမ်ဦး၌ ထားပြီးလျှင် ချွေးမဝိသာခါ မြန်စွာ လာလှည့်။ ဖခင်၏ ဆရာ ရဟန္တာမြတ်တို့ကို ရှိခိုးလှည့်ဟုခေါ်၏။ ဝိသာခါလည်း ရဟန္တာ ဟူသော အသံကို ကြားလျှင် ရွှင်လန်းစွာ လာတည့်၍ ဆွမ်းကျွေးရာ၌ ကြည့်လျှင် တက္ကတွန်း ရဟန်းတို့ကို မြင်၍ သို့စင် အရှက် အကြောက် ကင်းလျက် နွား မြင်း ကဲ့သို့သောသူကို ရဟန္တာ ပြု၍ ငါတို့ယောက္ခမ ဆိုဘိသည်တကားဟု အောက်မေ့လျက် ထို့ဟု တံထွေးထွေး၍ အိမ်တွင်းသို့ ပင်လေ၏။ ထိုအခါ အစေလက ဆရာတို့က သဌေးကို ဤသို့ကဲ့ရဲ့ကြ၏။ သဌေးကြီး တခြား ဌာန၌ မိန်းမ ရတနာကို မရပါလော။ အရှင်ဂေါတမ၏ တပည့်မဖြစ်သော ဤမိန်းမယုတ်ကို အဘယ့်ကြောင့် အိမ်သို့ ဆောင်ပါသနည်း။ သင်၏သား ပုဏ္ဏဝဍ္ဎနသည် သိကြားလုလင်ကဲ့သို့ လူ့ပြည်တွင် ထူးမြတ်သောသူတကား။ ဤအယူမှားသော မိန်းမနှင့်မတန်၊ မြန်စွာနှင်၍ ပစ်ပါလော့ဟု ဆို၏။ ထိုအခါ မိဂါရသဌေးကလည်း အရှင်ဘုရား ဆိတ်ဆိတ်သာ သည်းခံတော်မူပါ။ ငယ်သူတို့မည်သည်ကား ကောင်းသော အလား, မကောင်းသော အလားကို မချင့်တက်နိုင် သေးပါ။ ဖြည်းဖြည်းလိမ္မာပါလိမ့်မည်ဟု တောင်းပန်၏။ ထိုတက္ကတွန်းတို့ ကျောင်းသို့ ပြန်၍ အတန်ကြာလျှင် မိဂါရသဌေးလည်း အဖိုးများစွာ ထိုက်သော နေရာထက်၌ ထိုင်၍ ရေမရော သော ဃနာထမင်းကို ရွှေခွက်ဖြင့် ထည့်၍ စား၏။ ဝိသာခါလည်း အနီးသို့ လာ၍ ယပ်ခပ်ကာနေ၏။ ထိုအခါ ပိဏ္ဍစာရိက ဖြစ်သော ရဟန်းတဦးသည် အိမ်သို့ ဝင်၍ ဆွမ်းရပ်လာ၏။ ဝိသာခါလည်း ယောက္ခမ မြင်စိမ့်သောငှာ နေရာပြောင်း၍ ရပ်၏။ သဌေးကြီးလည်း မော်၍

ကြည့်သဖြင့် ရဟန်းကို မြင်သော်လည်း မမြင်သကဲ့သို့ ဘယ်စကားမျှ မဆိုပဲ မျက်နှာကို အောက်ထား၍ စားမြဲသာ စားလျက် နေ၏။ ထိုအခါ ဝိသာခါက အရှင်ဘုရား ကန်တော့ပါသေး၏။ ကြွပါဦးတော့။ ကျွန်ုပ်တို့အဖသည် အစာဟောင်းကိုသာ စားပါသည်ဟုဆို၏။ ထိုစကားကို ကြားသောအခါ မိဂါရသဌေးလည်း စားသော ထမင်းပွဲကို တွန်းပစ်လိုက်၍ ဟယ် မိန်းမယုတ်-သင်ငါ့ကို အစာဟောင်းစား ဆိုပြန်သလောဟု ငေါက်ငန်း၍ ဤမိန်းမယုတ်ကို အိမ်မှ နှင်ထုတ်ကြကုန် ဆွဲပစ်ကြကုန်ဟု ကျေးကျွန်တို့ကို စေ၏။ ထိုအခါ သဌေး၏ အနီးမှာလည်း ဝိသာခါ၏ ကျေးကျွန်တို့သာနေသည်ဖြစ်၍ ဆွဲပစ်ကြဝံ့မည်ကို မဆိုထားဘိ။ အပါးသို့ ချဉ်းဝံ့သူမျှ မရှိကုန်။ ထိုအခါ ဝိသာခါကလည်း ဖခင်သဌေး ဤသို့နှင်ထုတ်ကာမျှဖြင့် ကျွန်ုပ် မဆင်းချေသေး။ ကျွန်ုပ်တို့သည် ရေဆိပ်မှ ခေါင်းခုချ၍ ဆောင်ရသော မိန်းမ မဟုတ်။ မိခင်ဖခင်တို့ ထင်ရှားသော သမီးတည်း။ ကျွန်ုပ် လွန်သည် မလွန်သည်ကို ဆင်ခြင်ပါဦး။ စိတ်ကူး၍မရလျှင် ကျွန်ုပ်အဖအပ်နှံလိုက်သော သဌေးကြီး ရှစ်ဦး ရှိပါသေးသည်။ ခေါ်၍ ဆေးကြောပါစေ ဟု ဆို၏။ ထိုအခါ မိဂါရသဌေးကလည်း အနာထပိဏ်စသော သဌေးရှစ်ဦးတို့ကို ခေါ်၍၊ကျွန်ုပ်အပြစ်လော၊ ချွေးမ အပြစ်လောကို ဆေးကြောကြပါလောဟု ဆို၏။ သဌေးရှစ်ဦးတို့ကလည်း ဘယ်ကဲ့သို့ သူငယ်မသည် ရှင်သဌေးကို ကြူးလွန်သနည်း ဟု မေး၏။ ဝိသာခါက ဘယ်ကဲ့သို့မှ ကျွန်ုပ်မကြူးလွန်ပါ ဟု ပြော၏။ မိဂါရ သဌေးကလည်း ကျွန်ုပ်မင်္ဂလာ ရှိသောနေရာ၌ ဃနာထမင်း စားပါသည်ကို မစင်စားသည် ဟူ၍ ဆိုသည်။ ထို့ကြောင့် ဤအိမ်မှ နှင်ထုတ်ကြကုန်ဟု ကျွန်ုပ် ဆိုပေသည် ဟူ၍ ပြော၏။ ချစ်သမီး-သင်ဆိုပေသလောဟု မေး၏၊ ကျွန်ုပ် မစင်စားဟူ၍ မဆိုပါ။ ဆွမ်းခံလာသော ရဟန်းတပါးသည် အိမ်တံခါးဝ၌ ရပ်သည်ကိုကြည့်မျှော်ပြီးလျှင် စကားမပြန်ပဲ စားမြဲသာ စား၍နေခြင်းကြောင့် ကျွန်ုပ်တို့၏ယောက္ခမသည် ဤဘဝ၌ ကောင်းမှုသစ်ကို မရှာလို။ရှေးကုသိုလ်ဟောင်းကိုသာစားသည်။ အရှင်ဘုရား၊ တပါး၌ရပ်ခံပါချေဦးတော့ ဟူ၍သာ ကျွန်ုပ်ဆိုပါသည်ဟု ပြော၏။ သဌေးရှစ်ဦးတို့ကလည်း ဤစကားဖြင့် အပြစ်ဆိုရန် မရှိပေ။ မှန်သော အကြောင်းကိုပင် ပြောပေသည် တကားဟု ဆိုကြ၏။ မိဂါရသဌေး ကလည်း ဤအမှုဖြင့် အပြစ်မဆိုရသော်။ ဤ သူငယ်မသည် ကျွန်ုပ်အိမ်သို့ ရောက်သော နေ့ညဉ့်၌ သူကျွန်မတို့နှင့် အချိန်မဲ့ကို အိမ့်နောက်ဖေးသို့ ထွက်သွား၏။ ဤသို့သွားခြင်းသည် သူ့အပြစ် မဟုတ်လောဟု ဆိုပြန်၏။ သဌေးကြီး တို့ကလည်း သမီး-သွားသလောဟု မေးပြန်သော်၊ သွားသည်ကားမှန်ပါ၏။ မှန်သော်လည်း အခြားမဟုတ်ပါ။ ဤအိမ်မှာ မွေးထားသော အာဇာနည် မြင်းမသည် သားမွေးဖွားသောကြောင့် ဆေးဝါးဖြင့် မစခြင်းငှါလည်းကောင်း၊ ရေအေး ရေနွေး ပေးခြင်းငှါလည်းကောင်း များစွာသော ကျွန်မတို့နှင့်တကွ မီးရှူးထွန်း၍ သွားပါသည်ဟု ပြော၏။ သဌေးကြီး တို့ကလည်း အဆွေမိဂါရ- သင့်အိမ်၌ ရှိသော ကျေးကျွန် တို့မှလည်း မပြုဖူးကြသော တိရစ္ဆာန်သားဖွားရာ၌ ညီညာ မစကြခြင်း ကိစ္စကို ဤသူငယ်မ ပြုပေသည်တကား။ ဘယ်မှာ အပြစ်ဆိုထိုက်ပါအံ့နည်း ဟုဆိုကြ၏။ မိဂါရလည်း ဤအမှုတို့၌ အပြစ်မဆိုထိုက်သော် သူ့အဖသည် ကျွန်ုပ်အိမ်သို့ထည့်လိုက်မည်နေ့၏ ရှေ့ညဉ့်၌ ဆယ်ပါးသော ပဋိစ္ဆန္နသြဝါဒကို မှာလိုက်သည်။ ထိုအနက်ကိုကျွန်ုပ်မသိ၊ ကိုယ့်အိမ်တွင် မီးမရှိသော် သူတပါးအိမ်ကမီးကိုမျှ မယူပဲနေရတော့မည်လော ဟူ၍ ဆိုပြန်၏။ ထိုအခါ ဝိသာခါကလည်း ဤပြကတေ့သော မီးကိုရည်၍ ကျွန်ုပ်ဖခင် မမှာပါ။ ရန်သူတည်းဟူသော မီးကိုသာ မှာပါသည်။ သမီး ယောက္ခမတို့အိမ်၌ နေသောမိန်းမတို့မည်သည်ကား သူတပါး၏ ကောင်း မကောင်း ကိစ္စကို ယောက္ခမတို့ ပြောဆိုကဲ့ရဲ့သော အသံကို ကြားလျှင် ထိုစကားကို နားထောင်၍ သူတပါးတို့အား ဤကဲ့သို့သော စကားကို ငါတို့ယောက္ခမ

ဆိုသည်ဟု ပြောလျှင် ထိုသူတို့နှင့် ခိုက်ရန်ဖြစ်ရ၍ အတွင်းကမီးကို ပြင်သို့ ထုတ်သည်မည်ပါသည်။ ယောက္ခမတို့၏ အကြောင်းစကားကို သူတပါးတို့ ပြောဆိုသည်ကို ကြားသဖြင့် ယောက္ခမတို့အား ပြော၍ ခိုက်ရန်ဖြစ်ရခြင်းသည် ပြင်ကမီးကို အတွင်းသို့ သွင်းသည် မည်ပါသည်။ ထိုမီးနှစ်ပါးကို မမွေးလေလင့်ဟု ဆိုပါသည်။ ပေးတတ်သောသူကိုသာ ပေးရာ၏ ဆိုသည်မှာလည်း ဥစ္စာပစ္စည်းကို ချေးငှားသော်ပြန်၍ ပေးတတ်သော သူကိုသာ ချေးငှားရမည်။ ပြန်၍ မပေးတတ်သော သူတို့ကို မချေးငှားရာ ဆိုပါသည်။ မြဲမြံသော နေရာ၌ သိုမှီးရာ၏ ဆိုသည်မှာ သိက္ခာသီလ ထူးမြတ်သော ရတနာသုံးပါး၏ ထံ၌ လည်းကောင်း သက်ကြီးရွယ်ရင့်တို့၏ ထံ၌ လည်းကောင်း သံသရာမျိုးဖြစ်သော အလှူကိုကား ရသော်လည်းကောင်း၊ မရသော်လည်းကောင်း ကောင်းစွာ ပေးလှူရာ၏ ဆိုပါသည်။ ချမ်းသာစွာနေရ၏ အစရှိသော စကားမှာ ယောက္ခမ မိဘတို့ကို မပန်မကြားပဲလည်း အမှုကိစ္စကို မပြုရာ။ ယောက္ခမတို့၏ ရှေးဦးစွာလည်း မစားရာ။ ရှေးဦးစွာလည်း မအိပ်ရာ။ ယောက္ခမတို့မထမီ ရှေးဦးစွာထရာ၏။ လုပ်ဆောင်ဖွယ်ကိစ္စရှိလျှင် ရှေးဦးသာလုပ်ဆောင်ရာ၏။ ယောက္ခမတို့ကို လည်းကောင်း၊ လင်ကိုလည်းကောင်း၊ မီးပုံကြီးကဲ့သို့ ရိုသေစွာ လုပ်ကျွေးရာ၏ဟု ဆိုလိုပါသည်ဟု စေ့စုံစွာပြန်ပြောလျှင် မိဂါရသဌေးလည်း စကားတုံ့ပြန်လှန်ဖွယ်ရာ မရှိသောကြောင့် မျက်နှာကိုညိတ်လျက် ဆိတ်ဆိတ်သာနေလေ၏။ သဌေးရှစ်ဦးက ဤမှတပါး အပြစ်ဆိုရန် ရှိသေးသလောဟု မေး၏။ မရှိပေပြီဟုဆိုလျှင် ယင်းသို့ အပြစ်မရှိပဲ ဤသူငယ်မကို အိမ်က ထွက်လော့ဟု ဆိုခြင်းသည် အဆွေသဌေး လွန်ပေသည်ဟု ဆိုကြ၏။ ထိုအခါ ဝိသာခါကလည်း ဖခင်တို့–ကျွန်ုပ်ကို အပြစ်ရှိလျှင် သုတ်သင်ကြပါဟု ကျွန်ုပ်အဖ အင်လိုက်သည်။ ယခု ကျွန်ုပ်တွင် အပြစ်မရှိကြောင်းကို သိတော်မူပါပြီ။ ကျွန်ုပ်ဖခင် လာသောအခါ မိန့်တော်မူကြပါ။ ကျွန်ုပ် ပြန်ပါတော့မည်ဟု ခွင့်တောင်း၍ ကျေးကျွန်တို့ကို ဆင် မြင်း ရထား ပြင်ချေဟု စေလိုက်၏။ ထိုအခါ မိဂါရသဌေးက ချစ်သမီး၊ ဖခင်သည် ဒေါသအလိုက် အပြစ်မထိုက်ပဲ ဆိုမှားလေပြီ။ သည်းခံပါဟု တောင်းပန်၏။ ဝိသာခါကလည်း ဖခင် ဤအိမ်၌ ကျွန်ုပ် မနေနိုင်ပါ။ မြတ်စွာဘုရား တပည့်သား သံဃာတို့နှင့် တရံတခါမျှ ကင်း၍ ကျွန်ုပ် မွေ့လျော်ခြင်း မရှိ။ ထိုဘုရား သံဃာတို့အား လှူဒါန်းပူဇော်ကာ တရားနာကာ နေရမှသာလျှင် ကျွန်ုပ် နေနိုင်ပါမည်ဟု ဆို၏။ ထိုအခါ မိဂါရ သဌေးက ငါ့သမီး အလိုရှိတိုင်း လှူပါဟု ခွင့်ပေး၏။ ဝိသာခါကလည်း ကျွန်ုပ် ပြုသမျှပ ဖခင် ညီညာပါမည်လောဟု မေး၏။ ညီညာပါမည်ဟု ဝန်ခံလျှင် ဤအတိုင်းမှန်မူ သည်းခံ၍ နေပါတော့မည်ဟု ဆို၏။

ထိုနောက် နှစ်ရက်မြောက်သောနေ့၌ ဝိသာခါလည်း ဆရာဖြစ်တော်မူသော ဘုရားသခင်အား အလှူပေးခြင်းငှာ များစွာသော လှူဖွယ်ဝတ္ထုတို့ကို စီရင်၍ ဘုရားသခင်ကို သံဃာတော်နှင့် ပင့်၏။ အိမ်သို့ ရောက်သောအခါ မိဂါရ သဌေးကို ဆွမ်းကပ်လှည့်ပါဟု ခေါ်၏၊ သဌေးလည်း သွားမည်ဟု ကြံသော် မိမိထံ၌ ဧလှူခံနေကျဖြစ်သော တက္ကတွန်းတို့က သဌေးကြီး–အရှင် ဂေါတမထံသို့ မသွားလင့်ဟု များစွာ တားမြစ်သောကြောင့် မလာပဲ ငါ့သမီးသာ ကပ်လှူနှင့်ပါဟု မှာလိုက်၏။ ဆွမ်း ဘုဉ်းပေး၍ တရားနာအံ့သောအခါ ပြန်ထပ်ကာ ပင့်ခေါ်ပြန်၏။ ထိုအခါ မိဂါရသဌေးလည်း အထက်ငြန်ခံချက်ကြောင့် မနေသာသဖြင့် လိုက်လာရ၏၊ တက္ကတွန်းတို့ကလည်း၊ သဌေးကြီးသည် ရှင်ဂေါတမ၏ တရားကို နာသော်လည်း တင်းထိမ်ကွယ်ကာသာ နေ၍ နာလေဟု မှာလိုက်ကြ၏၊ မိဂါရ သဌေးလည်း တက္ကတွန်းဆရာတို့ မှာလိုက်တိုင်း ကွယ်ရာ ဖြစ်သော နေရာ ဝိသာခါ၏ အနီး၌ထိုင်၍ တရားတော်ကိုနာ၏၊ ဘုရားသခင်တို့၏ တန်ခိုးသည်သည်

ကား တိုက်နံရံခြားသည်ဖြစ်စေ၊ စကြဝဠာတောင် ခြားသည်ဖြစ်စေ မျက်နှာပါး၌ ရှေးရှုနေ၍ တရားတော်ကို ဟောသကဲ့သို့ သတ္တဝါတို့ ထင်ရမြဲဓမ္မတာ ဖြစ်ရကား ထိုသဒ္ဓေးအားလည်း အပါးတွင် ကပ်၍ ဟောသကဲ့သို့ ထင်၏။ အစဉ်သော တရားစကားကို ကြားနာရလေလျှင် နည်းတထောင်တို့ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိမဂ်သို့ ရောက်၍ တလျှောက်တည်း ဖလဋ္ဌာန် ဖြစ်လေသော် ဤမျှလောက်သော ကာလပတ်လုံး မှားယွင်းသော ငါ၏အမိုက်ကို ငါ့ချွေးမသည် ပျောက်ပ ကင်းစင်အောင် ကြံဆောင်၍ ဆုံးမပေသည်။ငါ့မိခင်ထက် ချစ်ကြင် ပေသောသူ ဖြစ်ပေသည်ဟု ဝိသာခါ၏ ကျေးဇူးကို အထူးသဖြင့် တင်လျက် ထက်ဝန်းကျင် ကားသော တင်းတိမ်အရံကို လှစ်ကာ ဝိသာခါ၏ သားမြတ်ချားကို သားသူငယ်ကဲ့သို့ စို့ပြီးလျှင် ချစ်သမီး ယနေ့မှစ၍ ဖခင်ကို သားဟူ၍ မှတ်ပါ။ ချစ်သမီးကိုလည်း မိခင်ပြုပါတော့မည် ဆို၍ အမိအရာ၌ ထားလေ၏။ ထိုအခါမှစ၍ ဝိသာခါသည် မိဂါရမာတာဟု တွင်သတည်း။ ယင်းသို့ ချွေးမကို အမြတ်တနိုး ဆိုပြီးမှ ဘုရားသခင်ထံသို့ ကပ်ပြန်၍ ခြေတော်ကို ဦးခေါင်းဖြင့် တိုက်၍ ရှိခိုးပြီးသော် ဘုန်းတော်ကြီးသော မြတ်စွာဘုရား အကျွန်ုပ်သည် ဤမျှလောက်သော ကာလပတ်လုံး အသိပညာ အလိမ္မာကို မရသောကြောင့် ရတနာသုံးပါး ဂုဏ်ကိုမျှ မသိပါလေ။ ယခု အကျွန်ုပ် ချွေးမကို အမှီပြု၍ သဗ္ဗညု ကျေးဇူးတော်ကို သိရပေသည်။ အပါယ်လွတ်ကြောင်း တရားကောင်းကိုသိရပေသည်။ အကျွန်ုပ်၏ စီးပွားချမ်းသာ ဖြစ်စိမ့်သောငှာသာလျှင် ဝိသာခါသည် ဤအိမ်သို့ ရောက်လာပေသည်ဟု ချီးပလျက် "သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ" အစ ရှိသော ဂါထာကိုဆို၏။ ထိုအခါမှစ၍ မိဂါရသဋ္ဌေး၏ အိမ်၌ သာသနာတော်တည်းဟူသော တံခါး ပွင့်လေသတည်း။

ဤဝတ္ထုကို သောက်၍ "ချွေးမကိုကြည့်၊ နို့စို့၏၊ မည်သည့်သဋ္ဌေး ဆိုမည်နည်း" ဟူ၍ ပုစ္ဆာပြုသင့်၏။

ဤ၌ မိဂါရသည် ချွေးမနို့ကို မစို့သော်သည်း စို့သကဲ့သို့ဖြစ်သောကြောင့် အဋ္ဌာပတ္တိက နည်းအားဖြင့် အဋ္ဌကထာဆရာ ဆိုလေသလောဟု တွေးတောဖွယ်ရှိ၏။ ရှိသော်လည်း မတွေးတောသင့်ပြီ၊ ဘယ့်ကြောင့်နည်းဟူမူ—

> သာဏိကံ ဥက္ခိပိတွာ ဂန္တွာ သုဏှာယ ထနံ မုခေန ဂဟေတွာ တံ့ မေ အဇ္ဇ ပဋ္ဌာယ မာတာတိ တံ မာတုဋ္ဌာနေ ဌပေသိ။

ဟူ၍ ဓမ္မပဒ အဋ္ဌကထာ၌ တိုက်ရိုက်လာချေသည်။

၆၅၇။ တံရစ္ဆာန်တည့်၊ မြင်တုံ၏။ ပည်ကြောင့် နတ် မမြင်သနည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တိရစ္ဆာန်မြင်လျက် နတ်မမြင်သော ရှုပါရုံကား တစုံတခုမျှ ရှိသည်ဟူ၍ လောကီကျမ်း လေးကုတ္တရာကျမ်းတို့၌ လာသည်ကို သတိမမူမိ။ ဂိဇ္ဈကုဋ်တောင်၌ရှိသော ပြိတ္တာတို့ကို ကျီး၊ လင်းတတို့သည် ဆိတ်ဆွလျက်နေသည်ကို ရဟန္တာဖြစ်သော အရှင်လက္ခဏ တေရ်သည် သတိ

မမူဝိ၍ မမြင်သည်ကိုရည်၍ ပုစ္ဆာပြုမည်ထင်သည်။ ဘယ့်ကြောင့်နည်းဟူမူ ရဟန္တာတို့လည်း ဝိသုဒ္ဓိနတ်ပင် ဖြစ်သောကြောင့်တည်း။

အကြောင်းကို အမြွက်မျှဆိုလိုက်ဦးအံ့—

ဘုရားသခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ အရှင်မောဂ္ဂလာန်နှင့် အရှင်လက္ခဏထေရ်တို့သည် ဂိဇ္ဈကုဋ်တောင်၌ ကျောင်းငယ်ဖြင့် နေ၏။ တနေ့သ၌ နံနက်သောအခါ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ခြင်းငှာ လာသော် တပေါဒါမြစ်နှင့် ဂိဇ္ဈကုဋ်တောင်၏အကြား ဟင်းလင်းအပြင်၌သွားသော အသားမရှိ၊ အရိုးစုအတိသာဖြစ်သော ပြိတ္တာကိုမြင်၍ အရှင်မောဂ္ဂလာန် ပြုံးတော်မူ၏။ အရှင်လက္ခဏက ငါ့ရှင်မောဂ္ဂလာန်-အဘယ့်ကြောင့် ပြုံးသနည်းဟု မေးသော် ငါ့ရှင်လက္ခဏ- ဤပြဿနာကို ဖြေဆိုခြင်းငှာ အခါမဟုတ်သေး၊ သံဃာစုဝေး၍ ဘုရားရှင်ထံသို့ ကပ်ကြသောအခါမှ မေးပါလော့ဟု ဆို၏။ ထိုစကားအတိုင်း ညချမ်းသောကာလ ဘုရားရှေ့တော်၌ စည်းဝေးသောအခါ အရှင်လက္ခဏက ငါ့ရှင်မောဂ္ဂလာန်-နံနက်ယံက သင်ပြုံးသော အကြောင်းကား အဘယ်နည်းဟု မေး၏။ အရှင်မောဂ္ဂလာန်ကလည်း ငါပြုံးခြင်း အကြောင်းကား အခြားမဟုတ်။ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသောအခါ တောင်ခြေရင်း ဟင်းလင်းနေရာ၌ လူသတ္တဝါ၏ သဏ္ဌာန်ကဲ့သို့ သဏ္ဌာန်ရှိလျက် ပကတိ အရိုးစုသာ ဖြစ်သော ပြိတ္တာသည် ရွှေကာ ရွှေကာ သွား၏။ ထိုပြိတ္တာအား လက်ယာမှလည်းကောင်း၊ လက်ဝဲမှလည်းကောင်း လှည်းအိမ်ပမာဏလောက် ရှိသော လင်းတ စွန်ရဲ ကျီးမဲ ငှက်တို့သည် နံရိုးကြားတို့၌ လှံသွားနှင့်တူသော နှုတ်သီးဖြင့် ဆွပ်ဆိတ်ဖောက်လျက် နေကြကုန်သည်။ ထိုပြိတ္တာလည်း ကျင်နာသောဒဏ်ကို သည်းမခံနိုင်သောကြောင့် လွန်စွာ ညည်းတွားသော အသံကိုပြု၏။ ဤပြိတ္တာကိုမြင်သောအခါ ငါသည် ဤသို့အောက်မေ့၏။ သြော်—မဖြစ်ဖူးမြဲ အံ့ဖွယ်သရဲထူးကဲလှချေ၏တကား။ ဤကဲ့သို့သော အတ္တဘောကိုရသော သတ္တဝါတို့သည် ဤလူ့ရွာ၌ ရှိချေသေး၏တကားဟု အကြံဖြစ်ပေသည်ဟု ပြော၏။ ထိုအခါ လက္ခဏထေရ်ကလည်း ကျွန်ုပ်နှင့်အတူသွားလျက် ကျွန်ုပ်ကား မမြင်၊ အရှင်ဘုရားမြင်၏ဟု ဆိုခြင်းသည် ဥတ္တရိမနုဿဓမ္မဖြစ်ရာသည်ဟု ဆို၏။

ထိုအခါ မြတ်စွာဘုရားကလည်း ချစ်သားတို့ ဤသတ္တဝါကို ငါဘုရားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်ကို ရသောအခါကပင် ထင်စွာသိတော်မူ၏။ ယင်းသို့ သိသော်လည်း သက်သေမရှိသေး၍ ငါဟောတော်မမူသည်။ ယခုအခါ သတ္တဝါတို့၏ မျက်စိသဖွယ်ဖြစ်သော ငါ၏ချစ်သား မောဂ္ဂလာန်သည် သက်သေခံဖြစ်အောင် စင်စစ်မြင်ခဲ့ပြီတကား။ ငါဟော့ကြားတော်မူအံ့။ ဤပြိတ္တာကား အခြားသူမဟုတ်၊ ရာဇဂြိုဟ်ပြည်တွင် အစဉ်အဆက် နွားကိုသတ်၍ ရောင်းစားသော ဂေါဃာတကတည်း။ ထိုနွားသတ် ယောကျ်ားသည် နွားသတ်သော မကောင်းမှုကြောင့် သိဒ္ဓိုဝ်းငရဲ၌ ရှည်မြင့်စွာခံခဲ့ပြီး၍ အကျိုးကြွင်းအားဖြင့် ယခုအခါဝယ် ဤနေရာ၌ အရိုးစုပြိတ္တာ ဖြစ်လာပြန်သတည်း။ ချစ်သားမောဂ္ဂလာန်သည် မှန်သောစကားကိုပင် ဆိုလေ့ရှိ၏ဟု မိန့်တော်မူ၏။

ထို့နောက် တနေ့သောအခါ ကြွတော်မူရာတွင် တခုသောဟင်းလင်းအပြင်၌ ကြောက်မက်ဖွယ်သော ကျီး, စွန် လင်းတတို့သည် ထိုးဆိတ်စားသောက်ကြ၍ ကျင်နာလှသောအသံဖြင့် ညည်း

တွားလျက် သွားရသောအသားစုပြိတ္တာကို မြင်၍ ရှေးနည်းအတူ မေးမြန်းပြောဆိုကြသည်တွင် ဘုရားသခင်က ချစ်သားတို့—ဤအသားစုပြိတ္တာသည်လည်း ဤရာဇဂြိုဟ်ပြည်တွင် နွားသတ်ယောကျ်ားပင်တည်းဟု မိန့်တော်မူ၏။ ထို့နောက် ကြွတော်မူရာတွင် တခုသော ဟင်းလင်းအပြင်၌ သွားလာရသော အရေလွှာမရှိ သားတစ်အတိဖြစ်သောပြိတ္တာကို မြင်၍လည်းကောင်း၊ လုံသွားတို့သည်ခွေးဟပ်သကဲ့သို့ခုန်ကာခုန်ကာလိုက်၍ စူးရှသည်ကိုခံရသောပြိတ္တာကိုမြင်၍လည်းကောင်း၊ လှံသွားပကတိ အမွေးရှိသော ပြိတ္တာကို မြင်၍လည်းကောင်း၊ မြားသွားပကတိ အမွေးရှိသော ပြိတ္တာကို မြင်၍လည်းကောင်း၊ အပ်အမွေးရှိသော ပြိတ္တာကို မြင်၍လည်းကောင်း၊ရှေးနည်းအတူ မေးမြန်းပြောဆိုကြသည်တွင် ဘုရားသခင်က ဤပြိတ္တာတို့သည် ရာဇဂြိုဟ်ပြည်၌ ဝက်သတ်ယောကျ်ား၊ ငှက်သတ်ယောကျ်ား၊ ဆိတ်သတ်ယောကျ်ား၊ သားမုဆိုးဖြစ်ကြောင်းကို ဟောတော်မူသည်။ ဤမှတပါးလည်း အများရှိသော ပြိတ္တာတို့၏ အကြောင်းကိုလည်း ဟောတော်မူသည်။

ဤပြိတ္တာတို့ကို တိရစ္ဆာန်ဖြစ်သော ကျီး စွန် လင်းတတို့သည် မြင်ကုန်လျက် ဝိသုဒ္ဓိနတ်ဖြစ်သော လက္ခဏထေရ် မမြင်သည်ကို ရည်၍ ပြဿနာပြုသည်ဟု ဆိုဖွယ်ရှိသည်။ မမြင်ကြောင်းကား ရဟန္တာပင်ဖြစ်သော်လည်း ဒိဗ္ဗစက္ခု အဘိညာဉ်ကို ဝင်စားသောအခါမှ မြင်သည်။ မဝင်စားသောအခါ အနော်ဇ္ဈာရိကဖြစ်သော အာရုံတို့ကိုမမြင်ချေ။ အရှင်မောဂ္ဂလာန်မူကား ထိုအဘိညာဉ်တရားတို့ကို မပြတ်ဝင်စားတော်မူသောကြောင့် မြင်လေသည်ဟူ၍ ပါရာဇိကဏ် အဋ္ဌကထာ၌ဆိုသည်။

"အည့်" ကာရန်ပုစ္ဆာ ၁၄-ပုဒ် အဖြေပြီး၏။

---

(၃၀) "အည်း" ကာရန်ပုစ္ဆာ ၁၅-ပုဒ် အဖြေ။

၉၅၇။ ရဟန်းစောင့်စည်း၊ ကျင့်ဝိနည်း၊ ညည်းလျှင် အာပတ်ဘယ်တွင်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

န ကရေ နိတ္ထုနံ ဝဇ္ဇံ။ နိတ္ထုနံ-နိတ္ထုနန္တော၊ ကျည်းညည်းလျက်။ ဝဇ္ဇံ၊ ကျင်ကြီးကို။ န ကရေ၊ မပြုရာ။ ကရောန္တဿ၊ ပြုသောရဟန်းအား။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဟူ၍ ခုဒ္ဒသိက္ခာ၌ လာသည်။

၉၅၈။ ပဋ္ဌာန်းပစ္စည်း၊ ဆွမ်းပစ္စည်း၊ နည်းကွဲဝိဂြိုဟ် ဘယ်သို့နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဋ္ဌာန်းပစ္စည်းသည် ပဋိစ္စ ဖလံ ဧတိ ဧတသ္မာတိ ပစ္စယော-ဟူသော ဝစနတ္ထကြောင့် ပစ္စည်းမည်၏။ ဧတသ္မာ၊ ထိုအကြောင်းတရားကြောင့်။ ဖလံ၊ အကျိုးကို။ ပဋိစ္စ၊ စွဲ၍။ ဧတိ၊ ဖြစ်တတ်

ဣတိ-တသ္မာ၊ ထိုသို့အကြောင်းတရားတို့၏ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ပစ္စယော၊ ပစ္စည်း မည်၏။ အပါဒါနသာဓနကိတ်ဝိဂ္ဂိုဟ်။ ပဋ္ဌိရှေးရှိသော ဧ-ဓာတ်၊ အ-ပစ္စည်း။

ဆွမ်းစသော ပစ္စည်းသည်ကား။ ပိတ်ကရဏတ္ထေန ပစ္စယော ဟူ၍ အဋ္ဌကထာဆရာတို့ ဝိဂ္ဂိုဟ်ပြုခြင်းကြောင့်။ ပီတိ ကရောတီတိ ပစ္စယော။ ပီတိ အယတိ ဧတေနာတိ ပစ္စယော။ ဟူ၍ ဝိဂ္ဂိုဟ်ပြုအပ်၏။ ။ပီတိ၊ နှစ်သက်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ။ဧတေန၊ ဤဆွမ်း ကွမ်း စသော အာမိသဖြင့်။ ပီတိ၊ နှစ်သက်ခြင်း သည်။ အယတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထိုသို့ နှစ်သက်ခြင်း၏ ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ကတ္တု သာဓန၊ ကရဏသာဓန၊ ပီတိ သဒ္ဒူပပဒ၊ ဣဓာတ်၊ အပစ္စည်း။

၉၆၀။ ဘွဲ့မည်ပစ္စည်း၊ ဓာတ်ပစ္စည်း၊ သည်လည်း ခြား၏ဘယ့်နှယ်နည်း (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မဟာသတ္တဿ ပစ္စယံ ကတွာ ဥပ္ပန္နတ္တာ ပစ္စယောတွေဝ နာမံ ကရိံသု။ ။ဟူ၍ ဝေဿန္တရာ ဇာတ် အဋ္ဌကထာကိုမှီ၍ မင်း၏အထောက်အပံ့ဖြစ်သောသူကို ပစ္စည်းဟူ၍ မှည့်ရကား ရညော ပစ္စယံ ကရောတီတိ ပစ္စယော ဟူ၍ ဝိဂ္ဂိုဟ်ပြုအပ်၏။ ရညော၊ မင်း၏။ ပစ္စယံ၊ အထောက်အပံ့ ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ။ပုဂ်မင်း၏ အမတ်ဖြစ်သော အနန္တပစ္စည်း, ရန္တပစ္စည်းတို့ကိုယူ။

သဒ္ဒါကျမ်း၌လာသောဓာတ်ပစ္စည်းမှာ ပဋိ ဝိသုံ ဝိသုံ အတ္ထေ ဧတီတိ ပစ္စယော ဟူသော ဝစနတ်ကြောင့် ပစ္စည်းဖြစ်၏။ အတ္ထေ၊ ကတ္တား ကံ စသော အနက်တို့ကို။ ဝါ၊ နိဿယ, နိဿိတ စသော အနက်တို့ကို။ ပဋိ ဝိသုံ ဝိသုံ၊ အသီးအသီး။ ဧတိ၊ ဖြစ်စေ၏။ ဣတိ၊ ထို့ကြောင့်။ ပစ္စယော၊ ပစ္စည်းမည်၏။ ။ကတ္တုသာဓန၊ ပဋိရှေးရှိသော။ ဧဓာတ်၊ အပစ္စည်း။

၉၆၁။ မထေရ်ကစ္စည်း၊ သမုစ္စည်း၊ နည်းမတူဘူး မည်သို့နည်း (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကသိဝါဏိဇ္ဇာဒိနာ ဗျာပါရေန ကစ္စတိ ဒိပ္ပတီတိ ကစ္စော။ ။ယော ထေရပိတာ၊ အကြင် မထေရ်၏အဖသည်။ ကသိဝါဏိဇ္ဇာဒိနာ၊ လယ်လုပ်ခြင်း ကုန်သွယ်ခြင်း အစရှိသော။ ဗျာပါရေန၊ ကြောင့်ကြခြင်းဖြင့်။ ကစ္စတိ ဒိပ္ပတိ၊ ထွန်းပတတ်၏။ ဣတိ၊ ထို့ကြောင့်။ ကစ္စော၊ ကစ္စည်း မည်၏။ ကတ္တုသာဓန၊ ကစ္စဓာတ်၊ အပစ္စည်း။ ။ကစ္စဿ အပစ္စံ ကစ္စာယနော။ ကစ္စဿ၊ ကစ္စအမည်ရှိသောသူ၏။ အပစ္စံ၊ သားတည်း။ ကစ္စာယနော၊ ကစ္စအမည်ရှိသော သူ၏သား။ အပစ္စတဒ္ဓိတ်ဝိဂ္ဂိုဟ်။ ကစ္စပုဒ်၊ ဏာယနပစ္စည်း။ ကစ္စာယနဘေဒ ဆရာတို့ပြုသော ဝိဂ္ဂိုဟ်ရှိသော ကြောင့်သာ ရေးလိုက်သည်။

မဟာသာဝကအဝင်ဖြစ်တော်မူသော သဒ္ဒါကျမ်း၊ နေတ္တိကျမ်းတို့ကို စီရင်သော အရှင်မဟာကစ္စည်းမူကား ဥဇ္ဇေနီပြည်ကို အစိုးရသော စဏ္ဍပဇ္ဇောတမင်း၏ ပုရောဟိတ်ပုဏ္ဏားပေတည်း။ အဖအဘိုးလည်း ပုရောဟိတ်ပုဏ္ဏားမျိုးဖြစ်၍ လယ်လုပ်ခြင်း ကုန်သွယ်ခြင်းနှင့် ဝေးလှစွ၊ ယင်းသို့ ဝေးခဲ့သော် ထိုအရှင်နှင့် လျော်အောင် ဘယ်သို့ ဝိဂြိုဟ်ဆိုအံ့နည်းဟူငြားအံ့။ ။ကနကဝဏ္ဏောန ဒိပ္ပတီတိ ကစ္စော၊ ဟူ၍လည်းကောင်း။ ဗျာကရဏာဒိသဗ္ဗသိပ္ပေဟိ ကစ္စတိ ဒိပ္ပတီတိ ကစ္စော၊ ဟူ၍လည်းကောင်း ဝိဂြိုဟ်ပြုသင့်၏။ ။ယော ထေရော၊ အကြင်မထေရ်သည်။ ကနကဝဏ္ဏေန၊ ရွှေနှင့်တူသော အဆင်းဖြင့်။ ဒိပ္ပတိ၊ ထွန်းပတောက်၏။ ဣတိ၊ ထို့ကြောင့်။ သော ထေရော၊ ထိုမထေရ်သည်။ ကစ္စော၊ ကစ္စည်းမည်၏။ဝါ၊ တနည်းကား။ဗျာကရဏာဒိသဗ္ဗသိပ္ပေဟိ၊ ဗျာကရိုဏ်းက၊ စသည်ကုန်စင်၊ ဗေဒင်ပိဋကတ်၊ အတတ်ဉာဏ်၊ အလုံးစုံတို့ဖြင့်။ ကစ္စတိ ဒိပ္ပတိ၊ ထွန်းပထင်ရှားတတ်၏။ ဣတိ။ ထို့ကြောင့်။ သော ထေရော၊ ထိုမထေရ်သည်။ ကစ္စော၊ ကစ္စည်းမည်၏။

သမောဓာယ ဉစ္စိယတီတိ သမုစ္စယော။ ။သမောဓာယ၊ ပေါင်းရုံး၍။ ဉစ္စိယတိ၊ ဆိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ သမုစ္စယော၊ သမုစ္စည်းမည်၏။ နော မတိ။ ။ သမုစ္စယနံ သမုစ္စယော။ သံပုဗ္ဗ၊ ဥပုဗ္ဗ စိ စယေ။ ဂဋ္ဌုန်ပံ။ ။ကစ္စည်း၌ ကစ္စသဒ္ဒါသည် ထွန်းပခြင်းအနက်ကို ဟော၏ဟူပေ။

၉၆၂။ ကုသိုလ်ချင်းချည်း၊ ဟေတုနည်း၊ ပစ္စည်း ဘယ်သို့ တပ်မည်နည်း (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား:...

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော ဟူသောပါဠိ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ကုသိုလ်ကောဋ္ဌာသ၊ စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာ၊ ထိုနာမက္ခန္ဓာတို့၌ ပါသော ဒွိဟိတ်ဖြစ်အံ့။ အလောဘ၊ အဒေါသ၊ တိဟိတ်ဖြစ်အံ့–အလောဘ-အဒေါသ၊ အမောဟ။ ဤဟိတ်သုံးပါး ပစ္စည်းတရားရ၏။ ကုသလဿ ဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏ အရကား ဟိတ်နှင့်တကွသော သမ္ပယုတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဋ်၏ အရကား ဟေတုပစ္စယသတ္တိရ၏။

ပစ္စည်းတပ်ဟန်ကား မဟာကုသိုလ်ရှစ်ခုသည် ပုညကိရိယာဝတ္ထုဆယ်ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဖြစ်လိုလတ်သည်ရှိသော် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မဟာကုသိုလ်စိတ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စခုနစ်ကြိမ်၊ ထို့နောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ထိုသို့ဖြစ်သောအခါ ပဌမဇော၌ ပါသော အလောဘသည်၊ အဒေါသသည်၊ အမောဟသည်၊ အလောဘ အဒေါသသည်၊ အလောဘ အမောဟသည်၊ အဒေါသအမောဟသည်၊ အလောဘ အဒေါသ အမောဟသည် သမ္ပယုတ်ဖြစ်သော နာမက္ခန္ဓာတို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤအတူ မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်တို့၌လည်း ဝီထိ အသီးအသီးချ၍ ပစ္စည်းတပ်ဟန်ကို သိရမည်။ အကျယ်မူ မဟာကုသိုလ်စိတ်၌ ဝီထိပေါင်း တသောင်းငါးထောင့်တရာ့နှစ်ဆယ်စီ ခြောက်ဒွါရ၌ ဖြစ်သည်ဟု ဖြေရမည်။

၉၆၃။ တောင်သမန်တောင်ချည်း၊ အနည်းနည်း၊ နန်းတည်း
သောက်အံ့ ဘယ်သိုက်နည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အမရပုရမြို့သိုက်ဟူပေ။

၉၆၄။ မဏိဦးပြည်း၊ စာစပ်နည်း၊ ပေါင်းစည်းအာချ
ဘယ့်လောက်နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....တဆယ့်ငါးလုံးချသည် ဟူပေ။

၉၆၅။ ကလာပ်ကျမ်းနည်း၊ တွာပစ္စည်း၊ သိပ်သည်း
ဘယ်အနက်ပေနည်း။ (၈)

၉၆၆။ သဒ္ဒါပုာလည်း၊ ထိုပစ္စည်း၊ ဟောနည်း
ဘယ်အနက်ပေနည်း။ (၉)

ဟူသော အမေးပုစ္ဆာနှစ်ခု၌ အဖြေဝိသဇ္ဇနာကား....

ကလာပါဒီသု ဘာဝတ္တွေ၊ တုနတွာဒိ ဝိဓိယတေ။
ကစ္စာနာဒီသု ကတ္တွေ၊ ကိတ်သညာယ ဝိဓိယတေ။

ဟူ၍ သဒ္ဒတ္ထဘေဒစိန္တာမိန့်ရကား ကလာပ်ကျမ်းစသည်တို့၌ တုန တွာန တွာဟူသော ပစ္စည်းတို့ကို ဘာအနက်၌ ဝိရင်အပ်၏။ ကစ္စည်းအစရှိသော ကျမ်းတို့၌ကား ကိတ်ဟူသော အမည်ဖြင့် ကတ္တားအနက်၌ ဝိရင်အပ်၏ ဟူလိုသည်။

၉၆၇။ ဗုဒ္ဓေါဒ်လည်း၊ တပစ္စည်း၊ ဟောနည်း
ဘယ်အနက်ပေနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ပုဂ္ဂမာဒိတ္တေ ကတ္တရိဟူ၍ ကစ္စည်းဆရာပင် မိန့်ရကား ကတ္တားအနက်ဟူပေ။

၉၆၈။ ငါ့ဆရာတည်း၊ ဤသူလည်း၊ စပ်နည်း
ကိရိယာရှိလိမ့်နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....
ဧသော၊ ဤသူသည်။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာတည်း။ အာချာတ်ကိရိယာ။ မ-သတ်ပါမူ။ တုလျတ်လိင်္ဂတ်စပ်ရိုး ဟူ၏။

၉၆၉။ အကုံသလည်း၊ နေတ္တိနည်း၊ ကြပ်တည်း ဘယ်သို့ ဖွင့်ပိမ့်နည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ချွန်းတောင်းချိတ်သကဲ့သို့ သူတပါးကို ချိတ်ငင်၍ ဆိုသောနည်းသည် အကုံသနည်းမည်၏။ထို့ကြောင့် အကုံသော ဝိယ ယော ဟောတိ၊သော အကုံသ နယော မတော။ ဟူ၍ မိန့်အပ်ပြီ။ ဥဒါဟရုဏ်နှင့် သိလိုမူ နေတ္တိ၌ယူ။

၉၇၀။ ကောင်းကင်ဓာတ်စည်း၊ ပျက်သတည်း၊ ကုနည်း ဘယ်ဓာတ်ရသနည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အာကာသဓာတ်။ဝိနဿတိ။ ပျက်သည်ရှိသော်။ ပထဝိသြဇာ။ သင်းပျံ့စွာနှင့်။ ရသာဆိမ့်ချို။ ပေးစေလိုရှင့်။ ဓာတုနိဏ္ဍုယလင်္ကာ။

၉၇၁။ ခြောက်နှစ်တွင်ချည်း၊ မြင်းသွားမည်း၊ သွားတည်း ဘယ်သွားတို့ပေနည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...အထက် အည်ကာရန် ပုစ္ဆာနံပါတ် ၉၀၄-၉၀၅-၉၀၆-တွင် ဖြေခဲ့ပြီ။

၉၇၂။ ငယ်ချိန်ကတည်း၊ လောင်းပွင့်စည်း၊ ခမည်းရှိခိုး ဘယ်မျှနည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အဟံ ဘန္တေ တုမှာကံ ဇာတဒိပသေ ဣသိကာလဒေဝိလဿ ဝန္ဒာပနတ္ထံ ဥပနီတာနံ ဝေါ ပါဒေ ပရိဝတ္တေတွာ မြဲဟ္မဏဿ မတ္ထကေ ဌိတေ ဒိသွာပိ အဟံ တုမှေ ဝန္ဒိ။ အယံ မေ ပဌမဝန္ဒနာ။ ဝပ္ပမင်္ဂလဒိဝသေ ဇမ္ဗုစ္ဆာယာယ သိရိသယနေ နိပန္နံ ဝေါ ဇမ္ဗုစ္ဆာယာ အပရိဝတ္တနံ ဒိသွာပိ တုမှာကံ ပါဒေ ဝန္ဒိ။ အယံ မေ ဒုတိယဝန္ဒနာ။

ဟူ၍ ဝေဿန္တရာဇာတ် အဋ္ဌကထာ၌လာသည်။

အဓိပ္ပါယ်ကား။ ။အရှင်ဘုရားကို ဖွားစသော နေ့၌ ကာလဒေဝိလ ရသေ့ကို ရှိခိုးစေခြင်းငှါ ဆောင်ခဲ့ပါသော် အရှင်ဘုရား၏ ခြေတော်စုံသည် ပုံ့တက်၍ ရသေ့ ဦးခေါင်းထက်၌ တည်လေ သည်ကိုမြင်၍ ဖခင်တကြိမ် ရှိခိုးပါ၏။ ထို့နောက် နှစ်လမြောက် လယ်ထွန်မင်္ဂလာပြုသော အခါ သပြေပင်ရိပ်၌ သားကိုသိပ်ထားသည်တွင် သပြေရိပ်သည် နေမွန်းစောင်း၍မျှ မပြောင်းမရွေ့ တည်လေသည်ကိုမြင်၍ ဖခင်တကြိမ်ရှိခိုးပါ၏။ဤကားနှစ်ကြိမ်မြောက် ရှိခိုးခြင်းတည်း ဟူလိုသည်။

ယင်းသို့ ကျမ်းလာသောကြောင့် ဘုရားလောင်းငယ်စဉ်က သုဒ္ဓေါဒန မင်းသည် နှစ်ကြိမ်ရှိခိုး၏ ဟူပေ။

"အည်း"ကာရန်ပုစ္ဆာ ၁၅-ပုဒ် အဖြေ ပြီး၏။

(၃၁) "အဉ်"ကာရန် ပုစ္ဆာ ၁၈-ပုဒ် အဖြေ

၆၇၃။ ဆင်းတုတင်ပျဉ်၊ ခွေသောလျဉ်၊ ဝိညာဉ်ဘုရား ခွေလိမ့်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယခုကာလ ဆင်းတုရုပ်ပွားတို့၌ တင်ပျဉ်ခွေသကဲ့သို့ ဝိညာဉ်တော်ရှိသော ဘုရားသည် ခွေပါ၏လောဟု မေးရာ၌ မည်ကဲ့သို့သော အခြင်းအရာဖြင့် ထက်ဝယ်ခွေသည်ဟူ၍ တိုက်ရိုက်လာသော ကျမ်းကိုကား မတွေ့မိ။

ရှေးဆရာတို့၏ ငါစနာမဂ္ဂကို ကြားသိဖူးသည်မှာ။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိသော ကာလ၌ ထက်ဝန်းကျင်သောအရပ်ဒေသမှ ဗုဒ္ဓလက္ခဏာကို ပုဏ္ဏားပညာရှိ ရသေ့ပညာရှိတို့သည် မိမိတို့၏ဉာဏ်ဖြင့် ကြံဆ၍ အရှင်ဂေါတမသည် ငါဘုရားဟုဝန်ခံ၏။ဘုရားတို့၏ လက္ခဏာနှင့် ပြည့်စုံမှ ဘုရားမှန်ရာသည်။ မပြည့်စုံသော် မမှန်ရာ။ ဗုဒ္ဓလက္ခဏာကို စုံစမ်းဦးအံ့ဟု ကြံ၍ မိမိတို့၏ ကိုယ်တိုင်သော်လည်းကောင်း၊ သူတပါးကို စေလွှတ်၍သော် လည်းကောင်း ကြည့်ရှုစေသည်။ ထိုသို့ ကြည့်ရှုလာသော ဝေနေယျတို့၏ သံသယကို ပျောက်စေခြင်းငှါ လက်တော်၌ရှိသော လက္ခဏာ၊ ခြေတော်၌ ရှိသောလက္ခဏာ၊ ကိုယ်တော်၌ရှိသော လက္ခဏာတို့ကို မြင်သာအောင်ပြ၍ ယခုထုလုပ်ကြသော ဆင်းတုကဲ့သို့ ထက်ဝယ်ခွေ၍ နေတော်မူသည်။ လက်ဖမိုးတော်၏ ပြည့်ဖြိုးသောအဖြစ်။ ရှည်သော လုံးသော၊ ညီညွတ်သော လက်ချောင်းတော်ရှိသော အဖြစ်။ နီသော လက်သည်းတော် ရှိသော အဖြစ်ကို မြင်စေခြင်းငှာ လက်ဝဲလက်ကို ချလျက် လက်ဖမိုးကိုပြ၍ နေတော်မူသည်။ ။လက်ဝါးတော်အပြင်၏ နူးညံ့သောအဖြစ်။ ဝင်းဝင်းနီသောအဖြစ်။ ဇဗပဋ္ဌာက စသော အရေးရှိသော အဖြစ်တို့ကို မြင်စေလို၍ လက်ယာလက်ဝါးတော်ကို ပြလျက် နေတော်မူသည်။ ။ဧကီမည်သော သားကဲ့သို့ မြင်းခေါင်းတော်၏ ပြည့်ဖြိုးသောအဖြစ်၊ ဖမျက်တော်၏ မြင့်သော အဖြစ်ကို မြင်စေလို၍ ခြေတော်ကို တင်လျက်နေတော်မူသည်။ တရာ့ရှစ်ကွက် စက်လက္ခဏာဖြင့် မှတ်အပ်သော ဖဝါးတော်ရှိသော အဖြစ်၊ ရွှေခြေနင်းကဲ့သို့ ညီညွတ်သော အပြင်ရှိသောအဖြစ်၊ အစဉ်လှသော ခြေချောင်းတော်ရှိသောအဖြစ် စသည်ကို မြင်စေလို၍ ဖဝါးနှစ်ဖက်ကိုပြလျက် နေတော်မူသည်။ ။ ရင်၊ ညှပ်ရိုး၊ ပခုံး၊ လက်ရုံး တည်းဟူသော ခုနစ်ပါးသောအရာ၌ ပြည့်ဖြိုးသော အဖြစ်ကို မြင်စေလို၍ လက်ကန်တော့တင်လျက် နေတော်မူသည်။ ။ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းနှင့် တူသော ပြေပြစ်သော လက်ရုံးတော်ရှိသော အဖြစ်။ ရှည်သော လက်ရုံးတော်ရှိသော အဖြစ်ကို မြင်စေလို၍ လက်ရုံးတော်ကိုဆန့်လျက် နေတော်မူသည်။ ။ဤသို့ နေသောကြောင့် ဤမျှလောက်သော လက္ခဏာကို မြင်ကုန်သောသူတို့သည် ဘုရားစင်စစ်ဟူ၍ သိသဖြင့် အလွန်ကြည်ညိုကြ၍ ဆည်းကပ်ကိုးကွယ်ခြင်းသို့ ရောက်ကုန်သည်ဟု ဆရာမှန် ဆရာမြတ်တို့ မိန့်ဆိုကုန်သည်။

ထိုစကားသည် ကျမ်းဂန်၌ အရိပ်အမြွက်ထင်ပါ၏လော ဟူငြားအံ့။ ထင်၏ဟူပေ။ ဘယ်သို့ ထင်သနည်းဟူမူကား။ သာဝတ္ထိပြည်၏အနီး နိဂုံးကြီး၌နေသော ကောသလမင်း၏ဆရာ သောဏဒန္တပုဏ္ဏားသည် တပည့် အမ္ဗဋ္ဌလုလင်ကို စေ၍ မဟာပုရိသ လက္ခဏာနှင့်ပြည့်စုံမည် မပြည့်စုံမည်ကို ကြည့်စေသည်။ ပြည့်စုံကြောင်းကိုမြင်၍ ပြန်ပြောလျှင် ထို သောဏဒန္တပုဏ္ဏားသည် လျင်စွာ လာ၍ သရဏဂုံယူသည်။ ပေါက္ခရသာတိပုဏ္ဏားလည်း လက္ခဏာနှင့်ပြည့်စုံကြောင်းကို ကြား၍

မိမိကိုယ်တိုင်လာလျက် ကြည့်ရှုသဖြင့် ပြည့်စုံဟန်ကိုမြင်လျှင် ဘုရားရှင်ထံသို့ ကပ်၍ သရဏဂုံယူသဖြင့် သောတာပန် ဖြစ်လေသည်။ သေလပုဏ္ဏားလည်း တပည့်သုံးရာနှင့်တကွ ကိုယ်တိုင်လာ၍ ကြည့်ရှုသဖြင့် သဗ္ဗညုလက္ခဏာကို မြင်လျှင် အလွန်ကြည်ညို၍ ကိုယ်တော်မြတ်ထံ၌ တောင်းပန်၍ ရဟန်းပြုလေသည်။ ဗာဝရီပုဏ္ဏားလည်း အဇိတ အမှူးရှိသောတပည့်ကြီး တကျိပ်ခြောက်ယောက်တို့ကို စေ၍ သုံးဆယ့်နှစ်ပါးသော လက္ခဏာကို ကြည့်စေသည်။ ရောက်သော် တရားတော်ကို နာသဖြင့် ရဟန္တာချည်း ဖြစ်ကြလေကုန်သည်။ ဗြဟ္မာယု ပုဏ္ဏားလည်း ဥတ္တရလုလင်ကို လွှတ်၍ ကြည့်စေသည်။ ထိုဥတ္တရလုလင်ကား ခုနစ်လတိုင်တိုင် အပါးတွင် စောင့်၍ကြည့်သည်။ အလုံးစုံကို မြင်ရ၍ ဆရာအား ပြန်ပြောသောအခါ ကိုယ်တိုင်လာ၍ ခြေမတော်ကို ခံတွင်းဖြင့်ငုံ၍ သရဏဂုံယူလေသည်။ မကြာမြင့်မီ အနာဂါမ်တည်လေသည်။ ဤအကြောင်းများကို ဒီဃနိကာယ် အမ္ဗဋ္ဌသုတ်။ မဇ္ဈိမနိကာယ် သေလသုတ်။ ဗြဟ္မာယုသုတ် ပါဠိတော်၊ အဋ္ဌကထာတို့၌ လာသည်။ ထို့ကြောင့် ဆရာမြတ်တို့၏ စကားသည် ပရမ္ပရလဒ္ဓါပဒေသဖြစ်၍ ဂင်္ဂါရေနှင့် ယမုန ရေမခြားမပြားသကဲ့သို့၊ ကျမ်းဂန်အလာနှင့် လွန်စွာ ညီညွတ်သော စကားဖြစ်ပေသည်။ ထို့ကြောင့် ယခုထုလုပ်သော ဆင်းတု တင်ပျဉ်ခွေသကဲ့သို့ သက်တော်ထင်ရှား ရှိသော ဘုရားသခင်လည်း ခွေတော်မူ၏ ဟူ၍ပင် သိရမည်။

၉၃၄။ ကုသကိုအဉ်၊ ပဘာကြဉ်၊ ကံလျဉ်ပါကြောင်း ဘယ်သို့နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အတီတေ ကိရ ဗာရာဏသိဒွါရဂါမေ။ပ။ပုဗ္ဗကမ္မဿ ဝသေန ဝိရူပေါ အဟောသိ။ သာစ တံ န ဣစ္ဆတိ၊

ဟူ၍ ဇာတ်အဋ္ဌကထာ၌ လာသည်။

အဓိပ္ပာယ်ကား။ ။ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၏ တံခါးဝဖြစ်သော ရွာ၌ ခရီးမ၏ လက်ယာအိမ်တန်းမှ အမျိုးကောင်းတဦး။ လက်ဝဲအိမ်တန်းမှအမျိုးကောင်းတဦးတို့သည် နေကြကုန်၏။ထိုနှစ်ဦးတို့တွင် လက်ယာအိမ်တန်း နေသောသူ၌ သားညီနောင်နှစ်ယောက်။လက်ဝဲအိမ်တန်းနေသောသူ၌ သမီးတယောက်သည်ရှိ၏။ အရွယ်ရောက်သောအခါ ညီနောင်နှစ်ယောက်တွင် အစ်ကိုဖြစ်သောသူနှင့် ထိုမိန်းမငယ်သည် သင့်မြတ်၍ ညီဖြစ်သောသူလည်း မယားမရှိပဲ အစ်ကိုအိမ်၌နေ၏။ ထိုညီငယ်ကား ငါတို့ ဘုရားအလောင်းတော်ပင်တည်း။ တရံသောအခါ ထိုအိမ်၌ အလွန်အရသာရှိသော မုန့်တို့ကိုလုပ်၍ သုံးဆောင်ကြ၏။ ထိုအခါ ဘုရားအလောင်း တောသို့ သွားလေသည်နှင့် အိမ်ရှင် မိန်းမသည် မတ်၏အလို့ငှါ မုန့်ကို အတန်ငယ်ထား၍ကြွင်းသော မုန့်တို့ကို သူတပါးတို့နှင့် ဝေဖန်၍ စားသောက်ကြ၏။ စားပြီးစ အခါဝယ် အရှင်ပစ္စေကဗုဒ္ဓါ တပါးသည် အိမ်ဝ၌ ဆွမ်းရပ်ဝှာ၏။ ထိုအခါ အိမ်ရှင် မိန်းမသည် မတ်၏ အလို့ငှါ ထားသော မုန့်တို့ကို နောက်မှလုပ်၍ ပေးတော့အံ့ဟုကြံလျက် အရှင်ပစ္စေက ဗုဒ္ဓါအား လှူလိုက်၏။တိုအခိုက်တွင် မတ်ယောကျ်ားလည်း တောမှ ပြန်ရောက်လာသော် အိမ်ရှင်မသည် ဤသို့ဆို၏။ အမောင်၊ သင်၏အဖို့ဖြစ်သော မုန့်တို့ကို အရှင်ကောင်းအား ကျွန်ုပ်လှူလိုက်ပြီ။ ဝမ်းမြောက်ဝမ်းသာရှိပါလော့။ အမောင့်အဖို့အရာကို ဖြည်းဖြည်းမှ ကျွန်ုပ်လုပ်၍ပေးပါအံ့ဟုဆို၏။ထိုအခါ မတ်ကလည်း

ငါ့အဖို့ဖြစ်သောမုန့်ကို လှူရာသလောဟုဆို၍ ရှင်ပစ္စေက ဗုဒ္ဓါအားလိုက်၍ တောင်း၏။ ရလျှင် အတန်ငယ်နှိုက်၍စား၏။ အိမ့်ရှင်မိန်းမလည်း အလွန်နှလုံးမသာလျက် မိခင်အိမ်သို့တက်၍ စကားပန်းအဆင်းကဲ့သို့ ဝင်းလှသော ထေ၁ပတ်ကိုဆောင်ပြီးလျှင် အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်၌ အပြည့်လောင်း၍ ဤသို့ ဆုတောင်း၏။ အရှင်ဘုရား၊ ဤဒါန၏ အကျိုးအားဖြင့် အကျွန်ုပ်သည် ဖြစ်လေရာရာ ဘဝ၌ပင် ဝင်းဝင်းတောက်ပသောကိုယ်၏ အရောင်ကို ဆောင်သော မိန်းမသည် ဖြစ်ရပါလို၏။ ဤသူတော် မဟုတ်သော ယောကျ်ားယုတ်နှင့်လည်း တရပ်တကွက် တမြို့တနိုင်ငံတွင်းမှာ မဖြစ်ရပါလိုသောဟု ဆုတောင်း၏။ ထိုစကားကိုကြားသော် မတ်ယောကျ်ားကလည်း အတန်ငယ် စားမိသောမုန့်ကို အရှင်ပစ္စေကဗုဒ္ဓါအားပြန်၍ကပ်လှူပြီးလျှင်အရှင်ဘုရား၊ အကျွန်ုပ်သည် ဤကောင်းမှုကြောင့် ဖြစ်လေရာရာ၌ ဃ္ဃစ္ဆာသယဟူသမျှကို တောင့်တတိုင်း ပြည့်အောင် ဆောင်နိုင်သော ယောကျ်ားမြတ်ဖြစ်စေသော။ ယူဇနာတရာ နှစ်ရာ ခြားသော အရပ်၌ပင် နေသော်လည်း ဤမိန်းမကိုယူ၍ ခြေရင်း၌ အလုပ်အကျွေး ပြုနိုင်သည် ဖြစ်စေသောဟု ဆုပတ္ထနာ၏။ ယင်းသို့ ဆုတောင်းပါသောကြောင့် မတ်ယောကျ်ားသည် ကုသမင်း၊ မရီးသည် ပဘာဝတီဖြစ်သောအခါ လွန်စွာအလိုမရှိခြင်းဖြစ်၍ ရေကန်၌ တပ်အပ်မြင်လျှင် ဖဲကြဉ်၍ ပြေးလေသတည်း။ ပစ္စေကဗုဒ္ဓါ၏ သပိတ်သို့ ရောက်ပြီးသောမုန့်ကိုယူ၍ ထွင်းကာစားဖူးသော မကောင်းမှု အကျိုးကြောင့် မျက်နှာမလှ ဒုမ္မုခဖြစ်သတည်း။ တဖန် ကြည်ညိုသော စိတ်ဖြင့် လှူ၍ ဆုတောင်းပြန်သောကြောင့် ပဘာဝတီကို ရအောင် ဆောင်နိုင်ပြန်သတည်း။

၆၇၅။ နန္ဒမူလျှင်၊ စပ်ခါယှဉ်၊ မဥ္စူပင်ပေါင်း ဘယ်မျှနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

တတ္တေဝ၊ ထိုဂန္ဓမာဒနတောင်၌ပင်လျှင်။ နန္ဒမူလကံနာမ၊ နန္ဒမူလက အမည်ရှိသော။ ပဗ္ဘာရံ၊ ဂူလိုဏ်သည်။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါ အရှင်တို့၏။ ဝသနောကာသော၊နေရာအရပ်တည်း။ ဂုဟာယော၊ လိုဏ်တို့သည်။ သုဝဏ္ဏဂုဟာ ရွှေလိုဏ်လည်းကောင်း။ မဏိဂုဟာ၊ ပတ္တမြားလိုဏ်လည်းကောင်း။ ရဇတဂုဟာ၊ ငွေလိုဏ်လည်းကောင်း။ ဣတိ၊ ဤသို့။ တိဿော၊ သုံးပါးတို့တည်း။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ မဏိဂုဟာဒွါရေ၊ ပတ္တမြားလိုဏ်၏ တံခါးဝ၌။ မဥ္စူသကော နာမရုက္ခော၊ မဥ္စူသကမည်သော သစ်ပင်သည်။ ဥဗ္ဗေဓေန၊ အမြင့်အစောက်အားဖြင့်။ ယောဇနံ၊ တယူဇနာ။ ဝိတ္ထာရေန၊ အနံအားဖြင့်။ ယောဇနံ၊ တယူဇနာသည်။ အတ္ထိ၊ရှိ၏။ သော၊ ထိုမဥ္စူသက သစ်ပင်သည်။ ယတ္တကානိ၊ အကြင်မျှလောက်ကုန်သော။ ပုပ္ဖါနိ၊ ပန်းတို့သည်။ ဥဒကေဝါ၊ ရေ၌လည်းကောင်း။ ထလေဝါ၊ ကြည်း၌လည်းကောင်း။ ပုပ္ဖန္တိ၊ ပွင့်ကုန်၏။

ဤသို့ သာရတ္ထဒီပနီ ဋီကာ၊ သာရတ္ထသင်္ဂဟ ကျမ်းတို့၌ ဖဥ္စူသက မည်သော သစ်ပင်သည် ပတ္တမြားဂူဝတွင် ရှိကြောင်းကိုသာ ဆိုသည်။ ပင်ပေါင်းဘယ်မျှ ရှိသည်ဟူ၍မဆို။ ယင်းသို့ ပဆိုသော်လည်း ကျွန်းဦးသပြေပင်သည် ကျွန်း၏ မင်္ဂလာနိမိတ်အလို့ငှါ တပင်သာရောက်သကဲ့သို့၊ ဟိမဝန္တာ၏ နိမိတ်မင်္ဂလာအလို့ငှါ တပင်သာ ရှိသည်ဟု ယူမှတ်သင့်၏။

၉၇၆။ ဝမ်းတွင်းအောင်းစဉ်၊ ဝိထိယှဉ်၊ ပဥ္စဒွါရ ကျလိမ့်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အမိဝမ်းအတွင်း၌ ကျိန်းအောင်းစဉ်အခါဝယ် ပဥ္စဒွါရဝိထိ မကျပဲ၊ ဘုရားလောင်း စသည်တို့အား မနောဒွါရဝိထိကျ၏။ တပါးသောပုဂ္ဂိုလ်တို့အား မနောဒွါရဝိထိမျှမကျ ဟူပေ။

ဘယ်ကိုထောက်၍ ဆိုသနည်းဟူငြားအံ့ –

တထာ ဟိ လောကိယ မနုဿာ မာတုကုစ္ဆိယံ ပဋိသန္ဓိံ ဂဏှန္တာ စ ဝသန္တာ စ နိက္ခမန္တာ စ န ဇာနန္တိ။ သမ္မုဠှာ ဟောန္တိ။ စရိမဘဝိကာနံယေဝ ဗောဓိသတ္တာနံ မာတုကုစ္ဆိယံ ဩက္ကမနေ တတ္ထ ဝါသေ နိက္ခမနေ စာတိ တီသု ကာလေသု သမ္ပဇာနနာ ဟောတိ။

အစရှိသည်ဖြင့်လာသော သာရတ္ထသင်္ဂဟပါဠ်ကိုထောက်၍ သိရာ၏ဟူပေ။

အနက်ကား။ ။တထာ ဝါဝစန်၊ ထိုစကားကို။ ဟိ၊ ထင်စွာ ဆိုလိုက်ဦးအံ့။ လောကိယမနုဿာ၊ လောကီဖြစ်သော လူတို့သည်။ မာတုကုစ္ဆိယံ၊ အမိဝမ်း၌။ ပဋိသန္ဓိံ ဂဏှန္တာစ၊ ပဋိသန္ဓေယူသည်တို့ကိုလည်းကောင်း။ တတ္ထ၊ထိုအမိဝမ်း၌။ ဝသန္တာစ၊ နေရသည်တို့ကိုလည်းကောင်း။ နိက္ခမန္တာစ၊ ဖွားသည်တို့ကိုလည်းကောင်း။ န ဇာနန္တိ၊ မသိကုန်။ သမ္မုဠှာ၊ ပြင်းစွာ တွေဝေကုန်သည်။ ဟောန္တိ၊ ဖြစ် ကုန်၏။ စရိမဘဝိကာနံ၊ အဆုံးစွန်သောဘဝ၌ ဖြစ်ကုန်သော။ ဗောဓိသတ္တာနံယေဝ၊ ဘုရားလောင်းတို့ အားသာလျှင်။ မာတုကုစ္ဆိယံ၊ အမိဝမ်းသို့။ ဩက္ကမနေ၊ သက်ဝင်ခြင်း၌လည်းကောင်း။ တတ္ထ ဝါသေ၊ ထိုအမိဝမ်း၌ ကျိန်းအောင်းသော အခါ၌လည်းကောင်း။ နိက္ခမနေစ၊ ဖွားသောအခါ၌လည်းကောင်း။ ဣတိ၊ ဤသို့။ တီသုကာလေသု၊ သုံးပါးသော အခါတို့၌။ သမ္ပဇာနနာ၊ ဆင်ခြင်နိုင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အသီတိမဟာသာဝကာ၊ ရှစ်ကျိပ်သော မဟာသာဝကတို့သည်။ ပဝိသန္တာ၊ ဝင်သည် ကိုသာလျှင်။ ဇာနန္တိ၊ သိကုန်၏။ ဝသန္တာစ၊ နေရသည်ကိုလည်းကောင်း။ နိက္ခမန္တာစ၊ ဖွားရသည်ကိုလည်းကောင်း။ န ဇာနန္တိ၊ မသိကုန်။ ဒွေအဂ္ဂသာဝကာစ၊ နှစ်ဦးသော အဂ္ဂသာဝကတို့ သည်လည်းကောင်း။ ပစ္စေကဗောဓိသတ္တာစ၊ ပစ္စေကဗုဒ္ဓါ အလောင်းတို့သည်လည်းကောင်း။ပဝိသန္တာစ၊ ဝင်သည်ကိုလည်းကောင်း။ ဝသန္တာစ၊ နေသည်ကိုလည်းကောင်း။ ဇာနန္တိ၊ သိကုန်၏။ နိက္ခမန္တာ၊ ဖွားသည်တို့ကို။ န ဇာနန္တိ၊ မသိကုန်။

ဗောဓိသတ္တာ ပန၊ ဘုရားလောင်းတို့သည်ကား။ အဇ္ဈတ္တကုစ္ဆိဂတော၊ မယ်တော်ဝမ်း၌နေရ လတ်သော်။ မာတရံ၊ မယ်တော်ကို။ န ပဿန္တိ၊ မမြင်ကုန်။ ဟိ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အဇ္ဈတ္တကုစ္ဆိယံ၊ ဝမ်းတွင်း၌။ စက္ခုဝိညာဏံ၊ စက္ခု ဝိညာဉ်သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။

ဟူ၍လည်း မဟာပဒါနသုတ် အဋ္ဌကထာ၌ တိုက်ရိုက်လာသည်။

ထို့ကြောင့် အမိဝမ်း၌ နေရသောသူအား ပဥ္စဒွါရဝိထိမကျ။ ဝင်သည်ကို လည်းကောင်း။ နေရသည်ကိုလည်းကောင်း သိသော ဘုရားလောင်းတို့၌သာ မနောဒွါရ ဝိထိကျ၏ဟု သိရသည်။

၉၇၇။ ပဖွားမီစဉ်၊ ကုသိုလ်ယှဉ်၊ အယဉ်ဝမ်းတွင် ဖြစ်လိမ့်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ တည်းဟူသော ပုညကိရိယာဝတ္ထုတို့ကို အာရုံပြု၍ဖြစ်သော ကုသိုလ်စိတ်မူကား ငမ်း၌ကျိန်းရသော သူဟူသမျှမဖြစ်။ ပဋိသန္ဓေနေသည်ကိုလည်းကောင်း၊ ဖွားသည်ကိုလည်းကောင်း သိတော်မူသော ဘုရားလောင်း စသည်တို့၌ကား ကုသိုလ်စိတ် ဖြစ်၏။ ဘယ့်ကြောင့်နည်းဟူမူ ထိုပုဂ္ဂိုလ်တို့သည် မဟာကုသိုလ်စိတ်ဖြင့် သာလျှင် ထိုအခြင်းအရာကို သိလေသောကြောင့်တည်း။ ဝမ်း၌မဖွားမီ စုတေ့ရသောသူအား မရဏာသန္နဇောသည် ဖြစ်သင့်ရကား ထိုဇော၌ ကုသိုလ်စိတ် သော်လည်းကောင်း၊ အကုသိုလ်စိတ် သော်လည်းကောင်း ဖြစ်သင့်၏။ ယင်းသို့ ဖြစ်သင့်သော်လည်း ကျမ်းဂန်၌ တိုက်ရိုက်မပြသောကြောင့် မုချမဆိုသာ ဖြစ်သည်။

၉၇၈။ ဗောဓိပင်ပျဉ်၊ မြစ်နေရဉ်၊ အလျဉ်ဘယ်မျှ ကွာသနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

> အထ ဗောဓိသတ္တော နေရဉ္ဇရာယ တီရေ သုရဘိကုသုမအလင်္ကတေ နီလောဘာသေ မနောရမေ့ သာလဝနေ ဒိဝါဝိဟာရံ ကတွာ သာယနှသမယေ ဒေဝတာ ဟိ အလင်္ကတေန အဋ္ဌုသဘဝိတ္ထာရေန မဂ္ဂေန မိဂိန္ဒသီဟော ဝိယ ဝိဇမ္ဘမာနော နမုသီဟော ဗောဓိရုက္ခာဘိမုခေါ ပါယာသိ။

ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား။ ။ဘုရားလောင်းသည် နေရဉ္ဇရာမြစ်၏အနီး ကောင်းသောရနံ့ရှိသော ပန်းတို့ဖြင့် ထက်ဝန်းကျင်တန်ဆာဆင်အပ်သော စိမ်းညိုသောအရောင်ရှိသော နှလုံးမွေ့လျော်ဖွယ်ရှိသော အင်ကြင်းတောကြီး၌ နေ့သန့်တော်မူပြီးသော် ညချမ်းသောအခါ နတ်တို့သည် တန်ဆာဆင်အပ်သော ရှစ်ဥသဘကျယ်သော လမ်းဖြင့် ခြင်္သေ့မင်းကဲ့သို့ တင့်တယ်စံပယ်စွာ မဟာဗောဓိမဏ္ဍိုင်သို့ ရှေးရှုကြွတော်မူ၏ ဟူလိုသည်။

ဝိနည်းမဟာဝါပါဠိတော် အဋ္ဌကထာ၊ အပဒါန်အဋ္ဌကထာစသည်တို့၌လည်း ဤနည်းတူသာ လာသည်။ ဘယ်မျှသောက် ခရီးကွာသည်ဟူ၍ မလာ။ ဗောဓိဝိဘာဝနီ၌ကား နေရဉ္ဇရာမြစ်နှင့် ဗောဓိပင်သည် တဂါဝုတ်ကွာသည်ဟု လာ၏။

၉၇၉။ ပစာယနယှဉ်၊ ကြီးသုံးစဉ်၊ တလျှဉ်မဖြစ် ဘယ့်ကြောင့်နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကြီးသော သူတို့၌ ရှိသေခြင်းသည် အပစာယန ကုသိုလ်ဖြစ်၏ ဟူရာ၌ ကြီးခြင်းသည် သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်ဖြင့် ကြီးခြင်းတည်းဟူသော ဂုဏဝုဍ္ဍိ၊ အသက်အရွယ်ဖြင့် ကြီးခြင်း တည်းဟူသော ဝယဝုဍ္ဍိ၊ ဤနှစ်ပါးတို့၌ ရှိသေခြင်းသာလျှင် အပစာယန ကုသိုလ် ဖြစ်၏။ အမျိုးအနွယ်ကြီးခြင်း၊ စည်းစိမ်ကြီးခြင်းရှိသော မင်းတို့၌ ရှိသေခြင်းသည် အပစာယန ကုသိုလ်မဖြစ်။ ထိုသို့ မဖြစ်ခြင်းသည် ဘယ်အကြောင်းကြောင့်နည်းဟု မေးလိုသည်။ ဇာတိဝုဍ္ဍိ ဖြစ်သော မင်းတို့ကို ရှိသေခြင်းကား ကြောက်ရွံ့သော်လည်းကောင်း၊ ဆုလာဘ်ကို လိုချင်သော် လည်းကောင်း ရှိသေခြင်းဖြစ်သည်။ ကုသိုလ်ရကြောင်း ကောင်းသောနှလုံးသွင်းဖြင့် ရှိသေ သည်မဟုတ်။ ထို့ကြောင့် အပစာယန ကုသိုလ်မဖြစ် ဟူပေ။ ။အဘိဓမ္မာဂဏ္ဌိပုဒ်။

၉၈၀။ ပဋိဝိညာဉ်၊ တဆယ်လျှဉ်၊ ရုပ်စဉ်မပေး ဘယ့်ကြောင့်နည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရူပဇနေ ဝိသေသပစ္စယေဟိ ဈာနင်္ဂေဟိ သမ္ပယောဂါဘာဝတော ဒွိပဉ္စဝိညာ- ဏာနိ ရူပံ န ဇနေတိ။

ဟူသော ဋီကာကျော်နှင့်အညီ ရုပ်ကိုဖြစ်စေခြင်း၌ ထူးသော အကြောင်းဖြစ်ကုန်သော ဈာနင်တို့နှင့် ယှဉ်ခြင်းမရှိသည်၏ အဖြစ်ကြောင့် ဒွေပဉ္စဝိညာဉ် တဆယ်တို့သည် စိတ္တဇရုပ်ကို မဖြစ်စေတတ်သည်ဟု မှတ်ရမည်။

၉၈၁။ နံ့သာကျောင်းယဉ်၊ ဆောက်စိုက်စဉ်၊ သဗ္ဗညုရောက် ဘယ်မျှနည်း။ (၉)

ဟူသော အမေး ပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သတ္တာပိ၊ မြတ်စွာဘုရားသည်လည်း။ တတ္ထ၊ ထိုတန်ဆောင်းဝန်း ကျောင်းတော်၌။ အာရမ္ဘ- ကာလတော၊ အားထုတ်စကာလမှ။ ပဋ္ဌာယ၊ စ၍။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ အကာသိ ကိရ၊ ပြုတော်မူသလျှင်ကတည်း။ ။ပုဗ္ဗောဝါဒသုတ် အဋ္ဌကထာ။ ။ပရိဘောဂံ အကာသိတိ အနေကဝါရံ အာဂန္တွာ တတ္ထ ဝိဟရတိ။ ဟု ဋီကာတို့၌ မိန့်သည်။

ထိုကိုမှီ၍ သီလဝံသထေရ်မြတ်လည်း တံတားဦးတည့်၌—

နံ့သာကျောင်းဝယ်၊ ကျိန်းအောင်းဘုန်းကြီး၊ဆုံးမပြီးလျှင်၊ မပြီးမခြင်း၊ လုပ်စဉ်တွင်း၌၊ သေဌ်နင်းခေါက်ခေါက်၊ ကြိမ်ကြိမ်ရောက်၏။ ဟူ၍ စပ်ဆိုသည်။ အကြိမ်ဘယ်မျှဟု မပါချေ။

၉၇၂။ မင်းစီးဆင်ယာဉ်၊ သင့်စီလျှဉ်၊ ငါးစဉ်အင်္ဂါ ဘယ်သို့နည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သောတာ၊ ဆိုသောစကားကို နားလည်တတ်သည်။ ဟန္တာ၊ သတ်ထိုက်သောသူကို သတ်တတ်သည်။ ရက္ခိတာ၊ အရှင်ကိုစောင့်တတ်သည်။ ခန္တာ၊ ရန်ကိုခံတတ်သည်။ ဂန္တာ၊ လျင်စွာသွားတတ်သည်။ ဣမေ၊ ဤအင်္ဂါငါးပါးတို့သည်။ ဟတ္ထိယာနသာ၊ဆင်ယာဉ်၏။ အင်္ဂ၊ အင်္ဂါတည်း။ အင်္ဂုတ္တရ ပဉ္စက နိပါတ်ပါဠိ။

၉၇၃။ မင်းစီးမြင်းယာဉ်၊ အင်္ဂါယှဉ်၊ သုံးစဉ်ရှိ၏ အဘယ်နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဝဏ္ဏသမ္ပန္နာ၊ တင့်တယ်သောအဆင်းနှင့် ပြည့်စုံသည်။ ဇဝနသမ္ပန္နာ၊ လျင်မြန်ခြင်းနှင့် ပြည့်စုံသည်။ အာရောဟပရိဏာဟဝါ၊ လုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံသည်။ ဣတိ၊ ဤသုံးပါးတို့သည်။ ဟယင်္ဂါ၊ မြင်း၏ အင်္ဂါတို့တည်း။

၉၇၄။ မြို့တန်ဆာစဉ်၊ ခုနစ်လျှဉ်၊ ယှဉ်ရန်မည်သို့ မည်ညာနည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သေိကာ ပရိခါ စေဝ၊ အနုမတ္တာဝုဓံ ဗလံ။
ဒေါဝါရိကော စ ပါကာရော၊ ပရိက္ခာရာပုရဿိမေ။

သေိကာ၊ တံခါးတိုင်လည်းကောင်း။ ပရိခါစေဝ၊ ကျုံးလည်းကောင်း။ အနုမတ္တာ၊ သူရဲခို့ သူရဲပြေးလည်းကောင်း။ အာဝုဓံ၊ လက်နက်လည်းကောင်း။ ဗလံ၊ ဗိုလ်ပါရဲမက်လည်းကောင်း။ ဒေါဝါရိကော စ၊ တံခါးမှူး၊တံခါးစောင့် လည်းကောင်း။ ပါကာရော၊မြို့ရိုးတံတိုင်းလည်းကောင်း။ ဣမေ သတ္တာ၊ ဤခုနစ်ပါးတို့သည်။ ပုရဿ၊ မြို့၏။ ပရိက္ခာရ တန်ဆာတို့တည်း။ ရာဇနီတိ။

၉၇၅။ ရိမဒ်ပြည်ယှဉ်၊ သင့်စီလျှဉ်၊ မင်းစဉ်ဥမျိုး ဘယ်မျှနည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပြူစောထီးမှစ၍ ရွှေအုန်းသီးတိုင်အောင် မင်း ကိုးဆက်။

၉၁၆။ တ ဂိုဏ်းနှစ်လျဉ်၊ ဇ ဂိုဏ်းယှဉ်၊ ခေါ် စဉ်
ဘယ်ဂါထာတို့နည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဣန္ဒာဒိကာ တာ ဝဇိရာ ဇ ဂါ ဂေါ။

ဟူ၍ ဝုတ္တောဒယမိန့်သောကြောင့် တ ဂိုဏ်းနှစ်ခု၊ ဇ ဂိုဏ်းတခု၊ ဂရုနှစ်ခု ရှိသောဂါထာသည် ဣန္ဒဝဇိရာဂါထာမည်သည်။

၉၁၇။ ဝိစယယှဉ်၊ ဟာရလျဉ်၊ ပဥ္စာဝိစယ
ဘယ်သို့နည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

နေတ္တိ၌ အကျယ်လာ၏။ ဤမှာထုတ်၍ ကျေးဇူးမများလောက်ပြီ။

၉၁၈။ လူပျိုနာစဉ်၊ ရိပယှဉ်၊ မချဉ်တမြစ်
ဘယ်ဆေးနည်း။ (၁၆)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ကုလားမျက်စိ၊ ခေါ် ဘိမြစ်ရေ၊ ကျိုသောက်ပေက၊ ရိဒ္ဓေ ရိဖြူ၊ ရိနီမူလည်း၊ မြူမငြိတွယ်၊ ချမ်းသာလွယ်၏။ ။ဆေးလကၤာ။

၉၁၉။ ဘလက်ဆွဲစဉ်၊ ဆင်နှင့်ယှဉ်၊ တမျဉ်ဥပါယ်
ဘယ်မင်းနည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဥပရာဇာကြီးဟူပေ။ ။ရာဇဝင်၌ ထင်ရှားရှိ၏။

၉၉၀။ ကာလသုံးစဉ်၊ စပ်သုံးလျဉ်၊ ဝဲယဉ်စသည်
ဘယ်သို့နည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကာလသုံးစဉ်၊ ဝဲယဉ်သုံးထပ်၊ အစပ်သုံးပုံ၊ စတုသခေါ်၊ တွက်ရေဝီသ၊ ဣာကာရဖြင့်၊ ပဋိစ္စမြတ်၊ သမုပ္ပါဒ်ကို၊ ဟောမှတ်လေးတွဲ့။ ဟိတ်ဖိုခွဲ၍၊ တဆဲ့နှစ်အင်၊ ဒွါဒသင်နှင့်၊ ညှနှိုရှင်ကျိုးစက်၊ အဆက်ဆက်မှ၊ လွတ်ထွက်နိုင်ကြောင်း၊ ကောင်းသားလုံ့လ၊ အားထုတ်ကြလျက်၊ ပြစ်မနှင်မြဲ၊ နုတ်ဖြတ်ခွါ၍၊ အညာနိဗ္ဗာန်၊ ရွှေပြည်မှန်သို့၊ ဆန်အံ့ရင်းတည်၊ စူးစူးရှည်သည်၊ မလည်မသုန်၊ မဟာဂုဏ်သို့—

ဟူ၍ သံဝရပျို့၌ စပ်သည်ကိုမှီ၍လည်းကောင်း၊ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းအကျယ် အသွယ်သွယ် ထုတ်ကြသည်ကိုမှီ၍လည်းကောင်း သိလွယ်သည်ဖြစ်၍ မဖြေပြီ။

"အဥ်" ကာရန်ပုစ္ဆာ ၁၈-ပုဒ် အဖြေပြီး၏။

---

(၃၂) "အဥ်" ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေ

၉၉၁။ စူဠနိတဥ်၊ နွဲခိုက်စဥ်၊ ရေ့ဒွအဥ်ချော့သည် ဘယ်သူနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စူဠနိမင်းသားနွဲ့သည်ကို မဒ္ဒရာဇ်မင်း၏ သမီးတော်ဖြစ်သော နန္ဒာဒေဝီသည် ချော့ဖူး၏ဟူပေ။

အကြောင်းအမြွက်ကို ဆိုလိုက်ဦးအံ့—

စူဠနိမင်း၏ ခမည်းတော်ကား မဟာစူဠနိ မင်းတည်း။ မယ်တော် စလာကဒေဝီသည် စူဠနိ မင်းသားကိုဖွား၍ ပြေးသွားနိုင်သောအခါ ဝမ်းမှာ တိခိဏမင်းသားကို သန္ဓေရှိလျက် ဆဗ္ဗပုဏ္ဏား နှင့် မှားယွင်းစပ်ရှက်ကြ၍ ခင်ပွန်းဖြစ်သော မဟာစူဠနိမင်းကြီး စားဖွယ်ထမင်းဝယ် အဆိပ် ခတ်၍ သတ်လေ၏။ သတ်ပြီးသော် ဆဗ္ဗပုဏ္ဏားကို ထီးနန်းနှင်းလျက် မင်းပြုစေ၏။ တနေ့သ၌ စူဠနိမင်းသားသည် မယ်တော်အား စားဖွယ်မုန့်တောင်း၍ စားနေသည်တွင် ယင်တို့သည် ချိုသော အရသာကြောင့် များစွာလာ၍ ကိုယ်၌လည်းကောင်း၊ မုန့်၌လည်းကောင်း အုံသည်ကို မင်းသား သည် ယင်မအုံစိမ့်သောငှာ လက်မှ ရှိသော ခဲဖွယ်ကို အတန်ငယ်ဖဲ့၍ ကြမ်း၌ အစ အစ ထားပြီးမှ လက်၌ ရှိသော ယင်တို့ကို ပုတ်ခတ်၏။ ကြမ်း၌ ရှိသော မုန့်၌သာလျှင် အုံကြလေသော် မင်းသား သည် ကောင်းစွာ ခဲဖွယ်ကို စား၍ အားရသောအခါမှ လိုရာသို့ ထသွား၏။ ဆဗ္ဗပုဏ္ဏားလည်း မင်းသား၏ အမူအရာကို မြင်လျှင် ဤမင်းသားကား ယခုအရွယ်ကပင် မိမိလက်၌ ယင်ကိုမျှ မနားစေပဲ ခဲဖွယ်စား၏။ နောင် အရွယ်ရောက်သောအခါ ဤထီးနန်းစည်းစိမ်ကို ငါ့အား မပေးလတ္တံ့။ ထိုကြောင့် ဤမင်းသားကို ယခုက ဖျောက်ဖျက်မှ ရန်ငြိမ်းအံ့ဟု ကြံပြီးလျှင် မိဖုရားကြီး စလာကဒေဝီအား ပြောဆို၏။ စလာကဒေဝီလည်း ပုဏ္ဏားစကားကို ကြားလျှင် အရှင်မင်းကြီး၊ သားငယ် ဖြစ်သော်လည်း ချစ်သော လင်၏ ရန်သူကို မွေးမြူ၍ အကျိုးမရှိ။ သို့ရာတွင် သူတပါး မသိရအောင်သာ ကျွန်ုပ်ဖျောက်ပါအံ့ဟု ဝန်ခံ၏။ ယင်းသို့ ဝန်ခံပြီးလျှင် ဥပါယ်တမျဉ်၌ လိမ္မာသော ပညာရှိ မိန်းမဖြစ်၍ စားတော်ကဲကို ခေါ်ပြီးသော် အမောင် စားတော်ကဲ၊ ငါ့သား စူဠနိသည် သင်၏သား ဓနုသေခနှင့် တနေ့တည်း ဖွားဖက်လည်း ဖြစ်၏။ ချစ်ခင်သော သူငယ်ချင်း ကစားဖက်လည်း ဖြစ်၏။ ယခု ငါ့သားကို ဆဗ္ဗပုဏ္ဏားသည် သတ်လိုသော အကြံရှိ၏။ ထို့ကြောင့် ငါ့သား၏ အသက်ကို သင်စောင့်ပါဟု ဆို၏။ စားတော်ကဲ ကလည်း ကောင်းပါပြီ။ ကျွန်တော် စောင့်ပါမည်။ အရှင်မိဖုရား စီရင်တိုင်း ပြုပါမည်ဟု ဝန်ခံလျှင် မိဖုရားက ဤသို့ ဆို၏။ အမောင် စားတော်ကဲ၊ စူဠနိကို သင်၏ အိမ်သို့ ခေါ်၍ သင့်သား ဓနုသေခနှင့်အတူ နှစ်ရက် သုံးရက် နေစေပြီးသော် အိမ်ပေါ်၌ ဆိတ်ရိုးတို့ကို စုထား၍ အမျှား အိပ်ပျော်ချိန်ဖြစ်သော ညဥ့်အခါ၌ အိမ်ကို မီးတိုက်၍ သူတယောက်မျှ မသိစေပဲ

သူငယ်နှစ်ယောက်ကို ခေါ်၍ နိုင်ငံတပါးသို့ ထွက်သွားပါလေ။ နိုင်ငံတပါးသို့ ရောက်သော အခါလည်း ငါ့သား စူဋနီကို မင်းသားဖြစ်သည်ဟု မပြောလေနှင့်။ သင်၏ သားသာ ပြောပါလေဟု ဆို၍ ထိုစားတော်ကဲအား အဖိုးများစွာ ထိုက်သော ဥစ္စာနှစ်တို့ကို ပေးလိုက်၏။စားတော်ကဲလည်း မိဖုရားဆိုတိုင်း အလုံးစုံကို ပြုပြီးလျှင် မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့သို့ ထွက်ပြေးလာသဖြင့် ရောက်သောအခါ မင်းကြီးထံ၌ ခစားလေ၏။ သာဂလမင်းလည်း ယုံကြည်မြတ်နိုးသဖြင့် စားတော်ကဲဟောင်းကို ချ၍ စူဋနီမင်း၏ အထိန်းကိုပင် စားတော်ကဲအရာ၌ တင်ပေ၏။ သူငယ်နှစ်ယောက်တို့ စားတော်ကဲနှင့်အတူ နေ့တိုင်း နန်းတော်သို့ လိုက်ကြ၏။ တနေ့သ၌ သာဂလမင်းကြီးသည် ဤသို့မေး၏။ စားတော်ကဲ၊ ဤသူငယ်နှစ်ယောက်သည် အဘယ်သူ၏ သားနည်းဟု မေး၏။ စားတော်ကဲကလည်း အကျွန်ုပ်သားချည်း ဖြစ်ပါသည်ဟု လျှောက်၏။ သင်၏သားဟူသော် အသွင်သဏ္ဌာန် မတူကြတကားဟု ဆိုပြန်လျှင် အရှင်မင်းကြီး၊ အမိခြားသောကြောင့် မတူပါသည်ဟု လျှောက်၏။ မင်းကြီးလည်း စားတော်ကဲ၏ စကားကို ယုံမှတ်လျက် သင်၏ သားနှစ်ယောက်ကို ငါ၏ နန်းတော်သို့ နေ့တိုင်း မပြတ်ဝင်၍ ခစားစေဟု ဆို၏။ သူငယ်တို့လည်း ယင်းသို့သော အမိန့်အတိုင်း ဝင်၍ ခစားရသဖြင့် အကျွမ်းဝင်ကြလေသော် နန်းတော်၌ မင်း၏ သမီးတော်နှင့် အတူပင် ကစားကြရကုန်၏။ ထိုအခါ စူဋနီမင်းသားနှင့် မဒ္ဒရာဇ်မင်းသမီးတို့သည် မပြတ် တွေ့မြင်ရခြင်းကြောင့်လည်းကောင်း၊ အရွယ်ရောက်ဦးစ ဖြစ်ကြသောကြောင့်လည်းကောင်း၊ ကံပါရမီ ဆုံညီသောသူ ဖြစ်ကြသောကြောင့်လည်းကောင်း အချင်းချင်း ယှက်ကူး၍ နှစ်ဦးလုံး စိတ်ထဲ၌ ရည်ငံကြ၏။ နန်းတော်တွင်း၌ စူဋနီမင်းသားသည် ကျင်ကစားသည်ရှိသော် မဒ္ဒရာဇ်မင်းသမီးကိုသာလျှင် ကျင်ကောက်စေ၏။ ကျည်းသားခုံညင်းကစားသော်လည်း မင်းသမီးကိုသာ ကောက်ချေစေ၏။ ကောက်ချေစေ၍မျှ မကောက်လျှင် မင်းသမီး၏ ထိပ်ကို လက်ဝါးဖြင့် ပုတ်ခတ်၏။ မင်းသမီးလည်း ငို၍သာ နေသည်။ မည်သို့မျှ မပြန်မဆို။ မင်းသမီး ငိုသံကို ကြား၍ အထိန်းတို့က ဘယ့်ကြောင့် ငိုသနည်း။ ဘယ်သူ တိုက်ခတ်သနည်းဟု မေးလျှင်လည်း ဤသူ ငါ့ကို ပုတ်ခတ်သည်ဟု ပြောလျှင် ငါ့ကြောင့် ထိုသူ မင်းဒဏ် သင့်ရှာလေတော့မည်မှာ မိမိနှင့် ထပ်တူ ချစ်ခြင်းရှိသည့်ဖြစ်၍ မပြောဆိုပဲ လွဲဖယ်၍သာ ငါ့အလိုလို ဆူးထိ၍ ငိုသည်။ ခလုတ်ထိ၍ ငိုသည်ဟု ပြော၏။ တနေ့သ၌ စူဋနီမင်းသားသည် ကျင်ကစားရာတွင် မင်းသမီးကို ကျင်ကောက်ချေဟု စေ၏။ မင်းသမီးလည်း အချစ်ယုံ၍ မသွားပဲနေလျှင် မင်းသမီး၏ ထိပ်ကို လက်ဝါးဖြင့် ပုတ်ခတ်၏။ ထိုသို့ ပုတ်ခတ်သည်ကို မဒ္ဒရာဇ်မင်းမြင်သော် ဤသူငယ်ကား မကြောက်မရွံ့ အလွန် ရဲရင့်၏။ စားတော်ကဲနှင့်လည်း မတူ။ ရှုချင်စဖွယ် တင့်တယ်သော အဆင်းလည်း ရှိ၏။ စားတော်ကဲသား မဟုတ်။ မျိုးကောင်း ဆွေကောင်း၏ သားစစ် ဖြစ်ရာသည်ဟု ကြံ၏။ ထိုနေ့မှစ၍ မဒ္ဒရာဇ်မင်းသည် စူဋနီမင်းသားကို အထူးသဖြင့် ကြည့်ရှုသိမ်းပိုက်၏။ တနေ့သ၌ မင်းသမီးကစား၍ နေရာတွင် အထိန်းတော်တို့သည် အချိုအချဉ် မုန့်ခဲဖွယ်တို့ကို သွား၍ ပေး၏။ မင်းသမီးလည်း ကစားဖော် ဖြစ်ကုန်သော သူငယ်တို့အား မုန့်ခဲဖွယ်ကို မိမိလက်ဖြင့် ဖဲ့၍ဝေ၏။ တပါးသော သူငယ် သူငယ်မတို့သည် ပုဆစ်တုပ်လျက် မျက်နှာကို အောက်ချ၍ ခံကြရကုန်၏။ စူဋနီမင်းသားကား မယူပဲ နေ၏။ မင်းသမီးက ရော့ အဥ့်ဟု ကမ်းလျှင် မင်းသမီး၏ လက်တွင် ရှိသော မုန့်ကိုလု၍ အတူရပ်လျက် စား၏။ မဒ္ဒရာဇ်မင်းလည်း ထိုသို့ ပြုသည်ကို မြင်သော်လည်း မည်သို့မဆို မမြင်ရောင်ပြု၍သာ နေ၏။ တနေ့သ၌ ကျင်ကစားလတ်သော် မင်းသား၏ကျင်သည် မင်းကြီး၏ အိပ်ရာအောက်သို့ ဝင်လေသော်၊ ဤပစ္စန္တရစ်မင်း၏ အိပ်ရာအောက်သို့ ငါ ဘယ့်ကြောင့် လျှိုးဝင်ရအံ့နည်းဟု ဆို၍ ပြင်က နေလျက် တုတ်လုံးတံဖြင့်သာ ထုတ်ယူ၏။ ထိုအမူအရာကို

မင်းကြီး မြင်လေသော် ဤသူငယ်ကား စင်စစ် စားတော်ကဲ၏သား မဟုတ်ဟု မြဲမြံစွာ မှတ်ပြီးလျှင် စားတော်ကဲကို ခေါ်၍ ဤသူငယ်ကား ဘယ်သူ၏ သားနည်းဟု မေး၏။ စားတော်ကဲကလည်း အရှင်မင်းကြီး၊ ကျွန်ုပ်သားပင် ဖြစ်ပါသည်ဟု လျှောက်လျှင် သင်၏သား မဟုတ်ကြောင်းကို ငါ အတတ်သိပြီ။ ဘယ့်ကြောင့် ငါ့ကို လှည့်ပတ်သနည်း။ မှန်တိုင်း သင်လျှောက်လော့။ မှန်တိုင်း မလျှောက်လျှင် သင်၏ အသက်ကို ဤ သန်လျက်သွားတွင် ကုန်စေအံ့ဟု ဆို၍ သန်လျက်ကို မိုး၏။ ထိုအခါမှ စားတော်ကဲလည်း အရှင်မင်းကြီး၊ ကျွန်ုပ်မှန်တိုင်း လျှောက်ပါမည်။ ဆိတ်ကွယ်ရာကိုသာ ပေးတော်မူပါဟု ခွင့်တောင်း၏။ ထိုအခါ မဒ္ဒရာဇ်မင်းလည်း စားတော်ကဲကို ဆိတ်ကွယ်ရာသို့ ခေါ်ပြီးလျှင် သင်မှန်တိုင်း လျှောက်လော့ဟု ဆို၏။ စားတော်ကဲလည်း မိမိ၏ လည်းကောင်း၊ သူငယ်၏လည်းကောင်း ဘေးမဲ့ဆုကို တောင်းပြီးလျှင် အရှင်မင်းကြီး၊ ဤသူငယ်ကား ပဉ္စာလရာဇ်ပြည်ကို အစိုးရသော မဟာစူဠနီမင်းကြီး၏ သားပါတည်း။ မယ်တော် စလာကဒေဝီမိဖုရားသည် မင်းကြီးကို ပယ်ရှား၍ ဆမ္ဗုပ္ပဏ္ဏားကို နန်းတင်လေသဖြင့် မင်းသားကို သတ်မည်ပြုရာတွင် အသက်ကို စောင့်ခြင်းငှာ ကျွန်ုပ် ထွက်ပြေးလာရပါသတည်းဟု အခြင်းအရာ အလုံးစုံကို မင်းကြီးအား လျှောက်လေ၏။ မဒ္ဒရာဇ်မင်းလည်း ထိုနေ့မှစ၍ စူဠနီ မင်းသားအား ကောင်းစွာ ပြုစုသိမ်းပိုက်၍ ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ သမီးတော် နန္ဒာဒေဝီ နှင့် ထိမ်းမြားလေ၏။

ဤ အတ္ထုပ္ပတ္တိကို မဟော်ဇာတ် အဋ္ဌကထာတွင် လာသည်ဖြစ်၍ ကျည်းကန်ဆရာ ပြဆိုနာ ပြုလေသည်။ ထို့ကြောင့် မုန့်ကို ရော့အဉ်ပေး၍ ချော့သောသူကား နန္ဒာဒေဝီမင်းသမီးဟု သိရမည်။

၉၆၂။ အစွန်းလျှဉ်လျှဉ်၊ နေနှင့်ညဉ့်၊ ရှဉ့်စသည်ဘယ့်ကြောင့် ပေးသနည်း။ (၂)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရှေးသောအခါ ဗာရာဏသီပြည်ကို အစိုးရသော မင်းတယောက်သည် မောင်းမမိဿံ အရံ ကျေးကျွန်နှင့်တကွ ဥယျာဉ်သို့ထွက်၍ ကစားပျော်ပါးသတည်း။ ထိုမင်းသည် မင်္ဂလာ ရှိသော သစ်ပင်ကြီးတခု၏အောက်၌ ခင်းထားအပ်သော ကျောက်ဖျာထက်ဝယ် အိပ်စက်၍ နေသော အခါ ကျေးကျွန် သင်းပင်းတို့လည်း မင်းအိပ်သော အခိုက်ဖြစ်၍ ထိုမှဤမှ သွားလာကြသည် တွင် မြွေဟောက်တခုသည် လူသောက်စားသော သေ၏အနံ့ဖြင့် ယစ်လျက်နေရာ တွင်းမှထွက်၍ ကြည့်လေသော် ကျောက်ဖြာပေါ်တွင် အိပ်သောမင်းကိုမြင်၍ ကိုက်သတ်ခြင်းငှာ ရှေးရှုလာ၏။ မင်္ဂလာရှိသောသစ်ပင်၌ စောင့်နေသော ရုက္ခစိုးသည် ဤမင်း အကျိုးမဲ့ သေရာတော့မည်ဟု သနား၍ မင်း၏အသက်ကို စောင့်ခြင်းငှာ ရှဉ့်နက်ယောင်ဖြင့်လာ၍ အိပ်ရာသို့တက်လျက် မင်းကို လည်း နိုးစေ၏။ မြွေကိုလည်း တားမြစ်၏။ မင်းလည်း ရုတ်ခြင်းတရှိကြည့်သော် မြွေကိုမြင်သဖြင့် ရှင့်နက်ကြောင့် ငါ့အသက်ချမ်းသာပေသည်ဟု ကျေးဇူးတင်ရကား ထိုနေ့မှစ၍ ထိုဥယျာဉ်၌ ရှိသော ရှဉ့်နက်တို့ကို နံနက်တကြိမ်၊ ညတကြိမ် အစာ ပေးလေသတည်း။ ထို့ကြောင့် ထိုဥယျာဉ် သည် ကလန္ဒက နိဝါပ-ဟု အမည်ရလေသတည်း။

ထို့ကြောင့် ပါရာဇိကဏ် အဋ္ဌကထာ၌ –

ကလန္ဒကာနံ စေတ္ထ နိဝါပံ အဒံသု၊ တေန ကလန္ဒကနိဝါပေါတိ ဝုစ္စတိ။ ပုဗ္ဗေ ကိရ အညတရော ရာဇာ တတ္ထ ဥယျာနေ ကီဠနတ္ထံ အာဂတော။

အစရှိသည်ဖြင့် ဆိုလေသည်။

၉၉၃။ ဦးဆံလျှံ့လျှံ့၊ ထားမရှည်၊ လျှော်စဉ်ကုန်၏ ဘယ်သူနည်း။(၃)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ကိဋ္ဌဘိယျော။

"အဋ္ဌ" ကာရန်ပုစ္ဆာ ၃-ပုဒ် အဖြေပြီး၏။

---

(၃၃) "အဦး" ကာရန်ပုစ္ဆာ ၄-ပုဒ်အဖြေ

၉၉၄။ တရားတော်မျဉ်း၊ ကုန်အောင်ချဉ်း၊ အကျဉ်း ရေတွက် ဘယ်မျှနည်း။(၁)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တဒေတံ ဗုဒ္ဓဝစနံ သဗ္ဗံပိ ရသဝသေန ဧကဝိဓံ။ ဓမ္မဝိနယဝသေန ဒုဝိဓံ ဟောတိ။ပ။

သဗ္ဗံပိ၊ အလုံးစုံလည်းဖြစ်သော ဘုရားစကားတော်သည်။ ရသဝသေန၊ ကိစ္စ၏ အစွမ်းဖြင့်။ ဧကဝိဓံ၊ ဝိမုတ္တိရသတည်းဟူသော တခုသောအဖို့ရှိ၏။ မ္မဝိနယဝသေန၊ ဓမ္မဝိနယ၏ အစွမ်းဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ပဌမ မဇ္ဈိမ ပစ္ဆိမ ဗုဒ္ဓဝစနဝသေန။ရှေးဦးစွာသော ဘုရားစကား အလယ်ဖြစ်သော ဘုရားစကား အဆုံးစွန်သော ဘုရားစကား၏အစွမ်းဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။ ပိဋကဝသေန၊ ပိဋကတ်၏ အစွမ်းဖြင့်။ တထာ၊ ထို့အတူ။ တိဝိဓံ၊ သုံးပါး အပြားရှိ၏။ နိကာယဝသေန၊ နိကာယ်၏အစွမ်းဖြင့်။ ပဥ္စဝိဓံ၊ ငါးပါးအပြားရှိ၏။ အင်္ဂဝသေန၊ အင်္ဂါ၏ အစွမ်းဖြင့်။ နဝဝိဓံ၊ ကိုးပါးအပြား ရှိ၏။ ဓမ္မက္ခန္ဓဝသေန၊ ဓမ္မက္ခန္ဓာ၏ အစွမ်းဖြင့်။ စတုရာသီတိသဟဿဝိဓံ၊ ရှစ်သောင်းလေးထောင်အပြား ရှိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ပါရာဇိကဏ်အဋ္ဌကထာ။

၉၉၅။ ခေတ်ပစ္စည်းလျှဉ်း၊ နှစ်ပါးချဉ်း၊ ပညတ် ဘယ်သူရသနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗုဒ္ဓခေတ်၊ တပစ္စည်းချဉ်းကြ၍ ဗုဒ္ဓေါဟု ပုဒ်ပြီးသည်။ ဗုဒ္ဓခေတ်၏အရကား ဉာဏ်၊ တပစ္စည်း၏ အရကား ဘုရားဟု သမုတ်အပ်သော သတ္တသန္တာနပညတ် ဒြပ်ဝိသေသကို ရသည်ဖြစ်၍ ပစ္စည်း ဖြင့် ပညတ်ရ၏ ဟူပေ။

၉၉၆။ သူ့ကိုခိုင်းမျဉ်း၊ မကစဉ်း၊ ကံလျဉ်းတွန်းပစ် ဘယ်သူနည်း။ (၃)။

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"ခိုင်းမျဉ်း"ဟူသော စကားသည် လေးစားခန့်ညားသည်၊ ရွံ့သည်၊ တွန့်သည် ဟု ဆိုလိုသည်၊ "မခိုင်းမျဉ်း"ဟူသောစကားကား မလေးစား၊ မခန့်ညား၊ မရွံ့ မတွန့်ဟူလိုသည်။

ထို့ကြောင့် ရှင်သီလဝံသသည် ဆုတောင်းခန်း၌–

နှုတ်နက်ဆိုတိုင်း၊ သံ့နှယ်ထိုင်း၍၊ မခိုင်းမမျဉ်၊ ထားကောင်းရဉ်သို့၊ ဆိုစဉ်ခဏ၊ အမြွက်ပြက၊ မဟာစသား၊ ထုံးနည်းနာကို၊ မကြာမြေမူ၊ နှုတ်ဝယ်လှူ၍၊ တခုမထား၊ သူ့ကိုကြားသည်။ ။ ပုဏ္ဏားဉာဏ ဂမ္ဘီတည်း။ ဟူ၍ စပ်ဆိုသည်။

"မကစဉ်း"ဟူသောစကားလည်း စည်းကမ်းမစောင့် ဆိုလိုသည်။ သူတထူးကို မလေးမစား စည်းကမ်းမစောင့်ပဲ ပြုကျင့်မည်ဟု ကြံလျက် ရှေးကံအလျဉ်း တွန်းပစ်၍ မပြုရသည့်ကား ဘယ်သူနည်းဟု မေးလိုသည်။ ။ပသေနဒီကောသလမင်းကြီး ဟူပေ။

ဘယ်သို့ ဖြစ်သနည်း ဟူမူကား–

တရံသောအခါ ကောသလမင်းကြီးသည် တခုသော သဘင်နေ့၌ ဆင်ပြူစီး၍ ပြည်လည်လေသော် ပြည်၏တောင်မျက်နှာ၌ သူကြွယ်တဦး၏ မိန်းမသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် တံခါးဝမှာရပ်လျက် မင်းကို ရှုမျှော်၏။ မင်းလည်း ထိုမိန်းမကို မြင်လျှင် ကောင်းကင်တိမ်တိုက်မှ ထွက်ထွန်းသော လဝန်းကဲ့သို့ မှတ်၍ တပ်ငြိသောစိတ် ဖြစ်လေရကား နန်းသို့ရောက်သောအခါ လိမ္မာသော အမတ်တယောက်ကို ဤမည်သော အရပ်၌နေသော သူ့ယ်မတွင် ခင်ပွန်းရှိသည်မရှိ သည်ကို သိအောင်ပြုချေဟု စေလိုက်၏။ အမတ်လည်း စူးစမ်း၍ ခင်ပွန်းရှိကြောင်းကို သိသဖြင့် မင်းကြီးအား လျှောက်လေသော် ခင်ပွန်းဖြစ်သော သူကြွယ်ကို ခေါ်၍၊ သင်သည် မင်းခ ယောကျ်ားပြုလော့ဟု ဆို၏။ သူကြွယ်လည်း ဤမင်းသည် ငါ့အား သက်သက်မဲ့ ချီးမြှောက်လို သည်မဟုတ်။ ငါ့မိန်းမကို ယူရအောင် ငါ့ကို သတ်လို၍သာ ခေါ်သည်ဟု သိရကား အရှင် မင်းကြီး၊ ကျွန်ုပ် မင်းခ မပြုလိုပါ။ လုပ်ခွန် သွင်းဆက်၍သာ နေပါရစေဟုဆို၏။ မင်းကလည်း သင်၏ လုပ်ခွန်ကို ငါအလိုမရှိ၊ လူသာ ခစားလာလှည့်ဟု ဆို၍ လက်နက် လွှား ကာတို့ကို အပ်၏။ သူကြွယ်ယောကျ်ားလည်း များစွာသော သတိဝီရိယတို့ဖြင့် တစုံတခုမျှ မလစ်မဟင်း ရအောင် ရှက်ဆောင်လေ့လာသောကြောင့် စီရင်ခွင့်ကို မရလေရကား တနေ့သ၌ ဤသို့ ဆို၏။

သူကြွယ်....ဤမြို့မှ တယူဇနာကွာသော မြစ်၏အလယ် ကျွန်းငယ်၌ အရုဏဝတီမြေနှင့်ကုမုဒြာ ကြာသည် ရှိ၏။ ထိုမြေနှင့်ကြာကို ငါညချမ်းရေချိုးမီအောင် ဆောင်၍ ပေးရမည်။ မပေးနိုင် လျှင် အပြစ်စီရင်မည်ဆို၏။ ထိုစကားကို ကြားသော် သူကြွယ်လည်း အလွန်ကြောက်လန့်သဖြင့် အိမ်သို့လာ၍ ထမင်းကျက်ပြီလောဟု မေး၏။ မီးဖိုထက်တွင် ချက်ဆဲဖြစ်ပါသည်ဟု ဆိုလျှင်၊ ထို ချက်ဆဲသောအိုးကို ယူ၍သွားမည်။ မြစ်သို့ ရောက်သော် ကျက်လတ္တံ့ဟုဆို၍ အမြန်သွားလေ၏။ မြစ်နားသို့ ရောက်သော် ခရီးသွားလူတို့အားလည်း ထမင်းအချို့ကို မျှပေ၏။ မိမိစားပြီးသော် ကြွင်းသမျှကိုလည်း ရေနေသတ္တဝါ၊ ကြည်းနေသတ္တဝါတို့ကို ပေးကမ်း၏။ ယင်းသို့ ပြုပြီးမှ ကျယ်

စွာသော အသံဖြင့် ဤသို့ဟစ်၏ "ဤရေ၌ စောင့်နေကုန်သော ရေနတ် နဂါးအပေါင်းတို့.... ကျွန်ုပ်သည် အိမ်၌နေသောအခါ သံဃာတော်တို့ ဆွမ်းခံရာ၌ ဆွမ်းလောင်းရသော ကုသိုလ်ကိုလည်းကောင်း။ ယခုခရီးသွား ယောကျ်ားအား ထမင်းကျွေးရသော ကုသိုလ်ကိုလည်းကောင်း၊ အမျှယူတော်မူကြပါ။ ကျွန်ုပ်သည် မင်း၏အာဏာဖြင့် လာရပါသည်။ ကုမုဒြာကြာနှင့် အရဇာဝတီမြေကိုလည်း ရအောင် မစပါကုန်" ဟု ကြွေးကြော်၏။ ထိုအသံကို မြစ်၌နေသော နဂါးမင်းကြား၍ လူအို၏ သဏ္ဍာန်ဖန်ဆင်း၍ လာပြီးလျှင်၊ လုလင်-သင်ကား အဘယ်ကို ဆိုသနည်းဟု မေး၏။ သူကြွယ်လည်း မိမိဟစ်ကြော်သော စကားကိုပင် သုံးကြိမ်တိုင်အောင် ပြန်ပြောလေလျှင်၊ သင်၏ ကောင်းမှုကိုလည်း ငါသာဓုခေါ်မည်။ သင်လိုသော ကုမုဒြာကြာနှင့် အရဇာဝတီမြေကိုလည်း ယူလေတော့ဟု ပေးလိုက်၏။ သူကြွယ်လည်း အမြန်ပြန်လာလေ၏။

ကောသလမင်းလည်း သူကြွယ်ကို စေလိုက်ပြီးသည့်နောက် ဤသို့ကြံ၏။ လူတို့မည်သည်ကား များစွာသော ဥပါယ်တမျဉ်ရှိ၏။ ကြာနှင့်မြေကို အလွယ်တကူရ၍ ပြန်လာသော်ငါမသတ်ရချိမ့်မည်။ မြို့တခါးကိုပိတ်စေမှ သင့်မည်ကြံ၍ တစုံတခုသော အရေးရှိသကဲ့သို့ ပရိယာယ်ဆို၍ မြို့တံခါးကို ပိတ်ထားစေ၏။ သူကြွယ်ပြန်လာ၍ မင်းကြီးထံသို့ပင့်ပါရစေ ဆိုသော်လည်း တံခါးစောင့်တို့က မဖွင့်ပဲနေလျှင် သူကြွယ်လည်း မင်းကြီးသည် ငါ့ကိုသတ်လို၍ ပြုသည်မှန်ပြီဟု စိတ်ချ၍ရခဲ့သော မြေနှင့် ကြာပန်းကို တံခါးရွက်ဖျား၌ ဆွဲထားခဲ့၍ ပြည်တွင်းသို့ ဝင်ပြီးလျှင်၊ အို ပြည်သူ ပြည်သား အပေါင်းတို့ မင်းကြီးသည်အကျွန်ုပ်ကို အကြောင်းမရှိပဲ ဖျက်ဆီးလိုချေပြီဟု သုံးကြိမ်ကြွေးကြော်ပြီးမှ ဘုရားကျောင်းသို့ သွား၍ အိပ်နေလေ၏။ ကောသလမင်းကြီးလည်း ညဉ့်ဦးယံ၌ သောင်းစောင်းထက်ဝယ် လျောင်းလျက် ဤသို့ကြံ၏။ သူကြွယ်ကား ယနေ့ ငါ့ထံသို့ မရောက်လာနိုင်ပြီ။ နက်ဖြန်ရောက်လာသောအခါ မင်းအာဏာကို လွန်သောအပြစ်နှင့် သတ်ပြီးသော် ညချမ်းအခါ ဤသူ၏မိန်းမကို နန်းသို့ယူဆောင်အံ့။ ငါ၏ဆန္ဒ ပြည့်တော့မည်ဟု ကြံအောင်းမေ့လျက် အိပ်စက်၍ မပျော်ပဲ သန်းခေါင်ကျော်လေ၏။

ထိုအခါ ယူဇနာ ခြောက်ဆယ်ရှိသော လောဟကုမ္ဘီ ငရဲအိုးမှပွက်၍ အထက်သို့ပေါ်လာသော ငရဲသူ လေးယောက်တို့သည် အချင်းချင်းကြည့်၍ နောင်တ စကား ပြောကြားခြင်းငှါ တယောက် တခါစီဆိုလိုလျက် အက္ခရာ တလုံးစီမျှသာ ဆိုမိ၍ တဖန် မြုတ်ပြန်လေသော် ငရဲသားလေးဦးတို့၏ ကြောက်မက်ဖွယ်သော အော်သံကို ကောသလမင်းကြီး ကြားလေ၏။ မင်းကြီးလည်း ထိုအသံကို ကြားသည်မှစ၍ အလွန်ကြောက်လန့်လျက် ငါ၏အန္တရာယ်ပင်လော၊ ပြည်၏အန္တရာယ်ပင်လောဟု တွေးတောသဖြင့် တညဉ့်လုံး မအိပ်နိုင်ပဲလျက် နံနက်မိုးသောက်လေသော် ပုရောဟိတ် ပုဏ္ဏားကို ခေါ်၍၊ ဆရာ ညဉ့်သန်းခေါင်အခါတွင် မဟာပထဝီ၏ အတွင်းမှ ကြောက်မက်ဖွယ် ရှိလှသော "ဒု,သ,န,သော" ဟူသောအသံကို ကြားရချေသည်။ ဘယ်သို့ဖြစ်လတ္တံ့နည်းဟု မေး၏။ ပုရောဟိတ် ပုဏ္ဏားကလည်း၊ မင်းကြီး ဤအသံကား အခြား မဟုတ်။ မင်းကြီး၏လည်းကောင်း၊ မိဖုရား [illegible]း၏လည်းကောင်း အန္တရာယ်ရောက်အံ့သော နိမိတ်ဖြစ်ချေသည်ဟု ဆို၏။ ထိုစကားကိုကြားရသော် ကောသလမင်းလည်း အတိုင်းထက်အလွန် ကြောက်ရကား၊ ဆရာ ထိုအန္တရာယ်၏ ပျောက်ပြယ်အံ့သောအမှု ရှိပါသလောဟု မေး၏။ ပုဏ္ဏားကလည်း အရှင်မင်းကြီး........အန္တရာယ် ပျောက်ရာသော အကြောင်းကားရှိပါ၏။ သို့ရာတွင် ပူဇော်ခြင်းငှါ အလွန် ဝန်လေး၏။ ရှေးမင်းမြတ်တို့သာ ပြုနိုင်ရာ၏ဟု ဆိုသော် ဆရာ ကျွန်ုပ်လည်းပြုပါအံ့။ ပြုဖွယ်ရာကိုသာပြောလော့ဟု ဆိုသော် မင်းကြီး ဆင်တရာ။ မြင်းတရာ။ နွားဥသဘတရာ။ နို့ညှစ်နွားမတရာ။ ဆိတ်တရာ။ မြည်းတရာ။ ကြက်တရာ။

ဝက်တရာ။ သတို့သမီးငယ် တရာ။ သတို့သားငယ်တရာ ဤသို့တထောင်မျှလောက်သော သတ္တဝါကို သတ်၍ ယဇ်နတ်ပူဇော်မှသာ ထိုဘေးမှ လွတ်ငြိမ်းရာသတည်းဟု လျှောက်၏။ မင်းကြီးလည်း ထိုစကားကိုကြားသော် မိမိအသက် ချမ်းသာလိုသောကြောင့် မင်းချင်းယောကျ်ားတို့ကိုခေါ်၍ ဤမျှလောက်သော လူသူ့ဆင့်မြင်းတို့ကို ဖမ်းယူ၍ ယဇ်တိုင်၌ စုချေဟု စေလိုက်၏။ မင်းချင်း ယောကျ်ားတို့လည်း ဥစ္စာအား ကိုယ်အား နည်းသောသူတို့ကို အနိုင် အထက် ဆွဲငင်၍ မြင်း၊ ဆင်၊ ကျွဲ၊ နွား စသည်ကိုလည်း အနိုင် အထက်ယူ၍ ယဇ်တိုင်၏ အနီးတွင် ချည်နှောင်ကာ ထား၏။ ပြည်သူ ပြည်သားတို့သည် များစွာ ငိုယိုလျက် မြေပြိုမည်ကဲ့သို့ ဖြစ်လေ၏။

ယင်းသို့ အုတ်အုတ် ကျက်ကျက်ဖြစ်သော အသံကို မလ္လိကာဒေဝီကြားလျှင် မင်းကြီးထံပါးသို့ ကပ်၍ အရှင်မင်းကြီး....အဘယ့်ကြောင့် တပြည်လုံး ကြွက်ကြွက်ဆူမျှ ဖြစ်ရဘိသနည်းဟု မေး၏။ မင်းကြီးကလည်း ညဉ့်သန်းခေါင်ယံအခါ ကြောက်မက်ဖွယ်စွာသော အသံကြီးလေးရပ်ကိုကြား၍ ပုဏ္ဏားတို့ကိုမေးသော် ယဇ်ပူဇော်ရမည် ဆိုသောကြောင့် ယဇ်ပူဇော်ခြင်းငှါ လူသူ့ဆင့်မြင်းစသည်ကို ဖမ်းယူသည်ဟု ပြောလျှင် မလ္လိကာဒေဝီလည်း ဤသို့ဆို၏ "အရှင်မင်းကြီး ကာသိ၊ ကောသလ ဟူသော တိုင်းကြီးနှစ်ရပ်ကို အုပ်ကွပ် စိုးမိုး၍ နေ့တိုင်း နေ့တိုင်း ထမင်းတစရွတ်ချက်ကို စားလေသမျှ သည် အသိ အလိမ္မာပညာပင် မဖြစ်ချေ။ သူငယ်များကဲ့သို့ လှည့်စားတိုင်းပင် ယုံချေသည်၊ ဘယ့် ကြောင့်ဆိုသနည်းဟူမူ။ ဤလောက၌ သူတယောက်သည် အစားသေသဖြင့် သူတပါး အသက်ချမ်း သာသည်ကို သင်မင်းကြီးသည် မြင်ဖူးကြားဖူးပါ၏လော။ခဲခက်သော အရေးအရာကို မိုက်လှစွာ သောပုဏ္ဏားတို့အား ဘယ့်ကြောင့် မေးဘိသနည်း။သင်မင်းကြီး၏ မြို့၌အမြဲနေတော်မူသောပညာရှိ တကာတို့၏ အထွတ်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်ကိုသာ လျှောက်သင့်သည် မဟုတ်ပါ လော"ဟုဆို၍ အရှင်မင်းကြီး ယခုပင် ဘုရားသခင်၏ အထံတော်သို့ သွားကြအံ့ဟု တိုက်တွန်း၏။ မင်းကြီးလည်း ရထားပြင်စေ၍ မိဖုရားနှင့်တကွ ကျောင်းတော်သို့သွား၍ ဘုရားရှင်ရှေ့တော်သို့ ရောက်သောအခါ တခွန်းသောစကားကိုမျှ မဆိုဝံ့။ ရှိခိုးလျက်သာနေလေ၏။ ဘုရားသခင်လည်း မင်းကြီး....ဘယ်အကျိုးငှာ မင်းကြီးတို့လာသနည်းဟု မေး၏။ ထိုအခါ မလ္လိကာမိဖုရားက ဤသို့ လျှောက်၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား ညဉ့်သန်းခေါင်အခါတွင် မဟာပထဝီ၏ အတွင်းမှ ကြောက်မက်ဖွယ်ရှိလှသော "ဒု့,သ,န,သော"ဟူသော အသံလေးပါးကို မင်းကြီးကြား ရသည်ဖြစ်၍အလွန်ကြောက်သောကြောင့် ပုဏ္ဏားတို့ကို မေးပါသော် တထောင်ပြည့်သောယဇ်ကို ပူဇော်မှ မင်း၏အသက်ကို ရမည်ဟု ဆိုကြပါသည်။ ထိုစကားကို ကျွန်ုပ်တို့ မယုံနိုင်ပါသော ကြောင့် ထိုအသံ၏ အကျိုးအပြစ်ကို သိသာအောင် ကိုယ်တော်မြတ်၏ထံသို့ ခေါ်ဆောင်၍ လာရပါသတည်းဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားကလည်း၊ မင်းကြီး....မကြောက်လင့်၊ မစိုးရိမ်လင့်။ သင်၏အန္တရာယ် မဟုတ်။ ရှေးမကောင်းမှုကံကြောင့် ငရဲခံ၍နေရသော သတ္တဝါတို့၏ ဟစ်အော်သံသာတည်း။ ငါဘုရားသည် တရံတရံ ကြားတော်မူသည်သာတည်းဟု မိန့်တော်မူ၏။ မကောင်းမှုကြောင့် ခံရ သော် ဘယ်ငရဲသူပါနည်းဟု လျှောက်ပြန်လျှင် မင်းကြီး....ရှေးအန္တရကပ်ဆုတ်၍ လူတို့အသက် နှစ်သောင်းနေသောအခါ ကဿပမြတ်စွာဘုရားသည် ထင်ရှားဖြစ်တော်မူ၍ နှစ်သောင်းသော ရဟန္တာတို့နှင့်တကွ ဗာရာဏသီပြည်၌ နေတော်မူသောအခါ များစွာသော ပြည်သူတို့သည် အလှည့်အလည် အလှူပေးကြကုန်သည်။ ဥပုသ်သီတင်း ဆောက်တည်ကြကုန်သည်။ ထိုအခါ ဗာရာဏသီပြည်၌ ကုဋေလေးဆယ် ဥစ္စာကြွယ်ဝသော သဋ္ဌေးလေးဦးတို့သည် မှားသောအယူအကြံ

ရှိသည်ဖြစ်၍ ဤပြည်သူပြည်သား မိုက်တို့သည် အကျိုးမဲ့ ဥစ္စာပြုန်းတီးခြင်းငှာ အလှူပေးကြကုန်၏။ ငါတို့ကား ကိုယ်၏ဥစ္စာကို ကိုယ်သာခံစားအံ့ဟု ကြံ၍ ထက်စွာသောသေရက်ကိုသောက်စားပြီးသော် ကချေသဘင် ငှား၍လည်း ပျော်ပါးသည်။ သူ၏သမီး၊ သူ၏မယားတို့ကိုလည်း ပြစ်မှားလွန်ကျူးကုန်သည်။ သမီးရှင် မယားရှင်တို့ အပြစ်ပြုမည်ဟု ကြံလျှင် သေသောက်ကြူးတို့ကို တံစိုးပေး၍ ထိုသူတို့ကို သတ်စေသည်။ ဤသို့သော မကောင်းမှုကံကြောင့် သေလွန်သောအခါ သူကြွယ်လေးယောက်တို့သည် အဝီစိငရဲသို့ ရောက်လေကုန်သည်။ ဘုရားတဆူဖြစ်နှင့်တဖြစ် အကြားကာလပတ်လုံး ထိုငရဲ၌ခံခဲ့ရပြီးမှ ယခုတဖန် လောဟကုမ္ဘီငရဲ ခံရပြန်သည်။ ထိုငရဲအိုးကား ယူဇနာခြောက်ဆယ် နက်သည်။ မျက်နှာဝမှ နစ်မြုပ်လေသော် အနှစ်သုံးသောင်းခန့်ရှိမှ အောက်အပြင်သို့ ရောက်သည်။ တဖန် ပေါ်ခဲ့ပြန်သော် အနှစ်သုံးသောင်းရှိမှပင် မျက်နှာဝသို့ ရောက်၍ပေါ်သည်။ ယင်းသို့ ပေါ်သောအခါ လူ့ပြည်၌ ပြုခဲ့မိသည်ကို သတိရ၍ ခြောက်–ငါတို့ကား မှားယွင်းသောအကျင့်ဖြင့် အသက်ရှည်မိ၍ အဆုံးမရှိသော ဆင်းရဲကိုခံရချေသည်။ တဖန် လူ့ပြည်သို့ ရောက်ပါမူကား ကောင်းသောအကျင့်ကိုသာလျှင် ကျင့်ပါတော့မည်ဟု တဂါထာစီ ရွတ်ဆိုလိုသည်။ ယင်းသို့ ဆိုလိုလျက် အက္ခရာတလုံးစီမျှသာ ဆိုမိ၍ ထိုငရဲ၌ မြုပ်မြဲမြုပ်ပြန်လေသည်ဟု တခုတခုသော အက္ခရာကို တဂါထာစ်ဖွဲ့လျက် အနက်အဋ္ဌုပ္ပတ္တိကို ဖော်၍မိန့်တော်မူပေ၏။

ကောသလမင်းကြီးလည်း ထိုတရားကိုကြားရသော် ကြီးစွာသောသံဝေဂသည်ဖြစ်၏။ သူတပါးမယားကို ပြစ်မှားခြင်းဟူသော ပရဒါရကံ၊ လူကိုသတ်ခြင်းစသော ပါဏာတိပါတ ကံတို့သည် အလွန်ဝန်လေးလှ၏ဘကား။ ငါသည် သူကြွယ်၏မယားကို သိမ်းယူလိုခြင်းကြောင့် သူကြွယ်အား သတ်မိသည်ဖြစ်အံ့ ထိုငရဲသူတို့ကဲ့သို့ မချွတ်ခံရတော့မည်တကားဟု စိတ်ထဲကအောက်မေ့လျက်၊ ဘုန်းတော်ကြီးသော အရှင်ဘုရား....တရားတော်ကို နာရသဖြင့် ကျွန်ုပ်သက်သာရာ ရလေပြီ။ သံသရာရှည်ကြောင်းကို သိရပေပြီဟု ချီးမွမ်းထောမနာလျက် မြတ်စွာဘုရားကိုရှိခိုး၍ပြန်လေ၏။ ယခင်သူကြွယ်လည်း ချမ်းသာရလေ၏။

ဤသို့ ဓမ္မပဒ အဋ္ဌကထာ၌ လာသော ဝတ္ထုကိုစွဲ၍ "သူ့ကိုခိုင်းမျဉ်း၊ မကာစဉ်း၊ ကံလျှင်းတွန်းပစ် ဘယ်သူနည်း"ဟု ပုစ္ဆာပြုသည် ဟူ၍ သိအပ်၏။

၉၉၇။ သားမြတ်ဖြန့်ညှဉ်း၊ ကောင်းကင်ကျဉ်း၊ အလျဉ်း ဘယ်ဒေါသပေနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

လောကိယတ္ထမတိက္ကန္တံ၊ အတိဝုတ္တံ မတံ ယထာ။
အတိသမ္ဘာဓ မာကာသ၊ မေတိဿာ ထနဇမ္ဘနေ။

လောကိယတ္ထံ၊ လူတို့ဆိုမြဲသောအနက်ကို။ အတိက္ကန္တံ၊ လွန်၍ဆိုအပ်သော။ ယံ ဝါကျံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ တံ ဝါကျံ၊ ထိုစကားကို။ အတိဝုတ္တံ၊ အတိဝုတ္တ ဒေါသသင့်သောစကားဟူ၍။ မတံ၊ သိအပ်၏။ ယထာ၊ ဥဒါဟရုဏ်ပုံစံကား အသို့နည်း ဟူငြားအံ့။ အတိသမ္ဘာဓ

မာကာသမေတိဿာ ထနဇမ္ဘနေ၊ အတိသမ္ဘာ၀။ပ။ထနဇမ္ဘနေ-ဟူသည်တည်း။ ။တော်ဿာ၊ ထို သားမြတ်ကြီးသော မိန်းမ၏။ထနဇမ္ဘနေ၊သားမြတ်ကို ဖြန့်သည့်သော်။ အာကာသ၊ကောင်းကင် ပြင်သည်။ အတိသမ္ဘာ၀၊ အလွန် ကျဉ်းသေး၏။ ။သုဗောဓာလင်္ကာရ။

"အဉ်း" ကာရန်ပုစ္ဆာ ၄-ပုဒ်အဖြေပြီး၏။

(၃၄) "အေ" ကာရန်ပုစ္ဆာ ၃၃-ပုဒ်အဖြေ

၉၉၇။ ကိုယ်တော်အရေ၊ အဆင်းရွှေ၊ ထူးလေ ဘယ်ကောင်းမှုကြောင့်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အက္ကောဓနော အဟောသိ အနုပါယာသဗဟုလော။ဗဟုမ္ပိ ဝုတ္တော သမာနော နာဘိသဇ္ဇိ န ကုပ္ပိ။

အစရှိသည်ဖြင့်လာသော ပါဠိတော်နှင့်အညီ ပါရမီဖြည့်တော်မူခဲ့သော ရှေးရှေးသော ဘဝတို့၌ သူတပါးတို့အား အမျက်စောင်းမာန်နည်းသည်။ စိတ်၏ နှောင့်ယှက်ခြင်းမရှိသည်။ များစွာ ပြောဆိုငြားသော်လည်း သူတပါးတို့အား စွန်းငြိခြင်းမရှိ။ ပြေပြစ် ချောမောစွာ ဆို လေ့ရှိ၏။ သီလ ပညာ သမာဓိဂုဏ်နှင့် ပြည့်စုံသော လူ ရဟန်းတို့အားလည်း ရှင်လန်းကြည်ညို သောစိတ်ဖြင့် နူးညံ့သိမ်မွေ့သော အခင်းအရုံတို့ကို ပေးကမ်းလှူဒါန်းခဲ့ဖူး၏။ ရွှေအဆင်းကဲ့သို့ ဝင်းဝင်းတောက်သော အဝတ်သက်န်းတို့ကိုလည်း လှူဒါန်းပူဇော်ခဲ့ဖူး၏။ ထိုကောင်းမှုတို့ ကြောင့် ရွှေအဆင်းနှင့်တူသော ကိုယ်တော် အရေရှိခြင်း နူးညံ့သိမ်မွေ့ခြင်း တည်းဟူသော သုဝဏ္ဏစ္ဆဝိ လက္ခဏာကို ရတော်မူသည်။

၉၉၉။ ဝိသေသ်ဝိသေ၊ ကိရိယာနေ၊ နှစ်ထွေကတ္တား ကွဲချိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကိရိယာဝိသေသန, ကိရိယာဝိသေသျ နှစ်ပါးရှိခဲ့သော် ထိုကိရိယာ၏ ကတ္တားသည် တခု တည်းပင်လော။ ကွဲသေးသလောဟု မေးလိုသည်။

ဤပုစ္ဆာ၌ ဉာဏ်နုသော သူတို့ နားလည်စိမ့်သောငှါ အမေးကို ထင်စွာဆိုလိုက်ဦးအံ့–

အဟံ အဘိဝန္ဒိယ ဝက္ခာမိ-ဟူသောပုဒ်တို့၏ ရှိခိုးခြင်း ကိရိယာကို ပြီးစေတတ်သော ကတ္တားကား ကျမ်းပြုဆရာ၏ သဒ္ဓါစေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တည်း။ ကျမ်းကိုဟောခြင်း ကိရိယာ၏ ကတ္တားကား ကျမ်း၏အနက်အဓိပ္ပါယ်ကို ဆင်ခြင်သော သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်တည်း။ ယင်းသို့ စိတ္တုပ္ပါဒ်ကွဲကြရကား သတ္တိဖြစ်သော ကတ္တားလည်း ကွဲသင့် သည်။ ယင်းသို့ ကွဲသင့်လျက် ကျမ်းပဏာမဟူသမျှ၌ အဟံ ဟူသော ကတ္တားတပါးကို အဘိဝါ- ယ ဟူသော ဝိသေသနကိရိယာ၌လည်းကောင်း၊ ဝက္ခာမိဟူသော ဝိသေသျ ကိရိယာ၌လည်း

ကောင်း စပ်ကြကုန်သည်။ ထိုသို့စပ်ခြင်းသည် ကတ္တားတူ၍ စပ်သလော။ ကွဲလျက်ပင်စပ်သလော။ ကတ္တားတပါးတည်း ဖြစ်သင့်သလော။နှစ်ပါး ဖြစ်သင့်သလောဟု မေးလိုသည်။ ။ ကတ္တား တူကြောင်းကို ကစ္စည်းဆရာပင် "ပုဗ္ဗကာလေကကတ္တုကာနံ တုန တွာန တွာ ဝါ" ဟု သုတ်တည်ပြီဖြေ။ ။သတ္တိ မုချေန ကာရကံ-ဟူသည်နှင့်အညီ ကိရိယာ နိပ္ဖါဒန သတ္တိသာလျှင်ကတ္တားမည်သည်။ ရှိခိုးခြင်းကိရိယာကို ပြီးစေတတ်သော သတ္တိလည်း တခြား၊ ကျမ်းကိုဟောခြင်း ကိရိယာကို ပြီးစေတတ်သော သတ္တိလည်း တခြားမဟုတ်လော။ ယင်းသို့ သတ္တိခြားပါလျက် ရှင်ကစ္စည်းဆရာသည် ဘယ့်ကြောင့် ဧကကတ္တုကဟု ဆိုပါသနည်း ဟူငြားအံ့—

ကိတာချာတဝိသေသျေဟိ၊ ယံ ဝုတ္တံ တံ ပကာသတိ။
ဝိသေသနာနုတ္တမပိ၊ ဝုတ္တံ ဝါ ဒဗ္ဗဘေဒတော။

ကစ္စာယနသာရဖြင့် ဖြေအပ်၏။

ကိတာချာတဝိသေသျေဟိ၊ကိတ်,အာချာတ်ဖြစ်ကုန်သော ကိရိယာဝိသေသနနှ,ကိရိယာဝိသေသျတို့သည်။ ယံ ကာရကံ၊ အကြင် အဟံ ဟူသော ကတ္တားကို။ ဝုတ္တံ၊ ဟောအပ်၏။ တံ၊ ထို အဟံ ဟူသောကတ္တားကို။ ဝိသေသနာ၊ ကိရိယာဝိသေသနသည်။ အနုတ္တမပိ၊ မဟောအပ်သော်လည်း။ ဝုတ္တံဝ၊ ဟောသကဲ့သို့။ ပကာသတိ၊ ထင်ရှား၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အဒဗ္ဗဘေဒတော၊ ငါဟူသောဒြပ်၏မပြားသောကြောင့်တည်း။

အဘိဂါဒိယ ဟူသော ကိတ်ကိရိယာသည် စင်စစ်ကား မဟော၊ ယင်းသို့ မဟောသော်လည်း ဒြပ်မပြားသောကြောင့် ဟောသကဲ့သို့သာ ဖြစ်၏။ ထို့ကြောင့် ဧကကတ္တုကဖြစ်သည်ဟု ဆိုသတည်း။

တနည်းကား။ ။ငင်းကစ္စည်းဆရာတည်သော သုတ်ဟူသမျှသည် ယေဘုယျသို့ လိုက်၍သာ တည်သည်ဖြစ်သောကြောင့် ကိရိယာဝိသေသနနှင့်,ကိရိယာဝိသေသျသည် ကတ္တားတူကြသည်ကား များ၏။ အပ္ပကအားဖြင့် ကတ္တားကွဲသည်လည်း ရှိသင့်၏။ ပြယုဂ်ကား "ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ" အစရှိသည်တည်း။ ဤပါဋ်၌ အနုပ္ပဇ္ဇိတွာ ဟူသော ပုဗ္ဗကာလကိရိယာ၏ ကတ္တားကား ဇဝနမ္ပိတည်း။ ပဝတ္တတိ ဟူသော အပရကာလကိရိယာ၏ ကတ္တားကား ဝေါဋ္ဌဗ္ဗနမေဝသည်း။ ထို့ကြောင့် ကွဲ၏ ဟူပေ။ ဤပါဋ်ကို ဧကကတ္တုကနည်းနှင့် ညီစိမ့်သောငှာ "ဇဝနဿပိ အနုပ္ပဇ္ဇနတော" ဟု ဝိဘတ်ပြင်၍ ယောဇနာကြသည်။

၁၀၀၀။ သဇာတာပေ၊ လှူဒါန်းလေ၊ ရွှေခွက် ဘယ်မျှဝင်သနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ထိုရွှေခွက်၏ပမာဏကို ကျမ်းကြီးကျမ်းငယ်တို့၌ပင် မည်မျှလောက်ရှိသည်ဟူ၍ မဆို။ ယင်းသို့ မဆိုသော်လည်း ကိုယ်တော် သုံးဆောင်သောကာလ ထန်းသီးမှည့်ပမာဏရှိသော ဆွမ်း ၄၉-လုတ် ဘုဥ်းပေးရသည်၊ ထိုမျှသော ဆွမ်းထည့်ရာဖြစ်၍ လူတို့သုံးစွဲသော ခွဲတောင်းပမာဏ ရှိရာသည်။

၁၀၀၁။ ပဥ္စဝေါကာရေ၊ ရုပ်ဘုံပေ၊ တစ္ဆေ ဘယ့်ကြောင့် မမြင်သနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပရမတ်ကျမ်းအလိုအားဖြင့် ဝိနိပါတိက အသုရာ ဟု ခေါ်ဝေါ်အပ်သော-သုတ္တန်ကျမ်း အလိုအားဖြင့် ပြိတ္တာ ဟု ခေါ်ဝေါ်အပ်သော တစ္ဆေတို့သည် လူတို့ကဲ့သို့ ရုပ်နာမ်အစုံ ရှိပါလျက် အဘယ့်ကြောင့် လူတို့ မမြင်ရသနည်းဟု မေးသည်။ အဖြေကား–ကိုယ်ကို ကွယ်ပျောက်စေတတ်သော ဆေးကို ဆောင်သောကြောင့် မမြင်ရသည်ဟူပေ။

ဆေးဆောင်ကြောင်းကို အဘယ်ကိုထောက်၍ သိရသနည်းဟူမူကား–သီဟိုဠ်ကျွန်း၊ အနုရာဓမြို့၌ ဘီလူးမ တယောက်သည် သားငယ်နှစ်ဦးတို့ကို ထူပါရာမ တံခါးပြင်၌ နေစေ၍ အစာရှာခြင်းငှာ မြို့တွင်းသို့ လာခဲ့ရာ အစာအခန့်သင့် မတွေ့သည်နှင့် ကြာမြင့်သော် ပိဏ္ဍပါတိကမထေရ်တဦးသည် မြို့သို့ဝင်အံ့သောငှာ လာသည်ကို မြင်သဖြင့် သူငယ်နှစ်ဦးတို့က ကိုယ်ထင်ပြသလျက် ဤသို့ဆို၏။ အရှင်ဘုရား၊ ကျွန်ုပ်တို့မိခင်သည် မြို့တွင်းသို့ အစာရှာခြင်းငှာ သွားသည် ကြာပါပြီ။ ရသမျှကို ယူ၍ မြန်စွာလာပါ။ သင်၏သားများ ဆာမွတ်လှပြီဟု အရှင်မြတ် မိန့်တော်မူလိုက်ပါဟု လျှောက်၏။ မထေရ်မြတ်ကလည်း သင်တို့မိခင်ကို အဘယ်သို့သော အကြောင်းဖြင့် ငါ မြင်နိုင် သိနိုင်အံ့နည်းဟု ဆိုသော် အရှင်ဘုရား ဤဆေးမြစ်ကို ယူ၍ ကြွတော်မူပါဟု ဆေးမြစ်ကို အပ်လိုက်၏။ ပုံသဏ္ဌာန်ကိုလည်း ညွှန်ကြားလိုက်၏။ မထေရ်မြတ်လည်း ဆေးမြစ်ကို ဆုပ်၍ လာလတ်သော် တံမြက်ချေးစွန့်ရာ သားငါးဖျက်ရာတို့၌ အရာအထောင်မျှလောက် သွားလာနေထိုင်သော ဗုတ် ပြိတ်ဘီလူးတို့ကို မြင်ရ၏။ သူငယ်နှစ်ဦးတို့၏ မိခင်ဖြစ်သော ဘီလူးမသည်လည်း တခုသောအိမ်ရိပ်၌ မြှုပ်ထားသောကိုယ်ဝန်၏ အညစ်အကြေးတို့ကိုဖော်ယူ၍ လမ်းသို့ထွက်လာသည်ကို သူငယ်တို့ပြောလိုက်သောအမှတ်ဖြင့် သိလေလျှင် သူငယ်တို့မှာလိုက်သော အကြောင်းကို ပြော၏။ ဘီလူးမလည်း အရှင်ဘုရား... အကျွန်ုပ်ကို ဘယ့်ကြောင့် မြင်သနည်းဟုမေးလျှင် သင်၏သားတို့ပေးလိုက်သော ဆေးကြောင့်မြင်သည်ဟု ပြော၏။ ဆေးကိုပြစမ်းပါဆို၍ လက်ကို ဖြန့်ပြလေသော် ဘီလူးမသည် ဆေးကိုလုယူပြီးမှ လျင်စွာသွားလေ၏။ ထို့ကြောင့် ထိုသူတို့သည် တခုသောဆေးမြစ်၏ အာနုဘော်ကြောင့် ကိုယ်ကိုကွယ်ဝှက်နိုင်သည်ဟု သိအပ်၏ဟူ၍ မဇ္ဈိမနိကာယ်အဋ္ဌကထာ၌မိန့်၏။

ထိုတစ္ဆေတို့၏အကောင်ကို သေသောကာလ မမြင်ရသော် အကြောင်းအရာကိုလည်း ရှင်နာဂသိန်၏စကားတော်ဖြင့် သိအပ်၏။

အကြောင်းကား တရံသောအခါ မိလိန္ဒမင်းကြီးသည် ဤသို့မေး၏။ အရှင်နာဂသိန် ဤလောက၌ တစ္ဆေ ဘုတ်ပြိတ်ဟု ခေါ်ဝေါ်အပ်သော နတ်ဘီလူးတို့သည် ရှိပါ၏လောဟု မေး၏။ မင်းကြီး ရှိ၏ဟုဖြေလျှင် အရှင်ဘုရား-ထိုနတ်ဘီလူးတို့ကို ဘယ့်ကြောင့်မမြင်ရသနည်းဟုမေး၏။ မင်းကြီး ဆေး၏အာနုဘော်ကြောင့်လည်းကောင်း မိမိတို့၏ ကမ္မဇိဒ္ဓိကြောင့်လည်းကောင်း မမြင်ရချေ။ အကယ်၍မြင်စေလိုသည်ဖြစ်အံ့။ ပြနိုင်သည်သာတည်းဟု ဖြေ၏။ အရှင်ဘုရား၊ ထိုဘီလူးတို့သည် ထိုဘဝမှစုတေ ကြသေး၏လောဟု မေးပြန်၏။ မင်းကြီး စုတေ ကြသေးသည်သာတည်းဟုဖြေ၏။ အရှင်ဘုရား ထိုဘီလူးတို့ စုတေသောအခါ ဆေးကိုလည်း မဆောင်နိုင်ရာပြီ။ ကိုယ်အကောင်သည် ဘယ့်ကြောင့်မထင်ပါသနည်း။ ပုပ်သောရနံ့သည် ဘယ့်ကြောင့် မနံပါသနည်းဟု

မေး၏။မင်းကြီး၊ထိုဘီလူးတို့ စုတေသောအခါ ကိုယ်အကောင်လည်း ထင်၏။ပုပ်သောရနံ့လည်း နံ၏။ သို့ရာတွင် အကြွင်ဘီလူးတို့ စုတေ အံ့သောအခါ ကျန်ရစ်သော ဆွေမျိုးတို့ကို လူမသ်စိမ့်သောငှါ တခုသော မနေ့ာဓိဋ္ဌာန်ဖြင့် သေကြ၏။ ထို့ကြောင့် ပိုးရွသဏ္ဌာန်ဖြင့်လည်းကောင်း ကင်းမြီးကောက်သဏ္ဌာန်၊ ကင်းခြေမျှားသဏ္ဌာန်၊ ပုတ်သင်၏သဏ္ဌာန်ဖြင့်လည်းကောင်း။ သမင်၏သဏ္ဌာန်၊ ငှက်၏သဏ္ဌာန်ဖြင့်လည်းကောင်း အသေကောင်ထင်လေသတည်းဟု ဖြေ၏။

ထိုဘုတ်ပြိတ် ဘီလူးတို့သည် ပဋိသန္ဓေအားဖြင့် အချို့ကား အဟိတ်၊ အချို့ကား ဒွိဟိတ်၊ အချို့ကား တိဟိတ် ပဋိသန္ဓေနေကုန်၏။အချို့ ကား သံသေဒဇ၊ အချို့ကား ဂဗ္ဘသေယျက၊ အချို့ကား ဥပပတ်ပင်တည်း။

ထို့ကြောင့် သာရတ္ထသင်္ဂဟ၌—

ပေတာနန္တိ ပေတလောကပရိယာပန္နာနံ ဒုက္ခဋ္ဌကမ္မကာရိကာနံ ဝိဘာဝနံ။ ပေတာ ဟိ ဒွိဟေတုကတိဟေတုကာ ဟောန္တိ။ စသည်ဖြင့် မိန့်တော်မူသည်။

၁၀၀၂။ နူးညံ့လက်ခြေ၊ သုံးလူ့ဆွေ၊ ပြုလေ ဘယ်ကုသိုလ်ကြောင့်နည်း။ (၅)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စတူဟိ သင်္ဂဟဝတ္ထူဟိ မဟာဇနံ သင်္ဂဟိတော အဟောသိ။

အစရှိသောပါဠိနှင့်အညီ....ပါရမီဖြည့်ခဲ့သော ရှေးရှေးသောဘဝတို့၌ ဒါန, အတ္ထစရိယာ, ပိယဝါစာ, သမာနတ္တတာ-ဟူသော သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် များစွာသောလူအပေါင်းတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို ပြုတော်မူဖူး၏။ ထိုကောင်းမှုကြောင့် မုဒုဟတ္ထပါဒဟူသောလက္ခဏာကို ရတော်မူသည်။

၁၀၀၃။ သင့်တင့်ရပ်နေ၊ ပေါင်းမိတ်ဆွေ၊ သည်နေ ဘယ်အနက်ဟောနည်း။ (၆)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကေမန္တံ နိသိဒတိ ဟူသောပုဒ်၏ အရပင်ဖြစ်ရကား နေသဒ္ဒါသည် နိသီဒန အနက်ကို ဟော၏ဟူပေ။

၁၀၀၄။ လေးအသခေျ၊ ဖြည့်၍နေ၊ သည်နေမှုကား မည်သို့နည်း။ (၇)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကြာမြင့်ခြင်းတည်းဟူသော စိရကာလ အနက်ကိုဟော၏။ ဤလောက၌လည်း တစုံတခုသောကိစ္စကြောင့် ကြာမြင့်သောသူကို "သင် နေလွန်းသည်"ဟု ဆိုရိုးရှိသတည်း။ မယားနေသည်၊

လင်နေသည်ဟူသော စကား၌နေသဒ္ဒါကား ရှေးရှုဆောင်ခြင်း အနက်ကို ဟော၏။ ဖြစ်ခိုက်ဖြစ်နေဟူသောစကား၌ နေသဒ္ဒါကား ဖြစ်ဆဲ-ဆဲ ဟူသော ဝတ္တမာန်အနက်ကိုဟော၏။

၁၀၀၅။ ပြည်လက် ပြည်ခြေ၊ သည်နှစ်ထွေ၊ မြဲနေ ဘယ်သို့ ဆိုပိမ့်နည်း။ (၈)

ဤအမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာကို အထက် "အယ်" ကာရန် ပုစ္ဆာနံပါတ် ၁၀၀-တွင် ဖြေဆိုခဲ့ပြီ။

၁၀၀၆။ ပြည်ဦးကင်းပေ၊ မှတ်ကြလေ၊ ခေါ်ထွေ မည်ပုဂ္ဂိုလ်ပေနည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အမတ်ကြီးသည် ပြည်၏ဦးကင်းမည်၏။

၁၀၀၇။ ကေဝဋ္ဋောပေ၊ ပါဠ်ရှိလေ၊ သည်ကေ ဘယ်အနက်ဟောသနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကေ ဥဒကေ မစ္ဆဂဟဏတ္ထာယ ဝဋ္ဋတိ ပရိဗ္ဘမတီတိ ကေဝဋ္ဋော။

ယော နေသာဒေါ၊ အကြင်တံငါသည်။ ကေ ဥဒကေ၊ ရေ၌။ မစ္ဆဂဟဏတ္ထာယ၊ ငါးကိုဖမ်းခြင်းအကျိုးငှါ။ ဝဋ္ဋတိ ပရိဗ္ဘမတိ၊ လှည့်လည်တတ်၏။ ဣတိ၊ ထိုကြောင့်။ သော နေသာ-ဒေါ၊ ထိုတံငါသည်။ ကေဝဋ္ဋော၊ ကေဝဋ္ဋမည်၏။

ဤသို့ ကေကဗ္ဗရကောသဋီကာ မိန့်ရကား ကေဝဋ္ဋော၌ ကေသဒ္ဒါ ရေဟူသော အနက်ကို ဟော၏။

၁၀၀၈။ ယောဂိနော ခေါ၊ သည်အနေ၊ ယင်းခေ ဘယ်အနက် ဟောသနည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ယောဂိနော၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းနှင့် ယှဉ်သောရဟန်းတို့သည်။ ခေ၊ ဆိတ်ငြိမ်ရာအရပ်၌။ အဘိရမန္တိ၊ အလွန်မွေ့လျော်ကုန်၏။ ဤသို့ အနက်ရရှိရကား ခေသဒ္ဒါကား ဆိတ်ငြိမ်ရာဟူသော အနက်ကိုဟော၏။

ကတပုညာ ရတာ ခမို၊ ဝိညာဏာ ခေ သုနိယိတာ။
ပက္ခိနော ခမို ဂစ္ဆန္တိ၊ ခမိစ္ဆန္တိ ဒုခင္ခတာ။
ယောဂိနော ခေ ဘိရမန္တိ၊ ဘမရာ ဝံသခေ ရတာ။

ကတပုညာ၊ ပြုအပ်သော ကောင်းမှုရှိကုန်သော သူတို့သည်။ ခမို၊ နတ်ပြည်၌။ ရတာ၊ မွေ့လျော်ကုန်၏။ ဝိညာဏာ၊ စက္ခုအစရှိကုန်သော ဝိညာဏ်ခြောက်ပါးတို့သည်။ ခေ၊ စက္ခုမြွေ အစရှိသော ပသာဒရုပ်၌။ သုနိယိတာ၊ ကောင်းစွာမှီကုန်၏။ ပက္ခိနော၊ ငှက်တို့သည်။ ခမို၊ ကောင်းကင်၌။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဒုက္ခင္ခတာ၊ ဆင်းရဲဖြင့် နှိပ်စက်သောသူတို့သည်။ ခံ၊ ချမ်းသာကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ ယောဂိနော၊ ကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်းတို့သည်။ ခေ သုညေ၊ ဆိတ်ငြိမ်ရာအရပ်၌။ အဘိရမန္တိ၊ မွေ့လျော်ကုန်၏။ ဘမရာ၊ ပျားပိတုန်းတို့သည်။ ဝံသခေ၊ ဝါးလုံး၏ အတွင်း၌။ ရတာ၊ မွေ့လျော်ကုန်၏။

ခသဒ္ဒါ၏ အနက်ကိုပြသော ကေက္ခရကောသဋီကာဂါထာကို ဆောင်လေသည်။

၁၀၀၉။ ဖွတ်သားစားစေ၊ ချမ်းသာပေ၊ စွဲလေ

ဘယ်အနာတို့နည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား····

ဘဂန္ဒလာ၊ မြင်းသရိုက်အနာကို။ ဝါ၊ အသားထွက်သော အနာရှိသောသူကို။ ဂေါဓ-မံသံ၊ ဖွတ်သားကို။ ခါဒေယျ၊ စားစေရာ၏။ သုခေါ၊ ချမ်းသာ၏။

၁၀၁၀။ မိုးသံကြားလေ၊ ဗျိုင်းသန္ဓေ၊ နေ၏မိုးကို

တပ်လိမ့်နည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗလာကာသု ပန ပုရိသော နာမ နတ္ထိ။ တာ ဥတုသမယေ မေဃသဒ္ဒံ သုတွာ ဂဗ္ဘံ ဂဏှန္တိ။

ဗလာကာသု ပန၊ ဗျိုင်းတို့၌ကား။ ပုရိသော နာမ၊ အဖိုမည်သည်။ နတ္ထိ၊ မရှိ။ တာ၊ ထိုဗျိုင်းမတို့သည်။ ဥတုသမယေ၊ မိုးဥတုစသောအခါ၌။ မေဃသဒ္ဒံ၊ မိုးခြိမ်းသောအသံကို။ သုတွာ၊ ကြား၍။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှန္တိ၊ ယူကုန်၏။

ဤသို့ အသံကြားသည်နှင့် သန္ဓေယူနိုင်ကြောင်းကို ပါရာဇိကကဏ် အဋ္ဌကထာ၌ လာသည်။ ထိုမိုးအသံကို ရာဂအားဖြင့် တပ်သည်ဟူ၍မလာ။ ထို့ကြောင့် ရာဂစိတ် မစွန်းငြိပဲ မြေ ရေ သစ်ပင်များကဲ့သို့ ဥတုသမုဋ္ဌာန်နှင့်သာ ထိုဗျိုင်းသတ္တဝါတို့ သန္ဓေယူနိုင်၏ဟူ၍ မှတ်ရာသည်။

ဖား၊ ငါး၊ တီ၊ မျှော့ စသော သတ္တဝါတို့လည်း ဤနည်းတူ ဥတုသမုဋ္ဌာန် သန္ဓေယူသည်များ၏။

၁၀၁၁။ မြစ်ခြင်းပြီးစေ၊ စမြင်းကြေ၊ ပေးလေ
ဘယ်ဆေးမြစ်တို့နည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပန်း ခင်ပုပ်ဟု၊ ဖော်ထုတ် သညာ၊ ဆေးမြစ်စွာကား၊ အကြွာအရှည်၊ ဝမ်းမီးစည်၍၊ ခိုင်ကျည်ခက်တင်း၊ စမြင်းဒေါသ၊ ဟူသမျှကို၊ ခဏလတ်လတ်၊ ကြေစေတတ်၏။ ။ ဆေးအဘိဓာန်။

၁၀၁၂။ ပြောင်ပြောင်သံမြေ၊ နှင်းရချေ၊ ပြုလေ
ဘယ်မကောင်းကျိုးနည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ယေ ဇီဝလောကသ္မိံ သုပါပဓမ္မိနော၊
နရဥ္စ နာရိဥ္စ အပါပဓမ္မံ။
ဟိံသန္တိ ရောသေန္တိ သုပါပဓမ္မာ၊
တေ လုဒ္ဒကမ္မာ ပသဝေတွ ပါပံ။
တေမေ ဇနာ ခန္ဓဟတာ သယန္တိတိ။

ဟူ၍ နေမိဇာတ်၌လာသည်။

အဓိပ္ပာယ်ကား။ ။အရှင်နေမိမင်းကြီး—အလျှံ ပြောင်ပြောင် တောက်သောသံမြေ၌ ရပ်၍လည်းကောင်း၊ သွား၍လည်းကောင်း၊ အိပ်၍လည်းကောင်း ခံရကြသော ပြောင်ပြောင်တောက်သော ကိုယ်ရှိသော ဤငရဲသူတို့ကား ရှေးလူ့ပြည်၌ ဖြစ်သောအခါ စော်ကားရမ်းကား မတရားသမှု ပြုတတ်စွာသော လူဆိုး လူညစ်တို့ချည်း။ ထိုသူတို့သည် လူ့ပြည်၌ ဖြစ်သောအခါ အမျိုးကောင်း သားသမီးဖြစ်ကုန်သော ယောကျ်ားမိန်းမတို့၏ အကျင့်စာရိတ္တကိုလည်း ပျက်စီးအောင် ပြုလေ့ရှိ၏။ ပဥ္စသီလ၊ အဋ္ဌင်္ဂသီလ၊ ဒသင်္ဂသီလ စသော အကျင့်ကို ဆောက်တည် ကျင့်သုံးကုန်သော သူတို့အားလည်းကောင်း၊ လှူဒါန်းပေးကမ်းခြင်းစသော ကုသိုလ်တရား၌ ပျော်ပါးကုန်သော သူတို့အားလည်းကောင်း နာလိုခြင်းမရှိ။ ဝန်တိုပိတ်ပင်သော သဘောဖြင့် ပျက်စီးအောင် ပြောဆိုလေ့ ရှိ၏။ ကောင်းစွာကျင့်ပေသော အမျိုးသား အမျိုးသမီးတို့အား ကိုယ်စိတ် ချမ်းသာ မရအောင် စောင်းမြောင်း ငြူစူလေ့ ရှိ၏။ ထိုသူတို့သည် ထိုမကောင်းမှုကြောင့် စုတေသောအခါ သိဋ္ဌိုဝ်း၏ အရံဖြစ်သော ဤသံမြေငရဲ၌ ကြီးစွာသော ဆင်းရဲကို ခံရလေသတည်း ဟူလိုသည်။

၁၀၁၃။ တိုခြင်းသုံးထွေ၊ မြင်းကောင်းပေ၊ ထိစေ
သုံးပါးအဘယ်နည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာမှာ အထက် "အည်"ကာရန် ပုစ္ဆာနံပါတ် ၉၀၄-၉၀၅-၉၀၆-တွင် ဖြေခဲ့ပြီ။

၁၀၁၄။ ပုထုဇဉ်ပေ၊ ရဟန်းသေ၊ စေတီ ထိုက်ပါလေလိမ့်နည်း။ (၁၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗုဒ္ဓါ ပစ္စေကဗုဒ္ဓါ စ အရဟန္တာ စက္ကဝတ္တီတိ ထူပါရဟာ ဧတေ စ ဟောတိ။

ဟူသော ပါဠိဖြင့် ဘုရားသခင်၊ အရှင်ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ စကြဝတေးမင်းဟူ၍ စေတီထိုက်သော ပုဂ္ဂိုလ်လေးယောက်သာ ရှိသည်ဟု ကျမ်းဂန်လာသောကြောင့် ပုထုဇဉ်ရဟန်းတို့ အရိုးသည် စေတီမဘည်ထိုက် ဟူပေ။

စကြဝတေးမင်း၏ အရိုးကိုတည်သော စေတီနှင့် ဘုရားသခင်တို့၏ ဓာတ်တော်ကို တည်သော စေတီသည် ဘယ်သို့ ထူးပါသနည်း ဟူငြားအံ့–

စက္ကဝတ္တိနော ဥပ္ပတ္တိယာ ဒွေသမ္ပတ္တိယော လဘန္တိ။ ဗုဒ္ဓါနံ ဥပ္ပတ္တိယာ တိဿော သမ္ပတ္တိယော လဘန္တိ။ စက္ကဝတ္တိနော စေတိယံ ဇဂ္ဂိတွာ ဒွေ သမ္ပတ္တိယော လဘန္တိ။ ဗုဒ္ဓါနံ စေတိယံ ဇဂ္ဂိတွာ တိဿော သမ္ပတ္တိယော လဘန္တိ။

ဟူ၍ ဒုကင်္ဂုတ္တရ အဋ္ဌကထာလာသည်နှင့်အညီ-ဤလောက၌ စကြဝတေးမင်း ဖြစ်ခြင်းကြောင့် လူတို့သည် လူ့ချမ်းသာ နတ်ချမ်းသာ ဟူသော ချမ်းသာ နှစ်ပါးကို ခံစားကြရကုန်သည်။ ဘုရားသခင်တို့ ဖြစ်ခြင်းကြောင့် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ဟူသော ချမ်းသာ သုံးပါးကို ရကြကုန်သည်။ စေတီကို ပူဇော်ရာ၌လည်း ဤနည်းအတူ စကြဝတေးမင်း၏ စေတီကို ပူဇော်လုပ်ကျွေးရသဖြင့် မနုဿသမ္ပတ္တိ ဒေဝသမ္ပတ္တိနှစ်ပါးကိုသာ ရနိုင်သည်။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်တို့၏ စေတီကို ပူဇော်လုပ်ကျွေး ပြုစုရသဖြင့် ချမ်းသာသုံးပါးကို ရကုန်သည်။ ဤကား ထူးပြားဟန်တည်း။

ဘုရားသခင်သည် အိမ်ရာထောင်သော လူ့ဘောင်၌ နေသောသူကား စကြဝတေးမင်းပင် ဖြစ်သော်လည်း ရဟန်းဘောင်၌နေသော သာမဏေငယ်အား ရှိခိုးထိုက်ကြောင်းကို ဟောတော်မူသည်ဖြစ်လျက် စေတီတည်သင့်သောအရာ၌ အနာဂါမိယဖြစ်သော ပုထုဇဉ်ရဟန်းတို့၏ အရိုးကို စေတီတည်ခြင်း၌ ခွင့်မပြု။ အိမ်ရာထောင်သော လူသားဖြစ်သော စကြဝတေးမင်း အရိုးကို စေတီဘည်ခြင်း၌ ဘယ့်ကြောင့် ခွင့်ပြုသနည်း ဟူငြားအံ့။ ပုထုဇဉ်ရဟန်းတို့၏ အရိုးကို စေတီတည်သဖြင့် အံ့ဖွယ်မရှိသောကြောင့်သာ ခွင့်မပြုသည်။ ပူဇော်၍ ကုသိုလ်မဖြစ်သောကြောင့် ခွင့်မပြုသည် မဟုတ်ဟု ဖြေအပ်၏ အကျယ်ကို လိုသော် မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ ယူလေ။

၁၀၁၅။ ဒုတိယနေ၊ ဣတ္ထိန္ဒြေ၊ စွဲလေ ဘယ်တရားတို့နည်း။ (၁၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဣတ္ထိန္ဒြိယေန၊ သည်။ ယေ ဓမ္မာ၊ အကြင်ဩဠာရိကရုပ်ဒြဒ်သတို့ကို။ ခန္ဓသင်္ဂဟေန၊ ဥပက္ခန္ဓာ ဟူသော ရေတွက်ခြင်းဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ အာယတနသင်္ဂဟေန အသင်္ဂဟိတာ။ ဓာတု-

သင်္ဂဟေန အသင်္ဂဟိတာ။ တေ ဓမ္မာ စတူဟိ ခန္ဓေဟိ ဒွိဟာယတနေဟိ အဋ္ဌဟိ ဓာတူဟိ အသင်္ဂဟိတာ။

၁၀၁၆။ စတုတ္ထပေ၊ နယနေ၊ သုခိန္ဒြေစွဲ ဘယ်သို့နည်း။ (၁၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သုခိန္ဒြိယေန၊ သည်။ ယေ ဓမ္မာ၊ အကြင်ဝေဒနိန္ဒြေလေးပါးတို့ကို။ ခန္ဓသင်္ဂဟေန သင်္ဂဟိတာ။ပ။ တေဟိ ဓမ္မေဟိ၊ ထိုဝေဒနိန္ဒြေလေးပါးတို့သည်။ ယေ ဓမ္မာ၊ အကြင်သုခိန္ဒြေတို့ကို။ ခန္ဓ-သင်္ဂဟေန သင်္ဂဟိတာ။ပ။ တေ ဓမ္မာ ကေနစ ခန္ဓေန ကေနစာယတနေန ကောယ ဓာတုယာ သင်္ဂဟိတာ။ ဤသို့စွဲမည်ဟူပေ။

၁၀၁၇။ ငါးဦးခေါင်းနေ၊ ဖြစ်တုံလေ၊ ဆိုထွေပုလဲ မည်သို့နည်း။ (၂၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာမှာ "အဲ" ကာရန်ပုစ္ဆာနံပါတ် ၁၉၈-၁၉၉-၂၀၀ တို့တွင် ဖြေရှုပြီးခဲ့ပြီ။

၁၀၁၈။ သူ့သက်သတ်လေ၊ ကံအနေ၊ ဘယ်ဝေဒနာ ယှဉ်လိမ့်နည်း။ (၂၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပါဏာတိပါတော ဒုက္ခဝေဒန-ယ သမ္ပယုတ္တော။ ဟူ၍ ခုဒ္ဒကပါဌ၌ မိန့်၏။

၁၀၁၉။ ဆယ့်ခြောက်သချေ်၊ ပွင့်တုံလေ၊ တွက်ရေ ဘုရား ဘယ်မျှနည်း။ (၂၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စိန္တိတံ သတ္တသင်္ချေယျံ၊ နဝသင်္ချေယျ ဝါစကံ။
ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံ သမုပါဂမိ။

ဟူသော ဂါထာနှင့်အညီ စိတ်ဖြင့်ကြံ၍သာ ဘုရားဆုကိုတောင်းခဲ့သော ကမ္ဘာပေါင်းခုနစ်သင်္ချေ။ နှုတ်ဖြင့်မြွက်၍ ဘုရားဆုကိုတောင်းခဲ့သော ကမ္ဘာပေါင်း ကိုးသင်္ချေ။ နှစ်ရပ်ပေါင်း တဆယ့်ခြောက်သင်္ချေအတွင်း၌ ပွင့်သောဘုရားပေါင်းကား ငါးသိန်း တသောင်းနှစ်ထောင် ရှိ၏ဟူပေ။

ဤမျှသော အကျဉ်းချုပ်ဖြင့် ပုဏ္ဏာပြေလောက်ပြီ ဖြစ်သော်လည်း သရုပ်ဝိသေသ ဖော်မပြမူ သုတေသနတို့၏ အာသာသည် မငြိမ်းရာ သေးရကား "သောတတ္တကီကျမ်း" စကားကို မှတ်သားလောက်ရုံ ထုတ်ဆိုလိုက်အံ့–

ဤဘဒ္ဒကမ္ဘာမှ ပဋိလောမအားဖြင့် ပြန်၍ရေသော် သင်္ချေနှစ်ဆယ်နှင့်ကမ္ဘာတသိန်းကျသော သာရာမဏ္ဍကမ္ဘာ၌ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံ၌ နေသော အနာဂါမ်ဗြဟ္မာကြီးသည် လောက၌ ဘုရားမဖြစ်ပဲ သုဉ်းခြင်းမျှားသည်ကို မြင်၍ "လူသုံးပါး တို့၏ ကိုးကွယ် လည်းလျောင်းရာ ဖြစ်သော ကောင်းကျိုး မကောင်းကျိုးကို ပြတတ်သော ဘုရားသည် ထင်ရှားမဖြစ်ခဲ့သော် ငါတို့နေရာ သုဒ္ဓါဝါသ ဘုံ၌ အသစ်ရောက်သော ဗြဟ္မာသည် မရှိရာ၊ ရှိရင်းဗြဟ္မာတို့ နိဗ္ဗာန်ယူသဖြင့် ဤဘုံသည် ဆိတ်သတ္တံ့။ ဘုရားဖြစ်မှုသာ ဗြဟ္မာသစ် ပွားဘိရာသည်။ ထို့ကြောင့် ဘုရားဖြစ်အောင် ကြံဆောင်အားထုတ်အံ့သောသူကို ငါတိုက်တွန်းအံ့ဟု ကြံ၍ အနန္တစကြဝဠာအတွင်း၌ ရှိသောလူတို့ကို ကြည့်လတ်သော် ငါတို့ ဘုရားအလောင်းတော်ကို မြင်လေ၏။ ထိုအခါ ငါတို့ဘုရား အလောင်းသည် ဂန္ဓာရပြည်ဘုင် ဆင်းရဲသော အမျိုး၌ဖြစ်၍ မျက်စိမမြင်သော မိခင်ကို ထင်းထမ်း၍လုပ်ကျွေးပြုစုကာ နေ၏။

တရံသောအခါ ထိုကဋ္ဌဝါဟနလုလင်သည် ကုန်စလယ်သွယ် အံ့သောငှါ တခုသော လှေငယ်ကို ပြုပြင်၍ မိခင်ကိုလည်း လှေအက်တင်လျက် သမုဒ္ဒရာ၏ အဝဖြစ်သော မြစ်၌ ကူးသန်းသွားလာသည်တွင် တနေ့သ၌ လှေပျက်၍ နစ်လေ၏။ ကဋ္ဌဝါဟနလုလင်လည်း မယ်တော်ကိုပခုံးထက်တင်၍ ထိုမြစ်ကိုကူး၏။ ထိုအခါ အကနိဋ္ဌဘုံ၌နေသော အနာဂါမ်ဗြဟ္မာကြီးသည် သက်ဆင်းလှာ၍ ကဋ္ဌဝါဟနလုလင်အား ဘုရားဆုကို တောင်းစိမ့်သောငှါ နည်းပေး၍ ချီးပင့်၏။ ကဋ္ဌဝါဟနလုလင်လည်း မိခင်ကို ပခုံးထက်ထမ်းလျက် ငါ အသက်မသေလျှင် ငါ့မိခင်ကို ကမ်းသို့ရောက်အောင် ပို့ဆောင်အံ့။ ဤကောင်းမှုကြောင့် နောင်သောအခါ သတ္တဝါ အပေါင်းတို့ကို သံသရာခနောင်းဝဲမှ လွတ်ထွက်အောင် ပို့ဆောင်နိုင်စေသော။ ငါသည် အကယ်၍ ဘုရားဖြစ်သည်ရှိသော် သတ္တဝါ အပေါင်းတို့အား ငါ့အလားကဲ့သို့ တရားအထူးကို သိစေအံ့။ ငါသည် ဤဝဋ်ဆင်းရဲမှ လွတ်မှုကား သတ္တဝါ အပေါင်းတို့အား ငါ့အလားကဲ့သို့ လွတ်စေအံ့။ ငါသည် ဤမြစ်မှကူးမြောက်မှုကား သတ္တဝါ အပေါင်းတို့အား မျောပါးသော သံသရာမြစ်မှ စင်စင်ကူးမြောက်စေအံ့ ဟူ၍ "ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ တိဏ္ဏော တာရေယျံ" ဟူသော စကားသုံးခွန်းတို့ကို နှုတ်မမြွက်ပဲ စိတ်ထဲကသာ ကြံ၍ ကြုံးဝါးတော်မူ၏။ ဗြဟ္မာကြီးလည်း ထိုသားအမိတို့ကို ကျွန်းသို့ ရောက်အောင် ပို့ဆောင်၍ ချမ်းသာစေ၏။ ဤသို့လျှင် ထို ကဋ္ဌဝါဟန လုလင်အဖြစ်က အစပြု၍ နှုတ်မမြွက်ပဲ စိတ်ထဲကသာ ကြံလျက် ဘုရားဆုကို တောင်းတော်မူသတည်း။

ထိုအဖြစ်မှုစုတေ့ခဲ့သော် အလောင်းတော်သည် သိရိမတ်ပြည်ကို အစိုးရသော မင်း၏သား ဖြစ်၍ မိဘတို့လွန်သောအခါ မင်းအဖြစ်ကိုရ၏၊ ဆင်းရဲသောသတ္တဝါအပေါင်းတို့ကို ကောင်းစွာ မစ ရှက်ဆောင်တတ်ရကား သတ္တဝါဟနမင်း ဟူသော အမည်ကိုရ၏။ တရံသောအခါ အမုန်ယစ်သော ဆင်ကိုမြင်၍ ဤခြင်မင်တပ်မက်မောတတ်သော ရာဂမည်သည်ကား အလွန်ဆိုးရွား၏။ ကောင်းသော သတ္တဝါကိုလျက် ရှုးသွပ် မေ့လျော့စေတတ်၏။ ပူပြင်းသော မီးနှင့်လည်းတူ၏။ ကြမ်းသော မြွေဆိပ်နှင့်လည်းတူ၏။ ကောင်းမြတ်သော ဤဆင်သည် ရာဂကြောင့်ပင် ရှုးသွပ် ပျက်စီးရလေသည်၊ ရာဂကြောင့်ပင် မိဘတို့သည် သားသမီးကို သတ်ခြင်း၊ ညီရင်း အစ်ကိုတို့သည် တယောက်သည် တယောက်အား သတ်ခြင်းအစရှိသော မကောင်းမှုတို့ကိုပြု၍ ငရဲကြီးငရဲငယ်

တို့၌ ဖြစ်ရကြကုန်သည်။ ဤရာဂစသော ကိလေသာတို့မှ လွတ်အောင် ငါရှေးဦးစွာ ကြံဆောင်ပြီးလျှင် ထက်ဝန်းကျင်သော သတ္တဝါတို့ကို ကိလေသာမှလွတ်စေ၍ နိဗ္ဗာန်သို့ငါပို့အံ့ဟူ၍ နှုတ်မမြွက်ပဲ စိတ်ထဲကသာ ကြံစည် တောင့်တလျက် တောထွက်၍ ရသေ့ပြုပြီးသော် ဟိမဝန္တာသို့ ဝင်၍ နေတော်မူ၏။ အသက်အ‌ေတိုင်းနေ၍ စုတေ့လေသော် နတ်ပြည်၌ ဖြစ်တော်မူသည်။

ထိုမှတပါး လူ့ပြည်သို့လားသော် ငါတို့ ဘုရားအလောင်းတော် မာဂတေိုင်း အနိုလိန အမည်ရှိသော ပုဏ္ဏားရွာ၌ ပုဏ္ဏားအကြီးဆုံး၏ သားဖြစ်၍ အရွယ်သို့ ရောက်သောအခါ အိမ်ရာထောင်ခြင်းမှထွက်၍ ရသေ့ပြုပြီးသော် ပဏ္ဏဝ အမည်ရှိသောတောင်၌ နေ၏။ ထိုအခါ မိမိထံသို့ ရောက်လာသော အမျိုးကောင်းသားတို့အား ကာမဂုဏ် ငါးပါး၌ အပြစ်များကြောင်းကို ဟောပြ၍ ရသေ့ပြုစေသဖြင့် ရသေ့အရံ ငါးရာရှိ၏။ တရံရောအခါ ပဏ္ဏဝ တောင်ခြေရင်း၌ နေသော ကျားမတစီးအား မိမိကိုယ်ကို အစားခံ၍ လှူ၏ "ငါသည် ဤ ကောင်းမှုကြောင့် နောင်သောအခါ ဘုရားအဖြစ်ကို ရ၍ ဝေနေယျသတ္တဝါတို့အား ချမ်းသာ သုံးပါးကို ပေးနိုင်သည် ဖြစ်စေသော"ဟု နှုတ်မမြွက်ပဲ စိတ်ကသာကြံ၍ ဘုရားဆုကို တောင်း တော်မူ၏။

ထို့နောက် သာဂလပြည်ကို အစိုးရသော အတိဒေဝမင်း ဖြစ်တော်မူ၏။ ထိုအခါ ဤလူ့ရွာ၌ ဖြဟ္မဒေဝဘုရား ထင်ရှားဖြစ်တော်မူ၏။ အတိဒေဝမင်းလည်း ဘုရားသခင်အား ကြည်ညိုသည် ဖြစ်၍ ဆွမ်း, သင်္ကန်း အစရှိသော ပစ္စည်းအလှူကြီးကို ပေးလျက် "ငါသည် နောင်သောအခါ ဤမြတ်စွာဘုရားအဖြစ်ကို ရစေသော"ဟု စိတ်ဖြင့်သာ ပတ္ထနာတောင်မူသည်။ ထိုကမ္ဘာမှစ၍ ခုနစ်သချေ်တိုင်တိုင် နှုတ်မမြွက်ပဲ စိတ်ထဲကသာ ပတ္ထနာ၍ ပါရမီဖြည့်တော်မူသည်။ ခုနစ်သချေ် တို့၏ အမည်ကား —

နန္ဒော သုနန္ဒော ပထဝီ၊ မဏ္ဍော ဓရဏီ သာဂရော။
ပုဏ္ဍရီကောတိမေ သတ္တ၊ အသင်္ချေယျာ ပကာသိတာ။

ဟူသော ဂါထာနှင့်အညီ — နန္ဒအသချေ်၊ သုနန္ဒအသချေ်၊ ပထဝီအသချေ်၊ မဏ္ဍအသချေ်၊ ဓရဏီအသချေ်၊ သာဂရအသချေ်၊ ပုဏ္ဍရီကအသချေ် ဟူ၍ ခုနစ်ပါးတို့တည်း။ ထိုခုနစ်ပါးတို့တွင် နန္ဒအသချေ်၌ ဗြဟ္မဒေဝ အစရှိသော ငါးထောင်သော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ သုနန္ဒ အသချေ်၌ ကိုးထောင်။ ပထဝီအသချေ်၌ တသောင်း။ မဏ္ဍအသချေ်၌ တသောင်းတထောင်။ ဓရဏီအသချေ်၌ နှစ်သောင်း။ သာဂရအသချေ်၌ သုံးသောင်း။ ပုဏ္ဍရီကအသချေ်၌ လေးသောင်း သော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ အလုံးစုံကို ပေါင်းသော် ဘုရားပေါင်း တသိန်းနှစ်သောင်း ငါးထောင်ရှိ၏။

"ငါ ဘုရားဖြစ်စေသော"ဟု နှုတ်မြွက်၍ ဆုတောင်းသည်ကား ကိုးသချေ်တို့တည်း။ ထို ကိုးသချေ်တို့၏ အမည်ကား —

သဗ္ဗဘဒ္ဒေါ သဗ္ဗဖုလ္လော၊ သဗ္ဗရတနသဘကန္ဒော။
မာနိတော စ ပဒုမော စ၊ ဥသဘတော ခန္ဓုတ္တမော။
သဗ္ဗဖာလော အသင်္ချေယျော၊ နဝမောတိ ပဝုစ္စရေ။

ဟူသော ဂါထာနှင့်အညီ — သဗ္ဗဗဒ္ဓအသင်္ချေ၊ သဗ္ဗဖုလ္လအသင်္ချေ၊ သဗ္ဗရတနအသင်္ချေ၊ ဥသဘက္ခန္ဓအသင်္ချေ၊ မာနိတအသင်္ချေ၊ ပဒုမအသင်္ချေ၊ ဥသဘအသင်္ချေ၊ ခန္ဓုတ္တမအသင်္ချေ၊ သဗ္ဗဖာလအသင်္ချေ ဟူ၍ ကိုးပါးတို့တည်း။ ထိုကိုးပါးတို့တွင် သဗ္ဗဗဒ္ဓအသင်္ချေ၌ ပေါရာဏ ဂေါတမ အစရှိသော ငါးသောင်းသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ သဗ္ဗဖုလ္လအသင်္ချေ၌ ခြောက်သောင်း။ သဗ္ဗရတနအသင်္ချေ၌ ခုနစ်သောင်း။ ဥသဘက္ခန္ဓအသင်္ချေ၌ ရှစ်သောင်း။ မာနိတအသင်္ချေ၌ကိုးသောင်း။ ပဒုမအသင်္ချေ၌ နှစ်သောင်း။ ဥသဘအသင်္ချေ၌ တသောင်း။ ခန္ဓုတ္တမအသင်္ချေ၌ ငါးထောင်။ သဗ္ဗဖာလအသင်္ချေ၌ နှစ်ထောင်သော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ အလုံးစုံကို ပေါင်းသော် ဘုရားပေါင်း သုံးသိန်းရှစ်သောင်းခုနစ်ထောင် ရှိ၏။ နှစ်ရပ် ပေါင်းသော် ငါးသိန်းတသောင်းနှစ်ထောင်တည်း။

အစစ္စာသော ပေါရာဏ ဂေါတမ ဘုရားသခင်၏ လက်ထက်၌ ငါတို့ ဘုရားလောင်းသည် ဓညာဝတီ မည်သော ပြည်၌ သာဂရနရိန္ဒမည်သော မင်းဖြစ်၍ ဘုရားသခင်အား တပည့်သား သံဃာတော်နှင့်တကွ ကျိန်းဝပ်စေခြင်းငှာ နံ့သာကျောင်းဆောက်၍ လှူသည်။ ထိုအခါ "ငါလည်း ဤဂေါတမဘုရားအတူ လူတွင် ထင်ရှား ဘုရားအဖြစ်သို့ ရောက်စေသော" ဟု နှုတ်မြွက်၍ ဘုရား ဆုကို တောင်းသည်။

ထိုဘုရား၏ နောက်တွင် ပေါရာဏ ဒီပင်္ကရာ ဖြစ်တော်မူ၏။ ထိုအခါ ငါတို့ ဘုရားအလောင်း တော်သည် ဘုရား ဘထွေးတော်၏ သမီးဖြစ်သော သန္တသုမိတ္တာမင်းသမီး ဖြစ်တော်မူ၏။ ထိုအခါ ပေါရာဏဒီပင်္ကရာ၏ တပည့်ဖြစ်သော ရဟန်းငယ်တဦးသည် ပြည်ကိုလှည့်၍ ဆီဝတ်ခံပြီးလျှင် ကျောင်းတော်တွင် နေ့တိုင်း မီးပူဇော်လေ့ပြု၏။ တနေ့သ၌ ပြည်တွင် ဆီခံ၍ မရ သောကြောင့် မင်းသမီးနေသော ပြာသာဒ်သို့ တက်လေ၏။ သန္တသုမိတ္တာ မင်းသမီးလည်း အလုပ်အကျွေး ကျွန်မ တယောက်ကို ရဟန်းတော် ဘယ်အလိုငှာ ကြွလာသနည်းဟု မေးစေ၍ ဆီဝတ်ခံကြောင်းကို ကြားသိလျှင် အားရဝမ်းသာစွာ နံ့သာဖြင့် ထုံအပ်သော မုန်ညင်းဆီကို ရွှေခွက်ဖြင့်ထည့်၍ဆောင်ခဲ့ပြီးမှ ရဟန်းငယ်၏ သပိတ်၌ အပြည့်လောင်း၍ ဤသို့လျှောက်၏ "ရဟန်းတော်—ဤဆီကို သခင် အလိုရှိသမျှ ဘုရားကျောင်းတော်၌ မီးပူဇော်ပါလေလော့။ ကျွန်ုပ်စကားကိုလည်း မောင်တော်ဘုရားအား လျှောက်ပါလေ။ အရှင်ဘုရား၏ နှမတော် သန္တ-သုမိတ္တာ မင်းသမီးသည် အရှင်ဘုရားကဲ့သို့ အတူလိုက်၍လည်း ကျင့်ပါသည်။ သိရိသိဒ္ဓတ္ထ အမည် ရှိသော ဤဆီမွှေးကိုလည်း လှူပါသည်။ ဤကောင်းမှုတို့ကြောင့် နောင်သောအခါ မောင်တော် ကဲ့သို့ ဘုရားဖြစ်လိုပါသည်။ ဖြစ်သောအခါလည်း ဤဆီကဲ့သို့ သိရိသိဒ္ဓတ္ထဟူသော အမည်ကို ရလို ပါသည်။ ဘုရားဖြစ်ပါအံ့လော မဖြစ်ပါအံ့လောကို မိန့်တော်မူပါဟု လျှောက်ပါလေ" ဟူ၍ မှာလိုက် ၏။ ရဟန်းငယ်လည်း မင်းသမီး၏ သတင်းစကားကို ဆောင်၍လာခဲ့ပြီးသော် ဘုရားကျောင်းတော် ၌ ဆီမီး ထွန်းမြဲတိုင်းထွန်း၏။ မိမိအလိုရှိသော ဘုရားဆုကိုလည်း ပန်၏။ ထိုအခါ ပေါရာဏ ဒီပင်္ကရာ ဘုရား ဆွမ်းခံ ကြွတော်မူလာသည်နှင့် ရှိခိုးပြီးသော် ဤသို့ နားတော်လျှောက်၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ယနေ့ အကျွန်ုပ် တပါး၌ ဆီဝတ်ခံ၍ မရသောကြောင့် အရှင့် နှမတော် မင်းသမီး၏ ပြာသာဒ်သို့ဝင်ရာ မင်းသမီးသည် များစွာသော နံ့သာဆီတို့ကိုလည်း လှူလိုက်ပါသည် နောင်သောအခါ မောင်တော်ကဲ့သို့ ဘုရားဖြစ်ချင်၍ ပါရမီဖြည့်ပါသည်။ ဘုရား အဖြစ်သို့ ရောက်မည် မရောက်မည်ကို မိန့်တော်မူပါဟု မှာလိုက်ကြောင်းကို လျှောက်၏၊ ထိုအခါ ပေါရာဏ ဒီပင်္ကရာ မြတ်စွာဘုရားလည်း ဤသို့ မိန့်တော်မူ၏ "ချစ်သားရဟန်းငယ်-ပါရမီကို

ပြည့်သဖြင့် မပြည့်စုံသောသူမရှိ။ ပြည့်စုံဘိသည်သာတည်း။ သင်သည် ဆုပတ္တနာ၍ ငါ၏ကျောင်းတော်၌ ဆိမ်းဝတ်ပြုရသော ကောင်းမှုကြောင့် နောင်သောအခါ ငါ၏အမည်ကဲ့သို့ ဒီပင်္ကရာမည်သော ဘုရားဖြစ်လတ္တံ့။ ထိုအခါ ငါ၏နှမတော်ဖြစ်သော သဗ္ဗသုမိတ္တာသည် သုမေဓာရသေ့ဖြစ်၍ သင်၏ မျက်မှောက်၌ ဗျာဒိတ်ရလတ္တံ့''ဟု အဆင့်စကား မိန့်ကြားတော်မူ၏။ ထိုစကားကိုကြားရသောအခါ ရဟန်းငယ်လည်း အလွန် ဝမ်းမြောက်သည်ဖြစ်၍ တနေ့သ၌ မင်းသမီး ပြာသာဒ်သို့သွား၍ အမိန့်တော်ကို ပြန်ကြား၏။ မင်းသမီးလည်း အားရဝမ်းသာလျက် နှံ့သာဆီတို့ကိုတဖန်ကပ်လှူပြန်၍ အကျွန်ုပ်သည် ဤဘဝမှ စုတေလျှင် ယောကျ်ားအဖြစ်ကို ရစေသောဟုပတ္တနာ၏။ ထိုအခါမှစ၍ ကုသိုလ်တရားတို့ကို အားထုတ်လျက် အသက်အတိုင်းနေ၍ စုတေလျှင် နတ်ပြည်၌ နတ်မင်း၏အဖြစ်ကို ရလေ၏။

ဤသို့သော အနိယတဗျာဒိတ်ကို ရသဖြင့်သာလျှင် ဘဝများစွာ ဖြစ်လာခဲ့၍ ရစ်သင်္ချေလွန်သော သာရမဏ္ဍကမ္ဘာ၌ ယခင်ရဟန်းငယ်သည် ဒီပင်္ကရာဘုရားဖြစ်တော်မူ၍ ငါတို့ဘုရားအလောင်းသည် သုမေဓာရသေ့ဖြစ်လာ၍ နိယတဗျာဒိတ်ကို ခံရလေသည်။

ထို့နောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကြာသဖြင့် ငါတို့ ရှင်စော ဂေါတမဘုရား၏ အဖြစ်သို့ရောက်တော်မူသည်။ လေးသင်္ချေတို့၏ အမည်ကား—

သေလော ဘာနသော ဇေယျော စေဝ၊ ရုစိယာတိသင်္ခါရိမေ။
စတ္တာရော ဘေ အသင်္ချေယျာ၊ ဝီတိဝတ္တာတိ ဝုစ္စတိ။

ဟူသော ဂါထာနှင့် အညီ သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဇေယျအသင်္ချေ၊ ရုစိယအသင်္ချေ ဟူ၍ လေးပါးတည်း။ ထိုလေးသင်္ချေတွင်း၌ ပွင့်သော ဘုရားကား တဏှင်္ကရာ။ မေဓင်္ကရာ။ သရဏင်္ကရာ။ ဒီပင်္ကရာ။ ကောဏ္ဍည။ မင်္ဂလ။ သုမန။ ရေဝတ။ သောဘိတ။ အနောမဒဿီ။ ပဒုမ။ နာရဒ ဘုရားအားဖြင့် တကျိပ်နှစ်ဆူတည်း။

ကမ္ဘာတသိန်းထက်၌ ပွင့်သောဘုရားကား—ပဒုမုတ္တရဘုရား။ သုမေဓာ။ သုဇာတာ။ ပိယဒဿီ။ အတ္ထဒဿီ။ ဓမ္မဒဿီ၊ သိဒ္ဓတ္ထ။ တိဿ။ ဖုဿ။ ဝိပဿီ။ သိခီ။ ဝေဿဘူ။ ကကုသန်။ ကောဏာဂုံ။ ကဿပ။ ဂေါတမဘုရားအားဖြင့် တကျိပ်ခြောက်ဆူတည်း။ အလုံးစုံ အရပ်ရပ်ကိုပေါင်းသော်=ငါးသိန်း တသောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူတည်း။ ဤကား သောတတ္တကိနိဒါန်း၊ တထာဂတုပ္ပတ္တိ ကျမ်းတို့၌ လာသော စကားစဉ် အမြွက်တို့တည်း။

ထိုဘုရားတို့ကိုမှတ်၍ ပဏ္ဍာမပြုခြင်းငှာ သီဟိုဠ်ဆရာတို့ ဂါထာဖွဲ့သည်ကား—

ဗုဒ္ဓါ အနုန္နာမရိယာ သုသင်္ချေ။
ဗုဒ္ဓါ အနုန္နာသုဟလာ ဝိသင်္ချေ။
ဗုဒ္ဓါ ရိယာ သေ ပကု လက္ခကပ္ပကေ။
ဝန္ဒာမိ တေ ဇိရနိရက္ကမေ အဟံ။

ဟူ၍ ဖွဲ့သီတော်မူသည်။

ဂါထာကို သရုပ်ပေါ်အောင် မြန်မာပြန်လိုက်ဦးအံ့—

သုသန်ယေ၊ ဘုရားဖြစ်ဟိတ် အောင်ဘိသိက်ကို စိတ်တော်ကြံကာ ပတ္ထနာ၍ ပါရမီပုည ဖြည့်ခဲ့ရသော နန္ဒအသခေ်ျ။ သုနန္ဒအသခေ်ျ။ ပထဝီအသခေ်ျ။ မဏ္ဍအသခေ်ျ။ ဓရဏီအသခေ်ျ။ သာဂရအသခေ်ျ။ ပုဏ္ဍရီကအသခေ်ျ တည်းဟူသော ခုနစ်သင်္ချေတွင်း၌။ အနန္တာမရိယာ၊ ဗြဟ္မဒေဝဘုရားစလျက် မေ၊ ခ၊ ကောင်း၊ ကျိုး၊ ရာ၊ ဂိဘိုး·ဝယ်၊ ဆင့်တိုး သုည တိကနှစ်ထပ် ငါးထပ်ဇယစဉ်ကာချ၍ ရေရတွက်ကိန်း တသိန်းနှစ်သောင်း ငါးထောင်ကုန်သော။ ဗုဒ္ဓါ၊ သုံးလူ့သခင် ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇိံသု၊ ပွင့်တော်မူကုန်ပြီ။ မိသခ်ယေ၊ နှုတ်တော်မြွက်ကာ တောင်းပန်တွာ၍ ပါရမီယုတ်မြတ် ဖြည့်ခဲ့အပ်သော သဗ္ဗဗဒ္ဒ၊ သဗ္ဗဖုလ္လ၊ သဗ္ဗရတန၊ ဘက္ခန္ဓနှင့်၊ မာနိတ·ပဒုမ၊ ဉသဘ·ခန္ဓုတ္တမ၊ သဗ္ဗဖာလ မည်ရတွက်ရေ ကိုးသခေ်ျတွင်း၌။ အနန္တာသုဟာလာ၊ ပေါရာဏသကျ ဂေါတမလျှင် ဒုံစတည်လတ် ပည်းသောသတ်နှင့် အင်္ဂနေဘဒ္ဒါကော် သောင်းစီဖြစ်လျက် ဆင့်သစ်ပည်းဒွ သဟဿကိန်း ပေါင်းရှုထိန်းသော် သုံးသိန်း ရှစ်သောင်း ခုနစ်ထောင်ကုန်သော။ ဗုဒ္ဓါ၊ လေးပါးသစ္စာ ဦးစွာသိမြင် ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇိံသု၊ ပွင့်တော်မူကုန်ပြီ။ ဿေ၊ ကိုယ်နှုတ် စိတ်ပါ ပတ္ထနာ၍ ပါရမီဆယ်ထွေ ဖြည့်ခဲ့ပေသော။ သလေ၊ ဘာသ ဇေယျ ရှစ်ယာ လေးဖြာမည်ရင်း သခေ်ျတွင်း၌။ ရိယာ၊ တဏှင်္ကရာ ဦးစွာပွင့်ထ ပ-နာ-ကျအောင် ရေဆပြည့်သိပ် တကျိပ်နှစ်ဆူကုန်သော။ ဗုဒ္ဓါ၊ ငါးမာရ်ပယ်ရှင်း သုံးလူ့မင်းတို့သည်။ ဥပ္ပဇ္ဇိံသု၊ ပွင့်တော်မူကုန်ပြီ။ လက္ခကပ္ပကော၊ ကမ္ဘာတသိန်းတွင်း၌။ ပကုံ၊ ပဒုမုတ္တရ ဘုရားမှသည် ဂေါတမတိုင်ရောက် ရေခဲ့မြောက်သော် တကျိပ်ခြောက်ဆူကုန်သော။ ဗုဒ္ဓါ၊ သုံးလူ့တန်ဆောင် ငါးမာရ်အောင်တို့သည်။ ဥပ္ပဇ္ဇိံသု၊ ပွင့်တော်မူကုန်ပြီ။ တေ ဇိရနိရက္ကမေ၊ ထိုသုံးစုကိန်း သင်္ချာထိန်းသော် ငါးသိန်း တသောင်း နှစ်ထောင် နှစ်ကျိပ် ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့ကို။ အဟံ၊ သည်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ငါးမည်သေသတ် အစိမက်ဖြင့် ရိုညွတ်ပန်ထွာ ရှိခိုးပါ၏။

အစိတ်အားဖြင့် သိလိုသော် ဤသို့ မှတ်လေဦး–

ငါးထောင်မှန်လှ၊ သမ္ဗုဒ္ဓ၊ နန္ဒသခေ်ျတွင်း။
သုနန္ဒတွင်၊ ကိုးထောင်ရှင်၊ အောင်မြင်မာရ်ငါးသင်း။
ပထဝီထောင်၊ ဆယ်လီဆောင်၊ ဘုန်းခေါင်သကျမင်း။
သခေ်ျမဏ္ဍ၊ သောင်းထောင်မျှ၊ ဇိနမြတ်ရှင်ရင်း။
နှစ်သောင်းပြည့်ညီ၊ ဓရဏီ၊ လောကီလွန်ခဲ့လျှင်း။
သာဂရမှန်၊ သောင်းသုံးပြန်၊ ဘုန်းလျှံနေသို့လင်း။
ပုဏ္ဍရီက၊ သောင်းလေးဆ၊ နရထွတ်မှန်ကင်း။
တသိန်းနှစ်သောင်း၊ ငါးထောင်ဆောင်း၊ စိတ်တောင်းခုနစ်သခေ်ျတွင်း။
ဗဒ္ဒဖုလ္လ၊ ရတန၊ သဗ္ဗယှဉ်လေမင်း။
သောင်းသင်္ချာမှတ်၊ ပည်းသောသတ်၊ သုံးထပ်စဉ်သင့်သွင်း။
ဉသဘဝယ်၊ သောင်းရှစ်သွယ်၊ ပစ်ပယ်ရာဂကင်း။
ကိုးသောင်းတွက်ရေ၊ မင်္ဂဖိုလ်ခြေ၊ သခေ်ျမာနိတွင်း။

သင်္ချေပဒုမ၊ နှစ်သောင်းရ၊ ဇိနစောရန်ခွင်း။
သင်္ချေဥသဘ၊ သောင်းဗုဒ္ဓ၊ ဒုက္ခလွတ်ရှင်းရှင်း။
ခန္တုတ္တမမှာ၊ ငါးထောင်သာ၊ အောင်ချာလူ့ထိပ်နင်း။
နှစ်ထောင်သမ္ဘ၊ ဖာလက၊ ဉာဏထိုးဖောက်ထွင်း။
မေ့ ခ၁့ ကောင်း့ ကျိုး၊ ဒွါဒိ-ကိုး၊ ခင်း့ ပိုး့ မှဲ့ခန့်=တျင်း။
ဂဏန်းသင်္ချာ၊ မာတိကာ၊ စဉ်လာဆယ့်ခြောက်အင်း။
စဆုံးဒွယ၊ သဟဿ၊ သေသသောင်းစီသွင်း။
ငါးမာရ်လွတ်ချွေ၊ ပွင့်တုံလေ၊ သင်္ချေဆယ့်ခြောက်တွင်း။
ငါးသိန်းတသောင်း၊ နှစ်ထောင်ပေါင်း၊ မြတ်လောင်းသုံးလူမင်း။
ဤမျှလောက်ဖြင့် ယခင့်ပုစ္ဆာ၏ ဝိသဇ္ဇနာပြည့်စုံပြီ။
သံ့ ဂုံ့ ပ့ မ၊ ယျ-ဤမှ၊ ကေတိ ံ-သိ့ဝေ။
ဝိ့ ဇက်နဝု၊ တိ့နှင့်-ဖု၊ ဒွေနဝုကပ်တိတေ။
သိဒ့် ဇောနဝ၊ ပိ့ အ့ ဓ၊ ရာ့ဆယ့်ရှစ်မှန်လေ။
သတ္တာသဟာ၊ သု့ သု့ မှတ်၊ သိန်းကပ်မုတ္တာရေ။
တော်-အ့ ပ့ န၁၊ နှစ်သင်္ချာ၊ သော့ပါ=မင့် သု့ ရေ။
သုံးသင်္ချေ-ဉာ၊ တံ့မေ့သ၊ ဒီ့မှလေးသင်္ချေ။
သင်္ချေလေးကွင်း၊ သိန်းကပ်တွင်း၊ သေဌ်နင်းဌာဝိသေ။
ဆယ်ဖြာလက်ဦး၊ ရှိစုံဖူး၊ ညွတ်နူးအာဒရေ။

သင်္ချေနှစ်ဆယ်အတွင်း ပွင့်သောဘုရားပေါင်းပြီး၏။

၁၀၂၀။ ဇရှတ်နံ့ပေ၊ ဆတ်ဆတ်ချေ၊ ရလေမိန်းမ မည်သူနည်း။ (၂၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြုသောအခါ ထိုမင်းတွင် သားမရှိ၊ သမီးတယောက်သာရှိ၏။ နှမတော်၏ သားဖြစ်သော တူလည်း တယောက်ရှိ၏။ ထိုသမီးတော်နှင့် တူတော်တို့သည် ငယ်စဉ်ကပင် ချစ်ကျွမ်းဝင်ခဲ့ရကား အရွယ်ရောက်သောအခါ အလွန်တပ်မက်မောခြင်းရှိကြ၏။ မင်းကြီးမူကား တူတော်၏အလိုငှာ တပါးသောမင်းသမီးကို ဆောက်နှင်းအံ့။ သမီးတော်ကိုကား မင်းတပါးတို့နှင့် ဆက်လက်၍ မိတ်ပြုမည်ဟု အကြံရှိ၏။ ထိုအကြံကို အမတ်တို့နှင့် တိုင်မင်သော် သင့်လျော်ပါသည်ဟု အမတ်တို့ စိတ်ညီကြသောကြောင့် တူကိုလည်းတခြား၊ မင်းသမီးကိုလည်း တခြားနေစေ၏။ ထိုအကြံကို သမီးတော် တူတော်တို့ သိကြသောအခါ ပြင်းစွာသော စိုးရိမ်ခြင်းရှိကြလျက် တနေ့သ၌ မင်းသားသည် နတ်ဝင်မကိုခေါ်၍ ဤသို့ဆို၏။ နတ်

ဝင်မ ငါ၏ဝရီးသမီးကို ငါရအောင် သင်ကြံဆောင်နိုင်အံ့လော။အကယ်၍ ကြံနိုင်ပါမူ အသပြာ တထောင် ငါပေးအံ့ဟု ဆို၏။ထိုအခါ နတ်ဝင်မက အရှင့်သား-ဤအရေးကားမခက်။ အရှင့်သားသည် ဖုတ်ဝင်ယောင်ဆောင်၍ သုသာန်၌ နှစ်ရက်သုံးရက်နေရမည်။ သူတပါးတို့ ဆေးဝါးကုခြင်းငှာ အနားသို့ရောက်လှာသော် မတုန်မလှုပ် စကားမပြန်ပဲ နေရမည်။ မျက်စိကို နားကိုဆေးထည့်ခဲ့သော် မမှန် မစပ်အောင်သာ ပြု၍နေရမည်။ ထိုအခါ ဦးရီးတော်မင်းကြီးသည် သမီးတော်နှင့် တကွလာလတ္တံ့။ ထိုအခါ စပ်မှန်စွာသော ဂရုတ်မှုန့်ကို ပရိသတ်အလယ်သို့ ဖျန်းပက်၍ ခြေဆတ်ကြသဖြင့် အလန့်တကြား ပြေးသောအခါ နှမတော်ကိုယူ၍ ကိစ္စပြီးစေရမည်။ မင်းသမီးကိုလည်း ကျွန်ုပ်ဧကားသွင်းပါမည်ဟု လျှောက်၏။မင်းသားလည်း နတ်ဝင်မ လျှောက်သော အရေးကို နှစ်သက်ရကား လေးငါးရက်ကြာလျှင်ပင် စားမြဲအစာကိုလည်းမစား အိပ်မြဲအချိန်ကိုလည်းမအိပ် သူရူးကဲ့သို့ပြု၍ သုသာန်သို့သွားပြီးလျှင် တခုသောညောင်စောင်းထက်တွင် မှောက်လျက်အိပ်နေလေ၏။ ဆွေမျိုး ကျေးကျွန်တို့သည် အနီးအပါးသို့လာသော် ကြောက်မက်ဖွယ်သာ ပြု၍ ခြိမ်းခြောက်၏။ ထိုအခါ မင်းကြီးလည်း သမားဟူးရားတို့ကိုခေါ်၍ တူတော်ရှိရာသို့ သွား၏။ ထိုအခါ မင်းသမီးလည်း လိုက်ပါရစေဆို၍ လိုက်လေသော် နတ်ဝင်မသည် မင်းသမီးကိုချီ၍ ဆောင်ခဲ့၏။ တူတော်၏အပါး၌ ဝန်းရံကာ ထိုင်နေ၍ ဆေးသမားတို့ကို ကြည့်ရှုစေစဉ် နတ်ဝင်မလည်း မျက်နှာကို ငုံ့ကာကြည့်လတ်သော် မင်းသားလည်း ရုတ်ခြည်းထ၍ ဂရုတ်မှုန့်ကို မှုန်စေ၍ ဆတ်ဆတ်ခါကြလေသော် နတ်ဝင်မသည်လည်း လန့်သောအခြင်းအရာဖြင့် ကျယ်စွာသော အသံကိုဟစ်လျက်ပြေး၏။ နတ်ဝင်မပြေးလျှင် ထက်ဝန်းကျင်သော မိန်းမ ယောကျ်ားအားလုံးပင် ပြေးကြကုန်၏။ မင်းသမီးမူကား နားသွင်းပြီးဖြင့်၍ မပြေး ကျန်ရစ်သည်နှင့် မင်းသားသိမ်းယူ၍ မိမိအိမ်သို့သွားလေ၏။ ထိုအကြောင်းကို နတ်ဝင်မသွား၍ မင်းကြီးအား လျှောက်သောအခါ ဗာရာဏသီ မင်းကြီးကလည်း ငါ့တူနှင့် သမီးသည် ပြကတေ့ပင် စပ်မိချင်လျက် ရှိသည်။ ယခုမှ ခံတွင်းရှိရာ၌ ပျားလာ၍ အံ့သကဲ့သို့ ဖြစ်လေသည်ဟု ဆို၍သာနေရလေ၏။

ကေနိပါတ် အသိလက္ခဏဇာတ်၌ ဂရုတ်မှုန့်ကြောင့် ချေရာတွင် နှာခေါင်းပြတ်သော ပုဏ္ဏားလည်း ဤမင်း၏ ပုဏ္ဏားပင်ဖြစ်သည်။ ။ဂရုတ်မှုန့်ကြောင့် ချေရာတွင် မယားရသည်လည်း ဤမင်း၏ တူပင်ဖြစ်သည်။ ။ထို့ကြောင့်–

တဒေဝေကဿ ကလျာဏံ၊ တဒေဝေကဿ ပါပကံ။
တသ္မာ သဗ္ဗံ န ကလျာဏံ၊ သဗ္ဗံ ဝါပိ န ပါပကံ။ ။

ဟူသောဂါထာဖြင့် တူတော်မင်းသား သီဆိုလေသည်။ ။ဗြာဟ္မဏ၊ ပုဏ္ဏား။ တဒေဝ၊ ထိုချေခြင်းသည်လျှင်။ ဧကဿ၊ တဦးသောသူအား။ ကလျာဏံ၊ ကောင်းသော အကျိုးဖြစ်၏။ တဒေဝ၊ ထိုချေခြင်းသည်လျှင်။ ဧကဿ၊ တဦးသောသူအား။ ပါပကံ၊ မကောင်းကျိုးဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗံ၊ အလုံးစုံသောအမှုသည်။ ကလျာဏံ၊ အကောင်းချည်းသာလည်း မဟုတ်။ သဗ္ဗံဝါပိ၊ အလုံးစုံသောအမှုသည်လည်း။ န ပါပကံ၊ မကောင်းချည်းသာလည်းမဟုတ်။

အဓိပ္ပာယ်အားလျော်စွာ ပညာရှိသောသူတို့ ပြုမူ ကောင်း၏၊ ပညာမဲ့သောသူတို့ပြုမူ မကောင်း ဟူလိုသည်။

၁၀၂၁။ ထိုးသည့်သဝေ၊ ရစ်လိပ်ခွေ၊ ရေးလေ
ကျောက်စာမည်သို့နည်း။ (၂၄)

၁၀၂၂။ ခုနစ်တတွေ၊ ထိပ်တွင်နေ၊ ခေါ်ထွေ
မည်သို့ ဖတ်ပိမ့်နည်း။ (၂၅)

၁၀၂၃။ ငါးခုသေခွေ၊ အောက်ဆွဲလေ၊ ထူးထွေ
မည်သို့ဆိုမည်နည်း။ (၂၆)

ဟူသော အမေးပုစ္ဆာသုံးခု၌ အဖြေဝိသဇ္ဇနာကား....

ဂူကျောင်းဘုရား၊ တည်ထားကျောက်စာ၊ ဖတ်ဖို့ရှာကို၊ လက်ာစီရင်၊ အကျဉ်းဆင်အံ့၊ ချလျှင်တစ်စီး၊ လုံးကြီးနှစ်တင်၊ သုံးလျှင်ဆံခတ်၊ ကက်ရပ်စီးတင်၊ တချောင်းငင်မူ၊ လေးလျှင်အောက်ဆွဲ၊ တတွဲ နှစ်ချောင်း၊ ငင်လိုက်ရှောင်းမူ၊ ငါးဆွဲဟူ၏၊ ခြောက်မူသဝေ၊ သတ်လေသမျှ၊ အောက်ကသတ်ဆွဲ၊ ပင့်မြဲမောက်ချ၊ ရစ်ကယှော်၊ လုံးကြီးတင်မူ၊ ဝဆွဲဟူလော့၊ ဟမူထိုးလစ်၊ နောက်ပစ်လေဟန်၊ နောက်ပစ်ပြန်သော်၊ ဟထိုးခေါ်လော့၊ သင့်လျှော်ကျောက်စာ၊ ရေးထုံးမှာသည်။ ။နောင်လာလူများ ဖတ်ဖို့ထား။

၁၀၂၄။ ပိုးမရှိသေ၊ လှေပျက်လေ၊ လှေရှင်ဘယ်မျှ
လျှော်စိမ့်နည်း။ (၂၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

သူ့လှေတက်ကို၊ ငှားလျက်မကွာ၊ စီးသွားရာ၌၊ ရေမှာမြုပ်ဆုံး၊ တစုန်းသစ်ငုပ်၊ ခလုတ်ထိလျက်၊ ကွဲပျက်တထွေ၊ ပိုးစားလေသော်၊ လှေအဖိုးသာ၊ ပေးစေရာ၏။

၁၀၂၅။ သူ့ ကျွန်နှင့်နေ၊ ကျွန်ခံလေ၊ ကျွန်သေခံသူ
လွတ်လိမ့်နည်း။ (၂၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကိလေသာ့ဝန်၊ ရမ္မက်လွန်၍၊ သူ့ကျွန်မစစ်၊ မိန်းမသစ်ကို၊ ကြင်ချစ်သမူ၊ မယားပြုသော်၊ ထိုသူ့တွက်နေ၊ ကျွန်ခံစေ၍၊ ကျွန်သေသေသော်ခါ၊ လွတ်စေရာ၏။

၁၀၂၆။ သူ့ ကြက်ဝက်သေ၊ သတ်မိချေ၊ ငွေစင်ဘယ်မျှ
လျှော်ထုံးနည်း။ (၂၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကြက်မူတမတ်၊ ဝက်ငါးကျပ်တည့်၊ သတ်သော်လျှော်စေ၊ မဖြစ်ပေမူ၊ ပွားလေအံ့သည်၊ အကြောင်းရည်၍၊ ယင်းသည်တွင်ဘက်၊ လေးဆတက်လော့။

၁၀၂၇။ စည်းမရံပေ၊ နွားစာလေ၊ လျှော်ငွေဘယ်မျှ တပ်မည်နည်း။ (၃၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အကြင်ယောကျ်ား၊ ဧရိးနား၌၊ စပါးလယ်ယာ၊ လုပ်ခင်းတာဝယ်၊ ရံကာစည်းမြိတ်၊ မဆို့ပိတ်၍၊ ဝက်ဆိတ်ကျွဲနွား၊ ချင်းနင်းစားသော်၊ ထွေပြားပစ္စာ၊ မဆိုသာခဲ့၊ မနုဝဏ္ဏနာ လက်ာ၊

၁၀၂၈။ ဟာရအနေ၊ ဆယ့်ခြောက်ထွေ၊ ဒေသနာဟာရ ဘယ်သို့နည်း။ (၃၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....အထက် "အယ်"ကာရန် ပုစ္ဆာနံပါတ် ၁၄-တွင် ဖြေခဲ့ပြီ။

၁၀၂၉။ တေဇောခတ်ခြေ၊ ပျက်တုံလေ၊ သေချိန် မည်သို့ညွှန်မည်နည်း။ (၃၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အထက် "အမ်း"ကာရန်ပုစ္ဆာနံပါတ် ၃၁၃-တွင် ဖြေခဲ့ပြီ။

ပထဝီခတ်ပျက်မူ ပျက်သည့်နေ့က စ၍ ငါးရက်တွင် သေအံ့။
အာပေါခတ်ပျက်မူ လေးရက်တွင်သေအံ့။
တေဇောခတ်ပျက်မူ သုံးရက်တွင်သေအံ့။
ဝါယောခတ်ပျက်မူ နှစ်ရက်တွင် သေအံ့။

၁၀၃၀။ ပူးဆင်စနေ၊ လက်ဝဲခြေ၊ ယွင်းသွေမြွေခဲ မည်သို့နည်း။ (၃၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

အောင်စံပြုတ်သူ၊ အဖိုးသူ၊ ကျော်လှရဲထွတ်၊ အမှတ်။
ဥဒေါင်းညိုပြာ၊ လက်ယာကခဲမြဲ၊ နွေနှင့်၊ ဗုဒ္ဓရက်သောကြာ။
မှတ်ပါရေ့လက်ဝဲ။
သည်ကလွဲမူ၊ ကြမ္မာယူ၊ သေသူဆိုရဲ။

ဤအမြွက်မှုဖြင့် အကျိုးများစွာ မရှိရာသေး၊ အရေးစုံလင်စွာပြမှ ကျမ်းကြည့်ကျိုး နပ်မ[illegible] ဖြစ်လတ်ရကား မြွေခဲကျမ်းအလာကို သိသာရုံ ဆိုလိုက်ဦးအံ့—

လဆန်းတရက်နေ့၌ ယောကျ်ားကို လက်ဝဲကမြေခဲမှု သေအံ့၊ မြေဖိုတည်း။ လက်ယာကခဲမှု မသေ၊ မြေမတည်း။ ၎င်းတရက်နေ့ မိန်းမကို လက်ယာကခဲမှု သေအံ့၊ မြေမတည်း။ လက်ဝဲကခဲမှု မသေ၊ မြေဖိုတည်း။လဆန်းနှစ်ရက်နေ့၌ကား ထိုစကားကို ပြန်သောအားဖြင့်သိအပ်၏။ သုံးရက်၊ ငါးရက်၊ ခုနစ်ရက်၊ ကိုးရက်၊ ဆယ့်တစ်ရက်၊ ဆယ့်သုံးရက်၊ ဆယ့်ငါးရက်တို့၌ လဆန်းတစ်ရက် နည်းတူ ဟောရမည်။

တနင်္ဂနွေနေ့ နံနက်အခါ၌ ခဲမှုကား သေအံ့၊ ဆဗျာပုတ္တာဖြစ်သော မြေပွေးတည်း။ နေလွဲ၌ ခဲမှုကား မသေ၊ ရေမြေပြောက်၏သားတည်း။ ညရီတရော၌ ခဲမှုကား သေအံ့၊ မြေပြဒါး၏ သားတည်း။ သူငယ်အိပ်ဆိတ်၌ ခဲမှုလည်းသေအံ့၊ ငန်းတော်ကျားသားတည်း။

တနင်းလာနေ့ နံနက်ခဲမှု မသေ၊ အဆိပ်မရှိသော မြေ၏သားတည်း။ ပန်းရန်စအခါခဲမှု သေအံ့။ မြေဟောက်တည်း။ မွန်းလွဲခဲမှု မြေပွေး၊ စပါးကြီးသားတည်း။ ညနေချမ်းခဲမှု မသေ၊ မြေပတုတ်သားတည်း။ ည၉ချီးက သူငယ်အိပ်ဆိတ်တိုင်ရုံ အခါခဲမှုကား သေအံ့၊ မြေပွေးတည်း။

အင်္ဂါနေ့ နေမထွက်မီခဲမှု သေအံ့၊ အမိ မြေပွေး၊ အဖမြေဟောက်သားတည်း။ မျက်လဲစင်မှ မွန်းတည့်တိုင်ရုံ အတွင်းခဲမှုကား သေအံ့၊ အမိမြေဟောက်၊ အဖ ဆင်ပစ်မြေ၏ သားတည်း။ မွန်းလွဲက နေဝင်တိုင်အောင် ခဲမှုကား မသေ၊ အမိမြေပွေး၊ အဖ ဦးခေါင်းကြီး၏ သားတည်း။ သူငယ်အိပ်ဆိတ်တွင်ခဲမှု သေအံ့၊ မြေပွေး လည်ဂုတ်တို၏သားတည်း။

သန်လွဲဗုဒ္ဓဟူးနေ့သို့အဝင် ခဲမှု သေအံ့၊ မြေငန်းတည်း။ဗုဒ္ဓဟူးနေ့ ပန်းရန်စအခါကိုခဲမှု မသေ၊ အမိမြေဟောက်၊ အဖမြေစိမ်းခေါင်းကြီးသားတည်း။ သုံးချက်တီးမှ နေဝင်တိုင်အောင်ခဲမှု သေအံ့၊ သူငယ်အိပ်ဆိတ်အတွင်း ခဲမှုလည်း သေအံ့၊မြေပြဒါးသားတည်း။

ကြာသပတေးနေ့သို့ အဝင်၊ သန်းခေါင်ကျော်တွင် ခဲမှုကား သေအံ့၊ နဂါးမျိုးတည်း။ ကြာသပတေးနေ့ နေထွက်က နေဝင်တိုင်ခဲမှုကား သေအံ့၊ ဆင်ပစ်မြေသားတည်း။

သောကြာနေ့သို့ဝင်စ ည၉၌ခဲမှုကား သေအံ့၊ မြေပွေး ဆင်ပစ်မြေသားတည်း။ သောကြာနေ့ နံနက်က နေဝင်ရုံအတွင်း ခဲမှုကား သေအံ့၊ အဖ ဆင်ပစ်မြေ၊ အမိငန်းပုပ်သားတည်း။ သူငယ် အိပ်ဆိတ်ခဲမှု မသေ၊ ရေမြေပြောက်၏သားတည်း။

သန်းခေါင်ကသည် စနေနေ့အဝင် ခဲမှုကား သေအံ့၊ မြေဟောက်သားစစ်တည်း။ မွန်းတည့် အတွင်း ခဲမှုကား သေအံ့၊ မြေဟောက်တည်း။ မွန်းလွဲက သုံးပဟိုရ်တိုင်ရုံခဲမှု မသေ၊ ငန်းတော် ကျားတည်း။ သုံးပဟိုရ်မှ စ၍ ည၉တချက်တီးအတွင်း ခဲမှုကား သေအံ့၊ ငန်းနက်တည်း။ ။ ဤကား ဆေးမကုပဲ သဘောအားဖြင့် သေမည်၊ ရှင်မည်ကိုဟောသော စကားတည်း။ ဆေးကု မှုကား လွတ်သည်ပင်။

တနင်္ဂနွေနေ့ခဲသော် အောင်မဲဖြူမြစ်ကို သောက်စေ၊ ပွတ်စေ။ တနင်းလာနေ့ခဲသော် မိုးနံ့ မြစ်ကို သောက်စေ၊ ပွတ်စေ။ အင်္ဂါနေ့ခဲသော် မောက္ခိတောမြစ်ကို သောက်စေ၊ ပွတ်စေ။ ဗုဒ္ဓဟူးနေ့ခဲသော် မြင်းခေါင်း နွယောင်မြစ်ကို သောက်စေ၊ ပွတ်စေ။ ကြာသပတေးနေ့ခဲသော် သရက်ချိုမြစ်ကို သောက်စေ၊ ပွတ်စေ။ မဟော်ရာ ကြက်ဆူလည်း ကောင်း၏။ သောကြာနေ့ ခဲသော် သစ်တော်မြစ်ကို သောက်စေ၊ ပွတ်စေ။ စနေနေ့ခဲသော် ဥန္နဲမြစ်ကို သောက်စေ၊ ပွတ်စေ။ လွတ်တတ်၏။

တနင်္ဂနွေခဲသောမြွေကား အာနန္ဒာမည်၏။ အဆိပ်ကား ဖမိုးထက် ရှိ၏၊ အရှေ့သို့ မျက်နှာပြု၍ မန္တန်နှင့်ချပေ၊ ကျအံ့။ ချရန်သောမန္တန်ကား။ ။ဥုံ အာနန္ဒာ ဟိလိ ဟိလိ စဲယျ စဲယျ သွားဟ။ ။၃၇-အုပ် မန်း၍ချ။ ကိုက်ရာမှ အဆိပ်ရည်သက်၏။

တနင်္လာနေ့ခဲသောမြွေကား ဇေသုကံမည်၏။ အဆိပ်ကား ပုဆစ်ဦး၌ ရှိ၏။ အနောက်သို့ မျက်နှာပြု၍ချ။ မန္တန်ကား။ ။ဥုံဇေသုကံ ဟိလိ ဟိလိ စဲယျ စဲယျ သွားဟ။ ။၃၇ အုပ်မန်း၍ချ။

အင်္ဂါနေ့ခဲသော မြွေကား၊ တက်သရက်မည်၏။ အဆိပ်ကား လက်ယာနား၌ရှိ၏။ မြောက်သို့ မျက်နှာပြု၍ချ။ မန္တန်ကား။ ။ဥုံတက္ကသံ ဟိလိ ဟိလိ စဲယျ စဲယျ သွားဟ။

ဗုဒ္ဓဟူးနေ့ခဲသော မြွေကား တလုသကံမည်၏။ အဆိပ်ကား နှုတ်ခမ်းထိပ်၌ရှိ၏။ တောင်သို့ မျက်နှာပြု၍ချ။မန္တန်ကား။ ။ဥုံတလုသက် ဟိလိ ဟိလိ စဲယျ စဲယျ သွားဟ။

ကြာသပတေးနေ့ ခဲသော မြွေကား၊ ဝိသကံမည်၏။ အဆိပ်ကား အသည်းဖျား၌ရှိ၏။ မြောက်သို့မျက်နှာပြု၍ချ။ မန္တန်ကား။ ။ဥုံဝိသကံ ဟိလိ ဟိလိ စဲယျ စဲယျ သွားဟ။

သောကြာနေ့ခဲသော မြွေကား။ မဟာပန္နတိမည်၏။ အဆိပ်ကား လက်ဝဲ မျက်စိ၌ နေ၏။ တောင်သို့ မျက်နှာပြု၍ချ။ မန္တန်ကား။ ။ဥုံ မဟာပန္နတိ ဟိလိ ဟိလိ စဲယျ စဲယျ သွားဟ။

စနေနေ့ခဲသော မြွေကား၊ သံသဗဟိမည်၏ အဆိပ်ကား လက်ယာ မျက်စိ၌နေ၏ အရှေ့သို့ မျက်နှာပြု၍ချ။ မန္တန်ကား။ ။ဥုံသံသဗဟိ ဟိလိ ဟိလိ စဲယျ စဲယျ သွားဟ။

ဟူ၍ ၃၇ အုပ် မန်း၍ချ။ အဆိပ်ချ နည်းပြီး၏။

အပင်းချ မန္တန်ကား။ ။ဥုံပိပိ နှင့် အဆိပ်ထက်။ငါ့ အဆိပ်တက်ခဲ့။ သက်လည်းဆရာသက်။ ပျက်လည်းဆရာပျက်။ ဥုံကြောသေး ကြောမ။ ကုန်အောင်တွသည်။ ကျောကမနေ။ ကျောတွင်ပြေသည်။ ပြေလေလော့။ လွန်ထုံးလျှော့သို့ လျှော့လေလော့။ စုန်းပင်း၊ နတ်ပင်း၊ ဆရာပင်းက၊ မကြွင်းသေလေ။ ခြေသို့ရောက်သက်။ ထွက်လည်း ဆရာထွက်။ ပျက်လည်း ဆရာပျက်။ ။ ထိပ်ဆံကိုခွဲပြီးလျှင် ဆံကိုခါ၍ မန်း။ အဆိပ်ကျနေကျ။ ၎င်းဂါထာနှင့် ထုံးကို မန်း၍ ခဲရာ၌ အထက်က သား။ တိုး၍မတက်နိုင်။ တပါးက ခေါ်လာမူ။ ခေါ်လာသူ၏ ထိပ်ဆံကိုခွဲ၍ မန်း။ အကိုက်ခံရသူမှာ တိုး၍မတက်ပြီ။

ငန်းတော်ရေမြွေ အသေကောင်ရလျှင်၊ ၎င်း၏ဝမ်းသို့ နန်းလုံး ကိုင်မြစ်ကို ပြည့်အောင်သွင်း။ အခြောက်လှန်း။ မီးသော်လည်း ကင်၍ ခြောက်စေ။ ခြောက်လျှင် ညက်စွာကြိတ်။ ၎င်းကို နန်းလုံးကြိုင်ရွက် ရေနှင့် ဖျန်း၍ကြိတ်ပြန်။ အတောင့်ပြု၍ထား။ မြွေခဲရဲ့အခြားဆေးမန္တန်တို့ နှင့် မပျောက်နိုင်လျှင်။ ၎င်းဆေးကို တပဲခန့်ဖျော်၍တိုက်။ ဦးခေါင်းငယ်ထိပ်ကစ၍ အဆစ်တိုင်း စုတ်နှင့် ထိုးလေ။ အဆိပ်ရေ ကိုက်ရာမှ စီး၍ ဆင်း၏။ အသက်ကိုမှီလျှင် ချမ်းသာရနေကျဆေးတည်း။

"အ"ကာရန်ပုဒ်စု ၃၃-ပုဒ် အဖြေ ပြီး၏။

(၅) "ဇော့"ကာရန် ပုစ္ဆာ ၁၆-ပုဒ်အဖြေ

၁၀၃၁။ ဘုရားဟောရွှေ့၊တိုဘုန်းဟော့၊မေ့လျော့မယူ ဘယ်ဇာတ်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ငါတို့ ဘုရားအလောင်းတော်သည် ဗြဟ္မဒတ်မင်း ဖြစ်သောအခါ ဒရီမုခမည်သော ပစ္စေက ဗုဒ္ဓါကတရားဟောပြ၍ ဆုံးမပေးသည်ကို ကာမဂုဏ်ဖြင့် ယစ်မူးမေ့လျော့၍ မနာယူပဲ နေဖူးသည်။

အကြောင်းကို ဆိုလိုက်ဦးအံ့—

လွန်လေပြီးသောအခါ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၌၊ မဂဓရာဇ်မင်းကြီးသည် မင်းပြု၏။ထိုအခါ ငါတို့ ဘုရားအလောင်းတော်သည် ထိုမင်း၏ မိဖုရားကြီး သားဖြစ်၍"ဗြဟ္မဒတ္တကုမာရ"ဟု အမည် တွင်၏၊ထိုမင်းသား ဖွားသောနေ့၌ ပုရောဟိတ် ပုဏ္ဏားၐ်မိန်းမတွင်လည်း ရွှေအဆင်းနှင့်တူသော သတို့သားကို ဖွား၏။ ထိုသတို့သားသည် ရှုချင်စဖွယ် တင့်တယ်သော မျက်နှာရှိရကား"ဒရီမုခ" ဟူသောအမည်ကို မှည့်၏။ ထိုမင်းသားနှင့် ပုရောဟိတ် ပုဏ္ဏားသား နှစ်ဦးတို့သည် ပြေးသွား နိုင်သော အရွယ်ကပင် ကစားဖော် ပြု၍ မင်းအိမ်၌သာ အတူနေကြသဖြင့် အချင်းချင်း ချစ် ခင်ကြလျက် တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ မိခင်ဖခင်တို့က တက္ကသိုလ်ပြည်သို့ သွား၍ အတတ် သင်စေဟု စေလိုက်၏။ သူငယ်နှစ်ဦးတို့လည်း မိဘတို့ စေသော အတိုင်းသွား လေ၍ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာ့ထံ၌ အတတ်ကိုသင်သဖြင့် ခုနစ်နှစ်တိုင်လျှင် မင်း သားလည်း ဆင်စီးမြင်းစီးစသော အတတ်မျိုးအပေါင်းကို တတ်၏။ ပုဏ္ဏားသား ဒရီမုခလည်း မိမိအမျိုးနှင့်လျော်သော ဗေဒင်သုံးကျမ်းနှင့်တကွ သဗ္ဗမယအတတ်ကို တတ်၏။

ယင်းသို့ တတ်မြောက်ကြ၍ ဘမိရပ်ထံသို့ ပြန်အံ့သောအခါ အရပ်မြို့ရွာကို သိကျွမ်းအောင် ထိုထိုသော တိုင်းကြီးပြည်ကြီးကို လှည့်လည်၍ ပြန်အံ့ဟု တိုင်ပင်ကြပြီးလျှင် ဆရာအာ ပူဇော်ခဲ့၍ ထိုထိုမြို့ရွာသို့ လှည့်လည်ကာ ပြန်ခဲ့၍ ဗာရာဏသီမြို့သို့ ရောက်သောနေ့၌ တခုသော နိဂုံးဝယ် ထမင်းအလို့ငှါ လှည့်လည်လေသော် တဦးသော သူကြွယ်သည် ပုဏ္ဏားတို့အား နို့ဃနာ ကျွေးသော မင်္ဂလာအခါနှင့် ကြုံ၍ ထိုသူကြွယ်၏အိမ်သို့ ဝင်လေသော်သူကြွယ်လည်း အိမ် တွင်းသို့ ပင့်ဆောင်၍ ဗြဟ္မဒတ္တကုမာရကို ဖြူသောနေရာဖြင့် ခင်း၍ပေး၏။ ဒရီ မုခကိုကား ရဲရဲ နီသော ကမ္ဗလာဖြင့် ခင်း၍ပေး၏။ ထိုအခါ ဒရီမုခလည်း ခင်းသော နေရာ၏ နိမိတ်ကို မြင် လျှင် ယနေ့ကား ငါ့အဆွေ ဗြဟ္မဒတ္တသည် ဤဗာရာဏသီပြည်၌ မင်းအဖြစ်ကို ရလေတော့အံ့။ ငါကား စစ်သူကြီးဖြစ်လတ္တံ့ဟု သိ၏။ ထိုသူ နှစ်ဦးတို့သည် ထမင်းစားပြီးသော် သင့်လျော်သော မင်္ဂလာမန္တန်ကို ရွတ်၍ လှူအပ်သော ဝတ္ထုကို သိမ်းယူပြီးမှ ထိုအိမ်မှ ထွက်လာခဲ့၍ ဗာရာဏသီ ပြည်၏ အနီး မင်းဉယျာဉ်ကြီး၏ အတွင်းဝယ် ခင်းထားသော ကျောက်ဖျာထက်၌ ဗြဟ္မဒတ္တ- ကုမာရသည် ကောင်းစွာ အိပ်စက်လျက်၊ ဒရီမုခသည် ဘုရားအလောင်း၏ ခြေကို ဆုပ်နယ်လျက် နေ၏။

ထိုအခါကား ဗာရာဏသီပြည်၌ မင်းကြီးသေလွန်၍ သင်္ဂြိုဟ်ပြီးသောနောက် ခုနစ်ရက်မြောက် သဖြင့် သားမြေး ဆက်ခံသူ မရှိရကား မဟာ ဇနကဇာတ်၌ကဲ့သို့ ဖုဿရထားလွှတ်၍ မင်း လောင်းရှာသော နေ့နှင့်ကြုံသတည်း။ တင့်တယ်စွာ တန်ဆာ ဆင်အပ်သော ဖုဿရထားလည်း

များစွာသော စည်စောင်းပတ်သာ တူရိယာနှင့် တကွ ဇစ်အင်္ဂါလေးပါး ခြံရံလျက် မြို့မှထွက်၍ ဥယျာဉ်သို့ ရှေးရှုလာပြန်ပြီးလျှင် ထိုဥယျာဉ်ကို လက်ယာရစ် သုံးပတ်လှည့်၍ ဆိုက်၏။ ခြေကို ဆုပ်နယ်၍နေသော ဒရိမုခလည်း ဖုဿရထား လာသည်ကိုမြင်လျှင်၊ ငါ့အရှင်ဖြစ်သော ဤမင်းသားသည် ယနေ့မင်းဖြစ်၍ ငါ့အား ဇစ်သူကြီးအရာကို ပေးလတ္တံ့သည်ကား မချွတ်ပြီ။ အကယ်၍ ငါ ဇစ်သူကြီးဖြစ်မူကား ပြည်ရေးရွာမှုကိုစီရင်ရ၍ များစွာမကောင်းမှု ဖြစ်တော့မည်။ ထိုမကောင်းမှု ရှိကလည်း ဤ လူ့ဘဝကိုမှ ပြန်၍ မရနိုင်လေရာပြီ။ ထို့ကြောင့် အိမ်ရာထောင်သော လူ့ဘောင်၌ နေခြင်းဖြင့် အကျိုးမရှိ၊ ရဟန်းပြု၍ ကောင်းမှုကိုရှာရအောင် ဖုံးကွယ်ရာ၌ နေမှ သင့်မည်ဟု ကြံလျက် ဘုရားလောင်းကိုမသိစေပဲ နေရာမှထ၍ ဥယျာဉ်အစွန်၌ အခေါင်းရှိသောသစ်ပင်တခုတွင် ခိုဝင်၍ နေလေ၏။

ဖုဿရထား၌ ခြံရံလျက် ပါသော မှူးမတ် ပုရောဟိတ်တို့သည်လည်း ကျောက်ဖျာထက်၌ အိပ်သော ဘုရားလောင်းကို မြင်၍ ခြေလက္ခဏာတို့ကို ကြည့်လျှင် ဤအရှင်ကား အလွန်ဘုန်းရှိသော မင်းဟည်း။ ကျွန်းငယ်နှစ်ထောင် အရံရှိသော လေးကျွန်းလုံး၌ မင်းပြုခြင်းငှာ စွမ်းနိုင်ရာ၏။ သို့ရာတွင် တည်ဘုံ့ပါအံ့လော စုံစမ်းဦးအံ့ဟု ကြံ၍ စည်စောင်း တူရိယာတို့ကို တပြိုင်နက် တီးရွတ်စေ၏။ ဘုရားလေ င်းလည်း အိပ်ရာမှ ဖြည်းညှင်းစွာ ထလျက် ကျောက်ဖျာ ထက်ဝယ် ထိုင်နေ၏။ ထိုအခါ ဆရာပုရောဟိတ်သည် ပုဆစ်တုပ်၍ အရှင်မင်းမြတ်....ဗာရာဏသီပြည် ရွှေထီး ရွှေနန်းသည် ခြေရင်းတော်သို့ ဆိုက်ရောက်ပါပြီ။ အရှင့်သားသည် ကြွ၍ မင်းပြုတော်မူပါဟု လျှောက်၏။ ဘုရားလောင်းကလည်း သင်တို့၏မင်းသည် ဘယ်သို့ဖြစ်သနည်း စသည်ဖြင့် အကြောင်းမျိုးစုံကို မေး၍ မင်းကြီး ကံကုန်ကြောင်း နန်းဆက်ဖြစ်သော သားမရှိကြောင်းကို လျှောက်၍ မင်းဆွေ မင်းမျိုးဖြစ်သော သမီးကညာတို့ကို ဆောင်၍ ထိုဥယျာဉ်တွင်ပင် ရာဇ ဘိသိက် သွန်း၍ မင်းမြှောက်လေ၏။ ယင်းသို့ ဘိသိက်သွန်းပြီးလျှင် ထက်ဝန်းကျင်မှ လူများ အပေါင်းတို့သည် ခြံရံလျက် မြို့ကို လက်ယာရစ်လည်၍ မင်းအိမ်တော်သို့ ဝင်ပြီးသော် တရား စီရင်ရာဌာန၌ နေ၍ မှူးမတ်မင်းချင်းတို့အား အသီးအသီး ကြီးစဉ်ငယ်လျှောက် အရာအထူး ဌာနန္တရ၌ ထားပြီးမှ ရွှေနန်းပြာသာဒ်ထက်သို့ တက်လေ၏။ ကချေသည်ဖြစ်သော မင်း မောင်းမ တို့လည်း ခယဖြေဖျော်၍ မွေ့လျော်ဖွယ် ချီးမြှောက်ကြသောကြောင့် မင်း၏ စည်းစိမ်ဖြင့် ယစ်မူး မေ့လျော့ရကား ငယ်စဉ်က ကစားဖက် အတတ်သင်ဖက်ဖြစ်သော ဒရိမုခကို သတိမရပဲ နေလေ၏။

ဒရိမုခလည်း မင်းသည် မြို့တွင်းသို့ ဝင်လေသောအခါ ပုန်းအောင်းရာမှ ထွက်ခဲ့၍ ကျောက်ဖျာ ထက်၌ ထိုင်လေသော် ဖက်ရွက်ရော်တို့ ကြွေကျသည်ကိုမြင်၍ "ဤဖက်ရွက်သည် ပေါက်သစ်စ၌ လှပတင့်တယ် ရှုဖွယ်ရာရှိလှလျက် ရင့်ခြင်းသို့ ကျပြီးသော် ညှိုးရော်ကြွေကျရလေ သကဲ့သို့ ငါ၏ ကိုယ်ခန္ဓာလည်း ငယ်သောအရွယ်က ရှုသာတင့်တယ် စုံမက်ဖွယ်ဖြစ်ပြီးလျှင် ကြီးမင်းအိုရွမ်းလှာ၍ မကြာမီပင် အိုခြင်း, နာခြင်း, သေရခြင်းဖြင့် ပျက်ယွင်းကြွေကျလတ္တံ့သည်သာတည်း" ဟု ခယ, ဝယ အနိစ္စသဘောကို ဆင်ခြင်သဖြင့် မြေပြင်အလုံးကို ပဲ့တင်ထပ်စေလျက် မြတ်သော ပစ္စေက ဗောဓိဉာဏ်သို့ ရောက်လေ၏။ ထိုခဏ၌ လူဝတ်၊ လူဂါး ဆံမုတ်ဆိတ်တို့သည် ကွယ်ပ၍ သပိတ် သင်္ကန်း ရဟန်းပရိက္ခရာနှင့်တကွ အဝါ ခြောက်ဆယ် ပြီးသော မထေရ်ကြီးကဲ့သို့ ဖြစ်၍ ကျောက်ဖျာထက်၌ တည်နေပြီးမှ နံနက်မှမ်းခ်၍ ဘုဉ်းပေးပြီးသော် ကောင်းကင်ခရီးဖြင့် ပျံ၍ ဟိမဝန္တာတော ဂန္ဓမာဒနတောင်ယံဝယ် နန္ဒမူလလိုဏ်၌ သီတင်းသုံးနေလေ၏။

ဘုရားအလောင်းဖြစ်သော ဗြဟ္မဒတ်မင်းသားလည်း တရားသဖြင့် မင်းပြု၏။ ပြည်ရေး ရွာမှု များသောကြောင့်လည်းကောင်း၊ စည်းစိမ် ကြီးမားသောကြောင့်လည်းကောင်း သူငယ်ချင်းဖြစ်သော ဒရီမုခကို မေ့လျော့၍ အနှစ်လေးဆယ်လွန်မှ သတိရလေသဖြင့် အမှုးအမတ် ပုရောဟိတ်တို့ကို ဤသို့ မေး၏။ အချင်းတို့–ဉယျာဉ်၏အတွင်း ကျောက်ဖျာပေါ်ထက် အိပ်စက်၍ နေစဉ် သင်တို့ရထားနှင့် ပင့်ခေါ်လာသောအခါ ငါတယောက်ချင်းသာ တွေ့သလော။ ငါ့အဖော် ဖြစ်သော ဒရီမုခကို မတွေ့ကြသလောဟု မေး၏။ မှူးမတ်တို့ကလည်း အရှင်တပါးတည်းသာ တွေ့မြင်ပါသည်ဟု လျှောက်၏။ မင်းကလည်း ငါတဦးတည်း လာသည်မဟုတ်။ ဖွားဖက် ငယ်ဘော်ဖြစ်သော ဒရီမုခမည်သော သူတဦးပါသည်။ သင်တို့ အောက်မေ့ကြဦးလော့ဟု ဆို၍ အကြင်သူသည် ဤဒရီမုခကို ညွှန်ပြနိုင်သည် ဖြစ်အံ့။ ထိုသူအား ကြီးစွာသော ဆုလာဘ်ကို ငါပေးမည်ဟု များစွာ ဆိုတလျက် အနှစ်ငါးဆယ်မျှ လွန်လေ၏။

ဒရီမုခ ပစ္စေကဗုဒ္ဓါလည်း အနှစ်ငါးဆယ်ကျော်သောအခါ ငါ၏ခင်ပွန်းသည် ငါ့ကို တ,သ,လျှပြီ။ အသက်လည်း ကြီးရင့်ပြီ။ သားသမီး စသည်တို့ဖြင့် ပွားစီးခြင်းသို့ ရောက်လေပြီ။ ငါသွား၍ တရားဟောတော့အံ့ဟု ကြံ၍ ကောင်းကင်ဖြင့် ပျံလေပြီးလျှင် မင်းကြီး ဉယျာဉ်မင်္ဂလာ ကျောက်ဖျာထက်၌ ရွှေဆင်းတုကဲ့သို့ နေတော်မူ၏။ ဉယျာဉ်စောင့်လည်း ပစ္စေကဗုဒ္ဓါကိုမြင်လျှင် အရှင်ဘုရား–အဘယ်အရပ်မှ လာသနည်း၊ အဘယ်အမည် ရှိသနည်းဟု မေးလျှောက်၏။ ငါသည် ဟိမဝန္တာတော နန္ဒမူလလိုဏ်မှ လာသည်။ ငါ၏ အမည်ကား ဒရီမုခမည်သတည်းဟု ဆိုပေသော် အရှင်မြတ်သည် အကျွန်ုပ်တို့ မင်းကို သိပါသလောဟု လျှောက်ပြန်၏။ သင်တို့မင်းကား ငယ်သော အခါက ငါ၏ ခင်ပွန်းတည်းဟု မိန့်ပေ၏။ ဉယျာဉ်မှူးကလည်း အရှင်ဘုရား–အရှင်မြတ်ကို အကျွန်ုပ်တို့မင်းကလည်း အလွန်တောင့်တ၏။ ကြွရောက်လာကြောင်းကို အကျွန်ုပ်လျှောက်ပါ ချေအံ့။ အရှင်မြတ်သည် ဤနေရာ၌ ဆိုင်းလင့်တော်မူပါဟု တောင်းပန်ခဲ့၍ မင်း၏ ထံသို့ အမြန် သွား၍ လျှောက်လေသော် မင်းကြီးလည်း အလွန်အားရ၍ ငါ့ခင်ပွန်းကို ပူဇော်အံ့ဟု ရထား စီးလျက် များစွာသော အခြံအရံနှင့်တကွ ဉယျာဉ်သို့ လာ၍ ပစ္စေကဗုဒ္ဓါအား ရှိခိုးပူဇော်ကာ ပဋိသန္ထာရစကား ပြောဟောနေ၏။

ပစ္စေကဗုဒ္ဓါကလည်း မင်းကြီး–အဂတိလေးပါးသို့ မလိုက်စားပဲ မင်းကျင့်တရားနှင့် ညီစွာ မင်းပြုပါ၏လော။ ဥစ္စာဒဏ် ထားခြင်း၊ လက်နက်ဒဏ် ထားခြင်းဖြင့် သူအပေါင်းတို့အား မညှဉ်းဆဲခြင်း ရှိပါ၏လော။ ဒါန, သီလ စသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုဆည်းပူးပါ၏လော အစရှိသည်ဖြင့် မေးမြန်း ပြောဆိုပြီးမှ မင်းကြီး – ယခုကား အသက်အရွယ်ကြီးပြီ။ ရဟန်းတရားကို ကျင့်၍ တမလွန်ရိက္ခာကို ရှာချိန်သင့်ပြီဟု တရားဟောလို၍ “ပင်္ကော စ ကာမ ပလိပေါ စ ကာမာ” အစရှိသော ဂါထာကို ဆို၏။ ထိုဂါထာ၏ အဓိပ္ပါယ်ကား။ ။ဒါယကာ မင်းကြီး–လူတို့ ဘုံတွင် ခံမင်စွာ ခံစားသော ကာမဂုဏ်မည်သည်ကား ရေ၌ရောက်သော အညစ်အကြေးကို ဆောင်တတ် သော မှော်သေး ရေညှိနှင့်လည်း တူ၏။ ခပ်သိမ်းသော ပြိတ်မြက်ကြာမျိုးတို့၏ ပေါက်ရာဖြစ်သော ညွန်နှင့်လည်း တူ၏။ သတ္တဝါတို့ကို နစ်မွန်းစေခြင်း။ ညစ်ညူးစေခြင်း၊ ပျက်စီးစေခြင်းဟူသော ဘေးသုံးပါးနှင့်ယှဉ်၏။ နေ၊လ၊တာရာတို့၏ အရောင်အဝါကိုလျက်မြေးရှက်တတ်သော တိမ်မြူ မီးခိုး အညစ်တို့နှင့်လည်း တူ၏။ ထို့ကြောင့် [illegible]ကာမဂုဏ်တို့ကို စွန့်ခွါ၍ ဇင်ကြယ်စွာသော အကျင့်နှင့် ယှဉ်ဦးလော့ဟု မိန့်တော်မူ၏။

ထိုစကားကိုကြားသော် မင်းလည်း ကိလေသာတို့မှ မခွာနိုင်သောအဖြစ်ကို လျှောက်လို၍ "ဂမိတော စ ရတ္တော စ အမိမုစ္ဆိတောစ"အစရှိသော ဂါထာကို ဆို၏။ ။အဓိပ္ပာယ်ကား။ အရှင်ဘုရား-ပိန်းကြာပင်မျိုးတို့သည် ရေညွန်နှင့်ကင်း၍ မရှင်နိုင်သကဲ့သို့၊ ကျွန်ုပ်သည်လည်း အဘိဇ္ဈာကာယဂန္ထ ဟူသော ရေဖြင့်ဖွဲ့လျက်၊ ကိလေသာကာမဂုဏ်၊ ဝတ္ထုကာမဂုဏ်တည်း ဟူသော ညွန်၌နစ်၍ ဖြစ်ပွားကြီးကျယ်လာပေသည်။ ကြာပန်းနှင့်တူသော ကာမရသကို ခံစားရသည်ဖြစ်၍ အလွန်မွေလျော်ပေသည်။ ဤ ဘဝတသန္တာန်၌ ပယ်လှန်ခွာရှောင်ခြင်းငှာ မတတ်နိုင်ပြီ။ ဤမင်း၏ အနေဖြင့်သာလျှင် ဒါန, သီလ စသော ကုသိုလ်တရားကို အားထုတ်ပါတော့မည် ဟူလိုသည်။

ပစ္စေကဗုဒ္ဓါလည်း ထပ်ကာဆုံးမလို၍ "ယော အတ္တကာမဿ ဟိတာနုကမ္ပိနော အစရှိသော ဂါထာကိုဆို၏။ ။အဓိပ္ပာယ်ကား။ ဒါယကာမင်းကြီး-အကြင်သူသည် လူတို့ဘုံဝယ် ကာမဂုဏ်၌ ပျော်ပါးခြင်းဟူသော အကျင့်သာလျှင်မြတ်၏ဟု နှလုံးထားလျက် ပညာရှိတို့၏ ဆုံးမစကားကို လိုက်နာ၍ ကောင်းစွာမကျင့်သည်ဖြစ်အံ့။ ထိုသူကား စင်ဖြူကောင်းမြတ်သော နတ်ဗြဟ္မာတို့၏ ဂတိသို့မလားပဲ အမိဝမ်းထဲသို့သာလျှင် အဖန်တလဲလဲ ကပ်တတ်၏။ ဘင်ပုပ်ကျင်း၌ ပျော်ပိုက်သော လောက်ကဲ့သို့ အစာသစ်အစာဟောင်းတို့၏ အလယ်၌ရောက်သော သွေးညှီတံစီး တွင်း၌သာလျှင် ကြာမြင့်စွာ ကိန်းအောင်းလျက် ဖွားထွက်၍လာသော်လည်း များစွာသော ဒုက္ခကို အဖန်တလဲလဲခံရ၏။ ထို့ကြောင့် ဒုက္ခကင်းလွတ်စိမ့်သောငှာ ငင်ကြယ်စွာသော ရဟန်းတို့ တရားကို အားထုတ်၍ ကျင့်ဦးလော့ ဆိုလိုသည်။

ထိုသို့ ဆုံးမပါသော်လည်း ဗာရာဏသီမင်းက ကျွန်ုပ် ဤဘဝ၌ မင်း၏သုခကိုမစွန့်ပစ်နိုင်ချေ။ ဤအနေဖြင့်သာလျှင် ဒါန, သီလ စသောကုသိုလ်ကို အားထုတ်တော့အံ့ဟု ဆို၍ ငြင်းဆန်ကာ နေ၏။ ယင်းသို့ဆုံးမ၍ မရလေလျှင် အရှင်ပစ္စေကဗုဒ္ဓါလည်း ဒါယကာမင်းကြီး-တဖြည်းဖြည်းသာ တွေး၍ တမလွန်အရေးကို ပူလေလော့ဟု ဩဝါဒပေး၍ မိမိနေရာ ဟိမဝန္တာသို့ ပြန်လေ၏။ အလောင်းတော် မင်းကြီးလည်း ထိုအခါမှစ၍ ကာမချမ်းသာ၌ တငတစ အပြစ်ကိုရှုသဖြင့် အသက်ခြောက်ဆယ်ကျော် အရွယ်သို့ ရောက်သောအခါ များစွာသောအပြစ်ကိုမြင်၍ ထက်ဝန်းကျင်သော မင်း မိဖုရား၊ သားတော်၊ သမီးတော်၊ မှူးတော် မတ်တော် အပေါင်းတို့သည် တောင်းပန်ငိုကြွေးကြစဉ်ပင် အလုံးစုံသောပြည်၏ စည်းစိမ်ကိုစွန့်ပစ်၍ ရဟန်းပြုပြီးမှ တောသို့ဝင်၍ ဗြဟ္မစိုရ်တရားကို အားထုတ်သဖြင့် မရှည်မြင့်မီ ဈာန်အဘိညာဏ် သမာပတ်တို့ကိုရ၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားလေ၏။ ။မြတ်စွာဘုရားသည် ဤသို့သော တရားဒေသနာကို ဆောင်တော်မူ၍ သစ္စာလေးပါးကို အဆုံးသတ်ပြီးမှ ဇာတ်ကိုပေါင်းတော်မူ၏။

ဤဇာတ်၌ ငါတို့ဘုရားအလောင်းတော်ဖြစ်သော ဗြဟ္မဒတ်မင်းသည် ဒရိမုခ ပစ္စေကဗုဒ္ဓါ ဟောသော တရားကို ရုတ်ခြည်းမလိုက်နာပဲ ကာမစည်းစိမ်ဖြင့် မေ့လျော့၍သာ ဆယ်နှစ်ကျော် ကြာအောင်နေတော်မူဖူးသည်ဟူ၍ ဆက္ကနိပါတ်၊ ဒရိမုခဇာတ် ကျမ်း၌လာသည်။

၁၀၃၂။ မမြင်မတွေ့၊ လွှန်သိမ်မွေ့၊ ကံမွေ့မဟုတ် အဘယ်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

ဝိညတ္တိဒွယံ စိတ္တဇမေဝ။ သဒ္ဒေါစိတ္တောတုဇော။လဟုတာ ဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

ဟူသော လက်သန်းအဋ္ဌကထာပါဠ်နှင့်အညီ- စိတ်ကြောင့်သာဖြစ်သော ကာယဝိညတ်, ဝစီ-ဝိညတ် တည်းဟူသော ဝိညတ်ရုပ်နှစ်ခု၊ စိတ်ကြောင့်လည်းကောင်း။ ဥတုကြောင့်လည်းကောင်း ဖြစ်သော အသံဟူသော သဒ္ဒရုပ်တခု။ လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟူသော ဝိကာရရုပ်သုံး ဤခြောက်ခုသော ရုပ်တို့သည် မြင်လည်း မမြင်အပ်။ တွေ့လည်း မတွေ့အပ်။ ကံဇွေဖြစ်သည် လည်း မဟုတ်ဟူပေ။

၁၀၃၃။ ကြောင်မိန်ဝက်လေ့၊ သိသာရွေ့၊ စေ့ခေါ်ဆင်မှာ ဘယ့်ကြောင့်နည်း။(၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ကြောင်ကို "မိန်-မိန်"ဟု ခေါ်ခြင်းသည် "ငါးဟဲ့-ငါးဟဲ့"ဟု ဆိုလိုသည်၊ မီနသဒ္ဒါကား ငါးကို ဟောသည်။

ဝက်ကို "လေ့လေ့"ဟု ခေါ်ခြင်းသည် ပျစ်ပျစ်သော ယာဂုတည်းဟူသော လျက်ဖွယ်ကို လျက်တတ်သော သတ္တဝါမျိုးဖြစ်၍ "လေယျ လေယျ၊ လျက်လှည့်-လျက်လှည့်"ဟု ဆိုလိုသည်။

ဆင်ကို "စေ့-စေ့"ဟု ခေါ်ခြင်းသည် ဆန်ကိုအလွန်ကြိုက်သော သတ္တဝါမျိုးဖြစ်၍ "ဆန်စား လှည့်-ဆန်စားလှည့်"ဟု ဆိုလိုသည်၊ စေ့ဝသဒ္ဒါ ဆန်ကိုဟောသည်။

ခွေးကို "အို့-အို့"ဟု ခေါ်ခြင်းသည် ဟပ်မျို၍ စားတတ်သော သတ္တဝါမျိုးဖြစ်၍ "အဝဟရ အဝဟရ၊ မျိုလှည့်-မျိုလှည့်"ဟု ဆိုလိုသည်။ ၊ကြက်ကို "တီ-တီ"ဟု ခေါ်ခြင်းသည် ပိုးမွှား တိရစ္ဆာန်ကို စားတတ်သော သတ္တမျိုးဖြစ်၍ မဂဓဘာသာဖြင့် "တိရစ္ဆာန်-တိရစ္ဆာန်"ဟု ဆိုလိုသည်။ ။တပါးအရာတို့၌လည်း ဤနည်းတူမှတ်လေ။

၁၀၃၄။ ဂူတလုံးတွေ့၊ ပေါင်းယှဉ်၍၊ ခြသေ့်မင်းချင်း နေလိမ့်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မာနေဩပိ အဟံ မာနဝသေန ပဝတ္တနတော ဒိဋ္ဌိသဒိသော၀ ပဝတ္တတီတိ ဒိဋ္ဌိယာ သဟ ကေစိတ္တုပ္ပါဒေန ပဝတ္တတိ။ ကေသရသီဟော ဝိယ အပရေန တထာဝိဓေန သဟကေဂုဟာယံ။

ဟူ၍ ဋီကာကျော်မိန့်သည်ကိုထောက်သဖြင့် ခြသေ့်မင်းချင်း ဂူတလုံးတည်း ပေါင်းယှဉ်၍ မနေဟု သိအပ်၏။

ဒါနက်ကား။ ။မာနေဝပိ၊ မာနတရားသည်လည်း။ အဟံမာနဝသေန၊ ငါဟူသော မာန် ထောင်ခြင်း၏အစွမ်းဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ဒိဋ္ဌိသဒိသော၀၊ ဒိဋ္ဌိနှင့် အလားတူ သည်သာလျှင်။ ပဝတ္တတိ ၊ ၏။ တသ္မာ၊ ထိုကြောင့်။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိနှင့်။ သဟ၊ တကွ။ ဧကစိတ္တုပ္ပါဒေ၊ တခုသောစိတ္တုပ္ပါဒ်၌။ န ပဝတ္တတိ၊ မဖြစ်။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကေသရသီဟော၊ ကေသရာခြသေ့်သည်။ အပရေန၊ တပါးသော။ တထာဝိဓေန၊ ထိုထိုမိမိနှင့် တူသောသဘောရှိသော ခြသေ့်တဦးနှင့်။ သဟ၊ တကွ၊ ဧကဂုဟာယံ၊ တခုတည်းသောလိုဏ်၌။ န ဝသတိ ဝိယ၊ မနေသကဲ့သို့တည်း။

ဒိဋ္ဌိနှင့်မာနသည် တခုသောစိတ္တုပ္ပါဒ်၌ ပြိုင်ယှဉ်၍ မဖြစ်သည်ကို ဥပမာပြု၍ ပြအပ်သော စကားတည်း။ ဤဥပမာဖြင့်ပင် သိသာလှ၏ ဟူပေ။

၁၀၃၅။ ဆယ့်ခုနစ်ရွေး၊ သက်မစေ့၊ စုတေ့သည့်ရုပ် ဘယ်မျှနည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စိတ်နှင့်အတူ ဖြစ်ခြင်း ချုပ်ခြင်း ရှိသည်ဖြစ်၍ စိတ္တာနုပရိဝတ္တိမမှအမည်ရသော ဝိညတ်ဒွေ ဟူပေ။ ။လက္ခဏာရုပ် လေးခုသည် သတ္တရသာယုက မရှိသည်မဟုတ်လော ဟူငြားအံ့။ သတ္တ-ရသာယုက မရှိသည်မှန်၏။ မှန်သော်လည်း ထိုလက္ခဏာရုပ်တို့သည် ဥပါဒ်,ဌီ,ဘင်အားဖြင့် ဖြစ်ခြင်း မရှိ။ တပါးသောရုပ်တို့၏ ဥပါဒ်ကိုသာ။ ဥပစယ, သန္တတိဟူသော အမည်ဖြင့် ဌီကို ဇရတာ ဟူသောအမည်ဖြင့်၊ ဘင်ကို အနိစ္စတာ ဟူသောအမည်ဖြင့် ခေါ် ရလေသောကြောင့် ရုပ်သီးမဟုတ်၍ မရေတွက်ဟူပေ။ ထိုကြောင့်ဋီကာကျော်၌....

> ရူပမ္ဘာနန္တိ ဝိညတ္တိလက္ခဏာရူပဝဇ္ဇာနံ ရူပမ္ဘာနံ။ ဝိညတ္တိဒွယဥ္ဟိ ဧကစိတ္တက္ခဏာယုကံ။ တထာ ဟိ တံ စိတ္တာနုပရိဝတ္တိဓမ္မေသု ဝုတ္တံ။ လက္ခဏာရူပေသု ဇာတိစေဝ အနိစ္စတာစ စိတ္တာဿ ဥပ္ပါဒဘင်္ဂက္ခဏေဟိ သမာနာယုကာ။ဇရတာ ပန ကေ္ခနုပညာသစိတ္တက္ခဏာယုကာ။ ဟူ၍မိန့်ပြီ။

၁၀၃၆။ မင်္ဂဖိုလ်ရ၍၊ မသိမ်မွေ့၊ လက်ဝှေ့သတ်သူ၊ ဘယ့်လောက်နည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မဂ်လေးပါးတွင် တပါးပါးကိုလည်းကောင်း၊ ဖိုလ်လေးပါးတို့တွင် တပါးပါးကိုလည်းကောင်း။ လေးပါးလုံးကိုလည်းကောင်း ရပြီးသူဖြစ်လျက် မသိမ်မွေ့ပဲ လက်ဝှေ့ လက်ပမ်းသတ်သူကို ကျမ်းဂန်၌လာသောအရာကို သတိမမူမိချေ။ သတိရသူတို့ ဖြေပါလေကုန်။

၁၀၃၇။ အရေတော်မြေ့၊ လွန်သိမ်မွေ့၊ ဘုန်းဟော ဘယ်ကောင်းမှုကြောင့်နည်း။ (၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အက္ကောဓနော အဟောသိ အနုပါယာသဗဟုလော အစရှိသော ပါဠိနှင့်အညီ ရှေးရှေးသော ဘဝတို့၌ သူတပါးတို့အား အမျက်စောင်းမာန်နည်းလျက် ပြေပြစ်စွာပြောဆိုလေ့ရှိသည်။ နူးညံ့သိမ်မွေ့သော အခင်းအရုံကို လှူလေ့ရှိသည်။ ထိုကောင်းမှု တို့ကြောင့် သိမ်မွေ့နူးညံ့သော အရေရှိခြင်း ဟူသော သုဝဏ္ဏစ္ဆဝိ၊ သုခုမစ္ဆဝိ လက္ခဏာကို ရတော်မူသည်။ ။ အထက် "ဧ" ကာရန် ပုစ္ဆာနံပါတ် ၉၉၈-တွင်လည်း အဖြေရေးခဲ့ပြီ။

၁၀၃၈။ သွားတော်သိမ်မွေ့၊ လေးဆယ်စေ့၊ ချမ်းမြေ့ ဘယ်ကုသိုလ်ပေနည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပိသုဏာဝါစံ ပဟာယ ပိသုဏာဝါစာ ပဋိဝိရတော ဟောတိ။ ဣတော သုတွာ အမုတြ အက္ခာတာဣမေသံ ဘေဒါယ အမုတြဝါ သုတွာ ဣမေသံ အက္ခာတာ။

အစရှိသည်ဖြင့် ဟောတော်မူသော လက္ခဏာသုတ် ပါဠိနှင့် အညီ ရှေးရှေးသောဘဝတို့၌ ပိသုဏာဝါစာ ဟူသော ဝစီဒုစရိုက်မှ ရှောင်ကြဉ်တော်မူ၍ မညီညွတ်သောသူ နှစ်ယောက်တို့ကို ညီညွတ်အောင်၊ ချစ်ခင်သင့်တင့်အောင် ပြောဆိုခြင်း တည်းဟူသော ကုသိုလ်ကြောင့် လေးဆယ်စေ့သော သွားတော်ရှိခြင်း တည်းဟူသော စတ္တာလီသ သမဒန္တလက္ခဏာကို ရတော်မူသည်။ အထက် ယသတ် "အယ်" ကာရန် ပုစ္ဆာနံပါတ် ၇၅-၌။ လေးချောင်းအစွယ်။ ကိုယ်တော်ဝယ်။ ဘယ်ကောင်းမှုကြောင့် ဖြစ်သနည်း- ဟူသော ပုစ္ဆာကို ဖြေခဲ့ရာဝယ် စွယ်တော်လေးချောင်းသည် မကောင်းသောအသက်မွေးခြင်းဟူသော မိစ္ဆာဇီဝမှကြဉ်ရှောင်၍ သမ္မာအာဇီဝဖြင့် အသက်မွေးတော်မူသော ကုသိုလ်ကြောင့်ရသည် ဟု ပြဆိုခဲ့သည်။ ထိုရှေ့စကားနှင့် နောက်စကားကို စပ်သော် သွားတော်လေးဆယ်ကိုရကြောင်း ကောင်းမှုလည်း တခြား။ စွယ်တော်လေးဆူကို ရကြောင်း ကောင်းမှုလည်း တခြားဖြစ်၍ ကမ္မအားဖြင့်လည်းကောင်း၊ ကမ္မသရိက္ခကအားဖြင့် လည်းကောင်း လက္ခဏာအားဖြင့်လည်းကောင်း လက္ခဏာနိသံသအားဖြင့်လည်းကောင်း ကွဲလွဲလေရကား သွားတော် လေးဆယ်လည်း တခြား၊ စွယ်တော် လေးချောင်းလည်းတခြား ဖြစ်သင့်သည်ဟု အချို့ဆရာတို့မိန့်ဆိုကြ၏။ ထိုစကားသည်မသင့်။ အဘယ်ကြောင့်နည်းဟူမူ-ပိသုဏာဝါစာ ဟူသော ဝစီဒုစရိုက်မှ ကြဉ်ခြင်းလည်း မိစ္ဆာဇီဝတွင် ဝင်ပြီးဖြစ်သောကြောင့် အသီးအခြားသော အကြောင်းမဖြစ်နိုင်။ အကြောင်းမသီးခြားက အကျိုးလည်း မသီးခြားနိုင်။ ထို့ကြောင့်စွယ်တော်နှင့်တကွ သွားတော်လေးဆယ်သာရှိသည်။ ဂုဏ်ထူးဝိသေသ ရှိသည်ကို ပြလို၍သာ စွယ်တော်ကို အသီးထုတ်၍ ဆိုသည်ဟုယူရမည် ပါဠိသာကေကို လိုလျှင် သာသနာ လင်္ကာရစာတမ်းတွင် ယူလေ။

၁၀၃၉။ ကိုယ်တော်ခြသေ့်၊ ထက်ဝက်ရွှေ၊ ကယ်၍တူ၏ ဘယ့်ကြောင့်နည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ခြသေ့်မင်း၏ ရှေ့ထက်ဝက်သော ကိုယ်သည် ပိန်သော နိမ့်သော မတင့်တယ်သော အရာမရှိ။ ရှုချင်စဖွယ် တင့်တယ် ပြည့်ဖြိုး သကဲ့သို့ ဘုရားသခင်၏ ကိုယ်တော် အလုံးသည်လည်း ပိန်လွန်းသော နိမ့်လွန်းသော နေရာမည်သည်မရှိ။ ပြည့်ဖြိုးလှပသည်ဖြစ်၍ ရှုမောစဖွယ် တင့်တယ်သော သီဟပုဗ္ဗဒ္ဓကာယလက္ခဏာကို ရတော်မူခြင်းသည်လည်းကောင်း၊ ပန်းဝတ်ဆံဖြင့် စီမံပြုပြင်သကဲ့သို့ အချိုင့်မထင် ဖြိုးသောရင်တော် ရှိတော်မူခြင်းသည်လည်းကောင်း၊ အန္တရံ သဗ္ဗပီဏလက္ခဏာကို ရတော်မူခြင်းသည်လည်းကောင်း၊ မရိုးစည်ကဲ့သို့ လုံးသော လည်တော်ရှိခြင်းတည်းဟူသော သမဝဋ္ဋက္ခန္ဓလက္ခဏာကို ရတော်မူခြင်းသည်လည်းကောင်း ဤလက္ခဏာသုံးပါးကို ရခြင်းသည် ရှေးရှေးသောဘဝတို့၌ အမျိုးတို့၏ ကျင့်ဝတ်တရားမှ မယုတ်အောင် အားထုတ်၍ ကျင့်တော်မူဖူးသော ကောင်းမှုကြောင့် ရတော်မူသည်။ ။ခြသေ့်မင်း၏ မေးနှင့်တူသော မတို မချွန်းတိဝန်းသော မေးတော်ရှိခြင်း တည်းဟူသော သီဟဟနုလက္ခဏာကို ရခြင်းသည်လည်း သူတပါးတို့အား စဉ်းလဲခြင်း မရှိ ဖြောင့်မတ်သော သဘောဖြင့် သိမ်းပိုက် မွေးမြူခဲ့ဖူးသော ကောင်းမှုကြောင့် ရတော်မူသည်။

၁၀၄၀။ တံခါးပိတ်၍၊ တောထွက်လေ့၊ စေ့မြေ ဘယ်ကိရိယာနည်း။ (၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဒွါရံ ပိဒဟိတွာ နိက္ခမိ ဟူသောပါဌ်၌ ထွက်ခြင်းကိရိယာကား ရှေ့၊ တံခါးပိတ်ခြင်းကိရိယာကား နောက်ဖြစ်သောကြောင့် တွာပစ္စည်းသည် အပရကာလ ကိရိယာအနက်၌ ဖြစ်သည်ဟူ၏။ ဒဏ္ဍော တက္ကစ္စပတတိကား သမာနကာလကိရိယာ။ ဗုဒ္ဓံ ဝန္ဒိတွာ ဝက္ခာမိကား ပုဗ္ဗကာလကိရိယာ။ ပိဝိတွာ ဟောတိ သပ္ပိံ ဗလံ ပါဌ်၌ တွာပစ္စည်းကား ဟေတွတ္ထ ကိရိယာတည်း။ နောက်ကလည်း ဖြေခဲ့ပြီ။

၁၀၄၁။ တသွာရှေ့၊ ဟိတ်နှင့်တွေ့၊ ထူး၍အနက် နေလိမ့်နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တသ္မာနောင်၊ ဟိတ်နှင့်ဆောင်မူ၊ အနက်တူ၊
တသ္မာရှေ့၊ ဟိတ်နှင့်တွေ့၊ ပြား၍အနက်ယူ။ ။နိယံ။

ဋီကာကျော်တို့၌ ဥဒါဟရဏ်ထင်ရှားပြီ။

၁၀၄၂။ ပြေခေါ်တတ်ယွင်း၍၊ ပျက်ခလေ့၊ သေနေ့ဘယ်မျှ ခန့်ပေနည်း။ (၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အထက် နသတ် "အန်" ကာရန်ပုစ္ဆာနံပါတ် ၆၀၃-တွင် ဖြေခဲ့ပြီ။

၁၀၄၃။ နားတော်ပြကတေ့၊မြတ်ဘုန်းဟော့၊"ဘယ်၍ ကြားတော်မူလိမ့်နည်း။ (၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အထက် "အည်" ကာရန် မံသစက္ခု အမေး ပုစ္ဆာကပင် တဝတည်းရေးခဲ့ပြီ။ သိလိုမူ ပုစ္ဆာနံပါတ် ၉၀၀-တွင် ကြည့်လေ။

၁၀၄၄။ လူနှင့်ခြသေ့်၊ အိမ်ထောင်၍၊ ချောမြေ့ရင်သွေး ဘယ်မျှနည်း။ (၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

လာလတိုင်း၊ ဝင်္ဂပြည်ကို အစိုးရသော မင်းကြီးသည် ကာလိင်္ဂမင်းသမီးတော်ကို မိဖုရား မြှောက်၍ မင်းပြုရာတွင် သမီးတော်သုပ္ပတိဒေဝီကို ဖွားမြင်သည်။ ထိုမင်းသမီးဖွားစကပင် ဗေဒင်ဆရာတို့က လက္ခဏာနိမိတ်ကိုကြည့်၍ ဤမိန်းမကား ခြသေ့်နှင့် အိမ်ထောင်သင့်လတ္တံ့ဟု ဟောပြောကြ၏။ မင်းသမီးအရွယ်ရောက်သောအခါ အကျင့်အာစာရမှ မမြတ်သောကြောင့် မိဘတို့သည် စွန့်ပစ်လိုက်၍ တောအုပ်သို့ ရောက်လေသော် ကေသရာခြသေ့်နှင့်တွေ့၍။ ခြသေ့် သည် ကျောက်ကုန်းထက်တင်၍ ဆောင်ပြီးမှ မိမိနေရာကျောက်ဂူ၌ သွင်းထား၍ မယားပြု လေ၏။ ယင်းသို့ ခြသေ့်နှင့် ပေါင်းဖက်ရာတွင် သားတယောက် သမီးတယောက် ရ၏။ သား ကား သီဟဗာဟုမည်၏။ သမီးကား သီဟသီဝလိမည်၏။ ထိုမောင်နှမတို့ အရွယ်ရောက်သော အခါ လူတို့မြို့ရွာသို့ ပြေးလာ၍ ဝင်္ဂပြည်သို့ရောက်လျှင် ဦးရီးတော်က သိမ်းမြန်းမွေးမြူ၍ ကြီးပွားလေသဖြင့် ဦးရီးသေလွန်သောကာလ သီဟဗာဟုသည် မင်းအဖြစ်ကိုရ၍ ခြသေ့်နေသော တောအုပ်၌ သီဟပုရမည်သောမြို့ကိုတည်၍ နှမတော်သီဟသီဝလိကို မိဖုရားပြု၍ နန်းစံသည်တွင် သားတော် ဝိဇယမင်း၊ သုမိတ္တာမင်းတို့ကို ဖွားမြင်သည်။ အကျယ်ကိုလိုသော် မဟာဝင်စာကိုယ် ဋီကာတို့၌ ရှုလေကုန်။

၁၀၄၅။ ဘီလူးနှင့်တွေ့၊ အိမ်ထောင်စေ့၊ ဘုန်းဟော့ ဘယ်မင်းပေတို့နည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...ပုဂံပြည်၌ စလေမင်းခွေးဟူပေ။ အကျယ်ကို အထက်"အည်"ကာရန် ပုစ္ဆာနံပါတ် ၇၃၉-တွင် ဖြေခဲ့ပြီ။

၁၀၄၆။ ကူတို့စီး၍၊ ပါးပုတ်တွေ့၊ ရသေ့ဘယ်မင်း ဆရာနည်း။ (၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဗာရာဏသီမင်းဆရာ ဟူပေ။

အကြောင်းကား။ ။လွန်လေပြီးသောအခါ ငါတို့ဘုရားအလောင်းတော်သည် ဗြာဟ္မဏမဟာသာလအမျိုး၌ဖြစ်၍ အရွယ်ရောက်သောကာလ ရသေ့ရဟန်းပြု၍ ဟိမဝန္တာတော၏ အစ၌ နေသည်တွင် ချဉ်ဆားမှီဝဲအံ့သောငှာ တရံသောအခါ လူတို့ရွာသို့လာသည်တွင် ဗာရာဏသီမင်းတွေ့မြင်၍ ထိုရှင်ရသေ့အား လျှောက်၍၊ တရားနာပြီးမှ အကျွန်ုပ်မြို့၏အနီး၌ သီတင်းသုံးတော်မူပါဟု ပင့်လျှောက်၏။ ရှင်ရသေ့လည်း လူတို့၏အနီးတွင် ငါမနေလိုဆို၍ ခွင့်မပေးလေလျှင် အရှင်ရသေ့အမြဲမနေလိုသော် တရံတခါကြွတော်မူပါဟု ပင့်လိုက်၏။ ရှင်ရသေ့လည်း ကောင်းပြီဟု ဝန်ခံ၍ ပြန်လေ၏။ တရံသောအခါ မြို့သို့လာသည်တွင် ဂင်္ဂါမြစ်၌ ရေရှိသောအခါဖြစ်၍ မကူးနိုင်သောကြောင့် ကူတို့ပို့အံ့သောသူကိုကြည့်သော် ရဟန်းသံဃာတို့၏ ဂုဏ်ကျေးဇူးကို မသိတတ်သော ကူတို့သမားတဦးကိုတွေ့၍၊ ဒါယကာ ဟိုမှာဘက်ကမ်းသို့ ငါ့ကိုပို့ပါဟု ဆို၏။ ကူတို့သမားကလည်း။ အရှင်ရသေ့-အခရလျှင် ပို့အံ့ဟုဆို၏။ ဒါယကာ ပို့သာပို့လော့။ သူတကာ ပေးနိုင်ခဲသောအခကိုငါပေးအံ့ဟု ဆို၏။ ကူတို့သမားကလည်း ယင်းသို့ဖြစ်လျှင် လှေသို့ တက်လော့ဟု ဆို၍ ပို့လေ၏။ ထိုမှာဘက်ကမ်းအနီးသို့ ရောက်သောအခါ ရှင်ရသေ့ပေးရန် အခကို ငါ့အား ပေးလော့ဟု တောင်း၏။ ဒါယကာ ရသေ့ ရဟန်းတို့ကိုလည်းကောင်း သူကြီးမိဘတို့ကိုလည်းကောင်း ဥစ္စာအခမယူပဲပို့ရခြင်းသည် တမလွန်ဘဝ၌ တောင့်တအပ်သော ဆုနှင့် ပြည့်စုံသည်သာဖြစ်၏။ ထို့ကြောင့် ထိုသူကို အခမယူရာ။ တပါးသူတို့ကို ပို့လိုမူကား လှေမစီးမီ အခကို တောင်းရာ၏။ မတောင်းမူ၍ပို့သော် ထိုမှာဘက်ကမ်းသို့ရောက်သောအခါ အခဥစ္စာကို မပေးပဲ ထွက်ပြေးတတ်၏။ ဤဩဝါဒကိုကောင်းစွာ မှတ်လေလော့။ ဤကားအခပင်တည်းဟု ဆို၏။ ထိုစကားကိုကြားသော် ကူတို့သမားသည် အမျက်ထွက်၍ အထူးထူးဆဲရေးပြီးမှ ရသေ့၏ပါးကို ပုတ်ခတ်၍ လှေကို နစ်အောင်ပြုလေ၏။ ဤသို့ မလိမ္မာသော သူမိုက်တို့မည်သည်ကား အသက်ထက်ဆုံး မှတ်သားထိုက်သော ဩဝါဒကိုပေးလျက် အကျိုးရှိသည်မထင်။ မျက်မြင်သုံးဆောင်ရသော စားဖွယ်သောက်ရာ ရွှေငွေဥစ္စာကိုသာ အကျိုးရှိသည်ဟု ထင်မှတ်၍ မပြစ်မှားအပ်သောသူကို ပြစ်မှားဘူးလေသည်ဟု ဟောတော်မူသော အက္ခမဇာတ်ကိုမှီ၍ သိရာ၏ဟူပေ။

"အော့"ကာရန် ပုစ္ဆာ ၁၆-ပုဒ်အဖြေ ပြီး၏။

---

(၃၆) "အေး" ကာရန်ပုစ္ဆာ ၁၆-ပုဒ်အဖြေ

၁၀၄၇။ သစ္စာပွင့်မွေး၊ ညောင်ရိပ်အေး၊ ခက်သေးခက်မ ဘယ့်လောက်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တဿ ခန္ဓော ဒသဟတ္ထော၊ ပဥ္စ သာ ခါ မနောရမာ။
စတုဟတ္ထာ စတုဟတ္ထာ၊ ပဥ္စဖလပဋိမဏ္ဍိတာ။

သတသဿန္တု ပသာခါနံ၊ သာခါနန္တာ သမာပိ စ။
ဝေ အာသိ မဟာဗောဓိ၊ မနောဟရသိရိန္ဒရာ။

ဟူ၍ မဟာဝင်၌လာသည်။

အဓိပ္ပါယ်ကား။ ။အမြစ်တရာတို့ဖြင့် ကောင်းစွာ တည်လတ်သော ဒက္ခိဏသာခါဗောဓိသည် ပင်စည်ဆယ်တောင်မြင့်သည်။ နှလုံးမွေ့လျော်ဖွယ်သော ခက်မ ငါးဖြာတို့သည် လေးတောင် လေးတောင်စီရှိသည်။ အသီးငါးခုတို့ဖြင့် တန်ဆာ ဆင်အပ်သည်။ ခက်သေးတရာရှိသည်။ ၎င်းထက်၌ ဖြာသော ခက်ငယ်လည်း တရာစီရှိသည်။ ပင်မရင်းဖြစ်သော ဗောဓိပင်နှင့် ထပ်တူ ဖြစ်၍ လူနတ် အပေါင်းတို့၏ နှလုံးကိုဆောင်လျက် ရွှေဖျဉ်း၌ တည်လေသည် ဟူ၍ဆိုသည်။ ထိုသို့လာသည်ကို ထောက်၍ မဟာဗောဓိပင်၌ ခက်မကြီးငါးဖြာ၊ ခက်သေးတရာ၊ ခက်ငယ် တထောင်ရှိသည်ဟု သိအပ်၏။ ဤကား ကျမ်းကြီး ကျမ်းခိုင်တို့၌ လာသော စကားတည်း။

မဟာဗောဓိသမိုင်းဟူသော စာငယ်၌ကား ဘုရားပွင့်တော်မူသော ဗောဓိပင်သည် အစောက်အားဖြင့် မြေမှသည် အထက်ခွဆုံးတိုင်အောင် သံတောင်ငါးဆယ်။ ထိုမှသည် အဖျားတိုင်အောင် သံတောင် ငါးဆယ်ရှိသည် ဖြစ်၍ နှစ်ရပ်ပေါင်း သံတောင်တရာရှိသည်။ အရိပ်နေ အချင့်လည်း သံတောင်တရာ ရှိသည်။ပင်စည်လုံးပတ်ကား ဘုရားရှင့်တဆယ့်ရှစ်တောင်။ မဇ္ဈိမသား၏ လေးဆယ့်ငါးတောင်ရှိသည်။ ရှေးရှေးကမူကား ခက်မငါးဖြာ။ ယခုမှာကား ဓမ္မာသောကမင်းကြီး လက်ယာတောင်ကိုင်းကို ယူလေသောကြောင့် ခက်ကြီးလေးခုသာရှိသည်။ထိုမှဖြာသော ခက်ငယ်ပေါင်းကား ငါးသန်း သုံးသိန်း သုံးသောင်း သုံးထောင့် ခုနစ်ခက်ရှိသည်။ ရွက်ချပ်ပေါင်းကား တကုဋေ တသန်း ခြောက်ဆယ့် လေးချပ် ရှိသည်။ သန္တာအဆင်းနှင့် တူသော အညွန့်ပေါင်းကား ကုဋေ တရာရှိသည်။ အရွက်တို့သည် အချို့ကား ညိုသောအရောင်။ အချို့ကား ရွှေသောအရောင်။ အချို့ကား နီသောအရောင်။ ဖြူသောအရောင်။ စိမ်းသောအရောင်အားဖြင့် ငါးမျိုး ပြားကုန်သည်။ ဗောဓိပင်၏ အရှေ့မြောက်ယွန်း တလံကွာတွင် ရွှေပလ္လင်ရှိ၏။ ထိုရွှေပလ္လင်ကား အစောက်တဆယ့် လေးတောင်။ အပြန့်တဆယ့်ခြောက်တောင်ရှိသည်။ ပလ္လင်နှင့် ဗောဓိပင်ကြားဝယ် ဝသုန္ဒရေ ကျောက်ဖြစ်လျက်ရှိသည်။ ဗောဓိပင်ထက်ဝန်းကျင်၌ မာရ်နတ်ရုပ် ဆင်စီးလျက် စစ်သည်ဗိုလ်ပါ အများနှင့်တကွ ကျောက်ဖြစ်လျက်ရှိသည်၊ မာရ်နတ် မင်းသမီး သုံးယောက်တို့လည်း ကျောက်ဖြစ်လျက်ရှိသည် ဟူ၍စာငယ်များတွင် တွေ့ဖူး၏။ အရှင်ဗုဒ္ဓဃောသ သီသော ဂါထာဟူ၍လည်း သင်္ကရိုက်နှင့် သုံးဂါထာရှိ၏။ နှစ်သက်ရာ မှတ်ရလကုန်။

၁၀၄၀။ ဇမ္ဗူမှာဒွေး၊ ရာမှာဇေး၊ နက်လေး ဓိပ္ပါယ်မည်သို့နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဇမ္ဗူဒိပ်ကျွန်းတွင် သုနာပရန္တတိုင်း၊ ဝါဏိဇဂါမရွာ၏အနီး၊သစ္စဗန္ဓတောင်ထိပ်၌ ရသေ့တောင်း ပန်၍ ချခဲ့သော ပါဒစေတီတဆူ။နမ္မဒါမြစ်နား၌ နဂါးတောင်းပန်၍ချခဲ့သော ပါဒစေတီတော်တဆူ။ ဤနှစ်ဆူရှိကြောင်းကို မဇ္ဈိမနိကာယ်၊ ပုဏ္ဏောဝါဒသုတ်၌လာသည်။ ထိုခြေတော်ရာနှစ်ဆူကို အကြောင်းပြု၍ "ဇမ္ဗူမှာဒွေး" ဟု ဆိုသည်။ အရာကား လက်ဝဲခြေတော်ရာချည်းဖြစ်၍ "ရာမှာဇေး"

ဟူ၍ဆိုသည်ဟု ဆရာကျော်တို့မိန့်ကြ၏။ ထို့ကြောင့် မုဒ္ဒဇ-ရအက္ခရာနှင့် 'ရာမှာ'ဟု ရေးသင့်သည်။ ယာမာနတ်ပြည်၌ ပါဒစေတီ ရှိကြောင်းကို ကျမ်းမတွေ့ချေ။ အထက် "အပ်"ကာရန်ပုစ္ဆာနံပါတ် ၅၁၂-တွင်လည်း ဖြေဆိုခဲ့ပြီ။

၁၀၄၉။ သမင်မ မြေး၊ ဘုန်းပျံ့မွေး၊ ပြည်ရေးသုတ်သင်
ဘယ်မင်းနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သမင်မ၏သမီးဖြစ်သော ဘေဒါရီ၏ သား ဒွတ္တဘောင်မင်း ဖြစ်၍ သိရိခေတ္တရာပြည်ကို တည်ထောင်သော ဒွတ္တဘောင်မင်း ဟူပေ။

၁၀၅၀။ ယုန်ချိုလိပ်မွေး၊ ပုစွန်သွေး၊ ခေါ်ရေး
ဘယ်ဥပစာနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဦးချိုရှိသော ကျွဲနွားစသော သတ္တဝါတို့၏ ဦးချိုဟူသောအမည်ကို ဦးချိုမရှိသောယုန်၌ တင်စား၍ ယုန်ချိုဟု ခေါ်ဝေါ်သောကြောင့် ၎င်းကောင်း၊ အမွေးရှိသောခွေးဆိပ်စသော သတ္တဝါတို့၏ အမွေးဟူသောအမည်ကို အမွေးမရှိသောလိပ်၌ တင်စား၍ လိပ်မွေးဟု ခေါ်ဝေါ်ခြင်းကြောင့်လည်းကောင်း သသဝိသာဏံ ဟူသောပုဒ်ကဲ့သို့ တဒ္ဓမ္မူပစာမည်၏။ ပုစွန်သွေးဟူရာ၌ လူစသော သတ္တဝါတို့၏သွေးနှင့်တူသောကြောင့် ပုစွန်အဆီကို သွေးခေါ်သည်ဟုယူလျှင် သီဟမာဏဝေါကဲ့သို့ သဒိသူပစာ ဖြစ်သင့်၏။ တဒ္ဓမ္မူပစာလည်း ယူသင့်၏။

၁၀၅၁။ ကုသကိုရွေး၊ သိကြားပေး၊ နက်လေးပတ္တမြား
ဘယ်မှာနည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အလောင်းတော် ကုသမင်းကြီးအား သိကြားပေးအပ်သောတဆယ့်ခြောက်မြောင့် အကောက်တထောင်ရှိသော ပတ္တမြားလုံးသည် ဝိဒေဟတိုင်းမိဓိလာပြည်ကို အစိုးရသော ဝိဒေဟရာဇ်မင်း၏ လက်သို့ ရောက်သည်ဖြစ်၍ ထိုပတ္တမြားနှင့် ကေဝဋ္ဋပုဏ္ဏားကို လှည့်ပတ်လိုသောကြောင့် မဟောသဓာ သုခမိန်သည် တရားစစ်ဆင်ရာ သဘင်သို့ ဆောင်ယူကြောင်းကို မဟော်ဇာတ်၌လာသည်။ ဤစကားကိုထောက်လျှင် ကုသဇာတ်နှင့် မဟော်ဇာတ်သည် ၎င်းကမ္ဘာတည်း အန္တရကပ် တကပ်တည်း၌ ရှေ့နောက်အားဖြင့် ဖြစ်ကြသည်ဟု မှတ်သင့်၏။ ဤကမ္ဘာ၌ဖြစ်ရသော ၃၅-ဇာတ်တွင်ကားမပါ။ ရှေးကမ္ဘာက ဖြစ်ဟန်ရှိသည်။

၁၀၅၂။ ဇော်သားမွေး၊ မျှင်သေးသေး၊ ဆိုရေးဘယ့်လောက် နုသနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဇမ္ဗူဒီပါ၊ ကျွန်းမျက်နှာ၌၊ များစွာရပ်နေ၊ လူဗိုလ်ခြေ၏၊ ထိပ်ဗွေဦးခေါင်း၊ ဆံတချောင်းကို၊ ဆင့်ပေါင်းစိတ်ဖြာ၊ ဆယ့်ခြောက်မြွာမှ၊ မြောက်မှာကျွန်းသူ၊ လူတို့ဆံနှင့်၊ နှိုင်းစံတူကြ၊ တပင်ရလျက်၊ ထိုကတဖန်၊ ဆယ့်ခြောက်ပြန်မှ၊အလွန်တရာ၊ သိမ်မွေ့စွာသော၊ ရွှေစာမရှိ၊ သားဇော်၏၊ ရင်ဆီအဖျား၊ လက်တီးကြား၌၊ ရောက်ငြားဖွဲ့သေး၊ ထိုအမွေး ဖြင့်–

ဟူ၍ နရသီဟပျို့၌ စပ်ဆိုသည်ကိုမှီ၍ သိရသည်။ ပါဠ်ပါဠိကိုလိုမူ သံယုတ်အဋ္ဌကထာ။ သမ္မောအဋ္ဌကထာတို့၌ယူလေ။

၁၀၅၃။ သုဒ္ဓဋ္ဌရေး၊ခေါက်ရှဲမေး၊ရုပ်သေးဘယ်မျှ ရှိသနည်း။(၇)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ခေါက်ရှဲမေးက၊ ရုပ်သေးအရ၊ သုဒ္ဓဋ္ဌနှင့်၊ နဝကလာပ်၊ သတ္တရည်တွင်၊ ပိုင်းဖြတ်ခြင်း ၄ာ၊ အာကာသဓာတ်၊ ဆယ့်ငါးရပ်လောင်း၊ ချင့်ပေါင်းရှုပ၊ ဒွတ္တိံသမှာ၊ သတ္တရှု ၅၊ တသုံးခုမြောက်၊ ထပ်လှော်က်လက္ခဏာ၊ လေးပါးလာက၊ တရာပြည့်ရှိုး၊လူ့ ထိပ်မိုး။ ။ ဟူသောကဗျာဖြင့် သိရာ၏ဟူပေ။

အဓိပ္ပာယ်ကား။ ။စည်မျက်နှာ စသည််၌ အဋ္ဌကလာပ်ရုပ် ရှစ်ခုရသည်။ ခေါက်ရှဲ အသံဖြစ်လတ်သော် သဒ္ဒနဝကကလာပ်ရသည်။ နှစ်ရပ်ကို ပေါင်းသော် တဆယ့်ခုနစ်ခုဖြစ်၏။ ထိုရုပ်တို့၏ အကြား တဆယ့်ငါးခုသည် အာကာသဓာတ်ဟု ဆိုအပ်သော ပရိစ္ဆေဒရုပ်ဖြစ်၍ နှစ်ခုကိုပေါင်း သော် သုံးဆယ့်နှစ်ပါးရ၏။ ထိုကို လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟူသော ဝိကာရရုပ်သုံးခုနှင့် မြောက်သော် ကိုးဆယ့်ခြောက်ပါးရ၏။ထိုတွင် လက္ခဏာရုပ်လေးခုနှောလျှင် ရုပ်ပေါင်းတရာပြည့်၏ ဟူလိုသည်။

၁၀၅၄။ ဝိဇယရှေး၊သီဟိုဠ်ကျေး၊ စည်းဝေးလူနေ ရှိလိမ့်နည်း။(၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဝိဇယဗာဟုမင်း မတည်ထောင်မီ သီဟိုဠ်ကျွန်း၌ လူနေဖူးသည်မရှိ။ သီဝိယဝတ္ထု၊ ပည်သော ဘီလူးမင်းတို့၏နေရာ မြို့သာရှိ၏ဟူပေ။

၁၀၅၅။ စစ်ခေါင်မြေဝေး၊ချိုလေသေး၊ သည်ဝေး
ဘယ်အနက်ဟောနည်း။(၉)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....
ခရီးရှည်ဝေးခြင်းတည်းဟူသော အဒ္ဓါနဒုရအနက်ကို ဟောသည်။

၁၀၅၆။ မနှော့မှုမှေး၊ပြစ်ခြည်ဝေး၊သည်ဝေး
မှုကား ဘယ်သို့နည်း။(၁၀)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....
မရှိခြင်းဟူသော နတ္ထိကအနက်ကိုဟောသည်။

၁၀၅၇။ သံသရာဝေး၊ယခင်ရှေး၊သည်ဝေး
ထူး၏ဘယ့်နှယ်နည်း။ (၁၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....
ကြာမြင့်ခြင်းဟူသော စိရပ္ပဝတ္တန အနက်ကိုဟောသည်။

၁၀၅၈။ စံပယ်မြှုပ်မွှေး၊စကားသေး၊သည်သေး
ဘယ်အနက်ဟောနည်း။(၁၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....
ငယ်သောအပ္ပကအနက်ကို ဟောသည်။

၁၀၅၉။ ရဲသူသက်ပေး၊ မစုံသေး၊သေးချင်း
ဘယ်သို့ကွဲသနည်း။(၁၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ငဲ့ကွက်တောင့်တခြင်းဟူသော အပေက္ခာအနက်ကို ဟောသည်။

၁၀၆၀။ နေခြည်ရောင်ပြေး၊ စာစပ်ရေး၊နက်လေး
ချိုရိုးမည်သို့နည်း။(၁၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အထက် နသတ်"အန်း" ကာရန်ပုစ္ဆာနံပါတ် ၆၆၆-တွင် ဖြေခဲ့ပြီ။

၁၀၆၁။ ကိုယ်လုံးရှုပ်လေး၊လှဲ့အမွေး၊ခံရေးပြီတ္တာ
ဘယ့်ကြောင့်နည်း။ (၁၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဝက်ထိုးသမား, သားထိုးသမားတို့ ခံရသည်။

၁၀၆၂။ မုသားဆိုရေး၊အပြစ်လေး၊ယှဉ်ထွေး
ဘယ်ဝေဒနာနည်း။(၁၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....မုသာဝါဒေါ တိဝေဒနော-ဟူသောပါဠိနှင့်အညီ ဝေဒနာသုံးပါးဖြစ်၏ ဟူပေ။

"အေး"ကာရန်ပုစ္ဆာ ၁၆-ပုဒ်အဖြေ ပြီး၏

---

(၇၇) "အက်" ကာရန်ပုစ္ဆာ ၁-ပုဒ်အဖြေ

၁၀၆၃။ ငါးကွမ်းစားထွက်၊ခေတ်တော်ခွက်၊လက်လက်
ဘယ်ရွှေရောင်တို့နည်း။(၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဓသဗလသာ ခေတုယော သုဝဏ္ဏစကေ်ာဠကေ ပက္ခိပိတ္ဒာ။

ဟူ၍ နလာဋဓာတုဝင် စသည်တို့၌လာသည်။ ရွှေဆယ်မျိုးတို့တွင် မည်သည့်ရွှေဖြင့် ပန်းတောင်းပြုလုပ်သည်၊ ခွက်ပြုလုပ်သည်ဟု ကျမ်းဂန်မလာချေ။

ရွှေမျိုးတို့၏ ပြားဟန်ကို ကျမ်းဂန်လာတိုင်း ပြလိုက်ဦးအံ့— ရွှေသည် လူတို့ သုံးဆောင်အပ်သော မနုဿဘောဂရွှေ, နတ်တို့သုံးဆောင်အပ်သော ဒိဗ္ဗဘောဂရွှေအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မနုဿဘောဂရွှေသည်လည်း ယုတ္တိကရွှေ၊ ဒသဝိဒ္ဓရွှေ၊ အကရုပ္ပန္နရွှေ၊ စာမိကရရွှေဟူ၍ လေးပါးအပြားရှိ၏။ ဒိဗ္ဗဘောဂ ရွှေသည်လည်း သာတကုမ္ဘမည်သောရွှေ၊ ဇမ္ဗုနဒမည်သောရွှေ၊ သိင်္ဂီရွှေဟူ၍ သုံးပါးအပြားရှိ၏။ ထိုခုနစ်ပါးတို့တွင် ကြေးနီ သံ စသည်တို့ဖြင့် ရော၍ပြုအပ်သော ရွှေသည် ယုတ္တိကရွှေမည်၏။ ထိုယုတ္တိကရွှေထက် ဒသဝိဒ္ဓရွှေသည် မြတ်၏။ ဤကား ဖိုဝ၌ ဆယ်ကြိမ် ဆယ်ဖန်လှော်အပ် ဦးအပ်သောရွှေတည်း။ ယခု လူတို့ကား ဆယ်မှုးရေရွှေဟု ခေါ်ကြ၏။ ထိုဒသဝိဒ္ဓရွှေထက် အကရုပ္ပန္နရွှေသည် မြတ်၏။ ဤရွှေကား အလိုလို မပြုပြင်ပဲ မြေမှလည်းကောင်း၊ ကျောက်မှလည်းကောင်း ဖြစ်သော ရွှေတည်း။ ထိုရွှေထက် စာမိကရမည်သော ရွှေသည်မြတ်၏။ ဤရွှေကား စာမိမည်သော သစ်ပွင့်ကို မီးဖြင့်ချက်၍ ပြုအပ်သောရွှေတည်း။ စာမိမည်သော ပန်းပွင့်မှ အလိုလို ဖြစ်သောရွှေဟူ၍ အဘိဓာန်ဋီကာ၌ဆိုသည်။ ။ထိုစာမိကရရွှေထက် သာတကုမ္ဘ မည်သော ရွှေသည် မွန်မြတ်၏။ ဤရွှေကား ကျောက်ညွန်မှ ဖြစ်သော ပဒုမာကြာ၏ အဆင်းနှင့်တူသော အဆင်းရှိသော ရွှေတည်း။ ထိုရွှေထက် ဇမ္ဗုနဒမည်သောရွှေသည် မွန်မြတ်၏။ ဤရွှေကား ကျွန်းဦးဇမ္ဗုသပြေပင်၏ ခက်မတို့၏ အောက်၌ စီးသွားသော မြစ်တို့၏ ဆင်ခေါင်းပမာဏ

အိုးစရည်းပမာဏရှိကုန်သော ဇမ္ဗူ သပြေသီးတို့ ကြွေကျသဖြင့် ထိုအစေ့တို့မှ ဖြစ်သော ရွှေတည်း။ထိုဇမ္ဗုနဒရွှေထက် သိင်္ဂီမည်သောရွှေသည် မွန်မြတ်၏၊ ဤရွှေကား နွားချိုနှင့်တူစွာ မြေမှပေါက်လာသော ရွှေတည်း။ အရောင်ကား မီးကျီးအလျှံကဲ့သို့ ရှိ၏။ ထို့ကြောင့် တိကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ မဟာဝဂ်၊ ဝိသာခုပေါသထသုတ် အဖွင့်၌ "သိင်္ဂီသုဝဏ္ဏန္တိ ဂေါသိင်္ဂသဒိသံ ဟုတ္ဝာ ဥပ္ပန္နတ္တာ ဧဝံ နာမကံ သုဝဏ္ဏံ"ဟူ၍ မိန့်၏။ ။အဘိဓာန်ဋီကာ၌ကား။ငါးကြင်းသဏ္ဌာန်ကဲ့သို့ ရေထဲမြေထဲ၌ ဖြစ်သောရွှေသည် သိင်္ဂီရွှေမည်၏ ဟူ၍ဆိုသည်။ ။အမရကောသကျမ်း။ ရတနကောသကျမ်းတို့၌ကား လူတို့လက်ကောက် လက်စွပ် ပုတီး နားတောင်း ပြုလုပ်သော ရွှေသည် သိင်္ဂနိက်ရွှေမည်၏ ဟူ၍ဆိုသည်။ ထိုသိင်္ဂီရွှေသည် ခပ်သိမ်းသော ရွှေမျိုးတို့ထက် မွန်မြတ်၏။ ဘုရားသခင်၏ အဆင်းတော်သည် သိင်္ဂီရွှေနှင့်တူ၏ ဟူ၍ ဝိမာနဝတ္ထုအဋ္ဌကထာ၊ တေရသကဏ္ဍဋီကာတို့၌ ဆို၏။ ဇမ္ဗုနဒရွှေသည် ဇမ္ဗုသပြေသီးစေ့မှ ဖြစ်၏ဟုဆိုရာ၌ ထိုအစေ့ပင် ရွှေဖြစ်သည်မဟုတ်။ အသီးကြွေကျရာအရပ်၌ အစေ့တို့မှ ရွှေညှောက် ရွှေညွန့်တို့သည် ပေါက်လာ၍ ဖြစ်သည်ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာ သခေါ်ရုပ္ပတ္တိသုတ် အဖွင့်၌ဆိုသည်။

ထိုမှတပါးလည်း ကဉ္စနရွှေ၊ ဇာတရူပရွှေ၊ ဟာဋကရွှေ၊ ဝါလိကရွှေ၊နိက္ခရွှေ အစရှိသော ဝေါဟာရအားဖြင့် များသော အပြားရှိ၏။ ထိုအပြားတို့တွင် တောင်ထွတ် တောင်အတွင်းတို့၌ ဖြစ်သော ရွှေသည် ကဉ္စနရွှေမည်၏။ အဘယ်တောင်၌ဖြစ်သနည်း ဟူမူကား ဟိမဝန္တာတော သုဒဿနမည်သော တောင်ထွတ်၌ အစုံ့ အစုံ့ တက်သောအားဖြင့် ရွှေတို့သည် များစွာဖြစ်ကုန်၏။ဝေပုလ္လတောင်၊ကဉ္စနဂိရိတောင်တို့၌လည်း ဖြစ်ကုန်၏။ထိုကဉ္စနရွှေသည် ထွန်းပသောအရောင်ရှိသောကြောင့် ကနကရွှေဟူ၍လည်း ခေါ်ကုန်၏။ ထိုရွှေကိုကား များသောအားဖြင့် နတ်တို့ သုံးဆောင်ကြ၏။ မြေမှုလည်းကောင်း၊ ကျောက်မှလည်းကောင်း ဖြစ်သော ရွှေကို အကြိမ် များစွာ လှော်၍ပြုအပ်သော အလွန်ဝါရွှေသော အဆင်းဖြင့် တင့်တယ်သောရွှေသည် ဇာတရူပရွှေမည်၏။ ထိုရွှေသည် ဘုရားသခင်၏ အဆင်းတော်နှင့် တူသောကြောင့် သတ္ထုဝဏ္ဏရွှေလည်းခေါ်ကုန်၏။ ပိုးရွှခြပုန်းတို့သည် ဆောင်အပ်သော မြေမှုန့်တို့ကိုကြည့်၍ရအပ်သော ရွှေသည် ဟာဋကရွှေမည်၏။ ချောင်းမြောင်းမြစ်ကမ်း သဲသောင်တို့၌ ဖြစ်သောရွှေသည် ဝါလိကရွှေမည်၏။ ထိုရွှေကား လှော်တိုင်းဦးတိုင်း အရောင်ထွက်၏။ တနိက္ခပမာဏရှိသော ရွှေဖြင့် ပြုအပ်သော ရွှေသည် နိက္ခရွှေမည်၏။ ထို့ကြောင့် တိကနိပါတ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌—

ကဉ္စနန္တိ ပဗ္ဗတေယျံ၊ ပဗ္ဗတေ ဇာတသုဝဏ္ဏံ။ ဇာတရူပန္တိ သတ္ထုဝဏ္ဏသုဝဏ္ဏံ။ ဟာဋကန္တိ ကိပိလ္လိကာဟိ နီဟရသုဝဏ္ဏံ။ နိက္ခန္တိ အတိရေကပဉ္စသုဝဏ္ဏေန ကတပိလန္ဓနံ။

ဟူ၍ မိန့်အပ်၏။

တနည်းလည်း။ ။နီဖလံ၊နာရဏီ၊နာရဝေါ၊နာလိကာ၊နာလမုတ္တာ၊အဇ္ဇုန၊အဇ္ဇုနီမုတ္တ၊အဇဋ္ဌဝနီ၊ ဇာတရူပ၊ဥရနိတာ၊သိင်္ဂီနိက္ခ၊ ဇမ္ဗူရာဇ် ဟူ၍ ရွှေမျိုး တဆယ့်နှစ်ပါးရှိသည်။ ထိုတဆယ့်နှစ်ပါးတို့တွင် ကြေး သံ၊ အငန် အဖန်စင်သော နီဖလံရွှေအကျပ် ရှစ်ဆယ်ကို ခြောက်ဆယ်တင်အောင် လှော်မူ နာရဏီဖြစ်၏။ထိုနာရဏီ ခြောက်ဆယ်ကို လေးဆယ့်ငါးကျပ်တင်အောင် လှော်မူ နာရဝေါဖြစ်၏၊ ၎င်း နာရဝေါရွှေ လေးဆယ့်ငါးကျပ်ကို သုံးဆယ့်သုံးကျပ် ခုနစ်မူး တပဲ တင်အောင် လှော်မူ နာလိကာဖြစ်၏။ ထိုနာလိကာ သုံးဆယ့်သုံးကျပ် ခုနစ်မူး တပဲကို နှစ်ဆယ့်ငါးကျပ် သုံးမူး နှစ်ရွေးတင်အောင်လှော်မူ နာလမုတ္တာဖြစ်၏။ ထိုနာလမုတ္တာရွှေ နှစ်ဆယ့်ငါးကျပ် သုံးမူး

နှစ်ရွေးကို တဆယ့်ကိုးကျပ် နှစ်ရွေးတင်အောင်လျော့မှု အဥ္စနရွှေဖြစ်၏။ ထိုအဥ္စနရွှေ တဆယ့်ကိုးကျပ် နှစ်ရွေးကို တဆယ့်လေးကျပ် နှစ်မူး တပဲတင်အောင် လျော့မှု အဥ္စနီမုတ္တရွှေဖြစ်၏။ ထိုအဥ္စနီမုတ္တရွှေ တဆယ့်လေးကျပ် နှစ်မူးတပဲကို တဆယ့်ခြောက်မူး တပဲ လေးရွေး တင်အောင် လျော့မှု အဇဋ္ဌဝနီဖြစ်၏။ ထိုအဇဋ္ဌဝနီရွှေ တဆယ့်ခြောက်မူး တပဲ လေးရွေးကို ရှစ်ကျပ် တရွေး တင်အောင် လျော့မှု ဇာတရူပရွှေဖြစ်၏။ ထိုဇာတရူပရွှေ ရှစ်ကျပ်တရွေးကို ခြောက်ကျပ် တင်အောင် လျော့မှု ဥဂနိတာရွှေဖြစ်၏။ ထိုဥဂနိတာရွှေ ခြောက်ကျပ်ကို လေးကျပ်နှစ်မတ်တင်အောင် လျော့မှု သိင်္ဂီနိက်ရွှေဖြစ်၏။ ထိုသိင်္ဂီနိက်ရွှေ လေးကျပ် နှစ်မတ်ကို သုံးကျပ် သုံးမူး တပဲ လေးရွေး တင်အောင်လျော့မှု ဇမ္ဗူရာင်ရွှေဖြစ်၏။ ဤကား လူတို့ ပယောဂဖြစ်သော ရွှေမျိုးတည်း။ ဤရွှေမျိုးတို့တွင် ဘုရားသခင်၏ အဆင်းတော်သည် ဇာတရူပရွှေနှင့်တူသည်ဟူ၍လည်းကောင်း၊ သိင်္ဂီနိက်ရွှေနှင့် တူသည်ဟူ၍လည်းကောင်း ကျမ်းဆရာတို့ ဆိုကုန်သည်။

၁၀၆၄။ မြို့ကြီးတည်လျက်၊ သုံးကျွန်းထက်၊ ရေတွက်မြို့ပေါင်းဘယ်မျှနည်း (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဇမ္ဗူဒိပ်ကျွန်းကဲ့သို့ အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်းတို့၌ မြို့ပေါင်း မည်မျှ ရှိသည်ဟု ကျမ်းဂန်မလာ။

၁၀၆၅။ ကျွန်းသုံးကျွန်းထက်၊ တည်ကြလျက်၊ ကျေးလက်ခရိုင် ဘယ်မျှနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ကျမ်းဂန်မလာ။

"အက်" ကာရန်ပုစ္ဆာ ၃ ပုဒ်အဖြေပြီး၏။

---

(၃၈) "အောက်" ကာရန်ပုစ္ဆာ ၃ ပုဒ် အဖြေ

၁၀၆၆။ သုဘာကိစ္စအောက်၊ ရေတောင်ပေါက်၊ ရေထောက်ကမ္ဘာ ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....

မီးဖျက်သောကမ္ဘာ၌လည်းကောင်း၊ သေဖျက်သော ကမ္ဘာ၌လည်းကောင်း၊ ကမ္ဘာ တဖန်တည်ပြန်လိုလတ်သော် မိုးကြီးသည်းထန်စွာရွာ၍ သုဘာကိစ္စဘုံတိုင်အောင် ရေပြည့်လျက် တည်ပြီးမှ တရွေ့တရွေ့လျော့ကျ၍ ဗြဟ္မာ့ဘုံ၊ နတ်ဘုံ၊ လူ့ဘုံတို့ အစဉ်အတိုင်း ပေါ်လေသည်။ ရေဖျက်သော ကမ္ဘာ၌ကား သံဝဋ္ဋကပ်မှ စ၍ ဖျက်သောရေပင် မြင့်ရှည်စွာတည်ပြီးမှ ဇာရွေ့ တရွေ့လျော့ကျ၍ ဗြဟ္မာ့ဘုံ- နတ်ဘုံ၊ လူ့ဘုံတို့ ပေါ်ကြကုန်သည်။ ထို့ကြောင့် ရေ၏ကြီးခြင်းသည် ဘယ်ကမ္ဘာမျှ မလပ်ဟု ဆိုအပ်၏။

၁၀၆၇။ ပုလဲရောင်ပေါက်၊ ခတ်တော်တောက်၊ အံ့လောက် ဘယ်ပုလဲသို့နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

တိမ်တိုက်မှဖြစ်သော ဝလာဟကမည်သော ပုလဲ၏အရောင်ကဲ့သို့ ခတ်တော်ရောင်တောက်၏ ဟူပေ။ ။ဘယ်ကိုထောက်၍ သိသနည်းဟူငြားအံ့ - "မုတ္တိကာပဘာတိ ဝလာဟကဇာတပဘာ" ဟု ခတုဝင်ဋီကာတို့၌ ဖွင့်သောကြောင့် သိသည်ဟူပေ။

၁၀၆၈။ ပုလဲအတောက်၊ ရှစ်ပါးလောက်၊ မြားမြောက် မည်သည်မည်သည်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အထက်"အဲ"ကာရန် ပုစ္ဆာနံပါတ်-၁၉၈-၁၉၉-၂၀၀တို့တွင် ဝေဖန်၍ ပြခဲ့ပြီ။

"အောက်"ကာရန် ပုစ္ဆာ ၃-ပုဒ်အဖြေပြီး၏။

---

(၃၉) "အိုက်"ကာရန် ပုစ္ဆာ ၃-ပုဒ် အဖြေ

၁၀၆၉။ စကြဝဠာတိုက်၊ တပါး၌၊ ရောင်မြိုက်စေတီ တည်လိမ့်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

စတ္တာလီသသမာဒန္တာ၊ ကေသာ လောမာ စ သဗ္ဗသော။
ဒေဝါ ဟရိံသု ဧကေကံ၊ စက္ကဝါဠပရမ္ပရာ။

စတ္တာလီသသမာဒန္တာ၊ အမျှလေးဆယ်သောသွားတော်တို့ကိုလည်းကောင်း။ သဗ္ဗသော၊ အလုံးစုံကုန်သော။ ကေသာ စ၊ ဆံတော်တို့ကိုလည်းကောင်း။ လောမာ စ၊ အမွေးတော်တို့ကိုလည်းကောင်း။ ဒေဝါ၊ နတ်တို့သည်။ ဧကေကံ၊ တချောင်း တချောင်းစီ။ စက္ကဝါဠပရမ္ပရာ၊ စကြဝဠာအဆက်ဆက်တို့သို့။ ဟရိံသု၊ ဆောင်လေကုန်၏။

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်၌ သွားတော်၊ ဆံတော်၊ အမွေးတော်တို့ကို နတ်တို့သည် တပါးသော စကြဝဠာတိုက်သို့ ဆောင်၍ ကိုးကွယ်ကြောင်းကိုသာ လာသည်။ စေတီတည်ကြောင်းကို မလာ။ ထူပဝင်၊ နလာဋဓာတုဝင်စသည်တို့၌လည်း ဤနည်းတူသာ ဆိုကုန်သည်။ စေတီတည်ကြောင်းကို မဆိုချေ။

၁၀၇၀။ မြင်းမိုရ်တောင်၌၊ တွက်ခန့်လိုက်၊ ရထိုက်မူယယ် ဘယ်မျှနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

တွက်နည်း တွက်ပုံကိုကား ပြဆိုနိုင်၏။ ရသော ဂဏန်းပေါင်းကို ခေါ်ဝေါ်ခြင်းငှါကား မတတ်နိုင်ရာ။ ဘယ့်ကြောင့်နည်းဟူမူ ကော်တလုံးနှင့် သုည ၁၄၀-လျှင် အသင်္ချေဖြစ်သည်။ ဤအသင်္ချေမျှကိုသာ ရေတွက်နည်းရှိသည်။ ထိုထက်လွန်၍ ဂဏန်းများမူ ရေတွက်နည်းမရှိလေသောကြောင့်တည်း။မြင်းမိုရ်တောင်၌ မူတွက်နည်းကိုလည်း ရှေးက ပြဆိုခဲ့ပြီ။

၁၀၇၁။ နဂါးသိမ်းပိုက်၊ စွယ်တော်၌၊ ရောင်မြိုက်စေတီ တည်လိမ့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

လက်ယာအောက် စွယ်တော်ကို ဒေါဏပုဏ္ဏားဝှက်ထားရာ ဇေယျသေန နဂါးမင်းယူ၍ ရတနာစေတီ တည်ပြီးလျှင် ထည့်သွင်းဌာပနာ၍ ကိုးကွယ်သည်ဟု ထူပဝင်တို့၌ ဆိုသောကြောင့် စေတီတည်သည်ဟူပေ။ "အိုက်"ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေပြီး၏။

---

(၄၀) "အင်" ကာရန်ပုစ္ဆာ ၅-ပုဒ် အဖြေ

၁၀၇၂။ ဘုရားသခင်၊ အပ်တော်လျှင်၊ ဘယ်တွင် ဘယ်သူလှူသနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ရဟန်း ပြုတော်မူသောအခါ ဃဋိကာရဗြဟ္မာ ကပ်လှူလာသော ပရိက္ခရာရှစ်ပါးတွင် အပ်ပါလာသည်ဖြစ်၍ ဃဋိကာရဗြဟ္မာ လှူသည်ဟူပေ။

၁၀၇၃။ အပ်ကျည်နှင့်ပင်၊ တို့ချစ်ရှင်၊ အပ်လျှင် ဆောင် တို့ လေလိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဝါသိသူစိဃရဋ္ဌာပိ ဣန္ဒပတ္တနဂရေ-ဟူသော ဗုဒ္ဓဝင်ပါဠိဖြင့် ပဲခွပ်နှင့် အပ်ကျည်သည် ဣန္ဒပတ္တနဂိုရ်ပြည်၌ တည်ရစ်၏ ဟု ဆိုသောကြောင့် ဘုရားကိုယ်တော်မှာလည်း အပ်ကျည်နှင့်ပင် ဆောင်သည်ဟု ဆိုရသည်။

၁၀၇၄။ ယခုတုံစင်၊ ထိုအပ်လျှင် ဘယ်တွင် ဘယ်သူ သိမ်းလိမ့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... မည်သူသိမ်းသည်ဟု ကျမ်းတွင် မတွေ့ချေ။

၁၀၇၅။ သီဟိုဠ်ကျွန်းခွင်၊ စွယ်တော်ရှင်၊ ဘယ်တွင် ဌာပနာလေလိမ့်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မည်သည့် စေတီ၊ မည်သည့်ရုပ်တုတို့၌ စွယ်တော်ကို ဌာပနာသည်ဟု ကျမ်းဂန်မတွေ့။ ရာဇဝင်စာတမ်းတို့၌ကား မင်းအဆက်ဆက် နန်းတော်ဦးတွင် စင်ပြာသာဒ်နှင့် ထား၍ ပူဇော်ကြောင်းကို ဆိုသည်။ ပေါက္ကံပြည် အနော်ရထာမင်း၏ လက်ထက် သီဟိုဠ်ကျွန်းသို့ ကူး၍ စွယ်တော်ကို တောင်းရာ သဃ်ဗောဓိမင်းသည် စွယ်တော် ကျိန်းဝပ်သော ပြာသာဒ်ဦး၌ ရတနာပန်းတောင်း ဖြင့်ခံလျက် တောင်းပန်သည်တွင် စွယ်တော်တဆူပွါး၍ ပုဂံမင်းအားပေးလိုက်ကြောင်းကို ဆိုသည်။

၁၀၇၆။ ဇမ္ဗူဒိပ်တွင်၊ တို့ချစ်ရှင်၊ စျာန်ဝင်ဌာန ဘယ်လေ့ာက်နည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သီဟိုဠ်ကျွန်း၌ စျာန်သမာပတ်ဝင်ရာဌာနကို ခုနစ်ပါးဟူ၍ မဟာဝင်ကျမ်း၌လာ၏။ ဇမ္ဗူဒိပ်ကျွန်း၌ကား မည်မျှရှိသည်ဟူ၍ မလာ။ ယင်းသို့ မလာခြင်းသည် အမြဲနေရာဌာနဖြစ်၍ စျာန်ဝင်စားရာလည်း အလွန်များသောကြောင့် မပြဆိုလေသည်ဟု ယူဖွယ်ရှိသည်။

"အင်း"ကာရန်ပုစ္ဆာ ၅-ပုဒ်အဖြေပြီး၏။

(၄၁) "အင့်"ကာရန်ပုစ္ဆာ ၃-ပုဒ် အဖြေ

၁၀၇၇၊ သိကြားနေခွင့်၊ ဝေယန်မြင့်၊ ဘုံဆင့် ဘယ်မျှရှိသနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သိကြားမင်း၏နေရာ ဝေဇယန္တာ ပြာသာဒ်သည် ဘုံဆင့်ဘယ်မျှ ရှိသနည်းဟု မေးရာ၌ သုတ်မဟာဝါ အဋ္ဌကထာ၊ သက္ကပဥှသုတ် အဖွင့်တွင်–

သက္ကဿ ဝေဇယန္တော နာမ ပါသာဒေါ သတ္တယောဇနသတာနိ ဥဂ္ဂန္တိ။

ဟူသောပါဠိဖြင့် သိကြားမင်း၏ နေရာဖြစ်သော ဝေဇယန္တာပြာသာဒ်သည် ယူဇနာ ခုနစ်ရာမြင့်သည်ဟု လာသည်။ ၎င်း သုတ်မဟာဝါ အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ သတိပဋ္ဌာနသုတ်အဖွင့်တွင်—

ယောဇနသဟဿုဗ္ဗေဓော ဝေဇယန္တပါသာဒေါ။ ပဥ္စယောဇနသတုဗ္ဗေဓာ သုဓမ္မာ ဒေဝသဘာ။ ဒိယဍ္ဍယောဇနသတိကော ဝေဇယန္တရထော။ တထာ ရောဝဏော ဟတ္ထိ။

ဟူသော ပါဠ်ဖြင့် ဝေဇယန္တာပြာသဒ်ကား ယူဇနာတထောင် မြင့်သည်။ သုဓမ္မာစရပ်ကား ယူဇနာငါးရာမြင့်သည်။ ဝေဇယန္တာရထားကား ယူဇနာ တရာ့ငါးဆယ်မြင့်သည်။ ရောဝဏ်ဆင်လည်း ဤနည်းတူ ယူဇနာတရာ့ငါးဆယ် မြင့်သည်ဟူ၍လာသည်။

တောင်ဘီလာဆရာတော်စီရင်သော လောကဝိဒူ၌ကား ဝေဇယန္တာပြာသာဒ် ယူဇနာ ခုနစ်ရာ။ အထွတ်ယူဇနာ သုံးရာမြင့်သည်ဖြစ်၍ နှစ်စုပေါင်း ယူဇနာတထောင်ရှိသည်ဟုဆိုသည်။ ဘုံဆင့်ကိုကား ဘယ်မျှရှိ၏ဟူ၍ ကျမ်းဂန်တို့၌ မတွေ့ဖူးချေ။

ထိုပြာသာဒ်၏ ကြီးကျယ်ဆန်းကျယ်သော အခြင်းအရာကို ရှေးဆရာတို့စပ်ဆိုသည်ကား—

နတ်ပူရ၌၊ မာဃနေရာ၊ သူဇာပျော်မြန်း၊ ဝေယန်နန်းကား၊ အဝန်းကိုးရာ၊ ယူဇနာတည့်၊ ခုနစ်ရာအစောက်၊ မောက်မောက်ဖြူးဖြူး၊ အဖူးသုံးရာ။ သီးမြွာရှစ်သောင်း၊ လေးထောင်ပေါင်းတည့်၊ ဆောင်းဆောင်းစွင့်စွင့်၊၊ ဘုံဆင့်တရာ၊ ကူဋ္ဌာဂါရ၊ ရွှန်းရွှန်းပသား၊ အိမ်မတသောင်း၊ တိုက်ကောင်းတသန်း၊ ရွှန်းရွှန်းမောင်းမောင်း၊ ညောင်စောင်းတွက်ရေ၊ ခံယ်ကုဋေတည့်၊ ထွေထွေထွန်းပြောင်၊ ကုဋိဆောင်လည်း၊ တောက်လောင်ယိုစီး၊ နတ်သမီးတို့၊ ဖြင်ညီးမျှားဘိ၊ တိကောဋိနှင့်၊ သင်္ခသတ၊ သဟဿဟု၊ နရနာရိ၊ သိသိသာသာ၊ ကျမ်း၌လာသည်၊ နောင်လာလူများ မှတ်ဘို့ထား။ ရခိုင်ဆိုကေပိုဒ် တွေ့ဖူးသည်။

၁၀၇၈။ ဗောဓိပင်မြင့်၊ သီဟိုဠ်နှင့်၊ အချင့်တာကွာ ဘယ်မျှနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ဗောဓိပင်နှင့် ပါဠလိပုတ်ပြည် ခုနစ်ယူဇနာကွာကြောင်း၊ ရင်းပြည်နှင့် သဘော်ဆိပ် ငါးယူဇနာကွာကြောင်းကိုကား ပါရာဇိကဏ်အဋ္ဌကထာရင်းဋီကာတို့၌ဆို၏။ သမုဒ္ဒရာအကျယ်ကိုကား မည်မျှဟူ၍ ဆိုသောကျမ်းဂန်ကို မတွေ့မိ။ ထို့ကြောင့် သမုဒ္ဒရာခြားသော ဌာနဖြစ်ရကား မဟာဗောဓိပင်နှင့် သီဟိုဠ်ကျွန်းအကွာကို တာဖြင့် မနှိုင်းယှဉ်နိုင်သာချေ။

၁၀၇၉။ လူနတ်လှူခွင့်၊ တိုဘုန်းမြင့်၊ ရလင့်သင်္ကန်း ဘယ်မျှနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာသား.... ရဟန်းပြုတော်မူစကာလ၌ ဃဋိကာရဗြဟ္မာ ကပ်လှူလှာသော ရွှေကြာသင်္ကန်းသာလျှင် မနွမ်းမညစ် အသစ်ကဲ့သို့ သင်္ကန်းတော်ရှည်သမျှကာလပတ်လုံး တည်ကြောင်းကိုလည်း ကျမ်းဂန်၌ဆိုသည်။ ပရိနိဗ္ဗာန်စံဝင်ခါနီး၌ ပုက္ကုသမလ္လာမင်းသည် ရွှေအဆင်းနှင့် တူသောသင်္ကန်းနှစ်ထည်လှူကြောင်းကိုလည်း ပရိနိဗ္ဗာနသုတ်တွင်လာ

သည်။ ဤမှတပါး မည်သည့်ဒါယကာ၏သက်နှန်းကို ခံယူဖူးသည်ဟူ၍ ကျမ်းဂန်မတွေ့။ ရှင်မဟာကဿပ ရဟန်းဖြစ်စအခါတွင် ပံသုကူဒုကုဋ်တော်နှင့် လဲလှယ်ကြောင်းကိုကား အဂုံတ္တိုရ်အဋ္ဌကထာ၌လာ၏။

"အင်" ကာရန် ပုစ္ဆာ ၃-ပုဒ် အဖြေ ပြီး၏။

---

(၄၂) "အင်း"ကာရန်ပုစ္ဆာ ၃-ပုဒ် အဖြေ

၁၀၀၀။ ပဥ္စာပြည်တွင်း၊ ကိုးကွယ်လျှင်း၊ ရှင်ရင်းသုံးဆောင်
ဘယ်သည်နည်း။ (၁)

၁၀၀၁။ ခါးပန်းတော်ရင်း၊ နိဝင်းဝင်း၊ အကွင်းရှိတို့
လေလိမ့်နည်း။ (၂)

၁၀၀၂။ သုံးလူ့သေဋ္ဌနင်း၊ မြေအခင်း၊ သိမ်တွင်းဘယ်ပြည်
ရှိလိမ့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာသုံးခု၌ အဖြေ ဝိသဇ္ဇနာကား.... ဘဂဝတော၊ ဂေါတမမြတ်စွာဘုရား၏။ ပတ္တော စ၊ သပိတ်တော်သည်လည်းကောင်း၊ ဒဏ္ဍော၊ တောင်ဝှေးတော်သည်လည်းကောင်း။ စီဝရဉ္စ၊ သင်္ကန်းတော်သည်လည်းကောင်း။ ဝဇီရာယံ၊ ဝဇီရာပြည်၌။ ပတိဋ္ဌိတံ၊ တည်၏။ နိဝါသနံ၊ သင်းပိုင်တော်သည်။ ကုလဃရေ၊ ကုလဃရပြည်၌၊ ပတိဋ္ဌိတံ၊ တည်၏။ ပစ္စတ္ထရဏံ၊ အိပ်ယာခင်းတော်သည်။ ကပိလဝတ္ထုယေ၊ ကပိလပြည်၌။ ပတိဋ္ဌိတံ၊ တည်၏။ ဓမကရဏဉ္စ၊ ဓမကရိဏ်တော်သည် လည်းကောင်း။ ကာယဗန္ဓနဉ္စ၊ ခါးပန်းတော်သည်လည်းကောင်း။ ပါဋလိပုတ္တနဂရေ၊ ပါဋလိပုတ်ပြည်၌။ ပတိဋ္ဌိတံ၊ တည်၏။ ဥဒကသာဋိကာ၊ ရေသနုပ်တော်သည်။ စမ္ပာယံ၊ စမ္ပာပြည်၌။ ပတိဋ္ဌိတံ၊ တည်၏။ ဥဏ္ဏာလောမံ၊ ဥဏ္ဏာလုံမွေးရှင်တော်သည်။ ကောသလေ၊ ကောသလတိုင်း၌။ ပတိဋ္ဌိတံ။ တည်၏။ ကာသာဝဉ္စ၊ သင်္ကန်းတော်သည်ကား။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ ပတိဋ္ဌိတံ၊ တည်၏။ ဝေဌနံ၊ ဦးရစ်တော်သည်။ တိဒသပုရေ၊ တာဝတိံသာနတ်ပြည်၌။ ပတိဋ္ဌိတံ။ တည်၏။ နိသီဒနံ၊ နိသီဒိုင်သည်။ အဝန္တိပုရေ၊ အဝန္တိပြည်၌။ ပတိဋ္ဌိတံ၊ တည်၏။ အတ္တရဏံ၊ မြေခင်းနှီးတော်သည်။ ဒေဝရဋ္ဌေ၊ ဒေဝတိုင်း၌။ ပတိဋ္ဌိတံ၊ တည်၏။ အရဏိ၊ မီးပွတ်တော်သည်။ မိဓိလာယံ၊ မိဓိလာပြည်၌။ ပတိဋ္ဌိတံ၊ တည်၏။ ပရိဿာဝနံ၊ ရေစစ်တော်သည်။ ဝေဒေဟေ၊ ဝိဒေဟတိုင်း၌။ ပတိဋ္ဌိတံ၊ တည်၏။ ဝါသိ၊ ပဲခွပ်တော်သည် လည်းကောင်း။ သူစိဃရဉ္စာပိ၊ အပ်ကျည်တော်သည် လည်းကောင်း။ ဣန္ဒပတ္တေ၊ ဣန္ဒပတ္တနဂိုရ်အမည်ရှိသော။ ပုရေ၊ ပြည်၌။ ပတိဋ္ဌိတံ၊ တည်၏။ အဝသေသံ၊ ကြွင်းသော။ ပရိက္ခာရံ၊ ပရိက္ခရာတော်သည်။ အပရန္တကေ၊ အပရန္တအမည်ရှိသော။ ဇနပဒေ၊ ဇနပုဒ်၌။ ပတိဋ္ဌိတံ၊တည်၏။ ဤသို့ဗုဒ္ဓဝင် ပါဠိတော်၌ လာသည်ကိုထောက်၍ ယခင့်ပုစ္ဆာတို့ကို သိအပ်၏။

"အင်း" ကာရန်ပုစ္ဆာ ၃ ပုဒ် အဖြေပြီး၏။

(၄၃) အောင်ကာဒရန်ပုစ္ဆာ ၃ ပုဒ်အဖြေ

၁၀၈၃။ ဘုရားဘုန်းခေါင်၊ လက်သုံးဆောင်၊ တောင်ဝှေး လုံးလျား ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....တောင်ဝှေးတော် ရှိကြောင်းကိုသာ ဗုဒ္ဓဝင်၌ လာသည်။ ပမာဏ အကြီးအရှည်ကိုကား အဋ္ဌကထာတို့၌ မပြချေ။ ရာဇမတ္တဏ် စသည်တို့၌လာ သော တောင်ဝှေးလုပ်ရိုးကိုချင့်သော် ဘုရားသခင်၏ ဆံလျှဉ်တော်နှင့်အမျှ သုံးတောင်နှစ်မိုက် ဖြစ်သင့်၏။ ဤတောင်ဝှေး လုပ်ရိုးကို ရာဇမတ္တဏ်ကျမ်း၌ ပြသည်ကား—

ရုဇုရနုပြဟာ တောဒိနာ၊ သုက္လိမှော ပြာဟ္မဏသျ ပလာသား။
ရာဇညသျာဒေါ ဥဒုမ္ဗရး၊ ဒဏ္ဍော ဝဲဿသျ ဗိလ္လသမ္ဘဝး။
ကေမနလာဋ္ဌဿာနပြမာဏတုလျာနျာဘိမ္ဗဖလဒါနိ။
ကြမသော ဝိပြက္ခတြိယး။ ဝဲသျာနံ ဒဏ္ဍကမ္ဗာနိ။

အနက်ကား။ ။ရုဇု၊ ဖြောင့်သော။ အနုပြဟာတော၊ ပိုးမခဲသော။ အဒိနာ၊ အဖု အဆစ် အမျက်မှကင်းသော။ သုက္လိမှော၊ အလွန်ပြေပြစ် ချောမောသော။ ပလာသား။ ပေါက်သားသည်။ ပြာဟ္မဏသျ၊ ပုဏ္ဏားရဟန်းအား။ ဒဏ္ဍော၊ တောင်ဝှေးသည်။ သျာဒ်၊ ဖြစ်သင့်၏။ ဥဒုမ္ဗရး၊ ရေသ ဖန်းသားသည်။ ရာဇညသျ၊ မင်းအား။ ဒဏ္ဍော၊ တောင်ဝှေးသည်။ သျာဒ်၊ ဖြစ်သင့်၏။ ဗိလ္လသမ္ဘဝး၊ ဥသျှစ်သားသည်။ ဝဲဿသျ၊ သဌေးသူကြွယ် ကုန်သည်တို့အား။ သျာဒ်၊ ဖြစ်သင့်၏။

ကြမသော၊ အစဉ်အတိုင်း။ ဝိပြက္ခတြိယးဝဲသျာနံ၊ ပုဏ္ဏား၊ မင်း၊ သူကြွယ်တို့၏။ ဒဏ္ဍက မ္ဗာနိ၊ တောင်ဝှေးတို့တည်း။ ကေမနလာဋ္ဌဿာနပြမာဏတုလျာနိ၊ ဆောင်သောသူ၏ ဆံအတိုင်း အရှည်၊ နဖူးအတိုင်းအရှည်၊ နှာခေါင်းအတိုင်းအရှည် ရှိကုန်သည် ဖြစ်မူကား။ အဘိမ္ဗဖလဒါနိ၊ အလိုရှိအပ်သော ကောင်းမြတ်သော အကျိုးကို ပေးတတ်ကုန်၏။

ဤသို့ ဂါထာလာသောကြောင့် ပိုးခဲခြင်း အဖုအမျက်ရှိခြင်းမှကင်းသော ဖြောင့်မတ်ပြေပြစ် သော ပေါက်သားသည် ပုဏ္ဏား ရဟန်းတို့အား တောင်ဝှေး ဖြစ်ထိုက်၏။ ရေသဖန်းသားသည် မင်းတို့အား တောင်ဝှေးဖြစ်ထိုက်၏။ ဥသျှစ်သားသည် သဌေးသူကြွယ်တို့အား တောင်ဝှေး ဖြစ် ထိုက်၏။ အရှည်ပမာဏမူကား ပုဏ္ဏားရဟန်းအား ဆံလျှဉ်အထိ။ မင်းတို့အား နဖူးအထိ၊ သဌေး သူကြွယ်တို့အား နှာခေါင်းအထိရှည်သော တောင်ဝှေးကို ဆောင်ရာ၏။ ထိုသို့ဆောင်မူ လိုအပ် သော ကောင်းကျိုးကို ပေးတတ်၏ဟူလိုသည်။

၁၀၈၄။ ရှစ်သောင်းလေးထောင်၊ ကျမ်းကုန်အောင်၊ တွက်ဆောင် အက္ခရာဘယ်မျှနည်း။ (၂)

ဟူသော အမေး ပုစ္ဆာ၌ အဖြေ ဝိသဇ္ဇနာကား....ဓမ္မက္ခန္ဓာ တဆူ တဆူ ဟူသည်လည်း အများ အနည်းမတူကြသောကြောင့် အက္ခရာကို တွက်သ်နိုင်ရာသော အကြောင်းမဟုတ်။ ဗုဒ္ဓါနုဗုဒ္ဓဖြစ် သော ဆရာတို့ပြသော ပါဌ်ပဒလည်း မရှိချေ။

၁၀၈၅။ စွယ်တော်ပြောင်ပြောင်၊ လေးချောင်းဆောင်၊
ထူးရောင်မရှိ ညီပိမ့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....စွယ်တော်လေးဆူ၏ အရောင်သည် ပြုံးတော်မူတိုင်း ကွန့်မြူးထွက်ပြေးသည်။ တဆူနှင့် တဆူကား အထူးမရှိ။ အတူအမျှပင်ထွက်သည်။ အရပ်ပမာဏကား နိစ္စလာသီတိအဝင်ဖြစ်၍ အတောင်ရှစ်ဆယ်ခန့်သာ ထွက်သတည်း။

"အောင်"ကာရန်ပုစ္ဆာ ၃-ပုဒ် အဖြေပြီး၏။

---

(၄၄) "အောင့်" ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေ

၁၀၈၆။ ကောင်းခြင်းမနှောင့်၊ ယှဉ်းမထောင့်၊ ဖြောင့်ဖြောင့် စွယ်တော်များလိမ့်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ငှက်ပျောနံ့သာပု သီးကွဲသို့ စဉ်းငယ်ညွှတ်လျက် တည်သည်ဟူ၍ သုတ်မဟာဝါ အဋ္ဌကထာ၌လာသည်။

၁၀၈၇။ စိုးရိမ်မဖြောင့်၊ စိတ်စက်နှောင့်၊ ကြောင့်ကြ တရားကိုယ် ဘယ်သည်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ဒေါသမူဒွေ၌ရှိသော ဒေါမနဿ ဝေဒနာကို သောကဟူ၍ ဟောတော်မူရကား ကြောင့်ကြခြင်း၏ တရားကိုယ်ကား ဒေါမနဿဝေဒနာ ဟူပေ။

၁၀၈၈။ နေ့တိုင်းမှောင့်ရောင့်၊ ငါးစင်းငြောင့်၊ ဖနှောင့် ဘယ်တွင်ဟောသနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌အဖြေဝိသဇ္ဇနာကား

ရာဂသလ္လံ, ဒေါသသလ္လံ, မောဟသလ္လံ, မာနသလ္လံ, ဒိဋ္ဌိသလ္လံ ဣမေ ခေါ ပဉ္စသလ္လာ မနောဝိညာဏဿ ဝိဇ္ဈကာ။

ဟူသော ပါဠိနှင့်အညီ ရာဂ-ဒေါသ-မောဟ-မာန-ဒိဋ္ဌိတို့သည် မနောဝိညာဉ်ကို စူးဝင်တတ်ရကား ငြောင့်တံသင်းနှင့်တူသောကြောင့် ငြောင့်ငါးစင်းမည်၏။ မနောဝိညာဉ် တည်းဟူသော တရားသည် စူးဝင်ရာဌာန ဖြစ်သောကြောင့် ဖနှောင့်မည်၏ဟူပေ။

"အောင့်" ကာရန်ပုစ္ဆာ ၃-ပုဒ် အဖြေပြီး၏။

(၄၅) “အောင်း” ကာရန် ပုစ္ဆာ ၃-ပုဒ် အဖြေ

၁၀၇၉။ ချစ်ရှင်အလောင်း၊ သဂြိုဟ်ရှောင်း၊ အပေါင်းစည်းဝေး ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား… ဘုရားသခင် နိဗ္ဗာန်ဝင်သောအခါ စည်းဝေးလာသော ပရိသတ် လေးပါးတို့တွင် ရဟန်းပရိသတ်သည် သံဃထေရ်ဖြစ်သော ပုဂ္ဂိုလ်ပင် ခုနစ်သိန်းရှိ၏။ မဇ္ဈိမဘိက္ခု၊ နဝကဘိက္ခုတို့ကိုကား မရေတွက်နိုင်ပြီ။ လူ, နတ်, ပရိသတ်တို့ကိုလည်း မရေတွက်နိုင်ပြီဟူ၍ ပါရာဇိကကဏ်အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာတို့၌ မိန့်၏။

၁၀၈၀။ လေးကျွန်းတည်ရှောင်း၊ဤမြေကောင်း၊ မြူပေါင်းလိကွာ မည်မျှနည်း။ (၂)

၁၀၈၁။ ယင်းတွင်အကြောင်း၊ရေတွက်ရှောင်း၊ ချွေးပေါင်းဤမြေ ဘယ်မျှနည်း။ (၃)

ဟူသောအမေးပုစ္ဆာ ၂-ခု၌ အဖြေ ဝိသဇ္ဇနာကား…ရှေးကရေးဖြေခဲ့ပြီ။

“အောင်း”ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေ ပြီး၏။

---

(၄၆) “အိုင်”ကာရန် ပုစ္ဆာ ၄ ပုဒ်အဖြေ

၁၀၈၂။ မပိတ်ပင်နိုင်၊ဂုဏ်လေးဆိုင်၊ကျမ်းခိုင်လာ၏ မည်သို့နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား….

စတုန္နံ ဟိ န သက္ကာ အန္တရာယော ကာတုံ။ ကတမေသံ စတုန္နံ၊ တထာဂတဿ အဘိဟဋဘိက္ခာသင်္ခေပေန ဝါ နိဗဒ္ဓဒါနဿ အပ္ပိတဝတ္တသင်္ခေပေန ဝါ ပရိစ္စတ္တာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ စန္ဒိမသူရိယဒေဝဗြဟ္မာနမ္ပိ ဟိ ပဘာ တထာဂတဿ အနုဗျဉ္ဇနဗျာမပ္ပဘာပဒေသံ ပတွာ ဝိဟတာနုဘာဝါ ဟောန္တိ၊ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုန္တိ ဣမေသံ စတုန္နံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဟူ၍ ပါရာဇိကကဏ် အဋ္ဌကထာ ဝေရဉ္ဇကဏ္ဍ၌ လာသည်။

အဓိပ္ပာယ်ကား။ ။ဘုရားသခင်တို့အား ဤမည်သော အခါပတ်လုံး လှူအံ့ဟု ပိုင်းခြား၍ ဝတ်ထားသော ဆွမ်း၏လည်းကောင်း၊ ကျောင်းသို့ဆောင်၍ ထားသော ပစ္စည်းလေးပါး၏လည်းကောင်း အန္တရာယ်ကို တစုံတယောက်သောသူသည် မပြုနိုင်။ ဘုရားသခင်တို့၏ အသက်အန္တရာယ်ကိုလည်း တစုံတယောက်သောသူသည် မပြုနိုင်။ ရှစ်ဆယ်သော လက္ခဏာတော်၊

ဗျာမပွာဘာ ရောင်ခြည်တော်တို့၏ အန္တရာယ်ကိုလည်း တစုံတယောက်သောသူသည် မပြုနိုင်။ သဗ္ဗညုတဉာဏ်၏ အန္တရာယ်ကိုလည်း တစုံတယောက်သောသူသည် မပြုနိုင်၊ ဤလေးပါးသည် သူတပါး မတားနိုင် မပိတ်ပင်နိုင်သော ဂုဏ်ဖြစ်သည် ဟူလိုသည်။

၁၀၉၃။ ရဟန်းမြတ်ပိုင်၊ တရားလှိုင်၊ ဘုန်းခိုင်ဘယ်သို့
ဟောသနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... ရှာ၍မရ။

၁၀၉၄။ စကြာမင်းပိုင်၊ စောဘုန်းခိုင်၊ ဖြစ်တိုင်ဇာတ်ပေါင်း
ဘယ်မျှနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....စက္ကဝတ္တိ အသင်္ချေယျ။

၁၀၉၅။ စို့သက်တံပြိုင်၊ ထက်အောက်ပြိုင်၊ ညဥ့်တိုင်ဘယ့်ကြောင့်
မပေါ်သနည်း။ (၄)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မြေရေတို့မှ ထွက်သော မှုခိုးတိမ်မှုကို နေရောင်ကျောက်သောကြောင့်သာ စို့သက်တံဖြစ်လေရကား ညဥ့်အခါ မပေါ်နိုင်ဟူပေ။

"အိုင်"ကာရန်ပုစ္ဆာ ၄-ပုဒ်အဖြေ ပြီး၏။

---

(၄၇) "အိုင့်"ကာရန်ပုစ္ဆာ ၁-ပုဒ်အဖြေ

၁၀၉၆။ ကိုယ်လုံးဖိုင့်ဖိုင့်၊ ခပ်အိုင့်အိုင့်၊ ချိုင့်ဝှမ်းရာ ကြိုက်
မည်သူနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ပဋ္ဌိနီဖြစ်သော မိန်းမတည်း။

"အိုင့်"ကာရန်ပုစ္ဆာ ၁-ပုဒ်အဖြေ ပြီး၏။

---

(၄၈) "အိုင်း"ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေ

၁၀၉၇။ မိုးညိုပြိုင်းပြိုင်း၊ အုံ့ကာမှိုင်း၊ အုံ့တိုင်း
ရွာတို့လေလိမ့်နည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

အုံ့တိုင်း မရွာချေ။

၁၀၉၈။ ငရဲသို့ပိုင်း၊ ပတ်ရစ်သိုင်း၊ မုန်တိုင်းလာတို့
လေလိမ့်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

"ဘုသာ ဝါတာပိ ပဟရန္တိ"စသည်ဖြင့် သံကိစ္စဇာတ် အဋ္ဌကထာ၌ ဆိုရကား ငရဲပြည်၌ နှိပ်စက်ခြင်းငှာ ထိုက်သော ငရဲသူတို့၏ ကြမ္မာအားလျော်စွာ လေပြင်းမုန်တိုင်းသည် ဝေ့ခတ်ကုန်၏ ဟူပေ။

၁၀၉၉။ မြင်းမိုရ်ရှိတိုင်း၊ တည့်ဝိုက်သိုင်း၊ ရွှေဆိုင်း
ဘယ်မျှကုန်သနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

"အိန်"ကာရန် ပုစ္ဆာနံပါတ် ၆၇၂၊ မြင်းမိုရ်ရောင်ရှိန်၊ တောင်ဂိရိန်၊ ကျပ်ချိန်ဘယ်မျှရှိသနည်းဟူသော ပုစ္ဆာ၌ ဖြေဆိုခဲ့သော တွက်နည်းကို မှီ၍ တွက်လေ။

"အိုင်း"ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေ ပြီး၏။

---

(၄၉) "အစ်"ကာရန် ပုစ္ဆာ ၄-ပုဒ်အဖြေ

၁၁၀၀။ သုံးလူ့မျက်နှစ်၊ တို့ရှင်ချစ်၊ ဟောလစ်
ဂါထာဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်တွင် ဂါထာပေါင်းကို ရွေးစစ်သော် ဘယ်မျှဟူ၍ သိနိုင်ဖွယ် ရှိသော အကြောင်း မရှိ။

၁၁၀၁။ လက်ယာရံဖြစ်၊ မထေရ်စစ်၊ ဖွားလစ်
ဘယ်နေ့သွားပေနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

သာသနာတော်ကျမ်း လောကီကျမ်းတို့၌ပင် ရှင်သာရိပုတ္တရာ ဘယ်နေ့သွားဟု မတွေ့ဖူးချေ။

၁၁၀၂။ ဖွားဖက်တော်စစ်၊ ပေါင်းခုနစ်၊ ဖွဲလစ်
ဇာတာတူချိမ့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဇာတာမတူ။ ဘယ့်ကြောင့် နည်းဟူမူကား ဖွားဖက်ဆိုသော်လည်း တချိန်တနာရီတည်း မဟုတ်၊ ရက်တူရုံမျှကိုပင် ဖွားဖက်ဆိုရသည်။

အဘယ်ကိုထောက်၍ သိသနည်းဟူငြားအံ့။ ဘုရားသခင်တို့ ဖွားရိုးဖြစ်သော နာရီတိ˙သင်း တြင်း, နဝင်းတို့၌ တပါးသူတို့ မဖွားကုန်။ စကြာမင်းတို့ ဖွားရိုးဖြစ်သော နာရီတိ˙သင်း, တြင်း နဝင်းတို့၌လည်း တပါးသူတို့ မဖွားကုန် ဟူ၍ဖြို့ဟတ်ကျမ်း၌ ဆိုသည်။ ထို့ကြောင့် ဖွားဇာတာကို မြင်သဖြင့် ဤသူကား ဘုရားဖြစ်လတ္တံ့၊ ဤသူကား စကြာမင်းဖြစ်လတ္တံ့ဟု ပညာရှိတို့သိကြကုန်သည်။ ကောဏ္ဍညပုဏ္ဏားလည်း ဘုရားလောင်း၏ ဖွားဇာတာကို မြင်သဖြင့်ပင် စင်စစ်ဘုရားဖြစ်လတ္တံ့ဟု ဆိုနိုင်ကြောင်းကို ဗုဒ္ဓဝင် အဋ္ဌကထာ၌ လာသည်။

၁၁၀၃။ ဒွါဒသမြစ်၊ ဧးချင်းစစ်၊ ဆယ့်နှစ်သိုက်စာ အဘယ်နည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား.... (၁) မင်္ဂလာမဏ္ဍိုင် အစချီသော မင်းရဲဒိဗ္ဗဧးချင်း။ (၂) မင်္ဂလာမာရ်အောင်အစချီသော မင်းရဲနရဧးချင်း။ (၃) မင်းရဲထွေး ဧးချင်း (၄) မင်းတရားရွှေထီး ဧးချင်း။(၅)မင်းတရားမယ်တော် ဧးချင်း။(၆)ရခိုင်မင်း ဧးချင်း။ (၇)ယိုးဒယားဧးချင်း။ (၈)သာယာဝတီမင်း ဧးချင်း။(၉) စစ္စကူးမင်း ဧးချင်း။(၁၀) မင်းရဲကျော်စွာ ဧးချင်း ဟူ၍ ဆယ်စောင်မျှသာ တွေ့ဖူးသည်။

သိုက်စာ ၁၂-စောင်ဆိုသည်မှာ ပမာဏပြုလောက်သောသိုက်ကား ဝမ်းဘဲအင်းစံ မင်းတရား လက်ထက် စက္ကာဘိဃောသ တံဆိပ်တော်ရ နတ်စက်ရောင်ဆရာတော် စီရင်ခဲ့သော သာသနာသိုက်၊ ဇာဂရုပုဏ္ဏားစီရင်ခဲ့သောသိုက်၊ပေါက္ကံမြို့ ရွှေစည်းခုံဘုရားဝယ် သိကြား ရေးသားထားသည်ဟု ကျော်စောသော သိကြားသိုက်။ ဂဝံပတေ့သိုက်။ ငမှန်ကန်းသိုက်။ ဂေါဓိရသေ့သိုက်ဟူ၍ ခြောက်စောင်သာ တွေ့ဖူးသည်။

"အစ"ကာရန်ပုစ္ဆာ ၃-ပုဒ် အဖြေ ပြီး၏။

---

(၅၀) "အို" ကာရန်ပုစ္ဆာ ၃-ပုဒ်အဖြေ

၁၁၀၄။ လေဗွေဒိုးလို၊ မိုးညိုညို၊ ညဥ့်ကို ဘယ့်ကြောင့် မလာသနည်း (၁)

ဟူသောအမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....လေဗွေ၏ လာခြင်းကား နေရှိန်လောင်ခြင်း၊ မြေမှပူသော အခိုးထွက်ခြင်း၊ နှစ်သွယ်သောလေတို့ဆိုင်မိခြင်း ဤသုံးပါးသော အကြောင်းကြောင့် ဖြစ်ရကား ညဥ့်အခါ၌ နေရှိန် မရှိသည်ဖြစ်၍ လေနှစ်သွယ်တို့ ဆိုင်မိသော်လည်း လေဗွေမဖြစ် ဟူပေ။ ။ဥပမာကား ရေဝဲ၏လည်ခြင်းသည် အောက်မှလိုက်၍ တက်သောရေ၊ လက်ဝဲ လက်ယာစီး လာသောရေ၊ ဤသုံးဦး ဆိုင်မိမှ ဝဲကန်တော့ ဖြစ်သကဲ့သို့တည်း။

၁၁၀၅။ သောဏထေရ်ပျို၊ ပုဂ္ဂိုလ်ကို၊ မိန့်ဆို ဘယ်တေဒဂ်နည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား...."တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရဒ္ဓဝီရိယာနံ ယဒိဒံ သောဏော" ဟူ၍ အင်္ဂုတ္တိုရ်၌ လာသည်။

၁၁၀၆။ ခေါနခေါ်ဆို၊ ပုဏ္ဏားအို၊ မင်္ဂလာ ရပါလေလိမ့်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....မင်္ဂလာရသည် ဟူ၍ စာမတွေ့။

"အို"ကာရန် ပုစ္ဆာ ၃-ပုဒ်အဖြေပြီး၏။

---

(၅၁) "အို့" ကာရန်ပုစ္ဆာ ၂-ပုဒ်အဖြေ

၁၁၀၇။ ငွေရွက်နီစို့၊ ပွင့်တချို့၊ ညို့ညို့ကြေးနီ ဘယ်မျှနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ရွက်နီစို့ဟု ခေါ်သော ငွေကား ရွက်နီနှင့် အရောင်အဆင်းတူသော တမူးကဲ၊ နှစ်မူးကဲ၊ တမတ်ကဲ၊ နှစ်မတ်ကဲတို့ကို ရွက်နီစို့ဟု ခေါ်သည်။ ထိုငွေတို့ဘွင် ငွေစင်တဆယ် ကြေးနီတမူးပါသည်ကို တမူးကဲ။ ငွေစင်တဆယ်တွင် ကြေးနီ နှစ်မူးပါသည်ကို နှစ်မူးကဲစသည်တို့ဖြင့် သိရသည်။

၁၁၀၈။ သဏ္ဍာန်ပို့ပို့၊ ပဲနောက်သို၊ ဘုန်းပျို့ခတ်တော် ဘယ်မျှနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

မဟန္တာ မုဂ္ဂမာသာ စ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပမတ္တာ၊ တေပိ ဝန္ဒာမိ သာဒရံ။

ခတ်တော်အကြီးကား ပဲနောက်ပမာဏ၊ အလတ်ကား ဆန်ကျိုးပမာဏ အငယ်ကား မုန်ညင်းစေ့ပမာဏဟူ၍ ပမာဏ သုံးရပ် ပြသောဂါထာ။

မဟန္တာ သုဝဏ္ဏသုဝဏ္ဏာ စ၊ မဇ္ဈိမာ မုတ္တကာ ပဘာ။
ခုဒ္ဒကာ မကုလဝဏ္ဏာ စ၊ တေပိ ဝန္ဒာမိ သာဒရံ။

ခတ်တော်အကြီးကား ရွှေအဆင်း၊ အလတ်ကား ပုလဲအဆင်း၊ အငယ်ကား ချရားဖူး အဆင်းဟူ၍ အဆင်းသုံးရပ်ကို ပြသောဂါထာ။

မဟန္တာ ပဉ္စ နာဠိ စ၊ မဇ္ဈိမာ ပဉ္စ နာဠိ စ။
ခုဒ္ဒကာ ဆ စ နာဠိ စ၊ တေပိ ဝန္ဒာမိ သာဒရံ။

အကြီးကား ငါးကွမ်းစား၊ အလတ်ကား ငါးကွမ်းစား၊ အငယ်ကား ခြောက်ကွမ်းစားဟူ၍ အနည်းအများကို ပြသောဂါထာ။ ။ဤဗုဒ္ဓဝင်ကျမ်းလာကို မှီ၍ သိအပ်သော ဂါဋ္ဌာဂါထာကို ထောက်၍ ပဲနောက်ပမာဏရှိသော ခတ်တော်ကား ငါးကွမ်းစားရှိ၏ဟု သိရသည်။

"အို့"ကာရန်ပုစ္ဆာ ၂-ပုဒ် အဖြေပြီး၏။

(၅၂) "အိုး"ကာရန်ပုစ္ဆာ ၉-ပုဒ်အဖြေ

၁၁၀၉။ မုန်ညင်းဆန်ကျီး၊ ဓာတ်တော်မျိုး၊ တွက်ရိုးဘယ်ပြည် ကွမ်းစားနည်း။ (၁)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ရင်းဓာတ်တော်တို့ကို ခြင်သော ကွမ်းစားသည် အဘယ်ပြည်၌ဖြစ်သော ကွမ်းစားနည်းဟု မေးလိုသည်။ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်သူတို့ အသုံးပြုသော ကွမ်းစားခွက်ဖြင့် ကြီးသောဓာတ်တော် ငါးကွမ်းစား။ အလတ် ငါးကွမ်းစား။ အငယ် ခြောက်ကွမ်းစား ရှိသည် ဟူ၏။ ယခု မြန်မာနိုင်ငံ၌ဖြစ်သော ပြည်တောင်းဖြင့် ခြင်သော် မဂဓတကွမ်းစားလျှင် နှစ်ပြည်ရှိ၏။ နလာဋဓာတုဝင်တွင် ဘုရားသခင်၏ ဓာတ်တော်သည် တင်းအားဖြင့် နှစ်တင်း၊ဒေါဏအားဖြင့် ရှစ်ဒေါဏ။စလယ်ဟူသောကွမ်းစားအားဖြင့် တရာ့နှစ်ဆယ့် ရှစ် ရှိသည်ဟု ပြလိုရကား–

စက္ခုမန္တသာ ဘဂဝတော သရီရဓာတု အဋ္ဌဒေါဏမတ္တံ သုဝဏ္ဏနာဠိယာ ကေသတ-အဋ္ဌဝီသတိနာဠိကာ အဟောသိ။ ဟူ၍ဆိုသည်။

ဒေါဏသဒ္ဒါကိုလည်း စရွတ်ဟူ၍ မြန်မာပြန်ကြသည်ကား ဝိနည်းဋီကာကြီးတို့နှင့်လည်းကောင်း၊ အဘိဓာန်နှင့်လည်းကောင်း မညီ။ စတုရော ပတ္ထာ၊ လေးကွမ်းစားတို့သည်။အဠကော၊ ပြည်မည်၏။ စတုရောဠကာ၊ လေးပြည်သည်။ ဒေါဏ၊ စိတ်မည်၏ ဟူ၍ အဘိဓာန်၌ ဆိုသည်။ ဝိမတိဋီကာ သာရတ္ထဒီပနိ ဋီကာတို့၌လည်း။ စတုရောဠကာ၊ လေးပြည်တို့သည်။ ဧကဒေါဏ၊ တစိတ်မည်၏။ စတ္တာရိ ဒေါဏာနိ၊ လေးစိတ်တို့သည်။ ဧကမာနိကာ၊ တတင်းမည်၏ ဟူ၍ မိန့်ကုန်သည်။ ထိုကြောင့် ဓာတ်တော်တို့သည် မဂဓ ကွမ်းစားတို့ဖြင့် တဆယ့်ခြောက်ကွမ်းစား။ မြန်မာတို့ ပြည်အားဖြင့် သုံးဆယ့်နှစ်ပြည်။ စိတ်အားဖြင့် ရှစ်စိတ်။ တင်းအားဖြင့် နှစ်တင်းရှိသည်ဟု သိအပ်၏။

၁၁၁၀။ သဒ္ဒါတက်တိုး၊ ကြည်ညိုမျိုး၊ ဘုန်းပျိုး ဘယ်ပုဂ္ဂိုလ်ပေနည်း။ (၂)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အရှင်ရဋ္ဌပါလထေရ်မြတ်တည်းဟုဖြေ။ ထိုအရှင်သည် လူစဉ်က တိုင်းနိုင်ငံကိုစောင့်ရှောက်ခြင်းငှါ စွမ်းနိုင်သော ခတ္တိယမဟာသာလမျိုး၌ဖြစ်လျက် ဘုရားသခင်၏ တရားတော်ကိုနာရလျှင် ရဟန်းပြုချင်သော စိတ်သည်အလွန်ဖြစ်ရကား မိခင်ဖခင်တို့ကို ခွင့်တောင်းပါသော်လည်း ရဟန်းပြုခွင့်မပေးသည် ဖြစ်သောကြောင့် အခင်းမရှိသော မြေ၌ အလျားဝပ်လျက် ခုနစ်ရက်ပတ်လုံး ထမင်းမစားပဲနေသည် ဖြစ်၍ တဆယ့်သေးနပ်ပတ်လုံး အစာ ပြတ်ရကား ငါတို့သားသည် သေလေသည်ထက် ရဟန်းပြုစေခြင်းသည် မြတ်သေး၏ ဟု မိဘတို့က ခွင့်ပြုရ၏။ ထိုအခါမြတ်စွာဘုရား ထံတော်၌ ရဟန်းပြုခွင့်ကို ရလေ၏။ ထို့ကြောင့် သာဝကတို့ကို ဧတဒဂ်ထားတော်မူသော ကာလ အရှင်ရဋ္ဌပါလကို"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ သဒ္ဓါပဗ္ဗဇိ-တာနံ ဘိက္ခူနံ ယဒိဒံ ရဋ္ဌပါလော"ဟူ၍ သဒ္ဓါပဗ္ဗဇိတ အရာ၌ ဧတဒဂ် ထားတော်မူသည်။

၁၁၁၁။ လာဘ်သပ်ပြည့်ဖြိုး၊ ဘုန်းကံတိုး၊ ဖွားရိုးမဖွား ဘယ်သူနည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အရှင် သီဝလိထေရ်ဟူပေ။အဘယ် အကြောင်းကြောင့် ဤမထေရ်သည် လာဘ်သပ် ပြည့်စုံသနည်း ဟူမူကား ဤကမ္ဘာမှ ပြန်၍ရေသော် ၉၁-ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ထင်ရှား ဖြစ်တော်မူသောအခါ ဗန္ဓုမတီပြည်သူတို့သည် မင်းနှင့်ပြိုင်၍ အလှည့်အလည် အလှူပေးကြရာ တသင်းသော အရပ်သားတို့သည် ဘုရား အမှူးရှိသော သံဃာတော်တို့ကို ဆွမ်းလုပ်ကျွေးလှည့် ကျသည်နှင့် အလှူဝတ္ထုကို ရှုံးစုကြကုန်သော် ပျားစိမ်းအရသာနှင့်နို့ဓမ်း အရသာသည် မပါဖြစ်၍ အလှူကို ဆော်ဖန်သော သူတို့သည် အရပ်ရပ်ကို လှည့်ပတ်၍ ရှာဖွေကြ၏။ ထိုအခါ ရှင်သီဝလိ၏ အလောင်းသည် တောရွာ၌သူကြီးဖြစ်၍ မင်း၏ထံသို့ တစုံတခုသောကိစ္စဖြင့် လာလတ်သော် လက်ဆောင်အလို့ငှါ နို့ဓမ်းတအိုးကိုယူ၍ လာ၏။ ခရီးအကြား၌ ထွန်တုံးလောက်ရှိသော ပျံပြီးသော ပျားအုံတခုကိုလည်းတွေ့၍ ထမ်းဆောင်ခဲ့၏။ မြို့အနီးသို့ ရောက်သောကာလ ပျားရှာသောလူနှင့်တွေ့၍၊ အဆွေ သင်ယူခဲ့သောပျားကို လည်းကောင်း၊ နို့ဓမ်းကိုလည်းကောင်း ကျွန်ုပ်အားရောင်းပါလော့။ တသပြာပေးပါအံ့ဟုဆို၏။ ထိုအခါ တောသူကြီးက ဤသို့ကြံ၏။ ဤပျားနှင့် နို့ဓမ်းသည် အဖိုးများစွာ ထိုက်သည် မဟုတ်ပဲလျက် ဤသူသည် တသပြာတိုင်အောင် ပေးခဲ့သည်။ တစုံတခုအကြောင်းရှိရာ၏။ ငါသည် စုံစမ်းဦးအံ့ဟု ကြံ၍ အဆွေ ဤမျှဖြင့် ငါမရောင်းလိုဟုဆို၏။ ထိုသူကလည်း နှစ်သပြာ ယူလော့ဟု ဆိုပြန်၏။ တဖန်လည်း ငါမရောင်းလိုသေးဟု ဆိုပြန်လျှင်။လေးသပြာ၊ ရှစ်သပြာ တိုးတက်၍ သပြာ တထောင်တိုင်အောင်ပေး၏။ ထိုအခါ တောသူကြီးကလည်း အဆွေ ဤပျားနို့ဓမ်းတို့သည် ရှေးကာလ အဖိုးများစွာ မထိုက်ပဲလျက် သပြာတထောင်တိုင်အောင် ယခုပေးခြင်းသည် ဘယ်အကြောင်းကြောင့် ပေးသနည်းဟု မေး၏။ မြို့သားကလည်း အဆွေ ငါတို့မြို့သားအပေါင်းတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို အလှူပေးလှည့်ကျ၍ ငါတို့ဒါနဝတ္ထု၌ ပျားအရသာ နို့ဓမ်းအရသာတို့ဖြင့် စုံလင်စွာ ကပ်လှူခြင်းငှာ ဝယ်ပါသတည်း။ အဆွေ လှူကြသော ဒါယကာအများဖြစ်၍ အဖိုးကိုမရှောင်ပါ။ဝတ္ထုကိုသာ ပြည့်စုံစေလိုပါသည်ဟု ဆို၏။ထိုအခါ တောသူကြီးကလည်း သင်တို့ မြို့သူ မြို့သားသာလျှင် အလှူဝင်ရသလော။ အခြားသူတို့လည်း မဝင်ရပါသလောဟု မေး၏။ အဆွေ ဘယ်သူကိုယ်မျှ မတားမြစ်။ ဝင်လိုသူဟူသမျှပင် ကူဝင်ရပါ၏ဟု ဆိုသော် ထိုသို့ဖြစ်တပြီးကား ဤပျားနှင့်နို့ဓမ်းကို ကျွန်ုပ်အလှူဝင်ပါအံ့၊ သို့ရာတွင် ကျွန်ုပ်ကိုယ်တိုင် လှူပါရစေဆို၍ ထိုယောကျ်ားနှင့်အတူ လိုက်လေ၏။ ဘုရားသခင်လည်း သံဃာတော် ခြောက်သန်းရှစ်သိန်းနှင့်တကွ ကြွတော်မူလာ၍ ခင်းအပ်သောနေရာ၌ နေပြီးသော် ထိုရွာသူကြီးသည် မိမိ၌ပါသော နို့ဓမ်းခွက်တွင် ပျားရည် ထည့်ရောလျက် သင်းကြိုင်မွှေးပျံ့ ရနံ့ ကောင်းမြတ်သော အစပ်ငါးပါးတို့ကိုလည်း ခတ်၍ ဘုရားသခင်အားကပ်လေ၏။ ဘုရားကိုယ်တော်မြတ်လည်း ဒါယကာ၏ သဒ္ဓါတရား ကြီးပွားစိမ့်သောငှါ သံဃာတော် အားလုံးလောက်အောင် ပွားမြောက်စေသတည်းဟု မိန့်ဘာန်၍ အလှူခံလေ၏။ ထိုတအိုးမျှလောက်သော ပျားနို့ဓမ်းသည် သံဃာတော်အားလုံးပင် မျှလောက်၏။ ထိုသို့ဖြစ်သည်ကို မြင်လျှင် အတိုင်းထက်အလွန် ရွှင်လန်းသောစိတ်ရှိလျက် ဆွမ်းဘုဉ်းပေးပြီးသည် တိုင်အောင်နေပြီးမှ ပြီးသောအခါ တရားတော်ကိုနာ၍ "အရှင်ဘုရား အကျွန်ုပ်သည် ဤပျားနို့ဓမ်းတို့ကို လှူဒါန်းပူဇော်ရသော ကောင်းမှုကြောင့် နောင်သံသရာဘဝဖြစ်သမျှ တို့၌ ဒုက္ခအပေါင်းမှ ကင်းငြိမ်းလျက် လာဘ်ပူဇော်သက္ကာသည် မိုးရွာသကဲ့သို့ များပြားသည်

ဖြစ်ပါလို၏။ နောင်ဘုရားရှင်တို့၏ သာသနာ၌ ပဋိသမ္ဘိဒါပတ္တ တေဒဂ်ရ သာဝကကြီးလည်း ဖြစ်ပါလိုသော”ဟု ဆုတောင်း၏။ ဘုရားသခင်လည်း တရားအနုမောဒနာပြု၍ ကြွတော်မူ၏။ ထိုတောသူကြီးသည် မိမိနေရာ မြို့ရွာသို့ ပြန်ရောက်သော် ဆွေမျိုးဉာတကာတို့အား လည်းကောင်း၊ ရွာသူ ရွာသား တို့အား လည်းကောင်း၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့၌ သဒ္ဓါပြန့်ပွား စိမ့်သောငှါ ကောင်းစွာ ဖျောင်းဖျဆော်နှိုး၍ ဘုရားသခင်ကို သံဃာတော်နှင့်တကွ ပင့်၍ ဆွမ်းလုပ်ကျွေးခြင်းကိုလည်း ပြု၏။ ထိုကောင်းမှုတို့ကြောင့် လူ့ပြည် နတ်ပြည် ကျင်လည်ခဲ့၍ ငါတို့ ဘုရားလက်ထက်တော်၌ ကောလိယပြည်တွင် သုပ္ပဝါသာ အမည်ရှိသော မင်းသမီး၏ ဝမ်း၌ သန္ဓေတည်နေလာ၏။ ပဋိသန္ဓေနေသည်မှစ၍ ထိုသုပ္ပဝါသာ၏အိမ်၌ ငါးရာသော လက်ဆောင် ပဏ္ဏာတို့သည် ညဉ့် နံနက်ဒေါခါတိုင်း ရောက်လာကုန်၏။ မင်းသမီးလည်း ဘုန်းကံကို စုံစမ်းအံ့သောငှာ လုပ်နက်လယ်ယာ၌ မျိုးစေ့တောင်းကို မိမိလက်ဖြင့် ထိစေ၍ ကျေးကျွန်တို့ကို စိုက်ပျိုးစေသော် တစေ့ တစေ့သော မျိုးမှ အနှံ ဟူရာလည်းကောင်း၊ အနှံတထောင် လည်းကောင်း ထွက်၍သီး၏။ စပါးပဲနှမ်းစသည်ကို စဲ့ကျီတို့၌ အပြည့်လှောင်ပြီးသော် မင်းသမီးလက်ဖြင့် ထိစေ၍ ပိတ်လှမ်း ကာထား၏။ ထိုထာ သမျှသော ကျီ ဘို့မှ ကျေးကျွန်တို့ယူလတ်သော်လည်း ယူရာမထင် ပြည့်မြဲပင် ပြည့်ပြန်၏။ မင်းသမီးချက်သော ထမင်းအိုးမှ သူဟာထူးတို့ကို ခူး၍ကျွေးလတ်သော်၊ အကြင်မျှလောက်သော ကာလပတ်လုံး မင်းသမီးသည် မထသေး၊ ထိုမျှလောက်သော ကာလပတ်လုံး ထမင်း မကုန်နိုင်သည်သာဖြစ်၏။ ယင်းသို့သော ဘုန်းကံနှင့်ပြည့်စုံလျက် အမိဝမ်းတွင်း၌ ခုနစ်နှစ်နှင့် ခုနစ်လပတ်လုံး အောင်းရ၍ ဖွားအံ့သောအခါ ယောနိဝတွင် ကန့်လန့်တင်၍ ခုနစ်ရက်ပတ်လုံး ကြီးစွာသော ဆင်းရဲကို ခံရ၏။ ထိုအခါ သုပ္ပဝါသာ မင်းသမီးသည် ခင်ပွန်း ယောကျ်ားကို ခေါ်၍၊ အမောင်-ကျွန်ုပ်မသေမီ ဒေလှူပေးလိုပါသည်။ ဘုရားသခင်ကို ဖူးမြင်လိုပါသည်။ ဘုရားရှင့်ထံသွား၍ ပင့်လျှောက်ပါချေ။ ဘုရားသခင်က မိန့်တော်မူလိုက်သမျှသော စကားကိုလည်း ကျွန်ုပ်အား ပြန်ပြောပါဟု ဆို၍ စေလိုက်၏။ ခင်ပွန်းဖြစ်သော မင်းသားလည်း ဘုရားရှင့်ထံသို့မြန်စွာ သွား၍ အကြောင်း စကားကို လျှောက်လေသော် ဘုရား ကိုယ်တော်မြတ်က ‘ကောလိယဓီတာ သုပ္ပဝါသာ သုခိနီ ဟောတု၊ အရောဂါ ပုတ္တံ ဝိဇာယတု”ဟူသော စကားဖြင့် “ကောလိယမင်း၏ သမီးဖြစ်သော သုပ္ပဝါသာသည် ယခုမကြာချမ်းသာစေသတည်း။ ရောဂါမရှိ ပကတိသော သားကောင်းရတနာ ကို ဖွား မြင်ပါစေသတည်း”ဟုမိန့်တော်မူ၏။ ထိုစကားကို ကြားလျှင် မင်းသားလည်း အမြန်ပြန်၍လာ၏။ မင်းသားမရောက်မီ သုပ္ပဝါသာ၌လည်း ဓမကရိုဏ်မှထွက်သော ရေကဲ့သို့ သာယာသဖြင့် ကိုယ်ဝန်ဖွားနှင့်လေ၏။ ခြံရံ၍နေသော ဆွေမျိုးမိတ်ဖြစ်သော လူအပေါင်းတို့သည် လက်အုပ် ချီကာ ပတ္တနာ ကြလျက် ပြည့်သော မျက်ရည်ရှိသော မျက်ခွက်၌၊ ရွှင်ခြင်းပင် ရွှင်ပျသျက် ဝမ်းမြောက်ကြ လေကုန်၏။ လင်မင်းသားလည်း အိမ်သို့ ရောက်သောအခါ မြတ်စွာဘုရား မိန့်တော် မူလိုက်တိုင်း ပြောကြား၏။ များစွာသော ပရိသတ်တို့ကလည်း ဘုရားရှင့် အာနုဘော်ကြောင့် အလိုတော်ပြီးပေသည်ဟု ဆိုကြကုန်၏။ ထိုအခါ သုပ္ပဝါသာကလည်း လင်မင်းသားအား ကျွန်ုပ်သေအံ့လောဟု တွေးတော ဆင်ခြင်ရှိသောအခါ၌ လှူလိုသောဆွမ်းသည် မင်္ဂလာဆွမ်းဖြစ်လတ္တံ့။ ခုနစ်ရက်ပတ်လုံး ကျွန်ုပ် ဆွမ်းကျွေးလိုပါသည်။ မြတ်စွာဘုရားအား သွား၍ ပင့်လျှောက်ပါဦးဆို၍ လျှောက်ရလေ၏။ ခုနစ်ရက်စေ့သော အခါ သားသူငယ်ကိုလည်း ဤသူငယ်သည် များစွာသော မိတ်ဆွေမျိုးတို့၏ စိုးရိမ်ခြင်းကို ငြိမ်းစေလျက် ဖွားသောသူဖြစ်ရကား “သီဝလိ” ဟူသော အမည်ကို မှည့်လေ၏။

သူငယ်လည်း ခုနစ်နှစ်နှင့် ခုနစ်လ ခုနစ်ရက်တိုင်အောင် ဝမ်း၌ ကိန်းရသောသူ ဖြစ်ရကား ဖွားစသော အခါ၌ပင် ရပ်ခြင်း၊ထိုင်ခြင်း၊ သွားလာခြင်း၊ စကားဆိုခြင်းကိုပြုနိုင်၏။ ဖွား၍ ခုနစ်ရက်ရှိလျှင် အရှင်သာရိပုတြာနှင့် စကားပြော ဟောနိုင်လေ၏။ ထိုအခါ အရှင်သာရိပုတြာက ဤသို့ဆို၏။ သတို့သား သင်သည် ကျင်ကြီး ကျင်ငယ်တို့ အကြား၌ ဆင်းရဲ ကျဉ်းမြောင်းစွာ ခုနစ်နှစ်တိုင်တိုင် နေခဲ့ရသော ဒုက္ခကိုသ်၏ လောဟုမေး၏။ သိပါ၏ဟု လျှောက်သော် ဤကဲ့သို့သော ဆင်ရဲမျိုးကို မတွေ့ရအောင် ရှင်ရဟန်း ပြုနိုင်ပါအံ့လောဟု မေး၏။ သူငယ်ကလည်း အရှင်ဘုရား အခွင့်ရမူ အကျွန်ုပ်ရှင်ပြုလိုပါ၏ ဟု ဆိုပေ၏။ သုပ္ပဝါသာ မင်းသမီးကလည်း ငါ့သားသည် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာနှင့် ဘယ်စကားကို ပြောဆိုပါလိမ့်နည်းဟု တွေးတော၍ ရှင်သာရိပုတြာထံသို့ ကပ်ပြီးလျှင်၊ အရှင်ဘုရား-အကျွန်ုပ်သားသည် ဘယ်စကားကို ဆိုပါသနည်းဟု လျှောက်၏။ ရှင်သာရိပုတြာကလည်း ဒါယိကာမ-သင်၏သားသည် ခုနစ်နှစ်ကျော်ကာလပတ်လုံး ခံစားခဲ့ရသော ဆင်းရဲကို သတိရ၍ သင်ဒါယိကာမတို့ ခွင့်ပြုသည်ရှိသော် ရဟန်းပြုလိုပါသည် ဟု လျှောက်ဆိုသတည်းဟု မိန့်တော်မူလျှင်၊အရှင်ဘုရား-ယင်းသို့ ဖြစ်မူကား အရှင်ဘုရားသည် သီဝလိသတို့သားကို ရှင်ပြုတော်မူပါဟု လျှောက်၏။ အရှင်သာရိပုတြာလည်း သူငယ်ကို ကျောင်းသို့ ဆောင်၍ ရှင်ရဟန်းပြုလေ၏။ဆံကိုသုတ်သင်ဆဲအခါ၌ တစပဉ္စကကမ္မဋ္ဌာန်းကိုပြ၍ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခတို့ကိုကြားတော်မူလျှင် ဆံသုတ်သင်၍ အပြီး၌ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ သဘိုသားသည် ရှင်ပြုသောနေ့မှစ၍ သံဃာတော်ဘောင်၌ပင် ပစ္စည်းလေးပါးတည်း ဟူသော လာဘ်သည် လိုအပ်သမျှပြည့်စုံလေ၏။ အသက်နှစ်ဆယ်ပြည့်၍ ရဟန်းဖြစ်သောအခါ မြတ်စွာဘုရားမှတပါး အခြားသော ရဟန္တာတို့သည် ဘယ်သူမှ မတူနိုင်အောင် လာဘ်ပူဇော်သက္ကာရများခြင်းသည်ဖြစ်၍ "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ လာဘီနံ ဘိက္ခူနံ ယဒိဒံ သီဝလိ"ဟူသော စကားဖြင့် ဧတဒဂ်ထားတော်မူရသတည်း။ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ဓမ္မပဒ အဋ္ဌကထာတို့၌ လာ၏။ ဤအရှင် သီဝလိကိုရည်၍"လာဘ်သပ်ပြည့်ဖြိုး၊ ဘုန်းကံတိုး၊ ဖွားရိုး မဖွားဘယ်သူနည်း"ဟု ပုစ္ဆာပြုလေသည်။

ဤအရှင်၏ အလောင်းသည် ဘယ့်ကြောင့် ခုနစ်နှစ်နှင့် ခုနစ်လ ခုနစ်ရက်ပတ်လုံး မိခင်ဝမ်း၌အောင်းရသနည်း ဟူမူကား ရှေးသောအခါ ဥဇ္ဇေနီ ပြည်ကို အစိုးရသော မင်းဖြစ်၍ မိမိရသောနိုင်ငံ ငယ်ရကား အလွန်ကြီးကျယ်သော ဗာရာဏသီကို ယူခြင်းငှာ စစ်သည်ဗိုလ်ပါများစွာရုံးရုံ၍ချီလာပြီးလျှင် ဗာရာဏသီမြို့ကို ဝန်းရံ၍ထား၏။ မြို့သူမြို့သားတို့သည် ခြံလှောင်သော နွားကဲ့သို့ ထင်းခွေ ဟင်းခူးမျှ မသွားရ ကျဉ်းကြပ်စွာဖြစ်၏။ ဤသို့ဝန်းပိုင်း၍ ထားသဖြင့် ခုနစ်နှစ် ခုနစ်လ ရှိသော် ပြည်သူပြည်သားတို့က မိမိတို့မင်းကိုပယ်ရှား၍ ဥဇ္ဇေနီမင်းအား ပြည်ကို အပ်ရလေ၏။ ထိုသို့ ပြုဖူးသော မကောင်းမှုကံကြောင့် အပါယ်လေးပါး၌ များစွာဆင်းရဲခံပြီးမှ အဆုံးစွန်သော ဘဝ၌ အမိဝမ်းတွင် ခုနစ်နှစ် ခုနစ်လတိုင်အောင် နေရလေသည်။ ဖွားသောကာလလည်း ယောနိဝတွင် ကန့်လန့်တင်၍ ခုနစ်ရက်ပတ်လုံး ဆင်းရဲ ခံရလေသတည်း။

၁၁၁၂။ နာရီခွက်မျိုး၊ ရေဝင်လျှိုး၊ ဖောက်ထိုး ဘယ်ဆံခန့်ပေနည်း။ (၄)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....

ညဥ့်နေ့ စဉ်စီ၊ ပေါင်းနာဍီဖြင့်၊ ပါဒ်ဗီဇနာ၊ ပြန်ခရာမှ၊ ထွက်လှာရသော်၊ တွက်ဆ
အည်၊ တနာရီကား၊ ကြေးနီသပြာ၊ ဆယ့်ခြောက်သာကို၊ မျက်နှာခွက်ဝ၊ ပြုပြီးမှလျှင်၊
ယဝတော့၊ ကေဂုံလီ၊ လက်သစ်ညီဖြင့်၊ ကိုးသစ်ချင့်မှ၊ အမြင့်စောက်မှာ၊ ဥဗ္ဗေဓာကား၊
သတ္တာစင်စစ်၊ ခုနစ်သစ်ဖြင့်၊ ခွက်လုပ်ချင့်မှ၊ ဒသသံဝဍ္ဍာရ၊ ဣတ္ထိယာ၏၊ ကေသာဆံပင်၊
ဆယ့်ခြောက်မျှင်ကို၊ ဝင်လောက်ရုံရုံ၊ ဖောက်ပြီးတုံမှ၊ အမ္ဗုဒက၊ ရေဝယ်ချသော်၊ ကေ
ဝါမှာ၊ နစ်တခါကို၊ တနာရီမှတ်၊ တမောင်းခတ်လော့၊ သူပြတ်ညဏ်ရှင်၊ ပဟိုရ်ဆင်၍၊
ညဥ့်လျှင် လေးချက်၊ နေ့လေးချက်သည်။ ။ရေတွက်အမှန် ခြောက်ဆယ်သော။

၁၁၁၃။ နာရီချိန်ရှိုး၊ ခွက်အမျိုး၊ လုပ်ရိုးဆံဝင် ဘယ်မျှနည်း။ (၅)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....ဆယ်နှစ်ရွယ် ကညာ၏ ဆံတဆယ့်ခြောက်ပင် ဝင်အောင် ဖောက်ရမည်ဟု အထက်လင်္ကာတွင် ပါပြီ။

၁၁၁၄။ ရာ့တပါးတို့၊ လူအမျိုး၊ ဆိုရိုးဘယ်ကျမ်း လာသနည်း။ (၆)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား... ဇမ္ဗူဒိပ်ကျွန်း၌ အသီးအသီးသော တိုင်းကြီး ခရိုင်၊ နိုင်ငံတို့၏ နယ်ပယ် အပိုင်းအခြားကို ပြရာဖြစ်သော ဇမ္ဗုတံဆိပ်ကျမ်း၌ တရာ့တပါးသော လူမျိုးတို့ အရေအတွက်ကို လာသည်။ မှတ်လွယ်စိမ့်သောငှါ ရှေးဆရာတို့ လင်္ကာစီကုံး၍ ထားသည်ကို ရေးလိုက်အံ့—

တရာ့တပါး၊ လူမျိုးများကို၊ မှတ်သားကုန်လင့်၊ နိဒါန်းဖွင့်ပိမ့်၊ ယောနှင့် ရခိုင်၊
နှိုင်းပြိုင် ဓားဝယ်၊ ဘရယ် တောင်သူ၊ ပြော့ပြူကမ်းယံ၊ ခုနစ်တန်ကို၊ မြန်မာမုချ၊
ရေတွက်ဆလော့။ ။မွန်ကာ မွန်ညာ၊ မွန်နု မွန်သိ၊ မှတ်ဘိလေးရိုး၊ တလိုင်းမျိုးတည့်၊
ရှမ်းမျိုး ခေါ်ညွှန်း၊ ယွန်း ဂင် လင်း ဇင်း၊ ချင်းနှင့် ကရင်၊ ကချင် ကသည်း၊ မျက်နှာ
မည်းမြုံ၊ ကုံငယ် ကော်ထုတ်၊ တရုတ် တရက်၊ လဟက် လဟောက်၊ သောက္ကတဲဘူ၊ ဓနု
လူနှင့်၊ ခေါ်ယူမှတ်ပိုက်၊ လဝိုက် လဝါ၊ သညာ မည်တွင်၊ အင်ကျင် အင်ကျယ်၊ တသွယ်
ပလောင်၊ ထပ်နှောင်ဆင့်ပွား၊ ယိုးဒယားတစီး၊ ကတူးနှင့် သက်၊ ရေတွက်မပယ်မိမ်း၊
ဇဗိန်း ဇဝါ၊ များစွာ ပေါင်းသင်း၊ တနင်းသာရီ၊ ရေတွက်သီသော်၊ ခေါ်ညီတွင်ရိုး၊
ရှမ်းမျိုး သုံးဆယ်။ ။ကုလားဝယ်ကား၊ ကလယ် ငသီ၊ ဘရင်ဂျီနှင့်၊ ဇော်ဂီ မာလီ၊
ဘော်ရီ-ဟိန္ဒူ၊ ရေဆူ-သောတုတ်၊ လပုတ်-ဒေါ်ရား၊ ပုဏ္ဏား-ပရှူး၊ ကရှူး-ခန္တီ၊ တပသီပြင်၊
ဟာရီ-လာကာ၊ ဝေသာခါနှင့်၊ ပဋ္ဋိစ္စယာ၊ ဥစ္စယာကာ၊ စန္ဒ-ဇင်းကြံ၊ သုတ္တံ-ဗျာပါ၊ မိစ္ဆာ

ဆက်၊ ဦးပြဲ အိမ်ကပ်၊ ကလပ်-ဒေါဏ၊ ပိဿ ဒေါလာ၊ ဒါရကာ-ပန္တေ၊ မန္တေ-ခြေချုပ်၊ ဟိန္နုတ်-လှဘဲ၊ သင်းတွဲတတုံ၊ မှတ်ယုံလောယာ၊ ဒေါရဏာနှင့်၊ လေန္တကာ-ဘော ဘာ။ ပန်လဝါ-ခန္တိ၊ ကာလိ-ကျန့်တန်၊ ဗဟုလနိက၊ သုတန်ကလံ၊ ဇော်ဟဏာနှင့်၊ မရမံ ပဏ္ဍိတ်၊ ဘိတ်က-ရေဆ၊ ဖုဿ-ဘဂ်ါလီ၊ ဗာရာဏသီ၊ စုံစီထိုထို၊ သိန်းခိုအဂ်လိပ်၊ ခြောက်ကျိပ် မျိုးပြား၊ ကုလားအနွယ်၊ မှတ်ဖွယ်မှန်လှ၊ တရာ့တပါး၊ လူမျိုးများကို၊ စကားသိမ်းရုံး၊ အကျဉ်းချုံးသည်။ ။နည်းထုံးစဉ်လာ ဥဒါန်းတည်း။

ဤမှတပါး မှတ်စု မှတ်ပုံစာများတွင် ပါသော လူမျိုးတရာ့တပါးတို့၏ အမည်ကား အချို့ကွဲပြားလျက် ရှိ၏။ ပမာဏ ပြုလောက်သည်ကိုသာ ရည်၍ ရေးလိုက်သည်။ ။အင်္ဂလိပ် ပညာရှိတို့ ဇမ္ဗူဒိပ်ကျွန်းအပြင်တွင် မြင်ဖူး ရောက်ဖူးသမျှသော နိုင်ငံ၌ လူမျိုးတို့၏ အမည်နာမ အသုံးအဆောင်ကို ပြဆိုသောကျမ်း၌ကား အခြားသော အမည်နာမဖြင့် လာ၏။ တရာ့တပါး မစေ့စုံ။

၁၁၁၅။ ဗောဓိသို့တိုး၊ ဓာတ်တော်မျိုး၊ ကြွရိုး ဘယ်ဓာတ် အလျင်နည်း။ (၃)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား....အာသမ္ဘိန္နဓာတ်တော်တို့ အလျင်ကြွလာသည်ဟု ဓာတုဝင်တို့၌ လာသည်။

၁၁၁၆။ မကွဲမကျိုး၊ ဓာတ်တော်မျိုး၊ ခေါ်ရိုး ဘယ်ဓာတ်တော်တို့နည်း။ (၈)

ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ...

> ဥဏှီသံ စတုရော ဒါဌာ၊ ဒွေ အက္ခကာ စ သတ္တဓာ။
> အသမ္ဘိန္နာ ဝိသေသတော၊ သေသာ ဘိန္နာ စ ဓာတုယော။

ဥဏှီသံ၊ နဖူးသင်းကျစ်ဘော်လည်းကောင်း။ စတုရော ဒါဌာ၊ လေးချောင်းသော စွယ်တော်လည်းကောင်း။ ဒွေ အက္ခကာ စ၊ ညှပ်ရိုးတော် နှစ်ချောင်းလည်းကောင်း။ဣတိ၊ ဤသို့။ သတ္တဓာ၊ ခုနစ်ပါးကုန်သော ဓာတ်တော်တို့သည်။ သဒါ၊ အခါခပ်သိမ်း။ အသမ္ဘိန္နာ၊ မကွဲမပျက်သည်ဖြစ်၍ အသမ္ဘိန္နဓ ာတ် မည်ကုန်၏။ သေသာ၊ ကြွင်းကုန်သော ဓာတ်တော်တို့သည်။ ဝိသေသတော၊ အထူးအားဖြင့်။ ဘိန္နာ၊ ကွဲပျက်သည်ဖြစ်၍ သမ္ဘိန္နဓာတ်မည်ကုန်၏။

ဥဏှီသံ၊ နဖူးသင်းကျစ်တော်သည်။ သီဟဠဒီပေ၊ သီဟိုဠ်ကျွန်း၌။ ပတိဋ္ဌိတော၊ တည်၏။ ဝါမက္ခ-ကဋ္ဌ၊ လက်ဝဲညှပ်ရိုးတော်ဓာတ်သည်ကား။ ဗြဟ္မလောကေ၊ ဗြဟ္မပြည်၌။ ပတိဋ္ဌိတော၊ တည်၏။ ဒက္ခိဏ က္ခကဋ္ဌ၊ လက်ယာညှပ်ရိုးတော် ဓာတ်သည်ကား။ သီဟဠေ၊ သီဟိုဠ်ကျွန်း၌။ ပတိဋ္ဌိတော၊ တည်၏။ ကော ဒါဌာ၊ တချောင်းသော လက်ယာ အထက်စွယ်တော်သည်။ တိဒသပုရေ၊ တာဝတိံသာ နတ်ပြည်၌။ ပတိဋ္ဌိတော၊ တည်၏။ ကောဒါဌာ၊ တချေ ာင်းသော လက်ယာအောက်စွယ်တော်သည်။ နာဂပုရေ၊ နဂါးပြည်၌။ ပတိဋ္ဌိတော၊ တည်၏။ ကော ဒါဌာ၊ တချောင်းသောလက်ဝဲ

အထက်စွယ်တော်သည်။ ဂန္ဓာရဝိသယေ၊ ဂန္ဓာရအရပ်၌။ ပတိဋ္ဌိတော၊ တည်၏။ ကော ဒါဠာ၊ တချောင်းသောလက်ဝဲအောက်စွယ်တော်သည်။ ဂ.လိင်္ဂရဇ္ဇနေ၊ ကလိင်္ဂမင်း၏။ ပုရေ၊ ပြည်၌။ ပတိဋ္ဌိတော၊ တည်၏။ စတ္တာလီသသမဒန္တာ၊ အမျှလေးဆယ်သော သွားတော်တို့ကိုလည်းကောင်း သဗ္ဗသော၊ အကြွင်းမရှိအလုံးစုံသော။ ကေသလောမာ စ၊ ဆံအမွေးတော်တို့ကိုလည်းကောင်း။ ကေကာ်၊ တချောင်းတချောင်းစီ။ စက္ကဝါဠပရမ္ပရာ၊ စကြာဝဠာအဆက်ဆက်သို့။ ဒေဝါ၊ နတ်တို့သည်။ ဟရိံသု၊ ဆောင်ကုန်၏။ ။စကားအလျဉ်းသင့်၍ တည်ရာဌာနနှင့် တကွ ပြလိုက်သည်။

၁၁၇။ လူနတ်ကွယ်ကိုး၊ စေဘုန်းဖြိုး၊ တိုင်းရိုးလုံးပတ် ဘယ်မျှနည်း။ (၉)

ဟူသော အမေးပုစ္ဆာ၌အဖြေဝိသဇ္ဇနာကား....

> ပဉ္စဒီဃာ ပဉ္စဟတ္ထာ၊ ဒွါဝီသဉ္စဝိဒတ္ထိယော။
> တရိယောဒသမုဋ္ဌိ စ၊ အင်္ဂုလံ အဋ္ဌတာလီသံ။
>
> ပဉ္စဒသယဝေါ စာတိ၊ အဋ္ဌုတ္တရသတံ ယထာ။
> ဗုဒ္ဓရူပေဝ စနုတံ၊ ပဏ္ဍိတေဟိ တထာ မိတံ။

ပဉ္စဒီဃာ၊ တထောင့်ထွာဖြစ်သော ထက်ဝက်တော်နှင့် တိုင်းရာသည် အရှည်ငါးပါးလည်း ကောင်း။ ပဉ္စဟတ္ထာ၊ အတောင်နှင့် တိုင်းရာသည် ငါးပါးလည်းကောင်း။ ဒွါဝီသဉ္စ ဝိဒတ္ထိယော၊ အထွာနှင့်တိုင်းရာသည် နှစ်ဆယ့်နှစ်ပါးလည်းကောင်း။ တ.ရိယော ဒသမုဋ္ဌိ စ၊ မုဋ္ဌိနှင့်တိုင်းရာသည် တဆယ့်သုံးပါးလည်းကောင်း။ အင်္ဂုလံ အဋ္ဌတာလီသံ၊ လက်သစ်နှင့် တိုင်းရာသည် လေးဆယ့်ရှစ် ပါးလည်းကောင်း။ ပဉ္စဒသယဝေါ စ၊ မုယောနှင့်တိုင်းရာသည် တဆယ့်ငါးပါးလည်းကောင်း။ ဣတိ၊ ဤသို့။ ဗုဒ္ဓရူပေ၀၊ ဘုရားသဏ္ဌာန်ရုပ်တုတော်၌ သာလျှင်။ ယထာ၊ အကြင်အခြင်းဖြင့်။ အဋ္ဌုတ္တရသတံ၊ တရာ့ရှစ်ပါးသော။ စနုတံ၊ စနစ်ပုံကို။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ တထာ၊ ထိုဆိုခဲ့သည် အတိုင်း။ မိတံ၊ နှိုင်းရှည့်အပ်၏။ ။ဤသို့ စနစ်ကျမ်းတို့၌ လာသည်။

အရှည်တတောင့်ထွာနှင့် တိုင်းရာသည် ငါးပါးဟူသော်ကား– ရှေ့ထက်ဝယ်တော် တတောင့် ထွာ။ ထက်ဝယ်တော်နှင့် နှာခေါင်းတော် တတောင့်ထွာ။ နောက်ဆံလုဉ်တော် တတောင့်ထွာ။ ခါးတော် လုံးပတ် တထောင့်ထွာ။ ခေါင်းတော်လုံးပတ် တတောင့်ထွာ။ ဤသည်လျှင် အရှည်နှင့် တိုင်းရာသည် ငါးပါးတည်း။

အတောင်နှင့်တိုင်းရာသည် ငါးပါးဟူသော်ကား— ရင်ဝတော် တတောင်။ တင်ဆုံက ပုဆစ် တော် တဖက်တချက် တတောင်။ ပုဆစ်တော်က ဘဝါးတော်ထိ တတောင်။ ဤသည်လျှင် အတောင်နှင့် တိုင်းရာသည် ငါးပါးတည်း။

အထွာနှင့် တိုင်းရာသည် နှစ်ဆယ့် နှစ်ပါး ဟူသော်ကား။ ။ထက်ဝယ်တော်က ချက်ရှေ့ ထဘက်တထွာ။ ချက်တော်က နံနှစ်ဘက်ကြား တထွာ။ နို့နှစ်ဘက်ကြားမှ နှာဖျားတထွာ။ နှာဖျားမှ မုနိတော်ရှေ့ တထွာ။ ခေါင်းတော်အကန့်တထွာ။ အချင်းတထွာ။ နို့နှစ်ဘက်ကြား တထွာ။ နို့မှ ပခုံးဖျားတဘက်တထွာ။ လက်ကတီးကြားမှ လက်မောင်း တတောင်ဆစ်ရှေ့

တဘက်တထွာ။ တတောင်ဆစ်ကသည် လက်ကောက်ဝတ်တော်ရွေ့ တဘက်တထွာ။ လက်ကောက်ဝတ်တော်ကသည် လက်ဖျားတဘက်တထွာ။ နောက်ဆံလျဉ်တော်ကသည် ခါးအချင်းတထွာ။ အကန့်တထွာ။ ခါးတော်မှတင်ပါး တဘက်တထွာ။ မေးဖျားတော်က ဆံလျဉ်တော်အကုန်တထွာ။ နောက်မုနိတော်ရွေ့တထွာ။ ဤသည်လျှင် အထွာနှင့် တိုင်းရာသည် နှစ်ဆယ့်နှစ်ပါးတည်း။

မုဋ္ဌိနှင့်တိုင်းရာသည် တဆယ့်သုံးပါး ဟူသော်ကား။ နှာခေါင်းတော်မှ လက်ယာ လက်ဝဲ နားတော်ရွေ့ တဘက်တမုဋ္ဌိ။ နားတော်မှ လည်တော် အကုန်တဘက်တမုဋ္ဌိ။ လည်တော်မှပခုံးတော်တဘက်တမုဋ္ဌိ။ နို့တော်မှသည် လက်မောင်းတော်ရွေ့တဘက်တမုဋ္ဌိ။ လည်တော်တမုဋ္ဌိ။ ရင်ကြားကသည် လက်မောင်းတော်ရွေ့ တဘက်တမုဋ္ဌိ။ ပေါင်တော်နှစ်ဘက်ထုတမုဋ္ဌိ။ ဤသည်လျှင် မုဋ္ဌိနှင့် တိုင်းရာသည် တဆယ့်သုံးပါးတည်း။

လက်သစ်နှင့် တိုင်းရာသည် လေးဆယ့်ရှစ်ပါး ဟူသော်ကား။ မေးတော်က နှာခေါင်းတော်ဖျားရွေ့ လေးသစ်။ နှာခေါင်းတော်ဖျားကသည် မျက်မှောင်တော်ကြားရွေ့ လေးသစ်။ မျက်မှောင်တော်ကြားကသည် ဆံလျဉ်တော်ရွေ့ လေးသစ်။ သင်းကျစ်ဆံလျဉ်တော် နှစ်သစ်။ ဆံလျဉ်ကသည် ခေါင်းတော်အဆုံး နှစ်သစ်။ ရေပွက်ကဲ့သို့ တက်သော မုနိတော်အဆုံး နှစ်သစ်။ ဆဗ္ဗဏ္ဏရံသိပတိဋ္ဌာပန ရောင်ခြည်တော် ခြောက်ပါးတို့၏ စုဝေးရာ တည်ရာ ဖြစ်သော ဝိမလကေ-တုမာလာ-ဟူသော အညစ်အကြေးကင်းသော မှန်ကင်းတော် လေးသစ်။ မျက်မှောင်တော်အလျားတဘက်ငါးသစ်။ မျက်မှောင်တော်မှ မျက်ခုံးတော်ရွေ့ တဘက်နှစ်သစ်။ မျက်စိတော်မှ နားတော်ရွေ့ တဘက်လေးသစ်။ မျက်ကွင်းတော်အလျား တဘက် သုံးသစ်။ နားခွက်တော် တဘက် သုံးသစ်။ နားသားတော် တဘက်သုံးသစ်။ လည်ရေးတော်သုံးဆင့် တသစ်ခွဲစီ။ လက်တော်ထု တဘက်လေးသစ်။ လက်မောင်း တော်အလျား တဘက် တဆယ့်ခြောက်သစ်။ လက်မောင်းတော် လုံးပတ်တဘက် တဆယ့်ခြောက်သစ်စီ။ လက်ကောက်ဝတ်တော် လုံးပတ် တဆယ့်တသစ်။လက်ဖဝါးတော်သား အလျားခြောက်သစ်စီ။လက်ညှိုးလက်ငယ် ခြောက်သစ်စီ။ လက်-ဖဝါးတော်ပြက် တဘက် ငါးသစ်စီ။ ခြေဖဝါးတော်အလျား တဘက်ဆယ်သစ်။ ခြေဖဝါး ဦးတော်ခြောက်သစ်။ ခြေဖနှောင့်တော်တဘက် ငါးသစ်။ ခြေမ ခြေညှိုးတော် တို့ကို ဖဝါးတော်၏ လေးစုတစုယူ။ ခြေမ ခြေသည်းတော် အလျား အနံတသစ်စီ။ ဤသည်လျှင် လက်သစ်နှင့် တိုင်းရာသည် လေးဆယ့်ရှစ်ပါးတည်း။

မုယောနှင့် တိုင်းရာသည် တဆယ့် ငါးပါး ဟူသော်ကား— မျက်မှောင်တော်ပြက် သုံးမုယောစီ။ မျက်ပွင့်တော်တဘက် သုံးမုယောစီ။ မျက်ခွံတော် တဘက် သုံးမုယောစီ။ မျက်တောင်တော် တဘက် နှစ်မုယောစီ။ ခံတွင်းတော် တမုယော။ အောက်နှုတ်ခမ်းတော် တမုယော။ လဆန်းငါးရက်လသဏ္ဌာန်ရှိစေ။ နားသား နားကွင်း အလျားတဘက် နှစ်မုယော။ နှာခေါင်းတော်တွင်း တဘက်နှစ်မုယောစီ။ နှာခေါင်းဝ အကြားတမုယော။ ဤသည်လျှင် မုယောနှင့် တိုင်းရာသည် တဆယ့်ငါးပါးတည်း။

မျက်လုံးတော် နှစ်ဘက်ဖြိုးစေ။ ပခုံးတော် လည်ကုပ်တော်ဖြိုးစေ။ ဖမိုးတော်ကား အလုပ်မှာမဝင်။ နဖူးတော် လေးသစ်။ ဆံလျဉ်တော်တိုင်ရှဲ ဖြိုးဖြိုး ပြည့်ပြည့် ကြွကြွရှိစေ။ စလုံရိုက်တဘက်မရှိစေနှင့်။ အောက်နှုတ်ခမ်း လဆန်းငါးရက် သဏ္ဌာန်ရှိစေ။ သားမြတ်တော် နွားလား ဥသဘာ

နဖူးကဲ့သို့ရှိစေ။ ဝမ်းတော် နွားလားဥသဘကဲ့သို့ရှိစေ ရင်အုပ်တော်လည်း ခြင်္သေ့မင်း၏ ရင်အုပ်ကဲ့သို့ရှိစေ။ ရင်ဝတော်ကား နွားလားဥသဘ နဖူးကဲ့သို့ရှိစေ။ ဤသည်လျှင် ဘုရား ဆင်းတုတော်၏ လက္ခဏာတည်း။

တနည်းကား ဆင်းတုတော်၏ ဆံလျှော်တော်ကသည် မေးဖျားရွှေ့။ မေးတော်ဖျားကသည် သားမြတ်ရင်တော်ကြားရွှေ့။ ရင်တော်ကြားကသည် ချက်တော်ရွှေ့။ ချက်တော်ကသည် ထက်ဝယ်တော်ရွှေ့ ဤလေးပါးကား ပြုသော ဆင်းတုတော်၏ တဆယ့်နှစ်သစ်စီ။ မုနိတော်ကို အသီးထည့်။ ထိပ်တော်မှသည်ဆံလျှော်ဘော် ဆံလျှော်တော်မှသည် မျက်မှောင်တော်နှစ်ဘက်ကြား။ မျက်မှောင်တော် နှစ်ဘက်ကြားမှသည် နှာခေါင်းတော်ဖျား။ နှာခေါင်းတော်ဖျားမှသည် မေးတော်ဖျား ဤလေးပါးကား လေးသစ်စီ။ နှာခေါင်းတော်ဖျားအကြားကို သုံးစုစု။ အောက်နှစ်စု အထက်တစု။ အလယ်တွင် ခံတွင်းတော်ထည့်။ ခံတွင်းတော်အလျား တဆယ့်လေးသစ်။ ခေါင်းတော်လုံးပတ် သုံးဆယ့်ခြောက်သစ်။ တတောင့်ထွာထည့်။ ခေါင်းတော်လုံးပတ်ကို လေးစုစု။ သုံးစု လက်မောင်းတော် နှစ်ဘက်။ တဘက် တစုဖြစ်စေ။ လည်တော် အချင့်လည်း တစုဖြစ်စေ။ နားတော် အလျားငါးသစ်။ ပြက်နှစ်သစ်ခွဲ။ နဖူးတော်အပြင် လေးသစ်။ မျက်မှောင်တော် နှစ်ဘက်အကြား တသစ်။ မျက်တောင် နှစ်ဘက်အကြား သုံးသစ်။ နှာခေါင်းတော် နှစ်သစ်ခွဲ။ လက်ရုံးတော် လုံးပတ် တဆယ့်သုံးသစ်။ ထိုကိုလေးစုစု။ သုံးစုလက်ကောက်ဝတ်လုံးပတ်။ လက်တော်အသား ငါးသစ်။ လက်ချောင်းတော် ငါးသစ်။ ဖဝါးတော်အသား တဆယ့်နှစ်သစ်။ ထက်ဝယ်တော် အလျားကို လေးစုစု။ သုံးစု ထက်ဝယ်တော် အချင့်။ ထိုကိုလေးစုစု။ သုံးစု တစု အစောက်ဖြစ်စေ။ ထက်ဝယ်တော်အလျားကို လေးစုစု။ သုံးစုပလ္လင်တော် အစောက်ဖြစ်စေ။ ဤသည်လျှင် ဘုရားရှင် ရုပ်ထုတော်၏ စံနစ်တည်း။ ဤစံနစ်ပုံကိုမှီ၍ ဘုရားရှင် ရုပ်ပွားတော်၌ လုံးပတ်စသည်ကို သိရမည်။

စွယ်စုံကျော်ထင် အမည်ရှိသော ပုစ္ဆာကျမ်း၌ သဒ္ဒဝိသေသ, အတ္ထဝိသေသဟု ဆိုအပ်သော သံကွဲ ကြောင်းကွဲ ပုစ္ဆာတို့ကိုဆိုရာ ပဌမပိုင်းကား ပြီး၏။ ။ဤပဌမပိုင်း၌ ပုစ္ဆာပေါင်း တထောင့်တရာ့တဆယ့်ခုနစ်ရပ်ရှိသည်။ ထိုပုစ္ဆာတို့၌သာလျှင် လောကီလောကုတ္တရာကျမ်းလာနှင့် စပ်သော အနက် အဓိပ္ပါယ်ကို မှတ်လွယ်စိမ့်သောငှာ မေးသည်ဖြစ်၍ ဖြေဆိုခြင်းငှာ သင့်သည်။ ဒုတိယပိုင်း၌ကား သံတူကြောင်းကွဲ ပုစ္ဆာ တထောင့်တရာခန့် ရှိသည်။ ထိုပုစ္ဆာတို့ကား ပင့်ရစ် အသတ် ပညတ်မှန်ကန်ရုံမျှသာ ပုစ္ဆာပြုသည်ဖြစ်၍ အနက်အဓိပ္ပါယ်ဖြေဆိုဖွယ်မရှိ။ ပါတိမောက် ပြရာ၌ သမ္ဗန္ဓနာဒီကိစ္စသည် မပြုရပဲပြီးသကဲ့သို့ ဖြေပြီးပင် ဆိုအပ်တော့သည်။

"အိုး" ကာရန်ပုစ္ဆာ ၉ ပုဒ်အဖြေ ပြီး၏။

အဖြေကျမ်း၏ တတိယကဏ္ဍ ပြီး၏။

ကျမ်း၏ အခြင်းအရာ

စွယ်စုံကျော်ထင် အမည်ရှိသော ဤပုစ္ဆာကျမ်းကို စီရင်သော ရှင်နန္ဒမေဓ ကား ယောကျ်ားသာမည မဟုတ်။ ဗုဒ္ဓ၊ ပစ္စေက၊ သာဝကအားဖြင့် ဆုမြတ်သုံးပါးတွင် ဘုရားရှင်တို့၏ ဆုကို ပန်လျက် ဆယ်တန်သော ပါရမီတရားကို အားထုတ်၍ ဖြည့်ကျင့်သည်။ ဇဝနဉာဏ်, တိက္ခဉာဏ်,

ဂမ္ဘီရဉာဏ်, ဟာသဉာဏ်, သုတမယဉာဏ်, စိန္တာမယဉာဏ်, ပဋိဘာန်တို့နှင့် ပြည့်စုံသည်။ ဆရာမွန်, ဆရာမြတ်တို့၏ လက်မှ လျှို့ဝှက်ခဲကတ်သော ပိဋကတ်ကျမ်း ဗေဒင်ကျမ်းများကို သင်ကြားနည်းယူသဖြင့် သူမတူနိုင်သော သတ္တိ ဗျတ္တိ ရှိသည်။ ဣန္ဒနီအကျော်၊ ဝေရော်စန၊ မြဇောတိရည်၊ မျက်မြတ်ဉသို၊ လွန်ပြည့်စုံသော ဝေပုလ္လတောင်မင်းကဲ့သို့ ပရိသတ်ခပင်းတို့၏ မှီတင်းကိုးကွယ်ရာ ပညာသဒ္ဓေးကြီး ဖြစ်သည်။ ရှစ်ခွင်ဒိသာမှ ဆည်းကပ်လာသော ရဟန်း, ရှင်, လူတို့အား ကျမ်းဂန် ပရိယတ်တရားကို သင်ကြားပို့ချလျက် နေသည်။ အသက်လေးဆယ်ကျော်အခါတွင် ငါတို့ ဂေါတမဘုရားကို ဖူးတွေ့ရ၍ ကျွန်ုပ် ဘုရားဖြစ်ပါအံ့လောဟု လျှောက်သည်တွင် သင်သည် နောင်ခသာအခါ ငါကဲ့သို့ ဘုရားစင်စစ် ဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူသ ည်ကို ခံရမည်ဟူ၍ သုံးကြိမ်တိုင်တိုင် အိပ်မက်မြင်ကြောင်းကိုလည်းကောင်း၊ ဆရာစီရင်သော သုတ်နိဿယနိဂုံးတွင် ပါသည်။ ယင်းသို့ ပါရမီခံ ဉာဏ်ကံ ကြီးမားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ရကား မြင်မြင်ငါးပါး သူတပါးတို့သည် ဖွဲ့ထား ကုံးသီနိုင်မည်ကို မဆိုထားလင့်။ မေးခွင့် မေးရာကိုမျှ ကြံခြင်းငှာ မစွမ်းနိုင်ရာသော ပုစ္ဆာ၊ သီလွယ်ငြားသော်လည်း နောက်သားတို့ ပညာပွားရန် အကျိုးရှိသော ပုစ္ဆာ ဤပုစ္ဆာ အရပ်ရပ်တို့ကို ပိဋကတ်ဗေဒင်ရာဇဝင်ကျမ်း၊ ဆန်းအလင်္ကာ၊ လောကာယတဖြစ်သော ဂန္ထန္တရကျမ်း၊ ပုံပြင်ကျမ်းတို့မှ အဆန်းတကြယ် မှတ်ဖွယ်ကောင်းလှသော စကားအဆီအနှစ် အဆစ်အဖုတို့ကို ဖွေနှုတ်၍ ပုစ္ဆာပြုခဲ့ပေသည်။

ယင်းသို့ အံ့သြဖွယ် ကြီးကျယ်ထည်လိပ်သော ပုစ္ဆာကျမ်းဖြစ်ရကား အများပညာရှိ ကဝိခံ ပဏ္ဍိတ်ခေါ် ပုဂ္ဂိုလ်ကျော်ဟူသမျှတို့ ဖြေဆိုကြခြင်းငှာ ကြံစည်ပါသော်လည်း တော်ရာ လျော်ရာကိုသာ မြင်၍ ကောင်းကင်ကို လက်လှမ်းသကဲ့သို့ ဖြစ်ရကား ဉာဏ်စွမ်းတူသူတို့ ဖြေတော်မူစေသောဟု တောင့်တသော အသံကို အဖန်ဖန် ကြားရသဖြင့် သိကြားမင်း မာဃသည် မိမိ၏ အလိုပြည့်စ ကာလ၌ ပီတိပါမောဇ္ဇကို ရ၍ အလို မပြည့်သ မျှသော သတ္တဝါကို ဖြည့်ခြင်းငှာ မျှော်လင့်သော အလားကဲ့သို့ တိုင်းစားကာ နေသည့် အတွင်းတွင် အရညင်္သိဖြစ်သော ကလျာဏဇေသူမြတ်၊ ပဏ္ဍာလသူမြတ်တို့ ထပ်မံတိုက်တွန်းကြသောကြောင့် မုနိန္ဒာဘိဓေ အမည်ရှိသော ငါသည် ကောဇာသက္ကရာဇ် ၁၂၂၄-ခုနှစ်၊ ကဆုန်လက အစပြု၍ ဤအဖြေကျမ်းကို ရေးသားစီရင်သည်။ ၁၂၂၇-ခု၊ သီတင်းကျွတ်လပြည့်ကျော် ရှစ်ရက်နေ့တွင် အောင်မြင် ပြီးစီး လေသတည်း။

အမေး အဖြေ နှစ်ပါးတို့တွင် အမေးသည် ခဲယဉ်းသလော အဖြေသည် ခဲယဉ်းသလော ဟူငြားအံ့။

မေးလိုသောသူသည် မိမိသင်၍လည်းကောင်း၊ သူတပါးထံမှ ကြား၍လည်းကောင်း၊ အလိုလို ကြံဆ၍လည်းကောင်း ရအပ်သော အနက်သဘောကို မေးရသောကြောင့် ဝန်လေးသည် ခဲယဉ်းသည် မဟုတ်။ ဖြေသောသူသည်သာလျှင် ဥပမာ ဥပမေယျ သာဓကယုတ္တိကို နှိုင်းညှိ၍ ဖြေဆိုရသောကြောင့် ခဲယဉ်းလှသည် ဖြစ်၏။

တနည်းလည်း အကြောင်းယုတ္တိကိုရှာလျက် သင့်လျော်စွာ မေးခြင်းသည်လည်း ခဲယဉ်း၏။ အကြောင်းကို ဖော်ဖွေ၍ အဖြေပြုရခြင်းသည်လည်း ခဲယဉ်း၏။ သတိပညာ ကြီးစွာသောသူတို့၏ အာရုံမှုရာသာ ဖြစ်၏။

ထို့ကြောင့် ရထဝိနီတသုတ်အဋ္ဌကထာ၌—

ကိံ ပဉှာ ပုစ္ဆန္တံ ဘာရိယံ ဥဒါဟု ဝိဿဇ္ဇန္တိ။ ဥဂ္ဂဟေတွာ ပုစ္ဆန္တံ နော ဘာရိယံ။ ဝိဿဇ္ဇန္တံ ပန ဘာရိယံ။ သဟေတုကံ ဝါ သကာရဏံ ကတွာ ပုစ္ဆနမ္ပိ ဝိဿဇ္ဇနမ္ပိ ဘာရိယ-မေဝါတိ။ ဥပဋ္ဌိတဿာတိနံ ပန ဥဘယမ္ပေတံ န ဒုက္ကရံ။

ဟူ၍ မိန့်ဆိုသည်။

ပဉှာ၊ ပြဿနာကို။ ပုစ္ဆန္တံ၊ မေးခြင်းသည်။ ဘာရိယံ ကိံ၊ ဝန်လေးသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဝိဿဇ္ဇန္တံ၊ ဖြေခြင်းသည်။ ဘာရိယံ ကိံ၊ ဝန်လေးသလော။ ဣတိ ပုစ္ဆေယျ၊ ဤသို့မေးငြားအံ့။ ဥဂ္ဂဟေတွာ၊ သင်ကြားမှတ်သား၍။ ပုစ္ဆန္တံ၊ မေးခြင်းသည်။ နော ဘာရိယံ၊ ဝန်မလေး။ ဝါ၊ မခဲယဉ်း။ ဝိဿဇ္ဇန္တံ ပန၊ ဖြေဆိုခြင်းသည်ကား။ ဘာရိယံ၊ ဝန်လေး၏။ ဝါ၊ ခဲယဉ်း၏။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေ ဗ္ဗော၊ ဖြေအပ်၏။ ဝါ၊ တနည်းကား။ သဟေတုကံ၊ အရင်းရှိသော။ သကာရဏံ၊ အကြောင်း အကျိုးနှင့် တကွသော စကားကို။ ကတွာ၊ ပြု၍။ ပုစ္ဆနမ္ပိ၊ မေးမြင်းသည်လည်းကောင်း။ ဝိဿဇ္ဇနမ္ပိ၊ ဖြေဆိုခြင်းသည်လည်းကောင်း။ ဘာရိယမေဝ၊ ဝန်လေးသည်သာတည်း။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေတဗ္ဗံ ၊ ၏။ ပန၊ မခဲယဉ်းသည်ကိုဆိုလိုက်အံ့။ ဥပဋ္ဌိတဿာတိနံ၊ ထင်သောသတိပညာရှိကုန်သော ပုဂ္ဂိုလ်တို့အား။ ဧတံ ဥဘယမ္ပိ၊ ဤနှစ်ပါးစုံသည်လည်း။ န ဒုက္ကရံ၊ မခဲယဉ်း။

ယင်းသို့ အဋ္ဌကထာဆရာ စကားနှစ်ခွန်းဆိုသည်တွင် "အမေးလွယ်၏၊ အဖြေခက်သည်" ဟူသော ရှေးစကားသာလျှင် များစွာသော ဇာတ်နိပါတ် ဝတ္ထုသက်သေတို့နှင့် ညီသည်။ဘယ်သို့ ညီသနည်းဟူမူ—ဥမင်္ဂဇာတ်တော်၌ မဟောသဓာမိန်၏ ပညာရှိ, မရှိကို စမ်းခြင်းငှာ တဆယ့်လေးရပ်သော ပြဿနာကို ပညာသင့်ရုံရှိသော သိန်း၊ ဒေဝိန်း၊ ကာမိန်း၊ ပက္ကုသ်တို့ပင် ပြုလုပ်နိုင်ပါသည်။ တဦးလုပ်သော ပြဿနာကို တဦးဖြေခြင်းငှာ မတတ်နိုင်ရာ။ ဘုရားလောင်း သုခမိန်သာလျှင် မေးလာသမျှ ပုစ္ဆာ၏အနက်တို့ကို ပြက်ပြက်ထင်ထင် သိမြင်နိုင်သည်။

မိလိန္ဒပဉှာတွင်လည်း- ပုထုဇဉ် ပညာရှိဖြစ်သော မိလိန္ဒမင်းကြီးမေးသော ပုစ္ဆာကို ပဋိသမ္ဘိဒါပတ္တ တိပိဋကဓရဖြစ်သော ရဟန္တာအရှင်တို့မှ ဖြေဆိုခြင်းငှာ မစွမ်းနိုင်ကြသောကြောင့် ယောနကတိုင်းမှ ရှောင်ခွာ၍ ဟိမဝန္တာအစပ်၌ နေကြရသည်။ ရှေးပါရမီဝိသေသ ကြီးမြတ်လှသော နာဂသေနထေရ်ရောက်လာမှ ရဟန္တာအပေါင်းတို့သည် သာဂလမြို့သို့ လာဝံ့ကြသည်၊ ဤသို့သာ ကျမ်းဂန်သက်သေကို ထောက်ထားသဖြင့်လည်းကောင်း၊ ကျွဲကျောင်းသားတယောက်သည် ခလောက်ဆွဲလျက် မြက်စားသောကျွဲ၏ ဗျပ်ကြောင်းမြည်သော အသံကို မှတ်ပြီးလျှင် ပညာရှိရဟန်းတဦးအား အရှင်ဘုရား ဗျပ်ကြောင်းသဒ္ဒါသည် အဘယ်ကိုဟောပါသနည်းဟု မေးလျှင် ထိုအရှင်သည် ကျမ်းဂန်တွင် တွေးမြော်၍ မြင်တော်မမူနိုင် ရှိဖူးသည်တဆုံး။

ပေါက္ကံပြည်၌ တဦးသော ဒါယိကာမသည် ကျမ်းတတ် ဆရာထံသို့ကပ်၍ အရှင်မြတ် ပြဿနာ တခုကို ဒါယိကာမအားခွင့်ပြုပါ။ဗုဒ္ဓေ သဒ္ဒါ၊ဗုဒ္ဓေါ သဒ္ဒါ၊ ဗုဒ္ဓံသဒ္ဒါတို့သည် ဘုရားသခင်ကိုဟော၏ ဟူပြီ ။ ဗုဒ္ဓိုင်းသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်းဟု မေးလျှင်၊ ထိုကျမ်းတတ် အရှင်သည် ဆင်ခြင်၍ မရနိုင် ရှိဖူးသည်ကတထုံး။

ဤထုံးများကို ထောက်ထား၍ မေးသူကား ကျွဲကျောင်း, ဖြေသူကား ဘုရားလောင်းဟု စကားဟောင်း ဆိုရိုးရှိကြသည်။ယင်းသို့သော ကျမ်းဂန်ထုံးစံကို နှိုင်းဆလျှင် အမေးကားလွယ်၏။ အဖြေသည်သာ ခက်သည်ဟူသော စကားသည် သင့်မြတ်ညီညွတ်သတည်း။

နိဂုံး

စတုစက္ကသမ္ပုဏ္ဏာယ၊ ကဉ္စနာဂိရိနဂြာယ။
စက္ကဋ္ဌေ တိလကဗ္ဘူတေ၊ ကျီးသဲလ္လဘျာဘိသမ္မတေ။
(ပဌမ မကာရဝိပုလာပထျာ)

မဟာနိဂမေ ဇာတတ္တာ စ တဿ ပါစီနဘာဂမှိ ဇေဋ္ဌေ သာသနဒ္ဓရာယ ပုတ္တာဒါရာနံ မဟာမစ္စေ-န ကာရာပိတေ စတုဘုမ္မိကာဝါသေ ပဌမံ ဝသိတတ္တာ စ၊ ကျီးသဲလေးထပ်တိအာချာတေန စက္ကသန္တရာစေရာနံ ဝံသာလင်္ကာရဘူတေန သဒ္ဓမ္မာဘိရမန္တေန သီလာဒိဂုဏ ယုတ္တေန ဝေပုလ္လ-ပညာဝေယျတ္တိကေန တိပိဋက ဝေဒတ္တယဗဟုဿုတဂုဏေဟိ ဝိဿုတေန ဂဏဝါစကေန မုနိန္ဒာဘိဓဇသညိနာ မဟာ ဥတ္တရတိတ္ထံ နာမ ဇနပဒမုပနိဿာယ နဝဝိဟာရဂဗ္ဘံ ကာရ-ယန္တော ဝသန္တေ မင်္ဂလတ္ထဒီပနိယာ ဒွတ္ထံ ရစိတွာ အစိရံဝ သဗြဟ္မစာရီနံ အာယာစနဉ္စ ပရာနုကမ္ပာယ စောဒိတဉ္စ ဥပါဒါယ ဝိသဇ္ဇကာမဝိညူနံ မုခမဏ္ဍနာယိမံ ဂန္ထံ ဝိသဇ္ဇေ၊ သယံ-လိက္ခေ၊ ဂန္ထောယံ ဝေယျာကရဏောတိ သမ္မတော။ သော စ ဆိဒြာကာသသိန္ဓုပသော ဇိနစက္ကေ ဂုလိကြဏ္ဍာဂမ္ဗူပေ ဂေါစေ ဝသော ဇနမာသပက္ခာဟဒိနဘူတေ အဿယုဇဇုဏှ အဋ္ဌမိဇီဝဒိနေ နိဋ္ဌင်္ဂတော။

သုခါဝဟော အဟုရိဝ၊ မဟာမေဃော ခိလံ ဇနံ။
ဘူခိလေယံ သုတေသာနံ၊ သီဃံ ဟောတု ဆန္ဒဒ္ဓရော။
(ပဌမ နကာရဝိပုလာပထျာ)

အနက်ကား။ ။စတုစက္ကသမ္ပုဏ္ဏာယ၊ ပတိရူပ စသည်အင်္ဂါ စက်လေးဖြာနှင့် လွန်စွာ ပြည့်စုံထသော။ ကဉ္စနာဂိရိနဂြာယ၊ ရွှေတောင်အမည်ရှိသော မြို့၏။ တိလကဗ္ဘူတေ၊ မှန်ကင်းအတူ မှန်ကူသဖွယ်လည်း ဖြစ်ထသော။ စက္ကဋ္ဌေ၊ ဘုရားသြဝါ သာသနာ၏တည်ရာ ခေတ်မြတ်လည်း ဖြစ်ထသော။ ကျီးသဲလ္လတျာဘိသမ္မတေ၊ ကျီးသဲဟူ၍ ဗိုလ်လူသမုတ်အပ်သော။ မဟာနိဂမေ၊ မြစ်သာနီးတုံ ဈေးမစုံသောကြောင့် နိဂုံးမည်သီး ရွာရပ်ကြီး၌။ ဇာတတ္တာ စ၊ သန္ဓေကိန်းပျော် ဖွားမြော်ကြီးရင့်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ တဿ နိဂမဿ၊ ထိုကျီးသဲအမည်ရှိသော နိဂုံး၏။ ပါစီနဘာဂမှိ ဇေဋ္ဌေ၊ အရှေ့မျက်နှာ တာသုံးရာခန့် မျှော်ရာဗွေဘုံ မြေခုံညွန့်မြတ် ကုန်းဦးထိပ်၌။ မဟာမစ္စေန၊ ရွှေတောင်ပန်းတောင်း ကူးကြောင်းလှယ်ကာ ဟံသာဝတီ ဌာနီပိုက်ချုပ်ဝန်ကြီးလုပ်ရသော မင်းကြီး မဟာမင်းနော်ရထာ ကြော်ငြာတွင်ပြီး အမတ်ကြီးသည်။ သာသနဒ္ဓ-ရာယ၊ သာသနာကို စည်ပင်စွာ ဆောင်ရွက်စေခြင်း အကျိုးငှာ။ ပုတ္တာဒါရာနံ၊ ရင်နှစ်နှစ်ဖော် ကြင်ဖော်ဇနီး မြောက်သားကြီးတို့ကို။ ကာရာပိတေ၊ မိမွေဖဒုတ် ကံကျွေးထုတ်၍ဆောက်လုပ် တည်ထောင်စေအပ်သော။ စတုဘုမ္မိကာဝါသေ၊ လေးထပ်ကျောင်းကြီး၌။ ပဌမံ၊ ရှေးဦးစွာ။ ဝသိတတ္တာ စ၊ ယာပိုထ်ဖြည့်တင်း သီတင်းသုံးနေသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ကျီးသဲလေးထပ်တိအာချာတေန၊ ကျီးသဲလေးထပ်ဆရာ ဟူ၍ ခေါ်ဝေါ်အပ်ထသော။ စက္ကသန္တရာ-စေရာနံ၊ ပရိယတ်၊ ပဋိပတ် နှစ်ရပ်သော သာသနာကို ကောင်းစွာဆောင်ကုန်သော ဆရာမှန် ဆရာမြတ်တို့၏။ ဝံသာလင်္ကာရဘူတေန၊ အဆက်အနွယ်ကို တင့်တယ်စွာ တန်းဆာဆင်သကဲ့သို့

ဖြစ်ထသော။ သဒ္ဓမ္မေ၊ သူတော်ကောင်းတို့၏ တရား၌။ အဘိရမန္တေန၊ အလွန်မွေ့လျော်စွာထသော။ သီလာဒိဂုဏယုတ္တေန၊ သံဝရဝိနည်း အာစာရဝိနည်း စောင့်စည်းခြိုးခြံ မှုမရှိသော သီလပညာ သမာဓိဂုဏ်နှင့်လည်း ယှဉ်ထသော။ ဝေပုလ္လ ညာဏဝေယျတ္တိကေန၊ ပြန့်ပြောကျယ်ဝင်း ထိုးထွင်းနိုက်နဲ ခွဲခြမ်းဝေဖန်နိုင်သော ဉာဏ်ပညာ အစွမ်းလည်းရှိထသော။ တိပိဋကဝေဒတ္တယ ဗဟုဿုတ-ဂုဏောဟ်၊ ပါဠိအဋ္ဌကထာ ဋီကာဥဿုံ ကျမ်းသုံးပုံကို ချက်ကုန်ထုတ်ဖေါက် လှံမစောက် ဖြင့်ပြန်ခေါက်များစွာ လေ့လာနိုင်ခြင်း တည်းဟူသော ပိဋကတ္တယ ဗဟုသုတ ဆန်းအလင်္ကာ သဒ္ဒါ-နေတ္တိ ဝိဒဂ်ဒဏ္ဍီ ဗျဉ္ဇီကလာပ် ဗြိဟ္မတ်ရာဇမတ္တဏ် ကာတန္တြ သရောဒယ ဇောတိသတ္ထ သူရိယသိဒ္ဓန္တ စသည်သုံးခန်း ဝေဒလ်ကျမ်းတို့၌ ပွန်းတီးလေ့လာ လိမ္မာသိမြင်ခြင်း တည်းဟူသော ဗေဒတ္တယဗဟုသုတ၊ ထုံးရာဇဝင် ပုံပြင်လင်္ကာ ကဗျာအရပ်ရပ် ဓမ္မသတ်ဆေးကျမ်း ဓာတ်ကျမ်း စာမ လောကဝိဇ္ဇာ အရာရာတို့၌ ကောင်းစွာလိမ္မာခြင်း တည်းဟူသော ဗဟုသုတဂုဏ်တို့ကြောင့်။ ဝိဿုတေန၊ နိုင်ငံမဆံ့ ပျံ့သော ကျော်စောခြင်းလည်း ရှိထသော။ ဂဏဝါစကေန၊ ရှစ်ခွင်ဒိသာ ဝင်ရောက်လာသော သံဃာတော်အပေါင်းတို့၏ စာပို့ဆရာလည်း ဖြစ်ထသော။ မုနိန္ဒာဘိဓဇ သညိနာ၊ မုနိန္ဒာဘိဓဇ အမည်ရှိသော။ မယာ၊ ငါသည်။ ဉတ္တရတိတ္ထနာမဇနပဒံ၊ မြောက်ဆိပ်ရွာဟု ကြေငြာကျော်ချီး ဇနပုဒ်ကြီးကို။ ဥပနိဿာယ၊ အမှီပြု၍။ နဝဝိဟာရဂဗ္ဘံ၊ အသစ်သော ကျောင်းတိုက်ကို။ ကာရယန္တော၊ ပြုစုတည်ထောင်လျက်။ ဝသန္တော၊ သီတင်းသုံးနေစဉ်။ မင်္ဂလတ္တဒီပနိယာ၊ မင်္ဂလတ္တဒီပနီဋီကာ ကျမ်းကြီး၏။ အတ္တံ၊ မြန်မာဘာသာ မှီရာအတ္ထ နိဿယကို။ ရစိတွာ၊ ရေးသား ပြုပြင် စီရင်ပြီး၍။ အစိရံဝ၊ မကြာမြင့်မီပင်လျှင်။ သဖြဟ္မစာရိနံ၊ သီတင်းသုံးဖော် သံဃာတော်တို့၏။ အာယာစနဥ္စ၊ တောင်းပန်ခြင်းကိုလည်းကောင်း။ ပရာနုကမ္ပာကာ၊ သူတပါးတို့အား သနားသော ကရုဏာ၏။ စေ ဒိတဥ္စ၊ တိုက်တွန်းခြင်းကိုလည်းကောင်း။ ဥပါဒါယ၊ အစွဲပြု၍။ ဝိဿဇ္ဇ-ကာမဝိဒူနံ၊ ပုစ္ဆာခဲကတ် အရပ်ရပ်ကို ဆုံးဖြတ်ဖြေဆို လိုကုန်သော ပညာရှိတို့၏။ မုခမဏ္ဍနာယ၊ နှုတ်ခမ်း တန်ဆာ ဆင်ပါစေခြင်းအကျိုးငှာ။ ဣမံ ဂန္ထံ၊ ဤစွယ်စုံကျော်ထင် အမည်ရှိသော ပုစ္ဆာကျမ်းကို။ ဝိဿဇ္ဇေ၊ ဖြေလိုက်၏။ သယံ လိက္ခေ၊ ကိုယ်တိုင် ရေးသီလိုက်၏။ အယံ ဂန္ထော၊ ဤကျမ်းကို။ ဝေယျာကရဏောတိသမ္ဘတော၊ အမေးအဖြေ စုံကာနေသောကြောင့် ဝေယျာကရဏ်းဟူ၍ သမုတ်အပ်၏။ သော စ ဂန္ထော၊ ထိုအဖြေကျမ်းသစ်သည်လည်း။ ဇိနစက္ကေ၊ ဘုရားသခင့် သာသနာတော်သည်၊ ဆိဒြာကာသသိန္ဓုပသော၊ ၂၄၀၉-ခုမြောက် ဖြစ်သော။ ဂေါစေ၊ လူတို့ ဝေါဟာ နှစ်ဂေါစာသည်။ ဇလသိကြဏ္ဏစမ္မဥ္စပေ၊ ၁၂၂၇-ခုမြောက်ဖြစ်သော။ ဝဿေ၊ နှစ်၌။ ဇနမာသ-ပက္ခာဟဒိနဘူတေ၊ ဖွားလ ဖွားဖက် ဖွားရက် ဖွားနေ့ဖြစ်၍ ဖြစ်သော။ အဿယုဇဇုဏှအဋ္ဌမီဇီဝ-ဒိနေ၊ သီတင်းကျွတ် လပြည့်ကျော်ရှစ်ရက် ကြာသပတေးနေ့၌။ နိဋ္ဌင်္ဂတော၊ အပြီး အဆုံးသို့ ရောက်၏။ မဟာမေဃော၊ ဘုရားစကြာ ဖြစ်သောခါ၌ ဩဘာထွန်းအံ့ လေးကျွန်းနှံ့အောင် ရွာသောမိုးကြီးသည်။ အခိလံ ဇနံ၊ ဤတိုက်ဒ:တွင်း ခပင်းဥဿုံ ရှိနေကုန်သော လူနတ်များစွာ သတ္တဝါတို့၏။ သုခါဝဟော၊ ချမ်းသာကို ရွက်ဆောင်နိုင်သည်။ အဟုဏ္ဍဝ၊ ဖြစ်သကဲ့သို့။ အယံ ဂန္ထော၊ ဤကျမ်းသည်။ ဘူခိလေ၊ မြေပြင်ပတ်ကုံး နိုင်ငံလုံး၌။ သုတေသာနံ၊ လောကုတ် လောကီ ကျမ်းဆီညွှစ်မှု သုတပညာ အလိမ္မာကို ဖွေရှာတောင့်တကုန်သော သူအပေါင်းတို့၏။ သီဃံ၊ ကောင်းမြတ်သော။ ဆန္ဒဒ္ဒရော၊ လိုအင်ဆန္ဒ ဟူသမျှကို ပြည့်ဝအောင် ရွက်ဆောင်နိုင်သည်။ ပှောထ၊ ဖြစ်ပါစေကုန်သတည်း။

အဟံ၊ ငါသည်။ အနေန ပုညေန၊ ဤဝေယျာကရဏ်းကျမ်းကို ပြုသွန်းစီရင်ရသော ကောင်းမှုကြောင့်။ အနာဂတေ၊ နောင်သောအခါ၌၊ အသေသဉာဏော၊ အကြွင်းမဲ့သင် သိမြင်နိုင်သော ပညာရှိသော။ အတုလ ဂုဏဒ္ဓရော၊ သူမတူနိုင် ကြီးခိုင်မြင့်မြတ်သော ဂုဏ်ကျေးဇူးကို ဆောင်နိုင်သော။ ဇိနဗုဒ္ဓဝေါ၊ ငါးမာရ်ပယ်ရှား ဘုရား၏ အဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ သဒေဝကံ၊ နတ်နှင့်တကွသော လူအပေါင်းကို။ တာရေမိ၊ သံသရာနယ် မြစ်ပင်လယ်မှ ရှစ်သွယ်မဂ္ဂင် ဖောင်လင်းယာဉ်ဖြင့် ခေမင်္ဂတံ ပြည်နိဗ္ဗာန်သို့ အမြန်ကယ်တင်ရလို၏။ ယာဝ၊ အကြင်မျှလောက်။ ဇိနတ္တံ၊ ဘုရားအဖြစ်သို့။ အပတ္တံ၊ မရောက်သေး။ တာဝ၊ ထိုရောက်သေးသမျှ ကာလပတ်လုံး။ သံသရန္တော၊ သံသရာ၌ ကျင်လည်ရသည်ရှိသော်။ ဥက္ကဋ္ဌသန္ဓိယာ၊ တိဟိတ်ဥက္ကဋ္ဌ မြတ်သောသန္ဓေနေရခြင်းဖြင့်။ သန္ဓိကော၊ ပဋိသန္ဓေတည်နေရသည်။ ဇာတိဿရဉာဏော၊ ကိုယ်၏အဖြစ်ကို တွက်စစ်စေ့မြဲ အောက်မေ့နိုင်သော ပညာရှိသည်။ ဒိဋ္ဌိဇု၊ ဖြောင့်မတ်ဟုတ်မှန်သည်ကိုသိသော ပဝတ္တိပညာရှိသည်။ ဟုတွာ၊ ဖြစ်၍။ သဗ္ဗသိပ္ပါနိ၊ အလုံးစုံသော အတတ်မျိုးတို့ကို။ သုတစိန္တေန၊ ကြားကာ၊ မြင်ကာ၊ ကြံစည်ကာဖြင့်။ နိဋ္ဌင်္ဂတာ၊ အပြီးတိုင်ရောက် တတ်မြောက်နိုင်ခြင်းသည်။ ဟောမိ၊ ဖြစ်ရပါလို၏။ ဣဒဉ္စ ပုညဘာဂံ၊ ဤကောင်းမှု၏ အဖို့ကိုလည်း။ သဗ္ဗသတ္တာနံ၊ အလုံးစုံသော သတ္တဝါတို့အား။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ သုသက်ပွါ၊ ကောင်းသောအကြံတို့သည်။ သမိဇ္ဈန္တု၊ ပြည့်စုံပါစေကုန်သတည်း။

စွယ်စုံကျော်ထင် အဖြေကျမ်းပြီး၏။

စွယ်စုံကျော်ထင်ကျမ်း

မှတ်သားဖွယ်ရာအက္ခရာစဉ်မာတိကာ

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အကနိဋ္ဌဘုံတည် ဒုဿစေတီ	၁၆၇
အ-ကာရန်ဖြင့် ရတုချနည်း	၃၃
အကုသိုလ်ကံထက် ကုသိုလ်ကံက အားကြီး	၁၃၉
အက္ကန္တပဒ	၁၁၁
အင်္ကုသနေတ္တိနည်း	၆၁၀
အင်္ဂုလိလောဟိတဘင်	၉၉
အင်္ဂုလိကလံ	၁၂၀
အင်္ဂမင်္ဂါနုသာရီနော	၆၅
အစာပယ်သော်လည်း အာပတ်မသင့်	၁၀၂
အစိရဝတိနဒီတီရေ	၂၀
အစုံခွဲဝေဖန် ပေါ့သည့်ဟန်	၁၃၀
အစိန္တေယျ ဂုဏ်တော်ရချိန်	၁၃၇
အစိန္တေယျ ၄-ပါး	၁၃၇
အစွန်းနှစ်ဘက်ထွက်သော ပြဿနာသည်	၁၀၄
အစွန်းသုံးပါး	၄၁၇
အဆောင်သစ်သားဖြင့် နေရာထိုင်ပုံခြင်း	၁၄၄
အဇဂေါဏ ခေတ်ကျေးလမ်း	၁၆၉
အဇပါလော အဇံ ဂါမံ	၇၁
အဇာတသတ်	၂၃၃
အဋ္ဌမဝိပါက်တော်ကား	၁၂၈
အဋ္ဌမုခ်ကျဉ်းကြယ် အင်း ၉-သွယ်	၈၂
အဋ္ဌမုခ်အင်း	၈၂
အဋ္ဌမုခ်အင်းစီရင်နည်း	၁၄၅
အတိုသုံးမည်	၅၄၉
အတိတ်နာဂတ်	၂၄၉
အတွင်းဝန်အင်္ဂါရှစ်ပါး	၃၇၅
အထိသုံးပါး	၅၅၀
အထက်နတ်ပြည်	၄၇၃

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အထက်ဖြစ်လတ်	၂၄၈
အဒိန္နာဒါန် ကျူးလွန်သူတို့အာရုံပြုပုံ	၃၈၆
အဒ်မောဟော	၉၉
အဓွန့်သဒ္ဒါ နှစ်ကာလဟောပုံ	၃၉၇
အဓိမတ်ရက်ငင်ရပုံ	၂၆၁
အနန္တရပစ္စည်း	၃၆၅
အနုပစ္ဆိန္နေယော	၁၁၀
အနော်ရထာမင်းတည် စွယ်တော် ၅-ဆူ	၂၆၅
အနက်ဆယ်တန် သင်ရိုးမှန်	၃၇၉
အနက်ဆယ်တန် သတ်ရိုးမှန်	၃၈၀
အနက်ပေး မြန်မာပြန် သမ္မန် အမျိုးပေါင်း	၃၇၁
အပုဗ္ဗာဂါထာ	၈၇
အဖကိုသတ်	၂၂၇
အဘိဓမ္မက ထာမဂ္ဂံ	၁၂
အဘိဓာန်ကျမ်း၌ ဆန်ကောင်းကို ဟောသော ပရိယာယ်သဒ္ဒါမပါ	၃၆၆
အဘိဓာန်နတ်	၂၃၃
အဘိဓေယျတ်	၂၃၂
အဘယ့်ကြောင့် ဘုရားရှင်အား အလွန် ငြိမ်းညီသော မျက်စိတော်ကို ရသနည်း	၃၆၇
အဗ္ဗန္တရ သရက်သီးကို စားဖူးသော ကျေးသား(အာနန္ဒာလောင်းလျာ ကျေးသား)	၃၄၅
အမရပူရမြို့သိုက်	၆၀၉
အမာရွတ်ပျောက်ဆေး	၂၆၇
အမုတြအက္ခာတ	၁၁၈
အမြီးနှုတ်လည်း	၅၄၉

အက္ခရာစဉ်	စာမျက်နှာ
[အ]	
အရိမဒ္ဒထဲ တရုတ်ရန်စဲ	၁၁၇
အရိယာဂါထာ၌ ဆန်းဂိုဏ်းအမျိုးအစား မပြား	၄၀၃
အရှုပဘုံ နာမ်တည်ပုံ	၁၇၀
အရှုပဘုံ၌ နီဝရဏမရှိ	၁၄၁
အရက်သောက်သူ ဒုစရိုက် (၁၀) ပါးတွင် အဘယ်ကံထိုက်သနည်း	၄၉၇
အရိပ်နိမိတ် ၃-ပါး	၂၉၅
အရှင်ဝင်္ဂီသမထေရ်၏ အရိုးခေါက် အတတ်	၂၆၈
အလင်္ကာ	၅၈
အလမ္ဘာယ်သည်	၄၇၃
အဝီစိပြည်	၄၆၉
အဝန်းသုံးပါးကား	၅၅၀
အသာခရဏ ဉာဏ်တော်ခြောက်ပါး	၃
အသိမှုခပိုး	၆၈
အသညသတ်သေ ကာမသုဂတိပဋိသန္ဓေ	၁၆၅
အသွမည်သောယောကျ်ား	၆၀
အူတွင်းအောင်းပိုး ၆-မျိုး	၅၉၂
အိုအမိငယ် နတ်၏နှယ်	၄၂
အင်းဝရွှေပြည်	၄၇၃
အိုင်အင်းများတည်	၅၄၇
အဿာသ	၅၇၇
အဿာသ ပဿာသာ	၆၃
အဿဝမည်သော ယောကျ်ား	၅၉
အန္တဂုဏ်	၆၄
အန္တရကပ် တကပ်	၁၃၂
အန္တောကုဋ္ဌိယံ	၅၄
အလ္လဒါရုံ	၁၀၂
အိမ်ဆောက်နည်းညွှန် (သစ်လဲကျမ်း)	၃၉၁
အိမ်ဆောက်နည်း	၃၈၂
[အာ]	
အာကာပုံ့ဝဲ မြို့သံတွဲ	၁၄၉
အာကာသပျက်လျှင် ပထဝီကူ	၆၁၀
အာကာသဓာတ်	၂၄၁
အာဒါသ မုခတရား ၁၄-ပါး	၂၉၀
အာဒါသမြတ်	၂၅၁
အာပါဠလိပုတ္တံ	၅၁
အာပေါဓာတ် (၁၂) ပါး	၅၁၉
အာပေါဓာတ်ပျက်သော် သုံးရက်မျှသာ ဆက်လက် အသက်ရှည်	၃၇၃
အာပေါဓာတ် အရသာ	၉၆
အာပတ်သင့်သော ပန်းပွင့်ရည်	၅၄၃
အာဘုဇဝသေန	၂၆
အာဘဝဂ္ဂံ	၅၁
အာမေဍိတ်နှင့် ဝိစ္ဆာ	၂၈၀
အာယုခက်အင်း	၈၁
အာယုခက်ဝယ် အင်းလေးသွယ်	၇၈
အာလောကော	၂၈
အာဝေဏိကာနိ ဒုက္ခာနိ	၃၀
အာဝဋ္ဋဂင်္ဂါမည်၏	၂၂
အာဟာရပြတ်	၂၄၆
အာဟာရရှုပ်သည်	၄၉၃
[ဣ]	
ဣဋ္ဌာရုံကိုမျှ မမြင်ရ	၂၇
ဣတ္ထိလိင်သည်	၄၉၅
ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့်ပြီးသည်	၁၄၀
ဣဒ္ဓိအစိန္တေယျ	၁၃၇
ဣန္ဒြိယပရောပရိယတ္တိဉာဏ်	၃
ဣဿာမစ္ဆရိယတို့၏ ပဒဋ္ဌာန်	၃၉၁
[ဥ]	
ဥဒက ဓာရတ္ထာယ	၄
ဥဒရလောပေ	၉၇
ဥဒါဟာရဏ်	၄၁၄
ဥက္ကာနိုင်ကံ	၅၄
ဥစ္စာများကြွယ် အိမ်ဆောက်ဖွယ်	၁၀၀

အက္ခရာစဉ် — စာမျက်နှာ

[ဥ]

ဥစ္စာရ ပဿာဝံ ၆၆
ဥတ္တရကုရုဝါသီနံ ၄ဂ
ဥဒ္ဒဂ်မာ ဝါတာ ၆၅
ဥဋ္ဋစ္စစေတနာ ပဋိသန္ဓေ ကျိုး မပေး ၂ဂ၁
ဥပ္ပလဝဏ် ထေရီမ၏ တေဒဂ်ဘွဲ့ ၅၃၄
ဥက္ကာလုံမွေးရှင်တော် ပမာဏ ၁၆၁
ဥဏှာဂူ ၉၂
ဥဖွတ်ဟွတ်ဟွတ် ၂၂၄

[ဦ-ဧ]

ဦးခေါင်းပြတ်လျှင် ဝိညာဉ်ချုပ်ငြိမ်းသည် ၃၉၅
ဦးနှောက်ကား ဥဿဖယားဖြစ်၏ ၁၁၆
ဦးနှောက်ကို မှီသောပိုး ၅၁၂
ဧကပလ္လင်္ကေန ဂ
ဧကာဒသမ ဝိပါက်တော်ကား ၁၂ဂ
ဧကိုတသွယ် တသတ်ဖွယ် ၉၄
ဧ-တသတ် ကျောက်စာဖတ် ၉၄
ဧဏီသားမွေး ၆၅၉
ဧတ္ထအနက် ဂ၄

[ဩ]

ဩဇာဝပိုး ၆ဂ
ဩတရဏဟာရ ၂ဝ
ဩသမိတာရကာ ဝိယ ၉

[က]

ကလျာဏီသိမ် ၁၉၃
ကသစ်ငြိုဟ်နက္ခတ် ၄ဝ
ကပိလဝတ်ပြည်၌ နောက်ဆုံး ထီးဆက် နန်းဆက်မင်း ၃၆၃
ကရကမ္ဗလသမာနဝဏ္ဏာ ၁၂၂
ကကစေန ၉
ကလျာဏ ဓဇတ္တေရဿ ၂
ကဝိန္ဒဂ္ဂံ ၁

[က]

ကလလရေကြည် ၄ ဝ
ကမောက္ကမံ ဂဂ
ကညာ၌ က အနက် ၅၄ဝ
ကလန္ဒက နိဝါပ ၆၂၁
ကရိဏ်းအမျိုးမျိုး ၅၉၁
ကပိလဝတ်ပြည်အကျယ်အဝန်း ၂၆၅
ကာမကြောင့်နှိ ၄၃၅
ကာရက ၆-ပါးတို့၏ မုချ ဖလူပစာရ အားဖြင့် ကာရကမည်ပုံ ၃၆၉
ကာလတွင်မည် ၄၆၆
ကာရိုက်ကံသည် ၄၇၆
ကာကောလောကနနည်းမည်၏ ၁ဝ၆
ကာယ ဒုစရိုက်သုံးပါး ၁ဂ
ကာမေသုမိစ္ဆာစာရကံထိုက်သော မိန်းမနှစ်ကျိပ် ၃၂၂
ကုသမင်းအတိတ်ကြောင်း ၆ဝ၂
ကုသိုလ်ချင်း ဟေတုပစ္စည်းတပ်ပုံ ၆ဝဂ
ကုသိုလ်ချင်းချင်း အာရုံသွင်း ၁၇ဝ
ကုသိုလ်ချင်းမှတ် ၂၃၆
ကုသိုလ်ပြုသည် ၄၅၃
ကုဋ္ဌေတသိန်း ၄၂ဝ
ကူဋကာရိဿ ၁၂၁
ကောသလမင်းအိပ်မက် တဆယ့်ခြောက်ချက် ၂၉ဂ
ကံ၌ ဖြစ်ခြင်းကြောင့် ၁၁
ကံငါးပါးနှင့် ဝေဒနာတရား ၁၄ဂ
ကိုယ်စိတ်ဝိညတ် ၂၃၇
ကိုယ်တော်ရှင်ဝမ်း ၁၉ဝ
ကိုယ်တော်ရှင်မိန်း ၄၂၇
ကိုယ်မယားသော်မှ မသဋ္ဌါသူကျတ်တမ်း ၁၇၆
ကက္ကုဆူးမှတ် ၂၂ဂ
ကင်းနှင့်ပဋိသန္ဓေရသော စဏ္ဍပဇ္ဇောတ မင်း၏ မယ်တော် ၃၃ဂ
ကောက်ရာသည်သုံးပါးကား ၅၅၁

အက္ခရာစဉ်	စာမျက်နှာ
[က]	
ကောင်းကင်ဈာန်မြန်း ခြေမလှမ်း	၁၄၀
ကောင်းခြင်းငါးပါး	३၉३
ကောင်းရာသည်သုံးပါးကား	३३၂
ကတ္တားနှစ်သွယ် ဝုစ်လိုက်ဖွယ်	၄၉
ကိတ္တိသီရိမေဃမင်း၏	၇၂
ကန်ပြည့်ရှာမိုး မြတ်ကောင်းကျိုး	३၀၆
ကိန္နရာဇာတ်	၂၄၇
ကပ္ပိယကာရကေ	၁၀၂
ကပ္ပမိန္ဒုထိုးခြင်း	၃၉၀
ကမ္မဋ္ဌာန်းရွတ်	၂३၀
ကမ္ဘာဦးလူ့ပြည်သို့ဆင်းလာသော ဗြဟ္မာအရေအတွက်	३၀၃
ကုမ္ဘီပုဒ်ပါဠိ	၂၄၂
ကျားနံ့ဖြစ်မှု လံဘုလက်ပံ	၁၄၄
ကျားစားခိုက် မဂ်ဖိုလ်ဆိုက်သူ	၁၆၂
ကျီးကျင့်ငါးသွယ် တုယူဖွယ်	၉၆
ကျီးတို့၌ဝယ် ကျင့်ငါးသွယ်	၉၆
ကျီးကြည့်နည်း(ကာကောလောကန)	၁၀၆
ကျီးနှင့်ခင်ပုပ် ရန်ဖြစ်ခြင်းအကြောင်းရင်း (၂)မျိုး	၃၂၆
ကျေးလက်မြို့သည်	၄၀၀
ကျောက်စာဖတ်နည်း	၁၁၉၊၁၂၀
ကျောက်စာရေးထုံး	၁၀၀
ကျောက်စာရေးနည်း "ဝဆွဲသိုလျှင်၊ လုံးကြီးတင်"	၃၀၀
ကျယ်လျှင်ကားချဲ ပဲ့လျှင်ဖွဲ့	၁၃၀
ကျယ်လျှင်ချဲ	၁၃၀
ကျယ်ရာသည် သုံးပါးကား	३३၀
ကြာဖက်ပေါ်၌ နှင်းသကဲ့သို့	၁၁၃
ကြာသပတေးမကာရ အစကိန်းကား	၁३
ကြာတိုက်တွင် သန္ဓေနေသူ ၇-ဦး	၃၂၀
ကြိယာမဲ့ ဟေတုကတ္တား	၂၀၀
[က]	
ကြီးရာသည် သုံးပါးကား	३३၀
ကြက်၌တည်သော လက္ခဏာ ၄-ပါး	३३၀
ကြက်မှုဝမတ်၊ ဝက်ငါးကျပ်	၆၄၃
ကြောက်သည်၊ ရဲသည်	၄၇၆
ကြောင်ကို "မိန်မိန်" ဟု ခေါ်	၆३၁
ကြမ်းကြုတ်သောအမူ	၁၀३
ကြုံသော် မြင့်ရာသည် သုံးပါးကား	३३၁
ကျွန်းကြီးလေးကျွန်းမှ သစ်ကြီးလေးပင်တို့၏ အဝန်းယူဇနာ	၄၀၆
ကျွန်းကြီးလေးတည်	၄၆၇
[ခ]	
ခယဝယသဘောကို ဆင်ခြင်လျက်	၁၉
ခရုသင်းဇာတ်	၂၄၆
ခရုသင်းမြတ်	၂၃၀
ခရုသင်းရည်	၄၉၂
ခါဏုစ	၁၁၃
ခီဏာသဝါနုဋ္ဌ	၄၀
ခုနစ်ပစ္စည်း သစ်သီးတလုံး	၄၀၃
ခေတြပုဏ္ဏားမျိုးအား	၇३
ခဲအနက် ၂-မျိုး	၁၁၀
ခံကောင်းကင်မောတ်	၂၄၁
ခံတွင်း၌တည်	३३၆
ခိုးခြင်းနှစ်ဆယ့်ငါးပါး	၃၀၉
ခိုးသူမလည်	३३၇
ခင်းနှီးလဲသွတ်	၂၄၄
ခေါက်ရှုမေးက ရှုပ်သေးတင်ရာ	၆३၉
ခေါင်းဆေးရက်ရွေးနည်း	၂၆၁
ချမ်းအေး·စဖွယ် လေညှင်းသွယ်	၂၆
ချုးညီးဆတ်ဆတ်	၂၂၀
ချစ်ဖွယ်စကား ဆိုဗြားလျှာကောင်း	၁၆၀
ချမ်းသာမချွတ်	၂၂၀
ချင်ဆာသည် သုံး ါးကား	၃३၁
ခြေမတော်တဲ့ ကွဲပြန်ခဲ့	၁၂၃

အက္ခရာစဉ်	စာမျက်နှာ
[ခ]	
ခြသေ့်ပုံနှယ် မင်းကျင့်ဖွယ်	၉၅
ခြသေ့်သည် အားကုန်သွန်၍သာ	၉၅
ခြောက်ဆူဘုံထွတ်	၂၂၉
ခွေးနက်ကြီးကြိမ်း	၂၁၃
ခွေး၌တည်(ရှိ)သော ဂုဏ်ခြောက်တန်	၃၇၅
ခွေးကြောင်သတ်က ငါးကျပ်မျှ	၉၅
ခွေးတောက်ရေယှက် ချိုမြိန်ပျက်	၁၉၃
ချေးမ ကျင့်ဝတ် ၁၀-ပါး	၆၀၀
ချွန်းရာသည် သုံးပါးကား	၅၅၀
[ဂ-ဃ]	
ဂရုဠောဝယ် ဟောစဖွယ်	၉၄
ဂရုဠော	၉၄
ဂူတလုံးတွင် ခြသေ့် ၂-ကောင် မအောင်း	၆၅၁
ဂန္ဓမာတည်	၉၄
ဂဗ္ဘိနီ	၃၁
ဂတဂတင္ဘာန် နာမ	၄၄
ဂမ္ဘီရ နာဘိ	၆၂
ဂဠုန် မသုတ်နိုင်သော နဂါးများ	၅၇၀
ဂါယတ္တိဝယ် ဂိုဏ်းနှစ်သွယ်	၈၇
ဂါယတ္တိဆန်းဂိုဏ်း	၈၇
ဂုဏိတသချၤာ	၄၃
ဂေါမုတ္တကျောက်	၂၉၂
ဂေါတြဘူ	၅
ဂေါရီ, ကညာ, ကုမာရီတို့၏ အရွယ် ပမာဏ	၅၄၁
ဂြိုဟ်အင်္ဂါမူ သင္ကာဟူ၏	၇၇
ဃတတ္တိကဃ	၅၂
[င]	
ငတင့်တယ် အဘယ့်ကြောင့်သေသနည်း	၅၂၆
ငလျင်လှုပ်မည်ကို ကြိုတင် သိရန်တွက်ပုံ	၃၅၈
ငရဲသို့ပိုင်း	၆၇၃
ငယ်စဉ်ကပင် ဖခင်ရှိခိုး	၆၁၀

အက္ခရာစဉ်	စာမျက်နှာ
[င]	
ငှက်ရေသောက်သော်လည်း ရေပြန်မရှိ	၃၀၅
ငါတို့ဘုရားအလောင်းတော်သည် စိတ်ဖြင့် ဆုတောင်းသော သင်္ချေမည်မျှနည်း	၅၀၅
ငါးပါးသောလက်နက်ကို ဆောင်လျက်	၁၃၄
ငါးပွင့်ဆိုင် ကြာခိုင်ပမာဏ	၁၆၈
ငါးမ်ကျောင်းလျှာမရှိကြောင်း	၁၇၀
ငွေကဲတွက်နည်း	၃၀၅
ငွေယားလည်းသတ်	၂၅၅
ငွေရှက်နီစို့	၆၇၅
ငြောင့်ငါးစင်း	၆၇၀
[စ]	
စက်ကြီးထိန်းထံန်း	၄၂၉
စကြဝဠာအဝန်း၏ အကျယ်လက်သစ်	၄၀၄
စစ်ကိုင်းမြို့တည်မင်း	၄၀၅
စတုသဋ္ဌိမာတိယော	၃၁
စနေမကာရအစကိန်း	၁၆
စလင်းမင်းစည်သူ ကျော်ထင်	၃၇
စက္ခုသောတ အာရုံယူပုံ	၁၆၆
စတုဂဗ္ဘပွဋ္ဌိမဏ္ဍိုတ်	၂၉
စန္ဒာဒေဝီ	၉၃
စကြာတွင်မည်	၄၅၇
စန္ဒကူးနီသစ် ကျောင်းဆောက်လစ်	၁၅၉
စကြဝဠာချာန်ပျံရသေ့များ	၁၄၃
စတုဗျူဟာဟာရ	၂၀
စကြာမင်းသည်	၄၈၈
စကြဝတေးမင်းကို ကျွန်ထင်မှတ်သူ	၃၀၅
စာဇပ်ရိုးမှတ်	၂၂၇
စားတော်ကဲ အင်္ဂါ ၅-ပါး	၈၅
စားတော်ခွံ့ အဘိသေက မင်္ဂလာ	၁၆၁
စိတ္တသူကြွယ် တေဒဂ်	၁၁၀
စိတ္တသူကြွယ် ဒကာဝယ်	၁၁၀
စိတ်ပုန်း	၂၇၈
စုက္ကတေးမင်း	၃၆

အက္ခရာစဉ်	စာမျက်နှာ
[စ]	
စင်းရာသည်-၃-ပါးကား	၅၅၁
စူဠနီမင်းသားအကြောင်း	၆၁၉
စည်းချင်းထူးပုံ	၆၀၇
စုံတိုင်းငွေကြေးအလျှော်ပေး	၁၁၇
စို့ သက်တံနွယ် ကောင်းကင်ဝယ်	၂၄
စောကျိုင်းပတ်စာနယ်သည်လော	၈၆
စွယ်တော်-၄-ဆူမှ ရောင်ခြည်တော်	၆၇၀
[ဆ-ဇ]	
ဆဝါရမေဝ	၈၈
ဆူရာသည် သုံးပါးကား	၅၅၁
ဆံဦးဆွဲ လျှော်မြဲငွေသုံးဆယ်	၁၁၂
ဆံတော်ပေးသည်	၄၈၇
ဆံသွယ်မြတ်လေး ဥသျှောင်ကွေးနှင့်	၈၀
ဆံဖြူနုတ်ပယ် ရဟန်းဝယ်	၁၀၃
ဆင်ဦးကင်းထဲ မြတ်ပုလဲ	၁၂၂
ဆင်ဖြူဆတ်ဆတ်	၂၂၇
ဆင်မည်းကုဋေတထောင်	၁၁၂
ဆင်ယာဉ်အင်္ဂါ ၅-ပါး	၆၁၇
ဆင်းတုတင်ပျဉ်မခြား မြတ်ဘုရားလည်းနေ	၆၁၁
ဆဋ္ဌီဝိဘတ် သက်ရာ အနက်-၁၁-ပါး	၅၃၆
ဆန်းဂိုဏ်းအမှတ်	၂၃၆
ဆန်းမစစ်သည့် ဂါထာသာမည	၃၇၉
ဆုတ်ရှဲကုန်လတ္တံ့လော	၁၀၄
ဆောင်းလရောက်ကုန်	၄၃၀
ဆောင့်ကြောင့် ကြုံ့ကြုံ့	၁၇၉
ဆယ်လကုန်မြတ်	၂၂၈
ဆယ်ရာထောင်သိန်း	၄၂၉
ဆယ့်ခြောက်နက်မှတ်	၂၃၇
ဆွမ်းကပ်စသည်	၃၁၉
ဇမ္ဗူမှာဒွေးယာမာဇ	၃၁၆
ဇမ္ဗူဒိပ်	၄၇၉
[ဇ]	
ဇာတိခေတ္တတော	၁၄၃
ဇီဝကမားဖြင့် ခွဲခြင်း	၁၂၃
ဇာတ်ကိုင့်၍ ယားပုံ	၅၇၆
ဇာတိဝုစ္စဉ်အပစာယနမဖြစ်ကြောင်း	၆၁၆
ဇေတဝန်တည်	၄၈၅
ဇောတိပါလပုဏ္ဏားလုလင်	၁၂၅
[ဈ]	
ဈာန်ပံ့ရသေ့ရှိလိမ့်နည်း	၁၄၃
ဈာန်ကို မပိတ်ပင်တတ်သောကြောင့်	၁၄၁
ဈာန်ပံ့ခြိမ့်အုန်း	၄၄၆
[ည]	
ဉာဏအစိန္တေယျ	၁၃၇
ညီနောင်ကုန်သည်	၄၈၂
ညံ့ရာသည်-၃-ပါးကား	၅၅၀
ညှဉ်းဆဲတတ်သော သီတဉာဏမရှိ	၅၀
ဉာဏ်ကိုရသော ဝိဂ္ဂိုဟ်ပေါင်းနှစ်ဆယ့် ခြောက်ပါး	၃၆၆
[ဋ-ဍ]	
ဋ္ဌာနူပစာရနည်း	၅၂
ဍာဟတေဇောဓာတ်	၆၄
[တ]	
တဦးသော မိန်းမကို	၁၂၇
တကောင်းပြည်စိုးမင်းဆက်	၅၂၈
တချက်ဆိုလတ်	၂၄၅
တခြားစကြဝဠာပင့်ဆောင်ဓာတ်တော်	၆၆၄
၁၆-မြောင့် အကောက်တထောင် ပတ္တမြား	၆၅၈
၁၄-နက်တို့၌ သက်သောဝိဘတ် (စတုတ္ထီဝိဘတ်)	၃၈၀
တတ္ထစွဲနည်းနိဿရည်း	၁၁၉
တနေ့စလုံး	၁၈၄

အက္ခရာစဉ်	စာမျက်နှာ
[တ-ထ]	
တတိယပိဝါက်၏ အတ္ထုပ္ပတ္တိကား	၁၂၆
တပြည်သည် တကမ္မ်းစားမည်၏	၁၁၅
တရားသူကြီး အင်္ဂါများ	၁၇၁
တရားအမြတ်	၂၀၇
တရားအချိန်	၄၂၄
တရားမှန်ပိမ့်	၂၀၇
တာမလိတ္တသားသီဝလိ ထေရ်	၃၆
တာဝတိံသာသို့ ကြွသောအခါ	၁၄၁
တိရစ္ဆာန်တို့စကားပြောသော ကာလနှင့် စကားမပြောသော ကာလ	၃၃၈
တိရစ္ဆာန်ပြည်၌ ပါကပ်ခြင်း	၅၆၃
တိလောကနတ်	၂၂၉
တိလက္ခဏ မုတ္တာ နာမ	၂၉
တြိဂုဏ်း	၃၈
တုလျတ်လိဂ်တ် စာစပ်နည်း	၆၀၉
တူလပိစုနော	၁၁၁
တေဇောဓာတ် ၄-မျိုး	၅၁၂
တေထုက် ကျင့်မြတ်	၂၂၈
တော င်ကြီးလေးတည်	၅၄၈
တောင်ဂိရန်	၄၁၉
တောက်တဲ့ဝိဂ္ဂိုဟ်	၁၃၆
တောက်လောင်ထိန်	၄၂၂
တံခါးမှူးအင်္ဂါ ၆-ပါး	၃၇၄
တက်တူဝိဂ္ဂိုဟ်	၁၃၆
တင်းရာသည် သုံးပါးကား	၅၅၁
တန်ခိုးတော် ၁၀-ပါး	၁၄၀
တိုရာသည် ၃-ပါးကား	၅၅၁
တို့စောဘုန်းကြွယ် အာပတ်ငယ်	၁၀၃
တိမ်ပုလဲ	၁၀၈
တိုင်ယပ်	၁၀၀
တွာ စွည်းအနက်ထူးများ	၆၀၉
တွန်ခုနစ်ဆက်	၃၆၅
ထက်နတ်ရှာတိမ်	၂၀၀
ထမင်းချက်ခြင်း ဥပစာ	၅၀၆
[ထ]	
ထန်းပလတ်စုတ် နတ်ရုပ်ထင်	၂၇၄
ထွက်သက် အရင်ဖြစ်ပုံ	၅၇၆
ထွက်သက် ဝင်သက် ငြိမ်း ပုဂ္ဂိုလ်များ	၃၄၃
ထွက်သက် ဝင်သက်ဆုံး	၂၆၁
ထွန်တုံးရှိတဲ့ ရွှေတွေ့ခဲ့	၁၂၉
ထူပါရုံနှင့် ရွှေစည် ခုံတည်နှစ်	၁၇၁
ထောင်ရာသည် ၃-ပါးကား	၅၅၂
[ဒ]	
ဒရိမုခ သတို့သား	၆၄၇
ဒသဇလည်းဏ်တော်များ	၁၅၀
ဒသမ ဝိပါက်တော်ကား	၁၂၈
ဒသ မူလဆေး	၅၄၀
ဒါနပါရမီကို ဝံ့စားသဖြင့်	၁၃၈
ဒုတိယဝိပါက်၏ အတ္ထုပ္ပတ္တိ	၁၂၅
ဒီရေအစုံအဆန် အချိန်မှန်ဖြစ်ပုံ	၃၆၂
ဒေဝမိတာ	၄၇
ဒေသစာလုံး	၁၈၁
ဒေါနခေါ် ဆို	၆၇၅
ဒဏ္ဍကမည်	၄၇၆
ဒိဋ္ဌိနှင့် မာနအတူမဖြစ်ပုံ	၃၅၃
ဒုက်ပွားနည်း	၁၀၉
ဒုဗ္ဘိဘာ ဂရူပါး	၁၀၈
ဒုဗ္ဘိက္ခန္တရကပ်သည်ဖြစ်၍	၁၁၁
ဒြဗ်ကုံ၍ထားပုံ	၅၇၆
ဒြဗ်-သကတ်	၂၃၂
ဒွါဒသမဝိပါက်ကား	၁၂၉
ဒွိဝုစ် မဟောကြောင်း	၉၁
ဒွတ္တဘောင်နှင့် ဒွတ္တရန်တိုင်မြေးမြစ်	၃၆၄
[ဓ]	
ဓနဥ္စယမင်္ဂမရကြောင်း	၁၆၉
ဓာတုနိဗ္ဗာန် ဓံမည့်ရက်နေ့	၃၃၀
ဓာတုပူဇာ သတ္တာဟမည်၏	၁၀

အက္ခရာစဉ်	စာမျက်နှာ
[ခ]	
ခါတုရောင်ခြည်	၄၆၇
ခါတုဝင်ကျမ်း ဖြစ်ပေါ်ရာကျွန်း	၅၁၁
ခါးလုံအသွင် ကြက်ဆူပင်	၁၃၁
ခါတ်ပျက်သော်	၃၇၂
ခါတ်မျိုးရှင်ဖွယ် အကင်းပြယ်	၉၇
[န]	
နဂါးပြည်	၅၇၇
နဂါးမျိုးထောင်ကျော်	၅၇၉
နဂါးတန်ခိုးအမျိုးမျိုး	၅၉၀
နရ တမှတ်	၂၂၉
နဝမဝိပါက်တော်ကား	၁၂၈
နဂရုံ	၉၃
နဂါးပြည် စွယ်တော်စေတီ	၆၆၅
နက္ခတ်ိုင်အရောင်	၂၈
နဝကိုးမည်	၄၇၆
နာဂသုပဏ္ဏာဒိန်	၂၇
နာရီချိန်နှိုး	၆၈၀
နာကောပုဒ်ဝယ် ဆန်းတကြယ်	၉၂
နာကော	၉၂
နာရီခွက်မျိုး	၆၈၀
နာယကဂုဏ် ၆-ပါး	၄၁၄
နွားနို့ ထောပတ်	၂၅၄
နားတော်မညွတ်	၂၂၉
နိဗ္ဗာန်ရွှေပြည်	၄၅၈
နိပုဏော	၉၄
နိ-သဒ္ဒါအနက်များ	၁၄၇
နိဗ္ဗာန်၌ ပဒဋ္ဌာန်ကိုမရ	၃၄၂
နိလာကြောင်စိန်	၄၂၁
နိလ ကသိုဏ်း	၄
နိဝရဏတရား ကိုယ်ကောက်ပုံ	၄၉၉
နိရာသည် သုံးပါးကား	၅၅၁
နေ၌ရာမြစ်နှင့်ဗောဓိပင်အကွာအဝေး	၆၁၅
နေအိမ် လအိမ်	၁၉၆

အက္ခရာစဉ်	စာမျက်နှာ
[န-ပ]	
နို့သာရောင် ပြုလုပ်နည်း	၄၁၃
နူတ်သီး မစုန့်	၄၃၇
နှစ်ပေါင်းသုံးဆယ် ကြာသည်အထိ ကမ္မဋ္ဌာန်းစီးဖြန်းမှ ရဟန္တာဖြစ်သော ပုဂ္ဂိုလ် (မဟာသိဝထေရ်)	၄၀၉
နတ်လေချွန်	၂၇၆
နည်းတူခွေးတောက်	၁၃၃
နန္ဒိယာ ဝန္ဒနည်း	၃၇၄
နယ်မှန် နယ်ပြန်	၃၇၈
နေနှင့်လတို့ အချိန်မှန်ကြတ်ပုံ	၃၅၇
နေတ္တိကျမ်းမြတ်	၂၃၉
နည်းပကတျတ်	၂၃၁
နေယျတ်နီတတ်	၂၃၀
နတ်သားဖူးအပ်သည့် ဘုရားသုံးဆူ	၂၉၇
နက္ခတ္တရာသိမင်္ဂလေန	၅၅
နှာ-တင်-ရင်ကြယ်-မြင်းတို့ဝယ်	၁၀၆
နှာခေါင်းပြတ်သဖြင့် ချိပ်ကို နှာခေါင်းပုံလုပ်သူ	၃၈၈
နှစ်ပေါင်းတစ်ရာစားသော ဆန်စေ့ ပေါင်း	၃၃၇
နက်ရာသည် သုံးပါးကား	၅၅၁
နတ်မုတ်ဆိတ်	၁၀၉
နတ်မင်းသေလစ်-နဝရတ်ဖြစ်	၁၁၆
နေတ္တိအဋ္ဌကထာ ကျမ်းဆရာ	၅၁၁
နတ်ပန်းရနံ့- ပြည်လုံးနှံ့	၁၅၈
နို့သာကျောင်းတော်- ကိန်းစံပျော်	၆၁၆
နှို့လျှင်သပ်	၁၃၀
နတ်ဩဇာချင်း မတူပုံ	၅၈၇
နှစ်သုံးခါလည်	၅၄၉
နွားငယ်စား- တရားမစွဲလင့်	၉၅
နို့သာဖြူ	၉၇
နေတ္တိကျမ်းဝယ် မင်းကိုးနွယ်	၂၁
ပဋိစ္စသမုပ္ပါဒ်တရားကိုယ်	၂၆

အက္ခရာစဉ်	စာမျက်နှာ
[ပ]	
ပဒုမာကြာပွင့်၌ ပရိက္ခရာရှစ်ပါးကို ဆွတ်ရန်အညှာ ပါ, မပါ	၃၄၂
ပထဝီပျက်ခြင်း လက္ခဏာ	၃၇၃
ပထဝီပျက်သူသေချိန်	၅၉၃
ပထဝီဓာတ်-၂၀	၅၂၀
ပထမ ၉-အင်း	၈၃
ပလ္လင်နှင့် သတ္တဌာနအကွာအဝေး	၁၄၃
ပရိယုဒါသဝါစီ	၂၁
ပရိဘောဂစေတီ တည်ရာဌာနများ	၆၆၈
ပရိတ္တာရုံဝီထိ ၅၅-မျိုး	၁၇၃
ပသေနဒီကောသလမင်းအကြောင်း	၆၂၃
ပသျှုဆိဒြမုနီကိန်း	၃၇
ပါဏာတိပါတကံထိုက်ခြင်း	၇၃
ပါဏာတိပါတကံ အာရုံ	၁၇၄
ပါဒကဈာန်	၅
ပါရမီဖြည့်ကာလလောက် သက်တော်မရှည်ပုံ	၅၇၄
ပါရုံပုဒ်အနက်	၁၄၇
ပိဋကတ်သုံးပုံကို မြန်မာပြည်သို့ယူလာသူနှင့် သာသနာတော်နှစ်	၄၁၅
ပိယရုပ်တို့ကို ခန္ဓာဖွဲ့ခြင်း	၃၈၈
ပုဂံမြို့စားများ	၁၄၆
ပုဆိုးဖြင့် ထမင်းချက်သူ	၅၉၄
ပုစ္ဆန်လက်မ (အာလမ္ဗရ)စည်သံကြားရသောအကွာအဝေး	၃၄၀
ပုစ္ဆန်ဆီရောင် ဖော်စပ်နည်း	၃၇၆
ပုလဲအရောင်ဓာတ်တော်	၆၆၄
ပုလဲရှစ်ပါး အရောင်ကွဲပြား	၁၂၂
ပါးရာသည် သုံးပါး	၅၅၁
ပိုးမျိုးရှစ်ဆယ် လူတို့ဝယ်	၆၆
ပဉ္စကူ	၉၇
ပဉ္စဝိညာဉ်ရုပ်ကို မဖြစ်စေနိုင်ကြောင်း	၆၁၆
ပဉ္စမီဝိဘတ်သက်ရာ အနက် ၁၄-ပါး	၅၁၆
ပဉ္စာဝုမင်းသား	၁၃၅

အက္ခရာစဉ်	စာမျက်နှာ
[ပ]	
ပစ္စည်းချင်းကွဲပြားပုံ	၆၀၆-၇
ပစ္စည်းအရ ပညတ်ရ	၆၂၂
ပစ္စည်းနှင့်ဓာတ်	၂၁၉
ပစ္စန္တရာဇ်အရပ်၌ ရဟန်းတို့ဖိနပ်စီးခွင့်	၃၁၂
ပစ္စန္တရာဇ်အရပ်၌ စကြာမင်းမဖြစ်	၃၅၇
ပညာတေဒဂ်ရ ခေမာဘိက္ခုနီ	၂၆၈
ပညပ်နှင့် ပညတ်	၉၆
ပတ္တမြား ခုံလောက်	၁၄၂
ပတ္တမြား ၆-မျိုး	၂၈၇
ပါဒ်ဗီဇနာမည်ကြောင်း	၂၈၆
ပဿာသ	၅၇၇
ပန္နကမည်သောပိုး	၆၇
ပဏ္ဍုကာသမင်းသားအကြောင်း	၁၄၈
ပဏ္ဍုကမ္ဗလာ ပမာဏ	၁၄၄
ပိပ္ဖလိ ပိတ်ချင်းသီး	၉၇
ပိတ်ပင်တားဆီးလို့ မရနိုင်သော ဘုရားဂုဏ်တော် ၄-ပါး	၆၇၁
ပုဗ္ဗေနိဝါသဇောဒဂ်ရ သောဘိတ	၅၆၂
ပုဗ္ဗနိမိတ်ပြ မြေဌာန	၁၆၇
ပေါက်ပင်သဘာဝ	၅၆၂
ပေါက်ပေါက်ကိုမုန်း	၄၄၆
ပေါက်ကံပြည်၏ သိုက်ဗျာဒိတ်	၄၁၂
ပေါင်းလဲအင်းစောင့်ပုံ ၂-မျိုး	၇၉
ပျံ့ချို, ပျံ့ချိုငယ်ထီးနန်းစံနှစ်	၁၄၆
ပျားဆွမ်းလှူခြင်း	၄၈၁
ပျား၏အရည်	၄၉၃
ပြာဋိဟာ	၄၈၇
ပြာပူငရဲခံ အကုသိုလ်ကံ	၁၂၁
ပြိဿဘမည်သော ယောကျ်ား	၅၉
ပြေပြစ်ရာသည် သုံးပါး	၅၅၁
ပြေးမတင့်တယ် ကဲ့ရဲ့ဖွယ်	၅၉၇
ပြော့သိခ်ဗိုလ်သား ရာဇသင်္ကြံ	၃၆
ပေါက်ကံနောက်ဆုံး နန်းစံသူ	၁၄၆
ပြည်၏ နား, မျက်စိ	၅၃၁

အက္ခရာစဉ်	စာမျက်နှာ
[ပ-ဖ]	
ပြည်၏တံခွန် ပုဂ္ဂိုလ်	၃၆၃
ပြည့်မျက်နှာ	၅၃၁
ပြစ်မရှိပဲ ဆံဦးဆွဲ	၁၁၇
ဖျားခြင်းခြောက်သွယ် ဆေးကျမ်းဝယ်	၉၀
ဖျားနာခြင်း ၆-ပါး	၉၀
ဖျောက်ဆိပ်လလယ်	၈၃
ဖြောင့်ရသည် သုံးပါး	၅၅၁
ဖွဲ့ပြာစားရ ပြစ်ကြီးစွ	၁၂၁
ဖွားဖက်တော်စစ်	၆၇၃
[ဗ]	
ဗဒုံမင်းသား	၃၇
ဗိသျှပုဏ္ဏားမျိုး	၇၅
ဗေဒင်အချိန်	၄၂၂
ဗုဒ္ဓစျာပနထင်းပုံ၊မာဏ	၁၆၆
ဗုဒ္ဓဉာဏ်တော်ကွန်ရက်	၃၉၄
ဗောဓိသတ္တကန့်လန့်ကာ	၂၅၇
ဗောဓိပင်နှင့် သီဟိုဠ်အကွာအဝေး	၆၆၇
ဗောဓိပင်၏ အရိပ်ထွက်ပမာဏ	၃၂၂
ဗောဓိမဏ္ဍိုင်	၁၃၀
ဗောဓိပင်စည်	၄၀၂
ဗုဒ္ဓဟူးမကရ အစကိန်း	၁၄
ဗုဒ္ဓမေးသည် ခြင်္သေ့မင်း၏မေးနှင့်တူပုံ	၄၁၄
ဗျည်းအမျိုးဇာတ်	၈၃
ဗြဟ္မာမင်းအသံတော်ကိုရခြင်း	၁၄၆
ဗြဟ္မာ့ဘုံ တဒါရုံ မဖြစ်	၁၆၄
ဗြဟ္မာနတ်ပြည်	၄၄၉
ဗြဟ္မာများ အိပ်-မအိပ်	၅၀၄
ဗြဟ္မာ့ပြည်ရှိ ဒုဿစေတီ	၂၅၉
ဗြဟ္မာ့ဘုံ၌ အဘယ့်ကြောင့် ဝိရတီမဖြစ်ပုံ	၄၉၉
ဗြဟ္မာလျှာဆုံး	၁၀၇
ဗြဟ္မာ့ဘုံအိမ်	၂၀၁
ဗြဟ္မာ့လက်ချောင်းတိုက်တသောင်းလင်း	၃၉၆

အက္ခရာစဉ်	စာမျက်နှာ
[ဘ]	
ဘဂသဒ္ဒါ၏ တရားကိုယ်	၄၀၂
ဘီလူးစားခံရသူများ	၁၅၂
ဘီလူးသွေးရည်	၄၇၄
ဘုမ္မစိုးနတ်	၄၅
ဘုရားကျိန်းနှုန်း	၄၄၂
ဘုရားဆွမ်းစား ဘယ်မျှများ	၁၁၄
ဘုရားဘုန်းစည်	၄၄၆
ဘုရားမွေ့သိမ်	၁၉၂
ဘုရားရှင် ခြေတော်ရာ မထင်ပုံ	၃၂၁
ဘုရားလက်ထက် နောက်ဆုံးရဟန်းပြုသူ	၃၀၇
ဘုရားရှင်၏ ဖဝါးတွင် မြူမကပ်ပုံ	၃၀၇
သီဟိုဠ်၌ ဘုရားရှင်သမာပတ် ဝင်စားရာ ၇-ဌာန	၃၃၀
ဘုရားရှင်၏ ညီညွတ်သော ခြေဖဝါးတော် ရခြင်း	၃၆၀
ဘုရားရှင်၏ ဖဝါးတော်၌ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ ဖြစ်တော်မူပုံ	၃၆၀
ဘုရားရှင်၏ လက်ဖဝါး၊ ခြေဖဝါးတော် သည် ရွှေကွန်ယက်နှင့် တူပုံ	၃၆၉
ဘုရားရှင် စိပ်ပုတီး ဆောင်၊ မဆောင်	၃၂၁
ဘုရားရှင်၏အလောင်းတော်အဂ္ဂိစျာပနပွဲ သို့ တက်ရောက်သည့် အရေအတွက်	၆၇၁
ဘုရားသခင်၏ တောင်ဝှေးတော် အလုံးအလျား	၆၆၉
ဘုရားသခင်၏ သင်္ကန်း ဒါယကာများ	၆၆၇
ဘုရားသခင်နှင့် အပ်ကျည်	၆၆၅
ဘုရားသခင်၏ အပ်ဒါယကာ	၆၆၅
ဘုရားသခင် အားတော်	၂၅၉
ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ ပါရမီ ဖြည့်ပုံ	၅၇၃
ဘုရားထီးတင် ငြမ်းဆင်ပြီးဖျက်	၁၅၀
ဘုရားလောင်း သူခိုးထောင်းခံရ	၅၇၀
ဘုရားလောင်းသော်မှ မနောဒွါရိဝိထိ ကျ၏။	၆၁၄

အက္ခရာစဉ်	စာမျက်နှာ
[ဘ-မ]	
ဘူမိနက်သန် ရွေးချယ်နည်း	၃၉၂
ဘေးရိန္ဒမင်း	၃၄
မရည်ရွယ်ပဲ ပစ်ခတ်ရာ သတ္တဝါသေခြင်း၌ ကမ္မပဒ္ဓမဖြစ်	၃၈၀
မကွဲမကျိုး	၆၈၁
မလ္လာမင်းတို့ အင်ကြင်းတော အကျယ်ကား	၁၆၆
မဟာဝိကဋ္ဌဆေးကြီး	၁၀၁
မနောမယဉာဏဒ္ဓိပိ	၁၄၀
မင်္ဂလပေါ၌"မ"အနက်	၅၄၁
မနေအပ်သော အရပ်ဒေသများ	၁၅၁
မဟာဘိနိက္ခမန်	၂၃
မဏ္ဍူက ဂတ်က အဓိကာရသုတ်	၁၃၇
မနောကံ ပတ္တာနုမောဒန	၁၉
မနောကံ ပတ္တိဒါန	၁၉
မဟလ္လတာ တန်ဆာ	၅၉၉
မနောဒုစရိုက် သုံးပါး	၁၈
မင်္ဂလာ၌ မ-အနက်	၅၉၃
မစင်စားရ ပြစ်ကြီးစွ	၁၃၃
မနုဝဏ္ဏနာ ဖြတ်ထုံး	၁၂၀
မခေါ်မကျဲ စောက်သွားတော်	၁၁၈
မဋ္ဌုသက နတ်ပန်းပင်	၆၁၃
မဏိဦးပြည်း စာစပ်နည်း	၆၀၉
မဟော်ရန်ငြိမ်း	၂၀၈
မဟာသမ္ဘဝမင်းသည်	၃၄
မဇ္ဈိမဒေသ၏ အဝန်းယူဇနာ(ကိုးရာ)	၄၁၁
မကိုင်းမညွတ်	၂၂၉
မကောင်းပြုသည်	၄၅၃
မ-ဣ တင်မြဲ ရ-မဆွဲ	၁၁၉
မနာလိုပဲ လိင်ဆုတ်ဆွဲ	၁၁၈
မစ္ဆိကာဝနသဏ္ဍိကော	၁၁၀
မဟာဝိကဋ္ဌာ	၁၀၁
မလ္လရာဇပုတ္တာ	၁၀
မဟာသမ္မတမင်းက စ၍	၃

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မဟာသီလဝ မည်သောပိုး	၆၇
မဟာဝေရမ္ဘ မည်သောပိုး	၆၇
မာယာလေးဆယ်	၅၇၀
မာလာ၌ "မာ" အနက်	၅၄၁
မာတလိနတ်	၂၄၃
"မာ" သဒ္ဒါများ	၂၇၅
မိဂဒါ မည်	၄၈၃
မီးယပ်သွေးမှန် အိပ်ပျော်ရန် ဆေးနည်း	၃၈၂
မီးကျီးတွင်းစံ အကုသိုလ်ကံ	၁၀၅
မီးပန်းထိန်ထိန်	၄၂၂
မုသာဝါဒကံ အာရုံများ	၁၀၉
မုလေးသွယ်	၈၃
ဗုဒ္ဓဆံတော် ပမာဏ	၅၆၄
မေတ္တာပို့မည်	၅၅၇
မောဂ္ဂလ္လာန်ကျမ်း၌ နိဗ္ဗာန်ဟောသဒ္ဒါ မပါ	၃၆၆
မံသတွင်မည်	၅၄၅
မန္ဓာတ်မင်းဘုန်း	၄၄၅
မြင်းသွားပေါက်လတ်	၂၄၅
မြင်းမေးအစပ် ၅-ပါး၊ စီးရာသုံးပါး	၃၁၀
မြေခွေးသည် လိပ်သားကို စားလိုသောကြောင့်	၅၇
မြင်းအပြစ် သုံးမျိုးနှင့် အပြစ်မှ လွတ်ကြောင်း	၃၁၁
မြင်းငါးရာနှင့် ဆန်တကွမ်းစားတန်ဖိုး အမျှထားပုံ (ဧကနိပါတ်-တဏ္ဍုလနာဠိဇာတ်	၃၈၄
မြင်းကောင်း ကြန်အင်လက္ခဏာ	၃၈၃
မြေလှုပ်ခြင်း၏ အကြောင်းရှစ်ပါး (မဟာပရိနိဗ္ဗာနသုတ်/သာရတ္ထသင်္ဂဟ)	၃၈၆
မြင်းမိုရ်အောက်တည်	၄၈၀
မြေရှိသောပခြုပ်တွင်းသို့ ရောက်ရှိသော ကြွက်အဘယ့်ကြောင့်အသက်မသေသနည်း	၃၂၆

အက္ခရာစဉ်	စာမျက်နှာ
[မ]	
မြင်ရုံနှင့် ကိုယ်ဝန်တည်ပုံ	၅၄၂
မြင်းမိုရ်ရှိတိုင်း	၆၇၃
မဂ်ဖိုလ်ရပြီး တိရစ္ဆာန်အမည် ရသူ ရှိသလော	၃၃၃
မင်္ဂလာ အဿတရ စ	၈၁
မောင်လုလင် သင့်အားငါမစားလိုပြီ	၁၃၅
မင်းကျင့်တရား ဆယ်ပါး	၅၇၄
မေဆုန်သုံးသပ်	၂၁၈
မန္တလေးတောင်၌ ခြေတော်ရာမထင်ခြင်း အကြောင်း	၃၂၀
မင်းကြီးစောရန်နောင်	၃၇၄
မင်းရဲကျော်စွာ	၇၅
မင်းတေမိယ် စ-လုံးဝယ်	၉၃
မင်းကိုဆက်စံ ပြည်ပေါက္ကံ	၆၁၇
မင်းပြောင်းလဲကြောင်း နိမိတ်ပေါင်း	၅၈၀
မင်းနေရွှေပြည်	၅၅၃
မင်းဆရာပုရောဟိတ်၏ ဂုဏ်အင်္ဂါသုံးပါး	၃၇၅
မင်းတိုင်ပင် အမတ်ကြီး၏ အင်္ဂါရှစ်ပါး	၃၇၅
မုဒုတရှဏဟတ္ထ လက္ခဏာ ရတော်မူခြင်း အကြောင်း	၃၀၈
မင်းစသော အမျိုး ၄-ပါးတို့ကျင့်ဆောင် အပ်သည့် သင်္ဂဟ လေးပါး	၅၀၉
မိန်းမမြုံသားဖွားအင်း	၅၃၃
မြေလှုပ်ခြင်းအကြောင်းရှစ်ပါး	၅၆၂
မြင်းမိုရ်တောင်အောက် အသုရာများ မည်သည့်ဘုံ သွင်းမည်နည်း	၄၉၇
မည်သည့်မင်းလက်ထက်က ပုဂံသာသနာစ	၅၂၅
မည်သည့်မင်းလက်ထက် ပေထက် အက္ခရာတင်	၅၂၃
မင်းတို့ကျင့်သည့် သင်္ဂဟ ၄-ပါး	၅၀၈
မှေးရှင်တော်ဂါထာ	၂၅၇
မြေခွဲကျမ်း	၆၄၄
မိုးကြိုးပုဆိန်	၄၂၃
မိုးနံ့မြစ်	၉၇
မိုးသီးကျသည်	၄၇၀
မိုးညိုဆော်လှုံ	၁၇၉
မုန်ညင်းဆန်ကျိုး	၆၇၆
မိန်းမမျိုး(၄)ပါး	၆၀
မိန်းမမြတ်မမှတာ ဘယ်ချိန်လဲ	၅၉၁
မိန်းမကြည့်ပုံ အဖုံဖုံ	၅၉၁
မြိဂယောကျ်ား	၅၉
မြာတိုင်	၁၀၀
မြေမှ လက်လေးသစ်ကွာရုံသော	၁၁၄
မြေမနင်းပဲ ကြွစမြဲ	၁၁၄
မြည်းနှင့်တည်သော လက္ခဏာ ၄-ပါး	၅၃၈
မြို့အင်္ဂါ ၅-ပါး	၅၁၁
မြို့ပျက် ရွာပျက်ကြောင်း ၁၀ ပါး	၅၈၀
မြို့တန်ဆာ ၇-ပါး	၆၁၇
မြင်ခြင်းသုံးသွယ် မြင်း၌ဝယ်	၁၀၆
မြင်းကြန်အင်္ဂါ	၁၀၆
မြင်းမိုရ်တောင်၌ မြူငယ်	၆၆၅
မြင်းမိုရ်ရောင်ရှိန်	၄၁၉
မြင်းမိုရ်အောက်ငယ် ခံသည့် ခုံလောက်	၁၄၂
မြင်းညှံကြန်အင်	၁၆၁
မြင်းယာဉ်အင်္ဂါ ၃-ပါး	၆၁၇
မြင်းရေးထတ် မင်းရေးကပိုကြီး	၅၈၈
မွေးညင်းတော်နှင့် ဖမျက်တော်ဘို့၊ အထက်သို့တွန့်၊ လွန့်တော်မူခြင်း၏ အကြောင်းရင်း	၄၀၀
မွှေးစွာကြိုင်ပေါက်	၁၃၃
မွှေးရနံ့ ထုံသင်း ဖြာဟွာင်း	၁၆၀
မွှေးရနံ့ထုံ ဖြာဟွာဘုံ	၁၆၅
[ယ]	
ယခုသုံးစွဲနေသော ကေ:ဘ:ဝ:သက္ကရာဇ် စတင်စေသောမင်း(ပုပ္ပားစောရဟန်း)	၁၆၄
ယာ, သာ နှစ်ပုဒ်၏လိင်	၅၇၅
ယောဇန မဥ္စန်	၇၆

အက္ခရာစဉ်	စာမျက်နှာ
[ယ-ရ]	
ယပ်စောင့်အင်း စောင့်ပုံနှစ်မျိုး	၇၉
ယပ်တော်သိစိမ့်	၂၀၅
ယုန်ချိုလိပ်မွေး ပုစွန်သွေး	၆၅၈
ယောကျ်ားဝမ်းဝယ် သန္ဓေလွယ်	၃၀
ယိမ်းယိုင်ပျောင်းနွဲ့ ရှိတုံခဲ့	၁၃၀
ရတနာတည်	၄၈၀
ရသာထူးသည်	၄၉၄
ရသေ့ပေးသည်	၄၈၈
ရသေ့မြို့ဝယ်စိုးဆက်နွယ်	၇၄
ရဟန်းဆတ်ဆတ်	၂၂၇
ရဟန္တာတို့၏ စုတိစိတ် နိမိတ် ၃-ပါးမထင်	၂၈၂
ရာ့တစ်ပါးတို့	၆၈၀
ရာဇဂြိုဟ်ပြည်၏ လူဦးရေ	၅၆၄
ရာသီဆေး ၁၂-ပါး	၉၈
ရာမထင်ပဲ ကြွစမြဲ	၁၁၄
ရူပအစိန္တေယျ	၁၃၇
ရေဒ္ဒကျင်လည်	၅၅၃
ရေဖျက်ကမ္ဘာ	၆၆၃
ရေယဉ်သုန်သုန်	၄၃၁
ရဲရှဲမသေသူ	၁၃၄
ရပ်ပြစ်ရှစ်ပါး, ရပ်ပြစ်ဆယ့်ရှစ်ပါး	၃၀၈
ရန်မုဋ္ဌလိန်	၄၂၂
ရန်အောင်ကြောင်းတရား ၄-ပါး	၅၁၀
ရမွက်လောဘ ပြောပြသဖြင့်	၁၃၂
ရောင်တရှိန်ရှိန်	၄၂၂
ရောင်တထိန်ထိန်	၄၂၃
ရုပ်နာမ်နှစ်ပါးတည်	၄၆၃
ရုပ်ဝယ်ပစ္စည်း ဘယ်မျှနည်း	၁၁
ရုပ်နာမ်နှစ်တည်	၄၅၂
ရှိမခိုးအပ်သူ ၁၀-ယောက်	၁၀၁
ရှိမခိုးဖွယ် ပေါင်းတစ်ဆယ်	၁၀၁
ရှေ့သန်းခေါင်မှစ၍	၁၇
ရှေ့နောက်သွယ်သွယ် တန်း၍နွယ်	၂၅

အက္ခရာစဉ်	စာမျက်နှာ
[ရ]	
ရှေးကံတမ့်	၁၈၀
ရှက်မဲ့လိုင်ဆွဲ ကန်တော့ပွဲပေး	၁၁၈
ရှင်နာဂသိန်	၄၁၈
ရှင်ဗာကူ	၉၈
ရှင်စောဘုရားမှလည်း	၅၈
ရှင်မောဂ္ဂလ္လာန်ကို ငရဲမီးလိုက်မလိုက်	၃၄၃
ရှစ်ပါးသော ပဋိသန္ဓေတို့နှောင်းသည်	၁၃၁
ရှစ်ကျိပ်စလုံး	၁၈၂
ရှည်ရာသည် သုံးပါးကား	၅၅၀
ရွှေအုန်းသီးနှင့် ပိသုံမင်း နန်းစံနှစ်	၁၇၂
ရွှေဆယ်မျိုး	၆၆၁
ရွှေဆံတော်တည်	၄၈၃
ရွှေတိုက်ဝန် အင်္ဂါ ၆-ပါး	၅၁၀
ရွှေစရွတ်ခွက်ဖြင့်	၁၀
ရွှေလောင်းပြန်ဆိုရာတွင်	၃၇၉
ရွှေလောင်းမင်း	၃၅
ရွှေခသူမှုန်	၄၃၇
ရွှေခွန်းသာအိန်	၄၂၄
ရွှေမြိတ်ဆိုးဆေး	၂၈၇
[လ]	
လဆန်း၌ သုံးဥတုထွန်းသောမိန်းမ	၄၁၁
လထပ်ရက်ငင်ခြင်းအကြောင်း	၃၁၃
လနေဖမ်းတတ်	၂၂၅
လဗိမာန်၏ လက်ဝဲ လက်ယာ	၅၇
လာပေါ် ဘီလုံးငှက်	၁၀၈
လူနတ်ကိုးကွယ်	၆၈၂
လူနှင့်နတ်သည်	၄၅၇
လူပျိုနာဆေးမြစ်	၆၁၈
လူပျိုတော်အင်္ဂါ ၇-ပါး	၈၅
လူ့ပြည်နတ်ပြည်	၄၅၀
လူအနှစ်တည်	၄၆၃
လူခန္ဓာကိုယ်၌ ဖြစ်သောရောဂါများ	၅၁၂
လူနှင့်ခြသေ့ အိမ်ထောင်၍	၆၅၅

အက္ခရာစဉ်	စာမျက်နှာ
[လ]	
လူသက်မြဲ-မမြဲ	၁၁၇
လေဗွေဒိုးလို	၆၇၄
လေသင်ဓုန်းဇက် ကောင်းကင်းထက် မတည့်	၅၃၉
လေးကျွန်းကို ထွန်းလင်းနိုင်ပါလျက်	၉၁
လေးဘက်ဖြူဟတ်	၂၅၃
လောကစိန္တာ ဘိက္ခဝေ	၁၃
လက်ယာ လက်ဝဲ စတ်မြဲကျောက်မျိုး	၁၁၈
လာဘ်သပ်ပြည့်ဖြိုး	၆၇၇
လိတ္တာ	၂၀၅
လိင်ဇာတ်တော်သည်	၄၄၉
လုဒ္ဒကမ္ဘာ	၁၃၃
လောက်လန်းသဖွယ် ဝိညာဉ်တွယ်ပုံ	၃၄၄
လောင်းလျာမဖြစ် ၁၈-အဘဗ္ဗ	၁၇၅
လျှော်စွာယူမည်	၅၅၂
လွှင်တီးခေါ်သည်	၅၄၇
လျှာကိုမှီသောပိုး	၅၁၂
လျှာလည်းကြမ်းလတ်	၂၄၂
လျှာသံချိတ်ခံ အကုသိုလ်ကံ	၁၂၀
[ဝ]	
ဝ အနက်များ	၁၇၂
ဝစီဒုစရိုက် ၄ ပါး	၁၈
ဝစီကံပတ္တိဒါန	၁၉
ဝစီကံပတ္တာနုမောဒန	၁၉
ဝစ္စုပတ္တမ္ဘ	၃၂
ဝဏ္ဏနိဘာ	၂၉
ဝလာဟကော	၂၅
ဝါစာအစိန္တေယျ	၁၃၇
ဂါတာ ဝါယန္တိ	၄၉
ဝါဘူပတ္ထမ္ဘ	၃၂
ဝါနရဋ္ဌ ဝါအနက်	၅၄၂
ဝါယောနဿန	၁၃၂
ဝါယောဓာတ်အပြား ၆ ပါး	၅၈၀

အက္ခရာစဉ်	စာမျက်နှာ
[ဝ]	
ပါယောမရှုတုံ ဗြဟ္မာ့ဘုံ	၁၇၄
ဝါယောဓာတ်ပျက်ခြင်းလက္ခဏာ	၅၃၉
ဝါယောဓာတ်ပျက်သူသေချိန်	၁၃၂
ဝိကုဗ္ဗနဣဒ္ဓိ	၁၄၀
ဝိညာဏဋ္ဌိတိ ၇-ပါး	၂၆၄
ဝိဇယမည်	၄၈၆
ဝိတက်တိက်စွန်း	၄၁၇
ဝိပါက်တော်များ	၁၂၃
ဝိပါက် ၁၂-ပါး	၁၂၄
ဝိပါက်လည်းမည်ကုသိုလ်လည်းမည်သော တရား	၄၉၉
ဝိပါက်အမှန် ဇောအပြန်	၃၅၄
ဝိမုတ္တိရသတခုတည်းသာ	၆၂၂
ဝိသမဝယ် ဘ-ဂိုဏ်းသွယ်	၈၇
ဝိသာခါလက်ထပ်ပွဲ	၅၉၅
ဝိသိလောကမူလကောပိ	၈၉
ဝိသေသနပုဒ် ဝိဂြိုဟ်လုပ်	၁၀၇
ဝီထိပုဒ် ဝိဂြိုဟ်	၄၉၈
ဝီထိစုံမရ ဇစ္စန္ဓ	၁၇၃
ဝီထိကျဟန်ကား	၇
ဝီရိယတစ်ပါးက သမ္မပ္ပဓာန် ၄-ပါးပြားပုံ	၅၀၀
ဝေတ္တရဏီ ကြိမ်ပိုက်ငရဲ	၁၀၅
ဝေနေယျာနံ ပူဇာရဟတံ	၈
ဝေဿန္တရာမင်းဖြစ်ရကြောင်း	၁၃၈
ဝေဇယန္တာပြာသာဒ် ဘုံဆင့်	၆၆၆
ဝဲကဲ့သို့လည်	၅၅၂
ဝိသမအင်း	၈၁
ဝါးပုလဲ	၁၀၈
ဝန်တို ၅၂-မည်	၅၅၃
ဝန်းဝိုင်းထင်ပေါ် မြေ့စက်တော်	၁၆၈
ဝမ်းတွင်းအောင်းစဉ် ဝီထိစဉ်မဖြစ်	၆၁၄
ဝမ်းဌက်ကိန်းစဉ် ကုသိုလ်စိတ်ဖြစ်သလော	၆၁၅
ဝှေ့ဇီကျာ မည်သောပိုး	၆၈

အက္ခရာစဉ်	စာမျက်နှာ
[သ]	
သတိမမူ ဂူမမြင်	၆၀၅
သတိစေတသိက်တပါးက	
သတိပဋ္ဌာန် ၄-ပါးပြားပုံ	၅၀၀
သတိုးမမ္မရာဇာ	၇၅
သဒ္ဒိသအနက်	၈၄
သနားစဖွယ် ကြာပွင့်နှယ်	၈၄
သပိတ် ၄-လုံး	၁၈၅
သပိတ်လွယ်ငှက်ဝိဂြိုဟ်	၁၀၇
သမဏပရိက္ခာရံ	၂၃
သမာပတ်ဝင်ရာဌာန ၇-ပါး	၆၆၆
သမားတော်အင်္ဂါ ၅-ပါး	၅၁၁
သမီးလုလင် လှဆင်းပြင်သည်	၇၆
သမုဒယချုပ်လျှင် ဒုက္ခမဖြစ်	၁၄၂
သမင်မမြေး ဒွတ္တဘောင်မင်း	၆၅၀
သမင်ကကျားကို အနိုင်ရပုံ	၃၂၅
သမုစ္ဆေဒဝိရတိ	၁၁
သမုဒ္ဒရာ၌ ငါးကြီး ၈-ကောင်	၅၆၅
သရဖူ ဝိဂြိုဟ်	၁၃၆
သဟာဿရံသီ	၄၃
သာကီဝင်မှတ်	၂၃၄
သာကေတမြို့	၅၉၅
သာမဏေကျော် နန္ဒမဇ	၁
သာဝတ္ထိပြည် လူဦးရေ	၅၆၃
သီလမစင်ကြောင်း	၁၂၇
သီဟသူမည်	၄၈၆
သီဟိုဠ်သာသနာပြုမင်းအစ	၄၁၅
သီဟိုဠ်မင်းဆက်အစ	၄၀၅
သီဟိုဠ် နေမှတ်	၂၂၉
သီဟိုဠ်အဦးဆုံးသာသနာပြုမထေရ်	၅၂၂
သုဂတစီဝရပ္ပမာဏံ	၂၄
သုမေဓာပုဏ္ဏားကြွယ်ဝသမျှ	၃၂၃
သုရဂုရု	၃၉
သူကြွယ်သုံးမျိုး	၃၂၃

အက္ခရာစဉ်	စာမျက်နှာ
[သ-ဟ]	
သေဥ်လည်ပိုက်မင်း	၃၅
သေဥ်လည်ကြောင်မင်း	၃၅
သေသေ သတ်သတ်	၂၄၀
သေရက်သေရည်	၅၅၇
သေးရာသည် သုံးပါး	၅၅၁
သံတမန်အင်္ဂါ ၆-ပါး	၈၅
သံသယတ္ထအနက်	၈၄
သားငါးရှာကြွယ် တို့မိမယ်	၅၁
သားဖွားလွယ်ဆေးနည်း	၃၈၂
သင်းတွဲပြည်	၁၁၇
သစ်ပင်တက်လျှင် အာပတ်မသင့်	၅၉၂
သတ္တဝါတိုင်း ကောဋ္ဌာသ ၃၂-ပါးမရှိ	၉၄
သတ္တဝါတို့စိတ်ထက် ဘုရားစိတ်လျင်	၂၇၉
သတ္တမီဝယ် ဆယ့်တစ်သွယ်	၉၀
သဒ္ဒတ်-ဘာငတ်	၂၃၁
သဒ္ဒါတက်တိုး	၆၇၆
သပ်ရာသည် သုံးပါးကား	၅၅၂
သဗ္ဗညုတဉာဏ် ဘယ်စိတ်ယှဉ်	၃၂၉
သဗ္ဗညုတဉာဏ်တော်၏ အာရုံ	၄၉၀
သိက္ခမာန်မိန်းမအား အာပတ်သင့်မသင့်	၃၃၀
သိဒ္ဓတ်စံခန်း	၄၁၇
သုဒ္ဓဒိန်ရက်တွက်ပုံ	၅၇၅
သုဒ္ဓဝါသဘုံ၌ ပုဂ္ဂိုလ်ဆိတ်ရာကာလ	၁၄၃
သုန္ဒရီမည်သော ပရိဗိုဇ်မ	၁၂၆
သောက္ကတဲပြည်	၁၁၆
သောကြာ မကရ အစကိန်း	၁၆
၃၁-ဘုံစီးဝင်ဇာတ်သောက်	၃၃၁
သွားတော် ၄၀	၆၅၃
သွေးစိမ်းတည်ဝိပါက်	၁၂၄
သွား ၆ ချောင်းပေါက်ပုံ	၁၀၆
ဟေမန္တကိရိယာမှတ်ဖွယ်	၅၉၂
ဟေဟုပစ္စည်း ပစ္စယုပ္ပန်	၃၈၈
ဟိုစိတ်သည့်နှယ် ဆိုစဖွယ်	၈၄

စွယ်စုံကျော်ထင် မှတ်သားဖွယ်ရာ အက္ခရာစဉ် မာတိကာ ပြီး၏။